အတွဲ (၁၇) အမှတ် ( ၃ )
၂၀၁၇ခုနှစ် မတ်လ

မဂ္ဂဇင်း



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ


(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

မဂ္ဂဇင်း

အတွဲ (၁၇) အမှတ် (၃) ၂၀၁၇ ခုနှစ် မတ်လ





## ဘာသာရေးဆောင်းပါးများ


၆ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
အို・・・ဇရာ
(ပကိဏ္ဏကလေခက္ခန္ဓာကထာ)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၄ နမောဗုဒ္ဓါယသိဒ္ဓံဂါထာ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၅ ပြုသည့်ကောင်းမှု
တောင်းဆုအထွေထွေ (၂)
**ဦးဉာဏ်ဇော်**
**(သာမဏေကျော်၊ မွေ့စရိယ၊ M.A)**



[illegible]

၂၆ [illegible]
**[illegible]**

၃၀ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၁၇)
**ကံဝင်း**

၃၆ ဂါထာတော်ကျူးထူးတဲ့သမ္ဗုဒ္ဓေ
**ကြွင်ကြွင်(ပညာရေး)**

၄၁ ထင်းရှူးတောတောင်ထိပ်က
မြက်ရဲအင်းသာသနာ့မြေသို့・・・
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)**

၅၄ ရေနံချောင်းမြို့ တောင်ခမောက်တောင်
ဆရာတော် ဟာသ်ာတဦးသုန္ဒရ
**အဗ္ဗဝါလှိုင်း**

၆၉ မန်လည်ဆရာတော်ဘုရားကြီး
အမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၈၅ "ထိ-ထ-မ-စ" ဘွဲ့တံဆိပ်တော်ရ
ရွှေတန့်တစ်သရက္ခန့်ဘုရား
**ခင်မောင်အေး(မန္တလေး)**

၈၉ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ဖြည့်စွမ်းသောဆုတောင်းများ
**မြဝင်း(ဒဿန)**

၁၀၄ သင်သည်
လောကကိုကြည့်တတ်ပါရဲ့လား
**အောင်စကြာ-အရှင်သုမေဓာဘိဝံသ**

၁၂၀ အနောင့်အယှက်အမှောင့်ပယောဂ
ကင်းရှင်းစေသောပုတီးစိပ်ဂါထာ
**လှစွမ်းမြင့်(နတ်မောက်)**

၁၂၂ ဗိမ္ဗိသာရမင်းကြီး၏
ဝေဠုဝန်ဥယျာဉ်သီချင်းဂါထာ
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၁၃၇ လောကီဘေးလွတ်ရအောင်
ဗုဒ္ဓါနုဿတိကိုဆောင်
**စံ-ကေတု**


## သုတရသဆောင်းပါး


၅၂ တန်နိုးအာနိသင်ကြီးမားကြောင်း
သိသာထင်ရှားစေသည့်မေတ္တာ
**ဘုန်းခေါင်**

၉၁ တိမ်မြုပ်မြို့ဟောင်းစမ္မာနဂိုရ်
**မင်းခန့်ကိုကို(RUBY LAND)**



[illegible] ဒါနတန်ခိုး တံတားမကျိုး
**ချောင်းသား**

၁၂၅ [illegible]ကာကုသိုလ်ပါ
**ရှင်ဘူညို(ရေနံချောင်း)**

၁၂၈ [illegible]တန်သောအခါ
**ချောင်းဆုံအုန်းသွင်**

၁၄၁ [illegible]
**ချောင်းဆုံအုန်းသွင်**

၁၅၀ [illegible]သောအခါ
**[illegible]**
**([illegible])**

၁၈၂ ဘဝင်စိတ်ဝမ်းနှမ်းလေသောအခါ
**ငြိမ်းဝေ(ပြည်)**

၁၉၂ မြောက်ဦးခေတ်လာယ်
ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု(၉)
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

၁၉၉ ပျော်ပျော်ပါးပါးခရီးသွား
ဗီယက်နမ်-ကမ္ဘောဒီးယားခရီးစဉ်(၂)
**မောင်ပွင့်ဉာဏ်(မောရ)**

၂၁၉ မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၈၈)
**မောင်သန်းဆွေ(ထားဝယ်)**

၂၆၁ ပြိတ္တာတို့၏ပိုင်နက် ဘုံဌာနအမျိုးမျိုး
အစားစားဖြစ်ရခြင်းနှင့် မဂ်ဖိုလ်ရရှိ
သွားကြသောပြိတ္တာများ
**ကိုရွှေမြသန်း(သမိုင်း)**

၂၆၆ ဖိုးပန်းသာအမည်ရှိ
ယွန်းစံအိမ်အကျဉ်းသားအလွမ်း
**ထင်ကျော်စွာ(ဂန္ထိရစ္စာစု)**

၂၉၁ သဘာဝမေ့
**ချောင်းဆုံအုန်းသွင်**

၂၉၃ လူဝင်စားဘဝကိုသက်သေပြခဲ့သော
ဦးသန်းရှိန်
**စိုးရာဇာကျော်**

၂၉၄ မြန်မာတံဆိပ်ခေါင်းများပျံ့နှံ့နေပုံ
**ကြည်လွင်**

၃၂၅ အာရုံတောင်ပိုင်းမှ
နတ်ဒေဝတာဒဏ္ဍာရီများ
**တိုးထက်**

၃၄၉ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပဌမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၂၄)
**ပထမံဆရာဦးအေးရွှေ**

၃၈၄ အငြင်းပွားဖွယ်
ဖရီးမေဆင်အဖွဲ့ကြီး၏ လျှို့ဝှက်ချက်များ
**ဘုန်းမြင့်(ဘူမိ)**








## သုရဿတိုင်းရင်းဆေး

၃၉ လေနာအတွက်သဘော်ရွက်
**နေပြည်တော်ကျော်ကျော်စိုး**

၁၂၇ အသည်းခြောက်ပျောက်
အသက်ရှည်ခြင်းရောက်
**နတ်မောက်မင်းသန့်နိုင်**

၁၄၈ ကျွဲ-နွားများခွာနာ၊လျှာနာဖြစ်လျှင်
**အေးချမ်းအောင်(ရမည်းသင်း)**

၁၇၇ ပင်ပွားဖျော်ရည်နေ့တိုင်းသောက်
သွေးတိုးပုံမှန်ရောက်
**ရီရီငွေး**

၂၁၅ မန်းနှင့်ဩဇာရွက်ရည်
**နေပြည်တော်ကျော်ကျော်စိုး**

၂၃၀ ဆေးဖက်အသုံးဝင်ကျောက်ဖရုံပင်
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**

၂၃၄ ဆေးဖက်ဝင် စားသုံးသီးနှံ ကြယ်ပဲ
(Star Sacha Inchi) သို့မဟုတ်
ရွှေပဲ၊ ငွေပဲ၊ ဇီဝကပဲ
**မင်းချမ်းမြေ့(ပုသိမ်)**

၂၆၄ ငှက်ဖျားပြေးသောဆေးနည်းကောင်း
**စိုးမင်း(မြောက်စည်း-ရွာသစ်)**

၃၃၇ ကြက်မောက်ပန်းပင် အယဉ်ဖြစ်အောင်
**နေပြည်တော်ကျော်ကျော်စိုး**

၃၄၈ ကျွဲ-နွားအစာအဆိပ်မိခြင်း
**ဆလိုင်းငွန်သိန်း(ရမည်းသင်း)**

[illegible] ဂုဏ်ယူလေးစားအားထားဖွယ်ရာ
မြန်မာ့တိုင်းရင်းဆေးပညာ
**ချစ်ဖိုး(မော်ကျွန်း)**

[illegible] အပူလောင်၍
အရည်ကြည်ဖုမဖြစ်စေရန်
**ရောတိမ်ကျော်(မအူပင်)**

[illegible] မြွေဆိပ်ကုပညာလက်ဆင့်ကမ်းခြင်း
**မြင့်သိန်းလွင်**

[illegible] အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
ထွာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၂၄)
**ရွှေနဝင်း(ပုသိမ်)**

## သုရဿဝတ္ထုတို

၇၄ သူ့ဘုရားငါ့ဘုရား
**ရဲမြတ်တင်(အမျိုးသားစာပေဆုရ)**

၉၀ ရက္ခစိုးအိပ်မက်
**မင်းသန့်ကျော်(ဖီးကုန်း)**

၁၁၀ ဗိုလ်ကြီးနှင့်တွေ့ခဲ့သူ
**အောင်မြင့်ထွန်း(မသုံးလုံး)**

၁၃၀ သဘာဝလွန်ဖြစ်ရပ်ဆန်း
**မဟာသျှံ**

၁၄၆ ဂမ္ဘီရဆန်သော
မထီဇောတကျောက်ပြာ
**ရောမြေ-ကျော်ဝေ**

၁၅၀ နွေခေါင်ခေါင်မှာ
**ရွှေပြည်စိုး(မိုးကုတ်)**

၁၆၂ သိမ်းတောင်ရှင်မ
**သန့်ဇင်**

၁၇၄ ထပ်ကေးရွာက
ဝတ်ကျောင်းစောင့်ကြီးနှင့် ဘိုးထွေးစိန်
**စာတ်ပုံ-မောင်မောင်အေး**

၂၀၆ အောက်လမ်းဆရာကြီး
**အောင်သိန်းဝင်း(ပွင့်ဖြူ)**

၂၁၀ နဂါးမောက်ရွာကဖုတ်ပြိတ္တာကြီး
**ထွန်းတောက်**

၂၁၆ တစ်ချိုကွယ်အမေကြီး
**မင်းခေါင်ထွဋ်**

၂၂၂ နတ်မျက်စိ
**နန္ဒဝင်းကျော်ခေါင်**
**(ခတ္တ-လှုပြည်)**

၂၃၂ တောင်ပတိန်းတောင်အော်
ရတနာသိုက်ရှိရာနယ်မြေ
**မောင်ထင်းခိုင်**

၂၃၆ သုသာန်လမ်းဆုံကကောင်ကလေး
**တော်မြင့်(ငှက်ဖျား)**

၂၄၂ လပြည့်ဝန်းကိုတဲ့လေ့ပေါ်တင်
**နိုင်ပြေသိမ်းချစ်**

၂၅၆ လူယောင်ဖန်ဆင်းသောဝိညာဉ်များ
**ဇော်မင်း(ဓရုံ/မြောက်)**

၂၇၈ နှုတ်မြွက်တည်သူ
**မောင်မောင်သန်းထွန်း**

၂၈၂ ပေတာဘာဝ ခုနစ်ညရောက်ခဲ့သူ
**တင်တင်နွဲ့(ရန်ကုန်တက္ကသိုလ်)**

၃၀၂ ခြေကျန်လက်ကျန်
**ကောအေးအေး**

၃၀၆ လက်ကြောင့်ကြေနှုတ်ကြောင့်သေ
**မောင်မောင်အောင်မင်း(ဓသနိက)**

၃၁၀ ကိုးသချိုင်းပုတီးစိပ်
**ကိုကိုလတ်(ဆည်မြောင်း)**

၃၁၄ ကံကောင်းခြင်းလက်ဆောင်
**မြတ်သက်ကျော်**

၃၂၂ ထူးခြားသောနိမိတ်များနှင့်
ဆန်းကြယ်သောဖြစ်ရပ်များ
**သုသုသ**

၃၃၀ နမ့်မလွေချောင်းမှရေအော်သံ
**အေးမင်း(ကျိုင်းတုံ)**

၃၃၂ ပီတိကမ္ဘာလေးတစ်ခု
**တင်နိုင်ဝင်း(ထမင်းရေးမြို့)**

၃၃၈ နေရစ်တော့ သွားပြီလေ
လွမ်းကြပေဦး
**အာကာသ(သာစည်)**

၃၅၄ ဘဝင်မြင့်သူ၏နိဂုံး
**ဓုတီယာရဲမှူးကြီးဝင်းဦး(ငြိမ်း)**

၃၇၄ ပြကျောက်(၁၂)
**နေပြည်တော်ကျော်ကျော်စိုး**

၃၉၂ ဒေါ်ညွှန့်ကြုံတွေ့ခဲ့ရသော
ဖြစ်ရပ်ဆန်းတစ်ခု
**အောင်ဆန်းထင်း(ဘီအေ)**

၃၉၆ ဝဋ်ကြွေး
**စိုးထွန်း(ဥပဓေ)**

၄၀၂ ဘိုကတော်ကွင်းမှတောမာယာ
**မင်းနန္ဒရှိန်**

## သုရဿအခန်းဆက်ဝတ္ထုရှည်


၂၇၀ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**











## သုရဿ ပညာရပ်


၈၁ အရဟံနဝင်းသိဒ္ဓိအင်း၏
အကျိုးတန်ခိုးသိဒ္ဓိများ
**တြိရတနာ-ဆရာဝေယျာလင်း**
**(ကဏ္ဍိပါဖိနပ်စီး၊ ရွှေထီးဆောင်း)**
၁၉၅ ဝိဇ္ဇာဓရမြန်မာ့အင်္ဂါရတ်ပညာ(၇၂)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၂၀၆ ယနေ့ခေတ်သုံးလက္ခဏာကွန်ရက်
**ဘသုန်**
၃၄၄ ကျွန်တော်နှင့်ဗေဒင်ပညာ
**ထွန်း(နောင်ချို)**
၃၆၀ နေ့စဉ်သုံးလက္ခဏာပညာ
**ဦးအောင်မင်း**
၃၈၇ ဟံသာဝတီပါမင်းလက်ထက်
အယူတော်မင်္ဂလာပညာပုံရိပ်များ
**မင်းရှိန်အောင်**


## သုရဿလက်တွေ့အသုံးချ


၈၀ အလိုရှိရာပြောဆိုရာတွင်
အောင်မြင်ပြီးစီးစေသော
အင်းတော်ကြီးစီရင်နည်း
**နိုင်သစ္စာ(နတ်မောက်)**
၁၂၄ လာဘ်ခေါ်မန္တန်ကြီး
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၁၃၉ ရောင်းပန်းသာ ဝယ်ပန်းလှ
လာဘ်လာဘပွင့်လန်းစေရန်
**နတ်မောက်မင်းသန့်နိုင်**
၁၄၅ မနော်ဟာရီမယ်တော်ဆေး
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၁၈၀ ထူးခြားထင်ပေါ် တန်ခိုးကျော်သည့်
ဂုဏ်တော်ပုတီးစိပ်လိုလျှင်
**ပညာကျော်**
၂၄၁ ၂၀၁၇ ခုနှစ်၊ မတ်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**
၂၅၅ ၂၀၁၇ ခုနှစ်၊ မတ်လအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**
၂၈၁ အမြန်ပြန်လာစေ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၃၂၁ ပြည်မြန်မာ၏
၂၀၁၇ ခုနှစ်၊ မိန်ရာသီပြောင်း၊
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၃၃၄ စာမေးပွဲဖြေဆိုကြမယ့်
ကလေးများအတွက်
အောင်ပွဲဝင်အစီအရင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၄၃ ထိ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၆၅ သင်၏ကံဇာတာညှိုးနွမ်းနေလျှင်
**သုဓ္ဓ(နဝင်းမြို့)**
၄၀၇ ၂၀၁၇ ခုနှစ်၊ မတ်လ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၄၁၀ သူကိုယ်စား သူရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၁၅ ၂၀၁၇ ခုနှစ်၊ မတ်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**
၄၁၇ ၂၀၁၇ ခုနှစ်၊ မတ်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**




**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိခိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလုံလုံထွဏ်း


**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ နှင်းသန္တာကျော်၊
ဆန်းထွန်းမြင့်။
**ရုံးအဖွဲ့**
အေးအေးစန်း၊ စုမွန်၊ ထွေးစန္ဒာ
စိုးစုစံ၊ နုနု၊ သဇင်ဦး၊ မြတ်စုမွန်၊ လဲ့စုမွန်
**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁- ၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၁၈

**မျက်နှာဖုံးနှင့် အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၄၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

**မန္တလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကသား**-ဂါန်နဒီ၊ မီလျံနာ
**ပဲခူး**- သဇင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး ( ၃၀၀၀ ) ကျပ်









မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်
ပြာသိုလပြည့်နေ့တွင်
ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီးသည်
ရွှေနှစ်တောရမှ
ရွှေရတနာကျောင်းတော်ပေါ်သို့
ပြောင်းရွှေ့သီတင်းသုံးတော်မူပါသည်။
Ye Yint Swe Facebook

# ကျေးဇူးတော်ရှင်
# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော
# အို. . .ဇရာ
# (ပကိဏ္ဏက လောကနန္ဒကထာ)
ကထာတပေါင်းသိုက်

□ ဗဟုလ္လာ သန္တိကေ မမ၊ တဏှာ ဝစရ ဝတ္တုနိ။
ဧတ္တေ တမ္ဗိ ရာသိ ဧကော၊ ဧကေ ကော ခမ္မာဘိသယော။ ။

□ သတ္တလောက သခ်ီရဝယ်

ထိုထို သတ္တဝါအပေါင်းတို့၏ ထိုထိုဘဝ ထိုထိုကာယများ၌ . . .

အကြင် လတ်ဆတ်နုပျို ရှုဖွယ်လိုရာမှ အိုသွားသည်လည်း ရှိ၏။

အကြင် ရိုးရေ သားသွေး အပါး အမြေးများ ဆွေးသွားသည်လည်း ရှိ၏။

အကြင် ရှေ့နောက် ကျောကုန်း ဖုတ်တစ်လုံးသဖြင့် ကုန်းကော့သွားသည်လည်း ရှိ၏။

အကြင် သွားကျိုး ဆံဖြူ သေမည့်လူအဖြစ်ဖြင့် စာရင်းယူခံထားရသည်လည်း ရှိ၏။

အကြင် ဇီဝိတခေါ် ဥသ္မတေဇော ဓာတ်တို့ နောက်ဆုတ်သွားသည်လည်း ရှိ၏။

အကြင် အကြည်ဓာတ်ခြောက်ပါး တစ်ဖက်အာရုံသို့ ထိုးဖောက်မသွားနိုင်သည်လည်း ရှိ၏။

ယင်းကို ပျိုရာမှပြို ဇရာအိုခေါ် ဆိုရပါ၏။

သတ္တဝါတို့သည် အမွေခံကြရတိုင်း . . .

(က) ကောဋ္ဌာသအဖို့အစုတို့ဖြင့် (နိကာယ) ဖွဲ့စည်းပေးခြင်းခံကြရ၏။ တစ်ဖန် . . .

(ခ) ဓာတ်ခတ်ဖက်လေးပါးတို့ဖြင့်လည်း (နိကာယ) ဖွဲ့စည်းပေးခြင်းခံကြရ၏။ တစ်ဖန် . . .

(ဂ) တစ်ဖက်နှင့်တစ်ဖက် အာရုံအတိုက်အခံ အပြန်အလှန်ထားပေးခြင်းကိုလည်း ခံကြရ၏။

သို့ ရှိချေရာ. . . ထိုသတ္တဝါအားလုံး တိုက်ပွဲများနှင့်မကင်း။ စားလျှင်လည်း တိုက်ပွဲကြားမှာ စားနေကြရပါ၏။ သွားလျှင်လည်း တိုက်ပွဲကြားမှာ သွားလာနေကြရပါ၏။ နားလျှင်လည်း တိုက်ပွဲကြားမှာ နားနေကြရပါ၏။ အိပ်သည်ပင် တိုက်ပွဲကြားမှာ ဝင်အိပ်ပေးကြရပါ၏။ လူကသာနား ဓာတ်တိုက်ခိုက်မှုကား မနားသောကြောင့် . . .

အာရုံတို့သည် နိုးသည်မှ မအိပ်မီအတွင်း စစ်ပွဲခင်းကျင်း၏။

ဓာတ်တို့သည် မွေးသည်မှ သေအထိ စစ်ပွဲခင်းကျင်း၏။

သည်ကြားထဲ ဉာဉ်၊ စရိုက်၊ ဝါသနာများကလည်း ပွဲလှန့်ဖျာခင်းလုပ်ကြသေး။

ထို့မှနောက် အတွင်းဖျက်၊ အပြင်ဖျက်တို့လက်ချက်ကြောင့် ဘဝနိကာယအမည်ခံထားသည့် ကိုယ်ကောင်ကြီး ပျက်စီးလာသောအခါ. . .

စိတ်တန်ခိုး၊ စိတ်သတ္တိများထုတ်သုံး၍လည်း ပြုပြင်ပေးနေကြရ၏။

ကံအရှိန်၊ ကံသတ္တိများ ထုတ်သုံး၍လည်း ပြုပြင်ပေးနေကြရ၏။

ဥတုငွေ့များ ထုတ်ယူသုံးစွဲ၍လည်း ပြုပြင်ပေးနေကြရ၏။

အာဟာရ ဩဇာသတ္တိများ ထည့်သွင်းပေး၍လည်း ပြုပြင်ပေးနေကြရ၏။ ထိုလေးပါးတို့ဖြင့် ကိုယ့်အကောင်ကိုယ်၊ သူ့အကောင်သူ မွေးမြူလုပ်ကျွေး အစောင့်အရှောက်များ ပေးလျက်က အပျက်မှ အပျက်၊ အပျက်မှအပျက် အပျက်ကိုချည်း ဆက်လိုက်လာသောအခါ. . .





**□ ဓာတ်ပေါင်းဖို လိုတိုးပိုလျော့ ကံလက်ဆော့၏**

ခန္ဓာသည် သဘာဝစုတို့ တစ်စပ်တည်း တစ်ပြင်တည်း အုပ်စုဖွဲ့နေသည်ကိုဆို၏။

ဘဝသည် အုပ်စုတို့လက်ချက်ကြောင့် ရှေ့ပျက် နောက်ဝင် တန်းစဉ်ကိုဆို၏။

ထိုစဉ်. . .

(က) ရုပ်အုပ်စုကြီးက ဓာတ်ပေါင်းဖိုနှင့်တူလျှင်. . .

(ခ) နာမ်အုပ်စုတို့က ကံနှင့်တွဲ၍ (ကံအမိန့်နာခံ၍) အလုပ်လုပ်ပေးနေသော အလုပ်သမားများနှင့် တူလှ၏။

(ဂ) ခန္ဓာဖြစ်စဉ်ကြီးက ခေါင်းတိုင်မှလွင့်တက်နေသည့် ဓာတ်အခိုးအလျှံများနှင့် တူ၏။

သို့ဖြင့် ဓာတ်လိုအပ်ချိန်ထိုးပေးကာ တက်သစ်နုပျိုရွယ်တည်ဆောက်ပေးလိုက်ကြ၏။ ဓာတ်ထိပ်ရောက်ချိန်တွေပေးထားကာ အလှ၊ အားမာန်၊ ဉာဏ်များကို သွန်းလုပ်ပေးလာကြ၏။ ဓာတ်ပိုလျှံသွားချိန် ချပေးလိုက်ကာ အိုဆွေးရင့်ကျက်ပျက်ပုံတွက်စေ၏။

သို့ပြုလုပ်ရာ၌ ပြင်ပနေ မြေပြိုမျိုးကဲ့သို့ ဘုံးခနဲလျော တရဟောကျခြင်း မဟုတ်။ ပြင်ပနေ ရေတိုက်စားမျိုးကဲ့သို့ တလိမ့်ခေါက်ကွေး လျှောဆင်းပြေး မဟုတ်။ ပြင်ပမီးတိုက်ခံရမျိုးကဲ့သို့ ဟုန်းခနဲလောင် ပြောင်ကရော ချက်ချင်း မဟုတ်။ ပြင်ပလေမုန်တိုင်းမျိုးကဲ့သို့ သိမ့်ခနဲတုန် ပုံလျက်ကျခြင်း မဟုတ်။ ဟုတ်သည်မှာ ထိုတိုက်ခိုက်ရေးသမားဓာတ်လေးပါးတို့သည် ကလလရေကြည်တည်စမှ ကိုယ်ကာယကြီး အသက်ကုန်သွားသော ကာလတိုင်အောင် စက္ကန့်နှင့်လိုက် အချင်းချင်း အပြန်အလှန်တိုက်ခိုက်၍ အတွင်းနှိုက်နှိုက် အတွင်းလှိုက်လှိုက် မသိမသာ နယ်မြေသိမ်းပိုက်လေ့ရှိကြရာ . . . . ၁၁-နှစ်လျှင် တစ်ကြိမ်ကျသော တိုက်ပွဲအခြေအနေ ပြင်ပသို့ထုတ်ပြကြ၏။ သို့မဟုတ် . . .

၁။ မြေဓာတ်၊ ရေဓာတ်တို့ ခုခံစစ်အောင်ပွဲရပုံများ။

၂။ မြေ၊ ရေ၊ လေ၊ မီးတို့ ထိုးစစ်၊ ခံစစ် အရှိန်ညီမျှနေပုံများ။

၃။ ခံစစ်နောက်ဆုတ် လေ၊ မီးထိုးစစ်တို့ အုပ်ချုပ်ခွင့် ရလာပုံများ။

ဤသုံးပိုင်းတို့ဖြင့် ခန္ဓာ့ဖြစ်စဉ်အရွယ် နယ်ပိုင်းပြမှ သိခွင့်ရကြသည်သာ။

ယင်းနယ်မြေသုံးပိုင်းကို တက်၊ တွေ၊ လျှော အမည်ပေးလိုက်သည်။

မွေးသည်မှ ၂၅-နှစ်ကိုတက်ခေတ်အရွယ် မှတ်ခဲ့ပါ။

၂၆-နှစ်မှ ၅၀-နှစ်အထိကို တွေခေတ်အရွယ် မှတ်ခဲ့ပါ။

၅၀-ကျော်မှ အထက်ရှိများကို လျှောခေတ်အရွယ်မှတ်ခဲ့ပါ။

ထိုသုံးပိုင်းစလုံးကို နောက်ထောက်ကံ၊ လက်မြောက်ကံများက ဓာတ်အိမ်ကြီးတည်ဆောက်ပေးကြရာ အရွယ်သုံးပါးကိုခေတ်ဖြင့် တွက်ချက်ကြည့်သော်. . .

ပထမခေတ်သည်. . . အိမ်တည်ဆောက်နေချိန်။

ဒုတိယခေတ်သည် . . . အိမ်ငှားချထားချိန်။

တတိယခေတ်သည် . . . ကံတိုးရော ဒဏ်တိုးပါ အတောင်းခံနေရချိန်။

သို့ဖြင့် ဓာတ်ပေါင်းဖို လိုတိုးပိုလျှော့ ကံလက်ဆော့တိုင်း နော့ကြရတော့သည်။

**□ အချိန်၏ပါးစပ်တွင်းကသားကောင်များ**

မြွေက ဖားမျိုရာ၌ ကျားကသမင်စားပုံမျိုးကဲ့သို့ မဟုတ်ချေ။

မြွေသည် ငါး၊ ဖား၊ ကြွက် စသည့်အစာအမျိုးမျိုးကို သူ့ပါးစပ်ဖြင့် တော့၊ ငုံ၊ သွင်းပုံ၊ ငုံရုံလေးမျှ အမိဖမ်းထားလိုက်၏။ ကျန်အပိုင်းကိုကား . . . အမျိုခံသားကောင်ကပင် ကိုယ့်ကိုယ်ကိုယ်လှုပ်သွင်း သွင်းပေးနေရ၏။တအိအိလှုပ်ရင်းက တတိတိဝင်သွားစေ၏။ သို့ဖြင့် မြွေဝမ်းဗိုက် သားကောင်အစာဆိုက်ရပါ၏ . . . ပမာ . . .

အချိန်သည်လည်း . . . သင့်ကိုလည်းကောင်း၊ ငါ့ကိုလည်းကောင်း၊ အများကိုလည်းကောင်း မိမိ မိမိတို့ရှိ ဓာတ်သက်ကံတို့၏ လှုပ်ရှားမှုအတိုင်းသာ ဝါးမျိုခြင်းဖြစ်ရာ ထိုအားလုံးတို့ပင် . . . စက္ကန့်နှင့်ယှဉ်လှုပ်ရှားအချိန် ပါးစပ်တွင်းဝင်သွားနေကြရပါသည်။ ထိုစဉ် . . . စက္ကန့်ပြည့်တော့ မိနစ်၊ မိနစ်ပြည့်တော့ နာရီ ခရီးတည်လိုက်သည်။ တစ်ဖန် . . . နာရီစေ့သော် ရက်၊ ရက်စေ့သော်လ၊ လစေ့သော် နှစ် ခရီးတက်ဖြစ်သွားပြီ။

အချိန်၏ပါးစပ်တွင်း ဤပုံစံဖြင့် ချင်းနင်းခဲ့ကြရာ . . . မီးတွင်းကလေးမှ ၁၀-နှစ်ပြည့်သောအခါ မသိနိုးနားအရွယ်ရောက်ခဲ့ပြီ။ ၁၁-နှစ်မှ ၂၀-ပြည့်သောအခါ ပျော်အားပါးအား ကစားသန်အရွယ်ရောက်ခဲ့ပြီ။ ၂၁-နှစ်မှ ၃၀-ပြည့်သောအခါ လှအားသန်အလှမာန်ဝင်အရွယ်ရောက်ခဲ့ပြီ။ ၃၁-နှစ်မှ ၄၀-ပြည့်သောအခါ ဗလအားသန် ဗလမာန်ဝင်အရွယ် ရောက်ခဲ့ပြီ။ ၄၁-နှစ်မှ ၅၀- ပြည့်သောအခါ ဉာဏ်အားသန်ဉာဏ်မာန်ဝင်အရွယ်ရောက်ခဲ့ပြီ။ တစ်ဖန်. . . ၅၁-နှစ်မှ ၆၀-အထိရောက်လာချိန်တွင်ကား. . . မြွေပါးစပ်ထဲ ဝင်သွားသောကြွက် အမြီးတစ်လစ်မျှ ကျန်တော့သည့်ပမာ. . . ငါသည် အသက် ၆၀-ပြည့်လာပြီဆိုကတည်းက ကျရှိပ်များက ပြသလာကြတော့၏။ လွန်ခဲ့သော တက်ရွယ်တုန်းက လန်းဆန်းတက်ကြွသော စိတ်ဓာတ်၊ ရုပ်ဓာတ်ပါ အမူရာများပျောက်ခြားသွားကြ တော့၏။ ပြီးခဲ့သော တွေရွယ်တုန်းက ခက်ထန်မာကျောသော စိတ်ဓာတ်၊ ရုပ်ဓာတ်ပါအမူအရာများလည်း ပျောက်ခြားသွားကြတော့၏။ ငါ၌ ကျန်ရစ်ခဲ့ကြသည်မှာ စိတ်အထ၊ ရုပ်အထ နှေးကွေးခြင်းပင်။

ငါ့၌ ခံစစ် ဦးစီးသောသွေးများဆုတ်ခွာပေးကြရဟန်ရှိ၏။ သူ့နောက်လိုက် အသားနှင့်အပေါင်းပါများလည်း ဝပ်လျှိုးကျန်ခဲ့ကြဟန်ရှိ၏။ တစ်ဖန်. . . ငါ့၌ ထိုးစစ်တာဝန်ခံ လေများကထန်လာနေ၏။ ယင်းနောက်လိုက် မီးအားများကလည်း မီးရာရာအတင်းနင်း လောင်မီးသွင်းနေကြဟန်ရှိ၏။ ထိုသည့်ငါ. . . ဝမ်းမီးပူကျက်လျက် ထွက်လာနေပြီ။ ဝမ်းအောင်းလေနှင့်အတူ ဇီရဏတေဇောမီးကြီးကလည်း ဟီးတက်လာနေပြီ။

သို့ဖြင့် သည်းခြေများ အတွင်းရော အပြင်ပါ ပူစပြုလာကြ၏။ နှလုံး၊ ကျောက်ကပ် စသည့်ပုံဖော်ကိရိယာများတုန်ခါစပြုလာနေကြ၏။ သည်ကြားထဲတောတကာတောင်တကာတို့မှလိုက်လာကြသည့်ငှက်မျိုးစုံတို့ကလည်း ဓာတ်ပေါင်းဖိုရုံကြီးထဲအသိုက်ဖွဲ့နေရာယူထားနှင့်ကြ၏။ စစ်ကိုင်းတောင် အရှေ့ပရက္ကမချောင်က လက်ဆောင်ပေးလိုက်သောထုံးဒဏ်သင့်ဒဏ်ချက်များကလည်း အစာအိမ်တွင်းကထကြွပြနေကြ၏။

ထိုမှတစ်ဆင့် အသက်-၆၀မှထက် (၁၀) နှစ်ခု၏ တစ်ဝက်အထိ ခရီးလွန်လာသောအခါ သည်းခြေသွေးများ အပူလွန်မွှန်လာကြဟန်ရှိ၏။ ညစဉ်ရွှတ်ပွားနေကျ ပရိတ်တော်များ အစဖော်မရ၍ကျော်ထားပစ်ခဲ့ရသည်များကြုံလာရ၏။ ညစဉ် ရွတ်ပွားနေကျ ပါတိမောက်များ

ရွှတ်ရင်းပျောက်သွား၍ ကျော်ထားပစ်ခဲ့ရသည်များလည်း ကြုံလာရ၏။ ရံတစ်ခါ ဒါညလား၊ နေ့ပဲလား စဉ်းစားပေးနေရ၏။ ရံတစ်ခါ ငါဘယ်ရောက်နေပါလိမ့် နေရာပျောက် ပြန်ရှာပေးနေရ၏။

ထိုမှနေ အသက်-၇၀အထိ ခြေဦးတည်မိလာသောအခါတွင်ကား ပင်လယ်ပြင်ဝယ် မုန်တိုင်းမိ လှေတစ်စင်း ထိန်းရင်းလှော်၊ လှော်ရင်းထိန်း မတိမ်းရုံ မမှောက်ရုံ စုန်ရာမှဆန် ဆန်ရာမှစုန် မုန်တိုင်းတိုက်ရာ ခိုလှုံနေပါရတော့သည်ပမာ. . . ထိုင်လည်းမကောင်း၊ ထလည်းမကောင်း ဘာဆိုဘာမျှ မကောင်းချင်တော့။ ရှု၍လည်းမကောင်း၊ မှတ်၍လည်း မကောင်း ဘာဆိုဘာမှ မကောင်းချင်တော့။ ကြီးလာမှ ငါ့အစွမ်းအစပြလိုက်မတွ ကြုံးဝါးမရတော့ပါ။ ကြုံးဝါးဖို့နေနေသာသာ ကြုံးဝါးခွင့်ပင် မပေးကြတော့ပါ။

ယနေ့နှင့် နက်ဖြန်တို့ရှိ ငါ၏အချိန်နှင့်အရွယ်များသည် . . . အိမ်ရှင်က အိမ်သစ်ပြန်ဆောက်လိုသဖြင့် လက်ရှိအိမ်ဟောင်းကိုဖျက်မည်တကဲကဲဟန်ပြင်နေပုံနှင့် တူနေ၏။ နိုင်ရာညဉ်း အတွင်းနေ ဓာတ်လေးစင်း ဓားလေးစင်းတို့က သူတို့အချင်းချင်း ဓားဝင်စရာချက်ကောင်း အကွက်ချောင်းနေသည်နှင့်လည်းတူလှ၏။ အိမ်ငှားခမကြေသေးသဖြင့် အကြေပေးသွားရန် နောက်ထောက်ကံ၊ လက်ခြောက်ကံများက ဇယားပြတောင်းခံခံနေရသည်နှင့်လည်းတူလှ၏။

မြွေသည် ဝါးစားစရာ သွားမပါ။ သို့သော်လည်း သူ့ကံကြောင့် အမျိုးခံ ကြွက်ကသာ လှုပ်တိုးထိုးလျက် စားတော်ဆက်ပေးရ၏။ အချိန်သည်လည်း အသက်မရှိ။ သို့ပေသိ ဓမ္မနိယာမသတ္တိကြောင့် အမျိုးခံ ငါကသာ လှုပ်တိုးတိုးလျက် စားတော်ဆက်ပေးနေရ၏။ ယနေ့ ကြွက်မြီးဆုံး မြွေစာလုံးလုံးဖြစ်တော့သည်။

ဘဝနှင့်ခန္ဓာသည် ဉဿုတေဇော အမည်ရ အပူတို့ဖြင့် ဖွံ့ဖြိုးကြီးထွားလာခွင့်ရပြီ။ ထိုအပူမီး ညှိုးကျ၊ ပျက်ကျသွားသောအခါ အသက်ညှိုးချုံး ကုန်ဆုံးကြရပါမည်။

**ဒ အနေနှင့် အမြန်သာကွာ ကောန်ကား ကောန်သာ**

ဘဝနှင့်ခန္ဓာများသည်. . .

တက်ခေတ်၊ ဆုတ်ခေတ် လိုက်၍လည်း သက်တမ်း အတိုအရှည်ကွာကြမည်။ ဓာတ်တည်ဆောက်ပုံချင်းကွာ၍လည်း တစ်ဦးနှင့်တစ်ဦး သက်တမ်းချင်း မတူညီကြ။ ကံလိုက်ပုံမတူချင်းကြောင့်လည်း တစ်ဦးနှင့်တစ်ဦး သက်တမ်းချင်း ညီမရကြ။ သို့ကြောင့် နောက်ကဆိုခဲ့ပြီးသော ငါ့အကြောင်းအရာများသည် အခြားအခြားသော သင်ရော၊ အများနှင့်ပါ တစ်ထပ်တည်း ကျမည်မဟုတ်ကြ။ ကံဆောင်၊ ဓာတ်ဆောင် စသည့် အဆောင်ချင်း မတူတတ်ကြ၍။

သင်သည်လည်းကောင်း၊ ငါသည်လည်းကောင်း၊ အများသည်လည်းကောင်း ဘဝအတွက် ပဋိသန္ဓေရိုက်ရာ၌ . . . မိနှင့်ဖတို့၏ ဥတုသွေး အမွေယူရာကလည်း တန်းစဉ်ချင်း မတူခဲ့ကြ။ အဘာဝဥတုငွေ့ အငွေ့ယူရာကလည်း ဖြစ်စဉ်ချင်းမတူခဲ့ကြ။ နောက်ထောက်ကံ ခံယူရာကလည်း အခြေချင်း၊ အနေချင်းမတူခဲ့ကြ။ သို့ကြောင့် အချို့ အမိမျိုးပြေတတ်ပြီး အချို့ အဘမျိုး တစ်စခန်းထတတ်ကြ၏။ အချို့ ဓာတ်အစ ဥတုငွေ့ပေးအရ မြေဆောင်ကတစ်မျိုး၊ ရေဆောင်ကတစ်မျိုး၊ လေဆောင်ကတစ်မျိုး၊ မီးဆောင်ကတစ်မျိုး တန်ခိုးပြတတ်ကြ၏။ အချို့ ကံသတ္တိက ထောက်ခံချက်ပေးလိုက်သော အတိုင်း ဉာဉ်၊ ဝါ သနာ၊ စရိုက်တစ်မျိုးစီ တစ်မျိုးစီတို့ဖြင့် အစွမ်းပြတတ်ကြသေး၏။

ယင်းတို့ကို ထင်ရှားရာပေါင်း၍ အကြောင်းပြစေလိုက်သောအခါ. . .

၁။ တစ်ဦးသည် မြေဓာတ်-၂၀ အရင်းတည်၍ ကျန်ဓာတ်များ အမှီအဖြစ်ဖြင့်သာ ဘဝခန္ဓာတည်ဆောက်ခြင်း ခံရပါအံ့။ ထိုသည့်သူ ရာဂတဏှာ အများတကာထက် ကြီးထွားမည်။

သည်ကြားထဲ ဉာဉ်၊ ဝါသနာ၊ စရိုက်ဆိုသော ကံလိုက်များကပါ မီးလောင်ရာလေပင့်ပမာ ကြားဝင်ကာ အားပေး ထောက်ခံလာကြသောအခါ . . . ခံစားရာအကြား အားမရခြင်းကပါ ဝလွှားနေပါတော့မည်။

၂။ တစ်ဦးသည် ရေဓာတ် ၁၂-ပါး ခေါင်းဆောင်ထား၍ ကျန်ဓာတ်များ နောက်ပါးကထားပေးကာ ဘဝခန္ဓာတည်ဆောက်ခြင်း ခံရပါအံ့။ ထိုသည့်သူလည်း ရာဂတဏှာ အများတကာထက် စွာပြနေမည်သာ။

မှတ်ချက်။ ။ မြေဆောင်ရာဂကြီးစိုး တဏှာအိုးက ရိုးတွင်းခြင်ဆီခံများနှင့် အရိုးအဆစ်များ တောင့်မာနေခြင်းကြောင့်. . . ဆက်ဆံရာ၌ မာကျောခက်ထန်နေမည်။ ခံစားရာ၌ အာသာမပြေရှိနေမည်။ အချစ်ထန်သလောက် အမုန်းသန်တတ်သည်။

တစ်ဖန် ရေဆောင် ရာဂကြီးစိုး တဏှာအိုးက သွေးအဆီကြည် သည်းခြေ စသည့် အဖွဲ့အချည်များအားကောင်းခြင်းကြောင့်. . . ဆက်ဆံရာ၌ ချိုသာပြေပြစ်သည်။ ခံစားရာ၌ တစ်ဖက်အလိုလိုက်မည်။ အချစ်အေးဆေးသဖြင့် အမုန်းအတေးမထားတတ်။ ရေ၊ မြေ ၂-ပါးတွင် ရေကဦးဆောင် မြေနောက်လိုက် ပဋိသန္ဓေတည်စ ကလကရေကြည်က ကိုကြည့်။

၃။ တစ်ဦးသည် လေဓာတ် ၆-ပါး ဦးဆောင် ကျန်ဓာတ်တို့ကား နောက်ယောင်ခံအဖြစ်ဖြင့် ဘဝခန္ဓာတည်ဆောက်မှု ခံယူပါအံ့။ ထိုသည့်သူ. . . ဒေါသတဏှာစွာတတ်ရာ ဆက်ဆံကြရာ၌ သွက်လက်မြန်ဆန်မည်။ ခံစားရာ၌ ပြီးပြီးပျောက်ပျောက်ရှိမည်။ မုန်းအားက ချစ်အားကို ဖိတားတားတတ်သည်။

၄။ တစ်ဦးသည် မီးဓာတ် ၄-ပါး ဦးစီးထား၍၊ ကျန်ဓာတ်သုံးပါးတို့ နောက်လိုက်အဖြစ်ထား၍ ဘဝခန္ဓာတည်ဆောက်ခံရပါအံ့။ ထိုသည့်သူ . . . ဆက်ဆံရာ၌ တုတ်ဆွဲ၊ ဓားဆွဲ၊ တရှူးရှဲရှဲထူးကဲနေမည်။ ခံစားရာ၌ တွေ့တုန်းထိပြီး လှည့်မကြည့်တတ်။ ထိုသူလည်း အမုန်းသန် ရန်ပွား ချစ်အားကား ပြားပြားမှောက်သာ။

မှတ်ချက်။ ။ လေဆောင်ကြီးစိုး ဒေါသအိုးကား ခဏချင်းအမျက်ထ ခဏချင်းပင် ပြေပျောက်မှုပြတတ်၏။ အမုန်းအတေးထားစရာ သူ့မှာနေရာမရှိ၍။ မီးဆောင်ကြီးစိုး ဒေါသအိုးကား အာဃာတကြီးတတ်၏။ ရှုတ်တရက် စိတ်မဆိုးတတ်၊ ဆိုးမိသော် အတော်နှင့်မပြေတတ်။ မီးသည် ဉဿုတေဇောခေါ် အသက်ပိုင်ရှင်ဖြစ်သောကြောင့်။ အတိုက်ဘက်နေ လေဓာတ်၊ မီးဓာတ် ထိုနှစ်ရပ်တွင် မီးသည် ဦးစီး၊ လေကား နောက်လိုက်။ သို့သော် လေခေါ်ရာ မီးလိုက်ရသည်။

အထက်ပါ အကြောင်းလေးမျိုးတို့သည် သင်နှင့်၊ အများနှင့်၊ ငါနှင့် အဆင်မတူခြင်း၏ အဓိကအကြောင်းခံများဖြစ်ကြ၏။ သို့ကြောင့် နောက်ကဆိုခဲ့ပြီး ငါ့အကြောင်းအရာများသည် အားလုံးတို့နှင့် တစ်ထပ်တည်းကျစေလိမ့်မည်ကား မဟုတ်ချေ။

ငါက အသက် ၃၀-ကတည်းက ဆံဖြူ၏။

သူက အသက် ၆၀- အထိ ဆံပင်များမည်းနက်နေဆဲ။

သင်ကား သည့်ထက်လည်း စောကောင်းစောမည်၊ သည့်ထက်လည်း နောက်ကျကောင်း နောက်ကျနေမည်။ အများလည်း နည်းတူပင်။

ငါက အသက်-၄၀ ကတည်းက သွားကျိုးနေပြီ။

သူက အသက်- ၈၀ အထိ သွားကောင်းတုန်း။

သင်ကား သည့်ထက်လည်း စောကောင်းစောနေမည်။ သည့်ထက်လည်း နောက်ကျကောင်း နောက်ကျနေမည်။ အများလည်း နည်းတူပင်။

သည်သို့ပင် ငါ့ခန္ဓာရှိ နိကာယတို့၏ အတိုးအဆုတ်များနှင့် အများတို့၏ အတိုးအဆုတ်များသည် တန်းညှိ၍မရစကောင်း။

သဘာဝနိယာမ၏ အာဏာစက်မည်သူမျှ ဝင်ဖျက်၍ မရစကောင်း။

ကမ္မနိယာမ၏ အာဏာစက်မည်သူမျှဝင်နှောင့်ယှက်၍မရစကောင်း။

□ မလာပါနှင့် အို. . . ဇရာ

□ ဇရာ ဓမ္မာ နံ ဘိက္ခဝေ၊ သတ္တာနံ ဧဝံ ကုံတ္တ ဥပ္ပဇ္ဇတိ။
အဟောဝတမယံ နဇရာ အသာမ၊
နစဝတာနော ဇရာ အာဂစ္ဆေယျာသိ၊
နခေါ ပနေတံ က္လတ္ထာယ ပတ္တဗ္ဗံ။
ဣဒိမ္ပိ ယံ ပိဇ္ဇံ တမ္ပိ ဒုက္ခံ။

ရဟန်းတို့ . . . အိုမင်းကုန်းကွဇရာဟန်ရေးပြ စံနေရသူတို့အား . . . ငါတို့ဆီ ဇရာမလာကောင်းမှာပဲ။ ငါတို့လည်း ဇရာမထောင်း ထောင်းမှာပဲ။ ထိုသည့်အကြံ တောင့်တမည်ကား အမှန်။

သို့တစေလည်း သည်ဇရာအို ငါ့အလို နည်းနည်းမှမလိုက်။ သည်သို့ ငါ့အလို အဒိုတိုက်ခိုက်နေခြင်းကလည်း ဤလည်း တစ်ဒုက္ခပင်။

ငါ့ဇာတ်ကွက် နောက်နှင့်ရှေ့ ပြန်ဆက်ကြရအောင်။

ငါ့ထံရှိ ဘဝနှင့်ခန္ဓာကို အရွယ်အားဖြင့် သုံးပိုင်းပိုင်းဝေခဲ့ရာ. . . ပထမအရွယ်က ကာလသားနှင့်တူလှ၏။ သည့်နောက် ဒုတိယကား အိမ်ထောင်သည်ဘဝနှင့် တူလှ၏။ တတိယ ယခုအရွယ်ကား အိမ်ထောင်ပျက် အထီးကျန်ဘဝဆန်လွန်းလှ၏။ ယင်းအရွယ်သုံးပါးကို ရှေးခေတ်ဇာတ်သဘင်များနှင့် ယှဉ်ပြရသော် . . .

ငါ့ ပထမအရွယ်ကား အော်ပရာပိုင်းတည်း။

ငါ့ ဒုတိယအရွယ်ကား ပြဇာတ်အခန်းတည်း။

ငါ့ ယခုအရွယ်ကား နောက်ပိုင်းကဇာတ်၏ ငိုချင်းချအခန်းတည်း။

ဤ၌ ရှေ့ခေတ်က သဘင်သည်လောကနှင့် ပွဲကြည့်ပရိသတ်တို့၏ အခြေအနေကို ဦးစွာပြလို၏။

ရှေ့ခေတ်က မြန်မာများသည် . . ကိုယ့်အမျိုး ကိုယ့်ဘာသာ ကိုယ့်သာသနာနှင့်သာ လက်ပွန်းလက်သပ်ရှိကြ၏။ အခြားအခြားသော အမျိုးလူယက်ဘာသာဖျက်များကလည်း အားမကောင်းကြသေး။ ပညာရေးစနစ်ကလည်း လောကနီတိ မင်္ဂလသုတ် စသည့်လောက၊ ဓမ္မနှစ်ဌာနတို့၌ သီစေ၊ တတ်စေသော ပညာရည်အမျိုးအစား ဖြစ်နေ၏။ သို့ကြောင့် ပွဲကြည့်ပရိသတ်သည် သုတ်၊ နိပါတ်တော်လာ ဇာထ်တော်ကြီးများကို ခင်းကျင်းပြသသည့်နောက်ပိုင်း ကဇာတ်ကိုသာ အားခဲကြည့်ကြ၏။ ရှေ့ပိုင်းအော်ပရာနှင့်ပြဇာတ်များကိုကား . . . လူကြီးများက အချိန်ဖြုန်းကာလအဖြစ်သတ်မှတ်၍ ကြည့်ရှုအားပေးကြ၏။

အမြင့်သဘင် ရုပ်စုံစင်ဖြစ်ပါမူ . . . အစ ကမ္ဘာပျက်သည်မှ တစ်ဖန်ကမ္ဘာပြန်လည်တည်မိလာပြီး ရေသတ္တဝါငါးစသည်ကနေ ကုန်းသတ္တဝါ ငှက်ဝန်ပို . . . သည်နောက် မြင်းနှင့် ဆင်တို့ ရှေ့နောက်ဝင်လာကြပုံ၊ သည့်နောက် ကျားနှင့် မျောက်တို့ ရှေ့ နောက်ဝင်လာကြပုံ၊ သည့်နောက် ဘီလူးနှင့် ဇော်ဂျီ၊ သည့်နောက်မှ လူ. . . သည်သို့သောဖြစ်ထွန်းလာသည့် ကမ္ဘာအရင်းအမြစ်ကို လှစ်ပြကြသဖြင့် အချိန်ကို အကျိုးရှိစွာကုန်လွန်စေကြ၏။

ကာလသားအရွယ်ရှင်တို့သည် . . . အနိမ့်သဘင်၏ ရှေ့ပိုင်းများ၌လည်း ကြည့်ကောင်း၍ကြည့်သည်မျှသာရှိကြ၏။ အမြင့်သဘင်၏ ရှေ့ပိုင်းများ၌လည်း နည်းတူပင်ဖြစ်ကြ၏။ ပွဲကြည့်သူများ၏ဉာဏ်အဆင့်က ယနေ့အကြောင်းကိုကြည့်၍ နက်ဖြန် သန်ဘက်တို့အကြောင်း ကောင်းကောင်းမြင်နေသောဉာဏ်အဆင့်မျိုးများ ဖြစ်နေကြ၏။ သို့မဟုတ် ပစ္စုပ္ပန် အစကောင်းမှ သံသရာအနှောင်းသေချာမည်ကိုသိသောအမြင်ဖြင့်ဆင်ခြင်ကာ ကြည့်ရှုအားပေးကြခြင်းပင်။ သို့ကြောင့် ပွဲခင်းကျင်းပြသသူဇာတ်(ရုပ်စုံသဘင်)အဖွဲ့များကလည်း အများစုက ဘုန်းတော်ကြီးကျောင်းထွက်များဖြစ်ကြပြီး အနည်းငယ်ကား ရဟန်းလူထွက်ဘုန်းကြီးလူထွက်များဖြစ်နေကြရာ. . . စာပေကျမ်းဂန် ဗဟုသုတများ ပြည့်ဝစုံလင်ကြ၏။ ဇာတ်သဘင်၏စည်း၊ စနစ်၊ လုပ်ထုံး၊ လုပ်နည်းများကျွမ်းကျင်ကြ၏။

ငါတို့ မျက်လုံး၏ အထက်၌ က,ပြတင်ဆက်ခဲ့ကြသူများတွင်. . . အမြင့်သဘင်က ရွှေသေးမင်းသမီးကြီးဦးဖူးညိုမှာ ထင်ရှား၏။ အနိမ့်ဝယ် စိန်ကတုံး၊ ဖိုးစိန်မှ အောင်မောင်းအထိ ထင်ရှား၏။ ငါတို့မျက်လုံးရှေ့တွင်ကား ရွှေကျိုးညို၊ စိန်အောင်မင်းမှသည် ရွှေမန်းတင်မောင်၊ မြို့တော်သိန်းအောင်တို့ အလွန်ထင်ရှား၏။ မှတ်ချက်။ ။ ရွှေမန်းသည် အထက်ခေတ်၏ နောက်ဆုံးဘိသိက်ခံမင်းသားဖြစ်ပြီး မြို့တော်က အထက်ခေတ်နှင့် အောက်ခေတ် ဆက်သွယ်ပေးသောမင်းသားအဖြစ် ထင်ရှား၏။

ပွဲကြည့်များသည် အပျော်ထက်သုတဘက် ပိုမက်ကြသည်။

ပွဲပြများကလည်း သွေးဆွပေးခြင်းထက် သွေးတိတ်ပေးခြင်းဘက် ပိုနှစ်သက်ကြသည်။

ရှေ့ခေတ်က သဘင်သည်များသည် ဖြေ၊ ဖျော်ခြင်း အလုပ်နှစ်မျိုးကိုကျေပွန်စွာ ကြိုးစားပြကြကုန်၏။ ထိုစဉ် . . .

ဖြေ. . . က ပွဲကြည့်များ မိမိမိမိတို့ သက်မွေး၊ ဝမ်းကျောင်းအလုပ်ထဲ သဲသဲမဲမဲ ဖွဲ့နှပ်ကြီးရာမှ ရလာကြသော အခဲမကျေစိတ်၊ အဖုအထစ်စိတ်များကို ဟာသပညာ ပသာဒအခင်းအကျင်းအမြင်များဖြင့် ဖြေဖျောက်ပေးနိုင်ကြသည်။

ဖျော်. . . က ရှေ့ခေတ်က တောရောမြို့ပါ ညလုံးပေါက်ပွဲကြည့်လေ့ရှိကြ၏။ မြို့က ရုံထဲဖြစ်၍ အနည်းငယ်သက်သာ၏။ တောက ကွင်းပြင်ကြီးထဲ ကြည့်ရှုကြရရာ မြေပူလည်းခံရ၏။ နှင်းရိုက်လည်းခံရ၏။ လေတိုက်လည်းခံရ၏။ ခန္ဓာတွင်းနေ အပူခိုး၊ အပုပ်ခိုးများ ပြင်ပသို့ တိုးမထွက်သာ ဖြစ်ရပြီ။ ဤအပူ၊ အပုပ်များကြောင့် အကြောအခြင်များမာတောင့်နေကြ၏။ အကြောမကြီးတစ်လျှောက်နှင့်ဦးခေါင်းများလည်း အုံခဲလျက်ရှိနေကြ၏။ ယင်းကို နောက်ပိုင်းဇာတ်တော်ကြီးအခန်း က,ဇာတ်များဖြင့် ပရိသတ်များ မျက်ရည်ကျရ ငိုကြရသည်အထိ အပြော၊ အဆို၊ အငို၊ အလွမ်း ပိုင်နိုင်လွန်းစွာ ဘသင်သည်များက တင်ဆက်က,ပြကာ ဖျော်ပေးလိုက်ကြသည်။ သို့ကြောင့် ဇာတ်ရည်လည်

သဘောပေါက်သော လူကြီးပရိသတ်များ နောင်ရက် အိပ်ရေးပျက်သည် မရှိကြပါ။

ငါတို့ မျက်လုံးအောက် ရောက်သွားသော ယနေ့ခေတ်တွင်ကား. . . အတိတေ ရဏသီယံအထိ လှမ်းကြည့်နိုင်သည့်မျက်လုံးများ မရှိကြတော့ပါ။ ယင်းအစား မြို့တော်သိန်းအောင်အဖွဲ့က ယမန်နေ့က လက်ဝဲသန္တရ ယမန်နေ့က တေက်ပြား စသည်များဖြင့် ပရိသတ်မျက်လုံးနှင့် မလှမ်းမကမ်းရှိများ တင်ဆက်ပြသသွားရာ. . . ထိုပရိသတ်များ. . . ရယ်ရင်းက အပူခိုးများ ပါးစပ်မှထွက်သွားသူလည်း ရှိ၏။ မျက်ရည်ကျရင်းက အပူခိုးများ မျက်လုံးမှထွက်သွားသူလည်း ရှိ၏။ သို့ဖြင့် မြို့တော်ရုံမှ ထွက်လာကြသူများ ပေါ့ပေါ့ပါးပါးပင်။

ယနေ့ သဘင်သည်များ မြို့တော်နောက်က ကပ်လိုက် ကောင်းလေမလား။ မျိုးစေ့မှနေ အသီးအပွင့် ထုတ်စားလိုသူ အချိန်တော့ စောင့်ပေးရမည်။ သူပေါ်ပင် နောက်မလိုက်စား ကိုယ်ခေါ်ငင်ရာ အကြား ထားပေးလိုသူ. . . သူ စိတ်ပေါ်လာသည်အထိစောင့်၍ ချော့မြှူပေးနေရဦးမည်။

ဤသို့ ပြောလိုသည်မှာကား. . . သဘင်သည် က,ပြ အသုံးတော်ခံလေ့ရှိသော ဇာတ်သုံးထုပ်တို့နှင့် ငါ့ဘဝ၊ ငါ့သရုပ်ပင်။ ထိုစဉ်. . .

(က) ငါ့ဘဝ အရှေ့ပိုင်းသည် ဘဝမျိုးစေ့အဖြစ် ကံပြုစဉ်က, စေတနာ အရှေ့ပိုင်း ချို့တဲ့ခဲ့လေသလားမသိ။ ချို့တဲ့၍ မျက်နှာငယ်ရသော အော်ပရာသရုပ်ဆောင်ခဲ့ရ၏။ ငါ့ပရိသတ်အား ဘဝပေး သင်ခန်းစာ တင်ဆက်ခဲ့ရပါ၏။

ပုဗ္ဗစေတနာ ချို့တဲ့ပါက . . .
ငါလို ချို့တဲ့စွာ နေကြရမှာ သတိထားကြကုန်။
ငါလို မျက်နှာငယ်ကြရမှာ သတိထားကြကုန်။. . . ဟူ၍ . . . တစ်ဖန် . . .

(ခ) ငါ့ဘဝ အလယ်ပိုင်းသည် ကံပြုဆဲကာလ ရက်ရောဝမ်းသာလေခဲ့လေသလားမသိ။ အရာရာပြည့်စုံပြီး ဂုဏ်နှင့်ဖြိုးပြည့် အပ်ကျမပ်ကျ ရှိလွန်းလှ၏။

ငါ့စိတ်ကူးရာ ပုံဖော်ရာအတိုင်း အားလုံး တက်ညီလက်ညီလိုက်ပါလာကြ၏။ ငါပြောသမျှ ဆိုသမျှ အားလုံးက သိဘောကျလက်ခံနာယူကြ၏။ ပြဇာတ်ကားစ,ထွက်ကတည်းက အမြုံး အဆုံးထိလည်း မြူးကြွလျက်ပင်။

မုဥ္စစေတနာ (လှူဆဲ ရေစက်ချဆဲစေတနာ) အားကောင်းရွှင်သွက်နေပါက. . .
ငါ့လို ဆိုသမျှ ပြီးမြောက် ခရီးရောက်ကြရမည်။ သတိထားကြကုန်။
ငါ့လို လိုသမျှရ တ,သမျှလာ အရေးပါကြရမည်။ သတိထားကြကုန်။

(ဂ) ငါ့ဘဝ နောက်ပိုင်းသည် လှူပြီးနောက် တွေးမိတိုင်း ကသိကအောက်ဖြစ်ခဲ့လေသလား မသိ။ ငါ့အသက် ၅၇-နှစ် (၁၃၆၀)ပြည့်၏ နောက်ပိုင်းတွင် သို့မဟုတ် တာဝန်ကျရာ ဘုရားသုံးဆူ၏ နောက်ဆုံး မင်းဘိသိက်ခံထီးတင်အပြီး နောက်လိုက်များ ကိုယ်လိုရာဆွဲ အမြင်အမျိုးမျိုးကွဲလာနေကြပြီ။

တွဲရာမှ ခွဲသဖြင့် ရည်းစားကွဲများပမာ ဖြစ်လာကြခြင်းပင်။ တစ်ဖန်. . . ငါ့အသက် ၅၈-နှစ်မှ ၆၂-နှစ်အထိ ပုံတောင်၊ ပုံညာအတွင်း တစ်ပါးတည်း ခရီးပြင်းနှင်ချိန်တွင်လည်း. . . မလိုက်ခဲ့ရ အတားခံထားရသူများ၏ လိုက်လံခြင်းကိုလည်း ခံရ၏။ ယင်းတို့ကြောင့် အမိဌာန်များပျက် အသစ်ဆက်ရသည်များကလည်း အကြိမ်ကြိမ်။ ဌာနေ လုံခြုံရေးတာဝန်ခံ လူခေါင်းဆောင်များ၏ ဖြတ်စားလျှပ်စားအလုပ်ခံရခြင်း၊ လိုက်လာသူများနှင့် လာဘ်ပေး လာဘ်ယူ အလုပ်ခံရခြင်းများကလည်း နေသမျှကာလပတ်လုံး. . . ။ တစ်ဖန် . . .

၆၃- နှစ်မှ ယနေ့တိုင်အထိ မဟာမြိုင်ဝင် ခိုစဉ်ကာလ တစ်လျှောက်တွင်လည်း အမျိုးမျိုးသော အပူ၊ အသတ်များနှင့် အရပ်ရပ်သော အလှည့်အပတ်များ ကြုံနေရ၏။

ငါ့ထံရှိ အတွင်းရန်ကလည်း တလှုပ်လှုပ်နှင့်ကဲ။

ဝန်းကျင်နေ အပြင်ရန်များကလည်း ရှုတ်ရှုတ်သဲသဲ. . . ။

သို့သော် တုတ် (ဒုတ်) ပြ၍ ဒုက္ခပေးသော အခြေအနေကား မတွေ့ရသေး။ သူပြ၍ ဒုက္ခပေးနေသော အခြေအနေများကသာ အချိန်စေ့ ဝိုင်းရံနေကြ၏။

ဤတွင်းပြင်ရန်တို့၏ ကာလန်ကဆန်ကြောင့် လည်းကောင်း၊ ငါ့ထံရှိ စရိုက်၊ ဝါသနာ၊ ဉာဉ်များ အပါးမဝခြင်းကြောင့် လည်းကောင်း ပရိသတ်အတွေ့ မခံမီ ငါ့အသက် ၆၅၊ ၆၆၊ ၆၇-နှစ်များက ခန္ဓာ အပူငွေ့ပျံခြင်း၊ အစာအိမ်အပူဝင်လာခြင်း၊ ခုခံအား နောက်ဆုတ်သွားခြင်းများသည် ပရိသတ် အတွေ့ခံရချိန်ဖြစ်သော ၆၈၊ ၆၉၊ ၇၀-နှစ်သို့ ရောက်ကာလများတွင်ကား . . . အတိုက်ခေါင်းဆောင် ဇီရဏတေဇောက တစ်ကိုယ်လုံး လွှမ်းမိုးထားလိုက်ပြီ။

သူ့ကြောင့် . . . နေ့၊ ည အဝတ်မကာပ်နိုင်တော့။

သူ့ကြောင့် . . . မိတ်များ သုံးရာသီလုံး ကိုယ်မှမခွာကြတော့။

သူ့ကြောင့် . . . ကိုယ်ရှိ အဆီနှင့်သြဇာများ နောက်ဆုတ်သွား၍ အအိပ်အစားမမှန်တော့။ ဤ သူ့ကြောင့်၏ ဆောင့်အကန်ခံလိုက်ရခြင်းကြောင့် သွေး၊ သည်းခြေ၊ သလိပ်နှင့် အသား စသည့်မြေဓာတ်၊ ရေဓာတ်များ မျဉ်းမျဉ်းရုတ်လှုပ်လှုပ်ကျဖြင့် ကျဆင်းသွားကြတော့ရာ. . . ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဉ်များ စေတသိက်ကြီးများမှ လွတ်နေကြပြီ။ တွင်းပြင်အာရုံ ဘာနှင့်ကြုံကြုံ မထုံထက်သေး လုပ်ပြနေကြပြီ။

သည်အထဲ လေကြား မီးပြင်း အထိုးခံထားရသော ဟင်းအိုးကြီး. . . ပထမတော့ အိုးဖင်လောက် ပူသည်။ ဒုတိယကျ အိုးပြင်တစ်ခုလုံး ပူလောင်လာသည်။ တတိယကျသော် အိုးတွင်းထဲ သဲသဲမဲမဲ ဝင်ပူစေတော့ရာ အိုးတွင်းနေ ရေများဆူလာနေပြီ။ အိုးတွင်းနေ အသား၊ အရိုးနှင့် အဆာများပါ အပူဝင်ခံကြရပြီ။ သည့်နောက် အောက်ငွေ့ကြီး သလောက် အထက်အိုးကြီး ချစ်ချစ်တောက် အပူလွှန်ရာမှ အိုးတွင်းနေ အသားနှင့် အဆာများ ရေပူတဖြုတ် အိုးကစုပ်ကြောင့် နူးလာကြရပြီ။ ဤ အနူးဓာတ်များ ရေပူခိုးများနှင့်အတူ အိုးဖုံးမှထွက် အထက်အထက်သို့ လေနှင့် ဖက်ပျံတက်သွားကြလေသောအခါ . . .

အလုပ်မဲ့ ဝေဒနာအုပ်စုလည်း သူတို့နောက် အနံ့ခံလိုက်သွားကြလေပြီ။

အမှတ်မဲ့ သညာအုပ်စုလည်း ဝေဒနာခြေရာကောက် တောက်လျှောက်ပါသွားပြီ။

နေရာမဲ့ စေတနာ စသည်များ

လည်း ရွေ့သွားတို့နောက် ကောက်ကောက်ပါသွားကြပြီ။

ဌာနမရှိ ဝိညာဉ်လည်း အောက်ခြေသွားရာဘက် ပျံတက်လိုက်သွားပြီ။

ဤ၌ . . . တစ်ခါက. . . ရန်ကုန်ကောလိပ်မြိုင် အငြိမ့်အဖွဲ့မှ လူရွှင်တော်မန်းကျော်၏ ပြက်လုံးကို. . . ပြန်လည်သတိရမိသေး၏။ သူက. . .

"သူငယ်ချင်း . . . ငါ့စိတ်က တစ်ခါတလေကျ မိန်းမစိတ်ဖြစ်နေတယ်။

တစ်ခါတလေကျပြန်တော့လည်း ယောက်ျားစိတ် ပြန်ဖြစ်လာပြန်ရော . . .။

တစ်ခါတလေကျ သူတို့ချင်း ခိုးရာလိုက်သွားတော့ ငါ့မှာ တစ်ယောက်တည်း ငုတ်တုတ်ဖြစ်ကရော. . ." တဲ့။

ထိုပြက်လုံး. . . ယနေ့ ငါ့ဘဝ၊ ငါ့ခန္ဓာများနှင့် တယ်မကွာလှ။ သူ့ပြက်လုံးကမှ ရှေ့စိတ်နှင့် နောက်စိတ် ချိတ်မိကြသေး။ ငါ့ပျက်လုံးကား နာမ်အုပ်စုအားလုံး အစအနပင် ရှာမတွေ့တော့ပါ။ အပူလွန်သလောက် စိတ်ပျံ့သည် ထုံးစံ။ အပူဖိစီးသလောက် သွေး၊ သည်းခြေများလည်း ခန်းခြောက်သည် ဓမ္မတာ။

၁။ သုက်သွေးများ ရှန်းရင်းဆန်ခတ်ဖြစ်လာ၍ ဝေဒနာအုပ်စု အထိုင်ချ မရသည့် သည်အချိန်. . .

၂။ သည်းခြေများ ပူခန်းလာနေ၍ သညာစု မှတ်တမ်းပြု မရသေးသောသည်အချိန်. . .၊

၃။ ခန္ဓာနေ သွေး အသွားအလာ အားနည်းလာ၍ သင်္ခါရစု အလုပ်မဲ့ဖြစ်လာသော ဤအချိန်. . .

၄။ နှလုံးသွေး အလွတ်ကြမ်းလာ၍ ဝိညာဉ်စု ညက်စုခွင့်မရသော ဤအချိန်. . .

ထို ဤအချိန်များ လက်ခံထားရသော ထိုသည့်ငါ . . . ဘုရားရှိခိုးရာ၌ ဘုရားဆီစိတ်မရှိ ပျံ့ထွက်နေ၏။ နေရာထိုင်ရာတို့၌ နေရာတွင် စိတ်မရှိ ပျံ့ထွက်နေ၏။ စားသောက်ရာတို့၌ အစားအစာ၌ စိတ်မရှိ ပျံ့ထွက်နေ၏။ အဆီ၊ အသားစသည်များ အားနည်းသွားခြင်းကြောင့် အအိပ်နည်းပါး၏။ အစားလည်းနည်းပါး၏။ အိပ်ချင်လာ၍ သိပ်ပေး၏ မအိပ်တော့။

ခန္ဓာကိုယ် ပုံမှန် အလုပ်မလုပ်နိုင်တော့ခြင်းကြောင့်ကား လေးလံထိုင်းမှိုင်းလာ၏။ စိတ်ဓာတ်၊ ရုပ်ဓာတ်များ ဖျတ်လတ်ခြင်း၊ တက်ကြွခြင်းမရှိ။

စိတ်ထက်သောငါ . . . ယခုရှင်လောက်သည်ထိ မထက်လာတော့ပါ။

စိတ်မြန်သောငါ . . . ယခုထားရာလမ်း တန်းမဝင်လာတော့ပါ။

စိတ်ကြီးသောငါ . . . ယခုအားမာန်တင်းတင်း သွင်းမပြလာတော့ပါ။

ထိုသည့်ငါ . . . "မလာပါနှင့်အို ဇရာ" ဆိုင်းဘုတ်ဖြုတ်၍ "လာသာလာပါ အို ဇရာ" ဆိုင်းဘုတ်သစ်တင်လိုက်ပြီ။ တင်ပြီးသည်နှင့် ထိုဇရာနှင့်မျက်နှာချင်းဆိုင်လျက်က နှုတ်ခွန်းဆက်လိုက် သည်။

အလေးပြုပါ၏ အို. . . ဇရာ။

□ **နေကောင်း၍ နေမကောင်းရော့လေသလား**

လူသားများ . . . ရောက်ဆဲအားမရတိုင်း ရှေ့သို့မျှော်တတ်ကြရာ . . . ငယ်သူမှ အကြီးသို့ ကြီးမှ ကြီးမှဖြင့် မျှော်လေ့ရှိတတ်၏။

အကြီး မမျှော်ချင်ကြနှင့်။

ကြီးမှကောင်းတာ သိက္ခာတစ်ခုတည်းသာ။

တစ်ဖန် . . . နောက်ကျလေကောင်းလေ နေမှာပဲဖြင့် နောက်မျှော်လေ့ရှိတတ်ကြပါ၏။ နောက်ကျတိုင်းကောင်းတာ သေခြင်းတစ်ပါးတည်းသာ။ တစ်ဖန်လည်း. . . သည်ဘဝမကောင်းနောက်ဘဝ ဘဝများဖြင့်ပေါ့ဖြင့် မျှော်လေ့ရှိတတ်ကြပြန်၏။ နောင်နောင်ဘဝမမျှော်ချင်ကြနှင့် ဘယ်ဘဝမှ ဒုက္ခမကင်း။

နောင်ဘဝ ကောင်းသည်မှာဖြစ်ပြီး ပြန်မပျက်တော့သော ဘဝတစ်ခုတည်းသာ။ သို့မဟုတ် ဓာတ်သေ၍ ဓာတ်သန္ဓေ အသွင်းကင်းသော နိဗ္ဗာန်တစ်ခုတည်းသာ။

သည်အထဲ ငါလည်းပဲ ပါ၏။ အားမရတိုင်း ရှေ့မှတ်လေ့ရှိခဲ့၏။ သို့ဖြင့်ယနေ့ချင်းလု ယခုသို့ ရောက်လာခဲ့ပြီ။ ယခု လက်ထွက် ငါ့ခန္ဓာ ငါ့ဓာတ်သက်များသည် ခုခံသူ သွေးသားများဖယ်ရှားခံနေကြရပြီး တိုက်ခိုက်သူ လေ၊ မီး နှစ်သူတို့ မင်းမူနေကြ၍ ငိုချင်းသည် "(အပူသည်) ဘဝ ရလာခဲ့ပြီ။ အတွင်းနေအရှုံများက နိမိတ်ပြနှင့်တကွ ဖြစ်၊ ပျက်မြင်အစဉ်တန်းများ သွားလမ်းပေါ်ကဆင်းပုန်းကွယ်ခြင်းများ ဖြစ်သွားကြ၏။ အပြင်ရှိ ငါ့ပရိသတ်များက အထင်ကြီးစိတ်ဖြင့် သူထက်ငါ ဝိုင်းအုံ၊ ကြွားရာအရပ်က စုန်ဆင်းလာနေကြ၏။

နီးသော အချို့က ခန္ဓာ့ဝန်မချပါနှင့်ဦး တောင်းပန်လာ၏. . . ဟေဟေ့။

နီးသော အချို့က ဝေဘူလိုအောင်တော်မူကန် လုပ်ထားသင့်ကြောင်းပြော၏. . . ဟီဟိ။

နီးသော အချို့က ကိုယ်စားထားခဲ့သင့်ကြောင်း လျှောက်၏. . . ဟာဟာ့။ ငါ့အကြောင်း ငါအသိဆုံး ဖြစ်၏။

ငါ၏ တောရဆောက်တည်ခြင်းက တောတစ်ခုသာ ရသည်ကို ညွှန်းဆိုနေ၏။ ရောက်လေရာ အထင်ကြီးခံရသဖြင့် သွားသလောက် ခရီးမတွင်။ လမ်းပေါ် ခုန်ဆွလုပ်နေသည်နှင့် ခပ်ဆင်ဆင်။ ငါကလည်း အတည်သမားမဟုတ်။ အရွှင်သမားဖြစ်နေခြင်းကြောင့် မြှောက်သာပေး ကွေးနေအောင် က,တတ်သူ။ သို့ဖြင့်. . . ရှေ့တည့်တည့် မျက်စိစုံမှိတ်မသွားတတ်သော ငါ. . .၊ ဝန်းကျင်ဝဲ၊ ယာ မျက်စိကစားသွားလေ့ရှိသော ငါ. . . ခရီးမတွင်သည်မှာ ဘာမှမဆန်းပါ။

ထိုစဉ်. . . အစ၄၅-နှစ်တွင်အပြီးဖြင့်ထစ်၏။ ထို ၄၅-နှစ်လည်း အထစ်ကြောင့်ထစ်သွားခဲ့ပြီ။

မှတ်ချက် ။ ။ ၄၅-နှစ်သည် ရွှေကျောင်းကုန်းမှ ဖူးကြီးအထိ ၆-နှစ်တာကာလ ဖြစ်သည်။

သည့်နောက် အထစ်ဖြတ်၍ ကျဘမ်း ကျရာဖမ်းလုပ်မတဲ့ဖြင့် ကြိုးစားပြန်ရာ အထက်သို့မထစ်သော လေ့ကားဖြင့် တက်ရသည့်ပမာ ခရီးမတွင်လာ။ ထူးခြားသည်မှာ. . . တောတွက်ကာလအတွင်း. . .

ပထမ ရွှေကျောင်းကုန်းတောင်ဝူပိတ် ကြိုးစားစဉ်က တစ်ကြိမ်။

ဒုတိယ ဖူးကြီး သံသုမာတောင် ၂၄-နာရီ တစ်စပ်တည်း ကြိုးစားစဉ်က တစ်ကြိမ်။

တတိယ စစ်ကိုင်း အရှေ့ပရက္ကမချောင် အားထုတ်စဉ်က တစ်ကြိမ်။

အထက်ပါ သုံးကြိမ်စလုံးတို့၌ပင် . . . ခင်ဦးရာဇဝင်ထဲက သူရချစ်ညိုကဲ့သို့ နန်းသိမ်းခါနီးဆဲဆဲ နောက်ဆက်တွဲအဖျက် အဝင်ခံလိုက်ရ၏။

သည့်နောက်တွင်ကား တိုက်ကွက်ပြောင်းသလောက် စောင်းလာရာ . . . ယခုသော် ဘဝသည်ပင် အခြေလည်းစောင်း၊ အနေလည်းစောင်းလာခဲ့ပြီ။

ယနေ့၏ ယခု အခြေအနေများသည်. . . ကြိုးဆွဲဆရာ ပွဲတောင်းတိုင်းကြိုးဆွဲကပြခံထားရသောအရုပ်ကြီးပမာ

. . . ကြိုးများလည်းပြတ်တိုင်း ထုံးစု အဖု ချည်းဖြစ်လာနေပြီ။ အရုပ်ကလည်း ဆေးသုတ်များပြယ် ကျားဟယ်၊ မဟယ် ပင် မပီချင်တော့။ ကကွက်ကလည်းဆွဲ ရာမပါတော့သဖြင့် စည်းချက်၊ ဝါးချက် မကိုက်ချင်တော့။ သို့ကြောင့် ဇာတ်သိမ်း ကာနီး ငိုချင်းချကြရာ၌ပင် . . . ငိုချင်း သည် (အပူသည်) သရုပ်ပီပြင်စွာ မဖော် ထုတ်နိုင်တော့ဘဲ . . . အိပ်ရာတွင်း ဟိုဘက်လှည့်ရင်း ဟင်း သက်ပြင်းချပြ ရုံမျှသာ။ အိပ်ရာတွင်း သည်ဘက်လှည့် ရင်း ဟင်း သက်ပြင်းချပြရုံမျှသာ။

ဤနေရာ ဝေဘူဆရာတော် ဘုရားကြီး ခန္ဓာ့ဝန် ချကာနီး မိန့်သည် ကို သတိရလာ၏။ ယင်းမှာ. . . အဝေး နေ တပည့်ကြီးများက လာရောက်ဂါရဝ ပြုကြရင်း -

"ဆရာတော်ဘုရား၊ နေကောင်း ပါရဲ့လား ဘုရား" အမေးရှိတိုင်း. . .

"အင်း - ကိုယ်ကတော့နေကောင်း ပါတယ်။ စိတ်ကတော့ နေမကောင်း တော့ဘူး"

ဤစကား အမြဲပင် ပြန်လှန် ခွန်းတုံ့ပြန်တော်မူလေ့ရှိခဲ့၏။

ယခု ငါသည်ကား ဘဝနေစောင်း နှင့်အတူ အနေပါ စောင်းလာနေသဖြင့် စိတ်လည်း နေမကောင်း၊ ကိုယ်လည်း နေမကောင်းတော့ပါ။ စိတ်သွားရာ ကိုယ်မပါ။ ကိုယ်ထားလည်း စိတ်မရှိ။ ငါ့ထံရှိ စိတ်နှင့်ကိုယ်တို့ မချိတ်မိကြ သော ဓာတ်အလွင့်ခံ ဤအချိန်တွင်

ဓာတ်ကောင်ဖြင့် ဓာတ်ဆောင်ခွင့် သာရသေး၍ သရုပ်ဆောင် အဆင့်မျှ သာ။

ဇာတ်ကောင်အဖြစ် ဇာတ်မဆောင် ရသေး၍ မင်းသားကား အခေါ်မခံနိုင် သေးပါ။

**□ နှစ်ပါးသွား ကားကြားမှ မထွက်ရဲသေး**

အုပ်စုဖြင့် အသက်ဝင်နေသော ခန္ဓာသည်. . .

ဓာတ်အုပ်စု ဇာတ်အုပ်စု အဖြစ် ဖြင့်. . . နှစ်ပါး။

ရုပ်အုပ်စု နာမ်အုပ်စု အဖြစ်ဖြင့် လည်း. . . နှစ်ပါး။

အတိုက်အုပ်စု အခံအုပ်စု အဖြစ် ဖြင့်လည်း. . . နှစ်ပါး။

ထိုစဉ်. . .

ခန္ဓာသည် လူ မိဘနှစ်ပါးတို့၏ သုက်သွေးကြားမှ ထွန်းကားလာခြင်း ကြောင့် ထိုခန္ဓာတွင်းဝယ် ဓာတ်သွေး ရော ဇာတ်သွေးပါ တွဲပါနေ၏။ ထိုအတွဲ ထဲ၌ပင် ရုပ်စု၊ နာမ်စု နှစ်ခုလည်း ပါ၏။ ဖိုအသွင်၊ မအသွင် နှစ်ခွင်လည်း ပါနေ ပြန်၏။ အတိုက်ဘက်က ထန် အခံဘက် က သာမန်ချိန် ဖိုထွန်းကား၏။ အတိုက် က သာမန် အခံက ထန်နေချိန်ဆိုတာ မထွန်းကား၏။ အဖေ ပေး၍မရ အမေ တောင်း၍လည်းမရ သူ့သဘာဝအတိုင်း သာ။ အဖေခေါ်၍လည်း မလာ၊ အမေ မျှော်၍လည်း မလာ သူ့မွေ့တာအတိုင်း သာ။

သည်သို့သော နှစ်ခု သုံးတွဲ နှစ်ပါး သွားများအဖြစ် ပွဲဝင်ကြရာတွင် . . . ဓာတ်တို့၏ ဖို၊ မ အတွဲက အချိန်နှင့်စက် တကျက်ကျက်တိုက်ကွက်ဖော်နေကြရာ ရုပ်၊ နာမ်ရှင် ကျားဖြစ်စေ၊ မဖြစ်စေ. . .

(က) ကလေးအရွယ်ပြဖြင့် ခုခံစစ် အောင်မြင်နေပုံ သိခွင့်ရကြ၏။

(ခ) လူလတ်အရွယ်ပြဖြင့် အင့်အား ချိန်ခွင်မျှနေပုံ သိခွင့်ရကြ၏။

(ဂ) လူကြီးအရွယ်ပြဖြင့် ခံစစ် ယွင်း၍ ထိုးစစ်ပြင်း တက်လာနေပုံ သိခွင့် ရကြ၏။

အထက်ပါ အရွယ်သုံးပိုင်းတို့တွင် . . .

၁။ ပြီးခဲ့သောဘဝက လူကုသိုလ်ပါ လာသူများက အရွယ် ငယ်၊ လတ် ကတည်းကပင် လူ့အသိရှိနေနှင့် တတ်ကြ၏။

၂။ အဝေးမှ နောက်ယောင်ခံ၍ လူ့ ကုသိုလ်ပါသူများက အရွယ်မာန် ကျ၍ လူကြီးဘဝ ရောက်လေမှ လူ့အသိ၊ အမြင် ဝင်လာလေ့ ရှိ တတ်ကြ၏။

၃။ လူ့နောက် ကုသိုလ်အဖော် အထောက်အပံ့ မခံကြရသူများ ကား မွေးစမှ သေသည့်တိုင် အောင် ဓာတ်သက်ငင်ရာ ဓာတ် ညဉ့်ပါဖြင့် နေခွင့်ရတတ်ကြရာ ဓာတ်လုပ်ခစားဘဝဖြင့်သာ ခရီး ဆုံးကြရပါမည်။ အပြန်အလှန် ချေးငှား အတေးစာရင်းများဖြင့် သာ ပြန်ကြရပါမည်။

သည်မျှဆို ကိုယ့်အဝကိုယ် စာရင်း စစ်ကြည့် သိနိုင်လောက်ကြပါပြီ။

ဘုရားနှင့် အရိယာကြီးများက ဓာတ်ခိုးသတ်၍ အမြတ်ရသွားကြသူ များ။

အလောင်းတော်ဝင် သူတော်စင် များက ဓာတ်ညဉ့်ကို လူ့ဉာဏ်ဖြင့် အစားထိုးပေးနေသူများ. . .

ဘာသိဘာသာ ငါတို့တကာက ဓာတ်ကို ဇာတ်ဖြင့် မပြောင်းလဲရဲသူများ . . . ။

ငါသည် ဘာသိဘာသာ ငါတို့ တကာထဲက အသင်းဝင်တစ်ဦးဖြစ်ရာ . . .

သိုးကုန်၊ ပုပ်ကုန်ဖြစ်သော ဘဝ နှင့်ခန္ဓာကို မည်သည့်ကာလမျှ ဆွေးမြည့် ပျက်စီးသွားပြီမရှိသောဓမ္မနှင့် မလဲဝံ့သေး။ ဓာတ်ပေးကာမမက်နေသေးသဖြင့် ဇာတ် ပေးဓမ္မဘက် ခြေစုံပစ်မထွက်ခဲ့ဝံ့သေး။

သို့ဖြင့် ထိုသည့်ငါ . . . ဓာတ် တစ်ဖက်၊ ဇာတ်တစ်ဖက်ဖြင့် ကကွက် တွင်နေခဲ့ပါသည်။ ယခုသော် နေဝင်လု နီးလာပြီ။ နေရောင်ပျောက် အမှောင် ရောက်ဖို့သေချာသည်။ ထိုစဉ်. . .

ပွဲကြည့်ပရိသတ်များကလည်း ခြေ ဘယ်လိုထိုး၍ လက်ဘယ်လိုချိုးမည်ကို ကြည့်ချင်၊ မြင်ချင်ကြလှပြီ။ ခါးဘယ်လို နွဲ့၍ ခေါင်းဘယ်လိုငဲ့မည်ကိုလည်းကြည့် ချင်၊ မြင်ချင်ကြလှပြီ။ ဟန် ဘယ်လိုညက် ၍ အသံဘယ်လိုထွက်မည်ကိုလည်း မြင် ချင်၊ ကြားချင်ကြလှပြီ။ နှစ်ပါးသွား အတွဲဖြင့် အားခဲ ပွဲဝင်မဟဲ့ကြေညာထား သည့်ထိုသည့်ငါကား နောက်ခံကားလိပ် တို့အကြားမှ ပရိသတ်ဘက် ထွက်မပြရဲ သေးပါ။

။ ဗဟုလ္လာ သန္တိကေ မမ၊ တက္က ဝစရ ဝတ္ထုနိ။
ဧတ္တေ တမ္ဗိ ရာသိ ဧကော၊ သဘာ ယော မမ္မ ဝိတက္ကော။ ။

**မမ သန္တိကေ** - ငါ့ထံဝယ်. . .၊ **တက္ကဝစရ ဝတ္ထုနိ** - အတွေးပေါ် ခေါ် ရာမှလာသော အကြောင်းရာတို့ သည်ကား။ **ဗဟုလ္လာ** - စာပေါင်းသိုက် အလား များမှများ။

**ဧတ္တေ** - သက်ငယ် မြက်ချောင်း ဤ သောင်းပြောင်းထဲက. . .၊

**တမ္ဗိ** - ဇရာဆိုသော အိုခြင်း တရား ဤစကားကလည်း၊ **ဧကောရာသိ**- မှတ်စုတစ်ခုတည်း။

**ဧကော** - တစ်ခုသော၊ **မမ္မ ဝိတက္က သဘာယော** - ဝိတက်အစီအရင် တရား သဘင်. . . ။

၁၃၇၃-ခုနှစ်၊ တော်သလင်းလ
ပြည့်ကျော် ၈-ရက်။
အင်္ဂါနေ့။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

# နမောဗုဒ္ဓါယသိဒ္ဓမ်ဂါထာ

**□ နမော ဗုဒ္ဓါယ သိဒ္ဓမ်ဂါထာ**

နရာ နရဟိတံ နာထံ၊
နရဒေဝေဟိ ပူဇိတံ၊
နလိတ္တံကာမ ပင်္ကေဟိ၊
နမာမိ သုဂတိဂတံ။
မောဟမာန ပဋိစ္ဆိန္နံ၊
မောဟ ခဏာယ ဒေသကံ၊
မောဟန္နံပိ သဒါပဿံ၊
မောဟဘိန္နံ နမာမဟံ။
ဗုဒ္ဓမော• ပတ္တောတိ ဗုဒ္ဓတ္တံ၊
ဗုဒ္ဓ နာမံ လဿတိ၊
ဗုဇ္ဈတိ ဓမ္မံ ဥဋ္ဌာရံ၊
ဗုဒ္ဓါဒိစ္စံ နမာမဟံ။
ဓာရယိတွာန သမ္ဗုဒ္ဓေါ၊
ဓာရေတိ ဓမ္မ မုတ္တမံ၊
ဓာရေတိ သဗ္ဗဟိတတ္တံ၊
ဓာရဏာန္တံ နမာမဟံ။
ယဿပါဒေ အဋ္ဌုတ္တရံ၊
ယထာစ သတ လက္ခဏံ၊
ယဿ တေဇေန ဇလိတံ၊
ယတိ သေဋ္ဌံ နမာမဟံ။
သိဒ်သိဒ္ဓိကိစ္စံ သိဒ္ဓိကမ္မံ၊
သိဒ္ဓိကာရံ တထာဂတံ၊
သိဒ္ဓိကဥ္စေဝ သမ္ဘာရံ၊
သိဒ္ဓိ ပတ္တာဿ မေ နမော။
မမ်မိကော ဓမ္မဓရောစ၊
ဓမ္မယုတ္တော တထာဂတော၊
ဓမ္မရာဇာ ဓမ္မိဿရော၊
ဓမ္မဒေကဿ မေ နမော။ ။

□

နရာ နရဟိတံ နာထံ၊
နရဒေဝေဟိ ပူဇိတံ၊
နလိတ္တံ ကာမ ပင်္ကေဟိ၊
နမာမိ သုဂတိ ဂတံ။

**နရာနရဟိတံ** - လူနတ်တို့၏ အစီးအပွားကို ဆောင်တော်မူတတ်ထသော၊ **နရဒေဝေဟိ** - လူနတ်တို့သည်၊ **ပူဇိတံ** - ပူဇော်အပ်တော်မူထသော၊ **ကာမပင်္ကေဟိ**-ကိလေသာတည်းဟူသော ညွှန်ပျောင်းတို့ဖြင့်၊ **နလိတ္တံ** - မလိမ်းကျံထသော၊ **သုဂတိ**-ကောင်းသောအလားတည်းဟူသော နိဗ္ဗာန်သို့ **ဂတံ** - ရောက်ရှိတော်မူပြီးထသော၊ **နရာ နာထံ** - လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသောမြတ်စွာဘုရားကို၊ **အဟံ**-အကျွန်ုပ်သည်၊ **နမာမိ**-ရှိခိုးပါ၏။

မောဟမာန ပဋိစ္ဆိန္နံ၊
မောဟ ခဏာယ ဒေသကံ၊
မောဟန္နံပိ သဒါပဿံ၊
မောဟဘိန္နံ နမာမဟံ။

**မောဟမာန ပဋိစ္ဆိန္နံ** - မိုက်မဲသော မာန်စောင်ဖြင့် ဖုံးလွှမ်းအပ်သော လူနတ်အပေါင်းကို၊ **မောဟခဏာယ** - အမိုက်မာန်စောင်ကို ကုန်စိမ့်သောငှာ၊ **ဒေသကံ** - ကောင်းသော တရားကိုလည်း ဟောတော်မူတတ်ထသော၊ **မောဟန္နံပိ**- မိုက်မဲတတ်သောတရားကိုလည်း **သဒါ**- အခါခပ်သိမ်းလျှင်၊ **ပဿံ** - မြင်တော်မူတတ်ထသော၊ **မောဟဘိန္နံ** - မိုက်မဲစေတတ်သော အဝိဇ္ဇာတည်းဟူသော တရားအပေါင်းကို ဖျက်ဆီးတတ်ထသောမြတ်စွာဘုရားကို၊ **အဟံ** - အကျွန်ုပ်သည် **နမာမိ** - ရှိခိုးပါ၏။

ဗုဒ္ဓေါ ပတ္တောတိ ဗုဒ္ဓတ္တံ၊
ဗုဒ္ဓ နာမံ လဘတိ၊
ဗုဇ္ဈတိ ဓမ္မံ ဥဋ္ဌာရံ၊
ဗုဒ္ဓ ဒိစ္စံ နမာမဟံ။

**ယော ဗုဒ္ဓေါ** - အကြင်မြတ်စွာဘုရားသည်၊ **ဗုဒ္ဓတ္တံ** - သဗ္ဗညုတဉာဏ်ဘုရားအဖြစ်သို့၊ **ပတ္တော** - ရောက်တော်မူလေပြီ။ **ဣတိ**- ထို့ကြောင့်၊ **သော ဗုဒ္ဓေါ**- ထိုမြတ်စွာဘုရားသည်၊ **ဗုဒ္ဓနာမံ** - ဘုရားဟူသောအမည်ကို၊ **လဘတိ** - ရတော်မူ၏။ **ဥဋ္ဌာရံ** - မြတ်သော၊ **ဓမ္မံ** - သစ္စာလေးပါးမြတ်တရားကို၊ **ဗုဇ္ဈတိ**-သိတော်မူ၏။ **ဗုဒ္ဓါဒိစ္စံ** - ဘုရားတည်းဟူသော နေမင်းကို၊ **အဟံ** - အကျွန်ုပ်သည်၊ **နမာမိ** - ရှိခိုးပါ၏။

ဓာရယိတွာန သမ္ဗုဒ္ဓေါ၊
ဓာရေတိ ဓမ္မ မုတ္တမံ၊
ဓာရေတိ သဗ္ဗဟိတတ္တံ၊
ဓာရဏန္တံ နမာမဟံ။

**ဓာရယိတွာန** - ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ကြီးငါးပါးတို့ကို ဆောင်တော်မူသောကြောင့်၊ **ဥတ္တမံ** - မြတ်သော၊ **ဓမ္မံ** - ဆယ်ပါးသော တရားမွန်ကို၊ **ဓာရေတိ** - ဆောင်တော်မူနိုင်၏၊ **သဗ္ဗဟိတတ္တံ** - ခပ်သိမ်းသော လူနတ်တို့၏ စီးပွားချမ်းသာအလို့ငှာ၊ **ဓာရေတိ** - ဆောင်တော်မူနိုင်၏။ **ဓာရဏံ** - ဆောင်တော်မူနိုင်သော၊ **တံ သမ္မာသမ္ဗုဒ္ဓံ** - မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို၊ **အဟံ** - အကျွန်ုပ်သည်၊ **နမာမိ** - ရှိခိုးပါ၏။

ယဿပါဒေ အဋ္ဌုတ္တရံ၊
ယထာစ သတလက္ခဏံ၊
ယဿ တေဇေန ဇလိတံ၊
ယတိသေဋ္ဌံ နမာမဟံ။

**ယဿ သမ္မာသမ္ဗုဒ္ဓဿ** - အကြင်မြတ်စွာဘုရား၏၊ **ပါဒေ ပါဒ ယုဂ္ဂေ** - ခြေဖဝါးတော်အစုံ၌၊ **အဋ္ဌုတ္တရံ** - ရှစ်ခုအလွန်ရှိတော်မူသော၊ **သတလက္ခဏံ** - တစ်ရာသော စက်လက္ခဏာသည်၊ **ယထာစ** - အကြင်အခြင်းအရာ ပုံသဏ္ဌာန်အားဖြင့်လည်း **အတ္ထိ** - ရှိ၏။

**ယဿ သမ္ဗုဒ္ဓဿ** - အကြင်မြတ်စွာဘုရား၏၊ **တေဇေန** - တန်ခိုးတော်အားဖြင့်၊ **ဇလိတံ** - ထွန်းတောက်ပသော၊ **ယတိသေဋ္ဌံ** - ရဟန်းတကာတို့ထက်မြတ်တော်မူသော၊ **တံသမ္မာသမ္ဗုဒ္ဓံ**- ထိုဘုရားရှင်ကို၊ **အဟံ** - အကျွန်ုပ်သည်၊ **နမာမိ** - ရှိခိုးပါ၏။

သိဒ္ဓိ ကိစ္စံ သိဒ္ဓိကမ္မံ၊
သိဒ္ဓိကာရံ တထာဂတံ၊
သိဒ္ဓိကဥ္စေဝ သမ္ဘာရံ၊
သိဒ္ဓိ ပတ္တာဿ မေ မမော။

**သိဒ္ဓ ကိစ္စံ** - ဘုရားဖြစ်ရန် ခဲယဉ်းစွာသော ဒုက္ကရစရိယာကိုကျင့်၍ ပြီးစီးသောကိစ္စလည်းရှိထသော၊ **သိဒ္ဓိကမ္မံ** - ကာမကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ် တည်းဟူသော ကုသိုလ်သုံးပါးလည်းပြီးထသော၊ **သိဒ္ဓိကာရံ**- ပြီးစီးသောအကြောင်းရှိထသော၊ **သမ္ဘာရံ** - ပါရမီသုံးဆယ်တည်းဟူသော အဆောက်အဦသည်၊ **သိဒ္ဓိကဥ္စေဝ**-ဖြည့်၍ပြီးထသော၊ **သိဒ္ဓိပတ္တဿ** - အပြီးအစီးသို့ချဉ်းရောက်ပြီးထသော မြတ်စွာဘုရားအား၊ **မေ** - အကျွန်ုပ်၏ရှိခိုးခြင်းသည်၊ **အတ္ထု ဘဝတု** - ဖြစ်ပါစေသတည်း။

(ဓမ်-မံ) ဓမ္မိင်ကာ ဓမ္မဓရောစ၊
ဓမ္မယုတ္တော တထာဂတော၊
ဓမ္မရာဇာ ဓမ္မိဿရော၊
ဓမ္မဒေကဿ မေ နမော။

**တထာဂတော** - လာခြင်းကောင်းသော မြတ်စွာဘုရားသခင်သည်၊ **ဓမ္မိကောစ** - တရား၌လည်းတည်ထောင်မူ၏။ **ဓမ္မယုတ္တော** - တရားနှင့်လည်းယှဉ်တော်မူ၏။ **ဓမ္မရာဇာ** - တရားမင်းလည်းဖြစ်တော်မူ၏။ **ဓမ္မိဿရော** - တရားသဖြင့် လူနတ်ပြဟ္မာတို့ကို အစိုးရတော်မူ၏။ **တဿ ဓမ္မ ဒေသကဿ**- ထိုတရားကို ဟောတော်မူသော ဘုရားရှင်အား၊ **မေ** - အကျွန်ုပ်၏၊ **နမော** - ရှိခိုးခြင်းသည် **အတ္ထု ဘဝတု** - ဖြစ်ပါစေသတည်း။

နမော ဗုဒ္ဓါယ သိဒ္ဓံ ဘုရားရှိခိုးဂါထာကို ပါဠိနှင့်အနက်အဓိပ္ပာယ်ကိုပါ ခုနစ်နေ့သားသမီးများအတွက် စေတနာမေတ္တာထား၍ ရေးသားလိုက်ပါသည်။ နေ့စဉ် အဓိဋ္ဌာန်တင်၍ရွတ်ဆိုပူဇော်ပါ။

ကောင်းကျိုးများ ရရှိလာပါလိမ့်မည်။

**ဆရာဦးစိန်လှိုင် (ကျိုက်လတ်)**

□ **အနုကမ္ပာယနဗျာကရဏ**

ပါဠိဘာသာဖြင့် တည်ရှိနေသော မြတ်စွာဘုရားရှင်၏ ပိဋကတ်တော်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ခေတ်အဆက်ဆက်၌ ပါဠိသဒ္ဒါကျမ်းများကို ရေးသားပြုစုခဲ့သည့်နည်းတူ ဆဌသင်္ဂါယနာခေတ်၌လည်း ပါဠိသဒ္ဒါကျမ်းများကို ပြုစုခဲ့ကြသည်။ ထွက်ပေါ်ခဲ့သမျှသော ပါဠိသဒ္ဒါကျမ်းများတွင် အနုကမ္ပာယနဗျာကရဏကျမ်းသည် နောက်ဆုံးကျမ်း ဖြစ်ပါသည်။ အနုကမ္ပာယနဗျာကရဏကျမ်းသည် ကစ္စည်းကျမ်းစသည်တို့ကဲ့သို့ပင် ကိုယ်ပိုင်သုတ္တဝုတ္တိတို့ဖြင့် သီးခြားရပ်တည်သောကျမ်း ဖြစ်သည်။ ထိုကျမ်းကို ကျောက်ဖူးရွာကျောင်း၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တဝိစယမထေရ်သည် သာသနာနှစ် ၂၅၀၆ ခုနှစ်၊ ကောဇာနှစ် ၁၃၂၄ ခုနှစ်၌ စီရင်ပြုစုတော်မူပါသည်။ ကျမ်းပြုအရှင်သည် ဂန့်ဂေါမြို့ ကန်ရွာ တောမှီဆရာတော်ကြီးနှစ်ပါးတို့၏ သဒ္ဓိဝိဟာရိကတပည့်ဖြစ်ပြီး မန္တလေးမြို့ အဘယာရာမဆရာတော် ဘဒ္ဒန္တအဂ္ဂမဟာဘိဝံသမထေရ်နှင့် တပည့် ဘဒ္ဒန္တနရိန္ဒမထေရ်တို့၏ ဓမ္မန္တေဝါသိကတပည့်လည်း ဖြစ်သည်။

□ **အနုကမ္ပာယနဗျာကရဏ ကျမ်းပြုဆရာတော်၏ဆုတောင်း**

ကျမ်းပြုဆရာတော် ဘဒ္ဒန္တဝိစယမထေရ်သည် သူ၏သဒ္ဒါကျမ်းကို ဂါထာ (၆) ပုဒ်ဖြင့် နိဂုံးအုပ်ထားသည်။ ထိုနိဂုံးလာ ဂါထာ (၆) ပုဒ်တို့တွင် ရှေ့ဂါထာ (၅) ပုဒ်ဖြင့် သဒ္ဒါကျမ်းနှင့် ဆက်စပ်သော အကြောင်းအရာများကို တင်ပြထားပြီး နောက်ဆုံးဂါထာဖြင့်မူ ဤကျမ်းကို ပြုစုရေးသားရသည့် ကောင်းမှုကြောင့် ရလိုသောဆုကို ပြဆိုထားပါသည်။ ဘဒ္ဒန္တဝိစယမထေရ်၏ဆုတောင်းမှာ ဤသို့ဖြစ်သည်။

□ ဤကောင်းမှုကြောင့် ငါသည် နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရပါလို၏။ နိဗ္ဗာန်မရသေး၍ သံသရာ၌ ကျင်လည်နေရသမျှကာလပတ်လုံး အများကောင်းကျိုး သယ်ပိုးနိုင်သူဖြစ်ပါလို၏. . .

ဟု ဖြစ်သည်။

ရယူလိုခြင်းမရှိ။ ပေးဆပ်ရန်သာ ရည်ရွယ်သည့် ဆရာတော်ကြီး၏ ဆန္ဒတော်ကို ကြည်ညိုအားကျမိပါသည်။

□ **ဒီပဲယင်းဆရာတော်ကြီး၏ဆုတောင်း**

ရွှေကျင်သာသနာပိုင် ဒီပဲရင်းဆရာတော်ကြီး ပြုစုသော ကျမ်းပေါင်းများစွာတို့တွင် ပရမတ္ထစက္ကူကျမ်းနှင့် လောကစက္ကူကျမ်းနှစ်စောင်သည် လူသိအများဆုံး၊ လူကြိုက်အများဆုံးကျမ်းများ ဖြစ်သည်။ ပရမတ္ထစက္ကူကျမ်းသည် ပရမတ်အမှန် ရုပ်နှင့်နာမ်ကို ဝေဖန်ခွဲခြင်း သိစွမ်းနိုင်သော ဉာဏ်အမြင်ကိုပေးသည့်အတွက် လက်ယာမျက်လုံးသဖွယ် ဖြစ်ပေသည်။ လောကစက္ကူကျမ်းသည် ပညတ်အမှတ်လောကကို ခွဲခြမ်းစိတ်ဖြာ၍ သိစွမ်းနိုင်သော ဉာဏ်အမြင်ကိုပေးသည့်အတွက် လက်ဝဲမျက်လုံးသဖွယ် ဖြစ်ပေသည်။ ထိုနှစ်ကျမ်းတွင် ပိုမိုထင်ရှားသော ပရမတ္ထစက္ကူကျမ်း၏ နိဂုံးကို ဂါထာငါးပုဒ်ဖြင့်ပြတော်မူသည်။

နံပါတ် (၁) ဂါထာဖြင့် ကျမ်းစာပြီးစီးသည့် ခုနှစ်ကို ပြဆိုပါသည်။ ထိုဂါထာအရ ပရမတ္ထစက္ကူကျမ်းသည် မြန်မာနှစ် ၁၂၇၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်နေ့၌ ပြီးစီးပါသည်။ ကျန်ဂါထာ (၄) ပုဒ်ဖြင့် ကျမ်းပြုဆရာတော်၏ တောင်းဆုများကို ဖော်ပြထားပါသည်။ ဂါထာ (၄) ပုဒ်ဖြင့် ပြထားသော တောင်းဆုများအချုပ်မှာ ဤသို့ဖြစ်ပါသည်။

(ဂါထာ-၂) ပရမတ္ထစက္ကူကျမ်းကို ကြိုးစားပြုစု ဆည်းပူးရသော ကုသိုလ်ကောင်းမှုအထူးကြောင့် သတ္တဝါအားလုံးတို့သည် လိုအပ်သမျှ ကြွေ့ထွေထွေ ကျက်သရေအမျိုးမျိုးနှင့် ပြည့်စုံကြသည် ဖြစ်၍ စိတ်ရွှင်လန်း၍ ချမ်းချမ်းသာသာရှိကြပါစေသတည်း။

(ဂါထာ-၃) ငါသည် သူတစ်ပါးတို့၏အကျိုးစီးပွား

(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)

# ဦးဉာဏ်ဇော်

## ပြုသည့်ကောင်းမှု တောင်းဆုအထွေထွေ (၂)



ကို လိုလားသူဖြစ်၍ သူတစ်ပါးကလည်း ငါ၏ အကျိုးစီးပွားကို လိုလားပါစေသတည်း။ ငါသည် သူတစ်ပါးတို့၏ဆင်းရဲကို မလိုလား မနှစ်သက်ဘဲ သူတစ်ပါးကလည်း ငါ၏ ဆင်းရဲကို မလိုလား မနှစ်သက်ကြပါစေနှင့်။

**(ဂါထာ-၄)** ငါသည် သူတစ်ပါးကို မညှဉ်းဆဲလို၊ သူတစ်ပါးကလည်း ငါ့ကို မညှဉ်းပါစေနှင့်။ ငါသည် သူတစ်ပါးတို့၏ ရန်သူမဖြစ်ရလို၊ သူတစ်ပါးကလည်း ငါ၏ရန်သူမဖြစ်ဘဲရှိပါစေ။

**(ဂါထာ-၅)** သတ္တဝါတို့သည် လမ်းဆိုးလမ်းယုတ် လမ်းကောက်လမ်းညစ်ကို ရှောင်ကွင်းဖဲကြဉ်၍ လမ်းမွန်လမ်းကောင်းကို ဖြောင့်ဖြောင့်မတ်မတ်လိုက်သွားနိုင်ကြပါစေ။ ငါသည်တစ်မူလည်း လမ်းဆိုးလမ်းယုတ် လမ်းကောက်လမ်းညစ်ကို ဖဲကြဉ်ရှောင်ကွင်း၍ လမ်းမွန်လမ်းကောင်းကို ဖြောင့်ဖြောင့်လိုက်သွားနိုင်ရပါလို၏။

ဆရာတော်ကြီး၏ သန္တာန်မှာ မေတ္တာစွမ်းအား ကြီးမားလှကြောင်း သိသာနေပေသည်။

**□စတုဘုမ္မိကမဂ္ဂင်သာသနာဝင်သမိုင်းကျမ်း**

မြန်မာနိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားသည့် သာသနာတော်ဆိုင်ရာ ဂိုဏ်းကြီး(၉)ဂိုဏ်းတွင် ငှက်တွင်းဂိုဏ်းသည်လည်း တစ်ဂိုဏ်းအပါအဝင်ဖြစ်သည်။ ထိုဂိုဏ်းကို ရွှေမင်းဝံသတိပဋ္ဌာန်ဂိုဏ်း စတုဘုမ္မိကမဂ္ဂင်ဂိုဏ်း ဟူ၍လည်း ခေါ်ဝေါ်ကြသေးသည်။ ထိုဂိုဏ်း၏အကြောင်းကို နောင်လာနောက်သားများ သိရှိမှတ်သားနိုင်ရန် 'စတုဘုမ္မိကသာသနာဝင်သမိုင်း'ကို လယ်တီဦးလှပိုင်က ၁၃၃၄ ခုနှစ်တွင် ပြုစုခဲ့ပါသည်။ လယ်တီဦးလှပိုင်သည် ကျမ်းစာအလှူရှင်ဖြစ်သူ နံ့ယောဆရာတော်ကြီး၏ တပည့်၊ ရန်ကုန်မြို့ ဦးဝိစာရလမ်း အမှတ်(၂၈၀/အေ)နေ ဝဏ္ဏကျော်ထင် ဒေါ်မမစောအောင်၏လျှောက်ထားချက်အရ မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် တိုက်အုပ်ဆရာတော် ဦးသူရိယနှင့် နံ့ယောဆရာတော်၏ ညီတော်ရင်းဖြစ်သူ မန္တလေးမြို့ စတုဘုမ္မိကမဂ္ဂင်ရိပ်သာ၏ ဦးစီးနာယကဆရာတော် ဦးဝိစိတ္တတို့၏ အမိန့်ကို မလွန်ဆန်နိုင်သဖြင့် ဤသမိုင်းကို ပြုစုခြင်းဖြစ်သည်။

ထူးခြားသည်မှာ ငှက်တွင်းဂိုဏ်းသမိုင်းကို ငှက်တွင်းဂိုဏ်းသားမဟုတ်သော လယ်တီအဆက်ဖြစ်သူ လယ်တီဦးလှပိုင်က ပြုစုလိုက်ခြင်း ဖြစ်သည်။ အတန်းဝင်ပုဂ္ဂိုလ် ပြုစုလိုက်သော သမိုင်းသည် အတန်းဝင်သောသမိုင်းတစ်စောင်ဖြစ်နေပေတော့သည်။ သမိုင်းပြုဆရာသည် ငှက်တွင်းဂိုဏ်းသားမဟုတ်သဖြင့် ကြည်ညိုလွန်းပြီး အလွန်အကျွံ ချီးပပြောဆိုခြင်းအပြစ်မှ ရှောင်လွှဲပြီးသားဖြစ်တော့သည်။

ဤကျမ်း၌ အပိုင်းကြီး (၄) ပိုင်းပါဝင်ရာ ပထမပိုင်းတွင် ငှက်တွင်းဆရာတော်ကြီး၏ ဘဝခရီးကို ဘကြီးတော်မင်းမှ သီပေါမင်းလက်ထက်တိုင်အောင် ခေတ်သမိုင်းကြောင်းလာ ရာဇဝင်ရှုကွက်များကိုဖော်ပြထားသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတို့တွင် ဂိုဏ်းဝင်အချို့ပုဂ္ဂိုလ်တို့၏ တွေးခေါ်ဟောပြောချက် ခံယူကြံဆချက်များ လွန်ကဲစွာအစွန်းရောက်သွားသည့်အတွက် လှိုင်းဂယက်ကြီးနေသော ထိုခေတ်ရေစီးကြောင်းအပေါ်တွင်စုန်ဆန်မျောပါလျက် ဒီရေအကျနှင့် ကြုံတွေ့ရပုံများကို ဖော်ပြထားသည်။ စတုတ္ထပိုင်း၌မူ ဂိုဏ်းဝင်တို့လိုက်နာကြရမည့် စည်းကမ်းချက်များ၊ ကျင့်ဆောင်ပွားများအားထုတ်ကြရမည့် လုပ်ငန်းစဉ်များနှင့် နံ့ယောဆရာတော်တို့ထွင် ဟောကြား ပွားများတော်မူခဲ့သော ဟောနည်းပြကွက်တရားအစဉ်များကို အရှိအတိုင်း ထည့်သွင်းထားပါသည်။

ကျမ်းပြုဆရာသည် ဂါထာ (၆) ပုဒ်ဖြင့် ဤကျမ်းကို နိဂုံးအုပ်ထားသည်။ ဂါထာနံပါတ် (၁/၂) ဖြင့် ကျမ်းပြုဆရာ၏အကြောင်းကို တစေ့တစောင်းဖော်ပြထားသည်။ ထိုဂါထာများအရ ကျမ်းပြုဆရာသည် မဟာလယ်တီကျောင်းတိုက်ကြီး၌ ရဟန်းအဖြစ်သို့ရောက်၍ ပညာသင်ကြားခဲ့သော ပထမလယ်တီဆရာတော်ကြီး၊ ဒုတိယလယ်တီဆရာတော်ကြီး၊ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၊ လယ်တီကောဝိဒ (ပုပ္ပားဦးကျော်ရင်) တို့၏တပည့်ဖြစ်သူ 'သာသနဓဇ သိရီပဝရဓမ္မာစရိယ' 'စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယ' 'ပါဠိပထမကျော်' ဘွဲ့များ ရရှိထားသော လယ်တီဂိုဏ်းတွင် သမိုင်းဝင်သည့်သူဟု သိရသည်။

ဂါထာနံပါတ် (၃) ဖြင့် စာမျက်နှာ (၂၄၀) ကျော် ပါဝင်သော ဤကျမ်း၏အကြောင်း ဖော်ပြထားပြီး ဂါထာနံပါတ် (၄/၅/၆) တို့ဖြင့်မူ ကျမ်းပြုရသည့် ကောင်းမှုကြောင့် ရရှိလိုသည့်ဆုများကို ဖွင့်ဟထားပေသည်။

**□လယ်တီဦးလှပိုင်၏ တောင်းဆုများ**

**(ဂါထာ-၄)** အကျွန်ုပ်သည် 'စတုဘုမ္မိကသာသနာဝင်သမိုင်း' တည်းဟူသော ထိုပဒုမ္မာကြာပန်းခိုင်ကြီးကို လက်ဆုပ်ပိုင်ပိုင် ကိုယ်တိုင်ဆွတ်ခူးလျက် နောင်ခါကာလတွင် အလောင်းတော်မေတ္တေယျအား ဆက်သကော်ရော် ပြုစုပူဇော်လျက် အမြတ်ဆုံးသော ပညာတေဒဂ်ဆုတည်းဟူသော ဗျာဒိတ်ဆင်မြန်း ပဒုမ္မာကြာပန်းကို ပန်ဆင်ရသည့်ကိုယ်ဖြစ်ရပါလိုသား။

**(ဂါထာ-၅)** 'စတုဘုမ္မိကသာသနာဝင်သမိုင်း' ကျမ်းစာအုပ်ကို အားထုတ်ပြုစုရသောဤကောင်းမှုကုသိုလ်တို့သည် နေ့စဉ်ပြုနေသော အခြားကောင်းမှုကုသိုလ်များကို ဖြားယောင်းသွေးဆောင်ခေါ်ယူကြကုန်လျက် အကျွန်ုပ်သန္တာန်သို့ အခါခပ်သိမ်း အရိပ်သဖွယ်တွယ်ကပ်ကာ အစဉ်လိုက်ပါကြကုန်လျက် ရုပ်နာမ်ခန္ဓာချုပ်ငြိမ်း၍ ဇာတ်သိမ်းရာအဆုံးစွန်ဘဝ၌ အကျွန်ုပ်၏ကောင်းမှုကုသိုလ်အဖြစ်မှ ရွှေပြောင်းကာ ပန်းပေါင်းစုံအဖြစ်သို့ ရောက်ရှိကြကုန်ပြီးလျှင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်ကို နဘ်တစ်ခွင် ထက်ကောင်းကင်မှ ပေါ်လွင်ထူးကဲ အောင်ဆုပွဲတွင် ဖြန့်ကြပူဇော်နိုင်ကြပါစေကုန်သောဝ်။

**(ဂါထာ-၆)** ဤသမိုင်းစာအုပ်ကို အားထုတ်ပြုစုရသော ကောင်းမှုကြောင့် အကျွန်ုပ်၏ ခပ်သိမ်းဉာသုံ အလုံးစုံကုန်သော ဘဝသံသရာခရီးတာ၌ ဆွေညာခပင်း သားချင်းစုပေါင်း သူတော်ကောင်းတို့သည် တွင်းပြင်နှစ်ဝ သောကဘေးဒဏ် ရန်မာန်ခပ်သိမ်း ငြိမ်းကြီးငြိမ်းရာမှန်သော သန္တိသုခ အမတအောင်ချာနိဗ္ဗာန်ချမ်းသာကို အလွယ်တကူလျင်မြန်စွာ လက်ဝယ်ပိုင်ပိုင် ရရှိနိုင်ကြပါစေကုန်သောဝ်။

ထို့ပြင် ကျမ်းပြီးမှတ်တမ်းတွင်လည်း 'ဤစာပြုရ မြတ်ပုညကြောင့်၊ ဘဝနောင်ခါ၊ ဖြစ်လေရာ၊ ပညာပါရမီ' ဟူ ထပ်မံ တောင်းဆုပြုထားသေးရာ ကျမ်းပြုဆရာ၏ ပညာအရာ၌အားထည့်လွန်းပုံကို ကွင်းကွင်းကွက်ကွက်မြင်ခွင့်ရကြပေလိမ့်မည်။


ဦးဉာဏ်ဇော်
(သာမဏေကျော်၊ ဓမ္မာစရိယ
M.A)

ကျွန်တော်တို့၏HONDA WAVE 100 ကို မြို့အရှေ့ဘက်ခြမ်းရှိ လေယာဉ်ကွင်းနှင့်အပြိုင် အသစ်ဖောက်လုပ်ထားသော မြို့ပတ်လမ်းအတိုင်း မြောက်သို့ တူရူလျက် မြားတစ်စင်းနှယ် ကိုစိုးညီညီက ကျင်လည် ဖျတ်လတ်စွာ မောင်းနှင်လာစဉ် ပန်းသုံးဝ (၁၈)တောင်ရပ်တော်မူဘုရားကြီးအား လှမ်းမြော်ဖူးတွေ့လိုက်ရသည်နှင့် ဆိုင်ကယ်နောက်မှလိုက်ပါလာသော ကျွန်တော်သည် ရှတ်ခြည်း အတွေးဆန့်သွားမိသည်။ နှစ်ပရိစ္ဆေဒကြာမြင့်သောအခါက တိတိပပဆိုသော် ကောဇာနှစ် ၅၁၇ခုနှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး ဖောင်စကြာဖြင့် ထားဝယ်သို့ ရောက်သောအခါ မဟာသုခနာဂရံမြို့ကိုတည်ခဲ့ကြောင်း၊ ထားဝယ်ရာဇဝင်သမိုင်းအရ မဟာသုခနာဂရံမြို့ဟောင်း၏ မူလနေရာမှာ ယခုလေယာဉ်ကွင်းဝန်းကျင်ဖြစ်ကြောင်း၊ မဟာသုခနာဂရံစာလုံးပါ ခဲဒင်္ဂါးကြီးများ ရဖူးကြောင်း၊ ပန်းသုံးဝဘုရားကြီးတည်နေရာသည် မြို့ဟောင်းအတွင်းတစ်နေရာဖြစ်ကြောင်း ပြန်ပြောင်းသတိရကာ ယခုပင်လျှင် ရှေးမြို့ဟောင်း၏ရေမြေပေါ် ကျွန်တော်တို့ကျော်နင်းဖြတ်သွားနေပါပကောဟူ၍ ဆွေးဆွေးမြေ့မြေ့ခံစားရပါသည်။


ရှတ်တရက်ဆိုင်ကယ်အရှိန်လျော့သွားသည်ကို သတိပြုမိ၏။ ရှေ့ကိုက် (၁၀၀) အတွင်း အိမ်ရှေ့ပြင်အဝေးပြေး ကားဝင်း၊ ထားဝယ် - ရေး ကားလမ်း ပြည်ထောင်စုလမ်းမကြီးအား မြင်ကွင်း၌ ဘွားခနဲတွေ့လိုက်ရသည်။ ကိုစိုးညီညီက

# ထားဝယ် ရှင်သားရှင်ဘုရား
# ရှင်သင်းပိုင်၊ ရှင်ပင်သာယု


မောင်စိမ်းထွေး(ထားဝယ်)



ရှေးဟောင်း ရှင်သင်းပိုင်စေတီတော်မြတ်




ရှင်ပင်သာယုဆုတောင်းပြည့်ဘုရား
အနီးကပ်ဖူးမြော်




ရှင်သင်းပိုင်စေတီ နတ်လမ်းစကြံ့ထိပ်
ထိုင်တော်မူ




ဗဟာကျောင်းဝင်း ကိုနဝင်းစေတီ



ရှင်ပင်သာယုစေတီတော်အနီးကပ်ဖူးမြော်ရစဉ်



ဗဟာကျောင်း သိမ်တော် ထိုင်တော်မူရှေးဘုရားအား ကြည်ညိုရစဉ်



ရှင်သင်းပိုင်ဘုရားမြို့ပတ်တိုင်



ရှင်သင်းပိုင်ဘုရားကျောင်းဆောင်

ဆိုင်ကယ်ကိုအရှေ့ဘက်သို့ ထောင့်ချိုးကွေ့၍ လမ်းမကြီးပေါ် ဆွဲတင်လိုက်၏။ ရှေ့သို့တစ်ဖာလုံလျှော့လျှော့ဆက်သွားပြီးနောက် ထားဝယ်မြို့မှ 'လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါ၏' ဆိုင်းဘုတ်ကိုနောက်ချန်၍ သာဘန်းချောင်းတံတားကိုကျော်သည်နှင့် မြင်ကွင်းတစ်ခုလုံးပြောင်းလဲသွား၏။ သာဘန်းချောင်းကိုမှီတွယ်သော ပန်းခင်းစိုက်ခင်းများ လမ်းဘေးဝဲယာစိမ်းစိမ်းစိုစိုနှင့် ရိုးရှင်းသော ရိုးပြတ်လယ်ကွင်းတစ်မျှော်တစ်ခေါ်တည်း။

□ ရှင်သင်းပိုင်ဘုရား

ထားဝယ်မှနေ (၉) ကီလိုမီတာကွာဝေးပြီး ထားဝယ် - ရေးကားလမ်းပေါ်ရှိ ဗဟာကျေးရွာရွာလယ်ကျောင်းဝင်းမြောက်ဘက် ကားလမ်းဘေးတွင် ရှင်သားရှင်ဘုရား ရှင်သင်းပိုင်ရှေးဟောင်းစေတီတည်ရှိသည်။ 'ဗဟာ' ဟူ၍ရေးထိုးပြောင်းလဲသွားပါသော်လည်း ဒေသခံထားဝယ်သူထားဝယ်သားများတို့ကမူရှေးအခါမှစ၍ ယခုတိုင် 'ရဟာ' ဟုသာနှုတ်ကျိုးခေါ်ဝေါ် ပြောဆိုနေဆဲဖြစ်သည်။

ပါးစပ်ရာဇဝင်အရ ရှေးရှေးတုန်းက ဗဟာရွာအရှေ့ဘက် ရေဝေရေလဲ

တောင်ကြောကြီးမှနေ ချောင်းဖျားခံ စီးဆင်းထားသောတောင်ကျချောင်းကို ဟာချောင်းဟုခေါ်၏။ ထိုဟာချောင်းသည် သာဘန်းချောင်းနှင့်ပေါင်းဆုံ၍ ထားဝယ်မြစ်တွင်းသို့ ဆက်လက်စီးဝင်၏။ အခါတစ်ပါး ထားဝယ်မြစ်တွင်းမှ ဟာချောင်းဝသို့ ရွှေများတင်ဆောင်လာသော ထူးထူးဆန်းဆန်း လှေတစ်စင်းဝင်ရောက်လာရာ သုံးလွန်းတင်အုန်းဆံကြိုးအခိုင်အခံ့ဖြင့် အုတ်အော်သောင်းတင်းကျွက်ကျွက်ညံမျှ လူအပေါင်းဝိုင်းဝန်းဆွဲလေသော် ကြိုးပြတ်သွားပြီး ရွှေလှေသည် တဝဲလည်လည်နှင့် ဟာချောင်းအတွင်းတွင်ရှိသော ဟာတွင်းက စုပ်ယူလိုက်၍ နစ်မြုပ်သွားသည်ဟု ဆို၏။ ယခုအခါ ဟာချောင်းသည် တဖြည်းဖြည်းတိမ်ကောသွားပြီးနောက် လယ်ယာမြေအဖြစ် ပြောင်းလဲနေပြီဖြစ်၏။သို့ရာတွင် ချောင်းပြတ်မြောင်းပြတ်များကျန်ခဲ့ကာ ဇဟာကျေးရွာထိပ်ရှိ ကရဝိက်ရေသိမ်တော်ပြုလုပ်ထားသော ရေကန်သည် ဟာချောင်းတိမ်ကော၍ပြတ်ကျန်ခဲ့သည့် ချောင်းရာဖြစ်ကြောင်း၊ ရွှေလှေနစ်မြုပ်သောနေရာသည် ကရဝိက်ရေသိမ်တော်နှင့် ဝါးသုံးလေးပြန်လယ်ကွက်အတွင်းတွင်ဟု အချို့ကဆိုကြောင်း၊ အချို့က ကရဝိက်ရေသိမ်တော်ဘေးမနီးမဝေး၌ ဟာတွင်းရှိသည်ဆိုကြောင်း လူကြီးသူမတို့အဆက်ဆက်ပြောစကား ကြားဖူးနားဝကို ဂေါပကအဖွဲ့ဦးစံလင်း (၇၂) ခုနှစ်က ပြောသည်။ ဟာချောင်းအတွင်းမှ လှေရသော်လည်း ဆုံးရှုံးသည်ကို အကြောင်းပြု၍ ဤနေရာကို 'ရ-ဟာ'ခေါ်ကြရာမှ ရဟာကျေးရွာတွင်သည်ဟု ဆိုပါသည်။

ဇဟာရွာကား သမိုင်းရှိသည်။ ဗြိတိသျှကိုလိုနီအစိုးရ ထားဝယ်ဒေသအားအုပ်ချုပ်ချိန် ၁၈၈၆ ခုနှစ်တွင် သူ့ကျွန်မခံပုန်ကန်ထကြွ၍ ထားဝယ်မြို့ကိုဝင်စီးရန် ချဉ်းကပ်လာသော သူပုန်ငနီ ခေါင်းဆောင်သောတပ်နှင့် နယ်ချဲ့တပ်သားတို့ ဘတစ်ပြန်ကျားတစ်ပြန် တိုက်ခိုက်သည့်နေရာ (၁၉-၁-၁၉၄၂) ရက်နေ့ ဘီအိုင်အေ-ဂျပန်တပ်ပူးပေါင်းစစ်ကြောင်းနှင့်အင်္ဂလိပ်ဂေါ်ရခါးတပ်များ နှစ်ဖက် ပြင်းပြင်းထန်ထန်ရင်ဆိုင်တိုက်ပွဲ (တိုက်လေယာဉ်ပါဝင်) ဖြစ်ပွားသည့်နေရာ သွေးမြေကျစစ်တလင်းခင်းခဲ့ဖူးသည်။

သက်ကြီးရွယ်အိုများပြောပြချက်အရ ဇဟာရွာအရှေ့ရပ်လူသူအရောက်အပေါက်နည်းပါးလှသော တောတွင်း



ရှင်ပင်သာယုဘုရားစေတီတော်




ရှင်ပင်သာယုဘုရား အာရုံခံတန်ဆောင်းကြီး



ရှင်ပင်သာယုဘုရား အာရုံခံ၊ ဂန္ဓကုဋိ၊ စေတီ ဘေးတိုက်မြင်ကွင်း




ရှင်ပင်သာယုဘုရားကြေးသွန်းရှင်ဥပဂုတ္တမထေရ်



ရှင်ပင်သာယုဘုရားမှ ရှင်သီဝလိမထေရ်



ရှင်သင်းပိုင်ဘုရားကျောက်စာတိုင်



ရှင်ပင်သာယုဆုတောင်းပြည့်ဂန္ဓကုဋိတိုက်



ရှင်သင်းပိုင်စေတီတော်အား အဝေးမှ ဖူးမြော်ရစဉ်

တစ်နေရာတွင် တောမှီရဟန်းတစ်ပါး ဧကစာသီတင်းသုံးနေထိုင်တော်မူခဲ့သည့် ကျောင်းသင်္ခမ်းရှိပြီး ၎င်းနေရာတွင် ဘုရားတစ်ဆူတည်ထားသည်။ ထိုအရှင်မြတ်သည် သီတင်းသုံးရာကျောင်းသင်္ခမ်းမှ ယခုကရဝိက်ရေသိမ်တော်ရှိသောနေရာ ဟာချောင်းအတွင်းသို့ နေ့စဉ်မပြတ် ရေသုံးသပ်ရန်ကြွဆင်းတော်မူလေ့ရှိ၏။ ရေသုံးသပ်တော်မူပြီးလျှင် သင်းပိုင်ကို ရှင်သင်းပိုင်စေတီ တည်ထားရာနေရာတွင် ခြောက်သွေ့အောင်လှန်းလေ့ရှိ၏။ အရှင်မြတ်ရဟန်း သင်းပိုင်လှန်းသောနေရာတွင် ရှေးလူတို့က စေတီတစ်ဆူတည်ထား ကိုးကွယ်ခဲ့သဖြင့် နောင်အရှည်အမှတ်ရစေခြင်းငှာ အလွယ်တကူပင် စေတီကို ရှင်သင်းပိုင်စေတီဟု တိုက်ရိုက်ဘွဲ့တော်သသည်။ ရှင်သင်းပိုင်-သပိုင်-ပိုင်-ဗိုင် တဖြည်းဖြည်းပြောင်းရွေ့လျော၍ 'ဗန်' ဟု အတိုကောက်ခေါ်ရာမှ ဗန်ဘုရားဟုသာ ရွာခံတို့ခေါ်၏။

ရှင်သင်းပိုင်စေတီတော်ဝင်းထဲသို့ ကားလမ်းမန်ဘေး နတ်လမ်းစကြံမှ လည်းကောင်း၊ ဇဟာကျောင်းဘေးတောင်ဘက်ဝင်ပေါက်မှ လည်းကောင်း ဝင်ရပြီး စေတီပရိဝုဏ် (၀. ၂၅) ဧကနီးနီး ကျယ်ပြန့်သည်။ ဝင်းတစ်ခုလုံး အုတ်တံတားကာရံထားသည်။ စေတီဝင်းအပြင် ကားလမ်းမဘက်ခြမ်းသည် ယခင်က ဇဟာကျေးရွာသင်္ချိုင်းမြေဖြစ်ကာ ယခုမူလတန်းကျောင်းရှိ၏။ စေတီအနောက်တောင်ထောင့်၌ အင်ကြင်းပင်ကြီးတစ်ပင် ခက်လက်ဝေဆာစွာတွေ့ရသည်။

ဟူ၍ လက်ရှိဇယာကျောင်းဆရာတော် ငယ်ဖြူ ဦးပညာဘာသ သက်တော် (၇၈) နှစ်က မိန့်တော်မူသည်။


မှန်ပါသည်။ ခရစ်နှစ် ၁၉၅၂-၅၃ တွင် ရှင်သင်းပိုင်စေတီ ယိုယွင်းပျက်စီးလာသဖြင့် ထားဝယ်မြို့ မရမ်းပင်ကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တသာသနာ ဦးစီးဦးဆောင်ပြု၍ ပြုပြင်၏။ စေတီအထက်ဌာပနာတိုက်မှရရှိသော ဌာပနာပစ္စည်းများသည် တန်ဖိုးကြီးပစ္စည်းများဖြစ်၍ ထိုစဉ်အခါက နယ်မြေမအေးချမ်းသဖြင့် ဇယာကျောင်းတွင်မထားဝံ့ဘဲ မရမ်းပင်ကျောင်းသို့ ပြောင်းရွှေ့ထားရသည်။ဇယာကျောင်းတွင် ကျောင်းစောင့်ရဟန်းကြီးတစ်ပါးသီတင်းသုံးနေသည်။ ကျောင်းပေါ်ရှိဘုရားကျောင်းဆောင်တွင် အထက်ဌာပနာတိုက်မှ ရရှိသော ဗုဒ္ဓဆင်းတုများနှင့် အခြားတန်ဖိုးမရှိဟုထင်ရသော ဌာပနာအချို့သာထားရှိ၏။

တစ်ညနေတွင် ကျောင်းသားလေးတစ်ဦးက ဘုရားခန်းမီးလောင်နေသည်ဟု အော်ဟစ်၍ ကျောင်းစောင့်ရဟန်းကြီးတက်ကြည့်ရာ ကျနေရောင်ထိုးသဖြင့် နီရဲဝင်းတောက်နေသော ပတ္တမြားဖြစ်နေသည်ကို တွေ့ရသည်။ ကျောင်းစောင့်ရဟန်းကြီးသည် မည်သူ့မျှအသိမပေးဘဲ ထိုပတ္တမြားကို သင်္ကန်းစုတ်နှင့်ထုပ်ပြီး မရမ်းပင်ကျောင်းဆရာတော်ဘုရားကြီးထံ သွားရောက် အပ်နှံခဲ့သည်ဟုဆို၏။ ထားဝယ်နယ် အေးချမ်းသောအခါ စေတီပေါင်းမှ ဌာပနာများကို ပြန်လည် ဌာပနာထည့်သွင်းထားရှိလေသည်။

ယနေ့ဖူးတွေ့ရသည့် ရှင်သင်းပိုင်စေတီအရှေ့ဘက်နှင့် အနောက်ဘက် ဖိနပ်တော်အလျား (၃၈) ပေ (၁၁) လက်မ၊ တောင်ဘက်နှင့် မြောက်ဘက် ဖိနပ်တော်အလျား (၃၉) ပေအတိုင်းအတာရှိသည်။ ရှစ်မြောင့်ပလ္လင်(၇)ဆင့်ခံထားပြီး ရှစ်မြောင့်အောက်ခြေအနားပတ်လည် (၁၂၂) ပေ ရှိ၏။ ကြည်ညိုဖွယ်ရာဖြစ်အောင် ပလ္လင်တော်အားရွှေရည်သင်္ကန်းကပ်ရန် ဥက္ကဋ္ဌဦးမျိုး၊ ဦးစံလင်း၊ ဦးဝင်းငွေ၊ ဦးသန်းအေး၊ ဦးလှသိန်း ရပ်မိရပ်ဖဂေါပကအဖွဲ့က စီစဉ်နေကြောင်း ဦးစံလင်းက အားတက်သရောပြောပြပါသည်။ စေတီတောင်ဘက်ဝင်ပေါက်အနီး၌ သာသနာနှစ် ၂၅၄၇ ခုနှစ်၊ ကောဇာနှစ် ၁၃၆၅ တွင် ရှင်သင်းပိုင်စေတီ နောက်ဆုံး မွမ်းမံပြင်ဆင်ကြောင်း ရေးထိုးထားသော ကမ္ပည်း



ဇေယျာကျောင်းသိမ်တော်ဘုရားများ



ဆရာတော်ဘဒ္ဒန္တဝိမလရုပ်တု



ဇေယျာ ကရဝိက်ရေသိမ်တော်

“ဦးပဥ္စင်း (၁၄) နှစ်သားအရွယ် ကိုရင်ဘဝတုန်းက ဒီရှင်သင်းပိုင်ဘုရား ယိုယွင်းပျက်စီးလာလို့ ဖိနပ်တော်အထိ ဖျက်ပြီး စေတီပြန်တည်တာ မှတ်မိပါသေးတယ်။ (၁၆လက်မ × ၈ လက်မ × ၂လက်မ) ရွှေအုတ်တွေရတယ်။ အဲဒီအုတ်တွေကိုပဲ စေတီမှာပြန်သုံးတယ်၊ အရင်စေတီက အခုလောက်မကြီးဘူး။ အောက်ဌာပနာတိုက်ကို မဖွင့်ရဲဘူးလို့ ပြောသံကြားရတယ်”

ကျောက်စာတိုင် စိုက်ထူထားသည်။

ရှေးနှစ်ပေါင်းများစွာကတည်ထား ကိုးကွယ်တော်မူခဲ့သော ရှေးဟောင်း ရှင်သင်းပိုင်စေတီတော်မြတ်ကြီးကို ထပ်မံမွမ်းမံပြင်ဆင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဘုရားပရိဝုဏ်အတွင်း၌ ဂြိုဟ်တိုင်တည်ထားခြင်း၊ နတ်လမ်းစကြံ ဆောင်လုပ်လှူဒါန်းခြင်းတို့ကို ပြုလုပ်ပြီး ပင့်သံဃာ(၁၀၀)ပါးတို့က ဗုဒ္ဓါဘိသေက မင်္ဂလာဘုရားအနေကဇာတင်၍ သံဃာတော်တို့အား ဆွမ်းအစရှိသော လှူဒါန်းဖွယ်ရာအစုံစုံတို့ကို ၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၈ ရက်၊ ကြာသပတေးနေ့တွင် နှစ်ဖက်မိဘများဖြစ်ကြသော (ဦးဦးလှ-ဒေါ်အေးမယ်ကျင်)(ဦးလှဒင်-ဒေါ်ဆန်း) တို့အား အမှူးထား၍ ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ် တိုင်းရွှေဝယ် မိသားစု ဦးဦးဂင်-ဒေါ်ခင်မြနှင့်သားသမီးများဖြစ်ကြသော မောင်စိုးလွင် - မမေမေမြင့်၊ မောင်ဟိုစွမ်း-မအေးရီ၊ မောင်ဝင်းအေး-မသီသီလွင်၊ မောင်ဝင်းဆန်းဦး-မသက်သက်မာ၊ မောင်သန်းဇော်ဦး သားသမီး မြေးမိသားစုတို့က နိဗ္ဗာန်ရည်မှန်း လှူဒါန်းပူဇော်ခဲ့ပါသတည်း။ နတ်လူသာဓုခေါ်စေသော် ဟူ၍ဖတ်ရှုရသည်။

ဂြိုဟ်တိုင်တွင် ဓတရဋ္ဌ၊ ဝိရူပက္ခ၊ ဝိရူဠ္ဟက၊ ကုဝေရနတ်မင်းကြီး (၄) ပါးနှင့်အတူ ဂြိုဟ်ပြေနံ့ပြေဂြိုဟ်ပုံများထုလုပ်ထားသည်။ ထို့အပြင် ဦးဘနီ-ဒေါ်သန်းနှင့် သားသမီးတစ်စုကောင်းမှု (ပိန္နဲတောရပ်) ထိုင်တော်မူဆင်းတုရုပ်ပွားတစ်ဆူကိုလည်း နတ်လမ်းစကြံထိပ်တွင် ဖူးမြင်ရသည်။ ပန်းချီ၊ ပန်းပု ဇယာရွာ လက်သမားဆရာကြီးဦးနိုင်သား၏ မြေးဖြစ်သူ ကိုအောင်စိုး၏လက်ရာ အရင် ဇယာကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ (ထားဝယ်မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ) ပုံတူပန်းပုရုပ်လုံးကိုလည်း တွေ့ရပါသည်။


"ကျွန်တော်တို့ ဇယာရွာမှာ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့ည ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမမြတ်စွာဘုရား(၄)ဆူ ဒေသစာရီ ကြွချီလှည့်လည်အပူဇော်ခံတယ်။ ဘေးကင်းရန်ရှင်းပေါ့။ ဘုရား(၄)ဆူကိုတော့ ဒီရှင်သင်းပိုင်စေတီတော်ဘုရားခန်းမှာပဲ ပူဇော်ထားရှိတယ်။ နောက်ပြီး တပို့တွဲလဆုတ် ၃ ရက်၊ ၄ ရက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနဲ့ ဘုရားပွဲတော်လည်း နှစ်စဉ်ပြုလုပ်တယ်။ ကဆုန်ညောင်ရေသွန်းပွဲလည်းရှိပါတယ်"

ဟု ဦးစလင်းပြောပြ၍ သိရသည်။

ကျွန်တော်တို့သည် ဦးစံလင်း ကျေးဇူးကြောင့် ဇယာကျောင်းဝင်းသိမ်အတွင်း ထိုင်တော်မူရှေးဘုရားရုပ်ပွားတော်တစ်ဆူနှင့် ကိုးနဝင်းစေတီတစ်ဆူတို့ကိုပါ ဖူးမြော်ကြည်ညိုခဲ့ရပါ၏။



ရှင်သင်းပိုင်ဘုရားရှိ အင်ကြင်းပင်



ဟာချောင်း ချောင်းပြတ်တစ်နေရာ

□ ရှင်ပင်သာယုဘုရား

ထားဝယ် ရှင်သားရှင်ဘုရားနောက်တစ်ဆူကတော့ ရှင်ပင်သာယုဆုတောင်းပြည့် ရှေးဟောင်းဘုရားဖြစ်သည်။ ရှင်ပင်သာယုဘုရားသည် ဥဿရံ ကြခတ်ပင်တိုက် အနောက်ကျောင်းဝင်းအတွင်းရှိပြီး (၄) ပေ (၅) လက်မ × (၃) ပေ (၃) လက်မ တစ်ဝဂူနှင့် အရှေ့အရပ် မျက်နှာတော်မူ ကိန်းဝပ်စံပယ်တော်မူလျက် ဖူးမြော်ရပါသည်။ ကြခတ်ဝါးပင်တောကြီးပေါက်ရောက်တာကြောင့် ကြခတ်ပင်ကျောင်းဟု ခေါ်ဆိုခြင်း ဖြစ်သည်။ တစ်ဝဂူကျောက်ပ၊ မဏီတော်အချွန်၊ သင်္ကန်းတော် လက်ဝဲပခုံးတင်၊ သင်္ကန်းတော်၏ အနားတစ်လျှောက်ကျောက်စီ၊ ဘူမိဖဿမုဒြာ ထိုင်တော်မူဆင်းတုဖြစ်ပြီး ရွှေရောင်ဝင်းလက် သပ္ပာယ်တင့်တယ်လွန်းသဖြင့် ကြည်ညိုမဆုံးနိုင်အောင် ဖူးမဝရှိရပါသည်။

တစ်ဝဂူရှေ့ (၉) ပေလောက်မှာ သံတံခါးတပ်ပြီး ဂန္ဓကုဋီတိုက်လုပ်ထားတာ တွေ့ရသည်။ အရင်က ဒီတစ်ဝဂူဟာ သွပ်မိုးအဆောင်လေးတစ်ခုသာဖြစ်သည်။ ၂၀၀၄ ခုနှစ် ကြခတ်ပင်တိုက်အနောက်ကျောင်းဆရာတော် ဦးဝါသဝကြီးမှူးပြီး ဝဲကျွန်းထိန်းလယ်အရပ်နေ မအိုင်းလန် (ခ) မလှလှသန်း (လဲ့လဲ့စာပေ) က ဦးစစ်အေး - ဒေါ်လှရီအား ရည်စူးပြီး ဂန္ဓကုဋီတိုက်တော်လှူဒါန်းခဲ့ကြောင်းသိရှိခဲ့ရပါသည်။ (၀၆ ပေ × ၆ လက်မ) × (၁၀ ပေ × ၃ လက်မ) × (၈ ပေ × ၇ လက်မ) အတိုင်းအတာရှိသည်။ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်

မှူး ရဲမှူးကြီး ကြည်လင်း - ဒေါ်ဖြူထွေးငယ်၊ သမီး မထားဆုဆက်ရည်လင်း၊ သားမောင်အောင်ရဲမော်ဟိန်း မိသားစု ကောင်းမှု အလှူရှင်စာတန်းကို ဖတ်ရပါသည်။ ပြီးနောက် ဂန္ဓကုဋိအတွင်း အမြင့် (၃) ပေ (၁၀) လက်မ ရင်အုပ်ကားကား ကေသရာဇာခြသေ့်ညီနောင် လည်းရှိလေရဲ့။ ဂန္ဓကုဋိတိုက်နှင့် တစ်ဆက်တည်း အမိုးလျှောပေါ် ပန်းထောင်ပန်းဆွဲဘုံသုံးဆင့်ဆင် သုံးထပ်လည်ပေါ် ကျက်သရေမင်္ဂလာအာရုံခံ တန်ဆောင်းကြီးကိုဆောက်ထားတယ်။

ညာဏ်တော် (၁) ပေ (၁၀) လက်မ၊ မဏိတော် (၇) လက်မ၊ မျက်နှာတော် (၆) လက်မ၊ နှာတံတော် (၂) လက်မ၊ လည်တိုင်တော် (၉) လက်မ၊ နားရွက်တော် (၅) လက်မ၊ ပခုံးအကျယ် (၁) ပေ (၃) လက်မ၊ ရင်အုပ်တော် (၁၀) လက်မ၊ ဒူးအကျယ်(၁) ပေ (၇) လက်မ၊ ခြေဖဝါးတော် (၆) လက်မရှိပြီး (၁) ပေ (၆) လက်မ အမြင့် စမ္မခက်ပေါ် မျက်လွှာတော်ချ သီတင်းသုံးတော်မူသည့် ရှင်ပင်သာယုဘုရားရှေ့မှောက် သီလ၊ သမာဓိစင်စင် ကြယ်ကြယ်ဆောက်တည်ပြီး အဓိဋ္ဌာန်နှင့် ဆုတောင်းလျှင် ဆုတောင်းပြည့်ဝသည်ဟု သူသူငါငါဆိုကြပါသည်။

ဒီနေရာမှာ သာဓကအနည်းငယ်တင်ပြမှ ပြည့်စုံမည်ဟု ထင်ပါသည်။ ဦးအောင်နိုင် (၅၂) နှစ်ပြောပြတာက သူဟာ ဘုန်းကြီးကျောင်းလမ်းတစ်ဖက်မှာ အိမ်ခန်းလေးတစ်ခန်း ဖြစ်သလို ငှားရမ်းနေထိုင်ပြီး တိုလီမိုလီဂဟေဆက်အလုပ်နှင့် ချို့ချို့တဲ့တဲ့ အသက်မွေးဝမ်းကျောင်းရင်း ဘုရားကျောင်းကန်ဝေယျာဝစ္စအတိုအထွာအောက်ခြေသိမ်း ကုသိုလ်ဖြစ်လုပ်ပေးတယ်။ ငွေကြေး မတတ်နိုင်သူမို့ သူတတ်နိုင်သည့် လုပ်အားဒါနလှူသည်။ နေပူမိုးရွာ မရှောင် နေ့နေ့ညညအခါမရွေး ခိုင်းချင်ရာခိုင်း ဘုရားရေးကျောင်းရေးအတွက် ဆိုလျှင် စေတနာအပြည့်နှင့်လုပ်ပေးကိုင်ပေးသည်။ နေ့စဉ် ရှင်ပင်သာယုဘုရားရှေ့အာရုံပြု ပုတီးစိပ် ဘုရားဝတ်တက်ပြီး ကံကံ၏အကျိုးကို ယုံကြည်စွာ အဓိဋ္ဌာန်ဆုတောင်းသည်။

ဒီလိုနှင့် လုပ်ငန်းအပ်သူများလာပြီး ဝင်ငွေကောင်းလာသလို လုပ်ငန်းအဆင်ပြေလာတာနှင့်အမျှ တစ်စတစ်စ တိုးချဲ့လာလိုက်တာ ဟော - အခုတော့ ကိုယ်ပိုင်မြေကိုယ်ပိုင်ဝပ်ရှော့ထောင်နိုင်ပြီ။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကျေးဇူးဟုဆိုပါသည်။ သူတို့ဇနီးမောင်နှံ အခုထိတိုင် ဘုရားဆည်းကပ်ပူဇော်လျက်ရှိသည်။ ရှင်ပင်သာယုဘုရားသည် အမှန်တကယ် ဆုတောင်းပြည့်ကြောင်း အလေးအနက်ပြောပါသည်။

ဦးအောင်နိုင်ဇနီးကလည်း ရှင်ပင်သာယုဘုရားထံပါး အဓိဋ္ဌာန်ပြုဆုတောင်းတာကြောင့် မျက်စိခွဲစိတ်ဖို့ ငွေရေးကြေးရေးအခက်အခဲရှိနေတုန်းမှာ မိတ်ဆွေတစ်ဦး၏စောင်မမှုလွယ်လွယ်ကူကူရရှိသည့် ရဲစခန်းမှူးတစ်ဦး၊ စစ်ဆေးရုံဆရာဝန်သင်တန်းတက်ရောက်ခွင့်ရတဲ့ ကျောင်းသူတစ်ဦး၊ အခွန်ဦးစီးအရာရှိစာမေးပွဲအောင်မြင်သွားသည့်ဥပဒေတွဲ့ရ အမျိုးသမီးတစ်ဦး၊ အဆုံးထင်ထားသည့် ငွေများပြန်ရသည့် စီးပွားရေးသမားတစ်ဦး၊ စိတ်သောကဖိစီးခံစားရာမှ ပြေလည်သွားသည့်အိမ်ထောင်ရှင်တစ်ဦးတို့၏ ဆုတောင်းပြည့်ပုံအစုံစုံကို ပြောပြပါသည်။ အထူးသဖြင့် အစိုးရဝန်ထမ်းများ အပြောင်းအရွှေ့ရာထူးကိစ္စနှင့်ပတ်သက်ပြီး ဆုတောင်းပြည့်ဝအောင်မြင်တာများလက်တွေ့ပါ။ အဲ- အဓိဋ္ဌာန်အတိုင်း မမေ့မလျော့ဖို့တော့ လိုတာပေါ့နော်လို့ ဆိုပါသည်။

ရှင်ပင်သာယုဆင်းတုတော်နောက်ကျော တစ်ဝဂူနှင့်တစ်ဆက်တည်း စေတီတော်ကို ဖူးမြော်ရပါသည်။ ဆရာတော်ဦးဝါသဝ၏အစ်ကို ဆရာတော်ဦးသူရိယကျောင်းထိုင်စဉ်က မဟာရံတံတိုင်းခတ်ပြီး ပြုပြင်ခဲ့သည်ဟုသိရသည်။ (၂၇ ပေ ၆ လက်မ) × (၂၇. ၆ လက်မ) × (၂ပေ ၆ လက်မ) ဖိနပ်တော်၊ လေးမြှောင့်ပလ္လင်သုံးဆင့်၊ ပလ္လင်ထောင့်စွန်းအဆင့်တိုင်းမှာ အတွန့်သုံးခုတည့်ထားပါသည်။ ပလ္လင်အောက်ခြေအဝန်း (၆၁) ပေ၊ ကျည်းဝန်းအနားပတ်လည် (၂၈) ပေ (၂) လက်မ၊ ဖောင်းရစ် (၁၁) ရစ်ရှိစေတီဖြစ်သည်။ ဖိနပ်တော်နှင့်မဟာရံတံတိုင်း (၈) ပေ (၈) လက်မကွာသည်။ ညာဏ်တော် (၉) ပေ၊ ထီးတော် (၃) ပေ (၃) လက်မ၊ လုံးပတ် (၆) ပေ (၁၀) လက်မ စေတီရံ (၄) ဆူထောင့် (၄) ခုမှာရှိ၏။

“လသာသာ ညတစ်ည (၈) နာရီလောက်ရှိမယ်ထင်ရဲ့။ ကျောင်းသားလေးတစ်ယောက် စေတီဘက်ရောက်သွားတော့ စနေထောင့်မှာ နန်းဝတ်နန်းစားနဲ့မိန်းမပျိုတစ်ဦး ဘုရားအာရုံပြုရှိခိုးနေတာတွေ့ရသတဲ့။ကြက်သီးမွေးညင်းထကြောက်လန့်တကြား ဒရောသောပါး ဦးပဥ္ဇင်းဆီပြေးလာပြီး မျက်ကလဲဆန်ပျာလာပြောတယ်။ ဒါနဲ့ ဦးပဥ္ဇင်းသွားကြည့်တော့ ဘယ်သူမှမရှိဘူး။ မြင်အပ်၊ မမြင်အပ် ဘုရားသိုက်ကျောင်းသိုက်အစောင့်အရှောက်များလားမသိ ဦးပဥ္ဇင်း မေတ္တာပို့တာပဲ တတ်နိုင်တယ်လေ”

“တစ်ခါက ကျောင်းမှာနေခွင့်ပြုထားတဲ့တစ်ယောက် ညဘက် တပိုတပါးသွားရာကအပြန် သူ့ရှေ့က ဘိုးသူတော်တစ်ဦးဖြတ်သွားတာ ဆေးတ်မီးရောင်နဲ့ ရိပ်ခနဲမြင်လိုက်သတဲ့။ ဒီကျောင်းမှာ ဘိုးသူတော်မှမရှိတာ။ အမြင်မှားတာဖြစ်လိမ့်မယ်ဆိုပြီး ဟိုလိုလိုဒီလိုလိုလွှဲချရသေးတယ်။ ပြောသာပြောရတယ်လေ၊ ဒါတွေက ဘဝမကူးသရွေ့ ဘုရားကြိုဘုရားကြားစောင့်နေရတာတွေကလား”

လို့ ဦးပဥ္ဇင်းသိန်းကျော် သံဝေဂ တိုးဖွဖွမိန့်ပါသည်။

ရှင်ပင်သာယုဘုရားသမိုင်းကြောင်းဝယနကျပြောနိုင်သူအလွန်ရှားပါသည်။ စေတီတည်သက္ကရာဇ်ကိုတောင်သိရှိသူနည်းသည်။ ရှင်ပင်ခရုစေတီနှင့် မရှေးမနှောင်းတည်ဖြစ်နိုင်သည်ဟု ယူဆရကြောင်း၊ နောက်တစ်ခု ရှေးမြို့ဟောင်းအောင်သာဝတီ (ယခု ကလိန်အောင်) က မောင်နှမ (၂) ဦး (မင်းမျိုးမင်းနွယ်ဖြစ်နိုင်) စေတီတည်ရာ ဆီဖောင်တော်နှင့်မြောင်းပုလဲချောင်းမှဝင်လာသည်အခါ ယခု အိုးလုပ်ရပ်ရောက်တော့ ဖောင်တော်ရုတ်တရက်ထိုးရပ်သွားကြောင်း၊ ဒီအခါ စေတီတော်လက်စမသတ်နိုင်ဘဲ ဆိုင်းငံ့ထားရကြောင်း၊ မောင်နှမ(၂)ဦးရောက်မှ စေတီအပြီးသတ်ကြောင်း၊ တစ်ဆင့်စကား ရှေးလူကြီးတွေအဆင့်ဆင့်ပြောသည့်ပါးစပ်ရာဇဝင်အနေနှင့်သာ တစ်စွန်းတစ်စသိမှတ်ရသည်ဟု ဦးပဥ္ဇင်းက ဆက်လက် အမိန့်ရှိပါသည်။

ရှင်ပင်ခရုမှ ရှင်ပင်သာယု၊ ရှင်ပင်သာယုမှ ရှင်မော်ဘုရားရောင်ခြည်လွှတ်တာကို အိုးလုပ်ရပ် ဈေးတန်းအိမ်တွေက ကုသိုလ်ကံထူးတဲ့လူတချို့ဖူးမြင်ကြရတယ်ဆိုတာကိုတော့ စာရေးသူကြားဖူးပါသည်။

❑

❑ *ဘယ်ရပ်ဘယ်ဆီဘယ်ဌာနီ တမ်းရည်လေပါလိမ့်။*
*‘ဗိုတို့ ဗိုတို့ ဗိုတို့ ဗိုတို့’*
*ပင်ယံမြင့်၊ ဖော်ကွာဝေး၊ ဖိုးခေါင်ငှက်၊ တွန်ကျူးသံ၊ ဆွတ်ပျံ့ဖွယ်။ ။*

**မောင်စိမ်းထွေး (ထားဝယ်)**



(ကန်ချောင်း-စလင်း)

# ကုန္ဒာသက္က

## ရေဇလာကြောမှာ
## အသက်ဘေးမှလွတ်စေခဲ့သော
## လက်တွေ့ဝိပဿနာ

(၁)

အနောက်တောင်ကောင်းကင်ထက်ဆီက မိုးတိမ်တို့သည် မည်းမှောင်စွာဖြင့် တလိမ့်လိမ့်တက်လာနေသည်။ မကြာမီအချိန်ပိုင်းအတွင်းမှာပင် သဲသဲမဲမဲနှင့် မိုးရွာသွန်းပေတော့မည်။ အယ်နီညို ရာသီစက်ဝန်းအတွင်းကျရောက်နေစဉ်က စလင်းမြို့နှင့်တစ်ဆက်တည်းတွင်ရှိသော ရေပြင်ဧရိယာ (၃၅၀) ဧက ကျယ်ဝန်းသည့်ဝက်သည်းကန်ကြီးတွင် ရေများခန်းသွား၍ ငါးသတ္တဝါများသေခဲ့ကြရသည်။ ယခုအချိန်တွင် မိုးရွာသွန်းမှုများလွန်းလှသဖြင့် ကန်ကြီးတွင် ရေများပြည့်လျှံနေပေပြီ။ ဤနည်းအတူပင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ဝေန်မြစ် စသဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသောမြစ်များ၊ ချောင်းများမှာ ရေကြီးရေလျှံမှုကြောင့် လူတို့နေထိုင်ရာ ရွာများ၊ မြို့များအတွင်းသို့ ဇရေများစီးဝင်၍ ဇနေအိမ်များနစ်မြုပ်နေကြောင်း သတင်းများကြားသိနေရသည်။ များစွာသောရေဘေးတွေ့ကြုံနေရသော လူတို့နှင့် တိရစ္ဆာန်များဒုက္ခရောက်နေကြမည်ဖြစ်သည်။

မိမိသည် ကျောင်းပြတင်းပေါက်မှ ဝက်သည်းကန်ရေပြင်သို့ မိုးသက်လေတိုက်ခတ်မှုကြောင့် ရေလှိုင်းများလှုပ်ရှားနေသည်ကို ကြည့်နေမိသည်။ ကြည့်နေမိစဉ်ခဏမှာပင် မိုးပေါက်များကျရောက်လာပြီး တဖြည်းဖြည်း သဲသဲမဲမဲရွာသွန်းလေတော့သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးကိုလည်း မိုးစက်ထုထည်ကအားကြီးစွာ ဖုံးလွှမ်းလိုက်သည့်အတွက် မြင်ကွင်းသည် ဝေရှိးသွားလေတော့၏။ ပစ္စုပ္ပန်မြင်ကွင်းတို့ဝေဝါးသွားသည်တွင် အတိတ်အာရုံတို့ စိုးမိုးလာကာ တစ်ချိန်က ဧရာဝတီမြစ်ရေကြီးနေစဉ် ရေပြင်ပေါ်၌ဖြစ်ခဲ့သည့် ဖြစ်ရပ်တို့သည် မိမိစိတ်အစဉ်မှာ အမှတ်ထင်ထင်တွေး မြင်လာရပေတော့သည်။

(၂)

၁၁-၉-၁၉၉၈ နေ့။

ဤနေ့တွင် အဇ္ဈောကောင်းကင်ပြာပြာကြီး၏အရှေ့စပ်ဆီကပေါ်ထွက်လာသော အသူရိန်နေမင်းကြီးသည် ရောင်ခြည်များထွန်းလင်းကာ လောကဓာတ်တစ်ခွင်လုံးဝင်းပစေသည်။ နံနက် (၇) နာရီခန့် နေအိမ်မှ စက်ဘီးစီး၍ စလင်းမြို့ ပုထိုးဖြူအရပ်တွင်ရှိသော ညောင်နှစ်ပင်ဘုန်းကြီးကျောင်းသို့ထွက်ခဲ့၏။ ကျောင်းထဲသို့ဝင်လာခဲ့ပြီး စကြံလမ်းတွင် စက်ဘီးကိုထောင်ထားခဲ့ကာ ကျောင်းပေါ်သို့တက်လာခဲ့သည်။ ကျောင်းပေါ်တွင် မမျှော်လင့်ဘဲ ရင်းနှီးခင်မင်ရသောပုဂ္ဂိုလ်တစ်စုကို တစုတဝေးတည်း တွေ့ရှိရ၏။ ၎င်းတို့ကလည်း အားရဝမ်းသာစွာ နှုတ်ဆက်ကြပါသည်။ မိမိက ဗုဒ္ဓမြတ်စွာဆင်းတုတော်များရှိရာ ရည်မှန်း၍ ကန်တော့ရှိခိုးပြီး တွေ့ရှိရသော သံဃာတော်တို့ကို ရှိခိုးဦးချသည်။ ထိုသံဃာတော်များထဲမှ မဟာဝိသုတာရာမစာသင်တိုက် စာချဦးပဉ္ဇင်း ဦးကုန္ဒက -

"ဦးပဉ္ဇင်းတို့အဖွဲ့ ကန်ဆွယ်ရွာကို သွားမလို့ ဒကာကြီး လိုက်ခဲ့ပါ"

ဟု မိမိကိုဖိတ်ခေါ်သည်။

"ဦးပဉ္ဇင်းတို့ဘာကိစ္စနဲ့သွားကြမှာလဲ"

မိမိ၏ အမေးကို ဦးပဉ္ဇင်းဦးဇာဂရက ကြားဖြတ်ဝင်ပြောလိုက်၏။

"အားရင်လိုက်ခဲ့ပါ။ ခင်ဗျားရဲ့ ကင်မရာကိုလည်းယူခဲ့ ဘာမှမေးမနေနဲ့။ အားလုံးတွေ့ စုံတုန်း ပျော်ပျော်ပါးပါး ပေါ့"

ကျောင်းထိုင်ဦးစန္ဒိမာကလည်း -

"ဦးပဉ္ဇင်းတို့လှည်းနဲ့သွားနှင့်မယ်၊ နောက်ကလိုက်ခဲ့တော့"

ဟု ပြောသဖြင့် မိမိမှာ ဦးစန္ဒိမာထံလာရင်းကိစ္စကိုပင် မလျှောက်နိုင်တော့ဘဲ ကင်မရာအိတ်ယူရန် ဦးပဉ္ဇင်းများကိုဝတ်ချ၍ အိမ်ကိုပြန်ခဲ့ရသည်။

အိမ်အရောက်တွင် မိသားစုတစ်ဦးတစ်ယောက်ကိုမျှ ဘယ်ကိုသွားမည်ဟု ပြောမပြနိုင်ခဲ့ဘဲ ကင်မရာအိတ်ယူ၍ ဦးပဉ္ဇင်းများ တင်ဆောင်သွားသောလှည်းကိုမီရန်အတွက်သာ စိတ်ကစောနေမိသည်။ မိမိသည် စလင်းမြို့နယ်တစ်ဝိုက်တွင် အောင်ကြည်ဦး (စလင်း) အမည်နှင့် ဓာတ်ပုံ-ဗီဒီယိုရိုက်ကူးရေးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရသောသူတစ်ဦးဖြစ်သည်။ ဦးစန္ဒိမာနှင့်



အတူ လိုက်ပါသွားကြသော ပုဂ္ဂိုလ်များမှာ မဂ္ဂဇင်းများစာမျက်နှာပေါ် အရောက် ဝတ္ထု၊ ကဗျာရေးသားနေကြသူများဖြစ်ကြသည်။ ကန်ဆွယ်ရွာကို မကြာခဏ ရောက်တတ်သူမို့ မိမိက ခရီးလမ်းကြောင်းကိုလည်းသိနေသည့်အလျောက် စက်ဘီးကို ခပ်သွက်သွက်ကလေးနင်းလာခဲ့သည်။ ဤသို့နှင့် ကျက်သကိုင်ရွာလမ်းခွဲ၊ မင်းတဲရွာနံဘေးလှည်းလမ်းတွင် တဖျော်တပါးဖြင့်သွားနေသော ဦးပဉ္ဇင်းများစီးသည့်လှည်းကိုမီလာပါသည်။

ကန်ဆွယ်ကျေးရွာသည် စလင်းမြို့၏အရှေ့ဘက်ကျေးရွာဒေသအခြမ်းပိုင်းများတွင်ပါဝင်သည်။ နွားလှည်းဖြင့်သွားလျှင် နှစ်နာရီခန့်သာသာကြာ၏။ ကန်ဆွယ်ရွာသား ကိုဟန်စိန်က ရှေ့ဆုံးတနေ လှည်းမောင်း၍ ဦးပဉ္ဇင်းလေးပါးက အလယ်တွင်ထိုင်ပြီး အမျိုးသားနှစ်ဦးဖြစ်သော ကိုဌေးကြည်နှင့်မောင်အေးတို့က နောက်ပိုင်းက ခြေချ၍ထိုင်လာကြ၏။ အားလုံးသည် စိတ်တူကိုယ်တူ အနုပညာသမားများစုစည်းသွားကြခြင်းကြောင့်ပြောလိုက်ကြသည့်စာအကြောင်းပေအကြောင်းများကလည်းတစ်လမ်းလုံးပင်ဖြစ်သည်။လှည်းသည်လည်း တအိအိ တန္ဒဲ့နဲ့နှင့်၊ လမ်းကလည်း ချည့်ချည့်နဲ့နဲ့နှင့်။ မညီမညာကုန်းမြင့်မှ သီကာရီကာ အနိမ့်ပိုင်းဆီသို့လာရသည့် အဆင်းခရီးမို့ လှည်းသည်လည်း အနည်းငယ်သွက်လာသည်။ မကြာမီ သရက်တောအလွန်တွင် ရေပြောပြာ ရောဝတီမြစ်ပြင်ကျယ်ကို လှမ်းတွေ့မြင်ရလေတော့သည်။

(၃)

ဧရာဝတီမြစ်ရေပြင်ကျယ်ကျယ်ကလှိုင်းတို့သည် တလိမ့်လိမ့်လာရင်း ဦးပဉ္ဇင်းများစီးလာသောလှည်းရပ်ရာကမ်းစပ်ဆီသို့ အသံပေးပြီးလူးလိမ့်ကာ အပြေးကလေးလာရောက်၍နှုတ်ဆက်ကြိုဆိုကြသည်။ ရွာတွင် မြစ်ရေဝင်နေ၍ နွား၊ ဝက်၊ ကြက် စသည့် အိမ်မွေးတိရစ္ဆာန်များကို ရေလွတ်ရာရွှေ့ပြောင်း၍ လှည်းလမ်းဘေးတွင် တဲကိုယ်စီထိုးလျက်နေကြသည်ကိုတွေ့ရလေသည်။ ကန်ဆွယ်ရွာသား ဦးဣန္ဒကကို တဲများတွင်နေသူတို့က နှုတ်ဆက်ကြသည်။ လှည်းရပ်ရာအနီးရှိတဲများမှ ချက်ပြုတ်လုပ်ကိုင်နေကြသော ရွာသူရွာသားများက ဦးပဉ္ဇင်းများကို လာရောက်ကန်တော့ကြ၏။ မိမိ၏စက်ဘီးကိုလည်း နီးစပ်ရာ တဲတွင် ပြောဆိုအပ်နှံခဲ့သည်။ ရွာသို့ပြန်သည့်လှေငယ်တစ်စီးပေါ်မှ ဈေးပြန်တစ်ဦးအား ဦးပဉ္ဇင်းများရောက်လာပြီမို့ လာကြိုရန် မှာလိုက်သည်။ ဦးဣန္ဒက၏ ရွာလာရခြင်းအစီအစဉ်တွင် သူ၏ယောက်ဖကြီး ကိုရွှေမောင်၊ အစ်မဖြစ်သူမကြင်နွဲ့၊ ယောက်ဖအငယ် ကိုဟန်စိန်၊ အစ်မဖြစ်သူ မစန်းမြတို့က အဖွဲ့အတွက် ချက်ပြုတ်စီစဉ်ကြ၍ တူမလေးများကို စာပေဝါသနာပါလာအောင် ဟောပြောကြဖို့ပင်။

အဖွဲ့နှင့်လွတ်လွတ်လပ်လပ်စား၊ လွတ်လွတ်လပ်လပ်စာပေပြောဆိုဆွေးနွေးဖို့၊ အချက်အပြုတ်စားသောက်ရေးကိစ္စအတွက်ဒုက္ခမများစေလို၍ မိသားစုခြေနိုင်လက်နိုင် စီစဉ်ထားပါကြောင်း ပြောပြသည်။ မကြာမီရွာမှ ကြိုဆိုထားသော လှေနှစ်စီးရောက်လာသည်။ ထိုလှေငယ်နှစ်စီးပေါ်တွင် မျှ၍စီးကြရင်း ရွာဆီသို့လှော်ခတ်လာခဲ့ကြသည်။ မြစ်ရေမတက်မီက မိမိတို့စီးလာသည့် လှေအောက်က ရေနစ်မြှုပ်နေသောမြေတို့သည် စပါး၊ ငရုတ်၊ နှမ်း၊ ပဲစိုက်ရာ လယ်ယာမြေများဖြစ်ကြသည်။ ရေရောက်ရှိနေသည့် ကမ်းစပ်နှင့်ကန်ဆွယ်ရွာသည် အနည်းငယ်ဝေးသည်။ မိနစ် (၃၀) ခန့်

လှော်ခတ်ခဲ့ရသည်။ ရွာအနောက်တံခါးပေါက်မှ ရွာထဲလမ်းအတိုင်း လှေကိုလှော်ခဲ့သည်။ ရွာဦးစေတီ၏ အနီးလောက်တွင် ကိုဟန်စိန်နှင့်မိသားစုတို့နေသော နှစ်ထပ်အိမ်ရှိသည်။ မိမိတို့လှေများ ရွာထဲသို့ဝင်လာကတည်းက အိမ်တိုင်းရှိ ပြတင်းပေါက်များမှာ ရွာသူရွာသားကလေးလူကြီးတို့ကထွက်ကြည့်ကြပြီး နှုတ်ဆက်စကားပြောကြသည်။ လှေကို ကိုဟန်စိန်၏ဝိုင်းတံခါးပေါက်မှ တွေ့ဝင်ပြီး အိမ်၏လှေကားရင်းတွင် လှေကိုဆိုက်ပေးသည်။ အိမ်ပေါ်သို့ မြစ်ရေဖြင့် ခြေဆေးကြပြီး တက်လာခဲ့ကြသည်။ အိမ်ပေါ်တွင် ရွာကျောင်းဘုန်းတော်ကြီးနှင့် ရွာတွင်းမှ သာရေးနာရေးအချက်အပြုတ်အိုးသူကြီးများကိုလည်း တွေ့ရ၏။ အိုးကြီးအိုးငယ်အသွယ်သွယ်ဖြင့် ချက်ပြုတ်ကြော်လှော်ထားကြခြင်းမှာ အရပ်စကားဖြင့်ပြောရလျှင် အလှူပိန်လေးတစ်လှူစာတမျှပင်စီမံထားကြ၏။ မြို့မှစာရေးဆရာတွေလာကြမှာဆိုခြင်းကြောင့်ပင်လော။ ရွာမိရွာဖလူကြီးသူမများကိုပါဖိတ်ထားသည်ကိုလည်း စည်ကားသိုက်မြိုက်စွာတွေ့ရလေသည်။ ဦးက္ကန္ဒက ဖြစ်စေချင်သည့် လွတ်လွတ်လပ်လပ်ပုံစံခွက်က မဖြစ်နိုင်တော့။

(၄)

အစားအသောက်တွေစုံသလောက်စားလို့ကလည်း အလွန်ကောင်းလှသည်။ ရွာသားအိုးသူကြီးများကလည်း အချက်ပြုတ်အကြော်အလှော်နေရာတွင် မခိုးကျူးဘဲမနေနိုင်အောင် ပါရမီမြောက်လှ၏။ အချိုပွဲအချဉ်ပွဲစသည်ဖြင့် စုံစုံလင်လင်လက်စွမ်းပြထားကြ၏။

စားသောက်ပြီးနောက် ကိုရွှေမောင်နှင့် ကိုဟန်စိန်တို့၏သမီးများကို စာပေအကြောင်းပြောပြကြသည်။ ဦးပဥ္ဇင်းဦးက္ကန္ဒက စုဆောင်းထားသော စာအုပ်များကို သေတ္တာတွင်းမှ မွှေနှောက်ရှာဖွေပြီး ဖတ်ရှုကြသည်။ ရွာမှလူကြီးသူမများနှင့် စကားပြောဆိုသူကလည်း ပြောဆိုကြသည်။ မိမိကလည်း ဆွမ်းကပ်လှူခြင်းဝိုင်းဖွဲ့ပြောဆိုကြခြင်းကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ပေးသည်။ နေ့လယ်နာရီပြန်နှစ်ချက်ထိုးသောအခါ ဦးပဥ္ဇင်းဦးက္ကန္ဒက၏ တိတ်တိတ်လေးအစီအစဉ်ကို စတင်ပါလေတော့၏။

ကိုဟန်စိန်သည် (၁၅) ယောက်ခန့်စီးနိုင်သော လှေကြီးတစ်စင်းကိုငှား၍လှော်ယူခဲ့ကာ အိမ်အောက်တွင်ထားခဲ့ပြီး ဦးက္ကန္ဒကထံ ရောက်ပြီဖြစ်ကြောင်း လျှောက်ထားသည်။ ဦးက္ကန္ဒကက မိမိတို့အဖွဲ့သားများကို မြစ်ပြင်မှာလှေစီး၍ရွာရှုခင်းကိုကြည့်ရန်စီစဉ်ထားကြောင်းပြောသည်။ အားလုံးကဝမ်းသာအားရစွာ သဘောတူညီကြသည်။ ထိုအခါ ရွာကျောင်းဆရာတော်မှလည်း သူ၏ကျောင်းသို့လိုက်ခဲ့ပါရန် ဖိတ်ခေါ်သဖြင့် အဖွဲ့သားအားလုံးတို့သည် လှေစီးရန် အိမ်အောက်သို့ဆင်းခဲ့ကြ၏။

"ကိုအောင်ကြည်ဦး၊ ကင်မရာယူခဲ့ပါ"

ဟု ခေတ္တ တစ်လတာမျှ ဒုလ္လဘရဟန်းဝတ်နေသော ကိုနန္ဒာစိုး (ဆင်ဖြူကျွန်း) ရဟန်းဘွဲ့ ဦးဇာဂရက ထောင်းဆိုရာ ထိုအချိန် ပြင်ပတွင် မိုးဖွဲဖွဲလေးရွာနေသဖြင့် -

"ကိုယ်တော် အပြင်မှာမိုးရွာနေတော့ ကင်မရာယူခဲ့လို့မဖြစ်ဘူး ဘုရား"

ဟု လျှောက်ထားကာ မိမိသည်လည်း အဖွဲ့နှင့်အတူ အိမ်အောက်သို့ လိုက်ခဲ့သည်။ အိမ်အဆင်းလှေကားမှ လှေပေါ်သို့ ဦးက္ကန္ဒကက လှေဦးမှ တက်တစ်ချောင်းနှင့်လိုက်၍ စီကာစဉ်ကာ ကိုဌေးကြည် (စလင်း)၊ မောင်အေး၊ ရွာကျောင်းဆရာတော်၊ ညောင်နှစ်ပင်ကျောင်းဆရာတော်ဦးစန္ဒိမာ၊ ဦးသီရိန္ဒ၊ ဦးဇာဂရ (ကိုနန္ဒာစိုး - ဆင်ဖြူကျွန်း)၊ စာရေးသူ (အောင်ကြည်ဦး - စလင်း) နှင့် ပဲ့ကိုင်လှေလှော်သူ ကိုဟန်စိန်တို့ ထိုင်လိုက်ကြသည်။ လူက (၉) ယောက်၊ လှော်တက်က (၂) ချောင်းတည်းသာ။

မိမိတို့အဖွဲ့ ရွာကျောင်းသို့ချီတက်ရန် လှေနှင့် လှော်တက် ငှားရမ်းသောအခါ ရွာထိပ်ရေပြင်တွင် လူငယ်များအပျော်တမ်းလှေလှော်ပြိုင်ပွဲလေးကျင်းပနေကြသည့်အတွက်ကြောင့် လှေကငှား၍အဆင်ပြေသော်လည်း လှော်တက်မှာ အလုံအလောက် ငှားရမ်း၍မရခဲ့ပေ။ ရလာသည့်လှော်တက် (၂) ချောင်းနှင့်ပင် ဦးပဥ္ဇင်းဦးက္ကန္ဒကက ရှေ့လှေဦးမှ လှော်၍ ကိုဟန်စိန်က ပဲ့မှလှော်ကာ ရွာထိပ်ရေလမ်းကြောင်းသို့ထွက်ခဲ့ကြ၏။ ရွာထိပ်ရေပြင်တွင် လူငယ်အမျိုးသား၊ အမျိုးသမီးများ မြစ်ရေတက်စမို့ ရွှင်မြူးစွာဖြင့် လှေလှော်ပြိုင်ပွဲများပြုလုပ်ယှဉ်ပြိုင်နေကြသည်ကို တွေ့ရ၏။ မြစ်ပြင်ဘက်ကို ကြည့်ရှု၍ရသည့် အိမ်တိုင်းမှ ပြတင်းပေါက်များတွင်လည်း အပျော်တမ်းလှေပြိုင်ပွဲကို ကြည့်ရှုသူတွေနှင့်။

(၅)

စီးဆင်းနေသည့်ဧရာဝတီမြစ်ရေပြင်မှာ လှော်လာသည့်ရေပြင်က ငြိမ်ငြိမ်ညင်ညင်သာသာ။ ယခုတွေ့နေရသည့်ရေပြင်ကရေစီးကြောင်း ကန်ဆွယ်ရွာနှင့် ဆိပ်ကြီးရွာသို့သွားသော အရှေ့အနောက် ဖောက်လုပ်ထားသည့် လမ်းမ၏ဘယ်တောင်ပံ၊ ညာတောင်ပံမှရှင်သန်ကြီးထွားနေကြသော ကင်ပွန်းပင်တန်းများမှ နေရာအကျယ်တွေ့ရှိ၍ လှော်ဝင်ခဲ့ရာ ယာမြေများက ရိုးတောအနိမ့်ပိုင်းဖြစ်နေ၍လားတော့မသိ၊ လှည်းလမ်းမအပေါ်တည့်တည့်တွင် တဟဲဟဲမြည်၍စီးဆင်းနေသည်ကို ကြုံတွေ့ရတော့၏။ ထိုရေစီးမျဉ်းပေါ် ရောက်က ဘယ်၍ဘယ်မျှပင် လှော်ခတ်အားအရှိန်ပြင်းသော်လည်း တန့်ရပ်၍သွားရမြဖြစ်၏။ သတိ၊ ဝီရိယနှင့်အားသွန်နိုင်မှသာလျှင် လှော်ခတ်လွန်မြောက်နိုင်သည်။ လှော်တက်အင်အားလည်း ပြည့်စုံနိုင်ပါမှ ရရှိနိုင်မည့်အခွင့်အရေးထူးကြီးလည်းဖြစ်သည်။

လှေဦးမှလှော်နေသော ဦးက္ကန္ဒကသည် ဆေးလိပ်သမား ပိန်ပိန်ပါးပါးခန္ဓာဖြင့် လှော်တက်ကိုအားသွန်၍ လှော်နေသလို ကိုဟန်စိန်က နောက်ကနေ အားစိုက်ပြီး လှော်ပါသော်လည်း လှေပေါ်မှာ စီးနင်းလိုက်ပါလာသည့်လူအင်အားက (၉) ယောက်၊ လှော်တက်အားက (၂) ချောင်းသာဖြစ်နေသောကြောင့် ရေစီးမျဉ်းကြောင်းပေါ်တွင် လှေဦးတင်နေပြီဖြစ်သော်လည်း ရှေ့သို့တိုးထွက်ရန်အားမထုတ်နိုင်ကြတော့။ လှေဦးသည် ပြန်လှည့်လည်၍ ကန့်လန့်မျောပါသွားကာ ဆူးတောင်ချွန်မြမြများဖြင့် ကင်ပွန်းခါး (ဆူးဖြူပင်) ပင် တစ်ပင်၏ပင်စည်ကို ဘေးစောင်းဝင်တိုက်၍ရပ်တန့်သွားသည်။ လှေဦးလည်လာပြီဆိုကတည်းက-

"လှေမှောက်တော့မှာ။ မကြောက်ကြနဲ့ လှေနံကိုကိုင်ထားကြ"

ဟု ကိုဟန်စိန်၏ သတိပေးသံထုတ်ပြန်ကြေညာခဲ့သည်။ ရေစီးအားပြင်းထန်ခြင်း၊ လှေအလျား၏အလယ်တည့်တည့်တွင် ကင်ပွန်းခါးပင်ပင်စည်က ခုခံထိန်းထားခြင်းတို့ကြောင့် ရေစီးအတိုင်း မျောပါမသွားလည်း တန့်ရပ်နေပြီး တစ်ဖက်စောင်းနိမ့်သွားကာ ရေများကိုထိုးခတ်လိုက်သကဲ့သို့ ဒလဟောဝင်လာသည်။ လှေပေါ် ထိုင်နေသူအားလုံး၏ခါး၊ ခါးမှလည်ပင်းသို့တိုင် ရေဖုံးလွှမ်း၍သွားလေသည်။ လှေထဲသို့ ရေများစီးမျောဝင်လာကတည်းကပင် မိမိသည် ကိုဟန်စိန်သတိပေးသည့်အတိုင်း လှေနံနှစ်ဖက်ကိုမြဲမြဲဆုပ်ကိုင်ထားသော်လည်း

ရှေ့မှထိုင်နေသော ဦးပဥ္စင်း ဦးဇာဂရ (တိုနန္ဒာစိုး) ၏ ကိုယ်လုံးက ရေစီးအရှိန်ဖြင့် ဖိစီးမှုကြောင့် လှေပေါ်မှရေပြင်ထဲသို့ မျောဝင်သွားရသည်။ ရေစီးကတော်တော်ပြင်းထန်စွာစီးဆင်းနေသည်။ ထိုရေစီးတွင်ပါလာသောမိမိရယ်၊ ဦးပဥ္စင်းတိုနန္ဒစိုးရယ်၊ လှော်တက်ကိုကိုင်လျက်သားနှင့် ကိုဟန်စိန်ရယ်သာ ကျန်လူများတို့ မိမိမမြင်နိုင်တော့ ကျောပေးလျက်သား ရှိသွားလေပြီ။ မည်သို့မည်ပုံဖြစ်၍ တျန်ရစ်ကြမည်ကိုလည်းကြည့်မရတော့။ မိမိအနီးအနားမှ ရေစီးချောင်းအတိုင်းစီးမျောနေသော ဦးပဥ္စင်း နန္ဒာစိုးကို အမှတ်တမဲ့ကြည့်မိလိုက်သည်။ လက်တစ်ဖက်က ပိုက်ဆံအိတ်ကို မြှောက်၍ ရေဖော့ကာ နှုတ်ကလည်း -

"ဟာ-မလွယ်ဘူးဟေ့ မလွယ်ဘူးဟ"

ဟူသော အဆက်မပြတ်တတွတ်တွတ်ရေရွတ်သံနှင့်အတူ ရေဇလာမှာ စုန်ကာမျောပါသွားသည်။ ကိုဟန်စိန်မှာ ရေဖော့လျက် တက်တစ်ချောင်းကိုကိုင်မြှောက်ပြီး ကမ်းစပ်ဆီသို့ အသံကုန်ဟစ်အော်၍ အကူအညီတောင်းသည်။ မိမိသည်လည်း ကမ်းစပ်ကိုလှမ်းကြည့်လိုက်တော့ မြင်ရသည့်လူပုံသဏ္ဍာန်တို့သည် တစ်လက်မခန့်ပင် မရှိတတ်၊ မှုန်မှုန်သာမြင်ရ၍ မျှော်လင့်ချက်မထားနိုင်တော့။ ကိုဟန်စိန်၏အော်သံသည် ရွာက ကြားရဖို့မလွယ်လှ။ လှေလှော်ပြိုင်ပွဲလေးကလည်း သူတို့အာရုံနှင့် သူတို့ဆူညံနေကြမည်သာ။ ကိုဟန်စိန်က မိမိကိုတော့ အားပေးရှာသည်။ ရေစီးထဲသို့မလိုက်ရန် အနောက်ဘက်ရွာဆီသို့ ဖော့သွားရန်၊ ကုန်းမြင့်မြင့်ကလေးများရှိတတ်၍ ခြေ ဖြင့်စမ်းကြည့်ရန်။ သို့နှင့် မိမိသည် ရေအနက်နှင့် ကုန်းရှိ၊ မရှိ ရေငုပ်ကြည့်လိုက်၏။ လားလား - ထောက်လို့ပင်မမီပါလား။ ရေကူးရလျှင်လည်း မိမိက ကျွမ်းကျွမ်းကျင်ကျင်ရေကူးတတ်သည်မဟုတ်။ လက်ပန်းကျ၍နစ်နိုင်သည်။ စောစောကတော့ အဖွဲ့နှင့်အတူ ရေကိုမိတ်ဆွေဖွဲ့၍ အပျော်ခရီးဆက်ခဲ့ကြသည်။ သို့သော် ထိုမိတ်ဆွေဖွဲ့ခဲ့လေသော ရေသည်ပင်လျှင် ယခုမူ ခန္ဓာနှင့် ဇီဝိတ်တို့ကိုဖျက်ဆီးတော့မည့် ရန်သူဖြစ်နေပါပကော။ မြတ်စွာဘုရားဟောကြားတော်မူသော ရန်သူမျိုးငါးပါးတွင် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသားဆိုး၊ သမီးတို့ပင် မဟုတ်ပါလား။

တစ်ကိုယ်လုံး တွေ့ထိနေရသော ရေဓာတ်မြစ်ရေသည် အေးစိမ့်နေသည့် အထိအတွေ့ကိုပေးပေမယ့် ထိုအထိအတွေ့ကိုအာရုံမပြုနိုင်တော့။ ဆန့်ကျင်ဘက်ဖြစ်သော အပူဖြင့်သာ စိုးရိမ်ပူပန်မှုတို့ဝင်လာလေပြီ။ ရေလှိုင်းတို့သည် မိမိ၏မျက်နှာကို လာရောက်ရိုက်ခတ်နေ၏။ ဝါးခမောက်ကို မေးသိုင်းကြိုးနှင့်ဆောင်းထားသဖြင့် ရေလှိုင်းတို့ရိုက်ခတ်မှုကြောင့် ရေတို့သည် ခမောက်မှပြန်လည်၍ မျက်နှာပြင်ပေါ်သို့ ပြန်ပက်ကာဖုံးလွှမ်းလျက်ရှိနေသည်။ သို့အတွက် ခမောက်မေးသိုင်းကြိုးကိုဖြုတ်၍ ရေမှာ စွန့်လိုက်သည်။ ထိုသက်မဲ့ပစ္စည်းကို စွန့်ပြီးလျှင် မိမိ၏ အတ္တဘောသက်ရှိခန္ဓာကိုယ်ကိုလည်း မကြာမီ စွန့်ရမှာကို မှန်းဆပိုင်းခြား ဆင်ခြင်မိသည်မို့ ခမောက်ကို စွန့်လွှတ်လိုက်ရင်း သံဝေဂတရားရလိုက်သည်။ ယောပိ ဝဿသတံ ဇီဝေ - နောက်ဆုံးမှာ အသက်(၁၀၀) ရှည်သည့်ပုဂ္ဂိုလ်ပင် ဖြစ်ပါစေ သေခြင်းတရားနှင့် ရင်ဆိုင်ရမည်ဖြစ်၏။ မိမိသည်လည်း ယခု သေခြင်းတရားနှင့် ရင်ဆိုင်နေရပြီ။ ဘုရားအလောင်း ဇနကမင်းသားက ပင်လယ်ပြင်မှာ အသက်စွန့်ရေကူးနေဆဲတွင် မဏိမေခလာနတ်သမီးက လာကယ်ခဲ့သည်။ မိမိကိုတော့ ကယ်မည့်နတ်ဆိုတာ မမျှော်လင့်နိုင် သို့သော် ဘုရားအလောင်းတော် ထားရှိခဲ့သော ဝီရိယမျိုးကို ထားရှိရပေတော့မည်။

ဒီတော့ မိမိအားကိုးရာရှာရမည်။

အားကိုးစရာဆို၍ ရေတိမ်ပိုင်းကုန်းမြင့်နှင့်လည်းမတွေ့။ အားထားမှီခိုကိုင်တွယ်စရာ သစ်ပင်ကြီးငယ်တို့ကလည်း ဝေးလာဝေး။ ယခုရောက်ရှိနေသောရေနစ်မြုပ်နေသည့်မြေနေရာသည် နှမ်း၊ ငရုတ်၊ ပဲ စသော သီးနှံများ စိုက်ပျိုးသော ယာမြေကိုင်းမြေဖြစ်သဖြင့်လည်း ဟာလာဟင်းလင်းကွင်းပြင်ကျယ်ရေပြင်ကျယ်ကြီးဖြစ်နေ၏။ အဲဒီတော့ မိမိအားကိုးစရာသည် ရတနာသုံးပါးသာလျှင်ဖြစ်၏။ မိမိဘဝမှာ နှလုံးသားထဲကပူလောင်မှုတွေကင်းပြီး အေးငြိမ်းအောင်နေနိုင်ဖို့ သတိတရားနှင့်နေရပေလိမ့်မည်။ သတိတရားကို အခြေခံထားပြီး စိတ်ဖိစီးမှုကို လျော့ချရမည်။သတိဆိုတာ အာရုံတစ်ခုကို ရယူပေးနေသည့်သဘောပင်။

ကမ္မဝိပါကော နာမ မယာဝါ ကေနစိ ဝါ ပဋိဗာဟိတုံ နသက္ကာ - ကံ၏အကျိုးကို ငါဘုရားဖြစ်စေ၊ အခြားသူတစ်ဦးဦးဖြစ်စေ၊ တားမြစ်ခြင်းငှာ မတတ်ကောင်း ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူကြောင်းကို အမှတ်ရသည်။ အမှန်အားဖြင့် ဤသို့ကြုံတွေ့ရခြင်းအဖြစ်ဆိုးသည် အကုသိုလ်ကံ၏အကျိုးတရားဖြစ်၏။ အကုသိုလ်ကံကိုကျူးလွန်ပါက အကုသိုလ်ကံ၏အကျိုးတရားသည် မုချမသွေရောက်လာမည်။ ရောက်လာနေပြီဆိုတာကတော့ သေချာနေလေပြီ။ ဤကမ္မနိယာမကို မည်သူမျှ မလွန်နိုင်။ စက္ကန့်နှင့်အမျှ အချိန်တို့သည် အဖိုးတန်လှသည်။

ယံ ပိစ္ဆံ နလဘတိ တံ ပိဒုက္ခံ - အသက်ရှင်ဖို့ မျှော်လင့်ချက်လိုချင်၏။ လိုတာမရခြင်းသည် ဒုက္ခအမှန် ဖြစ်၏။

မိမိကိုယ်ကို အဆုံးစွန်တွက်လိုက်သည်။ သေရတော့မည်။ မိမိသည် ကုသိုလ်၊ အကုသိုလ်တို့၌ ဂရုကံမရှိ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံများအနေဖြင့် အကုသိုလ်ကံကတော့ မိုက်မှားတတ်သော ငယ်ရွယ်စဉ်ကလေး ဘဝကရှိခဲ့ဖူးသည်ပင် ပိုင်းခြားတတ်သောအရွယ်မှာ ကုသိုလ်ကံများနှင့်သာ အာသန္နကံကုသိုလ်ဖြစ်အောင်ပြုရမည်။ ယခုလောလောဆယ်ပင်ကုသိုလ်ပြုရမည်။

အတ္တာဟိ အတ္တနော နာထော - ဗုဒ္ဓ၏ အဆုံးအမအတိုင်း ကောင်းမှုကုသိုလ်ဖြင့် မိမိကိုယ်ကို အားကိုးရမည်။ သရဏဂုံသုံးပါးကို အာရုံပြု ဆောက်တည်လိုက်၏။ မိမိ၏ ခန္ဓာကိုယ်ကို မြတ်ဗုဒ္ဓအားလှူလိုက်သည်။ မိမိပြုခဲ့ဖူးသည့် အလှူဒါနများမှ အထင်ရှားဆုံး လွယ်လွယ်ကူကူ စဉ်းစားရသည့်ဒါနမှာ သူတစ်ပါးတို့အား အသက်ကယ်သွေးလှူခဲ့သော (၆၂) ကြိမ်သွေးအလှူဒါနနှင့် ပြုဖူးခဲ့သမျှဒါနတို့ကို ရေစောင့်နတ်၊ ရွာစောင့်နတ်၊ အာကာသနတ်၊ သမ္မာဒေဝနတ် စသည်ဖြင့် နတ်အပေါင်းဝေနေယျအပေါင်းတို့ကို မိမိနှင့်ထပ်တူ အမျှရစေရန် အမျှပေးဝေလိုက်၏။ အထူးသဖြင့် မိမိသေသွား၍ ရေထဲမှာ မျောပါသွားလျှင် ခန္ဓာကိုယ်အတ္တဘောကြီးကို ရေနေသတ္တဝါများအတွက် လှူဒါန်းအလှူကိုပါပြုလိုက်၏။ ပြီးတော့ မိုးကုတ်ဝိပဿနာအဖွဲ့၏ မူအတိုင်း ပရိကံပြု၏။

ငါသည် မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်။

အမှန်ပင် သေရမည်မှာ အချိန်ပိုင်းသာလိုတော့မည်ဖြစ်သည်။ ရိပ်သာပေါ်တွင် ရွတ်ဆိုရသည်ထက် လေးနက်ပါ၏။ ဝိပဿနာတရားအားထုတ်ရန် ဗုဒ္ဓမြတ်စွာထံတောင်းခံပြီးဖြစ်၍ ပူပန်သောကစိုးရိမ်မှုမှန်သမျှတို့ ရှင်းသွားပြီ။ အလုံးစုံသော နာမ်ရုပ်တို့၌ ငါ၊ ငါ့ဥစ္စာ ဟု မသိမ်းပိုက်သူအား စိုးရိမ်ရခြင်းမည်

သည် မရှိပါပေ။ ဗုဒ္ဓ၏ အဆုံးအမသည် တကယ်တမ်း သက်ဝင် ယုံကြည်၍ လိုက်နာမိပြီဆိုလျှင် ဗုဒ္ဓ၏အဆုံးအမသည် လောကဓံကို တွံ့တွံ့ခံနိုင်ရေးမှာ တကယ်တမ်း အားကိုးလောက်သည့် လက်နက်ကောင်းသဖွယ်ဖြစ်၏။ စစ်မှန်သောဓမ္မသည် အနန္တစွမ်းအင်ကိုပိုင်ဆိုင်မှုဖြစ်သည်။

မိမိသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်အဖြစ် မြစ်ရေ၏ အေးစိမ့်နေမှုကို သိ၏။ ကာယနုပဿနာသတိပဋ္ဌာန်အဖြစ် ရေထဲတွင် ခန္ဓာကိုယ်၏ ခြေ၊ လက်များလှုပ်ရှားမှုကို အသိရှိနေ၏။ ပညတ်နှင့် ပရမတ်ကိုခွဲခွဲခြားခြားသိမှတ်ပေး၏။ ရေလှိုင်းတို့ရိုက်ခတ်မှုကြောင့် မျက်နှာတွင် ရေများဖုံးလွှမ်းသွားသည်ကို အသိရှိ၏။ လက်ဖြင့် မျက်နှာကို ရေသုတ်ရခြင်း ရုပ်သဘောကို နာမ်ခန္ဓာတစ်ပါးဖြစ်သော သညာဏက္ခန္ဓာဖြင့် ပိုင်းခြား၍သိပေး၏။

တစ်ခါတစ်ရံ ခြေထောက်ဖြင့် စမ်းထောက်ကြည့်ရာ မြေကြီးနှင့်ထိ၏။

ထိသည်ဟု သိ၏။

သို့သော် ရေပြင်အောက်ရှိမြေပေါ်တွင်ရပ်၍မရသေး။ လူတစ်ကိုယ်စာ မြုပ်နေသေး၏။

ဒုက္ခ ပရိညေယျံ - ဒုက္ခသစ္စာကို ဒုက္ခဖြစ်နေခြင်းအတွက်၊ ပရိညေယျံ - ပိုင်းခြား၍သိနေပေ၏။ ဖြစ်မှုနှင့်ပျက်မှုနှင့်မမြဲတဲ့သဘောနှင့်၊ ဆင်းရဲတဲ့သဘောနှင့် အနတ္တသဘောများကို ကိုယ်တွေ့လက်တွေ့ပိုင်းပိုင်းခြားခြား သေသေချာချာသိနေပါ၏။

လက်၊ ခြေတို့ကွေးကာဆန့်ကာ ရေအောက်ရှိမြေကို ထောက်လှမ်းဖို့ကြံစည်စိတ်ကူးလိုက်တာသည် နာမ်တရားပဲ။ ကွေးလိုက်၊ လှုပ်လိုက်၊ ထောက်လှမ်းလိုက်နှင့်လုပ်နေသည့်ခန္ဓာကိုယ်က ရုပ်တရား။ ရုပ်တရားက ရုပ်ဥပါဒါနက္ခန္ဓာပဲ။ ကွေးလိုက်၊ ဆန့်လိုက်၊ လှုပ်လိုက်နှင့် ရုပ်တရားကို ငါလို့ထင်လျှင် သက္ကာယဒိဋ္ဌိ၊ တဏှာဒိဋ္ဌိများနှင့်မစွဲလမ်းအောင် မိမိအသိသတိသမာဓိတို့ဖြင့် ဆောက်တည်သည်။ ရုပ်ခန္ဓာကြီးသည် ပင်ပန်းလှပြီ၊ မောပန်းနေပြီ။ မျောပါနေသောအချိန်သည် မည်မျှရှိမည်မသိ။ သို့သော် သမ္မာဝါယမမဂ္ဂင်ကိုကြိုးစား၍ဆောက်တည်ထားဆဲ။

ထိုအချိန် ကိုဟန်စိန်၏စကားသံကို ကြားလိုက်ရ၏။ ကြားတယ်၊ ကြားတယ်မှတ်၏။ ဖြစ်၏။ ကြား၍လှမ်းကြည့်လိုက်ရာ လူ (၃)၊ (၄) ယောက်နှင့် လှော်ခတ်လာသော လှေတစ်စီးကိုမြင်လိုက်၏။

စက္ခုံ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ - မျက်စိနှင့် အဆင်းသည်နှစ်ခုကို အကြောင်းပြုပြီး မြင်သိစိတ်ပေါ်လာရ၏။ သို့သော် မြင်ပြီးမြင်သိစိတ်သည် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွား၏။ မိမိ၏ သတိ၊ သမာဓိတို့သည် ရုတ်တရက်ကြီး လျှပ်စစ်မီးပြတ်တောက်သွားသကဲ့သို့။ ခန္ဓာကိုယ်တစ်ကိုယ်လုံးသည် ရေပေါ်တွင်။

(၇)

"အား. . . အား"

မိမိ၏နံရိုးဆီမှ နာကျင်ပြင်းထန်မှုကြောင့် အော်လိုက်မိ၏။ ရွာသားတို့သည် မိမိအား ရေထဲမှဆယ်ယူပြီး ဝမ်းဗိုက်ထဲကရေများထွက်သွားစေရန် ခန္ဓာကိုယ်ကိုမှောက်၍ ကျောမှဖိနှိပ်ပေးကြခြင်း ဖြစ်သည်။ သို့နှင့် ၎င်းတို့၏ဖိနှိပ်အားကြောင့် မိမိ၏ နံရိုးနှင့် လှေအခင်းသစ်သားပြားများတို့ထိ၍ နာကျင်စွာဖြင့် အသံထွက်သွားခြင်းဖြစ်သည်။ ထိုအချိန် မိမိ၏သောကအာရုံတွင် -

"ဟော-သတိရလာပြီ။ ကိုအောင်ကြည်ဦး မသေသေးဘူးဟ"

မိမိ အမှန်တကယ် သတိရလာပါပြီ။ ဤအခါမှတွေးမိသည်။ ရေထဲတွင် သတိမေ့သွားသည့်မိမိ၏ ခန္ဓာကိုယ်ကြီးကို မည်သို့မည်ပုံဆယ်ယူလိုက်ကြသည်ကိုမသိ။ မိမိ၏ဒုတိယအသက်ကို မွေးဖွားလိုက်သည်ကတော့ ဤကန်ဆွယ်ရွာသားလှေသမားများပင် ဖြစ်သည်။ သို့နှင့် မိမိက ထထိုင်ပြီးမေးလိုက်သည်။ ကျန်သည့်လူများအား စိုးရိမ်မှုဖြင့် သူတို့ကိုကယ်ဆယ်မှုအတွက် မည်သို့ဆောင်ရွက်နေသည်ကို မေးမြန်းကြည့်ရာ လှေများဖြင့် လူစုခွဲကာ သွားရောက်ကယ်ဆယ်နေပြီဖြစ်ကြောင်း၊ ရွာရှိလူငယ်များလှေပြိုင်ပွဲဆော့ကစားနေကြ၍ ဒုက္ခဖြစ်နေခြင်းကိုမမြင်ကြကြောင်း၊ မမျှော်လင့်ဘဲ တစ်ဦးတစ်ယောက်မြင်၍ ပြောသည်ကြောင့် လှေဆော့နေသူအားလုံး လာရောက် ကယ်ဆယ်နိုင်ကြောင်း ပြောပြသည်။ ဤလှေက မိမိကို ကယ်ဆယ်၍ ရွာသို့ခေါ်လာခဲ့သည်။

ကမ္မဝိပါကော အစိန္တေယျော - ကံ၏အကျိုးပေးမှုသည်ဆန်းကြယ်ပါ၏။

မိမိသည် သေသူအဖြစ် မှချ သတ်မှတ်ထားခဲ့၏။ အမှန်အားဖြင့် အတိတ်နှင့်အနာဂတ်ထက် ပစ္စုပ္ပန်သည်သာ ပဓာနဖြစ်သည်။ အတိတ်ဟူသည် လွန်ပြီးဖြစ်သဖြင့် အတိတ်ကိုမတွေးရ။ အနာဂတ်ဟူသည်မှာလည်း မရောက်သေးသဖြင့် အနာဂတ်ကိုလည်း မျှော်လင့်မနေရ။ ပစ္စုပ္ပန်တည့်တည့်ကိုသာ မိမိလက်တွင်း၌ရှိသဖြင့် မိမိနှစ်သက်သလို ဖန်တီးရမည်ဖြစ်၏။ သို့ကလို ဖန်တီးခဲ့သဖြင့် အကျိုးရလဒ်ကောင်းကို ရသည်ဟု ယုံကြည်၏။

လူ့ဘဝသည်ကား အဖိုးတန်ရတနာတစ်ပါးဟု သတ်မှတ်သည်။ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာက ဒုလ္လဘငါးပါးတွင် မနုဿတ္တဘာဝေါ ဒုလ္လဘော- လူ့ဘဝကိုရခဲ၏ဟု ဟောတော်မူခဲ့ခြင်းဖြစ်သည်။ တစ်ချိန်က မိမိသည် ပထမအရွယ်နှင့် ဒုတိယအရွယ်အထိ မိဘများက ဗုဒ္ဓဘာသာဝင်တွေဖြစ်သည့်အတွက် သားသမီးတွေအနေဖြင့် မျိုးရိုးလိုက်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ်နှင့်သာ နေလာခဲ့ပါ၏။ မိဘကိုယ်တိုင် မိမိကို ဆုံးမ၏။ အသက် (၂၈) နှစ်တွင် အိမ်ထောင်ကျကာမှ ဗုဒ္ဓဘုရားရှင်၏တရားတော်တွေကို လေ့လာရကောင်းမှန်း၊ တရားနာရကောင်းမှန်းသိလာရ၏။ ဓမ္မစာပေများကို ဖတ်ဖြစ်လာသည်။ ဗုဒ္ဓဘာသာသည် ယုံကြည်မှုကိုသာ ဦးစားပေး၍ အသိဉာဏ်မပါသော Religion မျိုးလည်း မဟုတ်။ အသိဉာဏ်ကိုသာ ဦးစားပေး၍ ယုံကြည်မှုမပါသော Philosophy မျိုးလည်း မဟုတ်ပေ။ စရဏခေါ် ကိုယ်တိုင်ကျင့်ရမည့် အကျင့်တရားသည်သာ ပဓာနဖြစ်ခြင်းကြောင့် ကိုယ့်ကိုယ်ကိုယ် အားကိုးရသောဘာသာတရားဖြစ်သည်ကို နားလည်လာ၏။ ကုသိုလ်၊ အကုသိုလ် ဖြင့်သွားရမည့် ဂတိငါးပါးတို့ကိုလည်း နားလည်လာမိ၏။ ဒေဝဂတိ၊ မနုဿဂတိ၊ နိရယဂတိ၊ တိရစ္ဆာန်ဂတိ၊ ပေတဂတိတို့ ဖြစ်၏။ စရဏတရားတို့ဖြင့် ဝိပဿနာတရားအားထုတ်လျှင် ဂတိများကို လွန်မြောက်၍ သန္တိသုခချမ်းသာမြတ်ဖြစ်သောနိဗ္ဗာန်ကိုရရှိနိုင်သည်ကို သိလာရ၏။

ထို့ကြောင့် မိမိ၏ အသက် (၅၀) အရွယ်တွင် စလင်းမြို့ မြင်တင်ရပ် မိုးကုတ်ဓမ္မရိပ်သာအဖွဲ့ခွဲအမှတ် (၈၂) ၌ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှဆရာတော် ဦးပညာဇောတ၊ စလင်းမြို့ ရွှေမြင်တင်ဆရာတော်ဦးအဂ္ဂ၊ အရှေ့ကန်ဆွယ်ကျောင်းတိုက်ဆရာတော် ဦးပုညတို့၏ ပဋိစ္စသမုပ္ပာဒ်ဒေသနာတရားတော်များကို နာယူပြီး ဝိပဿနာတရားကို ကျင့်ကြံပွားများအားထုတ်ခဲ့၏။

မြတ်ဗုဒ္ဓ၏ အပ္ပမာဒေါ အမတံ

ပဒံ-ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်၏ အကြောင်းဖြစ်သည်ဆိုသောဟောပြောချက်ကို သတိရလျက် မိမိစိတ်ကို အားတင်းပြီး ငါရဲ့ခန္ဓာကိုယ်အမှုအရာတိုင်း ငါဟာ စဉ်ဆက်မပြတ်သိနေအောင် ကြိုးစားမယ်လို့ အားစိုက်ခဲ့၏။ ဒီလို ကြိုးစားခဲ့ခြင်းသည် သမ္မာဝါယမ ဖြစ်၏။ သတိရဲ့အထောက်အကူပြုခဲ့တာဖြစ်၏။

ဒါကြောင့်လည်း ဗုဒ္ဓက -

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော - ရဟန်းတို့ သတိမကွာ သတိပညာရှိလျက်နေကြရမယ်။

အယံ ဝေါ အမှာကံ အနုသာသနီ - ဒါ ငါဘုရား၏ ဆုံးမချက်ပဲဟု ဟောခဲ့တာဖြစ်၏။ ဤသို့သော အစိတ္တကံကျေးဇူးများကြောင့်သာလျှင် တကယ့်လက်တွေ့အသက်ဘေးရင်ဆိုင်ကြုံတွေ့သောအခါ ဓမ္မော ဟဝေ ရက္ခိ ဓမ္မစာရီ- တရားကို စောင့်ရှောက်ခြင်းသည် ထိုတရားက ပြန်လည်၍ စောင့်ရှောက်တတ်မြဲဖြစ်ပေသည်။ မိမိ၏အသက်နှင့် ခန္ဓာကို ကယ်ဆယ်ဆယ်ယူခဲ့သော ရွာသားများလှော်ခတ်သည့် လှေပေါ်တွင် ငြိမ်ချက်သားကောင်းလျက် ဗုဒ္ဓ၏ဂုဏ်တော်၊ ဓမ္မ၏ဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့၏ ဂုဏ်တော်တို့ကို အာရုံပြုရင်း နှလုံးသားဆီသို့ အလင်းတန်းတစ်ခု ဝင်လာခဲ့ပါ၏။

မိမိလျှောက်နေသည်က မက်မောသာယာဖွယ် သမုဒယစခန်းဆီမှ ဝေဒနာပစ္စယာ တဏှာဟူသော ကျောက်တို့ဖြင့် လမ်းခင်းထားသောပန်းဥယျာဉ်အတွင်းမှာ သံသရာမလွတ်ကင်းနိုင်သော အဖွဲ့အနှောင်တို့နှင့်ဖြစ်၏။ ယခု ဒုတိယရှင်သန်ခြင်းအသက်ပိုင်းကို ငြိမ်းအေးသော အနှောင်အဖွဲ့ကင်းသော ဘဝအဖြစ်ဆောက်တည်ရန် လမ်းကြောင်းအသစ်အား ရှာဖွေရပေတော့မည်။

လှေသည် တဖြည်းဖြည်းနှင့်ရွာကို နီးကပ်လာသည်။ ကန်ဆွယ်ရွာသားများသည် ရွာ၏အရှေ့ဘက်ပိုင်းရှိ အိမ်များအနီးမှ ရေမနစ်သောကုန်းလေးများပေါ်တွင် တချို့၊ အိမ်ပြတင်းပေါက်များတွင် လူအပြည့်ကြည့်နေကြသည်ကို လှမ်းမြင်နေရ၏။ ယနေ့သည် ကန်ဆွယ်ရွာတွင် နောက်နောင်ပြောစမှတ်ဖြစ်စရာ သမိုင်းတွင်ရစ်မည့်နေ့တစ်နေ့ ဖြစ်ပေတော့သည်။

ကန်ဆွယ်ရွာတွင် ဆိပ်ကြီးရွာအကြား ရေပြင်တွင် လှေနစ်စဉ်ပါဝင်ခဲ့သော ရဟန်းနှင့် လူပုဂ္ဂိုလ်တို့သည်ကား -

**၁။ ဦးပဏ္ဍာဝ** - ကန်ဆွယ်ရွာဦးကျောင်းဆရာတော် လှေနစ်သည်နှင့် ကင်ပွန်းခါးပင်၏ပင်စည်မှ အပင်ပေါ်သို့ ဆူးများအဆူးခံကာ တက်နိုင်ခဲ့သည်။ ဆရာတော်မှာ လုံးဝရေမကူးတတ်ဟု ဆို၏။

**၂။ ဦးစန္ဒိမာ** - စလင်းမြို့ ပုထိုးဖြူရပ် ညောင်နှစ်ပင်ကျောင်းဆရာတော်ဖြစ်သည်။ ဦးစန္ဒိမာ (စလင်း) အမည်ဖြင့် စာပေရေးသားသူဖြစ်၏။တင့်လွင်ကျော်ဖြိုးကလောင်ခွဲအမည်ဖြင့် ကဗျာဝတ္ထုများရေးသားသည်။ လှေနစ်သည်နှင့် ရေထဲသို့မျောသွားပြီး ရေပြင်တွင်တွဲလွဲကျဆင်းသည့် ကင်ပွန်းပင်၏ သစ်ကိုင်းအဖျားကို ဆွဲကိုင်ထားခဲ့သည်။ မကြာမီနစ်သွားသောလှေက ဦးစန္ဒိမာ၏ မနီးမဝေးရှိ ရေပြင်တွင်ပေါ်လာသည်ဆို၏။ ထိုမှောက်လျက်ပေါ်လာသော လှေဆီသို့ကူးကာ အသက်ဘေးမှလွတ်မြောက်သွား၏။

**၃။ ဦးဣန္ဒက** - စလင်းမြို့ဈေးမရပ် မဟာဝိသုတာရာမစာသင်တိုက်မှ စာချဦးပဥ္စင်းတစ်ပါး ဖြစ်သည်။ ကန်ဆွယ်ရွာ မွေးရာဇာတိဖြစ်၏။ ဥပမိက တည်တည်ကြီးရှိသလောက် သောင်းပြောင်းထွေလာ၊ ရယ်စရာမဂ္ဂဇင်းတို့တွင် ရယ်စရာဝတ္ထုတိုများကို ကလောင်အမည် ကန်ဆွယ်ငထွား (စလင်း) ဖြင့် ရေးသား၍ ကဗျာများကို လွမ်းပိုင် (စလင်း) အမည်ဖြင့် ဖွဲ့နွဲ့သည့် စာရေးသူတစ်ဦးဖြစ်သည်။ လှေနစ်စဉ်က ရေပြင်ပေါ်သို့ ကျဆင်းနေသော သစ်ကိုင်းကိုဆွဲကိုင်၍ မှီခိုခဲ့ရသူဖြစ်သည်။ ရေလုံးဝမကူးတတ်ဟုသိရသည်။

**၄။ ဦးဇာဂရ**-နန္ဒာစိုး(ဆင်ဖြူကျွန်း) သည် ဆင်ဖြူကျွန်းမြို့ သုံးပင်မြောက်ရပ်တွင် မိသားစုနှင့်နေသည်။ ဦးစန္ဒိမာ၏ ညောင်နှစ်ပင်ကျောင်းတွင် တစ်လမျှ ရဟန်းလာဝတ်နေသည့်အချိန်ဖြစ်သည်။ သူသည် ပခုက္ကူဦးအုန်းဖေစာပေဆု၊ မြတ်မိခင်စာပေဆု၊ ဝါမိုးအောင်စာပေဆု၊ စာပေဗိမာန်စာပေဆု၊ အမျိုးသားစာပေဆု၊ မိုးမိုး(အင်းလျား)စာပေဆုများ ရရှိခဲ့ဖူးပြီး ဝတ္ထုတို၊ ဝတ္ထုရှည်၊ လုံးချင်းဝတ္ထုများရေးသားနေသည့် စာရေးဆရာ တစ်ဦးဖြစ်သည်။ ကိုနန္ဒာစိုးသည် လှေနစ်စဉ်က မိမိနှင့်အတူ ရေစုန်တွင်မျောပါခဲ့သည်။ ရေစီးကြောင်းအတွင်း တောက်လျှောက်မျောခဲ့သည်။ သူ့ကို နောက်ဆုံးမှရှာဖွေကယ်ဆယ်နိုင်ခဲ့သည်ဆို၏။ ကယ်ဆယ်ပြီး လှေပေါ်သို့ခေါ်တင်ရာ မောဟိုက်ပင်ပန်းကြီးစွာဖြင့် မှောက်လျက်အနားယူပြီးလိုက်ခဲ့ရသည်ဆို၏။

**၅။ ကိုငွေးကြည်** - ကဗျာများ၊ တေးသီချင်းများ၊ ဇာတ်သဘင်များအတွက် ပြဇာတ်များသားနေသော ငွေးကြည်(စလင်း)အမည်နှင့် စာရေးသူတစ်ဦးဖြစ်သည်။ စလင်းမြို့ ပုထိုးဖြူရပ်တွင် နေထိုင်သည်။ လှေနစ်စဉ်က ကင်ပွန်းခါးအပင်၏ ရေထဲကျဆင်းနေသောသစ်ကိုင်းကို ဆွဲကိုင်မှီခိုနေသည့် ဦးဣန္ဒက၏ခါးကိုဖက်တွယ်နေခဲ့ရသည်ဟု ဆို၏။ နှစ်ယောက်အားနှင့်တွဲခိုရသောသစ်ကိုင်းမှာ ရေစီးအရှိန်အဟုန်ဖြင့် တိုးတိုက်ဝှေ့ယမ်းနေမှုကြောင့် နှစ်ဦးသားတို့၏ ခန္ဓာကိုယ်တို့သည် ရေစီးတွင် လူးကာလိမ့်ကာရှိနေကြသည်။ အချိန်ကြာလာသည်နှင့်အမျှ မိခင်ပင်စည်နှင့် ဆက်နွယ်နေသော သစ်ကိုင်းသည် တဖြည်းဖြည်း ပဲ့ကွာ၍ကျနေခဲ့သည်။ ကယ်သူများရောက်ရှိခဲ့လို့သာ။ မဟုတ်ပါက ရေစီးတွင်အသက်နှစ်သက်ပေးရပေလိမ့်မည်။ကိုငွေးကြည်သည် ရေလုံးဝမကူးတတ်သူ ဖြစ်၏။

**၆။ ဦးသီရိန္ဒ** - စလင်းမြို့နယ် ရှန်းပင်ချောင်ရွာဇာတိ။ ရန်ကုန်မြို့စာသင်တိုက်တွင် စာသင်နေသူဖြစ်သည်။ ရေကူးကျွမ်းကျင်၍ နစ်မြုပ်ပြီးပေါ်လာသောလှေကြီးဆီသို့ရောက်ရှိသွား၏။

**၇။ မောင်အေး** - စလင်းမြို့ ရွှေကြာငုံရွာတွင်နေထိုင်၏။ လှေနစ်စဉ်က ကင်ပွန်းပင်၏ပင်စည်ကိုဖက်တွယ်၍ ဆူးများအဆူးခံကာ သစ်ကိုင်းခွကြားအထိတက်ပြီးနေနိုင်ခဲ့သည်။ သူသည် ရေမကူးတတ်ဟုဆို၏။

**၈။ ကိုဟန်စိန်** - စလင်းမြို့နယ်၊ ကန်ဆွယ်ရွာတွင် နေထိုင်ပြီး တောင်သူသမားဖြစ်၏။ ရေကူးကျွမ်းကျင်သည်။

**၉။ အောင်ကြည်ဦး** - စာရေးသူဖြစ်ပါသည်။ စလင်းမြို့ ဈေးမရပ်တွင် မိသားစုနှင့်နေထိုင်ပြီး အောင်ကြည်ဦး (စလင်း) အမည်ဖြင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပါသည်။ လှေနစ်၍ ဒုက္ခစက်ဝန်း ရေစီးကြောင်းမှ ကံတရား၏အလိုအရ လွတ်မြောက်ခဲ့သည်ကို အကြောင်းပြု၍ သံဝေဂကြီးစွာဖြင့် ၁၃၇၂ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် (၂၄-၄-၂၀၁၀) နေ့တွင် မိသားစု၏ ပစ္စယနုဂ္ဂဟကိုခံယူပြီး ရဟန်းဘောင်သို့ တက်လှမ်းနိုင်ခဲ့ပါသည်။

ဣန္ဒာသဘ္ဘ (ကန်ချောင်-စလင်း)

စာရေးသူများငယ်စဉ်က တောကတက် ရန်ကုန်ဘုရားဖူးထွက်ကြသော် ရွှေတိဂုံဘုရားကြီး၊ ဆူးလေဘုရားကြီး၊ ဗိုလ်တထောင်ဘုရား၊ ကမ္ဘာအေးဘုရား၊ မယ်လမုဘုရား စသည်ဖြင့် အဓိကထား ဖူးမြော်ပြီး ကုသိုလ်ယူ ရွာပြန်ခဲ့ကြ၏။

စာရေးသူတို့ အရွယ်ရလာ၍ ရန်ကုန်မှာ အခြေချနေထိုင်လာသော အခါ ရွာမှဘုရားဖူးများ ရန်ကုန်သို့ မကြာခဏလာကြ၍ ဘုရားဖူးလိုက်ပို့ပေးရသော် ငယ်စဉ်ကလိုမဟုတ်တော့။ တန်ခိုးကြီးဘုရားကြီးများ အလွန်များလာ၏။ (၂) ရက်၊ (၃) ရက်ကားငှားပို့ပါမှဘုရားစုံသလောက်ဖူးရ၏။ အနယ်နယ်မှ ရန်ကုန်သို့ ဘုရားလာဖူးကြသော ဘုရားဖူးကားများ မဖြစ်မနေ အရောက်ပို့ပေးရသော ဘုရားကြီးများမှာ ရွှေတိဂုံဘုရားကြီး၊ မဟာဝိဇယ၊ ဆူးလေ၊ ကမ္ဘာအေးဘုရား၊ မယ်လမုဘုရား၊ စွယ်တော်ဘုရား၊ မိုးကောင်းဘုရား၊ ကျောက်တော်ကြီးဘုရား၊ ဗိုလ်တထောင်ဘုရား၊ ပုဇွန်တောင် ရွှေဘုန်းပွင့်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား၊ ဥက္ကလာပစေတီ၊ ကျိုက္ကလော့စေတီ၊ မင်္ဂလာဒုံဥယျာဉ် ဇေကမ္ဘာဘုရားများ ဖြစ်ကြပါသည်။


ထိုသို့ ပြည့်ပြည့်စုံစုံ ဘုရားများ

အမှတ်(၁၇)


ကံဝင်း

## ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ

# မဟာကျိန်သစ္စာရှင်ရုပ်ပွားတော်မြတ်ကြီး



မဟာကျိန်ဘုရားကြီး



အရှေ့မုခ်ဦး




အောင်ဆုပန်ဘုရားကြီး
ယိုးတရုတ် ၊ ရခိုင်
(အမြင့် ၁၁၀ ပေ)



မဟာကျိန်ရုပ်ပွားတော်အတွင်း တ-
အထပ်တွင် သီတင်းသုံးတော်မူ
အဓိဋ္ဌာန်အောင်ဘုရား



အဓိဋ္ဌာန်အောင်ဆရာတော်
ကြေးသွန်းရုပ်တုတော်



ဘုရားကြီးပုံရိပ်တော် ကဆုန်လပြည့်ညမှာပေါ်(၂၀-၅-၂၀၁၆)








စုံစုံလင်လင် များစွာ ဖူးမြော်ရသည့် အတွက် တောနယ်များမှလာဘုရားဖူး များသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။ ဘုရားများစုံလင်မှ စူပါ မတ်ကတ်ကြီးဘက်လှည့်၍ ရွာအပြန် ဝယ်ကြလေ၏။

အနယ်နယ်မှ ရန်ကုန်မြို့သို့ ရောက်လာဘုရားဖူးများသည် ဘုရား စေတီတစ်ဆူရောက်တိုင်း ဘုရားသမိုင်း သိလိုကြ၏။ ခေါင်းဆောင်လိုက်ပို့သူမှ လည်း ဟုတ်တိပတ်တိမပြောနိုင်။ ဘုရား သမိုင်းစာအုပ်များကလည်း ဘုရားစေတီ များတွင်မရှိကြ။သမိုင်းစာအုပ်ရှိကြသော ဘုရားစေတီများတွင်လည်း တစ်အုပ် လျှင် (၃၀၀၀)၊ (၅၀၀၀)။ နယ်ဘုရားဖူး အတော်များများက ဝယ်မဖတ်နိုင်ကြ။ ဘုရားတစ်ဆူရောက်တိုင်း ဘုရားသမိုင်း အကျဉ်းသိလိုကြ၍ ဘုရားဝန်ထမ်းအချို့ မေးကြသော်လည်း တော်တော်များများ ဝန်ထမ်းများက တိတိကျကျ ရှင်းမပြ တတ်ကြ။ ထိုထိုသောအခက်အခဲများကို



မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်



မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်

စာရေးသူက ရွာမှ ဘုရားဖူးတော်တော် များများ မကြာခဏ လိုက်ပို့ပေးရသည့် အတွက် ထိုထိုသော အခက်အခဲကို ကောင်းစွာသိနေခဲ့ပါသည်။ အရွယ်ရ လာ၍ ဝါသနာပါရာစာပေများရေးသား ခွင့်ရလာသောအခါ ဘုရားစေတီသမိုင်း အကျဉ်းများ လေ့လာရေးသား၍ လစဉ် သူရဋ္ဌမဂ္ဂဇင်းကြီးတွင် တင်ဆက် ရေးသားခဲ့ပါသည်။ လစဉ် ရေးသား ဘုရားသမိုင်းအကျဉ်းများသည် အနယ်



မဟာကျိန်သစ္စာရှင်ဘုရားကြီး



ရုပ်ပွားတော်အတွင်းဒုတိယထပ်ဘုရားဆောင်မှ သံဃာတော်အရှင်မြတ်နှင့် စာရေးသူ



မဟာကျိန်ဘုရားကြီး ပဌမထပ်၌ ဖူးတွေ့ရသော ရဟန်းတော်

နယ်မှ ရန်ကုန်မြို့ရောက်လာ ဘုရားဖူးများအတွက် အလွန်အကျိုးများကုသိုလ်တရားတွေတိုးပွားစေခဲ့ပါသည်။ ဘာသာတရား ဦးထိပ်ထား၍ ဘုရားဖူးပို့ဆောင်ရေးဖြင့် အသက်မွေးဝမ်းကျောင်းနေသူများသည် ဘုရားသမိုင်းအကျဉ်းအတော်များစွာကိုလေ့လာထားကြသူများဖြစ်ကြရာ ရောက်ရာဘုရားသမိုင်းအကျဉ်းကိုဖြင့် ရှင်းပြတတ်ကြရပါမည်။ ဘုရားဖူးပို့ဆောင်သူများနှင့် ဘုရားစေတီများတွင် စာရေးသူနှင့် အမှတ်မထင်တွေ့ဆုံသောအခါများ၌ စာရေးသူမှန်းသိသွားကြသောအခါ ဝမ်းပန်းသာစွာ ကျေးဇူးတင်စကားပြောပြီးနှုတ်ဆက်ကြပါသည်။ ထိုအခါ၌ စာရေးသူ၏ရင်ထဲမှာ ဝမ်းသာလုံးဆို့နင့်နင့်နှင့် မျက်ဝန်းမှာပင် မျက်ရည်များစို့လာသည်အထိ ကြည်နူးပီတိဂွမ်းဆီထိသလိုဖြစ်ခဲ့ရပါသည်။

ဘုရားစေတီတော်များသို့ နေပူမရှောင်မိုးရွာမရှောင်အရောက်သွား၍ ရှေးဟောင်းဘုရား၊ သမိုင်းဝင်ဘုရားများပင်မက လူအများဖူးမြော်ကြည်ညိုနေသောဘုရားများကို သမိုင်းရာဇဝင်များကြိုးစားပမ်းစားဖော်ထုတ် အပင်ပန်းခံရကျိုးများနပ်ခဲ့ပါပြီ။ ဆက်လက်ပြီးရှေ့ခရီးဆက်ရန် အားသစ်အင်သစ်တွေဖြစ်ပေါ်နေပါပြီ။ ယခုဆိုလျှင်လည်း စာရေးသူသည် လူတွေအများစိတ်ဝင်စားစွာဖူးမြော်နေကြသော မြောက်ဥက္ကလာ၊ သုနန္ဒာလမ်းမကြီးပေါ်မှ ထင်ရှားကျော်ကြားလှပါသော 'မဟာကျိန်သစ္စာရှင်ဘုရား' ကြီးသို့ ရောက်ရှိလာခဲ့ပါသည်။

မဟာကျိန်သစ္စာရှင်သို့ ဘုရားကြီးပြီးစီးလုပြီးမြောက်ခရီးရောက်ခါနီး ဗုဒ္ဓါဘိသေကအနေကဇာမတင်မီ ကာလ ၂၀၁၂ ခုနှစ်ဆန်းပိုင်းက စာရေးသူတစ်ယောက်ရောက်ခဲ့ပါသေး၏။ ထိုစဉ်က တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သော ဒုတိယဗိုလ်မှူးကြီးတင်မြ (ငြိမ်း) အထံ ရွှေပေါက်ကံနေ ပတ္တမြားစေတီတော် ဂေါပကနာယကကြီးဆရာကြီးဦးအောင်ကြည်၏မိတ်ဆက်ပေးမှုနှင့်အတူ ဒုတိယဗိုလ်မှူးကြီးတင်မြ(ငြိမ်း)နှင့် တွေ့ဆုံမေးမြန်းပြီး တည်ဆောက်ဆဲ ပြီးစီးခါနီး အခြေအနေ မဟာကျိန်သစ္စာဘုရားကြီးဆောင်းပါးကို သူရဿမဂ္ဂဇင်းမှပင် ရေးသားတင်ဆက်နိုင်ခဲ့ပါသည်။ (၄) နှစ်နီးပါး အကြာကာလသို့ ဒုတိယမ္ပိရောက်လာပြီးနောက် ယခုရေးသားတင်ဆက်ခြင်းပါ။




ဘုရားကြီးပေါ်မှ လှမ်းမြင်ရပါသော မြောက်ဥက္ကလာ သုနန္ဒာ

မဟာကျိန်သစ္စာရှင်ဘုရားကြီးကို ရန်ကုန်မြို့ထဲမှလာသော် မြောက်ဥက္ကလာပအဝိုင်းကြီး၊ ကမ္ဘာ့ဇာဘက်ကျော်လိုက်သည်နှင့် ဦးစွာပထမ ကားရှေ့တည့်တည့် ကောင်းကင်မှာ ထင်ရှားဝင့်ကြွားစွာဖြင့် ဖူးမြော်နိုင်ပါသည်။ သုခမ္မာလမ်းမကြီးပေါ်မှ သုနန္ဒာစာတ်ဆီဆိုင်ကျော်ပါလျှင် လက်ယာဘက်ခြမ်း၌ သုနန္ဒာလမ်းတွေ့ပါမည်။ ထိုလမ်းအတိုင်းအနည်းငယ်သွားလိုက်သော် 'မဟာကျိန်သစ္စာရှင်ဘုရားကြီး'ကို ဖူးတွေ့ရမည်ဖြစ်ပါသည်။

□ မဟာကျိန်သစ္စာရှင်ရုပ်ပွားတော်ကြီး

မဟာကျိန်သစ္စာရှင်မြတ်စွာဘုရားကြီးအရှေ့ဘက်မှာ ယာဉ်ရပ်နားရန်ကားပါကင်များ စီစဉ်ထားသော်လည်း ဘုရားဖူးလာကားများစွာကြောင့် ကားထားရန်နေရာ မနည်းရှာရပါသည်။



ရုပ်ပွားတော်ကြီးအောက်မှ မျှော်စင်



မဟာကျိန်ဘုရားကြီး ဦးခေါင်းတော်အနီး ရင်ပြင်တွင် စာရေးသူနှင့် သမီး မေရွှင်ကံဝင်း

ထွက်နေသောနေရာများတွင် ဈေးဆိုင်လေးများ၊ တွန်းလှည်းဈေးရောင်းလှည်းများက နေရာယူထားကြပါသည်။ မဟာကျိန်သစ္စာရှင်ဘုရားကြီး၏ ခံ့ညားလှပါသော မုခ်ဦး၏ မြောက်ဘက်ခြမ်းတွင် ကားရပ်နားရန်နေရာရ၍ တော်သေး၏။ ဘုရားကြီးသို့ စိတ်ချမ်းသာစွာ ဖူးမြော်ကန်တော့ခွင့်ရပါတော့၏။ ဘုရားကြီးရင်ပြင်တော် ရုပ်ပွားတော်ရှေ့မှာ ဘုရားဖူးများနှင့်စည်ကားနေလေ၏။ ညနေပိုင်းအချိန်ကာလ နေအေးအေးမှာ ဘုရားဖူးရ၍ကောင်းပါသည်။ မြင့်မားကြီးမားလှသောရုပ်ပွားတော်မြတ်ကြီးမို့ အတော်မော့ပြီးဖူးရသည်က တစ်မျိုးထူးလှ၏။ ရုပ်ပွားတော်မြတ်ကြီးသည် ပုဂံခေတ်ဘုရင်မင်းမြတ်များဝတ်ဆင်ထားဝတ်ရုံနှင့် ဆင်ဆင်တူလှပါသည်။ သို့သော် ရင်ပြင်တော်ပေါ်တွင် သမိုင်းပညာရှင်တစ်ဦးနှင့် အမှတ်မထင် ဘုရားဖူးရင်းတွေ့၍မေးကြည့်သောအခါ ပုဂံခေတ်ဘုရင်များဝတ်ရုံမဟုတ်ပါဘဲ ရှေးခေတ်မင်းဘုရင်မင်းများ၏ ဘိသိက်ခံဝတ်ရုံတော်ဟု အဆိုရှိလှ၍ သိရပါသည်။

မဟာကျိန်ဘုရားကြီး၏ပုံတော်မှာ တင်ပျဉ်ခွေပုံတော်ဖြစ်ပါသည်။ ဦးခေါင်းတော်တွင် ရာဇဘိသေကမင်္ဂလာခံယူပြီး ဘုရင်မကိုဋ်သရဖူအတိုင်း သရဖူဆောင်းထားပုံ ဖြစ်ပါသည်။ လည်ပင်းတော်တွင် အရေးသုံးရေးပါရှိပါသည်။ ဘုရားရုပ်ပွားတော်များတွင် နားတော်မှာ ပခုံးနှင့်ထိသည်များ ဖူးတွေ့ရသော်လည်း ယခု မဟာကျိန်ဘုရားကြီးနားတော်မှာ ပခုံးနှင့်ထိမနေပါ။ ပခုံးနှင့်ထိနေသောအရာသည် ဘုရင်မင်းမြတ်များဝတ်ဆင်လေ့ရှိ နားတောင်းတော်ဖြစ်ပါသည်။

ရုပ်ပွားတော်တင်ပျဉ်ခွေပုံတော်တွင် ဘယ်ခြေဖဝါးကို ညာခြေထောက်အောက်တွင်ထား၍ ညာခြေဖဝါးကို ဘယ်ဘက်ပေါင်ပေါ်တွင် တင်ထားပြီး ခြေဖဝါးနှစ်ဖက်လုံးကို တင်ပျဉ်ခွေပေါ်တွင် ဘယ်ညာတစ်ဖက်တစ်ချက်ယှက်တင်ထားသည်ကို ဖူးတွေ့ရပါသည်။

ဈာနမုဒြာ ဘယ်လက်ဖဝါးပေါ်တွင် ညာလက်ဖဝါးတင်၍ လက်နှစ်ဖက်ယှက်ကာ အမြိုက်အိုးခေါ် ဆေးတော်အိုးကိုတင်ထားသည်ကို ဖူးရပြန်ပါသည်။

**□ မဟာကျိန်ဘုရား သို့မဟုတ် ဘုရင်မင်းမြတ်များသစ္စာဆိုဘုရား**

ရှေးအခါက ဉာဏ်တော်တစ်တောင်ခန့်နှင့် အငယ်ဆုံး တစ်မိုက်အရွယ် ဘုရင်မင်းမြတ်၏ အာရုံခံဆန္ဒတော်အတိုင်း ရုပ်ပွားတော်မြတ်ကို ဘုရင်မင်းမြတ်မှ ဦးခေါင်းပေါ်တွင်တင်တော်မူ၍ သစ္စာအဓိဋ္ဌာန် ကျိန်ဆိုခြင်းပြုခဲ့ကြပါသည်။

"... ဘိုးဘေးစဉ်ဆက် ကိုးကွယ်ကြသော ဗုဒ္ဓဘာသာကို ကိုးကွယ်ပါမည်... မင်းကျင့်တရား(၁၀)ပါး၊ သိင်္ဂဟတရား(၄)ပါး၊ အပရိဟာနယတရား (၇)ပါးကိုစောင့်ရှောက်ပါမည်။ ... သာသနာတော်အကျိုးကို ဆောင်ရွက်ပြီး သာသနာရန်သူများကို ရှင်းလင်းပါမည် ..."

ဟု သစ္စာအဓိဋ္ဌာန်ပြုပါသည်။

နန်းတက်သောဘုရင်တိုင်းသည် အထက်ပါအတိုင်း သစ္စာအဓိဋ္ဌာန်ကျိန်ဆိုနိုင်ရန် မဟာကျိန်ဘုရားကို သွန်းလောင်းပူဇော်ရပါသည်။ သွန်းလောင်းရာတွင် ဘုရင်တစ်ပါးစီ၏ ဆန္ဒအာသီသတော်အတိုင်း အကြီးဆုံး ဉာဏ်တော်တစ်တောင်၊ အငယ်ဆုံးတစ်မိုက် စသည်ဖြင့်ပူဇော်သွန်းလုပ်သည်။ ထိုရှေးဟောင်းရုပ်ပွားမဟာကျိန်ဘုရားများကို ရှေးရခိုင်မင်းများ၏ မင်းဝတ်တန်ဆာများဖြင့် ဝတ်ဆင်ထားသည်ကို တွေ့မြင်နိုင်ပါသည်။ ထိုဦးခေါင်းထက်၌ ရုပ်ပွားတော်တင်၍ သစ္စာဆိုကျိန်ဆိုရသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကို မဟာကျိန်ဘုရားဟု ခေါ်တော်မူပါသည်။ တိုင်းပြည်သာယာရေး၊ အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေးများ စီမံခန့်ခွဲလုပ်ဆောင်ရခြင်းများစသည်တို့ကို မင်းကျင့်တရားဖြင့် ဖြောင့်မတ်မှန်ကန်စွာ စီမံအုပ်ချုပ် မင်းလုပ်ပါမည်ဟုဆိုခြင်းကြောင့်လည်း 'မဟာကျိန်သစ္စာရှင်ဘုရား' ဟု ဘွဲ့အမည်တော်ထင်ရှားတော်မူပါသည်။

**□ရည်ရွယ်ချက်ကြီးစွာတည်တော်မူခဲ့သည်**

မဟာကျိန်သစ္စာရှင် ဘုရားကြီးအား ဦးဆောင် တည်တော်မူသည့် ဆရာတော်သည် မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော် ဘဒ္ဒန္တကုလရက္ခိတ ဖြစ်တော်မူပါသည်။ ဆရာတော်သည် အဓိဋ္ဌာန်ဝင်လိုသည့်ပုဂ္ဂိုလ်များအတွက် အဓိဋ္ဌာန်ဝင်နိုင်ရန် ဘုရားကြီးတစ်ဆူကို တည်ထားပေးလိုသည့်စေတနာကြောင့် ရှေးယခင် ရခိုင်ဘုရင်များလက်ထက်တော်က ဘုရားများ ဦးခေါင်းထက်ပေါ်တွင် တင်ပြကျိန်ဆိုသည် (သို့) သစ္စာဆိုခဲ့သည့်ရုပ်ပွားတော်မျိုးဆိုလျှင် ကောင်းလိမ့်မည်ဟုအကျိုးငှာ ယခုလက်ရှိနေရာ

၌ မဟာကျိန်သစ္စာရှင်ရုပ်ပွားတော်ကြီးကို ဖူးတည်ထားရခြင်း ဖြစ်သည်။ ဘုရားကြီး၏ဉာဏ်တော်မှာ (၁၂၉) ပေ၊ (၆) လက်မရှိပြီး ပလ္လင်တော်အမြင့်မှာ (၂၇) ပေ (၆) လက်မ၊ အလျား (၉၀) ပေ၊ အနံ (၅၀) ပေ စမ္မခဏ်အမြင့် (၃) ပေ၊ ကိုယ်လုံးတော်အမြင့် (၉၉) ပေ၊ ဒူးတော်အကျယ်(၇၂)ပေ၊ အမြင့် (၁၈) ပေ ဖြစ်ကြောင်း ဖော်ပြထားသည်။

လွန်ခဲ့သော နှစ်ပေါင်း (၁၅၀၀) ကျော်က ဝေသာလီခေတ် ရခိုင်ဘုရင်များ တည်ထား သွန်းလောင်း ပူဇော်ပြီး မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံးနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး၊ သတ္တဝါအားလုံးအတွက် အဓိဋ္ဌာန်အောင်မြင်အကျိုးပွားများစေရန်အတွက် စိတ်ရည်သန်ပြီးတည်ထားကိုးကွယ်ရန်ဆန္ဒပြင်းပြတော်မူသည်နှင့်အညီ ဆရာတော်ကြီးဘဒ္ဒန္တကုလရက္ခိတ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး မြန်မာမှုဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများ စသော ပညာရှင်များက မိမိတို့ဆိုင်ရာပညာများဖြင့် ဘုရားကြီးတည်ရန်စီမံသည်မှာ ပထမအကြိမ်သဲကျင်းပေါင်း(၁၀၈၇)ကျင်းဖို့ပြီးနောက် ၇-၁-၂၀၀၆ ရက်နေ့မှာ အသေးဆုံး (၁)ပေတိုင် (၁-၅)ပေတိုင်နှင့် (၂)ပေတိုင် (၃၂)လုံးကို မြေကြီးတစ်တိုင်လျှင် ပေ (၁၂၀) ရိုက်သွင်းခဲ့သည်။ ၁၂-၇-၂၀၀၇ နေ့တွင် ဒုတိယအကြိမ် သဲ(၁၂၆၈)ကျင်းကို ထပ်မံဖြည့်သွင်းခဲ့၏။ ၂၉-၁၂-၂၀၀၇ (စနေနေ့) ၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ နံနက် (၈) နာရီတွင် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ကျင်းပပြီး ပလ္လင်တော်ကိုစတင်ခဲ့သည်။ ၁၆-၈-၂၀၀၈၊ စနေနေ့၊ ဝါခေါင်လပြည့်နေ့၊ နံနက် (၇) နာရီတွင် ကိုယ်လုံးတော်စီ မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီး ၂၇-၁၂-၂၀၀၈ရက်နေ့ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁ ရက်နေ့၊ စနေနေ့တွင် စမ္မခဏ်နှင့်ကိုယ်လုံးတော်ပုံဖော်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။

ဘုရားကြီး၏ ရုပ်လုံးတော်မြတ်ကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ ပုံဖော်မှုပြီးစီးခဲ့သည်။ ကိုယ်လုံးတော်မြတ်ကြီးတည်ထားနေစဉ်ကာလအတွင်းမှာပင် ၂၇-၃-၂၀၀၉ ရက်နေ့တွင် မဟာရံတံတိုင်းကြီး တည်ဆောက်ရန်အတွက် လုပ်ငန်းစတင်ခဲ့သည်။ ဘုရား၏ပုံတော်မှာ ဈာနမုဒြာဖြစ်ပြီး လက်တော်နှစ်ဖက်တွင်း၌ သစ္စာရေစင်အိုးထားရှိပါသည်။ ၂၅-၃-၂၀၁၂ရက်နေ့ (တနင်္ဂနွေနေ့)တွင် ဗုဒ္ဓါဘိသေကမင်္ဂလာအခမ်းအနားပြုလုပ်ပြီးစီးတော်မူခဲ့ပါသည်။

**ဃ မဟာကျိန်သစ္စာရှင်ဘုရားကြီးအား ဦးဆောင်တည်တော်မူသော မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်ဘုရား၏ ထူးဆန်းသော ဘဝခရီးလမ်းသမိုင်းမှတ်တမ်း**

ဆရာတော်သည် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စွန်ရဲကျေးရွာ၌ ဘခမည်းတော် ဦးဝဲဒိုး၊ မယ်တော် ဒေါ်စံသာဦးတို့မှ ၁၃၀၉ ခုနှစ်၊ ဝါခေါင်လဆုတ်၄ရက်၊ တနင်္လာနေ့ ၄-၈-၄၇ နေ့တွင် ဖွားမြင်သန္ဓေစင်တော်မူခဲ့ပါသည်။ ၁၃၂၀ ပြည့်နှစ် သက်တော် (၁၀)နှစ်တွင် ရှင်သာမဏေအဖြစ် ခံယူတော်မူခဲ့ပြီး ၁၃၂၈ ခု၊ သက်တော် (၂၀) ပြည့်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။ ပရိယတ္တိစာပေနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း အောင်မြင်တော်မူခဲ့ပါသည်။ စစ်တွေမြို့ မြို့မကျောင်းတိုက်နှင့် ရန်ကုန်မြို့ ဗဟန်း ဦးထောင်ဗိုလ်လမ်းရှိ ဓညဝတီပရိယတ္တိစာသင်တိုက်တို့တွင် ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးခဲ့ပါသည်။ စာချတန်း သုတ္တန်ပိဋကတ်၊ ဒီဃနိကာယ်ကို နှုတ်တက်အာဂုံဆောင်တော်မူခဲ့ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် သာသနဓဇသီရိပဝရဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တခန္တီ၏ အန္တေဝါသိကတပည့်ရင်းတစ်ဦး ဖြစ်ပါသည်။

ထို့နောက် စွန်ရဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ကျောင်းပိုင်အဖြစ် သီတင်းသုံးနေတော်မူလျက် တပည့်ရဟန်းရှင်သာမဏေ၊ ကျား၊ မ လူငယ် (၅၀၀) ခန့်တို့အား (၉) နှစ်တိုင်တိုင် ပရိယတ္တိစာပေများကို ပို့ချပေးတော်မူခဲ့ပါသည်။ သံဃနာယကအဖွဲ့ အစည်းအဆင့်ဆင့်တို့၏ ဩဝါဒကို အမြတ်တနိုးခံယူတော်မူလျက် တောတောင်အသီးသီးတို့၌ မဟာဓေယျသိဒ္ဓိကျင့်စဉ်ခေါ် ဗုဒ္ဓါနုဿတိဘာဝနာကို ၁၃၄၁ ခု၊ နှစ်ဆန်း ၁ ရက်နေ့မှစ၍ ရာသက်ပန် သက်သက်လွတ်ဆွမ်းကိုဘုဉ်းပေးလျက် စတင်ကြိုးစားအားထုတ်တော်မူလာခဲ့ရာ သက်တော် (၃၆) နှစ်၊ သိက္ခာတော် (၁၆) ဝါတွင် အဓိဋ္ဌာန်ဆရာတော်ဟူ၍ ထင်ပေါ်ကျော်စောလာခဲ့ပါသည်။ ဆရာတော်သည် မိမိဇာတိရပ်ရွာဖြစ်သော စွန်ရဲကျေးရွာ တစ်နေရာတည်းတွင် အားထုတ်နေတော်မူခဲ့ခြင်းဖြင့် အားရတင်းတိမ် ကျေနပ်မှုမရှိဘဲ မင်းပြားကျိန်းတောင်၊ ဝေသာလီ၊ ဦးရာဇ်တော်၊ မြောက်ဦး၊ ကျောက်တော်၊ ပလက်ဝ၊ ဆံတော်ရှင်၊ ဥသ္သလင်း၊ ရသေ့တောင်၊ မောင်တော စသော နေရာအသီးသီးတို့ကို ကြွရောက်တော်မူပြီး မိမိကိုယ်တော်တိုင်လည်း အဓိဋ္ဌာန်တော်ဆောက်တည်ခြင်း၊ တပည့်ဒကာဒကာမတို့အား တရားဓမ္မဟောပြောပြသခြင်းအစရှိသည့် သာသနာ့ကိစ္စရပ်များကို နေ့မအားညမအား ကျင့်ကြံအားထုတ်ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်သည် သက္ကတ၊ ဗြဟ္မီ စသော ကျောက်စာမျိုးပေါင်း (၂၄) တို့ကို သိမြင်နားလည်သော ပုဂ္ဂိုလ်တစ်ပါးလည်း ဖြစ်ပါသည်။ မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန်ကျင့်စဉ်၊ မုနိရာဇာဘုရားပူဇော်နည်း၊ လောကနာထ၊ ဒေဝယက္ခပူဇာ ရေဆူဘုရားပူဇော်နည်းနှင့် (၂၈) ဆူစက်ပုရိတော် စသော ဗုဒ္ဓစာပေများကို ဓမ္မဒါနအဖြစ် ရေးသားပြုစုတော်မူခဲ့ပါသည်။ တောတောင်အသီးသီးတို့တွင် တရားအားထုတ်တော်မူ၍ အဓိဋ္ဌာန်အောင်ပွဲကျင်းပနေစဉ်ကာလအတွင်း ဗောဓိညောင်ရွက်များသည် အောင်ပွဲတိုင်း ကတော့ထိုးခြင်းကို ထူးဆန်းအံ့ဩဖွယ်ရာ ပေါ်ပေါက်ခဲ့ဖူးပါသည်။ ယခုအခါ ဆရာတော်သည် သာသနာ့မြေအဖြစ် နိုင်ငံတော်အစိုးရမှ တရားဝင်သတ်မှတ်ခွင့်ပြုထားသော စစ်တွေမြို့ အံကျိန်းတော်ကုန်း ကန်တော်ငယ်အနီး (၅) ဧကခန့်ရှိသော သာသနာ့မြေပေါ်တွင် သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် နောင်တစ်ခေတ် သမိုင်းတွင်ရစ်စေမည့် စတုရန်းပေ (၄၀၀၀၀)ရှိ မဟာဓေယျသိဒ္ဓိအဓိဋ္ဌာန်သိမ်တော်ကြီးတစ်ဆောင်ကို ရခိုင်ဘုရင် မင်းဗာကြီး ကိုးကွယ် တည်ထားတော်မူခဲ့သည့် ရှစ်သောင်းဘုရားပုထိုးတော်ကို အခြေခံ၍ ကျပ်သိန်းပေါင်းများစွာ အကုန်အကျခံကာ ပုံစံယူတည်ဆောက်လျက်ရှိနေပါသည်။ ဤမျှ ထုထည်ကြီးမားသော သိမ်တော်ကြီးကိုတည်ဆောက်ရာတွင် မည်သည့် အတတ်ပညာရှင် အင်ဂျင်နီယာတစ်ဦးတစ်ယောက်ထံမှအကူအညီတစ်စုံတစ်ရာရယူမှုမရှိဘဲ မိမိကိုယ်ပိုင်ဉာဏ်တော်ဖြင့်သာလျှင် ညွှန်ကြားတည်ဆောက်တော်မူနေခြင်း ဖြစ်ပါသည်။ သိမ်တော်ကြီး၏ နံရံမှာ (၅) ပေထုရှိပြီး အရံတိုင်တစ်လုံးစီပေါ်တွင် သံဃာတော် (၉)ပါးဖြင့်လည်းကောင်း ဆွမ်းဘုဉ်းပေး

ဓောာ်မူခြင်း၊ ပရိတ်ပဋ္ဌာန်းရွတ်ဖတ် သရဇ္ဈာယ်ခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဤသိမ်တော်ကြီးအတွင်း (၆၄)မျိုးသော ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီတော်ပေါင်း (၈၀)ဆူနှင့် ဓာတ်တော်မွေတော်ရုပ်ပွားတော်ပေါင်း (၆၃၅၄၅၂၂) ဆူတို့ကို ဌာပနာသွင်း တည်ထားကိုးကွယ်လျက် မြန်မာတစ်မျိုးသားလုံးသာမက ကမ္ဘာသူကမ္ဘာသားအားလုံး အေးချမ်းသာယာပါစေကြောင်း မွန်မြတ်သောစိတ်ထားဖြင့် ရည်မှန်းချက်ထားရှိ၍ ကျပ်သိန်းပေါင်းများစွာ အကုန်အကျခံကာ တည်ဆောက်တော်မူနေခြင်း ဖြစ်ပါသည်။ ဤသိမ်တော်ကြီးအပြတ်သတ် တည်ဆောက်ရန် ခန့်မှန်းခြေ ကျပ်သိန်းပေါင်း (၂၀၀၀) ခန့်ကုန်ကျမည်ဟု သတ်မှတ်လျာထားရှိပါသည်။ ဤသိမ်တော်ကြီး၏ခေါင်မိုးပေါ်တွင် ရာသီဥတုဒဏ်ခံနိုင်ရန်နှင့် အဝွန်ရှည်စွာ ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် ကြေးပုတိုးတော် (၉) လုံး တည်ထားပူဇော်ရန် ရည်သန်ထားရှိပါသည်။ ယခုအခါ လုပ်ငန်းအဝဝ၏ (၇၅)ရာခိုင်နှုန်းမျှ ပြီးစီးနေပြီဖြစ်ပါသည်။

တစ်ဖန် ဆရာတော်ဘုရားသည် ဝမ်းဖောဝမ်းရောင်ရောဂါ မချိမဆံ့ ခံစားနေရ၍ အဓိဋ္ဌာန်တော်ကိုရပ်ထားရမည့်အနေအထား ဖြစ်ပေါ်နေစဉ် ၁၃၄၄ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်နေ့၊ ည(၁၂)နာရီအချိန်တွင် မထင်ရှားသောအမျိုးသမီးတစ်ဦးမှ ဆေးနည်းလာရောက်ပေးသွားပြီး ပျောက်ကွယ်သွားပါသည်။ ၎င်းဆေးနည်းဖြင့်ဖော်စပ်ပြီး စားသုံးသည့်နေ့မှစ၍ ရောဂါဝေဒနာလုံးဝ ကင်းစင်ပျောက်သွားပြီး တရားစမ္မ ဆက်လက် ဆောက်တည် အားထုတ်ခွင့် ရရှိတော်မူခဲ့ပါသည်။

မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်ဘုရားသည် မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ကျင့်စဉ်ခေါ် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၏ ပထမကဏ္ဍ၊ ပထမအဆင့် (၉)ရက် စတင်တည်ဆောက်၍ (၄)ရက်မြောက်နေ့ညတွင် ဆရာတော်ဘုရားရှေ့တည့်တည့်၌ ဝတ်ဖြူစင်ကြယ်ဝတ်ထားသောပုဂ္ဂိုလ်တစ်ဦးနှင့် အနီဝတ် (ယောဂီဝတ်) ပုဂ္ဂိုလ်တစ်ဦး ပေါင်း(၂)ဦးတို့သည် မမျှော်လင့်ဘဲ ရုတ်တရက် မတ်တပ်ရပ်လျက်ပေါ် လာသဖြင့် ဆရာတော်ဘုရားမှ -

"အသင်တို့သည် ငါ့ထက် တန်ခိုး

| | | |
|---|---|---|
| [illegible] | | |
| (ဘဂဝါ) | ပထမဆင့် | ပုတီး(၃သိန်း)(၃)ရက် |
| (မှန်ဘဂဝါ) | ဒုတိယအဆင့် | ပုတီး(၅သိန်း)(၅)ရက် |
| (မဟာမှန်ဘဂဝါ) | တတိယအဆင့် | ပုတီး(၇သိန်း)(၇)ရက် |
| (ဦးမှန် မဟာမှန်မှန်) | စတုတ္ထအဆင့် | ပုတီး(၉သိန်း)(၉)ရက် |

[illegible]

မဟာမုနိ မဟာပုညာ မဟာတေဇော
မဟိဒ္ဓိကော မဟာ့ ဒီပေါ မဟာနုဘော
မဟာ ဗောဓိ မဟာဗေဒယော
(တစ်နေ့ ၉ ခေါက်ရွတ်ပါ)

[illegible]

အဓိဋ္ဌာန မဟာထေရ် မဟာဇေယျ သိဒ္ဓိနာမံ
နိဗ္ဗာန်ဝဇ္ဇာမိ အာဒေနဲ့ ဘဝတုသဗ္ဗမင်္ဂလံ

အာနုဘော်ကြီးက ငါဦးညွှတ်မည်။ ငါ့ထက်တန်ခိုး အာနုဘော်နည်းလျှင် ငါ့အား ဦးချကြ"

ဟု အမိန့်ရှိသည်နှင့်တစ်ပြိုင်နက် ယင်းပုဂ္ဂိုလ်နှစ်ဦးစလုံး ပြိုင်တူဦးချကန်တော့ကြပြီး ပျောက်ကွယ်သွားကြကြောင်း အမိန့်ရှိခဲ့ဖူးပါသည်။

မင်းပြားမြို့နယ် စွန်ရဲကျေးရွာ ပြိန်းတောချောင်တောရကျောင်း ပဉ္စမကဏ္ဍ အဓိဋ္ဌာန်တော် (၇၂) ရက် ကာလအတွင်း မြွေဟောက်တစ်ကောင်သည် အိမ်မွေးတိရစ္ဆာန်တစ်ကောင်အလားယဉ်ပါးစွာဖြင့် အန္တရာယ်တစ်စုံတစ်ရာ မပြုလုပ်ဘဲ တစ်လခွဲခန့် သွားလာလှုပ်ရှားနေထိုင်ခဲ့ကြောင်း၊ ဆဋ္ဌမကဏ္ဍ အဓိဋ္ဌာန်တော်(၈၁)ရက်အတွင်း တစ်လတာမျှအတွင်း အိပ်မက်(၃)ကြိမ်တိုင်တိုင် ဆက်တိုက်လာပေးနေပြီးသဖြင့် ၁၃၄၅ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့က ဒကာတစ်ဦးအား ခေါ်ယူပြီး တူးခိုင်းရာမှ ရှေးနှစ်ပေါင်း (၆၀၀)ခန့်လောက်က သွန်းလုပ်ခဲ့သော ရှေးဟောင်းကျောက်ညိုရုပ်ပွားတော်တစ်ဆူကို တူးဖော်ရရှိ၍ မဟာသုပိနမုနိဟူ၍ ဘွဲ့တော်ပေးကာ ကိုးကွယ်ထားရှိခြင်း၊ ဆရာတော်ဘုရား၏ ပုံတော်ကိုအာရုံပြုလျက် လက်ဝါးကိုဖြန့်၍ ဆရာတော်ဘုရားအား မနောဖြင့် ပင့်ဖိတ်ပါက ထင်ထင်ရှားရှား ဖူးမြော်ကြည်ညိုခွင့်ရကြခြင်း၊ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် (၁၃၅၅ ခုနှစ်၊ ပြာသိုလပြည့်) နေ့က တောင်ငူမြို့တွင် နေအိမ်အသီးသီးမှ ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်လျှောက်ထား၍ ကြွရောက်တော်မူပြီး ပရိတ်တရားတော်ချီးမြှင့်ပေးရာမှ ပရိတ်ရေဆူပွက်ခြင်း၊ ၁၉၉၄ ခု ဖေဖော်ဝါရီလ ၂ ရက်နေ့က တောင်ငူမြို့မှ

မန္တလေးမြို့သို့ကြွတော်မူရာ၌ ၎င်းနေ့တွင်ပင်တစ်ကြိမ်၊ နောက်တစ်နေ့ ၃-၂-၉၄ နေ့တွင် တစ်ကြိမ် စသည်ဖြင့် (၂) ရက်တာကာလအတွင်း လေးလတိုင်တိုင် မိုးမရွာသွန်းခဲ့သော မန္တလေးမြို့တွင် (၃)ကြိမ်တိုင်တိုင် မိုးရွာသွန်းခြင်း စသော ထူးဆန်းအံ့ဩဖွယ်ဖြစ်ရပ်ဆန်းများ ပေါ်ပေါက်ခဲ့ဖူးပါသည်။ ယခုအခါ ဆရာတော်သည် စစ်တွေမြို့ အံကျိန်းတော်ကုန်း မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်သိမ်တော်ကြီး၌ ကမ္မဋ္ဌာန်းတရားရေအေးအမြိုက်ဆေးကို ဆက်လက်တိုက်ကျွေးလျက်ရှိနေပါသည်။

ဆရာတော်ဘုရားအနေဖြင့် မိမိသည် မဟာဇေယျသိဒ္ဓိကျင့်စဉ် (ခေါ်) ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ကျင့်ကြံကြိုးစားအားထုတ်နေသောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်နှင့်အညီ မြတ်စွာဘုရားကိုယ်တော်တိုင်သက်တော်ထင်ရှားရှိစဉ်ကပင် ကိုယ်စားတော်အဖြစ် သွန်းလုပ်တော်မူခဲ့သော တစ်နည်းအားဖြင့် သက်တော်အရှည်ဆုံး ရုပ်ပွားတော်တစ်ဆူလည်း ဖြစ်တော်မူသည့် မဟာမြတ်မုနိကြေးဆင်းတုရုပ်ပွားတော်တစ်ဆူကို မိမိကြွရောက်တော်မူရာ အရပ်ဒေသတိုင်းသို့ လည်းကောင်း၊ အဓိဋ္ဌာန်တော်ဝင်ကာလတစ်လျှောက်လုံးတွင်လည်းကောင်း မိမိနှင့်မကွဲမကွာ ဦးထိပ်ထား၍ ပင့်ဆောင်ပူဇော်လျက် မြန်မာနိုင်ငံတစ်ဝန်းဒေသစာရီကြွချီတော်မူပြီး သတ္တဝါအနန္တတို့အား မေတ္တာတရားချီးမြှင့်ခြင်းဖြင့် အပူဇော်ခံလျက်ရှိနေပါသည်။ ဆရာတော်ဘုရားအား မိမိရောက်ရှိရာနေရာအရပ်ရပ်မှ မနောအာရုံဖြင့် ပင့်ဆောင်ပူဇော်နိုင်ခြင်း၊ ပရိတ်တရားချီးမြှင့်သည့်အခါတိုင်း ပရိတ်ရေဆူပွက်ခြင်း စသော ထူးခြားသည့်ဖြစ်ရပ်ဆန်းများ ကြုံကြရသည်ဖြစ်ရာ စာရှုသူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ရေးသားတင်ပြအပ်ပါသည်။

*မေတ္တာများစွာဖြင့်*

**ကံဝင်း**

**ကျမ်းကိုး -**

၁။ အဓိဋ္ဌာန်သာသနာပြုအဖွဲ့ထုတ် အဓိဋ္ဌာန်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် အရိယာလမ်းစဉ်။
၂။ မဟာကျိန် ဆစ္စာရှင်ဘုရားကြီး သမိုင်း။
၃။ ကိုယ်တိုင် ကွင်းဆင်း လေ့လာခြင်း။

မြတ်ဗုဒ္ဓ၏ နှုတ်ကပါဌ်တော်မှ ဟောကြားတော်မူသော ဒေသနာများ၊ ပရိတ်တရားတော်များကို နာကြားရခြင်းကြောင့် လူဖြစ်ရကျိုးနပ်လှပေသည်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် မွေးဖွားလာရခြင်းအတွက်လည်း အလွန်မှပင် ကံကောင်းပါသည်။ ဘုရားဟောမဟုတ်သော်လည်း ရှေးက ဆရာတော်ဘုရားကြီးများ၊ ဆရာကြီးများ၏ သီကုံးရေးဖွဲ့ခဲ့သော ဂါထာမန္တရားများတို့သည်ပင် အစွမ်းထက်လှသည်ကို ကြားဖူးနားဝရှိခဲ့ရပါသည်။

ထိုအထဲတွင် မြတ်စွာဘုရားအဆူဆူကို ရှိခိုးပူဇော်သော သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီး၏ အစွမ်းထက်ပုံ၊ တန်ခိုးကြီးပုံတို့ကို ငယ်စဉ်ကာလကတည်းက အစဉ်တစိုက်မှတ်သားလာခဲ့ရသည့် စာအုပ်စာပေတို့တွင်လည်း ဖတ်ရှုရသည်။ မိဘဘိုးဘွားလက်ထက်မှစ၍ တစ်စတစ်စပြောဆိုသင်ကြားလာခဲ့သဖြင့် အလွတ်ရွတ်ဆိုခဲ့ကြပါသည်။

ကျွန်မအဘွားက ဒုတိယကမ္ဘာစစ်အတွင်းက သူ့အဖြစ်အပျက်ကို ပြောပြဖူးသည်က တစ်နေ့နေ့လယ်ခပ်ပျင်းပျင်းရှိသည်နှင့် အိပ်စက်နေစဉ် အဘွားတို့၏အိမ်ခေါင်မိုးကို မီးစွဲလောင်သည်ဟု အိပ်မက်မက်ရာ ချက်ချင်းအိပ်ရာထက်မှထ၍ ခေါင်မိုးပေါ်သို့မော့ကြည့်မိသည်။ ထွက်ကြည့်မိသည့်အချိန်ထိုစဉ်က ကျွဲညီနောင်ဟု ခေါ်သည့်လေယာဉ်လာနေကြောင်း သိရသဖြင့် ဗုံးခိုကျင်းသို့ အမြန်ဆုံးပြေးပုန်းခဲ့သည်။

ယင်းလေယာဉ်မှ ဗုံးဆန်တစ်ခုသည် နေအိမ်သို့မကျရောက်ဘဲ အိမ်နှင့်ပေ (၅၀) ခန့်ဝေးသော အနောက်ဘက်ရှိ လယ်ကွင်းထဲသို့ ကျရောက်သွားခဲ့သည်တဲ့။

"အဲဒါ သမ္ဗုဒ္ဓေဂါထာတော်ကို နေ့စဉ်ရွတ်ဖတ်ခြင်းအကျိုးပဲ"

ဟု အဘွားကပြောပြပါသည်။



(ပညာရေး)

# ကြင်ကြင်

## ဂါထာတော်ကျူး ထူးတဲ့သမ္ဗုဒ္ဓေ

ကျွန်မတို့ညီအစ်ကိုမောင်နှမများကိုလည်း အဘွားကသင်ပေးပြီး နေ့စဉ်ရွတ်ဆိုစေခဲ့ပါသည်။

တစ်ဖန် ကျွန်မတို့၏ ဖခင်ကြီးသည် ငယ်စဉ် အသက် (၁၉) နှစ်အရွယ်တွင် ဖျားနာရာကစပြီး အောက်ပိုင်းချည့်နဲ့၍ လမ်းမလျှောက်နိုင်အောင် ဖြစ်ခဲ့သည်မှာ (၆) လခန့်ရှိခဲ့သည်။ နေ့စဉ် သမ္ဗုဒ္ဓေဂါထာတော်ကို အမြဲဒြာန်ထား၍ ရွတ်ဆိုခဲ့ရာ တစ်နေ့ အိပ်မက်ထဲတွင် ကျဉ်းကျပ်သောဂူတစ်ခုထဲရောက်ရှိနေသည်ကို တွေ့ရသည်။ ထွက်ပေါက်ကိုလိုက်လံရှာဖွေရာ တောင်ဘက်စူးစူးတွင် သေးငယ်သော အလင်းပေါက်ကလေးတစ်ခုကို တွေ့ရှိရသည်။ ထိုအလင်းပေါက်ကလေးမှတစ်ဆင့် အတင်းတိုးထွက်ရာ ပြင်ပလောကသို့ ရောက်ရှိကြောင်း အိပ်မက်မြင်မက်လေသည်။ ထိုအိပ်မက်ကို ကျွန်မအဘိုးအား ပြောပြရာ တောင်အရပ်ရှိ အဒေါ်များအိမ်သို့ ပြောင်းရွှေ့ပေးခဲ့လေသည်။ မကြာမီတွင် လူကောင်းပကတိဖြစ်ခဲ့ရသည်ဟု ပြောပြပါသည်။ ထိုသည်မှာလည်း သမ္ဗုဒ္ဓေဂါထာကြီး၏အစွမ်းကြောင့်ဟု ပင် ယူဆခဲ့ကြပါသည်။

ကျွန်မနှင့်အထက်အောက်မောင်တစ်ယောက်သည် ဘွဲ့ရပြီးနောက် O.T.S စာမေးပွဲဝင်ဖြေပြီး စစ်ဗိုလ်ဖြစ်ခဲ့သည်။ နှစ်အနည်းငယ်ကြာ တပ်မှူးတစ်ဦးဖြစ်ခဲ့ပြီး တစ်နေ့ ရှေ့တန်းစခန်းတစ်ခုတွင် တိုက်ပွဲဖြစ်ပွားရာ မောင်လေးတို့တပ်ကို ရန်သူများဝန်းရံထားသည်။ ညအခါတွင် ခေတ္တခဏငိုက်မျဉ်းစဉ် ကွယ်လွန်ပြီးဖြစ်သောအဘွားမှ အိပ်မက်ထဲတွင် သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုရန်နှင့် ထွက်ပေါက်နေရာကိုလမ်းညွှန်ပြကြောင်း မက်ပြီး ထိုအိပ်မက်အတိုင်း လိုက်လံရှာဖွေပြီး ရန်သူ့လက်မှလွတ်မြောက်ခဲ့ပုံကို ပြောပြသည်ကိုလည်း သတိရမိပါသည်။

တစ်ခါကလည်း စာစောင်တစ်ခုထဲတွင် ဘာသာခြားတစ်ဦးရေးသော ဆောင်းပါးတစ်ခုတွင် သူသည် ကျန်းမာရေးမကောင်းသောကြောင့် အိပ်ရာထဲတွင် လှဲလျောင်းနေစဉ် ရပ်ကွက်ထဲရှိ ဆွမ်းကျွေးတစ်ခုမှ လော်စပီကာဖြင့် အဆိုတော်ကြီး ဦးထွန်းရွှေ၏ သမ္ဗုဒ္ဓေဂါထာတော်သီချင်းကိုကြားသိရပါသည်။ ထိုသီချင်းထဲမှ သမ္ဗုဒ္ဓေဂါထာတော်၏ တန်ခိုးထက်မြက်ပုံကို သိလိုလာပါသည်။ မြန်မာမိတ်ဆွေတစ်ဦးကို အကူအညီတောင်း၍ ဂါထာတော်မြတ်ကိုကူးရေးပြီး ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ရာ မျှားမကြာမီအချိန်အတွင်း လူကောင်းပကတိကဲ့သို့ ဖြစ်လာကြောင်း ရေးသားထားသည်ကိုလည်း ဖတ်ဖူးပါသည်။

အခါအားလျော်စွာ ဖတ်ကြားရသောစာပေများမှ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးရွတ်ဆိုမှုကြောင့် ဘေးအန္တရာယ်အမျိုးမျိုးမှလွတ်မြောက်ခဲ့ပုံများကိုလည်း ဖတ်ရှုလေ့လာခဲ့ရပါသည်။ ဓားဘေး၊ လှံဘေး၊ လက်နက်ဘေး၊ ရေဘေး၊ မီးဘေး၊ ကား၊ ရထား၊ မီးသင်္ဘော၊ လေယာဉ်ပျံစသည့်ဘေးများ၊ ကျန်းမာရေးညှိုးသောဘေး စသည်တို့ကို အောင်မြင်ကြောင်းသိထားပါသည်။

ကျွန်မ၏အဖြစ်အပျက်ကို တင်ပြရမည်မှာ ရှက်စရာတော့ကောင်းလှပါသည်။ သို့ရာတွင် ထူးဆန်းစွာကြုံတွေ့ရခြင်းကြောင့် ကျွန်မကဲ့သို့ကြုံတွေ့ရသော အန္တရာယ်မှလွတ်မြောက်စေလိုချင်ပါသည်။

ကျွန်မသည် ပညာရေးဝန်ထမ်းတစ်ယောက်ဖြစ်ပါသည်။ အိမ်ထောင်ကျပြီး ခင်ပွန်းရှိရာ မြောက်ဥက္ကလာပမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်က ကျွန်မတွင် ကိုယ်ပိုင်အိမ်မရှိသေးပါ။ အနှစ် (၂၀) ခန့်ကြာပြီး မိဘများကွယ်လွန်သဖြင့် အမွေခွဲဝေပိုင်းခြားရာ (၂၅) ပေ၊ ပေ (၁၀၀) ကျယ်ဝန်းသော မြေလေးတစ်ကွက် အမွေရခဲ့ပါသည်။ ထိုမြေကွက်ပေါ်တွင်ပင် အိမ်ဆောက်ပြီး အိမ်နှင့်နီးရာ မင်္ဂလာဒုံမြို့နယ်အတွင်းရှိကျောင်းသို့ ပြောင်းရွှေ့ခဲ့ပါသည်။

အသက်အရွယ်ရလာသောအခါတွင် တစ်ကိုယ်ဆင်စာရွှေလက်ဝတ်လက်စားများလည်း စုဆောင်းမိခဲ့ပြီး မိဘပေးသောခြံကွက်တွင် အိမ်သစ်လေးလည်း ဆောက်ပြီးခဲ့ပြီး စိတ်ချမ်းသာရပါသည်။ ယခုအိမ်နှင့်နီးသောကျောင်းသို့ပြောင်းရွှေ့ပြီးမကြာမီ ဆရာမတစ်ဦးမှလာ၍ မိတ်ဆက်ပါသည်။

"အစ်မရေ၊ အစ်မကတော့ ညီမကိုသိမှာမဟုတ်ဘူး။ အစ်မတို့မိသားစုနဲ့ မျိုးရိုးကိုပါ ညီမကသိတယ်။ အစ်မရဲ့ တစ်ဝမ်းကွဲမောင် (စစ်ဗိုလ်) လေးနဲ့ ညီမရဲ့ ညီမအငယ်ဆုံးနဲ့အိမ်ထောင်ကျတယ်လေ"

စသည်ဖြင့် မိတ်ဆက်လာပါသည်။

ကျွန်မတို့မောင်နှမအရင်းများထဲတွင် ဗိုလ်ကြီးများ၊ ဆရာဝန်၊ အင်ဂျင်နီယာ စသည်များပါရှိ၍ ဂုဏ်ရှိကြောင်း၊ ကျွန်မက သူ့ကိုမသိသော်လည်း သူမက သိရှိကြောင်းပြောဆိုလာပါသည်။

ကျွန်မလည်း အလျဉ်းသင့်သလို နှုတ်ဆက်ပြီး ခင်ခင်မင်မင်နေမိပါသည်။

နှစ်လ၊ သုံးလခန့်ကြာသောအခါ ထိုဆရာမမှ -

"အစ်မ၊ ညီမက စာသင်ရုံတင်မဟုတ်ဘူး၊ငွေအတိုးလည်းယေးစားတယ်။ အစ်မလည်း ကျွန်မငွေယူပြီး စီးပွားရေးတစ်ခုခုလုပ်ပါလား။ ငွေကြေးအတွက်မပူနဲ့။ ကျွန်မမှာ အများကြီးရှိတယ်။ အစ်မရဲ့မျိုးရိုးကြောင့် ညီမယုံတယ်။ အပိုဝင်ငွေရတာပေါ့"

ဟု ပြောဆိုလာပါသည်။

ပထမတော့ ကျွန်မစဉ်းစားပါသေးသည်။ သို့သော် အပိုဝင်ငွေလည်းရှု အိမ်သူအိမ်သားများလည်း ပိုပိုသာသာ စားသောက်နိုင်ရန် သူပြောသောလုပ်ငန်းကို လက်ခံခဲ့သည်။ သူကလည်း သင့်တင့်သော အတိုးနှုန်းနှင့် ပေးပြီး ကျွန်မမှကုန်ရောင်းကုန်ဝယ်လုပ်ငန်းလုပ်ကိုင်ခဲ့ရာ အဆင်ပြေကြပါသည်။

ထိုမှတစ်ဆင့်တက်၍ ရပ်ကွက်ထဲ နေ့ပြန်တိုးပေးရန် နေ့သွင်းသဘောမျိုး ချေးသည့်များကိုပေးရန် တိုက်တွန်းပါသည်။

ကျွန်မလည်း လုပ်ငန်းကလေးအောင်မြင်သဖြင့် သူပြောသလို တိုးချဲ့လုပ်ကိုင်ခဲ့သည်။ သည်မှာပင် ကြီးမားသောအမှားကြီးတစ်ခုကို ကျူးလွန်မိကြောင်း မကြာခင်သိရပါတော့သည်။

ပထမတစ်နှစ်လောက်ကတော့ အဆင်ပြေနေပါသည်။ နောက်တော့ ငွေတောင်းရာတွင် အခက်အခဲရှိလာတော့သည်။ အချို့လည်း အကြောင်းအမျိုးမျိုးပြ၍ နေ့ရွှေ့ညရွှေ့ဖြစ်လာသည်။ အချို့လည်းရှောင်နေကြသည်။ တချို့က ပြောင်ပြောင်တင်းတင်းပင် -

"အသားလှီးယူ။ ပေးစရာတော့မရှိဘူး"

စသည်ဖြင့် ပြန်၍ပင်ရန်တွေ့လာသည်။

ကိုယ့်ရဲ့ ပင်ကိုစရိုက်ကလည်း အေးအေးဆေးဆေး နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်း။ ဒီအလုပ်မျိုးဆိုတာ ကိုယ်ကမသိခဲ့ရိုးအမှန်ပင် ဖြစ်တော့သည်။ သူတို့ကိုကြွေးတောင်းတော့ သူတို့ကပဲတစ်ပြန်။ မရှိလို့မပေးတာ လုပ်ချင်တာလုပ် တိုင်ချင်ရာတိုင်တဲ့။

ကိုယ့်ဆီက ငွေလည်းယူထားသေး ငွေရှင်ကိုလည်း ရန်သူသဖွယ်။ ယူစဉ်က မျက်နှာနှင့်တခြားစီ ဆက်ဆံကြသည်။ နဂိုကမှ စကားပြောရတွင်လည်း တိုးတိုးသက်သာပြောတတ်သော၊ ရှက်တတ်သော ကျွန်မရဲ့ သဘောထားစရိုက်ကို သိရှိပြီး ကြွေးယူသူကပင် ပြန်ဆဲပါတော့သည်။ ရှက်စရာလည်းကောင်း၊ ကြောက်စရာလည်းကောင်းလှပါသည်။ ငွေယူပြီး ထွက်ပြေးတိမ်းရှောင်သွားသူပင်ရှိနေပါသည်။

ကျွန်မလည်း ငွေရှင်ဆရာမကို အကျိုးအကြောင်းပြောရသည်။ သည်မှာတင် မထင်မှတ်စရာ ယခင်က နူးညံ့သောဆက်ဆံရေးများ ဘယ်ရောက်ကုန်ပြီမသိတော့ချေ။

ကျောင်းဆရာမနှင့်မတူဘဲ ဘီလူးမတစ်ကောင်ကဲ့သို့သောကြမ်းတမ်းရိုင်းစိုင်းသောပုံသဏ္ဌာန်ပေါ် ပေါက်လာပါတော့သည်။

သူမက -

"မသိဘူး။ အစ်မကိုပေးထားပြီးသား။ ဘယ်သူပေးပေးမပေးပေး အစ်မပဲလျော်ပါ။ ကျွန်မက ငွေနဲ့ပတ်သက်ရင် ဘယ်သူ့ကိုမှ ခွင့်မလွှတ်ဘူး။ ကျွန်မယောကျ်ားတောင် ကျွန်မမသိဘဲ ကျွန်မသေတ္တာထဲက ငွေတစ်သိန်းယူသုံးလို့ ကျွန်မ ထဘီကွင်းလုံးချွတ်ပြီး ဆဲဆိုပြီး အိမ်ကိုပတ်ပြေးတာ ယောကျ်ားက နောက်ကလိုက်ပြီးထဘီပတ်ပေးရတယ်။ ကျွန်မ အဲဒီလောက်ထိ ငွေကိုခင်တာ အစ်မ သိရဲ့လား"

ဘုရားဘုရား -- ဆရာမဖြစ်ပြီး ဣန္ဒြေတက် ငွေကိုခင်တဲ့သူနှင့်မှ တွေ့ရပလေလို့ စိတ်ထဲထင်မြင်မိပါသည်။

"ကဲ - ဟုတ်ပါပြီ၊ အစ်မရဲ့လခကို ညီမထုတ်ယူပါ။ လစဉ်ဖဲ့ဆပ်သွားပါမယ်"

လို့ ဆိုတော့ -

"မရဘူး အစ်မ။ ဖဲ့ပေးတာတွေ၊ အတိုးရပ်တာတွေမလိုချင်ဘူး။ တစ်လုံးတည်းတစ်ခါတည်းဆပ်ပါ။ နို့မဟုတ်လို့ကတော့ ကျွန်မဆီက အစ်မငွေယူတုန်းက လက်မှတ်ထိုးထားတာတွေရှိတယ်။ တစ်ခါတည်း တရားစွဲလိုက်မယ်။ ငွေနဲ့ပတ်သက်လို့ကတော့ ဘယ်သူမှမညှာဘူး"

ဟု သူမကပြောပါတော့သည်။

ငွေရင်းမဆပ်နိုင်တော့ လစဉ်လစာထဲမှ အတိုးချည်း လေး၊ငါးလခန့်ပေးနေရသည်။ ပြောဆိုတောင်းတော့သည်။ ကျွန်မသင်ကြားရသည်မှာ အဋ္ဌမတန်း အင်္ဂလိပ်စာဘာသာရပ်ဖြစ်သည်။ ဆရာ၊ ဆရာမများ၏ရှေ့တွင်လည်းမရှောင်ဘဲ အထက်စီးဖြင့်ပြောခြင်းခံရသည်။ ရှက်လွန်း၍ သေချင်စိတ်ပင်ပေါက်မိသည်။

ထိုအခါမှ ကျွန်မအား တခြားသူများက လာရောက်ပြောဆိုကြသည်။ သူမနှင့်မလွတ်ကင်းသော ဆရာမများ ယခုကျောင်းတွင်ရှိကြကြောင်း၊ ထိုကဲ့သို့မကြာခဏ အပြောအဆိုခံရကြောင်း၊ အချို့ဆို လူရှေ့မရှောင်သူရှေ့မရှောင် တပည့်များရှေ့တွင်မရှောင် အဆဲခံရကြောင်း ပြောကြပါသည်။

ဘဝတွင် ကြီးစွာသော အမှားကြီး ကျူးလွန်ခဲ့မိပါသည်။ ရှိသမျှ လက်ဝတ်လက်စားများလည်းကုန်၊ အခြားကလည်း အတိုးကြီးနှင့်ယူပေးရသဖြင့် အတိုးများလည်းတက်၊ အကြွေးငွေများလည်း နှစ်ဆကျော်ခန့်တက်လာတော့သည်။ ကျဉ်းထဲကျပ်ထဲကျလာသဖြင့် ကိုယ့်ကိုယ်ကိုယ်သတ်သေချင်စိတ်များပင် ဖြစ်ပေါ်လာတော့သည်။

ကျွန်မ၏ ခင်ပွန်းဖြစ်သူသည် လူအေးတစ်ယောက်ဖြစ်သည့်အပြင် နဂိုကလည်း ဒီအလုပ်ကိုသဘောမတူခဲ့ဘဲ တားမြစ်ခဲ့ရာ မိမိကနားမထောင်ခဲ့ချေ။ ကျွန်မအိမ်ပတ်ဝန်းကျင်တွင် လာရောက်ပြောဆိုရန်တွေ့မှာပင် ရှက်ကြောက်စိုးရိမ်နေမိသည်။ ဘယ်လိုမှညှိနှိုင်း၍မရ နေ့စဉ် အရှက်ခွဲသောင်းကျန်းနေတော့သည်။

ပထမအစမ်းစာမေးပွဲကြီးအပြီး ကျောင်း (၁၀) ရက်စပိတ်သည့်နေ့တွင် ကျွန်မသည် ခင်ပွန်းသည်အား အကျိုးအကြောင်းပြောဆိုတိုင်ပင်၍ ငွေရှာရန်ပြောမိပါသည်။ ကျွန်မ၏ဆွေမျိုးများတွင်တော့ မပြောရဲပါ။ ဆွေမျိုးများသည် ဤအရပ်တွင်နေထိုင်ကြပြီး မောင်ဝမ်းကွဲဖြစ်သူနှင့်အမျိုးတော်စပ်သော ထိုအမျိုးသမီးနှင့်မဆက်ဆံရန် နဂိုကတည်းက ပြောဆိုဆုံးမခဲ့သော်လည်း ကျွန်မက ဇွတ်တိုးလုပ်ခဲ့မိ၍ဖြစ်ပါသည်။

ခင်ပွန်း၏ ဆွေမျိုးများသည် တွံတေးမြို့၏အောက်ဘက် ရွာငယ်ကလေးတွင် ငါးမွေးမြူသူများဖြစ်သည်။ ခင်ပွန်း၏ ညီမဝမ်းကွဲတစ်ယောက်သည် ငါးကန်များပိုင်သဖြင့် ခင်ပွန်းသည်၏ လမ်းညွှန်ချက်အရ ငွေကြေးအကူအညီတောင်းရန်ထွက်ခဲ့သည်။ ခင်ပွန်းမှလည်း စာရေးပေးလိုက်ပါသည်။ ကျွန်မတွံတေးရောက်နေစဉ်အတောအတွင်း နေအိမ်သို့ ထိုဆရာမရောက်လာပြီး ကျွန်မအား မတွေ့၍ အော်ဟစ်သောင်းကျန်းသွားကြောင်း ခင်ပွန်းဖြစ်သူ တယ်လီဖုန်းဖြင့် ပြောပြပါသည်။

ကံဆိုးချင်တော့ ကျွန်မငွေအကူအညီတောင်းလိုသောအိမ်ရှိ အဘိုး၏ ကျန်းမာရေးမှာ အထူးစိုးရိမ်နေရသောအခြေအနေဖြစ်နေသည်။ ဦးနှောက်တွင်အကျိတ်ဖြစ်၍ဆေးရုံမှပင်ပြန်ဆင်းလာသောအခြေအနေပင်။ ကျွန်မမှာ လာရင်းကိစ္စကို ပြောမထွက်နိုင်ဘဲ လူမမာလာမေးသလိုနှင့် ချော်လဲရောထိုင်နေရသည်။

ထိုအိမ်တွင် ကျွန်မမှာ လူပိုတစ်ယောက်ဖြစ်နေတော့သည်။ ကြံရာမရဖြစ်နေ၍ ရောက်ပြီးနောက်တစ်နေ့တွင် သည်ကနေ့မှစ၍ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို နေ့စဉ် တစ်ထောင်တိတိ ရွတ်ဆိုလှူဒါန်းပူဇော်ပါမည်ဘုရားဟု ဝန်ခံကတိပြုပြီး လူသူဝေးရာ တစ်ဖက်ကန်စပ် သရက်ပင်အုပ်အုပ်ဆိုင်းဆိုင်းအောက်တွင် နေရာထိုင်ခင်းအသင့်ပြင်ပြီး နေ့စဉ် သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးကို တစ်ပုဒ်လျှင် ပုတီးတစ်လုံးချ၍ တစ်ထောင်ပြည့်စိပ်ပုတီးစိပ်၍ရွတ်ဆိုပါသည်။ စတင်ရွတ်ဆိုပူဇော်သည့်နေ့တွင် ပူလောင်နေသောစိတ်ကြောင့် အခက်အခဲရှိသော်လည်း ကြာလာသည်နှင့် အမျှ အဆင်ပြေ၍ ဗုဒ္ဓ၏ ဂုဏ်တော် တန်ခိုးတော်များ၊ ငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ဂါျပ်ရှစ်ဆူကုန်သောဘုရားရှင်တို့၏ တန်ခိုးတော်အနန္တ ဂုဏ်တော် အနန္တတို့ကို စိတ်ဖြင့်အကြိမ်ကြိမ်ရှိခိုးပူဇော်နေမိပါတော့သည်။

"ကျွန်မ သူတစ်ပါး၏ငွေကြေးကို ကိုယ်ကျိုးငှာ မသုံးစွဲပါ။ ရသင့်ရထိုက်သည်ကိုသာ သုံးစွဲပါသည်။ ယခုသို့ဖြစ်ရခြင်းမှာ မသမာသူများ၊ သူတစ်ပါး၏ ဥစ္စာပစ္စည်းကို မတရားယူလိုသူများကြောင့် ယခုကဲ့သို့ဒုက္ခရောက်နေရခြင်းဖြစ်ပါသည်။ ဤသစ္စာစကားကြောင့် ယခုရင်ဆိုင်နေရသော ငွေကြေးအခက်အခဲများကို အရှက်တကွဲအကျိုးနည်းမဖြစ်စေဘဲ ပြေလည်အောင် ဖြေရှင်းနိုင်ပါစေဘုရား"

ဟု ဆုတောင်းအဓိဋ္ဌာန်ပြုမိပါသည်။

ထိုသို့ ပုတီးစိပ်ရွတ်ဆိုပြီး (၅)ရက်ကျော်သောနေ့တွင် နေအိမ်သို့ပြန်ချင်စိတ်များ တားမရဆီးမရဖြစ်လာပါတော့သည်။ ခင်ပွန်းဖြစ်သူသည် အလွန်ရှက်

## နေပြည်တော်ကျော်ကျော်စိုး

# လေနာအတွက် သဘော်ရွက်



ဆီး၊ ဝမ်း၊ သွေး၊ လေ ဤလေးထွေ ခတ်တွေ့မှန်မှ ကျန်းမာကြ ဆိုတဲ့စကား ရှိပါတယ်။ အဲဒီလေးခုမှာ တစ်ခုခု ချွတ်ယွင်းရင် ကျန်းမာရေးချို့တဲ့တော့တာပါ။

ခုခေတ်မှာ ဘာပဲဖြစ်ဖြစ် အများအားဖြင့် ပဋိဇီဝဆေးတွေကိုပဲ ဖုတ်ပူမီးတိုက်သုံးစွဲကြတာများပါတယ်။ ပဋိဇီဝဆေးဆိုတာက ဆေးဆိုင်တွေမှာ အလွယ်ရနိုင်တာကိုး။ အစွမ်းလည်းထက်ကြပါတယ်။ သို့သော်လည်း ဘာဆေးသောက်သောက် အချို့ဝေဒနာတွေက တွေဝေပြီးနေတာတွေလည်းရှိတာပေါ့။

ဆီး၊ ဝမ်း၊ သွေးလေတစ်ခုခုချုပ်ပြီဆိုလို့ကတော့ မသက်သာလှပါဘူး။ အဲဒီမှာ လေနာကိစ္စကို ပြောပြချင်တာပါ။ လေမသက်ရင် အနေခက်တယ်ဆိုတာ အမှန်ပါ။ လူတွေဟာ ပုံမှန်လေသက်နေမှ ဝမ်းမီးကောင်းပြီး ကျန်းမာတာပေ့ါ။ လေချုပ်ပြီဆိုလို့ကတော့ လေထိုးလေအောင့် လေချဉ်တက်ဝေဒနာတွေ ခံစားရပါတယ်။ လေထိုးပြီဆိုလို့ကတော့ သေလုမတတ် အသက်ရှူလို့မရအောင် ကိုနာတာပါ။ ချွေးသီးချွေးပေါက်တွေ တောင်ပြန်အောင်နာတာ။ ဒါဟာ အရှုယ်မရွေးဖြစ်တတ်တာပါ။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလထုတ် သူရဿမဂ္ဂဇင်းမှာ နေပြည်တော် ရေဆင်း-မန္တင်းဆီက သူ့ခင်ပွန်းရဲ့လေနာနဲ့ အခြားဝေဒနာတွေကို သဘော်ဖိုရွက်ထောင်းတိုက်ခြင်းဖြင့် ချမ်းသာရာရခဲ့ကြောင်း ရေးပြထားပါတယ်။ ဖေ့စ်ဘုတ်မှာလည်း သဘော်ဖိုရွက်ဆေးဖက်ဝင်ပုံတွေ အစုံတင်ပြထားပါတယ်။ ဒီလိုတွေတင်ပြကြတော့ ဗဟုသုတရပါတယ်။ ကျေးဇူးလည်းအများကြီးတင်ပါတယ်။

၂၀၁၆ မှာ ကျွန်တော့်ခြံထဲမှာ သဘော်အဖိုပင်(၃)ပင်နဲ့ အမပင်(၂)ပင် ဖြစ်ထွန်းနေပါတယ်။ အဖိုဖြစ်ဖြစ်၊ အမဖြစ်ဖြစ် သူ့နေရာနဲ့သူ အသုံးဝင်တာမို့ တယုတယပြုစုထားတာပါ။ လိုအပ်ရင် သဘော်ဖိုရွက်အလွယ်တကူရအောင်လို့ပါ။ သဘော်အဖိုပင်ဟာ အသီးမစားရပေမယ့် သန်မာလှတဲ့ သူ့အပွင့်တွေကို မာလကာရွက်နဲ့ပြုတ်ပြီးသုပ်စားရင်တော့ အလွန်ကောင်းလှပါတယ်။ အစာလည်း

---

တတ်သူ ဖြစ်ပါသည်။ သူကိုယ်တိုင်ပင် မည်သူ့ဆီကမှ ငွေကြေးအကူအညီ တစ်ခါမှမတောင်းဘူးပါ။ သို့သော် အခက်အခဲကြုံနေသဖြင့် ထိုဆရာမအား ပြေလည်အောင် ညှိနှိုင်းမည်ဖြစ်ကြောင်း တယ်လီဖုန်းဖြင့်ပြောလာပါသည်။ သို့ရာတွင် ကျွန်မသည် ထိုရွာကလေးတွင် ဆက်၍ မနေနိုင်တော့ပါ။ တောရွာမှ ဆွေမျိုးများမှ ဝိုင်းဝန်းတားမြစ်ထားသည့်ကြားမှပြန်လာပါသည်။ ရောက်ရောက်ချင်း ခင်ပွန်းဖြစ်သူသည် ထိုဆရာမအား သွားရောက်ခေါ်၍ ညှိနှိုင်းကြရန်ပြောပါသည်။

အံ့သြစရာတစ်ခုဖြစ်ပေါ်လာသည်။ နေ့စဉ် ဆူပူသောင်းကျန်းနေသူက -

"အစ်မကဘယ်ထွက်သွားတာလဲ။ ကျွန်မရဲ့ပိုက်ဆံကို (၁) ကျပ်ပေးပေး၊ (၂)ကျပ်ကျပ်ပေးပေး ပေးနိုင်သလောက်ပေးပါ။ ဒီလိုတော့ ထွက်မသွားပါနဲ့"တဲ့။

ကြားရတာ ကိုယ့်နားကိုယ်ပင် မယုံချင်တော့ ယခင်ကလစဉ်ဖွဲ့ပေးပါရစေဆိုတော့ လက်မခံဘဲ အခက်အခဲရှိအောင်လုပ်သည်။ ခုတော့ (၁) ကျပ်ပေးပေး၊ (၂) ကျပ်ပေးပေးတဲ့။ ဒီလိုမှန်းသိရင် အခြားမှာ အတိုးကြီးနှင့်ယူဆပ်ခဲ့ရသည့်အကြွေးတွေနှင့် စုစုပေါင်း (၃၅) သိန်းခန့်ရှိပါမည်။

နေအိမ်တောင် ရောင်း၍ဆပ်ရတော့မလိုဖြစ်ခဲ့ရသည်။ ဘိုးဘွားမိဘအမွေဖို့တင်းခံနေခဲ့ပါသည်။ သူမနှင့်ပတ်သက်မိသူ ဆရာမတချို့သည် လစာကိုယ်တိုင်မထုတ်ယူရ၊ အဆင်ပြေသလိုစားနေရသည်ဟုကြားသိရသည်။

မကြာမီ ကျောင်းပြန်တက်ပြီးရသော လစာအားလုံးကိုထုတ်ပေး၏။ အခြားအိမ်လိုက်သင်သောကျူရှင်လခအားလုံးကိုလည်း အကုန်ပေးပါသည်။ အတိုးကိုလည်းရပ်စေခဲ့သည်။ တစ်နှစ်ခွဲအတွင်း ကြွေးများအားလုံးကို အကျေဆပ်နိုင်ခဲ့ပါသည်။ စိတ်လည်းချမ်းသာခဲ့ရပါသည်။ ကျွန်မကဲ့သို့ ဝန်ထမ်းတစ်ယောက်အနေဖြင့် ငွေသိန်း (၂၀) ကို အတိုးကြီးနှင့်ယူပေးရသဖြင့် လစာငွေ (၁) သိန်းကျော်သာရသော အခြေအနေဖြင့် (၃၅) သိန်းခန့်ဖြစ်လာသောအခါ ဘယ်လိုမှရပ်တည်၍မရတော့ပါ။ ယခုခေတ်တွင် ကျွန်မကဲ့သို့ သူတစ်ပါးကြွေးမြီးများမဆပ်နိုင်ခဲ့သူအချို့ တစ်နယ်တစ်ကျေးသို့ တိမ်းရှောင်သွားခြင်း၊ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ခြင်း စသည်များကို မကြာခဏ ကြားသိနေရပါသည်။ လူအချို့သည် လောဘကြောင့် လုပ်မှားကိုင်မှားရောင်းမှားဝယ်မှားဖြစ်ကြရသည်။ ငွေကြောင့် ဘဝပျက်သူများအကြောင်းများစွာ ကြားသိနေရပါသည်။

စိတ်စေတနာမှန်ကန်သော်လည်း မိမိဘဝကံကြမ္မာအရ ဘေးဒုက္ခရောက်နေသူများကို ကျွန်မအကြံတစ်ခုပေးလိုပါသည်။ စေတနာမှန်ကန်မှုတော့ဖြစ်ရပါမည်။ သူတစ်ပါးကို လိမ်ညာလှည့်ပတ်သူတော့ မဖြစ်ရပါ။ ကျွန်မကဲ့သို့ မမျှော်လင့်ဘဲ ငွေကြေးဒုက္ခနွံတွင်းသက်ဆင်းခဲ့ရသည်ရှိသော် သမ္ဗုဒ္ဓေဂါထာတော်ကြီးသည် ဘေးရန်အန္တရာယ်ဟူသမျှတို့ကို အကြွင်းမဲ့မုချကယ်တင်နိုင်ပါလိမ့်မည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် ကိုယ်တွေ့ဖြစ်ရပ်မှန်ကို တင်ပြလိုက်ရပါသည်။

(သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးသည် အများသူငါရကြ၍မဖော်ပြတော့ပါ။)

*အားလုံးကိုကျေးဇူးတင်လျက်*

ကြင်ကြင် (ပညာရေး)

ဖြစ်၊ ဆေးလည်းဖြစ်ပေါ့ဗျာ။ ကျွန်တော်ကတော့ ချူးပြီးရင် ကိုတင်သန်း၊ မစိုးစိုးတို့အိမ်ပို့လိုက်တာပါ။ ဒါဆို ကျွန်တော်အတွက် တစ်ပန်းကန်လာပို့ပေးပါတယ်။ သူတို့မိသားစုတွေလည်း ကြိုက်ကြပါတယ်။ အဲဒီမှာ မစိုးစိုးနဲ့စကားစပ်မိတော့ သူ့ကိုယ်တွေ့ကိုပြောပြပါတယ်။ ပြောပြတာက သင်္ဘောအဖိုရွက်ရဲ့ အသုံးဝင်ပုံလေးပါ။

"ကျွန်မတို့က ညီအစ်မ(၄)ယောက်နဲ့ယောကျ်ားကလေးတစ်ယောက်ဆိုတော့ မောင်နှမ (၅) ယောက်ရှိပါတယ်။ မိဘတွေ ကျွန်မတို့ငယ်ငယ်မှာဆုံးကုန်တော့ ကျွန်မတို့ကိုဘိုးဘွားတွေကစောင့်ရှောက်ထားတာပါ။ ဒီလိုနဲ့ အရွယ်ရောက်ကြရပါတယ်။ အဘွားဆိုရင် အခု ၂၀၁၆ မှာ (၉၇) နှစ်ထဲရောက်ပါပြီ။ မျက်စိမမြင်တာကလွဲရင် ကျန်းကျန်းမာမာရှိနေဆဲပါ။ စားနိုင်သွားနိုင်ပါသေးတယ်။

ကျွန်မတို့ညီအစ်မတွေမှာ အစ်မကြီးက အပျိုအရွယ်မှာ လေနာဖြစ်ပါတယ်။ အဲဒီခေတ်တုန်းက အခုလိုပင္ရိဗိဝဆေးဆိုင်တွေ၊ ဆေးခန်းတွေဘယ်ရှိမှာလဲ။ ဒီတော့ အဘွား သူ့ဟာသူပဲ အစ်မရဲ့လေနာကိုကုပေးတာပါ။ အဲဒီမှာ ကျွန်မသိရတာက ဝေဒနာဆိုတာ ဘာဝေဒနာမျိုးမဆို ကြီးငယ်မရွေးဒုက္ခပေးတတ်တာပါလားလို့ သိရတာပါပဲ။

ကျွန်မတို့ညီအစ်မတွေက ဦးအမြင်ပဲလေ။ အလှကိုယ်စီရှိကြပါတယ်။ ဒါပေမယ့် လေနာဝေဒနာစွဲကပ်နေတဲ့ ကျွန်မရဲ့အစ်မကျတော့ ဝေဒနာကြောင့် အသားအရေခန်းခြောက်ပြီးအလှယိုယွင်းနေပါတယ်။ အဲဒီမှာ အဘွားက တတ်သည့်ပညာမနေသာဘဲ ကုပေးတော့တာပါ။

ဆေးကအဝေးကြီးသွားရှာနေတာမဟုတ်ဘူး။ အိမ်ဝိုင်းထဲမှာ သင်္ဘောအဖိုပင်၊ အမပင်တွေရှိတော့ကာ အဘွားက သင်္ဘောဖိုပင်ရဲ့အရွက်ကို တံချူနဲ့ချူပြီး တစ်နေ့တစ်ရွက်ချူးပါတယ်။ ရေဆေး၊ အရိုးပါတောက်တောက်စဉ်းပြီး ငရုတ်ဆုံထဲထည့်ထောင်းပါတယ်။ ကျွန်မတို့ထောင်းရတာပါ။ ထောင်းပြီး ပိတ်ပါးနဲ့ညစ်တော့ အစိမ်းနုရည်ပျစ်ပျစ်လက်ဖက်ပန်းကန်တစ်လုံးစာရပါတယ်။ သောက်ချင့်စဖွယ်အရောင်အသွေးပါ။

အဲဒါကိုတစ်ခါတည်းမော့သောက်ခိုင်းတာပါ။ အဲဒီမှာ လေနာရောဂါသက်သာပြီး ပျောက်ကင်းပါတယ်။ မှတ်မှတ်ရရ ကျွန်မအထင် ဆယ်ရက်လောက်တော့ သောက်ရတယ်ထင်တယ်။လေနာလုံးဝပြန်မထတော့ပါဘူး။

ကျွန်မအစ်မလည်း အဲဒီအခါကျမှ ဝေဒနာကင်းစင်ပြီး တစ်သွေးတစ်မွေးနဲ့ စိုစိုပြည်ပြည်ပြန်လှလာတာပါ။ ကျွန်မဆိုလိုတာက ခုခေတ်မှ ဒီသင်္ဘောရွက်ဆေးနည်းပေါ်တာမဟုတ်ပါဘူး။ မြန်မာ့ရိုးရာဆေးနည်းဟာ ရှေးကတည်းက လူကြီးသူမတွေဆီမှာရှိနေကြတာပါ။ ခုခေတ်ကျတော့ ကျယ်ကျယ်ပြန့်ပြန့်ပိုပြီးသိလာကြတာပေါ့"

လို့ပြောပြပါတယ်။

ကျွန်တော်ကတော့ စိတ်ထဲလိုက်မှတ်နေတာပါ။ပြည်သူထဲက မြန်မာ့ရိုးရာဆေးနည်းလေးတွေ ပြည်သူကိုပြန်လည်တင်ပြရမယ်လေ။ သိပြီးသူတွေရှိမယ်။ မသိသေးသူတွေရှိမယ်။ မသိသေးသူတွေအတွက်ပါ။

လူအချို့ဟာ ကိုယ့်အိမ်ဝိုင်းထဲ သင်္ဘောပင်ပေါက်လာရင် အဖိုပင်လား၊ အမပင်လား စောင့်ကြည့်ကြတယ်။ အဖိုပင်ဆိုတာနဲ့ အိမ်ဝိုင်းရှုပ်တယ်ဆိုပြီးခုတ်ပစ်တတ်ကြတာပါ။ အဖိုဖြစ်စေ၊ အမဖြစ်စေ သူ့နေရာနဲ့သူ အသုံးဝင်ပါတယ်။ ဒီတော့ ဖိုဖို၊ မမစိုက်ထားသင့်ပါတယ်။ အကယ်၍ သင်္ဘောအဖိုရွက်၊ အပွင့်၊ အပင် ဆေးသုံးဖို့လိုပါပြီတဲ့။ ကိုယ့်မှာ မရှိရင် သူများအိမ် မျက်နှာအငယ်ခံပြီး သွားတောင်းရမယ်။ ဒါမှမဟုတ် ဝယ်ရမယ်။ ကိုယ့်မှာရှိနေတော့ အပွင့်သုပ်စားမလား၊ အရွက်ပြုတ်အတို့အမြှုပ်လုပ်မလား အလွယ်တကူရတာပေါ့။ လိုတရစေ ကြီးသို့ခွေ ဆိုတဲ့စကားလို ကိုယ့်မှာရှိနေတော့ လိုတရတာပေါ့။

တောင်သုံးလုံးအဘိုးသံဆိုရင်ဖြင့် လူသိများပါတယ်။ သူ့ရဲ့လက်သုံးဆေးဟာ ရုက္ခမူဆားနဲ့ ပျားရည်ပါ။ ဒါကိုအမြဲသုံးတာကြောင့် ဘိုးသံဟာ သက်ရှည်ကျန်းမာသာသနာပြုနိုင်ခဲ့တာပါ။

ရုက္ခမူဆားလုပ်ပုံက သင်္ဘောအဖိုပင်တစ်ပင်လုံး အမြစ်ပါမကျန် ပစ္စင်းပါးယူပြီး တောက်တောက်စဉ်းကာ ဖျာနဲ့သို့မဟုတ် မိုးကာနဲ့ နေလှန်းရပါမယ်။ ကြွပ်ရွနေအောင် ခြောက်သွေ့သွားပြီးဆို သံပြားပေါ်မှာတင်ပြီး အဲဒီသင်္ဘောဖိုပင်အခြောက်တွေကို မီးရှို့ရပါမယ်။ ပြာကျနေအောင်ရှို့ရမှာပါ။ ပြာရပြီဆိုတာနဲ့ အဲဒီပြာကို ဇလုံထဲထည့်ပြီး ရေနဲ့ဖျော်ရပါမယ်။ အတန်ကြာအောင်မွှေနေရမှာပါ။ စိတ်တိုင်းကျမွှေပြီးပစ်ထားလိုက်ပါ။ ပြာတွေအနည်ထိုင်ပြီး ဆားရည်ကြည်တွေ အပေါ်မှာတက်နေပါတယ်။ အဲဒီအပေါ်ရေကြည်ကို ရေစစ်နဲ့စစ်ပြီး သံဒယ် သို့မဟုတ် ဒန်ဒယ်နှင့် ထည့်ကာကျိုချက်ရမှာပါ။ ရေနည်းနည်းလေးကျန်ရင် အောက်ချပြီး အအေးခံထားလိုက်ပါ။ အေးသွားတာနဲ့ ဆားခဲကြီးဖြစ်နေပါလိမ့်မယ်။ အဲဒါ သင်္ဘောဖိုရုက္ခမူဆားပါပဲ။ဒီရုက္ခမူဆားရအောင် အတော်လေးဝီရိယစိုက်ရတာပါ။

အဲဒီရုက္ခမူဆားလက်ဖက်စားဇွန်းတစ်ဇွန်းစာကို အဝကျယ်ပုလင်းထဲထည့်ပြီး ပျားရည်စစ်စစ်တစ်ပုလင်းလောင်းထည့်လိုက်ပါ။ ဒါဆို ပျားရည်ဆူပွက်လာပါတယ်။ ပျားရည်အတုဆိုရင်တော့ ဆူပွက်ချင်မှဆူပွက်မှာပါ။ သို့သော်လည်း ရုက္ခမူဆားရဲ့စွမ်းအင်ရှိတာကြောင့် ဆေးစွမ်းကတော့ထက်ပါတယ်။ ကောင်းတာကတော့ ပျားရည်စစ်စစ်ဆိုရင်ပြောစရာမလိုတော့ပါဘူး။

ဒီဆေးကို တစ်နေ့ကို လက်ဖက်စားဇွန်းတစ်ဇွန်းစာ ညအိပ်ရာဝင်စားပေးပါ။ ဝိဇ္ဇာဆေးမှ ဆီး၊ ဝမ်း၊ သွေး၊ လေလေးတွေသောဓာတ်တွေ မှန်ကန်ပြီး ကျန်းကျန်းမာမာနဲ့ အသက်ရာကျော်နေကြရမှာပါ။ ရောဂါအခံတွေရှိနေရင်လည်း ရှိနေတဲ့ရောဂါတွေ ကင်းစင်သွားပါလိမ့်မယ်။ ဒါက တောင်သုံးလုံးဘိုးသံကိုယ်တိုင်အမြဲမှီဝဲခဲ့တဲ့ဆေးပါ။

ကျွန်တော့်ခြံထဲက သင်္ဘောအဖိုပင်က သင်္ဘောအဖိုရွက်တစ်ရွက်ချူးပြီး ထောင်းသောက်ကြည့်တယ်။ သောက်ရတာမဆိုးပါဘူး။ အလွန်ကြီးအဝင်မခက်ပါဘူး။ ထင်သလောက်လည်းမခါးပါဘူး။ အမြဲသောက်ရမလား စိတ်ကူးနေပါတယ်။

သင်္ဘောရွက်အရည်ကို အခုဆိုကင်ဆာဝေဒနာသည်တွေ စွဲသောက်နေကြတယ်လို့ဆိုတယ်။ သင်္ဘောရွက်ဆိုရာမှာ အဖိုဖြစ်ဖြစ်၊ အမဖြစ်ဖြစ် စွဲသောက်ရင် ပျောက်နိုင်တာမို့ မိမိတို့အတွင်းရောဂါများ၊ လေနာဝေဒနာသည်များ၊ ကင်ဆာဝေဒနာသည်များ စွဲမြဲသောက်ရင်ဖြင့် ရောဂါကင်းစင်နိုင်မယ်လို့ယုံကြည်ကြောင်း တင်ပြလိုက်ရပါတယ်။

*မစိုးစိုးသို့ကျေးဇူးတင်လျက်*

*ချမ်းမြေ့ကြပါစေ*


**နေပြည်တော်ကျော်ကျော်စိုး**

'ကလောအလွန် တစ်ဘူတာ' လို့ ဆိုရမယ့် အောင်ပန်းဘူတာအနီး အောက်ဈေးကို ဖြတ်ဆင်းခဲ့ပါတယ်။ မနက်စောစောထဲက ကားကြီးကားငယ် အသွယ်သွယ်နဲ့ ရောက်ရှိလာတဲ့ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်သီး၊ ဂေါ်ရခါးသီး စတဲ့ ဒေသထွက်သီးနှံတွေဟာ အောက်ဈေးမှာ တောင်လိုပုံနေပေါ့။ ညကတည်းခို အိပ်စက်ခဲ့တဲ့ 'ရန်ကုန်ဉယျာဉ်ရိပ်သာ' ကတော့ နှင်းမြူတွေထဲမှာကျန်ခဲ့ပါပြီ။ တောင်ကုန်းအဆင့်ဆင့်မှာ ဘန်ဂလိုလေးတွေတည်ဆောက်ထားပြီး ရာသီပေါ်သီးနှံစိုက်ခင်းတွေ၊ မြက်ခင်းတွေ၊ ဝါးတဲလေးတွေနဲ့ သဘာဝကျကျလှပပြီး အေးချမ်းတဲ့နေရာလေးမှာနားနေခဲ့ရတာကလည်း အမှတ်ရရကျန်ရှိနေတော့မှာပါ။


ဘူတာကိုလွန်ပြီး ရထားသံလမ်းကိုဖြတ်လျှောက်ခဲ့ရင်း လက်ယာဘက်ဘေးက ကားဝင်းကြီးကိုလှမ်းကြည့်မိပါတယ်။ အသစ်စက်စက်ပြုလုပ်ထားဟန်ရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကို ထွက်သစ်စ နေရောင်အောက်မှာ မြင်လိုက်ပေါ့။ ခေတ်လိုက်စားသောက်ဆိုင်ရှေ့ကဆိုင်လေးမှာ တိုဟူးနွေးတစ်ပွဲစားရင်း ဘယ်ဆက်သွားရမလဲလို့ စဉ်းစားနေမိတယ်။ ဒီနေ့ည ရန်ကုန်ကိုအဆင်းမှာ အောင်ပန်းကပဲ ကားစီးရမလား၊ ကလောကိုဆက်သွားပြီး အဲဒီကမှ ကားစီးရမလား။ ကိုယ့်ရှေ့က ကားလေးတွေ

# ထင်းရှူးတော တောင်ထိပ်က
# မြက်ရဲအင်းသာသနာ့မြေသို့ . . .

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)




ကလောမြို့ မြက်ရဲအင်းက 'လောကမာရဇိန်' ဘွဲ့တော်ရ ရွှေတိဂုံပုံစေတီတော်



ကလောမြို့ မြက်ရဲအင်းက
'လောကမာရဇိန်'ဘွဲ့တော်ရ
ရွှေတိဂုံပုံစေတီတော်



မြက်ရဲအင်း 'လောကမာရဇိန်'စေတီအဝင်မုခ်မှ ဆင်-မြင်းခံ ဆင်းတုတော်




'လောကမာရဇိန်' စေတီရင်ပြင်မှ
အသွင်ဆန်းတဲ့ တံခွန်တိုင်



'လောကမာရဇိန်' စေတီရင်ပြင်မှ ဗုဒ္ဓဆင်းတုတော်များနဲ့ရဟန္တာများ




'လောကမာရဇိန်' စေတီရင်ပြင်မှ
ဗုဒ္ဓဆင်းတုတော်များ



'လောကမာရဇိန်' စေတီရင်ပြင်မှ ဗုဒ္ဓဆင်းတုတော်များနဲ့ရဟန္တာများ



မြက်ရဲအင်း
'လောကမာရဇိန်' စေတီအဝင်မုခ်မှ
ဆင်-မြင်းခံ ဆင်းတုတော်



'လောကမာရဇိန်' စေတီရင်ပြင်မှ ဗုဒ္ဓဆင်းတုတော်များ

မှာတော့ လွိုင်ကော်၊ ပင်းတယ၊ ပခုက္ကူ၊ မိတ္ထီလာ၊ တောင်တွင်းကြီး၊ နတ်မောက် စသဖြင့် မြို့တော်တော်များများအမည်တွေကို တွေ့နေရရဲ့။ နာမည်ကျော် အောင်ပန်းလိမ္မော်သီးသည်တွေကလည်း တစာစာအော်ကာရောင်းနေကြတယ်။ ဆိုင်ကယ်တက္ကစီသမားလေးက ကလောကို နှစ်ထောင်ကျပ်တဲ့၊ သွားမလားဆရာတဲ့။ ဟုတ်တယ်၊ ကလောကိုဆိုင်ကယ်နဲ့ ဆင်းမယ်၊ ထင်းရှူးတောတွေကိုအနီးကပ်ကြည့်မယ်လို့ ရုတ်တရက်ဆုံးဖြတ်လိုက်တယ်။


တောရိုင်းပန်းတွေ၊ နေကြာရိုင်းတွေ၊ ယာခင်းတွေဘေးကဖြတ်ပြီးတော့ တောင်ကုန်းလျှောတွေက ထင်းရှူးပင်တွေကိုကြည့်ငေးရင်း နှင်းမြူတွေကိုထိုးခွဲလို့ ဆိုင်ကယ်ကတရိပ်ရိပ်ပြေးနေရဲ့။ ထင်းရှူးနံ့တွေကို ရှူရှိုက်လို့ကောင်းတုန်း

မှာ ကလောမြို့မှကြိုဆိုပါ၏တဲ့။ ဆိုင်ကယ် သမားလေးရပ်ပေးခဲ့တဲ့ ရွှေနန်းစံကား လက်မှတ်ရောင်းဌာနမှာဆင်းလိုက်တယ်။ ထူးထူးခြားခြားကာ သန့်ရှင်းတဲ့ အခင်း အကျင်းနဲ့ ဖော်ရွေပျူငှာတဲ့ရွှေနန်းစံပါ။ ကျန်းမာရေးအတွက် လုပ်ပေးထားတဲ့ ရေအိမ်လေးကလည်း အများသုံးလမ်း ဘေးကလို့ မယုံနိုင်လောက်အောင်သန့် ရှင်းလှရဲ့။ ညနေ ရန်ကုန်ပြန်ဖို့အတွက် ကားလက်မှတ်စုံစမ်းတုန်း နေ့လယ် (၁၂) နာရီလောက် ဒီနေရာကထွက်တဲ့ အမြန်ကားတွေလည်းရှိသတဲ့။ ကောင်း လိုက်တာ။ ညဘက်တွေချည်းပဲ ကားစီး နေရလို့ ဘေးဘီကိုမငေးရတာမို့ ဒီတစ်ခါ နေ့ခင်းနေ့လယ်ထွက်တဲ့ ကားပဲစီးတော့ မယ်လို့ အစီအစဉ်ပြောင်းသွားပြန်ပေါ့။ ကလော - ရွှေနန်းစံက မနှင်းနှင်းအေး ရဲ့ သဘောကောင်း အပြောချိုလှတဲ့ ညီမလေးတွေဆီမှာ ကျောပိုးအိတ်အပ် ခဲ့ပြီး အချိန်ရှိခိုက် ကလောရဲ့လမ်းတွေကို လျှောက်လိုက်မယ်လို့ ခြေလှမ်းပြင်လိုက် ပါတယ်။


အေးဆေးဆိတ်ငြိမ်လှတဲ့ကလော ကတော့ လမ်းလျှောက်လို့ကောင်းလှရဲ့။ 'နီးဘုရားကြီးသို့'ဆိုတဲ့ ဆိုင်းဘုတ်ကိုကျော် ပြီးလျှောက်ခဲ့တယ်။ တစ်ခါကတည်းခဲ့ ဖူးတဲ့ ရပ်ကွက် (၅)၊ သီရိမင်္ဂလာလမ်းက ချမ်းမြေ့မိုတယ် (Eastern Paradise) က အစ်မကြီးကိုဝင်နှုတ်ဆက်တယ်။ သူက




'လောကမာရဇိန်' စေတီပတ်လည်မှ အရံစေတီများ



'လောကမာရဇိန်' စေတီရင်ပြင်မှ
ရှင်ဥပဂုတ္တရုပ်ပွား



'လောကမာရဇိန်' စေတီရင်ပြင်မှ
ရှင်သီဝလိရုပ်ပွား



'လောကမာရဇိန်' စေတီဘေးရှိ
သာသနိကအဆောက်အအုံများ




'လောကမာရဇိန်' စေတီရင်ပြင်မှ
ဆင်းတုတော်များ




သက်တော်ရှည်
ပန်းတောင်းဆရာတော်ကြီးပုံတော်




မဟာသီဟနာဒ ပရိယတ္တိစာသင်တိုက်၊
နေမျိုးနွယ်ဝင်ကျောင်းထိုင်ဆရာတော်ဦးဝဏ္ဏ



မြက်ရဲအင်း ကျောင်းအဝင်ထဲမှာရဲ့ လက်ဝဲဘက်က သစ္စမှမဟိန္ဒသိမ်တော်



'လောကမာရဇိန်'စေတီ အတက်လမ်းထိပ်မှ ခြင်္သေ့များ



ကလော မြက်ရဲအင်းကျောက်တိုက်သို့ အဝင်မုခ်ဦး






ရတနာဝစ်ကျောင်း ဘုရားဆောင်မှ အသွင်ထူးခြားတဲ့ မုန့်ဆွမ်းကပ်လှူထားမှု

လည်း ကိုယ်တည်းခိုဖူးတာကိုမှတ်မိပြီး ဖော်ဖော်ရွေရွေနဲ့ ထပ်မံမွမ်းမံပြင်ဆင်ထားတဲ့အခန်းတွေကို လိုက်ပြပါတယ်။ ရန်ကုန်ကိုပြန်ဖို့ လက်မှတ်သာ ဂိတ်မှာ မမှာထားမိရင်တော့ ချမ်းမြေ့မှာ တစ်ည အိပ်မိတော့မယ်။စိတ်ကိုအသာထိန်းကာ အစ်မကြီးကို နှုတ်ဆက်ပြီးဆက်လျှောက်ခဲ့တယ်။ ရှမ်းပြည်နယ်ရဲ့မြို့တိုင်းမှာရှိတတ်တဲ့ နတ်နန်းကိုမဝင်တော့ဘဲကျော်ခဲ့ပြီး ခရစ်ယာန်ဘုရားရှိခိုးကျောင်းဘေးကလမ်းကိုဝင်ခဲ့တယ်။ ခြံစည်းရိုးတွေမှာနွယ်တက်နေတဲ့ ကန်စွန်းပွင့်လို ခရမ်းပြာခေါင်းလောင်းပန်းနွယ်တွေပွင့်နေပုံကလှလိုက်တာ။ လမ်းဘေးက ခြံတစ်ခြံရဲ့တစ်နေရာမှာတော့ ထောပတ်သီးပင်ကြီးကိုအသီးတွေပြွတ်သိပ်ပြီးသီးနေတာတွေ့ရတယ်။ ကိုယ်အလွန်ကြိုက်တဲ့အသီးရဲ့တစ်ခါမှမမြင်ဘူးတဲ့အပင်မို့ ဓာတ်ပုံရိုက်လိုက်တယ်။ဆက်လျှောက်ပြီးဝင်သွားရင်ကွက်သစ်ဘက်ရောက်မယ်ဆိုလို့ လာလမ်းအတိုင်းမပြန်ဘဲ ဘုရားရှိခိုးကျောင်း

ရှိရာ အပြိုင်လမ်းဘက်ကို ချိုးကွေ့ဝင်တာ ပြန်လှည့်ခဲ့တယ်။ တောင်စောင်းလေးတစ်နေရာမှာတော့ ရသမျှနေရာလေးကို မေးတင်ရင်း လှပစွာတည်ဆောက်ထားတဲ့ Essence ဟိုတယ်ကို မြင်လိုက်ရတယ်။ ဒေသပေါက်ပင်တွေနဲ့ တန်ဆာဆင်ထားတဲ့ ချစ်စရာ့သစ်သားထည်ဟိုတယ်လေးကို ဖြတ်သွားပြီးတဲ့အခါ စိတ်ပြောင်းသွားကာ နောက်ကျောင်းပြန်လှည့်ပြီး ကွက်သစ်ဘက်ကိုပဲ ပြန်လျှောက်သွားလိုက်တယ်။


လေကလေးက အေးစိမ့်စိမ့်မို့ လျှောက်ကောင်းကောင်းနဲ့လျှောက်လိုက်တာ ကွက်သစ်ဘက်ကိုတောင်နီးလာပေါ့။ တောင်ပေါ်လမ်းလေးတွေက ကွေ့ကွေ့ကောက်ကောက်နဲ့ နိမ့်လိုက်မြင့်လိုက်မို့။ လမ်းဆုံးရင်တော့ နှီးဘုရားကြီးစံရာကျောင်းတော်ကြီးကို လှမ်းမြင်ရပြီး တောင်ကြားကိုဆင်းသွားတဲ့ လူသွားလမ်းလေးနဲ့သွားပြီး နှီးဘုရားလည်းဖူးနိုင်တယ်လို့လမ်းညွှန်ပေးလိုက်တဲ့ အဘွားတစ်ဦးက ဆိုပါတယ်။ လမ်းမှာ လူလတ်ပိုင်းတစ်ဦးကိုတွေ့လို့ မေးတော့လည်း ထို့အတူပဲ သေသေချာချာပြောပြပြန်ပါတယ်။ ကလောမှာ ဘယ်သူ့ကို လမ်းမေးမေး စိတ်ပါလက်ပါ ထိထိရောက်ရောက်ညွှန်ပြတတ်တာ သတိထားမိရဲ့။ ကောင်းကောင်း လမ်းညွှန်လိုက်ကြလို့ ယုံကြည်စိတ်ချစွာနဲ့ လျှောက်ခဲ့တယ်။ ရာသီဥတုကလည်း သာယာပြီး ပြာလွင်လွင်ကောင်းကင်မှာ တိမ်ဖြူဖြူတွေက အဆုပ်လိုက်ပါ။ ပတ်ဝန်းကျင်လေကလတ်ဆတ်ပြီး အေးစိမ့်စိမ့်မို့ကြည်နူးစရာ ပန်းပင်ချုံပင်တွေကိုကြည့်ရင်း ဟိုငေးဒီငေးလျှောက်လာခဲ့ပေါ့။ အဲဒီအခိုက်မှာပဲ ရွှေတိဂုံပုံစေတီတစ်ဆူကို လက်ယာဘက်က တောင်ကုန်းလေးပေါ် မှာလှမ်းတွေ့လိုက်ရတော့ ဘုရားဝင်ဖူးဖို့ မုခ်ဦးဆီဦးတည်လိုက်တယ်။ မြက်ရဲအင်းကျောင်းတိုက်ပါတဲ့။ မုခ်ဦးတိုင်မှာတော့ အုံ့ညှိစရာတိုက်ဆိုင်မှုအဖြစ် ကိုယ့်အစ်မကြီးအရင်းခေါက်ခေါက်ရဲ့အမည်ဒေါ် စမ်းမြင့်နဲ့ လှူဒါန်းထားတာဖြစ်နေရဲ့။ ဘယ်ထုံးတမျှားလှူခဲ့တာပါလိမ့်။ ကွဲကွာနေတာကြာပြီဖြစ်တဲ့ အစ်မကြီးနဲ့ပတ်သက်တဲ့ သတင်းတစ်စုံတစ်ရာတော့ရနိုင်ကောင်းရဲ့လို့ဆက်ဝင်ခဲ့ပါတယ်။ အဝင်လမ်းရဲ့ လက်ဝဲဘက်မှာတော့ အုတ်တိုက်သိမ်အသစ်လေးကိုတွေ့ရတယ်။ သဒ္ဓမ္မမဟာဒ္ဓိသိမ်လို့ အလှူမှတ်တမ်းကမ္ပည်းကျောက်စာနဲ့ပါ။ 'အခါမြင့်ညောင်း၊ ရှိခဲ့ကောင်း



ကလောမြို့ခြံစည်းရိုးတွေက ခရမ်းပြာပန်းနွယ်များနဲ့ ထောပတ်သီးတွေသီးနေတဲ့အပင်




'လောကမာရဇိန်' စေတီတော်ရှိ သာသနိကအဆောက်အအုံများ



မဟာသီဟနာဒ ပရိယတ္တိစာသင်တိုက်၊ နေမျိုးနွယ်ဝင် ကျောင်းထိုင်ဆရာတော်-ဦးဝဏ္ဏ

သော၊ သိမ်ဟောင်း . . . . ' ကို 'အခါခါ အထပ်ထပ်၊ ခရုပတ် ရင်ဘောင်တန်း၊ ခတ်ယက္ကန်းနှင့်၊ ပျားကြီးစွဲလျက်၊ မြင်းမိုရ် 'တက်ဆင်း၊ ကြက်ခြေနင်းပြင်၊ မြင်းနင်းသောနည်းဖြာဖြာဖြင့်၊ သိမ်ရုတ်လင့်၍' . . . ကလောမြို့ရဲ့ အထင်ကရ ဆရာတော်ကြီးများ ဦးဆောင်မှုဖြင့် ကမ္ဗဝါဟာ ငါးကြိမ်သမုတ်ပြီး တည်ဆောက်ထားတဲ့သိမ်တော်ဖြစ်ကြောင်း ရေးထိုးထားပါတယ်။ သိမ်ဟောင်းကိုပြန်လည်ပြုပြင်တည်ဆောက်ရင် သိမ်ရုတ်ရတယ်ဆိုပါလား။ အသိပညာတစ်ခုရလိုက်ရဲ့။


ကျောင်းပရိဝုဏ်အတွင်းလက်ယာဘက်ဘေးမှာတော့ သစ်သားတုံးမောင်းကြီးနှစ်ခုချိတ်ဆွဲထားရဲ့။ ဘုန်းကြီးကျောင်းနဲ့တုံးမောင်းဟာ ခွဲမရတဲ့ အတွဲအဖက်တွေပါ။ 'ရွာဦးကျောင်းက တုံးမောင်းခေါက် . . . 'ဆိုတဲ့ ပန်းကောက်တေးကိုတောင် ကြားယောင်မိပါတယ်။ အုတ်ရေကန်ဘေးမှာတော့ ကိုရင်လေးတွေ အပြန်အလှန်အချင်းချင်းခေါင်းတုံး



'လောကမာရဇိန်' စေတီရင်ပြင်မှ ဆင်းတုတော်များ



'လောကမာရဇိန်' စေတီဘေးရှိ သာသနိကအဆောက်အအုံများ



'လောကမာရဇိန်' စေတီဘေးရှိ သာသနိကအဆောက်အအုံများ



တိုင်းရင်းသားကိုရင်လေးများ



'လောကမာရဇိန်' စေတီအဝင်မှ တုံးမောင်း



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ မဟာအင်း-ပထမံစမအင်းစေတီ




မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ မဟာအင်း-ပထမံစမအင်းစေတီ


ရိုတ်ပေးနေကြပေါ့။ ဦးပဉ္စင်းကြီးတစ်ပါးက ဘေးမှာကြီးကြပ်လို့၊ ကိုရင်လေးတွေရဲ့ ဦးခေါင်းအတော်များများမှာလည်း ဒဏ်တွေနဲ့ပါ၊ မြန်မာပြည်တစ်ဝန်းက ကိုရင်လေးတွေတိုင်း ဒဏ်နဲ့မကင်းကြတာကိုလည်း ရေရှည်စီမံကိန်းချ၊ ပညာပေးပြီး ကုစားသင့်ပါပြီ။ မန္တလေးက ကျန်းမာရေးအဖွဲ့တစ်ဖွဲ့က ဦးစီးပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေလုပ်ပေး၊ ယားနာကင်းစင်ရေးတွေလုပ်ပေးနေတာ သတင်းတွေမှာတွေ့နေရပေမယ့် ဒီကလောအထိ မရောက်သေးဘူးလားလို့ တွေးမိရဲ့။

"ဦးပဉ္စင်းကြီးကတော့ ဘလိတ်ဓားအသစ်တွေတော့ ထုတ်ပေးတာပဲ ဒုက္ခာကြီးရယ်။ ဂျုတ်တော့ တစ်ပါးတစ်ခုမပေးနိုင်သေးဘူး"

လို့ပြောရှာပါရဲ့။

ကိုရင်လေးတွေအတော်များများဟာ တိုင်းရင်းသားပအို့(ဝ်)လေးတွေများတယ်လို့ သိလိုက်ရတယ်။

ဘုရားတံတိုင်းဘက်ပြန်လှည့်ပြီး မှခ်ပေါက်ကနေဝင်ခဲ့ပါတယ်။ မုခ်ဦးနှစ်ဖက်ရှိပြီး မုခ်ဦးတစ်ခုချင်းဟာ အင်္ဂတေလက်ရာကောင်းတဲ့ ပြာသာဒ်ဆောင်လေးတွေနဲ့ပါ။ အထဲမှာလည်း မြင်းဖြူနှစ်ကောင်ဘေးကရံပြီး ဆင်ဖြူသုံးကောင်အလယ်မှာရှိနေတဲ့ အပေါ်ကြာနှစ်ထပ်ပလ္လင်ထက်မှာ စံပယ်နေတဲ့ ဘူမိဖဿမုဒြာဟန် ရွှေဆေးသင်္ကန်းနဲ့ ဆင်းတုတော်တစ်ဆူ တစ်ဆူစီ စံမြန်းနေလေရဲ့။ ပုဂံခေတ်ဟန်ရေစိုသင်္ကန်းတော်၊ ဦးခေါင်းထက်မှာ ကြာဖူးပုံနဲ့အင်းဝခေတ်ဦးခေါင်းတော်တွေနဲ့ ခေတ်သစ်လက်ရာအင်္ဂတေသားဆင်းတုတော်တွေဟာ လက်ရာအတော်ကောင်းပါတယ်။ ဆင်းတုတော်တွေရဲ့ ဘေးတစ်ဖက်တစ်ချက်မှာလည်း



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ

နေနဲ့လ ယပ်တောင်ရှည်နှစ်လက်ကို အသီးသီးကိုင်ဆောင်ထားတဲ့ နတ်သား နှစ်ပါးရံနေပေ့။

ပင်မစေတီတော်ကို ရွှေတိဂုံစေတီတော်ပုံတည်ထားပြီး လုံးတော်ပြည့် ရွှေဆေးသင်္ကန်းကပ်ထားရဲ့။ စတုရန်းပုံ အောက်ခြေဖိနပ်တော်ပတ်လည်မှာလည်း အရံစေတီဖြူလေးတွေနဲ့ပါ။ ထောင့်စေတီတွေကအတန်ငယ်ကြီးပြီး အလယ်က စေတီခုနှစ်ဆူက အနည်းငယ်သေးပါတယ်။ အရံစေတီတွေကို ထုံးသင်္ကန်းကပ်ပြီး ရွှေရေးကွပ်ထားကာ ရွှေထီးတော်တွေကပ်လှူထားကြတယ်။ ရုပ်ကွက်က တိုင်းရင်းသူအမျိုးသမီးတွေက ဘုရားရင်ပြင်ကို တံမြက်လှည်းနေကြလို့ အသာကွင်းရှောင်ပြီး စေတီရင်ပြင်ကို လက်ယာရစ်တစ်ပတ်ပတ်ဖူးခဲ့ပါတယ်။ တံတိုင်းတစ်ဖက်မှာတော့ ခေါင်းလောင်းစင်အောက်ခြေမှာ သိကြားမင်းကြီးလေးပါး ရံထားတဲ့ တံခွန်တိုင်၊ နဂါးနှစ်ကောင်ရံထားတဲ့ ရှင်ဥပ္ပဂုတ္တဆောင်၊ နဂါးမင်းရစ်ခွေထားတဲ့ပေါ် မှာစံမြန်းပြီး နဂါးပါးပျဉ်းအုပ်မိုးထားတဲ့ မုစလိန္ဒာအိုင်ကဆင်းတုတော်၊ ယပ်တစ်ချောင်း ပခုံးပေါ် ထမ်းပြီး သပိတ်ပိုက်ရပ်တော်မူနေတဲ့ ရှင်သီဝလိကိုယ်တော်၊ တရားဦးဟောတော်မူနေတဲ့ ဓမ္မစက္ကမုဒြာဟန်ဘုရားရှင်နဲ့ပဉ္စဝဂ္ဂီငါးပါး၊ အဘယမုဒြာဟန်နဲ့ ဗုဒ္ဓရုပ်ပွားတော်၊ ဗျာဒိတ်ပေးဘုရား၊ နတ်မင်းကြီးလေးပါး စသဖြင့် ဗုဒ္ဓဘာသာသာသနိကပရိဝုဏ်အတွင်းမှာ ရှိသင့်ရှိထိုက်ရှိနေကျဆင်းတုရုပ်တုတော်တွေကို တန်းစီထုလုပ်ထားပါတယ်။ လက်ရာတွေက သစ်လွင်ကောင်းမွန်အချိုးကျသလို ထေရဝါဒနဲ့ မသက်ဆိုင်တဲ့ နတ်စိမ်းတွေ၊ အန်းကုံးဘိုးတော်တွေမတွေ့ရလို့လည်း ကျေနပ်မိရဲ့။

အဲဒီတံတိုင်းရဲ့အခြားသောဘက်မှာတော့ မြင်နေကျမဟုတ်ဘဲ ထူးခြားတဲ့စိတ်ကူးနဲ့ တံခွန်တိုင်တစ်တိုင်ကိုတွေ့လိုက်ရတယ်။ တံတိုင်းအပြင်မှာလည်း ကျောင်းထိုင်ဆရာတော်ကို ဖူးတွေ့လိုက်ရလို့ ဘယ်သူ့စိတ်ကူးပါလဲဘုရားလို့ လျှောက်ကြည့်တော့ -

"ကျုပ်စိတ်ကူးကို ဒီကပန်းရန်ဆရာတွေနဲ့ ကျောင်းက ရဟန်းသံဃာတွေစုပြီးပုံဖော်ကြတာပါ"

လို့ဖော်ဖော်ရွှေရွှေ လိုလိုလားလား

ရှင်းပြပါတယ်။ ကုန်ကျစရိတ်ကလည်း သိပ်မများလှတာတွေ့ရတယ်။ ဒါပေမယ့် ဦးပဥ္စင်းတွေရဲ့လုပ်အားကြောင့် သက်သက်သာသာနဲ့ အောင်မြင်ပြီးစီးသွားတာပါ။ ပန်းနုရောင်ပွင့်ဖက်နှစ်ထပ်ကြာပွင့်ကြီးပေါ်မှာ တိုင်လုံးကိုစိုက်ထားပြီး တိုင်ထိပ်ကနေ တိုင်ရင်းအထိ ခရုပတ်လမ်းကြောင်းအတိုင်း နောက်လိုက်နောက်ပါရဟန်းတွေရဲ့သပိတ်ပိုက်ကာ မတ်တပ်ရပ်တော်မူနေပုံတွေကို အစီအရီထားပြီး တိုင်ရဲ့အဆုံးမှာ ဘုရားရှင်က သပိတ်တော်ပိုက်ကာ ရပ်တော်မူနေပုံ ဖြစ်ပါတယ်။ နောက်ပါရဟန်းတွေကို သစ်ခေါက်ဆိုးရောင်၊ ဘုရားရှင်ကို ရွှေရောင်သင်္ကန်းတော်တွေ ကပ်လှူထားရဲ့။ ရဟန်းတော်တွေကို နီးဝေးအမြင်နဲ့ ထိပ်ဖျားရောက်လေ အရွယ်တော်သေးလေးထုလုပ်ထားတာကလည်း လက်ရာမြောက်လှပါတယ်။ ကြာပွင့်ဖက်တိုင်ဖူးတိုင်အုပ်ခံပြီး စတုရန်းပုံကျောင်းဆောင်တော်တင်ထားကာ အဲဒီပေါ်မှာမှ စေတီပေါက်ထားပြန်ပါတယ်။ ကျောင်းဆောင်ရဲ့ထောင့်တစ်နေရာမှာတော့ အစွန်းထွက်ထားပြီး၊ ယနေ့ခေတ် ကြေးပြားနဲ့ပန်းဖောက်ထားတဲ့ တံခွန်တိုင်လုံးကိုချိတ်ဆွဲထားရဲ့။ မြင်နေကျ တံခွန်တိုင်တွေလို ဟင်္သာရုပ်ခံမဟုတ်သလို တိုင်ပတ်လည်မှာ ရဟန္တာပုံတွေ စီတန်းနေတာက အမြင်ဆန်းသလို၊ ဘုရားရှင် တာဝတိံသာက ဆင်းကြွလာတာကို ဖူးမြော်ရသလိုပါ။

ကျောင်းထိုင်ဆရာတော်နဲ့ စကားကောင်းနေတုန်းမှာပဲ ကလောမြို့က အခြားဘုန်းကြီးကျောင်းအမည်တပ်ထားတဲ့ကားတစ်စင်း ဆိုက်ရောက်လာပြီး ဘုန်းတော်ကြီးတစ်ပါး ဆင်းလာလို့ စကားဖြတ်ပြီး ဆရာတော်က အနီးရှိ တစ်ထပ်ကျောင်းတော်ကို ကြွသွားပါတယ်။ သူတို့ဘုန်းကြီးချင်း ကိစ္စတစ်စုံတစ်ရာရှိပုံရလို့ ကိုယ်လည်း အသာရှောင်ထွက်ခဲ့ပြီး တောင်ကုန်းထိပ်က အခြားသာသနိကအဆောက်အအုံတွေကို လှည့်လည်လေ့လာနေလိုက်တယ်။ စေတီကြီးဝန်းကျင်ကပ်လျက်မှာလည်း ဆောက်လက်စ တိုက်ကျောင်းကြီးကို ပန်းရန်အလုပ်သမားတွေ လှုပ်လှုပ်ရွရွနဲ့ အတူတွေ့ရပါတယ်။ အဲဒီဘေးမှာတော့ ကလောမြို့ သာသနာ့လင်းခြည်ကျောင်းဆောက်လုပ်မည့်ပုံစံဆိုတဲ့ ဗီနိုင်းဘုတ်ကြီးစိုက်ထူထားရဲ့။ (၄) ပင် (၃) ခန်းသုံးထပ်တိုက်ဖြစ်ပါတယ်။ တောင်ကုန်းလေးနဲ့အပြည့် သာသနိကအဆောက်အအုံတွေရှိနေပါလား။ ဧည့်ဆရာတော်ကြီးရဲ့ကားပြန်ထွက်သွားတော့ ကျောင်းထိုင်ဆရာတော်ရဲ့ နဂါးရုပ်ခံအဝင်မုခ်နဲ့ မဟာသီဟနာဒပရိယတ္တိစာသင်တိုက် တစ်ထပ် မြေစိုက်ကျောင်းဆောင် ခန်းမကျယ်ထဲကို ဝင်သွားပြီး ဖူးမြော်ပါတယ်။

ရတနာ့စံကျောင်းလို့ ကမ္ပည်းထိုးတာတဲ့ ဘုရားကျောင်းဆောင်ရှေ့က အမြင့်နေရသာမှာ ဆရာတော်ကထိုင်တော်မူနေရဲ့။ အေးစိမ့်စိမ့် ရှမ်းပြည်နယ်ရာသီဥတုမှာ အတွင်းခံသင်္ကန်း အဝါရောင်လက်ရှည်အင်္ကျီခံဝတ်ပြီး သင်္ကန်းရုံထားတဲ့ ခပ်ဝဝ၊ ညိုတိုတိုနဲ့ ဆရာတော်ဟာ ဦးဝဏ္ဏဖြစ်ပြီး ဝါတော် (၃၄) ဝါ၊ သက်တော် (၅၄) နှစ်ရှိပါပြီတဲ့။ ဆရာတော်က ဖော်ရွေပျူငှာစွာပဲ ရေနွေးကြမ်း၊ လက်ဖက်သုပ်တွေနဲ့ ဧည့်ခံပြီး လိုလိုလားလားစကားပြောဆိုမိန့်ကြားပါတယ်။ ဇာတိရင်းက မနုတိုင်းရင်းသားဖြစ်ပြီး ငယ်စဉ်ထဲ ကိုရင်ဝတ်ကာ သာသနာ့ဘောင်ကိုဝင်ခဲ့တာဖြစ်ပါတယ်။ ဦးပဥ္စင်းဘဝနဲ့ မန္တလေး၊ ရန်ကုန် - အောင်ဆန်းစတဲ့မြို့ကြီးတွေမှာလည်း သာသနာရေး




မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
တတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ




မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
တတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
တတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
တတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ



မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး
တတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ
မဟာအင်း-ပထမံစမအင်းစေတီ



**မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ မဟာအင်း-ပထမံစမအင်းစေတီ**



**မဟာအရိယဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီး (၄) ပါး ဓာတ်စီးရေးဆွဲတဲ့ မြင်းမိုရ်တောင်ရှိ မဟာအင်း-ပထမံစမအင်းစေတီ**

ဆိုင်ရာပညာရပ်တွေကို လေ့လာဆည်းပူးခဲ့တယ်။ နောက်ဆုံးမတော့ ကလောမြို့ မြို့မကျောင်းဆရာတော်ရဲ့ ပို့ဆောင်မှုနဲ့ ဒီကျောင်းနေရာမှာလာပြီးကျောင်းထိုင်ဖြစ်ခဲ့ပါတယ်။

"ကျုပ်ငယ်ငယ်က ရန်ကုန်ကိုလည်း မရောက်ဘူးတော့ ရွှေတိဂုံဘုရားကြီးကို ဖူးချင်လိုက်တာ။ ရန်ကုန်ရောက်ပြီး တကယ်ဖူးရတော့လည်း ဖူးလို့မဝလောက်အောင်ကို ရွှေတိဂုံစေတီကြီးက သပ္ပာယ်လှရဲ့။ အဲဒါနဲ့ ဒီမြက်ရဲအင်းကို ရောက်တော့ ခုစေတီကြီးနေရာမှာ ကိုးတောင်ပြည့် မြေစိုက်စေတီလေးကို တွေ့ရတယ်။ ကိုယ်လုပ်ခွင့်ရလာတဲ့အခါမှာ ကိုယ့်လိုပဲ ဒီအရပ်ကနေ ရွှေတိဂုံစေတီတော်ကြီးကို ဖူးချင်သူတွေဖူးနိုင်အောင်လို့ ခုစေတီကြီးကိုငုံပြီးတည်ခဲ့တာပါ။ စေတီရဲ့မူရင်းကိုလည်းမပျက်စေဘဲ အပေါ်ကနေထပ်ငုံပြီးပဲ တည်ထားခဲ့ပါတယ်"

လို့ ဆရာတော်က မိန့်ပါတယ်။

ကလောမြို့ မြက်ရဲအင်းက လက်ရှိ ရွှေတိဂုံပုံစေတီတော်ကြီးရဲ့ဘွဲ့တော်က လောကမာရဇိန်ပါ။ ဘွဲ့တော်ဟောင်းက အောင်ဆုရှင်ဘုရားပါတဲ့။

စာတတ်ပုဂ္ဂိုလ်ဖြစ်တဲ့ ဆရာတော်က ဦးစီးပြီး ဒီမြက်ရဲအင်းကျောင်းကို စာသင်တိုက်အဖြစ် ဆက်လက် တာဝန်ယူကာ ထူထောင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ (၁၂) နှစ် ၁၃၆၆ ခုနှစ်ကတော့ ကျောင်းဟောင်းမှာ ကိုရင်လေးတစ်ဒါဇင်လောက်နဲ့ စာသင်တိုက်ကိုစတင်ခဲ့ရတာပါ။ အုတ်တိုက်ကျောင်းဆောင်သစ်မှာ လက်ရှိကာလမတော့ ဦးပဉ္စင်း (၁၄) ပါး၊ ကိုရင် (၄၁) ပါး၊ အားလုံး (၅၅) ပါး သီတင်းသုံးပြီးရှိနေရဲ့။ ပအို့(ဝ်)၊ ပလောင်၊ ဗမာ တိုင်းရင်းသားကလေးငယ်များအရပ်ရပ်က ရောက်လာပြီး ကိုယ်ရင်ဝတ်ကာ နေထိုင်ကြလို့ လူငယ်ပြုစုပျိုးထောင်ရေးကျောင်းလေးလိုဖြစ်နေပါတယ်။ မိဘမဲ့တွေတော့မဟုတ်ဘဲ မိဘတွေကလာရောက်အပ်နှံထားကြတာပါ။ အဲဒီဒက်ထူတဲ့ကိုရင်လေးတွေကို ဗုဒ္ဓစာပေများ သင်ကြားပို့ချပြီး သာသနာတော်ကို လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်အောင် လေ့ကျင့်ပေးနေပါတယ်။ စာချပုဂ္ဂိုလ်ဦးပဉ္စင်းတွေကတော့ မြန်မာရဟန်းတော်တွေသာ ပိုမိုများပြားတယ်လို့သိရတယ်။ အတန်းပညာတော့ မသင်ပေးပါဘူးလို့ဆိုတော့ မူလတန်းအဆင့်လောက်တော့ သင်ပေးပါဘုရားလို့ အကြံပေးမိပါတယ်။ ဘုန်းကြီးကလည်းစဉ်းစားပြီး စီစဉ်ကြည့်ပါ့မယ်လို့ ပြန်မိန့်ရဲ့။

ဆရာတော်ရဲ့ နောက်ကျောက ဘုရားခန်းမှာတော့ ဒေသထွက်ပန်းတွေ ဝေဝေဆာဆာ ကပ်လှူထားလို့ပါ။ မြန်မာပြည်အောက်ဘက်မှာ မမြင်တွေ့နိုင်တဲ့ အထူးအဆန်းကပ်လှူပုံတစ်မျိုးကိုလည်း တွေ့လိုက်ရပါတယ်။ ပေါင်မုန့်လုံးလိုမုန့်တွေကို ကလပ်တစ်ခုပေါ်မှာ ဆင့်ကာဆင့်ကာ စေတီလုံးတစ်ဆူလို တည်ထားရင်း မုန့်လုံးကြီးတွေရဲ့အကြားမှာလည်း ကိုယ်တို့ငယ်ငယ်က အမေဆွမ်းတော်ကပ်တတ်တဲ့မုန့်ပဲလှော်ရောင်စုံလေးတွေကိုလည်း ပန်းပွင့်ပုံဖော်ကာ အလှဆင်ပေးထားတာပါ။ နောက်ကလပ်တစ်ခုမှာတော့ ကော်ဖီမစ်ထုပ်တွေ၊ သကြားလုံးထုပ်တွေနဲ့ ပေါင်မုန့်၊ မုန့်ကြွပ်ချောင်းတွေကို ပုံဖော်ထားပြန်ပါတယ်။ အဲဒီမုန့်စေတီတွေပေါ်မှာမှ တံခွန်ကုက္ကားတွေထိုးစိုက်ထားရဲ့။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို သဒ္ဒါပေါက်သလိုမူဟန်တစ်မျိုးနဲ့ မုန့်ဆွမ်းကပ်တာပါပဲ။

ဘုရားခန်းရှေ့ ကျောင်းသံဃာစင်ရဲ့လက်ဝဲဘက်နံရံမှာ ကျေးဇူးတော်ရှင် ပန်းတောင်းဆရာတော်ဘုရားကြီး သက်တော် (၁၀၁) နှစ်၊ သိက္ခာတော် (၈၁)နှစ်ရဲ့ပုံတော်ပန်းချီကားကို ချိတ်ဆွဲထားပြီး ဗုဒ္ဓစာပကျမ်းဂန်တွေထည့်ထားတဲ့ ဗီရိုတွေလည်းအောက်မှာ အစီအရီရှိနေပါတယ်၊ လက်ယာဘက် နံရံမှာတော့ ကိုယ့်ကို မျက်လုံးကျယ်စေတဲ့အရာတစ်ခုကို တွေ့လိုက်ရတယ်။ သစ်သားပေါင်ကိုယ်ထည်နဲ့ မှန်ပေါင်တွေလို အကွက်ဖော်ကာ မှန်ချပ်တွေတပ်ဆင်ထားရင်း မြင်းမိုရ်တောင်ပုံပြုလုပ်ပြီး အတွင်းမှာ အင်းကွက်များထည့်သွင်းကပ်ထားတဲ့ မှန်ပေါင်အဆန်းကြီးပါ။ မဟာအယိရဝိဇ္ဇာအထက်ပုဂ္ဂိုလ်ကြီးလေးပါး ဓာတ်စီးရေးဆွဲသည့် မဟာမြင်းမိုရ်တောင်ရှိ မဟာအင်းပထမံစမအင်းစေတီတော်ကြီးလို့ အောက်ခြေသစ်သားပေါင်ကြီးမှာ

စာတန်းလည်းရေးထိုးထားရဲ့။ အဲဒီမှန်ပေါင်ကြီးကို စောင်တွေ၊ ခေါင်းအုံးတွေ အပုံလိုက်ကြီးက တစ်ဝက်တစ်ပျက်ကာကွယ်ထားလို့ ဘုန်းကြီးကပဲ ကိုရင်လေးတွေကိုရှင်းပေးစေပါတယ်။ ကိုယ်လည်းဝိုင်းကူပြီး စောင်တွေ၊ အိပ်ရာခင်းတွေကို ခေါက်သိမ်းပေးလိုက်တော့ ပီပီပြင်ပြင်ရုပ်လုံးပေါ်လာရဲ့။

မှန်ပေါင်အရွယ်အစားစားပုံသဏ္ဍာန်အမျိုးမျိုးကြားမှာတော့ စာလုံးများကိုအင်းချကာရေးဆွဲထားတဲ့ ဆင်းတုတော်ပုံ၊ စေတီတော်ပုံ၊ မကိုဋ်ဆောင်းနတ်၊ သိကြားများမတ်တတ်ရပ်နေသည့်ပုံ၊ ဒူးထောက်နေပုံ၊ ပြာသာဒ်ဘုံဆောင်မြင့်များပုံ၊ စက်ဝိုင်းပုံ၊ ပလ္လင်တော်ပုံ၊ နဂါးပုံ၊ တဒေါင်းပုံ၊ အင်းကွက်များပုံတွေကို ရင်ခုန်ဖွယ်တွေ့လိုက်ရပါတယ်။ မြစ်ကြီးနားမြို့ရောက်တုန်းကလည်း ဘုရားတစ်ဆူရဲ့ ဇရပ်မှာ ခုလိုပဲ မြင်းမိုရ်တောင်နဲ့စကြဝဠာဖွဲ့စည်းပုံ (Cosmological structure) ကို စကြဝဠာဗေဒ(Cosmology)အရ ပန်းချီကားကြီးတွေ ချိတ်ဆွဲပြသထားတာတွေ့ဖူးပါရဲ့။ အခုမှန်ပေါင်တွေမှာတော့ မတူကွဲပြားပြီး ထူးခြားစွာပဲ စာလုံးတွေ၊ ဂါထာတွေတွေ့ရပါတယ်။ ကြိုးစားပမ်းစားဖတ်ကြည့်မိရဲ့။ စဓပဝစာလုံးများ၊ 'အရဟံ' - 'ဥ၊ ဝိသနံ ဇိနော မိသံပဘံ ကော'-'ဥ၊ ကော ဝိရသံ ဝိဇံနောဂေမိသံဟိသွာ' - 'ဥ၊ ဇုံနံ ယံဘေး ကင်းစေ ဝေးစေ လွတ်စေ' - 'ဥ၊ အောင်စေ မိတ်ဆာယံ ကင်စေ ဓာတ်ပွင့်စေ' - 'ဥ၊ သံဝိနံချုပ်စေ ယံအပေါင်း နိုင်စေ ပိုင်စေဟိ' -'မဟာအရိယဝိဇ္ဇါဆရာအထက်ပုဂ္ဂိုလ်ကြီးမါတ်စီးရေးဆွဲသည့်''ရှင်သီဝလိပွန်တော်' -'မဟာသသုသနံ'၊ ဥ၊ လာဘံသာ တ္တုဝိသော'-'ဥ၊ ကံလဘ်သာစေ အောင်စေ'၊ 'ဥ၊ အောင်စေ ဘေယံကင်စေ'၊ 'သိပ်ထိရှင်ဆရာမဟာအယိရဝိဇ္ဇာကြီးများ' စသော ဖတ်ရှုလို့ရတဲ့စာစုတွေကို တွေ့ရပါတယ်။ မိတ်ဆာ-မိစ္ဆာ၊ ဘေယံကင်စေ-ဘေးရန်ကင်းစေ၊ သိပ်ထိရှင်-သိဒ္ဓိရှင်၊ အယိရ-အရိယစသဖြင့်၊ စာလုံးပေါင်းသတ်ပုံမှားတာကလွဲလို့ အသံထွက်အတိုင်း အဓိပ္ပာယ်တစ်စုံတစ်ရာပေါ်လွင်နေရဲ့။ ဘုရားဟောကျမ်းစာတွေ မဟုတ်ဘဲ ဝိဇ္ဇာနည်းနဲ့စီရင်ထားတာဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် ပါဠိစာလုံး၊ ဂါထာတွေနဲ့ ဆင်းတုတော်ပုံတော်၊ ရဟန္တာပုံတော်၊ စေတီနဲ့တန်ဆောင်းပြာသာဒ်ပုံတွေဖော်ထားတာကတော့ စိတ်ဝင်စားစရာပါ။



ကလောမြို့မြို့စည်းရိုးတွေက ခရမ်းပြာပန်းပွင့်များနဲ့ ထောပတ်သီးတွေသီးနေတဲ့အပင်

ဆရာတော်နဲ့ သီဟိုဠ်သာသနာအကြောင်း၊ သီရိလင်္ကာနိုင်ငံခရီးစဉ်အကြောင်းတွေ ဆွေးနွေးကြပါတယ်။ ဆရာတော်ကလည်း သီဟိုဠ်ကဘုရားတွေကို ဖူးမြော်လိုတဲ့ ဆန္ဒရှိနေတယ်လို့ မိန့်ပါတယ်။ သီရိလင်္ကာရဲ့ မူပိုင်ဟန်ဖြစ်တဲ့ သမာဓိမုဒြာဆင်းတုတော်တွေ အကြောင်းလည်းဆရာတော်ကိုလျှောက်တင်ခဲ့ပြီး နောက်တစ်ခါ ဘုရားတည်ရင် သမာဓိမုဒြာဟန်၊ ဈာနမုဒြာဟန် ဆင်းတုတော်တွေလည်း ထည့်သွင်းထုလုပ်ပါဦးဘုရားလို့ ကိုယ့်အကြိုက်ကိုလည်းပြောမိရဲ့။ ဆရာတော်က နောက်လည်းလာရောက်တည်းခိုပါဦး။ဒီကျောင်းမှာပဲ နားနေစားသောက်နိုင်ပါတယ်လို့ ဖိတ်ခေါ်ပါတယ်။ အစ်မကြီးရဲ့အိမ်ကိုလည်း ဘုန်းကြီးက လမ်းညွှန်ပေးကာ တစ်ယောက်ယောက်လိုက်ပို့ပေးရမလားလို့လည်းပြောဆိုကူညီရဲ့။ မဝေးလှတဲ့ နေရာမှာမို့ တပည့်တော်ဘာသာပဲ မေးမြန်းရင်း လျှောက်သွားလိုက်ပါ့မယ်ဘုရားလို့ဆိုပြီး ကန်တော့ကာ ကျောင်းကပြန်ထွက်ခဲ့ပါတယ်။

တောင်စောင်းလေးတစ်နေရာက အမိုးပြာပြာနဲ့ , အစ်မကြီးတို့အိမ်ကို အလွယ်တကူပဲရှာတွေ့ပြီး ကန်တော့ခဲ့တယ်။ အဲဒီတုန်းမှာပဲ ကလော-ရွှေနန်းစံကားလက်မှတ်ရောင်းဌာနမှ မနှင်းနှင်းအေးရဲ့ဝန်ထမ်းတွေက တောင်ပေါ်သားအသံဝဲဝဲလေးနဲ့ ဖုန်းဆက်လာပါတယ်။ နေ့လယ် (၁၂) နာရီမှာ တောင်ကြီးကထွက်လာတဲ့ကားကြီး ရောက်လာမယ်။ ထိုင်ခုံလက်မှတ်ရပါသတဲ့။ အလာတုန်းက မှောင်မှောင်မည်းမည်းမှာမမြင်ခဲ့ရတဲ့ ရှမ်းတောင်တန်းပြာပြာတွေကို မှန်ပြတင်းကငေးချင်တာ အတော်ဖြစ်သွားပေါ့။ မကြာသေးခင် နာရီပိုင်းကမှ သိကျွမ်းခဲ့ရတဲ့ ရွှေနန်းစံမှာ ညကားလက်မှတ်မှာရင်း နေ့လယ်ထွက်တဲ့ကားများ စီးရရင်ကောင်းမှာလို့ပြောခဲ့မိတဲ့ ကိုယ့်ဆန္ဒကိုပြည့်ဆည်းဖို့ ဝန်ဆောင်မှုအပြည့်နဲ့ကူညီနေပါလားလို့ အံ့ဩသွားပါတယ်။ ဆိုင်ကယ်ကယ်ရီနဲ့ကားဂိတ်ကိုအမြန်ပြန်ရင်း မနှင်းအေးကို ကျေးဇူးတင်ကြောင်းပြောမိရဲ့။ အဲဒီတော့မှ အဖွဲ့ချုပ်ရဲ့မြို့နယ်စည်းလုံးရေးမှူးဆိုတာလည်းသိလိုက်ရပေါ့။ သူတို့ရဲ့ တစ်ရပ်တစ်ကျေးကရောက်လာသူကို ကူညီတတ်တဲ့စိတ်ကို အသိအမှတ်ပြုမိတယ်။ ရွှေနန်းစံက ညီလေး၊ ညီမလေးတွေကြောင့် အလွန်သန့်ရှင်းတဲ့သန့်စင်ခန်းကိုလည်း အသုံးပြုခဲ့ရပါတယ်။ မနှင်းအေးတို့ရဲ့ဆိုင်ခန်းလေးဟာ ထူးထူးခြားခြား အမှိုက်သရိုက်ဖုန်အညစ်အကြေးကင်းစင်ကာ သန့်ရှင်းသပ်ရပ်လှတာလည်း သတိပြုမိရဲ့။ ကားမထွက်ခင် သူတို့လမ်းညွှန်မှုနဲ့ အနီးကဆိုင်မှာ ကိုယ်အလွန်ကြိုက်တဲ့ ရှမ်းထမင်းချဉ် (၂) ပွဲလည်း ကပျာကယာသွတ်လိုက်မိတယ်။ အသင့်ဆိုက်ရောက်လာတဲ့ကားကြီးပေါ် စိတ်လက်ပေါ့ပါးစွာနဲ့ လှမ်းအတက်မှာ မနှင်းအေးတို့ဆိုင်ခန်းဗီရိုမှန်မှာကပ်ထားတဲ့ ငြိမ်းချမ်းရေးမိခင်ပုံက ကိုယ့်ကို ပြုံးပြနှုတ်ဆက်နေသလို မြင်လိုက်ရတော့ တောင်ပေါ်မြေကအပြန်ခရီးဟာ လုံခြုံမှုအပြည့်နဲ့ နွေးထွေးသွားသလို ခံစားလိုက်ရပေါ့။ ကလောမြို့ ထင်းရှူးတောကိုဖြတ်အဆင်းမှာတော့ ထေရဝါဒဗုဒ္ဓသာသနာတော်ကို စောင့်ထိန်းနေတဲ့ မြက်ရဲအင်းသာသနာ့နယ်မြေကို ပံ့ပိုးအကျိုးပြုမယ့် လုပ်ရပ်တစ်ခုခုကိုသယ်ဆောင်ရင်း နောက်တစ်ခေါက် ပြန်လာဦးမယ်လို့ ကလောမြို့လေးကိုနှုတ်ဆက်ကတိပေးခဲ့ပါတယ်။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

တစ်နေ့သ၌ -

စာစုံလည်းဖတ်သလို လွန်စွာမှ အမေးအမြန်းထူသော တပည့်ဖြစ်သူ မောင်စောလှမြင့်တစ်ယောက် ကျွန်ုပ်ထံ ရောက်လာပါတော့သည်။ သူရောက်လာပြီဆိုလျှင် တစ်မျိုးမဟုတ်တစ်မျိုးတော့ မေးမြန်းစရာတစ်ခုခုသယ်လာမည်ကို ကြိုတင်သိထားပြီး ဖြစ်လေသည်။

"မောင်စောလှမြင့်၊ ဒီတစ်ခေါက် မေးစရာမြန်းစရာဘာပါသေးလဲ"

ဟု မြင်မြင်ချင်း ကျွန်ုပ်မှ ရယ်မောပြီး နှုတ်ဆက်လိုက်ပါတော့သည်။

"ဟုတ်ကဲ့ - ဆရာ၊ ကျွန်တော် မေတ္တာနဲ့ပတ်သက်ပြီး မေးချင်တာပါ။ မေတ္တာသုတ်အဓိဋ္ဌာန်လည်းဝင်ချင်လို့ပါ။ ဆုတောင်းခံရာမှာ ဘယ်လိုဆုတောင်းရမလဲ"

ဟု အမေးတွေများစွာဖြင့်ပြန်ပြောပါတော့သည်။

"မေတ္တာနဲ့ ပတ်သက်ပြီးတော့ သုံးလောကရဲ့ အနှိုင်းမဲ့ဖြစ်သော ဘုရားရှင်ကိုယ်တော်တိုင် မေတ္တာဖြင့် အောင်ပွဲဝင်ခဲ့တဲ့ သာဓကများစွာရှိနေပြီးသားပါ။ ရှေးဆရာတို့ကလည်း မိမိတို့လက်တစ်ကမ်းမှာ တွေ့ထိကြုံရတာကိုလည်း ရေးသားခဲ့ကြတယ်ကွ။

မေတ္တာသုတ်ကို ဗျာပါသောက၊ စိတ်ဒုက္ခနှင့်၊ နေ့ညမကောင်း၊ အိပ်လျှင်မပျော်၊ သူတို့သော်လည်း၊ အော်အော်ညည်းဆဲ၊ မေတ္တာမဲ့က၊ ရွတ်မြဲရိုးထုတ်၊ မေတ္တာသုတ်တည်း' လို့ ရေးစပ်ထားခဲ့တာကို ဖတ်ရဖူးတယ်ကွ။

ပါဠိတော်လာတဲ့ မေတ္တာတရားပွားများရင် တန်ခိုးအာနိသင်ကြီးမားကြောင်းသိသာထင်ရှားအောင်ဖော်ကျူးထားတယ်ကွ။ အင်္ဂုတ္တရပါဠိတော်၊ ဧကာဒသကနိပါတ ၂။ အနုဿတိဝဂ် ငါးခုမြောက်သုတ်မှာ မေတ္တာတရားပွားများရင် အကျိုး (၁၁) မျိုးကိုရစေနိုင်ကြောင်း ဖော်ပြထားတာရှိတယ်။ အကြမ်းဖျင်းတော့ အတော်များများသိကြပါတယ်။ သေချာအောင် မှတ်သားပေတော့။

- ချမ်းသာစွာအိပ်ရခြင်း။
- ချမ်းသာစွာနိုးကြားရခြင်း။
- မကောင်းသောအိပ်မက်ကို မမြင်မက်ခြင်း။
- လူအများချစ်ခင်ခြင်း။
- နတ်ဘီလူး၊ ပြိတ္တာများချစ်ခင်ခြင်း။
- နတ်များစောင့်ရှောက်ခြင်း။
- မီးလောင်မှု၊ အဆိပ်သင့်မှု၊ လက်နက်စူးဝင်မှုမရှိခြင်း။
- စိတ်တည်ကြည်လွယ်ခြင်း။
- ရုပ်အဆင်းကြည်ကြည်လင်လင်ရှိခြင်း။
- သေချိန်ကျသောအခါတွင် မတွေမဝေသေရခြင်း။
- ယခုဘဝ အထက်မဂ်ဖိုလ်ပေါက်ထိုးထွင်း၍မသိနိုင်သေးလျှင် ဗြဟ္မာပြည်သို့လားရခြင်း။

စသည် အကျိုး (၁၁) မျိုးကို ရစေနိုင်သည်။

နောက်ပြီးတော့ မေတ္တာပွားများနေသူသည် မိစ္ဆာဝိတက်သုံးပါးကိုမဖြစ်ခြင်း၊ ကြံစည်စိတ်ကူးမှုမပြုတော့ခြင်းဖြစ်

# ဘုန်းခေါင်

## တန်ခိုးအာနိသင်ကြီးမားကြောင်း သိသာထင်ရှားစေသည့်မေတ္တာ



တဲ့အတွက် သမ္မာဝိတက်နဲ့ နေနိုင်တယ်ကွ။ သမ္မာဝိတက်(၃)မျိုးကို အောက်မှာပြောပြမယ်။

**နေက္ခမ္မဝိတက်** - ဝတ္ထုကာမတို့မှ လွတ်မြောက်ရန်ကြံစည်စိတ်ကူးခြင်း။

**အဗျာပါဒဝိတက်** - မေတ္တာတရားနှင့်ယှဉ်သောကြံစည်စိတ်ကူးခြင်း။

**အဝိဟိံသာဝိတက်** - ကရုဏာနှင့်ယှဉ်သောကြံစည်စိတ်ကူးခြင်းတို့နှင့်သာ နေတယ်။

ဒါကြောင့်လည်း မေတ္တာပွားသူရဲ့ စိတ်ဓာတ်ခွန်အားဟာဆိုရင် ဖြူစင်ပြီး ကြည်လင်သလောက် အားကြီးနေပါတယ်။

အဲဒီလို မေတ္တာတရားနှင့်နေတဲ့ ယောဂီပုဂ္ဂိုလ်အနေဖြင့် သီလရဲ့စင်ကြယ်ခြင်းကိုလည်းဖြစ်နေလေတယ်။ သီလစင်ကြယ်အကြောင်း အကြောင်း(၄)မျိုး ရှိတယ်။

- ဒေသနာကြားသဖြင့် သီလကို စင်ကြယ်ခြင်း။
- သီလကို စောင့်ထိန်းသဖြင့် စင်ကြယ်ခြင်း။
- သီလကို ရှာမှီးသဖြင့် စင်ကြယ်ခြင်း။
- ဆင်ခြင်သဖြင့် သီလကို စင်ကြယ်ခြင်း


စတဲ့ အကြောင်းအင်္ဂါလေးပါးနဲ့လည်း ပြည့်စုံသူဖြစ်နေပါတယ်။

(မေတ္တာပွားများဖို့နှင့် မေတ္တာသုတ်အဓိဋ္ဌာန်ဝင်ဖို့ မေတ္တာသုတ်ကို ရေးသားဖော်ပြတော့ပါ။ ယခုအခါသမယတွင် သုတ်ပရိတ်တော်စာအုပ်များစွာထွက်ရှိနေသလို တချို့စာအုပ်များတွင် အသံထွက်များပင်ပါရှိနေပါသည်။)

မေတ္တာသုတ်တော်ကို အဓိဋ္ဌာန်ပြီး မေတ္တာပွားမယ်ဆို အဓိဋ္ဌာန်တင်ပြီး မကျိုးမပေါက်ရလေအောင် ဆောင်ရွက်နိုင်တာနဲ့ ပါရမီတော်ကလည်း တစ်ခါတည်းတွဲပါလာပြီးသားပါ။

အဓိဋ္ဌာန်တင်ထားတဲ့အတိုင်း အောင်မြင်တာနဲ့ အဓိဋ္ဌာန်ပါရမီကိုဖြည့်ရာရောက်တယ်။ မိမိအဓိဋ္ဌာန်တင်ထားတဲ့အတိုင်းဆောင်ရွက်နိုင်လို့ သစ္စာပါရမီမြောက်တယ်။ မေတ္တာအဓိဋ္ဌာန်ဝင်ထားတဲ့အတွက်မေတ္တာပါရမီပေါ့။ ပြီးမြောက်အောင် ဝီရိယနဲ့ လုံ့လပွားတဲ့အတွက် ဝီရိယပါရမီ စသည့် ပါရမီတို့ကိုလည်း ဖြည့်ဆည်းရာရောက်ပါတယ်။

ဝီရိယဖြစ်အောင် လုံ့လစိုက်ထုတ်ရတဲ့ လုံ့လပွားကြောင်း (၁၁) တစ်မျိုးကို



ဆရာတော်ဦးဗုဓ်က အောက်ပါအတိုင်း လင်္ကာဖွဲ့ထားတယ်။

- *ပါယ်ဘေးဆင်ခြင်၊ မြင်သည့်အကျိုး၊ လမ်းရိုးလိုက်ရာ၊ ပိဏ္ဍပစယ၊ ဒါယဇ္ဇဟု၊ သတ္တုမြတ်ဘိ၊ ဇာတိမဟတ္တ၊ သဗြဟ္မစာရီ၊ မမှီလူပျင်း၊ မှီတင်းအာရဒ္ဓ၊ ဝိမုတ္တဟု လုံ့လပွားကြောင်း ဆယ့်တစ်တည်း။ ။*

လို့ ရေးသားစပ်ဆိုထားခဲ့ပါတယ်။

ဒါဆိုရင် မင်းသိချင်တဲ့မေတ္တာပွားရန်နဲ့ အဓိဋ္ဌာန်အတွက် နားလည်မယ်လို့ယူဆပါတယ်။

ဆုတောင်းခံရာမှာလည်း ဆရာ့အကြိုက်ကတော့ မိမိပြုတဲ့ ကိစ္စအဝဝ ကုသိုလ်အမှုတို့ကိုသစ္စာပြုပြီးဆုတောင်းခံသင့်တယ်။ မင်းကွန်းဆရာတော်ကြီးကလည်း ဆုတောင်းသင့်တယ်၊ ဆုတောင်းရမယ်လို့ ပြောပါတယ်။ ဆုမွန်တောင်းခံတဲ့နေရာမှာ တို့ရဲ့သုံးလောကသခင်မြတ်စွာဘုရားဘုရားရှင် နှစ်ဦးကာလတုန်းက ဆုမွန်တောင်းခံခဲ့ပါတယ်။

ဘုရားအလောင်းတော် အကိတ္တိ ပညာရှိရသေ့ဘဝက အောက်ပါအတိုင်း ဆုတောင်းခံခဲ့ပါတယ်။

- ဤသည့်ပုညာ၊ ကုသလကြောင့်၊ လောဘ၊ ဒေါသ၊ မောဟကင်းကွာ၊ သံသရာဝယ်၊ ကျင်ပါရတိ၊ ပညာရှိနှင့်၊ ယှဉ်မိပေါင်းသင်း၊ ဉာဏ်မဲ့ကွင်း၍၊ ပြည့်လင်းလျှဖွယ်၊ လျှစဉ်ဝယ်လည်း၊ သုံးသွယ်စေတနာ၊ ဖြောင့်ညီညာသည်၊ ခေမာအထွတ်တိုင်လိုသော်'

လို့ ဆုမွန်ကောင်းခံထားတာကို တွေ့ရ ဖတ်ရတော့ မိမိ၏ သဒ္ဓါဆန္ဒအတိုင်း ဆုတောင်းခံခြင်းကိုလုပ်ရလိမ့်မယ်။ ဒါမှသာ မိမိသွားလိုသောခရီးအတွက် အားဖြစ်နေလိမ့်မယ်။

ဆုမွန်တောင်းခံထားတဲ့အတိုင်း မရောက်မချင်း မရပ်မနား တစ်ဆက်တည်းလုပ်သွားမယ်လို့လည်း ဆုံးဖြတ်ချက်ကိုရဲရဲကြီးချထားနိုင်မယ်။ဒါမှလည်း 'ယောက်ျားတံခွန် လူရည်ချွန်က ကောင်းကင်တစ်မွတ်ကြယ်ကိုဆွတ်လည်း မလွတ်စတမ်းရမြဲလမ်း'ဆိုသလိုပေါ့ မုချရမှာပဲ။

နောက်တစ်ခုက ရှိသေးတယ်။ မိမိလုပ်ကိုင်တဲ့ အလုပ်မှန်ရင် မလျှော့သော ဇွဲ လုံ့လတို့ဖြင့် 'ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်' ဆိုတဲ့ စကားဆိုထုံးကို အလေးထားရလိမ့်မယ်။ကဲ-ဒါဆိုရင် မင်းသိချင်တာတွေကို အတော်အတန်ပြည့်စုံသွားပြီဆိုတော့ ဒီမျှနဲ့နားကြဦးစို့"

ဟု ရှည်လျားစွာပင် ပြောပြလိုက်ရပါတော့သည်။

ကျွန်ုပ်ကလည်း မောင်စောလှမြင့်၏ ချဉ်းခြင်းတတ်နေသော မေတ္တာတရားအဓိဋ္ဌာန် (မေတ္တာသုတ်အဓိဋ္ဌာန်ဝင်ပုံနှင့်တကွ ဆုတောင်းခံခြင်းတို့ကို နှစ်သက်၍ ဆောင်ရွက်လိုကြသည့် စာချစ်သူမိတ်ဆွေများရှိပါက ဆောင်ရွက်နိုင်ကြစေရန်အတွက် ယခုစာစုကို သူရဋ္ဌမဂ္ဂဇင်းမှတစ်ဆင့် ရေးသားတင်ပြလိုက်ရပါတော့သည်။

အမှန်တကယ် ပြီးမြောက်အောင်မြင်လိုလျှင် အဓိဋ္ဌာန်ကျင့်စဉ်ကို ဝင်ရောက်သည့်အချိန်မှစတင်ပြီး မကျိုးမပေါက်ရန် လိုအပ်သလို တစ်ကြိမ်မဖြစ် နောက်တစ်ကြိမ်ဆိုသလိုမျိုး မလျှော့သော ဇွဲ လုံ့လဖြင့် အကြိမ်ကြိမ်အဓိဋ္ဌာန်ဝင်ရောက်သင့်ပါကြောင်းကို ထပ်လောင်း အသိပေးလိုက်ပါသည်။

အဓိဋ္ဌာန်ဝင်ပုံတို့ကို ယခင်က အကြိမ်ကြိမ် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ မိမိတို့ နှစ်သက်သည့်ပုံစံဖြင့် အဓိဋ္ဌာန်ဝင်ရောက်ပြီး အောင်မြင်ပေါက်မြောက်နိုင်ကြပါစေဟု ဆုမွန်တောင်းလိုက်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

**ဘုန်းခေါင်**

**ကိုးကား -**

- မင်းကွန်းဆရာတော်ကြီး ရေးသားပြုစုသည့် မဟာဗုဒ္ဓဝင်သစ်-ပထမတွဲ၊ ပထမပိုင်း (အနုဒီပနီ)
- ဗားမဲ့ကျမ်းရင်း(တတိယတွဲ)
- ကိုယ်တိုင်ဆောင်ရွက်ခြင်းများ



# အဏ္ဏဝါလှိုင်း

## ရေနံချောင်းမြို့ တောင်ခမောက်တောင်ဆရာတော် ဟာသိတ ဦးသုန္ဒရ

### (က) တောင်ခမောက်တောင်ခြေက ဘဘုန်းကျောင်းလေး

ရေနံချောင်းမြို့သည် အထက်အညာဒေသတွင် တည်ရှိသည်။ မကွေး-ကျောက်ပန်းတောင်းလမ်းပေါ်တွင်ရှိပြီး ရေနံတူးစင်များ၊ ရေနံစုပ်ယူနေသော တုံကင်များဖြင့် တန်ဆာဆင်ထားသော မြို့ ဖြစ်သည်။ ရှေးမြန်မာဘုရင်များ လက်ထက်ကပင် ရေနံထွက်ပါသည်။ လက်ယက်တွင်းများဖြင့်တူးပြီး ရစ်လုံးများဖြင့် ရေခပ်သလို ဆယ်ယူကြသည်။ ရေနံကို သစ်သားများတာရှည်ခံစေရန် သုတ်လိမ်းခြင်း၊ ရေနံဆီကို မီးထွန်းညှိခြင်းသာ အသုံးပြုခဲ့၏။ အင်္ဂလိပ်များ မြန်မာပြည်ကို သိမ်းပိုက်သောအခါမှ BOC ရေနံကုမ္ပဏီ၏လက်အောက်တွင် ခေတ်မီရေနံတူးခြင်း၊ ရေနံစုပ်ယူဖြန့်ဖြူးခြင်းကို ဆောင်ရွက်ကြသည်။ မြန်မာအလုပ်သမားများ BOCရေနံကုမ္ပဏီတွင် အလုပ်လုပ်ကြပြီး ရေနံမြေသပိတ်သည် ရေနံချောင်းမှ စတင်ခဲ့လေသည်။

အင်္ဂလိပ်ခေတ်က အစိုးရရုံးစိုက်ရာမြို့ဖြစ်ပြီး အစိုးရအထက်တန်းကျောင်းများဖွင့်လှစ်ပေးခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းသည် ရေနံချောင်းမြို့ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း ပညာသင်ကြားခဲ့သော အထကကျောင်းမှာ ဓကွေးမြို့မှ လာပါက ရေနံချောင်းမြို့အလယ်တွင် ချောင်းတစ်ခုကိုကူးရသည်။ ထိုချောင်းမရောက်မီ တောင်ဘက်ကုန်းထိပ်တွင် တည်ရှိပါသည်။ ရေနံတွေ မြေအောက်တွင် ချောင်းလိုမျိုး စီးဆင်းနေသဖြင့် ရေနံချောင်းဟု ခေါ်သလားမသိပါ။

ရေနံချောင်းမြို့၌ သစ်ပင်အတော်ရှား၏။ နေပူရှိန်နှင့် ရေနံငွေ့များကြောင့် သစ်ပင်မပေါက်နိုင်ပါ။ မြို့မှာ မြေပြန့်တွင် အကွက်အကွင်းကျကျတည်ထားသောမြို့မဟုတ်။ ချောင်းများ၊ ချောက်များ၊ လျှိုမြောင်များကြားတွင် မကွေး-ကျောက်ပန်းတောင်းကားလမ်းဘေးတွင် အရှည်လိုက် တည်ဆောက်ထားသည်။ ရေနံချောင်းသို့ရောက်ပြီဆိုသော်လည်း ကားမောင်းရတာမဆုံးတော့ပါ။ ရေနံချောင်းမြို့အပြင်မထွက်နိုင်ဘဲ ရှည်လျားသောမြို့ထဲလမ်းကို မောင်းနှင်ရ၏။ လမ်းဘေးဝဲ၊ ယာတွင် အိမ်ဆိုင်တို့ဖြင့် အရှည်လိုက်တည်ရှိနေလေသည်။ ရေနံချောင်းမြို့တွင် တွင်းကုန်း၊ သံကံကုန်း၊ သူဌေးကုန်း၊ လက်မှတ်ကုန်း ဟူသော ရပ်ကွက်များ အင်္ဂလိပ်ခေတ်မှစ၍ ရှိခဲ့လေ၏။ ဈေးရပ်၊ အိုးဘိုရပ်၊ ရွှေကြာငုံရပ်စသည့်ရပ်ကွက်များလည်းရှိသေးသည်။ ကျွန်ုပ်မသိသေးသောအခြားအခြားအမည်အမျိုးမျိုးရှိသော ရပ်ကွက်များလည်း ရှိမည် ဖြစ်ပါသည်။ ရေနံချောင်းမြို့ကို ကျောက်ပန်းတောင်းမှလာက ပင်းချောင်းကို ဖြတ်ကျော်လျှင် ရောက်ရှိပါသည်။ ပင်းချောင်းကမ်းပါးမှစ၍တည်ထားပါသည်။ မကွေးမြို့မှလာလျှင် ဒေါင်းသေချောင်းကို ကျော်ဖြတ်ပြီးမှ ရေနံချောင်းကိုရောက်ပါမည်။

ရေနံချောင်းမြို့ သူဌေးကုန်းရပ်ကွက် အရှေ့ဘက်တွင် တောင်ခမောက်အမည်ဖြင့် တောင်တစ်လုံးရှိသည်။ ထိုတောင်ထိပ်တွင် စေတီ (၁) ဆူမှာ အုတ်ခုံအမြင့် (၁၀) ပေပေါ်တွင် တည်ထား၏။ စေတီ၏ ဉာဏ်တော်သည် (၂၇) တောင်ခန့်ရှိမည်ထင်၏။ ရင်ပြင်တော်၊ တန်ဆောင်းနှင့်အတက်လှေကားထစ်များဖြင့် တောင်ထိပ်တွင် ကြည်နူးဖွယ် ဖူးတွေ့နိုင်ပါသည်။ စေတီပေါ်မှ အရှေ့ဘက်သို့ရှုမျှော်ကြည့်သောအခါ ပင်းချောင်းမှာ တောင်ခြေမှစီးဆင်းနေသဖြင့် လူမတက်နိုင်သော ပေ(၆၀)ခန့်မြင့်သည့် ချောက်ကမ်းပါးကြီးဖြစ်နေပါသည်။ ချောင်းသဲပြင်ပေါ်တွင် ချောင်းကိုအမှီပြု၍ ကြက်သွန်များစိုက်ပျိုးထားပါသည်။ ဤစေတီကုန်းပေါ်သို့ရောက်ရန် အုတ်လှေကားမှာ ရေနံချောင်းမြို့ဘက် မြေညီထပ်မှာ တစ်ခုတည်းသာ



တည်ရှိပါသည်။ ဘုရားတောင်ခြေရင်း မြေညီလွင်ပြင်တွင် ထန်းရွက်မိုးထန်းရွက်ကာတဲတစ်လုံးရှိသည်။ အမှန်မှာ ထန်းတဲမဟုတ်ပါ။ ဘုရားကိုစောင့်ရှောက်နေသော ဘဘုန်း သီတင်းသုံးသည့်ကျောင်းဖြစ်ပါသည်။ အမည်ရင်းမှာ ကိုလွှမ်းမိုးဖြစ်ပြီး 'ဘဘုန်း' ဟူသော ဝိသေသဖြင့်သာ ထင်ရှားလေတော့သည်။

ဘဘုန်းသည် အသက်ကြီးမှ ရဟန်းခံသောတောထွက်ကြီးတစ်ပါးဖြစ်သည်။ သူဌေးကုန်းကျောင်းတွင် ရဟန်းဝတ်ပြီး ကျောင်းထိုင်ဆရာတော်ကြီးမှ တောင်ခမောက်တောင်စေတီတော်အား စောင့်ရှောက်ရန် စေလွှတ်ထားခြင်း ဖြစ်၏။ ဘဘုန်း၏နေ့စဉ်အလုပ်သည် နံနက်စောစောတွင် စေတီတော်ပေါ်တက်ပြီး သန့်ရှင်းရေးလုပ်၏။ ဘုရားသောက်တော်ရေ၊ ပန်း၊ ဆီမီးတို့ကို ပူဇော်၏။ ဘုရားဝတ်ပြုပြီး သတ္တဝါတွေကိုအမျှပေးဝေ၏။ ညနေဘက် တစ်ကြိမ်၊ နံနက်တစ်ကြိမ် ဝတ်မပျက်တက်ပြီး ဘုရားကိုစောင့်ရှောက်နေလေ၏။ တောထွက်ကြီးဖြစ်၍စာမတတ်ပါ။ တရားမဟောတတ်ပါ။ တစ်နေ့တစ်ကြိမ် သူဌေးကုန်းသို့ ဆွမ်းခံကြွ၏။ ဆွမ်းတစ်နပ်စာရသောအခါ တောင်ခမောက်ကျောင်းသို့ပြန်ကြွလာ၏။ကျောင်းရောက်လျှင် ဘုရားဆွမ်းတော်ကပ်ပြီး တစ်ကြိမ်သာ ဆွမ်းဘုဉ်းပေးတော်မူ၏။ ပိုသမျှဆွမ်းများ၊ ဆွမ်းဟင်းများကိုနယ်ပြီး တိရစ္ဆာန်များကို ဒါနပြုလေသည်။ သပိတ်ကိုဆေးပြီးမှောက်ထားလေသည်။ ထန်းရွက်တဲမှာ တစ်ပါးနေ၍ အဆင်ပြေပါသည်။ သောက်စရာရေအိုးရှိ၏။


အမေညိုတို့အဖွဲ့သည် ဆရာတော်သောက်ရန် ရေကို နေ့စဉ်မပြတ်လှူစေသည်။ ရေအိုးဖုံးရှိသည်။ လက်ကိုင်ကွင်းကျိုးနေသဖြင့် သံကြိုးနှင့်ချည်ထားရသော ရေခွက်တစ်ခုရှိ၏။ ရေနွေးအိုးတစ်လုံးမှာ အိုးမဲများဖြင့်တူးထပ်နေပြီး နှုတ်ခမ်းကျိုးနေသည်။ လက်ကိုင်မှာပြုတ်နေသဖြင့် ဘယ်ရောက်နေသည်မသိ။ လက်ခုစုတ်ဖြင့် အိုးကိုပတ်ကိုင်ပြီးတည်ရ၏။ ရေနွေးပွက်ပါက ထိုအိုးထဲသို့ လက်ဖက်ခြောက်ထည့်၍ မီးဖိုပေါ်မှချ

ပြီး လက်ခုစုတ်အကူအညီဖြင့်ငှဲ့သောက်ရလေသည်။ ရေနွေးအကြမ်းပန်းကန်မရှိသဖြင့် ဝါးကိုဖြတ်၍ ရေနွေးခွက်လုပ်၍သောက်ရ၏။ တစ်ခုတည်းသောရေနွေးအိုးအစုတ်တစ်လုံးနှင့် ကြေးထူပြီးလက်ဖက်ခြောက်အဆီပေကျံနေသောဝါးရေနွေးကြမ်းခွက်သာရှိလေသည်။ ခေါင်းအုံးမရှိ၊ သစ်သားပိုင်းကို လုံချည်အဟောင်းပတ်ပြီး ခေါင်းအုံးရလေသည်။ ခြင်ထောင်မရှိ၊ အမေညိုလှူထားသောစောင်တစ်ထည်သာရှိသည်။ နှစ်ထပ်သင်္ကန်းကြီးကိုသာအားပြုရလေသည်။

ရေချိုးစရာ ဆပ်ပြာခွက်မရှိ၊ ရေခွက်မရှိ၊ တဘက်မရှိ။ တောထဲတွင်မူတင်ဆောက်တည်တာမဟုတ်ပါ။ရှိတာလေးနှင့်သာ ရောင့်ရဲပြီးနေတတ်သောတောထွက်ကြီးဘဘုန်းကို လူတွေကကြည်ညိုကြပါသည်။ ဘဘုန်းလိုအပ်သော ဝေယျာဝစ္စဟူသမျှလှူပါသည်။ ကျောင်းတွင် ကပ္ပိယတပည့်မရှိ။ ထားသမျှခိုးသွားကြသဖြင့် သူခိုးမကြိုက်သော၊ သူခိုးအသုံးမဝင်သော သပိတ်၊ သင်္ကန်းနှင့်နူတ်သီးကျိုးနေသော ရေနွေးကရားအိုးသာကျန်ရစ်၏။ ဘာပစ္စည်းယူယူ ဘာမှမပြောပေ။

အနီးစပ်ဆုံးရွာမှာ သူဌေးကုန်းရပ်ကွက်ဖြစ်၏။ ရပ်ကွက်မှ ဒကာ၊ ဒကာမများက ဘုရားကိုစောင့်ရှောက်နေသော ရဟန်းတစ်ပါးရှိနေခြင်းကိုများစွာကျေးဇူးတင်နေလေ၏။ ထို့ကြောင့်ဆရာတော်၏ ဆွမ်း၊ ကွမ်းကိစ္စ၊ ကျန်းမာရေးကိစ္စအဝဝကိုစောင့်ရှောက်၍တာဝန်ယူ တတ်ပါသည်။ မြို့ထဲမှ အမေညိုနှင့်အဖွဲ့သည် တောင်ခမောက်တောင်ဘုရားသို့ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်လာ၏။ တစ်နေကုန်နေပြီး ဘုရားကြီးကို သန့်ရှင်းရေးလုပ်ပေး၏။ ဘဘုန်းကျောင်းသန့်ရှင်းရေး၊ သင်္ကန်းများလျှော်ပေးခြင်း၊ ရေများလှူပေးခြင်း၊ ဆရာတော်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးပါသည်။ ဆရာတော်သည် ဘုရားခြေရင်းတွင် ထန်းတဲဖြင့်သီတင်းသုံးပြီးလူ့ဘဝတွင်တတ်မြောက်ခဲ့သော ဗေဒင်၊ ယတြာများ၊ အစီအမံများကို(ဟောခြင်း)ဆောင်ရွက်ပေးခြင်း၊ အမည်မှည့်ပေးခြင်းဖြင့် လူတွေကို အခမဲ့ကူညီဆောင်ရွက်ပေးပါသည်။

တစ်နေ့သော ဥပုသ်နေ့တွင် အမေညိုတို့အဖွဲ့သည် ဆရာတော်ထံရောက်ပြီး ဥပုသ်စောင့်ရင်း ဘုရားဝေယျာဝစ္စ၊ ကျောင်းဝေယျာဝစ္စ၊ ဆရာ



ဦးသုန္ဒရ (ဟင်္သာတ)

တော်ဝေယျာဝစ္စများကို ဆောင်ရွက်ပေးသည်။ နောက် ဆရာတော်အား ဆရာရင်း၊ တပည့်ရင်းပီပီ စကားပြောကြလေသည်။

"ဘဘုန်း၊ တပည့်တော်လှူခဲ့တဲ့ တဘက်မရှိတော့ဘူး၊ ဘယ်မှာထားတာလဲဘုရား"

"ပိုင်ရှင်ပြန်ယူသွားပြီလေ"

"တပည့်တော်လှူထားတာ တပည့်တော် ပြန်မယူပါဘူးဘုရား"

"နွားကျောင်းသားတွေယူသွားတယ်လေ။ မရှိလို့ယူသွားတာ ဘယ်တတ်နိုင်မှာလဲ"

"ဘဘုန်းကလည်း စောင်တွေ၊ ခြင်ထောင်တွေ၊ သေတ္တာတွေ တပည့်တော်တို့လှူဒါန်းပါတယ် ဘုရား။ ရှေ့ကလှူလိုက်၊ နောက်ကခိုးလိုက်ဖြစ်နေတာ တပည့်တော်တို့ စိတ်ဆိုးတယ်ဘုရား"

"ဒကာမကြီး ဒေါ်ညို၊ လှူပြီးရင် ဒကာမကြီးပစ္စည်းလား၊ ဦးပဉ္ဇင်းပစ္စည်းလား"

"ဦးပဉ္ဇင်းပစ္စည်းပါ ဘုရား"

"ဦးပဉ္ဇင်းရဲ့ပစ္စည်းပျောက်တာ ဒကာမကြီးက ကြားကတည်းက စိတ်ပူနေတာ မဖြစ်သင့်ဘူး၊ ဦးပဉ္ဇင်းတောင် ဘာမှမဖြစ်တာ"

"ဘဘုန်းက ဘာပစ္စည်းမှလည်း မရှိဘူး။ ဒါပေမယ့် ရင်ထဲမှာတော့တရားရှိတယ်"

"ဒကာမကြီး၊ ပစ္စည်းမပြောနဲ့။ ကိုယ့်ကိုယ်ကိုယ်တောင်မပိုင်ဘူး"

"ဘဘုန်းတောင်တရားရနေပြီပဲ"

"မသေခင် တရားအသိလေးရှိပြီး တရားကလေးနှလုံးသွင်းပြီးနေချင်တာ။ ရိပ်သာဝင်ဖို့စိတ်ကူးနေတာ ကြာပြီ။ ဒီဘုရားကြီးကို သံယောဇဉ်ဖြစ်နေလို့"

"ဘဘုန်းရိပ်သာဝင်ချင်တယ်ကြားတော့ တပည့်တော်ဝမ်းသာသွားတာပဲ။ ဒီဘုရားကြီးကိုတော့ ဘာမှစိတ်မပူပါနဲ့။ သူဌေးကုန်းဆရာတော်က ဆက်လက်

စောင့်ရှောက်ပါလိမ့်မယ်။ တပည့်တော်တို့လည်းအမြဲမပြတ်လာပြီးစောင့်ရှောက်မှာပါဘုရား"

"အေး - ဒါဆိုလည်း ဦးပဥ္စင်း မန္တလေးကြွတော့မယ်"

"တပည့်တော် လမ်းစရိတ်လှူပါရစေဘုရား"

အမေညိုသည် ပါလာသောဝတ္ထုငွေ (၁၀၀၀)ကျပ်ကို ဘဘုန်းအား လှူဒါန်းပြီး ရေနံချောင်းမြို့သို့ ပြန်လာခဲ့လေသည်။

## (ခ) မန္တလေးမြို့က ဆရာတော်ဦးသုန္ဒရ စာသင်သားဘဝ

ဆရာတော် ဦးသုန္ဒရသည် ဟင်္သာတဇာတိ ဖြစ်သည်။ မန္တလေးတွင် ပထမငယ်၊ ပထမကြီးတန်းအောင်သည်အထိ ဆရာတော်ဦးဇောကြီး၊ ဆရာတော်ဦးဇောလေးတို့ထံတွင် စာလိုက်ခဲ့ရ၏။ မိုးကုတ်ဆရာတော်ဘုရား သီတင်းသုံးခဲ့သော အမရပူရမင်္ဂလာတိုက်ကျောင်းတွင် သီတင်းသုံးတော်မူသည်။ အသက် (၂၀) ပြည့်သောအခါတွင် ဆရာတော်ဦးဇောကြီးအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းဘဝသို့ရောက်တော်မူသည်။ မန္တလေးမှ ရဟန်းအမ ဒေါ်နွယ်နွယ်က သိမ်ထပ်မင်္ဂလာ ပြုလုပ်ပေးပါသည်။ စာသင်သားဘဝတွင် ပရိယတ္တိစာပေများကို ကြိုးစားသင်ယူမှတ်သားခဲ့သဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည်။ ဓမ္မာစရိယအဆင့်တွင် စာကျက်ရာ မျက်ရည်တွေစီးကျလာသည်။ မျက်စိအားနည်းသော ဝေဒနာစတင်ခံစားရလေသည်။ မန္တလေးမျက်စိပါရဂူတို့နှင့်ပြသပြီး ကုသပါသည်။ သို့သော် အာရုံကြောအားနည်းသဖြင့် မျက်မှန်တပ်ရုံဖြင့် အမြင်အာရုံမကောင်းနိုင်ပါ။ စာကျက်၍မရသဖြင့် ပရိယတ္တိအခန်းကဏ္ဍသည် အလိုအလျောက်ရပ်သွားလေတော့သည်။ မိမိသည် ရဟန်းဘဝဖြင့် စာပေပညာကို ထူးချွန်အောင်ကြိုးစားမည်ဟု ရည်ရွယ်ချက်ထားခဲ့သည်။ သို့သော် လေ့လျော်ရင်းတက်ကျိုးသလို ရည်ရွယ်ချက်များ ရပ်ဆိုင်းသွားသဖြင့် စိတ်မကောင်းဖြစ်မိ၏။ များစွာဝမ်းနည်းနေမိပါသည်။ စိတ်မကောင်းဖြစ်ရုံဖြင့်မပြီးသေးပါ။ ပရိယတ္တိဘက်တွင် မစွမ်းဆောင်နိုင်ပေမယ့် ပဋိပတ္တိဘက်တွင် လိုက်စားမည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါတော့သည်။

အမရပူရ မင်္ဂလာတိုက်ကျောင်းသည် မိုးကုတ်ဆရာတော်ဘုရားကြီးသီတင်းသုံးနေထိုင်သွားသောကျောင်းဖြစ်သည်။ ဤကျောင်းတွင်နေထိုင်ရသည်မှာ ဆရာတော်၏ ဘုန်းရိပ်ကံရိပ်ကို ခိုလှုံရသဖြင့် ပဋိပတ္တိအငွေ့အသက်များ ခံစားစီးဝင်လာပါတော့သည်။ ဦးကျော်သိန်း၊ မတင်လှတို့သည် ဆရာတော်ကြီး၏ တပည့်ရင်း၊ ဒကာရင်းများဖြစ်ကြသည်။ ဆရာတော်ကြီးသည် ဒီနှစ်တွင် ခန္ဓာဝန်ချတော်မူမည်၊ ပရိနိဗ္ဗာန်ပြုမည်ကို ကြိုသိနှင့်လေ၏။ ထို့ကြောင့် ကျောင်းဒကာကြီး ဦးကျော်သိန်းအား-

"ကျော်သိန်း၊ မင်း ဒီဓမ္မာရုံကြီးကို ပြီးအောင်ဆောက်ကွာ။ ငါမသွားခင် ပြီးတာမြင်သွားချင်တယ်"

"တင်ပါ့ဘုရား"

ထိုအချိန်က ဦးကျော်သိန်းသည် ဆရာတော်ပြောသော နိမိတ်ပေးစကားကိုနားမလည်ခဲ့ပါ။ ဆရာတော် ဘယ်ကြွမှာလဲမသိဘူးဟုသာ ထင်နေမိပါတော့သည်။

"ကျော်သိန်း၊ ဒီသစ်တွေမသုံးတော့နဲ့။ နောင် ငါအသုံးပြုစရာရှိတယ်"

"တင်ပါ့ဘုရား"

ဦးကျော်သိန်းသည် ဆရာတော်မိန့်ကြားတာကို သဘောမပေါက်ပါ။ ဆရာတော် ဘာသုံးချင်လို့လဲမသိဘူးဟုသာထင်နေလေသည်။ ဆရာတော်နှင့်ကျောင်းကိုလျှောက်ကြည့်၏။အဆောက်အအုံများ အမြန်ဆုံးပြီးစီးရေး မှာကြားနေသည်။ ဆရာတော်ဘယ်သွားစရာရှိလို့လဲမသိဘူးမှာနေတယ်ဟုသာထင်နေသည်။ ဆရာတော်ဘုရား ခန္ဓာဝန်မချမီကြိုတင်မှာကြားနေကြောင်း ထိုအချိန်က ဦးကျော်သိန်း မရိပ်မိပါ။

ဆရာတော် ခန္ဓာဝန်ချသွားမှသာ ဆရာတော်မှာကြားခဲ့သောစကားများကို ပြန်လည် ကြားယောင်မိပါတော့သည်။ ဦးကျော်သိန်း-ဒေါ်တင်လှလှူဒါန်းသော ဓမ္မာရုံကြီးကို ရေစက်ချလှူဒါန်းမည်ဖြစ်သည်။ ဆရာတော်က ဦးကျော်သိန်း -ဒေါ်တင်လှကို ချက်ချင်း ရေစက်မချသေးပါ။

"ကျော်သိန်း၊ မင်း ဓမ္မာရုံကြီးကို သံဃာတော်တွေရည်စူးပြီးဆောက်လုပ်ပြီးပြီ။ ရေစက်ချဖို့ပဲကျန်တာ"

"မှန်ပါဘုရား"

"ငါလှူတဲ့ ဓမ္မာရုံ ငါ့ကျောင်းဆိုတဲ့ ဒိဋ္ဌိတန်းလန်းနဲ့လှူရင် အကျိုးနည်းတယ်၊ မင်းတို့ - ငါ့ကျောင်းမှာလာပြီးတရားအားထုတ်ဦး"

"တင်ပါ့ဘုရား"

ဦးကျော်သိန်းသည် ဆရာတော်ရှိစဉ် နောက်ဆုံးသာဝကအဖြစ် အနီးကပ် တရားအားထုတ်တော်မူသည်။ ဝင်လေ၊ ထွက်လေကို နှာသီးဖျားမှာ သတိကပ်ရှုစေ၏။ တစ်ရက်နှစ်ရက်ခန့်ရှုမှတ်ပြီး ဆရာတော်ထံ တရားအစစ်ခံရသည်။

"ကျော်သိန်း၊မင်းတရားအားထုတ်တယ် အဆင်ပြေသလား"

"တင်ပါ့၊ တရားအားထုတ်လို့ရပါတယ်ဘုရား"

"မင်းကသာအားရတယ်ပြောတာ၊ သမာဓိက ခပ်ကျဲကျဲရယ်၊ မရသေးဘူး။ ပြန်ရှုမှတ်ပါဦး"

"တင်ပါ့ဘုရား"

နောက်သုံး၊ လေးရက် တရားမှတ်ပြီးနောက် ဆရာတော်ထံ တရားအစစ်ခံရ၏။

"ကျော်သိန်း"

"ဘုရား"

"မင်း ဒီတစ်ခါ တရားအားထုတ်တာ သမာဓိအတော်ရနေပြီပဲ။ဒါလောက်ဆိုရင် ဝိပဿနာကူးလို့ရပြီ။ ပေါ်ရာခန္ဓာကို သေသေချာချာရှုမှတ်။ ခန္ဓာကတော့ ကိုယ့်ဉာဏ်နဲ့လိုက်ရှုပါ။ ခန္ဓာက အရှုခံတရား ဉာဏ်ကအရှုဉာဏ်"

"တင်ပါ့ဘုရား"

"လူသူမရှိတဲ့နေရာရှာပြီး တရားရှုမှတ်ပါ"

"တင်ပါ့ဘုရား"

ခန္ဓာပေါ်တွင်ဉာဏ်တင်၍ ရှုမှတ်ပွားများသောအခါ ခန္ဓာကပြသောတရားများကို ဉာဏ်ကလိုက်မှတ်ရလေသည်။ ခန္ဓာက ဖြစ်ပျက်ကိုပြသောအခါ ဉာဏ်စဉ်အတော်ရင့်သန်ပြီဖြစ်ပါသည်။

"ကဲ- ကျော်သိန်း မင်းခန္ဓာကို မြင်ပြီလား"

"မြင်ပါပြီဘုရား"

"ဘာတွေ့လဲ"

"ဖြစ်ပြီးပျက်သွားတာကို တွေ့ပါပြီဘုရား"

"ဖြစ်ပျက်မြင်ရင် ငါ့ခန္ဓာဟုတ်သေးလား"

"မဟုတ်တော့ပါဘုရား"

"တရားဆိုတာ ဉာဏ်အလုပ်ပဲ။ ခန္ဓာကိုတော့ လက္ခဏာတင်ရှုမှတ်ရင် ပပဉ္စကင်းတယ်။ ဒီလောက် အခြေခံရရင် ဆက်တရားအားထုတ်လို့ရပြီ။ ကဲ- ငါမဟုတ်တဲ့ခန္ဓာကိုမြင်အောင်ကြည့်ပြီး ရေစက်ချရအောင်"

"တင်ပါဘုရား"

ဆရာတော်ကြီးသည် ခန္ဓာဝန်မချမီ ဦးကျော်သိန်း-ဒေါ်တင်လှတို့၏ ဓမ္မာရုံ ရေစက်ချအလှူကို အကျေးအမွေးမပါ၊ ဧည့်ပရိသတ်မရှိဘဲ ဒိဋ္ဌဖြုတ်ပြီး ရေစက်ချပေးတော်မူပါသည်။

ဦးကျော်သိန်းသည် ဆရာတော် ခန္ဓာဝန်ချသွားမှ 'ငါ မင်းဆောက်တဲ့ ဓမ္မာရုံကြီးကို မြင်သွားချင်တယ်' ဆိုတာ ခုမှသဘောပေါက်တော့သည်။ ဆရာတော်မြင်သွားရုံမက ရေစက်ချတော်မူခဲ့လေသည်။ ကျန်ရှိသောသစ်ပုံကြီးကိုလည်း ငါအသုံးချစရာရှိတယ်ဟု မိန့်ကြားသွားသည်။ ဆရာတော်၏ အန္တိမဈာပနအခမ်းအနားတွင် ဦးကျော်သိန်း၏သစ်များကို အသုံးပြုပြီး ကမ္ဘာလုံးကို ဂြိုဟ်တုပတ်သည့် လောင်တိုက်ကြီးကို ကြီးကျယ်ခမ်းနားစွာ ဆောက်ခဲ့ရလေသည်။ ထိုသို့ အနာဂတ်ကိုကြိုသိသော ရဟန္တာအရှင်မြတ်ကို နှမြောတသဖြစ်တော်မူပါတော့သည်။ ဆရာတော် ဦးသုန်သည် ဆရာတော်၏ သီလဂုဏ်၊ သမာဓိ၊ ဉာဏ်ပညာဂုဏ်တို့ကိုပြန်ပြောင်း အောက်မေ့တော်မူလေ၏။

မတင်လှသည် ဦးကျော်သိန်း၏ ဇနီးဖြစ်သည်။ မတင်လှကို ဆရာတော်က ခန္ဓာဝန်မချမီ ကျောင်းသို့ လာနေရန် ခေါ်တော်မူ၏။

"ဟဲ့ - တင်လှ"

"ဘုရား"

"ခုရက်ပိုင်း အိမ်မှာ အလုပ်ဘယ်လောက်ရှုပ်ရှုပ်ထားခဲ့၊ ငါ့ကျောင်းကို လာနေစမ်း"

"မှန်ပါ့ဘုရား"

မတင်လှသည် အဝတ်အစားများ ယူလာပြီး ဆရာတော်ဘုရားထံတွင် အနီးကပ်ပြုစုစောင့်ရှောက်တော်မူသည်။ ဆရာတော်၏အနား သန့်ရှင်းရေး၊ သက်န်းများလျှော်ဖွပ်ခြင်း၊ ဆွမ်း၊ ရေနွေးကြမ်း၊ ဆေး အစရှိသဖြင့် ဝေယျာဝစ္စကုသိုလ်ကို အနီးကပ်ပြုစုတော်မူလေသည်။

မတင်လှသည် သောတာပန်ပုဂ္ဂိုလ်ဖြစ်သည်။ ဆရာတော်က ရဟန္တာမထေရ်မြတ်ဖြစ်သဖြင့် တပည့်ဒါယကာများကို အနည်းဆုံး သောတာပန်ပုဂ္ဂိုလ်ဖြစ်အောင် စောင့်ရှောက်ပေးတော်မူ၏။ သမာဓိကို အခြေခံပြီး ဝိပဿနာရှုမှတ်ရ၏။ ဆရာတော်ကို ညာ၍မရပါ။ သမာဓိရ၊ မရဆိုတာ ဆရာတော်က တပ်အပ်သေချာစွာသိတော်မူ၏။ မရသေးဘဲနှင့် ရသည်ဟုညာပြော၍ မရပါ။

ဆရာတော်က ဒိဗ္ဗစက္ခုရသလားဟု လျှောက်တဲ့အခါ -

"ငါ ဒိဗ္ဗစက္ခုရလို့မြင်ရတာမဟုတ်ဘူး။ မင်းတို့ခန္ဓာက ကိလေသာတွေဖုံးနေလို့အရောင်မထွက်တာ။ သမာဓိတည်ကြည်ရင် အရောင်ထွက်တာငါမြင်ရတယ်။ ဒါကြောင့် ငါသိတာပါ"

ဟု ဖြေတော်မူသည်။

မတင်လှသည် ဆရာတော်အား နေ့စဉ်ဆွမ်းချက်ကပ်ရ၏။ ရေဆေးလျှင်လည်း အမှတ်နှင့်ဆေး၏။ ထမင်းအိုးတည်လျှင်လည်း အမှတ်နှင့်တည်၏။ ထမင်းအိုးပွက်လျှင်လည်း ထမင်းအိုး၏ ပွက်ပွက်ဆူနေသောလက္ခဏာကို ဉာဏ်သွင်းပြီး ငါ့ခန္ဓာလည်း ဒီလိုဖြစ်မှာပဲဟု ဆင်ခြင်အောက်မေ့နှလုံးသွင်းလိုက်သောအခါ ပကတိအသက်ရှူရပ်သွားသလို တောင့်တက်သွားသည်။ ခန္ဓာမှ အလင်းရောင်တွေဖြာထွက်သွားတာကို ခံစားလိုက်ရ၏။ မဖြစ်မပျက်သော ကျောက်ရုပ်ခန္ဓာကို ရပ်တန့်သွားသောအခါတွင် လောကုတ္တရာမဂ်လာအခါတို့ဝင်ရောက်လာပြီး နိဗ္ဗာန်အငြိမ်းဓာတ်တို့ ရရှိတော်မူလေသည်။

"တင်လှတစ်ယောက် ထမင်းချက်ရင်း သောတာပတ္တိမဂ်ကျသွားပြီ"

ဟု ဆရာတော်က မိန့်ကြားတော်မူလေသည်။ မတင်လှတစ်ယောက်ကတော့ ဘာဖြစ်မှန်းမသိပေမယ့် ရဟန္တာကြီးကတော့ သိရှိတော်မူလေသည်။ မတင်လှသည် ဆရာတော်၏အရိပ်ကို ခိုလှုံရသဖြင့် 'သူတော်ဆည်းကပ်၊ မြတ်တရားနာ လျှော်စွာအကျင့် မဂ်ဖိုလ်ခွင့်ရလျှင် ဧကန်သာ' ဟု ဆိုသည့် လင်္ကာလို မဂ်ဆိုက်သွားခြင်း ဖြစ်၏။ ယခုလည်း မတင်လှကို 'အိမ်အလုပ်တွေထားခဲ့ အရေးကြီးတယ်။ ငါ့ကျောင်းကို လာနေလှည့်ဦး' ခေါ်သဖြင့် ကျောင်းရောက်လာခြင်း ဖြစ်သည်။

"တင်လှ"

"ဘုရား"

"ငါ့ကို သင်္ကန်းအသစ်တစ်စုံကပ်ပါ"

"မှန်ပါဘုရား"

ဆရာတော်သည် မတင်လှကပ်သောသင်္ကန်းအသစ်တစ်စုံကို လဲတော်မူ၏။ ထိုသင်္ကန်းအသစ်ဖြင့် နောက်ဆုံး ခန္ဓာဝန်ချတော်မူမည်ကို မတင်လှမသိရှာပါ။

"ဟဲ့ - တင်လှ"

"ဘုရား"

"ရော့ - ဒီသင်္ကန်းကို မလျှော်နဲ့။ ဒီအတိုင်းသိမ်းထား"

"မှန်ပါဘုရား၊ ညက တပည့်တော် အိပ်မက်မက်တယ်ဘုရား။ ခေါင်းရင်းက ဘုရားကြီးပြိုကျတယ်လို့မက်တယ်ဘုရား"

"ဟဲ့ - တင်လှ၊ နင့်အိပ်မက်က စင်းလှပြီလား"

"တင်ပါဘုရား"

ဆရာတော် ဘာကြောင့် ယခုလို အမိန့်ရှိတာလဲဆိုတာ မတင်လှမသိရှာပါ။ ဆရာတော်ကို အနီးကပ်ပြုစုရင်း ခန္ဓာဝန်ချတော်မူလေသည်။

ဆရာတော် ဦးသုန္ဒရသည် ဆရာတော်ခန္ဓာဝန်ချသွားရာနေရာတွင် ဆရာတော်၏ နောက်ဆုံးအချိန် တပည့်ရင်း ဦးကျော်သိန်း၊ ဒေါ်တင်လှတို့နှင့် စကားပြောဆိုခဲ့ပုံများကို မြင်ယောင်ပြီး မျက်ရည်များကျလာပါတော့သည်။ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကိုအာရုံပြု၍ ဦးချကန်တော့လိုက်ပါသည်။

"ဆရာတော်ဘုရား၊ တပည့်တော်ကိုလည်း တပည့်အရင်းလို့သတ်မှတ်ပါဘုရား။ တပည့်တော် ဆရာတော်အား အလွန်ရှိသေပါတယ် ဘုရား။ ဆရာတော်ဟောခဲ့သော တရားတော်တွေကို နာပြီး မိုးကုတ်ဝိပဿနာပြန့်ပွားအောင် ကြိုးစားအားထုတ်ပါမည်ဟု ကတိပြုပါတယ်ဘုရား"

ဦးသုန္ဒရသည် ပရိယတ္တိစာပေများကိုဆက်လက်အားထုတ်ရန် မဖြစ်နိုင်သဖြင့် ဆရာတော်ဘုရား၏ ပဋိပတ္တိအကျင့်များကို အချိန်ဇယားဆွဲပြီး ကြိုးစားအားထုတ်တော်မူ၏။ နေ့ဘက်တွင် ဆရာတော်ဘုရား၏ စက်ဝိုင်းဒေသနာ ပဋိစ္စသမုပ္ပါဒ်သင်တန်းကို ဦးသုဇောကြီး၊ ဦးဇောလေးတို့ထံတွင် သင်ကြား၏။ နေ့လယ်တွင် ဆရာတော်ဘုရား၏ တရားကိုနာ၏။ညဘက်တွင် ခန္ဓာဉာဏ်ရောက်တရားကို ရှုမှတ်လေတော့သည်။ ဆရာတော်၏ တပည့်ရင်းများဖြစ်သော ဦးမောင်ကိုသည် ယခုအခါ 'ဦးသုမန' ဘွဲ့ဖြင့် မိုးကုတ်ဓမ္မကထိကဖြစ်နေလေသည်။ ဦးအေးမောင်သည်လည်း ယခုအခါ 'ဦးဓမ္မိသာရ' ဘွဲ့အမည်တော်ဖြင့် မိုးကုတ်ဓမ္မကထိကဖြစ်နေကြပါသည်။ ထိုဆရာတော်တို့သည် အထက်မြန်မာပြည်မိုးကုတ်ဝိပဿနာပြန့်ပွားရေးမဟာတာဝန်ကြီးကို ဦးရွက်ထမ်းဆောင်နေသောပုဂ္ဂိုလ်များ ဖြစ်သည်။ ဆရာတော်၏တရားတော်များကို မပျောက်ပျက်

အောင် စာအုပ်ရိုက်နှိပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ကိုယ်တိုင်တရားဟောခြင်းများကို ဆောင်ရွက်ကြတော်မူ၏။ မန္တလေး မဟာသိမ်တော်ကြီး ဘုရားငါးဆူတွင် အထက်မြန်မာပြည်မိုးကုတ်ရိပ်သာကို ဖွင့်လှစ်ပြီး သာသနာပြုတော်မူလေ၏။ ထိုကျောင်းတွင် မိုးကုတ်ဝိပဿနာ (၅) ရက်စခန်း၊ (၇) ရက်စခန်းများ မပြတ်ဖွင့်လှစ်ပြီး ပဋိပတ္တိကို ဖြန့်ဝေပေးနေပါသည်။

ဆရာတော် ဦးသုန္ဒရသည် ဘုရားငါးဆူမိုးကုတ်ရိပ်သာသို့ပြောင်းရွှေ့ပြီး ပဋိပတ္တိအကျင့်စခန်းကို ဝင်တော်မူ၏။ ကိုယ်တိုင်အားထုတ်ပြီး မရှင်းလင်းသော တရားများကို မိမိဆရာသမားများအား မေးမြန်းပြီးဖြည့်ဆည်းတော်မူလေသည်။ ဦးဇောကြီး၊ ဦးဇောလေး၊ ဦးသုမန၊ ဦးဓမ္မသာရတို့မှာ ဦးပဉ္စင်းဦးသုန္ဒရ၏ဆရာများ ဖြစ်ပါသည်။ ဆရာတော် တရားဟောရာတွင် သူ၏ဆရာသမားများကို အမြဲထည့်၍ဟောတော်မူလေသည်။ ဤအထက်မြန်မာပြည် မိုးကုတ်ရိပ်သာတွင် မိုးကုတ်ဓမ္မကထိကဖြစ်ရန် အခြေခံပင်ဖြစ်လေသည်။

တစ်နေ့သ၌ ရေနံချောင်းမြို့တောင်ခမောက်တောင်ကျောင်းမှ တောထွက်ကြီးတစ်ပါးသည် ဘုရားငါးဆူမိုးကုတ်ရိပ်သာသို့ကြွလာသည်။ (၇) ရက်စခန်းဝင်ပြီး တရားအားထုတ်တော်မူလေသည်။ ဆရာတော်ဦးသုန္ဒရကလည်း မိုးကုတ်ဓမ္မကထိကအသစ်စက်စက်နှင့် တွေ့ကြလေတော့သည်။

"ဘဘုန်းတို့က ဘယ်လိုခေါ်လဲ"

"ဦးသုမနပါ ဘုရား"

"တရားအားထုတ်တာ အဆင်ပြေသလား"

"တပည့်တော်စာမတတ်ဘူးဘုရား၊ ပါဠိလိုသိပ်နားမလည်ဘူး။ လူပိန်းနားလည်တဲ့ဝေါဟာရနဲ့ မိန့်ကြားပါဘုရား"

"မိုးကုတ်ဆရာတော်ကြီးကလည်း ပါဠိတွေသိပ်မသုံးပါဘူး။ မြန်မာစာရိုးရိုး၊ မြန်မာစကားရိုးရိုးနဲ့ ဟောသွားတာပါ။ နားမလည်တဲ့နေရာရှိရင်ပြောလေ"

"တင်ပါ့ဘုရား၊ ပဋိစ္စသမုပ္ပာဒ်ကို ရှင်းတော့ တပည့်တော်မလိုက်နိုင်ဘူးဘုရား။ အဝိဇ္ဇာကိုပဲ မသိခြင်း (၄) မျိုး၊ မသိခြင်း (၈) မျိုးဆိုပြီး ခွဲဟောတော့ ပိုရှုပ်တယ်ဘုရား"

"ဒါကတော့ အကျယ်သိစေချင်လို့ပါ။ ဘဘုန်းမလိုက်နိုင်ရင် မသိခြင်းက အဝိဇ္ဇာလို့ပဲမှတ်ပါ"

"တင်ပါ့ဘုရား၊ တပည့်တော်တို့ကျတော့ အများကြီးအကျယ်ချဲ့ရင် နားထဲမဝင်ဘဲလျှံထွက်သွားတာ ဘုရား"

"ဘဘုန်းက စာလည်းမသင်ခဲ့ဘူး၊ အသက်ကလည်းကြီးပြီဆိုတော့ တရားနာတာမလိုက်နိုင်တာ အားမငယ်ပါနဲ့။ တရားကျင့်ရင် ရနိုင်ပါတယ်"

"မှန်ပါဘုရား၊ တပည့်တော်ကို အတိုဆုံး၊ အလွယ်ဆုံးကျင့်စဉ်ကိုပေးပါဘုရား"

ဆရာတော် ဦးသုန္ဒရသည် တောထွက်ကြီး ဦးသုမနကို သနားသွား၏။ ရိုးသားသော ဆရာတော်ကြီးကို အနီးကပ်စောင့်ရှောက်တော်မူ၏။ သူမသင်ချင်သောပရိယတ္တိစာတွေကို မသင်ကြားတော့ဘဲ အတိုနည်းများကို သင်ကြားပေး၏။ သီးသန့်တရားထိုင်စေ၏။ ရလာသောအသိကရားများကို ပြုပြင်ပေးခြင်းဖြင့် ခန္ဓာဉာဏ်ကို ရှုမှတ်ခွင့်ရလေသည်။ တောထွက်ကြီးက ဘဘုန်းလည်း သူမမြင်ဘူးသောတရားများကို မြင်ရပြီ။ သူမတွေ့ဘူးသောတရားများကိုတွေ့ရပြီး ပညတ်၊ ပရမတ်ကွဲသွားပြီဖြစ်၍ ကျေနပ်အားရတော်မူလေသည်။

"ဆရာတော်၊ တပည့်တော် ရေနံချောင်း ပြန်ကြွတော့မယ်။ ဆရာတော်ရဲ့ ကျေးဇူး တပည့်တော်ထံမှာရှိနေတယ်။ ကျေးဇူးဆပ်ခွင့်ပြုပါဘုရား"

"ဘဘုန်းက ဘယ်ပြန်ကြွမှာလဲ"

"ဦးပဉ္စင်းက ရေနံချောင်းကပါ။ ရေနံချောင်း သူဌေးကုန်းရပ်ဆိုတာရှိတယ်။ သူဌေးကုန်းရပ်ကွက်ရောက်ရင် တောင်ခမောက်တောင်ဘုရား ဆိုတာတစ်ဆူပဲရှိတယ်။ ဒီဘုရားခြေမှာ သီတင်းသုံးပါတယ်"

"ဦးပဉ္စင်းလည်း သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နဲ့ တောထွက်ချင်တာ၊ ဆရာတော်လက်ခံရင်တောင် ခမောက်တောင်ခြေရင်းမှာ တရားအားထုတ်ချင်တယ်"

"ဝမ်းသာလိုက်တာဘုရား၊ အရှင်ဘုရားရဲ့ကျေးဇူးကို တပည့်တော်ဆပ်ခွင့်ပြုပါဘုရား။ တပည့်တော်ကျောင်းကို ဆက်ဆက်ကြွခဲ့ပါဘုရား"

"ဘဘုန်းက ဘယ်လိုကျေးဇူးဆပ်မှာလဲ"

"တပည့်တော် အသက်ကြီးပြီ၊ စာလည်းမတတ်ဘူး၊ သာသနာလည်း မပြုနိုင်ဘူး။ ဦးပဉ္စင်းမသေခင် (မပျံလွန်မီ) ဦးပဉ္စင်းပိုင်တဲ့နေရာကို ဆရာတော်ဘုရားကို လှူခဲ့ချင်တာ"

"ရေစက်ရှိရင် ရေစက်ဆုံမှာပါဘုရား။ ပဋ္ဌာန်းဆက်ရှိရင်လည်း ရောက်လာမှာပါ ဘုရား"

"တပည့်တော်ဖိတ်ရတာ အားနာတယ်ဘုရား"

"ဘာဖြစ်လို့လဲ"

"တပည့်တော်လိုနေနိုင်ပါ့မလားလို့ စိတ်ပူမိတယ်ဘုရား"

"ဘာလို့စိတ်ပူတာလဲ"

"အရှင်ဘုရားတို့က အသက်ငယ်ငယ်ရွယ်ရွယ် စာတတ်ပေတတ်တွေပါဘုရား၊ မြို့မှာနေပြီး နေလာရတာ ကျင့်သားရနေပြီ။ မြို့သားဖြစ်နေပြီဘုရား။ တပည့်တော်ကနေရတာ တောမှာနေရတာဘုရား၊ ဘာမှမပြည့်စုံဘူး။ ကျောင်းဆိုလို့ လေးတိုင်စင်မှာ တဲထိုးနေရတာ၊ အမိုး ထန်းလက်မိုး၊ အကာ ထန်းလက်ကာဘုရား။ ခေါင်းအုံးမရှိဘူး ဘုရား၊ သစ်သားကို ခေါင်းအုံးပြီး ကျိန်းရတာဘုရား။ ရေနွေးအိုးမရှိ၊ ရေနွေး ပန်းကန်မရှိ၊ စောင်၊ ခြင်ထောင်မရှိ ဘုရားဟောတဲ့ သင်္ကန်းသုံးထည်ရယ်၊ သပိတ်ရယ်ပဲရှိတာ။ အပိုပစ္စည်းတွေ လာလှူရင်လည်း နွားကျောင်းသား၊ ကျွဲကျောင်းသားတွေက ယူသွားကြတာ။ သပိတ်မခိုးလို့ ကျေးဇူးတင်နေရတာ"

"မှန်ပါဘုရား၊ အရှင်ဘုရားပြောတာ နားထောင်ရတာ တပည့်တော် တောင်းပန်ပါတယ် ဘုရား။ အစက အရှင်ဘုရားက တောထွက်ကြီးဆိုပြီး အထင်သေးမိပါတယ် ဘုရား။ အခု အရှင်ဘုရားပြောတာ နားထောင်ရတာ အရှင်ဘုရားက တပည့်တော်ထက်သာတယ်ဘုရား။ တပည့်တော်က သုံးထည်သောသင်္ကန်း၊ သပိတ်တစ်လုံးနဲ့ တောထွက်မယ်လို့ ကြံရွယ်တာပဲရှိတာ၊ တကယ်မကျင့်ရသေးဘူး။ ကျင့်နိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကိုယ်ပြန်မေးနေဆဲပဲ။ အခု အရှင်ဘုရားက ဘုရားဟောနဲ့အညီ ကျင့်ကြံနေနိုင်တာ တပည့်တော်ကြည်ညိုလို့မဆုံးဘူးဘုရား"

"ဝမ်းသာပါတယ်၊ တပည့်တော်ထံ ကိုကြွခဲ့ပါ။ တပည့်တော်တို့နေရာဒေသမှာ မိုးကုတ်တရားတွေ ပြန့်ပွားအောင် လာရောက် သာသနာပြုလှည့်ပါလို့ ဖိတ်ကြားပါတယ်"

"သာဓုပါ ဘုရား၊ တပည့်တော် ကြိုးစားပါ့မယ်ဘုရား"

ဘဘုန်းသည် ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးသုန္ဒရကို ရှိခိုးကန်တော့ပြီးနောက် မန္တလေးမှ ရေနံချောင်းသို့

ပြန်ကြွလာပါတော့သည်။ ရေနံချောင်း၊ တောင်ခမောက်တောင်သို့ ရောက်သောအခါ မိုးကုတ်တရားများကို ကိုယ်တိုင်ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူလေသည်။ ဗေဒင်ဟောခြင်း၊ ယတြာချေပေးခြင်းတို့ကို လုပ်မပေးတော့ပါ။ တပည့်ဒါယကာ၊ ဒါယိကာမများလည်း ဆရာတော်၏ ပြောင်းလဲလာသော စရဏအကျင့်ကိုကြည့်ပြီး လွန်စွာပီတိဖြစ်နေကြ၏။ တောင်ခမောက်တောင်ကျောင်းမှာ မူလကထက် လူတွေပို၍လာကြ၏။ တောင်ခမောက်တောင်မှ တောင်ပိုင်ကြီးလည်း သာစုခေါ် ခွင့်ရသဖြင့် များစွာကျေနပ်နှစ်သက်ကြ၏။ ဥစ္စာစောင့်သိုက်နန်းရှင် ဘုမ္မိယပုဂ္ဂိုလ်များလည်း သာစုခေါ် ခွင့်ရသဖြင့် ပီတိဖြစ်ကြ၏။ နောင်အခါ ဤနေရာ၊ ဤဌာနတွင် မိုးကုတ်ဝိပဿနာတရားများကြီးကျယ်ခမ်းနားစွာ ပွင့်ထွန်းပေါ် ပေါက်လာတော့မည်မို့ နတ်ဒေဝါအပေါင်းက စောင့်မျှော်နေကြပါတော့သည်။

## (ဂ) ဆရာတော် ဦးသုန္ဒရ ရေနံချောင်းသို့ ကြွလာခြင်း

ဦးဇော်ကြီးသည် မိုးကုတ်ဆရာတော်ဘုရားနှင့် စာချဖက် ဖြစ်သည်။ မိုးကုတ်ဆရာတော်ဘုရားနှင့် အနီးကပ်နေထိုင်ခဲ့သဖြင့် ဆရာတော်အကြောင်းကို အရင်းကျကျသိတော်မူလေသည်။ မိုးကုတ်ဆရာတော်ကို ရဟန္တာဟု ကြိုတင်မသိခဲ့ပါ။ ဦးဇော်ကြီးနှင့်အတူ ကျောင်းဝင်းအတွင်း အတူလမ်းလျှောက်စဉ် အုန်းပင်တစ်ပင်မှာ အုန်းသီးသီးရန် အဖူးများ၊ အပွင့်များ စတင်ထွက်ပေါ်နေသည်ကို တွေ့ရ၏။

"ဆရာတော်၊ ဟိုမှာ အုန်းပင်က အုန်းသီးသီးတော့မယ်ဘုရား"

"အင်း - အုန်းသီးသီးရင်တော့ ဦးပဥ္စင်းတို့တော့ စားရမှာပါ"

ဟု မိန့်ကြား၏။

ထိုအချိန်က ဦးဇော်ကြီးမှာ ဆရာတော်က မိန့်ကြားတာလဲဆိုတာ သဘောမပေါက်ပါ။ ဆရာတော်ကလည်း ငါရဟန္တာလို့ ထင်ပေါ်အောင် မနေပါ။ သာမန်ရဟန်းများကဲ့သို့သာ နေထိုင်သဖြင့် မထင်ရှားပါ။ ဆရာတော်ခန္ဓာဝန်ချပြီး မီးသင်္ဂြိုဟ်မှ ဓာတ်တော်တွေကျလာလေသည်။ ငါတို့ဆရာတော်ဟာ ရဟန္တာပဲဟုသိရလေတော့သည်။

ဦးသုန္ဒရသည် မိုးကုတ်ဆရာတော်ကိုမမီပါ။ မီခဲ့သော ဦးဇော်ကြီးထံမှ



ပရိယတ္တိစာကိုလိုက်ပြီး မိုးကုတ်ပဋိပတ္တိကို အနီးကပ် သင်ယူခဲ့ပါသည်။ ကမ္မဋ္ဌာနာစရိယအဖြစ် တရားဟောနိုင်ရန်၊ တရားပြနိုင်ရန် အနီးကပ်သွန်သင်ဆုံးမပေးတော်မူလေသည်။ ပညာနို့စို့ပြီး မိုးကုတ်တရားများကို ပြန့်ပွားစေချင်သည်။ မိမိကိုယ်တိုင်လည်း တရားအားထုတ်ချင်သည်။ အတူနေရဟန်း(၁)ပါးနှင့် တိုင်ပင်ပြီး တောထွက်ရန်ဆုံးဖြတ်ကြလေသည်။

ဦးသုန္ဒရတို့ ရဟန်းငယ်နှစ်ပါးသည် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် မန္တလေးမှရေနံချောင်းမြို့သို့ ကြွလာတော်မူလေ၏။ အချိန်မှာ ၁၉၇၅ ခုနှစ်က ဖြစ်သည်။ ဆရာတော်၏သက်တော်မှာ (၃၅)နှစ်၊ ဝါတော်မှာ (၁၅) ဝါရှိပြီဖြစ်ပါသည်။ မန္တလေးမှ ရထားမစီး၊ ကားမစီးဘဲ ခြေကျင်လျှောက်ပြီး ကြွလာခြင်းဖြစ်သည်။ကားလမ်းအတိုင်းကြွပြီး နံနက်ဆွမ်းစားချိန်တွင် နီးစပ်ရာ မြို့ရွာများကို ဆွမ်းခံ၏။ တစ်နပ်စားရသောအခါတွင် သစ်ပင်ရိပ်၊ ဇရပ်တို့တွင် ဆွမ်းစားကြ၏။ လမ်းဘေးရေအိုးစင်မှ သောက်တော်ရေဖြင့် ဖလုတ်ကျင်းခြင်း၊ ဘုဉ်းပေးခြင်းပြုပြီး ခရီးဆက်၍ ကြွတော်မူ၏။ ညကျိန်းရန် ရွာ သို့မဟုတ် မြို့ရောက်ပါက နီးစပ်ရာ ဘုန်းကြီးကျောင်းသို့ဝင်ပြီး ညကျိန်းခွင့်ပြုပါရန် ခွင့်တောင်းရ၏။ ညကျိန်းပြီး နံနက်စောစောဘုရားဝတ်ပြုခြင်း၊ တရားထိုင်၊ အမျှပေးဝေခြင်းအမှုကို ပြုတော်မူ၏။ မိုးလင်းပါက ခရီးဆက်ကြွတော်မူ၏။ ဤသို့ဖြင့် သပိတ်တစ်လုံးဖြင့် ဆွမ်းခံပြီး နှစ်ထပ်သင်္ကန်းဖြင့် စောင်လုပ်ခြုံရင်း ရေနံချောင်းမြို့ တောင်ခမောက်တောင်တောရသို့ ဒေသစာရီကြွချီတော်မူလာပါတော့သည်။

## (ဃ) တောင်ပိုင်နှင့် ဥစ္စာစောင့်တို့မှ ကြိုဆိုကြခြင်း

တောင်ခမောက်တောင် တောင်ပိုင်ကြီးသည် ဆရာတော်ဦးသုန္ဒရ ကြွချီလာကြောင်း ကြိုတင်သိလေသည်။ ဤဆရာတော်သည် မိမိနေသော တောင်ခမောက်တောင်တွင်သီတင်းသုံးပြီး ဘုရားသာသနာပြန့်ပွားအောင် သာသနာပြုမည့်ပုဂ္ဂိုလ် ဖြစ်သည်။ ရတနာ (၃) ပါး ဆည်းကပ်မည့်သူများ ကြက်ပျံမကျစည်ကားလာတော့မည်။ သာစုခေါ် ဆိုရတော့မည်။ လာခြင်းကောင်းသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကို ငါကြိုဆိုပြီးကုသိုလ်ပြုမည်ဟု အကြံရလေသည်။ ဤကျောင်းတွင် ဥပုသ်စောင့်သော အမေညိုထံသွားရောက်ပြီး ရဟန်းနှစ်ပါး မကြာမီရောက်တော့မည်၊ ရဟန်းတော်ဝေယျာဝစ္စပြုတော်မူပါရန် အိပ်မက်ပေးသည်။

အမေညိုသည် ညကမြင်မက်သော အိပ်မက်ကို စဉ်းစားနေလေသည်။ တစ်ကိုယ်လုံး အစိမ်းရောင်ရှိပြီး သာမန်လူထက်သုံးဆခန့်ရှိသော ပုဂ္ဂိုလ်ထူးတစ်ယောက် သူ့ထံရောက်ရှိလာသည်။

"အမေညို၊ အမေညို"

"ဟုတ်ကဲ့ရှင်"

"အမေညို၊ တောင်ခမောက်တောင်ကို ရဟန်းနှစ်ပါးကြွလာနေပြီ။ ဒီမှာသာသနာပြုလိမ့်မယ်။ ရဟန်းဝတ်ကြီးဝတ်ငယ်ကို ပြုပေးပါခင်ဗျာ"

"ကျွန်မက ဗုဒ္ဓဘာသာပါ။ ရဟန်းဝတ်ကိုကျေပြွန်အောင် ဆောင်ရွက်ပေးပါမယ်ရှင်။ ဘာမှတာဝန်မကြီးပါဘူး"

"ကောင်းပါပြီ၊ အမေညိုက သီလဖြူစင်လို့ လာသတိပေးတာပါ"

အမေညိုမျက်လုံးထဲတွင် ခုထိမြင်ယောင်မိလေသည်။ တော်တော်ထူးတဲ့ အိပ်မက်ပဲ။ ငါ တောင်ခမောက်တောင်သွားဦးမှပဲလို့ ဆုံးဖြတ်ပြီးထွက်လာခဲ့၏။ တောင်ခမောက်တောင်ရောက်သောအခါ ဘုန်းကြီးချပြီး ညက အိပ်မက်ကို ပြောပြလေသည်။

"ဆရာတော်နှစ်ပါးကြွလာမယ်လို့ အိပ်မက်မက်တယ်ဘုရား"

"ဒကာမကြီး၊ အိပ်မက်မဟုတ်ဘူး၊ တောင်ပိုင်ကြီးက လာပြောတာပါ"

"ဆရာတော်ဘယ်လိုလုပ်သိသလဲ"

"ဦးပဥ္စင်းတရားထိုင်ရင် ခဏခဏတွေ့ရတယ်။ ဦးပဥ္စင်းကို စောင့်ရှောက်နေတာပါ။ ညကတော့ အမေညိုထံသွားပြောဦးမယ်လို့ ပြောသွားရတယ်"

"ဒါဆိုရင် ဒီနေရာမှာ သာသနာပြု ဆရာတော်နှစ်ပါး တကယ်ကြွလာမှာပေါ့နော်"

"ဟုတ်တယ် ဒကာမကြီး"

"ဦးပဥ္စင်းကျောင်းမှာလည်း ဘာမှပြည့်ပြည့်စုံစုံမရှိဘူး။ ကြွလာမယ့် ရဟန်း

နှစ်ပါးကိုအားနာတယ်"

"ဘာမှမပူပါနဲ့ ဒကာမကြီး၊ သူ့ဟာသူ အဆင်ပြေသွားပါလိမ့်မယ်"

အမေညိုသည် စိတ်ပူနေ၏၊ အဘယ်ကြောင့်ဆိုသော် ဆရာတော်နှစ်ပါးအတွက် ကျိန်းစက်ရာအိပ်ရာမရှိ၊ ကျောင်းမရှိ၊ စောင်ခြင်ထောင်တို့မရှိ၊ ပန်းကန်ခွက်ယောက်မရှိ။ ဘာမှမရှိသော ဤနေရာကိုလာကြမည့် ဆရာတော်နှစ်ပါးအား ကြိုတင်၍ အားနာနေလေတော့သည်။ စိတ်လေးလေးနှင့် ညနေဘက်ဘုရားကုန်းပေါ်သို့တက်လာသည်။ ဘုရားကို တစ်ပတ်ပတ်ပြီး ကြည်ညို၏။ ပြီးမှ မုခ်ဝတွင်ထိုင်ပြီး ပန်း၊ ရေချမ်း၊ ဆီမီးများပူဇော်ဖို့ ပြင်ဆင်နေလေသည်။

"အမေညို အမေညို"

"ဟဲ့ - ညနေမိုးချုပ်နေပြီ၊ ဘယ်သူတွေလဲ"

"သမီးတို့ပါ အမေ"

အမျိုးသမီးကြီး (၃)ဦးသည် ဆံပင်အရှည်ဖားလျားချပြီး သနပ်ခါးလိမ်းကျံထား၏။ တစ်ကိုယ်လုံးမှာ ရေမွှေးဆွတ်ထားသလားမသိ မွှေးကြိုင်နေလေသည်။ အသက်(၂၅)နှစ်အရွယ် မိန်းကလေးများဖြစ်နေလေသည်။

"ဟဲ့ဟဲ့ - ညည်းတို့က နတ်ကန်ဦးရှာကလား"

"မဟုတ်ဘူး အမေ"

"သူဌေးကုန်းကလား။ ညမှောင်နေပြီပြန်ကြတော့လေ။ မိန်းကလေးတွေ ညဘက်စိတ်ပူလို့ပြောတာ"

"ဟုတ်ကဲ့ပါ အမေ။ သမီးတို့က အမေညိုကိုပြောစရာရှိလို့စောင့်နေတာ"

"ဟဲ့ - ငါက ညည်းတို့ကိုမသိဘူး။ တစ်ခါမှမမြင်ဖူးဘူး။ ဒါနဲ့ ငါ့ကို ဘာပြောစရာရှိလို့လဲ ပြောလေ"

"နောက်နှစ်ရက်၊ သုံးရက်ဆိုရင် သံဃာတော်နှစ်ပါး ကြွလာလိမ့်မယ်။ အမေညိုတို့က သာသနာပြုမယ့် ကိုယ်တော်တွေအတွက် အစစအရာရာ လိုလေသေးမရှိအောင်စောင့်ရှောက်ပေးပါ"

"အေးပါဟဲ့၊ ငါတို့လည်း သာသနာပြုသူတွေကို ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးပစ္စည်းလေးပါး မလိုအောင် စောင့်ရှောက်မှာပါ"

"ဟုတ်ကဲ့ - အမေညို"

"ညည်းတို့ မှောင်နေပြီ ပြန်ကြတော့။ ငါလည်း ဘုရားဝတ်ပြုပြီး ပုတီးစိပ်လိုက်ဦးမယ်"

ထိုအမျိုးသမီး (၃) ယောက်သည် အမေညိုရှေ့တွင်ပျောက်သွားလေသည်။ သူတို့မှာ လူများမဟုတ်၊ ဥစ္စာစောင့်များဖြစ်ကြသည်။ အမေညိုကတော့ လူတွေဟုထင်နေလေတော့သည်။ ဥစ္စာစောင့်တို့သည် အမှန်တကယ်သာသနာပြုမည့် ပုဂ္ဂိုလ်များကို စောင့်ရှောက်ပေးကြ၏။ သာသနာပြုရဟန်းများကို စောင့်ရှောက်ပေးကြ၏။ သာသနာပြုရဟန်းများ စိတ်ဓာတ်ကျပြီးပြန်သွားကြမှာကို စိုးရိမ်နေကြ၏။ ထို့ကြောင့် ကြိုတင်နိမိတ်များပြပြီး ကုသိုလ်ပြုကြလေသည်။ ထို့အတူ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ သိုက်နန်းနှင့် နတ်ဒေဝါအပေါင်းတို့ကလည်း သောင်းသောင်းဖြဖြကြိုဆိုကြလေသည်။ အလှူရှင်များ၊ သာသနာနှင့်ကြုံကြိုက်မည့်ပုဂ္ဂိုလ်များကို ဤနေရာသို့တွန်းပို့ကြလေသည်။

ဦးသုန္ဒရနှင့် ရဟန်းငယ်တစ်ပါး မန္တလေးမှခြေကျင်ကြွလာရာ နောက်(၂)ရက်ခန့်ကြာသောအခါ ရေနံချောင်းမြို့သို့ရောက်လာကြသည်။ တွင်းကုန်းရွာ ဦးစိန်တိုးအိမ်သို့ဝင်ပြီး တောင်ခမောက်တောင်ကို မေးမြန်းစုံစမ်းကြလေသည်။

"ဆရာတော်များကြွပါဘုရား။ဒီမှာ ခဏသီတင်းသုံးပါဘုရား"

သက်န်းရုံပြီးကြွလာသော ဆရာတော်နှစ်ပါးကို စောင်ခင်းပြီး နေရာသန့်သန့်တွင် သီတင်းသုံးစေ၏။ နောက်ဦးချကန်တော့ကြလေသည်။

"ဆရာတော်များ ဘယ်ကြွမှာလဲဘုရား"

"ဦးပဥ္စင်းတို့က တောင်ခမောက်ကိုကြွမှာပါ၊ ဒကာကြီးလမ်းညွှန်ပေးပါ"

"တင်ပါ့ဘုရား၊ တောင်ခမောက်ကို နေ့စဉ်သွားပြီး ဥပုသ်စောင့်နေတဲ့ အမေညိုဆိုတာရှိတယ်ဘုရား၊ တပည့်တော်လိုက်ပို့ပေးပါ့မယ်ဘုရား"

ကိုရင် (ခေါ်) ဦးစိန်တိုးသည် ဆရာတော်နှစ်ပါးအား အမေညိုအိမ်သို့ လိုက်ပို့ကြလေသည်။ အမေညိုကို မြင်ရသောအခါ အမေရင်းကဲ့သို့ စိတ်ဖြစ်ပေါ်လာလေသည်။ အမေညိုကလည်း သားအရင်းပြန်တွေ့ရသကဲ့သို့ ခံစားရလေသည်။

"အမေညို၊ ဒီမှာ ဦးပဥ္စင်းနှစ်ပါး တောင်ခမောက်ကြွဖို့ဆိုပြီး ရောက်လာတယ်"

"တင်ပါ့ဘုရား၊ အိမ်ပေါ် ခဏကြွပါဦးဘုရား"

"ဒကာမကြီး၊ ဦးပဥ္စင်းတို့ကို ဘာမှမကပ်နဲ့။ ဦးပဥ္စင်းတို့က ရေကလွဲလို့ ဘာမှမဘုဉ်းဘူး"

"တင်ပါ့ဘုရား၊ ဦးပဥ္စင်းတို့ကြွလာမယ်ဆိုတာ လွန်ခဲ့တဲ့(၂)ရက်က ကြိုသိတယ်ဘုရား။ ကျောင်းမှာလည်း ဆရာတော် နှစ်ပါးကြွလာမယ်ဆိုပြီး ကြိုသိလို့ နေရာထိုင်ခင်း ပြင်ဆင်ထားပါတယ်ဘုရား"

ဦးပဥ္စင်းနှစ်ပါးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ပြုံးတော်မူလေသည်။ မိမိတို့နှစ်ပါး ရေနံချောင်းကြွလာမည်ကို မည်သူ့မျှမပြောပါ။ ကြိုတင်ဖုန်းမဆက်ပါ။ အကြောင်းမကြားပါ။ ထူးဆန်းသည်မှာ ဒီကြွလာတာကိုကြိုသိနေခြင်း ဖြစ်၏။ အမေညိုသည် ဆရာတော်နှစ်ပါးကို တောင်ခမောက်သို့ ပင့်သွားပါသည်။

"ဘဘုန်းဘုရား၊ ဒီမှာ မန္တလေးက အာဂန္တုဆရာတော်နှစ်ပါးကြွလာတယ်"

"ဩော် - ဆရာတော် ဦးသုန်တို့ပဲ ကြွပါ၊ ကြွပါ။ အရှင်ဘုရားတို့ လာမယ်ဆိုတာ ကြိုသိနေတယ်"

"နေကောင်းသလား ဘဘုန်း။ ကျန်းမာရေး ဂရုစိုက်နော်"

"တင်ပါ့ဘုရား"

ဘဘုန်းသည် ဆရာတော်ဦးသုန္ဒရကို ခရီးဦးကြိုပြု၏။ နေရာထိုင်ခင်းပေးပြီး ဦးချကန်တော့လေသည်။ မန္တလေးမိုးကုတ်ရိပ်သာဝင်စဉ်က ဂရုစိုက်ပြုစုရှာသော ဆရာတော်ဦးသုန်ကို ကျေးဇူးများရှိနေလေ၏။ ယခုကဲ့သို့ အမှန်တကယ်ကြွလာသောအခါ ဝမ်းသာအားရဖြစ်ပြီး ပျော်လွန်း၍ ဘာစကားမှပင်မပြောနိုင်ပေ။ဆရာတော်နှစ်ပါးအား ရေနွေးကြမ်းဆက်ကပ်ပြီး အမောဖြေစေသည်။

"ဦးသုန်၊ အခုကြွလာတာအပြီးကြွလာတာမဟုတ်လား"

"ဟုတ်တယ်၊ ဒီမှာ သာသနာပြုတော့မယ်လို့ ဆုံးဖြတ်ပြီးကြွလာတာပဲ။ ဘဘုန်းကလက်မခံရင် ဟသ်ာတအထိကြွမှာ"

"ဘာလို့လက်မခံရမှာလဲ။ ဆရာတော်ကြွလာတော့ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းမသိဘူး။ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လို့လဲ"

"အခုမြင်ရတဲ့အတိုင်းပဲ၊ ဦးပဥ္စင်းပိုင်ဆိုင်တာ ဘာမှမရှိဘူး။ ဦးသုန်တို့မြို့ကပုဂ္ဂိုလ်တွေ ဒီလိုနေရာမှာနေတတ်ပါ့မလားလို့ စိတ်ပူမိတ:ာ်"

"မြတ်စွာဘုရားက ရဟန်းများကို ဆုံးမခဲ့တယ်။သူတစ်ပါးတို့၏အိမ်တံခါးဝ၌ ခံယူရသောဆွမ်းသည် ငါ၏အာဟာရတည်း။ နွားကျင်ငယ်ရေသည် ငါ၏ဆေး

တည်း။ သစ်ပင်ရင်းသည် ငါ၏ ကျောင်းနေရာတည်း။ ခြေမှုန့်တို့လိမ်းကျံအပ်သော အဝတ်စုတ်သည် ငါ၏ သင်္ကန်းတည်း။ ယင်းသို့ အကြောင်းရဟန်းသည် ထိုပစ္စည်းလေးပါးတို့ကို နှစ်နှစ်ခြိုက်ခြိုက် သုံးဆောင်နိုင်ငြားအံ့။ ထိုရဟန်းသည် အရပ်လေးမျက်နှာသို့ သွားလိုရာသွားနိုင်သော စတုဒိသာရဟန်းမည်၏လို့ အရှင်မဟာကဿပ၊ စတ္တာသီလ နိပါတ် (၁) မှာ ဖော်ပြထားတယ်လေ။ ဦးပဥ္စင်းတို့နှစ်ပါးက ဘုရားဟောနှင့်အညီ တောထွက်လို့ ပထမလေ့ကျင့်ခန်းစကျင့်နေပြီလေ"

"တောထွက်ဖို့ဆိုတာ အပြောလွယ်သလောက် လက်တွေ့ကျင့်ဖို့ အတော်ခက်ခဲတယ်ဘုရား"

"ဟုတ်တယ် ဘဘုန်းရေ ဘဘုန်းလို နေနိုင်ဖို့မလွယ်ဘူး။ အခု မန္တလေးက ခြေကျင်ကြွလာတာ။ တောမထွက်သေးဘူး၊ မြို့ထွက်လာတာ။ ဒါတောင် မြို့မှာနေခဲ့တဲ့ သာယာတဲ့ကိလေသာက မကြာခဏမြူဆွယ်နေတာခံနေရတယ်"

"အခုအချိန်ကစပြီး ဒီနေရာမှာ သာသနာပြုပါ။ ဒီကျောင်း၊ ဒီနေရာကို ဆရာတော် ဦးသုန်ကို အပ်ပါတယ်"

"ဘဘုန်းကဘယ်ကြွမှာမို့လို့လဲ"

"တပည့်တော်က အသက်ကြီးပြီလေ။ သေရွာကို မကြာခင်ကြွရမှာပေါ့"

"ဦးပဉ္စင်းကြီးကတော့ ပြောတော့မယ်"

ဦးနန္ဒရနှင့် သံဃာတော်တစ်ပါးသည် ရေနံချောင်းမြို့ တောင်ခမောက်သို့ ချောချောမောမော ရောက်လာကြသည်။ ဒကာမကြီး ဒေါ်ညို စီစဉ်ထားသော ယာဉ်မီးကာထဲတွင် ခုတင်မရှိဖြစ်သလို သီတင်းသုံးရလေသည်။

အချိန်ဇယားဆွဲထားသည့်အတိုင်း စရဏာမှန်မှန်အားထုတ်တော်မူလေသည်။ နံနက်ဆွမ်းခံချိန်ရောက်သော် ဆရာတော်နှစ်ပါး ဆွမ်းခံကြွရန် သင်္ကန်းရုံကြလေသည်။

"ဘဘုန်းဘုရား၊ အခုအချိန်ကစပြီး ဆရာတော်ဆွမ်းခံဖို့ မလိုတော့ဘူး။ ဒီကျောင်းမှာပဲ သီတင်းသုံးနေခဲ့တာ။ တပည့်တော်တို့ နေ့စဉ်ဆွမ်းခံမယ်။ ဒီကုသိုလ်တော့ လက်ခံပါဘုရား"

"ဦးသုန်တို့ ဆွမ်းခံပြီးရတာကို တပည့်တော် မဘုဉ်းရဲပါဘူးဘုရား"

"အရှင်ဘုရားက အသက်ကြီးပြီ။ တပည့်တော်တို့ မိဘအနေနဲ့ ဒီမှာလုပ်ကျွေးခွင့်ပြုပါဘုရား"

"တပည့်တော်မဝံ့ရဲပါဘုရား"

"တပည့်တော်တို့ ဒီဝတ်လေးတော့ခွင့်ပြုပါ။ ဒီတောင်မှာ ဘုရားဝေယျာဝစ္စပြုရင်း ကျန်ရစ်ပါဘုရား"

"ဦးသုန်တို့ ဖွတ်ပြောလို့ လက်ခံရပေမယ့် မဝံ့မရဲဖြစ်နေတာနော်"

"တပည့်တော်တောင်းပန်ပါတယ် ဘုရား။ တပည့်တော်တို့ရောက်လာပြီပဲ။ ဘဘုန်းကိုမိဘလိုလုပ်ကျွေးမှာပါဘုရား"

"သာဓု၊ သာဓု၊ သာဓု"

ဦးသုန္ဒရနှင့် သံဃာတော်နှစ်ပါး သူဌေးကုန်းရွာသို့ ဆွမ်းခံကြွ၏။ မနေ့က ဦးစိန်တိုးအိမ်မှတစ်ဆင့် အမေညိုအိမ်သို့ ကြွလာသော သံဃာနှစ်ပါးဖြစ်သည်။ တောင်ခမောက် ဘဘုန်းကျောင်းတွင် သီတင်းသုံးမည်။ မိုးကုတ်ဆရာတော်ဘုရား၏တပည့်သာဝကများဖြစ်ကြောင်း အားလုံးသိနေကြ၏။ ဆွမ်းချက်သူ၊ ဆွမ်းလောင်းသူများ အထူးစည်ကားနေလေသည်။

"ဆရာတော်နှစ်ပါးကြွလာပြီဟေ့"

ရွာဆော်က အော်ဟစ်သတင်းပို့သည်။ လမ်းကို ရေလောင်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများ ကြိုတင်ပြင်ဆင်ထား၏။ ဆွမ်းလောင်းသူများ တန်းစီ၍ စောင့်နေကြ၏။ အားလုံး ဆရာတော်နှစ်ပါး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကိုအာရုံပြု၍ ကြည်ညိုနေကြ၏။ ဆွမ်းကို အားရဝမ်းသာ လောင်းလှူကြလေသည်။ သပိတ်ထဲသို့ ဆွမ်းနှင့် ဆွမ်းဟင်းရောလောင်းပါသည်။ သပိတ်ထဲတွင် လိုအပ်သလောက် ဆွမ်းပြည့်စုံသောအခါ သပိတ်အဖုံးကို ပိတ်ထားလိုက်၏။ နောက်ထပ်အပိုအလှူမခံပါ။ မလှူလိုက်ရသော အမျိုးသမီးအဖွဲ့ မျက်နှာမကောင်းကြပါ။

ဆရာတော်နှစ်ပါးသည် ကျေနပ်တည်ငြိမ်စွာ တောင်ခမောက်သို့ ပြန်ကြွတော်မူ၏။ ရလာသောဆွမ်းများကို ဘုရားရှင်အား ဆက်ကပ်ကြ၏။ ပြီးမှ ဘဘုန်းသပိတ်ထဲသို့ မျှထည့်ပေးပြီး ဘဘုန်းနှင့် သုံးပါး အာဟာရအဖြစ် ဘုဉ်းပေးသုံးဆောင်တော်မူကြလေသည်။ မကြာမီ သူဌေးကုန်း၊ တွင်းကုန်း၊ သံကန်ကုန်း၊ နတ်ကန်ဦးရွာတို့မှ ဒကာ၊ ဒကာမများရောက်လာ၏။ ဆရာတော်နှစ်ပါး သီတင်းသုံးရန်အတွက် ထန်းရွက်မိုး၊ ထန်းရွက်ကာ ကျောင်းနှစ်ကျောင်းကို ဆောက်လုပ်ကြ၏။ ပိုနေသော သစ်ဝါး၊ ထန်းရွက်များဖြင့် ဓမ္မာရုံတစ်ခုကို အလှူမဏ္ဍပ်ထိုးသလိုထိုးကြလေသည်။မည်သူက ဆော်ဩလိုက်သည်မသိ။ ရွာသူရွာသား အများအသိကိုယ်စီဖြင့်ရောက်လာကြပြီး ဆရာတော်များ သက်သောင့်သက်သာ သီတင်းသုံးနိုင်ရန် နေ့ချင်းပြီးဆောက်လုပ်ကြခြင်း ဖြစ်၏။ တချို့ ငွေကြေးတတ်နိုင်သောသူများက စောင်များ၊ ခြင်ထောင်များ၊ ခေါင်းအုံးများ၊ တချို့က ထမင်းချိုင့်များ၊ ပန်းကန်များ၊ ရေနွေးကရား၊ ခွက်ဘူး၊ ဇွန်း စသည့် အသုံးအဆောင်များလာရောက်လှူဒါန်းကြလေသည်။ ဆရာတော်ဦးသုန်လည်း ကျောင်းဆောက်ခြင်း၊ မဏ္ဍပ်ထိုးခြင်းကို လက်ခံတော်မူပြီး ကျန်ပစ္စည်းများကို လုံးဝလက်မခံပေ။ အလှူရှင်များ မိမိပစ္စည်းမိမိပိုက်၍ ပြန်ယူသွားကြရလေသည်။

"ဒီဆရာတော်က တစ်မျိုးပဲ။ လာလှူတာတောင်လက်မခံဘူး။ အတော်လောဘနည်းတယ်"

"စိတ်မကောင်းမဖြစ်ပါနဲ့။ ဦးပဉ္စင်းတို့က ဒီပစ္စည်းတွေထိန်းဖို့မစွမ်းသေးဘူး။ နောက်အချိန်ကျရင်လှူတာလက်ခံမှာပါ။ အခုတော့ ဘာမှမလှူပါနဲ့ဦး"

"တင်ပါ့ဘုရား"

## (င) တောင်ခမောက်တွင် စတင်သာသနာပြုခြင်း

အမေညိုတို့အဖွဲ့သည် တောင်ခမောက်သို့ နေ့စဉ်ရောက်၏။ ဆရာတော်နှစ်ပါး၏အကျင့်သီလကို များစွာကြည်ညိုနေလေသည်။ တစ်နေ့(၃)ကြိမ် တရားထိုင်သောဝတ်ကို ဆောက်တည်ကြ၏။ အမေညိုနှင့် အတော်ရင်းနှီးကြလေသည်။

"ဆရာတော်ဘုရား"

"ဒကာမကြီး ပြော"

"ဒီကျောင်းမှာ ဘာမှမပြည့်စုံဘူး။ စေတနာနဲ့လာလှူတာ ဘာလို့ လက်မခံတာလဲဘုရား"

"ဦးပဉ္စင်းတို့က ဒီဒကာ၊ ဒကာမတွေကို ဘာမှကျေးဇူးမဆပ်ရသေးဘူး။ တရားနဲ့ကျေးဇူးဆပ်ပြီးမှ လက်ခံမယ်လို့ သူတို့သဒ္ဓါတရားကိုစဉ်းစားပါ့မယ်"

"အခုလို ဆင်းဆင်းရဲရဲမြင်နေတာ တပည့်တော်စိတ်မကောင်းဘူး။အရေးကြီးတဲ့ပစ္စည်းတော့ လက်ခံပါ ဘုရား"

"ဒကာမကြီး၊ ဦးပဉ္စင်းမသိဘဲနဲ့ ဘာမှလက်မခံပါနဲ့။ ဦးပဉ္စင်းတို့က သပိတ်တစ်လုံး၊ သုံးထည်သော သင်္ကန်းနဲ့နေတတ်အောင်ကျင့်နေတာ။ လူသူမနီး တောကြီးထဲမှာဆို ဘယ်လိုလုပ်မလဲ

ဒကာမကြီး။ အဓိကတရားရဖို့အရေး ကြီးပါတယ်။ အခုလိုနေရတာပဲ အဆင် ပြေပါတယ်"

"ဒါဆိုရင် အခုတပည့်တော်တို့ အဖွဲ့ နေ့စဉ် ဥပုသ်စောင့်လာတာ။ အခု မွေ့ရုံအသစ်မှာ တရားပြပါဘုရား"

"အေး - ကောင်းတယ်။ (၈)ပါး သီလယူပြီးရင် တရားပြပေးမယ်"

အမေညိုတို့အဖွဲ့သည် ဆရာ တော်ထံမှ (၈)ပါးသီလတောင်း၏။ ဆရာ တော်မှ (၈) ပါးသီလချီးမြှင့်ပြီး မကျိုး မပေါက်အောင် သတိထား၍ စောင့် ရှောက်ပါလို့ မှာကြားလေသည်။

"ဒကာမကြီး"

"ဘုရား"

"မိုးကုတ်ဝိပဿနာတရားဟော မယ်"

"တင်ပါ့ဘုရား"

"အခြေခံ လက်ာဆောင်ပုဒ်(၂)ခု တို့ အရကျက်ရမယ်"

"တင်ပါ့ဘုရား"

"လိုက်ဆို"

"မူလနှစ်ဖြာသစ္စာနှစ်ခု၊ လေးခု အလှ္ဘာ အင်္ဂါတစ်ဆယ့်နှစ်ပါး တရား ကိုယ်များနှင့် သုံးပါးအစပ် နှစ်ရက်မူလ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ ခြင်းရာ နှစ်ဆယ် ဤရှစ်သွယ်ကို အလွယ်ကျက် မှတ် သိစေအပ်သည် သံသရာမှလွတ် ကြောင်းတည်း။

အင်္ဂဝိဇ္ဇာနှင့်တဏှာရင်းခံ ဥပါဒါန် တံကြောင့် ရုပ်နာမ်ပေါ် အပင်မှမျိုး၊ မျိုးမှအပင် အမျှင်မပြတ်ဆက်စပ်သည့် တန်း ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် တံ၊ အဖန်ဖန်ဖြစ်၍ နည်းအလျော် ဖြစ်ရွာ၊ သိကြား စသည်များက ထင်ရှား မြမြင် စီရင်ဖန်ဆင်း၊ အကြောင်းရင်း ကြောင့် လူနတ်များစွာသတ္တဝါတို့ ဖြစ် လာရာမှ မဟုတ်ဟု ဉာဏ်ဖြင့်ရှု၍မျှော်"

"ဒီလက်ာဆောင်ပုဒ်ကို အရ ကျက်မှတ်ပါ။ နောက်နေ့မှ ဆက်သင် ပေးမယ်"

"တင်ပါ့ဘုရား"

အမေညိုတို့အဖွဲ့သည် လက်ာ ဆောင်ပုဒ်(၂)ခုကို အရကျက်မှတ်လေ တော့သည်။ နောက်နေ့ရောက်သော အခါ ဆရာတော်ထံမှ (၈)ပါးသီလ ခံယူ ဆောက်တည်ပြီး ဆရာတော်သင်ပေး သော ပဋိစ္စသမုပ္ပါဒ်သင်တန်းကို တက် ရောက်ကြလေသည်။

"ဒကာမကြီး၊ လက်ာဆောင်ပုဒ် ရပြီလား"

"ရပါပြီဘုရား"

"လိုက်ဆိုကြပါ။ မူလနှစ်ဖြာဆို သည်မှာ အဝိဇ္ဇာနှင့် တဏှာပါ"

"....."

"သစ္စာနှစ်ခုဆိုသည်မှာ သမုဒယ သစ္စာနှင့် ဒုက္ခသစ္စာပါ"

"....."

"လေးခုအလှ္ဘာဆိုသည်မှာ -
(၁) အတိတ်အကြောင်းတစ်လှ္ဘာ
(၂) ပစ္စုပ္ပန် အကျိုးတစ်လှ္ဘာ
(၃) ပစ္စုပ္ပန် အကြောင်းတစ်လှ္ဘာ
(၄) အနာဂတ် အကျိုးတစ်လှ္ဘာ

"......."

"အင်္ဂါ (၁၂) ပါးဆိုသည်မှာ -
(၁) အဝိဇ္ဇာ
(၂) သင်္ခါရ
(၃) ဝိညာဏ်
(၄) နာမ်ရုပ်
(၅) သဠာယတန
(၆) ဖဿ
(၇) ဝေဒနာ
(၈) တဏှာ
(၉) ဥပါဒါန်
(၁၀) ကမ္မဘဝ
(၁၁) ဇာတိ
(၁၂) ဇာရာမရဏ"

"......."

"သုံးပါးအစပ်ဆိုသည်မှာ -
(၁) သင်္ခါရနှင့် ဝိညာဏ်တစ်စပ်
(၂) ဝေဒနာနှင့် တဏှာတစ်စပ်
(၃) ကမ္မဘဝနှင့် ဇာတိတစ်စပ်"

"........"

"ဝဋ်သုံးဝဆိုသည်မှာ -
(၁) ကိလေသာဝဋ်
(၂) ကမ္မဝဋ်
(၃) ဝိပါကဝဋ်"

"ကာလသုံးဖြာဆိုသည်မှာ -
(၁) အတိတ်ကာလ
(၂) ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ
(၃) နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလ"

"......."

"ခြင်းရာနှစ်ဆယ်ဆိုသည်မှာ -
(၁) အတိတ်အကြောင်းခြင်းရာ (၅)ပါး
(၂) ပစ္စုပ္ပန်အကျိုးခြင်းရာ(၅)ပါး
(၃) ပစ္စုပ္ပန်အကြောင်းခြင်းရာ (၅) ပါး
(၄) အနာဂတ်အကျိုးခြင်းရာ (၅) ပါး
ပေါင်း (၂၀)"

"......."

"ဤနှစ်သွယ်ဆိုသည်မှာ -
(၁) မူလနှစ်ဖြာက တစ်သွယ်
(၂) သစ္စာနှစ်ခုက တစ်သွယ်
(၃) လေးခုအလှ္ဘာ တစ်သွယ်
(၄) အင်္ဂါတစ်ဆယ်နှစ်ပါး တစ်သွယ်
(၅) သုံးပါးအစပ် တစ်သွယ်
(၆) ဝဋ်သုံးဝ တစ်သွယ်
(၇) ကာလသုံးဖြာ တစ်သွယ်
(၈) ခြင်းရာနှစ်ဆယ် တစ်သွယ်
စုစုပေါင်း (၈)သွယ်

"......."

"အလွယ်ကျက်မှတ်ဆိုတာက ပရိ ယတ္တိသာသနာ"

"သိစေအပ်သည်ဆိုတာက ပဋိ ပတ္တိသာသနာ"

"သံသရာမှ လွတ်ကြောင်းတည်း ဆိုတာက ပဋိဝေဓသာသနာလို့ ခေါ် တယ်"

"......."

အမေညိုတို့အဖွဲ့သည် နေ့စဉ် ဥပုသ်စောင့်၏။ နေ့စဉ် ဆရာတော် ဦးသုန္ဒရဟောကြားသော မိုးကုတ်ဝိပဿ နာ ပဋိစ္စသမုပ္ပါဒ်သင်တန်းကို (၁)နာရီ တတ်၏။ နေ့လယ်တွင် (၁)နာရီ တရား ထိုင်ရ၏။

"ဒကာ၊ ဒကာမကြီးတို့ တရားထိုင် တော့မယ်ဆိုရင် ဦးစွာ ပုပ္ပကိစ္စအရင် လုပ်ရတယ်။ ပြီးတော့ ကမ္မဋ္ဌာနာစရိယ ထံမှ ကမ္မဋ္ဌာန်းတောင်းပါ။ လိုက်ဆို"

"ကမ္မဋ္ဌာနံ မေ ဘန္တေ ဒေထ။ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ"

"........."

"ဘန္တေ - အရှင်ဘုရား၊ မေအမှာ ကံ - တပည့်တော်တို့အား၊ သံသာရဝဋ္ဋ ဒုက္ခတော - သံသရာ ဝဋ်ဆင်းရဲမှ လွတ် မြောက်ရခြင်းအကျိုးငှာ၊ မောစနတ္ထာယ- လွတ်မြောက်ပါရခြင်းအကျိုးငှာ၊ ကမ္မာ ဋ္ဌာနံ-မဂ်ဉာဏ်ဖိုလ်ပေါက်နိဗ္ဗာန်ရောက် ကြောင်း အကောင်းဆုံး ကမ္မဋ္ဌာန်းကို ဒေသ - ပေးသနားတော်မူပါဘုရား"

"........"

ခန္ဓာကိုယ်အနေအထားကိုပြော မယ်။ ကျုံ့ကျုံ့ထိုင်လိုကထိုင်၊ တင်ပျဉ် ခွေထိုင်လိုကထိုင်ပါ။ ခြေသလုံးထပ် မထိုင်ပါနဲ့။ ခါးကိုမတ်ထားပါ။ ဖြောင့် ထားပါ။ လက်နှစ်ဖက်ကို ရှေ့ရင်ခွင်ထဲ မှာ ဘယ်ဘက်လက်ပေါ် ညာဘက် လက်တင်ထားပါ။ ခေါင်းကို တည့်တည့် ထားရမယ်။ မျက်လုံးကို ရှေ့ (၅) ပေ

လောက်အကွာကြည့်ပြီး မှတ်ထားပါ။ အားထည့်ပြီး မိုက်ခိုင်းတာ မဟုတ်ဘူး။ မျက်ခုံးကိုဖုံးခိုင်းထားတာပါ။ ပါးစပ်ကို ပိတ်ထား၊ အာရုံတစ်ပါး စိတ်မသွားဘဲ မှတ်ရမယ်။ ဘယ်မှာမှတ်ရမှာလဲဆို တော့ နှာသီးဝလေးမှာ လေဝင်သွားတာ ကို သိလိုက်ပါ။ သိတယ်လို့မှတ်လိုက်ပါ။ လေထွက်သွားတာကို ထွက်တယ်လို့ မှတ်လိုက်မှာ လေလေး နှာသီးဝကိုတိုး ထွက်နေတဲ့သဘော တိုးဝင်တဲ့သဘော ကို အာရုံစိုက်ပြီး (ဝင်လေ) (ထွက်လေ) ဆိုပြီးမှတ်ပါ။ ပါးစပ်ကလိုက်မဆိုရဘူး။ စိတ်ထဲကမှတ်နေပါ။

ဟုတ်ပြီ။ ဝင်လေသို့ ထွက်လေသိ၊ အသိလေးကပ်ပြီး မှတ်ထားရမယ်။ စိတ်က ဒီနေရာမှာနေပါဆိုပြီး မနေဘူး။ တစ်ချက်တစ်ချက်ထွက်သွားတတ်တယ်။ သတိကပ်ထားပါ၊ သတိဆိုတာပိုတယ် မရှိဘူး"

(၁) နာရီခန့် တရားထိုင်ပြီးမှ နားခွင့်ပေးလေသည်။ တောင်ခမောက် တောရလေးသည် ပစ္စည်းများမပြည့်စုံ သော်လည်း တရားဓမ္မတွေနှင့် ပြည့်စုံနေ လေသည်။ ပရိယတ္တိတရားသံများ၊ ပဋိ ပတ္တိတရားထိုင် ရှုမှတ်မှုများဖြင့်ရှိနေလေ သည်။ လာသမျှယောဂီများကို တရား ဟော၏။ တရားထိုင်စေသည်။ တစ်လ ခန့်ကြာသောအခါ ဆရာတော်ဦးသုန္ဒရ ၏သတင်းမှာ ရေနံချောင်းမြို့ တစ်မြို့လုံး ပျံ့နှံ့သွားလေသည်။ ဌာနဆိုင်ရာ အကြီး အကဲများ၊ ဝန်ထမ်းများ ဘယ်ကဘယ် လို သတင်းရသည်မသိ၊ ဆရာတော်ထံ ရောက်လာကြသည်။ ဆရာတော်၏ တရားဟောတာကိုနာပြီးမှ ပြန်သွားကြ ၏။ ဆင်းဆင်းရဲရဲ ခူတင်ကျင့်နေသော သာသနာ့အာဇာနည်ဆရာတော်ဦးသုန္ဒရ ကို အထူးပင် ကြည်ညိုကြလေသည်။ ရပ်ကျေးသံဃာ့နာယကအဖွဲ့က ဆရာ တော်ကို တောင်ခမောက်တောင်ကျောင်း အား ကျောင်းအပ်ကြ၏။ ဆရာတော်ကို သံဃာအဖွဲ့အစည်းက အသိအမှတ်ပြု ကြလေသည်။

ဆရာတော်၏ သီလဂုဏ်၊ သမာဓိ ဂုဏ်၊ ပညာဂုဏ်တို့မှာ ချက်ချင်းပျံ့နှံ့ သွားသည်။ မိုးကုတ်မြေကထိကဦးသုန္ဒရ အား တရားပွဲများပင့်၍ ဟောကြားစေ ခြင်းဖြင့် ပရိသတ်ကို မိုးကုတ်မိုးရွာသွန်း စေပါသည်။ ဒီတရားမျိုး တစ်ခါမှမနာ ဘူးသဖြင့် အထူးအဆန်းဖြစ်နေ၏။ တစ်ခါ နာရုံဖြင့်စွဲသွားသောတရားဖြစ်ပါသည်။ တရားဟောကောင်းသဖြင့် ဟိုရပ်ကွက်

ကလာပင့်၊ ဒီရပ်ကွက်ကလာပင့်ဖြင့် မိုးကုတ်တရားပွဲမှာ ရေနံချောင်းမြို့အနှံ့ ကြဖြန့်နေလေတော့၏။ တောင်ခမောက် တောင်တွင် ထန်းရွက်ဖြင့် ဓမ္မာရုံကျယ် ကျယ်မိုးစေပြီး (၇)ရက်စခန်းဖွင့်ပါသည်။ ပထမဆုံး တရားစခန်းကို လူ(၅၀)ဖြင့် စတင် ကျင်းပခဲ့၏။ တရားစခန်းကို ဒေါ်လေးမြင့်မှ တာဝန်ယူလှူဒါန်းပါ သည်။ ဒေါ်လေးမြင့်သည် ရေနံတွင်း သူဌေးမျိုးဖြစ်သည်။ (၁၀)ဘီးကားများ ပိုင်ဆိုင်ပြီး မြင်းခြံတွင်လည်း ဆီစက်ရှိ၏။ မီးရရှိရေးကို EPC မှ ဦးမောင်ဝင်းမှ တာဝန်ယူ၏။ လျှပ်စစ်မီးမရသေးသဖြင့် (၅/၆) အင်ဂျင်ဖြင့် မီးပေးရ၏။ ရေကို သူဌေးကုန်းမှ တာဝန်ယူ၏။ ထင်းကို နတ်ကန်ဦးရွာမှ တာဝန်ယူပါသည်။ ဝေယျာဝစ္စကုသိုလ်ကို တွင်းကုန်းမှ တာဝန်ယူ၏။ ပထမအကြိမ် မိုးကုတ် ဝိပဿနာ (၇) ရက်တရားစခန်းကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ခဲ့လေ ၏။ အာဟာရအလှူနှင့် ဒေါ်လေးမြင့်က ဆရာတော်အားလျှောက်လေ၏။

"ဆရာတော်ဘုရား၊ တရားစခန်းပွဲ အမြဲကျင်းပဖို့ဆိုရင် ဒီဓမ္မာရုံနဲ့ အဆင် မပြေဘူး။ ဘုရားတပည့်တော် ဓမ္မာရုံ (၁) ဆောင် လှူခွင့်ပြုပါဘုရား"

"ကောင်းပြီ၊ ဒကာမကြီးကို ခွင့်ပြု တယ်"

"ဝမ်းသာလိုက်တာဘုရား၊ နေရာ ပေး သတ်မှတ်ပေးပါဦးဘုရား"

"ဦးပဥ္စင်းကတော့ ဒီအနီမှနေရာ လေးကိုဆောက်စေချင်တယ်။ ဆောက် ရင် နှစ်ထပ်ဆောက်ပါ။ အပေါ်ထပ်က ဓမ္မာရုံတရားပြမယ်၊ တရားထိုင်မယ်။ အောက်ထပ်က ဆွမ်းစားရုံလုပ်ပေါ့"

"တင်ပါ့ဘုရား"

ဒေါ်လေးမြင့်သည် မှိုရသော မျက်နှာဖြင့် ပီတိဖြာပြီး အိမ်သို့ပြန်လာ ခဲ့၏။ မိသားစုများကိုဝိုင်းဖွဲ့၍ ဓမ္မာရုံ ဆောက်လုပ်လှူဒါန်းဖို့ကိစ္စ တိုင်ပင်ကြ လေသည်။

"သားတို့ သမီးတို့ အမေတိုင်ပင် စရာရှိတယ်"

"ပြောပါအမေ"

"အမေ အခု တောင်ခမောက်က ပြန်လာတာ။ ဆရာတော်က ငယ်ငယ် လေးရှိသေးတယ်။ တရားဟောက ကောင်း၊ တရားပြရင်လည်းရှင်းနေတာ။ နေ့စဉ် (၃) ကြိမ် တရားထိုင်တာလည်း မပြတ်ဘူး။ ဘာလှူလှူ လက်မခံဘူး။ အမေက ဒီဆရာတော်ကို ကြည်ညိုတာ၊

ဓမ္မာရုံလှူဖို့အမေလျှောက်ခဲ့တယ်။ ဆရာ တော်ကလည်း ခွင့်ပြုလိုက်ပြီ"

"အမေ စိတ်ချမ်းသာဖို့ကအဓိက ပါ။ အမေ့ပစ္စည်း အမေလှူချင်တာလှူ ပါ။ သားတို့သမီးတို့က ဘာမှမကန့်ကွက် ပါဘူး"

"ဝမ်းသာလိုက်တာ။ အမေက အသက်ကြီးပြီ၊ သေဖို့နီးနေပြီ။ အခု တရားစခန်း (၇) ရက်ဝင်တာ တရား အသိတွေ တော်တော်ရလိုက်တယ်။ အမေသေရင်ပါတာပဲ ယူသွားချင်တာ"

"ကောင်းပါတယ် အမေ၊ သမီးက လည်း အမေလှူတဲ့ကုသိုလ်ထဲမှာ ငွေ တစ်သောင်းပါဝင်ပါရစေ"

"သားကလည်း အမေလှူတဲ့ ကုသိုလ်ထဲမှာ တစ်သောင်းပါဝင်ပါရစေ"

"အေးအေး - ကောင်းတယ်။ ဓမ္မာရုံနှစ်ထပ် RCနဲ့ အခိုင်အမာဆောက် မယ်။ ကုန်ချင်သလောက်ကုန်ပါစေ အမေလှူမှာ"

"ဝမ်းသာပါတယ် မေမေ"

ဒေါ်လေးမြင့်သည် မိဘဘိုးဘွား လက်ထက် အစဉ်အဆက်ချမ်းသာခဲ့၏။ ၎င်း၏သားသမီးများမှာလည်း ကိုယ်ပိုင် စီးပွားရေးများဖြင့် အဆင်ပြေနေကြ သည်။ အမေပစ္စည်းလှူရုံမက သူတို့လေး တွေလည်း ဒါနပါရမီဖြည့်ချင်ကြသဖြင့် မိဘလုပ်သူမှာ သားသမီးအလိုက်သိမှု ကြောင့်ဝမ်းသာနေရ၏။ တချို့သားသမီး တွေ မိဘသေခါနီး မိဘပစ္စည်းကိုစောင့် နေကြ၏။ အပွန်းပဲ့မခံပါ။ မိဘသေလျှင် အမွေနည်းမှာစိုးလို့ အထိမခံခြင်းဖြစ်၏။ တစ်နှစ်အတွင်း နှစ်ထပ် RC ဓမ္မာရုံ အခိုင်အမာကို ဆောက်လုပ်ကြလေ သည်။ တစ်ဖက်မှာလည်း ထန်းရွက်တဲ ဓမ္မာရုံမှာ ရွာနီးချုပ်စပ်မှ တရားလာနာ သော ပရိသတ်မှာလည်းမစဲပါ။ ပရိသတ် များရောက်လာသဖြင့် ဧည့်ဝတ်ပြုရန် တာဝန်ရှိလာသည်။ ထိုအခါမှ ပန်းကန် များ၊ ရေနွေးကရား၊ တည်ကရား၊ ရေနွေးပန်းကန်၊ မုန့်ပဲသရေစာများ အစစအလှူခံတော်မူလေသည်။ အနယ် နယ်အရပ်ရပ်မှလာသော ပရိသတ်များ လည်း ဓမ္မာရုံဆောက်လုပ်ရာတွင် လုပ်အားပေး ကုသိုလ်ပြုကြလေသည်။ မကြာမီ ဓမ္မာရုံနှစ်ထပ်ဆောက်လုပ်ပြီးစီး သွားသည်။ ဒေါ်လေးမြင့်တို့မိသားစုမှ ရေစက်သွန်းချဓမ္မာရုံအလှူအား အမျှ ပေးဝေကြပါသည်။

ဓမ္မာရုံအသစ်ကိုဆောက်လုပ်ပြီး သဖြင့် တရားပွဲများ ဓမ္မာရုံပေါ်တွင်

ကျင်းပကြရာ များစွာအဆင်ပြေပါသည်။ သို့သော် ဆရာတော်သံဃာတော်များ သီတင်းသုံးသောကျောင်းမှာ ထန်းရွက်တဲဖြင့်သာ သီတင်းသုံးနေကြရသည်။

သူဌေးကုန်းမှ ဦးကံတင်သည် ဆရာတော်နှစ်ပါးကို ဆွမ်းလောင်းလှူတာအားမရပါ။ ဆရာတော်များ သီတင်းသုံးနေထိုင်ရန် ကျောင်းဆောက်လှူချင်ပါသည်။ လှူရန်ငွေကြေးမပြည့်စုံသဖြင့် မလှူနိုင်ပါ။ ညစဉ် ဘုရားရှိခိုး၍ ကျောင်းဆောက်ချင်ကြောင်း တိုင်တည်လေသည်။ တစ်ညက တောင်ပိုင်ကြီးမှ အိပ်မက်လာပေးလေသည်။

"ဦးကံတင်၊ ခင်ဗျား တကယ် ကျောင်းဆောက်လှူချင်တာလား"

"ဟုတ်တယ်၊ တကယ်လှူချင်တာ။ ဒီဆရာတော်ကို အလွန်ကြည်ညိုနေတာ"

"ဒါဆိုရင် ထီထိုးပါ"

"ဟုတ်ကဲ့ - ထီထိုးလို့ပေါက်ရင် အကုန်လှူမယ်"

"ဟုတ်ပြီ၊ မနက်ဖြန် မြို့ထဲကိုသွား၊ (၄) အစ (၉) အဆုံး ဂဏန်းကိုရှာထိုး၊ ခင်ဗျားထီပေါက်လိမ့်မယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဦးကံတင်သည် အိပ်ရာမှ လန့်နိုးလေသည်။ အပြင်မှာ တကယ်လာပြောသလိုခံစားရ၏။

ငါရဲ့ သဒ္ဓါတရားကို သိလို့ နတ်တွေကလာပြောတာပဲဖြစ်မှာ။ အိပ်မက်ကိုလျှောက်ပြောရင် အိပ်မက်အစွမ်းပြယ်တယ်လို့ ပြောသံကြားဖူးတယ်။ ဟုတ်တာမဟုတ်တာ အပထား၊ ငါမြို့ထဲသွားပြီး ထီထိုးမယ်ဟု ဆုံးဖြတ်ချက်ချ၏။ နံနက်မိုးလင်းသောအခါတွင် ရေနံချောင်းမြို့ထဲသို့သွား၏။ အိပ်မက်ထဲက (၄) အစ (၉) အဆုံး ထီဂဏန်းကိုလိုက်ရှာပြီး ထီ(၁)အုပ်ထိုးလိုက်၏။ အိမ်ပြန်ရောက်သောအခါ ဘုရားဆောင်မှာ ရိုရိုသေသေသိမ်းထားလိုက်၏။ လကုန်၍ ထီဖွင့်သောအခါ ထီနှစ်သောင်းဆုပေါက်ကြောင်း သိရလေသည်။

ဦးကံတင် ဝမ်းသာလွန်း၍ ထခုန်လေသည်။ ထီအမှန်ပေါက်မှ သူ့မိသားစုကို ပြောပြလေသည်။

"ယောက်ျား၊ ရှင်ထီပေါက်တယ် ဟုတ်"

"ဟုတ်တယ်"

"ထီလည်းတစ်ခါမှမထိုးဖူးပါဘူး၊ ဘယ်လိုလုပ်ထီပေါက်တာလဲ"

"ငါ ကျောင်းဆောက်ချင်လို့ ထီထိုးတာ။ ထီပေါက်ရင်ကျောင်းဆောက်မယ်ဆိုပြီး သစ္စာဆိုတာ။ အခု တောင်ခမောက်မှာ ကျောင်းဆောက်လို့ရပြီ"

"ဝမ်းသာလိုက်တာ။ ဒီတစ်သက် ကျောင်းအမကြီးဖြစ်ဖို့ စိတ်ကူးတောင်မယဉ်နိုင်ဘူး။ ခုတော့ တကယ် ကျောင်းအမကြီးဖြစ်တော့မယ်"

ဦးကံတင်သည် အိပ်မက်မှပေးသော ဂဏန်းကို လိုက်ရှာပြီးထိုးသဖြင့် ထီပေါက်ကြောင်း ပြန်ပြောပြလေသည်။ ဇနီးမောင်နှံနှစ်ဦး တောင်ခမောက်သို့ အပြေးသွားပါတော့သည်။

"ဆရာတော်ဘုရား"

"ဒကာကြီး၊ ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲ"

"တပည့်တော် ဆရာတော်ဘုရား နေဖို့ ကျောင်းဆောက်ခွင့်ပြုပါဘုရား"

"ဘယ်လိုဖြစ်လာရတာလဲ၊ ဦးပဥ္စင်းနဲ့ခင်နေတာကြာပြီ။ ခုမှ ဘာစိတ်ကူးပေါက်လို့လဲ"

"တပည့်တော် အရှင်ဘုရားကို ကြည်ညိုလို့ ကျောင်းဆောက်လှူချင်တာဘုရား။ ငွေကြေးမပြည့်စုံလို့စိတ်သာရှိတာ လက်တွေ့မပြောနိုင်ဘူး ဘုရား။ အခု (၂) သောင်းဆု ထီပေါက်တယ် ဘုရား"

"ဒကာကြီးတို့မိသားစုက ဆင်းရဲတယ်။ ဒီ (၂) သောင်းဆုကိုထုတ်ပြီး စီးပွားလုပ်ပေါ့"

"အိပ်မက်မက်လို့ ထီထိုးတာပါဘုရား။ အိပ်မက်ပေးတဲ့ဒကာကြီးလည်း ကုသိုလ်ရအောင်၊ တပည့်တော်လည်း ကတိမပျက်အောင် ကျောင်းဆောက်ခွင့်ပြုပါဘုရား"

"ဒကာကြီး ဒကာမကြီးတို့ရဲ့ သဒ္ဓါတရားကို ပေးဆပ်သောအားဖြင့် ကျောင်းဆောက်ခွင့်ပြုပါတယ်"

"ဝမ်းသာလိုက်တာဘုရား"

တောင်ခမောက်တွင် မိုးကုတ်မိုးတွေ တခြိမ်းခြိမ်းနှင့်ရွာသွန်းဖြိုးသလို ကုသိုလ်ရှင်တွေကလည်း တဖွဲဖွဲလာကြလေသည်။ ဓမ္မာရုံဆောက်လုပ်ပြီး ကျောင်းဆောက်ဖို့ အလှူရှင်ပေါ်လာပါတော့သည်။ ဦးကံတင်တို့ ထီပေါက်လို့တဲ့။ ကျောင်းဆောက်ဖို့ ဆရာတော်က ခွင့်ပြုလို့ ပန္နက်ရိုက်နေကြတယ် စသဖြင့် မင်္ဂလာသတင်းသည် ရေနံချောင်းမြို့တွင်မက အနယ်နယ်သို့ပါ ပျံ့နှံ့ကြလေသည်။

အမေညိုက ဆင်းရဲ၏။ ဆရာတော်၏တပည့်ရင်းလည်းဖြစ်၏။ ပထမဆုံးတွေ့ကြုံရသော ဒကာမကြီးဖြစ်သလို ဆရာတော်ကြွလာမည့်အကြောင်းကို တောင်ပိုင်ကြီးမှလည်းကောင်း၊ သိုက်နန်းရှင်မှလည်းကောင်း လာပြောရသောသူဖြစ်၏။ ဆရာတော် ဘုန်းကံကြီးသောကြောင့် ကျောင်းများ၊ ဓမ္မာရုံများ ပေါ်ပေါက်လာသဖြင့် ဝမ်းသာနေ၏။

"ဆရာတော်ဘုရား"

"ဘာလဲ ဒကာမကြီး"

"တပည့်တော်က ဆရာတော်ကို အရင်တွေ့တာ အရင်းနှီးဆုံးက တပည့်တော်ပဲဘုရား။ အခု ဆရာတော်ကို ဘာအဆောက်အအုံမှမလှူဒါန်းရလို့ စိတ်မကောင်းဖြစ်တယ်ဘုရား"

"ဒကာမကြီးက ကုသိုလ်တွေ အများကြီးရနေပြီလေ။ ဦးပဥ္စင်း ဒီမှာ ဆင်းဆင်းရဲရဲနေရတုန်းက ဒကာမကြီး အနီးကပ်စောင့်ရှောက်တာ နည်းတဲ့ကုသိုလ်မှမဟုတ်တာ။ လူဆိုတာ ငတ်နေတုန်းကျွေးတဲ့ ထမင်းတစ်နပ်က တန်ဖိုးအရှိဆုံးပဲ"

"တပည့်တော် ဆွမ်းစားကျောင်း လှူချင်တယ်ဘုရား"

"ဒကာမကြီးက ဦးဆောင်ပြီး အများကောင်းမှုလုပ်ပါ။ ဒကာမကြီးက သဒ္ဓါတရားက ချမ်းသာပေမယ့် အသပြာက ဆင်းရဲတယ်လေ"

"တပည့်တော် ဝမ်းနည်းလာပြီ ဘုရား"

"ကဲကဲ- စိတ်ချမ်းသာအောင်လှူပါ"

ဤသို့ဖြင့် အမေညို ဦးဆောင်သော ယောဂီအဖွဲ့မှ ဆွမ်းစားကျောင်းတစ်ခု ဆောက်လုပ်ကြလေသည်။ နတ်ကန်ဦးမှ လည်းကောင်း၊ သုံးဆယ့်ခြောက်ရွာမှလည်းကောင်း စုပေါင်းစပ်ပေါင်းဖြင့် ဆွမ်းစားကျောင်းတစ်ကျောင်းဖြစ်သွားပါတော့သည်။

EPC မှ ဦးမောင်ဝင်း ဦးဆောင်သောအဖွဲ့မှ ဆရာတော်ကျောင်းအား လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ကြလေသည်။ လျှပ်စစ်မီးကို မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့မှ မ,တည်၍ လှူဒါန်းကြသဖြင့် လျှပ်စစ်မီးရရှိကြလေသည်။ တောင်ခမောက်တောင်ဘုရားမှာ ညစဉ်လျှပ်စစ်မီးများဖြင့် ထွန်းညှိပူဇော်ကြရာ အဝေးမှကြည်ညိုနိုင်ကြလေသည်။ ယခင်က ထန်းရွက်တဲများအစား ကွန်ကရစ်တိုက်များဖြင့် အစားထိုး၍ ပေါ်ပေါက်လာပါသည်။ ဗုဒ္ဓသာသနာအမှန်ထွန်းကားရာ

ဒေသဖြစ်သဖြင့် သမ္မာဒေဝနတ်မြတ်နတ်ကောင်းတို့က အစစစောင့်ရှောက်ပေးတော်မူကြသဖြင့် အမြန်ဆုံး စည်ပင်လာခြင်း ဖြစ်ပါသည်။

EPC မှ ဦးဝင်းသည် ရှမ်းပြည်မှ ပြောင်းလာသည်။ ရှမ်းပြည်နယ်တွင် မိုးကုတ်တရားကို လေ့လာလိုက်စားပြီး ကိုယ်တိုင်တရားအားထုတ်ခဲ့သူ ဖြစ်၏။ ရေနံချောင်းတွင် မိုးကုတ်တရားစခန်း ဖြစ်လာသောအခါတွင် များစွာအားရဝမ်းသာနေ၏။ အလုပ်ပြီးပါက အိမ်မနေဘဲ တောင်ခမောက်သို့လာပြီး လိုအပ်သည့် ကိစ္စအဝဝကို အောက်ခြေသိမ်းမှ ဆောင်ရွက်ပေး၏။ ဆရာတော်ကျောင်းမှာ ညအိပ်၏။ တရားဓမ္မများကိုဆွေးနွေးမေးမြန်းပြီး တရားထိုင်၏။ (၇)ရက်စခန်း၊ (၉)ရက်စခန်းများဝင်ပြီး မိုးကုတ်တရားကို ထဲထဲဝင်ဝင်လိုက်စားလေသည်။ မိမိကိုယ်တိုင် မိုးကုတ်တရား၏ အနှစ်သာရကို သောက်သုံးခံစားရသောအခါ မိဘများကိုလည်း မိမိကဲ့သို့ သောက်သုံးခံစားစေချင်၏။ မိဘများကို အမိသပူဇာငွေကြေးဖြင့် ပူဇော်ကန်တော့ရခြင်းထက် ဓမ္မပူဇာဖြင့် ပူဇော်ကန်တော့လို၏။ ထို့ကြောင့် မွေးရပ်ဇာတိမြို့သစ်မြို့သို့ ပြန်သွား၏။ သီးပင်ရွာရောက်သောအခါတွင် မိဘများကို တောင်ခမောက်တောင်ဆရာတော်အကြောင်း၊ မိုးကုတ်တရားများအကြောင်းကို ဆွေးနွေးပြောကြား၏။ ခက်တာက အဖေက ရှင်ဥက္ကဋ္ဌတပည့်ဖြစ်နေလေသည်။ ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒကို လက်လွှတ်မခံဘဲ အာပေါင်အာရင်းသန်သန်နှင့် ပြောနေလေသည်။ ငါ့ဆရာပြောတာမှန်တယ်ဟု ဒိဋ္ဌိကကြီးစိုးနေသဖြင့် မိုးကုတ်တရားအားထုတ်ဖို့ကို ဘယ်လိုမှခေါ်မရပါ။ အဖေကိုယှဉ်ပြီး နိုင်အောင် ဘယ်လိုမှ မပြောနိုင်ပါ။လက်လျှော့ပြီး ရေနံချောင်းသို့ပြန်လာခဲ့ရ၏။ ဆရာတော် ဦးသုန္ဒရကို အဖေ့အကြောင်းပြောလေသည်။

"ဆရာတော်၊ တပည့်တော်အဖေကို တရားနဲ့ကျေးဇူးဆပ်ချင်တာ။ ဘယ်လိုမှ ခေါ်လို့မရဘူး"

"ဘာဖြစ်လို့လဲ"

"အဖေက ရှင်ဥက္ကဋ္ဌတပည့်ဖြစ်နေတာ။ တောင်တွင်းကြီး ရှင်ဥက္ကဋ္ဌတပည့်ဆိုတော့ သူ့ကို တပည့်တော်နိုင်အောင်မပြောနိုင်ဘူး။ သူမေးတာလည်း တပည့်တော်မဖြေနိုင်ဘူး။ လက်လျှော့ပြီး ပြန်လာခဲ့ရတယ်"

"ဒကာကြီး၊ ရေနံချောင်းကိုပါ ခေါ်ချေ့ခေါ်ခဲ့။ ဦးပဉ္စင်းနဲ့ စကားပြောတာပေါ့။ လူကြီးဆိုတော့ ဇွတ်လုပ်လို့မရဘူး"

"တင်ပါ့ဘုရား"

နောင်မကြာမီတွင် ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒကို အဓမ္မဝါဒဟု နိုင်ငံတော်အစိုးရကြေငြာလေသည်။ ထိုဝါဒကိုစွန့်လွှတ်ကြောင်း နေရှင်နယ်ကျောင်းဆရာတော်ရှင်ဇဝနက လက်မှတ်ရေးထိုးရလေသည်။ ထိုအခါကျမှ အဖေ၏ ရှင်ဥက္ကဋ္ဌအစွဲသည် ခေတ္တငုပ်လျှိုးသွားလေသည်။ စိတ်ပျက်လက်ပျက်နှင့် ဘာစကားမှမပြောနိုင်သဖြင့် သားရှိရာ ရေနံချောင်းသို့ ရောက်လာလေသည်။ သားဖြစ်သူ မောင်ဝင်းမှ သူ၏အဖေကို တောင်ခမောက်သို့ခေါ်သွား၏။ ဆရာတော် ဦးသုန္ဒရ တွေ့ပေးပါတော့သည်။

"ဒကာကြီး လာပါ။ ဦးပဉ္စင်းနဲ့ ရင်းရင်းနှီးနှီးနေပါ။ ဒကာကြီးသား မောင်ဝင်းက ဒီမှာ ညီအရင်းလိုဖြစ်နေတာ။ ဒကာကြီးနဲ့ တွေ့ချင်နေတာ"

"မှန်ပါဘုရား၊ သားကလည်း ရွာရောက်ရင် အရှင်ဘုရားအကြောင်းပဲ ပြောပြောနေတာ"

"ဒကာကြီးနဲ့တရားဆွေးနွေးချင်လို့ပါ။ ဒကာကြီးက လူသေလူဖြစ်ဝါဒဆိုတော့ ရှင်ဥက္ကဋ္ဌတရားလေးကို ဦးပဉ္စင်းကို ပြန်ဟောပေးပါလား"

"ဦးပဉ္စင်းကလည်း ဓမ္မကထိကဖြစ်ပြီး အဓမ္မဝါဒီကြေညာတဲ့ဝါဒကို ဘာလို့ နာချင်တာလဲ"

"ဦးပဉ္စင်းမသိသေးလို့ တရားတွေ သိချင်လို့ပေါ့။ လူသေလူဖြစ်ဆိုတာ ဘာကိုဆိုလိုတာလဲ၊ လူသေရင် လူပဲဖြစ်ရမယ်လို့ ဆိုလိုတာလား"

"ဦးပဉ္စင်းနဲ့တော့ ခက်နေပြန်ပါပြီ။ တပည့်တော် ဒီတရားကိုဆွေးနွေးဖို့ အခြေအနေမပေးလို့ သားထံခဏခဏ လာလည်တာပါဘုရား။ အရှင်ဘုရားက အစဖော်နေပြန်ပါပြီ"

"ဒကာကြီးအယူဝါဒကို ဦးပဉ္စင်း သိချင်တာပါ။ ဒကာကြီးက မှန်တယ်လို့ ယူဆနေတဲ့အယူဝါဒကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေချင်တာ"

"မှန်ပါဘုရား၊ တပည့်တော်ရဲ့ ဆရာသမား ရှင်ဥက္ကဋ္ဌက 'လူသေလူဖြစ်ဝါဒ'ကို ရေးတာတော့ မှန်တယ်ဘုရား။ သူရေးတဲ့စာအုပ်မှာ မပြည့်စုံတာတွေ စာရိုက်စဉ်က ကျန်သွားသေးတယ်ဘုရား"

"ဟုတ်ပါပြီ"

"တရားကို ဓမ္မတို့ဆိုတာ သဘာဝအမှန်တရားက ဆင်းသက်လာတာပါဘုရား။ သဘာဝမှဓမ္မလို့ပြောင်းပြီး ဓမ္မကနေ ဘာသာရေးအယူဝါဒ ဖြစ်လာတာပါဘုရား"

"ဟုတ်ပါပြီ"

"ဥပမာ မန်ကျည်းပင်က အသီးသီးရင် မန်ကျည်းသီးပဲသီးပါမယ်။ မန်ကျည်းသီးက အပင်ပေါက်ရင် မန်ကျည်းပင်ပဲပေါက်မယ်ဘုရား"

"ဟုတ်တာပေါ့ ဒါသဘာဝပဲ"

"တမာပင်က အသီးသီးရင် တမာသီးပဲရမယ်။ အပင်ပေါက်ရင် တမာပင်ပဲပေါက်မယ်ဘုရား။ မန်ကျည်းပင်က တမာပင် မပေါက်နိုင်သလို တမာပင်က မန်ကျည်းပင်မပေါက်နိုင်ဘူးဘုရား"

"ဟုတ်တာပေါ့ ဒါသဘာဝတရားပဲ"

"ဒီလို နိယာမသဘာဝကိုကြည့်ရင်လည်းသိနိုင်ပါတယ်ဘုရား။ဒါကြောင့် လူသေရင် လူပဲဖြစ်နိုင်တယ်။ နတ်တွေ၊ ဗြဟ္မာတွေ၊ ငရဲတွေမဖြစ်နိုင်ဘူးလို့ယူဆစရာရှိတယ်ဘုရား"

"ဆက်ပါဦး ဒကာကြီး၊ အယူဝါဒကို"

"မှန်ပါဘုရား၊ ပဋိစ္စသမုပ္ပါဒ်ကို ကြည့်ရင်လည်း သိနိုင်တယ်ဘုရား"

"ဟာ - အလာကြီးပဲ ဆက်ပါဦး"

"တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။

ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်တယ်။

ကမ္မဘဝကြောင့် ဇာတိဖြစ်တယ်လို့ ဘုရားဟောထားတာပဲ ဘုရား။ ဒါငြင်းလို့ရပါ့မလား"

"ဘယ်ရမှာလဲ။ ဒါဘုရားဟောထားတာပဲ"

"ဒါဆိုရင် ဥပါဒါန်ကို ခွဲစိတ်ကြည့်ရင်

(၁) ကာမုပါဒါန်

(၂) ဒိဋ္ဌုပါဒါန်

(၃) သီလဗ္ဗတုပါဒါန်

(၄) အတ္တဝါဒုပါဒါန်ဆိုပြီး (၄)မျိုး ရတယ်ဘုရား"

"ဟုတ်ပါတယ် ဒကာကြီး၊ ဒါ ဘုန်းကြီး လက်ခံတယ်"

"ကာမုပါဒါန်က ကာမဂုဏ်အာရုံခံစားတဲ့ကံပဲဘုရား။ ဒိဋ္ဌုပါဒါန်ကတော့ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံပဲ ဘုရား။ သီလဗ္ဗတုပါဒါန်ကတော့ သီလပျက်တဲ့ကံပေါ့ဘုရား။ အခု တပည့်တော် ပြောချင်တာ

တတော့ အတ္တဝါဒုပါဒါန်ကိုပြောချင်တာပါ ဘုရား"

"ဟုတ်ပါပြီ ပြောပါဦး"

"အတ္တဝါဒုပါဒါန် ဆိုတော့ လူတွေဟာ ကိုယ့်ကိုယ်ကိုယ်ခင်တွယ်တဲ့သတ္တဝါပဲဘုရား။ ကိုယ့်ကိုယ်ကိုယ်မချစ်တဲ့သူမရှိဘူးဘုရား"

"ဆက်ပါဦး"

"လူအများစုဟာ ဒီဘဝလေးကို ခင်တွယ်နေတတ်သလို လူ့ဘဝကိုစွဲပြီး ဖြစ်နေတဲ့ဥပါဒါန်က အလွန်အားကြီးနေကြတာပါဘုရား"

"ဟုတ်တာပေါ့"

"ဒီလူ့ဘဝ လူ့ခန္ဓာကိုပဲ ခိုင်တယ်၊ မြဲတယ်လို့ထင်ရင် ယူရင် ဥပါဒါန်စွဲရင်းနဲ့ သေသွားတဲ့သူတွေများတယ်ဘုရား"

"ဟုတ်ပါပြီ"

"ဒီအတ္တဝါဒုပါဒါန်ကြီးမှုပြီးသေရင်၊ လူ့ဘဝကိုစွဲပြီးသေရင် နောင်လူပဲပြန်ဖြစ်နိုင်စရာရှိတယ်ဘုရား"

"ဒကာကြီးက အလာကြီးပဲ"

"ဘုရားဟောတဲ့သုတ္တန်တစ်ခုမှာ တပည့်တော် မှတ်သားမိတာရှိသေးတယ်ဘုရား။ အငတ်ဘေးကြောင့် လင်မယားနှစ်ယောက် ထွက်ပြေးလာတာ ကလေးတစ်ယောက်က ပါသေးတယ်။ ဒီကလေးခေါ်လာရတာ အပိုပဲ ဆိုပြီးထားခဲ့တာ။ မယားကပြန်ပြန်ယူရတာ။ ရွာတစ်ရွာရောက်တော့ သူတို့လင်မယားကို ရွာသားတွေက ထမင်းကျွေးတော့ ယောကျ်ားလုပ်တဲ့သူက ထမင်းငတ်တာကြာတော့ တအားစားလို့ စားပိုးနင့်ပြီးသေရတာ။ မသေခင် ခွေးကိုကြည့်ပြီး 'ငါ့ဘဝက ခွေးလောက်တောင်မကောင်းဘူး။ ဒီခွေးကမှ ထမင်းနပ်မှန်အောင်စားရတယ်' ဆိုပြီး စွဲပြီး သေလို့ ဒီခွေးမကြီးဝမ်းထဲမှာ ပဋိသန္ဓေနေတယ်။ ခွေးဖြစ်တယ်ဘုရား"

"ဒကာကြီးကတော့ ဇာတ်လမ်းတော့ နားလည်တယ်။ အမည်တွေ၊ အညွှန်းတွေတော့ မမှတ်မိဘူးနဲ့တူတယ်"

"တင်ပါ့ဘုရား၊ ခွေးကိုစွဲလို့သေရင် ခွေးဖြစ်တယ်လို့ ဟောထားတာမှန်တယ် ဟုတ်လားဘုရား"

"မှန်တာပေါ့"

"ဒါဆို လူတွေဟာလည်း အတ္တဝါဒုပါဒါန် လူ့အတ္တကိုစွဲပြီးသေရင် ဒီကံက လူ့ဘဝပဲ အကျိုးပေးရမယ် ဘုရား"

"ဒကာကြီးပြောတော့မှပဲ ဦးပဥ္ဇင်းတောင် ရှင်ဥက္ကဋ္ဌတပည့်ဖြစ်ရတော့မယ် ထင်တယ်။

ဒကာကြီး၊ ဒိဋ္ဌိဆိုတာ ဖြတ်ရခဲတယ်။ ဒိဋ္ဌိက အမျိုးပေါင်း (၆၂) ပါးတောင်ရှိတာ။ အရင်းစစ်လိုက်ရင်(၃)မျိုးပဲရှိပါတယ်။ ဒီဒိဋ္ဌိ(၃)မျိုးသတ်နိုင်ရန် ကျန်တဲ့ဒိဋ္ဌိက သစ်ပင်ကို အရင်းကလှဲလိုက်သလို၊ ပင်စည်လှဲရင် အဖျားလည်းလှဲပါတယ်"

"မှန်ပါ့ဘုရား"

"ဒိဋ္ဌိ (၃) မျိုးက သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိပဲ ဒကာကြီး"

"တင်ပါ့"

"သက္ကာယဒိဋ္ဌိဆိုတာတော့ ခန္ဓာငါးပါးကို ငါ့ခန္ဓာလို့စွဲနေတာပဲ။ ခန္ဓာငါးပါးကဖြစ်ပြီးပျက်သွားတာ။ ရှေ့က ပျက်၊ နောက်ကဖြစ် ဖြစ်ပြီး တစ်ခါပျက်နဲ့ ဖြစ်ပျက်သံသရာလည်နေတာပဲ။ ဒါကို တရားမရှုတတ်တော့ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့စွဲထင်နေတာပဲ"

"မှန်ပါ့ဘုရား၊ ခန္ဓာငါးပါးကိုမရှုတတ်ရင် ပပဥ္စပေါ်လာတာပေါ့ ဘုရား"

"ဒကာကြီးက အရိပ်ပြရင် အကောင်ထင်တာပဲ။ ဒါကတော့ သက္ကာယဒိဋ္ဌိပဲ။ နောက်သဿတဒိဋ္ဌိကျတော့ လူသေရင်၊ သတ္တဝါသေရင် ဝိညာဉ်လေးက မသေဘဲ နောက်ခန္ဓာကိုကူးသွားတယ်ကိုယူတဲ့အယူပဲ။ ဗိမ္ဗိသာရဇာတ်ကို ရုပ်ရှင်ရိုက်တော့ ဘုရင်ဗိမ္ဗိသာရ နတ်ရွာစံခါနီး နတ်ရထားဆိုက်လာတာ၊ လူ့ဘဝလူ့ခန္ဓာကိုစွန့်ပြီး ဝိညာဉ်လေးက နတ်ရထားပေါ်ရောက်သွားပြီး ဘွားဆိုနတ်သားဖြစ်တာရိုက်ထားတယ်။ ဒီလို လူ့ခန္ဓာကနေ နတ်ခန္ဓာဖြစ်တယ်လို့ဆက်ယူရင် သဿတဒိဋ္ဌိပဲ ဒကာကြီး"

"တင်ပါ့၊ ရှင်းပါတယ်ဘုရား။ ဒါဆိုရင် ဒီဘဝ ဒီခန္ဓာက ဒီမှာပဲချုပ်တယ်။ နတ်ဘုံနတ်ခန္ဓာကိုမလိုက်ဘူးလို့ ဆိုလိုတာလားဘုရား"

"သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကတွဲနေတာ။ ဒီလိုယူရင် ဒီမှာပဲချုပ်တယ်။ နောင်ဘဝ နောင်ခန္ဓာနဲ့ မဆိုင်ဘူး။ ပြတ်တယ်လို့ယူရင်လည်း ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ် ဒကာကြီး"

"အရှင်ဘုရားဥစ္စာ မရှင်းမရှင်းဘဲ။ ဟုတ်သလားဆိုတော့ မဟုတ်ဘူး။ ဟုတ်တယ်ဆိုတော့လည်း မဟုတ်ဘူး"

"ဒါကိုထွက်တတ်မှ အစွန်းနှစ်ပါးက လွတ်တယ်။ ဒီလမ်းကို မဇ္ဈိမပဋိပဒါလမ်းစဉ်လို့ ခေါ်တာပေါ့"

"ဥပမာနဲ့ဟောပါဘုရား"

"ဒါကပဋိစ္စသမုပ္ပါဒ်နဲ့မှအကြောင်းအကျိုးနားလည်မှသိတာ။ အကြောင်းကြောင့်အကျိုးဖြစ်တာပဲ။ အကျိုးဆိုတာ သူ့အလိုလိုဖြစ်လာတာမဟုတ်ဘူး။ ဘာအကျိုးပဲဖြစ်ဖြစ် အကြောင်းကင်းလို့ အကြောင်းမရှိဘဲ မဖြစ်နိုင်ဘူး။ ဥပမာ ဒီကွမ်းသီးလေး ဦးပဥ္ဇင်းကပစ်ပေးလိုက်မယ်။ ဒကာကြီး ဖမ်းထား"

"တင်ပါ့ဘုရား"

ဦးသုန္ဒရသည် သူ့လက်ထဲမှ ကွမ်းသီးကို ဒကာကြီးထံသို့ပစ်ပေးလိုက်သည်။ ဒကာကြီးက ကွမ်းသီးကိုဖမ်းထားသည်။

"ဒကာကြီးထဲကွမ်းသီးရောက်လာတာ မိုးပေါ်ကကျလို့ ရောက်လာတာမဟုတ်ဘူး။ ဘုရားကဖန်ဆင်းတာမဟုတ်ဘူး။ သူ့အလိုလိုကျလာတာမဟုတ်ဘူး ရှင်းလား"

"ရှင်းပါတယ်ဘုရား"

"ဦးပဥ္ဇင်းထံကနေ ပစ်လိုက်တဲ့ အကြောင်းကြောင့် ဒကာကြီးထံရောက်လာတာမဟုတ်လား"

"တပည့်တော်ရှင်းပြီဘုရား"

"အကြောင်းကြောင့်အကျိုးဖြစ်တာ၊ နောက်ဘဝ နောင်ခန္ဓာက အကြောင်းအကျိုးဆက်တယ်။ အကြောင်းအကျိုး မကင်းဘူးလို့ ယူတာလားဘုရား"

"ဟုတ်တယ် ဒကာကြီး၊ ဗိမ္ဗိသာရဟာ ဒီလူ့ဘဝလူ့ခန္ဓာအားလုံး ချုပ်သိမ်းရတ်သိမ်းတယ်။ နတ်ဘဝကို ဘာမှ ယူမသွားနိုင်ဘူး။ ဘာဝိညာဉ်မှလည်း မဆက်ဘူး။ နတ်ဘဝနတ်ခန္ဓာက လူ့ဘဝ ဗိမ္ဗိသာရရဲ့ သောတာပန်မဂ်က အကြောင်းခံလို့ ဖြစ်လာတာပါ။ အကြောင်းအကျိုးမကင်းဘူး ဒကာကြီး"

"ရှင်းပါပြီ ဘုရား"

"လူသေရင် လူဖြစ်တယ်လို့ယူရင် သဿတဒိဋ္ဌိဖြစ်တယ်။ လူသေရင်ဘာမှမဖြစ်တော့ဘူးလို့ယူရင်လည်း ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်။ ခန္ဓာငါးပါးတော့အကုန်ချုပ်ပါတယ်။ အကြောင်းအကျိုးတော့မကင်းဘူး ရှင်းသလား"

"ရှင်းပါပြီဘုရား"

"နိဗ္ဗာန်ဆိုတာကော ဒကာကြီး လက်ခံရဲ့လား"

"လက်ခံပါတယ်ဘုရား"

"နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ဆိုတာ ပြောရုံ၊ ဆိုရုံ၊ သိရုံ၊ နားထောင်ရုံနဲ့ ရောက်နိုင်ပါ့မလား"

"မရောက်နိုင်ပါဘူး ဘုရား"

"ဘုရားဟောတဲ့ တရားတော်တွေက နိဗ္ဗာန်ကိုရောက်ဖို့၊ မျက်မှောက်ပြုဖို့ ရည်ရွယ်ပြီးဟောပြောခဲ့တာပဲ။ ဒီပိဋကတ်

စာပေတွေကို ဖတ်ရှုလေ့လာပြီး မိုးကုတ်ဆရာတော်ဘုရားကြီးက အတိုနည်း၊ အလွယ်နည်း၊ အရှင်းလင်းဆုံး လူတွေနားလည်မယ့် ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းဒေသနာကိုရေးဆွဲခဲ့တာပဲ။ နည်းတော့သိပြီး နည်းသိရုံနဲ့ တရားရနိုင်ပါ့မလား"

"မရနိုင်ပါ ဘုရား"

"ဆေးနည်းသိရုံနဲ့ ဆေးမစားရင် ရောဂါမပျောက်နိုင်ဘူး။ ဥပမာ ဝမ်းနုတ်ဆေး၊ ဝမ်းအပူကျဆေးကို မန်ကျည်းသီးမှည့်ငါးကျပ်သား၊ ဆားတစ်မတ်သားရေဖျော်ပြီးစိမ်ထား။ (၃) နာရီကြာရင်သောက်။ ဝမ်းအပူကျတယ်လို့ ဆေးညွှန်းရေးထားတယ်။ ဒီဆေးညွှန်းသိရုံနဲ့၊ ဖတ်ရုံနဲ့ ဝမ်းအပူကျပါ့မလား"

"မကျနိုင်ပါဘုရား"

"ဝမ်းအပူကျချင်ရင် ဆေးညွှန်းအတိုင်းလုပ်ရတယ်။ ပြီးတော့ တကယ်သောက်ရတယ်။ ဒါမှ ဝမ်းသွားမယ်၊ အပူကျမယ်"

"တင်ပါ့ဘုရား၊ နားလည်ပါပြီဘုရား"

"ခုလည်း နိဗ္ဗာန်ရောက်ချင်ရင် ဆေးညွှန်းရရုံနဲ့မပြီးသလို နိဗ္ဗာန်ရောက်တဲ့နည်းသိရုံနဲ့ မရောက်နိုင်ဘူး။ ဘာလုပ်ရမှာလဲ"

"ကိုယ်တိုင် ကျင့်ကြံကြိုးထုတ်အားထုတ်ရမှာပါ ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ အသက်လည်းရလာပြီ။ ဆရာကောင်းသမားကောင်းနဲ့လည်းတွေ့ရပြီ။ ဦးပဥ္စင်းဖွင့်မယ့် မိုးကုတ်ဝိပဿနာ(၇)ရက်စခန်းမှာ တရားထိုင်ပါ"

"တပည့်တော် တရားထိုင်ပါမယ်လို့ကတိပေးပါတယ်ဘုရား။တပည့်တော်ရဲ့ဇနီးကို သွားခေါ်ခဲ့ပါဦးမည်ဘုရား"

"ကောင်းပါပြီ ဒကာကြီး"

ဒကာကြီး ဦးပန်းခြုံသည် တောင်ခမောက်တောရကျောင်းတွင် ဆရာတော်ဦးသုန္ဒရဖွင့်လှစ်သည့် မိုးကုတ်ဝိပဿနာ(၇)ရက်စခန်းတွင် ဇနီးသည်ဒေါ်စောနှင့်အတူ တရားစခန်းဝင်လေတော့သည်။ အချိန်က ၁၉၈၃ ခုနှစ်ကဖြစ်ပါသည်။ တရားမထိုင်ဘူးသော ဦးပန်းခြုံသည် (၇)ရက်စခန်းတွင် တရားထိုင်ဖို့ဆုံးဖြတ်ပြီး တရားထိုင်ရာ ဝေဒနာတက်လာလေသည်။ ခန္ဓာကပြသော ဝေဒနာသည် မချိမဆံ့ခံစားရသဖြင့် ဒုက္ခအရသာကိုခံစားနေရပါတော့သည်။ ကမ္မဋ္ဌာနစရိယ ဦးသုန္ဒရက အနီးကပ်စောင့်ရှောက်ပေးပါသည်။

"ဒကာကြီး၊ ဝေဒနာတွေတက်လာရင် ဖွတ်ပေထိုင်လို့မရဘူး၊ သမာဓိမတည်ကြည်နိုင်ဘူး။ကြိယာပုတ်ပြောင်းပါ။ အမှတ်နဲ့ပြောင်း"

ဟု သတိလာပေးသည်။ အထိုင်ဖျက်ပြီးပြင်ထိုင်သည့် မကြာမီ ဒုက္ခဝေဒနာတက်လာပြန်သည်။ ပြင်လိုက်တက်လာလိုက် ပြင်လိုက်တက်လာလိုက်နှင့် လုံးချာပတ်ချာလိုက်နေလေသည်။

"ဦးဝင်း"

"ဘုရား"

"ခင်ဗျားအဖေက အပြောတော့ ရွှေမန်းပဲ။ ရှင်ဥက္ကဋ္ဌတပည့်လို့မပြောရဘူး။ အလုပ်ကတော့ ဗလာချာပဲ"

"တင်ပါ့ဘုရား"

ဦးပန်းခြုံကြားပါသည်။ သူ၏မာနတွေကို ဆရာတော်မှ မီးမောင်းထိုးပြနေပါတော့သည်။ အပြောသန်သလောက် အလုပ်ခရီးမပေါက်သဖြင့် များစွာရှက်မိပါတော့သည်။ သေချင်သေပါစေ ခန္ဓာကိုမငဲ့ကွက်ဘူးဟု ဗိုလ်တပ်၍ ကြိုးစားမှတ်ပါတော့သည်။ အလေ့အကျင့်ရလာခြင်း၊ သမာဓိရလာခြင်းတို့ကြောင့် တရားထိုင်လို့ ကောင်းလာပါတော့သည်။

"ဒကာကြီးထိုင်တဲ့ကြိယာပုတ်ကို အမြဲအသုံးမပြုနဲ့။ စကြံလျှောက်၊ လျှောက်ရင်းနဲ့မှတ်ပါ။ ဒကာကြီးကြည့်ရတာ သမာဓိအတော်တည်ကြည်လာပြီပဲ။ သမာဓိအားကောင်းလာရင် စိတ်ကဘယ်မှမထွက်တော့ဘူး။ တစ်နေရာတည်းမှာ စူးစူးစိုက်စိုက်နေတာ။ အဲဒါကြောင့် ညောင်းတာ၊ ကိုက်တာ၊ ခန္ဓာဝေဒနာတွေမေ့နေတာ၊ ကျော်နေတာ။ ဒါကိုတရားရတယ်မထင်နဲ့။ ခုမှ သမာဓိစခန်းပဲရှိသေးတာ"

"မှန်ပါဘုရား"

"ကဲ - ဝိပဿနာကူးရအောင်"

ဦးပန်းခြုံသည် တည်ကြည်လာသော သမာဓိကိုအခြေခံ၍ ခန္ဓာကဖြစ်သော ဖြစ်၊ ပျက်ကို ဉာဏ်ဖြင့် ရှုမှတ်ပွားများပါတော့သည်။ တရားဆိုတာ အပြောလွယ်သလောက် အလုပ်ခက်ပါ့လားလို့သိလိုက်ရ၏။ရရှိပြီးသော တရားပီတိကို အခြေခံပြီး ခန္ဓာ၏ ဖြစ်၊ပျက်ကို တရစပ်ရှုမှတ်ပွားများပါသည်။ ကိလေသာထူသောပုထုဇဉ်ဘဝမှ အရိယာဖြစ်ဖို့ အသိနှင့်ရုန်းထွက်နိုင်ပါသော်လည်း လက်တွေ့ကျင့်ကြံကြိုးထုတ်အားထုတ်သောအခါ ကိလေသာကိုနိုင်အောင် မတိုက်ထုတ်နိုင်သေးပါ။ ကိလေသာဗိုလ်ထုတပ်တော်စုတို့သည် နှစ်ကာလကြာမြင့်စွာ ခန္ဓာမှာ ဗိုလ်လုပ်အုပ်ချုပ်နေကြ၏။ ကိလေသာမင်းမူနေတာကြာတော့ ကိလေသာအပေါင်းအသင်းတွေကများလာပြီး အစုလိုက်အပြုံလိုက်ပိတ်ဆို့ကာဆီးထားကြပါသည်။အသိလေးကိုအဖော်ပြု၍ အသိတရားလက်ကိုင်ထားပြီး ခန္ဓာကိုစောင့်ကြည့်ရင်း အချိန်ကုန်သွားပါတော့သည်။

(၁) နာရီနားနေသောအခါ အိပ်ရာပေါ်တွင် ခန္ဓာကိုယ်ကို အနားပေးပြီး နဖူးပေါ်လက်တင်ပြီးစဉ်းစားလေသည်။ ပဋိစ္စသမုပ္ပာဒ်လည်ပုံကို အနုလုံ၊ ပဋိလုံ အပြန်ပြန်အလှန်လှန် စဉ်းစားနေလေသည်။ ဆရာတော်ဦးသုန္ဒရှင်းပေးသော တရားတော်တို့ကို နှလုံးသွင်းပြီး စဉ်းစားလိုက်သောအခါ ဉာဏ်ပွင့်သွားလေသည်။ ပဋိစ္စသမုပ္ပာဒ်ကို အကုန်သိသော ဉာဏ်ရလိုက်သဖြင့် အလင်းရောင်များခေါင်းမှာ ဖြာထွက်လာပါတော့သည်။ ဆရာတော်ကျေးဇူးကြောင့် အမှန်တရားကိုသိခွင့်ရလိုက်သည်။ ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒနှင့် မိုးကုတ်ဆရာတော်ဘုရား၏ ဝိပဿနာတရားအနှစ်တို့မှာ များစွာကွာခြားကြောင်း ကိုယ်တိုင်သိခွင့်ရလိုက်ပါသည်။

"ဆရာတော်ဘုရား တပည့်တော်အယူလွဲနေတာကို အမှန်ရောက်အောင် သွန်သင်ဆုံးမခဲ့လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်ဘုရား"

"ဟုတ်ပါပြီ"

"အခုချိန်ကစပြီး ရှင်ဥက္ကဋ္ဌရဲ့ လူသေလူဖြစ်ဝါဒကို တပည့်တော်တောင် ခမောက်မှာထားခဲ့ပါပြီဘုရား။ မိုးကုတ်ဝိပဿနာကိုပဲ ရင်ထဲမှာသယ်ဆောင်သွားခွင့်ပြုပါ ဘုရား"

"သာဓု၊ သာဓု၊ သာဓု"

EPC မှ ဦးမောင်ဝင်းသည် သူ၏မိခင်၊ ဖခင်တို့အား ဆရာတော်၏မေတ္တာရိပ်ကိုခိုလှုံပြီး တရားစခန်းဝင်ကြသဖြင့်၊ မိဘကို တရားနှင့် ကျေးဇူးဆပ်ခွင့်ရသဖြင့် များစွာပီတိဖြစ်နေပါသည်။အထူးသဖြင့် ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒဒိဋ္ဌိအစွဲကိုဆရာတော့်မှဖြုတ်ပေးခဲ့သဖြင့် ဆရာတော်အား အထူးရိုသေလေးစားမိပါတော့၏။ ဆရာတော်အား ဝမ်းသာ၍ကျသော မျက်ရည်စတွေနှင့်အတူ ရှိခိုးကန်တော့၍နေပါတော့သည်။

အညာဝါလှိုင်း

(ခေတ္တ) မေမြို့

တင်အောင်(စက်မှုတက္ကသိုလ်)

# မန်လည်ဆရာတော်ဘုရားကြီး

## ဘာသာတရား

ကျွန်တော်သည် မန်လည်မြို့သို့ ၂၀၀၀ပြည့်နှစ်တွင် ရောက်ဖူးပါသည်။ မန်လည်မြို့သည် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ပါဝင်ပါသည်။ မန္တလေး-မြစ်ကြီးနားရထားကို စီး၍သွားလျှင် မဲဇာဘူတာကျော်သောအခါ ဆည်ရွာဘူတာကိုရောက်ပါသည်။ ထိုဘူတာမှဆင်းပြီးလျှင် အနောက်ဘက်သို့ (၂) မိုင်ခန့်သွားလျှင် မဲဇာမြစ်ကို ရောက်ပါသည်။ ထိုမဲဇာမြစ်မြစ်ကမ်းပါးတွင် မန်လည်မြို့တည်ရှိပါသည်။

မန်လည်မြို့တွင် မန်လည်ဆရာတော်ဘုရား၏ မပျက်မစီး ကြွင်းကျန်သော ရုပ်ကလာပ်တော်ကို ယခုတိုင်ပင် ဖူးမြင်နိုင်ပါသေးသည်။ ဤသည်မှာ စာပေသိက္ခာတို့သာမက သီလပညာ၊ သမာဓိပညာတို့ဖြင့် ပြည့်စုံ၍ ဘဝကို အရှင်ကူးသွားသော မဟာဒေဝလင်္ကာစာဆိုတော်ကြီး၏ ထူးခြားမှုဂုဏ်ရည် ဖြစ်ပါသည်။

မန်လည်ဆရာတော်ဘုရားကြီး၏ မပျက်မစီး ကြွင်းကျန်ရုပ်ကလာပ်နှင့် ပြာသာဒ်တော်ကြီးကို ပထမဆောက်လုပ်လှူဒါန်းသောပုဂ္ဂိုလ်တို့မှာ နားခါရွာနေ ဦးခေါင်နှင့် ဦးကြီးညိုတို့ ဖြစ်လေသည်။ ထိုပြာသာဒ်တော်ကြီးမှာ အေဒီ ၁၉၄၆ခု (၁၃၀၈ ခုနှစ်) တွင် မြေငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သဖြင့် မိုးကုတ်နှင့် မိုးကောင်းဒါယကာများကကြီးမှူးပြီးလျှင် အနယ်နယ်မှ ကုသိုလ်ရှင်တို့၏ဒါနဖြင့် ပြန်လည်ပြုပြင်ခဲ့ပြီး အုတ်စံကျောင်းကို ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

ထို့နောက် အေဒီ ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် (၁၃၃၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့) အင်္ဂါနေ့တွင် အသစ်လှူဒါန်းပူဇော်ခဲ့ကြပါသည်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုကာ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များပါဝင်ပြီး လှူဒါန်းပူဇော်ကြပါသည်။အလွန်ထူးခြားသောကြောင့်သာ မင်းကွန်းဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုခြင်း ဖြစ်ပေလိမ့်မည်။

မန်လည်ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် အလောင်းတော်ကို အုတ်ဂူသွင်းခဲ့လေသည်။ သုံးလကြာသောအခါ ဆရာတော်၏ တပည့်ဖြစ်သူ ဦးဘာရင်က ဆရာတော်၏ အလောင်းတော်ကို ဂူမှထုတ်ကြည့်ခွင့်ပေးပါရန် လျှောက်ထားလေသည်။

ထိုအခါ ဒုတိယမန်လည်ဆရာတော် ဦးဖြိုးက ဂူသွင်းပြီးသားဖြစ်သောကြောင့် ဂူကပြန်မထုတ်ချင်နှင့်ဟု တားမြစ်လေသည်။

သို့သော်လည်း တပည့်ရင်းဖြစ်သူ ဦးဘာရင်၏ သဒ္ဓါတရားကို ထောက်ထား၍ ဆရာတော်ဖြိုးက ဂူမှအလောင်းတော်ကို ထုတ်ကြည့်ခွင့်ပြုလေသည်။ ထိုအချိန်တွင် အလောင်းတော်ကိုဂူသွင်းထားသည်မှာ သုံးလကျော်ပြီဖြစ်လေသည်။ အလောင်းတော်ကို ဂူမှထုတ်လိုက်သောအခါ ပုပ်သိုးခြင်း၊ နံစော်ခြင်း လုံးဝမရှိဘဲ ကျိန်းစက်နေသကဲ့သို့ ပကတိ



မန်လည်ဆရာတော်ဘုရားကြီး

အတိုင်း ဖူးမြင်ကြရလေသည်။

ထိုအခါ လူအပေါင်းတို့မှာ အုန်းအုန်းကျွက်ကျွက်ဖြစ်သွားကြသည်။ ထို့ကြောင့် အလောင်းတော်ကို တစ်ဖန်ပြန်လည်၍ ဂူသွင်းခြင်း၊ မီးသဂြိုဟ်ခြင်း မပြုတော့ဘဲ ကျောက်ခေါင်းဖြင့်ထည့်၍ စံကျောင်းဖြင့် ပြသထားရန် ဆုံးဖြတ်ကြသည်။ လာရောက်ဖူးမြော်ကြသော လူအပေါင်းတို့က ရောက်တိုင်း ကျောက်ခေါင်းကြီးကို ဖွင့်၍ကြည့်ညိုကြရသဖြင့် လူအများ အလွယ်တကူ ဖူးနိုင်အောင် ပထမကျောက်ခေါင်းမှ မှန်ခေါင်းသို့ ပြောင်းလဲကာ အပူဇော်ခံထားကြောင်း သိရပါသည်။

မန်လည်ဆရာတော်၏မပျက်မစီးသော ရုပ်အလောင်းတော်ကြီးရှိရာ နေရာတွင် ပြတိုက်ကြီးသဖွယ်ပြထားကြသောပစ္စည်းများထဲတွင် မန်လည်ဆရာတော်ဘုရား၏ အသုံးအဆောင်များ၊ ရုပ်တုများ၊ ပန်းချီကားများ၊ စာချုပ်စာတမ်းများကို တွေ့ရှိရပါသည်။ ထိုထိုသောမြင်ကွင်းများအလယ်တွင် မန်လည်ဆရာတော်၏ သူငယ်ချင်း ဖိုးမြရာ၏ ရုပ်တုမှာ အလွန်ထူးခြားလှပါသည်။ မဃဒေဝလင်္ကာကြီးဖြင့် မြန်မာစာပေသမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော စာပြုစာဆိုပုဂ္ဂိုလ်ကျော်ကြီး၏ ဘဝရုပ်ပုံလွှာမှာ လောကီ၊ လောကုတ္တရာ အသိထူး၊ အမြင်ထူးများဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။

**□မန်လည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ**

မန်လည်ဆရာတော်လောင်းလျာကို အေဒီ ၁၈၄၁ခု (မြန်မာနှစ် ၁၂၀၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်) ညဦး (၃) ချက်တီးကျော်၊ ဝိသာခါနက္ခတ် မွန်းတည့်ချိန်၊ အင်္ဂါနေ့တွင် ဖခင်ဖြစ်သူ သစ်ကုန်သည်ဦးထင်ညိုနှင့်မိခင်ဒေါ်မြေ တို့မှ မန်လည်မြို့၌ ဖွားမြင်ခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မာဖြစ်ပါသည်။ ဆရာတော်လောင်းလျာ သူငယ်အား (၁၂) အရွယ်တွင် ဝန်းသိုစော်ဘွား၏ နောင်တော်ဖြစ်သူ ဝန်းသိုမြို့ တောင်ပေါ် ကျောင်းဘုန်းကြီး ဦးပန်းအောင်ထံ အပ်နှံ၍ စာပေသင်ကြားဆည်းပူးစေသည်။ သူငယ်သည် (၁၆) နှစ်မတိုင်မီကပင် ကဗျာအဖွဲ့အနွဲ့ ဝါသနာပါသောကြောင့် ရှေးပညာရှိများ ရေးသားစပ်ဆိုသည့် ကဗျာ၊ အလင်္ကာများကို လေ့လာပြီးလျှင် ဒွေးချိုး၊ လေးချိုး၊ တေးထပ်စသော ကဗျာများကို ရေးသားစပ်ဆိုခဲ့လေသည်။ (၁၆) နှစ်အရွယ်တွင် ဝန်းသိုမြို့ တောင်ပေါ် ကျောင်းဘုန်းကြီးထံ၌ပင် ရှင်သာမဏေပြုလေသည်။ ဘွဲ့မည်ကား ရှင်ဇဝနဖြစ်သည်။ ရှင်သာမဏေဘဝဖြင့်ပင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများ သင်ကြားတတ်မြောက်လေသည်။

အေဒီ ၁၈၆၃ ခု (၁၂၂၅ ခုနှစ်) တွင် ရဟန်းခံလေသည်။ မန်လည်ဆရာတော်သည် အသက် (၂၂) နှစ်ကျော်မှ (နှစ်လွန်မှ) ရဟန်းဖြစ်လေသည်။

ရဟန်းဖြစ်၍ တစ်ဝါရှိသောအခါတွင် မူလရဟန်းခံခဲ့သည့်သိမ်ကို ဝိနည်းစည်းကမ်းအရ သံသယမကင်းသည်နှင့် မဲဇာမြစ်အတွင်း ရေသိမ်၌ဒုတိယအကြိမ် ရဟန်းခံပြန်လေသည်။

ဒုတိယအကြိမ် ရဟန်းခံသည့်နှစ်မှစတင်၍ မိမိ၏ရဟန်းဝါကို အတည်ပြုလေသည်။ ပထမအကြိမ်ရဟန်းခံသည့် အချိန်ကရရှိသည့် ရဟန်းဝါကို အသိအမှတ်မပြုတော့ချေ။

ရဟန်း (၃) ဝါသို့အရောက်တွင် မန္တလေးမြို့အနောက်ပြင် ထီးလင်းတိုက်၌ဝါဆို၍ မန်လည်မြို့ဝန် မင်းထင်မင်းလှသမန္တရာဇာ လျှုဒါန်းသော ပိဋကတ်တော်များကို ကူးယူရေးသားလေသည်။ ထို့နောက် မန်လည်မြို့ နေရင်း လေးထပ်ကျောင်းသို့ ပြန်ကြွပြီးလျှင် စာသင်သားများအား စာပေပို့ချပေးခြင်း၊ ကျမ်းဂန်ရေးသားခြင်းများကို ပြုလုပ်လေသည်။

ရဟန်းဆယ်ဝါမြောက်သောအခါ သာမဏေဘဝက သင်ကြားခဲ့သည့် မဃဒေဝဇာတ်တော်ကိုကြည်ညိုနှစ်သက်ရင်းစွဲရှိသဖြင့် ပျို့ကဗျာ၊ လင်္ကာဖြင့်ဖွဲ့ဆိုသည့် မဃဒေဝလင်္ကာသစ်ကို စတင်ရေးသားလေသည်။ သို့ရာတွင် ထိုအချိန်၌ မဃဒေဝလင်္ကာသစ်မှာ ဆုံးခန်းသို့ မရောက်ခဲ့ပေ။

ထို့နောက် နှစ်အတန်ကြာ အေဒီ ၁၉၀၅ ခုနှစ် (၁၂၆၆ ခုနှစ်) ကျမှ ရေးလက်စ မဃဒေဝလင်္ကာသစ်ကို အပြီးသတ်အချောကိုင်နိုင်ခဲ့လေသည်။ ထိုအတောအတွင်း အေဒီ ၁၈၈၁ ခု (၁၂၄၃ ခုနှစ်) တွင် မန်းကွန်းတောရဆရာတော် အရှင်ပဏ္ဍိစ္စသက ပုစ္ဆာ (၄၅) ချက်ကို ကဗျာသီကုံး၍ မေးသည်တွင် မန်လည်ဆရာတော်က ပြန်လည်ဖြေကြားတော်မူလေသည်။ ထိုအမေးအဖြေကျမ်းသည် ပဉ္စတ္တာလီသပုစ္ဆာ သဋ္ဌနာကျမ်းအမည်ဖြင့် ထင်ရှားလေသည်။

၁၈၈၅ ခုနှစ်တွင် သီပေါမင်း ပါတော်မူသောအခါမှာ မန်လည်ဆရာတော်သည် သက်တော် (၄၄) နှစ်ရှိပြီးဖြစ်လေသည်။မန်လည်ဆရာတော်သည် ဘင်္ဂလီ၊ နာဂရီ၊ သီဟိုဠ်ဘာသာစသော ဘာသန္တရကျမ်းများကို လည်းကောင်း ဇာတ်နိပါတ်၊ ရာဇဝင်၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်း၊ အင်္ဂရိတ်ကျမ်းများနှင့်တကွ တတ်သင့်တတ်ထိုက်သော ပညာဗဟုသုတ သိပ္ပာယတနကျမ်းများကို လည်းကောင်း တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်တော်မူပါသည်။

အေဒီ ၁၈၉၇ ခု (၁၂၅၉ ခုနှစ်) တွင် အိန္ဒိယပြည် လပ်နော်မြို့ ပြည်နယ်ပြတိုက်မှူး ဒေါက်တာ အေဖျူရာ (Dr.A.Fuher,Ph.D) ထံမှ ကပိလဝတ်ပြည်စေတီတော်ကြီးအတွင်းမှ ဗုဒ္ဓဒန္တဟု အမှိပ္ပာယ်ရသည့် နာဂရီဖြင့် ရေးသားထားသော ဗုဒ္ဓအံတော်အစစ်ကို မန်လည်ဆရာတော် လက်ခံရရှိခဲ့လေသည်။

အံတော်ကို မန်လည်မြို့ ပြာသဒ်ကျောင်းတော်အတွင်း အေဒီ ၁၈၉၂ ခု (၁၂၅၄ ခုနှစ်) က တည်ထားခဲ့သော ဉာဏ်ေ (၇၈) တောင်ရှိ တာဝတိံသာ အဘယစူဠာမုနိစေတီတော်အနောက်မုခ်တွင် အေဒီ ၁၉၁၉ ခု (၁၂၈၁ ခုနှစ်) ပြာသိုလတွင် ဌာပနာတော်မူခဲ့ပါသည်။

အင်္ဂလန်ပြည် ပဉ္စမြောက်ဂျော့ဘုရင်လက်ထက်တွင် အိန္ဒိယဘုရင်ခံချုပ် ချမ်းစီဖို့က ကြည်ညိုလေးမြတ်တော်မူသဖြင့် အေဒီ ၁၉၁၇ ခု (၁၂၇၉ ခုနှစ်) တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။ ဆရာတော်ကြီးသည် သူ၏ ငယ်နာမည်နှင့် ဇာတိနေရပ်ကို ထုတ်ဖော်ရေးသားထားပုံမှာ -

□ *ငယ်မည်မှာ မောင်မာ၊*
*မာန်မလုပ်ချင်ဘူး။*
*မာန်လုပ်လျှင်လွယ်သည်သာပါ၊*
*ငယ်မည်မှာ န-ကိုသတ်ရှုပါ၊*
*နေရပ်ကယ် ရွှေမန်လည်နှင့်။*

ဟု ရေးသားထားခဲ့လေသည်။

အေဒီ ၁၈၈၈ ခု၊ ၁၂၅၀ပြည့်နှစ်၌ မန်လည်မြို့ဝန် မင်းထင်မင်းလှ သမန္တရာဇာက ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းကြီးကို ဆောက်လုပ်ပြီးလျှင် မန်လည်ဆရာတော်အား လှူဒါန်းလေသည်။ ထိုကျောင်းကိုအစွဲပြု၍ မန်လည်ဆရာတော်သည် မန်လည်မြို့ပြာသဒ်

ကျောင်းကြီးဆရာတော် ဟူ၍ ထင်ရှား ကျော်စောလာလေသည်။

ကျောင်းဒါယကာ မင်းထင်မင်းလှ သမန္တရာဇာမှ လျှောက်ထားတောင်းပန်သည်ဖြစ်၍ ဆရာတော်ကြီးသည် ဂတိဝိသောဓနကျမ်းကို ရေးသားလေသည်။ မြဲတောင်မင်းကြီး လျှောက်ထားတောင်းပန်သဖြင့် ဒိဋ္ဌိဝိသောဓနဝဏ္ဏနာဒီပနီကျမ်းကို ရေးသားလေသည်။ ကင်းဝန်မင်းကြီးသည် မန်လည်မြို့ ပြဿဒ်ကျောင်းသို့ နှစ်ကြိမ်တိုင်တိုင်လာရောက်ပြီး မန်လည်ဆရာတော်အား ဖူးတွေ့ခဲ့လေသည်။

ဝိသုဒ္ဓါရုံဆရာတော်၊ လယ်တီဆရာတော်နှင့် မန်လည်ဆရာတော်တို့သည် ဓမ္မသဟာယ၊ ဓမ္မမိတ်ဆွေများဖြစ်ကြကုန်၏။ တစ်ပါးနှင့်တစ်ပါး မကြာခဏ စာတစ်တန်ပေတစ်တန်ဖြင့် တရားဆွေးနွေး ညှိနှိုင်းတော်မူကြကုန်သည်။ မန်လည်ဆရာတော်သည် ဝိသုဒ္ဓါဆရာတော်တိုက်တွန်းသည့်အတွက် ဝဇီရှပဗျာကရဏကျမ်းကို ရေးသားတော်မူသည်။လယ်တီဆရာတော်မေးမြန်းတော်မူသဖြင့် ပုစ္ဆာဝိသဇ္ဇနာကျမ်းကို ပြုစုတော်မူသည်။

အင်္ဂလိပ်နယ်ချဲ့တို့သည် အေဒီ ၁၈၈၅ ခု (၁၂၄၇ ခုနှစ်) တွင် မြန်မာတို့နှင့် တတိယအကြိမ်စစ်ဖြစ်ပြီး အထက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ကြ၏။ သို့ရာတွင် မျိုးချစ်မြန်မာများ အင်္ဂလိပ်နယ်ချဲ့အုပ်ချုပ်မှုကိုမခံဘဲ အစွမ်းရှိသမျှ တော်လှန်ပုန်ကန်ကြသည်။

ထိုအချိန် မန်လည်ဆရာတော်သည် ရွှေပြည်အေးတရားဟောသည်ဟု လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးသားသည့် မန်လည်ထေရုပ္ပတ္တိကထာအရ သိရှိရသည်။

အင်္ဂလိပ်အစိုးရကို အန်တုသည့် မန်လည်ဝန်ကို မန်လည်ဆရာတော်က နယ်သူနယ်သားတို့၏ ငြိမ်းချမ်းမှုကို ရှေးရှုလျက် အင်္ဂလိပ်အစိုးရလက်အော က်တွင် လက်နက်ချရန် နားချလေသည်။ မန်လည်ဆရာတော်၏အမိန့်ကို နာခံလိုက်လေသည်။

ထို့အပြင် အင်္ဂလိပ်နယ်ချဲ့ကို ဖွဲ့ဆော်ဦးတော်လှန်သူတစ်ဦးဖြစ်သည့် တော်လှန်ရေးသမားကြီးဝန်းသိုစော်ဘွားအားလည်း အားမတန်က မာန်ကိုလျှော့ရန် မန်လည်ဆရာတော်က နားချလေသည်။ သို့ရာတွင် ဝန်းသိုစော်ဘွားတမူ မန်လည်ဆရာတော်၏အမိန့်ကို မနာခံပေ။

ဆရာတော်ကြီးကား အင်္ဂလိပ်နယ်ချဲ့နှင့် မြန်မာမျိုးချစ်တို့၏ တိုက်ပွဲကြောင့် ဆင်းရဲဒုက္ခရောက်နေကြသည့် ပြည်သူလူထုကိုငဲ့ပြီး ယင်းကဲ့သို့ပြုမူဟန်တူပေသည်။

မန်လည်ဆရာတော်ကြီးသည် ထိုင်ခြင်းကျင့်ရိယာပုတ်ဖြင့် မည်မျှကြာအောင်နေစေကာမူ ညောင်းညာသည်ဟူ၍မရှိ။ ထိုင်ခြင်းကျင့်ရိယာပုတ်ဖြင့် ကျိန်းစက်တော်မူသည်။

ပိဋကတ်သုံးပုံကို အပြန်ပြန်အလှန်လှန်ကြည့်ရှုခြင်း၊ စာသင်သားများအား စာပေပို့ချခြင်း၊ ကျမ်းဂန်များကို ရေးသားပြုစုခြင်း၊ သုတ္တန်များရွတ်ဖတ်သရဇ္ဈာယ်ခြင်းများဖြင့်သာ ကုန်လွန်စေတော်မူသည်။

ဆရာစဉ်ဆက်ကိုတွက်လိုက်လေလျှင် မကာရလောပ မတစ်လုံးကျေတောင်တွင်းဆရာတော်ခင်ကြီးမှော်သည် မန်လည်ဆရာတော်၏ ဆရာ့ဆရာဖြစ်လေသည်။

၁။ တောင်တွင်းဆရာတော်

၂။ ဦးဇိန

၃။ ဦးပညာ

၄။ ဦးနန္ဒမာလ

၅။ မန်လည်ဆရာတော်

ဦးဇိနမှစ၍ မန်လည်ဆရာတော်အထိ ဆရာတော်ကြီးလေးပါးတို့သည် မန်လည်ကျောင်းတိုက်ကြီး၌ပင် သီတင်းသုံးတော်မူခဲ့လေသည်။ တောင်တွင်းဆရာတော်၏တပည့်ရင်း ဦးဇိနမှစ၍ ရေတွက်လျှင် မန်လည်ဆရာတော်သည် စတုတ္ထမြောက်တပည့်ဖြစ်လေသည်။

## ▫ ဘုံမြင့်မှ ပြန်၍ ဆင်းမလာတော့သော မန်လည်ဆရာတော်၏ ထူးခြားသည့် တပည့်ထူး၊ ရဟန်းထူး ဦးဥတ္တမ

မန်လည်ဆရာတော်တွင် ဦးဥတ္တမဟူသော တပည့်တစ်ပါးရှိ၏။ ဦးဥတ္တမသည် ဘုရားပွင့်တော်မူသောမဇ္ဈိမဒေသသို့ အေဒီ ၁၈၉၀ ပြည့် (၁၂၅၂ ခုနှစ်) တွင် ကြွသွားပြီး မဟာဗောဓိပင်ကို ပင့်ဆောင်ကာ စိုက်ပျိုးခဲ့၏။ ဦးဥတ္တမသည် အင်္ဂလိပ်ဝင်စလောက်က ကသာမြို့နယ်တွင်သီတင်းသုံးသည်။ကသာတွင် လေသာကျောင်း၌ ဦးဥတ္တမကျောင်းထိုင်သည်။ ဦးဥတ္တမသည် ထိုကျောင်းမှ တစ်ဖန် တောင့်ပေါ်ကျောင်းသို့ ပြောင်းရွှေ့ရလေသည်။ ပြောင်းရွှေ့ရခြင်းမှာ ထိုလေသာကျောင်းကို အင်္ဂလိပ်တို့က စစ်တပ်နေရာအဖြစ် အသုံးပြုလို၍ဖြစ်ပါသည်။ ဦးဥတ္တမသည် အင်္ဂရိတ်ပညာကို အလွန်ဝါသနာပါပြီး ထွက်ရပ်ပေါက်ပညာကို ဝါသနာထုံလေသည်။ ဦးဥတ္တမသည် အချိန်ရတိုင်း ဖိုထိုးလေ့ရှိပါသည်။ ဖိုထိုးရာတွင်လည်း အလွန်ဆန်းပါသည်။ လူမမြင်အောင်ဟူ၍ သီတင်းသုံးသောကျောင်း၏ ဘုံဆောင်အမြင့်ပေါ်တွင် တက်၍ဖိုထိုးလေ့ရှိပါသည်။

ပို၍ထူးဆန်းလှသောအချက်မှာ တစ်နေ့သောအခါ ဖိုထိုးရန် ဦးဥတ္တမကိုယ်တော်ကြီးသည် ဘုံဆောင်သို့တက်သွားပြီးလျှင် ဘယ်တော့မှပြန်၍မဆင်းလာတော့ချေ။ ဘုံဆောင်ပေါ် တက်၍ရှာသော်လည်း မတွေ့ရတော့ပါ။ ဖိုကိုသာ တွေ့ရပါတော့သည်။ ထို့ကြောင့် အားလုံးကပင် ဦးဥတ္တမကိုယ်တော်ကြီးသည် ဖိုထိုးရင်း ဝိဇ္ဇာဖြစ်၍ အရှင်ထွက်ထွက်သွားကြောင်း ယနေ့တိုင် ပြောစမှတ်ပြုနေပါတော့သည်။ ဦးဥတ္တမကိုယ်တော်ကြီးသည် မန်လည်ဆရာတော်ကြီး၏ တပည့်ထူး ရဟန်းထူးတစ်ပါး ဖြစ်လေသည်။

## ▫ မန်လည်ဆရာတော်ကြီးရွတ်လေ့ရှိသော မန်လည်ကျင့်စဉ်၊ ဝတ်ရွတ်စဉ်

ကျွန်တော် အသက် (၂၀) ခန့်က ကျွန်တော်၏ ဖခင် စာရေးဆရာကြီး ဦးရန်အောင် အားလပ်နေလျှင် ရွတ်ဆိုသော ဝတ်ရွတ်သံကိုကြားမိသည်။

ကျွန်တော်က -

"ဘာရွတ်တာလဲ အဖေ"

ဟုမေးသောအခါ ဖခင်ဖြစ်သူက-

"မန်လည်ဆရာတော်ဝတ်ရွတ်စဉ် ရွတ်တာပါ"

ပြန်လည် ဖြေကြားပါသည်။

(အောက်တွင် မန်လည်ဝတ်ရွတ်စဉ် ဖတ်ကြည့်ပါ။ ရှားပါးသောစာမူဖြစ်ပါသည်။)

### ▫ မန်လည်ဝတ်ရွတ်စဉ်

၁။ ဒေဝတာ မမရက္ခာစ၊ နာနာဘူတာ မဓောသရာ၊
ဓမ္မကောဿမရာဇာစ၊ လောကပါလာမဟိဒ္ဓိကာ။

၂။ မဟာရက္ခာသေနာပတိ၊ ပဇာပတိ သက္ကုန္ဒကာ။
တေတုံမေ့ သုခိတာဟောထ၊ ဒီဃာယုကာစ သဗ္ဗဒါ။

၃။ ပုညာဘာဂ္ဂ ဂဏှာထ၊ မေတ္တံဘာဝေထနာသဒါ။
ဘာတလေဘူတကောတာသော၊ ဒေဝါယက္ခာ ပိသာစကာ။

၄။ ဝိဇ္ဇာဓရော ဂန္ဓဗ္ဗာစ၊ နာဂါ ကုမ္ဘဏ္ဍာ ရက္ခသာ။
တေတုမှေ့ သုခိတာ ဟောထ၊ ဒီဃာ ယုကာစ သဗ္ဗဒါ။
၅။ ပုညာဘာဋ္ဌ ဂဏှာထ၊ မေတ္တာဘာ ဝေထနာသဒါ။
မာဒါနိကောခံဇနယိတ္တ၊ ဣတော ဉဇ္ဇံ ယထာပုရေ။
၆။ သဿယာတဥ္စမာကတ္တာ၊ သုခကာ မာဟိပါဏိနော၊
ကရောထမေတ္တံသတ္တေသု၊ ဝသန္တု မနုစာသုခံ၊
၇။ ကန္တာကသ္မိရဂန္ဒာရံ၊ ဣသိမဏ္ဍိ ကောတဒါ။
ဒုဋ္ဌနာဂံပသာဒေတွာ၊ မောဝေသိ ဝန္ဒနာဗတူ။
၈။ သုဝဏ္ဏဘူမိဂန္တာန၊ သောဏုတ္တရာ ဖယိဒ္ဓိကာ။
ပိသာစေ နိဒ္ဒမေတွာန၊ ဗြဟ္မာဇာလ မဒေသယုံ။
၉။ သောအဟံ ဝိစရိဿမိ၊ ဂါမာဂါမံ ပုရာပုရံ၊
နမဿမာနော သဗ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ။
၁၀။ ဘဝေဝါဟံ၊ ဘယံဒိတွာ၊ ဘဝဋ္ဌ ဝိဘဝေသိနံ။
ဘဝံနာဘိဝန္ဒံ ကိတ္တိ၊ နန္ဒိံ နဉပါဒိယိ။
၁၁။ ဟိရီဩတ္တပ္ပ သမ္ပန္နာ၊ သုက္ကဓမ္မ သမာဟိတာ။
သန္တောသပ္ပုရိသာလောကေ၊ ဒေဝဓမ္မာတိ ဝုစ္စ ရေ။
၁၂။ ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြဟ္မဏော။
အထသဗ္ဗ မဟောရတ္တိ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။ ။

**မန်လည်ဆရာတော်ကြီး အစဉ်အမြဲ ရွတ်ဖတ်လေ့ရှိသော ဂါထာတော်**

မန်လည်ဆရာတော်ကြီး၏ ဘဝမှတ်တမ်းများတွင် ဆရာတော်ကြီးသည် ဂါထာနှစ်ပုဒ်ကို အစဉ်အမြဲရွတ်ဆိုတော်မူလေ့ရှိသည်ဟု တွေ့ရပါသည်။

တစ်ပုဒ်မှာ 'သောအဟံ' အစချီသော ဂါထာဖြစ်ပြီး နောက်တစ်ပုဒ်မှာ 'ဗုဒ္ဓေါလောကေ' အစချီသောဂါထာဖြစ်သည်။ ဂါထာနှစ်ပုဒ်စလုံး အစွမ်းထက်သည်ဟု ဆရာတော်ကြီးကိုယ်တော်တိုင် ယုံကြည်တော်မူ၍ အစဉ်ဂရုတစိုက် ရွတ်ဆိုသည်ဟု သိရပါသည်။

သောအဟံ ဂါထာမှာ ဤသို့ ဖြစ်ပါ သည်။

□ သောအဟံ ဝိစရိဿမိ၊
ဂါမာဂါမံ ပုရာပုရံ၊
နာမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သုဓမ္မတံ။ ။

ယင်းဂါထာကို မန်လည်ဆရာတော်ကြီးသည် ခရီးထွက်တိုင်း အစဉ်ရွတ်ဆိုသွားတော်မူပါသည်။ ဆရာဦးဆန်းထွန်း (မန်းတက္ကသိုလ်) က သောအဟံ ဂါထာကို နတ်ကြီးများကောင်းကင်ခရီးလှည့်ရာ၌ ရွတ်ဆိုတတ်သည်ဟု ဖော်ပြပြီး 'အန္တရာယ်ကင်းစွာ လေယာဉ်ပြီးသော ဂါထာ' ဟု ဖော်ပြခဲ့ပါသည်။

အဖေဦးရန်အောင်ပြောပြခဲ့သည်မှာ -

စစ်ကြိုခေတ်က နာမည်ကျော် ဒဂုန်မဂ္ဂဇင်း၏ အယ်ဒီတာချုပ် လယ်တီပဏ္ဍိတဦးမောင်ကြီးသည် 'လယ်တီ သတင်းစာ' ကိုလည်း ကိုယ်တိုင်ကြီးကြပ်လုပ်ဆောင်ခဲ့သည်။ ၁၂၈၈ ခုနှစ် ဝါဆိုလတွင် စတင်ထုတ်ဝေရာ သတင်းစာကုဆိုသော်လည်း တစ်လတစ်ကြိမ်ထုတ်ဖြစ်လျက် တန်ဖိုးမှာ ရှစ်ပဲ (ပြားငါးဆယ်)ဖြစ်၏။ ပြားငါးဆယ်ကိုနည်းအံ့မထင်လင့်။ စွပ်ကျယ်တစ်ထည် သုံးပဲ (ဆယ့်ငါးပြား)၊ ခေါက်ဆွဲတစ်ခွက် တစ်ပဲ (ငါးပြား)၊ ရှပ်အင်္ကျီတစ်ထည် ခြောက်မူး (ပြား၆၀)၊ ပလေကတ် အကောင်းစား ချည်ချောလုံချည်တစ်ထည် သုံးမတ် (၇၅ ပြား) အသီးသီးဈေးနှုန်းရှိသောကာလဖြစ်ရာ တန်ဖိုးငါးမူးရှိသော စာစောင်သည် နည်းသည့်ကိစ္စမဟုတ်ပါ။

လယ်တီတရားသတင်းစာကြီး၏ ထူးခြားသောမှတ်တိုင်နှစ်ခုရှိရာ တစ်ခုမှာ စာစောင်ထုတ်၍ (၅) လအကြာတွင် စောင်ရေ တစ်သောင်းကျော်သို့ခုန်တက်ခဲ့ခြင်းနှင့် နောက်တစ်ခုမှာ ရိုက်ထုတ်ပြီး စာစောင်ဟောင်းများကို ဒုတိယအကြိမ်နှိပ်ခြင်း၊ တတိယအကြိမ်နှိပ်ခြင်းများ ပြန်လည်ရိုက်ရခြင်းပင် ဖြစ်ပါသည်။ စာနယ်ဇင်းသမိုင်းကဏ္ဍတွင် ဤအဖြစ်မျိုးရှားလှပါသည်။ ယင်းလယ်တီတရားသတင်းစာတွင် လယ်တီဆရာတော်ကြီးနှင့် မန်လည်ဆရာတော်ဘုရားကြီးတို့၏ အကြောင်းအရာများ၊ ဩဝါဒများ၊ ဓာတ်ပုံများကို လစဉ်ထည့်သွင်းဖော်ပြပါသည်။

**□ မန်လည်ဆရာတော်နှင့် လယ်တီဆရာတော်တို့ပထမဦးဆုံးအကြိမ်နှင့်နောက်ဆုံးအကြိမ်တွေ့ဆုံခြင်း**

ဆရာဦးဖေမောင်တင်သည် သူ၏ နာမည်ကျော် 'မြန်မာစာပေသမိုင်းကြီး' ကို ပြုစုသောအခါ လယ်တီဆရာတော်နှင့် မန်လည်ဆရာတော်အခန်းတွင် ရပ်နားထားကြောင်း တွေ့ရပါသည်။

ကျွန်ုပ်တို့ မြန်မာစာပေလောကတွင် ပုဂ္ဂိုလ်ကျော်နှစ်ဦးတွေ့ဆုံခန်းများသည် အလွန်ထူးခြားကြောင်း မှတ်သားဖူးသည်။ အင်းဝသားရှင်မဟာရဋ္ဌသာရနှင့် တောင်တွင်းကြီးသားရှင်ဥတ္တမကျော်နှင့် စကားတတ်တရားတတ် ခုံတော်မောင်ကျဘမ်းတို့တွေ့ဆုံခန်းသည်လည်း လွမ်းစရာကောင်းလှပါသည်။ ယခုတင်ပြမည့် နောက်ဆက်တွဲမှာ မန်လည်ဆရာတော်နှင့် လယ်တီဆရာတော်တို့ တွေ့ဆုံခန်းဖြစ်ပါသည်။

မန်လည်ဆရာတော်နှင့် လယ်တီဆရာတော်သည် မြန်မာ့သာသနာနှင့် စာပေတွင် နေမင်းနှစ်ဆူကဲ့သို့ ထင်ရှားတော်မူကြသော်လည်း တစ်ပါးနှင့်တစ်ပါးတွေ့ဆုံခြင်း၊ နီးကပ်ခြင်းမရှိခဲ့ပါချေ။ မန်လည်ဆရာတော်ပျံလွန်တော်မူခါနီး သက်တော် (၇၈) နှစ်ရောက်မှသာ အချင်းချင်းတွေ့ဖူးကြလေသည်။ တွေ့ပြီးနောက်တစ်နှစ်မှာ မန်လည်ဆရာတော် ဘဝနတ်ထံပျံလွန်တော်မူသည်။ နောက်သုံးနှစ်အကြာမှာ လယ်တီဆရာတော် ဘဝနတ်ထံပျံလွန်တော်မူလေသည်။ ဤအချက်သည် အလွန်ထူးဆန်းလေသည်။ မန်လည်ဆရာတော်ကြီးက လယ်တီဆရာတော်ကြီးထက် (၅) နှစ်ကြီးလေသည်။

မန်လည်ဆရာတော်ကြီးသာသနာပြုရန်ကြွရောက်ခဲ့သောမြို့များမှာ မိုးကုတ်၊ မန္တလေး၊ စစ်ကိုင်း၊ ထီးချိုင့်၊ ရွှေဘို၊ ဗန်းမော်၊ ကောလင်း၊ မိုးညှင်း၊ မြစ်ကြီးနား၊ ဟင်္သာတ၊ ပုသိမ်၊ မင်းလှ၊ ရန်ကုန်၊ မောလမြိုင်၊ သထုံနှင့် ဖြူး၊ ပျဉ်းမနား စသည်ဖြင့် အလွန်များပြားခဲ့သည်။

လယ်တီဆရာတော်ကြီး တရားစည်ကြီးရိုက်တီးခဲ့သောနေရာများမှာ -

၁။ မန္တလေး - ရန်ကုန်ရထားလမ်း တစ်လျှောက်။
၂။ ရန်ကုန် - ပြည်ရထားလမ်းတစ် လျှောက်။
၃။ ပျဉ်းမနား - တောင်တွင်းကြီး လမ်းတစ်လျှောက်။
၄။ ဟင်္သာတ - ပုသိမ်လမ်းတစ်

လျှောက်။

၅။ ပဲခူး - မော်လမြိုင်တစ်လျှောက်။

၆။ ညောင်လေးပင် - ရွှေကျင် - မဒေါက်လမ်းတစ်လျှောက်။

၇။ ဟင်္သာတ - ကြံခင်းလမ်းတစ်လျှောက်။

၈။ စစ်ကိုင်း - ရွှေဘို - မြစ်ကြီးနားလမ်းတစ်လျှောက်။

၉။ ရောဝတီမြစ်ရိုးတစ်လျှောက်။

ထိုမြို့ကြီးမြို့ငယ်အသွယ်သွယ်တို့သည် လယ်တီဆရာတော်၏ စာပေသြဇာ၊ တရားသြဇာပျံ့နှံ့ရာအရပ်များ ဖြစ်ကြပါသည်။

သို့သော် ထူးဆန်းသောအချက်မှာ မန်လည်ဆရာတော်နှင့် လယ်တီဆရာတော်တို့သည် တစ်ခါမှမဆုံဖူးကြချေ။ ဤသို့ဖြင့် မန်လည်ဆရာတော် သက်တော် (၇၈) နှစ် (နောက်တစ်နှစ်ဆို ပျံလွန်တော်မူတော့မည်။) လယ်တီဆရာတော် သက်တော် (၇၄) ခုနှစ် (နောက်သုံးနှစ်ဆို ပျံလွန်တော်မူတော့မည်) အချိန်သို့ ရောက်လာကြသည်။

အေဒီ ၁၉၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ တနင်္ဂနွေနေ့ (၁၂၈၁ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ရက်)တွင်ကား ဆရာတော်ကြီး (၂) ပါး မင်းလှမြို့၌တွေ့ဆုံခဲ့ကြသည်။ ရဟန်းရှင်လူတို့၏ ပင့်ဖိတ်ပူဇော်ချက်အရ ပုသိမ်မြို့မှ သိမ်သမုတ်ပြီးအပြန် ခရီးလှည့်လာသော မန်လည်ဆရာတော်ကြီးအား သာယာဝတီ မင်းလှမြို့သို့ ကြွရောက်တော်မူနေသည့် လယ်တီဆရာတော်ဘုရားကြီးက လှမ်းပင့်လျှောက်ချက်အရ တွေ့ဆုံကြခြင်းဖြစ်ပါသည်။

တွေ့လျှင်တွေ့ချင်း မန်လည်ဆရာတော်ကြီးသည် လယ်တီဆရာတော်ကြီးလက်မောင်းလက်ရုံးကို ကိုင်တော်မူ၍ ဤသို့ပြောဆိုကြသည်ဟု သိရပါသည်။

မန်လည် ॥ ॥ ရှေးက တစ်ကြိမ်တစ်ခါမျှ ကိုယ်တိုင်မတွေ့မမြင်ကြရဘူး။ အဝေးကစာပေးစာယူနှင့်သာ လွမ်းနေကြရသည်။ ယခုသေခါနီးမှ ကံကောင်းထောက်မ၍တွေ့ဆုံကြရပေသည်။ တွေ့ရပြန်တော့လည်း ကိုယ်တော်ကလည်း ဂိလာန၊ တပည့်တော်ကလည်း ဂိလာန။ လူမမာချင်းဆုံနေကြရပြန်သည်။

လယ်တီ။ ॥ ကံတူအကျိုးပေးပေါ့ဘုရား။ ကံပစ်ချရာခံရစမြဲပေါ့။ ကံဘိုနယ်ထဲကမလွတ်ကြသေးဘဲကိုး။ ဆရာတော်မှာတော့ ကုသိုလ်ကံကောင်းပါပေရဲ့။ တခြားမသွားရဘဲနှင့် ကိုယ်မြို့ကိုယ့်ရွာမှာနေ၍ စာတတ်ရတယ်။ တပည့်တော်မှာတော့ ကိုယ့်မြို့ကိုယ့်ရွာကခွာပြီး မန္တလေးသို့ တက်ရောက်၍ အပင်ပန်းဒုက္ခခံပြီးစာလိုက်ရတယ်။

ဤတွင် 'အဝေးက စာပေးစာယူနှင့်သာ လွမ်းနေကြရသည်' ဟူသော စကားသည် အလွန်လွမ်းဖွယ်ကောင်းလှပေသည်။ 'ရှေးကတစ်ကြိမ်တစ်ခါမျှ ကိုယ်တိုင်မတွေ့မမြင်ကြရဘူး' ဟူသော စကားမှာလည်း နောင်လာနောင်သား စာပေသမိုင်းဆရာတို့အတွက် အထူးပင် အရေးကြီးလှသော သမိုင်းဝင်စာတစ်ကြောင်း ဖြစ်လေသည်။

ထိုညက မန်လည်ဆရာတော်ကြီးက မင်းလှမြို့ အင်္ဂလိပ်စာသင်ကျောင်းကြီးတွင် သီတင်းသုံးတော်မူခဲ့သည်။ လယ်တီဆရာတော်ကြီးက မင်းလှမြို့ ဓမ္မာရုံတွင် သီတင်းသုံးခဲ့ပါသည်။ အရှင်မြတ်ကြီးနှစ်ပါးတို့သည် မင်းလှမြို့၌ ရက်အနည်းငယ်ခန့် သီတင်းသုံးတော်မူပြီးလျှင် ရန်ကုန်မြို့သို့ကြွတော်မူကြလေသည်။

ဆရာတော်ကြီး (၂) ပါးတို့သည် ဒါယကာများ၏ ပန်ကြားပူဇော်ချက်အရ ရန်ကုန်မြို့သို့ မီးရထားဖြင့် ကြွတော်မူခဲ့ရာ အေဒီ ၁၉၂၀ ပြည့်၊ ဖေဖော်ဝါရီလ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၂၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်နေ့) ညနေ (၃)နာရီတွင် ရန်ကုန်မြို့သို့ဆိုက်ရောက်ပေရာ ရဟန်းရှင်လူတို့သည် သာသနာနေ (၂) ဆူကို အုတ်အုတ်ကျက်ကျက် တစ်ခဲနက်အထူးထူးအကဲကဲပူဇော်လိုက်ကြလေသည်။ ရန်ကုန်မြို့ ပရမတ္ထသံခိပ်ကျောင်းသူအမျိုးသမီးတို့က သံပြိုင်ညီညာသီဆိုကန်တော့ကြသည့် မင်္ဂလာစည်တော်သံကို လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီးက ရေးသားခဲ့ပါသည်။

ဆရာတော်ကြီး (၂) ပါးတို့ကို တစ်ခဲနက် ပူဇော်လိုက်ကြသည်မှာ အမြောက် (၂၁) ချက်ကိုပင် ပစ်ဖောက်သောဟူ၏။ မှတ်တမ်းတွင် ဤအတိုင်းတွေ့ရပါသည်။ အင်္ဂလိပ်တို့ခေတ်တွင် အမြောက်ကိုဘယ်လိုစီစဉ် ဘယ်သို့ရရှိသည်ကိုမူ မသိရပါ။ ဆရာတော်ကြီး (၂) ပါး ရန်ကုန်အရောက် ပူဇော်ခြင်းတွင် ရန်ကုန်မြို့လယ်ဝယ် အမြောက် (၂၁) ချက် ပစ်ဖောက်ဂုဏ်တင်ခဲ့ခြင်းကား မှတ်တမ်းမှာ အထင်အရှားဖြစ်တော့သည်။ ယင်းအစီအစဉ်များကို လယ်တီဆရာတော်ကြီးက နှိုးဆော်စီစဉ်ကြောင်း မှတ်တမ်းကဖော်ပြ လေသည်။

နောက်နှစ် အေဒီ ၁၉၂၀ပြည့်နှစ်၊ စက်တင်ဘာ ၂၅ ရက် စနေနေ့ (၁၂၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်) နံနက် (၁) နာရီ၊ (၃၀) မိနစ် သက်တော် (၇၉) နှစ်၊ သိက္ခာတော် (၅၆) ဝါအရတွင် မန်လည်ဆရာတော်ဘုရားကြီးဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

လယ်တီဆရာတော်ဘုရားကြီး၏ တောင်းပန် လျှောက်ထားချက်အရ ဆန်းသံခိပ်နှင့် အလင်္ကာသံခိပ်ကျမ်းများ ရေးသားနေဆဲအခါတွင် ပျံလွန်တော်မူခြင်း ဖြစ်ပါသည်။ ထိုအချက်ကပင် ပို၍လွမ်းစရာကောင်းနေပါတော့သည်။

ယခုအခါတွင်ကား ကျွန်ုပ်တို့ စာပေလောကသားများမှာ စာဆိုတော်ကြီးနှစ်ပါးကို ကိုယ်တိုင်မတွေ့ခဲ့ကြဘူးသဖြင့် စာနှင့်သာလွမ်းနေရပါတော့သည်။

မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကို စီရင်ရေးသားသူ ကျေးဇူးရှင် ကဗျာစာဆိုတော် မန်လည်ဆရာတော်ဘုရားကြီး၏ မပျက်မစီး ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်သည် စစ်ကိုင်းတိုင်းဒေသကြီး မန်လည်မြို့တွင် ယနေ့တိုင် မပျက်မစီးရှိနေပါသေးသည်။

ဤဆောင်းပါးဖြင့် မန်လည်ဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်။

**တင်အောင် (စက်မှုတက္ကသိုလ်)**

**ကျမ်းကိုး -**


၁။ မန်လည်ဆရာတော်၊ ပါရဂူ (ငွေတာရီမဂ္ဂဇင်း၊ ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ်-၁၀၂)

၂။ လယ်တီမဟာထေရုပ္ပတ္တိကထာ၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး (ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၆ခု)

၃။ မဟာစေတီကိုတည်ထားကိုးကွယ်တော်မူသွားသော မန်လည်ဆရာတော်ဘုရားကြီးသို့ကန်တော့ပန်း၊ လူထုဒေါ်အမာ (မိုးကျာနယ်၊ ဇွန်၊ ၂၀၁၃ ခုနှစ်၊ စာ-၁၃-၀၆)

၄။ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများ ပထမတွဲ (မောင်ပန်းမွှေး ပြုစုသည်)

၅။ မန်လည်ဆရာတော်ဘုရားကြီး၏နိဗ္ဗာနတရား (တင်အောင်သွင်) (တိုးထက် စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်။)



မနှစ်က ဝါခေါင်လလောက်မှစပြီး ဇီးကုန်းရေနံမှော်ဆိုပြီး ပေါ်ထွန်းလာခဲ့သည်။ မင်းလှုနှင့် သရက်အကြားကားလမ်းဘေးတစ်နေရာတွင် ပေါ်ထွန်းလာခြင်း ဖြစ်လေသည်။ မှော်သစ်တစ်မှော်ပေါ်လာပြန်ပြီဆိုတော့လည်း ထိုနေရာဆီသို့ မှော်လောကသားများ အုန်းအုန်းကျွက်ကျွက်ရောက်ရှိလာကြပြန်သည်။ အချို့က ရေနံတူးရန်၊ အချို့က ဈေးရောင်းရန်၊ အချို့က ဆီကုန်ကူးရန် စသည်ဖြင့် ရည်ရွယ်ချက်အမျိုးမျိုးနှင့် ရောက်ရှိလာကြခြင်း ဖြစ်သည်။

ကျွန်တော့်နာမည်က အငြိမ်းစား အရာခံဗိုလ်ကျော်ငြိမ်းပါ။ တပ်မတော်ဆေးတပ်ဖွဲ့မှ အငြိမ်းစားယူခဲ့သည်မှာ သုံးနှစ်ခန့်ရှိပါပြီ။ အငြိမ်းစားယူပြီး ဇနီးဖြစ်သူ၏ဇာတိ မင်းလှုနယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် အခြေချနေထိုင်နေခြင်း ဖြစ်သည်။ ထိုရွာမှာပင် ဆေးဆိုင်ကလေးတစ်ဆိုင်ကိုဖွင့်ရင်း တစ်ဖက်က သနပ်ခါးခြံလုပ်ငန်းကိုပါ လုပ်ကိုင်ပါသည်။

ဇီးကုန်းရေနံမှော်ပေါ်ထွန်းလာသောအခါ ကျွန်တော်ပါ မှော်သားအဖြစ် ခံယူမိသွားသည်။ ရေနံမှော်ဆိုသည်က သယံဇာတအရင်းအမြစ်တွေ တန်ဖိုးကြီးမားသည်။ ထို့ကြောင့် ငွေကြေးလည်ပတ်စီးဆင်းမှုလည်း များပြားသည်။ မိမိနှင့်လက်တစ်ကမ်းအကွာ၌ ပေါ်ထွန်းလာသည့် ဤအခွင့်အရေးမျိုးကို မည်သူမဆို မိုးရွာခိုက်ရေခံရမည်သာဖြစ်သည်။ ငါးပွက်တုန်းငါးစာချရမည်သာဖြစ်သည်။

ကျွန်တော်ရေနံတူးဖြစ်သွားသည်။ တစ်ဖက်ကလည်း မှော်ထဲမှာပင် ဆေးဆိုင်တစ်ဆိုင်ဖွင့်ဖြစ်သည်။ မှော်ထဲမှာက လူအမျိုးမျိုးတွေ့ရသည်။ တချို့က အလွန်အဆင်ပြေပြီး ချမ်းသာသွားကြသည်။ တချို့ကတော့ သာမန်အဆင့်လောက်နှင့်သာ ကျေနပ်ကြရသည်။ ကျွန်တော်ကား ချမ်းသာမည့်ကံပါလာဟန်မတူပါ။ အကြီးအကျယ်ရေနံရလိုက်တာမျိုး တစ်ခါမျှမကြုံရပါ။ အသင့်အတင့် အဆင်ပြေရုံမျှ ဝီရိယအကျိုးလောက်ကိုသာ ခံစားရပါသည်။ သို့ငြား ကျွန်တော် ကျေနပ်ပါသည်။ မှော်ထဲက ဝင်ငွေသည် ရွာမှာနေစဉ်ကထက်တော့ များစွာမြင့်မားနေလေသည်မို့ ကျွန်တော် ကျေနပ်နှစ်သိမ့်ပါသည်။

မှော်ထဲရောက်ပြီး (၆) လလောက်ကြာတော့ မှော်ဥက္ကဋ္ဌ ဟူသော ရာထူးကို ကျွန်တော်ရရှိလိုက်သည်။ မှော်သူမှော်သားများက ထိုနေရာသို့ ဝိုင်းဝန်းတင်မြှောက်လိုက်ကြခြင်း ဖြစ်သည်။ ကျွန်တော့်တွင်ရှိသော 'တပ်မတော်အငြိမ်းစား' ဆိုသည့် မဖြစ်စလောက်ဂုဏ်ပုဒ်ကို အထင်ကြီးပြီး တင်မြှောက်လိုက်ကြခြင်းပင်။ ကျွန်တော်သည်ကား ထိုတာဝန်မျိုးကို ယူလိုစိတ်မရှိလှပါ။ ပြောရလျှင် ဝန်ထမ်းဘဝမှအငြိမ်းစားယူပြီးကတည်းက မိမိကိုယ်ပိုင်အလုပ်မှလွဲ၍ အဖွဲ့အစည်းနှင့်ဆိုင်သော မည်သည့်အလုပ်ကိုမျှမလုပ်တော့ရန် ဆုံးဖြတ်ထားသည်။ ယခုမူ ကျွန်တော်ကိုယ်တိုင်ကလည်း ဤလောကသားဖြစ်နေပြန်၊ ဤတာဝန်ကိုငြင်းပယ်ရန် မည်သို့မျှလည်း မဖြစ်နိုင်တော့သည့်အခြေအနေမို့ လက်ခံလိုက်ရခြင်း ဖြစ်သည်။

မှော်ထဲတွင် ရဲအုပ်တစ်ဦး ဦးဆောင်သည့် ရဲစခန်းတစ်ခုရှိသည်။



# ရဲမြတ်တင့်
(အမျိုးသားစာပေဆုရ)

# သူ့ဘုရား ငါ့ဘုရား



ရာဇဝတ်ဖြစ်မှုများကိုတော့ ထိုစခန်းကပင်တာဝန်ယူကိုင်တွယ်ပါသည်။ ရာဇဝတ်မှု မဟုတ်သည့် အမှုအခင်းတွေ၊ပြဿနာတွေကတော့ မော့်ထဲမှာများလှသည်။ ကျောင်းသမားအချင်းချင်းသော်လည်းကောင်း၊ ဈေးသည် အချင်းချင်းသော်လည်းကောင်း၊ ဆီကုန်သည်အချင်းချင်းသော် လည်းကောင်း ဖြစ်ပွားကြသည့် စီးပွားရေး၊လူမှုရေးပြဿနာများက အလွန်ပင် များပြားလှပါသည်။ ထိုပြဿနာများကို မော့်တွင်းမှာပင် မော့်သားအချင်းချင်းဖြေရှင်းရန်အတွက် မော့်ကော်မီတီဟု ဖွဲ့စည်းလိုက်သောအခါတွင် ဆိုခဲ့သည့်အတိုင်း ကျွန်တော်က ထိုကော်မီတီ၏ဥက္ကဋ္ဌဖြစ်လာရခြင်းပင်။

ဖြစ်နိုင်လျှင် ထိုတာဝန်မျိုးကို ကျွန်တော်က လက်ရှောင်ချင်သည်။ ကိုယ့်အလုပ်ကို လုပ်စရာရှိလျှင်လုပ်၊ ကျန်အချိန်များမှာ ခင်မင်ရသူမိတ်ဆွေများနှင့် စကားပြောဆွေးနွေး စသည်ဖြင့် အေးအေးသာနေချင်သည်။ မော့်ထဲရောက်တော့ ကျွန်တော် မိတ်ဆွေတွေ တိုးလာခဲ့သည်။ ထိုမိတ်ဆွေတွေနှင့် အပြန်အလှန်ပြောဆိုနှီးနှောကြရင်း ဗဟုသုတတွေ၊ အသိအမြင်တွေလည်း တိုးလာရသည်။

ဥပမာ မိတ်ဆွေတစ်ဦးဖြစ်သူ ဦးဟန်တင့်လိုပုဂ္ဂိုလ်မျိုးနှင့် ဆွေးနွေးရသည့်အခါ ဘာသာရေး၊ သာသနာရေးနှင့်ပတ်သက်သော ဗဟုသုတများကို ကျွန်တော်ရရှိခဲ့သည်။ ဦးဟန်တင့်က ရဟန်းလူထွက်တစ်ဦး ဖြစ်သည်။ မေ္ဘာစရိယ၊ ပါဠိပါရဂူ အစရှိသောဘွဲ့များကို ရရှိခဲ့သူလည်း ဖြစ်သည်။ ဦးဟန်တင့်က မန္တလေးဘက်မှ ဖြစ်သည်။ သူ၏ သမီးဖြစ်သူက ခင်ပွန်းနှင့်အတူ မော့်ထဲမှာ ရေနံတူးလျက်ရှိသည်။ ဦးဟန်တင့်က သမီးနောက်သို့လိုက်လာရာမှ မြေးထိန်းပေးရင်း မော့်ထဲမှာပင် သောင်တင်နေခြင်း ဖြစ်သည်။ သူမည်သည့်အတွက် လူဝတ်လဲလာခဲ့သည်ကိုတော့ မစပ်စုမိပါ။ သူ့ထံမှနေ၍ ဗုဒ္ဓဝါဒဆိုင်ရာ အတွေးအခေါ်များ၊ ပြဿနာများနှင့်ပတ်သက်ပြီး စုံစုံစေ့စေ့ မေးမြန်းသိရှိခွင့်ရခဲ့သည့်အတွက်မူ အလွန်အကျိုးရှိလှပါသည်။ မည်မျှပင်ကတ်ကတ်သတ်သတ်မေးမြန်းသည်ဖြစ်စေ ဦးဟန်တင့်က ပြေလည်အောင် ရှင်းလင်းဖြေကြားပေးနိုင်သည်ချည်း ဖြစ်ပါသည်။ ဦးဟန်တင့်လိုပညာရှိတစ်ဦးနှင့် မိတ်ဆွေဖြစ်ရသည့်အတွက် အလွန်ကျေးဇူးများလှပါသည်။

❑

သည်ကနေ့တော့ မတူကွဲပြားသောအမှုတစ်ခုက ကျွန်တော့်ထံတက်လာသည်။ အချိန်က မနက် (၁၀) နာရီလောက်တွင်ဖြစ်သည်။ ကျွန်တော့်တဲတွင် ဦးဟန်တင့် ရောက်ရှိနေသည်။ ကျွန်တော်က ဦးဟန်တင့်နှင့် စကားစမြည်ပြောဆိုလျက်ရှိသည်။ ထိုအချိန် ပြဿနာရှင် မော့်သားနှစ်ယောက်က ကျွန်တော့်ထံရောက်လာသည်။ သူတို့၏ အဆွယ်အပွားဖြစ်ဟန်တူသောလူတချို့ပါ လိုက်ပါလာကြသည်။ ပြဿနာရှင်နှစ်ယောက်စလုံးကို ကျွန်တော်သိသည်။ တစ်ယောက် ဖျာပုံသား မောင်ညွန့်ဆိုသူဖြစ်ပြီး ကျန်တစ်ယောက်မှာ ပဲခူးသား ခင်မောင်စိုးဆိုသူ ဖြစ်သည်။ သူတို့

က ကိုယ်စီ မျက်နှာများတင်းမာလျက်ရှိကြပြီး အသီးသီးရန်စောင်နေကြသည်။

ကျွန်တော်က မေးခွန်းထုတ်လိုက်သည်။

"ကဲ - မင်းတို့ ဘာဖြစ်လာကြသလဲ"

ထိုအခါ ခင်မောင်စိုးက စပြောသည်။

"ဒီကောင် ကျွန်တော့်ကိုစော်ကားတယ် ဥက္ကဋ္ဌ။ ကျွန်တော့်အိမ်ခေါင်းရင်းက ဘုရားဆောင်အောက်တည့်တည့်မှာ အမှိုက်တွေလာပုံတယ်။ အမှိုက်တွေထဲမှာ ကလေးချေးထုပ်တွေ၊ ထဘီစုတ်တွေပါပါတယ်"

"ဟုတ်လား မောင်ညွှန့်၊ ဘာလို့ဒီလိုလုပ်ရသလဲ။ အမှိုက်ကို ကမ်းပါးအောက်ရောက်အောင်သွန်ချလည်းရနေတာပဲ။ ဘာလို့သူ့အိမ်ခေါင်းရင်းသွားပုံရတာလဲ"

ကျွန်တော်က ခင်မောင်စိုး စကားစလာကတည်းက သူ့အိမ်အနေအထားကို မျက်စိထဲမြင်ယောင်မိပြီး ဖြစ်သည်။ ခင်မောင်စိုးအိမ်က ကမ်းပါးစွန်း၌တည်ရှိသည်။ ကမ်းပါးအောက်တွင် အမှိုက်ပုံရှိသည်။ အမှိုက်ပစ်သူများက ထိုကမ်းပါးစွန်းမှပင် အောက်သို့သွန်ချလေ့ရှိကြပါသည်။

မောင်ညွှန့်အသံကပေါ်လာသည်။

"ဟုတ်တယ် ဥက္ကဋ္ဌ၊ ဖြစ်ချင်ရာဖြစ်ဆိုပြီး ကျွန်တော် တမင်လုပ်လိုက်တာပဲ။ ဒီကောင် ကျွန်တော့်ကို အရင်ကျူးကျော်ထားလို့ ကျွန်တော်က ပြန်လက်စားချေလိုက်တာပဲ"

"ဟင်"

ကျွန်တော်အံ့အားသင့်သွားသည်။ အနီးရှိ ဦးဟန်တင့်နှင့်ပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြ၏။

"ကဲ - ပြောပါဦး၊ မင်းက ဘာလို့လက်စားချေရတာလဲ"

"ဒီကောင် ကျွန်တော့်အိမ်ခေါင်းရင်းမှာ လာလာပြီးသေးပေါက်တယ် ဥက္ကဋ္ဌ။ ပြောရရင် ဒီကောင်တင်မကဘူး၊ သူ့အိမ်သားတွေပါလာပြီးသေးပေါက်ကြတယ်။ ကျွန်တော်က ကျွန်တော့်ဘုရားဆောင်ကို အမြဲတမ်း ကျက်သရေရှိအောင်ပြင်ဆင်ထားတာ။ အမွှေးနံ့သာတွေနဲ့လည်း အမြဲတမ်းပူဇော်ထားတာ။ ခုတော့ ကျွန်တော့်ဘုရားဆောင်မှာက သေးနံ့တွေထောင်းနေတာပဲ။ ဒီကောင်တွေ လူလိုမသိလို့ ဒီလိုလုပ်တာ။ ဒါကြောင့် အကြောင်းသိသွားအောင် ကျွန်တော်က သူ့ဘုရားဆောင်အောက်အမှိုက်သွားပြန်ပစ်လိုက်တာပဲ"

ဖြစ်မှဖြစ်ရလေ။ ကျွန်တော့်မျက်ခုံးနှစ်ဖက် အလိုလိုမြင့်တက်သွားရသည်။ မောင်ညွှန့်၏ စကားကြောင့် ဦးဟန်တင့်ပါ ခပ်ပြုံးပြုံးဖြစ်သွားသည်။ ခင်မောင်စိုးက မောင်ညွှန့်ကို ဆောင့်ကြီးအောင့်ကြီးဝင်ရန်တွေ့သည်။

"ငါတို့သေးပေါက်တာက ငါတို့အိမ်နောက်ဖေးမှာပေါက်တာပဲ။ မင်းတို့အိမ်ထရံဘေးမှာကပ်ပေါက်တာမှမဟုတ်ဘဲ"

"မင်းကအိမ်နောက်ဖေးဆိုပေမယ့် မင်းသေးပေါက်တဲ့နေရာက ငါ့အိမ်ခေါင်းရင်းကွ။ ဒီနေရာကလာတဲ့သေးနံ့ကို ငါ့အိမ်ကမှမနံရင် ဘယ်သူကနံဦးမှာလဲ"

"ငါ့အိမ်ပတ်ပတ်လည်မှာ တခြားအိမ်တွေနဲ့ဝိုင်းနေတာ မင်းမမြင်ဖူးလား။ သေးပေါက်စရာ ဒီတစ်နေရာပဲရှိတယ်။ ဒီနေရာမှာမှမပေါက်ရရင် ဘယ်နေရာသွားပေါက်ရမလဲ"

ကျွန်တော် နားလည်လိုက်ပြီ။ မောင်ညွှန့်ဒုက္ခကို နားလည်လိုက်ပြီ ဖြစ်သလို ခင်မောင်စိုး၏ အခက်အခဲကိုလည်း ကျွန်တော် သဘောပေါက်လိုက်ပြီ။ သူတို့နှစ်ယောက်က ရရှိသည့် မြေနေရာကျဉ်းကျဉ်းလေးပေါ်တွင် ခြေရင်းခေါင်းရင်း အိမ်ဆောက်ထားကြခြင်း ဖြစ်သည်။ ခင်မောင်စိုးက အထက်ပိုင်း၊ မောင်ညွှန့်က အောက်ပိုင်း။ သည်တော့ ခင်မောင်စိုးတို့က မိမိတို့အိမ်နောက်ဖေးမှာ အပေါ့စွန့်သည်ဆိုသော်ငြား မောင်ညွှန့်နေရာကကြည့်ပြန်တော့ ထိုနေရာက သူ့အိမ်ဦးကြီးဖြစ်နေသည်။ ထို့အပြင် တဲတစ်တဲနှင့်တစ်တဲကြားတွင် ကြားမြေဟူ၍ အနည်းငယ်မျှသာရှိရာ ခင်မောင်စိုးတို့၏ကျင်ငယ်အနံ့ကို မောင်ညွှန့်တို့က လှိုင်လှိုင်ကြီးရှူရှိုက်နေရသည်ဟုဆိုသည်မှာလည်း အမှန်ပြောသည့်စကားဖြစ်လောက်သည်။

တစ်ဖန် ခင်မောင်စိုးနေရာက နေကြည့်ပြန်တော့လည်း သူ့အတွက် အခက်အခဲတစ်ခုပင်။ မော်ရပ်ကွက်တွေက အိမ်တွေနှင့်ချည်းကျပ်သပ်ပြွတ်သိပ်နေသည်။ အိမ်သာတွေကို ကိုက် (၃၀၀) ခန့်အကွာ တောတန်းထဲမှာစီတန်းပြီး ဆောက်လုပ်ထားကြရသည်။ အိမ်သာတက်ချင်လာလျှင် ရေဘူးကလေးတွေကိုင်ပြီးတကူးတကသွားတက်ကြရသည်။ ဆိုတော့ကာ ကျင်ကြီးအတွက်ကတော့ထားပါ။ ကျင်ငယ်အတွက်မူ နီးရာနေရာမှာပင် အသာကပ်ရပ်ပြီးသွားမိစွန့်မိကြမည်ပင်။ ခင်မောင်စိုးအိမ်ဦးတွင် ချိုင့်ဝှမ်းတစ်ခုရှိသည်။ ထိုချိုင့်ဝှမ်းထဲမှာလည်း အိမ်တွေနှင့်ပြွတ်သိပ်နေသည်။ အိမ်တွေဝိုင်းနေသည့်အနေအထားမျိုးမှာ အပေါ့စွန့်ရေးကိစ္စကလည်း အခက်အခဲတစ်ခုပင်။ အမှိုက်ပစ်သူတွေက ခင်မောင်စိုးအိမ်ခေါင်းရင်းရှိ ကမ်းပါးယံထိပ်မှသည် ချိုင့်ဝှမ်းအောက်ခြေသို့ အမှိုက်လာသွန်လေ့ရှိကြသည်။ တချို့က အမှိုက်ကိုအောက်သို့ရောက်အောင်သွန်ကြသည်။ တချို့လည်း ကုန်းထိပ်နားမှာတင် အမှိုက်ကိုဖြစ်သလိုပုံသွားကောင်းပုံသွားမည်။ ယခု မောင်ညွှန့်ကတော့ လက်စားချေသည့်အနေဖြင့် တမင်တကာကို အမှိုက်ပုံခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံလိုက်သလို ဘာကြောင့် ထိုသို့လုပ်ရကြောင်းကိုလည်း အပြတ်ပြောသွားခဲ့လေပြီ။

အမှုက ကြီးကြီးကျယ်ကျယ်ခက်ခက်ခဲခဲအမှုမျိုးကားမဟုတ်။ မဟုတ်သည့်ပြင် 'ငိုအားထက်ရယ်အားသန်' ဆိုသလိုပင် ဖြစ်စရာကောင်းနေသည်။ မည်သို့ဆိုစေ ကျွန်တော်က လူကြီးဆိုတော့လည်း ဖြစ်သင့်ဖြစ်ထိုက်တာကိုသာ ဆုံးဖြတ်ပေးရတော့မည်။

မျက်နှာထားတည်တည်နှင့်ပင် နှစ်ယောက်စလုံးကိုပြောလိုက်သည်။

"မင်းတို့က ပြဿနာမရှိပြဿနာရှာဆိုသလိုပဲကွ။ ကိုင်း - ငါအခုပြောလိုက်မယ်။ ခင်မောင်စိုးကလည်း မောင်ညွှန့်ရဲ့ အိမ်ခေါင်းရင်းမှာသွားပြီး အပေါ့မသွားနဲ့။ သွားချင်ရင် ဒီပြင်နေရာမှာသွား။ ကမ်းပါးကိုပဲ နည်းနည်းပါးပါးဖြိုချပြီး အပေါ့သွားဖို့ခြံလေးဘာလေးလုပ်သင့်လည်းလုပ်ပေါ့။ မောင်ညွှန့်ကလည်း နောက်ကိုဒါမျိုးမလုပ်နဲ့။ မင်းပစ်ထားခဲ့တဲ့အမှိုက်တွေကိုလည်း အခုပြန်သွားသိမ်းပေးလိုက်။ ငါပြောတဲ့အတိုင်း ကျေအေးပြီး ကိုယ့်အိမ်ကိုယ်ပြန်ကြ"

ကျွန်တော်က ခပ်ပြတ်ပြတ်ပြောလိုက်သည်။ ကာယကံရှင်နှစ်ယောက်က ဘာမှစကားမပြန်ပေ။ အခြားသူများကလည်း ငြိမ်သက်နေကြသည်။

ထိုအခိုက် ကျွန်တော့်တဲထဲသို့ လူသစ်နှစ်ယောက် ထပ်မံရောက်ရှိလာကြပြန်သည်။ တစ်ယောက်က အရှေ့ဘက်နားတွင်နေသည့် ကိုသန်းဦး ဖြစ်သည်။ ကျန်တစ်ယောက်ကိုကား ကျွန်တော် မသိပေ။ ကျွန်တော်က မော့ကြည့်ပြီး -

"ဘာကိစ္စလဲ ကိုသန်းဦး"

ဟု လှမ်းမေးလိုက်ရာ ကိုသန်းဦးက -

"ညှိစရာရှိလာတိုင်တာပါဥက္ကဋ္ဌ။ ကျွန်တော့်ယောက္ခမရောက်လာလို့ပါ"

ဟု ပြန်ပြောသည်။ သူ့ယောက္ခမဖြစ်တန်တူသော သူ့ဘေးကလူကိုလည်း လက်ညှိုးထိုးပြသည်။

ကျွန်တော်က -

“ခဏာထိုင်ကြဦး”

ဟု ပြန်ပြောလိုက်ရာ သူတို့က နောက်ဘက်ခပ်ကျကျနေရာလောက်တွင် ဝင်ထိုင်ကြသည်။

ထိုအချိန်မှာပင် ကျွန်တော့်မိတ်ဆွေဦးဟန်တင့်က ချောင်းတစ်ချက်၊ နှစ်ချက်ဟန့်ကာ ဝင်စကားပြောလိုက်သည်။

“ကြုံတုန်းကြုံခိုက် အားလုံးကို ကျွန်တော် ဗဟုသုတလေးဖြန့်ဖြူးပေးပါရစေ။ စောစောကပြဿနာကို ဥက္ကဋ္ဌကလည်း ဖြေရှင်းပေးပြီးသွားပါပြီ။ ကျွန်တော်ကတော့ စကားလက်ဆောင်သဘောမျိုး အဆစ်ကလေးထပ်ထည့်ပေးလိုက်ချင်တဲ့သဘောပါ။

ဒီလိုဗျ။ ကိုခင်မောင်စိုးနဲ့ကိုမောင်ညွန့်တို့ဖြစ်ကြတဲ့ပြဿနာက ဖြစ်တောင့်ဖြစ်ခဲပြဿနာမျိုးလားဆိုတော့ မဟုတ်ပါဘူး။ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပြဿနာမျိုးပါ။ ဒါပေမယ့် ဖြစ်သင့်ဖြစ်ထိုက်တဲ့ ပြဿနာမျိုးလားဆိုတော့လည်း မဟုတ်ပြန်ဘူးခင်ဗျ။ လုံးဝမဖြစ်သင့်မဖြစ်ထိုက်တဲ့ပြဿနာမျိုးပါ။ တကယ်တမ်းတော့ နှစ်ယောက်စလုံးဟာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်တဲ့သူတွေချည်းပဲ။ ဗုဒ္ဓမြတ်ဘုရားကို ရိုသေလေးမြတ်ကြတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။ ဒီလိုအခြေခံအချက်မှာ တူညီနေကြပါလျက် ဘာကြောင့်အခုလိုမျိုး ပြဿနာပေါ်ရသလဲဆိုတော့ နှစ်ယောက်စလုံးမှာ ကိုယ်ကျိုးကြည့်ဝါဒတို့ အတ္တဆန္ဒတို့ဆိုတဲ့မောဟဖုံးလွှမ်းခြင်းတို့ ခံနေကြရလို့ပဲ ခင်ဗျ။

စဉ်းစားကြည့်ကြပေါ့ဗျာ။ ကိုယ့်ဘုရားဆောင်ထိပ်မှာ သူအပေါ့လာစွန့်တော့ သူ့ဘုရားဆောင်အောက်မှာ ကိုယ်အမှိုက်သွားပြန်ပစ်လိုက်တာဟာ ဘာသဘောလဲ။ ကိုယ်အထွတ်အမြတ်ထားတဲ့နေရာကိုလာထိခိုက်တော့ သူအထွတ်အမြတ်ထားတဲ့နေရာကို ပြန်တိုက်ခိုက်လိုက်တဲ့သဘောပဲ မဟုတ်ဘူးလား။ တစ်နည်းအားဖြင့် ငါ့ဘုရားဆောင်ကို မင်းကမရှိသေရင် မင်းဘုရားဆောင်ကိုလည်း ငါကမရှိသေဘူးကွာ။ မင်းလုပ်သလို ငါပြန်လုပ်မယ်ဆိုတဲ့သဘောမျိုးပဲ မဟုတ်ဘူးလား”

ဦးဟန်တင့်က မျက်နှာခပ်ပြုံးပြုံး၊ လေသံအေးအေးနှင့် ဟောပြောနေရာ အားလုံးက စိတ်ဝင်တစားနားစိုက်နေမိကြသည်။

“ဒီတော့ ဒါဟာ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုမျိုးဖြစ်နေတာမို့ ရယ်စရာကြီးတစ်ခုဖြစ်မနေဘူးလား။ အရင်းစစ်လိုက်တော့ သူ့ဘုရားနဲ့ ငါ့ဘုရားက အတူတူပဲ။ သူကိုးကွယ်တာနဲ့ ကိုယ်ကိုးကွယ်တာ အတူတူပဲ။ ဒီအပေါ်မှာပဲ အတ္တစိတ်ကို ရှေ့တန်းတင်ပြီး ကိုယ်ကျိုးကိုဦးစားပေးလိုက်မိတော့ မောဟတွေဖုံးလွှမ်းခံရပြီး အမြင်တွေမှောက်မှားကုန်ကြတယ်။ ဒီသာသနာဟာ အားလုံးပိုင်ဆိုင်တဲ့သာသနာပဲဆိုတာ မေ့ပျောက်သွားတယ်။ ကိုယ်က သူ့ကိုသွားလုပ်လည်း ကိုယ်အမြတ်မရဘူး။ သူကကိုယ့်ကိုလာလုပ်လည်း သူအကျိုးမရှိဘူး။ ကိုယ့်တပ်ကိုကိုယ်ပြန်နင်းမိတာနဲ့အတူတူပဲဖြစ်တာမို့ အများပိုင် သာသနာသည်သာလျှင် ကြားချောင်ထိခိုက်ရတယ်၊ နစ်နာရတယ်ဆိုတဲ့အထိ သူတို့မှာမြင်နိုင်စွမ်းမရှိကြတော့ဘူး။

ဖြစ်သင့်တာက ကိုခင်မောင်စိုးအနေနဲ့လည်း သတိလေးထားရင် ပိုကောင်းတာပေါ့။ ကိုယ့်အိမ်နောက်ဖေးဟာ သူ့အတွက် အိမ်ခေါင်းရင်းဖြစ်နေတာမို့ ဘုရားရှင်ကို ရိုသေသမှုနဲ့ ဒီနေရာမှာ အပေါ့သွားလို့မသင့်ဘူးဆိုတဲ့ သတိလေးဝင်မိရင် ပိုကောင်းတာပေါ့။ ခုနက ဥက္ကဋ္ဌဆုံးဖြတ်ပေးလိုက်သလို ဒီပြင်တစ်နေရာရာမှာပဲ အပေါ့စွန့်စရာနေရာလေးကို မဖြစ်ဖြစ်အောင် ဖန်တီးလိုက်တာမျိုးလိုပေါ့။ တစ်ခါ ကိုမောင်ညွန့်အနေနဲ့ ခုလို လက်တုံ့ပြန်လိုက်ပုံမျိုးကတော်တော်အရုပ်ဆိုးတယ်။ အမှန်ဖြစ်သင့်တာက ကိုခင်မောင်စိုးရဲ့အခက်အခဲကိုလည်းနားလည်ပေးရင်း နှစ်ဦးနှစ်ဖက် ဒီကိစ္စကို ပွင့်ပွင့်လင်းလင်း ပြေပြေလည်လည် ပြောဆိုဆွေးနွေး အဖြေရှာတာမျိုးပဲဖြစ်သင့်တယ်။ ဒီနေရာမှာ ကျွန်တော်ကိုယ်တိုင်ကြုံခဲ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုကို အခုကိစ္စနဲ့တိုက်ဆိုင်နေတာမို့ ပြန်ပြောပြလိုက်ပါဦးမယ်”

ဦးဟန်တင့်က စကားဖြတ်ပြီး ပရိသတ်ကို တစ်ချက်ဝေ့ကြည့်သည်။ စိတ်ဝင်တစားရှိနေကြမှန်း တွေ့ရလျှင် ဆက်ပြောပါသည်။

“ဒီလိုဗျ၊ ကျွန်တော်တို့ခပ်ငယ်ငယ်အရွယ်လောက်တုန်းကပေါ့။ ကျွန်တော်တို့နယ်ဘက်မှာ ကိုးတောင်ပြည့်ဘုရားတွေအပြိုင်အဆိုင်တည်ကြတဲ့ခေလ့ပေါ်ခဲ့ဖူးတယ်။ အချိန်က စစ်ကြီးပြီးခါနီးပေါ့။ ဘယ်သူက ဟောထုတ်လိုက်တယ်မသိပါဘူး။ ကပ်ကြီးသုံးပါးနောက်ထပ်ပြန်ကျော့မလာနိုင်အောင် ရွာတိုင်းရွာတိုင်းမှာ ကိုးတောင်ပြည့်ဘုရားတွေတည်ပြီး တားဆီးရမယ်၊ ကာကွယ်ရမယ် ဆိုတဲ့ အယူအဆ။

ဒါနဲ့ တစ်နယ်လုံး ဒီကိစ္စ စိုင်းပြင်းကြတယ်ဆိုပါတော့။ ရွာတိုင်းလိုလို ကိုးတောင်ပြည့်ဘုရားတွေတည်ကြတယ်။ တည်တာကကိစ္စမရှိပါဘူး။ ဘုရားတည်တယ်ဆိုတာ ကောင်းတဲ့အလုပ်ပဲ။ ခက်တာက ကောင်းတာလုပ်နေရင်းကကို အပြစ်တွေ၊ ဒုစရိုက်တွေရောပါလာတာကိုပြောချင်တာပါ။ ခုနကလို ဘုရားတွေ တည်ကြတယ်။ တည်တော့ သူ့ရွာငါ့ရွာအပြိုင်အဆိုင်တည်ကြတယ်။ ပန်းရန်သမားတွေကအစ ဘုရားတည်တဲ့သူတွေကလည်း အစွမ်းကုန် လက်စွမ်းပြပြီး တည်ကြတယ်။

တည်နေရင်းမှာပဲ လူတွေက သူ့ရွာငါ့ရွာ အပြန်အလှန်သွားလာလည်ပတ်ကြရင်းက ဘုရားတည်နေတာကို မသိမသာအကဲခတ်ကြတယ်။ ပြီးတော့ ဝေဖန်ကြတယ်၊ သူတို့ဘုရားက တို့ဘုရားလောက် မလှဘူးတို့ဘာတို့ပေါ့။ သူတို့ဘုရားနားရွက်က ဘယ်လိုကြီးလည်းမသိဘူး။ နှာခေါင်းကတော့ ဘာကြီးနဲ့တူတယ်တို့ဘာတို့ပေါ့။ အဲဒါနဲ့ပဲ ဘုရားတွေလည်းတည်ပြီးသွားရော ဘုရားပြိုင်ပွဲက ပိုပြင်းထန်လာတယ်။ တီးတိုးဝေဖန်ကြတာမျိုးမဟုတ်တော့ဘဲ တစ်ရွာသားနဲ့ တစ်ရွာသား ပေါ်တင်စကားနိုင်လုတာမျိုးတွေအထိ ဖြစ်လာတယ်။ နောက်ဆုံး သူနိုင်ငါနိုင် စကားနိုင်ပြောကြရင်း လူတွေဘယ်လောက်တောင် ရိုင်းပျသွားသလဲဆိုတော့ ‘ဟေ့- မင်းတို့ဘုရားလှတယ်ဆိုတာ တို့ဘုရားအိပ်နေသလောက်ပဲရှိသေးတယ်’၊ ‘မင်းတို့ဘုရားခံ့ညားတယ်ဆိုတာ တို့ဘုရားသုံးရက်လောက် ရေမချိုးဘဲနေသလောက်ရှိသေးတယ်’ အစရှိတဲ့ ရိုင်းစိုင်းတဲ့ စကားတွေနဲ့ ပြောဆိုပြိုင်ဆိုင်လာကြတဲ့ အထိဖြစ်လာတယ်။ ပြောတာကတော့ ဒီထက်အများကြီးရိုင်းစိုင်းတဲ့စကားတွေနဲ့တောင်ပြောဆိုကြတာပါ။ သူတို့စကားအတိုင်းပြန်ပြောရမှာကို နှုတ်မဝံ့လွန်းလို့ ကျွန်တော်က ဒီလောက်ပဲ ဥပမာပေးပြီး ပြောလိုက်ရတာပါ။

နောက်ဆုံး သူတို့ဘုရားပြိုင်ပွဲက တဖြည်းဖြည်းပိုဆိုးလာတော့ လူကြီးတွေဝင်ပါရတဲ့အထိဖြစ်လာတယ်။ လူကြီးတွေက ‘ဟေ့ဟေ့ - မင်းတို့ဒီလိုမပြောကြနဲ့။ ဒါဟာ ပြိုင်စရာကိစ္စလည်းမဟုတ်ဘူး။ ဘုရားဟာ ဘုရားပဲ။ သူ့ရွာဘုရား

လည်း တို့ဘုရားပဲ။ တို့ရွာဘုရားလည်း သူတို့ဘုရားပဲ။ မင်းတို့ဟာက သူ့နယ် ကိုယ့်နယ်အစွဲအလမ်းတွေနဲ့ သူ့ဘုရားငါ့ဘုရားခွဲခြားနေကြတာကိုး။ ဘယ်သူက ဘယ်သူ့ကိုပဲပြောပြော ဘုရားနဲ့ပတ်သက်ပြီး မဖွယ်မရာမရိုမသေပြောဆိုလုပ်ကိုင်မိရင် အားလုံးမှာ အပြစ်ရှိတာချည်းပဲ။ ဝစီဘေဒထိတိုင်းရှကြလိမ့်မနေ’ ဆိုပြီး မြည်တွန်တားဆီးကြရတယ်။ ဒီတော့မှ လူငယ်တွေကလည်း သတိတွေဘာတွေ ပြန်ဝင်ပြီး ရပ်တန်းကရပ်လိုက်ကြတော့ တယ်။

အဲဒီ ဖြစ်စဉ်ကလေးလိုပေါ့ဗျာ။ ပက်လက်လှန်ပြီးတွေးမထွေးမိအောင် ကျွန်တော်တို့ စောင့်ထိန်းသင့်တာပေါ့။ တကယ်တမ်းဆို ကိုမောင်ညွန့်တို့၊ ကိုခင်မောင်စိုးတို့ထက်အများကြီးဆိုးတဲ့ သာဓကတွေတောင် သာသနာတော်မှာ အများကြီးရှိပါတယ်။ အပြိုင်အဆိုင် သာသနာပြုကြရာက ကိုယ့်ထက်သာမနာလိုတဲ့စိတ်တွေမွေး၊ ဣဿာမစ္ဆရိယစိတ်တွေပွားပြီး ရန်ပွဲတိုက်ပွဲတွေဖြစ်နေကြတာအများကြီးရှိတယ်။ တစ်ယောက်နဲ့ တစ်ယောက် အကျိုးယုတ်အောင်၊ ပျက်စီးအောင်လုပ်နေတာတွေ အများကြီးရှိပါတယ်။ ဒီလိုလုပ်တဲ့အတွက် တကယ်ထိခိုက်တာက သာသနာတော်ပဲ ဆိုတာ သိသိကြီးနဲ့ကို အသိခေါက်ခက် အဝင်နက်နေတဲ့သူတွေ အများကြီးရှိပါ တယ်။ အဲဒီတော့ သာသနာတော်နဲ့ ပတ်သက်ရင် အသေးအဖွဲ့ဆိုပြီးတော့လည်း မထီမဲ့မြင်မလုပ်သင့်ပါဘူး။ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို ကိုယ့်အတွက်နဲ့ ဘယ်တော့မှမညစ်နွမ်းစေရဘူး၊ တန်ဖိုးမလျှော့စေရဘူးဆိုတဲ့ စိတ်ထားမျိုးကို အားလုံး မွေးမြူကြဖို့လိုတဲ့အကြောင်း ကျွန်တော်ပြောလိုခြင်းပဲ ဖြစ်ပါတယ်”

ဦးဟန်တင့်က စကားကိုအဆုံး သတ်လိုက်သည်။

ပရိသတ်ကနှစ်ခြိုက်သွားကြသည်။ မောင်ညွန့်တို့ ခင်မောင်စိုးတို့ကိုယ်တိုင် ပြုံးဖျော့ဖျော့မျက်နှာမျိုးဖြင့် ရှက်နိုးနေကြသည်။ ထို့နောက် သူတို့က သူတို့အပေါင်းအဖော်များနှင့်အတူ ကျွန်တော်တို့ရှေ့မှနေ အသာထပြန်သွားကြတော့ သည်။ ကိစ္စတစ်ခုတော့ ပြီးသွားပြီ။ ထို့ကြောင့် နောက်တစ်ဦးကို အလှည့်ပေးရသည်။ ကျွန်တော်က ဧည့်စာရင်းမှတ်ပုံတင်စာအုပ်ကိုလှမ်းယူပြီး ကိုသန်းဦး၏ ဧည့်သည်အားစာရင်းသွင်းပေးလိုက် သည်။ ဧည့်တိုင်စာဖြတ်ပိုင်းကိုလည်း လှမ်းပေးလိုက်သည်။

ဤတွင် ကိုသန်းဦးက မိမိကိစ္စပြီး သွားသော်လည်း ထပြန်သွားခြင်းမရှိသေးဘဲ ဆက်ထိုင်နေသည်။ ပြီးတော့ ရယ်ကျဲကျဲဖြစ်နေသည့်မျက်နှာပေးဖြင့် ဦးဟန်တင့်ကိုကြည့်ကာ စကားစလာ သည်။

“အတော်ပဲ ခင်ဗျ၊ -စောစောက မောင်ညွန့်တို့ကိစ္စနဲ့ပတ်သက်ပြီး ဒီက ဦးမင်း ရှင်းပြပြောပြသွားတာတွေဟာ တော်တော်အဆင်ပြေပါတယ်။ ဗဟုသုတရပြီး အကျိုးလည်းရှိပါတယ်။ အခု ကျွန်တော့်အိမ်မှာလည်း ဒီလိုပြဿနာမျိုးနဲ့ ခပ်ဆင်ဆင်အမှုတစ်ခုတက်နေ တယ်ခင်ဗျ။ အဲဒါ ကြုံတုန်းကလေးမှာ စကားလက်ဆောင်သဘောမျိုး ခွဲခြားရှင်းလင်းပေးပါဦးလို့ ကျွန်တော်က ပန်ကြားချင်လို့ပါ”

ကျွန်တော်နှင့် ဦးဟန်တင့်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့် မိကြပြန်သည်။ ဦးဟန်တင့်က ကိုသန်းဦးကို တလေးတစားပင် ခေါင်းညိတ်ပြ လိုက်သည်။

“ပြောပါ ပြောပါ၊ ပွင့်ပွင့်လင်းလင်းပြောပါ။ ကျွန်တော်တတ်နိုင်တာဆိုရင် ဘာမဆိုကူညီဖို့အသင့်ပါ”

“ဟုတ်ကဲ့ - ကျေးဇူးပါ ဦး။ ဒီလို ခင်ဗျ၊ ကျွန်တော်က အခုဒီမှာ ရေနံလာတူးနေတယ်ပေါ့လေ။ ကျွန်တော့်မိန်းမနဲ့ သားသမီးတွေကတော့ ဒီကိုပါမလာဘူး ခင်ဗျ။ သူတို့ကတော့ မကွေးကအိမ်မှာပဲ ကျန်နေခဲ့ပါတယ်။ ကျွန်တော်ပြဿနာက ကျွန်တော့်အိမ်မှာပဲဖြစ်တဲ့ပြဿနာ။ တစ်နည်းအားဖြင့်တော့ ကျွန်တော်နဲ့ ကျွန်တော့်မိန်းမကြားမှာ မကြာမကြာ ဆိုသလို တကျက်ကျက်ဖြစ်နေရတဲ့ ပြဿနာခင်ဗျ။ တည့်တည့်ပြောရရင် တော့ စောစောက မောင်ညွန့်တို့ဖြစ်သွားတဲ့ပြဿနာက ‘သူ့ဘုရား၊ ငါ့ဘုရား’ ပြဿနာဖြစ်ပြီး ကျွန်တော်တို့လင်မယားရဲ့ ပြဿနာကတော့ ‘သူ့ဘုန်းကြီး၊ ငါ့ဘုန်းကြီးပြဿနာ’ လို့ပဲ ပြောချင်ပါ တယ်”

ကျွန်တော် မျက်စိကျယ်သွားသလို ဦးဟန်တင့်ကလည်း ခပ်ပြုံးပြုံးဖြစ် သွားသည်။

“ဒီလိုပါ ခင်ဗျ၊ ကျွန်တော့်မိန်းမ ကိုးကွယ်တဲ့ဘုန်းကြီးကို ကျွန်တော်က ဘယ်လိုမှမကြည်ညိုနိုင်ဘဲဖြစ်နေတယ်။ ဘာကြောင့်မကြည်ညိုနိုင်သလဲဆိုတော့ သူ့ဘုန်းကြီးက ပယောဂဘုန်းကြီး ခင်ဗျ။ ဝိဇ္ဇာဂိုဏ်းကလိုလိုဘာလိုလိုနဲ့ ဆေးတွေဘာတွေလည်းကိုင်တယ်လို့ဆိုပါတယ်။ ဒီတော့ ဒါဟာ ဂန္ဓာရီလိုင်းတွေပဲဖြစ် တယ်။ ရဟန်းသိက္ခာနဲ့မညီညွတ်ဘူးဆိုပြီး ကျွန်တော်က သဘောမကျဘူး။ သဘောမကျတဲ့အတိုင်း မိန်းမကိုလည်း ပြောတယ်။ ပြောပေမယ့် မိန်းမက လက်မခံဘူး၊ ကိုးကွယ်မြဲကိုးကွယ်တယ်။ အိမ်ကိုလည်း ပင့်မြဲပင့်တယ်။ ဒီတော့ အဲဒီဘုန်းကြီး အိမ်ပေါ်တက်လာတာ မြင်တာနဲ့ ကျွန်တော်က တခြားနေရာကို ထွက်သွားလိုက်တော့တာပဲ။

နောက်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့လင်မယားနှစ်ယောက် မကြာခဏ စကားများကြရပါတယ်။ သူ့ကို ကျွန်တော်က ဝေဖန်သလို သူကလည်း ကျွန်တော့်ကိုပြန်ပြီး ဝေဖန်တာတွေရှိလာပါတယ်။ ကျွန်တော့်မှာ ကျွန်တော် ကြည်ညိုတဲ့ ဆရာတော် တစ်ပါးရှိတယ်။ ဘွဲ့ကိုတော့ မပြောလိုတော့ပါဘူး။ အဲဒီဆရာတော်ကို ကျွန်တော်က ကြည်ညိုလွန်းလို့ အိမ်မှာ ပင့်ပြီး မကြာမကြာ ဆွမ်းလုပ်ကျွေးတာမျိုးလည်းရှိပါ တယ်။ အဲဒီဆရာတော်က တရားဟောကောင်းတယ်။ သူ့တရားပွဲကို ကျွန်တော်က လက်လွှတ်မခံဘဲ တရားသွားနာလေ့ရှိပါတယ်။ အဲဒါ ကျွန်တော့်မိန်းမက ဘာပြောသလဲဆိုတော့ ရှင်ကတဲ့၊ ကျွန်မတို့သာ ဝေဖန်နေတာတဲ့။ ရှင်ကျတော့ ကောဘာထူးသလဲတဲ့။ ရှင့်ကိုယ်တော်တရားဟောပုံက ဝိနည်းနဲ့ မညီညွတ်ဘူးတဲ့။ တရားဆိုတာ အသံနဲ့မဟောရဘူးတဲ့။ အသံနဲ့ဟောရင် အပြစ်ဖြစ်တယ်တဲ့။ အဲသလို ပြန်ပြီးဝေဖန်ပါတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်တို့အကြားမှာ သူ့ဘုန်းကြီးငါ့ဘုန်းကြီး ပြဿနာကဝင်လာရတော့တာပါပဲ”

“တရားဟောတယ်ဆိုတာ အသံနဲ့ပဲဟောရတာမဟုတ်လား။ အသံနဲ့ မဟောလို့ ဘာနဲ့သွားဟောမလဲ”

ကျွန်တော်က ဖြတ်ပြောလိုက်မိခြင်းဖြစ်သည်။

ထိုအခါ ဦးဟန်တင့်က ကျွန်တော့်ပေါင်ကို တစ်ချက်ပုတ်ကာရှင်းပြသည်။

“ဒီလိုပါ ဦးကျော်ငြိမ်းရ၊ အသံနဲ့ဟောတယ်၊ မဟောဘူးဆိုတာက ဒီလိုပါ။ သူ့မိန်းမပြောတာ မှန်ပါတယ်။ တရားကို ပုံမှန်စကားပြောသလိုမျိုးပဲ တည်တည်တံ့တံ့ ခံ့ခံ့ညားညားဟောရမယ်။ အသံထည့်ပြီး သံတိုသံရှည်တွေဆွဲပြီး ဂီတသံ၊ သဘင်သံပေါက်အောင် မဟောရဘူး၊ မပြောရဘူးဆိုတဲ့ ဝိနည်းပညတ်ချက်ရှိတယ်။ နောက်တစ်ခုက သီချင်းကိုသာ တရားလုပ်ပြီး ဟောချင်

ဟောနိုင်တယ်။ တရားကို သီချင်းလုပ်ပြီး မဟောရဘူးဆိုတဲ့ ပညတ်ချက်လည်းရှိတယ်။ ဆိုလိုတာကတော့ သီချင်းတွေမှာပါတဲ့ အကြောင်းအရာတွေကို သံဝေဂ ဉာဏ်နဲ့ယှဉ်ပြီး တရားယူဟောတာမျိုးဆိုရင် လုပ်ကောင်းတယ်။ ဘုရားစာ တရားစာတွေကို သီချင်းလိုလို၊ ငိုချင်းလိုလို အသံပိုတွေထည့်ဟောတာမျိုး မလုပ်ကောင်းဘူး၊ ဒါကိုပြောတာ။ တရားဟောနေရင်းနဲ့ တရားနာပရိသတ်ကို တီလေသာဘက်ပါအောင် တွန်းပို့သလိုဖြစ်သွားတတ်တာမို့ တားမြစ်ထားရတဲ့ သဘောပါ"

ကျွန်တော် သဘောပေါက်သွားသည်။ ခေါင်းတဆတ်ဆတ်ညိတ်နေမိသည်။

ကိုသန်းဦးက ဦးဟန်တင့်ကိုဝင်မေးသည်။

"ဒီလိုဆို ကျွန်တော့်မိန်းမပြောတာ မှန်တယ်ပေါ့။ သူဝေဖန်တာမှန်တယ်ပေါ့"

"အဲ - ဒီလိုရှိပါတယ် ကိုသန်းဦး။ ခင်ဗျားတို့ကျွန်တော်တို့ရဲ့ သာသနာတော်ကြီးဟာ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ကြည်ညိုစရာကောင်းအောင်၊ နှစ်လိုစရာကောင်းအောင်ဖွဲ့စည်းထားတာပါ။ ဘယ်ပေတံနဲ့လာတိုင်းတိုင်း အတိုင်းခံနိုင်အောင် တည်ဆောက်ထားတာပါ။ ဒီအချက်တွေထဲမှာ ရဟန်းတော်တွေကို လောကီလူသားတွေနဲ့ ဘာမှတူညီမှုမရှိအောင် ခွဲခြားပေးထားတာလည်း တစ်ခုအပါအဝင်ပဲ ဖြစ်ပါတယ်။ အပြုအမူ၊ အကျင့်အကြံ၊ အပြောအဆို အားလုံး လူနဲ့မတူအောင် စည်းခြားပေးထားပါတယ်။ ဒီတော့ ကိုယ့်စည်းနဲ့ကိုယ်နေရင် အန္တရာယ်ကင်းတယ်၊ သိက္ခာရှိတယ်။ ကိုယ့်စည်းနဲ့ကိုယ်မနေရင်တော့ အကြည်ညိုတန်တယ်၊ တန်ဖိုးလျော့တယ်ဆိုတဲ့အဖြစ်ဟာ အထူးပြောနေစရာမလိုတဲ့အချက်ဘဲပေါ့။

ဒီနေရာမှာ ခင်ဗျားကိစ္စကို ခဏထားလိုက်ဦး။ ကြုံလို့ ဥပမာပေးစရာ ဟာသလေးတစ်ခုကိုဖြတ်ပြောလိုက်ရဦးမယ်။ သူ့စည်းကိုယ့်စည်း တိတိကျကျ အပိုင်းခြားခြားမရှိတဲ့အတွက် ကမောက်ကမဖြစ်သွားရပုံကို ဖော်ညွှန်းထားတဲ့ ဟာသဖြစ်ရပ်ကလေး။

တစ်ခါတုန်းကဆိုပါစို့၊ လင်မယားနှစ်ယောက်ဟာ အန္တရာယ်ကင်းဆွမ်းကပ်ချင်လို့ဆိုပြီး ကျောင်းမှာ ဘုန်းကြီးသွားပင့်ကြသတဲ့။ ဒီလင်မယားနှစ်ယောက်မှာ မိန်းမကတော့ မြန်မာပဲ၊ ဗုဒ္ဓဘာသာပဲ။ ယောကျ်ားလုပ်သူကတော့ လူမျိုးခြားတစ်ယောက်ဖြစ်နေတယ်။ သူက မြန်မာလိုလည်း မလည်ဝယ်သလို ဗုဒ္ဓဘာသာနဲ့လည်း မရင်းနှီးတဲ့သူဖြစ်နေတယ်။ ဒါပေမယ့် သူက အိမ်ထောင်ဦးစီးဆိုတော့ ကျောင်းရောက်တာနဲ့ သူကပဲဦးဆောင်ရတာပေါ့လေ။ သူက ဘုန်းကြီးကိုလျှောက်တယ်။ 'ဘုန်းကြီး၊ မနက်ဖြန်တို့အိမ်ကိုလာခဲ့ဦး'။ ဒါကိုကြားတော့ဘုန်းကြီးက မျက်လုံးပြူးသွားတယ်။ ဒါပေမယ့် သဘောတော့ပေါက်ပါတယ်။ လူမျိုးခြားပီပီ ဘုန်းကြီးနဲ့မပြောတတ်မဆိုတတ်လို့ ဒီလိုဖြစ်ရတယ်ဆိုတာ သဘောပေါက်တယ်။ ဒါနဲ့ အသာငြိမ်နေလိုက်တယ်။ အဲဒီလူရဲ့မိန်းမကလည်း မျက်နှာတွေပူပြီးအားတွေနာနေတယ်။ အခုမှတော့ ဘာမှတားလို့မရတော့ဘူး။ လင်လုပ်တဲ့သူက မပြောတတ်မဆိုတတ်နဲ့ လူလယ်ကောင်မှာ စွတ်ပြောနေကုန်ပြီ။

ဘုန်းကြီးကငြိမ်နေတော့ အဲဒီလူက ဘာဆက်ပြောသလဲဆိုတော့ 'မနက်ဖြန် အိမ်လာတာနဲ့ ဘုန်းကြီးကို တို့ထမင်းကျွေးမယ်' ဘုန်းကြီးက ရယ်ချင်လှပြီ။ မနည်းအောင့်ထားရတယ်။ ဒါနဲ့ဟိုလူက 'တို့ထမင်းကျွေးမယ်၊ ထမင်းစားပြီးတာနဲ့ ဘုန်းကြီးသီချင်းဆိုရမယ်' လို့လည်း ဆက်ပြောလိုက်ရော ရယ်လိုက်ကြတာဆို ဘာပြောကောင်းမလဲဗျာ။ ဘုန်းကြီးရော အနီးအနားကပရိသတ်တွေရော အူတက်မတတ်ပေါ့။ တချို့ဆို မျက်ရည်တွေဘာတွေတောင်ယိုလို့"

ဦးဟန်တင့်စကားက ကျွန်တော်တို့ကိုပါ ရယ်မောသွားစေပါသည်။ ထိုလူ၏ ကမောက်ကမရုပ်သွင်ကိုပါ မျက်စိထဲမှာ မြင်ယောင်လိုက်မိစေသည်။ ဦးဟန်တင့်က ခပ်သာသာရယ်ရင်းက ဆက်ပြောသည်။

"အားလုံး ကိုးရိုးကားရားတွေဖြစ်ကုန်တော့တာပဲ။ ကြွပါဆိုတဲ့စကားကို မသုံးတတ်တော့ အိမ်ကိုလာခဲ့ဦးဆိုပြီး ဖြစ်သွားတယ်။ ဆွမ်းကပ်ဆိုတဲ့ဝေါဟာရကိုမသိတော့ ထမင်းကျွေးမယ်ဖြစ်သွားတယ်။ တစ်ခါ တရားချီးမြှင့်ပေးပါလို့ မပြောတတ်တော့ သီချင်းဆိုရမယ်ဆိုပြီး ဖြစ်သွားတော့တာပဲ။ ဒီလူက ဘုန်းကြီးတွေဟောတဲ့ ယပ်လှဲတရားတွေ၊ ဇာတ်ထုပ်တရားတွေကို ကြားခဲ့နာခဲ့ရဖူးဟန်တူပါတယ်။ အဲဒါကိုပဲ တရားနဲ့ သီချင်းမကွဲဘဲ ရောမှတ်ထားလိုက်တာမျိုးပဲဖြစ်မယ်။

ဒီတော့ ဒီဟာသလေးက တကယ့်အဖြစ်အပျက်လည်း ဖြစ်ချင်ဖြစ်မယ်။ လူပြက်တွေ ပြက်လုံးထုတ်သွားတာမျိုးလည်း ဖြစ်ချင်ဖြစ်မယ်။ကျွန်တော်လည်း တစ်နေရာရာက ကြားခဲ့ရဖူးလို့ပြန်ပြောပြတာပါ။ ဘာပဲပြောပြော ဒီအချက်က ဘာကိုပြသွားသလဲဆိုတော့ တရားဆိုတာ စည်းကမ်းအတိုင်းပဲဟောရမယ်။ သဘင်တို့၊ ဂီတတို့နဲ့ မပတ်သက်ရဘူး။ မဆက်နွှယ်ရဘူး။ ပတ်သက်ဆက်နွှယ်ခဲ့ရင် ခုနကလို လူမျိုးခြား၊ ဘာသာခြားတွေမှာပဲဖြစ်ဖြစ်၊ မသိနားမလည်တဲ့ ကလေးသူငယ်တွေနဲ့ ဗဟုသုတနည်းတဲ့ သူတွေမှာပဲဖြစ်ဖြစ် ဘုန်းကြီးလည်း သီချင်းဆိုတယ်၊ သီချင်းဆိုတတ်တယ်ဆိုတဲ့ အသိအမြင်မျိုးဝင်သွားတတ်တယ်ဆိုတာကို ထောက်ပြလိုက်တာပဲဖြစ်တယ်ဗျ။

ဒီတော့ဗျာ၊ စည်းတွေဘောင်တွေအတွင်းက ပြောကြကြေးဆိုရင်တော့ ကိုသန်းဦးမိန်းမပြောတာ အမှန်ပဲပေါ့။ ဒါပေမယ့် ဘယ်နေရာမှာမဆို စာအုပ်ကြီးအတိုင်းမယူသင့်ဘဲ ထောက်ထားနားလည်ပေးရမယ့်အချက်တွေကလည်း လူ့လောကမှာရှိတယ်လေ။ တရားဟောတဲ့ပုဂ္ဂိုလ်က တရားနာတဲ့ ပုဂ္ဂိုလ်တွေအပေါ် တကယ့်ကိုသိမြင်နားလည်စေချင်တဲ့စေတနာနဲ့ ဟောတာမျိုးလည်းဖြစ်မယ်။ ငိုတစ်လုံးရယ်တစ်လုံး ရုပ်ပျက်ဆင်းပျက် ဟောတာမျိုးလည်းမဟုတ်ဘူးဆိုရင် ဒါဟာ ခွင့်လွှတ်သင့်တာပါပဲဗျာ။ အများအကျိုးရှိအောင် အသံနဲ့အသင့်အတင့်ဆွဲဆောင်ပြီး ဟောပြောရတဲ့အတွက် အလွန်ကြီးလေးတဲ့ဝိနည်းချိုးဖောက်မှုမျိုးလည်းမရောက်နိုင်တာမို့ တရားဟောပုဂ္ဂိုလ်အပေါ် တရားလွန်အပြစ်ဆိုတာမျိုး မဖြစ်သင့်ဘူး။

နောက်တစ်ခု ကိုသန်းဦးမိန်းမကိုးကွယ်တဲ့ဘုန်းကြီးနဲ့ ပတ်သက်လို့လည်း ယောနိသော မနသိကာရကို နှလုံးသွင်းလိုက်တာပဲကောင်းပါတယ်။ အရမ်းပုတ်ခတ်တာမျိုး၊ တိုက်ခိုက်တာမျိုး မလုပ်ကောင်းပါဘူး။ ကျွန်တော်တို့သာသနာမှာ ရတနာ(၃)ပါးသက်သက်ကိုပဲ အာရုံပြုတဲ့သူတွေရှိသလို သာသနာပြင်ပကအယူအဆတွေနဲ့ပါ ဆက်စပ်ပတ်သက်နေတဲ့သူတွေ အများကြီးရှိပါတယ်။ ဒါတွေက ဟိုတုန်းကလည်းရှိတယ်၊ အခုလည်းရှိတယ်၊ နောင်လည်းဆက်ရှိနေဦးမှာပဲ။ ဒါတွေ ပပျောက်

နိုင်သစ္စာ(နတ်မောက်)

## အလိုရှိရာပြောဆိုရာတွင် အောင်မြင်ပြီးစီးစေသော

# အင်းတော်ကြီးစီရင်နည်း

လူတိုင်းလူတိုင်းတွင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာသာသနာရေး၊ နိုင်ငံရေး စသည်ဖြင့် အရေးကိစ္စပေါင်းများစွာ နေ့စဉ်လိုလို ပြောစရာဆိုရာတွေ များပြားစွာရှိနေကြပါသည်။

'ဆေးကောင်းတစ်စက်၊ အင်းကောင်းတစ်ကွက်၊ အောင်မြင်မှုစက်' ဟု ကြားသိဖူးပါသည်။ မကျန်းမာသူ၊ ဆေးမတိုးသော၊ မျှော်လင့်ချက်မဲ့နေသော၊ လူမမာတစ်ဦးမှာ ဆေးကောင်းတစ်ခွက် သောက်လိုက်ရပြီး ကျန်းမာချမ်းသာအောင်မြင်မှုရသွားနိုင်သကဲ့သို့ အင်းကောင်းတစ်ကွက် ဆောင်ယူထားနိုင်သဖြင့် အောင်မြင်တိုးတက်မှုများ ဆက်ကာဆက်ကာ စက်ဝန်းလှည့်သလို ရသွားနိုင်သည်ပင် မဟုတ်ပါလား။

ယခုတင်ပြလိုသော အင်းတော်ကြီးမှာလည်း အင်းကောင်းတစ်ကွက်ဟု ဆိုထိုက်သော ရှေးရှေးပဝေသဏီက ဆရာကြီးသမားကြီးများ ပြုစုချန်ထားခဲ့သည်။ အမွေတော်ပညာတစ်ရပ်ဖြစ်ပြီး မိမိတို့ အလိုရှိရာ၊ ဆန္ဒရှိရာ တောင့်တအပ်ရာရာအလုပ်ကိစ္စမှန်သမျှအတွက် ပြောဆိုရာရာတွင် အောင်မြင်ပြီးစီးမှုကို ရရှိစေသည့် အဆောင်အင်းတော်ကြီးဖြစ်၍ ဝါသနာရှင်အချင်းချင်းတို့ သိရှိစေရန်၊ လိုသူများစီရင်ဆောင်ထားနိုင်ရန် ဖော်ထုတ်တင်ပြရေးသားအပ်ပါသည်။

ယခု အင်းတော်ကြီး စီရင်ရန်အတွက် 'သိမ်ဝင်သပိတ်ကွဲ' လိုအပ်ပါသည်။ ယနေ့ခေတ်အချိန်အခါတွင် မြေသပိတ်များမရှိတော့သဖြင့် သိမ်ဝင်သပိတ်ကွဲရရန်မလွယ်ကူ။ သို့အတွက် သိမ်ဝင်သံသပိတ်၊ စတီးသပိတ်များကို လှီးဖြတ်စီရင်ရပါသည်။ အဓိကမှာ သိမ်ဝင်သပိတ်ဖြစ်ဖို့သာ အဓိကဟု ဆရာသခင်က ဆိုပါသည်။ သိမ်ဝင်သပိတ်သုံးလက်မပတ်လည်အဖြားတွင် အင်းကွက်ကို ရေးဆွဲရပါမည်။

အင်းဆန်မှာ -

- သိဒ္ဒိကိစ္စံ သိဒ္ဒိကမ္မံ။
  သိဒ္ဒိကာရံ တထာဂတံ။
  သိဒ္ဒိကန္တေ စ သမ္မာရံ။
  သိဒ္ဒိ ယာပန တေ နမော။ ။

ဖြစ်ပါသည်။

အထက်ဖော်ပြပါအတိုင်း အင်းကွက်ကို မကျိုးမပေါက်အောင် ရေးဆွဲပြီး အင်းဆန်ကို မြင်းသေမြင်းကိုက် ထည့်သွင်းရပါမည်။

အင်းစောင့်နတ်မင်းကို တိုင်တည်၍ မုန့်ဖြူခုနစ်ယှက်၊ မုန့်နီခုနစ်ယှက်၊ အောင်သပြေပန်း၊ ရေမွှေးဆီပုလင်း၊ ငှက်ပျောပွဲထိုး၍ပ,သပြီး ဖော်ပြပါ

| | | | | | |
|---|---|---|---|---|---|
| | သိ | ဒ္ဒိ | ဂ | သ | |
| သိ | ဒ္ဒိ | မ္မာ | ဒ္ဒိ | ကိ | တံ |
| ရံ | ယာ | ဒ္ဒိ | သိ | ထာ | ဝ |
| က | မော | န | န္တေ | သိ | စ္စံ |
| ပ | ကာ | ဒ္ဒိ | သိ | တေ | တ |
| | မ္မံ | န | ရံ | က | |

အင်းဆန်အတိုင်း (၃၇) အုပ် စုတ်ရပါမည်။ အောင်မြင်လျှင် စီရင်ပေးသူတွင် ဖျဉ်းခနဲ ကြက်သီးမွေးညင်းထပါသည်။

အသုံးပြုလိုသောအခါ အင်းပြားကို ရေသန့်ခွက်တွင်စိမ်ပြီး ငါးပါးသီလခံယူကာ ထိုရေကို ဆံထိပ်၊ နားသယ်ဆံစတွင် လိမ်းဆွတ်၍ သောက်သွားပြီး အလိုရှိရာ အလုပ်ကိစ္စ ပြောဆိုလုပ်ကိုင်ပါ။ အလိုရှိရာ ပြီးစီးအောင်မြင်စေပါမည်။

*အားလုံးကိုလေးစားလျက်*

**နိုင်သစ္စာ(နတ်မောက်)**

---

သွားအောင် ကိုသန်းဦးလည်း မလုပ်နိုင်ဘူး၊ ကျွန်တော်လည်းမလုပ်နိုင်ဘူး။ အဲဒီတော့ ကိုသန်းဦးအနေနဲ့ အိမ်ထောင်သာယာချင်တယ်ဆိုရင် ကိုယ့်မိန်းမကို သိပ်ပြီးအပြစ်မဆိုနဲ့။ ကိုယ်ဝါသနာမပါရင် အသာရှောင်နေ၊ သူဝါသနာပါတာကိုတော့ အရမ်းကြီးဖိအားသွားမပေးနဲ့။

တစ်ခုပဲ ကိုသန်းဦး ကြည့်ရမယ်။ ကိုယ့်မိန်းမရဲ့လုပ်ရပ်ဟာ မိသားစုရဲ့ စီးပွားရေးကို ပျက်ယွင်းစေသလား၊ ယုံကြည်ကိုးကွယ်မှုကို သွေဖည်စေသလားဆိုတဲ့ အချက်တွေနဲ့ပဲ တိုင်းတာကြည့်လိုက်။ သူ့ရဲ့လုပ်ရပ်က လာဘ်လာဘအတွက်လုပ်နေတာမျိုးပဲဖြစ်တယ်။ သရဏဂုံကိုလည်း မပျက်ယွင်းစေဘူး။ ငွေကုန်ကြေးကျလည်းမများဘူးဆိုရင် အသာတကြည်နေလိုက်တာပဲကောင်းပါတယ်ဗျာ။ ကိုသန်းဦးက သူ့ကိုမဝေဖန်ရင် သူကလည်း ကိုသန်းဦးကို ဝေဖန်တာရပ်သွားပါလိမ့်မယ်။ အဲဒါဆိုရင် သူ့ဘုန်းကြီးငါ့ဘုန်းကြီးပြဿနာလည်း အလိုလိုပြီးငြိမ်းသွားပါလိမ့်မယ်"

နောက်ဆုံးပိတ်စကားပင် ဖြစ်သည်။ ဦးဟန်တင့်စကားဆုံးသည်နှင့် ကိုသန်းဦးလည်း မျက်နှာတပြုံးပြုံးနှင့် အတော်ပင် ကျေနပ်သွားဟန်တူသည်။ ဦးဟန်တင့်ကို ကျေးဇူးတင်စကားပြောပြီးနောက် ကိုသန်းဦးတို့ထပြန်သွားကြသည်။ မကြာမီ ကောင်လေးတစ်ယောက် တဲပေါက်ဝ၌ပေါ်လာကာ ဦးဟန်တင့်ကိုလာခေါ်သည်။ ထမင်းစားလာခေါ်ခြင်းပင် ဖြစ်ပါသည်။ ဦးဟန်တင့်က ကျွန်တော့်ကိုနှုတ်ဆက်ကာ လာခေါ်သူနှင့် လိုက်ပါသွားသည်။

ဦးဟန်တင့်ကျောပြင်ကိုကြည့်ရင်း ကျွန်တော်ကျန်နေခဲ့သည်။ စိတ်ထဲမှာလည်း အထူးကျေနပ်နှစ်သိမ့်နေမိသည်။ မဆိုစလောက် ပြဿနာလေးတစ်ခုကို ကျွန်တော်က တုံးတိပင်ဆုံးဖြတ်ပေးလိုက်သည်။ ဒါကိုပင် ဦးဟန်တင့်က အားလုံးအတွက် ထပ်မံပြီးဖွင့်ဆိုဟောပြောပေးသွားခဲ့သည်။ ကြားနာရသူအပေါင်းက ပိုမိုနားလည်သဘောပေါက်သွားကြသလို ကျေနပ်နှစ်ခြိုက်ခြင်းလည်း ရှိသွားကြပါသည်။ ကြားလူဖြစ်သော ကျွန်တော့်အတွက်ပင် ဗဟုသုတလည်းရ၊ ကုသိုလ်လည်းရဆိုသလို အကျိုးရှိသွားသည်။ သည့်အတွက် လူပြိန်တော် ဦးဟန်တင့်အပေါ် ပိုမိုလေးစားသွားရသလို ပို၍လည်း ခင်မင်သွားမိရပါတော့သည်။

**ရဲမြတ်တင်**

**(အမျိုးသားစာပေဆုရ)**

ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့ တူသည် များသည်လည်းရှိသည်၊ မှန်သည်လည်းရှိသည်။ အကြောင်းက ပညာအသိအမှန်တွေ့ဖို့ခဲယဉ်းကြောင်း၊ ပညာသိသော်လည်း စနစ်တကျ စီမံ စီရင်တတ်သူရှားကြောင်း၊ ထို့ကြောင့် ဖြစ်ကြောင်း ဟူ၍ အနောက်ဘက်လွန် မင်းကြီး၏ လောကီပညာရပ်တို့နှင့် ပတ်သက်၍ မေးမြန်းသော မေးခွန်းတို့ အားဖြေကြားရာတွင် အင်းဝိဇ္ဇာအကျော် ဗားမဲ့ဆရာတော်ကြီးက ထိုသို့သောပြော စကားရှိခဲ့ဖူးပါသည်။

ကျွန်ုပ်သည်လည်း (၁၂) နှစ်သား တလေးငယ်မျှအရွယ်ကပင် ဂန္ဓာရီဝိဇ္ဇာ မယလောကီပညာရပ်များကို အလိုလို စိတ်ပါဝင်စားလေ့လာလိုက်စားခဲ့သည်။ သို့သော် ပညာရပ်နှင့်ပတ်သက်၍ ယခု အထိ ကျွမ်းကျင်တတ်မြောက်သည်ဟု မဆိုသာသေးပါ။ ယခုအထိ ကျွန်ုပ် ကိုယ်တိုင်စီရင်သော အစီအရင်များနှင့် အခြားတစ်ပါးသူတို့၏ အစီအရင်များကို လေ့လာကြည့်ရာတွင် စွမ်းသောအစီအရင် များကစွမ်းပြီး အကျိုးတန်ခိုးသိဒ္ဓိတစ်စုံ တစ်ရာမပြသောအစီအရင်များလည်းရှိ သည်ကို တွေ့ရပါသည်။ ဤသည်မှာ လည်း အထက်က ကျေးဇူးတော်ရှင် ဗားမဲ့ဆရာတော်ကြီး မိန့်ကြားခဲ့သလို မှားသည်လည်းရှိ၊ မှန်သည်လည်းရှိ သည်ဟူသောသဘောအရလည်းဖြစ်နိုင် ပါသည်။

ကျွန်ုပ်သည် ယခုအချိန်အထိ ဆောင်းပါးပုဒ်ရေပေါင်း (၂၀၀) ကျော် ခန့်ရေးသားခဲ့ပြီးဖြစ်ရာ အစီအရင်ပေါင်း (၂၀၀) ခန့် အကြောင်းများကို ရေးသား ပြီးပြီဟု ဆိုနိုင်ပါသည်။ ထိုအစီအရင် များထဲတွင် ယခုရေးသားဖော်ပြအံ့သော အရဟံနဝင်းသိဒ္ဓိအင်း၏ အကျိုးတန်ခိုး သိဒ္ဓိတို့နှင့် ပတ်သက်၍ စာဖတ်သူများ သည် ကျွန်ုပ်ထံလာရောက်၍ ထိုအရဟံ နဝင်းသိဒ္ဓိအင်းအစီအရင်ကို လာရောက် ဆောင်ယူသူကြများသာမက ကျွန်ုပ်၏ ဆောင်းပါးကိုဖတ်ကာ ပြန်လည် စီရင် အသုံးပြုသောသူအချို့တို့၏ ကျွန်ုပ်ထံ ပြန်လည်ဆက်သွယ်သတင်းပေးချက်များ မှ ကောင်းနိုးရာရာ မှတ်သားစရာအချို့ ကို မျှဝေပြောပြလိုပါသည်။

အရဟံနဝင်းသိဒ္ဓိအင်းဆိုသည်မှာ အရဟံကိုးလုံးဝင် အောင်အရဟံအင်းကို အရဟံနဝင်းစမများနှင့်တွဲဖက်ထည့်သွင်း ရေးသားစီရင်ထားသောအင်းဖြစ်ကြောင်း၊ အရဟံဂုဏ်တော်သည် ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ ကိုးပါးသောဂုဏ်တော်တို့ တွင် အဦးအစပထမဖြစ်သော ဂုဏ်တော် တစ်ပါးဖြစ်ကြောင်း၊ အရဟံတွင် အ-ဟ သည် ဦးသာဓာတ်ဖြစ်၍ (ဦး - ၁နေ့ = ၆ နှစ် + သာ - ၆ကြာ = ၂၁ နှစ် = ၂၇= ၂ + ၇ = ၉) အတွင်းမိတ်ဓာတ်၊ နဝင်းဓာတ်ဖြစ်ကြောင်း၊ တနင်္ဂနွေနံ အ-အက္ခရာအစပြန်သောဂုဏ်တော်ဖြစ် ခြင်းကြောင့် အလုပ်အကိုင်အကြံအစည် များ စသည့်အရာဌာနများ၌ အောင်မြင် ပြည့်စုံစေကြောင်း အဦးအစပထမ ဂုဏ်တော်ဖြစ်ခြင်းကြောင့် သူတစ်ပါးထက် အမြဲ ခြေတစ်လှမ်းနှာတစ်ဖျားသာသော ကြောင့် စသည့် အကျိုးများကို ထင်ရှား စွာရရှိစေနိုင်သည့်အပြင် အမျိုးမျိုးသော အကျိုးထူးများကို ရရှိစေနိုင်ကြောင်း ပြဆိုခဲ့ပြီးဖြစ်ပါသည်။

အရဟံနဝင်းသိဒ္ဓိအင်းအစီအရင် ဆောင်းပါးအားရေးသားပြီးသည့်နောက် မှစ၍ ကျွန်ုပ်ထံ စာဖတ်ပရိသတ်ပေါင်း များစွာ လာရောက် ဆက်သွယ်မေးမြန်း စုံစမ်းကြသည်မှာ ဖုန်းနှင့်တစ်မျိုး၊ လူ ကိုယ်တိုင်တစ်သွယ်ဖြစ်ပြီး ထိုရောကာလ အချိန်တန်ကြာကာလအထိ ကျွန်ုပ်မှ

△ တြိုရတနာ

# သရာဇေယျာလင်း

(ကဗျာ့ပါဖိနပ်စီး၊ ရှေ့ဆီးစောင်း)

# အရဟံနဝင်းသိဒ္ဓိအင်း၏ အကျိုးတန်ခိုးသိဒ္ဓိများ



ရုံးမှာပင် ရုံးအလုပ်တစ်ဖက်နှင့် ပြန်လည်ဖြေကြားခဲ့ရသလို ရုံးပိတ်ရက်လည်း အိမ်သို့လာရောက်တွေ့ဆုံမေးမြန်းစုံစမ်းကြသည်မှာလည်း လူပေါင်းများစွာဖြစ်ရာ ထမင်းပင်ကောင်းကောင်းစားချိန်မရဖြစ်ခဲ့ရပါသည်။ ထိုသို့သောပရိသတ်များနှင့် ကျွန်ုပ်နေအိမ်အထိ လာရောက်တွေ့ဆုံကြသူများမှာ စုံစမ်းမေးမြန်းစုံစမ်းကြရုံမက ကျွန်ုပ်ကိုယ်တိုင်စီရင်သော အရဟံနဝင်းသိဒ္ဓိအင်းကိုဆောင်ယူလို၍ လာကြသူကများသည်။ သို့အားလျော်စွာ ကျွန်ုပ်သည် လူများစွာကို အရဟံနဝင်းသိဒ္ဓိအင်းမြတ်ကို စက္ကူဖြင့်လည်းကောင်း ကြေးပြားများဖြင့်လည်းကောင်း စီရင်ပေးခဲ့ရပါသည်။ ထိုသို့ ကျွန်ုပ်ထံမှ အရဟံနဝင်းသိဒ္ဓိအင်းကို ဆောင်ယူသွားကြသူများထံမှအတော်များများက ဖုန်းဖြင့်-

"ဆရာ၊ ဆရာ့အရဟံနဝင်းသိဒ္ဓိအင်းကိုဆောင်တာအဆင်ပြေတယ်ဆရာ။ ကျေးဇူးပါဆရာ။ လေးစားပါတယ်"

ဟု သာမန်ဖုန်းဆက်သတင်းပေးကြသူတွေကလည်းမနည်း။

အချို့ကတော့မူ -


"ဆရာ့အရဟံနဝင်းသိဒ္ဓိအင်းက စွမ်းတယ်ဆရာ။ ကျွန်တော်တို့/ကျွန်မတို့တော့ ဒီလိုထူးတယ်ဆရာ"

ဟု ဆိုကာ အကျိုးအကြောင်းစုံလင်အောင် ရှင်းပြသူများလည်းရှိပါသည်။ ထိုသို့သောသူများထံမှ ကျွန်ုပ်မှတ်မှတ်သားသားရှိခဲ့သောသူအချို့၏ ပြန်လည် ပြောပြချက်များကို ဖော်ပြရသည်ရှိသော် -

"ဆရာ ဘြိရတနာ ဆရာဇေယျာလင်းပါလားရှင်"

"ဟုတ်ကဲ့ပါ"

"ဩော် - ဆရာလား။ ကျွန်မ ရေဦးမြို့က ဒေါ် (×××) ပါ။ ဆရာ့ဆီ ဟိုတစ်လောကလည်းလာတွေ့သွားတာလေ။ ဆရာ့ဆီက အရဟံနဝင်းသိဒ္ဓိအင်းကိုလာယူသွားတာလေ။ ဆရာမှတ်မိလားတော့မသိဘူး။ ကျွန်မသမီးကလေး ဆယ်တန်းခဏခဏကျနေလို့ ဆရာ့ဆီ တွက်ချက်ပြီးအင်းကိုပါယူသွားတာ အခုဝမ်းသာလို့ ဆရာ့ကိုဖုန်းဆက်လိုက်တာ။ ကျွန်မသမီးလေးလေ အခုဆယ်တန်းအောင်သွားပြီဆရာ။ ဂုဏ်ထူး(၁)ဘာသာပါတာ။ မအောင်ဘူးလို့ထင်ထားတာ ဆရာရယ်။ ခုဝမ်းသာလွန်းလို့ပါ။ ဆရာ့ကို အခုအဝေးကကန်တော့ပါတယ်နော် ဆရာ။ ရန်ကုန်ရောက်ရင်လာဂါရဝပြုပါဦးမယ်"




ကျွန်ုပ်မှတ်မိသွားပါသည်။ သူက အမျိုးသမီးအဖော်တစ်ဦးနှင့်အတူ ကျွန်ုပ်ထံလာခဲ့ဖူးသည်။ သူတို့လုပ်ငန်းကိုင်ငန်းများအဆင်မပြေသဖြင့် လာရောက်တွေ့ဆုံပြီး သူတို့အတွက် လိုအပ်သောအစီအရင်ကိုလုပ်ပေးရာမှ သူမ၏သမီးလေး ပညာရေးအတွက်ပါ စစ်ဆေးဖို့တောင်းဆိုခဲ့ရာ ကျွန်ုပ်က တွက်ချက်ဟောပြောပြီး လိုအပ်သည်များ လုပ်ဆောင်ရန်ရှိသည်များကို ပြောပြလိုက်ပြီးနောက် သူမက ထိုအချိန်က ကျွန်ုပ်၏ သတင်းကြီးနေသော အရဟံနဝင်းသိဒ္ဓိအင်းကို သူမသမီးအတွက်ပါ တောင်းယူသွားပါလေသည်။ ကျွန်ုပ်လည်း ထိုကာလက အရဟံနဝင်းသိဒ္ဓိအင်းကို အပိုအဆောင်းစီရင်ထားသည်များရှိသည်နှင့် ပေးလိုက်ခြင်း ဖြစ်ပါသည်။ ထို့နောက် အတန်ကြာကာလ ထိုသို့ပြန်ကြားသတင်းပေးလာခြင်း ဖြစ်ပါသည်။

နောက်တစ်ဦးကတော့ အသက် (၃၀) ကျော် (၄၀) တွင်း လူလတ်ပိုင်း အမျိုးသမီးတစ်ဦးဖြစ်ပြီး သူမအမေနှင့်အတူ ကျွန်ုပ်ထံရောက်လာကြခြင်း ဖြစ်ပါသည်။ သူမက ရန်ကုန်ကြည့်မြင်တိုင်ဘက်မှဖြစ်ပြီး သူမက ထိုအချိန်က အလုပ်လက်မဲ့ဖြစ်နေသဖြင့် ကျွန်ုပ်ထံ အားကိုးတကြီးရောက်လာကြခြင်း ဖြစ်ပါသည်။ သူမက ဂျပန်စာ၊ ဂျပန်စကား အလွန်ကျွမ်းကျင်ပိုနိုင်စွာတတ်ပြီး ပြန်လည်သင်ကြားပေးနိုင်သည်အထိ ကျွမ်းကျင်သည် ဆိုပါသည်။ သို့သော် သူမ၏ အားနည်းချက်က ဂျပန်စကားကျွမ်းကျင်ကြောင်းလက်မှတ် လက်ဆုပ်လက်ကိုင်မပြနိုင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ သူမ အလုပ်လျှောက်သည့်အခါ ထိုဂျပန်စာတတ်ကျွမ်းကျင်ကြောင်းလက်မှတ်မပြနိုင်သဖြင့် အင်တာဗျူးတွင် အကြိမ်ကြိမ်ပယ်ချ ချန်လှပ်ခြင်းခံနေရချိန် ဖြစ်ပါသည်။ သို့နှင့် ကျွန်ုပ်က အခြားလုပ်ဆောင်စရာများညွှန်ကြားပေးပြီး အရဟံနဝင်းသိဒ္ဓိအင်းကိုဆောင်ယူရန်ပေးလိုက်ပါသည်။ သို့နှင့် ရက်အတန်ကြာကာလတစ်ခု၌ -

"ဆရာဇေယျာလင်းလားရှင့်"

"ဟုတ်ပါတယ်ဗျာ"

"ဆရာ၊ ကျွန်မပါ။ မ(×××)လေ။ ဟိုတစ်ခါ သားအမိနှစ်ယောက် ဆရာ့ကိုလာတွေ့ခဲ့တာလေ။ အလုပ်တွေလွဲချော်နေလို့ ဆရာ့ဆီလာခဲ့တာလေ။ မှတ်မိလားဆရာ"

"ဩော် - အင်း သိပြီ။ ကြည့်မြင်တိုင်ကဆိုတာလား"

"ဟုတ်ပါတယ် ဆရာ။ အခုဝမ်းသာစရာပြောမလို့ပါ။ ခု ကျွန်မဂျပန်ကုမ္ပဏီတစ်ခုမှာအလုပ်ရသွားပြီ ဆရာ။ ဆရာ့အရဟံနဝင်းသိဒ္ဓိအင်းဆောင်ပြီး

သွားတာဆရာ။ ကံကောင်းချင်တော့ လျှောက်လွှာလည်းတင်၊ အင်တာဗျူးလည်းတစ်ခါတည်းလုပ်ခဲ့ရလို့လေဆရာ။ အဲ့ဟာ ဂျပန်သူဌေးနဲ့ကိုယ်တိုင်တွေ့ခွင့်ရပြီးရွေးလိုက်လို့ အခုအလုပ်အဆင်ပြေသွားပါပြီဆရာ။ လစာလည်းကောင်းပါတယ်။ လေးလည်းလေးစား၊ ကျေးဇူးလည်းတင်ပါတယ် ဆရာရယ်"

ဒီဖုန်းသတင်းကြောင့် အရဟံနဝင်းသိဒ္ဓိအင်းကတော့ အစွမ်းပြလိုက်ပြန်ပြီဟုသာ ကျွန်ုပ်မှတ်ချက်ပြုမိလိုက်ပါသည်။

❑

"အင်းတို့ ဂါထာတို့ဆိုတာ တကယ်စွမ်းလို့လားဆရာ"

အသက်အရွယ်က (၃၀) ကျော် (၃၅) ခန့်ရှိပြီး အရပ်အမောင်းကောင်းကောင်း၊ ကိုယ်ခန္ဓာတောင့်တောင့်တင်းတင်းရှိသော ထိုလူရွယ်က ကျွန်ုပ်အလုပ်စားပွဲရှေ့ထိုင်ချလိုက်ပြီး ဆိုင်းမဆင့်ဗုံမဆင့်ပြောလိုက်ခြင်း ဖြစ်ပါသည်။ ရှင်းရှင်းပြောရလျှင် ကျွန်ုပ်၏ စိတ်ထဲထောင်းခနဲတစ်ချက်ဖြစ်သွား၏။ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်တစ်ယောက်ထံလာပြီး ဒီလိုမေးခြင်းသည် ကျွန်ုပ်ကိုစော်ကားသည်ထက် ရှေးဆရာရှင်မြတ်တို့ပညာကိုစော်ကားသလိုလို၊ မယုံကြည်သလိုလိုပြောလိုက်ခြင်းဖြစ်လေရာ ကျွန်ုပ်စိတ်ထဲမနှစ်မြို့သည်ကတော့ အမှန်ပင်။ သို့သော် သူသည် ကျွန်တော့်ဆောင်းပါးကိုဖတ်မိ၍ ရောက်လာသော စာဖတ်ပရိသတ်တစ်ဦးဖြစ်လေရာ ကျွန်ုပ်စိတ်ကိုလျှော့လျက် -

"ဒီလိုရှိပါတယ်။ ဆောင်ယူသူဘက်ကလည်းယုံကြည်မှုရှိရမယ်၊ နောက်ပြီး ပဥ္စာနန္တရိယကံထိုက်ခြင်းလည်းမရှိရဘူး။ ဆရာပြောဆိုညွှန်ကြားတဲ့အတိုင်းလည်း လိုက်နာနိုင်ရမယ်။ ပညာစစ်နဲ့လည်းတွေ့ရမယ်။ တကယ်တတ်ကျွမ်းသူက စီရင်ပေးတာလည်း ဖြစ်ရမယ်။ ဒီအချက်တွေနဲ့ညီရင်တော့ တကယ်စွမ်းတာကိုတွေ့ရမှာ။ (ကျွန်ုပ်၏ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ဗားမဲ့ဆရာတော်ကြီး၏သဘောအတိုင်းပြောလိုက်ခြင်း ဖြစ်သည်။) ဒါနဲ့ ကိုအဝှာက ဘယ်လိုအကြောင်းနဲ့ ဆရာ့ကိုလာတွေ့တာလဲ။ လာရင်းကိစ္စကိုပြောပါ"

ထိုအချိန်က ကျွန်ုပ်နှင့် ထိုလူရွယ်တို့ အပြန်အလှန်ပြောဆိုနေပုံကို ရောက်ရှိနေကြသော အခြားဧည့်သည်ပရိသတ်တို့ကလည်း နားစွင့်နေကြသည်ကိုတွေ့ရပါသည်။

"ဩော် - စိတ်မရှိပါနဲ့ ဆရာ။ ဆရာ့အရဟံနဝင်းသိဒ္ဓိအင်းအကြောင်းဆောင်းပါးကိုဖတ်ရလို့ လာခဲ့တာပါ။ တကယ်တော့ ကျွန်တော့်မှာ အလုပ်အကိုင်အခက်အခဲတွေရှိလို့ပါ။ ငွေရေးကြေးရေးလည်းကျပ်တည်းနေတယ်ပေါ့ ဆရာရယ်။ ဒါပေမယ့် ကျွန်တော်က အင်းတို့၊ ဂါထာတို့ကို လုံးဝနားမလည်ပါဘူးဆရာ။ ဒါပေမယ့် ကံအားလျော်စွာ ဆရာဆောင်းပါးကို သတိရတော့ အကူအညီရမလားရယ်လို့လာတာပါ။ ဗေဒင်လက္ခဏာနဲ့ အခုဆရာ့လိုအင်းစမပညာရှင်တွေနဲ့လည်းတစ်ခါမှမတွေ့ဘူး၊ မမေးမြန်းဖူးပါဘူး ဆရာ။ ဒါပထမဆုံးပါ။ အခုဆရာ့ကိုတွေ့တော့ အားကိုးချင်စိတ်လည်းပေါက်ပါတယ်ဆရာ။ ကျွန်တော့်ကို ကူညီပေးပါ ဆရာ"

ကျွန်ုပ်၏ အသံခပ်ပြတ်ပြတ်နှင့်ပြောလိုက်သောစကားများကိုကြားပြီးမှ ထိုလူရွယ်သည် အားနာရွံ့သွားပုံရပြီး အထက်ပါအတိုင်း ကိုယ်လေးအနည်းငယ်ကိုင်းလျက် လေးစားပုံနှင့်ပြန်ပြောပါသည်။

ထိုအခါမှ ကျွန်ုပ်လည်း သူ၏မွေးသက္ကရာဇ်ကိုမေး၍ တွက်ချက်လက္ခဏာကိုစစ်ဆေးပြီးနောက် လုပ်သင့်သည်များကို မှာကြားကာ အရဟံနဝင်းသိဒ္ဓိအင်းကိုအမိန့်တော်ပြန်လျက် အပ်နှံပေးလိုက်ပါသည်။

ထို့နောက် တစ်လခန့်အကြာ တစ်နေ့သ၌ -

"ဟဲလို-ဆရာဦးဇေယျာလင်းလား ခင်ဗျား"

"ဟုတ်ပါတယ်ဗျာ"

"ဆရာ၊ ကျွန်တော် (xxx) လေ ဆရာ။ ဟိုတစ်လောက ဆရာ့ဆီက အရဟံနဝင်းသိဒ္ဓိအင်းယူသွားတဲ့သူလေ ဆရာ"

"ဩော် - အင်း၊ ပြောပါ"

"ဒီလိုဆရာ၊ ကျွန်တော်လေ ဆရာနဲ့တွေ့ပြီး ဆရာခိုင်းတဲ့အတိုင်း လုပ်တယ်။ အရဟံနဝင်းသိဒ္ဓိကို အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်းပြီး ဆရာရွတ်ခိုင်းတဲ့အတိုင်း အရဟံနဝင်းသိဒ္ဓိဂါထာကို ပုတီးတစ်ပတ် ည၊ မနက်စိပ်ပါတယ်။ သိပ်မကြာဘူး ဆရာရေ။ ကျွန်တော် ငွေအစုအပြုံလိုက်ရတယ်။ နှစ်လုံးထီလေ ဆရာ။ တစ်ခါမှမပေါက်ဖူးဘူး။ ဒီတစ်ခါပေါက်တာပဲ။ နောက်ကုမ္ပဏီမှာ အလုပ်ရတယ်။ အခု ကျွန်တော် အား/ကာဦးစီးဌာနမှာဒုဦးစီးမှူးလျှောက်မလို့ ဆရာ။ အဲဒါ မေတ္တာပို့ပေးပါဦး ဆရာ။ ကျေးဇူးပါ ဆရာ။ ဆရာ့ကိုလာတွေ့ပါဦးမယ် ဆရာ။ လေးစားပါတယ် ဆရာ"

မယုံသလိုလို၊ ယုံသလိုလိုလူက အခုတော့ အဆင်ပြေသွားပါရော့လားဟုဆိုကာ ကျွန်ုပ်ကြည်နူးမိခဲ့ရပါသည်။

"ဟဲလို-ကြိုရတနာဆရာဇေယျာလင်းပါလား ခင်ဗျာ"


"ဟုတ်ပါတယ်"

"ကျွန်တော့်နာမည် အောင်မြင့်မြတ်ပါ။ ဘိုကလေးကပါ ဆရာ"

"ပြောပါဗျာ"

"သည်လိုပါ ဆရာ။ ကျွန်တော်က ဆရာ့စာတွေ အမြဲဖတ်ပါတယ် ဆရာ။ အဲဒီထဲက အရဟံနဝင်းသိဒ္ဓိအင်းအစီအရင်အကြောင်းဖတ်ရတော့ ကျွန်တော် အရမ်းသဘောကျခဲ့တယ် ဆရာ။ အဲဒါနဲ့ ကျွန်တော်လည်း ဆရာ ညွှန်ကြားထားတဲ့အတိုင်း အဲဒီအရဟံနဝင်းသိဒ္ဓိအင်းကို စီရင်ပါတယ် ဆရာ။ အဲလိုစီရင်ပြီး ကျွန်တော့်ဟောခန်း (ဆရာအောင်မြင့်မြတ်သည် ဘိုကလေးမြို့ စကြာဘုရားတန်ဆောင်းတွင် ဗေဒင်ဟောခန်းဖွင့်ထားသည်ဟု သိရပါသည်။) လာတဲ့လူအချို့ကိုပေးဆောင်ခိုင်းကြည့်တယ်ဆရာ။ ကျွန်တော်ကိုယ်တိုင်လည်းဆောင်ထားတယ်။ ထူးခြားတာတွေကတော့ ဆရာရယ် ကျွန်တော့်ဟောခန်းထဲ ပရိသတ်ပိုစည်ကားလာတယ်ပေါ့နော် ဆရာ။ နောက် ကိုယ်တိုင် အမှုအခင်းဖြစ်နေတဲ့ တရားသူကြီးတစ်ဦးလည်း သူ့အမှုကိစ္စတွေအဆင်ပြေသွားတယ်။ အခြားစီးပွားရေးလုပ်ငန်းကိုင်ငန်းအခက်အခဲအကျပ်အတည်းဖြစ်နေသူတွေလည်းအဆင်ပြေသွားကြတယ်ဆရာ။ ခုအတော်များများလာကြလို့ ဆရာ့အရဟံနဝင်းသိဒ္ဓိအင်းကို စီရင်ပေးနေရတယ်ဆရာ။ ကျွန်တော်ရန်ကုန်လာပြီး ဆရာ့ကိုလာတွေ့ပါဦးမယ် ဆရာ။ ဘိုကလေးရောက်ရင်လည်း ကျွန်တော့်ဆီဝင်ပါ ဆရာ။ ဘုရားလည်းဖူးရင်းပေါ့။ လေးစားပါတယ် ဆရာ"

ဤဖြစ်ရပ်က ကျွန်ုပ်ကိုယ်တိုင်မဟုတ်သော်လည်း အစီအရင်ကို စနစ်တကျစီရင်ဆောင်ယူ၍ ကိုယ်တိုင်လည်းသုံး၊ အခြားသူများကိုပါ ဆောင်ယူသုံးစွဲစေရာမှ တွေ့ရှိခဲ့ရသည်။ အရဟံနဝင်းသိဒ္ဓိအင်း၏ အကျိုးတန်ခိုးသိဒ္ဓိအချို့ပါပေ။ (ဆရာအောင်မြင့်မြတ်က သူကိုယ်တိုင် ဆောင်းပါးထဲ အမည်ရင်းသုံးစွဲရန်



ခွင့်ပြုထားသဖြင့် ထည့်ရေးရခြင်း ဖြစ်ပါသည်။ သူ၏ဖုန်းနံပါတ်ပါ ကျွန်ုပ်ထံ၌ ရှိပါသည်။)

နောက်တစ်ဦးက ဒေါ်ငယ်နှင့် သူမ၏ညီမအမည်ကို မမှတ်မိတော့ပါ။ ဒေါ်ငယ်ဆိုတာ ကျွန်ုပ်၏ စာဖတ်ပရိသတ်အရင်းအချာတစ်ဦး။ သူမရော သူမ၏ညီမပါ အထက်ကသာခရိုင် အင်းတော်နယ်မှာ နေထိုင်ကြပြီး ဆိုင်ခန်းကြီးများဖြင့် လုပ်ကိုင်နေကြသူများ ဖြစ်သည်။ ဒေါ်ငယ်သည် ကျွန်ုပ်ထံ အရဟံနဝင်းသိဒ္ဓိအင်းအကြောင်း စရေးသော ၂၀၁၂-၂၀၁၃ လောက်ကပင် ကျွန်ုပ်ထံ လာရောက် တွေ့ဆုံပြီး သူမ၏တစ်ဦးတည်းသောသား အလုပ်အကိုင်ရရှိရေးအတွက် လာရောက်အကူအညီတောင်းခံခဲ့ဖူးပါသည်။ ထိုစဉ်အခါက သူမဈေးဆိုင်ကို ရောင်းကောင်းရန် အစီအစဉ်များ စီရင်ပေးလိုက်သည့်အပြင် သူမ၏သားအလိုရှိသောအလုပ်အကိုင်ရရှိ အဆင်ပြေစေရေးအတွက် အရဟံနဝင်းသိဒ္ဓိအင်းကိုစီရင်ပေးခဲ့လိုက်ဖူးပါသည်။ ထိုအခါမှစတင်၍ သူမ၏ဆိုင်ခန်းလည်း အရောင်းအဝယ်များ တိုးတက်ကောင်းမွန်ခဲ့သလို သူမ၏သားလည်း အလိုရှိသောအလုပ်ကိုရရှိသွားခဲ့သည်ဖြစ်ရာ ကျွန်ုပ်ကို လွန်စွာယုံကြည်လေးစားခဲ့ပြီး လမ်းကြုံတိုင်း ကျွန်ုပ်ထံ လာလေ့ရှိပေသည်။ကျွန်ုပ်ထံ နောက်ဆုံး သူမရောက်လာစဉ်က သူမသားမက သူမ၏ညီမကိုပါ ကျွန်ုပ်ထံ ခေါ်ဆောင်လာခဲ့၏။ ဒေါ်ငယ်တို့သည် အထက်ကသာခရိုင် အင်းတော်မှဖြစ်သော်လည်း စင်စစ် သူမတို့သည် မော်လမြိုင်ဇာတိဖြစ်ပြီး မော်လမြိုင်သူများသာတည်း။ ထိုသို့ကလည်း မော်လမြိုင်သို့အလည်ပြန်ရင်း ကျွန်ုပ်ထံဝင်လာခဲ့ခြင်း ဖြစ်ကြလေသည်။

ဒေါ်ငယ်တို့၏တောင်းဆိုချက်အရ ကျွန်ုပ်လည်း သူတို့ညီအစ်မနှစ်ယောက်စလုံးကို ဗေဒင်လက္ခဏာပညာများဖြင့် ကံဇာတာများ စစ်ဆေးပြီးနောက် ဒေါ်ငယ်၏ တောင်းဆိုချက်အရ သူမကဲ့သို့ပင် အရဟံနဝင်းသိဒ္ဓိအင်းအား ညီမဖြစ်သူအတွက်ပါ စီရင်ပေးရန် တောင်းဆိုလေခြင်းကြောင့် ကျွန်ုပ်လည်း ကြေးပြားဖြင့် စီရင်ထားသော အရဟံနဝင်းသိဒ္ဓိအင်းအားစီရင်၍ ပေးလိုက်၏။

သို့နှင့် ကျွန်ုပ်မေ့မေ့ပျောက်ပျောက်ဖြစ်နေသောအချိန် အတန်ကြာကာလတစ်ခု၌ -

"ဟဲလို - ဆရာတြိရတနာဆရာဇေယျာလင်းပါလားရှင့်"

"ဟုတ်ပါတယ်"

"ဩော်-ဆရာ၊ ကျွန်မ ဒေါ်ငယ်ပါ ဆရာ။ ဆရာ့ကိုပြောစရာရှိလို့ပါ"

"ပြောလေ ဒေါ်ငယ်"

"ဒီလိုပါ ဆရာ။ ကျွန်မညီမကို မှတ်မိတယ်မဟုတ်လား ဆရာ။ ဟိုတစ်ခေါက်က ကျွန်မနဲ့ပါလာတဲ့ ညီမလေ ဆရာ"

"ဩော် အင်း - ဟုတ်ပြီ၊ မှတ်မိပြီ။ ပြော ဒေါ်ငယ်ဘာဖြစ်လို့လဲ"

အတန်ကြာပြီဖြစ်သဖြင့် ကျွန်ုပ်လည်း ဒေါ်ငယ်ပြောပြမှ စဉ်းစားပြီးမှ သတိပြန်ရလေးခြင်း ဖြစ်ပါသည်။

"ဒီလို ဆရာ၊ ကျွန်မညီမကလေ ဆရာ့ဆီကပြန်မှအရောင်းအဝယ်တွေ ပိုကောင်းလာပါသတဲ့။ သူတို့က ကျွန်မတို့ထက် လုပ်ငန်းဆိုင်ခန်းပိုကြီးမားတယ် ဆရာ။ အဲဒါအပြင် သူတို့ဆုံးပြီလို့ထင်ထားတဲ့ နှစ်အတော်ကြာကြွေးမြီဟောင်းတွေပါ ပြန်ရလာလို့ အဲဒါဆရာ့ အရဟံအင်း (ဒေါ်ငယ်က အရဟံနဝင်းသိဒ္ဓိအင်းကို သူမပြောတတ်သလိုပြောလိုက်ခြင်း ဖြစ်ပါသည်။) ကို ဆောင်ပြီးတော့မှ အရောင်းအဝယ်ပိုကောင်းလာတယ်။ ဆုံးပြီလို့မှတ်ထားတဲ့အကြွေးတွေပြန်ရတယ်လို့ ယုံကြည်ဝမ်းသာပြီး ဆရာ့ကို ပြန်ပြောပေးပါဦးလို့လာပြောလို့ပါဆရာ။ ဒီတစ်ခါလာရင် ဆရာ့ကိုလာပြီးဂါရဝပြုပါဦးမယ်တဲ့။ အဲ့ဒါပြောချင်လို့ပါဆရာ။ ဆရာနေကောင်းတယ်နော်"

"ဟုတ်-ကောင်းပါတယ်ဒေါ်ငယ်။ ဒေါ်ငယ်ကော"

"ဟုတ်ကဲ့ - ကျွန်မလည်း နေကောင်းပါတယ်ဆရာ။ လေးစားပါတယ်ဆရာရှင့်"

ဒေါ်ငယ်၏သတင်းပေးချက်အရဆိုလျှင် အရဟံသိဒ္ဓိနဝင်းအင်းမြတ်သည် တနင်္ဂနွေနံအစဖြစ်သော အရောင်းအဝယ်အကြွေးတွေကိုအကျိုးပေးတန်ခိုးပြခဲ့လေသည်တကားဟု ကျွန်ုပ်တွေးရင်းကိုယ့်ပရိသတ်တွေ အဆင်ပြေအကျိုးရှိကြသည်ကိုကြားရသိရလေသည်မို့ ဒီပီတိက ဘယ်ငွေအသပြာနှင့်မျှ အဖိုးမဖြတ်နိုင်ပါချေတကား။

အရဟံသိဒ္ဓိနဝင်းအင်းကို မသိမမြင်လိုက်ရသူများအတွက် အင်းနမူနာထည့်သွင်း ဖော်ပြလိုက်ပါသည်။

*အနန္တစကြဝဠာအနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*

*မေတ္တာများဖြင့်*

**တြိရတနာ-ဆရာဇေယျာလင်း**
**(ကာတ္တိပါဠိနိပ်စီး၊ ရွှေထီးဆောင်း)**

ပခုက္ကူမြို့မှ ပေါက်အင်းသို့ အသွား မြို့တွင်းမှမထွက်ခွာမီ လမ်းတစ်နေရာမှာ ရသာစုံစားတော်ဆက်တွင် ခေတ္တဝင်ရောက်နားရ၏။ ဆိုင်ရှင်က သားကြီးလူမော်အေး၏ဇနီး မစန္ဒာနှင့် ကျောင်းနေဖက် ဖြစ်သည်။ သူတို့ ညှော်ခံကျွေးမွေးသည့် နေ့လယ်စာကို တဝကြီးစားပစ်ကြပြီး ပေါက်အင်းသို့ ဆက်လက် ထွက်ခွာလာခဲ့ကြသည်။ အတော်ပင်ကြာအောင် ကားကိုမောင်းခဲ့ကြရပါသည်။ မကြာမီ ရှေ့တစ်နေရာတွင် ကြီးမားခန့်ထည်လှသော ဧရာမ ခြင်္သေ့ကြီးနှစ်ကောင်ကို လှမ်းမြင်လိုက်ရလေသည်။ ယင်းခြင်္သေ့ကြီးနှစ်ကောင် အနက် အရှေ့ဘက် ခြင်္သေ့ကြီးသည် (၃၇) တောင် (၂) မိုက်၊ အနောက်ဘက် ခြင်္သေ့ကြီးက (၄၅) တောင်မြင့်သည်။

"ခြင်္သေ့ကြီးတွေကို မြင်နေရပြီ။ ရွှေတန့်တစ်ကိုရောက်တော့မယ်"

မစန္ဒာက အားရဝမ်းသာဆိုသည်။ ခြင်္သေ့ကြီးနှစ်ကောင်ကို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာသွားမိ၏။ ရွှေတန့်တစ်ဘုရားကို ဖူးမြော်ရတော့မည်မို့ ဝမ်းသာမိခြင်း ဖြစ်ပါသည်။ မုခ်ဝတွင် ကားကိုရပ်လျက် ဘုရားပရဝုဏ်အတွင်းဝင်သွားကြ၏။ ဂန္ဓကုဋိအတွင်းမှာ တိုင်းရင်းသားပလောင်အမျိုးသမီးများကို အလှူခံဌာနရှေ့တွင်မြင်တွေ့ရ၏။ တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလားဆိုစကားကို သတိရမိပါ၏။ ရွှေတန့်တစ်သရက္ခန်ဆင်းတုတော်အား ဂေါပကတစ်ဦးက ဘုရားဖူးများ အနီးကပ်ဖူးမြော်နိုင်စေရန် ရှေ့သို့ပင့်ဆောင်ထားသည်။

ဆင်းတုတော်ရှေ့သို့ရောက်အောင် သွားလျက် ဦးစွာဝတ်ပြုကြည်ညိုကန်တော့ကြ၏။ ရွှေတန့်တစ်သရက္ခန်ဆင်းတုတော်အား ထီးခြင်းငါးပါးဖြင့် ဦးချကန်တော့ပြီး ငါးပါးသီလခံယူလျက် ရှိခိုးပူဇော်သည်။ ဘုရားရှင်၏အသရေတော်မှာ တင့်တယ်သပ္ပာယ်လှသည်။ဝေနေယျတို့အား အမျှပေးဝေ၊ မေတ္တာပို့သပြီးသည့်တိုင်အောင် မျက်စိက ဆင်းတုတော်ရှေ့မှ ရုတ်တရက် ချက်ချင်း မခွာနိုင်သေးပေ။ ဖူးမြော်မဝ ကြည်ညို၍အားမရနိုင်အောင်ပင် ကြည်ညိုစွာကန်တော့ခဲ့ပြီးနောက် ရွှေတန့်တစ်သရက္ခန်ရုပ်ပွားတော်မြတ်အား ဦးခေါင်းထက်သို့ပင့်ဆောင်လျက် တစ်ခုတည်းသောဆုကို အဓိဋ္ဌာန်ပြုဆုတောင်းကြပါသည်။ ရွှေတန့်တစ်သရက္ခန်ရုပ်ပွားတော်မြတ်အား ဦးခေါင်းထက်သို့ ပင့်ဆောင်လျက် တစ်ခုတည်းသောဆုကို အဓိဋ္ဌာန်ပြု ဆုတောင်းကြပါသည်။ ရွှေတန့်တစ်သရက္ခန်ရုပ်ပွားတော်မြတ်အား ယခုကဲ့သို့ ဦးခေါင်းထက်သို့ ပင့်ဆောင် ပူဇော်လျက် တစ်ခုတည်းသောဆုကို အဓိဋ္ဌာန်ပြု ဆုတောင်းကမုချမသွေ ပြည့်ဝစေပါသည်။ အသီးသီး အဓိဋ္ဌာန်ပြု ဆုတောင်းကြပြီးသည့်နောက် အလှူခံဌာနသို့ သွားရောက်လျက် နဝကမ္မအလှူငွေများ လှူဒါန်းကြသည်။


ထို့နောက် အာရုံခံတန်ဆောင်း

ခင်မောင်အေး(မန္တလေး)


# "ထိ-ထ-မ-စ" ဘွဲ့တံဆိပ်တော်ရ ရွှေတန့်တစ်သရက္ခန်ဘုရား




[illegible]ကြာခင်း ဆက်သသော ရွှေတန့်တစ်သရက္ခန်ဘုရားဆင်းတုတော်




ရွှေတန့်တစ်သရက္ခန်ဘုရား ဂန္ဓကုဋိအတွင်းမှ ရွှေစေတီတော်



ရွှေတန့်တစ်သရက္ခန်ဘုရား ဂန္ဓကုဋိအတွင်းမှ
ဆုတောင်းပြည့်ဆင်းတုတော်




ရွှေတန့်တစ်သရက္ခန်ဘုရား ဂန္ဓကုဋိအတွင်းရှိ
ကြည်ညိုဖွယ်ရာ ဆင်းတုတော်



ရွှေတန့်တစ်သရက္ခန်ဘုရား ဂန္ဓကုဋိအတွင်းမှ
ရပ်တော်မူဆင်းတုတော်



ရွှေတန့်တစ်သရက္ခန်ဘုရား ဂန္ဓကုဋိအတွင်းမှ
ဘူမိဖဿမုဒြာ ဆင်းတုတော်



ရွှေတန့်တစ်သရက္ခန်ဘုရား ဂန္ဓကုဋိအတွင်းရှိ
ရန်မျိုးအောင်ဆင်းတုတော်



ရွှေတန့်တစ်သရက္ခန်ဘုရား ဂန္ဓကုဋိအတွင်းရှိ
ဗိနမာရ်အောင်ဆင်းတုတော်

အတွင်း လှည့်လည်ကြည်ညိုပူဇော်ကြ၏။ ရွှေတန့်တစ်သရက္ခန်ဆင်းတုတော်၏ သမိုင်းကြောင်းအား စေ့ငုကြည့်မိသည့်အခါ အရိမဒ္ဒနံ ပေါက္ကံပြည်ကို ပိုင်စိုးသည့် အလောင်းစည်သူမင်းကြီးသည် မောင်းမမိသံခြွေရံများ၊ စစ်သည်ဗိုလ်ပါမှူးကြီးမတ်ရာများစွာတို့နှင့်အတူ တိုင်းခန်းလှည့်လည်တော်မူလေသည်။ ရောက်ရှိလေရာ အရပ်ဌာနတိုင်းရှိ အပြည်ပြည်သောမင်းတို့မှ လက်ဆောင်ပဏ္ဏာများဖြင့်ကြိုဆိုကြ၏။ သီဟိုဠ်ကျွန်း (သိန်းယိုကျွန်း) သို့ ရောက်သောအခါ သိန်းယိုမင်းက ပင်လယ်သွားသက်န်းနက်လှေကြီးတစ်စီးနှင့် သမီးတော်ကိုပါ ဆက်သသည်။ထို့ပြင် မင်းအဆက်ဆက် ကိုးကွယ်ခဲ့သော အရှင်မဟာကဿပ



အများကောင်းမှုဖြင့် တည်ဆောက်သော မှော်လက်ာရဇိမာန်တော်ကြီး



သရက္ခန်မြတ်စွာဘုရား ကိန်းဝပ်ရာ ဂန္ဓကုဋိကျောင်းတော်



ရွှေတန့်တစ်သရက္ခန်ဘုရား ဂန္ဓကုဋိအတွင်းရှိ ရတနာတံတင်း



ဆင်းတုတော်မြတ် ကိန်းဝပ်ရန် တည်ထားတော်မူသည့်
ကောင်းမှုတော် သမိုင်းဝင်စေတီတော်မုခ်ဦးမှ ခြင်္သေ့ကြီးများ



ထူးခြားထက်ရာ ရွှေတန့်တစ်သရက္ခန်ဘုရား
ဂန္ဓကုဋိအတွင်းရှိ ပန်းပုလက်ရာ

မထေရ်ရုပ်တုတစ်ခုကိုလည်း အပ်နှင်းထိုက်၏။

မင်းကြီး၏ဘုန်းကား အံ့မခန်းပင်ဖြစ်သည်။ သိကြားမင်းသည်လည်း ဤမင်းကား သာသနာကို အစွန့်ရှည်ကြာစွာ စောင့်ရှောက်မည့်မင်း ဖြစ်၏။ ဘုန်းချီးမြှင့်ကာမြှောက်စားရဦးမည်ဟု သဘောရသဖြင့် အကျယ်အဝန်း တစ်ဆယ်ယူဇနာတိုင်တိုင် မွှေးကြိုင်သင်းပျံ့သည့် သရက္ခန်သားကိုဖြတ်၍ ဆင်းတုထုတော်လျက် ပူဇော်ရန်ပေးအပ်ထိုက်လေသည်။ သည့်အပြင် (၁၂) ဆူသောဓာတ်တော်များကိုလည်း အပ်နှင်းထိုက်သည်။ အလောင်းစည်သူမင်းကြီး သရက္ခန်သားနှင့် ဓာတ်တော်များကို ရွှေခွက်ဖြင့်ခံယူသော တစ်ခဏတွင်ပင် သျှောင်သုံးကြိမ်လှုပ်သည်။ သိကြားမင်းနှင့်တကွ နတ်ဒေဝါတို့သာဓုအနုမောဒနာခေါ် ဆိုကြ၏။

သိကြားမင်းသည် မင်းကြီးအား ပေးအပ်ထားသော သရက္ခန်သားနှင့် ဓာတ်တော်များကို ပြန်လည်ယူဆောင်ပြီး ပန်းပုဆရာတို့အား လက်လေးသစ်ခန့်စီရှိသော ရုပ်တုတော် (၆) ဆူထုလုပ်ပေး၏။ ထို့နောက် ရုပ်တုတော်များကို-

၁။ ပထမသရက္ခန်ရုပ်ပွားတော်
၂။ ဒုတိယသရက္ခန်ရုပ်ပွားတော်
၃။ တတိယသရက္ခန်ရုပ်ပွားတော်
၄။ စတုတ္ထသရက္ခန်ရုပ်ပွားတော်
၅။ ပဉ္စမသရက္ခန်ရုပ်ပွားတော်
၆။ ဆဋ္ဌမသရက္ခန်ရုပ်ပွားတော်

ဟု ကမ္ပည်းအက္ခရာတို့မှတ်သားလျက် မင်းကြီးလက်သို့ပြန်လည်ပေးအပ်လိုက်သည်။

မင်းကြီးက သရက္ခန်ရုပ်တုတော်ခြောက်ဆူကို လက်ခံရရှိသည်တွင် အသေအချာ ပလ္လင်ခံရသော်သင့်၏ဟု အမိန့်ချလေသည်။

ထို့နောက် -

၁။ ပထမပလ္လင်အတွက်
ဆင်ရုပ် (၁၅) စီး
၂။ ဒုတိယပလ္လင်တော်အတွက်
ဆင်ရုပ် (၁၄) စီး
၃။ တတိယပလ္လင်တော်အတွက်
ဆင်ရုပ် (၁၃) စီး
၄။ စတုတ္ထပလ္လင်တော်အတွက်
ဆင်ရုပ် (၁၂) စီး
၅။ ပဉ္စမပလ္လင်တော်အတွက်
ဆင်ရုပ် (၁၁) စီး
၆။ ဆဋ္ဌမပလ္လင်တော်အတွက်
ဆင်ရုပ် (၁၀) စီး

သတ်မှတ်ကာထုလုပ်ပြီး ရွှေသားပြားသင်္ကန်းများ လုံးတော်ပြည့်ကပ်လှူပူဇော်လေသည်။

သို့စဉ်တိုင် မင်းကြီးသည် ဆင်ပလ္လင်များခံထားပြီးသည့်တိုင် သရက္ခန်ရုပ်တုတော်များ သေးငယ်လွန်းသည်ကို



ရွှေတန့်တစ်သရက္ခန်ဘုရား
အာရုံခံတန်ဆောင်းအတွင်းရှိ ရုပ်စုံပန်းပုများ



ရွှေတန့်တစ်သရက္ခန်ဘုရား ဂန္ဓကုဋိအတွင်းရှိ
အုံချီးဖွယ်ရာ မဂ်သာတံခါး



ရွှေတန့်တစ်သရက္ခန်ဘုရား
အာရုံခံတန်ဆောင်းအတွင်းမှ
ဆေးရောင်စုံ ရုပ်စုံပန်းပုများ



သရက္ခန်ဆင်းတုတော်မြတ်အား
ဦးခေါင်းရတနာ မြတ်အင်္ဂါတွင် တင်လှူပူဇော်
အဓိဋ္ဌာန်နေစဉ်

ကျေနပ်တော်မမူသဖြင့် ဇမ္ဗူသပြေသားဖြင့် ရုပ်တုတော်ကြီးခြောက်ဆူကိုထပ်မံထုလုပ်ကာ သရက္ခန်ရုပ်ပွားတော်များကို လိုဏ်သွင်းဌာပနာလေသည်။ ရုပ်တုတော်များအား ယင်းသို့ လိုဏ်သွင်းကာ ဌာပနာပြီးသည့်ပြီးချိန်တွင် ခတ်တော်မွေတော်တို့သည် လက္ခဏာကြီးငယ် အသွယ်သွယ်ဖြင့် ရောင်ခြည်ကိုးပါးပြိုးပြက်တောက်ပလျက် တစ်ခဲနက်ကွန့်မြူးလေသည်။ မင်းကြီးနှင့်အတူ မိဖုရားမောင်းမမိဿံမှူးမတ်ဗိုလ်ပါများနှင့်တကွ အားလုံးသော ပရိသတ်တို့ ရွှင်လန်းဝမ်းမြောက်စွာ ဖူးမြော်ကြရကုန်သည်။

ယင်းနောက် မင်းကြီးသည် သရက္ခန်ဘုရားများအား အများပြည်သူ ကြည်ညိုသဒ္ဓါပွားများ ဖူးမြော်နိုင်ကြစေရန်အလို့ငှာ ခတ်တော်များကိန်းဝပ်တော်မူလိုသည့်အရပ်သို့ သွားရောက်နိုင်ရန်အတွက် ဆင်ဖြူတော်နာဂရွှေထက်တွင် ဆင်းတုတော်များကိုတင်လျက်လွှတ်လိုက်လေသည်။ ဆင်ဖြူတော်နာဂရွှေသည် တောချုံတစ်ခုအနီးတွင် နှာမောင်းဆန့်တန်းကာ ရပ်တန့်နေလိုက်၏။ ထိုနေရာတွင် စေတီတော်တစ်ဆူကို မြင်တွေ့ရလေသည်။ ဤစေတီသည်ကား သီရိဓမ္မာသောကမင်းကြီး၏ ရှစ်သောင်းလေးထောင်ကုန်သောစေတီတော်များအနက်မှ တစ်ဆူဖြစ်ပေသည်။ ယင်းနေရာသည်ကား မြတ်စွာသခင် ဘုရားသခင် အလောင်းတော်ဘဝ ရွှေငါးကြင်းဖြစ်စဉ်က ကျင်လည်ကျက်စားခဲ့သည့်နေရာ ဖြစ်ပါသည်။

ဤအရပ်ကို လူအပေါင်းတို့က ဆင်ဖြူတော်နာဂရွှေတန့်ရပ်နေသည်ကို အကြောင်းပြုပြီးတော့ ဆင်တန့်အစ်ဟုခေါ်ဆိုသတ်မှတ်ကြပါသည်။ ထို့နောက်ကာလကြာသည့်အခါတွင် ရွှေတန့်တစ်ဟု ပြောင်းလဲခေါ်ဆိုကြ၏။သာသနာ့ဒါယကာ အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော်ကြောင့် ရဟန်းရှင်လူပြည်သူအပေါင်း နှစ်ထောင်းအားရဝမ်းမြောက်ကြရပြီး ကြည်ညိုသဒ္ဓါတရားပွားများကြရသည်။ ထို့နောက် မင်းကြီးသည် ဖောင်တော်ဆိုက်ကပ်ရာအရပ်တွင်ရှိသည့် ပိုက်ကွန်ရွာမြောက်ဘက်တွင် ဖော်တော်ဦးဘုရားနှင့် ဖော်တော်ပဲ့သွားသဖြင့် ဖော်တော်ပဲ့ဘုရားနှစ်ဆူကို တည်ထားခဲ့သည်။ ယခုအခါ ဤဘုရားများမှာ ပြုပြင်သူမဲ့သောကြောင့် ငုတ်တိုမျှသာကျန်ရစ်၏။ ရွှေတန့်တစ်သရက္ခန်မြတ်စွာဘုရားအား ကြည်ညိုပူဇော်ခဲ့ကြပြီး ဘုရားကြီး၏ဂန္ဓကုဋိတိုက်အတွင်းလှည့်လည်ကာ ဆင်းတုတော်များအား ပူဇော်ခဲ့ကြပါသည်။

ရန်ကုန်မြို့မှ၊ ပုဂံ/ညောင်ဦး ထိုမှတစ်ဖန် ပခုက္ကူသို့ရောက်ခဲ့ရပြန်သည်။ ပခုက္ကူမှသည် ရွှေတန့်တစ်သရက္ခန်ရုပ်ပွားတော်မြတ်ဆီ ထိုမှတစ်ဖန် ပခုက္ကူသို့ရောက်ခဲ့ရပြန်သည်။ ပခုက္ကူမှသည် ရွှေတန့်တစ်သရက္ခန်ရုပ်ပွားတော်မြတ်ဆီ၊ ထိုမှတစ်ဖန် ကျောက်ပန်းတောင်းမြို့၊ ကျောက်ပန်းတောင်းမှ ရန်ကုန်အထိ အလီလီအတန်တန်သွားပြန်ရောက်ရှိနိုင်ခဲ့ပြန်ပါသည်။

အသက်(၈၆)နှစ်အရွယ် သက်ကြီးရွယ်အိုတစ်ဦးအနေဖြင့် ဤမျှဝေးကွာလှသည့် အညာဒေသခရီးစဉ်ကို ယင်းသို့စုန်ချည်ပြန်ချည်နှင့်သွားလာနိုင်သည်ကသုံးလူ့ထွက်ထား မြတ်စွာဘုရားရှင်၏ဘုန်းတော်တေဇော်တန်ခိုးအာနုဘော်ကြောင့်ပင်မဟုတ်ပါလား။ရတနာသုံးပါးဂုဏ်ကျေးဇူးကား အတုမရှိ အနှိုင်းမဲ့ပါတကား။

ခင်မောင်အေး(မန္တလေး)

**စာကိုး -**


ပခုက္ကူရွှေတန့်တစ်ဘုရားသမိုင်းကိုယ်တိုင်ရောက်ရှိလေ့လာတွေ့ရှိချက်

## မြဝင်း(ဒဿန)

### မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဖြည့်စွမ်းသော ဆုတောင်းများ



ဆောင်းဦးတစ်မနက်ခင်းအချိန်တွင် လာနေကျမမွမိတ်ဆွေရောက်လာပါသည်။ သူ့လက်ထဲတွင် စာအုပ်တစ်အုပ်ပါလာသည်။ မမွမိတ်ဆွေသည် ရောက်လျှင်ရောက်ချင်း ဤသို့ စကားစပါသည်။

"ဆရာ၊ အားပါတယ်နော်"

"အားပါတယ်ဗျာ"

"ကျွန်တော်မေးစရာရှိလို့ပါဆရာ"

"ဘာများပါလိမ့်ဗျာ"

"ဒီလိုပါ ဆရာ၊ ကျွန်တော်မနေ့က မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးတဲ့ 'အမျှမေတ္တာဖြင့် စေတနာလှူစကားများ' ဆိုတဲ့ စာအုပ်ဖတ်ရပါတယ်။ အဲဒီစာအုပ်ကို အခုယူလာပါတယ်။ စာအုပ်ရဲ့နိဂုံးမှာ 'အဋ္ဌကထာဆရာတွေ့ခွင့်ရမသွားသော ယနေ့ဖြစ်ရပ်များ' ဆိုတာ ပါပါတယ်။ အဲဒီမှာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အခုလိုရေးထားပါတယ်။ (မမွမိတ်ဆွေသည် သူယူလာသော စာအုပ်ကိုလှန်၍ ဖတ်ပြပါသည်)

ဤစာစဉ်သည်. . .

ကောင်းမှုတစ်ခုခု ပြုပြီးတိုင်း ဆုတောင်းရန်နည်းညွှန်းပင် ဖြစ်ပါသည်။ ဤနည်းညွှန်းသည် အဋ္ဌကထာဆရာမြတ်ဆုတောင်းသွားသော ယံ ပတ္တံ ကုသလံ တဿ အစချီ ဆုတောင်း၌ မပါသေးသည်ကိုသာ ဖြည့်စွမ်းတွန်းပို့ပေးခြင်းဖြစ်၏။

(မိတ်ဆွေသည် စာအုပ်ကိုပိတ်ပြီး ဤသို့ ဆက်ပြောပါသည်။)

အဲဒီမှာ ယံပတ္တံ ကုသလံ တဿ ဆုတောင်းနဲ့ ပတ်သက်လို့ ဒီဆုတောင်းမှာ ဘာတွေ ဆုတောင်းထားသလဲဆိုတာ သိချင်လို့ပါဆရာ"

"ယံ ပတ္တံ ကုသလံ တဿ ဆိုတဲ့ ဆုတောင်းကို အဋ္ဌကထာဆရာကြီးရှင်မဟာဗုဒ္ဓဃောသက ရေးခဲ့တာဗျ။ ရှေးဆရာတော်ဘုရားကြီးများက အဲဒီဆုတောင်းကို အတော့်ကိုနှစ်သက်ကြပုံပေါ်ပါတယ်။ စာရေးတဲ့အခါမှာရော တရားဟောတဲ့အခါမှာပါ ဆုတောင်းခန်းရောက်လာပြီဆိုရင် အဲဒီဆုတောင်းနဲ့ပဲ ဆုတောင်းတတ်ကြတယ်။ နောက်ပြီး ဝတ်ရွတ်စဉ်တွေမှာလည်း ဒီဆုတောင်းပါတတ်ပါတယ်။ဆရာ့ဆီမှာ ဟံသာဝတီဝတ်ရွတ်စဉ်ရှိပါတယ်။ ဟံသာဝတီဝတ်ရွတ်စဉ်မှာလည်း အဲဒီဆုတောင်းပါတယ်။ ပါဠိရော နိဿယပါပါတယ်။ ဟံသာဝတီဝတ်ရွတ်စဉ်ကိုယူပြီး အဲဒီဆုတောင်းကို ဆရာဖတ်ပြပါ့မယ်"

(ကျွန်တော်သည် ဘုရားခန်းသို့သွား၍ ဟံသာဝတီဝတ်ရွတ်စဉ်စာအုပ်ကို ယူပါသည်။ ထို့နောက် ယံပတ္တံ ကုသလံ တဿ ဆုတောင်းပါရှိသည့် စာမျက်နှာကိုလှန်ပြီး ဖတ်ပြပါသည်။)

"ကဲ - ကျွန်တော်ဖတ်ပြပါ့မယ်"

"ဖတ်ပြပါ ဆရာ"

□ နိဂုံးပတ္တနာအာသီသ ဂါထာ

(ရှင်မဟာဗုဒ္ဓဃောသစီရင်သည်။)

က။ ယံပတ္တံ ကုသလံ တဿ၊
အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မ ရာဇဿ၊
ဉတွာ ဓမ္မံ သုခါဝဟံ။ ။

ခ။ ပါပုဏန္တု ဝိသုဒ္ဓါယ၊
သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊
နိဗ္ဗာန သုခ မုတ္တမံ။

ဂ။ စိရံတိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန။
သမ္မာဒေဝေါ ပဝဿတု။

ဃ။ ယထာ ရက္ခိံသု ပေါရာဏာ၊
သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊
အတ္တနောဝ ပဇံ ပဇံ။

(က) **ယံကုသလံ** - အကြင် နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကောင်းကို။ **အမေဟိ** - အကျွန်ုပ်တို့သည်။ **ပတ္တံ** - ရအပ်ပေပြီ။ **ဝါ** - လက်ဆုပ်လက်ကိုင် အပိုင်ရရှိ ဝွမ်းဆီထိသို့ ပီတိယိုဖိတ် ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းစွာဖြင့် ဝမ်းသာနှစ်ခြိုက် ဆိုက်ရောက်အပ်ပေပြီ။ **တဿကုသလဿ** - ထိုနိဗ္ဗာန်ရောက်ကြောင်းကုသိုလ်ကောင်း၏။ **အာနုဘာဝေန** - အာနုဘော်တော်ကြောင့်။ **သဗ္ဗေ**- ခပ်သိမ်း။ **ဉဿံ** - အလုံးစုံကုန်သော။ **ပါဏိနော** -. ပညာလက်ကိုင် အပိုင်ရရှိကြကုန်သော သတ္တဝါတို့သည်။ **သဒ္ဓမ္မရာဇဿ** - တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။ **သုခါဝဟံ** - လူနတ်နိဗ္ဗာန်သုံးတန်ချမ်းသာ ဆောင်တတ်စွာသော။ ဓမ္မံ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တည်းဟူသော နိဗ္ဗာန်ရောက်ကြောင်းကို။ **ဉတွာ** - အဟုတ်အသတ်သိမြင်ကြကုန်သည်ဖြစ်၍။

(ခ) **ဝိသုဒ္ဓါယ** - စင်ကြယ်သော။ **ဝါ** - သန့်ရှင်းဖြူစင်သော။ **သုခါယ** - မပင်မပန်း ချမ်းသာသော။ **ဝါ**- လွယ်ကူသော။ **ပဋိပတ္တိယာ** - အကျင့်မြတ်ဖြင့်။ **အသောကံ** - စိုးရိမ်ခြင်းသည်မရှိသော၊ **ဝါ** - သောကမီးလည်းမရှိတော့။ **အနုပါယာသံ** - သက်ကြီးရှိုက်ဝင် ပင်ပန်းခြင်း ပညာမရှိသော။ **ဝါ ဉပါယာသ** - မီးလည်း မရှိသော။ **ဥတ္တမံ** - လူ့ချမ်းသာထက်လည်းကောင်း၊ နတ်ချမ်းသာထက်လည်းကောင်း၊ ဗြဟ္မာချမ်းသာထက်လည်းကောင်း၊ အမှန်မုချမြတ်ထွတ်လှသော၊ **နိဗ္ဗာနသုခ တဏှာ** - ကင်းမြတ်ဘေးလွတ်ကင်းလှ ခေမအမှန် နိဗ္ဗာန်ချမ်းသာသို့။ **ပါပုဏန္တု**-တဏှာကင်းပြတ် ဘေးလွတ်ကင်းလှ ခေမအမှန် နိဗ္ဗာန်ချမ်းသာသို့။ **ပါပုဏန္တု** - ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် အဘိဉာဏ်တို့ဖြင့်-အမြန်ချောက်ပေါက် ရောက်ကြပါစေကုန်သတည်း။

(ဂ) **သဒ္ဓမ္မော** - သုတ်၊ ဝိနည်း၊ အဘိဓမ္မာတည်းဟူသော ပရိယတ္တိသဒ္ဓမ္မသည်။ **စိရံ** - သာသနာ ငါးထောင် များမြောင်ခွန့်တာ ရှည်မြင့်ကြာအောင်၊ **တိဋ္ဌတု**- မိစ္ဆာမှောင်လွင့် တန်ဆောင်တင့်သို့၊ လင်းပွင့်ဖြိုးစည်ပါစေသတည်း။ **သဗ္ဗေပိ** - အလုံးစုံလည်း ဖြစ်ကုန်သော။ **သတ္တာ** - သဒ္ဓါလက်ကိုင်အပိုင်ရရှိကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့သည်။ **ဓမ္မေ** - ပုညကိရိယာ ပါရမီ အစရှိသော သူတော်ကောင်းတို့၏ ကျင့်စဉ်တရား၌၊ **ဝါ** - သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်၌၊ **သဂါရဝါ** - ရိုသေခြင်းရှိကြကုန်သည်။ **ဝါ** - ဝါရဝတရား လက်ကိုင်ထားကြကုန်သည်။ **ဟောန္တု** - ဖြစ်ကြပါစေကုန်သတည်း။ **ကာလေန** - ရွာသင့်ချိန်ရာ၊ ညဥ့်အခါ၌၊ **ဝါ** - မြေညှံ့ရာအရပ်၌ ငါးရက်တစ်ကြိမ်၊ မြေအလတ်စားရှိရာအရပ်၌ တစ်ဆယ့်ငါးရက်တစ်ကြိမ် ဟုဆိုအပ်သော၊ ရွာသင့်သောအခါ၌။ **ဒေဝေါ** - မိုးမင်းသည်။ **သမ္မာ** - ကောင်းစွာ။ **ဝါ** - အယဉ်ထန်စွာ။ **ပဝဿတု**-မြို့ပြပြည်ရွာ ဝပြောသာအောင် ရွာပါစေသတည်း။

(ဃ) **ပေါရာဏာ**-ရှေးရှေး၌ဖြစ်ကုန်သော၊ **သုရာဇာနော** - ဘုရားအလောင်းတော် စသော မင်းကောင်းမင်းမြတ်တို့သည်၊ **ပဇံ** - တိုင်းသားပြည်သူရှင်လူအပေါင်းကို၊ **ရက္ခိံသုယထာ**-စောင့်ရှောက်ကြလေကုန်ဘိသကဲ့သို့။ **တထေဝ** - ထိုနည်းပုံယူအတူသာလျှင်။ **ရာဇာ**-တိုင်းပြည်လက်ကိုင် စိုးချုပ်ပိုင်သသော နိုင်ငံသနင်းပြည့်ရှင်မင်းသည်။ **ဣမံပဇံ** - ဤ ယခုထင်ရှားရှိသော တိုင်းသားပြည်သူရှင်လူအပေါင်းကို။ **အတ္တနောဝပဇံဣဝ**- ရင်ဝယ်မွေးဖွား ချစ်သည့်သားကဲ့သို့၊ **ဓမ္မေန** - မင်းကျင့်တရားမြတ်ဆယ်ပါးဖြင့်။ **ရက္ခတု**-စောင့်ရှောက်ပါစေသတည်း။

နိဿယဆုံးသောအခါ ကျွန်တော်က ဤသို့စကားဆက်လိုက်ပါသည်။

"နိဿယဆရာက ပြည့်ပြည့်စုံစုံဖွင့်ဆိုထားတယ်ဗျ။ နိဿယဆရာရဲ့ ဖွင့်ဆိုချက်ကို မိတ်ဆွေသဘောပေါက်မှာပါ"

"အထိုက်အလျောက် သဘောပေါက်ပါတယ် ဆရာ။ ဆုတောင်းက အတော့်ကို ပြည့်စုံပါတယ်။ သတ္တဝါအားလုံး မြတ်စွာဘုရားရဲ့တရားတော်ကို သိမြင်ကြပါစေ။ နိဗ္ဗာန်သို့ရောက်ကြပါစေ။ သူတော်ကောင်းတရားကို ရိုသေခြင်းရှိသည်ဖြစ်ကြပါစေ။ မိုးကလည်း ရွာသင့်အချိန်မှာ မြို့ပြပြည်ရွာဝပြောသာယာအောင်ရွာပါစေ။ ရှေးဘုရားအလောင်း စသော မင်းကောင်းမင်းမြတ်တို့ဟာ တိုင်းသူပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ နိုင်ငံအုပ်ချုပ်ကြသူတို့သည် တိုင်းသူပြည်သားတို့အား တရားနဲ့အညီ စောင့်ရှောက်ကြပါစေလို့ ဆုတောင်းထားပါတယ်။ အတော်ပြည့်စုံပါတယ်"

"ဟုတ်တယ်၊ အတော်ပြည့်စုံပါတယ်။ ဒါပေမယ့် အဋ္ဌကထာဆရာကြီး ဆုတောင်းခဲ့တဲ့ ခေတ်အခါနဲ့ ဒီကနေ့ခေတ်အခါ မတူတော့ဘူး။ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဒီနေ့ခေတ်အနေအထားကိုကြည့်ပါတဲ့။ ကြည့်တတ်ရင် မြင်တတ်ပါသတဲ့။ ဒီကနေ့ခေတ်က ဆုတ်ခေတ်တဲ့။ လူတွေလူကျင့်ပျက်နေပြီတဲ့။ လူဆိုပေမယ့် လူလိုမကျင့်တော့ဘဲ ဘီးလူးကျင့်ကျင့်နေပြီတဲ့။ အဓမ္မနည်းတွေကိုသုံးပြီး သူ့ကာမကိုယူနေကြပြီတဲ့။ အဓမ္မနည်းတွေကိုသုံးပြီး သူ့အယူဝါဒကိုလည်း လုယူနေကြပြီတဲ့။ အဋ္ဌကထာဆရာကြီးရှင်မဟာဗုဒ္ဓဃောသရဲ့ ယံပတ္တံ ကုသလံ တဿ အစချီတဲ့ ဆုတောင်းကိုတောင်းတဲ့ခေတ်အခါနဲ့ သည်ကနေ့ခေတ်အခါ မတူတော့ဘူးတဲ့။ အဲဒါကြောင့် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အဲဒီဆုတောင်းမှာ မပါသေးတာကို ဖြည့်စွက်ပြီး ဆုတောင်းတာပါတဲ့။ ဘာတွေဆုတောင်းထားတယ်ဆိုတော့ ဆုတောင်းကိုဖြည့်ပြီးဖတ်ကြည့်ရမှာပေါ့"

"ဆရာပဲရှင်းပြပါ ဆရာ"

"ဆရာတော်ဘုရားကြီးက ရှေးဦးစွာ ပါဠိလိုဆုတောင်းတယ်။ ပြီးတော့မှ နိဿယပြန်ဆိုပါတယ်။ ကျွန်တော် ပါဠိလို ဖတ်မပြတော့ပါဘူး။ နိဿယမြန်မာပြန်ကိုပဲ ဖတ်ပြပါ့မယ်"

"ကောင်းပါတယ် ဆရာ။ ပါဠိလိုဖတ်တော့ ကျွန်တော်နားလည်မှာမဟုတ်ပါဘူး။ မြန်မာပြန်ကိုပဲ ဖတ်ပြဆရာ"

## မင်းခန့်ကိုကို (RUBY LAND)

# တိပ်မြုပ်မြို့ဟောင်း စမ္မာနဂိုရ်



ဈော်စင် (ခံတပ်ထုန်း)

**□ အိုးလုပ်သောရွာ**

ကချင်ပြည်နယ် ဗန်းမော်မြို့သည် ဧရာဝတီ ပထမမြစ်ကျဉ်းနှင့် ဒုတိယမြစ်ကျဉ်းအကြားတွင်ရှိပြီး မြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၃၈၅) ပေတွင်ရှိပြီး မြောက်လတ္တီတွဒ် (၂၃) ဒီဂရီ (၅၄) မိနစ်မှ (၂၄) ဒီဂရီ (၄၂) မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၆) ဒီဂရီ (၅၃) မိနစ်မှ (၉၇) ဒီဂရီ (၂၄) မိနစ်အကြားတွင် တည်ရှိကာ အရှေ့ဘက်တွင် မိုးမောက်မြို့နယ်၊ အနောက်ဘက်တွင် ရွှေကူမြို့နယ်၊ တောင်ဘက်တွင် မန်စီမြို့နယ်နှင့် မြောက်ဘက်တွင် ဝိုင်းမော်မြို့နယ်တို့ ဝန်းရံလျက်ရှိသည်။

ဗန်းမော်မြို့သည် ရှမ်းတို့၏ နေရင်းဒေသဖြစ်၍ ရှမ်းဘာသာဖြင့် 'မန်မော်' ဟု အမည်စတင်သည်။ 'မန်' သည် ရွာဟု အဓိပ္ပာယ်ရပြီး 'မော်' သည် အိုးဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် အိုးလုပ်သောရွာ (မန်မော်) ဟု ခေါ်ဝေါ်ရာမှ ကာလရွေ့လျားကာ ဗန်းမော်ဟု အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

**□ စမ္မာနဂိုရ်**

ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသတွင် -

၁။ အင်္ဂတိုင်း

၂။ မဂဓတိုင်း

---

"ဤမှာဘက်ဖြင့် ဆုတ်ကပ်ခေတ်ကြီးထဲ၌ကား ကမ္ဘာတစ်လွှားလူအများအစားတို့သည်ကိုယ်ကျင့်တရားပျက်ပြားလာကြခြင်းတို့ကြောင့် ရုပ်ပြမပျက် စိတ်အလုပျက်နေခြင်းများတို့ကိုလည်း ကြည့်တတ်မြင်သိ အထင်အရှားရှိနေကြပါ၏။

သည်မျှမကသေး။

ရုပ်ပျက်ဆင်းပျက် စိတ်ပါပျက်နေခြင်းများကိုလည်း ကြည့်တတ်မြင်သိ အထင်အရှားတွေ့မြင်နိုင်ကြပါ၏။

တစ်ဖက်သတ်နှက် တစ်ကိုယ်တောင်းပေါင်းဖက်နေကြခြင်းများကိုလည်း ကြည့်တတ်မြင်သိ အထင်ရှားပင် တွေ့နိုင်ကြပါ၏။ ကိုယ်ကြိုက်ရေးဆွဲ တစ်ကိုယ်ကောင်းဝါဒစွဲခြင်းများကိုလည်း ကြည့်တတ်မြင်သိ အထင်အရှားပင်တွေ့နိုင်ကြပါ၏။

လူလို့သာဆိုရသော်လည်း လူလိုမကျင့် လူ့အဆင့်ပျက်နေခြင်းများကိုလည်း ကြည်တတ်မြင်သိအတိုင်းသားတွေ့သိနိုင်ကြပါ၏။

အခြေပြောင်းလဲ ထိုသို့ အကောင်းများ ကင်းစဲနေခြင်းကြောင့်ပင်။ ဤဆုတောင်းစကားကို တောင့်တပါ၏။

လူအားလုံးတို့သည် . . .

ဒါနစကား ကောင်းကျိုးတိုးပွားသူများကို အလှူခံကောင်းများမကွယ်မီ အတွင်း မျိုးသွင်းနိုင်ကြပါစေ။ ဤသို့လည်း ဆုတောင်းခဲ့ပါ၏။

နောက်တစ်မျိုးမှာ -

မကောင်းမှုပြုမိရာမှ ပျက်ပြားနေပုံများကိုလည်း ထိုးသွင်းသိမြင်ဉာဏ်ချင့်ကြည့်တတ်ကြပါသော ဤသို့လည်း ဆုတောင်းခဲ့ပါ၏။

နောက်တစ်မျိုးမှာ -

အဓမ္မကာမ အဓမ္မဝါဒ လိုက်စားနေကြပုံများကိုလည်း ထိုးထွင်းသိမြင်ဉာဏ်ချင့်ကြည့်တတ်ကြပါစေ။ ဤသို့လည်း ဆုတောင်းခဲ့ပါ၏။

နောက်တစ်မျိုးမှာလည်း -

လူဖြစ်လျက်သား လူကျင့်မကျင့်သူများကိုလည်း ထိုးထွင်းသိမြင်ဉာဏ်ချင့်ကြည့်တတ်ကြပါစေ။ ဤသို့လည်း ဆုတောင်းခဲ့ပါ၏။

ဤသည်ကား ဤတွေ့လိုသော တောင့်တစကားတည်း"

ဆုတောင်းဆုံးသွားသောအခါ ဓမ္မမိတ်ဆွေက ဤသို့ပြောပါသည်။

"ဆရာတော်ဘုရားကြီးပြောတာ သိပ်မှန်တယ်ဗျာ။ ဒီကနေ့ခေတ်မှာ အဓမ္မကာမ၊ အဓမ္မဝါလိုက်စားတဲ့သူတွေ အတော့်ကိုများနေပါတယ်။ သတင်းစာကိုဖတ်ဖတ်၊ ရုပ်သံကိုပဲကြည့်ကြည့် မကြားချင်အဆုံး မမြင်ချင်အဆုံးတွေ့နေရပါတယ်။ ဆရာတောတ်ဘုရားကြီးက အဲဒါတွေသိလို့မြင်လို့ အခုလိုဆုတောင်းတာ ဖြစ်ပါတယ်"

"ဆရာတော်ဘုရားကြီးက အဲဒီဆုတောင်းဖြစ်ခဲ့ပုံကို တပည့်ဒါယကာတွေ သိစေချင်လို့ မိတ်ဆွေယူလာတဲ့ စာအုပ်ကို ရေးခဲ့တာပေါ့"

"ဆရာ အဲဒီလိုပြောတော့ အဲဒီစာအုပ်ကိုပြန်ဖတ်ဦးမယ် ဆရာ"

"ဖတ်ပါဗျာ၊ ဖတ်ပြီးတော့မှ ပြောပြကြသေးတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

ထို့နောက် ဓမ္မမိတ်ဆွေသည် ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားပါသည်။

မြဝင်း (ဒဿန)

၃။ ကာသိတိုင်း
၄။ ကောသလတိုင်း
၅။ ဝိဇ္ဇိတိုင်း
၆။ မလ္လာတိုင်း
၇။ စေတိယတိုင်း
၈။ ဝင်္ဂတိုင်း
၉။ ကုရုတိုင်း
၁၀။ ပဉ္စာလတိုင်း
၁၁။ မစ္ဆတိုင်း
၁၂။ သူရတိုင်း
၁၃။ အဿကတိုင်း
၁၄။ အဝန္တိတိုင်း
၁၅။ ဂန္ဓာရတိုင်း
၁၆။ ကမ္ဘောဇတိုင်း

စသည့် တိုင်း (၁၆) တိုင်းရှိသည့် အနက် အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့မှာ နယ်မြေချင်းဆက်စပ်လျက်ရှိပြီး မိုးခေါင် ရေရှားဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်သောအခါ တိုင်းနှစ်တိုင်း၏ နယ်နိမိတ်သဖွယ်ဖြစ်နေသော စမ္ပာမြစ်ရေကို မာဂဓတိုင်းသားတို့ တူးမြောင်းဖောက်သွယ်ယူသည်ကို အကြောင်းပြု၍ စစ်မက်ဖြစ်ပွားကြသည်။

စစ်ရေးရှုံးနိမ့်သော အင်္ဂတိုင်း စမ္ပေယျမင်းကြီးသည် နောက်လိုက်နောက်ပါအပေါင်းနှင့်တကွ ထွက်ပြေးတိမ်းရှောင်ရင်း မြန်မာနိုင်ငံအထက်ပိုင်း ဧရာဝတီမြစ်နှင့် တာပိန်မြစ်ပေါင်းဆုံရာဒေသသို့ ရောက်ရှိလာခဲ့ပြီး မူလဒေသတိုင်း စမ္ပာနဂိုရ်အမည်ပေးလျက် ထီးနန်းစိုးစံတော်မူခဲ့သည်။



ရွှေစင် (ခံတပ်ထုန်း)



ရွှေစင် (ခံတပ်) ကုန်းအား အောက်မှတွေ့ရစဉ်

## □ မြို့ဟောင်းတည်ရာအဖြာဖြာ

စမ္ပာနဂိုရ်တည်နေရာနှင့်ပတ်သက်၍ အထင်အမြင် အယူအဆအမျိုးမျိုး ကွဲပြားလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

ဆေးဆရာကြီး ဆရာသိုက်ထံမှ ရရှိခဲ့သော လက်ရေးမူဖြင့် ကူးယူထားသည့် မန်လည်ဆရာတော်ဘုရားကြီး၏ စည်တော်သံတွင်-

□ *စမ္ပာနဂိုရ်မြို့တော်ထောင့်က၊ နောက်မြောက်စောင်းတဲ့နီးရပ်ခွင်၊ ကျိုးမင်းလောင်းတော်ပျော်ကျက်စား၊ နားတဲ့ကုန်းပြင်၊ ဧရာမြစ်ထိပ် ကမ်းငူတွင်၊ သမ္ဘူရှင်မွေတော်စစ်နှင့်၊ သီရိမွေ့ရာဇ် လောကမှန်ကူ၊ မင်းတည်တော်မူ၊ မြတ်ဖျားတစ်ဆူ၊ သောင်းဇေမ္ဗူကျော်ကြား၊ များနတ်လူ ကြည်ပူဇော်လို့၊ စေတီတော် မြောက်ရောင်ပယ်၊ ပွဲရထင်ရှား. . .*

ဟု ရေးစပ်သီကုံးထားလေရာ ရွှေကျိုးနားဘုရားသည် စမ္ပာနဂိုရ်၏ အနောက်မြောက်အရပ်တွင်တည်ရှိသည်ဟု ဆိုရပေမည်။ ရွှေကျိုးနားဘုရား၏ တောင်ဘက်မှ စမ္ပာ၊ နောင်ခိုနေရာသည် စမ္ပာနဂိုရ်မြို့ဟောင်းနေရာဖြစ်ချေမည်။

ရှေးဟောင်းသုတေသနဌာနကြားရေးဝန်၏ (၁၉၅၉-၁၉၆၀) နှစ်ချုပ်အစီရင်ခံစာတွင် -

ဤ (စမ္ပာရွာနှင့် နောင်ခိုရွာ) ရွာနှစ်ခုနှင့် စမ္ပာနဂိုရ် ဟူသော အမည်တွင်မည်သည်ကရှေးကျမည်မသိသော်လည်း စမ္ပာနောင်ခိုနှင့် စမ္ပာနဂိုရ်ဝေါဟာရတို့မှာ အချင်းချင်းဖလှယ်၍ ခေါ်ဝေါ်ခဲ့ကြမည်ကား မလွဲချေဟု ဖော်ပြထားသည်။

ဗန်းမော်မြို့ဟောင်း (စမ္ပာနဂိုရ်) သည် ဖွန်ရှမ်းတို့၏ ကိုးရှမ်းပြည်တွင် တစ်ပြည်အဖြစ်အပါအဝင်ဖြစ်ကြောင်း၊ ယခု မြို့ရိုးပျက်တည်ရှိနေသေးသော နေရာသည်သာ စမ္ပာနဂိုရ်မြို့ဟောင်းနေရာအမှန်ဖြစ်နိုင်သည်ဟု ခရစ်နှစ် ၁၈၇၁ ခုနှစ်အတွင်းက ဗန်းမော်ကိုဖြတ်၍ တရုတ်ပြည်သို့ ခရီးလှည့်လည်ခဲ့သူ အင်္ဂလိပ်လူမျိုး ကမ္ဘာ့လှည့်ခရီးသည် ဂျွန်အင်ဒါဆင် (John Anderson) က သူ၏ ယူနန်သွားမှတ်တမ်း (A Report On The Expidition To Yunan Via Bhamo) တွင် ရေးသားထားသည်။

သီပေါမင်းလက်ထက် မင်းထင်ကျော်သူရိန်ဘွဲ့ခံ ဝန်ထောက်မင်းဦးထွန်းကြွယ်၏ ဗန်းမော်မြို့ အတ္ထုပ္ပတ္တိစာတမ်း (မန္တလေးမြို့ ဂုဏဝတီပုံနှိပ်တိုက်၊ ၁၃၀၂ ခုထုတ်) တွင်မူ စမ္ပာနဂိုရ်ကို ဝဿကမြို့၊ ကောင်းစင်းမြို့ စသည်ဖြင့် ခေါ်တွင်ခဲ့ကြောင်း ဖော်ပြထားလေသည်။

ယင်းစာတမ်း၌ -

ကကုသန်ဘုရားမပွင့်မီ မဇ္ဈိမဒေသ ကောသမ္ဗီပြည်ကြီးကို အစိုးရပြုသည်။ ကကုသန်ဘုရားလက်ထက်တိုင် တည်ပြန်သည်။ ကောဏာဂုံဘုရားလက်ထက်တိုင်ရောက်လျှင် ဝဿကမြို့ သမုတ်တည်ပြန်သည်။ ကဿပဘုရား




ရှော်စင် (ခံတပ်) ထုန်းပေါ်မှ မြို့ရိုးနှင့် ကျုံးအား တွေ့ရစဉ်



မြို့ရိုးတစ်လျှောက်အား တွေ့ရစဉ်



ကျောင်းဆောင်သစ်ဆောက်လုပ်နေသည့်အနီးရှိ ရှော်စင် (ခံတပ်) ကုန်း



မြို့ရိုးတစ်လျှောက်အား နောက်ခံထားလျက် စာရေးသူ

လက်ထက်ရောက်လျှင် စမ္ပာနဂိုရ်သမုတ်သည်။ ဂေါတမဘုရားလက်ထက်ရောက်လျှင် ကောင်းစင်းမြို့ဟု သမုတ်သည်။ ထိုမြို့ကို အစိုးရသောမင်းကား စိတ္တမင်းတည်း။သာသနာတော်(၂၁၈)နှစ်မြောက်တွင် ဓမ္မာသောကမင်းလက်ထက် ဇမ္ဗူဒီပါတောင်ကျွန်းနှင့်တကွ တိုင်းနိုင်ငံအတွင်း မြို့ပြကျေးရွာ စော်ဘွားခံ၊ ထီးဆောင်းမင်းအပေါင်းတို့ကို စေနှံ့အောင် အမိန့် တော်ပြန်ဆို၍ မွေတော်ဓာတ်စစ် စေတီပုထိုးရှစ်သောင်းလေးထောင်၊ ရေတွင်းရေကန်ရှစ်သောင်းလေးထောင်တည်ထားပြုစုတော်မူသည်။ အသီးသီးရွှေပေတံဆိပ် အမိန့်တော်ပေးအပ်၍ တည်သည်။ စမ္ပာနဂရ ကောင်းစင်းမြို့မှာ ပုထိုးရွှေကျိုးနားတစ်ဆူ၊ မန်မော်တွင် ရွှေစေတီတစ်ဆူ၊ ကွမ်းတုံတွင် ရွှေစေတီတစ်ဆူ၊ ဟာခန်းတွင် မြစေတီတစ်ဆူ၊ လေးဆူသောဘုရားကို စမ္ပာနဂရ ကောင်းစင်းမြို့က တည်တော်မူသည်'


ဟု ရေးသား ဖော်ပြထားသည်။

□ ရာဇဝင်ထဲက စမ္ပာနဂိုရ်

စမ္ပာနဂိုရ်ထီးနန်းစိုးစံတော်မူသည့် စမ္ဗေယျမင်းကြီး နတ်ရွာစံပြီးနောက် သားတော် အိမ်ရှေ့မင်း ဗြဟ္မာ ခေါ် ဗြဟ္မာကုမ္မာမင်း နန်းတက်တော်မူသည်။ ဗြဟ္မာရကုမ္မာမင်းကြီး နတ်ရွာစံလွန်ပြီးနောက် အိုက်ခေါ်တော်နှင့် (ဗြဟ္မာရကုမ္မာမင်းကြီး၏ သမီးတော်) မုဋ္ဌစန္ဒာမင်းသမီးတို့ ထီးနန်းဆက်ဆံခဲ့ကြသည်။ အိုက်ခေါ်တော်မင်းကြီး နတ်ရွာစံပြီးနောက် သားကြီး စိတ္တရာဇာ ထီးနန်းစိုးစံတော်မူရာ စိတ္တရာဇာ၏ ညီတော် ဂုတ္တရာဇာ ထီးနန်းလု၍ အုပ်ချုပ်မင်းလုပ်သည်။ စိတ္တရာဇာ၏ သားတော်ဝိလာသမင်းသား အရွယ်ရောက်သော် နောက်ပါအင်အားစုဆောင်းလျက် စမ္ပာနဂိုရ်သို့ စစ်ချီလာရာ ဘထွေးတော် ဂုတ္တရာဇာမင်းကြီး စစ်ရှုံးလေသည်။ စမ္ပာနဂိုရ်မင်းနေပြည်တော်ကို ဝိလာသမင်းသားစွန့်ကာ တောအရပ်သို့ထွက်ခွာ၍ တရားမမွေမွေ့လျော်လေသောအခါ ဓမ္မာမင်းဆက်ပြတ်လေသည်။

□ မန်မော်ရွာ

ရှမ်းမင်းအဆက်ဆက်တို့ စိုးစံတော်မူခဲ့သော စမ္ပာနဂိုရ်နေပြည်တော်ကြီး ပျက်စီးပြီးနောက် အနုရုဒ္ဓ (၁၀၄၄-၁၀၇၇)အနော်ရထာမင်းစောလက်ထက်တွင် သိုလျှင်ဘွားစော်ဘွားသည် စမ္ပာနဂိုရ်၏ တောင်ဘက် (၃) မိုင်အကွာ




မန်မော်ရွာတွင် မြို့ပြနေကြောင်း ဝန်ထောက်မင်း ဦးထွန်းကြွယ်၏ ဗန်းမော်မြို့အတ္ထုပ္ပတ္တိစာတမ်း၌ ဖော်ပြထားသည်။ မန်မော်ဟူသော ရှမ်းအမည်မှ ဗန်းမော်ဟု အမည်တွင်လာခြင်းဖြစ်ကြောင်း မှတ်သားသိရှိရသည်။

ဂျွန်အင်ဒါဆင် (John Anderson) ၏ ယူနန်သွားမှတ်တမ်းအရမူ ၁၇ ရာစုနှစ်မတိုင်မီအချိန်က ဗန်းမော်မြို့ဟောင်းသည် စီကော်နှင့် စီဟတ်ရွာကြီးများအကြား တာပိန်မြစ်၏ လက်ယာဘက်ကမ်းပေါ်၌ တည်ရှိခဲ့သည်ဟု ယူဆရကြောင်း၊ စိန့်ကျော့ခံတပ်မှ မှတ်တမ်းများတွင် ၁၇ ရာစုနှစ်မတိုင်မီ ဗန်းမော်သို့ အင်္ဂလိပ်နှင့် ဒပ်ချ်လူမျိုးတို့ ရောက်ရှိလာခဲ့ဖူး၍ စက်ရုံများတည်ဆောက်ခဲ့ဖူးရာ အဆိုပါ စက်ရုံများ၏ ကြွင်းကျန်ရစ်သောအုတ်မြစ်ဟောင်းများကို အဆိုပါ စီကော်နှင့် စီဟတ်ရွာကြီးများအကြားတွင်တွေ့ရှိရသည်ကို ဖော်ပြထားကြောင်း၊ ဗန်းမော်မြို့ဟောင်းသည် တာပိန်မြစ်ကမ်းတွင်ဖြစ်ဖွယ်ရာရှိသဖြင့် ဧရာဝတီကမ်းပေါ်မှ ယခု တည်ရှိနေသော ဗန်းမော်မှာ ၁၇ ရာစု နောက်ပိုင်းတွင်းမှ အသစ်ပြောင်းရွှေ့တည်ဆောက်ခြင်း ဖြစ်ဖွယ်ရာရှိကြောင်း ရေးသားထားလေသည်။

CW.DAWSONကလည်း ဗန်းမော်မြို့ဟောင်း စမ္ပာနဂိုရ်သည် စော်ဘွားပိုင်မြို့အဖြစ် ၁၁ ရာစုနှစ် မတိုင်မီကပင် တည်ရှိခဲ့ကြောင်း၊ မြန်မာနှစ် ၄၀၀၊ ခရစ်နှစ် ၁၀၃၈ သို့ကျင်ဘွား (သိုလျင်ဘွားစော်ဘွား) လက်ထက်တွင် နေရာဟောင်းမှ တာပိန်မြစ်အထက် မိုင် (၂၀) ခန့်ရှိ ဗန်းမော်မြို့ဟောင်းသို့ ပြောင်းခဲ့ကြောင်း၊ ယခု ဗန်းမော်မှာ ၁၇ ရာစုနှစ်မှ တည်သည့်မြို့ဖြစ်ကြောင်းကို ၎င်း၏ ဗန်းမော်ဂေဇက်တီးယား၌ ဖော်ပြထားလေသည်။

## ▫ စမ္ပာနဂိုရ်မြို့ဟောင်း

ရှေးဟောင်းသုတေသနဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကာ အငြိမ်းစားယူပြီးနောက် ကမ္ဘာလုံးဆိုင်ရာနေရာပြစနစ် (GPS- Global Positioning System) ဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ရှေးဟောင်းဒေသများကို လေ့လာခဲ့သူ မင်းဘူးအောင်ကြိုင် (ရှေးဟောင်းသုတေသနညွှန်ကြားရေးမှူး အငြိမ်းစား ဦးအောင်ကြည်) ၏ မှတ်တမ်းအရ စမ္ပာနဂိုရ်မြို့ဟောင်းသည် တာပိန်မြစ်ကမ်းဘေးတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၃၅၆) ပေ၊ မြောက်လတ္တီတွဒ် (၂၄) ဒီဂရီ (၁၇) မိနစ် (၁၅. ၁) စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် (၉၇) ဒီဂရီ (၁၃) မိနစ် (၄၄. ၃) စက္ကန့်တွင် တည်ရှိသည်။ ကျုံးနှင့် မြို့ရိုးနှစ်ထပ်ရှိပြီး မြို့ရိုးအမြင့်သည် အချို့နေရာ၌ (၁၂) ပေမြင့်၍ အကျယ်ထုမှာ (၁၄) ပေရှိကာ ကျုံးအကျယ် (၆၂) ပေ ရှိသည်။ အနောက်မြောက်ထောင့်တွင် ရွှေကျိုးနားစေတီနှင့် တံခွန်တိုင်ကျောင်းတိုက် ရှိသည်။ မြောက်ဘက်မြို့ရိုးမှာ (၂၀၇၈) ပေ ရှိသည်။ အရှေ့ဘက်မြို့ရိုးမှာ (၂၀၂၈)ပေရှိကာ အနောက်ဘက်မြို့ရိုးမှာ (၅၃၉) ပေရှိသည်။ မြို့ရိုးမှာ အုတ်နှင့်မြေရာ၍ ပြုလုပ်ထားပြီး အချို့နေရာများတွင် အုတ်ရိုးပေါ်၌ မြေဖြည့်ထားသည်။ မြို့ကာကွယ်ရေးအတွက် အထောက်အကူဆိုင်ရာတည်ဆောက်မှုဖြစ်သောမျှော်စင်ကို ဗန်းမော်မြို့ဟောင်း (စမ္ပာနဂိုရ်) တွင် ယနေ့တိုင်မြင်နိုင်သေးသည်။ ရှမ်းတို့၏ လက်ရာဟု ယူဆရပြီး ခံတပ်ပုံစံမှာ တောင်မြောက်တန်းလျက်အနေအထားဖြင့် မြေပေါ်တွင် ထင်ရှားစွာ ပေါ်ထွက်နေသည်။ ကင်းတပ်မှာ ခန့်မှန်းခြေမီတာ (၇၀၀) မျှရှည်ပြီး ယင်းအပေါ်တွင် စက်ဝိုင်းပုံအနေအထားနှစ်ခုကို ခံတပ်ထက်ပိုမြင့်ရန် ပြုလုပ်ထားသောကြောင့် တစ်ခုနှင့်တစ်ခု အဆက်ပြတ်သကဲ့သို့ဖြစ်နေပြီး မျှော်စင်ကြီးများနှင့်တူနေသည်။ ထိုထူးခြားသောပုံသဏ္ဌာန်နှစ်ခုသည် တစ်ခုနှင့် တစ်ခု ကျိုးစာန်းတစ်ကောင်ပျံနိုင်သောအကွာအဝေးဖြစ်သည့် မီတာ (၄၄၀) မျှဝေးသည်။ ဗိသုကာတည်ဆောက်ထားပုံမှာ အလွန်ကောင်းသော ကာကွယ်မှုပုံစံဖြစ်ပြီး ယေဘုယျအားဖြင့် ခံတပ်မြို့အားလုံးတွင် မတွေ့ရကြောင်းကို မင်းဘူးအောင်ကြိုင်၏ လေ့လာချက်အရ သိရှိရသည်။

## ▫ တိမ်မြုပ်မြို့ဟောင်း

စမ္ပာနဂိုရ်မြို့ဟောင်းမှာ လူတို့၏ ဖျက်ဆီးမှုများ၊ လူတို့၏နေထိုင်မှုအောက်ကျရောက်သွားမှုများ၊ အချိန်မီတူးဖော်ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိခဲ့မှုများကြောင့် ယခုအခါတွင် မြန်မာ့မြေပေါ်မှ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် တိမ်မြုပ်မြို့ဟောင်းတစ်မြို့အဖြစ်သာ တည်ရှိနေပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မင်းခန့်ကိုကို (RUBY LAND)

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးဖြစ်သော်လည်း အလေး အနက်ခံယူကျင့်သုံးနိုင်ခြင်းမရှိခဲ့။ မိရိုး ဖလာဗုဒ္ဓဘာသာဝင်တစ်ဦးသာ ဖြစ်မှန်း အရွယ်ညောင်း၍ ဇရာထောင်းခါနီးမှ သိရှိခဲ့၏။ အထူးအားဖြင့် သီတဂူဆရာ တော်ကြီး၊ ဒေါက်တာအရှင်ဉာဏိဿရ နှင့် (မေတ္တာရှင်ရွှေပြည်သာ) အရှင်ဇဝန တို့၏ဟောပြောဆုံးမဲသော ဩဝါဒများ၊ ရေးသားထုတ်ဝေသော တရားစာအုပ် များ၊ ဆရာတော်ကြီးများ၏ သင်ကြား လမ်းညွှန်မှု၊ ခင်မင်ရင်းနှီးသော ဓမ္မ မိတ်ဆွေများနှင့်ဆွေးနွေးခွင့်၊ လေ့လာ လိုက်စားခွင့်ရခဲ့သော အကျိုးကျေးဇူးတို့ ကြောင့် အာစာရဗုဒ္ဓဘာသာဝင်ကောင်း တစ်ဦးအဖြစ် အချိန်မီ နားလည်သိရှိ ကျင့်ကြံ အားထုတ်ခွင့်ရရှိခဲ့ခြင်းအပေါ် ဂုဏ်ဝမ်းမြောက်ကြည်နူးခြင်း ဖြစ်မိ၏။

# ရွှေစင်သား

## ဒါနတန်ခိုး တံတားမကျိုး

ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်း သားများသည် ပေးကမ်းစွန့်ကြဲခြင်း၊ လှူ ဒါန်းမှုများပြုလုပ်ခြင်းကို ဝန်မလေး။ နောက်မတွန့်ကြ။ ကံကံ၏အကျိုးကို ယုံကြည်လက်ခံကြ၏။ ကောင်းသောအမှု ကိုပြုလုပ်သူသည် ကောင်းသောအကျိုး ခံစားရမည်။ မကောင်းသောအမှုကို ပြုလုပ်သူသည် မကောင်းသောအကျိုး ခံစားရမည်။ ယခုဘဝ မခံစားရလျှင် နောင်တမလွန်ဘဝမှာ ခံစားရမှာ မုချ ဖြစ်၏။ ချိုသောမျိုးစေ့ကို စိုက်ပျိုးလျှင် ချိုသောအသီးကိုစားရမှာဖြစ်သလို ခါး သောမျိုးစေ့ကို စိုက်ပျိုးလျှင် ခါးသော အသီးကိုစားရမည်မှာ ဓမ္မတာပင်မဟုတ် ပါလေစ။

ကျွန်တော် တာဝန် ထမ်းဆောင် ခဲ့ဖူးသော ရဲကင်းစခန်းတွင် စိတ်ရင်း စေတနာဝါသနာအရ လည်းကောင်း၊ မြန်မာတို့၏ ဓလေ့ထုံးစံအစဉ်အလာ



အရ လည်းကောင်း ဒေသခံတိုင်းရင်းသူ တိုင်းရင်းသားများနှင့်လက်တွဲပြီး ထမနဲ ထိုးပွဲကျင်းပလျှုဒါန်းခြင်း၊ မိုးလင်းပေါက် ဗွီဒီယိုပြသခြင်းတို့ကို ပြုလုပ်ခဲ့၏။ ထိုပြု လုပ်လှူဒါန်းခဲ့သော ဒါနတန်ခိုးကြောင့် ကျွန်တော်နှင့် မိသားစုတပ်ဖွဲ့ဝင်များ၊ ထမနဲပွဲကို လာရောက် ဆင်နွှဲကြသော ကျေးရွာသူကျေးရွာသားများ၏ အသက် ဘေးနှင့် ကျွန်တော်တာဝန်ယူထားရ သော မုဒုံ-ချောင်းနှစ်ခွကားလမ်းပေါ်ရှိ အချက်အချာ ကဒါချောင်းကူးတံတား ကြီး မိုင်းခွဲဖျက်ဆီးခြင်းဘေးမှကင်းလွတ် သောအကျိုးတရားကို ခံစားခဲ့ရ၏။ ဒဏ္ဍာရီပုံပြင်လည်းမဟုတ်၊ စိတ်ကူးယဉ် အိပ်မက်လည်းမဆန်သော ကိုယ်တိုင် တွေ့ကြုံခံစားရပုံမှာ. . .

❑

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ် ဝန်းကျင်က ကျွန်တော်သည် မွန်ပြည် နယ် ကျိုက်မရောမြို့နယ်တွင် တာဝန် ထမ်းဆောင်ခဲ့ရ၏။ ကျိုက်မရောမြို့သည် မြို့ပင်ငယ်သော်လည်း သဘာဝအလှ ရှုခင်းများ၊ တန်ခိုးကြီးဘုရားစေတီများ ကြောင့် ထင်ပေါ်ကျော်ကြား၏။ ကျိုက်မ ရောမြို့အဝင် ကားလမ်းဘေးတစ်ဖက် တစ်ချက်စီတန်းညီညာပြီး ထန်းပင်ထန်း လက်ဝေဆာနေသော ထန်းပင်တန်း အလှ၊ မြို့လယ်ကျောင်းတိုက်အတွင်း သီတင်းသုံးနေသော ရုပ်ပွားတော်မြတ် များ၊ အခြားရုပ်ပွားတော်များနှင့်မတူ ထူးစွာ ခြေတော်စုံတွဲလေောင်းချထိုင်နေ တော်မူလျက် အပူဇော်ခံနေပုံ၊ မြို့ပြင်ရှိ တောင်ဆွယ်တောင်ထွတ်ဖျားပေါ်တည် ထား ကိုးကွယ်ထားသော ရွှေရောင်ဝင်း ဝင်းစေတီဘုရားနှင့် မြစိမ်းရောင်လယ် ကွင်းပြင်၊ မြို့ဦးမှစီးဆင်းနေသောအတ္ထရံ မြစ်၊ ခရုံကျေးရွာအရှေ့ဘက်ရှိ ခရုံလိုဏ် ဂူဘုရားများ၊ ဒေသခံများပင် အမှုမဲ့ အမှတ်မဲ့ဖြစ်နေသော အတ္ထရံမြစ်နှင့် ဂျိုင်းမြစ်တို့ဆုံရာ ကျုံစိန်ကျေးရွာဦးထိပ် ဂျိုင်းမြစ်ကမ်းပါးဘေးတွင်တည်ထားသော ဘုရားဖြူစေတီ၊ အဝေးကပင် ဖူးမြင်နိုင် သော ခေါင်းလောင်းသံတလွင်လွင်၊ ဘော်ငွေရောင်ဖွေးဖွေးထီးဖြူနှင့် ကိုယ် လုံးပြည့်ကပ်လှူဒါန်းသောထုံးသင်္ကန်း ရောင်ကြောင့် ဘော်ငွေရောင်တဖိတ်ဖိတ် နှင့်နံနက်နေရောင်ခြည်အောက်ဖူးမြော် ရသည်မှာ ကြည်နူးစရာပါ။ ရွှေရောင် တဝင်းဝင်း ဘုရားစေတီများအကြားမှ ရှားရှားပါးပါး ထီးရော ကိုယ်လုံးတော်ပါ ဆွတ်ဆွတ်ဖြူနေသော ဘုရားဖြူစေတီ မြတ်အား ဖူးမြော်ခွင့်ရရှိခဲ့ခြင်းကို ထူးထူးခြားခြား မှတ်မှတ်ရရဖြစ်နေမိ၏။ ရွှေထီး၊ ရွှေသင်္ကန်းကပ်လှူ၍ မရပါ။ သက်ကြီးရွယ်အိုများ၏ပြောစကားအရ ရှေးဟောင်းစေတီဖြစ်ကြောင်း၊ ယခင်က ထီးဖြူ ဆီးဖြူ မြင်းဖြူ ဆင်ဖြူ ဖြူ လေးဖြူရှိခဲ့ကြောင်း၊ မြစ်ရေတိုက်စား မှုကြောင့် ဆီးဖြူ မြင်းဖြူ ဆင်ဖြူများ ပျက်စီးခဲ့ပြီး ဘုရားဖြူစေတီသာကျန် နေကြောင်း ပြောပြမှတ်သားမိပါသည်။ ရှေးဟောင်းသမိုင်းသုတေသီများလေ့လာ ဖော်ထုတ်သင့်၏။ ထိုနေရာထိုဒေသများ တွင် နှစ်လရှည်ကြာနေခဲ့ရသော်လည်း သဘာဝအလှတရားများတန်ခိုးကြီးဘုရား များကို လေ့လာရမှန်း စူးစမ်းရမှန်းမသိ ခဲ့။ မိမိတာဝန်များနှင့်လုံးထွေးသတ်ပုတ် ရင်း အချိန်ကုန်ဆုံးခဲ့ရ၏။

၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃၄၇ ခုနှစ်၊ တပို့တွဲလဆန်းကာလ ကျိုက်မရောမြို့နယ် ကဒါရဲကင်းတွင် အလှည့်ကျတာဝန်ယူရ၏။ ကျိုက်မရော မြို့မှာငယ်သော်လည်း မြို့နယ်မှာ ကျယ်ဝန်းလှ၏။ ဂျိုင်းမြစ်ကမ်းပါး တစ်လျှောက်ရှိ ညောင်ပင်ဆိပ်၊ ဘုရား ဖြူ၊ တရုနာ၊ ဓမ္မသက်ရေကြောင်းလမ်း ခရီးလုံခြုံရေး၊ ကုန်းလမ်းခရီးဖြစ်သော ကဒါ၊ တောင်ကလေး၊ ချောင်းနှစ်ခွကား လမ်းပေါ်ရှိ ရဲကင်းများတွင် အလှည့်ကျ တာဝန်ထမ်းဆောင်ပြီး ခရီးသွားပြည်သူ များ၊ မော်တော်ယာဉ်များ၊ မိမိအပိုင် တံတားများလုံခြုံရေး အလေးထား ဆောင်ရွက်နေရသော အချိန်ကာလဖြစ် ၏။ ၁၉၈၅ဝန်းကျင်နယ်မြေမှာ တည်ငြိမ် မှုမရှိသေး။ လက်နက်ကိုင်သောင်းကျန်း သူများမှ ခရီးသည်တင်ကားများလုယက် ခြင်း၊ အင်အားနည်းပါးသော ရဲကင်း



စခန်းများဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း၊ တံတားများကို မိုင်းခွဲဖျက်ဆီးခြင်း၊ ကျွဲနွားများကိုဝင်ရောက်လုယက်ခြင်းတို့ ကြောင့် မိမိတို့နယ်မြေအပိုင်လိုက်ခွဲခြား တာဝန်ယူရ၏။ ကျွန်တော်သည် ၁၉၈၅ခု ဖေဖော်ဝါရီလဆန်းတွင် ကျိုက်မရောမြို့ နယ် ကဒါရဲကင်းတွင် တာဝန်ယူရ၏။

ရဲကင်းတာဝန်လက်ခံပြီးနောက် တစ်ရက် နံနက် (၈) နာရီခန့် တပ်ဖွဲ့ဝင် အချို့နှင့်အတူ ကဒါကျေးရွာထိပ်ရှိ ဆရာတော်ဦးခိုထံသွားရောက်ကန်တော့ နှုတ်ဆက်၏။ မုန့်၊ သစ်သီး၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာရှိ ရပ်ကွက် လူကြီးများထံ ဝင်ရောက် လည်ပတ် လျက် နယ်မြေအခြေအနေ၊ လက်နက် ကိုင်သောင်းကျန်းသူများ ဝင်ထွက်သွား လာမှုများကိုစုံစမ်းခြင်း၊ သတင်းဖလှယ် ခြင်းများပြုခဲ့၏။

ကျွန်တော် ရောက်ရှိနေချိန် လရာသီမှာ တပို့တွဲလ ထမနဲပွဲတော် ရာသီနှင့် တိုက်ဆိုင်နေသဖြင့် ပြည်သူ့ စစ်ခေါင်းဆောင် ဦးအောင်ချစ်မြိုင်၊ ဦးကျင်ဖုန်း၊ စောကျော်ဝင်း၊ မွန် ကရင် တို့နှင့်အတူ ဆွေးနွေးတိုင်ပင်ကာ တပို့တွဲ လဆန်း ၁၀ ရက် လရောင်မှုန်ပျပျ အောက်တွင် စုပေါင်းထမနဲထိုးပွဲ ရဲကင်း စခန်းတွင် ပြုလုပ်ရန် သဘောတူကြ၏။ ကျွန်တော်မှ ကောက်ညှင်းဆန်၊ ပဲဆီနှင့် လိုအပ်သည်များ စုဆောင်းရန်၊ ကျေးရွာ လူကြီးများမှ မြေပဲဆန်၊ အုန်းသီးများ လိုသလောက်ပံ့ပိုးပေးရန် မှာကြားပြန် လာခဲ့၏။

တပို့တွဲလဆန်း ၁၀ ရက် နံနက် (၈) နာရီလောက်တွင် ပတ်ဝန်းကျင်ရှိ ကဒါရွာမ၊ သရက်တော၊ လှိုင်ကဖိန်၊ ကြံခင်းချောင်၊ ဖန့်ကျေးရွာမှ လူကြီး၊ လူငယ်များရောက်ရှိလာပြီး ကောက်ညှင်း ဆန်ရွေး၊ ရေစိမ်၊ အုန်းသီးခွဲစိတ်နေလှန်း၊ မြေပဲဆန်လှော်၊ ချင်းလှီးသူများနှင့် စည်ကားနေ၏။ ညနေပိုင်း၌ မော်လမြိုင် မှ သူငယ်ချင်း ဖိုးစိန် (ဆေးပစ္စည်းဆိုင်) ကိုယ်တိုင် ကားဖြင့်လာပြီး ဗွီဒီယိုပြပေး ရန် ဆန္ဒပြုသဖြင့် ကျွန်တော်၏ ထမနဲ ပွဲမှာ ပို၍စည်ကားလာ၏။

၁၉၈၅ ခုနှစ် ဝန်းကျင်ကာလ ဗီဒီယိုပေါ်ခါစမို့ ကျေးလက်နေပြည်သူ များအတွက် အထူးအဆန်းဖြစ်နေ၏။ ည (၇) နာရီ ထမနဲထိုးချိန်တွင် ဗီဒီယို စတင်ပြသဖြင့် စခန်းတစ်ခုလုံး လူငယ် လူရွယ်များပြည့်ကျပ်နေ၏။ တိုင်းရင်း သားများနေထိုင်ရာဒေသ ဖြစ်သဖြင့်

တရင်၊ မွန်၊ ဗမာ၊ ရှမ်း (အနည်းငယ်)၊ မွန်ဗမာ၊ မွန်ကရင်များဖြစ်ကြ၏။ ထမနဲကို လေးဒယ်ခွဲလျက် တစ်ဒယ်လျှင် ကောက်ညှင်းဆန်လေးပြည်နှုန်းထားထိုးကြ၏။ ဗဟုသုတအလို့ငှာ ကျွန်တော်တို့ ထမနဲထိုးသောအချိုးကို ဖော်ပြရလျှင် ဆန်တစ်ပြည်၊ ဆီအစိတ်သားတစ်မတ်၊ မြေပဲဆန်နို့ဆီတစ်ဘူး၊ အုန်းသီးတစ်လုံး၊ ချင်းအနည်းငယ်ထည့်၏။ အုန်းသီးဆန်ကို နေလှန်းပြီးကြော်၊ မြေပဲဆန်ကိုလှော်ထည့်လျှင် ပိုကောင်း၏။ ထမနဲပွဲမှာ ကျွန်တော်က အမည်ခံသာဖြစ်သော်လည်း တကယ်ပင်ပန်းကြသည်မှာ ကျေးရွာလူကြီးများ ဖြစ်၏။

ထမနဲအိုးစတည်ပြီး မကြာမီသန်မာသောလူကြီးနှစ်ဦးမှ ယောက်မတစ်ချောင်းစီကိုင်လျက် အပြန်ပြန်အလှန်လှန်မွှေရ၏။ ထမနဲပျော့ပြီးလုံးရသောအခါ ကျွမ်းကျင်သူမှ ဒယ်အိုးကိုခွဲဆောင့်ကြောင့်ထိုင်ပြီး ယောက်မနှစ်ချောင်းကို တစ်လက်စီကိုင်လျက် ဆန်လုံးများ ညက်ညက်ကြေအောင်ဖျဉ်ပေးရ၏။ ထိုအချိန် အုန်းသီးဆန်ကြော်၊ မြေပဲလှော်များဖြူးပေးပြီး နှံ့စပ်အောင်မွှေရ၏။ ထမနဲမှာ စားကောင်းသလောက် ထမနဲထိုးရသူများမှာ မသက်သာ။ အေးချမ်းသောတပို့တွဲလမှာပင် ချွေးများ ရွှဲအောင်ထိုးရ၏။ ချွေးစိုလေ ထမနဲ မြိန်လေပါ။

ထမနဲအိုးများ ကျက်သည်နှင့် ထိုကြည့်သူများအား ကျွေးမွေးကျွေးခံရာ စခန်းတစ်ခုလုံး အော်ဟစ်ရယ်မောသံများနှင့် ဆူညံဝေစည်နေတော့၏။ ည (၁၀) နာရီ (၃၀) ခန့် ကားလမ်းပေါ်ရှိ အလှည့်ကျကင်းမှ လာရောက်ပြီး ခေန်းရှေ့ကိုက် (၂၀၀) ဝန်းကျင်တွင် ဓာတ်ဖွယ် ဓာတ်မီးရောင်နှင့် လူသံများကြားရကြောင်း သတင်းပို့သဖြင့် သွားရောက်ကြည့်ရာ ကဒါရွာမဘက်သို့ ဝင်ရောက် ပျောက်ကွယ်သွားသဖြင့် အမှတ်မဲ့မေ့ထားလိုက်မိသည်။ နံနက်မိုးလင်း (၆) နာရီထိုးမှသာ ရွာသူရွာသားများ ပြန်သွားသဖြင့် ထမနဲအိုးကတစ်ဒယ်ကိုချန်ထားပြီး ကျန်ရှိသမျှကို ဝေငှပေးလိုက်၏။ ကျေးရွာသူကျေးရွာသားများ၏ဆုတောင်းပေးသံ၊ မေတ္တာပို့သံများကြောင့် ပျော်ရွှင်အားရ ကျေနပ်နေပျော်ရပါ၏။

ထမနဲထိုးပွဲပြီးနောက် တစ်ရက်နေ့တွင် (၈) နာရီခန့် ကျွန်တော်ကိုယ်တိုင်ဦးဆောင်လျက် ရဲတပ်ကြပ်ကြီးအောင်



ဝင်း၊ တပ်ကြပ်အေးဝင်းတို့နှင့်အတူ ထမနဲတစ်ချိုင့်ဆီဆွဲလျက် ရွာဦးကျောင်းဆရာတော် ဘုန်းကြီးခိုထံ သွားရောက်ဆက်ကပ်လှူဒါန်း၏။ ဘုန်းကြီးဦးခိုမှာ ကရင်တိုင်းရင်းသားဖြစ်ပြီး လောကီအဆောင်အယောင်လက်ဖွဲ့အစီအမံများဆောင်ရွက်ပေးခြင်း၊ ဗေဒင်ယတြာများတွက်ချက်ပေးခြင်း၊ ထို့ကြောင့် ဒေသခံများ လေးစားအားထားယုံကြည်သူ ဖြစ်၏။ ကျွန်တော်မှ ဦးခိုက်ကန်တော့ပြီး ထမနဲဆွမ်းချိုင့်ကပ်လှူရာ ဆရာတော်မှ ကျွန်တော့်အား -

"ဒကာကြီး၊ ရဲစခန်းမှာ ညကအော်ဟစ်သံရယ်မောသံတွေ ဆူညံနေတာကြားရတယ်။ ဘာလုပ်ကြတာလဲ"

ဟု မေးရာ ကျွန်တော်မှ -

"တပို့တွဲလမှာ စဉ်လာမပျက် ထမနဲထိုးပွဲကျင်းပတာမို့ တပည့်တော်လည်း ကျေးရွာသူကျေးရွာသားတွေနဲ့လည်း ရင်းနှီးမှုရအောင် ပျော်ပျော်ရွှင်ရွှင်စားရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထမနဲထိုးလှူရင်း ဗွီဒီယိုလည်း ညလုံးပေါက်ပြခဲ့တာပါဘုရား"

လို့ လျှောက်တင်လိုက်ရာ ဆရာတော်မှ -

"အင်း-စေတနာသဒ္ဓါတရားထားတဲ့ဒကာကြီးရဲ့ ထမနဲတန်ခိုးက တယ်ကြီးပါလား။ နောက်ဘဝမပြောနဲ့ အခုဘဝမှာတောင် ရက်မကူးဘဲ ချက်ချင်းအကျိုးထူးတာ လက်တွေ့။ ည(၁၀)နာရီ (၃၀) လောက်တုန်းက လက်နက်ကိုင်သောင်းကျန်းသူ နယ်မြေတာဝန်ခံ ဦးဆောင်ပြီး အင်အား (၃၀) လောက် မိုင်းခွဲဖျက်ဆီးဖို့ရယ်၊ ဒကာကြီး စခန်းဝင်ရောက်စီးနင်းဖို့လာတာ ဆရာတော်ကို လာလျှောက်လို့ အခုရောက်လာတဲ့ စခန်းမှူးက ရပ်ရွာလူထုနဲ့လည်း ခင်မင်ရင်းနှီးတယ်။ ရွာကိုဒုက္ခမပေးဘူး။ ဆရာတော်ကျောင်းလည်း သူတာဝန်ကျတိုင်းလာကန်တော့တယ်။ အခုညလည်း ရွာသူရွာသားတွေဖိတ်ပြီး ထမနဲထိုးအဝကျွေး ဗွီဒီယိုလည်းမိုးလင်းပေါက်ပြနေတာမို့မလုပ်သင့်ကြောင်း တားမြစ်ခဲ့ရာ နယ်မြေတာဝန်ခံကိုယ်တိုင် စခန်းစီးနင်းခြင်း၊ တံတားမိုင်းခွဲဖျက်ဆီးခြင်းမပြုတော့ကြောင်းဝန်ခံပြီး စခန်းနောက်ကျောဘက်ကနေ မြရာပင်တောဖြတ်ပြန်သွားတယ်။ ဒကာကြီးရဲ့ ထမနဲတန်ခိုးကတယ်ကြီးမားကိုးကွယ်"

ဟု ပြောပြသိရသဖြင့် ဆရာတော်ကျေးဇူးကြီးမားလှကြောင်း၊ အကြားအမြင်မသင့်တော်တာတွေ့လျှင် ခေါ်ယူဆုံးမနိုင်ကြောင်း၊ လိုအပ်သည်များကိုလည်း မှာကြားနိုင်ပါကြောင်း လျှောက်ထားပြီး ဆရာတော်အား ဦးနှိမ်ချပြန်လာခဲ့၏။

ကျွန်တော် အပြန်လမ်းခရီးတစ်လျှောက် သင်ခန်းစာယူစရာ၊ အလေးအနက်ထားစရာများ ရရှိလိုက်သည်မှာ တာဝန်ကျရာ မည်သည့်နေရာဒေသတွင်မဆို ဒေသခံတိုင်းရင်းသူတိုင်းရင်းသားများနှင့် ချစ်ခင်ရင်းနှီးစွာပေါင်းသင်းနေထိုင်ခြင်း၊ တာဝန်ကျဒေသရှိဘုန်းတော်ကြီးများနှင့် ခင်မင်ရင်းနှီးအောင် မပြတ်သွားလာကိုးကွယ်ပြီး ဆရာဒကာရင်းနှီးမှုတည်ဆောက်ခြင်း၊ တိုင်းရင်းသူတိုင်းရင်းသားများ၏စဉ်လာမပျက် ပွဲတော်များတွင် ပူးပေါင်းပါဝင်ခြင်း၊ မြန်မာတို့၏အစဉ်အလာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဖြင့် တာဝန်များ ဆောင်ရွက်ရာတွင် ခက်ခဲမှုမရှိ အောင်မြင်နိုင်ကြောင်း ယုံကြည်လက်ခံမိပါသည်။ ကျွန်တော်ကိုယ်တိုင်စေတနာ စိတ်ရင်းအမှန် ဝါသနာအခြေခံဖြင့် တန်ဖိုးမများလှသော ထမနဲထိုးလှူဒါန်းခဲ့သော ဒါန၏တန်ခိုးကြောင့် ကျွန်တော့်ရဲကင်းစခန်းစီးနင်းတိုက်ခိုက်ခြင်းဘေးမှ ကင်းလွတ်ပြီး မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ မုဒုံ - ချောင်းနှစ်ခွ ကားလမ်းပေါ်ရှိကဒါချောင်းကူးတံတားကြီး ယခုအခါ မွန်ပြည်နယ် မုဒုံမြို့မှ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့အထိ ဆက်သွယ်ထားသော ကားလမ်းပေါ်ရှိတံတားကြီး မကျိုးမပျက် ခရီးဆက်လျက် ထင်ရှားစွာရှိနေပါကြောင်း စိတ်ရင်းအမှန်ဖြင့် ဖော်ပြလိုက်ပါသည်။

ရွှေစင်သား



(ဇီးကုန်း)

# မင်းသန့်ကျော်

## ရုက္ခစိုးအိပ်မက်

(၁)

ကျွန်ုပ်ငယ်စဉ်က အကြောင်းများကို ပြန်လည်စဉ်းစားရာတွင် မိုးညှိမြို့၌ တာဝန်ကျစဉ်အခါက ရုက္ခစိုးပေးသော အိပ်မက်ကြောင့် အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့ရသည်ကို ပြန်လည်အမှတ်ရခဲ့ပါသည်။

လွန်ခဲ့သော အနှစ် (၅၀)။ ကျွန်ုပ်အသက် (၂၀) အရွယ်ခန့်က ဖြစ်လေသည်။ ထိုနှစ်တွင် ကျွန်ုပ်သည် ဇီးကုန်းမှ မိုးညှိသို့ အလုပ်ပြောင်းရွှေ့ရလေသည်။ မိုးညှိမြို့၌ ရုံးတွင်တာဝန်ထမ်းဆောင်ရန် ဝန်ထမ်း (၂) ဦး လိုအပ်၍ စေလွှတ်ရာ၌ လူပျိုလူလွတ်များကို ရွေးချယ်စေလွှတ်ခဲ့ရာ ကျွန်ုပ်နှင့်အတူ လှဝင်းနိုင် ဆိုသော သူငယ်ချင်းတို့သည် မိုးညှိမြို့နယ်သို့ မိမိဆန္ဒနှင့်မိမိသွားပါမည်ဟု တင်ပြကာ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ဇီးကုန်းမှ မိုးညှိသို့လာရာတွင် လက်ပံတန်းသို့ ရထားစီးလာရပါသည်။ လက်ပံတန်းမှ သာရဝေါသို့ ရထားထပ်မံစီးရပြီး သာရဝေါမှ ဆင်မနိုင်သို့ထွက်သော သင်္ဘောဖြင့် မိုးညှိတို့လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့သူငယ်ချင်း (၂) ဦးသည် တစ်ကြိမ်တစ်ခါမျှမရောက်ဘူးသောဒေသသို့ရောက်လာသဖြင့် အစစအရာရာစိမ်းနေကြလေသည်။ သင်္ဘောဆိပ်မှ ရုံးသို့ အဆင့်ဆင့်မေးမြန်းပြီးလာခဲ့ကြရာ ရုံးသို့ရောက်သောအခါ ညနေမှောင်ရီပျိုးနေပြီ ဖြစ်လေသည်။

ရုံးအတွင်းသို့ ဝင်လိုက်ကြရာ အဝင်ဝ ဝင်ပေါက်ဘေးနား၌ ကြီးမားသော သပြေပင်ကြီးတစ်ပင်ကို တွေ့ရလေသည်။ သပြေပင်ရင်းတွင် နတ်ကွန်းတစ်ခုကိုတွေ့ရပြီး လူတစ်ယောက်သည် အမွှေးတိုင်၊ ဖယောင်းတိုင်များဖြင့် မီးပူဇော်ရင်း ရေချမ်းကပ်နေသည်ကို တွေ့ရသည်။ ပါးစပ်မှလည်း တလှုပ်လှုပ်ဖြင့် တစ်စုံတစ်ရာပြောနေဟန်တွေ့ရပါသည်။

ကျွန်ုပ်တို့ကို မြင်သောအခါ -

"ဝန်ထမ်းအသစ်တွေနဲ့တူတယ်။ ဒီကနေ့လာမယ်လို့တော့ ထင်သားပဲ။ ကျွန်တော်က ရုံးအစောင့် ဦးညွန့်ပါ။ လာပါ ဆရာလေးတို့ ရုံးထဲကိုသွားကြရအောင်"

ဦးညွန့်သည် သပြေပင်ကြီးအရင်း၌ ပြုဖွယ်ကိစ္စများ ပြီးစီးသွားဟန်ဖြင့် ကျွန်ုပ်တို့ကို ရုံးထဲသို့ခေါ် လာပါသည်။

ရုံးကြီးသည် ရှေး(၂)ထပ်အိမ်ကြီးဖြစ်ပြီး ဆင်ဝင်လေးဖက်နှင့်ဖြစ်ပါသည်။ အောက်ထပ်ကို အုတ်များဖြင့် အောက်တိုက်ခံပြုလုပ်ထားပြီး အပေါ်ထပ်တွင် ပျဉ်များဖြင့်ကာရံထားပါသည်။ နံရံများကို ရေနံချေးသုတ်ထားပြီး ပြတင်းပေါက်များ လုံလောက်စွာပါရှိအောင် ဆောက်လုပ်ထားပါသည်။ ရုံးအဝင်တံခါးမှာ သံဘာဂျာတံခါးကြီး ဖြစ်ပါသည်။

"ဆရာလေးတို့က လူပျိုလူလွတ်တွေဆိုတော့ အပေါ်ထပ်မှာတစ်ယောက်တစ်ခန်းနေကြပါ။ ရေချိုးဖို့နေရာကို ကျွန်တော်ပြပါမယ်။ ရေချိုးလိုက်ကြပါ။ ပြီးတော့ ထမင်းသွားစားကြတာပေါ့။ ထမင်းဆိုင်ကို ကျွန်တော်လိုက်ပို့ပါမယ်"

ထမင်းဆိုင်သည် ဝန်ထမ်းအများစု စားသုံးသောဆိုင်ဖြစ်ပုံရပါသည်။စာအုပ်ဖွင့်ထားပြီး ထမင်းတစ်ခါစားလျှင် လက်မှတ်တစ်ချက်ထိုးရပါသည်။ လစာထုတ်ပြီးသောအခါမှ တွက်ချက်၍ ငွေရှင်းရပါသည်။ ထမင်းတစ်ခါစားလျှင် (၇၅) ပြားကျလေသည်။



ထမင်းဆိုင်ရှင်မှာ ဒေါ်ခင်လှဖြစ်ပြီး သူမသည် မြို့မသူကြီးတာဝန်ကိုလည်း ထမ်းဆောင်ရလေသည်။

ဒေါ်ခင်လှသည် အပြောအဆိုပါးနပ်လိမ္မာပြီး တစ်နယ်လုံး သူမကိုလေးစားကြကြောင်း နောင်တွင်သိရပါသည်။ လင်ခန်းမယားခန်းအဆုံးအဖြတ်များတွင် အလွန်နာမည်ကြီးလေသည်။ သူမတွင် သားသမီးစုစုပေါင်း (၁၄) ဦး ရှိလေသည်။ (၁၃) ခါမွေး (၁၄)ယောက်ဖြစ်လေသည်။ တစ်ကြိမ်တွင် အမွှာမွေးသောကြောင့်ဟု ဒေါ်ခင်လှက ပြောပြပါသည်။

ကျွန်ုပ်တို့ ထမင်းစားပြီးပြန်လာကြရာ ရုံးအတွင်းဝင်လိုက်ရာတွင် သပြေပင်ကြီးအောက်မှ ရက္ခစိုးဗိမာန်တွင် ထွန်းညှိပူဇော်ထားသော အမွှေးတိုင်များမှာမွှေးကြိုင်လျက်ရှိပြီး ဖယောင်းတိုင်များလည်း မီးလင်းလျက်ရှိသေးကြောင်း တွေ့ရပါသည်။

ကျွန်ုပ်သည် ဘုံဗိမာန်အနီးရောက်အောင်သွား၍ အတွင်းသို့ကြည့်လိုက်ရာ တစ်တောင်ခန့်အမြင့်ရှိသော အဘိုးအိုအရုပ်တစ်ခုကို တွေ့ရပါသည်။ ပုဆိုးအဖြူ အင်္ကျီလက်ရှည်အဖြူနှင့်ဖြစ်ပြီး လက်ထဲတွင် စိပ်ပုတီးနှင့်တောင်ဝှေးကို ကိုင်ထားပြီး မျက်နှာမှာပြုံးရွှင်လျက်ရှိပါသည်။

ဇာတ်ပွဲတစ်ပွဲတွင် မြင်ဖူးသကဲ့သို့ အချွန်အတက်များနှင့် ခေါင်းဆောင်များ အခြားအဆောင်အယောင်များမပါရှိပါ။ သာမန်အဘိုးအိုတစ်ဦးကဲ့သို့ပင် ဖြစ်ပါသည်။ ဖြူနေသောဆံပင်များရှိပြီး ဆံပင်ကို သျှောင်တစောင်းထုံးထားပါသည်။

ကျွန်ုပ်သည် ကြည်ညိုလာကာ မတ်တပ်ရပ်လျက် အနေအထားဖြင့်ပင် ဖိနပ်ကိုချွတ်ကာ လက်အုပ်ချီပြီး ရိုသေစွာ ကန်တော့လိုက်ပါသည်။

(၂)

ကျွန်ုပ်အသက်အရွယ်ဖြင့် လူငယ်လေးတစ်ဦးက ရက္ခစိုးကဲ့သို့သော နတ်များကို ကန်တော့သည်ကိုကြားပါက ထူးဆန်းနေပေလိမ့်မည်။ ကျွန်ုပ် ရှင်းပြပါမည်။

ကျွန်ုပ်သည် ငယ်စဉ်က အဘွားဖြစ်သူနှင့်အတူနေခဲ့ရာ ကျွန်ုပ်တို့အိမ်ရှေ့ရှိကုက္ကိုပင်ကြီးတွင် ရက္ခစိုးရှိကြောင်း အဘွားကပြောပါသည်။ တစ်နေ့တွင် အဘွားသည် လက်သမားများကိုခေါ်ကာ ကုက္ကိုပင်ကြီးအောက်ခြေ၌ ရက္ခစိုးဘုံဗိမာန်တစ်ခုဆောက်စေပါသည်။

ရက္ခစိုးဘုံဗိမာန်ပြီးသွားသောအခါ အဘွားသည် ရက္ခစိုးအား နံနက်ရေချမ်းကပ်ခြင်း၊ ပန်းကပ်ခြင်း၊ နေ့လယ်တွင် ဆွမ်းကပ်ခြင်း၊ ညနေ နေဝင်ရီတရောအချိန်တွင် ဖယောင်းတိုင်ဖြင့် မီးပူဇော်ပြီး အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်းတို့ကို ပြုလုပ်ပါသည်။

ထိုသို့ပြုလုပ်သည့်အခါတိုင်းတွင် အဘွားသည် ရက္ခစိုးအားရှိခိုးခြင်း၊ လိုရာဆုတောင်းခြင်းများ ဆောင်ရွက်တတ်ပါသည်။

အဘွား ရက္ခစိုးရှိရာသို့သွားတိုင်း ကျွန်ုပ်လိုက်ပါလေ့ရှိသည်။ အမွှေးတိုင်၊ ဖယောင်းတိုင်၊ မီးခြစ် စသည့်များကို ကျွန်ုပ်က ကိုင်ဆောင်ပြီး အဘွားက သောက်ရေဖန်ခွက်၊ ဆွမ်းပန်းကန်တို့ကို ကိုင်ဆောင်ပါသည်။

တစ်နေ့တွင် ကျွန်ုပ်က အဘွားအားမေးကြည့်၏။

"အဘွား၊ ရက္ခစိုးကိုဒီလိုဆက်ကပ်နေတော့ ဘာများအကျိုးရှိလို့လဲအဘွား"

"ရှိတာပေါ့ မြေးရဲ့။ တစ်နှစ်မှာ အဘွားကိုအိပ်မက်ပေးတယ်။ မနက်လယ်ထဲကို အစောကြီးမသွားပါနဲ့။ မြင်မြင်ထင်ထင်ရှိမှသွားပါ။ ရေပိုးရေမွှားသတိပြုပါလို့ အိပ်မက်ပေးတယ်။ မင်းဘကြီးမနက်မိုးလင်းလို့ လယ်ထဲကိုသွားတော့ သတိနဲ့သွားပေလို့ပေါ့။ ခွေနေတဲ့မြွေကြီးကိုတွေ့တာပဲ။ ကံကောင်းလို့ တက်နင်းတော့မလို့။ အဲဒါနဲ့ မေတ္တာပို့ပြီး သူလိုရာခရီးကိုသွားစေလိုက်ရတယ်။ နောက်တစ်ခါ အဘွားတို့လယ်တွေက ချောင်းဘေးမှာရှိတယ်လေ။ စပါးတွေရိတ်သိမ်းပြီးလို့ လယ်ကိုပြန်လည်ထွန်ယက်ပြီး မြေပဲစိုက်မယ်လုပ်ကြတယ်။ နောက်နေ့မှာ မြေပဲမျိုးစေ့တွေချတော့မလို့ ညကျတော့ ရက္ခစိုးက အိပ်မက်ပေးတယ်။ ချောင်းရေတွေလျှံတော့မယ်။ မျိုးစေ့မချပါနဲ့ဦးတဲ့ မြေးလေးရေ။ နောက်နေ့ကျတော့အချိန်မဟုတ် မိုးတွေရွာပြီးချောင်းရေတွေ ရုတ်တရက်လျှံတက်လာတာပဲ။ မြေပဲမျိုးစေ့တွေသာချပြီးရင် မျိုးတွေဆုံးမှာ။ အဲဒါနဲ့ ရေပြန်ကျသွားတော့မှ မျိုးစေ့တွေပြန်ချရတယ်။ နောက်လည်းထပ်ပြီး သတိပေးတာကလေးတွေရှိသေးတယ်။ အဘွားတော့ ရက္ခစိုးကိုယုံကြည်တယ်။ သူ့ကြောင့် ကောင်းကျိုးတွေရခဲ့ပြီမဟုတ်လား"

ကျွန်ုပ်သည် အဘွားကဲ့သို့ ဆွမ်း၊ ရေချမ်းတို့ကို ကပ်လှူပူဇော်ခြင်းမရှိသော်လည်း အလေးအမြတ်ထားသည့်အနေဖြင့် ကန်တော့သောအကျင့်ကိုရခဲ့ခြင်း ဖြစ်လေသည်။

ရက္ခစိုးနတ်သည် ဘုမ္မစိုးနတ်အနွယ်တွင်ပါဝင်၍ တန်ခိုးအရှိန်အဝါနည်းပါးလေသည်။ ပုထုဇဉ်နတ်များဖြစ်၍ လူတို့ကဲ့သို့ပင် လောဘ၊ ဒေါသ၊ မောဟများမကင်းကြချေ။ ကောင်းသူကိုကယ်တင်လိုကြသောစိတ်ရှိကြကြောင်း လူကြီးသူမများပြောစကားကို ကြားဖူးခဲ့လေသည်။

အဘွားပြုလုပ်ထားသော ရက္ခစိုးဘုံဗိမာန်တွင်တွေ့ရသော ရက္ခစိုးရုပ်ပုံမှာ ပန်းချီကားဖြစ်လေသည်။ ပန်းချီကားတွင် ရက္ခစိုးနတ်ကို ဦးခေါင်းတွင် အချွန်အတက်များပါသော အဆောင်းကိုဆောင်းထားပြီး ခန္ဓာကိုယ်တွင်လည်း အချွန်အတက်များဖြင့် အဝတ်အစားများကို ဝတ်စားဆင်ယင်ထားပုံကို ပန်းချီဆရာက ရေးဆွဲထားလေသည်။

(၃)

ကျွန်ုပ်နှင့် လှဝင်းနိုင်သည် ရုံးအပေါ်ထပ်တွင် ကျွန်ုပ်ကခေါင်းရင်းခန်းကို လည်းကောင်း၊ လှဝင်းနိုင်က ခြေရင်းခန်းကိုလည်းကောင်း ယူကြပြီး တစ်ယောက်တစ်ခန်းနေကြပါသည်။

လှဝင်းနိုင်အခန်းတွင် မည်သည့်ပစ္စည်းမျှ အပိုမရှိသော်လည်း ကျွန်ုပ်နေသောအခန်းတွင်ကား ကျွန်းသေတ္တာကြီး(၃)လုံးသည် နံရံနှင့်ကပ်ကာ တန်းစီလျက်ချထားသည်ကိုတွေ့ရပါသည်။

ကျွန်ုပ်က ကျွန်းသေတ္တာများကို ဖွင့်ကြည့်ရာ ပထမသေတ္တာတွင် စာအုပ်များရှိပါသည်။ ကျွန်ုပ်မှာ စာပေဝါသနာပါသည်နှင့်အကြိုက်တွေ့ကာ အားလပ်ချိန်များတွင် စာအုပ်များကို တစ်အုပ်ပြီးလျှင်တစ်အုပ်ဖတ်ပါတော့သည်။

ဒုတိယသေတ္တာတွင်လည်း စာအုပ်များရှိပါသည်။ သို့သော် ပထမသေတ္တာလောက်မများပါ။ တတိယသေတ္တာတွင်ကား ယခင်က စောင်များ၊ ခြင်ထောင်များထည့်ခဲ့သည့်ဟန်ဖြင့် ပရုတ်လုံးလေးများကျနေသည်ကို တွေ့ရသော်လည်း ယခုဘာမှမရှိပါ။ သေတ္တာအခွံချည်းဖြစ်ပါသည်။

ကျွန်းသေတ္တာကြီးများမှာအလျား (၃) ပေ၊ အနံ (၂) ပေခွဲ၊ အမြင့် (၂) ပေခန့်ရှိပါသည်။

ကျွန်ုပ်မှာ စာပေဖတ်ရှုခြင်းကို

ဝါသနာပါ၍ အားလပ်ချိန်များတွင် စာအုပ်များနှင့်သာ အဖော်ပြု၍နေသော်လည်း လှဝင်းနိုင်မှာ ကျွန်ုပ်နှင့်မတူပါ။ သူသည် ဘော်လီဘော၊ ဘောလုံး၊ ခြင်းလုံး စသော အားကစားများကို ဝါသနာပါပြီး အရပ်ရှည်ရှည်နှင့်ရုပ်ရည်အသင့်အတင့်ရှိသူဖြစ်သည်။ အပေါင်းအသင်းဆုံ၍ မိုးညိုသို့ရောက်ပြီး မကြာမီမှာပင် အားကစားအပေါင်းအသင်းများရကာ အားလပ်ချိန်များတွင် အပေါင်းအသင်းများအိမ်များသို့ သွားရောက်လည်ပတ်နေလေသည်။

တစ်နေ့တွင် ကျွန်ုပ်ထံသို့ 'ပြည်ချစ်စာပေ'မှ ကိုရဲထွဋ် ရောက်ရှိလာကာ ကျွန်ုပ်အား ယခုလထုတ် 'ရှုမဝ' မဂ္ဂဇင်းတိုပေးပါသည်။ ကိုရဲထွဋ်သည် အသက် (၄၀) ခန့်ရှိကာ မြို့နယ်သတင်းထောက်ဖြစ်ပါသည်။ သူ့လက်ကလေးများမှာ စာရေး၍ရလောက်အောင်သန်စွမ်းမှုမရှိ၍ သတင်းများကို ကျွန်ုပ်ကရေးပေးရလေ့ရှိပါသည်။ သူ့ 'ပြည်ချစ်စာပေ' မှ ကျွန်ုပ်သည် ပုံစာအုပ်တိုက်ထုတ်စာအုပ်များ၊ မြစာပေတိုက်ထုတ်စာအုပ်များကို ငယ်ယူလေ့ရှိပါသည်။

ထိုအချိန်က 'ရှုမဝ' မဂ္ဂဇင်းတွင် ဆရာနိုင်ဝင်းဆွေရေးသားသော 'မဟူရာမေတ္တာ' အခန်းဆက်ဝတ္ထုရှည်ပါရှိနေရာ ကျွန်ုပ်အလွန်ကြိုက်နှစ်သက်သောဝတ္ထုဖြစ်သည်နှင့် ကိုရဲထွဋ်ထံမှ စာအုပ်ကိုအမြန်လှမ်းယူပြီး ဝတ္ထုရှည်ပါဝင်သောစာမျက်နှာကိုလှန်နေခိုက် ရုံးစောင့်ကြီးဦးညွန့်ရောက်ရှိလာပြီး -

"ဆရာလေးက စာအုပ်တွေနဲ့ပျော်နေတော့တာပဲ။ လှဝင်းနိုင်ကတော့ ရည်းစားတွေဘာတွေနဲ့ဖြစ်နေပြီ။ သူ့ကောင်မလေးက (၁၀) တန်းကျောင်းသူလေ။ ဟိုဘက်လမ်းမှာနေတယ်"

လှဝင်းနိုင်တစ်ယောက် ရည်းစားနှင့်ဆို၍ ကျွန်ုပ်အံ့သြသွားပါသည်။ ကျွန်ုပ်တို့မိုးညိုသို့ပြောင်းမလာမီကလေးတွင် လှဝင်းနိုင်နှင့် စကားပြောကြရာမှ သူ့အား သတိပေးခဲ့ပါသေးသည်။

"သူငယ်ချင်း၊ ဟိုမှာ ရည်းစားတွေဘာတွေထားမနေနဲ့နော်။ မင်းကဖျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်နေလို့ပြောတာ။ တို့ယို့ရွာမှာကြက်ဖ၊ သူများရွာမှာကြက်မတဲ့။ ပြီးတော့ တို့ကဝန်ထမ်းတွေ၊ အများဆုံးနေရရင် (၂)နှစ်လောက်ပါပဲ။ ဘာသောဇာတ်တွေထားမနေပါနဲ့ကွာ"

"အေးကွာ၊ မင်းသတိပေးလို့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ငါ့ကိုစိတ်ချပါ။ အဲဒီကိစ္စမျိုးတွေ ငါမလုပ်ပါဘူး။ ငါ့ကြောင့်ဘာပြဿနာမှမပေါ်စေရပါဘူး"

(၄)

ရုံးစောင့်ဦးညွန့်သည် ကျွန်ုပ်တို့အားအလွန်ခင်မင်လေသည်။ သူသည် လူပျိုကြီးဖြစ်ပြီး အသက် (၄၀) ကျော်ခန့်ရှိပြီ ဖြစ်လေသည်။ ကျွန်ုပ်တို့အဝတ်အစားများကို လျှော်ဖွပ်ပေးသဖြင့် သူ့ကိုကျေးဇူးတင်ရပါသည်။

ဦးညွန့်သည် ရုက္ခစိုးကိုအမွှေးတိုင်ဖယောင်းတိုင်များ ကပ်လှူပူဇော်သည့်ကိစ္စကို နေ့စဉ်မပြတ်ဆောင်ရွက်သည်။ ပန်းအိုးမှပန်းများကိုလည်း (၂) ရက်တစ်ကြိမ်၊ (၃) ရက်တစ်ကြိမ် လဲလှယ်ပေးပါသည်။

ဦးညွန့် ရုက္ခစိုးဗိမာန်ရှေ့၌ လက်အုပ်ချီရှိခိုးနေစဉ်တွင် ကျွန်ုပ်သည်လည်း ရုက္ခစိုးအား ကန်တော့လေ့ရှိပါသည်။

တစ်ခါသော် ဦးညွန့်က -

"ရုက္ခစိုးက မကောင်းတာတွေဖြစ်တော့မယ်ဆိုရင် ကြိုပြီးသိနေတတ်တယ်။ အိပ်မက်တွေဘာတွေပေးပြီး သတိပေးတယ် ဆရာလေးရဲ့"

"ဦးညွန့်ကြုံဖူးသလား"

"ကြုံဖူးပါတယ်။ အဘရုက္ခစိုးသတိပေးလို့ အန္တရာယ်တွေကင်းလွတ်တာလည်းကြုံဖူးပါတယ်"

ဦးညွန့် ထိုသို့ပြောသည့်ညတွင် တိုက်တိုက်ဆိုင်ဆိုင် ကျွန်ုပ်အိပ်မက်မက်ပါသည်။

အိပ်မက်ထဲတွင် ရုက္ခစိုးဗိမာန်၌ တွေ့ရသော ရုပ်တုအတိုင်းဝတ်စားထားသော အဘိုးအိုတစ်ဦးသည် ကျွန်ုပ်ရှေ့၌ပေါ်လာကာ -

"လူကလေး၊ ဒီရက်ပိုင်းမှာအသက်အန္တရာယ်ကြုံတွေ့ရမှာကို အဘိုးမြင်နေရတယ်။ သတိထားနေပါ။ လူကလေးသူငယ်ချင်းနဲ့ပတ်သက်နေတယ်။ ရန်ပြုမယ့်သူတွေလာလိမ့်မယ်။သရဏဂုံ(၃)ပါးကိုရွတ်ပါ။ နောက်ဆုံး အန္တရာယ်ကလွတ်မြောက်ပါလိမ့်မယ်"

အဘိုးအိုကွယ်ပျောက်သွားသောအခါ ကျွန်ုပ်သည် အိပ်နေရာမှလန့်နိုးလာပြီး အဘိုးပြောသွားသောစကားများကို ပြန်လည် ကြားယောင်နေပါသည်။ သူငယ်ချင်းနှင့်ပတ်သက်သည့် အသက်အန္တရာယ်ဟု အဘိုးကသတိပေးသွားသည်။ ဤသို့ဆိုပါက လှဝင်းနိုင်ကိုလည်း သတိပေးထားရဦးမည်ဟု တွေးကာ လှဝင်းနိုင်အိပ်နေသော ခြေရင်းခန်းသို့လာခဲ့ပါသည်။ အိပ်ခန်းများမှာ တံခါးမရှိပါ။ ခန်းစီးကလေးများသာကာထားပါသည်။

လှဝင်းနိုင်အခန်းသို့ရောက်သောအခါ သူ့ကို အိပ်ရာမှနှိုး၍ အိပ်မက်အကြောင်းပြောပြပြီး သတိဝီရိယနှင့်နေရန် သတိပေးလိုက်ပါသည်။

သူက -

"အိုကွာ - ငါဘာမှမဖြစ်ပါဘူး။ မနက်ဖြန်ညမှာ ဘုရားပွဲရှိလို့ ဘုရားပွဲသွားကြည့်ဖို့တောင်ချိန်းထားပြီးသား။ ဘုရားပွဲမှာ ခဏပဲနေမှာမို့ ဘာပြဿနာမှမဖြစ်နိုင်ပါဘူးကွာ။ သူ့အဖေလည်း ရုံးကိစ္စနဲ့ ရန်ကုန်သွားနေတာ ပြန်လာမှာ မဟုတ်သေးပါဘူး"

(၅)

မိုးညိုမြို့၏ ဆင်ခြေဖုံးရပ်ကွက်ကလေးတစ်ခုတွင် ဘုရားပွဲကျင်းပပါသည်။ ဘုရားပွဲတွင် ကြည့်ချင်ပွဲအဖြစ် ရုပ်သေးပါရှိလေရာ ကျွန်ုပ်မှာ ရုပ်သေးပွဲကို အလွန်ကြိုက်လှသောကြောင့် ပွဲခင်းမှ လူခေါ်သည့်ပတ်မကြီးအသံကလည်း ဆွဲဆောင်နေရာ ထမင်းအမြန်စားကာ ပွဲခင်းသို့လျှောက်ခဲ့ပါသည်။

ရုံးတွင်တော့ ရုံးစောင့် ဦးညွန့်သာကျန်ခဲ့ကာ ကျန်ဝန်ထမ်းများလည်း အသီးသီး ပွဲခင်းသို့သွားကြပြီ ဖြစ်လေသည်။ (ရုံး၌ ညအိပ်ကြသော တစ်ကိုယ်တစ်ကာယဝန်ထမ်းများရှိပါသေးသည်။)

ကျွန်ုပ်သည် ပွဲခင်းထဲ၌ လှဝင်းနိုင်ကို ရှာပါသေးသည်။ မတွေ့ပါ။ လှဝင်းနိုင်သည် သူ့ရည်းစားနှင့်အတူ ပွဲခင်းတစ်နေရာတွင်ရှိနေလိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်။

သို့နှင့် မကြာမီ ပွဲထွက်ပါတော့သည်။ ရုပ်သေးသည် သမားစဉ်အတိုင်းကပြရာ ဟိမဝန္တာခန်းထွက်၍ ပြီးသည်နှင့် ရာသီဥတုကလည်း အနည်းငယ်အေးလာကာ ကျွန်ုပ်လည်း အနွေးထည်မဝတ်ခဲ့မိသည်နှင့် ရုံးသို့တစ်ယောက်တည်း ပြန်လာခဲ့ပါသည်။

လမ်းတွင် ပွဲခင်းသို့သွားသူများ၊ ပွဲခင်းမှပြန်လာသူများနှင့် သာမန်လမ်းလျှောက်သူများကို တွေ့ရပါသည်။ လမ်းတွင် လူပြတ်သည်ဟူ၍ မရှိပါ။ ကျွန်ုပ်သည် လှဝင်းနိုင်အကြောင်းစဉ်းစားရင်းလျှောက်လာခဲ့ပါသည်။

ရုံးသို့ရောက်လုနီးတွင် ကွမ်းယာ

ဆိုင်ကလေးတစ်ခုရှိရာ ထိုဆိုင်တွင် ဦးညွန့်သည် ဆေးလိပ်ဝယ်နေကြောင်း တွေ့ရပါသည်။

ဦးညွန့်သည် ကျွန်ုပ်ကိုမြင်လျှင်မြင်ချင်း ကျွန်ုပ်အနားသို့ကပ်လာသော အောက်ပါအတိုင်း ခပ်တိုးတိုးပြောပါသည်။

"ဆရာလေးရေ၊ သတိဝီရိယတော့ ထားနေရမယ်။ ဒီကွမ်းယာဆိုင်ကနေ လမ်းထဲကိုဝင်သွားရင် လမ်းတစ်ဝက်လောက်မှာ လှဝင်းနိုင်ကောင်မလေးနေတဲ့အိမ်ရှိတယ်။ ကောင်မလေးအဖေက ခုနလေးတင် ရန်ကုန်ကပြန်ရောက်တာဖြစ်မယ်။ အိမ်မှာ သူ့သမီးကို မတွေ့လို့ ဒေါသူပုန်ထနေတယ်။ သူ့မိန်းမနဲ့ရန်ဖြစ်နေကြတယ်။ လှဝင်းနိုင်ရဲ့ကောင်မလေးမှာ ညီမလေးတစ်ယောက်ရှိသေးတယ်။ သူကတော့ ငိုနေတယ်။ အဲဒီလမ်းထဲက ကျွန်တော်ဖြတ်လာတုန်း အားလုံးကြားခဲ့ရတယ်"

"ဟုတ်လား ဦးညွန့်၊ ပြီးတော့ ဘာတွေပြောသေးသလဲ"

"သူ့အဖေက မေးတယ်။ သူ့သမီးရည်းစားတွေဘာတွေရှိနေပြီလားတဲ့။ သူ့အမေကတော့ မရှိပါဘူးလို့ပြောတယ်။ အဲဒီမှာတင် မိန်းမကိုရိုက်လိုက်တာဗျာ။ ပြီးတော့မှ မှန်မှန်ပြောစမ်း၊ မှန်မှန်မပြောရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်"

"အဖေက အရက်သောက်တတ်သလား"

"သောက်ပြီလား ဆရာလေးရယ်။ မူးလာရင် ဘယ်သူမှမနေရဘူး။ မြင်မြင်ရာကိုရမ်းတော့တာပဲ။ သူ့မိန်းမက အဲဒီတော့မှ ရုံးကကောင်လေးတစ်ယောက်နဲ့တော့ခင်နေတယ်လို့ပြောတော့ ချက်ချင်းထပြီး မိန်းမကို လက်ဆွဲပြီး ပွဲခင်းထဲမှာသွားရှာမယ်လို့ပြောပြီးထွက်သွားတာပဲ"

ကျွန်ုပ်နှင့် ဦးညွန့်သည် အခြေအနေမဟန်သည်ကိုသိသည်နှင့် ရုံးသို့ အမြန်ပြန်လာခဲ့ကြပါသည်။ ကောင်မလေး၏ဖခင်သည် ပွဲခင်းထဲတွင် သူ့သမီးကို မတွေ့ပါက ရုံးသို့လာကောင်းလာနိုင်သည်ဟုတွေးကာ တစ်စုံတစ်ရာ အကာအကွယ်ယူထားရန်အတွက် ရုံးအတွင်းသို့ အမြန်ဝင်လိုက်ပါသည်။

ရုံးအတွင်းသို့ ရောက်သောအခါ ဦးညွန့်သည် ရုံးနောက်ဘက်သို့ထွက်သွားပါသည်။ ကျွန်ုပ်သည် ရုံးအဝင်တံခါးဖြစ်သော သံဘာဂျာတံခါးကို ဆွဲပိတ်လိုက်ပါသည်။ သော့ခတ်ရန် သော့ကိုရှာသောအခါ ဦးညွန့်မည်သည့်နေရာတွင်ထားသည်ကို မမေးမိသဖြင့် သော့ခတ်၍မရဘဲဖြစ်နေပါသည်။

ထိုအချိန်တွင် လမ်းထိပ်မှ ဆူဆူညံညံအသံများကို ကြားရပါသည်။ ယောကျ်ား၊ မိန်းမ (၄)၊ (၅) ဦးသည် သူတစ်မျိုးငါတစ်ပုံ အမျိုးမျိုးပြောကာ လူကြီးတစ်ယောက်အား ဆွဲလားရုန်းလားဖြင့် ရုံးဘက်သို့လာနေကြပါသည်။

လူကြီး၏လက်ထဲတွင် လက်ခနဲအရာတစ်ခုကို လရောင်တွင်မြင်လိုက်ရ၍ ဓားတစ်ချောင်းကိုကိုင်လာသည်ဟု ယူဆရပါသည်။ နောက်မှပါလာသူများကဆွဲ သူကရှေ့ကသွားဖြင့်ရှုပ်နေကြပါသည်။

ထိုစဉ် လူကြီး၏အသံကိုကြားရပါသည်။

"ပွဲခင်းထဲမှာရှိမလားလို့သွားရှာမလို့ဟာ။ မင်းရဲ့မောင် ကိုစိန်လှက သူရှာပြီးနေပြီ မတွေ့ဘူးဆိုလို့ ရုံးကိုလာရှာတာ။ ငါ့ကိုဘယ်သူမှမတားနဲ့။ ငါ့သမီးကို သွေးဆောင်ပြီးခေါ်သွားတဲ့ကောင်ကို သတ်ရမှကို ကျေနပ်မယ်"

သူတို့အဖွဲ့သည် တဖြည်းဖြည်း ရုံးနားသို့ရောက်လာကြပါသည်။ ပွဲခင်းမှာမတွေ့လျှင် ရုံးကိုလာမှာပဲဟု ကျွန်ုပ်၏တွေးဆချက်မှာ မှန်နေကြောင်း တွေ့ရပါ သည်။

ကျွန်ုပ်တို့ရုံးတွင် အောက်ထပ်၌ စားပွဲ၊ ကုလားထိုင်များဖြင့် ပြည့်နေရာ ထွက်ပြေးရန် နေရာကိုလည်းကောင်း ပုန်းအောင်းရန် နေရာကိုလည်းကောင်း မမြင်ပါ။ သို့နှင့် ကျွန်ုပ်သည် ထွက်ပြီးရင်ဆိုင်မလား၊ ပုန်းနေမည်လားဟု ကိုယ့်ဟာကိုယ်မေးမြန်းရ၏။

လူအုပ်ကြီးကား ရုံးရှေ့သို့ရောက်နေလေပြီ။

မိန်းမကြီးသည် ရုံးအတွင်းမဝင်ရန် လူကြီးအား ဖျောင်းဖျပြောဆိုကာ တားမြစ်နေ၏။ ကျွန်ုပ်သည် လှေကားအကွယ်မှနေ၍ အားလုံးကိုမြင်နေရ၏။

နောက်ဆုံးတွင် လူကြီးသည် မိန်းမကြီးအား တွန်းဖယ်ကာ သံဘာဂျာတံခါးပိတ်ထားသည်ကိုဆွဲဖွင့်ပြီး အတွင်းသို့ဝင်လာပါတော့သည်။

ကျွန်ုပ်သည် အခြားနည်းလမ်းမရှိတော့သဖြင့် ရုံးအပေါ်ထပ်သို့လှေကားမှ ပြေးတက်လာခဲ့ပါသည်။

ကျွန်ုပ်သည် သူတို့ကို ခုခံရန် ကိုယ်ခံပညာလည်းမတတ်ပါ။ သို့ရာတွင် ရုံးအပေါ်ထပ် လှေကားထောင့်တွင် ထောင်ထားသော သစ်သားချောင်းများရှိပါသည်။ လက်နက်သဖွယ် အသုံးပြု၍ လူကိုရိုက်နှက်နိုင်ပါသည်။ သို့သော် ကျွန်ုပ် စဉ်းစားလိုက်၏။

တက်လာသူကို အပေါ်မှနေ၍ ရိုက်ချလိုက်ပါက မိမိအသာရမည်မှန်သော်လည်း မိမိမှာဝန်ထမ်းတစ်ယောက်ဖြစ်၍ ဤကဲ့သို့မူးနေသောလူနှင့်ယှဉ်၍ ရန်မဖြစ်သင့်။ ရုံးရောက်စခန်းရောက်နှင့် ဖြေရှင်းနေရလျှင် မိမိပင်နာမည်ပျက်ဦးမည်။ ဤသို့ဆိုလျှင် မမြင်အောင်ပုန်းနေမည်လားဆိုသည်ကို မိမိကိုမိမိမေးမြန်းလိုက်ရာ ပုန်းနေရန်အဖြေထွက်သည်နှင့် ကျွန်ုပ်နေသောအခန်းဘက်ဆီသို့အလျင်အမြန်ပြေးလာခဲ့ပါသည်။

လှဝင်းနိုင်အခန်းကို လှမ်းကြည့်လိုက်ရာ ပြန်လာလျှင် အသင့်အိပ်နိုင်ရန်အတွက် ခြင်ထောင်ထောင်ထားသည်ကို မြင်ရ၏။

ကျွန်ုပ်သည် ခေါင်းရင်းခန်းသို့ အမြန်ဝင်လာခဲ့ပြီး ဘာမှမရှိသော တတိယကျွန်းသေတ္တာကြီးအတွင်းသို့ ဝင်ကာ အဖုံးကိုပိတ်ထားလိုက်ပါသည်။

ကျွန်းသေတ္တာအတွင်းသို့ ရောက်သောအခါတွင် အဘိုးရက္ခစိုးပြောသော စကားကိုသတိရပြီး သရဏဂုံ (၃) ပါးကို ရွတ်ဆိုပါသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

သရဏံ (၃) ပါးကို တစ်ခေါက်ပြီး တစ်ခေါက်ထပ်ကာထပ်ကာစိတ်တွင်းမှ ရွတ်ဆိုနေပါသည်။

ထိုစဉ် ရုံးပေါ်တက်လာသောလူစုသည် ဆူညံဆူညံဖြင့် လှဝင်းနိုင်အခန်းထဲသို့ဝင်သွားသံကိုကြားရပါသည်။

ရှေ့မှလူကြီးက -

"အမယ် - ခြင်ထောင်ချထားပါလား။ တွေ့ရင်တော့ အသေပဲ"

ဟိုနောက် ခြင်ထောင်ကိုဖွင့်ကြည့်လိုက်ဟန်တူပါသည်။

မိန်းမကြီးက -

"ရှင်ကလည်း မရှိပါဘူးဆိုနေ။ လာပါ ပြန်ရအောင်"

"မပြန်သေးဘူး။ ခေါင်းရင်းခန်းရှိသေးတယ်"

ကျွန်ုပ်သည်ကား သရဏဂုံ(၃)ပါးကို ရွတ်ဆိုမြဲရွတ်ဆိုလျက်ရှိပါသည်။

လူကြီးက ရှေ့မှဦးဆောင်ကာ ကျွန်ုပ်ရှိသော ခေါင်းရင်းခန်းသို့ဝင်လာဟန်တူပါသည်။ ရှေးဦးစွာ ကျွန်းသေတ္တာကြီးများကို မြင်သွားရာ -

"အမယ် - ကျွန်းသေတ္တာကြီးတွေပါလား။ ဒီထဲမှာပုန်းရင်တော့ပုန်းလို့ကောင်းပေမယ့်နေရာပဲ။ မှန်း ဒီသေတ္တာကို ဖွင့်ကြည့်ရအောင်"

လူကြီးသည် ပထမသေတ္တာကို ဖွင့်ကြည့်ဟန်တူပါသည်။

"စာအုပ်တွေပါလား"

သူသည် အဖုံးကိုပြန်ပိတ်လိုက်ဟန်တူပါသည်။

"နောက်တစ်လုံးဖွင့်မယ်"

သူသည် ဒုတိယသေတ္တာကိုဖွင့်ပုံရပါသည်။

"ဒီမှာလည်း စာအုပ်တွေပဲ။ နောက်တစ်လုံးလည်း စာအုပ်တွေပဲဖြစ်ရင်ဖြစ်နေမှာ။ ဒါပေမယ့် လိုရမည်ရဖွင့်ကြည့်ရမယ်"

ကျွန်ုပ်သည် သရဏဂုံ (၃) ပါးကို ရွတ်ဆိုမြဲရွတ်ဆိုလျက်ရှိပါသည်။ နဖူးမှလည်း ချွေးများပြိုက်ပြိုက်ကျနေပါသည်။

ဤတွင် မထင်မှတ်သောအဖြစ်အပျက်တစ်ခုသည် ချက်တရက်ဖြစ်ပျက်လာလေသည်။

လူကြီးသည် ကျွန်ုပ်ပုန်းနေသော တတိယသေတ္တာကြီးကို ဖွင့်ကြည့်ရန် ဆက်လှမ်းလိုက်စဉ် -

"အဖေ၊ အဖေ အိမ်မှာ အစ်မကြီးပြန်ရောက်နေပြီ။ သူငယ်ချင်းတွေလည်းပါတယ်။ ပွဲဈေးသွားတာလို့ပြောတယ်"

ကလေးမလေးတစ်ယောက်သည် ရုံးပေါ်သို့ပြေးတတ်လာကာ သူ့မဖခင်အား ပြောလိုက်ခြင်း ဖြစ်လေသည်။

ဤတွင် မိန်းမကြီးက -

"ကျွန်မပြောသားပဲ။ ပွဲဈေးသွားတာပါလို့ ကဲ - လာပြန်မယ်"

မိန်းမကြီးက လူကြီးကိုလက်ဆွဲခေါ်ကာ ရှေ့မှသွားပြီး ကျန်လူများက နောက်မှလိုက်ပါလျက် ရုံးပေါ်မှခြေသံတဒုန်းဒုန်းဖြင့်ဆင်းသွားကြပါသည်။

သူတို့ဆင်းသွားတော့မှ ကျွန်ုပ်မှာ ကျွန်းသေတ္တာအတွင်းမှထွက်ကာ ချွေးများသုတ်ပြီး ရုံးအောက်သို့ဆင်းလာခဲ့ပါသည်။

ထိုအခါကျမှ ဦးညွန့်သည် ရုံးနောက်ဖေးမှပြန်လာပြီး ရုံးထဲဝင်လာပါသည်။ အခြားဝန်ထမ်းများလည်း တစ်ယောက်စနှစ်ယောက်စ ပြန်ရောက်လာကြပြီ ဖြစ်ပါသည်။

ကျွန်ုပ်က ထိုအကြောင်းကို ဝန်ထမ်းများအား ပြောပြနေပါသည်။ လှဝင်းနိုင်တား ပြန်မရောက်သေးပါ။

ည နာရီပြန် (၂) ချက်တီးလောက်တွင် လှဝင်းနိုင်တစ်ယောက် ရုံးသို့ပြန်ရောက်ပါသည်။ သူ၏ ဘော်လီဘောအသင်းမှ လူငယ်များက လိုက်ပို့ကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်က သူ့သူငယ်ချင်းများပြန်သွားသည့်အခါတွင် သူ့အား -

"မင်းဘယ်တွေသွားနေတာလဲ။ ဒီမှာ ကောင်မလေးရဲ့အဖေက ဓားကြီးကိုင်ပြီး ရုံးကိုဝင်မွှေသွားတယ်။ ကံကောင်းလို့ ငါ့ကိုတွေ့မသွားတာ"

ကျွန်ုပ်က ဖြစ်ကြောင်းကုန်စင်ကို လှဝင်းနိုင်အား ပြောပြလိုက်ပါသည်။

သူက -

"ငါ့ကိုစိတ်ချပါလို့ပြောသားပဲ။ ငါဘယ်မှမသွားပါဘူး။ ချိန်းထားတဲ့အတိုင်းပွဲကို ခဏတော့သွားသေးတယ်။ ဒါကလည်း သူကျေနပ်အောင်လို့လိုက်ပို့ရတာပါ။ သူ့ကိုလည်း ကျောင်းသူမို့ ကျောင်းစာကိုသာ ကြိုးစားသင်ဖို့ ဖျောင်းဖျပြီးသားပါ။ သူလည်း သဘောပေါက်ပါတယ်။ သူနဲ့ခဏတွေ့ပြီး ငါပြန်လာတာပါ။ သူက သူ့သူငယ်ချင်းတွေနဲ့အတူ ပွဲခင်းထဲမှာကျန်ခဲ့တယ်။ အခု ငါကြာသွားတာက သူငယ်ချင်းတွေနဲ့စုပြီး စကားပြောနေလို့ပါ"

ယခုမှ ကျွန်ုပ်ရင်ထဲပေါ့သွားပါသည်။

သရဏဂုံ (၃) ပါးရွတ်ဆိုခြင်းကိုမူ အဘိုးရက္ခစိုးက သတိပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ ဘေးအန္တရာယ်ကြုံတွေ့ရသည်ဖြစ်စေ၊ မကြုံတွေ့ရသည်ဖြစ်စေ ကျွန်ုပ်အမြဲမပြတ်ရွတ်ဖတ်သွားမည်ဖြစ်ပါတော့သည်။

(၆)

မိုးညှိမြို့နယ်သို့ရောက်ရှိသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်၍ ကျွန်ုပ်တို့လည်း နေသားကျနေပြီ ဖြစ်ပါတော့သည်။ ဦးညွန့်သည် ရက္ခစိုးအား ပူဇော်မြဲပူဇော်လျက်ရှိပြီး ကျွန်ုပ်လည်း ဦးညွန့်ပူဇော်နေသည့်အချိန်တွင် ဦးညွန့်အနီးမှ ရပ်လျက်ရှိခိုးလျက်ရှိပါသည်။

လှဝင်းနိုင်လည်း သူ့အလုပ်နှင့်သူ ရှုပ်နေရာ လည်ချိန်ပတ်ချိန်မရတော့ဘဲ ခြေငြိမ်နေပါသည်။

ဤအချိန်တွင် တစ်ညသ၌ အဘိုးရက္ခစိုးက ကျွန်ုပ်အား အိပ်မက်ပေးပါသည်။

"လူကလေး၊ လူကလေးတို့ အခုလာမယ့် တစ်ရက်၊ နှစ်ရက်အတွင်းမှာ ပြန်ပြောင်းရမယ်။ ဘယ်မြို့ကိုပဲရောက်ရောက် သရဏဂုံ (၃) ပါးကိုတော့ မမေ့မလျော့ဘဲ အမြဲမပြတ် ရွတ်ဖတ်ပါလို့ အဘိုးမှာချင်တယ်ကွယ်"

ကျွန်ုပ် အိပ်မက်မှ လန့်နိုးသောအခါ မိုးလင်းတော့မည် ဖြစ်ပါသည်။ ကျွန်ုပ်မှာ ဆက်မအိပ်တော့ဘဲ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများ ပြုလုပ်ကာ ဘုရားရှိခိုးပါသည်။

ရုံးဖွင့်ချိန်တွင်တော့ ဇီးကုန်းရုံးမှ ရုံးအုပ်စာရေးကြီး ဦးညွန့်က ဖုန်းဆက်ပါသည်။

"နှစ်ယောက်စလုံး အောက်တိုဘာ ၁ ရက်နေ့မှာ အမြန်မြန်ပြောင်းခဲ့ကြတော့။ အလုပ်တွေကို လက်ပံတန်းက လာတဲ့ဝန်ထမ်းတွေကိုလွှဲပေးလိုက်"

ထိုနေ့မှာ စက်တင်ဘာလ၏ နောက်ဆုံးရက်ဖြစ်ပါသည်။ ထိုစဉ်က ဘဏ္ဍာရေးနှစ်မှာ အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ အထိ ဖြစ်ပါသည်။ ဝန်ထမ်းအပြောင်းအရွှေ့ကို ဘဏ္ဍာရေးနှစ်နှင့်ကိုက်၍ ပြုလုပ်ပုံရပါသည်။

မိုးညှိမှာ သွားရေးလာရေး၊ ဆက်သွယ်ရေးမှစ၍ ခက်ခဲသောဒေသတစ်ခုဖြစ်သဖြင့် ဇီးကုန်းဇုန်နှင့် လက်ပံတန်းဇုန်တို့ ညှိနှိုင်းကာ တစ်နှစ်စီအလှည့်ကျ အုပ်ချုပ်သွားရန် လူကြီးများဆုံးဖြတ်ချက်အရဟု သိရပါသည်။

ညနေပိုင်းတွင် သာရဝေါမှလာသောသင်္ဘောဆိုက်လာရာ လက်ပံတန်းမှ ဝန်ထမ်းများပါလာသဖြင့် ကျွန်ုပ်တို့က အလုပ်များကို ညတွင်းချင်း အပြီးလွှဲပြောင်းပေးလိုက်ပါသည်။

ထိုညသည် မိုးညှိတွင် နောက်ဆုံးအိပ်သောညဖြစ်၍ အဘိုးရက္ခစိုးနတ်မင်းအား ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်များဖြင့် ပူဇော်ကန်တော့ပြီး ရှိခိုးကန်တော့ကာ နှုတ်ဆက်ခဲ့ပါသည်။

"အဘိုးရေ၊ မနက်ဖြန်စောစောကျွန်တော်တို့ပြန်တော့မယ်။ အဘိုးသတိပေးလို့ အန္တရာယ်တွေကလွတ်မြောက်ခဲ့ပါပြီ။ အဘိုးကျေးဇူးကို မမေ့ပါဘူး။ သရဏဂုံ (၃) ပါးကိုလည်း အမြဲမပြတ် ရွတ်ဖတ်ပါ့မယ် အဘိုးရယ်"

အဘိုးရက္ခစိုးကို ကတိပေးခဲ့သည့်အတိုင်း ကျွန်ုပ်သည် သရဏဂုံ (၃) ပါး အပါအဝင် ဘုရားစာအမျိုးမျိုးကို အမြဲမပြတ် ရွတ်ဆိုပွားများနေတော့မည် ဖြစ်ပါကြောင်း ဇာတ်ပြလိုက်ရပါသည်။

မင်းသန့်ကျော် (ဇီးကုန်း)

သင်သည် သက်ရှိသတ္တဝါ ဖြစ်၏။ သက်ရှိသတ္တဝါများထဲတွင် သင်သည် လူသားသက်ရှိသတ္တဝါဖြစ်သဖြင့် အားလုံးသောသက်ရှိသတ္တဝါများထက် သင်၏ ဦးနှောက်အစိတ်အပိုင်းသည် ပိုကြီး၏။

ဆင်ဆိုသော သက်ရှိသတ္တဝါသည် အကောင်ကြီး၏။ ကျွဲဆိုသော သက်ရှိ သတ္တဝါသည်လည်း ကိုယ်ကာယခန္ဓာ ကိုယ်ကြီးမား၏။

သို့သော် သူတို့၏ဦးနှောက်သည် လူသားတို့၏ဦးနှောက်လောက်မကြီးပါ။ ယင်းကြောင့် သက်ရှိသတ္တဝါများတွင် လူသားသည် ဉာဏ်ရည်အမြင့်ဆုံး ဖြစ်ပါ၏။

သင်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်ပေါက်၊ ကိုယ်ကာယ၊ စိတ်၊ ဒွါရ (၆) ပေါက်တို့ လူဖြစ်စမွေးကတည်းက ပါလာ၏။

မျက်စိက အဆင်းကိုမြင်လျှင် နားက အသံကိုကြားရ၏။ နှာခေါင်းက အနံ့အသက်ကိုခံစားရ၏။ ပါးစပ်ပေါက်က အစားအသောက်တို့ကို စားရ၏။ ကိုယ်ကာယကြီးက အတွေ့အထိကို ခံစားရ၏။ စိတ်ပေါက်ကတွေးတော၏။ ကြံစည်၏။

ဤအလုပ် (၆) မျိုးကို သင်သည် နေ့စဉ်နေ့တိုင်းလုပ်နေရပါ၏။

သက်ရှိသတ္တဝါမှန်သမျှ ဤအလုပ် (၆) မျိုးကို နေ့စဉ် မသေမချင်း ပြုလုပ်နေကြပါ၏။

ဤကား သင်မျက်စိဖြင့်မြင်ရသော သတ္တလောကကြီးပင်တည်း။

ဩကာသလောက ဤလောကသည် သင့်နားတွင်ရှိပါ၏။

သက်မဲ့ရုပ်ဝတ္ထုအရာများ ဖြစ်ပါ၏။

တော၊ တောင်၊ ရေ၊ မြေ၊ လေ၊ မီး၊ အာကာသ၊ ကောင်းကင်နှင့် မရေတွက်နိုင်သော သက်မဲ့ပစ္စည်း ဖြစ်ပါ၏။

လောကကြီး (၂) ခုကို သင်မြင်ရပြီ။ တွေ့ရပြီ။ ဤလောကကြီး (၂) ခုတို့က-

၁။ သတ္တလောက၊

၂။ ဩကာသလောက တို့ဖြစ်၏။

သင်သည် လူသားသတ္တဝါ ဖြစ်၏။ ဦးနှောက်အစိတ်အပိုင်းအကြီးဆုံး ဖြစ်၏။ ဉာဏ်ပညာအမြော်အမြင်ကြီးသူ ဖြစ်၏။

သင် နေ့စဉ်နှင့်အမျှ တွေ့ရမည့်၊ ကြားရမည့်၊ ကြုံရမည့်အကြောင်းအရာကတော့ သက်ရှိသတ္တဝါလူသားတွေ အိုရပြီ၊ နာရပြီ၊ သေကြရပြီ။

သင့်အဘိုးလည်း သေခဲ့ပြီ၊ သင့်အဘွားလည်းသေခဲ့ပြီ။ သင့်အဖေလည်း အသက်အရွယ်ရောက်နေပါပြီ။ သင်၏ မွေးမိခင်လည်း အသက်အိုမင်းလာနေပြီ။

သင့်ကို ချစ်လှပါသည် ဆိုသော သင်၏အဖေ၊ သင်၏အမေ အရွယ်ဟိုင်းနေပြီ။ အိုနေရပြီ။ နာနေရပြီ။ သူတို့ သေမင်းကိုစောင့်နေကြရပါပြီ။

သင်၏ဆွေမျိုးတွေလည်း သေခဲ့ရပြီ။ သင်နှင့်လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေလည်းသေခဲ့ရပါပြီ။ ဒါသင့်မျက်မြင်ပါပဲ။

သင်ချစ်လှပါသည်ဟုမွေးထားခဲ့သည့်ကြောင်လေးလည်း သေဆုံးသွားရပြီ။ ခွေးဖြူလေးလည်း သေဆုံးသွားရပြီ။

သင်လက်ဆောင်ရထားတဲ့စကားပြောတတ်တဲ့ ကြက်တူရွေးလေးလည်း သေဆုံးသွားရပြီ။

သင်တို့အဘိုးအဘွား၊ သင်၏မိခင်နှင့်ဖခင်ကိုးကွယ်ခဲ့သည့် ရွာဦးကျောင်းမှ သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံတော်မူသော၊ ဉာဏ်ပညာကြီးတော်မူသော ကျောင်းထိုင်ဆရာတော်ဘုရားကြီးလည်း ပျံတော်မူခဲ့ရပြီ။

သင်တို့ကို စာသင်ကြားပေးခဲ့တဲ့ အာစရိယနွယ်ဝင် ကျောင်းဆရာကြီးလည်း ကွယ်လွန်ခဲ့ရပြီ။

သင်တို့ကျေးရွာကို စေတနာကောင်းကောင်းဖြင့် မိဘသဖွယ် အုပ်ချုပ်ခဲ့သည့် ရွာသူကြီးလည်း ကွယ်လွန်ခဲ့ရပြီ။

သင်စဉ်းစားရမည်ကား -

သတ္တလောက (သက်ရှိလောကကြီး) တစ်ခုလုံးသည် မြဲပါရဲ့လား။ ခိုင်နေပါရဲ့လား။

သတ္တဝါလောကကြီးတစ်ခုလုံးသည် မမြဲကြပါ။ မခိုင်တည်ကြပါ။

လူ၊ နတ်၊ ဗြဟ္မာတွေလည်း မမြဲကြပါ။ မခိုင်မြဲကြပါ။

အာဏာရှင်ကြီးတွေလည်း သေခဲ့ရပြီ။

ပစ္စည်းဥစ္စာချမ်းသာသူတွေလည်း သေခဲ့ရပြီ။

စစ်ဘုရင်တွေလည်းသေခဲ့ရပြီ။

သင်ကြားဖူးပါ၏။ သင်သိပါ၏။

သတ္တဝါလောကသည် မမြဲပါ၊ မခိုင်ပါ။

ဒါဖြင့် ဩကာသလောကကြီးကို သင်ကြည့်စမ်းပါ။



အောင်စကြာ

# အရှင်သုဓမ္မသာရ

## သင်သည် လောကကိုကြည့်တတ်ပါရဲ့လား

သင့်ခြံထဲက သရက်ပင်ကြီးသည် သင်ငယ်စဉ်က အသီးတွေပြွတ်နေအောင် သီးပါ၏။ ယခု အသီးမသီးနိုင်တော့ပါ။ အရိုးကိုင်းကိုင်းနှင့်အရွက်တွေပါမရှိတော့ပါ။ သင်မျက်မြင်ပါပဲ။

သင်တို့၏ ရွာနောက်ဖေးဘက်မှ ကပ်လျက်စီးဆင်းနေသော မြစ်ကြီးတစ်မြစ်သည် သင်တို့ရွာနားမှာရှိနေပါတော့ရဲ့လား။

ကမ်းတွေပြိုသဖြင့် ဟိုးအဝေးတစ်နေရာကို ပြောင်းပြေးသွားပါပြီ။ သင်မျက်မြင်ပါပဲ။

သင်တို့မိသားစု ခပ်ငယ်ငယ်က စီးခဲ့သည့် လှည်းယဉ်လေးလည်း ယခုတော့ ပျက်သွားပါပြီ။

သင့်တို့အဘိုးဝယ်စီးခဲ့သည်ကားလေးလည်း မရှိတော့ပါ။ ဟောင်းနွမ်းဖျက်စီးသွားရပါပြီ။

သင်တို့ အဘိုး၊ အဘွားဆောက်လုပ်ပေးခဲ့သည့်ကျွန်းပျဉ်းကတိုးနှစ်ထပ်အိမ်ကြီးလည်း ဟောင်းနွမ်းယိုယွင်းလာနေပါပြီ။ ယိုင်နဲ့နဲ့ဖြစ်နေလေပြီ။

ဒါလည်း သင့်မျက်မြင်ပါပဲ။ သတ္တလောကကြီးကောမြဲရဲ့လား။ ခိုင်ရဲ့လား။ ဩကာသလောကကြီးကောမြဲရဲ့လား။ ခိုင်ရဲ့လား။

သတ္တလောကကြီးလည်း မမြဲပါ။ မခိုင်ပါ။ ဩကာသလောကကြီးလည်း မမြဲပါ။ မခိုင်ပါ။

အဲဒီမမြဲတဲ့ အမြဲပဲ ဖောက်ပြန်ပြောင်းလဲနေတဲ့ လောကကြီးကိုတော့ သင်္ခါရလောကလို့ အမည်တပ်ရပါ၏။ ခေါ်ဝေါ်ရ၏။

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက၊ လောကကြီး (၃) ပါးလုံးတို့တာ အချိန်နဲ့အမျှ၊ စက္ကန့်၊ မိနစ်၊ နာရီနဲ့အမျှကို ပြောင်းလဲနေကြပါတယ်။ ဖောက်ပြန်နေကြပါတယ်။

တစ်လောကလုံး မြဲတယ်ဆိုတာမရှိပါ။ ခိုင်တယ်ဆိုတာမရှိပါ။ သင်စဉ်းစားဆင်ခြင်ကြည့်ပါ။

သင့်ကိုယ်ကိုယ်လည်း သင်ပြန်လည် စဉ်းစားဝေဖန်ကြည့်ပါ။

သင်သည် ငယ်ငယ်ကလေးဘဝတုန်းက ပုံရိပ်တစ်မျိုး။ ယခု သင်လူပျို၊ အပျိုဘဝကျတော့ ပုံရိပ်တစ်မျိုး။

သင်လေးဆယ်ကျော်လာတော့ ပုံရိပ်တစ်မျိုး။

ကိုယ်ကာယကြီးတွင်ပင် ပြောင်းလဲဖောက်ပြန်နေရသည်မဟုတ်ပါ။ သင်၏စိတ်၊ စေတသိက်တွေကလည်း အမြဲပဲပြောင်းလဲနေရပါပြီ။

သင်ငယ်ငယ်တုန်းက အတွေးက တစ်မျိုး။

ယခု အပျို၊ လူပျိုအရွယ်ရောက်တော့အတွေးကတစ်မျိုး။

ယခု အသက် (၄၀) ကျော်လာတော့ အတွေးကတစ်မျိုး။

ရုပ်ဝတ္ထုကြီးပြောင်းလဲဖောက်ပြန်ရပါသလို သင်၏စိတ်လည်း ပြောင်းလဲနေရသည်ကို သင်သတိပြုကြည့်ပါရဲ့လား။

သင့်စိတ်ကိုသင်ဆင်ခြင်ကြည့်ပါ။ အကဲခတ်ကြည့်ပါ။ ငါ့စိတ်တွေဘာတွေဖြစ်နေရတယ်ဆိုတာကိုသိပါမည်။ တွေ့ရပါမည်။ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ် ဘယ်ကအဖြစ်များလဲဆိုတာကို သိသိလာပါမည်။

လောကသည် မမြဲပါ။ အမြဲတမ်းတရစပ်ကြီးပြောင်းလဲနေ၏။ ဖောက်ပြန်နေပါ၏။ သင်္ခါရဖြစ်ပျက်ပြုပြင်ပြောင်းလဲနေရသော လောကကြီးဆိုသည်ကို သင်လက်ခံပါပြီလား။

သင်လက်ခံပြီး ယုံကြည်ပါပြီဆိုလျှင် လောကမှာ အကျိုးမရှိသော လူသားအချင်းချင်း သင့်မာန်မာနတွေကို ဘာဖြစ်လို့သိမ်းပိုက်ထားချင်ရပါသလဲ။

မာန်မာန ဆိုတာ ခက်ထန်ခြင်းပါပဲ။ မာန်တွေသိပ်ကြီးလာလျှင် 'ဝိဟိံသ' ဆိုတဲ့တရားက နောက်ကိုပါလာတတ်ပါ၏။

ဝိဟိံသ ဆိုတာက လူသားအချင်းချင်းမေတ္တာစိတ်တွေပျောက်ပြီး တိရစ္ဆာန်စိတ်မျိုးဝင်လာပြီးတော့ နှိပ်စက်၏။ ညှဉ်းပန်း၏။ ခွေးခွေးချင်းကိုက်သလို ကိုက်တတ်ပါ၏။ နွားနွားချင်းဝှေ့သလို ဝှေ့တတ်၏။

သင်ကြားဖူးပါမည်။သိနေပါမည်။ ယနေ့ ကမ္ဘာကြီးမှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ ဝင်ပူးပြီး ကိုယ့်လူမျိုးအချင်းချင်း ရက်ရက်စက်စက် သတ်နေကြသည်ကို သင်ကြားမိပါမည်။

ဒါတွေဟာ ဘာကြောင့်ဖြစ်ရပါသလဲ။ ဒေါသ၊ မာန်မာနပဲပေါ့။ ငါးငါးချင်းစား၊ ဖားဖားချင်းစား၊ လူလူချင်းစားနေကြပြီ။

ဇာတ်တူသားချင်းစားကြလို့ ဟသ်ာ (၉) သောင်းပျက်ရတဲ့ဇာတ်လမ်းလည်း သင်ကြားဖူးပါမည်။

သင်သည် လူသား ဖြစ်၏။ လူသားသည် ဉာဏ်ပညာကြီးမား၏။ အတွေးအခေါ်ကောင်းပါ၏။

လူသား၏ သက်တမ်းကလည်း တိုတောင်းလှပါ၏။

သင် လူ့ဘဝမှာ အသက်ရှင်လျက်ရှိနေစဉ်-

ပရအကျိုး၊ လူသားများအကျိုးကို ဆောင်ရွက်ပါ။ ဆောင်ရွက်နိုင်အောင်ကြိုးစားပါ။ သင့်ပတ်ဝန်းကျင်က သင့်ကိုလေးစားလာမည်။ ချစ်ခင်လာပါမည်။

သင့်ကို လူလည်းချစ်ပါမည်။ နတ်တွေကလည်း ချစ်ပါမည်။ သင့်ဘဝအတွက် ဘဝကူးလည်းကောင်းပါမည်။

နောင်တမလွန်မှာ သင်သည် လူသားအကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါသဖြင့် လူဖြစ်လည်း လူချမ်းသာ၊ နတ်ဖြစ်လည်း နတ်ချမ်းသာဘဝကို ရောက်ရှိရမည်မှာ ဧကန်မလွဲပါ။ ယုံယုံကြည်ကြည် မွန်မွန်မြတ်မြတ်စိတ်ထားနှင့် အများအကျိုးကို ဆောင်ရွက်ပါ။ လောကကောင်းကျိုးကို ဆောင်ရွက်ပါ။

❑

## ❑ လောကမှာ လူသားတိုင်းလိုချင်သည့်ဆန္ဒများ

တစ်လောကလုံး တစ်ကမ္ဘာလုံး လူသားတိုင်း လိုချင်တောင့်တသော အရာ (၄) မျိုး ရှိ၏။

၁။ လူတိုင်း ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာလိုကြပါ၏။
၂။ လူတိုင်း ကျန်းကျန်းမာမာနှင့် အသက်ရှည်ရှည်နေလိုကြပါ၏။
၃။ လူတိုင်း ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်း၊ အသိုင်းအဝိုင်းကောင်းမှာနေလိုကြပါ၏။
၄။ သေလွန်ပြီး နောက်ဘဝရောက်လျှင်လည်း ကောင်းမွန်သော ချမ်းသာသောသုခဘုံသို့ရောက်လိုကြပါ၏။

သင် ဤအချက်ကြီး (၄) ချက်ကို သင်စဉ်းစားကြည့်ပါ။ သင်ရော၊ သင့်မိတ်ဆွေမျိုးတွေရော၊ သင့်အသိုင်းအဝိုင်းကပုဂ္ဂိုလ်တွေပါ မလိုချင်ကြဖူးလားလို့ သင်မေးကြည့်ပါ။

ဤကမ္ဘာပေါ်မှာ ဤအချက် (၄) ချက်ကို မလိုချင်သူ တစ်ယောက်မျှ မရှိနိုင်ပါ။

သင်မြင်ဖူးပါမည်။ တွေ့ဖူးပါမည်။ ကြားဖူးပါမည်။

မိသားစုတစ်စု။ ငယ်ငယ်ကတည်းက ပစ္စည်းဥစ္စာပြည့်ပြည့်စုံစုံနှင့် ကြွယ်ဝချမ်းသာနေကြပါ၏။

ထိုမိသားစုထဲမှာဆွံ့အနားမကြားသူလေးတစ်ယောက်ပါလာ၏။

ရှုံးသွပ်သွပ် ပေါ်တောတော ဦးနှောက်ချောင်ချောင်သမီးတစ်ဦးလည်း

ပါလာ၏။

နောက်တစ်ယောက်ကတော့ ခြေမသန်လက်မသန် သားလေးတစ်ဦးကလည်းပါလာသေး၏။

ပစ္စည်းဥစ္စာတွေတော့ပေါများပါ၏။ ပြည့်စုံပါ၏။ သို့သော် ထိုမိသားစုကို သင်စဉ်းစားကြည့်ပါ။

ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဥစ္စာတွေ ပြည့်စုံ၏။ ကိုယ်ပိုင်တိုက်ကြီးကလည်း ဟိန်းနေ၏။ ကိုယ်ပိုင်ကားကလည်း (၃)စီး။ ရွှေ၊ ငွေတွေကတော့ အပြည့်အမောက်။

ဒါပေမယ့် ထိုမိသားစုစိတ်ချမ်းသာမှုရှိပါမည်လား။ ငွေများများသုံးပြီး သားသမီးတွေကို တတ်ကျွမ်းနားလည်သည့် ဆရာသမားကောင်းများဖြင့် ဆေးကုသပေးပါ၏။ မပျောက်ကင်းပါ။

အတိတ်ဘဝက ပါလာသည့်ကံတဲ့။

ဘာကြောင့်လဲ ဝဋ်နာကံနာတဲ့။

အတိတ်ဘဝတစ်ခုက ထိုမိသားစုတို့သည် မကောင်းမှု အကုသိုလ်များပြုလုပ်ခဲ့ပါ၏။

တစ်မိသားစုအပေါ်တွင် ကြသော မစ္ဆရိယမနာလိုခြင်း၊ ဝန်တိုခြင်းတရား (၂) ပါးကိုထားခဲ့မိဖူးပါ၏။

ယင်းကြောင့် ထိုအကုသိုလ်ကံသည် ယခုဘဝမှာ ကြုံတွေ့ရပါတော့၏။

မိမိရင်သွေးများဖြစ်ပါ၍ မပစ်ပယ်နိုင်ပါ။ မစွန့်ပစ်နိုင်ပါ။ ဘာပဲဖြစ်ဖြစ် ဘယ်သူက ဘာပဲဝေဖန်ဝေဖန် အသက်ရှင်အောင်တော့မွေးရပါတော့၏။

သင်သည် ယခုဘဝမှာ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝလိုပါသလား။

ကံ၊ ဉာဏ်၊ ဝီရိယ (၃) ပါးနဲ့ပြည့်စုံအောင် သင်ရှာဖွေတတ်ပါလျှင် ကြီးပွားပါမည်။ တိုးတက်ပါမည်။

ကံ ဆိုသည် သင်လုပ်မည့်အလုပ်ပါ။ ဉာဏ်ဆိုသည်မှာ သင်လုပ်သည့် အလုပ်နေပါတွင် ဉာဏ်ပညာသွင်းပါ။

ဝီရိယကတော့ သင်လုပ်နေသော အလုပ်ကို မပျင်းမရိ ဇွဲကောင်းကောင်းနှင့်လုပ်ပါ။ ဆောင်ရွက်ပါ။ သင်အောင်မြင်ပါမည်။

❑

## ❑သင်အသက်ရှည်ရှည်နေလိုပါသလား

၁။ ကြေညက်သောအစာကိုသာစားပါ။

၂။ သင်နှင့်မတည့်သောအစားအစာကိုရှောင်ပါ။

၃။ ကိုယ်ကာယကို မညှာပါနှင့်။ ကျန်းမာရေးနှင့် ညီညွတ်သော ကိုယ်လက်လှုပ်ရှားမှုကိုပြုလုပ်ပါ။

၄။ သူတစ်ပါးအသက်လုံးဝမသတ်ပါနှင့်။

၅။ အိပ်ရေးဝဝအိပ်ပါ။

၆။ မူးယစ်စေတတ်သော အရက်သေစာ၊ ဘိန်းဖြူတို့ကို ရှောင်ကြဉ်ပါ။

၇။ အခါအားလျော်စွာ ကျန်းမာရေးဌာနက ညွှန်ကြားချက်များကိုလိုက်နာပါ။

၈။ ကူးစက်စေတတ်သောရောဂါများအတွက် ကာကွယ်ဆေးထိုးထားပါ။

၉။ သင်ကိုယ်တိုင် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ပါ။

၁၀။ သင်၏ အိမ်သားများအားလုံးကိုလည်း တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ခိုင်းပါ။

၁၁။ သင်၏အိမ်တွင်း၊ သင်၏ခြံတွင်းများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအမြဲလုပ်ပါ။

၁၂။ ရွံ့ဗွက်ရေအိုင်များကိုဖို့ပစ်ပါ။

၁၃။ လေကောင်းလေသန့်ကိုရှူသွင်းပါ။

၁၄။ ဆေးလိပ်မသောက်ပါနှင့်။

၁၅။ ကွမ်းမစားပါနှင့်။

၁၆။ သွားကျန်းမာရေးကိုဂရုစိုက်ပါ။

၁၇။ အစားအစာကို ကြေညက်စွာဝါးစားပါ။

၁၈။ ကျန်းမာရေးနှင့် ပတ်သက်သော စာစောင်များ၊ စာအုပ်များကိုဖတ်ပါ။ လိုက်နာပါ။ ကျင့်သုံးပါ။

၁၉။ ဖြူစင်သောစိတ်ဓာတ်ကို အမြဲမွေးမြူပါ။

၂၀။ တိရစ္ဆာန်များကို မညှဉ်းဆဲပါနှင့်။

သင့်မှာ ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်းရရှိလိုလျှင် ထိုပတ်ဝန်းကျင်ကိုပေးကမ်းပါ။ စွန့်ကြဲပါ။ သည်းခံစိတ်ကိုမွေးမြူပါ။

သူဆိုးလျှင် သင်ပြန်မဆိုးပါနှင့်။ သည်းခံတတ်ပါ။ ခွင့်လွှတ်တတ်ပါ။ သင်၏စေတနာကို ပတ်ဝန်းကျင်က အသိအမှတ်ပြုလာပါမည်။

သင်၏ ကြီးမားလှသော၊ ဖြူစင်လှသော မေတ္တာစိတ်ဓာတ်က ပတ်ဝန်းကျင်နှင့် လောကကြီးမှာ ပျံ့နှံ့သွားပါမည်။

ထိုမေတ္တာစိတ်က သင့်ထံပြန်လာပါမည်။ ထိုအခါ သင်သည် ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်းတွေနှင့် ပေါင်းသင်းရပါမည်။

သင်သေလွန်ပြီး ဘဝကူးကောင်းမွန်လိုပါသလား။

သင်သည် ယခုကာလမှာ လူ့ကျင့်ဝတ်သိက္ခာများကို စောင့်စည်းရပါမည်။

သင့်မှာ ကိုယ်ကျင့်သီလခိုင်မြဲရမည်။ လုံခြုံရမည်။

လောကမှာရှိသော လူသားတိုင်းမှာ ကိုယ်ကျင့်သီလရှိကြပါ၏။ ဘာသာတိုင်းမှာရှိ၏။

### ❑ကိုယ်ကျင့်သီလ

၁။ သူတစ်ပါးအသက်ကို မသတ်ပါနှင့်။

၂။ သူတစ်ပါးဥစ္စာပစ္စည်းကို မခိုးပါနှင့်။ မလုယူပါနှင့်။

၃။ သူတစ်ပါးသားမယားကို မပြစ်မှားပါနှင့်။ မကျူးလွန်ပါနှင့်။

၄။ လိမ်ညာ လှည့်ပတ်၍ စကားမပြောပါနှင့်။

၅။ မူးယစ်စေတတ်သော သေရည်သေရက်နှင့် မူးယစ်ဆေးများကို မသုံးစွဲပါနှင့်။

ဤကိုယ်ကျင့်သီလ ငါးပါးတို့ကို စောင့်ထိန်းပါလျှင် သင့်ဘဝ ဘဝကူးကောင်းပါမည်။

❑

## ❑ လောကကိုကောင်းကျိုးပြုနိုင်သူများ

လောကမှာ လောကီပညာကို တစ်ဖက်ကမ်းခပ်အောင်တတ်သူများရှိပါ၏။

လောကုတ္တရာပညာအရာမှာလည်း ပိဋကတ်တော်ကို မွှေနှောက်ပြီးသိတော်မူကြပါ၏။

ဉာဏ်ပညာအရာ အလွန်ထက်ထက်မြက်မြက်သူများ ဖြစ်ကြပါ၏။

သို့သော် ထိုလောကီ၊လောကုတ် ပုဂ္ဂိုလ်နှစ်မျိုးနှစ်စားတို့သည့် စရဏဆိုသော ကောင်းသောအကျင့်တရားမရှိကြပါလျှင် လောကအကျိုးကိုမဆောင်ရွက်နိုင်ကြတော့ပါ။

တစ်ဦးက တစ်ဦးကို မတရားပြုကျင့်နေသူကို တွေ့ပါက သနားရမှန်းမသိ ကူညီရမှန်းမသိ။

အသိဉာဏ်ပညာလည်းမရှိ စရဏလည်းမရှိသော ပုဂ္ဂိုလ်များကား ဆိုဖွယ်ရာပင် မရှိတော့ပါ။

အသိဉာဏ်ဝိဇ္ဇာဉာဏ်နှင့် စရဏအကျင့်ရှိသည့်ပုဂ္ဂိုလ်များသည် မိမိကိုယ်၌က တရားသူဖြစ်ပါသဖြင့် သူတစ်ပါးအကျိုးမဲ့ဖြစ်နေသည်ကို တွေ့ရ၊ မြင်ရ၊ ကြားရပါလျှင် သနားတတ်၏။ ကယ်တင်

တတ်၏။ စောင့်ရှောက်ပြုပြင်ပေးတတ်၏။

စရဏ ဆိုသော အကျင့်ကောင်းများသည် -

၁။ တည်ကြည်သည်။ မြဲမြံဖြောင့်မှန်သည်။ သိမ်မွေ့သည်။ ကိုယ်နှုတ်နှလုံး ကောင်းစွာ စောင့်စည်းသည်။
၂။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဒွါရ (၆) ပေါက် တည်းဟူသော ဣန္ဒြေကိုစောင့်ထိန်းသည်။
၃။ အာဟာရဘောဇဉ်ဘုဉ်းပေးရာမှာလည်း အရှည်၊ အတိုကို စောင့်ထိန်းသည်။
၄။ ထကြွနိုးကြားသောအကျင့်လည်းရှိသည်။
၅။ ရတနာမြတ် (၃) ပါးကို ကြည်ညိုသော သဒ္ဓါစရဏအကျင့်လည်း ထက်သန်သည်။
၆။ ကုသိုလ်ဟူသမျှမမေ့ပါ။
၇။ မကောင်းမှုပြုဖို့ ဟိရိရှက်ရွံ့သည်။
၈။ မကောင်းမှုပြုဖို့ ဩတ္တပ္ပ ကြောက်ရွံ့သည်။
၉။ သိသင့်ဖွယ်ရာအဖြာဖြာကို ရှာမှီးသည်။
၁၀။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ဖို့ လုံ့လဝီရိယရှိသည်။
၁၁။ လေ့ကျင့်တတ်မြောက်ထားသော ပညာရှိသည်။
၁၂။ ကမ္မဋ္ဌာန်းအာရုံတစ်ခုခုတွင် ရှုမြင်တဲ့အခါ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ အင်္ဂါငါးဖြာသက်ဝင်သည့် ပထမဈာန်ကိုရသည်။
၁၃။ ကမ္မဋ္ဌာန်းအာရုံရှုမြင်ရာတွင် ပီတိ၊ သုခ၊ ဧကဂ္ဂတာအင်္ဂါသုံးဖြာသက်ဝင်သော ဒုတိယဈာန်ကိုရသည်။
၁၄။ ကမ္မဋ္ဌာန်းအာရုံရှုမြင်ရာတွင် သုခ၊ ဧကဂ္ဂတာ အင်္ဂါနှစ်ပါး သက်ဝင်သော တတိယဈာန်ကိုရတတ်၏။
၁၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ၊ အင်္ဂါနှစ်ဖြာသက်ဝင်သောစတုတ္ထဈာန်ကိုရ၏။

*(ညောင်ကန်အေးဆရာတော်)*

အကောင်းဆုံးသော၊ အမြတ်ဆုံးသော၊ အတုမရှိသော ဝိဇ္ဇာစရဏနှင့်ပြည့်စုံတော်မူသောပုဂ္ဂိုလ်သည် မြတ်စွာဘုရားရှင်ပင် ဖြစ်၏။

မဟာကရုဏာတော်ကြီးမားစွာဖြင့် သတ္တဝါများ၏အကျိုးကို ဆောင်ရွက်တော်မူ၏။ စောင့်ရှောက်တော်မူ၏။

ဘုရားရှင်လက်ထက်တော်အခါက တပည့်ကောင်း အရိယာသူတော်ကောင်းပေါင်း နှစ်ဆယ့်လေးသချေ၊ ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတစ်သိန်းရှိသည်ဟု ပြောဆိုကြပါ၏။

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က သာဝတ္ထိပြည့်ရှင်ဘုရင်ကောသလမင်းကြီးနှင့် မိဖုရားမလ္လိကာတို့သည် ဘုရားရှင်နှင့်ကျွမ်းဝင်ကြ၏။

ရာဇကာရုံကျောင်းတိုက်တော်ကြီးကို မင်းကြီးသည် ဆောက်လှူခဲ့သေး၏။

ဘုရားရှင်သည် သာဝတ္ထိပြည်ကြီးမှာ အရှည်ကြာဆုံး သီတင်းသုံးတော်မူခဲ့ပါ၏။

ကောသလမင်းနှင့်မိဖုရားတို့သည် အလှူကြီးအတန်းကြီးလည်း ပြည်သူနှင့်ပြိုင်၍ ပြုလုပ်ခဲ့ပါသေး၏။

သို့သော် ရှေးရှေးဘဝက အသိအလိမ္မာ ပညာဝိဇ္ဇာ အသင်းအပင်းနှင့် သက်ဆိုင်ရာပါရမီဓာတ်ခံနည်းပါးကြသူများ ဖြစ်၏။

ဝိဇ္ဇာဉာဏ်ပညာလည်း နည်းပါး။ စရဏဆိုသောအကျင့်ကလည်း မရှိပါသဖြင့် မြတ်စွာဘုရားရှင်နှင့် တွေ့ရပါသော်လည်း မဂ်ဖိုလ်နိဗ္ဗာန်နှင့်ဝေးရ၏။

အရိယာသောတာပန်အဆင့်ပင် မရရှိခဲ့ကြပါ။

ဟင်းမွှေသည့် ယောက်မသည် ဟင်း၏အရသာကိုမသိရသလို မင်းကြီးနှင့် မိဖုရားကြီးတို့သည် သစ္စာလေးပါး၊ ဝိမုတ္တိတရား၏ အရသာကို မသိခဲ့ရပါ။ သနားဖွယ်ရာ ကောင်းမွန်လှပါ၏။

သုဒုက္ခတ္တရဟန်းတစ်ပါးသည် မြတ်စွာဘုရားရှင် နောက်တော်ပါးက ထက်ကြပ်မကွာလိုက်ပါပြီး အလုပ်အကျွေးပြုခဲ့ပါ၏။

နောင်သောအခါ အယူမှားပြီး မိစ္ဆာဒိဋ္ဌိအယူသို့ ပြောင်းသွားပါသဖြင့် မုချ အပါယ်သို့ပင် ကျဆင်းသွားရပါ၏။

နီးလျက်နှင့်ဝေးနေရသော ပုဂ္ဂိုလ်များရှိကြသလို ဝေးနေပေမယ့် နီးနေသူများလည်းရှိပါသေး၏။

တစ်ခုသောတောရွာကြီး၌နေထိုင်သော မာတိကမာတာအမျိုးသမီးကြီးသည် မြတ်စွာဘုရားကိုမမြင်ဘူး၊ မတွေ့ဘူး၊ မဖူးဘူးပါ။

သို့သော်လည်း မြတ်စွာဘုရား၏ သားတော် ရဟန်းသံဃာများကို သားအရင်းသဖွယ် ပြုစု၏။ လှူဒါန်း၏။ တရားကို ရိုရိုသေသေနာ၏။ တရားကို စောင့်ထိန်း၏။ ကျင့်ကြံ၏။

သဒ္ဓါတရားအား ကောင်းမွန်လှပါသဖြင့် မာတိကမာတာသည် စရဏပါသောအကျင့်မြတ်ကိုပါ ကျင့်ကြံသဖြင့် အနာဂါမ်သူတော်ကောင်းမကြီးဖြစ်သွားရပါ၏။

ဝေးသော်လည်း နီးသူများဖြစ်ပါ၏။

ပရအကျိုးဆောင်ရွက်ကြသူများကို လူလည်းချစ်ခင်ပါ၏။ နတ်တွေကလည်း ချစ်ခင်ပါ၏။

နောက်ဆုံး တိုင်းပြည်ကို အုပ်ချုပ်ကြရသောအစိုးရမင်းများကပင် သင့်ကို အသိအမှတ်ပြုလာရပါတော့၏။

သင်သေသွားသော်လည်း သင်၏ကောင်းသတင်းများတို့သည် လောကတွင်းဝယ် ကြိုင်လှိုင်မွှေးပျံ့သင်းနေပါတော့မည်။

❑

## ❑ မည်သည့်အရာမဆိုလုပ်မှရယူနိုင်၏

သင်ငယ်ငယ်က စာတတ်ပါရဲ့လား။ သင်စာတတ်ရအောင် သင်သည် (က)၊ (ခ) ကို သင်ယူရ၏။ သင်္ချာတတ်အောင် (၁)၊ (၂)၊ (၃)၊ (၄) ဂဏန်းများကို သင်ယူခဲ့ရ၏။

မြန်မာစာ ရေးတတ်၊ ဖတ်တတ်လာတော့ အခြားဘာသာဖြစ်သည့် အင်္ဂလိပ်စာကိုလည်း သင်တတ်ချင်လာ၏။

သည်တော့ သင် (A), (B), (C) စာလုံးကိုကျက်ရ၏။ မှတ်ရ၏။ ရေးရ၏။

သင့်ကို စာသင်ပြပေးသော ကျောင်းဆရာကြီး၊ဆရာမကြီးများလည်း ငယ်ငယ်က မွေးစက ဘာမှမတတ်ပါ။ ဘီအေ၊ ဘီအီးဒီအောင်ဖို့ ဘွဲ့လက်မှတ်ရဖို့ စာသင်ယူရ၏။

သင်တို့မြို့က ဆရာဝန်ကြီးလည်း ငယ်ငယ်က ဘာမှမတတ်ပါ။ ဆေးပညာတတ်ဖို့ ဆေးကျောင်းတက်ရ၏။ သင်ယူရ၏။ မှတ်သားရ၏။

လောကီအလုပ်မှန်သမျှ ဘာမဆိုလုပ်တတ်အောင် သင်ယူရ၏။

သင်နှင့်သင့်မိဘများကိုးကွယ်နေကြသော ဆရာတော်ကြီးသည် ပိဋကတ်စာပေကို တတ်ကျွမ်း၏။ တရားဟောကောင်း၏။ တရားကိုရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားဟောပြတတ်၏။

ဤဆရာတော်ကြီးသည်လည်းပဲ ငယ်ငယ်ကဘာမှမတတ်ပါ။ ပိဋကတ်စာပေကို သင်ယူရ၏။ မှတ်သားရ၏။ ကျက်မှတ်ရ၏။

လောကီအလုပ်ပဲဖြစ်ဖြစ်၊
လောကုတ္တရာအလုပ်ပဲဖြစ်ဖြစ်
ငယ်ငယ်ကပင် သင်ကြားရ၏။
လေ့ကျင့်ရ၏။ မှတ်သားရ၏။

ယင်းကြောင့် မည်သည့်အရာမဆို လုပ်မှရပါမည်။ မလုပ်မကိုင်ဘဲနှင့်

မည်သည့်အရာမျှ မရနိုင်ပါ။

သင် လူဖြစ်လာပြီ။ သင်ဘာဖြစ်ချင်ပါသလဲ။ သင်အရွယ်ရောက်ပြီ။ သင့်ကိုယ်သင်ပြန်မေးပါ။ သင့်စိတ်ထဲမှာ ဝါသနာအပါဆုံးအလုပ်ဟာ ဘာလဲဟု သင်ထင်နေပါသလဲ၊ မိမိစိတ်ကို မိမိမသိသေး၊ မဝေခွဲတတ်သေးလျှင် သင်သည် လူညံ့တစ်ယောက်ဖြစ်တော့မှာ သေချာ၏။

စစ်ဗိုလ်လုပ်ချင်လား။ စစ်ဗိုလ်ဖြစ်၏။ ပြည်သူ့ရဲလုပ်ချင်လား။ ပြည်သူ့ရဲဖြစ်၏။

သူများပြောတိုင်းမယောင်ပါနှင့်။ နားလည်အောင်ကြိုးစား။ နားလည်အောင်လေ့လာပါ။

တောရွာတစ်ရွာမှာ လယ်သမားသူဌေးသားလေးတစ်ဦးရှိ၏။ တက္ကသိုလ်ဝင်တန်းကို ခဏခဏကျရှုံးနေသည်။ စာသင်ကြားမှုကို စိတ်ပျက်လာ၏။

မြို့က သူ့သူငယ်ချင်းက ပြောပြ၏။

“မလေးရှားနိုင်ငံမှာ တစ်လကိုကျပ် (၅) သိန်းရမယ်။ တို့အလုပ်သွားလုပ်မယ်။ ငါ့မှာအဆက်အသွယ်ရှိတယ်။ မင်းလိုက်မယ်လား”

မြို့ကသူငယ်ချင်းက မေး၏။

မစဉ်းစားပါ။ မဝေဖန်ပါ။ ဗဟုသုတမရှာဖွေပါ။

“လိုက်မယ် သူငယ်ချင်း”

ဟု ချက်ချင်းဖြေ၏။

သူ့မိဘတွေထံက ငွေ (၁၀) သိန်းတောင်း၏။ ပွဲစားကိုပေးရမည်။ ဗီဇာခဘာခညာခပေါ့။

မိဘတွေက ချမ်းသာလေတော့ ရှောရှောရှုရှုပဲထုတ်ပေးလိုက်ပါ၏။

မြို့က သူငယ်ချင်းနှင့်အတူတူ မလေးရှားနိုင်ငံသို့ရောက်ပါပြီ။

ဟိုကျတော့ ပွဲစားပြောသည့်သူကမရှိ။ ဆိုင်ကမရှိ။ ဟိုယောင်ဒီယောင်ဖြစ်နေရတော့၏။

ဘာကြောင့်လဲ။

ဗဟုသုတမလေ့လာလို့ပေါ့။ မတွေးတော မဆင်ခြင်လို့ပေါ့။

ဒါနဲ့ နောက်ဆုံးတော့ ထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းဝင်စားရင်း မြန်မာနိုင်ငံက မိတ်ဆွေတစ်ဦးနှင့် တွေ့၏။ အဖြစ်အပျက်ကိုပြောပြ၏။

ထိုမိတ်ဆွေက ဘာမှမပူပါနှင့်။ သူအလုပ်ရှာပေးမည်ဟု ပြောပြ၏။ သူတို့သူငယ်ချင်းနှစ်ဦး ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြပါ၏။

ယင်းကြောင့် ထိုမိတ်ဆွေနောက်သို့လိုက်သွားကြ၏။ထိုမိတ်ဆွေနေသော အခန်းလေးတွင် တစ်ညတာအိပ်စက်ရ၏။

နောက်နေ့ကျတော့ တရုတ်ကြီးတစ်ယောက်ရောက်ရှိလာပြီး သူတို့နှစ်ဦးကို ခေါ်ဆောင်သွားပါတော့၏။

သူတို့နှစ်ဦးကို မလေးရှားရောက်ရှိနေသည့်မိတ်ဆွေက ထိုတရုတ်ကြီးကို (၅) သိန်းဖြင့် ရောင်းချလိုက်ကြောင်း သူတို့မသိရှာပါ။

သူတို့နှစ်ဦးက တရုတ်ပြည် မြန်မာနယ်စပ်က ယူနမ်ပြည်နယ်သို့ ပါသွားပြန်၏။

တရုတ်ကြီးက သူတို့နှစ်ဦးကို မြန်မာပြည်မှ ကျွန်းသစ်များကို ခုတ်လှဲရန်အဖွဲ့များနှင့် တာဝန်ပေးပါ၏။

မြန်မာပြည်ကသွားသူနှစ်ဦး မြန်မာပြည်ထဲပြန်ရောက်လာပြန်၏။

အလုပ်ကတော့ သစ်ခိုးထုတ်တဲ့အလုပ်ပါပဲ။ လစာက တစ်ပြားတစ်ချပ်မှ မရသေးပါ။

နောက်ဆုံးတော့ တပ်မတော်က သစ်ခိုးအဖွဲ့ကို ဖမ်းဆီးရာတွင် သူတို့နှစ်ဦး ပါဝင်သွားရပါတော့၏။

ရဲလက်ကိုအပ်၏။ ခေတ္တအချုပ်ခံထားရပါ၏။ နောက်တော့ သူတို့နှစ်ဦး၏ အဖြစ်မှန်ကိုသိရှိပြီး ရဲက မိဘများကို အကြောင်းကြားပါသဖြင့် မိဘများ ရဲဌာနမှလာပြန်ခေါ်သွားရပါတော့၏။

ဤသို့ ဘာကြောင့်ဖြစ်ရပါသလဲ။ ဗဟုသုတမရှိခြင်း၊ လေ့လာမှုနည်းပါးရခြင်း၊ အပြောကောင်းသူနှင့်တွေ့လျှင် လွယ်လွယ်ကူကူ ယုံလွယ်ခြင်းတို့ကြောင့် ဖြစ်ရ၏။

ယင်းကြောင့် ယနေ့ခေတ် လူငယ်မောင်မယ်များ၊ အမျိုးသားရော အမျိုးသမီးပါ ဗဟုသုတရှာဖွေပါ။ စာအုပ်စာတမ်းတွေကိုဖတ်ပါ။ ရေဒီယိုသတင်းတွေကို နားထောင်ပါ။

ပြောတိုင်း ယုံကြည်သူများသည် ပင်ကိုဉာဏ်မရှိပါသဖြင့် လူညံ့များ ဖြစ်ပါ၏။

မိမိကိုယ်ကို လူညံ့လူအမဖြစ်စေလိုပါလျှင် ဘာမဆိုလုပ်ယူရပါမည်။ လုပ်ယူမှရပါမည်။

လုပ်ယူရမှာဆိုတာက စာတွေ့တွေ့ ဗဟုသုတတွေပါပဲ။ စာအုပ်စာပေလူ့မိတ်ဆွေတဲ့။ သတင်းစာဖတ်ပါ။ စာစောင်တွေဖတ်ပါ။ ရေဒီယိုသတင်းတွေနားထောင်ပါ။

နိုင်ငံခြားကို အထင်မကြီးပါနှင့်။ မိမိတိုင်းပြည်မှာ အလုပ်တွေပေါ၏။ အလုပ်မရွေးလျှင်ပေါ၏။ အလုပ်ရွေးလျှင်တော့ အလုပ်ကရှားနေပါဦးမည်။

အမည်ကိုထားပါ။ ဘွဲ့ရလူငယ်တစ်ယောက် အသက် (၂၃) နှစ်။ မြို့လေးတစ်မြို့မှာ ကျောက်စရစ်ခဲသည့်အလုပ်ကို ဝင်လုပ်ပါ၏။

ပင်တော့ ပင်ပန်းပါ၏။ တစ်နေ့ကို (၅၀၀၀) ရပါ၏။

(၆) လကြာတော့မှ ကျောက်စရစ်လုပ်ငန်းလုပ်သူက ဘွဲ့ရလူငယ်မှန်းသိပါသဖြင့် ဤလုပ်ငန်းများပင် စာရင်းကိုင်အလုပ်လုပ်ခိုင်းပါ၏။

အမျိုးသမီးပဲဖြစ်ဖြစ်၊ အမျိုးသားပဲဖြစ်ဖြစ် နိုင်ငံခြားတိုင်းပြည်များကို အထင်မကြီးပါနှင့်။ ခုဆိုလျှင် မလေးရှားမှာ မြန်မာတွေအဖမ်းခံထားရသူတွေ အမြောက်အမြားပါ။ ပြည်တော်ပြန်အခက်တွေ့နေလို့ သံရုံးက ကူညီပေးရ၏။

တစ်ခါကဆိုလျှင် ဆရာတော်ကြီး ဦးဉာဏိဿရကပါ လေယာဉ်ခတွေပေးပြီး ကူညီပေးခဲ့ရပါ၏။

လစာကောင်းကောင်း၊ ဝင်ငွေကောင်းကောင်းကိုမက်ပါ၏။ လူတိုင်းလိုချင်ပါ၏။ သို့သော် သူတစ်ပါးနိုင်ငံမှာ မျက်စိသူငယ်နားသူငယ်နှင့် ဘယ်နေ့များအဖမ်းခံရမလဲလို့ စိတ်တထင့်ထင့်ဖြင့်နေခြင်းသည် သင့်ဘဝလုံခြုံမှုမရှိ။

မိမိနိုင်ငံမှာ၊ မိဘများရှေ့မှာတွင် အလုပ်လုပ်နေကြသော လူငယ်တွေအမြောက်အမြားရှိပါ၏။

လစာနည်းပါးပါ၏။ ဝင်ငွေနည်းပါးပါ၏။ သို့သော် ဘဝလုံခြုံရ၏။ ငြိမ်းချမ်းရ၏။

သင်ဘာကိုရွေးမည်လဲ။ စိတ်ကူးမယဉ်ပါနှင့်။ လက်တွေ့အကောင်းဆုံးနေရာကိုသာရွေးပါ။

အလုပ်မရွေးလျှင် သင့်အတွက် အလုပ်အကိုင်တွေက သင့်ဘေးနားမှာပင်ရှိနေပါ၏။

သင်သတိထားကြည့်ပါ။

❑

**▫ဘယ်မှာပဲနေနေ ဘယ်အလုပ်ကိုပဲလုပ်လုပ်**

သင်သည် ဘယ်အရပ်မှာပဲနေနေ ဘယ်အလုပ်ကိုပဲလုပ်လုပ် ကာယအလုပ်ပဲဖြစ်ပါစေ၊ ဉာဏအလုပ်ပဲဖြစ်ပါစေ ပထမဆုံး သင်၏ စိတ်ထဲမှာ နှလုံးသားထဲမှာရှိနေရမှာက ရိုးသားမှုပါပဲ။

အမျိုးသားရော အမျိုးသမီးလေးတွေပါ အတူတူပါပဲ။

ရိုးသားမှုကို လူတိုင်းက လိုလား၏။ သဘောကျ၏။ လက်ခံပါ၏။ ပတ်ဝန်းကျင်ကလည်း ချီးမွမ်းပါ၏။

ရိုးသားမှုကနေ သင်လုပ်နေသော အလုပ်ပေါ်မှာ စေတနာပါရပါမည်။ စေတနာမပါခဲ့လျှင် လုံ့လဝီရိယလည်းပါမြဲ ဖြစ်၏။

သင်သည် ရိုးသားမှုရှိသည်။ စေတနာပါသည်။ လုံ့လဝီရိယရှိသည် ဆိုသူဖြစ်သွားပါလျှင် သင်အလုပ်သည် အောင်မြင်ရမည် မလွဲဧကန်ပါပဲ။

နာမည်ကြီးမြန်မာထမင်းဆိုင်ကြီး တစ်ဆိုင် အလွန်လက်ရာကောင်း၏။ စားသုံးသူလည်းများပြားလှ၏။ နေရာကလည်း မြို့လယ်ကောင်။

ထိုမြန်မာထမင်းဆိုင်ကြီးတွင် စားပွဲထိုးအမျိုးသမီးလေး (၉) ယောက်ခန့်ရှိ၏။

အားလုံး ရည်ရည်မွန်မွန်သန့်သန့် ပြန့်ပြန့်ရှိကြ၏။ ဆက်ဆံရေးလည်း တောင်းမွန်ကြ၏။

ထိုအမျိုးသမီး (၉) ယောက်ထဲမှ တောရွာတစ်ရွာမှ မိန်းကလေးတစ်ဦး ပါဝင်၏။ ထိုအမျိုးသမီးလေးသည် တက္ကသိုလ်ဝင်တန်းအောင်မြင်ထား၏။ သို့သော် သူက အလုပ်လျှောက်စဉ်က အတန်းပညာကို မရေးခဲ့။ မထုတ်ပြောခဲ့ပါ။

ဆိုင်ရှင်က ရောက်ခါစမှာ နောက်ဖေးဘက်တွင် ပန်းကန်ဆေး အလုပ်ကိုခိုင်းပါ၏။ ပန်းကန်ဆေးအလုပ်မှာ မိန်းကလေး (၃) ဦးရှိ၏။

ထိုတောကလာသောမိန်းကလေးသည် ဆိုင်ရှင်ခိုင်းသည့်အတိုင်း ပန်းကန်များကိုမကွဲစေရန် သေသေချာချာ သတိထား၍ ကိုင်တွယ်၏။ ဆေးကြော၏။

အလုပ်ကို မညည်းမညူအပင်ပန်းခံ၍လုပ်ပါ၏။

ည (၁၀) နာရီလောက်အထိ ပန်းကန်ဆေးရ၏။ စားသောက်ဆိုင်ကလည်း ညဘက်ကျမှ ပိုရောင်းရနေ၏။

သူနှင့်အတူတူ ပန်းကန်ဆေးရသော မိန်းကလေး (၂) ယောက်သည် အောက်ကျသည့်အလုပ်ဆိုပြီး ပန်းကန်ဆေးသည့်အလုပ်မှ နုတ်ထွက်သွားကြ၏။

ထိုတောကလာသောမိန်းကလေးသည် (၃) ယောက် ပန်းကန်ဆေးရမည့် အလုပ်ကို သူတစ်ယောက်တည်းလုပ်ကိုင်ရပါတော့၏။

ဆိုင်ရှင်ကို ပင်ပန်းသည်ဟုလည်း မပြော။ လစာလည်းတိုးမတောင်းပါ။

သူမ၏ စေတနာနှင့် ရိုးသားမှု၊ ကြိုးစားမှု၊ လုံ့လဝီရိယစိုက်မှုကိုသာ မြင်သ၏။ ကြိုးစားလုပ်ပါ၏။

တောကလာသောမိန်းကလေးကို (၆) လခန့်ကြာတော့ ဆိုင်ရှင်အမျိုးသမီးကြီးက ပန်းကန်ဆေးအလုပ်ကိုနားစေပြီး ဆိုင်ရှေ့မှာ စားပွဲထိုးအလုပ်ကိုလုပ်စေပါ၏။

ဆိုင်ရှေ့တွင် စားပွဲထိုးအလုပ်ကို လုပ်တော့လည်း စားသုံးသူများနှင့် ရည်ရည်မွန်မွန်ဆက်ဆံပါ၏။

တစ်နေ့သ၌ နံနက် (၁၁) နာရီခန့်လောက်တွင် ဆိုင်ရှေ့သို့ ကိုယ်ပိုင်မော်တော်ကားတစ်စီးထိုးဆိုက်လာ၏။

ထိုကားပေါ်မှ လူတစ်ယောက်နှင့် ဆရာတော်ကြီးတစ်ပါးတို့ ဆင်းလာပြီး ဆိုင်ထဲသို့ဝင်လာ၏။

တောမှအရောင်းစျေးသည်လေးသည် ဆရာတော်ကြီးကို နေရာထိုင်ခင်းပြုလုပ်ပေး၏။

ဆရာတော်နှင့် ပါလာသောလူကို ဘာနှင့်ဆွမ်းကပ်ရမည်လဲဟု မေးမြန်း၏။

မိန်းကလေးကစီးထားသည့် ဖိနပ်ကို ချွတ်ပြီး ဆရာတော်ကို လက်အုပ်ချီ၍လည်းလျှောက်ထား၏။

ဆရာတော်သည် ထိုမိန်းကလေးကို သေသေချာချာ အကဲခတ်ကြည့်၏။ ဆွမ်းပွဲများကို ရိုရိုသေသေပြုပြင်နေ၏။

ဆရာတော်သည် ထိုမိန်းကလေးကို တွေ့ဖူးပါသည်။ မြင်ဖူးပါသည်ဟု စိတ်ထဲမှာ ထင်နေ၏။

ဒါနဲ့ပဲ -

"ကလေးမလေး မင်းဟာ မခရေ မဟုတ်လား"

ဟု မေးပါတော့၏။

"မှန်လှပါဘုရား။ တပည့်တော် မခရေပါ ဘုရား"

ဟု ပြန်လျှောက်ပါတော့၏။

ဆရာတော်က ကလေးမလေးကို ဆိုင်ရှင်သူဌေးမကြီးကို ခေါ်ခိုင်းလိုက်၏။

ဆိုင်ရှင်သူဌေးမကြီး ဆရာတော်ရှေ့သို့ လက်အုပ်ချီပြီးရောက်ရှိလာ၏။

"ဒကာမကြီး၊ ဒီကလေးမလေး မရေဟာ ဒကာမကြီးတို့ဆိုင်ကိုရောက်လာတာ ဘယ်လောက်ရှိပါပြီလဲ"

ဆိုင်ရှင်သူဌေးမကြီး မေ့တေ့တေ့တော့ဖြစ်နေပါ၍ ထိုမိန်းကလေးကိုမေးပါတော့၏။

"မင်း တို့ဆိုင်ကိုရောက်လာတာ ဘယ်နှလလောက်ရှိပြီလဲကွယ့်"

"ကိုးလရှိပါပြီ ဒေါ်ဒေါ်"

ကလေးမလေးက ရိုရိုသေသေ ပြန်ဖြေ၏။

"သူ့ကို ဒကာမကြီးတို့ဆိုင်က လစာဘယ်လောက်ပေးပါလဲကွယ့်"

"တပည့်တော်တို့အရောင်းစားပွဲထိုးတွေကို တစ်လ(၃)သောင်း၊ နေစရာပေးပါတယ် ဘုရား။ မနက်စာ၊ ညစာ လက်ဖက်ရည်ပါ တိုက်ပါတယ် ဘုရား"

"ဒီကလေးမလေးအလုပ်လုပ်တာ အဆင်ပြေရဲ့လားကွယ့်"

"တော်ပါတယ်ဘုရား။ ဘာမဆို ဘာခိုင်းခိုင်းမငြင်းပါဘူး။ သွက်သွက် လက်လက်လည်းရှိပါတယ်ဘုရား"

"ဒကာမကြီးကို ပြောရဦးမယ်။ ဒီကလေးမလေးဟာ ဘုန်းကြီးတို့ရွာက ကွယ့်။ ရတနာသုံးပါးကို ဆည်းကပ်တယ်ကွယ့်။ ပြီးတော့ (၁၀) တန်းကိုလည်း နှစ်ချင်းပေါက်အောင်ထားတယ် ကွယ့်"

"သူ့ရဲ့ ပညာအရည်အချင်းကိုတော့ ပြောမပြပါဘူး ဘုရား"

"ဒကာမကြီး၊ သူ့ပညာအရည်အချင်းနဲ့ သင့်လျော်ရာကို ခိုင်းပေ့။ အခု သူရရှိတဲ့ လစာငွေကလည်း သူ့မိခင်ကြီးကို အကုန်ပြန်အပ်ပါတယ်။ မိခင်ကြီးကို လုပ်ကျွေးနေတဲ့ သူတော်ကောင်းမလေး ပါ ဒကာမကြီး"

"မှန်လှပါဘုရား။ ဘုရားတပည့်တော် နောက်တော့ ကြည့်ပြီးစီစဉ်ပါ မယ်ဘုရား"

ဘုန်းတော်ကြီးနှင့် ဒကာအတွက် ဆွမ်းဖိုးငွေကို မယူလိုက်ပါ။ ဆိုင်ရှင်က လှူလိုက်ခြင်းဖြစ်ပါ၏။

နောက်တစ်လခန့်လောက်အကြာမှာတော့ စားပွဲထိုးမလေး မခရေသည် ငွေကိုင်စာရေးမလေးရာထူးကိုရသွားရသည်။ လစာငွေကလည်း တစ်လကို တစ်သိန်းကျပ်ဖြစ်သွားရ၏။

ဘာကြောင့် မခရေ လစာတိုးရပါသလဲ။ ရာထူးတိုးရပါသလဲ။

၁။ ရိုးသားမှုရှိ၏။
၂။ ဘယ်အလုပ်မဆိုမငြင်းပါ။
၃။ လုံ့လဝီရိယရှိ၏။
၄။ မကြွားဝါတတ်ပါ။
၅။ ရတနာ (၃) ပါးကို အမြဲမပြတ် ဆည်းကပ်ကိုးကွယ်၏။
၆။ မိခင်မုဆိုးမကြီးကိုလုပ်ကျွေး၏။

ယခုတော့ ဆိုင်ရှင်၏ ညွှန်ကြားချက်အရ ဘွဲ့တစ်ခုခုရရှိရန် စာပေးစာယူ ဆက်တက်ခိုင်းပါ၏။

သူတော်ကောင်းစိတ်ရှိသူ၊ ရိုးသားသူ၊ ကြိုးစားသူ၊ လုံ့လဝီရိယရှိသူတို့သည် အောင်မြင်နိုင်ပါ၏။

အောင်စကြာ

အရှင်သုမေဓသာရ

(မသုံးလုံး) **အောင်မြင့်ထွန်း**

# ဗျို့ဂျိုးနှင့်တွေ့ခဲ့သူ

မိုးသားကင်းစင်သောနေ့။

ယနေ့ နေရောင်ထွက်ပေါ်လာ၏။ ကျွန်ုပ်နေထိုင်ရာ ရပ်ကွက်လေး ခြောက်ခြောက်သွေ့သွေ့ရှိလာခဲ့သည်။ အသွားအလာကောင်းလေသည်။

ထိုစဉ် ကျွန်ုပ်အိမ်ရှေ့သို့ ဧည့်သည်တစ်ဦးရောက်လာ၏။

"ဗျိုး. . . ကိုမြင့်အောင်"

"ဆရာကြီးပါလား၊ လာ - ဆရာကြီး"

ရောက်လာသူ ဧည့်သည်မှာ ဆရာကြီးဦးမြင့်သန်းဖြစ်လေ၏။ သူကား မြောင်းမြမြို့နယ်စာရေးဆရာအသင်း၏ နာယကကြီးတစ်ဦးဖြစ်၏။ သူလည်း နာလန်ထ။ ကျွန်ုပ်လည်း နာလန်ထ။ သို့သော်လည်း ယခု သက်ရွယ်ကြီးရင့်သူက လူမမာသတင်းမေးရောက်လာခြင်း ဖြစ်ပါ၏။ ဟိုတစ်လောဆီက ဖုန်းအဆက်အသွယ်ရထား၍ သူလည်းနေမကောင်း၊ ကျွန်ုပ်လည်း နေမကောင်းကြောင်းသိထားကြပါသည်။



"ဘယ်လိုလဲ"

"သက်သာပါတယ် ဆရာကြီး။ ဆရာကြီးကောနေကောင်းပြီလား"

"ဒီလိုပဲပေါ့ဗျာ၊ ဒီလိုသွားလာနိုင်ရင် ကောင်းတယ်ပဲပေါ့။ အင်း. . . အကုသိုလ်တွေ၊ အကုသိုလ်တွေ"

"ကျွန်တော်တို့တွေ ဟိုဘဝက သူတစ်ပါးအသက်သတ်ခဲ့မိလို့လားမသိဘူးနော်"

"ဒါပေါ့။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားလို့ ဆရာတော်ကြီးတွေက ဆုံးမခဲ့တာပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ပြင်စရာရှိရင် နောက်ကျတယ်ဆိုတာမရှိဘူးနော်"

"ဒါပဲပေါ့ဗျာ။ ဒီလိုသိတဲ့အချိန်မှာ ရှောင်ဖို့ကောင်းပြီလေ"

"ဩော် - အကုသိုလ်အကုသိုလ် ဒီတစ်ချီခံလိုက်ရတာ အသည်းအသန်ပဲ"

"ဒီလိုဗျ၊ အကုသိုလ်ကိုကြောက်တတ်သွားပြီဆိုရင် ချက်ချင်းပြင်မှ။ ပြင်လိုက်တာနဲ့ အကုသိုလ်ကသက်သာသွားတာ။ ကျုပ်ငယ်ငယ်က စပါးရိုမှာတွေ့ခဲ့ဖူးတယ်။ အခုသူတို့မရှိကြတော့ဘူးဆိုတော့ ကျုပ် သူများအတင်းပြောတာမဟုတ်ဘူးနော်"

"သဘောပေါက်ပါတယ် ဆရာကြီး"

"အကုသိုလ်နဲ့ အသက်မွေးဝမ်းကျောင်းရင်းက ငရဲပြည်ရောက်ခဲ့ပြီးမှ အကုသိုလ်အကြောင်း ကောင်းကောင်းသိသွားတော့တာကလား"

ဆရာကြီးသည် ဝါးခယ်မမြို့နယ်အပိုင် စပါးရိုရွာတွင် ဇာတိချက်မြှုပ်နေထိုင်ခဲ့သူ ဖြစ်ပါ၏။ ဆယ်ကျော်သက်အရွယ်က တစ်ရွာတည်းသား အင်းသမားကြီးများ၊ နွားကွဲဆိတ်သတ်စီးပွားရှာသူများနှင့်နီးစပ်ခဲ့ရာ ထိုသူတို့၏ဘဝအဖြစ်အပျက်အလုံးတို့နှင့် ကျွမ်းဝင်ရင်းနှီးခဲ့ရသူ ဖြစ်လေ၏။

"အင်းသမား ဖိုးထိန်ကို ငါးကျည်းခြောက်ဖိုးထိန်လို့ခေါ်တယ်။ အဲဒီမှာ နွားသတ်တဲ့ ဖိုးထိန်ကိုတော့ နွားဖိုးထိန်လို့ တစ်ရွာလုံးက သတ်မှတ်ထားကြတယ်လေ။ နာမည်ချင်းတူနေတော့ ဝိသေသထူးပြီး ခွဲခြားသတ်မှတ်လိုက်ကြတာပဲ။ သူတို့ဟာ သောက်စားမူးရူးတဲ့နေရာမှာရော သူတစ်ပါးအသက်သတ်တဲ့နေရာတွေမှာပါ တူညီကြတယ်။ မတူတာတစ်ချက်ရှိတယ်။ အဲဒါက မိန်းမရှိသူချင်းအတူတူ ငါးကျည်းခြောက်ဖိုးထိန် မိန်းမက ယောကျ်ားလုပ်သူကို ဇနီးမယားပီသစွာ အကုသိုလ်တွင်းအနက်ထဲက သူ့ယောကျ်ားကို ခေါ်ထုတ်သွားနိုင်တာတွေ့ရတယ်။ ဇနီးကောင်းပီသသူပေါ့"

သူတစ်ပါးအသက်ဖြင့်စီးပွားရှာသူတို့၏ ဘဝရှေ့ရေးကား ရင်လေးစရာကောင်းသည်။ လူတို့သည် အနီးကပ်မိတ်ဆွေကောင်း သို့မဟုတ် ဇနီးကောင်း၊ ခင်ပွန်းကောင်းတို့၏ အကျိုးကျေးဇူးခံစားရပုံနှင့် မိုက်တွင်းနက်သူအဖို့မှာမူကား တစ်ဇွတ်ထိုးဆက်၍ မိုက်ဇာတ်ခင်းကြမည်ဆိုပါလျှင်. . .

❏

၁၉၃၆ ခုနှစ်ဝန်းကျင်ကာလ။

ထိုအချိန်က ဝါးခယ်မမြို့နယ်အတွင်း စပါးရိုဘက်တွင် ကျုံပေါက်၊ ကျုံကတန်၊ ချောင်းမအင်း ဟူ၍ အင်းချောင်း (၃) ချောင်းတို့မှာ ထင်ရှား၏။ ထိုအင်းချောင်း (၃) ချောင်းအနက် ချောင်းမအင်းမှာ အကြီးဆုံးအင်းတစ်ခုအဖြစ် ပါဝင်ပါသည်။ ချောင်းမအင်းကြီးကိုပိုင်ဆိုင်သူကား ငါးကျည်းခြောက်ဖိုးထိန်ဖြစ်ပါ၏။ ဖိုးထိန်ဆိုသည်ကလည်း နှယ်နှယ်ရရ အင်းသမားလေး မဟုတ်ချေ။ သူ၏ဘိုးဘေးများလက်ထက်ကစ၍ အစဉ်အဆက် အင်းသမားကြီးများဘဝဖြင့်သာ ရပ်တည်လာခဲ့ကြသူများဖြစ်ကြကုန်၏။ အင်းသမားတို့သည် သားသမီးတို့ကို အမွေပေးစရာ ဟူ၍ အင်းလုပ်ငန်းသာလျှင်ဖြစ်တော့၏။

ရှေးအစဉ်အဆက်က စတင်၍ အင်းလုပ်ငန်းဖြင့် ကြီးပွားလာကြရာ အမွေပေးလျှင် ပညာအမွေပေးရန် စိတ်မကူး။ စီးပွားရေးလုပ်ငန်းကြီးဖြစ်သော အင်းချောင်းလုပ်ငန်းကိုသာ ရက်ရက်ရောရောနှင့်ပေးတတ်ကြပါ၏။ ဖိုးထိန်တို့ခေတ်သို့ ရောက်လာတော့ ခေတ်ဆိုးခေတ်ပျက် ဗုံးဒဏ်၊ သေနတ်ကျည်ဆန်တို့၏အန္တရာယ်ကိုရှောင်ရှားရင်း ကြီးပြင်းလာကြသူများဖြစ်လေရာ ဖိုးထိန်ခမျာမှာ ပညာမဲ့ရှာလေ၏။ သူတစ်ပါးတို့၏အသက်ကို အလွန်အကျွံသတ်ဖြတ်လွန်းပါက ဘုရား၊ တရား၊ သံဃာတို့နှင့်ဝေးသည်ထက်ဝေး မိုင်ပေါင်းကုဋေမကတော့ပါ။

မိမိနှင့်ဝေးသွားသည်ကို ပြန်လည်ဆွဲယူရန်မှာ မိမိအသတိတရားသည် ပျံ့လွင့်လျက်ရှိရာ ထိုအသိတရားကို စုစည်းရန် သတိပေးဖော်၊ လက်တို့ဖော်ကောင်းကောင်း လိုအပ်ချေ၏။

စပါးရိုရွာလေးသည်ကား စိမ်းစိုသာမော တောတန်းလေးများ၊ သစ်ပင်ကြီးသစ်ပင်ငယ်တို့ဝန်းရံကာ လယ်ကွင်းစိမ်းစိမ်းများလည်း ရှုမျှော်မဆုံးရှိနေကြ၏။အေးချမ်းမှုရှိသော စပါးရိုရွာလေးဖြစ်ပါချေ၏။ အင်း၊ အိုင်၊ ချောင်း၊ မြောင်းတို့လည်း ရေမိုးပြည့်လျှံလျက်ရှိသည်။ နေချင့်စဖွယ်ရွာလေးဖြစ်ပါတော့သည်။

ငါးကျည်းခြောက်ဖိုးထိန် ကျောင်းနေအရွယ်လွန်သော် သူတို့ရွာလေးမှာ မြန်မာစာသင်ကျောင်းလေးတစ်ခုဖြစ်ပေါ်လာခဲ့၏။ မိမိရွာရှိကလေးများ စာပေသင်ကြား၍ စာတတ်မြောက်ကြရပေတော့မည်။ စာမတတ်သူဖိုးထိန် ဝမ်းသာပါ၏။

စာသင်ကျောင်းလေးကိုကြည့်၍ ဖိုးထိန် စိတ်နာတာတစ်ခုရှိပါသည်။ သူ့အနေဖြင့် စာမသင်ရကောင်းလားဟု စိတ်နာကြည်းသည်တော့ မဟုတ်ပါလေ။ ကျောင်းအရှေ့ မြေကွက်လပ်မှာ ကျက်သရေမရှိသော အလံတိုင်တစ်ခုရှိပါသည်။ အလံတိုင်ထိပ်ဖျားမှာ တလူလူလွင့်နေသည့် နယ်ချဲ့ဗြိတိသျှတို့၏ ယူနီယမ်ဂျက်အလံ။ မျိုးချစ်စိတ်ဓာတ်ရှိသောဖိုးထိန်အနေဖြင့် လုံးဝကြည့်မရချေတကား။

စာသင်ကျောင်းလေး သူတို့ရွာမှာ ရှိနေသည်ကို ဖိုးထိန် ဝမ်းသာမိတာကတော့ အမှန်အကန်။ သူစာမသင်ခဲ့ရသော်ငြား သူ့ရွာမှကလေးတွေအတွက် ဖိုးထိန်၏ ရင်ထဲမှာ ပီတိဖြစ်ရပါ၏။ စာတော်သော၊ မျိုးချစ်စိတ်ရှိသော လူငယ်လေးများ ပေါ်ထွက်လာစေရန်ကိုလည်း ဖိုးထိန် ဆုတောင်းမိပါ၏။

သူတို့၏ရွာကျောင်းသည် မြန်မာ့စာသင်ကျောင်း (၃) တန်းအထိရှိသော မူလတန်းကျောင်းဖြစ်ပါသည်။ ထိုခေတ်က အစိုးရပညာရေး (၇) တန်းအောင်လျှင် (ETC) ဆရာဖြစ်သင်တန်းတက်ရောက်ခွင့်ရှိလေ၏။ တက်ရောက်ခွင့်ရသည့် (ETC) သင်တန်းဆင်းရရှိသော စပါးရိုကျေးရွာ မူလတန်းကျောင်းသည် (၄) တန်းအထိဖွင့်ခွင့်ရရှိလိုက်ပါသည်။

ငါတို့ရွာမှကလေးများ ပညာတတ်ကြီးများဖြစ်ရမည်။ နိုင်ငံ့သားကောင်းကြီးများဖြစ်ရမည်ဟု ကြိမ်းဝါးကာ ငါးကျည်းခြောက်ဖိုးထိန်သည် သူပိုင်ငွေထဲမှ အကုန်အကျခံကာ ဝါးခယ်မမြို့မှ ဆရာမလေး မစွက်ဟယ်လင်နှင်းဆီကို

စပါးရိုအရောက် ခေါ်ယူနိုင်ခဲ့ပါ၏။ ဒါက ငါးကျည်းခြောက်ဖိုးထိန်ရဲ့ သူ၏ ဇာတိရပ်ရွာအပေါ် ထားသည့်စေတနာ ရယ်ပါ။ မစ္စက်ဟယ်လင်နှင်းဆီသည် ဗမာကပြားမလေး။ အင်္ဂလိပ်စာ တော်သောဆရာမ ဖြစ်၏။

တင်ပြလိုသည်မှာ အကုသိုလ် လုပ်ငန်းကြီးကို ဖက်တွယ်ထားသူဆို သော်လည်း သူ့အယူအဆချီးကျူးထိုက် စရာကောင်းခြင်းဖြစ်ပါ၏။ တို့မြန်မာ များ အင်္ဂလိပ်စာကို နားမလည်လျှင် တိုင်းတစ်ပါးသားတို့၏ လှည့်စားခြင်းကို ခံကြရမည်ဖြစ်၏။ အင်္ဂလိပ်စာ၊ အင်္ဂလိပ် စကားတတ်ကျွမ်းပါမှ နယ်ချဲ့တို့အား တွန်းလှန်ရန် အင်အားကြီးတစ်ရပ်ဖြစ် လာနိုင်ကြောင်း စာမတတ်သူတောသား ဖိုးထိန်၏ အတွေးအခေါ် အယူအဆကို ချီးကျူးဘဲ မည်သူနေနိုင်အံ့နည်း။ လေးစားစရာကောင်းသော ဖိုးထိန်ပါ တကား။

❑

ကောင်းကင်ကြီးမည်းမှောင် ၏။ မိုးသားမိုးခဲတို့ ကောင်းကင်အနှံ့ ပြား ပြည့်သိပ်နေပါသည်။ တစ်မိုးလုံးမှေ မှောင်ဝေကာ လျှပ်ပန်းများ ခက်ပြာ သွက်ရှိနေသည်။ စပါးရိုတစ်ရွာလုံး အအေးဓာတ်လွှမ်းခြုံနေပါ၏။ မျက်နှာ သုန်ကြီးငိုတော့မည်။ ဖိုးထိန် (ငါးကျည်း ခြောက်) ပြုံးလေ၏။ ကောင်းကင်ယံမှ ကျလာသော မိုးပုလဲပန်းတို့သည် သူတို့ အတွက် စိန်ရွှေငွေရတနာများကြွေကျ လာသည့်နှယ်။ ဤမိုးပုလဲပန်းတို့သည် အင်းသမားတို့ကို စိုပြည်စေပါ၏။ ထို့ကြောင့် ဖိုးထိန်ပြုံးသည်ပေ့။ မိုးရွာ မင်းရာနှင်းပြည့်ဆိုလျှင် မိုးသည်းထန်လေ သော ချောင်းရေတို့လျှံ၏။ ကန်ရေတိုး ၏ မြစ်ထဲချောင်းထဲမှ ငါးကြီး၊ ငါးလတ်၊ ငါးသေးပျော်မြူးကြ၏။

နွေရာသီတွင် ရေမိုးနည်းကာ မြင်းခြောက်သွေ့ဒဏ်ကို ရေထဲရှိ သတ္တဝါတို့ ခံစားကြရကုန်၏။ ငါးတို့ သည် တစ်နွေလုံးငြိမ်သက်ပျင်းရိခြောက် သွေ့စွာနေခဲ့ရသည်မှ ကောင်းကင်ယံက မိုးသံသည် ငါးများအတွက် အိုးစည် မောင်းသံအလား ငါးတို့ရွှင်မြူးကြကုန် ၏ ပျော်ကြလေကုန်သည်။ မိုးခြိမ်းသံ ကြားရတွင် မိုးရေများဒလဟောရွာသွန်း သောအခါ မြူးရွှင်နေကြသော ငါးတို့ သည် ဘယ်ဆီဘယ်ဝယ်မသိ ရောက်ရာ အရပ်ရာတူးခပ်ကြကုန်၏။ ငါးများ သည် တစ်ကောင်နှင့်တစ်ကောင် အလု အယက်တိုးဝှေ့ကာ ကူးခပ်သွားကြသည် ကို ငါးရစ်တက်သည်ဟုခေါ်ပါသည်။ ထိုသို့ကူးခပ်ကြရင်း အင်းချောင်းကြီးများ ထဲသို့ရောက်၏။ နေရာသစ်ဒေသသစ်၌ ဆော့ကစားမြူးတူးရင်း ဇာတိဌာနကို မေ့သွားကြလေတော့သည်။

ဤသည်တို့ကား ရေပျော်ငါးတို့၏ စရိုက်သဘာဝန်ပုံရိပ်ဖြစ်ပါ၏။

အင်းသမားတို့ကလည်း မိုးရာသီ လေးလမှာ အင်းရာသီမရောက်မီ အင်း လုပ်ငန်းအဆင်သင့်ဖြစ်စေရန် ကြိုတင် ပြင်ဆင်ထားရလေ၏။ မိမိငါးဖမ်းရမည့် အင်းကိုဆည်ဖို့ခြင်း၊ အင်းတိုင်ထောင် ခြင်း၊ လျှောခံရန်ယင်းထိုးခြင်းတို့ ပြုလုပ် ပြင်ဆင်ကြရပါသည်။ လျှောတိုင်သည် လည်းကောင်း၊ လျှောစင်သည် လည်း ကောင်း သေချာခိုင်ခံ့အောင်ပြုလုပ်ကြ ရ၏။ ကြိုတင်ပြင်ဆင်သည်က သပ်ရပ် ခိုင်ခံ့မှုမရှိခဲ့လျှင် အလုံးအရင်းနှင့်မိရမည့် ငါးများ အဟောသိကံဖြစ်ရချိမ့်မည်။

"ဟော့ - သာမောင်နဲ့ မင်းသိန်း၊ မင်းတို့လျှောတိုင်စိုက်တာ ဒီတိုင်က အရေးကြီးဆုံးပဲ။ ဒီတိုင်မခိုင်ရင်တော့ ကိုယ်ကျိုးနည်းရော။ သေချာဂရုစိုက်လုပ် ကြပါဟေ့"

"ဟုတ်ကဲ့ပါ အစ်ကိုကြီးရာ၊ ကျွန်တော်တို့အကြောင်းလည်း သိရက် သားနဲ့။ ကျွန်တော်တို့ဘက်က နှစ်တိုင်း တာဝန်ကျေတာ ကိုကြီးအသိဆုံးပဲလေ"

"ဟုတ်ပါတယ်ကွာ၊ ကိုင်း - ချက်ကြီးတို့အဖွဲ့"

"ဟုတ်ကဲ့ ဆရာ"

"မင်းတို့လျှောစင်စိတ်ချရရဲ့လား"

"ကျွန်တော်တို့နဲ့သာမောင်တို့တွဲမှ အစ်ကိုကြီးရဲ့ ရေသယံဇာတတွေမဖိတ် စဉ်မိမှာမို့လား။ ကျွန်တော်တို့အကြောင်း လည်းသိတယ်နော်"

"အေးပါကွာ"

"သိရင် ညနေပိုင်းအစီအစဉ်"

"ရွာအစွန်က ဖိုးအေးထန်းတော မှာစောင့်နေမယ်ဟေ့"

"ဝေး. . . ဒါမှတို့အစ်ကိုကြီးကွ"

"ဒါပဲကွ တို့ဆရာ"

ဖိုးထိန်က ပြောပြောဆိုဆို အင်း ထဲမှထွက်လာခဲ့၏။ အကြီးအကဲလုပ်သူ အနေဖြင့် ဟိုးယခင်က ကြပ်ကြပ်မတ်မတ် ကိုယ်တိုင်လုပ်ပြထာသည်ကို ယခု တပည့် များက တိကျစွာလိုက်နာကြသူများဖြစ် ပါ၏။ နောင်နှစ်မှစ၍ ကိုယ်တိုင်လုပ် စရာမလိုတော့။ ဆရာတစ်ယောက်အနေ ဖြင့် လုပ်ငန်းခွင်တွင် မျက်နှာပြလိုက်ရုံမျှ သာ။ ဦးစီးဦးဆောင်အနေဖြင့် လုပ်ငန်း ခွင်ကြီးတစ်ခုလုံးကို မျက်နှာလွှဲခဲ့ပစ် တော့ မနေသင့်ပေ။ အမှန်မှာ တပည့် များက ဆရာကို မှီခိုနေရသလို ဆရာ ကလည်း တပည့်များကို အားကိုးနေရ သော ကျွန်းကိုင်းမှီကိုင်းကျွန်းမှီဘဝ များဟုဆိုလျှင် မှားအံ့မထင်။

နေညိုချိန် ညနေစောင်း လေ သောအခါ ဖိုးထိန်က ဖိုးအေးထန်းတော မှာ အဆင်သင့်စောင့်နေပါ၏။ သူ၏ အဖွဲ့ စိတ်ကျေနပ်စေရန် ဖြစ်ပါသည်။ အရိပ်ကောင်းနေရာကောင်းမွန်သော ထန်းပင်အောက်မှာ ထရေ (ထန်းရည်) အပြည့်နှင့် မြူအိုးသုံးလုံး ပုစွန်ဆိတ်ခုန် နေသည်။ ခပ်သောက်ရန် အုန်းမှုတ်ခွက် (၅) လုံး။ ဒါဆို သူတို့အုပ်စု ခွက်လှည့် သောက်၍ရသည်။ ထရေ (ထန်းရည်) နှင့်မြည်းရန် ငရုတ်သီးလေးစိပ်ကွဲနှင့် ခပ်စပ်စပ်ကြော်ထားသော ငါးကျည်း ခြောက်ကျပ်တိုက်ကြော်ကို တောင်စွန်း ဖက်နှင့်ထုပ်လာခဲ့၏။ ငါးကျည်းခြောက် ဖိုးထိန်တို့အဖွဲ့ ရောက်လာပြီး အားပါး တရသောက်ကြ၊ စားကြသည်။ သူ၏ အဖွဲ့ပျော်နေလျှင် ဆရာဖိုးထိန်လည်း ပျော်သည်။ ဆရာတပည့်ညီညွတ်ပါက စီးပွားတိုးတက်မှုနှုန်းကောင်းကြောင်း ဖိုးထိန်ကိုကြည့်နိုင်ပါသည်။

သူတို့နှင့်မရွေးမနှောင်းရောက်လာ သူက နွားဖိုးထိန်။

"ဖိုးထိန်၊ လာပြီလားဟေ့"

"မင်းရောက်နေတာ ကြာပြီလား ကွ ဖိုးထိန်"

ဖိုးထိန်သူငယ်ချင်း၊ သူငယ်ချင်း ဖိုးထိန်တို့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်နှုတ်ဆက်လိုက်ကြခြင်းဖြစ် ပါ၏။ နွားများကိုသတ်၍ အသက်မွေး ဝမ်းကျောင်းသောဖိုးထိန်ကို နွားဖိုးထိန် ဟု အမည်သညာသတ်မှတ်ကြလေကုန် ၏။ နွားဖိုးထိန်က စုပါးရိုရွာအရှေ့ဘက် ပိုင်း တာကောက်ရွာမှာနေထိုင်၏။ ဇနီး သည်တစ်ယောက်ရှိလေ၏။ မနန်းပုံဟု ခေါ်ပါသည်။သားသမီးမထွန်းကားသေး ပါ။ နွားများကိုသတ်ပြီး နွားသားရောင်း ခြင်းလုပ်ငန်းကို တစ်သက်လုံးလုပ်ကိုင် စားသောက်လာသူ ဖြစ်၏။ ရွာသုံးရွာ အိမ်ခြေစုစုပေါင်း (၄၀၀) ခန့်ရှိပါသည်။ မနန်းပုံက အမဲသားများကို တောင်းတွင် ထည့်ကာ ရွာစဉ်လှည့်လည်ရောင်းချပါ သည်။

(၁၀) ရက်တစ်ပတ် (၁၅) ရက်

တစ်ပတ် နွားပေါ်၍ရှောင်းချလေ၏။

နွားပေါ်လျှင် နွားဖိုးထိန် အလွန်ပျော်၏။ အရက်ထဲသို့ နွားသွေးထည့်ကာရော၍သောက်တတ်သည်။ ဤသို့ နှစ်မျိုးစပ်သောက်လိုက်ရသည့်အရသာကို ဖိုးထိန်အလွန်ကြိုက်ပါသည်။ သူသည် ခန္ဓာကိုယ်ဝဝ၊ အသားမည်းသူဖြစ်သည်။ ထောင်မောင်းသောအရပ်နှင့် ထွားကျိုင်း၏။ ရွာထဲမှ ကလေးများ သူ့ကိုကြောက်ကြလေကုန်၏။ ရွာလယ်မှာ ဆူညံစွာကစားနေကြသောအုပ်စု ဖိုးထိန်ဟေ့ဆိုလျှင် ချက်ချင်း တိတ်ဆိတ်ငြိမ်သက်ကြကုန်၏။

စပါးရိုရွာအခြေကိုပတ်၍ စီးဆင်းသွားသော စပါးရိုချောင်းနံဘေးမှာတည်ဆောက်ထားသောအိမ်တွင် ငါးကျည်းခြောက်ဖိုးထိန် နေထိုင်ပါသည်။ သူနေထိုင်သောအရပ်ကို ချောင်းဝပိုင်းဟုခေါ်လေသည်။ ဖိုးထိန်တို့သူငယ်ချင်းနှစ်ယောက်က ငယ်သူငယ်ချင်းများဖြစ်ကြသောတူ၏။ စာမသင်ခဲ့ရ၍ စာမတတ်သူချင်းလည်းတူ၏။ တေဖော်တေဖက်ချင်းလည်းတူ၏။ ဆော့ဖော်ဆော့ဖက်ချင်း၊ ကြီးလာကြသောအခါ သောက်ဖော်သောက်ဖက်ချင်းတို့ပါ တူကြလေကုန်၏။ တစ်ရွာတည်းသား ငယ်ပေါင်းသူငယ်ချင်းများ အလွန်ချစ်ခင်ကြ၏။

"မင်းက ဘာအမြည်းများယူလာတုံး"

"အမဲခြောက်မီးဖုတ်ထောင်းဆီဆမ်း။ ဒီနေ့တော့ မကြော်တော့ဘူးကွာ။ မင်းကော"

"ငါက ငါးကျည်းခြောက်ငရုတ်စပ်ကြော်၊ ငါးရံ့ခြောက်မီးဖုတ်ကရှိုးသွားပြီ လေ"

"ကောင်းတယ်ကွာ၊ ကြိုက်ပြီ"

"ဒါနဲ့ အမဲခြောက်အပိုပါသေးလား။ ငါ့အဖွဲ့ကိုကျွေးချင်လို့"

"ဟကောင်ရ မင်းမနေ့ကမှာထားတာ ငါက မေ့ပါ့မလား"

ငါးကျည်းခြောက်ဖိုးထိန်၏အဖွဲ့အား ထန်းရည်နှင့်မြည်းရန် အမဲခြောက်များသွားပေးသောအခါ တပည့်များသောက်သည့် မြူအိုးသုံးလုံးက ပြောင်တလင်းခါနေပြီ ဖြစ်၏။ နောက်ထပ်သုံးအိုး အပိုဆောင်းအလိုက်ပေးခဲ့ရ၏။ အဖွဲ့သားတို့ သူတို့ဆရာအပေါ် အကျေနပ်ကြီးကျေနပ်ကြကုန်၏။ ငါးကျည်းခြောက်ဖိုးထိန်က သူစားရသလို တပည့်များကိုလည်း စားစေချင်သည့်စိတ်ဓာတ်ရှိကြောင်း ဖိုးထိန်အတွင်းမနောဓာတ်ခံကို တပည့်အပေါင်းတို့က သိထားကြသည်လေ။

ထန်းလက်အမိုးနှင့် ဝါးကွပ်ပျစ်စင်ပေါ်မှာတော့ ဖိုးထိန်နှစ်ယောက်တို့ ပင်ကျရည်ကိုမြည်းစမ်းရင်း နွားဖိုးထိန်က-

"ဒီနေ့ ထန်းရည်ကောင်းလှချေလားကွ သူငယ်ချင်း"

"ငါ အစောကြီးလာပြီး ထန်းရည်ဦးငုက်ခါးတောင်စပယ်ရှယ်ဆွဲထားတာ။ ချကွာ သူငယ်ချင်း"

"ချမယ်ကွာ၊ စိန်လိုက်လေ။ ဒီနေ့တော့ မူးအောင်သောက်မှာ"

"မင်းဘယ်တုံးက ပုဆိုးကျွတ်အောင်မသောက်လို့လဲ"

"အကြောင်းသိတွေပဲဟာ ဟားဟား ဟား။ ဒါနဲ့ မင်း အင်းဖော်တဲ့ရက်ကောလာဦးမလား"

"လာမှာပေါ့ကွ။ မင်းနဲ့ဆို နတ်ပြည်ပဲတက်သောက်ရသောက်ရ ငရဲပြည်ပဲဆင်းသောက်ရသောက်ရ အဲဖလိုး ဖိုးထိန်ပါကွ။ အေ့. . ထန်း. . ပင်ကျရည်၊ ထန်း. . . ပင်ကျရည်၊ ချိုသမြမြခါးသလေလေ့"

"ဟေ့ကောင် ဖိုးထိန်"

"ဘာလဲ ဖိုးထိန်"

ဖိုးထိန်နှစ်ယောက်မူးကြလေ၏။ ထန်းရည်က အစွမ်းပြလေပြီကော။ ဖိုးထိန်နှစ်ယောက် ပုဆိုးမနိုင်တော့ပါ။ နှစ်ယောက်သား ပုဆိုးကွင်းသိုင်းပြီးထကြလေ၏။ အတွင်းခံဘောင်းဘီကြိုတင်ဝတ်ဆင်လာခဲ့ကြသူများဖြစ်ကြပါလေသည်။ ဖိုးထိန်နှစ်ယောက်ထရပ်လိုက်သည်နှင့် ထန်းသမားဖိုးအေးကကူညီရန်အသင့်။ ဖိုးအေး၏ တာဝန်က သူတို့နှစ်ယောက်ကို ထန်းတောထဲမှ အထွက်ကောင်းအောင် လမ်းပြကူညီပေးရမည်ဖြစ်လေ၏။ ဟိုတစ်မြန်နေ့ကပေါ့။ သူတို့နှစ်ယောက် ထန်းတောထဲမှာ တဝဲလည်လည်နှင့် မပြန်တတ်ကြတော့ပါ။ မိုးချုပ်မှောင်သွားပြီဖြစ်၍ သူတို့ထန်းရည်သောက်သော ကွပ်ပျစ်ပေါ်မှာမှောက်လျက်အိပ်ခဲ့ကြရသည်။

ထန်းတောရဲ့အပြင်ရောက်တော့ တစ်ဦးပခုံး တစ်ဦးဖက်ထားကြ၏။ အပြန်လမ်းကို ရိုးရိုးပြန်၍မရ။ သိုင်းကွက်နင်းကြ၏။ လမ်းတွင် သူတို့နှင့် မျက်နှာချင်းဆိုင်လာသူက သူတို့ကို ရှောင်ကွင်းသွားကြကုန်၏။ တစ်ပါးသူကို မူးယစ်ရမ်းကားခြင်းတော့မရှိကြချေ။ မိမိတို့အချစ်ဆုံးသူငယ်ချင်းနှစ်ဦးအတွက်သာ အပျော်ရှာကြ၏။ တစ်ပါးသူကိုတော့ ဒုက္ခမပေး။ ဖိုးထိန်တို့နှစ်ယောက် ရွာထိပ်က ညောင်ညိုပင်ကြီးအောက်ရောက်သောအခါ လမ်းခွဲလိုက်ကြ၏။ တစ်ယောက်ပခုံး တစ်ယောက်ဖက်ထားသောလက်များ ပြိုင်တူဖြုတ်လိုက်ကြသည်။

"ဂွဒ်ဘိုင်"

"ဘိုင့်ဘိုင်"

ထန်းရည်မူးမူးနှင့် အင်္ဂလိပ်လိုကလည်းပြောချင်သေးသည်။ မပီကလာ ပီကလာနှင့် ငါးပိစော်နံသောအင်္ဂလိပ်စကားလုံးလေးများ သူတို့နှုတ်မှ ပွင့်အန်ထွက်ကျလာသည်။ တစ်ယောက်နှင့်တစ်ယောက် လက်ပြနှုတ်ဆက်ကာ ကိုယ်စီအိမ်ပြန်ကြကုန်၏။ ညောင်ပင်ပေါ်မှရုက္ခစိုးကတော့ ဒီပုံတွေကို နေ့စဉ်မြင်တွေ့နေကျ ဒီမြင်ကွင်းကို မျက်စိစပါးမွေးစူးရှာရော့မည်ထင့်။

□

အင်းဖော်ချိန်ရောက်သောအခါ ကိုဖိုးထိန်၏စီမံကွပ်ကဲမှုကောင်းခြင်း၊ သူ၏အဖွဲ့ကို လိုလေသေးမရှိ စောင့်ရှောက်တတ်သည့် သူ၏စိတ်ထားကြောင့်၊ သူ၏လက်အောက်၌ အလုပ်လုပ်ကြကုန်သောလုပ်သားတို့သည် မခိုမကပ်ဘဲ အလုပ်ကို စနစ်တကျနှင့် သွက်လက်ဖျတ်လတ်စွာ လုပ်ကိုင်ပေးမှုကြောင့် ရေအောက်သယံဇာတတို့ အမယ်အဖိတ်မရှိ ကွက်တိရရှိလေ၏။

ချက်ကြီးက လျှောစင်မှစက်သီးကြီးကို ဖြည်းညင်းစွာလျှောချနေသည်။ လျှောစင်ပေါ်ကျလာမည့်ငါးတို့ကိုဖမ်းရန် ဒေါင်းမောင်က အသင့်အနေအထားနေရာယူလိုက်ပါသည်။ ငါးဖမ်းမည့် ဒေါင်းမောင်၏ လက်နှစ်ဖက်စလုံးဆာလာဖြင့် ထူထူပတ်ထားရ၏။ ဖိုးထိန်၏အင်းချောင်းမှာ သူတစ်ပါးထက် တစ်ပန်းသာလေ့ရှိ၏။ ထိုအရာကား တန်ဖိုးကြီးမားသောငါးကျည်းအကောင်ကြီးများ အများဆုံးဖမ်းဆီးရမိသောအင်းဖြစ်နေသောကြောင့်ပင်။ ကျန်သောငါးမျိုးများထဲ၌လည်း ငါးရံ့၊ ငါးခူကောင်များ အနည်းအကျဉ်းမျှ ပါဝင်ဖမ်းဆီးရမိပါ၏။ အခြားအင်းသူကြီးများက ဖိုးထိန်၏ အင်းချောင်းကိုသွားရည်ကျနေကြ၏။ ဖိုးထိန်အင်းချောင်းမှ ငါးကျည်းများအများဆုံးရရှိနေသောကြောင့်ဖြစ်၏။

လျှောစင်ပေါ် ငါးများအပြုံလိုက်ကျလာသည်နှင့် ဒေါင်းမောင်သည်

လက်ထဲကပျဉ်ပြားကြီးနှစ်ချပ်ဖြင့် ကျုံး၍ကျုံး၍ခပ်သည်။ တောင်းထဲသို့ထည့်သည်။ တစ်တောင်းပြည့်လျှင် အထမ်းသမားကထမ်း၍သယ်၏။ ဒေါင်းမောင်အနီးသို့ တောင်းလွတ်တစ်လုံးချချပေးနေရသူက တစ်ယောက်ဖြစ်၏။ သီးသန့်တာဝန်ပေးထားရပါသည်။ တောင်းအလွတ်ကို သွက်လက်စွာချပေးရသလို ဒေါင်းမောင်က လျင်မြန်စွာ ကျုံးထည့်၏။ ငါးတောင်းထမ်းသယ်သူကလည်း သွက်သွက်လက်လက် တစ်ယောက်ပြီးတစ်ယောက်ထမ်းကာ မပြေးရုံတစ်မည် တက်ညီလက်ညီလုပ်ကိုင်ကြရသည်။

အထမ်းသမားသယ်ယူလာသော တောင်းထဲမှငါးများကို ငါးရွေးချယ်အဖွဲ့မှ ငါးအမျိုးအစားခွဲခြားဆယ်ထုတ်လိုက်သည်။ ငါးကျည်းများကို သီးသန့်ရွေးထုတ်ယူသည်။ ငါးကျည်းခြောက်လုပ်ငန်း ဖြစ်ပါ၏။ ငါးကျည်းအရှင်များကို နေပူပူတွင်ကျူဖျာခင်း၍ လှန်းရပါသည်။ ဖျာများတွင် ငါးကျည်းများလွန့်လူးကာ တဖျတ်ဖျတ်ခုန်နေသည်။ ထိုအချိန်အခါ၌ ငြိမ်သက်နေသော ငါးများမှာ အသေကောင်သာဖြစ်လေ၏။ ငါးကျည်းအသေကောင်များကို ဖယ်ထုတ်ရပါသည်။ ငါးကျည်းအသေကောင်ကျပ်တိုက်ပါက အသားမှာအူ၍စားမကောင်းချေ။ အနံ့အရသာပျက်၏။ ငါးကျည်းအသေကောင် ကျပ်တိုက်ခြောက်သည် ရောင်းတန်းမဝင်ချေ။

နေပူရှိန်ဖြင့်သေဆုံးသွားသော ငါးကျည်းစိုဖန့်ဖန့်ဖြစ်နေချိန်မှာ ကွေးကွေးလေးဖြစ်နေတတ်၏။ ငါးကျည်းကွေးများကို ဆွဲဆန့်ကာဖြောင့်ပေးရ၏။ ဆူးတောင်များတို့သည်ခုန်နေချိန်က ဒေါသစိတ်ကြောင့် ကားနေလေ့ရှိ၏။ ကားနေသောဆူးတောင်များကိုလည်းဆွဲချပေးရ၏။ လှပသောငါးကျည်းဖြောင့်ဖြောင့်လေးများရရှိပြီ ဖြစ်ပါသည်။ ထိုအချိန်ကျမှ အရွယ်အစား အကြီး၊ အလတ်၊ အသေး အတန်းအစားသုံးမျိုးခွဲထုတ်ရသည်။

ငါးကျည်းများကိုကျပ်တိုက်ရတော့မည်ဖြစ်ပေရာ ငါးအရွယ်အစား အကြီးအသေးရောနှောကျပ်တိုက်မည်ဆိုပါက အရွယ်ကြီးငါးများမခြောက်သေးမီတွင် အရွယ်သေးငါးများ မီးကျွမ်းနှင့်ပြီ ဖြစ်တော့သည်။ ထို့ကြောင့် အရွယ်အစား အကြီး၊ အလတ်၊ အသေး သီးခြားစီကျပ်တိုက်ပေးပါမှ ထုတ်ကုန်ပစ္စည်းကောင်းများ ရရှိနိုင်မည်ဖြစ်တော့၏။

သွပ်ပြားခင်းထားသော ကျပ်စင်များပြုလုပ်ထား၏။ ငါးကျည်းနေလှန်းကောင်များကို သွပ်ပြားပေါ်တွင် ယင်းခံ၍ တစ်ကောင်ချင်းထောင်၍စီပေးထားသည်။ အကျက်ညီစေရန်ဖြစ်ပါ၏။ သွပ်ပြားပေါ်တွင် ငါးကျည်းများထောင်ပြီးသည်နှင့် ထင်းမီးဖြင့် စတင်ကျပ်တိုက်လိုက်သည်။ မီးပူရှိန်ဖြင့် ငါးကျည်းများကျက်သွားပြီဆိုပါက ထင်းခြေထောက်များဖယ်ရှားကာ မီးကျီးခဲရဲရဲများကိုသာချန်ထားပေးရသည်။ ထိုအချိန်မှငါးကျည်းခြောက်များကို အရောင်တင်ရတော့မည် ဖြစ်သည်။

ငါးကျည်းခြောက်အရောင်တင်ရာတွင် လုပ်ဆောင်ချက်မှာ ဤသို့ဖြစ်၏။

မြစ်ချောင်းထဲမှဆယ်ယူထားသော ဗေဒါစိမ်းစိမ်းများကိုခုတ်စဉ်းထားလိုက်သည်။ ဓားဖြင့်စဉ်းထားသောဗေဒါဖတ်များကို မီးခဲများပေါ်သို့ ဖုံးအုပ်ပေးကြလေ၏။ ဗေဒါအစိုများ မီးခဲအပူရှိန်ဖြင့် အစိုဓာတ်များ ထုတ်လွှတ်ပေးလာ၏။ ဗေဒါမီးခိုးများ ငါးကျည်းခြောက်နှင့်ထိတွေ့ပြီး ငါးကျည်းခြောက် အရောင်တို့သည် အနီရောင်သန်းလာကာ အရောင်တောက်ပလာ၏။ ရောင်းပန်းလှထုတ်ကုန်ပစ္စည်းများရရှိပြီဖြစ်ပါသည်။ ဤသို့ စားချင့်စဖွယ် ငါးကျည်းကျပ်တိုက်ခြောက်တို့သည် ရောင်းတန်းဝင်ကာ ဈေးကောင်းရရှိလေ၏။

ဤကား လွန်ခဲ့သော နှစ်ပေါင်း (၈၀) ခန့်က ငါးကျည်းကျပ်တိုက်ခြောက် လုပ်ငန်းလုပ်ဟန်တို့ ဖြစ်ကြပါသည်။

ငါးကျည်းခြောက်ဖိုးထိန်၏ထုတ်ကုန်သည် အမြင်တွင် သစ်လွင်၍ ရသာကောင်းမွန်သော ငါးကျည်းခြောက် ထိပ်တန်းစာရင်းဝင်၏။

ငါးကျည်းခြောက်ကိုစားသုံးသူတို့ နှစ်ခြိုက်စွာ သုံးဆောင်ကြပါသည်။ သို့သော် ငါးကျည်းခြောက်ထုတ်လုပ်သူတို့အဖို့မှာမူ ဝဋ်ကြီးသော၊ အကုသိုလ်ကြီးသောလုပ်ငန်းကြီးတစ်ရပ်ဖြစ်နေပါတော့သည်။ ထိုလုပ်ငန်းကြီးကို စတင်လုပ်ကိုင်ခဲ့သော ဖိုးထိန်သည် မိန်းမစိန်နားကပ်ဆင်နိုင်ဖို့ရာ တစိုက်မတ်မတ် လုပ်ကိုင်ခဲ့ပါ၏။ လူအများတို့ပြောဆိုလျက်ရှိကြကုန်သောဝဋ်ကြွေးအကုသိုလ်ငရဲ ဟူသော စကားလုံးတို့ကို တစ်ခွန်းတစ်ပါဒမျှပင် ကြားလည်းမကြားဘူး၊ သိလည်း မသိရှိအမှန်ပါ။

ကိုဖိုးထိန်၏ စိတ်အလျဉ်သည် လောဘအမှောင်ထဲ၌သာ လွှင့်မျောလျက်ရှိနေ၏ ။ သူ့အနေနှင့်ကြည့်လျှင် ကုသိုလ်ဟူသောစကားလုံးနှင့်ဝေးနေရှာရောမည်။ သူ၏ အပေါင်းအသင်းများသည်လည်း ယစ်မူးခြင်းဖြင့်သာ အချိန်ကုန်နေကြလေရာ ကုသိုလ်ဆိုသော စကားလုံးနှင့်မယဉ်ပါးနိုင်ခဲ့။ ဤအချိန်အခါတွင် ဇနီးကောင်းမယားကောင်း လိုအပ်ပါ၏။

အကုသိုလ်တွင်းနက်ထဲမှ ဖိုးထိန်ကို ကယ်ထုတ်နိုင်ခဲ့သူမှာ သူ၏ဇနီးကောင်း မအုန်းစိန်ဟု ဆိုပါရစေ။

❑

မအုန်းစိန်သည် ဖိုးထိန်အပေါ် ဇနီးမယားကောင်းပီသစွာ ဝတ်ကြီးဝတ်ငယ်ပြုစု၏။ မယားဝတ္တရားငါးပါးနှင့်အညီ လင်သားအပေါ် စောင့်ရှောက်မှုပေးခဲ့ပါ၏။ စီးတဲ့ရေဆည်တဲ့ကန်သင်း ဆိုသကဲ့သို့ ဖိုးထိန်ရှာဖွေပေးသမျှကို မအုန်းစိန်က စည်းကမ်းတကျသုံးစွဲ၏။ စုဆောင်းသင့်သည်ကို စုဆောင်း၏။ ကုသိုလ်ရေးဘက်၌လည်း လက်မနှေးခဲ့ပါ။ အလှူဒါနကို ရက်ရက်ရောရော လှူဒါန်းခဲ့ပါသည်။ ဖိုးထိန်ရှာပေးခဲ့သမျှထဲမှ အထိုက်အလျောက် လှူဒါန်းသမှုများ မမေ့မလျော့ မပေါ့ဆဘဲ လုပ်ဆောင်ပေးလျက်ရှိသည်။

ရွာဦးကျောင်းဆောက်လုပ်ရာတွင် လည်းကောင်း၊ ကျေးရွာသုံးသောက်ရေကန် တူးဖော်ရာတွင် လည်းကောင်း၊ ဝါဆိုပွဲ၊ ကထိန်ပွဲတို့အတွက် ရက်ရောစွာ လှူဒါန်းပါသည်။ အချို့ဖြတ်ပိုင်းနှင့် အလှူခံများကို အလှူခံထည့်ဝင်လှူဒါန်းရာတွင် ဖိုးထိန်အမည်ဖြင့်သာ ဦးစားပေးလှူလေ၏။ သူမ၏ယောကျ်ားသည် ဇနီးမယားအတွက် ရှာဖွေကျွေးမွေးရာတွင် အကုသိုလ်များနေသည်များကို ရရှိသည့် ကုသိုလ်များဖြင့်ချေဖျက်၍ သက်သာရာရှိပါစေ ဟူသော စေတနာအရင်းခံဖြင့် လှူပေးခြင်း ဖြစ်ပါ၏။

သူတို့မိသားစု၌လည်း သားသမီး မထွန်းကားချေ။ ဖိုးထိန် မမူးသည့်အချိန်ကိုရွေးချယ်ကာ ကုသိုလ်ဒါနအကြောင်းလေးများ တစ်လုံးစနှစ်လုံးစ ဖိုးထိန်နားထဲသို့ရိုက်သွင်း၏။ ကိုဖိုးထိန်မမူးသည့်အချိန်ကို သည်းခံစောင့်ဆိုင်းရသည်မှာလည်း ရင်မောဖွယ်။ စိတ်ရှည်ရလိမ့်မည် ဖြစ်ပါ၏။ အဲဗရီးဖိုးထိန် မဟုတ်ပါလား။ မအုန်းစိန်သည် ဖိုးထိန်၏ လမ်းပြကြယ်ဖြစ်လာ၏။ အဘယ်ကြောင့်နည်း။ သူမ၏ အပြောအဆို လိုက်လျောညီထွေ ပြောဆိုတတ်မှု

ကြောင့် ဖိုးထိန်ထန်းရည်မသောက်သည့် ရက်များပင်ရှိလာခဲ့လေပြီကော။

ဖိုးထိန် ထန်းရည်မသောက်သော နေ့ ညစာစားပွဲကို အထူးဂရုစိုက်ကာ ပြင်ဆင်၏။ ရှေးဦးစွာ သူမကို မငြီးငွေ့စေရန် သပ်ရပ်သန့်ပြန့်သော အဝတ်အစား သေချာစွာ ရွေးချယ်ဝတ်ဆင်၏။ ဆံကေသာကို အုန်းဆီဖြင့်အရောင်တင်၊ ဆံပင်ကိုနောက်လှန်ဖြီး၊ ဆံထုံးကိုသပ်ရပ်စွာထုံးနှောင်လိုက်ပါ၏။ ပေါ်လွင်သော မျက်နှာကို သနပ်ခါးရည်ကျဲပွတ်၏။ သူမသည် သန့်သန့်ရှင်းရှင်းနေလေ့ရှိရာ သူမ၏ ကိုယ်သင်းရနံ့မှာ ရှင်မတောင်သနပ်ခါးရနံ့သာလျှင် သင်းပျံ့လျက်ရှိလေတော့၏။

မအုန်းစိန်သည် ထမင်းခူးရန် သနပ်ခါးခုံမှထ၏။

ထမင်းစားပွဲခုံမှာ အမှောင်ရိပ်သန်းလာပြီဖြစ်၍ ရေနံဆီမီးခွက်ထွန်းလိုက်ရုံမျှဖြင့် ကောင်းစွာအလင်းရောင်ရရှိ၏။ နွားဖိုးထိန်အိမ်မှပို့ပေးလိုက်သည့် အမဲကလီစာဟင်းအပါအဝင် ငါးကျည်းခြောက်၊ ခရမ်းချဉ်သီးမွှေကြော်၊ ကျောက်ဖရုံသီးဟင်းခါးရည်ပူပူ၊ ငါးပိရည်ကျိုနှင့် တို့စရာ ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပြီး -

"မောင်ကြီးရေ၊ ထမင်းစားကြမယ်"

"အေးအေး"

ဖိုးထိန်တို့လင်မယား ထမင်းလက်ဆုံစားကြ၏။ ဖိုးထိန် ထမင်းစားလျှင် ထမင်းစားဇလုံဖြင့်စားရမှ အားရကျေနပ်၏။ သူက ထမင်းကို ပလုတ်ပလောင်းစား၏။ ဟင်းခါးရည်ပူပူကို ရှူးခနဲရှူးခနဲသောက်စားသည်။ အိမ်သူသက်ထားက လင်တော်မောင်စားနေသည်ကိုကြည့်၍ ပီတိဖြစ်၏။ ဖိုးထိန်မျက်နှာ ကြည်လင်နေပါ၏။ သူမပြောလိုသည့်စကားပြောပြရန် အချိန်ကောင်းပင်။

"မောင်ကြီး"

"ဟေ - ဘာတုံးဟ"

"ရွာဦးကျောင်းဆရာတော်ကပြောတယ်တော့်။ သူတစ်ပါးအသက်သတ်တဲ့ အလုပ်ကို ဒကာမကြီးတို့ရှောင်ကြတော့တဲ့။ ဘုန်းကြီးသတိပေးခံရသူဟာတစ်ခုခု ဖြစ်တတ်တယ်တော့်။ ကျုပ်သတိထားမိတယ်သိလား"

"ဘာဖြစ်လို့လဲ၊ ဘာကိုသတိထားမိတာလဲဟ"

"ဒီလိုလေတော်။ ရွာလယ်က ထွန်းမှီ မှတ်မိတယ်မို့လား။ သူခရီးသွားမယ်ဆိုတုန်းက မသွားနဲ့လို့တားလိုက်သေးတာ။ဆရာတော့်စကားနားမထောင်တော့ ရွာအလွန်က ဂယက်ကြီးဝဲထဲမှာ လှေမြုပ်ပြီးသေပါရောလား"

"သေချိန်တန်လို့နေမှာပေါ့ဟာ"

"ဒီတစ်ခုတည်းမဟုတ်လို့ပြောရတာပါ မောင်ကြီးရယ်"

မအုန်းစိန်က လင်တော်မောင်နားဝင်စေရန် တောင်းပန်သောလေသံ စွက်လျက်ဆက်ပြောသည်။

"နောက်တစ်ယောက်က ဟိုကောင်လေးသာဂိလေ။ တောထဲဝင် နေ့တိုင်း ငှက်ပစ်တာ တစ်နေ့တော့ ဆရာတော်က သာဂိကိုခေါ်ပြီး မင်းဒီနေ့တောထဲမသွားနဲ့လို့ စေစေစီးစီးတားလိုက်ပါသေးတယ်။ သာဂိက နားမထောင်ဘူး။ လောက်လေးခွကိုင်ပြီး တောထဲဝင်သွားတာ မြွေကိုက်ခံရပြီး သေသွားတယ်ရှင့်။ စိတ်မကောင်းလိုက်တာ မောင်ကြီးရယ်။ ဘုန်းကြီးသတိပေးရင် ရှောင်လိုက်တာ ကောင်းပါတယ် မောင်ကြီးရယ်နော်"

"အလကားပါ ရှင်မရာ။ မင်းတို့ရဲ့ အစွဲအလမ်းတွေက လွန်ပါတယ်ကွာ။ မင်းပဲမူးယစ်သေစာမသောက်ပါနဲ့ဆိုလို့ ငါနေ့တိုင်းမသောက်တော့ဘူးလေ။ ဒါနဲ့တောင် မလုံလောက်သေးဘူးလားကွာ။ အလုပ်ပြောင်းလို့တော့ မဖြစ်ဘူးကွ။ ဝင်ငွေကသောက်သောက်လဲရနေတာနော်။ ငါဒီအလုပ်ကိုမစွန့်နိုင်ဘူးကွာ။ ငါလုပ်နေတာ မင်းအတွက်ပါကွာ"

ရွာဦးကျောင်း ဆရာတော်ကြီး ဦးကောသလ္လသည် အကျင့်ကောင်း၊ သီလကောင်းကြောင်း ရွာနီးချုပ်စပ်အထိ သတင်းပျံ့နှံ့လေ၏။ သမထ၊ ဝိပဿနာကို အပတ်တကုတ် ကြိုးစားအားထုတ်သောပုဂ္ဂိုလ် ဖြစ်ပါသည်။ သမာဓိအားထက်မြက်နေပြီ ဖြစ်၏။ ဝါတွင်း၊ ဝါဥပုသ်သီလသီတင်းပေးခြင်းနှင့် ရံဖန်ရံခါ ရွာထဲမှ ဒကာ၊ ဒကာမတို့အား ကိုယ်တိုင်ကယ်မစောင့်ရှောက်ပေးသည်မှတစ်ပါး ဆရာတော်နှင့် တွေ့ခွင့်မရရှိနိုင်ချေ။ တစိုက်မတ်မတ် တရားအားထုတ်မှုကိုသာ လုံ့လပြုသည်။

ကိုဖိုးထိန်တစ်ယောက် ဇနီးမယားကိုချစ်တတ်မှန်း မအုန်းစိန်သိပါသည်။ ကိုဖိုးထိန်အချစ်ကိုယုံပါသည်။ ကိုဖိုးထိန်၏ ကံကြမ္မာကိုတော့ သူမယုံနိုင်ပါ။ ရှေ့ဆက်ပြောရန် အခြေအနေမပေးတော့ချေ။ ကိုဖိုးထိန်သည် စိတ်တိုသူဖြစ်ပါ၏။ ကိုဖိုးထိန်၏ကံကြမ္မာ မည်သို့ဖြစ်လေမည်နည်း။ မအုန်းစိန် စိတ်ထင့်နေမိ၏။ မအုန်းစိန် စိတ်လျှော့လိုက်ရပါသည်။ သူမ၏ယောကျ်ားကို ဖြည်းဖြည်းချင်း ဖျောင်းဖျယူမှရမည်။ သာဓကအနေဖြင့်ပြရမည်ဆိုလျှင် ထန်းရည်သောက်သည့်ရက်ကျဲလာခဲ့ပြီဖြစ်ပါသည်။ ကိုဖိုးထိန်သည် တစ်ပတ်တစ်ခါလောက်သာ ထန်းရည်သောက်တတ်သည်အထိ ပြောင်းလဲလာခဲ့ချေပြီတည်း။ မောင်ကြီးအတွက် ရင်လေးလိုက်တာ။ မအုန်းစိန် သက်ပြင်းချကာ ထမင်းပွဲကိုသိမ်းလိုက်၏။

ဖိုးထိန် သတိထားလိုက်မိသည်က လှပနေသောမအုန်းစိန်၏ မျက်နှာလေး အိုစာသွားသည်ကိုပေါ့။ ဩော်-ဇနီးလေး အုန်းစိန်၊ ငါ့အတွက် စိုးရိမ်တတ်ရန်လေကော။ ဖိုးထိန်သက်ပြင်းချ၏။ ထမင်းဝိုင်းမှ လေးပင်စွာ သူထလာခဲ့သည်။ ဤသို့ဖြင့် မိသားစုထမင်းဝိုင်းလေး တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အဆုံးသတ်လေ၏။

❑

ဘာပဲပြောပြော ဇနီးကောင်းတစ်ယောက်၏ စောင့်ရှောက်မှုရှိရန် အမှန်ပင် လိုအပ်ပါ၏။ မအုန်းစိန်၏ စေတနာမှန်ကိုသိလာသော ကိုဖိုးထိန်သည် သူ၏ အချစ်ဆုံးသူငယ်ချင်းဖြစ်သူ နွားဖိုးထိန်မှ ထန်းတောသို့သွားရန် အိမ်တိုင်ရာရောက်လာခေါ်သည်ကိုပင် ငြင်းဆန်ခဲ့သည့်ရက်များရှိလာသည်။ မအုန်းစိန်သည် သူမရှေ့၌ပင် ကိုဖိုးထိန်ငြင်းလိုက်သည်ကို မျက်မြင်ဒိဋ္ဌတွေ့လိုက်ရသောအခါ ကျိတ်၍ဝမ်းသာမိသည်။

မအုန်းစိန်၏ မျက်နှာချိုချိုလေးဝင်းပနေသည်ကိုမြင်နေရလျှင် ကိုဖိုးထိန်ကျေနပ်လေ၏။ ထန်းရည်ဖြတ်ဖို့ပင် စိတ်ကူးဆန္ဒများတဖွားဖွားပေါ်ပေါက်လာပါတော့၏။ သို့ပေမယ့် သူ၏ဇနီးသည်ကိုတော့ ဖွင့်မပြောဖြစ်သေးပါ။ ရွာဦးကျောင်းဆရာတော်သည် မိမိတို့ကို သူတစ်ပါးအသက်သတ်သည့်အလုပ်ကို ဘာကြောင့်တားလေသည်လဲ။

သူက ထန်းရည်ဖြတ်ဖို့ရန်ကြိုးစားဆဲ-

ယနေ့ တစ်နေကုန် မိုးစွေလျက်ရှိသည်။ အင်းချောင်းတာရိုးကျိုးပေါက်၍ ဖိုးထိန်သည် သူ၏အလုပ်သမားများကို မိုးရေထဲမှာ လိုက်လံကြည့်ရှုနေသည်။ ကြီးကြပ်ပေးနေရပါသည်။ အလုပ်သမားများကိုမျက်နှာလွှဲထားရန် ဖိုးထိန်စိတ်မချပါ။ ထိုနေရာတွင် ဂယ်(ကယ်)ပေါက်

ကြီးရှိသောကြောင့် အလုပ်သမားများ မြေဖို့ရင်း ပြိုကျနေသည်။ အလုပ်သမားနည်း၍ မနိုင်ဖြစ်နေသည်။ မြေဖို့ရန် ရွာထဲမှ လူထပ်ခေါ်ရသည်။ ညနေစောင်းမှသာ စိတ်ချလက်ချပြီးစီးသွားပါတော့သည်။ ယခုမှ ဖိုးထိန် ဟင်းခနဲ သက်ပြင်းရှည်ကြီးချလိုက်နိုင်သည်။

အလုပ်လုပ်နေတုန်း ဇောနှင့်မို့ မိုးအေးသည်ကို သတိမထားနိုင်ခဲ့။ အလုပ်ပြီးစီးချင်း ခိုက်ခိုက်တုန်နေသည်။ တောသားလူကြမ်းဆိုသော်ငြား ကိုယ်ခံအားနည်းနေချိန်မှာ မိုးအအေးဒဏ်ကို ခံစားနိုင်တော့ပါ။ မိုးချုပ်မှ အလုပ်သိမ်းဖြစ်သည်။ လောဘဇောက စေခိုင်းလေသမျှ လိုက်နာရလေသော ဖိုးထိန်။

"ရှင်မရေ ချမ်းလိုက်တာ၊ ချမ်းလိုက်တာ"

"တော့်ရေစိုအဝတ်တွေ အမြန်လဲ ရေခြောက်အောင်သုတ်ပြီး စောင်ထူထူခြုံထားလိုက်နော်။ ကျုပ်ရေနွေးအိုး တည်လိုက်ဦးမည်။ ကွမ်းရွက်ပြုတ်ရည်နဲ့ ငန်းဆေးသောက်ရအောင်"

"တင်းဟင်းဟင်း - အမလေး ချမ်းလိုက်တာနော်"

"ရော့ - ငန်းဆေးသောက်လိုက် မောင်ကြီး။ ပြီးရင် ရေနွေးပူပူလေး တစ်ခွက်လောက်ထပ်သောက်လိုက် နွေးသွားမှာပါ။ မနက်ကျရင် အဖျားပျောက်သောက်ပါတယ် မောင်ကြီးရယ်"

မအုန်းစိန်သည် သူ့မောင်ကြီးအတွက် စိတ်မကောင်းပါ။ အလွန်စိတ်ပူမိပါသည်။ ဆရာတော်၏ ရှေ့ပြေးသတိပေးစကားကို မအုန်းစိန် ပြန်လည်ကြားယောင်လာ၏။ သူမ၏အာရုံထဲမှာ ဆရာတော်၏ မျက်နှာကိုပါ အထင်အရှားမြင်လာကာ ရင်ထိတ်မိပါ၏။

"မောင်ကြီး နေကောင်းပါစေ"

သူ၏မောင်ကြီးကို စိတ်ဓာတ်မဆင်ရေးဖြင့်လည်း အားပေးရပါသေးသည်။ သို့သော်လည်း နောက်နေ့အထိ အဖျားမကျသေးပါ။ ရွာထဲက ဗိန္ဒောဆရာကြီး ဦးစောညွန့်ကို ပင့်ရတော့၏။ ဗိန္ဒောဆရာကြီးက အသက် (၉၀) ရှိပြီး ဗိန္ဒောဝါရင့်ဆရာသမားကြီးတစ်ဦးဖြစ်ပါသည်။ အတွေ့အကြုံများသူ လုပ်သက်ရင့်ဆရာကြီးကို မအုန်းစိန် ကောင်းစွာ ယုံကြည်ပါသည်။

ဆရာကြီး ကုသပေး၍ ရောဂါပျောက်သည့်လူနာ ခပ်ရှားရှား။

ဆရာကြီးနှင့်ဂရုတစိုက်ဆေးကုသပေးသော်လည်း ကိုဖိုးထိန်၏ ရောဂါမသက်သာ။ တိုးသည်ထက်တိုးလာနေသည်။ ရက်ရှည်ကြာလာပြီး အစားမဝင်တော့ပါ။ ဖိုးထိန်၏မျက်နှာ ချောင်ကျလာသည်။ ဒီပုံအတိုင်းဆိုလျှင် ဖိုးထိန်အတွက် မျှော်လင့်ချက်မရှိတော့ပြီ။ အောက်လင်းဓာတ်မီးကြီးထို တစ်ညလုံး ထွန်းထားပေးရသည်။ လူနာအနီးမှာ မအုန်းစိန် တစ်ညလုံး ငုတ်တုတ်ထိုင်စောင့်ကြည့်နေရလေ၏။

တစ်လနီးပါးသို့ကြာသောအခါ -

"ရေ ရေ ပေးပါ ပူတယ်။ အောင်မလေး ပူလိုက်တာ"

ဖိုးထိန် ရေတောင်းသံကြားရ၏။ ကိုဖိုးထိန် သတိရလာပြီ။ မအုန်းစိန် ဝမ်းသာရလေ၏။ မအုန်းစိန်က သောက်ရေကို ငွမ်းစလေးဖြင့်တို့၍ ကိုဖိုးထိန် နှုတ်ခမ်းကိုတို့ပေး၏။ လျှာဖြင့်အငမ်းမရ ရေကိုလျက်ရင်း -

"သောက်ချင်တယ်၊ သောက်ချင်တယ်"

မအုန်းစိန်က ဖြည်းဖြည်းလေး ရေတစ်စက်၊ နှစ်စက်ချပေးလိုက်သည်။ ဖိုးထိန်က ရေစက်ကို အငမ်းမရ မျိုချနေ၏။

မအုန်းစိန် ရှေဦးစွာ သတိရလိုက်သည်က ရွာဦးကျောင်းဆရာတော် ဦးကောသလ္လကို အပင့်ခိုင်းလိုက်ပါ၏။ ဆရာတော်ကြွလာပါသည်။ ဆရာတော်က ဖိုးထိန်အား အမွှေးရည်ဖြင့်ပက်ခိုင်း၊ အမွှေးရည်အနည်းအကျဉ်းကိုလည်းတိုက်ခိုင်းလိုက်သည်။ ဖိုးထိန် သတိရလာပြီး နှစ်ရက်လောက်ကြာသောအခါ အစားအနည်းငယ်စားနိုင်လာ၏။ ဖိုးထိန်၏ အသားရောင်ညိုရင့်ရင့်သို့ပြောင်းလဲနေသည်။ အဘယ်ကြောင့် အသားရောင်က ညိုမည်းမည်းဖြစ်သွားရလေသနည်း။

သူ၏လက်ဖဝါး၊ ခြေဖဝါးတို့ကား မီးလောင်ဖုများနှင့်။ ကိုဖိုးထိန်က ဆရာတော်ကို လက်အုပ်ချီကာ အားယူ၍ လေသံမျှဖြင့် လျှောက်ထားလေသည်မှာ -

"တပည့်တော် ငရဲပြည်ကိုရောက်ခဲ့ပါတယ် ဘုရား"

ဖိုးထိန်၏စကားကို ကြားလိုက်ကြကုန်သောလူအများ မျက်လုံးပြူးကာ ကိုဖိုးထိန်ဆက်ပြောမည့်စကားကိုနားစွင့်နေကြသည်။ ဆရာတော်က ဣန္ဒြေရရ တည်ငြိမ်စွာ စက္ခုန္ဒြေချကာ ဆိတ်ဆိတ်နေတော်မူသည်။

ကိုဖိုးထိန်ဆက်၍ပြောပြသည်မှာ ငရဲပြည်၌ လူတွေပြောပြောနေကြကုန်သော ငရဲမင်းဟုထင်ရသည့် လူကြီးကိုလည်း တွေ့ရှိခဲ့ရပါသည်။ ထိုလူကြီး၏ ပုံစံကား အသားအရောင်မည်းကျုတ်၏။ ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးမှာ ဗိုက်ကြီးက သိသိသာသာကြီးပူထွက်နေပါ၏။ သွားအစွယ်ကြီးများပေါ်လျက် မျက်လုံးက ခပ်ပြူးပြူးကြီးရှိနေ၏။ သူ၏ခန္ဓာကိုယ်ပေါ်မှာ အဝတ်မရှိပါ။ မည်းနက်သော ဆံပင်ရှည်ဖားလျားကြီးကို ကိုယ်ပေါ်မှာ ရစ်ပတ်ထား၏။ ဖိုးထိန်ကိုခေါ်လာသူမှာလည်း ထိုလူကြီးပုံစံအတိုင်း လူရိုင်းလိုလို သရဲသဘက်လိုလို အမွေးထူထူကြီးနှင့် မြင်ရသူအဖို့ ကြက်သီးထစရာကောင်းနေပါသည်။ ဖိုးထိန်၏ လက်နှစ်ဖက်ကို ကြိုးဖြင့် တင်းကျပ်စွာတုပ်နှောင်ထား၏။

ကိုဖိုးထိန်ကို ဖမ်းဆီးလာသူက-

"ဗျို့ဂျီး - ဒီကောင့်ကိုဖမ်းခေါ်လာပါပြီ"

ဗျို့ဂျီး ဆိုသူမှာ တစ်တောင့်ထွာပတ်လည်ရှိ နီညိုရောင်သားရေချပ်ကြီးများကို တစ်ချပ်ချင်း လှန်လှောကာ ကြည့်ရှုနေရင်း ဆိုးရွားသောအသံကြီးဖြင့် -

"မင်းနာမည်ဘယ်သူတုံး"

"ဖိုးထိန်"

"ဟုတ်ပြီ၊ မင်းမိန်းမနာမည်ပြော"

"မအုန်းစိန်"

"ဟ - လွဲတယ်ဟ။ မင်းက ဘာလုပ်စားသလဲ"

"ငါးကျည်းခြောက်လုပ်တဲ့ အင်းသမားပါ"

"ဩ ဩ - ဒီလိုလား။ ဟား - လွဲပြီဟေ့။ မင်းခေါ်လာတာမှားနေပြီ"

ဗျို့ဂျီးဆိုသူ နဖူးကြောရှုံ့ကာ သားရေချပ်ကြီးများကို တစ်ချပ်ချင်း စေ့စေ့စပ်စပ် ပြန်၍စစ်ဆေးကြည့်ရှုရတော့သည်။ သားရေချပ် (၁၄-၅)ချပ်ခန့် လှန်လှောကြည့်ရှုစစ်ဆေးပြီးနောက် -

"ဟား-နွားဖိုးထိန်၊ သူ့မိန်းမ မနန်းပုံ။ ဒီကောင်လွဲနေပြီ။ ဒါပေမယ့် မင်းက ငါးကျည်းခြောက်လုပ်တဲ့အကုသိုလ်တွေ များနေတဲ့အတွက် မင်းကို နမူနာပြလိုက်ဦးမယ်"

ဟု ဆိုကာ ဗျို့ဂျီးက ဖိုးထိန်ကို အငွေ့ထောင်းထောင်းထနေသောနေရာဆီသို့ လက်ညှိုးထိုးပြလိုက်သည်။ ဗျို့ဂျီး ထိုးပြသောနေရာ၌ ဆီအိုးနှင့်ကြော်သည့်နေရာမဟုတ်ပါ။ ရေကန်ရေအိုင်များမှအခိုးအလျှံထကာ ရေများပွက်ပွက်ဆူနေသည်။ ရေဆူအိုင်ထဲမှ ကယ်ပါ

ယူပါတစာစာအော်နေကြသည့်အသံများ ဆူညံနေ၏။ နောက်ထပ်ငရဲရောက်လာသူများကိုလည်း ရေဆူအိုင်ထဲဖမ်းထည့်နေကြသည်။ ရေဆူအိုင်အပြင်ဘက် ထွက်ပြေးနေသူများကိုလည်း ပေပေမည်းမည်း စုတ်တီးစုတ်ပြတ် ငရဲသားများက ရေဆူအိုင်ထဲသို့ပင် ပြန်တွန်းချနေကြရ၏။ ငရဲကျသူများ ရေဆူအိုင်မှ ထွက်ပြေးလို့မရ။ အချည်းနှီးသာ။

ဗျို့ဂျီးက -

"ဒီကောင့်ကို ဟိုအပေါ်သွားတင်လိုက်"

ဟု ပြောကာ တစ်နေရာဆီသို့ လက်ညှိုးညွှန်နေ၏။ သူညွှန်ပြသောနေရာတွင် စင်ဟူ၍လည်း မရှိချေ။ (၁၀) ပေ၊ (၁၅) ပေ ကျယ်ဝန်းသော မြေညီပြင်တစ်ခုဖြစ်နေသည်။ ထိုမြေပြင်မှ အခိုးအလျှံများတလိမ့်လိမ့်တက်လာနေသည်။

"မင်း - တက်"

အခိုးအလျှံတက်လာနေသောမြေပြင်ပေါ် ကို ဖိုးထိန်အား တက်ခိုင်းလိုက်ပါ၏။ ထိုမြေပြင်ပေါ် သို့တက်လိုက်သည်နှင့် -

"အား - ပူတယ်၊ ပူတယ်"

ဖိုးထိန် ဆွေ့ဆွေ့ခုန်နေရသည်။ သူ့လက်ကိုတုပ်ထားသောကြိုးများမရှိတော့ပါ။ အခိုးအလျှံတွေကြားမှာ စပျစ်သီးအရွယ် အရောင်တလက်လက်ထနေသောလုံးလုံးလေးများ ရှေ့လျားနေပါသည်။

"အဲဒီအလုံးလေးတွေ တစ်ပြည်ပြည့်အောင်ကောက်စမ်း"

ဖိုးထိန်က ထိုအလုံးလေးများကို တစ်လုံးချင်းလိုက်ကောက်ရ၏။ အလုံးလေးများသည်လည်း မီးဖုတ်ထားသည့် သံလုံးလေးများကိုကိုင်လိုက်ရသည့်နှယ် လက်များကို အဖုပေါက်စေခဲ့ပါသည်။ ကိုဖိုးထိန်သည် ခြေထောက်များ လက်များ အပူဒဏ်လှိမ့်ပိမ့်နေအောင် ခံစားရရှာ၏။ ချွေးသံရွှဲရွှဲဖြင့် အလုံးလေးများကို ကြိုးစားကောက်နေရ၏။ အလုံးလေးများ တစ်ပြည်သားရရန် အတော်ဖွဲ့ခတ်ကောက်လိုက်သည်။ ငရဲသားက ဖိုးထိန်ကို ဗျို့ဂျီးထံသို့ ပြန်ခေါ် လာခဲ့သည်။

"ဗျို့ဂျီး - ပြီးပြီ"

"မင်းအကုသိုလ်တွေသိပ်များနေတယ်။ နောက်တစ်ကြိမ် ဒီမရောက်အောင်ကြိုးစား။ မှားနေလို့ မင်းပြန်သွားနိုင်ပြီ။ ခေါ်ရမှာက တာအောက်ပိုင်းက ဖိုးထိန်ကိုပြောတာကွ"

ဗျို့ဂျီးက သားရေချပ်ကြီးများကို ပြန်လှန်ကြည့်ကာ -

"မင်းနောင်တရရင်မလုပ်နဲ့တော့။ နွားဖိုးထိန်ကိုခေါ်ဖို့ ရက်နည်းနည်းလိုသေးတယ်ကွ။ နောက်ခုနစ်ရက်ကြာမှ နွားဖိုးထိန်ကို လာခေါ်မယ်ပြောလိုက်။ ခုနစ်ရက်အတွင်းမှာ ဒီကောင်ကောင်းမှုလုပ်ရင်သက်သာမယ်။ နွားသတ်တဲ့အပြစ်ကတော့ မလွတ်ဘူးလို့ ပြောလိုက်ကွာ"

❑

ငါးကျည်းခြောက်ဖိုးထိန်က သူရောက်ခဲ့ရသည့် နေရာအကြောင်းကို အထက်ပါအတိုင်း လျှောက်ထားလိုက်ပါသည်။

ထိုအချိန်၌ နွားဖိုးထိန်က လူနာသတင်းမေးရောက်လာပါ၏။

ငါးကျည်းခြောက်ဖိုးထိန်က -

"ဟာ - သူငယ်ချင်းဖိုးထိန်၊ မင်းလာတာ အတော်ပဲကွ"

ဟု ဆိုကာ ဗျို့ဂျီးမှာလိုက်သည်တို့ကို လုံးစေ့ပတ်စေ့ပြန်လည်ပြောပြပေးပါသည်။ စိုးရိမ်စိတ်ဖြင့် ဘယ်လိုပင် သတိပေးသော်ငြား နွားဖိုးထိန်က သူငယ်ချင်းသတိပေးသည်ကို လုံးဝဂရုမစိုက်။ အာရုံမထားခဲ့ပါ။ ငါးကျည်းခြောက်ဖိုးထိန်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ လှောင်ပြောင်ရယ်မောရင်း -

"ဟားဟားဟား - မင်းရူးနေပြီ သူငယ်ချင်း၊ ဒီမယ် ငါပြောမယ်ကွ။ မင်းလည်းသတ်၊ ငါလည်းသတ်၊ မင်းတို့ရွာက နွားသားစားနေရတာ ငါ့ကြောင့်ပါ သူငယ်ချင်း။ ရူးသွားပြီလား ဖိုးထိန် သူငယ်ချင်းရာ။ အဲဒါဆို မင်းမိန်းမဘာစားမလဲ စဉ်းစားစမ်းပါ။ ဦးနှောက်သုံးစမ်းပါကွ။ ဒါတွေခေါက်ထားလိုက်စမ်းပါကွာ ဟား ဟား ဟား"

နွားဖိုးထိန်က အရက်မူးမူးနှင့် ပြောချင်ရာပြော၊ ရယ်မောပြောင်လှောင်ကာ ပြန်သွားလေ၏။

ငါးကျည်းခြောက် ဖိုးထိန်သည် အသားညိုမောင်းကာ သူ၏လက်များ၊ ခြေထောက်များမှာ အပူဖုများသီးထနေ၏။ ထိုအပူလောင်ဖုများကို ဆေးဆရာပင့်၍ ကုသ၏။ မပျောက်ကင်းချေ။ အပူဖုများ မပျောက်ကင်းသေး၍ အပူပေါ်အပူဆင့်နေကြရှာသည်။ မည်သို့ကုသရလျှင်ကောင်းလေမည်လဲ စဉ်းစားမရချေ။ သူတို့အကြံအိုက်နေကြသည်။ ထိုစဉ် ရွာဦးကျောင်းဆရာတော်ဖြစ်သော ဦးကောသလ္လသည် ဖိုးထိန်တို့အိမ်သို့ကြွရောက်လာသည်။

ဆရာတော်က -

"လူမှာ ရုပ်ဆိုတာနှစ်မျိုးရှိတယ် ဒကာ။ ရူပက္ခန္ဓာရုပ်နဲ့ ဝိညာဏက္ခန္ဓာရုပ်လို့ခေါ်တယ်။ မင်းရဲ့နာမ်ခန္ဓာရုပ်က ငရဲပြည်ကိုရောက်ခဲ့တာပဲကွယ့်။ မင်းရဲ့ နာမ်ခန္ဓာရုပ်ကြီး ငရဲမှာခံစားခဲ့ရသမျှကို ရုပ်ခန္ဓာမှာ လာပြီးတော့ဒုက္ခပေးတာ။ ဒါကြောင့် အပူလောင်ဖုတွေပေါက်လာတာ။ ငရဲအပူရှိန်ဟပ်တော့ မင်းရဲ့အရေပြားတွေ အပူကျွမ်းကုန်တာ။ ကိုင်း - မင်းခံစားနေရတဲ့ အပူလောင်ဖုတွေကို ပရိတ်ရေလိမ်း၊ ပရိတ်ရေသောက်"

ဟု ဆိုကာ ဆရာတော် ဦးကောသလ္လက ရတနသုတ်နှင့် မေတ္တသုတ် ပရိတ်ရွတ်ပေးပါသည်။ နာမ်ခန္ဓာဟုခေါ်သော ဝိညာဏက္ခန္ဓာမှာ ကိုယ်တိုင်တွေ့ခဲ့ရသော်လည်း တကယ်တမ်း ပြန်လည်ခံစားရသူမှာ ရူပက္ခန္ဓာဟု ခေါ်သည့် ရုပ်ခန္ဓာသာဖြစ်ပါတော့သည်။ ဆရာတော်မှ ပရိတ်ရွတ်ပေးပြီးသည်နှင့် ဖိုးထိန် ခန္ဓာကိုယ်မှ အပူလောင်ဖုများမှေးမှိန်လာကာ ပျောက်ကွယ်ကုန်၏။ ဆရာတော်၏ အစွမ်းကြောင့် ဖိုးထိန်၏ရောဂါများ ပျောက်ကင်းသွားကြလေသည်။

ထိုအခါမှ ဖိုးထိန်သည် သူငရဲမရောက်မီလေးက သူ၏ဇနီး မအုန်းစိန် သတိပေးခဲ့သည်ကို နောင်တရနေမိသည်။

"ဩော် - မအုန်းစိန်ပြောတုန်းက ဒီအကုသိုလ်အလုပ်တွေ ငါမလုပ်တော့ရင် ငါလည်းငရဲရောက်စရာအကြောင်း မရှိပါလား။ ရွာဦးကျောင်းဆရာတော်ဟာလည်း အားကိုးစရာကောင်းတဲ့ ပုဂ္ဂိုလ် ဆရာတော်တစ်ပါးမို့ အမှီခိုကောင်းတော့ ရပြီ။ ငါဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပေမယ့် ဘာသာတရားကိုင်းရှိုင်းမှုလိုက်နာမှု အားနည်းခဲ့ရတယ်။ အခု အကုသိုလ်အလုပ်မှန်သမျှ လုံးဝစွန့်လွှတ်လိုက်တော့မယ်"

ကိုဖိုးထိန် နောင်တကြီးစွာရမိလေ၏။

"ဆရာတော်ဘုရား၊ ဒီနေ့ကစပြီး တပည့်တော် အကုသိုလ်အလုပ်တွေ မလုပ်တော့ပါဘူး။ တပည့်တော် အရှင်ဘုရားကို ကတိပေးပါတယ် ဘုရား"

ဟု လျှောက်ထားလေရာ ဆရာတော်က ဖိုးထိန်ကို ငါးပါးသီလချပေးလေ၏။ ဖိုးထိန်သည် သရဏဂုံသုံးပါးနှင့်တကွ ရတနာမြတ်သုံးပါးကို ဦးထိပ်ပန်ဆင်လျက် ငါးပါးသီလကို ကောင်းစွာ

ခံသူဆောက်တည်လိုက်ပါ၏။ ဖိုးထိန်သည် ဆရာတော်ကို တိုင်တည်၍ ဤသို့ သစ္စာပြုလေ၏။

"တပည့်တော်သည် အရှင်ဘုရား ထံပါး၌ သစ္စာပြုပါ၏။ တပည့်တော်သည် အကုသိုလ်အလုပ်ပြန်လုပ်ခဲ့သည် ရှိသော် ငရဲ၌ကျကာ ခံစားရပါစေသား အရှင်မြတ်ဘုရား"

"သာဓု၊ သာဓု၊ သာဓု"

ဖိုးထိန်သစ္စာပြုပုံကို ဆရာတော့် ဦးကောသလ္လ သာဓုခေါ်၍ချီးမြှောက်ပါသည်။ ဖိုးထိန်၏ ဆရာတော်ဘုရားထံ ကတိပေး သစ္စာပြုလိုက်ခြင်းကြောင့် အနုန်းစိန်သည် ကြက်သီးမွေးညင်းများ ထသည်အထိ ကြည်နူးမိပါတော့၏။ သူမ၏ဝမ်းမြောက်မှုက အထွတ်အထိပ် သို့တိုင်အောင် အတိုင်းအဆမရှိ ဝမ်းသာ ရပါ၏။

အံမှန်တကယ်ပင် ဖိုးထိန်သည် ငရဲကို ကြောက်ရွံ့သွားပါတော့သည်။ အင်းချောင်းအလုပ်ကို လုံးဝစွန့်လွှတ် လိုက်လေသတည်း။ ချောင်းဝပိုင်း၏ အနောက်ခြမ်းတွင် စိုက်ပျိုးသီးနှံယာခင်း ထူထောင်ရန် စီစဉ်လိုက်ပါ၏။ မြေပဲ၊ ပြောင်း၊ ငရုတ်သီးနှံများ လှိုင်လှိုင်စိုက်ပျိုး ညီဖြစ်သည်။ အပြောင်းလဲကြီးပြောင်း လဲသွားသော ငါးကျည်းခြောက်ဖိုးထိန် ကို နွားဖိုးထိန်က ကဲ့ရဲ့ရှုတ်ချလေ၏။

နွားဖိုးထိန်က အရက်မူးမူးဖြင့် -

"ဟားဟားဟား - ငါးကျည်း ခြောက်ဖိုးထိန်တော့ရှုံးသွားပြီ။ ဒီကောင် ငန်းရှူးပဲ။ ငါးကျည်းခြောက်ရှူး၊ သွက်သွက် ခါအောင်ရှူးသွားရှာပြီ။ မင်းသိလားကွ ဖိုးထိန်။ ငါဆိုတဲ့ဖိုးထိန်က မင်းလိုဖြစ် မှာမဟုတ်ဘူး အရှူးရဲ့။ မှတ်ထားလိုက် ထဲတဲ"

နွားဖိုးထိန်ကား ဘာသာခြားဖြစ်လေ၏။ ဗုဒ္ဓအယူဝါဒကို လက်မခံပါ။ သို့သော်လည်း ငါးကျည်းခြောက်ဖိုးထိန် က သူငယ်ချင်းကောင်းပီသစွာ သူ့ရောဂါ ဖောက်ကင်းပုံပြောပြလိုက်ပြီး သူတစ်ပါး အသက်သတ်ဖြတ်ခြင်းအလုပ်ကိုလည်း စွန့်လွှတ်လိုက်ရန်အတန်တန်တားမြစ်ချေ ၏။ အဘယ်ကြောင့်နည်း။ ယနေ့ကား ဗျို့ဂျီး မှာကြားလိုက်သည့် နွားဖိုးထိန် အတွက် ခုနစ်ရက်မြောက်သောနေ့ ဖြစ် နေသောကြောင့်တည်း။

သို့သော်လည်း နွားဖိုးထိန်က ငရဲ ကြောက်သော နောက်မဆုတ်တမ်း ထောက်စကားများကို တရစပ်ပြော နေတော့သည်။

"ဟေ့ - ငါးကျည်းခြောက်၊ ဒီနွား တွေက ငါမသတ်ရင် မသေတော့ဘူးတဲ့ လားကွ မှေ့ဟ ပြောစမ်းပါဦး။ မင်းတို့က သာ နွားကိုရက်ရက်စက်စက်ခိုင်းကောင်း နေ။ အေး - ငါက ဒီဝဋ်ကြွေးတွေ ပပျောက်သွားအောင်လို့လုပ်ပေးနေရ တာပါကွ အရှူးရဲ့"

ငါးကျည်းခြောက် ဖိုးထိန်သည် စိတ်မကောင်းဖြစ်ရရှာ၏။ ဘယ်လိုမှ နားဝင်အောင်ပြောမရချေတကား။ နွား ဖိုးထိန် မူးမူးရူးရူး နှုတ်ကတတွတ်တွတ် ပြောရင်း ငါးကျည်းခြောက်ဖိုးထိန်အနီးမှ ဝေးရာဆီသို့ ဆောင့်ကြီးအောင့်ကြီး ထွက်ခွာသွားပါတော့သည်။

နွားဖိုးထိန်၏နောက်ဆုံးနေ့။

နွားဖိုးထိန်သည် ငါးကျည်းခြောက် ဖိုးထိန်ကို မကျေမချမ်းဖြစ်ကာ ပြောဆို ပြန်လာခဲ့သည်။ ညနေစောင်းပေပြီ။ မကျေမချမ်းဖြစ်နေရသည့် ဖိုးထိန်၏ ဒေါသ အိမ်ရောက်သောအခါ ထပ်မံ သောင်းကျန်းလေ၏။ သတ်ရန်ဝယ်ယူ ထားသောနွားများကို တဗုန်းဗုန်းရိုက် နေသည်။ ကြိုးတုပ်ခံထားရသောနွားများ ဝမ်းခေါင်းသံကြီးများဖြင့်အော်နေရရှာ ၏။ ဇနီးသည်ကိုပါမချန်တော့။ မနန်းပုံ ကိုလိုက်ရိုက်၍ မနန်းပုံခွေးပြေးထွက်ပြေး ထွက်ပြေးသွားတော့သည်။ အရက်များ ကို တစ်ပုလင်းပြီးတစ်ပုလင်းသောက်၏။ သူ၏နှုတ်မှ အယုတ္တအနတ္တဆဲဆိုလျက် ရှိ၏။ မှောင်မည်းနေသောအိမ်ထဲမှာ ဖိုးထိန် ခေတ္တငြိမ်သက်သွားပါသည်။ ညဥ့်ဦးယံဝယ် တာကောက်ပိုင်းသည် တိတ်ဆိတ်နေပါသည်။

တာကောက်ပိုင်း၏ ယနေ့ည သည်ကား အကာလညဥ့်ဖြစ်လာမည် ဟု ဘယ်သူသိမှာလဲ။

"ကြောက်ပါပြီ၊ ကြောက်ပါပြီ"

သန်းခေါင်ယံမှာ နွားဖိုးထိန်၏ ကြောက်မက်ဖွယ်ရာအသံကြီးဟိန်းထွက် လာခဲ့၏။ ဓေသာလီပြည် ဘီလူးစီးသည့် နှယ်။ တာကောက်ပိုင်းတွင် ရုန်းရင်းဆန် ခတ် အုတ်အော်သောင်းနင်းဖြင့် ဆူညံ ပွက်လောရိုက်လျက်ရှိသည်။ လရောင် မှုန်မှုန်အောက်မှာ ရုတ်ရုတ်ရုတ်လှုပ်ရှား နေကြကုန်၏။ လှုပ်ရှားမှုများကို သဲသဲ ကွဲကွဲမမြင်ရ။ တစ်ရွာလုံးပြေးလွှားနေရ သည်ကတော့ သေချာ၏။ နွားဖိုးထိန် တစ်ယောက် ကြောက်ပါပြီ၊ ကြောက်ပါ ပြီအော်ရင်း ရွာထဲမှာ ကမူးရှူးထိုးပြေး လွှားနေပါသည်။

ရွာသားများကလည်း နွားဖိုးထိန် ကိုထိန်းသိမ်းရန် ဖိုးထိန်နောက်ပြေးလိုက် ကြပြီး ဖမ်းဆီးရန်ကြိုးစားကြကုန်၏။ နွား ဖိုးထိန်သည် ရွာထဲမှာပြေးလွှားနေရာမှ တောစပ်နားသို့ရောက်လာသည်။ တော တန်းလေးကိုကျော်လိုက်သည်နှင့် သူ၏ ဦးတည်ရာကား သူ၏အကုသိုလ်စခန်း သို့မဟုတ် နွားသတ်ကုန်းဆီသို့။ နွား ဖိုးထိန် မောကြီးပန်းကြီးနှင့် အသက်ကို ရှိုက်၍ရှူရင်း မောဟိုက်လာကာ နွား သတ်ကုန်းအရောက် လဲကျအသက်ဆုံး ရှာလေသည်။

ဤအဖြစ်အပျက်တို့သည် စပါးရို ချောင်းဝပိုင်းနှင့် တာကောက်ပိုင်းတို့၌ လွန်ခဲ့သော နှစ်ပေါင်း (၈၀) ခန့်လောက် က တကယ့်အဖြစ်အပျက်များဖြစ်ကြပါ သည်။

ဗျို့ဂျီးဟုခေါ်သော ဝေါဟာရမှာ ငရဲသားတို့ပြောဆိုသော ဘာသာစကား ဖြင့် (ဆရာကြီး၊ ခေါင်းဆောင်ကြီး၊ ငရဲ မင်းကြီး) စသည်အားဖြင့်ဖြစ်နိုင်သည်ဟု ယူဆရ၏။ ထိုဗျို့ဂျီးကိုင်ဆောင်သော တစ်တောင့်ထွာပတ်လည်ရှိ သားရေချပ် ကြီးများကိုလှန်လှောကြည့်သည်ဆိုသည် မှာလည်း ယမမင်းတို့၏စာရင်းမှတ်တမ်း ရေးသော ပုရပိုက်ကြီးဟု ယူဆပါသည်။

နွားဖိုးထိန် ဆုံးသောအခါတွင် တာကောက်အုပ်စုရှိ လူတို့သည် နွားဖိုး ထိန်အတွက် လွန်စွာစိတ်မကောင်းဖြစ် ကြရရှာသည်။ ဗျို့ဂျီးမှာကြားလိုက်သော (၇) ရက်အတွင်း ကောင်းမှုပြုလုပ်ပါ ဟူသော သတိပေးချက်ကို ငါးကျည်း ခြောက်ဖိုးထိန် ပြောပြ၍ သိရသော် လည်း နွားဖိုးထိန်သည် ကောင်းသည့် ဘက်သို့ မပြောင်းလဲခဲ့ပါ။ တစ်ဇွတ်ထိုး တယူသန်စိတ်ဖြင့် မကောင်းမှုဖြင့်သာ မွေ့လျော်လျက် ဘဝကိုအဆုံးသတ်သွား လေ၏။

ထို့ကြောင့် နွားဖိုးထိန်သည် ယခု အခါ ဗျို့ဂျီးခေါ် ယမမင်းကြီးထံ၌ အစစ် ဆေးခံနေရပြီဟု ရွာသားများက ယုံကြည် လျက်ရှိကြောင်း။

*သုခီအတ္တာနံပရိဟရန္တု*

ဒေါင်မြင့်ထွန်း (မသုံးလုံး)

မှတ်ချက် -

*ဝါးခယ်မမြို့နယ် စပါးရိုကျေးရွာ ဇာတိ ဆရာကြီးဦးမြင့်သန်းအား အထူး ကျေးဇူးတင် ဂါရဝပြုအပ်ပါသည်။*

ကျွန်ုပ်မိတ်ဆွေ ဦးအောင်မောင်းမှာ ဂိုဏ်းဝင်ဆရာတစ်ဦး ဖြစ်ပါသည်။ သူ့ဂိုဏ်းသူ့ကျင့်စဉ်များပြောပြဖူးသော်လည်း ကျွန်တော် စိတ်မဝင်စားပါ။ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ်၊ သူလည်း သူ့ယုံကြည်ချက်နှင့်သူ။ ယုံမှကြည်ပါသည်။ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ရှိသည်မဟုတ်ပါလား။

သူ၏ဂိုဏ်း၊ သူ၏ကျင့်စဉ်များကို ကျွန်ုပ်စိတ်မဝင်စားသော်လည်း ယခုတင်ပြလိုသော သူ၏ပုတီးစိပ်ဂါထာကိုမူ ကျွန်ုပ် လွန်စွာသဘောကျနှစ်ခြိုက်လေးစားယုံကြည်သဖြင့် တင်ပြအပ်ပါသည်။ လက်တွေ့မျက်မြင်ကြုံခဲ့ရ၍လည်း ပိုမိုလေးနက်စွာယုံကြည်ခဲ့ပါသည်။

ဖြစ်ရပ်မှာ -

လွန်ခဲ့သည့် (၁၀) နှစ်ခန့်က သူရော ကျွန်ုပ်ပါ မြို့နယ်က လူကြီးများနှင့် နယ်ကျေးရွာများသို့ ညအိပ်ညနေ ကွင်းဆင်းကြရပါသည်။ ရွာလူကြီးအိမ်တွင် တည်းခိုနေထိုင်စားသောက်ကြပြီး ည (၉) နာရီခန့်တွင် ရွာလူကြီး၏သမီးမှ မွေးသော ရွာလူကြီး၏ မြေးတော်သူ ငါးလ၊ ခြောက်လသားခန့် နို့စို့အရွယ်ကလေးငယ်မှာ တဝါးဝါးနှင့် အဆက်မပြတ်ငိုနေပါသည်။ မိခင်ဖြစ်သူမှ ယုယစွာ ထွေးပိုက်နို့တိုက်သော်လည်း မရပါ။ အဘိုးကတစ်လှည့်၊ အဖေကတစ်လှည့်၊ အဘွားကတစ်လှည့်ဆိုသလို ပွေ့ပိုက်သော်လည်း ပို၍ပင် ငိုယိုလာပါသည်။

# လူစွမ်းမြင့် (နတ်မောက်)

## အနှောင့်အယှက် အမှောင့်ပယောဂ ကင်းရှင်းစေသော ပုတီးစိပ်ဂါထာ



ကလေးငယ်သည် အသားများနီမြန်းပြီး ချွေးစေးလေးတွေပင်ထွက်လာပါသည်။

ထိုအချိန်တွင် ဦးအောင်မောင်းမှာ သောက်ရေအိုးစင်မှ ရေတစ်ခွက် ခပ်လိုက်ပြီး ဘုရားကျောင်းဆောင်ရှေ့ သွားကာ သောက်ရေကို နှုတ်တက်ရွရွ မန်းပါသည်။ ပြီးနောက် ကလေးနှင့်မိခင်ကို ထိုရေသောက်ခိုင်းပါသည်။ မိခင်၏ နို့သီးခေါင်းကိုလည်း ထိုရေဖြင့်ဆွတ်စေ

ပါသည်။ (၅) မိနစ်ခန့်အတွင်း ကလေးသည် နို့ကောင်းစွာစို့ပြီးအိပ်စက်သွားပါသည်။ ရွာလူကြီးမိသားစုနှင့် ကျွန်ုပ်တို့စစ်ကြောင်းတစ်ဖွဲ့လုံး အံ့ဩသွားသလို ဦးအောင်မောင်းကိုလည်း ဆရာတစ်ဆူအဖြစ် အသိမှတ်ပြုမိကြပါသည်။ ထိုရွာတွင် တစ်ပတ်ခန့်ကြာရာ နောက်နေ့မနက်မှစတင်၍ ဦးအောင်မောင်းထံသို့ ရေပုလင်းများရောက်လာပြီး ၎င်းရေပုလင်းများကို လင်ပန်းကြီးများထဲစုတင်ပြီး ဘုရားခန်းတွင် မန်းမှုတ်ဆေးလုပ်ပေးရပါတော့သည်။ အပြန်တွင် ဦးအောင်မောင်းအား မြေပဲ၊ နှမ်း၊ ထန်းလျက်၊ သနပ်ခါးတုံး၊ ဘူးသီး၊ ဖရုံသီး၊ ဟင်းသီးဟင်းရွက်များ လက်ဆောင်လာပေးကြရာ လှည်းတစ်စီးသီးခြားပင်တင်ယူခဲ့ရသည်ကို မှတ်မိနေပါသေးသည်။

တစ်ခါတွင်လည်း ရွာတစ်ရွာသို့ ကျွန်ုပ်နှင့် သူ နေ့လယ် (၁၂) နာရီအလွန်ပူပြင်းချိန်ရောက်သွားရာ ရွာထဲတွင် လူတစ်ယောက် ပုဆိုးကွင်းသိုင်းနှင့်ထွက်ပြေးနေပြီး နောက်မှလူများကလိုက်ဖမ်းနေကြသည်။ ဘာဖြစ်တာလဲစုံစမ်းမေးမြန်းရာ ပြီးခဲ့သည့် (၁) လခန့်မှစပြီး ရူးကြောင်ကြောင်ဖြစ်သွားသူဟုသိရသည်။ ထိုသူ၏ ဆွေမျိုးမိဘများထဲလာသောအခါ နွားကျောင်းရာမှအပြန် နေဝင်ရီးရီတွင် ရွာသချိုင်းမြေပေါ်တွင် ခလုတ်တိုက်လဲရာမှ ယခုကဲ့သို့ရူးကြောင်ကြောင်ဖြစ်သွားကြောင်း ပြောပြကြသည်။

ဦးအောင်မောင်းမှ ရေတစ်ပုလင်းမန်းပေးပြီး ထိုသူကိုရအောင်တိုက်ကျွေးပါ။ ပိုသောရေကို ဦးခေါင်းမှဖျန်း၍ လောင်းချလိုက်ပါဟု ပြောလေသည်။ ဆရာနှင့် လူနာ ကံစပ်သည်လားမသိ။ ညနေ (၄) နာရီခွဲအချိန်ခန့် ကျွန်ုပ်နှင့်ဦးအောင်မောင်းတို့ ပြန်ရန်ပြင်ဆင်ချိန်နေ့လယ်ကတွေ့ခဲ့သော ရူးကြောင်ကြောင်သူသည် သပ်သပ်ရပ်ရပ်ဝတ်စားလျက် ... သားသမီး၊ မိဘများစုံလင်စွာနှင့်လာတန်တော့လေသည်။ ကျွန်ုပ်လွန်စွာအံ့ဩလေးစားသွားပါသည်။

မြို့သို့ပြန်ရောက်သောအခါ ကျွန်ုပ်ဆောင်ယူထားလို၍ ရေသန့်တစ်ပုလင်း ... ဦးအောင်မောင်းကိုမန်းခိုင်းပါသည်။ ဦးအောင်မောင်းမှ ပြုံးကာ ရပါသည်ဟုဆိုပြီး မန်းပေးပါ။ ထိုရေပုလင်းကို ကျွန်ုပ်နေအိမ်ဘုရားခန်းထောင့်တွင် ... ဖြင့်တင်၍ ဆောင်ထားလိုက်ပါသည်။

တစ်နေ့ညနေတွင် ကျွန်ုပ်၏ မြေးတစ်ယောက်မှ ရပ်ကွက်ထဲ ဘောလုံးကန်ရာမှ ဘယ်ဘက်ခြေထောက်မှာ ထိခိုက်အကြောတင်သွားပြီး အိမ်သို့နှစ်ယောက်တွဲ၍လိုက်ပို့ပါသည်။ တစ်မိသားစုလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားကြပါသည်။ ကျွန်ုပ် ချက်ချင်းပင် ဦး အောင်မောင်း၏ ရေမန်းပုလင်းမှ ရေအကြမ်းပန်းကန်တစ်လုံးခွဲယူလိုက်ပြီး မြေး၏ခြေထောက်ကို ထိုရေမန်းနှင့် အထက်မှအောက်သို့ သပ်ချဆွတ်ဖျန်းပေးကာ 'ရောဂါပျောက် . . . . ပျောက် . . . ပျောက်' ဟု ဆို၍ ပြုလုပ်ပေးလိုက်ပါသည်။

ညစာထမင်းပွဲပြင်ဆင်စားသောက်ကြသောအခါ မြေးဖြစ်သူမှာ -

"ဘိုးဘိုး၊ သားခြေထောက်ကောင်းသွားပြီ မနာတော့ဘူး။ ဘိုးဘိုးဆေးကစွမ်းလှချေလား"

ဟု ဆိုကာ ထမင်းစားခန်းသို့ သွက်သွက်လက်လက် လမ်းလျှောက်လာပါသည်။ မည်သူမျှ ထူးစရာတွဲစရာမလိုတော့ပါ။ ကျွန်ုပ်မှာ ထပ်ဆင့်အံ့ဩခဲ့ရပါသည်။ ဦးအောင်မောင်းထံမှ ထိုရေမန်းဂါထာပညာကို ရအောင်မေး၊ ရအောင်ယူမည်ဟုလည်း ဆုံးဖြတ်မိခဲ့ပါသည်။

ပြီးခဲ့သည့်နှစ် ဝါတွင်းကာလ ဥပုသ်နေ့တွင် မြို့မကျောင်းတိုက်၌ ဦးအောင်မောင်းနှင့် ကျွန်ုပ်တို့ ဥပုသ်သီတင်းသီလစောင့်ရင်း ဆုံဖြစ်ကြလေရာ ထိုရေမန်းဂါထာကိုမေးမိ၏။ သူက စိတ်ရှည်လက်ရှည်ပြောပြပါသည်။

"ဒီလိုရှိတယ် ဆရာမြင့်ရဲ့။ လောကကြီးမှာ ဘယ်အရာမဆို ယုံကြည်မှုလိုတယ်။ ယုံကြည်မှုဟာ အလုပ်ကိုပြီးမြောက်အောင်မြင်စေတယ်ဗျ။ ယုံမှကြည်မှာပေါ့ဗျာ။ မယုံကြည်ရင် နှောင့်နေမှာပေါ့။ ကျွန်တော်တို့ရဲ့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်၊ သရဏဂုံသုံးပါးဂုဏ်တော်တွေဟာ အလွန်မှတန်ခိုးသိဒ္ဓိကြီးပါတယ်။ ဒါကို သံသယမဝင်ပါနဲ့။ အလွန်အစွမ်းထက်ပါတယ်။ ရွတ်ပွားသူ၊ ကြည်ညိုသူရဲ့ သီလ၊ သမာဓိ၊ သိက္ခာ၊ မေတ္တာ၊ စေတနာလိုက်ပြီးကွာခြားသွားတာတော့ ရှိမှာပေါ့ဗျာ။ ဒါကို စဉ်းစားချင့်ချိန်ပေါ့။ သီလမလုံဘဲ ရွတ်ရုံရွတ်နေလို့တော့ မရဘူး။ အခု ဒီရေမန်းဂါထာကျင့်စဉ်ကို ကျွန်တော် (၅) နှစ်ဆက်တိုက် အဓိဋ္ဌာန်ဝင် ကျင့်ကြံကြိုးကုတ်ခဲ့ပြီးမှ သတ္တဝါဝေနေယျကိုကယ်မယ်၊ ကူညီမယ်လို့ ဆုံးဖြတ်ခဲ့တာပါ။ မြနိုင်တဲ့ သစ္စာစကားကိုဆိုပြီးမှ ကူညီခဲ့တာပါ။ ပါဏုပေတံ ရာသက်ပန် ဆင်သား၊ မြင်းသား၊ ကျွဲသား၊ နွားသားမစားပါဘုရားလို့ ဘုရားရှေ့မှာ သစ္စာပြုပြီးတော့ ကူညီတာပါ။ ကျွန်တော်ဟာ ငယ်ငယ်တုန်းက နွားသား (အမဲသား) ဟင်းဆို ရင်ခေါင်းက ဦးချိုပေါက်မတတ် စားခဲ့၊ ကြိုက်ခဲ့တာပါ။ အသက် (၃၀) ကစပြီး အဓိဋ္ဌာန်ပြုသစ္စာဆိုရှောင်ခဲ့တာ အခု အသက် (၅၃) နှစ်ရှိပါပြီ ဆရာမြင့်။

ကဲ- ဆရာမြင့်သိချင်တဲ့ ဒီဂါထာကိုပဲ ပြောပြပါတော့မယ်။ ဂါထာက ဒီလိုပါ။

□ ကွတ်ပိသော ဘဂဝါ အရဟံ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အကာလိကော၊
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သုပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော၊
သံဃံ သရဏံ ဂစ္ဆာမိ။ ။

ဂါထာတစ်ပုဒ်လုံးဆုံးမှ ပုတီးလုံးချပြီး (၁၀၈) လုံး ပုတီးကုံးကို နေ့စဉ် (၂၇) ပတ်စိပ်ပွားခဲ့တယ်။ (၅) နှစ်တိတိ အဓိဋ္ဌာန် ကျင့်ကြံ အားထုတ်ခဲ့ပါတယ်။ ရေကိုဖြစ်စေ၊ ဆီကိုဖြစ်စေ၊ ဆေးဖြစ်စေဆိုပြီးမန်းပါ။ မှုတ်ပါ။ လိမ်းလိုရင် လိမ်းဆေး၊ သောက်လိုလျှင် သောက်ဆေးပေါ့။ အခကြေးငွေတောင်းပြီး ဆေးမကုရ ဆေးမရောင်းရဘူး။ နေအိမ်၊ ဝိုင်းမြေ၊ ရပ်ကွက်၊ မြို့ရွာတွေမှာ ဒီဂါထာရွတ်ပွားရင် အနှောင့်အယှက်၊ အမှောင့်ပယောဂ ရောဂါ၊ လက်နက်ဘေးတွေ ကင်းရှင်းစေတယ်။ မကျမရောက်ဘူး။ အစဉ်ကြည်လင်အေးချမ်းမှုကို ရစေပါတယ်ဗျာ။

ရေကို၊ ဆီကို လိုအပ်လို့ မန်းချင်ရင် (၂၇) ခေါက်မန်းပြီး အသုံးပြုနိုင်ပါတယ်။ နေအိမ်မှာ အနှောင့်အယှက်၊ အဖျက်အဆီးဝင်နေတယ်ထင်ရင် အိမ်ကိုပတ်ပြီး (၂၇) ခေါက် ရွတ်ပွားပေးနိုင်တယ်။ အလားတူ နေအိမ်ဝိုင်း၊ ရပ်ကွက်၊ မြို့ရွာများမှာ ရွတ်ပွားပြီး အန္တရာယ်ကင်းဘေးရှင်းစေပါတယ်ဗျာ"

လုပ်ဖော်ကိုင်ဖက် ဓမ္မမိတ်ဆွေကြီး ဦးအောင်မောင်းထံမှ ရရှိခဲ့သော ပညာ၊ ဗဟုသုတ ပုတီးစိပ်ကုတာကို ဝါသနာထုံသူချင်း သိရှိပွားများ ကျင့်ကြံအားထုတ်လိုက ကျင့်ကြံအားထုတ်နိုင်ရန် တင်ပြ ရေးသားအပ်ပါသည်။

လူစွမ်းမြင့်(နတ်မောက်)

# လှမြင့် (ရန်ကုန်ဝိဇ္ဇာတက္ကသိုလ်)

## ဗိမ္ဗိသာရမင်းကြီး၏ ဝေဠုဝန်ဥယျာဉ်သီချင်းဂါထာ

သာဂလမည်သောပြည်၌ မဒ္ဒရာဇ်မင်းသမီးကို ခေမာမိဖုရားဟု ခေါ်ဆိုသည်။ မဒ္ဒရာဇ်မင်းသမီးကိုမွေးဖွားသောအခါတွင် စိုးရိမ်ကြောင့်ကြ ဥပဒ္ဒဝေါမရှိဘေးမဲ့ငြိမ်းချမ်းစွာ နိုင်ငံအဝှန်းရှိသောကြောင့် ခေမာဟု ခေါ်တွင်ခဲ့သည်။ ခေမာမင်းသမီး၏ အလှအပသည် ရွှေစင်အရောင်အဝါကဲ့သို့ တင့်တယ်သည်။ အရွယ်ရောက်လျှင် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားကြီးအဖြစ် ခေမာမိဖုရားဟု ထင်ရှားသည်။

ရာဇဂြိုဟ်ပြည်တောင်ဘက်အရပ်သုံးဂါဝုတ်အကွာအဝေးတွင် မြတ်စွာဘုရားရှင်၏ ဝေဠုဝန်ကျောင်းတော်တည်ရှိ၏။ ခေမာမိဖုရားသည် မိမိ၏ရုပ်အဆင်းလှပမှုကို အလွန်မြတ်နိုးတွယ်တာသောကြောင့် အဆင်းတင့်တယ်သူကို ချီးမွမ်းတော်မမူ၊ ရုပ်အဆင်းကိုတပ်မက်ခြင်းဖြင့် ပစ္စုပ္ပန်၊ သံသရာအဖြစ်ဖြစ်သည်ကိုသာ တရားဟောကြားတော်မူသော မြတ်စွာဘုရားရှင်အားမဖူးမမြင်ဝံ့ဖြစ်ခဲ့သည်။

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးက ဘုရားဒါယကာငါဖြစ်ပါလျက် ငါ၏မိဖုရားဖြစ်သော ခေမာမိဖုရားကြီးသည် ဘုရားသခင်ထံမဆည်းကပ်ဘဲနေသည်မှာ မတင့်တယ်ဟူ၍ အကြံအစည်ဖြစ်ပေါ် လျက် ဝေဠုဝန်ကျောင်းတော်ရှိ ဝေဠုဝန်ဥယျာဉ်တော်ကြီး၏ သာယာပျော်မွေ့ဖွယ်ကောင်းပုံကို ဖော်ကျူးသီကုံးထားသော ဝေဠုဝန်ဥယျာဉ်ဘွဲ့သီချင်းဂါထာတော်လေးပုဒ်ကို ရေးဖွဲ့လေ၏။

### ဝေဠုဝန်ဥယျာဉ်ဘွဲ့သီချင်း ဂါထာတော်လေးပုဒ်

၁။ ရမ္မံ ဝေဠုဝနံယေန၊ န ဒိဋ္ဌံ သုဂတာလယံ။
နဆောန နန္ဒနံ ဒိဋ္ဌံ၊ ဣတိ မညာမဟေ မယံ။

**ဟေ** - အိုး လူများတို့၊ **ယေန** - အကြင်သူသည်၊ **ရမ္မံ** - မွေ့လျော်ဖွယ်ရှိသော၊ **သုဂတာလယံ** - ဘုရားသခင်၏ကျောင်းတော်အရပ်၌ဖြစ်ထသော၊ **ဝေဠုဝနံ** - ဝေဠုဝန်မည်သော ဥယျာဉ်သာကို၊ **နဒိဋ္ဌံ** - မမြင်ပါရသေးအံ့၊ **တေန** - ထိုမမြင်ပါရသေးသောသူကား၊ **နန္ဒနံ** - လူနတ်တို့၏မွေ့လျော်ရာအရပ်ကို၊ **နဒိဋ္ဌံ** - မြင်ဖူးသည်မဟုတ်သတည်း၊ **ဣတိ** - ဤသို့၊ **မယံ** - ငါတို့သည်၊ **မညာမ** - အောက်မေ့ကုန်အံ့သတည်း။

၂။ ယေန ဝေဠုဝနံ ဒိဋ္ဌံ၊ နရ နန္ဒန နန္ဒနံ။
သုဒိဋ္ဌံ နန္ဒနံ တေန၊ အမရိန္ဒသုနန္ဒနံ။

**ယေန** - အကြင်သူသည်၊ **နရနန္ဒန နန္ဒနံ** - လူ့နတ်တို့သည် နှစ်လိုဖွယ်သောဘုရားရှင်၏ မွေ့လျော်ရာဖြစ်ထသော၊ **ဝေဠုဝနံ** - ဝေဠုဝန်မည်သောဥယျာဉ်သာကို၊ **ဒိဋ္ဌံ** - မြင်ရပါသည်ဖြစ်အံ့၊ **တေန** - ထိုသို့မြင်ရပါသောသူသည်ကား၊ **အမရိန္ဒသုနန္ဒနံ** - သိကြားနတ်မင်းမွေ့လျော်ရာဖြစ်ထသော၊ **နန္ဒနံ** - နန္ဒာမည်သောဥယျာဉ်သာကို၊ **သုဒိဋ္ဌံ** - အချင်းခပ်သိမ်းဖြင့်မြင်ရလေသည်မည်၏။ **ဣတိ** - ဤသို့၊ **မယံ** - ငါတို့သည်၊ **မညာမ** - အောက်မေ့ကုန်သတည်း။



၃။ ဝိဟာယနန္ဒံရ ဒေဝါ၊ ဩရောဟိတွာ၊
မဟီတလံ။
ရမ္မံ ဝေဠုဝနံဒိသွာ၊ နတပ္ပန္တိ သုဝိမှိတာ။

**ဒေဝါ** - နတ်တို့သော်လည်း၊ **နန္ဒနံ** - နန္ဒာနတ်ဥယျာဉ်ကို၊ **ဝိဟာယ** - စွန့်ခဲ့၍၊ **မဟီတလံ** - လူ့ရပ်အောက်မြေပြင်သို့၊ **ဩရောဟိတွာ** - သက်လာကြ၍၊ **ရမ္မံ** - မွေ့လျော်အပ်သော၊ **ဝေဠုဝနံ** - ဝေဠုဝန်ဥယျာဉ်ကို၊ **ဒိသွာ** - ကြည့်ရှုကြ၍၊ **သုဝိမှိတာ** - အလွန်အံ့ဖွယ်ဖြစ်ကုန်လျက်လျှင်၊ **နတပ္ပန္တိ** - မြင်ခြင်းမရောင့်ရဲကုန်သတည်း။

၄။ ဧဝံ ပုညေန နိဗ္ဗတ္တံ၊ ဗုဒ္ဓ ပုညေန
ဘူသိတံ။
ကော ဝတ္တာ တဿ နိဿေသံ၊
ဝနဿ ဂုဏသဉ္စယံ။

**ဧဝံ** - ဤသို့ ချီးမွမ်းသောစကားဖြင့်၊ **ပုညေနနိဗ္ဗတ္တံ** - ပြည်ကြီးသနင်းမင်းတို့၏ဘုန်းတော်ကြောင့်ဖြစ်ထသော၊ **ဗုဒ္ဓပုညေနဘူသိတံ** - ဘုရားမြတ်စွာ၏ ဘုန်းတန်ခိုးတော်ဖြင့်လည်း တန်ဆာဆင်ထသော၊ **တဿ ဝနဿ ဂုဏသဉ္စယံ** - ထိုသို့သော ဝေဠုဝန်ဥယျာဉ်၏ ကျေးဇူးများအပေါင်း ချီးမွမ်းခြင်းကို၊ **နိဿေသံ** - အကြွင်းအကျန်မဲ့လျှင်၊ **ကော** - အဘယ်မည်သောပညာရှိသည်၊ **ဝတ္တာ** - ဆိုတတ်နိုင်စွမ်းအံ့နည်း။

ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန်ဥယျာဉ်တော်သီချင်းလေးဂါထာကိုဖွဲ့သီ၍ ခေမာမိဖုရားကြီး ကြားသိစေသော အရပ်တွင် သီဆိုစေခဲ့၏။ ခေမာမိဖုရားကြီးလည်း ထိုသီချင်းဂါထာလေးပုဒ်ကို ကြားရလျှင် ဝေဠုဝန်ဥယျာဉ်တော်ကြီးကို တွေ့မြင်လိုသောစိတ်ဆန္ဒပေါ်ပေါက်၍ ဗိမ္ဗိသာရမင်းကြီးအား သွားရောက်နိုင်ပါရန် ပန်ကြားသည်။

ဗိမ္ဗိသာရမင်းကြီးက -

"မိဖုရားကြီး သွားရောက် ရှုစားသော် ဝေဠုဝန်ဥယျာဉ်တော်ကြီးသည် မျက်စိအရသာကို ဆောင်တတ်သည်။ သစ်သီးပန်းမန်အရောင်အဝါတို့ဖြင့် အခါခပ်သိမ်း ဥယျာဉ်၏ တောက်ပမှုများကို တွေ့မြင်ရမည်။ ဝေဠုဝန်ဥယျာဉ်တော်၏ ကျောင်းတော်ကြီးတွင် သီတင်းသုံးနေတော်မူသောဘုရားရှင်၏ဘုန်းတန်ခိုးတော် အရောင်အဝါများကိုလည်းဖူးမြင်ရမည်။ ဘုရားရှင်ကိုဖူးမြင်လေ။ မဖူးမြင်ဘဲကား မပြန်အပ်"

ဟု မိန့်ကြားသည်။

ခေမာမိဖုရားသည် မင်းကြီး၏ 'ဘုရားရှင်ကိုဖူးမြင်လေ၊ မဖူးမြင်ဘဲကား မပြန်အပ်' ဟူသောစကားကို အာမဝဏ္ဏ မခံဘဲ ဝေဠုဝန်ဥယျာဉ်တော်သို့သွားခဲ့သည်။

ထိုသို့ ခေမာမိဖုရားကြီး၏ ဝေဠုဝန်ဥယျာဉ်တော်သို့သွားရောက်ချိန်သည် ဘုရားရှင် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွချိန်မဟုတ်သောကြောင့် ဗိမ္ဗိသာရမင်းကြီးက မိဖုရားကြီး၏ မင်းချင်းနှင့် မောင်းမမိဿံတို့အား ဥယျာဉ်တော်ကို သာကြည့်၍ မိဖုရားကြီးအား မပြန်လေစေနှင့်၊ မင်းအာဏာစက်ဟု အလိုမရှိသော်လည်း မိဖုရားကြီးကို ဥယျာဉ်တော်သို့ကြည့်ရှုပြီးလျှင် ဘုရားရှင်ထံသို့ဖူးမြင်လေစေကုန်ဦးဟု မှာကြားခဲ့၏။ မင်းချင်းတို့လည်း မင်းကြီးမှာကြားလိုက်သည့်အတိုင်း မိဖုရားကြီးကို ဘုရားရှင်ထံသို့ ရောက်အောင် ဆောင်ကြလေကုန်၏။

ခေမာမိဖုရားကြီးသည် ဘုရားရှင်သည် ကျောင်းတော်၌မရှိဟု အမှတ်ထင်ကာ ဂန္ဓကုဋိကျောင်းဦးသို့ဝင်သည်။ ဘုရားရှင်လည်း ခေမာမိဖုရားကြီးလာသည်ကိုမြင်လျှင် အပါးတော်ဝယ် နတ်သမီးတစ်ယောက်နေသကဲ့သို့ဖန်ဆင်း၍ ယပ်တော်ခပ်လျက်နေစေ၏။ ခေမာမိဖုရားကြီးလည်း ယပ်တော်ခပ်သောနတ်သမီး၏ အလှအပ၊ အဆင်းအဝါကို အံ့ဩချီးမွမ်းသည်။ ထိုသို့ အံ့ဩချီးမွမ်းနေဆဲတွင်ပင် ဘုရားရှင်သည် အဓိဋ္ဌာန်တန်ခိုးဖြင့် ထိုယပ်တော်ခပ်သောအမျိုးသမီး၏ ငယ်သောအရွယ်ကို လူလတ်အရွယ်၊ ထိုမှတစ်ဆင့် သူအိုအရွယ်ဖြစ်စေလျက် အရေပိန်တွန့်၊ သွားပါးအကျိုးကျိုးဖြစ်လျက် ဦးဆံဖွေးဖွေးဖြူသောဇရာအသွင်ပြတော်မူ၏။ ထိုမှတစ်ဆင့် ကိုယ်ခန္ဓာတုန်တုန်လှုပ်လှုပ်ဖြင့် တိမ်းယိမ်းလဲလျောင်းဖြစ်နေရှာသော ဗျာဓိနှင့်မရဏကူးပြောင်းနေသည့်အသွင်ပြင်များကိုပြတော်မူသည်။

ခေမာမိဖုရားကြီး၏ လှပသော အဆင်းအရောင်တို့ကို အံ့ဩနှစ်သက်ဖြစ်မှုအလှမာနသည် ရှေးကဆုတောင်းဖူးသောကုသိုလ်နှင့်ပြည့်စုံသောကြောင့် ထိတ်လန့်ခြင်းသံဝေဂချက်ချင်းဖြစ်တော်မူ၏။ ဤသို့သော ဖောက်ပြန်သော ကိုယ်ခန္ဓာနှင့် ငါ၏ကိုယ်ခန္ဓာသည်ကား အတူတူပါတကား။ ငါ၏ကိုယ်ခန္ဓာသည်လည်း ဤကဲ့သို့ဖြစ်လတ္တံ့ဟု သံဝေဂရခဲ့သည်။

မြတ်စွာဘုရားရှင်သည် ခေမာမိဖုရားကြီး၏သံဝေဂရသည့်အကြံကိုသိတော်မူ၍ -

ယထာ ဣဒံ တထာ ဧတံ၊ ယထာ
ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါစ၊ ကာယေ ဆန္ဒံ
ဝိရာဇယ။

**ခေမေ** - ခေမာမိဖုရား၊ **ဣဒံ ယထာ** - ဤမိမိကိုယ်ကဲ့သို့ကား၊ **တထာ ဧတံ** - ထိုသို့သောသူ၏ကိုယ်တည်း၊ **ဧတံ ယထာ** - ထိုသို့သောသူ၏ကိုယ်ကဲ့သို့ကား၊ **တထာ ဣဒံ** - ဤမိမိကိုယ်တည်း၊ **အဇ္ဈတ္တဉ္စကာယေ** - မိမိကိုယ်၌လည်းကောင်း၊ **ဗဟိဒ္ဓါစကာယေ** - တစ်ပါးသောသူ၏ကိုယ်၌လည်းကောင်း၊ **ဆန္ဒံ** - အလိုရမ္မက်တပ်ခြင်းကို၊ **ဝိရာဇယ** - ကွာကွင်းစေလော့ ဟူ၍ ဟောကြားတော်မူ၏။

ခေမာမိဖုရားကြီးသည် ထိုသို့ ဘုရားသခင်ဟောတော်မူသော ဂါထာအဆုံး၌ပင်လျှင် အလှမာန်မာနတက်ကြွနေမှုများမှ မဂ်လေးတန်ဖြင့်ကျွတ်၍ ပဋိသမ္ဘိဒါတရားလေးပါးနှင့်တကွ ရဟန္တာမအဖြစ်သို့ ရောက်ရှိခဲ့၏။ ထိုသို့ ရဟန္တာမဖြစ်ပြီးခဏ ထိုနေရာ၌နေစဉ်ပင်လျှင် မြတ်စွာဘုရားရှင်အား မိမိ၏ အမှတ်ချွတ်ယွင်းခဲ့မိသောအဖြစ်ကို ဤကဲ့သို့ လျှောက်ကြားကန်တော့သည်။

နမောတေ သဗ္ဗဒဿာဝီ၊ နမော
တေ ကရုဏာသယ၊
နမောတေ တိဏ္ဏသံသာရ၊ နမော
တေ အမတံဒဒ။

**သဗ္ဗဒဿာဝီ**-ခပ်သိမ်းသောတရားကိုဖြစ်နိုင်သော မြတ်စွာဘုရား၊ **တေ** - အရှင်ဘုရားအား၊ **နမော** - အကျွန်ုပ်ရှိခိုး၏၊ **ကရုဏာသယ** - ခပ်သိမ်းသောသူတို့ကိုသနားတတ်သောမြတ်စွာဘုရား၊ **တေ** - အရှင်ဘုရားအား၊ **နမော** - အကျွန်ုပ်ရှိခိုး၏။ **တိဏ္ဏသံသာရ** - အဖြစ်သံသရာကိုလွန်နိုင်သောမြတ်စွာဘုရား၊ **တေ** - အရှင်ဘုရားအား၊ **နမော** - အကျွန်ုပ်ရှိခိုး၏။ **အမတံဒဒ** - အမြိုက်နိဗ္ဗာန်ဆေးကိုပေးတတ်သောမြတ်စွာဘုရား၊ **တေ** - အရှင်ဘုရားအား၊ **နမော** - အကျွန်ုပ်ရှိခိုး၏။

မဟာ ဟိတံပဒဝီရံ၊ အဟိတောတိ
ဝိသင်္ကိတာ၊
နောပေသိ ရူပနိရတာ၊ ဒေသေသာ
မိတမစ္စယံ။

**ဘန္တေ** - အရှင်ဘုရား၊ **မဟာဟိတပဒံ** - အကျွန်ုပ်တရားရသည့်တိုင်အောင် များသော အစီးအပွားကိုပေးတော်မူတတ်လျက်၊ **အဟိတောတိ** - အကျိုးမရှိဟု၊ **ဝိသင်္ကိတာ** - ယုံမှားသောအကျွန်ုပ်

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# လာဘ်ခေါ်မန္တန်ကြီး



- ဝိတဒုက္ခာ သောကရောဂါ၊ အဘယဒိ တုပ္ပဒ္ဒဝါ၊ သကုဏာ သုသု ဝိနာစ၊ ခိလဇနပိယနန္တော၊ အာယု ဒီဃံ သတံ သုခံ၊ သဗ္ဗတ္ထဉ္စ ဝရာဝရံ၊ သဗ္ဗသတ္တရူ ဝိနာသနံ၊ သဗ္ဗဘယံ ဝိသဿန္တု။ ။

(လိုအပ်သောဆန္ဒကို ပြည့်စုံစေတတ်သောလာဘ်ခေါ် မန္တန်ကြီး ဖြစ်၏။)

## သရဏဂုံသုံးပါးနှင့် သစ္စာအဓိဋ္ဌာန်ပြုနည်း

### ၁။ ဗုဒ္ဓံသရဏဂုံနှင့်သစ္စာအဓိဋ္ဌာန်ပြုနည်း

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** - မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ။ (၃) ကြိမ်ရွတ်။

ဤသို့ (၃) ကြိမ်ရွတ်၍ သရဏဂုံဆောက်တည်ပြီးလျှင် ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော် (၉) ပါးကို (၃) ကြိမ်ရွတ်ဆိုရပါမည်။

- ဣတိပိသော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။ ။

ထို့နောက် အောက်ပါအတိုင်း သစ္စာအဓိဋ္ဌာန်ပြုရမည်။

- နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ၊ ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။ ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ ဘောဂဝဍ္ဎနံ၊ ဟောတု မေ သိရီဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ အာရောဂျဖလံ။ ။

### ၂။ ဓမ္မံသရဏံနှင့်သစ္စာအဓိဋ္ဌာန်ပြုနည်း

**ဓမ္မံ သရဏံ ဂစ္ဆာမိ** - တရားတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

(၃) ကြိမ်ရွတ်ဆို၍ သရဏဂုံဆောက်တည်ပြီးလျှင် တရားဂုဏ်တော်ခြောက်ပါးကို (၃) ကြိမ် ရွတ်ဆိုရမည်။

- သွာက္ခာတော ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။ ။

တရားဂုဏ်တော်ရွတ်ဆို၍ပြီးပါက အောက်ပါအတိုင်း သစ္စာအဓိဋ္ဌာန်ပြုရမည်။

- နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ၊ ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။ ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ ဘောဂဝဍ္ဎနံ၊ ဟောတု မေ သိရီဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ အာရောဂျဖလံ။ ။

### ၃။ သံဃံသရဏဂုံနှင့်သစ္စာအဓိဋ္ဌာန်ပြုနည်း

**သံဃံ သရဏံ ဂစ္ဆာမိ** - သံဃာတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏။

(၃)ကြိမ်ရွတ်ဆိုသရဏဂုံဆောက်တည်ပြီးလျှင် သံဃာ့ဂုဏ်တော် (၉) ပါးကို ရွတ်ဆိုပါ။ (၃) ကြိမ် ရွတ်ဆိုရပါမည်။

- သုပဋိပန္နော ဘဂဝတော၊ သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌပုရိသပုဂ္ဂလာ ဧသဘဂဝတော သာဝကသံဃော၊ အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။ ။

ဟူ၍ (၃) ကြိမ် ရွတ်ဆိုပူဇော်ပါ။

သံဃာ့ဂုဏ်တော်ရွတ်ဆို၍ ပြီးပါက အောက်ပါအတိုင်း သစ္စာအဓိဋ္ဌာန်ပြုရမည်။

- နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ၊ ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။ ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ ဘောဂဝဍ္ဎနံ၊ ဟောတု မေ သိရီဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ၊ ဟောတု မေ အာရောဂျဖလံ။ ။

ခုနစ်နေ့သားသမီးများအားလုံး သရဏဂုံသုံးပါးနှင့်တကွ ရတနာမြတ်သုံးပါးဖြစ်သော ဘုရားဂုဏ်တော်(၉)ပါး၊ တရားဂုဏ်တော် (၆) ပါးနှင့် သံဃာ့ဂုဏ်တော်(၉)ပါးတို့ကို ပူဇော်ကန်တော့ခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုခြင်းတို့ကြောင့် မိမိတို့လိုအပ်သော သမ္မာဆန္ဒလာဘ်လာဘများပြည့်စုံကြပါစေ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

---

သည်၊ **ရူပနိရတာ** - ကိုယ်၏အဆင်း၌ မွေ့လျော်ပျော်မိလျက်၊ **ဝီရံ** - ရှင်ချစ်ဘုရားထံသို့၊ **နောပေသိ** - အကျွန်ုပ်မဆည်းကပ်မိလေသတည်း။ **တံ- အစွယံ-** ထိုသို့ မေ့ကျန်မိသောအဖြစ်ကိုလျှင်၊ **ဒေသေဿာမိ-** အကျွန်ုပ်ကန်တော့ဖြေပါလျှင်းသတည်း။

ဗိမ္ဗိသာရမင်းကြီး၏ ဝေဠုဝန်ဥယျာဉ်သီချင်းဂါထာတော်လေးပုဒ်ကို အကြောင်းရင်းခံပြု၍ အလှမာန်မာနတက်ကြွခဲ့သော ခေမာမိဖုရားကြီးသည် ဝေဠုဝန်ဥယျာဉ်တော်မှတစ်ဆင့် မြတ်စွာဘုရားရှင်ထံ ရောက်ရှိခဲ့သည်။ မြတ်စွာဘုရားရှင်၏ နုပျိုရာမှ အိုမင်းရင့်ရော်သွားသောအလှ၏မတည်မြဲသည့်အနိစ္စတရားသဘောကို ကိုယ်တွေ့မျက်မြင် တွေ့ကြုံဆင်ခြင်မိခဲ့၏။

မြတ်စွာဘုရားရှင်၏ -

ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါစ၊ ကာယေ ဆန္ဒံ ဝိရာဇယေ။

ဟူသော ဂါထာတော်မြတ်ကို ကြားနာရသည့်အခါတွင် အကျွတ်တရားရခဲ့သည်။ 'ဓမ္မရံသီ' ဟူသော တရားအလင်းရောင်ကို ရရှိခဲ့သည်၊ ထို့ကြောင့် ယထာ ဣဒံ တထာ ဧတံ အစရှိသော ပါဠိဂါထာတော်မြတ်ကို ဓမ္မရံသီဂါထာတော်မြတ်ဟူ၍ ဝိသေသပြုခဲ့ကြ၏။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

ပါရာယနဝတ္ထု
(ရှင်မဟာသီလဝံသ)



(ရေနံချောင်း)
# ရှင်ဘာညို
## ပေးတဲ့လက်က ကုသိုလ်ပါ

မိခင်တစ်ယောက်၏ ချစ်ခြင်း မေတ္တာသည် သားသမီးတို့အပေါ်၌ အတိုင်းအဆမသိ၊ အတိုင်းအဆမရှိ ကြီးမားလှပါ၏။ အမေတစ်ယောက်၏ သား အမေတစ်ယောက်၏ အလှတရား ။ ထိုအမေ၏နှလုံးသားထဲမှ တစိမ့်စိမ့် ထွက်ပေါ်နေပါ၏။ အမေတိုင်းအမေ တိုင်း ထိုအလှတရားမျိုးရှိပါရဲ့လား။

အမေ ဆိုသောဘဝလေးတစ်ခု ဘယ်လိုစခဲ့ရသလဲ။ ရင်နှစ်သည်းချာ သားသမီးရတနာကို သန္ဓေသားအဖြစ် ဝမ်းကြာတိုက်မှာ လွယ်ထားချိန်ကစခဲ့ သည်။ ထိုအချိန်ထိုကာလမှစ၍ ကြိုက် သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဖန်၊ ချဉ်၊ ငံ၊ ခါးအစာများနှင့် အနေအထိုင် အသွားအလာများကို ရှောင်ကြဉ်ခဲ့ကြ သည်။

မိမိလွယ်ထားသော သန္ဓေသား ကလေး ပျက်စီးမသွားစေရန်နှင့် ခြေ၊ လက်အင်္ဂါ ချို့ယွင်းမှုမရှိစေဘဲ ဖြူဖြူ စင်စင် သန့်သန့်ရှင်းရှင်း လှလှပပမွေးဖွား လာစေရန် မိခင်ဖြစ်သူတို့၏ ရင်ထဲက စေတနာ၊ မေတ္တာတွေကတော့ အပြည့် အလျှံပင်။

ဒါကြောင့် မိဘတွေဟာ မိမိတို့ရဲ့ သားသမီးတွေကို ဆင်းရဲဒုက္ခမှ ကင်းဝေး စေဖို့ အရွယ်ရောက်လာသည်အထိ ပညာအမွေကိုပေးတတ်ကြပါသည်။

ဒါပေမယ့် ဘဝအာမခံချက် အတွက် ပညာတတ်ဖြစ်ဖို့ ကောလိပ် တွေ၊ တက္ကသိုလ်တွေမှာ ရောက်လာကြ တဲ့ သားသမီးတွေဟာ ကောလိပ် ကျောင်း၊ တက္ကသိုလ်ကျောင်းတွေရဲ့ ရိုးအီမသွားဘဲ အမြဲတမ်းဆန်းသစ်နေ တဲ့ ချစ်သူနယ်မြေတွေမှာ ဖြတ်သန်းသွား လာရင်း စိတ်မခိုင်ယိမ်းယိုင်လို့ ပြုတ်ကျ

ကျန်ရစ်ခဲ့သူတွေလည်းရှိသည်။ ရင်ဆိုင်ကျော်လွှားနိုင်ကြသူတွေလည်း ရှိကြပါသည်။ တချို့ကတော့ ရင်ဆိုင်ကျော်လွှားရင်း ခလုတ်တိုက်လဲပြိုကျသွားရတာတွေလည်းရှိပြန်ပါသည်။

အဲဒီလို ခလုတ်တိုက်လဲပြိုသွားရတဲ့ အဖြစ်အပျက်လေးတစ်ခုကတော့ အညာဒေသရဲ့ ကောလိပ်ကျောင်းတော်ကြီးတစ်ခုမှာပေါ့။ ထိုကောလိပ်ကျောင်းနှင့် မလှမ်းမကမ်းတွင်ရှိ တောတောင်ချောက်ကမ်းပါး၊ ချုံပုတ်များဝန်းရံလျက် ဧရာဝတီမြစ်အတွင်းစီးဆင်းမည့်ချောင်းကလေး၏ ဘေးကွင်းပြင်ကျယ်လေးတစ်ခု။ ထိုကွင်းပြင်၏အလယ်မှာ အရိပ်ကောင်းသည့် ညောင်ပင်အိုကြီးတစ်ပင်နှင့် ခပ်ခွာခွာရှိ ထနောင်းပင်အိုကြီးတို့မှာ ချစ်သူစုံတွဲများတွေ့ဆုံရန် အရိပ်ကောင်းသောနေရာများ ဖြစ်သည်။ ကွင်းပြင်အစပ်နှင့် ချောင်းလေးတို့၏ကြားတွင် လူသွားလမ်းကလေးရှိသည်။ ထိုလမ်းကလေးသည် အနီးအနားရှိ ရွာလေးတွေမှ ဈေးရောင်းဈေးဝယ်သူတွေ နံနက်စောစော (၄) နာရီလောက်မှစ၍ သွားကြလာကြသော လမ်းကလေးဖြစ်သည်။ နေ့မွန်းလွဲချိန်မှစ၍ ညမိုးချုပ်သည်အထိ လူသွားလူလာပြတ်သွားသောကြောင့် ထိုအချိန်သည် ကောလိပ်မှ ချစ်သူစုံတွဲများ လာရောက်တွေ့ဆုံရန်ကောင်းသောအချိန် ဖြစ်သည်။

တစ်နေ့မှာတော့ မြို့၏အနီးအနားရှိ ရွာလေးတွေမှ ကုန်စိမ်းသည်တွေဟာ မိမိတို့စိုက်ပျိုးထားသော ကုန်စိမ်းတွေကို မြို့ဈေးမှ ကုန်စိမ်းဒိုင်သို့ နံနက်စောစော (၄) နာရီလောက်အရောက်သွားသွင်းကြရပါသည်။ ပြီးလျှင် မီးဖိုချောင်သုံးဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ကြက်သွန်ဖြူ စတာတွေကို ဝယ်ခြမ်းပြီး (၇) နာရီ (၈) နာရီလောက်မှာ ရွာကို ပြန်လာလေ့ရှိကြပါသည်။

ထိုအလေ့အထကို သိရှိနေသည့် တစ်ယောက်ယောက်က ကုန်စိမ်းရောင်းသည့် ရွာသူရွာသားတွေရဲ့အပြန်လမ်းမှာ တွေ့စေချင်တဲ့စိတ်ကူးနှင့် မွေးကင်းစ အရွယ်ကလေးငယ်လေးကို အနီးထုပ်လေးနှင့်ပတ်ကာ ကောလိပ်ကျောင်းက ချစ်သူစုံတွဲတွေချိန်းတွေ့နေကျဖြစ်သည့်နေရာ ကွင်းပြင်လေးအစပ် ချုံပုတ်ငယ်လေးတွေဘေးမှာ ချထားပစ်ခဲ့ပါသည်။ ကုန်စိမ်းရောင်းတဲ့သူတွေ ကုန်စိမ်းရောင်းပြီးပြန်အလာ အဲဒီနားရောက်တော့ မကြည့်ရက်မမြင်ရက်စရာ ခွေးစားတာ



ခံနေရသည့် ကလေးငယ်၏ အလောင်း။

ခွေးကိုခြောက်လှန့်ပြီး အနားသွားကြည့်တော့ ခြေပြတ်လက်ပြတ်လေးတွေရဲ့ဘေးမှာ သွေးစတွေပေနေတဲ့ စာရွက်ခေါက်ကလေး။ 'ဒီကလေးကို တွေ့တဲ့သူ ကလေးကို အသက်ရှင်အောင် မွေးထားပေးပါရှင်။ လူပုံအလယ်မှာ မိဘတွေရဲ့ အရှက်သိက္ခာငဲ့ကွက်ပြီး မိဘတွေကြားထဲမွေးရမှာ ဘယ်လိုမှမတတ်နိုင်လို့ပါ။ နောက် (၃) နှစ်ကြာတဲ့အခါ ဒီကလေးကို မွေးထားတဲ့အတွက် အထူးကျေးဇူးဆပ်ပါမယ်လို့ ကတိပြုပါတယ်။ ဒီကလေးကို မွေးထားသူမှန်းသိအောင် ကလေးနာမည်ကို 'ကံကောင်း' လို့ အမည်ပေးထားပါရှင်' တဲ့။

စာကိုဖတ်ပြီးသည်နှင့် သူတို့ရဲ့ ဂုဏ်သိက္ခာနှင့် အရှက်က ကလေးအသက်ထက် တန်ဖိုးကြီးလှချေလား၊ ဖြစ်မှဖြစ်ရပါလေ။ လောကကြီးမှာ ဒီလိုလူတန်းစားတွေ ရှိနေသေးပါကလား။ သေသွားတဲ့ကလေးအပေါ်မှာ သနားစိတ်ဝင်ကာ လူကြီးတွေ၏ရက်စက်ယုတ်မာပုံတွေကို ကုန်စိမ်းသည်တွေထံကနေ တစ်ဆင့် ရွာထဲရပ်ထဲသတင်းပြန့်သွားပါတော့သည်။

သမီးတစ်ကောင် နွားတစ်ထောင် အထိန်းရ အကျောင်းရခက်တယ် ဆိုတဲ့ အတိုင်း လူမသိသူမသိ အပူမိတဲ့ဇာတ်လမ်းတွေက ဒီလောကထဲရှိနေပါသေးလား။ ဩော် - လောကတံထွာ လူတို့ရွာမယ် အသက်တစ်ရာ မနေရပေမယ့် အမှုတစ်ရာကတော့ ပွေပွနေပါ့လား။ လူဖြစ်လာရပေမယ့်လည်း အသိဉာဏ်ကင်းမဲ့ပြီး ဆင်ခြင်တုံတရားတွေခေါင်းပါးနေတဲ့ လူ့ရပ်ဝန်းဒေသကြီး ကျယ်ပြန့်ကြီးထွားလာမှာတော့ စိုးရိမ်မိပါသည်။ အခုတော့ မိဘတွေထားတဲ့ ပညာရင်ခွင်မှာ မိုးမမြင်လေမမြင် ချစ်ပွဲတွေဝင်ပြီး ပါဏာတိပါတကံကို ကျူးလွန်ရမှာ မကြောက်တဲ့ သားသတ်တဲ့မိဘတွေ အဖြစ် ဤကမ္ဘာမြေမှာရှိနေတာတော့ ဘဝင်မအေး ရင်ယေးလှပါ၏။

မြင့်မားခေါင်ခေါင် တောင်ထိပ်ပေါ်က ဖြတ်ကျော်လာကြတဲ့ စိမ့်ရေစမ်းရေပမာအလား အေးမြနေတဲ့မိဘတို့ရဲ့ မေတ္တာတရားလို့ ခဏခဏကြားခဲ့ရတဲ့ မိဘမေတ္တာဖော်ကျူးတဲ့ သီချင်းသံတွေ တိတ်ဆိတ်ကွယ်ပျောက်သွားကုန်ကြပြီလား။ အဲဒီသီချင်းလေးထဲကလို မိဘမေတ္တာရဲ့ အဓိပ္ပာယ်တွေကလည်း တကယ့်လူလောကကြီးထဲမှာ ပျောက်ကွယ်တော့မှာလား။ ဒီအရေးဟာ တကယ်တွေးကြည့်တော့ ရင်လေးစရာပါ။

အခုပွင့်အခုကြွေ၊ အခုဝေ၊ အခုနွမ်း၊ အခုလွမ်း၊ အခုမော၊ အခုပြောရလျှင် ဒေါသသင့်သော သောတမဝ့်စရာ အဖြစ်လေးတွေက အပြစ်ဘေးမှလွတ်စရာမမြင် ဇွတ်ကြမ္မာငင်တဲ့ဇာတ်လမ်းတွေမို့ မှတ်တမ်းဝေ ပါးစပ်ဖျားမှာ တန်းစီလို့ ပွားနေပါပေါ့လား။ ခုတော့ အမိယုတ်၊ အမိဆိုး၊ အဖယုတ်၊ အဖဆိုးတွေရဲ့အလုပ်မျိုးတွေက မကြားဝံ့မနာသာပါ။ လောကသဘာဝ ပြဿနာတစ်ခုဖြစ်လာပြီဆိုလျှင် အကြောင်းတရားအစုအစုတွေက တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာမြဲ မဟုတ်လား။

မှားသလား၊ မှန်သလားဆိုတာကတော့ မြတ်ဗုဒ္ဓအမွေခံ ဓမ္မကွန္ဒာပေါင်းရှစ်သောင်းလေးထောင်ထဲမှာ အဖြေရှာလျှင် တွေ့နိုင်ပါလိမ့်မည်။ မိဘတွေကတော့ လောကအလယ်မှာ တင့်တယ်နိုင်ရေး မျှော်တွေးပြီး သားသမီးတွေကို ပညာအမွေတွေပေးခဲ့သည်။ဒါဟာ မိဘတွေရဲ့မေတ္တာ၊စေတနာတွေကပေါ်ထွက်လာတဲ့ ကောင်းမှုစိတ်ထား ကုသိုလ်တရားတွေပါ။ အဲဒါကို သားသမီးတွေက မောဟအမှောင်ဖုံးပြီး လူလုံးမလှ အပူလုံးကြွရတဲ့အဖြစ်ဆိုးတွေနှင့် အကုသိုလ်ပွားသွားရသည့် ကောလိပ်ကျောင်းသူတစ်ဦး၏အဖြစ်ဆိုးမျိုးက မိဘတွေသိလျှင် ဘဝင်ညှိုးကာ ရင်ကျိုးစရာပါ။ ဒီကောလိပ်ကျောင်းသူလေး၏အဖြစ်ကိုကြည့်လျှင် မိဘတွေကတော့ ကောင်းမှုကုသိုလ်ကိုပေးတာပါပဲ။ ပေးတဲ့လက်ကကုသိုလ်ပါ။ ရလိုက်တာက ဘာ့ကြောင့်အကုသိုလ်ဖြစ်ရသလဲဆိုတော့ ပေးသူရဲ့နှလုံးသွင်းပုံနှင့် ယူသူရဲ့နှလုံးသွင်းပုံတို့မတူညီကွဲပြားသွားရတာကြောင့် ခြားနားခြင်းတွေဖြစ်ကုန်ရတာပေါ့။

ဒါကြောင့် သတိတံရားလက်ကိုင်

ထား အမှားကင်းပါစေ။ အသိအလိမ္မာ ဉာဏ်ပညာ ကွယ်ကာမနေသင့်ပေတဲ့။ ဗုဒ္ဓဟောကြား မြတ်တရား မှတ်သား လိုက်နာစေဆိုတဲ့ ဗုဒ္ဓ၏ တပည့်သား ရဟန်းပညာရှိ၊ လူပညာရှိတွေ၏ ဆုံးမ စကားအတိုင်း အမိုက်မှောင်ဖုံးပြီး အသိဉာဏ်တုံးနေကြသည့်ဘဝတွေမဖြစ်ရလေအောင် လက်ဦးဆရာ မိနှင့်ဖ ဆိုတဲ့ အတိုင်း သားသမီးတွေကို ဗုဒ္ဓ၏မဂ္ဂတွေနှင့် ဆိုဆုံးမသင့်ပါသည်။ ဆရာ၊ ဆရာမ တွေလည်း ကျောင်းသားအရွယ်ကလေး သူငယ်မှစပြီး အသိဉာဏ်ထည့်စဉ်းစားတတ်တဲ့အရွယ်အထိ ဗုဒ္ဓနှင့်သက်ဆိုင်သည့် ဒေသနာတော်မြတ်တွေကို သင်ကြားပို့ချဆိုဆုံးမသင့်ပါသည်။

ဗုဒ္ဓအဆုံးအမတွေကိုပဲ ရွေးချယ်ရတာဟာ ဗုဒ္ဓဘာသာအများဆုံးကိုးကွယ်သည့်နိုင်ငံဖြစ်၍မဟုတ်ပေ။ ကမ္ဘာပေါ်မှာရှိတဲ့ ဘာသာအားလုံးကိုကြည့်မည်ဆိုလျှင် လူ့ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကို အဆင့်မြင့်နိုင်စေပြီး အာမခံသည့်တရားဟာ ဗုဒ္ဓ၏ မဂ္ဂတွေမှာသာ အများဆုံးတွေ့နိုင်၍ ဖြစ်ပါသည်။

ဗုဒ္ဓ၏ ဂုဏ်တော် (၉) ပါးထဲမှ တစ်ပါးသောဂုဏ်ကို ဖော်ထုတ်ပြရမည်ဆိုလျှင် ကမ္ဘာလောကကြီးထဲက အရာခပ်သိမ်းကို တစ်စမကျန် အကုန်အစင် ပိုင်းခြားသိမြင်တော်မူနိုင်တဲ့ ဂုဏ်တစ်ပါးရှိပါသည်။ အဲဒါကတော့ လောကဝိဒူဆိုသည့် ဂုဏ်တော်ပင် ဖြစ်ပါသည်။ 'လောက'ဟုဆိုရာတွင် ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကကို ညွှန်းပါသည်။ 'ဝိဒူ' ဆိုတာကတော့ ဆရာမရှိဘဲအလိုလို ကိုယ်တိုင်ထိုးထွင်း၍သိမြင်ခြင်းကို ညွှန်းပါသည်။ ဒါ့ကြောင့် ဗုဒ္ဓဆိုတာ လောကသုံးရပ် ဘုံသုံးထပ်၌ ရှိစပ်တုန်စင်သိမြင်တော်မူသော ဘုရားဆိုတဲ့ ဂုဏ်ပါပဲ။ ဒီတော့ ဗုဒ္ဓ မရှိသည့် နောက်ပိုင်းမှာ ဗုဒ္ဓ၏မဂ္ဂဒေသနာတော်တွေကိုသင်အံလေ့ကျင့်နေကြတဲ့ ရဟန်းသံဃာတော်တွေဆီမှာ တရားနာခြင်း၊ ဆုံးမဩဝါဒများခံယူခြင်းဖြင့် လူတို့၏ ကိုးဆောက်ပန်းဟုခေါ်တဲ့အသိအလိမ္မာ ဉာဏ်ပညာတွေကို တိုးတက်မြင့်မားလာအောင် သင်ကြားကြရပါမည်။

အသိအလိမ္မာ၊ ဉာဏ်ပညာရှိလာခြင်းဖြင့်သာ ကောင်းမှု၊ မကောင်းမှုဆိုတဲ့ ကုသိုလ်၊ အကုသိုလ်တရားတွေကို ခွဲခြားစိတ်ဖြာတတ်တဲ့ မြင်နိုင်စွမ်းတွေ၊ သိနိုင်စွမ်းတွေရှိလာမှာ ဖြစ်ပါသည်။ ဒါမှသာ ထိုကုသိုလ်၊ အကုသိုလ်တရားတွေကို မမြင်နိုင်အောင် ပိတ်ဖုံးကာဆီးထားတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စတရားတွေလည်း တဖြည်းဖြည်းလျော့ပါးကွယ်ပျောက်သွားကြမှာ ဖြစ်ပါသည်။ ရဟန်းပညာရှိ၊ လူပညာရှိ၊ ဘိုးဘွား၊ မိဘ၊ ဆရာသမားတွေ၏ ကောင်းမွန်မှန်ကန်သည့်ပြောဆိုဆုံးမသွန်သင်ညွှန်ပြချက်တွေကို လေးစားလိုက်နာကြရပါလိမ့်မည်။ အဲဒီလိုမဟုတ်ဘဲ လေးစားလိုက်နာမှုမရှိလျှင်တော့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေ ဖုံးလွှမ်းခံရပြီး လူကြီးသူမတွေပေးသည့် လက်ထဲက ကုသိုလ်တရားတွေကို မမြင်နိုင်တော့ဘဲ ကိလေသာတွေညစ်ထေးပြီး အကုသိုလ်တရားတွေရနေတဲ့ဘေးထဲမှာ မလွတ်ကင်းနိုင်၊ ရုန်းမထွက်နိုင်ဘဲ ဒုက္ခသံသရာထဲမှာ တဝဲလည်လည်နဲ့ ဆင်းရဲနေကြရပေလိမ့်မည်။

တကယ်တမ်းကျတော့ အနန္တဂိုဏ်းဝင် မိခင်၊ ဖခင်နှင့် ဆရာသခင်ကျေးဇူးရှင်တို့၏နှလုံးသားထဲမှာ သားသမီး၊ တပည့်များအပေါ် ပေးဆပ်ချင်သည့်ဆန္ဒတွေက လက်ဖျားထိအောင် ကုသိုလ်တရားတွေပါ။

ကောလိပ်ကျောင်းသူလေးရဲ့အသိအမြင်အမှားတွေက အကုသိုလ်တွေပွားမိတာကြောင့် အခုပွင့်၊ အခုကြွေသည့် ပန်းလေးတစ်ပွင့်ပမာဖြစ်သွားရရှာသည့် ကလေးငယ်လေး၏ဘဝပေးမကောင်းမှုကို ရေနံချောင်းမြို့ မြေနီခင်တောင်အေးကျောင်းဆရာတော်အား လျှောက်ထားမိတဲ့အခါ ဆရာတော်က ဆုံးမဩဝါဒ ပေးပါသည်။

- *မသိလို့မှား၊ မှားပါစေ*
*ကံကြွေးကမနေ။*
*မမြင်လို့မှား၊ မှားပါစေ*
*ကံကြွေးကမနေ။*
*မကြားလို့မှား၊ မှားပါစေ*
*ကံကြွေးကမနေ။*
*သိလျက်နှင့်မှားကြတာတွေ၊*
*မြင်လျက်နှင့်မှားကြတာတွေ*
*ကြားလျက်နှင့်မှားကြတာတွေ*
*သတိထား ရှောင်ရှားသင့်ပါပေ။*
*မြင်မှန်၊ ကြားမှန်၊ အသိဉာဏ်*
*ရင့်သန်နိုင်ပါစေ။*
*မိမိကိုယ်ကို တကယ်ချစ်လျှင်ဖြင့်*
*အကုသိုလ်မဖြစ်စေဘဲ*
*ကုသိုလ်ဖြစ်အောင်နေ. ... တဲ့။*

ရှင်ခွာညို (ရေနံချောင်း)

# နတ်မောက်မင်းသန့်နိုင်
# အသည်းခြောက်ပျောက် အသက်ရှည်ခြင်းရောက်

ဆီးဖြူ၊ ဖန်းခါး ရဟန်းစား ဟူ၍ ကြားသိမှတ်သားဖူးပါသည်။ ဆီးဖြူသီးနှင့်ဖန်းခါးသီးသည် ရဟန်းရှင်လူတို့အတွက် အသက်ရှည်ဆေး၊ အသက်ကယ်ဆေးများပင် ဖြစ်ပါသည်။

ကျွန်ုပ်၏ညီဝမ်းကွဲမှာ အသက် (၂၀) အရွယ်မှပင် အရက်ကို နည်းနည်းမှီဝဲရာမှ တဖြည်းဖြည်းများများမှီဝဲလာရာ အသက် (၄၇) တွင် ကျန်းမာရေးလွန်စွာထိခိုက်လာပြီး ဆေးစစ်၊ ဆေးကုရာ အသည်းခြောက်စပြုနေပြီ။ ရေဖျဉ်းစွဲနိုင်သည်ဟု အဖြေထွက်လာပါသည်။ ဆက်လက်၍ အရက်သောက်လျှင် တစ်နှစ်အတွင်း အသက်ဆုံးရှုံးနိုင်သည်ဟု အဖြေရပါသည်။ အသည်းခြောက်ရောဂါနှင့် ရေဖျဉ်းရောဂါအတွက် အနောက်တိုင်းဆေးဝါးများမှာ လွန်စွာငွေကြေးကုန်ကျသဖြင့် မတတ်နိုင်တော့ပါ။ နောက်ဆုံး မြန်မာ့ရိုးရာ တိုင်းရင်းဆေးဆရာကြီးမှ သုံးလစွဲစားရန် ဆေးပြုလုပ်ပေးရာ ယခုဆိုလျှင် အသက် (၅၀) ကျော်ခဲ့ပြီး အသားအရေများကောင်းမွန်ကာ အလုပ်ပင် ပြန်လုပ်နိုင်နေပါပြီ။ အရက်လည်းဖြတ်သွားခဲ့ပါပြီ။ ညီ၏ရောဂါပျောက်မှ ထိုဆေးနည်းကို ဆရာကြီးက ကျွန်ုပ်အား တိုးတိုးကျိတ်ကျိတ် ပြောပြသဖြင့် ရေးသားတင်ပြပါသည်။

နွားထီး၏ ကျင်ငယ်ရည်ကို ခံယူထားပြီး ဆီးဖြူသီးတစ်ပြည်သား၊ ဖန်ခါးသီးတစ်ပြည်သားကို (၁၀) ရက်စိမ်ထားရပါသည်။ (၁၀) ရက်ပြည့်လျှင် နံနက် ဖန်ခါးသီး (၃) လုံး၊ ဆီးဖြူသီး (၃) လုံး ဝါးစားရပြီး အရည်ကို အကြမ်းပန်းကန်တစ်လုံးသောက်ရပါသည်။ နေ့လယ်၊ ညပါ တစ်နေ့ (၃) ကြိမ်စားရင် သောက်ရပါသည်။ (၈) လ အထက်ပါဆေးကို စားသောက်ရာ အသည်းခြေလက်တွေ့ ပျောက်ပြီး အသက်ရှည်ခြင်းသို့ရောက်ခဲ့သဖြင့် (လက်တွေ့မှို) ဖော်ထုတ်ရေးသား တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

# ချောင်းဆုံအနန်းသွင်

## ကျွတ်ချိန်တန်သောအခါ



"ဟာ - ကိုထွန်း၊ ဘယ်ကနေ ဘယ်လို ဘယ်လို"

၁၃၇၆ ခု၊ နယုန်လပြည့်ကျော် ၉ ရက်။ ၂၀၁၄ ခု၊ ဇွန်လ ၂၀ ရက်နေ့၊ စနေနေ့ မွန်းလွဲ (၂) နာရီခန့်က ဖြစ်ပါသည်။ (၂၆) နှစ်လုံးလုံး ကွဲကွာနေခဲ့ရသော ညီအစ်ကိုအရင်းတမျှ ချစ်ခင်ခဲ့ကြသော လုပ်ကိုင်ကိုင်ဖက်ဖြစ်သူ ဦးထွန်းရောက်လာသဖြင့် ကျွန်တော်က အထက်ပါအတိုင်း ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်လိုက်ပါသည်။

ဦးထွန်းက ကျွန်တော့်ဘေး ကုလားထိုင်တွင် ဝင်ထိုင်ပြီး -

"၈၈ ခုနှစ် ကျုပ်တို့ဖောင်ပျက်တော့ ခင်ဗျားလည်း ခေါင်းဦးတည့်ရာကူး၊ ကျုပ်လည်း ခေါင်းဦးတည့်ရာကူးခဲ့ရတယ်။ ခင်ဗျားခေါင်းဦးက ရန်ကုန်မှာပဲရှိပေမယ့် ကျွန်တော့်ခေါင်းဦးက အညာဒေသ ကျေးလက်ရှိ ဆွေမျိုးများဆီရောက်သွားပါတယ်။ ဒီမိသားစုနဲ့ အလုပ်အကိုင် အတည်တကျမရခင် ရန်ကုန်မှာ ကျွန်တော် မရပ်တည်နိုင်ဘူး။ ဒါကြောင့်မို့ အားကိုးအားရာရှိတဲ့ ဆွေမျိုးများဆီသွားရတာ။ အဲဒီမှာပဲ ကလေးတွေလည်း လူလားမြောက်ပြီး အိမ်ထောင်ရက်သားကျကုန်ကြတယ်။ အငယ်ဆုံးသမီးလေးပဲ အပျိုကြီးဖြစ်ကျန်ခဲ့တယ်။ သူက ကျောင်းဆရာမအလုပ် ရတယ်။ ကျွန်တော်ကသူ့ကိုမှီခိုသူပေါ့"

ဒီနှစ် ကျောင်းဖွင့်ချိန်မှာ သမီးက ရန်ကုန်ကိုပြောင်းရတယ်။ သင်တန်းတုန်းက သူ့သူငယ်ချင်းဆရာမနဲ့ တစ်ကျောင်းတည်းလာကျတယ်။ ဒါနဲ့ သူ့သူငယ်ချင်းဆရာမနေတဲ့ ဆာဘိုးသာခြံမှာပဲ အခန်းငှားနေတယ်။ ဒီနေ့ သမီးက သူ့သူငယ်ချင်းအိမ်ကို အလည်သွားနေတုန်း မေးစရာတစ်ခုရှိလာတာနဲ့ ကျွန်တော်လိုက်သွားလိုက်တယ်။ သူ့သူငယ်ချင်းသမီးက အိမ်ပေါ်ကိုဖိတ်ခေါ်ပြီး ကော်ဖီတိုက်တယ်။ အဲဒီမှာ ခင်ဗျားရေးတဲ့စာအုပ်ကို တွေ့တယ်။ ကျွန်တော်က ဒီစာရေးဆရာကိုသိသလားလို့ မေးတော့ သူက သူ့အဖေနဲ့ ရင်းနှီးတယ်။ ဒီအရှေ့က ရွှေအရင်းအမြစ်ဦးစီးဌာနဝန်ထမ်းအိမ်ရာမှာနေတယ်လို့ အဖေကပြောတယ်။ မနက်တိုင်းလို အဖေနဲ့ ခြောက်ထပ်ကြီးဘုရားမှာ တွေ့တယ်လို့ပြောတယ်ဆိုပြီး ပြန်ဖြေတယ်။ ဒါနဲ့ ကျွန်တော်မေးပြီး ရောက်လာခဲ့တာ"

ဆိုပြီး ဦးထွန်းကပြောပြပါသည်။

ကျွန်တော်နှင့် ဦးထွန်းသည် ၁၉၆၅ ခုနှစ် နှစ်ကုန်ပိုင်းမှစပြီး ၁၉၈၈ခုနှစ်ကုန်ပိုင်းအထိ ဌာနတစ်ခုတည်းမှာ အတူအလုပ်လုပ်ခဲ့ကြပြီး အလွန်တရာ ခင်မင်ရင်းနှီးခဲ့ပါသည်။ ကျွန်တော်တို့ သုံးယောက်သည် ထိုဌာနတွင် အရင်းနှီး[...]ဆုံး လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြ[...]သည်။

ကျွန်တော်တို့တွေ့စက ဦးထွန်းက (၃၃) နှစ်၊ ကျွန်တော်က (၃၅) နှ[...] ဦးဝင်းမောင်က (၃၇) နှစ်ဖြစ်ပါသည်[...] ဦးထွန်းသည် အလွန်ပေါင်း၍သင်း[...] ကောင်းသောသူဖြစ်ပါသည်။ သူတစ်[...] ကို ကူညီလိုစိတ်ရှိပါသည်။ အင်္ဂလိပ်[...] အလွန်တော်သဖြင့် ကျွန်တော်တို့အလု[...] တွင် အင်္ဂလိပ်စာနှင့် ပတ်သက်သည့်[...] အခက်အခဲကို သူကသာ အမြဲကူညီ[...] ရှင်းပေးပါသည်။

ဦးထွန်းသည် ရန်ကုန်တက္ကသိုလ်[...] မှ (အင်္ဂလိပ်စာ) ဂုဏ်ထူးဘွဲ့ရခဲ့ပါသည်[...] သူသုံးလသားအရွယ်ကပင် သူ့ဖခင်ဆုံး[...] သွားပြီး သူ့မိခင်သည် နောက်အိမ်[...] ထောင်မပြုတော့ပဲ တစ်ဦးတည်းသော[...] သားကို ထိုအခြေအနေရောက်အောင်[...] ပြုစုပျိုးထောင်ခဲ့ပါသည်။ ကျွန်တော်[...] နှင့်တွေ့တော့ သူ့မိခင်ဆုံးသည်[...] တစ်နှစ်ခန့်ပင်ရှိပါသေးသည်။

သူ့ကို အင်္ဂလိပ်စာစာအုပ်[...] သာပြန်ခိုင်းသူများရှိသဖြင့် ပြင်ပအလု[...] ဖြင့် အပိုဝင်ငွေရှိပါသည်။ ကျွန်တော်[...] တို့ကို ငွေကြေးဖြင့်လည်းကူညီပါသ[...] ထိုစဉ်က စနေနေ့ ရုံးမပိတ်ပါ။ နေ့[...]

ဘတ်ရပါသည်။ သို့သော် ကျွန်တော်တို့တွေ့ရ တစ်နေကုန်သည်သာ များပါသည်။ တနင်္ဂနွေနေ့များတွင် ကျွန်တော်နှင့် ဦးဝင်းမောင်က ရွှေတိဂုံဘုရားမှာ အတူ ပုတီးသွားစိပ်လေ့ရှိပါသည်။ ဦးထွန်းမှာ ထိုနေ့များတွင်မှ အပြင်အလုပ်လုပ်ရသဖြင့် သူ့ကိုကျွန်တော်မခေါ်ကြပါ။

တစ်နေ့ စနေနေ့ညနေ အိမ်ပြန်ခါနီးမှာ ဦးဝင်းမောင်က ဦးထွန်းကို -

"ကျွန်တော်တို့ တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံဘုရားသွားပြီးပုတီးစိပ်ကြတယ်။ ကိုထွန်းလည်း တစ်ခေါက်လောက်လိုက်ခဲ့ပါလား"

ဟု ပြောပါသည်။

ထိုအခါ ဦးထွန်းပြန်ပြောသော စကားကြောင့် ကျွန်တော်တို့နှစ်ယောက်လုံး အကြီးအကျယ် အံ့သြတုန်လှုပ်ချောက်ချားပြီး ပါးစပ်အဟောင်းသားဖြင့် စကားတစ်ခွန်းမှပြန်မပြောနိုင်ဘဲ ကျန်ရစ်ခဲ့ပါသည်။

ဦးထွန်း ပြန်ပြောလိုက်သော စကားမှာ -

"ခင်ဗျားတို့ဟာ တကယ့်လူညံ့တွေပဲ။ မမြင်ရ မရေရာတဲ့အကျိုးရလဒ်အတွက် အချိန်ကုန်၊ ငွေကုန်၊ လူအပင်ပန်းခံကြတယ်။ ပုတီးစိပ်တာဘာအတွက်လဲ။ ဘာလိုချင်လို့လဲ။ အတိုချုပ်ပြောရင် ချမ်းသာဖို့အတွက်မဟုတ်လား။ အခုဘဝအတွက် ချမ်းသာဖို့၊ နောင်ဘဝလူဖြစ်ရင်လည်း လူချမ်းသာဖြစ်ဖို့၊ ဒါမှမဟုတ် နတ်ချမ်းသာကိုရဖို့ဆိုပြီးလုပ်ကြတယ်။ နတ်ကိုမြင်ဖူးသူ တစ်ယောက်မှမရှိဘဲ အဲဒီနတ်ချမ်းသာဆိုတာကို ပြောသံကြားနဲ့ ယုံတဲ့လူလောက်ညံ့တဲ့သူ လောကမှာမရှိတော့ဘူး။ ဒီဘဝမှာလည်း ပုတီးစိပ်လို့ချမ်းသာမယ်ဆိုရင် ဘာဖြစ်လို့တခြားအလုပ်တွေအပင်ပန်းခံပြီးလုပ်နေကြသေးသလဲ။ ပုတီးပဲစိပ်မလား။ မရေရာလို့ ရေရာတဲ့တခြားအလုပ်တိုလုပ်နေကြတာ မဟုတ်လား။

လူမှာ လုပ်ငန်းတာဝန်နှစ်ခုရှိတယ်။ တစ်ခုက ကုန်ထုတ်လုပ်ရမယ်။ နောက်တစ်ခုက လူထုတ်လုပ်ရမယ်။ အဲဒီတာဝန်ပျက်ကွက်သူဟာ လူမပီသသူပဲ။ ကုန်ထုတ်လုပ်တယ်ဆိုတာ စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါးအတွက် အလုပ်လုပ်တာမှန်သမျှကို ထုတ်လုပ်တယ်လို့ခေါ်တယ်။ အခု ကျွန်တော်တို့ ဒီမှာအလုပ်လုပ်နေတာ ကျွန်တော်တို့အတွက် စားဝတ်နေရေးကုန်ထုတ်လုပ်နေတာပဲ။ ပြီးတော့ ပြည်သူအများရဲ့ စားဝတ်နေရေးအတွက်၊ သာယာဝပြောရေးအတွက် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အထောက်အကူပြုတဲ့စာပေတွေကို ပြုစုနေတဲ့ကုန်ထုတ်လုပ်မှုပဲ။

နောက်တစ်ခုက မျိုးဆက်ပြန့်ပွားရေးအတွက် အိမ်ထောင်သားမွေးရမယ်။ လူ့မျိုးဆက်ပြန့်ပွားဖို့၊ စည်ပင်ဖို့ဟာ လူတိုင်းရဲ့တာဝန်ပဲ။ အရင်းရှင်တွေဟာ အဲဒီတာဝန်နှစ်ခုထဲက ကုန်ထုတ်လုပ်မှုဆိုတဲ့ တာဝန်ပျက်ကွက်သူတွေပဲ။ သူ့တို့ဟာ တာဝန်ပျက်ကွက်ရုံသာမက မသိနားမလည်တဲ့ လုပ်သားပြည်သူတွေအပေါ်မှာ၊ အလုပ်သမားလူတန်းစားပေါ်မှာ အသိဉာဏ်နဲ့ ငွေကြေးကို အရင်းအနှီးပြုပြီး လုပ်အားကို ခေါင်းပုံဖြတ်တယ်။ အလုပ်သမားတွေရဲ့သွေးကို စုပ်တယ်။ သူတို့ကို အကာအကွယ်ပေးမို့အတွက် ဘာသာရေးခေါင်းဆောင်တွေကို အလျှုဒါနဆိုတဲ့ တံစိုးလက်ဆောင်ကို အသုံးချပြီးအကာအကွယ်ပြုတယ်။ ဘာသာရေးခေါင်းဆောင်ဆိုသူတွေက ကုန်ထုတ်လုပ်မှုရော၊ လူထုတ်လုပ်မှုရော ဘာမှမလုပ်ဘဲ အရင်းရှင်၊ အလုပ်သမားတွေရောအပေါ်မှာ အမျှော်နဲ့အခြောက်လက်နက်နှစ်မျိုးကို အသုံးချပြီး အညွှန့်ခူးစားတယ်။ မရှိတဲ့နောက်ဘဝဆိုတဲ့ဘဝတွေမှာ လူ့ချမ်းသာ၊ နတ်ချမ်းသာရဖို့ အမျှော်နဲ့ ငရဲဒုက္ခကိုခြောက်ပြီး အလှူဒါနပြုခိုင်းတယ်။

အသေဓာတ်နဲ့ အရှင်ဓာတ်ဆိုတာရှိတယ်။ ဒီဓာတ်နှစ်ခု မတော်တဆပေါင်းစည်းမှုကြောင့် အချိုးအစားအလိုက် သတ္တဝါတွေဖြစ်လာတယ်။ အဖို၊ အမရယ်လို့ ဖြစ်လာတဲ့အတွက် ပေါင်းသင်းကြပြီး အမျိုးအစားအလိုက် သတ္တဝါတွေကို ဆက်လက်ထုတ်လုပ်ကြပြီး ပွားများလာကြတာပဲ။ အဲဒီသတ္တဝါတွေ သေသွားရင်ပြီးသွားတာပဲ။ နောက်ထပ် ဘာမှဖြစ်စရာမရှိတော့ဘူး။ အရင်က ဘဝဆိုတာလည်းမရှိဘူး။ နောက်ဘဝဆိုတာလည်းမရှိဘူး။ အခုဘဝဆိုတာပဲရှိတယ်။ အရင်ဘဝ၊ နောက်ဘဝ၊ ကံ-ကံရဲ့အကျိုးဆိုတာ ဘာသာရေးခေါင်းဆောင်တွေ စိတ်ကူးနဲ့တွေးထင်ပြီးပြောထားတဲ့ စကားတွေပဲ။ အဲဒါကိုယုံတဲ့လူဟာ လူညံ့ပဲ။

ဦးထွန်းက အထက်ပါအတိုင်း ပြောပြီးထွက်သွားပါသည်။

ဦးဝင်းမောင်က -

"အတွေးအခေါ်ဆိုတဲ့ဉာဏ်ရည်ဉာဏ်သွေးကို အသုံးမချနိုင်လို့ မျက်စိနဲ့မြင်မှယုံတဲ့လူဟာ တကယ်လူညံ့ပဲ။ ဒီလူက အလွန်ပြင်းထန်တဲ့ ရုပ်ကြမ်းဝါဒသမားတစ်ယောက်ပဲ။ ကျွန်တော်တို့မှာရှိတဲ့ ဘာသာရေးအသိနဲ့ သူနဲ့ယှဉ်ဖက်ပြီး မပြောနိုင်ဘူး။ ဒီတော့ သူနဲ့ ဘာသာရေးအကြောင်း လုံးဝမပြောမိအောင် ရှောင်ကြမှပဲ။ ဒါကလွဲရင် သူဟာ အလွန်ပေါင်းသင်းဖို့ကောင်းတဲ့တစ်ဦးပဲ"

ဟုပြောပါသည်။

ကျွန်တော်လည်း သဘောတူလိုက်ပါသည်။

❑

"ကျွန်တော် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ချင်တယ်။ ဘုမသိဘမသိ ဗုဒ္ဓဘာသာဝင်လည်း မဖြစ်ချင်ဘူး။ ကျွန်တော့်ကို ကူညီတဲ့အနေနဲ့ တစ်နေ့ (၁) နာရီလောက် အချိန်ပေးပြီးပြောပြပါ"

ဦးထွန်းက အထက်ပါအတိုင်း ပြောပါသည်။

ကျွန်တော် အလွန်အမင်းအံ့အားသင့်သွားပြီး -

"ဘာက ဘယ်လို ဘယ်လို"

ဟု မေးမိပါသည်။

ဦးထွန်းက -

"ကျွတ်ချိန်တန်လို့ကျွတ်လာတယ်လို့ပဲသိထားပါဦး၊ နောက်မှပြောပြမယ်"

ဟု ပြောပြီး ပြန်ရန်ထလိုက်ပါသည်။

ကျွန်တော်က ချက်ချင်းပဲ ပြန်တော့မလားဟု မေးတော့ သူက -

"ချက်ချင်းဆိုတာတောင် (၁၀) မိနစ်လောက်ကြာမယ်။ ကြိုမပြောထားဘဲရောက်လာတဲ့ဧည့်သည်ဟာ နေသလောက် အိမ်ရှင်ရဲ့အချိန်ကို ဖြုန်းတီးခြင်းပဲ။ မြန်မာလူမျိုးတွေက အလွန်အားနာတတ်တယ်။ ဘယ်အိမ်ရှင်မှ ဧည့်သည်ကို ကျွန်တော် အလုပ်ရှိသေးတယ် ပြန်တော့လို့မပြောဘူး။ ပြီးမှ လုံးဝအလုပ်ပျက်ချင်လည်းပျက်၊ အပြင်းအထန်ပြန်လုပ်ရချင်လည်းရပဲ"

ဟု ပြောပါသည်။

ကျွန်တော်က -

"မနက် (၉) နာရီနဲ့ (၁၀) နာရီကြားမှာအားပါတယ်။ အဲဒီအချိန်ကိုလာခဲ့ပါ"

ဟု ပြောတော့ သူက ကျေးဇူးတင်စကားပြောပြီးပြန်သွားပါသည်။

ချောင်းဆုံအုန်းသွင်

# မဟာသျှံ့

## သဘာဝလွန်ဖြစ်ရပ်ဆန်း



ဖြစ်ရပ်မှန်ဇာတ်လမ်းများသည် စိတ်ကူးယဉ်ဇာတ်လမ်းထက် ဆန်းကြယ်သည် ဟူသော စကားတစ်ခုရှိသည်။ ဒေါက်တာ ခင်မောင်ဇော်တို့မိသားစု ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်သည် ထိုစကားကိုထောက်ခံနေလေသည်။ သူတို့မိသားစုကြုံတွေ့ခဲ့ရသောဇာတ်လမ်းသည် မည်သို့ပင် သိပ္ပံနည်းကျကျတွေးခေါ်ကြည့်ပါသော်လည်း အဖြေမထွက်ပေ။ သို့ပါသော်လည်း အဖြစ်အပျက်က အမှန်တကယ်ပင် ဖြစ်ပွားခဲ့ပေသည်။

❑

ဒေါက်တာ ခင်မောင်ဇော်နှင့် ဒေါ်သိင်္ဂီထွန်းတို့တွင် သမီးကလေးတစ်ယောက်၊ သားကလေးတစ်ယောက် ထွန်းကားခဲ့သည်။ သမီးက တက္ကသိုလ်တွင် တတိယနှစ်တက်နေပြီး သားလေးက ယခုနှစ်မှာ ဆယ်တန်းတက်သည်။ ဖခင်က ဆရာဝန်၊ မိခင်က တက္ကသိုလ်ကျောင်းဆရာမဖြစ်လေရာ ငွေကြေးချောင်လည်သည်။ ကျောက်ကုန်းမှာ ခြံနှင့်ဝင်းနှင့်နေသည်။ ကလေးများကလည်း မွန်မွန်ရည်ရည်နှင့်။ ပျော်စရာကောင်းသော မိသားစုဘဝဖြစ်သည်။ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိရာတွင် အမေက သားကိုပိုချစ်သည်။ လိုလေသေးမရှိရလေအောင်ထားသည်။ သားက ဂီတကိုဝါသနာပါသောကြောင့် အမေဖြစ်သူက အပျော်တမ်းတီးမှုတ်လို့ရအောင်ဆိုပြီး တီးဝိုင်းတစ်ဝိုင်းစာ တူရိယာပစ္စည်းများပင် ဝယ်ပေးထားသည်။ သားသည် အားလပ်ချိန်များတွင် အော်ဂင်တီးခြင်း၊ ဂီတာတီးခြင်းစသော အလုပ်များကို ဆရာနှင့်လေ့ကျင့်နေသောကြောင့် အတော်ကလေးပင်တီးတတ်နေသည်။ သူငယ်ချင်းများနှင့် စုပေါင်းပြီး ခေတ်ပေါ် သီချင်းများကိုပင် စုဝေးတီးမှုတ်နေလေပြီ။

ထိုသားမှာ အသက် (၁၆) နှစ်ရှိပြီဖြစ်၍ ကိုယ်အလေးချိန် (၁၅၄) ပေါင်ရှိရာ သူ့အသက်နှင့် ဆိုလျှင် ခန္ဓာကိုယ်အလေးချိန်မှာ များနေလေသည်။ ဤသည်မှာလည်း ခေတ်နှင့်ဆိုင်သည်။ သူ့အမေက ဆရာမ ဖြစ်သောကြောင့် နို့မတိုက်နိုင်ရာ နို့မှုန့်နှင့် ကြီးလာရသည်။ နို့မှုန့်တွင် မည်သည့်ဓာတ်များပါသည် မသိ ထိုခေတ်တွင် လူဖြစ်ပြီး နို့မှုန့်နှင့် ကြီးပြင်းခဲ့ရသော ကလေးတိုင်းသည် ဝဝတုတ်တုတ် ကလေးများချည်း ဖြစ်၏။ယနေ့ခေတ်တွင် (၁၆) နှစ်မှ (၂၀)ကျော် ကလေးတိုင်း နို့မှုန့်နှင့်ကြီးပြင်းခဲ့ရပါက အကုန်လုံး ဝဝတုတ်တုတ်ကလေးများချည်းသာ ဖြစ်ကုန်သည်။ ဒေါက်တာ ခင်မောင်ဇော်၏ သား ဖြိုးဝေဇော်သည်လည်း ထိုခေတ်တွင် ကြီးပြင်းလာခဲ့သောကြောင့် လူဝကလေးပင် ဖြစ်လေသည်။ ကောင်းကောင်းစား၊ ကောင်းကောင်းကစားနှင့် ကိုယ်ဝါသနာပါရာ အလုပ်လည်းလုပ်နိုင်သောကြောင့် ဖြိုးဝေဇော်သည် ဝဝတုတ်တုတ် သွက်သွက်လက်လက်နှင့် ဘဝမှာ ပျော်စရာအတိဖြစ်ခဲ့သည်။

သို့ရာတွင် ယခုတစ်လော ကလေးသည် မှုပျက်နေသည်။ အစားကောင်းကောင်းမစားခြင်းဖြစ်သည်။ ယခင်ကဆိုလျှင် ထမင်းဝိုင်းတွင်ထိုင်လိုက်ပြီဆိုလျှင် ပန်းကန်နှင့်မောက်မောက် နှစ်ပန်းကန်စားသည်။ ထမင်းစားပြီးလျှင် စားပွဲပေါ် တင်ထားသော သစ်တော်သီး၊ ပန်းသီး၊ လိမ္မော်သီးတစ်မျိုးမျိုး စားလိုက်သေးသည်။ ဒိန်ချဉ်တစ်ခွက်ကိုလည်း ယူသောက်လိုက်သေးသည်။ ယခုမှာ တစ်ပန်းကန်ပင်မစားတော့ပေ။ ဟင်းချိုသောက်သလိုလို၊ အသီးအရွက်ကြော်ပဲ



စားသလိုလိုနှင့်ထသွားတတ်လေသည်။ အမေက သားကို ဂရုစိုက်နေသည်ဖြစ်သောကြောင့် မကြာမီ ရိပ်မိသွားသည်။ သို့သော် ကြီးကောင်ဝင်စအချိန် အစားအသောက်အနေအထိုင်ပြောင်းလဲတတ်သောကြောင့်လားဆိုပြီးကြည့်နေလိုက်သည်။ အစားမစားသောကြောင့် လူမှာလည်း ပိန်နေလေပြီ။

သည်လိုနှင့် တစ်လလောက်ကြာသွားသောအခါ အစားအသောက်က တဖြည်းဖြည်းနည်းသည်ထက်နည်းလာသည်ကိုတွေ့ရသောအခါ ပေါင်ချိန်ကြည့်လိုက်ရာ (၁၀) ပေါင်လျော့ကျနေသည်ကိုတွေ့ရ၏။ ယခင်တုန်းက ပုံမှန် (၁၅၄) ပေါင်ရှိနေရာမှ (၁၄၄)ပေါင်သာရှိတော့သည်။

အဖေက ဆရာဝန်ဖြစ်သောကြောင့် အမျိုးမျိုးစမ်းသပ်ကြည့်သည်။ အကြောင်းထူးမတွေ့ရပေ။ နောက်လတွင် ပေါင် (၂၀) အထိထပ်ကျသည်။ ထိုအခါ စိတ်ပူလာပြီး နာမည်ကြီးဆေးရုံကြီးများတွင်ပြသည်။ ပန်းလှိုင်ဆေးရုံမှာပြသည်။ ဗဟိုစည်ဆေးရုံမှာပြသည်။ ရွှေဂုံတိုင်အထူးကုဆေးရုံမှာပြခဲ့သည်။ လူက အကောင်းကြီးဖြစ်သောကြောင့် ဆီးစစ်၊ သွေးစစ်၊ ဝမ်းစစ်၊ ဓာတ်မှန်ရိုက်၊ စီတီစကင်ရိုက် စသည်ဖြင့် အစွမ်းကုန်စမ်းသပ်ကြ၏။ ဖခင်ကလည်း ဆရာဝန်ဖြစ်သောကြောင့် ဆေးရုံကဆရာဝန်များကလည်း အထူးဂရုစိုက်ဆောင်ရွက်ပေးကြပါသည်။ သို့သော်လည်း မည်သည့်ရောဂါမျှ ရှာမရပေ။

ဆေးရုံမျိုးစုံတွင်ပြနေသည့်ကြားက ကလေးက အစားနည်းသည်ထက်နည်းလာပြီး ပေါင်က ဆက်တိုက်ကျနေသည်။ (၆) လအကြာတွင် ပေါင် (၅၀) ကျသွားသောအခါ အလွန်အမင်း စိုးရိမ်လာရတော့၏။ ထို့ကြောင့် ဘန်ကောက်ကိုသွားကြသည်။ ဗာမွန်ခရောင်ဆေးရုံကြီးတွင်ပြသည်။ သူတို့လည်း ကလေးကို ဆီးစစ်၊ သွေးစစ်၊ ဝမ်းစစ်၊ ဓာတ်မှန်ရိုက်၊ စီတီစကင်ရိုက်အစအဆုံးလုပ်ပြန်သည်။ ဘာမှမထူးပေ။ ထို့ကြောင့် ဆေးရုံက နောက်ဆုံး ကျော့ဂင်းခေါ် ရွှရွှပြေးကြည့်၊ လမ်းမှန်မှန်လျှောက်၊ လေ့ကျင့်ခန်းလုပ်ပါဟုသာမှာလိုက်သည်။ မည်သည့်ရောဂါမှ မတွေ့ရသဖြင့် ပြန်ခဲ့ကြရပြန်သည်။

ကလေးကို အိမ်မှာ တစ်မျိုးလုပ်ကြည့်၏။ ထမင်းကို တရုတ်ထမင်းစားပန်းကန်လုံးလောက်သာကျွေးပြီးတော့ နှို့များများတိုက်ကြည့်ခြင်း ဖြစ်သည်။ နို့တစ်ဖန်ခွက်စီကို မနက်၊ နေ့လယ်၊ ညတိုက်ကြည့်သည်။ ကလေးကတော့ သောက်ရှာပါသည်။ နောက်ရက်အနည်းငယ်နေတော့ ကြက်ဥထည့်တိုက်ကြည့်သည်။ ဒီအခါကျတော့ ပြန်အန်ထွက်သည်။ ထို့ကြောင့် နွားနို့သာတိုက်နေရတော့သည်။

နွားနို့တိုက်ခါစက ကိုယ်အလေးချိန်ကမကျတော့သော်လည်း တစ်ပတ်လောက်ကြာတော့ ကိုယ်အလေးချိန်က ပြန်ကျသည်။ ပေါင်(၆၀)အထိကျသောအခါ စိုးရိမ်လာပြီး စင်ကာပူရှိ စင်ထရယ်ဆေးရုံကြီးမှာသွားပြပြန်၏။ ဆေးရုံက တစ်ကိုယ်လုံးကိုစစ်၊ ဆီးစစ်၊ သွေးစစ်၊ ဓာတ်မှန်ရိုက်၊ အစာအိမ်ကို မှန်ပြောင်းဖြင့်ကြည့်၊ နှလုံးကိုကြည့်၊ အသည်းကိုကြည့်၊ သည်းခြေကိုကြည့်၊ ပန်းခရိယကိုကြည့်နှင့်အကုန်လုပ်ပြန်သည်။မည်သည့်ရောဂါမျှရှာမရပေ။

နောက်တစ်မျိုးစမ်းသည့်အနေဖြင့် စင်ကာပူမှာပင် စိတ်ရောဂါကုဆရာဝန်နှင့် ပြသပြန်သည်။ စိတ်ရောဂါအထူးကုဆရာဝန်ကြီးက မြန်မာလူမျိုးဖြစ်သဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြ၏။ပထမဦးဆုံး နေထိုင်ရသော ပတ်ဝန်းကျင်အကြောင်းကိုမေးသည်။ နောက်မိသားစုအခြေအနေကိုမေးမြန်းသည်။ အဖေ၏လုပ်ငန်း၊ စီးပွားရေးအခြေအနေ၊ အဖေနောက်မိန်းမနှင့်ငြိစွန်းသလားအထိပါသည်။ ထို့နောက် သူနေထိုင်ရသောအခြေအနေကိုမေးသည်။ကျောင်းတက်ရပုံကိုမေးသည်။ သူငယ်ချင်းများအကြောင်းမေးသည်။ ဝါသနာပါရာအလုပ်ဘာရှိလဲ။ ဘာလုပ်လဲမေးသည်။ အားလုံး မေးမြန်းကြည့်သောအခါတွင်လည်း မည်သည့်ချို့ယွင်းချက်မှမတွေ့သဖြင့် ပြန်လာရပြန်သည်။ ကလေးကိုတော့ နွားနို့ကိုသာတိုက်ပြီး ထိန်းထားရသည်။ လူမှာလည်း အရိုးပေါ်အရေတင်ဖြစ်နေလေပြီ။ ကျောင်းလည်းထုတ်ထားလိုက်ရသည်။ ကလေးက ကျောင်းမထွက်ချင်ဟုဆိုနေသော်လည်း ကျန်းမာရေးအခြေအနေက တော်တော်ဆိုးနေသဖြင့်ချော့ထားရသည်။

❑

သူတို့အိမ်သို့ နေ့စဉ်ဝင်ထွက်နေသူတစ်ယောက်ရှိသည်။ သူကတော့ အော်ဂင်ဆရာဖြစ်သည်။ အိမ်မှာ တီးဝိုင်းရှိသဖြင့် အော်ဂင်ဆရာနှင့် အတီးသင်နေခြင်း ဖြစ်ပါသည်။ ဖြိုးဝေဇော်မှာ ကျောင်းမတက်ရသဖြင့် စိတ်အပြောင်းအလဲဖြစ်စေရန် အော်ဂင်တီးနေရာ ဆရာက နေ့တိုင်းလိုလို သူတို့အိမ်ကိုရောက်နေသည်။ အိမ်ကို နေ့တိုင်းရောက်သဖြင့် အိမ်တွင်ဖြစ်နေသောဇာတ်လမ်းကိုသိနေသည်။သူက တစ်နေ့ပြောသည်။

"အစ်မတို့ယုံမလားတော့မသိဘူး။ ကျွန်တော့်တူမလေးလည်း ဒီလိုထူးဆန်းတဲ့ရောဂါဖြစ်ဖူးတယ်။ သူက မူလတန်းပြတဲ့ ဆရာမလေးပဲ"

"ဟင် - ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

ဖြိုးဝေဇော်အမေက သူ့သားလိုပဲ ထူးဆန်းသောရောဂါဖြစ်နေသူတစ်ဦးရှိနေသည်ဆိုသဖြင့် စိတ်ဝင်စားသွားသည်။

"ခန္ဓာကိုယ်မှာ သွေးတွေစီးကျနေတာပဲ"

"ဘယ်လို ခန္ဓာကိုယ်က သွေးတွေစီးကျတယ်။ အံ့စရာပဲ ဘယ်လိုဖြစ်တာလဲ"

"သူက ယားရင်ကုတ်လို့မရဘူး။ ကုတ်လိုက်တာနဲ့ အဲဒီကုတ်ရင်အတိုင်းကိုယ်ထဲကသွေးတွေထွက်ပြီးစီးကျလာတော့တာပဲ။ လက်မောင်းမှာဆိုခဏခဏဖြစ်တယ်။ နောက်ကျောမှာဖြစ်တယ်။ ပေါင်တွေမှာဖြစ်တယ်။ ခြေသလုံးမှာဖြစ်တယ်။ မကုတ်ဘဲလည်းမနေနိုင်ဘူး။ ယားနေတာကိုး"

"သွေးတိုးလို့နေမှာပေါ့၊ ဆရာဝန်မပြဘူးလား"

"ပြတာပေါ့ အစ်မရယ် ရန်ကုန်တစ်မြို့လုံး ရှိသမျှဆေးခန်းကုန်ရောပဲ။ ဆီးချိုဆရာဝန်ဆီလည်းရောက်တယ်။ သွေးတိုးဆရာဝန်ဆီလည်းရောက်တယ်။ အရေပြားရောဂါဆိုပြီး အရေပြားဆရာဝန်ဆိုရင်လည်းပြလိုက်တာပဲ။ နှလုံးအထူးကုနဲ့လည်းပြတာပဲ။ ဗဟိုဆေးသုတေသနသွားပြီးတော့တောင် ရောဂါရှာတယ်။ ဘယ်မှာမှရဘူး"

"နိုင်ငံခြားကိုသွားပြီးကောမကုဘူးလား"

"သူတို့က သိပ်မတတ်နိုင်တာနဲ့ နိုင်ငံခြားကိုတော့သွားမကုပါဘူး"

"အင်း - ထူးဆန်းတဲ့ရောဂါပဲ။ အခုကောဖြစ်သေးလား"

"အဲဒါ အစ်မတို့ကိုပြောချင်တာ အခုပျောက်သွားပြီ"

"ဟုတ်လား၊ တယ်ဟုတ်ပါလား

ဘယ်လိုပျောက်သွားတာလဲ”

“အဲဒါကတော့ဆန်းတယ်”

❑

မသူသူကျော်ဆိုသူ ထိုကလေးမတို့ ရန်ကုန်ရှိ ဆရာဝန်မျိုးစုံဖြင့်လိုက်ပြနေရာ ပြတိုင်းလည်း အမျိုးမျိုးစစ်ကြသည်။ အဖြေမထွက်ပေ။ နောက်ဆုံးအကြံကုန်သည့်အဆုံးတွင် မြန်မာဆရာနှင့်ပြမည်ဆိုပြီး မြန်မာဓာတ်ပိန္နောဆေးဘက်လှည့်ပြန်သည်။ ထိုတွင်လည်း မထူးပေ။ သို့သော် လမ်းစတစ်ခုတွေ့ရသည်။ ရန်ကုန်အရှေ့ပိုင်းတွင် ဘုန်းကြီးတစ်ပါးရှိ၏။ ဆေးဖိုးဝါးခတော့မပေးရ။ ဓာတ်လိုလိုနတ်လိုလိုနှင့်မေးပြီးကုပေးသည်ဟုသတင်းရသည်။ မယုံကြည်သော်လည်း ကိုယ့်လူနာက ပြရမည့်ဆရာကလည်းကုန်နေသည်ဖြစ်သောကြောင့်သွားပြဖြစ်သည်။

ဘုန်းကြီးကျောင်းသို့ရောက်သော် ဘုန်းကြီးက မိန်းကလေးကို ဘုရားဝတ်ပြုခိုင်းသည်။ ပြီးတော့ ငှက်ပျောပွဲ၊ အုန်းပွဲကိုဓိုင်းသည်။ ပြီးတော့ မျက်စိမှိတ်ပြီး အာရုံပြုပြီးပြောတော့သည်။

“သမီးကို ဘဝဟောင်းက အဆွေအမျိုးတွေကလုပ်တာ။ သူတို့က သမီးအိမ်ထောင်ပြုမှာ မလိုလားဘူး။ အချက်ပြတာပဲ။ ဒီအတိုင်းအပျိုကြီးဘဝနဲ့နေရင် အသက်ဆုံးတိုင်အောင်နေရမယ်။ မဟုတ်ရင် အိမ်ထောင်ပြုမယ်ဆို ပြန်ခေါ်မယ်လုပ်တတ်ပါ”

မသူသူကျော်သည် ကျောင်းကဆရာတစ်ယောက်နှင့် ရည်ငံနေသည်။ ပါရွတ်လျှင် လာရောက်တောင်းရမ်းဖို့ရန် စီစဉ်ထားကြသည်။ သူတို့သည်ဘုန်းကြီးစကားကြားသောအခါ စဉ်းစားနေတော့သည်။ ရောဂါကိုကုမည်လား၊ အိမ်ထောင်သားမွေးပဲပြုမည်လားဟူ၍။ နောက်ဆုံး အတိုချုပ်လိုက်သောအခါ သူသူကျော်သည် သူမ၏ချစ်သူနှင့်လမ်းခွဲလိုက်ရသည်။ သူမခံစားနေရသော ဆေးသိပ္ပံပညာအရ အမျိုးအမည်မဖော်နိုင်သော ရောဂါဝေဒနာလည်းပျောက်ကင်းသွားတော့သည်။

❑

“အတိုချုပ်ကတော့ အဲဒါပဲ။ သူတို့အဖြစ်က အတော်ကို ထူးဆန်းတယ်။ သူများကိုပြောရင် ယုံနိုင်စရာမရှိဘူး။ သူတွေစီးကျတယ်ဆိုတာ ကျွန်တော့်မှာမြင်ပဲ။ ဒါတွေဟာတကယ်ဖြစ်ခဲ့တာတွေပဲ။ ဆရာဝန်တွေလက်လျှော့ထားရတဲ့ရောဂါ၊ အခုပျောက်သွားပြီ။ အစ်မတွေ့ချင်ရင် ကျွန်တော် သူတို့အိမ်ကိုလိုက်ပြပေးမယ်။ သူတို့နေတာက ဒီတောင်ဥက္ကလာတင်ပဲ”

သူတို့ အော်ဂင်ဆရာက ပြောပြခြင်း ဖြစ်သည်။

ညနေပိုင်းသို့ ရောက်သောအခါ အိမ်တွင် မိသားစုများဆုံသောအခါ ထိုအကြောင်းကို ဆရာမက ပြောပြသည်။ ဆရာဝန်ကြီး ဦးခင်မောင်ဇော်က သိပ္ပံသမားဖြစ်၍ ဓာတ်ပိန္နောဆိုတာနှင့် သိပ်မယုံချင်ပေ။

ဆရာမက -

“ကျွန်မတို့ အနောက်တိုင်းဆေးလည်းပြစရာကုန်ပြီ။ နိုင်ငံခြားဆေးရုံဆိုတာတွေလည်းရောက်ခဲ့တာပဲ။ ကလေးက အခြေအနေတိုးတက်မလာတဲ့အပြင် တဖြည်းဖြည်းဆုတ်ယုတ်လာနေတယ်။ ကျွန်မတော့ အော်ဂင်ဆရာကပြောတဲ့ ဘုန်းကြီးဆီကို သွားပြချင်တယ်”

“အင်းလေ-ဟုတ်ပါတယ်။ ပြချင်လည်းပြကြည့်လေ။ ရိုက်လားပုတ်လားတော့ မလုပ်ဘူးမဟုတ်လား”

“ဟာ - ဒါတော့ ကျွန်မလည်းဘယ်လက်ခံမှာလဲ။ ဘုရားရှိခိုးခိုင်းပြီးဘာဖြစ်တယ်ဆိုတာပြောတယ်လို့ဆိုတာပဲ။ ဒါပေမယ့် သူနဲ့ကုတယ်ဆိုတဲ့ ဆရာမလေးကိုတော့ အရင်သွားကြည့်ရကောင်းမယ်”

သို့နှင့် ဆရာမသည် အော်ဂင်ဆရာနှင့်လိုက်ပြီး တောင်ဥက္ကလာတွင်ရှိသော ဆရာမလေးအိမ်သို့သွားသည်။ ဆရာမလေးနှင့်တွေ့သည်။ ဆရာမလေးကအသားညိုညို၊ အရပ်သွယ်သွယ်လေးဖြစ်သည်။ မျက်နှာကလေးက ဝင်းပနေသည်။သွက်သွက်လက်လက်ကလေးဖြစ်သည်။ လက်မောင်းနှင့်ခြေသလုံးများကိုပြသည်။အကောင်းပကတိရှိနေ၏။ သူမ၏ မိခင်က အဖြစ်အပျက်ကို ပြန်ပြောပြ၏။ အော်ဂင်ဆရာပြောပြသည့်အတိုင်းဖြစ်သည်။ စကားများပြောဆိုပြီးနောက် ဆရာမက အိမ်ရှိ သား၏ အခြေအနေကိုပြောပြရာ သူတို့က ဘုန်းကြီးကျောင်းကိုသွားဖြစ်အောင်သွားရန် တိုက်တွန်းပြီး မည်ကဲ့သို့သွားရမည်ကို လမ်းညွှန်လိုက်သည်။ သို့နှင့် ဘုန်းကြီးကျောင်းလိပ်စာယူပြီးပြန်ခဲ့ကြသည်။

❑

တနင်္ဂနွေတစ်နေ့တွင် ဘုန်းကြီးကျောင်းသို့သွားသည်။ ဆရာဝန်ကြီးကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့သည်။ ဘုန်းကြီးကျောင်းသို့သွားသည်ဆိုတော့ သက်န်းတစ်စုံ ဝယ်လာခဲ့သေးသည်။ ဘုန်းကြီးကျောင်းမှာ လမ်းမကြီးမှခွဲဝင်ရသော လမ်းကြားကလေးထဲမှ တစ်ထပ်မြေစိုက်အုတ်ကျောင်းငယ်လေးဖြစ်၏။ ကျောင်းထဲတွင် အတော်အသင့်ကျယ်ဝန်းသော ဘုရားဆောင်ရှိသည်။ ဘုရားခန်းထဲတွင် ရှေးဟောင်းဘုရားတစ်ဆူကိုပူဇော်ထားသည်။ ဘုရားရှေ့တွင် အုန်းပွဲငှက်ပျောပွဲတစ်ပွဲရှိနေသည်။ မြေမြှုပ်န်းများထိုးထားသောပန်းအိုးကြီးများရှိနေပြီး ရောင်စုံလျှပ်စစ်မီးတွဲများဖြင့် သပ္ပာယ်စွာဖူးတွေ့ရသည်။

ဘုန်းကြီးက သက်တော် (၆၀) ခန့်ရှိမည်။ သာမန်ဘုန်းကြီးတစ်ပါးပင်ဖြစ်သည်။ ဘုရားကျောင်းဆောင်ရှေ့တွင် ကြီးမားသော သစ်သားပက်လက်ကုလားထိုင်ကြီးတစ်ခုချထားပြီး ဘုန်းကြီးက ထိုခုံပေါ်တွင်ထိုင်နေသည်။ ဘုရားကျောင်းဆောင်၏ ဘေးတစ်ဖက်တစ်ချက်စီ၏အောက်တွင် ခုံကလေးများဖြင့် ရွေချထားသော ရှင်အဇ္ဇဂေါဏရုပ်တု၊ ဘိုးဘိုးအောင်ရုပ်တု၊ ဘိုးမင်းခေါင်ရုပ်တု၊ မယ်တော်ရုပ်၊ နတ်ရုပ်များ၊ နဂါးရုပ်၊ ဂဠုန်ရုပ်များကို တွေ့ရသည်။ ထိုအရုပ်များရှေ့တွင်လည်း အုန်းပွဲငှက်ပျောပွဲတစ်ပွဲစီချထားသည်။ အမွှေးတိုင်များထွန်းထားသည်။ ဘုန်းကြီးကျောင်းဆိုသော်လည်း ကျောင်းနှင့်မတူ ဓာတ်ခန်းနှင့်တူနေသည်။ ဘုန်းကြီးကျောင်းနောက်ဘက်တွင် ဖားဖိုနှင့်လုံများကို လှမ်းမြင်နေရသဖြင့် ဘုန်းကြီးမှာအဂ္ဂိရတ်လည်း ထိုးသောဘုန်းကြီးဖြစ်ကြောင်းသိရသည်။ တွင် ဒေါက်တာ ခင်မောင်ဇော်သည် စိတ်ပျက်ပြီး ဘုန်းကြီးကို ပါလာသော သင်္ကန်းနှင့်ကန်တော့ပြီးသော် နောက်နားကျကျနေရာတွင်သွားထိုင်နေလိုက်၏။

ဘုန်းကြီးက အဖြစ်အပျက်ကိုမေးသည်။ ဆရာမက သားဖြစ်ပျက်နေပုံကိုပြောပြသည်။ တစ်ဦးတည်းသောသားမှာ အစားကောင်းကောင်းမစားသဖြင့် လူမှာမြင်သည့်အတိုင်း ပိန်ချုံးပျော့ခွေနေသည်။ အနောက်တိုင်းဆေးဝါးဖြင့်အမျိုးမျိုးကုသသော်လည်း အကြောင်းမထူးကြောင်း၊ ဥက္ကလာပမှ ဆရာမလေးနှင့်တွေ့သဖြင့် လာခဲ့ခြင်းဖြစ်ကြောင်း ကြည့်ရှုကုသပေးပါရန် လျှောက်ထားသည်။

ဘုန်းကြီးသည် ပက်လက်ကုလားထိုင်ကြီးပေါ်တွင် တင်ပျဉ်ခွေထိုင်နေရာမှ ဆရာမလျှောက်နေသည်ကိုနားထောင်

ရင်း သားကိုကြည့်နေသည်။ ပြီးမှ အမိန့်ရှိသည်။

"ဒကာမကြီး၊ ဒီအုန်းပွဲကိုမ,ကြည့်"

ဘုန်းကြီးပြောသဖြင့် အုန်းပွဲကို ကောက်ယူမကြည့်လိုက်ရာ အနည်းငယ်လေးသော်လည်း မ,၍ရသည်။ နှစ်ကြိမ်၊ သုံးကြိမ်ခန့်မ,ကြည့်လိုက်ရာ ကောင်းစွာမ၍ရသည်။

"မ,လို့ရတယ်နော်။ ကဲ - အခုသစ္စာဆိုပြီးမ,ရမယ်။ ဘုန်းကြီးဆိုတာလိုက်ဆို။ စိတ်ထဲမှာလည်းအာရုံပြုထား။ ဒီကလေးတွင် အစွဲရှိပါက သည်ပွဲသည် မ,၍မရလောက်အောင်လေးပါစေသား။ ကဲ - ပွဲကိုမ,ကြည့်လိုက်"

ဆရာမက အုန်းပွဲကိုမ,ကြည့်လိုက်သည်။ အုန်းပွဲမှာမကြွပေ။ အတော်လေးအားစိုက်မကြည့်တော့မှ အုန်းပွဲကကြွလာသည်။ လေးလည်းလေးနေသည်။ မ,ပြီးပြန်ချထားလိုက်သည်။ နောက်ထပ်နှစ်ကြိမ်မ,ကြည့်သော်လည်း အုန်းပွဲမှာ အတော်ကလေးအားစိုက်မ,မှမြောက်ကြွလာလေသည်။

ထို့နောက် ဘုန်းကြီးက အမိန့်ရှိပြန်ပါသည်။

"ကဲ - လိုက်ဆိုဦး။ သည်ကလေးတွင် အစွဲရှိပါက အုန်းပွဲသည် ဖက်ရွက်ကလေးလို ပေါ့ပါစေသား။ ကဲ-မ,ကြည့်လိုက်ပါဦး"

ဆရာမက အုန်းပွဲကိုကောက်,မလိုက်သည်။ ခုနတုန်းကလေးနေသောကြောင့် သည်တစ်ကြိမ်တွင် အနည်းငယ်အားစိုက်ထုတ်ပြီးမ,လိုက်ရာ အုန်းပွဲသည် မထင်မှတ်လောက်အောင်ပေါ့ပြီး အပေါ်သို့မြောက်၍ပင်တက်သွားသည်။ သုံးကြိမ်မ,ကြည့်ရာ သုံးကြိမ်စလုံးမှာ ပေါ့ရွှတ်နေလေသည်။

ထိုအခါကျမှ ဘုန်းကြီးကအမိန့်ရှိသည်။

"ကဲ-ဒကာမကြီးပွဲကိုမ,ကြည့်တာဘယ်လိုနေလဲ"

"ပေါ့တဲ့အခါလည်း ပေါ့တယ်၊ လေးတဲ့အခါလည်း လေးတယ်ဘုရား။ သစ္စာဆိုတဲ့အတိုင်းဖြစ်နေတယ်"

"အင်း - အဲဒါ ဒကာမကြီးစဉ်းစားဖို့ပဲ။ ဒကာမကြီး ယုံကြည်တယ်ဆိုရင်လည်းကု၊ မယုံကြည်ရင်လည်း မကုဘဲနေနိုင်တယ်၊ ကလေးမှာ အစွဲရှိနေတယ်လို့ ဘုန်းကြီးထင်တယ်"

"ယုံကြည်ပါတယ် ဘုရား၊ တပည့်တော်မရဲ့သားကလေးမှာ အစွဲတွေဘာတွေရှိတယ်ဆိုရင်လည်းချွတ်ပေးတော်မူပါ ဘုရား"

"အင်း-ကျုပ်တို့က မေးရတယ်ဗျ။ ဒါမျိုးဆိုတာ ကာယကံရှင်ကျေနပ်မှ လုပ်လို့ရတာကိုး"

ထို့နောက်တွင် ဘုန်းကြီးက မောင်ဖြိုးဝေဇော်ကို အနားသို့ခေါ်ပြီး သေချာစွာကြည့်၍ ဘုရားကျောင်းဆောင်ဘက်သို့လှည့်ပြီးဝတ်ပြုစေသည်။ ငါးပါးသီလခံခိုင်းသည်။ ပြီးနောက် ဘုရားကျောင်းဆောင်မှ ရေပုလင်းကိုယူပြီးတော့ အနည်းငယ်သောက်စေသည်။ ထို့နောက် ထိုရေနှင့်ပင် ဦးခေါင်းကို ပက်ဖျန်းပေးသည်။ ဘုရားကိုအာရုံပြုနေဟုပြောပြီး ကိုယ်တော်တိုင်လည်း မျက်စိကိုမှိတ်ကာ ငြိမ်သက်စွာ အာရုံပြုနေသည်။ (၁၀) မိနစ်ခန့်မျှ ငြိမ်သက်စွာ အာရုံပြုပြီးသော် နဂါးရုပ်ရှိရာသို့သွားပြီး အမွှေးတိုင်လေး၊ ငါးတိုင် ထွန်းညှိပူဇော်သည်။ ထို့နောက် ဆရာမဘက်သို့လှည့်ပြီးပြောသည်။

"ကလေးကနဂါးသိုက်ကလာတာ။ သိုက်မှာ နဂါးမအမေကြီးကျန်နေတယ်။ သားကို သတိရပြီး ပြန်ခေါ်ချင်နေတယ်။ ဘာဆေးမှကုလို့ရမှာမဟုတ်ဘူး"

"ဟင်-ဟုတ်လား၊ နဂါးမအမေတဲ့လား"

ဆရာမက ဦးခင်မောင်ဇော်ဘက်သို့ လှည့်ကြည့်ပြီး မေးလိုက်ခြင်း ဖြစ်သည်။

ဦးခင်မောင်ဇော်ကတော့ စိတ်ပျက်သည့်မျက်နှာနှင့် ပြန်ကြည့်နေသည်။ သူက သိပ္ပံသမားဖြစ်သောကြောင့် နတ်တွေ၊နဂါးတွေကို ယုံကြည်မှုရှိသူမဟုတ်ပေ။ နဂါးအမေဆိုသဖြင့် ပိုပြီးစိတ်ပျက်သွားသည်။ ဆရာမလည်း အံ့အားသင့်နေလေသည်။ သို့သော်လည်း ဒီကိုရောက်နေသည်ဖြစ်သဖြင့် မယုံကြည်ဟုလည်း မပြောချင်ပေ။

"တင်ပါ့ဘုရား၊ အရှင်ဘုရားကောင်းမယ်ထင်သလိုသာ အမိန့်ရှိပါဘုရား။ တပည့်တော်မရဲ့ကလေး ပြန်ကောင်းသွားအောင်သာ လုပ်ပေးပါဘုရား"

ဘုန်းကြီးသည် ကာယကံရှင်သဘောတူသည်ဆိုသည်နှင့် သက်န်းကိုပြင်ပြီးဝတ်ရုံပြီး နေရာမှထလာသည်။ ဘုရားရှေ့တွင်ထိုင်ပြီးရှိခိုး၏။ ထို့နောက် မျက်စေ့စုံကိုပိတ်ပြီး တစ်စုံတစ်ရာကို ရွတ်ဆိုသည်။ ပြီးနောက် အတန်ကြာငြိမ်သက်ပြီး အာရုံခံကြည့်နေသည်။ ပြီးမှ မျက်လုံးကိုဖွင့်ပြီးပြောသည်။

"ကဲ - ဒကာကလေးကို မေးရဦးမယ်။ သက်န်းဆီးနိုင်မလား၊ တရားစခန်းဝင်နိုင်မလား"

မောင်ဖြိုးဝေဇော်က အမေ့ကို လှမ်းကြည့်နေသည်။

အမေက ခေါင်းညိတ်ပြသောအခါ -

"သက်န်းဆီးနိုင်ပါတယ်၊ တရားစခန်းလည်းဝင်နိုင်ပါတယ်ဘုရား"

"ဒါဆိုရင် ကျုပ်က မေတ္တာရပ်ခံပေးမယ်။ တရားစခန်းတစ်ပတ်တော့ ဝင်ရမယ်။တရားစခန်းဝင်နေတဲ့တစ်ပတ်မှာ သက်န်းဆီးထားရမယ်နော်"

"တင်ပါ့ ဘုရား"

သူတို့သားအမိနှင့် စည်းဝါးကိုက်ပြီးသောအခါ ဘုန်းကြီးသည် နတ်နဂါးရုပ်များဘက်သို့လှည့်ကာ အချိန်အနည်းငယ်ကြာမျှ အာရုံပြုနေလိုက်ပြန်သည်။

ပြီးမှ -

"ကဲ - ဒီဝေဒနာရှင်ကလေးရဲ့ မိခင်နဂါးမကြီးကို ဘုန်းကြီးက မေတ္တာရပ်ခံပါတယ်။ ဒီကလေး လူ့ပြည်ကိုလာမယ်ဆိုတုန်းကလည်း သင်နဂါးမကြီးက ခွင့်ပြုခဲ့တာပဲမဟုတ်လား။ အခုအသက်က ဘာမှရှိတာမဟုတ်သေးဘူး။ ပြန်ခေါ်မယ်ဆိုတော့ စောပါသေးတယ်။ သင်နဂါးကြီးဘဝမှလွတ်မြောက်အောင် ဘဝကူးကောင်းအောင် ကလေးက သက်န်းဆီးပြီး တရားအားထုတ်၊ မေတ္တာပို့ပေးပါမယ်။ ခွင့်ပြုဖို့ ဘုန်းကြီးကကြားက မေတ္တာရပ်ခံပါတယ်။ ခွင့်ပြုပေးပါ။ ဒီကလေးသက်တမ်းရှိသမျှနေခွင့်ပေးပါ။ မိခင်မေတ္တာနဲ့ ခွင့်ပြုပေးပါရန်လည်း မေတ္တာရပ်ခံပါတယ်"

ဟု ဆိုကာ အချိန်အတန်ကြာမျှ ငြိမ်သက်နေလိုက်သေးသည်။ ပြီးမှ ဆရာမဘက်သို့လှည့်ပြီးပြောသည်။

"ဆဲ - ဘုန်းကြီးက ကြားကနေပြီးတော့ဝင်ပြီးမေတ္တာရပ်ခံပေးလိုက်ပါပြီ။ သူက နဂါးသိုက်ကလာတာ။ လူ့ပြည်အလည်သွားမယ်ဆိုပြီးရောက်လာတာ။ အမေက လွမ်းလို့ဆိုပြီးပြန်ခေါ်ချင်နေတာ။ အခုမေတ္တာရပ်ခံလို့ခွင့်ပြုပါတယ်။ မိခင်ကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကုသိုလ်ပြုတဲ့အနေနဲ့ ရဟန်းခံပါ။ တရားစခန်းတစ်ခုမှာ တစ်ပတ်ဝင်ပြီး တရားအားထုတ်ပါ။ တရားစခန်းဝင်တဲ့အချိန်မှာ နေ့တိုင်း မိခင်နဂါးမကြီးကိုအာရုံပြုပြီး မေတ္တာပို့၊ အမျှဝေပါ။ နဂါးဘဝမှ လွတ်မြောက်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါ။ မကြာခဏဆိုသလို

လည်း တရားစခန်းဝင်ပါ။ ဒါဆိုရပါပြီ။

"တပည့်တော်တို့ ဘယ်မှာရဟန်းခံရမှာလဲ၊ ဒီကျောင်းမှာလား။ တရားစခန်းကောဘယ်မှာဝင်ရမှာလဲ ဘုရား"

ဆရာမက သူ့ကျောင်းမှာ ရဟန်းခံရမည်ဟုထင်၍ မေးလိုက်ခြင်းဖြစ်သည်။

"ကြိုက်တဲ့နေရာမှာရဟန်းခံ၊ ကြိုက်တဲ့နေရာမှာ တရားစခန်းဝင်။ အရေးကြီးတာက ဘုန်းကြီးပြောသလို မိခင် နဂါးမကြီးကို တရားစခန်းဝင်နေတုန်း မေတ္တာပို့ဖို့ပဲ။ တရားစခန်းကထွက်ရင်လည်း တစ်သက်လုံး မေတ္တာပို့နေရမှာ။ သူ့မေတ္တာကိုယ့်မေတ္တာဆိုတာရှိတယ်လေ။ အသွား၊ အပြန်မေတ္တာပို့တော့ ဘဝမှာ အနာရောဂါကင်းတယ်။ သက်ရှည်ကျန်းမာတယ်။ အစစအဆင်ပြေတယ်၊ ထဲတဲ - သွားကြတော့ သွားကြတော့။ ဘုန်းကြီးလည်း အလုပ်ရှိသေးတယ်"

ဘုန်းကြီးက သည်မျှနှင့် ပြီးပြီဆိုသောကြောင့် ကျေးဇူးတင်သွားသည်။ နောင်ကြီးမရှိ ဘယ်နေရာမှာမဆို ရဟန်းခံနိုင်သည်ဆိုသောကြောင့်လည်း ကျေးဇူးအထူးတင်သွားသည်။ ဘုန်းတော်ကြီးသည် မည်သည်ကိုမျှ မမျှော်ကိုးဘဲ မေတ္တာနှင့်ဆောင်ရွက်ပေးခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဝတ္ထုငွေလှူပြီး ပြန်လာခဲ့ကြသည်။

လမ်းတွင် ဦးခင်မောင်ဇော်က ပြောသည်။ သူက ဆရာဝန်ဖြစ်သည့်အတိုင်း လာပြသောလူနာကို ဘုန်းကြီးက ဆေးပေးမီးယူဘာမှလုပ်မပေးသဖြင့် အဝင်မကျဖြစ်နေသည်။

"ဘုန်းကြီးက ဘာမှလုပ်မပေးလိုက်ဘူးနော်။ ဘုန်းကြီးဝတ်ဖို့ပဲ မှာလိုက်တယ် ဒါပဲလား"

"အင်းလေ - ဘုန်းကြီးက ဘာမှတော့ လုပ်မပေးဘူး၊ လုပ်စရာတော့မှာလိုက်တယ်မဟုတ်လား။

သူပြောသလိုလုပ်ကြည့်တာပေါ့။ ဘာမှအပန်းကြီးတာမှမဟုတ်တာ။ သားလည်း ကျောင်းနားနေတာပဲ"

သို့နှင့် နောက်နေ့တွင် အိမ်နှင့်နီးသော ကျောက်ကုန်းတောရကျောင်းသို့ သွားကြသည်။ သားက အသက် (၂၀) မပြည့်သေးသောကြောင့် သင်္ကန်းဆီးပြီး ကိုရင်ပဲဝတ်ရသည်။ ထို့နောက် တရားစခန်းဖွင့်ထားသောနေရာကို စုံစမ်းရာ သူတို့နေသော ကျောင်းကုန်းနှင့်နီးသည့် ကျောင်းဘုရားဝင်းတွင် တရားစခန်းရှိသည်ဆိုသောကြောင့် လာလိုက်သည်။ သို့သော် တရားစခန်းကဖွင့်သည်မှာ (၂) ရက်ရှိနေသည်ဆိုသောကြောင့် တရားစခန်းစီစဉ်ရေးအဖွဲ့ကို အကျိုးအကြောင်းပြောပြီး ခွင့်တောင်းရသည်။ သူတို့က ခွင့်ပြုသောကြောင့် မိုးကောင်းတရားစခန်းမှာ တရားထိုင်ဖြစ်သည်။

တရားစခန်းလည်းဝင်၊ ကိုရင်လည်းဝတ်ထားသောကြောင့် သားဖြစ်သူအတွက်စိတ်ပူသည်။ ညစာမစားရသောကြောင့် နဂိုကတည်းက အစာမစားသော သားအတွက် စိတ်ပူခြင်းဖြစ်သည်။ သို့သော်လည်း တရားစခန်းက ရက်အနည်းငယ်သာ ကျန်တော့သောကြောင့် ဒုက္ခတော့မဖြစ်လောက်ဟုတွေးပြီးထားခဲ့ရသည်။

နောက်နေ့ နံနက်ပိုင်းတွင်သွားတွေ့သောအခါ သားကိုရင်သည် တရားစခန်းကကျွေးသောကြက်သားဆန်ပြုတ်ကို တစ်ပန်းကန်လုံးသောက်ကြောင်းသိရသောအခါတွင် ဝမ်းသာသွားသည်။ အိမ်မှာနေတုန်းက ဆန်ပြုတ်ဆိုလျှင် လှည့်ပင်မကြည့်သော သားမှာဆန်ပြုတ်တစ်ပန်းကန်လုံးကိုသောက်သည်ဆို၍ အံ့ဩနေသည်။ ညနေပိုင်းသွားကြည့်တော့လည်း နေ့ခင်းတုန်းက ဆွမ်းဘုဉ်းပေးရာတွင် တစ်ပန်းကန်မောက်မောက်ဘုဉ်းပေးသည်ဆိုပြန်ရာ အလွန်ဝမ်းသာသွားတော့သည်။ပတ်ဝန်းကျင်အပြောင်းအလဲကြောင့်လားဟုလည်း စဉ်းစားနေမိသည်။ သို့သော် သားက အစားဝင်လာပြီဆို၍ အတော်ပင်အားတက်လာသည်။ ဆရာဘုန်းတော်ကြီးပြောသော နဂါးမယ်တော်ကြီးကို မေတ္တာပို့သလားဆိုတော့ပို့သည်ဟုဆိုသည်။

"ပို့ပါ ကိုရင်ရယ်။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလိုပေါ့။ ကိုယ်ကမေတ္တာထားတော့ ကိုယ့်ကိုလည်း ပြန်မေတ္တာထားမှာပေါ့။ အရင်ဘဝက အမေဆိုရင်လည်း အမေပေါ့။ ကိုရင်အစားပြန်စားတာတော့ထူးတယ်၊ တရားထိုင်ရတာကော အဆင်ပြေတယ်မို့လား"

"ပြေပါတယ် ဒကာမကြီး"

သားကို တရားစခန်းမှာထားခဲ့ရသည်ကို စိတ်မချသော ဆရာမသည် ပျော်ပြီးပြန်သွားသည်။ သူ့သားမှာ ထမင်းမစားဘာမစားနှင့်နေလာသည်မှာ ကာလအတန်ကြာခဲ့ပြီ။ ယခုအစားစားသည်ဆို၍အလွန်ဝမ်းသာနေလေသည်။ အိမ်ရောက်တော့ ခင်ပွန်းသည်ကိုပြောပြရာ သူလည်းဝမ်းသာသည်။ သို့သော် နဂါးမယ်တော်ဆိုသည်ကိုတော့ မယုံကြည်ပေ။ အနေအထိုင်ပြောင်းသွားခြင်းကြောင့် စိတ်အပြောင်းအလဲဖြစ်ပြီး အစားဝင်လာသည်ဟုပင်ထင်နေသည်။

ဆရာမသည် တရားစခန်းဝင်နေသော သားကိုရင်ရှိရာသို့ ညနေတိုင်းသွားတွေ့သည်။ တရားအားထုတ်ပုံကို မေးသည်။

"ဆရာတော်က အာနာပါနတရားလို့ပြောတယ်။ ကိုရင်လည်း ပြောတဲ့အတိုင်းလိုက်လုပ်တာပဲ။ အသက်ရှူတာကို စောင့်ကြည့်ရတာပဲ။ ဝင်လာရင်ဝင်တယ်လို့မှတ်ရတယ်။ ထွက်သွားရင်ထွက်တယ်လို့မှတ်ရတယ်။ စိတ်တည်ငြိမ်အောင် ကြိုးစားနေရတယ်။ နဂါးအမေကြီးကို မေတ္တာပို့ဆိုလို့ တရားမှတ်ရင်း ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လွတ်ကျွတ်ပါစေလို့ အမြဲဆုတောင်းပေးတယ်၊ ဒကာမကြီးတို့ကော အိမ်မှာအဆင်ပြေလား"

"ပြေပါတယ် ကိုရင်ရယ်၊ မပြေလည်စရာဘာမှရှိတာမှမဟုတ်တာဘဲ။ ကိုရင်အစားကောစားပြီလား"

"စားတယ်။ ဒီနေ့ ဝက်သားဆီပြန်၊ ကြက်သားနဲ့ဘူးသီး၊ ပဲဟင်း၊ ပုံးရည်ကြီးနဲ့ ငါးပိကြော်ကျွေးတယ်။ ဆွမ်းဘုဉ်းပေးလို့ ကောင်းလိုက်တာ။ ဆွမ်းထမင်းတစ်ပန်းကန်အပြည့်ဘုဉ်းပေးတယ်။ ထမင်းစားပြီးတော့ ကျွဲကောသီးကျွေးသေးတယ်။ အဲဒါလည်း စားလို့ကောင်းကောင်းနဲ့ လေး၊ ငါးစိတ်စားလိုက်တယ်"

"ကောင်းတယ် ကိုရင်။ ကိုရင်ကြိုက်တယ်ဆိုရင် အမေအိမ်ကျရင်ချက်ကျွေးဦးမယ်"

"ရတယ် ဒကာမကြီး။ အခုဘာနဲ့မဆိုစားကောင်းနေတယ်"

အမေဖြစ်သူ ဆရာမမှာ ထခုန်မိမတတ် ဝမ်းသာသွားသည်။ သူမ၏သားလေးသည် ထမင်းမစားဟင်းမစားနှင့်နေသည်မှာ လပေါင်းအတော်ကြာလေပြီ။ ယခု ထမင်းကိုကောင်းစွာစားသည်ဆိုတော့ ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။ အတူလိုက်လာသော သမီးဖြစ်သူမှာလည်း သူမ၏မောင်အတွက် ဝမ်းသာနေသည်။ သူတို့အိမ်မှာ သည်မောင်တစ်ယောက် ဒုက္ခရောက်နေရာ အခုအဆင်ပြေနေပြီ ဖြစ်လေသည်။

သို့နှင့် ရက်အနည်းငယ်အကြာတွင် တရားစခန်းပြီးသွားသည်။ ကိုရင့်ကိုလည်း ဘုန်းကြီးကျောင်းသို့ပြန်ခေါ်သွားပြီး လူထွက်လိုက်ကာ အိမ်ပြန်ခေါ်လာသည်။ တရားစခန်းတွင် ရက်အနည်း

ငယ်နေပြီး တရားအားထုတ်လိုက်သည်မှာ ဘဝပြောင်းလိုက်သလိုဖြစ်သွား၏။ အိမ်တွင်လည်းအစားကောင်းစွာစားလာသည်။ ထမင်းစားပြီး ရေခဲသေတ္တာကိုဖွင့်ပြီး အသီးအနှံမျိုးစုံကို စိတ်တိုင်းကျယူစားတော့သည်။ ထန်းလျက်စားချင်သည်ဆို၍ပုလင်းနှင့်ထည့်ထားပေးသည်။ ထမင်းစားပြီးတိုင်းစား၏။ စားကောင်းသောက်ကောင်းဖြစ်နေလေ၏။ပေါင်ချိန်ကြည့်သောအခါ (၁၀) ပေါင်တက်လာသည်ကို တွေ့ရသောအခါ အားလုံးဝမ်းသာနေတော့သည်။ အခြေအနေမှာ ရက်ပိုင်းအတွင်း သိသာစွာ တိုးတက်ပြောင်းလဲလာပြီ ဖြစ်လေသည်။

နောက်လတွင်ချိန်ကြည့်ရာ ပေါင် (၂၀) တိုးနေလေသည်။ ကိုယ်အလေးချိန်မှန်မှန်တိုးနေပြီ ဖြစ်သည်။ နားထင်များ ချိုင့်ဝင်နေခြင်း၊ ပါးချောင်နေခြင်း၊ လက်ပြင်ကုန်းနေခြင်း၊ လက်မောင်းများအသားမရှိဘဲ တွဲကျခြင်းများမှာလည်း အသားပြည့်လာပြီဖြစ်၍ ကြည့်ကောင်းရှုကောင်းဖြစ်လာလေပြီ။ ကလေး၏ဘဝမှာ ယူပစ်လိုက်သလို ပြောင်းလဲသွားတော့သည်။ မည်သည့်ဆေးဝါးမျှစားရန်မလိုဘဲ အစားမစားသော ရောဂါကတစ်စတစ်စပျောက်ကင်းသွားခြင်း ဖြစ်လေသည်။

ရှုံးပိတ်ရက်တနင်္ဂနွေနေ့တစ်ရက်တွင် လှူဖွယ်ဝတ္ထုများနှင့် ဘုန်းကြီးကျောင်းသို့ရောက်သွားသည်။ ဘုန်းကြီးနှင့်တွေ့သောအခါ ယူလာသော ပစ္စည်းများ ဆက်ကပ်သည်။

ဘုန်းကြီးက သားကိုကြည့်ပြီးပြောသည်။

"ဒကာမကြီး၊ သားအခြေအနေတိုးတက်လာပြီလား"

"တိုးတက်တယ် ဘုရား။ အခုတော့ ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်နဲ့ ကိုယ်အလေးချိန်လည်းတက်လာပါပြီ။ အရှင်ဘုရားပေးတဲ့အသက်ပဲရှိပါတော့တယ်ဘုရား"

"အင်း - ဒကာမကြီးတို့ ယုံပြီမဟုတ်လား။ နတ်ရှိတယ်၊ နဂါးရှိတယ်ဆိုတာ"

"မှန်ပါ၊ အခုတော့ယုံရမလိုဖြစ်နေပါပြီဘုရား"

"မယုံမရှိနဲ့ဗျ။ ဘုရားဟောတဲ့အထဲမှာကိုက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်ဘုံလေးဘုံရှိတယ်။ နောက် လူ့ဘုံ၊ နောက်နတ်ပြည် (၆) ထပ်၊ ဗြဟ္မာဘုံက (၂၀) ဆိုတာရှိတယ်။ ဒီဘုံတွေက ဘုရားဟောထဲမှာပါလို့သာသိရတာ၊ ကျုပ်တို့က မြင်ရတာမဟုတ်ဘူး။ မမြင်ရလို့ မရှိဘူးလို့လည်းမပြောနိုင်ဘူး။ ဥပမာဗျာ အမေရိကန်တို့၊ ရုရှားတို့၊ ဂျပန် စသည်တို့မှာ ကျုပ်တို့လိုပဲ လူတွေရှိနေတယ်၊ သွားလာစားသောက်နေကြတယ်လို့ပြောတယ်။ကျုပ်တို့မျက်စိနဲ့မမြင်ရလို့ ဟာ - ဒါတော့မဟုတ်လောက်ဘူးလို့ ပြောလို့မရဘူး။ မမြင်ရလို့မရှိဘူးလို့မပြောနိုင်ဘူးဗျ။ သူ့ဘဝနဲ့သူရှိနေကြတာပဲ။ ဒီသဘောပဲ။ နတ်တို့၊ နဂါးတို့ဆိုတာတွေလည်း ကျုပ်တို့လူသာမန်မျက်စိနဲ့မမြင်နိုင်ဘူး။ မမြင်လို့မရှိဘူးလို့မပြောနိုင်ဘူး။ မြင်နိုင်စွမ်းရှိတဲ့လူကမြင်တာပဲ။ ဆက်သွယ်နိုင်စွမ်းရှိတဲ့လူကဆက်သွယ်နိုင်တာပဲ။ ဒါတွေက ဂမ္ဘီရသဘောတွေပဲ။ အခု ဒီကလေးမှာ အရင်ဘဝတုန်းက မိခင်ဖြစ်တဲ့နဂါးမကြီးရှိတယ်။ အခု ကျုပ်ကမေတ္တာရပ်ခံလိုက်တော့ပြန်မခေါ်တော့ဘူး။ ကလေးက ဒါကို လက်ခံပြီး မှန်မှန်မေတ္တာပို့၊ မှန်မှန်အမျှအတန်းဝေ ကောင်းမှုပြုပေးတယ်။ ဟော - အခုတော့ အဆင်ပြေသွားပြီ။ အသက်ရှည်ရှည် အနာရောဂါကင်းကင်းနဲ့ ကံရှိသလောက်နေသွားရလိမ့်မယ်"

"မှန်ပါ့ဘုရား၊ တပည့်တော်တို့လည်း အလှူအတန်းပြု အမျှအတန်းဝေပေးပါ့မယ်ဘုရား"

"သာဓုဗျာ သာဓု သာဓု"

❑

ကျွန်တော်တို့သည် ထိုမိသားစု၏ အဖြစ်အပျက်ကို တနင်္ဂနွေနံနက်ရွှေတိဂုံဘုရားသို့တက်ချိန်တွင် ပင်စင်စားတစ်ယောက်ကပြောပြသည်ကို ဝိုင်းနားထောင်နေခြင်းဖြစ်သည်။ အဖြစ်အပျက်ကအမှန်ဖြစ်သော်လည်း နတ်၊ နဂါးတွေပါဝင်နေသောကြောင့် ယုံရမှာလည်းခက်နေလေသည်။

"အခုလိုခေတ်ကြီးမှာ နဂါးရှိတယ်ဆိုတာ ယုံဖို့အတော်ခက်တယ်။ နဂါးဆိုတာ ပုံသဏ္ဌာန်ကြည့်ရတာကမြွေအကြီးပဲ"

ဟု တစ်ယောက်ကပြောသည်။

"အင်း - အဲဒီမြွေကြီးက တန်ခိုးတွေဘာတွေရှိတယ်ဆိုတာ မယုံကြည်နိုင်စရာဘဲ"

"လူနာကလေးက နဂါးနဲ့ဆက်သွယ်နေတယ်ဆိုတာကလည်း အံ့ဩစရာပဲ။ အဲဒါကျတော့ ဘယ်လိုနားလည်ရမလဲ"

"ဒါပေမယ့် အင်္ဂလိပ်ဆေးဝါးတွေနဲ့ အမျိုးမျိုးကုတာမပျောက်ဘဲ နဂါးသိုက်နဲ့ဆက်သွယ်တယ်ဆိုပြီး ဘုရားကုကုလိုက်မှ ပျောက်ကင်း သက်သာသွားတယ်ဆိုတာကျတော့ ဘယ်လိုစဉ်းစားမလဲ"

နောက်ဆုံးတွင် တစ်ယောက်က မှတ်ချက်ပေးသည်။

"နောက်ဆုံး သတ္တုချကြည့်လိုက်ရင် ဒါဟာ စူပါနချုရယ်ဆိုတဲ့ စိတ်နယ်လွန်ဖြစ်ရပ်ဆန်းလို့ပဲပြောရမှာပဲ။ ခင်ဗျားတို့ မှတ်မိတယ်မဟုတ်လား။ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်လောက်တုန်းက အစ္စရေးမှာ လူတစ်ယောက် ဂယ်ရီကူလာဆိုတာပေါ်လာဖူးတယ်။ သူဟာ မျက်စိနဲ့စိုက်ကြည့်နေတာနဲ့ စားပွဲပေါ်ချထားတဲ့ စတီးဇွန်းတွေ၊ခက်ရင်းတွေကွေးကောက်ကုန်တယ်။ ဖန်ခွက်တွေ၊ ပန်းကန်တွေလေထဲမြောက်တက်ကုန်တယ်။ မျက်စိနဲ့စိုက်ကြည့်တာနဲ့တင်ကွေးကောက်ကုန်တာနော်။ ခင်ဗျားတို့ စဉ်းစားကြည့်။ စတီးဇွန်းတစ်ချောင်းကိုကွေးသွားအောင်လုပ်ဖို့မလွယ်ပါဘူး။ အတော်သန်မာတဲ့လူမှ အတော်အားစိုက်ပြီးကွေးမှရတာ၊ သူက စိတ်ထဲကနေပြီး ကွေးပါစေ၊ ကောက်ပါစေ၊ မြောက်တက်ပါဆိုပြီးနဲ့ အာရုံပြုတာ သူ့ဆန္ဒအတိုင်းဖြစ်တာပဲ။ စိတ်တန်ခိုးနဲ့ကွေးပြတာ။ သူ့ကို သိပ္ပံသမားတွေ ဝိုင်းစမ်းကြတာပဲ၊ အားလုံးလက်လျှော့လိုက်ကြရတယ်။ ကျွန်တော်တို့ အခုဇာတ်လမ်းကိုလည်း စိတ်နယ်လွန်ဖြစ်ရပ်လို့ပဲသတ်မှတ်ရမှာပဲ။ ဒါဟာ သဘာဝလွန်ဖြစ်ရပ်ပဲ။ ကျွန်တော်တို့မှာ အခုရှိနေတဲ့အသိဉာဏ်တွေနဲ့မမီသေးတဲ့ ဖြစ်ရပ်ပဲ။ တစ်နေ့နေ့ စိတ်ပိုင်းဆိုင်ရာတွေ အလွန်ဖွံ့ဖြိုးတိုးတက်လာတဲ့အချိန်မှာ အခုပြောတဲ့ နတ်တို့၊ နဂါးတို့၊ ဂဠုန်တို့ဆိုတာရှိတယ်ဆိုတာတို့၊ ဆက်သွယ်နိုင်တယ်ဆိုတာတို့ကို အဖြေထုတ်လို့ရမယ်ထင်တာပဲ"

ကျွန်တော်တို့လည်း သည်အဖြစ်အပျက်ကို အဖြေထုတ်၍မရသောပုစ္ဆာသို့မဟုတ် သဘာဝလွန်ဖြစ်ရပ်ဆန်းအဖြစ်သာ လောလောဆယ် မှတ်တမ်းတင်ရပါတော့မည်။

မဟာသုံ

ယခုအခါ မြေငလျင်ဘေးဆိုးကြီး ချိန်ပေါ်ကျရောက်နိုင်ကြောင်းနှင့် ကြိုတင်ပြင်ဆင်ကြပါရန် ပညာရှင်များက သတိပေးနေကြပြီ ဖြစ်ပါသည်။ ရေကြီးမှုဒဏ်ကို ခံစားနေရဆဲလည်း ဖြစ်သည်။ သဘာဝကပ်ဘေးဆိုးများတစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေသည်မှာ ကမ္ဘာမြေအနှံ့ပင် ဖြစ်သည်။ မြန်မာတို့၏ ဗုဒ္ဓမြတ်ဘုရား အပေါ် သက်ဝင်ကိုးကွယ်မှုမှာ ခိုင်မာနေဆဲ ဖြစ်ပေသည်။ မြတ်ဗုဒ္ဓ၏ ဆုံးမစကားအရလည်း 'တရားကိုစောင့်သောသူကို တရားက ပြန်လည်စောင့်ရှောက်သည်' ဟု ထင်ရှားလျက်ရှိနေပေသည်။ ထို့ကြောင့် လောကီဘေးဆိုးများမှ လွတ်အောင် ဗုဒ္ဓါနုဿတိဘာဝနာကို ဆောင်ကြပါရန် နှိုးဆော်ရခြင်း ဖြစ်ပါသည်။

**ဗုဒ္ဓါ** - မြတ်စွာဘုရားအား၊

**အနုဿတိ** - မမေ့ခြင်းအားဖြင့် မြတ်ဗုဒ္ဓ၏ တရားအဆုံးအမအတိုင်း ကာယ၊ ဝစီ၊ မနော သုံးပါးကံ စင်ကြယ်စေခြင်းဖြင့် အရိယာတို့၏ သြဒိဿမေတ္တာကို ခံယူရရှိလာပေမည်။ အရိပ်ကြီးငါးပါးတွင် ဘုရားအရိပ်၊ တရားအရိပ်သည် အေးမြချမ်းသာဆုံးဖြစ်ပေသည်။ ဘုရားအရိပ်၊ တရားအရိပ်ကိုခိုရန်

# စံ-ကောတု

## လောကီဘေးလွတ်ရအောင်

## ဗုဒ္ဓါနုဿတိကိုဆောင်

ဆေးရုံးရှင် သက်တော်ရှည် အဘိဓဇကောင်းဆရာတော်ကြီးမှ ရွှေချက်သိုမေတ္တာကျောက်တိုင် ၏ တောင်ဘက်ချက်နှာစာတွင် အောက်ပါအတိုင်း ထွင်းဖောက် ရေးသား တိုက်တွန်းထားခဲ့ပေသည်။

□ ဘာဝနာရတနသြဝါဒကထာ

က။ ယေစဗုဒ္ဓါ အတီတာစ၊ ယေစဗုဒ္ဓါ
အနာဂတာ။
ပစ္စုပ္ပန္နာစယေဗုဒ္ဓါ၊ အဟံဝန္ဒာမိ
သဗ္ဗဒါ။

ခ။ နမောတေပုရိသာဇည၊ နမော်ဝေ
ပုရိသုတ္တမ။
နမောတေ တိဏ္ဏသံသာရ၊ နမော
တေ အမတံဒဒ။

□ သဗ္ဗမင်္ဂလာဂါထာ

ဂ။ ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

□ အဋ္ဌရာယ်ကင်းပါဠိ

ဃ။ အဋ္ဌာနမေတံ ဘိက္ခဝေ အနဝ
ကာသော၊ ယံ ပရူပက္ကမေန တထာ
ဂတံ ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာ
ဂတာ ပရိနိဗ္ဗာယန္တိ။ ။

ဤဗုဒ္ဓါနုဿတိဘာဝနာမှစတင်၍ မေတ္တာဘာဝနာတို့ကို ပွားများခြင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနုပဿိယောဂီ အဖြစ် ခံယူစေလိုခြင်းကို ဉာတိမိတ္တ တပည့်သာဝကတို့အား ပြောကြားတိုက်တွန်းအပ်သည်ဟု အဘိဓဇကင်းဆရာ



တော်ဘုရားကြီးမှ ရေးသား တိုက်တွန်းထားပေသည်။

ပဏ္ဍိတာရာမရွှေတောင်ကုန်းဆရာတော်ဘုရားကြီးမှ (၆၈) ကြိမ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ဟောကြားတော်မူသော 'မေတ္တာတရားတော်' ၌ ယခုခေတ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း ဟောကြားခဲ့ပေသည်။

□ **ခေတ် (၄) မျိုး**

ဂေါတမပုရာမ်ကျမ်းအလိုဆိုလို့ရှိရင် ဘုန်းကြီးတို့ အခုခေတ်ကြီးက ကလိယုဂခေတ်လို့ ခေါ်ပါတယ်။ ကတယုဂ၊ ဒွါပရယုဂ၊ တြေတာယုဂနဲ့ ကလိယုဂဆိုတဲ့ ယုဂ(၄)မျိုးရှိပါတယ်။ ကတယုဂဆိုတာ သစ္စယုဂလည်းမည်တယ်။ ရှေးကလူတွေဟာသစ္စာရှိကြတယ်။ ဟိုရှေးရှေးတုန်းက ကြာသွားပြီ။ လူတွေသစ္စာရှိတယ်၊ အသက်ရှည်တယ်။ စားဖွယ်သောက်ဖွယ်တွေမှာ သြဇာဓာတ်ရှိတယ်။ ကျန်းမာတယ်။ လူလေးပုံပုံရင်လေးပုံစလုံးကောင်းတဲ့ခေတ်။ နောက်ကာလရွေ့လျားတော့ လူတချို့တွေက အကျင့်တရားစဖျက်လာတယ်။ တစ်ပုံပျက်သွားတယ်။ သုံးပုံကောင်းတယ်။ အဲဒီခေတ်ပေါ့လေ။ တြေတာခေတ်ခေါ်ပါတယ်။ အဲဒီတြေတာခေတ်လည်း ကျော်သွားပြီ။ ပိန္နဲသီးများပုပ်ပြီဆိုလို့ရှိရင် တစ်စိတ်ပုပ်ရာကနေ အပုပ်ဓာတ်လိုက်ပြီးတော့ နောက်ထပ်တစ်စိတ်ထပ်ပုပ်တယ်။ နှစ်စိတ်ပုပ်သွားရင် နှစ်စိတ်ကောင်းတယ်၊ တစ်ဝက်ပုပ်တယ်၊ တစ်ဝက်ကောင်းတယ်။ နှစ်စိတ်ပုပ်သွားရင် နှစ်စိတ်ကောင်းတယ်၊ တစ်ဝက်ပုပ်တယ် တစ်ဝက်ကောင်းတယ်။ အဲဒါဒွါပရခေတ်ခေါ်ပါတယ်။ အဲဒီခေတ်ကြီးလည်းကုန်သွားပြီ။ အပုပ်ဓာတ်ကလိုက်တော့ ကျန်တဲ့အကောင်းနှစ်ပိုင်းမှာ တစ်ပိုင်းအပုပ်ဓာတ်ဝင်ပြန်ရော။ အဲတော့ သုံးစိတ်ပုပ်ပြီးတော့ တစ်စိတ်ကောင်းလေးဖြစ်တဲ့ ကလိယုဂခေါ်ပါတယ်။

ကလိဆိုတာ ပြောစရာ၊ ကဲ့ရဲ့စရာ အပြစ်တွေပေါ့။ အဆိုးတွေ၊ အယုတ်တွေ၊ အညံ့တွေပေါ့လေ။ အဆိုး၊ အယုတ်၊ အညံ့တွေ လွှမ်းမိုးတဲ့ခေတ်လို့ ဆိုပါတယ်။ အဲတော့ သက်တမ်းတိုတယ်။ စားဖွယ်သောက်ဖွယ်တွေမှာသြဇာဓာတ်တွေညံ့တယ်။ ရောဂါတွေထူပြောတယ်။ တစ်ဦးနဲ့တစ်ဦးကလည်းပဲ မေတ္တာဓာတ်တွေခေါင်းပါးပြီးတော့ ရန်သူတွေဖြစ်ကြတယ်။ မိသားစုချင်းတောင်မှ ရန်သူတွေဖြစ်တာလည်းရှိတာပဲ။ ခေတ်ဆိုးကြီးတဲ့။

ဘုန်းကြီးတို့တစ်တွေဟာ ခေတ်ဆိုးကြီးမှာလာပြီးတော့ဖြစ်ရတာ။ ဗုဒ္ဓဂေါတမ လက်ထက်တော်ကစပြီးတော့ ခေတ်ဆိုးကြီးနဲ့ကြုံခဲ့ရတာ။ ဒါကြောင့် မြတ်စွာဘုရားတောင်မှ သက်တမ်းတစ်ရာမှာပဲ ပွင့်ရတယ်။ သက်တမ်းတိုတဲ့အခါမှာလာပြီးတော့ပွင့်ရတာ။ အခုဆို သက်တမ်းအများကြီးတိုသွားပြီ။ လူတွေအကျင့်ပျက်တာအားကြီးပဲ။

ဟု ဟောကြားထားသည်။

ဤခေတ်ဆိုးကြီးကို ဆုတ်ကပ်ဟုခေါ်သည်။ဆရာတော်ကြီးက ဆုတ်ကပ်မှ တက်ကပ်သို့ ရောက်ရလေအောင် ရဟန်းတော်များရော ဗုဒ္ဓဘာသာမြန်မာတို့အားလုံး စစ်မှန်သည့်မေတ္တာတရားကို နားလည်ပြီးတော့ စိတ်ပါလက်ပါနှင့်ပွားပြီးတော့ နေ့တိုင်းကျင့်သုံးကြမယ်ဆိုလျှင် ဆုတ်ကပ်မှ တက်ကပ်သို့ဆိုတာဖြစ်လာမှာဟု ဆုံးမညွှန်ပြထားပေသည်။

ဆုတ်ကပ်၏သဘာဝအရ လူတို့ သီလပျက်ကြသည်။ သီလဖျက်ကြမည်။ သီလကြောင်တို့ ခေတ်စားလာမည်။ လူတို့သီလပျက်ယွင်းလာသည်နှင့်အမျှ သဘာဝရာသီဥတုသည်လည်း ဖောက်ပြန်ပျက်ယွင်းလာသည်။ ဖောက်ပြန်ပျက်ယွင်း မကောင်းခြင်းများ၏ ရာသီဥတုအကျိုးဆက်အဖြစ် ကမ္ဘာမြေ၏ ဩဇာဓာတ်သည်လည်း ဖျက်ဆီးခံရပျက်ဆီးခြင်းကာလရောက်ရတော့သည်။ ပျက်ယွင်းသည့် ဩဇာဓာတ်ဖြင့် စိုက်ပျိုးဖြစ်ထွန်းလာသည့် သီးနှံများသည်လည်း အဆိပ်သင့်၊ အဆိပ်ပြွမ်းသည့် စားစရာများဖြစ်လာရသည်။ ယင်းတို့ကို စားသုံး၍ အသက်ရှင်ရသည့် ကျွန်ုပ်တို့ လူသားများလည်း အဆိပ်သင့်ရောဂါများရ၍ အသက်တို၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်၊ မာနဟုဆိုအပ်သည့် ပပဉ္စတရားများကြီးထွားကြသည်။ 'ဘယ်သူသေသေ ငတေမာရင်ပြီးရော' ဟူသောစကားကဲ့သို့ သစ္စာ၊ မေတ္တာတရားများခေါင်းပါးကာ မြတ်ဗုဒ္ဓ၏တရားအဆုံးအမများကို မေ့လျော့၊ ပေါ့ဆ၊ ပစ်ပယ်လာကြသည်။ ထို့ကြောင့် သဘာဝဓာတ်ကြီးလေးပါး ဖောက်ပြန်ကာ လေဘေး၊ ရေဘေး၊ ငလျင်ဘေးများ၊ အပူလှိုင်း၊ အအေးလှိုင်းဒဏ်များ ခံစားလာကြရပေတော့သည်။

အထက်ပါ လောကီဘေးဆိုးကြီးများ ကျောပေါ်ပိုးလာနေပြီဖြစ်သည့် ကျွန်ုပ်တို့သည် အချိန်မီပြင်ကြရန်၊ အကျင့်ဆိုးများဖျောက်ပစ်၍ အကျင့်ကောင်းများပြောင်းကြရန် အချိန်တန်ပြီဖြစ်သည်။ ထို့ကြောင့် 'ပြောင်းလဲချိန်တန်ပြီ' ဟု လှုံ့ဆော်လိုပါသည်။ ပြောလိုပါသည်။ လမ်းညွှန်လိုပါသည်။ အဆိုးများသာ ဝန်းရံလာနေသည့် ဤခေတ်ဤကာလအတွက် အကောင်းဘက်ရောက်ရှိစေရန် ဓမ္မနည်းဖြစ်သည့် 'ဗုဒ္ဓါနုဿတိ' ဘာဝနာကို ပွားများကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။ အလုံးစုံသော ကောင်းကျိုးချမ်းသာကို ဖြစ်ပွားလာစေနိုင်သည့် သဗ္ဗမင်္ဂလာ (ဝါ) ဇယမင်္ဂလာဂါထာတော်အား လက်ဆောင်ပါးအပ်ပါသတည်း။

□ **သဗ္ဗမင်္ဂလာဂါထာ**

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

**မြန်မာပြန်**

နေမင်းသည် နေ့အခါ၌သာ ထွန်းလင်း၏။

လမင်းသည် ညဉ့်အခါ၌သာ တောက်ပ၏။

ပြည့်ရှင်မင်းသည် မင်းမြောက်တန်ဆာဝတ်ဆင်မှသာ တင့်တယ်လှပ၏။

ရဟန်းသည် ဈာန်ဝင်စားမှသာ တင့်တယ်ထွန်းပ၏။

ထို့ထက် မြတ်စွာဘုရားရှင်သည်သာလျှင် နေ့ရောညဉ့်ပါ အခါခပ်သိမ်းတန်ခိုးတော်ငါးပါးဖြင့် ဝင့်ကြွားတင့်မြူး အထူးတောက်ပတော်မူပါပေ၏။ ။

ဤဂါထာကား ပိဋကတ်သုံးပုံတွင် အလွန်ထူးခြား၍ လောကီ၊လောကုတ္တရာနှစ်ဖြာ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်ကြောင်း အရိယာသူတော်ကောင်းများမှ ညွှန်ပြထားကြသည်။

□ *သဗ္ဗဇယ်မင်္ဂလာလို့၊ မည်သညာ သရေတင့်၊ ကျမ်းဖွင့်ထင်စွာ။ ငါးနိကာယ်ပင်လယ်ထဲမှာလ၊ လှ ့်ကဲတဲ့ သည်ဂါထာ၊ ဉာဏ်မဟာကိုင်ဖမ်း။ နက်ကျယ်စွာ၊ သမုဒ်ရေအဏ္ဏဝါ၌၊ အာနန္ဒာ မွှေလို့နှောက်သည့်နှယ်၊ ဘုန်းထက်အောက်စမ်း . . .*

ဟု မန်လည်ဆရာတော်ဘုရားကြီးက မင်းကွန်းဆရာတော်ဘုရားကြီးအား မေးမြန်းထားခဲ့သည်။

သက်တော်ထင်ရှား မြတ်ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် တစ်နေ့သောညနေချမ်းအခါ၌ ရဟန်းတော်များအား တရားဟောကြား ဆုံးမတော်မူနေသည်။ ပရိသတ်အစွန်၌ အရှင်ကာဠုဒါယီ မထေရ်မြတ်သည် ဈာန်ဝင်စားနေလေသည်။ ယင်းကာလမှာ နေကအဝင် လကထွက်ဆဲ အချိန်အခါဖြစ်နေ၏။ ပြည့်ရှင်ဘုရင် ကောသလမင်းကြီးကလည်း မင်းမြောက်တန်ဆာ ဒွါဒရာတို့ကို ပြည့်စုံစွာဆင်မြန်းလျက် မင်း၏အသေရေအပြည့်နှင့် ဗုဒ္ဓမြတ်ဘုရားအား လာရောက်ဦးခိုက်ကန်တော့နေ၏။

အရှင်အာနန္ဒာသည် နေလည်းဝင်စ၊ လလည်းထွန်းလင်း၊ မင်း၏ကျက်သရေ၊ ဈာန်ဝင်စားနေသည့် အရှင်ကာဠုဒါယီ စသည့်ရှုခင်း ခပင်းဉသုံ အလုံးစုံကို တစ်ခုချင်းစီ စေ့ငုရှုကြည့်ပြီးနောက် ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြင်လိုက်ရာ တရားသခင်ဘုရားရှင်၏ အသရေတော်ကို ဘယ်အရာကမျှ မတုပမမီနိုင်ကြောင်း သဒ္ဓါပီတိဖြစ်ပေါ်လျက် မြတ်ဘုရားအား လျှောက်ထား၍ ဗုဒ္ဓမြတ်စွာဘုရားသခင်မှ ဟောကြားတော်မူခဲ့သည့် ဂါထာတော်ကြီးပင်ဖြစ်ပေသည်။

ရှေးအခါက သီဟိုဠ်ကျွန်း၌ ဘာတိကမင်းမှ မင်းပွဲသဘင်တစ်ခုတွင် ပိဋကသုံးပုံကျွမ်းကျင်သည့် အမတ်တစ်ဦးအား 'ရတနာသုံးပါးမှလွတ်တဲ့ ဇယမင်္ဂလာဂါထာတစ်ပုဒ်ကိုရွတ်ဆိုရန်' အမိန့်ရှိရာ အထက်ပါ 'ဒိဝါတပတိ အာဒိစ္စော' ဂါထာကို မြတ်ဘုရားအား လက်အုပ်ချီမိုး ရှိခိုးဦးတင်ရွတ်ဆိုပြလေလျှင် ရှင်ဘုရင်သည် ချက်ချင်း သဒ္ဓါပီတိအဖြာဖြာဖြစ်လျက် ဆုတော်ငွေတစ်ထောင်ကို အမတ်အား ပူဇော်ဆုချ အမတ်မင်း ချက်ချင်းလက်ငင်းလာဘ်ရခဲ့ပေသည်။

ထိုသည်တို့ကြောင့် -

မန်လည်ဆရာတော်ဘုရားကြီး၏မေးမြန်းချက်ကို မင်းကွန်း (ဥဒုံမွေ ချောင်) ဆရာတော်က -

□ သဗ္ဗမင်္ဂလာလို့၊ မည်သညာ သရေ တင့်၊ ကျမ်းဖွင့်ထင်စွာ။ ငါးနိကာယ် ပင်လယ်ဝတွင်ပ၊ နိဒါနသံယုတ်မှာ ဒိဝစချီးကျူး။ နက်ကျယ်စွာ၊ ငါး နိကာယ်အဏ္ဏဝါ၌၊ အာနန္ဒာသာ လွှန်ကျူးအောင်၊ ဘုန်းဉာဏ်တွ မြူး. . .

ဟု ပြန်လည် ဖြေဆိုတော်မူခဲ့ သည်။

ဘေးရန်ခပ်သိမ်းငြိမ်းကြပါ

စံ-ဂေဟ

တစ်နေ့သ၌ ကျွန်ုပ်သည် မဂ္ဂဇင်းတိုက်ပို့ရန် စာမူများရေးသားပြီးစီးသွား၍ လက်ဖက်ရည်ကရားတစ်အိုး၊ အကြမ်းတစ်ဆေးလိပ်နှင့် လောကစည်းစိမ်ကို ဖျော့နပ်စွာခံစားနားနေချိန်တွင် -

"ဆရာနိုင်တို့ မြင်လိုက်ရရင် လောကကြီးကို အမြဲကျေနပ်နေတဲ့ပုံပဲနော် အေးချမ်းလိုက်တာ"

ဟောဟောဗိုင်းဗိုင်းပြောဆိုရင်း ကျွန်ုပ်၏အိမ်ပေါ်တက်လာသူကိုကြည့်လိုက်ရာ ဒေါ်ချမ်းစိန်ဖြစ်နေပါသည်။ ကျွန်ုပ်နှင့်ဆုတောင်းပြည့်ဘုရားရင်ပြင်တွင် လွန်ခဲ့သည့် (၅) နှစ်၊ (၆) နှစ်ခန့်ကတည်းကပင် အဓိဋ္ဌာန်ပုတီးစိပ်ရင်းတွေ့ဆုံခင်မင်ရင်းနှီးရာမှ ဆွေမျိုးမွေးချင်းသွေးရင်းသားရင်းလိုဖြစ်သည့်မမွေးမိတ်ဆွေဖြစ်ပါသည်။

ဒေါ်ချမ်းစိန်ကို ဒေါ်ချမ်း၊ ဒေါ်ချမ်းဟု အဖျားဆွတ်ခေါ်ကြသော်လည်း ဟောဟောဗိုင်းဗိုင်းစိတ်မြန်ကိုယ်မြန်ရှိသူမို့ ဒေါ်ဂျမ်းဟု ဖြစ်သွားလေသည်။

သည် အံတိုရှုံမကဘူး၊ အံအသစ်ပေါက်နေပြီ။ ဈေးရောင်းစားလာတာ မြေးတောင်ရနေပြီ"

ဟု ကြွေးကြော်တတ်သေးသည်။

သို့အတွက်လည်း ဒေါ်ဂျမ်းဆိုလျှင် တစ်ဈေးလုံးကသိကြသည်။

"ကဲ - ရော့၊ ဆရာနိုင်အတွက် ကျွန်တော်မျိုးမ တစ်ခုတ်တစ်ရလာတာ။ မြိန်မြိန်ရှက်ရှက်စားသောက်တော်ရေ"

ဟု ဆိုကာ သူ့လက်ထဲမှအထုပ်ကို ကျွန်ုပ်၏စားရေးစားပွဲပေါ် ဘုတ်ခနဲချလိုက်လေ၏။ ပန်းသီးနှင့် ရွှေဖီမိုးလွတ်လက်ဖက်ခြောက်အကောင်းစားဖြစ်နေပါသည်။ စိတ်ထဲတွင်လည်း 'ဗုဒ္ဓေါ ဘုရား' ဟု တ,လိုက်မိ၏။ ဤသို့မျိုး ဒေါ်ဂျမ်းလာလျှင်၊ ယခုလိုလည်း ဝယ်လာပေးလျှင် တစ်ခုခုနားပူစရာကိစ္စပါလာပြီဟု ကျွန်ုပ် တပ်အပ် သေချာသိနေသောကြောင့်ပင်။

"ထိုင်ပါ ဒေါ်ဂျမ်း၊ အေးဆေးပဲမဟုတ်လား"

"မအေးဆေးဘူး ဆရာနိုင်ရေ့၊ ညနေ (၅) နာရီ ကားဂိတ်ဆင်းရမယ်။ ကုန်အချို့ရောက်မယ်။အိမ်ကဟာတွေကမသေချာမရေရာလွန်းလို့၊ ခုတစ်လောအပေါက်အလမ်းကမတည့်ကျလွန်းလို့ကိုယ်တိုင်နေရာတကာဝင်ကြနေရလုပ်နေရတယ်"

"ကဲ - ဒါဖြင့်လည်း ဆိုပါဦး၊ ဘာတွေမအေးဆေးဘဲဘာတွေအပေါက်အလမ်းမတည့်ဖြစ်နေလဲဗျ"

"ဘာဖြစ်ရမလဲ ဆရာနိုင်ရယ်၊ အခုသုံး လေးလအတွင်းမှာ ဝယ်ကုန်ကဈေးများ၊ ဈေးမှား၊ ရောင်းပြီးကုန်တွေကဈေးထိုးတက်၊ အရောင်းမှားအဝယ်မှားဖြစ်နေတာကြာပြီ။အကြွေးဖောက်သည်တွေက ကတိပျက်စိတ်ကိုရှုပ်နေရတာပဲ။ အဲဒါ ဆရာနိုင် ကူညီပါဦး"

ကျွန်ုပ်မှာ ဓာတ်ပြားဟောင်းကြီးကြားရသလို အနည်းဆုံး တစ်နှစ်လျှင်

# နတ်မောက်မင်းသန့်နိုင်

## ရောင်းပန်းသာ ဝယ်ပန်းလှ လာဘ်လာဘပွင့်လန်းစေရန်



သူကိုယ်တိုင်ကလည်း ထိုအနွတ်သနစ္စည်းကို ကြိုက်နှစ်သက်ဟန်တူပါသည်။

"မိဂျမ်းတို့က အရှိအတိုင်းပဲနော်။ ဖွင့်ဖွင့်လင်းလင်း တဲ့တိုးပြောမယ်။ ဘဲ့တိုးလုပ်မှာပဲ"

ဟု ဂုဏ်ယူစွာ ပြောတတ်လေသည်။

မင်္ဂလာဈေးတွင် ကုန်စုံဆိုင်ဖွင့်ရောင်းသူဖြစ်ပြီး ဈေးမှန်၊ အလေးမှန်သူ၊ နာမည်ကောင်းရပြီး တဲ့တိုးအားမနာသူတကျိုးပြောတတ်သဖြင့်လည်း ဈေးဝယ်များ၊ ဈေးသည်အချင်းချင်းက ပါရှိန်းကြ၊ ချစ်ကြပါသည်။

"မိဂျမ်းတို့က ဈေးလျှော့ပြီး အလေးခိုးတာမျိုးမလုပ်ဘူး။ မမှန်တဲ့ပစ္စည်းမရောဘူးမနှောဘူး။ ရောင်းနိုင်တဲ့ဈေးအမှန်၊ ပစ္စည်းအမှန်၊ အလေးအချိန် မှန် (၃) မှန်နဲ့ ရောင်းစားတဲ့ဈေး

တစ်ကြိမ်မှ နှစ်ကြိမ်၊ သုံးကြိမ်အထိ ဒေါ်ဂျမ်းထံမှ ကြားနေကျစကားဖြစ်၍ ကျိတ်ပြုံးပြုံးလိုက်မိပါသည်။ ဝမ်းထဲမှ ကျိတ်ပြုံးသည် မျက်နှာပေါ် ထိရောက်သွားလေသလားမသိ။

"ဘာပြုံးတာလဲ ဆရာနိုင်ရဲ့"

"ဩော် - ဒါတွေက လောကဓံတရားတွေပါပဲလေ။ 'လာဘော လာဘော အလာဘော၊ ရသော ရသော အရာသော' တဲ့ဗျ။ လာဘ်မရလို့လည်း ဝမ်းမနည်းပါနဲ့။ လာဘ်ရလို့လည်း ဝမ်းမသာပါနဲ့တဲ့။ အမှားနဲ့အမှန်၊ အရှုံးနဲ့အမြတ်၊ အဖြူနဲ့ အမည်း ဒွန်တွဲပြီး တစ်လှည့်စီကြုံရမှာပဲလေ။

ဒီလိုရှိတယ်ဗျ၊ ကျွန်တော်တို့တွေဟာ ကျန်းမာရေးကောင်း၊ စီးပွားရေးအဆင်ပြေတိုးတက်၊ လူမှုရေးမှာလည်း တွင်ကျယ်နေချိန်မှာ ဘုရားမေ့တရားမေ့ သံဃာမေ့ဆိုသလိုမေ့နေတတ်ကြတာ များတယ်။ အဲ-ကျန်းမာရေးကမကောင်း၊ စီးပွားရေးကကျဆင်း၊ လူမှုရေးကအဆင်မပြေဖြစ်လာပြီဆိုရင်တော့ တောင်ပြေးမြောက်ပြေးနဲ့ ဗေဒင်ဆရာဆီရောက်၊ နတ်က တော်ဆီသွားဖြစ်တော့တာပဲ"

"ကျုပ်ကိုများ တည့်တည့်ပြောနေတာလားဆရာနိုင်ရယ်။ ပြောလည်းခံရတော့မှာပဲ။ ကဲပါ ဆရာနိုင်ရယ် ကျုပ်ဘာလုပ်ရမလဲသာ လမ်းညွှန်ပါတော့။ ဆရာနိုင့်အချိန်တွေ အလဟဿဖြစ်ပါ့မယ်။ ကျုပ်လည်း သွားစရာလာစရာနဲ့ နောက်ဆံကတင်းရသေးတယ်"

"ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ။ ကဲ - ဒီလိုလုပ်ပါ"

ထို့နောက် ကျွန်ုပ်သည် စာအုပ်ဗီရိုထဲတွင် အသင့်ပုံနှိပ်ပွားထားသော 'အစိန္တေယျကြီးလေးပါးဘုရားရှိခိုး' ကို ဒေါ်ဂျမ်းသို့ပေးလိုက်ပြီး -

"ညစဉ် ဒီဘုရားရှိခိုးနဲ့ ရှိခိုးပြီးမှ အိပ်ပါ ဒေါ်ဂျမ်း။ နေ့စဉ်လည်း သက်စေ့ ရွတ်ပွားပေးပါ။ မကြာမီ ရက်ပိုင်း၊ လပိုင်းမှာ ဒေါ်ဂျမ်းဟာ ကုဋေရှစ်ဆယ်ဒေါ်ဂျမ်း ဖြစ်လာပါလိမ့်မယ်။ ဒါပေမယ့် ပါရမီအနုအရင့်အကျိုးပေးသန်ခြင်း၊ မြန်ခြင်းဆိုတာတော့ရှိနိုင်တာပေါ့ဗျာ။ ဒီဘုရားရှိခိုးကို ဒေါ်ဂျမ်းလည်းသိပြီးဖြစ်မှာပါ။ အမှတ်တမဲ့မေ့နေလို့ဖြစ်ပါ့မယ်"

"ဟုတ်ကဲ့ - သိပါတယ် ဆရာနိုင်ရယ်။ ဒါပေမယ့် မေ့နေတာအမှန်ပါပဲ။ အခုမှ ပြန်သတိရတယ်။ စိတ်ချပါ ဆရာနိုင်။ ကျုပ် ဆရာမှာတဲ့အတိုင်း ဆွမ်း၊ ရေချမ်း၊ ပန်း၊ အလင်းတိုင်၊ အမွှေးတိုင် စုံစုံလင်လင်ဆက်ကပ်လှူဒါန်းပြီး နေ့စဉ် ရှိခိုးပါ့မယ်။ နေ့စဉ်လည်း သက်စေ့ရွတ်ပွားပါ့မယ်။ ဆရာနိုင့်ကျေးဇူးမမေ့ပါဘူးတော်။ ကဲ - ကျုပ်ကိုခွင့်ပြုဦး"

အချိန်ကိုက်မှာထားဟန်တူသည်။ ကျွန်ုပ်အိမ်ရှေ့သို့ရောက်လာသော မြင်းလှည်းပေါ်သို့တက်ကာ ပြန်သွားပါလေသည်။

ဒေါ်ချမ်းစိန်ခေါ် ဒေါ်ဂျမ်းကို ကျွန်ုပ်ပေးလိုက်သော 'အစိန္တေယျကြီးလေးပါးဘုရားရှိခိုးဂါထာ' မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## အစိန္တေယျကြီးလေးပါးဘုရားရှိခိုး

(၁)

- ဝါစာ ဝါစာ ဝိလာသဂ္ဂ၊ ဝါစိန္တေယျ သံယုတ္တံ၊
  ဝန္ဒေသာရ ဂုဏောပေတံ၊ တေနမှာ တုလဝါစကော။

(၂)

- ရူပ ရူပ ဝိလာသဂ္ဂ၊ ရူပါစိန္တေယျ သံယုတ္တံ၊
  ဝန္ဒေသာရ ဂုဏောပေတံ၊ တေနမှာ တုလ ရူပဝါ။

(၃)

- ဉာဏ ဉာဏ ဝိလာသဂ္ဂ၊ ဉာဏစိန္တေယျ သံယုတ္တံ၊
  ဝိန္ဒေသာရ ဂုဏောပေတံ၊ တေနမှာ တုလဉာဏဝါ။

(၄)

- ကုဋ္ဌိ ကုဋ္ဌိ ဝိလာသဂ္ဂ၊ ကုဋ္ဌိ စိန္တေယျ သံယုတ္တံ၊
  ဝန္ဒေသာရ ဂုဏောပေတံ၊ တေနမှာ တုလကုဋ္ဌိမာ။ ။

(ပိုမိုလေးနက် ကြည်ညိုသဒ္ဓါပွားရွတ်ပွားနိုင်ရန်အတွက် အနက်မြ ်မာပြန်ကို ပူးတွဲ တင်ပြအပ်ပါသည်။)

*□ပကတိစကား၊ အလွန်တင့်တယ်သောစကား၊ မြတ်သောစကား၊ မကြံစည်နိုင်သောစကားတို့ဖြင့် ပြည့်စုံတော်မူသော။*

*□ပကတိသောအဆင်း၊ အလွန်တင့်တယ်သောအဆင်းတို့ဖြင့် ပြည့်စုံတော်မူသော။*

*□ပကတိသောဉာဏ်၊ အလွန်တင့်တယ်သောဉာဏ်၊ မြတ်သောဉာဏ်၊ မကြံစည်နိုင်သောဉာဏ်တို့ဖြင့် ပြည့်စုံတော်မူသော။*

*□ပကတိသောတန်ခိုး၊ အလွန်တင့်တယ်သောတန်ခိုး၊ မြတ်သောတန်ခိုး၊ မကြံစည်နိုင်သောတန်ခိုးတို့ဖြင့် ပြည့်စုံတော်မူသော။*

*. . . ကျေးဇူးတော်အစစ်၊ ဂုဏ်တော်အနှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို အကျွန်ုပ်သည် ရှိခိုးပါ၏။*

*ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့် -*

- *အတုမရှိသောစကားနှင့် ပြည့်စုံသည်ဖြစ်ရပါလို၏။*
- *အတုမရှိသောအဆင်းနှင့် ပြည့်စုံသည်ဖြစ်ရပါလို၏။*
- အတုမရှိသောဉာဏ်နှင့် ပြည့်စုံသည်ဖြစ်ရပါလို၏။
- အတုမရှိသောတန်ခိုးနှင့် ပြည့်စုံသည်ဖြစ်ရပါလို၏။

(အနက်အဓိပ္ပာယ် မြန်မာပြန်မှာ သိထားရန်သာ ဖြစ်ပါသည်။ ရွတ်ဆိုရန်မလိုပါ။)

အထက်ပါအစိန္တေယျကြီးလေးပါးဂါထာကို နေ့စဉ် မိမိ၏သက်စေ့ရွတ်ပွားရှိခိုးခြင်းဖြင့် သုံးရက်၊ သုံးလ၊ သုံးနှစ်အတွင်း ပါရမီအလျောက် ရောင်းပန်းသာဝယ်ပန်းလှခြင်း၊ လာဘ်လာဘများပွင့်လန်းတိုးတက်များပြားခြင်း၊ လူနတ်ချစ်ခင်မျက်နှာပွင့်ခြင်း၊ ဥစ္စာစီးပွားဒီရေအလား တိုးတက်များပြားလာခြင်း၊ လုပ်ကိုင်ကြံစည်ပြောဆိုသမျှတို့ ရာနှုန်းပြည့်အောင်မြင်ခြင်း ဟူသည့် အကျိုးဦးအကျိုးထူးများ ခံစားရရှိစေနိုင်ပါသည်။

တစ်လခန့်ရှိသောအခါ -

"ဆရာနိုင်ရေ့။ မိဂျမ်းတို့တော့ ငါမသေဘူး၊ ရေကူးနိုင်တယ်၊ ဇမ္ဗူပေါ် လူဇော်ဖြစ်ပါပြီ။ ကဲ - ရှည်ရှည်ဝေးဝေး မပြောဘူး။ ဆရာနိုင့်ကိုလာကန်တော့တာ"

ဟု ဟောဟောဒိုင်းဒိုင်းပြောကာ ကျွန်ုပ်ကို အထုပ်ကြီးတစ်ထုပ် ကန်တော့ပါတော့သည်။ သူပြန်သွားမှ ဖွင့်ကြည့်လိုက်ရာ သောင်းကျော်တန်ပုဆိုး၊ အကျႌ တစ်ထည်စီနှင့်ကျွန်ုပ်လွန်စွာကြိုက်သော ပန်းသီး၊ ရွှေဖီမိုးလွတ်လက်ဖက်ခြောက်နှီဆီဘူးများဖြစ်နေပါလေတော့သည်။

*တိုးတက်ကြီးပွားကြ*
*လိုရာဆန္ဒပြည့်ကြပါစေ*

**နတ်မောက်မင်းသန့်နိုင်**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ် လပြည့်(၁၆-၁၀-၁၆)နေ့က ဖြစ်ပါသည်။ ကျွန်တော့်အား မြေး(၈)ယောက်နှင့် မြစ် (၃)ယောက်တို့ အစုံအညီ လာရောက် ကန်တော့ကြပါသည်။ အကြီးဆုံးမြစ်က (၇) နှစ်သား၊ အလတ်က (၁) နှစ်သား၊ အငယ်ဆုံးက (၄) လသမီး၊ အကြီးဆုံး မြေးမကဲ (၃၀)။ သူမက -

"ဘိုးဘိုးကြီး၊ သမီးတို့ကို ဆုပေးပြီး ရင် ဆုံးမစကားပါပြောပေးပါ"

ဟု ဆိုပါသည်။

ကျွန်တော်က ထုံးစံအတိုင်းပေး နေကျဆုကိုပေးပြီးနောက် -

"ဘိုးဘိုးကြီးရဲ့ ဆုံးမစကား ခေါင်းစဉ်က 'ချမ်းသာပါစေ' ဆိုတာပဲ။ အဲဒါဆုပေးတာမဟုတ်ဘူး။ တိုက်တွန်း တာ။

အလွန်ရခဲတဲ့မြင့်မြတ်တဲ့ 'လူ့ဘဝ' ကိုရခိုက် မိမိရော မိမိနဲ့ဆက်ဆံသူများ ကိုပါ 'ချမ်းသာပါစေ၊ ချမ်းသာအောင် ကြိုးပမ်းပါ' လို့ တိုက်တွန်းတာ။

လောကမှာရခဲတဲ့ တရား (၅) မျိုး ရှိတယ်။ ဒုလ္လဘတရား (၅) ပါးလို့ ခေါ် တယ်။ အဲဒါတွေက -

၁။ ဘုရားအဖြစ်ကိုရခဲတယ်။
၂။ ရှင်ရဟန်းသာမဏေအဖြစ်ကိုရခဲ တယ်။
၃။ လူ့ဘဝလူ့အဖြစ်ကိုရခဲတယ်။
၄။ ကံကံ၏အကျိုးကိုယုံကြည်ခြင်း။ ရတနာ (၃) ပါးကို ယုံကြည်ခြင်း ဘဝအဖြစ်ကိုရခဲတယ်။
၅။ သူတော်ကောင်းစကား၊ သူတော် ကောင်းတရားကို ကြားနာရတဲ့ အဖြစ်၊ ကြားနာရတဲ့ဘဝကို အလွန်ရခဲတယ် ဆိုတာပဲ။

အဲဒါမှာ နံပါတ် (၅) ကို အလွန် လို့ 'အထူးပြု' ထားတာကို သတိပြုပါ။ ဘိုးဘိုးကြီးပြောတဲ့စကားဟာ ဘုရားနဲ့ ဆရာတော်ကြီးများရဲ့ တရားစကားကို



ပေါင်းစပ်ပြီး သားတို့သမီးတို့ရဲ့ကောင်းကျိုးအတွက်ပြောတဲ့ သူတော်ကောင်းစကားပဲ။

သားတို့သမီးတို့လည်း ကြားဖူးမှာပေါ့။ လူ့ပြည်မှာ အပ်တစ်ချောင်းထောင်ထား ဗြဟ္မာ့ပြည်က အပ်တစ်ချောင်းပစ်ချ အဲဒီအပ် (၂) ချောင်း အဖျားချင်းထိဖို့ထက် လူ့ဘဝကိုရဖို့က ပိုခက်သတဲ့။

အဲဒီလိုဆိုတော့ ယနေ့ ကမ္ဘာပေါ်မှာ လူဦးရေ သန်း (၇၀၀၀) ကျော်ပြီး။ မကြာမီ (၁၀၀၀၀) ကျော်သွားလိမ့်မယ်။ 'လူ့ဘဝရဖို့ လူဖြစ်ဖို့ခက်တယ်ဆိုတာ ဟုတ်ပါ့မလား' ဆိုတဲ့မေးခွန်းကို မေးချင်ကြလိမ့်မယ်။

ဒီတော့ -

'လူ' ရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုဖို့လိုပြီ။

လူကို ပါဠိလို 'မနုဿ' လို့ ခေါ်တယ်။ 'အဓိပ္ပာယ်က မြင့်မြတ်သည့်စိတ်ထားရှိသောသတ္တဝါ' လို့ ဆိုတယ်။ မြင့်မြတ်တဲ့စိတ်ကို အချို့က 'ကိုယ်ချင်းစာစိတ်' လို့ ဖွင့်ဆိုတယ်။ အချို့ပညာရှိများက ဒါကိုမကြိုက်ဘူး။ ကိုယ်ချင်းစာစိတ်ဆိုတာ 'ကိုယ်မကြိုက်တာသူများကို မလုပ်ဘူး' လို့ အဓိပ္ပာယ်ရတယ်။ ဒီတော့ 'ကိုယ်ကြိုက်တာဆိုရင် သူများကိုလည်းလည်း ထောက်ပံ့ပေးမယ်' လို့ ထပ်ဆင့်ဖော်ဆောင်နိုင်တယ်။ ဝက်သားမကြိုက်သူက ဝက်သားမစားဖို့တားမြစ်ပြီး အရက်ကြိုက်သူက အရက်တိုက်မယ်လို့လည်း ယူဆနိုင်တယ်တဲ့။ သူတို့အဆိုက-

ဆိုးကျိုးဖြစ်မယ့်အလုပ်ကိုရှောင်ပြီး ကောင်းကျိုးဖြစ်မယ့်အလုပ်ကိုလုပ်ဖို့စိတ်ရှိသူဟာ မြင့်မြတ်တဲ့စိတ်ထားရှိသူလို့ ဆိုတယ်။ ကောင်းဆိုး၊ ဆိုးကျိုးကို ဘယ်လိုခွဲသလဲဆိုရင် -

မိမိဖြစ်စေ၊ သူတစ်ပါးဖြစ်စေ၊ နှစ်ဖက်စလုံးဖြစ်စေ၊ ချမ်းသာသုခကိုဖြစ်စေတဲ့အလုပ်ဟာ ကောင်းကျိုးကိုဖြစ်စေတဲ့အလုပ်ပဲ။ မိမိဖြစ်စေ၊ သူတစ်ပါးဖြစ်စေ၊ နှစ်ဖက်စလုံးကိုဖြစ်စေ၊ ဆင်းရဲဒုက္ခကိုဖြစ်စေတဲ့အလုပ်ဟာ ဆိုးကျိုးဖြစ်စေတဲ့ အလုပ်ပဲတဲ့။ ကောင်းကျိုး၊ ဆိုးကျိုးခွဲတတ်ဖို့က ပညာလိုတယ်။

ရှေးပညာရှိများက လူကို (၄) မျိုးခွဲထားတယ်။

အဲဒါတွေက -

၁။ လူညံ့လူဆိုး
၂။ လူညံ့လူကောင်း
၃။ လူတော်လူဆိုး
၄။ လူတော်လူကောင်း ရယ်လို့ပဲ။

လူညံ့လူဆိုးဟာ လူဆိုးဖြစ်တဲ့အတွက် သူတစ်ပါးကို ကောင်းကျိုးတော့မပေးဘူး။ ဆိုးကျိုးပဲသေးတယ်။ ဒါပေမယ့် ညံ့တော့ ဆိုးကျိုးလည်းများများမပေးနိုင်ဘူး။ လူဆိုးဆိုတော့ သူ့ကိုယ်သူလည်း ကောင်းကျိုးမဖန်တီးနိုင်ဘူးပေါ့။

လူညံ့လူကောင်းဟာ လူကောင်းဖြစ်တဲ့အတွက် သူတစ်ပါးကိုလည်း ကောင်းအောင် ဖန်တီးပေးတယ်။ သူ့ကိုယ်သူလည်း ကောင်းအောင်ဖန်တီးတယ်။ ဒါပေမယ့် ညံ့နေတော့ အကောင်းလုပ်တာ အဆိုးဖြစ်တတ်တယ်။ ကြားဖူးကြမလားမသိဘူး။ သူတစ်ပါးအတွက် အကောင်းဖန်တီးတဲ့ လူညံ့တစ်ယောက်အကြောင်း ဒဏ္ဍာရီရှိတယ်။ လူညံ့ဟာ အိပ်ပျော်နေတဲ့သူ့အဖေကို ကြည့်လိုက်တော့ နဖူးမှာ ခြင်ကိုက်နေတာတွေ့ရတယ်။ အဖေကောင်းဖို့အတွက် ခြင်ကိုသတ်မယ်ဆိုပြီး တူနဲ့တအားထုလိုက်တာ ခြင်ရော အဖေပါ သေရောတဲ့။ အဲဒါ လူညံ့ကိုသရော်ထားတာ။

ကိုယ်တွေ့တစ်ခုကို ပြောပြမယ်။ ဘိုးဘိုးကြီးတို့ငယ်စဉ်က ဘိုးဘိုးကြီးတို့ဒေသမှာ သကြန်ဘုရားပွဲသိပ်စည်တယ်။ ဘီလူးကျွန်း (၆၄) ရွာဆိုပေမယ့် ဘိုးဘိုးကြီးတို့ လူမှန်းသိချိန်မှာ ရွာသစ်တွေနဲ့ (၁၀၀) လောက်ရှိတယ်။ တစ်ရွာချင်း၊ နှစ်ရွာ၊ သုံးရွာပေါင်း စသဖြင့် ဘုရားပွဲကျင်းပကြတယ်။ ဘုရားပွဲတွေမှာ ဧည့်သည်တွေဟာ (၅၀၀) ကနေ (၁၀၀၀) ကျော်အထိရှိတယ်။ အသိမိတ်ဆွေအိမ်မရှိတဲ့ပရိသတ်အတွက် စတုဒိသာရှိတယ်။ အဖျော်၊ သကြန်ထမင်း စတာတွေတိုက်ကျွေးတယ်။ သကြန်ထမင်းကတော့ ထမင်းရေဆမ်းပဲ။ ရေက နံ့သာနဲ့ ဖယောင်းနံ့သင်းထားလို့ အချို့မကြိုက်ဘူး။ ကြိုက်သူကများတယ်။ ဟင်းအဖြစ် ငမန်းခြောက်ထောင်းကြော်၊ သရက်သီးသုပ်ကြော်ကျွေးတယ်။ သရက်သီးသုပ်ပြီးမှကြော်တာ ပိုစားကောင်းတယ်။ ဒီအတိုင်းကြော်သလို မချဉ်ဘူး။

အချို့ဘုရားပွဲတွေမှာ ရိုးရိုးထမင်းပါကျွေးတယ်။ ဟင်းကတော့ ငါးခြောက်နဲ့ အာလူး၊ ခရမ်းသီး စတာပေါ့။ သရက်သီးသုပ်ကြော်ကတော့ပါမြဲပဲ။ အသိအိမ်ရှိသူတွေကတော့ အိမ်တွေမှာ ကြက်သား၊ ဝက်သားဟင်းတွေနဲ့ပေါ့။

ဘိုးဘိုးကြီးတို့ တကူကနာရွာနားမှာ တောင်ပေါ်ကြီးဘုရားရှိတယ်။ မူးရစ်ကြီး၊ တကူကနာ၊ ကရင်ဝင်းစိန် (၃) ရွာပေါင်းပြီး ကျင်းပပါတယ်။ အတက်နေ့ပဲ။ ဘိုးဘိုးကြီးတို့ဒေသမှာ နှစ်ဆန်းတစ်ရက်နေ့ထိ ရေကစားကြတယ်။ ရေရက်ထဲမှာဆိုတော့ ကျွေးမွေးပြီး ရေလောင်းကြတယ်။ အခုလို ကြမ်းကြမ်းတမ်းတမ်း ရေကစားတဲ့ အလေ့အထမရှိသေးဘူး။ ယဉ်ယဉ်ကျေးကျေးပဲ။

ရွာမှာ ရွာပိုင်းနဲ့ ခြံပိုင်းဆိုပြီး နှစ်ပိုင်းရှိတယ်။ လူဦးရေအတူလောက်ပဲ။ အိမ်ခြေ အစိပ်အကျဲပဲကွာတယ်။ ဧည့်သည်များကို သကြန်ထမင်းနဲ့ မုန့်လက်ဆောင်း စတဲ့ဖျော်ရည်များကို တစ်လှည့်စီ တိုက်ကျွေးကြတယ်။ ဘိုးဘိုးကြီးက ခြံပိုင်းက။

ခြံပိုင်းမှာ ကိုသာအောင်ဆိုတဲ့ လူပျိုကြီးရှိတယ်။ လူရိုး၊ လူကောင်း၊ လူညံ့၊ လူအ။ အသက် (၄၀) လောက်ရှိပြီး ရိုး၊ အ၊ ညံ့လို့ သူ့ကိုဘယ်မိန်းကလေးမှ မကြိုက်ဘူး။ သူကတော့ တစ်ဝမ်းနှစ်ဝမ်းကွဲမချန် အပျိုမှန်ရင် အကုန်ပိုးတာပဲ။

ခြံပိုင်းက ဖျော်ရည်အလှည့်ကျတဲ့နှစ်မှာ မုန့်လက်ဆောင်းတိုက်တယ်။ ဘုရားသွားတဲ့ ကားလမ်းမကြီးဟာ ရွာပိုင်းမှာရှိလို့ ရွာပိုင်းမှာထွက်တိုက်ရတယ်။ မနက် (၈) နာရီလောက်မှာ ပြင်ထားတယ်။ သစ်သားစည်ပြတ်နဲ့ (၂) လုံး (၁၀ ပုံးခန့်) တိုက်ရတယ်။ (၁) လုံး စဖျော်ထားတယ်။ လူပျိုလေး၊ အပျိုလေးများ ဝတ်ကောင်းစားကောင်းနဲ့ အသင့်ရောက်နေကြတယ်။ ဧည့်သည်က (၉) နာရီလောက်မှ စလာတာ။ (၈) နာရီခွဲလောက်မှာ ကိုသာအောင်ရောက်လာတယ်။ ဝတ်ကောင်းစားလှနဲ့ပေါ့။ တစ်ကိုယ်လုံးလည်း ရေမွှေးနံ့ကြိုင်နေတာပဲ။

'လူပျိုကြီး ဘယ်သူ့ကိုပိုးမလဲ အားလုံးကိုပဲလား'

မိန်းကလေးများက နောက်ကြတယ်။ ကိုသာအောင်က ဟဲဟဲဟဲဟဲရယ်ရင်း အိတ်ထဲက ရေမွှေးပုလင်းကို ထုတ်ပြီးတော့ မုန့်လက်ဆောင်းစည်ထဲ လောင်းထည့်လိုက်တယ်။ ပြီးတော့ အသင့်ရှိနေတဲ့ ယောက်မနဲ့ မွှေလိုက်တယ်။ အားလုံးကြောင်ပြီးကြည့်နေကြတယ်။ ချက်ချင်းပဲ မုန့်လက်ဆောင်းတစ်စည်လုံးဟာ ညှီမည်းသွားတယ်။ အကြောင်းကြားလို့ လူကြီးတွေရောက်လာကြပြီး -

'ဘယ်လိုလုပ်လိုက်တာလဲ မောင်သာအောင်ရယ်။ နားလည်းမလည်

ဈေးလည်းမမေးဘဲလုပ်လိုက်တာ မုန့်တစ်စည်လုံး အဆိပ်ဖြစ်သွားပြီး သွန်ပစ်ရတော့မယ်'

လို့ ပြောတော့ -

သူက -

'သောက်တဲ့လူတွေ မွှေးမွှေးကြိုင်ကြိုင်သောက်ရအောင်လို့'

ဆိုပြီး အထစ်ထစ်အငေါ့ငေါ့နဲ့ ပြန်ဖြေတယ်။ အဲဒါ လူကောင်းလူညံ့တို့ရဲ့အစွမ်းသတ္တိပဲ။

နောက် တကယ့်အဖြစ်တစ်ခုကသတင်းစာမှာဖတ်လိုက်ရတာ။ လွန်ခဲ့တဲ့အနှစ် (၆၀) လောက်က နယ်ဘက်ကပဲ ဆေးလိပ်ခုံပိုင်ရှင်တဲ့။ အသက်က (၄၀)ကျော်။ လူညံ့လူကောင်းပဲ။ သူငယ်ပါက အဖျားမှာ လက်မဝက်လောက် သားရေတွေစုနေလို့ ဆီးသွားတဲ့အခါ ဆီးကျန်ပြီး အနာဖြစ်တယ်။ အဲဒါ ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်ကို ပြောပြတော့ မိတ်ဆွေက-

'စုနေတဲ့သားရေကို ဖြတ်လိုက်ရမယ်'

လို့ ပြောတယ်။ ဆေးခန်းသွားဖြတ်လို့တော့ ပြောဖို့မလိုဘူးပေါ့။

အဲဒါ ဆေးလိပ်ခုံမှာသုံးတဲ့ ကတ်ကြေးနဲ့ သူဟာသူဖြတ်ပြီး နန္တင်းသိပ်လိုက်တယ်။

ပိုးဝင်အနာဖြစ်ပြီး မချိမဆံ့ဖြစ်မှ ဆေးရုံရောက်သွားတယ်။ နောက်ဆက် သတင်းမဖတ်ရတော့လို့ ဘယ်လိုဆက်ဖြစ်တယ်မသိဘူး။ လူညံ့လူကောင်းများဟာ မိမိကိုယ်ကိုလည်း အဲဒီလိုဒုက္ခပေးတယ်။

နံပါတ် (၃) ကတော့ လူတော်လူဆိုးပဲ။ သူတို့အကြောင်းကိုတော့ ထူးပြောစရာမလိုဘူး။ ကမ္ဘာပေါ်ရှိ သတ္တဝါအားလုံးနဲ့ သက်ရှိသက်မဲ့အားလုံး သဘာဝပတ်ဝန်းကျင်ပါမကျန် ပျက်ဆီးပြီး ဒုက္ခပေးနေတာ သူတို့ပဲ။ သူတို့ရဲ့ ထက်မြက်တဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ တတ်သိတဲ့ ပညာတွေကို ကောင်းတဲ့ဘက်မှာ မသုံးဘဲ ဆိုးတဲ့ဘက်မှာသုံးလို့ ကမ္ဘာကြီးဟာ တောင်တိုက်အသွင်းခံရသလို ဒုက္ခရောက်နေကြရတာ။ လူဆိုးတော်လေ ဆိုးလေပဲ။

နံပါတ် (၄) ဖြစ်တဲ့ လူတော် လူကောင်းကတော့ သူတို့နဲ့ ဆန့်ကျင်ဘက်။ သူတို့ဟာ သူကမ္ဘာသားများနဲ့သက်ရှိ သက်မဲ့အားလုံးတို့ ချမ်းသာရှင်သန်ဖို့ သူတို့ရဲ့ထက်မြက်တဲ့ဉာဏ်ရည်ဉာဏ်သွေး တတ်သိတဲ့နည်းပညာတွေနဲ့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြတယ်။ ဒါပေမယ့် လူတော်လူဆိုးနဲ့စာရင် သူတို့က လူနည်းစုဖြစ်နေလို့ ကမ္ဘာသားတွေ ချမ်းသာခြင်းထက် ဆင်းရဲခြင်းက ပိုများနေတယ်။

လူတော်လူကောင်းတစ်ယောက်ဟာ စောစောကပြောခဲ့သလို အပြစ်မဲ့ပြီး ချမ်းသာသုခကိုဖြစ်စေမယ့် အလုပ်ကို မိမိနဲ့ တစ်ယောက်မှအစ တစ်ကမ္ဘာလုံးအထိသော အခြားသူများအတွက် စွမ်းဆောင်နိုင်သမျှ ဆောင်ရွက်ရမယ်။ အဲဒီအတွက် လူတော်လူကောင်းအဖြစ်ကို ရွေးရမယ်။ ကျန်တဲ့ လူ (၃) မျိုးကို ပယ်ရမယ်။

အဲဒါကိုမှတ်ရလွယ်အောင် -

စဉ်လာဆိုရိုး၊ လူ(၄)မျိုး၊ ကောင်းဆိုးရှိကြသည်။ (၃) မျိုးကိုပယ်၊ (၁) မျိုးကယ် လူဝယ်ချမ်းသာမည်'လို့မှတ်ထား။

လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့အတွက် အရည်အချင်း (၄) ရပ်လိုတယ်လို့ ပညာရှိများ မိန့်ကြားထားတယ်။ အဲဒီ (၄) ရပ်က -

၁။ သဒ္ဓါ

၂။ သီလ

၃။ သုတ

၄။ ပညာ တို့ပဲ။

သဒ္ဓါကို များသောအားဖြင့် ပေးကမ်းလှူဒါန်းခြင်းလို့ ထင်ကြတယ်။ ဒီလို သဒ္ဓါတရားသိပ်ကောင်းတယ်။ ရက်ရက်ရောရောပေးကမ်းလှူဒါန်းတယ်လို့ပြောတတ်ကြတယ်။ လှူဒါန်းတာက ဒါနပဲ။

သဒ္ဓါဆိုတာ ယုံကြည်မှုကိုပြောတာ။ ကံကံ၏ အကျိုးကို ယုံရမယ်။ ရတနာသုံးပါးရဲ့ဂုဏ်ကို ယုံကြည်ရမယ်။ ကောင်းတာလုပ်ရင်ကောင်းတာဖြစ်တယ်။



မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်လို့ယုံရမယ်။ မယုံရင်ဘယ်ကောင်းတာလုပ်မလဲ၊ မလုပ်ရင် ဘယ်လူကောင်းဖြစ်မလဲ။

သီလ ဆိုတာ အလွန်အရေးပါတယ်။ ကိုယ်ကျင့်တရားကိုပြောတာပေါ့။ ငါးပါးသီလ စတာပေါ့။ သီလဟာ ဦးခေါင်းနဲ့တူတယ်တဲ့။ လူမှာ ခြေမရှိ လက်မရှိလည်း ရှင်သန်နိုင်သေးတယ်။ ဦးခေါင်းမရှိရင် မရှင်တော့ဘူး။ အဲဒီလိုပဲ သီလမရှိသူဟာ မရှင်သန်နိုင်ဘူး။ မိုးကြိုးပစ်လို့ ပြတ်နေတဲ့ ထန်းပင် အတက်မထွက်နိုင်သလို သီလမရှိသူဟာ အညွန့်မတက်နိုင်တော့ဘူး။ ဘယ်လောက်မွှေးတဲ့ပန်းပဲဖြစ်ဖြစ် သူ့ရနံ့ဟာလေညာကိုမဆန်နိုင်ဘူး။ သီလရဲ့ဂုဏ်သတင်းမွှေးရနံ့ဟာ အရပ်(၁၀)မျက်နှာ စကြဝဠာအနန္တ ပျံ့နှံ့နိုင်တယ်။ ဘယ်လောက်ပုပ်နံတဲ့အနံ့ဖြစ်ဖြစ် လေညာမဆန်နိုင်ဘူး။ ဒါပေမယ့် သီလပျက်သူရဲ့ အပုပ်နံ့က အရပ်(၁၀)မျက်နှာ စကြဝဠာအနန္တပျံ့နှံ့နိုင်တယ်။ ကိုယ်ကျင့်မကောင်းသူဟာ ဘယ်သူ့ကောင်းကျိုးကိုလုပ်မလဲ။ ဒီတော့ ဘယ်လူကောင်းဖြစ်မလဲ။

သုတဆိုတာ ကြားတာ၊ ဗဟုသုတလို့ ပြောတယ်မဟုတ်လား။ များသောအကြားရှိရမယ်လို့ အဓိပ္ပာယ်ရတယ်။ စာမသုံးသေးတဲ့ခေတ်က နားထောင်ပြီးတော့ပဲမှတ်ရတယ်။ အခုခေတ်အနေနဲ့ကတော့ သိသင့်သိထိုက်တာတွေကို များများနားထောင်၊ များများဖတ်ပေါ့။ ရုပ်ရှင်တို့ဘာတို့ကလည်း သင်ခန်းစာရနိုင်တယ်ပေါ့။

ကိုယ့်ပတ်ဝန်းကျင်မှာ ရှောင်ဖို့၊ ဆောင်ဖို့သင်ခန်းစာယူဖို့ အကြားအမြင်တွေ မပြတ်ရှိနေတယ်။

ပညာက အရေးအကြီးဆုံးပဲ။ အကောင်း၊ အဆိုးကို ခွဲခြားပြီးသိတာပညာပဲ။

အဲဒီတော့ ဒါကို သဒ္ဓါ၊ သီလ နိုင်မြဲလှနဲ့ သုတ၊ ပညာကြောင်း (၄) ဖြာဖြစ်ရာအကြောင်း လူတော်ကောင်းလို့ အကျဉ်းချုပ်မှတ်ထားပေါ့။

ဒီအချက် (၄) ချက်က အလိုလိုဖြစ်လာ၊ ပြည့်စုံလာမှာ မဟုတ်ဘူး။ ပြည့်စုံဖို့ အကြောင်းတွေရှိသေးတယ်။ အဲဒါတွေက -

၁။ ပညာရှိနဲ့တွေ့ရမယ်။

၂။ ပညာရှိထံကစကားများကို ကြားနာ မှတ်သားရမယ်။

၃။ နှလုံးသွင်းမှန်ကန်ရမယ်။

၄။ အကောင်း၊ အဆိုး ဝေဖန်ပိုင်းခြား
တတ်ရမယ်။

လူတို့မစွန့်အပ်တဲ့ဒေသဟာ မွေးရာဇာတိမြေတဲ့။ အဲဒီဒေသမှာ ပညာမဲ့လူမိုက်ရှိနေရင် စွန့်ခွာရမယ်တဲ့။ အခြားတစ်ပါးအရပ်များမှာ လူလိမ္မာပညာရှိသတင်းကိုကြားရင် အဲဒီလူလိမ္မာပညာရှိထံ နည်းနာခံဖို့အတွက် မွေးဇာတိကို စွန့်ရမယ်တဲ့။ အဲဒီလို ရှေးသူဟောင်းများဆိုစကားရှိတယ်။ ဒါကြောင့် ပညာရှိကိုရှာရမယ်။ တွေ့တော့ သူ့ဆီက နည်းနာခံရမယ်။ သူပြောတာကို မှန်မှန်ကန်ကန်နှလုံးသွင်းတတ်ရမယ်။ အဲဒီလို နှလုံးသွင်းတတ်ဖို့အတွက် အကောင်း၊ အဆိုးကို ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိဉာဏ်ရှိရမယ်။

လောကမှာ ပညာရှိဆိုတိုင်း ပညာရှိတာမဟုတ်ဘူး။ ရှိတဲ့ပညာက တလွဲပညာ၊ ဘုရားလက်ထက်က ဘုရားနဲ့ခေတ်ပြိုင်ပညာရှိအမည်ခံသူတွေအများကြီးပဲ။ ရာဇဂြိုဟ်တစ်မြို့ထဲမှာ ပူရဏကဿပ၊ မက္ခလိဂေါသာလ စတဲ့ပညာရှိအမည်ခံ၊ ဘုရားအမည်ခံသူ (၆) ဦးတောင်ရှိတယ်။ တပည့်တပန်းတွေကလည်း အများကြီး။ သူတို့က အမှန်ကိုသိတဲ့ပညာရှိမဟုတ်ဘူး။ အမှားသိနေတာ။ အဲဒါကို တပည့်တွေကို ဆုံးမပြောဆိုတော့ တပည့်တွေကလည်း အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်တဲ့ အရည်အချင်းမရှိ၊ အကောင်းအဆိုး ဝေဖန်ခွဲခြားတတ်တဲ့အသိဉာဏ်မရှိတဲ့အတွက် မမှန်မကန်နှလုံးသွင်းလက်ခံပြီး လမ်းမှားကို ရောက်ခဲ့ကြတယ်။ ဒါကြောင့် နှလုံးသွင်းမှန်ဖို့ အသိဉာဏ်ပညာရှိရမယ်။

အဲဒီအသိဉာဏ်ပညာ ဘယ်ကရမလဲ။ ရဖို့အကြောင်း (၂) ရပ်ရှိတယ်။

၁။ အတိတ်ဘဝကကံကြောင့်။
၂။ မျက်မှောက်ဘဝရဲ့ အားထုတ်မှုကံကြောင့်ပဲ။

ဒီအသိကို ဉာဏ်ရည်ဉာဏ်သွေးလို့လည်း ခေါ်တယ်။

ဒါကို -
၁။ သာမန်အောက်
၂။ သာမန်
၃။ သာမန်အထက်
၄။ ထူးချွန်ဆိုပြီး (၄) မျိုးခွဲကြတယ်။

တစ်မျိုးစီမှာလည်း (၄) ဆင့်စီသတ်မှတ်ကြတယ်။ ဘယ်လိုမှတ်ပေးကြသလဲဆိုရင်-



၁။ တစ်တောင်ပြရင် တစ်လံမြင်သူ (ထူးချွန်)
၂။ တစ်တောင်ပြ နှစ်တောင်မြင်သူ (သာမန်အထက်)
၃။ တစ်တောင်ပြ တစ်တောင်မြင်သူ (သာမန်)
၄။ တစ်တောင်ပြ တစ်မိုက်မြင်သူ (သာမန်အောက်)

သာမန်အောက်ကတော့ အလွန်ညံ့သူတွေပဲ။မျှော်လင့်ချက်မရှိသလောက်ရှားတယ်။

သာမန်ကတော့ ကြိုးစားရင်ကြိုးစားသလောက် သာမန်အထက်အောက်နှစ်ဆင့်လောက်ရတယ်။

သာမန်အထက်က ကြိုးစားရင်ကြိုးစားသလောက် ထူးချွန်အောက်သုံးဆင့်အထိလောက်ရနိုင်တယ်။ ထူးချွန်အဆင့်တစ်ကတော့ ဘုရားအလောင်းပဲရတယ်လို့ ကြားနာမှတ်သားရဖူးတယ်။

ပညာရှိရဲ့ စကားများကိုလည်း အဖန်ဖန်ကြားနာ၊ ဖတ်စရာ၊ မှတ်စရာ အဖြာဖြာတို့ကိုလည်းဖတ်၊ မှတ်ဖန်များလာရင် အတွေ့အကြုံတွေက ဉာဏ်ရည်ဉာဏ်သွေးကို ဖန်တီးပေးပါလိမ့်မယ်။ အသိဉာဏ်ပညာတွေရလာလိမ့်မယ်။ ကောင်း-ဆိုး ခွဲခြားနိုင်လာမယ်။ ဒီအတွက် ပညာရှိတပ်၊ မပြတ်ကြားနာ၊ မှတ်ရာမှတ်ကြိုး၊ နှလုံးသွင်းမှန်၊ ဝေဖန်ကောင်းဆိုး၊ ဤ (၄) မျိုးလို့ အတိုကောက်မှတ်ပေါ့။

အထက်ပါ အချက်အလက်များနဲ့ ပြည့်စုံပြီး လူတော်လူကောင်းဖြစ်ဖို့အတွက် -

ငါလူတော်လူကောင်းဖြစ်ရမယ်လို့ အခိုင်အမာဆုံးဖြတ်ချက်ချထားရမယ်။

လူတော်လူကောင်းဖြစ်ရာဆီသို့ အမြဲဦးလှည့်ထားရမယ်။ အဓိပ္ပာယ်က မြင်နိုင်တဲ့အရာမှန်သမျှကို အကုန်လုပ်ဆောင်ရမယ်။ ဝီရိယကို အစွမ်းကုန်ထုတ်ရမယ်။အထပ်ထပ်အခါခါလေ့ကျင့်ရမယ်။ လေ့ကျင့်မှုဟာ အရာရာကို ပြီးမြောက်စေတယ်။ ပြည့်စုံစေတယ်။ လောကုတ္တရာဘက်မှာဆိုရင် ဘာဝနာပွားတယ်လို့ခေါ်တာပေါ့။ ဥပမာ ဝင်လေထွက်လေကို အဖန်ဖန်ရှုမှတ်ပွားများနေရင် ကြာတော့ စိတ်တည်ငြိမ်ပြီးသမာဓိရလာမယ်။ သမာဓိတန်ခိုးဟာ မြေလျှိုးမိုးပျံနိုင်တယ်။ ဈာန်ရတယ်လို့ ခေါ်တာပေါ့။ အဲဒီဈာန်စိတ်နဲ့သေရင် ဗြဟ္မာ့ပြည်ရောက်တယ်။ လောကုတ္တရာဘက်က ဒီသမာဓိစွမ်းအားနဲ့ ရုပ်နာမ်တို့ရဲ့ မမြဲဆင်းရဲ အစိုးမရတို့ကိုစာရင် တစ်မဂ်တစ်ဖိုလ်ပေါက်ပြီး နိဗ္ဗာန်ချမ်းသာကို ရနိုင်တယ်။ ဒါကြောင့် ကောင်းတဲ့အလုပ်ဘာပဲလုပ်လုပ် ဇွဲစိုက်စိုက်နဲ့ အထပ်ထပ်အဖန်ဖန်လုပ် မုချအောင်မြင်မယ်။ အတိုမှတ်ချင်ရင် ဆုံးဖြတ်၊ ဦးလှည့်၊ အားထုတ်၊ လေ့ကျင့်ပေါ့။ (၄) ချက်ပဲ။

လူလို အမည်ခံထိုက်တဲ့ လူအဖြစ်၊ လူ့ဘဝကိုရခဲ့ကြောင်းပြောခဲ့ပြီးပြီ။ ရခဲ့တဲ့ လူ့ဘဝကိုရခိုက်မှာ လူဖြစ်ရကျိုးနပ်ဖို့လိုအပ်တယ်။ ဘယ်လိုလူမျိုးမှ လူဖြစ်ရကျိုးနပ်သူလို့ခေါ်ရမလဲဆိုရင် လူတော်လူကောင်းဖြစ်သူပဲ။

လူတော်လူကောင်းဆိုတာ ဘယ်လိုလူလဲ။

မိမိကိုယ်တိုင်လည်း ချမ်းသာအောင်၊ ပတ်ဝန်းကျင် တစ်ယောက်က တစ်ကမ္ဘာလုံး၊ တစ်လောကလုံးအထိ ချမ်းသာအောင် မိမိရဲ့ ကာယစွမ်းအား ဉာဏစွမ်းအားတွေနဲ့ ကြိုးပမ်းဆောင်ရွက်ရမယ်။

အဲဒီလို ဆောင်ရွက်ခြင်းဖြင့် မိမိလည်း ချမ်းသာပါစေ၊ သူတစ်ပါးလည်း ချမ်းသာပါစေ။

အဲဒါ ဘိုးဘိုးကြီးရဲ့တိုက်တွန်းချက်အမှာစကားပဲ။ ဩဝါဒလို့ ဆိုချင်ဆိုပေါ့

ကျွန်တော်က စကားကို ဤသို့ နိဂုံးချုပ်လိုက်ပါသည်။

သူတို့က -

"အစွမ်းကုန်ကြိုးစားပါမယ်"


ဟု ကတိစကားပြောသွားကြသည်။

အားလုံးချမ်းသာကြပါစေ

ချောင်းဆုံအုန်းသွင်

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# မနော်ဟရီမယ်တော်ဆေး



□ ကျိုက်လတ်မြို့ မှန်ကျောင်းဆရာတော်ကြီး ဦးစာရိန္ဒ (အင်းဝဇာတိ)၏ အဖိုးတန်ရှားပါးသောဆေးနည်း ဖြစ်သည်။ ဆရာတော်ကြီးသည် သက်တော်ရှည်ဆရာတော်ကြီးဖြစ်၏။ သက်တော် (၉၅) နှစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော်ကြီးထံတွင်နှစ်ပေါင်းများစွာ လေ့လာသင်ယူခဲ့ရသော ရှေးဟောင်းပညာရပ်များ ဖြစ်၏။ စာရေးသူကိုယ်တိုင် ယခု အသက် (၈၄) နှစ်ရှိပြီဖြစ်၍ မြန်မာတို့၏ အဖိုးတန်လောကီပညာရပ်များ မတိမ်ကောပျောက်ပျက်စေရန်နှင့် အများပြည်သူများ အသုံးပြုအကျိုးရှိစေကြရန် စေတနာမေတ္တာရည်သန်၍ ဖော်ပြရေးသားလိုက်ပါသည်။

□

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် စီရင်အသုံးပြုခဲ့သောအဖိုးတန် ဤဆေးကို ယနေ့ထက်တိုင်ဆရာတော်ကြီး၏တပည့် ရဟန်းတော်များ လက်ရင်းတပည့်များထံမှာသာ ဤဆေးကျန်ရှိနေသည်။ ဤဆေးအာနိသင်ကြောင့် တပည့်ရင်းရဟန်းအချို့သည်ကျောင်းတိုက်ကြီးများနှင့်တစ်မြို့နယ်လုံးဆိုင်ရာ ပရဟိတဆေးခန်းဖွင့်လှစ်ကုသပေးနေသောကုသိုလ်တော်ကြီးကိုပြုလုပ်ပေးနေသည်။ မြို့အတွက် ဘိုးဘွားမိဘတို့လည်း ဆောက်လုပ်နေရာကြောမိ ပြီးစီးတော့မည်ဖြစ်၏။ ၎င်းဆေးကို အသုံးပြုသောပုဂ္ဂိုလ်သည် မတရားသောတိစ္ဆရပ်များတွင်သုံး၍ ဆေးအကျိုးမရနိုင်။ မှန်ကန်သော မျှတသော အများကောင်းကျိုးရစေနိုင်သောကိစ္စရပ်များတွင် ဆေးအာနိသင်ထက်မြက်ကာအကျိုးတရားရရှိစေသည့်ဆေးဖြစ်သည်။ ဆရာတော်ကြီးထံမှ ကြိုးကြိုးစားစားသင်ယူခဲ့ရသောပညာ ဖြစ်၏။

ဆေးဖော်ရန်ပစ္စည်းများစုဆောင်းရသည်မှာ အခက်ခဲဆုံးဖြစ်ပေသည်။ ဆေးဖော်စပ်ရန်ပစ္စည်းများမှာ ချက်ချင်းမရ နှစ်ရှည်စုဆောင်းရသည်၊ အချိန်ယူရသည်၊ ဆိုင်မှာဝယ်၍မရ။ ပစ္စည်းစစ်မှန်ဖို့ အရေးကြီးသည်။ မပြည့်စုံမသင့်ပါက သုံး၊ လေးနှစ်ကြာအောင်စောင့်ရ၏။

ဆေးပစ္စည်းများမှာ -

၁။ ကြံ့သရဖူလီအပွင့်
၂။ ပိတောက်မှို
၃။ တောင်ဇလပ်နီပွင့်
၄။ ဖုံးမသိန်အပွင့်
၅။ ကြာပုဏ္ဏရိုက်
၆။ နံ့သာဖြူ
၇။ နံ့သာနီ
၈။ ကတိုးဆီ
၉။ အကျော်
၁၀။ စမွှာ
၁၁။ ကရမက်
၁၂။ စပါးကြီးသည်းခြေ-ညှို့ကြိုးပါ
၁၃။ ကျားကြီး၏လျှာ

အားလုံး ဆတူအလေးချိန်ကို (ဂီရိရည်ဖြင့်ကြိတ်ပါ။အိမ်တွင်းနတ်အုန်းရည်နှင့်ကြိတ်ရမည်။)

ဆေးမှုန့်များကို အိမ်တွင်းနတ်အုန်းသီးရည်နှင့်ကြိတ်ပြီး ဆေးတောင့်လုပ်ပါ။

□ဦ - မနော်ဟရီ လှည်းတူမြတ်၊ မိမိုးနတ်ကို၊ မပြတ်နိစ္စ၊ စောင့်ကြကုန်သော ဤဆေးသားမှာ ကြံ့သရဖူလီ၊ ဇလပ်နီကို ပိတောက်မှိုနှင့် ကျားကြီး၏လျှာနံ့သာငါးပါး၊ ထည့်ညား ကတိုး၊ ခေါ်ရိုးစပါးကြီးသည်းခြေ၊ ချက်ညှို့ပေတည်း။ လောင်းလေရောသိပ်၊ ကြာပုဏ္ဏရိုက်၊ ဖုံးမသိန်နှင့် ချိန်ညီတူစေ၊ မာဂရီရေနှင့် ကြိတ်လေတစ်ခန်း၊ နေသွေ့လှန်း၍ ပွဲနတ်ယကာ၊ စုံလင်စွာဖြင့် စုတ်ရန်မန္တန်မှာ -

□ဦ ဗုဒ္ဓကရဏီယ၊ ရွှေစက်နတ်တို့၊ ရှေ့ကတတ်သည့်ပညာ၊ မနေသာဟဲ့-ဇော်ဂနီ ကပ်ပေ ဆရာ ကပ်ပေ။

ဦ ဓမ္မကရဏီယ၊ ရွှေစက်နတ်တို့၊ ရှေ့ကတတ်သည့်ပညာ၊ မနေသာဟဲ့ - ဇော်ဂနီ ကပ်ပေ ဆရာ ကပ်ပေ။

ဦ သံဃကရဏီယ၊ ရွှေစက်နတ်တို့၊ ရှေ့ကတတ်သည့်ပညာ၊ မနေသာဟဲ့ - ဇော်ဂနီ ကပ်ပေ ဆရာ ကပ်ပေ။

ဩော်င်း သဗ္ဗဇော်ဂျီ တပသီ ဝိဇ္ဇာမိုရ် ဘယဒဿာဝီ သံလံဟောတိ မဟိဒ္ဓိကာ၊ နာနာသိပ္ပံ၊ နာနာရူပံ၊ နာနာကွန္တံ၊ နာနာမန္တံ၊ နာနာဉာဏံ၊ နာနာစိန္တံ၊ နာနာဘောဂံ၊ နာနာလာဘံ၊ နိပ္ဖာဒေန္တု၊ ယံယံကွန္တာ သမိဇ္ဈန္တု ဩော်င်း သမ္မိ။ ။

အထက်ပါ မန္တန်ဖြင့် ဆေးတောင့်များကိုကိုင်၍ (၉) ခေါက်ရွတ်ပေးပါ။

□ ဆေးကိုအသုံးမပြုမီရွတ်ရန်ဂါထာ

မနော်ဟရီဒေဝီဂါထာ

□ ဦ မနော်ဟရီဒေဝီ စ မေ မာတာ၊ မာတာ စ မေ မနော်ဟရီ ဒေဝီ၊ အနုကမ္ပံ ဥပါဒါယ။ မိတ္တံ မေ ဒေဟိ၊ ဓနံ မေ ဒေဟိ၊ ဘောဂံ မေ ဒေဟိ၊ ဘောဂံ မေ ဒေဟိ၊ လာဘံ မေ ဒေဟိ၊ ပီယံ မေ ဒေဟိ၊ ဒေဟိ မနော်ဟရီ ဒေဝီ မာတာ။ ။

(၉) ခေါက်ရွတ်ပါ။

အရေးတကြီးကိစ္စများရှိလျှင် ၎င်းဆေးကို နဖူး၊ ဆံစပ်၊ ပါးစပ်၊ နှုတ်ခမ်းကို အနည်းငယ်သုတ်လိမ်းပြီး မိမိအလိုရှိပြောပါ။ ဆေးကို ရေမွှေးထဲတွင်ထည့်ထား၍သုံးပါ။ ရေမွှေးပုလင်းထဲတွင်ဆေးကို ရွှေးကြီး (၃) ရွှေးခန့်ထည့်ထားပြီးလျှင် ရေမွှေးလျော့သွားက ထပ်ဖြည့်ထားပါ။ အရေးကြီးသောစာရွက်စာတမ်းများ သက်ဆိုင်ရာသို့တင်စရာရှိလျှင် စာရွက်တွင် ဆေးရည်အနည်းငယ်တို့၍ မိမိလိုရာပြောပြီးတင်ပါ။ မိမိသွားလာရာတွင် ထိုဆေးပုလင်းလေးကို အမြဲဆောင်သွားပါ။ အဖိုးတန်ဆေးဖြစ်၍ ဤဆေးနည်းမပျောက်စေရန် တိတိကျကျရေးထားပါသည်။

(ဆေးပစ္စည်းစုရသည်မှာ နှစ်ရှည်ကြာ၏။)

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



# ရောမြေ-ကျော်ဝေ

## ဂမ္ဘီရဆန်သော မဏိဇောတကျောက်ပြာ

စာရေးသူတို့ နေထိုင်သောရပ်ကွက်၏ ခြံလွတ်တစ်ခုတွင် သစ်ပင်များ အုပ်ဆိုင်းပြီး မြက်များလည်းထူထပ်စွာရှိသဖြင့် မိုးရာသီတွင် မြွေများပေါ်များကြသည်။ တစ်နေ့တွင် ထိုခြံလွတ်ထဲတွင် လင်းမြွေကြီးလေးကောင်က နှစ်ကောင်စီတွဲလျက် အလွှလိုက်နေကြသည်ကို ဘေးခြံမှလူများကမြင်ကြသဖြင့် စာရေးသူလည်း သွားရောက်ကြည့်မိပါသည်။ ဖုန်းဖြင့် ဓာတ်ပုံရိုက်ကြသလို အချို့က ပီယဆေးကောင်းသည်ဟုဆိုပြီး လက်ကိုင်ပဝါကို ထိုမြွေကြီးများသို့ အုပ်ပေးထားသူများလည်း ရှိကြပါသည်။

"သူတို့ မကြောက်မရွံ့နဲ့ အတင့်ရဲလိုက်ကြတာ"

ဟု ဖြတ်သွားဖြတ်လာသွားသူများကလည်း ပြောကြပါသည်။

စာရေးသူက -

"အဆိပ်မရှိတဲ့မြွေတွေမို့လို့ လူတွေအနားကပ်ရဲတာပေါ့လို့"

ဆိုတော့ အနားဖြတ်သွားသူလူတစ်ဦးက -

"အဲဒီလိုမြွေတွေအလွှလိုက်နေတဲ့အချိန်မှာ မစိတ်မွန်ပြီး မြွေထီးက လူကိုကိုက်ရင် ဆေးကုတောင်မရဘူး။ အဆိပ်ပြင်းပြီး သေတယ်ဗျ။ မြွေထီးပဲကိုက်ကိုက်၊ မြွေမပဲကိုက်ကိုက်သေတယ်ဗျ"

ဟု ထိုလူကပြောတော့ စာရေးသူ အဆိပ်ပြင်းလှသော မြွေဟောက်ပြာအကြောင်း ဇာတ်လမ်းလေးတစ်ခုကို ပြန်လည်တွေးတောမိပါသည်။

မြွေဟောက်ပြာ ဆိုတာ ဂမ္ဘီရအဆိပ်ပြင်းမြွေတစ်မျိုးပါ။ မြွေတကော့မြွေထဲမှာ အစွမ်းထက်တဲ့ မြွေတစ်မျိုးပေါ့။ မြွေတကော့မြွေထဲမှာ အစွမ်းထက်တဲ့မြွေတစ်မျိုးပေါ့။ သူတို့တစ်တွေအနေများတာက သစ်ပေါ်တွေမှာအနေများပါတယ်။ သူတို့မှာ သားကောင်ကို စပါးကြီးမြွေကဲ့သို့ ညှို့ယူဖမ်းစားတတ်ပါသည်။ လေချွန်သံနှင့် ဂီတသံကို အမျိုးမျိုးပေးပြီး မြွေအမျိုးမျိုးလာအောင်ကိုလည်း ဆွဲငင်ဓာတ်အားအပြည့်အဝရှိကြသည်။ သူတို့က လူယောင်ဆောင်တတ်သော နတ်မြွေတစ်မျိုးလို့ အများပြောကြသည်ကို လေ့လာမှတ်သားမိပါသည်။ သူတို့၏ဦးခေါင်းထဲတွင် မဏိဇောတရတနာကျောက်ပြာရှိသဖြင့် လူတို့နှင့်တွေ့ဆုံရာတွင် လူယောင်ဆောင်တတ်ကြပါသည်။ ကြီးမားသော တောတောင်များတွင် အနေများကြပါသည်။ လူတို့နှင့်လည်း လွတ်လွတ်ကင်းကင်းနေကြပါသည်။ မဏိဇောတရတနာဟုခေါ်သော ကျောက်ပြာသည် အစွမ်းထက်သော အမြုတေများကဲ့သို့ပင် တန်ဖိုးကြီးမားလှပေသည်။ မြွေဟောက်ပြာသည် တောတွင်းတွင် သားကောင်များကို ညှို့ယူဖမ်းစားပြီး အရိုးများကိုပြန်၍အန်ထုတ်ပါသည်။ ချေးမယိုပါ။

အနောက်ရိုးမ၏ တောကြီးမျက်မည်းထဲတွင် မုဆိုးကျော်တစ်ဦးဖြစ်သူ ကျော်စိန်မင်းဒင်သည် ကျွန်းပင်ကြီး၏ဘေးတွင် သားကောင်ကိုမျိုနေသော မြွေဟောက်ပြာကြီးကိုတွေ့သောအခါ လျှင်မြန်ဖျတ်လတ်စွာဖြင့် မြွေကြီး၏အနားသို့သွားပြီး လည်ပင်းကို ဓားနှင့်ပိုင်းဖြတ်လိုက်လေတော့သည်။ မြွေကြီးက တွန့်လိမ်ရုန်းကန်ပြီးသေသွားမှ မြွေကြီး၏ဦးခေါင်းကိုခွဲပြီး ကျောက်ပြာကိုထုတ်ယူလေသည်။ မြွေကြီး၏ မျက်လုံးများကို ဖောက်ထုတ်ပြီး ကျင်းနက်နက်တူးပြီး မျက်စိတစ်လုံး တစ်နေရာတွင်ဝေးကွာစွာ မြှုပ်ထားလိုက်လေသည်။

တောကြီးသည် နေ့ခင်းကြောင်တောထဲမှ တဟီးဟီးတဟဲဟဲဖြင့် ...များတိုက်ခတ်သကဲ့သို့ အသံများပေး... မှောင်သွားလေတော့သည်။ ကျော်စိ... မင်းဒင်တစ်ယောက် တောခြောက်မ... သိထားသလို မဏိဇောတကျောက်ပြာ... ထားသဖြင့် အမှောင်ထဲတွင် သူ၏မျက်... က အလင်းရောင်ကို ကောင်းစွာဆော... ယူထားပြီး သတိအမြဲရှိခဲ့လေသည်... လေချွန်သံတွေကြားခဲ့ရသလို နတ်မိ...



…လှပသောအပြာနုရောင်ဝမ်းဆက်
… ချောမောလှပသော မိန်းမပျိုလေး
…တလည်း သူ့နားတွင်တရစ်ဝဲဝဲဖြင့်
…နေကြသည်ကို တွေ့ရသဖြင့် သူက-
"ဒါဟာ ငါ့ကို မြူဆွယ်နေကြတဲ့
…ယောင်ဆောင်မလေးတွေပဲ။ငါလည်း
…သော သူတို့ ငါ့ကိုလာပြီးရောခဲ့ရင်
…ည်းသတိနဲ့ရောမှဖြစ်မယ်။ သူတို့
…တွေ ဘာတွေဆိုတာ ငါသိရမယ်"
ဟု အတွေးအာရုံထဲတွင် တွေးပြီး
…သောအကြံကို အပြာရောင်ဝမ်းဆက်
… အချောဆုံး ဧကရီလေးက သူ့အနား
…ပြီး -
"ဒီတမောင်ကြီးက တောထဲမှာ
…စီလည်လမ်းမှားလာတဲ့သူဖြစ်ရမယ်။
…တို့နဲ့ ဝင်ပြီးကပါလား မောင်ကြီး။
…ရောကောင်းတယ်လေ"
ဟု ဆိုပြီး သူ့လက်ကိုဆွဲသော
… ကျော်စိန်မင်းဒင်က သူမ၏လက်
… အသာပုတ်ချပြီး -
"မင်းတို့နဲ့ကဖို့ ငါ့မှာအချိန်မပေး
…တွေ။ မင်းတို့ရဲ့ခေါင်းဆောင်အရှင်
…နဲ့ငါတွေ့ချင်တယ်။ ငါ့ကိုသူနဲ့တွေ့
…"
လို့ ဆိုတော့ ထိုဧကရီမလေးက-
"ကျွန်မတို့ရဲ့ အရှင်သခင် တော
…ထွက်သွားပါတယ်ရှင်။မပြန်သေးပါ
…ကျွန်မတို့တစ်တွေကလည်း အလှည့်
… တစ်ပတ်တစ်ခါ ရှာဖွေစားသောက်
…တာပါ။ အခုလို နားနေရတဲ့ရက်
…တွေမှာ အပျော်လေးတွေအဖြစ်
…ရတာပေါ့ရှင်။ ဒီတောကြီးမှာ
…နေရင် ပျင်းဖို့အလွန်ကောင်းပါ
…ရှင်"

အမျိုးသားတစ်ယောက် ပလွေ
သံကိုဆွဲဆွဲငင်ငင်မှုတ်တတ်သလို အမျိုး
သမီးတွေကလည်း ဝိုင်းကြီးပတ်ပတ်
ဒူဝေဝေအကဖြင့် ပျော်လိုက်ကြသည်
မှာ သူတို့ကနေသည်ကို ထိုင်ကြည့်မိ
သောကျော်စိန်မင်းဒင်ပင် မူးတူးတူး
ဖြစ်ချင်သလိုပင်။
"ဒီဟာမတွေ ငါ့ကိုညို့ပြီးဖမ်းစား
တော့မခံဘူး။ ငါဒီနေရာကလွတ်အောင်
သွားမှဖြစ်တော့မယ်"
ဟု ဆိုပြီး မဏိဇောတကျောက်
ပြာကို အိတ်ကပ်အတွင်းမှယူပြီး ပါးစပ်
ထဲသို့ငုံလိုက်သောအခါ လှူယောင်ဆောင်
သောမြွေများ ပျောက်သွားလေတော့
သည်။ ကျော်စိန်မင်းဒင်က ထိုမိန်းမပျို
များကို ဘီလူးမများဟု အထင်ရှိလေ
သည်။ ထိုလူယောင်ဆောင်မြွေမများက
ကျော်စိန်မင်းဒင်တစ်ယောက် ပျောက်
သွားသည်ကို တောနင်း၍ရှာကြသော်
လည်း ကျော်စိန်မင်းဒင်ကို မတွေ့ရပါ။
ပုပ်ပွပြီး သေဆုံးနေသော မြွေခေါင်း
ပြတ်ကိုယ်ပိုင်းကြီးကိုသာ တွေ့ခဲ့ရသဖြင့်
မြွေခေါင်းပြတ်ကို ရှာပါသော်လည်း
မတွေ့ရသဖြင့် မြွေမသည် မြွေထီးကို
မည်သူမည်ဝါသတ်မှန်း မသိရတော့ပေ။
ကျော်စိန်မင်းဒင်ကလည်း တောကျွမ်း
မုဆိုးတစ်ယောက်ဆိုသကဲ့သို့ပင် တော
၏ မာယာပရိယာယ်ကို သိထားသူ ဖြစ်
သည်။ သူ၏သတိနှင့်အသိက အမြဲတမ်း
ရှေ့ပြေးလျက်ရှိ၏။ သူငယ်စဉ်က ရွာဦး
ကျောင်းဆရာတော်ထံတွင် စာပေသင်
ကြားခဲ့သည်။ ဂမ္ဘီရပညာအချို့အဝက်တို့
ကိုလည်း ဆရာ
တော်ကသင်ပေးသဖြင့်
အတော်အသင့် တတ်
မြောက်ထားသည်။ ဖခင်
အမွေ မုဆိုးရာထူးကို သူက
ဆက်ခံပြီး သူ၏မိသားစုဝမ်းရေး
အတွက် ဖူလုံစေပါသည်။
မုဆိုးဆိုတာ အကုသိုလ်များ၊
တိရစ္ဆာန်တွေရဲ့ အသက်ကို ကြီး၊ ငယ်
မရွေးသတ်တဲ့ လက်နက်တွေက အစီ
အရီရှိ၏။ ဒါပေမယ့် တောဆိုတာ မုဆိုး
ရှိမှ။ သားရဲ တိရစ္ဆာန်သောင်းကျန်းတာ
တွေကို နှိမ်နင်းနိုင်မှမုဆိုး။ မုဆိုးကောင်း
တို့မည်သည် တောခြောက်တောင်ခြောက်
မကြောက်တတ်။
တောင်ခြေနှင့်နီးတော့ ကိုချစ်ခိုင်
တို့ စိုက်ထားတဲ့ ပြောင်းခင်းတွေ
တောဝက်အုပ်ကျတော့ ဝက်ခေါင်းဆောင်
ခါးပတ်ကျားကြီးကို မုဆိုးကျော်စိန်
မင်းဒင်နှိမ်နင်းလိုက်တော့ ဝက်တွေ
လည်းမလာတော့။ ကိုချစ်ခင်၏ ခိုင်းနွား
ကြီးတစ်ကောင်ကို ကိုးတောင်ကျားကြီး
ကဆွဲသွားသော်လည်း ကျော်စိန်မင်းဒင်
၏လက်နှင့် ကျားဆိုးကြီးလည်းသေရ၏။
ကိုစိန်သန်း၏ ကြံခင်းထဲမှာ စပါးကြီး
မြွေကြီးက ကြံပင်တွေကိုအမြီးနှင့်ယမ်း
ပြီး ဆွဲလှဲထားပေမယ့် ဖျက်ဆီးတဲ့ မြွေ

# ကျွဲ-နွားများ
# ခွာနာ၊ လျှာနာဖြစ်လျှင်

အေးချမ်းအောင်(ရမည်းသင်း)



ဒီနှစ် ကျွန်တော်တို့ အညာဒေသတွင် ကျွဲ၊ နွားတွေ လျှာနာခွာနာဖြစ်ပွားတာ ဒေသတိုင်းလိုလိုတွင်ဖြစ်ခဲ့သည်။ ကျွဲ၊ နွားလျှာနာခွာနာရောဂါကြောင့် တောင်သူတွေမှာ လုပ်ငန်းခွင် လနှင့်ချီ ပျက်ခဲ့ကြရသည်။ လျှာနာခွာနာကြောင့် ကျွဲ၊ နွားတွေအတွက် ကျွေးမွေးဖို့ နေ့စဉ်အစာရှာရသည့်ဒုက္ခကြီးလှသည်။

သက်ဆိုင်ရာ မှ ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးပေးခြင်းများ ပြုလုပ်ပေးခဲ့သော်လည်း မကာကွယ်နိုင်ပါ။ လျှာနာခွာနာရောဂါကတော့ အပြုံးမပျက် ဝင်ရောက် နှိပ်စက်လေသည်။

တောင်သူများသည် မိမိတို့ ကျွဲ၊ နွားများ လျှာနာခွာနာဖြစ်မှာ လွန်စွာကြောက်လန့်ကြသည်။ ရောဂါဆိုးတစ်ခုဟုပြောလျှင် မှားမည်မထင်ပါ။ ရွာထဲတွင် လျှာနာခွာနာတစ်ကောင်ကောင်စဖြစ်ပြီဆိုလျှင် တစ်စတစ်စ တစ်ရွာလုံးရှိ ကျွဲ၊ နွားများကို ကူးစက်ပါတော့သည်။ ရောဂါဆိုးကို တောင်သူတွေအနေနှင့် မမှိတ်မသုန်ရင်ဆိုင်ကြရသည်။

ကျွဲ၊ နွားများလျှာနာခွာနာရောဂါမှာ ကျွဲတွေကမှ ရုတ်တရက်မဖြစ်ပါ။ လျှာနာခွာနာရောဂါစဖြစ်သည့် ကျွဲ၊ နွားများမှာ များသောအားဖြင့် လျှာနာက ဦးစွာဝင်လေ့ရှိတတ်ပါသည်။ ရောဂါလက္ခဏာမှာ ကျွဲ၊ နွားတွေ၏ နှုတ်သီး (ပါးစပ်) မှ သွားရည်များတတွေတွေကျနေသည်ကို မြင်တွေ့ရလျှင် လျှာနာစပြီဆိုသည့်သဘောပင်။

လျှာနာနေသည့် ကျွဲ၊ နွားများမှာ မစားသောက်နိုင်တော့ပါ။ လျှာနာပိုဆိုးလာလျှင်၊ နှာခေါင်းကြိုးထိုးထားသည့် အသားနုတွေပါ အနာဖြစ်လာလျှင် အပုပ်နံ့ကြောင့် ယင်ကောင်တွေရောက်လာသည်။ အနာကို ပိုး(လောက်)တက်လာပါတော့သည်။

ပိုင်ရှင်က မိမိ ကျွဲ၊ နွားကို အစာရေစာ ဂရုတစိုက် မတိုက်ကျွေးပါက မည်မျှပင် ဝဖြိုးနေသည့် ကျွဲ၊ နွားဖြစ်နေပါစေ ရက်ပိုင်းအတွင်း အရိုးပေါ် အရေတင်ဖြစ်သွားလေသည်။

အချို့ ကျွဲ၊ နွားများကတော့ ခြေ၊ လက်တို့မှာစ၍ ရောဂါဝင်လေ့ရှိသည်။ ခြေတခါခါလက်တခါခါနှင့်ဖြစ်လာပါက မိမိ ကျွဲ၊ နွားခွာနာစပြီဟု သိကြရသည်။

ရက်ကြာလာသောအခါ လျှာမနာသော ကျွဲ၊ နွားများမှာ နာနေသောခွာကို လျှာနှင့်လျက်ပေးနေခြင်းကြောင့် ခွာမှရောဂါပိုးများ လျှာကို ရောဂါပိုးများရောက်ရှိသွားပြီး လျှာနာရောဂါဖြစ်လေသည်။

လျှာနာခွာနာပြင်းထန်သော ကျွဲ၊ နွားများမှ အပုပ်နံ့ကြောင့် ယင်ကောင်များမှတစ်ဆင့် ပိုး(လောက်) တက်ပြီဆိုလျှင် ပိုင်ရှင်တွေမှာ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်ကြရသည်။

လျှာနာနေသည့်နွားကို အများသိထားကြသည့်နည်းဖြစ်သော ပရဆေးဆိုင်မှ ဝယ်ယူရရှိသည့် ကျောက်ချဉ်တို့အမှုန့်ကြိတ်၍ တစ်နေ့ (၃) ကြိမ် နွားလျှာကိုပွတ်ပေးခြင်းဖြင့် ဖြစ်ခါစဆို တစ်ရက်၊ နှစ်ရက်နှင့် ပျောက်ပါသည်။ လျှာနာအတွက် အကောင်းဆုံးဆေးလည်း ဖြစ်သည်။

---

ကြီးလည်း ကျော်စိန်မင်းဒင်ရဲ့လက်ချက်နှင့်သေရ၏။ တစ်ရွာလုံးက ကျော်စိန်မင်းဒင်ကို သူရဲကောင်းမုဆိုးကြီးအဖြစ် အသိအမှတ်ပြုကြ၏။ သူ့ကိုယ်သူ တိရစ္ဆာန်တွေ၏ သေမင်းတမန်အဖြစ် ခံယူထားတာကတော့ သူရဲ့အဆောင်အဖြစ် အားကိုးထိုက်သည့် မဏိဇောတကျောက်ပြာ၏အစွမ်းကြောင့်ပါပဲ။ ဂမ္ဘီရဆန်သောမဏိဇောတရတနာကျောက်ပြာကို ကျော်စိန်မင်းဒင်တစ်ယောက် အမဲလိုက်ထွက်တိုင်းယူသွားရတာကတော့ သူ၏အသက်ဘေးအတွက် လုံခြုံစိတ်ချရလို့ပါ။ သိဒ္ဓိထူးတော့လည်းယုံကြည်ပေမပေါ့။

တောထဲမှာ မြွေဟောက်နက်တစ်ကောင်က သူ့အမြီးကိုသူမျိုပြီးသေနေတာတွေ့လို့ ကျော်စိန်မင်းဒင်က တောထဲက ဝါးကျစ်ကလေးတစ်ချောင်းခုတ်ပြီးအနေတော်ဖြတ်၍ ဝလုံးသဏ္ဍာန်ဖြစ်နေတဲ့ မြွေကွင်းထိုးရဲ့အလယ်ကို ငုတ်ရိုက်ပြီး တစ်ပတ်လောက်အကြာမှာ သွားကြည့်တော့ မြွေကွင်းထိုးကခြောက်ကပ်မာကျောနေပြီး ကျောက်ဖြစ်နေတာကိုတွေ့ရ၏။ ကျော်စိန်မင်းဒင်လည်း လက်ကိုင်ပဝါဖြင့် သေသေချာချာထုပ်ပြီးယူလာခဲ့၏။ သူ၏ဆရာရင်းဖြစ်သည့် ဆရာတော်ကို ပြကြည့်တော့ ဆရာတော်က -

"မင်းအတွက် အဆောင်ကောင်းကွယ့်၊ မင်းဆောင်ထား"

ဟု ပြောတော့ ကျော်စိန်မင်းဒင်က -

"ဆရာတော် အဂ္ဂိရတ်ထိုးတာ အဆင်ပြေပါရဲ့လား"

"ငါ့တပည့် အဆင်တော့ပြေပါတယ်ကွာ။ ဒါပေမယ့် ကျောက်ပြာရရင် ဓာတ်လုံးကပိုပြီးကောင်းမယ်ကွာ"

လို့လည်းပြောရော ကျော်စိန်မင်းဒင်က သူ့ခါးတွင်းထဲက မဏိဇော ကျောက်ပြာကိုထုတ်ပြီး -

"ဒါလား ဘုရား"

ဟုပြပြီး လှုလိုက်တာနှင့် ကျော ပြာက ဆရာတော်လက်ထဲလည်းရော ရော လုံးထဲက ဓာတ်လုံးက မီးကစား မဏိဇောတကျောက်ပြာထံကို လုံထဲ ထွက်ပြီး မူးပေါင်းလိုက်တာ ထွက် ပေါက်သွားသလို ကျော်စိန်မင်းဒင်လ ထိုနေ့မှစပြီး မုဆိုးဘဝကကျွတ်လွ သွားတော့၏။ မြွေကွင်းထိုးလေး သူ့ထံမှာ ယနေ့တိုင်ရှိနေလျက်ပါပဲ။

ရေမြေကျော်

(ကြားဖူးနားဝ မှတ်သား ဇာတ်လမ်းအသွင် မှတ်တမ်းတင်လို ရပါသည်။)

ခွာနာရောဂါ ရက်ကြာလာသော ကျွဲ၊ နွားများ၏ နာနေသည့်ခွာမှာ အနေအထားပြောင်းကာ ပြန့်ကားရှည်ထွက်သွားခြင်းမျိုးဖြစ်လျှင် ရောဂါပျောက်သွားသော်လည်း ယခင်အနေအထားမဟုတ်တော့၍ ရှည်ထွက်နေသောအပိုင်းကို ဖြတ်တောက်ပစ်ရခြင်းတွေလည်းပြုလုပ်ပေးရသည်။

ခွာနာနေသော ကျွဲ၊ နွားများပိုးတက်နေခြင်းကို ပရုတ်လုံးအမှုန့်ကြိတ်၍ ဓာတ်ဆီနှင့်ရောစပ်ကာ ပက်ဖျန်းပေးသူများရှိသလို လှည်းသံကြိုးဥကိုမီးဖုတ်ကာ ဆားနှင့်နယ်ခွဲ့ပေးခြင်းမျိုးလည်း ပြုလုပ်ကြသည်။

တက်နေသော ပိုး(လောက်) များသေစေရန် ပိုးသတ်ဆေးများကို လုံးဝသုံးစွဲသင့်ပါ။ ပိုး(လောက်)များ အနာမှာမရှိတော့ပါက အနာရက်ပိုင်းအတွင်း ပျောက်လေ့ရှိသည်။ ပိုး(လောက်)တက်လျှင် ဝင်ရောက်နေသော ပိုး(လောက်) အနာတွင် လုံးဝမရှိနေဖို့နှင့် ယင်မနားစေရန် အထူးဂရုစိုက်ကြရသည်။ ပိုး(လောက်) ရှိနေလျှင် သွေးများယိုစီးကျနေလေ့ရှိပြီး ရက်၊ လချီခွာနာကြာလေ့ရှိသည်။ အချို့သော ကျွဲ၊ နွားများမှာ ထိုရောဂါနှင့်သေဆုံးရသည်အထိ ခံစားသွားရလေ့ရှိသည်အထိဖြစ်လေသည်။

အနာတွင် ပိုးလောက်များမရှိတော့ဘဲ အနည်းငယ် လမ်းလျှောက်နိုင်ပါက သဲပူထဲမောင်းပေးခြင်းအားဖြင့်လည်း အနာအမြန်ကျက်ကာ ခွာနာပျောက်မြန်အောင်ပြုလုပ်ပေးကြသည်။

❑

ကျွန်တော်တို့ အညာဒေသတွင် စားသောက်များရရှိရန် နွားမများအုပ်ထိန်းထားမွေးသူများ၏နွားမှာ လျှာနာခွာနာဖြစ်ပါက ဒုက္ခရောက်ကြရသည်။ နွားအုပ်ကို နဖားကြိုးထိုးမထားခြင်းကြောင့် နွားတွေကို ကာကွယ်ဆေးထိုးမနိုင်သလို စားကျက်မသွားနိုင်တဲ့ နွားတွေကို မြက်ရိတ်ကျွေးရမည်ဆိုတော့ ထိုနွားတွေက အများကြီးပါ။

ရောဂါဖြစ်နေတဲ့နွား ဆေးကုသကြတော့လည်း ခက်ခဲလေသည်။ ကျွန်တော့်မိတ်ဆွေတစ်ဦးသည် နွားအုပ်ပိုင်ရှင်တစ်ဦးဖြစ်လေသည်။ သူ့နွားအုပ်လျှာနာခွာနာဖြစ်ပါသည်။

တစ်နေ့တစ်နေ့ စားကျက်ရောက် နွားအုပ်မောင်းရသည်မှာ ယခင်က နေ့စဉ်ခန့် မောင်းရသောနေရာကို တစ်နာရီကျော်ကြာမောင်းပြီးကျောင်းရသည်။ သူ့နွားများနှင့်အတူ ယင်ကောင်တွေကတလောင်းလောင်း၊ အပုပ်နံ့ကတထောင်းထောင်း။

(၁၅) ရက်ခန့်ရှိတော့ သူ့နွားတစ်အုပ်လုံး ကောင်းသွားကြသည်ကို တွေ့လိုက်ရတော့ ကျွန်တော် အံ့သြသွားပါသည်။

ကျွဲ၊ နွားတွေမှာ လျှာနာခွာနာဝင်ပြီဆိုပါက လနှင့်ချီကြာမှပျောက်လေ့ရှိသည့်ရောဂါ၊ အချို့နွားတွေဆိုလျှင် ဂရုတစိုက် ဆေးကုပေးနေတဲ့ကြားက နှစ်ချီကြာမှပျောက်လေ့ရှိသည်။ ယခုမူ ရက်ပိုင်းအတွင်းမှာပင် သူ့နွားအုပ် ရောဂါပျောက်ကင်းကုန်ကြသည်။

ကျွန်တော့်မိတ်ဆွေသည် အခြားနွားအုပ်တွေကိုလည်း လျှာနာခွာနာပျောက်အောင် သူကုပေးသည်ဟု သိရသည်။

ကျွန်တော် စိတ်ဝင်စားသွားမိသည်။ သို့နှင့် မိတ်ဆွေဆီ လျှာနာခွာနာပျောက်အောင်ကုသနည်း သွားရောက်မေးမြန်းခဲ့သည်။

"ခင်ဗျားနွားအုပ် လျှာနာခွာနာဖြစ်တာ မကြာခင် ပျောက်ကုန်ကြတယ်။ ဘာဆေးနဲ့ကုတာလဲသိချင်နေလို့ဗျာ"

ဟု ပြောလိုက်တော့ -

"နဖားကြိုးထိုးထားတဲ့ နွားတွေမဟုတ်တော့ ပိုးတက်တဲ့အနာကို ဆေးလုပ်ပေးလို့လည်း မရဘူးလေဗျာ"

"အဲဒါပြောတာပေါ့ဗျ။ တစ်အုပ်လုံး တစ်ပြိုင်တည်းလို ပျောက်ကုန်ကြတာဆိုတော့ ထူးဆန်းနေလို့ပါ"

"ဆေးနည်းကောင်းနဲ့ကုတာလေ"

ဟု ပြောလေသည်။

"မျှဝေစမ်းပါဦး ဆရာသမားရယ်"

"ရပါတယ်ဗျာ၊ ကုသိုလ်တောင်ရပါသေးတယ်။ ကျွန်တော်တို့ဘိုးဘွားတွေ လက်ထက်ကတည်းက အစဉ်အဆက်သုံးလာခဲ့တဲ့ ပိုး(လောက်)ကျစေတဲ့မန္တန်အစွမ်းကြောင့် ကျွန်တော့်လျှာနာရောခွာနာပါ ပျောက်ကုန်ကြတာဗျ"

"မန္တန်ကခက်ခက်ခဲခဲကြီးလားဗျ"

"လွယ်လွယ်လေးပါဗျာ။ဒါပေမယ့် ကျွန်တော်ပြောပြမယ့် ကျွဲ၊ နွားလျှာနာခွာနာပျောက်စေတဲ့မန္တန်ကိုတော့ တကယ်ယုံကြည်မှုရှိမှအစွမ်းထက်တာ။ ဘာလို့လဲဆို ယုံကြည်မှုမရှိရင် ဘာအလုပ်လုပ်အကျိုးမရှိဘူးလေ။ မန္တန်ကို (၇) ကြိမ် (၇) ခါ (၄၉)ခေါက်ပေါ့။ အသက်အောင့်ပြီးမန်းရမယ်။ အမှားအယွင်းမရှိ ရွတ်ဆိုနိုင်အောင် ဦးစွာလေ့ကျင့်ပြီး သေချာမှမန်းရမယ်။

❑ *ဦးစွာ ဆားဒိုးလုံးလောက်ကိုယူ။ အဲဒီဆားကို ဉုံ - ငါးပိနဲ့လောက်၊ ရွှေနဲ့ကျောက် (နွားအမည်တပ်၍) (ခြေဆိုခြေ၊ လက်ဆိုလက်) မှာ တက်နေတဲ့လောက်က ဖျောက်ဖျောက်ဆင်း. . .*

လို့ အသက်အောင့်ပြီး (၇)ခေါက်မန်းရမယ်။

ဥပမာထပ်ပြောမယ်ဗျာ။

ကိုယ့်နွားက နွားပြာဖြစ်မယ်။ ပိုးတက်နေတာ ညာခြေထောက်ဖြစ်မယ်ဆိုရင်ဆားကို-

❑ ဉုံ-ငါးပိနဲ့လောက်၊ ရွှေနဲ့ကျောက်၊ ငါ့နွားနပြာ ညာခြေထောက်မှာတက်နေတဲ့လောက်တဖျောက်ဖျောက်ဆင်း. . .

(၇) ကြိမ်မန်းပြီး အသက်တစ်ခါရှူ။ ပြီးတော့ အကြိမ်ရေပြည့်အောင် ဆက်မန်းပေါ့။

မန်းပြီး ဆားကို သုံးပုံပုံ။ မနက်တစ်ခါ၊ နေ့လယ်တစ်ခါ၊ ညတစ်ခါ မီးဖိုထဲတစ်ပုံစီ လက်ပြန်ထည့်ရုံပဲ။

သေချာပျောက်တယ်လို့ အာမခံတယ်။ မန္တန်ကို အမှားအယွင်းမရှိအောင် ရွတ်ဆိုမန်းနိုင်ဖို့တော့လိုတယ်နော်။ အဲဒီမန္တန်နဲ့ပဲ ကျွန်တော့်နွားတွေတင်မကဘူး။ ရွာထဲက နွားအုပ်ပိုင်ရှင်တွေကိုလည်း ဒီမန္တန်မန်းပေးခဲ့တာ ပျောက်ကုန်ကြတာပဲ"

"ဒါနဲ့ ခင်ဗျားနွားကြီးတွေ ဘာမှမဖြစ်ဘူးနော်"

"ဟုတ်တယ် ဒါကနည်းတစ်မျိုးဗျ။ ကျွဲ၊ နွားတွေ လျှာနာခွာနာဖြစ်ရခြင်းရဲ့အကြောင်းရင်းက အပူအားကြီးတာနဲ့ ဝမ်းချုပ်တာကြောင့်ဗျ။

နွားတွေကိုရေမှန်မှန်ချိုးပေးတယ်။ ဝမ်းလုံးဝမချုပ်စေဘဲ ဝမ်းပျော့စေတဲ့ မြေပဲရိုးလို အစာကျွေးပေးတယ်လေ။ ဒါကြောင့် လျှာနာခွာနာလုံးဝမဝင်တာဗျ။ အခြားမှာ လျှာနာခွာနာဖြစ်တယ်ကြားရင် အဲဒီလို အမြဲဂရုတစိုက်လုပ်ပေးနေရင် ကိုယ့်နွားရောဂါမဝင်တော့ဘူး ကာကွယ်နည်းပေါ့ဗျာ"

ဟု ကျွန်တော့်မိတ်ဆွေ နွားအုပ်ပိုင်ရှင်မှလျှာနာခွာနာရောဂါနှင့်ပတ်သက်သော မန္တန်နှင့် ကြိုတင်ကာကွယ်နည်းကို ယင်းကဲ့သို့ပြောပြသည်ကို စာဖတ်သူများအတွက် ရေးသား တင်ပြလိုက်ပါသည်။

**အေးချမ်းအောင်(ရမည်းသင်း)**

□ ယုံရခက်ခက်

ကျုပ်နာမည်က ပေါ်သစ်ပါ။ ဒါပေမယ့် ကျုပ်ကို လူတွေအားလုံးက ပေါ်သစ်ကယ်လို့ခေါ်ကြတယ်။ ဘာလို့ခေါ်ကြသလဲဆိုတာတော့ ကျုပ်လည်း မသိဘူး။ 'ကယ်' တစ်လုံးထည့်ထားတာတော့ အမှန်။

ကျုပ်ကို လူတွေက ခပ်ချဉ်ချဉ်ရယ်။ ဘာလို့လဲဆိုတော့ ကျုပ်က ကျုပ်စိတ်ထဲမှာ စကားတစ်ခွန်းဘဝင်မကျရင် ကလေးတစ်ယောက်လို စကားရဲ့ဇာစ်မြစ်ကို အပြန်ပြန်အထပ်ထပ်မေးတတ်တဲ့အကျင့်ရှိတယ်။ အဲဒီအခါ စကားပြောတဲ့လူဟာ ဘာမှမဖြေတတ်တော့ဘဲ ချောင်ပိတ်မိပြီးအရှက်ရစေတာပါပဲ။ အဲဒါကို ကျုပ်သိပ်သဘောကျတာ။

အဲဒါကြောင့် ကျုပ်ကို လူတွေက လူကတ်လို့သတ်မှတ်ကြပြီး ကျုပ်ဆိုရင် စကားပြောရမှာ ခပ်ရှောင်ရှောင်ဖြစ်လာကြတော့တာပဲ။ ပေါ်သစ်ကယ်လူကတ်ပေါ့လေ။ ကျုပ်နဲ့လေပေးဖြောင့်တာဆိုလို့ တောင်ဘက်ကမ်း ပြန်ကပြေး အလယ်ပိုင်းရပ်ထဲက ဗိန္ဓောဆရာကြီး ဦးရွှေမင်းပဲရှိတယ်။

ကျုပ်က မြောက်ဘက်ကမ်းလို့ခေါ်တဲ့ ဆိတ်နံတုန်းရွာမှာ ရှမ်းပိုင်းထဲက မုဆိုးမ မသိန်းတင်နဲ့ အိမ်ထောင်ကျတာပါ။ သူ့မှာ သားတစ်ယောက်ပါလာပါတယ်။ ကျုပ်နဲ့ မသိန်းတင်က သမီးနှစ်ယောက်မွေးတယ်။ ကျုပ်မှာ သားသမီး သုံးယောက်ဆိုပါတော့။

ကျုပ်က ဆရာကြီး ဦးရွှေမင်းကို သိပ်လေးစားတာပါ။ ဘာကြောင့်လေးစားတယ်ဆိုတာ နောက်မှ ပြောပြမယ်။ ဘာမဆို ဘယ်သူကပြောပြော အယုံကြည်ကင်းမဲ့တဲ့ ပေကတ်ကတ်ကျုပ်ဟာ ဘာကြောင့် ဆရာကြီးကို လေးစားတယ်ဆိုတာ အကြောင်းရှိခဲ့ပါတယ်။ ဟုတ်ကဲ့ - ပြောပြမှာပါ။

အခု အဲဒီဆရာကြီးဦးရွှေမင်းဆီ ခေတ္တခဏအလည်ရောက်စဉ်မှာ ဆရာကြီးက ကျောက်သင်ပုန်း၊ ကျောက်တံကောက်ယူတဲ့ပြီး ကျုပ်ကိုအနည်းငယ်မေးကာ ဗေဒင်ထွက်တာပါပဲ။

ဆရာကြီးရဲ့ သီလ၊ သမာဓိ၊ ပညာကို ကျုပ်လေးစားတာက အမှန်ပါ။ ဒါပေမယ့် ကျုပ်စိတ်ထဲမှာ ကျုပ်ကိုဟောတဲ့ဟောကွက်ကြောင့် အရမ်းကိုရယ်ချင်နေပါတယ်။ဆရာကြီးကို ရိုသေလေးစားလို့ အများလို စကားကတ်မထွက်ရဲပေမယ့် ကျုပ်မျက်နှာ မျက်နှာပိုးသတ်လို့မရဖြစ်နေတာကို ဆရာကြီးရိပ်မိဟန်ရှိတယ်။

"ဟေ့ - ပေါ်သစ်ကယ်၊ မင်း နွေခေါင်ခေါင်မှာ တကယ်ရေနစ်မယ့်ကိန်းရှိနေတာနော်။ အဲဒါ မင်းသတိထားပြီးနေ။ ငါ မင်းကိုကြည့်ပြီး မျက်နှာညှိုးနေသလိုမြင်လို့ တွက်ချက်ကြည့်တာ"

လို့ ထပ်ပြီးသတိပေးတယ်။ ဆရာကြီးက ကျုပ်ကိုဘယ်လိုဟောသလဲဆိုတော့ -

"ပေါ်သစ် မကြာခင် မင်းရေနစ်ကိန်းရှိတယ် သတိထား" တဲ့ဗျ။

ဒါနဲ့ ကျုပ်က -

"ဆရာကြီး၊ နွေခေါင်ခေါင်မှာ ငလိုက်ချောင်းထဲရေက ဒူးလောက်ပဲရှိတယ်။ ဘယ်လိုနစ်မှာလဲ"

ဆိုတော့ -

"အဲဒါတော့ ငါလည်းမသိဘူး။ နစ်ကိန်းရှိကိုရှိတာ" တဲ့။



ဒါနဲ့ ကျုပ်က -

"သေသွားနိုင်သလား ဆရာကြီး"

လို့ အတွန့်တက်တဲ့အခါ -


"သေတော့မသေဘူး။ ကယ်မယ့်သူ ပေါ်လာလိမ့်မယ်"

လို့ ဟောပါတယ်။

အတော်အတန်လူ ဆိုရင်တော့ ဒါမှမဟုတ် ရပ်တကာရွာတကာလှည့် ဟောနေတဲ့ကြေးစားဗေဒင်ဆရာပုဏ္ဏားတွေလိုဟာမျိုးဆိုရင်တော့ ကျုပ်ဘုတောကြီး တာသလုပ်မိမှာသေချာတယ်။ အဲဒီလို ခနိုးခနဲ့စကားကတ်ပြောတတ်လွန်းလို့လည်း ပေါ်သစ်ကယ်ဆိုရင် လူတိုင်းရှောင်ကြတာလေ။ ခုလည်း ဆရာကြီး ဦးရွှေမင်းရဲ့စကားကို ယုံရခက်ခက်ဖြစ်နေရတာပေါ့ဗျာ။

**◻ ပိတောက်မြှောင်**

ဒီအကြောင်းတွေ ပြောပြရရင် ကျုပ်အခြေချနေထိုင်ရာဒေသကို အရင်ပြောပြမှပြည့်စုံမယ်။ ကျုပ်တို့ငယ်ငယ်အိမ်ထောင်ကျတော့ တိုင်းပြည်ကလွတ်လပ်ရေးရစရယ်။ ကျုပ်က ပြန်ကပြေးသား။ မြောက်ဘက်ကမ်း ဆိတ်နံ့တုန်း



"ဘယ်လောက်လဲ"

လို့ မေးလိုက်တယ်။

"သုံးရာ" တဲ့ဗျ။

အဲဒီအချိန်တုန်းက သုံးရာဆိုတာ ရွှေနှစ်ကျပ်သားရတာဆိုတော့ နည်းနည်းနောနောငွေမဟုတ်ပါဘူး။ ဒါနဲ့ ကျုပ်က နှစ်ရှောင်ါးဆယ်ဆစ်တော့တည့်သွားတယ်။ ဒီမှာပဲ ပိတောက်မြှောင်က ဦးဖိုးလူလယ်တောဟာ ဖိုးသစ်ကယ်လယ်တောဖြစ်သွားတော့တာပေါ့ဗျာ။

အဲဒီတုန်းက ကျုပ်တို့ဆီမှာ ညောင်ပင်ကြီးရွာ လယ်ကွင်းတွေလွန်တာနဲ့ ဟိုဘက်မှာတောကြီးပါ။ ကျုပ်ရဲ့လယ်တောဟာ ပိတောက်မြှောင်ဝန်းကျင်ဆိုပေမယ့် ပိတောက်မြှောင်က ငလိုက်ချောင်းရဲ့တောင်ဘက်မှာ။ ကျုပ်လယ်တောက ချောင်းမြောက်ဘက်ကမ်းကမြောင်ထဲမှာ။ လယ်တွေက

# (မိုးကုတ်) ရွှေပြည်စိုး
# နွေခေါင်ခေါင်မှာ

သူမနဲ့ အိမ်ထောင်ကျတော့ ကျုပ်လည်း ဆံထုံးနောက် သျှောင်ပါပြီး ဆိတ်နံ့တုန်းမှာ အိမ်ဝိုင်းဝယ် အိမ်တစ်လုံးဆောက်ပြီး အခြေချနေထိုင်ရတာပေါ့ဗျာ။

တစ်နေ့မှာ ကျုပ်တို့ရွာက ဦးဖိုးလူဆိုတဲ့လူကြီးက -

"ပေါ်သစ်ကယ်၊ မင်းပိတောက်မြှောင်က ငါ့လယ်တောဝယ်မလား"

လို့ မေးလာပါတယ်။

ပိတောက်မြှောင်က ဦးဖိုးလူလယ်တောဆိုတာက ကျုပ်တို့ သစ်ခုတ်၊ ဝါးခုတ်သွားရင်း ရောက်ဖူးနေတာပါ။ သူ့လယ်တောက အထွက်ကောင်းတော့ မက်မောစရာပါ။

ဒါနဲ့ -

မြောင်လျှိုကြီးထဲမှာ ရှည်လျားစွာ တည်ရှိတာမို့ တာရှည်တဲ့အတွက် လယ်တောကြီးလို့ခေါ်ကြပါတယ်။ ကျုပ်လယ်တောကို လယ်တာကြီးလို့ခေါ်ကြတယ်။ လယ်တာကြီးဆိုရင် ကျုပ်တို့ဘက်ကလူတွေ အကုန်သိတယ်။

ကျုပ်လည်း အဲဒီလယ်တောက ဦးဖိုးလူရဲ့လယ်တဲကို အရင်ဖျက်ချပြီး လူတစ်ဖက်လောက်ရှိတဲ့ ကျွန်းသစ်လုံးကြီးတွေခုတ်ပြီး ခိုင်ခိုင်မာမာဆောက်လိုက်တယ်။ တောကြီးမျက်မည်းထဲမှာဆိုတော့ သစ်၊ ကျား၊ ဆင်ဆိုတဲ့ တိရစ္ဆာန်ရိုင်းတွေရဲ့ရန်ကို ကာကွယ်နိုင်အောင်၊ ပြီးတော့ မိသားစုတွေလည်း ဘေးကင်းကင်းနဲ့နေနိုင်အောင်ဆိုပြီးတော့ အိမ်ကြီး

ရခိုင်ဆောက်လိုက်ခြင်းပါ။ အနီးမှာ သစ်ပင်တွေကလည်း ဖယောင်းတိုင်တွေစိုက်ထားသလို ပေါမှပေါကိုးဗျ။ ဒီတော့ အစ်ကိုကြီး ကိုတုတ်လှ၊ အစ်ကိုလေး ကိုထွန်းရဲ့အကူအညီနဲ့၊ အပေါင်းအသင်းတွေရဲ့အကူအညီနဲ့ ဆောက်လိုက်ကြခြင်းပါ။

အဲဒီအချိန်တုန်းက အစိုးရရဲ့ ဥပဒေလက်တံဟာ မြို့ပြမှာသာတည်နေချိန်ပါ။ တောခိုနေတဲ့ ကွန်မြူနစ်တွေရဲ့အာဏာစက်တွေက ကျုပ်တို့တောရွာတွေမှာ ပျံ့နှံ့နေတာကိုး။ အဲဒီတော့ သစ်တောကြီးမှာ အတော်အတန်သစ်လောက်ကိုတော့ ကြိုက်ရာခုတ်ယူလို့ရတယ်။ ခုခေတ်လို တောခေါင်းတွေဘာတွေမရှိဘူး။

အေးဗျာ၊ တောထဲလည်း မိသားစုရွှေ့နေပြီးရော ဦးဖိုးလူ ဘာလို့ ကျုပ်တို့ကို သူ့လယ်တောဈေးပေါပေါနဲ့ရောင်းသလဲဆိုတာ သဘောပေါက်လာရတယ်ဗျာ။ အဲဒါက ကွန်မြူနစ်တွေဟာ ကျုပ်တို့နဲ့သိပ်မဝေးတဲ့ တောတွင်းတစ်နေရာမှာ စခန်းချနေထိုင်တယ်ဆိုတာ သိရပြီး အစ်ကိုကြီးတို့နဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေဖြစ်တဲ့ ကာကီးအေးမောင်၊ ကိုအောင်လှ စတဲ့လူတွေဟာ ကျုပ်တဲကို မကြာမကြာရောက်လာတတ်တယ်တာကိုး။ ရောက်လာတော့လည်း မြန်မာတို့ဓလေ့အရ ထမင်းချက်ကျွေးပြီး ဧည့်ခံရတာပေါ့ဗျာ။ တစ်ခါတစ်ရံလည်း ရေနွေးပေါ့။

ဒါတင်မကသေးဘူးဗျို့။ ပြန်ကပြေးမှာ ငါးရက်တစ်ဈေးရှိတော့ကာဈေးနေ့တိုင်း လှည်းနဲ့သူတို့ကိုရိက္ခာဝယ်ပေးရတာပေါ့ဗျာ။ စဉ်းစားကြည့်၊ ဒါဟာသူပုန်ကိုကူညီနေတာလေ။ အစိုးရသာသိသွားလို့ကတော့ ကျုပ်ဘယ်ချောင်မှာလဲဗျာ။ အမှုန့်တောင်ဖြစ်သွားနိုင်တဲ့ အခြေအနေပါ။

ဘာတတ်နိုင်တော့မှာလဲဗျာ. . . လယ်တာကြီးကိုဝယ်ထားမိပြီကိုး။ ဒီတောထဲမှာနေသရွေ့ တောထဲကသူပုန်တွေနဲ့နီးစပ်နေရတော့မှာပါ။ ဩော် - ဒါကြောင့်လည်း ဦးဖိုးလူ ဒီလယ်တောကို ဈေးပေါပေါနဲ့ ငါ့လက်ထဲထည့်လိုက်တာကိုးလို့ သိရပါတော့တယ်။ ပေါက်တဲ့နဖူးမထူးတော့ဘူးပေါ့ဗျာ။ လူဆိုတာနီးရာဓားကို ကြောက်နေရတာပဲလေ။ ဒီတော့ ကြောက်ကြောက်နဲ့ တောထဲနေနေရတာပါ။

**▫ ဆရာကြီးဦးရွှေမင်း**

ဆရာကြီးဦးရွှေမင်းဆိုတာ ကျုပ်နဲ့ ဆွေမျိုးတော်စပ်မှုမရှိပေမယ့် ကျုပ်အစ်ကိုကြီး ကိုတုတ်လှရဲ့ ယောက္ခမပါ။ သူတို့ရဲ့တစ်ဦးတည်းသော သမီးမစောကို ကျုပ်အစ်ကိုကယူထားတာ။ ကျုပ်အစ်ကိုက ခပ်မိုက်မိုက်ဆိုတော့ သိမ်မွေ့တဲ့ ဦးရွှေမင်းက သဘောတယ်မတူဘူး။ သူ့သမီးကမကင်းနိုင်လို့သာ ဆရာကြီးက ဒီအတိုင်းကြည့်နေရတာ။

တစ်ခါမှာ ဆရာကြီးကို လူမိုက်တစ်ဦးက ချောင်းရိုက်တယ်။ ရိုက်အားပြင်းသလားမမေးနဲ့။ အားကောင်းမောင်းသန်လူတစ်ဦးကရိုက်တာ ပွဲချင်းပြီးနိုင်တဲ့ ရိုက်ချက်ပါ။ ဆရာကြီးက ဘာမှမဖြစ်တဲ့အပြင် သူ့ရဲ့သျှောင်ထုံးကိုဖြေချပေးလိုက်တယ်။

ပြီးတော့ -

"ကဲ - ဟေ့ကောင်၊ မင်းကြိုက်သလောက်ရိုက်စမ်း"

ဆိုပြီး သူက ဘာမှမလုပ်ဘဲခံပေးတယ်။ ဘယ်လောက်အံ့ဩဖို့ကောင်းလဲ။

အဲဒီလိုလည်းလုပ်ကရော ရိုက်တဲ့လူမိုက် ကြောက်သွားပြီး ထွက်ပြေးသွားတော့တယ်။ ဒါကို အချို့က ကျုပ်အစ်ကိုကြီး ကိုတုတ်လှရဲ့ပယောဂမကင်းဘူးလို့ဆိုကြတယ်။ ဆရာကြီးနဲ့ သူ့သမက်က တစောင်းစေးနဲ့မျက်ချေးလို လုံးဝကိုမတည့်ကြတာ။ သူ့ပယောဂဟုတ်၊ မဟုတ်ဆိုတာတော့ ခုထိအဖြေမသိပါဘူး။

အဲဒါနဲ့ ဆရာကြီးရဲ့သတင်းက ဟိုးလေးတကျော်ဖြစ်သွားတယ်။ ဆရာကြီးဘယ်လောက်စွမ်းတယ်ဆိုတာလည်း သဘောပေါက်ကြတယ်ပေါ့ဗျာ။ အဲဒါနဲ့ ကျုပ်လည်း အခုလိုရှုတ်ရှုတ်သဲသဲခေတ်ကြီးထဲမှာ အားထားသင့်တဲ့ဆရာကြီးဆိုတာ သဘောပေါက်လိုက်ပြီး အလွန်လည်း အထင်တကြီးရှိခဲ့ရပါတယ်။

အဲဒီနောက်မှာ ဆရာကြီးဆီကို အားတိုင်းလာလည်ဖြစ်တယ်။ ဆရာကြီးက စိတ်ရင်းအလွန်သိမ်မွေ့သူပါ။ နားနည်းနည်းလေးတယ်။ အဲဒါကြောင့် ဆရာကြီးနဲ့စကားပြောရင် ကျယ်ကျယ်ပြောရတယ်။ကျုပ်တို့လည်း ကျန်းမာရေးကိစ္စအဝဝ ဆရာကြီးပဲ အားကိုးရတာ။ သူ့ခေတ်နဲ့သူ့အခါ ဆရာကြီးအနေနဲ့ ရွာမှာ သူ့ကိုအားထားနေသူတွေအများကြီးလေ။ လာပင့်ပြီဆိုတာနဲ့ ပင်နီတိုက်ပုံအကျီလေးကောက်ထပ်၊ ပဝါလေးပေါင်းပြီး ဆေးလွယ်အိတ်ကိုယူစေကာ ရွာအနှံ့လိုက်ကုပေးနေတာ ကျုပ်အမြဲတွေ့ရတယ်။မေတ္တာ၊ စေတနာအားကောင်းလို့ထင်ရဲ့။ သူ့လက်ထဲမှာ တိမ်းပါးသူဆိုတာ မရှိသလောက် အောင်မြင်မှုရတယ်။

တကယ်တော့ ကျုပ်အနေနဲ့ရချင်တာက ဆရာကြီးလို ဓားပြီး၊ တုတ်ပြီး ဆေးမျိုးထိုးချင်တာ။ ဒါမှ ကျုပ်ဘဝ အတော်အတန် စိတ်အေးရမှာ။ စဉ်းစားကြည့်လေ။ တောထဲတောင်ထဲ ဥပဒေမဲ့ ကွန်မြူနစ်တွေကြားမှာနေနေရတာလေ။ ဒီကောင်တွေမှာ ဥပဒေမရှိဘူး။ ထောင်မရှိဘူး။ အမြင်ကတ်ရင် သတ်ပစ်လိုက်ကြတာပဲ။ ဘယ်သူကမှ အရေးယူမပေးနိုင်ဘူး။ မကယ်ပေးနိုင်ဘူး။ ကျားသနားမှ နွားချမ်းသာရတဲ့ခေတ်ကြီးပါ။

တော်သေးတာတစ်ခုက အကြီးဆုံး ဗိုလ်ဟင်းဘူးကလွဲရင် ကျန်တဲ့လက်အောက်လူကြီးတွေက ပြန်ကပြေးက အစ်ကိုကြီးတို့နဲ့ရွယ်တူ ကျောင်းနေဖက်တွေမို့သာ တော်တော့တယ်။ ဒီလူတွေ ဘာရည်ရွယ်ချက်တွေနဲ့များ တောခိုခဲ့သလဲတော့ မပြောတတ်ပါဘူး။ သူတို့တွေအားရင် ကျုပ်ဆီလာလည်တတ်တော့ကာ ကျုပ်မျက်ခုံးလှုပ်နေရတော့တာပေါ့ဗျာ။ဘယ်နေ့များ ငါ့ကိုရန်ရှာမလဲပေါ့။ ဒါမှမဟုတ်လည်း ငါနဲ့ ကွန်မြူနစ်တွေ ဆက်သွယ်နေတာ အစိုးရဘက်နေ့သိသွားမလဲပေါ့။ သိသွားရင်ဆိုတဲ့အတွေးကလည်း ကျုပ်ကို ထမင်းလုံးတစ္ဆေခြောက်သလို အမြဲခြောက်လှန့်နေတာပေါ့ဗျာ။ ပြောရရင် စိတ္တဇတောင်ဖြစ်နေသလိုပါ။ လယ်တောကြီးဝယ်မိတာတောင် နောင်တရချင်ချင်ဖြစ်နေမိတာပါ။ အစိုးရကြောက်ရ၊ တောထဲကကောင်တွေကြောက်ရနဲ့ အိပ်ရတာတောင် စိတ်တယ်မဖြောင့်ချင်တော့ပါဘူး။

**▫ ဆေးထိုးပေးပြီ**

"ဆရာကြီး၊ ကျုပ်က တောထဲ ကွန်မြူနစ်တွေအကြားမှာနေရတာဆိုတော့ သူတို့စိတ်ထဲလိုနေရင်တော့ ဟုတ်ပါရဲ့၊ မလိုရင် အစိုးရသူလျှိုဆိုပြီးတော့ကာ ရန်ရှာနိုင်ပါတယ်။ ပြီးတော့ ကွန်မြူနစ်တွေနဲ့ဆက်သွယ်နေထိုင်ရတာ အစိုးရ သိသွားရင်လည်း ကျုပ်သက်သာမှာ မဟုတ်ဘူး။ ကျုပ်က ဆူးကြားက ဘူးခါးပါ ဆရာကြီးရယ်။ မလှုပ်သာမရှုန်းသာပါ။ အဲဒီတော့ ဆရာကြီးလို ကိုယ်ထဲ ဆေးလေးထိုးပေးပါလို့ ကျုပ်တောင်းဆိုပါတယ်။ ကုန်ကုသမျှ ကန်တော့ပါမယ် ဆရာကြီးရယ်"

လို့ ကျုပ်ကအသနားခံပါတယ်၊

"ဟဲ့ - မောင်ပေါ်သစ်ရဲ့ ငါ့လို ကိုယ်လုံးဆေးဆိုတာက မင်းတို့လိုလူတွေ ထိုးအပ်ပါဘူးကွာ။ စီးပွားလာဘ်လာဘ မိတ်တတ်တယ်ကွ။ အဲဒီတော့ ခုသာခံ သာရှိအောင်တော့ ငါဆေးထိုးပေးမယ်။ အေး-သေနတ်နဲ့ပစ်သတ်သွားရင်တော့ ဆိုလိုဘူးပေါ့ကွာ။ သူများရဲ့ တုတ်၊ ဓား နဲ့တော့ မင်းမသေစေရဘူး။ သန်ဘက်ခါ နေကောင်းတယ်။ အဲဒါ မင်းအားတယ် ဟုတ်လား"

"ဟုတ်ကဲ့၊ အားပါတယ်ဆရာကြီး"

"အေး၊ ဒါဆို သန်ဘက်ခါ မနက် ကိုးနာရီမထိုးမီ အရောက်လာခဲ့ကွာ။ ကိုးနာရီမှာ စထိုးမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

လို့ အာမခံလိုက်ပါတယ်။

ဒီလိုနဲ့ ကျုပ်ဆရာကြီးမှာတဲ့အချိန် တိုင်မီ တစ်နာရီလောက်စောပြီးရောက် ာခဲ့တာပါ။ ဆရာကြီးဆီလာတိုင်း ည်း ဂါရဝထားတဲ့အနေနဲ့ ကျုပ်က န်စတဲ့စားဖွယ်သောက်ဖွယ်လေးတွေ နဲ့ ကန်တော့နေကျပါ။ ခုလည်း ဆေးထိုး ပေးမယ်ဆိုတော့ 'ကန်တော့ပွဲတစ်ပွဲ ချပ်ပါလာခဲ့ပြီးတင်ပေးပါတယ်။

သဘော်ပင်ရဲ့ပင်စည်ကိုခုတ်ပြီး ယ်အတိုင်ခွက်လေးရအောင်ဖြတ် ာ ခွက်လုပ်ပြီး ဟင်္သပဒါးနဲ့ဖျော်ထား ဆေးရည်ကို ကြေးနှစ်ခွစုတ်နဲ့ ကျုပ်ရဲ့ ခေါင်းကနေပြီး ဂါထာမန္တန်တဖွဖွရွတ် ာ တဆတ်ဆတ်နဲ့ထိုးတော့တာပါ အသားကိုစုတ်ချွန်နဲ့ထိုးတာနာတာ ပျာ။ ယောကျ်ားပဲ အံကြိတ်ပြီးခံရ ပေါ့။ အနာခံမှအသာစံရမယ်လို့ ဆို တာကိုးဗျ။"

ဒီလိုနဲ့ ကျုပ်စိတ်ထဲ အတော်လေး သွားပြီး နေထိုင်ရတာအတော်လေး သွားတယ်။ စိတ်လက်ပေါ့ပါးသွား ပေါ့ဗျာ။ ဒါပေမယ့် အန္တရာယ်ဆို တော့ မကြုံသေးပါဘူး။

အဲဒီမှာ ကျုပ်တို့ဆိတ်နံတုန်းရွာရဲ့ အနောက်ဘက်က ဆရာတော်ကြီး ကျောင်းမှာ အစိုးရတပ်တစ်တပ်လာပြီး ခွဲတော့တာပါပဲ။ ဗိုလ်တာရာ ဆောင်တဲ့တပ်ပါ။ တပ်စုတစ်စု တော့ရှိမယ်ထင်ပါရဲ့။

အဲဒီလို အစိုးရတပ်ခွဲလိုက်တော့ နေ့နေ့ညည ကျုပ်တို့ရွာမှာလာပြီး နေတဲ့ကွန်မြူနစ်တွေဟာ ပေါ်ပေါ် ထင်မလာရဲတော့ဘူးဗျ။ အစိုးရတပ် မကြာမကြာလာပြီး ချောင်းမြောင်း တတ်တာမျိုး တိုက်ပွဲဖြစ်တာမျိုးလေး တွေတော့ဖြစ်ပါတယ်။

အဲဒီတုန်းက ကျုပ်တို့ဆိတ်နံတုန်းမှာ အုပ်ချုပ်တာက သူကြီးဦးဖိုးဟန်ပါ။ ဦးဖိုးဟန်က အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ဦးနုခေတ်အထိ သူကြီးရာထူးမြဲနေတဲ့ သူကြီးပါ။ သူ့မှာ နှစ်လုံးခါးချိုးသေနတ် ရှိတယ်။ သူက နာမည်ကြီးမုဆိုးပါ။ ဗိုလ်တာရာကလည်း တောပစ်ဝါသနာပါ တော့ကာ ဗိုလ်တာရာနဲ့သူကြီးဦးဖိုးဟန် အတော်တွဲမိကြတယ်။

နောက်ပိုင်း ဗိုလ်တာရာအနားယူ ပြီး စာရေးတဲ့အခါ မုဆိုးကြီးဦးဖိုးဟန်နဲ့ တောလိုက်ကြတဲ့အကြောင်းတွေ အများ ကြီးရေးခဲ့တယ်လို့ပြောတာပဲ။ ကျုပ် တော့မဖတ်ဖူးပါဘူး။ ဒါက တပ်ကအနား ယူပြီးနောက်ပိုင်းပြောတာပါ။

ဒါနဲ့ဗျာ ဗိုလ်တာရာတို့တပ်တွေ လည်းပြန်ပြောင်းသွားရော အငြိုးအတေး ကြီးတဲ့ ကွန်မြူနစ်တွေကသူကြီးဦးဖိုးဟန် ကို လာပစ်သတ်သွားတော့တာပါပဲ။ ကျုပ်ဖြင့် အတော့်ကိုကျောချမ်းနေတာ ပါ။ ဒီတောထဲကကောင်တွေက သူတို့ မုန်းရင် သတ်ပစ်တာကလွဲလို့ ဘာမှမရှိ ပါဘူး။

ဒီလိုနဲ့ ကျုပ်တို့ဆိတ်နံတုန်းမှာ သူကြီးမျိုးဆက်ဖြစ်တဲ့ သူကြီးဦးဖိုးဟန်ရဲ့ သားကိုခင်မောင်ကို သူကြီးတင်ကြ တယ်။ ဒီလိုနဲ့ သူကြီးခင်မောင်ဖြစ်လာပါ တယ်။ ခေတ်ပျက်ကြီးထဲမှာ သူကြီးလုပ် ရတာ တယ်မချောင်ပါဘူး။ သူကြီးဖြစ် ပြီးလို့မှ နှစ်သိပ်မကြာလိုက်ပါဘူး။ ကွန်မြူနစ်တွေက သူကြီးခင်မောင်ကို ညမှာ လာပစ်သတ်သွားပြန်တာပါပဲ။ ကျုပ်တို့ရွာကလူတွေ ဒီလောက်ရိုင်းစိုင်း တဲ့ ကွန်မြူနစ်တွေကို ရွံကြောက်ကြီး ကြောက်နေကြရတာ။ တောထဲတောင် ရဲရဲမသွားဝံ့ကြတဲ့ဘဝပါ။

သိပ်မကြာလိုက်ဘူး။ ညောင်ပင် ကြီးစုရွာက သူကြီးဦးထွန်းအေးကို လည်းလာပြီး ပစ်သတ်သွားကြပြန်တယ်။ သူကြီးတွေဆိုတာက ရပ်ရွာအုပ်ချုပ်ရတဲ့ အပြင် အစိုးရနဲ့လည်းဆက်သွယ်နေရတဲ့ ဘဝကိုး။ ဒီတော့ အစိုးရကိုမုန်းတဲ့ ကွန်မြူနစ်တွေဟာ သူကြီးတွေကိုသတ် နေကြတာပါ။ ဒါတင်မကသေးဘူး။ ရပ်ရွာကလူတွေကို သူတို့မုန်းရင် အစိုးရ သူလျှိုဆိုပြီး တောထဲခေါ်သတ်ပစ်ကြတာ တွေလည်းရှိတယ်။ အတော်ကြောက် စရာကောင်းတဲ့ခေတ်ကြီးပါဗျာ။

ကျုပ်ကလည်း အဲဒီခေတ်ဆိုးကြီး မှာမှ တောထဲတောင်ထဲမှာ လယ်တွေ ဝယ်ထားမိတယ်ဗျာ။ တကယ့်ကို ကျော မလုံစရာကြီးပါဘဲ။ ဒါပေမယ့် ဆရာကြီး က ဆေးထိုးထားပေးတော့ကာ ဆေး အားကိုးလေးနဲ့တောထဲနေ့နေရတာပေါ့။ ပစ်ထားလို့မှမရတာ။

□ **ခေတ်ပြောင်းပြီ**

ကျုပ်တို့တောရွာတွေမှာ ကိုယ်ထူ ကိုယ်ထစနစ်နဲ့ ကိုယ့်ရွာကိုစောင့်ရှောက် ကာကွယ်နိုင်အောင်ဆိုပြီးတော့ အစိုးရ က ပျူစောထီးဆိုပြီး အဖွဲ့တွေဖွဲ့စေပါ တယ်။ ဖွဲ့ပြီး သင်တန်းအနည်းငယ်ပေး ကာ သေနတ်တွေ ပေးအပ်ပါတယ်။ သေနတ်က ရိုင်ဖယ်သေနတ်တွေပါ။

ရွာတွေကိုစည်းရိုးအမြင့်ကြီးတွေ ကျားမှောက်ကျားလှန်ဝါးချွန်တွေတပ် ဆင်ပြီး ကင်းတဲခါးတွေ၊ ပစ်စင်တွေနဲ့ အကျအနကာရံပါတယ်။ ညဆိုရင် ပျူ စောထီးတွေကင်းစောင့်ကြ၊ လှည့်လည် စောင့်ရှောက်ကြနဲ့ အထိုက်အလျောက် တော့ စိတ်အေးကြရတာပေါ့လေ။ ဒါက လည်း ဓားပြရန်လောက်ပဲစိတ်အေးရ တာ။ အင်အားကြီးတဲ့ ကွန်မြူနစ်ရန်ကို တော့ မတွန်းလှန်နိုင်ကြပါဘူး။ ဘာ ကြောင့်လဲဆိုတော့ ရွာတွေမှာရှိတဲ့ ကွန်မြူနစ်ဆိုသူတွေရဲ့ မိန်းမတွေဟာ အချိန်မှန်မှန်ဗိုက်ကြီးနေကြလို့ပါ။ ဒါကို ကြည့်ခြင်းဖြင့် ပျူစောထီးတွေ ကွန်မြူနစ် ကို လုံအောင်မကာကွယ်နိုင်ဘူးဆိုတာ သက်သေပြနေတာပါပဲ။

နှစ်သိပ်မကြာလိုက်ဘူး။ ပျူစော ထီးတွေဖျက်သိမ်းပြီး လက်နက်တွေပြန် သိမ်းသွားပါတော့တယ်။ ဘာလို့လဲဆို တော့ ပျူစောထီးအချို့ဟာ လက်နက် အားကိုးနဲ့ တလွဲဆံပင်ကောင်းလုပ်လာ ကြပါတယ်။ အချို့ စရိုက်ကြမ်းသူတွေ ဟာ သေနတ်ကိုင်ရတော့ကာ ကိုယ်ထင် ရာကိုယ်လုပ်ကြတာပါ။ အချို့ဆို ဓားပြ ထွက်တိုက်တာတွေတောင်ရှိတယ်လို့ ဆို ကြတယ်။ အဲဒီတော့ ဦးနုအစိုးရဟာ ပျူစောထီးတွေ ဖျက်သိမ်းပစ်လိုက်ရ တယ်။ သူပုန်ကြောက်ရ၊ ဓားပြကြောက် ရနဲ့ ကျုပ်တို့လို တောသူတောင်သား တွေဟာ ပျူစောထီးကိုပါကြောက်ရတဲ့ ဘဝအချို့ရောက်ခဲ့ကြရတယ်။

ကျုပ်တို့တောရွာတွေဟာ နေဝင် မီးငြိမ်းဘဝနဲ့နေကြရတာ။ ဘာလို့လဲဆို တော့ အဓိက ကွန်မြူနစ်ရန်ကိုကြောက် တာ။ ဓားပြဆိုတာက ချမ်းသာမှဝင်တိုက် တာ။ ကွန်မြူနစ်ကျတော့ကာ ရွာတွေက သွေးထိုးသူရှိခဲ့ရင် -

"ဒီကောင် အစိုးရသတင်းပေးပါ" လို့ ရှုလိုက်တာနဲ့ အဲဒီကောင်ဘာ မသိညာမသိ ညမှာလာဆွဲသွားတတ်တာပါ။ ဆွဲသွားပြီဆိုလို့ကတော့ ပြန်လမ်းမရှိတော့ပါဘူး။

ဒီလိုခေတ်ကြီးကို ကျုပ်တို့တွေ ရင်တထိတ်ထိတ်နဲ့ ဖြတ်သန်းခဲ့တာ တော်လှန်ရေးအစိုးရအာဏာသိမ်းတဲ့ ၁၉၆၂ ခု၊ မတ်လအထိဆိုပါတော့ဗျာ။ ပါလီမန်ဒီမိုကရေစီအစိုးရကနေပြီး စစ်အစိုးရခေတ်ဖြစ်ခဲ့ပါပြီ။

စစ်အစိုးရခေတ်ရောက်ပြန်တော့ တပ်မတော်ရဲ့အာဏာစက်ဟာ တောရွာတွေအထိ စိုးမိုးလာနိုင်ခဲ့ပါတယ်။ ကျုပ်ပြောပြချင်တာ အဲဒါလည်း အဓိကအချက်ပါပါတယ်။

□ ပိတောက်မြောင်တိုက်ပွဲ

ပွင့်လင်းရာသီရဲ့ နေ့တစ်နေ့ပေါ့ဗျာ။ ကျုပ်ရဲ့ လယ်တောအိမ်ကြီးမှာ ကွန်မြူနစ်ခေါင်းဆောင်တွေလာလည်နေကြတယ်။ ဒီတော့ ရေနွေးကြမ်း၊ ငါးခြောက် ဖုတ်ဆီဆမ်းနဲ့ဧည့်ခံနေရတာပေါ့။

အဲဒီအချိန်မှာ အလွန်ဆိုးတဲ့ ဗိုလ်ဟင်းဘူ လမ်းမှာချောင်းပစ်ခံရလို့ ကျဆုံးသွားပါပြီ။ အရင်ပါလီမန်ဒီမိုကရေစီခေတ်ကတည်းက ကျဆုံးသွားတာပါ။ လက်ရှိ အုပ်ချုပ်နေတာ ဘယ်သူဆိုတာတော့ ကျုပ်မသိပါဘူး။ ကျုပ်ဆီလည်လည်နေတာက ကာကီးအေးမောင်နဲ့ ကိုအောင်လှတို့အုပ်စုပါ။ ကျုပ်ဆီလာမလည်စေချင်ဘူးဗျာ။ ကျုပ်ကြိုတင်မျက်ခုံးလှုပ်နေလို့ပါ။ သို့သော်လည်း မတတ်နိုင်ဘူးပေါ့လေ။

ရိက္ခာဝယ်တာတောင်မှ ရွာကလူတွေ ကျုပ်ဝယ်တာရိပ်မိမှာစိုးလို့ ကျုပ်အစ်ကိုကြီးကိုဝယ်ခိုင်းရတယ်။ အစ်ကိုကြီးက သူ့သက်ကယ်ကွင်းကိုလာရင်း ဝယ်ဝယ်လာပေးတယ်။ အစ်ကိုကြီးရဲ့ ငါးဧကလောက်ကျယ်တဲ့ သက်ကယ်ကွင်းကြီးကလည်း ပိတောက်မြောင်တောနက်ကြီးရဲ့ အလယ်ကုန်းထိပ်မှာ တည်ရှိနေတာလေ။ ရိုးသားတဲ့ကျုပ်တို့ညီအစ်ကိုကို ကွန်မြူနစ်တွေက ဒုက္ခမပေးကြပါဘူး။ အတွင်းသိအစဉ်းသိတွေဖြစ်နေလို့ပါပဲ။

ရေနွေးကြမ်းနဲ့ ဧည့်ခံနေချိန်မှာပဲ အောက်မှာကင်းစောင့်နေတဲ့ ကွန်မြူနစ်ရဲဘော်က 'ရန်သူ'လို့ အော်ရင်း တစ်ခါတည်းပစ်ပါတယ်။ သေနတ်သံတွေဆူညံသွားတယ်။ ဘာလို့လဲဆိုတော့ တဲဝန်းကျင်မှာရှိနေကြတဲ့ ကွန်မြူနစ်ရဲဘော်တွေနဲ့ တပ်မတော်သားတွေဟာ သူပစ်ကိုယ်ပစ်ချက်ချင်းပစ်ကြလို့ပါပဲ။

သေနတ်သံကြားတာနဲ့တစ်ပြိုင်နက် ကာကီးအေးမောင်တို့တွေ နီးရာ ပြတင်းပေါက်က ချက်ချင်းခုန်ချပြီး ပြန်တိုက်ကြပါတယ်။ အဲဒီမှာ ကျုပ်နဲ့ကျုပ် သမီးလေးညိုတုတ်တို့ဟာ ကြောက်ကြောက်နဲ့ အိမ်ပေါ်မှာ ယောင်နနနဲ့ပေါ့ဗျာ။ သမီးက ကြောက်လို့ငိုတော့ကာ ကျည်သင့်မှာစိုးတာကြောင့် သမီးကို အတင်းဆွဲလှဲပြီး ဝမ်းလျားမှောက်နေရတယ်။ နှစ်ဖက်ပစ်ခတ်နေတဲ့သေနတ်သံတွေဟာ ကမ္ဘာပျက်လုမတတ်တောင်ထင်ရတယ်ဗျာ။ ဆူညံနေတာပါပဲ။

နေ့လယ်ကြီး တစ်ဖက်နဲ့တစ်ဖက် ဆဲဆိုပြီးပစ်ခတ်နေကြတာ ကျုပ်အထင် အံတော်ကြာတယ်။ နောက်တော့ ကွန်မြူနစ်တွေဘက်က တောထဲဆုတ်သွားဟန်တူတယ်။ သေနတ်သံတွေ တိတ်သွားတယ်။ အထိအခိုက်အကျအဆုံး ဘယ်ဘက်မှမရှိလိုက်တဲ့ တိုက်ပွဲပါ။

အဲဒါဟာ တော်လှန်ရေးအစိုးရခေတ်မှာ ရိုးမရဲ့တောထဲအထိ ပထမဆုံး ဝင်လာပြီးတိုက်တဲ့တိုက်ပွဲပါ။ တိုက်ပွဲပြီးသွားတဲ့အခါ မကြာမီမှာပဲ လယ်ကန်သင်းကို အကာအကွယ်ပြုနေရာယူထားတဲ့ တပ်မတော်သားတွေဟာ ကျုပ်ရဲ့ လယ်တဲအိမ်ကြီးဆီ ခပ်ကြွကြွစီတန်းချီတက်လာပါတော့တယ်။

□ မြေစာပင်ဘဝ

အင်း - ကျုပ်လယ်တဲအိမ်ကြီးမှာ ကွန်မြူနစ်တွေကို ဧည့်ခံနေတာ ပက်ပင်းတိုးတာကိုးဗျ။ ကျုပ်လည်း အတတ်နိုင်ဆုံးအခြေအနေနဲ့ အရိုးသားဆုံး ပြောပြရပေမယ့် စစ်သားတွေက ကျုပ်ကိုဘယ်ခွင့်လွှတ်မှာလဲဗျာ။ ဥပဒေလမ်းကြောင်းအရ အရေးယူမှုမပြုပေမယ့် ကျုပ်ကိုဝိုင်းပြီး ဆွမ်းကြီးလောင်းသွားကြတာပေါ့ဗျာ။ အတော်လေးအီပါတယ်။ ကျုပ်သမီးလေးဆိုရင် ပြေးလွှားတတ်စအရွယ်လေ။ သမီးလေးငိုယိုတောင်းပန်မှုကြောင့်ထင်ရဲ့၊ မှတ်လောက်သားလောက်ဆုံးမသွားကြတာ။ အသေတော့ သတ်မသွားကြပါဘူး။

အေးဗျာ၊ တပ်မတော်သားတွေ ပြန်သွားကြတော့ကာ တယ်မကြာလိုက်ပါဘူး။ တောထဲကကောင်တွေ လူကြီးတွေတော့မပါဘူး။ အောက်လက်ငယ်သားတွေရောက်လာပြီး ကျုပ်သတင်းပေးလို့ တပ်ကသိသွားတာဆိုပြီး မညှာမတာဝိုင်းတွယ်ကြပြန်ရောဗျာ။ အဲဒီမှာ ကျုပ်သတိတောင်မေ့သွားတယ်။

သတိရတော့ ကျုပ်သမီးလေး ကျုပ်ဘေးမှာငိုလို့ဗျ။ စဉ်းစားကြည့်ဗျာ။ ကျုပ်တို့အရပ်သားတွေဆိုတာ ကျွဲနှစ်ကောင်ကြားက မြေစာပင်ဘဝပါဗျာ။ အစိုးရလည်းကြောက်ရကွန်မြူနစ်လည်းကြောက်ရနဲ့ပါ။ မတော်လို့ တပ်က ဖမ်းသွားပြီး သူပုန်အားပေးမှုနဲ့ထောင်ထဲများထည့်လိုက်လို့ကတော့ သားဝေးမယားဝေးဘဝနဲ့ ဒုက္ခသုက္ခတွေရင်ဆိုင်ရင်း ဒီထက်အများကြီး ပိုဒုက္ခရောက်ရမှာ တော်သေးတယ်၊ အဖမ်းမခံရလို့။

သူပုန်ဆိုတာ သူတို့ခံယူချက်ကလွဲ ပြီး ပြည်သူအတွက်ဘာမှကောင်းကျိုးပြု တဲ့အကောင်တွေမဟုတ်ဘူးဆိုတာကျုပ် လည်းသိပါတယ်။ လူသတ်မယ်၊ ဓားပြ တိုက်မယ်။ ဒါသူတို့အလုပ်ပဲလေ။ သူတို့ သုံးဖို့၊ သူတို့ရိက္ခာ၊ သူတို့ဟာသူတို့ရတဲ့ နည်းနဲ့ရှာကြရတာကိုး။ ဗကပလို့ခေါ်တဲ့ ကွန်မြူနစ်ခေါင်းဆောင်ကြီးတွေ ဘယ်လို သံကောင်းဟစ်နေပေမယ့် သူတို့ရဲ့လက် အောက်ငယ်သားတွေ ပြည်သူအပေါ် ဘယ်လိုကျင့်နေတယ်ဆိုတာ သူတို့မသိ ကြဘူး။ ဗိုလ်ဟင်းဘူဆိုရင် နာမည်ကြီး ပါ။ အဲဒါကြောင့်လည်း အသေစောသွား ရတာပါ။ ဒါကို ကျုပ်တို့ နယ်ကလူတွေ အကုန်သိကြတယ်။ သူ့ရဲ့ဇနီးသားမယား တွေဟာ ကျုပ်တို့ဆိတ်နံတုန်းမှာနေတာ ပါ။ အဲဒါကြောင့် ခါတ်သိနှမ်းဖတ်ချဉ်လို့ ဆိုတာပါ။

ဒါဆိုရင် တောထဲမှာနေရတာ အန္တရာယ်များလှတယ်။ အိမ်မှာပြန်နေ မှဖြစ်တော့မယ်လေ။ မသိန်းတင်က လည်း ဗိုက်တစ်လုံးနဲ့ဆိုတော့ တောထဲ မလာနိုင်တာကြာပါပြီ။ ကျုပ်တို့သား အဖပဲလာနေရင်း အခုလိုဖြစ်ရတာပါ။ ဒါနဲ့အရေးကြီးတဲ့ပစ္စည်းလေးတွေ လှည်း ပေါ်တင်ပြီး ကျုပ်တို့သားအဖ ရွာကိုပြန် ခဲ့ရပါတော့တယ်။

□ ကျေးဇူးရှင်

ရောက်တယ်ဆိုရင်ပဲ အားကိုးရာ ဖြစ်တဲ့ဆရာကြီးကို ကျွန်တော်သား ပြေးပင့်ပါတယ်။ သားက အဲဒီတုန်းက အရွယ်မရောက်သေးပါဘူး။ ဆရာကြီး ရောက်လာတယ်ဆိုရင်ပဲ ကျုပ်အမောအား အားတက်ရတာပါ။ ကျုပ်ကိုကြည့်ပြီး

ဆရာကြီးက-

"အင်း၊ ခုသာခံသာအောင် ဆေး ထိုးထားပေးလို့ တော်တော့တာပေါ့ ပေါ်သစ်ရာ။ ဘာမှမဖြစ်တော့ပါဘူး၊ ဒဏ်ကြေဆေးလိမ်းပြီး ဒဏ်ကြေဆေး သောက်လိုက်ရင် မင်းဝေဒနာအချိန်တို အတွင်း သက်သာသွားမှာပါကွာ"

လို့ အားပေးပါတယ်။

ဟုတ်တယ်၊ ကျုပ်စဉ်းစားမိတယ်။ သာမန်လူဆိုလို့ကတော့ အသက်တောင် သေသွားနိုင်ပါတယ်။ လူကောင်ကလည်း ကောင်း၊ ဆေးကလည်းထိုးထားလို့သာ ကျုပ် သေကံမရောက်သက်မပျောက် ကောင်းခဲ့ရတာပါ။ ဒါနဲ့ ကျုပ်လည်း လယ်တောဆီ အတော်နဲ့မရောက်ဖြစ်ခဲ့ ပါဘူး။ တော်သေးတယ်။ လယ်တွေသိမ်း ပြီး စပါးတွေ အိမ်ပြန်သယ်ပြီးချိန်မို့ သာပေါ့။ နို့မို့ရင် ကျုပ်မှာအကြီးအကျယ် ဒုက္ခဗျ။

အဲဒီကစပြီး ဆရာကြီးကို ကျုပ်ရဲ့ အသက်သခင်ကျေးဇူးရှင်လို့ သတ်မှတ် ပြီး နှစ်စဉ် စပါးပေါ်တိုင်း ဦးဦးဖျားဖျား ပေါ်ဆယ်တင်း လှည်းနဲ့တိုက်ပြီးသွား ကန်တော့လေ့ရှိတယ်။

အဲဒီနှစ်ထဲမှာပဲ တော်လှန်ရေး အစိုးရက တောတွင်းက သူပုန်တွေ အလင်းဝင်ရင် လွတ်ငြိမ်းချမ်းသာခွင့်ပေး မယ်လို့ကြေညာတဲ့အခါ ခေါင်းဆောင် အချို့ရဲ့ ရဲဘော်အချို့ဟာ အမြင်မှန်ရပြီး အလင်းဝင်ကုန်ကြပါတယ်။ နာမည်ကြီး ဓားပြတီးအေးမောင်နဲ့ ကိုအောင်လှတို့ လည်းပါတယ်။ ပြန်ကပြေး၊ ဆိတ်နံ့တုန်း တို့ ရွာတွေက တောခိုသူတွေ အလင်း ဝင်ကုန်ကြတယ်။

ကျုပ်ဖြင့် ဝမ်းသာလိုက်တာလွန် ရောလားဗျာ။ ကျုပ်အမြဲကြောက်နေ ရတဲ့လူတွေ လက်နက်စွန့်ပြီးရွာထဲအရပ် သားဖြစ်ကုန်ကြတော့ ကျန်တဲ့လူတွေ ထက် တောထဲနေရတဲ့ ကျုပ်က ပိုပြီး ဝမ်းသာရတာပေါ့ဗျာ။

အဲဒီမှာ တောထဲက လက်ကျန် ကွန်မြူနစ်အနည်းငယ်ရှိတော့ကာ သူတို့ ကျုပ်တို့ ဒုက္ခလာမပေးကြတော့ပါဘူး။ အဲဒီလက်ကျန်အုပ်စုဟာ ပွင့်လင်းတဲ့ ခေတ်ရောက်လာတာကြောင့် ရှာရဖွေရ ခက်တန်ရှိပါတယ်။ သူတို့အုပ်စုတောထဲ က စမ်းအိုင်တစ်ခုမှာသေနတ်လေးတွေ ထောင်ထားပြီး ငါးလိုက်နှိုက်နေကြတဲ့ အချိန်မှာပဲ တပ်မတော်စစ်ကြောင်းနဲ့ တွေ့တာ အားလုံးအဖမ်းခံကြရပါတယ်။ အဲဒီအထဲမှာ ညောင်ပင်ကြီးစုကရွာသား လည်းပါတယ်။ သူတို့ထောင်ဒဏ်ကျ ကုန်ပါတယ်။

ဒီလိုနဲ့ ကျုပ်တို့ဝန်းကျင်မှာ လှုပ်ရှားနေတဲ့ ကွန်မြူနစ်တွေဟာ မျိုးပြုတ်သွားပါတော့တယ်။ အဲဒီကျမှ ကျုပ်တို့ တောသူတောင်သားတွေ တောထဲရဲရဲ ဝံ့ဝံ့သွားရဲကြတာပါ။

တော်လှန်ရေးအစိုးရတက်လာပြီး နောက်ပိုင်းမှာ နိုင်ငံရေးသမားတွေ ချုပ်ငြိမ်းကုန်တယ်။ အဲဒီမှာ အစိုးရရဲ့ အာဏာစက်ဟာ တောခြေတွေအထိ စိုးမိုးလာတယ်။ ကွန်မြူနစ်ချုပ်ငြိမ်းလာ တယ်။ ချုပ်ငြိမ်းမှာပေါ့ဗျာ။ လုပ်တာ တခြားပြောတာတခြားကိုးဗျ။ ဟုတ်မှ မဟုတ်တာ။

နောက်မကြာလိုက်ပါဘူး။ သခင် သန်းထွန်းတို့အခြေစိုက်ထားတဲ့ ပဲခူးရိုးမ ကြီးကို အောင်စိုးမိုးစစ်ဆင်ရေးဆိုပြီး တပ်မတော်ကတိုက်ခိုက်တဲ့အခါ မြန်မာ ပြည်မှာ ကွန်မြူနစ်စနစ်ပျောက်ကွယ် သလောက်ဖြစ်သွားခဲ့တော့တာပါပဲ။ ကျန်တဲ့လူတွေတော့မသိဘူး။ကျုပ်တော့ ကျွမ်းထိုးချင်လောက်အောင်ကိုပျော်တာ။ နေ့သွားသွားညသွားသွားဘာအန္တရာယ် မှမရှိတော့ဘူးလေ။ ဖြတ်သန်းခဲ့ရတဲ့ ကာလတွေဟာ အတော်ရှည်လျားခဲ့ပါ တယ်။ ခေတ်ဆိုးစနစ်ဆိုးအိပ်မက်ဆိုး ကြီးကနေ ကျုပ်တို့နိုးထခဲ့ရပါပြီ။ ဒါလေး တွေက လိုအပ်လို့ကြားညှပ်တင်ပြတာ ပါ။

**အမှောင့်ပယောဂ**

ကျုပ်ဟာ လျှို့အတိုင်း လယ်တွေ ခုတ်ထွင်တိုးချဲ့တယ်။ မြေလည်းကောင်း မိုးကလည်းမှန်တော့ကာ စပါးအထွက် ကောင်းတယ်။ ဒီလိုနဲ့ ကျုပ်သားသမီး လေးတွေ အရွယ်ရောက်လာတယ်။ ကျုပ်ရဲ့မယားပါသားတောင် အရွယ် ရောက်ကာ အိမ်ထောင်ကျပါပြီ။ ရစ တော့ ဟုတ်နေတာပေါ့။ အဲဗျာ တစ်နှစ် တောင်မပြည့်သေးဘူး။ ကျုပ်ချွေးမ ပြဿနာစတော့တာပါ။

စုန်းပူးသလိုလို၊ နတ်ပူးသလိုလိုနဲ့ ကျုပ်သားကိုရန်ရှာနေတော့တာပါ။

"နင်တို့မိဘတွေကို ပြောလိုက်၊ အိမ်ထောင်ကျလို့ အိုးခွဲအိမ်ခွဲနေတာ တောင်မှ ဒီကောင်မကို လယ်တစ်ကွက် ကွဲတစ်ရှဉ်းမပေးဘူး။ မပေးလို့ကတော့ နင့်မိဘတွေအကုန်သေမယ့်သာပြင်ထား၊ ငါက ရိုးရာနတ် ဘာမှတ်လဲ"

ဆိုပြီး အမျိုးမျိုးပွဲကြမ်းနေတာပေါ့ ဗျာ။ အဲဒီမှာသားလုပ်သူက ကျုပ်ကိုလာ ခေါ်တယ်။ သူ့မိန်းမ စုန်းပူးသလိုနတ် ပူးသလိုလုပ်ပြီး ကျုပ်တို့ကိုပါကြိမ်းဝါးနေ ကြောင်းပြောပြပါတယ်။

အဲဒီမှာ ကျုပ်ပြေးပြီးသတိရလိုက် တာက ဆရာကြီးပါပဲ။ ကျုပ်ဆရာကြီး ဆီပြေးပင့်ရတယ်။ ဆရာကြီးကတော့ ထုံးစံအတိုင်း တိုက်ပုံအင်္ကျီကောက်ထပ်၊ ပဝါလေးပေါင်းပြီးပါလာတာပါပဲ။ ဆေး လွယ်အိတ် ကျုပ်ကဆွဲလို့ပေါ့။

အိမ်ရောက်တော့ ချွေးမပွဲကြမ်း နေတယ်။ လူတွေလည်းအုံလို့ပေါ့ဗျာ။ အထူးအဆန်းပေကိုး။လှပတဲ့ကျုပ်ချွေးမ အလှပျောက်ပြီး မျက်လုံးပြူးမျက်ဆန် ပြူးနဲ့ ကြောက်စရာကောင်းနေတယ်ဗျာ။ ဆိုရရင် ဘီလူးရုပ်ပေါက်နေတာ။

ဆရာကြီးက ကျုပ်နဲ့ကျုပ်သားကို ဦးစွာချုပ်ကိုင်ခိုင်းပြီး လက်ကောက်ဝတ် သွေးကိုစမ်းကြည့်လိုက်ပါတယ်။ ခဏ တာပါ။ ပြီးတာနဲ့ ဆရာကြီးက -

"ဟေ့ - မောင်ပေါ်သစ်၊ ဒီအိမ်မှာ ခွေးရှိတယ်မဟုတ်လားကွ"

လို့ မေးပါတယ်။

"ဟုတ်ကဲ့ - ရှိတော့ရှိတယ် ဆရာ ကြီး၊ ခွေးက ခွေးဝဲစားမကြီးပါ"

လို့ ပြောတော့ ရယ်ပါတယ်။ သဘောကျသွားတဲ့ပုံပါ။

"ဒါဆို ပိုကောင်းတာပေါ့ကွာ။ မင်းတို့ကသူ့ကိုနိုင်အောင်ချုပ်ထား။ ဟဲ့- သိန်းမေ ခွေးဝဲစားသွားဖမ်းခဲ့"

ဆိုတော့ ကျုပ်မိန်းမလည်း ယဉ်ပါး နေတဲ့ ခွေးဝဲစားမကိုပွေ့ချီပြီး ယူလာခဲ့ ပါတယ်။ ချုပ်ထားခံရတဲ့ ကျုပ်ချွေးမ ကတော့ ဖူးဖူးဝါးဝါးတောင်ပြောမြောက် ပြောနဲ့ ဆရာကြီးကိုပါ ခြိမ်းခြောက်နေ ပါတယ်။

"ကဲဟေ့ - ရေဇလုံထဲရေထည့်ပြီး ယူလာခဲ့"

ဆိုတော့ ဆရာကြီးက ဘယ်လိုလူ ပါလိမ့်လို့ တွေးမိကြပါတယ်။ ပယောဂ ကုနေတယ်ဆိုတော့ လူတွေပြည့်နေ အောင်လာကြည့်ကြတာပါ။ အထူး အဆန်းပေကိုး။ ကြည့်တဲ့လူတွေထဲက သံဇလုံအဟောင်းထဲ ရေထည့်ပြီးယူလာ ပါတယ်။

"ဟဲ့ - သိန်းမေ၊ အဲဒီခွေးဝဲစားမရဲ့ ဖင်ကို အဲဒီဇလုံထဲကရေနဲ့ဆေးပြီးထည့် စမ်း"

ဆိုတော့ မသိန်းမေကလည်း ရွံပေမယ့် မတတ်နိုင်ရှာဘဲ ဆေးရပါ တယ်။ ရေက ခွေးဝဲစားမရဲ့ဖင်ဆေးရေ

ဖြစ်သွားခဲ့ပါပြီ။ခွေးမကလည်း သူ့ဖင်ရေနဲ့ပက်ဆေးတော့ကာ ရှန်းပြီးထွက်ပြေးသွားပါတော့တယ်။ ဘာလုပ်မှာပါလိမ့်ဆိုပြီး လူတွေစိတ်ဝင်တစားရှိနေချိန်မှာပဲ -

"ကဲကဲ - ပယောဂပျောက်တဲ့ဆေးတော့ရပြီ။ ပယောဂဖူးနေတဲ့လူနာကိုတိုက်ရအောင် ခွက်ယူခဲ့တော့ဟေ့"

ဆိုတော့ ဒန်ဖလားတစ်လုံးယူလာပေးပါတယ်။ အဲဒီဒန်ဖလားနဲ့ ခွေးဝဲစားမဖင်ဆေးရေတစ်ခွက်ခပ်လိုက်ပြီး -

"ကဲဟေ့-မောင်ပေါ်သစ်၊ မင်းရဲ့ချေးမကို ပယောဂအစွဲကျွတ်အောင် ဒီရေတစ်ခွက်တိုက်ကွာ"

ဆိုပြီး ကျုပ်လက်ထဲထည့်ပေးပါတယ်။ အဲဒီမှာ ကျုပ်ချေးမလန့်သွားဟန်ရှိတယ်။ ငိုပြီးတော့ တောင်းပန်ပါတယ်။

"မသောက်ပါရစေနဲ့ ဆရာကြီး။ သမီးတောင်းပန်ပါတယ်၊ မသောက်ပါရစေနဲ့၊ သမီးပယောဂမဟုတ်ရပါဘူး"

"ဒါဆိုရင် နင်ခုလိုလုပ်တာ ဘာသဘောလဲ"

"သမီးတို့လုပ်စားဖို့ လယ်နှစ်ပွဲလောက်နဲ့ ကျွဲတစ်ရှဉ်းရချင်လို့လုပ်တာပါ"

"ရချင်ရင်ကောင်းကောင်းတောင်းပါတော့လား။ လူကြီးတွေစိတ်ဒုက္ခရောက်အောင်ဘာလို့လုပ်တာလဲ"

"ဟုတ်ကဲ့-တောင်းကြည့်ပါတယ်ဆရာကြီးရယ်။ ယောက္ခမတွေဘက်က အင်းမလုပ်အဲမလုပ်နဲ့နေတာနဲ့ ခုလိုကြံတာပါ။ ခွင့်လွှတ်ပါ ဆရာကြီးရယ်"

"ဟုတ်လား၊ တောင်းဖူးလားမောင်ပေါ်သစ်"

"ဟုတ်ကဲ့ - တောင်းဖူးပါတယ်။ ရကာရှိသေးတယ်၊ လိုချင်မျက်စိတယ်ရှိတာကိုးဆိုပြီး ကျုပ်ကမပေးသေးတာပါ။ ပေးဖို့အစီအစဉ်ရှိပြီးသားပါ။ ကျုပ်မှာကျွဲတွေလည်းအများကြီးပါ။ အဲဒါသူတို့ကို တစ်ရှဉ်းခွဲပေးပါမယ်။ လယ်ကတော့ ညောင်ပင်ကြီးစုလယ်တောဘက်မှာလယ်နှစ်ပွဲဝယ်ပေးပါ့မယ်။ ကျုပ်ကရည်ရွယ်ချက်ရှိပြီးသားပါ"

"ကဲကွယ်၊ ကလေးတွေစိတ်ချမ်းသာအောင်ပေးလိုက်ပါ ဟုတ်လား။ ငါက လာကတည်းက ပယောဂအစစ်မဟုတ်ဘူးဆိုတာသိတယ်ကွ။ အဲဒါကြောင့် ပယောဂနည်းနဲ့ချုပ်ကိုင်လို့ရမှာမဟုတ်လို့မင်းတို့ကိုချုပ်ခိုင်းတာ။ ငါသွေးခဏစမ်းတာနဲ့သိတယ်။ အဲဒါပယောဂအစစ်မဟုတ်တော့ကာ ပယောဂဆေးတွေ၊ အင်း၊ အိုင်၊ မန္တန်တွေလည်း သူ့ကိုမတိုးနိုင်ဘူးလေ။ အဲဒါကြောင့် သူ့မျက်စိရှေ့မှာပဲခွေးဝဲစားမဖင်ကို ရေဆေးပြီးတိုက်တာ။ ကဲကဲ - အားလုံးအဆင်ပြေပါပြီ။မောင်ပေါ်သစ်ကလည်း မင်းစကားအတိုင်း ကတိတည်ပါစေကွယ်"

လို့ ပြောပြီးပြန်ဖို့ပြင်ပါတယ်။

အဲဒီမှာ ဆရာကြီးရဲ့ ဉာဏ်ပညာကို ကြည်ညိုလွန်းလို့ အားလုံးက အထင်တကြီး ဝိုင်းဝန်းကန်တော့ကြပါတယ်။ ကျုပ်ရဲ့ဘဝမှာ ဆရာကြီးဟာ မှတ်မှတ်ထင်ထင်ရှိရတယ်။ ဆရာကြီးရဲ့ဉာဏ်ပညာကို ကျုပ်ပိုပြီးတလေးတစားပိုရှိလာရပါတယ်။ဆရာကြီးဟာ စွယ်စုံပညာရှင်ကြီးပါ။ပယောဂကုရာမှာလည်း သိမ်သိမ်မွေ့မွေ့နဲ့အနိုင်ယူတတ်ကာ လူတကာပါးစပ်ဖျား ရေပန်းစားလှပါတယ်။

ကျုပ်ကတိအတိုင်း သားနဲ့ချေးမကို လယ်နှစ်ပွဲနဲ့ကျွဲတစ်ရှဉ်းပေးလိုက်ပါတယ်။ ဒါက မိဘရဲ့ဝတ္တရားပဲလေဗျာ။ ပေးဝေနိုးရင်း ထိမ်းမြားခြင်းလို့ ဆိုထားတာကိုး။

## ❑ စဉ်းစားရပြီ

ဒါတွေကိုပြောပြနေတာက ဆရာကြီးရဲ့ဟောကွက်နဲ့ပတ်သက်နေတော့ကာ ဆရာကြီးရဲ့စကားကို စကားကတ်ပြောပြီး ဟာသမလုပ်ရဲအောင်ရှိနေတာပါ။ အထက်မှာ ပြောပြခဲ့တဲ့အတိုင်းပေါ့ဗျာ။ ကျုပ်အင်မတန်ရိုသေလေးစားရတဲ့ဆရာကြီးကိုယ်တိုင်က နွေခေါင်ခေါင်မှာရေနစ်နိုင်တယ်ဆိုတော့ ကျုပ်လိပ်ပြာမလုံအောင်ရှိနေရတာပါ။

အဲဒီတုန်းက ကျုပ် အသက်(၄၀)ကျော် (၅၀) အရွယ်ဝန်းကျင်ဆိုတော့အားကောင်းမောင်းသန်အရွယ်။ ရေရှိတာကလည်း ငလိုက်ချောင်းပဲရှိတာ။ နွေရာသီမှာ ရေကဒူးလောက်ပဲနက်တာ။ ဒီချောင်းထဲ ဘယ်လိုနစ်မှာပါလိမ့်ပေါ့။ ကျုပ်အတွက် ပုစ္ဆာတစ်ပုဒ်လိုဖြစ်နေရတာပေါ့ -ဗျာ။

ကျုပ်ကြားဖူးတာရှိတယ်။ ဝက်ရူးပြန်ရောဂါလို့လူတွေခေါ်ကြတဲ့ တက်တတ်တဲ့ဝေဒနာရှိသူတွေကျတော့ တက်တာနဲ့တစ်ပြိုင်နက် လဲကျပြီးတက်နေတော့တာ။ ဒါဆိုရင် ဒူးလောက်ရေမဆိုထားနဲ့ ခြေမျက်စိလောက်ရှိတဲ့ရေထဲလဲကျရင်တောင် ရေနစ်ပြီးသေကြရတာလေ။ ကျုပ်မှာအဲဒီလိုတက်တတ်တဲ့ ဝက်ရူးပြန်ရောဂါကြီးများဖြစ်ပေါ်လာလေမလားနဲ့ စဉ်းစားရတာပေါ့ဗျာ။ ဖြစ်တော့ မဖြစ်နိုင်ပါဘူး။ ကျုပ်ကဗလကောင်းတဲ့ထွားထွားကျိုင်းကျိုင်းလူပါ။ ညီအစ်ကိုမောင်နှမတွေထဲမှာ ကျုပ်က ဖအေတူ ထွားထွားကျိုင်းကျိုင်းပါ။ ဒီတော့ အဲဒီလို ဝက်ရူးပြန်ရောဂါလည်း မဖြစ်နိုင်ပါဘူး။

ငလိုက်ချောင်းဆိုတာက ဟိုးအနောက်ရိုးမမှာ အခြေခံတာပါ။ တောင်ကျချောင်းဆိုတော့ ရေစီးသန်တယ်။ လှိုင်းကြမ်းတယ်။ ဒီချောင်းမှာမိုးရာသီဆိုရင် သစ်တွေမျောကြတာ။ ဘယ်လောက်လှိုင်းထထ၊ ရေစီးကြမ်းကြမ်း ဒီငလိုက်ချောင်းဆိုတာက ကျုပ်လယ်တောဘေးမှာဆိုတော့ ကျုပ်နဲ့ကမိတ်ဆွေလိုဖြစ်နေပြီလေ။ ကျုပ်ဟာကျွဲတစ်အုပ်နဲ့ အဲဒီဒေါမာန်ကြီးတဲ့ငလိုက်ချောင်းကို ကြိမ်ဖန်များစွာဖြတ်ကူးနေကျပါ။ အဲဒီတော့ မိုးရာသီရေကြီးချိန်မှာတောင် ငလိုက်ချောင်းကို ကျုပ်က စာမဖွဲ့ပါဘူး။ ရေအိုးနဲ့ရေမှုတ်လိုလူးလာခေါက်ပြန် သွားလာနေကျပါ။ ဒါက အသေးအဖွဲ့ကိစ္စကိုး။

ခုတော့ဗျာ နွေခေါင်ခေါင်မှာ ငလိုက်ချောင်းထဲရေနစ်ကိန်းရှိတယ်ဆိုပဲ။ ဆရာကြီးစကားမပယ်ရှားရဲတာတော့ အမှန်ပါ။ ဒူးလောက်သာရှိတဲ့ ငလိုက်ချောင်းထဲ ဘယ်ပုံဘယ်နည်း ရေနစ်မှာလဲဆိုတာဟာ ကျုပ်အကြိမ်ကြိမ်စဉ်းစားနေမိတယ်။ အဖြေကလုံးဝလုံးဝကိုမပေါ်ပါဘူးဗျာ။ မကြာခင်လို့ ဆိုထားတော့ကာ ရင်ဖိုစရာပေါ့လေ။

ပြီးတော့ ရယ်ချင်နေမိတယ်။ ငလိုက်ချောင်းမှာ မိကျောင်းတစ်ကောင်လို ရေကျွမ်းတဲ့ကျုပ် နွေခေါင်ခေါင်ဒူးလောက်ရှိတဲ့ ရေမှာနစ်မယ်တဲ့။ တစ်ခါတစ်ခါ စဉ်းစားမိပြီး ကျိတ်ရယ်မိတယ်ဗျာ။ အဟုတ်အဟုတ်။

## □ နွေခေါင်ခေါင်မှာ

အေးဗျာ၊ ကွယ်ရာမှာကျိတ်ပြီးရယ်မိတဲ့ကျုပ် နွေခေါင်ခေါင်မှာ တကယ်ရေနစ်ရတာပါဗျာ။ ဆရာကြီး ဦးရွှေမင်းရဲ့ ဟောကွက်တစ်ချက်တောင်မလွဲပါဘူး။ ပြီးတော့ ကံကောင်းလို့ ကျုပ်သေတဲ့အထိမရောက်ဘဲ ကယ်မယ့်သူပေါ်ခဲ့ပါတယ်။ ဘယ်လောက်အံ့ဩဖို့ကောင်းလဲ။ ကျုပ်ပြောပြချင်တာ အဲဒါကအဓိကပါ။ ဆရာကြီးရဲ့ဟောကွက်နှစ်ခုဟာ မြေကြီးလက်ခတ်မလွဲမှန်တာကို ကျုပ်ပြောပြမယ်။ ပြောရရင်တော့ရှက်စရာပါဗျာ။ လူတကာကြီးလုပ်ပြီး ကတ်ဖွဲ့ဖွဲ့လုပ်တတ်တဲ့တ[illegible] နောင်တတောင်ရချင်ချင်ဖြစ်သွားတ[illegible]

ဖြစ်ပုံက ဒီလိုဗျ၊ ဒီလို။

(၁၂) ရာသီ ကျုပ်က ကွဲအုပ်ကြီးနဲ့ တောထဲမှာနေတာ။ ကွဲက ကွဲထီး၊ ကွဲမ ဆယ်ကောင်ရှိတယ်။ အဲဒီကွဲတွေကို ငလိုက်ချောင်းသောင်ခုံ မြက်ခင်းတွေမှာကျောင်းတယ်။ ကွဲတင်းကုပ်က ထွက်တဲ့ကွဲချေးတွေဟာ ကျုပ်လယ်တွေရဲ့မြေဩဇာတွေလေ။ ကွဲချေးတွေ လယ်တွေမှာဖြန့်ချထားရတယ်။ ခုခေတ်လို ခေတ်မီမြေဩဇာတွေသုံးရကောင်းမှန်းတောင်မသိဘူး။ မိုးဦးကျတာနဲ့ ကျုပ်လယ်ရေးအကြမ်းစထိုးပြီး မြေဩဇာနပ်ရတယ်။ ကွဲချေးတွေနူးနပ်ပြီး မြေဩဇာဖြစ်အောင်ပေါ့ဗျာ။ ထားပါတော့။

ကွဲတွေကို ကျုပ်က ကြိုးရှည်ရှည်နဲ့ချည်ပြီးကျောင်းတာ။ ကြိုးရှည်တော့ ကွဲတွေ ထိန်းရသိမ်းရလွယ်တယ်။ နေ့လယ်နေပူချိန်မှာရေချဖို့လိုတယ်လေ။ ကွဲဆိုတာ နွားလိုအပူဒဏ်မခံနိုင်ဘူး။ နေပူရင်အလိုလိုမောနေကြတာ။ ဒါကြောင့် ကွဲတွေရဲ့ကြိုးတွေကို ကျုပ်တစ်ကောင်ပြီးတစ်ကောင်ဆွဲစုပြီး ကွဲဆယ်ကောင်နဲ့ကြိုးတွေကိုစုပြီးချည်လိုက်တယ်။ ကွဲတွေပြေးနိုင်တော့ဘူးပေါ့ဗျာ။

အဲဒီကြိုးရှည်ရှည်တွေနဲ့ ကွဲအုပ်ကြီးကို သူတို့ရေချိုးနေကျ ထိန်ပင်ဝဲဆီ မောင်းခဲ့တယ်။ ထိန်ပင်ဝဲဆိုတာ ချောင်းကွေ့တစ်ခုမှာ ဖြစ်ပေါ်နေခဲ့တာကြာပါပြီ။ ထိမ်ပင်ကြီးရှိခဲ့လို့ ထိန်ပင်ဝဲလို့ခေါ်တာနေမှာပါ။ ထိမ်ပင်ကြီးကို ကျုပ်တို့မမီလိုက်ပါဘူး။

ထိန်ပင်ဝဲဟာ မိုးတွင်းမှာ နာမည်ကြီးတဲ့ပါ။ ရေလာနေချိန်ဆိုရင် ဝဲအောက် လှိုင်းပွတ်သံကြီးကြားနေရတယ်။ နွေရာသီမှာတော့ သူ့မဟုတ်သလို ရေကြည်စိမ်းစိမ်းတွေနဲ့ နက်ရှိုင်းတဲ့ရေအုပ်ကြီးဖြစ်နေတာပါ။ ဝါလကင်းလွှတ်တွင်းကျတဲ့အချိန်ဆိုရင် ဝါးဖောင်တွေမျှောကြတယ်။ ဒါဆိုရင် ထိန်ပင်ဝဲ လွတ်အောင်မနည်းရှောင်ကြရတာ။ အစပ်ခံရလို့ကတော့ ဝါးဖောင်ပျက်စီးသွားရသလို လူတောင်မနည်းလွတ်အောင်ရုန်းကန်ကြရတယ်။ အဲဒီအချိန်မှာ ခါးလောက်အမြဲရှိနေတာပါ။

အဲဒီ ထိန်ပင်ဝဲကိုရောက်တာနဲ့ ကွဲတွေအလုအယက်ရေထဲဆင်းကြတာ။ ကျုပ်က ခေါင်းဆောင်ကွဲထီးကြီး ပေတိုးကြီး အမှတ်တမဲ့ပါသွားတာ ဝဲလယ်ရောက်မှ သတိရတယ်။ ဝဲရဲ့အလယ်ကပေတစ်ရာပတ်လည်လောက်ရှိတယ်။ ရေပြင်ကျယ်ကြီးဖြစ်နေတာပါ။

ဖြစ်ချင်တော့ ကွဲတွေရဲ့ကြိုးတွေကိုကိုင်ရင်း ကွဲတွေရေလယ်အရောက်မှာ ကွဲအချင်းချင်းတွန်းကြတိုက်ကြလုပ်ကြတဲ့အခါ ရုတ်တရက် ထိန်းမနိုင်ဘဲ ကျုပ်ဟာ ရေထဲထိုးကျတော့တာပါ။

ကျတာမှ ရိုးရိုးမဟုတ်ဘူးဗျို့။ ဖြစ်ချင်တော့ ကျုပ်ခြေထောက်နှစ်ချောင်းက ကြိုးတွေနဲ့ငြိပြီးဇောက်ထိုးဖြစ်သွားတယ်။ ကျုပ်က ကွဲကြီးရဲ့ဘေးမှာကပ်ပြီး ဇောက်ထိုးရေနစ်နေတော့တာပေါ့။ ဘယ်လိုမှကိုမလှုပ်သာမယှက်သာဘဝကိုရောက်နေရတာပါ။ ခြေထောက်နှစ်ချောင်းက ကွဲကြီးရဲ့ကျောပေါ်မှာလည်းရှိနေတာလေ။

ပြန်ထဖို့ ဘယ်လိုကြိုးစားပေမယ့် ရေနစ်တဲ့ဒဏ်ကို ကျုပ်ဝူးဝူးဝါးဝါးခံစားနေရတာပါ။ အချိန်တောင် အတန်ကြာသွားတယ်။ ဒါဆိုရင် ကျုပ်ဒီရေနစ်တဲ့ဒဏ်နဲ့သေသွားနိုင်တယ်ဆိုတာသိတယ်။ အဲဒါကြောင့် ကြိုးစားပြီး အသက်အောင့်နေရတယ်။ ဘယ်လိုမှမခံစားနိုင်တော့ဘဲ အားလျော့ရတော့မလိုဖြစ်နေချိန်ကျမှ ကျုပ်ခြေထောက်နှစ်ချောင်းကိုဆွဲလိုက်တာသိရပြီး ကျုပ်ကွဲကြီးပေါ်ပြန်ရောက်သွားတယ်။ ကျုပ်ကွဲတွေကြားညှပ်ပြီးနစ်နေတာကိုးဗျ။ ကျုပ်ဗျာ ရေမွန်းပြီး မျက်စိထဲ ဖြူနီဝါပြာတွေသာ မြင်နေရတာကလား။ နှာခေါင်းထဲကရေတွေညှစ်၊ မျက်စိတွေရေသုတ်ပြီးမှ ကျုပ်ကို ကယ်တဲ့လူကိုကြည့်မိတယ်။ သူက ကျုပ်ကိုဘာမှမပြောနိုင်ဘဲ အံ့ဩတကြီးကြည့်နေတာဗျ။ သူက ကျုပ်တို့ရွာက ကိုဖိုးမျှင်ဖြစ်နေပါရောလား။ အဲဒီလို အသက်ကိုဝအောင်ရှူပြီးပုံမှန်ဖြစ်သွားမှ ကျုပ်ကို စကားစပြောတယ်။

"ပေါ်သစ်ကယ်၊ မင်းဘယ်လိုဖြစ်တာလဲကွာ"

"မြင်တဲ့အတိုင်းပဲဗျို့၊ ကွဲတွေရေလာချတာဗျ။ ကွဲတွေထိန်းရလွယ်အောင် ကြိုးတွေစုကိုင်ပြီးရေချတော့ကာ ကွဲတွေရေဆော့ကြတော့ ထိန်းမနိုင်တော့ဘဲ ကျုပ်ရေထဲထိုးကျတာ။ ကံဆိုးချင်တော့ ကိုဖိုးမျှင်မြင်တဲ့အတိုင်းပဲလေ။ ခြေထောက်နှစ်ချောင်းက ကြိုးနဲ့ငြိပြီး ဇောက်ထိုးအနေအထားနဲ့ ရေနစ်နေတာ။ ကံကောင်းလို့ဗျာ၊ ကိုဖိုးမျှင်သာရောက်မလာလို့ကတော့ ဒီနေ့ ကျုပ်သေပြီဗျ"

"အေး-ငါလည်းသစ်ဝါးနည်းနည်းလိုတာနဲ့လာခုတ်နေတာ။ နောက်နေ့မှ လှည်းနဲ့လာတိုက်မှာ။ အဲဒါ ပေါ်သစ်ကယ်တို့လယ်ထဲသွားဦးမှပဲဆိုပြီး ချောင်းအတိုင်းဆင်းလာတာ။ ထိန်ပင်ဝဲရောက်တော့ မင်းရဲ့ကွဲအုပ်ကြီးကိုတွေ့ရပေမယ့် မင်းကိုမမြင်တာနဲ့လိုက်ကြည့်တာ။ တော်သေးတယ် မင်းရဲ့ခြေထောက်နှစ်ချောင်း မိုးထောင်နေတာ ငါတွေ့ရတော့ ဒီကောင်ရေနစ်နေတာပဲလို့သိပြီး မင်းရဲ့ ကွဲကြီးကျောပေါ်ရောက်အောင် ကူးပြီးဆွဲတင်ရတာ။ တော်သေးတာပေါ့ကွာ၊ မသေကောင်းမပျောက်ကောင်း။ မင်းအဖြစ်က ပေါ်သစ်ကယ် နွေခေါင်ခေါင်မှာ ရေနစ်သေရတယ်ဆိုရင် ကြားလို့တောင် မကောင်းပါဘူးကွာ။ ကဲ-မင်းကွဲတွေ ကမ်းဘက်မောင်းတင်တော့ကွာ"

ဆိုတော့မှ ကွဲတွေကို ကြိုးခေါက်နဲ့ရိုက်ပြီး ကုန်းပေါ် မောင်းတင်ရပါတယ်။ အဲဒီမှာ ကျုပ်ဘယ်သူ့ကိုပြေးမြင်သလဲဆိုတော့ ဆရာကြီးဦးရွှေမင်းကိုပါ။

"မင်း နွေခေါင်ခေါင်မှာ ရေနစ်သိမ့်မယ်။ ဒါပေမယ့် အသက်မသေဘူး။ ကယ်မယ့်သူပေါ်လိမ့်မယ်"

ဆိုတဲ့ ဟောကိန်းပါ။

အဲဒီနောက်မှာတော့ အဲဒီဟောကိန်းအပေါ် ကျုပ်မရယ်ရဲတော့ပါဘူး။ ဆရာကြီးရဲ့ဗေဒင်ပညာအပေါ်မှာ ကျုပ်သိပ်ပြီးလေးစားသွားရတယ်။ အဲဒီလိုကိုယ်တွေ့ကြုံမှ ဆရာကြီးဟာ စွယ်စုံပညာရှင်ကြီးဆိုတာ ပိုပြီးသိလာရပါတယ်။

ဆရာကြီးဟာ ဆေးကုတယ်၊ ပယောဂကုတယ်၊ ဗေဒင်လည်း လိုအပ်ရင် ဟောတယ်။ အားချိန်တွေမှာ နှီးနဲ့စကော၊ ဆန်ခါ၊ တောင်းပလုံးလေးတွေရက်တယ်။ လက်ရာကောင်းလွန်းလို့မှာသူတွေနဲ့ပြည့်နေတယ်။ အထူးသဖြင့် တင်းတောင်း၊ ခွဲတောင်း၊ စိုက်တောင်း၊ ပြည်တောင်းနဲ့ ပုတ်တောင်းတွေ နာမည်ကြီးတယ်။ ပြီးတော့ အင်္ဂရုတ်ထိုးတာပါပဲ။ ဆရာကြီးဟာ အသက်(၉၀)ကျော်အထိ ကျန်းကျန်းမာမာနဲ့ နေသွားခဲ့ပါတယ်။ သူ့ခေတ်နဲ့သူ့အခါ ဆရာကြီးကို မသိသူမရှိခဲ့ပါဘူး။ အဲဒီအထဲမှာ ကျုပ်ဆိုတဲ့ ဖိုးသစ်ကယ်လည်းပါတာပေါ့ဗျာ။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး(မိုးကုတ်)



# အရှင်သီရိဒတ္တာလင်္ကာရ (ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ)

# သုသာန်သို့ရောက်သောအခါ

များသောအားဖြင့် လူတို့သည် အကြောင်းကိစ္စတစ်ခုခုကြောင့် သုသာန်တစ်ခုခုသို့ ရောက်ဖူးကြပါလိမ့်မည်။ စာရေးသူလည်း ယခုတစ်လော ရေဝေးသုသာန်သို့ မကြာမကြာရောက်နေရပါ၏။ သုသာန်သို့ရောက်သောအခါတိုင်း လူအများကို အကဲခတ်လေ့လာကြည့်မိပါ၏။ ထိုအခါ လူအမျိုးမျိုးကိုတွေ့ရ၏။ သေဆုံးသွားသောသူသည် မိမိအတွက် အားကိုးရသူဖြစ်၍ ယူကျုံးမရ အပူလုံးကြွနေသူအချို့ကိုလည်း တွေ့ရသည်။ အားကိုးရာမဲ့ပေါ့ ဟူသော သောကဖိစီးသဖြင့် အရုပ်ကြိုးပြတ်ပမာ နုံးချည့်ပျော့ခွေယိုင်နဲ့နေသူအချို့နှင့် အဖော်များက ကူညီဖေးမထိန်းထားရသူအချို့ကိုလည်းတွေ့ရ၏။လူမှုရေးအရအသုဘပို့သူအဖြစ် ရောက်လာပြီး 'သေသူမျက်နှာ ရှင်သူမှာ' ဆိုသည့်အတိုင်း ကျန်ရစ်သူမိသားစုကို မိမိလာရောက်မှန်းသိအောင်နှုတ်ဆက်ဖို့ ကြိုးစားနေသူအချို့ကိုလည်း တွေ့ရ၏။ သေသူကို ဘေးချိတ်ပြီး ရောက်လာသမျှ မျက်နှာကြီးသူများကို အလှူပွဲ၊ မင်္ဂလာပွဲ၊ ဧည့်ခံပွဲပမာ လက်ဆွဲနှုတ်ဆက်နေကြသော သားသမီးအချို့ကိုလည်း တွေ့ဖူး၏။

သုသာန်သို့မရောက်ဘူး၍ ကားအဆင်သင့်ကြုံသဖြင့် သုသာန်ရောက်ဖူးအောင်လိုက်လာခဲ့ပါသည်ဟုဆိုသူအချို့ကိုလည်း တွေ့ရ၏။

အသုဘအလောင်းကောင်ကိုမြေမြှုပ်၊ မီးသဂြိုဟ်ခြင်းကိစ္စကိုသော်မှ မပြုရသေး။ အိမ်ပြန်ရောက်ရင်တော့ အမွေကိစ္စ ပွဲကြီးပွဲကောင်းနွှဲရတော့မှာပဲဟု အားခဲနေကြသူအချို့ကိုလည်း တွေ့ဖူး၏။ ထိုကဲ့သို့ အမွေကိစ္စမျိုး၌ ဘေးမှလူများက ဝိုင်းဝန်းသွေးထိုးနေကြသည်ကိုလည်း မြင်ဖူးကြားဖူး၏။ ဩော် - လူသားတို့သန္တာန်၌ သူတော်ကောင်းတရားများခေါင်းပါးနေကြလေပြီတကား။

သေဆုံးခြင်းနှင့် ပတ်သက်၍ ဆရာအစဉ်အဆက် ဩဝါဒများအနက် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်း၌ ဤသို့ ဆုံးမသည်ကို တွေ့ရ၏။ သူသေကောင်ကို ကြည့်၍ အသင့်အတင့် နှလုံးသွင်းမှုယောနိသော မနသိကာရ မရှိပါလျှင် သတိသံဝေဂဉာဏ်မဖြစ်ဘဲ -

၁။ သေဆုံးသူသည် မိမိချစ်ခင်နှစ်သက်သူဖြစ်နေပါက စိုးရိမ်သောကဖြစ်တတ်၏။
၂။ မိမိမုန်းသူဖြစ်ပါက ဝမ်းမြောက်ဝမ်းသာဖြစ်နေတတ်၏။
၃။ မိမိမသိသူ၊ စိတ်မဝင်စားသူဖြစ်ပါက အမှတ်တမဲ့ ဘာသိဘာသာဖြစ်တတ်၏။
၄။ မိမိသေရမည်ကို ဆင်ခြင်စဉ်းစားမိသောအခါထိတ်လန့်ကြောက်ရွံ့တတ်၏။

ဟု ဆို၏။

ထို့ကြောင့် ထိုသို့မဖြစ်စေဘဲ မည်သူပင်သေသေ သေခြင်းတရားကို နှလုံးသွင်းဆင်ခြင်၍ သတိသံဝေဂဉာဏ်ဖြစ်စေကာ မှန်ကန်စွာ အားထုတ်မှုသမ္မပဓာန်လုံ့လဝီရိယရှိကြစေရန် သတိပေး ဆုံးမထားသည်ကို တွေ့ရ၏။

မြင်းကောင်း (၄) မျိုးကို ဥပမာပြု၍ ဗုဒ္ဓဘုရားဟောကြားတော်မူခဲ့သော ပုဂ္ဂိုလ် (၄) မျိုးကိုလည်း အကျဉ်းချုပ်တင်ပြလိုပါ၏။

၁။ အချို့သောမြင်းသည် အရှင်သခင်က နှင်တံကိုဝင့်၍ပြလိုက်ရုံနှင့် သဘောပေါက်နားလည်ပြီး အရှင်သခင်အလိုကျ လိုက်နာပြုကျင့်တတ်သည်။ ထိုမြင်းမှာ ပထမတန်းစားမြင်းအာဇာနည်ဖြစ်၏။

ထို့အတူ နာရေးသတင်းကိုကြားရရုံမျှဖြင့် ငါလည်း တစ်နေ့နေ့မှာ သေရမည်မလွဲပါတကားဟု သတိသံဝေဂကြီးစွာရ၍ ဗုဒ္ဓဘုရားရှင်၏ လမ်းညွှန်ချက်အတိုင်း သမ္မပဓာန်လုံ့လဝီရိယဖြင့် မှန်ကန်သော လမ်းကြောင်းပေါ်၌ရပ်

တည်လျက် ကုသိုလ်တရားပွားများအား ထုတ်သူဆည် ပဌမတန်းစား လူတော်လူကောင်း ဖြစ်၏။

၂။ အချို့သောမြင်းသည် နှင်တံဝင့်ပြရုံမျှနှင့် မပြေးသေး၊ မိမိသခင်က နှင်တံဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ အမွေးအမှင်တို့ကို ပွတ်သပ်လိုက်မှ သခင့်အလိုကျ ဆောင်ရွက်ပေး၏။ ထိုမြင်းသည် ဒုတိယတန်းစား မြင်းအာဇာနည်ဖြစ်၏။

ထို့အတူ နာရေးသတင်းကြားရုံမျှဖြင့် သတိသံဝေဂတို့ မရသေးသော်လည်း အသုဘအသေကောင်အလောင်းကောင်တစ်ခုခုကို မိမိမျက်စိဖြင့်တပ်အပ်သေချာမြင်တွေ့လိုက်ရသောအခါ သတိသံဝေဂကြီးစွာရ၍ ကုသိုလ်တရားကြိုးစားအားထုတ်သူသည် ဒုတိယတန်းစား လူတော်လူကောင်းတစ်ယောက်ဖြစ်၏။

၃။ အချို့သောမြင်းသည် နှင်တံဝင့်၍ အရိပ်အယောင်ပြသော်လည်း မမြင်၊ အမွေးအမှင်ပွတ်သပ်၍ခိုင်းစေသော်လည်း မတုန်မလှုပ်။ သို့သော် နှင်တံထိပ်တွင်တပ်ထားသောသံချွန်ဖြင့် သွေးစို့လာအောင် အသားကိုထိုးဖောက်လိုက်ရသည့်အခါတွင် သခင်အလိုကျ ဆောင်ရွက်ပေး၏။ ထိုမြင်းမျိုးသည် တတိယတန်းစား မြင်းအာဇာနည် ဖြစ်၏။

ထို့အတူ နာရေးသတင်းကြားသောအခါ၊ အသေကောင်ကိုမြင်တွေ့သောအခါတို့၌ သတိသံဝေဂမရသေးသော်လည်း မိမိနှင့်သွေးသားတော်စပ်သူမိသားစု၊ အဆွေအမျိုးများထဲမှ တစ်ယောက်ယောက် သေဆုံးပျက်စီးသောအခါ သတိသံဝေဂကြီးစွာရ၍ ကုသိုလ်တရားဖြင့် ကြိုးစားအားထုတ်သူသည် တတိယတန်းစား လူကောင်းတစ်ယောက်ပင် ဖြစ်ပါသည်။

၄။ အချို့သောမြင်းသည် နှင်တံဝင့်၍ အရိပ်အယောင်ပြသော်လည်း မမြင်၊ အမွေးအမှင်ပွတ်သပ်သော်လည်း မတုန်မလှုပ်။ သွေးထွက်လာအောင် သံချွန်ဖြင့်ထိုးသော်လည်း အရေးမစိုက်။ သို့သော် နှင်တံထိပ်တွင်တပ်ထားသော သံချွန်ရှည်ဖြင့် အရိုးခိုက်အောင် အနာနာလေးထိုးစိုက်လိုက်သောအခါ သခင်အလိုကျ ဆောင်ရွက်ပေး၏။ ထိုမြင်းမျိုးသည်လည်း စတုတ္ထတန်းစား မြင်းအာဇာနည်တစ်မျိုးပင် ဖြစ်၏။

ထို့အတူ နာရေးသတင်းကြားသောအခါ၊ အသေကောင်ကို မြင်တွေ့ရသောအခါ မိမိမိသားစုဆွေမျိုးအသိုင်းအဝိုင်းထဲမှ တစ်ဦးတစ်ယောက်သေဆုံးသွားသောအခါတို့၌ သတိသံဝေဂမရသေးသော်လည်း မိမိကိုယ်တိုင်သေရတော့မလို အန္တရာယ်ဆိုး၊ ဘေးဒုက္ခဆိုးတို့နှင့်တွေ့ကြုံရသောအခါ သတိသံဝေဂကြီးစွာရ၍ ကုသိုလ်တရားကြိုးစားအားထုတ်သူသည် စတုတ္ထတန်းစားလူကောင်းတစ်ယောက်ပင် ဖြစ်ပါ၏။

ဖော်ပြပါ လူကောင်း (၄) မျိုးတွင် မိမိသည် မည်သည့်အမျိုးအစား၌ အကျုံးဝင်ပါသနည်း။ စဉ်းစားရမည်ဖြစ်၏။ တစ်မျိုးမျိုး၌ အပါအဝင်ဖြစ်အောင်လည်း ကြိုးစားရမည် ဖြစ်၏။

သတိလက်လွတ်ဖြစ်တတ်ပုံကိုပြောပြချင်ပါသေး၏။ တစ်ခါတစ်ရံ ရပ်ကွက်ထဲ၊ ကျေးရွာထဲ၌ လူအချို့ပြောနေကြသည်ကို ကြားဖူး၏။

"မင်းတို့အိမ်ကအဘိုးကြီး အခြေအနေဘယ်လိုလဲ။ ဘယ်တော့ မုန့်ဟင်းခါးစားရမလဲ"

ဖြေသည့်သူကလည်းဖြေသည်။

"မကြာမီ လာမည် မျှော်" တဲ့။

ဘုရား၊ဘုရား- သေခြင်းတရားကို မထီမဲ့မြင်ပြုနေကြပါတကား။ လူအချင်းချင်း သေကျေပျက်စီးခြင်းကို လိုလားနေကြပါတကား။

တစ်ခါကလည်း သီတင်းကျွတ်လရောက်လျှင် နှစ်ဖက်မိဘ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး စသော အသက်သိက္ခာကြီးသူများကို နှစ်စဉ်ကန်တော့လေ့ရှိသောလူငယ်မိသားစုမှအိမ်ထောင်ဦးစီးဖြစ်သူ ဒကာလေးတစ်ယောက်၏ ရုတ်တရက်ပြောလိုက်သော စကားတစ်ခွန်းကို ကြားရဖူး၏။ နှစ်တစ်နှစ်၏ သီတင်းကျွတ်လတွင် ထိုဒကာလေးမိသားစု စာရေးသူထံသို့ လာရောက်ကန်တော့စဉ် စာရေးသူက -

"ကန်တော့ရမယ့်သူတွေ စုံခဲ့ပြီလား"

ဟု မေးသောအခါ သူဖြေဆိုလိုက်ပုံက-

"မှန်ပါ၊ စုံသလောက်ရှိသွားပါပြီ၊ ဒီနှစ်ကန်တော့ရတာနည်းနည်းသက်သာတယ်ဘုရား။ အဖေ့ဘက်က ဦးလေးတစ်ယောက် ဟိုတစ်လောကမှဆုံးသွားတယ်"

ဟူ၍ ဖြစ်၏။

နှစ်စဉ်နှစ်စဉ်ကန်တော့ရမည်စိုး၍ အဘိုး၊ အဘွား၊ အဖေ၊ အမေ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတို့ကို 'သေစေချင်သည့်ပုံဖြစ်နေ၏။ ရင်းနှီးသော ဒကာလေးဖြစ်၍ စာရေးသူက ဤသို့မပြောသင့်ကြောင်း မိမိစိတ်ကို စင်ကြယ်သန့်ရှင်းစွာပင်ထားရမည်ဖြစ်ကြောင်း၊ ကန်တော့ခြင်းကုသိုလ်ကိုမပြုနိုင်က မပြုဘဲနေနိုင်ကြောင်း၊ အကုသိုလ်စိတ်မဖြစ်အောင် သတိပြုရှောင်ကြဉ်ရမည် ဖြစ်ကြောင်း၊ ကုသိုလ်မပြုနိုင်လျှင်တောင် အကုသိုလ်မဖြစ်အောင် သတိပြုနေပါက ကုသိုလ်ဖြစ်နေသေးကြောင်း ရှင်းပြရ၏။ ထိုဒကာလေးကလည်း သူ့စကားမှားသွားပါကြောင်း တောင်းပန်လျှောက်ထား၍ ယခုလိုဆုံးမသည်ကို ကျေးဇူးတင်ပါကြောင်း လျှောက်ထားသွား၏။ အတွေးမှားလျှင် အပြောမှား၏။ အပြောမှားလျှင် လုပ်ပုံကိုင်ပုံလည်းမှားတတ်၏။ ထိုအခါ အစစအရာရာ အလွဲလွဲအချော်ချော်ဖြစ်၍ မိမိအတွက်ရော သူတစ်ပါးအတွက်ပါ နစ်နာဆုံးရှုံးတတ်သည်ကို သတိပြုကြရမည် ဖြစ်၏။

အသုဘပို့လိုက်သူများ သတိပြုဆင်ခြင်ဖွယ်ရာ ဆရာအစဉ်အဆက် သတိပေးခဲ့သော ဆုံးမဩဝါဒတစ်ရပ်ကိုလည်း တင်ပြလိုပါ၏။

မိမိတို့နှင့် နီးစပ်ရာ အသုဘအလောင်းကောင်ကို မြေမြှုပ်မီးသင်္ဂြိုဟ်မည့်နေရာသို့ ပို့ဆောင်သောအခါ၌ ဖြစ်စေ၊ လူသေကောင်ကို မြင်တွေ့ရသောအခါ၌ဖြစ်စေ -

"ငါလည်း သူကဲ့သို့သေရမည် အမှန်ပင်။ ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့သည် ဖြစ်ချင်း၊ ပျက်ခြင်းဖြင့်အမြဲနှိပ်စက်ခံနေရသဖြင့် နိစ္စ ထာဝရတည်မြဲခြင်း မရှိလေစွတကား။ အသေကောင်သည် မတင့်မတယ် ရွံစဖွယ်ဖြစ်နေသကဲ့သို့ အမှန်စင်စင် အသက်ရှင်ဆဲ ဤကိုယ်သည်လည်း မပြုမပြင်တန်ဆာမဆင်ဘဲ ထားလိုက်ပါလျှင် စက်ဆုပ်ရွံရှာစရာ အသုဘအမှန်ပါတကား"

စသည်ဖြင့် မရဏာနုဿတိကမ္မဋ္ဌာန်း သို့မဟုတ် အသုဘကမ္မဋ္ဌာန်း ရှုမှတ်စီးဖြန်းသူကို **အသုဘရှုသူ**ဟု ခေါ်၏။

အသုဘအလောင်းကို သုသာန်သို့ လူမှုဝတ္တရားအရ အကူအညီပေး၍ လိုက်ပို့ရုံပို့သူကို **အသုဘပို့သူ**ဟု ခေါ်သည်။ အသုဘလိုက်ပို့သော်လည်း မည်သည့်အကူအညီမျှမပေးဘဲ သူ့အတွက်ပါ ကျန်ရစ်သူမိသားစုအတွက် အလုပ်တစ်ခုပိုနေရသူ၊ အသုဘကိစ္စနှင့်မသက်ဆိုင်သော အခြားကိစ္စများနှင့်

ယောက်ယက်ခတ်၍ လူပိုဖြစ်နေသူကို **အသုဘပိုသူ**ဟု ခေါ်ပါ၏။

အသုဘပို့ရင်း ဝိသဘာဂ ယောကျ်ား၊ မိန်းမအာရုံကို တဏှာရာဂဖြင့် ပိုးပန်းနေသူမျိုး၊ ကျန်ရစ်သူ မိသားစုက ဝေငှသော ရေဘူး၊ စာအုပ်၊ ခေါက်ဆွဲကြော် စသည်ကို တဏှာပိုး ဖြင့်မျှော်သူ တောင်းသူ မက်မောသူမျိုး ကို **အသုဘပိုးထသူ**ဟု ခေါ်ကြောင်း မှတ်သားရဖူးပါ၏။

သင်သည် -

အသုဘရှုသူလော၊

အသုဘပို့သူလော၊

အသုဘပိုသူလော

အသုဘပိုးထသူလော စဉ်းစားရာ ပင် ဖြစ်ပါ၏။

မြတ်ဗုဒ္ဓ၏ဆန္ဒသည်ကား သင့်ကို အသုဘရှုသူ (အသုဘာနုပဿီပုဂ္ဂိုလ်) သာ ဖြစ်စေချင်သည်မှာ ထင်ရှားလှပါ ၏။ ထို့ကြောင့်ပင် ရဟန်းတစ်ပါးအနေ ဖြင့် ဒကာ၊ ဒကာမ၊ ရဟန်း၊ သာမဏေ တစ်ဦးဦး သေဆုံးသွားခဲ့လျှင် ထိုသူကို ဝန်းရံဖို့၊ သေသူ မျက်နှာပန်းလှဖို့ သုသာန်သို့ကြွရမည်ဟု ဝိနည်းအဋ္ဌက ထာ၌ ဖွင့်ဆိုထားသည်ကို တွေ့ရပါ၏။ ထို့ကြောင့် ဒကာ၊ ဒကာမများကလည်း မိမိနှင့်သက်ဆိုင်သူများ ကွယ်လွန် အနိစ္စရောက်ပါလျှင် ရဟန်းတော်များ အား အသုဘပို့ကြွပါဟု မပင့်ကောင်း၊ အသုဘရှုကြွပါဟုသာပင့်ကောင်းသည် ကို သတိပြုကြရမည် ဖြစ်၏။

သုသာန်သို့ ရောက်တိုင်း လေးလေးနက်နက် သတိပြုဆင်ခြင်နိုင် ရန် အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် သိဝထိကာသုတ္တန်မှ တရားအနှစ်ကို ထုတ်နုတ်တင်ပြမည် ဖြစ်ပါ၏။

သုသာန် ဟူသော ဝေါဟာရသည် သုသာန ဟူသောပါဠိမှ ဆင်းသက်လာ ခြင်း ဖြစ်သည်။ န-ကိုအသတ်တင်၍ သုသာန်ဟုဖြစ်လာ၏။ မြန်မာလို သူသေ ကောင်များကို နောက်ဆုံးထားရာနေရာ၊ သေသူများနောက်ဆုံးအိပ်စက်ရာနေရာ ဟု အဓိပ္ပာယ်ရ၏။ ထိုသုသာန်၌ အပြစ် (၅) မျိုးရှိ၏။

ယင်းတို့မှာ -

၁။ မစင်ကြယ်မသန့်ရှင်းခြင်း။

၂။ အနံ့မကောင်းခြင်း။

၃။ ဘေးအန္တရာယ်များ၍, ကြောက် စရာကောင်းသောနေရာဖြစ်ခြင်း၊

၄။ ကြမ်းတမ်းသော သတ္တဝါများ၏ နေရာဖြစ်ခြင်း။

၅။ လူအများ ငိုကြွေးရာဌာနဖြစ်ခြင်း တို့ ဖြစ်ပါ၏။

သုသာန်ဟူသည် ဖော်ပြပါအချက် များကြောင့် မည်သူမျှမသွားချင်သော မည်သူမျှမရောက်ချင်သော အနိဋ္ဌာရုံ နေရာဌာနတစ်ခုဖြစ်ပါသည်။ မလိုလား မနှစ်သက်အပ်သော နေရာဌာနတစ်ခု ဖြစ်ပါ၏။

ထို့အတူ မိမိသန္တာန်၌ သုသာန်၏ အပြစ်နှင့်တူသောအပြစ်များ တည်ရှိ ကိန်းအောင်းနေပါက ထိုသူကို သုသာန် နှင့်တူသောသူဟု ခေါ်ဆိုရမည် ဖြစ်၏။ အနည်းငယ်ချဲ့၍ပြောပြချင်ပါ၏။

၁။ သုသာန်သည် မစင်ကြယ် သောနေရာ၊ မသန့်ရှင်းသောနေရာဟု ဆို၏။ မှန်၏။ သုသာန်နယ်မြေသည် မြေထဲမှပေါ် ထွက်လာသောအရိုးများ၊ ဦးခေါင်းခွံများ၊ ပုပ်ပွနေသော အသားစ များ၊ ကူးစက်တတ်သောရောဂါပိုးများ၊ မသတီစရာစက်ဆုပ်ရွံရှာဖွယ်ရာမြင်ကွင်း တို့ဖြင့် မစင်ကြယ် မသန့်ရှင်းသည်မှာ အမှန်ပင်ဖြစ်ပါ၏။ ထို့အတူ လူသား တစ်ယောက်အနေဖြင့် မိမိသန္တာန်၌ မစင်ကြယ်သောကာယကံ၊ မစင်ကြယ် သောဝစီကံ၊ မစင်ကြယ်သော မနောကံ တို့နှင့် ပြည့်နှက်နေပါက ထိုသူသည် သုသာန်နှင့်တူသောသူ ဖြစ်ပါ၏။

ကိုယ်ပြုအလုပ် ကာယကံ

နှုတ်ပြောအသံ ဝစီကံ

စိတ်ထဲအကြံ မနောကံ

ပြန်လှန်ကောင်း၊ မကောင်း

ဟု ဆိုသည့်အတိုင်း ကိုယ်ကာယ ဖြင့် ပြုမူဆောင်ရွက်သောအလုပ်ကို ကာယကံဟုခေါ်၏။ နှုတ် (ပါးစပ်) ဖြင့် ပြောဆိုသောစကားသံကို ဝစီကံဟု ခေါ်၏။ စိတ်ထဲမှာတွေးနေသော အကြံ အစည်ကို မနောကံဟု ခေါ်၏။ ထိုကံ သုံးပါး စင်ကြယ်သန့်ရှင်းအပြစ်ကင်းမှု ရှိ၊ မရှိကို မကြာမကြာအပြန်အလှန် စစ်ဆေးကြရမည်ဖြစ်၏။ အပြစ်ကင်း၊ မကင်းကို မည်သည့်ပေတံဖြင့် တိုင်းတာ မည်နည်းဟုမေးခဲ့သော် -

၁။ မိမိ၏လုပ်ဆောင်ချက်သည် မိမိ ကို ကျေနပ်အားရစေမှု ရှိ၊ မရှိ။

၂။ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ၊ မရှိ။

၃။ လောကအပြစ်၊ ဓမ္မအပြစ်တို့နှင့် ငြိစွန်းမှုရှိ၊ မရှိ။

၄။ သေပြီးနောက် သုဂတိဘုံဘဝသို့ ရောက်နိုင်၊မရောက်နိုင် သို့မဟုတ် အသေဖြောင့်၊ မဖြောင့်ဟူသော ဓမ္မဥပဒေပေတံဖြင့် တိုင်းတာရ မည်ဟု မြတ်ဗုဒ္ဓက လမ်းညွှန် တော်မူခဲ့ပါ၏။

ထို့ကြောင့် မိမိ၌မစင်ကြယ်သော ကံသုံးပါး၊ မကောင်းသောအကျင့်၊ ယုတ်မာ သောအကျင့်၊ မဖွယ်မရာ မသမာသော အကျင့်၊ လိမ်ချင်ကောက်ချင်လှည့်ချင် ပတ်ချင် လူလည်ကျချင်သော စိတ်ယုတ် စိတ်ညံ့တို့ဖြင့် ညစ်ပတ်လိမ်းကျံနေပါ လျှင် မိမိသည် သုသာန်နှင့်တူနေပါပေါ့ လားဟု သတိပြုဆင်ခြင်ပြုပြင်ရမည်ဖြစ် ပါသည်။ မိမိသည် လောကအတွက် သုသာန်နှင့်တူသော အနိဋ္ဌာရုံမဖြစ်သင့်။

၂။ သုသာန်သည် အနံ့မကောင်း သောနယ်မြေဟု ဆို၏။ သုသာန်သည် ပုပ်ပွနေသောအလောင်းကောင်မှထွက် လာသောအနံ့၊ လူသေကောင်ကို မီးရှို့ ရာမှထွက်လာသောအနံ့တို့ဖြင့် လွန်စွာ အနံ့ဆိုးသောနေရာ ဖြစ်ပါ၏။

ထို့အတူ မိမိတို့၏ ပြုမူဆောင် ရွက်ချက်၊ ပြောဆိုဆက်ဆံမှု၊ အတွင်း စိတ်ဓာတ်တို့ ဆိုးရွားညံ့ဖျင်းသေးသိမ် ခြင်းကြောင့် မိမိကို ပတ်ဝန်းကျင်က အကောင်းမမြင်တော့လျှင်၊ မိမိကောင်း ကြောင်းမပြောတော့ဘဲ မိမိဆိုးကြောင်း၊ မိမိမှားကြောင်း၊ ပြောနေကြလျှင် မိမိ၏ ကောင်းသတင်းမထွက်ဘဲ ဆိုးသတင်း ထွက်နေပါလျှင် ထိုသူသည် သုသာန်နှင့် တူသောသူ ဖြစ်ပါ၏။

ထို့ကြောင့် မိမိ၏လုပ်ဆောင်ချက် နှင့်ပတ်သက်၍ ပတ်ဝန်းကျင်၌ မည်သို့ ဝေဖန်ပြောဆိုနေကြသည်ကို သတိပြုဖို့ လိုအပ်ပါ၏။ မိမိဘက်က အမှန်အတိုင်း ဆောင်ရွက်ပါလျက် မလိုသောစိတ်ဖြင့် အပြစ်မြင်နေသည်ကို ဂရုစိုက်နေရမည် ဟု ဆိုလိုသည်မဟုတ်ပါ။ မိမိလုပ်ဆောင် ချက်က ပတ်ဝန်းကျင်သို့ မည်သို့မည်ပုံ ရိုက်ခတ်မှု၊ သက်ရောက်မှုရှိသည်ကို ဆန်းစစ်ဖို့ကိုသာ ဆိုလိုပါ၏။

နေ့စဉ် အပြင်ထွက်လျှင် မိမိ၏ ချွေးနံ့ကိုယ်နံ့က ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်မည်စိုး၍ ထိုအနံ့ ဆိုးကို ရေမွှေး၊ ပေါင်ဒါ စသည်ဖြင့် ဖုံး ရသကဲ့သို့ပင် မိမိ၏ မှားယွင်းသော လုပ်ဆောင်ချက်ဟုဆိုအပ်သော ကံသုံး ပါးကြောင့် ပတ်ဝန်းကျင်၌ သတင်းဆိုး အနံ့ဆိုးထွက်နေပါလျှင် ထိုအနံ့ဆိုးကို လည်း မိမိကိုယ်တိုင်ပြန်လည်ပြုပြင်ခြင်း ဖြင့် မိမိ၏ကောင်းသတင်းများမွှေးပျံ့ လာအောင် ကြိုးစားရမည်ဖြစ်ပါ၏။ မိမိ ကိုယ်ကို အနံ့ဆိုးထွက်နေသော သုသာန် နှင့်တူသောသူမဖြစ်စေရန် သတိထား

ဆင်ခြင်ပြုပြင်ရမည် ဖြစ်ပါ၏။ ကိုယ်ရနံ့ မွှေးဖို့သာ အာရုံမစိုက်သင့်။ သီလရနံ့ မွှေးပျံ့ဖို့လည်း ကြိုးစားသင့်ပါ၏။

၃။ သုသာန်သည် ဘေးအန္တရာယ်များ၍ ကြောက်စရာကောင်းသော နယ်မြေဟုဆို၏။ ရှေးခေတ်သုသာန်တို့သည် ချုံထူထပ်သောနေရာ၊ လူသူကင်းမြတ်သောနေရာ၊ လူဆိုးသူခိုးများချုံခိုနေအောင်းရာနေရာ၊ တစ္ဆေသရဲများနေထိုင်ရာနေရာဖြစ်၍ လူကောင်းသူကောင်းတို့သည် ဘေးအန္တရာယ်နှင့်ကြုံရမည်ကိုကြောက်၍ အဝေးမှရှောင်ကွင်း၍ သွားကြ၏။ ထို့ကြောင့် သုသာန်သည် အထီးကျန်သောနေရာ ဖြစ်၏။ မတတ်သာ၍ဆက်ဆံရသောနေရာ ဖြစ်၏။

ထို့အတူ မိမိသည် ပတ်ဝန်းကျင်ကို ဒုက္ခပေးသောသူ၊ အနိုင်ကျင့်နှိပ်စက်သောသူ၊ ဂုဏ်သိက္ခာမဲ့အောင် အသရေဖျက်မည့်သူ၊ ကြောက်စရာကောင်းသူဖြစ်နေလျှင် မိမိကို ပတ်ဝန်းကျင်က ရှောင်ကြရှားကြဝိုင်းကြဉ်ကြမည် ဖြစ်ပါ၏။ မတတ်သာ၍ ဆက်ဆံကြရသည့်အနေအထားမျိုးသို့ရောက်နိုင်၏။ ထိုလူနှင့်ဆက်ဆံရမည့်အစား ကျားမြီးဆွဲလိုက်ချင်တော့သည်ဟုအပြောခံရမည့်အခြေအနေမျိုးသို့ ရောက်သွားနိုင်၏။ ရွံစရာလည်းကောင်း၊ ကြောက်စရာလည်းကောင်းသည့် ရွံကြောက်ကြီး ချေးဒုတ်ဟု အခေါ်ခံရမည့် အဖြစ်သို့ရောက်သွားနိုင်သည်။ ပြောဆိုဆက်ဆံချင်သူကင်းမဲ့၍ အထီးကျန်သွားနိုင်၏။ ထို့ကြောင့် မိမိကို အများက ချစ်ခင်လေးစား တန်ဖိုးထားလာအောင် အများ၏ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်ရန် အများနှင့်မကွဲမပြား တစ်သားတည်းဖြစ်အောင် ကြိုးစား၍ ကြောက်စရာကောင်းသော သုသာန်နှင့်တူသောသူတစ်ယောက်မဖြစ်စေရန် သတိပြုဆင်ခြင်ပြုပြင်ရမည်ဖြစ်ပါ၏။ မိမိသည် လောကအတွက် ကြောက်စရာကောင်းသူမဖြစ်စေရ။ ချစ်စရာကောင်းသူဖြစ်ရမည်ဟု ဆိုလိုပါ၏။

၄။ သုသာန်သည် ကြမ်းတမ်းသောသတ္တဝါများ၏နေရာဖြစ်၏ဟု ဆိုသည်။ သုသာန်၌ လူဆိုးသူခိုးများ၊ တစ္ဆေသရဲများနေထိုင်ကြ၏။ လူစိတ်မရှိသော သတ္တဝါတို့၏နေရာဟုဆိုလျှင်လည်းဆိုနိုင်၏။ ထိုနေရာ၌ မကောင်းသူများ [illegible] စုဝေးနေထိုင်ကြ၏။

ထို့အတူ မိမိသည် စိတ်ကောင်း နှလုံးကောင်းမရှိသူ၊ လိမ်ညာလှည့်ပတ်တတ်သူ၊ ကိုယ်ကျိုးရှာတတ်သူ၊ အတ္တကြီးသူဖြစ်ပါက မိမိနှင့်ပေါင်းသင်းဆက်ဆံနေသောသူတို့သည်လည်း မိမိလိုလူမျိုးချည်းသာ ဖြစ်တတ်၏။ ထို့ပြင် မိမိကကောင်းသော်လည်း မိမိနှင့်ဆက်ဆံနေသောသူများက လူကြမ်းကြီးများ၊ လူယုတ်မာများဖြစ်ခဲ့သော် မိမိ၏ဂုဏ်သိက္ခာကိုထိပါးနိုင်သည်သာ ဖြစ်၏။

ထို့ကြောင့် မြတ်ဗုဒ္ဓက အသေဝနာဝ ဗာလာနံ ဗာလပုဂ္ဂိုလ်တို့ကိုရှောင်ရမည်။ ပဏ္ဍိတာနဉ္စ သေဝနာ - ပဏ္ဍိတပုဂ္ဂိုလ်တို့ကို ဆည်းကပ် ပေါင်းသင်းရမည်ဟု ကြီးပွားမှုကိုလိုလားသောသူတို့အတွက် လူမှုဆက်ဆံရေးနှင့်ပတ်သက်၍ မှန်ကန်စွာ လမ်းညွှန်တော်မူခဲ့သည်ကို သတိမူရမည်ဖြစ်ပါ၏။

ငါးခုံမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ် ဟူသကဲ့သို့ မကောင်းသောပတ်ဝန်းကျင်ကြောင့် မိမိဘဝပါ ထိခိုက်နစ်နာတတ်သည်ကို သတိပြု၍ ပတ်ဝန်းကျင်သန့်ရှင်းရေးကိုလည်း ဂရုစိုက်သင့်ပါ၏။

မင်းပင်ကောင်းလျှင် မင်းမြှောင်ဖျက် ဟူသော ဆိုရိုးစကားကဲ့သို့ မင်းကကောင်းပါသော်လည်း မင်းမြှောင်များကဖျက်ဆီးကြသဖြင့် မင်းလည်းပျက်စီးကာ သုသာန်တစပြင်ကဲ့သို့ ဂုဏ်သိက္ခာမဲ့ရသည်ကိုလည်းကောင်း၊ သီပေါ ကောင်းလျက် စုဖုရားလတ် ဖျက်သဖြင့် မြန်မာပြည်ကြီးသည် ထီးသုဉ်းနန်းသုဉ်းမြို့သုဉ်း သုညသုဉ်းသုံးဝနှင့် သုဉ်းရတုံးလစ် သုညခေတ်သို့ရောက်ကာ သီပေါမင်း၏ဂုဏ်သိက္ခာလည်း ကျဆင်းရသည်ကိုလည်းကောင်း၊ သမ္မတကောင်းလျက် အကြံပေးများဖျက်ကြသဖြင့် သမ္မတလည်း နာမည်ပျက်ကာ ဂုဏ်သိက္ခာကျဆင်းရသည်ကိုလည်းကောင်း သတိပြုကြရမည် ဖြစ်ပါ၏။

သုသာန်သည် သုသာန်၌နေထိုင်သူတို့ကြောင့် ပို၍ပို၍ ဂုဏ်သိက္ခာမဲ့ရသကဲ့သို့ ထို့အတူ မိမိပေါင်းသင်းဆက်ဆံသောသူတို့ကြောင့် မိမိ၏ဂုဏ်သိက္ခာ ပို၍ပို၍ပျက်စီးတတ်သည်ကို သင်ခန်းစာယူ၍ သုသာန်နှင့်အတူသောသူမဖြစ်စေရန် သတိပြုဆင်ခြင်ပြုပြင်ရမည် ဖြစ်ပါ၏။

၅။ သုသာန်သည် လူအများငိုကြွေးရာဌာနဟု ဆိုပါ၏။ မှန်၏။ တစ်သက်လုံးမခွဲခွာလိုဘဲ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေသောသူတစ်ယောက် အကြောင်းတစ်ခုခုကြောင့် သေဆုံးသွားသောအခါ သုသာန်သို့ ပို့ဆောင်ရလေသည်။ ထိုသုသာန်၌ မြေမြှုပ်ခါနီး သို့မဟုတ် မီးသဂြိုဟ်ခါနီးဝယ် ကျန်ရစ်သူမိသားစုနှင့် အပေါင်းအသင်းရင်းနှီးခင်မင်သူများသည် သေသူအလောင်းကိုကြည့်၍ မခွဲနိုင်မခွာရက်ဖြစ်ကာ ရင်ဘတ်စည်တီး ရှိုက်ကြီးတငင် ပင်ပန်းဆင်းရဲစွာ ငိုကြွေးကြလေ၏။သုသာန်သည် အမှန်တကယ်စိတ်ပျက်စရာကောင်းသော၊ စိတ်နှလုံးကြေကွဲဝမ်းနည်းစရာကောင်းသောနေရာဌာနကြီး ဖြစ်ပါ၏။ သုသာန်ကိုမြင်လျှင် ငိုရဖို့သာပြင်လေတော့ဟု ဆိုရမလိုဖြစ်၏။

ထို့အတူ မိမိ၏ လောဘကြီးမှု၊ ဒေါသကြီးမှု၊ မောဟကြီးမှု၊ မမှန်ကန်သော လုပ်ဆောင်ချက်၊ ကြမ်းတမ်းရိုင်းစိုင်းသော အပြောအဆို၊ ပက်စက်သော အကြံအစည်တို့ကြောင့် မိမိနှင့်ဆက်ဆံသူ မိတ်ဆွေအပေါင်းအသင်း၊ မိဘ၊ ဆရာ၊ သားသမီး စသော တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်မှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်သွားရပါလျှင် မိမိကြောင့် တစ်စုံတစ်ယောက်စိတ်မဆင်းရဲရအောင်၊ မျက်ရည်မကျရအောင် သတိပြုဆင်ခြင်ထိန်းသိမ်းပြုပြင်သင့်ပါ၏။

သုသာန်သည် အလိုမရှိအပ်သော အရာဝတ္ထုအနိဋ္ဌာရုံတစ်ခုဖြစ်ပါ၏။

ထို့အတူ မိမိသည်လည်း သုသာန်နှင့်တူသောသူဖြစ်နေပါလျှင် ဆရာသခင်ဘုရားရှင်ကလည်း နှစ်သက်လိမ့်မည်မဟုတ်။ ပညာရှိသူတော်ကောင်းကြီးများကလည်း နှစ်သက်လိမ့်မည်မဟုတ်။ နတ်ကောင်းနတ်မြတ်များကလည်း ချစ်ခင်နှစ်သက်လိမ့်မည်မဟုတ်။ မိမိကိုယ်တိုင်သော်မှ မိမိကိုကျေနပ်နှစ်သက်လိမ့်မည်မဟုတ်။ ထိုအခါ မိမိသည် မည်သူကမျှ မလိုချင်သော၊ မည်သူကမျှ အလိုမရှိသော အနိဋ္ဌာရုံလူတန်းစားဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် သုသာန်သို့ ရောက်လေတိုင်း သို့မဟုတ် သုသာန်အကြောင်း၊ လူသေအကြောင်းဆက်စပ်စဉ်းစားမိလေတိုင်း သုသာန်နှင့်တူသောသူမဖြစ်စေရဟု ခိုင်မာစွာအဓိဋ္ဌာန်ပြု၍ သတိပြုဆင်ခြင်ပြုပြင်နေထိုင်သင့်ပါကြောင်း မေတ္တာများစွာဖြင့်တိုက်တွန်းလိုက်ပါ၏။

အရှင်သိရီဒတ္တာလင်္ကာရ
(ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ)

ဧရာဝတီမြစ်သည် လှပ၍ ကြွနေ့ရှိသော မိန်းမပျိုတစ်ဦးကဲ့သို့ ဆင်မယဉ်သာခြေလှမ်းဖြင့် စီးဆင်းနေရာမှ ထိုနေရာသို့ရောက်ခါနီးတွင် ရေစီးသည် ရှုတ်တရက်ကြမ်းလာသည်။ မိန်းမပျို ဒေါသဖြစ်၍ စိတ်ကောက်သွားသည် ထင့်။

မဲဇာချောင်းမှ စုန်ဆင်းလာသော ဝါးဖောင်ငယ်သည် လှေငယ်ရှင်၏ ထိန်းချုပ်မှုအောက်တွင် အငြိမ့်သား လိုက်ပါနေရာမှထိုနေရာသို့ရောက်သော အခါ ငြင်းဆန်လိုသော အရိပ်အယောင် ပြလာသည်။ လှေငယ်ရှင်သည် ဧရာဝတီမြစ်၏ လက်ယာဘက်ကမ်း မလည်ရွာကမ်းစပ်မှ ရွှေတောင်ဦးစေတီအား ဦးချကန်တော့နေသည်။ ထို့နောက် ဝါးဖောင်ပေါ် တက်၍ အင်ဖက်ကြီးခင်းပြီး မုန့်ဖြူ၊ မုန့်နီ၊ ထမင်းဦးပေါင်း၊ ငါးကြော်၊ ပန်းအဖြူအနီများတင်၍ မြစ်အရှေ့ဘက်ကမ်းရှိ သိမ်းတောင်ဘက်သို့ လှည့်ကာ ဦးချကန်တော့ပြန်သည်။

"သိမ်းတောင်ရှင်မခင်ဗျာ၊ ဧရာဝတီရေဇလာတစ်ကြောမှာ လုပ်ကိုင်စားသောက်နေသော မောင်ငယ်လေးက အစ်မတော်အား ဤစားသောက်ဖွယ်ရာများနှင့် လျှဒါန်းဆက်သပါသည်။ စားပါသောက်ပါ။ ကျွန်ုပ်ဝါးဖောင်အားလည်း စောင့်ရှောက်ပါ။ အန္တရာယ်ဝဲကြီးရဲ့ရန်မှလည်း လွတ်ကင်းရန် စောင်မကြည့်ရှုတော်မူပါ အစ်မတော်သိမ်းတောင်ရှင်မခင်ဗျား"

လှေငယ်ရှင်သည် မြစ်အရှေ့ဘက်ကမ်းအနီး တဝီဝီအသံကြီးပေး၍ လှည့်ပတ်ရစ်ဝဲသောသိမ်းတောင်ဝဲကြီးမှ လွတ်ရုံရှိသောမြစ်လယ်ရေလမ်းကြောင်းမှ ဝါးဖောင်အားထိန်း၍ လှေကိုလှော်ရင်း နှုတ်မှလည်း သိမ်းတောင်ရှင်မအား ပူဇော်ပသနေသည်။

သူ၏ ဝီရိယကြောင့် ဝါးဖောင်သည် စုပ်ဝဲကြီးမှလွတ်ကင်းခဲ့သည်လား။ သိမ်းတောင်ရှင်မ၏ သနားညှာတာမှုကြောင့် လွတ်ကင်းခဲ့သည်လားတော့ မသိပါ။ အလုံးငါးဆယ်ပါ ဝါးစည်းခြောက်ပျစ်၊ နှစ်ပြန်တွဲဝါးတစ်ပြန်ပါ ဝါးဖောင်သည် မြစ်လယ်ရေနက်ကြောင်းမှ ကန့်လန့်ကြီးစီးမျောရင်း ဝဲကြီးနှင့်လွတ်ရုံနေရာမှလွတ်ထွက်ပြီး သိမ်းတောင်အောက် ပေသောင်ရွာဘက်သို့ မျောလာတော့သည်။ လှေငယ်ရှင်သည် သိမ်းတောင်ဘက်သို့လှည့်ပြီး ဦးအကြိမ်ကြိမ်ချလျက်ရှိသည်ကို တွေ့နေရ၏။

❑

# သန့်ဇင်

## သိမ်းတောင်ရှင်မ





ထိုနေရာသည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း စစ်ကိုင်းတိုင်း ဒေသကြီး ထီးချိုင့်မြို့နယ် မလည်ရွာ ရွှေတောင်ဦးတောင်နှင့် မြစ်အရှေ့ဘက်ကမ်း မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်မြောက်ဘက် သိမ်းတောင် အကြားနေရာ ဖြစ်သည်။ မြစ်သည် ထိုနေရာသို့ရောက်သော် တောင်နှစ်လုံး အကြား ဖြတ်သန်းစီးရပြီး ရေဦးသည် သိမ်းတောင်သို့တိုးဝင်ရာ တောင်ခြေကမ်းစပ်မှ ကျောက်စွန်းကြီးနှင့်တိုက်ပြီး ရေစီးအားကြောင့် တောင်အောက်ခြေတွင် ကလိုင်ကြီးဖြစ်ရာမှ မြစ်ပြင်အရှေ့ဘက်ကမ်းတွင် စုပ်ဝဲကြီးဖြစ်ပေါ်လာပါတော့သည်။ ထိုနေရာတွင် ဧရာဝတီသည် ပေတစ်ထောင်ကျော်ရှိလေးသာ ကျယ်ပြီး ရေလမ်းကြောင်းမှာ အလယ်ကြောတွင် ပေခြောက်ရာခန့်သာရှိသည်။ ဝဲလှည့်နေသော သိမ်းတောင်စုပ်ဝဲကြီးက ပေသုံးရာခန့်အချင်းရှိပြီး ရေစီးမှုရစ်ပတ်လည်နေပြီး အသံတဟဲဟဲမြည်နေ၏။ တော်ရုံ လှေ၊ မော်တော်ငယ်များနှင့် သစ်ဖောင်၊ ဝါးဖောင်များ ထိုဝဲထဲသို့ဝင်သွားလျှင်လွတ်ရိုးမရှိပါ။ ယုံကြည်သူများက မြစ်အနောက်ဘက် စည်းတိမ်နှင့် လွတ်ရုံ ဝဲနှင့်လည်းလွတ်သည့် မြစ်လယ် မကျတကျ အနောက်ယွန်းယွန်းမှ ဖြတ်သန်းသွားလာမျှောပါကြရင်း သိမ်းတောင်ရှင်မအား ဦးတိုက်ကြသည်။ စက်အားကောင်းသော ဆီတင်သည့် ကုမ္ပဏီသင်္ဘောကြီးများ၊ သစ်လုံးတင်သည့်ဇက်သင်္ဘောကြီးများကတော့ သိမ်းတောင်ဝဲကြီးအစပ် ရေနက်ပိုင်းမှ စက်ကုန်တင်၍ ဖြတ်မောင်းကြသည်။ မြင်းကောင်ရေ တစ်ထောင်ကျော်သည့် စက်အင်အားကိုတော့ သိမ်းတောင်ရှင်မသည် မနိုင်၍လားမသိ၊ မသိကျိုးကျွန်ပြုနေပါတော့၏။ ဒေသခံများပြောပြသည်မှာ ထိုဝဲကြီး အောက်ကလိုင်ထဲတွင် ကျွန်းသစ်အလုံးပေါင်းတစ်ထောင်ကျော်ခန့် နစ်မြုပ်နေသည်ဟု ဆိုပါသည်။ တစ်ခါတစ်ရံ လှေနှင့်အတူ လူသည် စုပ်ဝဲအတွင်းပါသွားပြီး သေကံမကြုံ၍ ကလိုင်အတွင်းမှ မှုတ်ထုတ်ခြင်းခံရကာ ပေသောင်ရွာကမ်းစပ် ကျယ်ပြန့်သော သဲသောင်မှာ မေ့မြော၍တင်နေခဲ့သည်လည်းရှိခဲ့ဖူးပါသည်။

မြစ်ဧရာနဒီသည် တငြိမ့်ငြိမ့်စီးဆင်းနေသော်လည်း တချို့နေရာများတွင် ကြောက်စရာကောင်းသော အန္တရာယ်ပေးနိုင်သည့် စည်းတိမ်၊ သောင်တိမ်၊ ကျောက်တန်းတံစူး၊ သစ်ငုတ်တံစူး၊ ဝဲများ၊ ရေကြောင်းကြပ်များရှိနေလေသည်။

မြစ်ကမ်းနဖူးသဲသောင်အစပ်တွင် ရေဘဲ၊ တောဘဲ၊ မယ်ညို၊ စစ္စလီငှက်၊ ကြိုးကြာများက အစာကောက်နေကြသည်။ ဟသ်ာငှက်တစ်အုပ်ကညင်းသွဲ့သွဲ့ မြောက်လေစီးမှာ နိမ့်ချည်မြင့်ချည်ပျံသန်းနေကြသည်။ မြစ်အနောက်ဘက် ဖက်ဆွတ်တောင်ရိုးမှာ နေလုံးကြီးသည် မေးတင်၍ မြစ်တွေးငှက်များအား ငေးစိုက်ကြည့်နေပါသည်။ လှေငယ်တစ်စီးကတော့ စောင်ကြားကိုရွက်ထူ၍ တောင်ဘက်သို့ ရေအား၊ လေအားဖြင့်တရိပ်ရိပ် မျှောနေလေသည်။

❑

အင်းရွာသည် ဧရာဝတီနှင့် ရွှေလီမြစ်ဆုံတွင်တည်ရှိ၏။ ရွှေလီ၏ဝဲယာရှိ နမ့်မောသစ်တောကြီးဝိုင်းမှာ ကျွန်းတောဝါးတောကြီးများဖြင့် နေပြောက်မထိုးအောင် ထူထပ်လွန်းလှသည်။ ကျွန်း၊ တမလန်း၊ ပျဉ်းကတိုး၊ ဒိုဒူး၊ မျောက်ချော၊ နှော့ပင်ကြီးများနှင့် တင်းဝါးတောကြီးများက စိမ်းညို့နေ၍ ရှေးပဒေသရာဇ်ခေတ်၊ အင်္ဂလိပ်ကိုလိုနီခေတ်၊ ဖဆပလ၊ မဆလခေတ်တိုင်အောင် ခုတ်လို့မနိုင်ရှိခဲ့သည်။

ရွာလယ်ရှိ ဝါးကုန်သည်ကြီး ဦးလှကြိုင်၏အိမ်တွင် တောတက်မည့်သူများစုဝေးနေကြ၏။ အဖွဲ့ခေါင်းဆောင် ဦးချစ်ဖူးသည် လိုက်ပါမည့်လှည်းများလူများကိုစစ်နေသည်။ နွားလှည်းဆယ်စီးခန့်နှင့် ဝါးခုတ်မည့်လူနှစ်ဆယ်ခန့်သည် ဆန်၊ ဆီ၊ ရိက္ခာ၊ ကိရိယာတန်ဆာပလာတို့အား လှည်းပေါ်သို့ တင်နေကြသည်။

"ကံကြီးမောင်မလာသေးဘူးလား"

ဦးချစ်ဖူးက အော်မေးနေသည်။

"ရွာတောင်ကအရက်ဆိုင်မှာရှိမှာပေါ့"

တစ်ယောက်က နွားများအား အစာကျွေး ရေတိုက်နေရင်း ဖြေသည်။ ကံကြီးမောင်ကြောင့် စိတ်ညစ်ရသည်မှာ အခါခါရှိပြီ။ အရက်မသောက်ပါနှင့်ဆိုလည်း ပြောစကားနားမထောင်။ ခရီးသွားနေစဉ် အချိန်မရွေးပေါ်လာနိုင်သည်။ အန္တရာယ်ကြောင့် အားလုံးက ဝီရိယထားနေကြစဉ် ဒီကောင်က အရက်လေးတမြမြ၊ တူဝမ်းကွဲကလည်းဖြစ်နေ၊ မိဘမရှိတော့၍ သနားသဖြင့် အလိုလိုက်ထားရာမှ ကံကြီးမောင်သည် အလုပ်ပင်ပန်းသည်ကို အကြောင်းပြ၍ အရက်သောက်ရာမှ အရက်သမားတစ်ပိုင်းဖြစ်နေလေ၏။ သို့သော်လည်း ဦးချစ်ဖူးမပြောသာသည့်အကြောင်းတွေကလည်းရှိနေခဲ့၏။ ရွှေလီမြစ်ရိုးတစ်လျှောက် ရွဲသမားများတွင် ကံကြီးမောင်ကို မီသူမရှိ။ မြစ်ရေထဲတွင် တစ်နေကုန်ကျွဲလိုစိမ်၍ ရွဲထိုးရသဖြင့် မည်မျှပင်ပန်းပါစေ ကံကြီးမောင်ကမမှု။ ရွှေလီမြစ်ရိုးတစ်လျှောက်စုန်ကြသော ဝါးဖောင်များတွင် ရွဲသမားသည် အသက်ဖြစ်လေသည်။ ရွဲသမားကောင်းမှ လိုရာဧရာဝတီမြစ်ဆုံသို့ရောက်သည်။ ထိုမှတစ်ဖန် မြစ်ဆုံမှာ ဝါးဖောင်များထပ်တိုးပြီး ဧရာဝတီမြစ်တစ်လျှောက် စုန်ဆင်း၍ မန္တလေးရွှေကြက်ယက်ဆိပ်ကမ်းအရောက် လမ်းခရီးတွင်လည်း ရွဲသမားသည် အရေးကြီးပြန်လေသည်။ ကံကြီးမောင်သည် မိုးထဲရေထဲ သေရေးရှင်ရေးဖြစ်လာ၍ အမေကယ်ပါ၊ အဖေကယ်ပါ တရသော အခြေအနေမျိုးတွင် အလွန်အားကိုးရသူဖြစ်၍ ဦးချစ်ဖူးတစ်ယောက် မသိမမြင်ချင်ယောင်ဆောင်နေရခြင်းဖြစ်သည်။ ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ ဟူသောစကားမှာ ဆေးပညာတိုးတက်လာသော ယနေ့ခေတ်၌ မိန်းမများအတွက် မီးဖွားခြင်းသည် ဘေးအန္တရာယ်မရှိလှတော့သော်လည်း မြစ်ဧရာကြောမှာ ဖောင်ဖြင့်စုန်နေကြရသော ဖောင်သမားများအတွက် အန္တရာယ်သည် ယနေ့တိုင်ရှိနေဆဲပါလား။

❑

ဖေဖော်ဝါရီလသည် အအေးဓာတ်မဆုတ်သေးဘဲ နံနက်ခင်းသည် ကျလာသောနှင်းတို့ကြောင့် နေရောင်မထိုးနိုင်အောင်ရှိလှသည်။ ရွှေလီ၏ အအေးဓာတ်သည် ခိုက်ခိုက်တုန်အောင် အရိုးကွဲမတတ်အေးလှ၏။

ဦးချစ်ဖူးဦးဆောင်သည့် ဝါးခုတ်သမားတစ်စုသည် ရွှေလီမြစ်အရှေ့ဘက် နမ့်မောကြိုးဝိုင်းအတွင်း ဆယ်မိုင်ခန့်သို့ ရောက်နေကြသည်။ သူတို့ဝါးခုတ်သမားများသည် ကျွန်း၊ ပိတောက်၊ အင်၊ ကညင်၊ တမလန်၊ သစ်များအား စိတ်မဝင်စားကြပါ။ သူတို့စိတ်ဝင်စားနေကြသည်က တင်းဝါးရုံကြီးများဖြစ်သည်။ ရွှေလီမြစ်ရိုးရှိ သစ်တောကြီးများတွင် အခြားဝါးမျိုးတွေသိပ်မထွက်။ တင်းဝါးဆိုက်စုံတွေကတော့ တောထနေသည်။ ဒီရာသီသည် ဝါးများအရွက်ခြွေသည့်

ကာလဖြစ်၍ တောထဲတွင် ဝါးရွက်များက ဒူးဆစ်မြုပ်မတတ်ရှိနေသည်။ ဝါးဖက်များကလည်း ဝါးရွက်များနှင့်အပြိုင် ပြန့်ကျဲလျက်။ စိမ့်ရှိသောနေရာများ၌ ချုံနွယ်များနှင့် တောငှက်ပျောပင်များက အုပ်ဆိုင်း၍နေသည်။ ချေ၊ ဒရယ်၊ ဝိုင်း၊ ဆတ်၊ တောဝက်များသည် ထိုတောစုများကြားထဲတွင် ဝပ်ကျင်းဝပ်၍ပုန်းခိုနေကြသည်။ တောထဲတွင် သစ်လုပ်ငန်းမှ သစ်တိုက်လမ်းများရှိသည်။

သစ်တိုက်လမ်းနှင့် မနီးမဝေး ရေထွက်စမ်းအနီး သူတို့စခန်းချရသည်။ ဝါးတဲရှည်ကြီးတစ်လုံး အမြန်ဆောက်၍ နွားများအတွက်နေရာအဖြစ် မြေပြောင်တစ်ခုရှင်းရသေးသည်။ သစ်ကိုင်းခြောက်များအား ထင်းခုတ်သည့်သူ၊ ထမင်းဟင်းချက်မည့်နေရာပြင်သူ၊ ဒူးလေးလွယ်ပြီး ဟင်းစားရှာသူ၊ နွားများအား ကောက်ရိုးနှင့်ရေစပ်ပြီး အစာကျွေးနေသူများဖြင့် ဝါးခုတ်စခန်းသည် သက်ဝင်လှုပ်ရှားနေ၏။ သူတို့ ဒီတစ်ခေါက်တောတက်လာသည်မှာ တင်းဝါးနှစ်သောင်းခန့်ရမှုဖြစ်သည်။ ဒါဆိုလျှင် ရွှေလီမြစ်ဆိပ်မှာပုံထားသည့်ဝါးများနှင့်ပေါင်းပါက ဝါးလုံးရေ တစ်သိန်းခန့်ရှိပြီ ဖြစ်သည်။ သို့ဆိုလျှင် ဧရာဝတီမြစ်သို့ခုန်လို့ရ၏။ ဦးချစ်ဖူးလို ဝါးကုန်သည်တစ်ယောက်အဖို့ စရိတ်ကျေ၍ အမြတ်ကျန်နိုင်ပါသည်။ ဝါးနည်းနည်းဖြင့်စုန်ဆင်းပါက လမ်းကြေး၊ ဆွဲမော်တော်ဖိုးနှင့် နောက်ဆုံးတော့ ကိုယ့်အတွက် ဘာမှကျန်မည်မဟုတ်။ သည်ကြားထဲ ငါးအိုးတံတား၊ မလည်တံတား၊ စဉ့်ကူးတံတားများအား ဝါးဖောင်နှင့်သွားဆောင့်မိလျှင် လျော်ကြေးပေးရသည်နှင့် ဘဝပျက်သွားနိုင်ပါသည်။

ကံကြီးမောင်တစ်ယောက် တဲရှေ့မြေပြင်မှာထိုင်ချပြီး ဓားသွေးကျောက်တစ်လုံးဖြင့် ဝါးခုတ်ဓားများအား တစ်ချောင်းပြီးတစ်ချောင်းသွေးနေသည်။

"ဓားကိုဖျက် ဝါးမျက် ဆိုတာ ငါသွေးတဲ့ဓားနဲ့တွေ့ရင် ဝါးမျက်သေဘာဘာသောမရှောင်ဘူး။ တိခနဲပြတ်ကျသွားစေရမယ်"

တောတက်သမားတွေက ကံကြီးမောင်အား ချီးမွမ်းသလိုလိုဖြင့် မြှောက်ပေးကြသည်။ ဒါမှ သူတို့တွေဓားမသွေးရမည်မဟုတ်ပါလား။

❑

အောင်ကြီးနှင့် မောင်ကြိုင် ဆရာတပည့်နှစ်ယောက် တောနက်ထဲသို့ တိုးဝင်ခဲ့ကြသည်။ ရွှေလီသစ်တောကြိုးဝိုင်းများသည် တောင်မမြင့်သော်လည်း အင်တိုင်းကုန်းများ၊ လျှိုကမ်းပါးများ၊ စိမ့်မြေပေါ်ပြီး တောထူ၏။ သစ်ကြီးဝါးကြီးလွှမ်းစွာပေါက်သည်။ အင်္ဂလိပ်ခေတ်က အချင်းဆယ်ပေရှိ ဧရာမကျွန်းသစ်လုံးကြီးအား ဆင်ကြီးနှစ်ကောင်ဖြင့် မြစ်ဆုံအင်းရွာအထိဆွဲချလာခဲ့ဖူးသည်။ အင်္ဂလိပ်အစိုးရသည် ရွှေလီသစ်တော၏ ကျွန်းအထွက်ကောင်းမှုကို တအံ့တသြဖြစ်ခဲ့ရသည်။ ကျွန်းပင်တစ်ပင်တည်းမှ ကျွန်းတန်ချိန် နှစ်ဆယ်ခန့်ရ၍ ရွှေလီသစ်တောအား နှစ်သုံးဆယ်တစ်ကွက် ခုတ်နှုန်းဖြင့် ဖြည်းဖြည်းချင်းခုတ်ယူတာတောင် ရွှေလီကြိုးဝိုင်းသည် ဆုတ်ယုတ်သွားခြင်းမရှိခဲ့ပါပေ။

အောင်ကြီးသည် တောအုပ်အလယ်မှာ အသီးတွေဝေဆာနေသော အပင်ကြီးတစ်ပင်အောက်မှာရပ်လိုက်သည်။

"မြားဆိပ်ပင်ထဲမှာ ဒီလိုအပင်မျိုးက ရိုးကျပင်လို့ခေါ်တယ်။ သူ့လိုမျိုး မြားဆိပ်အပင်တွေလည်းရှိသေးတယ်။ ဒါပေမယ့် အဲဒါတွေက အသီးကိုစားရင် တခြားဝေးဝေးရောက်မှ သတ္တဝါကသေတယ်။ ဒီလိုမျိုး ရိုးကျပင်ကျတော့ စားပြီးတာနဲ့ ဒီအပင်အောက်မှာပဲ တုံးခနဲလဲသေတာ။ အဆိပ်ကအရမ်းပြင်းတယ်"

မောင်ကြိုင်က ဆရာပြောသမျှကို မှတ်သားပြီး ရိုးကျပင်ကြီးကိုမှတ်မိစေရန် သေချာစွာလေ့လာနေသည်။အောင်ကြီးသည် ပင်စည်အား သေချာစွာထစ်ပြီး စို့ရိုက်၍ ဝါးကျည်တောက်လေးအား ချိတ်လိုက်သည်။ အဆိပ်စေးများက ပင်စည်မှ တစိမ့်စိမ့်ထွက်ပြီး ဝါးကျည်တောက်ထဲသို့ တတောက်တောက်ကျနေသည်။ အောင်ကြီးက သူ့ကျောမှာ လွယ်ထားသော မြားတံဘူးထဲမှ မြားတံလေး၊ ငါးချောင်းခန့် ထုတ်လိုက်ပြီး ဝါးကျည်တောက်ထဲသို့ထည့်လိုက်သည်။ သစ်ပင်ရိပ်တွင် တိရစ္ဆာန်အသေအချို့၏အရိုးများကို တွေ့ရသည်။ တိရစ္ဆာန်များကလည်း သဘာဝကပေးသောအသိအရ ထိုအပင်အနားသို့ မလာကြတော့ပါ။ ထို့ကြောင့် အသီးများဝေနေပြီး မြေပြင်မှာကြွေကျနေသည်မှာ ဖွေးဖွေးလှုပ်ဖြစ်နေသည်။ စား၍ရလို့ကတော့ တောဝက်တွေ အုပ်လိုက်ရောက်နေမှာသေချာ၏။

မောင်ကြိုင်က ဆရာအောင်ကြီး၏ဒူးလေးကြီးအား စိတ်ဝင်တစားကြည့်နေသည်။ လူငယ်လေးတစ်ဦးဖြစ်သည့် မောင်ကြိုင်သည် တောအတွေ့အကြုံဘာမှမရှိပါ။ သူ့မိခင်ကြီးအတွက် ဆေးဖိုးဝါးခလိုနေ၍ ဝါးခုတ်လိုက်ပါရစေဟု တောင်းပန်သဖြင့် ဦးချစ်ဖူး ခွင့်ပြုချက်ဖြင့် အောင်ကြီးခေါ်လာခြင်းဖြစ်သည်။

"ဆရာ့ဒူးလေးကြီးက အကြီးကြီးပဲနော်။ ပစ်ရင် အဝေးကြီးရောက်လား"

"ကျွန်းပင်ဟိုးထိပ်ဖျားမှာနားနေတဲ့ ငှက်ကိုတောင်ပစ်ချလို့ရတယ်ကွ"

"ဆရာ၊ ဒီဒူးလေးကြီးကို ဘာသားနဲ့လုပ်ထားတာလဲဟင်။ တူမီးဘာလို့မကိုင်တာလဲ"

"အစိုးရက တူမီးတွေ၊ အမဲပစ်ရိုင်ဖယ်တွေ အကုန်သိမ်းသွားပြီလေ။ ဒါပေမယ့် တို့လို တောကြီးထဲဝင်နေတဲ့ မုဆိုးတွေက မကိုင်လို့မဖြစ်တော့ တူမီးလောက်ကတော့ ခိုးကိုင်ရတာပေါ့။ ဝါးခုတ်ရင်းနဲ့ တောထဲလာရင်တော့ ဒူးလေးပဲကိုင်တယ်ကွာ။ ဒူးလေးရဲ့ ကိုယ်ထည်ကို ဘာသစ်သားနဲ့လုပ်လုပ်ပါ။ ငါကတော့ ကျွန်းအနှစ်သားနဲ့ပဲလုပ်တယ်။ ကိုင်ရတာပေါ့လို့။ ကိုင်းကိုတော့ ပဒဲကြယ်အပင်ကကိုင်းနဲ့လုပ်တယ်။ ပဒဲကြယ်သားက ကွေးညွှတ်အားကောင်းတယ်ကွ။ ဒူးလေးကြိုးက လျှော်ဖြူပင်က လျှော်ကိုခွာပြီးကျစ်ယူတယ်။ ဒီမှာ မြားတံကိုကြည့်"

မောင်ကြိုင်သည် မြားတံအား သူ့လက်အတောင်ဖြင့် တိုင်းကြည့်နေသည်။ တစ်တောင်ကျော်ခန့်ရှိသည့် မြားတံသည် ထိပ်မှာချွန်မြနေပြီး မြားဖင်မှာ ဒလက်ကလေးတပ်ထားသည်။

"ဆရာ၊ ဒလက်က စက္ကူလည်း မဟုတ်ဘူး"

"အဲဒါက ကျွန်းပင်ကအခေါက်ကို ခွာ၊ အသားနဲ့အခေါက်ကြားမှာ လျှော်ရှိတယ်။ အဲဒီလျှော်ပြားကိုသုံးထားတာ"

သူတို့စကားပြောနေစဉ် တကျွိကျွိ အသံများကြားရသဖြင့် အောင်ကြီးက တောအုပ်အတွင်းသို့ မော့ကြည့်လိုက်သည်။မျောက်ညိုတစ်အုပ်သည် ကညင်ပင်ထိပ်ဖျား၌တွဲလဲခို၍ သူတို့အားကြည့်ရင်း တကျွိကျွိအသံပေး၍ သူတို့ဘာသာဘာဝစကားပြောနေကြသည်။

အောင်ကြီးသည် ဒူးလေးကြီးအား မြေမှာထောက်လိုက်ပြီး ခြေဖြင့်ကန်၍ မောင်းကြိုးအား ဆွဲတင်လိုက်သည်။ မြားတံတစ်ချောင်းထည့်၍ မြင့်မားလှသော ကညင်ပင်ကြီးထိပ်ရှိ မျောက်အုပ်ရှိရာသို့ ချိန်လိုက်သည်။

"ဒေါင်"

ဒေါင်ခနဲမြည်သံ၊ ဝှီးခနဲ မြားတံတိုးထွက်သွားသံနှင့်အတူ မျောက်ညိုကြီးတစ်ကောင်သည် မြားတံတန်းလန်းဖြင့် မြေပေါ်သို့ပြုတ်ကျလာသည်။ မျောက်များက ကညင်ပင်ကြီးမှ အခြားအပင်များပေါ်သို့ ခုန်ကူးကြရင်း အော်ဟစ်ဆူညံနေကြသည်။

"ဒီညစာက တောမျောက်သားဟင်းပေါ့ကွာ"

❑

အင်တိုင်းကုန်းလျှော၌ တင်းဝါးများသည် ထူထပ်စွာပေါက်နေကြသည်။ ဝါးရုံကြီးတွေကြား၌ ချုံနွယ်တွေကလည်း တောထနေ၏။ အင်ပင်ကျွန်းပင်ကြီးတွေက ဟိုသည်တစ်ပင်စီပေါက်၍ မိုးကိုမျှော်နေကြသည်။ အောင်ကြီးက သူ့တပည့်မောင်ကြိုင်အား ဝါးခုတ်နည်းကိုလက်ထပ်သင်ပေးနေသည်။ အဘယ့်ကြောင့်ဆိုသော် အောင်ကြီးသည် တင်းဝါးရုံကြီးတစ်ခုအား ဝါးခုတ်ဓားဖြင့် အောက်ခြေမှသိမ်းခုတ်နေ၏။ သို့သော် အပင်လေး၊ ငါးဆယ်ခန့် ဝါးရုံကြီးတွင် အောက်ခြေ၌ရှုပ်ထွေးနေပြီး ခုတ်ပိုင်းပြီးပြတ်သွားသည့်ဝါးသည် အပေါ်တွင် ကိုင်းများဖြင့်ငြိနေ၍ ဘယ်လိုမှဆွဲထုတ်၍မရပါ။ အောင်ကြီး ခြေစုံကန်ပြီးဆွဲထုတ်သော်လည်း ခုတ်ပြီးသားဝါးပင်မှာ အပြင်သို့ထွက်မလာခဲ့။

"မင်းက ဝါးမှမခုတ်တတ်တာ။ ငါးခုတ်တယ်ဆိုတာ ဓားနဲ့ပိုင်းရုံနဲ့ရတယ်လို့ ထင်ထားရင် မှသေချင်းဆိုးနဲ့သေတတ်တယ်။ မင်းကိုငါပြမယ်။ သေသေချာချာကြည့်"

အောင်ကြီးသည် ခုတ်မည့်တင်းဝါးတစ်ပင်ရှေ့ ခပ်စွေစွေမှနေရာယူလိုက်ပြီး လူရင်စို့ခန့်မှ အောက်သို့စွေပြီးပိုင်းချလိုက်ပါသည်။ ပြတ်သွားသောဝါးသည် အပေါ်ရုံဝိတ်ကြောင့် ‌ဝေါခနဲမြည်ပြီး ရှေ့သို့စိုက်ကျ၍ မြေကြီး၌စိုက်ဝင်သွားပါသည်။

"တွေ့လား၊ ဝါးပင်ရှေ့မှာလူရပ်ပြီး ခုတ်ရင် ပြတ်သွားတဲ့ဝါးက ရင်ဝတည့်တည့်စိုက်ပြီး အသေဆိုးနဲ့သေသွားလိမ့်မယ်။ ဝါးခုတ်ရင်း ရင်ဝတည့်တည့်ဝါးထိုးမိလို့သေတဲ့မုဆိုးတွေ မနည်းဘူး။ သတိထား"

မောင်ကြိုင် နည်းနည်းလန့်သွားသည်။ သူထင်ထားတာက ဝါးရုံကို ဓားနှင့်ပိုင်းပြီး ဝါးတွေဆွဲထုတ်လျှင်ရမည်ဟု



လွယ်လွယ်ထင်ထားခဲ့သည်။ တကယ်တော့ သစ်ခုတ်၊ ဝါးခုတ်ခြင်းသည် ထင်သလောက် မလွယ်ပါလား။

ဆရာအောင်ကြီးသင်ပြပေးသဖြင့် စမ်းပြီးခုတ်ရာမှ တဖြည်းဖြည်းကျွမ်းကျင်လာပါသည်။ ဝါးတစ်လုံးခုတ်ပြီး လှည်းဆိပ်အရောက်စုပုံပေးလျှင် တစ်လုံးငါးဆယ်ရမည်ဆိုတော့လည်း ကြိုးစား၍ခုတ်လေ၏။ သူတို့အုပ်စု တစ်နေ့လျှင် လှည်းနှစ်စီးတိုက် ဝါးလုံးရေနှစ်ထောင်ခန့်ရအောင်ခုတ်ကြ၏။

"ကံကြီးမောင်ရေ နေမွန်းတည့်ပြီ။ အားလုံးကို ထမင်းစားဖို့နားကြတော့လို့ ပြောလိုက်"

"ဟုတ်ကဲ့ အဘ၊ တို့လူတွေနားကြမယ်ဟေ့"

နွားစာကျွေး၊ ထမင်းချက်သည့် ကိုလူကလေးက ထမင်းအိုး၊ ဟင်းအိုးများအား သစ်ပင်ရိပ်သို့သယ်လာသည်။ တောဟင်းချိုရွက်အရည်သောက်၊ ငါးပိငရုတ်သီးစိမ်းထောင်း၊ ချောင်းထဲမှ ငါးလေးများအား ငရုတ်သီးမညက်တညက်ထောင်း၍ အရည်သောက်ဟင်းချက်သည်။ ဝါးခုတ်သမားများအားထမင်းမြိန်စေပါသည်။ သစ်ပင်ကြီးများထက်မှ ရှဉ့်များ၏တကွစ်ကွစ်မြည်သံ၊ ကျေးငှက်လေးများ၏ တေးသီချင်းသံသည် ရွှေလီသစ်တောကြိုးဝိုင်းကြီးအား အလှဆင်နေပါသည်။

❑

ကံကြီးမောင်တစ်ယောက် သူ့ပစ္စည်းတွေနှင့် အလုပ်ရှုပ်နေသည်။ လှည်းကြမ်းခင်းအောက်မှနေ၍ တူမီးတစ်လက်ဝှက်ပြီးယူလာခဲ့သည်။ ယခုသူသည် လုပ်သေနတ်ကျည်ဆန်လုပ်နေခြင်းဖြစ်သည်။ သုံးမတ်အရွယ် ပလတ်စတစ်ပိုက်အား တစ်လက်မခွဲခန့်ဖြတ်ပြီး ဖင်ပိတ်၍ ကျွန်းသားမီးသွေးမှုန့်၊ ကန့်မှုန့်၊ ယမ်းမှုန့်များစပ်ပြီးထည့်နေသည်။ အစပ်မတော်လျှင် သေနတ်ပြောင်းထဲမှာပင်ကွဲထွက်၍ သေနတ်ပစ်သူအား ဒုက္ခပေးလိမ့်မည်။ သူတို့ဒေသသားများသည် လုပ်သေနတ်ကျည်ဆန်အား ကိုယ်တိုင်လုပ်ကြသည်။ တောဘဲတွေ အုပ်လိုက်ပျံနေကြသည်ကိုတွေ့ရသဖြင့် ကံကြီးမောင်လက်ယားနေပြီ ဖြစ်သည်။ ဖင်ပိတ်မှာ တွတ်ပီရိုက်သည့်နေရာ၌ ယမ်းကတ်လေးတွေတစ်ခုချင်းဖြတ်ပြီး ကော်နှင့်ကပ်သည်။ ယမ်းစပ်၍ အနေတော်ထည့်ပြီးသော် စက်ဘီးဘောစ်လေးများအား ရှစ်လုံးခန့်ထိပ်မှာထည့်ပြီး စက္ကူတိပ်ဖြင့်ပိတ်လိုက်သည်။ လုပ်သေနတ်တူမီးသည် အမဲကြီးပစ်မည်ဆိုလျှင် ခဲသီးသို့မဟုတ် ဘောစေ့အကြီးထည့်ရပြီး ယမ်းစပ်ပြင်းရသည်။ လုပ်သေနတ်ဆိုပြီး အထင်သေး၍မရပါ။ တောရုံအမဲကြီးများ တစ်ချက်ထိရုံနှင့်ပွင့်ထွက်သွားသည်အထိ ပစ်အားကောင်းသောသေနတ်များ ဖြစ်သည်။ ယခင်ကကဲ့သို့ ခဲစေ့ယမ်း များနှင့်မတူတော့။ တရုတ်ပြည်မှလာသောယမ်းများသည် အလွန်ပြင်း၍ စက်တွေမှာသုံးသော ဘောဘယ်ရင်အပျက်တွေမှ ဘောစေ့တွေကလည်းပေါသဖြင့် အမဲလိုက်သူများ အဆင်ပြေနေကြသည်။

"အောင်ကြီးရေ၊ မင်းဒူးဂလေးကြီးကိုခဏသိမ်းထားကွာ။ မင်းမြားဆိပ်တွေကိုကြောက်လွန်းလို့ပါ"

"အောင်မာ - ကံကြီးမောင်ရယ်၊ မင်းသေနတ်ကလည်း တစ်ချက်တည်းနဲ့ ပွင့်ထွက်သွားမယ့်သေနတ်ပါကွာ။ ဗေ...ကောင် ညနေစာကို တောဘဲသားဆီပြန်လေးနဲ့စားချင်တယ်ကွာ"

"စိတ်ချ ဘဲအုပ်ထဲကို တစ်ချက်ပစ်ရုံနဲ့ သုံး၊ လေးကောင်တော့ အသာလေးပဲ။ ကိုလူကလေးကို ငရုတ်သီးမညက်တညက် သာထောင်းခိုင်းထား... ကိုလူကလေး မဆလာပါတယ်မဟုတ်လား"

"ပါတယ်ဆရာရေ။ ဘဲသားဆီပြန်... ချက်အရက်မီးတောက်နဲ့ဆိုရင် ညနေ... ခင်းကတော့ လှပြီဟေ့"

ဦးချစ်ဖူး သူတို့အုပ်စုအားကြည့်... ဘာမှဝင်မပြောပါ။ အလုပ်ကပင်ပန်း... အလုပ်သိမ်းသောအခါ သောက်ကြ... ကြမည် ဖြစ်သည်။ တစ်ယောက်... တစ်ယောက် စကားများရန်ဖြစ်မှာ... တော့ သူမလိုလားပေ။ ရန်ဖြစ်ခဲ့... ဝါးခုတ်ဓားတွေကလည်းထက်လှသ...

တစ်ချက်တည်းနှင့် ကိစ္စပြီးသွားနိုင်သည်။

ကံကြီးမောင်တစ်ယောက် အလုပ်စောစောသိမ်းပြီး ခပ်လှမ်းလှမ်းရှိ ချောင်းစပ်ရေပြင်ကျယ်သို့ ထွက်သွားသည်။ ကဒက်ပင်ချောင်းသည် ထိုနေရာ၌ ပေတစ်ရာခန့်ကျယ်၍ ရေစုနေသဖြင့် တောတိရစ္ဆာန်များ ရေသောက်ခြင်း၊ တောဘဲ၊ ရေဘဲ၊ မယ်ညိုများ အုပ်လိုက်ဆင်းလာတတ်၏။ ချောင်းစပ်သဲသောင်ပြင်ကြီးမှာ ညိုမောင်းနေပြီး နေအကျမှာ အရောင်တလက်လက်ပြေးနေသည်။ ကံကြီးမောင် စဉ်းစားမိသည်။ ဘဲမပစ်ဘဲ အင်တိုင်းနှင့်ရွှေကျင်လိုက်ရလျှင် ရွှေဘယ်နှရွေးသားလောက်ရမည်မသိပါ။ ကဒက်ပင်ရှိသည့်ချောင်းအတိုင်း ရွှေမထွက်ပေမယ့် ရွှေထွက်သည့်ချောင်းအမည်များသည် ကဒက်ချောင်းဟု အမည်တွင်သည်ကများသည်။ ပြီးတော့ ကဒက်ပင်များတောထနေအောင်ပေါက်တတ်၏။ အာပဲဖြစ်ဖြစ် ရွှေလီသည် ရွှေထွက်သည့်ဒေသဖြစ်သောကြောင့် ရွှေကျင်လျှင်ရနိုင်သည်မဟုတ်လား။

တဂတ်ဂတ်အသံပေး၍ ပျံဝဲဆင်းသက်လာသောတောဘဲအုပ်များကြောင့် ကံကြီးမောင်၏ ရွှေရောင်အတွေးများ ရပ်တန့်သွားသည်။ ဆယ့်လေးငါးကောင်ခန့်ရှိမည့် တောဘဲအုပ်ကြီးသည် ပေါင်သယ်ခန့်နက်သည့် ချောင်းရေပြင်မှာ မြူးထူးနေကြ၏။ တချို့အကောင်တွေက ချောင်းရေထဲတွင် ခေါင်းနှစ်၍ဖင်ထောင်ပြီး ငါးမှုန်ငါးသေး၊ ချောင်းခရု၊ ဂုံးများအား မွှေနှောက်ရှာနေကြသည်။ တချို့ဘဲများက တဂတ်ဂတ်သံပေးရင်း ရေထဲမှာ ကိုယ်ကိုဆန့်ပြီး တောင်ပံနှစ်ဖက်အား ဖြန်းဖြန်းရိုက်ခတ်၍ ရေဆော့နေကြလေသည်။ ဘဲထီး၊ ဘဲမ၊ ဘဲအပျိုပေါက်၊ ဘဲလူပျိုပေါက်တို့သည် ကဒက်ချောင်းရေပြင်အား ညောင်ချောင်းသာရေပြင်ဟုပြီး ဘီယာ၊ အရက်မသောက်ရဘဲ မူးကြလေပြီတည်း။ တောဘဲကြီးတွေဟာ သိသာလိုက်အချိန်စီးမည့်အကောင်ကြီးများဖြစ်သောကြောင့် ကံကြီးမောင် သဘောကျသွားလေသည်။ ဆူဖြိုးလှသော တောဘဲသားဆီပြန်ဟင်းသည် ကောက်ညှင်း ချက်အရက်နှင့်လိုက်ဖက်လှခြင်း။ သစ်ကိုင်းခြောက်တစ်စအား ကောက်ယူပြီး ရေပြင်ဘက်သို့လွှဲပစ်လိုက်သည်။

"ဖြန်း ဂတ် ဂတ် ဂတ် ဖျပ် ဖျပ်

"ဒိန်း ဖုတ် ဖုတ် ဖုတ်"

ရေပြင်ပေါ်သို့ သစ်ကိုင်းခြောက်ကျသွားသဖြင့် တောဘဲများလန့်ပျံကြသည်။ ဘဲများအပျံ ကံကြီးမောင်၏တူမီးသေနတ်မှ ဒိန်းခနဲပေါက်ကွဲသံထွက်လာသည်။ သံမဏိဘောစိလေးများသည် သေနတ်ပြောင်းဝမှ အရှိန်ဖြင့်ထွက်သွားပြီး ရှုပ်ထွေးနေသောဘဲအုပ်ထဲသို့ ပြေးဝင်သွား၏။ မကောင်းသူထိပ် ကောင်းသူထိပ်ဖြစ်၍ တောဘဲလေးကောင်သည် ချောင်းစပ်သဲပြင်ပေါ်သို့ ပြုတ်ကျလာ၏။ သွေးသံရဲရဲဖြင့် တောဘဲလေးကောင်သည် သောင်ပြင်မှာကားနေ၏။ ဝါးတစ်လုံးခုတ်ပြီး ဘဲနှစ်ကောင်စီ ခြေထောက်များပူးချည်၍ ဝါးလုံးမှာ ရှေ့နောက်ချိတ်ဆွဲပြီး ဝါးခုတ်စခန်းသို့ ပြန်ခဲ့လေသည်။

သေနတ်သံကြားကတည်းကပင် ထမင်းချက် ကိုလူကလေးသည် ငရုတ်သီး၊ ချင်း၊ ကြက်သွန်ဖြူ/နီများအား ထောင်းလေပြီတည်း။ မီးဖိုထဲထင်းစများ ထပ်ထည့်၍ ဘဲမွှေးနုတ်ရန် ရေနွေးအိုးအား အမြန်တည်နေလေသည်။

နေညိုလေပြီ။ နေလုံးကြီးသည် ရွှေလီမြစ်ပြင်အား ကျောခိုင်းပြီး အနောက်သို့ယွန်းလေသည်။ ထူထဲသော တောအုပ်ကြီးကြောင့် ညနေလေးနာရီထိုးသည်နှင့် အလင်းရောင်ကအားဖျော့လာ၏။

ငှက်ကလေးများ၏ တကျီကျီအသံနှင့်အတူ မျောက်အော်သံသဲ့သဲ့အားကြားနေရသည်။

❑

တရုတ်ပြည် ယူနန်နယ်မှ မြစ်ဖျားခံလာသောရွှေလီမြစ်သည် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ မိုင်းမောနယ်အားဖြတ်သန်း၍ ကျောက်မဲခရိုင်အတွင်း အရှေ့တောင်မှ အနောက်မြောက်သို့ ဦးတည်ပြီး (၁၅၂) မိုင်ခန့် စီးဆင်းပြီးသော် ကသာမြို့အောက်ဘက် မိုင်(၂၀)ခန့်၌ ဧရာဝတီမြစ်ထဲသို့ စီးဝင်သည်။ ယခုအခါ ရွှေလီမြစ်အား တမံပိတ်၍ ရေအားလျှပ်စစ်စက်ရုံကြီးများ တည်ဆောက်လိုက်သောကြောင့် နွေကာလတွင် ရွှေလီသည် ရေအနက် ဒူးဆစ်သာသာခန့်သာရှိတော့သည်။

ဝါးကုန်သည် ဦးချစ်ဖူး၏ ဝါးခုတ်အဖွဲ့သည် ရွှေလီမြစ်မှအရှေ့ဘက် နမ့်မဲကြိုးဝိုင်းအတွင်းသို့ဝင်ပြီး ဝါးခုတ်လာသည်မှာ အတွင်းဘက် မိုင်နှစ်ဆယ်ခန့်သို့ ရောက်လာပြီ ဖြစ်သည်။ နမ့်မဲကြိုးဝိုင်းသစ်တောကြီးသည် ပေလေးငါးရာခန့်မြင့်သည့် တောင်ငယ်များ၊ အင်တိုင်းတောများ၊ လျှိုလေးများ၊ ချောင်းလက်တက်များစွာဖြင့် မြေဆီဩဇာကောင်းသဖြင့် သမပိုင်းရာသီဥတုဖြစ်သောကြောင့် အမြဲစိမ်းသစ်တော၊ ရွက်ပြတ်တောများဖြင့် တောထူလှသည်။ ရွှေလီတင်းဝါးသည် မန္တလေးကဲ့သို့ မြို့ကြီးတွင် နာမည်ကြီး၏။ ထရံ အမိုး၊ တင်းတောင်းစသည်ဖြင့် ဝါးနှင့်ရက်သည့် လူ့အသုံးအဆောင်ဟူသမျှ တင်းဝါးနှင့်ပင်ရက်လုပ်ကြ၍ ဝါးကုန်သည်အဖို့ မန္တလေးဈေးကွက်တွင် ရောင်းပန်းလှသည်။

နွားလှည်းဆယ်စီး၊ ဝါးလုံးရေတစ်သောင်းခန့်ရပြီဖြစ်၍ သူတို့စခန်းသိမ်းကြသည်။ရွှေလီမြစ်ဆိပ် သစ်တောရုံးအရောက် သူတို့တောထဲမှခရီးနှင်ကြသည်။ တောထဲမှ နံနက်ထွက်လျှင် သစ်တောရုံးမြစ်ဆိပ်သို့ ညနေရောက်နိုင်သည်။ နွားလှည်းများက ဝန်အပြည့်ဖြစ်နေ၍ အလာတုန်းကလောက် ခရီးမတွင်တော့။ လှည်းမောင်းသမားတစ်ဦးသာ လှည်းပေါ် ထိုင်လိုက်၍ ကျန်လူများက ခြေကျင်လျှောက်ရသည်။ သစ်တောရုံးရောက်တော့ နေစောင်းလေပြီတည်း။

ယခင်အခေါက်များကပုံထားသော မြစ်ဆိပ်အနီး ဝါးပုံကြီးဘေးတွင် စခန်းချသည်။ လှည်းမှနွားများအားဖြုတ်လိုက်သည်နှင့် နွားများသည် ရွှေလီမြစ်ကမ်းစပ်သို့ အမြီးထောင်၍ပြေးလေသည်။ အလုံးရေတစ်သိန်းခန့်ရှိမည့်ဝါးပုံကြီးသည် ဟီးထ၍နေပါသည်။ ကုန်သည်ဦးချစ်ဖူးက မြစ်ဆုံရှိအင်းရွာသို့ ကြို၍သွားနှင့်မည်ဟုဆိုသည်။ မြစ်ဆုံတွင် ဝါးဖောင်များအား မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းအထိဆွဲရန် မော်တော်များက စောင့်နေကြ၏။

ကံကြီးမောင်အား စိတ်မချ၍ အောင်ကြီးအား ဖောင်စီးအရာထားပြီး ဝါးဖောင်များအား သေသေချာချာကွပ်ရန်မှာခဲ့၏။

❑

နံနက်လင်းသည်နှင့် ကိုလူကလေးသည် ဝါးများအားဖြတ်တောက်ခွဲစိတ်ပြီး နှီးဖြာနေသည်။ ဝါးဖောင်များအားကွပ်ရန် လျှော်၊ ကြိမ်ကြိုးမသုံးပါ။ ဝါးနှီးများဖြင့်သာ ချည်နှောင်သည်။ အောင်ကြီး၊ ကံကြီးမောင်နှင့်အဖွဲ့သားများက ဝါးလုံးများ၏ထိပ်၌ ဓားဖြင့်ပါက် [illegible] ဖောင်ထိပ်၊ ဖောက်ပြီး ဝါးခြမ်းများနှီးကပ်၊ ရွှဲအလုပ်တစ်တွဲစီတုပ်ချည်နေ

အထပ်ကို တစ်စီးဟုခေါ်၏။ ထိုအစည်းအား အပေါ်ဆုံးအထပ်တွင်ဖြောင့်သောလုံသောဝါးများအား အပေါ်ဆုံးမှတင်၍ တစ်ခါထပ်ပြီးချည်သည်။ ထို့နောက် အစိတ်စည်းနှစ်ထပ်ငါးဆယ်စည်းအား ဝါးနှီးဖြင့်ထပ်ချည်ပြန်သည်။ အပေါ်ဆုံးအထပ်မှာ အလှဆုံးဝါးများဖြင့်စီထားသဖြင့် မန္တလေးရွှေကြက်ယက်ဆိပ်ကမ်းရောက်လျှင် ဝါးဒိုင်များကလာကြည့်သော် ရောင်းပန်းလှရန်ဖြစ်၏။ငါးဆယ်စည်းကိုပျစ်တန်းသောအခါ အပျစ်နှစ်ဆယ်တန်းသည် ဝါးလုံးရေတစ်ထောင်ခန့်ပါသည်။ ဖောင်ဖွဲ့ခါ ဆွဲမော်တော်ခတွေဈေးတက်လာသဖြင့် ဦးချစ်ဖူးက နှစ်ဆယ့်လေးစည်းတန်းပျစ်ရန်မှာခဲ့၏။ ငါးဆယ့်စည်းအထပ်သည် ရေပေါ်၊ ရေအောက်ခြောက်ထပ်ရှိသည်။ အပေါ်တွင် ပိုတန်းရိုက်ပြီး နှစ်ထပ်ပူးထပ်တင်ပြန်သည်။ ဖောင်ဆွဲခ၊ လမ်းဂိတ်ကြေး၊ ဖောင်သူကြီးနှင့် ရွဲသမားဖိုး၊ သပ်ပနပေါင်းလိုက်သော် ဝါးလုံးရေပိုတင်မှကုန်သည်အဖိုးကိုက်ပါသည်။ မော်တော်ကြေးကလည်း အပျစ်အရေအတွက်နှင့်ပေးရသလို ဂိတ်ကြေးကလည်း အပျစ်အရေအတွက်နှင့်ပေးရသည်။ အလုံးရေတစ်ထောင်ခန့် တစ်ဖောင်ဖြင့် ဆယ်ဖောင်ခန့်တွဲပြီး ဝါးဆယ်ပြန်ခန့်ရှိသောအခါ ဝါးဖောင်ကြီးသည် ရှည်လျားလှ၏။

ထိုဝါးဖောင်ကြီးခြောက်ထပ်သည် မြစ်ဆုံရှိ အင်းရွာတွင် ပြန်ပြင်ရဦးမည်ဖြစ်ပါသည်။ ရွှေလီမြစ်သည် အထက်ဘက်၌ ဆည်များဆောက်လိုက်သဖြင့် ရေတိမ်သွားသည်။ သို့အတွက်ကြောင့် ခြောက်ထပ်အပြင် ပို၍တင်၍မရပါ။ ဧရာဝတီမြစ်ပေါက်ရောက်မှ ထပ်ပိုး၍ တင်ရပါဦးမည်။

ကံကြီးမောင်တို့ ရွဲသမားအဖွဲ့က ရွဲတိုင်များအတွက် ချပ်တန်းများတုပ်ရန် အင်ပင်ပေါက်များအား လှည်းတစ်စီးတိုက်ခုတ်လာကြသည်။ ဒါကလည်း သစ်တောနှင့်နားလည်မှုယူ၍ခုတ်ရခြင်းဖြစ်သည်။ အပင်ဖြောင့်ဖြောင့်ထွားဆိုင်ခန့် ဆယ့်နှစ်တောင်အရှည်အင်ပင်တိုင်အား အချောသတ်ကာ တစ်ဖက်ချွန်ပြီး တစ်ဖက်ထိပ်တွင် ရွဲကြိုးချည်ရန်ထစ်ရသည်။ ရွှေလီမြစ်ထဲတွင် ရွဲသမားသည် ဝါးဖောင်၏ပဲ့ကိုင်ရှင်ဖြစ်သည်။ ရွဲသမား မောင်ကြိုင် ဝါးဖောင်သည် ရေစီးသည်။ သူထင်ထသည်တိုးပြီး သောင်ပေါ်နှင့်ပိုင်းပြီး ဝါးတွေမှာရေထဲဆင်းပြီး ကျွဲလို ရုန်းကြရတော့မည်။

❑

ဝါးဖောင်စုန်ဖို့ အဆင်သင့်ဖြစ်နေပြီ။ အောင်ကြီးနှင့် သူ့တပည့်မောင်ကြိုင် ဖောင်ဦးထိပ်မှာ အလုပ်ရှုပ်နေသည်။ ကံကြီးမောင်တစ်ယောက် ဖောင်ပေါ်ရှိ တဲငယ်လေးအတွင်း အရက်သောက်နေသည်။ သူက ဤဝါးဖောင်ကြီး၏ရွဲသမားဖြစ်သည်။ တစ်နေကုန် ဝါးဖောင်နောက် ရွှေလီမြစ်ထဲမှလိုက်ရမည့်သူဆိုတော့ကာ အချမ်းပြေဟုဆိုပြီး အရက်သောက်နေခြင်း ဖြစ်သည်။

ရွှေလီမှ မြစ်ဆုံအထိ ဖောင်သူကြီး ဦးလေးစိုးက မလိုက်ပါ။ သူ့တာဝန်က မြစ်ဆုံမှနေ ဧရာဝတီကြော မန္တလေးရွှေကြက်ယက်အထိဖြစ်သည်။ ရွှေလီမှ မြစ်ဆုံအထိ အောင်ကြီးက တာဝန်ယူမည်ဖြစ်၏။ ထို့ကြောင့်လည်း အောင်ကြီးက သူ၏ အယူအဆအရ တောလာမိုးစ်၊ မြစ်လမိုင်းများအား ပူဇော်ပသနေခြင်း ဖြစ် သည်။ မုန့်ဖြူ မုန့်နီ၊ ထမင်းဦးပေါင်း၊ ငါးကြော်၊ ပန်းအနီများဖြင့် ရေကြောင်းအန္တရာယ်တို့ကင်းရှင်းစေဖို့ရာ ပူဇော်တိုင်တည်နေ၏။

"အောင်ကြီးရေ မင်းအဘ လမိုင်းတွေကိုပူဇော်မနေနဲ့။ အငှေးကြီးတဲ့ ရွဲသမား ငါ့ကိုလာပြီးအရက်နဲ့အမြည်းနဲ့ပူဇော်။ တကတဲ - အလကားအလုပ်တွေ"

ဖောင်နောက်လိုက်လူငယ်နှစ်ဦးက ကံကြီးမောင်ပြောနေသည်ကို မသိချင်ယောင်ဆောင်ပြီး ဖောင်ဦးထိပ်သို့ထွက်သွားကြသည်။

"ဆရာအောင်ကြီး၊ ကိစ္စအားလုံးပြီးပြီလား"



"အေးအေး - ပြီးပါပြီ။ ဖောင်ဦး၊ ဖောင်ပဲ့၊ ဇတ်သတ်ကြိုးတွေဖြုတ်လိုက်ကြတော့"

ဦးပဲ့ကြိုးများအားဖြုတ်ချလိုက်ပြီး ဝါးလုံးများဖြင့် ကမ်းအား ထောက်ကန်ကြသောအခါ ဝါးဖောင်ကြီးသည် ကမ်းမှ တရွေ့ရွေ့ဖြင့်မျှောထွက်လာပါတော့၏။ ကံကြီးမောင်က ရွဲတိုင်ကြီးအား ကြိုးချည်ပြီး ရေထဲသို့ပစ်ချလိုက်သည်။ ရွဲသမားသည် ဖောင်ပဲ့မှလိုက်ရမည် ဖြစ်သည်။

နံနက်ခင်းနေရောင်ခြည်အောက်မှာ ရေအလီမြစ်ရေပြင်သည် လှိုင်းကြက်ခွပ်လေးများဖြင့်တလက်လက်တောက်ပနေသည်။ ဘယ်၊ညာကမ်းစပ်သဲသောင်ပြင်များ၌ ဟသ်ာများ၊ မယ်ညို၊ တောဘဲအုပ်များက အစာကောက်နေကြသည်။ တံချို့ငှက်လေးများသည် ရေပြင်ပေါ်မှာ ရှပ်တိုက်ပျံရင်း ငါးမှုန်ငါးမွှားများအား ထိုးဆိတ်စားသောက်နေကြသည်။

အောင်ကြီးနှင့် မောင်ကြိုင်တို့နှစ်ယောက်သည် ဝါးဖောင်ဦးမှပဲ့အထိ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်းကနေ ဝါးဖောင်ကြီးအား မျက်စိရှင်ရှင်ဖြင့် ကြည့်နေကြသည်။ သူတို့ရှာနေကြသည်က ဖောင်စီးသမားများအားဒုက္ခပေးမည့် ရွှေလီတောအုပ်ကြီးထဲမှကပ်ပါလာမည့် တောပင့်ကူများ၊ မြွေများ ဖြစ်သည်။ ထိုသတ္တဝါများသည် ဖောင်နှင့်အတူကပ်ပါလာရင်း အမှတ်မထင် ဖောင်လုပ်သားအား ကိုက်မိသည်ရှိသော် အသက်သေဆုံးသည် အထိဒုက္ခပေးတတ်သည့် အဆိပ်ရှိသတ္တဝါများဖြစ်သည်။

"ကံကြီးမောင်ရေ ရှေ့မှာ စည်းတိမ်နဲ့ကွေ့နော်"

"အေးပါကွ - ငါသိပါတယ်"

ပြောပြောဆိုဆိုဖြင့် ကံကြီးမောင် ရေထဲသို့ ခုန်ဆင်းသွားသည်။ ရွှေလီသည် ထိုနေရာမှစ၍ အရှေ့တောင်မှ အနောက်မြောက်သို့ ကွေ့ကာဝိုက်ကာဖြင့် စီးဆင်းပါတော့သည်။ ရေအနက်သည် ခါးသာသာလောက်သာနက်၏။ ရွဲသမားကံကြီးမောင်သည် ထိုနေရာမှစ၍ မြစ်ဆုံအထိ ရေထဲမှလိုက်ရတော့မည် ဖြစ်သည်။ ဝါးဖောင်ကြီးသည် အကွေ့နားသို့ရောက်ခါနီးသောအခါ ရေစီးအရှိန်ဖြင့် ညာဘက် စည်းတိမ်သို့ တဖြည်းဖြည်းကပ်လာနေ၏။ကံကြီးမောင်က ရွဲတိုင်ကြီးအား ဖောင်ပဲ့ဘယ်ဘက်သို့ ထိုးစိုက်လိုက်၏။ ပြီးနောက် ရွဲတိုင်အားထောက်ကန်၍ ညာသို့တရွေ့ရွေ့ကပ်နေသောဝါးဖောင်အား ဘယ်သို့

နေ၏။ ရေထဲမှာ ရွဲတိုင်အား ပြန်နုတ် တက်ထိုးစိုက်ပြီး ဆွဲကန်လိုက်လုပ်သော အခါ ရွဲတိုင်နှင့်ဝါးဖောင်ချည်ထားသော ကြိုးတင်းအားကြောင့် ဝါးဖောင်ကြီးသည် မြစ်လယ်ရေစီးသို့ ပြန်ပါလာပါသည်။ ရွှေလီမြစ်သည် ရေတိမ်နေသည် ဆိုသော်လည်း တချို့နေရာများတွင် ရေတစ်ရပ်ကျော်ခန့်နက်သည်။ ထိုအခါ ကံကြီးမောင်သည် မျောနေသောရွဲတိုင်အားဖက်ပြီး ရေထဲမှာပင်လိုက်နေရ၏။ ရွဲတိုင်အားဖက်လိုက်နေရာမှ ဖောင်ပဲ့သို့ ရောက်လာပြီး ဝါးဖောင်အစပ်မှာ မှီလိုက်သည်။

"မောင်ကျိုင်ရေ ငါ့အရက်ပုလင်း ယူလာပေးစမ်း"

မောင်ကျိုင်က အရက်ပုလင်းနှင့် ခွက်ယူလာပြီး ကံကြီးမောင်အနီးချပေးသည်။ သူ နှစ်ခွက်၊ သုံးခွက်ဆင့် သောက်လိုက်ပြီး ရွဲတိုင်ကြီးရှိရာသို့ ပြန်ကူးသွားပါသည်။ ကွေ့ကောက်လွန်းလှသော ရွှေလီ၏ရေစီးအားက ရွဲသမားများအား လွန်စွာပင်ပန်းလှစေ၏။

"ကံကြီးမောင်ရေ သတိထားပါဦး ဟေ့ ရှေ့မှာ ငအိုးတံတားနော်၊ ထိလိုက်တိုက်တာတော့ ဒဏ်ကြေးဆယ်သိန်းပဲ"

အောင်ကြီးက ကံကြီးမောင်အား လှမ်းအော်ပြီး သတိပေးနေပါသည်။ ရွှေလီသည် အနည်းငယ်ကျဉ်းမြောင်းလာပြီး ရေစီးအနည်းငယ်မြန်လာသည်။ ရှေ့အကွေ့တွင် ရွှေလီမြစ်ဖြတ်ကူးသော ငအိုးတံတားအား လှမ်းမြင်နေရသည်။ လုပ်သက်ရင့်နေပြီဖြစ်သောကံကြီးမောင်က လှမ်းပြောပြန်သည်။

"အောင်ကြီး၊ ရွဲတိုင်တစ်ချောင်းယူပြီး ဖောင်ဦးကိုဆင်း၊ ဘယ်တိုင်ဘက်မှာ ရွဲထိုးစိုက်၊ ဖောင်က ညာဘက်တိမ်းနေတယ်"

အောင်ကြီးက သွက်လက်စွာပင် ရွဲကြီးအား ဖောင်နှင့်ရွဲတိုင်မှာချည်ပြီး ဖောင်ဦး၏ဘယ်ဘက်သို့ ရွဲတိုင်ကြီးအား ပစ်ချလိုက်၏။ သူရေထဲသို့ခုန်ဆင်းပြီး ငအိုးတံတားသို့မရောက်ခင် ကိုက်တစ်ရာခန့်အလို၌ ရွဲတိုင်အချွန်ဘက်မှ ရေထဲသို့ အားနှင့်ထိုးစိုက်ချလိုက်သည်။ ရေထဲမှာ ထိုးစိုက်သလိုဖြစ်ပြီး ရေစီးနှင့်မျောနေသည့်ဖောင်ဦးအား တံတားတိုင်ကြီးနှစ်ခုအကြားချိန်ပေးလိုက်သောအခါ ဝါးဖောင်ကြီးသည် တံတားတိုင်ကြီးနှစ်ခုအကြား ဦးတည်သွား၏။ အောင်ကြီးက ဖောင်ဦးတည်စေရန် ရွဲတိုင်အား နုတ်လိုက်၊ ရေကူးသွားရင်း ထပ်စိုက်ပြီးကန်လိုက်လုပ်သောအခါ ဖောင်ကြီးမှာ အန္တရာယ်ကင်းစွာဖြင့် တံတားရေလယ်တိုင်နှစ်ခုအကြား ဝါးတစ်ပြန်သို့ရောက်လာသည်။ ရှည်လျားလှသောဖောင်ကြီးက ဦးတည်နေသော်လည်း ပဲ့ကကွေ့ဝိုက်ပြီး ရေစီးအရှိန်ကြောင့် တံတားတိုင်အား ဝင့်ရိုက်နိုင်သေးရာ ကံကြီးမောင်က ဝါးဖောင်ပဲ့ဘယ်ဘက်မှနေပြီး ရွဲတိုင်ကို မြစ်အောက်ကြမ်းပြင်အားထိုးစိုက်လိုက်၊ လူက ရွဲတိုင်အားကိုင်ထားပြီးကန်လိုက်လုပ်နေသည်။ ထိုနေရာသည် ရေစီးအနည်းငယ်ပြင်းသောကြောင့် ဖောင်လုပ်သားများက ကံကြီးမောင်အား ကူညီရန် အဆင်သင့်ရှိနေကြသည်။ ရေစီးအားကြောင့် ဖောင်ကြီးတစ်ခုလုံး၏ဝိတ်သည် ကြိုးချည်ထားသောရွဲတိုင်ပေါ်သို့သက်ရောက်လာ၏။ ဝါးဖောင်ကြီးသည် တံတားရေလယ်တိုင်နှစ်ခုအကြား စတင်ဖြတ်သန်းနေပြီ ဖြစ်သည်။

"ဖျစ် . . . ဖျစ် . . . ဖျစ် . . . ကျွိ . . . ကျွိ"

ရွဲကြိုးကတဖြည်းဖြည်းတင်းလာနေသည်။ ရွဲတိုင်ကြိုးနှင့်ချည်ထားသော ဝါးဖောင်အစပ်သည် တကျွိကျွိမြည်လာ၏။ ထိုအသံများသည် ရွဲသမားအတွက် သေမင်းငင်သံများ ဖြစ်သည်။ ကံကြီးမောင်သည် မျက်စိရှင်ရှင်ထားရင်း ရွဲတိုင်ကြီးအား ထောက်ကန်ကိုင်ထားစဉ် -

"ဖြောင်း . . . ဝုန်း . . . ဝရုန်း"

ရွဲတိုင်မှာ ကျိုးထွက်သွားလေပြီ။ ရွဲတိုင်အကျိုးသည် အရှိန်ဖြင့် ရွဲသမား ကံကြီးမောင်ဆီသို့ ပြေးဝင်လာသည်။ ကံကြီးမောင်က ဘေးသို့ဒိုင်ဗင်ထိုးပြီး ရှောင်လိုက်သောအခါ ရွဲတိုင်အကျိုးသည် အရှိန်ဖြင့်ဝါးဖောင်သို့ပြေးရိုက်တော့၏။ ထိုလို့ကတော့စုတ်ပြတ်ထွက်သွားပြီး ဆေးရုံသို့ပင်ရောက်မည်မဟုတ်ပါ။ ဖောင်ပေါ်မှလူများက အလန့်တကြားဝိုင်းအော်ကြသည်။

"ဟော့ကောင်တွေ နောက်တစ်တိုင်ကိုကြိုးချည်ပြီး အမြန်ချပေး။ မင်းတို့အဘက တံတားကိုဖြတ်နေပြီ"

ဖောင်သမားတွေ ရွဲတိုင်ကျိုးပြီး ရှုတ်ရှုတ်သဲသဲဖြစ်နေသည်ကို ငအိုးတံတားပေါ်မှ အစောင့်တာဝန်ကျက ငုံ့ကြည့်နေသည်။ အစောင့်၏အတွေးထဲမှာတော့ ဒီကောင်တွေရဲ့ဝါးဖောင် တံတားတိုင်ခြေကိုထိတာနဲ့ ငါ့အတွက် ငွေဆယ်သိန်းပဲဟု တွေးနေပါလေသည်။

ရွဲတိုင်တစ်တိုင်အား ရေထဲသို့ အမြန်ချပြီး ကံကြီးမောင်က ရွဲတိုင်အား ရေအောက်မှာ ထိုးစိုက်ပြီး ဆွဲကန်ပြန်သည်။ ထိုအခါမှ ဖောင်ပဲ့၏ဦးတည်ရာသည် တံတားတိုင်နှစ်ခုအကြားအလယ်မှာငြိမ်သွား၏။ အောင်ကြီးက ဖောင်ဦးမှနေ၍ အဝတ်ကိုလှူပ်ယမ်းပြီး အချက်ပြနေပါသည်။ ဖောင်ပဲ့က တံတားအောက်မှလွတ်တော့မည်။ ဖောင်ပဲ့ပိုင်းသည် တံတားတိုင်ခြေ၏ တစ်ဖက်တစ်ချက် ဆယ်ပေခန့်အကွာမှ စုန်ဆင်းနေသည်။ ပဲ့ပိုင်းမှ ဖောင်သမားများက အဝတ်ကို လှူပ်ခါပြရင်း ဖောင်ဦးသို့အချက်ပြသည်။ ဝါးဖောင်ကြီးသည် ရွှေလီမြစ်၏ နာမည်ကျော် ငအိုးတံတားကြီးအား ဘေးအန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလေပြီ။ တံတားကြီးတည်ဆောက်ပြီးခါစက ဝါးဖောင်၊ သစ်ဖောင်သမားများ ခဏခဏတိုက်မိကြရာ ဒဏ်ကြေးအဖြစ် ဆယ်သိန်း၊ဆယ့်ငါးသိန်းပေးကြရသည်။ ခဏခဏတိုက်မိလွန်းသဖြင့် နောက်ဆုံး တံတားစောင့်တွေ အားနာသွား၍လားမသိ။ တော်ရုံထိမိလျှင် ဒဏ်ကြေး မတောင်းကြတော့ပါ။ ကြီးကြီးမားမား ပျက်စီးမှသာ ဒဏ်ရိုက်ကြတော့သည်။ တံတားစောင့်တာဝန်ကျသည် လွတ်ကင်းသွားသော ရှည်လျားလှသည့် ဝါးဖောင်ကြီးအား တံတားပေါ်မှ ငေးကြည့်ရင်း ပြုံးနေပါသည်။

❑

ဧရာဝတီနှင့်ရွှေလီမြစ်ဆုံရာမှာ တည်ရှိသော အင်းရွာကြီးသို့ ဝါးဖောင်များ ဆိုက်ရောက်လာကြသည်။ ဦးချစ်ဖူးသည် ဖောင်ဆွဲမော်တော်နှစ်စီးအား ငှားရမ်းထားပြီး ဖြစ်သည်။ ဖောင်သူကြီး ဦးလေးစိုးက သူတို့ဝါးဖောင်အား အသင့်စောင့်နေသည်။ သူသည် အင်းရွာသားဖြစ်သည်။ ဗန်းမော်မှ မန္တလေးအထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စုန်ဆန်သွားရင်းက ဖောင်လုပ်သားမှ ဖောင်သူကြီးဖြစ်လာသူဖြစ်၏။ ဦးချစ်ဖူးက အင်းရွာမှ အလုပ်သမားငှားပြီး ဦးလေးစိုးဦးစီး၍ ရွှေလီမြစ်မှမျောလာသော ဝါးဖောင်များကိုထပ်ပြင်သည်။ ဧရာဝတီသည် ရွှေလီထက် ရေစူးနက်သဖြင့် ဝါးဖောင်များကိုချုပြီးထပ်၍တင်ကြခြင်းဖြစ်သည်။ ဤသို့ဖြင့် ဝါးဖောင်ကြီးသည် ရေအောက်အနက် သုံးပေခန့်အထိတူသွားသည်။ ဧရာဝတီမြစ်တစ်လျှောက် ရွဲသမားမလိုတော့သော်လည်း ဖောင်ကျိုးပြတ်၊ ဖောင်ထပ်၊ ဖောင်ကွဲ ၊ ဖောင်ကမ်းကပ်၊ ရွဲအလုပ်

များသည် ရွှဲသမားနှင့်အတူ ဖောင်စီးလုပ်သားများ၏တာဝန် ဖြစ်ပါသည်။

ကံကြီးမောင်နှင့် ဖောင်အဖွဲ့သားများ အင်းရွာဆိပ်ကမ်း အရက်ဆိုင်တွင် အဖွဲ့ကျနေလေ၏။

"အလကားပါကွာ၊ အယုံအကြည်မရှိဘူး။ ဟော့ကောင် မောင်ကြိုင်၊ မင်းမှတ်ထား။ လူကြမ်းရင် နတ်ကြမ်းမခံနိုင်ဘူး။ မင်းမြင်တယ် မဟုတ်လား၊ ရွာထိပ်က ဖျောက်ဆိပ်ပင်နဲ့နတ်ကွန်း ငါမီးရှို့လိုက်တာ မင်းရက္ခစိုးနတ်ဘယ်ပြေးတယ် မသိဘူး။ ငါ့အိမ်ကာဖို့ သစ်ခွဲသားတွေ တောင်ရလိုက်သေးတယ်"

ကံကြီးမောင်က အာပေါင်အာရင်းသန်သန်ဖြင့်ပြောလိုက် အရက်ခွက်မော့လိုက်၊ မီးကင်ထားသော တောဘဲအားဖဲ့စားလိုက်ဖြင့် မူးနေသည်။ ဖောင်လုပ်သားတချို့က သူနှင့်အတိုက်အခံမပြောကြ။ ကံကြီးမောင်က တူမီးသေနတ်လက်တည့်သည်မဟုတ်လား။

မောင်ကြိုင်က စကားပြန်စသည်။

"ကိုကံကြီးမောင်က သတ္တိရှိတော့ လုပ်ရဲတာပေါ့ဗျာ။ ကျွန်တော်တို့က တော့ မလုပ်ရဲပါဘူး။ သူ့နယ်ရောက်ရင် ပိုင်ရာဆိုင်ရာကိုမပူဇော်ရင်တောင်နေ မစော်ကားရဲပါဘူးဗျာ"

"ဟုတ်တယ် ကိုကံကြီးမောင်၊ ကျုပ်တို့ဝါးဖောင် မန္တလေးရွှေကြက်ယက်ဆိပ်ကမ်းမရောက်မီအထိ လမ်းမှာ အန္တရာယ်တွေကအများသား။ ဧရာဝတီမြစ်ကလည်း ရေနည်းနေပြီ။ စည်းတိမ်တွေ၊သောင်တိမ်တွေ၊တံစူးတွေ၊ကျောက်တန်းတွေ ပြီးတော့ သိမ်းတောင်ဝဲကြီး၊ အညာသီဟတောက ကျောလှေးဝဲ ဟာဗျာ - အများသားဗျ။ သိမ်းတောင်ဝဲကလည်းနတ်ကြီးတယ်ဗျ။ သိမ်းတောင်ရှင်မက အမှားမခံဘူးလို့ပြောကြတယ်"

ဖောင်သမားတစ်ယောက်က ဝင်ပြောသည်။

"ဟော့ကောင်တွေ မင်းတို့ကြောက်ရင် ဖောင်လိုက်မစီးနဲ့။ ယောကျ်ားဖောင်စီး မိန်းမမီးနေတဲ့။ သတ္တိရှိတဲ့ယောကျ်ားတွေက မကြောက်လို့ဖောင်စီးပြီးအလုပ်လုပ်နေကြတာ။ မင်းတို့ကြောက်တဲ့ သိမ်းတောင်ရှင်မဆိုတာ ငါနဲ့တွေ့ရင် ငါ့ကိုခိုက်သွားပြီး ကိုကိုရယ် တိုကိုရယ် ဖြစ်သွားလိမ့်မယ်။ ဘာမှတ်သလဲ"

အတူတူအရက်သောက်နေကြသူများက ကိုကံကြီးမောင်အား ဘာမှဆက်မပြောကြတော့ဘဲနှုတ်ဆိတ်နေကြတော့သည်။ သူတို့ဖောင်စီးသမားများသည် အသက်အန္တရာယ်များလွန်းလှသဖြင့် ရေကြောင်းတစ်လျှောက် ဘယ်သူမှ နှုတ်မဆော့ကြ။ ကံကြီးမောင်က စရိုက်ကြမ်းလွန်းသဖြင့် ပြန်မပြောဝံ့သလို သေရေးရှင်ရေးဖောင်ပျက်လာလျှင် ဓားတစ်ချောင်းကိုင်၍ ဖောင်ပေါ်မှာပြေးလွှားပြီး မိုက်မိုက်ကန်းကန်းလုပ်တတ်၍လည်းကောင်း၊ လျင်မြန်ဖျတ်လတ်ပြီး အသက်စွန့်၍ ဖောင်ကိုမြစ်ပြင်မှာ ပြန်စုတတ်သဖြင့် ဝါးကုန်သည်နှင့် ဖောင်သူကြီးများက အားထားနေရသဖြင့် သူ့အားလက်မလွှတ်ရဲကြပါ။ ဧရာဝတီမြစ်အနောက်ဘက်ရှိ ဖက်ဆွတ်တောင်တန်းကြီးပေါ်သို့ နေလုံးနီနီကြီးသည် မေးတင်၍နေလေပြီ။ တောဘဲအုပ်တို့ အိပ်တန်းပျံလေ၏။ သဲသောင်ပြင်ပေါ်တွင် ဟသ်ာငှက်လေးများမရှိကြတော့ပါ။

❑

အင်းရွာမှဖောင်ဖွဲ့သည့်အလုပ်သမားများ ဝါးဖောင်များအား ပြင်၍ပြီးကြလေသည်။ ရွှေလီမြစ်ကြောင်းမှာ ဆွဲလာသလို ခြောက်ပျစ်အထူမဟုတ်တော့။ မော်တော်သမားက အပျစ်သုံးဆယ်ဆွဲမည်ဆို၍ ဝါးဖောင်အထူသည် အပျစ်သုံးဆယ်ထုရှိလေသည်။ ဝါးဖောင်ကြီးကား ဝါးဆယ့်ငါးပြန်စာခန့်ရှိပြီး တဲလေးလုံးမှာလည်း အခိုင်အခံ့ဆောက်ပြီးကြသည်။ ရှေ့ဆုံးတဲတွင် ဖောင်သူကြီးဦးစိုးလေးနှင့် ဖောင်သားတစ်ယောက်၊ နောက်ဆုံးတဲတွင် ကံကြီးမောင်နှင့် ဖောင်သားတစ်ယောက်၊ အောင်ကြီး၊ မောင်ကြိုင်နှင့် အခြားဖောင်သားနှစ်ဦးက အလယ်မှတဲနှစ်လုံးတွင်နေကြသည်။

ဝါးဖောင်ကြီးသည် အင်းရွာဆိပ်ကမ်းမှစတင်ပြီး တရွေ့ရွေ့စုန်ဆင်းစပြုပြီဖြစ်သည်။ ဆွဲမော်တော်နှစ်စီးက ဝါးဖောင်၏ရှေ့တစ်စီး၊ နောက်တစ်စီးမှကြိုးများဖြင့်တွဲပြီး တဒီးဒီးစက်သံပေး၍ ရေစုန်မှာမျောနေကြ၏။ ဧရာဝတီ၏ဝဲယာနှစ်ဖက် မဲဇာ၊ ရွှေလီ သစ်တောကြိုးဝိုင်းများဖြင့် ညို့မှိုင်းနေပါသည်။စောင်ကျားကြီးအား ရှက်တိုင်မှာလွှင့်ထားသော လှေငယ်တစ်စင်းသည် ဝါးဖောင်ကြီးဘေးမှ ရေစုန်လေစုန်ဖြင့် တရိပ်ရိပ်ပြေးသွားရင်း ကျော်ဖြတ်သွားသည်။ ဧရာဝတီမြစ်ကြီးသည် ရေပါး၍လာနေ၏။

မော်တော်ပေါ်မှ ရေကြောင်းပြသည့်ရေလိုင်းလေးများအား မျက်ခြည်မပြတ်ကြည့်ရင်း ရေစူးအတိမ်အနက်ကို ခန့်မှန်းနေပါသည်။ တချို့နေရာများတွင် ငါးပေခန့်နက်၍ တချို့နေရာများတွင် ခုနစ်ပေခန့် ရေအနက်ရှိသည်။ တံစူးများ ရေတိမ်ကျောက်တန်းများကိုလည်းကြည့်နေရသည်။ ရေတိမ်ကျောက်တန်းများတွင် ရေလမ်းထိန်းသိမ်းရေးမှ ဘောများချည်ကာ ရေကြောင်းအချက်ပြအဖြစ် ချိတ်ဆွဲပြသထားပါသည်။

ဆွဲမော်တော်ပေါ်မှ ရေကြောင်းပြက ဖောင်သူကြီးဦးစိုးလေးအား အော်၍ပြောနေသည်။

"သူကြီး၊ ရှေ့မှာကျောက်မှော်ကျောက်တန်းရှိတယ်။ သတိထားပါ"

ဦးစိုးလေးကသိရှိကြောင်း လက်ပြပြီးအချက်ပေးလိုက်သည်။ ဖောင်သားတစ်ယောက်အား နောက်တဲများသို့ သတိပေးရန်လွှတ်လိုက်သည်။

"ဘော်. . . ဘော်. . . ဘော်"

အညာဆန်သင်္ဘောကြီးတစ်စင်း ဆန်တက်လာနေသည်။ ဝါးဖောင်အား လမ်းရှောင်ပေးရန် ဥသြဆွဲ၍အချက်ပေးနေ၏။ ထိုသင်္ဘောကြီးသည် မန္တလေးမှ ဆန်တက်လာနေခြင်းဖြစ်၏။ သူ့ခရီးဆုံးသည် ဗန်းမော်မြို့ဖြစ်ပါသည်။ ဖောင်ဆွဲမော်တော်နှစ်စီးသည် ဝါးဖောင်ကြီးအား ရှေ့နောက်ဆွဲပြီး လက်ယာဘက်ကမ်းအနီးသို့ တဖြည်းဖြည်းကပ်လိုက်သည်။ သင်္ဘောကြီးတွေအား ဦးစားပေးရမည်မှာ ရေကြောင်းဥပဒေဖြစ်သည်။ ထီးချိုင့်မြို့မှထွက်ခွာလာသော ထိုသင်္ဘောကြီး၏အမည်မှာ ပုညာ ဖြစ်သည်။ သင်္ဘောကြီးသည် စက်သံတဒီးဒီးမြည်လျက် ရေဆန်ခရီးအား စက်အားပြည့်ခရီးနှင်နေပါသည်။ ဖောင်ပေါ်မှလူများက တဟေးဟေးအော်ရင်း လက်ပြနှုတ်ဆက်သောအခါ သင်္ဘောကြီးပေါ်မှခရီးသည်များကလည်း ပြန်လည်၍ လက်များဝှေ့ယမ်းပြကြသည်။ သင်္ဘောခေါင်းတိုင်မှ မီးခိုးများသည် မြောက်လေနှင့်အတူ အစုန်အရပ်သို့ လွှင့်ပါးသွားချိန်တွင် သင်္ဘောကြီးမှာ မြောက်ဘက်သို့ဦးတည်ရင်း မြစ်အကွေ့၌ ပျောက်ကွယ်သွားပါတော့သည်။ အမိဧရာဝတီမြစ်ကြီးအား စုန်ဆန်ရင်းဖြင့် ခရီးသည်၊ ကုန်စည်တို့ကို သယ်ဆောင်ပေးနေသော ထိုသင်္ဘောကြီးသည် အိုနေသော်လည်းစွမ်းနေဆဲပါလား။ ရေယက်ပန်ကာကြောင့်ဖြစ်ပေါ်လာသော လှိုင်းဂယက်များကြားမှငါးလေးများအား ရှာဖွေနေကြသော မြစ်တွင်းစင်ရော်လေးများသည် သင်္ဘောကြီး၏နောက်ဘက်မှာ အဖော်အဖြစ်

ထိုက်ပါသွားကြပါသည်။ သူတို့သည် ရိုးတော့သော စင်ရော်ငှက်လေးများ ဖြစ်ကြ၏။

❑

မွန်းတည့်နေရောင်အောက်တွင် မြစ်လက်ယာဘက်ကမ်းမှ ထီးချိုင့်မြို့လေးကို တွေ့ရသည်။ မြို့လေးသည် မြစ်ကမ်းနားရှိ တောင်ရိုးအပေါ်တွင် ဘုရား၊ ကန်ဆောင်းများနှင့် ငြိမ်သက်အေးချမ်းစွာရှိနေပါသည်။ မြို့လေး၏နောက်ဘက်တွင် မြသိန်းတန်တောင်ကြီးက မြို့လေးအား ရင်ခွင်မှာပိုက်ထားသကဲ့သို့ရှိနေသည်။ တောင်ကုန်းတောင်တန်းများကြား ဧရာဝတီမြစ်ကြီးအားမေးတင်၍ စည်ရှိနေသော မြို့လေး၏အလှအပသည် လန်းဆတ်သော ကျေးလက်မိန်းမပျိုလေးတစ်ဦး၏အလှကဲ့သို့ ရွှန်းစိုနေသည်။ တောင်ရိုးတောင်တန်းများပေါ်ရှိ ထုံးဖြူဖြူဖွေးစေတီများနှင့် တောင်ရိုးတစ်လျှောက်တွင် သွယ်တန်းနေသော တောင်တန်းများက မြို့သူမြို့သားများ၏ အနုပညာတရားအား ထင်ဟပ်ပြသနေပါသည်။

'ရွှေချိုင့်၊ သံချိုင့်၊ ရွာထီးချိုင့်၊ ချိုင့်ဝှမ်း၊ ချိုင့်ခွက်ပင့်ရမည်ဆိုသော ကဝိသတ္တဏသတ်ပုံကျမ်းမှ သံပေါက်လေးအား သတိရမိပါတော့သည်။

ထီးချိုင့်၏မူလအသံမှာ ထီးကျိုင်းဖြစ်သည်ဟုပြောကြသည်။ ရှမ်းဘာသာအခေါ်အဝေါ်ဖြစ်ပြီး ထီး၏အဓိပ္ပာယ်မှာ မင်းဖြစ်ပြီး ကျိုင်း၏အဓိပ္ပာယ်မှာ မြို့ဖြစ်သည်။ ထီးကျိုင်းသည် မင်းတည်သောမြို့၊ မင်းများစုဝေးသောမြို့ဟု အဓိပ္ပာယ်ရပါသည်။ ထိုနေရာတွင် ဧရာဝတီမြစ်ကြီးသည် အရှေ့မြောက်ဘက်မှ အနောက်တောင်ဘက်ဆီသို့ ကွေ့သန့်စီးဆင်းနေပါသည်။

ထီးချိုင့်မြို့အား ကျော်ဖြတ်လာသည့်ဧရာဝတီသည် နွေအခါ ရေပါးသွားပါသည်။ မြစ်အောက်ဘက်ပိုင်းသည် ရေပါးသဖြင့် မြစ်ကြောင်းကျဉ်းသွား၏။ မြစ်ပြင်က တစ်မျှော်တစ်ခေါ်ဖြစ်သော်လည်း စည်းတိမ်၊ သောင်များဖြင့် ဆွဲမော်တော်ပေါ်မှ ကြောင်းပြသည် မော်တော်ဦးမှနေ၍ ဝါးပေတံဖြင့် ရေစူးကိုတိုင်းနေရ၏။ မကြာမီ မြစ်လယ်တွင် မြေနုကျွန်းများအားတွေ့ကြရသည်။ ကျွန်းပေါ်တွင် စိုက်ပျိုးရေးလုပ်နေကြသူများနှင့် ကလေးများကို တွေ့ရပါသည်။

ရေကြောင်းသည် မြစ်အနောက်ခြမ်းမှ မြစ်အရှေ့ခြမ်းသို့ပြောင်းသွားပါသည်။

နာရီဝက်လောက်စုန်ပြီးသော် မြစ်အရှေ့ဘက်ကမ်းတွင် မြတောင်ရွာအား တွေ့ရသည်။ မြတောင်သည် တစ်ချိန်က မြို့ဖြစ်ခဲ့ဖူး၏။ ဖောင်ပေါ်မှဖောင်သူကြီး ဦးစိုးလေးသည် မြတောင်ရွာမှာ မြင်နေရသော တောင်ရိုးများပေါ်ရှိ လောင်းကတော့စေတီ၊ ဖောင်တော်ဦးစေတီ၊ မြတောင်ရွှေဂူကြီးစေတီ၊ မြတောင်နံ့တော်သင့်စေတီနှင့် မြတောင်ဂေါတမစေတီတို့အား သိမ်းကျုံး၍ ကန်တော့နေပါသည်။

"သူကြီး မြတောင်မှာညအိပ်မလား"

ဦးစိုးလေး စဉ်းစားနေပါသည်။ မြတောင်မှာညမအိပ်ဘဲ တကောင်းအထိ စုန်လျှင်မိုးချုပ်သွားနိုင်သည်။ ရေကြောင်းကျပ်ပြီး ရေအောက်မှ တံစူးများရန်ကြောင့် မြတောင်မှာပင် ညအိပ်ရန် ဆုံးဖြတ်လိုက်ပါသည်။

"မော်တော်ကို အချက်ပြလိုက်၊ မြတောင်မှာညအိပ်မယ်"

ဖောင်သမားတစ်ယောက်က ဝါးလုံးထိပ်မှာအဝတ်စချည်ပြီး မော်တော်နှစ်စီးအား အချက်ပြလိုက်ရာ မော်တော်နှစ်စီးသည် ဝါးဖောင်ရှည်ကြီးအား ဦးနှင့် ပဲ့မှ တွန်း၍ ကမ်းကပ်စေလိုက်ပါတော့သည်။ ကံကြီးမောင်နှင့် အောင်ကြီးတို့ ဖောင်သမားများက ကမ်းနဖူးရှိ ကျည်းပင်ကြီးတွင် ဖောင်ကြိုးများအား ခိုင်ခံ့စွာချည်လိုက်ကြ၏။ ထမင်းချက် ကိုလူကလေးက မြစ်ဆိပ်ရှိ တံငါလှေတစ်စင်းထံမှ မြစ်ငါးများကိုသွားဝယ်နေသည်။

ညနေစောင်းတော့မည်။ မကြာမီပင် အမှောင်ရိပ်ကသန်းလာနေသည်။ မြတောင်ရွာသည် မီးကလေးမှိတ်တုတ်မှိတ်တုတ်ဖြင့် မြစ်အရှေ့ဘက်ကမ်း၌ ကွေးကွေးလေးငြိမ်ကုပ်နေရှာသည်။ မြစ်ကမ်းစပ်တွင်ရှိ သစ်တောရုံးမှ စာရေးတစ်ယောက်က ဝါးဖောင်အားလာကြည့်ပြီး ကုန်သည်ဦးချစ်ဖူးလာသွားပြီ ဖြစ်ကြောင်းပြောရင်း ဖောင်အား သေသေချာချာကြည့်၏။သူတို့သည် ဖောင်သူကြီး ဦးစိုးလေးနှင့် ရင်းနှီးကြသော်လည်း ဖောင်အောက်တွင် သစ်လုံးများဝှက်တင်လာမလားဟူသောအတွေးဖြင့်လာကြည့်ခြင်း ဖြစ်သည်။ သေချာစွာစစ်ဆေးပြီးမှ ပြန်သွားသည်။ ဦးချစ်ဖူးက လမ်းကြောင်းအား ကြိုတင်ရှင်းသွားပြီ ဖြစ်၏။ ကမ်းစပ်မှာ မော်တော်သေးသေးလေးတွေလေး၊ ငါးစီးတွေ့ရသည်။ ထိုမော်တော်လေးများမှာ ရဲကင်း၊ သစ်တော၊ မြို့နယ်အုပ်ချုပ်ရေးရုံးမှ မော်တော်လေးများဖြစ်သည်။ ညဘက်မှာ တိတ်တိတ်လေးခိုးစုန်မည့် သစ်ဖောင်များအားချောင်းနေကြခြင်း ဖြစ်သည်။

ဖောင်ပေါ်မှာ အရက်ဝိုင်းဖွဲ့နေကြသော ကံကြီးမောင်တို့လူသိုက်၏ ရယ်သံများက မြစ်ယံအတွင်း ပျံ့လွင့်လာပါသည်။

❑

မဲဇာချောင်းသည် စိမ်းညို့နေသော တောအုပ်ကြီးများ၏အလယ်မှ ဘွားခနဲပေါ်ထွက်လာပြီး ဧရာဝတီ၏ အနောက်ဘက်ကမ်းမှ မြစ်ကြီးအတွင်း စီးဝင်နေပါသည်။ တစ်ချိန်က ဤနေရာ၊ ဤတောအုပ်၊ ဤချောင်းကမ်းစပ်တွင် တတိယအင်းဝမြို့တည် ဆင်ဖြူရှင်မင်းလက်ထက်၌ မင်းမျက်သင့်၍ စာဆိုတော် ပညာရှိအမတ်ကြီး လက်ဝဲသုန္ဒရဦးမြတ်စံသည် တောခိုခဲ့ရဖူးပါသည်။ ယခုထက်တိုင် မဲဇာတောကြီးသည် ထူထပ်ဆဲဖြစ်၍ ရှေးဘုရင်ခေတ်ကဆိုလျှင် မဲဇာချောင်း၊ မဲဇာတောင်ခြေနှင့် မဲဇာတောသည် မည်မျှတောကြီးခဲ့လေသည်လည်းမသိပါ။ 'မဲဇာတောင်ခြေ၊ စီးထွေထွေတည့်၊ မြစ်ရေဝန်းလည်၊ မြိုင်တောဆီက' ဟူသည့် ရတုကဗျာလေးအား သတိရမိပါတော့သည်။

'စီးသွင်ညိုရစ်၊ မဲဇာမြစ်လည်း၊ ထစ်ထစ်ထွန်းဘိ၊ ချုံအတိနှင့် တောကြီးဆိတ်ညံ ဆီးကျံကျံဝယ်၊ မှုံဝံမပေါ်၊ မမျှော်ပါရ၊ နေကိုတလည်း၊ ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်အံ့သြ၊ ကြံတိုင်းမောစွ၊ ဘယ်တောဘယ်မြိုင်မသိနိုင်ခဲ့'

ဟု လက်ဝဲသုန္ဒရအမတ်ကြီးက မဲဇာချောင်းနှင့် မဲဇာတောကြီး၏နက်ရှိုင်းပုံအား ဖွဲ့ဆိုခဲ့လေသည်။

ဖောင်သူကြီး ဦးစိုးလေးသည် ငယ်စဉ် ဘုန်းတော်ကြီးကျောင်းမှာ ဦးပဉ္စင်းကြီးသင်ပေးခဲ့ဖူးသော မဲဇာတောင်ခြေရတုလေးအား သတိရနေမိပါသည်။ သူသည် မဲဇာကိုဖြတ်တိုင်း ထိုရတုလေးအား အမြဲသတိရမိ၏။

မဲဇာကိုကျော်ဖြတ်ပြီး ချွန်းတောင်ရွာသို့နီးလာသည်။ ချွန်းတောင်ကျော်လျှင် တကောင်းသို့ရောက်တော့မည်။ မြန်မာအစ တကောင်းကတဲ့။ မြန်မာအစသာ ဆိုသည်၊ တကောင်း ဟူသော အမည်သည် ရှမ်းဘာသာစကားဖြစ်၏။

တာ - ကူးတို့ဆိပ်၊ ကောင်း-အစုအပုံဖြစ်သောကြောင့် ကုန်ပစ္စည်းများစုပုံရာ ကူးတို့ဆိပ် ဟူ၍ ဖြစ်ပါသည်။ ရှေးရှေးပဒေသရာဇ်မင်းများလက်ထက်အခါက တရုတ်ပြည်နှင့် မြန်မာပြည်ကုန်ကူးသန်းရောင်းဝယ်ကြရာတွင် တကောင်းသည် ဆိပ်ကမ်းကောင်းကြီးတစ်ခုဖြစ်ခဲ့ပေလိမ့်မည်။ ရှေးဟောင်းနယ်မြေတကောင်းနှင့်အတူ မောင်ပေါက်ကျိုင်းနှင့် နဂါးကြီးကိုလည်းကောင်း၊ အိမ်တွင်းမင်းမဟာဂီရိ ပန်းပဲမောင်တင့်တယ်ကို လည်းကောင်း ပုံရိပ်များအဖြစ် မြင်ယောင်လာမိပါသည်။

မြစ်ရေနည်းချိန်ဖြစ်သောကြောင့် ဆိပ်ကမ်းသည် ပေတစ်ရာခန့် မြင့်မားလွန်းလှသည်။ ဆိပ်ကမ်းရေစပ် ကျောက်တုံးကြီးများပေါ်တွင် မိန်းမတချို့ အဝတ်လျှော်နေကြသည်။ တကောင်းဆိပ်ကမ်းသည် ဘုရားတန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဇရပ်တို့ဖြင့် သာယာလှပနေပါသည်။ ဘုန်းတော်ကြီးကျောင်းမှ ဆွမ်းစားချိန် အုန်းမောင်းခေါက်သံသည် မြစ်ယံထက် ပျံ့လွင့်လာပါသည်။

"ထမင်းစားကြမယ်ဟေ့၊မောင်ကြိုင်ရေ ကိုကလေးကိုပြောလိုက်"

ဖောင်ပေါ် ဝါးတဲလေးအနီးမှ မီးဖိုကလေးသည် မီးခိုးကတအူအူရှိနေလေသည်။ တဲအနီးမှာပင် ဝါးကွပ်ပျစ်ပေါ်၌ ထမင်းဝိုင်းပြင်လိုက်သည်။ ချဉ်ပေါင်ရည်ကျဲ၊ ငါးခြောက်ခရမ်းချဉ်သီးချက်၊ ငရုတ်သီးစပ်စပ်သည် ဖောင်သမားများအတွက် ထမင်းမြိန်စေပါသည်။ ကံကြီးမောင်က အငွေ့တထောင်းထောင်းထနေသော ဆီပြန်ဟင်းတစ်ခွက်လာချသည်။

"ဘာဟင်းလဲကွ"

ဖောင်သူကြီးကမေး၏။

"လင်းမြွေသားလေ၊ ဝါးလုံးတွေကြားထဲကထွက်လာတာ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး"

"ကံကြီးမောင်ရယ် မင်းကွာ၊ မလုပ်ပါနဲ့လို့ ငါပြောထားတာ သူတို့လည်း ဖောင်နဲ့အတူတူပါလာတာပဲဟာ။ မသကာ ခြောက်လွှတ်လိုက်ပေါ့"

ဖောင်သူကြီးဦးစိုးလေးသည် မျက်စိမျက်နှာပျက်ဖြစ်နေပါလေ၏။

"သူကြီးကလည်းဗျာ၊ သတ္တဝါဆိုတာ လူချတ်မှကျွတ်တာ၊ ခင်ဗျားတို့မစားချင်နေ ကျုပ်တစ်ယောက်တည်းစားမယ်"

ဖောင်သမားတွေ တစ်ယောက်မှ မြွေသားကိုမစားကြပေ။ ကံကြီးမောင်တစ်ယောက်တည်း မြိန်ရေရှက်ရေစားနေ၏။ ဦးစိုးလေး နှုတ်မှ တတွတ်တွတ်ရွတ်၍ ဘာတွေဆုတောင်းနေသည်မသိပါ။ ကံကြီးမောင်တစ်ယောက် အရက်မူးမူးနှင့် မြွေသားဟင်းဖြင့်ထမင်းစားပြီးနောက် ဖောင်တဲထဲတွင် အိပ်ပျော်သွားသည်။ အတွေ့အကြုံရင့်နေပြီဖြစ်သော ဖောင်သူကြီးက ခရီးလမ်းမှာ မျက်စိရှင်ရှင်ဖြင့် ဂရုစိုက်ကြဖို့ ဖောင်သားတွေကို မှာနေသည်။

❑

ဧရာဝတီသည် လှိုင်းကြက်ခွပ်လေးများနှင့်အတူ ယိမ်းကလျက်ရှိသည်။ မတ်လနေရောင်က စူးစူးရဲရဲ မြစ်ပြင်ပေါ်သို့ဖြာကျနေသည်။ မွန်းတိမ်းနေရောင်သည် ဝါးဖောင်လုပ်သားတို့အား မီးပြင်းတိုက်သကဲ့သို့ရှိနေသည်။ ရေစုန်မှာ ဝါးဖောင်လုပ်သားတွေက အသာလေးထိုင်၍လိုက်နေရသည်မဟုတ်ပါ။ ချည်နှောင်ထားသောချုပ်တန်းများ ခိုင်၊ မခိုင် ဝါးလုံးအချင်းချင်းချည်နှောင်ထားသော ဝါးနှီးကြိုးများအား မြစ်ရေဖြင့်ပက်ဖျန်းပေးနေရပါသေးသည်။ ဝါးနှီးက လျှော်ကြိုးထက် ဝါးဖောင်ချည်ရာတွင် ပိုကောင်းသည်။ အရေးအကြောင်းဖြစ်လာပါက နှီးက ဓားဖြင့်တစ်ချက်ခုတ်ရုံဖြင့်ပြတ်သည်။ လျှော်က ဓားတစ်ချက်ဖြင့်မရ။ ဝါးဖောင်လုပ်သားများ၏အဝတ်မပါသော ကိုယ်ခန္ဓာအထက်ပိုင်းသည် ကျွဲကြီးများကဲ့သို့ နေလောင်သဖြင့် ကြေးနီရောင်ထနေကြသည်။

ဝါးဖောင်ကြီးအားဆွဲနေသော ရှေ့မှမော်တော်လေးသည် တဒီးဒီးစက်သံပေးလျက် ရေလမ်းကြောင်းမှချော်ထွက်မသွားစေရန် လည်းကောင်း၊ နောက်မှမော်တော်လေးသည် ဂါးဖောင်ပဲ့ယမ်းပြီး သောင်ပြင်စည်းတိမ်နှင့်မညီစေရန် လည်းကောင်း ဂရုတစိုက်နှင့် မောင်းနေကြပါသည်။



ထိုစဉ် မြစ်အနောက်ကမ်းတောင်ရိုးတောအုပ်အထက်မှ တိမ်တောင်တချို့တို့ တရိပ်ရိပ်တက်လာသည်။ အနောက်ဘက်ကမ်း မိုးသားကောင်းကင်သည် တိမ်တောင်တို့ဖြင့် ညို့မှိုင်းလာနေသည်။ မြစ်ယံသည် လှိုင်းကြက်ခွပ်လေးများထနေရာမှ ရုတ်တရက်လူးလွန့်လှုပ်ရှားလာ၏။ ဝါးဖောင်ဆိပ်မှာချည်ထားသောအလံတိုင်မှ ကြက်လျှာစွန်းလေးသည် တဖျတ်ဖျတ်ဖြင့်လှုပ်ခါလာပါသည်။ ဖောင်သူကြီးဦးစိုးလေးသည် သူ့အတွေ့အကြုံအရ သိလိုက်ပြီဖြစ်၏။

"ဖောင်သားတွေစိုက်ဆင်းလေမွှေကျလာတော့မယ် သတိထားကြ"

ဖောင်သမားရှစ်ယောက်တို့သည် လက်ထဲမှာ ဝါးခုတ်ဓားများကိုင်ဆောင်လျက် ဝါးဖောင်ပေါ်တွင် အသီးသီးနေရာယူလိုက်ကြ၏။ မြစ်ရေပြင်သည် လှိုင်းတံပိုးတို့ထကြွစပြုလာလေသည်။ မော်တော်လေးများက ဝါးဖောင်ကြီးအား စည်းတိမ်ဘက်မျောမသွားရအောင် ဖောင်ကြိုးအားတင်းနေအောင်ဆွဲနေရသည်။

"ဂွီ. . . ဂွီ. . . ကျွီ. . . ကျွီ. . . ကျွီ. . . ဝုန်း. . . ဗရုန်း"

ဝါးဖောင်ကြီးများမှာ ရှေ့ဖောင်နှင့်နောက်ဖောင်ဆောင့်တိုက်သံ၊ ကြိတ်ရုန်းသံများဖြင့် ဆူညံစပြုလာ၏။

"အားလုံးသတိထားကြ မျက်စိရှင်ရှင်နေ"

ဖောင်သူကြီးဦးစိုးလေးက အော်ဟစ်သတိပေးနေပါသည်။သူသတိမပေး၍လည်းမရပါ။ စိုက်ဆင်းလေကြောင့် မြစ်ပြင်မှာ လှိုင်းတံပိုးများထန်ခဲ့လျှင် တွဲချည်ထားသောဝါးဖောင်များ ဆောင့်တိုက်ကြိတ်ရုန်းကြသဖြင့် ဖောင်များပြတ်ထွက်ခြင်း၊ ဝါးများပြေ၍ပြတ်ထွက်ပြီး ဖောင်လုပ်သားတို့အား ဝါးစမှန်ခြင်းများဖြစ်တတ်သည်။ အဆိုးဆုံးက ဝါးဖောင်များပြုတ်ထွက်ကုန်ပြီး မြစ်ပြင်မှာ တစ်စစီမျောသွားခြင်းပင်တည်း။ ဒီအခါမှာ ဖြုတ်ချသင့်သည့်ဝါးဖောင်ကို ဓားနှင့်ဖြတ်၍ဖြုတ်ချရသည်။ လေငြိမ်မှ မော်တော်ဖြင့်ပြန်ဆွဲပြီး ချည်နှောင်ရ၏။ သို့မဟုတ်လျှင် ဖောင်အချင်းချင်းကြိတ်မိပြီး ဖောင်ပျက်သွားနိုင်ပါသည်။

ကံကြီးမောင်သည် နောက်ဆုံး ဝါးဖောင်နှင့်တွဲထားသော ဒုတိယဝါးဖောင်

အဆက်အနီး ဓားကိုင်၍ မျက်တောင်ခတ်ကြည့်နေသည်။ နောက်မှဝါးဖောင်သည် လှိုင်းကြောင့် ရှေ့ဖောင်အား ဆောင့်တိုက်လိုက် ဘေးသို့ခါယမ်းလိုက်ဖြစ်နေသည်။

ထိုစဉ် ဝါးဖောင်အပေါ်ဆုံးမှာ ချိတ်တန်းလုပ်ထားသော အင်သားတိုင်ကြီးသည် နှီးကြိုးများပြုတ်ထွက်ပြီး ဖောင်အယမ်းမှာ -

"ဝုန်း . . . ဝိုး . . . ဗိုး"

အင်သားတိုင်ကြီး ရုတ်တရက် ထောင်တက်လာပြီး တစ်ဖက်သို့လဲကျသွားသည်။ ကံကြီးမောင် ရုတ်တရက် ဘေးသို့ခုန်ရှောင်လိုက်ရသည်။ ဝါးစည်းတွေပြေလေပြီ။ သူနောက်သို့ပြေးသွားပြီး မော်တော်ကြိုးအား ဓားနှင့်ခုတ်ဖြတ်လိုက်သည်။ ထို့နောက် ဒုတိယနောက်ဆုံးဖောင်သို့ခုန်ကူးသွားပြီး တွဲဆက်ထားသောနှီးကြိုးများအား တရစပ်ခုတ်ပစ်နေ၏။ ပြိုကွဲနေသော နောက်ဆုံးဖောင်သည် တစစဖြင့် ဖောင်တန်းကြီးမှကွဲကွာသွား၏။ နောက်ဆွဲမော်တော်လေးသည် ကံကြီးမောင်ရှိရာ ဖောင်အနီးသို့ရောက်လာသည်။ မော်တော်သမားက သူ့အား ကြိုးကိုပစ်ပေးသည်။ ဖောင်မှာ အမြန်ချည်လိုက်ပြီး နောက်ဆုံးဝါးဖောင်အားကြည့်လိုက်သောအခါ သူတို့ဖောင်ကြီးမှကွဲထွက်သွားသော နောက်ဆုံးဖောင်သည် မြစ်ပြင်မှာကျန်ခဲ့သည်ကို တွေ့လိုက်ရပါသည်။ ဝါးဖောင်ပျစ်တွေက မြစ်ယံမှာတစစီပြိုကွဲလျက်။

❑

ဧရာဝတီမြစ်၏ အစုန်ခရီးညာဘက်ကမ်းတွင် မလည်ရွာတည်ရှိသည်။ ထိုဆိပ်ကမ်းတွင် ဖောင်ကိုခဏဆိုက်ကပ်၍ မျောနေသောဝါးများအား မော်တော်သမားများက ပြန်စုရသည်။ မလည်ရွာဆိပ်ကမ်း ရွှေတောင်ဦးကုန်းတော်ပေါ်တွင် ရွှေမုဋ္ဌောစေတီရှိသည်။ မြစ်ရေကျချိန်ဖြစ်၍ ဆိပ်ကမ်းမှာ မြင့်မားလွန်းလှသည်။

မလည်တစ်ဖက်ကမ်း အနရှေ့ဘက်တွင် သိမ်းတောင်ရှိသည်။ သိမ်းတောင်ကြီးသည် ကသာ၊ တကောင်း၊ သပိတ်ကျင်းအဆုံးခရီးတွင် အလွန်အန္တရာယ်များသောနေရာဖြစ်သည်။ သိမ်းတောင်အောက်ခြေတွင် ကျောက်စွန်းကြီးရှိသည်။ ရေဦးသည် ထိုနေရာအားထိုး၍ အောက်ခြေတွင် ကလိုင်ကြီးဖြစ်နေပြီး ဝဲကြီးဖြစ်နေခြင်းပင်တည်း။ ဝဲကြီးမှာ ကိုက်တစ်ရာခန့်ရှိပြီး ဝဲလှည့်နေသည်မှာ တဒီးဒီးမြည်၍ ကြောက်စရာကောင်းလှသည်။

ဖောင်သူကြီး ဦးစိုးလေးသည် ကံဆိုးသူမောင်ရှင်အဖြစ် ကံကြီးမောင်အား ရေထဲသို့ပစ်ချချင်နေမိပါသည်။ သူ စိုးရိမ်နေမိပါသည်။ အဘယ်ကြောင့်ဆိုသော် သိမ်းတောင်နားရောက်လာလျှင် ရေကြောင်းက အရှေ့ဘက်သို့ကပ်သွားပြီး ဝဲလွတ်အောင် မြစ်အနောက်ဘက်မှ စုန်မည်ဆိုသော်လည်း သောင်ညှိခြင်း၊ ကျောက်တန်းများနှင့်တိုက်ခြင်း၊ တံစူးထိုးခြင်းများဖြစ်သဖြင့် ဖောင်ပျက်ဦးမည်။ ဒီတော့ ဝဲနှင့်လွတ်ရုံလေး ရေကြောင်းမှ စုန်ရခြင်း ဖြစ်သည်။

သူတို့ဝါးဖောင်ကြီးက ရှည်လွန်းတော့ ဝါးဖောင်ဝဲထဲလည်ပြီးပြန်အထွက်မှာ နောက်ဖောင်က ရေစီးနှင့်ပါလာပြီး ဝင်ဆောင့်ကာ ဖောင်ပျက်စီးမည်။ ထိုသိမ်းတောင်ဝဲကလိုင်ကြီးထဲတွင် သစ်လုံးများထောင်နှင့်ချီ၍ရှိသည်ဟုဆိုကြသည်။ တစ်ခါတစ်ရံ လူပါပါသွားပြီး ဝဲကပြန်အမှုတ် ပေသောင်ဘက်တွင်သွားတင်နေသည်များရှိတတ်သည်။ လူကတော့ အသက်မပါလာတော့ပါ။ ကံကောင်းသည့်သူမှ အသက်ငွေ့ငွေ့ကျန်ပါသည်။

ယခုလည်း သိမ်းတောင်နားရောက်လာလျှင် စကားမများဖို့မှာနေသည်ကို ကံကြီးမောင်အရက်မူးမူးနှင့်နားမထောင်ဘဲ အယုံအကြည်မရှိဘူးဟုဆိုနေပါသည်။

သိမ်းတောင်ရှင်မကြ နာမည်ကြီးသည်။ တချို့ ဖောင်သူကြီးများက မုန့်ဖျူ မုန့်နီ၊ ငါးကြော်များဖြင့် လမ်းခရီးမှာ အန္တရာယ်ကင်းစေကြောင်း ပ,သကြရသည်။

ဝါခေါင်-တော်သလင်းရေကြီးချိန်များ၌ လွန်စွာကြောက်စရာကောင်းလှသည်။ ဝါးဖောင်ကြီးသည် သိမ်းတောင်ဝဲကြီးနားသို့ရောက်လာ၏။ ရှေ့မှဆွဲမော်တော်လေးက စက်ကုန်ဖွင့်၍ အသံကုန်ဟစ်ကာ လွတ်အောင်ဆွဲနေသလို နောက်မှ မော်တော်လေးကလည်း ဝဲထဲပါမသွားအောင် ခြေကန်ပြီးမောင်းနေရသည်။

သို့သော် သူတို့မလွတ်တော့ပါပေ။ ရှေ့ဖောင်များလွတ်သွားသော်လည်း နောက်ဖောင်နှစ်ခုက ဝဲဆွဲရာသို့ တရွေ့ရွေ့ပါနေသည်။

ဖောင်သူကြီး ဦးစိုးလေး ဖောင်နောက်သို့ပြေးလာပြီး -

"မလွတ်တဲ့ဖောင်ကို ခုတ်ကြဖြတ်ပစ်"

နောက်မှ မော်တော်လေးက မလွတ်မှန်းသိ၍ မော်တော်ကြိုးကို ဖြတ်ချလိုက်လေပြီတည်း။

"ဗျိ ဗျိ ဗျင် ဗျစ် ဖြောင်း"

ဝါးဖောင်များ တစ်စစီကျိုးပြတ်၍ ထွက်ကုန်ပြီဖြစ်သည်။ ကံကြီးမောင် ဖောင်သတ်ချည်ထားသောဝါးနှီးများကို ဓားနှင့် လျှင်မြန်စွာခုတ်ဖြတ်နေစဉ် သူရောက်နေသောဖောင်သည် ဝဲထဲသို့ပါသွားသည်။

"မော်တော် လာပါဦး၊ ကျုပ်ကို လာခေါ်ပါ။ လာကြပါဦး ကယ်ကြပါ"

ဖောင်သည် ဝဲထဲမှာ တဖျစ်ဖျစ် တဖျောင်းဖျောင်းရိုက်ရင်း ကျိုးပြတ်ကုန်သည်။ ဝါးအကျိုးအပြတ်များက ထိုးထိုးထောင်ထောင်ထွက်လာပြီး လွင့်စင်လာ၏။ မော်တော်ကလည်း သူတို့သွားကယ်လျှင် သူတို့ပါဝဲထဲပါသွားမည်စိုး၍မသွားရဲကြ။ မော်တော်ပေါ်မှလူတွေ၊ ဖောင်ပေါ်မှလူတွေ ကံကြီးမောင်၏အဖြစ်ကို စိုးရိမ်တကြီးကြည့်နေကြရင်း ဖောင်ပြန်လှည့်အထွက်မှာ ဝဲမှလွတ်ပါစေဟုသာ ဆုတောင်းနေရ၏။

ထိုစဉ် ဝါးချွန်တစ်စသည် ကံကြီးမောင်၏နောက်ကျောသို့ စိုက်ဝင်သွားသည်ကို တွေ့လိုက်ရပါတော့သည်။

"အား . . . အား"

"ဟီး . . . ဟီး . . . ဟွဲ . . . ဟဲ"

လူအော်သံ၊ ဝဲအော်သံများက သိမ်းတောင်နံရံသို့ ပဲ့တင်ထပ်သွားပါသည်။ ကံကြီးမောင် ဝါးလုံးများကြားထဲကျသွားပြီး ဝဲထဲနစ်သွားပါတော့သည်။ ရွှံသမားကံကြီးမောင်၏ဘဝနိဂုံးချုပ်လေပြီတည်း။ ဖောင်သူကြီးဦးစိုးလေးလည်း ဘာမှမတတ်နိုင်ဘဲ လက်လျှော့လိုက်ရပါတော့သည်။ သူတို့ ပေသောင်ရွာသဲသောင်ပြင်ကြီးမှာ ခဏဆိုက်ကပ်၍ မျောလာမည့်ဝါးလုံးများကို ဆယ်ရပါဦးမည်။

ကံကြီးမောင်ကတော့ သိမ်းတောင်ဝဲကလိုင်ထဲမှာ တစ်သက်တာခိုနားလျက်။

❑

ဇာတ်လမ်းကို ပြောပြသော အင်းရွာ (ရွှေလီမြစ်ဆုံ) မှ ကိုမင်းမင်း၊ ရွှံသမား ကိုသောင်း၊ သပိတ်ကျင်းမှ ဦးကျော်သန်းအား ကျေးဇူးတင်ရှိပါသည်။

သန့်ဇင်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လထုတ် သူရဿ မဂ္ဂဇင်းကြီးတွင် ဆရာနေအောင်လင်း (စလေ) ရေးသားသော 'မြင်းဖြူရှင်နတ်နှင့် ဆိတ်လှည်းသမား' ဝတ္ထုဖြစ်ရပ်အား ဖတ်ရှုရပါသည်။ ဆရာနေအောင်လင်း၏ ဇာတ်လမ်းအရဆိုသော် ဆိတ်လှည်းသမား ကိုဦးမောင်သည် မိမိအကြောင်းကိစ္စနှင့် မြင်းဖြူရှင်နတ်ကွန်းရှေ့ရှိ လမ်းမမှ ဆိတ်လှည်းလေးကို ဖြတ်မောင်းသွားခြင်း ဖြစ်၏။ ထိုလမ်းသည် မြင်းဖြူရှင်နတ်အတွက် သီးသန့်လမ်း (ကိုယ်ပိုင်လမ်း) လည်း မဟုတ်ချေ။ မည်သူမဆို အသုံးပြုနိုင်သောလမ်း ဖြစ်ပါသည်။ သို့ပါလျက် မြင်းဖြူရှင်နတ်က သူ့ကို မလေးမစားပြုသည်ဆိုကာ အမြင်ကတ်ပုဒ်မဖြင့် ဆိတ်လှည်းသမားကို ဒုက္ခပေးလိုက်၏။

ထပ်ကေးရွာကြီးသည် ရာသီဥတုသာယာကောင်းမွန်သည့် အင္ဂရုံမြစ်၏ အရှေ့ဘက်ကမ်းပါးတစ်လျှောက်တွင် တည်ရှိသည့်အတိုင်း သရက်၊ ပိန္နဲ၊ ဒူးရင်း၊ ကြက်မောက်၊ ကျွဲကော စသော စားသုံးသီးနှံပင်ကြီးများဖြင့် စိမ်းစိုညို့မှိုင်းလျက် အလွန်အေးချမ်းသာယာသည့် ရွာကြီးဖြစ်သည်။ လယ်ယာတို့ကလည်း အင္ဂရုံမြစ်မှပို့ချသော နုန်းတင်မြေတို့ကြောင့် ကျေးလက်သီချင်းလေးတစ်ပုဒ်ထဲကလိုပင် 'တစ်နှံကို ဆယ်ပြည် ထွက်တယ် ဖြိုးအက်လို့သီး'

သက်တော်ထင်ရှားရှိစဉ်အခါတုန်းက ထပ်ကေးရွာရှိ သမိုင်းဝင် မာတ်ကေသာ စေတီတော်မြတ်အား လာရောက် ဖူးမြော်ခဲ့ကြောင်း လယ်တီဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိတွင် ဖတ်ဖူးပါသည်။ ယနေ့ဆိုလျှင် ထပ်ကေးရွာကြီးမှာ တိုက်တာများ၊ လျှပ်စစ်မီး၊ မော်တော်ကား၊ ဆိုင်ကယ်တာဝီဝီဖြင့် လွန်စွာမှ တိုးတက်နေပါပြီ။



# ဓာတ်ပုံ-မောင်မောင်အေး

## ထပ်ကေးရွာက တိုက်ကျောင်းတော်ကြီးနှင့် ဘိုးထွေးစိန်

ပရလောကသားတို့သည် တစ်ခါတစ်ရံ လူတို့၏လုပ်ရပ်ကို တရားမျှတစွာ လေ့လာသုံးသပ်ခြင်းမပြုဘဲ တွေ့ရုံ မြင်ရုံမျှဖြင့် ဒေါသကိုရှေ့ထား၍ ဤသို့ဆိုးကျိုးများလုပ်လေ့ရှိသည်။ ဆရာနေအောင်လင်း (စလေ) ရေးသားသော ဝတ္ထုရဖြစ်ရပ်အား ဖတ်ပြီးသောအခါ ကျွန်တော်၏အဘိုးတော်သူ ဘိုးထွေးစိန်၏ဖြစ်ရပ်သည်လည်း ဤနည်းအတိုင်းပင် ပရလောကသား၏ မဆင်မခြင် ဒေါသရှေ့ထားလုပ်ရပ်ကြောင့် အတန်ကြာ ဒုံးနာသောဝေဒနာကို ခံစားလိုက်ရပါသည်။

ဦးထွေးစိန် (ဘိုးထွေးစိန်) သည် အဘိုးဆိုသော်လည်း ကျွန်တော်ဘက်မှ မဟုတ်ဘဲ ကျွန်တော်၏ ဇနီးဖြစ်သူ စာရေးဆရာမ တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) ၏ အဘိုး ဖြစ်ပါသည်။ တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) ၏ မွေးရပ်ဇာတိသည် မွန်ပြည်နယ်၏ မြို့တော် မော်လမြိုင်နှင့် မဝေးသော အင္ဂရုံမြစ်အရှေ့ဘက်ကမ်း ညောင်ပင်ဆိပ်အုပ်စုမှ ထပ်ကေးရွာကြီး ဖြစ်ပါသည်။

ဟူသော စာဆိုအတိုင်း စပါးထွက်ကောင်းလှ၏။ မြို့တော် မော်လမြိုင်၏ သစ်သီးဈေးကွက်၌ ထပ်ကေးရွာထွက် ကျွဲကောသီးသည် နာမည်ကြီး၏။

'ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ' ဆိုသောစကားပုံအတိုင်း ရေမြေရာသီဥတုကောင်းတော့ လယ်ယာ စားပင်သီးပင် သစ်သီးဝလံတို့ ဖြစ်ထွန်း၏။ စပါးအထွက်ကောင်း၊ သစ်သီးဝလံတို့အောင်မြင်တော့ ထပ်ကေးရွာသားတို့စီးပွားရေးကောင်းသူများ၏။ ဗုဒ္ဓဘာသာ ယုံကြည်သက်ဝင်သူများ၏ ထုံးစံအတိုင်း စီးပွားရေးကောင်းတော့ သံသရာရှေ့ခရီးအတွက် ဘုရားတည်၊ ကျောင်းဆောက် ဒါနမှုတွေပြုကြ၏။

ရွာအရှေ့ဘက် တောင်ပေါ်တွင် မာတ်ကေသာစေတီတော်မြတ်ကြီးတစ်ဆူ၊ ထပ်ကေးရွာ တောင်ကျောင်း၊ မြောက်ကျောင်း ဘုန်းတော်ကြီးကျောင်းများ၊ အိမ်ကြီးရခိုင်နှင့် သာယာဝပြောသည့် အင်္ဂါရပ်များသည် ထပ်ကေးရွာကြီး၏ အခြေအနေကို ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။ လယ်တီဆရာတော်ဘုရားကြီး

ထပ်ကေးရွာ၏ တောင်ကျောင်း ခေါ် တိုက်ကျောင်းနှင့် အနီးဆုံးရွာထိပ်တွင် ဘိုးထွေးစိန်တို့ဆွေမျိုးတစ်စုနေထိုင်ကြပါသည်။ ဘိုးထွေးစိန်တို့ဆွေမျိုးတစ်စု နေထိုင်သောနေရာအား ရွာက လူအချို့က တိုက်ကျောင်းချောင်ဟု ခေါ်ကြ၏။ ဘိုးထွေးစိန်တို့ တိုက်ကျောင်းချောင်ပြီး လျှင် အင္ဂရုံ၏လက်တက် ချောင်းငယ်လေးတစ်ခုရှိ၏။ ချောင်းငယ်လေး၏ တောင်ဘက်ကမ်းတွင် ထပ်ကေးရွာ၏ ဘုန်းတော်ကြီးတိုက်ကျောင်းပရိဝုဏ်ဖြစ်သည်။


ဘိုးထွေးစိန်၏ဇနီးက ဘွားတော

ထင်ဖြစ်၍ သမီးနှစ်ယောက်၊ သားလေးယောက်နှင့်အတူ လယ်ဧကအတော်များများကို ကိုယ်တိုင်ဦးစီးလုပ်ကိုင်သူဖြစ်သည်။ လယ်များကို ဦးစီးလုပ်ကိုင်သော်လည်း ဝါတွင်းကာလ ဥပုသ်ရက်များတွင် မပျက်မကွက် ဥပုသ်သီလဆောက်တည်သူ ဖြစ်၏။


မွန်ပြည်နယ်ရှိ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်းတို့၌ ဝတ်ကျောင်းဟူသော သာသနိကအဆောက်အအုံများရှိသည်။ ဝတ်အတွင်း၌ ဘုရားရုပ်ပွားတော်များလည်းရှိသည်။ ဥပုသ်သီလဆောက်တည်သူများလည်း နေ့ဘက်တွင် ဝတ်အတွင်း၌နေထိုင်ကာ ပုတီးစိပ်ခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်းပြုလုပ်ရာနေရာဖြစ်၏။ မော်လမြိုင်တောင်ရိုးတန်းပေါ်မှ ပန်းရုံပျံဝတ်သည် နတ်တို့ တည်ဆောက် တည်ထားသော ဘုရားဝတ်ကျောင်းအဖြစ် ကျော်ကြား၏။

ထပ်ကေးရွာ တိုက်ကျောင်းတွင်လည်း ရန်မျိုးအောင်ဝတ်ကျောင်းဟူ၍ ရှိ၏။ ရန်မျိုးအောင်ဝတ်ကျောင်းအား မည်သည့်အချိန်က တည်ဆောက်ထားသည်ကို မည်သူမျှ အတိအကျမသိကြချေ။ အတော်ပင် ဟောင်းနွမ်းယိုယွင်းလျက်ရှိနေသဖြင့် အချို့နေရာများကို အစားထိုး ပြင်ဆင်ရန်အတွက် ဆရာ၊ ဒကာညှိနှိုင်းတိုင်ပင်ကာ ပြင်ဆင်မွမ်းမံမှုပြုကြ၏။





ဓာတ်တော်သာစေတီတော်နှင့် ဘိုးထွေးစိန်၏မြေးသုံးဦး



ဝတ်ကျောင်းဆောင့် အထုပ်ရေးသော ဘိုးထွေးစိန်

ဘိုးထွေးစိန်အတွက် တာဝန်ကျသောအပိုင်းသည် ဝတ်ကျောင်းအတက်အဆင်း အုတ်လှေကားနားမှအပိုင်းဖြစ်၏။ ဘိုးထွေးစိန်၏ ဆွေမျိုးသားချင်းများဖြစ်သောဦးစံခင်၊ ဦးကြီးလှိုင်၊ ဦးစောဖေ၊ ဖိုးထွန်းရှုံတို့လည်း သူတို့တာဝန်ကျရာ အပိုင်းများတွင် အားသွန်ခွန်စိုက်လုပ်လေ့ရှိသဖြင့် သားချင်းများကပင် သတိပေးနေရ၏။ ဘိုးထွေးစိန်နှင့်အတူ သားကြီးမောင်ပိန်၊ သားလတ် မောင်ကြီးတို့ ဝိုင်းကူကြ၏။ အုတ်လှေကားအတက်နားမှ ဖြိုဖျက်ရမည့်အပိုင်းအား သားနှစ်ယောက်ကိုပင်မခိုင်းဘဲ မိမိကိုယ်တိုင် သံတူးရွင်းဖြင့် လည်းကောင်း၊ သံတူကြီးဖြင့် လည်းကောင်း ထုခွဲဖြိုချ၏။ ဖြိုဖျက်ပြီးသော အုတ်ကျိုးအုတ်ပဲ့များ၊ အင်္ဂတေအကြေအမွများကိုသာ မောင်ပိန်နှင့်မောင်ကြီးတို့က ရှင်းလင်းကြရ၏။

တစ်နေရာတွင် အင်္ဂတေက အလွန်ခိုင်မာနေသဖြင့် လေးပေါင်စီးသော သံတူကြီးနှင့်အားစိုက်၍ထုခွဲလိုက်စဉ် ဘိုးထွေးစိန်တို့သားအဖအနီးမှ 'တောက်' ဆိုသော တက်ခေါက်သံကြီး ထွက်ပေါ်လာပြီး ဘိုးထွေးစိန်၏ တူချက်ကြောင့် လွင့်ကျသွားသော အုတ်ကျိုးတစ်ခုသည် ဘုတ်ခနဲကျသွားပြီးမှ ခုန်ထွက်လာကာ ဘိုးထွေးစိန်၏ ညာဘက်ဒူးခေါင်းကို လာရောက်ထိမှန်၏။

"အား"

ဟူသော အော်သံနှင့်အတူ ဘိုးထွေးစိန်လည်း ဖင်ထိုင်ကျသွား၏။ ထိုဖြစ်ရပ်ကြောင့် ဖိုးထွန်းရှုံတို့ ညီအစ်ကိုလည်း အပြေးရောက်လာကာ ဒူးခေါင်းတို့ ကိုင်ကြည့်ရင်း -

"ထွေးစိန်၊ အဲဒါကြောင့် တို့ပြောတာကွ၊ မဆင်မခြင်မလုပ်ပါနဲ့လို့"

ဆိုရင်း ကရုဏာဒေါသဆိုကြ၏။

"မဟုတ်ဘူး ဘိုးလေးထွန်းရှုံရဲ့။ အုတ်ခဲကျိုးက အောက်ကို ဘုတ်ဆိုကျသွားပြီးမှ နောက်ကပြန်လာပြီး အဖေ့ဒူးကိုထိမှန်တာ"

ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စဘဲ"

ဟု သားကြီးဖြစ်သူ မောင်ပိန်က မကျေမချမ်းဆို၏။

ဘိုးထွေးစိန်သည် တစ်ပတ်ခန့် အိပ်ရာထဲလှဲနေရ၏။ လိမ်းဆေးများ၊ အုံဆေးများကြောင့် သက်သာသလိုတော့ရှိ၏။ ဤအတောအတွင်း၌ပင် ဝတ်ကျောင်းပြုပြင်ခြင်းလုပ်ငန်းများလည်း ပြီးစီးအောင်မြင်သွား၏။

ဥပုသ်နေ့ရောက်သောအခါ သီလယူရန် ကျောင်းသို့သွားရာတွင် အကြီးဆုံးသမီး မသန်းက ဘိုးထွေးစိန်ကို တွဲပို့ရ၏။ နေ့လယ်တွင် ထုံးစံအတိုင်း ဝတ်ကျောင်းထဲ၌ ဥပုသ်သည်များ ပုတီးစိပ်သူစိပ်၊ တရားထိုင်သူထိုင်နှင့်ရှိနေကြ၏။ ဘိုးထွေးစိန်လည်း လုပ်နေကျအတိုင်း အာနာပါနရှုမှတ်၏။ ဒူးခဲဝေဒနာကြောင့် ဥဂ္ဂဟနိမိတ်သို့ တော်တော်နှင့်မရချေ။

သို့ကြောင့် ဝင်လေ၊ ထွက်လေဆိုသော ရိုးရိုးရှုမှတ်ခြင်းမှရပ်၍ ဂဏန်းအမှတ်စဉ်ဖြင့်ရှုရသော ဂဏနာနည်းသို့ ပြောင်းကာ ရှုမှတ်ရတော့၏။ ဂဏနာနည်းဟူသည် -

ဝင်သက်...၁/ထွက်သက်...၁
ဝင်သက်...၂/ထွက်သက်...၂

စသည်ဖြင့် (၅) အထိ ရှုမှတ်ရ၏။ (၆) သို့တက်လိုသော် မူလအတိုင်း ဝင်လေ (၁) မှစ၍ (၆) အထိမှတ်။ (၇) တက်ရန် ဝင်လေ (၁) မှ ပြန်စရ၏။ ဤနည်းအတိုင်း (၁၀) ရောက်သည့်တိုင် အပြန်ပြန်အလှန်လှန်ရှုရ၏။ ထိုသို့ အကြိမ်များစွာရှုမှ ပဋိဘာဂနိမိတ်ကိုရနိုင်သည်။

ဘိုးထွေးစိန်သည် ဂဏနာနည်းဖြင့် ရှုမှတ်နေရင်း သမထအာရုံတွင် ပုဂ္ဂိုလ်တစ်ဦးပေါ်လာ၏။ ပုဆိုးနီညိုကွက်တုံးဝတ်၍ လက်စကစွတ်ကျယ်ခပ်နွမ်းနွမ်း၊ ဆံပင်မရှိဘဲ ခေါင်းတုံးပြောင်အောင်ရိတ်ထား၏။ မျက်နှာကလည်း ခက်ထန်မည့်အသွင်ရှိကြောင်း မြင်ရုံဖြင့် သိနိုင်၏။ ထိုပုဂ္ဂိုလ်ကို မြင်သော့အခါ သမထ၏လုပ်ထုံးလုပ်နည်းအတိုင်း-

'မြင်တယ်၊ မြင်တယ်' ဟု ရှုမှတ်ရ၏။ ဖြစ်ရိုးဖြစ်စဉ် အနှောင့်အယှက်မြင်ကွင်းဆိုလျှင် မြင်တယ်၊ မြင်တယ် (၅)ကြိမ်မျှမှတ်လျှင် ပျောက်ကွယ်သွား၏။ ယခုမူ (၁၀) ကြိမ်ရောက်သည့်တိုင် ပျောက်မသွားချေ။ ထိုပုဂ္ဂိုလ်ထံမှ အသံထွက်လာ၏။

"ကိုထွေးစိန်၊ ခင်ဗျားရဲ့လုပ်ရပ်တိုကျူပ်အသေအချာမသိဘူး။ ဝတ်ကျောင်းကိုလာပြီးဖျက်ဆီးတယ်ဆိုတဲ့ ဒေါသရှေ့ထားပြီး ကိုထွေးစိန်ဒူးကျိုးအောင်အုတ်ခဲပိုင်းနဲ့ထုလိုက်တာပဲ။ ကိုထွေးစိန်တဥပုသ်နေ့တိုင်း သီလစောင့်တဲ့သူဖြစ်လို့ နာရုံလောက်ပဲနာသွားတာ။ ခုမှ ကျုပ်အမှားကိုသိလို့ လာပြီးတောင်းပန်တာပါ"

ဆိုရင်း နာနေသောဒူးကိုလက်ဖြင့် သပ်ချပေးပြီး ပျောက်ကွယ်သွား၏။

အာနာပါနရှုမှတ်ခြင်းအလုပ်မှပြီးသောအခါ တကယ်ပင် ဒူးနာသောဝေဒနာများ လုံးဝပျောက်ကင်းသွားပြီး ညနေစောင်း၍ ဥပုသ်ကျောင်းမှပြန်ချိန်တွင် ဘိုးထွေးစိန်ကိုတွဲခေါ်ရန် သမီးကြီးမသန်း၊ သမီးငယ် မအေးကြည်တို့လာကြသော်လည်း ဘိုးထွေးစိန်သည် သမီးများအကူအညီကို လုံးဝမယူတော့ဘဲ ယခင်ကအတိုင်း ကျန်းမာသွက်လက်စွာဖြင့် အိမ်သို့ပြန်လာနိုင်ခဲ့ပါသတည်း။

(ဤဖြစ်ရပ်မှန်အား ပြောပြသော ဘိုးထွေးစိန်၏ သမီးကြီးမသန်း (ယခု ဒေါ်သန်း) အား အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။)

ဓာတ်ပုံ-မောင်မောင်အေး

ရိုရိုငွေး

# ပင်ကြွေးမျှော်ရည် နေ့တိုင်းသောက် သွေးတိုးပုံမှန်ရောက်

တချို့သောလူများသည် ခေါင်းမူးခြင်း၊ အော့အန်ခြင်း၊ အစားမစားချင်ခြင်း၊ ပင်ပန်းနွမ်းနယ်တာ အိပ်ရာထဲ၌လဲနေခြင်း စသည့်ဝေဒနာများကို ခံစားကြရပါသည်။ ဤသို့ဖြစ်ခြင်းမှာ ခေါင်းမူးရောဂါ၊ အော့အန်ရောဂါဟု ထင်ကြပါသည်။ အမှန်မှာ အထက်ပါဝေဒနာများသည် သွေးတိုးရောဂါ၏ အခြေခံလက္ခဏာများပင် ဖြစ်ပါသည်။ ခေါင်းမူးတိုင်း၊ အော့အန်တိုင်းသည် သွေးတိုးရောဂါ မဟုတ်သော်လည်း သွေးတိုးရောဂါတိုင်းတွင် အထက်ပါလက္ခဏာများရှိပါသည်။ သွေးတိုးရောဂါသည် ပင်မရောဂါဖြစ်ပြီး ထိုသို့သွေးတိုးနေသည့်အတွက် ခန္ဓာကိုယ်၏ဇီဝကမ္မလုပ်ဆောင်ချက်များကို အဟန့်အတားဖြစ်စေခြင်းကြောင့် အထက်ပါဝေဒနာများဖြစ်လာပါသည်။

လူအချို့သည် မိမိ၌ သွေးတိုးရောဂါရှိမှန်းမသိသည့်အတွက် မူးဝေခြင်း အော့အန်ခြင်း စသည့်ဝေဒနာများကို ရောဂါဟုထင်မှတ်ကာ ဆေးအမျိုးမျိုးဖြင့် ကုသကြပါသည်။ သို့သော် ပင်မသွေးတိုးရောဂါမပျောက်သရွေ့ ရောဂါလက္ခဏာများမှာ ခေတ္တမျှသာသက်သာပြီး ကြာခဏ ထိုဝေဒနာကိုခံစားကြရပါသည်။ သွေးတိုးရောဂါကြောင့် ဆက်စပ်ဆက်တွဲရောဂါများဖြစ်ကြသော နှလုံးတာကပ်ပျက်စီးခြင်း၊ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပြတ်ခြင်းဖြစ်စေနိုင်ပါသည်။ ထိုရောဂါများဖြစ်လျှင် သေဆုံးခြင်း ဒုက္ခိတဖြစ်ခြင်း စသည့် မလိုလားအပ်သည့်ကိစ္စအမျိုးမျိုးဖြစ်စေပါသည်။ ထို့ကြောင့် သွေးတိုးရောဂါကို အချိန်မီမသိရှိခြင်းကြောင့် လူမှုဒုက္ခဆိုးကြီးထဲတွင် ကျရောက်လည်းဖြစ်ကာ ပျက်စီးဆုံးရှုံးမှုများဖြင့်တွေ့ကြုံကြရပါသည်။

**သွေးတိုးရောဂါ၏သမိုင်းကြောင်းအစ**

၂၀ ရာစုနှစ် အစဦးပိုင်းဝန်းကျင်ကာလတွင် -



သွေးတိုးရောဂါကို လူအများသိရန် အကြောင်းဖန်လာခဲ့ပါသည်။ ဤရောဂါကို မည်သည့်ဆေးသိပ္ပံပညာရှင်များက ရှာဖွေတွေ့ခဲ့ခြင်းမဟုတ်ပေ။

ကမ္ဘာနှင့်အဝန်း အသိတိတ်လူသတ်သမားဟု တင်စားခေါ်ဆိုခဲ့သည့် သွေးတိုးရောဂါမှာ လူသားတို့သိချိန်တန်သဖြင့် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ သွေးတိုးနှင့်ပတ်သက်သောဝေဒနာများနှင့် ထိုဝေဒနာဖြစ်ပါက အသက်တိုကြောင်း အသက်အာမခံလုပ်ငန်းလုပ်ကိုင်သည့် အနောက်နိုင်ငံသားများက စတင်သတိပြုမိခဲ့ကြသည်။ ထို့ကြောင့် အသက်အာမခံလုပ်ငန်းလုပ်ကိုင်သူများက သွေးတိုးရောဂါနှင့် အသက်တိုခြင်းသည် မည်သို့ဆက်စပ်နေကြောင်း အဖြေကိုသိလိုကြသည်။ ထို့ကြောင့် သွေးပေါင်တိုးလျှင် မည်မျှတိုးကြောင်း သတ်မှတ်ရန် ကြိုးစားအားထုတ်ခဲ့သည်။ ထိုအုပ်စုသည် လူပေါင်းထောင်ပေါင်း များစွာကို စတင်စမ်းသပ်လေ့လာခဲ့သည်။

ဒင်းတို့၏ရည်ရွယ်ချက်မှာ -

သွေးတိုးခြင်းဆိုသည့်သွေးဖိအားကို သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်ဖြစ်ပါသည်။ ဒင်းတို့၏ လေ့လာတွေ့ရှိချက်အရ သွေးပေါင်ချိန် (၁၄၀/၉၀) m.m.Hg ရှိသူများသည် သွေးပေါင်ချိန် (၁၁၅/၇၀) m.m. Hg ရှိသူနှင့်နှိုင်းယှဉ်ပါက သေလောက်သည့် အကြောင်းတရား မြင့်မားနေကြောင်း သိရှိလာခဲ့သည်။ ထို့ကြောင့် သွေးပေါင်ချိန် (၁၄၀/ ၉၀) m.m.Hg ရှိသူ (သို့) ဒင်းထက်ကျော်လွန်ပါက သွေးတိုးသည်ဟု သတ်မှတ်ခဲ့ကြသည်။ ထိုနောက်ပိုင်းတွင် သွေးတိုးရောဂါရှိသူများသည် လေဖြတ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ကျောက်ကပ်ရောဂါဖြစ်ခြင်း၊ ခြေဖျားလက်ဖျား သွေးကြောရောဂါဖြစ်ကာ စောစီးစွာသေဆုံးနိုင်ကြောင်းကိုပါ ဆက်လက်တွေ့ရှိရပါသည်။

သွေးပေါင်တိုင်းကိရိယာမှာထောင်ထားသောဖန်ပြွန်ထဲတွင် ငွေရောင်ပြဒါးကိုထည့်ပြီး သွေးကြောများထဲတွင် မည်မျှဖိအားရှိသည်ဆိုသည့်အချက်ကို တိုင်းတာခဲ့ကြပါသည်။ (m.m) မှာ မီလီမီတာဖြစ်ပြီး (Hg) ဆိုသည်မှာ ပြဒါးဖြစ်ပါသည်။ သွေးဖိအားတိုင်းရာတွင် m.m Hg သည် သတ်မှတ်ထားသည့်စံကိန်း ဖြစ်ပါသည်။ သွေးတိုးခြင်းဆိုရာတွင် သွေးပေါင်သည် အမြဲတည်ရှိနေသည်မဟုတ်။ အချိန်နှင့်အမျှပြောင်းလဲနေပါသည်။ သွေးပေါင်၏ အခြေအနေသည် ရာသီဥတုအပူအအေး၊ မိမိစားသောက်သည့်အစားအစာ၊ ပင်ပင်ပန်းပန်းအလုပ်လုပ်ခြင်း စိတ်မိစိုးမှုများခြင်းတို့နှင့်လည်း ဆက်နွယ်နေပါသည်။

ပုံမှန်သွေးပေါင်ချိန်မှာ အမျိုးသမီးများတွင် (၁၁၀/ ၇၀) m.m Hg ဖြစ်ပြီး အမျိုးသားများတွင် (၁၂၀/ ၈၀ m.m Hg) ဖြစ်သည်။ အကယ်၍ (၁၂၀/ ၉၀ m.m Hg နှင့် ၁၃၀/ ၉၀ m.m Hg) အကြားတွင်ရှိပါက အကြိုသွေးတိုး (Pré Hypertension) ဟု ခေါ်သည်။ အကယ်၍ (၁၄၀/၉၀ m.m Hg နှင့် အထက်သွေးတိုးပါက သွေးတိုးရောဂါ စတင်နေပြီဖြစ်ကြောင်းသိနိုင်ပါသည်။

သွေးပေါင်တိုင်းရာတွင် အနည်းဆုံး (၃) ကြိမ်တိုင်းပြီး ပျမ်းမျှယူရမည်။ အလုပ်ကို ပြင်းပြင်းထန်ထန်လုပ်ခြင်း၊ အပြေးလာခြင်းတို့ပြုလျှင် ချက်ချင်းမတိုင်းရပေ။ အနည်းဆုံး (၅) မိနစ်ခန့်နားပြီးမှ တိုင်းတာရမည်။ အကယ်၍ မိမိ၌သွေးတိုးရောဂါရှိမရှိကိုသိရှိနိုင်ရန်

(၆) လတစ်ကြိမ် စစ်ဆေးသင့်ပါသည်။

**□ သွေးတိုးရောဂါဆိုတာ ဘာလဲ**


သွေးတိုးရောဂါကို ဆေးပညာအခေါ်အဝေါ်အရ (Hypertension) ဟုခေါ်ပါသည်။ သွေးတိုးရောဂါသည် ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများအတွင်း၌ သွေးဖိအားသည် သာမန်ထက်များလာခြင်းကို ခေါ်ပါသည်။ အဓိကအားဖြင့် နှလုံးကျုံ့၍ သွေးများကိုညှစ်ထုတ်ချိန်တွင် သွေးကြောများထဲရှိအားသည် အမြင့်ဆုံးသို့ရောက်ရှိနေပေမည်။ ခန္ဓာကိုယ်မှသွေးများသည် နှလုံးထဲသို့ပြန်စီးဝင်ချိန်တွင် သွေးဖိအားအနိမ့်ဆုံးဖြစ်သည်။

သွေးဖိအား (၂) မျိုးရှိပါသည်။ အမြင့်ဆုံးသွေးဖိအားကို နှလုံးကျုံ့သွေးဖိအား (Systolic Blood Pressure) ဟုခေါ်ပြီး အနိမ့်ဆုံး သွေးဖိအားကို နှလုံးလျှော့နားချိန် သွေးဖိအား (Diatolic Blood Pressure) ဟု ခေါ်သည်။ သွေးပေါင်ချိန်၏အဖြေသည် (၁၅၀/၉၀ m.m Hg) ဖြစ်နေပါက လူနာသည် သွေးတိုးနေကြောင်း သိနိုင်ပါသည်။ သွေးပေါင်ချိန်သည် အသက်အရွယ်၊ ယောကျ်ားမိန်းမ၊ ကလေး စသည့် အမျိုးအစားပေါ်တွင်မူတည်ပြီး တစ်ဦးနှင့်တစ်ဦး စံနှုန်း (Normal Range) ကွဲပြားနေသည်။ မွေးကင်းစကလေးငယ်၏ စံနှုန်းသွေးဖိအားသည် (၆၀/၉၀ m.m Hg)၊ အသက် (၉ နှစ်၊ ၁၀ နှစ်) အရွယ် စံနှုန်းသွေးဖိအားမှာ (၁၀၀/၆၀ m.m Hg)၊ လူလတ်ပိုင်း အမျိုးသမီးစံနှုန်းသွေးဖိအားမှာ (၁၁၀/ ၇၀ m.m Hg) လူလတ်ပိုင်း အမျိုးသားစံနှုန်းသွေးဖိအားမှာ (၁၂၀/ ၈၀ m.m Hg) အသက်အရွယ်ကြီးရင့်သူများသည် အသက်ကြီးလာသည်နှင့်အမျှ သွေးကြောများမာလာသည့်အတွက် သွေးဖိအားလည်း ပိုမိုမြင့်လာပါသည်။ ထို့အပြင် ခန္ဓာကိုယ်ဝဖြိုးသူများသည် ပိန်သောသူများထက် ပို၍သွေးတိုးနိုင်ပါသည်။ သွေးတိုးခြင်းကား အခြားရောဂါများနှင့်မတူ ဆန်းကြယ်ပါသည်။ အသက်အရွယ်၊ လိင်အမျိုးအစား၊ နေရာဒေသကွဲပြားခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး သွေးပေါင်ချိန်မတူသကဲ့သို့ မိမိကိုယ်တိုင်ပင် တစ်ချိန်နှင့်တစ်ချိန် သွေးဖိအားမတူချေ။

**□ သွေးတိုးရောဂါ၏လက္ခဏာများ**

- ခေါင်းကိုက်ခြင်း

ခေါင်းကိုက်ခြင်းတွင် တစ်ခေါင်းလုံးကိုက်ခြင်း၊



- ခေါင်းတစ်ခြမ်းကိုက်ခြင်း၊
- မျက်ရိုးကိုက်ခြင်း၊ နဖူးပြင်နှင့်နားထင်တစ်ဝိုက်ကိုက်ခြင်း၊
- ကြွက်သားများတင်းခြင်း၊
- စိတ်ပိုင်းဆိုင်ရာဇောင်းကျပ်ခြင်း၊
- အာရုံကြောအားနည်းခြင်း၊
- မူးဝေအော့အန်ခြင်း၊
- မတ်တတ်မရပ်နိုင်အောင်မူးဝေခြင်း။

ဤသို့သော လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာဆေးခန်းသို့ အမြန်ဆုံး သွားရောက် ပြသကာ ကုသမှုခံယူသင့်ပါသည်။

**□ သွေးတိုးရောဂါရှင်များသတိထားရမည့်အချက်များ**

သွေးကျဆေးသောက်နေရသည့် သွေးတိုးရောဂါရှင်များသည် ဂရိတ်ဖရုအသီးဖျော်ရည်နှင့် ဂရိတ်ဖရုအသီးများကို မစားသုံးသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ဂရိတ်ဖရုဖျော်ရည်တွင် အသည်းနှင့်အူလမ်းကြောင်းထဲရှိ အင်ဇိုင်းတစ်ခုနှင့်ပေါင်းစပ်နိုင်သည့် ဖြုပ်ပေါင်းတစ်မျိုးပါဝင်သည်။ ထိုဖြုပ်ပေါင်းနှင့် သွေးကျဆေးမတည့်ပါ။

**□ သွေးတိုးရခြင်းအကြောင်းရင်းများ**

**မျိုးရိုးဗီဇနှင့်သက်ဆိုင်ခြင်း**

သားသမီးတစ်ယောက်သည် မိခင်နှင့်ဖခင်တို့၏ ခရိုမိုဇုမ်းများနှင့် ပေါင်းစပ်ထားသည့်အတွက် မိခင်နှင့်ဖခင်၌ရှိသောရောဂါများလည်း သားသမီးဆီသို့ပါလာပါသည်။ မိခင်ရော ဖခင်ပါ သွေးတိုးရောဂါရှိပါက -

မွေးဖွားလာသည့် သားသမီး၌ (၅၀) ရာခိုင်နှုန်းခန့် သွေးတိုးရောဂါဖြစ်နိုင်သည်။

အကယ်၍ ဖခင်(သို့)မိခင်၌သာ သွေးတိုးရောဂါရှိပါက မွေးဖွားလာသည့် သားသမီးများမှာ (၂၅) ရာခိုင်နှုန်းခန့် သွေးတိုးရောဂါဖြစ်နိုင်သည်။

**□ ပတ်ဝန်းကျင် စားသောက်မှုပုံစံနှင့် ဆက်နွယ်နေခြင်း**

မြစ်ချောင်းအင်းအိုင်နှင့်ပင်လယ်ကမ်းခြေ၌နေထိုင်သူများနှင့် တောင်ပေါ်တွင်နေထိုင်သူများမှာ သွေးတိုးရောဂါဖြစ်နှုန်း ကွာခြားပါသည်။ ပင်လယ်ကမ်းခြေ၌နေထိုင်သူများသည် ငါးခြောက်၊ ငါးပိ၊ ငံပြာရည် စသည့် အငန်ဓာတ်လွန်ကဲသောအစားအစာများကိုစားသောက်ကြသဖြင့် တောင်ပေါ်တွင်နေထိုင်ကြသူများထက် သွေးတိုးရောဂါပို၍ဖြစ်ပွားနိုင်သည်။ တောင်ပေါ်တွင်နေထိုင်သူများသည် အများအားဖြင့် အသီးအရွက်များကိုအားပြု၍စားကြသူများဖြစ်သည်။

**□ အချိုမှုန့်လွန်ကဲစွာစားသုံးခြင်း**

အချိုမှုန့်ထဲတွင်ပါဝင်သောဓာတ်သည် သွေးတိုးခြင်းကိုဖြစ်စေပါသည်။

**□ ဆားများများစားသုံးခြင်း**

ဆားထဲတွင် ဆိုဒီယမ်ကလိုရိုဒ်နှင့် ပိုတက်ဆီယမ်ကလိုရိုဒ်ဓာတ်များပေါင်းစပ်ထားပါသည်။ မိမိတို့စားသုံးမှုအစားအစာများထဲတွင် ဆား (၂၀၀၀) မီလီဂရမ်စားတိုင်း မိမိ၏သွေးပေါင်သည် (၂-၃) m.m Hg တက်ကြောင်းသိထားသင့်ပါသည်။

**□ အဝလွန်ခြင်း**

အဝလွန်သူများသည်လည်း သွေးတိုးနှင့်ဆက်စပ်နေကြောင်း တွေ့ရှိရပါသည်။

**□ ကျောက်ကပ်၌ရောဂါရှိခြင်း**

ကျောက်ကပ်ရောင်ရမ်းရောဂါ၊ ကျောက်ကပ်၌ ကျောက်တည်ရောဂါ၊ ဆီးချိုသွေးချိုရောဂါကြောင့် ကျောက်ကပ်ပျက်စီးသည့်ရောဂါ။

**□ သွေးတိုးရောဂါရှင်များအတွက် သင့်တင့်သောအစားအစာများ**

ကြက်သား၊ ငါးအမျိုးမျိုး၊ အိုမီဂါ-၃၊ ဖက်တီးအက်စစ်ပါဝင်တဲ့ငါးများ။

ငါးအမျိုးမျိုးတွင် ငါးကြင်း၊ ငါးသ ငါးရံ့စသော ရေချိုငါးနှင့် ကယ်စီယမ်ဓာတ်ပါဝင်သော အရိုးပါစားရသည့်ငါးသေးသေးလေးများ။ အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်သောငါးများ၊ ဆယ်(လ်)မွန်ငါး၊ တူနာငါး၊ မက်ကရယ်ငါး၊ ဆာဒင်

# ငြိမ်းဝေ (ပြည်)

# အဝင်စိတ်ဝမ်း

# နွမ်းလေသောအခါ



အလုပ်မရှားတော့သဖြင့် ဝမ်းသာရွှင်မြူး နေကြလေသည်။

ဦးစံမြနှင့် ဒေါ်မယ်တင့်မိသားစု သည်း မိမိတို့ပိုင်ဆိုင်သော မြေ (၅) ပေါ်တွင် စိုက်ပျိုးရန်သီးနှံများကို စဉ်းစားလျက်ရှိလေ၏။ တစ်နေ့တွင် မိသားစု ညစာစားပြီး ရေနွေးကြမ်း သောက်နေစဉ် ဦးစံမြက ဤသို့ပြောလေ၏။

"မယ်တင့်ရေ ဒီနှစ် တို့ကိုင်းတွေ မှာလည်း နုန်းမြေနုတွေတင်နေလိုက် တာ လက်လေးသစ်ခန့်ရှိမယ်ထင်တယ်။ မြေဩဇာကောင်းတာကြောင့် အထွက်ရဲ ဖို့ ပဲလွန်းဖြူကိုစိုက်ရရင် ကောင်းမယ် ထင်တယ်"

ထိုအခါ ဒေါ်မယ်တင့်က -

"မြေဩဇာကောင်းတာကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် သီးနှံတစ်မျိုး တည်းစိုက်လို့တော့ မကောင်းဘူး။ ပဲနဲ့ ငရုတ်ကိုမျှပြီး စိုက်ရင်ကောင်းမယ်"

ထိုအခါ သမီးကြီးဖြစ်သူ မလှတင် က -

"ဟုတ်တယ် အဖေရေ ပဲအထွက် ကောင်းရင် တော်ပေမယ့် ရာသီဥတု မကောင်းရင် ပိုးကျတတ်တော့ သမီးတို့ ဒုက္ခရောက်လိမ့်မယ်။ အဲဒါကြောင့်မို့ အမြင့်ပိုင်း (၂) ကေကို ငရုတ်စိုက်ပြီး အနိမ့်ပိုင်း (၃) ကေကို ပဲလွန်းဖြူစိုက်ရင် ပိုကောင်းမယ်။ သီးနှံနှစ်မျိုးလုံးကောင်း တော့လည်း နှစ်မျိုးရတာပေါ့"

ဟု ဝင်၍ အကြံပြုကာပြောကြား လေ၏။

ထိုအခါ ဦးစံမြနှင့် ဒေါ်မယ်တင့် တို့ သဘောကျသဖြင့် မလှတင်ပြော သကဲ့သို့ စိုက်ပျိုးရန် ဆုံးဖြတ်ကြလေ၏။

ထို့နောက် ဦးစံမြက ဆက်လက် ၍ -

"တို့များ ကိုင်းလုပ်စားရတာ နဲ့သမားနဲ့မှတ်သလိုပါပဲလား။ ဖောင်း လိုက်၊ ပိန်လိုက်နဲ့ အမြဲတမ်းဖောင်းနေ



ဧရာဝတီမြစ်နှင့် ငဝန်မြစ်တို့ဆုံရာ မြစ်နှစ်မြွာအကြားရှိ မြေနုကျွန်းကြီးသည် နှစ်စဉ် ဩဂုတ်လတွင် ရေလွှမ်းမိုးလျက် ရှိရာ ကျေးရွာအားလုံးမှာလည်း ရေနစ်မြုပ်လျက်ရှိပေသည်။ နှစ်စဉ် ရေလွှမ်းမိုးတတ်သော်လည်း ၁၉၅၆ ခုနှစ်သည် ယခင်နှစ်များထက်ပို၍ ရေကြီးနစ်မြုပ်သဖြင့် (၅) ပေခန့်မြင့်သောအိမ်များမှာ နောက်ထပ် (၃) ပေခန့်မြှင့်၍ ထပ်ခိုးများပြုလုပ်ကာ ဆင်းရဲကျပ်တည်းစွာ နေထိုင်ကြရလေသည်။ အိမ်အပြင်သို့ ထွက်လိုလျှင် အဝင်ဝတံစက်မြိတ်ကိုင့်၍ ထွက်ရလေ၏။ ထို့နောက် ဝါးတံတားကလေးဖြင့် လျှောက်သွားကာ လှေပေါ်သို့တက်ရလေသည်။ လှေပေါ်သို့ရောက်မှသာလျှင် လှေကိုလှော်ခတ်၍ လိုရာအရပ်သို့သွားနိုင်ကြလေသည်။

ဇူလိုင်လနှင့် ဩဂုတ်လများသည် ရေတက်နေချိန်၊ ရေမြုပ်နေချိန်ဖြစ်၍ ရွာသူရွာသားများမှာ များသောအားဖြင့် အလုပ်လက်မဲ့ဖြစ်နေကြလေ၏။ လက်မှုလုပ်ငန်း တတ်ကျွမ်းသောသူများသည် စကော၊ စကာ၊ တောင်းပလုံးများကို ရက်လုပ်၍လည်းကောင်း၊ လက်သမားလုပ်၍လည်းကောင်း အသက်မွေးကြရလေ၏။အရွယ်ကောင်းသော အမျိုးသားလူငယ်များသည် ရန်ကုန်မြို့သို့သွား၍ ပန်းရန်လုပ်ငန်းများကို လုပ်ကိုင်ကြရလေ၏။ လက်မှုပညာတတ်ကျွမ်းသော အမျိုးသမီးများမှာ သင်ဖျာ၊ ကျူဖျာနှင့် အထည်ချုပ်လုပ်၍နေကြရ၏။ လက်မှုပညာမတတ်သော အမျိုးသမီးငယ်များသည် အုပ်စုဖွဲ့၍ ရေကာတာအတွင်းဘက်ရှိရွာများသို့ ပျိုးနုတ်၊ ကောက်စိုက်ရန်သွားကြရလေ၏။ သို့ဖြင့် မိသားစုများ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှား၍နေခဲ့ကြပေသည်။

စက်တင်ဘာလသို့ ရောက်သောအခါ မြစ်ရေများကျသွားသဖြင့် ကုန်းမြေများပေါ်လာလေ၏။ ရေမြုပ်နေသော အိမ်များမှာလည်း ရေကျသွားသဖြင့် အိမ်ကြမ်းခင်းများပေါ်တွင် တင်ကျန်ရစ်သော နုန်းမြေများကို ရေလောင်းတံမြက်လှည်းသန့်စင်ကြရလေ၏။ထိုကြမ်းခင်းများခြောက်သွေ့သွားမှသာလျှင် ထပ်ခိုးအဆင့်များကိုဖျက်သိမ်း၍ သန့်ရှင်းစွာ နေကြရလေသည်။ သို့သော် ရေကျခါစအချိန်ဖြစ်၍ ရွှံ့ဗွက်ထူပြောလျက်ရှိပေတော့သည်။ ဖိနပ်များကိုစီး၍မရ၍ သိမ်းဆည်းထားရလေ၏။

ထိုအချိန်သည် စက်တင်ဘာလကုန်သောအချိန်ဖြစ်၍ ကောက်စိုက်သမများ ရွာသို့ပြန်ရောက်သောအချိန်ဖြစ်ပေသည်။ ရန်ကုန်သို့သွားရောက်လုပ်ကိုင်သော အလုပ်သမားလူငယ်များလည်း ပြန်ရောက်လာကြလေသည်။ အောက်တိုဘာလသို့ရောက်လျှင် ကိုင်းလုပ်ငန်းများလုပ်ရန် အားယူနေကြလေသည်။

ကောက်စိုက်ထွက်ခွာသွားသော အမျိုးသမီးအုပ်စုများတွင် ဦးစံမြနှင့် ဒေါ်မယ်တင့်တို့၏သမီးများ မပါဝင်ပေ။ တစ်ရွာတစ်ကျေး မြစ်ကူးချောင်းဖြား သွားရောက်လုပ်ကိုင်ရခြင်းဖြစ်၍ မိဘများက စိတ်မချသောကြောင့် သွားခွင့်မပြုခဲ့ပေ။ သို့ဖြစ်၍ သမီးများဖြစ်သော မလှတင်၊ မလှရင်နှင့် မမြခင်တို့မှာ ပျိုးနုတ်၊ ကောက်စိုက်အလုပ်များကို မကျွမ်းကျင်ကြပေ။ မိဘများနှင့်အတူ နေထိုင်၍ မိဘများအားပြုစုခြင်း၊ အိမ်မှုကိစ္စများကို ဆောင်ရွက်ခြင်း၊ သင်ဖျာ၊ ကျူဖျာများရက်လုပ်ခြင်းဖြင့် ဝါတွင်းကာလကို ဖြတ်သန်းခဲ့ကြရပေသည်။

သို့သော်လည်း သီတင်းဝါလကျွတ်ချိန် အောက်တိုဘာလကုန်လျှင် ကိုင်းလုပ်ငန်းကို လုပ်ကိုင်ကြရပေတော့မည်။ ကိုင်းလုပ်ငန်းသည် သူတို့မိသားစုအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပေရာ ဝင်ငွေ၏ (၇၅ ရာခိုင်နှုန်း) မှာ ကိုင်းလုပ်ငန်းမှရသဖြင့် ကိုင်းလုပ်ရန် ဆန္ဒစောလျက်ရှိပေသည်။ ယခုနှစ်သည် ရေတက်ကြမ်းလေသောကြောင့် ကိုင်းကွင်းများတွင် နုန်းတင်မြေနုများ လက်လေးသစ်ခန့် တင်ကျန်ရစ်လေ၏။ ၎င်းနုန်းတင်မြေနုများသည် ကိုင်းသမားများအတွက် အလွန်အဖိုးထိုက်တန်သောရတနာများဟုဆိုလျှင် မှားမည်မထင်ပေ။ ကိုင်းသမားတိုင်းလိုလိုပင် မိမိတို့ပိုင်ဆိုင်သောမြေကွက်တွင် မည်သည့်သီးနှံများ စိုက်ပျိုးရမည်ကို စီမံကိန်းချ၍ နေကြလေ၏။ ကိုင်းကျင်းမြေယာမရှိသော လက်လုပ်လက်စားများမှာလည်း

လေ့ပ်ပါနဲ့။ တစ်မျိုးတည်းကိုပဲ ထူးချွန်ပေါက်ရောက်အောင် လုပ်ပါလို့ပြောနေခဲ့တာ နှစ်ပေါင်းကိုဆယ်ကြီးဂဏန်းရောက်နေပါပြီကွာ။

အေးပါလေ၊ သိတဲ့အချိန်ဟာ နောက်မကျသေးဘူးလို့ဘဲပြောရမယ်။ တကယ်လုပ်ဖို့တော့ လိုတယ်နော်။ အဲဒီလိုလုပ်ကိုင်တဲ့နေရာမှာ ပြောနေကျစကားပေ့ါ။ မဟာပဋ္ဌာန်းမှာလာတဲ့အတိုင်း အဓိပတိပစ္စည်းက ပြောထားတာလေ။

ဆန္ဒာဓိပတိ၊ ဝီရိယဓိပတိ၊ စိတ္တာဓိပတိသုံးပါးညီလာပြီဆိုရင် ဝိမံသဓိပတိနဲ့ဖြစ်မှာပဲမို့လား။

မင်းဖြစ်ချင်တဲ့အတိုင်းဖြစ်အောင် အဟုတ်တကယ်လုပ်မယ်ဆိုရင်တော့ တို့မှာပေးရမှာပေ့ါကွာ၊ ဂုဏ်တော်တစ်ပါးတည်းကိုပဲ တိကျတဲ့နည်းစနစ်နဲ့ကျင့်စဉ် အဓိဋ္ဌာန်ဝင်မယ်ဆိုရင် သေချာအောင်မှတ်ထားပေတော့။

တို့ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ အမြတ်တနိုးပူဇော်ခဲ့ကြရတဲ့ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးမှာ ပိဋကတ်သုံးပုံကို အာဂုံဆောင်တော်မူခဲ့သော မင်းကွန်းဆရာတော်ဘုရားကြီးရေးသားပြုစုခဲ့တဲ့ မဟာဗုဒ္ဓဝင်သစ် ပထမတွဲ၊ ပထမပိုင်း (အနုဒီပနီ) မှာပါတဲ့အတိုင်းပေ့ါ။ မြတ်စွာဘုရားရှင်အား ဦးစွာပထမ မိမိရဲ့ခန္ဓာကိုပေးလှူရမယ်ကွ။ တခြားသောဒါနမှုတွေလုပ်တာကလည်း လုပ်ရမှာပေ့ါ။

ဆရာတော်ဘုရားကြီးက -

"ဣမာဟံ အတ္တဘာဝံ ဗုဒ္ဓနံ နိယျာဒေမိ - ငါသည် ဤခန္ဓာကိုယ်အတ္တဘောကို ဘုရားရှင်တို့အား အပ်နှင်း ကြည်ညိုလှူပါ၏လို့ ရွတ်ဆိုပူဇော်ရမယ်။ ရှေးရှေးအခါက ဘုရားလောင်းသူတော်ကောင်းကြီးတွေ ဘဝများစွာ ကပ်ကမ္ဘာတို့မှာ ပြုကျင့်ခဲ့ကြတာကို နားလည်ရမယ်။

ဒီနေရာမှာ တို့များအမှတ်ရတုန်း အဓိဋ္ဌာန်အကြောင်း အနည်းအကျဉ်း ပြောပါဦးမယ်။ အဓိဋ္ဌာန်လို့ခေါ် ဆိုတာ ... ဆောက်တည်ထားသည့်စိတ်ကို ... မြဲမြဲထားရှိခြင်းလို့ ပြောရမှာပေ့ါကွာ။ အဓိဋ္ဌာန်မှာ (၃) မျိုးရှိတယ်ကွ။

- ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်
- အာသီသအဓိဋ္ဌာန်
- ဝတအဓိဋ္ဌာန် ဆိုပြီး ရှိတယ်။

အခု မင်းဝင်ရမယ့်အဓိဋ္ဌာန်က အာသီသအဓိဋ္ဌာန်ဖြစ်တယ်။ မိမိလိုလားတောင့်တအပ်သော အကြောင်းအရာအတွက် စိတ်ဆောက်တည်ခြင်း၊ စိတ်၌ စွဲမြဲစွာထားရှိခြင်းအဓိဋ္ဌာန် ဖြစ်တယ်။

အားကြိုးမာန်တက် အဓိဋ္ဌာန်တဲ့နေရာမှာ ဝီရိယဖြစ်ကြောင်း (၁၁) ပါးရှိတဲ့အထဲက သတ္ထုမဟတ္တပစ္စဝေက္ခဏတာ (ဆရာဖြစ်သော မြတ်စွာဘုရားရှင်၏ မြင့်မြတ်တော်မူပုံကိုဆင်ခြင်ခြင်း) အပိုဒ်နဲ့အညီလုပ်နေတာ ဖြစ်တယ်ကွ။

သုံးလောကရဲ့အနှိုင်းမဲ့ဖြစ်သော မြတ်စွာဘုရားရှင်၏ဂုဏ်တော်ကို အထူးပြုအဓိဋ္ဌာန်ဝင်တာမို့ပါ။ ရှေးက အရိယာသူတော်ကောင်းကြီးများက မြတ်စွာဘုရားရှင်ကို မိမိနှစ်သက်သလို အားပါးတရ ကြည်ညိုပူဇော်ကြခဲ့တာမို့ မေတ္တာဆပ္ပား၊ ဘုန်းတန်းများ၏၊ ထူးခြားထင်ပေါ်၊ တန်ခိုးပျော်သည်၊ ဗုဒ္ဓေါဘဂဝါတိလို့ ပူဇော်ထားတာရှိတယ်။ ဒါကြောင့် မင်းလည်း 'သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ ဘဂဝါ'ကို ပါဠိတော်ရွတ်ဆိုခြင်း၊ မြန်မာကို နှုတ်ဖြင့်သွင်းခြင်းတို့ပြုလုပ်ပြီးမှ ပုတီးတစ်လုံးချ ဂုဏ်တော်ပုတီး (၁၀၈) လုံး ပုတီးကုံးကိုသုံးပြီး ပုတီးစိပ်ပါ။

နည်းနည်းတော့ ရှင်းပြပါဦးမယ်။ ဆရာ့အဆိုကတော့ ပုတီးအပတ်ရေကို အားမစိုက်စေချင်ဘူးကွာ။ ပုတီးတစ်လုံးချရာမှာ ပိုင်ပိုင်နိုင်နိုင်နှုတ်သွင်းပြီးမှ ပုတီးစိပ်တဲ့နည်းနဲ့ ပုတီးတစ်ပတ်ကို တန်ဖိုးထားချင်ပါတယ်ကွာ။

နောက်တစ်ခုပြောရဦးမယ်။ အခုပြောတဲ့အချက် အရေးကြီးတယ်၊အချက်အချာကျတယ်။ အထက်က ပြုဖွယ်တွေကို လုပ်နည်းစည်းကမ်းနဲ့အညီ လုပ်ကိုင်လာပေမယ်လို့ ဖွဲကောင်းရမယ်ကွ။ မင်းတို့လည်း သိပြီးသားပါ။ အခုပွင့်ထွန်းတော်မူခဲ့တဲ့ ဂေါတမဘုရားရှင်ဟာ စိတ်နဲ့ကြံစည်ဆုတောင်းတာနဲ့ နှုတ်ဖော်ပြီ ဆုတောင်းခဲ့တာ (၁၆) အသင်္ချေယျပါ။ ပါရမီတော်ဖြည့်ဆည်းရတာကိုက လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း စုစုပေါင်း အသင်္ချေ(၂၀)ကပ်တစ်သိန်းကို ရက်မကြာ သန်ဘက်ခါဆိုသလို အထင်နဲ့ ဖြည့်ဆည်းခဲ့တာကို တွေ့ရမှာဖြစ်တယ်။

ဒါကြောင့်မို့ အခုပင် အဓိဋ္ဌာန်ဝင်ရောက်တဲ့အခါကစပြီး ကိုယ်ဖြစ်ချင်တဲ့ ပန်းတိုင်ရောက်သည်အထိ တစ်ကြိမ်ပြီးတစ်ကြိမ် မနေမနားကြိုးစားဆောင်ရွက်ဖို့က အရေးကြီးတယ်ကွာ။ မင်းတို့ရဲ့ သီလအား၊ သမာဓိအားတို့က စကားပြောတာမို့ တစ်ကြိမ်နဲ့ရောက်မယ်၊ နှစ်ကြိမ်နဲ့ရောက်မယ်ဆိုတာကို အတပ်မပြောနိုင်ဘူးကွ။

နောက် အလောင်းတော် မဟာဇနကမင်းဟာ ပင်လယ်သမုဒ္ဒရာမှာ လက်ပစ်ကူးစဉ် နတ်သမီးကမေးတော့ ဖြေပုံကို အတုယူရမယ်၊ လက်ခံထားရမယ်လေကွာ။ အပြောကျယ်သော မဟာသမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းကို ဘယ်တော့ရောက်မယ်၊ ဘယ်အချိန်ရောက်မယ်ဆိုတာ မပြောနိုင်တာမှန်ပေမယ်လို့ အခုလုပ်ရမှာကတော့ မလျော့တဲ့ဇွဲလုံ့လနဲ့ လက်ပစ်ကူးခပ်နေရမှာဆိုတဲ့စကားကို စံထားဖို့လိုတယ်။

ဟိုအရင် များစွာသော အဓိဋ္ဌာန်တွေဝင်ဖို့ ပြောခဲ့ပြီးပြီမို့ အဓိဋ္ဌာန်ဝင်ပုံကိုတော့ မပြောတော့ဘူး။ အရင်တုန်းက အတိုင်းသာ ပုံစံကျအောင်လုပ်တော့၊ အဓိဋ္ဌာန်ကျင့်စဉ်ကိုဝင်တော့"

ဟု ရှည်လျားစွာ ပြောပြလိုက်ရပါတော့သည်။

တပည့် မောင်စောလှမြင့်သည် လိုချင်တာရ၍ ဝမ်းမြောက်ဝမ်းသာဖြင့် ပြန်သွားပါတော့သည်။ ကျွန်ုပ်သည် မျက်စိကျန်းမာရေးကြောင့် စာမရေးဖြစ်တာ အတော်အတန်ကြာနေခဲ့ပါပြီ။

ယခု ကျင့်စဉ်အဓိဋ္ဌာန်ကိုတော့ သူရဋ္ဌမဂ္ဂဇင်းကို စွဲစွဲမြဲမြဲဖတ်နေကြသော စာချစ်သူမိတ်ဆွေများ နှစ်သက်ပါက မိမိလိုလားတောင့်တချက်တစ်စုံတစ်ရာကို ဦးတည်ပြီး ယခုဂုဏ်တော်အဓိဋ္ဌာန်ကျင့်စဉ်ကို တစ်ကြိမ်မပြီး နှစ်ကြိမ် ပန်းတိုင်အရောက်ဝင်ရောက်၍ အောင်ပွဲဝင်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါတော့သည်။

ကျွန်ုပ်ကိုယ်တိုင် လွန်ခဲ့သော နှစ်(၄၀)ကျော်ကာလက ဝင်ရောက်လာခဲ့သော ကိုယ်တွေ့ကျင့်စဉ်များဖြစ်၍ ဆန္ဒတူ၍ယူလိုလျှင် ရနိုင်ကြစေရန် ပါရမီလို့ငှာ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ အခါအားလျော်စွာလည်း သင့်ရာအဓိဋ္ဌာန်ကျင့်စဉ်တို့ကို ရေးသားတင်ပြပါဦးမည်ဟု ကတိပြုပါသည်။

*ပညာတိုးပွား၍အကျိုးများကြပါစေ*

ပညာကျော်

ကိုးကား -

- မဟာဗုဒ္ဓဝင်သစ် ပထမတွဲ - ပထမပိုင်းအနုဒီပနီ၊ မင်းကွန်းဆရာတော်
- ဗားမဲ့ကျမ်းရင်း တတိယတွဲ
- ကိုယ်တိုင်အားထုတ်ခြင်းများ

တစ်နေ့သ၌ -

ကျွန်ုပ်သည် နိစ္စဓူဝကျင့်ဝတ်နှင့် အဓိဋ္ဌာန်ကျင့်စဉ်ကြီးအပြင် ပဋ္ဌာန်းမြတ်ပူဇော်ခြင်းကိစ္စပြီးမြောက်ပြီဖြစ်၍ ဘုရားခန်းမှထွက်လာချိန် ဖြစ်ပါသည်။ ကျွန်ုပ်၏တပည့်မောင်စောလှမြင့်တစ်ယောက် ရောက်ရှိလာပါတော့သည်။

စောစောကြီးရောက်လာသည်ဆိုလျှင် ဒီနေ့သီတင်းနေ့မို့လာခြင်း ဖြစ်၏။ မမေးရဘဲသိနိုင်ပါသည်။ ဈေးကြီးတွင် ဆိုင်ဖွင့်ရောင်းချရသူများမှာ ဝါတွင်းကာလတွင်မဟုတ်မူဘဲ တစ်နှစ်တာကာလပတ်လုံး ဥပုသ်နေ့တိုင်း တစ်ရက်ဈေးပိတ်ရပါသည်။ ထိုနေ့တွင် မိမိတို့ပြုဖွယ်ကိစ္စအဝဝကို အရောင်းအဝယ်မပျက်စေဘဲ လွတ်လွတ်လပ်လပ်လုပ်ကိုင်နိုင်ခြင်း ဖြစ်ပါသည်။

"ဆရာအတွက် မိုးကောင်းကင်လက်ဖက်ရည်ဆိုင်က ချိုပေါ့ဆိမ့်ဝယ်လာခဲ့တယ်"

ဟုပြောရင်း လက်ထဲမှဆွဲထားသော ကျွတ်ကျွတ်အိတ်ကို ကျွန်ုပ်ထံသို့ပေးနေပါတော့သည်။

"ထိုင်ဟေ့၊ စောစောကြီးကိုရောက်လာတာဆိုတော့ ဘာများနားပူနာဆာလုပ်ဦးမှာမို့လဲ"

ဟု ပြောလိုက်ပါသည်။

"ညည့်သည်မရောက်ခင် စောစောအရောက်လာမှ ကျွန်တော်မေးချင်တာမေးလို့ရမှာပေါ့ ဆရာကလည်း"

ဟု ပြောပြီး တစ်ဆက်တည်း အောက်ပါတို့ကို ပြောပါလေတော့သည်။

"ကျွန်တော့်စိတ်ထဲမှာပေါ်နေတာ တစ်လလောက်ရှိနေပါပြီ ဆရာရယ်။ အရင်ကာလတွေက ဆရာသွန်ပြပေးတာကို အပြည့်အဝနားမလည်တာမို့ သဒ္ဓါစိတ်ကြောင့်သာ ထူးတယ်လို့ပြောရမှာပါ။

အခုတော့ ဂုဏ်တော်ကိုးပါးကိုပဲ အထူးထားပြီးတော့ အဓိဋ္ဌာန်ပုတီးစိပ်ချင်နေတာ ဆရာ။ ဂုဏ်တော်ကိုးပါးဆိုပေမယ့်လို့ ဂုဏ်တော်တစ်ပါးတည်းကိုပဲ ပိုင်ပိုင်နိုင်နိုင်နဲ့ ထပ်ကာထပ်ကာအဓိဋ္ဌာန်တင်ပြီး ပုတီးစိပ်ချင်လာလို့ပါ ဆရာ။ ကူညီပေးပါဦး"

ဟုတောင်းဆိုနေလေတော့သည်။

"အခုမှဘာတွေဖြစ်လာရမြန်တာလဲ။ မောင်စောလှမြင့်ရယ်။ ငါအမြဲပြောပြောနေခဲ့တာပါ။ ဟိုစပ်စပ်ဒီစပ်စပ်နဲ့

# ပညာကျော်

## ထူးခြားထင်ပေါ် ဟန်ခိုးကျော်သည့် ဂုဏ်တော်ပုတီးစိပ်လိုလျှင်



ငါး။

□ သွေးတိုးရောဂါရှင်များစားသုံးသင့်သော ဟင်းသီးများ

မုန်လာဥနီ၊ အာလူး၊ တရုတ်ကြာစွယ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်သီး၊ မုန်လာဥဖြူ၊ ကန်စွန်းဥ၊ ကျောက်ဖရုံသီး၊ ပဲအမျိုးမျိုး၊ ပန်းငရုတ်သီး၊ ရွှေဖရုံသီး။

□ သွေးတိုးရောဂါရှင်များစားသုံးသင့်တဲ့ ဟင်းရွက်များ

ကန်စွန်းရွက်၊ ကညွတ်ရွက်၊ တရုတ်နံနံပင်၊ မုန်ညင်းဖြူ၊ ကိုက်လန်၊ ဒန့်ဒလွန်ရွက်။

□ သွေးတိုးရောဂါရှင်များစားသုံးသင့်သော သစ်သီးများ

ငှက်ပျောသီး၊ စတော်ဘယ်ရီသီး၊ သဘော်သီး၊ ပန်းသီး၊ ဖရဲသီး၊ နာနတ်သီး၊ သခွားမွှေး၊ တရုတ်ဆီးသီး၊ ချယ်ရီသီး၊ လိမ္မော်သီး၊ သံပရာသီး။ ကြက်သွန်နီ၊ ကြက်သွန်ဖြူ။

□ သွေးတိုးရောဂါရှင်များနှင့်သင့်တင့်သော အစားအစာ

ဗီတာမင်ဆီဓာတ်ကြွယ်ဝစွာပါဝင်သော ပေါင်မုန့်ကြမ်း၊ ဆန်လုံးညို၊ ဆန်။

□ ဗီတာမင်အီး ကြွယ်ဝစွာပါဝင်သော အခွံမာသီးနှင့်သစ်စေ့များ။

နေကြာစေ့၊ ဖရုံစေ့၊ သီဟိုဠ်စေ့၊ ဒါစေ့၊ သစ်ကြားသီး၊ အယ်မွန်စေ့။

□ သွေးတိုးရောဂါရှင်များနှင့်သင့်တင့်သော ဆီများ

သံလွင်ဆီ၊ နေကြာဆီ၊ ဟင်းရွက်ဆီ၊ ပဲပိစပ်ဆီ၊ နှမ်းဆီ။

□ သွေးတိုးရောဂါရှင်များနှင့်သင့်တင့်သော ဗီတာမင်အုပ်စု

ဗီတာမင် $B_3$ ခေါ် Niacinamide အားဆေး၊ ဗီတာမင်ဘီကွန်ပေါင်းအားဆေး၊ အိုမီဂါ-၃၊ အိုမီဂါ-၆ ငါးကြီးဆီ။ ဗီတာမင်ဒီဓာတ်ပါဝင်သောအားဆေး။ ဗီတာမင်စီအားဆေး၊ ဗီတာမင်အီးအားဆေး၊ သတ္တုဓာတ်ပါဝင်သောအားဆေး။

□ သွေးတိုးရောဂါရှင်များနှင့် မသင့်တင့်သော အစားအစာ

ဆလိုင်အပြည့်ပါသော နွားနို့၊ ဒိန်ခဲ။ အရက်၊ အချိုရည်များ၊ ကိတ်မုန့်၊ နူးညံ့သော ပေါင်မုန့်ဖြူ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသော ဥအမျိုးမျိုး၊ တာရှည်ခံရန်ပြုလုပ်ထားသောအစားအစာများ၊ ဝက်အူချောင်း၊ ငါးသေတ္တာ၊ အသားဖြင့်ပြုလုပ်ထားသောမုန့်များ၊ ရယ်ဒီမိတ်အစားအစာ၊ ချောကလက်အမျိုးမျိုး၊ ဆီကြော်မုန့်အမျိုးမျိုး၊ ဝက်သား၊ အမဲသား၊ ဆိတ်သား၊ ငါးသလောက်၊ ကဏန်း၊ ပုစွန်ခေါင်း၊ ပုစွန်ဆီ၊ ကင်းမွန်နှင့် ပင်လယ်စာများ၊ မျှစ်၊ မျှစ်ချဉ်၊ ကြက်ဟင်းခါးသီး၊ နံနံပင်။

□ ယနေ့ခေတ်တွင်သွေးတိုးခြင်းနှင့်အသင့်တော်သုံးအစားအစာ

ယနေ့ခေတ်တွင် သွေးတိုးခြင်းအတွက် အသင့်တင့်ဆုံး အစားအစာအဖြစ် ပင်ပွားဖျော်ရည်သောက်သုံးခြင်းကို တွေ့ရှိရပါသည်။ ထိုဖျော်ရည်ကို သောက်သုံးခြင်းကြောင့် အဆီပိုများကျစေခြင်း၊ သွေးတိုးကျစေခြင်းအပြင် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းထားနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိပေမည်။

□ ပင်ပွားဖျော်ရည်ပြုလုပ်နည်း

ပင်ပွားစေ့များကို လက်ဖက်စားဇွန်း (၅) ဇွန်းခန့် (သို့) ငါးဂရမ်ခန့်ကို ဖန်ခွက်ထဲသို့ထည့်ပါ။

ဖန်ခွက်ထဲသို့ (၃၀၀) မီလီမီတာ ရေဖြည့်ပြီး ပင်ပွားစေ့များကို အနည်းဆုံး နာရီဝက်ခန့် ရေစိမ်ထားပါ။

ဆီးချိုရောဂါရှင်များအတွက်ကို သကြားမထည့်ပါနှင့်။

နာရီဝက်ခန့်ကြာလျှင် ပင်ပွားဖျော်ရည်အဖြစ် သောက်သုံးနိုင်ပါပြီ။

၎င်းကို သစ်သီးဖျော်ရည်၊ ကျောက်ကျောဖျော်ရည်တို့ဖြင့် တွဲဖက်



ပင်ပွားအစေ့များ



သောက်သုံးနိုင်ပါသည်။

□ ပင်ပွားစေ့၏စွမ်းရည်

ပင်ပွားဖျော်ရည်သည် အာဟာရဓာတ်ကြွယ်ဝစွာ ပါဝင်သည်။ အထူးသဖြင့် အမျှင်ဓာတ်များစွာပါဝင်ပါသည်။ ပင်ပွားစေ့ (၁၀၀) ဂရမ်တွင် အမျှင်ဓာတ် (၃၇. ၇)ဂရမ် ပါဝင်သည်။ အမျှင်ဓာတ်များစွာပါဝင်သည့်အတွက် သွေးအတွင်း သကြားဓာတ်ပမာဏကိုထိန်းညှိပေးခြင်း၊ အဆီဓာတ်များကိုလျှော့ချပေးခြင်း၊ စိတ်ဖိစီးမှုကို လျော့နည်းစေခြင်းအပြင် သွေးဖိအားကိုပါလျော့ကျစေနိုင်သည်။ ၎င်းဖျော်ရည်ထဲတွင် မပြည့်ဝသော ဖက်တီးအက်စစ်နှင့်အင်တီအောက်စီဒင့်ဓာတ်များ ပါဝင်ပြီး အစေ့ထဲတွင် ရေတွင်ပျော်ဝင်နိုင်သည့် အမျှင်ဓာတ်နှင့် ရေတွင်မပျော်ဝင်နိုင်သည့်အမျှင်ဓာတ်များ ပါဝင်ပါသည်။ ရေတွင်မပျော်ဝင်နိုင်သည့်အမျှင်ဓာတ်သည် ဆဲ(လ်)လူးလို(စ်)ဓာတ်များ ပါဝင်သည့်အတွက် ဝမ်းပိတ်ခြင်းကိုဖယ်ရှားနိုင်ခြင်း၊ မကောင်းသည့်ကိုလက်စထရောဓာတ်ကို ဖျက်ဆီးနိုင်ခြင်းစွမ်းအားရှိပါသည်။ ထို့ပြင် လူသားများကို ဒုက္ခပေးသည့် ဖရီးရယ်ဒီကယ်များကိုလည်း ဖယ်ရှားပေးနိုင်ပါသည်။ ၎င်းဖျော်ရည်ကို နေ့စဉ် (၂) ကြိမ် (၃) လခန့် သောက်ပါက သွေးပေါင်ချိန်ပုံမှန်ရောက်ပေမည်။

ထို့ကြောင့် သွေးတိုးရောဂါရှိသူများအတွက် ပင်ပွားဖျော်ရည်ကို နေ့စဉ်မှန်မှန်သုံးစွဲခြင်းဖြင့် 'ပင်ပွားဖျော်ရည် နေ့တိုင်းသောက် သွေးတိုးပုံမှန်ရောက်' နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

ရီရီဌေး

Ref -

'What is Hypertension' from Internet.

တယ်လို့ကိုမရှိဘူး။ ကံကောင်းရင် ရာသီဥတုမျှတပြီး သီးနှံအထွက်ကောင်းပေမယ့် ရာသီဥတုဖောက်ပြန်ရင်တော့ ကံဆိုးမိုးမှောင်ကျပြီး သီးနှံပျက်လို့ တို့ကိုင်းသမားတွေ ဒုက္ခရောက်ရပြန်တယ်"

ဟု သူသိသောဥပမာဖြင့် နှိုင်း၍ ပြောကြားလေ၏။

ထိုအခါ ဦးစံမြ၏ ဥပမာကို သဘောကျသဖြင့် မလှတင်တို့ညီအစ်မ (၃) ယောက်က ရယ်မောကြလေ၏။

ထိုသမီး (၃) ယောက်တွင် ဦးစံမြနှင့်ဒေါ်မယ်တင့်တို့ အားအထားရဆုံးမှာ သမီးကြီးမလှတင်ဖြစ်ပေသည်။ သူသည် စဉ်းစားတွေးတောဉာဏ်ကောင်းသူဖြစ်ပေ၏။ သူက စဉ်းစားပြီးလျှင် လက်တွေ့အကောင်အထည်ဖော်တတ်လေသည်။ မလှရင်သည် ဝီရိယကောင်း၍ အလုပ်ကြိုးစားသူ ဖြစ်၏။ ဘယ်သောအခါမှ အိပ်ရာမှစောစောထရန်ပြောစရာမလိုပေ။ အငယ်ဆုံး မမြခင်ကား ရုပ်ရည်သန့်ရှင်းလှပသလောက် ဘဝင်မြင့်စိတ်ကြီးဝင်နေသူ ဖြစ်ပေ၏။ ကိုင်းကွင်းသို့ အလုပ်ဆင်းလျှင် အဝတ်စားအဟောင်း အနွမ်းများကို မဝတ်လိုပေ။ တစ်ပတ်နွမ်းအင်္ကျီလက်ရှည်နှင့် လုံချည်ကိုသာ ဝတ်ဆင်တတ်လေ၏။ အငယ်ဆုံးဖြစ်သဖြင့် မိဘများနှင့် အစ်မများက အလိုလိုက်ထားလေရာ လူ့ဘဝတွင် သူဖြစ်ချင်သလိုဖြစ်ရမည်ဟု တွေးထင်ထားသူဖြစ်လေသည်။ မမြခင်သည် ဘဝင်မြင့်စိတ်ကြီးဝင်သူဖြစ်သော်လည်း စိတ်ဓာတ်ကြံ့ခိုင်သူမဟုတ်ပေ။ အရေးကြုံလျှင် စိတ်အားငယ်၊ ဝမ်းနည်းတတ်သူဖြစ်လေ၏။ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်သူမဟုတ်ပေ။ ဤသည်ပင်လျှင် မမြခင်၏ အားနည်းချက်ဖြစ်ပေတော့သည်။

အောက်တိုဘာလဆန်းသည်နှင့် ကိုင်းသမားများ လုပ်ငန်းခွင်စတင်ကြလေ၏။ ကိုင်းသမားတိုင်းပင် မိမိတို့ပိုင်သောမြေကွက်များ၌ သီးနှံ(၂)မျိုး(၃)မျိုး စိုက်ပျိုးကြလေသည်။ ပဲအမျိုးမျိုးနှင့် ငရုတ်၊ မြေပဲများကို တွဲဖက်စိုက်ပျိုးကြလေ၏။ ပဲသည် စိုက်ပျိုးရလွယ်ကူ၏။ စရိတ်သက်သာ၏။ အချိန်ကုန်သက်သာ၏။ ထို့ကြောင့် ကိုင်းသမားတိုင်း ပဲစိုက်ပျိုးခြင်းကို လက်လွှတ်မခံကြပေ။ ပဲစိုက်ပျိုးရာတွင် ကြဲခင်းနှင့် စိုက်ခင်း ဟူ၍ (၂)မျိုးရှိလေ၏။ ကြဲခင်းမှာ ပဲစေ့များကို ဖြန့်ကြက်၍ကြဲချခြင်းဖြစ်သည်။ စိုက်ခင်းမှာမူ အကွက်ကျတူးဆွ၍စိုက်ပျိုးခြင်းဖြစ်သည်။

ဦးစံမြနှင့်ဒေါ်မယ်တင့်တို့မိသားစုသည် ပဲလွန်းဖြူများကို ကြဲပက်၍စိုက်ပျိုးကြသဖြင့် (၂) ရက်မျှသာ ကြာလေ၏။ သို့သော် ငရုတ်ခင်းအတွက် ပြင်ဆင်ကြရဦးမည်။ ငရုတ်ခင်းမှာ မြေကိုထွန်ယက်ခြေမွ၍ စိုက်ပျိုးရမည်ဖြစ်ရာ လှည်း၊ နွား၊ ထွန်ထယ်မရှိသဖြင့် ငှားရမ်း၍လုပ်ကိုင်ရလေ၏။ (၁) ပတ်ခန့် ထယ်ထိုးထွန်မွှေပြီးနောက် ကြမ်းတုန်းရိုက်ကာ မြေကိုပြုပြင်ရလေသည်။ မြေအနေတော်ရသောအခါ ငရုတ်ပျိုးစည်းများကို ပျိုးခင်းမှ ဝယ်ယူစိုက်ပျိုးကြလေသည်။ ငရုတ်မစိုက်မီ ပျိုးပင်များ၏အညွန့်များ (၁) လက်မခန့်ဖြတ်တောက်ရလေသည်။

ဤကဲ့သို့ဖြတ်ရခြင်းမှာ ငရုတ်ပင်များ အမြစ်စွဲ၍ ရှင်သန်လာသောအခါ ထိပ်ညွန့်ခြောက်ခြင်းမှ ကာကွယ်နိုင်ရန်ဖြစ်လေသည်။ ထိုအခါ အကိုင်းသစ်များ ဖြာထွက်၍ သီးထွက်အားကောင်းမည်ဖြစ်ပေ၏။ မလှတင်တို့ညီအစ်မ (၃) ဦးသည် ငရုတ်ခင်း (၂) ဧကအား (၃)ရက်ခန့် စိုက်ပျိုးရလေ၏။ စိုက်ပြီး ရက်သတ္တပတ်မျှကြာသောအခါ ငရုတ်ပင်များ ရှင်သန်လာလေ၏။ ထိုအချိန်တွင် ပဲလွန်းဖြူပင်များမှာ (၁) ပေခန့်မြင့်တက်နေပြီး ဖြစ်ပေ၏။

နိုဝင်ဘာလကုန်ခါနီးတွင် ပဲခင်းများနှင့် ငရုတ်ခင်းများ ကောင်းစွာဖြစ်ထွန်းနေလေ၏။ ပတ်ဝန်းကျင်တစ်ခွင်လုံးသည် စိမ်းစိုလန်းဆန်းလျက် မြသားကမ္ဗလာခင်းထားသကဲ့သို့ရှိလေသည်။ နိုဝင်ဘာလသည် 'ဆီးနှင်းတစ်ပြိုက် မိုးတစ်လိုက်' ဟု ဆိုရိုးစကားရှိရာ ရံဖန်ရံခါ မိုးရွာတတ်လေ၏။ မိုးအနည်းငယ်ရွာသွန်းခြင်းသည် သီးနှံပင်များ သန်မာထွားကျိုင်းနိုင်သော်လည်း မိုးများလွန်းလျှင် ပဲပင်များပြိုလဲ၍ခါးကျိုးတတ်လေ၏။ ငရုတ်ခင်းများလည်း ရွက်ဝါစွဲနိုင်ပေသည်။ မိုးမရွာ၊ နေမသာဘဲ အုံ့မှိုင်း၍နေလျှင် ပဲခင်းများတွင် ပိုးကျတတ်လေ၏။

ထိုနှစ် နိုဝင်ဘာလကုန်ခါနီးတွင် မြောက်လေအေးသည် တသွေးသွေးတိုက်ခတ်လျက်ရှိလေသည်။ သို့သော် နေမသာဘဲ မိုးအုံ့နေသောကြောင့် ကိုင်းသမားများ စိုးရိမ်ပူပန်နေကြ၏။ ထိုအခါမျိုးတွင် ပဲခင်းစိုက်ပျိုးသောမြေသည် အပေါ်ကြောတင်းကာ ပပ်ကြားအက်၍လာလေ၏။ ထိုပပ်ကြားအက်မြေလွှာများအောက်တွင် ပိုးမွှားများ သန္ဓေတည် ပေါက်ဖွားလာတတ်၏။ ကိုင်းသမားများသည် မိုးအုံ့လျှင် ပိုးမွှားများသန္ဓေတည်ပေါက်ဖွားတတ်ကြောင်း အတွေ့အကြုံအရ ခန့်မှန်းတတ်သော်လည်း မည်သည့်ပိုးမွှားများပေါက်ဖွားမည်ကို တိတိကျကျမခန့်မှန်းနိုင်ကြပေ။

ပိုးမွှားများကျရောက်လာမှသာလျှင် လက်လှမ်းမီရာနည်းလမ်းများဖြင့် ကာကွယ်ကြရပေးသည်။ ယခင်နှစ်များက ပျံသန်းနိုင်သောအင်းဆက်ပိုးမွှားများ ကျရောက်သည်ကို မီးထောင်ချောက်ထွန်းခြင်း၊ ဆေးဖျန်းခြင်းဖြင့် ကာကွယ်နိုင်ခဲ့ကြလေ၏။ သို့သော် ယခုနှစ်ကျရောက်လာသောပိုးမွှားများမှာ ဦးစံမြတို့ရွာသားများ မကြုံဘူးသော ပိုးကောင်များ ဖြစ်လေသည်။ ပိုးငနန်ကြောင် (ဒေသအခေါ်) ဟုခေါ်သော ပိုးကောင်များသည် လျင်မြန်စွာ ပေါက်ပွားလာလေ၏။

၎င်းပိုးငနန်ကြောင်များမှာ အမွေးမပါသော ခူကောင်ငယ်များ ဖြစ်လေ၏။ အစိမ်းရောင်ရှိ၍ တွားသွားသောပိုးတစ်မျိုးဖြစ်၍ အရွယ်မှာ (၁) လက်မသာသာခန့်ရှိလေ၏။ ၎င်းပိုးကောင်များသည် အသွားအမြန်သလောက် အစားလည်းသန်ပေ၏။ သွားလည်းသွား၊ စားလည်းစား၍ပွားလည်းပွားကြလေသည်။ ကိုင်းသမားများက ဖြေရှင်းရန်နည်းလမ်းရှာနေစဉ် တစ်ပတ်အတွင်းမှာပင် ပဲပင်များမှာ ရိုးတံကျဲကျဲ၊ ညိုမည်းမည်းဖြစ်၍ ဖရိုဖရဲလဲပြိုသေဆုံးကြရလေ၏။ အချို့သောကိုင်းသမားများက ဖိုးငနန်ကြောင်များမကူးနိုင်စေရန် မြောင်းများတူး၍ကာထားကြ၏။ ၎င်းမြောင်းများအတွင်း ထွာဆိုင်ပတ်လည် အနက် (၁၀) လက်မခန့် ကျင်းများတူးထားကြလေ၏။ ပိုးကောင်များသည် ထိုကျင်းများသို့ကျသောအခါ ရုတ်တရက်မတက်နိုင်သဖြင့် ကျင်းထဲတွင် စုပြုံနေကြလေ၏။ ထိုအခါ ကိုင်းသမားများက တူးရှင်းရိုး၊ ပေါက်ပြားရိုးတို့ဖြင့် ထုထောင်းသတ်ပစ်ကြရလေသည်။ ငှက်များလည်း မစားနိုင်တော့ပေ။

ဤသို့ဖြင့် ဒီဇင်ဘာလအလယ်လောက်တွင် ပဲခင်းဧက(၃၀)ခန့်ဖျက်ဆီးဆုံးရှုံးရလေသည်။ ၎င်းပဲခင်းများအစား အခြားသီးနှံပင်များ အစားထိုးစိုက်ပျိုးလိုသော်လည်း ရာသီမမီ မျိုးစေ့ရှာမရသဖြင့် လက်မှိုင်ချကာနေကြရလေသည်။ နေ့စဉ်နှင့်အမျှပင် ပဲခင်းကိုကြည့်ကာ စိတ်မချမ်းမသာဖြစ်ကြရရှာလေသည်။ ဤသို့ဖြင့် ဒီဇင်ဘာလ ချမ်းမြမြဝယ်

နှန်းလျှော့စွာဖြင့် အလုပ်ခွင်ဆင်းရင်း ချောင်းကိုသာ အားတင်း၍လုပ်ကိုင်ကြရပေတော့သည်။

ပိုးနေန်ကြောင်များဖျက်ဆီးခြင်းကို ဦးစံမြနှင့် ဒေါ်မယ်တင့်တို့မိသားစုသည်း တွေ့ကြုံရပေရာ စိုက်ပျိုးသောခင်း (၃) ဧကမှာ ကွင်းပြင်ကြီးဖြစ်သွားပေတော့သည်။ ထိုဟာလာဟင်းလင်းကွင်းပြင်ကြီးကိုကြည့်ကာ စိတ်ထိခိုက်သည့်အထဲတွင် မမြခင်မှာ ပို၍ပင်ဝမ်းနည်းကြေကွဲရလေ၏။ မမြခင်သည် ချောင်းထက် ပဲခင်းကိုအားထားသူဖြစ်လေသည်။ ပဲခင်းပိုးကျပျက်စီးသွားသောအခါ သူ၏ အနာဂတ်မျှော်လင့်ချက်များကို စိတ်ကူးပင်မယဉ်နိုင်တော့ပေ။ သို့သော် ထူးခြားချက်တစ်ခုမှာ ပိုးနေန်ကြောင်များသည် ခနေရောင်ခြည်ကိုကြောက်လေ၏။ ထို့ကြောင့် ရွာ၏အရှေ့ဘက်နှင့် အနောက်ဘက်ကွင်းများတွင် အရှေ့ဘက်ကွင်းများက ပို၍ပျက်စီးလေ၏။ ဇန်နဝါရီလသို့ ရောက်လာအခါ နေ့လယ်ဘက် အပူချိန်မြင့်လာသဖြင့် တဖြည်းဖြည်း သေဆုံးပျောက်ကွယ်သွားလေ၏။

သို့ဖြစ်၍ ပဲခင်းပျက်စီးသွားသူများကား ကံကြမ္မာကိုသာ အပြစ်တင်နေကြလေတော့သည်။ သို့သော် ဦးစံမြတ်၏ သမီးကြီးမလှတင်သည် စိတ်ဓာတ်ခိုင်မာသူဖြစ်ပေရာ ဘယ်အရာကိုမျှလွယ်လွယ်နှင့် အရှုံးပေးသူမဟုတ်ပေ။ မိသားစု၏ စားဝတ်နေရေးအတွက် ကြိုးစားကြံဆောင်သူ ဖြစ်လေသည်။ ညီအစ်မ (၃)ယောက် ငရုတ်ခင်းတွင် မြေဆွပေါင်းသင်နေကြသည်မှာ နံနက်(၁၁)နာရီပင်ထိုးပေတော့မည်။ ထိုအခါ ညီမဖြစ်သူများအား အလုပ်နား၍ထမင်းစားကြရန် ဤသို့အသံပြုလိုက်လေ၏။

"ညီမလေးတို့ရေ (၁၁) နာရီထိုးတော့မယ်။ အလုပ်နားပြီး ထမင်းစားကြမယ်ဟေ့"

ဟု ပြောလေ၏။

ထိုအခါ မလှရင်က -

"အေး - မမရေ ညီမတို့လည်း ရေငတ်နေပြီ။ နေမြင့်လာတော့ အလုပ်တွင်တော့ဘူး နားကြမယ်"

ဟု ပြောကာ ငရုတ်ခင်းအလယ်ရှိတဲသို့ပြန်လာကြလေသည်။

မလှတင်သည် တဲသို့အရင်ရောက်သဖြင့် ရေသောက်မည်ပြုသောအခါ ရေကုန်နေသဖြင့် -

"ညီမလေးတို့ရေ ရေငတ်ပါတယ် ဆိုမှ ရေမရှိဘူးဖြစ်နေတယ်။ မမသွားခပ်လိုက်ဦးမယ်၊ ထမင်းစားဖို့သာ ပြင်ထားနှင့်"

ဟု ပြောကာ ရေအိုးတစ်ဖက်၊ ရေမှုတ်တစ်ဖက်ဖြင့် ကိုင်းအောက်ကျင်းအင်းကြီး၏အစပ်တွင် တူးထားသောလက်ယက်တွင်းသို့ထွက်ခဲ့လေ၏။ ကိုင်းအောက်ကျင်းသို့ ဆင်းလိုက်သောအခါ ရှည်လျားစွာ ပေါက်ရောက်နေသော ကိုင်းပင်၊ ကျူပင်များကိုဖြတ်၍ဆင်းရလေ၏။ ထိုအခါ မြောက်လေနှင့်အတူ တရှဲရှဲမြည်လျက် ယိမ်းနွဲ့နေသောကိုင်းပင်များကို ဖယ်ရှား၍ ခြေသွားလမ်းလေးအတိုင်း ဆင်းသွားလေရာ မကြာမီပင် ရေတွင်းကလေးသို့ရောက်သွားလေ၏။

သို့သော် မလှတင်မှာ ရေမခပ်နိုင်သေးဘဲ အောက်ဘက်အဝေးတစ်နေရာကို လှမ်းမျှော်ကြည့်ရှုမိလေ၏။ မြောက်လေမြူးမှာတဖြူးဖြူးတိုက်ခတ်နေသဖြင့် မလှတင်၏ဆံယဉ်စလေးများ လေတွင်လွင့်ပါးကစားနေလေသည်။ ပြာလဲ့လဲ့ကောင်းကင်တွင် ဘော်ငွေရောင်ဗျိုင်းငှက်တို့အင်းအတွင်း ဆင်းသက်ရန် ပျံသန်းလာကြ၏။ ဤမြင်ကွင်းများသည် တကယ်တော့ သူ့အတွက်မဆန်းပါပေ။ မြင်နေကျမြင်ကွင်းများသာဖြစ်ပေသည်။ သို့သော်လည်း အင်းကမ်းစပ်တွင် မုရင်းစပါးစိုက်ရန်ကန်သင်းဆည်နေသော ဦးကြီးလှအောင်တို့မိသားစုကို တွေ့ရသောအခါ အကြံတစ်ချက်လက်ခနဲပေါ်လာလေ၏။ ထို့နောက် ရေခပ်ရန်သတိရသဖြင့် အရိုးတပ်ရေမှုတ်ဖြင့် အိုးအတွင်းသို့ ရေများကို အမြန်ခပ်၍ထည့်လေတော့သည်။ ရေပြည့်သောအခါ ထဘီကိုတိုတိုဝတ်၍ ရေအိုးကိုရွက်ကာ တဲရှိရာသို့ပြန်လာခဲ့လေ၏။

တဲအနီးသို့ရောက်သောအခါတွင် ညီမဖြစ်သူ မလှရင်က ဆီးကြို၍ -

"မမကလည်း ရေခပ်သွားတာကြာလိုက်တာ။ ဘာတွေတွေ့နေလို့လဲ"

ဟု မေးလေ၏။

"ဟော - မမကပြုံးလို့နေပါလား၊ တခုခုတော့ထူးနေတာအမှန်ပဲ"

ဟု သူထင်ရာကိုတွေး၍ ပြောလေတော့သည်။

ထို့နောက် ရေအိုးကိုယူ၍ ကရွတ်တွင်တင်ထားလိုက်လေသည်။ မလှတင်သည် ဘာမှမပြောသေးဘဲ တံတိုင်ကိုမှီ၍ထိုင်နေသော ညီမဖြစ်သူ မမြခင်ကို-

"ညီမလေး မြခင် လာလေ၊ ထမင်းစားကြမယ်၊ ဘာတွေစဉ်းစားနေတာလဲ"

ဟု မေးလေ၏။

ထိုအခါ မမြခင်က -

ဘာရယ်မဟုတ်ပါဘူး မမရယ်၊ ဟိုပျက်စီးသွားတဲ့ ပဲစိုက်ခင်းကြီးကိုကြည့်ပြီးစိတ်ထဲမကောင်းလို့ပါ"

ဟု ပြောလေ၏။

ဆက်လက်၍ -

"ကိုင်းလုပ်ရတာလည်းငြီးငွေ့လာတယ်။ မသေချာပေမယ့်လည်း ကြိုးစားနေကြရတယ်။ ကံကောင်းမှတစလောင်းဆိုသလိုဖြစ်နေပြီ"

ဟု ပြောဆိုကာ ထမင်းဝိုင်းသို့ ရောက်လာလေ၏။ ထို့နောက် လက်ဆေးကာ ထမင်းစားကြလေသည်။

ထမင်းနှင့် ဟင်းများမှာ နံနက်စောစောကပင် မိခင်ဖြစ်သူ စီစဉ်ထည့်ပေးလိုက်သဖြင့် အေးစက်၍နေလေပြီ။ ကင်ပွန်းချဉ်ရွက်ငါးပိချက်တွင် ပဲရေပွနှင့်တွဲ၍ ချက်ထားပေးလေရာ အလွန်စား၍ကောင်းပေသည်။ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်း ဆိုသည်မှာ ဤအချိန်မျိုးဖြစ်ပေ၏။ အခြားဟင်းကောင်းများကို သတိမရနိုင်။ ခပ်မြိုင်မြိုင်ပင် ညီအစ်မ (၃) ယောက် စားသောက်ကြရလေတော့သည်။ ထမင်းစားပြီးသောအခါ မမြခင်က သစ္စာချိုင့်နှင့်ပန်းကန်များကို ဆေးကြောနေလေ၏။ ထိုအခါတွင်မှ မလှတင်သည် သူ၏အကြံကို မလှရင်အား ပြောပြလိုက်ပေသည်။

"ဒီလိုပါ ညီမတို့ရယ်၊ မမရေခပ်သွားရင်း အကြံတစ်ခုရလာတယ်။ အဲဒါ ညီမတို့နဲ့တိုင်ပင်ပြီးမှ အဖေနဲ့အမေတို့ကို ဖွင့်ပြောမလို့"

ဟု စကားပလ္လင်ခံလိုက်လေ၏။

"အောင်မယ်လေး - ပြောမှာသာပြောစမ်းပါ မမရယ်၊ စကားပလ္လင်ခံမနေပါနဲ့"

ဟု သူလိုရာတွေးကာ ပြန်ပြောလိုက်လေ၏။

"ဒီလိုဟဲ့ လှရင်မရဲ့၊ ဇာခြားမထင်လိုက်ပါနဲ့၊ ငါပြောမယ့်အကြံက မုရင်းစပါးစိုက်ဖို့ပါ"

ဟု ပြောလေတော့၏။

"မမရယ်၊ မုရင်းစပါးစိုက်တာက ဟုတ်ပါပြီ။ ဒါပေမယ့် တို့မိသားစုနဲ့ ဖြစ်ပါ့မလား။ တစ်ခါမှမလုပ်ဘူးတော့ လုပ်နိုင်ပါ့မလား"

ဟု မလှရင်က ပြောပြန်လေ၏။

ထိုသို့ပြောနေစဉ် ဖခင်ဦးစံမြသည် လက်ဆွဲခြင်းတစ်ခုကိုဆွဲလျက် တဲအတွင်းသို့ဝင်လာလေ၏။ ဦးစံမြ ယူလာသော

လက်ဆွဲခြင်းကို မမြခင်ကဆီးကြိုယူ၍ ရေနွေးကြမ်းအိုးနှင့် မြေပဲကြော်ပန်းကန်တို့ကို ဝါးကွပ်ပျစ်ပေါ် သို့တင်လိုက်လေ၏။ ထို့နောက် မိသားစုဝိုင်းထိုင်လျက် ရေနွေးသောက်နေကြလေ၏။ ငရုတ်ခင်းအခြေအနေပြောနေရာမှ မလှတင်က -

"အဖေရေ၊ ငရုတ်ခင်းကကောင်းပေမယ့် သမီးတို့မိသားစုစားဝတ်နေရေးအဆင်မပြေလောက်ဘူး။ သမီးတော့ အကြံတစ်ခုရထားတယ်။ အခု အဖေ့ကို ပြောပြမယ်"

ထို့နောက် ဆက်လက်၍ -

"ဒီလိုပါ အဖေ၊ သမီးတို့ဒီနှစ်ပဲ စိုက်ခင်းပျက်တော့ စားဝတ်နေရေးကျပ်တည်းလိမ့်မယ်၊ အခုနေ သမီးတို့လည်း ဦးကြီးလှအောင်တို့လို မုရင်းစပါးစိုက်ရရင်ကောင်းမယ်လို့ စိတ်ကူးမိတယ်"

"သမီးပြောတဲ့ အကြံကတော့ ကောင်းပါတယ်။ ဒါပေမယ့် တို့မိသားစုက လယ်လုပ်ငန်းနဲ့ပတ်သက်လို့ တစ်ခါမှမလုပ်ဘူးတော့ ဖြစ်ပါ့မလား"

"အဖေနဲ့ ဦးကြီးလှအောင်တို့က လည်း ဆွေမျိုးအရင်းတွေပဲ။ တိုင်ပင်ပြီးလုပ်ရင်ဖြစ်နိုင်ပါတယ်။ လက်တွေ့လုပ်ကြည့်တော့ သိရမှာပေါ့"

ဟု မလှတင်က တိုက်တွန်းပြောကြားပြန်လေ၏။

"ကောင်းပြီလေ၊ အဖေ ဒီက အပြန် လှအောင်တို့တဲကိုဝင်သွားပြီး ဆွေးနွေးကြည့်တာပေါ့"

ဟု ပြောကာ ပြန်သွားလေတော့သည်။

❑

ထိုနေ့ညနေ ညစာထမင်းစားပြီးကြသောအခါ မိသားစုစုံညီစွာတွေ့ရသဖြင့် ဦးစံမြက သူနှင့်ဦးလှအောင်တို့ တွေ့ဆုံဆွေးနွေးကြပုံများကိုအသေးစိတ်ပြောပြလိုက်လေ၏။ ထို့နောက် အချိန်သိပ်မရသဖြင့် မနက်ဖြန် စတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း လယ်ကန်သင်းဆည်ရန် နွား (၂) ရှဉ်းနှင့် အလုပ်သမား (၂) ယောက် ငှားရမ်းရမည်ဖြစ်ကြောင်း ပြောပြန်လေသည်။ ထိုအခါ ဒေါ်မယ်တင့်က စရိတ်ရှာရန်လိုအပ်ကြောင်း ပြောသောအခါ သမီးဖြစ်သူ မလှတင်က -

"စရိတ်အတွက် မပူပါနဲ့ အမေရယ်။ 'မရှိဝမ်းစာရှိတန်ဆာ' ဆိုသလိုပဲ လက်ကျန် ရွှေထည်ပစ္စည်းကလေးကို အပေါင်ထားလိုက်ရင် ရနိုင်ပါတယ်"

ထိုအခါ ဒေါ်မယ်တင့်က -

"အေးကွယ်၊ ဒါဆိုလည်း ကျန်နေတဲ့ ရွှေထည်လက်ကောက်ကလေးကို ပေါင်ရဦးမှာပေါ့"

ထိုနည်းမှတစ်ပါး အခြားနည်းမရှိသောကြောင့် မမြခင်၏ သူငယ်ချင်းများဖြစ်သော စင်စင်နှင့် ယဉ်ယဉ်တို့အိမ်သို့ သွားရောက်ပေါင်နှံရလေသည်။ မမြခင်မှာ မိမိဝတ်ဆင်နေကျဖြစ်သောရွှေထည်ကလေးများကို အပေါင်ထားရသဖြင့် စိတ်မကောင်းဖြစ်ရသောလည်း မိသားစုအရေးမို့ မတားမြစ်နိုင်ပါပေ။

နောက်တစ်နေ့တွင် ဦးစံမြသည် ဦးလှအောင် အကြံပြုသည့်အတိုင်း လယ်ကန်သင်းများဆည်ရန် အလုပ်သမား (၂) ယောက်ကို ငှားရမ်း၍ ကန်သင်းဆယ်လေတော့သည်။ ပထမဦးစွာ အင်းကမ်းစပ်မှ နုန်းမြေမာများကို ပေါက်ပြားနှင့်ပေါက်၍ ခြင်ထောင်းဖြင့် သယ်ဆောင်ကာဖို့ကြလေ၏။ဦးလှအောင်တို့လယ်ကန်သင်းနှင့်ယှဉ်လျက် အင်းကိုကန့်လန့်ဖြတ်ဖို့ကြရလေ၏။ ထို့နောက် အလယ်တည့်တည့်မှ တစ်လန်ခန့် ရေသွင်းမြောင်းထားကာ ဧကကွက်များဖြစ်ပေါ်စေရန် ကန်ကင်းဖို့ကြရပြန်လေသည်။ ဤသို့ဖြင့် တစ်ပတ်ခန့်ကြာသောအခါ လယ်ကွက်ပုံစံပေါ်လာလေ၏။ ထိုအခါ မြေညှိရန်အတွက် လယ်ကွက်အတွင်းမှ ရေများကိုခနွဲဖြင့်ပက်ထုတ်ရလေသည်။ (၃) ရက်ခန့်ပက်ထုတ်လိုက်သောအခါ ရေများကုန်သွားသဖြင့် နွံပြင်ကြီးပေါ်လာလေ၏။

နောက်တစ်နေ့တွင် နွံပြင်ကြီးများအား မြေညှိရန်အတွက် နွား(၂)ရှဉ်းကိုငှား၍ ကျွတ်တိုက်ကာ မြေညှိရသည်။ (၂) ရက်ခန့် မြေညှိပြီးသောအခါ လိုအပ်သော ရေရရန်ခနွဲဖြင့်ပက်သွင်းရလေ၏။ (၃)ရက်ခန့်ရေသွင်း၍ လယ်ကွက်အတွင်း၌ လိုအပ်သောရေ (၆) လက်မခန့် ရရှိသောအခါ (၃) ရက်ခန့် ရေလှောင်၍ ပိတ်ထားရလေသည်။ လယ်စတင်တည်သည်မှ ပြီးဆုံးသည်အထိ (၁၈) ရက်ခန့် ကြာလေ၏။ ထိုအချိန်တွင် ဦးလှအောင်တို့မိသားစုအကူအညီဖြင့် တည်ထောင်ထားသော ပျိုးခုံများမှာလည်း (၁) ပေခန့်မြင့်ထက်နေလေရာ စိုက်တန်ကောင်းအရွယ်သို့ ရောက်ရှိနေလေတော့သည်။

ဦးလှအောင်၏ အကြံပြုချက်အရ ဦးစံမြသည် လယ်စိုက်ပျိုးရန် မလှတင်တို့ညီအစ်မကိုပြောပြလေ၏။ နောက်နေ့မှစတင်၍ မလှတင်တို့ညီအစ်မသည် ဦးလှအောင်နှင့် ဒေါ်မြစိန်၏သမီးများဖြစ်သော မလှသန်းတို့ညီအစ်မ (၃) ဦးနှင့်အတူ ပျိုးနုတ်ခြင်း၊ ပျိုးထုံးစည်းခြင်း၊ အလုပ်များကိုလုပ်၍ စိုက်ပျိုးမည့်လယ်ကွင်းသို့ အရောက်သယ်ယူကာ ဖြန့်ချထားလိုက်လေသည်။ နောက်တစ်နေ့တွင် ကောက်ပင်များကို စတင်စိုက်ပျိုးကြလေသည်။ မလှသန်းတို့ညီအစ်မ (၃) ယောက်သည် မလှတင်တို့ညီအစ်မ (၂)ယောက်ကို အလယ်ထား၍ သင်စိုက်စိုက်ပျိုးကြလေရာ (၄)ရက်ခန့်ကြာသောအခါ မုရင်းစပါးစိုက်ပျိုးခြင်းပြီးစီးလေတော့သည်။

မလှသန်းတို့ညီအစ်မ(၃)ဦးသည် စိုက်ပျိုးနေကျဖြစ်၍ အပန်းမကြီးလှသော်လည်း မလှတင်တို့ညီအစ်မ (၂)ယောက်မှာ အကျင့်မရှိသဖြင့် ကိုယ်လက်များကိုက်ခဲနာကျင်လေ၏။ ထိုအခါ မမြခင်က အစ်မဖြစ်သူများကို ပြုစုရလေ၏။ ကိုယ်လက်များနာကျင်မှုပြေပျောက်ရန် နင်းနှိပ်၍ဆေးလိမ်းပေးရလေ၏။ မမြခင်သည် ကောက်စိုက်သမများအတွက် သောက်ရေ ထမင်းတို့ပို့ပြီးလျှင် တစ်ဖက်တွင် ငရုတ်ခင်းကို ကြည့်ရှုစောင့်ရှောက်ရလေ၏။

ဤသို့ဖြင့် ဇန်နဝါရီလသို့ရောက်သောအခါ အအေးဓာတ်ပိုလာလေ၏။ မြောက်လေအေးသည် တသွေးသွေးတိုက်ခတ်လျက်ရှိသောကြောင့် ကိုင်းသမားများ အလွန်ချမ်းအေးရှာလေသည်။ မည်မျှပင် ချမ်းအေး၍ပင်ပန်းစေကာမူ မိုးလင်းသည်နှင့် ကိုင်းသမားများကိုင်းစိုက်ခင်းအတွင်း အလုပ်ဆင်းနေကြရလေသည်။ ငရုတ်ခင်း၊ ပဲခင်းနှင့်စိုက်ခင်းများအားလုံး ဖူးပွင့်ဝေဆာ၍ သီးကင်းများတွဲခိုလျက်ရှိရာ ကြည်နူးဝမ်းသာစွာဖြင့် ကြည့်၍မဝနိုင်အောင်ရှိကြလေသည်။အကယ်၍သာ ပဲခင်းများမပျက်စီးခဲ့ပါလျှင် ဦးစံမြနှင့် ဒေါ်မယ်တင့်တို့မိသားစုသည်လည်း ကြည်နူးမဆုံးရွှင်ပြုံးနိုင်ကြပေလိမ့်မည်။

ပဲခင်း (၃) ဧက ပျက်စီးသွားသော်လည်း မုရင်းစပါး (၂) ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် စိတ်ဖြေရာရခဲ့ကြပါ၏။ ဤသို့ဖြင့် ဖေဖော်ဝါရီလနှင့် မတ်လသို့ရောက်သောအခါ ကိုင်းသမားအချို့ အလုပ်များပြီးဆုံးသဖြင့် နားနားနေနေလုပ်ကိုင်နိုင်ကြသော်လည်း ဦးစံမြနှင့် ဒေါ်မယ်တင့်တို့မိသားစုမှာ ကိုင်းတစ်ဖက်၊ လက်တစ်ဖက်ဖြင့် ဇယ်ဆက်ကာ လက်မလည်အောင် အလုပ်များ၍နေလေ၏။

ဖေဖော်ဝါရီလကုန်သည်နှင့် ငရုတ်ခင်းများမှ ငရုတ်သီးများမှည့်လေတော့ကြောင့် မလှတင်တို့ညီအစ်မ ငရုတ်သီးတောက်ကြရ၏။ အခါတိုင်းနှစ်များတွင် လူငှားခေါ်၍ကောက်သော်လည်း ယခုနှစ်တွင် အလုပ်သမားမခေါ်နိုင်၊ စရိတ်နည်းပါးစေရန် မိမိတို့ကိုယ်တိုင် တစ်ပတ်တစ်ကြိမ်မျှကောက်ကြရလေ၏။

ငရုတ်မကောက်ရသော ကြားရက်များတွင် စပါးခင်းကိုဝင်၍စာခြောက်ကြရလေ၏။ စပါးများရင့်မှည့်လာပြီဖြစ်၍ စာကလေးအုပ်များ၊ ကြက်တူရွေးအုပ်များကို ခြောက်လှန့်ရလေ၏။ စပါးခင်းနှစ်ခင်းတွင် စာခြောက်ရုပ်များကို စိုက်ထူ၍ သံပုံးများဖြင့်ချိတ်ထားရသည်။ ၎င်းသံပုံးများကိုကြိုးများဖြင့် ချိတ်ဆက်ကာ အသံမြည်အောင် ခလောက်သံများ တပ်ထားရလေသည်။ လယ်တစ်ကွက်တွင် စာခြောက်ရုပ် (၃) ရုပ်ခန့် ပြုလုပ်ထားလေ၏။ စာကလေးများ၊ ကြက်တူရွေးများကျရောက်ပါက -

"ဟေး. . . လာလေ"

ဟု အကြိမ်ကြိမ် အော်ဟစ်၍ ခြောက်လှန့်ရလေ၏။ ထို့ပြင် စာခြောက်ရုပ်များဖြင့် ချိတ်ဆက်ထားသော သံဖုံးနှင့်ကြိုးများကို ဆွဲလိုက်သောအခါ -

"ဒုန်း. . ဒုန်း. . . ဒိုင်း. . . ဒိုင်း"

အသံများမြည်ကာ စာကလေးနှင့်ကြက်တူရွေးများ ကြောက်လန့်စွာ ထွက်ပြေးကြလေတော့သည်။

ထို့ပြင် နွားအုပ်များဝင်မစားရန်အတွက် လောက်လေးနှင့်လောက်စာလုံးကိုလည်း လွယ်အိတ်တွင်ထည့်ကာ အသင့်လွယ်ထားရလေ၏။ ဤအလုပ်များကား ဦးစံမြနေစဉ်ဆောင်ရွက်နေရသောအလုပ်များ ဖြစ်ပေ၏။ သမီးများအားလပ်နိုင်သောနေ့များတွင်မှ ဦးစံမြနားရလေတော့သည်။ ထိုအချိန်တွင် ဦးစံမြသည် ဦးလှအောင်ထံသို့သွား၍ ဆွေးနွေးတိုင်ပင်ရလေ၏။ ဦးလှအောင်၏မုရင်းစပါးခင်းသည် ဦးစံမြ၏ မုရင်းစပါးခင်းထက် လဝက်နီးပါးစော၍ စိုက်ပျိုးခဲ့လေသည်။ ယခုအခါ မုရင်းစပါးခင်းထက် လဝက်နီးပါးစော၍ စိုက်ပျိုးခဲ့လေရာ ယခုအခါ မုရင်းစပါးများကို မိသားစုများရိတ်သိမ်းနေကြရပြီ ဖြစ်လေ၏။ ဦးစံမြသည် ဦးလှအောင်၏အကြံပေးမှုကြောင့် ရင့်မှည့်လာပြီဖြစ်သော စပါးများကို ရိတ်သည်ဖြင့် ဖိလှဲကာနေရလေ၏။ ဤသို့ပြုလုပ်ခြင်းဖြင့် စပါးပင်များ ဖရိုဖရဲ ပြိုလဲခြင်းမရှိတော့ဘဲ ရိတ်သိမ်းသည့်အခါ လွယ်ကူလေ၏။

စပါးပင်များအားကုတ်ဖိ၍လှဲပြီးသောအခါ ရေများကိုဖောက်ထုတ်ပစ်ရလေသည်။ သို့မှသာလျှင် စပါးခင်းများ အမှည့်ညီနိုင်ပေသည်။ နောက်တစ်ပတ်တွင် ဦးလှအောင်တို့စပါးရိတ်သိမ်းပြီးသွားသဖြင့် တလင်းအတွင်းစုပုံထားလေ၏။ ထိုအချိန်တွင် ဦးစံမြတို့စပါးများ ရိတ်သိမ်းရမည်ဖြစ်သဖြင့် ဦးလှအောင်၏သမီးများက မလှတင်တို့ညီအစ်မနှစ်ယောက်နှင့်အတူ ရိတ်သိမ်းပေးကြလေသည်။ မလှတင်တို့ညီအစ်မသည် လယ်မရိတ်ဘူးသော်လည်း သက်ငယ်များရိတ်ဖူးသဖြင့် အဆင်ပြေစွာ ရိတ်နိုင်လေသည်။ ဤသို့ဖြင့် (၄) ရက်မျှ ရိတ်သိမ်းပြီးနောက် ကောက်လှိုင်းများကို ကမ်းစပ်လှည်းလမ်းရှိရာသို့ ရောက်အောင်သယ်ယူကြရပြန်၏။ ထို့နောက်မှ ပဲခင်းများပျောက်သွားသောနေရာတွင် တလင်းလုပ်၍ စုပုံထားရန် လှည်းများဖြင့် သယ်ယူကြရလေသည်။

ဤသို့ဖြင့် ဦးစံမြသည် ကောက်လှိုင်းများသယ်ယူခြင်း၊ စပါးနယ်ခြင်း၊ စပါးကြိတ်ခြင်းအလုပ်များကို အလုပ်သမားနှင့် လှည်းနွားငှား၍ လုပ်ကိုင်ရသောကြောင့် စရိတ်ကများစွာကုန်ကျလေသည်။ မတ်လကုန်ပြီးနောက် ဧပြီလလယ်လောက်တွင် ကိုင်းလုပ်ငန်းနှင့် လယ်လုပ်ငန်းများ ပြီးဆုံးသွားလေသည်။ ဦးစံမြတို့မိသားစုသည် တစ်ဆောင်းနှင့် တစ်နွေပတ်လုံးပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ကြရပေသည်။ စပါးတင်း (၁၀၀) ခန့်နှင့် ငရုတ်ပိဿာ(၂၀၀) ရရှိခဲ့လေသည်။ စပါးတင်း (၁၀၀) ကို ဆန်ကြိတ်ရာ ဆန်တင်း (၆၀) သာ ရလေ၏။ မိုးတွင်းအတွက် ဝမ်းစာ (၁၅) တင်းချန်ထား၍ (၄၅) တင်းကိုရောင်းကာ သုံးစွဲကြရလေသည်။ ငရုတ်ပိဿာ (၂၀၀) ကိုကား ဝမ်းစာအနည်းငယ်ထား၍ အားလုံးရောင်းချပြီးလျှင် ပေါင်နှံထားသော ရွှေထည်ပစ္စည်းအတွက် ပေးချေရလေ၏။ အတိုးနှင့် အရင်းပေါင်း၍ ပေးချေရလေရာ ဆွဲကြိုးတစ်ကုံးသာရွေးနိုင်၍ လက်ကောက် (၂) ကွင်းကို မရွေးနိုင်သေးပေ။

ဧပြီလနှင့် မေလများတွင် ကိုင်းသမားများ ငွေရှင်သောလများဖြစ်လေ၏။ သို့ဖြစ်သောကြောင့် အလှူအတန်းနှင့် မင်္ဂလာဆောင်များ ပေါများသောလများဖြစ်လေသည်။ ယခင်နှစ် ယခုလိုအချိန်တွင် မမြခင်တစ်ယောက် ဝတ်စားဆင်ယင်ကာ ပျော်ရွှင်စွာသွားလာနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဝင်ငွေနည်းလေသောကြောင့် လည်းကောင်း၊ ဝတ်ဆင်ရန် ရွှေထည်ပစ္စည်းများမရှိ၍ လည်းကောင်း စိတ်ဓာတ်ကျကာ အိမ်တွင်းအောင်း၍ နေလေတော့သည်။ မမြခင်သည် လူအများနှင့်သွားလာရမည့်ကိစ္စများကို အတတ်နိုင်ဆုံး ရှောင်ဖယ်၍နေလေသည်။

သူ၏အတွေးတွင် ဧပြီလ သို့မဟုတ် မြန်မာလို တန်ခူးလသို့ ရောက်လေတိုင်း တစ်နှစ်ကူးပေတော့မည်။ လူ့ဘဝသည်လည်း အသက်တစ်နှစ်ကြီးသွားခဲ့လေပြီ။ သို့ဖြင့် နှစ်စဉ်မသေချာသောကိုင်းလုပ်ငန်းကိုလုပ်ကိုင်နေသမျှ သူ၏ ဘဝရည်မှန်းချက်များ မပြည့်စုံနိုင်ဟု တွေးတောမိလေ၏။ ကိုင်းလုပ်ငန်းကိုလည်း ငြီးငွေ့လာလေ၏။ မမြခင်သည် ဘဝင်မြင့်စိတ်ကြီးဝင်ခဲ့စဉ်က ငွေကြေးပြည့်စုံသဖြင့် အလှူအတန်းများကို တတ်နိုင်သမျှလုပ်ခဲ့လေ၏။ ဝါတွင်းကာလများတွင် ရွာဦးကျောင်းရှိ သံဃာတော်များကို ဆွမ်းချက်၍လှူဒါန်း၏။ ဥပုသ်သီတင်းဆောက်တည်သော ဥပုသ်သည်များကိုလည်း မိသားစုနှင့်အတူ သွားရောက်၍ လှူဒါန်းကျွေးမွေးခဲ့ရပေ၏။

ယခုနှစ်ဝါတွင်းကာလသည်ကား စီးပွားရေးကျဆင်းသဖြင့် လှူနိုင်တန်းနိုင်တော့မည်မဟုတ်ဟုတွေးကာ စိတ်အားငယ်၍ စိတ်ဓာတ်ကျလေတော့သည်။ အချိန်ရှိသမျှ တွေးတောငေးမော၍နေလေ၏။ တဖြည်းဖြည်းစကားနည်းလာလေ၏။ အိမ်သားများကိုပင် စကားပြောချင်စိတ်မရှိတော့ပေ။ အိပ်ချိန်၊ စားချိန်မမှန်၊ ရေချိုးရန်ကိုပင် သတိမထား။ အိမ်တွင်းအောင်းရာမှ အိမ်ခန်းအောင်းသည့်ဘဝသို့ ရောက်ရှိလေတော့သည်။ မိဘများနှင့် အစ်မများက ချော့မော့ဖျောင်းဖျပြောဖို့သော်လည်း နားမဝင်တော့ပေ။ မသိမသာမှသိသိသာသာဖြစ်လာသောအခါ စိတ်ရောဂါသို့ကူးပြောင်းသွားလေတော့သည်။

ရာသီဥတုမှာလည်း မေလကုန်သောအခါ လေပြင်းများတိုက်ခတ်၍ မိုးရွာလာလေ၏။ မမြခင်၏ စိတ်အစဉ်သည်လည်း လေနှင့်အတူ မိုးနှင့်အမြိုင်ဖြစ်လာလေ၏။ မှိုင်သောအခါ မှိုင်းငိုင်သောအခါ ငိုင်၍ တစ်ယောက်တည်း စကားပြောသောအခါများလည်းရှိလာလေ၏။ တစ်ယောက်တည်း စကားပြောနေရာမှ ရယ်ချင်လျှင်ရယ်၍ ငိုချင်လျှင်

ငိုပြန်လေ၏။ ဦးစံမြနှင့် ဒေါ်မယ်တင့်တို့မိသားစုသည် သမီးဖြစ်သူ မမြခင်အတွက် သောကရောက်ရလေတော့သည်။ မိုးတွင်းကာလအနားယူရမည့်အချိန်တွင် အနားမယူနိုင်ကြတော့ပေ။ မမြခင်၏ အခြေအနေကို စောင့်ကြည့်အကဲခတ်နေကြရလေ၏။

မမြခင် ဤသို့ စိတ်ရောဂါစွဲကပ်နေသည်ကို ဆွေမျိုးသားချင်းများလာရောက်ကြည့်ရှုမေးမြန်းကြသောအခါ အတွေ့မခံလိုသဖြင့် စိတ်တိုစွာပြောဆိုတတ်၏။ မေးသောသူများ၏ အတိတ်ကိုတွေးမိလျှင် မကျေနပ်ပါက အော်ငေါက်ပြောဆိုတတ်လေ၏။ ကြာသောအခါ ဆွေမျိုးသားချင်းများလည်း မတွေ့ရဲ၊ မပြောရဲကြတော့သဖြင့် ခပ်ရှုရှုပင်ရှောင်ဖယ်နေကြရလေသည်။ မမြခင်စိတ်ကောင်းစဉ်က ပြောဆိုဆက်ဆံပုံတို့လို တွေးမိသဖြင့် ခွင့်လွှတ်သည်းခံကြလေ၏။ သို့သော်လည်း ဆွေမျိုးသားချင်းများ၏ဆုံးဖြတ်ချက်မှာ မမြခင်အားလူပြုစားထားသည်၊ ပယောဂတစ်မျိုးမျိုးစွဲကပ်နေသည်ဟု ထင်မှတ်ကြလေ၏။ မမြခင်၏ထူးခြားချက်တစ်ခုမှာ သူချစ်ခင်သောကလေးများကိုတွေ့ရပါက ကောင်းမွန်စွာ ပြောဆိုဆက်ဆံတတ်လေသည်။ ထိုကလေးများကကျွေးသောအစားအစာများကိုလည်း စားသောက်တတ်လေသည်။

ထိုအခါ ဦးစံမြနှင့် ဒေါ်မယ်တင့်တို့မိသားစုမှာလည်း အဖြစ်မှန်ကို မတွေးတောတတ်သဖြင့် ဆွေမျိုးသားချင်းများပြောသကဲ့သို့ ပယောဂထင်မှတ်ကာ ဆေးကုရန် ဆရာရှာကြလေ၏။ ထိုအချိန်တွင် အညာဘက်မှအရောင်းအဝယ်ဖြင့်ရောက်ရှိနေသော ဆရာဦးဘသာအကြောင်းကိုကြားသိရလေ၏။ ဆရာကြီး ဦးဘသာမှာ ဦးစံမြနှင့်ရွယ်တူဖြစ်၍ အသက် (၅၀, ကျော်ခန့်ရှိလေသည်။ ဆရာကြီးဦးဘသာသည် ရိုးသားဖြောင့်မတ်၍ ဆရာသိက္ခာနှင့် ညီညွတ်သူဖြစ်၏။ တိုင်းရင်းဆေးအပြင် ပယောဂကိုပါနိုင်နင်းစွာ ကုသနိုင်သူဟု သတင်းကြားသဖြင့် ဦးစံမြနှင့် ဒေါ်မယ်တင့်တို့သည် ဆရာဦးဘသာအား သွားရောက် တွေ့ဆုံကာ သမီးဖြစ်သူ မမြခင်အား ကုသပေးပါရန် တောင်းပန်၍ ပင့်ဖိတ်ကြလေ၏။

နောက်တစ်နေ့ နံနက်ခင်းတွင် ဆရာကြီးဦးဘသာသည် လိုအပ်သောဆေးဝါးများထည့်ထားသည့် ဆေးလွယ်အိတ်ကို ယူဆောင်၍ ဦးစံမြတို့အိမ်သို့ရောက်လာလေ၏။ ဆရာကြီးဦးဘသာသည် ဆေးမကုမီ မမြခင်၏ စိတ်နေသဘောထားကို မေးမြန်းလေသောအခါ ပယောဂမဟုတ်ဘဲ စိတ်ရောဂါဖြစ်နေသည်ကို ရိပ်မိလေ၏။ ထိုအခါ အိပ်ပျော်စားဝင်သော တိုင်းရင်းဆေးများကို စတင်တိုက်ကျွေး၏။ သူကိုယ်တိုင်တိုက်သည်တော့မဟုတ်။ မမြခင်ချစ်ခင်သောကလေးက မမြခင်အား ထမင်းကျွေးသောအခါများတွင် ဆေးတိုက်ရခြင်းဖြစ်ပေ၏။

(၃) ရက်ခန့် ဆေးတိုက်ပြီးသောအခါ မမြခင် အအိပ်၊ အစားမှန်လာ၍ စိတ်ကြည်လင်လာလေ၏။ သို့သော်လည်း စိတ်မကောင်းစရာ၊ ဝမ်းနည်းဖွယ်ရာအကြောင်းအရာများကို တွေးမိသောအခါ သောကဖိစီးသဖြင့် ယခင်အတိုင်းဖြစ်ပြန်လေ၏။ ထိုအခါ ဆရာကြီးဦးဘသာသည် စိတ်ရောဂါဖြစ်သည်ကို သိသော်လည်း ဦးစံမြတို့၏ မိသားစုစိတ်ကျေနပ်စေရန် ဂါထာမန္တန်များဖြင့် စီရင်ထားသောဆေးများကို တိုက်ပြန်လေ၏။ ယခင်အတိုင်းပင် မမြခင်ချစ်ခင်သောကလေးငယ်ကိုခေါ်၍ တိုက်ရလေသည်။ မမြခင်တစ်ယောက် ရောဂါနှင့်ဆေးဝေးလေသောကြောင့် အကြောင်းမထူးဘဲရှိလေ၏။

ထိုအခါ ဆရာကြီးဦးဘသာသည် အချိန်ဆွဲ၍ မကုသနိုင်သဖြင့် ဦးစံမြနှင့် ဒေါ်မယ်တင့်မိသားစုတို့ကို ဤသို့ပြောလေ၏။

"ဦးစံမြရေ၊ ဒီကလေးမရဲ့ရောဂါဟာဘဝင်ရောဂါဖြစ်နေတယ်။ ဒီရောဂါက စိတ်ရောဂါတစ်မျိုးဖြစ်တယ်၊ ကုရာနတ္ထိဆေးမရှိလို့ သိရတယ်။ သူ့ကိုစိတ်ချမ်းသာအောင်ထားပြီး အချိန်ယူကုသနိုင်မှသာ ပြန်ကောင်းနိုင်မှာဖြစ်တယ်။ ကျွန်ုပ်ကလည်း ဆေးအရောင်းအဝယ်တစ်ဖက်နဲ့ကုသရတော့ အချိန်မပေးနိုင်ဘူး။ ဒါကြောင့်မို့ ကလေးမကို စိတ်ချမ်းသာအောင်ထားပြီး ကုသဖို့လိုလိမ့်မယ်"

ဟု ပြောဆိုမှာကြားကာ ပြန်သွားလေတော့သည်။ ဆေးဖိုးကန်တော့သည်ကိုပင် လက်မခံပေ။

ထိုအခါ ဦးစံမြနှင့်ဒေါ်မယ်တင့်တို့မိသားစု ကြံရာမရဖြစ်ကြရရှာလေ၏။ ဤသို့ မမြခင်၏ ရောဂါမပျောက်ပါက ကိုင်းလုပ်ရန်အချိန်သို့ရောက်လျှင် အဘယ်ကဲ့သို့လုပ်ရမည်နည်းဟု တွေးတောပူပန်ကြလေသည်။ သို့ဖြင့် တစ်ပတ်ခန့်ကြာပြီးနောက် ဒေါ်မယ်တင့်သည် ကြံရာမရသည်နှင့် နတ်ဝင်သည် ဒေါ်ကြည်အေးကိုပင့်၍ နတ်မေးမြန်းလေတော့သည်။ ဒေါ်ကြည်အေးသည် နတ်ဝင်သည်တို့ထုံးစံအတိုင်း အိမ်တွင်းပွဲ၊ ကွင်းပိုင်ပွဲ၊ မယ်တော်ပွဲများပြင်ရန် စီစဉ်ပေးလေ၏။

နတ်ဝင်သည်ဒေါ်ကြည်အေးသည် ပွဲသုံးပွဲပြင်၍ ဦးတိုက်ကန်တော့ပြီးနောက် အနောက်မယ်တော်ဖြစ်သော အမေဂျမ်းပွဲကို လက်ဖြင့်ထိထားကာ အာရုံပြု၍နေလေ၏။ အမေဂျမ်းဝင်လာသောအခါ လက်နှစ်ဖက်ကို ပြင်းထန်စွာ နဖူးနှင့်ရိုက်၍ ဤသို့ပြောလေတော့သည်။

"တယ်ခက်ကြတာကိုး။ နင်တို့ဟာမြင်းစီးပြီး အထီး၊ အမမှန်းမသိတဲ့လူလိုပါပဲလားဟင်။ နင့်သမီးကို ဘယ်သူမှမဖမ်းဘူးမပြုစားဘူးဟေ့။ မှတ်ထားစမ်းသူဟာသူ ဘဝင်မြင့်ပြီး သူလုပ်ချင်တာမလုပ်ရလို့ စိတ်ဓာတ်ကျရင်းကချွေးနေတာဟေ့။ ကဲ - ဘာသိချင်သေးလဲ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဒေါ်မယ်တင့်က -

"မယ်တော်ကြီးရယ် ကျွန်မသမီးလေး ဘဝင်မြင့်ပြီးရူးတယ်ဆိုရင် သူ့ရဲ့စိတ်ကို ကူညီထိန်းပေးပါ။ မယ်တော်ကြီးတို့ကို မမေ့ပါဘူး"

"ဟဲ့ - ဒီလိုထိန်းလို့ရစတမ်းသာဆိုရင် တို့ကကြည့်နေပါ့မလား၊ မထိန်းနိုင်ဘူးဟဲ့။ သူ့စိတ်နဲ့သူ့ကိုယ်သူ ပြင်မှရမယ်။ နင်တို့ကသာ လိုလေသေးမရှိဝတ်ဆင်ပေးလိုက်စမ်း၊ သူကောင်းသွားမှာပါ"

ဟု ပြောကာ ထွက်သွားလေ၏။

မယ်တော်ထွက်သွားသောအခါတွင် ဒေါ်ကြည်အေး၏မျက်နှာမှာလည်း ကြည်လင်အေးချမ်းစွာဖြင့်ရှိလေသည်။ မယ်တော်ဝင်စဉ်ကဆက်သဖြင့် သူ့ထားသော ဆေးပေါ်လိပ်ကြီးမှာ ပြာခွက်ထဲတွင် အငွေ့တထောင်းထောင်းထနေလေ၏။

ဒေါ်မယ်တင့်က -

"ခက်တော့တာပဲ"

ဟု ငြီးတွားလိုက်လေ၏။

"ဘာဖြစ်လို့လဲ ဒေါ်မယ်တင့်ရဲ့"

ဟု ဒေါ်ကြည်အေးက မသိသလို မေးမြန်းလေ၏။

"ဒီလိုပါ၊ ဒီနှစ်ကိုင်းက မကောင်း တော့ သူ့ဝတ်ဆင်တဲ့ပစ္စည်းလေး ပေါင်နှံပြီး မုရင်းခင်းလုပ်ရတာ မပေါင်ရင်မဖြစ်လို့ ပေါင်နှံရတာ

တွယ်။ ဘယ်ပေါင်ချင်ပွဲမလဲ။ နောင်နှစ်ခါ ကိုင်းကောင်းရင်တော့ သူ့ပစ္စည်းလေးတွေကို ပြန်ရွေးပေးမယ်"

ဟု ညည်းတွား၍ ပြောလိုက်လေ၏။

"ကလေးမက စိတ်ထိခိုက်လွယ်တော့ အမှန်ကိုမမြင်ဘဲ စိတ်ထဲစွဲလမ်းရာက စိတ်ရောဂါရတာပေါ့ကွယ်"

ဟု ထပ်၍ပြောပြန်လေ၏။

ဒေါ်ကြည်အေးသည်လည်း စိတ်မကောင်းစွာဖြင့် နတ်ပွဲထိုးသည့် ငွေငါးမတ်ကိုယူ၍ ပြန်သွားလေတော့သည်။ နတ်မေးလိုက်သဖြင့် မမြခင်ဘဝင်မြင့်ရာမှ စိတ်ကျရောဂါဖြစ်နေကြောင်း သိကြရသောအခါ အနည်းငယ်စိတ်သက်သာရာရကြလေ၏။ ပယောဂဆိုလျှင်တော့ တုနိုင်သောဆရာကို ထပ်မံရှာရပေမည်။ စိတ်ရောဂါသက်သက်ဖြစ်နေ၍ မမြခင်အား စိတ်ချမ်းသာအောင်ထား၍ ကုသရန်သာရှိတော့သည်။ သို့ဖြစ်၍ မိသားစုယခင်ကလောက် စိတ်မပူတော့ပေ။ မမြခင်၏အခြေအနေကိုသာ မျက်ခြည်မပြတ်စောင့်ကြည့်နေကြရပေသည်။

ဤသို့ဖြင့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသို့ ရောက်လာအခါ နှစ်စဉ်နှစ်တိုင်းလိုပင် ရေများတက်လာပြီး တစ်ရွာလုံးရေမြုပ်နေလေ၏။ မလှတင်နှင့်မလှရင်တို့သည်လည်း တစ်ယောက်တစ်လှည့်တာဝန်ယူ၍ နေ့ရောညပါ စောင့်ရှောက်မှုကြရလေ၏။ မမြခင်၏ စိတ်ရောဂါအခြေအနေသည်လည်း သက်သာနေသယောင်ရှိလေ၏။ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်း၊ ငိုခြင်း၊ ရယ်ခြင်းမရှိပေ။ မှိုင်တွေငေးမောတွေးတော၍နေလေ၏။ တစ်ခါတစ်ရံ တစ်ယောက်တည်း စကားပြောနေလေသည်။

တစ်ညတွင် မလှတင်စောင့်ကြည့်ရင်း နားထောင်နေရာ မမြခင်တွေးတောပြောဆိုနေသော စကားများကို ကောင်းစွာကြားရလေ၏။

"ငါဒီလိုအတိုင်းဆက်နေလို့တော့ ဘာမှမထူးဘူး။ ငါဖြစ်ချင်တာတွေလည်း ဖြစ်လာမှာမဟုတ်ဘူး။ ဒီလောက်တောင်ငွေ့စရာကောင်းတဲ့ဘဝမှာနေရတာ သေရတာကမှကောင်းသေးတယ်။ ဒါဆိုရင် သူတို့ရော ငါ့ရောဒုက္ခမရောက်တော့ဘူး"

ဟု ပြောနေလေ၏။

ထိုသို့ မမြခင် ပြောဆိုနေသံကို မလှတင်ကြားသော်လည်း ယခင်အတိုင်း ပြောဆိုနေခြင်းဖြစ်သည်ဟုထင်မှတ်ကာ ခပ်အေးအေးပင်နေလိုက်လေသည်။

❑

ဤသို့ဖြင့် စက်တင်ဘာလတွင် မြစ်ရေများပြန်ကျပြီး ကုန်းမြေများပေါ်လာလေ၏။ ကုန်းမြေများပေါ်လာသော်လည်း ရွှံ့ပျော့မြေများဖြစ်နေသဖြင့် သွားလာ၍အဆင်မပြေပေ။ ညဘက်သို့ရောက်လျှင် ပို၍ပင်အသွားအလာနည်းလေသည်။ သို့ဖြစ်၍ ည (၉) နာရီထိုးသည်နှင့် မီးခွက်များကိုမှုတ်၍ အိပ်စက်ကြလေ၏။ သို့သော် ဦးစံမြနှင့်ဒေါ်မယ်တင့်တို့မိသားစုမှာ ကောင်းစွာမအိပ်စက်ကြရပေ။ အိပ်ရာထဲသို့ဝင်၍လှဲနေသော်လည်း နားစွင့်၍နေကြရ၏။

ဘာသံမှမကြားဘဲ မမြခင်အိပ်ပျော်နေလျှင် မီးခွက်ထွန်း၍ထကြည့်ရ၏။ အထူးသဖြင့် မလှတင်နှင့်မလှရင်တို့သည် ပို၍ ဝီရိယထားကြရလေသည်။ ကြာလာသောအခါ အိပ်ရေးပျက်လာသဖြင့် အိပ်ရာထဲတွင် လှဲနေရင်းအိပ်ပျော်သွားလေ၏။

စက်တင်ဘာလကုန်ရက် ည၌ (၂) နာရီကျော်လောက်တွင် မမြခင်တစ်ယောက် အိပ်ရာထဲ၌မတွေ့ရတော့ပေ။ မလှတင်နှင့် မလှရင်တို့သည် ယခင်က မမြခင်သွားတတ်သောနေရာများ ကိုရှာဖွေကြည့်၏။ မတွေ့သောအခါ မိဘများနှင့် အိမ်နီးချင်း ဦးဘအောင်ကိုနှိုး၍ တစ်ရွာလုံးလိုက်ရှာကြလေသည်။

ရွာဦးကျောင်းနှင့် ဘုရားတန်ဆောင်းများကိုလည်း သွားရောက်ရှာဖွေကြရာ ည၌ (၃) နာရီလောက်သို့ရောက်သွားလေ၏။ မတွေ့သောအခါ အိမ်သို့ပြန်လာကြပြီးလျှင် အိမ်နောက်ဘက်အင်းကြီးရှိရာသို့ထွက်ရှာရန် အကြံရလေ၏။ မြေပျော့နေသော အချိန်ဖြစ်ရာ မမြခင်ဆင်းသွားစဉ်က ခြေရာများကို အထင်သား တွေ့ရလေတော့သည်။ မမြခင်သည် နောက်ဘက်ခန်း ရေကပြင်မှတစ်ဆင့် ခြေနင်းတုံးများကိုနင်းကာ မြေပြင်သို့ရောက်သွားခြင်းဖြစ်၏။မြေပြင်သို့ရောက်သွားသောအခါ ဖြည်းဖြည်းသွားလေရာ နောက်ဘက်ခြံစပ်ရှိရေဆိပ်သို့ရောက်သွားလေ၏။

ရေဆိပ်သို့ ရောက်သောအခါ ခေတ္တတွေ၍ရပ်ကြည့်နေ၏။ ထို့နောက် မိမိကိုယ်ကို ရေနှစ်သတ်ရန်အကြံဖြင့် ရေထဲသို့ တရွေ့ရွေ့ဆင်းလေ၏။ သူ၏အရပ်မြုပ်သောအခါ ရေတွင်ငုပ်၍နေလေ၏။ ယခင်က မမြခင်သည် ရေကူးရေငုပ်ကျွမ်းကျင်သူဖြစ်ရာ မိမိကိုယ်ကို ရေနှစ်၍သတ်သောအခါ လေကိုရှူ၍ငုပ်လေသောကြောင့် ရေတွင်ငုပ်၍နေသော်လည်း (၃) မိနစ်ခန့်ကြာသောအခါ ရေပေါ်သို့ပြန်ပေါ်လာလေ၏။ ရေကိုမရှူနိုင်ဘဲ လေကိုရှူသောကြောင့် ရေနှစ်၍ မသေနိုင်ပေ။ ရေကိုရှူ၍ ရေမွန်းမှသာလျှင် သေနိုင်ပေသည်။ ဤသို့ဖြင့် (၅) ကြိမ်ခန့် ရေနှစ်၍သေသော်လည်း မသေနိုင်သဖြင့် လက်ပန်းကျ၍ ရေနစ်သေစေရန် လက်ပစ်ကူးပြန်၏။

ထိုအခါ တံငါလှေများအသွားအလာရှိသောကြောင့် ရေကူးသံကြားမည်စိုးသဖြင့် ပက်လက်လှန်ကာကူးလေ၏။ အင်းကြီးမှာ ရေပြည့်နေသဖြင့် ကိုက် (၁၅၀) ခန့်ရှိလေသည်။ ဤသို့ဖြင့် (၄၅) မိနစ်ခန့်ကြာသောအခါ အနောက်ဘက်ကမ်းရှိ ထိမ်ပင်ဆီသို့ ရောက်လာ၏။ ထို့နောက် အရှေ့ဘက်ကမ်းသို့ ပြန်၍ကူးပြန်၏။ အရှေ့ဘက်ကမ်း ရွာဦးရေဆိပ်သို့ရောက်သောအခါ လေတိုက်ခတ်သဖြင့် ရွာဦးစေတီမှဆည်းလည်းသံများကို လည်းကောင်း၊ ရွာဦးဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်သံတို့ကိုလည်းကောင်း ကြားရလေ၏။ ထိုအခါ မမြခင်သည် အနောက်ဘက်ကမ်းသို့ ပြန်၍ကူးလေ၏။

ထိုသို့ပက်လက်လှန်၍ ရေကူးနေသည်မှာ ရေကူးနေသည်နှင့်မတူဘဲ ရေပေါ်တွင်ပေါ်၍ မျောနေသကဲ့သို့ရှိလေသည်။ ထိုအချိန်တွင် မမြခင်ပင်ပန်းလာလေရာ ဖြည်းဖြည်းသာကူးနိုင်တော့၏။ ထို့သို့ ပက်လက်လှန်၍ ရေကူးနေစဉ် ကောင်းကင်ကိုကြည့်၍ ငယ်စဉ်ကရွာဦးကျောင်းဆရာတော်သင်ကြားပေးသော ဂုဏ်တော်ဖွင့်ဘုရားရှိခိုးများကို သတိရလေ၏။ မမြခင်သည် စိတ်ကောင်းစဉ်က ဂုဏ်တော်ဖွင့်ဘုရားရှိခိုးကို ပါဠိရောအနက်ပါ ရွတ်ဖတ်ရှိခိုးလေ့ရှိသဖြင့် အလွတ်ဆိုနိုင်သူ ဖြစ်ပေသည်။

ယခုအချိန်တွင် ရေပေါ်မျောနေရင်းမှ ထိုဂုဏ်တော်ဖွင့်ဘုရားရှိခိုးကို ရွတ်ဆိုနေလေတော့သည်။ ယခင်က အလေ့အကျင့်ကောင်းရှိသဖြင့် တိတ်ဆိတ်ငြိမ်သက်နေသော အင်းရေပြင်တွင် ဘုရားရှိခိုးစာများကို ရွတ်ဖတ်လျက် ကူးခပ်နေလေတော့သည်။ မကြာမီပင် အနောက်ဘက်ကမ်းသို့ ပြန်ရောက်လေ၏။ ထိုအခါ အအေးဓာတ်ကြောင့် ခြေလက်များ မလှုပ်ချင်အောင်ရှိလေသည်။ ထို့နောက် ရေမကူးတော့ဘဲ ရပ်လိုက်

သောအခါ ရေအောက်သို့မြုပ်သွားလေတော့သည်။ သို့သော် ရေကိုမရှူနိုင်သဖြင့် အသက်ကိုအောင့်ထားလေရာ ရေပေါ်သို့ပြန်ပေါ်လာပြန်၏။

'သေကံမရောက်သက်မပျောက်' ဆိုသော စကားပမာ တံငါသည်တစ်ဦးသည် လှေလှော်၍ မမြခင်အနီးသို့ ရောက်လာလေ၏။ မမြခင်ကိုမြင်သောအခါ လှေဖြင့်ကပ်၍ မမြခင်၏လက်ကို လှမ်းဆွဲလိုက်လေသည်။ သို့သော် မမြခင်ကို လှေပေါ်သို့ရောက်အောင်မဆွဲနိုင်သဖြင့် လှေနံစောင်းပေါ်တွင်တင်၍ ထားလေရာ မမြခင်၏ဝမ်းဗိုက်နှင့်လှေနံကို ဖိထားသလိုဖြစ်နေ၏။ လှေစောင်းသွားသောကြောင့် လှေသမားတံငါသည်သည် လှေကိုထိန်းရင်း မမြခင်အား ဆွဲတင်နေလေသည်။ ထိုအချိန်တွင် အရှေ့ဘက်ကမ်းမှ မမြခင်၏အမည်ကိုအော်၍ခေါ်ကာ ရှာဖွေနေသောလူများ၏ အသံကိုကြားရသဖြင့် -

"မမြခင် ဒီမှာ ရေနစ်နေလို့ဆယ်ထားရတယ်၊ အမြန်လာကြပါဗျို့"

ဟု သံကုန်ဟစ်၍ အော်ပြောလိုက်လေသည်။

ထိုအခါ ဦးစံမြနှင့်ဦးဘအောင်တို့ အသံကြားရာ အနောက်ဘက်ကမ်းသို့ အမြန်လှော်ကြလေ၏။ ဦးစံမြနှင့် မလှတင်က လှေတစ်စီး၊ ဦးဘအောင်နှင့်မလှရင်က လှေတစ်စီးဖြစ်၍ အမြန်လှော်ခတ်ကြလေရာ (၁၀) မိနစ်ခန့်ကြာသောအခါ တံငါသည်ရှိရာ လှေအနီးသို့ချဉ်းကပ်မိလေ၏။ ရောက်သည်နှင့် ဦးစံမြသည် ရေထဲသို့ခုန်ဆင်း၍ မမြခင်၏ခြေထောက်များကို သိုင်းဖက်လိုက်ပြီးလျှင် လှေပေါ်သို့ ထိုးတင်လိုက်လေသည်။ မလှတင်နှင့် မလှရင် တံငါသည်၏လှေပေါ်သို့ကူး၍ မမြခင်အား လှေပေါ်သို့ ဆွဲတင်လိုက်လေ၏။ ထိုအခါ မှောက်လျက်အနေအထားဖြင့် တံငါသည်၏ လှေကပ်ပေါ်သို့ ရောက်ရှိလာလေ၏။

မလှတင်သည် မမြခင်၏ကျောပြင်ကို လက်ဖနောင့်ဖြင့်ဖိ၍ သုံး၊ လေးကြိမ်နှိပ်သောအခါ မမြခင်ပါးစပ်မှရေများ အန်ထွက်လာလေ၏။ နောက်ပက်လက်လှန်၍ ရင်ညွန့်ကိုဖိသောအခါ သုံး၊ လေးကြိမ်မျှ ဖိနှိပ်လိုက်မှ မမြခင်နှလုံးခုန်ကာ အသက်ရှူနိုင်လေတော့သည်။

"ဟင်း"

ဟု သက်ပြင်းချသံပြု၍ မှိန်းနေလေ၏။

မလှရင်သည် -

"ညီမလေး၊ ညီမလေး"

ဟု အကြိမ်ကြိမ်ခေါ်ကာ ငိုသံပါပါနှင့် လှုပ်နှိုးနေလေ၏။ ဤအချိန်သည် လှေ (၃) စီး အရှေ့ဘက်ကမ်းသို့အမြန်လှော်ခတ်နေချိန် ဖြစ်ပေသည်။ မကြာမီပင် အရှေ့ဘက်ကမ်းသို့ ဆိုက်ရောက်ကြလေသည်။

ဦးစံမြသည် လှေဆိုက်သည်နှင့် ရေသို့ဆင်း၍ မမြခင်ကိုထမ်းခေါ်ရန်ပြင်လေ၏။ မလှတင်နှင့်မလှရင်တို့က မမြခင်ကို ဦးစံမြ၏ပခုံးထက်သို့တင်ပေးပြီးနောက် အိမ်ရှိရာသို့ အမြန်သွားကြလေ၏။ ထိုအခါ တံငါသည်လှေသမားနှင့် ဦးဘအောင်တို့သည်လည်း လိုက်ပါလာကြလေသည်။ အိမ်သို့ရောက်သည်နှင့် မလှတင်နှင့် မလှရင်တို့သည် အိမ်ပေါ်သို့အမြန်တက်၍ ဦးစံမြ၏ ပခုံးထက်မှ မမြခင်ကိုမချီ၍ မီးဖိုဆောင်အတွင်းသို့ဝင်ကြလေ၏။ ထို့နောက် မမြခင်၏ ရေစိုနေသောအဝတ်များကို လဲလှယ်ပေးကြ၏။ ထို့နောက် သင်ဖြူးတစ်ချပ်ကိုခင်းကာ မလှတင်က ထိုင်၍ မမြခင်အား ပွေ့ဖက်ထားလေသည်။ မလှရင်သည် စောင်ထူတစ်ထည်ကိုယူ၍ မလှတင်နှင့် မမြခင်တို့ကို ခြုံပေးထားလေ၏။ ဒေါ်မယ်တင့်သည် အိုးနှုတ်ခမ်းပြတ်အတွင်း မီးကျီးခဲများကိုထည့်ကာ အပူငွေ့ရစေရန် မမြခင်အနီးတွင် ချထားပေးလေသည်။

မမြခင်သည် အသက်မှန်မှန်ရှူနေသော်လည်း စကားမပြောနိုင်ပေ။ ကိုယ်လက်များ နာကျင်ကိုက်ခဲနေသဖြင့် မှိန်းနေရင်း အိပ်ပျော်သွားလေ၏။ ထိုအခါ ခေါင်းအုံးတစ်လုံးကိုယူ၍ သင်ဖြူးပေါ်တွင် အလိုက်သင့်ချထားရလေသည်။ မမြခင်သည် တစ်မနက်လုံးအိပ်ပျော်နေလေ၏။ (၁၀) နာရီထိုးခါနီးမှ သတိရကာ ရေတောင်းလေတော့သည်။ အသံသဲ့သဲ့တိုးတိုးသာ စကားပြောနိုင်လေသည်။ မမြခင်အား ရေတိုက်ပြီးနောက်တွင် နံနက်စာစားကြလေ၏။ မမြခင် ထမင်းမစားနိုင်သေးပေ။ မလှတင်တို့ ထမင်းစားပြီးနောက်မှသာ ပျားရည်ကို ရေနွေးဖြင့် ဖျော်စပ်၍ မမြခင်အားတိုက်ကြရလေ၏။

ထိုနေ့မနက်ခင်းတွင် မမြခင်၏ သတင်းသည် တစ်ယောက်စကားတစ်ယောက်နားဖြင့် တစ်ရွာလုံးပျံ့နှံ့သွားလေ၏။ မနက်ပိုင်းသတင်းမေးလာသူများကို မမြခင်အိပ်ပျော်နေသဖြင့် မလှရင်မှတိုးတိုးပြောကာ နောက်မှလာရန်ပြော၍ ပြန်လွှတ်ရလေသည်။ နေ့လယ်ပိုင်းသို့ရောက်သောအခါ ဆွေမျိုးသားချင်းများက လာရောက်မေးမြန်းသဖြင့် မလှတင်နှင့်မလှရင်တို့က ဧည့်ခံပြောကြားလေ၏။ ဦးစံမြနှင့်ဒေါ်မယ်တင့်တို့မှာ စိတ်ထိခိုက်နေသဖြင့် စကားမပြောနိုင်အောင် ရှိလေတော့သည်။

မမြခင်၏အသက်ကိုကယ်သော တံငါသည်လှေသမားကို မေးသောအခါ ဘယ်သူမှ တိကျသေချာစွာ မပြောနိုင်ကြပေ။ လှေသမား၏ပုံသဏ္ဍာန်မှာ သန်မာထွားကျိုင်းသူ တစ်ယောက်ဖြစ်ပြီး ပုဆိုးအညိုကွက်၊ စွပ်ကျယ်အကျီလက်ပြတ်နှင့် ဝါးခမောက်ကို ဆောင်ထားသည်ဟုသာပြောနိုင်လေ၏။ ထိုတံငါသည်လှေသမားသည် မမြခင်အိမ်ပေါ်သို့ရောက်ပြီးနောက် ဦးစံမြအား နှုတ်ဆက်ကာ လှေရှိရာသို့ပြန်သွားလေ၏။ ဦးစံမြ စိတ်ထိခိုက်နေချိန်ဖြစ်၍ ခေါင်းညိတ်ကာ နှုတ်ဆက်လိုက်သော်လည်း ဘယ်သူဘယ်ဝါဟူ၍ မသိလိုက်ပါချေ။ ထိုတံငါသည် လှေသမားသည်လည်း ထိုနေ့မှစ၍ ခြေရာဖျောက်သွားလေတော့သည်။

ဤသို့ဖြစ်ပျက်ပြီးနောက် တစ်ပတ်ခန့်ကြာသောအခါ မမြခင်၏ စိတ်ဘဝသည် ယခင်ကလို မဟုတ်တော့ပေ။ အလွန်နူးညံ့သိမ်မွေ့၍နေလေ၏။ စကားပြောလျှင် ဖြည်းညင်းသာယာစွာပြောလေ၏။ တစ်ယောက်တည်းနေသောအခါ နှုတ်မှဘုရားရှိခိုးဂုဏ်တော်တို့ကို ရွတ်ဆို၍နေလေ၏။ နေ့စဉ်ဘုရားရှိခိုးပုတီးစိပ်လေ၏။ ရွာဦးကျောင်းသို့ သွားရောက်၍ ဆရာတော်များကို ဖူးမြော်ကာ ဆွမ်းဆက်ကပ်လေ၏။ ဥပုသ်နေ့များတွင် ဥပုသ်စောင့်၏။ ဆရာတော်များ ဟောကြားသော တရားများကို ကောင်းစွာ နာကြားလေ၏။ ဟိုယခင် စိတ်ကောင်းစဉ်ထက်ပင် ပို၍ယဉ်ကျေး သိမ်မွေ့နေလေသည်။ ဆွေမျိုးသားချင်းများသည် မမြခင်၏သတင်းကိုကြားသောအခါ ယခင်ကကဲ့သို့ပင် ကောင်းစွာ ပြောဆိုဆက်ဆံကြလေသည်။

မမြခင် စိတ်ကောင်းဝင်လာပြီး နောက်ပိုင်းတွင် ယခင်လိုဘဝင်မြင့်စိတ် ကြီးဝင်ခြင်းမရှိတော့ပေ။ ရွှေငွေတို့ကို လည်း မက်မောတွယ်တာစိတ်မရှိတော့ ပေ။ အောက်တိုဘာလကုန်သောအခါ ဦးစံမြနှင့်သမီးများကိုင်းလုပ်ရန် ဆွေးနွေး တိုင်ပင်ကြသော်လည်း မမြခင်စိတ် စားခြင်းမရှိတော့ပေ။ အစ်မများ

သော မလှတင်၊ မလှရင်တို့ ကိုင်းထဲသို့ ဆင်း၍ လုပ်ကိုင်နေသော်လည်း မမြခင် မလိုက်တော့ဘဲ အိမ်မှုကိစ္စများကိုသာ ဒေါ်မယ်တင့်နှင့်အတူ ဆောင်ရွက်လေတော့သည်။ အစ်မများကလည်း မမြခင်တို့ သနားကြင်နာကြလေရာ မမြခင် စိတ်ချမ်းသာအောင် ထားကြလေ၏။ မမြခင် စိတ်ကောင်းဝင်နေမှသာလျှင် သူတို့လည်း ကိုင်းလုပ်ငန်းကို ဖြောင့်ဖြောင့်တန်းတန်း စိတ်ချမ်းသာစွာလုပ်နိုင်ပေတော့မည်ဟု တွေးမိကြလေ၏။

၁၉၅၇ ခုနှစ်၊ အောက်တိုဘာလတန်တွင် ကိုင်းသမားများကိုင်းစတင်လုပ်ကိုင်ကြလေ၏။ ဦးစံမြသည် သမီးမလှတင်အကြံပေးသည့်အတိုင်း ကိုင်းလုပ်ငန်းကိုလုပ်ကိုင်လေ၏။ ယခင်နှစ်က အနိမ့်ပိုင်း (၃) ဧကကိုပဲ စိုက်ပျိုးသော်လည်း ယခုနှစ်တွင် ပဲအစား ငရုတ်စိုက်ပျိုးလေ၏။ ကုန်းမြင့်ကျသော မြေ (၂) ဧကကို ပဲစိုက်ပျိုးလေသည်။ ပဲနှင့်ငရုတ်များ စိုက်ပျိုးပြီးသောအခါ မုရင်းစပါးစိုက်ပျိုးကြလေ၏။ မုရင်းစပါးစိုက်ပျိုးရာတွင် မနှစ်ကထက် (၁) ဧကတိုး၍ (၃) ဧကစိုက်ပျိုးကြလေသည်။

ယခုနှစ်သည် ရာသီဥတုညီညွတ်မှုတ၍ ပိုးမွှားကျရောက်ခြင်းမရှိသောကြောင့် သီးနှံအထွက်နှုန်းလည်း တိုးတက်ရရှိခဲ့ကြလေ၏။ ပင်ပန်းကြီးစွာလုပ်ကိုင်ကြရသော်လည်း လုပ်သမျှအကျိုးဖြစ်ထွန်းသောနှစ်ဖြစ်လေသည်။ ထိုအခါ ကိုင်းသမားတို့သည် ပင်ပန်းခဲ့သမျှ အတိုးချ၍ ပျော်ရွှင်ကြည်နူးကြရပေသည်။ ဤကဲ့သို့ (၃) နှစ်ဆက်တိုက်ကောင်းခဲ့ပါမူ ကိုင်းသမားတို့ချမ်းသာသာတော့သည်။ သို့သော် ကိုင်းသမားဘဝသည် တစ်နှစ်မကောင်း၊ တစ်နှစ်ကောင်း၍ နွဲ့သမားနဲ့မှုတ်သကဲ့သို့ ပိန်လိုက်၊ ဖောင်းလိုက်ဖြင့်သာ သံသရာလည်ခဲ့ရပေသည်။

ဦးစံမြတို့မိသားစုသည်လည်း သီးနှံအထွက်တိုးကာ ဝင်ငွေကောင်းစွာရရှိသဖြင့် ယခင်နှစ်က ပေါင်နှံခဲ့ရသော ရွှေထည်ပစ္စည်းအပြင် ယခုနှစ်ဦးက ပေါင်နှံသော ရွှေထည်ပစ္စည်းကိုပါ ပြန်လည်ရွေးနိုင်ခဲ့လေသည်။ ရွှေထည်ပစ္စည်းများကို ရွေးဆယ်ပြီးသောအခါ မမြခင်အား ပြန်လည်ဝတ်ဆင်ရန်ပေးသော်လည်း မမြခင်က လက်မခံတော့ပေ။ အစ်မဖြစ်သူများကိုသာ ဝတ်ဆင်စေခဲ့လေသည်။ မမြခင်၏စိတ်သည် နူးညံ့လောက်အောင် ပြောင်းလဲသွားခဲ့ပေပြီ။ ရွှေ ငွေပစ္စည်းမည်သည့်အရာကိုမျှ နှစ်သက်စွဲလမ်းခြင်းမရှိတော့ပေ။ ကောင်းမှုကုသိုလ်ပွားများရန်သာ စိတ်ဝင်စားလေတော့သည်။

ကိုင်းသမားများဝင်ငွေကောင်း၍ ပိုလျှံကြသဖြင့် အလှူအတန်းမင်္ဂလာဆောင်များလည်း ပေါများလေ၏။ အခါတိုင်း အလှူ မင်္ဂလာဆောင်များသို့ တက်ကြွစွာသွားတတ်သော မမြခင်သည်ကား ယခင်နှစ်များနှင့် မတူတမူထူးခြားလေ၏။ ပျော်ပါးမော်ကြွားသည့်စိတ်မရှိတော့ဘဲ ရေစက်ချတရားနာရန်ကိုသာ စိတ်ဝင်စားလေ၏။ ထိုအခါ ဦးစံမြနှင့်ဒေါ်မယ်တင့်တို့မိသားစုလည်း အလှူကြီးပေးရန် ဆန္ဒရှိကြလေ၏။ ဤလိုနှစ်မျိုးမှ မလှူဖြစ်လျှင် နောင်နှစ်ဆိုသည်မှာမသေချာလှပေ။ သို့သော်လည်း သားအရင်း၊ မြေးအရင်း မရှိကြသဖြင့် အခက်တွေ့နေကြလေသည်။ ထိုအခါ မလှတင် အကြံကောင်းရ ပြန်လေ၏။ မမြခင် စိတ်နောက်နေစဉ်က လာရောက်ပြုစုကြသော ကလေးငယ် (၂) ယောက်မှာ ဒေါ်မယ်တင့်၏ညီမဝမ်းကွဲဖြစ်သူ ဒေါ်ခင်မြင့်၏သားငယ်များ ဖြစ်ပေ၏။ ထိုကလေး (၂) ယောက်မှာ မိခင်မုဆိုးမ ဒေါ်ခင်မြင့်နှင့် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်နေကြရလေ၏။ ဖခင်ဖြစ်သူ ဦးချစ်မှာ ကလေးငယ်များအရွယ်မရောက်မီမှာပင် ကိုင်လုပ်ရန်အသွားတွင် ပိုးထိ၍သေဆုံးခဲ့သည်မှာ (၃) နှစ်ခန့်ကြာပြီ ဖြစ်လေသည်။

မလှတင်၏ အကြံပေးမှုကြောင့် ဒေါ်မယ်တင့်တို့ ဒေါ်ခင်မြင့်နှင့် သွားရောက်တိုင်ပင်ကြသောအခါ ဒေါ်ခင်မြင့်က အားရဝမ်းသာစွာလက်ခံလိုက်လေ၏။ ထိုအခါ ဦးစံမြနှင့် ဒေါ်မယ်တင့်တို့သည် ဒေါ်ခင်မြင့်၏သား(၂)ယောက်ကို ကိတ္တိမသားအဖြစ် အသိအမှတ်ပြု၍ ရှင်ပြုရန် ကျောင်းထိုင်ဆရာတော်ကြီး ဦးအဘိဝံသနကို သွားရောက် လျှောက်ထားကြလေသည်။ ထိုအချိန်က ရွာဦးကျောင်းတွင် ဆရာတော်ဦးအဘိဝံသန အမြင့် ပန်းတောင်မြို့ ဆုတောင်းပြည့်ကျောင်းမှ အဂ္ဂမဟာမဏ္ဍိတဘွဲ့တော်ရ ဆရာတော်ကြီးသည်လည်း ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော လက်ပံလှရွာသို့ (၃) နှစ်တာ ကြွရောက် သီတင်းသုံးနေချိန်ဖြစ်ပေသည်။ ဆရာတော်ကြီးသည် ထိုစဉ်က သက်တော် (၇၅) နှစ်ခန့်ရှိပြီဖြစ်ပေ၏။

ဆရာတော်ကြီးသည် ဒေါ်မယ်တင့်၏ဦးကြီးတော်ဖြစ်ပေရာ မမြခင်၏ဘကြီးတော်ဖြစ်လေသည်။ ဆရာတော်ဦးအဘိဝံသနက ဆရာတော်ကြီးအား ဦးစံမြ၊ ဒေါ်မယ်တင့်တို့၏ အလှူကိစ္စကိုလျှောက်ထားသောအခါ ဆရာတော်ကြီးက ဦးစံမြနှင့်ဒေါ်မယ်တင့်တို့ကိုခေါ်၍ ကျောင်းတွင် (၃) နှစ်တာမျှ စာဝါလိုက်နေသော ကိုရင်ရှင်ဇာကရိယကို ပဉ္စင်းခံပေးရန် တိုက်တွန်းညွှန်ကြားလေ၏။ထိုရှင်ဇာကရိယမှာ ဦးလှအောင်၊ ဒေါ်မြစိန်တို့၏ သားကြီးဖြစ်ပေရာ ဒေါ်မယ်တင့်၏ တူတော်သူဖြစ်လေသည်။ ဆရာတော်ကြီး၏ ညွှန်ကြားမှုကြောင့် ရဟန်းဒါယကာ၊ ဒါယိကာမခံယူခွင့်ရရှိသော်လည်း မိဘများဖြစ်သော ဦးလှအောင်နှင့် ဒေါ်မြစိန်တို့၏ ခွင့်ပြုချက်လိုအပ်သဖြင့် ဆရာတော်ကြီး၏ညွှန်ကြားချက်ကိုပြောပြ၍ တိုင်ပင်ကြလေ၏။ ရှင်ဇာကရိယ (၁၈) နှစ်ပြည့်၍ ပဉ္စင်းခံရမည်ဖြစ်သော်လည်း ဦးလှအောင်နှင့် ဒေါ်မြစိန်တို့မှာ မိသားစု (၈) ယောက် စားဝတ်နေရေးအတွက် ရုန်းကန်နေကြရပေရာ သားဖြစ်သူကို ပဉ္စင်းခံရန် မဖြစ်နိုင်ကြပေ။ သို့ဖြစ်၍ ဦးစံမြနှင့် ဒေါ်မယ်တင့်တို့၏ ကမ်းလှမ်းချက်ကို ဝမ်းမြောက်ဝမ်းသာရှိလွန်းလှ၍ သာဓုသုံးကြိမ်ခေါ်ဆိုကြလေ၏။

ထို့နောက်တော့ ကဆုန်ကဆန်း ၁၀ ရက်နေ့တွင် ဦးစံမြနှင့်ဒေါ်မယ်တင့်တို့ ဦးဆောင်၍ ဒေါ်မယ်တင့်၏ညီမများဖြစ်ကြသော ဒေါ်မြစိန်တို့မိသားစုသည်လည်းကောင်း၊ ဒေါ်ခင်မြင့်နှင့်ညီမများသည် လည်းကောင်း ရှင်ပြု၊ ရဟန်းခံ အလှူတော်မင်္ဂလာပွဲကြီးကို စည်ကားသိုက်မြိုက်စွာ လှူဒါန်းကျင်းပကြလေ၏။ ဦးစံမြနှင့်ဒေါ်မယ်တင့်တို့မှာ သားရင်း၊ မြေးရင်းမရှိသော်လည်း ကိတ္တိမသားများအဖြစ်ရရှိကြလေရာ ညီအစ်မ (၃) ဦး၏ ပေါင်းစု ညီညာသောကောင်းမှုကုသိုလ်တော်ကြီးဖြစ်ပေတော့သည်။

ထိုအလှူပွဲကြီးတရားနာရေစက်ချပြီးသောအခါ ဆရာတော်ကြီး၏ တရားတော်ကို နာကြားရသော မမြခင်သည် ဘဝင်စိတ်ဝမ်းအေးချမ်းလှသဖြင့် နောက်တစ်နေ့မှစ၍ လူဝတ်ကြောင်ကို စွန့်ပယ်ကာ အသက်ထက်ဆုံး ယောဂီဝတ်၍ တရားဘာဝနာများကို ကျင့်ကြံပွားများအားထုတ်လေတော့သတည်း။

ငြိမ်းဝေ (ပြည်)

# မြောက်ဦးခေတ်လယ်၏ ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

မင်းချိုထူးလှ(ရှေးဟောင်းသုတေသန)

ပုံ (၄၁)



ပုံ (၄၁) ပုံဆွဲဒီဇိုင်းလက်ရာမှာ ထုက္ကန့်သိမ်ပုထိုးတော်ကြီးအဝင်ဝလိုဏ်ပတ်လမ်းလက်ယာဘက် ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၀၇) ကို ကူးယူကာ ရေးဆွဲထားသော ပုံဆွဲဒီဇိုင်း လက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဘုရားမုခ်ငယ် (၂၄) လက်ဝဲဘက်တွင် မူရင်းကျောက်ဆစ်ရုပ်ကြွကိုတွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၂) စင်တီမီတာခန့်၊ အကျယ် (၃၅) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၃) စင်တီမီတာခန့်ရှိပါသည်။ မိုးရေတိုက်စားမှုကြောင့် မျက်နှာနှင့် ခန္ဓာကိုယ်အဝတ်အစားများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ ရင်အုပ်တွင် ကျောက်ဆက်ရာအက်ကွဲနေသည်ကို တွေ့ရှိရပါသည်။ ပုံ (၄၁) ပုံဆွဲလက်ရာ၏ ဆံထုံးပုံစံကို အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။

အထက်ဆုံးအဆင့်ထိပ်တွင် အလုံးတစ်လုံးတင်ပြီး အလုံးအောက်တွင် အရစ်ခံကာ အရစ်ထက်တွင်ကြာပွင့်ဖတ်များသဏ္ဌာန်ပတ်ထားသည်ကို တွေ့ရှိရပါသည်။ အလုံးအောက်တွင် အဆင့်နှစ်ဆင့်ခံထားပါ၏။ အဆင့်နှစ်ဆင့်အောက် ထိပ်တည့်တည့်တွင် ပွင့်ဖတ်တစ်ခုနှင့် ပွင့်ဖတ်အောက်တွင် အလုံးငယ်တစ်ခုခံကာ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဆံထုံးဖွဲ့စည်းပုံအနေအထားမှာ ကြာဝတ်ဆံ၊ ဆံထုံးထုံးပုံနှင့်အနီးစပ်ဆုံးရှိသည်ကို ခန့်မှန်းရပါသည်။ မျက်နှာမှာလုံးသွယ်ပြီး နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်လက်ကို အောက်တွင်ချ၍ထောက်ထားပြီး ညာဘက်လက်ကို တံတောင်ဆစ်မှကွေး၍ လက်ဖျားဘေးသို့ အနည်းငယ်ထုတ်ကာ ကြာဖူးတစ်ဖူးကိုင်၍ ထောင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်တွင် လက်ကောက်ပြား တစ်ဖက်လေးကွင်းစီဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်တွင် အင်္ကျီအရစ်ဖော်ထားပြီး အောက်ပိုင်းတွင် အင်္ကျီကို တင်ပါးဖုံးအောင်အထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ညာဘက် ချိုင်းအောက်တွင် တဘက်စတစ်ခုကိုချ၍ ဘေးသို့ဖြန့်ကားချထားသည်ကိုတွေ့ရှိရပါသည်။ အင်္ကျီအောက်စအောက်တွင် ခါးကြိုးစနှစ်စကိုထုတ်၍ ပေါင်ပေါ်တွင်တင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစနှစ်စစလုံး၏အဖျားကို ပန်းဖူးသဏ္ဌာန် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီအခေါက်ကိုလည်း ဒူးပေါ်တွင် အရစ်ဖော်ထားသည်ကိုတွေ့ရှိရပါသည်။ ထဘီအောက်နားရစ်ကိုလည်း ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားပါသည်။

ဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားထောက်ကာ ညာဘက်သို့လှည့်၍ ဒူးတုပ်ထိုင်နေသည်ကို တွေ့ရှိရပါ၏။ ကြာဝတ်ဆံဆံထုံးထုံးပုံသည်လည်း မြောက်ဦးခေတ်တွင် ခေတ်စားဟန်တူပါသည်။ မြောက်ဦးခေတ်၏စံထားထိုက်သောဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၄၂) ပုံဆွဲဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ အဝင်ဝလိုဏ်ပတ်လမ်းလက်ယာဘက် ကျောက်နံရံကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၀၈) မှ ကူးယူရေးဆွဲထားသောပုံဆွဲ လက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဘုရားမုခ်ငယ် (၅၄) လက်ယာဘက်တွင် မူရင်းကျောက်ဆစ်ရုပ်ကြွကို တွေ့ရှိနိုင်[ပါ] သည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၅၅) စင်တီမီတာခန့်၊ အကျယ် (၃[…] စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁[…] စင်တီမီတာခန့်ရှိပါသည်။ မိုးရေတိုက်စားမှုကြောင့် မူရင်းကျောက်ဆစ်ရုပ်[ကြွ] တွင် အဆင်တန်ဆာများ ချောမွတ်[နေ] သည်ကို တွေ့ရှိရပါသည်။ ကူး၍[…] သလောက် ခန့်မှန်းပြီး ရေးဆွဲလိုက်ရ[ခြင်း] ဖြစ်ပါသည်။

ပုံ (၄၂) ဒီဇိုင်းလက်ရာ၏ ဓော[…] တော်ဖွဲ့စည်းပုံအနေအထားမှာ ဓော[…] တော်ကို အဆင့်သုံးဆင့်ဖြင့်ဖွဲ့စည်းထား[…] သည်ကို တွေ့ရှိရပါသည်။ အပေါ်[…] အဆင့်တွင် အချောသာတွေ့ရှိ[ရ…] လုံးချွန်နေသည်ကို တွေ့ရှိရပါသ[ည်။] ဒုတိယအဆင့်တွင် ပွင့်ဖတ်ကြီးများ[…]

ပုံ (၄၂)



ပတ်၍အလှဆင်ထားပါသည်။ ပွင့်ဖတ်ကြီးများအလယ်တွင် ပန်းလိပ်ညွှန့်အလေးများဖြင့် အလှဆင်ထားပါသည်။ ပွင့်ဖတ်ကြီးများအကြား အထက်တွင် ပွင့်ဖတ်ငယ်များဖြင့် အားဖြည့်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပွင့်ဖတ်များအောက် တတိယအဆင့်တွင် ဖောင်းလုံးဖြင့် အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။ ဖောင်းတော်မှာ အနုညာလက်ရာမြောက်သည့်အနေအထား တွေ့ရှိရပါသည်။

မျက်နှာမှာ လုံးသွယ်ပြီး မေးစေ့ချွန်းသည့်အနေအထားတွေ့ရှိရပါသည်။ မျက်နှာပြင်ပေါ်တွင် မူရင်းကျောက်ဆစ်လက်ရာတွင်ချော်နေသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများပန်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ်လွင်လှပါ၏။ ဘယ်ဘက်ပခုံးတွင် တဘက်စကိုပတ်၍ တဘက်စနှစ်ဖက်ကို ညာဘက်တွင်ဖြန့်၍ ထက်အောက်ဖြန့်ချထားပါသည်။ လက်နှစ်ဖက်ကိုလည်း အောက်သို့ချကာ တံတောင်ဆစ်မှကွေး၍ လက်နှစ်ဖက်ကိုပူးကာ ဘယ်ဘက်သို့ အနည်းငယ်မြောက်ထားပါသည်။ ပူး၍မြှောက်ထားသော လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ ကွန္တြေကာပြားတစ်ခုကို ခါးအောက်မှချ၍ ပေါင်ပေါ်တွင်တင်ထားပါသည်။ ပုဆိုးအောက်ခြေနားကို ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားပါသည်။ခြေဖနောင့်ကိုတင်ပါးတွင်ကပ်၍ ခြေဖျားထောက်ထိုင်ကာ ဒူးတုပ်၍ ဘယ်ဘက်သို့လှည့်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။ ဖောင်းတော်၏ ဖွဲ့စည်းပုံအနေအထားကိုကြည့်၍ သိတော်ခံအမတ်ဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာဖြစ်သည်ဟု ဤပုံ(၄၂)လက်ရာကို ခန့်မှန်းပြောရမည်ပင် ဖြစ်ပါသည်။ သူခေတ်နှင့်သူ ဝတ်ဆင်ထုံးဖွဲ့ခဲ့သည့် မြောက်ဦးခေတ်လယ် သိတော်ခံဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၄၃) ပုံဆွဲဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီးဝင်ဝထိုက်ပတ်လမ်း လက်ယာဘက်ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၀၉) လက်ရာမှ ကူးယူရေးဆွဲထားသောပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်း ကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမုခ်ငယ် (၆၅) လက်ဝဲဘက်တွင်

ပုံ (၄၃)



တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၄၇) စင်တီမီတာခန့်၊ အကျယ်(၂၀)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၉) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မိုးရေတိုက်စားမှုကြောင့် အဆင်တန်ဆာများချော်မွတ်နေသည်ကို တွေ့ရှိရပါသည်။ မျက်နှာတွင်လည်း မျက်ခုံး၊ မျက်လုံးများချော်မွတ်နေသည်ကိုတွေ့ရှိရပါသည်။ ရင်အုပ်အောက်ပိုင်းတွင် ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၄၃) ၏ ဖောင်းတော်ဖွဲ့စည်းဆောင်းထားပုံမှာ အပေါ်ထိပ်ချွန်းပြီး အချော့သာတွေ့ရှိရပါသည်။ အောက်ပိုင်းတွင် ဖောင်းပြားတစ်ခုခံ၍ ဖောင်းပြားအောက်တွင် နှစ်ထပ်ပွင့်ဖတ်ကြီးများခံ၍ နှစ်ထပ်ပွင့်ဖတ်ကြီးအလယ်တွင် ခပ်ချွန်းချွန်းမြားနှစ်ထပ်စူးတစ်ခုသဏ္ဌာန်တွေ့ရှိပြီး လက်ဝဲ၊ လက်ယာတွင် ပန်းလိပ်များဖြင့် အလှဆင်ထားပါသည်။ ဖောင်းတော်အောက်ပိုင်းကို ဖောင်းလုံးတစ်လုံးဖြင့် အနားသတ်ထားပါသည်။ ဖောင်းတော်ဖွဲ့စည်းပုံအနေအထားအရ အတွင်းဝန်လက်ယာဖောင်းတော်ပုံသဏ္ဌာန်ဖြစ်သည်ဟု ခန့်မှန်းရပါသည်။ မျက်နှာမှာ လုံးသွယ်ပြီး နားခေါင်း၊ ပါးစပ်များ ပေါ်လွင်မှုရှိပါသည်။ နားနှစ်ဖက်တွင် နားတောင်းလုံးများဝတ်ဆင်ထားပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါသည်။ လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချ၍ တံတောင်ဆစ်မှကွေးကာ လက်နှစ်ဖက်ပူး၍ ညာဘက်သို့ထုတ်ထားပါသည်။ ပူးထားသော လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ဘုရားပူဇော်နေဟန်ဖူးတွေ့ရပါသည်။

ခါးတွင် ခါးပတ်ကြိုးနှစ်ဆင့်ပတ်ထားပြီး ခါးပတ်ကြိုးကိုကျော်၍ ကွန္တြေကာပြားတစ်စကို ပေါင်ပေါ်တွင် အပြားလိုက်ချထားပါသည်။ အပြားလိုက်ချထားသည့် ကွန္တြေကာကို နှစ်ထပ်ဖော်ထားပါသည်။ နောက်တစ်စကို ခါးကြိုးအတွင်းမှသွင်း၍ ပေါင်မှ ခြေသလုံးအထိကွေ့၍ ပျော့အိစွာချထားပါသည်။ ပုဆိုးအောက်နားကို ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားသည်။ ခြေဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားကော့ထောက်ကာ ညာဘက်ကိုလှည့်၍ဒူးတုပ်ထိုင်နေသည့်အနေအထားမျိုး တွေ့ရှိရပါသည်။ ပုံ(၄၃)ဒီဇိုင်းပုံဆွဲလက်ရာသည် ဖောင်းတော်ဖွဲ့စည်းပုံအနေအထားကိုကြည့်ပြီး အတွင်းဝန်လက်ယာဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာတစ်ခုဖြစ်သည်ဟု ခန့်မှန်းပြောရမည်ပင် ဖြစ်ပါသည်။

ပုံ (၄၄) ပုံဆွဲဒီဇိုင်းလက်ရာမှာ ထုက္ကန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်လမ်းလက်ယာဘက်ရှိ ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၁၁၀)လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမုခ်ငယ်(၆၅)လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ

ပုံ (၄၄)



အမြင့် (၄၇) စင်တီမီတာခန့်၊ အကျယ် (၂၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၉) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာချောမွတ်နေပြီး အဆင်တန်ဆာများလည်း ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ နို့အောက်တွင် ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၄၄) ပုံဆွဲဒီဇိုင်းလက်ရာ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်လေးဆင့်ဖြင့်ထုံးထားသည်ကို တွေ့ရှိရပါသည်။ အထက်ဆုံးအဆင့်မှာကျဉ်းပြီး ဒုတိယအဆင့်မှာ ပိုကျယ်သည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်မှာ ဒုတိယအဆင့်ထက် ပိုကျဉ်းပါသည်။ တတိယအဆင့်ထက် စတုတ္ထအဆင့် ပို၍ကျဉ်းသည်ကို တွေ့ရှိရပါသည်။ ဆံထုံးထုံးသည့် ဖွဲ့စည်းပုံကို ကြည့်ခြင်းအားဖြင့် ကတုံးဆံထုံးထုံးပုံဟု ပြောရမည်ပင် ဖြစ်ပါသည်။ မျက်နှာလုံးသွယ်ပြီး နားနှစ်ဖက်ကား၍ နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပခုံးနှစ်ဖက်တွင် တဘက်များခြုံထားပြီး တဘက်စတစ်ခုကို လက်ယာဘက်ချိုင်းအောက်မှကျော့၍ ညာဘက်တွင် ဖြန့်ကားချထားပါသည်။ တဘက်စကို အစင်းကြောင်းများ အတွန့်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို ဘယ်ဘက်သို့ထုတ်၍ လက်ဖျားနှစ်ဖက်ပူးထောင်ကာ ကြာဖူးတစ်ဖူးကိုင်ထားပါသည်။ ကြာဖူးကိုင်ထားသည့်ဟန်မှာ ဘုရားပူဇော်နေသည့် အနေအထားမျိုး တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး၏ လက်ကောက်ဝတ်တွင် လက်ကောက်တစ်ဖက်လေးကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကို တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားပါ၏။ အင်္ကျီအောက်နားစမှထုတ်၍ ခါးကြိုးစနှစ်စကို ပေါင်ပေါ်တွင်ချထားပါသည်။ ခါးကြိုးစအဖျားကို ပန်းဖူးသဏ္ဌာန်ဖော်ထားပါ၏။ ထဘီအခေါက်ကို ပေါင်နှင့်ဒူးပေါ်တွင် အခေါက်လိုက်ဖော်ထားပါ၏။ ထဘီအောက်နားကို ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားပါသည်။ ထဘီအောက်ပိုင်းကို အရစ်အဆင့်များဖြင့် အဆင့်ဆင့်အလှဆင်ထား၏။ တင်ပါးတွင် ခြေဖနောင့်ကိုကပ်၍ ခြေဖျားကော့၍ထောက်ကာ ဘယ်ဘက်သို့လှည့်၍ ဒူးတုပ်ထိုင်ထားပါသည်။ ဤပုံ (၄၄) အမျိုးသမီးဝတ်ဆင်ထုံးဖွဲ့မှုလက်ရာမှာ ရိုးရိုးရှင်းရှင်း အနေအထားမျိုး ဝတ်ဆင်ထုံးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။ ကတုံးဆံထုံးထုံးဖွဲ့ပုံဟူ၍လည်း ဤအမျိုးသမီးဆံထုံးထုံးပုံကို ခေါ်ဆိုကြသည် ဟူ၍လည်း သိရှိရပါသည်။

ပုံ (၄၅) ပုံဆွဲဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီးဝင်ဝလိုဏ်ပတ်လမ်းလက်ယာဘက်ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၁၁၂)မှ ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်၏။ ဤကျောက်ဆစ်ရုပ်ကြွမူရင်းလက်ရာကို ဘုရားမုန်ယ် (၆၆) လက်ယာဘက်တွင်တွေ့ရှိနိုင်၏။ ကျောက်ဆစ်ရုပ်ကြွမူရင်းလက်ရာ အမြင့် (၄၆) စင်တီမီတာခန့်၊ အကျယ် (၂၄) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၂) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင် မျက်နှာနှင့်အဝတ်တန်ဆာများချောမွတ်နေပြီး နို့အထက်ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၄၅)



ပုံ (၄၅) လက်ရာ၏ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်ငါးဆင့်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အထက်ဆုံးအဆင့်မှာ ပွင့်ဖတ်များသဏ္ဌာန် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ ဒုတိယအဆင့်မှာ အကျယ်ဆုံးအဆင့်အဖြစ် တွေ့ရှိရပြီး တတိယအဆင့်မှာ ဒုတိယအဆင့်ထက် ပိုကျဉ်းသည်ကိုတွေ့ရှိရ၏။ စတုတ္ထအဆင့်မှာ တတိယအဆင့်ထက်ပိုကျဉ်းပါ၏။ ပဉ္စမအဆင့်မှာ စတုတ္ထအဆင့်ထက် ပိုကျဉ်းသည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာလုံးသွယ်ပြီး နားနှစ်ဖက်ကား နေသည်ကို တွေ့ရှိရပါသည်။ ကား သောနားနှစ်ဖက်တွင် နားတောင်းဝန်း ကြီးများပန်ဆင်ထားသည်ကို တွေ့ရှိရ သည်။ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း ပါးစပ်တို့မှာ သဘောလောက်သာတွေ့ရှိ ရပါတော့၏။ ပခုံးနှစ်ဖက်ကို လည်ပင်း အောက်မှခွ၍ တဘက်တင်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စွန်းတစ်ဖက် ကို ညာဘက်ဘေးတွင် ဖြန့်ကားစွာချ ထားပါ၏။ညာဘက်လက်ကို အောက်သို့ ချ၍ လက်ဖျားကို ပေါင်ပေါ်တွင်တင် ထားသည်ကို တွေ့ရှိရပါသည်။ ဘယ် ဘက်လက်ကို ဘေးသို့ကားထုတ်၍ တံတောင်ဆစ်မှ အပေါ်သို့မြှောက်ကာ ကြာဖူးတစ်ဖူးကိုင်ထားသည်ကို တွေ့ရှိ ရပါ၏။ လက်နှစ်ဖက်စလုံး လက်ကောက် ဝတ်တွင် လက်ကောက်တစ်ဖက်လေး ကွင်းဝတ်ဆင်ထားသည်ကို တွေ့ရှိရ သည်။

အင်္ကျီကို တင်ပါးဖုံးအောင်အထိ ဝတ်ဆင်ထားပါ၏။ အင်္ကျီအောက် ထုတ်၍ ခါးပတ်ကြိုးစနှစ်စကို ပေါင်ပေါ် တွင်တင်ထားပါသည်။ ခါးကြိုးပတ်၍ အဖျားကို ပန်းဖူးသဏ္ဌာန်ဖော်၍ အလှ ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပေါင်မှဒူးကုပ်အထိ ထဘီအခေါက်ဖော် ထားပါ၏။ ထဘီအောက်နားရစ်ကို ခြေ ချင်းဝတ်လောက်တွင် အရစ်ဖော်ထား သည်။ အနားရစ်အထက်တွင် အရစ်နှစ် ရစ်ဖော်ထားပါသေးသည်။ တင်ပါးတွင် ဖနောင့်ကပ်၍ ခြေဖျားကွထောက်ကာ ဘယ်ဘက်သို့လှည့်၍ ဒူးကုပ်ထိုင်ထား ပါသည်။ ဤအမျိုးသမီးဆံထုံးထုံးပုံမှာ လေးဖက်ခွေဆံထုံးထုံးပုံဟု သိရှိရ သည်။ ပုံ (၄၅) ၏ ဝတ်ဆင်ထုံးဖွဲ့ပုံမှာ ရိုးရိုးရှင်းရှင်းသာ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ ဝတ်ဆင်ထုံးဖွဲ့ မှု ပုံဆွဲဒီဇိုင်းလက်ရာများမှာ မြောက်ဦး ခေတ်လယ်၏ ဝတ်ဆင်ထုံးဖွဲ့မှုကို ကိုယ် စားပြုစံနမူနာယူထိုက်သော လက်ရာ များပင်ဖြစ်သည်ဟုပြောရမည်ပင် ဖြစ် ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*

ပန်းချီထူးထူ
(ရှေးဟောင်းသုတေသန)

**▫ဉုံမန္တန်၏ အရေးပါသော အကြောင်းအရင်း**

'ဉုံ' ဟူသောမန္တန်သည် ဝိဇ္ဇာဓရလောကဓေါဟာရများတွင် အရေးပါသောဝေါဟာရ ဖြစ်၏။ ဉုံသည် မပါလျှင် မဖြစ်ပေ။ ပဓာနကျသောသော့ချက်သည်းဖြစ်၏။ ဉုံ ဟူသော ဝေါဟာရကို အက္ခရာသုံးလုံးဖြင့် ဖွဲ့စည်းထား၏။ ထိုအက္ခရာသုံးလုံးမှာ 'မ၊ အ၊ ဉ' ဟူသည့် အက္ခရာများဖြစ်၏။ ထိုအက္ခရာသုံးလုံးတွင် ဗျည်းတစ်လုံး၊ ဗျည်းတစ်ဝက်သရတစ်ဝက်တစ်လုံးနှင့် သရတစ်လုံးတို့ပင်ဖြစ်သည်။ ဗျည်းမှာ 'မ' ဖြစ်ပြီး ဗျည်းတစ်ဝက် သရတစ်ဝက်မှာ 'အ' ဖြစ်၍ သရမှာ 'ဉ' ပင် ဖြစ်၏။ ထိုအက္ခရာသုံးလုံးတို့သည် တစ်လုံးစီတွင်လည်း မြန်မာရိုးရာအက္ခရာပညာအရ အဓိပ္ပာယ်ကိုယ်စီရှိကြသလို ထိုသုံးလုံးပေါင်းလိုက်သဖြင့် 'ဉုံ' ဟူသောအသံ ဖြစ်ပေါ်လာချိန်တွင် ပို၍ ထူးခြားလေးနက်သော အသံဆိုင်ရာ ကြီးကျယ်သည့်စွမ်းအင်တစ်ရပ်သည် ဖြစ်ပေါ်လာတော့၏။ စွမ်းအင်ဟူသည် ဒြပ်ထုတည်မြဲမှုနိယာမအရ တည်မြဲသောသဘောဆောင်သဖြင့် အသံကို သင်္ချိုရဝိမုတ်နယ်ပယ်တွင် ထည့်သွင်း သတ်မှတ်ရမည် ဖြစ်၏။

ထို့ကြောင့် အသံဆိုင်ရာသာမန်ဝေါဟာရများတွင်ပင်လျှင် ခပ်ပေါ့ပေါ့ ခပ်လွယ်လွယ်ကောက်ချက်မချသင့်ပေ။ သို့ပါ၍ ဉုံဟူသောအသံသည် ထူးခြားလှစွာသော ဂုဏ်အပေါင်းနှင့်ပြည့်စုံသည်ဖြစ်၍ ပိုပြီးအလေးအနက်ပြုမှုမျိုးကို မလွဲမသွေပြုရမည်သာဖြစ်၏။ အချို့သောပုဂ္ဂိုလ်တို့၏အဆိုအရ ဉုံသည် ဗုဒ္ဓဝါဒနှင့် သက်ဆိုင်သော ဝေါဟာရမဟုတ်။ ဟိန္ဒူဝါဒနှင့်သာသက်ဆိုင်သော ဝေါဟာရဟု ဆိုကြ၏။ ဤအခြင်းအရာနှင့်ပတ်သက်ပြီး အသေအချာစိစစ်ရန်လိုအပ်လာပြီ ဖြစ်၏။

**▫ဉုံသို့မဟုတ်-စကြဝဠာလုံးဆိုင်ရာအသံ**

ဉုံကို ဗုဒ္ဓဝါဒဆိုင်ရာ ဂါထာ၊ မန္တန်၊ ပရိတ်တော်များတွင် လည်းကောင်း မြန်မာ့ရိုးရာ ဝိဇ္ဇာဓရပညာရပ်များတွင် လည်းကောင်း တွင်တွင်ကျယ်ကျယ် အသုံးပြုကြပါသည်။ ဤကဲ့သို့ အသုံးပြုခြင်းသည် ယခုနောက်ပိုင်းခေတ်များတွင်မှ အသုံးပြုခဲ့သည့်အစဉ်အလာရှိပါသည်။ ထိုသို့ အသုံးပြုရာတွင် ဉုံတစ်မျိုးတည်းသာ အသုံးပြုသည်မဟုတ်ပေ။ မ၊ အ၊ ဉ ဟူ၍လည်း သုံး၏။ ဉ၊ အ၊ မ ဟူ၍လည်းသုံးလေ့ရှိ၏။ ထိုသို့ အစဉ်

ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာ (၇၂)

# ဆရာဦးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)

## ဝိဇ္ဇာဓရလောကဝေါဟာရများ



အလာကြီးမားစွာ သုံးစွဲခဲ့ရခြင်းမှာ ဉုံ၏ကြီးမားသော စွမ်းအင်သတ္တိကို နက်နက်ရှိုင်းရှိုင်းလက်ခံသိရှိပြီး၍သာ အသုံးပြုခဲ့ကြခြင်း ဖြစ်၏။ သူတစ်ပါးတို့၏ဘာသာအယူဝါဒများထဲမှ ကောင်းနိုးရာရာများကို အပေါ်ယံအဆင့်မျှလောက်ကိုသာသိပြီး ခပ်လွယ်လွယ် ယူငင်အသုံးပြုနေခြင်းဟု ထင်လျှင်မှားပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် အဆိုပါ ဉုံနှင့်ပတ်သက်ပြီး အချို့သောပုဂ္ဂိုလ်တို့က ဉုံ၏ရင်းမြစ် မ၊ အ၊ ဉ အက္ခရာသုံးလုံးသည် ဟိန္ဒူဘုရားသုံးဆူဖြစ်သည့် မဟာဗြဟ္မာ၊ ဗိဿနိုး၊ သျှိဝ စသည့် တြိမုနိတို့အား ပူဇော်သည့်အက္ခရာများဖြစ်သည်ဟုဆိုကြ၏။ ထိုပုဂ္ဂိုလ်တို့သည် ဟိန္ဒူဓမ္မစာပေများကို ဖတ်ရှုလေ့လာကြပြီး ထိုစာပေတို့၏ဖွင့်ဆိုချက်များအတိုင်းသာ အမှန်ဟုယူဆကာ လက်ခံသုံးစွဲကြ

ခြင်းဖြစ်၏။ ဤအချက်ကိုကြည့်ခြင်းဖြင့် ထိုပုဂ္ဂိုလ်တို့သည် ဉုံနှင့်ပတ်သက်သည့် အခြားသော ရင်းမြစ်များကိုလေ့လာခြင်း သုတေသန ပြုလုပ်မထားခြင်းကား ထင်ရှား၏။ အခြားသော ဘာသာ အယူဝါဒများမှ ဖွင့်ဆိုချက်များကိုသာ စိစစ်ဝေဖန်ခြင်းမပြုဘဲ သူတို့ပြောသည့် အတိုင်းသာ အလွယ်တကူ လက်ခံသည့် ပုဂ္ဂိုလ်၏ အားနည်းချက်ဟုသာ ဆိုရမည် ဖြစ်ပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ဖြစ်သင့်သည်မှာ မိမိအသေအချာ မသိသေးသော အခြင်းအရာကို အသေအချာသိအောင်၊ အဘက်ဘက်မှပြည့်စုံအောင် လေ့လာသုံးသပ်ပြီးသောအခါတွင်မှသာ မိမိ၏သုံးသပ်ချက် ဆုံးဖြတ်ချက်ကိုပြုသင့်၏။ ထိုသို့မဟုတ်မူဘဲ တစ်ဖက်မှဆိုင်ရာတို့လောက်ကိုသာကြည့်ပြီးဆုံးဖြတ်ခြင်းသည် အတ္တနောမတိဆိုင်ရာ သဘောထားကြီးလွန်းအားကြီးသည်ဟုသာ ဆိုရမည်ဖြစ်ပေသည်။

ထိုပုဂ္ဂိုလ်များပြောသကဲ့သို့ ဉုံကို ဟိန္ဒူဝါဒတွင်သုံးစွဲခဲ့ပါသည်။ မ၊ အ၊ ဥ တို့ကို သူတို့၏တြိမုနိတို့အား မြင့်မြတ်သောအချွံများနှင့် ပူဇော်ခြင်းသည် ဉုံ၏စွမ်းအားကိုသိ၍ ပူဇော်ခြင်းပင်ဖြစ်၏။ ထို မ၊ အ၊ ဥကိုပင် ဗုဒ္ဓဝါဒီတို့ကရွတ်ဖတ်သရဇ္ဈာယ်ခြင်းပြုပါက ဟိန္ဒူတို့၏ တြိမုနိတို့အား ပူဇော်ခြင်းမျိုးဖြစ်သွားနိုင်ပါမည်လား စဉ်းစားရန်လိုပါသည်။

ထိုသို့စဉ်းစားရာတွင် ပထမဦးဆုံးအနေဖြင့် ထိုဗြဟ္မာ၊ ဝိဿနိုး၊ သျှိဝ စသည့် တြိမုနိတို့နှင့် မ၊ အ၊ ဥအက္ခရာ တစ်လုံးချင်းစီသည် အမှန်တကယ်ဆက်စပ်နေကြောင်း တိကျသေချာသည့် ရင်းမြစ်အထောက်အထားရှိပါသလောဟူသည့် မေးခွန်းပင် ဖြစ်၏။ လူသားတို့က (ဝါ) ထိုဘာသာဝင်တို့က မ၊ အ၊ ဥကို သူတို့ ဘုရားသုံးဆူပင်ဖြစ်သည်ဟူသော သတ်မှတ်ချက်မျိုးဖြင့် သတ်မှတ်ပြီးပူဇော်သည့်ပညတ်ပူဇော်မှုမျိုးသာဖြစ်ပါသည်။ အမှန်အားဖြင့်မူ ဟိန္ဒူတြိမုနိဟူသည်တို့သည် အစစ်အမှန်တကယ်တည်ရှိသော ဓမ္မတာဘုရားများ၊ ဓမ္မတာဗြဟ္မာများ မဟုတ်ကြပေ။ လူသားတို့၏ လိုအပ်ချက် ကောင်းနိုးရာရာများကို စုပေါင်းယူငင်ဖန်တီးထားသော သင်္ကေတဘုရားများသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း လူသားက သူလိုအပ်ချက်အတိုင်း ဘုရားကိုဖန်ဆင်းပြီး နောက်ပိုင်းတွင် ထိုဖန်ဆင်းရှင်ကလည်း လူသားကို ဖန်ဆင်းပြန်သည်ဟူသော ဖန်ဆင်းမှုသံသရာကို အဖန်တလဲလဲဖြစ်စေခြင်းမျိုးသာ ဖြစ်ပါသည်။ ထိုအတွက် ဟိန္ဒူတို့သည် သူတို့၏အမြင့်မြတ်ဆုံးသော တြိမုနိတို့ကို စကြဝဠာ၏ အမြင့်မြတ်ဆုံးသော အသံတြိအက္ခရာဖြင့် ဂုဏ်ရည်တူအနိုင်းခံနှင့် အနိုင်းထပ်တူပြုထားခြင်းသာ ဖြစ်၏။

ထိုသို့ ထပ်တူပြုနိုင်ခြင်းသည်ပင်လျှင် စကြဝဠာ၏အသံဆိုင်ရာစွမ်းအင်ပညာကိုသိထားသောကြောင့်ပင် ဖြစ်၏။ ထို့ကြောင့်လည်း ယုံကြည်ကိုးကွယ်မှုဆိုင်ရာနှင့်ပတ်သက်ပြီး ပို၍လေးနက်ခြင်းကိုဖြစ်စေနိုင်သောကြောင့်ပင် ဖြစ်၏။ ထိုအခါ စကြဝဠာတစ်ခုလုံးဆိုင်ရာ ဗဟုသဘောဆောင်အကြောင်းခြင်းရာတစ်ရပ်ကို မိမိ၏ပုဂ္ဂလဓိဋ္ဌာန်ဝါဒနှင့်သာ သက်ဆိုင်သယောင်ပြုပြီး ဆိုခြင်းသည်ကလည်း ပြည်သူပိုင်ကို ပုဂ္ဂလိကပိုင်ပြုရာရောက်စေ၏။ ဤအချက် သတိပြုရမည်ဖြစ်၏။

ထို့အတူ ဟိန္ဒူတို့၏ ဉုံဆိုင်ရာ စကြဝဠာသဘောတရားကို သိသကဲ့သို့ မြန်မာဗုဒ္ဓဝါဒီတို့ကလည်းသိ၏။ အထူးသဖြင့် ဝိဇ္ဇာမရဗုဒ္ဓဝါဒီတို့က ပိုပြီးသိ၏။ ထိုသို့သိရှိသည့်အတိုင်း စကြဝဠာဆိုင်ရာ အမြင့်မြတ်ဆုံးနှင့်အစွမ်းထက်ဆုံးသော အသံဖြစ်သည့် ဉုံမန္တန်ကို အမြင့်မြတ်ဆုံးသော ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓဘုရားရှင်အား ပူဇော်ခြင်း ဖြစ်၏။ ဗုဒ္ဓဝါဒီတို့ကလည်း ဗုဒ္ဓဝါဒ အလျောက် ကြီးကျယ်သော စကြဝဠာ စွမ်းအားဖြင့် ပူဇော်ခြင်းဖြစ်၏။ ဤတွင် ကွာခြားချက်မှာ ဟိန္ဒူတို့၏ဘုရားသည် ဓမ္မတာအတိုင်း အစစ်အမှန်ရှိခြင်းမျိုး မဟုတ်သော သင်္ကေတဝါဒမျှသာဖြစ်ပြီး ဗုဒ္ဓဝါဒီတို့၏ဘုရားကာ ပကတိအတိုင်း အမှန်တကယ်ပေါ်ထွန်းခဲ့သော လူသားဘုရားစစ်စစ်ဖြစ်ခြင်းပင် ဖြစ်၏။

**□ ဉုံမန္တန်ဖြင့် ဗုဒ္ဓဘုရားရှင်၏ ကာယတော်သုံးပါး၊ ဉာဏ်တော်သုံးပါး၊ သရဏဂုံသုံးပါးတို့အားပူဇော်ခြင်း**

မ၊ အ၊ ဥအက္ခရာများကို ပေါင်းစု၍ ရွတ်ဖတ်လိုက်သည်နှင့် ဉုံဟူသော အသံသည် ဖြစ်ပေါ်လာတော့သည်။ အသံဟူသမျှသည် စွမ်းအင်ဖြစ်၏။ ထိုအသံစွမ်းအင်မှန်သမျှထဲတွင်လည်း ဉုံသည် အသံစွမ်းအားအကြီးဆုံးပင် ဖြစ်၏။ ဉုံသည် အသံအားလုံးတို့၏မူလ ဗီဇဖြစ်သကဲ့သို့ အသံစွမ်းအင်အားလုံး၏ အချုပ်အခြာလည်းဖြစ်၏။ ပဓာနကျ သောမဏ္ဍိုင်လည်း ဖြစ်၏။

ဉုံကို မန္တန်များ၏အရှေ့တွင်ခံပြီး အဘယ့်ကြောင့် ရွတ်ရပါနည်းဟုမူ ဉုံသည် ဗီဇမန္တန်ဖြစ်သောကြောင့်ပင် ဖြစ်၏။ ဉုံသည် ဗီဇမန္တန်၏ သတ္တမပြောက်နောက်ဆုံးအဆင့်ပင် ဖြစ်၏။ ထို့ကြောင့် ဂါထာတစ်ပိုဒ်၊ မန္တန်တစ်ပုဒ်ကို ရွတ်ဆိုသောအခါတွင် မိမိရွတ်ဆိုသောမန္တန်သည် ထိရောက်မှုရှိစေရန်အတွက်သော်လည်းကောင်း၊ ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောက စသည့် လောကသုံးပါးစလုံးကို ကောင်းစွာ ပျံ့နှံ့ရောက်ရှိစေရန်အတွက် လည်းကောင်း၊ အထက်ဘဝဂ်၊ အောက်အဝီစိတိုင်အောင် ပျံ့နှံ့ရောက်ရှိစေရန်အတွက်လည်းကောင်း၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံစသည့် ဘုံသုံးပါးစလုံးသို့ ပျံ့နှံ့ရောက်ရှိစေရန်အတွက် လည်းကောင်း၊ ထိုထက်ပို၍ စကြဝဠာကုဋေတစ်သိန်းတိုင်အောင်သော်လျှင် လည်းကောင်း၊ ထိုထက်ပို၍ စကြဝဠာအနန္တတို့သို့ လည်းကောင်း ပျံ့နှံ့ရောက်ရှိစေရန် ရည်ရွယ်၍ရွတ်ဆိုခြင်း ဖြစ်၏။

ဉုံသည် ဤကဲ့သို့သောစွမ်းအင် မျိုး အမှန်တကယ်ရှိနိုင်၊ မရှိနိုင်ဟူသည့် ကိစ္စကိုလည်း သုံးသပ်သင့်၏။ ဉုံ၏စွမ်း အားများကိုသုံးသပ်ကြည့်ပါက အက္ခရာ ၏စွမ်းအား၊ အသံ၏စွမ်းအားနှင့် သဘာ နိယာမတို့၏ စွမ်းအားများ ပေါင်းစ ထားခြင်း ဖြစ်၏။ အသံ၏စွမ်းအားနှ ပတ်သက်၍ အသံဟူသည် အရာဝတ္ထု နှစ်ခုထိခိုက်မိခြင်း၊ ရိုက်ခတ်မိခြင်း၊ ပွ တိုက်မိခြင်းရှိသောအခါမျိုးတွင်မှသာ ပေါ်ထွက်လာ၏။ သာဓကအား စောင်းကြိုးနှင့်လက်တို့ ဆွဲခတ်မိလို သောအခါမျိုးတွင်မှ စောင်းသံ ထွက်ပေါ်လာ၏။ ထို့အတူ ကားနှ တိုက်မိသောအခါမျိုးတွင်လည်း အသံ ထွက်ပေါ်လာ၏။ ထို့အတူ လူသား လည်ချောင်းအတွင်းရှိ အသံအိုး၊ အသံ ကြိုးနှင့်ကြွက်သားတို့သည် လှုပ် ဝါယောကြောင့် ရိုက်ခတ်မိပြီး စကား ဖြစ်ပေါ်စေ၏။

ထို့အပြင် စကြဝဠာအတွင်း လည်းကောင်း၊ အာကာသထဲ လည်းကောင်း မည်သည့်ပယောဂ တစ်ရာမျှမပါဘဲ ထွက်ပေါ်နေ အသံတစ်သံရှိ၏။ ထိုအသံ သဘာဝပတ်ဝန်းကျင်ထဲတွင်ပင် လှု တိတ်ဆိတ်သောအခါမျိုး၌ကြား ၏။ ထိုအသံသည် ဟိန်းသံလိုလို

သံလိုလိုမျိုးဖြင့် အပ်ကြောင်းထပ်သဘော တို့ဆောင်သောအသံမျိုးဖြစ်၏။ ထိုအသံ တိုပင် အသံစွမ်းအင်ဆိုင်ရာပညာရှင်တို့ က ဦးအသံနှင့်ထပ်တူပြုခိုင်းနှိုင်းကြ၏။

ထို့ကြောင့် ဦးအသံနှင့်ပတ်သက် ပြီး အစိပ္ပာယ်ဖွင့်လျှင် ဦးအသံသည် လှုပ်ရှားမှုများ၊ ရိုက်ခတ်မှုများ၊ ထိခိုက်မှု များပြီးသွားသောအခါတွင် ပေါ်ထွက် လာသည့်အသံမျိုးဖြစ်၏။ တစ်နည်းအား ဖြင့်ဆိုရပါမူ ၊ တိတ်ဆိတ်ငြိမ်သက်နေ သောအခါမျိုးတွင်မှပေါ်ထွက်လာသော အသံမျိုး ဖြစ်၏။

သာဓကအားဖြင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ဓလေ့တစ်ခုမှာ ဘုရား ရှိခိုးပြီးသောအခါ ကြေးစည်ကို လက်ခတ် ဖြင့်ရိုက်ပြီး အမျှပေးဝေတတ်၏။ ထိုသို့ ကြေးစည်ကို ရိုက်ခတ်ပြီးသည့်နောက် နောက်ဆက်တွဲဟိန်းပြီးစီနေသောအသံ တစ်သံသည် အဆက်မပြတ် အချိန် အတော်ကြာအောင်ပင် ဝန်းကျင်တစ်ခု လုံး၌ ထွက်ပေါ်နေ၏။ ဤအသံသည် ပင် ဦးသဘောဆောင်သည့်အသံပင် ဖြစ် ၏။ ထို့အတူ တိဗက်ဗုဒ္ဓဘာသာတို့က လည်း အမျှပေးဝေလျှင် ကြေးခွက်ကို အသုံးပြုပြီး အမျှပေးလေ့ရှိကြ၏။ သူတို့ ၏ကြေးခွက်သည် အတော်အတန်ထူ၏။ ထိုကြေးခွက်၏ အပြင်ဘက်အား အထူးစီမံထားသည့် တုတ်တစ်မျိုးဖြင့် ထိပြီး အကြိမ်ကြိမ်အဖန်ဖန်ဖိပွတ်ဆွဲ လိုက်သောအခါ ကြေးစည်ရိုက်ခတ်ပြီး ပေါ်ထွက်လာသောအသံမျိုးကဲ့သို့ပင် ဟိန်းပြီးထွက်နေသော၊ ဝန်းကျင်တစ်ခု လုံးကိုလွှမ်းခြုံထားသော အသံတစ်မျိုး ပေါ်ထွက်လာလေ၏။ ဤသည်ပင်လျှင် ဦးသဘောဆောင်သည့် အစိပ္ပာယ်ပင် ဖြစ်၏။

ဤနေရာ၌ တိဗက်ရော မြန်မာ ကပါ အသုံးပြုကြသည့်ပစ္စည်းမှာ ကြေး စည်နှင့်ကြေးခွက်များဖြစ်ကြ၏။ ကြေး နှင့်ပတ်သက်နေကြ၏။ အဘယ်ကြောင့် ကြေးကိုအသုံးပြုရပါသနည်းဟု စဉ်းစား ကြည့်ပါက အင်္ဂရတ်ပညာရပ်၌ ကြေးကို ပြောဆိုရာတွင် 'နိဗ္ဗာန်အစ ဒါန်ကိုပြု' ဟု ဆိုကြ၏။ ဤနေရာတွင် 'ဒါန်' ဟူ သည်မှာ ကြေး၏အင်္ဂရတ်တွင် အသုံးပြု သောအဆင့်ကိုခေါ်ခြင်း ဖြစ်၏။ ထို့ကြောင့် ကြေးသည် နိဗ္ဗာန်ကိတ် အဆင့်သို့ ဝင်ပေါက်ပင် ဖြစ်၏။ သို့ဖြစ် သောကြောင့် ကြေးကို အသုံးပြုပြီး အမျှဝေခြင်းကိစ္စကိုပြုခြင်း ဖြစ်ပါ၏။ အမျှဝေခြင်းသည် (၃၁) ဘုံစလုံးကို ရည်ညွှန်းခြင်း ဖြစ်၏။ ထိုသဘောတရား အရ ကြေး၏အသံသည် (၃၁) ဘုံလုံးကို ပျံ့နှံ့နိုင်မည်ဟုလည်း ယူဆနိုင်ပါသည်။ ထိုကိုပင် ရည်ညွှန်း၍ ဝိဇ္ဇာခရပညာရှင် တို့က ကြေးသည် အထက်ဘဝ၊ အောက်အဝီစိ ဟူ၍ ဆိုခဲ့ခြင်း ဖြစ်ပါ သည်။ ထို့ကြောင့် ဤသည်တို့ပင်လျှင် ဦး၏ သဘောတရားကို အခြေခံယူ တည်ဆောက်ထားသည်ဟု ဆိုနိုင်မည် ဖြစ်၏။

မ၊ အ၊ ဉအက္ခရာသုံးလုံးဖြင့် ဗုဒ္ဓ ဘာသာမြန်မာလူတို့သည် လည်းကောင်း၊ မြန်မာဗုဒ္ဓဘာသာ ဝိဇ္ဇာရေပညာရှင်တို့ သည်. လည်းကောင်း ဘုရားရှင်အား ပူဇော်ကြ၏။ပူဇော်ကြရသည့်အကြောင်း ရင်းမှာ ဦး၏ ဖွဲ့စည်းထားသော အက္ခရာ သုံးလုံးဖြင့် ဗုဒ္ဓဘုရားရှင်၏ ကာယ တော်သုံးပါးဖြစ်သည့် -

၁။ ဓမ္မကာယကို လည်းကောင်း၊

၂။ သမ္ဘောဂကာယကို လည်းကောင်း၊

၃။ နိမ္မာနကာယကို လည်းကောင်း

ပူဇော်ခြင်း၊ ကိုယ်စားပြုခြင်း၊ အလေးအမြတ်ပြုခြင်းပင်ဖြစ်၏။ ဤ တွင် ဓမ္မကာယဆိုသည်မှာ ဗုဒ္ဓဘုရားရှင် ၏သဗ္ဗညုတဉာဏ်တော်အလျောက်ဖြစ် ပေါ်လာသော လောကသဘောတရား များ၊ ဓမ္မသဘောတရားများကိုကိုယ်စား ပြုထားခြင်းပင်ဖြစ်၏။ဗုဒ္ဓကိုယ်တော်တိုင် ဖော်ထုတ်ဟောကြားခဲ့သော ဓမ္မက္ခန္ဓာ ပေါင်းသည်ပင်လျှင် ရှစ်သောင်းလေး ထောင်မျှရှိ၏။ မလိုအပ်၍ ဟောကြား တော်မမူခဲ့သည့် ဓမ္မက္ခန္ဓာများလည်း များစွာရှိနိုင်ပါသေးသည်။ ယေဘုယျ အားဖြင့်ဆိုရပါမူ အဆိုပါ ဓမ္မက္ခန္ဓာဟူ သည်ပင်လျှင် ဘုရားရှင်၏ဓမ္မခန္ဓာပင် ဖြစ်၏။ ထိုခန္ဓာကိုပင် ပို၍ထင်ရှားစေ ရန် ဓမ္မကာယ ဟူ၍ဖြစ်၏။ သမ္ဘောဂ ကာယဟူသည် ဘုရားရှင်၏ လက္ခဏာ တော်ကြီး (၃၂) ပါး၊ လက္ခဏာတော် ငယ် (၈၀) ပါးတို့ဖြင့် ဖွဲ့စည်းထားသော ဘုရားရှင်၏ ရုပ်လက္ခဏာဆိုင်ရာ ရူပ ကာယတော်ပင် ဖြစ်ပါသည်။

ဤတွင် ဓမ္မကာယတော်သည် ဘုရားရှင်၏ အဇ္ဈတ္တသဘောကို ရည် ညွှန်း ဖော်ဆောင်ပြီး သမ္ဘောဂကာယ တော်သည် ဘုရားရှင်၏ဗဟိဒ္ဓအသွင်ကို ရည်ညွှန်းဖော်ဆောင်ထားခြင်း ဖြစ်ပါ သည်။

နိမ္မာနကာယတော် ဟူသည်မှာ ဗုဒ္ဓဘုရားရှင် သက်ရှိထင်ရှားရှိတော်မူ စဉ်ကဆိုလျှင် ကိုယ်တော်ကြွရောက် တော်မမူနိုင်သည့် ဒေသများ၌လည်း ကောင်း၊ ကြွရောက်တော်မူလာသော် လည်း ပြန်လည်ကြွတော်မူသွားသော အခါ၌လည်းကောင်း၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသောအခါ၌လည်းကောင်း+ ဗုဒ္ဓါနုဿတိဘာဝနာပွားများသောအခါ သက်ရှိထင်ရှား ဘုရားရှင်ကို အာရုံပြု၍ ပွားများသောအခါမျိုး၌ လည်းကောင်း ကိုယ်စားပြု ရည်မှန်းပူဇော်ရသော ကာယတော် ဖြစ်ပါသည်။

ထို့ပြင် မ၊ အ၊ ဉအက္ခရာသုံးလုံး ဖြင့် ဗုဒ္ဓဘုရားရှင်၏ ဉာဏ်တော်သုံးပါး ဖြစ်သော -

၁။ ပုဗ္ဗေနိဝါသဉာဏ်တော်၊

၂။ ဒိဗ္ဗစက္ခုဉာဏ်တော်၊

၃။ အာသဝက္ခယဉာဏ်တော်

သုံးပါးတို့ကို ပူဇော်ခြင်းဖြစ်၏။

ထိုဉာဏ်တော်သုံးပါးကိုပင် အတို ကောက် သင်္ကေတအားဖြင့် ပု၊ ဒိ၊ အာ ဟူ၍ သုံးနှုန်းကြ၏။ အဆိုပါ ပု၊ ဒိ၊ အာ၊ အာ၊ ဒိ၊ ပုတို့နှင့် မ၊ အ၊ ဉ၊ ဉ၊ အ၊ မ တို့သည် အတွင်းကျကျ နီးကပ်စွာ ဆက်စပ်နေ၏။ ထို့အတူ မ၊ အ၊ ဉနှင့် သရဏဂုံသုံးပါးဖြစ်သော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိတို့သည်လည်း နီးကပ်စွာ ဆက်စပ်ပတ်သက်မှုများစွာရှိပါသည်။

မြန်မာစာပေတွင် စာတစ်လုံး ဘုရားတစ်ဆူအဖြစ် သတ်မှတ်ထားပါ သည်။ ထို့ကြောင့် မ၊ အ၊ ဉအက္ခရာသုံး လုံးသည် ဘုရားသုံးဆူပင်ဖြစ်သည်ဟု ဆိုရပါမည်။ ထိုအက္ခရာသုံးလုံးသည်ပင် လျှင် ဦးကိုဖွဲ့စည်းဖြစ်ပေါ်စေပြန်သဖြင့် အထူးခြားဆုံးသောဘုရားသုံးဆူပင် ဖြစ် နေပြန်ပါသည်။

ထို့ကြောင့် အဆိုပါ ဦးသည်ပင် လျှင် မြန်မာ့ဗျည်းအက္ခရာ (၃၃) လုံး၊ သရအက္ခရာ (၈) လုံး စုစုပေါင်း (၄၁) လုံးသော အက္ခရာတို့၏အနှစ်ချုပ်လည်း ဖြစ်၏။ သို့ဖြစ်ပါသောကြောင့် ပိဋကတ် သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်းရှစ် သောင်းလေးထောင်၏ အနှစ်ချုပ်လည်း ဖြစ်သကဲ့သို့ လောကရှိ အသံအားလုံး ၏အချုပ်လည်း ဖြစ်၏။ ဤနေရာတွင် အသံအားလုံးဟု ဆိုသော်လည်း ဦး ဟူသည့် ဝေါဟာရ၏ အသံလှိုင်းသည် အခြားသော အသံလှိုင်းများနှင့်မတူဘဲ တစ်မူထူးခြားစွာ ကောင်းမွန်မြင့်မြတ် သည့် စွမ်းအားလှိုင်းများကို ဖြစ်ပေါ် စေပါသည်။ ထို့ကြောင့် 'ဦး' သည် သဟဇာတဖြစ်ခြင်း၊ အညမညဖြစ်ခြင်း၊

ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ငြိမ်သက်ခြင်း၊ နိုးထခြင်း၊ အမှတ်သတိဉာဏ်ပညာတို့ကိုဖြစ်စေခြင်း၊ တဏှာရာဂဒေါသ စသည့် မကောင်းမှုတို့မှ ပယ်ခွာစေနိုင်မှုကို အားပေး၏။ လောက၏အရေးကိစ္စတိုင်း၌ ပါဝင်ပတ်သက်နေ၏။ ကိစ္စကြီးငယ်မဟူကိုလည်း ဆောင်ရွက်နိုင်၏။ သစ္စာဉာဏ်ပေါ်ပေါက်ရေးကိုလည်း အားပေး၏။ ထို့ကြောင့် ဉုံနှင့်ပတ်သက်ပြီး အကျဉ်းချုပ်၍ ဖော်ပြရမည်ဆိုရပါမူ ဉုံဟူသည့်မန္တန်ထဲတွင် တစ်လောကလုံးအား ခြုံငုံထားသည့် အသွင်ကို ဖော်ဆောင်ထားသည်ဟူ၍ပင် ဆိုရပါမည်။

ထို့ကြောင့် ဉုံအား အသုံးပြုခြင်းသည် မိမိတို့၏ ဘာသာရေးဆိုင်ရာလုပ်ငန်းများ၊ သမထဘာဝနာလုပ်ငန်းများ၊ ဝိဇ္ဇာမရေဆိုင်ရာလုပ်ငန်းများတွင် ပို၍စွမ်းအားကြီးစေရန်၊ အချိန်တိုအတွင်း ပို၍ လျင်မြန်စွာဖြင့် ပြီးမြောက်စေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရပါမူ စကြဝဠာစွမ်းအားတို့ကို ယူငင်အသုံးပြုခြင်း ဖြစ်ပါသဖြင့် ဉုံကို အသုံးပြုတိုင်း ဟိန္ဒူဝါဒသဘောသက်ဝင်ခြင်းဟု ယူဆ၍သင့်မည်မဟုတ်ပေ။အများနှင့်ပတ်သက်သော စကြဝဠာဆိုင်ရာလျှို့ဝှက်ချက်ဖြစ်သဖြင့် မြန်မာဗုဒ္ဓဘာသာကလည်း ဗုဒ္ဓအယူဝါဒအတိုင်းသာသုံးစွဲခြင်းဟု နားလည်ရမည်ဖြစ်ပါသည်။ ထိုသို့ အသုံးပြုတိုင်း အတူတူဟု မှတ်ယူ၍မရပေ။ ဉုံနှင့် ဗုဒ္ဓဝါဒတို့၏ ထူးခြားစွာသော အစွမ်းထက်မြက်အားကြီးမှုကိုကား ကောင်းစွာသတိပြုရမည် ဖြစ်၏။

ဆက်လက်ပြီး ဉုံပါဝင်ဖွဲ့စည်းထားသော ဗုဒ္ဓဝါဒဆိုင်ရာမန္တန်များကို ရှေးခေတ် ဆရာတော်ကြီးများ အစဉ်အဆက် အသုံးပြုကြမှုများနှင့် ဉုံပါသောမန္တန်များ၏ အစွမ်းထက်မြက်ပုံ၊ တန်ခိုးကြီးပုံတို့နှင့်တကွ အဆိုပါမန္တန်များကို ကောင်းစွာ လေ့လာသိရှိ ရွတ်ဖတ်ပွားများ အကျိုးရှိစေရန် ရည်ရွယ်ပြီး ဖော်ပြလိုပါသည်။ ယခုဖော်ပြမည့်မှာ မန္တန်များဟု ခေါ်ဆိုရသော်လည်း အတိအကျ ရေးသား ဖော်ပြရမည်ဆိုပါက 'အကာတော်ကြီးဂါထာ' များပင် ဖြစ်ပါသည်။ ထိုအကာတော်ကြီးဂါထာများတွင် ဉုံကို ဂါထာတစ်ပုဒ်လုံး၏ ထိပ်ဆုံးတွင် တစ်လုံးတည်းခံ၍ထားခြင်းမျိုး မဟုတ်ပဲ ဂါထာတစ်ပုဒ်လုံး၏ နေရာအနှံ့အပြား၌ များစွာပင်ထည့်ပြီး စပ်ဆိုထားသည်ကို ထူးခြားစွာပင်တွေ့ရမည်ဖြစ်၏။

ဤဂါထာများကို ရှေးပညာရှင်များက အကာတော်ကြီး ဟူ၍ အမည်ပေးထား၏။ အကာအကွယ်အစောင့်အရှောက်အတွက် အထူးကောင်းသလိုပြဿနာအခက်အခဲများကိုလည်း ပြေလည်စေ၏။ ရန်အတိုက်အခံ အနှောင့်အယှက်တို့ကိုလည်း ငြိမ်းအေးစေနိုင်၏။ အရာရာသော အကြောင်းခြင်းရာတို့ကိုလည်း အဆင်ပြေစေနိုင်၏။ ရန်သူမျိုးငါးပါးတို့၏ဘေးမှကင်းဝေးစေနိုင်၏။

ထိုအကာတော်ကြီးဂါထာများသည် အခြားသော ဂါထာ၊ မန္တန်များကဲ့သို့ ဖွဲ့သီထားခြင်းမျိုး မဟုတ်ပေ။ ဂါထာမန္တန်အများစုသည် ပါဠိဘာသာဖြင့် ရေးဖွဲ့တတ်ကြ၏။ ယခု ဂါထာများက ဂါထာ၏ စာပိုဒ်အများစုကို မြန်မာဘာသာဖြင့်ပင် ရေးဖွဲ့ထား၏။ မိမိဖြစ်စေလို သောအကြောင်းအရာကို ဂါထာထဲတွင် မြန်မာဘာသာဖြင့် တိုက်ရိုက်ရေးဖွဲ့ထား၏။ ဉုံကို အထူးအရေးဂရုပြု၍ များစွာပင် သုံးနှုန်းထား၏။ ဉုံ၏စွမ်းအားကိုသိသဖြင့်လည်း ဤသို့ရေးဖွဲ့ထားခြင်း ဖြစ်၏။

ဉုံသည် ဂါထာမန္တန်များတွင် အရေးပါရသည့်အကြောင်းရင်းမှာ ဗီဇမန္တန်ဖြစ်သောကြောင့်ပင် ဖြစ်၏။ ထိုဗီဇမန္တန်ဖြင့် စကြဝဠာဆိုင်ရာတို့ကိုနိုးကြားစေနိုင်၏။ ထိုသို့ ဉုံမန္တန်ဖြင့်ရွတ်ပြီး အက္ခရာတို့၏ အစွမ်းသတ္တိ၊ ဗီဇဆိုင်ရာအစွမ်းသတ္တိ၊ အသံဆိုင်ရာအစွမ်းသတ္တိတို့ကို နိုးကြားစေပြီးသောအခါတွင်မှ သက်ဆိုင်ရာဂါထာကိုရွတ်ဖတ်သရဇ္ဈာယ်သော်အခါ အထူးပင် ထိရောက်သော အကျိုးအာနိသင်ကို အမြန်ဆုံးပေးစေနိုင်သောကြောင့် ဖြစ်၏။

အဆိုပါ အကာကြီးဂါထာတစ်ပုဒ်မှာ စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသ၏ အကာတော်ကြီးဂါထာနှင့် တောင်တွင်းကြီးမြို့ တောရဆရာတော်ကြီးဦးနန္ဒဝံသ၏အကာတော်ကြီးဂါထာ ဖြစ်ပါသည်။

**၁ စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသ၏ အကာတော်ကြီးဂါထာ**

အချိန်ကာလအားဖြင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခါနီးကာလတွင် ဖြစ်၏။ ဤကမ္ဘာပေါ်ရှိ သမိုင်းမှတ်တမ်းများအရ လူသားတို့အဖို့ ဘေးဒုက္ခများဆုံး၊ အန္တရာယ်အကြီးဆုံး၊ အသက်အန္တရာယ်ပင်အထိခိုက်နိုင်ဆုံးနှင့် ကပ်ဘေးကြီးသုံးပါးလုံးကျရောက်စေနိုင်ဆုံးသော ကာလမှာ ကမ္ဘာစစ်ဟူသည့်တစ်ကမ္ဘာလုံးဖြစ်ပွားသော စစ်အတွင်းကာလပင် ဖြစ်၏ဟု သတ်မှတ်ကြ၏။ ထို့ကြောင့် ဂါထာ၊ မန္တန်တစ်ပုဒ် အစွမ်းသတ္တိထက်၊ မထက်ကို အခြားသောအချိန်ကာလများထက် ကမ္ဘာစစ်ဖြစ်ပွားနေသော အချိန်ကာလတွင် ပို၍ထင်ရှားသိသာစေနိုင်သဖြင့် အဆိုပါ ကမ္ဘာစစ်ကာလအတွင်းက အဖြစ်အပျက်များတို ရွေးနုတ်တင်ပြရခြင်း ဖြစ်ပါသည်။

နေရာကား ရန်ကုန်မြို့၏ အစိုးရကျန်းမာရေးဌာနမှအတွင်းဝန်ဖြစ်သူ၏ အခန်းထဲတွင် ဖြစ်သည်။ သူတို့သည် အကြောင်းအရာတစ်ခုကို လေးလေးနက်နက်ဆွေးနွေးနေကြ၏။ အတန်ကြာသောအခါတွင်မှ အတွင်းဝန်ဖြစ်သူသည် မျက်မှောင်ကိုကုတ်လိုက်ပြီး လေးနက်စွာဖြင့်ပင် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပြီးနောက် -

"ကဲ - ဒေါက်တာ၊ ကျွန်တော့်အမြင်အရတော့ အဲဒီကိုသွားဖို့ ခင်ဗျားတစ်ယောက်တည်းကိုပဲမြင်တယ်။ အဲဒီမှာက အခုလောလောဆယ် ကာလဝမ်းရောဂါကပ်ဘေးကလည်းကျရောက်နေတယ်။ နောက်ပြီးတော့ အုပ်ချုပ်ရေးအာဏာဆိုတာကလည်း အတော်လေးလျော့ရဲနေပြီး ပျက်သလိုတောင်ဖြစ်နေတယ်။ဒါကြောင့် ခင်ဗျားကအုပ်ချုပ်ရေးစီမံခန့်ခွဲရေးတွေလည်း ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ ဆေးပညာရှင်တစ်ဦးလည်းဖြစ်တယ်။ ဒါကြောင့် ဘယ်လိုမှမအောက်မေ့ပါနဲ့ဗျာ။ ဖြစ်နိုင်ရင် အဲဒီကိုသွားပေးပါလား"

ဟု ချိန်ချိန်ဆဆဖြင့် ပြောလိုက်၏။ ထိုအခါ အမေးခံရသူ ဆရာဝန်ကြီးသည် ချက်ချင်းအဖြေမပေးနိုင်သေးဘဲ အတန်ကြာစဉ်းစားပြီးသောအခါတွင်မှ-

"ဝန်မင်းခင်ဗျား။ ယခုသွားရမယ့်ကိစ္စကို ကျွန်တော်အပြန်ပြန်အလှန်လှန်သုံးသပ်ကြည့်ပါတယ်။ ခါတိုင်း အချိန်ဆို ပြဿနာမဟုတ်ပါဘူး။ ကျွန်တော်တစ်ယောက်တည်းသွားလို့ဖြစ်ပါတယ်။ ခုအချိန်အခါက ဒုတိယကမ္ဘာစစ်ကြီးရဲ့ စစ်အရိပ်အငွေ့တွေက အတော်လေးသန်းနေတယ်။ ဒီနေ့လား၊ နက်ဖြန်လားဆိုတာတောင်ပြောဖို့ခက်တဲ့အခြေအနေမျိုးမဟုတ်လား။ ကျွန်တော့်မှာက တစ်ယောက်တည်းသမား မဟုတ်ဘူး ဇနီးသည်နဲ့ သမီးလေးယောက်ရဲ့ကိစ္စက

## ပျော်ပျော်ပါးပါးခရီးသွား ၂

# ဗီယက်နမ်-ကမ္ဘောဒီးယားခရီးစဉ်

### မောင်ပွင့်ဘုဏ်(မော်ရ)

ခရီးသွားချင်စိတ်၊ ခရီးသွားလိုမှု၊ လေ့လာမှုခရီးသွားမယ့်ဒေသရဲ့ ဆွဲဆောင်မှုကို ရင်မှာပိုက်ထွေးထားနိုင်မယ်ဆိုရင် လူတိုင်းဟာ အချိန်အခါမရွေး ခရီးသွားလို့ရပါတယ်။

ခရီးသွားစာပေရေးတဲ့အခါ ရေးတဲ့သူဟာ သဘာဝလောကအကြောင်းကို ပြောပြတယ်။ လူတွေအကြောင်းကို ပြောပြတယ်။ လူတွေရဲ့ စိတ်ကူးစိတ်သန်းတွေအကြောင်းကို ပြောပြတယ်။ ကိုယ်ခံအသိအတွေးနဲ့နှိုင်းယှဉ်ဝေဖန်တဲ့ ထင်မြင်ချက်၊ ဆင်ခြင်ချက်တွေကို ပြောပြတယ်။

ခရီးသွားစာပေမှာ အကြီးမားဆုံးခွန်အားဟာ စေတနာပဲ။ ခရီးသွားစာပေဟာ စေတနာနဲ့စပြီး စေတနာနဲ့ ဆုံးတယ်။

(ဟံသာဝတီဦးဝင်းတင်ရေး 'ခရီးသွားစာပေ' စာအုပ်မှ)





၁( ၂၇-၉-၂၀၁၆)

**မဲခေါင်မြစ်တွင်းလေ့လာရေးခရီး**

ပုံမှန်အတိုင်း ဟိုတယ်မှာ မနက်စာစားပြီး (၈) နာရီလောက်မှာ မဲခေါင်မြစ်ဝကျွန်းပေါ်က တီယင်ထရန်းနယ် (Tien Trang) ရဲ့မြို့တော်ဖြစ်တဲ့ မိုင်သိုမြို့ (My Tho) သင်္ဘောဆိပ်ကို ထွက်ခဲ့ကြပါတယ်။ ဟိုချီမင်းမြို့ကနေ ကားနှစ်နာရီကြာလောက်စီးရတယ်။ ဗီယက်နမ်က မြို့တိုင်းမှာ ဆိုင်ကယ်အင်မတန်များပါတယ်။ မီးပွိုင့်တွေမှာ တစ်သီတစ်တန်း

---

...သေးလို့ပါ။ သမီးလေးယောက်စလုံးကလည်း အရွယ်မရောက်သေးတဲ့ ပုစုခရုအရွယ်လေးတွေဖြစ်နေတယ်။ကျွန်တော် ...စားကြည့်လိုက်တော့ ကျွန်တော် ...ယောက်တည်း ဟိုမှာသွားပြီးတာဝန် ...ဆောင်နေတုန်း ကမ္ဘာစစ်စဖြစ်ပါ ...တဲ့ ဘယ်လိုလုပ်ရပါမတုံး။ ကျွန်တော် ... တစ်နယ်တစ်ကျေးမှာ ဒီကိုပြန်လာ ...တာလည်း မဖြစ်နိုင်တော့ဘူး။ဒုတိယ ...စစ်ကြီးစပြီဆိုတာနဲ့ ကျွန်တော်တို့ ...တော် ဒီရန်ကုန်မြို့ကြီးဟာ ပထမ ... ဗုံးကြခံရမယ့်ပစ်မှတ်ပဲ။ အဲဒါဆို ...တော့ဇနီးနဲ့ သမီးလေးတွေ ဘယ်လို ...မလဲ၊ အာလုံးမိန်းမသားတွေချည်းပဲ ...၊ စစ်ဘေးရှောင်ဖို့ဆိုတာလည်း ...ဘယ်လိုရှောင်ကြမလဲ။မသွားတတ် ...တတ်နဲ့ အားလုံးဒုက္ခကြုံရနိုင်တဲ့ ...ပဲ ဝန်မင်းခင်ဗျာ။ ကျွန်တော် ... ဘယ်လိုပြောရမှန်းတောင် မသိ ...ပါဘူး"

ဟု ပြောလိုက်ရာ အတွင်းဝန်လည်း ခေါင်းကုတ်လိုက်ပြီး -

"အင်း - ခင်ဗျားဘက်ကကြည့်တော့လည်းဟုတ်ပါရဲ့ဗျာ။အတော်လေး အခက်တွေ့စရာပါပဲ။ ခင်ဗျားရဲ့မိသားစုတွေကိုပါ ဟိုကိုခေါ်သွားရအောင်ကလည်း ဟိုမှာကာလဝမ်းဘေးနဲ့အုပ်ချုပ်ရေးမကျိုင်ကလည်း သိပ်မကောင်းတော့ သားရဲတွင်းထဲခေါ်သွားသလိုမျိုးဖြစ်မှာကိုလည်း စဉ်းစားရဦးမယ်။ အင်း - တကယ်လို့ ခင်ဗျားကလည်း ဟိုကိုသွားချင်တဲ့ဆန္ဒရှိမယ်။ မိသားစုတွေအတွက်လည်း နောက်ဆံတင်းမနေဘဲ ခေါ်သွားချင်တယ်ဆိုရင် အစစအရာရာ အဆင်ပြေအောင် ကျုပ်စီစဉ်ပေးမယ်။ သွားရေးလာရေးကအစ ဖြစ်နိုင်ရင် လေယာဉ်ပါ စီစဉ်ပေးမယ်ဗျာ။ ဟိုမှာတော့ ခင်ဗျားလက်ခင်ဗျားခြေပဲ၊ အဆင်ပြေအောင် လုပ်လို့ရမှာပါ။ အဲဒီလိုဆိုရင် တစ်ခုစဉ်းစားကြည့်ဗျာ။ ဒီမယ် ဦးစံရင် စစ်ကြီးဖြစ်မယ်ဆိုမှတော့ ဘာမှထူးမယ်မထင်တော့ဘူး။ ဒီရန်ကုန်မြို့ကြီးလည်း မလုံခြုံတော့ဘူး။ မင်းကင်းမြို့နဲ့လည်း အတူတူဖြစ်သွားမယ်။ အဲဒီလိုမျိုးဆိုရင်ကော ဘယ်လိုလဲ"

"ဟုတ်ကဲ့-ကျွန်တော်တစ်ယောက်တည်းသွားတာထက် မိသားစုပါခေါ်သွားတာကပိုကောင်းမယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်မျက်စိအောက်မှာဆိုတော့ တော်သေးတယ်။ နောက်ပြီးတော့ ဟိုမှာက ကိုယ့်လူမျိုးတွေ၊ ပြည်သူပြည်သားတွေ ဒုက္ခရောက်နေတာဆိုတော့လည်း မဖြစ်မနေသွားသင့်တာဘဲမဟုတ်လားဝန်မင်းခင်ဗျာ"

"ခင်ဗျား ခုလိုဆုံးဖြတ်လိုက်တာ ကောင်းလိုက်ပါဘိဗျာ။ ဝမ်းသာလိုက်တာ။ ခင်ဗျားအတွက် လိုအပ်ချက်အားလုံးကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ကျုပ်စီစဉ်ပေးပါ့မယ်"

(ရှေ့လဆက်ဖတ်ပါရန်)

ဆရာဦးဆက်ထွန်းလင်း(အွာယုမွေဒ)


ကြီးရပ်ထားတဲ့ ဆိုင်ကယ်တွေဟာ မီးစိမ်းတာနဲ့ ဝေါခနဲဆို အုပ်စုလိုက်ကြီး စီတန်းထွက်ကြတယ်။ ဆိုင်ကယ်တွေ ပူးပူးကပ်ကပ်စီးကြတဲ့အခါ တိုက်မိမှာစိုးလို့ ညာဘက်မှန်ထောင်တွေကို ဖြုတ်ထားကြပါတယ်။ ဒီလောက်များတဲ့ ဆိုင်ကယ်တွေထဲမှာ ဦးထုပ်မဆောင်းတာ၊ သုံးယောက်စီးတာ လုံးဝမတွေ့ရပါ။

ဦးထုပ်မပါဘဲ (၅) မိနစ် (၁၀)မိနစ် လောက်စီးသွားတာနဲ့ ယာဉ်ထိန်းရဲက ချက်ချင်းရောက်လာပြီး ဒဏ်ရိုက်တယ်။ ဘယ်ကနေထွက်လာမှန်းမသိဘဲနဲ့ရောက်လာတာ အင်မတန်မြန်တယ်လို့ အဖွဲ့ခေါင်းဆောင် ကိုဇော်လတ်ကပြောပါတယ်။ ထိုင်းနိုင်ငံမှာလို ခါတ်တိုင်တွေမှာ CCTV ကင်မရာတပ်ပြီး စောင့်ကြည့်နေပုံရတယ်။ ကျွန်တော်တို့ဆီမှာတော့ ဆိုင်ကယ်မတော်တဆမှုဖြစ်တိုင်း ခေါင်းနဲ့ကတ္တရာလမ်းဆောင့်မိပြီး သေတာများလို့ ဦးထုပ်ဆောင်းဖို့ တိုက်တွန်းနှိုးဆော်နေတာတောင်မဆောင်းတဲ့သူကအများစုဖြစ်နေတယ်။


နောက်ကြည့်မှန်တပ်တာ ရှိုးပွဲတယ်ဆိုပြီး ဖြုတ်ပစ်တာ၊ ဆိုင်ကယ် ဦးထုပ်ဆောင်းရင် ဒိတ်အောက်တယ်ဆိုတဲ့ ခေတ်လူငယ်တွေရဲ့ အယူအဆမှားတွေကို ဘယ်လိုများပြုပြင်ရပါ့မလဲ။ ဗီယက်နမ်မိသားစုတွေကျတော့ မိဘတွေနဲ့အတူ ကလေး(၂)ယောက်စီးခွင့်ပြုတယ်။ မိသားစုတွေသွားလာရေးအဆင်ပြေအောင် ခွင့်ပြုထားတာဖြစ်တယ်။

လမ်းဘေးပလက်ဖောင်းတွေက ကိုယ်ပိုင်ကားနှစ်စီး ယှဉ်ရပ်ထားလို့ရလောက်အောင်ကျယ်တယ်။ဆိုင်ကယ်တွေ ပလက်ဖောင်းပေါ် တက်မောင်းတာတွေ့ရတယ်။ လမ်းဘေးမှာ ကားတွေရပ်ထားတာ မရှိသလောက်ပါဘဲ။ ပလက်ဖောင်းပေါ်တက်ရပ်ထားတဲ့ကား အနည်းအကျဉ်းတွေ့ရတယ်။ တက္ကစီနဲ့ လူစီးဘတ်(စ်)တွေဟာ ဟိုတယ်၊ ကုန်တိုက်တွေမှာ လူအတင်အချလုပ်ပြီးတာနဲ့ ထွက်ရပါတယ်။ ရပ်ထားတာ နည်းနည်းကြာသွားတာနဲ့ ယာဉ်ထိန်းလှည့်ကင်းတွေ ချက်ချင်းရောက်လာပြီး ဒဏ်ရိုက်တာ တွေ့ရတယ်။ ဒါကြောင့်လည်း ရန်ကုန်မှာလို ယာဉ်ကြောပိတ်တာမျိုး မရှိပါ။ စိတ်ချမ်းသာလှပါတယ်။


တစ်ဟုန်ထိုး တိုးတက်နေတဲ့ ဗီယက်နမ်နိုင်ငံမှာ အဆောက်အအုံဆောက်ဖို့မြေနေရာအလွန်ရှားပါတယ်။



ရွှေဟောင်းတရုတ်ဘုရားရှိခိုးကျောင်းမှ ဘာသာရေးအသုံးအဆောင်များ




တိုချီမင်းမြို့လယ် ဟိုတယ်တစ်ခုအခေါင်မိုးပေါ်မှ ရှုခင်းကန်



ဗီယက်နမ်စစ်ပွဲအတွင်း အသုံးပြုခဲ့သော ထောက်နက်များ

နေရာအတော်များများမှာ မျက်နှာစာ (၇)ပေကနေ (၁၀)ပေလောက်သာရှိတဲ့ အထပ်မြင့်တိုက်တွေ တွေ့ရတယ်။ မျက်နှာဝကျဉ်းလို့ အနောက်ဘက်ကို ရှည်သလားဆိုတော့ ပေ (၂၀)၊ (၂၅) လောက်ပဲရှိတယ်။ ဗီယက်နမ်တွေဟာ စီးကရက် အင်မတန်သောက်လို့ သူတို့ တိုက်တွေကို စီးကရက်ဘူးထောင် တဲ့ပုံစံမျိုး ဆောက်ကြတယ်လို့ ပြောစမှတ်ပြုကြရတယ်။


ပျော်ပျော်နေတတ်တဲ့ ဗီယက် ဂိုက် Mr William က အခုလို တယ်။ ဗီယက်နမ်သူချောချော နေ့ဘက်မှာမမြင်နိုင်ဘူးတဲ့။ဘာ



ဗီယက်နမ်က အထပ်မြင့်တိုက်ခန်းကျဉ်းများ



စစ်သမိုင်းပြတိုက်သို့ လာရောက်လေ့လာသော ဗီယက်နမ်စစ်သားများ



အထပ်မြင့်တိုက်၏ အစွန်းထွက်နေသောနေရာမှာ ဟယ်လီကော့ပတာ ဆင်းသည်

လည်းဆိုတော့ နေ့ဘက်အပြင်ထွက်ရင် အကျီလက်ရှည်လက်အိတ်တွေဝတ်ထား ပြီး မျက်နှာမှာလည်း နှာခေါင်းစည်းတွေ အုပ်ထားလို့ပါ။ မြင်ချင်ရင် ညဘက် နိုက်ကလပ်တွေ၊ ကော်ဖီဘားတွေမှာ သွားကြည့် အများကြီးတွေ့ရမယ်လို့ ဆိုပါတယ်။ သူပြောတာဟုတ်၊ မဟုတ် ကိုယ်တိုင် သွားမကြည့်ခဲ့ရလို့ မသိပါ။ နောက်တစ်ခါ အန်တီကြီးမပါဘဲလာရင် လိုက်ပို့ပေးမယ်လို့ ပြောပါတယ်။

မနက်(၈)နာရီလောက်ကတည်းက ရုံးဝန်ထမ်းတွေ ရုံးတက်လာနေတာ တွေ့ရတယ်။ (၈) နာရီခွဲဆိုရင် ဝန်ထမ်းအားလုံး ရုံးကိုရောက်နေပြီးသားဖြစ်ရတယ်လို့ သိရတယ်။ ရုံးဆင်းချိန်က ညနေ (၅)နာရီဖြစ်တယ်။ ကျွန်တော်တို့ဆီမှာတော့ (၁၀)နာရီ၊ (၁၁) နာရီလောက်မှ ရုံးတက်ပြီး ညနေ (၃)နာရီမှာ ရုံးဆင်းသွားလည်း အေးအေးဆေးဆေးပါပဲ။ သူတို့ဆီမှာတော့ ဝန်ထမ်းတွေကို အချိန်ပြည့်ခိုင်းထားသလို အခွင့်အရေးလည်း အပြည့်ပေးထားပုံရပါတယ်။ တရားဝင် ရုံးပိတ်ရက်ဟာ တနင်္ဂနွေနေ့နဲ့တိုက်နေရင် နောက်ရက်မှာ အစားထိုးပိတ်ပေးတယ်လို့ သိရတယ်။

မြို့ပြင်ရောက်လာတော့ လယ်ကွင်းတွေထဲမှာ အုတ်ဂူတွေ ဟိုတစ်လုံး ဒီတစ်လုံးတွေ့ရတယ်။လယ်ကွင်းထောင့်မှာရော လယ်တွက်အလယ်မှာရော နေရာစုံထားကြတယ်။ ကြည့်ရတာ ဆုံးသွားမိဘတွေရဲ့ အုတ်ဂူတွေဖြစ်ပုံရတယ်။ ကျွန်းပေါ်က နေအိမ်တစ်လုံးရဲ့ ရှေ့မျက်နှာစာဘေးမှာပဲ အုတ်ဂူနှစ်လုံး ယှဉ်လျက်သား တွေ့ရတယ်။ကျွန်တော်တို့အတွက်တော့ အင်မတန်ထူးဆန်းတဲ့မြင်ကွင်းပါပဲ။

(၁၀) နာရီလောက်မှာ မဲခေါင်မြစ်ဆိပ်ကမ်းကိုရောက်တယ်။ ဆိပ်ကမ်းမှာ ဟိုတယ်တွေ၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေနဲ့ စည်ကားနေတယ်။ မြစ်ကမ်းနားနဲ့ သင်္ဘောဆိပ်ခံတွေကို ကွန်ကရစ်နဲ့ အသေအချာ လှလှပပလုပ်ထားတယ်။ ဆိပ်ခံမှာ စင်းလုံးငှား အပျော်စီးစက်လှေတွေ တန်းစီနေတယ်။ ပိုက်ဆံတတ်နိုင်သူတွေက စပီဘုတ်အမြန်ယာဉ်ငှားစီးကြတယ်။

မဲခေါင်မြစ်ဟာ တရုတ်ပြည်ထဲက တိဗက်နယ်စပ်အနီးမှာ မြစ်ဖျားခံပြီး မြန်မာနဲ့လာအိုနယ်စပ်၊ လာအိုနဲ့ထိုင်းနယ်စပ်အတိုင်း ကမ္ဘောဒီးယားကိုဖြတ်ပြီး ဗီယက်နမ်နိုင်ငံတောင်ပိုင်းမှာ တောင်တရုတ်ပင်လယ်ထဲကို စီးဝင်ပါတယ်။ အရှေ့တောင်အာရှမှာ အရှည်ဆုံးမြစ်ဖြစ်ပြီး ကီလိုမီတာ (၄၂၀၀) (မိုင် ၂၆၁၀) ရှည်တယ်။ ပြင်သစ်လူမျိုး စွန့်စားရှာဖွေသူ Michel Peissel ဟာ ၁၉၉၄ ခုနှစ်မှာ အင်မတန်မြင့်တဲ့ တောင်ကြားတစ်ခုမှာ မဲခေါင်မြစ်ဖျားခံရာနေရာကို ရှာဖွေတွေ့ရှိခဲ့တယ်။

မဲခေါင်မြစ်ရေဟာ နွံ့ရည်လို့ပဲ ပြောရအောင် နောက်ကျိနေပါတယ်။ မြစ်ဝနုန်းတင်မြေနုနေရာဟာ မြေသြဇာ အလွန်ကောင်းလို့ မိုးရာသီမှာ စပါးသီးနှံဖြစ်ထွန်းတယ်။ နွေဘက်မှာပါစိုက်ပျိုးနိုင်အောင် ကမ္ဘာ့ကုလသမဂ္ဂက မဲခေါင်မြစ်ဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ဆည်မြောင်းတာတမံတွေဆောက်ပြီးအကူအညီပေးခဲ့တယ်။

မဲခေါင်မြစ်ဟာ (၆) နိုင်ငံနဲ့ဆက်စပ်နေတာကြောင့် တရုတ်နဲ့ ထိုင်းနိုင်ငံတွေမှာ ရေအားလျှပ်စစ်ထုတ်ဖို့ ဆည်တွေဆောက်တဲ့အခါ ကျန်တဲ့နိုင်ငံတွေမှာ ပတ်ဝန်းကျင်ထိခိုက်မှုတွေဖြစ်လာလို့ ကန့်ကွက်မှုတွေ ပေါ်ပေါက်လာတယ်။ မြစ်အောက်ပိုင်းနိုင်ငံတွေမှာ ရေ



အပျော်စီးသင်္ဘောများ ဆိုက်ကပ်ရာ မဲခေါင်သင်္ဘောဆိပ်



ကျွန်းပေါ်က လက်ဆောင်ပစ္စည်းအရောင်းဆိုင်



ဟိုချီမင်းမြို့လယ်ကောင်က ဆိုင်ကယ်တွေ (အများစု မျက်နှာအုပ်ပြီး စီးကြတယ်)

လမ်းကြောင်းပြောင်းပြီး ရေလွှမ်းမိုးတာတွေ၊ ဒေသခံတွေရဲ့ ငါးဖမ်းလုပ်ငန်းထိခိုက်လာတာတွေ ခံစားကြရတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း စစ်အစိုးရလက်ထက်က မလိုအပ်ဘဲ ဆည်တွေအများအပြားဆောက်လုပ်ခဲ့ရာမှာ ရေမဝင်တဲ့ဆည်တွေရှိသလို တချို့ဆည်တွေ တည်ဆောက်မှုစံချိန်စံညွှန်းမမီလို့ ပျက်စီးတာကြောင့် ထိခိုက်ဆုံးရှုံးမှု ခံစားခဲ့ကြရတာတွေကို သင်ခန်းစာယူဖို့လိုပါတယ်။

မဲခေါင်မြစ်ထဲက ကျွန်းငယ်လေး (Thoi Son Islet) ဆီကို လှေလာရေးပို့ပေးပါတယ်။ အင်္ဂလိပ်စကားမှာ ကျွန်းကို (island/ isle) လို့ခေါ်ပြီး (islet) က ကျွန်းငယ်လေးပါ။ booklet က စာအုပ်ငယ်ငယ်ပါးပါးလေးဖြစ်တယ်။ စက်လှေကပ်တဲ့ ဆိပ်ခံတိုင်းမှာ ဆိုင်ခန်းငယ်လေးတွေဆောက်ထားပြီး အုန်းသီးကနေ လူသုံးကုန်ပစ္စည်းနဲ့ စားကုန်တွေ ထုတ်လုပ်ပုံကို နမူနာပြပြီး ဈေးရောင်းပါတယ်။ ထောင်ထားတဲ့ စူးချွန်တစ်ခုပေါ် အုန်းသီးကိုဖိချထိုးခွဲပြီး ခွာပြတာဟာ တခြားဒေသက လူတွေအတွက် အထူးအဆန်းဖြစ်ပေမယ့် အုန်းသီးပေါတဲ့ ကျွန်တော်တို့ မွန်ပြည်နယ်သားတွေအတွက်တော့ ရိုးနေပါပြီ။

ကျွန်းပေါ်မှာ ပျားမွေးမြူရေးစခန်းရှိတယ်ဆိုပေမယ့် သစ်သားပျားအုံလေးတစ်ခုနှစ်ခုပဲတွေ့ရတယ်။ ပျားရည်နဲ့ ပျားရည်ဝိုင် နမူနာပေးမြည်းစမ်းပြီးရောင်းပါတယ်။ အုန်းမှုတ်ခွက်နဲ့လုပ်တဲ့ လက်မှုပစ္စည်းလေးတွေက အတော်လက်ရာမြောက်ပါတယ်။ ဂစ်တာတီး အမျိုးသားနှစ်ယောက်နဲ့ အမျိုးသမီး (၅) ယောက်လောက်ပါတဲ့ အဖွဲ့တစ်ဖွဲ့က ဗီယက်နမ်ရိုးရာသီချင်းတွေ သီဆိုဖျော်ဖြေတဲ့အခါ ဧည့်သည်တွေကဆုချကြတယ်။

ကျွန်းကိုဖြတ်ပြီး ခနိုပင်တွေကြားလှေစီးကြရတယ်။ အမျိုးသားတွေရော အမျိုးသမီး ငယ်ငယ်၊ ကြီးကြီးတွေပါ တစ်ယောက်တည်းလှော်လို့ရတဲ့လှေကို အရှေ့တစ်ယောက် အနောက်တစ်ယောက် လှော်ကြတယ်။ လှေစီးခမပေးရဘူးဆိုပေမယ့် သူတို့ကို မုန့်ဖိုးဆိုပြီး တစ်ယောက်ကို ဗီယက်နမ်ပိုက်ဆံ တစ်သောင်း (ကျပ် ၅၀၀) ပေးရတယ်။ လှေပေါ်ကဆင်းတော့ (၁၀) မိနစ်လောက် မြင်းလှည်းစီးရပြန်တယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာရင် ဒေသခံတွေ အပိုဝင်ငွေရကြပြီး စီးပွားရေးကောင်းလာကြတယ်။

အရှေ့တောင်အာရှမှာ အလှဆုံးနိုင်ငံလို့ ကမ္ဘာကသိထားတဲ့ ကျွန်တော်တို့နိုင်ငံမှာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးအောင်လုပ်ဖို့ အများကြီးလိုပါသေးတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့ကို အတုယူကြရပါမယ်။ သူတို့ဆီမှာ နိုင်ငံခြားခရီးသွားတွေ လည်ပတ်တဲ့နေရာတိုင်းကို မျက်စိပသာဒဖြစ်အောင် ပြင်ဆင်ထားပြီး ကျန်းမာရေးအတွက် အရေးကြီးဆုံးဖြစ်တဲ့ အိမ်သာတွေ စနစ်တကျဆောက်လုပ်ပေးထားတယ်။ ကျွန်တော်တို့ဆီမှာလို ပေါက်တောလို့အော်ပြီး ကားရပ်ခိုင်းရတာမျိုးမရှိပါ။

ဆိပ်ကမ်းပြန်ရောက်တဲ့အခါမှာ နေ့လယ်စာစားပါတယ်။ မဲခေါင်မြစ်ထဲက ရတဲ့ ဆင်နားရွက်ငါးပြားပြားကြီးကို ကြော်ပြီး ပန်းကန်အလယ်မှာ တုတ်နဲ့ ထောက်ပြီး ထောင်ထားတယ်။ တခြား ဗီယက်နမ်မျိုးရာ စားစရာတွေလည်းစားရတယ်။ မြန်မာတွေပါးစပ်နဲ့တော့ခံတွင်း မတွေ့လှပါ။ စားဖူးတယ်ရှိအောင်နဲ့ ဗိုက်ပြည့်အောင်တော့ စားရပါတယ်။ သူတို့ဆီမှာ ရေနွေးကြမ်းကို ရေခဲထည့်ပြီး ဖန်ခွက်ကြီးတွေနဲ့ချပေးပါတယ်။ ကျွန်တော်တို့က ရေနွေးကြမ်းကို မာတ်ဘူးနဲ့ ထည့်သောက်တတ်တာဆိုတော့ ရေခဲမထည့်ဖို့ပြောရတယ်။


နေ့လယ်စာစားပြီးနောက် မဲခေါင်ဆိပ်ကမ်းမြို့ကနေ ဟိုချီမင်းမြို့ကို ပြန်လာကြတယ်။ဗီယက်နမ်ဟာ တရုတ်နဲ့ နယ်စပ်ချင်းထိစပ်နေလို့ ဗီယက်နမ်မှာ တရုတ်လူမျိုး အတော်များပါတယ်။ ပြောရရင် ဗီယက်နမ်တာလည်း ဂျပန်၊ ကိုရီးယားတို့လို တရုတ်ကနေ ဆင်းသက်လာတာဖြစ်တယ်။ ထူးခြားတာက ဂျပန်စာနဲ့ ကိုရီးယားစာဟာ တရုတ်စာနဲ့ ဆင်တူပေမယ့် ဗီယက်နမ်စာကျတော့ အနောက်တိုင်း အေ၊ ဘီ၊ စီ၊ ဒီ အက္ခရာတွေနဲ့ပဲရေးပါတယ်။ လမ်းတစ်ဖက်တစ်ချက်ကအိမ်တွေထဲ ကြည့်လိုက်တဲ့အခါ မြေစောင့်နတ်ကို စင်ကလေးနဲ့ကိုးကွယ်ထားတဲ့ အိမ်တွေဟာ တရုတ်အိမ်တွေဖြစ်တယ်။

မြို့ထဲက နှစ်ရာကျော်သက်တမ်းရှိတဲ့ ရှေးဟောင်းတရုတ်ဘုရားရှိခိုးကျောင်းတစ်ခုကို ဝင်လေ့လာကြတယ်။ ခေါင်မိုးနဲ့နံရံကအစ အသုံးအဆောင်အားလုံးကို မပြုမပြင်ဘဲ နဂိုအတိုင်းထိန်းသိမ်းထားလို့ တကယ့်ကို ရှေးဟောင်းပုံစံအတိုင်း မြင်တွေ့ရတယ်။ တရုတ်ဘုရားကျောင်းတွေဟာ တရုတ်နတ်ကွန်းတွေသာဖြစ်တယ်။ ရိုးရာနတ်တွေကိုပူဇော်ပြီး အစစအရာရာစောင့်ရှောက်ပေးဖို့ ဆုတောင်းကြပါတယ်။


အဲဒီကနေ ဈေးတစ်ဈေးမှာ ဈေးဝယ်သွားကြတယ်။ ကျွန်တော်တို့မြန်မာတွေဟာ ဘယ်နိုင်ငံကိုပဲရောက်ရောက် ဈေးဝယ်ထွက်ကြတာ၊ အခုအခေါ် ရှော့ပင်ထွက်တာဟာ ဝါသနာတစ်ခုလိုဖြစ်နေတယ်။ အဖွဲ့ခေါင်းဆောင်က ဘာပဲဝယ်ဝယ် ဈေးကိုခေါက်ချိုးဆစ်ဖို့နဲ့ ဆစ်လို့မရရင် ဟန်လုပ်ပြီးလှည့်ထွက်ခဲ့ဖို့ အကြံပေးပါတယ်။ ဒါကြောင့် ဒီလိုပုံစံနဲ့ ဈေးဝယ်ရတာဟာ ကျွန်တော်တို့ ယောကျ်ားသားတွေနဲ့ ဘယ်လိုမှ အဆင်မပြေပါ။

ညနေစောင်းလို့ ညနေစာစားပြီးမှ တည်းတဲ့ဟိုတယ်ကိုပြန်ဖို့ မှန်လုံကားမှာ လူစုနေတုန်း ဗီယက်နမ်သူအပျိုမလေး တစ်ယောက် ကားနားရောက်လာပါတယ်။ လက်ထဲမှာလည်း လက်ကိုင်အိတ် အတွဲလေးတွေကိုင်ထားပါတယ်။ သူက ကားဒရိုင်ဘာနဲ့ စကားတစ်ခွန်း၊ နှစ်ခွန်းပြောလိုက်တဲ့အခါ ဒရိုင်ဘာက မြန်မာလို့ ပြန်ပြောလိုက်တဲ့အသံကြားရတယ်။ ဒါနဲ့ သူက ကားတံခါးဝကနေ ပိုက်ဆံအိတ် (၆) ခုတွဲတွေကိုမြှောက်ပြပြီး တုံးတိန်း၊ တုံးတိန်းလို့ပြောပြီး ဈေးရောင်းပါတယ်။

ကားပေါ်ကလူတွေက 'ငါတို့



ဆိပ်ခြံဝင်းမျက်နှာစာမှာပင် မိဘဘိုးဘွားအုတ်ဂူများထားသည်



ဟိုချီမင်းမြို့ပြင် လယ်ကွင်းထဲရှိ အုတ်ဂူများ



ကျွန်းလယ်ရှိ ချောင်းကလေးတစ်ပတ် ဓနိပင်များအကြား လှော်ခတ်ပို့ပေးသောလှေများ




မဲခေါင်မြစ် ဖြတ်သန်းရာ နိုင်ငံများ



မြန်မာလို ဈေးပြောပြီး ဈေးရောင်းတဲ့ ဗီယက်နမ်သူငယ်

ဟိုတယ်အဝမှာရောင်းနေတာ တစ်သိန်းခွဲပဲ' လို့လည်း ပြောလိုက်ရော သူက 'ဒါဆိုလည်း တစ်သိန်းခွဲ၊ တစ်သိန်းခွဲ' လို့ပြောပါတယ်။

'တစ်သိန်းခွဲလည်း သိပ်များတယ်။ ခြောက်သောင်းပဲထား' လို့ပြောတော့ သူက သူ့ရင်ဘတ်ကိုပုတ်ပြပြီး သူ့ကိုပါခေါ်သွားတော့လို့ လက်ဟန်ခြေဟန်နဲ့ပြပါတယ်။

ဈေးသည်ပီသတဲ့ ဒီကလေးမလေးဟာ မျက်နှာထားချိုပြီး ချစ်စရာကောင်းတာမို့ နောက်ဆုံး (၉)သောင်းနဲ့ ဆစ်ပြီး အတော်များများဝယ်ပေးလိုက်ကြပါတယ်။

တစ်နေကုန်လည်ပတ်ဈေးဝယ်လို့ ညနေစာပါစားသောက်ပြီး မိုးချုပ်မှ ဟိုတယ်ပြန်ရောက်ပါတယ်။ ဟိုတယ်ဧည့်ကြိုကောင်တာမှာ အပ်ထားတဲ့ အခန်းသော့ကိုယူပါတယ်။ သော့လို့သာ ပြောရတယ်၊ ပလတ်စတစ်ကတ်ပြားလေးပါ။ အခန်းတံခါးကအပေါက်မှာ ကတ်ထိုးထည့်ရမယ့်ဘက်ကို မြားပြထားပြီး ကတ်ပြားပေါ်မှာ သော့ဖွင့်နည်းကို အင်္ဂလိပ်လို ရေးထားပါတယ်။

Insert card, Pull out card, Green light on, Turn handle, Open the door.

Return $ 10 if lost card.

(ကတ်ကိုထိုးထည့်ပြီး ပြန်ဆွဲထုတ်လိုက်ပါ။ မီးစိမ်းလင်းရင် တံခါးလက်ကိုင်ကို လှည့်ဖွင့်ပါ။ ကတ်ပျောက်ရင် (၁၀) ဒေါ်လာလျော်ရပါမယ်။)

ဒါကြောင့် အပြင်ထွက်တိုင်း အခန်းသော့ကို ကောင်တာမှာအပ်သွားတာအကောင်းဆုံးပါပဲ။ ဟိုတယ်အများစုဟာ အခန်းလုံခြုံမှုကို တာဝန်ယူကြတာမို့ ဧည့်သည်မရှိတုန်း အခန်းထဲဝင်ပြီး သန့်ရှင်းရေး (room service) လုပ်တာတောင် ပစ္စည်းပျောက်ရှမှုမရှိပါ။

ကမ္ဘောဒီးယားက ဟိုတယ်တစ်ခုမှာတော့ 'အခန်းတွင်းပစ္စည်းများလုံခြုံမှုအတွက် တာဝန်မယူပါ' လို့ ထူးထူးခြားခြားရေးထားတာတွေ့ရတယ်။

## ■ (၂၈-၉-၂၀၁၆) စစ်သမိုင်းပြတိုက်

ဟိုတယ်မှာ မနက်စာဘူဖေးစားပြီး စစ်သမိုင်းပြတိုက်ဆီကို ထွက်ခဲ့ကြတယ်။ စစ်သမိုင်းပြတိုက် (War Remnant Museum) ဟာ နှစ်ထပ်အဆောက်အအုံကြီးဖြစ်ပြီး အဆောက်အအုံအပြင်ဘက်မှာ ဗီယက်နမ်စစ်တုန်းက အမေရိကန်တွေသုံးခဲ့တဲ့ လေယာဉ်၊ ဟယ်လီကော့ပတာ၊ တင့်ကား၊ အမြောက်မျိုးစုံကို စီတန်းပြထားတယ်။

ပြတိုက်ထဲမှာ ပြခန်းတွေကို စစ်လက်နက်ပြခန်း၊ တိုက်ခိုက်မှုမှတ်တမ်းပြခန်း၊ စစ်သမိုင်းမှတ်တမ်းရုပ်ရှင်ပြတဲ့အခန်းဆိုပြီး အမျိုးအစားတွေခွဲထားတယ်။ ပြခန်းတိုင်းမှာ လေအေးစက်တပ်ထားတယ်။ စိတ်အထိခိုက်ရဆုံးကတော့ ဗီယက်နမ်စစ်မှာ အမေရိကန်က ဓာတုလက်နက် (အဆိပ်ငွေ့) သုံးပြီးတိုက်ခိုက်ခဲ့လို့ ဗီယက်နမ်ပြည်သူတွေ ကိုယ်လက်အင်္ဂါချို့တဲ့ပြီး လူစဉ်မမီဖြစ်ကြတာ၊ ရောဂါမျိုးစုံဖြစ်ကြတာဟာ နောက်မျိုးဆက်အထိ ခံစားနေကြရတာကိုပြတဲ့ ပြခန်းပါပဲ။

စစ်မှတ်တမ်းတွေကို ဗီယက်နမ်-အင်္ဂလိပ် နှစ်ဘာသာနဲ့ဖော်ပြထားတာတွေကိုဖတ်ရတဲ့အခါ စစ်အနိဋ္ဌာရုံတွေကို ကွက်ကွက်ကွင်းကွင်းမြင်လာရတယ်။ ၁၉၄၅ ခုနှစ်ကနေ ၁၉၇၅ ခုနှစ်အထိ နှစ်ပေါင်း (၃၀)ကြာဖြစ်ခဲ့တဲ့ ဗီယက်နမ်စစ်မှာ အရပ်သားနှစ်သန်း အပါအဝင် လူပေါင်း သုံးသန်းသေကျခဲ့တယ်။ ထိခိုက်ဒဏ်ရာရသူက နှစ်သန်းရှိပြီး သုံးသိန်းလောက်က ပျောက်ဆုံးနေခဲ့တယ်။


ဗီယက်နမ်စစ်မှာ အမေရိကန်တွေ သုံးခဲ့တဲ့ အဆိပ်ငွေ့ (Agent Orange Dioxin) ဗုံးကို လူဦးရေ (၅)သန်းနီးပါးပေါ်ကိုကြဲချရာမှ (၃) သန်းလောက် ထိခိုက်ခံစားခဲ့ကြရတယ်။ အဲဒီအဆိပ်ငွေ့ဟာ အရေပြားကင်ဆာအပါအဝင် ခန္ဓာကိုယ်တွင်းက ကလီစာတွေကိုပါ ထိခိုက်စေပြီး နောက်ဆက်တွဲရောဂါမျိုးစုံပါခံစားကြရတဲ့အပြင် အဆိုးရွားဆုံးက မျိုးရိုးဗီဇကိုပါပျက်စီးစေတာကြောင့် လူစဉ်မမီ ပုံမကျပန်းမကျ ကလေးငယ်တွေ မွေးဖွားစေတာပါပဲ။

ဗီယက်နမ်စစ်မှာ အမေရိကန်ဘက်ကပါဝင်တိုက်ခိုက်ခဲ့တဲ့ ကိုရီးယားစစ်သည်သုံးသိန်းမှာ တစ်သိန်းလောက်ဟာလည်း အဆိပ်ငွေ့သင့်မှု ခံစားခဲ့ရ




အမေရိကန်တို့၏ဓာတုလက်နက်ကြောင့် ဗီယက်နမ်သစ်တောများ ပျက်စီးခဲ့သည်





ဗီယက်နမ်စစ်တွင် အမေရိကန်စစ်တပ်သည် ဓာတုလက်နက် အသုံးပြုခဲ့သည်



လီတာသန်း (၈၀) လောက် ကြဲချခဲ့တဲ့အတွက် သစ်တောနဲ့လယ်မြေဧကတွေ အများကြီးပျက်စီးခဲ့တယ်။ အမေရိကန်သမ္မတအိုဘားမားလက်ထက်တိုင်အောင် အဲဒီပျက်စီးမှုတွေကို တာဝန်ယူကုစားပေးနေရတုန်းဖြစ်တယ်။ အမေရိကန်စစ်တပ်ကို အဆိပ်ဓာတ်ငွေ့တွေထုတ်ပေးခဲ့တဲ့ ဆွစ်ဇာလန်နဲ့ ဩစတြေးလျနိုင်ငံတွေကလည်း သူတို့လုပ်ရပ်အတွက် ဗီယက်နမ်ပြည်သူတွေကို ဝန်ချတောင်းပန်ခဲ့ရတယ်။

မကောင်းတဲ့ငြိမ်းချမ်းရေးဆိုတာ မရှိသလို ကောင်းတဲ့စစ်ဆိုတာလည်းမရှိပါဘူး။ ကျွန်တော်တို့နိုင်ငံမှာလည်း တိုင်းရင်းသားတွေအကြားဖြစ်ပွားနေတဲ့ပြည်တွင်းစစ်တွေကြောင့် တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်သူတွေ အထူးသဖြင့် မိန်းမသားတွေနဲ့ ကလေးငယ်တွေ စစ်ပြေးရှောင် ဒုက္ခသည်ဘဝနဲ့ စစ်ရဲ့ဆိုးကျိုးကို ခံစားနေကြပါတယ်။ ဒါကို ကျွန်တော်တို့ပြည်သူတွေအားလုံး ဝိုင်းဝန်းအဖြေရှာပြီး ပြည်တွင်းစစ်ချုပ်ငြိမ်းသွားအောင် ကြိုးစားကြရမှာပါ။

ပြတိုက်တွေဟာ နိုင်ငံရဲ့အတိတ်သမိုင်းကြောင်းကို သင်ခန်းစာယူပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို တည်ဆောက်နိုင်အောင် လမ်းပြနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတကာ အဆင့်မီပြတိုက်တွေ တစ်ခုမှလောက်လောက်လားလားမရှိတာကတော့ ဝမ်းနည်းစရာပါပဲ။

...တယ်။

ဒီအဆိပ်ငွေ့ရဲ့ဆိုးကျိုးကို ဒုတိယ ...ဆက်မှာ ဗီယက်နမ်ပြည်သူ တစ်သိန်း ...လောက်ခံစားကြရပြီး တတိယမျိုးဆက် ...ာ သုံးသောင်းခွဲ၊ စတုတ္ထမျိုးဆက်မှာ ...င်ထောင်လောက်အထိ ခံစားကြရမှာ ...စ်တယ်။ ဒါတောင် ဆေးဝါးကုသမှုနဲ့ ပြန်လည် ထူထောင်မှုလုပ်ငန်းတွေကို စဉ်ဆက်မပြတ် လုပ်ဆောင်နေလို့ဖြစ်တယ်။

၁၉၆၁ ကနေ ၁၉၇၁ ခုနှစ်အထိ (၁၀)နှစ်အတွင်းမှာ အမေရိကန်စစ်တပ်က ဗီယက်နမ်ရွာပေါင်း (၂၆၀၀၀) လောက်ပေါ်ကို အဆိပ်ဓာတ်ငွေ့အရည်

*မှဒီတာပွားနိုင်ကြပါစေ*

**မောင်မွှင်ဉာဏ် (မောရ)**



မကြာသေးမီက ဂျာနယ်ဟောင်းတစ်စောင်တွင် ကမ္ဘာလှည့်ခရီးသည် (တိုးရစ်)တစ်ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပင် ပြည်ဝင်ခွင့်ဗီဇာမရဘဲ နောက်ကြောင်းလှည့်ပြန်သွားရသောသတင်းတစ်ပုဒ်ဖတ်ရပါသည်။

အကြောင်းမှာ ထေရဝါဒထွန်းကားသော မြန်မာနိုင်ငံ၊ ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်သောနိုင်ငံ၊ ဗုဒ္ဓဘုရားရှင်ကို အသက်တမျှ မြတ်နိုးတန်ဖိုးထား လေးစား ကိုးကွယ်သောနိုင်ငံကို လာရောက်လေ့လာမည့် အဆိုပါ နိုင်ငံခြားသားမှာ ခြေထောက်တွင် ဗုဒ္ဓဆင်းတုရုပ်ပွားတော်ပုံဆေးမင်ကြောင်ထိုးထားကြောင်းစစ်ဆေးတွေ့ရှိရ၍ စစ်ဆေးရေးဂိတ်က ပြည်ဝင်ခွင့်ဗီဇာကိုပယ်ချခဲ့ခြင်းဖြစ်သည်။

အဆိုပါ နိုင်ငံခြားသားမှာ ဗုဒ္ဓဘာသာဝင်တော့မဟုတ်ပေ။ အခြားဘာသာခြားပင်။ဘယ်သို့သောရည်ရွယ်ချက်ဖြင့် ခြေထောက်တွင် ဗုဒ္ဓရုပ်ပွားတော်ပုံရေးဆွဲခဲ့သည်မသိ။ အဂါရဝပုဂ္ဂိုလ်အဖြစ် ယူဆသတ်မှတ်ပြီး ဗီဇာကိုပယ်ဖျက်ခဲ့သည်။ ပြည်ဝင်ခွင့်လုံးဝမပေး။

တစ်ခါကလည်း ရန်ကုန်မြို့တွင်ဖွင့်လှစ်ရောင်းချသော နိုင်ငံခြားသားပိုင်ဘားဆိုင်တစ်ဆိုင်တွင် ဗုဒ္ဓရုပ်ပုံတော်ကိုလျှပ်စစ်ရောင်စုံမီးဖြင့် ကြော်ငြာကာရောင်းချနေသည်။ ဘားဆိုင်တွင်မန်နေဂျာခန့်အပ်ထားသူမှာ မြန်မာစစ်စစ်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော် သံဃာ့ဝန်ဆောင်နှင့် သာသနာရေးဦးစီးတို့မှ သာသနာတော်ညှိုးနွမ်းစေမှုပုဒ်မတို့ဖြင့် တရားစွဲဆိုခြင်းခံရသည်။

ဤသည်တို့သည်ကား ဘာသာ၊ သာသနာအပေါ် ရှိသေကိုင်းရှိုင်းမှုနည်းခြင်း၊ မရှိမသေ မထီလေးစားပြုမှုတို့ကြောင့် ဖြစ်သည်။

❑

အဖေ၊ အမေက ဗုဒ္ဓဘာသာမြန်မာစစ်စစ်ဖြစ်ပါလျက် သားသမီးလက်ထက်ကျမှ ခြေထောက်တွင် ဆေးမင်ကြောင်အနက်ဖြင့် ဗုဒ္ဓရုပ်ပွားပုံထိုးသူ (၂) ဦး ဆုံဖူးသည်။ တစ်ဦးက မြို့လှ ကျောင်းစုသား ကိုဝင်းလှိုင်။ အမှန်စင်စစ် သူက မြို့လှသားတော့ မဟုတ်။ မြို့လှ ကျောင်းစုသူဖြစ်သော မဝင်းနှင့် အိမ်ထောင်ကျပြီး မြို့လှလိုက်နေသူ။ ယောက္ခမလက်ငုတ်တောင်ယာလုပ်ရင်း တစ်ဖက်က နွားဝေ့းကွပ်ခြင်း၊ ဝက်ဖွေးသင်းခြင်းလုပ်သည်။

သူနှင့်တွေ့ဆုံစဉ်က-

“ဆရာရယ်၊ ငယ်ငယ်တုန်းကတော့ ဘာမှန်းမသိဘူး။ ကျွန်တော့်ရှေ့မှာ ရှာလာတဲ့ ဆရာတစ်ယောက်က ပဥ္စလက်ဆန်ဆန်လုပ်ပြတော့ သူလိုလုပ်

# အောင်သိန်းဝင်း (မှော်ဘီ)

## အောက်လမ်းဆရာကြီး



ခွင်ဖြစ်ချင် အံ့ဩအထင်ကြီးပြီး သူ့ထံ ...ပည့်ခံခဲ့တာပဲ။ အဲဒီတုန်းက ခြေ...ထောက်ဘုရားပုံထိုးခံရတာပဲ။ နောက်မှ ...သိရတာက အဲဒီဆရာက အောက်လမ်း ဆရာမှန်းသိရတယ်။ကျွန်တော်က ဆေး ...စားဖို့ ဆရာလုပ်ဖို့တော့ မရည်ရွယ် ...ဘူး။ ရှုးရှုးမိုက်မိုက်အရွယ်ဆိုတော့ ...သူများထက် ထူးချင်တာပဲ သိတယ်။ ဆရာ့ဆီက ပညာရခါစကတော့ သက်မဲ့ ...ကိုတောင်သက်ရှိလိုခိုင်းစေရလို့ အတော် ...သဘောကျနေ၊ ကိုယ့်ကိုယ်ကိုယ် အံ့ဩ ...အထင်ကြီး တယ်တော်တဲ့ငါပါလားပေါ့။ ...နောင်အရွယ်ကလေးရောကီလာတော့ ...ငြိုးစားမိတယ်။ ငါတတ်ထားတဲ့ပညာ ...က အလကားပါလား၊ သူများဒုက္ခပေးဖို့ ...တွေပါလားလို့ စဉ်းစားဆင်ခြင်မိတယ်။ ...စိတ်သက်မစွဲလမ်းတော့ဘူး။ စွန့်လွှတ် ...ချင်ပြီ။ အဲဒီအချိန်မှာပဲ ရွာကို အထက် ...လမ်းဂိုဏ်းဆရာတစ်ဦးရောက်လာလို့ ...ဆရာနဲ့ပြိုင်ပင်ညှိနှိုင်းပြီး ကျွန်တော့် ...ပညာကို မနှစ်သက် အပ်ပါတယ်ဆိုပြီး အစောင့်အစွဲချွတ်ပြီးလှူခဲ့တယ်။ အဲဒီ အချိန်ကစပြီး ပညာပျက်ပြယ်ခဲ့ပေမယ့် ခြေထောက်မှာတော့ ဘုရားပုံတော်ကျန် နေခဲ့တယ်။ အသက်ကလေးရလာတော့ လူကြားထဲဝင် ပုဆိုးမ,လမ်းလျှောက်ရမှာ တောင်ရှက်မိတယ်။ ဘုရားပွဲတွေမှာတွေ့ တဲ့ ဆေးမှင်ကြောင်ထိုးတဲ့သူတွေပြပြီး ဖျက်ပေးဖို့ပြောတော့ ဖျက်လို့တော့ရ တယ်တဲ့။ ဒါပေမယ့် ဒီပုံစံအတိုင်း အမာ ရွတ်ထင်ကျန်နေမတဲ့။ ကဲ-ဘာထူးလဲ။ မည်းမည်းက ဖြူဖြူပြောင်းလဲသွားတာပဲ ရှိမယ်။ ဒီအရုပ်ကတော့ ဒီပုံပဲ။ ငယ်ငယ် တုန်းကမိုက်ပြစ်တွေ ကြီးတော့ နောင်တ ရမိတယ်ဗျာ"

ဟု ရင်ဖွင့်ခဲ့သည်။

❑

နောက်တစ်ဦး ခြေထောက်တွင် ဘုရားရုပ်ပုံထိုးသူတစ်ယောက်ကတော့-

ကျွန်တော့်အဖွဲ့ဖေရဲ့ အစ်မဝမ်းကွဲ ကျွန်တော့်အရီးများနေထိုင်ရာ မင်းရွာ ရွာသစ်ရှိ အရီးကြင်မှိန်၊ အရီးအုန်းသင်၊ အရီးလုံးတင်တို့ရွာကိုအလည်သွားစဉ်က ကြုံခဲ့ရခြင်း ဖြစ်သည်။

အဆိုပါလူမှာလည်း အောက်လမ်း ဆရာပင် ဖြစ်သည်။

ကျွန်တော်နှင့် တွေ့စဉ်ကာလ၌ သူ၏အောက်လမ်းပညာများ စွန့်လွှတ်၍ ဓာတ်ပိန္နဲပညာနှင့်ဆေးကုနေသခိုက် ဖြစ်သည်။

ကျွန်တော်နှင့် စကားစပ်မိရင်း သူ့ ဆရာနှင့်သူ့အကြောင်းပြောပြခဲ့သည်မှာ-

ကျွန်တော် လူပျိုပေါက်အရွယ် အသက်(၁၉)(၂၀)လောက်မှာ ဆရာကြီး ကို ရွာထဲက ဦးအောင်ချင်းနဲ့ ဒေါ်ချစ်တင် တို့အိမ်မှာဆုံခဲ့တယ်။ ဘယ်ကဘယ်လို အဆက်အသွယ်နဲ့ရောက်လာခဲ့တယ်မသိ ဘူး။ အဲဒီအိမ်မှာ စတည်းချဆေးကု နေတာ။ (၁၀) ရက်လောက်ကြာတယ်။ ရွာထဲနဲ့ အခြားရွာက ဝေဒနာရှင်တွေ ဆေးလာကုကြတာ မနည်းမနောဘဲ။ ငွေဆိုတာလည်း သဲ့ယူသလိုပဲရတာ။ ဝေဒနာရှင်တွေက လက်ဖက်၊ ပဲကြော်၊ လက်ဖက်ခြောက်၊ ငှက်ပျောသီး၊ ထန်း လျက်၊ ဆီ၊ မုန့်ပဲသရေစာတွေကိုလည်း လက်ဆောင်လည်းပေးကြရဲ့။ ဆရာ့ အကျီ၊ ပုဆိုးဆိုလည်း အညစ်မခံဘူး။ အိမ်ရှင်ဒေါ်ချစ်တင်နဲ့လူနာစောင့်ပါလာ တဲ့အမျိုးသမီးငယ်တွေကယူပြီးလျှော်ဖွပ် မီးပူတိုက်ခေါက်ပေးတယ်။

ဆရာ့ပုံလား။ ရှေးအဘိုးကြီး စတိုင်ပဲ သျှောင်တစောင်းနဲ့။ မျက်နှာ သွယ်သွယ်၊ မျက်စိမှေးမှေး၊ မျက်ခုံး ရေးရေး၊ အနည်းငယ်ဖြူနေပြီ။ ပါးစပ် ပြုပြု သွားရဲရဲနဲ့။ ကွမ်းအလွန်စားတယ်။ အသားညိုညို၊ အရပ်ရှည်ရှည်။ စကား ပြောလည်း အေးဆေးတည်ငြိမ်တယ်။ ဆေးလိပ်၊ ထန်းရည်၊ အရက်တော့ မသောက်တတ်ဘူး။

အဲ - သူ့မှာ ထူးခြားတာကတော့ ဘုရားမရှိခိုးဘူး။ တစ်ခါမှ ဘုရားဝတ်ပြု တာ မတွေ့ဖူးဘူး။ ဘုရားခန်းမှာသိပ် လည်းမအိပ်ဘူး။

ပန်းရောင်ခေါင်းပေါင်း၊ ရှပ်လက် ရှည်ကော်လာကတုံး၊ တိုက်ပုံအနက်၊ ယောလုံချည်အနက်၊ လွယ်အိတ်ကြီးနဲ့

တောင်ငွေးထော့က် လမ်းလျှောက်ပုံက တကယ့်ဆရာကြီးပဲ။ မြင်ရုံနဲ့သိနိုင်တယ်။ သူ့ကိုယ်သူ 'ယောပြန်ဆရာလှ' လို့ မိတ်ဆက် ဂုဏ်ယူဝင့်ကြွားတတ်တယ်။ အဲဒီအချိန်က ယောပြန်ဆို နှယ်နှယ်ရရ ဆရာမဟုတ်ဘူးပေါ့။ သိပ်အထင်ကြီးတာ။ အိမ်ရှင်ကလည်း ကျွေးရမွေးရ ဧည့်ခံရတာ မငြိုငြင်ဘူး။ မညည်းညူဘူး။ ဧည့်ဝတ်ကျေတယ်။ သဘောကောင်းတယ်။

ဆရာက သူ့ကန်တော့တဲ့ ငွေကြေးကလွဲရင် လက်ဆောင်ပေးတာမှန်သမျှ အိမ်ရှင်ကို အကုန်ပေးတယ်။ ဘာတစ်ခုမှမယူဘူး။ မသိမ်းဘူး။ ဒီတော့ အိမ်ရှင်က ပိုကြည်ဖြူပြီပေါ့။

ရေနွေးပွဲ၊ လက်ဖက်၊ ပဲကြော်၊ ကွမ်းယာမပြတ်စေရဘူး။

တစ်နေ့ ဆရာလက်ဖက်စားနေရင်း လက်ဖက်စားဇွန်း လက်ထဲကလွတ်ကျပြီး ကြမ်းပေါက်ကြားကအိမ်အောက်ကျသွားတယ်။ အဲဒီအခါ ကိုအောင်ချင်းက ပျာပျာသလဲ -

'ဆရာနေနေ၊ ကျွန်တော်ဆင်းကောက်လိုက်မယ်'

ပြောပြီး ဟန်ပြင်နေတုန်း ဆရာကလက်ကာပြပြီး -

'အသာနေ၊ သူဟာသူဆင်းတာ သူ့ဘာသာပြန်တက်လာလိမ့်မယ်ကြည့်နေ' လို့ပြောတယ်။

နောက်ပြီး -

"ဟေ့ကောင် - ပြန်လာခဲ့"

လို့လည်း အမိန့်ပေးလိုက်ရော လူအများမျက်စိရှေ့မှာပဲ ကင်းတစ်ကောင်လို လှုပ်ရှားအသက်ဝင်ပြီး တွန့်တွန့်တွန့်တွန့်နဲ့ တိုင်ကနေတွယ်ပြီး အပေါ်တက်လာ ဆရာ့လက်ထဲရောက်လာတယ်။ ဆရာကပြုံးပြီး -

"အဲဒီလို လိမ္မာမှပေါ့ကွ"

လို့ပြောလို့ ရေဆေး၊ လက်သုတ်ပဝါနဲ့သုတ် လက်ဖက်အုပ်ထဲပြန်ထည့်လိုက်တယ်။ တစ်ခါကလည်း ဆရာက မြေကြီးထွန်သလိုတုတ်နဲ့ခြစ် စပါးစေ့တွေပက်ကြဲ၊ ပွစိပွစိနဲ့ ဂါထာရွတ်၊ ရေလက်ပြန်ဆေးချလိုက်ရုံနဲ့ စပါးပင်ငုံတွေပေါက်၊ စပါးနှံတွေပွင့်ထွက်ခဲ့သီးနေတာပဲ အံ့ဩစရာ။ မျက်လှည့်ပြနေသလိုပဲ။

တစ်ခါတော့ ဆရာရှေ့က မီးခွက်လေတိုက်လို့ ငြိမ်းသွားတော့ ကိုအောင်ချင်းက မီးခတ်ရှာဖို့လုပ်တုန်းက ဆရာက သူ့လက်သည်းခွံနှစ်ဖက်ခတ်ပြီး မီးထွန်းပြတယ်။ သူကုတဲ့ဝေဒနာရှင် ပယောဂဖူးကပ်သူမှန်သမျှ မြစ်ချင်းပြီး တန်းပျောက်ပဲ။ နှစ်ခါမကုရဘူး သိပ်စွမ်းတာ။

အဲဒါတွေ ကိုယ်တိုင်မြင်ရ၊ တွေ့ရပြီး အထင်ကြီးအားကျ ဆရာ့တပည့်ခံ ပညာယူခဲ့တယ်။

ဆရာက ငါ့တပည့်ခံမယ်ဆိုရင် ငါ့စကားနားထောင်၊ ငါပြောသလိုလုပ်၊ ငါခိုင်းရင် မငြင်းနဲ့။ ငါနဲ့အတူ ရွာစဉ်ရွာဆက် ဆေးကုထွက်လိုက်ပြီး ကုထုံး၊ ကုနည်းနိဿယဥ္စ နိုင်မယ်ဆိုရင် ငါ့ပညာရမယ်လို့ ပြောတော့ မိခင်မုဆိုးမကြီးထံခွင့်ပန်ပြီး မိခင်ကြီးကို နှမလေးနဲ့ထားရစ်ခဲ့တယ်။ အဲဒီနောက် ဆရာသွားလေရာ လွယ်အိတ်လွယ်ပညာယူခဲ့တယ်။ (၃) နှစ်လောက် ပညာယူရင် ပညာစုံရပြီ။ ဆရာကဆေးကုလို့ရတဲ့ပိုက်ဆံထဲက အတော်အသင့်ခွဲပေးတော့ ရွာမှာကျန်ခဲ့တဲ့မိခင်အိုကြီး ပြန်ပြန်ကန်တော့နိုင်တယ်။ တစ်ရွာတစ်ရွာ ဝင်ငွေကလည်း အရမ်းရတာပဲကိုး။ အဲဒီခေတ်အခါက မြို့နယ်ဦးစီးအရာရှိတစ်ယောက် ဝင်ငွေ (၁) လ လစာ (၄၅၀) ကျပ်လောက်ကို ကျွန်တော်ဝင်ငွေက အနည်းဆုံး (၁) လ (၂၀၀၀)၊(၃၀၀၀) ရနေတာကိုး။ ဒီအလုပ်က သိပ်ဟန်သပေါ့လေ။

မိခင်ကြီးကိုပစ်ပြီး ဆရာ့နောက်လိုက်ခဲ့တာ ဆရာ့ရွာရောက်တယ်။ ရွာအဝင်ကတိုင် ဆရာ့ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ လမ်းမှာဆုံတိုင်း နှုတ်ဆက်ကြတယ်။ ဆရာကပြုံးပြုံးနဲ့ ပြန်ဖြေတယ်။ ဆရာ့ရွာက ရွာငယ်လေး။ ရွာတန်းရှည်၊ အိမ်ခြေ (၇၀) ကျော်လောက်ပဲရှိတယ်။ ဆရာ့အိမ်က (၄) ပင်အိမ်။ သွပ်မိုး၊ ပျဉ်ထောင်ပျဉ်ခင်း၊ မီးဖိုခုံးနဲ့ခြေတံရှည်ရှည်။ ရွာအနောက်ဖျားမှာ ဆရာ့အိမ်အနောက်ဘက် အိမ် (၂) လုံးပဲရှိတယ်။ အရှေ့၊ အနောက်သွားလမ်းမကြီးမြောက်ဘက်မှာရှိတယ်။

ဆရာကလူလွတ်၊ တစ်ကိုယ်တည်း။ မိသားစုမရှိဘူး။ ရွာတွေထွက်ဆေးကုရင် အိမ်တံခါးကို သော့ခတ်ခဲ့တာပဲ။ ဘယ်သူမှမအပ်ခဲ့ဘူး။ မစောင့်ခိုင်းဘူး။ အခြားရွာထွက်ပြီး မကြာခဏပြန်တတ်ပုံပဲ။ အိမ်ပြန်ရောက်ရင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် အဆင်သင့်ပဲ။ ဟင်းချက်ချင် ရွာထဲက အိမ်ဆိုင်ပြေးဝယ်ချက်တယ်။ ကျွန်တော်ရောက်လာတော့ နှစ်ယောက်စာ ကျွန်တော်ပဲ ဒိုင်ခံချက်ရတယ်။

ဆရာ့တပည့်များများစားစားမရှိပါဘူး။ ကျွန်တော် အပါအဝင် လေးယောက်ပဲရှိသတဲ့။ တခြားသူတွေက အိမ်ထောင်သည်တွေ။ ကျွန်တော်သာ လူပျိုလူလွတ်မို့ ဆရာနဲ့အတူတူနေရတာ။

ဆရာက ဘာသာမဲ့ပဲ။ ဘာမှ မကိုးကွယ်ဘူး။

ဘုရားမရှိဘူး။ ဥပုသ်နေ့တွေသီလမစောင့်ဘူး။ ပုတီးမစိပ်၊ တရားမထိုင်ဘူး။ ဗုဒ္ဓကို မကိုးကွယ်ဘူး။ ဆွမ်း၊ ရေချမ်း၊ ပန်း၊ နံ့သာတိုင်မကပ်ဘူး။ မပူဇော်ဘူး။ ဆွမ်းတော်တင်တာကို ကြွက်စာကျွေးတာ၊ ပန်းတင်တာ ကြွက်သိုက်၊ မီးပူဇော်တာကို ကြွက်လမ်းပြ၊ ရေချမ်းကပ်တာ ကြွက်သောက်ရေ၊ ဒီလိုခံယူထားတယ်။

နောက်ပြီး သူအိပ်တဲ့ခုတင်ခြေထောင် ရှုပ်ထားတာက တင်ပျဉ်ခွေသ[...] သားဆင်း ရုတော်တွေ၊ သူ့ခြင်ထောင်က မီးနေသည်ထဘီတွေစပ်ဟပ်ချ[...] ထားတာ။ ခုတင်ဘောင်နဲ့အခင်းပျဉ်တွေ က သင်္ချိုင်းကကောက်ထားတဲ့ မသာခေါင်းကပျဉ်တွေ။ နောက်ပြီး မီးနေသည်အိပ်ခန်းထဲက လောင်းချတဲ့ရေနဲ့ ရေချိုးခေါင်းလျှော်တယ်။ သူများခြေဆေးရေ မျက်နှာသစ်တယ်။ အဲဒီလို မသိုးမသ[...] များများလုပ်မှ ပိုစွမ်းသတဲ့လေ။ ဆ[...] အိပ်ရင် ခေါင်းရင်းဘယ်တော့မှမအိ[...] ဘူး။ အနောက်ခန်းပဲအိပ်တယ်။ သူ[...] တဲ့ဆေးက နတ်စင်မြေ၊ သင်္ချိုင်းမြေ[...] တယ်။

သူ့ဆေးတောင့်တွေကို ဆေး[...] လို့ခေါ်ပြီး ခြေရင်းခန်းအမြဲထားတ[...] သင်္ချိုင်းကုန်းက ရေတကောင်းအိုး[...] တဲ့မြေအိုးကွဲနဲ့အင်းချတယ်။ သူမ[...] တဲ့အိမ်၊ မုန်းတီးတဲ့အိမ်မြှုပ်တယ်။ အ[...] သရဲမွေးတယ်။ အမဲသားစိမ်းကျွေး[...] ထားပြီး အိမ်နောက်ဘေးခြံထောင့်[...] သစ်ပင်မှာနေစေတယ်။ အမဲသ[...] ဆရာကိုယ်တိုင်ကျွေးပြီး ပါးစပ်က[...] ငါကျွေးတာစား၊ ငါခိုင်းတာလုပ်လို့[...] တယ်။

ဆရာ့ပညာယူစဉ်တုန်းက သူ[...] တပည့်တွေ ပညာယူဂိုဏ်းစဉ်တက်[...] သီလခံ၊ သစ္စာဆို ဘုရားငါးဆူနဲ့သာ[...] စောင့်နတ် ဘိုးတော်သိကြား၊ နတ်[...] ကြီး (၄) ပါး၊ ထွက်ရပ်ပေါက်ဝိဇ္ဇာ[...] (၆၅) ပါးပင့်၊ ဘာသနာပွဲထိုး၊ ပွဲ[...] ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတိုင်၊ လက်[...] ကွမ်းယာ၊ သစ်သီးမျိုးစုံနဲ့ အင်းစ[...] သောက် အစွဲရှိ၊ မရှိ စစ်ဆေးပြီးမှ [...] ပေါက်တာမျိုး မလုပ်ရဘူး။

မိုင်းကိုင်စက္ကူပေါ်အင်းချ[...]

ပြာချ၊ ရေဖျော်တိုက်၊ ခြေထောက်ဆေး
နတ်နဲ့ ဘုရားပုံထိုး ပြီးရော။

သူ့ဘဝနဲ့သူဟုတ်လို့။ အထက်
ဒိုက်းပုဂ္ဂိုလ်တွေ စပါးစေ့၊ ရေလက်ပြန်
လောင်း၊ စပါးပင်ပေါက် အသီးတွေခဲနေ
အောင်သီးမပြနိုင်ဘူး။

အထက်လမ်းဆရာတွေက တန်ခိုး
ကြီးဘုရားတွေမှာ အဓိဋ္ဌာန်ဝင်၊ ပရိတ်
ရွတ်၊ ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာပို့
အမျှဝေ၊ ဘုရားတရားကုသိုလ်ကောင်းမှု
ဖြ ခုနစ်ရက်သားသမီးတွေကယ်တယ်။

ကျွန်တော်တို့က အတိုက်အခိုက်
လုပ်။ စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ သရဲတွေ
နိုင်းစား။ ကိုယ်ကပြန်ကု။ သူများငိုမှ
ကိုယ်ရယ်ရမယ့်အလုပ်။

ကြာကြားဝါးတော့ ခါးမှန်းသိ
လာတယ်။ ဆရာ့လုပ်ရပ်တွေက ကိုယ်
ကောင်းစားရေး၊ တစ်ကိုယ်ကောင်းအတ္တ
ပါ၊ ပရဟိတလုံးဝမပါဘူး။

ဘုရားမရှိ၊ တရားမသိ၊ ကံရဲ့
အကျိုးမယုံဘူး။ မိစ္ဆာဒိဋ္ဌိအယူရှိတယ်။
ဒီကိုယ်ဖြစ်ဒီကိုစံ၊ ဟိုကိုယ်ဖြစ်ဟိုကိုယ်ခံ
ဆိုတဲ့ လူစားမျိုး။

မိုးဆိုတာ အမြဲမကောင်းဘူး။
မိုးခေါင်တဲ့နှစ်ဆိုတာရှိတယ်။ ကိုယ်က
အမြဲချည်းတူမဖြစ်ဘူး။ ပေအဖြစ်လည်း
ကြုံတတ်တယ်။ လောကဓံအလှည့်
အပြောင်းက သိပ်ကြောက်ဖို့ကောင်း
တာ။

ဆရာအသက်ကြီးလို့ သေခါနီးမှာ
တစ်ကိုယ်လုံး အနာအဆာတွေပေါက်။
ဒီလောင်ဖုကြီးတွေလိုပဲ။ ပူနာကြီးတဲ့။
ရေပြည်တရွှဲရွှဲယင်တဝဲဝဲနဲ့။ နူနာကြီး
လိုပဲ၊ ညတိုင်းအော်ဟစ်ညည်းညူနေရ
တယ်။ သူညွှန်တဲ့ဆေးလိမ်းရတယ်။ အဲဒီ
ဖြစ်တာ (၁) လလောက် ကြာတယ်။
သူ့အမျိုးတွေက ဆင်မတောင်ဆေးခန်း
က တျှန်းမာရေးမှူးခေါ်ပြ ဆေးကုပေး
မယ်ဆိုတော့ အကုမခံဘူး။

သူကသာကုတာ။ သူများအကုမခံ
ဘူး တချို့ကပြောတယ်။ ကိုယ်မွေးတဲ့
သရဲ တိုယ့်ပြန်စားတာတဲ့။ တစ်နေ့တော့
ဆရာ့လက်တွေ ခြေတွေမြောက်၊ ပါးစပ်
ကလည်း -

"ဟာ - ငါ့မဆွဲကြပါနဲ့။ လွှတ်ပါ
ကွာ ဟာကွာ - မဆွဲကြပါနဲ့ဆို"

လို့ အော်ဟစ် ညည်းညူရင်း
တစ်လုံးပြူးမျက်ဆန်ပြူးနဲ့ အကြောဆွဲ
ပြီးလိမ်ကွေးကောက်သေသွားတယ်။
ဆရာက မျက်ရည်ကျမယ့်သူ၊ ငိုတဲ့လူ
မရှိဘူး။ သူ့အမျိုးတွေက တော်ရှာပါ
တယ်။ ကျောပူအောင်မထားဘူး။ ဝါး
ကပ်လုပ်၊ ဘုန်းကြီးငါးပါးပင့်၊ လူလေး
(၂၀) (၂၅) လောက်လိုက်ပါပို့ဆောင်ပြီး
သင်္ချိုင်းမှာ မြေမမြှုပ်၊ ဂူမသွင်းဘူး။ ထင်း
ခြောက်ပုံ မီးရှို့မီးသင်္ဂြိုဟ်တယ်။ ဆရာ့
လားရာဘဝကတော့ အောက်လမ်းဆို
တော့ အထက်မရောက်မှာတော့ အသေ
အချာပဲလို့ တွေးမိတယ်။

တိုက်တိုင်ဆိုင်ဆိုင်ပါပဲ။ ဆရာ့
ရက်လည်ဆွမ်းသွတ်နေ့မှာ ရွာက နမသိ
က လူကြုံနဲ့စာပါးလိုက်တယ်။ စာထဲမှာ
ရွာဦးကျောင်းက ငယ်ဆရာတော်
ဦးကေသရ သက်တော် (၉၂) နှစ်ပျံလွန်
တော်မူကြောင်း၊ နောက်ဆုံး ဂါရဝပြုနိုင်
ရန် ဘုန်းကြီးပျံအမီ မီးမသင်္ဂြိုဟ်ခင်
အမြန်ပြန်ခဲ့စေလိုကြောင်းပါတယ်။

ကျွန်တော်လည်း စာရပြီး အကျိုး
အကြောင်းပြောပြကာ အားလုံးကို
နှုတ်ဆက်ပြီး ရွာပြန်ခဲ့တယ်။

ရွာရောက်တော့ အမေနဲ့ ညီမ
လေးကိုနှုတ်ဆက်၊ ခဏတစ်ဖြုတ်နားပြီး
ရွာဦးကျောင်းထွက်ခဲ့တယ်။ ဘုန်းကြီးပျံ
ကွင်းထဲရောက်တော့ လူအတော်စည်
နေတာတွေ့ရတယ်။ ကြီးကြီးငယ်ငယ်
ရွယ်ရွယ်လတ်လတ် ဆရာတော် တပည့်
တွေ နောက်ဆုံးအနေနဲ့ ဂါရဝပြုပြန်လာ
တာမြင်ရတယ်။

ဆရာတော် ရုပ်ကလာပ်သွင်း
ထားတဲ့မှန်ခေါင်းရှိရာ စံကျောင်းပေါ်
လှေကားအတက်တက်မရဖြစ်နေတယ်။
တစ်စုံတစ်ယောက်က ခြေထောက်ကို
ပုတ်ချသလို ခံစားရတယ်။ အကြိမ်ကြိမ်
ကြိုးစားတယ်။ လုံးဝကိုတက်လို့မရဘူး။
ဒီလို ချီတုံချတုံဖြစ်နေတာကို မဏ္ဍပ်ထဲ
က သီလရှင်ကြီးတစ်ပါးက မြင်တွေ့
သွားပြီးလှမ်းခေါ်တယ်။

'လူလေး၊ မင်း ဆရာတော်ကြီးကို
ကန်တော့သွားမလို့မဟုတ်လား' တဲ့။

'ဟုတ်ပါတယ်၊ အခုပျံလွန်
တော်မူတဲ့ဆရာတော်ကြီးက သားရဲ့
ငယ်ဆရာပါ။ သားကန်တော့ချင်လို့
ရပ်ဝေးက တကူးတကပြန်လာခဲ့တာပါ'

'အေး - ငါ့သားတပ်ထားတဲ့ပညာ
က ယုတ်ညံ့လို့ မိန်းမတွေလောက်မှ
မမြတ်ဘူး။ မင်းအမြင်ပဲ။ မိန်းမသားတွေ
တက်လိုက်၊ ဆင်းလိုက်ကန်တော့နေကြ
တာတွေလေ'

'ကျွန်တော် ဘယ်လိုလုပ်ရမလဲ။
ကျွန်တော့် ဆရာတော့်ကို နောက်ဆုံး
အနေနဲ့ ကန်တော့ချင်ပါတယ်'

'အေး - ဒီလိုဆို မင်းတတ်ထားတဲ့
ပညာတွေမလိုချင်ပါဘူး။ မနှစ်သက်ပါ
ဘူး။ စွဲလမ်းမခုံမင်ပါဘူး။ အမေ့ကို
အားလုံးကုန်လှူပါတယ်ဆိုပြီး (၃) ခါဆို'
လို့ မိန့်တယ်။

အဲဒီလိုဆိုပြီး ဘုရားရှေ့မှာ ငါးပါး
သီလခံ။

အဝ္ဇတ်ဂွေပါဇာပေတံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃာ သရဏံ ဂစ္ဆာမိ

(၃) ကြိမ်ဆိုရတယ်။ အဲဒီလိုဆိုပြီး
လူလေး အိမ်ပြန်၊ ခေါင်းလျှော်ရေချိုး၊
အမွေးနံ့သာလိမ်း၊ အဝတ်သစ်အစား
သစ်လဲပြီးပြန်လာခဲ့။ မင်းတက်ကန်တော့
ရပြီလို့ မိန့်ခဲ့တယ်'

သီလရှင်ကြီးမိန့်တဲ့အတိုင်း အိမ်ကို
အပြေးလေးပြန်၊ ခေါင်းလျှော်၊ ရေချိုး၊
အဝတ်စားသစ်လဲပြန်လာပြီး သီလရှင်
ကြီးကိုနှုတ်ဆက်၊ အသိပေးပြီး စံကျောင်း
လှေကားပေါ်တက်ရပြီ။ ဝမ်းသာလိုက်
တာ။ ဆရာတော့်ရုပ်ကလာပ်ရှေ့မှာ
တပည့်မိုက်ကြီး ကာယကံ၊ ဝစီကံ၊
မနောကံ ကံ (၃) ပါးတို့ဖြင့် ပြစ်မှားမိ
သည်ရှိသော်ကျေပါစေ၊ သည်းခံခွင့်လွှတ်
တော်မူပါဘုရားဆိုပြီး ဦးသုံးကြိမ်ချပြန်
ခဲ့တယ်။ အပြန်ကျတော့ စောစောတုန်း
က တွေ့ခဲ့တဲ့သီလရှင်ကြီး မဏ္ဍပ်ထဲမှာ
မမြင်တော့ဘူး။ အနီးအနားဝန်းကျင်ရှာ
ကြည့်တော့လည်း မတွေ့တော့ဘူး။

အဲဒီနောက် အိမ်ပြန်ခဲ့ပြီး ငါ့ပညာ
တွေရှိသေးလားလို့ စမ်းသပ်တဲ့အနေနဲ့
မြေကြီးတုတ်ခြစ်၊ စပါးစေ့ပက်ကြဲ၊
ဂါထာရေလက်ပြန်လောင်းကြည့်တာ
စပါးပင်ပေါက်၊စပါးနှံထွက်သီးမရှိတော့
ဘူး။စပါးစေ့တွေသာ ရေထဲမျောပါသွား
တာတွေ့ရတာ။ အဲဒီကထဲကတိုင် ကျွတ်
ပြီလွတ်ပြီလို့သိလိုက်တယ်။

အကျွတ်တရားရပြီး ညတိုင်း
ဘုရားရှိခိုး၊ ငါးပါးသီလခံယူ၊ မေတ္တာပို့၊
အမျှဝေ၊ ပရိတ်၊ ပဋ္ဌာန်းရွတ်၊ လပြည့်နေ့၊
လကွယ်နေ့တိုင်း သီတင်းသီလဆောက်
တည်၊ တန်ခိုးကြီးဘုရားတွေ အဓိဋ္ဌာန်
ဝင် ပုတီးစိပ်၊ တရားထိုင်တယ်။ အလှူ
ဒါနပြုတယ်။ သမ္မာအာဇီဝအနေနဲ့
ဓာတ်ဗိန္ဒောပညာနဲ့ဆေးကုနေပါတယ်။
အခုချိန်ထိပဲဆိုပါတော့။

*သတ္တဝါမှန်သမျှ တရားတွေ့*
*ချမ်းမြေ့ကြပါစေ*

**အောင်သိန်းဇင်း(ပွင့်ဖြူ)**



ရာသီက ပူပြင်းလွန်းလှသည်။ တောင်ငူနယ်သည် ပဲခူးရိုးမကြီး၏ အရိပ်အာဝါသအောက်တွင် ခိုလှုံလျက်ရှိသော်လည်း ယခုလိုနွေရာသီကိုရောက်လာတိုင်း ပူပြင်းသောရာသီဥတုဒဏ်ကို ခံကြရမြဲ ဖြစ်သည်။

ဆောင်းရာသီမှာ ပဲခူးရိုးမကြီး၏ သစ်ရိပ်ဝါးရိပ်ကြောင့် အအေးပိုသလို နွေရာသီမှာလည်း ပူမြဲသာဖြစ်သည်။

ထွန်းမောင်နှင့် မောင်ကောက် ငါးမန်းလှကြီးကိုထမ်းပြီး သန်းအောင်၏ ဥယျာဉ်ခြံထဲမှ လက်ပံပင်ကြီးဆီသို့ ဦးတည်ပြီးသွားနေကြသည်။

ထိုလက်ပံပင်ကြီးမှာ ပြေအမည်ရှိသော သရဲကြီးတစ်ကောင်နေသည်။ ထိုသရဲကြီးပြေသည် လက်ပံပင်အောက်မှာ လက်ပံပွင့်ကောက်ရင်း လာဆော့ကြသောကလေးများကိုခြောက်လှန့်ဖမ်းစားလေ့ရှိ၏။ လက်ပံပင်ကြီးအောက်ရောက်မိသောကလေးများထဲမှ တစ်ယောက်ယောက်သည် လန့်ဖျားခြင်း၊ ဗိုက်အောင့်ခြင်း စသည်ဖြင့် တစ်ခုခုဖြစ်လျှင် သရဲပြေကြီး၏လက်စဟု သိနိုင်သည်။

အမဲသားအစိမ်း တစ်ပိဿာနှင့် ဆန်တစ်ပြည်ချက်သွားပြီး မပေးမချင်း ထိုကလေး၏ဝေဒနာသည် ပျောက်ကင်းခြင်းမရှိပေ။ အမဲသားစိမ်းတစ်ပိဿာနှင့် ဆန်တစ်ပြည်ချက်ကို ဖက်စိမ်းနှင့်ထည့်ပြီး ထိုလက်ပံပင်ကြီးအောက်ကိုသွားပစ်မှ ယူပစ်သလိုပျောက်ကင်းသည်။

သရဲကြီးပြေ ဤကဲ့သို့လုပ်စားနေသည်မှာကြာခဲ့ပြီ။ လူ့အသက် နှစ်ဆက်ခန့်ရှိလာခဲ့ပြီဟုပြောကြသည်။ ထို့ကြောင့် ကာလအားဖြင့် ကြာလာခဲ့ပြီဖြစ်၍ သရဲကြီးပြေသည် ဤနဂါးမောက်ရွာသားလား၊ အခြားတစ်ရွာကပင်ဖြစ်လေသလားဆိုသည်ကို တိတိကျကျမသိနိုင်ကြတော့ပေ။

သို့သော်လည်း သရဲကြီးပြေ လုပ်စားနေသည်ကို သည်းခံသူက သည်းခံနိုင်ကြသော်လည်း ထွန်းမောင်နှင့် မောင်ကောက်တို့က သူတို့သားသမီးများကို အကြိမ်ကြိမ်ဖမ်းစားခြင်းခံလာသောအခါ သည်းမခံနိုင်ကြတော့ပေ။

ထို့ကြောင့်ပင် ငါးမန်းလှကြီးဖြင့် လက်ပံပင်ကြီးကိုအပြတ်ရှင်းရန်လျှောက်လာနေကြလေသည်။ လက်ပံပင်ကြီးမှာလည်း သနားစရာပင်ကောင်း၍နေေ… သည်။ ပင်လုံးကျွတ်ပွင့်၍ ရဲရဲနီလျှ… ပွင့်ဝတ်ရည်ကို စုပ်သောက်နေကြသော ဆက်ရက်များလည်း မြူးပျော်ကာ ဆူညံ နေကြလေသည်။

ရွာထဲမှ လူကြီးလူငယ်၊ ကလေး စသည်ဖြင့်လည်း ရံခါ ချက်ပြုတ်စား… သောက်ရန် သည်အပင်ကြီးမှာ လက်… ပွင့်လာကောက်ကြသည်။ ထို့ကြော… တစ်နည်းတစ်ဖုံအားဖြင့် သည်လက်… ပင်ကြီးသည် ရွာသူရွာသားများအား ကျေးဇူးပြုလျက်ရှိသည်ဟု ဆိုနိုင်ေ… သည်။

သို့သော်လည်း ထိုကျေးဇူးတရား… များက ထွန်းမောင်နှင့် မောင်ကော… တို့၏ဒေါသကို ချေဖျက်နိုင်စွမ်းမရှိေ… မြေပြင်သို့ ဗုန်းဗုန်းလဲရန်သာအကြောင်း… လျက်ရှိနေလေသည်။

အနားသို့ရောက်လျှင် ငါးမန်းလှ…

ကြီးကိုဘေးချကာ လက်ပံပင်ကြီးကို မော့ကြည့်ကြသည်။ နည်းနည်းနော နော အပင်ကြီးမဟုတ်ပေ။ လက်တောင်ရာချီမြင့်ပြီး ခက်မငါးဖြာထွက်ကာ လူသုံးလေးယောက်ဖက်ခန့်ရှိသည်။ သုံးတောင်တော့်ခန့်ဖြာထွက်နေသော ပျဉ်းစောင်းကြီးလည်း ငါးခုရှိနေသည်။

ထို့ကြောင့် ငါးပေငါးမန်းလွှမျှဖြင့် တိုက်လှဲရန်ပင် မလွယ်ကူသောကြောင့် ဦးစွာ ပျဉ်းစောင်းကြီးများကိုသာစတင်ပြီး တိုက်ဖြတ်ကြလေ၏။ ပျဉ်းစောင်းနှစ်ခုမျှပြတ်တောက်ပြီးချိန်တွင် မောင်ကောက်၏လက်များမှာ လေးတေးတေးဖြစ်လာသည်။ ထို့နောက် တစ်ချက်သမ်းဝေ့ကာ ချွေးသီးချွေးပေါက်များကျလျက် မူးဝေပြီး ထိုင်းမှိုင်းလာသည်။

"ဟိုက်ကောင် ထွန်းမောင်၊ ငါ ချွေးတွေအရမ်းထွက်ပြီးမူးဝေလာတယ် ကွ။ ဒါကြောင့် ခဏနားမှဖြစ်မယ်"

"နားရင်လည်းနားလေ၊ ဒီလောက်ကြီးတဲ့အပင်ကြီးကို တစ်ဟုန်တည်းနဲ့ အပြတ်လှဲလို့လည်းရနိုင်မှာမဟုတ်ပါဘူး"

"အေး - ငါ ဒီနားမှာပုဆိုးစုတ်ဖြန့်ခင်းပြီးခဏလှဲဦးမယ်ကွာ"

"ဟာ - မင်းဥစ္စာက အဲလောက်တောင်ပဲလား၊ ဘယ်လိုဖြစ်တာလဲ"

"မူးဝေလာတယ်ဆိုမှကွာ"

"နေပူထဲဖြတ်လျှောက်လာပြီး လွှဆွဲလိုက်တော့ တအားပင်ပန်းသွားလို့များလား"

"ဖြစ်ချင်လည်းဖြစ်မှာပေါ့ကွာ"

ထိုမျှလောက်သာ ပြောနိုင်ခဲ့ပြီး မောင်ကောက်အိပ်ပျော်သွားလေသည်။

ထွန်းမောင်လည်း ရေခပ်သောက်ရန် လက်ယက်တွင်းရှိသည့်ဘက်သို့ လျှောက်သွားလေသည်။

❑

"ဟိုက်ကောင် ငကောက်၊ ဒီလက်ပံပင်ကြီးမှာ ငါနေတာ သိသိကြီးနဲ့ ဘာလို့လှဲချင်နေကြတာကွ။ ဒီအပင်ကြီးမှာ ငါနေသရွေ့ မင်းတို့လှဲချင်တိုင်းလှဲလို့မရဘူး ဆိုတာမှတ်ထား။ အခု ငါဒေါသကိုချုပ်တည်းထားလို့ မင်းတို့နှစ်ကောင်သက်သာခွင့်ရနေတာ။ စိတ်ထင်တိုင်းသာလုပ်လိုက်ရင် မင်းတို့နှစ်ကောင်သွေးပွက်ပွက်အန်ပြီး မသာပေါ်လောက်ပြီ"

"ဟာ"

ဝဝဖိုင့်ဖိုင့် ဗိုက်ရွှဲရွှဲ အရုပ်ဆိုးဆိုးနှင့် လူလေးကိုယ်စာမျှရှိသောအကောင်ကြီးတစ်ကောင် လက်ပံပင်ကြီးပေါ်မှနေဆင်းလာပြီး မောင်ကောက်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ စားမတတ်ဝါးမတတ် ကြိမ်းဝါးပြောဆိုလိုက်သဖြင့် မောင်ကောက်လန့်သွားသည်။

"မဟာနဲ့ကွ၊ ဒါ မင်းတို့သဘောနဲ့ မင်းလာလုပ်နေကြတာ။ ဒီလောက်ထိနှစ်ရှည်အပင်ကြီးကို မင်းတို့သဘောနဲ့ မင်းတို့လုပ်ခွင့်ရှိလို့လား။ မင်းတို့လုပ်ရပ်ကို ကျောင်းထိုင်ဆရာတော်သာသိရင်လည်းကျောကော့ပြီ။ သူကြီးသိရင်လည်း ထိတ်တုံးရောက်ပြီ။ ငါကသာ စိတ်ရှိအတိုင်းလုပ်လိုက်ရင်လည်း မင်းတို့နှစ်ယောက် မသာပေါ်ပြီ။ ဒါကြောင့် အသက်ညှာဆုံးပြောလိုက်မယ်။ အခု ချက်ချင်း ငါ့အပင်အောက်ကထွက်သွားကြစမ်း"

# ထွန်းတောက်

## နဂါးမောက်ရွာက ဖုတ်ပြိတ္တာကြီး



မောင်ကောက် သက်မတစ်ချက် ချလိုက်ပြီး -

"ခင်ဗျားကဘယ်သူတုန်း"

"မေးနေသေးလားကွ။ ဒီလက်ပံပင်ကြီးမှာနေတဲ့ ဖုတ်ပြိတ္တာပြေဆိုတာ ငါပဲ"

မောင်ကောက် တစ်ချက်၊ နှစ်ချက် ခေါင်းညိတ်လိုက်ပြီး -

"ဒါဆို ခင်ဗျား ခဏခဏဘာလို့ ကလေးတွေကိုခြောက်လှန့်နေတုံး"

"ငါဘယ်သူ့အိမ်မှသွားပြီးမခြောက်လှန့်ဘူးကွ"

"ဟာ - ခင်ဗျားအဲလိုပြောလို့မရဘူးလေ။ အိမ်ကိုသွားပြီးခြောက်လှန့်မှ ခြောက်လှန့်တာမဟုတ်ဘူး။ ဒါလည်း ကျုပ်တို့ ရွာသားတစ်ယောက်ရဲ့ဥယျာဉ်ခြံမြေပဲ။ ဒီတော့ ရွာထဲကကလေးတွေလည်း နွားကျောင်းရင်း၊ လက်ပံပွင့်ကောက်ရင်း ရောက်ချင်ရောက်လာကြမှာပဲ"

"အေး - ငါ့ပိုင်နက်ထဲရောက်လာတဲ့အခါ စားဖို့သောက်ဖို့ရအောင်ဆိုပြီး ငါခြောက်လှန့်တာတော့ရှိတယ်။ ဒါပေမယ့် ငါ ဘယ်ကလေးကိုမှ သေလောက်အောင်၊ ဘဝပျက်လောက်အောင်မလုပ်ခဲ့ဘူးကွ"

"ဩော် . . . ဩော် - တော်တော်တရားတာပဲနော်"

"အေး - မင်းပြောချင်သလိုပြော၊ ထင်ချင်သလိုထင်၊ ငါလည်း ငါ့ဝမ်းရေးအတွက်တော့ လုပ်သင့်ရင်လုပ်ရတာပဲ"

"ခင်ဗျား တစ်ခါလုပ်လိုက်တိုင်း အမဲသားစိမ်းတစ်ပိဿာနဲ့ ဆန်တစ်ပြည်ချက်ဆိုတာလွယ်တယ်မထင်နဲ့။ ဆင်းရဲသားမိသားစုတွေအဖို့ ထိတယ်ဗျ မှတ်ထား။ ဒါကြောင့် အဲလောက်ထိဒုက္ခပေးနေတဲ့ခင်ဗျားကြီးကို ဒီနေရာမှာမထားသင့်တော့ဘူးဆိုပြီး ကျုပ်နဲ့ ထွန်းမောင် အပြတ်ရှင်းဖို့လာကြတာ"

သရဲကြီးပြေ တစ်အောင့်ကြာမျှ တွေဝေသွားသည်။ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။ ထို့နောက် -

"မင်းတို့ဘက်ကကြည့်ရင်လည်း ခြောက်လှန့်ဖမ်းစားခံရတယ်။ ပေးရကျွေးရတယ်။ နစ်နာတယ်ဆိုပြီး မြင်ကြလိမ့်မယ်။ ငါ့အနေနဲ့ကလည်း ဝမ်းရေးဖြေရှင်းဖို့ ဒီတစ်နည်းပဲရှိတယ်။ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာစေလိုစိတ်မရှိတာ အမှန်ပဲ။ ငါဒီလက်ပံပင်ကြီးကိုရောက်နေတာလည်း အခုမှမဟုတ်ဘူး။ ကိုယ့်သဘောနဲ့ကိုယ်လာနေတာလည်းမဟုတ်ဘူး။ မင်းတို့အဘိုး ကျောင်းသားအရွယ်ကပင် သက်ဆိုင်ရာနတ်မင်းတွေက နေရာချပေးလို့လာနေတာပဲ။ အဲဒီအချိန်က ဒီလက်ပံပင်ကြီးဟာလည်း လူတစ်ဖက်စာလောက်ပဲရှိသေးတယ်။ ဒါကြောင့် ဒီလက်ပံပင်ကြီးကို ငါပိုင်တယ်လို့တောင် ပြောလို့ရတယ်။ ဒီလက်ပံပင်ကြီးရှိနေတဲ့အတွက် ငှက်ကျေးတွေကိုလည်း နားခိုလို့ရတယ်။ လူတွေလည်း အပွင့်ကောက်စားလို့ရတယ်။ ဒါကြောင့် ဒီလက်ပံပင်ကြီးဟာ တစ်နည်းတစ်ဖုံအားဖြင့် ကျေးငှက်တွေကိုရော လူတွေကိုပါ ကျေးဇူးပြုနေလို့ မခုတ်လှဲသင့်ဘူးကွ။ ဒီလောက်အထိ ပြောလို့မှ မင်းတို့က မိုက်ရူးရဲဆန်ပြီး ဒီလက်ပံပင်ကြီးကိုဆက်လှဲကြမယ်ဆိုရင်တော့ ငါ့ကိုအဆိုးမဆိုနဲ့ ဒါပဲ"

ဟု ခပ်ပြတ်ပြတ်ပြောထားခဲ့ပြီး သရဲကြီးပြေ လက်ပံပင်ကြီးပေါ် သို့ ပြန်တက်သွားလေသည်။

"ဟာ"

ထို့နောက် မောင်ကောက်လည်း ဖျတ်ခနဲလန့်နိုးသွားလေသည်။

"ဟာ - ထွန်းမောင်၊ ငါ့ကိုရေတိုက်စမ်း ရေ. . . ရေ"

"ဘယ်လိုဖြစ်တာတုံး"

"ဘယ်လိုမှမဖြစ်ဘူး ရေ. . . ရေ"

ထွန်းမောင်မှာ ဘာမသိညာမသိ လက်ယက်တွင်းဆီကိုပြေးရန်ပြင်သည်။ လက်ယက်တွင်း၏နှုတ်ခမ်းတွင် တုတ်စိုက်ပြီးစွပ်ထားသော အိုးမှုတ်ခွက်တစ်ခု ရှိနေ၍ တော်သေးသည်။

မောင်ကောက်သည် ထွန်းမောင် ခပ်ယူလာသောရေကိုအငမ်းမရသောက်သည်။ ထွန်းမောင်က မောင်ကောက်ကို စိုက်ကြည့်နေသည်။ မောင်ကောက် ရေသောက်လိုက်ပြီးနောက် အသက်ကို ဝအောင်ရှူရှိုက်ပြီးပြောသည်။

"ထွန်းမောင်၊ ငါဒီလက်ပံပင်ကြီးကိုဆက်ပြီးမလှဲရဲတော့ဘူးကွ။ ပြန်တော့မယ်"

"ဟာ - ဘာဖြစ်လို့တုန်း"

"ဒီလက်ပံပင်ကြီးမှာ လူနဲ့တူပြီး လူလေးကိုယ်စာလောက်ရှိတဲ့ ရုပ်ဆိုးဆိုးနဲ့အကောင်ကြီးတစ်ကောင်ရှိတယ်ကွ"

"အေးလေ - အဲတာဘာဖြစ်တုံး၊ အဲတာမင်းပြောမှလား။ ဒီလက်ပံပင်ကြီးမှာ ပြေအမည်ရှိတဲ့သရဲကြီးတစ်ကောင်ရှိနေတယ်ဆိုတာ တစ်ရွာလုံးအသိပဲလေ။ ဒါကြောင့်ပဲ ရဲကြီးပြေ သောင်းကျန်းနေတာကို ဒေါသထွက်ပြီး မင်းနဲ့ငါ ဒီလက်ပံပင်ကြီးကို ခုတ်လှဲပစ်ဖို့လာကြတာပဲမဟုတ်လား"

"အဲ့တာတော့ဟုတ်တယ်။ ဒါပေမယ့် ခုတင်က ငါ့ကို သရဲကြီးလာကြိမ်းတယ်။ ဒီလက်ပံပင်ကြီးက သူ့အပင်တဲ့။ သက်ဆိုင်ရာနတ်မင်းတွေက သူ့ကိုနေခိုင်းထားလို့ သူပိုင်တယ်တဲ့။ ဒါကြောင့် မခုတ်ပါနဲ့လို့လာတားနေတယ်"

ထွန်းမောင် သက်မတစ်ချက်ကို ချလိုက်သည်။ မောင်ကောက်ပြောသည်ကိုလည်း လက်မခံနိုင်ဖြစ်နေသည်။ သရဲကြီးပြေကိုလည်း မကျေနပ်နိုင်ဖြစ်နေသည်။ ထို့ကြောင့် ဆက်ပြောသည်။

"ဒါဆို ကလေးတွေကို ဘာလို့ ခြောက်လှန့်ပြီး တောင်းစားနေတုံး။ အဲ့တာတော့မပြောဘူးလား"

"ပြောပါတယ်၊ အဲတာလည်း သူ့ဝမ်းရေးအတွက် မတတ်သာလို့လုပ်ရတာတဲ့။ ဒါပေမယ့် သူက ဘယ်သူ့ကိုမှ ထိခိုက်နစ်နာလောက်အောင်မလုပ်ပါဘူးတဲ့"

"ဟ - အမဲသားတစ်ပိဿာနဲ့ဆန်တစ်ပြည်ချက်ပေးကျွေးနေရတာ မနစ်နာသေးဘူးလားကွ။ ဘယ်ဆင်းရဲသားက အဲလိုဝယ်စားနိုင်လို့လဲ။ ကိုယ်တောင်မှ ဝယ်မစားနိုင်ဘဲ သရဲကိုဝယ်ကျွေးနေရတာလေ။ ပြီးတော့ သူ(သရဲကြီး)ဖမ်းတာနဲ့ နတ်ကတော်ခေါ်ပြီးတော့မေးရတာ၊ နတ်ကတော်ကို ထိုက်သင့်တဲ့ ခြေကြွခပေးရတာတွေလေ။ အဲတာတွေအားလုံးက အနာကြီးနာနေကြရတာပဲမဟုတ်လား။ အဲတာတွေအားလုံးကိုပေါင်းချုံပြီးပြောရရင် ဒီလက်ပံပင်ကြီးဟာ အဓိကတရားခံပဲ"

ဟု ထွန်းမောင်က မျက်နှာထားတင်းတင်းကြီးဖြင့် ပြောသည်။

မောင်ကောက် မကြည်မလင်သောမျက်နှာကြီးဖြင့် တွေဝေနေသည်။ (ခုတင်က) အိပ်မက်ထဲမှာ သရဲကြီးနှင့် ကိုယ်တိုင်တွေ့ပြီး အကြိမ်းခံလိုက်ရ၍လည်း ကြောက်နေပုံရသည်။

"မင်းပြောတာလည်း မင်းဘက်က မှန်သင့်သလောက်မှန်နေတာပဲ။ ဒါပေမယ့် ငါဆက်မလှဲချင်တော့ဘူး"

ဟု မောင်ကောက်ကပြောသည်။

"မင်းဆက်မလှဲချင်မလှဲနဲ့ပေါ့"

"အေး - ငါပြန်မယ်"

"ပြန်ပေါ့"

ထွန်းမောင်နှင့်မောင်ကောက်တို့ တစ်ယောက်နှင့်တစ်ယောက် သဘော ထားကွဲလွဲပြီး အဖုအထစ်ကလေးသဖွယ် ဖြစ်သွားကြလေသည်။

မောင်ကောက်က ဘာမှဆက်မပြောတော့ဘဲ သူခင်းအိပ်သောပုဆိုးစုတ်တလေးကို ဖုန်ဖုတ်ခါပြီးပခုံးပေါ်တင်ကာ လက်ပံပင်ကြီးအောက်မှထွက်လာခဲ့သည်။

ထွန်းမောင်လည်း မောင်ကောက်၏ကျောပြင်ကို တစ်အောင့်ကြာအောင် စိုက်ကြည့်ကျန်ခဲ့ပြီး သက်မတစ်ချက်ကို ချကာ နန်းပြားပုဆိန်ကြီးဖြင့် လက်ပံပင်ကြီးအား တဒုတ်ဒုတ်ဖြင့်ခုတ်လေသည်။

❑

ညနေမှောင်ရီသန်းစအချိန်တွင် ဖြစ်သည်။ ထိုအချိန်၌ သန်းအောင်၏ မိရိုး ဒေါ်ဝက်ကယ်သည် စိတ်မူမမှန်သလိုဖြစ်လာလေသည်။ ထို့ကြောင့် သားသမီးများမှာ သူတို့မိခင်ကိုကြည့်ပြီး ကြောက်လာကြသည်။

ထို့နောက် ဒေါ်ဝက်ကယ်သည် မျက်ထောင့်နီနီ၊ အသံအောအောကြီးဖြင့် 'သန်းအောင်ကိုခေါ်ပေးကြစမ်း' ဟု ဆိုလေသည်။

ထို့ကြောင့် သူ၏သားသမီးများမှာ နားမလည်နိုင်ဖြစ်ကာ 'ဤအသံသည် သူတို့မိခင်၏အသံမဟုတ်' ဟုသိလိုက်ကြပြီး တအံ့တဩဖြစ်ကာ စိုက်ကြည့်နေကြချိန်မှာပင် -

"သန်းအောင်မလာသေးဘူးလား။ သွားမခေါ်ကြဘူးလား"

ဟု လည်ချောင်းသံကြီးဖြင့်ထပ်ပြောလာ၍ သားသမီးများကြောက်လန့်ပြီး အိမ်အောက်ကိုဆင်းပြေးကြသည်။

ထို့နောက် ဘာမှန်းမသိ နားမလည်နိုင်ဖြစ်ကာ သန်းအောင်ကိုခေါ်ရန် ပြေးသူကပြေးပြီး လမ်းလျှောက်ထွက်သွားသော သူတို့ဖခင် ဦးမြအေးကို ပြေးခေါ်သူကလည်းခေါ်ကြလေသည်။

ပြေးကြလွှားကြနှင့် အတော်လေးပင် ရှုတ်ရှုတ်သဲသဲဖြစ်သွားသည်။ ရွာသူရွာသားများလည်း တစ်ယောက်ပြီးတစ်ယောက်ရောက်လာကြသည်။

"သန်းအောင်မလာသေးဘူးလား"

ဟု ဒေါ်ဝက်ကယ်က ထပ်မေးသည်။

"လာပါပြီ မရီး"

ဟု သန်းအောင် အိမ်ရှေ့လမ်းမထဲမှပြောပြီး အိမ်ပေါ်ပြေးတက်လာသည်။

"ငါ မင်းမရီးမဟုတ်ဘူးကွ"

"ဟာ - ဗျာ"

သန်းအောင် လန့်ပြီး မျက်လုံးကျယ်သွားသည်။

"ငါ မင်းခြံထဲကလက်ပံပင်ကြီးမှာ နေတဲ့ ဖုတ်ပြိတ္တာကြီး ငပြေ"

"ဗြော်"

သန်းအောင် အံ့ဩသွားသည်။

သို့မှ ကြည့်ရှုနေကြသောလူအားလုံးလည်း ဒေါ်ဝက်ကယ်ကို ဖုတ်ပြိတ္တာငပြေကြီးဝင်ပူးနေသည့်အကြောင်းကို သိလိုက်ကြသည်။

ဖုတ်ပြိတ္တာကြီး ငပြေဝင်ပူး၊ ဝင်ကပ်၊ တောင်းစားနေသည်မှာ အကြိမ်အားဖြင့် မရေမတွက်နိုင်လောက်အောင်ရှိလာခဲ့ပြီဖြစ်၍ ကလေးသူငယ်များမှစ၍ ရွာသူရွာသားများအဖို့ သိပ်ပြီးမဆန်းသကဲ့သို့ပင်ဖြစ်နေကြပြီ။ ယခုလည်း ဖုတ်ပြိတ္တာကြီးငပြေ ဗိုက်ဆာပြန်ပြီ။ အမဲသားစိမ်းတစ်ပိဿာနှင့်ဆန်တစ်ပြည်ချက်တောင်းတော့မှာပဲဟုထင်နေကြသည်။

"ငါက မင်းခြံကိုစောင့်ပေးနေတာ တောင် မင်းက ငါနေတဲ့လက်ပံပင်ကြီးကို ထွန်းမောင်နဲ့ ငကောက်ကို ခုတ်လှဲခိုင်းတယ်ပေါ့လေ ဟုတ်လား"

"ဗျာ - မဟုတ်ပါဘူး"

"ဒါဆိုရင် ဟိုကောင်တွေ (ထွန်းမောင်နဲ့မောင်ကောက်) ငါနေတဲ့လက်ပံပင်ကြီးကို ခုတ်လှဲကြတာဟာ မင်းခိုင်းတာမဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး၊ ကျွန်တော် မခိုင်းပါဘူး"

"ဒါဆိုရင်တော့ ငါ့အကြောင်းကို ကောင်းကောင်းကြီးသိကြရော့ပေါ့ကွာ"

"ဟာ"

သန်းအောင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ရွာသားများလည်း သန်းအောင်တစ်လှည့် ဒေါ်ဝက်ကယ်ကို တစ်လှည့်ကြည့်နေကြသည်။

"ဦးပြေကြီး အဲလိုတော့မလုပ်ပါနဲ့။ အခု ဦးပြေကြီးပြောနေတာကိုလည်း ကျွန်တော် အသေချာတောင်နားမလည်သေးပါဘူး။ ဒါကြောင့်ဘာဆိုတာကိုပြန်ပြောပြပါဦး"

"အဲဒီကောင်နှစ်ကောင်လေ ငါနေတဲ့လက်ပံပင်ကြီးကို လာခုတ်ကြတယ်။ ဒါပေမယ့် ငကောက်ကတော့ ငါအိပ်မက်ပေးပြီး ခြိမ်းခြောက်လို့ ထွက်ပြေးသွားပြီ။ ထွန်းမောင်ဆိုတဲ့အကောင်ကတော့ လူစွမ်းကောင်းကြီးလုပ်ပြီးဆက်ခုတ်တယ်။ ဒါကြောင့် ငါပုံစံပြထားလို့ ခု ဇက်ကျိုးနေပြီ။ ဒါပေမယ့် သေအောင်မလုပ်သေးဘဲ မင်းဆန္ဒဘယ်လိုလဲမေးဦးမယ်ဆိုပြီး အခု ငါလာမေးတာ"

"ဗြော် - ဟုတ်ကဲ့ - မလုပ်ပါနဲ့ ဦးပြေကြီးရယ်။ မလိမ်မိုးမလိမ်မှာလေး တွေလိုသဘောထားပြီး ခွင့်လွှတ်လိုက်ပါ။ ကျွန်တော်ခိုင်းတာလည်းမဟုတ်ပါဘူး"

"မင်းဆန္ဒမပါ၊ မင်းခိုင်းတာလည်း မဟုတ်ရင်တော့ မင်းမှာ အပြစ်မရှိပါဘူး။ လူစွမ်းကောင်းလုပ်ချင်တဲ့ အဲဒီ ထွန်းမောင်ဆိုတဲ့ကောင်ကတော့ ငါပုံစံပြထားလို့ ခုဇက်ကျိုးနေပြီလေ။ မသေစေချင်ရင် မင်းတို့မြန်မြန်သွားသယ်ပြီး ကျောင်းထိုင်ဆရာတော်ဆီကိုသွားပို့လိုက်ကြ။ ဒီကောင်မသေအောင် ဆရာတော်လုပ်တတ်ပါတယ်။ ဒါပေမယ့် အဲဒီအကောင်ကို ဒီအတိုင်းတော့ခွင့်မလွှတ်သေးဘူး။ သူ့ကို ဆရာတော်ဆီပို့ပြီး မင်းနဲ့ သူ့မိန်းမ အမဲသားစိမ်းတစ်ပိဿာနဲ့ ဆန်တစ်ပြည်ချက် လက်ပံပင်ကြီးအောက်ကိုလာပို့ကြ။ ပြီးတော့ သူ့မိန်းမကိုယ်တိုင် သူ့လင်ထွန်းမောင်အမှားကို တောင်းပန်ရမယ်။ ဒါမှ ငါခွင့်လွှတ်နိုင်မယ်"

"ဟာ - ဦးပြေကြီးရယ်၊ ခုချိန်ကြီး ကျုပ်တို့ရွာမှာဘယ်ကအမဲသားရနိုင်မှာလဲဗျာ။ ကြက်သားနဲ့ထမင်းဆိုရင်ကော အဆင်မပြေဘူးလား"

ဦးပြေကြီး ချက်ချင်းမပြောဘဲ တစ်အောင့်ကြာမျှ စဉ်းစားနေသည်။ ကြက်သားကို အမဲသားလောက်ကြိုက်ပုံမရဟု ယူဆရသည်။ ရှေးယခင်က ရွာသူရွာသား ကလေးများကိုပူးကပ်ပြီး တောင်းတိုင်းလည်း အမဲသားစိမ်းကိုသာ တောင်းဆိုလေ့ရှိသည်။

"ကောင်းပြီလေ၊ ဒီလိုဆိုလည်း ကြက်သားပဲပေါ့။ ဒါပေမယ့် အဲဒီကောင် အိမ်ကကြက်ပဲဖြစ်ရမယ်နော်။ ဒါပဲ ငါသွားပြီ"

ဟု ပြောပြီး ဦးပြေကြီးထွက်သွားလေသည်။

ထို့နောက် ဒေါ်ဝက်ကယ်လည်း တစ်ချက်မျှ သမ်းဝေလိုက်ပြီး မျက်နှာကို လက်နှင့်ပွတ်ကာ သတိပြန်ဝင်လာလေသည်။ ထို့နောက် ခဏချင်းပင် လူကောင်းအတိုင်းပြန်ဖြစ်သွားလေသည်။

❑

ရွာဥက္ကဋ္ဌဦးချက်ကြီးနှင့်ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ခြံပိုင်ရှင်သန်းအောင်၊ ထွန်းမောင်၏မိန်းမနှင့် သားဖြစ်သူဖိုးထွေးစသည်ဖြင့် ရွာဦးကျောင်းကိုသွားကြသည်။ ထိုအချိန်တွင် ထွန်းမောင် လူကောင်းအတိုင်း ပြန်ဖြစ်နေလေပြီ။

သည်ကိစ္စနှင့်ပတ်သက်ပြီး ဆရာတော်က မိန့်တော်မူသည်။

"ဥက္ကဋ္ဌ ဒကာချက်ကြီးနဲ့ ခြံရှင်မောင်သန်းအောင်တို့က မတားကြဘူးလား။ အဲဒီဖုတ်ပြိတ္တာပြေကြီးက အဲဒီလက်ပံပင်ကြီးမှာနေတာ ကြာပြီလေကွယ်။ သူခြောက်လှန့်ပြီးတောင်းစားတယ်ဆိုတာလည်း သူ့ဝမ်းရေးအတွက်ပါပဲတဲ့။ ဒါကြောင့် သူ့ကိုပေးရကျွေးရတာတွေကိုလည်း ဒါနတစ်ခုလိုသဘောထားလိုက်ရင် ကုသိုလ်ရပါတယ်"

"မောင်ကောက်နဲ့ ထွန်းမောင်တို့လက်ပံပင်ကြီးသွားခုတ်ကြတဲ့ကိစ္စကို တပည့်တော် မသိသလို ခြံရှင်ဖြစ်တဲ့မောင်သန်းအောင်ကိုလည်း အသိမပေးပါဘူးဘုရား။ အသိပေးရင် တပည့်တော်တို့ကတားကြမှာပါ။ လူနဲ့ပြိတ္တာယှဉ်ပြိုင်ပြီးရန်ဖြစ်ရင် လူပဲရှုံးမယ်ဆိုတာမသိဘဲ ဒီကောင်တွေ ထင်ရာလျှောက်လုပ်ကြတာပါဘုရား"

ဟု ဥက္ကဋ္ဌ ဦးချက်ကြီးက ဆရာတော်အား လျှောက်ထားလိုက်သည်။

"သြော်သြော် - ဒီလိုလား။ အင်းပေါ့၊ မလုပ်သင့်တာကိုလုပ်ရင် မဖြစ်သင့်တာတွေဖြစ်လာတတ်ပါ။ ဖုတ်ပြိတ္တာကြီးကလည်း ဒီအပင်မှာချည်းနေမှာတော့ မဟုတ်ပါဘူး။ အချိန်တန်တော့လည်း တစ်နေရာကိုထွက်သွားမှာပါ။ ပြီးတော့ ခုတင်က ဒကာချက်ကြီးပြောသလို လူနဲ့ပြိတ္တာ ယှဉ်ပြိုင်ပြီးရန်ဖြစ်ကြရင်လည်း လူပဲရှုံးတတ်ပါတယ်။ ပြိတ္တာတွေမှာက ကမ္မဇိဒ္ဓိ (မွေးရာပါ၊ဖြစ်ရာပါ) တန်ခိုးတွေရှိကြတာကြောင့် လူကိုအမျိုးမျိုးအဖုံဖုံ ဒုက္ခပေးနိုင်ပါတယ်။ ဒါပေမယ့် ဒီဖုတ်ပြိတ္တာ ပြေကြီးကိုလည်း အမှန်အတိုင်းပြောမယ်ဆိုရင် သိပ်ပြီး မိစ္ဆာဒိဋ္ဌိဆန်တဲ့ စိတ်ဆိုးစိတ်ယုတ်မျိုးမရှိပါဘူး။ ပြောခဲ့သလို ကလေးတွေကို ခြောက်လှန့်တောင်းနေစားတာဟာလည်း သူ့ဝမ်းရေးအတွက်ပါတဲ့။ ရံခါလည်း သူညအိပ်မက်မှာ ဘုန်းကြီးဆီကို ရောက်လာတတ်ပါတယ်။ အခုကိစ္စနဲ့ ပတ်သက်လို့လည်း ဒကာတို့က မနေစေချင်ရင် သူမနေတော့ပါဘူးတဲ့။ ဒီအတွက်လည်း ဒကာတို့မယုံရင် သူကိုယ်တိုင်လာရောက်ပူးကပ်ပြီး ရှင်းပြပါ့မယ်တဲ့။ သူလူအချို့ကိုဝင်ရောက်ပူးကပ်တဲ့အခါမျိုးမှာ တစ်ခါတလေ ဘုန်းကြီးဆီသွားခိုင်းတာဟာလည်း ဘုန်းကြီးဆီက အဆုံးအမတရားဘာဝနာတွေကို နာယူချင်လို့ပါတဲ့။ သူ့သဘောနဲ့သူ ကျောင်းထဲဝင်ဖို့ဆိုတာလည်း မလွယ်ဘူးတဲ့။ အခက်အခဲတွေရှိနေတတ်တယ်လို့ပြောပါတယ်။ အဲဒါကြောင့် သူနဲ့ပတ်သက်ပြီး ဘုန်းကြီးကျောင်းကိုသွားခိုင်းတာမျိုးဟာ အများအားဖြင့် သူကိုယ်တိုင် ကျောင်းထဲကိုဝင်ထွက်ချင်လို့ဆိုတဲ့အကြောင်းလည်းပါသတဲ့။ သူတို့ဘဝတွေကို တကယ်ကြည့်ရင် သနားစရာပါကွယ်"

ဆရာတော်က ပြောဆိုဆုံးမနေချိန်မှာပင် ထွန်းမောင်တုန်လာလေသည်။ ထို့နောက် ဆရာတော်အား ရှိခိုးဦးချပြီး လျှောက်ထားလေသည်။

"ဆရာတော်ဘုရား၊ တပည့်တော် ဖုတ်ပြိတ္တာကြီးပြေပါဘုရား။တပည့်တော် ဆရာတော်ရဲ့တရားဒေသနာတော်တွေကို နာကြားမှတ်သားလာရ၊ သာဓုခေါ်လာရတဲ့ ကုသိုလ်တွေက စုပေါင်းပြီး အကျိုးပေးလာလို့ ဒီညပဲ လက်ရှိဘဝထက်အဆင့်မြင့်တဲ့ဘုံဘဝတစ်ခုကိုသွားရပါတော့မယ်ဘုရား။ တပည့်တော် ကလေးတွေကို ခြောက်လှန့်တောင်းစားခဲ့ဖူးတာတွေဟာလည်း သရဲပြိတ္တာတို့သဘောအလျောက် ငတ်ပြတ်တဲ့ဒဏ်ကိုမခံစားနိုင်လို့သာပါဘုရား။ ဒါပေမယ့် တပည့်တော်ဟာ ဘယ်ကလေးကိုမှ ဘဝပျက်လောက်အောင်၊ သေကျေလောက်အောင်မလုပ်ခဲ့ဘူးတာကို ဆရာတော်ကိုယ်တိုင်အသိပါဘုရား။ဒီအတွက်လည်း တပည့်တော် မောင်သန်းအောင်တို့အဘိုးလက်ထက်ကပင် အခုချိန်ထိ ခြောက်လှန့်တောင်းစားခဲ့ဖူးတာတွေအားလုံးကို အဲဒီကလေးတွေရဲ့ကိုယ်စား ဆရာတော်ဘုရားကို တောင်းပန်ပါတယ်။ အဲဒီလက်ပံပင်ကြီးကိုလည်း သူတို့သဘောအတိုင်း ခုတ်လှဲချင်လည်းလှဲနိုင်ပါပြီ။တပည့်တော် ဆရာတော်ဘုရားကို နောက်ဆုံးအနေဖြင့် တောင်းပန်လျှောက်ထားပြီး ဦးတိုက်ရှိခိုးခဲ့ပါတယ်ဘုရား"

ဟု လျှောက်ထားခဲ့ပြီး ဖုတ်ပြိတ္တာဦးပြေကြီးထွက်သွားလေသည်။

ထို့ကြောင့် ဆရာတော်ရော ရွာသူရွာသားများပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တစ်အောင့်မျှ ငြိမ်သက်နေမိကြသည်။ တအံ့တသြလည်း ဖြစ်နေကြသည်။

အတူရှိနေစဉ်တွင် ပုထုဇဉ်တို့၏သဘောအလျောက် စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်း၊ မကျေမနပ်ဖြစ်ခြင်းများရှိခဲ့ကြသော်လည်း ယခု ဖုတ်ပြိတ္တာကြီး ဦးပြေ တကယ်ကျွတ်လွတ်သွားပြီ။ သည်နေရာသည်လက်ပံပင်ကြီးမှာ မနေတော့ဘဲ အဆင့်မြင့်သောဘုံဘဝတစ်ခုသို့ အပြီးတိုင် ပြောင်းရွှေ့သွားပြီဟု သိလိုက်ရသောအခါ စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားရသလိုဖြစ်မိကြသည်။

တစ်နည်းအားဖြင့်လည်း ဦးပြေသည် ဖုတ်ပြိတ္တာတို့ထက် အဆင့်မြင့်သောဘုံဘဝတစ်ခုသို့ ရောက်ရှိသွားပြီဟုဆိုသဖြင့် ဘုံကောင်းဘုံမြတ်၊ ဘဝကောင်းဘဝမြတ်တစ်ခုခုသို့ရောက်သွားပြီဟုသိနိုင်၍လည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိကြပြန်သည်။

ဟုတ်သည်။ ထိုချိန်မှစတင်၍ သန်းအောင်၏ခြံထဲက လက်ပံပင်ကြီးတွင် သရဲခြောက်ခြင်း၊ သရဲဖမ်းခြင်း ပစ်ရခတ်ရခြင်းများ လုံးဝမရှိတော့ပေ။

ထွန်းတောက်

**စာကြွင်း** -

စာရေးသူသည် မွေးရပ်မြေသို့ ၃၃-၄-၁၆ နေ့တွင် (အသက်(၁၇)သားအရွယ်မှ ထွက်ခွာလာခဲ့ပြီးနောက်) (၄)ကြိမ်မြောက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဇာတိ တောင်ငူနယ် နဂါးမောက်၊ ကျောက်ပုထိုး၊ မွေးရာချက်မြှုပ်ကျက်သောင်းချောင်းစသော ရွာလေးများမှာ ပြောလောက်အောင်တိုးတက်သည်ဟု မဆိုသာသော်လည်း ခေတ်နှင့်အညီ ပြောင်းလဲနေသည်မှာ အမှန်ပင်ဖြစ်သည်။

ထိုထိုရွာများကိုလည်း အိမ်ကားလေးဖြင့်သာသွားသောကြောင့် ကားလမ်းပေါက်သောနေရာများကိုသာရောက်နိုင်ခဲ့ပြီး မိတ်ဆွေများ၊ ဆွေမျိုးများနှင့် အချိန်တစ်နာရီမျှသာတွေ့ဆုံနိုင်ခဲ့သည်။

ဤဇာတ်လမ်းတွင်ပါဝင်ကြသော ရွာဦးကျောင်းဆရာတော် ဦးတေဇနီယ၊ ဥက္ကဋ္ဌကြီး ဦးချက်ကြီး၊ ဦးသန်းအောင်၊ ဦးမြအေး၊ ဒေါ်ဝက်ကယ်တို့သည်တားသက်ရှိထင်ရှားမရှိကြတော့ပေ။

ဤဝတ္ထုတွင် ပါဝင်သည့် ဦးသန်းအောင်၏ဥယျာဉ်သည် နဂါးမောက်ရွာနှင့် ကျောက်ပုထိုးရွာတို့၏အကြားမှာရှိပြီး ဖုတ်ပြိတ္တာကြီးဦးပြေ၏ ဗိမာန်တော်လက်ပံပင်ကြီး၊ ဤစာရေးသူနှင့်သက်တူရွယ်သူ ဦးထွန်းမောင်၊ ဦးငကောက်တို့မှာ သက်ရှိထင်ရှားရှိကြပါသော်လည်း မှတ်တမ်းမတင်နိုင်ခဲ့သည်မှာ ဤစာရေးသူ၏ ညံ့ဖျင်းသောအားနည်းချက်သာဖြစ်ပါကြောင်း။

နေပြည်တော်ကျော်ကျော်စိုး

# မန်းနိုင်ဩဇာရွက်ရည်

၁၄ - ၆ - ၂၀၁၆ ရက်၊ အင်္ဂါနေ့မှာ ဖြစ်ပါတယ်။ မန္တလေးရှိ မိသားစုဆီရောက်တာ တစ်နှစ်ကျော်ကျော်ကြာပြီမို့ မန္တလေးသွားရန် ပျဉ်းမနားဘူတာမှာ လက်မှတ်ဝယ်ပြီး ဧည့်သည်ထိုင်ခုံလေးတွေမှာထိုင်ရင်း ရန်ကုန်ကလာမယ့် အဆန်ရထားကို မျှော်နေရပါတယ်။ ကျွန်တော့်လိုမီးရထားနဲ့ခရီးသွားမယ့်သူတွေ အများအပြားပါပဲ။

အဲဒီမှာ ကျွန်တော်နဲ့ကပ်လျက် ခရီးသွားမယ့် မြေးအဘွားနှစ်ဦးလည်း ကျွန်တော့်အရင်ရောက်ကာ ထိုင်လျက်ရှိပါတယ်။ မီးရထားလာမယ့်အချိန်က သုံးနာရီဆိုတော့ အချိန်က တစ်နာရီကျော်ကျော်လိုသေးတယ်။ အဲဒီတော့ အဘွားမိတ်ဖွဲ့ပြီး စကားလက်ဆုံကျပါတယ်။ ကျွန်တော့်ဘေးမှာ အရွယ်ငယ်ငယ်ကျောင်းသူအရွယ် ကောင်မလေးပါ။

"သမီးက ကျောင်းမပိတ်ဘဲ ခရီးသွားတာလား"

"မဟုတ်ဘူး အဘ၊ သမီးကျောင်းမနေတော့ဘူး သမီးက ခြောက်တန်းနဲ့ ကျောင်းထွက်ပြီး ကိုယ်ပိုင်ဆိုင်ထွက်ဖို့ ကြိုးစားနေသူပါ"

"ဩော်-ဟုတ်လား၊ ဆိုင်ကဘယ်မှာထွက်တာလဲ"

"မြို့မဈေးကုန်စိမ်းတန်းမှာပါ"

"အေးကွာ၊ ကျောင်းမတတ်ဖြစ်လည်း အသက်မွေးမှုတစ်ခု ပညာတတ်ရင် ဘဝမှာ ချမ်းသာနိုင်ပါတယ်ကွာ ကောင်းပါတယ်။ ဒါထက်သမီးကဘာလို့ ကျောင်းထွက်ပစ်ရတာလဲ။ ကျန်းမာရေး မကောင်းလို့လား"

အဲဒီမှာ သူ့အဘွားက ဝင်ပြောပြပါတယ်။

"ဒီလို ငါ့မောင်ရေ၊ ဒီကလေးက အဖေမရှိတော့ဘူး။ အဲဒါ အဘွားဖြစ်သူ ကျုပ်ကမွေးစားထားရတာ။ သူ့အမေဖြစ်သူက ဒီလိုကွယ့်။ ဒီကလေးကိုမွေးအပြီး သိပ်မကြာလိုက်ဘူး။ မျက်နှာမှာ ဝက်ခြံတစ်ဖုပေါက်လာတယ်။ အဲဒါကို လက်ဆော့ပြီး သွားဖောက်လိုက်တဲ့အခါ မန်းဝင်ပြီး မျက်နှာကြီးရောင်ဖောလာတော့တာပဲကွယ်။ မျက်နှာက ကြည့်မကောင်းအောင်ရောင်ဖောပြီး ကွဲထွက်လုမတတ်ကိုဖြစ်လာတယ်။ ကုလိုက်တာ အစုံပါပဲ။ ဘယ်မှာကုကု ဝဋ်နာကံနာမို့လားတော့ မသိပါဘူးကွယ် မပျောက်ပါဘူး။ အဲဒီဝေဒနာဟာ တစ်ကိုယ်လုံးကူးစက်လာပြီး ဖောရောင်လာတယ်။ နောက်ဆုံး ဟောဒီကလေးရဲ့အဖေဟာ သူ့မိန်းမ ဒုက္ခိတဝေဒနာသည်ကိုပစ်ထားခဲ့ပြီး နောက်မိန်းမ ယူသွားခဲ့တယ်ကွယ်။ ဝေဒနာဟာ တစ်ကိုယ်လုံးရှိပြီး အပုပ်ရည်တရွှဲရွှဲဖြစ်လာတယ်။ ကြောက်စရာပါကွယ်။ အဲဒီဝေဒနာနဲ့ ကျုပ်သမီးဆုံးရှာတယ်။ ဒါနဲ့ပဲ ဒီကလေးကို ကျုပ်ကမွေးခဲ့ရတယ်။ သားသမီးတွေ ပညာတွေတတ်၊ အလုပ်တွေရတော့ သားနှစ်ယောက်က နေပြည်တော်မှာ တာဝန်ကျတယ်။ သားတစ်ယောက်က ဒီကလေးကို တာဝန်ယူကျောင်းထားပေးတယ်။ ကျုပ်လည်း သားတွေနဲ့ နေပြည်တော်ဝန်ထမ်းအိမ်ရာမှာလိုက်နေတာလေ။ အဲဒါဟောဒီသမီးလေးက သူ့ဘဝကိုသူရုန်းပါရစေဆိုပြီး မြို့မဈေးက ဆိုင်တစ်ဆိုင်မှာအလုပ်ဝင်လုပ်တယ်။ ကျောင်းမနေချင်တော့ဘူးဆိုတော့လည်း သူ့ဆန္ဒအတိုင်း လိုက်လျောခဲ့တာပါ။ သူ့အတွက် ကုန်စိမ်းတန်းမှာ ဆိုင်ခန်းတစ်ခန်းဝယ်ပေးဖို့ အစီအစဉ်ရှိပါတယ်"

"ကောင်းပါတယ်ဗျာ၊ ဆိုင်ခန်းလေးရှိတော့ ဘဝရုန်းကန်ဖို့ပိုပြီးအဆင်ပြေသွားတာပေါ့။ ဒါထက် ဘယ်ကိုသွားကြမှာလဲ"

"ကျွန်မတို့က သာစည်ကပါ။ သာစည်အထိပေါ့"

"ကျွန်တော်က မန္တလေးပါ။ တွဲ (၆) မှာ ရပါတယ်"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မတို့က အတွဲ (၃) ပါ။ ဒါထက်ဆက်ပြောရဦးမယ်"

"ဟုတ်ကဲ့ - ပြောပါခင်ဗျ"

"ခုချိန်များသာ ကျွန်မသမီးလေး အဲဒီမန်းဝင်သွားတဲ့ ဝေဒနာဖြစ်ခဲ့ရင် သေနိုင်မှာ မဟုတ်ပါဘူး"

"ဘာပြုလို့လဲဗျာ"

"မန်းနိုင်တဲ့ဆေးနည်းကို ကျွန်မက သိထားလို့ပါပဲ"

"ဟုတ်ကဲ့ ပြောပါဦး"

"အနာမန်းဝင်လို့ အဲဒီလို ဖောရောင်နေခဲ့ရင် ဘာမှမခက်ပါဘူး။ ဩဇာရွက်ကို လက်တစ်ဆုပ်လောက်နူး၊ ရေစင်စင်ဆေးပြီး ထုထောင်းပေါ့ကွယ်။ အဲဒီက ထုထောင်းပြီးသားကို ပိတ်နဲ့ထုပ်ပြီးညှစ်လိုက်ရင် ဩဇာရွက်ရည်ရလာရော။ အဲဒါကို ဆားနည်းနည်းလေးစတီသဘောလေးထည့်တာ သောက်ရလွယ်အောင်ထည့်တဲ့သဘောထင်ပါရဲ့"

လို့ စိတ်ရှည်လက်ရှည် ပြောပြနေပါတယ်။ သမီးလေးကလည်း အညာသူဆိုတော့ ညိုညိုချောချောလေးပါ။ နဖူးမှာ ဆံတံခွန်လေးပါတာက ဝိသေသပါပဲ။ ဒီလိုနဲ့ အချိန်တန်တော့ (၃) နာရီမှာ ရန်ကုန်ဘက်က အဆန်ရထားဝင်လာပြီး ရထားပေါ် တက်ကြကာ အုပ်စုကွဲကုန်ပါပြီ။ စာရေးတဲ့ ကျွန်တော်ကတော့ ဗဟုသုတရလိုက်ပါတယ်။ သူတို့အမည် ကျွန်တော်မသိသလို သူတို့ကလည်း ကျွန်တော့်အမည်မသိကြပါဘူး။ ဒါက လမ်းမှာ အမှတ်တမဲ့ရလိုက်တဲ့ဆေးနည်းပါ။ ဩဇာရွက်ဆိုတာ နွေအရွက်ကြွေချိန် ခဏသာမရနိုင်ပေမယ့် မြေပြန့်ရော တောင်ပေါ်မှာပါ အစဉ်ရနိုင်တဲ့အရွက်မို့ မန်းဝင်လို့ ဖောရောင်ရင် ပြေးမြင်လိုက်ကြပါလို့ ပြောချင်ပါတယ်။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

"ဟဲ့ - မိအေးလှ သပေါက်မ။ ညည်းဒီအချိန်ကျမှဘာလာလုပ်တာလဲ ရဲ့။ ဒီကနေ့ ငါးတွေဂျမ်းတိုက်မှာမို့ ငါးပိ သိပ်ရအောင် စောစောလာလို့မှာတာ ဘယ်သွားသေနေတာတုံး။ အချိန်ကို လည်းကြည့်ဦး၊ မွန်းလွဲနေပြီ။ အသုံး မကျတဲ့ကောင်မ"

"မဟုတ်ပါဘူး မမရွှေအိရယ်။ အငယ်ကောင်လေး ညက နေမကောင်း ဖြစ်လို့ပါ။ တစ်ခါတည်းတက်သွားလို့ အသက်ပါသွားရောမှတ်တာ။ ကိုကြည် အပြေးမြန်ပေလို့သာ ဘန့်ဘွေးကုန်းက သူငယ်နာဆရာကြီးပြေးပင့်လို့ ကျွန်မ သားလေးမပစ်လိုက်ရတာပါ အစ်မရယ်"


အင်းသူကြီး ဒေါ်ရွှေအိ ပတ်ကြမ်း တိုက်နေခြင်း ဖြစ်သည်။ ဒေါ်ရွှေအိကား တိုက်ကြီးနယ်ဘက်အတွင်းက အင်း များအကြား ကျင်လည်လှုပ်ရှားနေရနေ မို့ ကြမ်းတမ်းသည်ဟု ပြောလို့ရပါသော် လည်း သူမ၏ပင်ကိုစရိုက်သည်လည်း ယဉ်ကျေးလှသူ မဟုတ်ပါပေ။ ယခု လည်း သူ့အင်းမှာ တောက်တိုမည်ရလုပ် ပေးနေသည့် မောင်ကြည့်မိန်းမဖြစ်သူ အေးလှအား သူခေါ်သည့်အချိန်ကိုက် မရောက်လာသည့်အပြစ်နှင့် ဆဲဆိုကြိမ်း မောင်းပြစ်တင်နေခြင်း ဖြစ်ပါ၏။

"ညည်းလင် ကြေည်ကလည်း ဘာထူးလဲ။ ပျင်းလိုက်တာမှ အရည်ကို တောက်တောက်ကျအောင်ကိုပျင်းတာ။ မနေ့က ဒိုင်ကိုငါးသွားပို့ခိုင်းတာ မိုးကို ချုပ်ရော။ မေးလိုက်တော့ ပွဲထောင်စက် ပျက်နေလို့ကြာနေတာတဲ့။စက်ပျက်တာ က တော်တော်ရယ် ဘုံဆိုင်ဝင်ပြီးမျိုဆို့ နေတာဖြစ်မှာပေါ့"

ထားသည့် 'အင်းတွင်းကလေး'အင်းမှ တောက်တိုမည်ရခိုင်းသော အင်းအလုပ် သမားတစ်ဦး ဖြစ်ပါ၏။ ဂျမ်းတိုက် ငါးဆွဲ၊ ပိုက်ချ၊ ငါးခြောက်ခွဲ စသည်ဖြင့် စုံစီနဖာအလုပ်များကို ကြုံကြုံသလို လုပ်နေရသူဖြစ်သည်။လူရိုးတစ်ယောက် ဖြစ်သော်လည်း မထင်လျှင်မားထဆွဲ တတ်သည့် တစ်ဇွတ်ထိုးဉာဏ်ရှိသည် သည်နှစ်မတော့ ဒေါ်ရွှေအိအင်းတွ မယားဖြစ်သူ အေးလှကြောင့် သော တင်နေခြင်း ဖြစ်ပါ၏။

အေးလှက ဒေါ်ရွှေအိထံ ဈေး ပေါပေါရသည့် ငါးသေးငါးမွှားလေးများ ကို ခေါက်ပြန်ပေးယူကာ ရွာစဉ်လှည့် ရောင်းသူဖြစ်၏။ ကလေးသုံးယောက်နှင့် မို့ ရှာလို့ရသမျှ မစို့မပို့ဝင်ငွေက ပလိုင်း ပေါက်နှင့်ဖားကောက်သည့်နှယ် အရာ

# ပင်းခေါင်ထွင်
## တစ်ချို့ကွယ်...အာပေကြီး



အတော်များများကို လက်လှမ်းကြွကြွ ဖြင့်ဆွဲဝယ်ကာ ကိုယ်တိုင်ကိုယ်ကျ အင်း လုပ်ငန်းလုပ်ကိုင်နေသူ အမျိုးသမီး အင်းသူကြီးတစ်ဦးလည်း ဖြစ်ပါသည်။ အင်းလေလံပွဲ၌ ယောကျ်ားများနှင့် အပြိုင် သူနိုင်ကိုယ်နိုင် အင်းလေလံ တက်ဆွဲသည့် အာဂမိန်းမ ဖြစ်သည်။ ရုပ်ရည်မှာကား ဖြူဖြူမြင့်မြင့်ဖြစ်ပြီး ဘီးကျော်ပတ်ဆံထုံးအက်အက်ကြီးအမြဲ ထုံးထားသည်မို့ အဝေးကမြင်ရရုံနှင့် ထင်းခနဲသိနိုင်သည့်ရုပ်ရည်မျိုးရှိသည်။

အလုပ်ကိုလည်း ကျားစီးဖားစီး လုပ်သလို ပါးစပ်အထွက်ကလည်း ဓား ကဲ့သို့ထက်လှပါ၏။ သားစိမ်းငါးစိမ်း

"မဟုတ်ရပါဘူး အစ်မရယ်။ ပွဲထောင်က တကယ်ပျက်တာပါ။ အဲနေ့ က ကိုကြည် တစ်နေ့လုံး ထမင်းငတ် တယ်။ ဟိုရောက်တော့လည်းငါးတောင်း ထမ်းချပေးရသေးတယ်လို့ ပြောတယ်"

"ညည်းလင်က ဘယ်တုံးက အမှန် ပြောဘူးလို့တုံး။ အကုသိုလ်ကောင် ကျက်သရေကိုမရှိဘူး။ နေစမ်းပါဦး ညည်းလာတာဘာကိစ္စတုံး"

ဒေါ်ရွှေအိက ထုံးစံအတိုင်း တစ်ဖက်သားကို တဖျစ်တောက်တောက် ပြောဆိုမဆုံးဖြစ်နေ၏။

အေးလှ၏ ယောကျ်ားဖြစ်သူ မောင်ကြည်သည် ဒေါ်ရွှေအိဆွဲဝယ်

မထင်လှ။ သည်ကြားထဲ ကလေး နေထိုင်မကောင်းသည့်အခါမျိုးဆိုလျှင် အေးလှ ထိုင်ငိုရမတတ် သောကရောက် ရပါ၏။ ငါးရောင်းရသည့်ငွေက ဈေး နှင့် ဆေးဖိုးထဲမျှဝင်သွားတော့ အေး ခေါက်ပြန်ကြေးသွင်းရန် မမှန်တော့ 

သည်လိုအခါတွင်တော့ -

"တော်စမ်းအေ - ငစောစော ကျက်သရေကိုမရှိဘူး။ ဖိုးကဲကိုပြော ငါးတစ်တောင်းချိန်သွား။ ရောင်းပြီး နဲ့တန်းပြီးလာပေး။ ကောင်မ ညည်း ငမူးဆီလည်း ဝင်ပြီးသံတော်ဦးတင်မ နဲ့ဦး။ ကတိမတည်လို့ကတော့ ကောင် လက်ဝါးကိုကြည့်ထား"

ဒေါ်ရွှေအိပါးစပ်က စက်သေနတ် ...စ်သမျှဒဏ်ကို အလူးအလဲခံရင်း ငါး ...ဘောင်းကို ခေါင်းပေါ်ပစ်တင်ရင်းက ...အေးလှ မကြားယောင်ပြုကာ ခပ်သွက် ...သွက်ပင်ထွက်ခဲ့သည်။

"အေးလေ - ငါကလည်းငါပဲ အရင်းမသွင်းနိုင်တာ နှစ်ခေါက်တောင်ရှိ သွားပြီကိုး။ အစ်မရွှေအိက ပါးစပ်ဆိုးပေ မယ့် စိတ်ရင်းတော့ကောင်းရှာသား"

ဘာပဲပြောပြော ပါးစပ်မချိုပေသိ လက်တွေ့ ကူညီဖော်ရသည်ကိုတော့ အေးလှကျေးဇူးတင်သည်။ တစ်မြန်မနေ့ က အင်းထဲကနေ ဒေါ်သူပုန်ထပြီး ပြန်ချ လာသော ယောက်ျားဖြစ်သူကိုလည်း နားချရဦးမည်ဟု တစ်ဆက်တည်း တွေးလိုက်သေး၏။ အင်းတဲမှာကလည်း သားစိမ်းငါးစိမ်းတွေကြား ခုတ်ဟယ်ထစ် ဟယ်လုပ်နေကြရသည်ဆိုတော့ အားလုံး က စိတ်ကြမ်းကိုယ်ကြမ်းတွေဖြစ်နေကြ သည်မှာ မဆန်းလှပါ။

သည်ကြားထဲ နေပူခံကလေးလုပ် ထားပြီဆိုလျှင်တော့ စိတ်တွေကအလိုလို ကြွနေသည်ချည်း ဖြစ်၏။ အင်းလုပ်ငန်း ဆိုသည်ကလည်း ရာသီအလိုက် အချိန် ကိုက်၍ လုပ်ရသည်ဆိုတော့ အလုပ်ကျ လာပြီဆိုလျှင် ဆည်ချ၊ ပိုက်ဖာ၊ ဂျမ်းတိုက်



စသည့် အလုပ်ကြမ်းတွေကာ တစ်ခုပြီး တစ်ခု ဖယ်ဆက်သလို ဆက်တိုက်လုပ် နေရတော့၏။ ဒီကြားထဲ အင်းသူကြီး၏ ဟာဟီရအလုပ်များမပါသေးချေ။ သူစိတ်တိုင်းမကျလျှင်မကျသည့်အလျောက် ဒေါ်ရွှေအိပါးစပ်မှဒက်ခနဲထွက်လာသော ဆိုးဆိုးဝါးဝါးစကားများကလည်း နားခါးစရာကောင်းလှပါ၏။

ထိုနေ့နံနက်တွင်လည်း ဒေါ်ရွှေအိ ပစ်မှတ်က မောင်ကြည်တို့လင်မယားထံ တိုက်ရိုက်ကျနေတုန်းပင်။ တစ်နေ့က ဒိုင်သို့ မောင်ကြည်ငါးပို့ရသည့်အလှည့်တွင် စက်လှေပျက်သည်ဟူသောအကြောင်းပြချက်ဖြင့် ဒိုင်အရောက် နောက်ကျကာ ငါးတွေနာကုန်၍ ငါးပိသိပ်လိုက်ရသည့်ပြစ်ချက်ဖြင့် မောင်ကြည်ကို ဒေါ်ရွှေအိ မယုံသင်္ကာဖြစ်နေ၏။ လမ်းကဘုံဆိုင်ဝင်မော့နေ၍ဖြစ်ရသည်ဟု မောင်ကြည်ကိုစွပ်စွဲပြီး ဒေါ်ရွှေအိပွဲကြမ်းနေခြင်း ဖြစ်သည်။ အဖြစ်မှန်ကား ပွဲထောင်စက်ပျက်သည်လည်းအမှန်။ မောင်ကြည် ဘုံဆိုင်ဝင်သည်လည်းမမှား၊ စက်ပြင်သည်ကို စောင့်ရင်းနှင့် တစ်ခွက်တစ်ဖလားဝင်မော့နေခြင်း ဖြစ်ပါ၏။

သို့သော် သည်အဖြစ်ကို တစ်ဆင့်စကားတစ်ဆင့်ကား၍ ဒေါ်ရွှေအိနားပေါက်သွားသည်ကြောင့် မောင်ကြည်အပေါ် အငြိုးတကြီးဖြင့် သောင်းကျန်းနေခြင်းလည်း ဖြစ်ပါသည်။ သူ့အပေါ် အင်းသူကြီး ငြိုးနေကြောင်းသိထားနှင့်သည့် မောင်ကြည်သည် ယနေ့နံနက်ခပ်စောစောပင် အင်းထဲရှိရာသို့ထွက်လာခဲ့သည်။ လေနာထ၍ တစ်ညလုံးဂျိုကျနေသည့် အငယ်ကောင်ကြောင့် အိပ်ရေးမဝချင်ဖြစ်နေသော်လည်း အလုပ်ချိန်ကိုတော့ နောက်မကျရဲချေ။ ငါးလှမ်းစင်တစ်ဝိုက်ရှိခြုံများကို ရှင်းခိုင်းထားသည်ကြောင့်လည်း ညကတည်းက မြည့်နေအောင်သွေးထားသော ကိုင်းခုတ်ဓားကို ကျောသိုင်းလွယ်ရင်းက ခြေလှမ်းကို ပိုသွက်လိုက်သည်။

မောင်ကြည် အင်းထဲ တံစက်မြိတ်အတွင်းငုံ့ဝင်လိုက်စဉ်မှာပင် ဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် လက်နှစ်ဖက် ခါးတွင်ထောက်ကာ မောင်းတင်စောင့်နေသည့် ဒေါ်ရွှေအိကို ရင်ဆိုင်လိုက်ရ၏။

"ဟဲ့ - ငကြည်၊ နင့်ကို ငါးခြောက်စင်အောက်က ခြုံတွေမြက်တွေရှင်းခိုင်းထားတာ ဘာလို့အခုထိမလုပ်သေးလဲ မြွေပွေးကိုက်ရဲ့"

ဒေါ်ရွှေအိ၏ ကိုးမောင်းတင်ထားသော အသံကြောင့် ထောင်းခနဲထလာသောဒေါသကို မျိုသိပ်ရင်း မောင်ကြည် ခပ်ဆောင့်ဆောင့်ပြန်ပက်လိုက်၏။

"မနေ့က ငါးပို့သွားနေရလို့ မရှင်းဖြစ်တာ ဒီနေ့ရှင်းမှာပေါ့"

မောင်ကြည့်စကားကို ဆုံးအောင်မစောင့် နဂိုတည်းကဒေါသအခံကြောင့် ဆတ်ဆတ်တုန်နေသော ဒေါ်ရွှေအိမှာ မောင်ကြည်၏ မချေမငံစကားကြောင့် သူ့လက်တစ်ကမ်းမှာရှိနေသည့်ရေနွေးခတ်ဘူးကို ဆတ်ခနဲဆွဲကာ မောင်ကြည်ထံ ကောက်ပေါက်လိုက်၏။

ကိုင်းခုတ်ဓားလွယ်လျက်သားနှင့် ရှူးရှူးရှဲရှဲဖြစ်နေသော မောင်ကြည်မှာ ခတ်ဘူးအရှိန်ရော ရေနွေးအပူဒဏ်ကြောင့်ပါ လူမှာမိုက်ခနဲပြာဝေသွားသည့်နည်းတူ မျက်လုံးထဲမလည်း မီးဝင်းဝင်းတောက်သွား၏။ လက်အစုံက ကျော၌လွယ်ထားသည့်ကိုင်းခုတ်ဓားဆီအလိုလိုရောက်သွားပြီး ဒေါ်ရွှေအိလည်ပင်းဆီ လက်ခနဲဝဲသွားနေခြင်းကိုသာ နောက်ဆုံးသတိထားမိလိုက်သည်။

❑

"အဖြစ်ကတော့ အဲဒါပါပဲဗျာ။ သွေးတွေဆိုတာ မြင်မကောင်းဘူး။ တစ်ခါတည်း ခေါင်းတခြားကိုယ်တခြားဖြစ်ပြီး မြင်းဝန်းထဲထိုးကျသွားတာ"

"ဘယ်ကျွတ်လိမ့်မလဲ ဆရာရယ်။ ဒေါသနဲ့၊ အစွဲနဲ့သေတဲ့ဟာချည်းကို။ ခြောက်လိုက်တာ ခြောက်လိုက်တာလည်း သောင်းသောင်းကိုလန်လို့ အဲဒီအင်းတွင်းကလေးအင်းကို လေး၊ ငါး၊ ခြောက်နှစ် ဘယ်သူမှအင်းလေလံမဆွဲရဲကြဘူး။ မယုံလို့ လေလံတက်ဆွဲတဲ့ကောင်လည်း ခွက်ခွက်လန်အောင် အင်းရှုံးတာ။ ငါးလည်းကျတယ်ကိုမရှိဘူး။ အဲဒီအင်းလည်း ကောလုလုအခြေကိုရောက်ကရော။

နောက်တော့ အဲဒီဘက်မှာ တတ်ကျွမ်းနားလည်တဲ့ ဆရာတစ်ယောက်ကို ပင့်ပြီးမေးတော့ ဒေါ်ရွှေအိက မကျွတ်ဘူးတဲ့။ နောက်အိပ်မက်လည်းပေးသတဲ့ ဆရာလေးရဲ့။ အင်းထဲမှာ ငါးများများကျစေချင်ရင် ငါးကြီးငါးကောင်းရချင်ရင် သူ့ကိုပသရမယ်လို့ ဝင်ပူးပြီးပြောသတဲ့။ အဲ - နောက်မှာတော့ အင်းတွင်းကလေးအင်းဂရန်ကိုင်မှန်သမျှ လက်ဖက်၊ အချိုရည်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ကြက်ဖိုကြက်မ ဟင်းအမယ်အစုံအလင်နဲ့ပသရတဲ့အစဉ်အလာဖြစ်လာတော့တာပါပဲဗျား

ဒေါ်ရွှေအိအင်းနတ်ကို ပူဇော်ပသပုံကလည်း အဆန်းသား ဆရာရဲ့၊ နတ်တင်ရမယ့်အချိန်က ညနေဘက်နေဝင်ရီတရောတဲ့ဗျာ။ နေရာက ကွင်းပြောင်ပြောင်ကိုရှောင်ရတယ်။ သူက ခေါင်းဖြတ်အသတ်ခံထားရလို့ ရှက်လို့ဆိုပြီး လူမမြင်ကွယ်ရာချုံတွေနဲ့ကွယ်ပြီး ခေါစာကျွေးပသရတာတဲ့ ဆရာရဲ့၊ ဒါကြောင့် တစ်ချို့ကွယ်အမေကြီးအင်းနတ်ရယ်လို့ ခေါ်ကြတာပေါ့ ဆရာလေးရယ်"

ရွာခံအင်းသူကြီး ရှင်းပြသမျှ တစ်ချုံ့ကွယ်အမေကြီးအင်းနတ်အကြောင်းကို မြို့နယ်အင်းမှူးလေး မောင်စိန်သောင်း ခေါင်းတဆတ်ဆတ်ငြိမ့်ရင်း နားထောင်နေမိသည်။ သူ့လုပ်သက်တစ်လျှောက် အစုန်အဆန်ပြောင်းရွှေ့နေရသမျှ မြို့ရွာများတွင် အင်းလုပ်ငန်းနှင့်ပတ်သက်၍ ပူဇော်ပသရသည့် ဓလေ့ထုံးတမ်းများသည်ကား တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းသလို အထူးအဆန်းတွေ့ကြုံနေရသည်ချည်း ဖြစ်၏။

ယခုလည်း ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ အင်းတွင်းကလေး အင်းနတ်ပူဇော်ပသပုံကို အင်းသူကြီးက ရာဇဝင်ခင်းပြနေခြင်း ဖြစ်ပါ၏။ တိုက်ကြီးဘက်က ဒေါ်ရွှေအိနည်းတူ ညောင်လေးပင်နယ်တစ်ဝိုက်က ဘွားနှင်းငုံ၊ ဒိုက်ဦးမြို့နယ်က အဘာစိန် ကသာခရိုင်က ပျဉ်ထောင်ကတော် စသည်ဖြင့် အင်းနတ်အဖုံဖုံတို့၏ ဇာတ်လမ်းစုံကြောင်းခြင်းရာများကို ကြားသိနေရသော်လည်း ရိုးသွားသည်ဟူ၍ကား သူ့အဖို့ မရှိပါချေ။

လောကကံထွာ လူတို့ရှာ၍ဖြစ်ပျက်နေပုံကြောင်းခြင်းရာအစုံစုံတို့သည်ကား ထူးဆန်းလှပေစွ။ လောဘ ဒေါသ၊ မောဟတရားများကို အခြေခံ၍ ဖြစ်တည်လာသော အကျိုးတရားများသည်လည်း နောင်တတရားနှင့်သာ အဆုံးသတ်ရချေသည်။ ထို့ပြင် စွဲလမ်းခြင်းဟူသော ဥပဒါန်သည် အဆုံး၌ ဘေးဥပဒ်ကျရောက်စေသောအကြောင်းတရားများသာတည်းဟူသော အသိတရားကို အင်းမှူးကလေး မောင်စိန်သောင်း တစ်ယောက် ကောင်းကောင်းကြီးဆင်ခြင်နေမိပြီ ဖြစ်ပါသတည်း။

မင်းခေါင်ထွဋ်

(တားဝယ်)
# မောင်သိန်းဆွေ
(၁၁)
## မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့



**နာဂနယ်မှ နတ်ကိုးကွယ်မှု**

၂၀၀၆ ခုနှစ်ကုန်တွင် အမျိုးသား ညီလာခံကြီး ပြန်၍ကျင်းပပါသည်။ ထိုအချိန်က နာဂကိုယ်စားလှယ် ဦးလှဖေ (ဆရာ) နှင့် စာရေးသူတို့ ခင်မင်သွားပါသည်။သူ၏တူဖြစ်သော နာဂကိုယ်စားလှယ် ဦးမြတ်ကိုဆိုသူနှင့်လည်း ပို၍ခင်သည်။ ဦးမြတ်ကိုသည် ၂၀၁၁ ခုနှစ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖြစ် ပါဝင်လာရာ စာရေးသူနှင့်ပြန်၍ ဆုံခဲ့ကြပါသည်။

နာဂဦးလှဖေကို စာရေးသူက သူတို့နာဂနယ်မှ နတ်ကိုးကွယ်မှု အကြောင်းကိုမေးရာ ၂၀၀၆ ခုနှစ်၊ ...ဘာလ ၅ ရက်နေ့တွင် ဦးလှဖေက ...ည့်အစုံ ပြောပြပါသည်။

နာဂအမျိုးအနွယ် မြို့နယ်စု ...အလိုက်ခွဲ၍) (၈၀) ကျော်ရှိပါ သည်။ နန်းယွန်းမြို့နယ်တွင် ပိန်ကူး၊ ... ဟမ်းမိနာဂ ဟူ၍လည်းကောင်း၊ ...ယ်မြို့နယ်တွင် နော့အော်၊ ပုံညို၊ ...နောင် ဟူ၍လည်းကောင်း၊ လေရှီး ...နယ်တွင် တန်ကွန်၊ ပါလာ၊ မတူရီ ... ဟူ၍လည်းကောင်း ကွဲပြားလျက်ရှိ ...သည်။ လေရှီးနှင့် လဟယ်နာဂတို့ ... နီးစပ်ပါ။ စကားလည်းမတူပါ။ ...ပြည်ထဲတွင် နာဂ (၂) သိန်းကျော် ... အိန္ဒိယတွင်မူ ပြည်နယ်ပင်ရပြီး ...သည်။

**...နတ်**

နာဂရိုးရာတွင် ဘိုးဘွားလက်ထက် ...အလာအရ ပူဇော်သော အိမ်နတ် ...သည်။ တစ်နှစ်တစ်ခါ အိမ်...က်ပွဲ ...အိမ်သူအိမ်နတ်ပွဲကြီး (နှစ်သစ်ကူး ...) ဟူ၍ ရှိ၏။ လိုဒ့်ပွဲဟု ခေါ်ပါ ... လဆားနာဂမြို့နယ်စုပွဲ ဖြစ်

ကျွဲအကောင်(၄၀) လောက်နှင့် နတ်ပူဇော် ရသည်။ ပြီးနောက် ကျွဲ သားများကို ဝေငှရ၏။ ကျန်းမာရေးကောင်းအောင်၊ ဆန်စပါး ထွက်အောင်၊ ပူဇော်ခြင်းဖြစ်သည်။ ယခု ခေတ်၌မူ နှစ်သစ်ကူးပွဲတော် သဏ္ဌာန်ဖြစ်သွားပါသည်။ တစ်နှစ် တစ်ခါ ကိုယ့်အိမ်တွင်ကိုယ်လုပ်ရ၏။ ခေါင်ရည်အိုးကို (၂၀)၊ (၃၀) ကုန် အောင် သောက်ကြစားကြ၏။ တစ်ည လုံး (၄)၊ (၅) ရက်ကျင်းပသော ပွဲတော် ကြီးဖြစ်သည်။ အိမ်ရှေ့မှာ မနေတိုင် သဘောမျိုးစိုက်ပြီး ကျွဲသတ်ရ၏။ တစ်ရွာမှ နတ်ဆရာ (၄)၊ (၅) ယောက် ရောက်ရှိလာကြသည်။ အမျိုးအနွယ် အလိုက်ခွဲ၍သုံးကြသည်။ 'တုနမ်ဆား တော' ဟုခေါ်သည်။

**❑ တောနတ်**

တောင်ယာနတ် (တောင်ယာရှင်းလျှင်ပြုလုပ်ရသည်။) ခွေးကိုဆွဲလာပြီး တောင်ယာတွင်သတ်၊ ခွေးကို အသေမသတ်ရပါ။ ပြောလိုက်ဆိုလိုက်၊ ရိုက်လိုက် ဆုတောင်းလိုက်နှင့် နောက်ဆုံးမှ သတ်ပြီး ဟင်းချက်ရသည်။ အူစုံ အသည်းစုံကို ခေါင်ရည်၊ ထမင်းတို့ဖြင့် ပူဇော်ရသည်။

စပါးပထမစိုက်သည့်အခါ စပါး နတ်ကို ကြက်နှင့်တင်ရသည်။ တတ်နိုင်လျှင် ဝက်နှင့်တင်ရသည်။ ခေါင်ရည်နှင့် ထမင်းတို့လည်းပါသည်။ နတ်ဆရာ တွက်ချက်၍ ဟောချက်အရ လုပ်သည် မဟုတ်ပါ။ ထုံးစံအရလုပ်ခြင်းဖြစ်သည်။

စပါးနှံထွက်သည့်အခါ စပါးနှံနှင့် ပြန်၍ပူဇော်ရသည်။ အထက်၌ ဖော်ပြခဲ့သော စပါးစိုက်စဉ်က ပူဇော်သည့်အတိုင်း ဖြစ်၏။

စပါးများကို စပါးကျီအတွင်း သွင်းသည့်အခါလည်း ဤအတိုင်း ပင် နောက်တစ်ကြိမ်ထပ်လုပ်ရပြန် ပါသည်။

စပါးသစ်ကို ပထမဆုံးစားပွဲ (ကောက်သစ်စားပွဲသဘော) လည်းပြု လုပ်သည်။

**❑ တန်မဆန်**

ရွာအဝင်တွင် နတ်စင်လုပ်ထားပြီး ရွာရှင်အနေဖြင့်လုပ်နေကျအတိုင်း ဝက်၊ ကြက်နှင့် ပူဇော်ရသည်။ တစ်နှစ်တစ်ခါ လုပ်ရ၏။ လူရုပ် (ယောက်ျားပုံ၊ မိန်းမပုံ) ရှိသည်။ပူဇော်သည့်ရက်တွင် ရွာအတွင်းသို့ လူစိမ်းမဝင်ရပါ။ သစ်ရွက်အစိမ်းကို အိမ်ရှေ့မှာချိတ်ထားလျှင် ဧည့်သည် မဝင်ရဟု သိလေသည်။ နတ်ဆရာက ဆေးကုသည်။ ဗေဒင်ဆရာကဟော ပြောသည်။ ဗေဒင်အလိုအရ ပူဇော်လျှင် ကြက်၊ ဝက်တို့ကို ဖက်နှင့်ထုပ်၍ ပူဇော်ရသည်။ နတ်ဆရာက ဖျားနာကိစ္စအတွက် တောထဲတွင် သွားပူဇော်ပေးသည်။

တောနတ်၊ အိမ်နတ်ဟူ၍ ပုံတော်၊ ပုံစားမရှိပါ။

□ ကချင်ရိုးရာနတ်များ

ကချင်တို့သည် နတ်ကို အလွန်တရာရိုသေလေးစားယုံမက အလွန်ကြောက်ရွံ့ကြသည်။ နတ်နှင့်ပတ်သက်၍ အမှားမခံပေ။ ပူဇော်နေကျအတိုင်း ပူဇော်ရာ၌ ပေါ့လျော့ခြင်းမရှိပေ။ နတ်ပစ္စည်းများကို အသစ်လဲလှယ်ချိန်တန်လျှင် အသစ်လဲလှယ်၍ စားတော်စာတင်ဆက်ချိန်တွင်လည်း မပျက်မကွက်တင်ဆက်ကြသည်။

အိမ်တစ်ဆောင်၌ မွေးထားသော အိမ်မွေးတိရစ္ဆာန်တို့မှာ စားသုံးရန်ထက် နတ်ပူဇော်ရန်ရည်ရွယ်သည်။ နတ်ပူဇော်ပြီးမှသာ အိမ်သားများ ခွဲဝေစားသောက်သည်။ နတ်ကိုးကွယ်သူတို့အိမ်တွင် အိမ်မွေးတိရစ္ဆာန်များအပြင် ခေါင်ရည်၊ အမဲခြောက်၊ ငါးခြောက်၊ ကြက်ဥ စသည်တို့ကို နတ်နှင့်ပတ်သက်၍ အလွယ်တကူ သုံးစွဲရန်ထားသည်။ ကချင်တို့သည် ဥစ္စာပစ္စည်းပျက်စီးခြင်း၊ ရွာမီးလောင်ခြင်း၊ ရွာတွင် ရောဂါဘယကျခြင်း၊ သီးနှံများပျက်ခြင်းတို့ကို နတ်မကျေနပ်၍ဟု ယူဆသည်။ နတ်ကျေနပ်အောင် နတ်တင်လျှင် ဥစ္စာပစ္စည်းများပြန်ရခြင်း၊ ရွာတွင်ရောဂါဘယကင်းဝေးခြင်း၊ သီးနှံများပြန်၍ ရရှိနိုင်သည်ဟု ယုံကြည်သည်။

ကချင်တို့တွင် နတ်အမျိုးမျိုးရှိသည်။

နတ်ကောင်း၊ နတ်ဆိုးအမျိုးမျိုးရှိရာ အောက်ပါတို့မှာ နတ်ကောင်းများဖြစ်သည်။

၁။ ကောင်းကင်နတ်
၂။ မြေကြီးနတ်
၃။ ရိုးရာနတ်
၄။ ဖန်နှင်းဆန်ကျေးနှင်းဆန် တို့ ဖြစ်သည်။

နတ်ဆိုးများမှာ -

၁။ စုန်းနတ်
၂။ ဆာဝါနတ်
၃။ ကြမ္မာနတ်
၄။ ဆောန်းနတ်
၅။ ဂျာထောင်နတ်တို့ ဖြစ်သည်။

မြန်မာတို့၌ နတ်ကတော်ဟုရှိသကဲ့သို့ ကချင်တို့တွင် နတ်ဆရာများရှိသည်။

၁။ ဂျိုင်ဝါ(ခေါ်)အကြီးဆုံးနတ်ဆရာ
၂။ ဒွမ်ဆာ(ခေါ်)သည့် နတ်ဆရာ
၃။ နင်ဝေါဒ်(ခေါ်)သည့်နတ်ဟောဆရာ
၄။ မြိတွယ်(ခေါ်)သည့် နတ်ပူးဆရာ
၅။ ခင်ဂျောင်(ခေါ်)သည့် နတ်စားတော်စာပြင်ဆင်သူ
၆။ ဟွမ်လွမ်း(ခေါ်)သည့် ခေါင်ရည်အရက်လုပ်သူ

ဟု ရှိသည်။

နတ်စကားကို လူတိုင်းနားမလည်၍ နတ်ဆရာများသာ ပြောဆိုနိုင်ကြသဖြင့် နတ်ဆရာများကို အလေးထားရခြင်း ဖြစ်သည်။

နတ်ဆရာတို့သည် -

၁။ နတ်၏ဂုဏ်သတင်း၊ တန်ခိုးအာနုဘော်ကို ချီးကျူးသောအားဖြင့် နတ်ကြွလာရန် ဖိတ်ကြားနိုင်ခြင်း၊

၂။ နတ်ထံမှ လိုရာကိုတောင်းဆိုပေးနိုင်ခြင်း၊

၃။ ပူဇော်သူ၏ လိုအင်ဆန္ဒကို ပန်ကြားပေးနိုင်ခြင်း၊

၄။ နတ်တောင်းဆိုချက်အတိုင်း တင်ဆက်လျှောက်ထားပေးနိုင်ခြင်း၊

၅။ ကတိပြုထားသော ယဇ်ကောင်နှင့် ဆန္ဒရှိသောအရာများကို လျှောက်ထားပေးနိုင်ခြင်း၊

၆။ ယဇ်ကောင်၏ အသားအစိတ်အပိုင်းအမျိုးမျိုးတို့ကိုခုတ်ပိုင်း၍ ယဇ်ပလ္လင်ပေါ်တွင်တင်ဆက်ခြင်း၊ ပြီးနောက် ခွဲဝေပေးနိုင်ခြင်း၊

၇။ နတ်ဆရာကသာ ယဇ်ကောင်ကိုလက်ခံရန် နတ်အားပန်ကြားပေးနိုင်ခြင်း၊ အန္တရာယ်ကင်းအောင် အန္တရာယ်မှ ကာကွယ်အောင် နတ်အား တောင်းပန်ပေးနိုင်ခြင်း၊

၈။ နတ်အား သူ့ဘုံဗိမာန်သို့ ပြန်လည်ကြွမြန်းရန် တင်လျှောက်ပေးနိုင်ခြင်း စသည်တို့ကို လုပ်ပေးနိုင်သဖြင့် နတ်ဆရာသည် နတ်နှင့်ပတ်သက်သော အရေးပါသူများဖြစ်လာသည်။

□ ချင်းရိုးရာနတ်များ

ချင်းတို့၏ မူလပင်ရင်းယုံကြည်မှုသည် နတ်ကိုးကွယ်မှု ဖြစ်သည်။ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာများ ရောက်ရှိလာသည်။ ချင်းတောင်ပိုင်း၊ မင်းတပ်၊ မတူပီနယ်တို့တွင် နတ်ကိုးကွယ်မှုအများဆုံးရှိသေးသည်။ ကန်ပက်လက်တွင် (၇၀) ရာခိုင်နှုန်းလောက်သာရှိပြီး ပလက်ဝတွင် နတ်ကိုးကွယ်သူဦးရေအများဆုံးဖြစ်သည်ဟု သိရသည်။ ထိုတောင်ပိုင်းချင်းတို့သည် 'ကိုဖင်' ခေါ်သည့် နတ်မင်းကြီးရှိသည်ဟု ယုံကြည်ပြီး ထိုနတ်မင်းကြီးကို ယဇ်ပူဇော်ကြသည်။ ယင်းသို့ ပူဇော်ခြင်းမှာ စောင်မကူညီမှုရလိုခြင်းထက် နတ်ပြစ် နတ်ဒဏ်မှလွတ်ကင်းရန် ပူဇော်ပသခြင်း ဖြစ်သည်။

ဟားခါးချင်းနှင့် တောင်ပိုင်းချင်းတို့က ယင်းနတ်မင်းကြီး ကောင်းကင်ယံတွင်ရှိသည်ဟု ယုံကြည်ကြ၏။ ယင်းနတ်မင်းကြီးအပြင် -

၁။ ရွာဘုံနတ်များ
၂။ အိမ်ထောင်စုဆိုင်ရာနတ်များ
၃။ မျိုးရိုးဆိုင်ရာနတ်များ
၄။ အိမ်စောင့်နတ်များ
၅။ တောင်ယာနှင့်လယ်ယာစောင့် နတ်များ
၆။ တော၊ တောင်၊ ရေမြေမြစ်ချောင်းအင်းအိုင်ရေတံခွန်၊ ညောင်ပင်ကြီး၊ ကျောက်တုံးကျောက်ဂူများတွင် စောင့်သောနတ်များရှိသည်ဟု ယုံကြည်သည်။

အိမ်တွင်းနတ်၊ အိမ်ပြင်နတ် ဟုလည်း ရှိသေးသည်။

□ အိမ်တွင်းနတ်

အိမ်တွင်းနတ်ကို အင်ဒွိုက်… ခေါ်သည်။ အိမ်တွင်းနတ်တွင် အိမ်… အိမ်သားများ ကျန်းမာချမ်းသာ… စောင့်ရှောက်ပေးနေသော ဘိုးဘွားဆိုင်ရာနတ်များနှင့် အိမ်စောင့်နတ်များ ပါဝင်သည်။

□ အိမ်ပြင်နတ်

အိမ်ပြင်နတ်ကို ဂမ်ဒွိုင်ဟုခေါ်သည်။ ၎င်းအိမ်ပြင်နတ်သည် တော… တောင်စောင့်နတ်များဖြစ်သည်။ သူ… ကို ကောင်းကျိုးနှင့် ဆိုးကျိုး ဖန်တီး… နိုင်သည်ဟု ယုံကြည်ကြသည်။

တီးတိန်၊ ဖလန်း၊ ဟားခါးနယ်… တွင် အိမ်တွင်းနတ်၊ အိမ်ပြင်နတ် ဟူ… ခွဲခြားကိုးကွယ်သည်။

□ နတ်ကိုးကွယ်မှုဓလေ့

ချင်းတို့နတ်ကိုးကွယ်မှုတွင် ရုပ်… မရှိပါ။ ချင်းတို့ရွာများတွင် ရွာနတ်… ဘိုးဘွားဝိညာဉ်နတ်၊ တောတောင်… ပင်စောင့်နတ်ဟူ၍သာရှိသည်။ အ… ဒေသတွင် ရွာနတ်ဘုံ၊ ဘိုးဘွားနတ်… ကိုယ်စားပြုသော နတ်ကွန်း နတ်စင်… ရှိသည်။ ကျေးလက်တောရွာများ… ရွာလယ်မြေသန့်နေရာများတွင်လည်း… ကောင်း၊ ကျောက်ဖျာများစီကာ… ထားသော ကျောက်တုံးစင်မြင့်များ… လည်းကောင်း ပူဇော်ပသကြသည်။

ဟားခါးဒေသတစ်ဝိုက်တွင် ရွာ…

နတ်နန်းနှင့် ရိုးရာနတ်ကိုပူဇော်သော နတ်ကွန်းများရှိသည်။ နတ်နန်း၊ နတ်အိမ်များဆို သစ်ပင်ကြီးများ အုပ်ဆိုင်းသောနေရာအောက်တွင် သက်ကယ်ဝါးတိုင်တို့ဖြင့် ယာယီဆောက်လုပ်ထားတတ်သည်။

**□ နတ်ဆရာ သို့မဟုတ် နတ်ကတော်**

မြန်မာတို့၌ နတ်ကတော်ရှိသကဲ့သို့ ချင်းတို့တွင် ကျေးရွာတိုင်း နတ်ဆရာတစ်ဦးစီရှိသည်။ ရွာကြီးလျှင် နတ်ဆရာဦးရေတိုးလာသည်။ နတ်ဆရာအလုပ်ကိုသားစဉ်မြေးဆက်ဆက်ခံရသည်။ နတ်ဆရာသည် နတ်ကိုပူဇော်ပေး၏။ နတ်ကိုဆုတောင်းပေး၏။ အတိတ်နိမိတ်ကောက်၍ ဟောကိန်းထုတ်၏။ ရွာ၌ရောဂါဘယများ ဖြစ်ပေါ်သည့်အခါ နတ်ဆိုးများကို နှင်ထုတ်ပေး၏။ နတ်ကောင်းများကို ခေါ်ယူ၍ ကူညီပေးစေသည်။ ရောဂါဖြစ်နေသောသူကိုခေါ်လျှင် နတ်ဆရာက ကုသပေးသည်။ သင့်လျော်သော ဆေးမြစ်ပေးခြင်း၊ ယတြာပြုလုပ်ပေးသည်။ နတ်ကိုးပေးသည်။ နတ်ပူဇော်ပေးသည်။

နတ်ဆရာများသည် အမျိုးသားများသာဖြစ်သည်။ နတ်ဆရာက အကူအညီတောင်း၍ မိန်းမများတွင် နတ်ဝင်သည်။ နတ်ဆရာသည် နတ်တင်ခအဖြစ်တင်ဆက်သော သားကောင်၏အကောင်းဆုံးအသားကို ရယူလေ့ရှိသည်။ နတ်ဆရာသည် အခြားနည်းဖြင့်လည်း သူ့အသက်မွေးဝမ်းကျောင်းပြုရသေးသည်။ နတ်ဆရာလုပ်ရုံနှင့် မလုံလောက်ပါ။ သို့သော် နတ်ဆရာသည် ကျေးရွာတွင် ဩဇာညောင်းသည်။

**□ ပူဇော်ပသမှု**

မင်းတပ်နှင့် မတူပီဒေသတို့တွင် နတ်တို့ကို မပြစ်မှားရဲပေ။ အကူအညီရရန် ပူဇော်ပသ စိုက်ပျိုးရေး အောင်မြင်ရန်နှင့် ကျန်းမာရေးအတွက် 'ယူလှတ်ခ်' ခေါ်သော နတ်ပူဇော်ပွဲကို မကန်းချင်းတို့ ကျင်းပလေ့ရှိသည်။ မင်းတပ်၊ မတူပီချင်းတို့ကမူ ဖျားနာလျှင် ဆေးဆရာကိုအားမကိုးဘဲ နတ်ပူဇော်ပွဲများသာပြုလုပ်သည်။ အူပူးချင်းတို့အယူအဆလည်း ဤသို့ပင်ဖြစ်သည်။

ထို့ကြောင့် လူတစ်ဦးဖျားနာလျှင် နတ်ဝင်သည်ထံသွား၍ မေးမြန်းသည်။ နတ်ဝင်သည်က ချည်မျှင်ကိုကျစ်ကြည့်ခြင်း၊ ဆန်လေးငါးစေ့ကို လက်ဝါးတွင်ထည့်၍ကြည့်ခြင်းဖြင့် စုန်း၊ နတ်ဖမ်းစားသည်ကို ဟောချက်ချသည်။ ပျောက်အောင်မည်သို့လုပ်ရမည်ကို ညွှန်ကြားသည်။

ရှုံခေါ်သော စုန်းနတ်ဖမ်းစားလျှင် ကြက်ဝက်တစ်မျိုးမျိုးကိုသတ်၍ ပသရသည်။ ဒစ်ရှိခေါ်သော မြေနတ်ဖမ်းစားလျှင် ဆိတ်၊ ဝက်၊ ကျွဲ၊ နွားနှင့် ကြက်များကိုသတ်၍ ပသရသည်။

အိမ်ဆွေနု ခေါ်သော အိမ်ရှေ့နတ်နှင့် နုစိပ်ဟိုခေါ်သော လှေကားနတ်ဖမ်းစားလျှင် အိမ်တွင်ပင် နတ်ပွဲကျင်းပပေးရသည်။အိမ်ရှေ့နတ်အတွက် ကြက်၊ ဝက်၊ နွား၊ ဆိတ်သတ်ပြီး လှေကားနတ်အတွက် ကြက်၊ ဝက်၊ ဆိတ်များသတ်ပြီး ပူဇော်ရသည်။ အိမ်ရှေ့နတ်ကို အိမ်၏ခေါင်းရင်းဘက်တွင် ပသရသည်။ လှေကားနတ်ကို လှေကားရင်းတွင်ပင် ပသရသည်။

စုန်းကိုကျွေးလျှင် ဝါးနှီးနှင့် လေးထောင့်သဏ္ဌာန် ရက်လုပ်ထားသောဖက်နှင့်ထုပ်၍ကျွေးသည်။

အချုပ်ဆိုသော် ရောဂါအန္တရာယ်ဖြစ်ပွားလျှင် နတ်မကျေနပ်၍ဆိုကာ နတ်ဆရာများနှင့် နတ်ကို ပူဇော်ပသကြလေသည်။

**□ ရခိုင်ရိုးရာနတ်များ**

**ရခိုင်အမျိုးသားတို့၏ ရိုးရာနတ်များ**

ရခိုင်အမျိုးသားတို့သည် ရှေးအစဉ်အဆက်ကပင် နေနတ်၊ လနတ်၊ ဗိဿနိုးနတ်၊ သီဝနတ်၊ လေနတ်၊ ရေနတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်စသော နတ်များစွာကို ကိုးကွယ်ကြလေ့ရှိသည်။

ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသော်လည်း နတ်များကိုမူ ရိုးရာအဖြစ် ဆက်လက် ကိုးကွယ်ပူဇော်ကြသည်။

ရခိုင်အမျိုးသားတို့တွင် မယုရှင်မနှင့်မြောက်ဦးရှင်မတို့သည် ဒေသဆိုင်ရာနတ်အဖြစ်ထင်ရှားကြသည်။ ကျွန်းရှင်၊ ပြည်ရှင်၊ ရွာရှင်၊ အိမ်ရှင်နတ်များရှိသည်ဟု ယုံကြည်ကြသည့်အတိုင်း နှစ်စဉ်နှစ်တိုင်း သူ့အချိန်နှင့်သူ နတ်တို့ကိုပူဇော်လေ့ရှိကြသည်။

နတ်စင်မရှိသောရွာများတွင် သစ်ပင်ကြီးများကို ရွေးချယ်ပြီး ပူဇော်ကြသည်။ အချို့က သစ်ပင်၌ နတ်စင်ဆောက်လုပ်ထားကြသည်။

နတ်ပွဲကျင်းပသည့်အခါ နတ်ကိုကြက်၊ ဘဲ၊ ဆိတ်၊ အရက်တို့ဖြင့် ပူဇော်သည့်အပြင် အကများပါ တွဲဖက်ပါဝင်လေ့ရှိသည်။

နတ်အကတွင် နတ်ကတော် (၃၀၊ ၄၀) ခန့် ပါဝင်လေ့ရှိသည်။ နတ်ချင်းအလိုက် တီးမှုတ်ရာတွင် ပန်တျာဆရာ (ပတ်ဆရာ) တို့ကလည်း နတ်စည်းပန်းများကို လည်တွင်ဆွဲကာ နတ်တို့နှင့်ဆိုင်သောစကားတို့ကို ဆိုလျက်တီးမှုတ်ကြသည်။

နတ်ကိုပသတင်မြှောက်ရာတွင် သီဆိုသည့်နတ်ချင်းကို 'နတ်ပတ်ချင်းသံ' ဟု ခေါ်သည်။ မယုရှင်မပတ်သံနှင့် မြောက်ဦးမြို့စောင့်နတ်များ ပတ်သံတို့သည် ထင်ရှားသည်။ နတ်ပွဲများတွင် နတ်ဝင်သည်အဖြစ် ယောကျ်ားရောမိန်းမပါ ပါဝင်လေ့ရှိသည်။

**□ နတ်ပူဇော်ပွဲ**

မိုးဦးကျစ နယုန်လတွင် စနေ (သို့) အင်္ဂါနေ့များတွင် ထိပ်ဝဖွင့်ထားသော အုန်းသီးတစ်လုံး၊ ပေါက်ပေါက်ခွက်၊ ငှက်ပျောသီးတို့နှင့် ဆီမီးနှစ်တိုင်ထွန်းကာ အရှင်ကြီးမြို့စောင့်နတ်ကိုပူဇော်သည်။ ဆီမီးသေသည့်အချိန်တွင် အိမ်နီးချင်းများကိုခေါ်၍ စားရသည်။

နေမကောင်းလျှင် နတ်ဆရာမေးပြီး ဗိန္ဒောဆရာကိုပင့်ပြီး ငွေတစ်မတ်၊ ဆန်အနည်းငယ်ဖြင့် နတ်မေးသည်။ ခေါစာပစ်လျှင် နှီးအစိမ်းခွက်ဖြင့် ဝက်၊ ဘဲ၊ ငါးကန်သား စသည်တို့ဖြင့် နေဝင်ခါနီးတွင်ပစ်ပေးရသည်။

မိုးနှောင်းတွင်လည်း သက်ဆိုင်ရာနတ်ကို အုန်းသီး၊ ငှက်ပျောသီး၊ မုန့်ဖက်ထုပ်၊ ဖောင်းနီ၊ ဖောင်းဖြူ တို့ဖြင့် ပသလေ့ရှိသည်။

ဝါမဝင်မီ နယုန်လ၊ ဝါဆိုလတွင် ရွာလုံးကျွတ် ရွှေပြားနှစ်ချပ်စီယူ၍ ရွာဦးနတ်စင်သို့ သွားရောက်ပူဇော်ကြသည်။

လယ်မထွန်မီ လမိုင်းနတ်နှင့် လယ်နတ်တို့ကို လယ်နားရှိ သစ်ပင်ကြီးတစ်ပင်တွင် ရွှေပြားနှစ်ချပ်ကပ်၍ ဆီမီးနှစ်တိုင်ထွန်းကာ ပူဇော်ကြသည်။

မောင်သန်းဆွေ (ထားဝယ်)

**ကိုးကားချက် -**

၁။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂမ်ဆိုင်း၏ ဆွေးနွေးချက်။
၂။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှင်းဘွေ၏ ပြောပြချက်များ။

မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလသည် ကိလေသာသုံးမျိုးကို ဤသို့ပြ၏။

**ဝီတိက္ကမ** - အာရုံငါးပါးကို နှစ်သက် တွယ်တာ၍ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် လောဘ၊ ဒေါသ အလျောက် ဖောက်ပြန်ကျူးလွန်မှုပြုစေတတ်သည့် ကိလေသာ။

(မှတ်ချက် - ၎င်းကိလေသာကို သီလဖြင့်ပယ်သတ်ရမည်ဟု ဟော၏။)

**ပရိယုဋ္ဌာန** - မနောဒွာရ၌ ထကြွသောင်းကျန်းတတ်သည့်ကိလေသာ။

(မှတ်ချက် - ၎င်းကိလေသာကို သမထဖြင့် ပယ်သတ်ရမည်ဟုဟော၏။)

**အနုသယ** - အစဉ်ကိန်းအောင်းနေ၍ အခါအခွင့်သင့်သည့်အချိန်၌ ဖောက်ပြန်ကျူးလွန်မှုကိုပြုစေတတ်သော ဖုံးအုပ်နေသည့်ကိလေသာ။

(မှတ်ချက် - ၎င်းကိလေသာကို ဝိပဿနာဖြင့်သာ ပယ်သတ်၍ရ၏ဟု ဟောပြထားလေ၏။)

ယခု ကျွန်ုပ်စာရေးသူ ရေးသားတင်ပြမည့်ဝတ္ထုသည် လွန်စွာထူးဆန်းသည့် လူထူးဆန်းကြီးတစ်ယောက်အကြောင်းဖြစ်နေလေ၍ ကိလေသာနှင့် ယှဉ်တွဲကာ ဖော်ပြနေခြင်းသာ ဖြစ်ပေတော့၏။

လောက၌ လူတို့သည် အတိတ်ကံဝဋ်ကြွေးကြောင့် ထူးခြားသည့်အစွမ်းသတ္တိထူးများအကြောင်းကြောင်းကြောင့် ရရှိတတ်ကြလေ၏။

ထိုထူးခြားသည့်အစွမ်းသတ္တိထူးများသည်ပင် လောဘ၊ ဒေါသ၊ မောဟတရားတို့ကြောင့် ပြန်လည်ပျောက်ကွယ်ဆုံးရှုံးသွားတတ်လေ၏။

ဤသည်ပင် ကျွန်ုပ် စာရေးသူ ရေးသားမည့် နတ်မျက်စိဟု အမည်တွင်တော့သည့်ဝတ္ထုဖြစ်ပေတော့၏။

□

အမည်က အောင်ခန့်။ အလုပ်က ကကမောင်းသမား။ ရန်ကုန်မှာက ကကကားတစ်စီးကို စပေါ်ငွေ တစ်သိန်းခွဲ၊ နှစ်သိန်းစပေါ်တင်နိုင်မှ ငှားရမ်းနိုင်မှရ၏။ ထိုသို့ငှားမောင်းနိုင်မှ ကြိုးစားပမ်းစား ကကစီးမည့် ပါစင်ဂျာ ခရီးသည်ရှာနိုင်မှ တစ်နေ့တစ်နေ့ ရှစ်ထောင်၊ တစ်သောင်း ရနိုင်၏။ အုံနာခ (ခေါ်) ကားပိုင်ရှင် အားပေးပြီး အလွတ်ငွေကြေးဖြစ်၏။

သို့သော် အောင်ခန့်သည် ကားမောင်းသက်လည်းကြာလာခဲ့ပြီဖြစ်သဖြင့် တစ်နေ့တစ်နေ့ ရှစ်ထောင်၊ တစ်သောင်းကို အသည်းအသန်ရှာနေစရာတော့မလိုချေ။

အောင်ခန့် ဆိုသည်ကား ခေတ်ပညာမတတ်ခဲ့လေ၍ ဦးလေးဖြစ်သူ၏ ကားဝပ်ရှော့တွင် အလုပ်ဝင်လုပ်ရင်း ကားပြင်ပညာတတ်ကျွမ်းခဲ့သလို ကားမောင်းပညာလည်း ပွန်းတီးခဲ့ကာ ကတ



ောင်းသမားဖြစ်လာခဲ့သူဖြစ်၏။

အောင်ခန့်သည် လူပျိုလူလွတ်တစ်ဦးဖြစ်၏။ သို့သော် အောင်ခန့်သည်ကား အသက်(၂၆)နှစ်ခန့်ရှိနေပြီဖြစ်သော်လည်း အမြီးပေါက်သောမျောက်သာဖြစ်လေ၏။

အောင်ခန့်၏ ဥပဓိရုပ်ကိုလည်းကြည့်ပါ။ ကကမောင်းသမားတစ်ယောက်အဖြစ်သာ ဘဝကိုရပ်တည်နေရသော်လည်း ဥပဓိရုပ်က ခေသူတစ်ယောက်တော့မဟုတ်ပါချေ။

ဥပမာဆိုရသော် အောင်ခန့်၏ဥပဓိရုပ်သည် ယနေ့ခေတ် ဘိုင်စကုတ်မင်းသားဖြစ်သည့် ကျွန်ုပ်တို့စာရေးသူရုပ်ရှင်အစည်းအရုံးအဖွဲ့ကြီး၏ ဥက္ကဋ္ဌဖြစ်သည့် ဘိုင်စကုတ်မင်းသားနှင့်ပင်ရုပ်ချင်းတူသလိုလိုပင်ရှိ၏။ သို့သော် အောင်ခန့်သည် ရုပ်အားကိုးဖြင့် မိန်းမရှုပ်သူ မဟုတ်ချေ။

အဆိုတော်၊ ရုပ်ရှင်မင်းသားတွံတေးသိန်းတန်သီဆိုခဲ့သော ကိုယ်ရယ်၊မင်းရယ်၊ပိတောက်ရယ် ဟူသည့်အတိုင်းတစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုမှပိတောက်သာလျှင်ဖြစ်ဘိတော့၏။

ကျွန်ုပ် ဇာတ်လိုက်ကျော် အောင်ခန့်သည် ထမင်းလခပေးစားသော မြတ်ထမင်းဆိုင်မှ တက္ကသိုလ်ကျောင်းသူထမင်းဆိုင်ရှင်၏သမီးချောမှုံမှုံနှင့် လူကြီးများမသိစတမ်း တိတ်တခိုး သံယောဇဉ်ငြိတွယ်မိကြလေ၏။

လူကြီးများသိသွားကြလျှင်လည်း အောင်ခန့်လို ခြေသလုံးအိမ်တိုင်သမားတစ်ယောက်နှင့် လားလားမျှသဘောတူချိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် အောင်ခန့်မှာ ချစ်သောမှုံမှုံ ရယူပိုင်ဆိုင်ဖို့အရေးကကမောင်းရင်း အသပြာငွေကြေးကိုကျိတ်၍စု၏ဆောင်း၏။

ပြောရလျှင် အောင်ခန့်ဆိုသည်ကား ခေတ်ပညာမတတ်ခြင်း၊ ငွေကြေးနွမ်းပါးခြင်း၊ ဆွေမျိုးအသိုင်းအဝိုင်းမတောင့်တင်းခြင်းစသည့်အချက်အလက်များကြောင့် အောင်ခန့်ချစ်သောမှုံမှုံနှင့်

# နန္ဒဝင်းကျော်ခေါင် (ခတ္တာ-လှုံ့ပြည်)

# နတ်မျက်စိ



မှုံမှုံမိဘများမှ သဘောမတူနိုင်ခြင်းဖြစ်ပေတော့၏။

ဤဝတ္ထု၏ Title ဖြစ်သော နတ်မျက်စိဟု အမည်ပေးထားသည့် အကြောင်းအရာ ဖြစ်ပွားမည့်နေတွင် အောင်ခန့်၏ ကကကားလေးကို သမိုင်းလမ်းဆုံ၌ ဂိတ်ထိုးထားလေ၏။ ဂိတ်ထိုး၍မှ မကြာမီ အဘိုးကြီး၊ အဘွားကြီး သက်ကြီးလင်မယားနှစ်ယောက်တို့နှင့် မြေးမလေးနှစ်ဦးတို့မှ ပဲခူးသွားလို၍ ကားငှား၏။ မိုင်ငါးဆယ်ခရီးဖြစ်လေ၍ အသွားအပြန်ခရီးဖြစ်ပေမယ့် အသွားခရီးသာငှားခြင်းဖြစ်လေ၍ (၁၈၀၀၀) တောင်းရာ (၁၆၀၀၀) ဖြင့် ဈေးတည့်၏။

ခတ်ဆီဈေးမှာ အပြင်ဈေး နှစ်ထောင်ငါးရာကျပ်ရှိ၍ ပဲခူးမှအပြန် ဆီဖိုးငွေအကြေအဖြစ် အပြန်ခရီးတွင် အပြန်ပါစင်ဂျာပြန်၍တင်လာခဲ့မည်ဟု စိတ်တွက်တွက်ပြီး ကားမောင်းထွက်ခဲ့၏။

အောင်ခန့်မှာ မိုင်ငါးဆယ်ကျော်ကျော်ခရီးကို တစ်နာရီသာသာမောင်းခဲ့၏။ အောင်ခန့်မှာ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ယောက်ပီပီ ရွှေမောဓော ဘုရားကြီးအားအဝေးမှပင်မြင်စကတည်းက လက်အုပ်လေးချီမိုး၍ဦးချကန်တော့၏။

တကယ်တမ်းဆိုသော် အောင်ခန့်သည် မနက်မိုးလင်းသည်နှင့် နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူသော ဗုဒ္ဓဘုရားရှင်အား ဖြပ္ပာမင်းကြီးများမှ ရွတ်ဆိုပူဇော်သည့် ဘုရားရှိခိုးဖြင့် သုံးခေါက်ရွတ်ဆိုပူဇော်ခဲ့ပြီးဖြစ်၏။

တစ်ဖန် သရဏဂုံသုံးပါးကို ကိုးခေါက်တိတိရွတ်ပွားကာ ဘုရားရှင်အား ပန်း၊ ရေ ချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ အရဟံဂုဏ်တော်များဖြင့် ရှိခိုးပူဇော်ကာ သုံးဆယ့်တစ်ဘုံသားများ၊ နတ်ဖြပ္ပာများနှင့်တကွ အောက်အဝီစိမှ ယမမင်းကြီးပါမကျန် မေတ္တာပို့ အမျှအတန်းများပေးဝေကာ သာဓုခေါ်ဆိုခဲ့ပြီးဖြစ်၏။

ဤသို့ နိစ္စဓူဝ နံနက်တိုင်းပြုကျင့်ခဲ့ပြီးမှ မင်းကွန်းဆရာတော်ကြီးဦးဝိစိတ္တသာရ၏ ရေဆူပရိတ်ရေဖြင့် မောင်းမည့်ကားကို အောင်ခန့်သည် သပြေရွက်လေးများဖြင့် ပက်ဖျန်းခဲ့ပြီးမှ ကားထွက်ခဲ့သူ ဖြစ်လေ၏။

ဆိုရသော် အောင်ခန့်သည် သကြံန်တွင်း ကားနားသည့်ကာလတွင်လည်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သဘောပေါက်ရန် အောင်ဆန်းတောရ၌ တရားအားထုတ်ခဲ့ဖူးသူ ဖြစ်၏။

ထို့ကြောင့် အောင်ခန့် ဟူသည် သူတော်ကောင်းဟူ၍ သတ်မှတ်၍ရပေ၏။

အောင်ခန့်၏ ကကကားလေးပေါ်တွင်လိုက်ပါလာကုန်သောခရီးသည် မိသားစုများကို ရွှေမောဓောဘုရားကြီးရှေ့ကားရပ်ပေးလိုက်သည်နှင့် ကားပေါ်ပါမိသားစုမှာ အောင်ခန့်အား ပြုံးပြနှုတ်ဆက်၍ ကားပေါ်မှဆင်းသွားကြလေ၏။

အောင်ခန့် ကားလေးကို အဝေးပြေးခရီးသည်များရှိရာ ပဲခူးမြို့အထွက် ကားလေးဂိတ်သို့ ဖြည်းဖြည်းသာသာပင် ပြန်လည်ကာ မောင်းနှင်ခဲ့၏။ ရောက်မဆိုက် အမျိုးသားလေးတစ်ယောက်နှင့်အမျိုးသမီးလေးတစ်ယောက် စုံတွဲတစ်တွဲမှ -

"ဘယ်သွားမှာလဲ ကိုလေး"

ဟု ယဉ်ယဉ်ကျေးကျေးမေးလာ၏။

အောင်ခန့်မှ -

"ခရီးသည်စောင့်ဦးမယ်"

ဟုပြောရာ -

"မစောင့်နဲ့ဗျာ၊ ကျွန်တော်ပေးမယ်။ ဘယ်လောက်ပေးရမလဲ"

ဟု ပြော၏။

အောင်ခန့်မှာလည်း 'ဟန်ကျပြီ' ဟု စိတ်ထဲမှတွေးမိပြီး -

"အစ်ကို့ကားက ခရီးသည်ငါးယောက်ဆံ့တယ်ကွ။ တစ်ယောက်ကို နှစ်ထောင်ငါးရာနှုန်းနဲ့သောင်းနှစ်ထောင်ဆိုဖြစ်တယ်"

ကားငှားသူစုံတွဲ အတန်ငယ်ငိုင်တွေချသွား၏။ အတန်ကြာသော်-

"ကိုးထောင်ပေးမယ်ဗျာ၊ လူပိုမတင်နဲ့တော့"

အောင်ခန့် စဉ်းစားရ၏။ 'လူပိုမတင်နဲ့တော့' ဆိုသောစကားကိုဖြစ်၏။ သို့သော် ပဲခူးမှအပြန် ရသလောက်အမြတ်ဟု တွက်ဆပြီးဖြစ်၍-

"ကဲ- တက်ကွာ"

ဟုသာ မီးစိမ်းပြလိုက်တော့၏။

ထိုစုံတွဲကားလေးပေါ်တက်လိုက်သည်နှင့် ကားလေးမှာ ငြိမ့်ခနဲဖြစ်၍သွား၏။

အောင်ခန့်မှာလည်း ကားစက်ကိုနှိုးလိုက်ချေတော့၏။

ရန်ကုန်-ပဲခူးကားလမ်းမကြီးပေါ်တွင် အောင်ခန့်ကားလေးမှာ လေးညှ... မှလွှတ်ခံရသော မြှားတစ်စင်းပ... တစ်ဟုန်ထိုးပြေးထွက်၏။

ကားနောက်ခန်းတွင်လိုက်ပါလာ... သောလူငယ်စုံတွဲတို့မှာ တခိုးခိုးတခစ်ခ... ဖြင့် ရယ်မောသဘောကျရင်း လိုက်... လာ ၏။

အောင်ခန့်မှာလည်း နောက်... ကြည့်မှန်လေးအတွင်းမှ လူငယ်စုံတွဲ... ခိုး၍ကြည့်လိုက်၊ ပျော်ရွှင်ရယ်မော... လေးများကို နားစွင့်လိုက်ဖြင့် လွန်... ပီတိဖြစ်စွာဖြင့် ကားလေးကို စီး... မောင်းနှင်ရင်း သာယာနေမိလေ... ကားလေး၏ မိုင်နှုန်းပင် မိုင်သုံးဆ... ငါးမိုင်ခန့် ရောက်ရှိခဲ့ပြီဖြစ်၏။ ထိုအခ... တွင် ရန်ကုန်ဘက်မှ ဆယ်ဘီးကား... တစ်စီးအပြင်းမောင်းချလာ၏။ မြေ... တုန်နေ၏။ အောင်ခန့်မှာလည်း ... လမ်း၏ အလယ်အူကြောလမ်းမ... ပေါ်မှ ဘေးသို့အသာအယာပင်ကပ်... ချပေးလိုက်၏။

ထိုအချိန်တွင် ကားကြီးနောက်... ကပ်၍ပါလာသော ပါဘလေကာ... ဖြူလေးတစ်စီးသည်လည်း ဆယ်... ကားကြီးကိုကျော်၍တက်လိုက်ပြီး အ... မြင့်တင်ထိုးထွက်လိုက်ရာ အောင်... မောင်းနှင်လာသည့် ကကကားလေး... ခေါင်းချင်းဆိုင်မိလေတော့၏။

အောင်ခန့်မှာ ကားလေး၏အ... နှင့်အကွာအဝေးကိုချိန်ဆ၍ ဘေးသို့... ချမည်ဟု ကြိုးစားလိုက်သော်လည်း ... တော့ချေ။

"ဒုန်း"

ဟူသော ကျယ်လောင်သ... အသံကြီးထွက်ပေါ်၍လာကာ အောင်... မှာ ကားရှေ့ဒက်ဘုတ်နှင့်မှန်ချပ်မျာ... ခေါင်းနှင့်ပြေးဆောင့်လိုက်မိပြီး လော... ခဏတစ်ခွင်လုံးကို မေ့သွားလေ... ၏။

ကားနောက်ခန်းတွင်လိုက်ပါ... သောစုံတွဲကိုလည်း ပဇာသို့ပင်ဖြစ်... သနည်းဟူသည်ကို အောင်ခန့်မသ... တော့။

❏

အောင်ခန့်သတိရလာချိန်မှာ... အသက်ကယ်သွေးပုလင်း၊ ဂလူ... ပုလင်းများ ချိတ်ဆွဲထား၏။

အောင်ခန့်၏ခုတင်ဘေးတစ်...

တစ်ချက်စီတွင်တော့ ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုမောင်၊ စစ္စတာအပြာမကြီး ဒေါ်တင်တင်အုန်းနှင့် ကားပိုင်ရှင် ကိုလေးမောင်၊ ဇနီးဖြစ်သူ မဝင်းဝင်းသန်းတို့ကို အလင်းရောင်ဝင်းဝင်းလက်လက်တွေကြားမှ အရိပ်မည်းမည်းကြီးများအဖြစ် ရိုးတိုးရိပ်တိပ် စတင်မြင်ရလာ၏။

"သူသတိရလာပြီ"

ဟူသောအသံကိုလည်း စတင်ကြားရ၏။

ဆရာဝန်ကြီးဒေါက်တာဦးကိုကိုမောင်၏အသံဖြစ်၏။

"မောင်အောင်ခန့် သတိရလာပြီလား"

ကားပိုင်ရှင်ကိုလေးမောင်၏အသံမှန်း ကျက်မှတ်မိကာ ကုန်းရုန်းထလိုက်မိ၏။

"အား - ကျွတ် ကျွတ် ကျွတ်"

"အို- မထနဲ့ မထနဲ့"

စစ္စတာကြီး ဒေါ်တင်တင်အုန်းအသံမှန်းသိလိုက်သလို အောင်ခန့်မှာလည်း အားယူ၍ထလိုက်စဉ် ဘယ်ဘက်လက်တစ်ဖက်သာရှိတော့၍ လွန်စွာအံ့ဩသွားလေတော့၏။

(မှတ်ချက် - ဤ၌ အောင်ခန့်ဟုခေါ်သော ကကမောင်းသမားသည် ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုမောင်၊ သူနာပြုဆရာမကြီး စစ္စတာဒေါ်တင်တင်အုန်းတို့၏အမည်များကိုမသိနိုင်ပါ။ သူနာ မောင်အောင်ခန့်ကျန်းမာလာမှ ဤဇာတ်လမ်းကို ... (ကျွန်ုပ်စာရေးသူအား ပြန်လည်ပြောပြ၍ ကျွန်ုပ်စာရေးသူမှ တင်ပြရေးသားခြင်းသာဖြစ်ပါကြောင်း။)

ဤသို့ဖြင့် ထောက်ကြန့်အလွန် ရွှေညောင်ပင်အနီး ယာဉ်တိုက်မှုဖြစ်ခဲ့သော မောင်အောင်ခန့်မှာ (၁၀) ရက်ကျော်ကျော်အကြာတွင် အနည်းငယ် အသက်သာလာလေ၏။

သူ၏ ညာဘက်လက်တစ်ဖက်လည်းမရှိတော့လေ၍ လွန်စွာယူကြုံးမရဖြစ်နေလေတော့၏။ ဆေးရုံတက်နေစဉ်ရက်များအတွင်း အောင်ခန့်၏ စိတ်တို့သည် ချစ်သောမှုံမှုံအား သတိရ၏။ လွမ်းဆွတ်လေ၏။

အောင်ခန့်၏ကားနှင့်ခေါင်းချင်းဆိုင်တိုက်မိသော ပါဘလေကာကားမှ ကားမောင်းသမားနှင့် ကားပေါ်ပါလာသောလူတို့၏အခြေအနေကိုမေးမြန်းသောအခါ ကားမောင်းသူမှာ ပြင်းထန်စွာဒဏ်ရာရရှိလိုက်သော်လည်း အသက်မသေဟုသိရ၏။ အောင်ခန့်၏ညာဘက်တစ်ဖက်ယာဉ်၏ ဘယ်ဘက်ထိုင်ခုံပေါ်မှစီးနင်းလိုက်ပါလာသောမိန်းကလေးမှာမူ ပွဲချင်းပြီးသေဆုံး၏ဟု သိလိုက်ရပါတော့၏။

ထိုမိန်းကလေးမှာ တစ်ပတ်အတွင်း မင်္ဂလာဆောင်တော့မည့် သတို့သမီးလောင်းဟုသိလိုက်ရပြီး အောင်ခန့်မှာ စိတ်မကောင်းခြင်းကြီးစွာဖြစ်ခဲ့ပါတော့၏။ အောင်ခန့်၏ကားနောက်တွင် ကိုးထောင်ကျပ်နှင့် ကားငှားစီးလိုက်ပါလာသောစုံတွဲမှာမူ ဒဏ်ရာများရရှိခဲ့သော်လည်း နှစ်ရက်၊ သုံးရက်များတွင် ရရှိခဲ့သောဒဏ်ရာများသက်သာသွား၍ ဆေးရုံမှပြန်၍ဆင်းသွားကြောင်း သိလိုက်ရလေ၏။

အောင်ခန့်မှာသာ ရက်(၂၀)နီးပါးမျှ ဆေးရုံကြီးတွင် တက်ရောက်ကုသခဲ့ရသလို ကကကားပိုင်ရှင်ထံတွင် ကားငှားခစပေါ်ငွေနှစ်သိန်းနှင့် စုဆောင်းထားသည့်ငွေနှစ်သိန်းကျော်ကျော်လည်း ကုန်လုကုန်ခင်ဖြစ်တော့၏။

ပျက်စီးသွားသည့် အောင်ခန့်မောင်းသည့် ကကကားလေးကိုလည်း တစ်ဖက်ကားပိုင်ရှင်မှ စိုက်ထုတ်၍ ပြန်လည်ပြင်ဆင်ပေးနေသည်ဟု ကြားသိရ၏။

ဤသို့ဖြင့် ကကမောင်းသမားလေးအောင်ခန့်တစ်ယောက် ဆေးရုံကြီးမှ ဆင်းခွင့်ရခဲ့တော့၏။

အောင်ခန့်မှာ သူ့အားကုသပေးခဲ့သည့် ဆရာဝန်ကြီးဒေါက်တာဦးကိုကိုမောင်အား ဆရာဝန်ကြီးအခန်းအတွင်းသွားရောက်ဂါရဝပြု၏။ ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုမောင်မှာ အောင်ခန့်အား-

"မင်းလိုဘာသာတရားလေးစားတဲ့ လူငယ်တစ်ယောက်ကို နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်နေမှာပါကွာ"

ဟု ပြော၏။

အောင်ခန့်မှာ ဆေးရုံတက်နေစဉ်ကာလအချိန်အတွင်း၌လည်း နေ့စဉ်ပြုနေကြ စရဏပြုဝတ်များ မပျက်စတမ်းပြုကျင့်သည်ကို ဆရာဝန်ကြီးဒေါက်တာဦးကိုကိုမောင်သိ၍ ပြောခြင်းဟုသာ တွေးဆလိုက်၏။

ထိုအချိန်တွင် ဆေးရုံမှဆင်းအံ့ဟုပြင်ဆင်လိုက်သည့် ကကမောင်းသမားလေးအောင်ခန့်အား ဆရာဝန်ကြီးဒေါက်တာဦးကိုကိုမောင်မှ သူ၏လက်တစ်ဖက်ကိုဆန့်တန့်လာ၍ အောင်ခန့်မှာ လက်ဆွဲနှုတ်ဆက်တာပဲဟုထင်လိုက်မိကာ ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုမောင်၏ညာဘက်လက်အား အောင်ခန့်မှာ သူ၏ကျန်ရှိနေသည့် ဘယ်ဘက်လက်ဖြင့် ဆုပ်ကိုင်လိုက်မိလေ၏။

အောင်ခန့်မှာ ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုမောင်၏ ညာဘက်လက်ကို ဆုပ်ကိုင်လိုက်မိချိန်မှာပင် အောင်ခန့်၏ဦးခေါင်းတစ်ခုလုံး အလင်းတန်းများဝင်ရောက်လာကာ အိမ်ကြီးတစ်လုံးကို မီးများဟုန်းဟုန်းတောက်လောင်နေသည့်မြင်ကွင်းကို ရှင်းလင်းပြတ်သားစွာတွေ့မြင်လိုက်ရပြီး နှုတ်မှလည်း မဲတ်စီးသလိုဖြစ်ကာ ပြောချလိုက်လေတော့၏။

"ဆရာ. . . ဆရာ့အိမ်ကြီးမီးတွေလောင်တော့မယ်"

ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုမောင်မှာ မဆီမဆိုင်သောစကားများကို အောင်ခန့်ထံမှ ကြားလိုက်ရလေ၍ တအံ့တဩဖြစ်ကာ မျက်မှောင်ကြုတ်၍ အောင်ခန့်အား ကြည့်လိုက်မိလေ၏။

ထိုအချိန်မှာပင် ဆရာဝန်ကြီး၏အခန်းတွင်းမှ တယ်လီဖုန်းဝင်လာလေတော့၏။ အောင်ခန့်မှာလည်း ဆရာဝန်ကြီးအခန်းတွင်းမှ ထွက်ခွာသွားခဲ့ပါတော့သည်။

ထိုသတင်းမှာ ဆရာဝန်ကြီးအိမ် ဝါယာမှုရှော့(ခ်)ဖြစ်၍မီးလောင်နေသောသတင်းဖြစ်နေပါတော့သတည်း။

ထိုအချိန်တွင် အောင်ခန့်မှာ ဆေးရုံပေါ်မှ ဆင်းသွားခဲ့ပြီဖြစ်၏။

အောင်ခန့် ဆေးရုံမှဆင်းသွားပြီးနောက်တစ်ရက်မှာပင် ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုမောင်မှာ အောင်ခန့်၏ ကားပိုင်ရှင် ကိုလေးမောင်၊ မဝင်းဝင်းသန်းတို့၏နေအိမ်သို့ သူ၏ကားလေးကိုကိုယ်တိုင်မောင်း၍ ရောက်ချလာ၏။ အကြောင်းမှာ ဆေးရုံမှဆင်းမည့်နေ့တွင် လူမမာဖြစ်သူအောင်ခန့်ပြောသွားသောစကားနှင့်ပတ်သက်၍ဖြစ်၏။ ဆရာဝန်ကြီးမှ အောင်ခန့်ကို တွေ့လိုကြောင်း ကိုလေးမောင်တို့ဇနီးမောင်နှံအားပြောရာ ချက်ချင်းပင် အောင်ခန့်အား ဖုန်းဆက်၍ခေါ်ပေးလေ၏။ ဆရာဝန်ကြီးအားလည်း လက်ဖက်ရည်၊ မုန့်များဖြင့် ဧည့်ခံ၏။

"ဘာကိစ္စရှိလို့လဲ ဆရာ"

"ကိစ္စကတော့ မောင်အောင်ခန့် ဆေးရုံကဆင်းမယ့်နေ့ မနေ့ကပေါ့။ ကျွန်တော့်လက်ကို မောင်အောင်ခန့် လက်နဲ့ ဆုပ်ကိုင်လိုက်မိပြီး ဆရာ ဆရာ့အိမ်ကြီးမီးလောင်နေပြီလို့ ဘာဖြစ်လို့ပြောနိုင်တာလဲဆိုတာသိချင်လို့ လာခဲ့တာပါဗျာ"

ဟု ပြော၏။

ကားအုံနာ ကိုလေးမောင်နှင့် မဝင်းဝင်းသန်းတို့ဇနီးမောင်နှံမှာ ထူးထူးဆန်းဆန်းအဖြစ်အပျက်တစ်ခုကိုကြားကာ လွန်စွာအံ့သြကြလေ၏။

ထိုအချိန်တွင် အောင်ခန့်မှာ ကားအုံနာ ကိုလေးမောင်တို့အိမ်သို့ ရောက်လာလေပြီး ၎င်းကိုဆေးကုသပေးသော ဒေါက်တာ ဦးကိုကိုမောင်ကို တွေ့လိုက်၍ အံ့အားသင့်သွားလေ၏။

"ဆရာ၊ ဘာ. . . ဘာကိစ္စရှိလို့လဲခင်ဗျာ"

"မနေ့က ဆရာ့အိမ်ကြီးမီးလောင်နေပြီလို့ ဘာဖြစ်လို့ကြိုပြောနိုင်တာလဲကွာ။ အဲဒီကိစ္စသိချင်လို့ပါ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်လည်း ကျွန်တော့်တစ်သက်မှာ တစ်ခါမှ အဲဒီလိုအဖြစ်မျိုးမဖြစ်ဖူးပါဘူး ဆရာ။ အဲဒီနေ့ကတော့ ဆရာ့လက်ကိုကိုင်မိချိန်မှာ ထူးထူးဆန်းဆန်း ကျွန်တော့်ခေါင်းထဲမှာ အလင်းတန်းတွေပေါ်လာပြီး အိမ်ကြီးတစ်အိမ်လုံးကို မီးလောင်နေတာမြင်လိုက်သလို ကျွန်တော့်ပါးစပ်ကလည်း မာတ်စီးနေသလို ထူးထူးဆန်းဆန်းပြောမိလိုက်တာပါဆရာ"

"အေး - မင်းပြောပြီး ဆယ်မိနစ်လောက်ပဲကြာမယ်။ ဆရာ့အိမ်ကဖုန်းလာတယ်။ ဆရာ့အိမ်ကြီးမီးလောင်နေလို့တဲ့"

"ဗျာ"

"ဟုတ်တယ် မောင်အောင်ခန့်။ ဒီနေ့ သတင်းစာတွေထဲမှာလည်း မီးလောင်တဲ့သတင်းတွေ ပါလာပါတယ်။ မေးလက်စနဲ့ တစ်ဆက်တည်းမေးစမ်းပါရစေဦးကွာ"

"မေးပါဆရာ မေးပါ"

"မောင်အောင်ခန့်မှာ နဂိုကတော့ အဲဒီလိုအကြားအမြင်ပုံစံမျိုးဖြစ်ဖူးသလား၊ ရဖူးသလား"

"မဖြစ်ဘူး၊ မရဖူးပါဘူးဆရာ။ အခု ကားတိုက်ခံရပြီး ခေါင်းမှာကြီးကြီးကျယ်ကျယ်ဒဏ်ရာရပြီးကာမှဆရာနဲ့ပတ်သက်တဲ့ဖြစ်စဉ်ဟာ ပထမဆုံးနဲ့ ပွဲဆော်ဦးဖြစ်စဉ်ပါပဲဆရာ"

ဆရာဝန်ကြီး ဒေါက်တာဦးကိုကိုမောင်မှာ မောင်အောင်ခန့်အား ထူးထူးဆန်းဆန်းကြည့်ကာ တအံ့တသြနှင့်ဖြစ်သွားလေတော့၏။

ထိုသတင်းသည် ကားပိုင်ရှင် ကိုလေးမောင်၊ မဝင်းဝင်းသန်းတို့သိကာ လွန်စွာအံ့သြကြကုန်၏။

ဤတွင် ကိုလေးမောင်၏ဇနီး မဝင်းဝင်းသန်းမှာ မိန်းမပီပီစပ်စုချင်လာ၏။

"ကိုအောင်ခန့် ကျွန်မလက်ကိုကိုင်ကြည့်ပေးပါဦး"

အောင်ခန့်မှာ ပြုံးလိုက်၏။ ပြီးသော် မဝင်းဝင်းသန်း၏ဆန့်တန်းလာသောလက်တစ်ဖက်အား သူ၏ပြုတ်၍ကျန်ရှိနေသော ဘယ်ဘက်လက်လေးတစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်မိလေတော့၏။ ထိုအချိန်တွင် အောင်ခန့်၏ဦးခေါင်းတစ်ခုလုံး ပြိုးပြိုးပြက်ပြက်သောအလင်းရောင်များမြင်လိုက်ရပြီး နှုတ်ဖျားမှလည်း မာတ်စီးသကဲ့သို့ဖြစ်ကာ ပြောလိုက်မိလေတော့၏။

"မဝင်းဝင်းသန်း၊ ခင်ဗျားမောင်လေး ရေနစ်နေပြီ"

"ရှင်"

ကြားလိုက်ရသော စကားတစ်ခုကြောင့် မဝင်းဝင်းသန်းမှာ အံ့သြတုန်လှုပ်လိုက်သလိုဖြစ်ကာ ကိုလေးမောင်မှာလည်း ထူးထူးဆန်းဆန်း အောင်ခန့်ကို ကြည့်မိလိုက်ချေ၏။

ထိုအချိန်မှာပင် မဝင်းဝင်းသန်းထံ ဖုန်းဝင်လာပါတော့သည်။

မဝင်းဝင်းသန်း၏ မောင်အငယ် ကောင် ကန်တော်ကြီးတွင် ရေနစ်နေသောသတင်းကြားလိုက်ရပြီး ကားငှားကာ လိုက်သွားကြပါတော့၏။

အောင်ခန့်မှာ သူ့အဖြစ်သူ့အကြောင်းနှင့် အကြားအမြင်ခေါ် ဒိဗ္ဗစက္ခု နတ်မျက်စိပမာ မြင်ကြားရုံများနှင့် တစ်ဖက်ဖြစ်ရပ်တို့မှာ တစ်ထပ်တည်း ထပ်တူညီ၍ ဖြစ်ပျက်မှုတူညီနေလေသည်ကိုတွေ့မြင်တော့ အံ့သြနေလေတော့၏။

ထိုသတင်းသည် အောင်ခန့်နေထိုင်ရာ သမိုင်း ဦးဖိုးမှန်လမ်းတွင် နာမည်ကြီးသွားပါတော့၏။

ဤဖြစ်စဉ်ထူးနှင့် ပတ်သက်၍ အောင်ခန့်အား ခင်မင်သော မိတ်ဆွေ၊ သူငယ်ချင်းတို့မှပင် အမျိုးမျိုးသော စကားတို့ကို ပြောဆိုကြ၏။

တချို့သည် မယုံကြည်နိုင်စွာ အံ့သြကြကုန်၏။ အချို့သည်ကား 'အလကားပါကွာ၊ ဒီကောင် ကားတိုက်ခံရပြီး မာတ်ကြောင်သွားတာပါကွာ' ဟု ဆိုကြကုန်၏။

သို့သော် ထိုအမျိုးမျိုးသောစကားတို့ပြောဆိုကြကုန်သော မိတ်ဆွေသူငယ်ချင်းများထဲမှ တစ်ယောက်သောသူငယ်ချင်းမှာ သူကိုယ်တိုင် မယုံကြည်၍ အောင်ခန့်အား လက်ဆွဲကာ ကိုင်ကြည့်စေ၏။

"ဟာ - အန်ကူ၊ မင်းအမေကြီး ရွာမှာမြွေကိုက်တော့မယ်"

"ဟာကွာ- အောင်ခန့်၊ ဒါ နောက်စရာလားကွ"

"နောက်တာမဟုတ်ဘူး အန်ကူ၊ အမှန်အကန်ပြောတာ"

အောင်ခန့်အား နောက်သည်ဟု စိတ်ဆိုးသွားသော အောင်ခန့်သူငယ်ချင်းအန်ကူ၏မိခင်ကြီးမှာ စလေမြို့တွင် နေထိုင်သူဖြစ်၏။ နောက်တစ်ရက်အကြာတွင် အန်ကူ၏မိခင်ကြီးဒေါ်စောရွှေမှာ ပိုးထိ(မြွေကိုက်)၍ သေဆုံးသွားသောသတင်းရောက်လာကာ အန်ကူမှာ ဇာတိမြို့ စလေသို့ အပြေးသွားရောက်ရပါတော့၏။

အန်ကူ၏ဖြစ်ရပ်နှင့်ပတ်သက်ကာ အောင်ခန့်မှာ ပို၍နာမည်ကြီးသွားပြန်ပါတော့၏။

ဤတွင် ကကမောင်းသမားလေး အောင်ခန့်မှာ လက်တစ်ဖက်ကလည်း မရှိ၊ ငွေကြေးကလည်းမရှိဖြစ်ကာ လွန်စွာစိတ်ဆင်းရဲသောကဖြစ်နေချိန်လည်း ဖြစ်နေလေ၏။

ထိုအပြင် အောင်ခန့်ပို၍စိတ်ညစ်ရသည့်အဖြစ်မှာ ချစ်သူမှုံမှုံမှ သူ့အား အဆက်ဖြတ်လိုက်ခြင်း ဖြစ်၏။

ထိုနေ့က အောင်ခန့် စိတ်ညစ်လွန်းအားကြီး၍ မရှိမဲ့ရှိမဲ့ငွေကြေးလေးဖြင့် အရက်သောက်မည်စိတ်ကူးမိ၏။ သို့သော် အရက်မသောက်ပါဟူသော ဗုဒ္ဓဘုရားရှင်အား ကတိပြုထားသည်ကို သတိရကာ အရက်သောက်မည့်စိတ်ကူး ပျက်သွား၏။

သို့သော် မှုံမှုံကိုချစ်၍သတိရခြင်း စိတ်အစဉ်က အောင်ခန့်ကို လွန်စွာ နှိပ်စက်နေလေ၏။

ဤတွင် တဏှာဟူသည့်သမုဒယသစ္စာသည် ကာယိကဒုက္ခဟုခေါ်သော

ရုပ်ဆင်းရဲ၊ ရုပ်ဒုက္ခနှင့် စေတသိကဒုက္ခဖြစ်သည့် စိတ်ဆင်းရဲ၊ စိတ်ဒုက္ခကိုပေးစွမ်းကြောင်း တရားနာအသိကပေးစွမ်းထားပြီးဖြစ်လေ၍ တရားအသိဖြင့်ဆင်ခြင်ကာ မှုံမှုံအားမေ့ရန် ကြိုးစားလေတော့၏။

ကိလေသာ၏ထုထောင်းချက်သည် အောင်ခန့်၏စိတ်အစဉ်ကို လွန်စွာဒုက္ခပေးနေသလို သောကနှင့် အာဟာရကြောင့် ရုပ်မှာပိန်ကျလာလေ၏။

ထိုရက်များအတွင်း အောင်ခန့်၏သတင်းများကိုကြားပြီး တစ်နေ့တစ်နေ့ လူသုံးလေးယောက်မှ တစ်ခါတစ်ရံ ခုနစ်ယောက်၊ ရှစ်ယောက်အထိ သူတို့၏လက်အားထိကိုင်စေပြီး ပဇာသို့သော ထူးထူးဆန်းဆန်းအဖြစ်မျိုးဖြစ်လေမည်နည်းဟု လာရောက်မေးစမ်းကြ၏။

ထိုအထဲတွင် လွန်စွာလှပသော မိန်းကလေးတစ်ယောက်၏အဖြစ်သည်လည်း ထူးခြားသည်ဟုထင်၍ ဖော်ပြပေးလိုက်ပါ၏။

ထိုနေ့က အောင်ခန့်တစ်ယောက် ငွေကြေးများ အနည်းငယ်ထက်ပိုစွာရရှိလာလေ၍ လက်ဖက်ရည်နှင့်အကြောကျွေးနှင့် စည်းစိမ်ကျနေလေ၏။

ယခင် ကားမောင်းစဉ်က တစ်နေ့တစ်နေ့ ခုနစ်ထောင်၊ ရှစ်ထောင် တစ်ခါတစ်ရံ သောင်းဂဏန်းနီးပါးရရှိတတ်၏။

ယခုအချိန် ကားတိုက်ခံရပြီး လက်တစ်ဖက်ပြတ်ခဲ့ပြီးချိန်တွင် လူတို့၏အနာဂတ်ကို ဗေဒင်ဆရာမဟုတ်သော်လည်း မေးမြန်းနေကြ၍ ၎င်းတို့ဘာသာပေးလှူသွားသောငွေကြေးမှာ တစ်ခါတစ်ရံ တစ်သောင်းမှနှစ်သောင်းကျပ်ပင်ရရှိလာလေ၍ ကကကားမောင်းရသည်ထက်ပင် တွက်ခြေကိုက်နေလေတော့၏။

ထိုမိန်းကလေးတစ်ယောက်တည်း နံနက် (၈)နာရီသာသာခန့်သာရှိချိန်တွင် အောင်ခန့်နေထိုင်ရာ အိမ်ဘုရားခန်းဧည့်ခန်းသို့ရောက်ရှိလာ၏။

"ဆရာ၊ ကျွန်မအမေဆုံးသွားတာ တစ်လကျော်သွားပါပြီ။ အဲဒါ ကျွန်မမှာ စားဝတ်နေရေးကအစ အဆင်မပြေဘူးဖြစ်နေပါတယ်။ အဲဒါ. . "

မိန်းကလေးမှာ သူမ၏ညာဘက်လက်ကလေးကို ဆန့်တန်းပေးလာ၍ အောင်ခန့်မှာ သူမ၏လက်ကလေးကို အောင်ခန့်၏ဘယ်ဘက်လက်ဖြင့် တင်းတင်းရင်းရင်းဆုပ်ကိုင်လိုက်စဉ် ခေါင်းတစ်ခုလုံး အလင်းတန်းများဖြတ်ပြေးသွားကာ သူ၏နှုတ်ဖျားမှစကားများဆက်တိုက်ပြောလိုက်လေ၏။

"မိန်းကလေး၊ မင်းထိုးထားတဲ့ထီစာရွက်က မနေ့ကထွက်တဲ့ထီပေါက်စဉ်မှာ သိန်းထောင့်ငါးရာဆုကြီးပေါက်နေပြီ"

"ရှင်"

မိန်းကလေးမှာ အောင်ခန့်ထံမှ စကားကိုကြားပြီး လွန်စွာဝမ်းမြောက်စွာဖြစ်ပြီး အိမ်ပြန်သွားလေ၏။

"ဆရာ၊ ကျွန်မမှာ ဆရာ့ကို ကန်တော့စရာပိုက်ဆံနည်းနေလို့ ဒီနေ့မကန်တော့နိုင်တာခွင့်လွှတ်ပါ ဆရာ။ ဆရာပြောတဲ့အတိုင်းမှန်ခဲ့ရင် ဆရာ့ကို သီးသန့်လာကန်တော့ပါ့မယ်ဆရာ"

မိန်းကလေးမှာ အသံတုန်တုန်ယင်ယင်ဖြင့်ပြောဆိုရင်း ပြန်သွားလေ၏။

ထိုမိန်းကလေးမှာ အောင်ခန့်ပြောလိုက်သည့်အတိုင်း ထီသိန်းထောင့်ငါးရာဆုကြီးပေါက်သွားပါလေတော့၏။

ထိုမိန်းကလေးမှာ အောင်ခန့်အား နောက်တစ်နေ့တွင် ငွေတစ်သိန်းတိတိကို လာရောက် ကန်တော့သွားပါတော့သည်။

ထိုမိန်းကလေး၏သတင်းကိုကြားသိသွားကြကုန်သောလူအပေါင်းတို့မှာ နေ့စဉ်ပင် အောင်ခန့်ထံ အယောက်နှစ်ဆယ်မှအစိတ်အထိလာရောက်မေးမြန်းကြသည်။ အောင်ခန့်ဝင်ငွေမှာလည်း တစ်နေ့ တစ်နေ့ တစ်သိန်းမှ တစ်သိန်းခွဲအထိဝင်နေတော့၏။

၄လ၊ ၅လ၊ ခြောက်လအကြာတွင်တော့ အောင်ခန့်မှာ သူဟောပြောခငွေများကို စုဆောင်းထားရာမှ သိန်းရာကျော်သောငွေများရရှိလာပြီး ကားတစ်စီးပင် အပိုင်ဝယ်ထားနိုင်လေတော့၏။

အောင်ခန့်၏ပြတ်သွားသောညာဘက်လက်ကိုလည်း လက်အတုတစ်ချောင်းဝယ်ကာတပ်လိုက်လေ၍ လက်အစစ်နှင့်မခြားဖြစ်ကာ ကားကို ကိုယ်တိုင်မောင်းနိုင်လေတော့၏။

လူမစွမ်း နတ်မလေသလားဟူ၍ပင် အောင်ခန့်တွေးနေလေတော့၏။

ထိုအချိန်တွင် အောင်ခန့်၏ တစ်ချိန်သောအခါကာလက မြတ်မြတ်နိုးနိုးချစ်ခဲ့လေသော ချစ်သူမှုံမှုံမှာ မိဘများပေးစားထားသည့်ယောကျ်ားဖြစ်သူနှင့်ညားကာ စီးပွားပျက်၍ ဘဝပါပျက်လုနီးဖြင့် စိတ်ဆင်းရဲသောကများဖြစ်ပြီး အောင်ခန့်ထံရောက်လာလေတော့၏။

"ကိုအောင်ခန့် ကျွန်မကိုမှတ်မိပါသေးတယ်နော်"

"ဟင် - မင်း မင်း မှုံမှုံမဟုတ်လားဟင်"

"ဟုတ်ပါတယ် ကိုအောင်ခန့်၊ ကျွန်မမှုံမှုံပါရှင်"

"အခု မင်း ငါ့ဆီကိုဘာလာလုပ်တာလဲ"

"ကျွန်မ ကျွန်မ ရှင့်ဆီမှာ ဒီဗွစကျွနတ်မျက်စိနဲ့ဟောတာသိချင်လို့ လာခဲ့တာပါရှင်"

ကိုအောင်ခန့်မှာ မှုံမှုံ၏ ဆန့်ထုတ်ပေးလာသည့်လက်ကလေးအား သူ၏ဘယ်ဘက်လက်ဖြင့် ဆုပ်ကိုင်လိုက်မိချိန်မှာပင် ခေါင်းတစ်ခွင်လုံး အလင်းစက်များဖြတ်၍ပြေးသွားပြီး ဓာတ်စီးသလိုဖြစ်နေသောနှုတ်ဖျားမှစကားများတရစပ်ပြောလိုက်လေတော့၏။

"မှုံမှုံ မင်းအဖေကို မင်းယောကျ်ားဓားနဲ့ထိုးသတ်နေပြီ"

"ရှင်"

မှုံမှုံမှာ အောင်ခန့်ထံမှစကားလုံးများကိုကြားလိုက်ပြီး ငွေစက္ကူအချို့ကိုထားရစ်ပြီး ကသုတ်ကရက်ပြန်မည်ပြု၏။

"မှုံမှုံ မင်းပိုက်ဆံပြန်ယူသွားပါ။ ငါစေတနာနဲ့ဟောပြောပေးတာပါ"

မှုံမှုံမှာ အောင်ခန့်၏စကားကိုပင်ဆုံးအောင် နားမထောင်တော့ပါချေ။ အောင်ခန့်အိမ်၏ အောက်ခြေနင်းတွင်ချွတ်၍ထားသော သူ၏ဖိနပ်ကလေးကိုကောက်စွပ်၍ မြန်မြန်ဆန်ဆန်ပင် ပြန်သွားပါတော့သည်။

အောင်ခန့်၏ တစ်ချိန်က ချစ်သူဟောင်းမှုံမှုံပြန်သွားပြီး ညနေပိုင်းခန့်တွင် မှုံမှုံ၏ဖခင်နှင့် မှုံမှုံ၏ယောကျ်ားဖြစ်သူမောင်မောင်ကြီးတို့နှစ်ယောက် အရက်သောက်လွန်ပြီး သမီးဖြစ်သူ မှုံမှုံကိုရိုက်နှက် ထိုးကြိတ်သည့်ပြဿနာနှင့် စကားများရန်ဖြစ်ကြကာ မှုံမှုံ၏လင်ယောကျ်ား မောင်မောင်ကြီးမှ မှုံမှုံ၏ဖခင်ဖြစ်သူ ဦးကျော်ကြီးကို ဓားဖြင့်ထိုးသတ်လိုက်သောသတင်းကို အောင်ခန့်ကြားလိုက်ရလေတော့၏။

မှုံမှုံမှာ လင်ယောကျ်ားဖြစ်သူအရက်သမားကြောင့် ဖခင်ဖြစ်သူဆုံးပါးခဲ့သလို လင်ယောကျ်ား မောင်မောင်ကြီးကိုလည်း လူသတ်မှုဖြင့် အဖမ်းခံရပါ

တော့၏။

မှုံမှုံမှာ မြွေပါလည်းဆုံး၊ သားလည်းဆုံးဟူသော ကိန်းဆိုက်ရောက်သွားပါလေတော့သည်။

ဒိဗ္ဗစက္ခုနတ်မျက်စိဟုကျော်ကြားလာသော အောင်ခန့်မှာတော့ ကံဇာတာမြင့်ပြီးရင်းမြင့်လာချေတော့၏။

အောင်ခန့် ကံဇာတာမြင့်လာရခြင်းအကြောင်း၌ တစ်လောက အောင်ခန့်ထံ ဒိဗ္ဗစက္ခုနတ်မျက်စိလာမေးပြီး သိန်းတစ်ထောင့်ငါးရာဆုပေါက်သွားသော ချောမောလှပသည့် နှင်းစန္ဒာဆိုသည့်မိန်းကလေးမှာ အောင်ခန့်ထံသို့ အကြောင်းမရှိအကြောင်းရှာပြီး လာလာနေခြင်းသည်လည်း လာဘ်နှင့်အတူ စုတ်ဝင်ခြင်းတစ်ခုပင်ဖြစ်နေပေတော့၏။

အောင်ခန့်မှာလည်း ချစ်ခဲ့ရသော မှုံမှုံနှင့်ကွဲကွာခဲ့ရပြီးနောက်ပိုင်း လူပျိုကြီးတစ်ကိုယ်တည်းဘဝနှင့်နေထိုင်လာခဲ့ရာမှ ယခုကဲ့သို့ နှင်းစန္ဒာနှင့် ကြိုးချင်းထားကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းထိရသည့်ဘဝကိုလွန်စွာကျေနပ်မိလေတော့၏။

နှင်းစန္ဒာမှာလည်း အောင်ခန့်အား ချစ်လည်းချစ်၊ အားလည်းကိုးရသည့်ဘဝဖြစ်နေလေ၍ အောင်ခန့်နှင့် နှင်းစန္ဒာတို့နှစ်ယောက်မှာ နေနှင့်လပမာ လွန်မင်းစွာ တင့်တယ်နေလေ၏။

နှင်းစန္ဒာ၏အဘွားဖြစ်သူမှာလည်း နှင်းစန္ဒာကိုအားကိုးနေရသူမို့ အရာရာတွင် နှင်းစန္ဒာသဘောအတိုင်းဖြစ်နေလေတော့၏။

မကြာမီ လက်ထပ်တော့မည့်အကြောင်း ရပ်ကွက်ထဲတွင် ပျံ့နှံ့နေလေတော့သည်။

ထိုအချိန်မှာပင် ရပ်ကွက်၏လူစွာကြီးတစ်ဦး၏သား အောင်မောင်းဆိုသူမှာ နှင်းစန္ဒာကို ဆင်းရဲနွမ်းပါးစဉ်အခါကတည်းက အကြိမ်ပေါင်းများစွာ ရည်းစားစကားလိုက်ပြော၏။ နှင်းစန္ဒာမှာ အောင်မောင်းကို မချစ်မနှစ်သက်၍ ငြင်းဆန်၏။

ဤသည်ကို အောင်မောင်းမှ အငြိုးအတေးထားလေတော့၏။

ယခုကဲ့သို့ နှင်းစန္ဒာမှာ အောင်ခန့်နှင့်ယူမည့်သတင်းကြားသောအခါ နှင်းစန္ဒာကိုလည်းမကျေနပ်သလို အောင်ခန့်ကိုလည်း မကျေမနပ်ဖြစ်နေလေတော့၏။

သို့ဖြင့် နှင်းစန္ဒာနှင့်အောင်ခန့်တို့နှစ်ယောက် တရားရုံးသွားကာ ရုံးတက်လက်မှတ်ထိုးမည့်နေ့မတိုင်မီ တစ်ပတ်အလို အောင်မောင်းနှင့် အောင်ခန့်တို့ လမ်းတစ်နေရာမှာဆုံ၏။

ရန်လိုနေသူ အောင်မောင်းမှာ အောင်ခန့်အား ဆုံသည့်နေရာတွင်ရို၏။

သို့သော် ရိုးသားသောအောင်ခန့်ကမူ ပဇာမှမသိချေ။

"သတို့သားလောင်းကြီးပါလားဗျ၊ ဂုဏ်ယူပါတယ်ဗျာ"

အောင်ခန့်မှာ အောင်မောင်းက သူ့ကိုအမှန်တကယ်ဂုဏ်ပြုနေသည်ဟု ထင်မှတ်ကာ ပြုံး၍ပင်နေ၏။

"ကျေးဇူးတင်ပါတယ် ကိုအောင်မောင်း၊ ကျွန်တော်တို့မင်္ဂလာဆောင်ကျရင်လည်း လာပြီးချီးမြှင့်ပါဦးနော့"

အောင်ခန့်၏ရိုးရိုးသားသားစကားကိုကြားသော်လည်း အောင်မောင်းမှာ မနာလိုခြင်းဟူသော မစ္ဆရိယစိတ်များဖြစ်ပေါ်နေသည်ကို ကာယကံရှင် အောင်မောင်းကိုယ်တိုင်မသိပါချေ။

အောင်ခန့်မှာ သူ့ကိုဂုဏ်ပြုစကားပြောနေသောအောင်မောင်းအား လက်ဆွဲနှုတ်ဆက်ရန် သူ၏တစ်ချောင်းတည်းသောဘက်လက်ကို ရိုးရိုးသားသား လက်ကမ်းပေးလိုက်၏။ အောင်မောင်းမှာလည်း မကောင်းတက်၍ သူ၏ညာလက်အား ပြန်လည်ကမ်းပေးလိုက်၏။

လက်နှစ်ဖက်ဆုပ်ကိုင်လိုက်မိချိန်တွင် အောင်မောင်း၏ လက်အား အောင်ခန့်မှာ တင်းတင်းရင်းရင်းဆုပ်ကိုင်လိုက်မိလေတော့၏။

ထိုအချိန်မှာပင် အောင်ခန့်၏ ဦးခေါင်းအတွင်း ပြိုးပြက်သောအလင်းတန်းများဖြတ်၍ဝင်ရောက်လာကာ နှုတ်မှလည်း မထင်မှတ်သောစကားများပြောလိုက်လေတော့၏။

"ကိုအောင်မောင်း၊ ခင်ဗျားကို ရဲတွေလိုက်ရှာနေကြပြီ"

"ဟင် - ဘာ မင်းဘာစကားပြောလိုက်တယ်"

"ဟုတ်တယ်၊ ခင်ဗျားကို ရဲတွေလိုက်ရှာနေကြပြီ ကိုအောင်မောင်း"

အောင်ခန့်၏ စကားကို ဒုတိယအကြိမ် ပြတ်သားစွာ ကြားလိုက်ရသော အောင်မောင်းမှာ ပဇာသို့သောစကားကိုမှ မပြောနိုင်တော့ချေ။ အောင်ခန့်၏ မျက်နှာကို မယုံကြည်နိုင်စွာကြည့်၍ ခပ်သွက်သွက်ပင် လာရာလမ်းသို့ အပြေးတစ်ပိုင်း ထွက်ခွာသွားပါတော့သည်။

သို့သော် ထိုနေ့ညနေပိုင်းတွင်ပင် အောင်မောင်းအား ရဲများမှ လာရောက်ဖမ်းဆီးသွားသောသတင်းကိုကြားသိလိုက်ရပါတော့၏။

အောင်မောင်းအား ရဲများမှဖမ်းဆီးလိုက်ခြင်းမှာ အောင်မောင်းနှင့်အပေါင်းပါလူတစ်စုတို့မှာ တံ့တေး-ကွမ်းခြံကုန်းကားလမ်းရှိ ညောင်တစ်ပင်ရွာအမည်ရှိ ရွာ၏မျက်နှာဖုံး တောသူဌေးတစ်ဦးအိမ်အား အနုကြမ်းစီးခဲ့ကြ၍ စုံစမ်းစစ်ဆေးမှုသတင်းများအရ ဖမ်းဆီးလိုက်ခြင်းဖြစ်ပေတော့၏။

ဤဖြစ်ရပ်တွင် ဒိဗ္ဗစက္ခုနတ်မျက်စိအောင်ခန့်၏ ဂုဏ်သတင်းသည် ပို၍နာမည်ကြီးသွားလေတော့၏။

တစ်နေ့ ရဲအရာရှိတစ်ဦးနှင့် ရဲတပ်သားနှစ်ယောက် နတ်မျက်စိအောင်ခန့်၏ဟောပြောရာအိမ်သို့ ထူးထူးခြားခြား ရောက်ရှိလာကြလေ၏။

"ဘာကိစ္စရှိပါသလဲခင်ဗျာ၊ ကျွန်တော် ဘာများကူညီပေးရမလဲ"

"ကိစ္စကတော့ ထူးထူးခြားခြားမရှိပါဘူးဗျာ။ လမ်းကြုံနေလို့ ဒိဗ္ဗစက္ခုနတ်မျက်စိဆရာအောင်ခန့်ဆိုတဲ့ ခင်ဗျားနာမည်ကသည်းကြီးလွန်းနေလို့ ရပ်ကွက်လူကြီးအိမ်ကိုမေးစမ်းပြီး ရောက်လာကြတာပါ"

ဤတွင် ရဲအရာရှိနှင့်အတူလာကြသော ရဲတပ်သားလေးတစ်ဦးမှ ရဲအရာရှိအား ပြောလေတော့၏။

"ဗိုလ်ကြီး၊ မနေ့ကလူသတ်မှုမှာ နတ်မျက်စိဆရာအောင်ခန့်ကိုမေးကြည့်ရင် မကောင်းဘူးလား ဆရာ"

ထိုအချိန် ထိုကာလက စစ်တပ်မှ ရဲတပ်ဖွဲ့သို့ကူးပြောင်းလာသော အရာရှိများသည် ဗိုလ်ကြီးများဖြစ်ကြ၍ ရဲတပ်သားလေးမှ လေးလေးစားစား ဗိုလ်ကြီးဟု ခေါ်ပြောခြင်းဖြစ်ပေ၏။

"ဟာကွာ ပေါက်တာရ မဆီမဆိုင်ကွာ"

အောင်ခန့်မှာ ရဲတပ်သားလေးနှင့် ရဲအရာရှိတို့နှစ်ဦး၏ စကားကိုကြားပြီး ပဇာသို့သော ဖြစ်စဉ်မှန်းမသိလေ၍ ခပ်ကြောင်ကြောင်ပင် ရဲအရာရှိဆရာ တပည့်တို့အား ကြည့်နေမိ၏။

ပြီးမှ ပဇာသို့သောစိတ်ကူးပေါက်သွားလေသနည်းမသိ၍ အောက်ပါအတိုင်းပြောလိုက်လေ၏။

"ဗိုလ်ကြီး၊ ကျွန်တော်ကူညီနိုင်

ကိစ္စရှိရင် ပြောပါ ခင်ဗျာ"

ရဲအရာရှိမှာ ဒိဗ္ဗစက္ခုနတ်မျက်စိ ဆရာအောင်ခန့်၏စကားကိုကြားသော် အံ့သြသည့်ဖြစ်သူ ရဲတပ်သားလေးအား ပြန်၍ကြည့်၏။

"ဟော့ကောင် မင်းမွေးတဲ့မီး မင်းဘာသာငြိမ်းစမ်း"

အောင်ခန့်၏အိမ်သို့ ရဲအရာရှိနှင့် အတူပါလာသော ရဲတပ်သားလေး၏ အမည်မှာ ဇော်မျိုးဟု သိလိုက်ရချေ၏။

"ဒီလို ဆရာအောင်ခန့်ရေ လွန်ခဲ့တဲ့နှစ်ရက်လောက်က ကျွန်တော်တို့ လှိုင်မြို့နယ် (၁၂)ရပ်ကွက်မှာ မိန်းကလေးတစ်ယောက် အသတ်ခံလိုက်ရပါတယ်။ လူကိုလည်း အမှုစော်ကားသွားပါတယ်။ ဒီစကားကလည်း ဆရာဝန်ရဲ့ဆေးစာအရပြောနိုင်တာပါ။ အဲဒီကောင်မလေးအသုဘ ဒီနေ့ ထိန်ပင်သုသာန်မှာမီးသဂြိုဟ်မှာပါ။ အဲဒီကောင်မလေးရဲ့လက်ကို ဆရာအောင်ခန့်ကိုင်ကြည့်မယ်ဆိုရင် လူသတ်တရားခံကို ခြေရာခံမိနိုင်မလားလို့ပါ"

ရဲတပ်သားဇော်မျိုး၏ စကားကိုကြားလိုက်ရသော ဒိဗ္ဗစက္ခုနတ်မျက်စိ ဆရာအောင်ခန့်မှာ စဉ်းစား၏။ ပြီးသော် ဤသို့ ပြောလေ၏။

"ဟုတ်ကဲ့ - ကိုဇော်မျိုး၊ သေသူမိန်းကလေးရဲ့လက်ကို ကျွန်တော်ကိုင်ကြည့်ခွင့်ရမယ်ဆိုရင် လူသတ်တရားခံကို ခြေရာခံမိနိုင်မယ်လို့ ကျွန်တော်ထင်တယ်"

"ဟာ - ဟုတ်ပြီ ဆရာအောင်ခန့်၊ ဒီနေ့ မီးသဂြိုဟ်တော့မှာဗျ။ ခု (၁၁)နာရီဆိုတော့ မီမှမီပါ့ဦးမလား။ ဆရာအားသလား"

"အားပါတယ် ကိုဇော်မျိုး"

"အားရင် ထိန်ပင်သုသာန်သွားကြမယ်ဗျာ"

သို့ဖြင့် နတ်မျက်စိဆရာအောင်ခန့်မှာ ထိုနေ့တွင်ပင် လူကိုစော်ကားဖျက်ဆီး၍ အသတ်ခံလိုက်ရသောသေဆုံးသူ မိန်းကလေးအား မီးသဂြိုဟ်ခြင်းမပြုမီ ထိန်ပင်သုသာန်သို့ ရဲတပ်သားလေး ဇော်မျိုးနှင့်အတူ ပြေးကြလေတော့၏။

တံသီစွာပင် ကောင်မလေး၏ အလောင်းအား နေ့လယ် (၁) နာရီမှ မီးသဂြိုဟ်မည်ဖြစ်လေ၍ အချိန်မီခဲ့လေ၏။

အလောင်းကိုမူ ပြင်ဆင်ခြယ်သ ပြီးထားပြီးဖြစ်လေ၍ ဒိဗ္ဗစက္ခုနတ်မျက်စိဆရာအောင်ခန့်နှင့် ရဲတပ်သား ဇော်မျိုးတို့နှစ်ယောက်မှာ အသုဘရှင် အားခွင့်တောင်း၍ သေသူမိန်းကလေး၏ လက်အား ဆုပ်ကိုင်ခွင့်တောင်းလေ၏။

အသုဘရှင်မှလည်း ခွင့်ပြုပေးခဲ့၏။

သေသူ မိန်းကလေး၏ လက်ကို ဒိဗ္ဗစက္ခုနတ်မျက်စိဆရာအောင်ခန့်၏ လက်နှင့်ဆုပ်ကိုင်လိုက်မိချိန်တွင် ဆရာအောင်ခန့်၏ဦးခေါင်းတစ်ခုလုံး လျှပ်စီးများဖြတ်၍ပြေးသွားသည်နှယ့်ခံစားလိုက်ရပြီး အသားမည်းမည်း၊ နှာခေါင်းပွပွ၊ အရပ်ဂင်တိုတို၊ခေါင်းတုံးနှင့်တစ်ယောက်ကို ထူးထူးခြားခြား မြင်တွေ့လိုက်ရလေတော့၏။

နတ်မျက်စိ ဆရာအောင်ခန့်မှာ ရဲတပ်သားဇော်မျိုးနှင့်အတူ လှိုင်မြို့နယ် ရဲစခန်းသို့လိုက်ပါ၍ အမှုကိုင်ရဲအရာရှိနှင့် တွေ့ဆုံ၏။ ပြီးသော် ရဲအရာရှိဗိုလ်ကြီးခင်သော်အား တွေ့ရှိပုံအသေးစိတ် အချက်အလက်များကို ပြောပြလိုက်လေတော့၏။

"ဟာ - ဒါဆို ခင်ဗျားပြောတဲ့ ပုံသဏ္ဌာန်အတိုင်းဆို ဒီလူသတ်မှုမှာ အသားမည်းမည်း၊ ဂင်တိုတို၊ နှာခေါင်းပွပွ၊ ခေါင်းတုံးနဲ့ဆိုတော့ ကောင်မလေး ပထွေးပဲဗျ"

ဤသို့ဖြင့် ဒိဗ္ဗစက္ခုနတ်မျက်စိ ဆရာအောင်ခန့် သဲလွန်စရှာပေးခဲ့သော လူသတ်မှုမှာ အမှုကိုကောင်းစွာတည်ဆောက်နိုင်ခဲ့ပြီး သက်သေခံအချက်အလက်များကို ကောင်းစွာတည်ဆောက်၍ တရားခံဖြစ်သူအား ဖမ်းဆီးလိုက်နိုင်လေတော့၏။

ဤလူသတ်မှုမှာ လှိုင်မြို့နယ်တွင် အကျော်ဇေယျဖြစ်လေ၍ နတ်မျက်စိ ဆရာအောင်ခန့်မှာ နာမည်ဂုဏ်သတင်း ကျော်ကြားခဲ့ပြန်လေတော့၏။

ထိုရက်များအတွင်းမှာပင် ဒိဗ္ဗစက္ခုနတ်မျက်စိဆရာအောင်ခန့်နှင့် နှင်းစန္ဒာတို့၏မင်္ဂလာပွဲမှာလည်း နှင်းစန္ဒာတို့၏ အိမ်ရှေ့တွင် မင်္ဂလာမဏ္ဍပ်ထိုး၍ ခမ်းခမ်းနားနားပြင်ဆင်ကာ လူတို့မှာဝင်ထွက်သွားလာနေကြကုန်၏။

ထိုအချိန်တွင် ဆရာအောင်ခန့်ထံသို့ နှာခေါင်းပွပွ၊ အသားညိုညို၊ မျက်လုံးမှေးမှေးနှင့်လူတစ်ယောက်ရောက်ရှိလာလေ၏။ ခန္ဓာကိုယ်အပေါ်ပိုင်းကိုလည်း ရှမ်းတိုက်ပုံပင်နီကို အတွင်းခံအင်္ကျီမပါဘဲ ဝတ်ဆင်ထားလေ၏။

ဒိဗ္ဗစက္ခုနတ်မျက်စိဆရာအောင်ခန့်နှင့်တွေ့ချင်သည်ဆို၍ မင်္ဂလာမဏ္ဍပ်ရှေ့တွင်ဆုံတွေ့ရာ -

"နတ်မျက်စိဆရာအောင်ခန့် ဟုတ်ပါတယ်နော်"

ဟု တိတိကျကျ ကျိန်းသေအောင် မေးမြန်းပြီး ဆရာအောင်ခန့်မှ ဟုတ်မှန်ကြောင်း ပြန်လည်ဖြေကြားလိုက်စဉ်မှာပင် လျှပ်စီးလက်သလို မြန်ဆန်သော လက်ဖြင့် ခါးကြားမှာထိုးထားသော ဓားမြှောင်ကိုဆွဲထုတ်လိုက်ကာ ဒိဗ္ဗစက္ခုနတ်မျက်စိဆရာအောင်ခန့်၏ ညာဘက်ရင်အုံအား အားဖြင့်ထိုးစိုက်ချလိုက်ပြီး အပြင်းထွက်ပြေးသွားလေတော့၏။

လူအများတို့မှာ မင်္ဂလာမဏ္ဍပ်ရှေ့တွင် အများအပြားရှိနေကြလေ၍ ဖြစ်စဉ်အစမှအဆုံးအထိ မြင်တွေ့လိုက်ကြလေ၏။

သို့သော် ဒိဗ္ဗစက္ခုနတ်မျက်စိဆရာအောင်ခန့်ကိုမူ မည်သူမျှမကယ်တင်နိုင်ခဲ့ကြချေ။ ထွက်ပြေးသွားသော လူသတ်သမားပျောက်ကွယ်သွားချိန်မှာပင် ဒိဗ္ဗစက္ခုနတ်မျက်စိဆရာအောင်ခန့် အသက်လည်း ပျောက်ခဲ့လေတော့၏။

မင်္ဂလာမဏ္ဍပ်ရှေ့ သတို့သမီးနှင်းစန္ဒာမှာ ခင်ပွန်းဖြစ်သူ၏ ရုပ်အလောင်းကြီးအား ပွေ့ဖက်၍ငိုကြွေးနေပါတော့၏။

ဒိဗ္ဗစက္ခုနတ်မျက်စိဆရာအောင်ခန့်ကိုသတ်သူမှာ တစ်လောက ထိန်ပင်သုသာန်တွင် မီးသဂြိုဟ်ခဲ့သည့် အသတ်ခံရသောမိန်းကလေး၏ပထွေးနှင့်အတူ ပူးပေါင်း ကြံစည်ခဲ့သည့်သူဖြစ်ကာ သူငယ်ချင်းဖြစ်သူအတွက် သွေးကြွေးကလဲ့စားချေခြင်းဖြစ်ပေတော့၏။

ပုထုဇဉ် ဟူသည် တဏှာခိုင်းသရွေ့ ခေါင်းမခါစတမ်းပြုနေသော လူမိုက်တစ်မျိုးပင်ဖြစ်ပေတော့၏။

တဏှာခိုင်းသရွေ့ကိုလုပ်နေလျှင် အရှက်မရှိ၊ ဂုဏ်မရှိသောသူဖြစ်၏။

တဏှာနှင့်ပေါင်းမိသရွေ့ အနေလည်းမအား၊ အသေလည်းမအားနိုင်တော့ပေ။

ဤလူမျိုးသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟုခေါ်သည့် အပါယ်လေးပါး၏ အစာသာဖြစ်ပေတော့၏။

ဤတွင် ဒိဗ္ဗစက္ခုနတ်မျက်စိ ဟူသည့်ဝတ္ထု ပြီးဆုံးပါကြောင်း။

နန္ဒဝင်းကျော်ခေါင်<br>(ခတ္တ-လှူပြည်)



# ဆေးဖက်အသုံးဝင်
# ကျောက်ဖရုံပင်



ဒေါ်နေနေနိုင်ရည်(တိုင်းရင်းဆေးပညာ)

သောတရှင်များရှင့်-

အခုတစ်ပတ် သုတအဖြာဖြာ တိုင်းရင်းဆေးပညာအစီအစဉ်မှာ အသံလွှင့်တင်ပြမည့်အကြောင်းအရာကတော့ အိမ်တွင်းကျန်းမာရေးစောင့်ရှောက်မှုမှာ အရေးပါလှတဲ့ အိမ်ရှင်မများသာမက သောတရှင်များအားလုံးနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်တဲ့ 'ဆေးဖက်အသုံးဝင် ကျောက်ဖရုံပင်' အကြောင်းပဲ ဖြစ်ပါတယ်။

သောတရှင်များအနေနဲ့ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစေဖို့ အစားအသောက်ကို ဂရုတစိုက် ဆင်ခြင်စားသောက်တတ်ဖို့ လိုအပ်လှပါတယ်။ အခုလို ကျန်းမာရေးအတွက် အစားအသောက်ကို ဂရုပြုစားသုံးရာမှာ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး အစာအာဟာရအနေနဲ့သာမက ကျန်းမာရေး ဓာတ်စာအဖြစ် ကျောက်ဖရုံသီးကို အသုံးပြုနိုင်တဲ့အကြောင်း သုတအဖြာဖြာတိုင်းရင်းဆေးပညာအစီအစဉ်က တင်ပြသွားမှာဖြစ်ပါတယ်။

သောတရှင်များရှင့်-

အခု ပထမဦးဆုံး ကျောက်ဖရုံပင်ရဲ့ အမည်နဲ့ပတ်သက်လို့ ဦးစွာရှင်းလင်းတင်ပြလိုပါတယ်။ ကျောက်ဖရုံပင်ကို မြန်မာအမည်နဲ့ ကျောက်ဖရုံဆိုရင် သိကြပြီးဖြစ်ပေမယ့် နိုင်ငံတကာသုံးဝေါဟာရတစ်ခုဖြစ်တဲ့ အင်္ဂလိပ်ဘာသာနဲ့ဆိုရင် WHITE PUMPKIN, WHITE GOURD လို့ ခေါ်ဆိုပါတယ်။ သူ့ရဲ့ ရုက္ခဗေဒအမည်က Benincasa cerifera Savi ဖြစ်ပါတယ်။ မျိုးရင်းအနေနဲ့က CUCURBITACEAE ဆိုတဲ့ မျိုးရင်းမှာ ပါဝင်နေတာ တွေ့ရပါတယ်။ ကျောက်ဖရုံပင်ဟာ မြန်မာနိုင်ငံမှာ ရာသီဥတုမရွေးစိုက်ပျိုးဖြစ်ထွန်းနိုင်တဲ့အပြင် တန်ဖိုးမဖြတ်နိုင်တဲ့ အစွမ်းထက်အာနိသင်တွေ ကိန်းအောင်းနေတာကို အံ့သြဖွယ်ရာ တွေ့ရပါတယ်။ ကျောက်ဖရုံမှာ အချိုမျိုးနဲ့ အခါးမျိုးဆိုပြီး နှစ်မျိုးရှိပါတယ်။ အခါးမျိုးရဲ့အသီးဟာ အချိုမျိုးလောက် အလုံးမကြီးလှပါဘူး။ ကျောက်ဖရုံအချိုမျိုးကနေ ခါးသွားတဲ့ ဖရုံခါးဆိုတာလည်း ရှိပါသေးတယ်။ မြန်မာ့တိုင်းရင်းဆေးကျမ်းတွေမှာ ကျောက်ဖရုံအခါးမျိုးဟာ အချိုမျိုးထက် အစွမ်းပိုထက်တယ်လို့ ဆိုပါတယ်။ အခုအစီအစဉ်မှာ ကျောက်ဖရုံအချိုမျိုးနဲ့ပတ်သက်လို့ တင်ပြသွားမှာဖြစ်ပါတယ်။

သောတရှင်များရှင့် -

မြန်မာ့တိုင်းရင်းဆေးကျမ်းအများစုမှာ ကျောက်ဖရုံသီးဟာ ချိုပါတယ်။ အနည်းငယ်ဖန်တယ်။ အေးပြီး ဝိပါကမှာ ချိုတယ်လို့ ပြဆိုထားပါတယ်။ ကျောက်ဖရုံသီးရဲ့ ဂုဏ်နဲ့စွမ်းရည်ကို တင်ပြရမယ်ဆိုရင် ကျောက်ဖရုံသီးဟာ အားအင်ကိုတိုးပွားစေပါတယ်။ သုက်ကိုပွားစေတတ်ပါတယ်။ အသီးမှည့်ဟာ ဝမ်းမီးကိုတောက်စေတတ်တယ်။ ဆီးအိမ်ကို သန့်ရှင်းစင်ကြယ်စေပြီး ကြေကျက်လွယ်ပါတယ်။ အပူကိုငြိမ်းအေးစေပြီး သည်းခြေဒေါသကို နှိုင်နင်းပါတယ်။ သွေး၊ လေနဲ့ပတ်သက်တဲ့ ရောဂါများကို သက်သာပျောက်ကင်းစေတတ်ပါတယ်။ ဒီအတွက် ကျွန်မတို့ မြန်မာလူမျိုးများဟာ ကျောက်ဖရုံသီးကို ဟင်းချက်စားရုံတင်မကဘဲ ယိုအနေနဲ့ထိုးစားကြတာ ဖြစ်ပါတယ်။

သောတရှင်များရှင့် -

ကျောက်ဖရုံပင်ဟာ ဆေးစွမ်းစုံလင် ကျောက်ဖရုံပင်လို့ဆိုတဲ့အတိုင်း ဆေးဖက်မှာ တစ်ပင်လုံးအသုံးတွင်လှပါတယ်။ ပထမဦးဆုံး ကျောက်ဖရုံပင်ရဲ့ အမြစ်နဲ့ပတ်သက်လို့ တင်ပြသွားပါမယ်။ ကျောက်ဖရုံမြစ်ကို အမှုန့်ပြုလို့ ကော်ဖီဇွန်းတစ်ဇွန်းလောက် ရေနွေးနဲ့ သောက်ပေးမယ်ဆိုရင် အလွန်ဆိုးဝါးလှတဲ့ ချောင်းဆိုးရောဂါနဲ့ ပန်းနာရင်ကျပ်ရောဂါတွေကိုသက်သာစေတာတွေ့ရပါတယ်။ အတိသာရလို့ခေါ်တဲ့ ဝမ်းလျှောဝမ်းပျက်ရောဂါအတွက် ကျောက်ဖရုံပွင့်လေး၊ ငါးပွင့်ကိုကြိတ်လို့ တစ်ခါစား ရင် ဟင်းစားဇွန်းတစ်ဝက်လောက်တွေ ပေးရပါတယ်။ ဝမ်းတွင်းမှာရှိတဲ့ အပု အပုပ်များကြောင့် ပိုးတွေပေါက်ပွားပြီး သွေးယားတာ၊ အကွက်အပိမ့်ထတာ ယားယံတာဖြစ်ခဲ့ရင် ကျောက်ဖရုံသီးရဲ့ အစေ့ ငါးမတ်သားကိုကြိတ်လို့ နှမ်းဆီ လေးနဲ့ ဖျော်တိုက်ပေးရပါမယ်။ နောက် ငါးမိနစ်လောက်ကြာတဲ့အခါမှာ တိုင်းရင်း ဆေးကုဌာနသုံး ဆေးအမှတ် (၁၀) ဆီး ရှင်ဝမ်းနုတ်ဆေးလို နူးညံ့တဲ့ ဝမ်းနုတ် ဆေးတစ်မျိုးမျိုးတိုက်ပေးရင် ဝမ်းသွားတဲ့ အခါ သန်ကောင်၊ တုတ်ကောင်တွေ လာတာတွေ့ရပါလိမ့်မယ်။ ကျောက်ဖ စေ့ကနေ တိုင်းရင်းသန်ချဆေးတစ်မျိုး အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ် နိုင်တဲ့ အလားအလာရှိပါတယ်။

သောတရှင်များရှင့် -

ကျောက်ဖရုံသီးကို ထောင်းထု ကြိတ်ညှစ်လို့ရတဲ့ ကျောက်ဖရုံသီးသ ရည်ဟာ နှာခေါင်းသွေးယိုတဲ့အခါ၊ သွေး အန်၊ သွေးကျတဲ့အခါ မီးယပ်သွေ အဆင်းလွန်တဲ့အခါ အလွယ်တ ဖော်စပ် အသုံးပြုနိုင်တာ တွေ့ရပါတယ ခုနကပြောသလို ကျောက်ဖရုံသီးသ ရည်မှာ သကြားဆတူရောလို့ တစ် သောက် ဟင်းစားဇွန်း၊ နှစ်ဇွန်းသော ပေးရင် အလွန်အကျိုးရှိလှတာမို့ သွေး လျှံ၊ သွေးလွန်၊ သွေးအန်ရောဂါနဲ့ မီးယ သွေးဆင်းလွန်တာ၊ မီးယပ်အဖြူဆင် ရောဂါတွေမှာ အသုံးပြုသင့်လှပါတယ

သောတရှင်များရှင့် -

ယောကျ်ားမှာဆီး၊ မိန်းမမှာမီး တဲ့ ဆိုရိုးစကားအတိုင်း အမျိုးသား အနေနဲ့ အကြောင်းအမျိုးမျိုးကြော ဆီးနဲ့ပတ်သက်တဲ့ရောဂါတွေ ခံစား လေ့ရှိပါတယ်။ အဖြစ်များလေ့ရှိတဲ့ ရောဂါတွေကတော့ ဆီးအိမ်ရောင်တာ ဆီးအောင့်တာ၊ ဆီးလမ်းကြောင်းနဲ့ အိမ်မှာ ကျောက်တည်တာ၊ ဆီးသွား အားမရတဲ့ ဆီးအောင့်ဆီးချုပ်ရော

တွေ့ပါပဲ။ အခုတင်ပြတဲ့ ဆီးရောဂါတွေအတွက် အစွမ်းထက် ကျောက်ဖရုံဆေးနည်းလက်ကို တင်ပြလိုပါတယ်။ ခုနကတင်ပြသလို ကျောက်ဖရုံသီးကို သတ္တုရည်ရအောင်ကြိတ်ညှစ်ယူထားပါ။ အဲဒီကျောက်ဖရုံသီးသတ္တုရည်(၃)ကျပ်သားမှာ ဂျုံပြာဆား၊ ရှိန်းခို အနည်းငယ်ထည့်လို့တိုက်ပေးရင် အလွန်ကြောက်စရာကောင်းလှတဲ့ ဆီးရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေတာတွေ့ရဖြစ်ပါတယ်။

သောတရှင်များရှင့် -

မြန်မာ့တိုင်းရင်းဆေးကျမ်းတွေမှာ ကျောက်ဖရုံသီးဟာ သည်းခြေလွန်ကဲဖောက်ပြန်လို့ သည်းခြေပျက်တဲ့ စိတ်ပိုင်းဆိုင်ရာရောဂါကို ကုသရာမှာ အသုံးဝင်ကြောင်း တွေ့ရပါတယ်။ သည်းခြေလွန်ကဲလို့ စိတ်ကျန်းမာရေးဖောက်ပြန်သူတွေဟာ များသောအားဖြင့် ဒေါသဖြစ်လွယ်ပြီး သူတစ်ပါးကို ရန်လိုတတ်ပါတယ်။ မျက်စိတွေနီနေတတ်ပါတယ်။ ထိစမ်းကြည့်ရင်ပူပြီးအလွန်ထကြွနေတတ်ရှိပါတယ်။ နှလုံးခုန်နှုန်းမြန်နေတတ်ပါတယ်။ အအိပ်အနေနည်းတတ်ပါတယ်။ ဒီလိုလက္ခဏာတွေတွေ့ရရင် သည်းခြေကြောင့် စိတ်ကျန်းမာရေးချို့တဲ့တာဖြစ်ပါတယ်။ ဒီအခါ ကျောက်ဖရုံသီးသတ္တုရည် (၁) ကျပ်သား၊ ကုံကုမံ (၁) ရွေးသား၊ သကြား (၈) ပဲသားရောစပ်လို့ တစ်ခါသောက် ဟင်းစားဇွန်း တစ်ဇွန်းသောက်ပေးရင် သည်းခြေဖောက်ပြန်နာအတွက် အလွန်အကျိုးရှိပြီး အသုံးဝင်လှပါတယ်။

သောတရှင်များရှင့်-

-ခုနကတင်ပြခဲ့သလို ဒီဆေးနည်းဟာ သည်းခြေပျက်တဲ့ စိတ်ရောဂါသာမက ဝက်ရူးပြန်တာ၊ တက်တာ စတဲ့ ရောဂါတွေအတွက် အသုံးဝင်တာ တွေ့ရပါတယ်။ နောက်တစ်နည်းအနေနဲ့ ကျောက်ဖရုံသီးသတ္တုရည်(၁၈)ကျပ်သား ထောပတ် (၁) ကျပ်သား၊ နွယ်ချိုမှုန့် (၁) ကျပ်သားထည့်လို့ မြေအိုးမှာထည့်ပြီး မီးမျှဉ်းမျှဉ်းနဲ့ချက်ပေးပါ။ ဆေး (၁) ကျပ်သားကျန်ရင် မီးဖိုကချပြီး အအေးခံထားပါ။ ခုနကလို အတက်ရောဂါ၊ ဝက်ရူးပြန်ရောဂါနဲ့ သည်းခြေပျက် စိတ်ဖောက်ပြန်ရောဂါဝေဒနာရှင်တွေကို တစ်ခါတိုက်ရင် (၂) ကျပ်သားနဲ့ တစ်နေ့ (၃) ကြိမ်တိုက်ပေးရပါမယ်။ ဒီလိုရောဂါမျိုးကို တစ်လကနေ နှစ်လလောက်အထိ ဆေးတိုက်ကျွေးဖို့ လိုအပ်ပါတယ်။

သောတရှင်များရှင့်-

အထက်မှာတင်ပြခဲ့သလို ကျောက်ဖရုံသီးကို အပူလွန်ကဲတဲ့ရောဂါတွေအပြင် အမောရောဂါ၊ အဖောရောဂါတွေမှာ ဓာတ်စာအဖြစ် ချက်ပြုတ်ကျွေးမွေးနိုင်ပါသေးတယ်။ တိုင်းရင်းဆေးသမားတော်များက အသည်းရောင်အသားဝါရောဂါဝေဒနာရှင်များကို ခုနက ကျောက်ဖရုံသီးကို မကြာခဏချက်စားဖို့ လမ်းညွှန်လေ့ရှိပါတယ်။ ကျောက်ဖရုံသီးကို ဟင်းချက်စားလို့ပဲဖြစ်ဖြစ်၊ ကျောက်ဖရုံယိုအနေနဲ့ပဲဖြစ်ဖြစ် တစ်ပတ်ကို သုံး၊ လေးကြိမ်နှုန်းနဲ့ တစ်လလောက်စားပေးရင် အမော၊ အဖော၊ အသည်းရောင်ရောဂါတွေသာမက ခံတွင်းအနံ့ဆိုးထွက်တာ၊ ချိုင်းချွေးနံ့မကောင်းတာ၊ ကိုယ်အနံ့မကောင်းတာတွေ သက်သာပျောက်ကင်းစေနိုင်တာ တွေ့ရပါတယ်။ ကျောက်ဖရုံသီးဟာ အပူအပုပ်ကိုနိုင်တဲ့အပြင် အပုပ်နံ့တွေ စုပ်ယူနိုင်သလို မကောင်းတဲ့အနံ့အသက်တွေကိုချေဖျက်ပေးနိုင်တဲ့ အာနိသင်ရှိတာမို့ ခုနကလို အပူလှုပ်အပုပ်ဆောင်တဲ့ရောဂါတွေအပေါ် ထိရောက်မှုရှိတာ တွေ့ရပါတယ်။

သောတရှင်များရှင့် -

နာနာနယအာဟာရစွယ်စုံကျမ်းမှာ ကျောက်ဖရုံသီးကို စားမြိန်ဖွယ်ဟင်းလျာတစ်မျိုးအဖြစ် ချက်ပြုတ်နိုင်ကြောင်းဖော်ပြထားတာရှိပါတယ်။ နည်းကတော့ ကျောက်ဖရုံသီးကို အခွံနွှာပြီး အတုံးလေးတွေတုံးထားရပါမယ်။ အဲဒီနောက် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်းနဲ့ ငရုတ်သီးခြောက်တို့ကို သင့်တင့်ရုံရောထောင်းလို့ နနွင်း၊ နှမ်းဆီနဲ့ ဆီမွှေးသတ်ပေးပါ။ ဆီသတ်ပြီးတဲ့အခါ ခုနက တုံးထားတဲ့ ကျောက်ဖရုံသီးကိုထည့်ပြီး ရေနည်းနည်းနဲ့ နူးအိလာအောင် ချက်ရပါမယ်။ ရေခန်းပြီဆိုရင် အပေါ့၊ အငန်အတွက် ဆားသင့်ရုံထည့်လို့ မဆလာခတ်ရပါမယ်။ ဒီအခါ အသင့်စားသုံးနိုင်တဲ့ ကျောက်ဖရုံသီးဟင်းတစ်ခွက် ရရှိပါပြီ။

နောက်တစ်နည်းကတော့ ကျောက်ဖရုံသီးနဲ့ အာလူးသီးကို အခွံနွှာပြီး အတုံးလေးတွေတုံးထားရပါမယ်။ အဲဒီနောက် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ ငရုတ်သီးခြောက်၊ ပဲငံပြာရည် သင့်တင့်ရုံရောလို့ နနွင်း၊ နှမ်းဆီနဲ့ ဆီမွှေးသတ်ပေးပါ။ ဆီသတ်ပြီးတဲ့အခါ ခုနက တုံးထားတဲ့ ကျောက်ဖရုံသီးနဲ့ အာလူးကိုထည့်ပြီး ရေနည်းနည်းနဲ့ နူးအိလာအောင်ချက်ရပါမယ်။ ရေခန်းပြီဆိုရင် ဆား၊ မဆလာခတ်ရပါမယ်။ ဒီအခါ အရသာရှိလှတဲ့ ကျောက်ဖရုံသီးဟင်းတစ်ခွက်ရရှိပြီဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ အလှူမင်္ဂလာပွဲလမ်းသဘင်တွေရှိခဲ့ရင် ကျောက်ဖရုံသီးကို အသားတစ်မျိုးမျိုးကိုရောဖက်လို့ သားပွဲမ်းဟင်းအဖြစ် ချက်ပြုတ်ကျွေးမွေးတဲ့ အလေ့အထရှိပါတယ်။ ဒါတင်မက ကျောက်ဖရုံသီးကို ကြာဆံနဲ့ရောလို့တစ်မျိုး၊ ပဲနီလေးနဲ့ တွဲဖက်လို့တစ်သွယ်၊ ငရုတ်ကောင်းခတ်လို့ ဟင်းခါးအဖြစ်တစ်နည်း ဖွယ်ဖွယ်ရာရာချက်ပြုတ်စားကြတာတွေ့ရပါတယ်။

သောတရှင်များရှင့် -

နိဂုံးချုပ်အနေနဲ့ တင်ပြရရင် ကျောက်ဖရုံပင်ဟာ မြန်မာနိုင်ငံနေရာဒေသ၊ ရာသီဥတုမရွေး ပေါက်ရောက်ဖြစ်ထွန်းနိုင်တဲ့ သီးပင်စားပင် ဆေးဖက်ဝင်အပင်တစ်မျိုး ဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာအလိုအရ ကျောက်ဖရုံပင်ရဲ့ အမြစ်၊ အပွင့်၊ အရွက်၊ အသီး၊ အစေ့တို့ကိုသုံးနိုင်တဲ့အတွက် စွယ်စုံသုံးဆေးတစ်ပင် ဖြစ်ပါတယ်။ ကျောက်ဖရုံသီးကို ဟင်းလျာအနေနဲ့သာမက ၊ ဆေးဝါး၊ ဓာတ်စာအာဟာရအဖြစ် အသုံးပြုနိုင်တဲ့အတွက် ပြည်သူလူထုရဲ့ ကျန်းမာရေးအတွက် ဆောင်ထားသင့်တဲ့၊ စိုက်ပျိုးထားသင့်တဲ့ ဆေးဖက်ဝင်အပင်တစ်ပင်လို့ ပြောနိုင်ပါလိမ့်မယ်။ ဒါ့ကြောင့် လူအများသိပြီးဖြစ်တဲ့ ဟင်းသီးဟင်းရွက်ပင်လေးတစ်ပင်ဟာ ကုသရခက်ခဲလှတဲ့ ရောဂါတွေမဖြစ်ပွားအောင် ကာကွယ်ကုသရာမှာ အဓိကဆေးတစ်မည်အနေနဲ့ အသုံးပြုနိုင်တဲ့အကြောင်း တင်ပြရင်း အခုတစ်ပတ် သုတအဖြာဖြာ တိုင်းရင်းဆေး ပညာအစီအစဉ်ကို ဒီမှာတင်ပဲ နိဂုံးချုပ်လိုက်ပါတယ်။

*သောတရှင်အပေါင်း*
*ကိုယ်စိတ်နှစ်ဖြာ*
*ကျန်းမာချမ်းသာကြပါစေ*

ဒေါ်နေနေနိုင်ညွှန့်
(တိုင်းရင်းဆေးပညာ)

လူတို့၏ အသုံးအဆောင်၊ လူတို့၏ နှစ်သက်မြတ်နိုးရာတို့သည် ရွှေငွေ စိန်ကျောက်ရတနာများ ဖြစ်ကြသည်။ ရွှေငွေကျောက်သံပတ္တမြားတို့သည် နိုင်ငံတစ်ဝန်းတွင် ပြန့်ကျဲလျက်ရှိပါသည်။ ကုသိုလ်ကံထူးသူများက ကံကံ၏အကျိုးပေးထူးသူများသည် ရတနာတို့နှင့်ကြုံတွေ့တတ်ကြသည်။ ထိုရတနာတို့သည် မြန်မာနိုင်ငံလုံး ဒေသအလိုက်ရှိနေတတ်ကြ၏။ မြေအောက်တွင်လည်းကောင်း၊ မြေပေါ်တွင်လည်းကောင်းရှိနေတတ်ကြသည်။ ကံထူးကံထိုက်လျှင် မြေတွင်းထဲမှလည်းကောင်း၊ မြေပေါ်မှလည်းကောင်း တွေ့ရှိခံစားရတတ်သည်။ ကုသိုလ်မရှိ၊ ကံမရှိလျှင် မြေပေါ်တွင်ရှိနေပါလျက်လည်း ရချင်မှရတတ်သည်။ ကုသိုလ်ကံထူးလျှင် မြေတွင်းထဲမှပစ္စည်းပင်ပေါ်လာပြီးရတတ်ကြသည်။ ကုသိုလ်ကံမရှိလျှင် မြေပေါ်တွင်ရှိနေစေကာမူ လုံးဝမရရှိတတ်ပေ။ ထိုရတနာတို့စုဝေးတည်ရှိရာနေရာတစ်နေရာရှိနေပေသည်။ ကုသိုလ်ထူးသူကံပေးသူများသွားရောက်နိုင်ပါက ရရှိနိုင်ပါသည်။ ထာဝရဖိတ်ခေါ်နေပေသည်။

ထိုရတနာတို့သည် ရခိုင်ပြည်နယ် သံတွဲမြို့နယ် တောင်ကုတ်စီရင်စုဖြစ်သော တန်းလွဲချောင်းဖျားတွင် တည်ရှိနေပေသည်။ ရခိုင်ပြည်နယ်သူပြည်နယ်သားများအတွက်ထားရှိသည်ဟု ဆိုပေသည်။

သွားရောက်လိုကြသူများသည် ကိုယ်ကျင့်တရား ကောင်းမွန်ရမည်။ ငါးပါးသီလလုံခြုံရမည်ဟု ဆိုပါသည်။ လောဘ၊ ဒေါသ၊ မောဟစိတ်များဖြင့် သွားရောက်၍လည်းမရဟု ဆိုပါသည်။ လမ်းညွှန်ချက်မှာ သံတွဲမြို့မှတစ်ဆင့် တောင်ကုတ်သို့သွားရပါသည်။ ထိုမှတစ်ဆင့် တန်းလွဲရွာသို့သွားရပါသည်။ တန်းလွဲရွာသို့ရောက်လေလျှင် တန်းလွဲချောင်းသို့ သွားရောက်ရ၏။ တန်းလွဲချောင်းအတိုင်း စုန်၍တက်သွားပါလျှင် တန်းလွဲချောင်းဖျားအဆုံး၌ 'တောင်ဟိန်းတောင်အော်' အရပ်သို့ ရောက်ရှိသွားပါလိမ့်မည်။

တောင်ဟိန်းတောင်အော်လမ်းအစသို့ရောက်လျှင် တောင်တက်တက်ချင်းနံ့သာပင်ကြီးတစ်ပင်တွေ့ရှိရလိမ့်မည်။

ထိုမှဆက်၍သွားလျှင် လမ်းတွင်အိပ်နေသော ကျားနှစ်ကောင်ကို တွေ့ရလိမ့်မည်။ ကျားများမှာ ရိုးရိုးကျားများမဟုတ်ကြပါ။ နတ်များဖန်ဆင်းထားသည့် နတ်ကျားများ ဖြစ်ပါသည်။ မည်သို့မျှ အန္တရာယ်မပြုပါ။ မိမိစိတ်ကလည်း စိတ်ကောင်းနှလုံးကောင်းထားရှိဖို့လိုပါသည်။ ထိုကျားနှစ်ကောင်မှ ဆက်၍သွားပါက အနံ့အရသာနှင့်ပြည့်စုံသော သရက်တောဥယျာဉ်ကြီးကို တွေ့ရပေလိမ့်မည်။ ထိုသရက်တောဥယျာဉ်တွင်လည်း ကျားနှစ်ကောင်အိပ်နေသည်ကိုတွေ့ရပေလိမ့်မည်။

ဆက်၍သွားလျှင် တန်းလွဲချောင်းဖျားချောင်းဆုံးသို့ ရောက်ရှိပါလိမ့်မည်။ ချောင်းဆုံးပါက မြစ်ကူးတံတားတွေ့ရပါလိမ့်မည်။ တံတားတွေ့လျှင် ကူးပါလေ။ တံတားမတွေ့ပါကဆက်၍မသွားပါနှင့်၊ ထိုနေရာတွင် တစ်ညအိပ်လေ။ မိုးလင်းပါက တံတားထိုးပြီးသားတွေ့ရပါလိမ့်မည်။ တံတားကိုကူးသွားပါက တောင်ဟိန်းတောင်အော်သို့မရောက်မီ ဥယျာဉ်



# မောင်လင်းခိုင်

## တောင်ဟိန်းတောင်အော် ရတနာသိုက်ရှိရာနယ်မြေ

ခြုံကြီးတစ်ခြုံကို တွေ့ရပါလိမ့်မည်။ ရန့်သင်းထုံ့စွာဖြင့် သစ်သီးချိုမွှေးမျိုးစုံသီးပွင့်နေသည်ကို တွေ့ရပါလိမ့်မည်။ ဥယျာဉ်သို့အဝင်တွင် သူတော်စင်ရသေ့တစ်ပါး (သို့) သူတော်စင်တစ်ဦးကို တွေ့ရပါလိမ့်မည်။

သူတော်စင်က -

"ဘယ်သွားမှာလဲ"

ဟု မေးပါလိမ့်မည်။

သွားမည့်သူက -

"တောင်ဟိန်းတောင်အောက်သို့သွားမည်"

ဟု ပြောပါ။


သူတော်စင်ကမသွားစေလိုလျှင် ကျောက်တစ်လုံးစီပေးပါလိမ့်မည်။ ထိုကျောက်တုံးသည် ရွှေအစစ်ကျောက်တုံးဖြစ်ပါသည်။ သူတော်စင်က ဆက်၍သွားခိုင်းပါက တောင်ဟိန်းတောင်အောက်သို့ရောက်လျှင် ပုံထားသော ကျောက်တစ်ပုံတွေ့ရပါလိမ့်မည်။ ထိုကျောက်ပုံမှ တစ်နိုင်ထမ်းယူပါ။ ထိုကျောက်များသည် ရွှေကျောက်ပုံကြီး ဖြစ်ပါသည်။ တောင်ဟိန်းသို့ရောက်လျှင် 'ငစိုင်ရှင်' ဟုခေါ်သော သစ်ပင်တစ်ပင်တွေ့ရပါလိမ့်မည်။ ထိုအပင်သည် မြင့်လွန်းသဖြင့် မတက်ရောက်နိုင်။ ကြွေကျလာသော အံ့ရွက်ကိုစားလျှင် ခန္ဓာကိုယ်ကြီးသည့် အိုမင်းရင့်ရော်နေရာမှ နုပျိုသွားပါလိမ့်မည်။ သို့သော် ထိုသစ်ရွက်ကြွေတို့ကို တွေ့ရခဲပါသည်။ သူတော်စင်တို့၊ နတ်ဒေဝတာတို့က ဖျောက်ဖျက်ကွယ်ဝှက်ထားတတ်ကြသည်။ ထိုနေရာမှလွန်၍သွားပါက ကျောက်ဖျာကြီးတစ်ခုကို တွေ့ရပါလိမ့်မည်။

ထိုကျောက်ဖျာကြီးပေါ်သို့ မိုးစက်မိုးရေများတစက်စက်ကျနေပေလိမ့်မည်။ မိုးကအမြဲရွာနေတတ်သည်။ ကျောက်ဖျာပေါ်သို့ လက်နှိုက်၍စမ်းလိုက်လျှင် ပတ္တမြား (သို့) အဖိုးတန်ကျောက်များ တွေ့ရတတ်သည်။ တောင်ဟိန်းတောင်အောက်ကို မြူမနေတောင်ဟုလည်းခေါ်ပါသည်။ လေကတဟူးဟူးတိုက်ခတ်နေသဖြင့် မြူတို့လုံးဝမကပ်ရောက်နိုင်ပေ။ တောင်ဟိန်းတောင်မှာ ကြာကလပ်ပုံဖြစ်ပါသည်။ တောင်ဟိန်းတောင်တွင် လိုဏ်ပေါက်ကြီးတစ်ခုရှိသည်။ မြောက်ဘက်မှတိုက်ခတ်လာသောလေတို့သည် ထိုတောင်၏အခေါင်းပေါက်ထဲသို့ အလုံး



# ေတာ်မြင့် (ငှက်ဖျား)

# သုဿာန်လမ်းဆုံက ကောင်ကလေး



ကာယ်လီရိုင်းသည် ညစာပြင်ဆင်နေသည်။ သူမ၏ ဆယ်နှစ်အရွယ် သားငယ် ဘင်ဂျမင်သည် အိမ်ခန်းထဲတွင် ရုပ်မြင်သံကြား ကြည့်ရှုနေပေမည်။ သို့မဟုတ် အနည်းဆုံးအားဖြင့် ရုပ်မြင်သံကြားကြည့်ရှုနေသည်ဟု သူမထင်မြင်စရာဖြစ်ပါသည်။

"ဘင်နီ လူကလေး ပဲစေ့အနက်ယူမလား၊ အနီယူမလား"

"ပဲစေ့အနီထည့်ပေးပါလားမေမေ"

"အဲဒီလိုမလုပ်နဲ့ ဘင်။ သားလုပ်တာ မေမေ သေမတတ်လန့်သွားတယ်။ ပဲစေ့အနီရမယ်"

ထိုသို့ ပြောရခြင်းမှာ ဘင်မှ သူ၏ နောက်ကျောဘက်သို့မသံမကြားအောင် တိတ်တဆိတ်ရောက်လာသောကြောင့် ဖြစ်ပါသည်။

ထိုအချိန် တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။

"မေမေ ပြန်လာမယ်နော် ခဏစောင့်"

ဟု ကာယ်လီကပြောပါသည်။

ကာယ်လီက တယ်လီဖုန်းရှိရာသို့ သွားပါသည်။ သို့ရာတွင် တယ်လီဖုန်းလက်ကိုင်ပေါ်သို့ သူမလက်တင်လိုက်သည်နှင့် တစ်ပြိုင်နက် ဖုန်းခေါ်ခေါင်းလောင်းသံရပ်တန့်သွားပါသည်။

"အံ့သြစရာပဲ၊ အို-ပဲအိုးမေ့နေပြီ"

ကာယ်လီသည် သူမ၏ချက်ပြုတ်မှုကို ပြန်လည်အာရုံစိုက်လိုက်ပါသည်။ ထိုသို့ပြုလုပ်လိုက်လျှင် ချက်ချင်းလိုပင် တယ်လီဖုန်းမြည်သံပေါ်လာပြန်သည်။

"သားဖုန်းကိုင်လိုက်လေ"

"ဟယ်လို အိုး. . . တိုင်း"

ဘင်က ဖြေပါသည်။

"အဲဒါ ပျော်စရာကောင်းမှာ

အမေကို မေးရဦးမယ် ခဏကိုင်ထား

လား။ ငါ့အမေက မင်းမေမေနဲ့စ

ပြောချင်မှာပဲ။ အိုး-ဟုတ်လား၊ ကော

ပြီ မနက်မှပဲတွေ့မယ်"

"ဘင်၊ သားအတွက် ထမင်း

တွေ စားပွဲပေါ်ရောက်နေပြီ။ စား

ကြစို့။ ဒါ့ထက် တယ်လီဖုန်းက ဘာ

လဲ"


ကာယ်လီက [illegible]

"ဖုန်းဆက်တာ ဝါးလှေဂရေပါ။ သားအတန်းထဲကပဲ။ မေမေသိသလား တော့မသိဘူး။ သူက.မနက်ဖြန် သားနဲ့ အတူ ကစားချင်နေတာ။ သားကျောင်း ဆင်းရင် သူနဲ့အတူ အိမ်ပြန်လို့ရမလား နော် မေမေ။ သားက မေမေ့အလုပ်မပြီး မချင်း ဒီမှာစောင့်နေရတာ ပျင်းတယ်"


"ဒါပေမယ့် သားရယ် မေမေက သူ့မိဘတွေနဲ့မှ မသိတာ။ မေမေ သူတို့နဲ့ စကားပြောကြည့်သင့်တာပေါ့"

"မရဘူး မေမေ။ သူက သူ့ရဲ့ ကလေးထိန်းနဲ့နေရတာ။ သူ့မိဘတွေက ညကြီးမိုးချုပ်မှအိမ်ပြန်လာတာ။ နောက် နေ့မနက်ကျရင်လည်း သူကျောင်းမသွား ခင် သူတို့ကထွက်သွားကြတယ်။ ဖြစ် ပါတယ်နော်။ ဝါးလှေက သူသာန် လမ်းဆုံမှာနေတာ။ ဒီကနေဆို (၅) မိနစ်ပဲ လျှောက်ရတယ်"







(၁-၃-၂၀၁၇) နေ့ သာယနဇာတာခွင်




(၁၁-၃-၂၀၁၇) နေ့ သာယနဇာတာခွင်




(၂၁-၃-၂၀၁၇) နေ့ သာယနဇာတာခွင်

# ၂၀၁၇ ခုနှစ်၊ မတ်လအတွက် စီးပွားရေးဗေဒင်ဟောကိန်း

မင်းရှိန်အောင်

ပထမ ဆယ်ရက်တာကာလတွင် ရွှေဈေးကွက် မူမမှန် မှန်းဆရခက်နေမည်။ ငွေကြေးဈေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ကျောက်မျက်ဈေးကွက် ကမောက်ကမဖြစ်မည်။ စတော့ရှယ်ယာဈေးကွက် အတက်အကျနှေးကွေးနေမည်။ အီလက်ထရွန်နစ်၊ ရေဒီယို၊ လျှပ်စစ်ဆိုင်ရာ၊ သံနှင့်သတ္တုပစ္စည်းဆိုင်ရာများ၊ ကုန်မာနှင့်ဆောက်လုပ်နေရေးလုပ်ငန်းပစ္စည်းဆိုင်ရာများ ဈေးကွက်အပြောင်းအလဲမြန်ဆန်နေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ အနုပညာနှင့်ဖြေဖျော်ရေးဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ၊ အနုပညာနှင့် ဖြေဖျော်ရေးဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ၊ ယာဉ်စက်ဆိုင်ရာဈေးကွက်တို့ မြန်ဆန်သော ပြောင်းလဲမှုကြောင့် ချိန်ဆရခက်နေမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာဈေးကွက် အတက်နှေးအကျနှေးနေမည်။အိမ်ခြံမြေဈေးကွက် မူမမှန်စွာပြောင်းလဲနေမည်။ စိုက်ပျိုး၊ မွေးမြူဈေးကွက်ကောင်းနေမည်။ ရေလုပ်ငန်းဆိုင်ရာဈေးကွက် တက်မြန်မည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့် ဆက်စပ်ပစ္စည်းဈေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက် ထိုင်းမှိုင်းနေမည်။ ငွေကြေးဈေးကွက်တည်ငြိမ်နေမည်။ ကျောက်မျက်ဈေးကွက် အကျဘက်ယိမ်းစွာဖြင့် အပြောင်းအလဲမြန်ဆန်နေမည်။ စတော့ရှယ်ယာဈေးကွက် ထုံထိုင်းနေမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာနှင့် ဖြေဖျော်ရေးဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ယာဉ်ကားရောင်းဝယ်ရေးဆိုင်ရာဈေးကွက်များ မူမမှန်သော တက်ရိပ်ကျရိပ်မြန်ဆန်နေမည်။ ဖုန်းနှင့်ဆက်သွယ်ဆိုင်ရာ၊ မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာဈေးကွက်တို့ တည်ငြိမ်နေမည်။ ရေလုပ်ငန်းဆိုင်ရာဈေးကွက်နှေးကွေးနေမည်။ စိုက်ပျိုးမွေးမြူဈေးကွက် တက်ဈေးရှိသော်လည်း သတိထားရပါမည်။ ရေဒီယို၊ လျှပ်စစ်၊ အီလက်ထရွန်နစ်ဆိုင်ရာ၊ သံနှင့်သတ္တုပစ္စည်းဆိုင်ရာ၊ ကုန်မာနှင့် ဆောက်လုပ်ရေးလုပ်ငန်းပစ္စည်းဆိုင်ရာဈေးကွက် ကမောက်ကမဖြစ်မည်။ အိမ်ခြံမြေဈေးကွက်အတက်အကျမြန်ဆန်နေမည်။ ဆောက်လုပ်ရေးလုပ်ငန်း နှေးကွေးနေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးကွက် အတက်အကျနှေးကွေးနေမည်။

တတိယ ဆယ်ရက်ကာလတွင် ရွှေဈေးကွက်တည်ငြိမ်သလိုလိုနှင့် ရုတ်တရက်ပြောင်းလဲတတ်မည်။ ငွေကြေးဈေးကွက် ပုံမှန်မဟုတ်သော အတက်အကျ မြန်ဆန်နေမည်။ စတော့ရှယ်ယာဈေးကွက် ရုတ်တရက်ပြုတ်ကျတတ်၊ ထောင်တက်တတ်မည်။ ကျောက်မျက်ဈေးကွက် မူမမှန်ဖောက်ပြန်မည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ သံနှင့်သတ္တုဆိုင်ရာပစ္စည်းများ၊ ကုန်မာနှင့် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ ဈေးကွက်ကမောက်ကမဖြစ်မည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာနှင့် ဖြေဖျော်ရေးဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးနှင့် ယာဉ်ကားဆိုင်ရာဈေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ဖုန်းနှင့်ဆက်သွယ်ဆိုင်ရာ၊ စာနယ်ဇင်းနှင့် မီဒီယာဈေးကွက် အတက်နှေး၊ အကျမြန်မည်။ ရေထွက်လုပ်ငန်းဆိုင်ရာဈေးကွက်တက်ဈေးကျဈေး ပုံမှန်မဟုတ်ဖြစ်နေမည်။ စိုက်ပျိုး၊ မွေးမြူဈေးကွက် တက်ရိပ်ရှိသော်လည်း ကျရိပ်ကပ်လိုက်ပါလာတတ်မည်။ အိမ်ခြံမြေဈေးကွက်အပြောင်းအလဲမြန်ဆန်မည်။ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်မှန်းဆရခက်နေမည်။

မင်းရှိန်အောင်

## အခန်း(၁)

### နုတ်ညွှန်တဲ့လမ်းအဆန်းတကြယ်

ဒေသန္တရဇာတုသုတအားနည်းခြင်းကလည်း တစ်ခါတစ်ရံ ကိုယ့်ကိုလူညံ့ဖြစ်စေပါသည်။ ရိုးသားလွန်းသူတို့ ဖြစ်လေ့ဖြစ်ထရှိသောသဘောမှန်းတော့ ဆင်ခြင်မိပါသည်။ အနီးကိုကပ်ကြည့်လွန်း၍ အဝေးကိုမှုန်သောသဘောမှန်းလည်း ဖော်ဖန်မိပါသည်။ ကိုယ်က ဘယ်လောက်ရိုးသားရိုးသား တစ်ဖက်က မရိုးသားသောအခါ ကိုယ်ကအလိုလိုနေရင်း အောက်စည်းသို့ရောက်သွားတတ်ပါသည်။ လူကြီးသူမများဆုံးမထားသော စကားအခံကလည်းရှိပါသည်။ကိုယ့်ဘက်က ရိုးသားနေသမျှ စိတ်သန့်ရှင်းနေသမျှ လိမ်သူဘယ်လောက်လိမ်ပါစေ



နတ်ကောင်းနတ်မြတ်များ အလုံးစုံ စောင့်ရှောက်၍ အဆိုးမရောက်တတ်ဘဲ အကောင်းဘက်ရောက်တတ်သည်ဟူ၍။

ကျွန်တော်ဖြစ်ပုံများ ကျွန်တော် ကိုယ်တိုင်ပင် အံ့အားသင့်ရပါသည်။ နတ်လမ်းညွှန်တယ်ဆိုတာ ဒါမျိုးပါလား ဟူ၍လည်း မနေသိကြည်မွေ့မိပါသည်။ ကျွန်တော်သွားချင်သည်မှာ ပျဉ်းမနားမြို့ အရှေ့မြောက်အရပ်၌ရှိသော စည်ပင်သာယာကျေးရွာသို့ ဖြစ်သည်။ စည်ပင်သာယာကျေးရွာသည် ပျဉ်းမနားမြို့၏ အရှေ့မြောက်အရပ်၌ရှိမှန်း ကျွန်တော်သိပါ။ ထိုရွာသို့ မြင်းလှည်းခရီးရှိမှန်း တော့ လူကြုံစကားကြားခဲ့ပါသည်။ ထိုရွာသို့သွားသောမြင်းလှည်းဆိပ်နေရာ ထုံးဝမသိပါ။ ကျေးရွာများသို့သွားသော မြင်းလှည်းမှန်သမျှ မင်္ဂလာရပ်ကွက်ရှိ ရှုလည်ကျောင်း၏ တောင်ဘက်ကပ် လျက်လမ်းများ၌ ဆိုက်ကပ်ထားသော မြင်းလှည်းဆိပ်မှစီးလျှင်ရောက်မည်ဟု တလွဲတွေးကာ ဆင်သေမြင်းလှည်းဆိပ်သို့ မနက်ကိုးနာရီ၌ ကျွန်တော်ရောက်လာပါသည်။ ထို့နောက် မြင်းလှည်းဆိပ်မှ ဂိတ်ထိုးထားသော မြင်းလှည်းတစ်စီးကို ရိုးသားစွာ မေးမြန်းမိပါသည်။

"ဒီက မြင်းလှည်းဆရာအကိုလေး၊ အစ်ကို့မြင်းလှည်းက စည်ပင်သာယာကျေးရွာကိုရောက်မှာလား ခင်ဗျာ"

မြင်းလှည်းဆရာက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်နေပါသည်။ သည်ကတည်းက တစ်ခုခုမှားနေမှန်း ကျွန်တော်သတိပြုသင့်ပါသည်။ လူတိုင်းကိုယ်ရိုးသားသလို ရိုးသားကြမည်ဟူ၍ ကျွန်တော်ထင်တတ်ပါသည်။ သံသယအတွေးကိုတတ်နိုင်သလောက်မသုံးစွဲပါ။ ဤလိုအကျင့်မျိုးကား ခိုးတတ်လျှင် ယိုးစွပ်တတ်သည်ဟူသော တစ်လုံးချိုင့်အဆင့်မရှိသူများ သုံးစွဲလေ့ရှိကြသော မကောင်းကျင့်ဖြစ်ပါသည်။ ကျွန်တော်ဝတ်စားထားသည်က ရှမ်းတိုက်ပုံဖြူ ကော်လာတိုအဖြူအတွင်းခံ၊ ပုဆိုးစိမ်းကွက်စိပ်၊ သားရေခြေညှပ်ဖိနပ်လေးနှင့် အသွင်အပြင်က ကျောင်းဆရာလေး တစ်ယောက်ပုံစံမျိုးဖြစ်နေပါသည်။ တမင်ရည်ရွယ်ဝတ်လာခြင်းတော့ မဟုတ်ပါ။ အရွယ်ကလည်း အသက်နှစ်ဆယ့်သုံးနှစ် အရွယ်နုနုဖြစ်ပါသည်။ မြင်းလှည်းဆရာကလည်း မြင်းလှည်းထွက်ဖို့ ခရီးသည် တစ်ယောက်လိုနေပုံ၊ စောင့်စားနေပုံရပါသည်။ မြင်းလှည်းပေါ်ရှိ ခရီးသည်များကလည်း မြင်းလှည်းဆရာကို စကားတိုးတိုးလေးနှင့် ခရီးစဉ်မေးလိုက်သော ကျွန်တော့်စကားကို ကြားလိုက်ပုံမရကြပါ။ သူတို့စကားသံနှင့်သူတို့ရေပက်မဝင်

# နိုင်ပြေသိမ်းချစ်

## လပြည့်ဝန်းကိုတဲ့ လေပေါ်တင်



စကားပြောနေကြ၍ ဖြစ်ပါသည်။ ကြားခဲ့လျှင် မြန်မာလူမျိုးပီပီ 'မဟုတ်ဘူးကွယ့် လူငယ်ရဲ့' ဟုပြောမှာ သေချာပါသည်။ လမ်းမှန်ကို ညွှန်ပြမှာ သေချာပါသည်။ မြင်းလှည်းဆရာ ကျွန်တော့်ကို ပြန်ပြောပုံကလည်း ခပ်တိုးတိုး ခပ်သောသော ခပ်မြန်မြန်ခေါင်းညိတ်ပြ၍ -

"အေး - ရောက်မယ်ကွ၊ တက်တက် မြင်းလှည်းပေါ်။ အခု ထွက်တော့မလို့ကွ"

သို့နှင့် ခရီးသည်များနောက်ချောင်ချိသော ညာကန့်ဖင်ထိုင်ခုံနေရာမှ မြင်းလှည်းပေါ်တက်၍ မြင်းလှည်းထွက်ရာနောက်သို့ ခပ်မစိပ်လိုက်ပါခဲ့ပါတော့သည်။ ပျဉ်းမနားသကြားစက်ကို ကျော်၍ ဆင်သေရွာထဲသို့ မြင်းလှည်းဝင်လာပြီး ဆင်သေဈေးဂိတ်ဆုံးတွင် မြင်းလှည်းရပ်သွားပါတော့သည်။ ခရီးသည်အားလုံး မြင်းလှည်းပေါ်မှဆင်းတော့ ကျွန်တော်လည်း နောက်ဆုံးမှ ထိုင်နေသူမို့ မြင်းလှည်းအောက်သို့ အလျင်ပင်ဆင်းပေးလိုက်ပါတော့သည်။ ကျွန်တော်တို့နှစ်ဦးတည်းကျန်တော့မှ မြင်းလှည်းဆရာထိုင်နေရာလှည်းဦးခန်းသို့ လှည်းနံဘေးမှသွား၍ မြင်းလှည်းဆရာကို မသိနားမလည်စွာ မေးမိပါတော့သည်။

"အစ်ကိုလေး၊ မြင်းလှည်းက ဒီဂိတ်မှာဆုံးတာလား။ ဒါဆို စည်ပင်သာယာရွာကို ညီလေးဘယ်လိုဆက်သွားရမှာလဲ ခင်ဗျာ"

မေးတာကိုမဖြေဘဲ မြင်းလှည်းခအားတွင်တွင်တောင်းနေ၍ မြင်းလှည်းစီးခပေးလိုက်ပါတော့သည်။ မြင်းလှည်းခရပြီးမှ မြင်းလှည်းဆရာက အရှေ့ဘက်သို့ လက်ညှိုးညွှန်၍ -

"ဒီရွာအလယ်လမ်းအတိုင်း အရှေ့ဘက်ကိုသွား။ မကြာခင် မြစ်ဆိပ်ရောက်လိမ့်မယ်။ လှေဆက်စီး။ ဟိုဘက်ကမ်းရောက်အောင်။ ဟိုဘက်ကမ်းရောက်မှ တွေ့တဲ့လူမေးကြည့်။ မင်းသွားချင်တဲ့ရွာလမ်းညွှန်လိမ့်မယ်"

ဂိတ်ဆုံးကတည်းက ကျွန်တော် သံသယဖြစ်သင့်ပါသည်။ သို့သော် မဖြစ်ဘဲ သူညွှန်ပြသည့် ရွာလယ်လမ်းအတိုင်း လျှောက်ကာ ရွာမှထွက်လာပြီးနောက် သဲသောင်ဖြူလွှလွှနှင့် ပေါင်းလောင်းမြစ်ကြီးက ရှေ့မှာဆီးခံနေပါတော့သည်။ မြောက်နှင့်တောင်စီးဆင်းနေသောမြစ်၏အရှေ့ဘက်ကမ်း၌ စိမ်းစိမ်းစိုစိုနှင့် မှိုင်းညို့နေသော ဆင်ဖြူတောင်ဘုရားတည်ထားရာ ဆင်ဖြူတောင်ကြီးစီးမိုးထားပါတော့သည်။ အနောက်ဘက်ကမ်း၌ အဆင်သင့်ဆိုက်ကပ်ထားသော လှေကြီးတစ်စင်းပေါ်သို့ ခရီးသည်များတက်နေကြ၍ ကျွန်တော်လည်း လှေပေါ်တက်လိုက်ပါတော့သည်။ ဈေးလိုက်လာကြသော ခရီးသည်ခုနစ်ဦး၊ ရှစ်ဦးဆိုလှေကြီးထဲ၌ပါလာကာ မြစ်အရှေ့ဘက်ကမ်းသို့ လှေစထွက်ပါတော့သည်။ မြစ်လယ်ရောက်မှ အကူပါလာသော လှေဆရာတစ်ဦးက လှေဝမ်းစိမ့်ပေါက်မှဝင်လာသောရေများကို ရေပုံးဖြင့် မြစ်ထဲသို့ ခပ်ပက်ပါတော့သည်။ ထိုအခါကျမှ ကျွန်တော်ထိတ်လန့်သွားပါတော့သည်။ လားလား . . . လှေဝမ်းပေါက်ကြီးပါလား။မတော်ပက်ထုတ်တဲ့သူရေမနိုင်လျှင် လှေနစ်မယ့်ပုံကြီးပါလား ဘုရားဘုရား. . .။

စိတ်က ဝေဖန်ရင်း ကြောက်ရွံ့စွာ သဗ္ဗြေဓဂုဏ်တော်ကိုသာ ပါးစပ်ကမချတော့ဘဲ တောက်လျှောက်ရွတ်ရပါတော့သည်။ ကျွန်တော်ကသာ ကြောက်ရွံ့နေပါသည်။ လှေပေါ်ပါ ခရီးသွားများကိုကြည့်တော့လည်း စကားတောင်အပြောမပျက်ကြပါ။ သူတို့မကြောက်တာလည်း အပြစ်ပြောစရာမရှိပါ။ မြစ်နံဘေး၌ကြီးပြင်းသူအားလုံး ကလေးကအစ ရေကူးကျွမ်းကျင်ပါသည်။ သူတို့အဖို့က လှေမှောက်လည်း ရေကူးတတ်သောကြောင့် လည်းကောင်း၊ လှေမြုပ်သွားလျှင်လည်း ရေးကြီးခွင့်ကျယ်ကိစ္စမဟုတ်ပါ။ တစ်ဖက်ကမ်းသို့ ငါးကလေးများလို ရေကူးသွားကြပါလိမ့်မည်။ ကျွန်တော်ကတော့ ရေမကူးတတ်၍ စိုးရွံ့စိတ်ရှိသည့်အားလျော်စွာ သဗ္ဗြေဓဘုရားရှိခိုးကိုသာ အခေါက်အခါခါရွတ်နေပါတော့သည်။ ကျွန်တော်ကသာ လန့်နေထိတ်နေသော်လည်း မကြာခင် လှေကြီးက အရှေ့ဘက်ကမ်းသို့ဆိုက်သွားပါတော့သည်။ လှေခရှင်းပြီး ကမ်းသောင်ပြင်ပေါ်ဆင်းခဲ့ကာ ကျွန်တော့်မြင်ကွင်းကိုစီးမိုးနေသော ဆင်ဖြူတောင်ဘုရား စောင်းတန်းရှည်ကြီးနှင့် ဆင်ဖြူတောင်ကြီးကိုမော့ကြည့်မိပါတော့သည်။ ကျွန်တော်နှင့်အတူ လှေပေါ်က ဆင်းပြီး ဈေးခြင်းတောင်းနှစ်တောင်းကို ထမ်းပိုးဖြင့်လျှိုထမ်းရန်ပြင်နေသော အမျိုးသားတစ်ဦးကို ခပ်လှမ်းလှမ်းရှိ ဆင်ဖြူတောင်ဘုရားနှင့်ကပ်လျက်ရှိသော ရွာကိုလက်ညှိုးထိုး၍ -

"ဒါနဲ့ အစ်ကို၊ ဒီရွာက ဘာရွာလဲဟင်"

ထိုအမျိုးသားက အသက်(၃၅)နှစ်ခန့်ရှိပါသည်။ အထမ်းမထမ်းသေးဘဲ ကျွန်တော့်ကိုလှည့်ကြည့်ကာ ပြုံးပြ၍ -

"ကူးတို့ဆိပ်ကျေးရွာတဲ့ ညီလေး။ ဒါနဲ့ ငါ့ညီကဘယ်သွားမှာမို့လို့လဲ"

"စည်ပင်သာယာကျေးရွာကိုသွားမလို့ပါ အစ်ကို"

ထိုအမျိုးသား ပါးစပ်ဟောင်းလောင်းနှင့် ပြန်ကြည့်နေ၍ ရှင်းပြရပါသည်။

"ကျွန်တော်မြို့ကလိုက်လာတာပါ အစ်ကို။ မြင်းလှည်းဆရာက မြစ်ကူးပြီးရင် ကျွန်တော်သွားချင်တဲ့စည်ပင်သာယာရွာရောက်ပြီးပြောခဲ့လို့ပါခင်ဗျား"

ထိုအမျိုးသားက အနောက်၌ကျန်ခဲ့သော မြင်းလှည်းဂိတ်ကို လက်ညှိုးညွှန်၍ -

"ဒီကောင် ငါ့ညီကို ညာတာပါတီးချလာတာကွ။ ပါစင်ဂျာတစ်ယောက်ကိုပြီးရောဆိုပြီး မြို့က မြင်းလှည်းဆိပ်ကတည်းက ညာခေါ်လာတာကွ။ တစ်ဖက်သားကို သက်သက်မဲ့ဒုက္ခပေးလိုက်တဲ့ကောင်ကွာ။ ငွေရရင်ပြီးရောဆိုတဲ့ကောင်စားနဲ့ ငါ့ညီတွေ့လာတာဟေ့။ ကူးတို့ဆိပ်ကျေးရွာပြီးရင် ဆင်ဖြူတောင်ဘုရားနဲ့ ဆင်ဖြူတောင်ကြီးပဲရှိတော့တာလေကွာ။ ဒါမှဆက်သွားရင် တောလမ်းခရီးနဲ့အရှေ့ဘက်တောင်တန်းတွေပေါ်ပဲတက်ရုံရှိတော့တာ"

ကျွန်တော် မျက်မှောင်ကုတ်မိပါတော့သည်။ ထိုအမျိုးသားက မြောက်ဘက်ခပ်ဝေးဝေး၌ရှိသော အနောက်ဘက်ကမ်းခြေရှိ စိမ်းညို့ညို့ရွာများသို့ လက်ညှိုးညွှန်ပြ၍ -

"စည်ပင်သာယာရွာက ဟိုးဝေးဝေးမြောက် အနောက်ဘက်ကမ်းခြေမှာရှိတဲ့ ကျည်တောင်ရွာရဲ့အနောက်ဘက်မှာရှိတာ ညီလေးရဲ့။ ကနေ့တော့ ငါ့ညီဘယ်ရောက်နိုင်ပါတော့မလဲ။ အနောက်ဘက်ကမ်းကို လှေပြန်စီးပြီး ဆင်သေရွာပြန်တော့။ အဲဒီကတစ်ဆင့် ပျဉ်းမနားပြန်ရတော့မှာပဲ။ စည်ပင်သာယာရွာကိုကျည်ကောင်ရွာတို့ဘက်ထွက်တဲ့ မြင်းလှည်းက မြို့က ဘဏ်ရုံးကြီးတောဘက်ကပ်လျက် မြင်းလှည်းဆိပ်မှာရှိတာ။ ငါ့ညီမသိတာကို ရှင်းမပြဘဲ တော်တော်တစ်ဖက်သားကိုဒုက္ခပေးလိုက်တဲ့ကောင်ကွာ။ ဒါနဲ့ နေပါဦး၊ အစ်ကိုက ဒီကူးတို့ဆိပ်ရွာမှာနေတာ။ ရောက်တုန်းရောက်ခိုက် အိမ်အလည်လိုက်ခဲ့။ မနက်စာစားပြီးမှ မြို့ကိုပြန်ပေါ့။ လိုက်မလား အစ်ကို

နဲ့အိမ်ကို"

"အိမ်က ထမင်းစားလာပြီးမှ မြင်းလှည်းစီးလာတာ အစ်ကိုရ နေပါစေတော့။ လှေသည်ဘက်ကမ်းနောက်ထပ်ပြန်အကပ်ကို စောင့်လိုက်ပါတော့မယ်။ လက်စသတ်တော့ ကျွန်တော်လမ်းလွဲလာတာကိုး။ ကျေးဇူးပါပဲ အစ်ကို။ ရွာမလိုက်တော့ပါဘူး ခင်ဗျာ"

ထိုအမျိုးသား အထမ်းထမ်း၍ ကူးတို့ဆိပ်ရွာဘက်သို့ထွက်သွားပါတော့သည်။ ဆင်သေမြင်းလှည်းဆရာက ဒုက္ခပေးလိုက်သော်လည်း ကူးတို့ဆိပ်ကျေးရွာမှမိတ်ဆွေက သဒ္ဓါတရားကောင်းလှပါသည်။ ဒုက္ခရောက်မှန်းသိ၍ အိမ်ကိုတောင်အလည်ခေါ်ပါသည်။ လူတစ်ဦးကကျွန်တော့်အပေါ် မကောင်းသော်လည်း အခြားလူတစ်ဦးကကောင်းနေပြန်ပါသည်။ စိန်ကဲကျောက်ကဲထက် လူတစ်ဦးကိုအကဲခတ်ဖို့ဆိုသည်မှာလည်း တော်တော်မလွယ်သောကိစ္စပါလားဟု မြစ်ကမ်းနံဘေးရပ်၍ မြစ်လေတဖြူးဖြူး တိုက်ခတ်နေသည့်အကြားက မြစ်ပြင်ကြည့်၍ စဉ်းစားဆင်ခြင်နေမိပါတော့သည်။ ကျွန်တော်ဘယ်လောက်အတွေးလွန်နေသည်မသိ။ မြောက်ဘက် မြစ်ညာမှ ဒုံးလှေလေးတစ်စင်း ကျွန်တော့်နံဘေးသို့ အရှိန်သတ်ဆိုက်လာတော့မှ ပစ္စက္ခလောကပတ်ဝန်းကျင်သို့ စိတ်ကိုပြန်မျက်နှာမူမိပါတော့သည်။ ဒုံးလှေဦးပိုင်းမှ (၁၂) နှစ်သားခန့်အရွယ်ကလေးတစ်ဦးက လက်မြှောက်၍ နှုတ်ဆက်လာပါတော့သည်။

"ဆရာလေး၊ ဆရာလေး ကျွန်တော် အဝေးကတည်းက ကြည့်လာတာ။ ဒါကိုဆရာလေး ဦးမြင်းမိုရ်နဲ့တူပါတယ်ပေါ့။ လက်စသတ်တော့ ဆရာလေးကိုယ်တိုင် စစ်စစ်ကြီးဖြစ်နေတာကိုး။ ရွာကျောင်းက ဆရာလေးပြောင်းသွားပြီးကတည်းက တစ်ရွာလုံးက ဆရာလေးကိုအမြဲအမှတ်ရနေကြတာ။ နို့နေပါဦး ဆရာလေးက ဘယ်သွားမလို့ မြစ်ကမ်းနံဘေးရပ်နေရတာလဲခင်ဗျာ"

ကလေးက သူစာသင်ခဲ့သော ကျောင်းဆရာလေးတစ်ဦးနှင့် လူလွဲနေပုံရပါသည်။ မဟုတ်ပါဟု ကျွန်တော်ပြောချင်သော်လည်း ပြောလည်းမထူးသဖြင့် ခေါ်လဲရာထိုင်နေလိုက်ရင်း ပြောလိုက်ပါတော့သည်။

"စည်ပင်သာယာရွာကိုသွားမလို့ ကွယ့် ကလေးရဲ့"

ကလေးက ခေါင်းညိတ်ရင်း ပြုံးကာ -

"ဒါဆို အတော်ပဲ ဆရာလေး။ ဒီနေရာကနေ ခဏစောင့်။ ဖေဖေနဲ့ ကျွန်တော်အောက်ဘက်နည်းနည်းရောက်အောင် ပိုက်ဆက်မျှောလိုက်ဦးမယ်။ အပြန် ကျွန်တော်တို့လှေနဲ့ ဆရာလေး သွားချင်တဲ့ရွာကိုလိုက်ပို့ပေးမယ်ဟုတ်လား"

သားအဖနှစ်ဦး၏ ဒုံးလှေလေးက မြစ်အောက်ဘက်သို့ မြားတစ်စင်းအလား ကျွန်တော့်ရှေ့မှ လှစ်ခနဲ မျောသွားပါတော့သည်။ တစ်ဖက်ကမ်းမှ ခရီးသည်အကြိုအပို့လှေကြီးကလည်း မြစ်ကိုဖြတ်မလာသေးပါ။ မကြာခင် ပိုက်မျှောပြီး ဆင်းသွားသော ဒုံးလှေကလေးသည် ကျွန်တော့်အနားသို့ လှစ်ခနဲ ပြန်ဆိုက်လာပါတော့သည်။ ထိုလှေဦးမှ ကလေးက -

"ကဲကဲ - ဆရာလေး၊ လှေပေါ် ဂရုစိုက်ဖြည်းဖြည်းတက်။ ကျွန်တော်တို့ သွားရအောင်"

ထိုကလေးလက်ထဲ၌ မြစ်ညာပြန် တက်တော့မည်ဖြစ်သဖြင့် လှော်တက်တစ်ချောင်းကိုကိုင်ထား၍ လှေပဲ့ပိုင်းမှ သူ့ဖခင်ဖြစ်သူက လှော်တက်တစ်ချောင်း ကိုယ်စီကိုင်ထားကြပါသည်။ ယခင်ပိုက်မျှောရန်ရေစုန်ဆင်းသွားတုန်းက သူ့ဖခင်က လှေလှော်၍ ကလေးက လှေဦး၌ လက်မကိုင်ဘဲ ထိုင်လျက်လိုက်ပါသွားသည်ကို သတိပြုလိုက်မိ၏။ ကျွန်တော်လည်း ဆက်မငြင်းသာတော့ဘဲ ကနေ့ကြုံခဲ့ရသော ခရီးစဉ်အဆင်မပြေမှုကို ခေါင်းထဲမထည့်တော့ဘဲ ရောက်ချင်ရာရောက်ပေါက်ချင်ရာပေါက်ဟူဆိုသော မထူးစိတ်နှင့် သူတို့နှစ်ဦးရှိရာ ဦးပိုင်းနှင့် ပဲ့ပိုင်းအလယ်နေရာမှ ဒုံးလှေကလေးထဲသို့ ဂရုတစိုက်ဆင်းကာ လှေဝမ်းနံရံနှစ်ဖက်ကို လက်မလွှတ်တမ်းကိုင်ထားလိုက်သည်နှင့်တစ်ပြိုင်နက် ဒုံးလှေလေးက မြစ်ညာသို့လှစ်ခနဲထွက်သွားပါတော့သည်။ ကျွန်တော်ဘာမှမပြောတော့ဘဲ လှေပေါ်သို့တိတ်တဆိတ်လိုက်ခဲ့ပါတော့၏။ ရေဆန်လေဆန်ကို သူတို့သားအဖနှစ်ဦး ဆန်တက်လာသောကြောင့်လည်း သူတို့ကလည်း စကားမပြောကြဘဲ ဒုံးလှေကလေးကို ဂရုတစိုက် တက်ညီလှော်ခတ်နေ၍လည်း ဖြစ်ပါသည်။ ရေစုန်လေစုန်ဆိုလျှင် သက်လည်းသက်သာသည့်အပြောက် သူတို့သားအဖကို လူလွဲနေကြောင်းအသေအချာကျွန်တော်ရှင်းပြမည်ဟု ကြံရွယ်ထားသော်လည်း အကြံအစည်မပြောက်ခဲ့ပါ။

မကြာခင် မြစ်အနောက်ဘက်ကမ်း၌ရှိသော ရွာကလေးတစ်ခုနံဘေးသို့ ဒုံးလှေကလေးဆိုက်ကပ်လာပါတော့သည်။ ကလေးက ရွာလယ်လမ်းသို့ လက်ညှိုးညွှန်၍ -

"ဆရာလေး၊ ဒီရွာက ဆရာလေးစာလာသင်ခဲ့တဲ့ ကျွန်တော်တို့ရွာ ကျည်တောင်ရွာပဲ။ ရွာအနောက်ပေါက်ကမဝင်ဘဲ ရွာအရှေ့မြစ်ဆိပ်လမ်းကဝင်လာလို့ ဆရာလေးမျက်စိလည်နေတာ။ ရွာလယ်လမ်းကဖြတ်ပြီး ရွာအနောက်ဘက်အပေါက်ကထွက်ရင် အနောက်ဘက်မနီးမဝေးမှာ ဆရာလေးသွားချင်တဲ့ စည်ပင်သာယာရွာပဲ ဆရာလေး။ တပည့်လိုက်မပို့တော့ဘူးနော်။ မြစ်ညာဆန်တက်စရာ ပိုက်ပြန်ဖော်စရာရှိသေးလို့ပါ။မြို့ကိုပြောင်းသွားတာလည်းကြောင်းတာပေါ့။ မကြာခဏရွာကိုလာလည်ပါ ဆရာလေးရဲ့။ တစ်ရွာလုံးက ဆရာလေးကို သတိရနေကြတာ"

သူ့ဖခင်ကလည်း လှေပဲ့ပိုင်းမှနေ၍ -

"ဟုတ်ပ့ါဆရာလေးနှယ်၊ တာဝန်အရ ရွှေ့သွားတာတော့ရွှေ့ရမှာပေါ့။ မကြာခဏလာလည်ပါ ဆရာလေးရဲ့"

သူတို့နှစ်ဦး၏ လှေကလေးက ကျွန်တော့်ကို ထားရစ်ခဲ့ပြီး မြစ်ညာသို့ လှစ်ခနဲထွက်သွားဆန်တက်သွားပါတော့သည်။ လှေရပ်လျှင် လူလွဲနေကြောင်း တောင်းပန်မည်ဟုကြံထားသော ဒုတိယရည်ရွယ်ချက်လည်း အထမမြောက်ခဲ့ပါလေ။ လက်ဝှေ့ယမ်းပြ နှုတ်ဆက်ပြီးမှ-

"ဩော် - ငါ့ကံများနှယ် ကလေးတွေစာလာသင်တဲ့ ကျောင်းဆရာလေးနဲ့ မှလာတူနေရတယ်လို့။ ဆင်ဆင်တူတာပဲရှိမှာပါ။ ချွတ်စွပ်တော့မတူနိုင်လောက်ပါဘူး"

ကျွန်တော့်အထင် တက်တက်စင်လွဲသွားပါတော့သည်။ ကျွန်တော် မြစ်ကမ်းစပ်နံဘေးမှ ရွာအလယ်လမ်းထဲ ဝင်လာသည်နှင့်တစ်ပြိုင်နက် ဂွာတီမာလာပြောင်းဖူးခြွေနေကြသော အိမ်တိုင်းရှေ့ ယောကျ်ား၊ မိန်းမ၊ ကလေးအားလုံး -

"ဆရာလေး ရွာအလည်ခဏပြန်လာတာလား"

"ဆရာလေးကိုမြင်းမိုရ်၊ အိမ်ဝင်ပါဦး"

ဝိုင်းနှုတ်ဆက်ကြ၊ ထွက်ကြိုကြ၊ အလည်ခေါ်ကြဖြစ်ကုန်ပါတော့သည်။

ကျွန်တော်တစ်သက်၌တစ်ကြိမ်လောက် ရှက်ရွံ့မိခြင်း၊ အားနာမိခြင်းကိုတော်တော်လေးခံစားရပါတော့သည်။ ကျွန်တော် ဆရာမြင်းမိုရ်မဟုတ်ပါ။ လူလွဲနေကြလို့ပါဟု ပြောမထွက်တော့ပါ။ ခါးကလေးညွတ်တန်ညွတ်၊ လက်ပြတန်ပြ၊ အသံမြှင့်၍ ရှိရှိသေသေနှင့် -

"အားလုံး နေကောင်းကြတယ် မဟုတ်လား။ စည်ပင်သာယာရွာသွားမလို့ ခင်ဗျ။ အရေးကြီးလို့ နောက်မှပဲ အလည်လာခဲ့ဦးမယ်။ ခွင့်ပြုကြပါဦး"

ဒါတောင်မှ (၇) နှစ်၊ (၈) နှစ် အရွယ်ရှိ ယောက်ျားလေး၊ မိန်းကလေး လေးငါးဦးခြောက်ဦးခန့်သည် ကျွန်တော့် နံဘေးပြေးလိုက်လာကာ လက်တွဲဝိုင်းဆွဲလာသဖြင့် ကလေးမပတ်ပတ်လည်ဖြစ်နေပါတော့သည်။ ကျည်တောင်ရွာအနောက် ထွက်ပေါက်ရောက်သောအခါ အနောက်ဘက်ခပ်လှမ်းလှမ်း၌ သစ်ပင်များနှင့် စိမ်းစို၍ညို့နေသောရွာ ကိုလက်ညှိုးထိုးညွှန်၍ သနပ်ခါးပါးကွက်ကျားလေးနှင့် ခပ်သွက်သွက်မိန်းကလေးက -

"ဆရာလေးရှင့်၊ အဲဒါပဲ စည်ပင်သာယာရွာဆိုတာ။ သမီးတို့လိုက်မပို့တော့ဘူးနော်။ ဒီလမ်းအတိုင်းတည့်တည့်သာသွားပါရှင့်။ လမ်းမလွဲလောက်ပါဘူး"

ကျွန်တော် ကလေးများကိုပြုံးပြ၍လည်းကောင်း၊ ရင်းနှီးစွာ ခေါင်းပုတ်၍လည်းကောင်း လက်ဝှေ့ယမ်းနှုတ်ဆက်ကာ ရွာလမ်းအတိုင်း စည်ပင်သာယာရွာသို့ ခရီးဆက်လာပါတော့သည်။ မြင်သာမြင်နေရသည်၊ တစ်ရွာနှင့်တစ်ရွာမှာ တော်တော်လေး အလှမ်းဝေးပါသည်။ စိတ်ထဲကလည်း ဩော် - နတ်ကောင်းနတ်မြတ်များညွှန်ပြသည့် နတ်လမ်းက အဆန်းတကြယ်မှ အဆန်းတကြယ်။ မဖြစ်နိုင်သောနေရာမှ ဖြစ်နိုင်နေရာသို့ ရွှေပြလိုက်ပုံက ခဏလေးမှ ခဏလေး။ မြင်းလှည်းစီးမှရောက်နိုင်သောနေရာကို လှေပေါ်တင်၍ ခေါ်သွားပြလိုက်ပုံက အံ့ဩလောက်စရာ။

## အခန်း(၂)

## သိမ်းဆည်းထားသောလှေတစ်စင်း၏ ပဟေဠိပုစ္ဆာ

စည်ပင်သာယာရွာ၏ အနောက်ငင်ပေါက်မှ ရွာထဲသို့ ကျွန်တော်ဝင်လာပါတော့သည်။ လမ်းနံဘေးတွင် အိမ်ခြေ (၈) အိမ်ခန့်ကျော်ပြီး အရှေ့ဘက်မျက်နှာ



ပြုဆောက်ထားသော အိမ်တစ်လုံးနှင့် ဝိုင်းကျယ်ကျယ်ထဲ၌ လှေတစ်စင်းကို ရေနံတို့မည်းနေအောင်သုတ်ထားပြီး စင်တစ်ခုပေါ်၌ မှောက်တင်ထားသည့် ထူးထူးခြားခြားမြင်ကွင်းကြောင့် ခဏရပ်ကြည့်ကာ စူးစမ်းမိပါတော့သည်။ လှေလတ်တစ်စင်းသာ ဖြစ်ပါသည်။ ကျွန်တော်စီးလာခဲ့သော ဒုံးလှေထက် နှစ်ဆခန့်ကြီးပါသည်။ ဖြက်ကျယ်ကာ ဝမ်းအနည်းငယ်စောက်ပါသည်။ ပုံစံကြည့်ရသည်မှာ အသုံးမပြုဘဲ ကြာရှည်ခံအောင်၊ ရေနံမည်းနေအောင်သုတ်ထားသော်လည်း အိမ်ရှေ့၌လည်းကောင်း စင်ပေါ်၌လည်းကောင်း အလှပြထားသလို၊ သိမ်းဆည်းထားသလိုပုံစံပေါက်နေပါသည်။ ရေစုပ်စက်နှင့်ရေတင်မည့် ကျွန်တော့်သူငယ်ချင်း ကိုသိန်းအောင်၏ သတင်းကို စုံစမ်းချင်၍ ဝိုင်းပေါက်မှရပ်ကာ ဖျာတစ်ချပ်ခင်း၍ ဓားနှောင့်ဖြင့် ဂွတီမာလာပြောင်းဖူးများခွဲနေသော အမျိုးသမီးကို ခါးညွှတ်ကာ ရှိရှိသေသေ အသံပြုလိုက်ပါသည်။

"ဒီမှာ ခင်ဗျ အစ်မလေး၊ ကျွန်တော်က ပျဉ်းမနားမြို့ကလာတဲ့ ဧည့်သည်ပါ။ ခဏအိမ်ထဲဝင်လာလို့ရမလားခင်ဗျာ။ မေးစရာစုံစမ်းစရာရှိလို့ပါ"

အမျိုးသမီးက ပြောင်းဖူးစေ့ခွဲရာမှထလာပြီး အိမ်အနောက်ဘက်ရှိ အလုပ်လုပ်နေသော သူ့အမျိုးသားကိုလှမ်းခေါ်ပါသည်။

"ကိုစံနက်ကျော်ရေ၊ ဒီမှာ မြို့က ဧည့်သည်တဲ့။ ခဏလာပါဦးရှင့်"

အမျိုးသားက အိမ်နောက်ဖေးမှ လုပ်လက်စအလုပ်ထားကာထွက်လာပါသည်။ သူ့လက်ပေါ်၌လည်း (၂) နှစ်သားအရွယ် ယောက်ျားကလေးတစ်ဦးကိုလည်း ချီပိုးလာပါသည်။ ကျွန်တော်က ထိုအမျိုးသားကိုခါးညွှတ်၍ရည်ရည်မွန်မွန်ပြုံးပြကာ -

"ဒီက အစ်ကို၊ ဒီရွာမှာ ပျဉ်းမနားမြို့နယ် သမဝါယမရုံးက ရေစုပ်နဲ့ရေလာတင်တဲ့နေရာကို သိချင်လို့ပါ ခင်ဗျာ၊ အဲဒီမှာ ရေတင်တဲ့တာဝန်ကျတဲ့သူက ကျွန်တော့်သူငယ်ချင်းပါ။ နေရာသိရင် လမ်းညွှန်ပေးပါလား။ ကျွန်တော်သွားတွေ့ချင်လို့"

ထိုအမျိုးသားက ကလေးကို အမျိုးသမီးဆီသို့ လက်လွှဲပေးလိုက်ပြီး ဝါးပက်လက်ကုလားထိုင်တစ်လုံးကို ကျွန်တော်ထိုင်ရန်ချပေးကာ -

"ထိုင်ခုံမှာထိုင်ဦးကွ ညီငယ်လေး။ အိမ်ထဲဝင်မေးတာ အမေးကောင်းဖြစ်သွားတယ်။ ဆိုက်ဆိုက်မြိုက်မြိုက်ပါပဲ။ အစ်ကိုတို့လယ်ကွက်တွေရေတင်မှာတွေ ရေစုပ်စက်လေးလုံးနဲ့ မြို့ကလာတဲ့ ညီလေးတစ်ယောက်လည်း မနက်အစောကတည်းက လှည်းတွေနဲ့ရောက်လာလို့ ရေတင်မယ့်အင်းစောင်းနံဘေးမှာ စက်တွေနဲ့နေရာချထားပေးပြီးပြီ။ အင်းကြီးထဲကရေကို အောက်ဘက်ကလယ်ကွက်တွေထဲ စက်နဲ့ရေမောင်းချရမှာ။ အခု စက်တွေမမောင်းရသေးဘူး။ ဒါနဲ့ နေပါဦး ညီငယ်လေး မင်းမနက်စာကော စားပြီးပြီလား"

စားခဲ့ပြီးကြောင်းပြောသောအခါ အမျိုးသမီး၏လက်ထဲမှ ကလေးသည် ကျွန်တော့်ပေါ် ဟပ်ထိုးလှဲချ၍ လက်တ[illegible]ကာခေါ်ပါဟုခိုင်းနေသောကြောင့် ထိုင်[illegible]ပေါ်မှ ထကာ လက်ကမ်းခေါ်၍ ခုံပေါ် ပြန်ထိုင်ကာ ကလေးနောက်ကျော[illegible] ညင်သာစွာပွတ်သပ်ပေးရင်း ကျွန်တော် ပေါင်နှစ်ဖက်ကိုလည်းလှုပ်ကာ ကလေး ကျေနပ်စေရန်ပြုကာပြုံး၍ -

"ကနေ့တော့ ဘယ်လိုဖြစ်နေတယ်မသိနိုင်ပါဘူး။ ကလေးနဲ့ တယ်ကပ်နေပါလား။ ကျည်တောင်ရွာ အရောက် ကူးတို့ဆိပ်ကျေးရွာက ကလေးတစ်ဦးက လှေနဲ့ခေါ်လာတယ် ကျည်တောက်ရွာ ထွက်ပေါက်ရောက်တော့ ကလေးလေး၊ ငါး၊ ခြောက်ဦး[illegible] လက်ဆွဲပြီးလိုက်ပို့တယ်။ စည်ပင်သာယာရွာကိုလမ်းညွှန်ပြတယ်။ ဟော-ခုလည်း ကြည့်ဦး၊ စည်ပင်သာယာရွာက ကလေးက ရင်ခွင်ထဲရောက်နေပြီ"

လင်မယားနှစ်ယောက်စလုံးသည် ကျွန်တော့်ပြောစကားကြောင့် ပါးစပ်ဟောင်းလောင်းဖြစ်သွားပါတော့သည်။

အမျိုးသမီးက သူ့ခင်ပွန်းကိုကြည့်၍ ဝေခွဲမရစွာပြောလိုက်ပါတော့သည်။

"ဆယ်မိ အံ့သြနေတာ ကိုစံရဲ့၊ ရွာမြင်းလှည်းတွေက နောက်အကျဆုံး မနက် (၁၁) နာရီဆို ရွာရောက်လာတာပါလို့။ မြင်းလှည်းဝင်လာရင် လမ်းအတိုင်း ရွာအရှေ့ကဝင်လာတာလေ။ အရင်ရောက်လာတဲ့ မောင်လေးက သူ့သူငယ်ချင်းပါလာလိမ့်မယ်ဆိုပြီး နောက်ဆုံးမြင်းလှည်းစောင့်ပြီးမှပေါ် မလာလို့ ရေစုပ်စက်တွေဘက်ကို ထွက်သွားတာ မဟုတ်လား။ ဒီမောင်လေး ဟိုကျည်တောင်ဘက်ကလာနေတာကို အဝေးကတည်းကမြင်ရတယ်။ ရွာအနောက်က ဝင်လာပြီး မြို့ကလာတာဆိုတော့ ဖြစ်မှမဖြစ်နိုင်တာလေ။ ဒါကြောင့် တော့လှမ်းခေါ်လိုက်တာ အချိန်လည်းကြည့်ပါဦး။ ခွန်းလွဲ (၂) နာရီကျော်နေပြီ"

ကျွန်တော်က ချီပိုးချော့မြူနေသောကလေးကို အမျိုးသားလက်သို့ သက်လွှဲပြောင်းပေးပြီး ဖြစ်ကြောင်းကုန်စင်ကို ရယ်ရယ်မောမောရှင်းပြလိုက်ပါသည်။ ထိုသို့ ရှင်းပြပါသော်လည်း ကျွန်တော့်၏ နုနယ်သောအရွယ်ကို ကြည့်၍ အမျိုးသမီးက စိုးရိမ်သောမျက်နှာနှင့် -

"ဖြစ်ပါ့မလား ယောကျ်ား၊ ပထမတစ်ယောက်တောင် နုနုလေးဆိုပြီး ညဘက်စိုးရိမ်နေရတာ။ ရှင့်ပါစောင့်အိပ်ကူညီဖို့ အင်းစောင်းမှာ တန်းလျားနှစ်လုံးတောင် ကြိုချထားပေးထားတယ်။ နောက်တစ်ယောက်ရောက်လာပြန်တော့ သူက အရင်မောင်လေးထက်ငယ်လည်းငယ်၊ ပိုလည်းနုနေပြန်တော့ ဆယ်မိဖြင့် စိတ်မချပါဘူးတော်။ ခုလည်းကြည့်ပါဦး မြင်းလှည်းလမ်းကို လှေနဲ့လာတယ်ဆိုတော့"

သူတို့ဇနီးမောင်နှံ ဘာကိုစိုးရိမ်နေသလဲ ကျွန်တော်မသိပါ။ ထို့ကြောင့်-

"ညဘက်ကျ ရေတင်မယ့်နေရာကို ကျွန်တော့်သူငယ်ချင်းနဲ့ ကျွန်တော်လည်း ညစောင့်အိပ်ပြီးတော့ ရေတင်မှာလေးရဲ့။ တန်းလျားနှစ်လုံးချထားတော့ အကိုက်ပါပဲ။ လိုအပ်ရင်တော့ အစ်ကိုစံကိုလာနှိုး၊ လာခေါ်မှာပေါ့ မစိုးပါနဲ့။ ကဲ - အစ်ကိုလေး၊ ကျွန်တော့်ကို ရေစုပ်စက်ရေတင်မယ့်နေရာလိုက်ပြပါဦး။ ကျွန် တော့်သူငယ်ချင်းလည်း ကျွန်တော် ရွာကိုရောက်နေတာ မသိသေးဘူး။ ဒါနဲ့ ကျွန်တော် စပ်စုတာမဟုတ်ဘူးနော်။ အစ်ကိုတို့ရွာက စိုက်ပျိုးရေးရွာဆိုပြီး အိမ်ရှေ့မှာ စင်နဲ့ အကျအနတင်ထားပြီး မှောက်ထားသိမ်းဆည်းထားတဲ့လှေက အမြင်ဆန်းနေသလားလို"

မဆယ်မိက တခစ်ခစ်ရယ်မောရင်း -

"မောင်လေးရဲ့၊ အစ်မက စိုက်ပျိုးရေးနဲ့ အသက်မွေးတာ။ မင်းအစ်ကိုကြီးက အစတုန်းက ငါ့မောင် ဖြတ်လာတဲ့ ကျည်တောင်ရွာက ပေါင်းလောင်းမြစ်မှာ တံငါလုပ်ငန်းနဲ့ အသက်မွေးတာ။ မရခင်ကတည်းက တောင်ငါးဖမ်းပြီးကျပ်ကို လုပ်မကျွေးနဲ့လို့ ကတိတောင်းထားတာ။ ဒီလှေကလေးကအစ်မတို့ဘဝကို အကြီးအကျယ် ပြောင်းလဲပေးလိုက်တဲ့ ဘဝပြောင်းလှေလေးပေါ့ကွယ်။ ဒါကြောင့် အမှတ်တရနဲ့ အိမ်ရှေ့မှာထားတာကွယ့်"

"မိန်းမ . . ဆယ်မိ"

ကိုစံနက်ကျော်ကို မျက်နှာရိပ်မျက်နှာကဲပြ၍ သူ့ဇနီးမဆယ်မိကို စကားမလွန်စေရန် ဟန့်တားလိုက်ပုံရပါသည်။ တစ်ဆက်တည်း ကျွန်တော့်ကိုလက်ဆွဲ၍ ရေစုပ်စက်များရေတင်မည့်နေရာ ရွာမြောက်ဘက်ရှိ စည်ပင်သာယာအင်းကြီးနံဘေးသို့ ထွက်လာပါတော့သည်။ ဝိုင်းအပြင်ရောက်မှ မဆယ်မိကို လှမ်းအော် ပြောခဲ့ပါသေးသည်။

"ညနေခင်း ဒီညီလေးနှစ်ယောက်အတွက် ညစာကို ဖွယ်ဖွယ်ရာရာလေးချက်ပြုတ်ပြီးလာပို့ မိန်းမရေ။ သူတို့ကို ညစာကျွေးပြီးမှ တို့လင်မယားအတူတူ ပြန်လာကြတာပေါ့"

ကျွန်တော်ကတော့ စိတ်ထဲမှာ စကားတီးတိုးပြောနေမိပါတော့သည်။ ဘဝပြောင်းလှေဆိုပါလား။ လှေတစ်စင်းက ဘယ်လိုများဘဝပြောင်းပေးနိုင်လို့လဲ။ နောက်မှချော့မော့မေးကြည့်ရဦးမည်။ သူတို့ဇနီးမောင်နှံကို ကြည့်ရတာ ညဘက် ရေတင်မယ့်အင်းကြီးကိုလည်း တော်တော်ရှိန်နေကြပုံပဲ။ အင်းကြီးက ဘာကြောက်စရာရှိလို့လဲ။ တစ်ခုခုတော့ တစ်ခုခုပါပဲ။ ဘာမှန်းသာမသိရသေး။

## အခန်း(၃)

### သွေးတိုးစမ်းတဲ့အင်းမာယာ

ကိုစံနက်ကျော်နှင့် ကျွန်တော့်ကို တွေ့သည်နှင့် ကိုသိန်းအောင်က တန်းလျားပေါ်ထိုင်နေရာမှ ပြုံးရင်းထလာပါသည်။ သူ့မျက်နှာပေးကလည်း ငါ့ဝမ်းဗိုက်ထဲ ပုဏ္ဏားရှိနေတယ်ပုံစံနှင့် စကားပြောလာပါတော့သည်။

"အိမ်ကိုသေသေချာချာမှာခဲ့တာကွ။ အေလာကနေ ရုံးပိတ်ရက် (၃) ရက်ပိတ်ရင် မောင်နိုင်လာလိမ့်မယ်။ စည်ပင်သာယာရွာကို မြို့နယ် ဘ/မ ရေစုပ်စက် (၄) လုံးနဲ့ အစ်ကိုကြိုသွားနှင့်ပြီလို့။ မြင်းလှည်းစီးလိုက်ခဲ့ဖို့လည်းပြောခဲ့သေးတယ်။ လုပ်ငန်းကလည်း အသစ်၊ လူကလည်း တာဝန်အသစ်၊ ကူဘိုတာရေစုပ်စက် (၄) လုံးကလည်း အသစ်ဆိုတော့ မောင်နိုင် ညီလေးကို ကူဖော်လောင်ဖက်ရအောင် မနက်ကတည်းက မျှော်နေတာအမှန်ပဲဟေ့။ ကိုစံတို့အိမ်ကနေ နောက်ဆုံးမြင်းလှည်း ရွာဆိုက်လာတဲ့အထိ စောင့်နေသေးတာ။ နို့နေပါဦး၊ မြင်းလှည်းမမီလို့ ကားစီးလာပြီး လမ်းခုလတ်ဆင်း၊ အဲဒီကနေမှ ရွာအထိကို မင်းခြေကျင်လမ်းလျှောက်လာပုံရတယ်။ ဒီအချိန်ကြီးမှ ဆိုက်လာပုံကိုတွေးကြည့်ပြီးပြောရတာလေ"

ကျွန်တော်က ပြုံးရုံးပြုံးပြီး ဘာစကားမှမပြောဘဲ တန်းလျားမှာ ဝင်ထိုင်လိုက်ပါတော့သည်။ မနီးမဝေး၌ လယ်များနှင့် မလှမ်းမကမ်းချထားသော ရေစုပ်စက်သစ်ကြီး (၄) လုံးကိုလည်း လှမ်းကြည့်မိပါတော့သည် စက်သစ်များဖြစ်နေ၍ထင်ပါသည်။ စက်များအနီးအနားတွင် စားပွဲဝိုင်း၊ မနောခွက်ဖြင့် အုန်းတစ်လုံး၊ ငှက်ပျော (၃)ဖီး၊ ပေါင်းနှီပေါင်းဖြူ၊ လက်ဖက်ပွဲငယ်၊ ထန်းလျက်ပွဲငယ်များလည်း စားပွဲခင်းနှင့်အကျအန။ စက် နက်ပွဲတင်ထား၍ စက်နတ်ပွဲသို့ မေးဆတ်ပြကာ -

"အစ်ကိုသိန်း၊ အစီအစဉ်တော့ မဖြစ်နိုင်လောက်ဘူးလို့ထင်တယ်နော်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုသိန်းက နတ်မှမယုံတာ။ ကေန္တ - အစ်ကိုစံကိုယ်တိုင် ပ,သတင်မြှောက်ထားပုံရတယ်"

ကိုစံနက်ကျော်ကလည်း ပြုံး၍ခေါင်းခါကာ -

"မင်းအစ်မမဆယ်မိပါကွာ။ အစ်ကိုတို့ယောကျ်ားတွေက ဒါမျိုးအသေးစိတ် ဝါသနာတယ်မလေ့ဘူးလေကွာ"

"ကောင်းပါတယ် အစ်ကိုစံရဲ့။ ရိုးရာဓလေ့လည်းရှိထားပြန်၊ စက်တွေကလည်း အသစ်တွေဆိုတော့ တင်မြှောက်ပသတာသင့်ပါတယ်။ မမှားတန်မမှားဘူး ပေါ့ဗျာ။ ဒီနေရာက နတ်ပွဲတင်တာမကြိုက်ဘူးဆိုလည်း ပြန်ဖယ်ရှာပေါ့။ ဒါက အပန်းမကြီးလှပါဘူး။ ဒါနဲ့ အစ်ကိုသိန်း၊ ကျွန်တော်ရောက်လာတော့ ညဘက် ရေတင်ချိန်မှာ အစ်ကိုစံကူစောင့်ပေးဖို့

မလိုတော့ဘူးမဟုတ်လား"

ကိုသိန်းအောင်လည်းခေါင်းညိတ်ကာ -

"ဟုတ်သားပဲ ကိုစံ၊ မောင်နိုင်ရောက်လာမှတော့ ကိုစံစောင့်အိပ်မပေးပါနဲ့။ ညီအစ်ကိုနှစ်ယောက်အားနဲ့ဆိုရလောက်ပါပြီ"

ကိုစံနက်ကျော်ပုံစံက အင်းကြီးအပေါ်ထိ ရေသွယ်ယူရန်ချထားသော ပိုက်လေးလုံးကို မော့ကြည့်ရင်း မျက်နှာနည်းနည်းပျက်နေပါသည်။ ချက်ချင်းပင် ပျက်နေသောမျက်နှာကို ဟန်ဆောင်ပြန်ဖုံးဖိရင်း-

"အမှန်အတိုင်း ပြောရရင်တော့ ဒီစည်ပင်သာယာအင်းကြီးက နာမည်တစ်လုံးနဲ့နေတာကွ။ တို့ရွာသားတွေ အလွန်ရှောင်တဲ့နေရာ။ အစစအရာရာ မပေါ့ဆစေချင်ဘူး ညီလေးတို့။ မတတ်သာလို့သာ တို့ရွာသားတွေ လယ်ကွက်အောင်ရေလိုလို့ ဒီအင်းကြီးက ရေယူရတာ။ မနက်ဆို အနီးစပ်ဆုံး အစ်ကို့လယ်ကွက်နဲ့ အောက်က ရွာသူရွာသားတွေရဲ့လယ်ကွက်တွေထဲ ရေဖွေးဖွေးလျှံဖြစ်ချင်တာ၊ မြင်ချင်တာပဲလေ။ ဒီအင်းကြီးကန့်လန့်မတိုက်ရင်ပေါ့ကွာ။ ခေါမရွာဘက်မှာ ရေစုပ်စက်နဲ့ ရေတင်ပေးတဲ့ အငှားလိုက်သူတွေရှိတယ် ညီလေးတို့။ အင်းကြီးကနေ •အောင်ရေယူရမှာဆိုတော့ သူတို့ဘယ်လောက်ပေးပေးမလိုက်ဘူးတဲ့။ ခေါ်လို့မရတာ။ ဒါကြောင့် မြို့က မြို့နယ်/သ/မ ရေစုပ်စက်တွေအကူအညီတောင်းရတာ"

ထိုအချိန်၌ ရွာဘက်မှ အစ်မ မဆယ်မိတစ်ယောက် တောင်းတစ်လုံးကိုခေါင်းပေါ်ကရွက်ရင်း ဓာတ်ဘူးကြီးတစ်လုံးကို လက်ကဆွဲကာ ရောက်လာပါတော့သည်။ တောင်းထဲ၌ ကျွန်တော်တို့စားရန် ထမင်းနှင့်ဟင်းများက နှစ်ဦးစာမက ပိုလျှံနေပါတော့သည်။ တစ်ခါတည်းယူလာသော ပန်းကန်များ၊ ဇွန်းများနှင့် ညစာထမင်းပြင်ကျွေးပါတော့သည်။ သူတို့ဇနီးမောင်နှံက အိမ်ကျမှ စားမည့်ပုံ။

မဆယ်မိက -

"ညလယ်ကျရင် ငါ့မောင်တွေက လူငယ်တွေဆိုတော့ ထပ်ဆာချင်ဆာနေမှာစိုးလို့ အစ်မအပိုထည့်ယူလာတာ"

ကိုသိန်းအောင်ရော ကျွန်တော်ပါ [illegible]တော်အားနာသွားပါသည်။ [illegible]တောသူတောင်သားတို့၏စေတနာလေ့စရိုက်က ရိုးသားသလို ပွင့်လင်းလှပါသည်။

ဘယ်ကိစ္စမဆို အသေးအဖွဲလေးကအစ ကိုယ်နှင့်နှိုင်း မရိုင်းဆိုသကဲ့သို့ ဂရုတစိုက်ရှိသလို တာဝန်လည်းကျေလွန်းကြပါသည်။ ထို့ကြောင့် တောရွာကျေးလက်များခြောက်ခန်းလျှင် မြို့ကြီးများလည်း ဧကန်မုချခြောက်ခန်းရလိမ့်မည်။ ကျေးရွာတောလက်တောရိုးသူတောင်ယာသမားစိုပြည်လျှင် မြို့ပြလည်း စိုပြည်လိမ့်မည်ဟု ရှေးလူကြီးသူမများ ကြိုတင်နိမိတ်ဖတ်ခဲ့သည်မဟုတ်ပါလား။ မြို့အလျှုလို စားနိုင်သူလူတန်းစားကို ကျိတ်ကျိတ်လေး ထောင်ကျော်တန်ဖိတ်စာကမ်း၍ ကျောင်း၌ တိတ်တိတ်ကလေးလုပ်သွားမည်မဟုတ်။ ဖိတ်စာမကုန် ဆေးလိပ်မကမ်းဘဲ လော်စပီကာလေးဖွက်လေး တန်လှည့်၍ ဗျို့ဟစ်ကာ လှည်းနေရှေ့အောက် မြင်းစောင်းမကျန် ဆော်ဩပြီး အလှူဝင်ရက်မတိုင်ခင် တစ်ပတ်ကတည်းက ဘူးသီးဟင်းချို ရာဝင်အိုးများစွာထောင်၍ ပဲတီချဉ်၊ ငါးခြောက်ရိုး၊ ခရမ်းချဉ်သီးအနှစ်ပလူပျံချက်ကာ ဆန်ဆိုလည်း ဘယ်နှတင်းချက်ကျွေးမွေးကာ ကိုယ့်ရွာတင်မက ရွာနီးချုပ်စပ်မကျန် ကိုယ့်အိမ်တံခါးကို စူးကလေးနဲ့ဆို့ပိတ်၊ ကိုယ့်လင်သားကို လက်ညှိုးကလေးနဲ့ တို့ဖိတ်၊ ကိုယ့်အိမ်က ကျားဗိုလ်အမြီးတို မတိုမကျန် အို့အို့ခေါ်၍ ထမင်းရည်ချောင်းစီးမောင်းတီးလှူကြသော ကျေးရွာအလှူများကို နှိုင်းယှဉ်ကြည့်ပါလျှင် ကျေးရွာအလှူမျိုးကိုသာ လူသာခုခေါ်၊ နတ်သာခုခေါ်ပါလိမ့်မည်။ မြို့အလှူရှင်များ အမျှဝေ၊ သာခုခေါ်ကြလျှင် နီးစပ်ရာနတ်တွေမက နတ်ပြည်ကနတ်တွေပါ မကြားအောင် နားနှစ်ဖက်လက်နှင့်စုံပိတ်ထားကြမည်လားမပြောနိုင်တော့ပါ။ -

ရွာသို့ သူတို့ဇနီးမောင်နှံမပြန်ခင် မဆယ်မိက -

"လက်နှိပ်ဓာတ်မီးနှစ်လက်ကိုပါ ဓာတ်ခဲအပြည့်နဲ့ အစ်မယူလာခဲ့သေးတယ်။ လက်ဆွဲခြင်းထဲမှာထားခဲ့ပါရဲ့။ တစ်ခုခုလုပ်ငန်းအဆင်မပြေရင် အစ်ကိုနဲ့အစ်မတို့ကိုလာနှိုး။ ငါ့မောင်တွေ ကြားလား ဘာမှအားမနာနဲ့"

ဝါးစပ်ကသာပြောနေသော်လည်း ကန်စောင်းအင်းကြီးဘက် လက်အုပ်ချီကာ တတွတ်တွတ်နှင့် ဆုတောင်းနေ၍ ကျွန်တော်တို့နှစ်ယောက်စလုံး မပြုံးဘဲ မနေနိုင်တော့ပါ။

ကိုသိန်းအောင်က -

"စိတ်အေးအေးသာပြန်ပါ အစ်မ မဆယ်မိရဲ့။ မနက်ခင်းဆို အစ်ကိုနဲ့အစ်မ တို့လယ်တွေသာက အောက်ကသူများ အကွက်တွေပါ တောင်ရေထက်မက ကိုင်းဖွေးဖွေး ရေဖွေးဖွေးဖြစ်နေစေရပါမယ်"

ကိုစံနက်ကျော်ရော မဆယ်မိပါ နေဝင်ဖျိုးဖျအချိန်၌ ရွာဘက်ပြန်သွားကြပါတော့သည်။

ထိုအခါကျမှ တန်းလျားနှစ်လုံးပေါ်ခွဲထိုင်ကြရင်း ကိုသိန်းအောင်ကို စည်ပင်သာယာကျေးရွာသို့ ဒုံးလှေစီးလာခဲ့ရပုံကို ကျွန်တော် အသေးစိတ်ပြောပြပါတော့သည်။

ကိုသိန်းအောင်က -

"မောင်နိုင်၊ မင်းကတော့လေ တကယ့်ကောင်ပဲ။ အစ်ကိုက နောက်ဆုံးမြင်းလှည်းရွာကိုဆိုက်ပြီး မင်းပါမလာတော့မှ ဒီအင်းစောင်းကို ထွက်လာတာကွ။ ကနေ့တော့ မျှော်ကိုမမျှော်တော့ဘူးလေကွာ။ ကိုစံနဲ့ မင်းလာတော့မှ မောင်နိုင်တော့ လုပ်ချလိုက်ပြန်ပြီဟ လို့ တွေးနေတာ။ ကားစီးလာမယ် လမ်းခုလတ်ဆင်းမယ်၊ ရွာကို လမ်းလျှောက်လာတယ်ထင်သေးတာကွ။ မင်းကို ကလေးတွေလူလွဲတာကလည်း မင်းဝတ်စားလာပုံကြည့်ပါဦး။ ဘယ်သူမြင်မြင် ကျောင်းဆရာလို့ပဲ ထင်ကြမှာပဲလေ။ ဒါပေမယ့် လှေနဲ့လွဲခေါ်လာတဲ့ ကလေး တင်မကဘူးနော်။ ကျည်တောင်တစ်ရွာလုံးက လွဲတာဆိုတော့။ ဒါသိပ်ထူးဆန်းမနေဘူးလား"

ကိုသိန်းအောင်၏ စကားကို ခေါင်းသာညိတ်ပြလိုက်ပြီး အင်းကြီးအပေါ်တင်ထားသော ရေစုပ်ပိုက်ကြီး (၄) လုံးကို လက်ညှိုးညွှန်၍ -

"သူတို့ရွာသူရွာသားတွေ ဒီအင်းကြီးကိုနည်းနည်းရှိန်နေပုံရတယ်အစ်ကို၊ ဒါကြောင့် လိုရမည်ရ ကျွန်တော်တို့ အင်းပေါ်တင်ထားတဲ့ ရေစုပ်ပိုက်ကြီး (၄)လုံးကို တက်လှေလာပြီး စက်သစ် (၄) လုံးက ရေလွှတ်အား ကောင်းမကောင်း ခဏစက်နှိုးမောင်းကြည့်ရအောင်။ စက်တွေထဲ ဆီအပြည့်အစ်ကိုထည့်ထားပြီးပြီ မဟုတ်လား"

ကိုသိန်းအောင်က တချို့ကိစ္စများ၌ ကျွန်တော်နှင့် သဘောညီပါသည်။ ထို့ကြောင့် စက်လေးလုံးကို သော့ဖွင့်၍ နှိုးလိုက်ပါတော့သည်။ စကတည်းက ယဉ်လှပါသည်။ တဟုန်ထိုးလည်၍ ရေထွက်ပိုက် (၄) လုံးမှ ရေဆို၍ တစ်စက်လေးမှကျမလာပါ။ တဝေါဝေါရေကျသံပေး၍ ရေများအရှိန်အဟုန်နှင့်လွှတ်သော

ရမည်သာ။ ရေမကျဘဲ စက်(၄)လုံးသာ တဝုန်းဝုန်းနှင့်ခုန်နေပါလေတော့သည်။ ပုံစံကြည့်ရသည်မှာ အပေါ်အင်းထဲချထားသော ရေစုပ်ပိုက် (၄) လုံး တဝေါဝေါနှင့်မလှုပ်ခါဘဲ ရေများဆင်းမလာပုံရပါသည်။ ထို့ကြောင့် နှစ်ဦးသား စက်အရှိန်များကိုလျှော့၍ ဟန်ချက်ညီမောင်းရုံလေး ဘားညှိကာ ချိန်ဆပြီး တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် မြောက်ဘက်အင်းစောင်းမှီးတန်သင်းပေါ် တက်လာပါတော့သည်။ ပြီးမှ နှစ်ဦးသား အင်းရေစပ်ထဲဆင်း၍ ရေစုပ်ယူသော(ဖွတ်ဘားခေါင်း)ချထားသော နွန်းအနည်အနှစ်များဝင်မရအောင် အလိုက်သင့်တွဲ၍ချထားသော တာခြင်းတောင်းပက်လက်ထဲမှ (ဖွတ်ဘားခေါင်း)၏မူလီရစ်များ ကိုသိန်းအောင် ဆွဲလှည့်ဖွင့်သာအောင် လက်တစ်ဖက်က ပိုက်ကိုမ၍ လက်တစ်ဖက်က မြင်သာအောင် လက်နှိပ်ဓာတ်မီးကိုထိုးပြထားပါသည်။ (ဖွတ်ဘားခေါင်း) ကို ဓာရံထားသော ရေဝင်ပေါက်ငယ်များ ပတ်ပတ်လည်ပါသောသံစကာပိုက်အကာအဖုံးကိုဝက်အူနှစ်များလှည့်၍ချွတ်လိုက်သောအခါ -

နှစ်ဦးသား ပါးစပ်ဟောင်းလောင်းဖြစ်သွားရပါတော့သည်။ သွေးသံရဲရဲနှင့် အပိုင်းပိုင်းပြတ်ထွက်နေသော မြွေပဒုတ်ကြီးတစ်ကောင် သေနေပါတော့သည်။ (ဖွတ်ဘားခေါင်း) အတွင်းမှ တဝီဝီလည်နေသော ခရုသွားအနားစွန်းများက မြွေကို အပိုင်းပိုင်းဖြတ်ပြီးသားဖြစ်သွားပုံရပါသည်။ လူလက်သန်းမျှရှိသောစကာပေါက်များမှာ ဤကျပ်လုံးခန့်ရှိသော မြွေဝင်၍ လုံးဝမရပါ။ တစ်စုံတစ်ဦးမှနေ၍ ဤမျှအဆိပ်ပြင်းသော၊ ကိုက်မိလျှင် အရိုးထိပါလိုက်ကြွေသောမြွေကို သံစကာပိုက်ခေါင်းအကျအနလှည့်ဖွင့်၍ထည့်ထားပုံရ၏။ လူသားတစ်ယောက်ကတော့ဖြင့် လုံးဝလုပ်၍ရမည်မဟုတ်ပါ။

ကိုသိန်းအောင်က ထိုအပိုင်းပိုင်းပြတ်နေသောမြွေကို တစ်စချင်း၊ တစ်ခုချင်းထုပ်ယူကာ ကျွန်တော့်ကိုလက်ကမ်းပေးနေ၍ ပိုက်ကို လက်မှချကာ အနီးရှိပေါက်နေသောသစ်ပင်မှ သစ်ရွက်ကြီးတစ်ရွက်ခူး၍ ကန်စောင်းအစပ်မြင့်မြင့်နေရာ၌ သစ်ရွက်အောက်ခံကာ မြွေသေအပိုင်းပိုင်းပြတ်ကို စုပုံထားလိုက်ပါတော့သည်။ ပြီးမှ ကျွန်တော်ပြန်၍ ပိုက်ပေးကာ ကိုသိန်းအောင်က စကာပေါက်အဖုံးကို (ဖွတ်ဘားခေါင်း) ၌ဝက်အူလှည့်ကျပ်၍ ပိတ်နေပါတော့သည်။ ပြီးတော့မှ ရေဝင်သာအောင် တာခြင်းတောင်းထဲ (ဖွတ်ဘားခေါင်းကို) လှည့်၍ အင်းရေစပ်နက်နက်ထဲပြန်မြှုပ်နေပါတော့သည်။

ကိုသိန်းအောင်က-

"မောင်နိုင်ရေ၊ သူတို့ ဒီအင်းကြီးကို လန့်တာလည်း လန့်လောက်စရာပဲ။ ဒါကဖြစ်မှမဖြစ်နိုင်တာ။ တို့ကို ရောက်ရောက်ချင်းစမ်းပြီထင်တယ်နော်။ ကဲ - ကျန်ရေပိုက် (၃) လုံး တစ်ခုချင်းသွားဖွင့်ကြဦးစို့"

နှစ်ဦးသား မနီးမဝေးခပ်လှမ်းလှမ်း၌ ခွဲခြား၍ချထားသော ရေပိုက်သုံးလုံးကို တစ်ခုချင်း ဝက်အူရစ်သံစကာဖွင့်၍ စစ်ကြည့်သောအခါ ဒုတိယစကာခေါင်းထဲ၌ လက်ဝါးခန့်ရှိသော အပိုင်းပိုင်းပြတ်နေသော သွေးသံတရဲရဲနှင့် ငါးပြေမကြီးတစ်ကောင်။ အသေကောင်ဆွဲထုတ်သန့်ရှင်း။ ပိုက်ခေါင်းပြန်ကျပ်။ တာခြင်းတောင်းနှင့် ရေနက်နက်ထဲတွဲပြုတ်မြှုပ်။ သစ်ရွက်ခူး၊ အောက်ခံအင်ဖောင်းမှာ အသေကောင်စုပုံ။ သူငယ်ချင်းနှစ်ယောက်စလုံး အကြောက်အလန့်ထက် လုံးဝဖြစ်နိုင်ခြေမရှိသော အဖြစ်အပျက်များကြောင့် မျက်မှောင်ကိုယ်စီကုတ်လာရပါတော့သည်။ တတိယရေပိုက်ခေါင်းထဲမှာတော့ အလေးချိန် (၂၅) ကျပ်သားကျော်ကျော် စားဖားကြီးနှစ်ကောင်။ စတုတ္ထရေပိုက်ခေါင်းထဲကျ အင်းစောင့်များမကြိုက်မှန်းပိုသိသွားရပါတော့သည်။ သံစကာပိုက်ခေါင်းထဲ ဘယ်လိုနည်းနှင့်မှ ထည့်၍မရသော၊ ဝင်မရသောရေစစ္စလီ (ရေဘဲ)ငှက်ကြီးတစ်ကောင် အပိုင်းပိုင်းပြတ်သေနေပါတော့သည်။

ပိုက်ခေါင်းများအားလုံးကိုကျပ်၍ ရေထဲပြန်ချပြီး အသင့်ပါလာကြသော တစ်တောင်ခန့်ငန်းပြားနှင့် အသေကောင်အားလုံး စုယူကာ ကန်စောင်းပေါ်ပြန်တက်၍ သစ်ပင်ရိပ်တစ်ခုအောက်၌ အကျအနမြေတူးကာ မြှုပ်လိုက်ကြပါတော့သည်။ ထို့နောက် နှစ်ဦးသား အင်းကန်ပေါင်ရိုးမှဆင်းကာ စက်(၄)လုံး၏ ရေထွက်ပိုက်များကို သွားကြည့်ပါတော့သည်။ ဘာအတားအဆီးမှမရှိတော့သော်လည်း ရေလွှတ်ပိုက်များမှ ရေနှင့်တူသောအရာ တစ်စက်မျှ မကျလာသောအခါ ကိုသိန်းအောင်သည် ကျွန်တော့်ကိုကြည့်ကာ -

"မဟုတ်တော့ဘူး မောင်နိုင်။ ဒါကတော့ တော်တော်ကြီးကိုလွန်သွားပြီဟေ့"

ကျွန်တော်က ကိုသိန်းအောင်ကို ပြုံးကြည့်ရင်း -

"သူတို့ပိုင်စားတဲ့ နယ်မြေကိုး အစ်ကိုရဲ့။ ကျွန်တော်က တောမှာနေတော့ ဒီလိုအဖြစ်အပျက်တွေက ရိုးနေပြီ။ ကျွန်တော်တို့က အောက်စည်းရောက်နေတာ သွားပြီးတင်းလို့မရဘူး။ ကဲကဲ- အစ်ကို့စက်နတ်ပွဲတွေ ရုတ်လိုက်တော့ သူတို့ကြိုက်ပုံမရဘူး။ စက်(၄)လုံးလည်း လုံးဝသော့ခတ်ပြီးပိတ်လိုက်ပေတော့။ ကျွန်တော်တို့ညီအစ်ကိုနှစ်ဦး ကန်စောင်းပေါ်ပြန်တက်ပြီး ဆိုင်ရာပိုင်ရာကိုခေါ်စာကျွေးကိုကျွေးရတော့မှာ"

ကိုသိန်းအောင်က စက်နတ်ပွဲကိုဖယ်ပစ်ပြီး စက်လေးလုံးကို သော့ခတ်ပိတ်လိုက် ပါတော့သည်။ ကျွန်တော်က မဆယ်မိ လိုရမည်ရ အပိုထည့်ယူလာသော ထမင်း၊ ဟင်းများနှင့်တောင်းကို ပခုံးပေါ် ထမ်းကာ နှစ်ဦးသားအင်းစောင်းပေါ် ဒုတိယအကြိမ် ပြန်တက်လာပါတော့သည်။

နှစ်ဦးသား လက်နှိပ်ဓာတ်မီးကိုယ်စီဖွင့်လျက် အင်းကြီးမြောက်စောင်းတစ်လျှောက်ပေါက်နေသောသစ်ပင်ကြီးများမှအနေတော်သစ်ရွက်ကြီးများခူးကာ လေးနေရာ၌ခင်းလျက် ထမင်း၊ ဟင်းများ သပ်သပ်ခပ်ခပ်ပုံကာ အင်းပိုင်များကို တောင်းပန်တိုးလျှိုး၍ ခေါ်စာပစ်ရပါတော့သည်။ ကိုသိန်းအောင်ကမလုပ်ပါ။ လက်နှိပ်ဓာတ်မီးထိုးကာ ကူညီရုံပဲ ကူညီပါသည်။ ထို့နောက်တော့ အင်းရေပြင်ခပ်လှမ်းလှမ်းသို့ ရောက်အောင် ထမင်း၊ ဟင်းများကို ကျွန်တော်ပက်ကြဲရပါတော့သည်။ ဆောင်ရွက်ဖွယ်ကိစ္စများပြီးသည်နှင့် တောင်းအလွတ်ကို လက်မှဆွဲကာ နှစ်ဦးသား မြောက်ဘက်အင်းစောင်းမှ ဆင်းလာခဲ့ကြပါသည်။ တန်းလျားများနေရာရောက်မှ ကျွန်တော်က ကိုသိန်းအောင်ကို -

"အစိုးရမြို့နယ်သမဝါယမပိုင်စက်တွေမို့ အစိုးရအမိန့်ဆိုပြီး အင်းပေါ်သွားတက်ပြီး အစ်ကိုကိုယ်တိုင် ပြဋ္ဌာန်းအမိန့်သွားလုပ်ပြန်ကြည့်ပါလား။ ဒီထက်အခြေအနေပိုဆိုးသွားဦးမယ်။ ဒါမျိုးကမင်းအမိန့်မင်းအာဏာလည်း ဆောရီးပဲ။ ကာလံဒေသံအဂ္ဂမနံတဲ့ မီးစဉ်ကြည့်ကကြရတာ။ တချို့နေရာတွေဆို အော်လံနဲ့ဓာတ်စက်တောင်ဖွင့်လို့မရတဲ့နေရာတွေ၊ တချို့နတ်သစ်ပင်တွေ ဘူဒိုဇာစက်ဆောင်အတိုးမခံတာတွေကို အစ်ကိုလည်း ခေတ်လူငယ်ပဲ ကြားဖူးနားဝရှိမှာပါ။

နတ်ပွဲထိုးနတ်ကိုးတဲ့ ကျော်ဆည် မြစ်သားဘက်ဆို နတ်ပွဲမပါ ပွဲမပြီးဘူး အစ်ကိုရဲ့။ ကဲကဲ - အစ်ကို့စက်တွေနှိုးကြည့်ပါဦး”

ကိုသိန်းအောင် စက်များကိုသော့ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် စက်များ တဝုန်းဝုန်းမြည်လာကာ အပေါ်အင်းထဲ ချထားသော ရေစုပ်ပိုက် (၄) လုံးဖောင်းကားပြည့်တင်းလာကာ ‘ထိုမှတစ်ဆင့် ရေလွှတ်ပိုက်(၄)လုံးထဲမှ ရေများတဝေါဝေါထိုးထွက်ကျလာပြီး အောက်ပိုင်းလယ်ကွက်များထဲသို့ အရှိန်ပြင်းပြင်းနှင့် စီးဆင်းသွားပါတော့သည်။

ထိုသိန်းအောင်က ကျွန်တော့်ကို လက်မထောင်ပြ၍ -

“အင်း - ဒါကြောင့်လည်းပဲ လူကြီးသူမတွေ သတိပေးဆုံးမထားတာပါလား မောင်နိုင်ရေ။ ကိုယ့်နယ်မှာ ကြက်ဖ၊ သူများနယ်မှာ ကြက်မဆိုပြီး။ အစ်ကို့အလိုဆို ခေါ်စာလည်းပစ်မှာမဟုတ်ဘူး။ သူတင်းကိုယ်တင်းပဲ”

ကျွန်တော်က ကိုသိန်းအောင်၏ တစ်ခါတစ်ရံ ခေါင်းမာတတ်သောဉာဉ်ကိုသိသည့်အားလျော်စွာ -

“စည်ပင်သာယာရွာကိုရောက်မှတော့ စည်ပင်သာယာရွာသားပဲလုပ်ရမှာ ငါ့အစ်ကိုရဲ့။ ပျဉ်းမနားသားသွားမလုပ်နဲ့မရဘူး။ ကဲကဲ - အစ်ကိုစက်တွေပိတ်လိုက်တော့။ လုံးဝစိတ်ချလို့ရသွားပါပြီ။ အစ်ကိုတန်းလျားမှာ ပုတီးစိပ်ချင်စိပ်၊ တရားထိုင်ချင်ထိုင်၊ ကိုယ်တွေ့မှတ်တမ်းဘက်ထရီမီးနဲ့ရေးချင်ရေး၊ တစ်ရေးအိပ်ချင်အိပ်။ မနက်ဘယ်အချိန်ဇရစတင်မလဲ။ ညဥ့်အစောပိုင်း ကျွန်တော်တာဝန်ယူစောင့်ပေးမယ်။ လမ်းလျှောက် ပုတီးစိပ်ရင်း အင်ကြီးဘက်ကိုလည်း ဆိုင်ရာပိုင်ရာတွေကို သီးသန့်မေတ္တာပို့ပေးရဦးမယ်။ ဒါက အသေချာဆုံး ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ နည်းကောင်းတစ်လက်ပဲ။ ပျက်ကွက်လို့မကောင်းဘူး”

ကိုသိန်းအောင်က -

“မနက် (၂) နာရီလောက် အစ်ကို့ကိုနှိုး မောင်နိုင်။ အဲသည်အချိန်ကျမှ စက်တွေစမောင်းမယ်။ နေထွက်(၆)နာရီဆိုသည် လယ်ကွက်တွေအားလုံး ကိုင်းဖွေးဖွေး ရေဖွေးဖွေးဖြစ်လောက်ပါပြီ”

မနက်ခင်း(၇)နာရီ၌ ကိုစံနက်ကျော်နှင့် မဆယ်မိ အပါအဝင် ရေဖြိုင်ဖြိုင်ရသွားသော အောက်ဘက် လယ်ပိုင်ရှင်များက စုပေါင်း၍ ကိုစံနက်ကျော်အိမ်၌ ကျွန်တော်တို့နှစ်ဦးကို ထမင်းပိုင်းဖြင့် ဖွယ်ဖွယ်ရာရာ စုံနေအောင် ဧည့်ခံ၏။ ကိုသိန်းအောင်က စည်ပင်သာယာရွာမှ တာဝန်ပြီးသွား၍ အခြားရေတင်ရန်မှာ ထားသော နောက်ထပ်ရွာများသို့ ရေစုပ်စက်များလှည်းပေါ်တင်ကာ ရွှေ့ဆက်ခရီးထွက်ရပါဦးမည်။ ကျွန်တော်တစ်ဦးတည်းအတွက် သီးသန့်မှာထားသော မြင်းလှည်းဖြင့် ကျွန်တော်က ပျဉ်းမနားပြန်ရပါမည်။ (၉) နာရီမှ မြင်းလှည်းလာကြိုရန်မှာထားသောကြောင့် အချိန်လည်းပိုနေရကာ ရေနွေးဝိုင်းဖွဲ့ရင်း ကျွန်တော်တို့နှစ်ဦးကို ကိုစံနက်ကျော်ရော မဆယ်မိပါ ကျေးဇူးအထူးတင်ကြောင်းပြောလို့ကို မပြီးတော့ပါ။ မဆယ်မိကိုယ်တိုင်တစ်ခုခုသိချင်ပုံဖြင့် -

“မနက်(၂)နာရီလောက်မှာ ရေစုပ်စက်တွေ ရေတင်သံကြားရတော့ တို့လင်မယားဖြင့် ဘယ်လိုဝမ်းသာရမှန်းမသိတော့ဘူး ငမောင်လေးတွေရဲ့။ မတတ်သာလို့သာ ဒီအင်းကြီးကရေကိုယူရတာ။ မြစ်နဲ့ချောင်းနဲ့မနီးလို့။ နီးများနီးရင် မြစ်ချောင်းကပဲ ရေယူပြီးတင်ပလိုက်ချင်တယ်။ တစ်ညလုံး မင်းအစ်ကိုရောအစ်မပါ စိတ်တထင့်ထင့်နဲ့ကွယ့်။ အစ်မထင်တယ်၊ ဒီအင်းကြီးက ငါ့မောင်တို့ကို နည်းနည်းပါးပါးများ အကဲစမ်းလိုက်သေးလား”

ကိုသိန်းအောင်က အသံထွက်အောင် ရယ်မောရင်း -

“အင်းကြီးစမ်းတာတော့ ဘာပြောကောင်းမလဲ မမမိရဲ့။ နည်းနည်းပါးပါးမဟုတ်ဘူး။ အထူးအဆန်းတွေနဲ့ အကြီးကြီးစမ်းတာ။ ကျွန်တော်တစ်ယောက်တည်းအလိုဆိုရင်တော့ အစ်ကိုတို့အစ်မတို့လယ်တွေ ရေတစ်စက်မှတင်နိုင်မှာမဟုတ်ဘူး။ မောင်နိုင်ပါပေလို့။ စက်



နတ်ပွဲတွေဖယ်၊ အင်းစောင်းတက်သွားပြီး ခေါ်စာအပစ်ကောင်းလို့၊ တောင်းပန်တိုးလျှိုးကောင်းလို့၊ အစ်မအပိုဆောင်းယူလာတဲ့ ထမင်းဟင်းတွေနဲ့ အင်းကြီးအနှံ့ပက်ကြကောင်းလို့ပေါ့”

ဤသို့ဖြင့် အစချီကာ ရေတင်ရာ၌ စမ်းသပ်ခံခဲ့ရသော အဖြစ်အပျက်များကို ကိုသိန်းအောင်ပြောပြနေချိန်မှာတော့ လင်မယားနှစ်ယောက်စလုံး သိသိသာသာ မျက်နှာပျက်သွားကြပါတော့သည်။ ကျွန်တော်ကသာ ကိုသိန်းအောင်စကားဆုံးမှ သူတို့ဇနီးမောင်နှံ၏အညာကို့ကိုင်နိုင်မိသွားပုံဖြင့် သဘောကျစွာ ရယ်မောရင်း အိမ်ရှေ့ရှိ စင်တင်ပြီးမှောက်ထားသောလှေကို လက်ညှိုးထိုး၍ -

“ကျွန်တော်ခန့်မှန်းတာမမှားဘူးဆိုရင် ဒီအင်းကြီးနဲ့ဒီလှေပတ်ကိုပတ်သက်ရမယ်။ ပတ်သတ်တာတောင် နည်းနည်းလေးတော့ မဖြစ်နိုင်ဘူး။ အကြီးကြီးပတ်သက်ခဲ့ရမယ်။ မမမိပြောခဲ့တယ်လေ ဘဝပြောင်းလှေဆိုပြီးတော့။ ဒါပေမယ့် ကျွန်တော့်အစ်ကိုနဲ့ ကျွန်တော့်အစ်မ မပြောပြချင်လည်းရတယ်နော်။ အတင်းအကျပ်ကြီးမဟုတ်ဘူး”

ကျွန်တော် ပထမအကြိမ်မေးခဲ့တုန်းက စကားလွှဲခဲ့သော ဇနီးမောင်နှံ ခုတော့ဖြင့် ဘာမှမတတ်နိုင်တော့ပါ။ အင်းကြီးနှင့်ပတ်သက်၍ ကျွန်တော်တို့နှစ်ဦးကြုံတွေ့ခဲ့သော အဖြစ်အပျက်ကို ကျွန်တော်တို့က ဘာမှကွယ်ဝှက်မထားဘဲ ခရေစေ့တွင်းကျပြောပြီးပြီ။ စကားပေးပြီးပြီ။ ယခုသူတို့ဇနီးမောင်နှံ အလှည့်။ သူတို့အင်းကြီးနှင့်ပတ်သက်ခဲ့သမျှ စကားပြန်ပေးရတော့မည်။ စကားကိုဆိုသည်မှာ ဒါပဲဖြစ်ပါသည်။ လိုချင်လျှင် ကိုယ်က အရင်ပေးရပါလိမ့်မည်။ စကားမှ မဟုတ်ပါ။ တချို့ကိစ္စတော်တော်များများ ထိုရိုးစင်းသော အလုပ်သဘောအတိုင်း ဖြစ်ပါသည်။ နိုင်ငံတော်အကြံပေးပုဂ္ဂိုလ် ပြောခဲ့သည်မဟုတ်ပါလား။ ရယူလို့အတွက်မလာပါနှင့်။ကိုယ်အရင်ဘာပေးနိုင်သလဲ။ ဘာပေးချင်လဲဖြင့် ချဉ်းကပ်ပါဟူ၍။

ထိုအခါကျမှ မဆယ်မိသည် သက်ပြင်းချ၍ -

“လယ်ကွက်တွေလည်း အောင်မြေဖွေးသွားပြီဆိုမှတော့ ယောကျ်ားနေရင်ကိုယ်တိုင် ဒီလှေနဲ့ဒီအင်းကြီးပတ်သက်ခဲ့ပုံကို မောင်လေးတွေသိသွားရအောင် ရယ်၊ နောင်ရှေ့ဆက်ကြုံတွေ့ရမယ့် သူတို့လေးတွေရဲ့ ဘဝရှေ့ခရီးမှာ ဆင်ခြင်တ

ဆင်ခြင်သွားနိုင်အောင်ပြောပြမှသင့်လိမ့်မယ်ထင်တယ်နော်”

ကိုစံနက်ကျော်သည် အိမ်ရှေ့မှ လှေကလေးကိုတစ်လှည့်၊ မြောက်ဘက်ခပ်လှမ်းလှမ်း၌ရှိသော စည်ပင်သာယာအင်းကြီးကိုတစ်လှည့် ရီဝေဝေလှမ်းကြည့်ပြီး သူကိုယ်တိုင် လုပ်ငန်းလည်းပြောင်း၊ ဘဝလည်းပြောင်းသွားရလောက်အောင် ထဲထဲဝင်ဝင်ပတ်သက်ခဲ့ရသောအင်းကြီးအကြောင်းကို ပြောပြခဲ့ပါတော့သည်။

## အခန်း(၄)

## တံငါသွေးရိုင်းအငုံစိတ်ကို မဆယ်မိသိ၍မဖြစ်ပါ

ကျွန်တော့်ကို မောင်စံနက်ကျော်ဟု ခေါ်ကြပါသည်။ ကျည်တောင်ရွာသားဖြစ်ပြီး ကျည်တောင်ရွာသားတို့မိရိုးဖလာလုပ်ငန်းအတိုင်း ပေါင်းလောင်းမြစ်တစ်လျှောက် လှေတစ်စီးဖြင့် ပိုက်ချငါးဖမ်းအလုပ်ကို အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် လုပ်ကိုင်ပါသည်။

ကျည်တောင်ရွာသူဘယ်လိုမိန်းမသားဖြစ်ဖြစ် အရွယ်ကြီး၊ အရွယ်လတ်၊ တလေးမလေးအရွယ်အဆုံး ကမ်းပါးမှ ထဘီရင်ရှားဖြင့် မြစ်ထဲ ဝုန်းခနဲခုန်ဆင်းတာ ရေတိမ်သည်ဖြစ်စေ၊ ရေနက်သည်ဖြစ်စေ၊ မြစ်ရေကြည်သည်ဖြစ်စေ၊ မြစ်ရေနောက်သည်ဖြစ်စေ ချောင်ကြိုချောင်အကြား၌ခိုအောင်းတတ်သော ကျောက်ပုစွန်ကျားဖမ်းသည့်အလုပ်ကို ထမင်းစားရေသောက်သလို ကျွမ်းကျွမ်းကျင်ကျင်အလွယ်တကူလုပ်နိုင်ကြပါသည်။ ထို့ပြင်နွေရာသီ၌ ရိတ်သိမ်းခူးထားသော ဂွတီမာလာပြောင်းဖူးတွဲများကို စုစည်းချည်နှောင်၍ သိုလှောင်သိမ်းဆည်းရာ၌ သုံးစွဲသော မျှင်ဝါးကိုလည်း ကိုယ့်လှည်းကိုယ်မောင်း၍ အရှေ့ဘက်တောင်တန်းတစ်လျှောက် ဝါးတစ်လှည်းစာတက်ခုတ်ဝှံ့သူမှာလည်း ဤကျည်တောင်ရွာသူများချည့်လုပ်လေ့လုပ်ထရှိသော ဗီဇသတ္တိမျိုး ဖြစ်ပါသည်။ တစ်နေ့စာနှီးဖျာစီနိုင်သည်မှာလည်း သူတို့ချည်းပင် ဖြစ်၏။ အမျိုးသားများက ပေါင်းလောင်းမြစ်ထဲ တံငါအလုပ်နှင့်တစ်ဖက်တစ်လမ်းအရှာသလို လယ်ယာခင်းများ၌ နိုင်ငံတော်သီးနှံအမျိုးအစား ဂွတီမာလာပြောင်းစိုက်လုပ်ငန်းကို မောင်တစ်ထမ်းမယ်တစ်ရွက်လုပ်နိုင်ကြသူများမှာလည်း ကျည်တောင်ရွာသူများ၏သတ္တိ ဖြစ်ပါသည်။

မဆယ်မိက စည်ပင်သာယာရွာသူဖြစ်ပါသည်။ လယ်စိုက်၊ ဂွာတီမာလာပြောင်းစိုက်သော သက်မွေးဝမ်းကျောင်းအလုပ်လုပ်ပါသည်။ နဖူးစာတလည်းရွာလည်သည်တု အဆိုရှိပါသည်။ ဒီလောက် ချောမောလှပသော ငါးဖမ်း၊ ပုစွန်ဖမ်း၊ တောင်ပေါ်တက် ဝါးတစ်လှည်းစာခုတ်ဝံ့သည့် ဖြူဖြူချောချော လုံးကြီးပေါက်လှ ကျည်တောင်ရွာသူများကို မျက်စိမကျပါဘဲ ရွာကျော်ရပ်ကျော်သွယ်သွယ်နွဲ့နွဲ့ ညိုညိုညက်ညက်နှင့် လယ်ယာစိုက်ရေးကို မိရိုးဖလာဇောက်ချလုပ်ကိုင်သော စည်ပင်သာယာရွာသူမဆယ်မိကိုမှ ကျွန်တော်က တန်းတန်းစွဲဖြစ်မိပါသည်။

မဆယ်မိကို လှေခွင်းတောင်တော်ဘုရားပွဲတွင် ဘုရားဖူးသွားကြရင်းက တွေ့ဆုံခဲ့ခြင်း ဖြစ်ပါသည်။ သဘောကျသည့်အလျောက် ဘုရားပွဲသာပြီးသွားပါသည်။ ကျွန်တော့်မြတ်နိုးစိတ်က ပွဲပြီးမီးမသေဘဲ သူမနေထိုင်ရာရွာအထိလိုက်ပြီးပိုးပန်းမိပါတော့၏။ လုပ်ငန်းသဘာဝချင်းမတူသည့်အလျောက် အစကနဦးကတည်းက ကျွန်တော့်ခမျာ မဆယ်မိ၏ ကက်ကက်လန်ရန်အတွေ့ခံရပါသည်။ သူရန်အတွေ့ကောင်းလေလေ ကျွန်တော်က ထိုကြက်ခေါင်းဆိတ်မခံဟန်ကလေးကို ပိုချစ်လေဖြစ်ရပါသည်။ သူငယ်ချင်းများကလည်း မဆယ်မိက ဘာချောလို့လဲ။ အသားကညိုညို၊ ကိုယ်ဟန်ကသွယ်သွယ်နွဲ့နွဲ့၊ သွားကလည်းသွားတက်နှစ်ဖက်နှင့် ရယ်လိုက်လျှင် အစွယ်ထုတ်ပြနေသလိုလို ကန့်ကွက်ကြပါသည်။ သူငယ်ချင်းများမမြင်သော သူ့အလှကိုကျွန်တော့်တစ်ဦး ကွက်ကွက်ကွင်းကွင်းထင်ထင်ရှားရှားမြင်ပါသည်။ မဆယ်မိ၏ အတွင်းစိတ်ထားပင်ဖြစ်ပါသည်။ အလွန်နူးညံ့လှပါသည်။ ထို့အပြင် အဖြူတွာကောင်းရုံမက ဗဟိဒ္ဓအပြင်အလှလည်းကြည့်တတ်မှမြင်ရပါသည်။ အထူးသဖြင့် မဆယ်မိဆံပင်က အုံနှင့်ကျင်းနှင့်နက်မှောင်ရှည်လျားကာ ဆံပင်တစ်ရပ်လူတစ်ရပ် ရှည်လျားသန်စွမ်းလှပါသည်။ အမြဲတမ်း အုန်းဆီလိမ်းကာ ပိပြားအောင်ဖြီး၍ ဖွတ်မြီးအမြဲတမ်းထိုးတတ်ပါသည်။ ဖွတ်ပြီးအရင်း၌ မိန်းမကိုင်လက်ကိုင်ပဝါလေးက သူမခန္ဓာကိုယ်လေးကို တောင်ယမ်းမြောက်ယမ်းလွှဲ၍ ဒွန်တွဲလိုက်ပါနေခြင်းကို ကျွန်တော်ကြည့်မဝပါ။ ရယ်မှပေါ်လာတတ်သော သွားတက်စံပယ်ဖူးလေးတွေကိုလည်း ကျွန်တော်ငေးမဝပါ။ သူမ ကက်ကက်လန်ရန်တွေ့ပုံကလည်း ကျွန်တော့်အတွက် ရန်တွေ့တာနှင့်မတူဘဲ စိတ်ကောက်ပြနေသလို မြူချီလှ၏။ ကျွန်တော်က အရပ်မြင့်၍ ကျားကျားလျားလျားရှိသလို မဆယ်မိက ပုပျပ်ပျပ်နှင့် ကျွန်တော်တို့အတွဲကို ထန်းပင်နှင့်ချုံပုတ်ဟု သူငယ်ချင်းများက စကြပါသည်။

မဆယ်မိက ကျွန်တော့်အချစ်ကို ရွာသူရွာသားတို့ထုံးစံအတိုင်း သုံးနှစ်သုံးမိုး စောင့်ဆိုင်းလေ့လာပြီးမှ လက်ခံခဲ့ပါသည်။ ကျွန်တော့်အချစ်ကို လက်မခံခင်မှာ ကတိတစ်ခုကိုတောင်းပါသည်။ ကျွန်တော်ကလည်း ချစ်လွန်း၍၊ ရယူပိုင်ဆိုင်ချင်၍၊ မြတ်နိုးလွန်း၍၊ စောင့်ရှောက်ချင်၍ ကတိရဲရဲပေးခဲ့ပါသည်။

ထိုကတိကား -

ကျွန်တော်၏ မိရိုးဖလာလုပ်ငန်းဖြစ်သော ပေါင်းလောင်းမြစ်၌ လှေတစ်စီးဖြင့် သားငါးရှာဖွေဖမ်းဆီးသော အလုပ်ကို စွန့်လွှတ်ရမည်ဟူ၍။ လယ်လုပ်ငန်း၊ ဂွာတီမာလာ စိုက်ပျိုးရေးလုပ်ငန်းကို သူမကသင်ပေးမည်ဟူ၍။ ကျွန်တော်တို့နှစ်ဦး မင်္ဂလာဆောင်သောအခါ ယောက္ခမများက စိုက်ပျိုးရေးလုပ်ငန်းကို သမ္မာအာဇီဝကျကျလုပ်ကိုင်စားသောက်နိုင်ရန် လယ် (၁၅) ဧကခွဲပေးပါသည်။ အစကဖြင့် လယ်ယာလုပ်ငန်းကို အမြင်အရ လွယ်လွယ်ဟုသဘောထားခဲ့သော ကျွန်တော့်မှာ တကယ်လုပ်ကြည့်တော့မှ ခွေးအကြီးလှည်းနင်းမိသလို မရုန်းနိုင်မကယ်နိုင်ဖြစ်ရပါသည်။ မကျွမ်းကျင်လှပါ။

ယောက္ခမဖြစ်သူရော ယောက်ဖဖြစ်သူများကပါ ကြပ်ကြပ်မတ်မတ်အနီးကပ်သင်ပေးကြပါသည်။ မဆယ်မိကလည်း ထောင့်စေ့အောင် သင်ပေးသောအခါ လုပ်ငန်းသစ်ဖြစ်သည့်အားလျော်စွာ ကျွန်တော်ကိုယ်တိုင်လည်း တတ်ချင်ဇောကြောင့် လည်းကောင်း အလုပ်လောဘဖြင့် ကြိုးစားသင်ယူသောအခါ အတတ်မြန်ခဲ့ပါသည်။ တစ်ရွာလုံးနွားကိုင်ကျွမ်းကျင်ပါသည်ဆိုသောသူများထက်၊ လယ်ထွန်သောနေရာ၌ ဗိုလ်တကာ့ဗိုလ်ဆိုသူများထက် ကျွန်တော်၏ကြိုးစားသင်ယူမှု၊ အတတ်မြန်မှုအောက်၌ အပြတ်အသတ်ပင်နှာတစ်ဖျားသာလွန်ကာ လက်မြောက်အရှုံးပေးသွားရပါတော့သည်။ မဆယ်မိကို ချစ်သောမေတ္တာတရားသည် ဘယ်လို

ကိစ္စအမျိုးအစားမဆို အခက်အခဲအဖြစ်မှ၊ အနှောက်အယှက်အဖြစ်မှ၊ အတားအဆီးအဖြစ်မှ ကာရံထားရှဲမရတော့ပါ။

ဤသို့ဖြင့် -

ကျွန်တော်တို့ ဇနီးမောင်နှံ အိမ်ထောင်သက်တမ်း (၅) နှစ်ဝင်လာသောအခါ သမီးဦးလေးကို လည်းကောင်း၊ ဒုတိယ သားလတ်ကို လည်းကောင်း စုဆောင်းမိလာရပါတော့၏။ လောကဓံသည် ကျွန်တော့်ကို အပျော်လက်ဆောင်ပေးခဲ့သလို အငိုလက်ဆောင်လည်းပေးရန် စောင့်စားနေမှန်း ကျွန်တော်မသိခဲ့ပါချေ။ သားလတ်မွေးသောအခါ ကလေးကအသော်ချူချာလှပါသည်။ ပျဉ်းမနားတက် ဆေးခန်းပြရ၊ ဆေးရုံတက်ရနှင့် ကျွန်တော်တို့ဇနီးမောင်နှံ စုဆောင်းထားသမျှ ပြောင်တလင်းခါသွားရပါတော့သည်။ မဆယ်မိ နားနှစ်ဖက်ယောင်းလောင်းဖြစ်ရုံမက မင်္ဂလာဦးအထိမ်းအမှတ် ကျွန်တော်ဆင်ခဲ့သော ရွှေဆွဲကြိုးတစ်မတ်သားလည်း အရည်ဖျော်သည့်အထဲပါသွားရပါတော့သည်။ သားအလတ်ကျန်းမာရေးထူလာမည်မှ မကျန်သေး၊ အကြီးမက ကောက်ကာငင်ကာ ရောဂါရလာပြန်ပါတော့သည်။ ရှိသမျှ အရင်းအနှီးကို လယ်ကွက်ထဲ၊ ပြောင်းခင်းထဲ အရင်းစိုက်ထားရ၍ ငွေပြန်ပေါ်မည့်အချိန်ထိ ကလေးနှစ်ဦး ကျန်းမာရေးက အချိန်ပေးစောင့်မည်မဟုတ်ပါ။ ပေါင်နှံသုံးစွဲစရာလည်း ဘာမှမရှိတော့ပါ။ ဒါတောင် မဆယ်မိက ချက်ချင်းလက်ငင်း ငွေပေါ်လွယ်သော ပေါင်းလောင်းမြစ်၌ ငါးရှာဖားရှာ၊ ပုစွန်ဖမ်းအလုပ်ကို ကျွန်တော်ပြန်လုပ်မည်ထင်၍ အတန်တန်တားမြစ်လာပါသေးသည်။

"ဘယ်လောက်ခက်ခဲခက်ခဲပေါ့ အစ်ကိုရယ်။ ဆယ်မိတို့သားအမိကို ဒီငွေပေါ်လွယ်တဲ့ အကုသိုလ်အလုပ်ကြီးနဲ့ ရှာမကျွေးချင်စမ်းပါနဲ့။ အစ်ကိုသံသရာအတွက်ကောင်းဖို့ပဲ ဆယ်မိလိုချင်တယ်နော်။ ဒါနဲ့ ယောက်ျား၊ တော့်ကို လေးငါးခြောက်ရက်လောက် စည်ပင်သာယာအင်းစောင်းပေါ်မှာ တွေ့တွေ့နေတယ်လို့အေးလူတွေပြောပြောနေတာ ဆယ်မိနားထဲရောက်တယ်ရှင့်။ ဒီအင်းကြီးကိုလည်း ကျွန်မတို့ ရွာသူရွာသားတွေ အနားတောင်မှသီရဲကြတာမဟုတ်ဘူး။ သိခဲ့တဲ့လူတွေ အင်းထဲဆင်း ငါးအဖမ်းကောင်းလို့ သွက်သွက်ခါ ရူးမတတ် လန့်မတတ်ကြုံခဲ့ရလို့ မနည်းကို ဆေးကုထားရတာလည်း တော်ကြာထားပြီးပြီပဲ"

"အေးပါ မိန်းမရယ်၊ ဆယ်မိ မကြိုက်တာ အစ်ကိုမလုပ်ပါဘူး။ မနက်ဖြန်တော့ အစ်ကို ကျည်တောင်ဘက် ခဏပြန်ပြီး အဖေတို့၊ အမေတို့ဆီမှာ ငွေပိုငွေလျှံလေးများကျန်ဦးမလားလို့ သွားစနည်းနာလိုက်ဦးမယ်။ ညအထိ အစ်ကိုပြန်မရောက်သေးရင် နံဘေးအိမ်က မညွန့်ရီတို့နဲ့ အဖော်ပြုနေလိုက်ဦး ကြားလား"

တကယ်တော့ မဆယ်မိကို ကျွန်တော်ညာခဲ့ခြင်း ဖြစ်ပါသည်။ လွန်ခဲ့သော လေး၊ ငါး၊ ခြောက်ရက်ခန့်က နေ့ခင်းတစ်ပိုင်းအချိန်ယူ၍ ကျည်တောင်ရွာသို့ တိတ်တဆိတ်ပြန်ကာ ငယ်စဉ်ထဲက ပေါင်းလောင်းမြစ်ရိုးတစ်လျှောက် လုပ်ကိုင်စားခဲ့သော အနားပေးထားသည့်လှေကို လှည်းဖြင့်ပြန်တင်လာကာ စည်ပင်သာယာအင်းကြီးထဲအစပ်၌ချပြီး သစ်ရွက်သစ်ခက်များဖြင့်လူမမြင်အောင် ပုံဖျက်ဖုံးထားခဲ့ပြီးပါပြီ။ ငါးသုတ်တံများ၊ ပိုက်များ၊ မြှုံးများလည်း လှေဝမ်းထဲ၌ တစ်ပါတည်းဝှက်တန်ဝှက်၊ တချို့ကို ကမ်းစပ်ချုံကောင်းကောင်းများ၌ ပုံဖျက်ဝှက်ထားခဲ့ပြီးပါပြီ။

ဤစည်ပင်သာယာအင်းကြီးထဲ၌ ကူးခပ်နေသော ငါးမျိုးစုံ၏ ကျင်လည်ကျက်စားရာ အကွက်အကွင်းကိုလည်း တံငါသည်ပီပီ တစ်ပတ်ကျော်ကတည်းက လေ့လာစနည်းနာခဲ့ပြီးပါပြီ။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက်ဆို မဆယ်မိကို ပေးခဲ့သော ကတိအတိုင်း ကျွန်တော်ကိုယ်တိုင်ကိုယ်ကျ ငါးဖမ်းအလုပ်ကို လုပ်မည်မဟုတ်ပါ။ ယခုကိစ္စက ကိုယ့်သားသမီးများအတွက် ကျန်းမာရေးကောင်းရန် ဆေးကုဖို့ ငွေလိုနေပါသည်။ သူပြောငါပြောအကြောင်းများကြောင့် အင်းကြီးကို ကျွန်တော်ရွံ့နေကြောက်နေ၍ မပြီးပါ။ နေ့ခင်းအချိန်က အင်းကြီးပေါ်တက်၍ အင်းကန်ပေါင်မှလှေလာရသလောက် မဖမ်းမဆီးဘဲ ကြီးပြင်းနေသောငါးများစွာက ကျွန်တော့်ကို မျက်စပစ်ခေါ်နေသလို အသည်းယားလှပါသည်။ ငုပ်ထားသော တံငါသွေးရိုင်းအငုံစိတ်က အတင်းဖိနှိပ်ချုပ်ချယ်ထားရာမှ ခေါင်းပြူပြူလာပါတော့သည်။

လပြည့်ညအင်းကြီးထဲ ငါးဖမ်းမည့်ကိစ္စကို မဆယ်မိသိ၍ဖြစ်ပါမည်လား။ သိ၍မဖြစ်ပါ။ မသိအောင် တိတ်တဆိတ် လျှို့ဝှက်စွာ ကျွန်တော်လုပ်ရှားမှဖြစ်ပါမည်။ အကယ်၍ သိခဲ့လျှင် အကြီးအကျယ် မငြိမ်းဖွယ်ဖြစ်သွားပါလိမ့်မည်။ သားသမီးအရေးထက် ဘယ်အရာကမှ အရေးမကြီးပါ။ ခြော်-သူ့ခမျာ ကလေးဆေးဖိုးဝါးခလိုလို့ ကြံမိကြံရာလုပ်တာပဲဟု အချိန်ကြာလာသည်နှင့်အမျှ မဆယ်မိ သွေးအေးသွားပါလိမ့်မည်။ ကျွန်တော့်အပေါ် နားလည်သွားပါလိမ့်မည်။ အချိန်ဆိုသည်မှာ မေ့လျော့မှုနှင့် အသားကျနေသော ဖြတ်သန်းမှုတစ်ခု မဟုတ်ပါလား။

## အခန်း(၅)

## လဝန်းကိုတဲ့လှေပေါ်တောင်

အရှေ့အရပ်မှ လပြည့်ညထွက်လာသည်နှင့်တစ်ပြိုင်နက်ပင် စည်ပင်သာယာအင်းပြင်ကျယ်ကြီးတစ်ခုလုံးမှာ လရောင်ကြောင့် ရှင်းလင်းနေကာ ဆာယာနေပါသည်။ ရေပြင်ကလည်း မှန်တစ်ခုလို တည်ငြိမ်နေကာ လေတအစ တသုန်သုန်မတိုက်ခတ်သောကြောင့် ကန်ရေပြင်အင်းရေပြင်၌ လှိုင်းအိလေးများပင်မရှိပါ။ ကန်ရေပြင်ပေါ် နှင်းငွေ့များက ရိုက်ခတ်ဟပ်ထား၍ အဝေးကြီးကိုတော့ ရှင်းရှင်းလင်းလင်းမမြင်ရပါ။

သို့သော် မီးအုပ်ဆောင်းထွန်းညှိစရာမလိုလောက်အောင် လရောင်ကအားကောင်းလှသဖြင့် ဝှက်ထားခဲ့သော ငါးဖမ်းပိုက် (၆) ခုလုံး ခဲသီးအပြည့်တင်ကာ ကန်ရေပြင်အနှံ့ လှေနှင့်သွားကာ ရေမြှုပ်ချထားလိုက်ပါတော့သည်။ ငါးသုတ်တံတို့ရှည်ယူလာခဲ့သမျှ အစာတင်ကာ ကန်စောင်းနံဘေးရသလောက်အနှံ့ ခွဲခြားကာ ကန်စောင်း၌ စိုက်တန်စိုက် မျှောတန်မျှောထားလိုက်ပါတော့သည်။ ဇယ်ဆက်သကဲ့သို့ နေရာအနှံ့ ငါးထောင်မြှုံးများ ကျည်တောင်ရွာကသယ်ခဲ့သမျှ ရေတွက်ချကြည့်သောအခါ ငါးထောင်မြှုံးချည့် (၁၄) လုံးခန့်ရှိပါတော့သည်။ အားလုံးလုပ်ငန်းပြီးစီးသည်နှင့် မြောက်ဘက်အင်းစောင်းပြေပြေ ရေသဖန်းပင်အောက်၌ လှေကလေးကိုထိုးကာ ညစာထမင်းထုပ်ဖြေ၍စားပြီး ခေတ္တခနအနားယူ လှေဝမ်းထဲ ပက်လက်လှန်လှဲကာ ထမင်းလုံးစီနေပါတော့သည်။ အချိန်က လိုပါသေးသည်။

ည (၁၁) နာရီခန့်၌ လပြည့်ဝန်းကမြင့်လာသလို လရောင်ခြည်ကလည်း ရင့်လာပါပြီ။ အင်းကြီးတစ်ခုလုံးသည် မီးမောင်းဆလိုက်ထိုးထားသည့်အလား လင်းဝင်းနေပါသည်။ ကျွန်တော်လုပ်ငန်း

စတင်ရန် အချိန်လည်းကျပါပြီ။ ကဲ - ပထမငါးသုတ်တံများချထားရာနေရာစုံသို့ လှေဖြင့်ပါးတုတ်တံတစ်ချောင်းချင်း ငါးများကြိုးတင်းနေသော၊ ဖော့မြုပ်နေသောနေရာများစီဦးစားပေးကာ ကြိုးကိုဆွဲငင်လိုက်သောအခါ တစ်ပိဿာခွဲ၊ နှစ်ပိဿာနီးပါး ငါးကြင်းကြီးများ အစီအရီမိနေပါတော့သည်။ အပျော်စိတ်ကဝင်လာပါတော့သည်။ ချိတ်မှငါးကိုဖြုတ်၍ လှေဝမ်းထဲပစ်သည်။ အစာပြန်တပ်၊ ရေထဲပြန်ချနှင့် လှေဝမ်းထဲမှာမှ လပြည့်ဝန်းကြီးတင်နေကာ လပြည့်ဝန်းကလှေစီးနေသလိုလို၊ ကောင်းကင်ယံမှ လမင်းက အင်းထဲရေပြင်မှာ ရေဆင်းသောက်နေသလိုလို အလွန်လှပသော မြင်ကွင်းကြောင့် ရေပြင်မှာထင်နေသော ရေပန်းချီကားကို တဒင်္ဂငေးကြည့်မိပါတော့သည်။

ထိုအချိန်၌ ကျယ်လောက်သော အသံနက်ကျောကျောကြီးတစ်သံကိုကြားလိုက်ရပြီး ကျွန်တော့်နောက်ကျောကို အေးစက်စက်အထိအတွေ့ကတွန်းလိုက်၍ ရှေ့သို့ကျွန်ငိုက်ဆင်းသွားရပါတော့သည်။

"မင်းချည့်ပဲ ငါးဖမ်းမနေနဲ့လေကွာ။ ငါတို့လည်းဘာမှမစားရသေးဘူး။ နည်းနည်းပါးပါးမျှကျွေးဦးမှပေါ့"

ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများလေအေးမတိုက်ဘဲထောင်ထလာပါတော့သည်။ ခေါင်းမှဆံပင်များ ပင်အပေါ် ထောင်ကာ နဂိုဦးခေါင်းထက် သုံး လေးဆခန့်ကြီးသွားသလို ခံစားလိုက်ပါတော့သည်။ ကြားလိုက်ရသော အသံနက်ကျောကျောကြီးက ဝမ်းခေါင်းကခြစ်၍ပြောလိုက်သောအာလုပ်စကား။ လူသားတစ်ယောက်၏စကားသံမဟုတ်။ ခေါင်းကို မသိမသာ ညာဘက်ငဲ့စောင်းလေးကြည့်လိုက်သောအခါ ကျွန်တော့် ညာဘက်ပါးပြင်နားသို့ရောက်လုမတတ် ထက်ရှည်လျားနေသော လက်သည်း ရှည်ကြီးများနှင့် ခပ်ကြမ်းကြမ်းအမွေး ရှည်ကြီးများနှင့်အလွန်ကြီးမားသော လက်အကြီးကြီးတစ်ခုရောက်နေပါတော့ သည်။ စိတ်ထဲကလည်း ကြောက်ကြောက် ရွံ့ရွံ့ဝေဖန်မိပါတော့သည်။

"ဒါ. . . ဒါ လူ့လက်မှမဟုတ်တာ။ . . . နာဘာဝလက်ကြီး အကြီးကြီးပဲ"

မျက်စိကို ရှေ့လှေဝမ်းထဲ ခေါင်းလှည့်ငုံ့ကြည့်ကာ လှေဝမ်းထဲဖမ်းမိထားသော ငါးကြင်းကြီးတစ်ကောင်ကို ပိုင်းပိုင်း သွေးနှံ့ပေးပြီး နောက်လှည့်မကြည့်ဘဲ လက်မည်းမည်းကြီးရှိရာသို့ လက်နောက်ပြန်ပေးလိုက်ပါတော့သည်။ ဒါမျိုးက ကြားဖူးနားဝပဲရှိထားခဲ့ပါသည်။ အစိမ်းအသေကောင်တိုင်းမကျွေးရပါ။ ဓားပါလျှင် ငါး သို့မဟုတ် ဖားကို နှစ်ပိုင်းပိုင်းသွေးထွက်စေပြီး သွေးနံ့ပေးပြီးမှ ကျွေးရသည်ဟူလို။ ဓားဖြင့် ငါးကြင်းလေးကောင်ကို ထက်ဝက်ပိုင်းပြီး လက်နောက်ပြန်တွင်တွင်သာပေးနေမိပါတော့ သည်။ ငါး (၄) ကောင်ကျွေးပြီးသည်နှင့် လှေဝမ်းထဲချထားသော လှော်တက်ကို ကောက်ကိုင်ကာ မျက်လုံးစုံမှိတ်၍ ရှေ့သို့အားအင်အကုန်ထုတ်၍ လှေကို လှော်ခတ်သော်လည်း ချွေးဒီးဒီးသားကျလာပါတော့သည်။ လှေကတစ်စုံတစ်ဦးက ဆွဲထားသည့်အား တုတ်တုတ်လေးမျှ လှုပ်လည်းမလှုပ်၊ ရွေ့လည်းမရွေ့တော့ပါ။

"မဝသေးဘူးလေကွာ၊ မင်းငါးတွေကျန်သေးတာပဲ။ ထပ်ကျွေးဦးမှပေါ့"

အသံနက်ကြီးက နားအနီး၌ ဒုတိယအကြိမ်ကပ်ပြောလိုက်သည့်အလား အုန်းခနဲထပ်ကြားရပါတော့ သည်။ ထို့ကြောင့် လှေဝမ်းထဲမှ ဖမ်းမိသမျှ ငါးအကုန် ဓားဖြင့်ထက်ပိုင်းပိုင်း၍ နောက်လှည့်မကြည့်တော့ဘဲ ညာလက်ပြန်နှင့်သာအတွင်တွင်ပေးနေပါတော့ သည်။ ပုဆိုးတစ်ခုလုံး ကြောက်သေးက ဘယ်အချိန်တည်းကပါခဲ့မှန်းပင်မသိ။ တင်းပါးတစ်ခုလုံး အေးနေအောင် ရွှဲနစ်နေပါတော့သည်။ ငါးများကုန်သွားတော့မှ နောက်လှည့်မကြည့်ဘဲ ကြောက်ကြောက်ရွံ့ရွံ့ အသံတုန်တုန်နှင့် -

"ဒါ ဒါ ကျွန်တော် ကျွန်တော် ဖမ်းမိသမျှ ငါး ငါးအကုန်ပါပဲ။ လှေဝမ်း လှေဝမ်းထဲမှာမရှိတော့ဘူး။ အကုန် အကုန်လုံးပဲ"

ပြောပြီးသည်နှင့် လှေကိုလည်း ရှေ့သို့တိုး၍လှော်ခတ်မရမည့်အတူတူ ကြောက်သေးစိုကြောက်သေးရွှဲပုဆိုးကို ခါးဝတ်မှဖြေ၍ ခေါင်းပါလုံအောင် ခေါင်းမြီးခြုံကာ လှေဝမ်းထဲမှောက် ဖင်ပူးထောင်းထောင်ကာ မျက်လုံးတင်းတင်းစုံမှိတ်၍ ကြောက်ကြောက်နှင့် ရသမျှ ဘုရားရှိခိုးအစုံရွတ်နေပါတော့ သည်။ ကြောက်ကြောက်နှင့်ရွတ်သံဖြင့် ဘုရားစာများမေ့သည့်နေရာမေ့၊ အစီအစဉ်အတိုင်းမထွက်တော့ဘဲ ကျော်သည့်နေရာကကျော်၊ ရှေ့ဆက်ရွတ်မရဘဲ တန့်သည့်နေရာတန့် အလွဲလွဲအမှားများဖြစ်ကုန်ပါတော့သည်။ ရွတ်ရင်းရွတ်ရင်း တစ်စုံတစ်ခုသော လွှမ်းမိုးချုပ်ကိုင်မှုဖိအားကြီးအောက်မှာ စိတ်ရောကိုယ်ပါ သိမ်ငယ်ရင်း အားငယ်ရင်း အိပ်ချိန်မတန်ဘဲ ကျွန်တော့်မျက်ခွံများကို တစ်စုံတစ်ဦးမှ စိတ်ညှို့အမိန့်ပေးသည့်အလားလေးလံပိကျကာ အိပ်ပျော်သွားပါသည်။

မနက်ခင်း၏နေရောင်ခြည်နုနုက ပုဆိုးထဲတိုးဝင်လာ၍ မျက်နှာတည့်တည့်မှထိုးလာမှ ကျွန်တော်အိပ်ပျော်ရာမှ နိုးလာပါတော့သည်။ ညကဖြစ်ပျက်ခဲ့သော ကြောက်ရွံ့စရာအဖြစ်အပျက်ကို သတိရ၍ လက်နှစ်ဖက်ကို မရဲတရဲ ပုဆိုးထဲမှထိုးထုတ်၍ ပုဆိုးစကိုလည်းမျက်နှာပေါ် မှတဖြည်းဖြည်းချင်းဆွဲချလိုက်သော အခါ ငါးမျိုးစုံက လှေတစ်စီးလုံးအပြည့်အသိပ်ဖြစ်နေပါတော့သည်။ မယုံကြည်၍ အိပ်မက်လားဟုတွေးကာ မျက်လုံးများ ခဏခဏပွတ်လိုက်ပြန်ကြည့်လိုက်ဖြစ်ရပါတော့သည်။ ကိုယ့်ပေါင်ကို ဆွဲဆိတ်ကြည့်ရပါတော့သည်။ နာကျင်တော့မှ အိပ်မက်မဟုတ်မှန်း သေချာသွားပါတော့သည်။ သေချာသွားအောင် ငါးကြီးတစ်ကောင်ကို လှေဝမ်းထဲမှ ကောက်ယူကြည့်တော့မှ ငါး၏အထိအတွေ့ကို ပိုင်ပိုင်နိုင်နိုင်ရသည်နှင့် မြင်ကွင်းသေချာသွားမှန်း ဝေဖန်မိပါတော့သည်။

ထိုအခါ ညက အင်းအလယ်၌ တန့်ထားသလို၊ ဆွဲထားသလို ရပ်နေသော လှေကလေးက လူးခပ်သွား၍ ငါးများအောက်၌ပိနေသော လှော်တက်ကို ငါးများဖယ်၍ ရအောင်ဆွဲထုတ်ကာ မြောက်ဘက်ကမ်းစပ်သို့ အသက်ဘေးလွတ်အောင် အင်အားကုန်လှော်ခတ်ပါတော့သည်။ လှေကလေး ရှေ့သို့တရွေ့ရွေ့လေလေ အပျော်စိတ်ကြောင့် အားပိုရှိလေလေဖြစ်ရပါတော့သည်။ ညက ဘယ်လောက်လှော်လှော် မရွေ့ခဲ့သော လှေလေးမဟုတ်ပါလား။ တစ်ယောက်ယောက်ဆွဲထားသလို တံ့ရပ်နေသော လှေကလေးမဟုတ်ပါလား။ လှေကသာ ကမ်းစပ်သို့ တစ်ဟုန်ထိုးပြေးနေသလို ကျွန်တော့်စိတ်ထဲကလည်း အတွေးက ဇယ်ဆက်သလို စဉ်းစားဝေဖန်နေမိပါတော့သည်။

'အင်းစောင့်သရဲတွေက ငါးဖမ်းမိသမျှ ငါအကုန်ကျွေးလိုက်လို့ ကျေးပြန်ဆပ်တဲ့အနေနဲ့ လှေအပြည့် ငါးတွေပြန်ဖမ်းပေးထားတာလား။ ဟုတ်မှာပါ။ ဒါမျိုးအလုပ်ကို သူတို့ပဲလုပ်နိုင်တာ။ ဒါဆို. . . ဒါဆို ငါ ဒီအင်းထဲ ငါးဝင်

ဖမ်းတာ သူတို့စိတ်မကွက်စိတ်မဆိုးဘူး ဆိုတဲ့သဘောပါလား။ ခွင့်လွှတ်တဲ့ အနေအထားကြီးပါလား။ ဟုတ်ရဲ့လား စံနက်ကျော် ဖြစ်နိုင်ပါ့မလား'

တစ်ယောက်တည်းဝေသာဖန်၏။ အဖြေက မသဲကွဲသေး။ ကမ်းစပ်၌ လှေ စိုက်ပြီးသည်နှင့် လှေအပြည့်ငါးများကို ကန်စောင်းရှိ မြေနေရာပြေပြေ သစ်ပင် ရိပ်အောက်၌ အစုလိုက်အပုံလိုက်ပုံ ထားလိုက်ပါတော့သည်။ နေရောင်ခြည် နုနုအောက်၌ အင်းရေပြင်ကြီးက ငြိမ် သက်နေပါတော့သည်။ မနက်ခင်းဖြစ် နေ၍ ညက အကြောက်ကြီးကြောက်ခဲ့ ရသေး။ အကြောက်တရားက နည်းနည်း တော့လွင့်ပါးသွားပါတော့သည်။ စိုးရိမ် စိတ်ကတော့ရှိနေဆဲပါ။ ငါးပုံကြီးကို ကြည့်၍ အတွေးတစ်ခုက ဝင်လာပါ တော့သည်။

'လှေတစ်စင်းလုံး ငါးအပြည့်ဖမ်း ထည့်ပေးထားမှတော့ ငါးသုတ်တံတွေ၊ ပိုက်တွေ၊ မြှုံးတွေထဲကော ငါးဖမ်းထည့် ပေးနိုင်ပါ့မလား။ ဒါကတော့ ဘယ် လောက် ငါ့အပေါ် ခွင့်လွှတ်လွှတ်လုပ် မပေးနိုင်လောက်ပါဘူး။ ငါကွျေးတာက အလွန်ဆုံးရှိမှ ငါး (၁၅) ကောင်။ မနက် လည်းမနက်ပဲ။ဒီလောက်လင်းနေမှတော့ သူတို့ခွင့်လွှတ်ကြောင်း လှေတစ်စင်းလုံး ငါးဖမ်းပြထားပြီးမှတော့ လိုရမည်ရလိုက် ကြည့်၊ လိုက်ပြန်ရှုတ်တာပဲကောင်းပါ တယ်။ မနက်ခင်းကြီးတော့ ချောက် မလွှတ်တော့ဘူးထင်ရတာဘဲ။ စံနက် ကျော်၊ စံနက်ကျော် ကံကောင်းလို့ ညက မင်းသေတော့မလို့။ နောင်ဆို ဒီစည်ပင် သာယာအင်းကြီးနဲ့ ဝေးဝေးသာရှောင် နေ ကြားလား ကိုယ့်ကောင်'

## အခန်း(၆)

## မတော်ဘူးသော အဆွေအမျိုးတို့သည် နတ္ထိလုံးဝမရှိ

ကိုစံနက်ကျော်စကားကဆုံးသွား ပါတော့သည်။ ရှေ့ဆက်မပြောတော့ပါ။ ရေနွေးသာ တဖူးဖူးမှုတ်၍ကောက်ကာ ငင်ကာသောက်နေပါတော့သည်။ ယခု အချိန်ထိ ဖြူဖျော့နေသော၊ သွေးစုပ်နေ သောမျက်နှာက စည်ပင်သာယာအင်း ကြီးကို သူဘယ်လောက်ရွံ့ကြောက် ကြောက်နေခဲ့မှန်း သိသာလှပါသည်။ ကျွန်တော်က သူရှေ့ဆက်မပြောချင်မှန်း သိသော်လည်း ဘဝပြောင်းလှေအမည်ခံ ရလောက်အောင် လိုရင်းနေရာသို့ မရောက်သေး၍ မဆယ်မိကို -

"ဒါဆို အင်းထဲမှာချထားခဲ့တဲ့ ငါးဖမ်းပိုက်တွေ၊ မြှုံးတွေ၊ ငါးသုတ်တံ တွေကို အစ်ကိုစံ ပြန်မဖော်တော့ဘဲ အဆုံးထားခဲ့တာပေါ့ ဟုတ်လား မမမိ"

မဆယ်မိသည် အင်းကြီးဘက် လက်အုပ်ချီ၍ နှုတ်ကဘာမှန်းကိုရွတ် မှန်းမသိ မျက်လုံးမှိတ်၍ ဆုတောင်းပြီးမှ မျက်လုံးဖွင့်ကာ ပြုံး၍ -

"ဘယ်နေပါ့မလဲ မောင်လေး မောင်နိုင်။ သူတို့ခွင့်လွှတ်မှန်းအကြောင်း အကျိုးဝေဖန်စောကြောပြီးမှ ပိုက်တစ်ခု ချင်းပြန်ဖော်တော့ ပိုက်တစ်ခုလုံး ငါး အပြည့်၊ ကျန်တဲ့ပိုက်တွေလည်း ငါး အပြည့်။ ကမ်းစပ်ကို မနည်းတစ်ခုချင်း မျှဉ်းပြီးဆွဲယူလာရတာ။ ကန်ပေါင်မှာ ငါးတွေကို ဟိုနေရာတစ်ပုံဒီနေရာတစ်ပုံ ကိုဖြစ်သွားရတာ။ ဒီထက်ဆန်းပြားတာ ရှိသေးတယ်။ မင်းတို့အစ်ကိုကြီးကိုစံ နောက် အင်းဘက်ကို မျက်နှာမလှည့်ရဲ လောက်အောင်မကဘူး ပေါင်းလောင်း မြစ်မှာ ငါးဖမ်းချင်တဲ့ တံငါသွေးရှိုင်းစိတ် ပါအမြစ်ကမကျန်ကျွတ်ထွက်သွားတာ"

ထိုစကားကြောင့် ကိုသိန်းအောင် ပါ ပါးစပ်ဟောင်းလောင်းပွင့်သွားအောင် အံ့သြသွားပြီး -

"ဘယ်လိုဆန်းပြားတာလဲ မမမိ"

မဆယ်မိက ကိုစံနက်ကျော်ကို ပြုံးကြည့်ရင်း -

"မြှုံးတစ်ခုချင်းစီကို ဘယ်လိုမှဝင် လို့မရ၊ ထည့်လို့မရဘဲ သူတို့တန်ခိုးနဲ့ မြှုံး (၁၄) ခု အစေ့အငုထဲမှာ ရေစစ္စလီ (ရေဘဲငှက်)အရှင်တွေ ဖမ်းထည့်ထားလို့ ငါ့မောင်တို့ရဲ့။ သည့်ထက်ပိုဆန်းတာက ငါးမြှားချိတ်တစ်ခုထဲမှာကို ချိတ်တစ်ခုထဲ သုံးပြီး ငါးတစ်ကောင်ပဲချိတ်မိဟပ်မိရ မှာကို ငါးမြှားချိတ်တိုင်း အစေ့အငုချိတ် တစ်ခုတည်းနဲ့ ငါးတွေအပြွတ်လိုက် အပြွတ်လိုက်ချိတ်သီသွားလို့ကွယ်။ မင်း တို့အစ်ကို တံငါသည်ကြီး၊ ငါးဖမ်းငါးများ ရာမှာအတော်ဆုံး၊ အကျွမ်းကျင်ဆုံးလူ ကတောင် ပါးစပ်ကြီးဟပြီး အရှုံးပေးခဲ့ရ တာဒီစည်ပင်သာယာအင်းကြီးပေါ့။ အဲဒီ နေ့မှာပဲ မြို့ကိုတက် ငါးဒိုင်တွေမှာလည်း (၆) စီး အပြည့်တိုက် ငါးတွေရောင်း၊ တစ်ရွာလုံးလည်း ငါးဟင်းအဝချက်စား ကြပေါ့။ ရေဘဲ (၁၄) ကောင်ကတော့ အရှင်တွေမို့ အင်းစောင့်အရှင်တွေနဲ့ အစ်မတို့မိသားစုဘဝတစ်ခုမှာ အဆွေ အမျိုးအဖြစ် ပတ်သက်ခဲ့ပါလိမ့်မယ်။ ဒါကြောင့် သူတို့ကျွတ်လွတ်ပါစေဆိုပြီး အမိဌာန်ဆုတောင်းလို့ အင်းစောင်းမှာပဲ

ပြန်လွှတ်ပေးခဲ့ပါမယ်။ အစ်မတို့တင်ခဲ့ တဲ့အကြွေးတွေလည်းကြေ၊ ကလေးတွေ ကျန်းမာရေးအတွက်လည်း နောက်ဆ မတင်းရအောင် ဆေးကုနိုင်ခဲ့တဲ့အပြင် သီးနှံပေါ်တော့ ငွေတွေက ပိုလျှံနေလို့ လယ် (၅) ဧကပါထပ်ဝယ်ခဲ့သေးတယ် မင်းအစ်ကိုနဲ့ အစ်မတို့မိသားစုဘဝကို နေ့ချင်းညချင်းပြောင်းပေးလိုက်တဲ့ ဒီဘဝ ပြောင်းလှေကိုလည်း တစ်သက်လုံး အိမ် ရှေ့မှာ စင်ကလေးနဲ့တင်ပြီး အနားပေး လိုက်တာပေါ့ ငါမောင်တို့။ ကဲ-ရှင်းသွား ပြီလား"

ထိုအချိန်၌ ကျွန်တော် ပျဉ်းမနား မြို့သို့ပြန်ရန် လာကြိုသော မြင်းလှည်း က အိမ်ရှေ့သို့ဆိုက်လာပါတော့သည်။ ကိုသိန်းအောင်က ရှေ့ဆက်ရေတင်ရ မည့်ရွာများသို့ ဆက်လက်ထွက်ခွာရန် ရေစုပ်စက်များတင်ရန် လာကြိုမည့်နွား လှည်းများကို စောင့်ရဦးမည်ဖြစ်၍နေခဲ့ ပါသည်။ အားလုံးကို လက်ဆွဲနှုတ်ဆက် ၍ မြင်းလှည်းပေါ် ကျွန်တော်တက်ခဲ့ပါ တော့သည်။ မြင်းလှည်းရွာမှထွက်လာ သည်နှင့် နောက်၌ကျန်ခဲ့သော စည်ပင် သာယာရွာနှင့်စည်ပင်သာယာအင်းကြီးတို့ မြင်းလှည်းနောက်ဖင်ထိုင်ခုံမှငေးကြည့် ရင်း တီးဘိုးဆုတောင်းမိပါတော့သည်။

ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားဆုံးမခဲ့ပါသည်။ ပတ်သတ်ခဲ့ သမျှ နှီးနွှယ်ခဲ့သမျှ ရင်းနှီးခဲ့သမျှတို့သည် လည်း တစ်ဘဝတစ်ခါဟု မမှတ်ကြလေ နှင့် ချစ်သား၊ ချစ်သမီးတို့။ ဘဝပေါင်း များစွာဖြတ်သန်းခဲ့ပြီးသောကာလများ စွာတို့၌ အဆွေအမျိုးတော်စပ်ခဲ့ဖူးကြ သည်သာ။ မတော်ဘူးသော အဆွေ အမျိုးတို့သည် နတ္ထိမရှိ။

သူများတို့၏အဆွေအမျိုးတို့သည် လည်းကောင်း၊ ကျွန်တော်/ကျွန်မတို့၏ အဆွေအမျိုးတို့သည် လည်းကောင်း အကယ်တန္တမကျွတ်မလွတ်သည်ရှိအံ့ ကျွန်တော်/ကျွန်မတို့၏စေတနာသုံးတန် ပြဋ္ဌာန်းခဲ့သောကောင်းသောကုသိုလ်ကံ တို့၏အကျိုးကို ကြည်ကြည်ဖြူဖြူ အမျှ ပေးဝေပါ၏။ အမျှဝေသံကိုကြားနိုင်ကြ ပါစေ။ အမျှဝေသံကို အချိန်မီနိုင်ကြပါ စေ။ မီနိုင်၊ ကြားနိုင်သည့်အလျောက် လွတ်လွတ်ကင်းကင်း အနှောင့်အယှက် မရှိစွာ သာခုခေါ်နိုင်ကြပါစေ။ မကြား ခဲ့သည့်ရှိသော် ကြားခဲ့သောပုဂ္ဂိုလ်တို့က ထပ်ဆင့်အမျှပေးဝေကြစေလို့ . . ။

နိုင်ပြေသိမ်း

## ၂၀၁၇ ခုနှစ်၊ မတ်လအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိလဂ်ဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းအခါသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကြီးအပါအဝင် ဓနံလာဘ်ဆိုင်ရာ ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာများကို ခံစားရမည့်မှာမလွဲဖြစ်ပါသည်။ (၂၄-၃-၂၀၁၇) နေ့နံနက် (၄း၀၆) နာရီတွင် ဓနသိဒ္ဓိနက္ခတ်သို့ စန်းသည် စတင်ဝင်ရောက်မည်ဖြစ်ပြီး ၎င်းနေ့ ညနေ (၄း၀၅း၅၈) နာရီတွင် စန်းနှင့်ဓနသိဒ္ဓိနက္ခတ် ယှဉ်ဖက်မည်ဖြစ်ကာ (၂၅-၃-၂၀၁၇) နေ့ နံနက် (၄း၀၆) နာရီတွင် ဓနသိဒ္ဓိနက္ခတ်မှ စန်းထွက်ခွာမည် ဖြစ်သည်။ (၂၄း၃း၂၀၁၇) နေ့ နံနက် (၃း၄၇း၂၇) နာရီမှ (၅း၄၅း၅၈) နာရီအတွင်း လဂ်သည် ဓနသိဒ္ဓိနက္ခတ်နှင့် ယှဉ်ဖက်နေမည်ဖြစ်သလို ၎င်းနေ့ နံနက် (၁၀း၁၀း၁၉) နာရီမှ (၁၀း၁၆း၃၅) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်နှင့် မွန်းတည့်မျဉ်းတို့ယှဉ်ဖက်နေမည်ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| နေ့ | စဝင်ချိန် | စထွက်ချိန် | နေ့ | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၅း ၁၈း ၅၅ | ၇း ၁၆း ၂၃ | ၁ | ၁၁း ၄၀း ၄၇ | ၁၁း ၄၈း ၀၃ |
| ၂ | ၅း ၁၄း ၅၉ | ၇း ၁၂း ၂၇ | ၂ | ၁၁း ၃၆း ၅၁ | ၁၁း ၄၄း ၀၇ |
| ၃ | ၅း ၁၀း ၀၃ | ၇း ၀၈း ၃၀ | ၃ | ၁၁း ၃၂း ၅၅ | ၁၁း ၄၀း ၁၁ |
| ၄ | ၅း ၀၆း ၀၇ | ၇း ၀၄း ၃၅ | ၄ | ၁၁း ၂၈း ၅၉ | ၁၁း ၃၆း ၁၅ |
| ၅ | ၅း ၀၂း ၁၁ | ၇း ၀၀း ၃၉ | ၅ | ၁၁း ၂၅း ၀၃ | ၁၁း ၃၂း ၁၉ |
| ၆ | ၄း ၅၈း ၁၅ | ၆း ၅၆း ၄၃ | ၆ | ၁၁း ၂၁း ၀၇ | ၁၁း ၂၈း ၂၃ |
| ၇ | ၄း ၅၄း ၁၉ | ၆း ၅၂း ၄၇ | ၇ | ၁၁း ၁၇း ၁၁ | ၁၁း ၂၄း ၂၇ |
| ၈ | ၄း ၅၀း ၂၃ | ၆း ၄၈း ၅၁ | ၈ | ၁၁း ၁၃း ၁၅ | ၁၁း ၂၀း ၃၁ |
| ၉ | ၄း ၄၆း ၂၇ | ၆း ၄၄း ၅၅ | ၉ | ၁၁း ၀၉း ၁၉ | ၁၁း ၁၆း ၃၅ |
| ၁၀ | ၄း ၄၂း ၃၁ | ၆း ၄၀း ၅၉ | ၁၀ | ၁၁း ၀၅း ၂၃ | ၁၁း ၁၂း ၃၉ |
| ၁၁ | ၄း ၃၈း ၃၅ | ၆း ၃၇း ၀၃ | ၁၁ | ၁၁း ၀၁း ၂၇ | ၁၁း ၀၈း ၄၃ |
| ၁၂ | ၄း ၃၄း ၃၉ | ၆း ၃၃း ၀၇ | ၁၂ | ၁၀း ၅၇း ၃၁ | ၁၁း ၀၄း ၄၇ |
| ၁၃ | ၄း ၃၀း ၄၃ | ၆း ၂၉း ၁၁ | ၁၃ | ၁၀း ၅၃း ၃၅ | ၁၁း ၀၀း ၅၁ |
| ၁၄ | ၄း ၂၆း ၄၇ | ၆း ၂၅း ၁၅ | ၁၄ | ၁၀း ၄၉း ၃၉ | ၁၀း ၅၆း ၅၅ |
| ၁၅ | ၄း ၂၂း ၅၁ | ၆း ၂၁း ၁၉ | ၁၅ | ၁၀း ၄၅း ၄၃ | ၁၀း ၅၂း ၅၉ |
| ၁၆ | ၄း ၁၈း ၅၅ | ၆း ၁၇း ၂၃ | ၁၆ | ၁၀း ၄၁း ၄၇ | ၁၀း ၄၉း ၀၃ |
| ၁၇ | ၄း ၁၄း ၅၉ | ၆း ၁၃း ၂၇ | ၁၇ | ၁၀း ၃၇း ၅၁ | ၁၀း ၄၅း ၀၇ |
| ၁၈ | ၄း ၁၁း ၀၃ | ၆း ၀၉း ၃၁ | ၁၈ | ၁၀း ၃၃း ၅၅ | ၁၀း ၄၁း ၁၁ |
| ၁၉ | ၄း ၀၇း ၀၇ | ၆း ၀၅း ၃၅ | ၁၉ | ၁၀း ၂၉း ၅၉ | ၁၀း ၃၇း ၁၅ |
| ၂၀ | ၄း ၀၃း ၁၁ | ၆း ၀၁း ၃၉ | ၂၀ | ၁၀း ၂၆း ၀၃ | ၁၀း ၃၃း ၁၉ |
| ၂၁ | ၃း ၅၉း ၁၅ | ၅း ၅၇း ၄၃ | ၂၁ | ၁၀း ၂၂း ၀၇ | ၁၀း ၂၉း ၂၃ |
| ၂၂ | ၃း ၅၅း ၁၉ | ၅း ၅၃း ၄၇ | ၂၂ | ၁၀း ၁၈း ၁၁ | ၁၀း ၂၅း ၂၇ |
| ၂၃ | ၃း ၅၁း ၂၃ | ၅း ၄၉း ၅၁ | ၂၃ | ၁၀း ၁၄း ၁၅ | ၁၀း ၂၀း ၃၁ |
| ၂၄ | ၃း ၄၇း ၂၇ | ၅း ၄၅း ၅၅ | ၂၄ | ၁၀း ၁၀း ၁၉ | ၁၀း ၁၆း ၃၅ |
| ၂၅ | ၃း ၄၃း ၃၁ | ၅း ၄၁း ၅၉ | ၂၅ | ၁၀း ၀၆း ၂၃ | ၁၀း ၁၂း ၃၉ |
| ၂၆ | ၃း ၃၉း ၃၅ | ၅း ၃၈း ၀၃ | ၂၆ | ၁၀း ၀၂း ၂၇ | ၁၀း ၀၈း ၄၃ |
| ၂၇ | ၃း ၃၅း ၃၉ | ၅း ၃၄း ၀၇ | ၂၇ | ၉း ၅၈း ၃၃ | ၁၀း ၀၄း ၄၇ |
| ၂၈ | ၃း ၃၁း ၄၃ | ၅း ၃၀း ၁၁ | ၂၈ | ၉း ၅၄း ၃၇ | ၁၀း ၀၀း ၅၁ |
| ၂၉ | ၃း ၂၇း ၄၇ | ၅း ၂၆း ၁၅ | ၂၉ | ၉း ၅၀း ၄၁ | ၉း ၅၆း ၅၅ |
| ၃၀ | ၃း ၂၃း ၅၁ | ၅း ၂၂း ၁၉ | ၃၀ | ၉း ၄၆း ၄၅ | ၉း ၅၂း ၅၉ |
| ၃၁ | ၃း ၁၉း ၅၅ | ၅း ၁၈း ၂၃ | ၃၁ | ၉း ၄၂း ၄၉ | ၉း ၄၉း ၀၃ |



နေလုံးကြီး အနောက်မိုးကုပ်စက်ဝိုင်းဆီသို့ ငုပ်လျှိုးသွားလေပြီဖြစ်၍ အမှောင်ထုက တစ်စတစ်စဖုံးလွှမ်းလာ၏။ ကိုထွန်းသောင်း ဦးဆောင်သော ဘုရားဖူးယာဉ်မှာ တစ်မြို့ဝင်တစ်မြို့ထွက်နှင့် ဘုရားစုံဖူးပြီး ယနေ့ညတွင် ကျိုက္ကမီရေလယ်ဘုရားဖူးပြီး ကျိုက္ကမီမြို့တွင်ပင်အိပ်ရန်စီစဉ်ထား၏။ နောက်တစ်နေ့မှပင် စက်စဲကမ်းခြေသို့သွားကြမည် ဖြစ်သည်။ ဘုရားဖူးယာဉ်မှာ ဒိုင်နာအမျိုးအစားဖြစ်ပြီး အမိုးကိုင်းများကို စတီးကိုင်းများတပ်ထားသောအိမ်စီးကားမျိုး ဖြစ်၏။ ကားရှေ့တွင်လည်း သာသနာ့အလံကို နောက်ကြည့်မှန်တွင် တစ်ဖက်တစ်ခုတပ်ဆင်ထားပြီး ကားဘေးတွင်လည်း ဗီနိုင်းဖြင့် မြန်မာပြည်အနှံ့ဘုရားဖူးယာဉ်ဟု တစ်ဖက်တစ်ချက်တွင် ချိတ်ဆွဲထားသည်။

ယခုလည်း ကိုထွန်းသောင်းတို့အဖွဲ့ ကျောက်စလုံး ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရားကြီးကို ဝင်ရောက်ဖူးမြော်ပြီးဖြစ်သဖြင့် ကျိုက္ကမီရေလယ်ဘုရားသို့ဖူးရန်ထွက်လာခဲ့ခြင်းဖြစ်သည်။ ကားလေးမှာ မော်လမြိုင် - သံဖြူဇရပ်အဝေးပြေးလမ်းမကြီးအတိုင်း တရိပ်ရိပ်ဖြင့် လေးညို့မှပစ်လွှတ်လိုက်သော မြားတစ်စင်းအလားပြေးနေပါလေသည်။ သစ်ပင်ကြီးငယ်တို့မှာ ရိပ်ခနဲရိပ်ခနဲကျန်ရစ်ခဲ့၏။ ဘုရားဖူးယာဉ်မှာ တစ်ရွာပြီးတစ်ရွာဖြတ်ကျော်လာပြီး တစ်နေရာအရောက်တွင် ထိုးရပ်သွား၏။ ထိုအခါ နောက်ခန်းအတွင်ထိုင်နေသောအဖွဲ့မှ အသံတစ်သံထွက်ပေါ်လာ၏။

"ဗျို့-ကိုထွန်းသောင်း ပေါက်တောလားဗျို့"

ခေါင်းခန်းကို လှမ်းအော်မေးလိုက်သဖြင့် ခေါင်းခန်းတွင် ဒရိုင်ဘာနှင့်အတူထိုင်နေသောကိုထွန်းသောင်းမှာ-

"ပေါက်တောမဟုတ်ဘူး။ ဘာဖြစ်လို့လဲမသိဘူး ထိုးရပ်သွားလို့၊ မင်းတို့ပေါက်တောသွားချင်ရင်ဆင်းလို့ရတယ်"

ကိုထွန်းသောင်း၏စကားကြောင့် နောက်ခန်းမှစီးနင်းလိုက်ပါလာကြသောသူများလည်း ကားပေါ်မှ တဘုတ်ဘုတ်နှင့် ခုန်ဆင်းပြီး နီးစပ်ရာနေရာတွင် အပေါ့အပါးသွားကြလေတော့သည်။ ကိုထွန်းသောင်းမှာ ကားရှေ့မီးရောင်ဖြင့် ရှေ့မှဆိုင်းဘုတ်ကို ဖတ်ကြည့်လိုက်ရာ တော်ကူးကျေးရွာဆိုသော ဆိုင်းဘုတ်ကို တွေ့လိုက်ရ၏။ မိုးချုပ်နေပြီဖြစ်၍ ဈေးသည်များမရှိတော့ ဆိုင်းဘုတ်နှင့် မလှမ်းမကမ်းတွင် နားနေဆောင်တန်းလျားကို တော့မြင်နေရသည်။ အားလုံးမှာ ဘောင်းဘီရှည်များ ဝတ်ဆင်ထားကြသဖြင့် အဆင်ပြေသလိုပင် ကိစ္စရှင်းလိုက်၏။ နောက်ခန်းမှ စီးနင်းလိုက်ပါလာသောသူတစ်ယောက်က ရှေ့ခန်းဘက်သို့ လျှောက်လာပြီး ယာဉ်မောင်းအား-

"အောင်ကြီး၊ ကားဘာဖြစ်သွားလို့လဲ"

"မပြောတတ်ဘူးကွ၊ ထိုးရပ်သွားတာပဲ။ ငါနည်းနည်းနှိုက်ကြည့်လိုက်[illegible]မယ်"

ယာဉ်မောင်းအောင်ကြီး ဖြ[illegible]ရင်း ဟိုစမ်းဒီစမ်းနှင့်လုပ်နေလေသ[illegible]
ကိုထွန်းသောင်းတို့ ဘုရားဖူးအဖွဲ့[illegible]
ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်အတွ[illegible]
သစ်စက်တစ်ခုမှ လုပ်သားများဖြစ်[illegible]
ကိုထွန်းသောင်းက လုပ်သားခေါင်း[illegible]
ဖြစ်၏။ သူတို့သူဌေးလင်မယားမှ တ[illegible]
တစ်ခါ နှစ်စဉ် အလုပ်သမားမျာ[illegible]
မြန်မာပြည်အထက်ပိုင်း (သို့) မြ[illegible]
ပြည်အောက်ပိုင်းအနှံ့ ဘုရားစုံလို[illegible]
ပို့ဆောင်ပေးနေကျဖြစ်၏။ ယခုနှစ်[illegible]
သူဌေးလင်မယားနှင့်ကလေးနှစ်ယော[illegible]
အပြင် သူဌေးမိဘများပါ လိုက်ပ[illegible]
ပြီးမှ ရုတ်တရက်ဆိုသလို သူဌေး၏ [illegible]
အငယ်လေးက ဖျားပြီးဆေးရုံ[illegible]
လိုက်ရသဖြင့် သူဌေးတို့မိသားစု[illegible]

နိုင်တော့ဘဲ အလုပ်သမားတွေချည်း လွှတ်လိုက်ရ၏။

ငွေကြေးအလုံအလောက်ထည့်ပေး လိုက်သဖြင့် အလုပ်သမားများလည်း ဖိုးကျိုင်းတုတ်ဖြစ်ကုန်၏။ ပျော်လိုက် သည့်ဖြစ်ခြင်း။ ဘာပြောကောင်းလိုက် မလဲ တစ်လမ်းလုံး ဘုရားဖူးလိုက်၊ အရက်ဆိုင်ထိုင်လိုက်နှင့် သူတို့အဖွဲ့ကွဲပြ ချင်တိုင်းပြလာကြ၏။ ကိုထွန်းသောင်း တို့ သစ်စက်လုပ်သားများအဖွဲ့တွင် ကိုထွန်းသောင်းက အကြီးဆုံးဖြစ်ပြီး သံချောင်းခေါ် နဂါး၊ ထွန်းဝင်း၊ စိန်မောင်၊ တောက်တဲ့၊ ရန်လိုလှဝင်းနှင့် ခုန်ကိုင် အငယ်လေးတို့ဖြစ်ကြပြီး အောင်ကြီးက ယာဉ်မောင်းဖြစ်၏။ သူတို့အားလုံး မှာ အလုပ်ကြမ်းသမားများဖြစ်ကြသည့် အလျောက် ပင့်ပန်းသည်ဟုအကြောင်း ပြကာ ညနေတိုင်း ဘုံဆိုင်တွင် ဇေနှင့် နှစ်ပါးသွားပြီးမှသာ လမ်းခွဲကြ၏။ တစ်ဖွဲ့ လုံး ဖိုးသမားကြီးများသာ ဖြစ်သည်။ အလုပ်ကြမ်းသမားများလည်းဖြစ်၊ ဘဝ ကို ခပ်ကြမ်းကြမ်းဖြတ်သန်းလာသူများ လည်းဖြစ်ကြသဖြင့် မိုက်တီမိုက်ကန်း များလည်း ဖြစ်သည်။ သူတို့အဖွဲ့တွင် ရန်လိုလှဝင်းမှာ ပြဿနာကောင်ဖြစ်၏။ မူးလာပြီဆိုလျှင် ဟောင်ဖွာဟောင်ဖွာနှင့် ပြဿနာရှာသူ။ ထို့ကြောင့်လည်း လှဝင်း နာမည်ပျောက်ပြီး ရန်လိုဟုနာမည်တွင် သည်။ သူပြဿနာရှာပြီဆိုသည်နှင့် သံချောင်းခေါ် နဂါးကလည်း ကိုယ်ပေါ်

# ဇော်မင်း(ဒဂုံ/မြောက်)

# လူယောင်ဖန်ဆင်းသော ဝိညာဉ်များ



မှ အကျီကိုချွတ်ပြီး သူ့ခန္ဓာကိုယ်ပိန်ပိန် ပေါ်မှာထိုးထားသောနဂါးရုပ်ကို လူတွေ မမြင်မြင်အောင် ကောင်တာနှင့် သူတို့ ထိုင်နေသောဝိုင်းကို ခေါက်တုံ့ခေါက်ပြန် အကြောင်းမရှိအကြောင်းရှာလျှောက် လေနေတော့သည်။ သူ့ရည်ရွယ်ချက်က သူ့ကိုယ်ပေါ်မှ နဂါးရုပ်ကိုမြင်လျှင် လူရှိန် အောင်ဖြစ်သည်။ ထို့အတွက်လည်း သူ့ကိုဘော်ဒါများက နဂါးသံချောင်းဟု ခေါ်ကြသည်။ နောက်တစ်ယောက်က အငယ်လေးခေါ် ခုံကိုင်သူကျတော့ ရန်လိုလှဝင်းက ပြဿနာရှာပြီး နဂါးက အကျီချွတ် လမ်းသလားပြီဆိုသည်နှင့် ခွေးခြေခုံတစ်ခုံကောက်ကိုင်လေတော့၏။ တစ်ခါလည်း သူနှင့်တခြားတစ်ယောက် ရန်ဖြစ်တော့ ခုံတကိုင်ကိုင်လုပ်နေတုန်း သူများကဆော်သွားသဖြင့် ခုန်ကိုင်ဖမှု နာမည်တွင်သွား၏။နောက်တစ်ယောက် က ထွန်းဝင်း။ သူက နှစ်လုံးထိသမား။ အချိန်ရသည်နှင့် စာရွက်၊ ဘောလ်ပင်ယူ ပြီးတွက်တော့သည်။ တွေ့သမျှလူတိုင်းကို လည်း သူတွက်ထားသမျှကို ကလင်ဒါ ကျဆိုပြီးထိုးခိုင်းလေတော့၏။ ထွန်းဝင်း နာမည်ပျောက်ကာ ကလင်ဒါကျဟု နာမည်တွင်သွားသူဖြစ်သည်။ စိန်မောင် နှင့်တောက်တဲ့က ဖွန်ကြောင်။ ကောင်မ လေးကိစ္စနှင့်သာဆိုလျှင် ရှာသမျှ ဘယ် လောက်ကုန်ကုန်ဆိုသည့် လူစားမျိုး တွေ။ သူတို့အဖွဲ့က စရိုက်စုံသော်လည်း အကြိုက်တူကြသည်။ ဇေကိုတော့ မက်မက်မောမောသောက်သုံးသူများဖြစ် ကြ၏။ ယခုလည်း သူတို့အဖွဲ့အုပ်ချုပ်သူ သူဌေးလင်မယားမပါသဖြင့် အကြိုက် တွေ့ကာ ထင်တိုင်းကြလာကြသည်။ ရန်လိုလှဝင်းက ကားကိုဟိုနိုက်သည် နှိုက်လုပ်နေသော အောင်ကြီးအား -

"အောင်ကြီး၊ ငါတို့ ဟိုနားသည် နားလျှောက်လိုက်ဦးမယ်။ မင်းကားပြင် လို့ပြီးရင် ဟွန်းတီးခေါ်လိုက်"

ထိုအခါ ထွန်းသောင်းက -

"ဟေ့ရောင်တွေ မှောင်နေပြီ၊ မင်း တို့ဘယ်သွားကြမလို့လဲ"

"ဇေလေးဘာကလေးများရမလား လို့ နည်းနည်းရှာမလို့။ ဘိုထွန်း လိုက်ဦး မလား"

"မလိုက်တော့ဘူး။ မင်းတို့ပဲသွား ကြ၊ သိပ်အဝေးကြီးမသွားနဲ့နော်"

"အင်းပါဗျ။ ရရင် ခင်ဗျားတို့ အတွက်ပါဆွဲခဲ့မယ်"

ပြောပြောဆိုဆို ရန်လိုတို့အဖွဲ့ ထွက်လာခဲ့ကြ၏။ ရွာလမ်းဝတွင် မည်သူ တစ်ဦးတစ်ယောက်မှ မတွေ့ရသဖြင့် ရွာအဝင်လမ်းမအတိုင်း လျှောက်လာခဲ့ ကြ၏။ အတန်ကြာလျှောက်လာခဲ့သော် လည်း အိမ်ခြေတစ်လုံးမှမတွေ့ရသဖြင့်-

"ဟေ့ရောင်တွေ၊ ရွာနဲ့လမ်းဝက အတော်ဝေးပုံရတယ်ကွ။ ပြန်လှည့်ကြရ အောင်ကွာ"

"အေးကွ၊ ချမ်းလည်းအတော် ချမ်းလာပြီ၊ ပြန်ကြရအောင်ကွာ"

တစ်ယောက်တစ်ပေါက်ပြောရင်း ပြန်လှည့်လာခဲ့ကြသည်။ ဒီဇင်ဘာလ ဖြစ်သဖြင့် ရာသီဥတုက အတော်လေး အေးပြီး မြူနှင်းများလည်းဝေဝေကာကျ ဆင်းလို့နေသည်။ ထိုစဉ် သူတို့ရှေ့တည့် တည့်မှ ဆိုင်ကယ်တစ်စီးလာနေသည်ကို တွေ့ရသဖြင့် သူတို့အနားအရောက်တွင် တားလိုက်ကြပြီး -

"အစ်ကို၊ ကျွန်တော်တို့က လမ်းဝ မှာပျက်နေတဲ့ဘုရားဖူးယာဉ်ကပါ။ ကား ကပျက်၊ ဗိုက်ကဆာ၊ ချမ်းချမ်းနဲ့ဆိုတော့ ကျွန်တော်တို့ အရက်နည်းနည်းဝယ်ချင် လို့ တစ်ဆိတ်လောက်ကူညီပါလား"

"ရတယ်၊ ကျွန်တော်နဲ့တစ်ယောက် လိုက်ခဲ့လေ ကျွန်တော်ပို့ပေးမယ်"

"ကျေးဇူးပါပဲဗျာ"

ပြောရင်း တောက်တဲ့သည် ဆိုင်ကယ်နောက်မှတက်ခွသဖြင့် စိန်မောင် ကလည်း -

"ဟေ့ရောင်ငါလည်းလိုက်မယ်"

ပြောရင်း တက်ခွလိုက်သည်။ ဆိုင်ကယ်မောင်းထွက်သွားတော့ သူတို့ လည်း ကားဆီသို့ပြန်လာခဲ့ကြ၏။ ခဏ အကြာ အရက်ဝယ်သွားသော တောက်တဲ့ တို့နှစ်ယောက် ပြန်ရောက်လာခဲ့ကြ၏။ တောက်တဲ့တို့ဝယ်လာသော ဇေအရက် နှင့် မြေပဲလှော်၊ အာလူးကြော်၊ ငါးမုန့် တို့ကို ရေသန့်ဘူးခွံကိုဖြတ်ကာ ခွက်လုပ် ပြီး ကားနောက်ခန်းတွင် ဝိုင်းဖွဲ့လိုက်ကြ သည်။ သောက်လိုက်စားလိုက်ငြင်းလိုက် ခုန်လိုက်အော်လိုက်ဟစ်လိုက်နှင့် ဖိတ် လွတ်ကိုယ်လွတ်စားသောက်နေကြရာ အရက်သုံးလုံးမှာကုန်သွားလေပြီ။ အချိန် ကလည်း ညဥ့်နက်သထက်နက်လာ၏။ အအေးဓာတ်ကလည်း တဖြည်းဖြည်း ပိုကဲလာလေသည်။

"ဟေ့ရောင်အောင်ကြီး၊ ငါတို့ဒီမှာ ညစ်စာရင်းတိုင်ရမှာလား"

ကားပြင်နေသော အောင်ကြီးကို တစ်ယောက်တစ်ပေါက်လှမ်းအော်မေး လိုက်၏။ ယင်းအခိုက် ကားမှာ ဝူးခနဲ နိုးသွားသဖြင့် ဟေ့ခနဲအော်လိုက်ကြ၏။ ထွန်းသောင်းမှာ အောင်ကြီးနှင့် ဝိုင်းကူ ပေးနေရ၍ မသောက်ရသေးသဖြင့် ကားစက်နိုးသွားတော့ နောက်ခန်းဘက် လျှောက်လာပြီး -

"ဟေ့ရောင်တွေ ကုန်ပြီလား တစ်ခွက်လောက်ပေးစမ်းကွာ"

"ရှိပါဗျာရှိပါ နောက်သုံးလုံး တောင်ရှိသေးတယ်။ အောင်ကြီးပါ ခေါ် လိုက်လေဗျာ"

ကားနောက်ခန်းမီးဖွင့်ထားသဖြင့် ကမ်းပေးသောခွက်ကို အောက်ကနေ လှမ်းယူပြီး အောင်ကြီးကိုတစ်ခွက်ကမ်း ပေးကာ သူလည်း တစ်ခွက်မော့ချလိုက် ရင်း ခွက်ပြန်ပေးလိုက်ကာ -

"ဟေ့ရောင်တွေ မင်းတို့လူစုံတယ် မဟုတ်လား၊ လူစုံရင်လစ်မယ်"

"စုံတယ်၊ မောင်းတော့ဗျို့"

ထွန်းသောင်းတို့ ကားခေါင်းပေါ် ပြန်တက်လိုက်ပြီး ကားမှ ဝူးခနဲမောင်း ထွက်လာခဲ့၏။ အတန်ကြာမျှ မောင်း ထွက်ခဲ့ပြီး ကားမှာထိုးရပ်သွားပြန်သည်။ နောက်ခန်းမှ လူများလည်း တစ်ယောက် တစ်ပေါက်နှင့် ဆူညံကုန်၏။ အောင်ကြီး မှာ အတန်ကြာသည်အထိ ကြိုးစားပြင် သော်လည်း ကားမှပြန်မကောင်းလာ သဖြင့် လက်လျှော့လိုက်ပြီး ကား အနောက်ခန်းမှအုပ်စုနှင့်ပူးပေါင်းလိုက် တော့၏။ စိုင်းထီးဆိုင်သီချင်းကို ငြိမ့်ငြိမ့် လေးဖွင့်ပြီး တစ်ယောက်တစ်လှည့် ခွက်လှည့်မော့နေကြရာ အချိန်မှာကုန် မှန်းမသိကုန်လာ၏။ နှင်းတွေကတဖွေ ဖွေးနှင့် အအေးဓာတ်ကလည်းပိုကဲကာ လာလေတော့သည်။ ကားလမ်းမတွင် ဖြစ်သဖြင့် လေကလည်း ဒလဟောတိုက် လို့နေသည်။ အရက်တစ်ခွက်ပြီးတစ်ခွက် သောက်သည့်ကြားကပင် အအေးဓာတ် ကိုအန်မတုနိုင်။ အရက်ကုန်သွားပြီဖြစ် သဖြင့် အောင်ကြီးက ကားနောက်ခန်းမှ ဆင်းရန်ပြင်လိုက်သည်။

"ဟေ့ရောင် အောင်ကြီး၊ ဒါတ ဘယ်လဲ"

ရန်လိုအမေးစကားကြောင့် -

"ခေါင်းခန်းထဲသွားအိပ်မလို့လေ ကွာ"

"ဘာကွ၊မင်းကဘာလူပါးဝတာလဲ မလိုချင်ဘူး မင်းလည်းဒီမှာပဲအိပ်"

"ဟာ - ငါကကားမောင်းတဲ့လူပဲ ခေါင်းခန်းမှာအိပ်မှာပေါ့ကွ"

ထိုအခါ နဂါးက -

"ဟေ့ရောင် မလိုချင်ဘူး။ မင်း လည်းဒီမှာပဲအိပ်။ မင်းငါ့အကြောင်း

သိတယ်နော်"

ပြောရင်း အင်္ကျီချွတ်နေသဖြင့် -

"ကဲ့ဂါကွာ သိပါတယ်။ အေးရတဲ့အထဲ မင်းအင်္ကျီပြန်ဝတ်ထားစမ်းပါ"

"အေး - သိရင်ပြီးရော"

ပြောရင်း နဂါးက အင်္ကျီကြယ်သီးပြန်တပ်လိုက်သည်။ ထိုစဉ် ထွန်းသောင်းက အောက်ဆင်းသဖြင့် ခုံကိုင်အငယ်လေးက ပုလင်းကိုကိုင်ပြီး -

"ဘိုထွန်း၊ ခင်ဗျားဘယ်လဲ"

ခပ်ထန်ထန်မေးလိုက်သဖြင့် -

"အပေါ့သွားမလို့၊ လိုက်မလား"

"လိုက်မယ်"

ပြောပြီး နောက်မှလိုက်ဆင်းသွား၏။ နှစ်ယောက်သား အပေါ့သွားနေရင်း ခုံကိုင်က -

"ဘိုထွန်း၊ အေးလိုက်တာဗျာ။ အနွေးထည်ကပါးစောင်ကမပါနဲ့ ဒီကြားထဲ လေကဒလဟောကိုတိုက်နေတော့တာပဲ။ မနက်ကျရင် အားလုံးလေဖြတ်တုန်လိမ့်မယ်ထင်တယ်"

"ဘယ်တတ်နိုင်မလဲကွာ၊ ဒီလိုပဲ အိပ်ရမှာပေါ့"

"ဟာ - ဟော့လူဟိုမှာကြည့်စမ်း"

ခုံကိုင်က အထိတ်တလန့်ပြောလိုက်သဖြင့် -

"ဟာကွာ-လန့်လိုက်တာ။ ဖြည်းဖြည်းသာသာပြောစမ်းပါကွာ ဘာလဲ"

"ဟိုမှာ အိမ်တစ်လုံးမီးလင်းနေတယ်တွေ့လား"

ထွန်းသောင်းက ခုံကိုင်ညွှန်ပြရာတိုကြည့်လိုက်ပြီး -

"အဲဒါဘာဖြစ်လဲ"

"အဲဒီအိမ်အကူအညီတောင်းပြီး သွားအိပ်ကြမလား"

"ဟိုကောင်တွေမေးကြည့်။ အားလုံးသဘောတူရင်သွားမယ်"

ထိုအိမ်မှာ ကားပေါ်မှကြည့်ရင် သစ်ပင်များကွယ်နေသဖြင့် မတွေ့ရပေ။ ခုံကိုင်အငယ်လေးက -

"ကဲ - သူငယ်ချင်းတို့ မင်းတို့ဘယ်လိုသဘောရလဲ။ အဲဒီအိမ်မှာအကူအညီတောင်းပြီးသွားအိပ်ကြမလား။ ဒီမှာပဲလေအဖြတ်ခံကြမလား"

"သွားအိပ်မယ်ကွာ"

"အေး-သွားအိပ်မယ်။ ဒါပေမယ့် အိမ်ရှင်ကအအိပ်ခံပါ့မလား"

"တောင်းတောင်းပန်ပန်တော့ပြောရမှာပေါ့ကွ"

"ကဲ-ဒါဆိုလည်း အားလုံးသဘောတူရင်သွားကြမယ်"

ကားခေါင်းခန်းကိုတော့ လော့ချပြီး အားလုံးထွက်လာခဲ့ကြ၏။ ကားလမ်းပေါ်မှလှမ်းကြည့်တော့ နီးနီးလေးလို့ထင်ရပေမယ့် တကယ်တမ်း လမ်းလျှောက်တော့ အတော်လေးလျှောက်ရ၏။ လမ်းမရှိသဖြင့် ဟိုချုံတိုးဒီချုံတိုးနှင့် ဓာတ်မီးကလည်း တစ်လက်တည်း။

"ဟော့ရောင်ခုံကိုင်၊ မင်းလုပ်တာနဲ့ ငါတို့ ညဘက်ကြီး တောတိုးနေရပြီ။ အေးကွာ ဒီကောင်လုပ်လိုက်မှဖြင့် တလွဲကြီးပဲ"

တစ်ယောက်တစ်ပေါက်ပြစ်တင်ရေရွတ်ရင်း မီးလင်းနေသောအိမ်ကြီးနှင့် နီးသထက်နီးလာ၏။ အိမ်ကြီးမှာ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်ပြီး အိမ်ကြီးကိုကြည့်လိုက်သည်နှင့် ကျောချမ်းဖွယ်ကောင်းလှသည်။ အိမ်ကြီးမှာ သာမန်အိမ်များနှင့်မတူဘဲ အပေါ်ထပ်တွင် အမြင်ဘက်သို့ပိုထွက်နေသောအဆောင်များတွေ့ရပြီး မှန်ပြတင်းပေါက်များတပ်ဆင်ထားသော ရှေးဟောင်းအိမ်မျိုး ဖြစ်၏။ အပေါ်ထပ်ရောအောက်ထပ်ရော ခြံထဲမှာပါ အောက်လင်းဓာတ်မီးများထွန်းညှိထားသဖြင့်လင်းထိန်နေ၏။

"ဟော့ရောင်တွေ၊ အိမ်ကြီးကလည်း မီးတွေထိန်လို့ပါလား။ အလှူအိမ်လား၊ နာရေးအိမ်လား။ တစ်ခုခုတော့တစ်ခုခုပဲ"

"ဟာ - အိမ်ရှေ့မှာ အလောင်းစင်ပြင်ထားတယ်ကွ။ နာရေးအိမ်ကြီးပဲ။ ဘယ်လိုလုပ်ကြမလဲပြန်လှည့်ကြမလား"

"ရောက်ပဲရောက်နေမှ မထူးပါဘူးကွာ၊ ဝင်ကြတာပေါ့"

"အေးကွာ-ဟုတ်တယ်၊ ပြန်လှည့်ရင် ဘာမှမထူးဘူး။ လာကွာ ခြံထဲဝင်ကြမယ်"

တစ်ယောက်တစ်ပေါက်နှင့်ပြောကြဆိုကြရင်း ခြံဝင်လာခဲ့ကြ၏။ သူတို့အုပ်စု ခြံထဲဝင်ကြသည်နှင့် မိန်းကလေးနှစ်ယောက်ဖွင့်ထားသော အိမ်ရှေ့ရှိတံခါးပေါက်မှထွက်လာပြီး -

"အစ်ကိုတို့၊ ဧည့်သည်တွေထင်တယ်။ ညကြီးအချိန်မတော်ရောက်လာကြတာဆိုတော့ ကားများပျက်လို့လား"

မွန်သံခပ်ဝဲဝဲဖြင့် မေးလာ၏။ ရှေ့ဆုံးမှ ထွန်းသောင်းက -

"ဟုတ် . . . ဟုတ်ပါတယ် ခင်ဗျ။ ဒီနားမှာ ကားပျက်သွားလို့ တစ်ညလောက် တည်းခိုခွင့်တောင်းမလို့ပါ။ ကားပေါ်မှာကအရမ်းအေးလို့"

"ရပါတယ်ရှင်၊ အစ်ကိုတို့ အိမ်ထဲဝင်ကြပါ"

မိန်းကလေးနှစ်ယောက်ဖိတ်မန္တကပြုသဖြင့် သူတို့လည်း အိမ်ထဲဝင်လာခဲ့ကြသည်။ တောက်တဲ့နှင့် စိန်မောင်က တစ်ယောက်နှင့်တစ်ယောက် တိုးတိုးကျိတ်ပြီး -

"တောက်တဲ့၊ ကောင်မလေးတွေက မဆိုးဘူးကွ၊ မိုက်တယ်"

"အေးကွ - ဒီညတော့ လာရကျိုးနပ်ပြီကွ"

သူတို့နောက်မှ နဂါးက -

"ဟော့ရောင်တွေ တိုးတိုးတိုးထိုးနဲ့ ဘာလုပ်နေတာလဲ။ ဝင်ကြလေကွာ"

ဟောက်လိုက်မှဝင်သွားတော့၏။ အသက် (၆၀) ကျော် ယောကျာ်းကြီးသုံး၊ လေးယောက်နှင့် မိန်းမကြီး လေး၊ ငါးယောက်လောက် တစ်ဖွဲ့စီဝိုင်းထိုင်နေကြပြီး ရေနွေးသောက်ကာ စကားပြောနေကြသည်။ ကလေးသုံး၊လေးယောက်နှင့် အပျိုအရွယ်မိန်းကလေးနှစ်ယောက်ကိုလည်း တွေ့ရ၏။ ခေါင်းရင်းဘက်တွင် တဘက်ကြီးခေါင်းပေါင်းကာ ဆေးတံဖွာနေသော အဘကြီးက -

"မောင်ရင်တို့၊ ဧည့်သည်တွေထင်တယ် ထိုင်ကြကွယ့်"

အဘကြီးစကားကြောင့် -

"ဟုတ်ကဲ့ အဘ"

တစ်ယောက် ပြန်ဖြေရင်း လွတ်နေသောနေရာတွင် စုထိုင်လိုက်ကြ၏။ ဒရိုင်ဘာအောင်ကြီးက တစ်အိမ်လုံးကို ခြုံငုံသုံးသပ်လိုက်ပြီး အိမ်ထဲရှိလူများကို လှေ့လာကြည့်ကာ စိတ်ထဲမသင်္ကာဖြစ်နေသည်။ စိန်မောင်က လေသံတိုးတိုးဖြင့် တောက်တဲ့နားကပ်ပြီး -

"ဟော့ရောင် ဟိုမှာလည်း ကောင်မလေးနှစ်ယောက်ကွ။ ဒီနှစ်ယောက်က ပိုမိုက်တယ်"

"ဟင်း - မင်းကလည်း အရင်တွေ့တဲ့နှစ်ယောက်က ပိုမိုက်တာပေါ့ကွ"

"ဒီနှစ်ယောက်က ပိုမိုက်တာကွ။ ကြည့်ပါလား ငါတို့တွေကိုခိုးခိုးကြည့်နေတယ်။ ဟော - ပြောရင်းဆိုရင်း ငါနဲ့တောင် မျက်လုံးချင်းစကားပြောပြီးသွားပြီ"

"သူက မျက်လုံးနဲ့ဘာပြောလဲ၊ မင်းကိုပါးရိုက်မယ်တဲ့လား"

"ဟော့ရောင်တွေမင်းတို့နှစ်ယောက်ဘာဖြစ်နေတာလဲ"

ကိုထွန်းသောင်း ဟောက်လိုက်မှ ငြိမ်သွား၏။

အောင်ကြီးက -

"ကိုထွန်းသောင်း သူတို့ကိုကြည့်ရတာ ကျုပ်စိတ်ထဲ တစ်မျိုးကြီးပဲနော်။ နောက်ပြီး အိမ်ကလည်း ဘုရားကျောင်းဆောင်လည်းမရှိဘာမရှိနဲ့"

ထွန်းသောင်းကို တိုးတိုးကပ်ပြောသဖြင့် -

"ဟာ. . . မင်းကလည်း ဘုရားကျောင်းဆောင်က အပေါ်ထပ်မှာရှိမှာပေါ့ကွ။ ဒါမြန်မာအိမ်မဟုတ်ဘူး မွန်အိမ်ကွ"

ထွန်းသောင်းစကားဟုတ်သလိုလိုဖြစ်နေသဖြင့် အောင်ကြီးကငြိမ်နေလိုက်၏။

ထိုစဉ် ခေါင်းရင်းမှာ ဆေးတံခဲနေသော အဘိုးအိုက -

"နင်တို့တွေညစာမစားရသေးဘူးနဲ့တူတယ်၊ ခဏလေးစောင့်၊ ငါသွားပြင်ခိုင်းလိုက်မယ်"

သူတို့အုပ်စုဘက် လှည့်ပြောပြီး ကောင်မလေးတွေဘက်လှည့်ကာ -

"သမီးတို့၊ ဧည့်သည်တွေအတွက် ထမင်းသွားပြင်ပေးလိုက်ပါဦး။ ရှိသေးတယ်မဟုတ်လား"

"ဟုတ်ရှိသေးတယ် အဘ"

ကောင်မလေးတွေကပြောဆိုပြီး နောက်ဖေးဘက်ဝင်သွားကြ၏။ ခဏအကြာ မိန်းကလေးတစ်ယောက်ထွက်လာပြီး -

"အစ်ကိုတို့ ထမင်းသုံးဆောင်လို့ရပါပြီ"

မွန်သံဝဲဝဲနှင့် လာခေါ်သဖြင့် ကောင်မလေးနောက်ထလိုက်သွားကြ၏။ ထမင်းစားပွဲဝိုင်းကြီးတွင်ဝင်ထိုင်လိုက်ကြစဉ် ကောင်မလေး (၄) ယောက်က ထမင်းခူးခပ်ပေးလေသည်။

စိန်မောင်က -

"တောက်တဲ့၊ ငါ့ဥစ္စာမင်းဘေးနားက ကောင်မလေးနော် ပြောထားပြီးပြီ"

"အေး - ဒါဆိုငါဟိုအဝါနဲ့ကောင်မလေး၊ အနီနဲ့ကောင်မလေး"

"ဟာ-ဟေ့ရောင်၊ မင်းနှစ်ယောက်တော့ မလုပ်နဲ့လေကွာ။ ငါကျတော့ တစ်ယောက်တည်း"

"မင်းလည်း နှစ်ယောက်လုပ်ချင်လုပ်ပေါ့ကွ"

"အေး - ဒါဆို ငါမင်းဘေးနားက ကောင်မလေးနဲ့၊ အဝါနဲ့ကောင်မလေး နှစ်ယောက်ကွာ"

"ဟေ့ရောင် အဝါနဲ့ကောင်မလေးက ငါယူထားတယ်လေကွာ"

"မင်း အစိမ်းနဲ့ကောင်မလေးကိုယူလိုက်"

"ဟင့်အင်းကွာ၊အစိမ်းနဲ့ကောင်မလေးကို ငါမယူချင်ဘူး မင်းယူလိုက်။ အဝါနဲ့ကောင်မလေးကို ငါ့ပေး"

"အောင်မာ - ဘာလို့ပေးရမှာလဲ"

- နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် တတွတ်တွတ်နှင့်တွတ်ထိုးနေကြစဉ် -

"ဟေ့ရောင်တွေ"

ကိုထွန်းသောင်းအသံ ခပ်ကျယ်ကျယ်လေးထွက်လာကာ -

"မင်းတို့နှစ်ယောက်ကတော့ကွာ ငါနားထင်ထအုပ်လိုက်ရ"

တောက်တဲ့နှင့် စိန်မောင်သည် ထွန်းသောင်းကိုပြူးကြည့်ပြီး -

"ကျွန်တော်တို့ဘာလုပ်လို့လဲလို့"

မျက်နှာငယ်လေးနှင့် ပြောလိုက်သည်။

"ဘာလုပ်လို့လဲဟုတ်လား။ မင်းတို့ပြောနေတာ ဒီကအတိုင်းသားကြားနေရတယ်ကွ။ အိမ်ရှင်ကို အားနာစရာကြီးကွာ"

"ရပါတယ်ရှင်၊ ကိစ္စမရှိပါဘူး။ အစ်ကိုတို့ လွတ်လွတ်လပ်လပ်သုံးဆောင်ကြပါ"

ပြောပြီး ကောင်မလေးများ အပြင်သို့ထွက်သွားကြတော့သည်။

ထိုအချိန် ရန်လိုက -

"မင်းတို့နှစ်ကောင်ကွာ လုပ်လိုက်ရင် အရမ်းကြီးပဲ။ နာရေးအိမ်မှာမို့လို့ပေါ့။ အပြင်မှာသာဆိုရင် မင်းတို့နာပြီ"

ရန်လို၏ ဟောက်သံဆုံးသည်နှင့် နဂါးကထပြီး -

"မင်းတို့နှစ်ကောင်နော် ကြည့်လုပ်ကြ။ငါ့အကြောင်းသိတယ်မဟုတ်လား"

ပြောရင်း အကျီကြယ်သီးဖြုတ်နေပြန်၏။

ခုံကိုင်ကလည်း -

"ဟုတ်တယ် မင်းတို့နှစ်ယေ ာက် အရိုပ်သုံးပါးကို နားမလည်ဘူး၊ နောက်တစ်ခါဆိုနာပြီသာမှတ်"

ပြောရင်း ဖင်ထိုင်ခုံကိုထောင်ပြလိုက်လေ၏။ စိန်မောင်နှင့်တောက်တဲ့မှာ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ငြိမ်ကုပ်ပြီး ထမင်းငုံ့စားလိုက်ကြသည်။ ထမင်းစားသောက်ပြီးတော့ ကောင်မလေးလေးယောက်က အခန်းထဲပြန်ဝင်လာပြီး -

"အစ်ကိုတို့ တစ်နေကုန် ပင်ပန်းလာကြတာဆိုတော့ နားချင်ကြရောပေါ့။ ကျွန်မတို့ အစ်ကိုတို့အိပ်ဖို့ပြင်ထားပါတယ်ရှင်။ ကျွန်မတို့နဲ့လိုက်ခဲ့ပါ"

ကောင်မလေးတွေ ညွှန်ပြသောအခန်းတွင် အားလုံးစုပြီး အနားယူလဲလျောင်းလိုက်ကြရာ ခဏတွင်းပင် အိပ်ပျော်သွားကြ၏။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ မျက်နှာကို နေရောင်ထိုးတော့မှ ဒရိုင်ဘာအောင်ကြီး အိပ်ရာမှနိုးလာသည်။ နိုးနိုးချင်းထထိုင်ပြီး ဘေးပတ်ဝန်းကျင်ကို လေ့လာလိုက်တော့ ချုံနွယ်ပိတ်ပေါင်းများဝိုင်းရံနေသော ကုန်းကမူတစ်ခုပေါ် ရောက်ရှိနေမှန်းသိလိုက်ရသည်။ အဖော်သူငယ်ချင်းများကိုကြည့်လိုက်တော့ မြေကြီးပေါ်တွင် အိပ်ပျော်နေကြသဖြင့် မနည်းနှိုးရလေတော့သည်-

"ဟဟ - ငါတို့ဘယ်ရောက်နေကြတာလဲ"

"ဟ - ငါတို့ညကအိပ်တဲ့အိမ်ကြီးကော"

"ကောင်မလေးတွေကော ဘယ်ရောက်ကုန်ပြီလဲဟ"

တစ်ယောက်တစ်ပေါက် အသံ ထွက်လာကြတော့သည်။

ထိုအခါ ဒရိုင်ဘာအောင်ကြီးက-

"ဘိုထွန်း၊ ညက ကျုပ်မပြောဘူးလား။ ဒီကလူတွေနဲ့ အိမ်ကြီးပုံစံ ကျုပ်မသင်္ကာပါဘူးလို့"

"အေးကွ၊ လူယောင်ဆောင်ထားတဲ့ဝိညာဉ်လောကသားတွေပဲဖြစ်ရမယ်။ ဘယ်ရောက်သွားလဲ။ အစိမ်း၊အဝါလုနေတဲ့ဟိုနှစ်ကောင် သင်းတို့လုပ်တာနဲ့ ဟိုကအားလုံးကိုကုပ်ချိုးမသတ်သွားတာ ကံကောင်းတယ်"

ထွန်းသောင်းမှ ပြောလည်းပြော စိန်မောင်နှင့် တောက်တဲ့ကို တစ်ယော တစ်ချက်စီထဆောင့်ကန်တော့သည်။

ထိုအခါ နှစ်လုံးထီသမားထွန်း ခေါ် ကလင်ဒါကျက -

"တောက်-နာလိုက်တာကွာ။ ဒီ မှန်းသိရင် တစ်ပတ်စာနှစ်လုံးထီနံပါ တောင်းထားလိုက်ပါတယ်"

ဟု ဆိုလာသဖြင့် -

"ဟာ - ဒီမှာညစ်ရတဲ့အထဲ နှစ် ထီအရူးကတစ်မျိုး"

ပြောရင်း ထဆောင့်ကန်ကြ တော့သည်။

ဒရိုင်ဘာအောင်ကြီးတို့အဖွဲ့ သော ညတစ်ညတွင်တွေ့ကြုံခဲ့ရ အဖြစ်ကို ပြန်လည် ရေးဖွဲ့ပါသည်။

ဇော်မင်း(ဒဂုံ/မြော




# ကိုရွှေမြသန်း(သမိုင်း)

## ပြိတ္တာတို့၏ပိုင်နက်
## ဘုံဌာနအမျိုးမျိုးအစားစားဖြစ်ရခြင်းနှင့် မက်ဖိုလ်ရရှိသွားကြသောပြိတ္တာများ

ပြိတ္တာတို့၏ပိုင်နက်နှင့် ပြိတ္တာတို့၏ ဘုံဌာန ဟူသည်မှာ အပါယ်လေးဘုံရှိသည့်အနက် ငရဲဘုံသည် သီးခြားသူ့ဘုံနှင့်သူရှိသည်။ သို့သော်လည်း ပြိတ္တာတို့မှာမူ သူ့ဘုံနှင့်သူ့သီးခြားမရှိပေ။ လူ့ဘုံ၌ လူတို့နှင့်တစ်စပ်တည်းနေထိုင်ကြသူများဖြစ်သည်။

ဗုဒ္ဓဘုရားရှင်လက်ထက်က ပြိတ္တာတို့သည် ဟိမဝန္တာတောင်၏နံပါးဝယ် [illegible]ာငှဝိမည်သော တောအုပ်ကြီး၌ အများအပြားနေထိုင်ကြကြောင်း သိရှိရသည်။

ကမ္ဘဇိဒ္ဓိကြီးမားသော ပြိတ္တာတစ္ဆေတို့မှာ နေထိုင်စရာဗိမာန်ရှိသော်လည်း ကမ္ဘဇိဒ္ဓိမကြီးမားသော ပြိတ္တာတို့မှာကား -

သစ်ပင်တောချုံပုတ်ပေါင်းတို့၌ လည်းကောင်း။

လျှိုရိုး၊ မြောင်းရိုးတို့၌ လည်းကောင်း။

ဟောင်းမြင်းသော လိုဏ်အို၊ ဂူအိုကြီးတို့၌ လည်းကောင်း။

သုသာန်၊ သချိုင်း စသည်တို့၌ လည်းကောင်း။

ကျောင်းအို၊ ဇရပ်အို၊ ကျောင်းပျက်၊ ဇရပ်ပျက်တို့၌ လည်းကောင်း။

တောစောင်း၊ ချောက်ကမ်းပါး စသည်တို့၌လည်းကောင်း သူတို့ပြုလုပ်ခဲ့သည့် အကုသိုလ်ကံအားလျော်စွာ နေထိုင်ခဲ့ကြရပေသည်။

ပြိတ္တာတစ္ဆေတို့၏အစားအစာမှာလည်း သူတို့ပြုလုပ်ခဲ့သောအကုသိုလ်ကံအားလျော်စွာ မသတီစရာ ရွံရှာစရာ အစားအစာများသာ ဖြစ်သည်။

ယင်းတို့မှာ -

လူတို့စွန့်ပစ်ထားသော စားကြွင်းစားကျန်များ။

ထမင်းလုံးဟင်းလုံး၊ မုန့်ကြွင်းမုန့်ကျန်များ။

စွန့်ပစ်ထားသော ငါး၊ အမဲစသည်များ။

ရွံ့ရှာစရာ အကောင်ပုပ်များနှင့် သွေးပုပ်ပြည်ပုပ်များ စသည်တို့ ဖြစ်သည်။

ဤထက်ပင် အကုသိုလ်နိမ့်ကျလှသော အကုသိုလ်ကံကြီးမားလှသော ပြိတ္တာတစ္ဆေတို့မှာမူ ဤမျှလောက်ကိုပင် မစားမသောက်ကြရပေ။

နှစ်ပေါင်းများစွာ ဘာမှမစားမသောက်ရသဖြင့် အမြဲတမ်းသာ ဆာလောင်နေသော ပြိတ္တာတစ္ဆေများ၊ နှစ်ပေါင်း(၅၅) နှစ်လုံးလုံး ရေတစ်ပေါက်မျှမသောက်ရရှာသော ဂင်္ဂါမြစ်ကမ်း ပြိတ္တာမ၊ နှစ်ပေါင်းရာထောင်သိန်းသန်း မကကာလပတ်လုံး လည်းကောင်း၊ ဘုရားတစ်ဆူနှင့်တစ်ဆူအကြားကာလပတ်လုံး လည်းကောင်း၊ ထမင်းတစ်လုံး ရေတစ်ပေါက်မျှ မသောက်ရအောင် ကြီးမားစွာ ဆင်းရဲဒုက္ခခံစားနေရသော ပြိတ္တာတစ္ဆေများကား ရေတွက်၍ မကုန်နိုင်အောင် များပြားလှပေသည်။

ယင်းကဲ့သို့ စက်ဆုပ်ရွံ့ရှာဖွယ်ရာ အစားအစာများကိုသာ စားသောက်နေကြရသည့်အပြင် ပြိတ္တာတစ္ဆေတို့၏ မူလ ရုပ်ဆင်းသဏ္ဌာန်ကလည်း မမြင်ဝံ့ မကြည့်ဝံ့စရာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

အမြဲတမ်းဆာလောင်ငတ်မွတ်နေရသဖြင့် အသား၊ အသွေးလည်းမရှိဘဲ အရေ အကြော၊ အရိုးမျှသာရှိသောကြောင့် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ရုပ်ဆင်းသဏ္ဌာန်ရှိနေသူများ ဖြစ်သည်။

ယင်းသို့ အမြဲတမ်း ဆာလောင်မွတ်သိပ်နေမှု၊ ကြောက်ရွံ့ထိတ်လန့်စရာ ရုပ်ဆင်းသဏ္ဌာန်ရှိနေမှုတို့ရှိနေကြသော်လည်း အချို့ပြိတ္တာတစ္ဆေများမှာ ကမ္မဒိဒ္ဓိကြီးမားသဖြင့် အမျိုးမျိုးဖန်ဆင်းပြနိုင်သော တန်ခိုးအာနိသင်ရှိကြလေသည်။ သို့ဖြစ်ရာ -

အိမ်သဏ္ဌာန်၊ ကျောင်းသဏ္ဌာန် ဖန်ဆင်းနိုင်ခြင်း။

လူသဏ္ဌာန်၊ တိရစ္ဆာန်အမျိုးမျိုး သဏ္ဌာန်ဖန်ဆင်းနိုင်ခြင်း။

ထူးထူးဆန်းဆန်း အဖြစ်ဆန်း အမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း စသည်တို့ကို ပြုလုပ်ပြနိုင်သောကြောင့် လူများက သူတို့ကို နာနာဘာဝများဟူ၍လည်း ခေါ်ဝေါ်ကြသေးသည်။

ပြိတ္တာတစ္ဆေတို့သည် လူ့လောကနှင့် တစ်စပ်တည်းနေထိုင်သူများဖြစ်ရာ လင်နေသားမွေး အိမ်ထောင်ရေးလည်း လူတို့ကဲ့သို့ပင် ပြုလုပ်ကြကြောင်း သိရှိရသည်။

ပြိတ္တာတို့၏ သားသမီးမွေးဖွားသောအကြောင်းများကို အဋ္ဌကထာကြီးများ၌ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

သို့သော် ပြိတ္တာတို့၏ မူရင်းရုပ်အဆင်းသဏ္ဌာန်ကား ကြောက်မက်ဖွယ်ရာများပင် ဖြစ်သည်။ -

ယင်းသို့ ပြိတ္တာတစ္ဆေတို့သည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ရုပ်ဆင်းသဏ္ဌာန်ရှိသောကြောင့် သူတို့သေဆုံးသောအခါ သူတို့၏ရုပ်ကြွင်းကို အရှိအရှိအတိုင်း၊ မူလရုပ်ဆင်းသဏ္ဌာန်အတိုင်း ကျန်ရစ်အောင်မထားရှိခဲ့ကြပေ။

သားတိရစ္ဆာန်၊ ပိုးမွှား စသော အကောင်တစ်မျိုးမျိုးတို့၏ အသွင်သဏ္ဌာန်အဖြစ်ပြောင်းလဲကာ ထားရစ်ခဲ့ကြသည်။

ဤအကြောင်းနှင့် ပတ်သက်၍ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်အား မေးလျှောက်ခဲ့ဖူးသည်။

ထိုအခါ အရှင်နာဂသိန်က -

"မင်းကြီး သေကုန်သော တစ္ဆေ ပြိတ္တာတို့၏ကိုယ်ကောင်ကို တွေ့မြင်ရ၏။ ထိုတစ္ဆေ ပြိတ္တာတို့၏အပုပ်နံ့သည်လည်း လှိုင်၏။

မင်းကြီး သေကုန်သော တစ္ဆေ ပြိတ္တာတို့၏ကိုယ်ကောင်ကို ပိုးကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

ပေါက်ဖတ်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

ခြပုန်းအသွင်ဖြင့်လည်း တွေ့မြင်ရ၏။

ပိုးနံ့ကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

ကင်းခြေများအသွင်ဖြင့်လည်းတွေ့မြင်ရ၏။

ငှက်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

သမင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

ဤသို့ သားရဲတိရစ္ဆာန်၊ ပိုးမွှား စသောအကောင်အမျိုးမျိုးတို့၏ အသွင်သဏ္ဌာန်အဖြစ်ဖြင့်သာ တွေ့မြင်ကြရကုန်သည်"

ဟု စသဖြင့် ဖြေကြားတော်မူခဲ့သည်။

ငရဲသနင်း ယမမင်းကြီးအား လည်းကောင်း ဟူသော ရေစက်ချကို ဗုဒ္ဓဘာသာဝင်တိုင်း ကြားဖူးနေကြမည် ဖြစ်သည်။ ထို့ကြောင့် ငရဲဘုံသည် ယမမင်းကြီး၏ပိုင်နက်၊ ယမမင်းကြီး အုပ်ချုပ်ရာဘုံဌာနဖြစ်ကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနေကြပေသည်။

ယမမင်းကြီးသည် ငရဲဘုံကိုသာ ပိုင်ဆိုင်အုပ်ချုပ်သည်မဟုတ်ပေ။ ပြိတ္တာဘုံကိုလည်း ပိုင်ဆိုင်အုပ်ချုပ်သည်။ ထို့ကြောင့် ပြိတ္တာတို့သည် ယမမင်းကြီး၏ ပိုင်နက်အတွင်း၌ နေထိုင်ကြရသူများ ဖြစ်သည်။

ငရဲဘုံကို ယမမင်းကြီးပိုင်နက်၊ ယမမင်းကြီး အုပ်ချုပ်ကြောင်းကို သိရှိသူများကြသော်လည်း ပြိတ္တာဘုံကို ယမမင်းကြီး၏ပိုင်နက်၊ ယမင်းကြီးအုပ်ချုပ်နေကြောင်း သိရှိသူနည်းပါးကြသည်။

ယင်းယမမင်းကြီးသည် ငရဲသူ ငရဲသားသတ္တဝါများအပေါ်၌ အလွန်ကြင်နာသူဖြစ်ကြောင်းကိုလည်း ပေတဝတ္ထု၊ အဋ္ဌကထာများ၌ တွေ့ရှိရသဖြင့် ယမမင်းကြီးသည် သနားကြင်နာသူဖြစ်ကြောင်း အထူးမှတ်သားထားသင့်ပေ၏။

❑

ပြိတ္တာအမျိုးအစားနှင့် ပြိတ္တာဖြစ်ရခြင်းအကြောင်းအရင်း ဟူသည်မှာ -

သီဟိုဠ်ကျွန်း အသမယောသ ဆရာအဆိုအမိန့်တွင် လူ့ဘုံလူ့ဘဝ လူဖြစ်စဉ်ကာလက အကုသိုလ်အမျိုးမျိုးကို ကျူးလွန်ခဲ့ကြသည့်အတိုင်း ယင်းအကုသိုလ်ကံအမျိုးမျိုး အားလျော်စွာ အကျိုးပေးသော ပြိတ္တာတို့မှာလည်း အမျိုးအစားအားဖြင့် အမျိုးမျိုးများပြားလှသည်။

၁။ သူစိလောမပြိတ္တာမျိုး။
၂။ ခရလောမပြိတ္တာမျိုး။
၃။ ဒီဃာနာခပြိတ္တာမျိုး။
၄။ ဧကပါဒပြိတ္တာမျိုး။
၅။ အနေကပါဒပြိတ္တာမျိုး။
၆။ ဧကဟတ္ထပြိတ္တာမျိုး။
၇။ အနေကဟတ္ထပြိတ္တာမျိုး။
၈။ ဧကနေတ္တပြိတ္တာမျိုး။
၉။ အနေကနေတ္တပြိတ္တာမျိုး။

စသောပြိတ္တာအမျိုးအစားအများအပြားကို ပြဆိုထားသည်။

ထို့ပြင် ဗုဒ္ဓဘုရားရှင်ကလည်း ပါရာဇိကကဏ် ပါဠိတော်နှင့် သံယုတ်ပါဠိတော်များတွင်လည်း ပြိတ္တာအမျိုးအစားပေါင်း (၂၁) မျိုး ဟောကြားတော်မူခဲ့သည်ကို တွေ့ရှိရသည်။

ယင်းသို့ ပြိတ္တာအမျိုးအစားများ အလွန်များပြားလှသော်လည်း သင်္ဂါယနာဝင် အဋ္ဌကထာ ဋီကာကျမ်းကြီးများ၌ ယင်းပြိတ္တာအမျိုးမျိုးတို့မှာ အောက်ပါ ပြိတ္တာလေးမျိုးတို့တွင် ထိုက်သည့်အားလျော်စွာ အကျုံးဝင်ကြကုန်သည်ဟု ဖော်ပြထားပေသည်။

**ယင်းလေးမျိုးမှာ -**

၁။ ပရဒတ္တူပဇီဝိကပြိတ္တာ
၂။ ခုပ္ပိပါသိကာပြိတ္တာ
၃။ နိဇ္ဈာမတဏှိကပြိတ္တာနှင့်
၄။ ကာလကဉ္စိကပြိတ္တာတို့ ဖြစ်ကြသည်။

**ယင်းလေးမျိုးတို့တွင် -**

၁။ သူတစ်ပါးတို့ ပေးအပ်သော အစားအစာကို အမှီပြု၍ အသက်ရှင်နေရသော ပြိတ္တာသည် ပရဒတ္တူပဇီဝိက ပြိတ္တာ ဖြစ်သည်။

၂။ ထမင်းဝတ်ဆာလောင်ခြင်း၊ ရေမွတ်သိပ်ဆာလောင်ခြင်း စသော အစာအာဟာရဆာလောင်ခြင်းတို့ဖြင့် အမြဲမပြတ် နှိပ်စက်ခြင်းခံစားနေရသော ပြိတ္တာသည် ခုပ္ပိပါသိကပြိတ္တာ ဖြစ်သည်။

၃။ အမြဲအကြွင်းမဲ့လောင်ကျွမ်းခံနေရသဖြင့် ပူပန်ခြင်းရှိနေသော ပြိတ္တာသည် နိဇ္ဈာမတဏှိကပြိတ္တာ ဖြစ်သည်။

၄။ အသူရကာယ်သည် အသီးအခြားခေါ်ဝေါ်အပ်သော ကာလကဉ္စိက ပြိတ္တာဖြစ်သည်ဟူ၍ အကျဉ်းချုပ်မှတ်သားရပေမည်။

ယင်းလေးမျိုးတို့တွင် ပရဒတ္တူပဇီဝိကပြိတ္တာအမျိုးအစားမှာ လူ့ဘဝ၌ကျွန်ရစ်ခဲ့ကြသူ သားသမီး၊ မွေးချင်းသားချင်း၊ ဆွေမျိုးဉာတကာတို့က ပေတဒါနအဖြစ်ဖြင့် ရည်ညွှန်းလှူဒါန်းသည်ကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်နိုင်ခွင့်ရလျှင် သာဓုခေါ်ပြီးသည်နှင့်တစ်ပြိုင်နက် စားသောက်စရာ အစာအာဟာရများ၊ အဝတ်တန်ဆာများ၊ နေထိုင်စရာဘုံဗိမာန်များကို ချက်ချင်းသတ်ငင်း ရရှိနိုင်ပေသည်။

ထို့အပြင် အထက်ပါ ပြိတ္တာလေးမျိုးတွင် နိယတဗျာဒိတ်ခံယူပြီးသော ဘုရားလောင်းတို့သည် (၁) ခုပ္ပိပါသိကပြိတ္တာမျိုး။ (၂) နိဇ္ဈာမတဏှိကပြိတ္တာမျိုး။ (၃) ကာလကဉ္စိကပြိတ္တာမျိုးတို့၌ လုံးဝမဖြစ်ကြောင်းကို ဗုဒ္ဓဝံသအဋ္ဌကထာ၊ စရိယာပိဋကအဋ္ဌကထာများ၌ ဖော်ပြထားသည်။

သို့ဖြစ်ရာ ဗျာဒိတ်ရပြီး ဘုရားအလောင်းများအနေဖြင့် ပရဒတ္တူဇီဝိကပြိတ္တာမျိုး၌မူ ဖြစ်နိုင်သေးသည်ဟု ယူဆရပေသည်။

ယင်းသို့သော အဋ္ဌကထာများ၏ အဆိုအမိန့်များအရ အထက်ပါပြိတ္တာလေးမျိုးတွင် ပရဒတ္တူဇီဝိကပြိတ္တာသည် အကုသိုလ်ကံ အပေါ့ဆုံးပြိတ္တာဟု ယူဆရမည် ဖြစ်သည်။

အကုသိုလ်ကံ အလွန်ကြီးလေးသောပြိတ္တာများမှာကား လူ့ဘဝမှ ဆွေမျိုးဉာတကာများတို့က ပေတဒါနအဖြစ် ရည်ညွှန်း လှူဒါန်းကာ အမျှပေးဝေပါသော်လည်း သာဓုပင်မခေါ်နိုင်ရှာကြပေ။ မတွေးဝံ့လောက်အောင် ရင်နာစရာကောင်းလှပေသည်။

ယင်းသို့ သာဓုပင်မခေါ်နိုင်သော ပြိတ္တာများ၌ တွေ့ရှိရသည်။ ယခုမျက်မှောက်ခေတ်၌ မိမိတို့၏ ပတ်ဝန်းကျင်တွင်လည်း ရှိကောင်းရှိနေပေလိမ့်မည်။

ဤသို့ သာဓုမခေါ်နိုင်သောပြိတ္တာများတွင် မိမိရည်ညွှန်းသော မိမိ၏မိဘ၊ မွေးချင်းသားချင်း၊ ဆွေမျိုးဉာတကာပြိတ္တာများလည်း ပါဝင်ချင်ပါဝင်နေမည်ဖြစ်သည်။

ယင်းသို့ ပါဝင်ချင်ပါဝင်နေမည်ဖြစ်သော်လည်း စိတ်မပျက်သင့်ပေ။ ဘဝသံသရာမှာ ရှည်လျားလှသည့်အတိုင်း အတိတ်၊ အတိတ်ဘဝများစွာက ဆွေမျိုးမတော်စပ်ခဲ့ဖူးသော ဆွေမျိုးဟောင်းပြိတ္တာဟူ၍ မရှိသောကြောင့် ဖြစ်သည်။

ထို့ကြောင့်လည်း -

မိမိလှူဒါန်းသော ပေတဒါန၏ အဖို့တာဂကို ရည်ညွှန်းထားသော မိမိ၏ မိဘ၊ သားချင်း၊ ဆွေမျိုးဉာတကာပြိတ္တာများ သာဓုမခေါ်နိုင်၍ မရရှိသည့်တိုင်အောင် အဆိုပါ ဆွေမျိုးဟောင်းပြိတ္တာများအနေဖြင့် ရရှိနိုင်ကြသည်။

အကယ်၍ မည်သည့်ပြိတ္တာမျှ မရသည့်တိုင် ကာယကံရှင်ဖြစ်သော အလှူရှင်အနေဖြင့်ကား ကျိန်းသေဒိဋ္ဌ ရရှိနိုင်ကြသေးသည်ဟူ၍ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်ဟောကြားထားတော်မူခဲ့သည်။

ထို့ကြောင့် ရည်ညွှန်းအလှူဒါနဖြစ်သော ပေတဒါနကို ဧကန်ပြုလုပ်သင့်ကြပေသည်။

ပြိတ္တာဘဝ၏ ဆင်းရဲဒုက္ခကား အလွန်ပင် ကြောက်စရာကောင်းလှပေသည်။ သာဓုမခေါ်နိုင်သော ပြိတ္တာအဖြစ်သို့ ရောက်ရှိသွားမည်ဆိုပါက ပို၍ပို၍ပင် ကြောက်စရာလည်းကောင်း ရင်နာစရာလည်းကောင်းလှပေသေး၏။

လူ့ပြည်လူ့ဘဝ လူဖြစ်ခဲ့စဉ်အချိန်က -

၁။ ပြုစုမှု၊ ဝန်တိုမှုများပြားခြင်း။
၂။ မိမိကိုယ်တိုင်လည်း လှူဒါန်းမှု၊ ပေးကမ်းမှုမရှိခြင်း။
၃။ အခြားသူများ၏ လှူဒါန်းမှု၊ ပေးကမ်းမှုများကိုလည်း တားမြစ်ပိတ်ပင်တတ်ခြင်း၊ အန္တရာယ်ပြုတတ်ခြင်း

စသော အကုသိုလ်မကောင်းမှုများသည် ပြိတ္တာဘဝ၊ တစ္ဆေဘဝသို့ ရောက်ရှိခြင်း၏ အကြောင်းအရင်းများ ဖြစ်ကြသည်။

ဆက်လက်၍ -

❑

မင်္ဂဖိုလ်ရရှိသွားကြသော ပြိတ္တာများသည်ကား -

ပြိတ္တာ၊ တစ္ဆေများတို့သည် ဧရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးဘုံသားများ ဖြစ်ကြသည်။ အပါယ်လေးဘုံသားများသည် ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေနေခဲ့သူများ ဖြစ်ရာ ပြိတ္တာ၊ တစ္ဆေများမှာလည်း ဒုဂ္ဂတိ အဟိတ်ပဋိသန္ဓေနေခဲ့သူများပင် ဖြစ်သည်။

သို့သော် အချို့အနည်းငယ်မျှသော ပြိတ္တာများမှာမူ လူတို့ကဲ့သို့ပင် သုဂတိအဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ်ပဋိသန္ဓေ၊ တိဟိတ်ပဋိသန္ဓေနေကြသူများလည်းရှိသေးသည်။

ဗုဒ္ဓဘုရားရှင် လက်ထက်တော်က -

၁။ သူစိလောမဘီလူး
၂။ ခရလောမဘီလူး
၃။ ပိယင်္ကရမာတာ
၄။ ဥတ္တရမာတာ
၅။ ဖုဿမိတ္တာ
၆။ ဓမ္မဂုတ္တာ

အစရှိသော ပြိတ္တာများမှာမူ အခြားပြိတ္တာများနှင့်မတူဘဲ တိဟိတ်ပဋိသန္ဓေနေခဲ့ကြသူများဖြစ်၍ တရားထူးလည်း ရရှိကုန်ကြကြောင်းကို ပါဠိတော်နှင့် အဋ္ဌကထာများ၌ ဖော်ပြထားသည်။

ထို့ကြောင့် တိဟိတ်ပဋိသန္ဓေနေ ပြိတ္တာများအနေဖြင့် တစ်မင်္ဂတစ်ဖိုလ်ရရှိသွားကြသည့်အကြောင်းအနည်းငယ်ကို သံဝေဂယူစရာ နမူနာအဖြစ် အကျဉ်းချုပ်ဖော်ပြလိုက်ပါသည်။

# ငှက်ဖျားပြေးသော ဆေးနည်းကောင်း

စိုးမင်း(မြောက်ဝည်း-ရွာသစ်)



တမူး၊ ဖားကန့်၊ တာမခန်၊ ဆည်စင်၊ ဟောင်ပါး၊ စိုင်းတောင်ဒေသများသို့ နယ်ပယ်အစုံမှ လက်လုပ်လက်စားများ သွားရောက်အလုပ်လုပ်ကြ၏။ ထိုဒေသမှ ငှက်ဖျားသည် ကြမ်းလွန်းသဖြင့် လူသတ်ငှက်ဖျားဟု တင်စားကြလေ၏။

သွားရောက်အလုပ်လုပ်ကြသော သူများထဲတွင် ကလေးမြို့သားသား ကိုထွန်းပွားလည်း ပါလေ၏။ သူသည် ဒေသအနံ့ နေရာအနှံ့ ရောက်ဖူးသလို သူမလုပ်ဘူးသောအလုပ်ပင် ခပ်ရှားရှား ဖြစ်၏။

ယခင်နှစ်က သူသည် တာမခန် ဟောင်ပါးဘက် ရွှေမျောလုပ်သားအဖြစ် မျောတစ်ခုတွင် မျောသားအဖြစ်လုပ်ကိုင်ရင်း ငှက်ဖျားရောဂါစွဲကပ်လာ၏။ မျောလုပ်သားသည် ရေနှင့်အမြဲတမ်း ထိတွေ့နေရသဖြင့် ငှက်ဖျားရောဂါသည် အရှင်းပျောက်သည်မရှိပေ။ ဖျားလိုက်၊ သက်သာလိုက်၊ အလုပ်ဆင်းလိုက်ဖြင့် လုံးချာရိုက်နေသလို ငွေကြေးလည်း မစုမိပေ။

ငှက်ဖျားရောဂါသည် အရူးရောဂါနှင့်တူသည်ဟု ပြောပြသေး၏။ အခုကောင်းလိုက်၊ အခုဖျားလိုက်၊ သက်သာလျှင် ထမင်းဟင်းများကို လူကောင်းအတိုင်း စားနိုင်ပြန်သည်။ တကယ့်ဟန်ဆောင်ရောဂါကြီးလို။ မျောပိုင်တွေက မျောသားတွေ၏ ဖြစ်ရိုးဖြစ်စဉ်မို့ သဘောကောင်း၍တော်သေး၏။

တစ်နေ့ မျောပိုင်က နာလန်ထ ကိုထွန်းပွားအား အနားပေး၍ ရွာထဲသို့ ဈေးဝယ်လွှတ်လိုက်၏။ ရွာထဲရှိ ဈေးဆိုင် မရောက်ခင် အိမ်တစ်အိမ်မှ ဘိုးတော်ကြီးတစ်ဦးမှ အသံဝဲဝဲဖြင့် သူ့အားလှမ်းခေါ်လိုက်၏။

---

ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ဖြစ်၏။ ဇေတဝန်ကျောင်းတိုက်အတွင်း၌ ကောသမ္ဗက အမည်ရှိသောကျောင်းဆောင်တစ်ဆောင်ရှိသည်။ တစ်နေ့တွင် အရှင်အနုရုဒ္ဓါသည် ယင်းကျောင်းဆောင်အတွင်း၌ ထိုင်နေကာ ဓမ္မပဒ အပ္ပမာဒဝဂ်ကို သာယာသောအသံဖြင့် ရွတ်ဆိုသရဇ္ဈာယ်နေတော်မူသည်။

ထိုအချိန်၌ ပိယင်္ကရမာတာ အမည်ရှိသော ပြိတ္တာမသည် သားငယ် ပိယင်္ကရကို ရင်ခွင်ပိုက်ကာ ဇေတဝန်ကျောင်းတော်၏ နောက်ဘက်မှစ၍ အစာရှာထွက်လာခဲ့သည်။ သာဝတ္ထိမြို့ဘက်သို့ ရှေးရှုလျက် ကျင်ကြီး၊ ကျင်ငယ် နှပ်၊ တံတွေး စသည့် ရွံရှာဖွယ်ရာ အစားအစာတို့ကို ရှာဖွေလာခဲ့ရာမှ အရှင်အနုရုဒ္ဓါ သီတင်းသုံးရာ ကောသမ္ဗကကျောင်းအနီးသို့ ရောက်ရှိလာခဲ့သည်။

ထိုအခါ အရှင်အနုရုဒ္ဓါ၏ တရားသံသည် ပိယင်္ကရမာတာ၏ ရိုးတွင်းခြင်ဆီကို ထိုးဖောက်စိမ့်ဝင်ကာ နှလုံးသားသို့ထိရောက်တည်ရှိခဲ့သည်။ ထိုစဉ်က ပိယင်္ကရမာတာအနေဖြင့် အစားအစာ ရှာဖွေလိုစိတ်လည်းမရှိတော့။ တရားအသံ၌သာနှစ်မြုပ်ကာ နားစိုက်လျက်ရှိနေလေသည်။

သားဖြစ်သူ ပိယင်္ကရမှာကား ငယ်ရွယ်သူဖြစ်သည့်အတိုင်း တရားနာလိုစိတ်လည်းမရှိ၊ ဆာလည်းဆာလောင်မွတ်သိပ်လှရကား သူ၏မိခင်အား ဤသို့ ထပ်ကာထပ်ကာ မေးမြန်းလိုက်လေသည်။

"မိခင်၊ ဤနေရာ၌ သစ်ငုတ်ကဲ့သို့ ဘာကြောင့်ရပ်နေဘိသနည်း။ အကျွန်ုပ်အတွက် စားသောက်စရာများကိုလည်း အဘယ်ကြောင့်မရှာဖွေပါသနည်းမိခင်"

ပိယင်္ကရမာတာသည် သူမကို ဓမ္မန္တရာယ်ပြုနေသော သားငယ်အား ဤသို့ ပြောဆိုနှစ်သိမ့်စေသည်။

"သား ပိယင်္ကရ အသံမပြုပါနှင့်။ ရဟန်းသည် တရားအစုတို့ကို ရွတ်ဆိုနေပါသည်။ ငါတို့သည် ဤတရားအစုတို့ကိုသိ၍ကျင့်နိုင်ပါမူကား ငါတို့အား အတိုင်းမသိ အကျိုးစီးပွားဖြစ်တန်ရာပါသည်။

သတ္တဝါတို့၌လည်းစောင့်စည်းကြရကုန်အံ့။ သိလျက် မမှန်သောစကားကိုလည်း မဆိုကြရကုန်အံ့၊ မိမိ၏ကောင်းသောအကျင့်သီလကိုလည်းကျင့်သုံးကြရကုန်အံ့။ မြေဖုတ်ဘီလူးပြိတ္တာဘဝမှ လွတ်ကျကောင်းတန်ရာပါသည်"

ယင်းသို့ သားငယ်အား နှစ်သိမ့်စကားပြောဆိုနှစ်သိမ့်စေ၍ အရှင်အနုရုဒ္ဓါ၏တရားကို ဆက်လက်နာယူခဲ့ရာ ထိုနေ့၌ပင် ပိယင်္ကရမာတာသည် သောတာပတ္တိဖိုလ်သို့ ရောက်ရှိသွားသည်။

ထို့အတူပင် ပုနဗ္ဗသုမာတာ ဥတ္တရမာတာသည်လည်း သမီးငယ် ဥတ္တရာကို ပိုက်ချီကာ သားကြီး ပုနဗ္ဗသုကိုလက်ဆွဲပြီး ဇေတဝန်ကျောင်းအတွင်းသို့ အစားအစာရှာဖွေရင်း ရောက်ရှိလာခဲ့သည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်တရားဟောတော်မူခိုက်နှင့် ကြုံကြိုက်ကာ ဗုဒ္ဓဘုရားရှင်တရားတော်ကို ကြားနာရသဖြင့် ဥတ္တရမာတာနှင့် သားကြီး ပုနဗ္ဗသုတို့သည် သောတာပန်အဖြစ်သို့ ရောက်ရှိသွားကြသည်။ သမီးငယ် ဥတ္တရာမှာ အလွန်ငယ်လွန်းလှရကား တရားတော်ကို ခံယူခြင်းမှာ မစွမ်းနိုင်ပေ ဟူ၍သာ

ကိုရွှေမြသ

မှီငြမ်း -

၁။ ပါဠိတော် (မြန်မာပြည်) များနှင့် အဋ္ဌကထာများ
၂။ မိလိန္ဒပဉှာပါဠိတော် (မြန်မာပြန်)
၃။ ဦးမြင့်ဆွေ၏ ဗုဒ္ဓခေတ် ကိုယ်တွေ့ တရွှေ စစ်တမ်း

"ဝေ့ . . ကောင်လေး၊ လာ - ငါ့ဆီလာခဲ့"

ကိုထွန်းပွားသည် ဘိုးတော်အိမ်သို့ ဝင်လိုက်၏။ ဘိုးတော်မှာ အသားဖြူဖြူနှင့် အသက် (၆၀) ကျော်ခန့်ရှိ၏။ ကိုထွန်းပွား၏ပုံစံက အသားကမွဲခြောက်ခြောက်၊ မျက်ကွင်းကညိုတိုတို၊ ဆံပင်က နီကြင်ကြင်၊ ငါးဖောင်ရိုးသာသာ နာလန်ထမှန်းသိသာ၏။ ဘိုးတော်၏ မျက်နှာအား သေချာကြည့်တော့ ရှမ်းတိုင်းရင်းသားကြီးမှန်းသိနေ၏။ ကိုထွန်းပွားမှ ဘိုးတော်အား နှုတ်ဆက်လိုက်၏။

"အဘ၊ ကျွန်တော့်ခေါ်တာ ကိစ္စရှိလို့လား ခင်ဗျ"

ဘိုးတော်သည် သူ့အား စေ့စေ့ကြည့်၍ အသံဝဲဝဲဖြင့်ပြန်ပြော၏။

"အေး - ရှိတယ်။ ငါ့အတွက်မဟုတ်ဘူး၊ မင်းအတွက်။ မင်းဒီလမ်းကလာတိုင်း ငါမြင်တယ်။ ငှက်ဖျားဖြစ်တာကြာလှပြီ မပျောက်ချင်ဘူးလား"

ဘိုးတော်ထံမှ စကားကြား၍ ကိုထွန်းပွား ဝမ်းသာသွား၏။ မဆိုင်းမတွပင်ဖြေလိုက်မိ၏။

"ပျောက်ချင်တာပေါ့ အဘရယ်။ ကျွန်တော် ဒီရောက်တာ (၆) လကျော်ပြီ။ အလုပ်ကောင်းကောင်းမလုပ်ရဘူး။ ငှက်ဖျားပဲကုနေရတာ။ ရွာက မိန်းမနဲ့ ကလေးတွေဆီ ငွေတောင်မပို့နိုင်ဘူး အဘရဲ့။ ဒုက္ခရောက်နေတာ"

ဘိုးတော်သည် ခေါင်းတညိတ်ညိတ် ပြုံးနေရာမှမေးလိုက်၏။

"ပိုက်ဆံမကုန်ဘူး ငါခိုင်းတာလုပ်မလား။ မင်းငှက်ဖျားပျောက်မယ်"

"ဟုတ်ကဲ့ - လုပ်ပါ့မယ် အဘ။ ကျွန်တော့်ကိုခိုင်းပါ"

"အေး - ဒါဆို ငါမေးမယ်။ မင်းငှက်ဖျားတက်တာ ဘယ်အချိန်လဲ"

"ကျွန်တော် မနက် (၉) နာရီ အဖျားပုံမှန်တက်တယ် အဘ"

"အေး - ဒါဆို မနက်ဖြန်(၈)နာရီ ငါ့ဆီအရောက်လာ။ နောက်မကျစေနဲ့ သွားတော့"

"ဟုတ်ကဲ့-အဘ၊ ကျွန်တော်လာပါ့မယ်"

ထိုနေ့ ရွာထဲမှ ဈေးဝယ်အပြီး မှောရှိရာပြန်ခဲ့၏။ နောက်တစ်နေ့မနက် (၈) နာရီတွင် ဘိုးတော်အိမ်ရှေ့ရောက်သည်နှင့် ဘိုးတော်သည် လက်ထဲမှ ငှက်ပျောသီးတစ်လုံးကိုင်၍ သူ့အား ပြုံးပြုံးကြီးအသင့်စောင့်နေ၏။

"လာ-မင်းကိုစောင့်နေတာ။ ရော့-



ဒီငှက်ပျောသီးအခွံနွှာစားလိုက်"

ကိုထွန်းပွား ကြောင်သွားသည်။ ဘိုးတော်အားကြည့်၍ ငှက်ပျောသီးအား မယူရဲ လက်တွန့်နေ၏။ နောက် (၁) နာရီ သူငှက်ဖျားတက်တော့မည်။ ယခု ဘိုးတော် ငှက်ပျောသီးကျွေးနေပြီ၊ အခက်တွေ့နေ၏။ ငှက်ပျောသီးစားလိုက်တာနှင့် သူငှက်ဖျားထတော့မည်။ ထို့ကြောင့် မယူရဲဖြစ်နေ၏။ ဒါကို ဘိုးတော်ကသိ၍ ပြုံးနေပြန်၏။

"ဟ - ကောင်လေး ယူကွ။ အကုန်စားလိုက်။ ဆေးငှက်ပျောသီး မင်းရောဂါ ပျောက်ချင်တာမို့လား စားလိုက်"

ဒီအခါ မယူလို့မဖြစ်တော့ပေ။ ဆေးငှက်ပျောသီးတဲ့။ အရဲစွန့်၍စားပစ်လိုက်၏။ ငှက်ပျောသီးစားပြီးသည်နှင့် ဘိုးတော်က -

"ပြန်တော့မနက်ဖြန်။ ဒီအချိန်ပြန်လာ ငါစောင့်နေမယ်"

"ဟုတ်ကဲ့"

ကိုထွန်းပွားသည် ဆေးငှက်ပျောသီးအား စဉ်းစားရင်း မှောသို့ပြန်ခဲ့၏။ အရသာက တကယ့်ငှက်ပျောသီးအရသာ။ ထူးထူးခြားခြားဘာမှမရှိတာသိနေ၏။ ထိုနေ့ ငှက်ပျောသီးစားခဲ့သော ကိုထွန်းပွားသည် မနက်(၁၁)နာရီမှသာ အဖျားထ၏။ ဖျားချိန်ပြောင်းသွားမှန်းသတိထားမိသေး၏။

နောက်တစ်နေ့ မနက် (၈) နာရီ ဘိုးတော်အိမ်ရောက်သွား၏။ ဘိုးတော်က ခရီးကြို၍ သူ့အားမေး၏။

"မနေ့ကမင်းငှက်ဖျားဘယ်အချိန်ပြန်ထသလဲ"

"မနက်(၁၁)နာရီလောက်ငှက်ဖျားပြန်ထတယ်အဘ"

သူ၏ စကားအား ဘိုးတော်မှ သဘောကျ၍ပြုံးနေ၏။

"ငါသိတယ်လေ။ ဘယ်အချိန်ပြန်တက်သလဲသိချင်လို့ မေးတာ။ ရော့ - ဆေးငှက်ပျောသီးတစ်လုံးယူသွား။ ဒီနေ့ မနက် (၁၀) နာရီ အကုန်စားလိုက်။ နောက်နေ့မလာတော့နဲ့။ မင်းရောဂါ ပျောက်ပြီ"

ဘိုးတော်မှာ အာမခံချက်ကောင်းလှ၏။ ကိုထွန်းပွားက မယုံရဲသေးပေ။ သူပေးသော ဆေးငှက်ပျောသီးယူ၍ မှောသို့ပြန်ခဲ့၏။ ထိုနေ့မနက် (၁၀)နာရီ ငှက်ပျောသီးစားလိုက်၏။ ထိုနေ့တစ်နေ့လုံး ညနေ(၃)နာရီတွင် အဖျားတစ်ခါထသေး၏။

(၃)ရက်မြောက်နေ့တွင် ငှက်ပျောသီးမစားရတော့ပေ။ ဒီနေ့ဘယ်အချိန် ငှက်ဖျားတက်မည်ကိုသာ စောင့်စားရင်း ညနေအလုပ်သိမ်းချိန် (၆) နာရီကျော်တွင် အဖျားတစ်ခါထလိုက်သေး၏။

(၄) ရက်မြောက်နေ့သည် အလုပ်ဆင်းချိန်မှသိမ်းချိန်အထိ အဖျားတစ်ခါမျှ မတက်တော့ပေ။ နောက်တစ်နေ့လည်း အဖျားမတက်တော့ပေ။ အရှင်းပျောက်ကင်းသွား၏။

သည်ကနေ့ ကော်ဖီတွဲလေးနှင့် ရှမ်းဘိုးတော်အား ကန်တော့လာခဲ့ရ၏။ မှောထဲမှ သူ့လိုပင် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများ ငှက်ဖျားမိနေသူတွေရှိသေးသည်။ သူတို့အတွက် ဆေးနည်းတောင်းခံရင်း ဆေးငှက်ပျောသီး အကြောင်းမေးသည့်အခါ ဘိုးတော်မှာ ရှမ်းဆေးဆရာကြီးမှန်းသိရတော့၏။

ဒီနည်းက ဓာတ်ကြမ်းနည်းဟု ပြောလေ၏။

ဖီးကြမ်းငှက်ပျောသီးမှည့်တစ်လုံး အဖျားခေါင်းလိုး၊ အလယ်တည့်တည့်မှ ဓားနှင့်အဆုံးထိခွဲ၊ ကွဲသွားသော မျက်နှာပြင်အသားနှစ်ခြမ်းကို ကွမ်းစားထုံးအပြည့်သုတ်ပြီး ငှက်ပျောသီးအား အလုံးအတိုင်းပြန်အုပ်ပါ။ (၁၅) မိနစ်ခန့်ကြာလျှင် ဆေးငှက်ပျောသီးဖြစ်ပါ၏။

ဤနည်းအတိုင်း မှောထဲရှိ သူ၏ သူငယ်ချင်းများ ငှက်ဖျားရောဂါမှ ကင်းဝေးခဲ့ကြောင်း ပြောပြ၏။ ထိုအခါမှ သူတို့သူငယ်ချင်းများ အလုပ်ဆင်းမှန်၍ အိမ်သို့ငွေပို့နိုင်ခဲ့ကြ၏။

သတိပြုစရာမှာ ဆေးငှက်ပျောသီးအား ငှက်ဖျားပုံမှန်တက်ချိန်ထက် (၁) နာရီစော၍စားရပါသည်။ ဖီးကြမ်းငှက်ပျောသီးနှစ်လုံးသာ ကုန်ပါသည်။

ဆေးနည်းပြောသော ကိုထွန်းပွားအား ကျေးဇူးတင်ပါသည်။


**စိုးမင်း(မြောက်စည်း-ရွာသစ်)**

လူတို့သည် မိမိတို့ဆန္ဒအလျောက် လိုလားမြတ်နိုးသောအရာတို့ကို အမည်နာမများတွင် မှည့်ဆိုတတ်ကြသည်။ မြန်မာ့ရိုးရာ ဆန်းပညာအရမူ ဆန့်ကျင်ဘက်တွေးခေါ်ယူဆမှုများ တွေ့ရှိရလေသည်။ ဥပမာ လူအမည် မောင်ငြိမ်းချမ်း၊ ကိုဗလဟု မှည့်ခေါ်ထားသော အမည်ရှင်များသည် မငြိမ်းချမ်းသောသူ၊ ပိန်လှီသေးကွေးသောသူများဖြစ်တတ်သည်ဟု ဆန်းပညာက ကောက်ချက်ချလေသည်။ ယခုတင်ပြမည့် ယွန်းစံအိမ် အကျဉ်းသားဇာတ်ကောင် ဖိုးပန်းသာသည် ဆန်းပညာအရဆိုပါသော် ပန်းလိုမနုမလှသောဘဝခရီးတွင် သာယာခြင်းကင်းသူဖြစ်မည်ဟု ယူဆဖွယ်ရှိပါသည်။

ဖိုးပန်းသာ ဖြစ်ပါသည်။ သူ၏မီးတောက်ကောင်းသည့် သစ်သားထင်းများကို မနေ့က အိမ်ကြီးတွင် ဧည့်သည်များလာရောက် ယူငင်သုံးစွဲလိုက်၍ မစိုမခြောက် သပွတ်ရစ်ထင်းများသာကျန်ခဲ့သည်။ အဘယ်မှာ မီးကောင်းကောင်းတောက်ပါမည်နည်း။ လက်ကိုင်ရိုးကျိုးယပ်ကလေးနှင့်ခတ်လိုက် မီးပြောင်းကွဲလေးနှင့်မှုတ်လိုက်ဖြင့် ပင်ပန်းလှသည်။ မနက် (၅) နာရီကတည်းကထပြီးတည်လို့သာ ရေနွေးတစ်အိုးကျ၍တော်သေး၏။ အမောပြေ မှုတ်သောက်လိုက်၊ ထမင်းအိုးမီးမှုတ်လိုက်နှင့်မနားရ။

ထိုစဉ် အိမ်ကြီးအတွင်းမှ လူခေါ်ဘဲ(လ်)အော်မြည်လာသည်။ မြံပြင်က

# ထင်ကျော်စွာ
(ဂမ္ဘီရဓာတု)
## ဖိုးပန်းသာအမည်ရှိ
## ယွန်းစံအိမ်အကျဉ်းသားအလွမ်း



သူ့သခင်ကမှာလိုက်၍ဖြစ်မည်။ ဟိုကြည့်သည်ကြည့် ကြိုးကြည့်ကြောင်ကြည့်နှ လှည့်ပတ်လျှောက်ကြည့်ပြီးမှ မှာတ ကိုခြွေသည်။

"ဘသာကြီး၊ ဒီနေ့လည်း မီးသမားတစ်ယောက် ခေါ်လာမယ် မနက်ပိုင်းလည်း ရောက်ချင်ရောက်မယ် အိပ်လည်းမနေနဲ့၊ နောက်ဘက်ရော လို့ ခေါ်မကြားအော်မကြားဖြစ်နေမယ် သတိထားစောင့်ဟုတ်လား"

ထိုသို့ပြောပြီး ကားကို မောင်း ထွက်သွားပါတော့သည်။ နေ့စောင့်ည စောင့်ဆိုလည်းဟုတ်သည်။ ဧည့်သည် တွေလာတော့လည်း စားဖို့မှူး၊ အားလ လျှင် မြံရှင်း၊ ပန်းမန်စိုက် ဥယျာဉ်မှူ အလုပ်လည်းလုပ်ရသည်။ မြံထဲ ပစ္စည်းပစ္စယ သူ့လူနှင့်သူမနိုင်လျှင် တူ လုပ်ရသေးသည်။ ဒီလောက်ကောင်း တဲ့အိမ်ကြီး အိမ်ရှင်တွေဘာလို့မနေ လိမ့်။ ဒါက မသိသူ ဘေးကလူတွေ ချင်စရာ။ ဖိုးပန်းသာကတော့ အကုန်သိ

အစစ်အမှန်ပင် ဖိုးပန်းသာ၏ဘဝကား လှပသာယာခြင်းကင်းသော ဘဝခရီး ကြမ်းပိုင်ဆိုင်သူဖြစ်ခဲ့ရလေပြီတကား။

❑

ပြင်ဦးလွင်မြို့စွန်တစ်နေရာဝယ် ယွန်းစံအိမ်ဟု အမည်ထိုးထားသော ခံ့ညားထည်ဝါသည့်အိမ်ကြီးတစ်လုံးရှိလေသည်။အချိန်ကာလအားဖြင့် ၂၀၁၂ ခုနှစ်ခန့် ဆောင်းတစ်နံနက်ခင်းနေခြည်နုနုတွင်ဖြစ်ပါ၏။ အေးစိမ့်စိမ့်ဥတုကို အံတု၍ ထိုအိမ်ကြီး မီးဖိုဆောင်အပြင်ဘက် ဖက်မိုးတစ်ဖက်ယပ်အောက်ဝယ် လူတစ်ယောက် ဖိုခုံလောက်မီးဖိုတွင် အလုပ်ရှုပ်နေလေသည်။ သူကား အိမ်ကြီးရှင်တို့က အစောင့်ချထားသော

နေ ဘဲ(လ်)နှိပ်လိုက်၍ မြည်လာခြင်းဖြစ်၏။ အတွင်းခန်းနံရံမှ သော့ကိုဖြုတ်၍ မြံပေါက်ဝဆီလှမ်းလာခဲ့သည်။ မြံပြင်တွင် ကားတစ်စီးရပ်ထားသည်။ အပြင်ဘက်ကခတ်သောသော့ကိုဖွင့်၍ ဒရိုင်ဘာကစောင့်နေသည်။ အတွင်းဘက်သော့ကို ဖိုးပန်းသာကဖွင့်ပေးရသည်။ ဘာကြောင့်များ အတွင်းရောအပြင်ပါ ခတ်ထားရပါလိမ့်။ ဖိုးပန်းသာကို အပြင်သို့မထွက်စေချင်တာပါမည်။ အိမ်ကြီးကို အပြင်ကသော့ပါလာလည်း မဝင်စေချင်တာလည်းပါမည်။

တံခါးပွင့်သော် အိမ်ကြီးရှင်၏ ဇိမ်ခံကားကိုမောင်း၍ ဆင်ဝင်အောက်တွင်ရပ်သည်။ ဒရိုင်ဘာက အိမ်ကြီးရှင်

သည်။ ယွန်းစံအိမ်ဟု ကမ္ပည်းထိုးထားသောအိမ်ကြီးမှာ တရားမဝင်ကုန်များအားသိုရာနေရာဌာနဖြစ်၏၊ ဒါကြောင့် အိမ်ရှင်တွေမနေတာပေါ့။ ဘေးကလူတွေက ဘယ်သိပ့်ါမလဲ။ အိမ်ကြီး၏ မြေအောက်ခန်းတွင်ရှာလို့မလွယ်အောင်ထားသို၏။ ဒါကြောင့်လည်း ဖိုးပန်းသာ ယိုဓာတ်သိကို အပြင်သို့မထွက်ရ၊ စားရေရိက္ခာထားပေးသည်။ နေ့ညမထွက်ရ။ အတွင်းသော့၊ အပြင်သော့တွေနှင့် ဘယ်သူမှလည်း အဝင်မခံပါ။ နောက်ဆုံးတော့ ဖိုးပန်းသာမှာ အကျယ်ချုပ်အဆင့်တောင်မရှိ။ အကျဉ်းသားတစ်ယောက်သာဖြစ်သည်။ ဖိုးပန်းသာ မနေလို၊ အကြိမ်ကြိမ်အဖန်ဖန်လွတ်မြောက်ဖို့ကြိုးစားသည်။ အိမ်ကြီးရှင်က သူ့ထက် အရာရာမှာ လက်သွက်သွက်စီစဉ်တတ်သည်။ ကဲလေ - ဘာတတ်နိုင်မှာလဲ။ ဝင်ရှိသမျှခံဦးပေါ့လို့သာ အောက်မေ့ထားလိုက်သည်။ ဖိုးပန်းသာအဖို့ စားစရာရှိတာစား၊ လုပ်စရာရှိတာတွေလုပ်ရဦးမည်။ အိမ်ရှေ့ခြံဝင်းမှာ မြက်ရှင်း၊ မောတော့နား။ သည်လိုနှင့် အချိန်ကုန်မှန်းတောင်မသိလိုက်ရ။

ဟော - အိမ်ရှေ့မှာ ကားရောက်လာပြန်ပြီ။ ဖွင့်ပေးရသည်။ ကားကို အပြင်မှာပဲထား၏။ ဒရိုင်ဘာနှင့်အတူ ကျောပိုးအိတ်ကိုလွယ်သော လူရွယ်တစ်ယောက်ပါလာသည်။ အိမ်ထဲသို့ဝင်သွားသည်။ ဖိုးပန်းသာလည်း နောက်ကလိုက်ရသည်။ ပါလာသောလူရွယ်ကို အိမ်မှ ဟိုဟိုသည်သည် မီးဘက်ဆိုင်ရာနေရာတွေပြနေသည်။

ဒရိုင်ဘာ မောင်သေးမှာ အိမ်ကြီးရှင် ဦးစောယွန်း မျက်နှာလွှဲအားထားရသူ၊ သူ့ငွေ၏အတွင်းအပြင်ကိစ္စသိထားနားလည်သူ ဖြစ်သည်။ ဦးစောယွန်းနီးနီးစေ့စပ်သေချာမှုလည်းရှိသည်။ အိမ်ကြီး



ရှင်၏ ညာလက်ရုံးဖြစ်သည်။ ကြမ်းကြမ်းရမ်းရမ်းကိစ္စပြတ်လုပ်ပေးနိုင်သည့် ဘယ်လက်ရုံးကား လူမိုက်ငတေတစ်ယောက်ရှိသည်။ မိုက်ဂုဏ်မသေးလှ။ လက်စပျောက် လူသတ်ရဲသည်။ တပည့်တပန်းတွေ၊အထောက်တော်တွေနှင့်ဖြစ်သည်။ အဆုံးဆိုရလျှင် သူတို့နှစ်ယောက်ကြောင့် ဦးစောယွန်းသည် 'ထောင်မလဲသဲကော် ငွေစက္ကူလူစား' ဖြစ်နေပေတော့သည်။ အိမ်မကြီးအပေါ်ထပ်က ချိုယွင်းသောမီးလိုင်းပြင်ဖို့ သည်နေ့လုပ်ရမည်။ နောက်ရက်တွေ အောက်ထပ်၊ မီးဖိုဆောင်၊ ခြံတွင်းမီးလိုင်းပြင်ရမည်။ သည်နေ့ လိုအပ်သော လျှပ်စစ်ပစ္စည်းအချို့ နီးရာဈေးတွင်ပြေးဝယ်ပေးရန် ကိုသေး ထွက်သွားပါပြီ။

မမှီမကမ်း လှေကားကိုသုံးမည့်ကိစ္စ၊ တစ်ဖက်က ကြိုးကိုင်ပေးရမည့်ကိစ္စများကူညီရန် ဖိုးပန်းသာကို မှာခဲ့သည်။ မီးပြင်သမား တင်အောင်လှိုင်နှင့် ဖိုးပန်းသာတို့ ရင်းနှီးမှုစတင်ပြီပေါ့။ သူ၏သားအရွယ်မို့ ဖိုးပန်းသာ ကရုဏာသက်စွာမေးလေ သည်။

"လူလေးက လူလွတ်လား၊ အိမ်ထောင်ရှိလားကွယ့်"

"လူပျိုကကျွတ် လူလွတ်မဟုတ်တော့တာ မကြာသေးပါဘူးဗျာ။ မိဘနှစ်ပါးလုံးမရှိတော့တာကြာပါပြီ။ ပညာရေးလည်းမပြည့်စုံလို့ အခုလို လက်မှုပညာလေး နီးစပ်ရာလုပ်ရင်းသင်ရင်းနဲ့ ကြီးရတာပါ အဘ"

တင်အောင်လှိုင်မှ ပျက်စီးချိုယွင်းနေသော ဝါယာရင်းလိုင်းများ ခက်ခက်ခဲခဲဖြုတ်နေရ၍စကားစပြတ်သွားသည်။ ဖိုးပန်းသာအဖို့မှာမူ တစ်နေ့တစ် နေ့ တစ်ကိုယ်တည်းနေ၊ တစ်ကိုယ်တည်းစား ဘယ်သူနှင့်မှ စကားမပြောရသည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီ မဟုတ်လား။ သည်နေ့မှ သူနှင့်စကားပြောဖော်ရနေ၍ စပ်စပ်စုစုမေးလိုက်သည်။

"မောင့်မိဘတွေကဘာလုပ်ကြလို့လဲ၊ ဘာပညာတတ်လို့ ဘာပညာအမွေရခဲ့လဲ"

"အဘရယ်၊ ပညာအမွေနေနေ သာသာ ကျွန်တော်ဆယ်နှစ်သားလောက်ကတည်းက အဖေက ကျောက်တူးထွက်သွားလိုက်တာ ပြန်ကိုပေါ်မလာတော့ဘူးဗျ။ အမေက မင်းအဖေသေပြီလို့ပြောတာပဲ။ အမေလည်း (၂)နှစ်လောက်ကြာတော့ သေပြန်ရောဗျာ"

"ဟေ-မင်းအဖေက ကျောက်တူးသမားကိုး။ နာမည်ကဘယ်လိုလဲ"

"ဦးပန်းသာလို့ခေါ်ပါတယ် အဘ"

"ဟော"

ဖိုးပန်းသာကား နားကြားမလွဲပါဘူးဟုသာ တွေးလိုက်မိသည်။ တကယ်ဆိုတော့ ဖိုးပန်းသာ ကျောက်တူးထွက်ရင်း သားတစ်ယောက်အမေနှင့်ကွဲကာ မိန်းမလည်းဆုံး အစအနမကြားရ၍ ဘဝကြမ်းထဲရောက်ခဲ့ရသည်။ သူ့သားများဖြစ်နေမလားပင်။ ဩော် - ဒါပေမယ့်လေ 'လူတူမရှား၊ နာမည်တူမရှား' ဆိုထားတယ် မဟုတ်လား။ ပိုပိုလိုလိုမေးကြည့်ဦးမှလို့တွေးမိတာနှင့်မေးကြည့်ပြန်သည်။

"ဒါဆို မင်းအမေက မမယ်ယုံမဟုတ်လား"

"ဗျာ - အဘသိနေတယ်လား။ ဟုတ်ပါတယ် အဘ"

သည်တစ်ခါ အာမေဍိတ်နှင့်ဗျာရသူက တင်အောင်လှိုင်အလှည့်ဖြစ်သည်။ ဟုတ်တော့ဟုတ်နေပါပြီ။ ဖြုန်းခနဲပြောလိုက်လျှင် မတော်သေးဘူး။ အိမ်ကြီးရှင်တို့က ဘာလုပ်ဇာတ်ခင်းတာလဲလို့ မေးပေါက်ရောက်မည်။ ဖြည်းဖြည်းချင်း စေ့ငုကြည့်သေးတာပဟုတွေးနေလေသည်။ ထို့ကြောင့် ပျာပျာသလဲပင် ပြောလိုက်သည်။

"လူလေးရာ၊ ငါမသိပါဘူးကွ"

ဤသို့ စကားဖြတ်လိုက်စဉ်ပင် ဒရိုင်ဘာမောင်သေး ပြန်ရောက်လာသည်။ မီးကြိုးခွေနှင့် မီးခလုတ်၊ မီးခေါင်း လျှပ်စစ်ပစ္စည်းများပါလာသည်။ အချိန်မှာ နေ့လယ် (၁)နာရီရှိနေပြီမို့ ကိုသေးမှ ပြန်သတိရသွားပြီးပြောလိုက်သည်။

"ကဲကဲ - ထမင်းလေးစားဖို့ အဆာသာသွားပြင်ဗျာ။ ရှိတာလေးနဲ့ ကြုံဖန်စားလိုက်ကြဗျာ။ မလောက်လည်း အဘသာထပ်ချက်ဗျာ။ ဒီနေ့တော့ ကြုံသလိုပေါ့။ နောက်နေ့မှ ဈေးကဝယ်ပြီးစီစဉ်ပေးမယ်။ ကဲ - ကျုပ်လည်း မြို့ထဲက သူငယ်ချင်းတစ်ယောက်ဆီသွားဦးမယ်။ တင်အောင်လှိုင်ရေ မင်းဆက်လုပ်ထားကွာ။ အစ်ကို ညနေ (၅) နာရီကျတော့ မင်းကိုပြန်ပို့ပေးမယ်ဟုတ်လား။ ကဲ - ငါသွားပြီ"

ဖိုးပန်းသာ မီးပြင်သည့်အနားချထားသောရေနွေးကြမ်းအိုးမှ ရေနွေးတစ်ခွက်ငှဲ့လိုက်သည်၊ ဝါယာရင်းရိုက်လက်စမှ တင်အောင်လှိုင်က ကောက်ကာငင်ကာမေးသည်။

"အတော်ပဲ အဘရေ၊ ဘယ်သူ့မေးရပ့ါလို့ စဉ်းစားနေတာရှိတယ်။ ဒီနေ့တော့အတော်ပဲ။ အဘဆိုသိလောက်တယ်"

"ဘာများတုံးကွ"

"ဒီလို အဘရေ ကျွန်တော့် အခုရတဲ့မိန်းမလေးမှာ မှဲ့နီရှိတယ်ဗျ။ အဲဒီမှဲ့ရဲ့ အကျိုး၊ အပြစ်အဘသိလေမလား။ ပြောပြနိုင်မလားလို့ပါ"

"မင်းကလည်း စကားကိုစစ်ပိုင်နေပြန်ပြီ။ ကဲပြော - မှဲ့နီက ဘယ်နေရာပေါက်တာတုံး"

"အဘရယ် ကတ်သီးကတ်သတ်ဗျ။ ပြောရမှာရှက်လည်းရှက်နေလို့ပါ။ သူ့သားမြတ်ဘယ်ဘက်မှာရှိတာဗျို့"

"ဟေ - ဟုတ်လား"

"အာမေဍိတ်နှင့် ဖိုးပန်းသာပြော ပြန်၍ တင်အောင်လှိုင် ထပ်ပြောသည်။

"အဘကလည်း၊ ကျွန်တော် စကားပြောတာ ဒါနဲ့ပါဆို 'ဟေ'လို့ တအံ့တဩဖြစ်တာ သုံးခါရှိပြီနော်။ ကျောက်တူးသမားလို့ပြောတော့တစ်ခါ၊ အမေ့နာမည်ကိုပြောတော့တစ်ခါ၊ အခု မှဲ့နီပေါက်တဲ့နေရာပြောတော့တစ်ခါ အဘကလည်း ဘာတွေဖြစ်နေမှန်းကို မသိပါဘူးဗျာ"

ဖိုးပန်းသာ ရုတ်တရက်ပြော မထွက်ဘဲ ကြောင်ငေးနေသည်။ ဩော်- အနှစ်နှစ်အလလတွေ့ချင်နေတဲ့ မယားနဲ့သား တစ်သက်မတွေ့ရတော့ပါဘူးလို့ ထင်ထားတာ။ ဩော်-မယ်ယုံမရှိတော့ဘဲကိုး။ တော်ပါသေးတယ်၊ (၁၀) နှစ်သားကတည်းကကွဲသွားတဲ့တစ်ယောက်တည်းသောသားလေးတော့ ပြန်တွေ့ရတယ်လို့။ အင်း - တွေ့လို့သာတွေ့ရတာ။ ငါ မင်းအဖေကွလို့ ပြောမထွက်ဘယ်ထွက်ပါ့မလဲ။ ငါ မိသားစုအပေါ် တာဝန်မကျေခဲ့သလို ဖြစ်နေတာကိုး။ ငါ့ဘဝ ရာဇဝင်အူပေါက် ထုတ်ပြောလည်း ယုံမှယုံပါ့မလားတွေးရ၊ နောက် လက်ရှိ ငါ့အနေအထား။ အိမ်ကြီးရှင်ရဲ့ ဒလန်။ ဘက်တော်သားတွေက မျက်နှာသာမပေးလို့။ ဘာဇာတ်လမ်းတွေထွင်တာလဲ၊ မရှုပ်နှင့်ဆိုပြီး မောင်းထုတ်လျှင် ဘယ်လိုလုပ်မလဲ။ ငါ့သားလေးကတော့ ယုံမလား။ ထိုသို့ လားပေါင်းများစွာဖြင့် အတွေးချာလည်နေ၏။

အခု သားကမေးပြန်ပြီ။ ခက်တာက ငါကလည်း နေရာပေါင်းစုံ လူမေါင်းစုံနှင့် ကျင်လည်အလုပ်လုပ်ခဲ့တာဆိုတော့ သည်မှဲ့အကြောင်းအချို့ ကိုသိသည်။ သူငယ်ချင်းတစ်ယောက်

ဆီက မှဲ့သျှတ္တရကျမ်း၊ အိပ်မက်ဒီကာ အတော်ဖတ်ထားဖူးသည်။ သိတာပေါ့၊ သိတဲ့အတိုင်းချပြောလိုက်လျှင် နေစရာမရှိ၊ လုပ်စရာမရှိအောင်ကြောက်သွားဦးမည်။ အကျိုးအပြစ်ကိုမပြောထားလို့လည်း မဖြစ်ပါလား။ တော်ကြာနေရှုတ်တရက်ကြီး။

ထိုစဉ် ဖြတ်၍ -

"အဘ၊ ဘာတွေစဉ်းစားနေတာလဲပြောပါဗျာ။ မှဲ့နီအကြောင်းလေး"

"ဩော် - ငါဖတ်ဖူးတဲ့ မှဲ့သျှတ္တရအရ မှဲ့နီဆိုတာ မကောင်းကျိုးဆိုးဆိုးရွားရွားပေးတတ်သကွ။ မင်းအသေအချာမှတ်။ အေး - အဲဒီမှဲ့နီက သူများတိုဒုက္ခပေးမှာ။ ဘယ်သူထင်လဲ။ သူယူမယ့်ယောက်ျားပဲကွ။ သူကိုယ်တိုင် မှဲ့နီရှိတာ ကံခေပြီးသားပဲ။ မုဆိုးမဖြစ်မယ့်မှဲ့နီကွ။ လူလေးရာ မင်းမိန်းမမှာ မှဲ့နီဟုတ်ရဲ့လား။ သေချာအောင်ကြည့်ပါဦး"

"သေချာတာတော့သေချာတယ်အဘရဲ့။ အဘပြောတဲ့အတိုင်းဆိုကြောက်စရာကြီးဗျနော်။ အေးလေသတိတော့ထားနေရမှာပေါ့"

ထို့နောက် မီးပြင်သည့်အလုပ်ကလေးကားကိုသုံးပြီး ဖိုးပန်းသာကိုင်ပေးရသည်ဖြစ်၍ စကားစပြတ်သွားကြသည်။ ထို့နောက် ညနေတွင် ဒရိုင်ဘာကိုသေးပြန်ရောက်လာပြီး သည်နေ့ အလုပ်သိမ်းချပြန်ကြသည်။ ဖိုးပန်းသာ တံခါးလိုက်ပိတ်၍ တစ်ညတာဖြတ်သန်းခဲ့ရပြန်သည်။ သည်တစ်ညလုံး ကောင်းကောင်းအိပ်မပျော်ခဲ့။ သားလေးကို မနက်ဖြန်အဖြစ်မှန်ဖွင့်ပြောလိုက်ရလျှင်ကောင်းလေား။ ဘာတွေဖြစ်ကုန်မည်နည်း။ ဩော် - သည်ကြားထဲ စိတ်မကောင်းစရာ။ ဒီကလေးအသက်မရှည်လောက်ဘူး။ သူ ပြောတဲ့အတိုင်း သူ့မိန်းမမှာပါနေတာ။ ဒုက္ခလှလှတွေ့မယ်ထင်ပါရဲ့။ ငါဘာလုပ်ရပါ့။ အတွေးများနှင့်အင်စင်လင်းတော့သည်။ မနက်ရောက်တော့ လုပ်ရိုးလုပ်စဉ် မီးမွှေး၊ ထမင်းအိုးတည်အလုပ်စလုပ်သည်။

သည်မနက် (၈) နာရီလောက်ကိုသေးတင်အောင်လှိုင်တို့နှစ်ယောက်ရောက်လာသည်။ ခါတိုင်းနေ့လို မီးပြင်အလုပ်တွေဆက်လုပ်သည်။ ကိုသေးကဝင်ဝယ်လာသော ဟင်းချက်စရာတွေတို့ကိုပေး၍ ဖိုးပန်းသာ မီးဖိုထဲမှာအလုပ်တွေနှင့်လုပ်နေရသည်။ မီးပြင်(၃) ရက်အတွင်း ဖိုးပန်းသာသည်

တင်အောင်လှိုင်၏ လက်ကိုင်ဖုန်းဖြင့် ဤမြို့၏ ရဲစခန်း၊ မီးသတ်သို့ ဖုန်းခေါ်နည်းကိုကိုင်ရင်းမေးရင်းနှင့်တတ်ခဲ့လေသည်။

သည်နေ့ အိမ်ကြီးအောက်ထပ်နှင့်မီးဖိုဆောင်ဝါယာရင်းများပြီးလောက်သည်။ နက်ဖြန်ဆိုလျှင် အိမ်ကြီးရှင်ကသူကိုယ်တိုင် အပြင်ဘက်မီးလိုင်းလာပြမည်။

မီးပြင်တာ (၃)ရက်မြောက်နေ့၌ အရေးကြီးမီးကိစ္စရှိပုံရ၏။ အိမ်ကြီးရှင် ဦးစောယွန်းကိုယ်တိုင်လာသည်။ ဒရိုင်ဘာက ရှေ့က ဦးစောယွန်းကို လိုက်ပြသည်။ ဦးစောယွန်းဘေးတွင် လူမိုက်ငတေရဲ့တပည့်လက်ရင်း ဘန်ဒေါင်းကကိုယ်ရံတော်လိုက်သည်။ မီးဖိုဆောင်မလှမ်းမကမ်းရှိ သီးခြားစတိုဆောင်လေးသို့ မီးဆက်သွယ်မှုကို အိမ်ကြီးရှင်လိုက်ကြည့်သည်။ စတိုဘေးတွင် ဦးစောယွန်းတို့တတွေရပ်ကြည့်နေပြီး ကိုသေးကိုအိမ်အောက်ထပ် ထောင့်ခန်းဆီလွှတ်လိုက်သည်။ ခလုတ်နှင့်မီးလိုင်းများနှစ်ကြာ၍လားမသိ ချက်ချင်းမထူးခြားသေး။ ဟော - စတိုရှေ့ဝင်ပေါက်ကွက်လပ်တွင် ကျူဖျာတစ်ချပ်စာပြားမှာတဖြည်းဖြည်းရွေ့လျား၍ပွင့်လာသည်။ ကိုသေးနှင့်ဦးစောယွန်းတို့အချေအတင်ပြောကြသည်။ ထို့နောက် မြေအောက်လျှပ်စစ်တံခါးအတွက်သုံးသော မော်တာအသစ်လဲလှယ်ပေးရမည့်အလုပ်ပေါ်လာသည်။ ကိုသေးကို မော်တာအသစ်တစ်လုံးအဝယ်ခိုင်းလိုက်သည်။ မော်တာလဲပေးပြီး ကျန်ခလုတ်၊ ကြိုးလိုင်းတွေပါစစ်ဆေးပြင်ဆင်ပေးရသည်။မြေအောက်ခန်းတွင် စိမ်းရွှေရွှေအနံ့ရနေသည်။ အလုပ်လုပ်နေတုန်း တင်အောင်လှိုင်သိလိုက်ပါပြီ။ မူးယစ်ဆေးဝါး ဘိန်းကုန်သိုလှောင်ခန်းပင်။ အိမ်ကြီးရှင်ကမြေအောက်ခန်း မီးကိစ္စပြီးမှ ပြန်သွားသည်။ ကားနှင့်ပြန်ပို့ရတော့ တင်အောင်လှိုင်နှင့် ဦးပန်းသာတို့ပဲကျန်ခဲ့သည်။

ဖိုးပန်းသာတို့နှစ်ဦးသား ထမင်းစားကြသည်။ ထမင်းစားပြီးနောက်တော့ တင်အောင်လှိုင်က အခုမနက်လင်းခါနီးမှာ မက်တဲ့အိပ်မက်ကြောင်းပြောသည်။ အိပ်မက်မှာ အသီးသီးသစ်ပင်၏ သစ်ကိုင်းသစ်ခက်အား ခိုစီးရကြောင်းပြောပြသည်။

ဦးပန်းသာက -

သူတစ်ပါး မကောင်းကြံစည်နေခြင်းခံရမည်ဖြစ်ကြောင်း ပြောပြသည်။

နောက် တင်အောင်လှိုင်က သည်နေ့ညာဘက်မျက်ခုံးလှုပ်နေသည်ဟုပြောပြန်သည်။ အသားလှုပ်ကျမ်းအရ အန္တရာယ်ကြုံရတတ်ခြင်း ဖြစ်သည်။ ဒါကိုတော့ ဦးပန်းသာ မပြောတော့။ ဦးပန်းသာကိုယ်တိုင်ပင် အောက်မျက်ခမ်းများလှုပ်နေသည်။ မျက်ရည်ကျရသည်အထိ သောကတွေ့ခြင်းဟု မှတ်သားဖူးလေသည်။ တစ်ခုမှမကောင်းပေ။ ထို့ကြောင့် ဦးပန်းသာ တရရမှာပါလေတော့သည်။ မနက်ဖြန် သည်အိမ်ကြီးကို ဘယ်လိုအကြောင်းနှင့်မှမလာရန် ဖြစ်ပါတော့သည်။ ကံခေပြီဟုထင်သည်။ နောက်နေ့ တင်အောင်လှိုင် ကိုသေးနှင့်ပါလာပြန်သည်။ ဦးပန်းသာ မျက်နှာမကောင်းတော့။ ကိုသေးနောက်က လူမိုက်ငတေနှင့် တပည့်ကျော် ဘန်ဒေါင်း ပါလာသည်။

တင်အောင်လှိုင် စစ်လွယ်အိတ်ကို ထမင်းစားခန်းမှာ ချိတ်ထားသည်။ မနက် (၁၀) နာရီခန့်တွင် သူတို့အားလုံးမြေအောက်ခန်းဘက်သို့ သွားကြသဖြင့် ဦးပန်းသာပါ နောက်ကလိုက်သွားသည်။ ကိုသေးက အမိန့်ပေးသည်။ အိမ်ရှေ့ဝင်းတံခါးသွားပိတ်ရန် ဖြစ်ပါသည်။ ဦးပန်းသာလည်း တင်အောင်လှိုင်၏ အိတ်ထဲက လက်ကိုင်ဖုန်းပါ နှိုက်ယူလိုက်သည်။ ထိုစဉ် မြေအောက်ခန်းဆီမှ တင်အောင်လှိုင်၏ စူးစူးရှရှအသံကြားလိုက်ရသည်။ တင်အောင်လှိုင် ဘိန်းခန်းမှန်းသိသွားလို့ နှုတ်ပိတ်လိုက်ခြင်းပင်။ ဦးပန်းသာ ကပျာကယာ အိမ်ရှေ့ပေါက်သို့ပြေးသွားသည်။ ဝင်းတံခါးကို အတွင်းကပိတ်ရမည့်အစား အပြင်ဘက်မှ သော့ခတ်ပိတ်လိုက်လေသည်။ ရဲစခန်းသို့လည်း ဖုန်းဖြင့် လူသတ်မှုအရေးပေါ်တိုင်ကြားလိုက်သည်။ အပြင်မှာ တစ်အောင့်တော့ရှောင်နေရသည်။ မိနစ်(၂၀)ပင်မကြာလိုက်ပါ။ လူသတ်မှုကျူးလွန်သူတစ်သိုက် လက်ရဖမ်းဆီးနိုင်လိုက်၏။ လူသတ်မှုနှင့်ဆက်စပ်တရားခံဦးစောယွန်းအားလည်း ထိန်းသိမ်းလိုက်သည်။ ဦးပန်းသာကား မြေအောက်ခန်းဝတွင်ရပ်လျက်။ လောဘသားကောင်တို့၏ လူမဆန်သောစရိုက်၊ အကြမ်းဆုံးဆိုးနစ်မှုမှတ်တမ်း ကမ္ပည်းတင်ရသော် ဖိုးပန်းသာအမည်ရှိ ယွန်းစံအိမ်အကျဉ်းသားအလွမ်းမှတ်တမ်းဆိုရမည် ဖြစ်ပါတော့သတည်း။

ထင်ကျော်စွာ (ဂမ္ဘီရရွာစု)



# ဆရာဦးမောင်မောင်သန်း (ရှင်ကိုယ်အားမြွေစေ သေး)

## ပညာရှင်

(အင်္ဂလိပ်တော်ကျွန်ုပ်ရဲ့စွန့်ရေးခန်းဆက်တွေ့ရှည်)

"လူလေး - ဒါ ဆရာကြည်လေ"

"ဪ-ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ဂါရဝပြုပါတယ်"

သျှောင်တစောင်းနှင့်လှပသေသပ် ခံ့ညားစွာထိုင်နေသော အသားဖြူဖြူ ဝင်းဝင်းပုဂ္ဂိုလ်ကို ကျွန်ုပ် ရိုသေစွာ လက်အုပ်ချီလိုက်၏။ မျက်နှာမှာ အလွန် တည်ကြည်ပြီးပြုံးနေ၏။ ထိုင်ပုံမှာ ဝင့်ကြွား၏။ ကိုယ်ခံပညာရှင်တစ်ဦး ထိုင်နေသည့်ဟန်ဖြစ်၏။

"ဆရာ့ဟန်က ကိုယ်ခံပညာရှင် ဟန်အပြည့်ပဲ"

"အေး - ဆရာက သိုင်းဆရာကြီး ပါ။ တပည့်တွေအများကြီးပဲ"

"ကျွန်တော်ကြားတာ ကြာပါပြီ ဆရာ။ ကြားထဲက ဆရာ့ကိုတွေ့ချင်၊ ကန်တော့ချင်နေတာပါခင်ဗျ။ ဟိုထောင့် အိမ်က ဦးလေးရွှေတို့ အမြဲပြောပြောပြ တဲ့အတွက် ဆရာ့ကိုမြင်ဖူးချင်နေတာပါ ခင်ဗျ"

"ဪ - အေး၊ ခုလည်း ကိုရွှေ တို့ဆီခဏလာတာ"

ဆရာသည် စကားအပြီး အလွန် ကြည့်ကောင်းလှသော အမူအရာနှင့် ခံ့ခံ့ညားညားရယ်နေ၏။ ကျွန်ုပ်၏ မျက်လုံးတို့သည် ဆရာကြည်၏လှုပ်ရှား ပုံမှန်သမျှ ဓာတ်ပုံရိုက်ထားသလိုစွဲနေ လောက်၏ဟုပင် ကိုယ့်ကိုယ်ကိုယ်ထင် နေ၏။ ဆရာသည် ပြုံးနေသော်လည်း စကားအပိုမပြော။ အနားတွင်လာထိုင် သည့် အမေ့ဘက်သို့လှည့်၍ အမေ့ စီးပွားရေးအကြောင်း အနည်းငယ်မေး နေ၏။

ကျွန်ုပ်လည်း အလိုက်သိစွာနှင့် ထထွက်လာလိုက်ပါတော့သည်။ နောက် နေ့မှသာ ဆရာကြည်၏နေအိမ်သို့ ရောက်အောင်သွားပြီး ဂါရဝပြုမည်။ ယခု လမ်းကြုံဂါရဝပြုရသည်မှာ လိပ်ပြာ မလုံဟု ကိုယ့်ကိုယ်ကိုယ်တွေးနေလိုက် ပါသည်။

ရန်ကုန်သစ်။

ဆရာကြည်ထံသို့ ရောက်အောင် သွားပြီး ဂါရဝပြု၏။ ရိုသေစွာ ကန်တော့ ၏။ သို့သော် ဆရာသည် ကျွန်ုပ်ကို မမှတ်မိ။ တပည့်များ၊ မိတ်ဆွေများ အလွန်များပြားလွန်းရကား ကျွန်ုပ်သည် လူအုပ်များလွန်း၍ ဘေးသို့ဖယ်နေရ၏။

ဆရာ အနည်းငယ် ခပ်တွေတွေ ကြည့်နေ၍ ကျွန်ုပ်ဘာမှမပြောဖြစ်တော့ ပါ။ ယခုမှသာ လာရောက် ကန်တော့ သည့်သူတစ်ဦးအနေနှင့်သာ ကန်တော့ မိတ်ဆက်လိုက်ပါသည်။ ကျွန်ုပ်၏ မျက်နှာစိမ်းနေသော်လည်း ဆရာအလွ[န်] ဖော်ရွေ၏။ စကားပြောနူးညံ့သိမ်မွေ့ လွန်းလှ၏။ စကားတစ်ခွန်း၊ နှစ်ခွန်းပြော ပြီးသည်နှင့်-

"ကျွန်တော့်ကိုယ်ကျွန်တော် ဆရာ့ ကိုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော့်မှာ ပညာပါရမီရှိမယ်လို့များ ဆရာမြင်ခဲ့ သားသမီးဟောင်း၊ဆွေဟောင်းမျိုးဟောင်း လိုသဘောထားပြီး ပညာများသင်ကြား ခွင့်ပြုပါခင်ဗျာ။ ကျွန်တော် ကန်တော့ပါ တယ်"

"အေး - အေးအေး - တရား တရားမြတ်တွေ့နိုင်တဲ့ မင်းယောက်ျား ဖြစ်ပါစေကွာ။ အေး - မင်းပြောတာ



…ောင် ငါ မင်းကိုသနားသွားတယ်ကွာ”

ကျွန်ုပ်သည် လူရှင်းချိန်ထိ ဖွဲ့နှင့် …စောင့်နေခဲ့၏။ ဆရာကလည်း …တို့ အသိအမှတ်ပြုကာ စကားများ …၏။ စကားပြောရင်း အင်္ဂလိပ်ပညာ …များအကြောင်း ပါလာလေရာ ကျွန်ုပ် … မှတ်တောင်ပင်မခတ် အသက်ပင် …လောက်အောင် ငြိမ်ပြီးနားထောင် …မှတ်သားနေ၏။ ဆရာပြောပြသည် …သော်လည်း ကျွန်ုပ်ဉာဏ်မမီပါ။ …ဖြင့် လက်ာများကို မကျွမ်းကျင် … ကျွန်ုပ် မမှတ်သားနိုင်ဖြစ်နေ၏။ …ထံမှ မှတ်မှတ်ရရရခဲ့သောပညာ …အင်္ဂလိပ်ပညာခန်းအရ အခိုက်ထုတ် သောပညာခန်း ဖြစ်ပါသည်။ ဆရာသည် အခိုက်ထုတ်ပုံကို လှပသေသပ်စွာ သင်ကြားပြသပေး၏။ ကျွန်ုပ်တွေးသော အတွေးအခေါ် များလွှဲချော်နေသည်ကို ညင်သာစွာ တည့်မတ်ပေး၏။ အင်္ဂလိပ်နှင့်ပတ်သက်သော ပညာခန်းများကို ခပ်ရှင်းရှင်းကြားရ၏။

“အေးကွယ်၊ သူကဆရာ့ဆီလာပြီး မျက်ရည်လေးတစ်စီစီနဲ့။ ဆရာကလည်း ကိုင်း - အဝါရောင်ပန်းလေးတစ်ပွင့် ခေါင်းမှာပန်သွားဆိုပြီး ဓာတ်ဆင်ပေးလိုက်တာ ဟော - ဟိုကျ သူရစရာရှိတဲ့ ကြွေးလေးတွေပြန်ရသွားတာပေါ့ကွယ်”

ဟု ပြောသောအခါ ကျွန်ုပ်၏ စိတ်ထဲ၌ သူရဲ့အခါဖြစ်နိုင်သည်ဟုသာ တွေးနေပြီး မမေးရဲခဲ့ပါ။

“တပည့်တွေထဲကတစ်ယောက်ပေါ့ကွယ်။ နေမကောင်းလို့ ဆရာ့လာပြောတယ်။ ဆရာကလည်း ဒီမှာ ဧည့်သည်တွေနဲ့ လိုက်မသွားအားဘူး။ ဟဲ့-နင်တို့အိမ်ထဲမှာ မီးလုံးအကျွမ်းရှိတယ်။ ထုတ်လိုက်စမ်းလို့ပြောလိုက်ရတယ်။ ဒါ ဆရာ

တို့အင်ဂိဇ္ဇာမှာ 'အမြစ်ရေလောင်း' ပညာ ခန်းလို့ခေါ် သကွယ့်"

ကျွန်ုပ်တွေဝေပြီးနားဝေတိမ်တောင် ဖြစ်သွား၏။ ဘာပြောရမှန်း၊ ဘာဆက် မေးရမှန်းမသိတော့။

"ဟော - အဲသလို မီးလုံးအကျွမ်း လည်း ပြန်သွားပြီးထုတ်လည်းထုတ်ရော ဟော - ညနေကျအကောင်း သနပ်ခါး အဖွေးသားနဲ့ ဆရာ့ဆီ သူ့ဟာသူလမ်း လျှောက်လာတယ်။ ကတဲ - ကြည့်စမ်း ကောင်းလိုက်တဲ့ပညာ"

နားထောင်၍အလွန်ကောင်း၏။ မှတ်သားစရာများအလွန်ပါ၏။ သို့သော် ဆရာ့ထံ သင်ယူရန် အလွန်ခက်ခဲနေပါ သည်။ ဆရာသည် တပည့်ပေါင်းများစွာ ရှိသောပုဂ္ဂိုလ်ဖြစ်၍ ထိုတပည့်များကို ကိုယ်ခံပညာများ၊ လောကီပညာများ သင်ကြားပြသပေးနေသူ ဖြစ်ပါသည်။ ထို့အတွက် ဆရာမအားလပ်ပါ။ အလွန် အလုပ်များသော ပညာရှင်ကြီး ဖြစ်ပါ သည်။ ကျွန်ုပ်က ယခုမှစသင်ရန်ဆိုလျှင် တောင်မရောက်မြောက်မရောက်ဖြစ်နေ ရုံမက ကျွန်ုပ်အတွက်ကိုပါ ဆရာသီးသန့် အချိန်မပေးနိုင်မှန်း ကျွန်ုပ်သိပါသည်။

ထို့ကြောင့် ဆရာ့ထံသို့သာမကြာ မကြာသွားပြီး ကန်တော့မည်။ ဆရာ့ ဆုံးမသြဝါဒတစ်လုံးကြားရကြားရ၊ နှစ်လုံး ကြားရကြားရနာခံမည်။ ရှိသေစွာ နာခံ မှတ်သားမည်။ ဤသြဝါဒများထဲတွင် ပညာရပ်များ မထင်မှတ်ဘဲပါရှိလာလျှင် ငါပညာရမည်။ ပညာရပ်များမပါရှိလျှင် ဆုံးမစကားများကိုနာခံရမည်။ ဗဟုသုတ များရမည် ဟူ၍တွေးရင်း ဆရာ့အား တိတ်ဆိတ်စွာပင် သွားရောက်ကန်တော့ ပါသည်။

ဆရာ့ထံ တစ်ခေါက်၊ နှစ်ခေါက် သွားခဲ့သည့်ရက်များက ပြောင်းဆန် အောင်ပူးနေသောသူ၏ ဦးခေါင်းအား ခပ်လှမ်းလှမ်းမှ လက်ဝါးလေးနှင့်သပ်ချ လိုက်ရာ ထိုပူးနေသူ စွေ့ခနဲပစ်လဲကျ သွားပြီး ခွေကျသွားသည်ကို တွေ့ဖူး၏။ ကျွန်ုပ်သည် လက်ဝါးလေးနှင့်သပ်ချ လိုက်ရုံနှင့် ပယောဂထွက်သွားနိုင်စွမ်း သောပညာရပ်အား တတ်မြောက်ချင် လိုက်ပါဘိ။ သို့သော် ဆရာကြီး ဘယ်သို့ သီလများဆောက်တည်၊ သမာဓိများ ထူထောင်၍ ဤပညာများရရှိပိုင်ဆိုင် လာသည်ကို ကျွန်ုပ်ဉာဏ်မမီပါ။ ငါ ခုနေကျင့်နိုင်ရင် ဆရာ့အရွယ်လောက် ကျ ဒီလိုကုနိုင်ရင် သိပ်ကောင်းမှာပဲဟု မရဲတရဲ ကလေးတွေးတွေးနေမိပြန်၏။

လူတစ်ယောက်ကိုများဟောနေ သည်မှာ လိုက်ကြည့်နေသလို တဒေါက် ဒေါက်ဖြစ်နေ၏။ ဆရာဟောနေကာမှ စကားလုံးများကို နားထောင်ကြည့်လေ ရာ အင်္ဂဝိဇ္ဇာပညာခန်းများ ဖြစ်နေ၏။

မဆန်းပါ။

ကျွန်တော်တတ်ထားသောသူရဇ္ဇ သောကြာအခါတိုင်များနှင့်သာဟောနေ ခြင်း ဖြစ်ပါသည်။

ဆရာ့ရှေ့တွင်ထိုင်နေသော အမျိုး သမီးနှစ်ဦးအနက် တစ်ဦးကိုဟောနေ ခြင်း ဖြစ်၏။

"ငါ့သမီးယောကျ်ားနေမကောင်း ဖြစ်နေပါလားကွယ့်"

ဟု ဆိုလိုက်သည်နှင့် -

"ခု အဲဒီကိစ္စနဲ့လာတာပါ အဘ"

ဟု ဖြစ်သွား၏။

ကျွန်ုပ်လည်း ကပျာကယာ အခါ ကိုကြည့်လိုက်ရာ ဗုဒ္ဓအခါဖြစ်နေ၏။

"ငါ့သမီးယောကျ်ားက နာမည်မှာ 'အ' ပါရင်ပါ၊ မပါရင် တနင်္ဂနွေသားပဲ ကိုး"

ဟု ဆိုလိုက်ရာ -

"ကိုအောင်ချစ်ပါ ဘဘ"

ဟု ဖြစ်သွားပြန်၏။

"သြော် - အေး၊ သူက အကြော တွေမကောင်းဘူးနော်"

ဟု ပြောပြန်၏။

"ဘဘ၊ သူခြေထောက်တွေ တအားနာပြီးနှိပ်နှိပ်နေရတယ်"

ဟု ဆိုလိုက်သောအခါ ကျွန်ုပ်၏ အာရုံတို့ ဗုဒ္ဓအခါတွင် စတုရန်းတည်း ဟူသော ရုပ်/စိတ်ဒဏ်ရာဆီသို့ရောက် သွားပါတော့သည်။

"ခမျာကွယ် - လူယုံသတ်တတ် တယ်။ မိသားစုလိုနေတဲ့သူက ပြဿနာ ရှာတတ်တဲ့သဘောရှိတယ် သမီး"

ဗုဒ္ဓအခါတွင် တိုင်ခြေ သောကြာ ရှိပြီး တနင်္ဂနွေအောင်ချစ်နှင့် 'ဦးသာ'ဖြစ် ၏။ သောကြာသည် တြိရန်းရောက်နေ ပြီဖြစ်၍ အတွင်းမိတ် 'ဦးသာ'ပျက်ရတော့ သည်။

"ဖြစ်နေတယ် ဘဘ"

"ဒါဖြင့် ငါ့သမီး၊ နင့်ယောကျ်ား ဟာ စက်ပစ္စည်းတစ်ခုခုကြောင့်ဖြစ်နေ တဲ့ပြဿနာရှိတယ်"

"ဟယ် - အဘ ဟုတ်တယ်။ အပ်ချုပ်စက်က ခိုးရာပါကိုဝယ်လိုက်မိလို့ ခုပြဿနာရှုပ်နေရတယ်။ ပိုက်ဆံလည်း သုံးထောင်တောင်ကုန်နေပြီ၊ မပြီးသေး ဘူး"

တနင်္ဂနွေ၏ မိတ်ဂြိုဟ်ဖြစ်သော သောကြာ၏ အထက်ကပ်ရက်ဂြိုဟ် အင်္ဂါကို ဒါရိုက်ပြောထဲ့လိုက်ခြင်း ဖြစ်ပါ သည်။ အင်္ဂါသည်ခိုက်နေ၏။

"အင်းအင်း -'အောက်ခြေနီးတပ် နံ့တရပ်ကား ခေတ်ကျောက်နဂါး ဘာ ကား မရွှံ့ အောက်ပုံကတ္တား အင်း - အကုန်ငြိနေပါရောလား။ သုံးကားခြေ ဆိုလေ့မမှား' ဟုတ်ပါ့ကွယ်၊ တစ်ခု မလွတ်ဘူး ကျွတ် ကျွတ် ကျွတ်"

ဆရာကြည်သည် ဤစကားကို ဟောလိုက်ခြင်းမဟုတ်။ သူ့ဟာသူ တစ်ကိုယ်ကြား ခပ်တိုးတိုးလေးရေရွတ် နေခြင်း ဖြစ်၏။ အဟောခံနေရသော အမျိုးသမီးသည် ဆရာကြည့်ရှေ့တွင် မထိုင်ရဲထိုင်ရဲဖြစ်နေပုံနှင့် လက်အုပ်ချီ လိုက်၊ လက်ဘေးချလိုက်နှင့်ပျာနေ၏။ ကျွန်ုပ်က အင်္ဂဝိဇ္ဇာကိုဝါသနာကြီးလွန်း သူပီပီ ဗုဒ္ဓအခါနှင့် ဆရာရွတ်သော လင်္ကာကို တိုင်နှင့်လိုက်ချိန်နေ၏။ ဆရာ ဟောသွားသော အောက် (၃) လုံးဂြိုဟ် များပင် ဖြစ်ပါသည်။ ကျွန်ုပ်လည်း လင်္ကာနှင့် ဂဏန်းဖော်ရုံသာတတ်ပြီး ဘာမှန်းမသိပါချေ။

"ဒီလိုလုပ်လေကွယ်"

"ဟုတ်ကဲ့ရှင့်"

"သမီးယောကျ်ားကို ဘုရား(၅)ဆူ ရှိတဲ့နေရာကိုလွှတ်။ ပမာကွယ် တန်ဆောင်းတစ်ခုထဲဆို ဒါ (၅) ဆူမော ဘူးလေ"

"ဟုတ်ကဲ့"

"မနက်ဝေလီဝေလင်းမှာ ဘုရား (၅) ဆူကို ဆွမ်းတော်ကပ်ခိုင်းလိုက် တစ်ဆူကို တစ်ပန်းကန်ပေါ့ကွယ် ကြိုက်တဲ့ဆွမ်း၊ ဆွမ်းဟင်းနဲ့ကပ်။ ကြား လား"

"ဟုတ်ကဲ့ - ဘဘ"

"အေး - ပြီးရင် အိမ်မှာ ပန်းအိုး လေးတွေ ဘုရားပူဇော်ထားလိုက်တော့ သမီးတို့ကိစ္စတွေပြီးသွားလိမ့်မယ်။ ... လည်းနေကောင်းသွားလိမ့်မယ်"

ကျွန်ုပ်ရှက်နေ၏။

ဗုဒ္ဓအခါကို သိပါသည်။

သို့သော် ကိုယ့်ကိုယ်ကိုယ် သူရဇ္ဇ သောကြာတတ်ရုံနှင့် မြောက်ကြွမြောက် ကြွဖြစ်နေပြီး ဟုတ်လှပြီအထင်ရောက် နေသောစိတ်ဓာတ်များက ကျွန်ုပ်ကို ကဲ့ရဲ့ကြချေပြီ။ အခိုက်လေးပြောနိုင်ရုံ နဝင်းပြောနိုင်ရုံနှင့် 'လာစမ်း - ဘာထား မလဲ၊ ပြောထဲ့လိုက်မယ်' ဟူသော မာ... မာနများက ကျွန်ုပ်အား အတော်ရှက်...

စေပြီ ဖြစ်၏။

ဤလိုသတ္တိမျိုးမရှိခဲ့ပါ။

ဆရာကြည်ပြောသွားပုံမှာ အလွန်မှုရိုးစင်း၏။

ကျွန်ုပ်၏ ဆရာသခင်ကျေးဇူးရှင် မကြာခဏဆိုဆုံးမသောစကားတို့နားထဲ ရောက်လာ၏။

'မင်းအတွေးတွေကအလှမ်းကျယ်ပြီး အလဲယ်လပ်နေတယ်။ မင်းက အရိုးဆုံးကိုမတွေးဘူး။ နောက်ဆုံးတော့ အရိုးဆုံးဟာ အဆန်းဆုံးပဲ'

ဟူသောဆုံးမစကားဖြစ်၏။

ယခု မှန်နေချေပြီ။

ဆရာကြည် အရိုးဆုံးတွေးပြသွား၏။ ထင်မထားသော ပဟေဠိနှိုးရှိုးမှုသာဖြစ်၏။ သို့သော် တစ်ဖက်သားတုန်လှုပ်သွားရလောက်အောင် ဆန်းသွား၏။

ဆရာကြည်သည် တပည့်အလွန်များပြားလွန်းသူဖြစ်ရာ ကျွန်ုပ်မတိုးနိုင်ခဲ့ပါ။ ကြိုးစားခဲ့ပါသေးသည်။ အလွန်နက်ရှိုင်းလှသော ဂမ္ဘီရပညာရပ်များမရခဲ့ပါ။ ပုတီးစိပ်ကျင့်စဉ်များသာရခဲ့ပါသည်။ ဆရာကြည်၏ ငြိမ်သက်ပုံ၊ သီလအားကောင်းပုံ၊ အနေအထိုင်ပြောဆိုသပ်ရပ်သေသပ်ပုံ၊ အလွန်ထီးဟန်နန်းဟန်ဆန်ပုံ ကျွန်ုအလွန်သဘောကျ၏။ ပြုံးပြီးပြောတတ်သော အလွန်ကြည်သည့်ဆရာ့မျက်နှာမှာ အေးချမ်းလွန်းလှ၏။ ဆရာ့ကိုကြည့်၍ တစိမ့်စိမ့်နှင့်ကြည်ညိုပြီး အဝေးမှသာ ပြန်ခဲ့ရသည်များပါသည်။

ပညာရှင်ကြီးတစ်ဦးအဖြစ် ရှိသေစွာ ချဉ်းကပ်ခဲ့ပါသည်။

ကျွန်ုပ်၏ အတိတ်ကံမကောင်း၍ ပညာမရခဲ့ပါ။ ဆရာကြည်၏တပည့်များများပြားလွန်း၍ မတိုးနိုင်ခဲ့ပါ။ သို့သော် ဆရာ့ထံမှ အလွန်အဖိုးတန်သော ဆုံးမစကားများကို မှတ်သား နာယူခဲ့ရပါသည်။ ကျွန်ုပ်ဝါသနာကြီးသည်ကိုသိ၍ အမေကတော့ တိုက်တွန်း၏။ ဆရာ့ထံ မကြာမကြာသွားရန်အားပေး၏။ ကျွန်ုပ်မှာ စိန်ဂွန်းဈေးဆိုင်ကိုပစ်ထားခဲ့ရသည်မှာ လချီနေပြီဖြစ်သည်ကတစ်ကြောင်း၊ အမေ့ကိုလုပ်ကျွေးပါသည်ဟု အမည်ခံပြီး တောင်သွားမြောက်သွားဖြစ်နေရသည်ကတစ်ကောင်းတို့ကြောင့် စိန်ဂွန်းဈေးဆိုင်တွင်သာ မြဲနေလေတော့၏။

အဲခက်အခဲများအလွန်ဖြစ်၏။

"အမေ၊ သားဈေးဦးမပေါက်တာ ဒီနေ့ပါနဲ့ဆို (၈) ရက်ရှိပြီ"

"ဟင် - အမေ့ကျတော့ သားနေ့တိုင်းဈေးဖိုးပေးနေတာကကော"

"ဟိုဒင်းလေ အဲဒါက. . ."

"လူလေး၊ နင်အထည်တွေလျှော့လျှော့ပြီးပြန်မသွင်းနဲ့။ အမေ့မှာလည်း ပိုက်ဆံရှိပါတယ်။ အမေလည်း ဒီနားက အမေ့မိတ်ဆွေတွေကို ငွေတိုးလေးဘာလေးပေးထားတာရှိပါတယ်။ အကျီလေးတွေ၊ စောင်တွေလည်း အပေါင်ခံတာရှိတယ်"

ကျွန်ုပ် အမေ့ကိုမြင်လျှင် အမှန်အတိုင်းထွက်ထွက်သွား၏။ လိမ်ရန်အချိန်မရလိုက်တော့။ အမှန်က အမေ့ကိုသနားလွန်း၍ ဈေးဦးမပေါက်လျှင် သူငယ်ချင်းများထံ ဈေးလျှော့ပြီး အကျီတစ်ထည်သွားသွားသွင်းခြင်း ဖြစ်ပါသည်။ ထိုငွေနှင့် အမေ့ရှေ့ရောက်လျှင် ခပ်တည်တည်လုပ်နေရ၏။

ကျွန်ုပ်က တောက်တက်ဖားလျားပြေးလွှားနေရလွန်း၍၊ ပိုက်ဆံကို တိုင်းသုံးနေရလွန်း၍ ဆရာသခင်ကျေးဇူးရှင်အား စိန်ဂွန်းဈေးသို့ အလည်လာရန် တစ်ခါမှမဖိတ်ခေါ် ဘူးပါ။

သို့သော် ဆရာ့ထံ လာရောက်မေးမြန်းကြသူများထဲတွင် စိန်ဂွန်းဈေးမှ ကက်ဆက်ရောင်းသူတစ်ဦးပါ၏။ ထိုသူကိုအကြောင်းပြု၍ ဆရာစိန်ဂွန်းဈေးသို့ မကြာမကြာရောက်လာပါတော့သည်။

ကျွန်ုပ်မှာ ဆရာ့ကို စိန်ဂွန်းဈေးတွင် စတွေ့လိုက်စဉ်က ထခုန်မတတ်ဝမ်းသာသွား၏။ ဆရာလာစဉ်က အချိန်သည် ကျွန်ုပ် ဆရာ့ထံအသွားအလာကြဲနေသောကာလ ဖြစ်၏။

ကက်ဆက်ရောင်းသူသည် တစ်နေ့မှ တစ်လုံး၊ နှစ်လုံး အနိုင်နိုင်ရောင်းရ၏။ ဆရာက သူ့ကိုကြိုမှာထား၏။

"မင်းဆိုင်မှာ ကက်ဆက်(၁၀)လုံးအထက်မှာရောင်းရတဲ့နေ့ဆို အဲဒါ ငါလာတဲ့နေ့ပဲမှတ်ထား။ ငါ့အတွက် မင်းဆိုင်ခေါင်မိုးမှာ တစ်ရာတန် (၁၀) ရွက်ဖယ်ထားလိုက်"

ဟု မှာထား၏။

ဆရာလာသည့်ရက်ရောက်လျှင် ထိုဆိုင်မှာ အုတ်အော်သောင်းနင်းရောင်းရ၏။ သူကလည်း ဆရာခိုင်းသည့်အတိုင်း တစ်ရာတန် (၁၀) ရွက်ဖယ်ထားပြီးသား ဖြစ်၏။ ထိုဆိုင်တွင် ဆရာထိုင်ပြီးသောက်နေသော ဖန်ခွက်ဂိုင်းခွက်ကြီးမှာ အကြီးကြီးဖြစ်ပြီး ဆရာသောက်သည့် နက်စ်ကော်ဖီမှာ အလွန်မွှေးကြိုင်လှ၏။

ကျွန်ုပ်သည် ဆရာ့ကို အလွန်အားကျ၏။ ငါ့ဆရာ အတော့်ကိုထက်တာပဲ။ သူများဆိုင်တွေ ငုတ်တုတ်ထိုင်နေရတဲ့အချိန်မှာ ငါ့ဆရာလာတဲ့ဆိုင်က အုတ်အော်သောင်းနင်းပါလား။ အလကားပေးနေသလိုကို ရောင်းနေရတာပါလားဟု အလွန်သဘောကျ၊ အလွန်ပီတိဖြစ်နေမိ၏။ ဘေးဆိုင်များဆိုငေးနေရ၏။

ကျွန်ုပ်ဆိုင်မှ လှမ်းကြည့်လျှင် ကက်ဆက်ဆိုင်သည် ထိပ်ဆုံးဖြစ်၍ ဝေးသော်လည်းလှမ်းမြင်နေရ၏။ ဈေးဦးမပေါက်သောအထည်ပောင်းဆိုင်လေးရှေ့တွင် ခွေးခြေလေးနှင့်ထိုင်ရင်း ဆရာသခင်ကြောင့် ရောင်းနေရသောဆိုင်ကို လှမ်းကြည့်၍ သွားရည်တမျှားမျှားဖြစ်နေရ၏။ ဒါမှငါ့ဆရာကွဟု ပီတိဖြစ်နေရ၏။

တစ်ရက် -

ကျွန်ုပ်နှင့်လည်း မျက်မှန်းတန်းမိသော အသိမိတ်ဆွေနှစ်ယောက်သည် ကျွန်ုပ်ကို အနီးကပ် လက်ကုပ်ခေါ်ပြီး လက်ဖက်ရည်ဆိုင်တန်းဘက်ခေါ် သွား၏။ ကျွန်ုပ်လည်းလိုက်သွားလိုက်၏။ သတိထားလိုက်မိသည်မှာ သူတို့လက်ထဲတွင် ထီးပုံသဏ္ဌာန်အဝတ်နှင့်ပတ်ထားသော ကင်ဒိုဓားနှစ်ချောင်းဖြစ်၏။ သူတို့နှစ်ယောက်သည် ဆရာနှင့်အလွန်ရင်းနှီးသော ပြောမနာဆိုမနာ ဆရာ့သူငယ်ချင်းများလည်းဖြစ်ကြ၍ ကျွန်ုပ်မှာတောင်တွေးမြောက်တွေးဖြစ်နေ၏။ အင်း. . . ဆရာ့ကို တစ်ယောက်ယောက်က မနာလိုလို့ သူတို့လာတာဖြစ်မယ်ဟုတွေးရင်း သူတို့စကားကိုနားစွင့်နေလိုက်၏။

"ဒီမှာ ကိုယ်တို့ ဘဲကြီးကိုထုမလို့"

"ဟင် - ဘယ်ဘဲကြီးလဲ"

"ဩော်-ခက်ပါလား၊ မင်းဆရာကို မင်းဆရာကို ရှင်းလား"

ကျွန်ုပ်တစ်ချက်တွေသွား၏။

"ဟင်- ခင်ဗျားတို့က ဆရာ့သူငယ်ချင်းတွေပဲ ဘယ်လိုဖြစ်တာလဲ။ တစ်ခုခုတော့လွဲနေပြီနဲ့တူတယ်"

"မလွဲဘူး၊ အဲဒါ မောင်ရင်မသိချင်ယောင်ဆောင်နေပါ။ မောင်ရင်ဝင်မပါဖို့ခေါ်ပြောတာ"

"ဩော် - ဒီလိုလား။ ဒါဖြင့်ပြောလိုက်မယ်၊ ခင်ဗျားတို့ထုချင် ကျွန်တော့်ကိုအရင်ထုလိုက်ပါဦး။ ကျွန်တော်က ဆရာ့ရဲ့တပည့်လေ။ ခင်ဗျားတို့သိနေတာပဲ မသိတာမှမဟုတ်ဘဲ။ ကျွန်တော် မလှုပ်နိုင်တော့ရင်တော့ ကျွန်တော့်

ဆရာကိုအထိခံမယ်"

"မောင်ရင်ကလည်း တော်တော်ခက်တာပဲ။ မောင်ရင်နဲ့မဆိုင်ဘူးလေ။ ဒါကကိုယ်တို့ပြဿနာ။ မောင်ရင့်ကိုခေါ်ပြောမှရှုပ်ကုန်ပြီ။ မောင်ရင်က ကိုယ်တို့ကိစ္စတွေဘာမှသိတာမဟုတ်ဘူး။ အဲဒါကြောင့် မောင်ရင်ဝင်မပါစေချင်လို့ပြောနေတာ"

"ဟုတ်တယ်၊ အစ်ကိုတို့ကိစ္စ ကျွန်တော်ဘာမှမသိဘူး။ သိစရာလည်း မလိုဘူး။ကျွန်တော်သိတာက ကျွန်တော့်ပတ်ဝန်းကျင်မှာ ကျွန်တော့်ဆရာကိုထိလို့မရဘူး"

"မောင်ရင်ကဘာဖြစ်ချင်လဲ"

"အသက်ချင်းလဲပလိုက်မှာပေါ့၊ လုပ်လိုက်လေ"

"ကျွတ်. . . ခက်တာပဲ မောင်ရင်ကလည်း"

ကျွန်ုပ်သိပါသည်။ ကျွန်ုပ်နှင့်ဖြစ်လျှင် စိန်ဂွမ်းဈေး 'ဗက' ဘက်တစ်ခြမ်းလုံးပါလာတော့မည်ကို သူတို့သိနေပုံရ၏။ ထို့ကြောင့် ကျွန်ုပ်ကို မရမကစည်းရုံးနေခြင်း ဖြစ်၏။ ကျွန်ုပ်ကလည်း ဆရာ့ကို နှလုံးသည်းပွတ်ထဲမှ ချစ်ကြောက်ရိုသေသူဖြစ်၍ ဆရာနှင့်ပတ်သက်လာလျှင် မည်သူ့ကိုမျှ ဗိုလ်မထားဟု ဆုံးဖြတ်ထားလိုက်၏။ စကားပြောရင်းနှင့် ဆရာသင်ကြားပေးထားသော အသက်ရှူလေ့ကျင့်ခန်းတစ်ခုကို ချက်ချင်းသတိရလိုက်၏။ နှာခေါင်းနှစ်ပေါက်တွင် ဘယ်နှာခေါင်းပိတ်ချင်နေသည်ကို မသိမသာစမ်းလိုက်ပြီး ထိုပိတ်သောနှာခေါင်းပေါက်ဘက်ခြမ်းကို သူတို့ဘက်ကိုယ်လှည့်စောင်းပြီးထိုင်လိုက်၏။ အတော်ဖြစ်သွား၏။ ဘယ်ဘက်ခြမ်းနှာခေါင်းပေါက်ပိတ်နေ၍ သူတို့ကို ဘယ်ဘက်ဦးတည်ပြီးထိုင်နေလိုက်၏။ ဘေးနားလွတ်နေသောဆိုင်များမှာ ကြိုးများနှင့်တွဲလောင်းဆွဲ ကန့်လန့်ချည်ထားသော ဝါးလုံးများမှာ ရင်စို့ခန့်ရှိပြီး လက်တစ်ကိုင်စာဖြစ်၏။ အထည်များချိတ်ရောင်းကြသော ဝါးလုံးတန်းလေးများ ဖြစ်၏။ ထိုဝါးလုံးများဆီသို့ မျက်လုံးမသိမသာဝေ့ကြည့်လိုက်ပြီး ကင်ဒိုဓားများမထုတ်ခင် ဦးအောင်ရိုက်နိုင်လောက်သည့်အနေအထားနှင့် ထိုင်နေလိုက်၏။

ထိုအချိန် ခါးဘုကြီးနှင့် ရေနွေးလိုက်ရောင်းသောသူအား လှမ်းခေါ်လိုက်ပြီး ရေနွေးကြမ်းတစ်အိုးနှင့်ဖန်ခွက်တစ်ခွက်ယူထားလိုက်၏။ ရေနွေးကိုဖန်ခွက်ထဲထည့်၍သောက်နေလိုက်၏။ ကျွန်ုပ်၏လုပ်ရပ်များမှာ မြန်ဆန်လွန်း၍ ဆရာ့အား ရန်ပြုလိုသူနှစ်ယောက်မှာ ကြောင်ကြည့်နေ၏။

နှာခေါင်းပိတ်သောဘက်မှာ သူတို့ကိုထားထားပြီး စကားပြောနေသောကြောင့် ကျွန်ုပ် သူတို့ကို စတင်ဓာတ်ရိုက်နေပြီဖြစ်၏။ ထိုအချိန် ဆရာသည် ကျွန်ုပ်၏ဆိုင်ဘက်သို့ နက်စ်ကော်ဖီဖန်ခွက်ကြီးကိုင်ရင်း လျှောက်လာနေသည်ကို လှမ်းမြင်လိုက်ရာ ကျွန်ုပ် သူတို့နှစ်ယောက်ကို -

"ခဏနော်၊ ခုပြန်လာခဲ့မယ်"

ဟု ပြောပြီး ဆရာ့နားအပြေးသွားလိုက်၏။

"ဆရာ"

"ဟေ"

"ဒီနေ့ ခု တစ်ရက်စောစောလေး ပြန်လိုက်ပါလား"

"အောင်မာ ဘာလို့လဲ"

"ဆရာ့ကိုရန်လုပ်ချင်တဲ့ကောင်တွေ ကျွန်တော်ရှင်းနေလို့"

"ဘယ်မအေ×××တွေလဲ။ ငါက အဲလိုမျိုးတွေ့ချင်တာ"

"ဆရာဟာကိုယ်ခံပညာရှင်တစ်ဦး ဆိုတာ ကျွန်တော်အသိဆုံး။ ဘယ်သူ့မှ ဂရုမစိုက်တာလည်းကျွန်တော်အသိဆုံး။ ဒါပေမယ့် ဆရာနားရင်းရိုက်လည်း ကျွန်တော်ဒီမှာလှိမ့်ခံမယ်။ ကိုယ်ခံပညာနဲ့မဆိုင်ဘဲ အင်ဂျင်နီယာပညာရှင်ဆိုတဲ့ သိက္ခာကို အထိမခံနိုင်ဘူး ဆရာ။ ဆရာ့ကိုလေးစားနေကြတာ ကိုယ်ခံပညာရှင်မို့လို့မဟုတ်ဘူး။ ဆရာလက်နဲ့ထိလိုက်တဲ့ ပစ္စည်းတွေသူတို့မမြင်ဘူးလောက်အောင် ရောင်းကောင်းနေလို့ ဆရာ့နားမှာဝန်းရံနေကြတာ။ ဆရာ့ရဲ့ အဲဒီဂုဏ်သိက္ခာကြောင့် ကျွန်တော်တားတာပါ ဆရာ"

"ငါ့ကိစ္စငါ့ဟာငါရှင်းပါ့မယ်။ မင်းအသာနေပါ"

"ဆရာကလည်း၊ ကျွန်တော်က ဆရာ့တပည့်အရင်းခေါက်ခေါက်လေ။ ဒီကိစ္စကိုအသာနေလို့ရမလား။ ကျွန်တော်မတတ်နိုင်တော့မှ ဆရာ့ကိုအထိခံမယ်"

ဆရာသည် ဟိုဟိုဒီဒီမျက်လုံးဝေ့ကြည့်လိုက်၏။ သွေးအေးအေးနှင့်ပင် ဖန်ခွက်ကိုင်းခွက်ကြီးကို တစ်ချက်မော့လိုက်ပြီး -

"ဘာလဲ ငါခုပြန်ရမှာလား မင်းပြောတာ"

"ဒီနေ့တစ်ရက်ပါဆရာ။ ကျွန်တော်လေးဘီးကားလိုက်စီစဉ်ပေးမယ်"

"မလိုဘူး မင်းနေခဲ့။ မင်းအဲသလောက်စိတ်ပူနေရင် ငါပြန်မယ်။ မင်းဟာမင်းဈေးရောင်း"

"ဟုတ်ကဲ့"

နှာခေါင်းအဖွင့်၊ အပိတ်ကိုစမ်းရင်း ထိုလူနှစ်ယောက်ကိုပြန်ရင်ဆိုင်ပြီးထိုင်လိုက်၏။ ရန်သည် စနေဖြစ်၏။ စနေ၏ဆပွတ်မှာ ကြာသပတေးဖြစ်၏။ 'ဖုဋ္ဌဿလောကဓမ္မေဟိ' အစချီသောဂါထာကို နှုတ်မှမပြတ်ရွတ်ရင်းထိုင်နေလိုက်၏။ ထိုနှစ်ယောက်သည် သူတို့ချင်းတီးတိုးပြောလိုက်၊ ငြိမ်နေလိုက်ဖြစ်နေ၏။

"မောင်ရင့်ကိုကိုယ်ပြောမယ်"

"ပြော"

"မောင်ရင်ဘာမှမသိရင် ဘာမှဝင်မစွက်တာကောင်းတယ်။ နို့မို့ မောင်ရင်ကြားညပ်သွားလိမ့်မယ်"

"ရတယ်၊ ခုလိုသတိပေးတာ ကျေးဇူးပဲ။ ဒီပြင်ကိစ္စတွေဆို ကျွန်တော်စိတ်မဝင်စားဘူး။ ကျွန်တော့်ရှေ့မှာ ဘာဖြစ်နေဖြစ်နေဂရုမစိုက်ဘူး။ အခု ဆရာ့ကို ကိုယ့်ရှေ့တင်ထုမယ်ဆိုတော့ အဲဒါကြီးက"

ကျွန်ုပ် မဲ့ပြုံးပြုံး၍ ခေါင်းကိုယမ်းနေလိုက်၏။

"ကဲ - အချိန်မရှိဘူး၊ သွားမယ်"

သူတို့ချင်း ခပ်တိုးတိုးပြော၍ ကျွန်ုပ်ကို နှုတ်ဆက်ကာ ထသွားတော့၏။ ကျွန်ုပ်လည်း ရေနွေးအိုးကို ခါးဘုနှင့်လူအား လှမ်းခေါ်ရှင်းလိုက်၏။ ရေနွေးရောင်းသူမှာ အံ့အားသင့်နေ၏။

ရေနွေးမလျှော့ပါ။ သောက်ချင်၍မဟုတ်။ ဓားသမားနှင့်ရင်ဆိုင်ရတော့မည်ဆိုလျှင် ပူလောင်လှသောရေနွေးသည် ကျွန်ုပ်အတွက် အကောင်းဆုံးလက်နက်အဖြစ်သို့ပြောင်းသွားနိုင်သည်ဖြစ်၏။

ထိုနေ့က ဆရာသင်ပြပေးထားသောယောဂီကျင့်စဉ် ဝင်လေ၊ထွက်လေနှင့် ရန်သူအား ရင်ဆိုင်နိုင်ခဲ့ပါသည်။ အလွန်ထူးဆန်း၏။ လေအဝင်အထွက်နည်းသော နှာခေါင်းပေါက်ဘက်အခြမ်းကို ရန်သူဘက်တွင်ထား၍ထိုင်ပြီးစကားပြောခြင်းပင် ဖြစ်သည်။ ထိုနည်းကို ဆရာသင်ပေးခါစက ကျွန်ုပ်အမျိုးမျိုးစမ်းကြည့်ဖူး၏။ ရန်လိုနေသော ရန်စကားဆိုချင်သောသူနှင့် ရင်ဆိုင်သည့်အခါ အသက်ရှူရန် နှာခေါင်းပွင့်နေသောဘက်အခြမ်းကို ရန်သူဘက်လှည့်၍ ရင်ဆိုင်ထားပြီး စကားပြော၏။ ဖြစ်လိုက်သည့်ပြဿနာ။ ဖြစ်လိုက်သည့်ရန်

တုတ်တစ်ပြက်ဓားတစ်ပြက်နှင့်မှုပြီးရ၏။ မည်သို့မျှအတောမသတ်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မက လက်တွေ့စမ်းပြီးမှ လက်ခံလိုက်တော့၏။ ဆရာသခင်အား မရိုသေ၍ မလေးစား၍ ဖယ့်၍မဟုတ်ပါ။ ဆရာ့အား အလွန်ရိုသေ အလွန်ချစ်ကြောက်လှပါသည်။ သို့သော် မည်သည့်ပညာရပ်ကိုမဆို သင်ကြားပြီးလျှင် လက်တွေ့စမ်းကြည့်ချင်သောစိတ်က တားမရဆီးမရဖြစ်ရသောကြောင့် ဖြစ်ပါသည်။

ခံရပြီဆိုမှ ငြိမ်သွားတတ်၏။ ထိုအခါ ဆရာသင်ကြားပြသပေးလိုက်သောပညာကို လုံးဝအကြွင်းမဲ့ယုံပြီး လုံးဝနားထောင်လေတော့၏။ စောဒက မတက်ရဲတော့။

ဤသို့ လက်တွေ့စမ်းခြင်းကြောင့် တစ်ခါမရှုံးနိုင်မကယ်နိုင်ကြုံဖူးပါသည်။

ကရာတေးကစားသောသူငယ်ချင်းတစ်ယောက်ကို သူမခံချင်သည့်ထိနှင်းကန်ဖိပြောလိုက်မိသောကြောင့် သူငယ်ချင်းမှာ ထိန်းမရသိမ်းမရ ဒေါသအမျက်ခြောင်းခြောင်းထွက်ပါတော့သည်။ ကျွန်ုပ်က လက်တွေ့စမ်းကြည့်ချင်သောကြောင့် ပွင့်နေသောနှာခေါင်းဘက်အခြမ်း ခန္ဓာကိုယ်ကို သူငယ်ချင်းဘက်စောင်းပြီး ရင်ဆိုင်လိုက်၏။ ရင်ဆိုင်ရုံတင်မက ထိုခန္ဓာကိုယ်ဘက်အခြမ်းမှ လက်နှင့် သူငယ်ချင်းရင်ဘတ်ကို ဆောင့်တွန်းလိုက်၏။

အခြေအနေမှာ ကျွန်ုပ်မျှော်လင့်ထားသလိုမဟုတ်တော့။

ထိုသူငယ်ချင်း၏တပည့်များသည် တစ်ဦးပြီးတစ်ဦးထကြ၏။ သူတို့ထိုင်သည့်အောက်တွင်ဖင်ခုထိုင်ထားကြသည်မှာ ငှက်ကြီးတောင်ဓားများ ဖြစ်၏။ ဓားကိုဖင်ခုထိုင်သူ(၃)ဦးခန့်သည် ကျွန်ုပ်ကို မျက်တောင်မခတ်ကြည့်ရင်း ဓားဆွဲရန် အသင့်ပြင်နေကြတော့၏။ ကျွန်ုပ်တွေးလိုက်၏။ဒီဂိုဒေါင်ကြီးထဲကနေထွက်ဖို့ အပေါက်ကတစ်ပေါက်ထဲဖြစ်၏။ ငါဘယ်လိုထွက်ထွက် သူတို့ခုတ်ကြတော့မည်။ အကြောင်းမဲ့တော့ အဖြစ်မခံနိုင်ဟုစဉ်းစားရင်း သူငယ်ချင်းကို ချက်ချင်းမျက်နှာချိသွေးရ၏။ သူငယ်ချင်းမှာ တော်တော်နှင့်စိတ်မပြေ။ ကျွန်ုပ်က မျက်နှာချိမရရအောင်သွေး၏။ သုံး၊ လေးခွန်းလောက်ကျမှ သူငယ်ချင်းစိတ်ပြေသွားပြီး သူ့လူတွေကိုမျက်ရိပ်လှည့်ပြ၏။ သူ့လူများပြန်ထိုင်သွားကြပါတော့သည်။ ကျွန်ုပ်လည်း သတိကြီးစွာထားရင်း ထိုဂိုဒေါင်ထဲမှ ပြန်ထွက်လာလိုက်ပါသည်။

နောက်နေ့ ဆရာ့ကိုပြောပြရာ -

"အေး - လက်တွေ့ဆိုတိုင်းတော့ မကောင်းဘူးပေါ့ကွာ။ တချို့လက်တွေ့တွေက ကာလနာတိုက်တတ်တယ်။ သိပ်လည်းမစမ်းနဲ့။ မင်းစမ်းမယ့်ဟာတွေမှန်သမျှ ငါစမ်းခဲ့ပြီးသွားပြီမှတ်"

ဟု ဆရာက ဆုံးမပါတော့သည်။

သည့်နောက်ပိုင်း -

ဆပွတ်ပညာခန်းများကိုလက်တွေ့သင်ရ၏။

လူထွက်သွား၍ ထိုသူ၏နံအရ ဆပွတ်ခါတ်နှင့်ပြန်ခေါ်ပြလေရာ ဆရာသည် ကျေနပ်သောအပြုံးနှင့်ငြိမ်နေ၏။

"အေး - တနင်္လာရဲ့ဆပွတ်ဟာ စနေပဲ။ မင်းက မီးထွန်းခေါ်လိုက်တော့ မြန်တာပေါ့"

"ဟုတ်ကဲ့ - နဂါးရုံဘုရားမှာ ဖယောင်းတိုင် (၇) တိုင်ထွန်းပူဇော်ပြီး စိတ်အာရုံစူးစိုက်ခိုင်းလိုက်တာ။ အဲဒါပဲဆရာ"

"အေး - အဲဒါကိုကဆပွတ်မိသွားတာလေ"

"ကျွန်တော် လူတစ်ယောက်အလုပ်ရအောင်လုပ်ပေးလိုက်ရသေးတယ် ဆရာ"

"မှန်း"

"သူက ဗုဒ္ဓဟူးသား ဆရာ။ ကျိုက္ကဆံစေတီတော်မြတ်ကြီးရဲ့တနင်္လာထောင့်မှာ ကျောက်ကျောတွေ ဆွမ်းတော်ကပ်၊ ကံ့ကော်ညွန့်တွေပူဇော်ပြီး ဂုဏ်တော် (၉) ပါးကို ပုတီး (၉) ပတ်နဲ့ (၉) ရက် အဓိဋ္ဌာန်ဝင်ခိုင်းလိုက်တယ်ဆရာ။ ခုအလုပ်ရသွားပြီ။

တစ်ခုပဲရှိတယ် ဆရာ။ လူတစ်ယောက်ကြွေးတောင်းဖို့အတွက် တစ်ဖက်ကိုစီရင်တာမထူးဘူးဆရာ။ ခုထိမထူးတာ"

"မင်းကဘယ်လိုစီရင်ပေးလိုက်လို့လဲ"

"သူက သူပိုက်ဆံတောင်းရမယ့်သူက သောကြာဆရာ၊ သောကြာဆိုမှာ သူကတောင်းရမှာ။ ကျွန်တော်က လက်ခုပ်သားနဲ့ စီရင်ပေးလိုက်တယ်။ လက်ခုပ်သီးမှာ သူ့ကို ပိုက်ဆံပေးရမယ့်လူရဲ့နာမည်ရေးပြီး တောင်ဘက်မှာထားခိုင်းလိုက်တယ်။ ဒါပေမယ့်. . . "

ဆရာသည် ဖွာရှိုက်နေသော လမင်းဆေးပေါ့လိပ်ကို ဆေးလိပ်ခွက်ထဲသို့ လက်ညှိုးနှင့်တောက်၍ ပြာခြွေထည့်လိုက်ပြီး -

"အင်း - နောက်ကိုအဲသလိုမလုပ်နဲ့"

"ဗျာ"

"အဲသလိုမလုပ်နဲ့၊ မင်းဆပွတ်စီရင်လိုက်တာမို့လား"

"ဟုတ်ကဲ့ ဆရာ"

"အေး - သူ့အတွက်တော့ တီဆားဖြူးကိန်းဖြစ်သွားတယ်။ ဒါမျိုးမလုပ်အပ်ဘူး။ ကြွေးတောင်းခံအောင် ဆပွတ်ခါတ်စီရင်တယ်ဆိုတာက တောင်းမယ့်သူကိုပဲစီရင်ပေးရမှာ။ အဲဒီသောကြာသားဆိုမှာ ကြွေးသွားတောင်းမယ့်သူကဘယ်သူလဲ"

"ကိုတင်ပါ"

"အေး - ဒါဆို မင်း သူ့ကိုကြာသပတေးနံတွေနဲ့ပဲ ခါတ်ဆင်ပေးရမှာပေါ့ကွ။ ဟိုသောကြာသားကို သွားခါတ်ဆင်စရာမလိုဘူး။ အဲဒီသောကြာသားလာဘ်ရွှင်မှ သူက မောင်တင်ကို ရှောရှောရှုရှုပေးနိုင်တော့မှာပေါ့။ သဘာဝကိုစဉ်းစားလေ"

"ဟုတ်ကဲ့ပါ ဆရာ"

"အဲဒီသောကြာသားထိခိုက်သွားပြီး ရုပ်/စိတ်ဒဏ်ရာတစ်ခုခုရသွားရင် လာဘ်ပိတ်သွားရင် သူများကြွေးကို သူဘယ်ပေးနိုင်ပါတော့မလဲ။ မင်းစဉ်းစားကြည့်လေ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် နားဝေတိမ်တောင်ဖြစ်သွားပါတယ်ခင်ဗျ"

"အေး-သဘာဝကိုပဲတွေး၊ ကျော်မတွေးနဲ့။ 'သူ့ကိုနိုင်လို ဆ-ကိုခို-လိုရာဆေးဖော်သုံး' ဆိုတာ အနိုင်ဆင်တာ၊ နှိမ်နင်းတာကိုချည်းပြောတယ်လို့မထင်နဲ့။ ဒီဂြိုဟ်ရဲ့သဘောကိုနိုင်အောင်ဆင်ယူတာလို့ လွယ်လွယ်မှတ်ထား။ လူကိုလျှောက်နိုင်ဖို့ နှိမ်နင်းဖို့မဟုတ်ဘူး"

ဆရာသခင်သည် ကျွန်ုပ်အား ဆပွတ်ပညာခန်းများသင်ပေးခဲ့စဉ်က လူကိုလျှောက်နိုင်ဖို့ နှိမ်နင်းဖို့ဟူ၍သာအတွေးရှိခဲ့၏။ ယခု ဆရာသခင်ပြောမှ ကျွန်ုပ်မှာရှက်နေ၏။

ဆရာသင်ပေးသည့်ဆပွတ်ပညာခန်းများမှာ ယခင်က ကျွန်ုပ်မကြားဘူးသောပညာခန်းများဖြစ်နေ၍ အတော်လိုက်မှတ်သားနေရ၏။

တစ်စုံတစ်ခုကိုစားခြင်း၊ အမြင်နှင့်ကြည့်ခြင်း၊ စကားနှင့်ပြောခြင်း၊ တစ်ခုခုကိုကိုင်ဆောင်ခြင်း စသည့်ဆပွတ်ပညာခန်းများမှာ ကျွန်ုပ်မမြင်ဘူးခဲ့သော၊ မကြားဘူးခဲ့သောပညာခန်းများ ဖြစ်၏။

အလွန်စိတ်ဝင်စားဖို့လွန်းလှသော တနင်္

နွေသားကို ပါးစပ်တွင်းသကြားလုံးငုံ၍ စကားပြောရာ သိသိသာသာကြီးစိတ်ပြောင်းကာ စကားများချိုသာလာသည်ကို တွေ့ဖူး၊ ကြုံဖူးသွား၏။ ဆရာက ညာဏ်လွှာသုံးဟု ဆုံးမစဉ်က ဘာမှန်းမသိခဲ့ပါ။ ကျွန်ုပ်၏စိတ်ထဲတွင် တနင်္ဂနွေသားကို သောကြာနံစား၍ စကားပြောလျှင် အောင်မြင်သည်ဟူသော ကလေးတွေးကိုသာတွေးနေလေ့ရှိ၏။

ဆရာဆုံးမခြင်းများလာမှ အိမ်ကိစ္စ၊ အလုပ်ကိစ္စများကို ဆပွတ်မည်သို့စီရင်ရမှန်းသိလာရပါတော့သည်။

အလုပ်မရသောသူတစ်ယောက်ကို သောကြာနံမြို့နယ်မှ ဘုရားစေတီတွင် သောကြာထောင့်မှာထိုင်ခိုင်းပြီး သပြေများဝေနေအောင် ပူဇော်ရင်း အလုပ်အတွက် အာရုံစူးစိုက်ခိုင်းလိုက်သည့်အခါ ထိုသူသည် ထူးဆန်းစွာပင် အလုပ်ရသွားသည်ကို လက်တွေ့ကြုံရပါတော့သည်။ ထိုကိစ္စအောင်မြင်ပြီးချိန်မှစ၍ 'သူ့ကိုနိုင်လို့-ဆကိုခို' ပညာခန်းကို ကျွန်ုပ် လှိုင်လှိုင်ကြီးစီရင်ပါတော့သည်။

ထိုရက်များက -

ယောဂီဝတ်အထက်အောက်ဝတ်ထားသော ဘိုးတော်အမည်ခံ ပုဂ္ဂိုလ်တစ်ဦးနှင့်ဆုံ၏။ ကျွန်ုပ်၏ သူငယ်ချင်းတစ်ယောက်က မှန်သည်၊ မှန်သည်ဆို၍ လိုက်သွားခြင်း ဖြစ်ပါသည်။

ဘိုးတော်သည် ကျွန်ုပ်ကိုမြင်သည်နှင့် အတော်လေး လေ့ကျင့်ထားပုံရသောမျက်လုံးနှင့် မျက်တောင်မခတ်စတမ်းစိုက်ကြည့်၏။ သူ၏ ပြူးသောမျက်လုံးအကြည့်မှာ ကျွန်ုပ်အတွက် ဘာခံစားချက်မှမဖြစ်။ မွေးညင်းတစ်ပင်ပင်မထောင်ပါ။ ထိုအကြည့်မျိုးသည် ကိုယ်ခံပညာရှင်အချင်းချင်း တွေ့ဆုံကြသည့်အခါ မကြာခဏ ဆုံကြည့်ဖြစ်၏။ 'ကီ' ကောင်းသောသူက ပို၍ကြည့်နိုင်သည်ဟု အစွဲထားပြီးကြည့်ကြသော အကြည့်ဖြစ်ပါသည်။ ဘာခံစားချက်မှမဖြစ်၊ ဘာရင်တုန်မှုမှမလာပါ။

သူ့အကြည့်ကို ကျွန်ုပ်က မတုန်မလှုပ်ပြန်ကြည့်နေသောကြောင့်လားမသိ၊ ဘိုးတော်ပြန်လှည့်သွား၏။

ကျွန်ုပ်လည်း အခါကိုကြည့်လိုက်ရာ အင်္ဂါအခါဖြစ်နေ၏။ ဆပွတ်တွင် တနင်္ဂနွေရှိလေရာ သတိထားလိုက်ရင်း အရဟံဂုဏ်တော်ကို မပြတ်ရွတ်နေလိုက်တော့၏။

"မင်းက သတ္တိကောင်းသားပဲကွယ့်"

"အဖေလေ့ကျင့်ပေးထားလို့ပါ"

"ငါကြည့်ကြည့်တယ်။ မင်းမှာ အစောင့်အရှောက်ကောင်းတွေအများကြီးပဲ"

"အဖေ့ကြောင့်ပါ"

ဘိုးတော် မျက်လုံးဝေ့ကြည့်၏။ ဒီကောင်ကလည်း ဘာတွေပြန်ပြောနေမှန်းမသိဘူး ဟူသော အမူအရာဖြစ်လာ၏။ ကျွန်ုပ်ကလည်း အခါ၏ဆပွတ်ကို အမိအရပြောနေခြင်းဖြစ်၏။

"အင်းအင်း - ကြိုးစားကွာ၊ ပါရမီကောင်းတယ်"

"အဖေ့ကျေးဇူးပါ"

ပြောရင်းနှင့် ကျွန်ုပ်နေရာရွှေ့လိုက်၏။ ဘိုးတော်က ဘုရားဆောင်ကိုကျောပေးရင်းထိုင်နေ၏။ ကျွန်ုပ်က သူ့မျက်နှာမူရာကိုချိန်ပြီး အရှေ့မြောက်ထောင့်ဘက်သို့ မသိမသာရွှေ့ထိုင်လိုက်၏။

"အဘ၊ သားသူငယ်ချင်းက အဘကိုကြည်ညိုလို့ . . ."

"စိတ်ဝင်စားလို့ပြောပါ"

"အေးအေး-စိတ်ဝင်စားလို့။ မင်းကလည်းကွာ တူတူပဲဟာ"

"မတူဘူး သူငယ်ချင်း။ ငါက သူ့ကိုကြည်ညိုရအောင် သူ့ငါလိုသူများအသက်နဲ့စပ်နေတဲ့အသားမစားဘဲနေနိုင်လား၊ ငါ့လို ကာမေသုမိစ္ဆာစာရကံနဲ့ သူရာမေရယကံထိန်းနိုင်လား အဲဒါအရင်ပြော။ ငါက မင်းပြောလို့ စိတ်ဝင်စားလို့လိုက်လာတာ"

သူငယ်ချင်းမျက်နှာပျက်သွား၏။ သက်ပြင်းချလိုက်ရင်း-

"အဘ၊ ကျွန်တော်တို့ကိုဟောသလို သူ့ကိုလည်းဟောပေးပါ အဘ"

ဟု ဇွတ်ပြော၏။

ဘိုးတော်မှာ ဟိုလိုလိုဒီလိုလိုနှင့် ဘေးနားကလူများနှင့် လှမ်းစကားပြောနေ၏။ ကျွန်ုပ်ကိုအရေးမစိုက်။ ဒီကောင်လေးလောက်များ အရေးမကြီးပါဘူးဟု တွေးနေလား၊ ဒီကောင်မလွယ်ဘူးဟု စဉ်းစားနေလားတော့မသိ။

ကျွန်ုပ်ကလည်း အရဟံဂုဏ်တော်ကို တွင်တွင်ရွတ်နေ၏။

ကျွန်ုပ်၏ညာဘက်တွင် သံဇလုံကြီးနှင့် ကန်တော့ပွဲပေးထား၏။ ကျွန်ုပ်ကလည်း ပွဲထဲမှ အုန်းသီးကိုစိတ်ဝင်တစားကြည့်ရင်း လက်နှင့်လှမ်းကိုင်၍ သူငယ်ချင်းဘက်သို့လှည့်ပြီး အုန်းသီးကြီးကကောင်းလိုက်တာကွာဟု စကားမရှိစကားရှာပြီး အုန်းသီးအကြောင်း၊ အိမ်မှာ အုန်းပင်လေးပင်ရှိသည့်အကြောင်း တစ်ပင်မှာ အုန်းပနီဖြစ်ကြောင်း၊ ပွတ်ခဲနေအောင်သီးကြောင်း၊ ခဏခဏခုတ်ပေးနေရကြောင်း အုန်းငှီကာချဲ့နေလိုက်၏။

ကျွန်ုပ်အထင် နာရီဝက်ပင်မက တော့ပါ။

ဘိုးတော် ဘာဆိုဘာမှမပြောတော့။ ဘေးလူတွေနှင့်သာ 'အဆင်ပြေကြတယ်မို့လား၊ အေး - စိတ်ကောင်းကောင်းထား၊ သူတော်ကောင်းစိတ်ကိုနှလုံးသွင်း' ဟူ၍ တွင်တွင်ပြောနေတော့၏။ ဘာမှမထူးခြားတော့ပြီမို့ ကျွန်တော်လည်း ထပြန်လာလိုက်ပါတော့သည်၊ သူငယ်ချင်းက ဘေးမှပါလာ၏။

"ငါအံ့ဩနေတယ်ကွ။ ဒီအဘဟာ ဘယ်သူ့ကိုဖြစ်ဖြစ် မြင်လိုက်ရင် ဗိုးဒေါက်နဲ့ပြောတာ။ ငါ့ကိုရော၊ ငါ့အမေတို့ကိုရော အဲလိုပြောလို့ ငါလည်းလန့်သွားပြီးယုံသွားတာ။ မင်းကျတော့ ဘာတစ်ခွန်းမှကိုမပြောတာ ငါအံ့လို့မဆုံးဖြစ်နေလို့"

"ဩော်-ဒါလား။ ကံမစပ်လို့နေမှာပေါ့ သူငယ်ချင်းရာ။ ငါ့ဆရာက ငါ့ကိုဆုံးမထားတယ်။ သူများအကြောင်းကို ဘယ်တော့မှ မကောင်းမပြောရဘူးတဲ့၊ ငါ့မှာပြောစရာစကားမရှိပါဘူး"

"ငါတော်တော်အံ့ဩနေလို့ပါကွာ။ မင်းကိုဘာတစ်ခွန်းမှမပြောတာ ငါအံ့ဩနေလို့"

အင်္ဂဝိဇ္ဇာပညာခန်းလာ ဆပွတ်သတ္တိကို ကျွန်ုပ်ယုံပြီးရင်းယုံရင်းဖြစ်သွားခဲ့ရပါပြီ။ ဆပွတ်ပညာခန်းက ထိုပုဂ္ဂိုလ်ကို အဟာနိဖြစ်သွားစေခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်စွမ်း၍မဟုတ်ပါ။ ထိုပုဂ္ဂိုလ်သည်သာ ပညာကိုမလွန်ဆန်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အခါ၏သတ္တိအရ အခါ၏ဆပွတ်ကို အထပ်ထပ်စီရင်ခဲ့ခြင်း ဖြစ်ပါသည်။

ယခင်က ဤသို့မဆုံးဖြတ်ရဲခဲ့...

ဘယ်ဆပွတ်ကို ဘယ်လိုသုံးရမ... မသိခဲ့။

ဥပမာ လူတစ်ယောက် ပြဿနာရှာနေလျှင် ပြဿနာရှာနေသော... အကြောင်း၏ဆပွတ်ကို သုံးရမည်လား... သူ့အကျိုးအရောင်၏ဆပွတ်ကိုသုံးရမည်... လားမဝေခွဲတတ်။ ခပ်လည်လည်ဖြစ်... ၏။

'မင်းရဲ့စိတ်ထဲမှာ ချက်ချင်း... ဟပ်လာတဲ့ဆပွတ်ဟာ အဲဒါအမှန်... အဲဒါပေါ် လာရင် မင်းရင်ထဲမှာ သံ... ဇဉ်ကိုမယှဉ်' နဲ့။ ချက်ချင်းလုပ်ပေး...

ဒါပညာပဲ၊ အထိရောက်ဆုံးပဲ၊ ဓာတ်အထိဆုံးပဲ"

ဟု ဆုံးမထားသော ဆရာ့စကားကြောင့် ကျွန်ုပ်၏ ဆုံးဖြတ်ချက်များ ရဲတင်းလာရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်မှာ စိန်ဂွန်းဈေးတွင် ဈေးရောင်းလျှင်လည်း ဆပွတ်ကိုသာတွေးနေတော့၏။ အခါတစ်ခုပြောင်းသည်နှင့် အခါ၏ ဆပွတ်အတိုင်း ရွတ်ဖတ်ခြင်းများပြု၏။

ဆိုင်ရှေ့လာရပ်ကြည့်ပြီး ခင်းထားသောအထည်ကိုကိုင်ပြီဆိုသည်နှင့် သူဝတ်ထားသောအကျီ၏အရောင်ကိုကြည့်ပြီး ဆပွတ်နံသင့်များရွတ်ခြင်း၊ ဆပွတ်စကားများပြောခြင်းပြု၏။ အတော်အဆင်ပြေပါသည်။ ဈေးဦးကတော့ တောက်လျှောက်ပေါက်လာ၏။

ဆရာသည် ဆပွတ်ပညာခန်းများမှ နက်ရှိုင်းသော အယူအဆများ၊ အတွေးအခေါ်များကို သင်ကြားပေး၍ သာမက 'ကက်ကင်း' ပညာခန်းများကိုပါ သင်ကြားပေးပြီ ဖြစ်၏။

ကျွန်ုပ် မတောက်တခေါက် ဗဟုသုတနှင့်သိထားသည်မှာ ကက်ကင်းဟူသည် နာမည်ပြောင်းပြန်၊ ပညတ်ကိုပြောင်းပြန်ပြုလျှင် ကက်ကင်းဖြစ်ပြီဟူ၍ဖြစ်၏။

လက်တွေ့ အတွေ့အကြုံများလာသောအခါမှ ကက်ကင်း၏သတ္တိများကို မျက်ဝါးထင်ထင်သိလာတော့၏။ ကျွန်ုပ်မှာ ဆပွတ်နှင့် ကက်ကင်းကို သင်ကြားထားရရုံနှင့် လူမှာ ခြေထောက် မြေမထိတော့။ မြောက်ကြွမြောက်ကြွနှင့် နေရင်းထိုင်ရင်း ဘဝင်မြင့်နေလေတော့၏။

ဘာမှန်းမသိခင်ကဆိုလျှင် လူခင်ကို ချိုလိမ်ဆောင်ခိုင်းထားရသည်နှင့် ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီထင်နေ၏။ ကိုလှခင်ကလည်း ကျွန်ုပ်ပြောသည့်အတိုင်း ချိုလိမ်ကြီးကို သွားလေရာ အကျီအိတ်ထဲထည့်ဆောင်၏။ သူ့ခမျာလည်း ဘာမှမဖြစ်လာတော့မှ လွှင့်ပစ်လိုက်ပါသည်။

သန်းရင် ဟူသော အခေါ်ကြီးကို ရှောက်သားဆောင်ခိုင်းလေရာ ဆရာသိလိုက်သည်နှင့် အပြင်းအထန်မဟုတ်သောဆူခြင်းမျိုးနှင့်ဆူ၏။

"သားဆိုတာ အများပိုင်လေကွာ။ ရှောက်ပဲ တရားဝင်တော့မပေါ့ မင်းကလည်း စဉ်းစားလေ။ မန်ကျည်းသား၊ ဆီးသား၊ ညောင်သား၊ ခရေသား၊ ကျွန်းသား၊ လက်ပံသား ဆိုရင် အဲဒီသားတွေက အများပိုင်တွေဖြစ်မနေဘူးလား"

"ဪ - ဟုတ်ကဲ့"

"မင်း ရှောက်သားပေးရင် ရှောက်ဓာတ်ပဲရတော့မပေါ့။ သားကဘာဆိုင်လို့လဲ ဘာမှမဆိုင်ဘူး။ အဲဒီမှာ ဘာမှမဖြစ်တော့တာဘဲ။ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူးမှတ်။

သစ်သား ဆိုတာ အသားဆိုတဲ့ စကားလုံးကို နေရာတကာသုံးလို့သာ အောင်မြင်ရင် ခုလောက်ထိ တွေးခေါ် စဉ်းစားမနေရာမလိုတော့ဘူး။ အဲဒီတော့ သန်းရင်ကို ကက်ကင်းစဉ်းစားလို့ မရရင် ကက်ကင်းမပေးနဲ့ပေါ့ကွာ။ အင်္ဂလိပ်မှာ ကက်ကင်းရှိမှတဲ့လား"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာ၏ တွေးခေါ်ခိုင်းမှု၊ စဉ်းစားခိုင်းမှုများ များပြားလာသည်နှင့်အမျှ အင်္ဂလိပ်ပညာမှာ စဉ်းစားရမလွယ်သော၊ ထင်သလိုစဉ်းစားကြံသလိုစဉ်းစား၍မရသောပညာကြီးမှန်း တဖြည်းဖြည်းသိပြီး ကြောက်ကြောက်လာ၏။ ခပ်လွယ်လွယ်မပြောမိအောင် အတော်သတိထားလာရ၏။

ကျော်မောင်ဟူသောသူကို ဆရာသည် မန်ကျည်းသားကို ပုတီးလုပ်ပြီး စိပ်ခိုင်းလိုက်ရာ အလွန်အောင်မြင်သော ဆီကုန်သည်ကြီးဖြစ်လာ၏။ ကျွန်ုပ် အလွန်သဘောကျသွား၏။ ကျွန်ုပ် သဘောကျ၍ မျက်လုံးမခွာသည်ကို ဆရာသိပါသည်။

"အေး - မန်ကျည်းသားကို စဉ်းတီတုံးထုပြီး သူ့အိမ်မှာသုံးရင်ကော ကျော်မောင်နဲ့ မန်ကျည်း မဟုတ်ဘူးလား"

"ဟုတ်ကဲ့"

"ဒါဖြင့် မန်ကျည်းတုံးကြီးကို ဆောင်ထားရင်ကောကွာ ကျော်မောင်နဲ့"

"ကက်ကင်းပါ ဆရာ"

"နင့်ကို ငါကက်ကင်းလို့မပြောခိုင်းသေးဘူး။ ကက်ကင်းဆိုတာ ပညာ။ ကျော်မောင်ဟာ မန်ကျည်းဆောင်ထားရုံနဲ့ ပညာလားဟေ။ အဲဒါကို ပညာလို့ မင်းပြောချင်လား"

"မ. . . မပြောရဲပါဘူး ဆရာ"

"အဲဒီမန်ကျည်းတုံးက ဘာအသုံးကျမှာလဲ။ အိမ်မှာ သစ်တုံးကြီး အမှိုက်ရှုပ်နေတာပဲ အဖတ်တင်မယ်"

"ဟုတ်ကဲ့"

"ကက်ကင်းဆိုတာ ရှင်သန်နေရတယ်။ ငြိမ်ပြီးမနေရဘူး။ အေးပြီးမလှုပ်မယှက်မနေရဘူး။ ကက်ကင်းဟာ ပညာကွ။ ဒါဖြင့် ကျော်မောင့်အတွက် အဆောင် အသက်ဝင်ဖို့က မန်ကျည်းဟာ လှုပ်ရှားပေးနေရမယ်။ ဒါဖြင့် ဘာနဲ့လှုပ်ရှားမလဲ။ မန်ကျည်းသားကို ပန်ကာလုပ်ရင်ကော မလှုပ်ရှားဘူးလား"

"ဟာ - ဟုတ်တယ်။ မန်ကျည်း၊ ပန်ကာ ရတယ်ဆရာ"

"ဘာရတာလဲ၊ မင်းအဘကြီးရတာလား ဟေ နွား"

ကျွန်ုပ်ဘာပြောရမှန်းမသိတော့၍ မပြောရဲတော့ပါ။

"ပန်ကာဟာ လည်ပတ်နေတဲ့အရာပဲ။ ကျော်မောင်ကို ပြေးအောင်လုပ်တာမှမဟုတ်တာ။ အောင်မြင်အောင်လုပ်တာပဲ။ မင်းစဉ်းစားလေ။ ဒီတော့ မန်ကျည်းသားကို ပုတီးစိပ်ခိုင်းရင် ကျော်မောင့်အတွက် နေ့တိုင်း ကုသိုလ်ဖြစ်အောင် လှုပ်ရှားပေးနေတာနဲ့မတူဘူးလား။ ကုသိုလ်နဲ့လှုပ်ရှားနေတာမဟုတ်ဘူးလား"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါဖြင့် ကျော်မောင်စီးပွားတက်သွားတာ ဘာဆန်းလဲ။ အဲဒါ ကက်ကင်းပဲကွ မှတ်ထား။ ကက်ကင်းဆိုတာ ရှင်သန်ရတယ်၊ အကျိုးပေးရတယ်၊ ငြိမ်မနေရဘူး ဒါမှပညာ။ မင်းတွေးနေတာတွေက နာမည်ပြောင်းပြန်တွေချည်းပဲ။ ကက်ကင်းလို့ဘယ်သူကပြောလဲ။ လိုက်ပြောင်းပြန်နေတဲ့ဟာတွေကို"

ကျွန်ုပ်သည် -

ဘာမပြောညာမပြောနှင့် ဆရာ့ခြေထောက်ကို ဦးခေါင်းဖြင့်ထိပြီး အကြိမ်ကြိမ်ရှိခိုးလိုက်၏။

ဆရာ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး လက်အုပ်ချီနေသော ကျွန်ုပ်အား ဆရာမကြည့်ပါ။ လမင်းဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်၍ လမ်းဘက်သို့သာလှည့်နေ၏။ အနားတွင် တပည့်ထိုင်နေသည်ကို သတိထားပုံမပေါ်။ ဆရာ၏မျက်လုံးများမှာ ကောင်းကင်ဆီသို့ တဖြည်းဖြည်းလှမ်းကြည့်နေ၏။ ညဥ့်သန်းခေါင်ကျော်လျှင် ကြွကြွလာတတ်သော သူ၏ဆရာဆာဒူးကြီးကို အဝေးမှသတိရနေဟန်တူ၏။

ဆက်ရန်

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

နှုတ်မြွက်တည်သူ ပုဂ္ဂိုလ်ထူးဟု ဆိုပါလျှင် ကျွန်တော်က အရှင်ပိလိန္ဒဝစ္ဆ မထေရ်ကြီးကို ပြေး၍မြင်မိပါသည်။ ထိုမထေရ်ကြီးသည် ပဒုမုတ္တရမြတ်စွာဘုရားထံတွင် နတ်များချစ်မြတ်နိုးသောဆုကိုတောင်း၍ ဗျာဒိတ်ခံယူခဲ့သူပင်။ ထို့ကြောင့် ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် ဘုရားရှင်ကိုယ်တိုင် နတ်အများ၏ချစ်မြတ်နိုးသောအရာတွင် ရှင်ပိလိန္ဒဝစ္ဆသည် အသာဆုံး၊ အမြတ်ဆုံးဖြစ်ပေသည်ဟု ဧတဒဂ်ဘွဲ့ပေးတော်မူလေသည်။

မည်မျှ နှုတ်မြွက်တည်ခြင်းကို ကြည့်မည်ဆိုပါလျှင် ထိုမထေရ်မြတ်ကြီးမှ စိတ်ထဲတွင် မည်သည့် ချစ်ခြင်း၊ မုန်းခြင်းမှမရှိဘဲ -

"အေးလေ - မင်းက ကြွက်ချေး ဆိုလည်း ကြွက်ချေးပဲပေါ့ကွာ"


ဟု နှုတ်မြွက်ကြားလိုက်သည်နှင့် ကုန်သည်လုလင်သယ်လာသည့် ပိတ်ချင်းသီးများသည် ချက်ချင်း ကြွက်ချေးများဖြစ်၍သွားတော့သည်။ကုန်သည်လုလင်က မိမိသယ်လာသည့် ပိတ်ချင်သီးများ တစ်မုဟုတ်ချင်း ကြွက်ချေးတွေဖြစ်သွားသည်ကို သတိတောင်မထားဖြစ်။ အိမ်ပြန်ရောက်၍ နောက်သို့လှည့်ကြည့်မှသာ ကြွက်ချေးတွေဖြစ်သွားသည်ကို တအံ့တသြတွေ့တော့သည်။

ကုန်သည်လုလင်မှ မိမိ၏ဖြစ်ရပ်ကို မိတ်ဆွေများအားရှင်းပြရာ -

# မောင်မောင်သန်းထွန်း

## နှုတ်မြွက်တည်သူ





"မင်းက မထေရ်ကြီးအမေးကို ...ပြောလိုက်တာမဟုတ်လား။ အဲဒီ ...ရ်ကြီးက နှုတ်ကမြွက်ကြားလိုက် ...ဖြစ်တဲ့ပုဂ္ဂိုလ်ကြီးကွ။ မင်းဒီလိုလုပ်၊ ...ထေရ်ကြီးကသွားတဲ့လမ်းကနေပြန် ...၊ ဒီကြွက်ချေးတွေပါယူသွား။ ...ရ်ကြီးကမေးရင် မင်းကပိတ်ချင်သီး ...ါဘုရားလို့ဖြေ။သွားသွားခပ်မြန်မြန် ...သွား"

လို့ သူ့ကို အကြံပေးလိုက်တယ်။ တုန်သည်လုလင်က စောင့်နေ ...မထေရ်ကြီးကဖြတ်အလာ -

"တဲ့ - ငမိုက်သား၊ ဘာတွေသယ် ...လဲ"

"မှန်လှပါ၊ ပိတ်ချင်သီးတွေသယ် လာတာပါဘုရား"

"အေး - မင်းက ပိတ်ချင်သီးဆို တော့လည်း ပိတ်ချင်သီးပေါ့ကွာ"

ဤနှုတ်မြွက်စကားတစ်ခွန်းနှင့်ပင် ကြွက်ချေးများက ချက်ချင်း ပိတ်ချင်းသီး များပြန်၍ဖြစ်လေသည်။

ဤကား မြတ်စွာဘုရားလက်ထက်က နတ်များချစ်မြတ်နိုးသောအရာတွင် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ရ ပိလိန္ဒဝစ္ဆမထေရ်၏ဖြစ်ရပ်ထဲမှတစ်ခုကို ကောက်နုတ် တင်ပြခြင်းသာ ဖြစ်ပါ၏။ ယခုတင်ပြမည့်နှုတ်မြွက်စကားတည်သူမှာ ၂၀ ရာစုထဲက ဆရာတော်တစ်ပါး၏ နှုတ်မြွက်စကားကို တင်ပြမည်သာဖြစ်ပါသည်။

❑

ကျုပ်တို့ ဂေါပကအဖွဲ့ တာဝန်ယူရတဲ့ဘုရားကတော့ ရသေ့တောင်က ထူပါရုံစေတီတော်ပါပဲ။ ပုသိမ်မြို့နဲ့ ရေမိုင်အားဖြင့် (၈) မိုင်လောင်ဝေးလိမ့်မယ်။ ပုသိမ်ကြိုးတံတားကနေသွားရင်တော့ (၁၈) မိုင်လောက်ဖြစ်သွားတယ်။ ရသေ့တောင်မှာ သီတင်းသုံးတဲ့ ရဟန်းတော်တွေက သိပ်ပြီးမမြဲလှဘူး။ ဆွမ်းကွမ်းနဲ့ ကျန်းမာရေးအခက်အခဲကြောင့် တစ်ဝါ၊ နှစ်ဝါလောက်ဆို ပြန်ထွက်ကြတာများပါတယ်။

ဒီရသေ့တောင်မှာ မြဲတာဆိုလို့ အလုံခေတ်နန်း ဆိုတဲ့ ဆိုင်းဘုတ်နဲ့ သိန်းဆောင်ဆိုတဲ့လူကတော့ မြဲသဗျ။ အများအပြောကတော့ ရန်ကုန်က မောင်းထုတ်လိုက်လို့လွင့်လာတဲ့ပုဂ္ဂိုလ်လို့ပြောကြတယ်။ ဘာပဲဖြစ်ဖြစ် သိန်းဆောင်ရှိနေတော့ ဘုရားဖူးတွေလာလည်း သူ့ခေတ်နန်းမှာဝင်ပြီးတည်းလို့ရပါတယ်။ စေတီတော်ကိုလည်း စောင့်ရှောက်ပါ့မယ်ဆိုတဲ့ကတိနဲ့ ကျုပ်တို့အဖွဲ့က လက်ခံလိုက်တာပါ။

ဒီလူကို ကျုပ်မကြိုက်တဲ့အချက်ကတော့ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဘိုးတော်ဝင်ပူးတဲ့ကိစ္စပဲ။ ဒီလူက ပုဂ္ဂိုလ်ကပ်ရှားတော့မယ်ဆိုရင် ခြေတွေ၊ လက်တွေက အရင်တုန်လာတယ်။ ပြီးရင် ကွမ်းအစ်ကို တောင်းတော့တာပါပဲ။ ဒီကွမ်းအစ်က သူ့ပဲအမြဲဝယ်ထည့်ထားလို့ရှိနေတာပါ။ ထိုင်တော့ အမြင့်မှာ တင်ပျဉ်ကလည်း ချိတ်သေး။ သူ့ကိုယ်သူ

ငါဘိုးမင်းခေါင်ကွလို့ပြောလိုက်တဲ့အချိန်မှာတော့ သူတပည့်တွေက အောက်ကနေကျုံ့ကျုံ့လေးတွေထိုင်လိုက်ရတာပေါ့။

အောက်ကထိုင်နေတဲ့လူတွေဆိုတာ ဘိုးမင်းခေါင်လို့ဆိုတာနဲ့ မမေးမစမ်းတော့ဘဲ လက်အုပ်သာချည်တော့တာပါပဲ။ ဘိုးမင်းခေါင်အစစ်လား၊ ဘိုးဘိုးအောင်လား၊ ဦးအောင်ချမ်းသာလား၊ ဘိုးဝါယမလားဆိုတာ မှတ်ပုံတင်မှမရှိတာ။ မှန်တယ်၊ မှားတယ် ဘယ်လာသိပါ့မလဲ။ ဒီတော့လည်း သိန်းဆောင်ပြောသမျှလိုက်ပြီးခေါင်းညိတ်ကြရုံပေါ့။ ဒီဘိုးတော်ဝင်ပြီဆိုရင် နှစ်လုံးဂဏန်း၊ သုံးလုံးဂဏန်းတွေ ပေးပါတော့တယ်။ အဲဒီကိစ္စကိုမကြိုက်တာပါ။ ဘိုးတော်ဆိုတာ တရားအလုပ်ကို လမ်းညွှန်တယ်ဆိုရင် တော်သေး။ အခုလို လူ့အကြိုက်ဂဏန်းတွေချချပေးနေတော့ ဒီကိစ္စဟာ သူတော်ကောင်းအလုပ်မှမဟုတ်တာ။ ဒါကြောင့်မကြိုက်တာပေါ့ဗျာ။

လူဆိုတာ လောဘသားတွေပါပဲ။ ပေးတဲ့ဂဏန်းတွေမပေါက်ပေမယ့် ပေါက်နီးပေါက်နိုးနဲ့ မျှော်ကြတာပေါ့။ တစ်ခါမှပေါက်တာမရှိတော့ ရွာသားတွေက အရွဲ့တိုက်ပြီး -

"ကဲ - ဘိုးတော်ပေးတဲ့ဂဏန်းဆိုရင် ကျွန်တော်တို့က (၅) ဆလျှော်မယ်။ ကြိုက်တဲ့ဂဏန်းသာပြောလိုက်"

အခုလို လူရှေ့သူရှေ့မှာအပြောလည်းခံရရော ဘိုးတော်ကြီးဆိုတာ မျက်ထောက်ကြီးနီပြီး ရှက်ရမ်းရမ်းတော့တာပါပဲ။

"မင်းတို့ တကယ်ပေးမယ်ဆိုရင် ငါကိုယ်တိုင်ထိုးမယ်ကွာ။ ဟဲ့ - ငါ့ကိုငွေသုံးထောင်လောက်ခဏပေးစမ်း။ မလွန်ဘူး။ တဲ့တစ်ပေါက်တည်းထိုးမယ်။ ကတိတည်စေနော်"

ဆိုပြီး တစ်ပေါက်တည်းထိုးလိုက်တယ်။ အံမယ် - အခုလိုမခံချင်အောင်လည်းပြောရော ဘိုးတော်ဂဏန်းတတကယ်ထွက်ပါလေရော။ ကျုပ်တွေ့သမျှတော့ အဲဒီတစ်ကြိမ်သာ ဘိုးတော်ဂဏန်းမှန်သွားပါတယ်။ နောက်ပိုင်းပြောတာတွေ တစ်ခါမှမပေါက်ပါဘူး။ ဒါပေမယ့် လောဘသားတွေဆိုတော့ ပေါက်လိမ့်နိုးနိုးနဲ့ ဘိုးတော်ဂဏန်းကို မျှော်လင့်နေကြတယ်။ ဒီလိုလူတွေရှိနေလို့လည်း ပူးတဲ့လူကလည်း နေ့တိုင်းလိုလို အချိန်မှန်ပူးနေတော့တာပါပဲ။

ကျုပ်က သိန်းဆောင်ဆီမှာဝင်ဝင်ပူးနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်နည်းနဲ့မှ ဘိုးတော်အောင်မင်းခေါင်မဖြစ်နိုင်ဘူးလို့ ဝေဖန်ကြည့်နေတယ်။ ဘယ်နဲ့ဗျာ ဘိုးတော်အောင်မင်းခေါင်ဟာ ဒုက္ခရောက်နေတဲ့ လူသားတွေလောက်သာ ကယ်တင်တာပါ။ ခုလိုအချိန်မှန်နှစ်ကြိမ်လောက်ဝင်ပူးပြီး ဂဏန်းတွေချချပေးနေတယ်ဆိုရင် ဘာသာရေးနဲ့ပတ်သက်လို့ ဘာအလုပ်မှကိုလုပ်ချိန်ရှိတော့မှာမဟုတ်ဘူး။ မင်းဘယ်လိုသက်သေပြမလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်တယ်။ ကျုပ်မှာ သက်သေပြနိုင်မယ့်နည်းလမ်းလည်းမရှိသေးပါဘူး။

တစ်နေ့မှာတော့ ကျုပ်ဆန္ဒတွေပြည့်ပါတော့တယ်။ မြေလတ်ပိုင်းက အောင်တော်မူဆရာတော်ကြီး ဘဒ္ဒန္တအရှင်စန္ဒဝံသက ပုသိမ်မြို့ကိုကြွလာတယ်။ ဆရာတော်ကြီးက ဓုတင်တွေအောင်မြင်ပြီးသားတဲ့။ ဒီလိုအောင်မြင်လို့ ဆရာတော်နေတဲ့တောင်ကိုလည်း အောင်တော်မူတောင်၊ ဆရာတော်ကိုလည်း အောင်တော်မူဆရာတော်လို့သာ လူသိများပါတယ်။ အဲဒီဆရာတော်ကြီးက ကျုပ်တို့တာဝန်ယူတဲ့ ရသေ့တောင်က ထူပါရုံစေတီတော်ကိုသွားချင်လို့ လာတာဖြစ်ကြောင်း ပြောပါတယ်။

အဲဒီအောင်တော်မူဆရာတော်ကြီးရဲ့ နှုတ်မြွက်စကားကို တင်ပြတော့မှာပါ။ ရသေ့တောင်ကို ရောက်တယ်ဆိုရင်ပဲ အလုံဓာတ်နန်းဆိုင်းဘုတ်ကလေးကို ဆရာတော်ကြီးက တွေ့သွားတယ်။ အဆောက်အအုံကလည်း အသစ်လေးပါလား။ အလုံဓာတ်နန်းဆိုတော့ ဝိဇ္ဇာဓာတ်တွေစုတဲ့နေရာပဲ။ ဘယ်သူနေတာလဲလို့ ကျုပ်တို့ကိုမေးပါတယ်။ မဖြေလို့မဖြစ်တာနဲ့ ကျုပ်ကလည်း -

"ရန်ကုန် ဓာတ်နန်းတစ်ခုကလွှင့်လာတဲ့ သိန်းဆောင်ဆိုတဲ့လူကဦးဆောင်ပါတယ်။ အောက်ထပ်ကညွှန့်သည်တွေထားဖို့ အပေါ်ထပ်ကတော့ မြန်မာပြည်က ထွက်ရပ်ပေါက်ဝိဇ္ဇာအားလုံးရဲ့ ဓာတ်ပုံနဲ့တကွ ပွဲတွေပြင်ထားတယ်။ ဘိုးတော်အောင်မင်းခေါင်အိပ်ဖို့ အိပ်ရာလည်းအမြဲပြင်ထားတယ်။ တစ်နေ့နှစ်ကြိမ်လောက်တော့ ဘိုးတော်ဓာတ်စီးတယ်လို့ပြောကြတယ်"

"ဘုန်းဘုန်း ဒီဓာတ်နန်းကို ဝင်ကြည့်ချင်တယ်။ ပြီးမှ ဘုရားတောင်တက်ကြတာပေါ့"

ဒီလိုပြောလိုက်တော့ ကျုပ်တို့အဖွဲ့က မဝင်လို့မဖြစ်တော့ဘူး။ အချိန်က နံနက်(၉)နာရီလောက် အောက်ထပ်မှာ ဘယ်သူမှမရှိဘူး။ တစ်နေရာရာများသွားသလားလို့၊ ဘာပဲဖြစ်ဖြစ် လူမရှိရင်ပိုတောင်ကောင်းသေးတယ်ဆိုပြီး ကျုပ်တို့အဖွဲ့က အလုံဓာတ်နန်းရှိတဲ့အပေါ်ထပ်ကိုတက်ကြတာပေါ့။ ဆရာတော်ကြီးက ထိပ်ဆုံးက။ ဆရာတော့်နောက်မှာ ကျုပ်ကပါလာတယ်။

တွေ့ပါပြီ။ သိန်းဆောင်ဆိုတဲ့လူက ဘိုးတော်ဝင်ပူးနေတယ်။ လက်ထဲမှာကွမ်းအစ်တစ်လုံး။ ဘေးမှာ ထွေးခံတအဆင်သင့်။ ခေါင်းကညိတ်လိုက်တုန်လိုက်နဲ့။ သူက ဘိုးတော်ခုတင်ပေါ်မှာ အောက်က ကျုံ့ကျုံ့လေးထိုင်သူကထိုင်မတ်တတ်ပြီးယပ်ခတ်ပေးတဲ့လူကပေး နှစ်လုံးဂဏန်းချပေးနေတာကိုး။ ဆရာတော်ကြီးက လှေကားထစ်ဆုံးတာနဲ့ ဒီမြင်ကွင်းကို ဘွားခနဲ တွေ့လိုက်ရတာပေါ့။ ဘိုးတော်ဝင်ပူးတဲ့လူလည်း ကြောင်အမ်းအမ်းဖြစ်သွားချိန် ဆရာတော်ကြီးက အမှတ်မထင် -

"ဟဲ့သူယောင်၊ နင့်နေရာနင်နေပါလား"

လို့ လက်ညှိုးလေးထိုးပြီးပြောလိုက်တယ်။

အဲဒီအချိန်မှာ သိန်းဆောင်ဆိုတဲ့လူဟာ ခုတင်ပေါ်ကနေ ကျွမ်းပြန်ကျတော့တာပါပဲ။ ဘေးက သူတပည့်တွေလည်း အံ့အားသင့်ကုန်တာပေါ့။ ဆရာတော်ကြီးက လွှတ်ခနဲထွက်သွားတဲ့ပါးစပ်ကိုလက်ကလေးနဲ့ပိတ်ပြီး -

"အို-ဘုန်းကြီးနှုတ်လွန်သွားတယ် အားနာလိုက်တာ။ လာလာ - ပြန်ဆင်းကြမယ်"

လို့ ပြောပြီး ဆရာတော်ကြီး အောက်ကို အရင်ဆင်းပါတော့တယ်။ ကျုပ်ကတော့ လျှပ်တစ်ပြက်ဒီဖြစ်ရပ်ကို သိပ်ကြိုက်ပေါ့။ ကျုပ်တို့ဝေဖန်ကြည့်ပြီးတော့ ဓာတ်စီးတာ ဘယ်သူလို့ သက်သေမပြနိုင်ဖူးပါဘူး။ ဆရာတော်ရဲ့ အကျင့်စရဏကြောင့် နှုတ်မြွက်စကား မိုးကြိုးသွားလိုထက်လှပါတယ်။ ဆိုတာ ရှက်လွန်းလို့ ဒိုသံကို အောက်ထပ်ကကြားနေရတယ်။ ဒီကတည်းက ဘိုးတော်အောင်မင်းခေါင်လို့ သူကိုယ်တိုင် မပြောတော့ပါဘူး။ ဒီအကြောင်း ကျုပ်ကတော့ ၂၁ ရာစုမှာ နှုတ် တည်သူအမည်နဲ့ ဒီဖြစ်ရပ်ကို တာပါပဲ။

မောင်မောင်သန်း

## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
# အမြန်ပြန်လာစေ



လူ့လောက၌ လူမှုကိစ္စအဝဝရှိရာတွင် လောကီပညာရပ်များကား ဆန်းပြားထူးထွေလျက် အမျိုးမျိုးသောပညာရပ်များရှိကြပေသည်။ ပညာရပ်အမျိုးမျိုးတို့အနက် တစ်မျိုးမျိုးလျှင် ထူးခြားသောအစွမ်းသတ္တိများရှိကြလေရာ လောကီဆိုင်ရာပညာရပ်များတွင် တိကျမှန်ကန်သောအစီအရင်များရှိကြသည်။ စီရင်ပြုလုပ်ရာ၌လည်း စနစ်တကျရှိရန်လိုအပ်ပေသည်။ စနစ်တကျရှိမှသာ ပညာရပ်၏ အစွမ်းသတ္တိများ ရရှိနိုင်မည်ဖြစ်၏။

ဗဟုသုတ စုလော့ရရာ နည်းနာတရား ကြားမြင်များမှ ထင်ရှားပညာဖြစ်သည်သာတည်း ဟူသကဲ့သို့ လောကီပညာများထဲမှ အင်း၊ ဆေး၊ အဆောင်လက်ဖွဲ့များပြုလုပ်သည့်အခါ အချိန်အခါ၊ နက္ခတ်၊ အန္တိုး၊ သိဒ္ဓိတင်၊ ဂါထာမန္တန်များကို ရွတ်ဆိုစီရင်ကြရသောပညာရပ်များ စသည်ဖြင့် မြောက်မြားစွာရှိကြရာ ဂိုဏ်းဂဏအသီးသီးမှာ ဆရာများစွာရှိကြသလို ပညာရပ်များလည်း တစ်ဆရာ၊ တစ်ပညာရှိကြသည်။ ယခုခေတ် လောကီပညာရပ်များကို လေ့လာလိုက်စားကြသူများအတွက် (လိုသူများသုံးစေဖို့) ကျွန်ုပ်သိရှိသမျှထဲမှ အချို့ကို ရေးသားလိုက်ပါ၏။

တနင်္ဂနွေသားကို ပြန်လာစေလိုလျှင် ကြာသပတေးနေ့၊ ကြာသပတေးအခါ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း တနင်္ဂနွေ၏ဓာတ်ဖက်ဖြစ်သော စနေနံသင့် (ထန်း၊ ထိမ်၊ မနိ၊ ထနောင်း) တစ်ခုခုကို တစ်ထောင့်ထွာဖြတ်၍ လှေကားရင်းမှာ စိုက်ထောင်ထားပါ။

(အောင်ပ-တနင်္ဂနွေ + ကြာသပတေး) (အန္တော-တနင်္ဂနွေ + စနေ),

တနင်္လာသားကို ပြန်လာစေလိုလျှင် ဗုဒ္ဓဟူးနေ့ ဗုဒ္ဓဟူးအခါ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း တနင်္လာ၏ဓာတ်ဖက်ဖြစ်သော ကြာသပတေးနံသင့် ဖျဉ်းမသားတစ်ထောင်ထွာဖြတ်ပြီး လှေကားရင်းမှာ စိုက်ထောင်ထားပါ။

(ကုလား - တနင်္လာ + ဗုဒ္ဓဟူး)၊ (ဂမ္ဘေ - တနင်္လာ + ကြာသပတေး)

အင်္ဂါသားကို ပြန်လာစေလိုပါက သောကြာနေ့ သောကြာအခါ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း အင်္ဂါ၏ဓာတ်ဖက်ဖြစ်သော ရဲယိုသား (ရာဟုနံ) တစ်ထောင့်ထွာဖြတ်ပြီး လှေကားရင်းမှာ စိုက်ဆောင်ထားပါ။

(ဆွေသား - အင်္ဂါ + သောကြာ) (စရေ - အင်္ဂါ + ရာဟု)

ဗုဒ္ဓဟူးသားကို ပြန်လာစေလိုပါက တနင်္လာနေ့ တနင်္လာအခါ နံနက် (၆) နာရီမှ နံနက် (၇) နာရီခွဲအတွင်း ဗုဒ္ဓဟူး၏ဓာတ်ဖက်ဖြစ်သော သောကြာနံသင့် သီဟိုဠ်သား၊ သီးသား ရရာကို တစ်တောင့်ထွာဖြတ်၍ လှေကားရင်းမှာ စိုက်ထောင်ထားပါ။

(လားကု - ဗုဒ္ဓဟူး + တနင်္လာ) (ဝံသေ - ဗုဒ္ဓဟူး + သောကြာ)

ကြာသပတေးသားကို ပြန်လာစေလိုလျှင် တနင်္ဂနွေနေ့ တနင်္ဂနွေအခါ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း ကြာသပတေး၏ ဓာတ်ဖက်ဖြစ်သော တနင်္လာနံသင့် ကံ့ကော်၊ ကုက္ကိုသား တစ်တောင့်ထွာဖြတ်ပြီး လှေကားရင်းမှာ စိုက်ထောင်ထားပါ။ (ပအောင်-ကြာသပတေး + တနင်္ဂနွေ) (ဘောဂဗ်-ကြာသပတေး + တနင်္လာ)

သောကြာသားကို ပြန်လာစေလိုပါက အင်္ဂါနေ့ အင်္ဂါအခါ နံနက်(၆)နာရီမှ (၇) နာရီခွဲအတွင်း သောကြာ၏ ဓာတ်ဖက်ဖြစ်သော ဗုဒ္ဓဟူးနံသင့် ဝါးလုံး တစ်ထောင့်ထွာဖြတ်ပြီး လှေကားရင်းမှာ စိုက်ထောင်ပါ။ (သားဆွေ-သောကြာ+အင်္ဂါ) (သေဝံ - သောကြာ + ဗုဒ္ဓဟူး)

စနေသားကို ပြန်လာစေလိုပါလျှင် ဗုဒ္ဓဟူးနေ့နံနက် ဗုဒ္ဓဟူးအခါ (၆) နာရီမှ နံနက် (၇) နာရီခွဲအတွင်း စနေ၏ ဓာတ်ဖက်ဖြစ်သော အုန်းသား တစ်ထောင့်ထွာဖြတ်၍ လှေကားရင်းမှာ စိုက်ထူထားပါ။(တော်ရင်း-စနေ+ဗုဒ္ဓဟူး) (တောအန်-စနေ+တနင်္ဂနွေ)

❑ ချစ်ချစ်ခင်ခင် ကြင်နာစေ

ချစ်သူဇနီးမောင်နှံနှစ်ဦးတို့သည် အိမ်ထောင်ရေး တည်မြဲမြဲခိုင်ခိုင်ခံ့ခံ့နှင့် မိသားစုများ ချစ်ချစ်ခင်ခင် ပျော်ရွှင်စွာ နေထိုင်လိုကြပါလျှင် တနင်္လာနေ့ သို့မဟုတ် ကြာသပတေးနေ့များတွင် နံနက် (၁၂) နာရီမကျော်မီအချိန်မှာ ငှက်ပျောရွက် (မနုမရင့်) တစ်ရွက်တွင် စာရေးပါ။ မောင်. . . . နှင့် မ. . . . တို့သည် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနှင့် စုံမက်ကြစေ။ အေးချမ်းသာယာစွာနှင့် ပျော်ပျော်ရွှင်ရွှင် ယုယုယယ မြတ်နိုးစွာ နေထိုင်နိုင်ကြစေဟုရေးပြီး ငှက်ပျောရွက်အဖျားမှအရင်းသို့ဖြည်းဖြည်းကိုင်၍ လိပ်ပါ။ ထို့နောက် အတာအိုးထဲသို့ ရေအေးထည့်ပြီး ငှက်ပျောရွက်ပါစိမ်ထားပါ။ ရေကိုမကြာခဏလဲပေးပါ။ မိမိတို့ လိုရာဆုတောင်း၍ ပြုလုပ်ပါလေ။

*စိတ်ချမ်းမြေ့ကြပါစေ*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



ကျွန်မ၏ ငယ်သူငယ်ချင်းဖြစ်သူ စမ်းချောင်းမုန့်လုပ်ဆောင်းကုန်းမှာနေထိုင်တဲ့၊ ကျောင်းဆရာမတစ်ယောက်လည်းဖြစ်တဲ့ (ဒေါ်)ဝင်းဝင်းမာက ကျွန်မကို ဒီလိုမေးပါတယ်။

"သူငယ်ချင်း လူတွေပြောပြောနေကြတဲ့ ပေတဆိုတာ ပြိတ္တာကို ပြောတာလား" တဲ့။

အဲဒီတော့ ကျွန်မကလည်း သိသလောက် ရှင်းပြရပါတယ်။

၁။ ပကဋ္ဌေန သုခတော ဣတာ ဂတာတိပေတာ - ချမ်းသာသုခမှ ဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် ပေတမည်၏။

၂။ မနုဿတ္တဘာဝတော အပေတတ္တာ ပေတပရိယာယေပိ လဗ္ဘတိ ဧဝ- လူ့ခန္ဓာအတ္တဘောမှကင်းကွာသွားသောကြောင့် ပေတဟုခေါ် ဆိုခြင်းကို ရအပ်၏။ (ပေတဌ-တရ)

ပေတ၏ အနက်အဓိပ္ပာယ်ကို ဖော်ပြပါ ကျမ်းဂန်လာစကားရပ်များအရ သိနိုင်၏။ (၁)အချက်အရ ပြိတ္တာဘုံသို့ ရောက်သွားသူကိုရနိုင်ပြီး (၂)အချက်အရ မည်သည့်ဘုံသို့ရောက်သွားသူတို့အကြောင်းကိုမဆို အရာဌာနအားလျော်စွာရနိုင်လေသည်။

ပြိတ္တာဟူသည် အပါယ်လေးပါးဆိုသော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုသော ဘုံသားထဲမှ တစ်ပါးဖြစ်၏။ လူ့ပြည်လောကအတွင်းမှာပင်ရှိ၏။ တောချုံပိတ်ပေါင်း၊ တောင်စောင်း၊ လိုဏ်ဂူ စသည်တို့တွင်မှီခို၍ ဆင်းရဲထူပြောစွာခံစားနေရသည့်ပုဂ္ဂိုလ်တစ်မျိုးပင်ဖြစ်သည်။

လူ့ပြည်လောက လူ့ဘဝဖြစ်စဉ်က သူတစ်ပါး၏စည်းစိမ်ဥစ္စာကို မနာလိုမရှုဆိတ်နိုင်ခြင်း၊ ဖြူစင်ဝန်တိုမှုများခြင်း၊ သူတစ်ပါး ပေးကမ်းလှူဒါန်းသည်ကို တားမြစ်အန္တရာယ်ပြုခြင်းစသော မလုပ်သင့်မလုပ်ထိုက်သော အပြုအမူများကြောင့် ထိုသူတို့သေလွန်သည့်အခါ အများအားဖြင့် ပြိတ္တာဘုံသို့ရောက်ရ၏။

လူ့ဘဝက ပြုခဲ့သည့် မကောင်းမှုကံအလျောက် ပြိတ္တာဘဝရောက်ရသောအခါ ထမင်းစားဖွယ်ငတ်ခြင်း၊ ရေမွတ်သိပ်ခြင်းစသည့် ဒုက္ခများကို ခံစားရလျက် နှစ်ပေါင်းရာထောင်သိန်းသန်းကာလပတ်လုံးသော်လည်းကောင်း၊ ဘုရား


တစ်ဆူနှင့်တစ်ဆူအကြား ကြာမြင့်
သောကာလပတ်လုံးသော်လည်းကောင်း
(ဥပမာ - ဂေါတမဘုရားရှင်လက်ထက်
တော်အခါက ဗိမ္ဗိသာရမင်းကြီး၏ဆွေမျိုး
တော်ခဲ့ဖူးသောပြိတ္တာများဝတ္ထု) မကျွတ်
မလွတ်နိုင်ဘဲ ပြိတ္တာဘဝဆင်းရဲဒုက္ခခံစား
ကြရကုန်၏။

ထိုမျှဘဝကြာသောကာလပတ်လုံး
ထမင်းတစ်စေ့၊ ရေတစ်ပေါက်မျှမစား
မသောက်ကြရ၊ ဤသို့ကြီးစွာသောဒုက္ခ
ကို ခံစားနေရသော်လည်းကောင်း အ
သိုလ်အရှိန်မကုန်သေးသဖြင့် သေဆုံး
နိုင်ခြင်းလည်းမရှိ၊ အသားအသွေးမ
အရေပြားနှင့်အရိုးအကြောမျှသာရှိ
အလွန်ဆိုးဝါးသောရုပ်သွင်ဖြင့် ကြော
ရွံ့ထိတ်လန့်ဖွယ်ရာ တည်ရှိနေကြသည်။

ထိုပြိတ္တာတို့သည် လူ့ပြည်

# တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်)

## ပေတာဘဝ ခုနစ်ညရောက်ခဲ့သူ



လောကဝန်းကျင်၌ပင်လျှင် မှိုခိုနေထိုင်ကြရသည့် ဖြစ်ရပ်တို့ကို ခုဒ္ဒကနိကာယ် ပေတဝတ္ထုပါဠိတော်တို့တွင် ဖတ်ရှုရပါသည်။

ကျွန်မ၏အဘွားဒေါ်ရွှေပွင့်သည် ဝင် အကုသိုလ်ကံလေးတစ်ခုကြောင့် ပေတာဘဝသို့ ခုနစ်ရက်မျှရောက်ရှိခဲ့ကြောင်းကို အမေပြောပြဖူးသဖြင့် သူငယ်ချင်း ဝင်းဝင်းမာကို တစ်ဆင့်ပြန်လည် ပြောပြရပါသည်။

❑

အဘွား ဒေါ်ရွှေပွင့် နေထိုင်ရာ ဇာတိရပ်ရွာသည် ရန်ကုန်-ပြည်အဝေးပြေးလမ်းမကြီး ရန်ကုန်မှမိုင် (၉၀) တိတိရှိသောကွမ်းခြံရွာကြီးဖြစ်သည်။ လက်ပံတန်းမြို့၏အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာတွင်ရှိသော ရွာကြီးတစ်ရွာဖြစ်ပါသည်။ ကွမ်းခြံရွာနှင့်လက်ပံတန်းမြို့ကို ဆက်သွယ်ထားသော ကျောက်ကြမ်းလမ်းလည်းရှိသည်။ ယခုအခါ အဆင့်မြှင့် ကတ္တရာခင်းလမ်းလုပ်ရန် စီစဉ်နေပြီဟု သိရသည်။

ကွမ်းခြံရွာဦးတွင် ဉာဏ်တော် (၉)ပေခန့်ရှိသော တင်ပျဉ်ခွေထိုင်တော်မူမြတ်စွာဘုရားကြီးတစ်ဆူ ဂန္ဓကုဋိကျောင်းတော်အတွင်း သီတင်းသုံးနေသည်ကို ကြည်ညိုစွာဖူးတွေ့နိုင်ပါသည်။ အဘွား ဒေါ်ရွှေပွင့်သည် လပြည့်၊

လကွယ်နေ့တိုင်း ထိုမြတ်စွာဘုရားကြီးအားဆွမ်းကပ်လှူလေ့ရှိသည်။ ထိုအချိန်က အဘွားဒေါ်ရွှေပွင့်သည် (၂၅)နှစ်ဝန်းကျင်ခန့်ရှိ ကလေးတစ်ယောက်မိခင်ဖြစ်သည်။

တစ်နေ့တွင် ဒေါ်ရွှေပွင့်သည် အရဏ်ဆွမ်းအတွက် ခြံထွက် ရခိုင်ငှက်ပျောသီးမှည့်ကို သွားရောက်ကပ်လှူစဉ် တစ်ရွာတည်းအတူနေ ဒေါ်ခင်ဝိုင်းကလည်း သူ့ခြံထွက်ဖီးကြမ်းငှက်ပျောသီးတစ်ဖီး လာရောက်ကပ်လှူသည်ကိုတွေ့ရ၏။ ရခိုင်ငှက်ပျောသီးနှင့် ဖီးကြမ်းငှက်ပျောသီးအဖီးချင်းယှဉ်ကြည့်သော်အစစအရာရာ ဖီးကြမ်းငှက်ပျောသီးကသာနေ၏။ ဤအချက်ကို ရခိုင်ငှက်ပျောသီးပိုင်ရှင် ဒေါ်ရွှေပွင့်က အနည်းငယ်ဣဿာပွားမိ၏။

❑

အဘွားဒေါ်ရွှေပွင့်တို့ဒေသသည် လယ်ယာစိုက်ပျိုးသော ဒေသဖြစ်သည့်အတိုင်း ပတ်ဝန်းကျင်တစ်ခေါ်တစ်မျှော်ကျယ်ပြန့်သောလယ်ကွင်းပြင်ကြီးများကမျက်စိတစ်ဆုံးရှိနေပါသည်။ ကွမ်းခြံရွာ၏ အရှေ့ခပ်လှမ်းလှမ်းတွင် မာလကာကုန်းရွာ၊ ကိုင်းတောစုရွာ၊ ငါးကြီးအင်းရွာတို့ရှိ၏။ တောင်ဘက်ဆီတွင် ကျေးနီရွာ၊ ကျွန်းကလေး၊ တာဆုံရွာတို့ရှိ၏။ ပဲခူးရိုးမတောင်ပြာတန်းကြီးကား အရှေ့ဘက် (၇) မိုင်ခန့်အကွာတွင် လှမ်းမြင်နေရ၏။

အဘွားတို့ခေတ်က သားသမီးမွေးဖွားရာတွင် ယနေ့ခေတ်လိုဆေးရုံ၊ သားဖွားခန်း၊ သားဖွားဆရာမ မရှိသေးဘဲ တောအရပ်လက်သည်များဖြင့်သာ မွေးဖွားကြလေသည်။ ဆေးရုံရှိသော်လည်း သွားလေ့မရှိကြပေ။

မီးဖွားစဉ်သုံးသော လက်စွဲတော်ဆေးကလည်း နန္ဒင်းမှုန့်စစ်စစ်ပင် ဖြစ်၏။ သောက်လိမ်းရှူလိုသလိုသုံးနိုင်၏။ နန္ဒင်းမှုန့်များဝါထိန်နေအောင်လိမ်းထားသော အမျိုးသမီးဆိုလျှင် မီးနေသည်ဖြစ်ကြောင်း မပြောဘဲသိနိုင်၏။ အဘွားဒေါ်ရွှေပွင့်သည် ဒုတိယသမီးဖြစ်သူ မွေးဖွားပြီး (၃) ရက်မြောက်နေ့တွင် အဝေးအိမ်တစ်အိမ်မှ လေနှင့်အတူပါလာသော ငရုတ်သီးညှော်နံ့မိကာ သွေးတက်သွားသည်ဟုဆိုပါသည်။ မီးနေသည်များသွေးတက်သည်ဆိုသည်မှာ သတိလစ်မေ့မြောသွားခြင်း ဖြစ်သည်။

သတိပြန်လည်ရစေရန် စမုန်နက်စေ့ကိုလှော်၍ ထုပ်ထားသော ရှူဆေးထုပ်ဖြင့် နှာဝတွင်တေ့ကာ သတိပြန်ရစေရန် ပြုစုကြသော်လည်း တစ်နေသာကုန်သွားသည် သတိပြန်လည်မလာပေ။ မိဘသားချင်းများလည်း အဘွားကို မအိပ်မနေ စောင့်ကြည့်နေရုံမှလွဲ၍ ဘာမျှမတတ်နိုင်ကြတော့ချေ။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်လုံးလုံးဝသတိလည်လာခြင်းမရှိသဖြင့် တတ်သိနားလည်သော လူကြီးသူမများအားစမ်းသပ်ခိုင်းရာ အသက်ရှိသေးကြောင်းဆိုသဖြင့် မေ့မြောနေခြင်းသာဟု စောင့်ကြည့်ရန်သာရှိတော့သည်။

ဒေါ်ရွှေပွင့် သွေးတက်မေ့မြောသွားသည့်နေ့က ဝါဆိုလဆန်း ၉ ရက်နေ့ဖြစ်၏။ နောက် (၇) ရက်ကြာလျှင် ဝါဝင်တော့မည့်နေ့ ဖြစ်၏။ ဝါဆိုလဖြစ်သည့်အားလျော်စွာပင် ကောင်းကင်တစ်ခိုဌ် တိမ်းမည်းညိုတို့အုံ့ဆိုင်းကာ မိုးကလည်း သည်းလိုက်ဖွဲလိုက်နှင့်ပြတ်သည်မရှိသလို လယ်ကွင်းများတွင်လည်း ထွန်သူထွန်၊ စိုက်သူစိုက်ဖြင့် လယ်သမားတို့ မအားကြသောရာသီ ဖြစ်၏။

ကောက်စိုက်သမလေးများလည်း ချမ်းသည်၊ အေးသည် အမှုမထားနိုင်ဘဲ မိုးရေစိုရွဲ ရွှံ့နွံထဲ၌ ကောက်စိုက်ကြရင်းသီချင်းဆိုသူကဆိုကြသေး၏။ ထိုခေတ်က ကောက်စိုက်သမများသည် မိုးလုံလေလုံဖြစ်သော ပလီမကြီးများကိုဆောင်းကြ၏။ ယခုခေတ် လူငယ်မောင်မယ်တို့ ပလီမကိုမြင်ဖူးသူမရှိကြတော့သလို ပလီမ ဟူသော ဝေါဟာရကိုကြားပင် ကြားဖူးကြလိမ့်မည်မဟုတ်ပေ။ အဘွားတို့ဒေသ လက်ပံတန်းမြို့နယ်ဘက်တွင် ပလီမဟုခေါ်သလို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်နယ်၌ 'အဲဂွန်း' ဟုခေါ်ပါသည်။

ပလီမ၏ ပုံသဏ္ဌာန်ကို အကြမ်းဖျင်းဖော်ပြရသော် အလျား (၄) ပေ၊ အနံ (၁) ပေခွဲခန့်၊ ဦးခေါင်းဘက်တွင် အဖျားရှူး၍ အောက်ဘက်တွင် (၁) ပေခွဲခန့်အကျယ်ရှိပါသည်။ ဝါးနှီးများဖြင့် ကုလားထိုင်ကြိမ်ထိုးသလို အကွက်ဖော်ရက်လုပ်ထားသော အလွှာနှစ်လွှာအကြားတွင် စလူရွက်များ အိမ်မိုးသလို အစီအရီထပ်ကာ အကွက်ဖော်ရက်လုပ်ထားသည့်နှစ်လွှာအကြားညှပ်၍ လိပ်ခုံးသဏ္ဌာန်ပြုလုပ်ပြီး ဝါးကြောဖြင့် အနားသတ်ထား၏။ ဆောင်းသည့်အခါ ထိပ်ပိုင်းရှူးထားသည့်ဘက်ကို ဦးခေါင်းထက်ထားလိုက်လျှင် အောက်ပိုင်းက ကျောကုန်းပေါ်အုပ်ပြီးသားဖြစ်၍ နေပူမိုးရွာလုံခြုံတော့၏။

ဒေါ်ရွှေပွင့်သည် မွှန်ထူစူးရှသော ငြုပ်သီးညှော်နံ့ကြောင့် ခေါင်းထဲမိုက်ခနဲဖြစ်ကာ မီးနေခန်းမှအပြင်သို့ ပြေးထွက်ခဲ့၏။ ခြေထောက်နှင့်ကြမ်းပြင်ပင်ထိသည်မထင်ရသဖြင့် အံ့ဩမိ၏။ မိမိအိမ်တွင်းသာမကဘဲ မိုးတဖွဲဖွဲရွာနေသော လယ်ကွင်းပြင်အထိ ရောက်လာ၏။ အိမ်ထဲပြန်ဝင်ရန်လည်း မတွေးမိချေ။ ခြေဦးတည့်ရာသွားနေမိရာမှ ကွမ်းခြံရွာအနောက်ဘက်တွင်ရှိသော မီးလောင်ကုန်းရွာ (ယခု နာမည်ပြောင်းထားသည်) ထိပ်ရှိ စေတီတော်ကြီးထဲရောက်လာသည်။

စေတီတော်ကြီး၏ ပရိဝုဏ်ထဲတွင် ယောကျ်ား၊ မိန်းမ၊ ကလေးလူစုံပါဝင်သော လူအုပ်ကြီးကို တွေ့ရသည်။ သူတို့ကို လူဟုသာဆိုရသော်လည်း အအစာရေစာပင် ဝအောင်မစားရ၍လား ရောဂါဘယထူပြော၍လားမသိ ပိန်လှီလှ၏။ သူတို့ပြောစကားအရဆိုသော် လာမည့် ဝါဆိုလပြည့်နေ့၌ ဤစေတီတော်ကြီးတွင် ဆွမ်းတော်ကြီးတင်ပွဲရှိ၏။ ထိုဆွမ်းတော်ကြီးတင်ပွဲပြီးလျှင် သင်ပုတ်ပလ္လင်၌ စွန့်ပစ်မည့်ဆွမ်းတော်စာများကိုစားသောက်ရန်လာရောက်စောင့်မျှော်နေကြကြောင်းသိရ၏။ သူတို့ပြောစကားများကြားရမှ မိမိလည်းနံနက်စာပင် မစားခဲ့ရသေးကြောင်းတွေးမိ၍ စားသောက်ချင်စိတ်များဝင်လာ၏။

ထိုစဉ် ကလေးငယ်တစ်ယောက်က -

"အမေ၊ ဟိုမှာ မိန်းမကြီးတစ်ယောက် သားတို့စောင့်နေတဲ့ဆွမ်းတော်စာတွေလုဖို့လာနေတယ်"

ဟု ဆိုရာ ကလေး၏အမေဖြစ်ဟန်တူသူ အရုပ်ဆိုးဆိုးမိန်းမကြီးကလိုက်ရိုက်မည်လုပ်သဖြင့် ဒေါ်ရွှေပွင့်သည် ထိုနေရာမှပြေးထွက်ခဲ့ရပြန်၏။ စေတီတော်၏တောင်ဘက်ရှိ ခြေလမ်းလေးအတိုင်း ပြေးခဲ့ရာမှ လက်ပံပင်စုရွာနှင့်ဗောဓိကုန်းရွာအကြားရှိ သုသာန်နားရောက်လာ၏။ သုသာန်ထဲ၌လည်း ယောကျ်ား၊ မိန်းမ၊ ကလေးအစုံမြင်ရ၏။ ထိုအထဲတွင် မိမိရွာသားများကိုလည်း မြင်၏။ ထိုမိမိရွာသားထဲမှ တစ်ယောက်က -

"ဟဲ့-ရွှေပွင့်၊ ဒီနေရာက နင်လာရမယ့်နေရာမဟုတ်ဘူး။ ခုပြန်သွား"

ဟု ငေါက်သဖြင့် ရွာဘက်သို့ပြေး

ခဲ့ရပြန်သည်။ (လက်ပံပင်စုသုသာန် ယခုမရှိတော့ပြီ။)

ကွမ်းခြံရွာကြီး၏ အနောက်ဖျား ချောင်းရိုးလေးဘေးတွင် ဘုရားကြီးကုန်း သုသာန်ရှိ၏။ ပြေးရင်းလွှားရင်း မထင်မှတ်ဘဲ ထိုဘုရားကြီးကုန်းသုသာန်နားရှိ ကုက္ကိုပင်ကြီးအောက် ရောက်လာပြန်၏။ ခြေဦးတည့်ရာသွားနေမိသော်လည်း နေ့လား၊ ညလားဆိုသည်ကို မသိချေ။ ဝမ်းတွင်းမှလည်း ဆာလောင်နေပြီဖြစ်သလို စားစရာသောက်စရာဟူ၍ ဘာမှမတွေ့ရ။

ကုက္ကိုပင်ကြီးခြေရင်းတွင် အလွန်စုတ်ပြတ်နေသော မိသားစု(၃)ယောက် ထမင်းလေးလက်တစ်ဆုပ်စာကို ဝေမျှစားနေသည်ကိုမြင်ရသဖြင့် မိမိလည်း ဆာလောင်လှသောကြောင့် သွားရည်များကျမိ၏။ ထိုသားအမိသည် ကွမ်းခြံရွာမြောက်ဘက်တွင်ရှိသော (၉) တောင်ပြည့်စေတီတော်ရှိရာသို့ ထွက်သွားသောကြောင့် မရွှေပွင့်လည်း သူတို့နောက်မှ လိုက်သွားပြန်ရာ စေတီတော်ပရိဝုဏ် အတွင်း၌ ကောက်ရိုက်သမတစ်စု ထမင်းစားနေသည်ကို တွေ့ရ၏။

ကောက်စိုက်သမများထဲတွင် ဒေါ်ရွှေပွင့်၏သူငယ်ချင်းများဖြစ်သည့် မယ်ရှင်၊ အုန်းမေ၊ လှခင်တို့ကိုမြင်သော်လည်း သူတို့က မမြင်သလိုပင် စားမြဲတိုင်းစားနေကြ၏။ အုန်းမေက စားပြီးသား ငါးအရိုးလေးပစ်လိုက်ရာ အတူလာခဲ့ကြသောသားအမိမှ အကြီးကောင်က ပြေး၍ကောက်စဉ် အုန်းမေ့ရှေ့မှ ငါးပိရည်ခွက်ကို တိုက်မိသဖြင့် မှောက်သွား၏။

အုန်းမေက -

"ဟောတော့ - ငါးပိရည်ခွက်က အလိုလိုမှောက်သွားသတော့"

ဟုဆိုပြီး-

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

ဟု ဆက်ဆိုလိုက်ရာ အရုပ်ဆိုးသားအမိသုံးယောက်က -

"ပြေး ပြေး"

ဟု အော်ကာ ထွက်ပြေးကြ၏။ ဒေါ်ရွှေပွင့်လည်း ဘာမသိညာမသိ ရောယောင်ကာပြေးခဲ့ရ၏။ ပြေးရင်း ပြေးရင်း ဘယ်ကိုရောက်မှန်းမသိတော့ချေ။ ခြံစည်းရိုးအကာအရံမရှိသော ကျောင်းပျက်ကြီးတစ်ခုကိုမြင်သဖြင့် ရေငတ်လွန်း၍ ရေရလိုရငြား ဝင်ခဲ့၏။

ထိုနေ့သည် ဝါဆိုလပြည့်နေ့ဖြစ်၏။ ထိုကျောင်းပျက်ကြီးသည် ကျေးနီရွာ၏တောင်ကျောင်းဖြစ်၍ မြောက်ဘက်နားတွင် စေတီတော်လေးတစ်ဆူလည်း ရှိ၏။ ထိုမှ မြောက်ဘက် လယ်ကွက်ငါးကွက်ခြားလောက်တွင် ကျေးနီကျောင်းသစ်ရှိ၏။ ကျောင်းသစ်တွင် ဆရာတော် ဦးကုမာရ ကျောင်းထိုင်ပြီး လက်ထောက် ဦးပဥ္စင်းတစ်ပါးနှင့် ကျောင်းသားများသာရှိ၏။ ဝါဆိုလပြည့်နေ့ဖြစ်သောကြောင့် ကျေးနီရွာဦးစေတီတော်လေးတွင် ဆွမ်းများ၊ မုန့်များ၊ သစ်သီးများ လာရောက် ကပ်လှူပူဇော်ကြသည်။ အချို့လည်း ဆွမ်းတော်စွန့်လျှင် အိမ်သို့ပြန်ယူကြ၏။ အချို့လည်း ဆွမ်းတော်စွန့်ပြီး သင်ပုတ်ပလ္လင်ပေါ် တင်ထားခဲ့၏။

ဒေါ်ရွှေပွင့် ကျောင်းပျက်ကြီး အတွင်းရောက်ချိန်တွင် ယောကျ်ား၊ မိန်းမ၊ ကလေးများပါသောလူတစ်စုကို ကျောင်းအောက်တွင် တွေ့ရ၏။ သူတို့သည် သင်ပုတ်ပလ္လင်ပေါ်စွန့်တင်ထားသော ဆွမ်းတော်စာများကိုယူ၍စားသောက်နေကြခြင်း ဖြစ်သည်။ ဒေါ်ရွှေပွင့်လည်း ဆာလောင်လွန်းလှသဖြင့် သွားရည်များပင်ကျလာပါသည်။ သင်ပုတ်ပလ္လင်ရှိရာ မျှော်ကြည့်ပါသော်လည်း ထမင်းလုံးတစ်စေ့ပင်မကျန်။

ထိုအတောအတွင်းမှာပင် -

"ဗုန်း . . . ဗုန်း . . . ဒိုင်း . . . ဒိုင်း"

ဆိုသော အသံကြီးများသည် ကျေးနီရွာမှ လည်းကောင်း၊ ကွဲနစ်ရွာ၊ ထိန်ပင်အင်းရွာများဆီမှလည်းကောင်း ဆူညံစွာထွက်ပေါ်လာသလို -

"ပြေးကြ၊ ပြေးကြ"



အော်ဟစ်သံများပါ ကြားလိုက်ရသောကြောင့် ကျောင်းပျက်ကြီးအောက်မှာ စားသောက်နေကြသူများလည်း သေပြေးရှင်ပြေးခြေဦးတည့်ရာပြေးကြ၏။

အသံများကား ဝါဝင်သော ညနေတွင် မကောင်းဆိုးဝါးများကို နှင်ထုတ်သည့်သဘောဖြင့် သံပုံးများ၊ စကောများ၊ သွပ်ပြားများကိုတီးခေါက်ရိုက်နှက်၍ တောထုတ်ကြခြင်း ဖြစ်၏။ ဤသည်ကား ထိုဒေသ၏ရိုးရာ ဓလေ့ထုံးတမ်းဖြစ်ပါသည်။ ဒေါ်ရွှေပွင့်လည်း ဘုမသိဘမသိဖြင့် ခြေဦးတည့်ရာပြေးခဲ့ရာမှ အိမ်တစ်အိမ်အတွင်း ပြေးဝင်းရင်း အမေဘဆို့လဲကျကာ -

"ရေ . . . ရေ . . . ရေ ပေးကြပါ"

အသံသဲ့သဲ့လေးသာ ဆိုလိုက်နိုင်၏။

□

ဒေါ်ရွှေပွင့်၏အနားတွင် စောင့်ကြပ်ကြည့်ရှုနေကြသော သားချင်းများသည် -

"ရေ . . . ပေးပါ"

ဆိုသော အသံသဲ့သဲ့မျှကြားလိုက်ရသောကြောင့်-

"ဟဲ့ ရွှေပွင့်သတိရလာပြီ။ ဇွမ်းစလေးရေဆွတ်ပြီးအစက်ချပေးကြ"

လူနာစောင့်သားချင်းတို့ အခုမှ သက်ပြင်းချနိုင်၍ သောကများဖြေဖျောက်နိုင်ကြတော့၏။ ဒေါ်ရွှေပွင့်သတိလစ်မေ့မြောသွားသည်မှာ ယနေ့ဝါဆိုလပြည့်နေ့အထိဆိုလျှင် (၇) ရက်ပြည့်ခဲ့ပြီဖြစ်၏။ မသေကောင်းမပျောက်ကောင်း ဒေါ်ရွှေပွင့်တစ်ယောက်အသက်ဆက်နိုင်ခဲ့ပြီ ဖြစ်၏။

ဒေါ်ရွှေပွင့်၏ထင်မြင်ယူဆချက်မှာ ကွမ်းခြံရွာဦးရုပ်ပွားတော် မြတ်စွာဘုရားကြီးတွင် အရုဏ်ဆွမ်းကပ်လှူစဉ်က ဒေါ်ခင်ဝိုင်းကပ်လှူသော ဖီးကြမ်း၊ ငှက်ပျောသီးက မိမိကပ်လှူသော ရခိုင်ငှက်ပျောသီးထက် သာလွန်ကောင်းမွန်သည်ကို သဝန်တိုက္ကသာစိတ်ဖြစ်မိသောကြောင့် အစာငတ်ရေငတ်ဝေဒနာများ ခံစားရသော 'ပေတဘဝ ခုနစ်ညရောက်ခဲ့ရခြင်း' ဟုသာ ထင်မြင်မိပါကြောင်း။

*မိမိထက်သာမနာလိုစိတ်ကင်းကြပါစေ*

ထင်တင်နွဲ့(ရန်ကုန်တက္ကသိုလ်)

ဘာသန့်

# ယနေ့ခေတ်သုံး လက္ခဏာကွန်ရက်

**ငွေကြေးရှာဖွေစုဆောင်းနိုင်ခြင်းဦးဆောင်နိုင်ခြင်းတို့ကိုဖော်ပြသောအရည်အသွေးကောင်းသည့်လက္ခဏာများ**

လက်ဝါးပြင်ပေါ်ပါရှိသောအရေးအကြောင်း၊ အမှတ်လက္ခဏာတိုင်းသည်ကျွန်ုပ်တို့၏ မျှော်လင့်ချက်၊ နောက်ကြောင်းရာဇဝင်၊ အကျင့်စရိုက်၊ ဘဝရပ်တည်မှုပုံစံနှင့် အတွေ့အကြုံဖြစ်ရပ်များ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူသည့်ကာလ(၃)ဖြာ၏ အဖြစ်သနစ်များအားဆက်စပ်ဖော်ပြပေးပြီး ဆောင်ရန်၊ရှောင်ရန်အချက်များကိုလည်း ကြိုတင်သတိပေးလေ့ရှိသည်။

သူတကာထက် ငွေကြေးရှာဖွေစုဆောင်းနိုင်သူ သူဌေးလောင်း (သို့) သူဌေးသူကြွယ်များ၏ ထူးခြားသောလက္ခဏာတည်ဆောက်ပုံအား Diagram-18 တွင် အောက်ပါအတိုင်းလေ့လာတွေ့ရှိရသည်။

**Stars (ကြယ်ပွင့်များ)** - လက်သူကြွယ်ပေါ်၌ ကြယ်ပွင့်ပါရှိပါက အမွေဆက်ခံခွင့်ရရှိခြင်း၊ အကျိုးခံစားရပြီး လက်ညှိုးပေါ်၌ ကြယ်ပွင့်ပါရှိပါက ဩဇာအာဏာထက်မြက်သူဖြစ်ပါမည်။

**ဦးခေါင်းလမ်းကြောင်းနှင့်နှလုံးလမ်းကြောင်း (၂)ခုကြားနေရာကျဉ်းမြောင်းနေ**ပါက ကိစ္စတစ်ခုခုဖြေရှင်းရန် အာရုံစူးစိုက်မှုအားကောင်းသူ၊ စိတ်ခိုင်မာပြတ်သားသူဖြစ်ပါမည်။

**ဦးခေါင်းလမ်းကြောင်းမှလက်သန်းဆီသို့ခွဲထွက်သွားသော လမ်းကြောင်းတိုပါရှိပါက** ငွေကြေး (စီးပွား-ဥစ္စာ) ရှာဖွေမှု၌ စိတ်ပါဝင်စားသူ၊ စီးပွားရေးလုပ်ငန်းများစွာအား စီမံကိုင်တွယ်နိုင်သူဖြစ်ပါမည်။

**လက်ဝါးပြင်၏အလယ်ကောင်တည့်တည့် ကံလမ်းကြောင်းမှ Money Line က လက်သန်းဆီသို့ဦးတည်သွားခြင်း** ပုံမှန်ဝင်ငွေတိုးတက်နေပါမည်။

**လက်သန်းအောက်၌ လေးကိုင်းသဖွယ် ကွေးညွှတ်နေသောလမ်းကြောင်းတစ်ခုပါရှိပါက** ဆုံးဖြတ်ချက်ခိုင်မာစွာချနိုင်ခြင်း၊ ဆင်ခြင်သုံးသပ်နိုင်ခြင်းရှိသူ ဖြစ်ပါမည်။

**ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံကောင်းနေပါက(အထူးသဖြင့်) ခက်ရင်းခွပုံစံပါရှိနေပါက** အများအပေါ် ယုံကြည်လာအောင် စည်းရုံးဆွဲဆောင်ပြောဆိုနိုင်စွမ်းရှိပြီး စေ့စပ်ဖျန်ဖြေရသောကိစ္စများ၌ အထုံပါရမီအားကောင်းသူ၊မဟာဗျူဟာမြောက်တွေးခေါ် မြော်မြင်နိုင်သူ ဖြစ်ပါမည်။

**Major Line (အဓိကလမ်းကြောင်း) များအားကောင်းလာခြင်း** - စိတ်ဓာတ်ခွန်အားကောင်းခြင်း၊ စိတ်အားထက်သန်စွာ ကိုယ့်ကိုယ်ကိုယ်တွန်းအားပေး၍ လုပ်ကိုင်တတ်ခြင်းကို ကိုယ်စားပြုသည်။

**လက်တည်ဆောက်ပုံသေးငယ်ခြင်း**- အရိပ်ပြရုံဖြင့် အကောင်းမြင်တတ်ခြင်း အခွင့်အရေးရသည်နှင့် လျှင်မြန်ဖျတ်လတ်စွာလုပ်ကိုင်ဆောင်ရွက်တတ်ခြင်း လက်ဦးမှုရယူတတ်ခြင်းရှိကြောင်းဖော်ပြသည်။

**လက်ချောင်းများ၏အရွယ်အစား (တစ်ရွယ်တည်း)ရှိနေခြင်း**- အများအားဖြင့် မြေဓာတ်ကိုယ်စားပြုလက်ဝါးပြင်ပိုင်ရှင်များဖြစ်နေပြီး ဘဏ်လုပ်ငန်းရှင်များ၊ ငွေကြေးပိုင်း၌ စီမံခန့်ခွဲရသောမန်နေဂျာများအဖြစ် တွေ့ရှိရသည်။ (လက်ချောင်းများ အရွယ်အစားတူညီနေသည်ဟုဆိုရာ၌ လက်သန်းအရွယ်အစားပါ ကျန်လက်ချောင်းများနှင့်တူညီနေသည်ကို ဆိုလိုပါသည်။)





**Diagram-18:**
**The Money-makers**

**လက်ချောင်းများ၏အနေအထား**- လက်ချောင်းတစ်ချောင်းနှင့်တစ်ချောင်း နီးကပ်စွာရှိနေပါက လောင်းကစားလုပ်ခြင်း(သို့) အန္တရာယ်များသော၊ စွန့်စားမှုပါသော ငွေကြေး-စီးပွားရှာဖွေခြင်းလုံးဝ မပြုလုပ်သင့်ပါ။

**ဦးခေါင်းလမ်းကြောင်းအရှယ်အစား**- ဦးခေါင်းလမ်းကြောင်းရှည်လျားလေလေ - စီးပွားရေးနှင့်ပတ်သက်၍ ချက်ကောင်း၊ အကွက်ကောင်းကို စောင့်တတ်လေလေ ဖြစ်ပါမည်။ အကယ်၍ ဦးခေါင်းလမ်းကြောင်းရှည်လျားလွန်းပါက စဉ်းစားတွေဝေမှုလွန်ကဲတတ်ခြင်းကြောင့် လက်တွေ့၌ ထိထိရောက်ရောက်မစွမ်းဆောင်နိုင်ကြောင်း ဖော်ပြပါသည်။

**လက်ညှိုးနှင့်လက်သူကြွယ်အရှယ်အစားများ၏ထူးခြားမှု**- ငွေကြေးရှာဖွေမှုနှင့် ဩဇာထက်မြက်မှုအတွက် ရှည်လျားသောလက်ညှိုးက ကိုယ်စားပြုပြီး အောင်မြင်ကျော်ကြားမှုနှင့် ဂုဏ်သရေတိုးတက်မြင့်မားမှုအတွက် လက်ခလယ်က ကိုယ်စားပြုထားသည်။

**လက်ဝါးပြင်၌ Simiam Line ပါရှိခြင်း၊ လက်မ (သို့) လက်ညှိုးပေါ်၌ ကွင်းတစ်ခု (သို့) အလိပ်လိုက်ဖွေတစ်ခုပါရှိခြင်း** - ပြဿနာကိစ္စအဝဝအားထိန်းချုပ်ရန်လိုအပ်ခြင်း၊ စိတ်ဆုံးဖြတ်ချက်ခိုင်မာခြင်း၊ ငွေကြေး (စီးပွား) ရှာဖွေနိုင်ခြင်းတို့ကိုဖော်ပြသည်။

**လက်ဝါးပြင်၌ ပုံမှန်မဟုတ်သော (အမှတ်အသားနှင့်) လမ်းကြောင်းများပါရှိခြင်း** - ချမ်းသာကြွယ်ဝသူများ၊ ထိပ်တန်းစာရင်းဝင်သူဌေးကြီးများ၏လက်ဝါးပြင်၌ ပုံမှန်(သာမန်)မဟုတ်သောအမှတ်အသားများနှင့်လမ်းကြောင်းများပါရှိလေ့ရှိသည်။ စရိုက်လက္ခဏာအားဖြင့်ပျော်ပျော်နေတတ်ခြင်းနှင့် ဘာသိဘာသာနေတတ်ခြင်းသာ ကွာခြားသည်။ ၎င်းပြင် ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံများထူးခြားတတ်သည်။

**လက်ဝါးပြင်ရှိအဓိကလမ်းကြောင်းများနှင့် သာမညလမ်းကြောင်းများ၏တည်ဆောက်ပုံက တြိဂံပုံစံကျလျက်ရှိနေခြင်း**- ၎င်းအနေအထားပါရှိသူလက်ဝါးပြင်ပိုင်ရှင်ဖြစ်ပါက ထင်ရှားသောကောင်းခြင်းလက္ခဏာများပိုင်ဆိုင်ထားသူဖြစ်ပါသည်။

**ငွေကြေး(စီးပွား-ဥစ္စာ) အား ဖော်ပြသော ဓာတ်ကြီး(၄)ပါးကိုယ်စားပြုလက်ဝါးပြင် အနေအထားများ**

**မီးဓာတ်ကိုယ်စားပြုလက်ဝါး**-၎င်းလက်ဝါးပိုင်ရှင်သည် ငွေကြေးအမြောက်အမြားအား အချိန်တိုအတွင်း လွယ်ကူစွာရှာဖွေနိုင်စွမ်းရှိပြီး တဒင်္ဂအတွင်းမှာပင် တစ်ပြားတစ်ချပ်မှမကျန်အောင် (အကုန်အစင်)သုံးဖြုန်းပစ်တတ်သူဖြစ်ပါသည်။

**မြေဓာတ်ကိုယ်စားပြုလက်ဝါး** - ခက်ခက်ခဲခဲနှင့် ငွေကြေးရှာဖွေရတတ်သည့်သူမျိုး ဖြစ်သည်။ ငွေကြေးမြောက်မြားစွာရရှိရန် အချိန်အတော်ပေး၍ ကြိုးစားခဲ့ရသူ သတိကြီးစွာဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်တတ်သူ ဖြစ်ပါသည်။

**လေဓာတ်ကိုယ်စားပြုလက်ဝါး** - ငွေကြေးရှာဖွေမှုအတွက် စိတ်ကူးစိတ်သန်အားနည်းသူ၊ မိမိလုပ်ငန်းကိစ္စများအား အခြားသူတစ်ဦးဦးထံလွှဲအပ်ထားတတ်သူဖြစ်ပါသည်။ ၎င်းလက်ဝါးပိုင်ရှင်များသည် ကိရိယာတန်ဆာပလာများဝယ်ခြင်း၊ ဖုန်း(bill)ဆောင်ခြင်း၊ စာအုပ်စာတမ်းများစွာဝယ်ယူခြင်းတို့၌ ငွေကြေးမြောက်မြားစွာ အကုန်အကျခံတတ်သည်။

**ရေဓာတ်ကိုယ်စားပြုလက်ဝါး** - ဦးခေါင်းလမ်းကြောင်း ဖြောင့်တန်းသော ရေဓာတ်ကိုယ်စားပြုလက်ဝါးပိုင်ရှင်များသည် စတော့ရှယ်ယာလုပ်ငန်းများဖြင့် စီးပွားရှာတတ်ပြီး လူအများနှင့်ထိတွေ့ပတ်သက်ရသည့်လုပ်ငန်းများဖြင့်အကျိုးပေးတတ်သူများဖြစ်သည်။ ၎င်းအပြင် စိတ်ဖိစီးမှုများအဖြစ်မခံဘဲ ငွေကြေးကုန်ခံ၍ အပန်းဖြေတတ်ကြသည်။

**လက်သန်းနှင့် ငွေကြေးရှာဖွေနိုင်မှုဆက်စပ်ပုံ**

လက်သန်း၏ လက်ချောင်းရိုး (အလယ်ပိုင်း) သည် စီးပွားရေးလုပ်ငန်းများအား ကိုင်တွယ်စီမံတတ်ကြောင်း ဖော်ပြသည်။ လက်သန်း၏လက်ချောင်းရိုး (အလယ်ပိုင်း)ပြည့်ဖြိုး၍ ရှည်လျားနေပါက အများအပေါ် စည်းရုံးဆွဲဆောင်နိုင်စွမ်းရှိသူ၊ မိမိအတွက် စီမံခန့်ခွဲတတ်သူဖြစ်ပါမည်။

**ငွေကြေးရှာဖွေနိုင်မှုကိုဖော်ပြသော အခြားလက္ခဏာများ**

လေးထောင့် (စတုရန်း) ပုံစံကျသော လက်ဝါးပိုင်ရှင်များသည် အများအားဖြင့် ထောင့်မှန်စတုဂံပုံကျသော လက်ဝါးပိုင်ရှင်များထက် စီးပွားရှာခြင်း၌ အကင်းပါးသူများ ဖြစ်သည်။

လေးထောင့်ကျသောလက်ဝါးဖြစ်ပြီး လက်ချောင်းများရှည်လျားနေပါက ငွေကြေးခြွေတာစုဆောင်းတတ်သူဖြစ်သည်။

ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းကြားနေရာသည် စီးပွားလုပ်ငန်းများချဲ့ထွင်နိုင်မှုအရည်အသွေးမည်မျှရှိကြောင်း နေရာအကျဉ်းအကျယ်အလိုက် ကိုယ်စားပြုဖော်ပြသည်။ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ တွဲဆက်ပါရှိနေပါက စီးပွားရေးလုပ်ငန်းများအား သေချာလေ့လာ စိစစ်ပြီးမှ ရင်းနှီးမြှုပ်နှံတတ်သူ ဖြစ်ပါသည်။

လက်ချောင်းများရှည်လျားပြီး ဦးခေါင်းလမ်းကြောင်းလည်းရှည်လျားကာ အသက်လမ်းကြောင်းနှင့်တွဲဆက်နေပါက နေ့စဉ် စတော့ရှယ်ယာဈေးကွက်၏ ဈေးနှုန်းအတက်အကျအခြေအနေအား ကျွမ်းကျင်စွာခန့်မှန်းနိုင်သူဖြစ်ပါမည်။

လက်သူကြွယ်ရှည်လျားခြင်းသည် လက္ခဏာပညာထုံးစံအရ လောင်းကစားသမားဖြစ်ကြောင်းဖော်ပြနိုင်သော်လည်း စီးပွားရေးလောက၌ ဈေးကွက်ကျွမ်းကျင်သူများအဖြစ် တွေ့ရတတ်ပါသည်။

**အများအပေါ် ဦးဆောင်နိုင်စွမ်းရှိသည့် အရည်အသွေးများကိုဖော်ပြသည့်သော့ချက်များ**

အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

**လက်ညှိုးအနေအထား**- သက်ဆိုင်သူလက္ခဏာရှင်၏ ရည်မှန်းချက်များ၊ စီးပွားရေးလုပ်ငန်းအခြေအနေ၊ ဦးဆောင်လိုသောစိတ်ဓာတ်ပါရှိနေခြင်းတို့ကိုဖော်ပြသည်။ လက်ညှိုးတိုတောင်းပါက အောင်မြင်မှုရလိုသော်လည်း အခက်အခဲကျော်လွှားရန် ကြောက်ရွံ့စိတ်ရှိနေကြောင်းဖော်ပြပြီး လက်ညှိုးရှည်လျားပါက ကျရှုံးရမည့်အရေးကိုတွေးကာ ကြောက်တတ်ကြောင်း ရည်ညွှန်းပါသည်။

**ရွက်ဖျင်တဲပုံစံလက်ဖွေ**- ၎င်းလက်ဖွေအမျိုးအစားအား လက်ညှိုးပေါ်တွင် တွေ့ရှိပါက တစ်ဖက်သားအပေါ်တွင် ဆွဲဆောင်စည်းရုံးနိုင်သူ၊ စီမံကိန်းအသစ်များအား ဝန်ထမ်းကောင်းများနှင့်တွဲ၍ အကောင်အထည်ဖော်နိုင်သူ၊ အထုံပါရမီအားကောင်းသူဖြစ်ပါသည်။

**လက်မအရှယ်အစားကြီးခြင်း** - တစ်ဖက်သားအပေါ် လွှမ်းမိုးတတ်ခြင်း၊ မိမိကိုယ်မိမိစီမံဆုံးဖြတ်နိုင်သည့်အခြေ

အနေရှိသူဖြစ်ပါသည်။

**SimiamLine-** အောင်မြင်သော ခေါင်းဆောင်များ၌ အများဆုံးပါရှိတတ်သည်။ ၎င်းလက္ခဏာရှင်များသည် တစ်ခါတစ်ရံ မိမိအတွက် ကြိုးစားလုပ်ကိုင်ပေးခဲ့သူများအပေါ် မေ့လျော့တတ်ကြသည်။ တစ်နည်းအားဖြင့် အကြင်နာတရားမဲ့သည့် အာဏာရှင်ဆန်သည့် ခေါင်းဆောင်များဟု ဆိုနိုင်ပါသည်။

**Raja Loop** (ရှားပါးသည့်လက်ဗွေအမျိုးအစား) ဖြစ်ပြီး လက်ညှိုးနှင့် လက်ခလယ်ကြား၌ တွေ့ရတတ်သည်။ တက်ကြွခြင်း၊ ဉာဏ်ရွှင်ခြင်း ဂုဏ်သော အရည်အသွေးများကို ဖော်ပြသည်။

**အကြင်နာမဲ့စွာရက်စက်တတ်သည့်လက္ခဏာရှင်များ**

အဆိုပါ လက္ခဏာရှင်များ၏ လက်ဝါးပြင်အား လေ့လာပါက လက်ချောင်းထိပ်ဖျားများပေါ်၌ အလိပ်လိုက်ဗွေ (whorl) များ ပါရှိကြောင်း တွေ့ရပါမည်။

ဦးခေါင်းလမ်းကြောင်း (သို့) အသက်လမ်းကြောင်းအစသည် လက်မနှင့်နီးကပ်စွာ အောက်သို့နိမ့်ဆင်းနေပါက (သို့) အင်္ဂါဂြိုဟ်ခုံဖွံ့ဖြိုးမှုလွန်ကဲနေပါကဆန့်ကျင်သူမှန်သမျှအား သတ်သင်ရှင်းလင်းဖယ်ရှားတတ်သူ ဖြစ်ပါမည်။

**ခေါင်းဆောင်မလုပ်လိုသူများ၏လက္ခဏာ**


လက်ခလယ်လွန်စွာရှည်လျားနေခြင်း၊ လက်မထိပ်ဖျားသေးငယ်နေခြင်း ရှိပါက ဆုံးဖြတ်ချက်ခိုင်မာစွာမချနိုင်သူဖြစ်ပြီး ဦးခေါင်းလမ်းကြောင်း၌ ကွန်းခံ၍ အမိကလမ်းကြောင်းများတည်ဆောက်ပုံအားပျော့နေပါက ခေါင်းဆောင်လုပ်ရန် ဆန္ဒမရှိသူဖြစ်ကြောင်း ဖော်ပြပါသည်။

**ဓိဇာကြောင်သူ(သို့)ခရေစေ့တွင်းကျလိုက်သူတို့၏လက္ခဏာများ**

၎င်းနမူနာလက်ဝါးပြင်ကိုလေ့လာပါက လက်သူကြွယ်တွင် အလိပ်လိုက်ဗွေ (whorl) ပါရှိခြင်းကြောင့် မိမိအစီအစဉ်၊ စိတ်ကူးအတွေးအခေါ်နှင့် မျှော်လင့်ချက်များ အံဆင်ပြေချောမွေ့ရန် ဦးစားပေးသူဖြစ်သည်။

**လက်ချောင်းထိပ်ဖျားများ လေးထောင့်ကျနေသောကြောင့် ပညာရှိဆန်လွန်းခြင်း**

သမားရိုးကျဖြတ်ခြင်း၊ ဝေဖန်ရှုတ်ချတတ်မှုလွန်ကဲခြင်းရှိနေပါမည်။ လက်ချောင်းများ၌ အဖု-အထုံး-အထစ်




**လက်ချောင်းများအောက်ဘက်၌ ကြိုးကွင်းသဏ္ဌာန်လက်ဗွေများ ပါရှိနေပုံ (ခေါင်းဆောင်မလုပ်လိုသူများ၏လက္ခဏာ)**

ပုံစံများပါရှိခြင်းကြောင့် အရာရာအသေးစိတ်တတ်သူ၊ ခွဲခြမ်းစိတ်ဖြာလွန်းတတ်သူ၊ မေးခွန်းထုတ်ရန် ဆန္ဒစောနေတတ်သူဖြစ်ပါမည်။


နှလုံးလမ်းကြောင်းသည် လက်ညှိုးအောက်ခြေ၌ အဆုံးသတ်ခြင်းကြောင့် အစစအရာရာ စင်းလုံးချော ဖြစ်ရန်လိုလားသူဖြစ်ပါသည်။

ဦးခေါင်းလမ်းကြောင်း(သို့)အသက်လမ်းကြောင်းတည်ဆောက်ပုံမြင့်တ... နေသောကြောင့် အတွေးအခေါ် အဆင့်အတန်းမြင့်သလို လူနေမှုအဆင့်အတ... လည်း မြင့်မားသူဖြစ်ပါမည်။

ဦးခေါင်းလမ်းကြောင်း (သို့) နှ... လမ်းကြောင်းက ခက်ရင်းခွပုံစံဖြင့် အ... သတ်နေခြင်းကြောင့် အကောင်းဘ...

**Diagram-19:**

**Critics, perfectionists and detail-driven faultfinders!**




**Other signs:**

- **Large hands: a love of detailed work; fastidious and a perfectionist**
- **Long fingers: fault-finding and self-critical**
- **Short or narrow nails: critical**

ကဝေဖန်တတ်သူ၊ အကင်းပါးစွာသိမြင်နားလည်နိုင်သူဖြစ်ကြောင်း ဖော်ပြပါသည်။

လက်ဝါးတည်ဆောက်ပုံကြီးထွားခြင်းကြောင့် အလုပ်တစ်ခုအပေါ် စေ့စပ်သေချာစွာလုပ်ကိုင်တတ်ခြင်း၊ ကောင်းစေလိုသည့်ဆန္ဒများ၏ ဇီဇာကြောင်တတ်ခြင်းဖြစ်တတ်ပါသည်။

လက်ချောင်းများ ရှည်လျားခြင်းကြောင့် သူတစ်ပါးအပေါ် အပြစ်ရှာတတ်သလို မိမိကိုယ်ကိုလည်း ဝေဖန်ဆန်းစစ်တတ်သူဖြစ်ပါသည်။

လက်သည်းခွံတည်ဆောက်ပုံတိုတောင်း-ကျဉ်းမြောင်းနေသောကြောင့် ဝေဖန်တတ်သည့်သဘောဝပါရှိကြောင်း ဖော်ပြပါသည်။

**ဆုံးဖြတ်ချက်ချနိုင်သည့် အရည်အသွေးများကိုဖော်ပြသည့်လက္ခဏာ**

**လက်ချောင်းများရှိလက်ဆစ်ရိုးများ-** လက်ချောင်းရှိ လက်ဆစ်ရိုးများ၌ အဖုအထစ်များပါရှိသူဖြစ်ပါက ဆုံးဖြတ်ချက်မချမီ အချေအတင်-အတိုက်အခံပြောဆို၍ ငြင်းခုံတတ်ခြင်း၊ အလေးအနက်စဉ်းစားတတ်ခြင်းသဘောဝရှိကြောင်း ဖော်ပြသည်။

လက်သန်းအောက်ဘက်လက်ဝါးပြင်၌ Bow of intuition (လေးကိုင်းသဖွယ်ကွေးညွတ်နေသော)လမ်းကြောင်းတစ်ခုထင်ရှားစွာပါရှိပါက ဆုံးဖြတ်ချက်အခိုင်အမာချရဲသူဖြစ်ကြောင်း တွေ့ရပါမည်။

ဦးခေါင်းလမ်းတိုတောင်းခြင်း(သို့)ဦးခေါင်းလမ်းကြောင်းက အသက်လမ်းကြောင်းနှင့် တွဲဆက်ခြင်းမရှိ (သီးခြား)တွဲနေခြင်းဖြစ်ပါက အဆုံးအဖြတ်ပေးနိုင်ခြင်း၊ အကျဉ်းအကျပ်ထဲရောက်ချိန်၌ စိတ်လက်မာန်ပါတုံ့ပြန်တတ်ခြင်းရှိကြောင်း ဖော်ပြပါသည်။ သောကြာခါးပတ်ပါရှိပါက ထိုးထွင်းဉာဏ်အားကောင်းပြီး ဆုံးဖြတ်ချက်မှန်ကန်တတ်သူဖြစ်ပါမည်။

**ဆုံးဖြတ်ချက်မချနိုင်သည့် အားနည်းချက်ရှိသောလက္ခဏာ**

လက်ဝါးပြင်တစ်ခုလုံး၏လက်ဗွေအား ကူးယူခတ်နှိပ်ကြည့်ပါက လက်ဝါးပြင်အလယ်ဗဟိုနေရာ၌ လက်ဗွေများပျောက်နေခြင်း၊ မထင်ရှားခြင်းဖြစ်နေပါက ပြဿနာနှင့်ရင်ဆိုင်ရခြင်းမှ ရှောင်ရှားတတ်သူဖြစ်ပါသည်။

ဦးခေါင်းလမ်းကြောင်းက ငှက်မွေးသဏ္ဍာန်ပွင့်ရောင်းနေပါက ပြဿနာဖြေရှင်းရန် အကောင်းဆုံးနည်းလမ်းရှာဖွေသင့်ပါသည်။

ပီပြင်ထင်ရှားမှုမရှိသောဦးခေါင်းလမ်းကြောင်းသည် -

- အာရုံစူးစိုက်မှုလိုအပ်နေခြင်း၊
- ဆုံးဖြတ်ချက်မချနိုင်ခြင်း၊ တွေဝေမိုက်မဲခြင်း၊
- စိတ်ရှုပ်ထွေးစေခြင်း

**ပြဿနာဖြစ်စေသော လက်တည်ဆောက်ပုံများ**

**လက်တည်ဆောက်ပုံကြီးခြင်း** - တွေး၍ စိတ်ပူပန်တတ်ခြင်း၊ ဆုံးဖြတ်ချက်ချရန် အခက်အခဲရှိခြင်းတို့ကိုဖော်ပြပါသည်။

**လက်ဗွေပုံစံ(၂)မျိုး(၃)မျိုးပါလက်ဗွေ**- ဆုံးဖြတ်ချက်မချနိုင်ခြင်း၊

**ဦးခေါင်းလမ်းကြောင်းရှည်လျား၍လှိုင်းထနေခြင်း** - ဆုံးဖြတ်ချက်မချမီ အချိန်ဆွဲနေတတ်ခြင်းကို ဖော်ပြသည်။

**ဦးခေါင်းလမ်းကြောင်းနှင့် လမ်းကြောင်းခွဲများစွာပါ၍ ရှည်လျားစွာအဆုံးသတ်ခြင်း**

ချီတုံချတုံဖြစ်ခြင်း၊ အကြံပြုချက်များအပေါ် ယုံကြည်စွာလက်ခံနိုင်မှုမရှိခြင်းကို ဖော်ပြသည်။


**ထင်ရှားသောဂီတပညာရှင်၏လက်ဗွေပုံစံ Diane ၏ လက်ဝါးပြင်နမူနာအားလေ့လာခြင်း**

Diane သည် ဘယ်သန်တစ်ဦးဖြစ်ပြီး ရေဓာတ်ကိုယ်စားပြုလက်ဝါးပြင်အား ပိုင်ဆိုင်ထားသည်။ ဦးခေါင်းလမ်းကြောင်းကရှည်လျားပြီး ကြယ်ပွင့်ပုံစံဖြင့် အဆုံးသတ်ထားသည်။ ၎င်းပြင် ဦးခေါင်းလမ်းကြောင်းခွဲက -

**mount of luma** (တနင်္လာဂြိုဟ်ခုံ) ဆီသို့ ဆင်းသက်သွားသည်။ သူမ၏ လက်ဝါးပြင်၌ ကြီးမားထင်ရှားသော သောကြာခါးပတ်ပါရှိခြင်းကြောင့် အနုပညာရပ်၌ ထူးချွန်ထက်မြက်နေသည်ကိုတွေ့ရသည်။

Diane အသက် (၁၀)နှစ်အရွယ်၌ ကားမတော်တဆထိခိုက်မှုဖြစ်ခဲ့သော်လည်း သေကံမရောက်ခဲ့ပေ။ အသက်(၁၀)နှစ်နှင့် (၁၈)နှစ်အရွယ်ကြားကာလ၌ ခွဲစိတ်ကုသမှုခံခဲ့ရဖူးသည်။

ရေဓာတ်ကိုယ်စားပြုလက်ဝါးပြင်နှင့် သောကြာခါးပတ်ထင်ရှားစွာပါရှိခြင်းကြောင့် Diane ၏ဘဝအတွေ့အကြုံနှင့်စရိုက်လက္ခဏာများအား အောက်ပါအတိုင်း တွေ့ရှိရသည်။



Palm Print 49
Hand print showing a thick Life Line

**အသက်လမ်းကြောင်း ထူထဲထင်ရှားလွန်းနေခြင်း**

ဂီတပညာရပ်၌ အထူးပါရမီအားကောင်းသူဖြစ်သည်။ သူမအနေဖြင့် ဂီတပညာရပ်အား တစ်နေ့လျှင် (၈)နာရီကြာ လေ့လာ ဆည်းပူး လေ့ကျင့်ရန် ကောလိပ်မှထွက်ခဲ့သည်။ မိမိကိုယ်မိမိ သက်သာသလိုမနေတတ်ဘဲ အမြဲတစေ တက်ကြွစွာကြိုးစားနေတတ်သူဖြစ်သည်။

ဉာဏ်စွမ်းရည် ထက်မြက်ခြင်းကြောင့် "MenSa" အဖွဲ့ဝင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

Diane၏လက်ဝါးပြင်ရှိ သောကြာခါးပတ်နှင့်'ဆော်လမွန်လက်စွပ်'တွဲဆက်နေသောကြောင့် သူတကာထက် ထိုးထွင်းဉာဏ်အားကောင်းသူဖြစ်သည်။ သူမ၏ လက်ချောင်းရိုးတည်ဆောက်ပုံများပြေပြစ်စွာနိမ့်ဆင်းနေခြင်းကြောင့် ဂီတအနုပညာရှင်တစ်ဦး၏ လက်ချောင်းတည်ဆောက်ပုံအဖြစ် သတ်မှတ်နိုင်သည်။

**ဘဝဝန်ဝတ္တရားပျက်ကွက်ခြင်းကိုဖော်ပြသောလက္ခဏာများ**

**ဦးခေါင်းလမ်းကြောင်းက Mount of luma (တနင်္လာဂြိုဟ်ခုံ)ဆီသို့ ဆင်းခြေလျှောပုံစံဆင်းနေခြင်း** - ထိုအနေအထားသည် စိတ်ကူးယဉ်တတ်ခြင်း၊ စိတ်ခံစားမှုလွယ်ကူခြင်းရှိကြောင်း ဖော်ပြသည်။

"Diane" ၏ လက်ဖဝါးပြင်၌ 'သောကြာခါးပတ်' နှင့် 'ဆော်လမွန်လက်စွပ်' တို့ချိတ်ဆက်နေပုံ




**လက်ခလယ်တိုတောင်းခြင်း** - တာဝန်မယူတတ်ကြောင်း၊ တာဝန်သိစိတ်မရှိကြောင်းဖော်ပြသည်။

**လက်တည်ဆောက်ပုံ သေးငယ်ခြင်း** - အခွင့်အရေးယူတတ်ခြင်းသဘောကိုပြသည်။

**ကံလမ်းကြောင်းပျောက်ဆုံးနေခြင်း** - ကောက်ကျစ်စဉ်းလဲတတ်ခြင်းကို ဖော်ပြသည်။

**လက်ညှိုးလက်ဗွေရာမှိန်နေခြင်း** - တာဝန်ရှောင်လွှဲတတ်ခြင်းကို ဖော်ပြသည်။

**အလိပ်လိုက်ဗွေ(whorl)ပါရှိခြင်း**-(အထူးသဖြင့်) လက်မ၊ လက်ညှိုး၊ လက်ခလယ်တို့ပေါ်၌ အဆိုပါဗွေပါရှိပါက မိမိကိုယ်ကို စည်းကမ်းထားသူ ဖြစ်ပါသည်။

**လက်ညှိုး(သို့) လက်သန်း(၂)ချောင်းစလုံးက လက်ဖဝါးပြင်နှင့်ဝေးကွာနေခြင်း**-စည်းကမ်းဥပဒေဘောင်အတွင်း မနေထိုင်တတ်ခြင်းသဘောကိုဖော်ပြသည်။

**လက်သူကြွယ်ရှည်လျားနေခြင်း** - အခွင့်အရေးယူတတ်ခြင်းသဘာဝရှိကြောင်းဖော်ပြသည်။

အသက်လမ်းကြောင်းနှင့်ဦးခေါင်းလမ်းကြောင်းတို့အကြား နေရာကျယ်ပြန့်နေပါက ဂရုစိုက်တတ်ခြင်းမရှိသူ၊ အာရုံမထားသူဖြစ်ကြောင်း ဖော်ပြပါသည်။

**တာဝန်ယူတတ်သည့်သဘာဝရှိကြောင်းဖော်ပြသည့်လက္ခဏာ**

**လက်သူကြွယ်နှင့်လက်ခလယ်နီးကပ်စွာရှိနေခြင်း** - တာဝန်သိစိတ်ရှိခြင်း၊ မိုက်ရူးရဲဆန်စွာ မစွန့်စားတတ်ခြင်းသဘောကိုဖော်ပြသည်။

**လက်ခလယ်ရှည်လျားနေခြင်း** - တာဝန်ယူတတ်သည့်အပြုမူ၊ အနေအထားရှိခြင်းကိုဖော်ပြသည်။

**လက်ညှိုးပေါ်၌ ရွက်ဖျင်တဲပုံစံလက်ဗွေပါရှိခြင်း** - ရိုးသား၍ အလုပ်ကြိုးစားတတ်ခြင်းသဘောကို ဖော်ပြသည်။

**လက်ခလယ်နှင့်လက်သူကြွယ်ကြားကြိုး ကွင်းသဏ္ဍာန်ပါရှိသော (Loop) လက်ဗွေ** - ကျွမ်းကျင်သောပညာရှင်တစ်ဦးဖြစ်ပြီး မိမိကျင်လည်ကျက်စားရာလုပ်ငန်းနယ်ပယ်၌ ဂုဏ်ယူဝံ့ကြွားတတ်သူဖြစ်ကြောင်း ဖော်ပြပါသည်။


**ကံလမ်းကြောင်း ထင်ရှားခြင်း** - ခွန်အားကောင်းခြင်း၊ တာဝန်သိစိတ်ရှိခြင်းကိုဖော်ပြသည်။

**ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းချိတ်ဆက်နေခြင်း** - စွန့်စားစွာလုပ်ကိုင်တတ်ခြင်းကိုဖော်ပြသည်။

**ဦးခေါင်းလမ်းကြောင်းခွဲက ဖြောင့်တန်းစွာရှိနေခြင်း** - လောကအပေါ် မျှတသော အမြင်ရှိတတ်သူဖြစ်သည်။

ဘသုန်

**Diagram-20:**
**Signs of responsibility and commitment**



# ချောင်းဆုံအုန်းသွင်

## သဘာဝဓမ္မ

## ကိုးကွယ်ခြင်းအစ



"သတ္တဝါဆိုတာ ပညတ်၊ အရပ်စကားနဲ့ပြောရရင် စကားအဖြစ်ပြောတာဆိုတာမျိုးပေါ့။ စကားအဖြစ်ပြောတာဆိုတာရဲ့နောက်မှာ အမှန်မယူနဲ့ဆိုတဲ့အဓိပ္ပာယ်ပါတယ်"

နောက်နေ့ စကားဝိုင်းစလျှင်ကိုအုန်းစိန်က အထက်ပါအတိုင်း စကားစလိုက်ပါသည်။

စိန် ။ ။ ပညတ်ရဲ့ အရေးပါပုံကိုငါအတော်အသင့်ပြောခဲ့ပြီးပြီ။ မြတ်စွာဘုရားတို့သိအပ်တဲ့ ဧဉ ယျမ်ဓာရားငါးပါးထဲမှာ ပညတ်ပါတယ်။ ပညတ်ကိုဘယ်သူမှ လက်လွှတ်လို့မရဘူး။ ဒါပေမယ့် ငါဆိုတဲ့ပညတ်ကို သုံးတဲ့နေရာမှာတော့ နှစ်မျိုးနှစ်စားကွဲတယ်။ တစ်မျိုးအဝိဇ္ဇာက ဖန်တီးပေးထားတဲ့အတိုင်း ပညတ်ကို သက္ကာယအနေနဲ့ သုံးတယ်။ အတ္တကိုကိုယ်စားပြုပြီးသုံးတယ်။ မင်းတို့ငါတို့သုံးနေတာပေါ့။ နောက်တစ်မျိုးကခန္ဓာငါးပါးကို ကိုယ်စားပြုသုံးတယ်။ အရိယာတို့ သုံးတာပေါ့။ ဘုရားတောင်ငါဘုရားလို့ သုံးတာပဲ။

ရွှေ ။ ။ အတ္တရဲ့အဓိပ္ပာယ်ဟာဘာလဲကွ။

စိန် ။ ။ အတ္တရဲ့အဓိပ္ပာယ်ကအနှစ်ပဲကွ။ အနှစ်ဆိုတာ ဒီခန္ဓာ။ တို့ကတော့ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားပေါ့။ အခြားသူတွေကလည်း သူတို့နည်းသူတို့ထန်နဲ့ ခန္ဓာဖွဲ့ကြတယ်ပေ့ါ။ အဲဒီအထဲမှာပိုင်စိုးသူဆိုတာရှိတယ်လို့ ယူဆကြတယ်။ အတ္တဝါဒီတို့ရဲ့အယူပဲ။

ရွှေ ။ ။ ထာဝရဘုရားသခင်ဆိုတဲ့အယူဟာလည်း အတ္တဝါဒပဲလို့ ကြားဖူးတယ်။ ဘယ်လိုလဲ။

စိန် ။ ။ အတ္တဝါဒမှာ ပရမတ္တမဆိုတဲ့ထာဝရဘုရားသခင်ဝိညာဉ်ရှိတယ်။ အဲဒီထာဝရဘုရားသခင်ကဖန်ဆင်းထားတဲ့ဝိညာဉ်ပွားတွေရှိတယ်။ သက်ရှိသတ္တဝါတစ်ခုစီရဲ့ဝိညာဉ်အားလုံးဟာ ထာဝရဘုရားသခင်ရဲ့ဝိညာဉ်ပွားပဲ။ အဲဒါကိုအတ္တမလို့ခေါ်တယ်။ သတ္တဝါတစ်ဦးစီရဲ့ဝိညာဉ်ပေါ့။ အဲဒီမှာ ဒီဝိညာဉ်နဲ့ဖွဲ့စည်းထားတဲ့ခန္ဓာမှာ သာမိဆိုတဲ့ ပိုင်ရှင်ရှိတယ်။ သူဟာ အတ္တပဲ။ အနှစ်ပဲ။ သူကို အမြဲရှိနေသူ-နိစ္စဝါသီလို့လည်းခေါ်တယ်။ သူဟာစားတာ၊ သွားတာ၊ ပြောဆိုတာ အကုန်လုပ်တဲ့အတွက် ကာရကလို့လည်း ခေါ်တယ်။ ကိစ္စအဝဝကို စီမံဆောင်ရွက်သူလည်းဖြစ်တဲ့အတွက် အဓိဋ္ဌာရကလို့လည်းခေါ်တယ်။ ချမ်းသာမှု၊ ဆင်းရဲမှုစတာတွေကို အကုန်ခံစားသူဖြစ်တဲ့အတွက် 'ဝေဒကလို့လည်း ခေါ်တယ်။ အလွယ်ပြောရရင် အရပ်စကားနဲ့ပြောရရင် ဝိညာဏ်၊ လိပ်ပြာဆိုတာပဲပေါ့။

သူဟာ ဘယ်တော့မှ မသေဘူး။ ရုပ်ခန္ဓာအိမ်တစ်ချပြီးတစ်ခုပြောင်းသွားတယ်။ သူ့အလုပ်အရ ကောင်းတဲ့ခန္ဓာ (လူစတဲ့) မကောင်းတဲ့ခန္ဓာ (တိရစ္ဆာန်စတဲ့) တွေကို ပြောင်းရတယ်။ ထာဝရဘုရားသခင်ရဲ့အလိုတော်ကျလုပ်နိုင်ရင် (ထာဝရဘုရားသခင်ကို မမိုတ်မသုန်ယုံကြည်ရင် ပြောတဲ့အတိုင်းလုပ်ရင်) နောက်ဆုံးမှာ ထာဝရဘုရားသခင်ရဲ့ဝိညာဉ်တော်ဖြစ်တဲ့ ပရမတ္တမနဲ့ပေါင်းပြီး ဒုက္ခအပေါင်းမှ ထာဝရလွတ်မြောက်ပြီး အေးချမ်းတဲ့ဘဝ (နိဗ္ဗာန်) ကို အမြဲရရှိသွားမယ်လို့ အဲဒီလို ယုံကြည်တယ်။ ငါရွတ်ဖူးတဲ့အတ္တဝါဒအကြောင်းအကျဉ်းကတော့အဲဒီလောက်ပဲ။

ရွှေ ။ ။ အယူဝါဒတွေတော်တော်များများရှိတယ်မဟုတ်လား။ သဘောချင်းတူတာတွေရှိသလား။

စိန် ။ ။ များတာကတော့ မရေမတွက်နိုင်အောင်ပဲ။ ဒါပေမယ့် ချုပ်လိုက်ရင် ငါ့အမြင်တော့ သုံးမျိုးပဲရတယ်။

ရွှေ ။ ။ ဘာတွေလဲ။

စိန် ။ ။ (၁) အတ္တဝါဒ၊ (၂) ဗုဒ္ဓရဲ့အနတ္တဝါဒ၊ (၃) ဘာသာမဲ့အမည်ခံသူတွေရဲ့ပြတ္တဝါဒပဲ။

ရွှေ ။ ။ ဟာ-ဘာလဲကွ၊ ပြတ္တဝါဒဆိုတာ ငါတစ်ခါမှမကြားဖူးဘူး။

စိန် ။ ။ငါထွင်လိုက်စကားလုံးပဲကွ။ ဟိုဘက်ကဘဝ (အတိလဘဝ) ဆိုတာလည်းမရှိဘူး။ နောက်ဘဝ(အနာဂတ်ဘဝ) ဆိုတာလည်းမရှိဘူး။ ဒီတစ်ဘဝတည်းပဲရှိတယ်။ ရုပ်ဝါဒသမားတွေရဲ့ဝိဘဝဝါဒပဲ။ အတိတ်၊ အနာဂတ်၊ နှစ်ဖက် စလုံးပြတ်နေလို့ ပြတ္တဝါဒလို့နာမည်ပေးလိုက်တာ။

ရွှေ ။ ။ ကိုးကွယ်တယ် ဆိုတာဘယ်တုံးက ဘာအတွက်၊ ဘာလိုစလာသလဲ။

စိန် ။ ။ ငါ့အယူအဆအရပေါ့ကွာ။ကိုးကွယ်တယ်ဆိုရာမှာ 'ကိုး'ဆိုတာရယ်၊ 'ကွယ်' ဆိုတာရယ် စကားနှစ်လုံးပါတယ်။ 'ကိုး' ဆိုတာက အားကိုးတာကိုဆိုလိုခြင်းဖြစ်ပြီး 'ကွယ်' ဆိုတာကအကာအကွယ်ပေးတာကို ဆိုလိုခြင်းဖြစ်တယ်။ ဆင်းရဲဒုက္ခအပေါင်းတို့မှလွတ်ကင်းအောင် အကာအကွယ်ပေးဖို့အားကိုးတာလို့ဆိုရမယ်။ ဆင်းရဲဒုက္ခရဲ့ဆန့်ကျင်ဘက်က ချမ်းသာသုခဖြစ်တဲ့

အတွက် ချမ်းသာသုခရဖို့အတွက်ပါ အားကိုးတယ်လို့လည်း အဓိပ္ပာယ်ရတယ်ပေါ့။ ဒါက ကိုးကွယ်ခြင်းရဲ့အဓိပ္ပာယ်။ ဘယ်တုံးကစခဲ့သလဲ၊ ဘယ်လိုစခဲ့သလဲ ဆိုတာကတော့ ရှုထောင့်နှစ်မျိုးက လေ့လာသင့်တယ်။ တစ်မျိုးက သမိုင်းရှုထောင့်၊နောက်တစ်မျိုးက ဘာသာရေး ရှုထောင့်။

သမိုင်းရှုထောင့်ကတော့ မင်းတို့ ငါတို့ ကျောင်းသားဘဝက သင်ခဲ့ရတဲ့ အတိုင်း ၊ ကျောက်ခေတ်ဟောင်းနဲ့ ကျောက်ခေတ်သစ်မှာ လူတွေဟာ တောင်ပေါ်တောထဲမှာနေပြီး တောတိရစ္ဆာန်တွေနဲ့ သူနိုင်သူစား၊ ကိုယ်နိုင်ကိုယ်စား နပမ်းလုံးနေရတာနဲ့ပဲ အချိန်ကုန်ခဲ့ရတယ်။

နောက်မြေပြန့်လွင်ပြင်ကိုဆင်းခဲ့ကြတယ်။ မွေးမြူရေး၊ စိုက်ပျိုးရေးတွေ လုပ်လာကြတယ်။ မြစ်ဝှမ်းဒေသ ထမင်းကံနဲ့ ရေကံသာရာအရပ် ဖြစ်လာတယ်။ အသက်မွေးဝမ်းကျောင်းက သိမ်မွေ့လာသလို အေးအေးဆေးဆေးအားနေနားနေချိန်တွေရလာကြတယ်။ သူတို့ရဲ့ ပတ်ဝန်းကျင်အခြေအနေက သူတို့ကို တွေးလာခေါ်လာအောင်ဖန်တီးပေးတယ်။ ဒီတော့ တွေးခေါ်ကြတယ်။

တောင်ပေါ်တောထဲမှာ တိရစ္ဆာန်နဲ့နပမ်းလုံးနေရတုန်းက သတိမထားမိတဲ့ မိုးသည်းတာ၊ လျှပ်စီးလက်၊ မိုးကြိုးပစ်တာတွေကို အခုသတိထားမိလာကြတယ်။ ဒီတော့ ကြောက်တတ်လာကြတယ်။ ပြီးတော့ မြစ်နားမှာနေလို့ မြစ်ရေကြီးတာ၊ မြစ်ရေလျှံတာတွေတွေ့ပြီး ကြောက်လာကြတယ်။ ဒါတွေဟာ တန်ခိုးရှင်တွေက အလိုမကျလို့၊ စိတ်ဆိုးလို့ လုပ်တာပဲလို့ တွေးသူတွေးလာတယ်။ သာမန်ထက် ထူးထူးခြားခြားကြီးတဲ့ သစ်ပင်တွေတွေ့ရင်လည်း အပင်မှာ တန်ခိုးရှင်ရှိမယ်လို့ တွေးလာတယ်။ အဲဒီတန်ခိုးရှင်ဆိုတာ နောက်တော့ နတ်ဖြစ်လာတာပေါ့။

ဒီတော့ ဒီနတ်တွေ စိတ်မဆိုးအောင်၊ မိုးကြိုးမပစ်အောင်၊ ရေမကြီးအောင်ပူဇော်ပ,သရမယ်ဆိုတဲ့အတွေးလာဝင်လာတယ်။ အဲဒီလိုပူဇော်ရင် မွေးထားတဲ့တိရစ္ဆာန်တွေ မသေမပျောက်အောင်၊ စိုက်ထားတဲ့သီးနှံတွေအောင်မြင်အောင် ကူညီမ,စမယ်လို့လည်း တွေးခေါ်ယူဆကြတယ်။ ဒီတော့ ပစ္စည်းဂါထာကို ကိုယ်ဟန်အမူအရာ (အက)တွေ တီထွင်ပြီး ပူဇော်ပ,သကြတယ်။

အဲဒါ အထက်တန်းတုန်းကသင်ရတဲ့ လောကီထုပ္ပတ်လူတို့ဇာတ်ဆိုတဲ့သမိုင်းစာအုပ်မှာပါတာကိုမှတ်မိသရွေ့သဘောကို ပြန်ပြောပြတာ။

ရွှေ ။ ။ အဲဒါမြို့မဆရာဦးစံထွန်းရေးတာမဟုတ်လား။ ငါတို့လည်း အဲဒါပဲသင်ခဲ့ရတယ်။ ဒါပေမယ့် လုံးဝမမှတ်မိတော့ဘူး။ အခု မင်းပြောမှ ပြန်သတိရတာ။

စိန် ။ ။ အဲဒီတုန်းက ကိုးကွယ်မှုဟာ မျက်မှောက်ဘဝအတွက်ဘေးကင်းဖို့၊ ချမ်းသာဖို့ကိုပဲ အဓိကထားပြီး ကိုးကွယ်ခဲ့ကြတာ။

ယဉ်ကျေးမှုအစ မြစ်ဝှမ်းက,ကဆိုတဲ့အတိုင်း မြစ်ဝဒေသမှာနေပြီး စိုက်ပျိုးရေးနဲ့အသက်မွေးသူတွေဟာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းပျော့ပျောင်းမှု အားလပ်ချိန်ရမှု၊ ပတ်ဝန်းကျင်သာယာမှုစတဲ့အချက်တွေကြောင့် ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ နူးညံ့ပျော့ပျောင်းလာကြတယ်။ ဉာဏ်ရည်ဉာဏ်သွေးတွေထက်မြက်လာကြတယ်။ဒီတော့ နတ်များကို ပူဇော်ပ,သရာမှာ စကားပြေနဲ့ ပြောဆိုရာက ကာရန်၊ နဘေ၊ ဂါထာ တေးတွေသီကုံးပြီး ရွတ်ဆိုပူဇော်လာကြတယ်။ ရိုသေလေးစားတဲ့ ကိုယ့်ဟန်ပန်အမူအရာတွေကိုလည်းတီထွင်ပြီး ပူဇော်လာကြတယ်။ လက်ဝါးနှစ်ဖက်ကို ခုံးခုံးကလေးဟပ်လိုက်ရင် ကြာဖူးနဲ့တူသွားတယ်မဟုတ်လား။ အဲဒါကို နဖူးမှာကပ်လိုက်ရင် ကြာဖူးနဲ့ဆက်ကပ်ပူဇော်တဲ့အဓိပ္ပာယ်ဖြစ်သွားတယ်။ အဲဒီလို ဟန်ပန်အမျိုးမျိုး၊ လှုပ်ရှားမှုအမျိုးမျိုးတီထွင်ပြီး ပူဇော်ရာက အဲဒီလှုပ်ရှားမှုတွေဟာ အကဖြစ်သွားတယ်။ ရှေးကဘုရင်တွေကို ကချေသည်တွေက အကနဲ့ ဖျော်ဖြေတာလည်း ပူဇော်ခြင်းတစ်မျိုးပဲ။

အိန္ဒိယမှာ ဟိန္ဒူမြစ်ဝှမ်းယဉ်ကျေးမှု၊ တရုတ်မှာ ယန်စီ မြစ်ဝါမြစ်ဝှမ်းယဉ်ကျေးမှု၊ အီဂျစ်မှာ နိုင်းမြစ်ဝှမ်းယဉ်ကျေးမှုစတဲ့ ရှေးဦးယဉ်ကျေးမှုတွေ ထွန်းကားခဲ့တယ်။

ယူဖရေးတီးနဲ့ တိုက်ဂရစ်မြစ်ဝှမ်းက မယ်ဆိုပိုတေးမီးယား၊ ဂရိ၊ အေသင်စတာတွေပေါ့။ အဲဒီမှာ အတွေးအခေါ်တွေက ကျယ်ပြန့်လာတယ်။ မြင့်မားလာတယ်။ ကမ္ဘာကြီးရဲ့အကြောင်းကိုလည်း တွေးခေါ်ကြတယ်။ ဓာတ်သဘာဝတွေအကြောင်းကိုလည်း တွေးခေါ်ကြတယ်။ လူ့စည်းကမ်း၊ လူ့ကျင့်ဝတ်စတာတွေကိုလည်းတွေးခေါ်ဟောပြောလာကြတယ်။ အနောက်ဘက်က ဆိုကရေးတီးတို့ ပလေတိုတို့၊ အရှေ့ (တရုတ်) ဘက်က ကွန်ဖြူးရှပ်တို့ စသည်တို့ပေါ့။

မျက်မှောက်ဘဝချမ်းသာကြောင်းတနေ တမလွန်ဘဝ၊ နောက်ဘဝချမ်းသာကြောင်းတွေကို တွေးခေါ်ဟောပြောလာတယ်။ ငါ့ဗဟုသုတအရ အဲဒါနဲ့ပတ်သက်ပြီး အိန္ဒိယက ထင်ရှားတယ်။ တို့က အိန္ဒိယနဲ့ ဆက်ဆံရေးပိုများပိုရင်းနှီးတာမို့ အိန္ဒိယအကြောင်း သာမန်အားဖြင့် ပိုသိတယ်လို့ပြောရမယ်။ သတ္တဝါတွေစတင်ဖြစ်ပေါ်ပုံ၊ သတ္တဝါတွေတစ်ဘဝမှတစ်ဘဝကူးပြီး သံသရာလည်နေပုံ၊ သံသရာမှာရှိတဲ့ ဆင်းရဲတဲ့ဘဝ၊ ချမ်းသာတဲ့ဘဝများ၊ ဘာကြောင့်ဆင်းရဲတဲ့ဘဝ၊ ချမ်းသာတဲ့ဘဝများကိုရခြင်း ထာဝရချမ်းသာတဲ့ဘဝ၊ ထိုထာဝရချမ်းသာတဲ့ဘဝကိုရကြောင်းစတာတွေကို အမျိုးမျိုးတွေးတောကြံဆပြီး ဟောပြောကြတယ်။

သတ္တဝါတွေစဖြစ်တာနဲ့ပတ်သက်ပြီး မဟော်တဆဖြစ်တာဆိုတာရယ်၊ ဗြဟ္မာကြီးကဖန်ဆင်းတယ်ဆိုတာရယ် စသည်ဖြစ်ပေါ့။လဟာပြင်အလိုအလျောက်ရှိနေတဲ့ဓာတ်ဖိုနဲ့ဓာတ်မတို့ မတော်တဆချိတ်မိရာက သတ္တဝါဖြစ်တယ်လို့ ဆိုသူကဆိုပေါ့။ ဗြဟ္မာကြီးဖန်ဆင်းတာလို့ ပြောသူကပြောပေါ့။ နောက်ပိုင်းမှာ ဗြဟ္မာကြီးဖန်ဆင်းတာဆိုတာကို ယုံကြည်လက်ခံသူများပြီး ဒီဝါဒက အိန္ဒိယကို လွှမ်းမိုးသွားတယ်။ ခုထိပဲပေါ့။ ဒီဝါဒရဲ့အစက -

ကျင့်စဉ်အောင်မြင်ပြီး ဗြဟ္မာဘုံရောက်သွားတဲ့ ဗြဟ္မာကြီးတစ်ဦးဟာ ဗြဟ္မာ့သက်တမ်းရှည်ရတဲ့အထဲ သေပြီးလည်း ထပ်ကာထပ်ကာပြန်ဖြစ်နေတယ်။ ကြာတော့ ပျင်းတော့ အဖော်လိုချင်တယ်။ တိုက်ဆိုင်မှုနဲ့ ဗြဟ္မာအသစ်တစ်ယောက်ဖြစ်လာတယ်။ ဒီတော့ သူဖန်ဆင်းလို့ဖြစ်တာလို့ သူထင်တယ်။ ဗြဟ္မာအသစ်ကလည်း အဲဒီလိုထင်တယ်။ ဗြဟ္မာအသစ်သေပြီး လူဖြစ်လာတယ်။ ဗြဟ္မာဘဝကို ပြန်သတိရတယ်။ ဒီတော့ ဖန်ဆင်းရှင်ဗြဟ္မာကို မြင်တယ်ဒါကို ပြန်ပြောရာကနေ ဗြဟ္မာကြီးဖန်ဆင်းတာဆိုတာ ဖြစ်လာတာပဲ။

ကဲ - နားဦးစို့။

ချောင်းဆုံအုန်းသွင်

စိုးရာဇာကျော်

# လူဝင်စားဘဝကိုသက်သေပြခဲ့သော ဦးသန်းရှိန်

တစ်နေ့သော နံနက်ခင်းအချိန် ကြည်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ ရပ်ကွက်ရှိ ဗိုလ်သူရလမ်းနှင့် အုန်းပင်လမ်းထောင့်ရှိ ကုဋေကြွယ်လက်ဖက်ရည်ဆိုင်တွင် ကျွန်ုပ်တို့မိတ်ဆွေတစ်စု ဗုဒ္ဓဘာသာသာသနာနှင့်ပတ်သက်၍စကားပြောဖြစ်ကြပြီး ဆွေးနွေးကြရာတွင် မိတ်ဆွေတစ်ဦး ထပ်မံရောက်ရှိလာပြီး လူဝင်စားကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးဖြစ်ကြ၏။ လက်ဖက်ရည်ဝိုင်းဆွေးနွေးပွဲတွင် တစ်ဦးနှင့်တစ်ဦး အချေအတင်ဆွေးနွေးခဲ့ကြသည်။ သို့သော် ဝိရောဓိမဖြစ်ခဲ့ကြပါ။ ထိုစဉ် ကျွန်ုပ်နှင့်အတူ လုပ်ကိုင်ဖက်ဖြစ်သော သက်ရှိထင်ရှားဖြစ်လျက်ရှိသော ဦးသန်းရှိန်၏ အမှန်တကယ်ဖြစ်ရပ်ကို ပြောပြခဲ့ပါသည်။

ကမ္ဘာပေါ်ရှိ ကိုးကွယ်မှုဆိုင်ရာ ဘာသာအယူအဆများတွင် နောင်တမလွန်ဘဝကို ယုံကြည်သည်ရှိကြသလို မယုံကြည်ကြသည်လည်းရှိကြပေသည်။ ၎င်းယုံကြည်မှုသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုအရ မည်ကဲ့သို့ရှိပါစေကာမူ လူဝင်စားဟူသော ပုဂ္ဂိုလ်များတို့ များစွာတွေ့ရှိရသော သာဓကများရှိကြပါသည်။

ကျွန်ုပ်တို့မိတ်ဆွေတစ်စု၏ဆွေးနွေးပွဲတွင် ကျွန်ုပ်၏ ဖြစ်ရပ်မှန် လူဝင်စားပုဂ္ဂိုလ်မှာ -

ရန်ကုန်ဆန်လှုအသင်း၏အာစိဏ္ဏတံစုဘူးလှည့်လည်သိမ်းဆည်းသောအဖွဲ့အမှတ် (၂) မှ ငွေကိုင် ဦးသန်းရှိန်ဖြစ်ပါသည်။

ဦးသန်းရှိန်သည် လွန်ခဲ့သော (၆၃)နှစ်က ရေကြည်မြို့နယ် ချောင်းဖျား ကျေးရွာအုပ်စု ချောင်းဖျားကျေးရွာတွင် ဦးတင်ဦး၊ ဒေါ်ရင်မေတို့မှ မွေးဖွားခဲ့ပါသည်။ မွေးဖွားခဲ့သည်မှ (၃) နှစ်ကာလရောက်ရှိသည်အထိ လုံးဝစကားမပြောခဲ့ပါ။ ထိုကဲ့သို့ လုံးဝစကားမပြောသည့်အတွက် မိဘများသည် ၎င်းတို့၏ သားသည့် အသူတစ်ယောက်ဖြစ်လာမည်ကို စိုးရိမ်ပူပန်လျက်ရှိနေကြသည်။

တစ်ညသောကာလတွင် ကလေးငယ်သည် အခင်းကြီးသွားရန် အိမ်၏အနောက်ဖက်ကွက်လပ်တွင် အခင်းကြီးတည်ရန် မိခင်မှ ခေါ်ဆောင်သွားပြီး ကလေးငယ်ကို အခင်းကြီးတည်နေပေးစဉ် မိခင်ဒေါ်ရင်မေလည်း သားငယ်၏အနီးတွင်ငိုက်မျဉ်းနေခဲ့သည်။ ညကာလကလည်း မှောင်မည်းတိတ်ဆိတ်သောကာလဖြစ်သည်။ အတန်ကြာတွင် အခင်းကြီးသွားနေသော သားငယ်ထံမှ စကားပြောဆိုသံကို မိခင်ဒေါ်ရင်မေ နားဖြင့်ဆတ်ဆတ်ကြားလိုက်ရသည်မှာ -

“ငါ့ထွန်းခင်ရဲ့ညီ၊ ငါ့ထွန်းခင်ရဲ့ညီ”

ဟု (၃) ခွန်းဆက်တိုက် ပြောလိုက်သည်ကို မိခင်ဒေါ်ရင်မေက ကြားသိလိုက်ရပြီးနောက် သားထံသို့ရောက်ရှိလာကာ -

“ကောင်လေး၊ နင် ခုနဘာပြောတာလဲ”

ဟု မေးပါတော့သည်။

ထိုအခါတွင် သားငယ်သည် ဘာမှပြန်မပြောခဲ့ပေ။ သို့ဖြင့် ကလေးငယ် အခင်းကြီးသွားမှုပြီးဆုံးသွားပြီး အိမ်သို့ ကလေးကိုပါ ခေါ်ဆောင်သွားခဲ့သည်။

မိခင်ဒေါ်ရင်မေသည် ထိုညက အိပ်မပျော်နိုင်ဘဲ စဉ်းစားတွေဝေပြီး မိုးလင်းခဲ့ရသည်။

နောက်တစ်နေ့တွင် သားငယ် ပြောဆိုရေရွတ်ခဲ့သော ကိုထွန်းခင်ဆိုသူကို ဖက်သလက်ဝါးရိုက်လဟာ၊ ကွမ်းသီးချောင်း၊ ကန်ချောင်း၊ ရေသိုးအလယ်ရွာများသို့ လိုက်လံစုံစမ်းခဲ့သည်။ နောက်ဆုံးတွင် ချောင်းဖျားနှင့် မလှမ်းမကမ်းရှိ ပန်းတင်ရွာတွင် ကိုထွန်းခင်ဆိုသူကိုတွေ့ရှိခဲ့ပြီး အကျိုးအကြောင်းပြောပြခဲ့ရာ ကိုထွန်းခင်သည် မိဘများကိုပြောဆိုပြီး ချောင်းဖျားရွာသို့ လိုက်ကြည့်ရန် ဒေါ်ရင်စုကိုပြောပြခဲ့သည်။

ကိုထွန်းခင်မှ ဒေါ်ရင်မေသို့ ပြောပြခဲ့ပုံမှာ -

ကိုထွန်းခင်၏ညီမှာ ရေချိုးသွားရန် ရေတွင်းသို့ရောက်ရှိခဲ့ပြီး ပါလာသော အဝတ်အစားများကို ရေတွင်းနံဘေးတွင်ပုံထားပြီး ရေတွင်းမှရေခပ်ယူစဉ် ရေပုံးနှင့်အတူ ရေတွင်းထဲသို့ကျရောက်ခဲ့ပြီးသေဆုံးခဲ့ပါကြောင်း၊ သေဆုံးသည့်အချိန်တွင် (၃) နှစ်သားအရွယ်ရောက်ရှိပြီဖြစ်ကြောင်း၊ မိဘများမရှိခိုက်အိမ်မှထွက်သွားပြီး ရေချိုးရင်း ရေတွင်းထဲသို့ ကျရောက်သေဆုံးခဲ့ရပြီး အိမ်သို့ပြန်မလာ၍ လိုက်ရှာခဲ့ရာ ရေတွင်းနှုတ်ခမ်းတွင် အဝတ်အစားပုံတွေ့ရှိရ၏။ ရေတွင်းထဲသို့ဆင်းရှာရာ အလောင်းကိုတွေ့ရှိခဲ့ပြီး ရွာသုသာန်တွင် မသင်္ဂြိုဟ်မီ လက်မောင်းနှင့် ခြေသလုံးတွင် မဲအိုးသုတ်လိမ်းပေးပြီး ကောင်းမွန်စွာသင်္ဂြိုဟ်ပေးခဲ့ကြောင်း မိမိ၏ဖခင်မှာလည်း သားငယ်သေဆုံးခဲ့ရပါ၍ စိတ်အလွန်ထိခိုက်ခဲ့ရကြောင်း ဒေါ်ရင်မေကို ပြောပြပြီး ကိုထွန်းခင်နှင့်အတူ မိဘများချောင်းဖျားရွာသို့ လိုက်လာခဲ့ပြီး ကလေးငယ်ကို သေချာစွာစိစစ်ရာတွင် သင်္ဂြိုဟ်စဉ်က မှတ်သားပေးခဲ့သောမဲအိုးအမှတ်အသားများသည် ကလေးငယ်၏ကိုယ်ခန္ဓာတွင်



# ကြည်လွင်
# မြန်မာတံဆိပ်ခေါင်းများပျံ့နှံ့နေပုံ

စာပို့တံဆိပ်ခေါင်း ဟူသည်မှာ စာတိုက်မှထုတ်ဝေထွက်ရှိပြီးနောက်၌ နိုင်ငံအသီးသီး၊ နေရာဒေသအမျိုးမျိုးသို့ လွင့်ပျံ့ရွေ့လျားသွားကြသည်ကို လူတိုင်းသတိပြုမိကြမည် ဖြစ်သည်။ ကံကောင်းထောက်မသော တံဆိပ်ခေါင်းအချို့မှာ ဝါသနာရှင်တစ်ဦးဦး၏ အယ်(လ်)ဘမ်စာအုပ် (album) ထဲတွင် ဂရုတစိုက်ဖြင့် သိမ်းဆည်းထားခြင်းခံရပြီး ကံဆိုးသော တံဆိပ်ခေါင်းတို့မှာ စာတိုက်ကထွက်လာပြီး မကြာမီမှာပင် အမှိုက်ပုံးထဲသို့ရောက်ကြရသည်။ မြန်မာတံဆိပ်ခေါင်းများပျံ့နှံ့နေပုံမှာ စိတ်ဝင်စားစရာကောင်းသည်။ အချို့ မြန်မာတံဆိပ်ခေါင်းများမှာ နိုင်ငံရပ်ခြား၌ ဖောသီပေါများနေပြီး အမိမြန်မာနိုင်ငံတွင် ရှားပါးလျက်ရှိသည်။ အချို့မှာ လျစ်လျူရှုခံခဲ့ရပြီး မထင်မှတ်သောအချိန်တွင်မှ တံဆိပ်ခေါင်းဈေးကွက်သို့ ပေါ်ထွက်လာကြသည်။ အချို့မှာ သဘာဝဘေးအန္တရာယ်များအကြား၌ ဆုံးပါးသွားခဲ့ရသည်။ ယခုဤဆောင်းပါးမှာ မြန်မာတံဆိပ်ခေါင်းများပျံ့နှံ့ရောက်ရှိနေသောနေရာများ၊ တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးထံမှ နောက်တစ်ဦးထံသို့ ကူးလူးရောက်ရှိသွားပုံများ၊ မထင်မှတ်သောနေရာများတွင် ကိန်းအောင်းနေခဲ့ပြီး တံဆိပ်ခေါင်းပညာရပ်ဆည်းပူးနိုင်ရန်အတွက် နမူနာပစ္စည်းများအဖြစ် ပေါ်ထွက်လာပုံများတို့ကို တင်ပြထားခြင်း ဖြစ်သည်။

ဤသို့ ရေးသား တင်ပြနိုင်ရန်အတွက် မြန်မာတံဆိပ်ခေါင်းများ ကူးလူးသွားလာရွေ့ပြောင်းနေသော အခြေအနေကို အမြဲတစေ ဂရုပြုလေ့လာလေ့ရှိကြသော တံဆိပ်ခေါင်းရောင်းဝယ်သူများအနက်မှ မြန်မာတံဆိပ်ခေါင်းများ ပျံ့နှံ့နေပုံကို နှံ့နှံ့စပ်စပ်သိရှိသူတစ်ဦးအား တွေ့ဆုံ မေးမြန်းခဲ့ရပါသည်။ မြန်မာ တံဆိပ်ခေါင်းများပျံ့နှံ့နေသောအခြေအနေကို အခြားသော တံဆိပ်ခေါင်းရောင်းဝယ်သူနှင့်ဝါသနာရှင်တို့ကလည်း သူတို့၏အသိ၊ သူတို့၏ ဗဟုသုတဖြင့်

---

မိမိတို့အမှတ်ပြုခဲ့သည့်အတိုင်း အမှတ်ရာကြီးများကိုတွေ့ရှိရပါ၏။ မိမိတို့၏ သေဆုံးခဲ့သော သားငယ်ဖြစ်ကြောင်း မှတ်ယူကြပြီး ပန်းတင်ရွာသို့လာရောက်ပါရန်၊ ပို့ပေးပါရန် ပြောကြားပြီး ပန်းတင်ရွာသို့ပြန်သွားကြသည်။

ကလေးငယ်သည် ယခင်မိဘများ ပန်းတင်ရွာ၊ ယခုမိဘများရှိရာချောင်းဖျားရွာများတွင် တစ်လှည့်စီနေထိုင်ခဲ့ပြီး ပန်းတင်ရွာရှိ ယခင်မိဘများက မိမိတို့သားကို ရှင်မပြုပေးလိုက်ရ၍ ယခုမိဘများထံတွင် ခွင့်ပန်ပြီး ရှင်ပြုပေးလိုက်ပါသည်။ ရှင်မပြုမီ ခမည်းပေးကြသည်။ (ခမည်း - ထိုခေတ်ကာလက အင်္ဂလိပ်အကြွေပြားစေ့ကို ထိပ်တွင် အပေါက်ဖောက်ပြီး လည်တွင် ကြိုးဖြင့်သီ၍ ဆွဲပေးခြင်း ဖြစ်သည်။)

ခမည်းပေးပြီးနောက် ကလေးငယ်သည် စကားစတင်ပြောဆိုလာပြီး ညီအစ်ကိုမောင်နှမများ၏ အမည်များကို ခေါ်ဆိုလာတတ်ရာမှ ကျောင်းတက်ချိန်အရွယ်အထိ ယခင် မိဘ၊ ယခုမိဘများအိမ်တွင် တစ်လှည့်စီ နေထိုင်လာခဲ့ရာ အလယ်တန်းကျောင်းသား (၇) တန်းတက်ရန် ယခုဘဝမိဘများ ရန်ကုန်မြို့သို့ ရွှေ့ပြောင်းခဲ့သဖြင့် ယခုဘဝမိဘများနှင့် ရန်ကုန်မြို့သို့လိုက်ပါလာခဲ့ရာ ယခင်မိဘများနှင့် အလှမ်းကွာဝေးခဲ့ရသည်။ ကလေးငယ်ဘဝမှာ ရန်ကုန်မြို့တွင် နေထိုင်ခဲ့ပြီး ရံဖန်ရံခါမှသာ ရေကြည်မြို့သို့ရောက်ရှိ၏။ ပန်းတင်ရွာသို့ သွားရောက်လည်ပတ်ခဲ့သည်။ ယခင်ဘဝက မိဘများနှင့်ညီအစ်ကိုမောင်နှမများလည်း ကွယ်လွန်ကုန်ကြပြီဖြစ်သည်။

ကလေးဘဝ ယခု ဦးသန်းရှိန်၏ မိခင်ကြီးမှာ အသက်ထင်ရှားလျက်ရှိပြီး ဦးသန်းရှိန်မှာ (၆၃) နှစ်ကာလသို့ရောက်ရှိလာပြီ ဖြစ်သည်။ ဦးသန်းရှိန်၏မိခင်ကြီး ဒေါ်ရင်မေသည် သားဖြစ်သူ ဦးသန်းရှိန်ကို ငယ်စဉ်ဘဝအဖြစ်အပျက်များကို ပြန်လည်ပြောပြပုံမှာ-

"ကောင်လေး၊ မင်းငယ်စဉ်က (၃)နှစ်အထိ စကားလုံးဝမပြောခဲ့လို့ ငါ့သားတော့ ထုံအတဲ့ဘဝနဲ့ အဆုံးသတ်ပြီလို့ထင်ခဲ့တာကွယ်။ အခင်းကြီးသွားတဲ့ညက ငါထွန်းခင်ရဲ့ညီလို့ သုံးခါပြောလို့ အိပ်ချင်မူးတူးနဲ့ ကောင်လေးကိုမေးတယ်။ ထပ်မေးတယ်။ ဘာမှပြန်မပြောခဲ့ဘူး။ နောက်လိုက်လံစုံစမ်းပြီး ခမည်းပေး ရှင်းပြုပေးလိုက်တော့မှ မင်းစကားပြောလာခဲ့တာ အခုအထိပါပဲ"

ဟု ဦးသန်းရှိန်၏ မိခင် ဒေါ်ရင်နုသည် အကြောင်းသင့်တိုင်း ဦးသန်းရှိန်ကိုပြောပြလေသည်။

ဦးသန်းရှိန်နှင့် ကျွန်ုပ်လုပ်ဖော်ကိုင်ဖော်မိတ်ဆွေဖြစ်၏။ ဦးသန်းရှိန်၏ အကြောင်းကို ကုမ္ပဏီကွယ်ဆက်ဖတ်ရည်ဆိုင်တွင် မိတ်ဆွေတစ်စု စကားဝိုင်းဖွဲ့ရင်း လူဝင်စားတကယ်ရှိခဲ့ကြောင်း ဦးသန်းရှိန်၏အကြောင်းကိုပြောပြရင်း သာဓကကို ပြောပြခဲ့ပါသည်။ ယခုအချိန်အထိ ဦးသန်းရှိန်သည်လည်း သက်ရှိထင်ရှားရှိပြီး ဦးသန်းရှိန်၏မိခင်သည်လည်း သက်ရှိထင်ရှားရှိလျက်ရှိပါသည်။

လူဝင်စားများကိုရေးသားကြသော စာအုပ်များလည်းရှိကြပါသည်။ အခြားသောဘာသာများ၊ အခြားသောနိုင်ငံများတွင်လည်း ဤသို့သောအကြောင်းများကို စာနယ်ဇင်းရုပ်သံတို့တွင်လည်း တွေ့ရှိရပါသည်။

ယခု ကျွန်ုပ် ရေးသားသော လူဝင်စား ဦးသန်းရှိန်၏ အကြောင်းကို ကျွန်ုပ်နှင့် လက်ဖက်ရည်ဝိုင်းတွင် တွေ့ဆုံကြသော မိတ်ဆွေများကို လက်တွေ့ပြခြင်းဖြစ်ပြီး အခြားသော လူဝင်စားများလည်း ရှိနိုင်သည်ကို လက်တွေ့ ဖော်ပြ ရေးသားလိုက်ရပါသည်။

စိုးရောဇာကျော်

သီးခြားကွဲလွဲသောပုံစံဖြင့် နားလည်သိရှိထားမှုများ ရှိနိုင်ပါသည်။ သို့ရာတွင် ဤဆောင်းပါးမှာ အတိအကျဖော်ထုတ်ရန်ရည်ရွယ်ခြင်းမဟုတ်ဘဲ တံဆိပ်ခေါင်းဝါသနာရှင်များနှင့် စာဖတ်သူတို့အနေဖြင့် မြန်မာတံဆိပ်ခေါင်းများပျံ့နှံ့နေခြင်း၏ သဘောတရားကို ခြုံငုံတီးခေါက်မိစေရန်အတွက်သာ ဖြစ်သည်။ စင်စစ် မြန်မာတံဆိပ်ခေါင်းများပျံ့နှံ့နေမှုကို မည်သူကမျှ အတိအကျသိရှိဖော်ထုတ်နိုင်မည်မဟုတ်ပေ။ မြန်မာတံဆိပ်ခေါင်းများဆိုင်ရာပျံ့နှံ့မှုမှတ်တမ်းဟူ၍ မရှိသလို တံဆိပ်ခေါင်းဝယ်ယူမှု၊ ရောင်းချမှု၊ ရရှိမှုတို့ကို မြန်မာတို့က အခြားသောလူမျိုးများထက် ပိုမိုပြီးသိုသိပ်လျှို့ဝှက်လေ့ရှိကြသောကြောင့် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာတံဆိပ်ခေါင်းများပျံ့နှံ့နေမှုကို သဘောအားဖြင့် သိရှိနိုင်ရန် တင်ပြထားခြင်းသာ ဖြစ်သည်။

**□ မြန်မာတံဆိပ်ခေါင်းများဆိုင်ရာစီးဆင်းပုံပြကားချပ်များကို ရှင်းလင်းခြင်း**

စီးဆင်းပုံပြကားချပ် (Flow Chart) ဟူသည်မှာ ဤနေရာတွင် ဝါသနာရှင်တစ်ဦး၏ တံဆိပ်ခေါင်းစုဆောင်းမှု (stamp collection) တစ်ခုမှာ အခြားဝါသနာရှင်တစ်ဦးထံသို့ ရောက်ရှိသွားသည့်ပုံစံကို ပြသထားသော ကားချပ်ဖြစ်သည်။ စီးဆင်းရောက်ရှိသွားပုံကို မျဉ်းအနက်ဖြင့်ပြသထားသည်။ အချို့နေရာများ၌ မျဉ်းထိပ်ပိုင်းကို မြားဦးသင်္ကေတန်ဖြင့် ပြသထားသည်။ တစ်ခါတစ်ရံ၌ တံဆိပ်ခေါင်းများ စီးဆင်းရောက်ရှိသွားသည်ကို အတည်မပြုနိုင်သော အခြေအနေများရှိတတ်ရာ ထိုသို့မသေချာသော စီးဆင်းမှုများအတွက် မျဉ်းပြတ်များဖြင့် ပြသထားသည်။ ခေတ်ဟောင်းမှ စုဆောင်းခဲ့သော ဝါသနာရှင်များ၏အမည်ကို အတိအကျဖော်ပြထားသော်လည်း ဤစာရေးသူနှင့် ခေတ်ပြိုင်ကာလအတွင်း တံဆိပ်ခေါင်းများ စီးဆင်းရောက်ရှိမှုများတွင် ပါဝင်ပတ်သက်သောဝါသနာရှင်များ၏အမည်များအစား သင်္ကေတဝှက်(code)များဖြင့်သာဖော်ပြထားသည်။ဤသို့သင်္ကေတဝှက်ဖြင့်ဖော်ပြသောကြောင့် ဤစာရေးသူအား ပွင့်လင်းမြင်သာခြင်းမရှိရကောင်းလားဟူ၍ အပြစ်တင်မစော်စေလိုပေ။ နိုင်ငံတကာမှ တန်ဖိုးကြီးမားသော တံဆိပ်ခေါင်းစုဆောင်းမှုများအတွက် ပိုင်ရှင်အမည်ကို ဖော်ပြလေ့မရှိဘဲ သင်္ကေတဝှက်ကိုသာသုံးစွဲလေ့ရှိသည်။ နမူနာပြရမည်ဆိုပါက မြန်မာနိုင်ငံ ချင်းတောင်တန်းစာအိတ်များ (Chin Hills Covers) ပိုင်ဆိုင်သူတို့ကို အမည်ရင်း ဖော်မပြဘဲ ပိုင်ရှင် (၁)၊ ပိုင်ရှင် (၂) . . . စသည်ဖြင့် အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော တံဆိပ်ခေါင်းဂျာနယ်၌ ဖော်ပြပါရှိသည်။

သို့ရာတွင် ဤကဲ့သို့ အမည်မဖော်ပြခြင်းကို စာဖတ်သူတို့က အားမလိုအားမရဖြစ်ကြမည် ဖြစ်သောကြောင့် တစ်ကြောင်း၊ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့အတွက် သိုသိပ်မှုကြီးမားခြင်းကို ဖြေလျှော့စေလိုသောကြောင့် တစ်ကြောင်းတို့ကြောင့် ဤဆောင်းပါးတွင် စာရေးသူ၏လုပ်ပိုင်ခွင့်ကို အသုံးချ၍ ပုံပြကားချပ်များတွင် ပါဝင်သော တံဆိပ်ခေါင်းဝါသနာရှင်တို့၏အကြောင်းများကို အရိပ်အမြွက်အားဖြင့် သဲလွန်စမျှတင်ပြသည်ကို ခွင့်လွှတ်နိုင်ကြမည်ဟု ယုံကြည်ပါသည်။ ဤဆောင်းပါးနှင့်တွဲဖက်၍ စီးဆင်းပုံပြကားချပ်များတွင် ပါဝင်သော တံဆိပ်ခေါင်းဝါသနာရှင်တို့၏ သင်္ကေတဝှက်နှင့် အကြောင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

ပြည်ပဝါသနာရှင်(၁)မှာ မြန်မာနိုင်ငံသို့ မကြာခဏလာရောက်သော နိုင်ငံရပ်ခြားမှ ဝါသနာရှင်တစ်ဦး ဖြစ်သည်။ ဝါသနာရှင်ကြီး(၁)မှာ ယခုအခါတွင် ကွယ်လွန်ပြီးဖြစ်သည်။ ဝါသနာရှင်ကြီး(၂)မှာ တက္ကသိုလ်အသိုင်းအဝန်းမှ ဖြစ်သည်။ ဝါသနာရှင်ကြီး (၃) မှာ စစ်မှုထမ်းဟောင်းတစ်ဦး ဖြစ်သည်။ ရောင်းဝယ်သူ(၁)မှာ ခေတ်ပြိုင်တံဆိပ်ခေါင်းလောက၌ အစောဆုံးရောင်းဝယ်ရေးလုပ်ငန်းလုပ်ခဲ့သူဖြစ်သည်။ ဝါသနာရှင် (၂) နှင့် (၃) တို့မှာ အရောင်းဆိုင်ခန်းဖွင့်လှစ်ရောင်းချနိုင်သူများ ဖြစ်သည်။ (လူသစ်) ဝါသနာရှင်မှာ ရေကြောင်းလုပ်ငန်းတွင် လက်ရှိလုပ်ကိုင်လျက်ရှိသည်။ (ပခ)ဝါသနာရှင်(၁)မှာ ဆေးဝါးလုပ်ငန်းဘက်မှဖြစ်သည်။ (ပခ)ဝါသနာရှင်(၂)မှာ စာပေလုပ်ငန်းဘက်မှ ဖြစ်သည်။ ဝါသနာရှင်(၁)မှာ ရေကြောင်းလုပ်ငန်းတွင် လုပ်ကိုင်ခဲ့သည်။ ဝါသနာရှင်(၂)မှာ လူငယ်တံဆိပ်ခေါင်းဝါသနာရှင် ဖြစ်သည်။ ဖော်ပြပါအတိုင်းဆိုလျှင် 'ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ' ဆိုသကဲ့သို့ စာဖတ်သူတို့ကလည်း ကျေနပ်ကြပြီး တံဆိပ်ခေါင်းဝါသနာရှင်တို့ကလည်း 'ဗွေ'ယူကြလိမ့်မည် မဟုတ်ပေ။

**□ မြန်မာ့ရှေးမတံဆိပ်ခေါင်းစုဆောင်းထားရှိမှုကြီး**

မြန်မာနိုင်ငံ၌ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် အုပ်ချုပ်ခံခဲ့ရစဉ် ၁၉၂၀ ပြည့်နှစ်ခန့်ကစတင်၍ စုဆောင်းခဲ့သော မကြုံစဖူးများပြားတန်ဖိုးရှိလှသည့် မြန်မာတံဆိပ်ခေါင်းများစုဆောင်းထားရှိနိုင်မှုကြီးတစ်ခုကို တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးမှစုဆောင်းသိမ်းဆည်းထားနိုင်ခဲ့သည်။ထိုတံဆိပ်ခေါင်းစုဆောင်းထားရှိမှုကြီးနှင့် ပတ်သက်၍ တင်စားပြောဆိုရာတွင် ဧရာမပေါက်ကွဲမှုကြီး (Big Bang) ဖြစ်ပေါ်ပြီးနောက် နေစကြဝဠာများ၊ နဂါးငွေ့တန်းများ၊ ကြယ်များ၊ ဂြိုဟ်များဖြင့်ဖွဲ့စည်းထားသောစကြဝဠာကြီး (Universe) ပေါ်ပေါက်လာသကဲ့သို့ မြန်မာ့ဧရာမတံဆိပ်ခေါင်းစုဆောင်းမှုကြီးမှဖြာထွက်၍ ယနေ့ မြန်မာနိုင်ငံနှင့်ကမ္ဘာ့နိုင်ငံများသို့ မြန်မာတံဆိပ်ခေါင်းများ ရောက်ရှိကြပြီး စုဆောင်းနိုင်ကြရန် အခြေအနေဖြစ်ပေါ်လာသည်ဟုဆိုလျှင် ပိုသည်ဟုမဆိုနိုင်ပေ။

ထိုဧရာမတံဆိပ်ခေါင်းစုဆောင်းမှုကြီးကိုဖြစ်တည်လာရန် တဖြည်းဖြည်းချင်းဝယ်ယူစုဆောင်းခဲ့သူ တံဆိပ်ခေါင်းဝါသနာရှင်ကြီးကို ယနေ့ခေတ် တံဆိပ်ခေါင်းစုဆောင်းသူတို့က ကျေးဇူးတင်ဂုဏ်ပြုကြရမည် ဖြစ်သည်။ ဤသို့ဝယ်ယူနိုင်ခဲ့ခြင်းမရှိပါက ထိန်းသိမ်းမှုကင်းမဲ့ပြီး စာပို့လုပ်ငန်း၌ အသုံးပြုကြကာ တံဆိပ်ခေါင်းများ ဆုံးပါးကုန်နိုင်သောကြောင့်ဖြစ်သည်။ထိုဧရာမတံဆိပ်ခေါင်းစုဆောင်းမှုကြီးကို ပြုစုပျိုးထောင်ခဲ့သူ ဝါသနာရှင်ကြီးမှာ မစ္စတာတန်ရွှေချူး (Tan Swee Choo) ဖြစ်သည်။ ကွယ်ဝချမ်းသာသော မစ္စတာတန်ရွှေချူးမှာ တံဆိပ်ခေါင်း စုဆောင်းခြင်းအပြင် ရှေးဟောင်းပစ္စည်း(antique)ရောင်းဝယ်ရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့သူဖြစ်သည်။ ၁၉၃၇ ခုနှစ်ထုတ် မြန်မာတံဆိပ်ခေါင်းများအတွက် ပထမနေ့တံဆိပ်ခေါင်းကပ်စာအိတ် (FDC's) များ ထုတ်လုပ်ခဲ့သူလည်းဖြစ်သည်။ နောက်ပိုင်းထုတ်ဝေသော တံဆိပ်ခေါင်းများအတွက်လည်း ဦးတန်ရွှေချူးက FDC's များ ပြုလုပ်ခဲ့သည်။ သူ၏စုဆောင်းမှုကြီး (collection) တွင် ဂျပန်ခေတ် ဒေါင်းတံဆိပ်ခေါင်း ထပ်ဆင့်ရိုက် တံဆိပ်ခေါင်းအချပ်ပေါင်းများစွာနှင့် ယာနိုတံဆိပ် တံဆိပ်ခေါင်း

အချပ်များပါဝင်သည်။ ဦးတန်ရွှေချူမှာ မြန်မာနိုင်ငံ တံဆိပ်ခေါင်းနှင့်ဝါသနာရပ်များဖလှယ်ရေးအသင်း၏ တံဆိပ်ခေါင်းအထုပ်များ (packets) လဲလှယ်ရေးတာဝန်ခံအဖြစ်လည်းဆောင်ရွက်ခဲ့သည်။ သူ၏တံဆိပ်ခေါင်းစုဆောင်းမှုကြီးတွင် တံဆိပ်ခေါင်းများမည်မျှများပြားသနည်းဆိုသော် အစုအပုံလိုက် (lot) ခွဲခြမ်းရောင်းချပြီးခဲ့သည့်တိုင် သူ၏ မြေး၊ မြစ်များအထိရောင်းချရန် တံဆိပ်ခေါင်းအချို့ကျန်ရှိခဲ့သေးသည် ဟူ၏။

ဦးတန်ရွှေချူကွယ်လွန်ပြီးနောက် မိသားစုဝင်များက သူ၏စုဆောင်းထားရှိခဲ့သော ဧရာမတံဆိပ်ခေါင်းစုဆောင်းမှုကြီးကို ရောင်းချရာ၌ ကာလပေါက်ဈေးကြီးမားလွန်းလှရာ ဝါသနာရှင်တစ်ဦးတစ်ယောက်တည်းမှ စုဆောင်းမှုကြီးတစ်ခုလုံးကို ဝယ်ယူနိုင်ရန်မှာ မဖြစ်နိုင်ချေ။ ထို့ကြောင့် နာမည်ကြီးဝါသနာရှင် (၄)(၅)ဦးစုပေါင်း၍ 'စုဆောင်းမှုကြီး'ကို ခွဲခြမ်းစိတ်ဖြာ၍ ဝယ်ယူခဲ့ကြရသည်။ ယခုအခါ၌ ထိုဝယ်ယူသူတို့ကို အသေးစိတ်အားဖြင့် မည်သူမည်ဝါဆိုသည်ကို အတိအကျ သိရှိရခြင်းရှိသလို ခန့်မှန်းတွေးဆ၍ဝယ်ယူသူဟုအမည်တပ်ရသည့် အခြေအနေမျိုးလည်းရှိနေသည်။မည်သို့ပင်ဖြစ်စေ ရရှိထားသောအချက်အလက်များအရ ဦးတန်ရွှေချူ၏စုဆောင်းမှုကြီးကို ခွဲခြမ်းဝယ်ယူခဲ့ကြသူများတွင် မစ္စတာအေ၊ အီးမယက်(A.E.Mayet)၊ ဦးနာကိုမီးရား (မုတ်ဆိတ်)၊ ဟာဂျီဦးအလီ (မန္တလေး)၊ ဦးလင်ပင်ဟောင် (ဦးအောင်မြင့်) နှင့် အမည်ဖော်မထုတ်နိုင်သူတစ်ဦးတို့ ပါဝင်သည်ဟု သိရပေသည်။

## ▫ စီးဆင်းဖြာထွက်လာသော တံဆိပ်ခေါင်းများနှင့် ဆုပ်ကိုင်ရယူနိုင်ကြသူများ

ဧရာမတံဆိပ်ခေါင်းစုဆောင်းမှုကြီးကို ခွဲခြမ်းစိတ်ဖြာ၍ ဝယ်ယူကြသူများအနက် မစ္စတာအေ၊ အီးမယက်မှာ ထိုစဉ်က တံဆိပ်ခေါင်းရောင်းဝယ်သူတစ်ဦးဖြစ်ပြီး သူ၏အမည်ပုံနှိပ်ထားသော ပထမနေ့ထုတ် တံဆိပ်ခေါင်းကပ်စာအိတ်များကို ၁၉၆၈ ခုနှစ်လောက်အထိ တွေ့ရှိခဲ့ရသည်။ နောက်တစ်ဦးမှာ ဦးနာကိုမီးရားဖြစ်ပြီး တံဆိပ်ခေါင်းဝါသနာရှင်တို့က သူ့ကို 'မုတ်ဆိတ်'ဟူ၍ အသိများသည်။ မောင်ထော်လေးလမ်း၌ တံဆိပ်ခေါင်းအရောင်းဆိုင်ဖွင့်လှစ်ရောင်းချခဲ့ရာ ဝါသနာရှင်အတော်များများက သူ့ဆိုင်ကိုမှီခိုပြီးတံဆိပ်ခေါင်းဝယ်ယူစုဆောင်းခဲ့ကြရသည်။ မုတ်ဆိတ်မှာ ၁၉၉၅ ခုနှစ်က ကွယ်လွန်ခဲ့သည်ဟုသိရသည်။ ဦးတန်ရွှေချူ၏ စုဆောင်းမှုတစ်စိတ်တစ်ပိုင်းကိုရရှိလိုက်သူ နောက်တစ်ဦးမှာ မန္တလေးမြို့နေ ဟာဂျီဦးအလီဆိုသူ ဖြစ်သည်။ အတိအကျမသိကြရသော်လည်း ရန်ကုန်မြို့နေ ဦးလင်ပင်ဟောင် (ခေါ်) ဦးအောင်မြင့်မှာလည်း ဦးတန်ရွှေချူ၏ တံဆိပ်ခေါင်းအချို့ရရှိလိုက်သည်ဟု ခန့်မှန်းကြသည်။ 'တံဆိပ်ခေါင်းစုဆောင်းမှုကြီး'မှ တံဆိပ်ခေါင်းများရရှိလိုက်သူနောက်တစ်ဦးရှိသေးရာ ယခုအခါ၌ မည်သူမည်ဝါဖြစ်သည်ကို ပြန်လှန်ကောက်ယူနိုင်ခြင်းမရှိတော့ပေ။ ဤသို့အမည်ဖော်မထုတ်နိုင်ခြင်းမှာ မြန်မာ့တံဆိပ်ခေါင်းဝါသနာဆိုင်ရာမှတ်တမ်းများထားရှိမှု အားနည်းခြင်းကြောင့်နှင့် မြန်မာတို့၏ လျှို့ဝှက်သိုသိပ်တတ်သည့် စိတ်ခံတော်ကြောင့် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ထို (၅) ဦးသော ပုဂ္ဂိုလ်များထံမှ မြန်မာတံဆိပ်ခေါင်းများနှင့်တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများမှာ ဆက်လက် ပျံ့နှံ့သွားခဲ့ပြန်သည်။ ဤသို့ ဒုတိယမျိုးဆက်တံဆိပ်ခေါင်းများပျံ့နှံ့ခဲ့မှုကို စီးဆင်းပုံပြကားချပ် (က) တွင် ကြည့်ရှုနိုင်သည်။ ပုံပြကားချပ်အတိုင်း ရှင်းလင်းရပါက အေ၊ အီး၊ မယက်၏ တံဆိပ်ခေါင်းများကို သမီးဖြစ်သူကစီမံခန့်ခွဲ၍ ၂၀၀၀ပြည့်နှစ်ဝန်းကျင်က ရောင်းချခဲ့ရာ ပန်းချီကားစုဆောင်းသည့်ဝါသနာမှ ကူးပြောင်းလာသည့် တံဆိပ်ခေါင်းဝါသနာရှင် လူရွှယ်ထံသို့ ရောက်ရှိခဲ့သည်။ ထို့အတူ ဦးလင်ပင်ဟောင်၏ စုဆောင်းထားရှိမှုများကိုလည်း သားဖြစ်သူကကြီးကြပ်၍ရောင်းချခဲ့ရာ ဖော်ပြပါ လူရွှယ်ထံသို့ပင် ရောက်ရှိခဲ့သည်။ ဦးလင်ပင်ဟောင်မှာ ဦးတန်ရွှေချူထံမှ တံဆိပ်ခေါင်းများ ရရှိခဲ့သည်ကို အသေအချာမသိရှိရသော်လည်း သူကိုယ်တိုင်စုဆောင်းထားရှိသော ဂျပန်ခေတ် တံဆိပ်ခေါင်းကပ်စာအိတ်များစွာမှာလည်း ရောင်းချရာ၌ ပါဝင်ခဲ့သည်။ ဦးနာကိုမီးရား (မုတ်ဆိတ်) မှာ တံဆိပ်ခေါင်းဆိုင် ဖွင့်လှစ်ရောင်းချသူဖြစ်ရာ ဦးတန်ရွှေချူထံမှရရှိသောတံဆိပ်ခေါင်းများကို လက်လီရောင်းချပြီးပျံ့နှံ့စေခဲ့သည်။ အတော်အတန်ကျန်ရှိသော တံဆိပ်ခေါင်းများကိုမူ ထိုစဉ်က လူငယ်တံဆိပ်ခေါင်းရောင်းဝယ်သူထံရောင်းချခဲ့သည်။ မန္တလေးမြို့မှ ဟာဂျီဦးအလီနှင့် အမည်မသိရသော ဝယ်ယူသူပုဂ္ဂိုလ်တို့ ပိုင်ဆိုင်ခဲ့သော တံဆိပ်ခေါင်းများ၏ ကံကြမ္မာကိုမူ အတိအကျမသိရှိကြရပေ။ သို့သော် နောက်ပိုင်းမှသိရသည်မှာ ဟာဂျီဦးအလီ၏ တံဆိပ်ခေါင်းများမှာ ၁၉၈၄ ခုနှစ် မန္တလေးမြို့လယ်ကောင်တွင် လောင်ကျွမ်းခဲ့သောမီးကြီးအတွင်း ပါသွားနိုင်ခြေရှိသည်ဟူ၍ ဖြစ်သည်။

## ▫ ခေတ်သစ်နှင့် ခေတ်ဟောင်း မြန်မာ တံဆိပ်ခေါင်းများပျံ့နှံ့ပုံ

မြန်မာတံဆိပ်ခေါင်းများဆိုင်ရာပစ္စည်းများဖြစ်သည့် တံဆိပ်ခေါင်း၊ ပထမနေ့စာအိတ်၊ စာပို့စာရေးကိရိယာပစ္စည်း၊ စာပို့သမိုင်းဆိုင်ရာပစ္စည်းနှင့် အခြားဆက်စပ်ပစ္စည်းအများအပြားကို အချပ်လိုက်၊ အထုပ်လိုက်၊ သေတ္တာလိုက်၊ ဗီရိုလိုက် စသည်ဖြင့် စုဆောင်းထိန်းသိမ်းထားရှိနိုင်မှုများကို 'မြန်မာတံဆိပ်ခေါင်းများစုဆောင်းမှု' ဟူ၍ ဤနေရာတွင် ခေါ်ဝေါ်သတ်မှတ်ပါသည်။ တံဆိပ်ခေါင်းများပျံ့နှံ့ပုံကို ခေတ်ဟောင်းနှင့် ခေတ်သစ်ဟူ၍ နှစ်မျိုး ခွဲခြားပြသထားရာ တံဆိပ်ခေါင်းပစ္စည်းများကို ရည်ညွှန်းပြဆိုခြင်းမဟုတ်ဘဲ မူလပိုင်ရှင်ဖြစ်သူ သို့တည်းမဟုတ် ရောင်းချခဲ့သူတို့၏ ခေတ်ကာလပေါ် တွင်မူတည်၍ခွဲခြားထားခြင်းဖြစ်သည်။ဤစာရေးသူနှင့်ခေတ်ပြိုင်ဖြစ်သော တံဆိပ်ခေါင်းဝါသနာရှင်တို့၏ ရောင်းချမှု၊ ဝယ်ယူမှုများအတွက် ထိုသူတို့၏အမည်နာမကို မသုံးဘဲ သင်္ကေတဝှက် (code) ကိုသာ အသုံးပြုထားပါသည်။ ထိုပုဂ္ဂိုလ်များကို အနည်းငယ်ပုံဖော်သိရှိလိုပါက 'စီးဆင်းပုံပြကားချပ်များဆိုင်ရာရှင်းလင်းချက်' ခေါင်းစဉ်ငယ်အောက်တွင် ဖတ်ရှုနိုင်ပါသည်။

ခေတ်ဟောင်းတံဆိပ်ခေါင်းများ စီးဆင်းပျံ့နှံ့မှုတွင် ၁၉၃၀ ပြည့်နှစ်များက တံဆိပ်ခေါင်းအသင်း၏ ဥက္ကဋ္ဌဖြစ်ခဲ့သူ ပါမောက္ခဦးအောင်လှ၏ တံဆိပ်ခေါင်းစုဆောင်းမှုမှာ ပြည်ပဝါသနာရှင်(၁)ထံသို့ရောက်ရှိသွားခဲ့သည်။ မြန်မာတံဆိပ်ခေါင်းများကို အခါအားလျော်စွာ နိုင်ငံတွင်းသို့ လာရောက်၍ သိမ်းကျုံးဝယ်ယူကြသော အခြားပြည်ပဝါသနာရှင်များလည်းရှိသေးသည်။ ဦးအောင်လှ၏ စုဆောင်းမှုတွင် မြန်မာတံဆိပ်ခေါင်းများသာမက ထိုခေတ်က ဗြိတိသျှအင်ပါယာအတွင်းမှ နိုင်ငံများ၏ တံဆိပ်ခေါင်းမြောက်မြားစွာ ပါဝင်ရာ ယခုအခါ ကက်တလောက်ဈေးကောင်းနေပြီ ဖြစ်သည်။ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်

များအသင်း၏ ဘဏ္ဍာရေးမှူးလုပ်ခဲ့သူ ဦးကျော်၏ စုဆောင်းမှုတွင် မြန်မာ တံဆိပ်ခေါင်းများအပြင် အရှေ့ဥရောပ နိုင်ငံများမှ မသုံးရသေးသော (mint) တံဆိပ်ခေါင်းများစွာလည်း ပါဝင်သည်။ သို့သော် သူ့ခေတ်သူ့အခါအလိုက် တံဆိပ်ခေါင်းပတ္တာချိတ် (stamp hinges) များဖြင့်ကပ်ထားသောတံဆိပ်ခေါင်းများ ဖြစ်သည်။ ဦးကျော်၏တံဆိပ်ခေါင်းများ ကို ရရှိသူနှစ်ဦးအနက် စုဆောင်းထား သော မြန်မာတံဆိပ်ခေါင်းများကိုရောင်း ဝယ်သူ(၁)က ရရှိထားသည်။ မြန်မာ့ တံဆိပ်ခေါင်းဝါသနာ၏မီးရှူးတန်ဆောင် ဟု အမည်ပေးထားခြင်းခံရသော အမ်၊ ကော၊ ဒီနိုင်ဂမ်ဝါလားမှာ သေတ္တာ(၃)လုံး ဖြင့် တံဆိပ်ခေါင်းပစ္စည်းများထည့်သိုခဲ့ ပြီး အိန္ဒိယနိုင်ငံသို့သယ်ဆောင်ရန် ပြင် ဆင်ခဲ့သော်လည်း သေတ္တာ(၁)လုံးကိုမူ မသယ်ဆောင်နိုင်ခဲ့၍ ယုံကြည်စိတ်ရသူ တစ်ဦးထံတွင် အပ်နှံထားခဲ့ရာ နိုင်ဂမ်ဝါ လားကွယ်လွန်ပြီး နှစ်ပေါင်း(၅၀)ကြာမှ ထိုသေတ္တာပါတံဆိပ်ခေါင်းပစ္စည်းများမှာ ဈေးကွက်သို့ ထွက်ပေါ်လာခဲ့သည်ကို အရယူနိုင်ခဲ့သူမှာ (ပခ)ဝါသနာရှင်(၂) ဖြစ်သည်။ နိုင်ဂမ်ဝါလား၏ စုဆောင်းမှု တွင် တံဆိပ်ခေါင်းများအပြင် သူ၏ ဟောပြောပွဲပိုစတာများ၊ မှတ်တမ်းများ နှင့် သူ၏တံဆိပ်ခေါင်းဆိုင်ရာ ဖန်တီးမှု များပါဝင်သည်။

ခေတ်သစ်တံဆိပ်ခေါင်းစုဆောင်း မှုများဟု ခေါ်ဆိုရသော်လည်း မြန်မာ ရှေးဟောင်းတံဆိပ်ခေါင်းများစွာ ပါဝင် သည်။ ခေတ်ပြိုင်တံဆိပ်ခေါင်းဝါသနာ ရှင်လူရွယ်တစ်ဦး (ဝါသနာရှင်-၁) ကွယ် လွန်ခဲ့ရာ ပါမောက္ခ ဦးအောင်လှ၏ တံဆိပ်ခေါင်းများရရှိလိုက်သူ ပြည်ပမှ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်က အချို့ တစ်ဝက်ရရှိလိုက်ပြီး ကျန်တစ်ဝက်မှာ ယခုခေတ်ပိုင်းတွင် တံဆိပ်ခေါင်းအသိုင်း အဝန်း၌ ထက်ကြွသူလူရွယ်တစ်ယောက် က ရရှိသွားသည်။ ဝါသနာရှင်ကြီး(၁)၏ တံဆိပ်ခေါင်း စုဆောင်းမှုကိုရရှိထားသူ နှစ်ဦးမှာ ရောင်းဝယ်သူ(၂)နှင့် (၃)တို့ဖြစ် ကြသည်။ သူ၏စုဆောင်းမှုတွင် ဂျပန် ခေတ်၊ ဗြိတိသျှခေတ်တံဆိပ်ခေါင်းများ အချပ်လိုက်ပါရှိပြီး ခေတ်သစ်မြန်မာ့စာပို့ အမှတ်အသားများလည်း ပါဝင်သည်။ ထို့အတူ ဝါသနာရှင်ကြီး(၂)၏စုဆောင်းမှု တွင် ဗြိတိသျှခေတ်၊ ဂျပန်ခေတ်တံဆိပ် ခေါင်းများအပြင် ဂျပန်ခေတ်လွတ်လပ် ရေးပို့စကတ်များ၊ ခေတ်သစ်မှာယွင်း သောတံဆိပ်ခေါင်းများပါဝင်ပြီး (ပခ) ဝါသနာရှင်(၁)ကရရှိသွားသည်။ဝါသနာ ရှင်ကြီး(၃)၏ တံဆိပ်ခေါင်းများကို သူ၏ မိသားစုဝင်တစ်ဦးဖြစ်သူ ဝါသနာရှင်(၂) ထံ အမွေအဖြစ် ပေးကမ်းခဲ့သည်။ (စီးဆင်းပုံပြကားချပ် (ခ) နှင့် (ဂ) ရှု။)

**❑ ကျွံထွက်လာသော တံဆိပ်ခေါင်းများနှင့် ဖျက်ဆီးပစ်ရမည့်တံဆိပ်ခေါင်းများ**

'ကျွံထွက်လာသောတံဆိပ်ခေါင်း' ဟူသည်မှာ မကြာမီထုတ်ဝေတော့မည့် တံဆိပ်ခေါင်းအသစ်များကို စာတိုက် ဗဟိုဌာနချုပ်မှ သက်ဆိုင်ရာစာတိုက်များ သို့ ကြိုတင်ပေးပို့ထားပြီး ထုတ်ဝေရန် သတ်မှတ်ရက်ရောက်မှရောင်းချရန်ဖြစ် သော်လည်း ထိုသတ်မှတ်ရက်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ရောင်းချ လိုက်ရသောကြောင့် ထုတ်ဝေသည့်နေ့ မတိုင်မီထွက်ပေါ်လာသောတံဆိပ်ခေါင်း များကို 'ကျွံထွက်လာသောတံဆိပ်ခေါင်း' ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ဤကဲ့သို့ ထုတ်ဝေသည့်နေ့မတိုင်မီ ပြင်ပသို့ထွက် လာသော တံဆိပ်ခေါင်းမျိုးကို စာအိတ် ပေါ်၌တွေ့ရှိပါက စာအိတ်အလိုက် သိမ်းဆည်းထားနိုင်ပါမှ စာတိုက်နေ့စွဲ တံဆိပ်ဖြင့် သက်သေပြပြီး ထုတ်ဝေရ မည့်နေ့မတိုင်မီ ထွက်ပေါ်လာသော တံဆိပ်ခေါင်းဖြစ်ကြောင်း ရှင်းလင်းနိုင် မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများ၌လည်း ဤအဖြစ်မျိုး မကြာခဏကြုံကြရသည်။ အထူးသဖြင့် နယ်မြို့များမှ စာတိုက်ငယ်များတွင် ဖြစ်လေ့ရှိသည်။

မြန်မာနိုင်ငံ၌ ၂၀၀၄ ခုနှစ်က ဗုဒ္ဓ ဘာသာထိပ်သီးညီလာခံတံဆိပ်ခေါင်း များထုတ်ဝေခဲ့ရာ ထိုအဖြစ်မျိုးဖြင့် ကြုံ တွေ့ခဲ့ကြရသည်။ ထိုညီလာခံကို ပထမ ပိုင်း၌ 'စတုတ္ထအကြိမ်မြောက် ဗုဒ္ဓ ဘာသာထိပ်သီးညီလာခံ'ဟု ခေါ်ဝေါ်ခဲ့ သဖြင့် ထိုအခေါ်အဝေါ်အတိုင်း တံဆိပ် ခေါင်းများပုံနှိပ်၍ နိုင်ငံအနှံ့စာတိုက်များ သို့ဖြန့်ဝေခဲ့သည်။သို့ရာတွင် ထိုညီလာခံ ကြီးကျင်းပရန် ရက်အနည်းငယ်အလို၌ အကြောင်းအမျိုးမျိုးကြောင့် 'စတုတ္ထ အကြိမ်' ဟူသော စာလုံးကိုဖြုတ်ပစ်ပြီး 'ဗုဒ္ဓဘာသာထိပ်သီးညီလာခံ' ဟုသာ တရားဝင်ခေါ်ဝေါ်ရန် အကြောင်းဖန် လာခဲ့သည်။ ထို့ကြောင့် ထိုညီလာခံကြီး ကို ဂုဏ်ပြုထုတ်ဝေသော တံဆိပ်ခေါင်း များတွင်လည်း 'စတုတ္ထအကြိမ်' ဟူသည့် စကားလုံးကိုဖြုတ်ပစ်ပြီး အမည်သစ်ဖြင့် ထပ်မံ ပုံနှိပ်ခဲ့ကြရသည်။ တစ်နိုင်ငံလုံးရှိ စာတိုက်များသို့ ဖြန့်ဝေပြီးသော တံဆိပ် ခေါင်းများကို ပြန်လည် သိမ်းယူပြီး အသစ်ထပ်မံပုံနှိပ်သည့် တံဆိပ်ခေါင်း များကို အစားထိုးလဲလှယ်ပေးပို့ရသည်။ ဤသို့ ပြန်လည်သိမ်းယူရာ၌ စာတိုက် ငယ်အချို့မှ ထုတ်ဝေရန် သတ်မှတ်ရက် မရောက်မီကပင် တံဆိပ်ခေါင်းအနည်း ငယ် (၃-၄)လုံးခန့်ကို ကြိုတင်ရောင်းချ မိလိုက်ပြီဖြစ်ရာ 'စတုတ္ထအကြိမ်' ပါရှိ သော တံဆိပ်ခေါင်းအချို့မှာ ပြင်ပသို့ လွတ်ထွက်ကျွံထွက်လာပါတော့သည်။ ထိုကျွံထွက်လာသော တံဆိပ်ခေါင်းများ မှာ ရှားပါးလွန်းလှပြီး ပြင်ပပေါက်ဈေးမှာ လည်း မြင့်မားလှသည်။ ဤသို့ဖြင့် 'စတုတ္ထအကြိမ်'ပါရှိသော တရားမဝင် တော့သည့်တံဆိပ်ခေါင်းများကို စာတိုက် ဗဟိုဌာနချုပ်မှ ပြန်လည် သိမ်းယူခဲ့ရ သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ဝေရန်လျာထားသော ထိုတံဆိပ် ခေါင်းများ၏ အရေအတွက်မှာ မည်မျှ များပြားလိမ့်မည်ကို ခန့်မှန်းနိုင်ပေသည်။ ထိုတရားမဝင်တော့သည့်'စတုတ္ထအကြိမ်' ပါရှိသော တံဆိပ်ခေါင်းများကို ငွေစက္ကူ များဟောင်းနွမ်းပျက်စီးလျှင် တရားမဝင် တော့ပြီဖြစ်ရာ (demonetized) ဖျက်ဆီး ပစ်ရသကဲ့သို့ လုံးဝဥဿုံဖျက်ဆီးပစ်ရ မည်ဖြစ်သည်။ သို့ရာတွင် ထို 'စတုတ္ထ အကြိမ်' ပါရှိသော တံဆိပ်ခေါင်းများကို မည်သို့စီမံဆောင်ရွက်ခဲ့သည်ကို ဝါသနာ ရှင်နှင့် ပြည်သူအများသိရှိနိုင်ရန်ပွင့်လင်း မြင်သာစွာဖြင့် ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိပေ။ ဤကိစ္စကို ဌာနဆိုင်ရာလုပ်ငန်း သက်သက်ဟူ၍ သဘောမထားရသလို ပြည်သူများသိရှိရန် မလိုအပ်ဟုလည်း ယူဆရမည်မဟုတ်ပေ။ စင်စစ် ပြည်သူ များကို အသိပေးရန် အလွန်လေးနက် ပြီး အရေးကြီးသောအချက်ဟုခံယူရမည် ဖြစ်သည်။

အဆိုပါကိစ္စမှာ အလွန်အရေးကြီး သောအချက်ဟုဆိုရခြင်းမှာ တစ်ဦး တစ်ယောက်ထံ၌ 'စတုတ္ထအကြိမ်'တံဆိပ် ခေါင်းတစ်လုံးရရှိလိုက်သည်ဆိုလျှင်ပင် ထိုတစ်လုံးမှာ ပြင်ပပေါက်ဈေးဖြင့် ထိုစဉ်ကာလကပင် ငွေကျပ် သိန်း (၁၀) ဝန်းကျင်ရှိသောကြောင့် ဖြစ်သည်။ ထိုတံဆိပ်ခေါင်းများကို မဖျက်ဆီးဘဲ လုံခြုံစွာ ထိန်းသိမ်းထားသည်ဆိုပါက လည်း မည်မျှလုံခြုံပါသနည်းဟု မေးခွန်း ထုတ်ရမည် ဖြစ်သည်။ ထိန်းသိမ်းသော ဝန်ထမ်းမှ တစ်လုံး၊ နှစ်လုံးစဖြုတ်

ယူရောင်းချနေပါက စစ်ဆေးတွေ့ရှိနိုင် ပါမည်လော။ စင်စစ် ထိုတံဆိပ်ခေါင်း များမှာ တာဝန်ရှိဝန်ထမ်းကိုမဆိုထားဘိ နိုင်ငံတော်သမ္မတကိုယ်တိုင်ပင် တစ်လုံး၊ နှစ်လုံးဖြုတ်ယူသိမ်းထားပိုင်ခွင့်မရှိပေ။ (လက်ရှိနိုင်ငံတော်သမ္မတကြီးဦးထင်ကျော် မှာ တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးဖြစ် သည်-စကားချပ်) သို့ဖြစ်၍ ထို 'စတုတ္ထ အကြိမ်' ပါရှိသော တရားမဝင်တော့ သည့် တံဆိပ်ခေါင်းများကို ဖျက်ဆီး (မီးရှို့ပစ်ခြင်းစသည်) ပစ်သည့် လုပ်ထုံး လုပ်နည်းလုပ်ပုံတို့ကို ဝါသနာရှင်ပြည်သူ များ သံသယကင်းရှင်းစေရန် ပွင့်လင်း မြင်သာစွာဖြင့် သတင်းထုတ်ပြန်ပေးသင့် သည်။ ၁၉၆၀ ပြည့်နှစ်မတိုင်မီက မြန်မာ နိုင်ငံဗဟိုဘဏ်မှ မီးရှို့ဖျက်ဆီးပစ်သည့် ငွေစက္ကူအဟောင်းများကဲ့သို့မဖြစ်ရန် လည်း သတိပြုရမည်။ ထိုစဉ်က အဆင့် မြင့်အရာရှိကြီးများ ရှေ့မှောက်၌ငွေစက္ကူ များကို မီးဟုန်းဟုန်းတောက်သည်အထိ မီးရှို့ဖျက်ဆီးခဲ့ကြသည်။သို့သော် အရာရှိ ကြီးများမှာ အားလုံးပြာကျသည်အထိ မစောင့်ကြဘဲ ပြန်သွားခဲ့ကြသည်။ ဝန်ထမ်းတစ်ဦးက ပြာပုံအောက်မှ အကောင်းပကတိကျန်ရှိသောငွေစက္ကူ များကိုယူထားပြီး မှုမမှန်စွာ ချမ်းသာ ကြွယ်ဝလာခဲ့သည်မှ သဲလွန်စရပြီး ဖမ်းဆီးခြင်းခံလိုက်ရသည်။ အချုပ်ကို ဆိုရသော် ထိုကဲ့သို့သော ဖျက်ဆီးပစ်ရ မည့်တံဆိပ်ခေါင်းများကို စာတိုက်ဗဟို ဌာနချုပ် သို့မဟုတ် ဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာဖြင့် မီဒီယာအဖွဲ့ အစည်းများကိုပြသပြီး လုပ်ဆောင်ကာ ပြည်သူကို အသိပေးရမည် ဖြစ်သည်။

**□ မျက်နှာပြင်သို့ပျံ့လွင့်လာသည့် ငုပ်လျှိုး နေသောတံဆိပ်ခေါင်းများ**

မြန်မာနိုင်ငံ၌ ၁၉၅၀ ပြည့်နှစ် ကျော်ကာလများက ကျောင်းသား လူငယ်အများစုမှာ တံဆိပ်ခေါင်းများ စုဆောင်းလေ့ရှိကြသည်။ အချို့မှာ လည်း အသက်အတော်ရသည်အထိ ကြိုးစား၍ တံဆိပ်ခေါင်းများကို စုဆောင်း ခဲ့ကြပြီးနောက်ပိုင်း၌ အိမ်ထောင်ကျ၊ လုပ်ငန်းခွင်သို့ဝင်ရောက်ကြ၍ စုဆောင်း ခြင်းရပ်ဆိုင်းခဲ့ကြသည်။ ထိုခေတ်က တံဆိပ်ခေါင်းစုဆောင်းခဲ့ကြသည့်လူငယ် များမှာ ယခုအခါ အသက်(၆၀)ကျော် အရွယ်များဖြစ်နေကြပြီဖြစ်သည်။ အချို့ မှာလည်း ကွယ်လွန်ကုန်ကြပြီး သူတို့၏ စုဆောင်းထားသောတံဆိပ်ခေါင်းများမှာ တံဆိပ်ခေါင်းဗဟုသုတလုံးဝမရှိသော မိသားစုဝင်များလက်ထဲတွင် ရောက်ရှိ နေကြသည်။ ထိုတံဆိပ်ခေါင်းများမှာ နှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းမှု ကင်းမဲ့ပြီး မိသားစုဝင်များ၏နေအိမ်ရှိ ဗီရိုများ၊ အံဆွဲများ၊ သေတ္တာများထဲ ၌ ငုပ်လျှိုး သောင်တင်နေခဲ့ကြသည်။ မိသားစုဝင်တို့မှာ ထိုတံဆိပ်ခေါင်းများ၏ ပေါက်ဈေးကိုလည်းမသိ၊ မည်သို့မည်ပုံ ရောင်းချရမည်ကိုလည်း မသိကြပေ။ နောက်ဆုံး၌" ရန်ကုန်မြို့လယ်နှင့် ဗိုလ်ချုပ်ဈေးရှိ တံဆိပ်ခေါင်းရောင်းဝယ် သောဆိုင်ငယ်များ ပေါ်ထွန်းလာသော အခါ သိမ်းဆည်းထားသော တံဆိပ် ခေါင်းများကို ဤအတိုင်းထားပါက ပိုမို ဟောင်းနွမ်းပျက်စီးမည့်အစား ငွေကြေး ထွက်ပေါ်လာရန် ထိုဆိုင်ငယ်များဆီ သို့သာ ဦးတည်ဆိုက်ရောက်ခဲ့ကြရ သည်။ အချို့မှာလည်း တန်ရာတန်ကြေး ဖြင့် ရောင်းချနိုင်ခဲ့ကြသူများရှိသလို အချို့မှာလည်း များစွာဈေးနှိမ်ခံရပြီး ရောင်းခဲ့ကြရသည်။ သို့ဖြင့် ကွယ်လွန်ပြီး သော တံဆိပ်ခေါင်းဝါသနာအိုးကြီးများ ၏ မိသားစုဝင်များကြား၌ မိမိတို့ မသိ နားမလည်သောပစ္စည်းအမျိုးအမည်များ ဖြစ်သည့် တံဆိပ်ခေါင်းများကို ရောင်းချ နိုင်ရေးအတွက် အခက်အခဲပြဿနာကြီး တစ်ရပ်အဖြစ် ရပ်တည်နေခဲ့သည်။

မည်သို့ပင်ဆိုစေ တံဆိပ်ခေါင်း ဝါသနာလောက၏ ရောင်းဝယ်ရေး မျက်နှာပြင်သို့ ပျံ့လွင့်တက်လာကြခြင်း မရှိသေးသော တံဆိပ်ခေါင်းအများအပြား အောင်းခိုနေခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။အမွေရသကဲ့သို့လက်ခံရရှိထား သော ထိုတံဆိပ်ခေါင်းများကိုရောင်းချ ရာ၌ လက်ရှိပေါက်ဈေးအတိုင်းရောင်းချ ၍ မရနိုင်ကြမည်ကိုလည်း စိုးရိမ်လျက် ရှိကြသည်။ ဤကဲ့သို့ စိတ်ပူပန်လျက်ရှိ ကြသော ရောင်းချလိုသည့်လူများအတွက် မြန်မာနိုင်ငံတွင် တံဆိပ်ခေါင်းရောင်း ဝယ်ရေးဆိုင်ရာအဖြေတစ်ခုရှိသင့်သည်။ အကယ်၍ တရားဝင်ဖွဲ့စည်းခွင့်ရရှိသော တံဆိပ်ခေါင်းအသင်းများဖွဲ့စည်းနိုင်ခဲ့သည် ဆိုပါက ထိုအသင်းများ၏ သမာသမတ် ကျသော တာဝန်ရှိပုဂ္ဂိုလ်ကြီးများ အကူ အညီဖြင့် တန်ရာတန်ကြေးရရှိအောင် ဖန်တီးရောင်းချပေးနိုင်ပါက ရောင်းချ သူတို့မှာ အတိုင်းထက်အလွန် ကျေနပ်မှု များရရှိပေလိမ့်မည်။ သို့ရာတွင် အကယ် ၍ တရားဝင်တံဆိပ်ခေါင်းအသင်းများ ဖွဲ့စည်းနိုင်ခဲ့သည်ဆိုသည့်တိုင် ပျံ့လွင့် လာသည့်တံဆိပ်ခေါင်းများကို ဈေးနှုန်း တိကျမှန်ကန်စွာရောင်းချနိုင်ရေးအတွက် မည်မျှအာမခံချက်ရှိပါမည်နည်း။ စင်စစ် ထိုရောင်းချလိုသူတို့မှာ လမ်းဘေး တံဆိပ်ခေါင်းရောင်းဝယ်သူများအပေါ် စိုးရိမ်ကြ၍ယုံကြည်စိတ်ချရမည်ဟုယူဆ သောအဖွဲ့အစည်းထံသို့ ချဉ်းကပ်လာ ခြင်း ဖြစ်သည်။ ဤကဲ့သို့ 'အဖွဲ့အစည်း' အပေါ် အားကိုးတကြီးဖြင့် ဆိုက်ဆိုက် မြိုက်မြိုက်ရောက်လာပါမှ 'ကျားကြောက် လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး' ဆိုသကဲ့သို့သောအဖြစ်မျိုးလည်း ကြုံရ နိုင်လေသည်။ ရောက်ရှိလာသောရောင်း ချလိုသူ၏ အမှန်တကယ်တန်ဖိုးရှိသော တံဆိပ်ခေါင်းများအနက်မှ တံဆိပ်ခေါင်း တစ်လုံးစနှစ်လုံးစကို 'အလကား'တောင်း ယူခြင်းဖြင့် ထိုတံဆိပ်ခေါင်းများမှာ တန်ဖိုး မရှိသည့်ပုံစံသဘောသို့သက်ရောက်သွား ပေမည်။ ရောင်းချသူ၏စိတ်ထဲတွင် မိမိ ၏ တံဆိပ်ခေါင်းများမှာ တန်ဖိုးမရှိလှဟု ထင်ယောင်ထင်မှားဖြစ်သွားတော့သည်။ ရရှိလိုက်သူအဖို့မှာမူ တန်ဖိုးရှိ တံဆိပ် ခေါင်းများကို ငွေမကုန်ဘဲရရှိသွားတော့ သည်။ ဇာတ်လမ်းအချုပ်ကိုဆိုရသော် မသိနားမလည်သော ရောင်းချလိုသူမှာ တံဆိပ်ခေါင်းရောင်းဝယ်ရေးဆိုင်နှင့် နှီးနွှယ်သော် အဖွဲ့အစည်းမှပုဂ္ဂိုလ်များ က ပိုမိုယုံကြည်စိတ်ချရမည်ဟု အထင် ဖြင့် သွားရောက် ရောင်းချရာ မိမိထံမှ တံဆိပ်ခေါင်းတစ်လုံးစနှစ်လုံးစ အလကား တောင်းယူသဖြင့် ခင်မင်မှုကို ရှေးရှု၍ တောင်းယူသူပုဂ္ဂိုလ်ကြီးများကိုပေးလိုက် သည်။ ဆက်လက်ပြီး ရောင်းချရာ၌လည်း ဈေးသိပ်မရလိုက်ပေ။ အမှန်မှာ ထိုတံဆိပ် ခေါင်းများမှာ တန်ဖိုးရှိသော်လည်း အထင် မှားသွားစေရန် အလကားတောင်းလိုက် ကြခြင်းဖြစ်သည်။ ဤနမူနာဖြစ်ရပ်မျိုး မှာ များစွာသော ညစ်ကျယ်သည့်လုပ်နည်း အချို့မှ တစ်ခုသာလျှင်ဖြစ်ပြီး နောင် တစ်ချိန် ဖွဲ့စည်းတည်ထောင်လာမည့် တံဆိပ်ခေါင်းအသင်း၌ ဤအဖြစ်မျိုးမဖြစ် စေဘဲ တိမ်မြုပ်နေသောတံဆိပ်ခေါင်းများ ထွက်ပေါ်လာရန် သမာဓိရှိပြီး တံဆိပ် ခေါင်းရောင်းချသူများ စိတ်ချယုံကြည် ရမည့် မျှတသော ရောင်းဝယ်ရေးပုံစံ တစ်ခုကို ကျင့်သုံးရန် လိုအပ်ပေမည်။

**□ ပုံစံအမျိုးမျိုးဖြင့် ပျံ့နှံ့ပေါ်ထွက်နေသော မြန်မာတံဆိပ်ခေါင်းများ**

မြန်မာတံဆိပ်ခေါင်းများမှာ မြန်မာ နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်

လည်း ပျံ့နှံ့ရောက်ရှိလျက်ရှိရာ အချို့မှာ မြန်မာနိုင်ငံ၌ရှားပါးနေပြီး နိုင်ငံခြားတွင် ပေါများနေသည့်အဖြစ်များကိုလည်းတွေ့ ရှိရသည်။ အချို့မှာ မထင်မှတ်သော နေရာများမှ ထွက်ပေါ်လာပြီး တန်ဖိုးရှိ တံဆိပ်ခေါင်းများ ဖြစ်နေတတ်သည်။ အချို့မှာ အစိုးရဌာနအတွင်း ကိန်းအောင်း နေခဲ့ပြီး တစ်ချိန်၌ ရောင်းဝယ်ရေး မျက်နှာပြင်ဆီသို့ ပျံတက်လာကြသည်။ ဤကဲ့သို့သော အခြေအနေအမျိုးမျိုး၊ ဒေသအမျိုးမျိုးမှ မြန်မာတံဆိပ်ခေါင်း များအကြောင်းများကို မှတ်စုပုံစံဖြင့် တင်ပြရေးသားထားပါသည်။

**(က) တိုက်တာအဆောက်အအုံများဖြိုဖျက်သော် တံဆိပ်ခေါင်းပစ္စည်းများထွက်လတ္တံ့.**

ရန်ကုန်မြို့၌ ၁၉၉၀ ပြည့်နှစ်မှစ၍ နေအိမ်များကို ပျဉ်ထောင်အိမ်များ အဖြစ်မှ အထပ်မြင့်တိုက်အိမ်များတည် ဆောက်လာခဲ့ကြသည်။ ထိုအခါ နေအိမ်မှပစ္စည်းများကို ယာယီပြောင်းရွှေ့ရာ၌ အခန်းများရှင်းလင်းရာတွင် ထွက်လာသော အသုံးပြုပြီးသည့် စာအိတ်ခွံ၊ ပို့စကတ်အဟောင်း စသည်များကို သတင်းစာ၊ စာအုပ်ဟောင်းများနှင့်ရော၍ ပစ္စည်းအတိုအစများလိုက်လံဝယ်ယူသူများထံသို့ ရောင်းချလိုက်ကြသည်။ ထိုမှတစ်ဆင့် စာအိတ်၊ ပို့စကတ်ဟောင်းများကို ဈေးပေးဝယ်ယူသော တံဆိပ်ခေါင်းရောင်းဝယ်သူများထံရောက်ရှိကာ တံဆိပ်ခေါင်းဝါသနာရှင်တို့က ဝယ်ယူစုဆောင်းလေ့လာနိုင်ရန် အခြေအနေဖြစ်ပေါ်ခဲ့သည်။ ထိုပစ္စည်းများမှာ မြန်မာ့စာပို့သမိုင်းဝင်ပစ္စည်းများဖြစ်လေသည်။ ဤသို့ဖြင့် ရန်ကုန်မြို့ကြီးတစ်မြို့လုံး အတိုင်းအတာဖြင့် နေအိမ်ဟောင်းများမှ စာပို့သမိုင်းပစ္စည်းများထွက်ပေါ်လာရုံသာမက ရုံးဌာနအဆောက်အအုံကြီးများကို ပြန်လည်မွမ်းမံခြင်း၊ ရှင်းလင်းခြင်း၊ ရုံးပြောင်းရွှေ့ခြင်းများပြုလုပ်ရာတွင် ပိုမိုများပြားသော တန်ဖိုးရှိသော စာပို့သမိုင်းဝင်ပစ္စည်းများ ထွက်ပေါ်ခဲ့ပြန်သည်။ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်မှ မီးရထားရုံးချုပ်ကြီးအား ကုမ္ပဏီတစ်ခုသို့ ငှားရမ်းရန်အတွက် ရှင်းလင်းခြင်း၊ ယခင်အတွင်းဝန်များရုံး (ခေါ်) ဝန်ကြီးများရုံး၊ တရားရုံးချုပ် (High Court) အဆောက်အအုံနှင့် ယခင်ပုလိပ်မင်းကြီးရုံး (မ-ဆ-လ ပါတီရုံးချုပ်) အဆောက်အအုံရှင်းလင်းရာ၌ မြန်မာ့စာပို့သမိုင်းပစ္စည်းများ




မြောက်မြားစွာ ထွက်ပေါ်ခဲ့သည်ကို ဝါသနာရှင်တို့က အရယူနိုင်ခဲ့ကြသည်။

**(ခ) ပြည်ပမှ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့ အားထားရသည့် ဘီ၊ ဘီ၊ စီ၊ မြန်မာပိုင်းအစီအစဉ်အသံလွှင့်ဌာန**

အင်္ဂလန်နိုင်ငံ၌ နေထိုင်သော မြန်မာတံဆိပ်ခေါင်းဝါသနာနှင့် မြန်မာ့စာပို့သမိုင်းစိတ်ဝင်စားသူ အင်္ဂလိပ်လူမျိုးဝါသနာရှင်တို့မှာ မြန်မာ့စာပို့သမိုင်းပစ္စည်းများဖြစ်သည့် ဗြိတိသျှခေတ်နှင့် ဂျပန်ခေတ်စာအိတ်ဟောင်း၊ ပို့စကတ်ဟောင်းတို့ကို အနောက်နိုင်ငံများရှိ တံဆိပ်ခေါင်းအရောင်းကုမ္ပဏီများ၊ လေလံပွဲများမှ ဝယ်ယူစုဆောင်းလေ့လာနိုင်ကြသည်။ သို့ရာတွင် ခေတ်သစ်မြန်မာစာပို့သမိုင်းပစ္စည်းများ ရရှိရန်အတွက် မြန်မာနိုင်ငံမှ တံဆိပ်ခေါင်းလဲလှယ်ဖက်မိတ်ဆွေများထံသို့ မှာကြားရန်မှာ မဖြစ်နိုင်ပေ။ မှာကြားပါက စာအိတ်ဟောင်းများကို ပါဆယ်ထုပ်၍ ပို့ရသည့်စာပို့ခမှာ 'ဆင်ဖိုးထက် ချွန်းဖိုးကြီး' ရုံသာမက စာပို့ခတန်ဖိုးကလည်း မြင့်မားလှ၍ဖြစ်သည်။ သို့သော်လည်း အင်္ဂလန်နိုင်ငံမှ အင်္ဂလိပ်လူမျိုး ထိုဝါသနာရှင်တို့မှာ ခေတ်သစ် မြန်မာစာပို့သမိုင်းပစ္စည်းများကို ပုံမှန်ရရှိလျက်ရှိကြသည်။ မည်သည့်နေရာမှ မည်ကဲ့သို့ ရရှိနေပါသနည်း။ မြန်မာနိုင်ငံ၌ နှစ်ပေါင်းများစွာ ရေပန်းစားလာခဲ့သည့် လန်ဒန်မြို့မှထုတ်လွှင့်သော ဘီ၊ ဘီ၊ စီ မြန်မာပိုင်းအစီအစဉ်သို့ မြန်မာနိုင်ငံဒေသအသီးသီးမှ မေးခွန်းများမေးမြန်းသည့်ပေးစာများ၊ အကြံပြုစာများမှာ စာတိုက်မှတစ်ဆင့်ရောက်ရှိလာရာ ထိုပေးစာများ၏စာအိတ်ဟောင်းများကို မြန်မာ့စာပို့သမိုင်းလေ့လာလျက်ရှိကြသော အင်္ဂလိပ်လူမျိုးဝါသနာရှင်တို့က ရယူစုဆောင်းကြသည်။


**(ဂ) နှစ်ပေါင်း (၃၅)နှစ်ကြာ ကိန်းအောင်းခဲ့ပြီးမှ တံဆိပ်ခေါင်းလောက၌ပေါ်ထွက်လာခဲ့သော 'ပြည်ထောင်စု' ထပ်ဆင့်ရိုက်တံဆိပ်ခေါင်းများ။**

၁၉၅၀ ပြည့်နှစ်က ဖြစ်သည်။ မြန်မာနိုင်ငံ၏နယ်မြို့ငယ်စာတိုက်တစ်ခုမှ တံဆိပ်ခေါင်းများကို သောင်းကျန်းသူတစ်စုတို့၏ လုယူသိမ်းပိုက်ခြင်းခံခဲ့ရသည်။ ထိုတံဆိပ်ခေါင်းများကိုရောင်းချပါက ငွေကြေးမြောက်မြားစွာရရှိနိုင်ရာ ထိုသို့မပြုလုပ်နိုင်ရန် စာပို့အာဏာပိုင်တို့က ၁၉၄၉ ခုနှစ်ထုတ် အစဉ်သုံးတံဆိပ်ခေါင်းများပေါ်၌ 'ပြည်ထောင်စု' ဟူသောစာလုံးကို ရွှေမင်ဖြင့် ထပ်ဆင့်ရိုက်နှိပ်ရန် ကြိုးပမ်းကြသည်။ သောင်းကျန်းသူတို့ယူဆောင်သွားသော တံဆိပ်ခေါင်းများ အသုံးမဝင်တော့ရန် 'ပြည်ထောင်စု' ထပ်ဆင့်ရိုက်ထားသော တံဆိပ်ခေါင်းများကို အစားထိုးသုံးစွဲရန် ရည်ရွယ်၍ ပြုလုပ်ခြင်း ဖြစ်သည်။ ဤသို့ဖြင့် ထပ်ဆင့်ရိုက်နှိပ်မှုများကို ရန်ကုန်မြို့ အစိုးရပုံနှိပ်လုပ်ငန်း၌ ခက်ခဲကြန့်ကြာစွာ ပြုလုပ်ခဲ့ရသည်။ သို့ရာတွင် ကြန့်ကြာခဲ့သည့်အလျောက် အိန္ဒိယနိုင်ငံ နာဆစ်ပုံနှိပ်လုပ်ငန်းမှ မှာယူထားသော အရောင်ပြောင်းအစဉ်သုံးတံဆိပ်ခေါင်းများ ရောက်ရှိလာခဲ့ချိန်တွင်မှ ထပ်ဆင့်ရိုက်နှိပ်ခြင်း ပြီးစီးခဲ့သည်။ ထို့ကြောင့် 'ပြည်ထောင်စု'ထပ်ဆင့်ရိုက်တံဆိပ်ခေါင်းများကိုမထုတ်ဝေတော့ဘဲ အရောင်ပြောင်းတံဆိပ်ခေါင်းများကိုသာ ထုတ်ဝေလိုက်တော့သည်။ မထုတ်ဝေဖြစ်ခဲ့သော ပြည်ထောင်စုထပ်ဆင့်ရိုက်တံဆိပ်ခေါင်းများကို သိမ်းဆည်းထားခဲ့ရာမှ (၃၅) ခုနှစ်အကြာ ၁၉၈၅ ခုနှစ်တွင် ရန်ကုန်တံဆိပ်ခေါင်းဈေးကွက်၌ 'ပြည်ထောင်စု' ထပ်ဆင့်ရိုက်တံဆိပ်ခေါင်းများ မြောက်မြားစွာပေါ်ထွက်လာခဲ့ရာ မြန်မာစာတိုက်ဌာန၏ တံဆိပ်ခေါင်းများ ထိန်းသိမ်းထားရှိနိုင်မှု အခြေအနေအပေါ် မေးခွန်းထုတ်စရာဖြစ်ခဲ့ရသည်။


**(ဃ) အင်္ဂလန်နိုင်ငံတွင် ပေါများနေသည့် မြန်မာနိုင်ငံ စစ်အုပ်ချုပ်ရေး ထပ်ဆင့်ရိုက်တံဆိပ်ခေါင်းများ**

၁၉၄၅ ခုနှစ်၌ ဂျပန်တို့ ဆုတ်ခွာခဲ့ကြပြီးနောက် ဗြိတိသျှတပ်များ ဝင်ရောက်လာသော ၁၉၄၆ ခုနှစ်တွင်


စီးဆင်းပုံပြကားချပ် (က)။ ဦးတန်ရွှေချူး၏ စုဆောင်းမှုကြီးပုံနှံ့ပုံ




စီးဆင်းပုံပြကားချပ် (ခ)။ ခေတ်ဟောင်းမှ စုဆောင်းမှုများ ပုံနှံ့ပုံ




စီးဆင်းပုံပြကားချပ် (ဂ)။ ခေတ်သစ်စုဆောင်းမှုများ ပုံနှံ့ပုံ



မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေးကာလ အဖြစ် သတ်မှတ်ခဲ့သည်။ ထိုကာလအတွင်း အသုံးပြုရန် လက်ရှိသုံးစွဲလျက်ရှိသော အစဉ်သုံးတံဆိပ်ခေါင်းများပေါ်၌ 'စစ်အုပ်ချုပ်ရေး' ဟု အဓိပ္ပာယ်ရသည့် အင်္ဂလိပ်စာလုံးအတိုကောက် MILY ADMN ဟူ၍ ထပ်ဆင့်ရိုက်ခဲ့သည်။ မြန်မာနိုင်ငံ၏ စစ်အုပ်ချုပ်ရေးကာလ မည်မျှကြာမြင့်မည်ကို မခန့်မှန်းနိုင်ချိန်၌ ထိုထပ်ဆင့်ရိုက်တံဆိပ်ခေါင်းများ ပိုမိုလိုအပ်မည်ဟူသောအထင်ဖြင့် ၁၉၃၈ ခုနှစ် အစဉ်သုံးတံဆိပ်ခေါင်းများကို အိန္ဒိယနိုင်ငံ နာဆစ်လုံခြုံရေးပုံနှိပ်လုပ်ငန်းသို့ ဒုတိယအကြိမ်ပြန်လည်ပုံနှိပ်ပေးပါရန် မှာကြားခဲ့သည်။ ရည်ရွယ်ချက်မှာ ထိုဒုတိယအကြိမ်ရိုက်နှိပ်သောတံဆိပ်ခေါင်းများပေါ်၌ MILY ADMN ထပ်ဆင့်ရိုက်မှုများပြုလုပ်ရန် ဖြစ်သည်။ သို့ရာတွင် ၁၉၄၅ ခုနှစ်၌ အရပ်ဘက်အစိုးရထက်လာပြီး မြန်မာတို့က လွတ်လပ်ရေးရရန် အထူးကြိုးပမ်းကြရာ၌ ထင်သည်ထက်ပိုမိုမြန်ဆန်ပြီး ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးပေးလိုက်ရသည်။ ထိုအခါ မသုံးရသေးသော MILY ADMN ထပ်ဆင့်ရိုက်တံဆိပ်ခေါင်းများ စွာကို အင်္ဂလန်နိုင်ငံသို့ သယ်ဆောင်သွားကြရာ ယခုအခါ၌ ထိုတံဆိပ်ခေါင်းများမှာ အင်္ဂလန်နိုင်ငံ၌ ပိုမိုပေါများလျက်ရှိနေလေသည်။ သို့ရာတွင် ဒုတိယအကြိမ်ထပ်မံပုံနှိပ်သော ၁၉၃၈ ခုနှစ် အစဉ်သုံးတံဆိပ်ခေါင်းများမှာ လွတ်လပ်ရေးပေးရချိန်နီးကာမှ ပုံနှိပ်ပြီးစီးခဲ့ရာ မြန်မာနိုင်ငံ၌သာ ကျန်ခဲ့တော့သည်။ အတိအကျ သိရသော်လည်း အင်္ဂလိပ်ကပြား စာတိုက်ဝန်ထမ်းတစ်ဦး၏ သိုသိပ်သိမ်းဆည်းထားခဲ့ပြီးနောက် ၁၉၃၈ ခုနှစ် ဒုတိယအကြိမ် ပုံနှိပ်သော အစဉ်သုံးတံဆိပ်ခေါင်းများ (1938 Second Printing) ကို ဈေးကွက်၌ ဖြန့်ဖြူးခဲ့သဖြင့် မြန်မာနိုင်ငံတွင် ထိုတံဆိပ်ခေါင်းများ ပေါများလျက်ရှိခြင်း ဖြစ်သည်။

**(င) ခေတ်သစ် မြန်မာ့စာပို့သမိုင်းပစ္စည်းများထွက်ရှိရာ ရန်ကုန်မြို့လယ်ကောင်မှ ရတနာသိုက်ကြီး**

ခေတ်သစ် မြန်မာ့စာပို့သမိုင်းပစ္စည်းများဆိုရာ၌ လက်ရှိနှစ်အပိုင်းအခြားအတွင်းအသုံးပြုပြီးသောစာအိတ်၊ စာအိတ်ဟောင်း၊ ပို့စကတ်ဟောင်းစသည့်ပစ္စည်းများကို ဆိုလိုပါသည်။ ရန်ကုန်မြို့လယ်၏တစ်နေရာ၌ ထိုပစ္စည်းများ လှိုင်လှိုင်ထွက်ရှိလျက်ရှိရာ မြန်မာ့စာပို့သမိုင်းဝါသနာရှင်တို့က ခေတ်သစ်စာပို့အမှတ်အသားများ၊ ခေတ်သစ်မှတ်ပုံတင်အမှတ်အသားများ စသည့် အချက်အလက်များကို ရယူစုဆောင်းသုတေသနပြုနိုင်ကြလေသည်။ ရတနာသိုက်ကြီးဟုခေါ် ဆိုရခြင်း မြန်မာနိုင်ငံဒေသအသီးသီးမှပေးပို့သောစာအိတ်ခွံ၊ စာအိတ်ဟောင်းများကို တစ်နေရာတည်း တစုတဝေးတည်း တွေ့ရှိရရှိနိုင်သောကြောင့်ဖြစ်သည်။ ထိုရတနာသိုက်ကြီးမှာ ရန်ကုန်မြို့ကြီး၏ မည်သည့်နေရာတွင်ရှိပါသနည်း။ တက္ကသိုလ်ဝင်တန်း (ခေါ်) (၁၀) တန်း စာမေးပွဲကြီးအောင်မြင်ပြီးသောအနယ်နယ်အရပ်ရပ်မှ ကျောင်းသူကျောင်းသားများက စာမေးပွဲအမှတ်စာရင်းတောင်းခံခြင်းကဲ့သို့သော ကိစ္စများအတွက် စာတိုက်မှတစ်ဆင့် စာရေးတောင်းခံနိုင်သော ရန်ကုန်မြို့ လသာလမ်းထိပ်ရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးကို 'ရတနာသိုက်ကြီး'အဖြစ် ဖော်ညွှန်းထားခြင်းဖြစ်သည်။ ဝါသနာရှင်တစ်ဦးအဖို့ ထိုရုံးကြီးမှ စာအိတ်ခွံများ ဂုန်နီအိတ်(၂)လုံး၊ (၃) လုံးမျှရရှိသည်ဆိုလျှင်ပင် ခေတ်သစ်မြန်မာ့စာပို့သမိုင်းလေ့လာရန် များစွာအထောက်အကူပြုပေသည်။ ၁၉၇၀ ပြည့်နှစ်ခန့်က အစိုးရရုံးများမှ စာအိတ်ဟောင်းများ စုစည်းသိမ်းဆည်းရန် အမိန့်စာတစ်စောင်ဖြန့်ဝေဖူးသော်လည်း တိတိပပ လုပ်ဆောင်ခဲ့သည်ဟု မသိရပေ။ ယခုအခါ အုပ်ချုပ်ရေးမြို့တော်ဖြစ်သော 'နေပြည်တော်'ရှိ အစိုးရဝန်ကြီးရုံးများထံသို့ မြို့နယ်၊ တိုင်း၊ ပြည်နယ်၊ ရုံးအသီးသီးမှ ရောက်ရှိလာသောစာအိတ်ခွံများကို စုစည်းထိန်းသိမ်းရန်နှင့် မြန်မာ့စာပို့လုပ်ငန်းမှ စာတိုက်ဆိုင်ရာအမှတ်တံဆိပ်များကို ထင်ထင်ရှားရှား ထုနှိပ်ရန် လုပ်ဆောင်နိုင်ပါက မြန်မာ့စာပို့သမိုင်းအမွေအနှစ်များ ပျောက်ပျက်တော့မည်မဟုတ်သည်ကို အကြံပြုရေးသားအပ်ပါသည်။

**၁ မြန်မာတံဆိပ်ခေါင်းများ ပျံ့နှံ့နေမှုအပေါ် သုံးသပ်ချက်**

မြန်မာနိုင်ငံတွင်သာမဟုတ် အခြားနိုင်ငံများ၌လည်း သူတို့နိုင်ငံတံဆိပ်ခေါင်းများမှာ နိုင်ငံအနှံ့နှင့် ကမ္ဘာတစ်လွှားတွင် ဟိုရောက်ဒီရောက်ဖြင့် ကျယ်ပြန့်စွာပျံ့နှံ့ရောက်ရှိလျက်ရှိကြသည်။ တံဆိပ်ခေါင်းစုဆောင်းမှုများကို တံဆိပ်ခေါင်းကုမ္ပဏီကြီးများ၊ လေလံပွဲများမှရောင်းချခြင်းဖြင့် တိုးတက်သောနိုင်ငံများ၌ တံဆိပ်ခေါင်းစီးဆင်းပျံ့နှံ့မှုများ ဖြစ်ပေါ်လျက်ရှိသည်။ စုဆောင်းသူ တစ်ဦးတစ်ယောက်၏ တစ်သက်တာကုန်ဆုံးသည်အထိစောင့်နေရန်မလိုဘဲ အခါအားလျော်စွာရောင်းချခြင်းဖြင့် တံဆိပ်ခေါင်းစီးဆင်းဖြာထွက်မှုမြန်ဆန်စေသည်။ ထို့ကြောင့် တံဆိပ်ခေါင်းဝါသနာမှာလည်း တက်ကြွလှုပ်ရှား၊ ရှင်သန်လျက်ရှိနေပေသည်။ နောက်အချက်တစ်ခုမှာ ထိုနိုင်ငံများ၌ တံဆိပ်ခေါင်းမျိုးကွဲမြောက်မြားစွာထွက်ရှိနေသည်သာမက စုဆောင်းဖွယ်ရာတံဆိပ်ခေါင်းပစ္စည်းအမျိုးအမည်စုံလင်စွာထွက်ရှိနေသောကြောင့် တံဆိပ်ခေါင်းဝါသနာမှာ မြိုင်ဆိုင်စွာ လှုပ်ရှားနေနိုင်ခဲ့သည်။ မြန်မာနိုင်ငံ၌မူ ဝါသနာရှင်တစ်ဦး ကွယ်လွန်ပြီးသည့်တိုင် နှစ်ပေါင်း (၂၀)၊ (၃၀) ကျော်သည်အထိ သူ၏စုဆောင်းမှုမှာ မိသားစုဝင်များထံ၌ ကိန်းအောင်း သောင်တင်လျက်ရှိကြရာ တံဆိပ်ခေါင်းဝါသနာမှာ ရှင်သန်ဖို့ဝေးစွ၊ စီးဆင်းမှုအမျှင်ပြတ်ပြီး ကာလအတော်ကြာ ရပ်တန့်နေတော့သည်။ မြန်မာတံဆိပ်ခေါင်းဝါသနာတိုးတက်ဖွံ့ဖြိုးခြင်းမရှိရခြင်းအကြောင်းတစ်ရပ်မှာ စုဆောင်းမှုများကို ဝါသနာရှင်တစ်ဦးထံမှ နောက်တစ်ဦးထံသို့ သွက်လက်မြန်ဆန်စွာ မကူးပြောင်းနိုင်ခြင်း ဖြစ်သည်။ စာတိုက်ဌာနမှ တံဆိပ်ခေါင်းအသစ်ထွက်ရန်မှာလည်း တစ်မျှော်တစ်ခေါ်စောင့်မှ (၂) မျိုး၊ (၃) မျိုးခန့်သာ ထွက်ပေါ်လာသည်။ လေလံပွဲများ၊ အရောင်းကုမ္ပဏီများ၊ တံဆိပ်ခေါင်းပြပွဲများနှင့် စာတိုက်ဌာနမှ စနစ်တကျ ပုံမှန်တံဆိပ်ခေါင်းများထုတ်ဝေနိုင်ခြင်းမရှိသရွေ့ မြန်မာတံဆိပ်ခေါင်းများ ပျံ့နှံ့စီးဆင်းဖြာထွက်မှုမှာ ပက်ကျိနှုန်းဖြင့် ခရီးသွားသကဲ့သို့ လွန်စွာ နှေးကွေးနေဦးမှာ ဖြစ်သည်။

ကြည်လွင်

**ကိုးကားမှုများ -**

၁။ R.Warren (2008) Who was who in Burma Philately<www.burmastamps.homecall.co.uk>

၂။ ဦးညီညီနိုင် (၂၀၁၆) 'မြန်မာတံဆိပ်ခေါင်းများပျံ့နှံ့ပုံ' လူတွေ့ဆုံမေးမြန်းခြင်း။



# ကေအောအော
## ခြေကျန်လက်ကျန်

လွန်ခဲ့သော (၃၆) နှစ်ခန့်က ဖြစ်ပါသည်။ အတိအကျဆိုရပါလျှင် ၁၉၈၀ ပြည့်နှစ်ကာလက ဖြစ်ပါသည်။ ပြည်သူ့ကောင်စီအဆင့်ဆင့် သက်တမ်းကာလဖြစ်ပြီး မြို့နယ်အသီးသီးတွင် ပါတီယူနစ်များ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က စီမံခန့်ခွဲရေးကိစ္စများကို ဆောင်ရွက်နေကြပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်နံဘေးရှိ မြို့ငယ်လေးတစ်မြို့၌ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူးမှာ ဦးဘနီ ဖြစ်ပြီး တပ်မတော်မှ ဗိုလ်ကြီးအဆင့် အရာရှိဟောင်းတစ်ဦး ဖြစ်၏။ တိကျပြတ်သားသည့်စိတ်ဓာတ်ရှိသူ ဖြစ်သည်။ မြို့မိမြို့ဖများနှင့်လည်း အဆင်ပြေအောင်ပြောဆိုနေထိုင်တတ်သူဖြစ်၍ အများပြည်သူ၏ ကြည်ညိုလေးစားမှုကိုရရှိသူလည်း ဖြစ်သည်။ အသက် (၅၀) နှစ်ခန့်ရှိပြီး အရပ်အမောင်းကောင်း၍ အသားညို မျက်နှာပြေပြစ်သည်။အသံသြဇာကောင်းသည်။ ဥက္ကဋ္ဌဖြစ်သူမှာ ဦးကိုကြီး ဖြစ်သည်။ ဥက္ကဋ္ဌကလည်း တပ်မတော်အရာရှိဟောင်း ဗိုလ်မှူးအဆင့်ရှိသူ ဖြစ်၏။ အလုပ်အမှုဆောင်အဖွဲ့မှာ (၇) ဦးရှိပြီး အရပ်သားများဖြစ်သော်လည်း စိတ်ဝမ်းကွဲခြင်းမရှိ။ ပြဿနာတစ်စုံတစ်ရာမရှိပေ။

၁၉၈၀ ပြည့်နှစ် မိုးဦးရာသီတွင် ဦးကျော်ဟန် အမည်ရှိ ထူးဆန်းသော လူတစ်ဦးက မြို့နယ်ရုံးသို့ ရောက်ရှိလာတော့သည်။ ဦးကျော်ဟန်က ၎င်းသည် အင်းဝခေတ်ကအကောက်ဝန်၏ဆွေစဉ်မျိုးဆက်တစ်ဦးဖြစ်ကြောင်း၊ မိခင်ဖြစ်သူ ထိပ်တင်ခင်ခင်လေး၏ ဆွေစဉ်မျိုးဆက်မှတ်တမ်းများအရ အကောက်ဝန်၏ ဆင်သုံးစီးတိုက်ရတနာများ၏မြေပုံရှိကြောင်း၊ ရတနာများမှာ ဤမြို့နယ်အတွင်းရှိ မြို့မှ (၂၃) မိုင်ကွာဝေးသော ဧရာဝတီမြစ် အရှေ့မြစ်ကမ်းအနီးကန်လုရွာအနီးရှိကြောင်း ရှင်းတင်ပြထားပါသည်။ အဆိုပါ ဆင်(၃)စီးတိုက် ရတနာများကို တရားဝင်ရှာဖွေခွင့် ထားကြောင်း ဝန်ကြီးဌာနအဆင့်မှခွင့် ချက်၊ တိုင်းအဆင့်မှသဘောတူညီ အထောက်အထားများကိုလည်းကော မျိုးရိုးစဉ်ဆက်အထောက်အထားမျာ လည်းကောင်း ဖော်ပြဆွေးနွေးပါသည် မျိုးရိုးစဉ်ဆက်မှတ်တမ်းများမှန်ကန်လျှ ဆင်(၃)စီးဖြင့် သယ်ယူခဲ့သည့် ရတ များရရှိပါက နိုင်ငံတော်သို့ သမိုင်းအ အနှစ်များအဖြစ် ရှေးဟောင်းသုတေသ ဦးစီးဌာနသို့ ပေးအပ်မည်ဖြစ်ပြီး ၎င်း အနေဖြင့် ချီးမြှင့်ငွေကိုသာ ခံစားမ ဖြစ်သည်။ ကုန်ကျစရိတ်များကို ကျ သွားမည်။ လုံခြုံရေးနှင့် ကြီးကြပ်ကွပ် မှုကိုသာ ကူညီပေးရမည်ဖြစ်ပြီး အ



ဆောင်ရွက်ပေးရမည့် တောင်းခံမှုများ ပေါ်ဝင်ပေ။

အတွင်းရေးမှူး ဦးဘနီသည် ဦးကျော်ဟိန်တင်ပြသောစာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ဆွေးနွေးလိုသော အချက်အလက်များကို ပြန်လည်ဆွေးနွေးပါသည်။ ဥက္ကဋ္ဌနှင့်လည်း မိတ်ဆက်ပေးပြီး အခြေအနေအရပ်ရပ်တို့ကို သုံးသပ်ကြပြီး ဥက္ကဋ္ဌဦးကိုကြီးမှ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးသို့ တင်ပြဆုံးဖြတ်ကြရန်နှင့် ပါတီယူနစ်သို့ တင်ပြ၍ လမ်းညွှန်မှုခံရန် အတွင်းရေးမှူးအား မှာကြားပါသည်။

မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးမှဆုံးဖြတ်

ချက်အရ ပါတီယူနစ်၏ လမ်းညွှန်မှုခံပြီး ကန်လှကျေးရွာအနီး ရှာဖွေခွင့်ပြုခဲ့ပါသည်။ အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးကျော်ဟန်၏ ရှာဖွေမည့်နေရာ၏ လုပ်ငန်းတိုးတက်မှုကို စိစစ်ရန်အဖွဲ့ငယ် တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။ အဆိုပါ ကြီးကြပ်ရေးအဖွဲ့ငယ်တွင် အောက်ပါ ပုဂ္ဂိုလ်များကို ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

က။ ဦးဘနီ၊ အတွင်းရေးမှူး (မြို့နယ်ပြည်သူ့ကောင်စီ)၊ အဖွဲ့ခေါင်းဆောင်။

ခ။ ဦးမြင့်၊ လူမှုကဏ္ဍတာဝန်ခံ၊ အဖွဲ့ဝင်။

ဂ။ ဦးကျော်စိုး၊ ဒုရုံးအဖွဲ့မှူး (မြို့နယ်ကောင်စီရုံး) အဖွဲ့ဝင်။

စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များတို့သည် ကန်လှကျေးရွာရှိ ကျေးရွာအဆင့်တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ လုံခြုံရေးကို ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာရဲစခန်းနှင့်ပေါင်းစပ်ပေးခြင်း၊ လုပ်ငန်း၏ တိုးတက်မှုကို ရက်သတ္တပတ်လျှင် နှစ်ကြိမ် စစ်ဆေးခြင်းတို့လို ဆောင်ရွက်မည်ဖြစ်ပါ၏။

၁၉၈၀ ပြည့်နှစ်၊ ဇွန်လပထမပတ်အတွင်း ဦးကျော်ဟန်နှင့် ဦးဘနီ ဦးဆောင်သော ကြီးကြပ်ရေးအဖွဲ့သည် ကန်လှရွာ၏ အရှေ့မြောက်အရပ်ရှိ ဒေသအခေါ် ဆင်မင်းလမ်း၏ ဝဲ၊ ယာ နှစ်ဖက် ပေ (၆၀၀) ခန့် အလျား၊ အနံ ပတ်လည်မြေနေရာကို တူးဖော်ရန် နေရာအဖြစ် ဦးကျော်ဟန်၏ မိသားစု မြေပုံပါ ညွှန်ပြချက်အရ သတ်မှတ်ပေးခဲ့၏။ ဇွန်လ၏ နောက်ဆုံးရက်သတ္တပတ်တွင် အကောက်ဝန်၏ မျိုးဆက်ဖြစ်သူများအပါအဝင် ဦးကျော်ဟန်နှင့် ဆွေမျိုးများက ဦးဆောင်ပြီး အခြားဒေသမှ အလုပ်သမားများကို ခေါ်ယူ၍ ပေ (၆၀၀) ပတ်လည် မြေနေရာကို အမြင့် (၇) ပေရှိသော ဝါးထရံပတ်လည်ကာရံခြင်း၊ ဝင်ထွက်တံခါးများတပ်ခြင်း၊ ပစ္စည်းထားရန် ဂိုဒေါင် (၂) လုံးတည်ဆောက်ခြင်းနှင့် အလုပ်သမားတန်းလျား (၂) ခု တည်ဆောက်ခြင်းတို့ကို အလျင်အမြန် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ရှာဖွေရေးစခန်းတည်ဆောက်ရာတွင် ဦးကျော်ဟန်၏သွေးသားအရင်းအချာ တူသားနောင်မယ် (၅) ဦးခန့်မှ ကြီးကြပ်ခဲ့ကြပြီး ဒေသခံ အလုပ်သမားများကို ငှားရမ်းခြင်းမပြုခဲ့ကြပေ။ စခန်းတည်ဆောက်ပြီးချိန်မှစ၍ စားနပ်ရိက္ခာများ၊ မြေတူးလက်နက်



ကိရိယာများ၊ မီးစက်နှင့် အုပ်ချုပ်မှု အထောက်အကူပြုပစ္စည်းများကိုလည်း မော်တော်ယာဉ်ကြီး(၂)စီးဖြင့် သယ်ယူ နေရာချထားကြပါသည်။

ကန်လှရွာအနီး ဆင်မင်းလမ်းမှာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း၌ တည်ရှိသောနေရာဖြစ်၍ မြေအောက် ရေလျှံဒေသဖြစ်သကဲ့သို့ မြစ်ရေကြီးချိန်၌ ရေလျှံဒေသဖြစ်၍ စက်လှေနှင့်ရေစုပ် စက်များမှာလည်း လုပ်ငန်းသုံးလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း ဦးကျော်ဟန်မှ ပြောဆိုခဲ့သည်။

တူးဖော်ရေးလုပ်ငန်းများမစတင်မီ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း၍ မြေသန့်ခြင်း၊ ပရိတ်တရားတော်များရွတ်ဖတ်ခြင်း၊ အမျှဝေခြင်းများ ဆောင်ရွက်ကြသည်။ ဆိုင်ရာပိုင်ရာများထံ ခွင့်တောင်းခြင်း၊ နတ်များကို ပူဇော်ခြင်းများဆောင်ရွက်ရာ၌ ကြီးကြပ်ရေးအဖွဲ့နှင့် ဒေသခံကျေးရွာလူကြီးများကို ဖိတ်ကြားခဲ့ကြသည်။ အတွင်းရေးမှူး ဦးဘနီနှင့် ဒု-ရုံးအဖွဲ့မှူး ဦးကျော်စိုးတို့ နှစ်ဦးမှာ အဆိုပါ တူးဖော်ရေးလုပ်ငန်း စတင်၍ ပန္နက်တင်ချိန်မှစပြီး အပတ်စဉ် တနင်္ဂနွေနေ့နှင့် သောကြာနေ့များတွင် အဆိုပါနေရာသို့ သွားရောက်ကြပ်မတ်စစ်ဆေးနေကြသည်။ အပတ်စဉ်လုပ်ငန်း တိုးတက်မှု အစီရင်ခံစာကို ဦးကျော်စိုးမှ ပြုစု၍ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးကိုကြီးထံနှင့် ပါတီယူနစ်သို့ ပြုစုပေးပို့ရသည်။

စတင်ကာ တူးဖော်သည့်နေ့တွင် ကန်တော့ပွဲ (၁၀၉) ပွဲပြင်၍ နံ့သာ

အမွှေးတိုင်များ ထွန်းညှိဆုတောင်းသစ္စာဆိုကြ၏။ ဦးကျော်ဟန်၏ ဆွေတော်မျိုးတော်များအားလုံး၏ကိုယ်စား ဦးတော်တော်လေးဆိုသည့် ပိတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်မှ အောက်ပါအတိုင်း သစ္စာဆိုပါသည်။

"ဆွေစဉ်မျိုးဆက် လွှဲပြောင်းပေး အပ်ခဲ့သော မှတ်တမ်းများအရ အဘိုး အကောက်ဝန်၏ ဆန္ဒအတိုင်း ရတနာ များကို ရှာဖွေ၍ နိုင်ငံတော်နှင့် ဘာသာ သာသနာအကျိုးကို ဆောင်ပါမည်။ ပေး ထားသည့် ကတိတည်ပါမည်။ မြှုပ်နှံ ထားသည့်နေရာကို ပြတော်မူပါ"

ဦးတော်တော်လေး၏ သစ္စာ စကားအဆုံးတွင် ဆင်မင်းလမ်း အနောက်ဘက် မိုးနံ့ချုံများအောက်မှ အညိုရောင် ယုန်တစ်ကောင်မှာ တစ်စုံ တစ်ရာကိုလန့်သဖြင့်ပြေးထွက်လာပြီး ဝါးထရံများအောက်မှဝင်သွားသည်ကို အားလုံးမြင်တွေ့ရ၍ အဆိုပါနေရာကို စတင်တူးမည့် ပထမပန္နက်အဖြစ် သတ် မှတ်လိုက်ပါသည်။ ပန္နက်ငုတ်ကိုဗဟိုပြု ၍ အချင်းပေ (၅၀) ရှိ စက်ဝိုင်းသဏ္ဌာန် နေရာ၌ အလုပ်သမား (၃၀) ဦးခန့်မှ စတင်တူးပြီး မြေများကိုဖယ်ထုတ်ကြ၏။

ရတနာရှာဖွေတူးဖော်သောနေရာ သို့ မန္တလေးမှ အထက်မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကိုယ် စားလှယ် လက်ထောက်သုတေသနမှူး ဦးစိန်မောင်နှင့် မြို့မရဲစခန်းမှူးဦးပေါ ကျော်တို့မှလည်း လာရောက်ကြည့်ရှု ပါသည်။ အတွင်းရေးမှူးဦးဘနီနှင့် ဒုရုံး အဖွဲ့မှူးဦးကျော်စိုးတို့နှစ်ဦးမှာ တစ်ပတ် လျှင် (၂) ကြိမ် လာရောက်ကြ၍ နံန စာကို ဦးကျော်ဟန်တို့နှင့်အတူ စား ပြီး ရင်းနှီးလာကြပါသည်။ တူးဖော် သော ရတနာကွင်းမှာ တစ်လခန့်ကြာ သောအခါ (၁၄) ပေခန့်အနက်သို့ ရောက်လာပြီး မြေပြိုခြင်းမှကာကွယ် သစ်သား၊ ဝါးများနှင့် ထောက်ကန်ခြင်း အဆင်း၊ အတက်အဆင်ပြေအောင် လှေကားများပြုပြင်ရခြင်းကို နေ့စဉ် ဆောင်ရွက်နေကြသော်လည်း တစ်စုံ တစ်ရာ ထူးခြားခြင်းမရှိချေ။

ဧရာဝတီမြစ်ကမ်းဒေသဖြစ်၍ မြေအောက်ရေများထွက်လာသည့် အ အနေရောက်လာပြီး မိုးရာသီ အလ ရောက်လာ၍ တူးဖော်နေသောအ မှာ မတွင်ကျယ်တော့ပါ။ အလုပ်သ စရိတ်နှင့် မီးစက်၊ ဒီဇယ်ဖိုးများလ ပိုမိုကုန်ကျလာသည်။

ဦးဆောင်၍ တူးဖော်နေသူ ဦးကျော်ဟန်မှလည်း မိုးရာသီတွင်ခေတ္တ ရပ်ပြီး နိုဝင်ဘာလဆောင်းဝင်မှ လုပ်ငန်း ပြန်စရန် စဉ်းစားနေချိန်၌ ဦးတော်တော် လေးနှင့် မိခင်ဖြစ်သူ ဒေါ်ခင်ခင်လေးတို့ နှစ်ဦး အိပ်မက်မက်ခဲ့ရာ ရတနာသိုက် တံခါးသို့ရောက်နေကြောင်း ဦးကျော်ဟန် နှင့်ဆွေမျိုးများသာ ရတနာတွင်းအတွင်း ဆင်းရန်နှင့် အခြားလူများမဆင်းရန်ဖြစ် ကြောင်း သိရှိရပါ၏။

ထိုနေ့က ဆွေမျိုး (၄) ဦးမှ တူး ဖော်ရာ ကြီးမားသော အရိုးကြီးများကို တူးဖော်ရရှိခဲ့ပါသည်။ အဆိုပါ အရိုးများ မှာ ဆင်တစ်ကောင်၏ အရိုးဟု ယူဆ ချက်မှာလည်း အပြည့်အစုံမဟုတ်ပါ။ ခေါင်းရိုးနှင့် ဆင်စွယ်ဟု ယူဆရမည့် အရိုးမတွေ့ရ။ ဆင်တစ်ကောင်၏ ခြေ ထောက်အရိုးကြီးများဟုသာယူဆရပါသည်။ ညီသို့ဆိုပါစေ တူးဖော်နေသူများ၏ စိတ်ဓာတ်များ တက်ကြွလာကြသည်မှာ အမှန်ပင်ဖြစ်၏။ နောက်တစ်နေ့ ထပ်မံ တူးရာ မာကျောသောကျောက်ဖျာတစ် ချပ်တွေ့ရပြီး တူးရွင်း၊ ပေါက်ချွန်း၊ ပေါက်ပြားတို့ဖြင့် တူးဖော်မရတော့။ လုပ်ငန်းကို ခေတ္တနားလိုက်ကြရပါပြီ။

အတွင်းရေးမှူးနှင့် ကြီးကြပ်ရေး အဖွဲ့၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကိုယ်စားလှယ်၊ စခန်းမှူးနှင့် တူးဖော်ရေး အဖွဲ့များ ဆွေးနွေးကြပြီး ကျောက်ဖျာ ကို နောက်တစ်နေ့တွင် ဖောက်ကြည့်ကြ ရန် ဆုံးဖြတ်သည်။

နောက်တစ်နေ့နံနက်တွင် ရတနာ တွင်းပတ်ဝန်းကျင်၌ ရာဇမတ်ကာရံခြင်း၊ နတ်တော့ပွဲပေးခြင်း၊ ဆီးမီးနံ့သာပူဇော် ခြင်းကို ဆောင်ရွက်နေစဉ် ဦးတော်တော် လေးမှ အဓိဋ္ဌာန်ပြုကာ အာရုံခံကြည့်ရာ နံနက် (၉) နာရီ (၉) မိနစ်တွင် အဘိုး အကောက်ဝန်မှ ကျောက်ဖျာကိုဖွင့်၍ ဘာသနာပြုရန်ရည်ရွယ်ပြီး သားမြေးတို့ ကို ရတနာအချို့ ချီးမြှောက်မည်။ နံနက် (၉) နာရီတွင် ရတနာတွင်းနှင့် ရာဇမတ် အကာအရံအတွင်း မည်သူမျှမဝင်ကြရန် အတီတောင်းထားကြောင်း အားလုံးကို လည်း မဝင်ကြရန် မှာကြားပြီးကြောင်း ပြောပြပါသည်။

ထိုအချိန်က မြို့နယ်ကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့မှာ မြို့နယ်ရုံးမှ လာကြ၍ နံနက်(၈)နာရီခွဲအချိန်အထိ ရောက်ကြပါ။ အပတ်စဉ်လာရောက် သည့် အတွင်းရေးမှူးမှ စီဝေ (၅) အမျိုး အစား နံပါတ် ဆ/----- ကို ကိုယ်တိုင် မောင်း၍ ဒု-ရုံးအဖွဲ့မှူးမှာ ဘေး၌ထိုင် လာတတ်ပါသည်။ ဦးကျော်ဟန်နှင့်အဖွဲ့ မှာ နံနက် (၉) နာရီထိုးခါနီးအချိန်အထိ အတွင်းရေးမှူး ရောက်မလာ၍ မျှော်နေ တော့သည်။ နံနက်(၉)နာရီတွင် ဆင်မင်း လမ်းပေါ် မှလမ်းခွဲဆင်ခြေလျှောအတိုင်း ဆ/----- ကားလေးဝင်လာပြီး ရတနာ ကျင်းအနီး၌ရပ်လိုက်ပြီး အတွင်းရေးမှူး နှင့် ဒု-ရုံးအဖွဲ့မှူးနှစ်ဦးမှာ ကင်မရာကို ကိုင်၍ ကျင်းအတွင်းဆင်းသွားကြပါ တော့သည်။ မည်သူမျှ တားမြစ်ခြင်းမပြု လိုက်နိုင်ကြပါ။ ဦးကျော်ဟန်နှင့် ဦးတော်တော်လေးတို့မှ ရုတ်တရက် သတိဝင်လာပြီး အမြန်ပြန်တက်ခဲ့ကြရန် ခေါ်သံကြောင့် အမြန်ပြန်၍ ဝါးလှေကား မှ တက်လာကြသည်။ ရာဇမတ်အပြင် သို့ ၎င်းတို့နှစ်ဦးထွက်လာချိန်၌မည်သည့် နေရာမှတီးလိုက်သည်မသိ။ ဒူ. . . ဟူ . . . ဟူသော မောင်းသံကြီးကို ကြား လိုက် ကြရသည်။ အနီးပတ်ဝန်းကျင်၌ မောင်းလည်းမရှိ၊ မောင်းတီးသူလည်းမရှိ ၍ အလုပ်သမားများနှင့် ပတ်ဝန်းကျင် ရှိလူအားလုံး အံ့ဩနေကြ၏။

ရာဇမတ်ကာရံထားသောရတနာ တွင်းအတွင်းမှ ကျောက်ဖျာကြီးကွဲအက် သံနှင့်အတူ ရေသံများကို ကြားလိုက်ကြ ရပြီး မကြာမီ ရေများပြည့်လျှံသွားတော့ သည်။ မြေအောက်ရေများကျောက်ဖျာ အောက်မှ ထွက်လာခြင်းပင် ဖြစ်တော့ သည်။ ရတနာကျင်းမှ ရေများလျှံထွက် လာပြီး နိမ့်နေသောမြေပြင်ကို ရေပြင် ညီသည်အထိ ရေများရောက်ရှိလာတော့ သည်။

ရတနာပစ္စည်းဟူ၍လည်း ရွှေ တစ်စ၊ ငွေတစ်မျှင်မျှ မတွေ့ကြရပါ။ ကြီးကြပ်ရေးအဖွဲ့နှင့် ဦးကျော်ဟန်တို့ အဖွဲ့မှာ (၁) နာရီခန့်စောင့်၍ အခြေ အနေကိုကြည့်သော်လည်း မထူးခြား၍ မှတ်တမ်းဓာတ်ပုံများရိုက်ကြပြီး အတွင်း ရေးမှူးနှင့်ပွဲမှာ မြို့နယ်ဥက္ကဋ္ဌထံအစီရင်ခံ ရန် C.J.5 ဂျစ်ကားဖြင့် ထွက်ခွာသွား ကြပါသည်။

ဦးတော်တော်လေးမှ နံနက် (၉)နာရီ (၉)မိနစ်တွင် အဘိုးအား မိမိ တို့ပေးထားသည့် ကတိမတည်ခဲ့၍ စည်းပေါက်သွားကြောင်း၊ သတ်မှတ်ချိန် တွင် ရတနာကျင်းနှင့် ရာဇမတ်အတွင်း ကြီးကြပ်ရေးအဖွဲ့မှ ဝင်သွားကြောင်း၊ ပြန်ထွက်ချိန်၌ အတွင်းရေးမှူးဦးဘနီ၏ ညာဘက်ခြေထောက်နှင့် ဒု-ရုံးဖွဲ့မှူး ဦးကျော်စိုး၏ ညာဘက်လက်ထွက်ရန် ကျန်သွားကြောင်း၊ ခြေကျန်လက်ကျန် ကျန်သူခံရမည်ဟု ယူကျုံးမရပြောပြပါ သည်။

အတွင်းရေးမှူးနှင့် ဒုရုံးအဖွဲ့မှူး မှာ အပြန်ခရီးတွင် ဆင်မင်းလမ်းပေါ်သို့ ကားကိုမောင်းတက်စဉ် အကောင်ရေ (၁၀၀) ခန့်ပါဝင်သော စားကျက်ပြောင်း ရွှေ့လာသည့် နွားအုပ်ကြီး (အညာ အခေါ် နွားတိုက်ကြီး) နှင့်တွေ့ရာ ရှောင် လိုက်စဉ် ကားစောင်းပြီး ဒုရုံးအဖွဲ့မှူးမှာ လမ်းပေါ်သို့ လဲကျသွားသည်။ အတွင်း ရေးမှူးမှ ကားရပ်၍ လမ်းပေါ်သို့ ဆင်း လိုက်ချိန်၌ ပြေးလာသော နွားမကြီးတစ် ကောင်မှ ညာဘက်ခြေဖမိုးအား ခွာ ဖြင့်နင်းလိုက်မိရာ အရိုးကျိုးသွားသည်။ ကူညီကြသူများရောက်လာ၍ ဒုရုံးအဖွဲ့ မှူးကို ထူမကြရာ ညာဘက်လက်မှာ ဒဏ်ရာတစ်စုံတစ်ရာမရှိပါသော်လည်း လက်ချောင်းများ ကွေးကောက်၍ ဆုပ်ကိုင်မရတော့ကြောင်း တွေ့ရ၏။

ဦးတော်တော်လေး ပြောသည့် အတိုင်းမှန်ပါပေသည်။ ခြေကျန်လက်ကျန် ကျန်သူခံဆိုသည့်အတိုင်း ဖြစ်လာခဲ့သည် ကတော့အမှန်ပင်။ မိုးရာသီကုန်ဆုံးချိန်၌ အကောက်ဝန်၏ဆွေမျိုးတစ်စုမှာ ဆင် (၃) စီးရတနာများ၏ဇာတ်လမ်းကို အရှုံး ဖြင့် နိဂုံးချုပ်ခဲ့ကြရပြီး ရတနာရှာဖွေ ခြင်းစခန်းကို ရုပ်သိမ်းခဲ့ကြရပါသည်။ ငွေကြေးစရိတ်များ ကုန်ကျခဲ့ကြရပြီး အောင်မြင်မှုမရခဲ့။ အတွင်းရေးမှူး ဦးဘနီနှင့် ဒုရုံးအဖွဲ့မှူးဦးကျော်စိုးတို့ နှစ်ဦးမှာ အရိုးအကြောအထူးကုဆရာ ဝန်ကြီးများနှင့်ကုသသော်လည်း အတွင်း ရေးမှူး၏ညာဘက်ခြေမှာကား ပကတိ အတိုင်း မဖြစ်လာတော့ပါ။ ဒုရုံးအဖွဲ့မှူး ဦးကျော်စိုးမှာ ဘယ်လက်ဖြင့် စာရေး ခြင်းကိုလေ့ကျင့်၍ နိုင်ငံ့တာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့ရာ အသက် (၆၀) ပြည့်၍ ပင်စင်စားတစ်ဦး ဖြစ်နေ ပေပြီ။

အင်းဝခေတ် အကောက်ဝန်၏ ဆင်သုံးစီးရတနာရှာဖွေရာ၌ ကြီးကြပ်ခဲ့ သည့်ကာလကို ဦးကျော်ဦးနှင့် ပြန် ပြောင်းပြောမိလေတိုင်း ဦးကျော်စိုးက-

"ကျွန်တော့်လက်ကျန်လို့ ကျွန်တော် ခံရတာပဲ"

ဟု ပြောစမြဲ။

ကောအေအေ

မြန်မာ့လူမှုရေးနယ်ပယ်ရပ်ဝန်းတွင် 'လက်ကြောင့်ကြေ၊ နှုတ်ကြောင့်သေ' ဆိုသည့် ရိုးစင်းလွန်းသည့်စကားကို အမြဲလိုလို ကြားသိနေရပါသည်။ ရှေးခေတ်လူကြီးသူမများမှ လူမှုရေးနယ်ပယ်၌ လက်တွေ့ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ နောင်လာနောက်သားများ ဆင်ခြင်ကြနိုင်ရန် လက်သုံးစကားတစ်ရပ်ကို ထားရစ်ခဲ့ဟန်တူပါသည်။ လက်သရမ်းမှုကြောင့်၊ နှုတ်သရမ်းမှုကြောင့်ဖြစ်ခဲ့ရသည့် သာဓကများကလည်း ယနေ့တိုင် လူမှုရေးနယ်ပယ်၌ တွေ့နေကြရဆဲ ဖြစ်ပါသည်။

ယခုတင်ပြမည့် ဇာတ်လမ်းကလည်း တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။ ဇနီးဖြစ်သူက မထင်မှတ်ဘဲ မိမိ၏ ခင်ပွန်းအပေါ် မဆင်မခြင်နှုတ်မစောင့်စည်းဘဲ ပြောဆိုလိုက်မှုကြောင့် ခင်ပွန်းဖြစ်သူ ဘဝပျက်ထောင်ကျခဲ့ရသည့်အထိဖြစ်သွားခဲ့ရ၍။

လွန်ခဲ့သော ၂၀၀၂ ခုနှစ်ကို ပြန်လည် မီးမောင်းထိုးကြည့်လိုက်ပါက ဖြစ်ရပ်မှန်ပုံရိပ်ကို ဤကဲ့သို့ တွေ့ရမည် ဖြစ်ပါသည်။



ကိုသက်တင်ဦးသည် ရှမ်းပြည်နယ်တောင်ပိုင်း နယ်မြို့လေးတစ်မြို့တွင် အစိုးရဌာနတစ်ခု၌ အရာရှိအဆင့်မြင့် တာဝန်ထမ်းဆောင်နေပါသည်။ ကိုသက်တင်ဦးမှာ ဒုတိယအကြီးအကဲအဆင့် ဖြစ်ပါသည်၊ သူ့အထက်၌ ဌာနဆိုင်ရာအကြီးအကဲတစ်ဦးရှိပါသည်။ ကိုသက်တင်ဦး တာဝန်ကျသည့်ဌာနက အပြင်ဝင်ငွေကောင်းသည့်ဌာန ဖြစ်ပါသည်။ ထိုဌာနကိုရရှိဖို့ကလည်း ၎င်း၏ဇနီး ဝါဝါနိုင်၏ဖခင်က သက်ဆိုင်ရာကိုပြောပြီး ရအောင်လုပ်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ဝါဝါနိုင်၏ဖခင်မှာ အငြိမ်းစားအရာရှိကြီးတစ်ဦးဖြစ်သောကြောင့် ထိုကဲ့သို့လုပ်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဒီတော့လည်း ဝါဝါနိုင်က သူမ၏ဖခင်လုပ်ပေးခဲ့သည့် ဌာနကို ခင်ပွန်း ကိုသက်တင်ဦး ရောက်ရှိ၍ ဝင်ငွေကောင်းနေတော့ မာန်မာနက ပုထုဇဉ်ထုံးစံအတိုင်း မိုးမမြင်လေမမြင်ဖြစ်ရသည်ကတော့ မဆန်းလှဟု ဆိုရပါမည်။

ထိုနယ်မြို့လေးတွင် ကိုသက်တင်ဦး၏အဒေါ်အရင်း ဒေါ်ခင်ကြူတို့မိသားစုလည်း အရောင်းအဝယ်ဖြင့်စီးပွားဖြစ်နေကြလေသည်။ ကိုသက်တင်ဦး၏ဖခင် ဦးတင်မင်းနိုင်တစ်ယောက် ထိုနယ်မြို့လေးတွင် အစိုးရဝန်ထမ်းဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဒေါ်ခင်ကြူ၏အစ်မ ဒေါ်ခင်မြနှင့် ဖူးစာဆုံခဲ့ကြခြင်း ဖြစ်ပါသည်။ ကိုသက်တင်ဦးကိုလည်း ထိုမြို့လေး၌ပင် မွေးဖွားခဲ့သဖြင့် မွေးဖွားရာ ဇာတ်ချက်မြုပ်ဒေသဟုဆိုလည်း မမှားပါ။

ထို့ကြောင့် ကိုသက်တင်ဦးသည် ထိုမြို့လေး၌ မိမိ၏မိသားစုနှင့် အဒေါ်ဖြစ်သူ ဒေါ်ခင်ကြူတို့မိသားစု ရင်းနှီးအကျွမ်းဝင်စေရန် တစ်အိမ်နှင့်တစ်အိမ် ဝင်ထွက်သွားလာနေထိုင်စားသောက်ကြရင်းဖြင့်နေကြသော်လည်း ဝါဝါနိုင်ကတော့ အရာရှိကြီးတစ်ဦး၏သမီးဖြစ်သဖြင့် ဟက်ဟက်ပက်ပက်မရှိသည်ကိုတော့ ဒေါ်ခင်ကြူနှင့် ဆွေမျိုးများကကောင်းစွာ ရိပ်စားမိခဲ့ကြပါသည်။ ဒေါ်ခင်ကြူကိုလည်း ဝါဝါနိုင်က သူမ၏ဖခင်ဖြစ်သူက ကိုသက်တင်ဦး ဒီနေရာရအောင် စွမ်းဆောင်ပေးခဲ့သဖြင့် ယ[illegible]ကဲ့သို့ နေရာကောင်းကိုရခဲ့ခြင်းဖြ[illegible]ကြောင်း ပြောင်းလာပြီး တစ်လ[illegible]အကြာ ကြွားလုံးထုတ်ပြောခဲ့ပါသည်[illegible] တကယ်တော့ သူမ၏ဖခင်မှာ အငြိမ်း[illegible]စားယူခဲ့သော်လည်း ဩဇာအာဏာ[illegible]နေသေးသည့်သဘောကိုထုတ်ပြော[illegible]ဖြစ်ကြောင်း ဒေါ်ခင်ကြူက သိပါသည်[illegible]

တစ်လမှ နှစ်လ၊ နှစ်လမှ သုံး[illegible]ခန့်ကြာလာသောအခါတွင် ဝါဝါနိုင်[illegible] ကိုသက်တင်ဦး၏ အလုပ်ဌာနမှဝန်ထမ်[illegible]များကိုပင် ထိုစကားကြွားလုံးထုတ်[illegible]ခဲ့သဖြင့် ဝန်ထမ်းများမှ ဝါဝါနိုင်ကိုအ[illegible]မကြည်မလင်ဖြစ်လာခဲ့ကြပါသည်။

ထို ၂၀၀၂ ခုနှစ်၊ အောက်တို[illegible]လလောက်က ကိုသက်တင်ဦးတို့မိသား[illegible]ရန်ကုန်မြို့သို့ အစည်းအဝေးသွား[illegible] ကိုသက်တင်ဦး၏မိဘများနေထိုင်[illegible]မကွေးမြို့သို့ ဝင်ကန်တော့ခဲ့ကြပါသည်[illegible] ဒေသထွက် ရှမ်းအစားအစာများ[illegible]စာအိတ်တစ်အိတ်လည်း ပါရှိပါသည်[illegible] သားသမီးများက ,အသိတရားရှိ[illegible]ယခုကဲ့သို့ ကန်တော့ကြသဖြင့် မိဘ[illegible]က ဝမ်းသာပီတိဖြစ်ပြီး ဆုတွေပေး[illegible]

သည်က မြန်မာတို့၏ယဉ်ကျေး[illegible] တစ်ခုဖြစ်ပါသည်။ သားသမီးများ[illegible] တတ် ဘွဲ့ရအောင် မိဘများမှ [illegible] ကျေအောင် ဆောင်ရွက်ပေး[illegible] သည်။ ရည်ရွယ်ချက်က တစ်နေ့[illegible] လေးတွေ၊ လူတစ်လုံးသူတစ်[illegible] အောင်၊ တင့်တင့်တယ်တယ် [illegible] အတန်းမြင့်မြင့်နေနိုင်အောင် [illegible] စေတနာမေတ္တာတွေကရင်ဘတ်[illegible]

အပြည့်ဖြစ်ပါသည်။ သားသမီးများထံမှ ခညီသည့်မျှော်လင့်ချက်မျှမထားကြပါ။ သူတို့လေးတွေသိတတ်၍လာကန်တော့ ရင်တောင် ပိုက်ဆံပါလျှင် 'လက်အုပ်ချီ ကန်တော့လည်းရပါတယ်ကွယ်။ အဖေ တို့အမေတို့မှာ ပိုက်ဆံမလိုပါဘူး။ မင်း တို့မိသားစု ငွေကြေးမလောက်မငဖြစ်နေ ပါ့မယ်' ဟု ပြောလိုက်ကြပါသေးသည်။ မြေးတွေပါလာရင်တော့ မြေးလေးတွေ ကို မုန့်ဖိုးပေးလိုက်ကြပါသေးသည်။

ကိုသက်တင်ဦးတို့သည် မကွေး၌ တစ်ညအိပ်ပြီး ရန်ကုန်မြို့သို့ဆက်သွား ကြပါသည်။ ရန်ကုန်မြို့တွင် ဝါဝါနိုင် ၏မိဘများရှိကြပါသည်။ ရန်ကုန်တွင် သုံး၊ လေးရက်ခန့်နေပြီး အစည်းအဝေး ပြီးနောက် ရှမ်းပြည်နယ်သို့ပြန်ရောက် ကြောင်း ဖုန်းဆက်၍ သိရပါသည်။

တစ်နေ့ ကိုသက်တင်ဦး၏ အိမ်သို့ ဒေါ်ခင်ကြူ၏သမီးနှစ်ယောက်အလည် သွားကြသည်။ကိုသက်တင်ဦးက အလုပ် မှ ပြန်မရောက်သေးပါ။ ဒေါ်ခင်ကြူ၏ သမီးအကြီးက ဘွဲ့ရပြီးဖြစ်၍ အငယ်က ကောလိပ်တက်ဆဲဖြစ်၏။ကိုသက်တင်ဦး မရှိတော့ ခင်သင်းကြည်တို့ညီအစ်မ နှစ်ယောက်က သိပ်ကြာကြာမနေချင်။ ကြာကြာမနေချင်ကြသည့်အကြောင်းက လည်းရှိသည်။ ခင်သင်းကြည်တို့ ညီအစ်မနှစ်ယောက် အိမ်ရှေ့ရောက်နေ စဉ် ဝါဝါနိုင်ပြောလိုက်သည့်စကားကို အပြင်က ကြားလိုက်ရသောကြောင့် မနေလိုခြင်း ဖြစ်သည်။ အိမ်ထဲတွင် ဧည့်သည် အမျိုးသမီးတစ်ဦးကိုလည်း တွေ့နေရသည်။ ဝါဝါနိုင်ပြောလိုက်သည့် စကားက -

"သူ့မိဘတွေနေတဲ့ မကွေးကို ဝင်ကန်တော့ခဲ့သေးတယ်။ စာအိတ်ထဲ ပိုက်ဆံဘယ်လောက်ထည့်ကန်တော့ လိုက်သလဲတော့မသိဘူး။ သူ့ညီကို မုန့်ဖိုးငွေတစ်သောင်းပေးလိုက်တာတော့ သိတယ်။ ဒီဌာနကို ကျွန်မရဲ့အဖေက လုပ်ပေးပြောပေးလို့ရခဲ့တာ။ အခုသူ့မိဘ ကို ပိုက်ဆံနဲ့ ကန်တော့ခဲ့တယ်လေ။ ထောင်ကျစရာရှိ သူပဲကျမှာ"

ဟု ပြောသံကြားလိုက်ရသော ကြောင့် ကြာကြာမနေလိုခြင်းဖြစ်သည်။



(ဒဿနိက)

# မောင်မောင်အောင်မင်း

## လက်ကြောင့်ကြွေ နှုတ်ကြောင့်သေ

ခင်သင်းကြည်တို့ညီအစ်မနှစ်ယောက်ကို အိမ်ရှေ့၌ တွေ့လိုက်ရသဖြင့် ဝါဝါနိုင်မှာ မျက်နှာပျက်နေသည်ကို ခင်သင်းကြည်တို့ညီအစ်မက သိနေသည်။ သူမပြောလိုက်သည့်စကားများ ခင်သင်းကြည်တို့ညီအစ်မနှစ်ယောက်ကြားများသွားလေသလားဟု စိုးရိမ်သောကြည့်ခြင်းဖြင့် ဝါဝါနိုင်ကကြည့်နေသည်။ ဧည့်သည်အမျိုးသမီးကလည်း ဝါဝါနိုင်ကိုနှုတ်ဆက်ပြီးပြန်သွားသည်။

ခင်သင်းကြည်တို့ ညီအစ်မနှစ်ယောက်ကို ပန်းသီး၊ စပျစ်သီးများဖြင့် ဝါဝါနိုင်က ဧည့်ခံကျွေးမွေးထားသည်။ ခဏအကြာတွင် ဝါဝါနိုင်ကို နှုတ်ဆက်ပြီးတော့ ခင်သင်းကြည်တို့ညီအစ်မနှစ်ယောက် ဆိုင်ကယ်ဖြင့်ပြန်ခဲ့ကြသည်။ အိမ်ပြန်ရောက်တော့ မိခင်ဒေါ်ခင်ကြူကို အကျိုးအကြောင်းများ ပြောပြလိုက်၏။ ဒေါ်ခင်ကြူကလည်း ထိုအကြောင်းကို မိခင်ဖြစ်သူ ဒေါ်မြသောင်းကို အကြောင်းစုံ ပြောပြလိုက်ပြန်သည်။ ဒေါ်မြသောင်းက သမီးဒေါ်ခင်ကြူနှင့် မြေးများကို -

"ဒီစကား ဒီမှာတင်ရပ်၊ ငါ့မြေး သက်တင်ဦးအဖေ တင်မင်းနိုင်မသိစေနဲ့"

ဟု ဗိုလ်အာဏာသုံး တားမြစ်လိုက်သည်။

ကိုသက်တင်ဦးတို့လည်း ထိုမြို့လေးမှ မကြာမီ ပြောင်းသွားကြသည်။ တစ်နှစ်ကျော်လောက်တော့နေသွားခဲ့ကြလေသည်။ ရန်ကုန်မြို့သို့ပြောင်းရသဖြင့် ဝါဝါနိုင်၏ မိဘများကပင် လုပ်ပေးခြင်းဖြစ်သည်ဟုအများကထင်ကြလေသည်။

❑

ဒေါ်မြသောင်း အသည်းအသန်ဖြစ်၍ အမြန်လာရောက်ရန် သမီးကြီးဒေါ်ခင်ကြူအား ဖုန်းဖြင့် အကြောင်းကြားသဖြင့် ဦးတင်မင်းနိုင်နှင့် ဒေါ်ခင်မြတို့ မကွေးမှ အမြန်ဆုံးပင်သွားခဲ့ကြသည်။ ၂၀၀၄ ခုနှစ်၊ မေလနောက်ဆုံးပတ်၌ သွားရောက်ကြခြင်း ဖြစ်ပါသည်။ ဦးတင်မင်းနိုင်တို့ရောက်ပြီး (၃) ရက်အကြာ ဒေါ်မြသောင်း ကွယ်လွန်သွားခဲ့ပါသည်။ ရက်လည်အောင်နေပြီး ကိစ္စအားလုံးပြီးမှ ပြန်ခဲ့ကြပါသည်။ နာရေးကိစ္စကြောင့် ဟိုအကြောင်းဒီအကြောင်း၊ ဆွေမျိုးအကြောင်းများလည်း မည်သူမျှမပြောနိုင်ကြ။သက်တင်ဦးတို့အကြောင်းလည်း မပြောဖြစ်ခဲ့ကြ။ သို့သော် သက်တင်ဦးတို့ ရန်ကုန်ပြောင်းတော့ အဘွားဖြစ်သူ ဒေါ်မြသောင်းအား ငွေကျပ်ငါးသောင်းကန်တော့သွားသည်လောက်ကိုသာ ပြောဖြစ်ခဲ့ကြသည်။

ပြီးခဲ့သည့် ၂၀၁၄ ခု အောက်တိုဘာလက ဒေါ်ခင်မြ၏ တူမဖြစ်သူ မခင်ထူးစံ၏မင်္ဂလာဆောင်ကို ဖုန်းဖြင့် လှမ်းဖိတ်သဖြင့် ဦးတင်မင်းနိုင်နှင့် ဒေါ်ခင်မြတို့ ရှမ်းပြည်နယ်တောင်ပိုင်းသို့ သွားခဲ့ကြပါသည်။ မခင်ထူးစံမှာ ဒေါ်ခင်မြ၏ မောင်ဖြစ်သူ ကိုစံမောင်၏သမီး ဖြစ်ပါသည်။ မောင်နှမတွေ မတွေ့ရသည်မှာကြာပြီဖြစ်၍ မင်္ဂလာဆောင်ကို လာဖြစ်အောင်လာခဲ့ရန် အတန်တန်မှာကြားသဖြင့် သွားရောက်ရခြင်း ဖြစ်ပါသည်။ အခုတစ်ခေါက်ကတော့ အေးအေးဆေးဆေးမို့ (၁၀) ရက်လောက်နေခဲ့ကြပါသည်။

ဆွေမျိုးများဆုံကြတော့လည်း ဟိုအကြောင်းဒီအကြောင်းများကပြောလို့ မကုန်နိုင်အောင်ဖြစ်ကြရပါသည်။ ထိုမြို့လေး၌ တစ်နှစ်ကျော်လောက်နေသွားကြသည်။ သက်တင်ဦးနှင့်ဝါဝါနိုင်တို့အကြောင်းက ထိပ်ဆုံးကဖြစ်ပါသည်။ အထူးသဖြင့် ဝါဝါနိုင်၏ မာနကြီးပုံအကြောင်းနှင့် သက်တင်ဦး၏ဌာနမှ တပည့်များကလည်း ဝါဝါနိုင်ကို အမြင်မကြည်လင်သည့်အကြောင်းများကိုပြောကြရင်းဖြင့် ဒေါ်ခင်ကြူက သူမ၏သမီးနှစ်ယောက် သက်တင်ဦးတို့ရှိစဉ်က အလည်အပတ်သွားရင်း ဝါဝါနိုင်ပြောခဲ့သည့်စကားများကို သတိမထားလိုက်နိုင်ဘဲ ဦးတင်မင်းနိုင်ရှေ့ပြောပြလိုက်မိလေသည်။ ဒီတွင် ဦးတင်မင်းနိုင်၏ဒေါသကမထိန်းနိုင်အောင်ဖြစ်ခဲ့ရလေသည်။

ဒီတော့ ဒေါ်ခင်ကြူက -

"ခဲအိုကြီးရယ်၊ ပြီးတာတွေလည်း ပြီးခဲ့ပြီ။ အမေက မသေမီ ဒီအကြောင်း ခဲအိုကြီးကို အသိမပေးနဲ့လို့မှာသွားတာ ကျွန်မလည်း သတိမထားလိုက်မိဘူး။ နှစ်တွေကလည်း ကြာသွားပြီဆိုတော့ ပြောလိုက်မိတာပါ"

ဟု ဆိုပါသည်။

ဒီတော့မှ ဦးတင်မင်းနိုင်လည်း ရန်ကုန်သို့ မကွေးမှ ဆေးကုသွားခဲ့စဉ်က တွေ့ခဲ့ရကြုံခဲ့ရသည့် လမ်းဆုံကဂျမ်းဘုံအကြောင်းကို စမိပါလေတော့သည်။

"အခုမှ ငါလည်းချွေးမအကြောင်း မခင်ကြူတို့သိအောင်ပြောရဦးမယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်က ရန်ကုန်ကို ငါဆေးကုသွားခဲ့တယ်။ သူတို့အိမ်တည်းတာပေါ့။ တစ်နေ့ နံနက်စာထမင်းစားနေတုန်း ထမင်းဝိုင်းမှာချထားတဲ့ ကြက်သားလုံးကြော်ပန်းကန်ကို ဝါဝါနိုင်က ယူသိမ်းသွားတယ်။ သူ့ရဲ့အဖေ[...] လည်း ဟိုဘက်စားပွဲထိပ်မှာ သူ့ဟင်းနဲ့ သူထမင်းစားနေတယ်။ သူ့အဖေ[...] တော့ အဖေကြက်သားလုံးကြော်စားဦး[...] မလားလို့ မေးတယ်"

"ထမင်းပွဲမှာချပြီးသားဟင်းပန်း[...] ကန်ကို အခုလိုထမင်းစားနေတုန်းသိမ်း[...] သွားတော့ ဘယ်ကောင်းပါ့မလဲ ခဲအိုကြီး[...] ရယ်။ ခဲအိုကြီးပြောပြီးမှ ကျွန်မလည်း ဝါဝါနိုင်အကြောင်းပြောရဦးမယ်"·

"ငါ့ကိုကျောခိုင်းပြီး သူ့အဖေ[...] လှမ်းမေးတာ။ ငါ့ပန်းကန်ထဲတော့ ကြက်[...] သားလုံးကြော်တစ်တုံးယူထားပြီးသား[...] ဒါက ဘယ်လိုမှမလုပ်သင့်တဲ့အပြုအမူ[...] လေ။ မစားစေချင်ရင် ဘာလို့ချထားတာ[...] လဲ။ ချမထားနဲ့ပေါ့ကွယ်။ အတော်ရိုင်း[...] တဲ့အပြုအမူပဲ"

"ခဲအိုကြီးပြောလို့ ကျွန်မလည်း အခုမှပြောရဦးမယ်။ အဲဒီ ၂၀၁၂ ခုနှ[...] သင်္ကြန်ရက် ကျွန်မတို့ မော်လမြိုင်က[...] အပြန် ချောင်းသာကမ်းခြေသွားမ[...] ရန်ကုန်ရောက်တော့ ညပိုင်း သူတို့[...] ဝင်တည်းခဲ့တယ်။ နောက်နေ့ နံနက်[...] ထမင်းစားနေတုန်း အခုလိုပဲ ကြက်သား[...] လုံးကြော်ပန်းကန်ကို ဝါဝါနိုင်ကယူသိမ်း[...] သွားလို့ ကျွန်မလည်း ကြောင်အမ်းအမ်း[...] ကြီးဖြစ်သွားခဲ့ရတယ်"

"အေး-အဲဒါ နောင်ကို ယောက်[...] ဘက်ကအမျိုးတွေမလာအောင် ပြ[...] ပြလိုက်တာပဲလေ။ နင်တို့လည်း နော[...] ကို ဘယ်တော့မှသွားမတည်းနဲ့။ ငါ့အမျိုး[...] တွေလည်း တစ်ယောက်မှသွားမတည်း[...] ဖို့ ပြောထားတယ်။ ဒီနေ့အထိ ငါ့အမျိုး[...] လည်း တစ်ယောက်မှသွားမတည်းခဲ့[...] ဘူး"

"ကြက်သားဟင်းပန်းကန်ချ[...] လို့လည်း ဘယ်သူကအကုန်စားမှာ[...] ကိုယ့်အိမ်လည်း စားနိုင်တာပဲ ခဲအို[...] ရယ်"

"အေး - အဲဒါက ချွေးမနှိပ်ကွပ်[...] လိုက်တဲ့ဖြစ်ရပ်။ ငါ့သားသက်တင်ဦး[...] နှိပ်ကွပ်လိုက်တာလည်းပြောပြရဦးမ[...] ငါ မကွေးပြန်မယ့်နေ့ညနေ သူ့မိန်း[...] အဖေ့ကို ကားဂိတ်လိုက်ပို့မလို့ ကား[...] ကိုလိုက်ဦးမလားလို့ လှမ်းမေး[...] တယ်။ ဟိုက လိုက်မယ်လို့ပြော[...] တယ်။ လိုက်မယ်လည်းပြောရော [...] အဖေ ကားနောက်ကစီးလို့ ပြော[...] တယ်။ ငါလည်း စိတ်ထဲတစ်မျိုး[...]

လိုက်ရတယ်။ ငါကအလိုက်သိပါတယ်။ သူမိန်းမလိုက်တဲ့အခေါက်ဆို ငါက အမြဲနောက်ကစီးမယ်ပြောရင် သက်တင်ဦးက အမေ ကားရှေ့ကစီးလို့ပြောမှ ငါက ကားရှေ့ကစီးတာပါ။ ချွေးမအခြေအနေလည်း အမြဲဂရုစိုက်ကြည့်ရတာပေါ့။ ငါလည်း အဲဒီလို သက်တင်ဦးကပြောလိုက်တာနဲ့ နောက်ကို ရန်ကုန်လာလည်း သူတို့ဆီ ဘယ်တော့မှမတည်းတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီအကြောင်း မကွေးပြန်ရောက်တော့ နင့်ရဲ့အစ်မကို ပြောတော့ ကားကို ဘယ်ကစီးစီး ခရီးရောက်ဖို့သာ အဓိကပါလို့ပြောတာနဲ့ ငါလည်း နင့်အစ်မကို ဒေါသဖြစ်ပြီး မိဘဆိုတာ ခဏတစ်ဖြုတ်လာတာ။ မိဘကို နေရာပေးရတယ်ဟ။ ငါက ကားခေါင်းက စီးချင်လို့မဟုတ်ဘူးလို့ပြောခဲ့တယ်"

"ဒါပေါ့ ခဲအိုကြီးရယ်၊ ကျွန်မတို့ ခဲအိုကြီးပါရင် အမြဲကားခေါင်းကထားစီးတာပဲ"

"အေး - ငါသိပါတယ်။ နင်တို့က အဲဒီလို ငါ့ကိုနေရာပေးလေ အမေ ကားနောက်ကစီးလို့ဆိုတဲ့ သက်တင်ဦးစကားကို သတိရလေပဲ။ နင်တို့အပြင် ငါ့အိမ်ရှေ့က ပွဲစားခင်မောင်သိန်းနဲ့မနိုင်တို့ကလည်း သူတို့ကားနဲ့သွားရင် ငါ့ကိုအမြဲကားခေါင်းကထားစီးတယ်။ နောက်က စီးပါ့မယ်လို့ပြောတာကိုမရဘူး။ ငါ့လိုပဲ ပင်စင်စား ဦးရဲထွန်းနဲ့ဒေါ်နီတို့မှာလည်း လိုက်ထရပ်တစ်စီးရှိတယ်။ မကွေးမြို့ထဲ လက်ဖက်ရည်သောက်သွားရင် ငါ့ကို ကားခေါင်းက ဒေါ်နီကစီးခိုင်းတယ်။ သူက ကားနောက်မှာစီးတာ၊ မစီးပါဘူး ပြောလည်းမရဘူး"

"ပြီးတာတွေလည်း ပြီးခဲ့ပါပြီ။ စိတ်လည်းလျှော့လိုက်ပါတော့ ခဲအိုကြီးရယ်။ ပြောနေလည်း ထူးမှာမဟုတ်ပါဘူး"

"အေး - ငါကတော့ သက်တင်ဦး သိအောင်ပြောရမယ်။ ဝါဝါနိုင်ကိုတော့ မပြောပါဘူး။ ဘယ်သားသမီးကများ မိဘကို ထောင်နှုတ်ခမ်းနင်းပြီးရှာကျွေးဖူးလို့လဲ။ ကိုယ့်သားမယား ကိုယ့်မိသားစုကိုသာ ယောကျ်ားတွေက ထောင်နှုတ်ခမ်းနင်းရှာကျွေးကြတာလေ။ အခုလည်း သက်တင်ဦး အဲဒီလိုရှာကျွေးခဲ့လို့အလုပ်ပြုတ်၊ ထောင်ကျခဲ့ရတယ်လေ။ သူ့ဘဝဝဋ်ကြွေးရှိလို့ခံရတာလို့ပဲ ဖြေသိမ့်ခဲ့မိတယ်။ ခုလို ကြားရတော့ ဝါဝါနိုင်ရဲ့ ကျိန်စာသင့်လို့များ အလုပ်ပြုတ်၊ထောင်ကျခဲ့လေသလားလို့တွေးမိတယ်"

"သက်တင်ဦးရဲ့အတိတ်ဘဝဝဋ်ကြွေးလည်းပါလို့နေမှာပါ ခဲအိုကြီးရယ်"

"သက်တင်ဦးကို အင်းစိန်ထောင်ကနေ ရဲဘက်ကိုပြောင်းတော့ ငါရန်ကုန်ရောက်သွားတယ်။ လက်မှာလည်း လက်ထိတ်ခတ်လျက်ကြီး။ မြင်ကွင်းကရင်နင့်စရာမို့ ငါလည်း အင်းစိန်ထောင်ရှေ့မှာ မျက်ရည်ကျခဲ့မိတယ်လေ"

"ကျွန်မတို့လည်း တူတော်မောင်ထောင်ကျတယ်လို့ ဒီမှာရှိတဲ့သူတပည့်တွေဆီကနေပြီး တစ်ဆင့်ကြားရလို့ စိတ်မကောင်းဖြစ်ခဲ့မိတယ်"

"ငါစားနေတုန်းဟင်းပန်းကန်သိမ်းသွားတာ ခွင့်လွှတ်နိုင်ပါတယ်ဟ။ ချွေးမလည်းချွေးမစိတ်ရှိမှာပေါ့။ ဒါပေမယ့် ကိုယ့်ကိုရှာကျွေးနေတဲ့ ယောကျ်ားကိုတော့ ထောင်ကျစရာရှိရင် သူပဲကျမှာလို့ပြောတာကိုတော့ ငါခွင့်မလွှတ်နိုင်ဘူး။ ငါ့သား သက်တင်ဦးက ကံနိမ့်နေတဲ့အချိန် ဝါဝါနိုင်ကလည်း နှုတ်ကစီးနေတဲ့အချိန် ဒီလိုအတိတ်နိမိတ်မကောင်းတဲ့စကားပြောလိုက်တဲ့အတွက် အခုလိုဖြစ်ရတာလို့ မိဘဖြစ်တဲ့ငါ့ဘက်ကတွေးတာမမှားနိုင်ဘူး မခင်ကြူ"

"ဒီလောက် သိန်းပေါင်းများစွာကိစ္စမှာ သက်တင်ဦးကတော့ သူတစ်ယောက်တည်းလုပ်မယ်လို့ ကျွန်မမထင်ဘူး"

"သက်တင်ဦးမတိုင်မီကလုပ်သွားတဲ့လူလက်ထက်ကတည်းက အဲဒီငွေကြေးတွေကလျော့နေတာ။ ဒါပေမယ့် အထက်ကလူကြီးတွေကလည်း မင်းတို့တဖြည်းဖြည်းဆပ်သွားပေါ့ကွာလို့ ပြောတယ်လို့ သိရတယ်။ ငါလည်း အဲဒီအချိန် ရန်ကုန်ရောက်သွားသေးတယ်။ ပညာရေးပဒေသာပင်ငွေ ငါနေခဲ့တဲ့ရွာက မူလတန်းကျောင်းမှာသွားလှူမလို့။ သူ့ကိုလည်း ကုသိုလ်ပါဝင်လှူဒါန်းခိုင်းမလို့။ အဲဒီကိစ္စကြီးက ကြောက်စရာ၊ စိုးရိမ်စရာ တစ်ယောက်ယောက်ကတိုင်လိုက်ရင် ပြဿနာတွေတက်ပြီး အားလုံးဒုက္ခရောက်နိုင်တယ်လို့ပြောပြီး ငါ မကွေးပြန်ခဲ့တယ်"

"သူတို့က စိုက်မဆပ်ကြဘူးလား"

"စိုက်ပြီးဆပ်နေတယ်လေ။ မကြာပါဘူး၊ ငါထင်ခဲ့တဲ့အတိုင်း တစ်ယောက်ကတိုင်လိုက်လို့ အားလုံးပြန်စစ်ကြရတယ်။ အဲဒီမှာ ထောင်ကျသူကကျ၊ ပြောင်းတဲ့သူကပြောင်းရ၊ သက်တင်ဦးကိုလွှဲသွားတဲ့အရာရှိလည်း ထောင်ကျတဲ့အထဲပါ။ သက်တင်ဦးရဲ့အထက်အရာရှိလည်း ထောင်ကျ၊ အားလုံး ဘဝပျက်သွားခဲ့ကြတယ်။ နိုင်ငံတော်အစိုးရရဲ့ငွေမင်းဘဏ္ဍာကို ကိုယ့်ဘဏ္ဍာထင်မှတ်ပြီး စားလိုက်ကြလို့ အခုလိုဖြစ်သွားကြရတာပဲလေ"

ထိုနေ့ညကတော့ စကားပြောရင်း ည (၁၁)နာရီကျော်သွားသဖြင့် အိပ်ရာဝင်ခဲ့ကြသော်လည်း ဦးတင်မင်းနိုင်တစ်ယောက်ကတော့ အိပ်မပျော်ခဲ့ပါ။ စိတ်ထဲမကျေနပ်မှုတွေကများနေသဖြင့် အိပ်မပျော်ခြင်းဖြစ်သည်။ မကွေးပြန်ရောက်မှ သက်တင်ဦးကို ဇာတ်လမ်းစုံခင်းပြောပြမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

မကွေးမြို့သို့ပြန်လည်ရောက်ရှိပြီး (၃) ရက်လောက် ဖုန်းဆက်ပြောသင့်၊ မပြောသင့် ဦးတင်မင်းနိုင် စဉ်းစားခဲ့မိပါသေးသည်။ သို့သော် ရင်ထဲ၌ တင်းကျပ်နေသည့်အစိုင်အခဲကြီးက ဝေဒနာတစ်ခုကိုခံစားနေရသကဲ့သို့ ဖြစ်နေမိသည်။ နောက်ဆုံးတော့ သားဖြစ်သူထံ ဖုန်းဆက်ပြောရန် ယတိပြတ်ဆုံးဖြတ်လိုက်ပါသည်။

ဦးတင်မင်းနိုင်မှ ဖြစ်ကြောင်းကုန်စင်ကို ဇာတ်ရည်လည်အောင် ပြောပြလိုက်ပါသည်။ လောက၌ ဘယ်သားသမီးကမှ မိဘကို ထောင်နှုတ်ခမ်းနင်းရှာမကျွေးကြကြောင်း၊ မိမိ၏မိသားစုကိုသာ ထောင်နှုတ်ခမ်းနင်းရှာကျွေးကြကြောင်း၊ မိဘကို ထိုသို့ရှာကျွေးလို့ အလုပ်ပြုတ် ထောင်ကျ ဘဝပျက်ကြရသည်ကိုလည်း မတွေ့မိကြောင်း၊ မိမိ၏မိသားစုကို ထောင်နှုတ်ခမ်းနင်းရှာကျွေးခဲ့ကြလို့ အလုပ်ပြုတ် ထောင်ကျ ဘဝပျက်ကြရသည်ကိုသာလျှင် တွေ့ရှိရကြောင်းများကိုလည်း ထည့်သွင်းပြောကြားခဲ့ပါသည်။

ထိုနေ့ကစပြီး ဦးတင်မင်းနိုင်သည် သားဖြစ်သူထံဖုန်းဆက်ခြင်းမရှိတော့ပါ။ ဦးတင်မင်းနိုင်၏ရင်ထဲမှာတော့ ကိုယ်ကမွေးခဲ့လို့ ကိုယ့်သားဟုဆိုပေမယ့် တကယ်ပိုင်ဆိုင်ထားသူက သူ့ဇနီး၊သူ့မိသားစုသာဖြစ်ကြောင်း နားလည်းပြီး ဖြစ်သည်။

သို့သော် ယခင်ကတည်းက နေ့စဉ် ဘုရားရှိခိုးတိုင်း ရန်ကုန်မြို့ရှိ သားကြီးနှင့်မိသားစုအားလုံး ကျန်းမာချမ်းသာကြပါစေ၊ ဘေးအန္တရာယ်များ ကင်းဝေးပါစေဟု ဆုတောင်းမှုကိုတော့ ပြုလုပ်နေဆဲ ဖြစ်ပါသည်။

မောင်မောင်အောင်မင်း(ဒဿနိက)

ကျွန်တော် အထက်တန်းကျောင်းသားအရွယ်က မကွာရာဓားအမည်ရှိ ရုပ်ပြစာအုပ်တစ်အုပ် ဖတ်ဖူးပါသည်။ အလွန်ကောင်းသောအက်ရှင်ဇာတ်လမ်းဖြစ်သဖြင့် ၎င်းရုပ်ပြဇာတ်လမ်းကို ရုပ်ရှင်မင်းသား(လုံမင်းသား) စံတင်က ကိုယ်တိုင် ဒါရိုက်တာ၊ ကိုယ်တိုင်မင်းသားလုပ်၍ ရုပ်ရှင်ရိုက်ကူးပြသခဲ့ရာ ထိုခေတ်ထိုအခါက လူကြိုက်များ၍ အောင်မြင်ခဲ့သော ရုပ်ရှင်ကားတစ်ကားဖြစ်ခဲ့သည်။ ထိုရုပ်ပြစာအုပ်နှင့် ရုပ်ရှင်တွင် ဓားတစ်ချောင်းအား ထူးခြားသည့်နာမည်တစ်ခုပေးထားသည်ကို ယခုတိုင်မှတ်မိနေပါသည်။ ၎င်းဓားအမည်မှာ ကိုးသချိုင်းသံဓားဟူ၍ဖြစ်သည်။ သချိုင်းကိုးခု၏ နယ်နိမိတ်များအတွင်းမှ သံထည်ပစ္စည်းများ ရှာဖွေစုဆောင်းကာ အရည်ကျိုပြီး ဓားပြုလုပ်ထားသောကြောင့် ကိုးသချိုင်းသံဓား ဟူသတည်း။

ထိုကဲ့သို့ ဝတ္ထုပစ္စည်းအမည်၏ရှေ့၌ ကိုးသချိုင်းအမည်တပ်၍ ခေါ်ဝေါ်သော အခြားပစ္စည်းများ မည်မျှရှိသေးသည်ကို ကျွန်တော်မသိသော်လည်း ကိုးသချိုင်းအမည်ကို ရှေ့၌တပ်၍ခေါ်ဝေါ်သော ဂမ္ဘီရပစ္စည်းတစ်ခုကိုတော့ ကျွန်တော်ရရှိခဲ့ဖူးသည်။ ထိုပစ္စည်းကား ကိုးသချိုင်းစိပ်ပုတီးဖြစ်ပါသည်။

ဤဖြစ်ရပ်သည် ဖြစ်ရပ်မှန်တစ်ခုဖြစ်ပြီး မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမျှ ထိခိုက်မှုမရှိနိုင်သောကြောင့် ဂမ္ဘီရဆိုင်ရာပစ္စည်းများနှင့် ပတ်သက်၍ နောင်လာနောက်သားများ ဗဟုသုတရရှိစေရန်အတွက် မြို့အမည်၊ ဖြစ်ရပ်မှန်တွင် ပါဝင်သူ အမည်များ၊ အချိန်ကာလနှင့် ၎င်းဖြစ်ရပ်ဖြစ်ပွားခဲ့သည့်နေရာ စသည်တို့ကို အမည်များလွှဲပြောင်းခြင်းမရှိဘဲ မူရင်းအမည်မှန်များအတိုင်း ရေးသားလိုက်ပါသည်။

**အခန်း (၁)**

၂၀၁၄ ခုနှစ်၊ မတ် ၁၂ ရက်နေ့ နံနက်(၉)နာရီအချိန်ခန့်တွင် ဖြစ်သည်။

"ကလင် . . . ကလင် . . . ကလင်

"ဟဲလို - အမိန့်ရှိပါခင်ဗျာ"

"ဟဲလို - ကိုတင်လတ်လား"

"ဟုတ်ကဲ့-ကျွန်တော်ကိုတင်လတ်ပါခင်ဗျ"

"ဟော့ကောင် ငါပါကွ၊ မင်းဆရာဦးသန်းထွန်းပါ"

"ဟာ - ဆရာ၊ အမိန့်ရှိပါ"

"ငါ့ဆရာ ဦးမောင်မောင်တင်က ငါ့ဆီဖုန်းဆက်တယ်။ တာချီလတ်မြို့ ရေပေးဝေရေးစီမံကိန်းအတွက် မြို့နဲ့မိုင် (၂၀) လောက်ဝေးတဲ့ တောထဲမှာ ဆည်တစ်လုံးဆောက်ပေးဖို့အတွက် ကုမ္ပဏီတစ်ခုက သူ့ကို ဆည်နဲ့ပတ်သက်ပြီး အတွေ့အကြုံရှိတဲ့အင်ဂျင်နီယာတစ်ဦး ရှာပေးပါဆိုလို့ ငါ့ကို သူက ဖုန်းဆက်တယ်။ ခင်ဗျားစိတ်ချရတဲ့တပည့်တစ်ယောက်ခေါ်ပြီး အဲဒီဆည်သွားဆောက်ပေးချင်တယ်တဲ့။ ဒါကြောင့် ငါနဲ့အတူ ဆည်လိုက်ဆောက်မလားလို့မင်းကိုလှမ်းမေးတာ"

"ဟာ - ဆရာသွားလုပ်မယ်ဆိုရင် လိုက်မှာပေါ့"

"အေး - ဒါဆို လာမယ့်အင်္ဂါနေ့ (၁)နာရီ လေယာဉ်နဲ့တာချီလတ်ကိုသွားမယ်။ အဲဒီနေ့မနက် (၉) နာရီအရောက် ကိုယ့်အိမ်ကိုလာခဲ့တော့"

# ကိုကိုလတ်
(ဆည်မြောင်း)

## ကိုးသချိုင်းပုတီးစိပ်



"ဟုတ်ကဲ့ - ဆရာ၊ အဲဒီနေ့မနက် (၉) နာရီအရောက် ဆရာ့အိမ်ကို ကျွန်တော်လာခဲ့ပါ့မယ်"

ကျွန်တော်၏ ဆရာရင်းဖြစ်သူ ဦးသန်းထွန်းသည် ဆည်မြောင်းဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား) တစ်ဦးဖြစ်ပြီး ကျွန်တော်သည်လည်း ဆည်မြောင်းဌာနမှ ဦးစီးအရာရှိ (အငြိမ်းစား) တစ်ဦးဖြစ်ကာ နှစ်ဦးစလုံး မန္တလေးမြို့၌ နေကြပါသည်။ ဆရာတပည့်နှစ်ယောက် တာချီလိတ်မြို့သို့သွား၍ ဆည်ဆောက်ရမည်ဖြစ်၍ တက်ကြွနေကြသည်။ ဆရာကလည်း ခရီးမထွက်မီ မိသားစုဆရာဝန်နှင့်တိုင်ပင်၍ ယူဆောင်သွားရမည့်ဆေးဝါးများကို စီစဉ်ရသလို ကျွန်တော်ကလည်း ကျွန်တော့် ကျန်းမာရေးအတွက် ဆေးဝါးများနှင့်ယူဆောင်သွားရမည့် စာရွက်စာတမ်းများကို စီစဉ်ရပါသည်။

ခရီးမထွက်မီ တစ်ရက်အလို ၁၆-၃-၂၀၁၄ (တနင်္လာနေ့) ထမင်းစားပြီးချိန်တွင် ကျွန်တော်သည် သူငယ်ချင်းဖြစ်သူ ဆည်မြောင်းအင်ဂျင်နီယာအငြိမ်းစားဦးစီးအရာရှိ ကိုချစ်လွင်ထံသွား၍ ကွန်ကရစ်ဆည်တည်ဆောက်ခြင်းအတွေ့အကြုံများကိုဆွေးနွေးရင်း မိမိမသိသည့် အချက်အလက်များကို ကိုချစ်လွင်ထံမှ မေးမြန်းခဲ့ပါသည်။ ကိုချစ်လွင်သည် ဆည်မြောင်းလမ်းဗိုလ်ပေါက်စအရွယ်မှစ၍ အသောက်အစား၊ ဖလောင်းကစားနှင့်မိန်းမကင်းရှင်းသူတစ်ယောက်ဖြစ်ပြီး ဘာသာရေးအလွန်ကိုင်းရှိုင်းသူတစ်ဦးဖြစ်သည်။ သူတစ်ပါးကိုလည်း အထူးကူညီတတ်သူတစ်ဦး ဖြစ်ပါသည်။

လုပ်ငန်းအကြောင်းများ ဆွေးနွေးပြီး၍ ကျွန်တော်သူ့တိုက်မှပြန်မည်လုပ်သောအခါ သူငယ်ချင်း ကိုချစ်လွင်က ကျွန်တော့်အား -

"သူငယ်ချင်း၊ မင်းခရီးဝေးထွက်မယ်ဆိုတော့ မင်းကိုခင်လို့ ငါအမြတ်တနိုး ဗီရိုထဲမှာသိမ်းထားတဲ့ပုတီးတစ်ကုံး မင်းစိပ်ရအောင်လက်ဆောင်ပေးလိုက်မယ်"

ဟု ပြောပါသည်။

"ဝမ်းသာလိုက်တာ သူငယ်ချင်းရာ၊ ငါက နေ့တိုင်း စိပ်ပုတီးစိပ်တာမဟုတ်ဘူးကွ၊ တစ်ခါတလေမှစိပ်ဖြစ်တာ။ မင်းက အခုလိုအမှတ်တရပေးတော့ ငါစိပ်ဖြစ်တာပေါ့ကွာ"

ဟု ကျွန်တော်ကပြောသောအခါ ကိုချစ်လွင်က -

"အေး - မင်းကိုပေးမယ့် စိပ်ပုတီးက သာမန်စိပ်ပုတီးမဟုတ်ဘူးနော်"

ထိုအခါ ကျွန်တော်က အံ့သြသွားပြီး -

"သာမန်စိပ်ပုတီးမဟုတ်ဘူး ဟုတ်လား"

ဟုမေးလိုက်ရာ ကိုချစ်လွင်က -

"အေး-ဟုတ်တယ်။ ငါ့စိပ်ပုတီးက သာမန်စိပ်ပုတီးမဟုတ်ဘူး။ ကိုးသချိုင်းစိပ်ပုတီး။ အဲဒီစိပ်ပုတီးနဲ့ ငါသချိုင်းကိုးခုမှာ ညတွေစိပ်လာခဲ့တာ"

ဟု ရှင်းပြပါသည်။

ထို့နောက် ကိုချစ်လွင်က စိပ်ပုတီးအား လက်ကိုင်ပဝါကလေးဖြင့်ထုပ်၍ ကျွန်တော့်လွယ်အိတ်ထဲသို့ ထည့်ပေးလိုက်ပါသည်။ စိပ်ပုတီးမှာ ကျောက်စိမ်းအကာသားများဖြင့် ပြုလုပ်ထားသည့် အစိမ်းအဖြူကျား ကျောက်စိမ်းစိပ်ပုတီးလေးဖြစ်ပါသည်။

ခရီးစတင်ထွက်မည့် ၁၇-၃-၂၀၁၄ (အင်္ဂါနေ့) နံနက် (၉) နာရီတွင် ဆရာ့အိမ်သို့ ကျွန်တော် ရောက်ပါသည်။ စကားစမြည်ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုကြပြီးနောက် (၁၀) နာရီခွဲတွင် ကျွန်တော်တို့ ဆရာတပည့် (၂)ယောက်အား ဆရာ့သားမှ တံတားဦးလေဆိပ်သို့ လိုက်ပို့ပါသည်။

နေ့လည် (၁) နာရီ၌ မန္တလေးမှ လေယာဉ်ထွက်ရာ ပျံသန်းချိန် (၁) နာရီခန့်တွင် တာချီလိတ်မြို့လေဆိပ်သို့ ရောက်ရှိသည်။ လေဆိပ်တွင် တာချီလိတ်မြို့အခြေစိုက် (---) ကုမ္ပဏီမှစီမံကိန်းအင်ဂျင်နီယာဦးဝင်းလှိုင်နှင့်လုပ်ငန်းအုပ်ကြီး (အာခါလူမျိုး) ဦးကြည်လင်းတို့မှ လာရောက်ကြိုဆိုကြပြီး ကုမ္ပဏီရုံးသို့ ကျွန်တော်တို့ဆရာတပည့်အားခေါ်ဆောင်သွားပါသည်။ ကုမ္ပဏီသို့ရောက်သောအခါ ကုမ္ပဏီပိုင်ရှင်သူဌေးက ကျွန်တော်တို့ (၂) ဦးအား နွေးထွေးစွာကြိုဆိုခဲ့ပါသည်။ ကြားရသောသတင်းစကားများအရ ကုမ္ပဏီပိုင်ရှင်သူဌေးမှာ အလွန်သဘောကောင်းပြီး လက်အောက်ငယ်သားများအပေါ်တွင်လည်း စာနာထောက်ထား ကူညီထောက်ပံ့တတ်သူတစ်ဦးဖြစ်ကြောင်း ကြားသိရသဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ သူဌေးနှင့်ကျွန်တော်တို့လုပ်ငန်းကိစ္စများ ပြောဆိုပြီးနောက် ဦးကြည်လင်းမှ ကျွန်တော်တို့ဆရာတပည့် (၂) ဦးအား ကုမ္ပဏီရုံးနှင့်တွဲလျက်ရှိသောအဆောက်အအုံတစ်ခု၏အပေါ်ထပ်တွင် တစ်ခန်းစီ နေရာချထားပေးပါသည်။

ဤနေရာတွင် ကျွန်တော်တို့နေခဲ့ရသည့် အဆောက်အအုံရှိ အပေါ်ထပ်အခန်းများ၏အနေအထားများကိုဖော်ပြမှ ပြည့်စုံမည်ဖြစ်သည်။ ကုမ္ပဏီမှာ မြို့လယ်မှ ဖြတ်သန်းစီးဆင်းသွားသောချောင်းတစ်ခု၏ကမ်းဘေးတွင် တည်ရှိပါသည်။ ကျွန်တော်တို့နေသည့်အခန်းအပေါ်ထပ်တွင် အလယ်မှလူသွားလမ်းထားရှိပြီး ဝဲ၊ ယာတစ်ဖက်တွင် အခန်း (၃)ခန်းစီရှိသည်။ ၎င်းအခန်းများ၏ အနောက်ဘက်အဆုံးတွင် ရေချိုးခန်းနှင့်အိမ်သာတွဲလျက်အခန်းရှိ၏။ ရေချိုးခန်းအပြင်တွင် (အိမ်သာရေချိုးခန်းကဲ့သို့ လူရှိနေလျှင်စောင့်ရန်) ဝရန်တာလေးရှိပြီး ရေချိုးခန်းနှင့်ကြမ်းတစ်ပြေးတည်း ကွန်ကရစ်ခင်းထားသည်။

အပေါ်ထပ်သို့ တက်တက်ချင်း လက်ယာဘက်၏ ရှေ့ဆုံးအခန်းမှာ ကျွန်တော့်ဆရာ ဦးသန်းထွန်းအခန်း၊ အလယ်ခန်းမှာ ဦးဝင်းလှိုင်အခန်းနှင့် နောက်ဆုံးအခန်းမှာ ဦးကြည်လင်းအခန်းတို့ ဖြစ်ပါသည်။ လက်ဝဲဘက်တွင် ဝင်ဝင်ချင်း ဘုရားခန်း၊ အလယ်၌ စာရင်းကိုင်ကိုပိုင်စိုးသူအခန်းနှင့် နောက်ဆုံးအခန်းမှာ ကျွန်တော့်အခန်းဖြစ်ပါသည်။ နောက်မှ ရောက်လာသောအင်ဂျင်နီယာဦးမြသိန်းကို အောက်ထပ်မှအခန်းတစ်ခုတွင် နေရာချထားပေးပါသည်။ ထိုနေ့ညက ခရီးပန်း၍ မောမောနှင့် စောစောအိပ်ပျော်သွားခဲ့ပါသည်။

**အခန်း(၂)**

တာချီလိတ်မြို့သို့ ရောက်ပြီး ပထမတစ်ပတ်အထိ ကျွန်တော်သည် အချိန်ရလျှင်ရသလို ညပိုင်းများ၌ ကိုချစ်လွင်ပေးလိုက်သော ကိုးသချိုင်းစိပ်ပုတီးလေးစိပ်ဖြစ်ပါသည်။ မည်သည့်ထူးခြားမှုမျှမရှိပါ။ နောက်ပိုင်းရက်များတွင် လုပ်ဖော်ကိုင်ဖက် အင်ဂျင်နီယာအစ်ကိုကြီး ဦးမြသိန်းနှင့်စီမံကိန်းလုပ်ငန်းများ၏ခန့်မှန်းခြေစာရင်းများကို ပူးပေါင်းတွက်ချက်ရသဖြင့် ညဉ့်နက်သည့်အထိ နေရသည့်ရက်များက များလာသောကြောင့် လည်းကောင်း၊ တစ်ခါတစ်ရံ ဘောလုံးပွဲများကို ည (၁) နာရီခန့်အထိ ကြည့်ဖြစ်သောကြောင့် လည်းကောင်း၊ စိပ်ပုတီးမစိပ်ဖြစ်တော့ပါ။ သို့ရာတွင် ၎င်းစိပ်ပုတီးလေးကို ကျွန်တော်ခေါင်းအုံးအောက်၌ထား၍ အိပ်ခဲ့ပါသည်။

(၁၀) ရက်ကျော်ကျော်လောက်တွင်ဖြစ်သည်။ ရက်စွဲကိုတော့ အတိအကျ

မမှတ်မိတော့ပါ။ ည (၂) နာရီအချိန်လောက်ကြီးတွင် ကျွန်တော်အခန်း၏ အနောက်ဘက်တွင်ရှိသောရေချိုးခန်းထဲမှ ရေချိုးသံများကြားရသဖြင့် ကျွန်တော်နိုးလာပါသည်။

ဒီအချိန်ကြီးမှာ ဘယ်သူများ ရေချိုးနေတာပါလိမ့် ဟူ၍တွေးရင်း ကျွန်တော့်အခန်းနှင့် မျက်စောင်းထိုးအခန်းမှ ဦးဝင်းလှိုင်လား။ ဒါမှမဟုတ် မျက်နှာချင်းဆိုင်အခန်းမှ အာခါလူမျိုး ရှုံးအုပ်ကြီး ဦးကြည်လင်းလား။ သူတို့ (၂)ယောက်ထဲက တစ်ယောက်ယောက်ပဲဟုတွေး၍ ပြန်အိပ်လိုက်ပါသည်။

နံနက်မိုးလင်း၍ လက်ဖက်ရည်ဆိုင်တွင် ဆရာဦးသန်းထွန်း၊ ကျွန်တော်၊ ဦးဝင်းလှိုင်၊ ဦးမြသိန်းနှင့် စာရင်းကိုင် ကိုပိုင်စိုးသူတို့ (၅) ဦး လက်ဖက်ရည်သောက်ကြရာ ဆရာဦးသန်းထွန်းမှ ကျွန်တော့်အား -

"ကိုတင်လတ်၊ ခင်ဗျားရေချိုးတာ အတင့်မရဲနဲ့။ ညက ခင်ဗျားရေထချိုးတာ မနက် (၂) နာရီကျော်နေပြီ။ အဲဒါ မကောင်းဘူး။ လေဖြတ်နေဦးမယ်"

ဟု ပြောရာ ကျွန်တော်က -

"ဆရာ၊ ကျွန်တော်မဟုတ်ဘူး။ ဦးဝင်းလှိုင်နဲ့တူတယ်"

ဟု ကျွန်တော်က ပြောလိုက်ပါသည်။

ထိုအခါ ဦးဝင်းလှိုင်က -

"အမယ်လေး - ဒီအချိန်ကြီးကို ကျွန်တော်မချိုးရဲပါဘူးဗျာ။ ကိုကြည်လင်းနဲ့ကိုပိုင်စိုးသူတို့ (၂) ယောက်ထဲက တစ်ယောက်ယောက်နေမှာ"

ဟု ပြောပါသည်။

ကိုကြည်လင်းနှင့် ကိုပိုင်စိုးသူတို့ (၂) ယောက်ကလည်း သူတို့မဟုတ်ကြောင်းနှင့် သူတို့ကလည်း ကျွန်တော်ရေချိုးနေသည်ဟု ထင်မှတ်နေကြောင်း ပြောသဖြင့် အားလုံး ညကရေချိုးသံများကြားရကြောင်းကို တညီတညွတ်တည်း ဝန်ခံခဲ့ကြပါသည်။

နောက်တစ်ရက် နံနက် (၂)နာရီခန့်တွင် ဖြစ်သည်။ ကျွန်တော်အိပ်ပျော်နေရာမှ ကပ်လျက်ရှိသော ကိုပိုင်စိုးသူ အခန်းမှ သီချင်းသံများကြားရ၍နိုးလာပါသည်။

"ဆောင်းဆိုသည်က အေးမြခြင်းကို သရုပ်ဆောင်တယ်×××ငွေနှင်းဖျူကသန့်စင်တယ်လို့ ××× အဓိပ္ပာယ်ကိုယ်ယူမယ်×××"

အဆိုတော်ဝင်းဦး၏ ဆောင်းရယ်နှင်းရယ်ကိုယ့်ချစ်သူရယ် သီချင်းကိုကပ်လျက်အခန်းမှကြားနေရ၍ ကျွန်တော်လိုက်ဆိုမိပါသည်။

မနက်လင်းတော့ လက်ဖက်ရည်ဆိုင်တွင် ဦးဝင်းလှိုင်မှ ကိုပိုင်စိုးသူအား ညအချိန်မတော် သူများအိပ်နေချိန်တွင် သီချင်းမဖွင့်ရန် ပြောပါသည်။ ထိုအခါ ကိုပိုင်စိုးသူက သူသီချင်းမဖွင့်ကြောင်း ပြောသောအခါ ဦးဝင်းလှိုင်က ညက ခင်ဗျားအခန်းထဲက ဝင်းဦးသီချင်းသံတွေ ကြားနေရကြောင်း ကျန်တဲ့သူတွေလည်း မေးကြည့်ပါဦးဟုပြောသဖြင့် ကိုပိုင်စိုးသူက ကျွန်တော်နှင့် ကိုကြည်လင်းတို့အား မေးရာ ကျွန်တော်တို့ကလည်း သူ့အခန်းထဲမှ သီချင်းဆိုသံများကြားရကြောင်း ပြောကြားခဲ့ကြသဖြင့် ကိုပိုင်စိုးသူက သူလုံးဝသီချင်းမဖွင့်ပါကြောင်းသာ တွင်တွင်ငြင်းဆိုခဲ့ပါသည်။

ထို့နောက် ကိုပိုင်စိုးသူမှ အတန်ကြာစဉ်းစားဟန်ပြုပြီး စကားတစ်ခွန်းဆိုလာပါသည်။

"ကျွန်တော်တို့ အခန်းပေါ်မှာ သရဲများခြောက်တာလား ဆရာ။ ကျွန်တော်တော့ မသက်ဘူး။ မနေ့ကလည်း ရေချိုးခန်းထဲက ရေချိုးသံတွေ ကြားရတယ်။ တကယ်တော့ ကျွန်တော်တို့ထဲက ဘယ်သူမှရေချိုးတာမဟုတ်ဘူး။ အခုလည်း တကယ်ကျွန်တော် သီချင်းမဖွင့်ဘူးဆရာ။ အဲဒါ ဆရာတို့အားလုံးက ကျွန်တော်အခန်းထဲကနေ သီချင်းသံတွေကြားရတယ်ဆိုတော့ ကျွန်တော်တော့ သရဲခြောက်တယ်ထင်တာပဲ။ ဒီအခန်းတွေထဲမှာ သရဲများရှိနေလား ဆရာတို့ရာ"

ဟု ညည်းညူနေစဉ်အချိန်မှာပင် ကျွန်တော့်စိတ်ထဲမှာလန့်သွားပါသည်။ အကြောင်းမှာ ကျွန်တော့်အခန်းထဲရှိ ကိုးသချိုင်းစိပ်ပုတီးကိုသွား၍သတိရမိသောကြောင့် ဖြစ်သည်။ သို့သော် ကျွန်တော်အပေါ် အမှုပတ်မည်စိုး၍ ကျွန်တော်နှုတ်ဆိတ်နေခဲ့ပါသည်။

**အခန်း (၃)**

ထိုသို့ ဖြစ်ရပ်များဖြစ်ပြီးနောက် တစ်ပတ်ခန့်အကြာ နံနက် (၆) နာရီခွဲခန့်တွင်ဖြစ်သည်။ ထိုနေ့က နံနက်စောစောနိုးနေပါသည်။ အိုက်စပ်စပ်ရှိသဖြင့် ရေချိုးသွားရန်ပြင်ပြီးမှ ရေချိုးသံကြားနေရ၍ မသွားသေးဘဲ အခန်းတံခါးကိုဖွင့်ကာ တံခါးပေါင်ကိုမှီပြီး မဂ္ဂဇင်းတစ်အုပ်ထိုင်ဖတ်နေသည်။ ထိုစဉ်ဆရာဦးသန်းထွန်းပုဆိုးတိုတိုလေးဝတ်ကာ ပလတ်စတစ်ခွက်ကလေးကိုင်၍ ရေချိုးရန်လာနေသည်ကို စာဖတ်ရင်း သတိထားမိသည်။ ကျွန်တော်အနားရောက်သောအခါ ကျွန်တော်ဘာတွေဖတ်နေသည်ကိုသိချင်သဖြင့် ကျွန်တော်ထိုင်နေသည့်အပေါ်မှမိုး၍ ကျွန်တော်ဖတ်နေသည့်စာအုပ်ကို ငုံ့ကာဖတ်နေသည်ဟု ကျွန်တော့်စိတ်ထဲထင်နေမိသည်။ (၂) ယောက်သား စကားတော့မပြောဖြစ်ပါ။ ခဏနေတော့ ရေချိုးခန်းဘက် ထွက်သွားသည့်ခြေသံများကြားလိုက်ရသဖြင့် အင်း - ငါ့ဆရာ ရေချိုးခန်းအပြင်က စောင့်နေရတာ ပျင်းနေလိမ့်မယ်။ ငါသွားပြီးအာလာပသလ္လာပစကားလေးဘာလေးသွားပြောလိုက်ဦးမှပဲဟုစဉ်းစားကာ ဝရန်တာဘက်ဆီသို့ထွက်လာလိုက်ရာ ဆရာဦးသန်းထွန်းကို ဝရန်တာ၌မတွေ့ရပါ။ ဒါဆို ရေချိုးခန်းထဲဝင်သွားလားဟု တွေးမိပါသည်။ မဖြစ်နိုင်ပါ။ ခုန ရေချိုးသံကြားနေရသဖြင့် ရေချိုးသူထွက်မလာသေးဘဲ ဆရာဝင်လို့မရပါ။ ထိုသို့ စဉ်းစားရကျပ်သဖြင့် ရေချိုးခန်းတံခါးကိုခေါက်ရာ အချိန်ကြာသည်အထိ ဘာသံမှမကြားရသဖြင့် အပြင်မှ အခန်းတံခါးခလုတ်ကိုလှည့်ဖွင့်လိုက်ရာ ရေချိုးခန်းတံခါးပွင့်သွားပြီး လူတစ်ယောက်မှမတွေ့ရသဖြင့် ကျွန်တော်လန့်သွားပါသည်။ ချက်ချင်းပင် ဆရာဦးသန်းထွန်းအခန်းသို့ ပြေးသွား၍ -

"ဆရာ ခုန ဆရာရေချိုးခန်းဘက် ဆရာရေချိုးခန်းဘက်လာလား"

ဟု မေးလိုက်ရာ ဆရာက -

"မလာပါဘူး။ ကျုပ်အခန်းထဲမှာ ဘုရားရှိခိုးနေတာ"

ဟု ပြောရာ ကျွန်တော်က မယုံကြည်သည့်အနေဖြင့် -

"ဆရာ တကယ် ရေချိုးခန်းထဲ မလာပါဘူးနော်"

ဟု ပြောရာ ဆရာဦးသန်းထွန်းက ခင်ဗျားဘာဖြစ်နေတာလဲဟုမေး၍ ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်ရာ ကျွန်တော့် ဆရာလည်း အခန်း၌မကျွတ်မလွတ်သူ တစ်ဦးဦးများရှိနေပြီလားဟု သံသယကြောင်းစတင်၍အသံထွက်လာပါသည်။ ထိုနေ့က လက်ဖက်ရည်ဆိုင်တွင် ထိုအကြောင်းပြောကြရာက ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ်မလုံတော့ဘဲ -

"ဆရာတို့ထင်သလို ဒီအဆောင် အဖွဲ့ထဲမှာ ပရလောကသားရှိတာမဟု

နိုင်ဘူး။ အရင်က ကိုကြည်လင်းတို့၊ တိုပိုင်စိုးသူတို့ နေလာတာကြာလှပြီ။ ဘာသံမှမကြားခဲ့ရတာ အခုမှဖြစ်တာဆိုတော့ ကျွန်တော့်အထင် ကျွန်တော်ယူလာတဲ့ စိပ်ပုတီးကများလားဗျာ”

ဟု ညည်းတွားမိရာက ၎င်းတို့အားလုံး၏မျက်လုံးများက ကျွန်တော့်ဆီရောက်လာသဖြင့် ၎င်းစိပ်ပုတီး၏ ရာဇဝင်ကို ပြောပြလိုက်ရာ အားလုံးက ဖြစ်နိုင်ကြောင်းနှင့် ၎င်းစိပ်ပုတီးကို အမြန်ဆုံး မန္တလေးသို့ပြန်ပို့ရန် တောင်းဆိုကြသဖြင့် ကျွန်တော်လည်း စဉ်းစားပေးပါမည်၊ နှစ်ရက်၊ သုံးရက် ကျွန်တော့်အား ခေတ္တစောင့်ပေးပါဟု တောင်းဆိုခဲ့ပါသည်။

ထိုနေ့ ရုံးထမင်းစားနားချိန်တွင် ဤဖြစ်ရပ်များအား ယခင်က ကျွန်တော်နှင့်ခင်မင်ရင်းနှီးသည့် ဆည်မြောင်းဌာနမှ ယာဉ်မောင်း (ငြိမ်း) ဦးကျော်လှိုင်ထံ ဖုန်းဆက်၍မေးရပါတော့သည်။

ဦးကျော်လှိုင်သည် မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဝါခင်းကုန်း ဆရာတော်ဦးတိက္ခ၏တပည့်ရင်းတစ်ဦး ဖြစ်ပြီး တောင်စလင်းတိုက်သစ် စတင်တည်ထောင်စဉ်မှစ၍ ယခုအထိ အကျိုးဆောင်တစ်ဦးဖြစ်ပါသည်။ ငယ်စဉ်မှစ၍ ဘာသာရေးအထူးကိုင်းရှိုင်းသူတစ်ဦးဖြစ်ပြီး ယခုအသက် (၇၀) ကျော်ပြီ ဖြစ်သော်လည်း သွက်သွက်လက်လက်ပင် ဖြစ်သည်။ သူငယ်ချင်းဖြစ်သူ ကိုချစ်လွင်နှင့်ဦးကျော်လှိုင်မှာ ဘာသာရေးသမားချင်း၊ သူတော်ချင်းချင်းပေါင်းဖက်တွေ့ရာ ကိုချစ်လွင်က ပုသိမ်ကြီးမြို့နယ် ချောင်းဝန်းစခန်း မြောက်ဘက်တွင် ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဒါန်းရန် မကြာခဏ ဦးကျော်လှိုင်၏ခြံသို့ အလည်လာနေကျဖြစ်သည်။ ထို့ကြောင့် ကိုချစ်လွင်၏ စိပ်ပုတီးအကြောင်းကို ဦးကျော်လှိုင်အားပြောပြရင်း ကျွန်တော်မှ ကိုချစ်လွင်ဆီ စိပ်ပုတီးပြန်ပို့ချင်နေကြောင်းပြောပေးပါဟု အကူအညီတောင်းရန် စိတ်ကူးဖြင့် ဖုန်းဆက်ရင်း ဇာတ်စုံခင်းပြလိုက်ရာ ဦးကျော်လှိုင်က-

“ဖြစ်တတ်ပါတယ်။ စိပ်ပုတီးမှာ ရှိနေတဲ့ဝိညာဉ်က မင်းဆီကိုအမျှတောင်းတာပါ။ ကြောက်စရာမလိုပါဘူး။ အဲဒီ စိပ်ပုတီးစိပ်ပြီးရင် ပုတီးမှာစွဲကပ်နေတဲ့ ဝိညာဉ်ကိုရည်စူးပြီး အမျှပေးလိုက်ပေါ့။ ခြောက်တာလှန့်တာတွေရပ်သွားမှာပါ။ သူတို့အနေနဲ့သာခြောက်တာလှန့်တာလို့ ထင်နေတာ။ သူတို့အနေနဲ့ကျတော့ ငါတို့ကို အကူအညီတောင်းတာပေါ့ကွာ။ သူတို့ကို အမျှပေးဖို့အတွက်ပေါ့။ မင်းက ဘာသာရေးအားနည်းတာကိုးကွ။ ချစ်လွင်ကျ ဘာမှမဖြစ်ဘူးဆိုတာ သူက သမာဓိအားကောင်းတယ်လေ။ ဘာသာရေးတအားလုပ်မှ သမာဓိအားကောင်းတာ။ သူက သင်္ချိုင်းတွေမှာစိပ်ထားတော့ အဲဒီသင်္ချိုင်းတွေထဲက ဝိညာဉ်တစ်ခုခုက စွဲမိစွဲရာစိပ်ပုတီးလာစွဲနေလို့ဖြစ်မှာပေါ့ကွာ။ မင်းစိတ်မသန့်ရင် ပြန်ပေးလိုက်ပါ။ ကိုချစ်လွင်လာရင် ငါပြောပြထားလိုက်ပါ့မယ်”

ဟု ပြောပါသည်။

ကိုချစ်လွင်အား ဖုန်းဆက်မပြောမီ (၃) ရက်ခန့်အလို တစ်ရက် နံနက် (၈) နာရီတွင် ဖြစ်သည်။

ရေမိုးချိုးပြီး၍ ရုံးတက်ရန် အခန်းထဲ၌ အဝတ်အစားလဲနေစဉ် ကွာတားဘောင်းဘီကိုဝတ်ကာ အခန်းရှေ့မှဖြတ်လျှောက်၍ အိမ်သာရေချိုးခန်းဘက်သို့ သွားသော ဆရာဦးသန်းထွန်းကိုတွေ့လိုက်ရသည်။

ထိုအခါ ကျွန်တော့်စိတ်ထဲ၌ -

“ဩော် ငါ့ဆရာတောင် ရုံးဝတ်စုံ မလဲရသေးဘူး။ ဒါဆိုအေးဆေးပဲ။ သူထွက်လာမှပဲ သူ့အခန်းထဲအတူတူလိုက်သွားတော့မယ်ဟု စိတ်ကူး၍ ကျွန်တော့်အခန်းဝမှရပ်၍ စောင့်နေခဲ့ပါသည်။ ဆရာက ရေချိုးခန်းထဲကတော်တော်နှင့် ထွက်မလာပါ။ ကျွန်တော် ရပ်၍ ဆက်စောင့်နေစဉ်မှာပင် ရုတ်တရက်မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော့်ဆံပင်များထောင်သွားသည်ဟုပင် ထင်လိုက်မိပါသည်။ ကျွန်တော်မြင်လိုက်ရသည့် မြင်ကွင်းက သူ့အခန်းထဲမှ ရုံးဝတ်စုံနှင့် ရုံးသွားရန်ထွက်လာသော ကျွန်တော့်ဆရာ ဦးသန်းထွန်းပင်တည်း။

သူက ကျွန်တော့်ကိုကြည့်၍ -

“ကိုတင်လတ်၊ ဘာလုပ်နေလဲ။ ရုံးသွားမယ်လေ”

ဟု ပြောသောအခါ ကျွန်တော် ဆရာထံပြေးသွားကာ ဆရာ့လက်ကို ဆွဲထားပြီး -

“ဆရာ ခုန ဆရာ ကွာတားပင်ကြီးဝတ်ပြီး ကျွန်တော့်အခန်းရှေ့ကဖြတ်သွားလား”

“ဟာ - မသွားရပါဘူး။ ကျုပ်ရုံးဝတ်စုံတွေမီးပူတိုက်နေတာပါ”

“တပည့်ကို မနောက်ပါနဲ့ ဆရာရယ်။ ကျွန်တော် ခုန ဆရာ့ကို အခန်းရှေ့ကဖြတ်လျှောက်သွားတာ မြင်လိုက်လို့ပါ”

“မဟုတ်ရပါဘူးကွာ”

ဟု အထပ်ထပ်အခါခါ ငြင်းဆိုနေသဖြင့် ဆရာ့အား ကျွန်တော်၏ဖြစ်ကြောင်းကုန်စင်ကိုပြောပြလိုက်ရာ ဆရာလည်း အတော်အံ့အားသင့်သွားပြီး -

“ကိုတင်လတ်၊ ခင်ဗျားစိပ်ပုတီးကြီး မန္တလေးမြန်မြန်ပြန်ပို့တော့။ ကြာရင် ခင်ဗျားရူးရင်ရူး၊ မရူးရင်တစ်ခုခုဖြစ်လိမ့်မယ်”

ဟု သတိပေးပါသည်။

**အခန်း (၄)**

နောက်ရက်တွင် သူငယ်ချင်း ချစ်လွင်ထံသို့ ဖုန်းဆက်၍ ဖြစ်စဉ်များကို ပြောပြတာ စိပ်ပုတီးအားပြန်ပို့ချင်သဖြင့် ခွင့်ပြုရန်ပြောပြရပါသည်။ သူက စေတနာနှင့် ပေးထားသောကြောင့် ကျွန်တော့်မှာ သူ့အားပြန်ပေးရန် အလွန်အားနာနေမိပါသည်။ ကိုချစ်လွင်ကလည်း လေဆိပ်သို့ပို့လိုက်ရန်နှင့် သူသွားယူမည်ဖြစ်ကြောင်းပြောသဖြင့် ရက်စွဲတော့ မမှတ်မိတော့ပါ။

နောက်ရက်တွင် တာချီလိတ်ရုံးမှ ပစ္စည်းများကို မန္တလေးမြို့သို့ ပို့ပေးနေကျ လေယာဉ်ကိုယ်စားလှယ်ကိုမိုးကျော်အား ဖုန်းဖြင့် ဆက်သွယ်ခေါ်ယူပြီး ၎င်းကိုးသင်္ချိုင်းစိပ်ပုတီးကို လုံခြုံအောင် သေချာထုပ်ပိုးကာ တာချီလိတ်မှမန္တလေးသို့သွားသောလေယာဉ်ဖြင့် ပြန်ပို့ပေးလိုက်ရပါတော့သည်။

ဤဖြစ်ရပ်၌ ကျွန်တော်သတိထားမိသည့်အချက်မှာ -

၁။ သင်္ချိုင်းများနှင့် ပတ်သက်သော (သို့) ပရလောကသားများနှင့်ပတ်သက်နေသော မည်သည့်ပစ္စည်းများကိုမဆို မိမိနှင့်အတူမထားသင့်ဟု ထင်မြင်ယူဆမိပါသည်။

၂။ မလွဲသာမရှောင်သာ၍ မိမိနှင့် ၎င်းပစ္စည်းတို့အတူထားရှိနေမည်ဆိုပါက သမာဓိအားကောင်းရန် ဘာသာရေးအထူးလုပ်ဖို့ လိုအပ်ပါကြောင်း။

၃။ ဖြစ်နိုင်လျှင်မထားသင့်ပါကြောင်း နောက်လာနောင်သားများသတိပြုဆင်ခြင်နိုင်စေရန် ကျွန်တော်၏ ကိုယ်တွေ့ဇာတ်လမ်းအား ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

**ကိုကိုလတ်(ဆည်မြောင်း)**


မြတ်သက်ကျော်
ကံကောင်းခြင်းလက်ဆောင်



(၁)

အဖေသည် ဘဝတစ်လျှောက်လုံး ပျော်ပျော်ရွှင်ရွှင်ရိုးရိုးသားသား နေထိုင်ခဲ့သူတစ်ဦး ဖြစ်သည်။ သို့သော်လည်း အမြဲတမ်း တစ်စုံတစ်ယောက်အတွက် အကူအညီပေးရန်အသင့်ရှိနေတတ်သော သူတစ်ယောက်လည်းဖြစ်နေပြန်သည်။ သူကြောင့် တစ်စုံတစ်ယောက်နာကျင်ထိခိုက်သွားမှာကို အလွန်စိုးရိမ်နေတတ်ပြန်သည်။ ထို့ကြောင့် အဖေ့တစ်သက်တာတွင် တစ်ဦးတစ်ယောက်အား နင်းတက်ခြင်း၊ ချနင်းခြင်း၊ မကောင်းကြံခြင်းမရှိခဲ့။ ထိုအချက်များကြောင့် ထိစပ်ပတ်သက်မိသူများက လေးစားချစ်ခင်ကြသည်။ ပျော်ရွှင်စွာနေထိုင်တတ်သော စရိုက်နှင့်ဆန့်ကျင်စွာလေးနက်စွာစဉ်းစားဆင်ခြင်တတ်သူတစ်ယောက်လည်းဖြစ်နေတတ်ပြန်သောကြောင့် ခင်မင်သူများက အားကိုးအားထားပြုကြပြန်လေ၏။ သူတို့တွင်အကြောင်းကိစ္စကြီးငယ်ရှိတိုင်း အဖေ့ဆီပြေးလာတတ်ပြီး 'ကိုငွေဇင်ရေ လုပ်ပါဦးဗျာ။ ဒီပြဿနာတော့ ဒီလိုဖြစ်နေပြန်ပြီ' ဟု လာရောက် အကူအညီတောင်း အကြံဉာဏ်တောင်းခံတတ်ကြလေသည်။

ထိုအချိန်မျိုးတွင် အဖေသည် လေးလေးနက်နက်စဉ်းစားပြီး အကြံဉာဏ်ကောင်းများကိုပေးတတ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း လူမှုရေးလုပ်ငန်းဖြစ်သည့်လမ်းပြင်ခြင်း၊ အရပ်၏ သာမူနာမူကိစ္စများတွင်လည်း တစ်နိုင်ဦးဆောင်လုပ်ကိုင်တတ်ပြန်သည်။ လမ်းပျက်နေလျှင် မည်သူလာလာ၊မလာလာ သူတစ်ဦးတည်း ပေါက်တူးတစ်လက်၊ မြေသယ်ခြင်းတစ်လုံးဖြင့် မြေပေါက်လိုက်၊ မြေဖို့လိုက်၊ မောသည့်အခါနားလိုက် တစ်နေ့တာ သူသတ်မှတ်ထားသည့် အချိန်စေ့လျှင် အိမ်ပြန်လာနားလိုက်၊ နောက်နေ့ပြန်လုပ်လိုက်နှင့်လုပ်နေတတ်သည်။ ဝိုင်းကူသည့်လူများလာလျှင်တော့ ကျွန်တော်တို့ကိုပြောသည်။

"ဟော့- လမ်းဝိုင်းလုပ်တဲ့လူများလာသတွ။ မင်းတို့ဝိုင်းလုပ်ရုံနဲ့မပြီးဘူး။ လမ်းလာဝိုင်းလုပ်ကြတဲ့သူတွေအတွက် စားစရာတစ်ခုခုစီမံပေးလိုက်ကြကွ။ ငါ့မှာ ပိုက်ဆံနည်းနည်းရှိတယ် ယူသုံးလိုက်ကြ။ ဆန်ပြုတ်ဖြစ်ဖြစ်၊ သာဂူပြုတ်ဖြစ်ဖြစ်၊ ကောက်ညှင်းပေါင်းဖြစ်ဖြစ်ပေါ့ကွာ။ အဲဒါဆို ဝိုင်းလုပ်တဲ့သူတွေလည်း ဆာလာရင် အမောပြေနားရင်းဗိုက်လည်းဖြည့်လို့ရတာပေါ့"

ဟု ဆိုစမြဲပင်။

ကျွန်တော်တို့ကလည်း အဖေ့ထံမှ ပိုက်ဆံမယူဘဲ အဖေ့ဆန္ဒကိုဖြည့်ပေးမြဲ ဖြစ်သည်။

အဖေ၏ နောက်ထပ်အကျင့်စရိုက်တစ်ခုမှာ သူလုပ်သည့် ကောင်းသည့်ကိစ္စများကို ဂုဏ်ယူဝင့်ကြွားစကားမဆိုတတ်ခြင်းဖြစ်သည်။ နောက်နောက်ပြောင်ပြောင်နေတတ်သော်လည်း ညဉ့်ပိုင်းတွင် ဘုရားဝတ်တက်မည်ပြီးလျှင် တစ်နိုင်တရားအားထုတ်သည်။ ဒါက အဖေအမြဲတမ်းလုပ်နေကျဖြစ်သော်လည်း ဝိပဿနာအကြောင်းမပြော၊ပဋိစ္စသမုပ္ပာဒ်အကြောင်းမပြော။ သူများပြောနေလျှင်လည်း နားထောင်နေတတ်သည်။ မရှင်းလျှင်မေးမည်။

များသောအားဖြင့် တစ်နေ့တာ လှုပ်ရှားမှုမှာ မိုးလင်းလျှင် စောစောထ တံမြက်စည်းလှည်း၊ အမှိုက်များမီးရှို့ပြီးလျှင် သားသမီးများပြင်ဆင်ပေးသည့် လက်ဖက်ရည်နှင့် မုန့် (သို့) လက်ဖက်ရည်နှင့် ထမင်းကြော်ကိုစားမည်။ ထို့နောက် ခြံထဲဆင်းကာ ပေါက်တူးတစ်လက်နှင့် အပင်စိုက်၊ အပင်ပြုပြင်ခြင်းများလုပ်မည်။ မောလာလျှင် အိမ်ပေါ်တက်၍ ရေနွေးသောက်ကာနားမည်။ ကုလားထိုင်ပေါ်ထိုင်ပြီး တွေ့ရာစာအုပ်တစ်အုပ်ကို ကောက်ယူဖတ်ရှုမည်။ အမောပြေလျှင် ခြံထဲဆင်းပြီး ဆက်အလုပ်လုပ်မည်။ ရေမိုးချိုး၊ ထမင်းစားပြီးလျှင် မိသားစုများကို စကားစမြည်ပြောဆိုဆုံးမမည်။ ပြီးလျှင် ဘုရားဝတ်တက် ပြီးအိပ်မည်။ ဤသည်ကား အဖေ၏တစ်နေ့တာလှုပ်ရှားဘဝဖြစ်ပေတော့ သည်။

(၂)

ဤသို့လည်ပတ်နေသော အဖေ့ဘဝသည် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ယိုင်နဲ့လာပေသည်။ ပထမက အဖေသည် ဝမ်းပျက်လာပေသည်။ သာမန်ဝမ်းပျက်သည်ဟုသာယူဆပြီး တိုင်းရင်း

ဆေးလေးသောက်လိုက်၊ သက်သာသွားလိုက်၊ ပြန်ဖြစ်လိုက်နှင့် တဖြည်းဖြည်း ပိန်လှီဖျော့ဖျော့လာသောကြောင့် ဆေးခန်းသို့ သွားရောက်ပြသသည်။ အူအတွင်း စုတ်ယူနိုင်မှုအားနည်းသောကြောင့်ဖြစ်သည်ဟုဆိုသောကြောင့် သာမန်ပင်ထင်မြင်ခဲ့သော်လည်း ဆေးခန်းပြသည့်နေ့လယ်တွင်ပင် ဖျားလာသောကြောင့် ညနေပိုင်းဆေးခန်းတစ်ခေါက် သွားရပြန်လေသည်။

ဖျားလိုက်၊ ဝမ်းသွားလိုက်နှင့် (၁၅) ရက်ခန့်အကြာတွင် အသည်းကြီးနေကြောင်းနှင့် ညာဘက်နံစောင်းတွင် အကျိတ်လုံးတစ်ခုကိုစမ်းမိသောကြောင့် မော်လမြိုင်ရှိ အထူးကုဆေးခန်းသို့ ဆက်လက်ပြသရန် လမ်းညွှန်သည်။ ထိုအချိန်တွင် ဗဟုသုတအနည်းငယ်ရှိသော အဖေက မိဘမေတ္တာကို ဖော်ပြသည့် သူ့ခံစားချက်များကို ထုတ်ဖော်ပြောဆိုလေတော့သည်။

"အဖေ့ရောဂါက ကုလို့ပျောက်မယ့်ရောဂါတော့ဖြစ်ဟန်မတူဘူး။ မင်းတို့လည်း အခုနှစ်မှ ရော်ဘာခြံကို စပြီးတည်စကာလဆိုတော့ အကုန်အကျများလှသကွာ။ ရှေ့လျှောက်လည်းကုန်ဖို့ရှိသေးတယ်။ ဒီတော့ ကုလို့ပျောက်နိုင်မှာမဟုတ်တဲ့ အဖေ့ရောဂါကိုကုပြီး ပိုက်ဆံမဖြုန်းကြပါနဲ့တော့လားကွာ"

ကျွန်တော် ရင်နင့်သွားသည်။ အဖေတစ်ယောက်လုံး ရောဂါဖြစ်သည်ကို ကျွန်တော်တို့ကိုယ်ကျိုးစီးပွားကို ထိခိုက်မည်စိုးသောကြောင့် အဖေအား ရောဂါကုမပေးဘဲ လျစ်လျူရှုရမည်ဆိုလျှင် ကျွန်တော်တို့သည် သားသမီးကောင်းပီသမည်မဟုတ်တော့သကဲ့သို့။ တစ်သက်လုံးလည်း ထိုအဖြစ်ကိုစဉ်းစားမိလျှင် စိတ်ဆင်းရဲနေရပေလိမ့်မည်။ ထို့ပြင် ထိုကိစ္စအတွက်လည်း ကျွန်တော်တို့တစ်သက်လုံး စိတ်သန့်နေမည်မဟုတ်တော့ပါ။

ထို့ကြောင့် အဖေစိတ်လက်ပေါ့ပါးစေရန် အဖေ့လိုပင် အရွှန်းဖောက်၍ စကားဆိုရလေသည်။ မျက်နှာကိုလည်း ဘာမှမဖြစ်သည့်ဟန်ဆောင်ထားရလေသည်။

"ဟာ-အဖေကလည်း ကျွန်တော်တို့မှာ တစ်လရှာထားတဲ့ပိုက်ဆံ တစ်လတည်း ကုန်အောင်မသုံးနိုင်လို့ သိမ်းတောင်ထားရတယ်။ အဲလိုသိမ်းဆည်းထားရတာကိုက ဝန်ထုပ်ဝန်ပိုးတစ်ခုလိုဖြစ်နေလို့ ဘယ်နေရာမှာသုံးရပါ့မလဲလို့ အမြဲတမ်းစဉ်းစားနေရတာ အဖေရ။ အဖေ့ကို ဆေးကုပေးလိုက်လို့ကော ဘယ်လောက်ကုန်ကျမှာမို့လဲ။ သိမ်းထားတဲ့ပိုက်ဆံရဲ့အစွန်းထွက်လောက်တောင် ကုန်ပါ့မလား။ စိုးရိမ်နေမိတာ စိတ်မပူစမ်းပါနဲ့ အဖေရာ အေးဆေးပါ"

ကျွန်တော့်စကားကြောင့် တဒင်္ဂတော့ အဖေစိတ်သက်သာရသွားသည်။ ပါးစပ်ကြီးအဖြဲသားနှင့်ရယ်မောနေသည်။ ပြီးတော့ ကျွန်တော့်ကိုပြန်စသည်။

"မင်းကွာ၊ ဟုတ်မှလည်းလုပ်စမ်းပါ။ အပြောကတော့ ငါ့ကိုတောင်ကျော်မယ့်အပြောမျိုးပဲ"

"ဟုတ်ပါတယ် အဖေရ"

"ဟုတ်ပါတယ်အဘိုးရယ်။ အဘိုးကျန်းမာရေးကအဓိကကျတာပါ။ ပိုက်ဆံက သိပ်အဓိကမှမဟုတ်တာ"

ကျွန်တော့်ဇနီးကပါ ကျွန်တော့်စကားကို ဝင်ရောက်ထောက်ခံပြောဆိုသောကြောင့် သူ့အား ဆက်လက်ဆေးကုသရန် အဖေက သဘောတူလိုက်လေသည်။ ထို့ကြောင့် မော်လမြိုင်ရှိ အထူးကုဆေးခန်းတစ်ခုတွင် ပထမဦးဆုံးသွားရောက် အကုသခံလေသည်။ ထိုဆေးခန်းတွင် ငယ်စဉ်ကပင် ကျွန်တော်ပြုစုမွေးမြူခဲ့လေသော ကျွန်တော့်အား သူ့ဖခင်ပမာသတ်မှတ်သည့် မွေးစားသားတပည့်တစ်ဦး အလုပ်လုပ်နေလေသည်။ သူ့မျက်နှာနှင့် သူ့အကူအညီကြောင့် ကျွန်တော့်မှာ ဆေးကုခစရိတ်သက်သက်သာသာနှင့် အဖေ့အား ဆေးကုသပေးနိုင်ခဲ့လေသည်။ သို့သော် ရောဂါအခြေအနေကို အတိမ်အနက်မခွဲခြားနိုင်သေးသောကြောင့် မော်လမြိုင်မှ သမားတော်များက ရန်ကုန်သို့တက်ရောက်၍ ကုသရန် လမ်းညွှန်လိုက်လေသည်။ ထိုအခါ အဖေက သူ့ရောဂါအခြေအနေကို လုံးဝစိတ်ပျက်သွားသည်လား၊ သူ့ကိုယ်သူ ယုံကြည်စိတ်များ လျော့ပါးသွားသည်လား ဝေခွဲမရဖြစ်သည်လားမသိရသည့် စကားများကို ပြောလေတော့သည်။

"အဖေ ခုပုံနဲ့ဆို ရထားတို့၊ ကားတို့ကို နာရီအကြာကြီးကြာအောင် ထိုင်စီးနိုင်လိမ့်မယ်မထင်ဘူး။ နောက်ပြီး ဆေးကုသမသွားခင်လည်း သံဃာတော်တွေကို ဆွမ်းတစ်ပိုင်းလောက်ကပ်ချင်သေးတယ်ကွာ။ ဖြစ်နိုင်ရင်တော့ ရန်ကုန်ထိတောင်သွားပြီး ဆေးမကုချင်တော့ဘူး။ အရပ်ဆေးကလေးတွေပဲ မှီဝဲနေချင်တော့တာပါပဲ"

"အဖေကလည်း မဟုတ်တာ။ ရထားတို့၊ ကားတို့ တာရှည်မစီးနိုင်တော့ကော ပြဿနာလား။ လေယာဉ်နဲ့သွားကြတာပေါ့။ ဆွမ်းကပ်ချင်တာလည်း နက်ဖြန်ပဲကပ်နိုင်အောင် ကျွန်တော်စီစဉ်ပေးပါ့မယ်"

"မင့်ဟာက ဟုတ်ပါ့မလားကွာ။ လေယာဉ်လက်မှတ်ဝယ်ဖို့က မင်းထင်သလောက်လွယ်ပါ့မလားကွ"

"အာ - ကျွန်တော်က အဖေ့သားပါ။ ခပ်ညံ့ညံ့ခပ်တုံးတုံးမှမဟုတ်တာဘဲ အဖေမယုံလို့လား"

ကျွန်တော်၏ စကားများကြောင့် တဒင်္ဂတော့ အဖေစိတ်သက်သာရာရသွားဟန်တူလေသည်။ အနည်းငယ်စိတ်ပေါ့ပါးသွားဟန်လည်းရှိလေသည်။ ထို့ကြောင့် ပြုံးပြုံးရွှင်ရွှင်ပြန်ဖြစ်လာသည်။

"မင့်ကွာ တော်တော် အပြောကောင်းတဲ့ကောင်ပဲ။ လေယာဉ်နဲ့ဆိုရင်တော့လည်း သွားရတာ မြန်ဆန်တော့ ခရီးသိပ်မပင်ပန်းဘူးပေါ့ မဟုတ်လား။ ဒါပေမယ့် မင်းလေယာဉ်လက်မှတ်ပဲ ရပါစေဦးတော့"

"မပူနဲ့လေ၊ နက်ဖြန် ကျွန်တော် မော်လမြိုင်မှာ လေယာဉ်လက်မှတ်သွားဝယ်လိုက်ပါ့မယ်"

(၃)

အဖေ့အား လွယ်လွယ်ကလေး ကတိပေးလိုက်ရသော်လည်း ကျွန်တော့် ရင်ထဲတွင် တထိတ်ထိတ်ရယ်သာ။ ထို အချိန်က လေကြောင်းလိုင်းကလည်း တစ်ခုတည်းသာ ပြေးဆွဲနေသေးသည်။ နောက်ပြီး သူတို့၏ လေယာဉ်လက်မှတ် အရောင်းစနစ်ကလည်း လက်သင့်ရာသို့ သာ ရောင်းချပေးနေသည့်စနစ် ဖြစ် သည်။ သို့သော်လည်း ကျွန်တော် အဆုံးစွန်အထိ တွေးတောထားသည်။ လေယာဉ်ရုံးတွင် ကျွန်တော့်အခြေအနေ အဖြစ်အပျက်ကို ကောင်းစွာ ရှင်း တောင်းပန်ပြီး မေတ္တာရပ်ခံကြည့်မည်။ မရလျှင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် သို့ သွားရောက်၍ တိုင်းမှူးထံသို့ တင် အကူအညီတောင်းခံကြည့်မည်။ ဒါ လေယာဉ်လက်မှတ်ဝယ်လို့ရကိုရမည် သည်ဟု ကျွန်တော်ယုံကြည်မိသည်။

နောက်နေ့ မော်လမြိုင်သို့သွား သည့်အခါ တပည့်ကလေးနှင့်လည်း ချိန်းထားသောကြောင့် သူ့ဆီအရင် လည်း သူနှင့်စကားပြောပြီးသည့်အခါ လေယာဉ်လက်မှတ် မည်သို့ဝယ်ရမည်

ကို သူ့အားမေးမြန်းစုံစမ်းကြည့်သည်။ ကျွန်တော် စဉ်းစားထားသည်ကိုလည်း သူ့အားပြောပြလိုက်သည်။ ထိုအခါ သူက ကျွန်တော့်ကိုပြန်ပြောလေသည်။

"ဆရာ၊ လေယာဉ်လက်မှတ် ဘယ်နှစောင်လိုချင်လို့လဲ"

"ရရင်တော့ လေယာဉ်လက်မှတ် (၃) စောင် လိုချင်တယ်ကွာ။ ဆေးကုသွားဖို့က အဘိုးရယ်၊ ဆရာရယ်၊ ဆရာ့ဝမ်းကွဲညီမရယ်သွားကြမှာလေ"

"ရပါတယ်ဆရာ။ နာမည်နဲ့ မှတ်ပုံတင်နံပါတ်သာပေးခဲ့ပါ။ကျွန်တော်တို့ဆေးခန်းက ဆရာကိုပြောပြရင် ရပါတယ်"

"ဟုတ်ရဲ့လား ငါ့ကောင်ရယ်။ ကြည့်လည်းလုပ်စမ်းပါဦး"

"ဟုတ်ပါတယ် ဆရာရဲ့။ စိတ်အေးအေးထားစမ်းပါ၊ ဖြစ်ပါတယ်"

"အေး -ဒါဆို လေယာဉ်လက်မှတ်အတွက် ဆရာ ပိုက်ဆံကြိုပေးထားခဲ့မယ်"

"ပိုက်ဆံကအရေးမကြီးဘူး ဆရာ။ အရေးကြီးတာ လေယာဉ်လက်မှတ်ဝယ်မယ့်သူအမည်နဲ့ နိုင်ငံသားကတ်အမှတ်က ပိုအရေးကြီးတာပါ။ အဲဒါ အမြန်ဆုံးလိုဖြစ်မှာ"

သူ့ကို ကျွန်တော်သေသေချာချာ အကဲခတ်ကြည့်သည်။ မယုံ၍တော့ မဟုတ်။ အကယ်၍ ချွတ်ချော်ပြီး လက်မှတ်မရခဲ့ပါလျှင် ကျွန်တော့်အပေါ် အဖေ၏ ယုံကြည်အားကိုးစိတ်များ လျော့နည်းသွားစေချင်ပါ။

ထို့ကြောင့် သူ့အားထပ်မံ၍ မေးမြန်းကြည့်ပြန်လေသည်။

"လေယာဉ်လက်မှတ်ခအရင်ဆုံးပေးထားခဲ့ချင်တယ်သား။ နာမည်ကပေးလိုက်လို့ရနိုင်ပေမယ့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ကိုတော့ ဆရာနေ့လယ် (၁) နာရီတိတိအချိန်မှာ သားဆီဖုန်းဆက်လိုက်ပါ့မယ်။ ဒါဆိုဖြစ်နိုင်လား"

"ရတယ်လေ ဆရာ။ လေယာဉ်လက်မှတ်ခက ဘယ်လောက်ဆိုတာ ကျွန်တော်လည်း အတိအကျမသိလို့ပါ မေးကြည့်ပြီး လေယာဉ်လက်မှတ်ခက ကျွန်တော်စိုက်ထားရင်လည်းရပါတယ် ဆရာ"

"သေချာရဲ့လား သားရယ်။ သားကို မယုံလို့တော့မဟုတ်ဘူးနော်။ ဆရာ ဘာကြောင့်အများယွင်းဖြစ်မှာကို စိုးရိမ်မိလို့ ပြောတာပါကွယ်"

"ဖြစ်ပါတယ်ဆရာရယ် စိတ်ချပါ။ နေ့လယ် (၁) တစ်နာရီလောက်ကျရင်သာ ကျွန်တော့်ကို လက်မှတ်ဝယ်မယ့်သူအမည်နဲ့ နိုင်ငံသားစိစစ်ရေးကတ်အမှတ်ကို မရိုမသေဖုန်းနဲ့အကြောင်းပြန်ပေးပါနော်"

"အေးအေး-ကျေးဇူးပါ သားရယ်။ ဒါဆိုဆရာပြန်တော့မယ်နော်။ နေ့လယ် (၁) နာရီကျရင် ဖုန်းပြန်ဆက်လိုက်ပါ့မယ်ကွာ။ ကိုင်း - ဒါဆို ဆရာပြန်တော့မယ်နော်"

ထို့နောက် တပည့်ကိုနှုတ်ဆက်၍ ပြန်ခဲ့လေသည်။အိမ်သို့ပြန်ရောက်သော် အကျိုးအကြောင်းပြောပြပြီး တယ်လီဖုန်းရုံးသို့ပြေးကာဖုန်းဆက်သည်။ ထို့နောက် အိမ်ပြန်လာကာ နံနက်စာကို ဒရောသောပါးစားပြီး အဖေ့ဆန္ဒကိုဖြည့်ဆည်းရန်အတွက် သံဃာဆွမ်းကပ်မည့်ကိစ္စအတွက် လုံးပန်းရပြန်သည်။

ဆွမ်းကျွေးအလှူပြီးသွားသည့်အခါ အဖေ၏စိတ်မှာလည်း ရောဂါအကြောင်းကို မေ့လျော့သွားလေသည်။ စိတ်လည်း အတန်အသင့် ပေါ့ပါးသွားဟန်တူပြီး အနည်းငယ် ရွှင်ရွှင်ပျပျဖြစ်လာသည်။ ၂၀၀၅ ခုနှစ်၏ ဇန်နဝါရီလကုန်ခါနီး တစ်ပတ်အလိုတွင် ရန်ကုန်သို့ဆေးကုရန်ထွက်ခဲ့လေသည်။ လမ်းခရီးတွင်တွေ့ကြုံရသည့် အခက်အခဲများကို ကျွန်တော်က ကိုယ့်နည်းကိုယ့်ဟန်နှင့် ဖြေရှင်းသွားသည်။ အဖော်အဖြစ် ဝမ်းကွဲညီမဖြစ်သူ မမြင့်မြင့်စန်းလည်းပါသည်မို့ ကျွန်တော့်အတွက် သိပ်မကသီလှချေ။ ထို့ကြောင့် အခက်အခဲအတားအဆီးတစ်ခုဖြစ်လာတိုင်း ကျွန်တော်က အဖေ့အား သူ့လက်ထဲအပ်ထားခဲ့ပြီး ကိုယ့်ဟာကို အခက်အခဲကိုဖြေရှင်းခဲ့သည်။ထို့ကြောင့် အဖေ့အနေနှင့်လည်းအခက်အခဲများကိုဖြစ်ခဲ့မှန်းပင်မသိလိုက်ရချေ။

ရန်ကုန်သို့ ရောက်ရှိသည့်အခါတွင် ကျွန်တော်တို့၏ ဝမ်းကွဲညီအစ်ကိုမောင်နှမများဖြစ်သော ကိုဝင်းကြိုင်နှင့် ညီမဖြစ်သူ မမြင့်မြင့်စိန်းတို့နေအိမ်တွင် တည်းခိုပြီး ညွှန်ကြားလိုက်သည့် SSC ဆေးခန်းတွင် ပြသရန် စီစဉ်ထားသော်လည်း ရောက်သည့်နေ့တွင်ပင် ရောဂါဖောက်လာသောကြောင့် စံရိပ်ငြိမ်မှ ဒေါက်တာချစ်ထွန်း (အင်းစိန်ဆေးရုံအုပ်ကြီး) ထံသို့ သွားရောက်ပြသရသည်။ ဆရာဝန်ကြီးက ရောဂါစမ်းသပ်စစ်ဆေးပြီး ချက်ချင်းပင် ဆေးစာရေးကာ အင်းစိန်ဆေးရုံသို့ တက်ရောက်ကုသရန်ပြောသည်။ ထို့ကြောင့် အင်းစိန်ဆေးရုံသို့ ရောက်ခဲ့ပြီး လိုအပ်သည့် ဆေးဝါးကုသမှုခံယူရလေတော့သည်။

ဆေးရုံရောက်ပြီး အကြီးမားဆုံးအခက်အခဲမှာ သွေးကိစ္စဖြစ်ချေတော့သည်။ အဖေ့အား သွေး(၅)ပုလင်းသွင်းရမည်ဆို၏။ လောလောဆယ် သွေး (၂) ပုလင်းကို ဆေးရုံမှ ခဏချေးပြီး သွင်းပေးထားသော်လည်း မကြာခဏ ကျွန်တော့်အားခေါ်၍ပြောလေသည်။

"ရှင်တို့လူနာက သွေး (၅) ပုလင်းတောင်သွင်းရမှာနော်။ အခု ဆေးရုံက (၂) ပုလင်းသွင်းပေးထားတယ်။ အဲဒီ (၂) ပုလင်းကုန်တဲ့အထိ ရှင်တို့ဆီကသွေးလှူတဲ့လူမလာရင် ထပ်မပေးတော့ဘူး"

"ဟုတ်ကဲ့၊ ကျွန်တော်ပြောထားပါတယ်ခင်ဗျာ။ ခဏနေရင် သွေးလှူမယ့်သူတွေ လာပါလိမ့်မယ်ခင်ဗျာ"

သို့သော်လည်း ကျွန်တော့်အား (၁၅) မိနစ် တစ်ကြိမ်ခန့်မျှ ခေါ်ယူကာ နားပူနေသောကြောင့် အစောပိုင်းက သူတို့၏ အခက်အခဲများကြောင့်ပြောသည်ဟုသဘောထားနိုင်မိခဲ့သော်လည်း ကြာလာသည့်အခါ ကျွန်တော် စိတ်တိုလာမိသည်။ ထို့ကြောင့် နည်းနည်းတော့ပြန်၍ပြောလိုက်လေသည်။

"ဆရာမ၊ ကျွန်တော်တို့ကနယ်က တက်လာတာပါ။ ခုလိုအပ်နေတဲ့သွေးအတွက်လည်း သွေးလှူရှင်တွေကို ကျွန်တော့်အမျိုးတွေ စည်းရုံးပြီး ရှာဖွေနေပါတယ်ခင်ဗျာ"

"အဲ့သလိုပဲ ရှာတယ်ရှာတယ်နဲ့ လိုအပ်တဲ့သွေးလည်းရပြီးရောအေးသွားကြရော"

"မဟုတ်သေးဘူး ဆရာမ။ ကျွန်တော်တို့ တောသူတောင်သားတွေဟာ မလိမ်တတ်ပါဘူးခင်ဗျာ။ ဒါ ကျွန်တော့်နယ်မဟုတ်လို့ပါ။ ကျွန်တော့်နယ်မှာဆိုရင် ဆရာမ အခုလိုတဲ့သွေး (၅)ပုလင်းမဟုတ်ဘူး။ ကျွန်တော် ပုလင်း (၂၀) လောက် တစ်ပြိုင်နက်ရရစေမယ်လို့ အာမခံရဲပါတယ်။ အခုလည်း ကျွန်တော် ပြောနိုင်တာက အကယ်၍ အခုသွင်းထားတဲ့သွေးအတွက် တန်ရာတန်ဖိုးပေးရမယ်ဆိုလည်း ခုပဲငွေပေးချေပါ့မယ် ခင်ဗျာ"

ထိုအခါတွင် ကျွန်တော့်အား သနားသွားသည်လား (သို့) အမှန်ကိုပြောသည်ဟု ယုံကြည်သွားသည်လားတော့မပြောတတ်။ ကောင်းမွန်စွာပင် ပြန်လည်ပြောဆိုသည်။

"သွေးအတွက်က ပိုက်ဆံပေးဖို့ မလိုပါဘူး။ ပေးဖို့လိုတာက သွေးပါပဲ။ အကယ်၍ ရှင်ပြောထားတဲ့လူတွေမလာရင် မနက်ကျရင် ရွာမပဲရိယတ္တိစာသင်တိုက်မှာသွားပြီးတော့သွေးအလှူခံပါ။ ပြေလည်သွားပါလိမ့်မယ်"

"ဟုတ်ကဲ့ - ကျေးဇူးပါ ဆရာမ။ အကယ်၍ ဒီည သွေးလှူမယ့်လူတွေ မလာခဲ့ရင် ကျွန်တော် ဆရာမပြောသလို အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်ခင်ဗျာ"

ဆေးရုံ၏ သွေးလက်ခံဌာနမှ ပြန်လာပြီး ခဏအကြာတွင် အစ်ကိုဖြစ်သူက သူ့တပည့်တပန်းများ၊ သူ့မိတ်ဆွေများ စုစုပေါင်း(၁၀)ယောက်ခန့်ခေါ်လာပြီး သွေးလာလှူသည်။ အဖေ့အတွက် လိုအပ်သော သွေး (၅) ပုလင်းအပြင် ဆေးရုံတွင် အရေးပေါ် သုံးစွဲရန်အတွက်ပါ သူတို့သွေးလှူသွားခဲ့သောကြောင့် အားလုံးကို ကျေးဇူးတင်ရပါသည်။

(၄)

ဆေးရုံတွင် လိုအပ်သော ဆေးဝါးကုသမှုများခံယူပြီး ဆရာကြီးဦးချစ်ထွန်း ညွှန်ကြားသည့်အတိုင်းလည်း အစာအိမ်မှန်ပြောင်းကြည့်ခြင်းနှင့် အခြားလိုအပ်သည့် စမ်းသပ်မှုများကို ပြုလုပ်ပြီးသောအခါ ဆရာကြီးက ကျွန်တော့်ကို သူ့အခန်းသို့လာရန်ခေါ်သည်။

"ခင်ဗျားတို့ကဘယ်နယ်ကလဲဗျ"

"ကျွန်တော်တို့ မွန်ပြည်နယ် မော်လမြိုင်တစ်ဖက်ကမ်း ချောင်းဆုံမြို့နယ်ကပါ ဆရာကြီး"

"ဒါဆို ဘီလူးကျွန်းပေါ့ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့နယ်က ဆရာကြီးသိသလားခင်ဗျာ"

"သိတာပေါ့ဗျာ၊ ကျွန်တော် စစ်ဆရာဝန်ဘဝတုန်းက ရောက်လည်း ရောက်ဖူးပါတယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ ဆရာကြီး ကျွန်တော့်ကိုခေါ်တာ အဖေနဲ့ပတ်သက်လို့ တစ်ခုခုပြောဖို့လို့ထင်ပါတယ်"

"အေးဗျာ-ဟုတ်ပါတယ်၊ ခင်ဗျား အဖေရဲ့ရောဂါက ခင်ဗျားလည်းရိပ်မိနေမှာပါ။ အူမကြီးကင်ဆာပါ။ ကင်ဆာဆဲလ်တွေက အူမကြီးတွင်မကဘဲ အသည်းထိပါ အမြစ်လိုက်တွယ်နေပြီမို့ အခြေအနေကတော့ သိပ်မကောင်းလှဘူးဗျာ။ ခင်ဗျားအစောပိုင်းကပြောသလို မော်လမြိုင်မှာ ဆာဂျင်နဲ့ခွဲစိတ်မယ်ဆိုတဲ့ကိစ္စကိုလည်း ဖျက်လိုက်ဖို့အကြံပေးချင်တယ်။ ဗိုက်ဖွင့်လိုက်တာနဲ့ ပွဲကသိမ်းသွားမှာပဲဗျာ။ နောက်ပြီး ခုခေတ်ပေါ်ကင်ဆာရောဂါကုထုံးတွေနဲ့ကုသဖို့ဆိုတာလည်း အသက်အရွယ်ရယ်၊ ရောဂါခံစားရတဲ့ကာလရယ် ဒါတွေကိုထည့်တွက်ရင် အဲဒီဆေးဝါးတွေရဲ့ဒဏ်ကို ခံနိုင်ဖို့ မလွယ်တော့ဘူးဗျာ။ ဒီတော့ သူ့ကိုရွာကို ပြန်ခေါ်သွား၊ စိတ်ချမ်းသာအောင်ထား၊ ပြီးတော့ကျွန်တော်တို့ပေးလိုက်မယ့်ဆေးနဲ့ အစာကိုချင့်ချိန်ကျွေးသွားပေါ့ဗျာ"

ရုတ်တရက်ကျွန်တော်ငြိမ်ကျသွားမိသည်။ ဘာဆက်ပြောရမှန်းပင် မသိလောက်အောင်ဖြစ်သည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် အားတင်းပြီး ဆင်ခြင်လိုက်ရသည်။ ထို့နောက်မှ အရဲစွန့်၍ မေးလိုက်သည်။

"ကျွန်တော် အဖေ့ကို ရွာပြန်ခေါ်သွားရင် လမ်းခရီးရဲ့ဖိအားဒဏ်တွေကို အဖေခံနိုင်ပါ့မလား ဆရာကြီး ခင်ဗျာ"

"ခင်ဗျားအဖေကို ဆေးရုံကဆင်းပြီးရင် ဘယ်လိုအစီအစဉ်နဲ့ခေါ်သွားမှာလဲဗျ"

"ကျွန်တော် ကားတစ်စီးငှားပြီး သက်သောင့်သက်သာနဲ့ သွားလာနိုင်အောင် စဉ်းစားထားပါတယ် ခင်ဗျာ"

"ကောင်းပါတယ်။ လမ်းခရီးနဲ့ ဖိအားဒဏ်ကို ကောင်းကောင်းခံနိုင်အောင် ကျွန်တော် ဆေးကုထားပေးပါတယ်ဗျာ။ နောက်ပြီး ခင်ဗျားကလည်း ကားတစ်စီးလုံးငှားပြီး ပြန်ခေါ်မယ်ဆိုတော့ လမ်းခရီးဖိအားဒဏ်ကိုခံနိုင်သွားမှာပါ။ စိတ်ချလက်ချခေါ်သွားပါ။ ရွာရောက်ရင် စိတ်ချမ်းသာအောင်ထားပါဗျာ"

"ဟုတ်ကဲ့ ကျေးဇူးပါ ဆရာကြီး ခင်ဗျာ၊ ကျွန်တော့်ကိုခွင့်ပြုပါဦးခင်ဗျာ။ ဆရာကြီးအနေနဲ့ အခုလို ကျွန်တော့်အဖေအတွက် ကောင်းကောင်းမွန်မွန် ကုသပေးတဲ့ ကျေးဇူးတွေကို ကျွန်တော့်တစ်သက်မေ့နိုင်မှာ မဟုတ်တော့ပါဘူး ခင်ဗျာ"

ကျွန်တော် ဆရာကြီးဦးချစ်ထွန်းကို နှုတ်ဆက်ပြီး အဖေရှိရာဆီသို့ ပူပန်လေးလံသော စိတ်ပျက်ဝမ်းနည်းသော အရိပ်အဆင်မျှမထင်စေဘဲ ဆေးဆိုးပန်းရိုက်မျက်နှာမျိုးဖြင့် ပြန်ခဲ့လေတော့သည်။ အဖေ့အခန်းမရောက်မီပင် အဖေ့အား အကောင်းဆုံးနှစ်သိမ့်နိုင်မည့် စကားလုံးများကို စဉ်းစားခဲ့သည်။ ထိုစကားလုံးများသည် ယုတ္တိလည်းတန်ပြီး အဖေလည်း လက်ခံနိုင်သော စကားလုံးများဖြစ်ရန်လည်း လိုသည်မဟုတ်လား။ ထို့ကြောင့် အဖေ့အခန်းရောက်သည်နှင့် ဝမ်းသာသောလေးနှင့် စကားဆိုရသည်။

"အဖေရေ၊ ကျွန်တော်တို့ ဒီနေ့ ဆေးရုံကဆင်းလို့ရပြီတဲ့။ ခဏနေ မြင့်စန်း လာပြီး ထမင်းပို့ရင် လိုအပ်တဲ့ ဆေးဝါးတွေဝယ်ပြီး မြင့်စန်းတို့အိမ်ကို ပြန်ကြတာပေါ့။ နောက်ပြီး ဆရာဝန်က ပြောတယ်။ ရောဂါက မစိုးရိမ်ရပါဘူးတဲ့။ အူမကြီးမှာ အနာဖြစ်ချင်လို့ အလုံးဖြစ်လာတာ။ စောသေးတော့ ခွဲစိတ်ဖို့တောင် မလိုသေးဘူးတဲ့။ ဆေးရုံကပေးလိုက်တဲ့ ဆေးဝါးတွေကို မှန်မှန်သောက်ဖို့နဲ့အစားအသောက်ချင့်ချိန်စားသောက်ဖို့ပဲ လိုအပ်ပါတယ်တဲ့"

ကျွန်တော့်စကားကြောင့် အဖေ ကိုယ်တိုင်လည်း စိတ်လက်ပေါ့ပါးသွားဟန်တူလေသည်။ ဆေးရုံကဆင်းရတော့မည်ဟူသောကြောင့်လည်းကောင်း ဘာမှမဖြစ်ဟူသောကြောင့်လည်းကောင်း စိတ်ချမ်းသာဝမ်းမြောက်သွားဟန်တူချေသည်။ ကျွန်တော့်ရင်ထဲတွင်ကား မကောင်းလှချေ။ ဝေဒနာမျိုးစုံ တစ်လှည့်စီနှိပ်စက်လျက်ရှိနေတော့ ခဏအကြာတွင် ကျွန်တော့်ဝမ်းကွဲညီမ ရောက်လာသောကြောင့် ဆေးရုံဆင်းရတော့မည်ဖြစ်ကြောင်း ပြောပြီး အဖေ့အနားတွင် ခဏနေစေ ကျွန်တော်ကားလိုအပ်သည့်ဆေးဝါးများ ဝယ်ယူခြင်း၊ ဆေးရုံဆင်းစာအုပ်လုပ်ခြင်း၊ အခပေးအခန်းတွက်ကျသင့်ငွေများပေးချေခြင်း စသည်တို့ကို ဆောင်ရွက်ပြီး ဆေးရုံမှဆင်းခဲ့လေတော့သည်။

(၅)

အိမ်သို့ ပြန်ရောက်သည့်အခါ အဖေ့အလစ်တွင် ညီလတ်အား ခြံထဲသို့ ဆင်းလာရန် အရိပ်အယောင်ပြ၍ ကျွန်တော် ခြံထဲသို့ ဆင်းလာခဲ့သည်။ ဆေးရုံဆင်းမှတ်တမ်းကိုပါ ယူဆောင်လာခဲ့ပြီး အိမ်ကလှမ်းမမြင်နိုင်သော နေရာတွင် နေရာယူကာ ညီလတ်အား စောင့်နေမိလေသည်။ သူရောက်လာသည့်အခါ ဆေးရုံမှတ်တမ်းကို သူ့အား ဖတ်စေသည်။ ဖတ်ပြီးသည့်အခါတွင် တည်ငြိမ်သောမျက်နှာနှင့် သက်ပြင်း... သည်။ ထို့နောက် စကားတချို့တိုး... သည်။

"အင်း - အဖေ့ရဲ့သက်တမ်း... တစ်ပတ်လောက်ပဲ ခံတော့မယ်ဆို...

လား"

"အေး - ငါလည်း ဒါကိုပဲပြောချင်နေတာ။ နောက်ပြီး အဖေ့ရောဂါဟာ တင်ဆာဆိုတာ ဘယ်သူ့ကိုမှမပြောနဲ့။ လူဆိုတာ တစ်ခါတလေ စေတနာစကားနဲ့ မျက်နှာအမူအရာတို့က သက်ဆိုင်ရာ တာယကံရှင်တွေအတွက် အားမတတ်ဘဲ အားပျက်စေတဲ့အခြေအနေမျိုးကို ဖြစ်စေတတ်တယ်။ ဒီတော့ တို့တွေ သတင်းလာမေးသူတိုင်းကိုလည်း ဘာမှ ရောဂါကြီးကြီးကျယ်ကျယ်မဖြစ်သလို ပြောထားလိုက်မယ်။ နောက်ပြီး ဒီအချိန်တာ သူ့ရဲ့နောက်ဆုံးအချိန်ဖြစ်တာကြောင့် မင်းနဲ့ ငါ နေ့ည တစ်လှည့်စီ တာဝန်ယူကြမယ်။ ငါစဉ်းစားမိတာ တစ်ခုက ငါ့မိန်းမနဲ့ ကလေးတွေ အဖေ့ကိုချစ်တော့ ချစ်ကြပါတယ်။ ဒါပေမယ့် အဖေဟာ သူတို့အဖေမဟုတ်တဲ့ အတွက် အညစ်အကြေးသိမ်းရတဲ့အခါမျိုးမှာ သူတို့ စိတ်ရှည်ချင်မှစိတ်ရှည်ကြမယ်။ ဒီလိုအချိန်မျိုးမှာ တစ်ယောက်နဲ့ တစ်ယောက် စိတ်ထဲငြိုငြင်သွားကြရင် သံသရာထိ ကြွေးတွေပါသွားနိုင်တယ်။ ဒီတော့ အဖေ့ကိုအနားက စောင့်ရှောက်ပေးဖို့နဲ့ အဖေ့အညစ်အကြေးသုတ်သင်ဖို့ ကိစ္စတွေကို တို့တွေတာဝန်ယူကြမယ် ဟုတ်လား"

"အေး-ဒါပဲကောင်းပါတယ်ကွာ။ နောက်ပြီး မင်းက နေ့ပိုင်းမှာ ရုံးအလုပ်တွေရှိတော့ နေ့ပိုင်းတာဝန်ကိုငါယူမယ်။ ညပိုင်းတာဝန်ကိုမင်းယူ။ ဒါဆိုဖြစ်နိုင်မလား"

"ဖြစ်တယ်လေ၊ ဒါဆို မင်းအိမ်ပေါ်ကိုအရင်တက်နှင့်။ အဖေ့ကိုစကားပြောနေချေ။ သူငါ့ကိုမေးရင် မင်းအဆင်ပြေသလိုသာ ကြည့်ဖြေထားပေတော့။ ခဏနေမှ ငါအိမ်ပေါ်ကိုတက်လာတော့မယ်"

ထို့နောက် ခဏအကြာတွင်မှ ကျွန်တော် အိမ်ပေါ်သို့ ပြန်တက်လာသည်။ အိမ်ပေါ်သို့လာရောက်၍ လူနာသတင်းမေးကြသည့် ရပ်ဆွေရပ်မျိုးများ၊ ဝမ်းကွဲအမျိုးအဆွေများတို့အား ဘာမှမဖြစ်ဟန် ရန်ကုန်အတွေ့အကြုံများကို ဟာသနှော၍ ပြောပြနေလေသည်။ နားထောင်နေသူများ ရယ်မောနေကြသလို အဖေသည်ပင် ရောဂါအား မေ့ပျောက်၍ ပြုံးနေလေသည်။

ပြုံးနေသော အဖေ့ကိုမြင်လိုက်ရသော် ရင်ထဲတွင်နင့်၍ ဝမ်းနည်းလာမိသော်လည်း ဖြစ်လာသည့်ဝေဒနာများကို အတတ်နိုင်ဆုံးမျိုသိပ်၍ဟန်မပျက်သာနေလိုက်ရသော်လည်း ရင်တစ်ခုလုံးကား ဝေဒနာမျိုးစုံကြောင့် မွန်းကျပ်၍နေတော့သည်။ ရွာပြန်ရောက်သည့်နေ့မှစ၍ သူစားချင်သည့်အစားအသောက်များကို ရောဂါနှင့်သင့်တင့်အောင်စီမံ၍ နည်းနည်းချင်း ချော့မော့၍ ကျွေးလေသည်။ အစာအာဟာရနှင့် ဆေးဝါးများကအထောက်အကူပြုပေးသောကြောင့်ထင်သည်။ အဖေကား ရန်ကုန်မှ ဆေးကုပြီး ရွာသို့ပြန်ရောက်လာသည့် (၁၅) ရက်ခန့်အထိ အစားအသောက်အနည်းငယ်ဝင်လာပြီး နည်းနည်းလည်းလန်းဆန်းလာချေပြီ။

(၁၆) ရက်မြောက်နေ့တွင် အဖေ့၏ ငယ်သူငယ်ချင်းတစ်ယောက်က အဖေ့အား လာရောက်၍ စကားပြောနေလေသည်။ ထိုနေ့က ညှို့သည့်ကတော်ရုံနှင့်မပြန်သောကြောင့် ရေချိုးချိန် (၁) နာရီခန့်နောက်ကျသွားသည်။ ထိုရေချိုးချိန် (၁) နာရီနောက်ကျသွားခြင်းကြောင့် ထိုနေ့ညနေပိုင်းတွင် အဖေ အနည်းငယ်ဖျားလာသည်။

ထိုအဖျားကြောင့်ပင် အစားအသောက်များ စားချင်စိတ်ပျောက်သွားလေပြီး အရည်စာများကိုပင် အတော်ချော့မော့ကျွေးမှ အနည်းအကျဉ်းသာ စားသောက်နိုင်လေတော့၏။

(၆)

အစားအသောက်ပျက်သောကြောင့်လည်းကောင်း၊ ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများကြောင့်လည်းကောင်း၊ အားနည်းလာသောကြောင့် လည်းကောင်း သုံး၊လေးရက်ခန့်အတွင်း အဖေ့အခြေအနေမှာ သိသိသာသာ ကျဆင်းလာလေတော့သည်။

အဖေ မကွယ်လွန်မည့်ညက အစားအသောက်များလည်း တစ်ခုမျှ မစားသောကြောင့် ကျွန်တော်ချော့မော့ကာ တစ်ခုခုစားရန်ပြောကြည့်သည်။ မည်သည့်အစာမျှ မစားချင်ဟုဆိုပြီး ရင်ပူနေသည်ဟူ၍ပြောသောကြောင့် ကျွန်တော် အရည်တစ်ခုခုသောက်ရန် တိုက်တွန်းလိုက်မိသည်။

"ဝမ်းထဲမှာ အစာမရှိတော့ ရင်ပူတာပေါ့အဖေရယ်။ ဂလူးကို့စ်ဖျော်ရည် တစ်ခွက်သောက်လိုက်ပါလား။ ဒါဆို အဖေဆေးသောက်ရင်လည်း နည်းနည်းခံသာသွားတာပေါ့ မဟုတ်လား"

"အေး-နည်းနည်းလောက်တော့ ဖျော်လိုက်လေကွာ"

ထို့ကြောင့် ကျွန်တော်ဝမ်းသာအားရပင် ဂလူးကို့စ်မှုန့်ကို ရေကျက်အေးနှင့် လက်ဖက်ရည်ပန်းကန်တစ်လုံးစာ ဖျော်ပြီး အဖေ့ကို ဇွန်းနှင့် နည်းနည်းချင်းတိုက်လိုက်မိသည်။ ဂလူးကို့စ်ရည်ကုန်သွားသည့်အခါ ဆေးတိုက်လိုက်သည်။

"အဖေ ဘယ်လိုနေသေးလဲ"

"ဂလူးကို့စ်ရည်သောက်ပြီး ရင်ထဲနည်းနည်းတော့အေးသွားတယ်"

"နေသာထိုင်သာရောရှိရဲ့လား"

"အေး-နေသာထိုင်သာရှိပါတယ်"

"ဒါဆို ကျွန်တော်ဘုရားဝတ်တက်လိုက်ဦးမယ်နော်။ အဖေအိပ်နှင့်တော့နော်။ ဗိုက်ဆာရင် ကျွန်တော့်ကိုပြောနော်"

အဖေက ခေါင်းညိတ်ပြသောကြောင့် အဖေ့ကိုယ်ပေါ်သို့ စောင်တစ်ထည်ခြုံပေးလိုက်သည်။ ထို့နောက် ခြင်ထောင်ထောင်ပေးလိုက်ပြီး ကျွန်တော် ဘုရားဝတ်တက်ခြင်း၊ ပုတီးစိပ်ခြင်းတို့ကို ခါတိုင်းနေ့များကဲ့သို့ပင် လုပ်ဆောင်နေမိလေတော့သည်။

ဘုရားဝတ်တက် ပုတီးစိပ်ပြီးသည့်အခါ အဖေ့အား ခြင်ထောင်ဖွင့်၍ တိတ်တဆိတ်ကြည့်မိသည်။ အဖေကား ဟောက်သံမှန်မှန်နှင့် အိပ်ပျော်၍နေလေ၏။ ကျွန်တော်လည်း အိပ်ချင်စိတ်မရှိသေးသောကြောင့် အသာအယာပင် အိမ်ရှေ့ခန်းဘက် ထွက်လာခဲ့ပြီး စာအုပ်တစ်အုပ်ကိုဖတ်နေမိလေတော့သည်။

ထိုသို့စာဖတ်နေရင်းလည်း မကြာမကြာ အဖေ့အား သွားရောက်ကြည့်ရှုနေမိလေသည်။ ဒီညတွင်မှ အိပ်ချင်စိတ်ကလည်း သိပ်မရှိသောကြောင့် ကျွန်တော် စာဆက်ဖတ်နေဖြစ်သည်။ ည (၁၁)နာရီကျော်ကျော်ခန့်တွင် အဖေ့ထံမှ အော်သံကြားသောကြောင့် အဖေအိပ်နေသောနေရာသို့ ကျွန်တော်အလျင်အမြန်လာပြီး အဖေ့ကိုမေးလိုက်မိသည်။

"အဖေ၊ ဘာဖြစ်လို့လဲအဖေ"

ပြောပြောဆိုဆို အဖေ့ခြင်ထောင်အား အမိုးပေါ်သို့တင်ထားလိုက်သည်။

"ဗိုက်ထဲက တအားအောင့်နေနာနေတာပဲ"

ကျွန်တော် အဖေ့လက်အားဆုပ်ကိုင်ကြည့်မိသည်။ လက်တို့ကား အေးစက်နေချေသည်။ ခေါင်အောက်မှ အဖေ့ခြေဖျားများကိုလည်း မသိမသာစမ်းကြည့်မိသည်။ ခြေတို့သည်လည်း

အေးစက်နေချေသည်။ အဖေ့လက်ဖျံတို့အား ကိုင်တွယ်ကြည့်မိသည်။ ချွေးစေးတို့ စိုရွှဲနေသော်လည်း အခိုးမဲ့အေးစက်စက်အတွေ့ကို ခံစားလိုက်ရသည်။ ထို့ကြောင့် လက်ကောက်ဝတ်မှ သွေးကြောကို စမ်းကြည့်သည်။ သွေးခုန်နေသည်ကို မတွေ့ရတော့။ ထို့ကြောင့် ခြေမခွကြား ပထဝီသွေးကိုစမ်းကြည့်မိသည်။ အို - ထိုနေရာလည်း သွေးမခုန်တော့။ အဖေ့နောက်ဆုံးချိန်ကား ရောက်ရှိလာချေပြီ။ မရဏမင်းသည်ကား အဖေ့ခန္ဓာအိမ်ထဲသို့ ကျူးကျော်ဝင်ရောက်ရန် တံခါးခေါက်နေပြီဖြစ်ကြောင်း ကျွန်တော် ကောင်းကောင်းသဘောပေါက်လိုက်မိသည်။

အထဲခန်းတွင် သားများနှင့်အတူ အိပ်နေသည့် ဇနီးသည်ကိုနိုးကာ သူတူများအား အပြင်ဘက်ရှိ ကျွန်တော်တို့ ကျူရှင်ဘော်ဒါဆောင်တွင် ကျောင်းသားများနှင့်အိပ်နေသည့် ညီလတ်အား သွားရောက်ခေါ်ပေးရန် ပြောလိုက်ရလေတော့သကဲ့သို့ ညီများပြန်ရောက်လာလျှင် ဆရာဝန်တစ်ဦးဦးအား သွားရောက် ပင့်ဆောင်ခိုင်းမည်ဟုလည်း စဉ်းစားထားလိုက်မိလေတော့သည်။

သို့သော် ညီလတ်ရောက်လာသည့်အခါ အဖေက ဆီးကြို၍မေးလိုက်သည့်အမေးစကားကို သူပြန်ဖြေသော သူ့အဖြေစကားကိုကား ကျွန်တော်သိပ်မကြိုက်လှပေ။

"ရဲကြီးရေ ဘယ်လိုလုပ်ကြမလဲ။ ဒီတစ်ခါတော့ ဒုက္ခများပြီထင်တယ်"

"ဘာမှမလုပ်နဲ့လေ။ ဒီလိုအတွေ့အကြုံဆိုတာ တစ်သက်မှာ တစ်ခါသာ တွေ့နိုင်တာ ငွေပေးဝယ်လို့တောင်မရနိုင်ဘူးလေ။ အဓိကက ဘာဖြစ်ဖြစ် သတိကပ်ဖို့နဲ့ သတိမပြတ်ဖို့လိုတာပဲလေ"

သူ့စကားကြောင့် အဖေသည် ညည်းတွားနေခြင်းမပြုတော့ဘဲ သူအရင်လုပ်ခဲ့ဖူးသည့် တရားအလေ့အထကို သတိရသွားဟန်တူသည်။ လက်နှစ်ဖက်ကိုဘေးသို့ချကာ မျက်စိပိတ်၍ တရားရှုမှတ်နေလေတော့သည်။ တစ်ခါတစ်ရံ ဝေဒနာအတိုးတွင် သတိလက်လွှတ်စုတ်ထိုးမိလေလျှင် ညီအလတ်က ဘေးမှ အမှတ်သတိမပြတ်ရန် တရစပ်သတိပေးနေချေလေတော့သည်။

ဤသို့ နှစ်ကြိမ်၊ သုံးကြိမ်ခန့် သတိပေးပြီးနောက် မျက်စိမှိတ်လျက်အသက်ပုံမှန်ရှူနေရင်း နောက်တစ်နေ့ နံနက် (၄) နာရီခန့်တွင် အဖေသည် ညင်သာငြိမ်သက်စွာပင် ကွယ်လွန်သွားခဲ့လေတော့သည်။ အသက်ရှူညင်သာလွန်းသောကြောင့် အစောပိုင်းက တရားရှုမှတ်နေဆဲပင် ထင်မြင်မိသော်လည်း မသက်ာစိတ်ကြောင့် နှာခေါင်းဝတွင် ဝါဂွမ်းစတင်ကြည့်သည်။ ထိုအခါ အသက်ရှူနေသည့်လက္ခဏာမတွေ့တော့။ ထိုအခါကျမှ အရပ်ထဲရှိ တတ်ကျွမ်းနားလည်သည့် လူကြီးသူမများကို နိုးကာ အကျိုးအကြောင်းပြောပြသည်တွင်မှ သူတို့လိုက်ပါလာပြီး အဖေ့အားကြည့်ရှုသည့်အခါ အဖေကွယ်လွန်ပြီဖြစ်ကြောင်း သူတို့ကလည်း အတည်ပြုပြောကြားသည်။ ထိုအခါ ကျွန်တော့်ဇနီးသည်က သားငယ်များကို အိပ်ရာမှနိုးပြီး သူတို့အဘိုး၏ ဂုဏ်ကျေးဇူးကိုရ ည်မှန်း၍ ကန်တော့စေလေသည်။

ကျွန်တော့်ကလေးများနှင့် သူတို့အမေကား အဖေ့ကို တမ်းတ၍ ငိုကြွေးနေကြသည်။ ကျွန်တော်လည်း အတတ်နိုင်ဆုံးဟန်ဆောင်ကာ သူတို့အား ဖျောင်းဖျစကားဆိုမိသည်။

"မင်းတို့ဒီလိုငိုနေတာကို အဖေမတားချင်ပါဘူး။ မင်းတို့ အဲလိုငိုနေလို့လည်း မင်းတို့အဘိုး အသက်ပြန်ရှင်မလာနိုင်တော့ဘူး။ အဓိကအကျဆုံးက မင်းတို့အဘိုးရဲ့ ဂုဏ်ကျေးဇူးကိုသတိရပြီး သူဆုံးမခဲ့တဲ့စကား သူဖြစ်စေချင်ခဲ့တာတွေကို မင်းတို့ပုံဖော်ကြဖို့ပါပဲ"

ထို့နောက် ကျွန်တော်အိမ်အောက်သို့ဆင်းလာခဲ့ပြီး မှုန်ပျပျလရောင်အောက် ငှက်ပျောရုံနံဘေးတွင် အဖေ့ဂုဏ်ကျေးဇူးများကို အောက်မေ့တသသတိရကာ တိတ်တခိုးငိုကြွေးနေမိလေသည်။ ထို့နောက် ပြန်လည် ဆင်ခြင်မိသည်ကား အဖေအသက်ရှင်စဉ်တွင် အဖေလိုအပ်သမျှကိုဖြည့်ဆည်းပေးခဲ့ရသည်တွင် ကျွန်တော် တာဝန်ကျေသည်ဟု ခံစားလိုက်မိပြီး အငိုတိတ်ကာ အိမ်ပေါ်သို့ ဟန်မပျက်ပြန်တက်လာခဲ့ပေတော့သည်။

နောက်ပိုင်းတွင် တဖြည်းဖြည်း ကျွန်တော်သဘောပေါက်လာခဲ့မိသည်။ ကျွန်တော့်၏အမှားများကိုလည်း ပြန်လည်ဆင်ခြင်စဉ်းစားမိကာ တွေးတောပြီးရှုက်လာခဲ့မိသည်။ အဖေ့နောက်ဆုံးအချိန်တွင် ကျွန်တော့်ဆန္ဒက ဆရာဝန်ပင့်ကာ အသက်ထွက်ညင်သာစေရန် ဆေးဝါးများအကူရယူရန် ဖြစ်သည်။ ထိုကဲ့သို့ ဆေးဝါးအကူအညီဖြင့် အဖေ တမလွန်သို့ ကူးပြောင်းရာတွင် ဝေဒနာခံစားချက်များ သက်သာကောင်း သက်သာမည်ဖြစ်သော်လည်း တရား အမှတ်သတိကား ယခုကဲ့သို့ နှလုံးသွင်းနိုင်ချင်မှ နှလုံးသွင်းနိုင်ပေလိမ့်မည်။ ထိုတွေဝေစိတ်ဖြင့် အဖေဘဝကူးရသော် အဖေ့အားရာဂတိကောင်းနိုင်ပါ့မည်လား။ ထိုကဲ့သို့ လားရာဂတိမကောင်းခဲ့လျှင် ကျွန်တော်ကော တာဝန်ကျေသောသားကောင်းတစ်ယောက် ဖြစ်နိုင်ပါလား စသည့်အတွေးများကို တွေးလိုက်မိသည့်အခါ ကျွန်တော်သည် အဖေ့အပေါ် လုံးဝတာဝန်ကျေသောသားတစ်ယောက် မဟုတ်ခဲ့ကြောင်း သိရှိနားလည်ခံစားလိုက်ရပါသည်။

ထိုအချိန်ကျမှ တရားနည်းလမ်း တကျ ကျွန်တော်တွေးတောမိသော အဖြေမှန်တစ်ခုကို ကျွန်တော်သတိတရ သင်ခန်းစာရလိုက်မိပါသည်။ လူတစ်ဦး တစ်ယောက်အတွက် နောက်ဆုံးအချိန်တွင် သတိတရားလည်းမြဲနေသေးသည် ဆိုလျှင် ထိုသူအား တရားနှလုံးသွင်းနိုင်အောင်၊ တရားမဲ့လမ်းကြောင်းပေါ်သို့ မရောက်ရောက်အောင်၊ တရားသတိဖြင့် ဝင်သက်ထွက်သက်ချုပ်ငြိမ်းနိုင်အောင် ကူညီပေးမည့်အဖော်သည် ပို၍အရေးကြီးပါကြောင်း သိရှိလိုက်ရခြင်း ဖြစ်ပါတော့သည်။

ထိုကဲ့သို့ တရားသတိဖြင့် အဖေ့အား ဘဝကူးကောင်းစေရန် ကူညီပေးနိုင်ခဲ့သည့် ညီလတ်လိုသားမျိုး အဖေ့တွင်ပါလာခဲ့ခြင်းမှာ အဖေ့အတွက် ကံကောင်းခြင်းဖြစ်သည်ဟု နားလည်လိုက်မိသကဲ့သို့ ထိုသားမျိုး အဖေမွေးခဲ့ရခြင်းသည် အဖေ့အတွက် ကံကောင်းခြင်းလက်ဆောင်၊ ကံကောင်းခြင်းဆုလာဘ်တစ်ခုအဖြစ် ခံစားမိလိုက်ပေတော့သည်။

(ကျေးဇူးရှင်ဖခင်ကြီး ကျန်းမာရေးချို့တဲ့စဉ် ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြသော၊ စာနာနားလည်စိတ်အပြည့်အဝထားပေးကြသောဒေါက်တာကင်ကြည်(ဇာနည်ဘွားအထူးကုဆေးရုံ)၊ မောင်သိန်းဟန် (ဇာနည်ဘွားဆေးရုံ ယခု ပေါင်မြို့နယ်) ဒေါက်တာ ချစ်ထွန်း (အင်းစိန်ဆေးရုံအုပ်ကြီး)၊ ကိုဝင်းကြိုင် (ရဲရန်အောင်လမ်း) နှင့် သွေးပေးလှူသူများ၊ ညီမ မမြင့်မြင့်စန်းတို့၏ ကျေးဇူးအား ဤစာစုဖြင့် ကျေးဇူးမော်ကွန်းရေးထိုးအပ်ပါသည်။)


မြတ်သက်ကျော်

မင်းရှိန်အောင်

ပြည်မြန်မာ၏ ၂၀၁၇ ခုနှစ်၊ မိန်ရာသီပြောင်း

# မန္တလေး ဗေဒင်ဇာတာဟောကိန်း

(၁၄-၃-၂၀၁၇) နေ့မှ (၁၃-၄-၂၀၁၇) နေ့အထိကာလ




အနေဩက်တိုင်းသာယနဇာတာခွင်

၁၄ - ၃ - ၂၀၁၇ ရက်နေ့ ညနေ (၆း၂၃း၁၇) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် ကုံရာသီမှ မိန်ရာသီသို့ စတင်ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် ကန်ရာသီ (၂၆) ဒီဂရီ (၁၉) မိနစ်တွင် ပေါ်ထွက်သည်။ ၎င်းကို ၂၀၁၇ ခုနှစ် မိန်ရာသီ စူဠသင်္ကြန်ဇာတာခွင်ဟုလည်း ခေါ် ဆိုနိုင်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ ယူရေးနပ်ဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်၊ တနင်္လာဂြိုဟ်နှင့် သောကြာဂြိုဟ်တို့သည် (၁၈၀) ဒီဂရီဖြင့် မြင်ထားသည်။ ကိတ်ဂြိုဟ်နှင့် (၁) ဒီဂရီအတွင်း ပူးယှဉ်နေသော နက်ပကျွန်းဂြိုဟ်သည် (၁၈၀) ဒီဂရီဖြင့်မြင်ထားသည်။ အင်္ဂါဂြိုဟ်က ရာဟုဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ရာဟုဂြိုဟ်က စနေဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ စနေဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ နက်ပကျွန်းဂြိုဟ်က အင်္ဂါဂြိုဟ်ကို (၆၀) ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ် (၉၀) ဒီဂရီအမြင်တို့ဖြင့် မြင်နေကြသည်။

အားလုံးကိုခြုံ၍ ကောက်ချက်ချရလျှင် အိမ်နီးနားချင်းတိုင်းပြည်နှင့် နီးနွယ်နေသော ပြည်ပရေးရာတို့နှင့် နီးနွယ်နေသော နယ်စပ်ရေးရာနှင့် လုံခြုံရေးကိစ္စ၊ တိုင်းရင်းသားရေးရာကိစ္စ၊ လက်နက်ကိုင်ပဋိပက္ခကိစ္စ၊ အကြမ်းဖက်ရေးရာကိစ္စ၊ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးကိစ္စ၊ တရားဥပဒေစိုးမိုးရေးကိစ္စ၊ အချုပ်အခြာအာဏာထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စ၊ နယ်မြေကာကွယ်ထိန်းသိမ်းရေးကိစ္စတို့နှင့်ပတ်သက်၍ အကျောက်အကန်စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ထိတွေ့ရနိုင်သည်။

သံတမန်ဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးတို့နှင့် နွယ်ယှက်နေသော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး၊ စာချုပ်စာတမ်း၊ ငွေရေးကြေးရေး၊ ချေးငွေ၊ စီမံကိန်း၊ စီမံချက်တို့နှင့် စပ်လျဉ်း၍ အငြင်းပွားရမှု၊ စောဒကတက်မှု၊ ဖိဆန့်တုံ့လှယ်မှု၊ ဝေဖန်ပြစ်တင်မှု၊ ကန့်ကွက်ရှုတ်ချမှုများ ရှိလာနိုင်သည်။ အလုပ်သမား၊ လယ်သမားတို့ပါဝင်သောအခြေခံလူတန်းစားတို့စားဝတ်နေရေး၊ ကျန်းမာရေးအတွက် တောင်းဆိုမှုများ၊ မြေယာအမျိုးမျိုး၊ ရေကာတာ၊ တာတမံဆည်မြောင်းဆိုင်ရာများ၊အဆောက်အအုံတို့နှင့်ဆက်နွယ်နေသော ဖြေရှင်းစရာများတို့ကို ရင်ဆိုင်ဖြေရှင်းသည်က တောရိုင်းမြေကို ရှင်းလင်းရသည်ထက် ခက်ခဲနေလိမ့်မည်။ အတိုက်အခံတို့၊ တက်ကြွလှုပ်ရှားသူတို့အားကောင်းလာတတ်မည်။

အမျိုးသမီး၊ ကလေးသူငယ်တို့နှင့် ဆက်နွယ်နေသော ရာဇဝတ်မှုများပိုများနေဦးမည်။ အမျိုးသမီးတို့ကို ကျေးဇူးပြုသောဥပဒေများပေါ် ပေါက်ရန် တောင်းဆိုမှုများပိုများလာမည်။ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပရဟိတအဖွဲ့၊ NGO အဖွဲ့၊ NGO အဖွဲ့နှင့် ပတ်သက်ဝေဖန်ပြစ်တင်စရာများ၊ စောဒကတက်စရာများ၊ ထိုးနှက်တိုက်ခိုက်စရာများ ပေါ်ပေါက်လာတတ်သလို အပုပ်နံ့လည်းထွက်လာတတ်မည်။ ၎င်းတို့သည် နိုင်ငံတကာနှင့်ပတ်သက်လာလျှင် ပိုမိုဆိုးတတ်မည်။ အစိုးရအဖို့ ယေဘုယျအားဖြင့် ပုံရိပ်ကောင်းများ ရရှိနိုင်သော်လည်း မမျှော်လင့်သော အချိုးအကွေ့များကြောင့် ပြုပြင်ပြောင်းလဲမှုများကို ခက်ခက်ခဲခဲ ရှန်းကန်လုပ်ဆောင်လိမ့်မည်။ နိုင်ငံတကာဖိအား၊ သံတမန်ဖိအားတို့ကို မနည်းကြီး ဖြေရှင်းရလိမ့်မည်။ မှန်းချက်နှင့် နှမ်းထွက်လွဲနေသလို ခံစားရလိမ့်မည်။ အစိုးရအဖွဲ့မှ ထိပ်သီးပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် စိတ်မကောင်းဖြစ်ရမည်။ ပြည်သူတို့၏ နှစ်ခြိုက်မှုတချို့ ရရှိမည်။ သို့သော် ငွေကြေးဘဏ္ဍာစီမံခန့်ခွဲမှုအတွက် ဝေဖန်ပြစ်တင်မှုကိုခံရမည်။ လွှတ်တော်ထဲ၌ လှုပ်လှုပ်ရွရွငြင်းခုံအမှုများရှိနေဦးမည်။

ပုံမှန်မဟုတ်သော ရာသီဥတုရှိမည်။ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်းများဖြစ်တတ်မည်။

မင်းရှိန်အောင်



# သူသူသ

## ထူးခြားသောနိမိတ်များနှင့် ဆန်းကြယ်သောဖြစ်ရပ်များ

တစ်ခါတုန်းက ခားပြကြီးတစ်ဦး ရှိခဲ့ပါသည်။ အင်္ဂလိပ်အုပ်စိုးစဉ်အချိန်ကပေါ့။ လူဆိုးစာရင်းဝင်ဖြစ်နေသဖြင့် သုံးဆယ်နယ်မှ ရွာတစ်ရွာသို့ နယ်နှင် ဒဏ်ပေးခြင်းခံရပါသည်။ သူကြီးအိမ်တွင် ဝိုင်းလုပ်ဝိုင်းစားဘဝဖြင့်နေရပါသည်။ သူကြီးမိသားစုကလည်း အိမ်သားတစ်ဦးလို သဘောထားဆက်ဆံပါသည်။ သူကြီးသမီးများနှင့်လည်း မောင်နှမကဲ့သို့ ခင်မင်ရင်းနှီးစွာနေရပါသည်။


သို့သော် ဗီဇဆိုသည်မှာ ဖျောက်ရန် ခက်ခဲပါသည်။ နယ်မြေခံခားပြများနှင့်ပေါင်းမိပြီး သူနေထိုင်သောရွာထဲမှ အိမ်တစ်အိမ်ကို ခားပြတိုက်ပါသည်။ အိမ်ရှင်များကို ကြမ်းပြင်၌မှောက်ခိုင်းထားပြီး အပေါ်မှခားမိုးထားပါသည်။ မျက်နှာကိုမော်ပြီးတော့မကြည့်ဝံ့ပေမယ့် ခြေထောက်ကိုတော့ မြင်နေရပါသည်။ ခြေထောက်ကိုမြင်တွေ့ခြင်းဖြင့် သဲလွန်စရသွားပြီး ခားပြမှုကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ရွာထဲက စေတီကို ထုံးသင်္ကန်းကပ်ရာတွင် ရွာခံများနှင့်အတူပါဝင် လုပ်အားပေးခဲ့သဖြင့် ခြေထောက်တွင် ထုံးစက်များပေနေပါသည်။ ထိုထုံးစက်များကြောင့် ခားပြတိုက်သူများကို ဖော်ထုတ်နိုင်ခြင်း ဖြစ်ပါသည်။

ထိုခားပြမှုဖြင့် မန္တလေးထောင်တွင် အကျဉ်းချခြင်းခံရပါသည်။ ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ ကူးစက်လာသဖြင့် မန္တလေးထောင်မှ ထောင်သားအားလုံးလွှတ်ပေးလိုက်ပါသည်။ အခြားထောင်သားများနှင့်အတူ မန္တလေးမှ ရန်ကုန်မြို့အထိ တစ်မြို့ဝင်တစ်မြို့ထွက် လမ်းလျှောက်ပြီးပြန်ခဲ့ကြသည်။ အခြားထောင်သားများ အကြောင်းအမျိုးမျိုးကြောင့် လမ်းခရီးတွင် သေဆုံးကုန်ပြီး သူတစ်ဦးသာ ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပါသည်။

ရန်ကုန်မြို့သို့ရောက်ရှိသည့်အခါ ခားပြတိုက်သည့်အလုပ်သာ ဆက်လက်လုပ်ကိုင်ပြီး နောက်ဆုံးတွင် ခားပြဗိုလ်ကြီးဖြစ်သွားပါသည်။ ရန်ကုန်မြို့ထဲရှိ အိမ်တစ်အိမ်ကို ခားပြတိုက်ရာတွင် ခေါင်းဆောင်ဖြစ်သဖြင့် ရှေ့ဆုံးမှ သေနတ်ကိုင်၍ဝင်ပါသည်။ အိမ်ရှင်က ကြိုတင်သတင်းရသောကြောင့် တံခါးအကွယ်မှချောင်း၍ ခားဖြင့်ခုတ်ခြင်းကို ရှေ့ဆုံးမှလူခံလိုက်ရပါသည်။ ခေါင်းကို ခားထိသွားပြီး ဦးထုပ်ဆောင်းထားသဖြင့် အသက်အန္တရာယ်တော့မဖြစ်ခဲ့ပါ။

ခားပြတိုက်စဉ် ခားခုတ်ခံရခြင်းဖြစ်သဖြင့် ဆေးရုံတွင် တက်ရောက်ကုသခြင်းမပြုနိုင်ဘဲ အိမ်တွင် လျှို့ဝှက်ဆေးကုသခံရပါသည်။ ထိုအချိန်က သူ့တွင် ဇနီးမယား (၄) ဦးရှိပါသည်။ သူနှင့် လက်ရှိအတူနေသောဇနီးက ဘာသာရေးကိုင်းရှိုင်းပါသည်။ ဝိပဿနာတရားစခန်းများတွင် ဝင်ရောက်အားထုတ်ပါသည်။

တစ်ရက်တွင် ဇနီးသည်က ရဟန္တာအရှင်မြတ် စွန်းလွန်းဂူဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိစာအုပ်ကို ဝယ်လာပါသည်။ အိမ်တွင် ဆေးကုသ ခံယူရင်း နားနေစဉ်ဖြစ်သဖြင့် ထိုစာအုပ်



ကိုဖတ်ကြည့်ပါသည်။

ထိုစာအုပ်ကိုဖတ်ကြည့်ပြီး လယ်သမားယာသမားကြီးဘဝမှ ရဟန္တာအရှင်မြတ်ဖြစ်သွားသည့် အကြောင်းသိ

ရသဖြင့်အားကျပြီး 'သူ့လိုငါလည်း အားထုတ်မယ်' ဟု ဆုံးဖြတ်ပြီး အပြင်းအထန်အားထုတ်ပါသည်။ နည်းစနစ်မှန်ကန်စွာဖြင့် ဝီရိယစိုက်ထုတ်ပြီး ကြိုးစား

ပွဲများသဖြင့် နောက်ဆုံးတွင် ရဟန္တာအရှင်မြတ် ဖြစ်သွားပါသည်။

ထိုအရှင်မြတ်သည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်က စာပေကျမ်းဂန် အထူး တတ်မြောက်သော ဘုရင်တစ်ပါးဖြစ်ခဲ့ပါသည်။ စာမတတ်သော ရဟန်းများကို ကဲ့ရဲ့ခဲ့သဖြင့် ယခုဘဝတွင် ရဟန္တာအရှင်မြတ်ဖြစ်ခဲ့သော်လည်း စာပေကျမ်းဂန်တတ်မြောက်ခြင်းမရှိပါ။ ထိုအရှင်မြတ်ကြီး၏ လူ့ဘဝအမည်မှာ ဦးအောင်ထွန်းဖြစ်ပြီး မော်ဘီမြို့နယ် နှောကုန်းကျေးရွာဇာတိ ဖြစ်ပါသည်။ ရဟန္တာအရှင်မြတ်ဘဝတွင်မူ သဲအင်းဂူဆရာတော်ဘုရားကြီးအဖြစ်နှင့် နိုင်ငံတစ်ဝန်းတွင် ထင်ရှားကျော်ကြားခဲ့ပါသည်။

ရဟန္တာအရှင်မြတ်ကြီးများသည်

မိမိတို့ပရိနိဗ္ဗာန်ပြုမည့်အချိန်ကို ကြိုတင်သိရှိကြပါသည်။ မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ပဉ္စဝဂ္ဂီငါးဦးဝင် ကောဏ္ဍည ရဟန္တာအရှင်သူမြတ်ကြီးသည် ပရိနိဗ္ဗာန်ပြုရတော့မည်ကိုသိ၍ သီတင်းသုံးနေထိုင်ရာ ဟိမဝန္တာအနီး ဆဒ္ဒန်အိုင်ကြီးမှ မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပါသည်။

မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ရောက်သည့်အခါ -

"တပည့်တော် ကောဏ္ဍည၏ အာယုသင်္ခါရမှာကုန်ခြင်းသို့ရောက်ပါပြီဘုရား။ သို့ပါ၍ တပည့်တော်၏ ပရိနိဗ္ဗာန်စံမှုကို ခွင့်ပြုတော်မူပါရန် လျှောက်ထားအပ်ပါသည်ဘုရား။ အရှင်ဘုရားထံမှ ဦးစွာတရားသိဖို့အတွက် ပါရမီဖြည့်ရတာ ကမ္ဘာတစ်သိန်းကြာခဲ့ပါပြီ ဘုရား။ ယခုအခါ တပည့်တော်ရဲ့ အလိုဆန္ဒ ပြည့်ဝခဲ့လို့ အမတ ဆိုတဲ့ ချမ်းသာသုခကို ခံစားရပါတော့မည်။ ပြုခဲ့ဖူးသော ကာယကံ၊ ဝစီကံ၊ မနောကံအပြစ်များ ရှိခဲ့ရင်လည်း သည်းခံခွင့်လွှတ်တော်မူပါဘုရား။ ယခုလို လျှောက်ထားခြင်းသည် နောက်ဆုံး လျှောက်ထားခြင်းဖြစ်ပြီး အရှင်ဘုရားကို ဖူးမြော်ခြင်းကလည်း နောက်ဆုံးဖူးမြော်ခြင်းပါဘုရား"

ဟု လျှောက်ထားခဲ့ပါသည်။

သဲအင်းဂူဆရာတော်ဘုရားကြီးသည်လည်း ပရိနိဗ္ဗာန်ပြုမည်ကို ကြိုတင်သိသဖြင့် တရားဟောချစဉ် အရိပ်အမြွက်ထည့်သွင်းဟောကြားခဲ့ပါသည်။

၁၉၇၃ ခုနှစ် သင်္ကြန်အပြီးတွင် ကျင်းပသော ရန်ကင်းတရားပွဲတွင် -

"ဒီနှစ် ဦးပဥ္စင်းနောက်ဆုံးအကြိမ် တရားဟောတာပဲ။ ယောဂီတို့ ကြုံတုန်းကြိတ်လိုက်ကြ"

ဟု မိန့်ကြားခဲ့ပါသည်။

ဆေးရုံမတင်မီ ဆရာတော်ကြီးအား ဒေါက်တာကျော်ကြည်မောင်အိမ်တွင် ရောဂါအခြေအနေစစ်ဆေးကြည့်ရှုရန် သွားရောက်ပြသစဉ် တပည့်ဖြစ်သူ ဦးချစ်မောင်ကို-

"ဒီတစ်ခါမကျော်ချင်တော့ဘူး"

ဟုလည်း မိန့်ကြားခဲ့ပါသည်။

ထို့ပြင် ဆရာတော်ကြီး မပျံလွန်မီအချိန်များတွင်လည်း ဆန်းကြယ်သော ဖြစ်ရပ်များနှင့်ကြုံတွေ့ခဲ့ရပါသည်။

၁၉၇၃ ခုနှစ်၊ ဧပြီလ သင်္ကြန်တွင်း ၌ကျင်းပသော သဲအင်းဂူကျောင်းတရားပွဲတွင် ဆရာတော်ရှေ့မှောက်သို့ သူရူး တစ်ယောက် ရောက်ရှိလာပါသည်။ ထိုသူရူးက ဆရာတော့်ထံမှ ထီးမွေ့နန်းမွေ့ကို အလှူခံပါသည်။

ထိုအခါ ဆရာတော်က -

"ထီးနန်းတော့မရှိဘူး၊ ကဲ-သဲအင်းယောဂီများ အလှူခံတော့လာပြီ၊ ဘယ့်နှယ်လဲ"

ဟု တရားပလ္လင်ပေါ်မှ သုံးကြိမ်သုံးခါမေးပါသည်။ သို့သော် ယောဂီများက တိတ်ဆိတ်နေကြရာ ဆရာတော်မှ-

"ထီးနန်းတော့မရှိဘူး၊ တရားပလ္လင်ပဲယူတော့ဗျာ"

ဟု မိန့်ကြားလိုက်ပါသည်။

ထိုနေ့ကလာသော သူရူးသည် စက္ကူဖြင့်ပြုလုပ်သော ဗန္ဓုလဦးထုပ်ကို ဆောင်းထားပါသည်။ ပခုံးတွင် ဟောင်းနွမ်းသော လွယ်အိတ်တစ်လုံးကိုလွယ်ထားပါသည်။ ကျိုက်ထီးရိုးဝါးလုံးတစ်ချောင်းကိုလည်းထမ်းထားပါသည်။ ဆရာတော်၏ တရားပလ္လင်အနီးသို့ချဉ်းကပ်လာပြီး ဆရာတော့်ရှေ့မှောက်တွင် ဒူးတစ်ဖက်က ကြမ်းပြင်ပေါ် ထောက်ထားပြီး ကျန်တစ်ဖက်က ခပ်ကားကား ထောင်လျက် (စစ်သူကြီးက ရှင်ဘုရင်ထံ လျှောက်ထားသည့် ဟန်အမူအရာဖြင့်) လှံကိုင်ထားသော လက်နှစ်ဖက်ကို မြှောက်ကာမြှောက်ကာ လျှောက်ထားပါသည်။ ယောဂီဗိုလ်မှူးဦးစန်းညွန့်က ဓမ္မာရုံအပြင်ဘက်သို့ ခေါ်ဆောင်သွားပါသည်။

ထိုအခါ သူရူးက -

"အဖဘုရား၊ သားတော်ကို ခွေးတွေဝိုင်းဆွဲပါပြီ။ ယမနောယမကတွေက ဝိုင်းနေပါပြီ"

ဟု သံကုန်ဟစ်၍ ဆရာတော်အား တိုင်ကြားပါသည်။

ဆရာတော်ဘုရားကြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသစဉ် ပထမဆုံးနေ့တွင် သူနာပြုဆရာမတစ်ဦးရောက်ရှိလာပြီး ဆရာတော်ဘုရားအား စကားပြောနေသည်ကို အရှင်ဣန္ဒာစက္ကက ကောင်းစွာမကြားရသဖြင့် ဆရာတော်၏အနီးသို့ ချဉ်းကပ်သွားပါသည်။

ထိုအချိန်တွင် သူနာပြုဆရာမက လက်အုပ်ချီပြီး -

"ဆရာတော်ဘုရား၊ အရှင်ဘုရားအနားယူပါတော့ဘုရား။ ဘုရားတပည့်တော်အနေနဲ့ အရိယာအကြီးအကဲဖြစ်တဲ့ အရှင်ဘုရားမို့သာ လျှောက်ထားပါမယ်။ အရှင်ဘုရားရဲ့ အတွင်းကလီစာတွေဟာ အတော်ပျက်စီးနေပါပြီဘုရား။ တပည့်သားမြေးများက ဆက်လက်ပြုစုပါလိမ့်မယ်ဘုရား။ အရှင်ဘုရား ဆေးရုံပေါ်မှာ အနားယူပါတော့ဘုရား"

ဟု လျှောက်ထားပါသည်။

ဆရာတော်ဘုရားက တစ်လုံးတစ်ပါဒမျှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေပါသည်။ ဦးခေါင်းကိုသာတွင်တွင်ညိတ်နေပါသည်။ ထူးဆန်းသည်မှာ ထိုဆရာမကို ဤတစ်ကြိမ်သာတွေ့ရပြီး ဆေးရုံပေါ်တွင် (၁၆) ရက်တိုင်နေခဲ့စဉ်အတွင်း နောက်ထပ် တစ်ကြိမ်တစ်ခါမျှ မတွေ့ရတော့ပါ။

ထိုသို့ဆန်းကြယ်သောအဖြစ်များ ကြုံတွေ့ခဲ့ရသလို ဆရာတော်ဘုရားကြီး မပျံလွန်မီ လအနည်းငယ်အတွင်းတွင် ထူးခြားသောနိမိတ်များလည်း ဖြစ်ပေါ်ခဲ့ပါ သည်။

ဆရာတော်၏ မော်တော်ယာဉ်တွင်တပ်ဆင်ထားသော သဲအင်းဂူဆရာတော်ဟု ကမ္ပည်းထိုးထားသောတိုင်ကျိုးသွားပါသည်။

ဆရာတော်ကြီး စီးနင်းသည့် မော်တော်ယာဉ်အရှေ့မှန်ကွဲသွားသည်။

ဆေးရုံမတင်မီ ဒေါက်တာကျော်ကြည်မောင် အိမ်သို့ ရောဂါအခြေအနေ စမ်းသပ်စစ်ဆေးရန် ကြွရောက်သည့်အချိန်တွင် ခိုင်ခိုင်ခံ့ခံ့ရှိသော လှေကားဝရန်တာပြုတ်ကျသွားသည်။

မယ်တော်ကြီးအား သဂြိုဟ်သည့် အခမ်းအနားတွင် မယ်တော်ကြီးခန္ဓာပျက်သည်ကို ဆရာတော်ခန္ဓာပျက်သည်ဟု မှား၍ကြေညာမိပါသည်။

မယ်တော်ကြီးအား သဂြိုဟ်ရန် မြေကျင်းတူးရာတွင် (၂) ကျင်းတူးမိပါသည်။

ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းတွင် နိမိတ်ထွန်းသည့်အတိုင်း သဲအင်းဂူဆရာတော်ဘုရားကြီးမပျံလွန်မီ ထူးခြားသောနိမိတ်နှင့်ဆန်းကြယ်သောဖြစ်ရပ်များကြုံတွေ့ရပြီး ၁၉၇၃ ခုနှစ်၊ ဇူလိုင် ၈ ရက်နေ့တွင် ဆရာတော်ဘုရားကြီးသည် သူနာပြုဆရာမလျှောက်ထားခဲ့သလို ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အနားယူ ပရိနိဗ္ဗာန်ပြုသွားပါတော့သည်။

သုခုမ

□ နတ်ဒေဝတာဒဏ္ဍာရီများ

ကာလကြာမြင့်စွာကပင် အခြားကမ္ဘာအစိတ်အပိုင်းများနှင့် သီးခြားကင်းဝေးစွာတည်ရှိခဲ့သော အိန္ဒိယ၊ တရုတ်နှင့် ဂျပန်တို့တွင် ကိုယ်ပိုင်ထူးခြားသော သဘာဝရှိသည်။ ယဉ်ကျေးမှုများ သမိုင်းဦးကာလမှာပင်ပေါ်ပေါက်ခဲ့သည်။ ဤတိုင်းနိုင်ငံများမှာ ယဉ်ကျေးမှုများ အတော်ပင် ထူးခြားဆန်းပြားခဲ့သည့်တိုင်အောင် ယင်းတို့တွင် တူညီသော ဘုံသဘာဝလက္ခဏာများလည်းရှိခဲ့သည်။ ယင်းတို့တွင် ၅ ရာစု သို့မဟုတ် ၆ ရာစုနှစ်များလောက်တွင် အိန္ဒိယနိုင်ငံမှ ပေါ်ပေါက်လာခဲ့ပြီး နောင်တွင် ကျန်အရှေ့နှင့် တောင်အာရှဒေသများသို့ ပျံ့နှံ့သွားခဲ့သော ဗုဒ္ဓဘာသာသည် ထိုတူညီမှုများတွင် အခိုင်မာဆုံးဆက်စပ်တစ်ခုဖြစ်ခဲ့သည်။ တရုတ်နှင့်ဂျပန်နိုင်ငံတို့တွင် ဗုဒ္ဓဘာသာ၏ ဩဇာသည် မူလဇာတိနိုင်ငံများမှာထက်ပို၍ကျယ်ပြန့်စွာပျံ့နှံ့တွင်ကျယ်ခဲ့သည်။



GIVER OF LIFE

ဗိဿနိုးနှင့် သီဝနတ်ဘုရားများအထိ ဟိန္ဒူဘုရားအဖုံဖုံတွင် ကိုယ်စီဇာတ်လမ်းရာဇဝင်စွမ်းပကားတို့ရှိကြသည်။ ယင်းတို့သည် တစ်သီးတခြားဖြစ်သည့်တိုင်အောင် တစ်ဆူတည်းသော အခြေခံသဘာဝရှိနေခဲ့သည်။

တရုတ်နိုင်ငံ၏များပြောင်လှသော နတ်ဘုရား၊ နတ်ဘုရားမတို့၏ဖွဲ့စည်းပုံက တစ်သွင်ခြားနားပေသည်။ ယင်းတို့အား တော်ဝင်နန်းတစ်ခုအဖြစ် မြင်ကြသည်။ အထွတ်အထိပ်ဧကရာဇ်က ဦးဆောင်သည်။ ယင်းနတ်ဒေဝတာဧကရာဇ်သည် တရုတ်နိုင်ငံကို တစ်ချိန်က အုပ်စိုးခဲ့သော လူသားဧကရာဇ်နှင့် ထူးမခြားနားရှိသည်။ သဘောတရားပိုင်းမှ ပြောရလျှင် နတ်ဘုရားတိုင်းသည် လူ့လောကမှ မင်းမှုထမ်း သို့မဟုတ် မင်းခစားတစ်ဦး၏သဘာဝနှင့်တူခဲ့သည်။သို့သော်လက်တွေ့အနေအထားတွင် အခြေအနေများသဲကွဲမှုမရှိချေ။ ကွန်မြူနစ်အောက်တွင် နှိပ်ကွပ်ခံခဲ့ရပါသော်

# အာရှတောင်ပိုင်းမှ နတ်ဒေဝတာဒဏ္ဍာရီများ

တိုးထက်

အိန္ဒိယ၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့၏ဒဏ္ဍာရီများသည် လွန်စွာကွဲပြားခြားနားခဲ့သော်လည်း ဘုံတူညီမှုတစ်ခုရှိခဲ့သည်။ ယင်းကား ယင်းဒဏ္ဍာရီတိုင်းတွင် ခရေမတွက်နိုင်အောင် များပြားလှသော နတ်ဒေဝတာများနှင့် ဝိညာဉ်များ ပါဝင်နေမှုပင် ဖြစ်သည်။ အခြားကမ္ဘာအစိတ်အပိုင်းမှန်သမျှနှင့် နှိုင်းယှဉ်လျှင် အရှေ့နှင့် တောင်အာရှဒေသတို့တွင် နတ်ဒေဝတာများ အပေါမျာဆုံး ဖြစ်သည်။ အိန္ဒိယကုန်းမြေတိုက်ဒေသနေရာတစ်ခုတည်းပင်လျှင် ဘာသာတရားလေးခု၊ ဟိန္ဒူ၊ ဗုဒ္ဓ၊ ဂျိန်းနှင့် ဆစ်ခ်ဘာသာတို့ ထွန်းကားရာနေရာ ဖြစ်သည်။

ယင်းဘာသာတရားလေးခုတွင် ဟိန္ဒူဘာသာတရားသည် နတ်ဒေဝတာများစွာဖြင့် ဝေဆာသည့် ဒဏ္ဍာရီထွန်းကားခဲ့သည်။ မပြတ်မလစ်လည်ပတ်နေသော သံသရာထွန်းကားရာလောကတွင် စိုးမိုးနေသော နတ်ဒေဝတာအဖွဲ့အသင်းကြီးတစ်ခုဖြစ်ထွန်းခဲ့သည်။မထင်မရှားဒေသန္တရနတ်ဒေဝတာလေးများမှသည် ကမ္ဘာလောကကြီး၏ဖန်ဆင်းရှင်၊ ထိန်းသိမ်းစောင့်ရှောက်သူနှင့် ဖျက်ဆီးချေမှုန်းသူ စသည့် ကြိုသဘောသဘာဝရှိသည်။ မဟာဘုရားများဖြစ်သော ဗြဟ္မာ၊



Statue of Vishnu riding on Garuda

လည်း တရုတ်လူမှုအသိုက်အမြုံများစွာတွင် ရှင်သန်နေဆဲဖြစ်သော တရုတ်တို့၏ဘာသာတရားတွင် ဖန်တီးမှုအနေအထားလွန်စွာကြွယ်ဝသည်။ လူတို့၏နိစ္စဓူဝ နေ့စဉ်ဘဝလိုအပ်ချက်အရ လမ်းညွှန်ပေးမှု၊ ကူညီပံ့ပိုးမှုပြုနိုင်သောများပြားလှသည့်နတ်ဒေဝတာများကို လူတို့ဖန်တီးကိုးကွယ်မှုပြုကြသည်။ ဗုဒ္ဓဘာသာ တောက်သဘာဝတရားတို့မှ နတ်ဒေဝတာများကို ဖြည့်ဆည်းထည့်သွင်းထားသည်။ တရုတ်တို့ကိုးကွယ်သောဘာသာတွင် ယေရှုခရစ်ကိုပင် တရုတ်မှုပြုထားသည့်နတ်ဘုရားရှိသည်။ ဤသည် အတောမသတ်သော ဖန်တီးကြံဆမှုပြည့်ပွန်းသော ယဉ်ကျေးမှုပုံစံတစ်ရပ်ဖြစ်သည်။ ထိုသဘောသဘာဝတို့ တရုတ်နှင့် စင်ကာပူနိုင်ငံရှိ တရုတ်လူနေမှုပုံစံပြင်ပတွင် ထွန်းကားခြင်းမရှိချေ။ ဂျပန်နိုင်ငံတွင်မူ မူလတိုင်းရင်းသား အေနျုလူမျိုးတို့တွင် များပြောင်လှသော

သဘာဝလောက နတ်ဝိညာဉ်များဖြင့် ပြည့်မှန်းနေသော ကိုယ်ပိုင်ဘာသာရေးနှင့် ဒဏ္ဍာရီသဘောတရားတို့ရှိခဲ့သည်။ ယင်းတို့၏ဇာတ်လမ်းများကို နှုတ်ပြောဖြစ်စဉ်များဖြင့် တစ်ဆင့်နားတစ်ဆင့် ပါးကြပြီး ထိုဖြစ်စဉ်တို့တွင် နတ်ဝိညာဉ်များသည် ဝက်ဝံ၊ ဝေလငါးကဲ့သို့သော နတ်တိရစ္ဆာန်ပုံစံများ ခံယူ၍ လူတို့နှင့် ထိတွေ့ဆက်ဆံမှုပြုသည်။

ဂျပန်နိုင်ငံ၏ယုံကြည်မှုဖြစ်သော ရှင်တိုဘာသာ နတ်ဒေဝတာတို့၏လမ်းစဉ်တွင်လည်း ဝိညာဉ်ကမ္ဘာက အဓိကကျသည်။ ရှင်တိုဘာသာသည် လူသားကမ္ဘာနှင့် သဘာဝကမ္ဘာကြား ဟန်ချက်ညီရေးကို အဓိကထားသည်။ နေဘုရားနှင့် စပါးစိုက်ပျိုးမှု၏မူလအစ စသည့်ဖြစ်စဉ်တို့အပါအဝင် အရေးပါသော ဇာတ်သမိုင်းများ အပါအဝင် ယင်း၏ဒဏ္ဍာရီများသည် ထိုညီပေးမှုကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သည်။ စပါးစိုက်ပျိုးမှုအပြင် ပိုးချည်ကောင်မွေးမြူရေးကဲ့သို့ ဂျပန်တို့ကျွမ်းကျင်မှုနှင့်ဆိုင်ရာတို့၏ မူလဇာစ်မြစ်များအား ယဉ်ကျေးမှုသူရဲကောင်းတစ်ဦး၏ ဆောင်ရွက်ချက်များအဖြစ် ဂုဏ်တင်ကြသည်။ မျက်မှောက်တိုးတက်ပြီး အနောက်တိုင်းဆန်သည့် ဂျပန်လူမှုအသိုက်အမြုံတွင်ပင်လျှင် ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှုတို့တွင် ကျန်ဇာတ်လမ်းများထင်ရှားပြီး ဂျပန်လူမျိုးတို့၏စိတ်ကူးစိတ်သန်းကို ညို့ယူဖမ်းစားထားနိုင်ပြီး ယင်းတို့၏အခြေခံယုံကြည်




NANDI, THE BULL

မှုကို ပုံစံသွင်းရာတွင်အထောက်အကူပြုသည်။

## ❑ တောင်အာရှ

တောင်အာရှ၏ ဒဏ္ဍာရီသည် ထောင်စုနှစ်ပေါင်းများစွာတစ်လျှောက် ဆင့်ပွားဖြစ်ထွန်းလာခဲ့သော ဘာသာတရားတစ်ခု ဖြစ်သည်။ ဟိန္ဒူဘာသာတရားက လွှမ်းမိုးထားသည်။ ထောင်ပေါင်းများစွာသော နတ်ဘုရားနှင့် နတ်ဘုရားမများပါရှိသော ဟိန္ဒူဘာသာတရားသည် ကမ္ဘာပေါ်တွင် ဒဏ္ဍာရီဇာတ်အများဆုံးဘာသာတရားတစ်ခုပင် ဖြစ်သည်။

ဟိန္ဒူဘာသာတရားသည် လွန်စွာထွေပြားသော ဘာသာတရားတစ်ခုဖြစ်၏။ ယင်းတွင် တစ်ခုတည်းသောအထွတ်အမြတ်ကျမ်းသော် လည်းကောင်း၊ ယုံကြည်မှုဆိုင်ရာ တရားဝင်သုံးသပ်ချက်ဟုလည်းကောင်းမရှိချေ။ ကမ္ဘာ့ဘာသာတရားကြီးများတွင် ရှေးအကျဆုံးဖြစ်ပုံရသော ဟိန္ဒူဘာသာသည် တဖြည်းဖြည်းဆင့်ပွားဖြစ်ထွန်းလာခဲ့ပြီး ထိုဖြစ်စဉ်တစ်



▼ **Hindu temple at Bhubaneshwar, India**
Large Hindu temples are often decorated with highly elaborate carvings. This stonework depicts episodes in the lives of the gods and goddesses and provides a rich record of the mythology of Hinduism.

လျှောက်တွင် မရေမတွက်နိုင်အောင် များပြားသောလောကများနှင့် နတ်ဒေဝတာများကို ဖန်တီးထုတ်လုပ်ခဲ့သည်။ ယင်းအချက်သည် ယင်း၏ရိုးရာသဘာဝကို လွန်စွာရှုပ်ထွေးစေသည်။ သို့သော် ထိုရှုပ်ထွေးမှုအခြားအချက်မှာပင် နတ်ဒေဝတာအားလုံးသည် တစ်ခုတည်းသောအရင်းမြစ်အမြဲတေတွင်ခံသည်ဟူသော ယုံကြည်ချက်ရှိနေပြန်သည်။

## ❑ ဝေဒနတ်ဒေဝတာများ

အိန္ဒိယနိုင်ငံ၏နတ်ဘုရားနှင့် နတ်ဘုရားမများအကြောင်း အစောဆုံးဖော်ပြသော ကျမ်းကားဒေဝကျမ်းများပင် ဖြစ်သည်။ လေးစောင်တွဲဖြစ်ကာ ဝေဒကျမ်းများသည် ဘီစီ ၂ရာစုနှစ်လောက်က အစပေါ်ပေါက်လာခဲ့ဟန်ရှိလေသည်။ ယင်းထက်ပို၍ နောက်ကျသော ဘီစီ ၈၀၀ ရာစုနှစ်ဝန်းကျင်မှသာ ပေထက်စာတင်ဖြစ်ပုံရသည်။ ယင်းတို့တွင် ရှေးအကျဆုံး ရိဝေဒတေးကဗျာအပိုဒ်ပေါင်း (၁၀၀၀) ကျော်မျှသာပါရှိပြီး ထိုတေးကဗျာအပိုဒ်တိုင်းဖြင့် နတ်ဒေဝတာတစ်ပါးကို ညွှန်းဆိုထားသည်။ ကျန်ခေတ်ဦးပိုင်း ဝေဒနတ်ဘုရားနှင့် နတ်ဘုရားမတို့၏ လောက သို့မဟုတ် ဒြပ်လောက၏အစိတ်အပိုင်းတစ်ခုနှင့် သီးခြားပတ်သက်မှုရှိသည်။ ယင်းတို့တွင် အထင်ရှားဆုံး နတ်ဒေဝတာများမှာ အဂ္ဂနိ မီးဘုရား၊ သူရိယ နေဘုရား၊ ဗာရု လေဘုရား၊ ပရိဝမြေဘုရားနှင့် ဝေဒနတ်ဘုရားတို့တွင် တန်ခိုးအကြီးဆုံးသော အင်ဒီယာနတ်ဘုရားတို့ ဖြစ်သည်။အင်ဒီရာနတ်ဘုရားသည် လွန်စွာ အင်အားကြီးမားခဲ့သလို စရိုက်သဘာဝမှာလည်း ရှုပ်ထွေးနက်နဲလှသည်။ ဤရှေးနတ်ဘုရားတို့၏ အတ္ထုပ္ပတ္တိစာဖတ်ပရိသတ်တို့အကြိုက်တွေ့ဆုံ သည်။ ယင်းတို့အား ဖွဲ့ဆိုသည့် တ အရသော် လည်းကောင်း၊ တောင်အာ ဒေသ ရှေးဦးလူတို့၏ ယုံကြည် အကြောင်း ဖော်ညွှန်းချက်အနေ လည်းကောင်း လွန်စွာစိတ်ဝင်စားဖွယ် ဖြစ်သည်။

## ❑ ဟိန္ဒူနတ်ဘုရားများ

ဝေဒခေတ်ပြီးနောက်တွင် အ နတ်ဒေဝတာတစ်ခု ထင်ရှားလာ ဟိန္ဒူဘာသာ၏ အဓိကနတ်ဘုရား ဖြစ်သော ဤအစုတွင် ဖန်ဆင်းရှင် ဖျက်ဆီးသူရှိဝနှင့် စောင့်ထိန်းသူ ဝိ သုံးဦးသုံးဖလှယ်ထင်ရှားခဲ့သည်။ ဝိ

သည် ဤကမ္ဘာလောကကြီးသို့ ရာမနှင့် ခရစ်နာ ဟူသော အသွင်နှစ်မျိုး အပါအဝင် အသွင်မျိုးစုံဖြင့် ရောက်ရှိလာသည်။ ဤအသွင်များကို တစ်ဖန်အခြား ဒါဇင်ပေါင်းများစွာသော နတ်ဘုရားများ ရှိပြန်သည်။ ယင်းတွင် ဆင်ခေါင်းရှင်ဂါနကဲ့သို့သော နတ်ဘုရားများပါဝင်သည်။ ဂါနသည် ဟိန္ဒူ၏ဘာသာတွင် အဓိကအခန်းကဏ္ဍမှပါဝင်သော နတ်ဘုရားမဒေဝီ၏အသွင်အမျိုးမျိုးဘဝတွင် အခက်အခဲအတားအဆီးကို ဖယ်ရှားသူအဖြစ် ရပ်တည်ခဲ့သည်။

## ဂန္တဝင်ကဗျာများ

ဟိန္ဒူစာပေ၏ရှေးကျမ်းများတွင် ရှေးသက္ကတဘာသာစကားဖြင့်ရေးသားထားသည်။ ယင်းတို့သည် ဤနတ်ဘုရားများ၏ဇာတ်လမ်းများ ဖြစ်ပေသည်။ ဤဇာတ်လမ်းများ၏ ရင်းမြစ်များမှာ ဂန္တဝင်ကဗျာရှည်ကြီးနှစ်ပုဒ်ဖြစ်သည်။ ယင်းမှာ ရာမယာနနှင့် မဟာဘာရတတို့ ဖြစ်သည်။ မဟာဘာရတသည် ကမ္ဘာ့စာပေတွင် အရှည်ဆုံးကဗျာကြီး ဖြစ်သည်။ ယင်းကဗျာတိုင်းတွင် ဇာတ်ပြောသဘာဝရှိသော်လည်း ရာမယာနမှာ ရာမနတ်ဘုရား၏ ကမ္ဘာနေဘဝဖြစ်ပြီး မဟာဘာရတမှာ မိသားစုနှစ်ခုကြား ပြိုင်ဆိုင်မှုနှင့်တိုက်ပွဲကြီးကိုဖွဲ့ဆိုထားသည့်ဇာတ်ဖြစ်သည်။ ယင်းကဗျာနှစ်ခုစလုံးတွင် နတ်ဘုရားများနှင့် လူတို့အကြောင်း ဇာတ်လမ်းများ ကြွယ်ဝစွာပါဝင်သည်။ ဤဇာတ်လမ်းများသည် အိန္ဒိယနှင့် အခြားအရှေ့ဒေသတို့တွင် ဘာသာရေးယုံကြည်မှု၏ အစိတ်အပိုင်း ဒဏ္ဍာရီများအဖြစ် ဆက်လက် တည်ရှိနေသည်။

### □ ဝေဒနတ်ဘုရားများ

အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံး ဒဏ္ဍာရီအချို့သည် ဘီစီ ၂ ရာစုနှစ်က အရှေ့အလယ်ပိုင်းဒေသမှ ပြောင်းရွှေ့လာခဲ့သော အာရီယန်လူမျိုးတို့၏ ဒဏ္ဍာရီတွင် အခြေခံသည်။ ထိုဒဏ္ဍာရီများကို ဝေဒဟုအမည်တွင်ခဲ့သောကျမ်းများဖြင့်မှတ်တမ်းတင်ခဲ့သည်။ ယင်းဝေဒကျမ်းများသည် သဘာဝလောကကိုစိုးမိုးပြီး လူသားတို့၏ဘဝကို လွှမ်းမိုးသော နတ်ဘုရားများ၏ယုံကြည်မှုကို ပဓာနထားသည်။ ဝေဒနတ်ဘုရားများတွင် အဓိကကျသည့် နတ်ဒေဝတာများမှာ အင်ဒီရာ၊ အဂ္ဂနီနှင့် သူရိယတို့ ဖြစ်သည်။ ဤရှေးဦးကာလ နတ်ဒေဝတာများကို အာဒီရသို့မဟုတ် အာကာသနှင့် သတ္တဝါအားလုံးနှင့် နတ်ဘုရားအားလုံးတွင် မိခင်နတ်ဘုရားမ အာဒီတီ၏သားတော်များဟု သတ်မှတ်ခဲ့ကြသည်။



INDRA ON AIRAWATA

### □ အင်ဒီရာ(INDRA)

မိုးကြိုးနှင့်မိုးနတ်ဘုရားဖြစ်သော အင်ဒီရာသည် ဝေဒနတ်ဘုရားများတွင် အကြီးအကဲဖြစ်ခဲ့ပြီး ယင်းသည် ခွန်အားနှင့် နိုးကြားမှုကြောင့် ထင်ရှားခဲ့သည်။ သူသည် ဖန်တီးမှုဖြစ်စဉ်ကို ကြားဝင်စွက်ဖက်တိုက်ခိုက်သော သို့မဟုတ် အသက်ကို ခြိမ်းခြောက်လာသော မိစ္ဆာကောင်များကို သူ၏မိုးကြိုးလက်နက်ဖြင့် တိုက်ခိုက်ပစ်ခတ်သည်။ ထင်ရှားသော ဒဏ္ဍာရီတစ်ခုတွင် အင်ဒီရာက အခြားနတ်ဘုရားတို့ကို အောင်နိုင်ခဲ့ပုံကို ညွှန်းဆိုထားသည်။ တစ်ကြိမ်သောအခါတွင် ဗိရိတြာမိုးခေါင်မှုဖြစ်စေသော မြွေအဟိအဖြစ်လည်း ထင်ရှားသည်။ လောက၏ရေအားလုံးကိုမျိုချပြီး မိုးမရွာသွန်းစေအောင် ဟန့်တားခဲ့သည်။ နတ်ဒေဝတာအများစုက ကြောက်လန့်တကြား ထွက်ပြေးသွားခဲ့သည်။ သို့သော် အင်ဒီရာသည် မြွေဘုရား၏ခန္ဓာကိုယ်ကို သူ၏ မိုးကြိုးလက်နက်ဖြင့် ပစ်ခတ်၍ ရေတို့ကိုပြန်စီးဆင်းစေခဲ့သည်။ အင်ဒီရာအား နွားများ ဖြည့်ဆည်းပေးသူနှင့် ရုပ်ဝတ္ထုချမ်းသာမှုနှင့် ကျန်းမာမှု ဆောင်ကြဉ်းပေးသော ဘုရားအဖြစ် ယုံကြည်ကြ



SURYA

သည်။ တိုက်ပွဲတွင် အောင်မြင်မှုကြောင့် စစ်သည်လူတန်းစားများက သူ့ကို ကိုးကွယ်လာခဲ့ကြသည်။ ကောင်းကင်ထက်မှ သက်တံသည် သူရောက်ရှိနေကြောင်းပြချက် ဖြစ်သည်။

### □ သူရိယ (SURYA)

အသက်ကို ဖြစ်ထွန်းစေသောသူအဖြစ်လည်း ထင်ရှားသော နေဘုရား သူရိယသည် ကမ္ဘာလောကကြီးကို နေ့အချိန်တွင် စောင့်ကြပ်ကြည့်ရှုပြီး ကမ္ဘာလောကကြီးက အလင်းရောင် အသိပညာနှင့် အသက်တို့ ဖြည့်ဆည်းပေးမည်ဟု ဆိုသည်။ သူရိယသည် ရာသီစက်ဝန်းသည့် ရည်ညွှန်းသောဘီးတစ်ဘီး တည်းဆင်ထားသည့် ရထားဖြင့် ကောင်းကင်ပေါ်မှခရီးနှင်သည်။ သူ၏ ရထားမောင်း အာယုန နံနက်အရုဏ်ဦး နတ်ဘုရားသည် ကမ္ဘာလောကကြီးအား သူရိယ၏အပူဒဏ်လွန်ကဲစွာမသင့်စေရန်ကာကွယ်သည်။ ဒဏ္ဍာရီတစ်ခုတွင်မူ သူရိယနှင့် လက်ထပ်ခဲ့သည့် နတ်ဘုရားမတစ်ဦးဖြစ်သူ ဆန်ဂျနာက သူရိယ၏ အလင်းရောင်ဒဏ်ကို မခံနိုင်၍ သူမကိုယ်သူမမြင်းတစ်ကောင်အသွင်ပြောင်း၍ တောထဲတွင် ပုန်းအောင်းခဲ့သည်ဟု ဆိုသည်။ သူရိယသည် သူမကိုတွေ့သောအခါတွင် မြင်းသိုးကြီးတစ်ကောင် အသွင်ပြောင်းလိုက်ပြီး သူမနှင့်အတူနေထိုင်ပြီး သားသမီးများစွာ ပေါက်ဖွားခဲ့သည်။ သူရိယသည် သူ၏ အလင်းရောင်ကို လျှော့ချရန် သဘောတူလိုက်ပြီး သူတို့နှစ်ဦး ကောင်းကင်ပြင်ရှိ သူတို့နေရာသို့ပြန်တက်ခဲ့ကြသည်။

### □ ဝါယု (VAYU)

ဝါယုမှာ လေနတ်ဘုရားဖြစ်သည်။ ရိဝေဒ၏ ကဗျာစာတစ်ပုဒ်တွင် ဝါယု




အား ရှေးဦးလူ၏အသက်လေမှ ဖန်တီးချက်ဟု ညွှန်းဆိုထားသည်။ ဝါယုသည် နတ်ဘုရားတို့၏ဘုံဗိမာန်တည်ရာ မေယုတောင်ထွတ်မှ မောင်းထုတ်ခံရသောအခါတွင် သူ၏အင်အားအချို့ကိုဆုံးရှုံးခဲ့သည်ဟု ဒဏ္ဍာရီတစ်ခုကဆိုသည်။ ယင်းမောင်းထုတ်ခံရမှုကို တုံ့ပြန်သောအားဖြင့် ဝါယုသည် မေယုတောင်ကိုတိုက်ခိုက်ခဲ့ပြီး ငှက်တို့၏ဘုရင် ဂရုနာကတိုက်ခိုက်သည့်တိုင်အောင် ဝါယုသည် မေယုတောင်ထိပ်ကိုချိုးဖဲ့ပြီး ပင်လယ်ထဲပစ်ချလိုက်ရာ ထိုတောင်ထိပ်သည် သီရိလင်္ကာကျွန်းဖြစ်သွားခဲ့သည်။ နောင်းပိုင်းဒဏ္ဍာရီများတွင်မူ ဝါယုအား နတ်ဘုရားဗိဿနိုးနှင့် သူ၏ကြင်ရာတော် နတ်ဘုရားမ လက်ချမီးတို့၏ အစေခံမဖြင့် ဖော်ပြခဲ့သည်။ သူသည် ပြောင်းလွဲတတ်သောစရိုက်ရှိပြီး တစ်ခါတစ်ရံတွင် ပြင်းထန်စွာ ဒေါသူပုန်ထနေတတ်ပြီး တစ်ခါတစ်ရံတွင် အေးငြိမ့်ငြိမ့်လေးနေတတ်သည်။

**အဂ္ဂနီ(ANGN)**

နတ်ဘုရား အဂ္ဂနီသည် မီး၏အသွင်အမျိုးမျိုးကို ကိုယ်စားပြုခဲ့သည်။ မီးကြီးမှသည် အိမ်တွင်းသုံးမီး၊ မီးဖိုမီးများအထိ အသုံးပြုအနေအထားအရပ်ရပ်ကို အဂ္ဂနီနတ်ဘုရားအသွင်ဖြင့်မြင်ခဲ့ကြသည်။ ကိုးကွယ်မှုဓလေ့မီးအနေနှင့်မူ အဂ္ဂနီသည် လူသားတို့ထံမှ နတ်ဘုရားတို့ထံသို့ တောင်းဆိုချက်များ သတင်းများ သယ်ဆောင်ပေးပို့ပြီး သူ၏မီးခိုးသည် ပူဇော်ပသနေသည့်နေရာကို ညွှန်ပြသည်။ မီးသင်္ဂြိုဟ်မှုပြုရာတွင်မူ မီးသည် ဝိညာဉ်ကို ကောင်းကင်ဘုံသို့ သယ်ဆောင်သွားသည်။ မိခင်ကမ္ဘာမြေ ပရိဗီနှင့် ဖခင်ကောင်းကင်ပြင်ဒရာအပ်စ်၏ သားတော်ဖြစ်သော အဂ္ဂနီသည် သုံးကြိမ်သုံးခါမွေးဖွားလာသူ ဖြစ်သည်။ ပထမအကြိမ်တွင်မူ ပင်လယ်ပြင်ထက်တက်လာသောနေကဲ့သို့ ရေပြင်မှမွေးဖွားလာသည်။ ထို့နောက် လျှပ်စီးဖြင့်လေမှမွေးဖွားလာပြီး နောက်ဆုံးဖိုသောမီးအသွင်ဖြင့် မြေမှမွေးဖွားလာသည်။ သူသည် လွန်စွာဆာလောင်နေခဲ့သောကြောင့် သူ၏မိဘများကို စားမျိုခဲ့ပြီး ဘုရားစင်များတွင် ပူဇော်ပသသောဟင်းသီးဟင်းရွက်ထောပတ်ကိုလျက်စားနိုင်အောင် လျှာများပေါက်လာခဲ့သည်။




**□ ဗရုနာ (VARUNA)**

ကောင်းကင်နတ်ဘုရား ဗရုနာသည် လောက၏တရားစီရင်ရေးပုဂ္ဂိုလ်ပင် ဖြစ်သည်။ သူသည် ပူဇော်ပသမှုစည်းမျဉ်းတို့ကို ကြီးကြပ်သူဖြစ်သည်။ ရာသီဥတုတို့ကို စီရင်မှုပြုသလို နှစ်ပတ်လည်ကောက်စိုက်ရိတ်သိမ်းမှုတို့ကိုကြပ်မတ်သည်။ ရှေးဦးဒဏ္ဍာရီအချို့၌မူ သူ့ကို ဖန်ဆင်းရှင်နတ်ဘုရားအဖြစ်ညွှန်းဆိုမှုပြုသည်။ ကောင်းကင်လေနှင့် ကမ္ဘာမြေကို သူ၏ စိတ်အာရုံတစ်ခုတည်းဖြင့် ဖန်တီးခဲ့သည်ဟု ဆိုသည်။ သူသည် ကောင်းကင်သမုဒ္ဒရာကိုအုပ်စိုးသူတစ်ဦးဖြစ်ခဲ့သော်လည်း နတ်မိတ္တာတို့နှင့် ပဋိပက္ခဖြစ်ပြီးနောက်တွင် နတ်ဒေဝတာများ ယင်းတို့၏စွမ်းအင်များကို ပြန်လည်ဝေမျှခဲ့ရာ ဗရုနာသည် အနောက်ဘက်ကောင်းကင်ပြင်နှင့် ကမ္ဘာမြေ၏သမုဒ္ဒရာများကို စိုးမိုးသူဖြစ်လာသည်။ သူသည် ရေလှိုင်းများကိုပင် အုပ်စိုးခွင့်ရှိပြီး သူသည် သင်္ဘောသားများနှင့် တံငါသည်တို့ကိုစောင့်ရှောက်သောနတ်ဘုရားဖြစ်သည်ဟုဆိုသည်။





**□ ဗြဟ္မာနှင့်ဖန်ဆင်းမှု**

ဝေဒဘာသာနှင့် ဟိန္ဒူဘာသာတို့သည် ယင်းတို့၏ရှုပ်လှသောသမိုင်းကြောင်းတစ်လျှောက်တွင် ဖန်ဆင်းမှုဇာတ်လမ်းပေါင်းများစွာ ထုတ်လုပ်ခဲ့သည်။ အချို့က ကမ္ဘာဦးဖန်ဆင်းရှင် ပရာဇာပတိ (သတ္တဝါတို့၏အရှင်သခင်) သို့မဟုတ် ဗြဟ္မာကြီးနှင့်ပတ်သက်ပြီး အချို့သောဒဏ္ဍာရီများက လူသားအပါအဝင် အထွေထွေအပြားပြားသော ပုံစံများအကြောင်း ရှင်းလင်းညွှန်း သည်။ ယင်းတို့အား ကာလသံသရာ အသွင်မျိုး ညွှန်းဆိုလေ့ရှိသည်ကို တွေ့ သည်။ တစ်နေ့သောအခါတွင် လော ကြီးတစ်ခုလုံး ချုပ်ငြိမ်းသွားပြီး ဖန်ဆင်း မှုခေတ်ကာလသစ်တစ်ခုလည်း စ မည့်အနေမျိုး ထောက်ပြကြသည်။

**□ ဒဏ္ဍာရီ**

ကနဦးအစတွင် ဖန်ဆင်းမှုအ သခင် ဗြဟ္မာဘုရားသည် စ



လောကတစ်ခွင်၌ သူ၏အလင်းရောင်ကို ဖြန့်ကြက်၍ အရာအားလုံးတို့၏ အမြဲတေအသက်ဖြစ်လာခဲ့သည်။ သူသည် အချိန်ကာလကိုလည်း ကိုယ်စားပြုလာခဲ့သည်။ အဆုံးအစမရှိသော ကာလအတိုင်းအတာတစ်ခု၏ သက်ရှိသံသရာစက်ဝန်းကို အုပ်စိုးလာသည်။ သူ့ဘဝသက်တမ်း၏ တစ်နေ့နှင့်တစ်ညသည် လူ့သက်တမ်း (၄၃၂၀) သန်းမျှကြာမြင့်ပြီး ဤကာလကုန်လွန်သွားလျှင် ဖန်ဆင်းမှုသံသရာလည်း နိဂုံးချုပ်ပေမည်ဟု ဆိုရိုးပြုသည်။

**□ အမှောင်နှင့်အလင်း**

ဗြဟ္မာကြီးသည် လောကကြီး၏ အသွင်ကို စေ့ငုံသုံးသပ်ပြီးနောက် ထိုအမြင်အပေါ် အခြေခံသည့် ပုံရိပ်ကို ဖန်ဆင်းခဲ့သည်။ သို့တိုင်အောင် သူသည် လောကကြီး အမှန်တကယ် သက်ရှိလာပါလျှင် မည်သို့မည်ပုံအသွင်ရှိသည်ကို မသိခဲ့ပါသောကြောင့် သူဖန်ဆင်းလိုက်သောအရာသည် ထိုမသိမှု၏ပုံရိပ်တစ်ခုမျှသာဖြစ်ခဲ့သည်။ သူသည် ထိုပုံရိပ်ကို စွန့်ပစ်လိုက်ရာ ထိုပုံရိပ်သည် ညဖြစ်သွားသည်။ ထိုညသည် မကြာခင်ကာလတွင် အမှောင်ရင်သွေးများမွေးထုတ်လာခဲ့ပြီး ထိုအမှောင်ရင်သွေးများသည် ကနဦးမိစ္ဆာများဖြစ်လာသည်။ ထိုမိစ္ဆာကောင်များ ဆပွားတိုးလာသောအခါတွင် ဗြဟ္မာဘုရားသည် အာရုံစူးစိုက်ပြီး ဖန်ဆင်းမှုလုပ်ငန်းစဉ်ကို ထပ်တစ်ဖန်ပြုခဲ့သည်။

သူစေ့စုံသုံးသပ်၍ နေနှင့်ကြယ်တာရာကဲ့သို့သောအရာများ၏ အသွင်သဏ္ဍာန်ကိုဖြစ်ထွန်းစေခဲ့သည်။ ထိုအသွင်သဏ္ဍာန်တို့က အမှောင်ညကို ဟန်ချက်ညီသောအလင်းများထုတ်လွှင့်လာသည်။ ဤအချိန်တွင် ဗြဟ္မာကြီးသည် အာဏာပြ၏။ ရင်သွေးများဖြစ်သော မြားမြောင်လှသည့်မိစ္ဆာများကို ယှဉ်ရန်အတွက် ဟိန္ဒူနတ်ဘုရားရုပ်ဝတ္ထုလောက၏ ထောင်ချီများပြားလှသည့် နတ်ဒေဝတာများကိုဖန်ဆင်းခဲ့သည်။

**□ အမြဲတစေပြောင်းလဲနေသောအသွင်**

ဤလောကို အလင်းဆောင်ရန်အတွက် ဗြဟ္မာကြီးဖန်ဆင်းလိုက်သော သတ္တဝါတစ်ခုမှာ ဗက်ခ် (စကားလုံး) ဟု အမည်တွင်သော လှပသည့် သတ္တဝါတစ်ခုဖြစ်ခဲ့သည်။ ဗြဟ္မာကြီးနှင့် ဗက်ခ်တို့ ပေါင်းစည်းခဲ့ကြပြီး ထိုသို့ပြုစုရင်းတို့ အသွင်တစိုက်မတ်တတ် ပြောင်းလဲခဲ့သည်ဟု အချို့ဖန်ဆင်းမှုဇာတ်လမ်းများတွင် ညွှန်းဆိုခဲ့သည်။ ထိုအကျိုးဆက်အရ သူတို့သည် ကမ္ဘာမြေကြီးတွင် ရှင်သန် ကျက်စားမည့် သတ္တဝါမျိုးစုံကို ဖန်တီးထုတ်လုပ်ခဲ့၏။ သို့သော် ဖန်ဆင်းရှင်၏ သမီးတော်ဟု သတ်မှတ်သော ဗက်ခ်က ယင်းနှင့် လက်ဆတ်ရန်ဆန္ဒမရှိခဲ့ဟု အချို့ဇာတ်လမ်းများကဆိုသည်။ သူက အတင်းအကျပ် တောင်းဆိုသောအခါတွင် သူမသည် သူမကိုသူမသမင်မအသွင်ပြောင်းလိုက်ပြီး ထွက်ပြေးသွားခဲ့သည်။ ဗြဟ္မာကြီးသည် သူမ၏နောက်မှ လိုက်၍ သူမကိုမိခဲ့သော်လည်း သူ၏မျိုးစေ့ဖြင့် သူမကို သန္ဓေရအောင်မပြုနိုင်ခဲ့ဘဲ ယင်းမျိုးစေ့သုက်ပိုးများ မြေပြင်ပေါ် သို့ကျ၍ပထမဦးဆုံးသောယောကျ်ားနှင့်ပထမဦးဆုံးသောမိန်းမဖြစ်ပေါ်လာခဲ့သည်။

ဗြဟ္မာကြီးသည် သက်ရှိပုံစံအမျိုးမျိုးကို ဖန်ဆင်းရန် တစိုက်မတ်တတ် အသွင်ပြောင်းခဲ့သောကြောင့် သူသည် သက်ရှိအားလုံးတွင်တည်ရှိနေသည်ဟု ပြောရိုးပြုသည်။ ထိုသို့အရာရာတိုင်းတွင် တည်ရှိနေပါသော်လည်း ဗြဟ္မာကြီးသည် နတ်ဘုရားတို့ကိန်းဝပ်စံမြန်းရာ အထွတ်အမြတ် မေယုတောင်ထိပ်တွင်လည်း နတ်နန်းဆောင်ကြီးရှိခဲ့သည်။ မေယုတောင်သည် ဟိန္ဒူစကြဝဠာလောကကြီး၏ဗဟိုအချက်ဖြစ်ပြီး ယင်း၏တောင်စောင်းမှနေ၍ မြင့်မြတ်သော ဂင်္ဂါမြစ်ရေသည် မြစ်ကြောင်းလေးကြောင်းဖြင့် စီးဆင်းပြီး ထိုမြစ်လေးစင်းသည် ကမ္ဘာလောကကြီး၏ အခရာချက်တစ်ခုစီကို တစ်စင်းချင်းစီးဆင်းသွားလေ့ရှိသည်။

**□ ဖန်ဆင်းရှင်များ**

ကမ္ဘာဦးသတ္တဝါဇာတ်လမ်းပေါင်းများစွာတွင် ဖန်ဆင်းမှုအရှင်သခင် ပရာဂျပါတီဟူသော အမည်သုံးနှုန်းမှုကိုသိရသည်။ အချို့ဒဏ္ဍာရီများတွင် ဗိဿနိုးနတ်ဘုရားနှင့် ပရာဂျာပါတီတို့ဆက်စပ်ပါဝင်နေပြီး ဗြဟ္မာကြီးသည် ဗိဿနိုး၏ ချက်ပေါက်မှ ဖွားမြင်ခဲ့သည်ဟု ဆိုညွှန်းကြသည်။ ပရာချာပါတီဟူသောအမည်ကို ဗြဟ္မာကြီးနှင့် သူ၏စိတ်မနောဖွားသားသမီးများနှင့် ပတ်သက်မှုလည်းရှိခဲ့သည်။ ယင်းတို့သည် ဖန်ဆင်းမှုကဏ္ဍတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည့် နတ်ဒေဝတာများ၊လူသားများနှင့်တိရစ္ဆာန်အသွင်သဏ္ဍာန်ရှိစေသည်။ ဟိန္ဒူဘာသာတရားတွင် ဖန်ဆင်းမှုအင်အားနှင့် အသိပညာကို ကိုယ်စားပြုပြီး လောကကမ္ဘာကြီး၏ ဗိသုကာအဖြစ် သတ်မှတ်သော ဗိဝကာမကဲ့သို့သော ပုဂ္ဂိုလ်များလည်း ပါဝင်သည်။

**□ ဖန်ဆင်းမှုနှင့်သဘာဝ**

ဟိန္ဒူတို့သည် သဘာဝလောကသို့မဟုတ် အရာဝတ္ထုများအား ဓာတ်ကြီးငါးပါး၊ မြေ၊ ရေ၊ လေ၊ မီးနှင့် အာကာသဖြင့် ဖန်ဆင်းထားသည်ဟု ယုံကြည်သည်။ ယင်းတို့အား ပရိသဝိကဲ့သို့သောသတ္တဝါအားလုံးတို့၏မိခင်အဖြစ်ခံယူထားကြသော ကမ္ဘာမြေနတ်ဘုရားမအသွင်တွင်တွေ့ရသည်။ ဖန်ဆင်းမှုတွင်ရေသည် အလွန်အရေးပါရာ ယင်းကို အိန္ဒိယနိုင်ငံတွင် မရေမတွက်နိုင်အောင် များပြားမြင့်မြတ်သော ရေကန်များအပြင် ဂင်္ဂါမြစ်အပါအဝင်သန့်စင်မွန်မြတ်သောမြစ်ကြီးခုနစ်သွယ်တွင်တွေ့ရသည်။ ပင်လယ်သမုဒ္ဒရာကိုလည်း အရေးပါသည်ဟု ယူဆကြသည်။ နတ်ဒေဝတာတို့တွင် ကာမဟိနာကြွယ်ဝမှု နွားကဲ့သို့သော အကျိုးပြုအရာများ ရယူရန် ကမ္ဘာဦးပင်လယ်ပြင်ကို မွှေနှောက်ခဲ့သည်ဟု အချို့သောဒဏ္ဍာရီတွင် ဆိုထားသည်။

**□ ကမ္ဘာဦးလူသား**

ကမ္ဘာဦးလူ ပါရုရာသည် ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်ဖြစ်အောင် သူ့ကိုသူနှစ်ပိုင်းခွဲလိုက်ပြီး ထိုယောကျ်ား၊ မိန်းမပေါင်းဖက်ပြီး ထွေထွေပြားပြား သက်ရှိအသွင်များဖွားမြင်ခဲ့သည်ဟု ကနဦးဖန်ဆင်းမှုဒဏ္ဍာရီတစ်ခုကဆိုသည်။ ရိဝေဒတွင်မူ ပါရုရာသည် ဟိန္ဒူဇာတ်မျိုးနွယ်များကို ခန္ဓာကိုယ်အစိတ်အပိုင်းများမှ ဖန်ဆင်းခဲ့သည်ဟုဆိုသည်။ ခတ္တိယ(စစ်သည်မျိုး)ကို သူ၏လက်မောင်းမှ၊ ဝေရှယ (လယ်သမား၊ အတတ်ပညာရှင်နှင့်ကုန်သည်များ) ကို သူ၏ပေါင်မှ၊ သုဒြာ (အလုပ်သမား) များကို သူ၏ခြေထောက်မှဖန်ဆင်းခဲ့သည်။အခြားဒဏ္ဍာရီတစ်ခုတွင်မူ ပထမဦးဆုံးသော လူသားမာနုသည် သူ၏ နံရိုးတစ်ချောင်းမှနေ၍ ဇနီးတစ်ယောက်ဖန်ဆင်းခဲ့ပြီး ဖန်ဆင်းမှုခေတ်ကာလသစ်တစ်ခုကို စတင်ခဲ့သည်ဟုဆိုသည်။

တိုးထက်

ကျမ်းကိုး -

MYTHS & LEGENDS by PHILIP WILKINSON မှ ကောက်နုတ်ပြန်ဆိုပါသည်။

ကျွန်ုပ်တို့ လူသားများအတွက် မရှိမဖြစ် လိုအပ်သော ရေ၊ လေ၊ မီး သည် အလွန်အကျိုးပြုသောအရာများ ဖြစ်ကြသည်။ ရေအသက် တစ်မနက် ဆိုသလို လူသားတို့ မနက်မိုးလင်းက တည်းက ရေနှင့်မျက်နှာသစ်၊ တစ်ကိုယ် ရေဘန့်ရှင်းရေးအတွက် ရေချိုး၍ သန့်ရှင်းလန်းဆန်းစေပါသည်။ လူ့ခန္ဓာ ကိုယ်ကျန်းမာရေးအတွက် ရေကိုအဝ သောက်ပေးရလေသည်။

လေကိုလည်း လူသားများအသက် ရှင်နေနိုင်ရေးအတွက် နံနက်လင်းသည် နှင့် သန့်ရှင်းလတ်ဆတ်သောလေကို တဝရှူရှိုက်ပြီး ခန္ဓာကိုယ်အတွက်လိုအပ် သော အောက်စီဂျင်ဓာတ်ကိုယူ၍ မလို အပ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် တွေကို ပြန်လည် ထုတ်ပစ်ရပါသည်။ ဤသည်ကိုပင် အသက်ရှူခြင်းဟုခေါ် သည်။ လူသားတို့ အသက်ရှည်ကျန်းမာ ရန်အတွက် အလွန်အဖိုးတန်သောလေ သည် သဘာဝတရားကြီးက ဖန်တီးပေး ထားသောလက်ဆောင်မွန်ကြီးဖြစ်သည်။

မီးသည်လည်း လူသားတို့၏ စားသောက်ဖွယ်ရာများ ချက်ပြုတ်ကြော် လှော်ရာ၌ အဓိက ပံ့ပိုးကူညီနေသည်။ လူတို့၏ ခန္ဓာကိုယ်နွေးထွေးစေရန် မီးက အပူဓာတ်ကိုပေးလျက်ရှိသည်။

ကမ္ဘာဦးအစမှ ယနေ့တိုင် လူသား တို့၏ မိတ်ဆွေကျေးဇူးရှင်ကြီးများဖြစ် ကြသော ဤ မီး၊ ရေ၊ လေ သဘောဝ လောကကြီးက လူသားတို့ အသက်ရှင် ရပ်တည်နိုင်ရေးအတွက် ဖန်တီးပေးထား သည်။

သုံးတတ်လျှင်ဆေး၊ မသုံးတတ် လျှင်ဘေးဆိုသလို တစ်ခါတစ်ရံ လူသား တို့၏မိတ်ဆွေကြီးများသည် မိတ်ဆွေမှ ရန်သူအဖြစ်သို့ ပြောင်းလဲသွားတတ် သည်လည်းရှိတတ်ပါသည်။

ယခုတစ်လော မြစ်ရေကြီးခြင်း သတင်းများ နေ့စဉ်ဖတ်ရှုကြားသိနေရ ပါသည်။ မြန်မာပြည်၏ အဓိကမြစ်ကြီး များဖြစ်သော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်ကြီးများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ကျန်မြစ်ငယ်များ ဖြစ်သော မြစ်ငယ်မြစ်၊ စစ်တောင်းမြစ် ငဝန်မြစ် စသည်တို့လည်း ရေကြီးရေလျှံမှု များ ဖြစ်ပေါ်လျက်ရှိသည်။

မြန်မာပြည်မြောက်ဖျားက ကချင် ပြည်နယ်အတွင်း မေခနှင့် မေလိခမြစ်

(ကျိုင်းတုံ)

# ဒေါ်အေးမြင့်

## နပ်ပွမလွှချောင်းမှ ရေအော်သံ



နှစ်သွယ်ပေါင်းဆုံ၍ မြန်မာပြည်အလယ်ပိုင်းတစ်လျှောက်စီးဆင်းပြီး မြစ်ဝကျွန်းပေါ်ဒေသကိုဖြတ်သန်း၍ မုတ္တမပင်လယ်ကွေ့သို့ စီးဝင်သွားသော ဧရာဝတီမြစ်ကြီးသည် မြန်မာပြည်၏အဓိကရေလမ်းတွင် အလွန်အသုံးဝင်လှသော မြစ်ကြီးဖြစ်သလို ရေကျသွားပါက ကမ်းဘေးဝဲ၊ ယာတို့၌ တင်ကျန်ရစ်ခဲ့သောနုန်းတင်မြေနုအပေါ်တွင် လူသားတို့၏သီးနှံစိုက်ခင်းများစိုက်ပျိုးပြီး စီးပွားရေးအတွက် အဓိကအားထားလုပ်ကိုင်နေကြသည်။ စားနပ်ရိက္ခာအတွက် ငါး၊ ပုစွန်၊ ကဏန်း ရေသတ္တဝါများ ဧရာဝတီမြစ်ရေပြင်မှာ ရှာဖွေဖမ်းဆီးလို့ရနေပေသည်။ ကျွန်ုပ်တို့ ချစ်သော ဧရာဝတီမြစ်ကြီးက ရာသီဥတုမရွေး စီးဆင်းလျက် လူသားအကျိုးကို ကျေးဇူးပြုလျက်ရှိနေပါသည်။

မိုးရာသီ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသောအခါ ကျွန်ုပ်တို့ချစ်သော ဧရာဝတီမြစ်ကြီးသည် ဘာကိုအလိုမကျဖြစ်နေသည်မသိ ဒေါသပြင်းထန်စွာ မြစ်ဘေး ဝဲ၊ ယာတို့တွင်ရှိ တိုက်တာအဆောက်အအုံအချို့ကို မြစ်ရေနှင့်အတူ တိုက်စားဝါးမျိုသွားသည်ကိုလည်း ကြုံခဲ့ဆုံခဲ့ရဖူးပါသည်။

ကျွန်တော် ကနောင် အ-ထ-က (၅) တန်းတက်နေစဉ် ၁၉၅၉ ခုနှစ်က ဖြစ်ပါသည်။ ကျွန်တော်တို့ ကနောင်မြို့ ကမ်းနားတန်း အိုးဘိုးစုအထိ မိုးတွင်းအခါ ဧရာဝတီမြစ်ရေကြီးပြီး ဝဲကတော့ ထိုးကာ ကမ်းနားတန်းတစ်ခုလုံး ဝါးမျိုသွားသည်ကို ကိုယ်တွေ့ကြုံခဲ့ရဖူးပါသည်။

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့သည်လည်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြို့ကို မြစ်ကမ်းနှင့်ဝေးရာအရပ်သို့ တဖြည်းဖြည်းရွှေ့ပေးခဲ့ရသည်ကိုလည်း ကြုံဆုံခဲ့ဖူးပါသည်။ ဤမျှနှင့် ဧရာဝတီ၏ဒေါသပြင်းထန်ပုံကို မျက်မြင်တွေ့ရှိရသဖြင့် ကျွန်ုပ်တို့ချစ်သော ဧရာဝတီကို တစ်ခါတစ်ရံ မုန်းစိတ်ဝင်မိပါသည်။

ကျွန်တော်သည် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့သားတစ်ဦးဖြစ်သည့်နှင့်အညီ ဧရာဝတီကို အလွန်ချစ်ပါသည်။ သို့သော် လူသား အကျိုးပြုနေသော ဧရာဝတီ၏ ဒေါသကြီးပုံကိုလည်း တစ်ခါတစ်ရံတွင် အလွန်ကြောက်နေမိပါသည်။

ကျွန်တော်ချစ်သော ဧရာဝတီကို ၁၉၆၂ ခုနှစ်တွင် ခွဲခွာ၍ ရန်ကုန်မြို့ ဗဟန်းတွင် ပညာဆက်လက်သင်ကြား၍ (၁၀) တန်းအောင်မြင်ပြီးသောအခါ ဟသ်ာတရိုင် တလုတ္တော်ကျေးရွာအုပ်စု ထိန်ကုန်းကျော်သူ ဒေါ်ခင်စန်းဝင်းနှင့် အိမ်ထောင်ပြုပြီး ၁၉၇၅ ခုနှစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၏ မြို့တော် ကျိုင်းတုံမြို့တွင် အခြေချနေထိုင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် အစိုးရဌာနမှ အနားယူပြီး ကျိုင်းတုံမြို့မှ မိုင်(၅၀)ဝေးသော ကျိုင်းတုံ - မိုင်းယန်းသွားကားလမ်းမကြီး၏ အနောက်ဘက်ကုန်းမြင့်ပေါ်တွင် တည်ရှိသော မိုင်းခတ်မြို့သို့ ရွှေ့ပြောင်း အခြေချနေထိုင်နေသော်လည်း ကျွန်တော်၏ သမီးမိသားစုမှာ ကျိုင်းတုံတွင် နေထိုင်လျက်ရှိသဖြင့် ကျိုင်းတုံ-မိုင်းခတ် ကူးချည်သန်းချည် သွားလာနေထိုင်လျက်ပါ။

ကျွန်တော်တို့ မိုင်းခတ်မြို့သည် နမ့်မလွေချောင်းဘေးတွင်တည်ရှိနေသည့်အတွက် ကျွန်တော်ချစ်ရသောဧရာဝတီကိုလွမ်းနေသောစိတ်သည် နမ့်မလွေချောင်းဘေးမှာထိုင်၍ နမ့်မလွေရေပြင်ကိုကြည့်ပြီး လွမ်းစိတ်ဖြေနေမိသည့်အကြိမ်ပေါင်းမနည်းတော့ပေ။

နမ့်မလွေချောင်းသည် တရုတ်ပြည်မှအစပြု၍ စီးဆင်းလာသောချောင်းကြီးဖြစ်သည်။ နွေအခါ ရေနည်းနေသော်လည်း မိုးအခါ ချောင်းရိုးတစ်လျှောက် ရေစီးသန်လှပြီး ရေကြီးလေ့ရှိပါသည်။ တောင်စဉ်တောင်တန်းတောင်ကြားများကို ဖြတ်သန်းစီးဆင်းလာရသဖြင့် မိုးတွင်းရေကြီးချိန်တွင် တောင်ပေါ်ရှိသစ်ပင်များ၊ လူနေအိမ်တချို့၊ တစ်ခါတစ်ရံ ကျွဲနွားများ ရေစီးတွင်မျောပါလေ့ရှိသည်။ ကျွန်တော်သည် ဧရာဝတီကိုချစ်သလို နမ့်မလွေကိုလည်း ချစ်ရပါသည်။ သို့သော် နမ့်မလွေချောင်းကြီးကလည်း ခေသူမဟုတ်။ တစ်နှစ်တခါလူစားလေ့ရှိသည်။

နမ့်မလွေချောင်း လူစားသည်ဟုဆိုရခြင်းမှာ မိုးတွင်းအခါလည်းဖြစ်တတ်သည်။ နွေအခါလည်းဖြစ်တတ်သည်။ ကျွန်တော် သုရဋ္ဌမဂ္ဂဇင်းတွင် 'ကိုးဂဏန်းတို့၏လျှို့ဝှက်ချက်' အမည်ဖြင့် ကိုးတန်းကျောင်းသားနှင့် ကျောင်းသူ နမ့်မလွေချောင်းတွင် သေဆုံးရပုံကို ရေးသားဖော်ပြပြီး ဖြစ်ပါသည်။

ယခုနောက်ပိုင်းတွင်လည်း ပုံမှန်တစ်နှစ်တစ်ခါ နမ့်မလွေချောင်း၏ရေစီးကြောင်းတွင် လူသားတို့ အသက်ပေးသွားရပါသည်။

၂၀၁၃ ခုနှစ် မိုးတွင်းရေကြီးချိန်တွင် နံ့သာဖီးကျေးရွာမှ လားဟူတိုင်းရင်းသူ (၂၀) နှစ်ရှိ အမျိုးသမီးသည် ချောင်းအတွင်း ရေဆင်းချိုးရာမှ ရေစီးတွင်မျောပါသွားပြီး အသက်ဆုံးရှုံးခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် အားခါတိုင်းရင်းသားလူငယ်တစ်ဦး (၂၃) နှစ်သည် နမ့်မလွေချောင်းအတွင်း ငါးရှာတိုက်ရာမှ ရေနစ်ပြီး အသက်ဆုံးရှုံးခဲ့ဖူးသည်။

၂၀၁၅ ခုနှစ်တွင် တောင်ပေါ်သူ အားစေ့အမျိုးသမီး (၃၂) နှစ်သည် ချောင်းကို ဖြတ်ကူးစဉ် ရေနစ်သေဆုံးခဲ့ရပါသည်။

၂၄-၆-၂၀၁၆ရက်နေ့တွင် နမ့်မလွေချောင်းကူးတံတားတည်ဆောက်ရေးအဖွဲ့မှ လုပ်သားလူငယ်တစ်ဦး (၂၀) နှစ်သည် ရေဆင်းချိုးရာမှ ရေစီးတွင်မျောပါသွားပြီး အသက်ဆုံးရှုံးရပါသည်။

ဒေသခံတိုင်းရင်းသားတို့ကတော့ နမ့်မလွေချောင်းမှ မိုးတွင်းအခါ ရေကြီး၍ ရေထဲမှ ရေအော်သံကြီးကို ကြားရပြီဆိုလျှင် ခွေးအရှင်များကို ရေထဲသို့ပစ်ချ၍ ရေစာကျွေးလေ့ရှိသည်ကို တွေ့မြင်ရပါသည်။

ကျွန်တော်သည် သာသနာရေးဌာနတွင် တာဝန်ထမ်းဆောင်စဉ်က တောင်ပေါ်ဒေသရှိ တိုင်းရင်းသားကျေးရွာများသို့ စည်းရုံးရေးကွင်းဆင်းဆောင်ရွက်စဉ် နမ့်မလွေချောင်းကို ဖြတ်ကူးသွားလာရလေ့ရှိပါသည်။

တစ်ခါသော် နမ့်မလွေချောင်းရေသည် ရင်စို့လောက်ရှိနေချိန် ပြာသိုလ၌ နမ့်မလွေချောင်းကိုဖြတ်ကူးစဉ် ကမ်းနားရောက်ခါနီး၌ ရေအောက်မှ ချောက်ကြီးအတွင်းကျသွားရာ အလွန်ကြောက်လန့်ပြီး အတင်းရေကူး၍အလန့်တကြား အော်မိရာ အတူပါလာသူ ဦးမြစံမှ အတင်းရေထဲခုန်ချပြီး ကျွန်တော်အား ကယ်ခဲ့ဖူးပါသည်။

ကျွန်တော်ချစ်သော နမ့်မလွေချောင်းသည် တစ်နှစ်ကို တစ်ယောက်ဆိုသလို လူသားတို့ကို ခေါ်ဆောင်နေသည်မှာ လူသားတို့ကို များစွာအကျိုးပြုနေသောရေ၏ ဒေါသပြင်းထန်ပုံကို မည်သို့ နားလည်ရမည်မသိဖြစ်နေသည်ကို ရိုးသားစွာ ဝန်ခံမိပါသည်။

*ရှင်လန်းကျန်းမာချမ်းသာကြပါစေ*

အေးမင်း(ကျိုင်းတုံ)

လွန်ခဲ့သည့် သုံးနှစ်လောက်က အဖြစ်အပျက်ကလေးတစ်ခု ဖြစ်သည်။ တစ်နေ့တွင် ပျင်းပျင်းရိရိရှိသည်နှင့် တူမ ဝမ်းကွဲတစ်ဦး၏အိမ်သို့ အလည်သွားရောက်ခဲ့သည်။ ထိုအချိန်တွင် ၎င်းတူမ၏သားငယ်ကလေးက အိမ်ရှေ့ကြမ်းပြင်တွင် ထူးထူးခြားခြား အိပ်မောကျနေသည်ကို တွေ့ရ၏။

ထို့ကြောင့် -

"ဟဲ့- မိစံ၊ နင့်ကလေးက နေ့ဘက်ကြီး ဒီလောက်တောင်အိပ်လှချေလား။ မွန်းလွဲနေပြီ၊ နိုးလိုက်စမ်း"

ဟု ပြောဆိုစေခိုင်းလိုက်သည်။

ထိုအခါ တူမဖြစ်သူက -

"အိပ်ပလေစေတော့ ဦးရေ၊ ညက ကောင်းကောင်းမအိပ်ဘူး။ တစ်ညလုံး ဂျီကျနေတယ်"

ဟု ပြန်ပြော၏။

ဤတွင် ကျွန်ုပ်က ညည်းတွားသလိုလိုနှင့် -

"နင်တို့ကလည်းဟာ၊ ကလေးကို အကျင့်လုပ်ပြီး နေ့ဘက်နင်းသိပ်ထားတာကိုး။ ညဘက် ဘယ်လိုလုပ်အိပ်တော့မှာလဲ"

ဟု ပြောမိလေ၏။

ထိုအခါ သူကလည်း -

# တင်နိုင်ဝင်း (ထမင်းဈေးမြို့)

# ပီတိကမ္ဘာလေးတစ်ခု



"မဟုတ်ရပါဘူး ဦးရာ၊ ကလေးက တစ်ညလုံး မအိပ်တော့ လူကြီးလည်း ကောင်းကောင်းမအိပ်ရပါဘူး။ ကလေးကို ညဘက်မှာ အိပ်စေချင်တာပေါ့။ ဒါပေမယ့် ကလေးက နေ့နဲ့ညပြောင်းပြန်ဖြစ်နေတော့ ညဆိုဘယ်လိုမှအိပ်လို့မရဘူး။ အဲ-နေ့ဘက်ကျတော့ သိပ်တောင်မသိပ်ရဘူး။ သူ့အလိုလိုအိပ်သွားရော"

ဟု ပြန်လည်ရှင်းပြ၏။

ကျွန်ုပ်လည်း တူမဖြစ်သူ၏ အခက်အခဲကိုကြည့်၍ စိတ်ရှုပ်သွားမိ၏။

❑

တစ်နေ့တွင် ဈေးဆိုင်မှပြန်လာသော မိတ်ဆွေတစ်ယောက်ကိုတွေ့၍ လှမ်းနှုတ်ဆက်မိ၏။

"ဟာ-ကိုမင်းသူ၊ ခင်ဗျားလက်ထဲလည်း ဖယောင်းတိုင်တွေနဲ့ပါလား။ ဘာလဲ ဘုရားကပ်ဖို့လား၊ ယတြာချေဖို့လား"

ဟု မေးမိ၏။

ထိုအခါ မိတ်ဆွေက -

"ဘုရားကပ်မှာတော့ အမှန်ပဲ။ ဒါပေမယ့် ခင်ဗျားပြောသလို ယတြာချေတယ်လို့တော့ ပြောရခက်တယ်ဗျ"

ဟု ပြန်ဖြေ၏။

ထိုအခါ ကျွန်ုပ်က -

"နေစမ်းပါဦးဗျ။ ခင်ဗျားဘာတွေလုပ်နေတာလဲ"

ဟု သိချင်ဇောနှင့်မေးမိ၏။

ထိုအခါ မိတ်ဆွေက -

"ကျုပ် ဂမ္ဘီရဆန်ဆန်အကြောင်းအရာကလေးတစ်ခုကို စမ်းသပ်နေတာပါဗျာ ဟဲဟဲ"

ဟု သူက ရယ်ကျဲကျဲဖြင့် ပြန်ပြောနေ၏။

ထို့ကြောင့် ကျွန်ုပ်ကလည်း အားမလိုအားမရဖြစ်လာပြီး -

"ဘာတွေစမ်းသပ်နေတာလဲ"

ဟု ပြန်မေးမိ၏။

ထိုအခါ သူက -

"ဟိုဗျာ ကျုပ်စမ်းသပ်လို့အောင်မြင်မှပဲပြန်ပြောပြမယ်။ ခုတော့ အချိန်မရလို့ သွားလိုက်ပါဦးမယ် သူငယ်ချင်း"

ဟု ဆိုကာ နှုတ်ဆက်ထွက်ခွာသွားလေသည်။

❑

နောက်တစ်လခန့်ကြာသောအခါ အထက်ပါ မိတ်ဆွေနှင့် ကျွန်ုပ် ထပ်မံတွေ့ဆုံပြန်လေသည်။

ထိုအခါတွင်လည်း ကျွန်ုပ်က -

"ကိုမင်းသူ၊ ခင်ဗျားလည်း ဘယ်မှာတွေ့တွေ့ ဖယောင်းတိုင်တစ်ထုပ်နဲ့ အလုပ်ရှုပ်နေတာပဲနော်"

ဟု လှမ်း၍နှုတ်ဆက်၏။

ထိုအခါ သူက -

"အလုပ်ရှုပ်ဆို ကျုပ်အလုပ်ဖြစ်နေပြီဗျ။ ကျုပ်စမ်းသပ်ချက်အောင်မြင်သွားပြီ"

ဟု အားရဝမ်းသာပြန်ပြောရလေသည်။

ထိုအခါ ကျွန်ုပ်ကလည်း -

"ကျုပ်ကိုလည်း ပြောစမ်းပါဦးဗျ။ ခင်ဗျားရဲ့စမ်းသပ်ချက်တွေ"

ဟု စကားကို တစ်ပိုင်းတစ်စဖြင့် မေးလိုက်၏။

ဤတွင် မိတ်ဆွေက -

"ကြီးကြီးကျယ်ကျယ်တော့မဟုတ်ပါဘူးဗျာ၊ အသေးအဖွဲလေးပါ။ ဒါပေမယ့် တော်တော်ထူးဆန်းတယ်ငါ့လူ"

ဟု ပြန်ပြော၏။

"ပြောမှာသာပြောစမ်းပါကွာ"

ဟု စိတ်မရှည်ဟန်ဖြင့် ပြန်ပြောမိ၏။

ထိုအခါ မိတ်ဆွေက ရှည်ရှည်ဝေးဝေးလေး ရှင်းပြပေးပါသည်။

"အခြားတော့ မဟုတ်ပါဘူး။ နို့စို့အရွယ်ကလေးငယ်တွေ ညဘက်မအိပ်ဘဲ နေ့ဘက်မှာ နင်းအိပ်နေပြီဆိုရင် တစ်နည်းအားဖြင့် နေ့နဲ့ညမှားနေပြီဆိုရင် ရှေးဦးစွာ နေ့လယ်အချိန်လောက် ဘုရားကျောင်းဆောင်မှာ ဖယောင်းတိုင်သုံးတိုင်ထွန်းပြီး ဆီမီးအဖြစ် ဘုရားကိုကပ်လှူပါ။ အဲဒီ ဆီမီးဖယောင်းတိုင်ငြိမ်းသွားတာနဲ့တစ်ပြိုင်နက် အိပ်ခန်းထဲမှာ နေ့ဘက်အိပ်တတ်တဲ့ကလေးကို ခြေရင်းဘက် ခေါင်းပြုစေပြီး ပြောင်းပြန်သိပ်ပါ။ အိပ်ခါစလောက်မှာ ကလေးရဲ့ခေါင်းရင်း (အိမ်၏ခြေရင်း) ဘက်မှာ ဖယောင်းတိုင်တစ်တိုင်ကုန်သည်အထိ ထွန်းထားပေးလိုက်ပါ။ မိခင်ဖြစ်ဖြစ်၊ ဖခင်ဖြစ်ဖြစ် မရှိရင် အခြားတစ်ယောက်ယောက်က ဖယောင်းတိုင် မီးကို စောင့်ကြည့်နေပါ။ ဒါက မီးဘေးအန္တရာယ်အတွက်ပေါ့။ အိပ်ခန်းမဟုတ်လည်း အခြားအခန်းတစ်ခန်းခန်းထဲမှာ ပြုလုပ်နိုင်ပါတယ်။ နေ့ဘက်အိပ်တတ်တဲ့ကလေး ညဘက်အချိန်မှန် ပြန်အိပ်လာပါလိမ့်မယ်"

မိတ်ဆွေရှင်းပြသော အကြောင်းအရာပေါ် ကျွန်ုပ် စိတ်ဝင်စားမိသည်။ စမ်းလည်းစမ်းသပ်ချင်စိတ်ပေါ်လာသဖြင့် အသေအချာ မှတ်သားနေမိသည်။ စမ်းသပ်စရာကလည်း ရေကန်အသင့် ကြာအသင့်ပင် မဟုတ်ပါလော။

❑

အားလပ်သော နေ့တစ်နေ့တွင် ယခင်က သွားရောက်လည်ပတ်စဉ်က နေ့နှင့်ညမှားနေသော ကလေးငယ်ကို တွေ့ခဲ့ရဖူးသည့် တူမဝမ်းကွဲအိမ်သို့ တမင်အရောက်သွားခဲ့သည်။ တူမဖြစ်သူနှင့် တိုင်ပင်ညှိနှိုင်းကာ ကျွန်ုပ်မိတ်ဆွေကိုယ်တိုင် စမ်းသပ် အောင်မြင်ခဲ့သည့် နည်းလမ်းအတိုင်း ကလေးငယ်ကိုကုစားရန်စီစဉ်ကြလေသည်။ နေ့လယ်တစ်နာရီကျော်မျှ အချိန်အတွင်း ကိစ္စပြီးဆုံးခဲ့သဖြင့် ကျွန်ုပ်အိပ်ပြန်လာခဲ့သည်။

နောက်နေ့တွင် တူမဖြစ်သူအား အဆိုပါအကြောင်းအရာကို သွားရောက်မေးမြန်းရာ -

"ဟုတ်တယ် ဦးလေးရေ။ အစက ကျွန်မတောင်မယုံဘူး။ ညကျမှ ကလေးက တအားအိပ်တော့တာပဲ။ ဘာအိပ်သလဲမမေးနဲ့။ တစ်ရေးတောင်မနိုးဘူး"

ဟု အားရဝမ်းသာပြန်ပြောလေသည်။

"ကြည့်ပါဦး။ မနက်ကတည်းက ထဆော့နေတာ ခုထိအိပ်ချင်ပုံမပေါ်တော့ဘူး"

ဟု ထပ်မံ ပြောကြားပြန်လေသည်။

ကျွန်ုပ်လည်း များစွာအံ့သြသွားမိသည်။ ပြုပြင်ရခက်သော နေ့နှင့်ညမှားအိပ်သည့်ကလေးငယ်တို့၏အလေ့အထကို ဖယောင်းတိုင်ကလေး (၄) တိုင်ထွန်းရုံမျှဖြင့် ပြောင်းလဲပစ်နိုင်သည့် ဂမ္ဘီရဆန်ဆန် ဤနည်းလမ်းကလေးကို ကျွန်ုပ်မအံ့သြဘဲရှိပါမည်နည်း။ ထိုအံ့သြမှုထက် စမ်းသပ်အောင်မြင်မှုမှ ရရှိလိုက်သည့် ပီတိသုခစိတ်ဝမ်းမြောက်မှုအရသာကလည်း ပြောမပြတတ်အောင်ပင် ဖြစ်နေရသည်။

စာရှုသူများအနေဖြင့် ထိုအံ့သြမှုမျိုး၊ ထိုပီတိသုခမျိုးကို ရရှိခံစားလိုသော စေတနာရှေ့ထား၍ ကလေးငယ်များအား ကုစားရင်း အထက်ပါနည်းလမ်းကလေးကို စမ်းသပ်ကြည့်တော်မူကြပါ။

တင်နိုင်ဝင်း (ထမင်းဈေးမြို့)



# ဆရာဦးမောင်မောင်သန်း

(ရှင်ထိုဇေအားမြဲဇေဓဆေး)

## စာမေးပွဲဖြေဆိုကြမယ့်ကလေးများအတွက် အောင်ပွဲဝင်အစီအရင်

ကလေးတို့ -

စာမေးပွဲကြီးနီးလာပြီ။

အောင်မြင်ချင်ကြတဲ့ သူတွေမို့ အောင်မြင်ချင်တဲ့စိတ်ကို ဦးတည်ထားပြီးအောင်မြင်ချင်တဲ့ရည်ရွယ်ချက်တွေနဲ့ တစ်နှစ်လုံးကြိုးစားလာခဲ့ကြလို့ သားတို့၊ သမီးတို့ကို ဂုဏ်ယူပါတယ်။

မှန်တယ်။

လူဆိုတာ အောင်မြင်မှုခရီးကို သတ်မှတ်ချက်ထားရမယ်။ ငါ တစ်နေ့တော့ ဆယ်တန်းအောင်လာမှာပဲဆိုလို့ မရဘူး။ ငါ ဒီနှစ် ဆယ်တန်းအောင်ကို အောင်ရမယ်ဆိုတဲ့စိတ်ကိုထားရမယ်။

ဒါအောင်မြင်ချင်တဲ့ ရည်ရွယ်ချက်ပဲ။ အရမ်းကောင်းတဲ့ရည်ရွယ်ချက်။

ဒီရည်ရွယ်ချက်အတိုင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်ရှိကိုရှိနေရမယ်။

ကိုယ်ဘာလုပ်နေလဲ။

ကိုယ်လုပ်နေတဲ့ အလုပ်ပေါ်မှာ စိတ်ပါဝင်စားမှုရှိကိုရှိရမယ်။

ကိုယ်က ကျောင်းသား။ ဒါဖြင့် စာကြိုးစားရမယ်။ အဲဒီစာကြိုးစားမှုအပေါ်မှာ စိတ်ပါဝင်စားမှုရှိကိုရှိနေရမယ်။

အကောင်းဆုံးဖြစ်အောင်ကြိုးစားနေရမယ်။

အောင်ရင် တော်ပါပြီလေဆိုပြီး တာဝန်ကျေရုံ မကျက်မှတ်ရဘူး။ ဒီနေရာမှာ တစ်ခါတစ်ခါ အဖျက်ဝင်တတ်တယ်။

ဘယ်လိုအဖျက်လဲဆိုတော့ ဟိုသွားချင်ဒီသွားချင်ဖြစ်လာတာတို့၊ ဟိုအားကျသလိုလိုဒီအားကျသလိုလိုဖြစ်လာတာတို့၊ စာကျက်ရတာ အီသလိုဖြစ်လာတာတို့၊ သိပ်စိတ်မပါချင်ဖြစ်လာတာတို့ ဒါလောက်ဆိုရင်ပဲ အောင်မှတ်ရနေလောက်ပါပြီတို့။

ဒါတွေဟာ အကျိုးမရှိတဲ့ စိတ်ပျော့ညံ့မှုတွေပဲ။ ဒါကြောင့် ဒါတွေဝင်လာရင် ဖျောက်ကိုဖျောက်ပစ်ရမယ်။

ကလေးတို့ဆို ခုတစ်နှစ်လုံးကြိုးစားလာခဲ့ကြပြီးပြီ။

ဒါဟာ ကလေးတို့ရဲ့ ကြိုတင်ပြင်ဆင်ထားမှုလို့ခေါ်တယ်။

မှန်တယ်၊ ကလေးတို့ဟာ ကြိုးစားသင်အံ လေ့ကျက်လာခဲ့ကြသူတွေဆိုတော့ ဒါကြိုတင်ပြင်ဆင်ထားမှုပေါ့။

စာမကျက်ခဲ့တဲ့သူက ဘယ်လိုလုပ်အောင်နိုင်ပါ့မလဲ။

သူက လမ်းမလျှောက်သူလို့ခေါ်တယ်။

ဒါဖြင့် လမ်းမလျှောက်သူဟာ လမ်းပျောက်သူပဲ။

လမ်းလျှောက်သူဟာ လမ်းမပျောက်ဘူး။

ရှေးပညာရှိကြီးတွေ အမြဲပြောတဲ့စကားရှိတယ်။

မိုင်တစ်ထောင်ခရီးရဲ့ အစဟာ ခြေတစ်လှမ်းပဲ။

အခုဆိုရင် ကလေးတို့ဟာ လမ်းလျှောက်လာကြသူတွေမို့ ခရီးရောက်ကြတော့မယ်။

ကျောင်းနေခွင့်ရတုန်း၊ ဖြေခွင့်ရတုန်း ရည်ရွယ်ထားတာတွေ၊ လုပ်သင့်တာတွေ အောင်မြင်အောင်လုပ်ဖို့ အကောင်းဆုံးအချိန်ပဲ။

ကလေးတို့လည်း ဝီရိယနဲ့ကြိုးစားခဲ့ကြသူတွေပဲ။

အချိန်ဟာ တန်ဖိုးဖြတ်လို့မရဘူး။ အစားထိုးလို့မရဘူး။ အောင်မြင်မှုတို့၊ ကျရှုံးမှုတို့ ပြောင်းလဲသွားနိုင်တာ အချိန်ပဲ။

ကိုယ့်အောင်မြင်မှုဆိုတာ သူများတကာက လာပေးလို့မရပါဘူး။ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်တိုင်ကြိုးစားမှရတာမျိုး။

ဒါကြောင့် -

ကိုယ့်အားကိုယ်ကိုးပါ။ ကလေးတို့မှာ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။

'ငါ့မှာ မဖြစ်နိုင်ဘူးဆိုတာ မရှိပါလား။

ငါဟာ အောင်မြင်နေတဲ့သူတစ်ယောက်ပါလား' ဆိုပြီး ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူလိုက်စမ်းပါ။

အောင်မြင်မှုတွေက စောင့်ကြိုနေပါပြီ။

ဒီလို ဂုဏ်ယူဝင့်ကြွားရင်းနဲ့ အပျက်သဘောဆောင်တဲ့ စကားတွေတော့ ရှောင်ထားလိုက်ဦး။ အဲဒီအပျက်သဘောတစ်မျိုးပြောရရင် ပျက်ပြားသွားစေတဲ့သဘောဆိုတာတွေကတော့ မလွယ်ပါဘူးတို့၊ ဘဝပျက်ပါပြီတို့၊ ဒုက္ခရောက်ပါပြီတို့နဲ့ နိမိတ်ဆိုးစေတဲ့စကားတွေပါပဲ။ ခဏလေးဖယ်ထားလိုက်တော့။

အပျက်သဘောဆောင်တာတွေ ခဏထား။ သေကျေပျက်ပြုန်းကျရှုံးတဲ့ ဒီဇိုင်းတွေ၊ စာသားတွေ၊ မင်္ဂလာမရှိတဲ့ ဒီဇိုင်းတွေ ခဏထားလိုက်ပါဦး။

နိမိတ်ဆိုး၊ နိမိတ်ကောင်းတို့ ဆင်ခြင်လိုက်ကြပြီးပြီဆိုတာနဲ့ ကလေးတို့ဟာ အောင်မြင်မှုစတင်နေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ်ယုံလိုက်ပါ။

ဒီလိုအကြံပေးနေတာက -

ကြိုးစားနေကြတဲ့ ကလေးတို့အတွက် စာမေးပွဲကြီးနီးခါမှ ကျန်းမာရေးကိစ္စ၊ လူမှုရေးကိစ္စဆိုတဲ့ကိစ္စတွေဝင်လာပြီး မြင်းကောင်းခွာလိပ်မဖြစ်အောင်လို့ပါဘဲ။

ဒါဆို -

ခေါင်းတွေနောက်လာတဲ့ထိ အိပ်ရေးပျက်မခံပါနဲ့။

ဘာပဲပြောပြော ခေါင်းမကြည်ရင် စာမရပါဘူး။

အိပ်ရေးဝပါစေ။ အာရုံကြော လေးတွေကိုအနားပေးပါ။

နင်းကန်အိပ်ရေးပျက်ခံပြီး မြင်း ကောင်းခွာလိပ်ဖြစ်သွားတဲ့ကလေးတွေ ကို မြင်ဖူးကြားဖူးလို့ပါ။

အိပ်ရေးဝဝအိပ်။

ရင်ပြည့်စာတွေရှောင်။

လေပွစာ၊ ဝမ်းချုပ်စာ၊ ဝမ်းနူးစာ တွေရှောင်။

အာဟာရကို ပြည့်ဝအောင်စား ပေး။

ငါးသလောက်၊ မှို၊ အုန်းနို့ ဆိုတာ တွေဟာ တချို့တည့်ပေမယ့် တချို့ မတည့်ဘူး ချင့်ချိန်စား။

ကလေးတို့ -

ဖြေမယ့် ဘာသာရပ်တွေထဲက၊ ကလေးတို့ရေးတဲ့ စာအုပ်တွေထဲက တစ်နေ့ကို တစ်အုပ် ခေါင်းအုံးအောက် ထဲထားအိပ်၊ မနက်မိုးလင်းပြန်ထုတ်၊ ဒါလေးကို ခုထဲကစလိုက်။

ခုထဲကစပြီး ပေါက်ပေါက်ကို အပွင့် ပါတဲ့ပန်းကန်ပြားထဲထည့်ပြီး နေ့တိုင်း ဆွမ်းတော်ကပ်ပေတော့။ စာမေးပွဲဖြေပြီး တဲ့နေ့အထိ ကပ်ရမှာ။

“စဖြေတဲ့နေ့မှာ” -

ဘုရားရှင်ကို ပန်းပေါင်းစုံ (၅) မျိုး နဲ့ပူဇော်မယ်။

ပန်းပေါင်းစုံ (၅) မျိုးဆိုတာ တစ်မျိုးကို နှစ်ခိုင်၊ သုံးခိုင်လောက်ပေါ့။ ဂန္ဓမာချည်းပဲ အရောင်စုံ တစ်ရောင်စီ ကို နှစ်ခိုင်စီပူဇော်ရင်လည်းရတယ်။ အဲဒီ ပန်းပေါင်းစုံ (၅)မျိုးရဲ့အလယ်မှာ ကိုယ့်နံ ပန်းတစ်ညွန့် ဝင့်ဝင့်ကြွားကြွားဖြစ်နေ အောင် ပူဇော်ထားရမယ်။ ဥပမာ တနင်္ဂနွေသားသမီးဆိုရင် အုန်းတစ်ညွန့်။

အဲဒီတော့ ကြိုတင်ပူဇော်နေကျ ဖြစ်တဲ့ ပေါက်ပေါက်ရယ်၊ ပန်း (၅) မျိုး ရယ်ဖြစ်သွားပြီ။ ပန်းကို အနွမ်းမခံဘဲ နေ့တိုင်း အသစ်လဲရင် မွေးနံပန်းပါလဲရ မယ်။

တနင်္လာဆိုရင် ပန်းပေါင်းစုံ(၅)မျိုး အလယ်မှာ ကံ့ကော်ညွန့် (၁) ညွန့်။

အင်္ဂါဆိုရင် ပန်းပေါင်းစုံ (၅) မျိုး အလယ်မှာ ဇွန်ပန်းညွန့်၊ ဆီးညွန့်။

ဗုဒ္ဓဟူးဆိုရင် ပန်းပေါင်းစုံ (၅) မျိုး



အလယ်မှာ ရွက်လှ (၁) ညွန့်။

ကြာသပတေးဆိုရင် ပန်းပေါင်းစုံ (၅) မျိုးအလယ်မှာ ပျဉ်းမတစ်ညွန့်။

သောကြာဆိုရင် ပန်းပေါင်းစုံ(၅)မျိုး အလယ်မှာ သပြေတစ်ညွန့်။

စနေဆိုရင် ပန်းပေါင်းစုံ (၅) မျိုး အလယ်မှာ ထန်းရွက်အဖျားပိုင်း တစ်ညွန့်။

နေ့တိုင်း အားလုံးကို အသစ်လဲလှယ်ပေးပါ။

ဘော်ဒါမှာနေတဲ့ ကလေးတွေအတွက် မိဘက အိမ်က လှူပေးပါ။ လှူတဲ့အခါ စာဖြေတဲ့ကလေးရဲ့နာမည်နဲ့ နေ့ကိုပြော၊ ဘယ်နေ့သားလေး မောင်ဘယ်သူရဲ့ကိုယ်စား ဘုရားရှင်ကို ပူဇော်ပါသည်ဘုရားဆိုပြီး ပူဇော်။

ကလေးက အိမ်မှာဆိုရင် ပန်းတွေ ပူဇော်ပြီးတာနဲ့ ဘုရားဝတ်ပြု သောက်တော်ရေကပ်လှူပြီး ရှိခိုး။

'အောင်အရဟံ နမောဗုဒ္ဓါယ သိဒ္ဓိ ဘဂဝါ' ကို ပီပီသသနဲ့ (၂၇)ခေါက် ရွတ်၊ လက်အုပ်ချီပြီး သေချာထိုင်ရွတ်ပြီး ရှိခိုး။

ပြီးရင် ရှင်သာရိပုတ္တရာရဟန္တာကြီးကို ရည်မှန်းကန်တော့၊ သောက်တော်ရေကို ဖန်ခွက်အသစ်တစ်ခွက်နဲ့ ထည့်ပြီးပူဇော်။

ပြီးရင် သူရဿတီမယ်တော်ကြီးကိုရည်မှန်းပြီး ဖန်ခွက်အသစ်တစ်ခွက်နဲ့ သောက်တော်ရေကပ်လှူပူဇော်။

ပြီးရင် မိဘနှစ်ပါးကိုကန်တော့။

ပြီးရင် ဆရာသခင်ကျေးဇူးရှင်များကို ရည်မှန်းကန်တော့၊ ပြီးရင်သွားဖြေလို့ရပါပြီ။

မေးခွန်းတွေကို သေချာဖတ်ဖို့လည်း မမေ့နဲ့။

မရှင်းရင်သေချာပြန်ဖတ်။

ဖြေပြီးပြီဆိုရင်လည်း သေချာအထပ်ထပ်ပြန်စစ်။

တစ်နှစ်ပတ်လုံး ကိုယ်ကျက်လာခဲ့တဲ့စာတွေပဲ။

ကိုယ်ကြိုးစားသင်ယူလာခဲ့တဲ့စာတွေပဲ။

ဒီစာတွေကိုပဲပြန်ဖြေရမှာဆိုတော့ ဘာမှတွေဝေစရာ၊ စိတ်ညစ်စရာမရှိတော့ဘူး။

အားလုံးဟာ ပေါ့ပေါ့ပါးပါးနဲ့ အောင်မြင်သွားလိမ့်မယ်။

မိဘတွေကတော့ -

စာမေးပွဲကြီးဖြေဆိုကြတော့မယ့် သားသမီးလေးတွေရဲ့ အင်္ကျီတွေထဲက တစ်နေ့တစ်ထည် ခုထဲက ကိုယ်ပုဆစ်တုပ်ထိုင် ဘုရားရှိခိုး ပုတီးစိပ် တရားထိုင်တဲ့အခါ ပေါင်ပေါ်ဖြန့်ခင်းထား။ ရွတ်ဖတ်ပြီး ကိုယ့်သားသမီးလေး အောင်မြင်ပါစေကြောင်း အာရုံပြု မေတ္တာပို့ပေး။ ပြီးရင် အင်္ကျီလေးကို သူ့နေရာသူပြန်ထား။

ဒါဆို သူတို့စာမေးပွဲဖြေကြတဲ့အခါ တစ်နေ့ တစ်ထည် ကိုယ်ရွတ်ပေးထားတာလေးတွေကို သူတို့ဝတ်ပြီးသားဖြစ်ပြီ။ တကယ်လို့ တစ်နယ်တစ်ကျေးမှာဖြေရမယ်ဆိုရင်လည်း သူတို့ဖြေချိန်မှာ ခုနလို ဘုရားပူဇော်ပေးပြီး ထိုင်ရွတ်ပေးနေလိုက်။

တစ်နှစ်လုံး ကြိုးစားလာခဲ့တဲ့ ကြိုးစားမှု ဇွဲ၊ လုံ့လ၊ ဝီရိယတွေဟာ ကလေးတို့ရဲ့ တကယ့်အဖော်မွန်အဖော်ကောင်းစစ်စစ်ကြီးတွေပါ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာနဲ့ အောင်မြင်မှုတွေရယူလိုက်ပါ။

တစ်ခုတော့ပြောပါရစေ။

နှစ်စကစပြီး မကြိုးစားခဲ့သူတွေ -

စာထဲကိုစိတ်မဝင်စားခဲ့သူတွေ -

ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ အလှမ်းဝေးနေသူတွေ -

ဝတ်ချင်တာဝတ်မယ်၊ သွားစမ်းပါနားပါ ဘာတွေလဲ အယူမရှိပါဘူးဆိုတဲ့သူတွေ အခုပြောခဲ့တဲ့ အောင်ပွဲဝင်အစီအရင်ကိုလုပ်ဖို့မလိုပါဘူး။

အမှန်တကယ်လိုအပ်မယ်လို့ထင်တဲ့ကလေးတွေအတွက်သာ ပါရမီဖြည့်လိုက်တာဖြစ်ပါတယ်။

ကလေးတွေ စာမဖြေခင် နှစ်ပတ်လောက်အလိုမှာ ဘောလ်ပင်ဆယ်ချောင်းလောက်ဝယ်ပြီးရင် အဖုံးလေးတွေဖွင့်ထားပြီး ပန်းကန်ပြားလေးတစ်ချပ်ထဲမှာထည့်၊ မိဘတွေက ပဋ္ဌာန်းရွတ်၊ ပရိတ်ရွတ်ရင် ဒါမှမဟုတ် ပုတီးစိပ်ရင် ရှေ့မှာချထားပြီး ရွတ်ဖတ် ပုတီးစိပ်ပေးပါ။ ပြီးရင် ဘုရားဆောင်မှာပြန်တင်ပေးထားပါ။ နေ့စဉ် ယူရွတ်လိုက်၊ ပြန်တင်ပေးလိုက်နဲ့ပြုလုပ်ပါ။

ငါ့သားလေး ဒီဘောလ်ပင်လေးတွေနဲ့ဖြေရတော့မယ်၊ ငါ့သမီးလေး ဒီဘောလ်ပင်လေးတွေနဲ့ဖြေရတော့မယ်။ ဖြေနိုင်ပါစေဆိုပြီး အာရုံပြုရွတ်ပေးပါ။ ဖြေတဲ့နေ့ရောက်တော့ အားလုံးပေးလိုက်ပါ။ ပြန်မတင်ပါနဲ့တော့။

ဘောလ်ပင်တော့ ဘောလ်ပင်ပါပဲ။ ဒါပေမယ့် ရတနာမြတ်သုံးပါးဂုဏ်ကျေးဇူးတော်တွေနဲ့ မိဘရဲ့မေတ္တာဓာတ်တွေပြည့်ဝစွာရွတ်ဖတ်ထားတဲ့ဘောလ်ပင်ဖြစ်သွားပါပြီ။ သာမန်ဘောလ်ပင်မဟုတ်တော့ပါဘူး။ ယုံကြည်စိတ်အပြည့်ရှိပါစေ။ ဒါဟာ ကလေးတွေအတွက်လိုအပ်တဲ့ စိတ်ခွန်အားတွေဖြစ်လာပါလိမ့်မယ်။

စာဖြေတဲ့နေ့မှာ မိဘတွေမမေ့ဖို့က -

ပြဖွယ်ကိစ္စတွေအားလုံးပြီးတာနဲ့ ဖြေမယ့်နေရာ လိုက်သွားမယ်ဆိုရင် ကလေးအင်္ကျီတစ်ထည်ယူသွားပါ။

ကလေးဖြေနေချိန်မှာ ဘယ်သူနဲ့မှစကားအပိုတွေမပြောပါနဲ့၊ အရိပ်ကောင်းကောင်းမှာနေပြီး အင်္ကျီလေးကို ညာလက်နဲ့ကိုင် ဂုဏ်တော်တွေ၊ သရဏဂုံတွေပွားများနေပါ။

တကယ်လို့ ကလေးကရပ်ဝေးမှာဖြေနေရတာဆိုရင် သူဖြေနေတဲ့အချိန်မှာ ဘုရားဆောင်ရှေ့မှာထိုင်ပြီး သူ့အင်္ကျီလေးကို ပေါင်ပေါ်ဖြန့်ခင်း၊ ရွတ်ဖတ် ပုတီးစိပ်၊ မေတ္တာပို့ပေးနေ။

တချို့ဆိုရင် -

သားသမီးက တစ်မြို့မှာ အဆောင်နေပြီး ဒါမှမဟုတ် ဘွားအေတွေ၊ ကြီးတော်တွေနဲ့နေပြီးဖြေကြတာရှိပါတယ်။ သူ့ရဲ့မိခင် ဒါမှမဟုတ် ဖခင်က အလုပ်ကြောင့် မလိုက်နိုင်ရင် ရှိတဲ့နေရာဒေသက ဘုရားစေတီတစ်ဆူဆူကိုသွား၊ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်ထွန်း (၉) တိုင်ထွန်း။ ပြီးရင် ကလေးအင်္ကျီ ပေါင်ပေါ်ဖြန့်ခင်း ဒါမှမဟုတ် ညာလက်နဲ့ကိုင်ထားပြီး ရင်ခွင်မှာထား၊ ဂုဏ်တော်တွေ သရဏဂုံတွေပွား၊ မေတ္တာပို့ ပဋ္ဌာန်းရွတ် မေတ္တာပို့ ဒီလိုပြုလုပ်ဖို့အကြံညဏ်ပေးရသူတွေလည်း ဒုနဲ့ဒေးရှိနေပါတယ်။

ကလေးတွေ စာဖြေတဲ့နောက် မလိုက်နိုင်ရင်တော့ အဲဒီလိုပြုလုပ်ပြီး မေတ္တာအားတွေဖြည့်ပေးပါ။

ဒါဟာ အကောင်းဆုံးဖြစ်လာမယ့် အကောင်းဆုံးတွေဖြစ်ပါတယ်လို့မေတ္တာစကားပြောကြားရင်း -

ဂုဏ်ထူးတွေ မြိုင်မြိုင်ဆိုင်ဆိုင် ဝေဝေစည်စည်နဲ့ အောင်မြင်ကြတော့မယ့် ကလေးတို့အတွက် -

အောင်မြင်မှုကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်ကြတော့မယ့်ကလေးတို့အတွက် -

ခုထဲက ဂုဏ်ယူလိုက်ပါပြီ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)

နေပြည်တော်ကျော်ကျော်စိုး

# ကြက်မောက်ပန်းပင် အယဉ်ဖြစ်အောင်

အလှစိုက်တဲ့ ပန်းပင်တွေမှာ ကြက်မောက်ပန်းပင်လည်း အပါအဝင်ဖြစ်ပါတယ်။ ကြက်မောက်ပန်းတွေဟာ မျိုးစုံရှိတာကိုတွေ့ရတယ်။ သဘာဝမျိုးတွေရှိသလို သိပ္ပံနည်းကျ ပြုပြင်စီမံထားတဲ့လှပတဲ့ ကြက်မောက်တွေလည်း တွေ့ရတယ်။

ကြက်အမောက်လိုခ်ပြားပြားပွင့်တတ်တာမို့ ကြက်မောက်လို့ခေါ်ကြခြင်းပါ။ ကြက်မောက်ပန်းဟာ နှစ်လိုဖွယ် အသွင်သဏ္ဌာန်နဲ့ ရောင်စုံရှိပါတယ်။ အပင်လည်း တစ်ပေကနေ ဆယ်ပေလောက်မြင့်တဲ့အပင်အထိ ရှိပါတယ်။ အပွင့်သဏ္ဌာန်အပြားရယ်၊ ကြက်လည်ဆံရယ် နှစ်မျိုးပွင့်လေ့ရှိတယ်။ အိမ်တွေ၊ ဥယျာဉ်တွေ၊ ကျောင်းတွေမှာ တွေ့ရသလို ကြက်မောက်အရိုင်းပင်တွေကို သဘာဝအလျောက် တောတွေထဲမှာ ပေါက်ရောက်နေတတ်တာလည်း တွေ့ရတယ်။

တောထဲမှာတွေ့ရတဲ့ကြက်မောက်ရိုင်းတွေကျတော့ သူ့အပွင့်က ဝေဝေဆာဆာလှလှပပမရှိပါဘူး။ အရောင်အသွေးအနေနဲ့လည်း ပန်းနုရောင်ဖျော့ရော်ရော်ဖြစ်ပါတယ်။ ကြက်မောက်လိုလည်းမပြားပါဘူး။ ကြက်လည်ဆံလိုလည်း ပန်းပွားတွေမရှိပါဘူး။ အရိုင်းပန်းသက်သက်ပါ။ ဒါပေမယ့် သူ့အလှနဲ့သူတော့ရှိတာပါပဲ။ ကြည့်တတ်ရင် ပန်းတိုင်းလှပါတယ်။ ခံစားတတ်ရင်ပေါ့လေ။

ကျွန်တော့် အိမ်ဝိုင်းထဲမှာလည်း ဘယ်ကာလကတုန်းနေပေါက်နေတယ်မသိတဲ့ ကြက်မောက်ရိုင်းမျိုးနွယ်ပင်တွေ မျိုးဦးကျတာနဲ့ အိမ်ဝိုင်းရဲ့နေရာတိုင်းမှာ ထွက်လာတော့တာပါ။ သူ့အပင်က အရိုင်းမျိုးဆိုတော့ ဆယ်ပေလောက အထိမြင့်တယ်။ သူ့အပွင့်က ကြက်သွေးနီပါ။ အသင့်အတင့်လှတာကြောင့်ချန်သင့်တာချန် နုတ်သင့်တာနုတ်လုပ်ရပါတယ်။ သို့သော်လည်း မက်မောဖွယ်အလှမဟုတ်တာကြောင့် ဂရုလည်းစိုက်မနေပါဘူး။

၂၀၁၅ ရဲ့မိုးဦးမှာတော့ ပန်းလမ်းလေးလုပ်ချင်တာနဲ့ အိမ်ရှေ့မျက်နှာစာမှာ တစ်တောင်ခြားကျင်းလေးတွေတူးပြီး ပွတ်ခဲနေအောင်ပေါက်တဲ့ကြက်မောက်ပင်တွေထဲက သန်မာတဲ့အပင်လေးတွေနုတ်ပြီးစိုက်ပါတယ်။ မြေကလည်းကောင်း မိုးဦးရာသီလည်းဖြစ်တော့ကာ ချက်ချင်းရှင်သန်ကြပါတယ်။ ရိုးပျော့ပင်မျိုးနွယ်ပေမယ့် ငိုက်ကျသွားခြင်းမရှိပါဘူး။

ပန်းလမ်းလေးမှာ လမ်းလျှောက်မယ်ဆိုပြီး စိုက်လိုက်တာ ပန်းပင်က ဘယ်ညာနှစ်ဖက်ဆိုတော့ တစ်လသာသာပဲလျှောက်လိုက်ရပါတယ်။ နောက်တော့ အပင်ချင်းအကိုင်ချင်း ဆက်သွားတာမို့ လျှောက်မရတော့ပါဘူး။ လမ်းအကျယ်က လေးပေလောက်သာရှိတာကိုး။ ဖြစ်လိုက်တဲ့အပင်တွေဟာ တစ်ပင်နဲ့တစ်ပင် အလုအယက်ကောင်းကင်ကို ထိုးတက်နေတော့တာပါ။ မိုးကျွတ်တော့ အပင်တွေက ဆယ်ပေလောက်ရှိနေကြပါပြီ။ ပွင့်ဖို့တာစုနေကြပါပြီ။

ပွတ်ခဲနေတဲ့အပင်တွေများစွာကို နုတ်ပစ်ပြီး သန်တဲ့အပင်တွေကိုချန်ထားတာပါ။ အပင်တစ်ပင်ဆိုရင် အိမ်ဝိုင်းထဲမှာ စံပြအဖြစ်ထားပါတယ်။ ရွှေ့ပြောင်းစိုက်တာမဟုတ်ဘဲ သဘာဝအလျောက်ပေါက်တာပါ။ အပင်တွေအားလုံးမှာ အသန်မာအထွားကျိုင်းဆုံးအပင်ဖြစ်တာမို့ သူ့ကို နံပါတ်တစ်အဖြစ် သတ်မှတ်ထားတာပါ။ အုံနဲ့ကျင်းနဲ့မည်းမှောင်နေအောင်လှပတာပါ။ အဲဒီမှာ ရွှေ့ပြောင်းစိုက်တဲ့အပြင်တွေနဲ့ မရွှေ့မပြောင်းသဘာဝအလျောက်ပေါက်တဲ့အပင်ဆိုပြီး နှစ်မျိုးနှစ်စားရှိနေပါတယ်။ ပန်းလမ်းမှအပ ကျန်တဲ့အပင်တွေက သဘာဝအပင်တွေပါ။ တစ်ခြံလုံး ကြက်မောက်ပင်တွေနဲ့ဖုံးအုပ်နေတာပါ။ စိုက်ထားတဲ့ သရက်ပင်၊ ပိန္နဲပင်၊ မလွှပင်၊ ကြောင်လျှာပင်တွေတောင်ပျောက်နေပါတယ်။ ကျွန်တော့်ညီတွေ၊ တူတွေက မစားရတဲ့အပင်တွေထက် စားရတဲ့အပင်တွေစိုက်ဖို့ ပြောကြပေမယ့် ပန်းပွင့်ချိန်ပန်းရဲ့အရသာကို ခံစားချင်တဲ့အကြောင်းပြောပြပြီးငြင်းဆန်ရပါတယ်။ကျွန်တော်ကသဘာဝရဲ့အပင်တွေ အပွင့်တွေကိုချစ်တတ်သူပါ။

ဒီလိုနဲ့ ပန်းတွေ အပြိုင်းအရိုင်းတစ်ပင်နဲ့တစ်မွင်အပြိုင်အဆိုင်ပွင့်လိုက်ကြတာ ကျွန်တော့်အိမ်ဝိုင်းကျွန်တော်အိမ်ရှေ့မှာ ပန်းကမ္ဘာလေးဖြစ်သွားပါတယ်။ အရောင်က ပတ္တမြားရဲ့ ပထမတန်းမဥ္ဇူရည်အသွေးအရောင် ဖြစ်ပါတယ်။ အပွင့်က ကြက်မောက်လိုအပြားတွေနဲ့ ကြက်လည်ဆံအဆုပ်ကြီးတွေပွင့်လာကြတာပါပဲ။ ပထမပွင့်လာတာက ရွှေ့ပြောင်းစိုက်ပျိုးတဲ့အပင်တွေကစပွင့်တာပါပဲ။ အဲဒီလို အလှစုံနေချိန်မှာ ရွှေ့ပြောင်းမစိုက်တဲ့အပင်တွေက အဖူးဝေစရှိပါသေးတယ်။ ကွာခြားမှုကို စတင်သိရခြင်းပါ။

အချိန်အတန်ကြာတဲ့အခါမှာတော့ ကြက်မောက်ပန်းပင်တွေ အလှစုံညီသွားပါတော့တယ်။ ပန်းအလာကြည့်သူတွေ အများအပြားရှိကြပါတယ်။ ကျွန်တော်က မိုးကုတ်ပတ္တမြားတွေရဲ့အကောင်းဆုံးအရည်အသွေးဟာ ဒီကြက်မောက်ပန်းရဲ့အရည်အသွေးဖြစ်ကြောင်းပြောပြဖြစ်ပါတယ်။ ဒီတော့ မိုးကုတ်ကိုလည်းလွမ်းမိပါရဲ့။ ပန်းတွေဟာ လက်လက်ထပြီး လှချင်တိုင်းလှနေလိုက်ကြတာရဲရဲကိုထနေတော့တာပါပဲ။

အဲဒီမှာ အသိတစ်ခုရလိုက်ပါတယ်။ ဘာလဲဆိုတော့ မရွှေ့မပြောင်းတဲ့အပင်တွေကအပွင့်တွေဟာ ရွှေ့ပြောင်းစိုက်တဲ့အပင်တွေလောက် အပွင့်မလှကြတာပါဘဲ။ ရွှေ့ပြောင်းစိုက်တဲ့အပင်တွေကသာ အရင်လည်းပွင့်သလို အပွင့်တွေကလည်း ရှုမငြီးအောင် ပုံစံမျိုးစုံနဲ့ ဝေဝေဆာဆာပွင့်တာ တွေ့ရပါတယ်။ အမှတ်တရဓာတ်ပုံတွေလည်းရိုက်ထားပါတယ်။

ကျွန်တော်နံပါတ်(၁)ထားခဲ့တဲ့ အပင်ကြီးဟာ အပင်အုံကြီးသာသန်ပါတယ်။ အပွင့်တွေကအချောင်းပုံစံမျှသာသာမန်အပွင့်သာပွင့်တာတွေ့ရတယ်။ အပင်သန်ပေမယ့် အပွင့်လှလှမထွက်ပါဘူး။ ကျန်တဲ့မရွှေ့ပြောင်းတဲ့အပင်တွေလည်း အပွင့်လှလှမပွင့်နိုင်ကြပါဘူး။ ရွှေ့ပြောင်းပြီးစိုက်တဲ့အပင်များကသာ အပွင့်လှလှပွင့်တာကို တွေ့ရပါတယ်။ ကြက်မောက်အပင်ချင်းတူပေမယ့် ရွှေ့ပြောင်းခြင်းက အယဉ်ဘဝကိုပြောင်းလဲသွားခြင်းပါ။

၂၀၁၆ မိုးဦးမှာ ကြက်မောက်ပင်တွေက မရေတွက်နိုင်တဲ့မျိုးစေ့တွေကနေပြီး မရေတွက်နိုင်အောင် ကြက်မောက်ပင်တွေပေါက်လာကြဦးမှာပါ။ ဒီအခါတစ်ခြံလုံး ကြက်မောက်ပန်းတွေနဲ့ လှပအောင်ရွှေ့ပြောင်းစိုက်ဦးမှာပါ။ မလိုအပ်တဲ့အပင်တွေကို အကုန်လုံးနုတ်ပစ်ဖို့စိတ်ကူးထားပါတယ်။ အရိုင်းတွေမထားတော့ပါဘူး။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



ကျွန်တော်သည် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုများအား ဂျာနယ်၊ မဂ္ဂဇင်း အသီးသီးတွင် ၂၀၁၂ ခုနှစ်အကုန်မှ စတင်ပြီး ဝါသနာအလျောက်ရေးသား လာခဲ့သည်။ ဖော်ပြပါရှိသော စာမူများ ကို စိတ်တိုးအားတိုး အမြတ်တနိုးနှင့် အားပေးဖတ်ရှုသူများအနက် ကျွန်တော့် ဇနီးတစ်ယောက်လည်း အပါအဝင်ဖြစ် သည်။

ကျွန်တော်ကား တစ်နေ့နေ့ တစ်ချိန်တွင် အများတကာ လွယ် ကူစွာ ဖတ်ရှုနိုင်ရန်အတွက် စာ ကြည့်ခန်းလေးဖွင့်မည်ဟု ရည် ရွယ်ထား၏။ ထို့ကြောင့် တိုက်မှ ပေးပို့သောလက်ဆောင်ရစာအုပ် များကိုအပြန်ပြန်အလှန်လှန်ဖတ်ရှု ပြီးသည်နှင့် တရိုတသေ သိမ်းဆည်း ထားလေ့ရှိသည်။

ဇနီးဖြစ်သူက-

"လက်ဆောင်စာအုပ်ရတာ ဘယ်နှ အုပ်ရှိသွားပြီ။ တာရှည်ခိုင်ခံ့အောင် ပလတ်စတစ်အဖုံးလေးကပ်ပြီး နိုင်လွန် ချည်နဲ့ချုပ်ထားဦးလေ"

အစရှိသဖြင့် ကြောင့်ကြစိုက်၍ ပြောပြတတ်သည်။ မိန်းမသားတို့၏ သဘာဝ ရပ်ထဲရွာထဲမှတိုးတိုးတိတ်တိတ် စကား၊ ဇာတ်လမ်းအတိုအစလေးများ ကြားလာလျှင်လည်း တစ်ဆင့်ပြန်ပြီး ဖောက်သည်ချတတ်သေးသည်။

အချို့သော တကယ့်ဖြစ်ရပ်မှန် များကား ရေး၍တင်ပြလည်း ယုံနိုင်ဖွယ် ရာမရှိသည့်အပြင် ဇာတ်လမ်းတစ်ခု အဖြစ်လည်း ဖန်တီးမရနိုင်ချေ။ တစ်နေ့ ကဆိုလျှင် လယ်တောက ကောက်စိုက် ပြီးပြန်လာကြသောမိန်းကလေးတစ်သိုက် သည် နေဝင်မိုးချုပ်ချိန်ကျမှ ရွာအဝင် နားရောက်လာကြ၏။ မှိုင်းအုံ့နေသော တမာပင်ကြီးအောက်သို့အရောက်တွင် နန္ဒင်းစိမ်းနံ့ကြီး ထောင်းခနဲရုတ်ခြည်းနံ သွားသဖြင့် ကြက်သီးမွေးညင်းများ ဖြန်းဖြန်းထကုန်ကြသည်။

လွန်ခဲ့သောရက်ပိုင်းတွင်မှ ရွာထဲ က ကိုစံမြ သေဆုံးထားရာ အခြောက် အလှန့်ကြမ်းသည်ဆိုပြီး သံယောင်လိုက် ၍ ကြောက်နေကြသည်။ ကောက်စိုက် သမများလည်း သူ့ထက်ငါ ရှေ့နောက် လုပြီး သုတ်သီးသုတ်ပျာနှင့် ကိုယ့်အိမ် ကိုပြန်ရောက်ကြသည်။ ညအိပ်ရာတွင် ကောက်စိုက်သမလေးဖြူနုကို ကိုစံမြက. စားရသောက်ရမဲ့ဖြစ်ပြီး နေစရာမရှိဘဲ ဒုက္ခရောက်နေလို့ ဘုန်းကြီးကျောင်း ဆွမ်းပို့ ကုသိုလ်လုပ် အမျှအတန်းပေး ဝေပေးဖို့ အိမ်ကိုသွားပြောလိုက်ပါဦးဟု အိပ်မက်ပေးသည်။ ဖြူနုလည်း အိပ်ရာ က လန့်ဖျပ်နိုးလာပြီး သူ့မိဘများအား တုန်တုန်ယင်ယင်နှင့်ပြောပြသည်။

ဖြူနု၏ အမေ ဒေါ်ထွေလည်း သမီးအိပ်မက်ပြောစကားနှင့် သေဆုံးသူ ကိုစံမြ၏ မိသားစုများထံသို့သွား၍ အကြောင်းခြင်းရာအား ပြောပြသည်။ ကိုစံမြ၏ ကျန်ရစ်သူ မိသားစုများက သေဆုံးသူအတွက် ရည်စူးပြီး ဘုန်းကြီး ငါးပါးပင့်ကာ ဆွမ်းကပ်၊ ပရိတ်နာ အမျှ အတန်းပေးဝေကြသည်။ ထို့မှနောက် ကိုစံမြနှင့်ပတ်သက်ပြီးခြောက်လှန့်သည်၊ အိပ်မက်ပေးသည်ဟူ၍ အလျှင်းမရှိ တော့ချေ။

စိတ်ဝင်စား သနားဖွယ်ရာကောင်း သော နောက်ထပ်အဖြစ်အပျက်လေး တစ်ခုအား ပြောပြချင်ပါသေးသည်။ မူလတန်းပြကျောင်းဆရာမလေးဖြစ်သော သက်သက်ခိုင်သည် မတ္တရာမြို့နယ်တွင် ရှိသော ရွာငယ်လေးတစ်ရွာသို့သွား ရောက်၍ တာဝန်ထမ်းဆောင်လျက် သည်။ (၁) နှစ်ခန့်အကြာတွင် ယင်းရွာ ထွန်းထွန်းလတ်နှင့် အိမ်ထောင်ကျ လင့်တစ်မျက်နှာတစ်ရွာထင်ပြီး အိမ် တစ်ဆောင်မီးတပြောင်နှင့်နေကြသည်။

ကျွန်တော်တို့နေသော သာစည် မြို့နယ် သာဂရနှင့် သက်သက်ခိုင် နေသောရွာကား မြေလမ်းဖြင့်တစ် ကတ္တရာခင်းလမ်းနှင့်တစ်မျိုးသွားရသော လမ်း ပန်းမျိုးဖြစ်၍ ကားကို (၅) နာရီ ကြာမျှမောင်းရသည်။ တစ်နေ့တွင် ကလေးမီးမဖွားနိုင်ဘဲ သက်သက်ခိုင် သွား၍ မြန်းစားကြီးဖုန်းဝင်လာရာ မိ တွေမျိုးများ ရေနံအိုးဖင်တည်မရသ ပျာပျာသလဲဖြစ်ကုန်ကြသည်။

သက်ဆိုင်သူများလည်း ရွာတွင် သော ကိုထင်အောင်၏လိုက်ထရပ် ကိုငှား၍ နောက်တစ်နေ့ ခပ်စော တွင် သင်္ဂြိုဟ်အမီထွက်သွားကြသည် မတ္တရာမြို့နှင့် အတန်ငယ်ခရီးလှမ်းသော သက်သက်ခိုင်နေသည့် ရွာကလေး အချိန်မီရောက်ရှိသွားပြီး ညနေ (၂) ခန့်တွင် သင်္ဂြိုဟ်ကြသည်။

ကိုထင်အောင်၏ကားအား ငြိမ်း နေ့ကျန် (၅) သောင်းဖြင့်ခေါ် သဖြင့် ညနေ (၄) နာရီထိုးတွင် ပြ တပြင်ပြင်လုပ်ကြသည်။ ရက်လည် ကျန်သူလည်းကျန်ခဲ့မည်ဖြစ်၍ ပြ



# (သာစည်)
# အာကာသ
## နေရစ်တော့သွားပြီလေ လွမ်းကြပေဦး

…များလည်း ကားပေါ်နေရာယူနေကြ …ပြီ။ ဤတွင် ကားထွက်ခါနီးကျမှ …မငြိမ်သူတချို့တလေက သေဆုံးသူ …က်သက်ခိုင်အား ရှောက်တတ်ရာရာ …ပြီး နှုတ်ဆက်နေသည်။

ကားအသစ်ကြီးကား နှိုးမရ၊ …ကြိမ်ကြိမ်နှိုးသည်။ မော်တာလည်းသံ …သော တဝီဝီမြည်နေသော်လည်း ကား …ကနိုးမလာ။ ပါးစပ်ဆတ်ဆော့သူများ ငြိမ်သွားပြီး ကားဆရာ ကိုထင်အောင် လည်း ချွေးဒီးဒီးကျဖြစ်လာသည်။ ကားထိုင်ခုံကိုလှန်၍ စက်ပိုင်းဆိုင်ရာများအား ဟိုနှိုက်ဒီနှိုက်လုပ်ပြီးစစ်ဆေးနေသည်။

ထိုစဉ် ကားနောက်ထဲတွင်ရှိသော ဘကြီးမြသည် ကားပေါ်ကဆင်းသွားပြီး ကားရှေ့တွင်ရပ်ကာ ပါးစပ်ကိုလှုပ်တုပ်လှုပ်တုပ်လှုပ်၍ ဘုရားတရားစာများ ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ မတိုးမကျယ်အသံထွက်၍လည်း -

"မြေးမလေး သက်သက်ခိုင်ရေ၊ ဘိုးတို့မပြန်မဖြစ်လို့ ပြန်ကြတော့မယ်။ ဘိုးတို့နဲ့ မင်းက ဘဝခြားသွားပြီဖြစ်လို့ ဘိုးတို့ကိုခင်တွယ်ပြီးမနေပါနဲ့။ နေရစ်ခဲ့ပါ။ ဘိုးတို့ပြန်ချိန်နောက်ကျနေလိမ့်မယ်။

ခွင့်ပြုပါတော့၊ နေရစ်ခဲ့ပါတော့"

ဟူ၍ ဆို့ဆို့နင့်နင့်ပြောနေလေသည်။

ကိုထင်အောင်လည်း ကားပေါ်ပြန်တက်၍ စက်နှိုးကြည့်ရာ ကားစက်က ဝူးခနဲနေကာ အလွယ်တကူနိုးသွားသည်။ တိုက်ဆိုင်သည်ဟုပဲပြောပြော ပါးစပ်အပေါက်သားဖြစ်လျက် အံ့ဩကုန်ကြသည်။ တရွေ့ရွေ့နှင့် ကားထွက်လာသော်လည်း သက်သက်ခိုင်အားသနားပြီး ကားပေါ်တွင် မျက်ရည်ကျသူကျ၊ ဝမ်းနည်းပန်းနည်းဖြစ်လျက် ငိုသူငိုဖြစ်ကုန်ကြသည်။ ဤသို့ ဟုတ်ဟုတ်ငြားငြား အဖြစ်အပျက်များကား မည်မည်ရရမဟုတ်ဘဲနှင့် ရေး၍မကုန်နိုင်အောင် များပြားလှချေသည်။

ကျွန်တော်လည်း အရုဏ်တက်ဘုရားဝတ်ပြုပြီးသည်နှင့် စာရေးရန်ကုန်ကြမ်းစားမြို့ပြန်စဉ်းစားရင်းက လမ်းလျှောက်နေသည်။ ရောက်တတ်ရာရာ စုံစီနဖာအာရုံများကောင်းနေတုန်း ဇနီးက မနက်စောစောစားရန်ခေါ်နေ၍ အတွေးများပြတ်တောက်ကုန်သည်။

"ကိုလှမောင်ချွေးမလေး ချိုသဲသေလို့တော့"

"ဟင်-ဘာဖြစ်တာတဲ့တုံး။ မနေ့ကတောင် လှမ်းမြင်လို့ အကောင်းချည်းရှိနေသေး"

ကျွန်တော်သည် စားပွဲတွင်ထိုင်၍ လက်ဖက်ရည်ကြမ်းတစ်ခွက်ကောက်သောက်မည်ရှိစဉ် မျက်နှာချင်းဆိုင်တွင်ရှိသော ဇနီးက ပြုန်းစားကြီးပြောလိုက်၏။ ယမန်နေ့ညနေကပင် ကလေးငယ်ကို လက်ကဆွဲပြီး ဆံပင်ဖားလျားချနှင့်သွားနေသော ချိုသဲကို လှမ်းမြင်လိုက်ရသေး။ ယခု သေသွားပြီပြော၍ တအံ့တဩဖြစ်နေမိသည်။

"တောထဲကအပြန် ရေချိုး၊ ခေါင်းလျှော်လုပ်ပြီး ချွေးငုပ်သွေးငုပ်ဖြစ်သွားတာလို့ပြောတာပဲ"

ဇနီးက ကျွန်တော့်အား ငါးခြောက်ကင်ဦးထည့်ပေးရင်းပြောသည်။

ထို့ကြောင့်လည်း မိုးကုတ်ဆရာတော်ဘုရားကြီးက -

"မနက်ဖြန်ဆိုတာ ဝေးပါသေးတယ်။ နောက်တစ်ဘဝဖြစ်ဖို့အတွက် သေခြင်းတရားက ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ၊ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း အဲလောက်မြန်ပါသတဲ့"

ဟု မိန့်ကြားဖူးလေသည်။

ချိုသဲသည် ပေါက်ဆီးပေါက်ဆတ်နှင့် လမ်းလျှောက်တတ်ခါစ ကလေးငယ်ကိုလက်ကဆွဲ၍ မနေ့ညနေတင်ကမှ ရှိနေသေး။ လင်တော်မောင်ဖြစ်သူ တင်အောင်မင်းနှင့် ကလေးအား အလယ်တွင်ထားကာ လက်ခုပ်လက်ဝါးတီး၍ လှမ်းတတ်ပေ့လှမ်းတတ်ပေ့လုပ်ကာမြူနေကြသေး။ ယခုတော့ ချိုသဲတား မရှိတော့။ သူချစ်သောသားလေးနှင့် မြတ်နိုးရသော တင်အောင်မင်းအား ထားရစ်ပြီး ဤကမ္ဘာမြေကထွက်ခွာသွားလေပြီ။

❑

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သာဂရစံပြရွာကြီးသည် အခြေခံပညာအထက်တန်းကျောင်းရှိသဖြင့် မြို့နှင့်ဝေးသော်လည်း မြို့နှင့်မခြားစည်ကားလှသည်။ ၁၉၅၄ ခုနှစ်တွင် အလယ်တန်းကျောင်းကနဦးဖွင့်ခဲ့၍ ၂၀၁၄ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင်ကား အခြေခံပညာအထက်တန်းဖွင့်လာသည်။ နှစ်စဉ်အောင်မြင်ချက်ရာနှုန်းကောင်းလျက်ရှိရာ ရပ်နီး၊ ရပ်ဝေးသို့တိုင် သတင်းမွှေးကြိုင်၍နေသည်။

စည်းကမ်းကြီး၍ သင်ကြားရေးတွင် နာမည်ကောင်းရနေသော သာဂရကျောင်းသို့ အနယ်နယ်အရပ်ရပ် ရွာနီးချုပ်စပ်များက လာရောက်ကျောင်းတက်ကြသည်။ မနီးမဝေးရှိသောရွာများက ခြေကျင်၊ စက်ဘီး၊ ဆိုင်ကယ်တို့နှင့်လာကြ၍ အနည်းငယ်လှမ်းသောရွာများနှင့် ဝေးလံသောဒေသများကမူ ညဥ့်အိပ်နေပြီး ကျောင်းတက်ရလေသည်။

ချိုသဲနေသော အင်ကြင်းပင်ရွာနှင့် စာသင်ကျောင်းရှိသော သာဂရအား (၂) မိုင်ပိုပိုမျှသာဝေး၍ ထူပြောသော ချုံပုတ်ပေါင်းများကိုဖြတ်သွားရပြီး လမ်းပန်းဆောက်သည်ဟု ဆိုရလိမ့်မည်။ အထက်တန်းတက်မည့် ချိုသဲကား ထမင်းချိုင့်နှင့် နေ့ချင်းပြန်တက်လျှင်ရသော်လည်း တစ်နေ့တစ်ရက်တည်းမဟုတ်၍ ဖခင်ဖြစ်သူက စိတ်မချဝေ။ ထို့ကြောင့် ကိုလှအောင်သည် အမိမဲ့သမီးလေး ချိုသဲအား ပညာတတ်စေချင်လွန်း၍ အစ်ကိုတစ်ဝမ်းကွဲတော်စပ်သူကိုအောင်၏နေအိမ်တွင် အပ်နှံပြီး ကျောင်းတက်စေသည်။

ဒေသခံဖြစ်သော တင်အောင်မင်းနှင့် တစ်ရွာသူချိုသဲတို့သည် အတန်းတူတက်ကြသူများဖြစ်၍ ခင်မင်ရင်းနှီးကျွမ်းဝင်ကြသည်။ မသိမမီလိုက်သော တစ်ယောက်၏စာကို တစ်ယောက်က ကူညီကူးပေး၍ မရှင်းမလင်းဖြစ်နေသောအမေးပုစ္ဆာတို့ကိုလည်း ခေါင်းချင်းဆိုင်၍တွက်လေ့ရှိ၏။ အိမ်က စားစရာလေးတစ်ခုခုပါလျှင်ပင် တစ်ဦးက တစ်ဦးကို ပေးဝေစားကြလေသည်။

အပျိုဖြန်းမငယ်လေးချိုသဲကား ဆိုးဆိုးဆတ်ဆတ်လေးနှင့်လှသည်။ မပြုမပြင်နဂိုယဉ်သူလေးဖြစ်၍ ဆေးရောင်မတူရသေးသော သဘာဝအရုပ်ကလေးတစ်ခုသဖွယ်ရှိနေသည်။ တင်အောင်မင်းကား ချိုသဲအား အစစအရာရာအကူအညီသာပေးနေသော်လည်း သူငယ်ချင်းလိုသာဆက်ဆံ၍ ချိုသဲ၏အလှအား ခံစားတတ်ရမှန်းမသိသေးချေ။

တင်အောင်မင်း၏ သူငယ်ချင်း တင့်ဆန်းသည် ကြေးရတတ်မိဘများ၏သားဖြစ်၍ ငွေကြေးသုံးစွဲဖြုန်းတီးနိုင်သည်။ စာတွင်စိတ်မဝင်စားသော တင့်ဆန်းက လိုက်၍မမီသောစာများကို တင်အောင်မင်းထံမှ မေးစမ်းရ၊ စာအုပ်ငှားပြီးကူးရသည်။ တင့်ဆန်းသည် တင်အောင်မင်းနှင့် ဆက်ဆံရဖန်များသောအခါ ချိုသဲနှင့်လည်း မျက်မှန်းတန်းမိလာသည်။

တင့်ဆန်းကား ချိုသဲ၏အလှကို စိတ်ဝင်စားသဖြင့် ချိုသဲကို ရင်းနှီးခင်မင်လာအောင်ပေါင်းသည်။ သန့်ရှင်းဖြူစင်သောချိုသဲကို တဖြည်းဖြည်းအရောင်ဆိုးနေသည်။ စာကူးဖို့ဆို၍ ချိုသဲထံမှစာအုပ်ကို မရမကနှင့်ရအောင်ငှားသည်။ ချိုသဲ၏အကြိုက်ကိုပေး၍ အလိုလိုက်ပေါင်းကာ အကျိုးလိုပြီးညောင်ရေလောင်းနေလေသည်။

တစ်နေ့တွင် ချိုသဲ၏စာအုပ်ကြားမှ တင့်ဆန်းက အချစ်ရေးဆိုသော စာရွက်ကလေးတစ်ရွက်ကို တင်အောင်မင်းတွေ့လိုက်ရ၍ နင့်ခနဲခံစားသွားသည်။ ဘာမှန်းတော့မသိ။ ခါတိုင်းပြောနေဆိုနေ၊ ကျီစယ်နေကျ ချိုသဲကို တင်အောင်မင်းမပြောရဲ၊ မစရဲ၊ မျက်လုံးချင်းမဆုံရဲတော့သလို ဖြစ်လာသည်။ ချိုသဲနှင့်တွေ့လျှင် ယောင်နနလုပ်ပြီး ရင်တွေခုန်လာတတ်သည်။ ချိုသဲက နှုတ်ဆက်လျှင် ဘုဆတ်ဆတ်တိုပြတ်ပြတ်ပြော၍ မျက်နှာလွှဲပစ်တတ်သည်။

အမှန်တော့ တင်အောင်မင်းသည် ချိုသဲကို ချစ်မှန်းမသိ ချစ်နေမိပြီ ဖြစ်သဘောပေါက်သွားသည်။ ချိုသဲ၏ စားစရာကိုလည်း တင်အောင်မင်း လှမ်း မစားရဲတော့။ စာကူးစာလုပ်လျှင်လည်း

ခါတိုင်းလို ခေါင်းချင်းရိုက်ပြီး နီးနီးကပ်ကပ်မလုပ်ဝံ့တော့။ ပြောရလျှင် ပြောမနာဆိုမနာ တစ်ယောက်၏ခေါင်းတစ်ယောက်ထုကာ ကျီစယ်နောက်ပြောင်၍ နေလာသော တင်အောင်မင်းကား ချိုသဲအား ရှက်တတ်လာလေသည်။

တင့်ဆန်းကား တစ်နေ့ထက်တစ်နေ့ ချိုသဲအပေါ် အကဲပိုပိုလာသည်။ စာအုပ်ငှား၍ဆိုကာ အကြောင်းရှာပြီး မိန်းကလေးတို့ ကြိုက်နှစ်သက်သော ပစ္စည်းလေးများကို မကြာမကြာဝယ်ပေးလေ့ရှိ၏။ ချိုသဲကိုကြည့်သော တင့်ဆန်း၏မျက်လုံးများကား ရွှန်းရွှန်းစားစားရှိနေပြီး ရိတိတိစကားများကို ပြောလာတတ်သည်။ အစက ရိုးရိုးသားသားခင်မင်သည်ထင်၍ ချိုသဲက လက်ခံခဲ့သော်လည်း တင့်ဆန်းကား မရိုးသားမဖြောင့်စင်းမှန်း တဖြည်းဖြည်းသိလာသည်။

တကယ်တမ်းကျတော့ ချိုသဲအနေနှင့် သူ့အပေါ် တစ်လျှောက်လုံး ဂရုစိုက်လာသော တင်အောင်မင်းကိုသာ သံယောဇဉ်ရှိနေသည်။ မှန်တေတေမသိကျိုးကျွန်လုပ်နေသော တင်အောင်မင်းကို ချိုသဲနားမလည်သလို ဖြစ်လာသည်။ တင့်ဆန်းနှင့် အရောတဝင်နေသည်ကို မကြိုက်၍ တင်အောင်မင်း သဝန်တိုနေသည်ဟုလည်း ချိုသဲသဘောပေါက်လိုက်သည်။

ချိုသဲသည် သူမ၏အပေါ် အမြဲတမ်းကောင်းခဲ့၍ အနစ်နာခံကာနေပေးလေ့ရှိသော တင်အောင်မင်းကို လက်လွှတ်မခံနိုင်တော့။ မတုံတက်သေးလုပ်နေသော တင်အောင်မင်းအား ချိုသဲအားမလိုအားမရဖြစ်လာသည်။

တင်အောင်မင်းနှင့် ချိုသဲသည် (၁၀) တန်းစာမေးပွဲကို မဖြေဆိုတော့ဘဲ ဘဝသစ်တစ်ခုအားထူထောင်ရန် စွန့်စားဆုံးဖြတ်လိုက်ကြသည်။ နှစ်ဖက်သော မိဘများက ပညာသင်ကြားရမည့်အရွယ်များရှိသေး၍ မည်သို့မျှ သဘောတူမည်မဟုတ်ပေ။ တစ်နေ့တွင် တင်အောင်မင်း၏ အစ်မနေသော ဆည်တော်ရွာသို့ သွားရောက် ပုန်းအောင်းနေထိုင်ကြရာ မိဘများ မျောက်မီးခဲကိုင်မိသလိုဖြစ်ကုန်ကြသည်။

မိဘများကား သတင်းစကားကြားရသည်နှင့် ဆည်တော်ရွာကိုလိုက်သွားပြီး လူသူကျယ်ကျယ်ပြန့်ပြန့်မသိသေးမီ တိုတိတ်၍ နားချကြည့်သည်။ တင်အောင်မင်းနှင့်ချိုသဲတို့က ပြောမရ။ (၁၀) တန်းလေးဖြေပြီးအောင်နေကြပါဦး။ ပိုနေမြကျားနေမြဲဟန်မပျက်လေးနေပြီး စာမေးပွဲဖြေပြီးမှ ကျကျနနတောင်းရမ်းပြောဆိုကြတာပေါ့ဟုဆိုသည်။ တုတ်တုတ်မျှ မလှုပ်ကြ။

ဟိုးလေးတကျော်ဖြစ်ပြီး ဖုံးဖိပြောဆိုနားချမရသည့်အဆုံး၌ လူကြီးချင်းခေါင်းချင်းရိုက်၍ထိုင်ပင်ကြရတော့သည်။ သူ့ရွာကိုယ့်ရွာဘုန်းကြီးကျောင်းမှ သံဃာတော်ငါးပါးအား မင်္ဂလာဦးဆွမ်းကပ်လှူပြီး အင်ကြင်းပင်ရွာဓလေ့ထုံးစံနှင့်အညီ မင်္ဂလာပွဲလေးကျင်းပကြသည်။ တင်အောင်မင်းနှင့်ချိုသဲတို့ကား ပညာသင်ရဦးမည့်ကျောင်းသားဘဝမှ အိမ်ရာထောင်၍ အိမ်ထောင်သည်များ ဖြစ်ခဲ့လေပြီတကား။

❑

မင်္ဂလာပွဲပြီးသည့်နောက်မှာတော့ တင်အောင်မင်း နေထိုင်ရာ သာဂရရွာသို့ ချိုသဲလိုက်လာနေထိုင်သည်။ တောင်သူလယ်ယာလုပ်ငန်းနှင့် အသက်မွေးနေထိုင်သော ဦးသာအောင်နှင့် ဒေါ်သန်းတို့တွင် တစ်ဦးတည်းသော သားလေးတင်မောင်မင်းသာရှိ၍ ယခုမူ ချွေးမလေး ချိုသဲတစ်ယောက်တိုးလာသည်။

သမီးမိန်းကလေးနှင့်မနေခဲ့ရသော ဦးသာအောင်တို့လင်မယားသည် ချိုသဲအား သမီးအရင်းတမျှ ဖူးဖူးမှုတ်ချစ်ကြသည်။ ချိုသဲကလည်း ယောက္ခမမိဘဆိုသော်လည်း မိဘအရင်းများသဖွယ်ရှိသေစွာလုပ်ကျွေးပြုစုသည်။ ထမင်းစားချိန်ထမင်း၊ ရေချိုးချိန်ရေ လစ်လပ်ခြင်းမရှိစေရ။ ဘုရားဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူဖို့ဆိုအဆင်သင့်။ အိပ်ရာကအစခင်းပြီးသားဖြစ်နေသည်။

ချိုသဲကား လင်ယောကျ်ားနှင့် သူရင်းငှားတို့ လယ်တောသွားဖို့ကိုလည်း ထောင့်စေ့အောင်လုပ်ပေးရသေး။ ကြဲဖို့စိုက်ဖို့အတွက်မျိုးပဲထုတ်ပေးရ၊ နေ့လယ်စာတောထဲစားဖို့ ထမင်းဟင်းလုပ်ပေးရနှင့် ဗာဟီရများလှသည်။ သူတို့တစ်တွေ တောထဲထွက်သွားမှဘဲ အနည်းငယ်ထိုင်ရသလိုရှိတော့သည်။

ချိုသဲလည်း အိမ်မှုကိစ္စများနှင့် နေ့စဉ်လုံးပန်းနေရာ သွက်လက်ချက်ချာပေ့ါပါးစွာမရှိချင်တော့။ မအီမသာမလုပ်ချင်မကိုင်ချင်ဖြစ်၍လာသည်။ ကိုယ်လေးလက်ဝန်ကြီးနှင့်ဖြစ်လာသောချိုသဲသည် တောက်တိုမည်ရအိမ်မှုကိစ္စအဝဝအား တစ်နေ့ထက်တစ်နေ့ လုပ်ကိုင်မပေးနိုင်တော့ချေ။

ဒေါ်သန်းသည် မပေ့ါမပါးရှိနေသော ချွေးမလေးကို ဘာတစ်ခုမှအလုပ်မခံတော့။ မနေတတ်၍ ချိုသဲဝင်ပါနေလျှင် ဘာမှမနှင့်၊ ဘာမလုပ်နှင့်၊ ဘာမစားနှင့်ဟုပြောရသည်က အမောပင်။ တင်အောင်မင်းက ချိုသဲအား တစ်စုံတစ်ခုခိုင်းလျှင်ခိုင်းပြန်ပြီ။ သူတို့ချင်း အဆီအငေါ်မတည့်၍ တင်အောင်မင်းကပြောလျှင်လည်း ပြောပြန်ပြီနှင့် ချွေးမဘက်ကပါရသည်က ခဏခဏ။

ဦးသာအောင်တို့၏ အိမ်သည် သုံးပင်လေးပင် ကိုးတောင်တိုင်အမြင့်တွင် သွပ်မိုး၍ ထရံကာပြီး အိမ်၏ရှေ့တွင်လည်း အမိုးအကာလုပ်မထားဘဲ ကွပ်ပျစ်ထုတ်ထားသည်။ ယင်းကွပ်ပျစ်တွင် နှီးဖျာကိုခင်း၍ လက်ဖက်ရည်ကြမ်းပွဲအားခလယ်တွင်တည်ပြီး ဦးသာအောင်နှင့် ကိုလှအောင်တို့ ခမည်းခမက်နှစ်ဦးထိုင်နေကြသည်။

ဒေါ်သန်းကား ချိုသဲမီးဖွားဖို့အတွက် အနောက်ခန်းထဲတွင် ဝမ်းဆွဲဆရာမနှင့် ပျာယာခတ်အောင် အလုပ်ရှုပ်နေသည်။ သမီး၏သောကနှင့် ဂနာမငြိမ်ဖြစ်နေသော ကိုလှအောင်သည် ဦးသာအောင်ကို စကားစမြည်ဖြောင့်ဖြောင့်မပြောနိုင်။ ရေနွေးကြမ်းသာ တစ်ခွက်ပြီးတစ်ခွက်ကောက်သောက်နေလေသည်။

ကိုလှအောင်၏ ဇနီးမတင်သည် ချိုသဲလေး အခါလည်အရွယ်တွင် မီးယပ်ရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ သမီးတစ်ယောက်နှင့် မယောင်မလည်ကျန်ခဲ့သော ကိုလှအောင်ကား သမီးလေးမျက်နှာငယ်မည်စိုး၍ အိမ်ထောင်မထူဘဲနေသည်။ သမီးကို ပညာတတ်ဖြစ်စေချင်၍ အင်ကြင်းပင်ရွာတွင်ရှိသော တွဲဖက်အလယ်တန်း၌ ပြီးဆုံးသည်အထိ ကျောင်းထားပေးခဲ့သည်။

ချိုသဲကား ပညာတော်၍ လိမ္မာရေးခြားရှိသည်။ ထူးချွန်စွာဖြင့် တစ်နှစ်တစ်တန်းမှန်မှန်အောင်ခဲ့သည်။ အထက်တန်းတက်သေးသည်ဟု ပူဆာသဖြင့် ကျောင်းရှိရာ သာဂရတွင် အစ်ကိုတစ်ဝမ်းကွဲထံအပ်နှံပြီး ကျောင်းထားပေးရပြန်သည်။ ယခုမူ ကျောင်းစာကပျက်ယပျက်နှင့် အိမ်ထောင်ကျသွားရာ မပြောရက်မဆိုရက်၊ မခွဲရက်၍ ပေးစားလိုက်ရသည်။

ကိုလှအောင်သည် သမီးချိုသဲ မီးဖွားတော့မည်ဟု အကြောင်းကြား၍ အမေ့နေရာ အဖေဝင်ပါနေရပြီး သမီး

လေးအားမငယ်စေဖို့အတွက် ဤရွာသို့ ရောက်ရှိနေခြင်း ဖြစ်သည်။

ထိုစဉ် မီးနေခန်းဆီမှ ကလေးငိုသံတအယ်အယ်ကြားရပြီး ခဏမျှအကြာတွင် ပျာယီးပျာယာနှင့် ဒေါ်သန်းထွက်လာသည်။ ဦးသာအောင်နှင့် ကိုလှအောင်တို့၏အနီးတွင် စွတ်ခနဲဝင်ထိုင်လိုက်ပြီး ဝမ်းသာအယ်လည်းဖြစ်လျက် ရေနွေးကြမ်းတစ်ခွက်အား ကသောကမျော သောက်နေသည်။

"ကောက်စိုက်မကလေးတော်ရေ့ ဖြူဖြူဖွေးဖွေးချစ်စရာလေး"

ဒေါ်သန်းက ယခုမှမြင်ရသော မြေးမလေးအား ချီးမွမ်းခန်းဖွင့်ရင်းပြောသည်။

"မိန်းကလေးတဲ့လား၊ မိန်းကလေးမှ မွေးရတယ်လို့"

ဒေါ်သန်း၏ စကားအဆုံးတွင် ကိုလှအောင်ကွက်ခနဲမျက်နှာပျက်သွား၍ နှုတ်ကလည်း အသံထွက်သွားလိုက်သည်။ ထိုင်ရမလိုထရမလိုလည်းဖြစ်နေပြီး ဆောက်တည်ရာမရဖြစ်၍ ဂနာမငြိမ်ဖြစ်နေသည်။

"မိန်းကလေးဆိုတော့ကော ဘာဖြစ်လဲ ကိုလှအောင်ရယ်။ မိန်းကလေးကမှ ထီးလိုအရိပ်ရသေး"

"ဟုတ်ပါ့ဗျာ၊ ကိုလှအောင်ကလည်း မပူရမှာ တွေးပူနေလိုက်တာ"

ကြွေပျက်သွားသောကိုလှအောင်ကြည့်၍ အကင်းပါးသောဒေါ်သန်းက ပြောရာ ဦးသာအောင်ကပါ ဝင်ပြောလိုက်သည်။

"မဟုတ်ပါဘူး၊ သမီးခင်ငယ်ငယ်က တတွတ်တွတ်ပြောခဲ့ဖူးတာလေး ပြေးသတိရလိုက်လို့ပါ"

"ဘာတွေများလဲ ကိုလှအောင်ရယ်၊ ရှင်းအောင်ပြောပြစမ်းပါဦး"

ဒေါ်သန်းက သိချင်စောဖြင့် စပ်စုလေသည်။

"ဒီလိုဗျ၊ သမီးစကားပြောတတ်ကာစ (၅) နှစ်အရွယ်မတိုင်မီက အတိတ်တုန်းက သူ့ဘဝကို အကုန်ပြန်ပြောနိုင်တယ်။ အရင်ဘဝက ဦးစိန်လှနဲ့ ဒေါ်လုံးတို့ သမီးဖြစ်ခဲ့တာတဲ့။ ဟုတ်တယ်၊ မင်းကြီးစိန်လှတို့အိမ်က ကျုပ်တို့ရွာတောင်ပိုင်းမှာ။ ကျုပ်အိမ်နဲ့လည်းအလှမ်းမဝေးဘူး။ သမီးခင်ငယ်ငယ်က သူနေခဲ့တဲ့အိမ်၊ သူ့အမေအဖေအိမ်ဆိုပြီး ခဏခဏသွားနေလို့ ချော့ပြီး ပြန်ခေါ်ခေါ်လာရဖူးတယ်"

"ဩော် - ဟုတ်လား"

"ဟိုဘက်ဘဝက တော်ခဲ့ဖူးတဲ့သူ့ယောကျ်ားလည်း အခုတော့ နောက်အိမ်ထောင်နဲ့ သားသမီးတွေနဲ့ဖြစ်နေပြီပေါ့။ သူ့ကိုတော့ မမှတ်မိတော့လို့ထင်တယ်၊ ဘာမှထည့်မပြောဘူး။ သူကျန်ခဲ့တဲ့သမီးလေးက ဖအေလုပ်သူနောက်အိမ်ထောင်ထူသွားတော့ မင်းကြီးစိန်လှတို့နဲ့ကျန်ခဲ့တာ။ သူ့သမီးနဲ့ သူ့မိဘဟောင်းတွေကိုတော့ ကောင်းကောင်းမှတ်မိတယ်ဗျ။ ဘယ်နေရာ ဘာပစ္စည်းထားတယ်။ ဘာဖြစ်လို့ သေတယ်ဆိုတာတအစ အကုန်ပြန်ပြောနိုင်တယ်။ (၅) နှစ်သမီးကျော်မှသာ တဖြည်းဖြည်းမပြောနိုင်တော့တာ။ ခက်တာက. . . "

ကိုလှအောင် စကားကို ရှေ့မဆက်ဘဲရပ်နေသည်။

"ခက်တာကဘာလဲ ကိုလှအောင်။ စကားကိုဆုံးအောင်ပြောပါဦး"

ဒေါ်သန်းက အားမလိုအားမရဖြစ်ကာ မေးလိုက်သည်။

"ဒီလိုပါ၊ သူကြီးလာလို့အိမ်ထောင်ကျရင်လည်း အရင်ဘဝကလိုပဲ မိန်းကလေးမွေးပြီး အရင်ဘဝသေတဲ့အရွယ်မှာပဲ သေရဦးမှာတဲ့။ မဟုတ်မဟတ်တွေမပြောပါနဲ့ဆိုလည်းမရပါဘူးဗျာ"

ကိုလှအောင်သည် စကားပြောရင်းမှ အသံတိမ်သွားပြီး ဆို့နင့်သွားသဖြင့် ချောင်းဟန့်၍ လည်ချောင်းရှင်းလိုက်ရသည်။ ဒီတစ်ခါ မျက်နှာပျက်သွားသူက ဒေါ်သန်းဖြစ်၍ ဇွေ့ခနဲနေရာမှပြင်လိုက်သည်။

"ဒီလိုဆိုတော့လည်း အတော်ထူးဆန်းနေတာပဲ။ ဘာကျိန်စာများမိခဲ့လို့ပါလိမ့်ဗျာ"

ဦးသာအောင်ကပြောသည်။

"နေပါဦး ကိုသာအောင်။ ချိုသဲအရင်ဘဝကဆုံးသွားတာ ဘယ်အရွယ်လောက်တုပါလိမ့်"

ဒေါ်သန်းကမေးပြန်သည်။

"သူမွေးတဲ့ကလေးလေး အခါလည်က ဆုံးသွားတာဆိုတော့ မတိုင်းကောင်းတိုင်းကောင်း ဖွဟဲ့ လွဲပါစေချော်ပါစေ၊ အခုအရွယ်သာသာလောက်ကပေါ့"

"အိုတော်. . . မဦးမချွတ်"

ဒေါ်သန်းသည် ကိုလှအောင်အားမေးလည်းမေးသေး၊ စိတ်မကောင်းလည်းရှိသေးဖြစ်ကာ ပြောပြောဆိုဆို နေရာမှထသွားလေသည်။

❑

ကျွန်တော်သည် နေ့ခင်းနေ့လယ်တွင် (၁) နာရီခန့်အိပ်ကျင့်ရှိ၍ အိပ်ရာကထပြီးနောက် (၂) နာရီဝန်းကျင်လောက်တွင် အသုဘရှိရာအိမ်ဘက်ထွက်လာခဲ့သည်။ ရပ်ရွာလေ့အရ (၃)နာရီထိုးခန့်တွင် သင်္ဂြိုဟ်သည်ဖြစ်၍ အသံချဲ့စက်မှ ရွှေဘိုတင်မောင်ငိုချင်းပင်ဖွင့်နေလေပြီ။ အိမ်ပေါ်တွင် လူများတိုးဝှေ့ပြည့်ကျပ်ပြီး တရုန်းရုန်းဖြစ်နေသဖြင့် မေးကြည့်ရာ ကလေးတောင်းနေသည်ဟုပြောသည်။

ကျွန်တော့်အား ဦးသာအောင်လှမ်းမြင်ပြီး လက်ယပ်ခေါ်နေ၍ အိမ်ပေါ်တက်သွားရာ အလောင်းစင်၏ခေါင်းရင်းတွင် သူတို့ခမည်းခမက်နှစ်ဦးထိုင်နေကြ၏။ ဒေါ်ဘုမက အလောင်း၏နံဘေးတွင်ထိုင်၍ ရွှေချိန်သောချိန်ခွင်အရွယ်ကလေးအား လက်တစ်ဖက်တမြှောက်ကိုင်ပြီး နှုတ်ကလည်းတတွတ်တွတ်ပြောနေသည်။ ဂွမ်းစလေးနှစ်ခုကိုချိန်ခွင်တစ်ခွက်စီတွင်ထည့်၍ မြှောက်ကြည့်လိုက်၊ တစ်ဖက်ခွက်တွင်ရှိသောဂွမ်းကိုပြန်ယူ၍ တင်အောင်မင်း၏ရင်ခွင်တွင်ထိုင်နေသော ကလေးအား တို့လိုက်၊ အလောင်းကိုတို့လိုက်၊ ပြန်ထည့်ပြီးမြှောက်ကြည့်လိုက်နှင့်လုပ်နေလေသည်။

မျက်နှာမသာမယာနှင့် ကလေးကိုပွေ့ချီပြီးထိုင်နေသော တင်အောင်မင်းသည် ကလေးကို လှုပ်ကာလှုပ်ကာလုပ်၍ချော့နေသည်။ ဘာမှမသိရှာသော (၂) နှစ်သမီးကလေးကား ဝိုင်းအုံနေသူများကို မျက်လုံးအကြောင်သားလေးနှင့်လိုက်ကြည့်နေသည်။ မျက်ရည်သုတ်ကာသုတ်ကာနှင့် ဒေါ်သန်းရောက်လာပြီး တင်အောင်မင်းထံမှကလေးကို ယူချီလိုက်သည်။

"တောင်းလို့မရသေးဘူးလား"

ဒေါ်သန်းက ဒေါ်ဘုမအားမေးသည်။

"ဟုတ်တယ်နော်။ သူ့ယောကျ်ားတောင်းတာလည်းမပေးဘူး။ သူ့အဖေနဲ့သူ့ယောက္ခမကိုလည်းမပေးဘူး။ သင်္ဂြိုဟ်ထွက်ဖို့ကလည်းနီးနေပြီ။ တော့်အနေနဲ့တောင်းကြည့်ပါဦးလား"

ဒေါ်ဘုမသည် နဖူးတွင်စို့နေသောချွေးကို လက်ခေါက်နှင့်သုတ်လိုက်၍ ဒေါ်သန်းအား ပြောပြောဆိုဆိုလုပ်ကာ ချိန်ခွင်ကို ပြန်ကိုင်လိုက်သည်။ တင်အောင်မင်းအနေနှင့် တစ်ခါထပ်တောင်းကြည့်သေး၏။ မရ။ တင်အောင်မင်း ရှိုက်ကြီးတငင်ငို၍ နေရာကထသွား

သည်။

သဂြိုဟ်ထွက်ဖို့ကလည်း နီး၍နီး၍လာပြီး ရွှေဘိုတင်မောင်ငိုချင်းအား အသံချဲ့စက်မှ ဆင့်ကာဆင့်ကာနှင့် တရစပ်တွန်းဖွင့်နေသည်။ ပရိသတ်များလည်း ရုံးစုရုံးစုနှင့် ထသူကထကုန်ကြလေပြီ။ ကလေးတောင်း၍မရလျှင် ကလေးကို သေရွာနောက်ခေါ်သွားတတ်ကြသည်ဟု အယူသီးသဖြင့် ထိတ်ထိတ်ပျာပျာဖြစ်နေကြချေသည်။

ဒေါ်ဘုမသည် ချိန်ခွင်ကိုမြှောက်ကာမြှောက်ကာနှင့် ဒေါ်သန်းအား ကလေးတောင်းပေးနေသည်။ မရ။ မည်သို့မျှ ထူးခြားမလာပေ။ လူငယ်တစ်သိုက်လည်း အလောင်းထုတ်ရန် အိမ်ပေါ်သို့တက်လာကြရာ ငိုအားကြီးပြီးတက်သွားသော ဒေါ်သန်းကို ဝိုင်းဝန်းနှိပ်နယ်ပေးနေ၍ ခဏရပ်စောင့်နေကြသည်။

"ခဏနေကြပါဦးဟယ်"

ဒေါ်ဘုမကဖွဲ့မလျှော့သေး။ လူငယ်များကို ခေတ္တခဏလေးစောင့်ပေးဖို့ တောင်းပန်ရင်း ချိန်ခွင်ကို တကိုင်ကိုင်လုပ်၍ ကလေးတောင်းပြန်သည်။ ဒီတစ်ခါတော့ အသံကျယ်ကျယ်ထွက်ပြီး ပြောဆိုလျက်ရှိရာ ဒေါ်ဘုမထံ မျက်စိများရောက်နေကြသည်။

"ချိုသဲရေ နင်နဲ့ကလေးက ဘဝချင်းခြားသွားပါပြီ။ ကလေးကို သံယောဇဉ်မထားတော့ပါနဲ့။ နင့်ယောကျ်ားမသန်းနဲ့ထားခဲ့ပါ။ နင်လည်း လွတ်ရာကျွတ်ရာကို သွားနိုင်ပါပြီ။ သွားလိုရာ သွားပါတော့"

ဒေါ်ဘုမသည် ဂွမ်းစနှင့် ထုံးစံအတိုင်း တို့၍တို့၍ ဂွမ်းစအား တစ်ဖက်ချိန်ခွင်ထဲသို့ထည့်လိုက်သည်။ ထိုစဉ် ချိန်ခွင်တစ်ဖက်သည် နိမ့်ခနဲဖြစ်သွားပြီး ဝိုင်းအုံ၍ကြည့်နေသူများလည်း ဟာခနဲဟင်ခနဲဖြစ်၍ ကလေးတောင်းလို့ရပြီဟေ့ဟု တစ်ယောက်တစ်ပေါက်ပြောဆိုကာ အံ့သြဘနန်းဖြစ်ကုန်ကြသည်။

ကြေးစည်ရိုက်သံမှာမြိုင်လာပြီး အသံချဲ့စက်ကလည်း အပြီးသတ်အလွမ်းသီချင်းဖွင့်၍ ရပ်နားသွားခဲ့ပြီ။ လူငယ်များ အလောင်းကို သယ်၍မ၍ တရှိန်းရှိန်းထွက်ခွာသွားကြလေသည်။

အာကာသ(သာစည်)

**ဝန်ခံချက် -**

ဖြစ်ရပ်မှန်အား ခံစားရေးသားပါသည်။

**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုဒေးမြစေသား)**

(၁၃၈) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဖေဖော်ဝါရီလ ၄၊ ၇၊ ၁၉၊ ၂၅ရက်များမှာ ထီထိုးပါ။ သရဏဂုံ-၃၀ကို နေ့စဉ် ပုတီး (၅) ပတ် (သို့) (၁၀) ပတ်ရအောင်စိပ်ပါ။ (၉)ရက်စိပ်ပါ။ အကြော်စုံဘုရားဆွမ်းတော်ကပ်ပါ။ (၉) ရက်ပြည့်ပြီးနောက်ပိုင်းမှ ထီထိုးပါ။

မတ်လတွင် ၄-၈-၂-၉ ဂဏန်းများနှင့်ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

ဖေဖော်ဝါရီလ ၈၊ ၁၇၊ ၁၉၊ ၂၂၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

တနင်္ဂနွေနံ ဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့သွားပါ။ အောင်သိဒ္ဓိ၊ အောင်တော်မူ၊အေးစေတီ၊အောင်ဗောဓိ အစရှိသောဘုရားစေတီများတွင် အဓိဋ္ဌာန်ပုတီး (၁၀) ပတ်စိပ်ပါ။ ဂုဏ်တော်စိပ်ပါ။ (၃) ရက် (သို့) (၉) ရက်ပြည့်ပြီးမှ ထီထိုးပါ။

မတ်လတွင် ၂၊ ၉၊ ၃၊ ၇ ဂဏန်းများနှင့် ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဖေဖော်ဝါရီလ ၆၊ ၉၊ ၁၉၊ ၂၃၊ ၂၄ ရက်များမှာ ထီထိုးပါ။

လက္ခဏာရှားပါးသော ကိုယ်ဝန်ဆောင်တစ်ဦးဦးကိုမေးပါ။ ဘာစားချင်လဲမေးပြီး သူစားချင်သော အာဟာရကို အပြည့်ဝယ်ပေးလိုက်ပါ။ ဥပမာ အိုဗာတင်း၊ မိုင်လို။ ပြီးရင် အားဆေးအတွက် တတ်နိုင်သလောက်ပေးလှူလိုက်ပါ။ ပြီးမှထီထိုးပါ။

မတ်လတွက် ၄-၈-၅-၇ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဖေဖော်ဝါရီလ ၇၊ ၁၉၊ ၂၄၊ ၂၅ ရက်များမှာ ထီထိုးပါ။ ရွှေဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူသို့သွားပါ။ ဘုရားတွင်နိုင်သလောက် တံမြက်စည်းလှည်းပြီး လက်ဆေးပြီး ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင်ကြီး (၃) တိုင်ထွန်းညှိ၍ သရဏဂုံရွတ်ပါ။ အပြန်မှာထီထိုးပါ။

မတ်လတွင် ၂-၉-၃-၅ ဂဏန်းများ ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဖေဖော်ဝါရီလ ၈-၁၉-၂၂-၂၅ ရက်များမှာ ထီထိုးပါ။ ဘုရားစေတီတစ်ဆူဆူ(သို့)သွားပြီး တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ပြီးမှ လက်ဆေးပြီး ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် အုန်းပန်းများနှင့် ပူဇော်လိုက်ပါ။ အပြန်မှာထီထိုးပါ။

မတ်လတွင် ၄-၈-၃-၇ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဖေဖော်ဝါရီလတွင် ၉-၁၉-၂၀-၂၃-၂၇ ရက်များမှာထီထိုးပါ။

ရက်ဝေးဘုရားဖူးသွားကြသောသူများကို ထီထိုးရန်ရက်များရွေးပေးလိုက်ပြီးထိုးခိုင်းလာလိုက်ပါ။ နည်းနည်းများများ ထီပေါက်ပြီဆိုသည်နှင့် သူ့ကိုလည်း ကျေးဇူးဆပ်လိုက်ပါ။

မတ်လတွင် ၂-၉-၅-၆ ဂဏန်းများနှင့် ကံစပ်ပါသည်။

**စနေသားသမီးများ**

ဖေဖော်ဝါရီလတွင် ၆၊ ၁၉၊ ၂၀၊ ၂၄၊ ၂၇ ရက်များမှာ ထီထိုးပါ။

လမ်းမှာတွေ့သော အင်္ဂါ၊ တနင်္ဂနွေနာမည်ထီလှည်းများမှာ ထိုးလိုက်ပါ။ သရဏဂုံကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။

ဖေဖော်ဝါရီလတွင် ၁၉-၂-၂၀၁၇ တနင်္ဂနွေနေ့ရောက်သည်နှင့် (၇) ရက်သားသမီးများအားလုံးထီထိုးကြပါလေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုဒေးမြစေသား)



□ ပေဒင်ဆရာဖိုးထိန်

ငထွန်း ငယ်စဉ်ကတည်းက ပေဒင်တို့၊ ဘိုးတော်တို့၊ နက္ခတ်ကတော်တို့ဆို သိပ်ယုံတာမှ မဟုတ်ဘဲ။ ဒီအထဲမှာမှ ဆရာဖိုးထိန်ကြောင့် ပိုတောင်မယုံနိုင်သေး။ နောက်ပြီး အရက်ကလေးတမြမြနဲ့မို့ သဘောလည်းမကျဘူး။ အဲ့ဖိုးထိန်အကြောင်းတော့ ပြောဖို့လိုလာပြီပေါ့။ တကယ့်အပြည့်အစုံက ဦးထိန်ဝင်း။ ငယ်စဉ်က ကျောက်မဲမှာရှိတဲ့ ရန်ကုန်ကျောင်းတိုက် ပထမဆရာတော်ဘုရားကြီးထံမှာ ကိုရင်ဝတ် တော့ ပရိတ်ကြီး (၁၁) သုတ်သာမက ပေဒင်ပါသင်ပေးလိုက်တယ်။ 'ဆရာကောင်းတပည့် ပန်းကောင်းပန်' ဆိုသလို ပေဒင်ယတြာမှာ ဦးထိန်ဝင်းက နာမည်ကြီးတယ်။ ဆရာတော်ဘုရားကြီးက ပေဒင်တတ်ပေမယ့် ဝိနည်းနဲ့အညီ ပေဒင်မဟော၊ ဆေးမကုဘူး။ ဒါပေမယ့် ဒကာတွေရဲ့ ဒုက္ခကိုမြင်နေရတော့ ကိုရင်ဖိုးထိန်ကို ဆရာစားမချန်ဘဲသင်ပေးတယ်။ ဒုက္ခကြုံရတဲ့ ဒကာရင်းတစ်ယောက်ယောက်လာပြီး -

"တပည့်တော် ကံဆိုး၊ ကံကောင်းလေးသိချင်ပါတယ် ဘုရား"

လို့လျှောက်ရင်း -

"ငါပေဒင်မဟောဘူး။ ပေဒင်မေးချင်ရင် ကိုရင်ဖိုးထိန်သွားမေး"

လို့ ညွှန်လိုက်တယ်။

ကိုရင်ဘဝက လူထွက်ပြီးတော့လည်း ပေဒင်ဟောစားတယ်။ မှန်တယ်လို့နာမည်ကြီးပေမယ့် အရက်ကလေးတမြမြနဲ့ဆိုတော့ လူတွေက မလေးစားဘဲ-

"ဆရာဖိုးထိန်"

လို့ပဲ ခေါ်ကြတယ်။

ငထွန်းဖို့က ပေဒင်ကိုလည်းမသုံး၊ လူလည်းသဘောမကျပါဘူးဆိုမှ ငထွန်း (၁၀) တန်းဖြေတော့ အဖေက ဖိုးထိန်ဆီမှာ ပေဒင်မေးလာတယ်။ ဆရာဖိုးထိန်ကလည်း ကျကျနန ရာသီ၊ ဘာဝ၊ နဝင်းတွေစုံအောင် ဇာတာခွင်ချပြီး ဟောစာတမ်းပါရေးပေးလိုက်ရုံမကဘူး ပါးစပ်ကပါအပိုဟောလိုက်သေးတယ်။

"ခင်ဗျားသား ထွန်းဝင်းဆိုတဲ့ကောင်ရဲ့ဇာတာအရတော့ အလွန်မိန်းမရှုပ်မယ့်ကောင်။ မိန်းမအများကြီးယူပြီး ပြဿနာအမျှင်တန်းနေမယ့်ကောင်"တဲ့။

ဒီစကား ငထွန်းပြန်ကြားတော့ သိပ်စိတ်ဆိုးတယ်။

ကိုယ်က မိန်းမရှုပ်ဖို့ဝါသနာမရှိဘူး။ သူလိုငါလိုစိတ်ဝင်စားတာလောက်ပဲရှိတယ်။ သူ့ဟောစာတမ်းကြည့်ပြန်တော့ မွေးတဲ့နှစ်၊ လ၊ ရက်တွေပါပေမယ့် မွေးနေ့ပါမလာဘူး။ ဘာနေ့သားမှန်းလည်းသိပုံမပေါ်ဘူး။ ဘာနေ့သားမှန်း မသိဘဲဘယ်လိုဟောပါလိမ့်။ ဒါကြောင့် ငထွန်းတို့က ပေဒင်ကိုမယုံတာ။

ဆယ်တန်းအောင်ပြီး မန္တလေး တက္ကသိုလ်မှာသွားတက်မယ်လုပ်တော့ သွားခါနီး အဖေက ငွေကြုတ်လေးနဲ့ ငွေ ဆွဲကြိုးလေးကို လည်ပင်းမှာဆွဲပေးလိုက် တယ်။

"အမြဲဆွဲထား ငါ့သား"

လို့လည်း မှာလိုက်သေးတယ်။

ဖွင့်ကြည့်လိုက်တော့ လက်မဝက် လောက်ရှိတဲ့အညိုရောင်သစ်သားရုပ် လေးပါတယ်။ အဖေက ငါ့ကိုအန္တရာယ် ကင်းအောင် ဘုရားပုံတော်ထုပေးလိုက် တာဘဲဆိုပြီး ဆွဲသွားတယ်။ အဆောင် မှာ ညအိပ်ခါနီးတိုင်း ရှိခိုးပြီးအိပ် တယ်။

မန္တလေးရာသီဥတုကပူပူဆိုတော့ ကျောင်းအားရင် အဆောင်ထဲမှာပဲနေပြီး အပြင်သိပ်မထွက်ဖြစ်ပါဘူး။ တစ်ရက် တော့ ပျင်းပျင်းနဲ့ ရုပ်တုလေးကိုထုတ် ကြည့်တော့ ကျောဘက်မှာ ကျစ်ဆံမြီး လေးတွေ့မှ ဘုရားပုံမဟုတ်မှန်းသိ



(နောင်ချို)

# ထွန်း

# ကျွန်တော်နှင့်ပေဒင်ပညာ

တယ်။ အဖေ့ကို စာရေးမေးတော့မှ အိမ်ထောင်ကျကိန်းရှိလို့ ယတြာအဖြစ် ဆရာဖိုးထိန်ကထုပေးလိုက်တာလို့ စာပြန်လာတယ်။ စိတ်တိုတာနဲ့ ရုပ်တုလေးကို ရေနီမြောင်းထဲလွှင့်ပစ်လိုက်တယ် ပေဒင်ကိုလည်းမယုံတော့ဘူး။

နောင် ကျွန်တော်ပေဒင်ပညာသင်တော့ တဿာခံနစ်နဲ့ လက်ကို အစင်အကြယ်တွက်တော့ လက်အိမ်က တစ်ရာသီလွဲနေတယ်။ ဖိုးထိန်က (၂)နာရီတစ်လက်နှုန်းနဲ့ အကြမ်းတွက်တော့ လက်က မကာရလဂ်ဖြစ်ပြီး အစင်အကြယ်တွက်တော့ ကုမ်လဂ်ဖြစ်နေတာကိုး။ တွာတာကလည်း လိတ္တာ (မိနစ်၊ စက္ကန့်ပိုင်းသဘောဟုမှတ်ပါ) လောက်ပဲကွာတာ။ ကွာတဲ့အတွက် အာရီအိမ်မှာ ပါပဂြိုဟ်နှစ်လုံးပူးရမယ့်အစား ပထနီအိမ်မှာ ပါပဂြိုဟ်ပူးတယ်လို့သူကယူတာကိုး။

ဒါက ကျွန်တော် ငယ်ငယ်က ကျွန်တော်နဲ့ ဆရာဖိုးထိန်အကြောင်းပါ။

## ☐ ကျွန်တော်နှင့်ဘိုးအာစရ

ပြောခဲ့ပါပြီကော။ ငထွန်းတို့က ပေဒင်သာမဟုတ်ဘူး။ လောကီထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့၊ ဘိုးတော်တို့၊ မယ်တော်တို့၊ နတ်ကတော်တို့လည်းယုံတာမဟုတ်ဘူး။ ဒါပေမယ့် ယုံတဲ့လူတွေကိုလည်း ကဏ္ဍကောစမလုပ်ဘူး။ ရန်မျှားရုံအပြင် အကျိုးမရှိဘူးဆိုပြီး မသိလိုက်မသိဘာသာနေခဲ့တာ။

မှတ်မှတ်ရရ ၁၉၇၃ ခုနှစ်မှာ ဘွဲ့ရပြီးတော့ အလုပ်ကရှာမရဘူးဗျ။ ဘွဲ့ရတွေ အလုပ်ရဖို့ခက်တော့ သမဝါယမဦးစီးဌာနမှာပဲ အထက်တန်းစာရေးလုပ်ကြရတယ်။ ဒါကြောင့် အဲဒီခေတ်က သမဝါယမဦးစီးဌာနကို ဘွဲ့ရသချိုင်းလို့ ရယ်စရာအပြောခံရတာ။ ဒီအလုပ်ကို ကျွန်တော့်မှာ မရနိုင်တော့ နောင်ချိုတို့၊ သီပေါတို့နီးရာမြို့က သမဦးစီးဌာနတွေမှာပါ လှမ်းလျှောက်လွှာတင်ရတယ်။ ဒါကို အလုပ်ကမရနိုင်ဘူး။

တစ်နေ့တော့ ရေမွှေးဆရာတော်လို့ နာမည်ကြီးတဲ့မန္တလေးက ဘိုးအာစရကျောက်မဲကို ကြွလာမယ်လို့ သတင်းကြားရတယ်။ ဘိုးအာစရရဲ့ တပည့်တပန်းများမှာ ဆရာတော်ကို ကြိုဆိုရန် စီစဉ်ကြပြီပေါ့။ ဒီတော့မှ ဘိုးအာစရကို

ကိုးကွယ်သူထဲမှာ ကျွန်တော်မိခင်လည်း တစ်ဦးအပါအဝင်ဖြစ်ပြီး ကိုးကွယ်သူ ဘယ်လောက်များတယ်ဆိုတာ ခန့်မှန်း မိလာတယ်။ တစ်ညနေခင်းမှာ အမေက ကျွန်တော့်ကို ဘိုးအာစရတည်းတဲ့အိမ် ကိုခေါ်သွားပြီး ကန်တော့ရင်း သားဖြစ်သူ အလုပ်ရှာမရဖြစ်နေကြောင်းလျှောက် ထားတော့ ဆရာတော်က ကျွန်တော့်ကို စိုက်ကြည့်ပြီး -

"ဒကာမကြီးသားက ဂမ္ဘီရပညာ တွေကို လုံးဝမယုံသူဘဲ။ ဒါပေမယ့် တစ်ချိန်ချိန်မှာ ကိုယ်တိုင်လေ့လာ လိုက်စားမယ့်သူပဲ။ သူ့အလုပ်က မကြာ ခင်ရက်ပိုင်းမှာကို အဆင်ပြေတော့မယ် စိတ်ချ"

အမေက တော်တော်စိတ်ချမ်းသာ သွားပုံရပေမယ့် ကျွန်တော်ကတော့ ရဖို့ လမ်းမမြင်သေးမှန်းသိပါတယ်။

ဖြစ်ချင်တော့ ကျွန်တော့်ကျောင်း နေဖက်သူငယ်ချင်း ကျော်ကျော်လွင်က နောင်ချိုသ/မဌာနမှူးအဖြစ် ပြောင်း လာတယ်။ အလုပ်လျှောက်လွှာတွေကို ဖတ်ကြည့်ပြီး ကျွန်တော့်ဆီကို ဖုန်းဆက် လာသည်။

"သူငယ်ချင်း၊ မင်းလျှောက်လွှာကို ငါဖတ်ရတော့ မင်းအလုပ်မရသေးမှန်းသိ လို့ ငါစိတ်မကောင်းပါဘူး။ မနက်ဖြန်ပဲ အလုပ်လာဝင်တော့"

ဒါနဲ့ပဲ နောင်ချိုသမဝါယမဦးစီး ဌာနမှာ အလုပ်လျှောက်ထားသူတွေထဲ က သူများထက် တစ်လစောပြီး အလုပ် ဝင်ခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ်လည်းအံ့ဩ တယ်။

တစ်ရက်မှာ အမေက -

"ငါ့သား၊ ဆရာတော်က စစ်ဆေး မီးသွေးရချင်တယ်ပြောတယ်။ ရှာပို့ပေး ပါ"

လို့ မှာလာပါတယ်။ စစ်ဆေး မီးသွေးက ဖိုထိုးတဲ့အခါ တခြားမီးသွေး တွေလို မီးမပေါက်ဘူးဗျ။ နောင်ချိုမြို့ နယ်မှာ စစ်ဆေးမီးသွေးတွေ အော်ဒါမှာ ရင် သီးသန့်ဖုတ်ရောင်းသူတွေရှိတော့ အဆင်ပြေတယ်။ အဆင်မပြေတာက နောင်ချိုက လမ်းခုလတ်မြို့ဖြစ်တော့ ကားတင်ဖို့ခက်တယ်။ အဲဒီကာလ ကားကလည်းရှားကိုး။ လမ်းပန်းဆက် သွယ်ရေးကလည်းမကောင်းလှသေးဘူး။ မန္တလေးကိုပစ္စည်းတင်ချင်ရင် ကျောက်မဲ- မန္တလေးကားဆရာတွေကို မျက်နှာငယ်ခံ အောက်ကျို့ပြီးပြောရတာ။

ဒါပေမယ့်-

"ကားဆရာရေ့ မီးသွေးလေး၊ ငါး အိတ်ကို ဘိုးအာစရဆီပို့ချင်လို့"

လို့ စကားစကာရှိသေး -

"ဩော်-ဘိုးအာစရအတွက်လား ရတယ်၊ ရတယ်။ စိတ်ချ တင်သွားမယ်။ ကားခပေးစရာမလိုဘူး။ ကျုပ်တို့က ဘိုးအာစရတပည့်တွေ"

ဆိုပြီး ရှောရှောရှူရှူတင်သွားကြ တာချည်းပဲ။

တစ်ရက်မှာ အမေက မန္တလေး ဆင်းစရာရှိလို့လိုက်ပို့ဆိုတာနဲ့ မန္တလေး ကို အတူဆင်းကြပြီး တစ်ညနေမှာ မြင်း လှည်းနဲ့ မန္တလေးတောင်ခြေမှာရှိတဲ့ ဘိုးအာစရကျောင်းကိုရောက်ခဲ့ပါတယ်။

ကျောင်းထဲရောက်လို့ ထိုင်မိရုံရှိ သေးတယ်။ ဆရာတော်က အခန်းတစ်ခု ထဲကထွက်လာတယ်။ အခန်းဆိုပေမယ့် ဇာခန်းဆီးတွေနဲ့ပဲကာထားတာ။ အထဲ မှာ တကယ့်လူအရွယ်အစားအတိုင်း ဟင်္သာစီး သူရဿတီမယ်တော်ရုပ်ကို လည်း မြင်ရတယ်။ ဆီမီးတွေ၊ ပန်းတွေ လည်းဝေလို့။

"ဒကာမကြီးကံပဲ။ အခုပဲ အလုပ် တွေကစသတ်သွားတာ"

ပြောပြောဆိုဆိုပဲ လက်ထဲက အင်းတွေကိုပြာချပြီးသောက်ခိုင်းတယ်။ လျှာကိုလည်းစုတ်နဲ့ပေါက်ပေးတယ်။

ကျွန်တော့်ကျတော့ ဘာမှမရဘူး လို့တွေးမိလိုက်တာနဲ့ -

"ဒီနေ့က အမျိုးသမီးတွေအတွက် ဆေးစီရင်တဲ့နေ့ကွ။ မင်းအတွက်တော့ ဘာမှမရနိုင်ဘူး"

လူကိုတုန်သွားတာပဲ။ ငါ့စိတ်ကူး ကိုသိနေတာလား။ တကယ်ကောသိနိုင် သလားဆိုပြီး စူးစမ်းချင်စိတ်ပေါ်လာ တယ်။

## ▫ ကျွန်တော့်ဆရာကြက်တင်မောင်

ဗေဒင်၊ လက္ခဏာ၊ ယတြာတို့နဲ့ ပတ်သက်ရင်တော့ ကျွန်တော့်လက်ဦး ဆရာက ဆရာကြက်တင်မောင်ဗျ။ ကိုယ့်ဆရာနာမည်ရှေ့မှာ ကြက်တပ်ခေါ် ရသလား အတော်စော်ကားတဲ့ကောင် လို့တော့အပြစ်တင်မစောပါနဲ့။ နောင်ချို မှာ တင်မောင်တွေများတော့ ခွဲခြားလွယ် အောင် အိုးရောင်းတဲ့ တင်မောင်ကို အိုးတင်မောင်။ ဖျာရောင်းတဲ့ တင်မောင် ကို ဖျာတင်မောင်။ အရက်ကြိုက်တဲ့ တင်မောင်ကို အရက်တင်မောင်ပေါ့။ ကျွန်တော့်ဆရာက အစိုးရစိုက်ပျိုးမွေးမြူ ရေးဌာနမှာ ကြက်မွေးမြူရေးလုပ်ငန်း တာဝန်ခံအရာရှိမို့ ကြက်တင်မောင်လို့ ခေါ်ကြတာ။ ပေါင်းသင်းဆက်ဆံရေးက လည်းကောင်း၊ပျော်ပျော်လည်းနေတယ်။ လူငယ်၊ လူကြီးအကုန်လုံးနဲ့ဝင်ဆံ့ပြီး သဘောကလည်းကောင်းတယ်။ ဗေဒင် လက္ခဏာမှာလည်းနာမည်ရပဲ။ ခက်တာ က မြို့ကငယ်တော့ သူ့ဆီဗေဒင်သွား မေးရင် လာဘ်မတင်ကြဘူးဗျ။ သူ့ရှိတာ သာချကြွေးပြီး အခမဲ့ ဗေဒင်ဟောပေးရ တာ။ လူတွေကလည်း မသိတတ်ဘူး၊ မသိတတ်တဲ့အထဲမှာ ကျွန်တော်က ထိပ်ဆုံးကပဲ။ဗေဒင်ပညာမှာ နာမည်ကြီး တာကြောင့်ပဲ တစ်ရက်မှာ ကျွန်တော် တို့လေး၊ ငါးဦးစုပြီး ဗေဒင်ပညာသင်ပေး ဖို့ နားပူနားဆာလုပ်တော့

"ငါ့အိမ်လာခဲ့ကြ"

လို့ခေါ်ပြီးသင်ပေးတာပါပဲ။

ရှေးဦးစွာ ဗေဒင်အချုပ် မဟာ ဘုတ်ကွဟုဆိုကာသင်သည်။မဟာဘုတ် သင်ရိုးကုန်သောအခါ သုံးတန်ပေါ်နိမ့် ကိုဆက်ပြီး အဋ္ဌတိုင်၊ ဘရိယတိုင်ထူ နည်း၊ အဟော၊ နောက်ဂြိုဟ်ပူးဂြိုဟ် ယှဉ်၊ နောက်ဇာတာဖွဲ့နည်းပေါ့လေ။ သူ့ စေတနာကလည်း အံ့ဩဖို့ကောင်းတယ် ဗျ။ ဇာတာခွင်ချမယ်ဆိုတော့ သင်္ချိုင် ပြက္ခဒိန်လိုပြီ။ ဘယ်သူမှဝယ်ဖို့စိတ်မကူး ဘူး။ ဆရာစုထားတဲ့ (၁၀) နှစ်စာ သင်္ချိုင် ပြက္ခဒိန်တွေကို ခွဲသုံးတော့တာပဲ။ ဒါပေမယ့် ဇွဲမရှိတဲ့လူက မလာတော့ဘူး လေ။ ကျွန်တော်နဲ့ ရွှေနေ ထွန်းအောင် ပဲ ကျန်တယ်။ ပညာသင်ရင်း အတွေ့ အကြုံလေးတော့ ပြောပြချင်သေးတယ်။ တစ်ရက် ရွှေနေ ထွန်းအောင်ရယ် ကျွန်တော်ရယ် ဆရာ့အိမ်သွားတော့ ဧည့်ခန်းထဲမှာ ဧည့်သည်ရောက်နေ တယ်ဗျ။ အရပ်ဝတ်နဲ့ပေမယ့် ဝတ်ပုံ စားပုံသပ်သပ်ရပ်ရပ်နဲ့မြင်တာနဲ့ တပ်မ တော်အရာရှိမှန်းတော့ သိသာတယ်။ အသက်ကတော့ ကျွန်တော်တို့နဲ့မတိမ်း မယိမ်းဘဲ။ကျွန်တော်တို့ကလည်း မလှမ်း မကမ်းက ဗေဒင်ပညာသင်နေကျ စားပွဲ ဝိုင်းကလေးမှာ သွားထိုင်ကြတယ်။ ကျွန်တော်တို့က ထမင်းစားစားပွဲဝိုင်း လေးနဲ့သင်ကြတာကိုး။ ထိုင်ခုံ ကြမ်းပြင်ပေါ်မှာပဲပေါ့။

စားပွဲဝိုင်းလေးပေါ်မှာ မွေးသက္ကရာဇ်နှင့် တိုင်ထူထားလက်စလည်း တယ်။ ကျွန်တော်ကလည်း သာမန် လျှံကာလှမ်းကြည့်ရင်း ထွန်းအောင်ကို လှမ်းပါးစပ်ဖွာမိတယ်။

"ဟား ဟော့ကောင် အောင်

ကြာစုကညာနု ယခုရမည်မှတ်တဲ့။ မိန်းမ ယူတော့မယ်ထင်တယ်"

"မဖြစ်နိုင်ဘူးငထွန်းရဲ့။အသက်က (၅၀) ဆယ်ရှိနေပြီ။ ရာဇယုဂ်လည်း ကောင်းတော့ အစိုးရအရာရှိကြီးဖြစ်မယ်။ လောလောဆယ် သူ့ပထနီအိမ်မှာ ပါပဟ္ဂိုဟ်စီးနေတယ်ကွ။မယားငယ်ပြုသာနာပဲ"

ပြီးတော့ ဆက်မကြည့်ဘဲ တခြားအကြောင်း ရောက်သွားတာပေါ့ဗျာ။ မလှမ်းမကမ်းက ခည့်သည်ကထထွက်သွားတယ်။ ဆရာပြန်လာတော့ ဘာမှမပြောဘဲ သူ့စာရွက်တွေသိမ်းပြီး ကျွန်တော်တို့ကို ဆက်သင်ပေးတာပေါ့ဗျာ။ နောက်နေ့ကျတော့ ကနေ့မလာခဲ့ကြနဲ့ဦးလို့ ဆရာကလှမ်းမှာတယ်။ သူ့အိမ်ရှေ့မှာလည်း အစောင့်တွေနဲ့ ကားတွေတွေ့တယ်။ နောက်နေ့သွားတော့ ဗေဒင်ဆက်မသင်ခင် ကျွန်တော်တို့ကို ထူးထူးခြားခြား နိုင်ငံခြားကလာတဲ့ ကိတ်တွေ၊ ပန်းသီးတွေချကျွေးတယ်။

"စားကွမင်းတို့ကျေးဇူးတွေလည်း ပါတယ်"

ဆိုရှယ်လစ်ခေတ် မဟုတ်လား။ နိုင်ငံခြားကိတ်တို့၊ ပန်းသီးတို့ဆိုတာ ကြားဖူးတာ မစားဖူးဘူး။ အဲဒီတော့ အားမနာသျှာမကျိုးချကျွေးသမျှ တွယ်တာပဲ။

နောက်မှသိရတာက -

ဆရာတင်မောင် နာမည်ကြီးတယ်။ မင်းသွားစုံစမ်းလို့ အရာရှိကြီးတစ်ဦးက သူဘယ်သူလို့မပြောဘဲ သူ့မွေးသက္ကရာဇ်လေးပေးပြီး သူ့ကိုယ်ရေးအရာရှိကိုသွားပြလို့ မှာလိုက်တာကိုး။ ဆရာကလည်း ဇာတာခွင်ချတိုင်ထူနေတုန်းကို သူ့ရုံးကခေါ်လို့ ခဏထွက်အသွား ကျွန်တော်တို့ကလည်းရောက် ဟောင်ဖွာဟောင်ဖွာပြောနေတော့ သူ့ကိုယ်ရေးအရာရှိက ချက်ချင်းပြန်သွားပြီး ဆရာနဲ့တော့မပြောရသေးဘူး။ သူ့တပည့်နှစ်ယောက်ကတော့ ဒီလိုပြောတယ်ဆိုပြီး သူ့အရာရှိကိုပြန်ပြောတယ်။ အဲ့ဒီတင် ဟ-သူ့တပည့်ပညာသင်တွေတောင် ဒီလိုပြောနိုင်ရသလားဆိုပြီး နောက်တစ်ရက် ကိုယ်တိုင် လက်ဆောင်ပစ္စည်းတွေနဲ့ လိုက်လာတော့တာပဲ။

"မင်းတို့အယူအဆလေးတွေမဆိုးပါဘူး။ ဒါပေမယ့် တစ်ခုသတိထား။ အဟောမကြမ်းစေနဲ့။ ဘုရားဟော်တစ်ခုကို ငါဥပမာလေးပြောပြမယ်။ တစ်ခါက ပုဏ္ဏားတစ်ယောက်ဟာ သူသေမယ့်နေ့ကိုပြောပါဆိုပြီး ဘုရားကို လျှောက်သတဲ့။ ဘုရားက မသင့်လျော်ဘူးလို့ အကြိမ်ကြိမ်ပြောပေမယ့် မရတာကြောင့် ဘယ်နေ့မှာ ပုဏ္ဏားသေမယ် သေရင်ဒီ အရပ်မှာပဲ မျောက်ဖြစ်လိမ့်မယ်လို့ မိန့်တော်မူသတဲ့။ ဒီတော့ ပုဏ္ဏားက သူသေပြီး မျောက်ဖြစ်ရင်နေဖို့ နေချင့်စဖွယ် သရက်ဥယျာဉ်ကြီးတစ်ခု ဆောက်သတဲ့။ ပန်းမန်ရေကန်တွေနဲ့ဆိုတော့ နေချင်စရာပေါ့ကွာ။ ခရီးသွားများလည်း လာရောက်နားမနေအပန်းဖြေကြသတဲ့။ တိရစ္ဆာန်အများအပြားလည်း သရက်ဥယျာဉ်ကိုမှီပြီး နေထိုင်ကြသတဲ့။ ပုဏ္ဏားက ပြောတဲ့ရက်မှာ မသေတော့ ဘုရားကို မုသားပြောတယ်ဆိုပြီး သွားစွပ်စွဲသတဲ့။ သင်ဥယျာဉ်တည်သောကြောင့် သတ္တဝါအများ အကျိုးပွားကုန်၏။ ထိုကောင်းမှုကြောင့် အသက်ပိုရှည်တယ်လို့ပြောသတဲ့။ ငါဆိုချင်တာက လူတစ်ယောက်ကို ဒုက္ခရောက်မယ်လို့ ဟောပေမယ့် သူက အပြန်လမ်းမှာ လမ်းပေါ်ကဆူးခက်တွေတွေ့လို့ ဖယ်သွားတာ၊ လမ်းခင်းသွားတာလုပ်ရင်း သူ့ကုသိုလ်ကပိုလာတယ်ကွ။ ဒါကြောင့် သေချာပေါက်ဆိုပြီး အဟောမကြမ်းနဲ့။ ဟောတာမှန်ချင်ရင် သမထကို အာရုံစိုက်ဖို့လိုတယ်။ တစ်ညကို နာရီဝက်ဖြစ်ဖြစ်ထိုင်။

❑

ဒီလိုနဲ့ ပညာသင်နေရာက ကျွန်တော် ကျောက်မဲကို ပြောင်းရွှေ့ဖို့ဖြစ်လာတယ်။ ကိုယ့်မြို့ကိုယ်ပြန်ရတော့ ဝမ်းသာတာပေါ့။ ဒါပေမယ့် ဆက်ပြီး ဗေဒင်သင်ဖို့ကမလွယ်ဘူး။

ဆရာဦးတင်မောင်က -

"အင်္ဂဝိဇ္ဇာကျန်နေတယ်ကွ။ မင်းကျောက်မဲရောက်ရင် ဆရာ ရာမရေတဲ့ အင်္ဂဝိဇ္ဇာစာအုပ်လေးတွဲရှိတယ်။ အဲဒါဝယ်ဖတ်ပေတော့"

လို့ ပြောလိုက်တယ်။

ဒါနဲ့ မန္တလေးဈေးချိုက စာအုပ်ဆိုင်တွေမှာသွားပြီး အင်္ဂဝိဇ္ဇာလေးတွဲဝယ်ဖတ်တယ်။ ခက်တာက မေးစရာဆရာမရှိဘူး။ နောက်မှ ဦးပညာဆိုတဲ့ ရဟန်းတစ်ပါးလည်း အင်္ဂဝိဇ္ဇာတတ်တယ်လို့ကြားတာနဲ့ ဦးပညာဆီမှာ မသိတာမေးပြီး ဆွေးနွေးရတာပေါ့လေ။ ဦးပညာကလည်း ဗေဒင်မဟောဘူးဗျ။ ဖတ်မှတ်လေ့လာနေတာ။

တစ်ရက်မှာ ကျောက်မဲဈေးရှေ့က တာစင်မုန့်ဆိုင်မှာထိုင်ရင်း သူငယ်ချင်း သောင်းလွင်နဲ့ လေပစ်နေတုန်း နေကြာစေ့လုပ်တဲ့ ကိုညွန့်မောင်ရောက်လာတယ်။ ရွှေဘိုသား ရွှေတိုင်းနဲ့တည့်တာမဟုတ်ဘူး။ ကျွန်တော်နဲ့ သောင်းလွင်ကိုကျမှ ဘယ်လိုခင်နေတယ်မသိဘူး။

"ကိုထွန်းဝင်း၊ ခင်ဗျားအင်္ဂဝိဇ္ဇာ သင်နေတယ်ဆို။ ကျွန်တော့်ကို ခုဟော စမ်းဗျာ"

ဆိုတာနဲ့ သူရောက်တဲ့အချိန်ကို တွက်ပြီး ထိုင်ထ သူကြည့်တော့ အဲဒီမှာ စိတ်ထဲထင်သွားတယ်ဗျာ။ သူ့ခေါင်းနဲ့ ဓားသဟဇာတဖြစ်မယ်လို့မြင်နေတယ်။ ခင်ဗျားခေါင်းဓားခုတ်ခံရမယ်လို့ ဟောရမလား။ ဆရာဦးတင်မောင်ရဲ့အဟော မကြမ်းနဲ့ဆိုတာကို သွားသတိရတယ်။

"ကိုညွန့်မောင်၊ ခင်ဗျားခေါင်းပေါ် ဓားတင်မယ့်ကိန်းရှိတယ် သတိထား"

"မဖြစ်နိုင်တာ ကျုပ်ကိုဓားနဲ့ခုတ်မယ့်သူမရှိဘူးဗျ"

သူကလည်း စကားအဖြစ်မေးလို့ ကျွန်တော်ကလည်း အပြစ်ပြောတာပါ။ ဒါပေမယ့် နောက်လေးရက်လောက်မှာ ကိုညွန့်မောင် ဆေးရုံရောက်တယ်။ ဓားခုတ်ခံရလို့မဟုတ်ဘူး။ သူ့ခေါင်းက အဖုလေးက တဖြည်းဖြည်းနာလာလို့ ဆေးရုံသွားပြတော့ ခွဲရမယ်ဆိုလို့ ခွဲလိုက်ရတယ်။

ကိုညွန့်မောင်ပြောပုံကြည့်ဦး။

"ကိုထွန်းဝင်းပြောတုန်းက ခေါင်းပေါ် ဓားတင်မယ့်ကိန်းဆို။ ကျုပ်က ဓားခုတ်ခံရမယ်လို့ပြောတယ်ထင်တာ။ ခေါင်းကအနာခွဲရလိမ့်မယ်လို့ စိတ်ကူးထဲတောင်မရှိဘူး။ ခွဲနေရင်းမှ ဩော် - ဒါမှ တကယ် ငါ့ခေါင်းပေါ် ဓားတင်တာပါလားလို့ သတိရမိတယ်၊ အံ့ဗျာ"

❑ **ဗေဒင်ပညာကိုလုံးဝစွန့်လွှတ်ခြင်း**

ကျောက်မဲမှာ ကျွန်တော်မရှိတော့ အမေနဲ့အမေက ညရေးညတာ အဖော်အလျော်ရအောင်ဆိုပြီး အိမ်တစ်ဝက်ကို ကန့်ပြီး အိမ်ငှားထားတယ်ဗျ။ အိမ်ငှားအမျိုးသမီးရဲ့မောင် လှမြင့်ဆိုသူရောက်လာတယ်။ အလုပ်မရှိအကိုင်မရှိ ညနေတိုင်း မူးပြန်လာပြီး ဝိုင်းဒိုင်းကြဲတယ်။ ဆူတယ်။ အိမ်ငှားအမျိုးသမီးက အိမ်ရှင်ကိုအားနာတာပေါ့လေ။ အမြဲတမ်းလာတောင်းပန်တယ်။ သူ့တစ်ဦးတည်းသောမောင်ကို သိပ်ချစ်တာမို့မပြောရက်ဘူးတဲ့။ ဒီထဲ ကျွန်တော့်မိသားစု ကျောက်မဲ

ပြန်ရောက်ပြီဆိုတော့ နေစရာလိုလာပြီလေ။ စားချုပ်စေ့ပြီးရင် ဆက်မငှားတော့ဘူးဆိုတော့ အမူးသမားက ကျွန်တော့်ကို မကြည်တော့ဘူးလေ။ ညနေမူးပြန်လာပြီး ဝုန်းဒိုင်းကြဲတယ်။ ကျွန်တော်တို့မိသားစုကိုလည်း စောင်းမြောင်းဆဲတယ်။ စိတ်မထင်ရင် ကာထားတဲ့နံရံကို လက်သီးနဲ့ထိုးတယ်။ စာလချုပ်စေ့ဖို့ကလည်း နှစ်လလောက်လိုသေးတော့ အောင့်အည်းသည်းခံရတာပေ့ါလေ။

သည်းခံလေပိုဆိုးလေဗျာ။နောက်ပိုင်း ကျွန်တော့်နာမည်ကိုတပ်ပြီးဆဲလာတယ်။ ကျွန်တော့်တစ်သက်မှာ စိတ်အညစ်ရဆုံးအချိန်ဘဲ။ ဝန်ထမ်းဘဝကလည်း သိတဲ့အတိုင်း ရုံးကလစာနဲ့မလုံလောက်တော့ တစ်ဖက်ထစ်လမ်းဝင်ငွေရအောင် ဗေဒင်ဟောတယ်။ ဇာတာဖွဲ့တယ်။ နာမည်ကလည်းတက်လာတယ်ဗျ။ တစ်ခါတစ်ရံ ဟောစာတမ်းရေးရတာ ညဉ့်နက်သန်းခေါင်ထိ။ ကျွန်တော်ဒီနည်းလမ်းနဲ့ ဝင်ငွေဖြောင့်မှန်းလည်းသိရော လူမြင့်က နှောင့်ယှက်လာတယ်။ ဗေဒင်လာမေးတဲ့လူတွေပါ ရန်ရှာဆဲဆိုတယ်။ ကြာတော့ သည်းမခံနိုင်တော့ဘူး။

တစ်နေ့ တစ်ဖက်အိမ်ကလူတွေ အပြင်သွားတုန်း ကျွန်တော်က အိမ်အတက်လှေကားအောက်မှာ နေ့နံသင့်အပင်လေးကို ဇောက်ထိုးစိုက်ပြီး လူမြင့်အိမ်ပေါ်ပြန်မတက်စေနဲ့လို့ ဆိုခဲ့တယ်။ တကယ်တော့ ကိုယ့်စိတ်ကိုပြေတာပါ။ သိပ်ထိထိခိုက်ခိုက်ဖြစ်မယ်မထင်ခဲ့ဘူး။ ညနေ အိမ်ငှားလင်မယားပြန်လာပြီး ချက်ပြုတ်နေကြတုန်းပဲ အမူးသမား လူမြင့်က အစောကြီးမူးပြီးပြန်လာတယ်။ လမ်းထိပ်ကတည်းက ကျွန်တော့်နာမည်တပ်ပြီးဆဲဆူလာတယ်။

အိမ်လှေကားလည်းတက်ရော -

"အား"

ဆိုပြီး လိမ့်ကျသံကြားတယ်။ လှေကားက (၃) ထစ်ပဲရှိတာ ကြီးကြီးကျယ်ကျယ်ထိခိုက်စရာမရှိပါဘူး။

"ဟဲ့-မောင်လေး၊ အမလေး. . . လာကြပါဦး"

အိမ်ငှားအမျိုးသမီးအော်သံကြားတော့ ကျွန်တော်လည်းပြေးထွက်သွားပြီးသွားကြည့်တယ်။ ခေါင်းတွေဘာတွေများ ထိခိုက်သွားလားပေ့ါ။ မဟုတ်ဘူးဗျ ပါးစပ်တစ်ခြမ်းရွဲ့နေတာ။

"ဟာ-လေဖြတ်သွားတာပဲ ဆေးရုံပို့ရအောင်"

နောက်ဆုံးတော့ ကျွန်တော်ပဲ ကားငှားပြီး ဆေးရုံပို့ပေးလိုက်တယ်။ အဲသည်အချိန်မှာ ကျွန်တော်ဓာတ်ရိုက်ဓာတ်ဆင်လုပ်ထားတာတောင် မေ့နေပါပြီ။ ဒါပေမယ့် လူမြင့်အိမ်ပေါ်ပြန်မတက်နိုင်တော့ဘူး။ နောက်နေ့မနက်လင်းအားကြီးအချိန်မှာပဲ ဆုံးသွားတယ်။ အဲသည်အချိန်တုန်းက ဆေးရုံမှာဆုံးတဲ့မသာကို မြို့ထဲပြန်မယူရဘူးဗျ။ ဆေးရုံကနေပဲ သင်္ချိုင်းကို အသုဘတန်းချရတာပေ့ါ။ ဆိုင်တာ၊ မဆိုင်ထားတာထား ကျွန်တော် သိပ်စိတ်ထိခိုက်သွားတယ်။ လူတစ်ယောက်ကို သေပါစေဆိုတဲ့ဆန္ဒလည်းမရှိပါဘူး။ ဘယ်သူမှလဲသိတဲ့ကိစ္စမဟုတ်ပါဘူး။ ကျွန်တော် အသုဘကိစ္စကို အစအဆုံးလုပ်ပေးပြီး ညလည်းအိပ်မပျော်တော့ဘူး။

"ဆရာကိုထွန်းဝင်းလိုလူကတော့ ရှားပါတယ်ရှင်။ သူ့ကိုဒါလောက်ဆဲဆိုနေတာတောင် ခွင့်လွှတ်ပြီး အစအဆုံး လိုက်လုပ်ပေးတယ်။ ဆရာ့ကိုတောင်းပန်ပါတယ် ဆရာရယ်။ ကျေးဇူးလည်းတင်ပါတယ်"

လို့ အိမ်ငှားအမျိုးသမီးကပြောတိုင်း စိတ်ပိုဆင်းရဲရတယ်။

တစ်ပတ်လောက်အကြာမှာတော့ ကျွန်တော်မနေနိုင်ဘူး။ ဦးပဥ္စင်း ဦးပညာဆီသွားပြီး အဖြစ်မှန်ကိုပြောပြတယ်။

ဦးပညာကလည်း အပြန်အလှန်တွက်ပြီး -

"ဆရာထွန်းရဲ့ စိတ်မကောင်းမဖြစ်ပါနဲ့။ ဓာတ်ရိုက်ထားတာ ဘာမှမဖြစ်နိုင်ဘူး။ တွက်ထားတာကိုက တုလွဲကြီး။ ထန်းသီးကြွေခိုက် ကျီးနင့်ခိုက်ကြုံသွားလို့ပါ"

စိတ်ထဲမှာ သက်သာရာရသွားပေမယ့် ဒီအင်္ဂဝိဇ္ဇာပညာမှာ ကျွန်တော့်မှာ လက်ထပ်သင်ပြလမ်းညွှန်တဲ့ဆရာမရှိဘူးလေ။ စာအုပ်ဖတ်ပြီးတော့ပဲ လေ့လာနေရတာ။ အမှားအယွင်းတော့ရှိနိုင်တာပဲ။ ဦးပဥ္စင်းဦးပညာဆီမှာပဲ ကျွန်တော့်ဗေဒင်စာအုပ်တွေရော၊ ပညာတွေပါလှူဒါန်းပြီး ဗေဒင်ပညာကို လုံးဝစွန့်လွှတ်လိုက်တော့တာပဲ။ နောက်ထပ်တစ်ခု စိတ်မကောင်းတာက ကျွန်တော့်ဆရာ ဦးတင်မောင်ကို ဘာမှကျေးဇူးတုံ့ပြန်ဂါရဝမပြုနိုင်တာဘဲ။ ကျွန်တော် ဗေဒင်ပညာနဲ့ စီးပွားဖြစ်ချိန်မှာ ဆရာဦးတင်မောင် မရှိတော့ဘူးလေ။

ထွန်း(နောင်ချို)

# ကျွဲ-နွား အစာအဆိပ်မိခြင်း

ကျွန်တော်မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ပတ်သက်လို့ တိုးတက်လာတာတော့အမှန်ပဲ။ သီးနှံအထွက်တိုးလာတယ်။ သီးနှံဖျက်ပိုးတွေကို ခေတ်မီမီနဲ့ကာကွယ်လာနိုင်တယ်။ တစ်ဖက်မှာကောင်းသလို တစ်ဖက်မှာလည်း ဆိုးကျိုးတွေခံစားရတယ်။ ပိုးသတ်ဆေးဖျန်းထားတဲ့သီးနှံတွေကို ကျွဲ၊ နွားတွေစားမိရင် အဆိပ်ဖြစ်တယ်။ အသက်ကိုအန္တရာယ်ပေးတဲ့အထိဖြစ်တတ်ပါတယ်။ ကျေးရွာတိုင်းမှာဖြစ်လေ့ဖြစ်ထရှိတဲ့ဖြစ်စဉ်တစ်ခုပါပဲ။ ကျွန်တော်တို့က တိရစ္ဆာန်တွေကိုဆေးကုတဲ့လုပ်ငန်းလုပ်နေတာဆိုတော့ ရောက်တဲ့အရပ်တိုင်းမှာ တွေ့ဖူးကြုံဖူးပါတယ်။ ဘာကြောင့်ပဲအဆိပ်ဖြစ်ဖြစ် အဆိပ်ဖြေနည်းလေးပြောပြချင်လို့ပါ။

ပထမဦးဆုံးလုပ်ရမှာက နွားကြီးဆိုရင် ဆီလေးဆယ်ကျပ်သားကို ကြက်ဥအစိမ်း (၅) လုံးနဲ့ဖျော်ပြီးတိုက်လိုက်ပါ။ ပြီးရင် ဟင်းငုတ်ပင်က အခေါက်ခွာပြီး ကျောက်ပျဉ်မှာသွေးပါ။ လက်ဖက်ရည်အကြမ်းပန်းကန် (၅) လုံးရအောင်သွေးပြီး နွားကိုတိုက်လိုက်ပါ။ (၄) နာရီခြား တစ်ခါတိုက်ရပါတယ်။

အဆိပ်မိတဲ့နွားရဲ့လက္ခဏာတွေကတော့ နွားကြီးရဲ့အသားတွေတုန်ပါတယ်။ အထူးသဖြင့် ပေါင်တွေ၊ နွားရဲ့နောက်ပိုင်းတွေ တုန်လှုပ်နေတာ တွေ့ရပါလိမ့်မယ်။ ပါးစပ်ကိုဖြဲကြည့်ရင် လျှာတွေ၊ပါးစပ်တွေပြာနေပါတယ်။ အသက်ရှူပြင်းပါတယ်။ တစ်ခါတစ်ရံ ပါးစပ်ကဆေးနံ့တွေရပါတယ်။ ခန္ဓာကိုယ်အေးစက်နေတတ်ပါတယ်။

နန္ဒင်းမှိုင်း(ဆန္ဒင်းမှိုင်း)လေးတိုက်ပေးလိုက်ပါ။ ဝါပင်တွေရဲ့ ပိုးသတ်ဆေးဖြစ်တဲ့အင်ဒရင်းဆေးအဆိပ်မိတာတောင် ဒီဆေးနည်းနဲ့ပျောက်ဖူးပါတယ်။ အရပ်ဒေသတိုင်းမှာ ဟင်းငုတ်ပင်ရှိပါတယ်။ အပင်ကြီးမျိုးပါ။ လက်ပံပင်လောက်ရှိပြီး အပွင့်ကလည်း လက်ပံပွင့်နဲ့တူပါတယ်။ အဖြူရောင်အပွင့်တွေပါ။ ကျွန်တော်တို့ဆီမှာတော့ ဟင်းငုတ်ပွင့်ကို ကြော်စားကြပါတယ်။

ဆလိုင်းငွန်သိန်း(မေညင်းသင်း)



ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်

(၂၄)

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ

□ ဝိဇ္ဇာဌာနီ၏ဝိဋကတ်တိုက်

ဝိဇ္ဇာဌာနီအတွင်း ထူပါရုံပြည်၏ သမိုင်းဝင်ပစ္စည်းများကိုကြည့်ပြီးတော့ မောင်ထွန်းမြိုင်သည် တအံ့တသြဖြစ်နေ၏။ ထို့ကြောင့် ကိုယ်ပွားအား -

"သိပ်ပြီးအံ့သြဖို့ကောင်းတာပဲနော်။ ဒီပစ္စည်းတွေ၊အသုံးအဆောင်တွေဆိုတာ ဗုဒ္ဓဂေါတမလက်ထက်တော်တင်မဟုတ်ဘဲ ယခင့်ယခင်ဘုရားရှင်တွေလက်ထက်တော်ကတည်းကဆိုတော့ နှစ်ပေါင်းဘယ်နည်းမလဲနော်"

"ဘယ်နည်းမှာတုံး ကိုထွန်းမြိုင်ရဲ့။ ဂေါတမဘုရားရှင်ရဲ့သာသနာပဲ။ ခုဆို နှစ်ပေါင်းနှစ်ထောင့်ငါးရာရှိပြီ။ ကျန်တဲ့ ဘုရားရှင်တွေရဲ့သာသနာတော်တွေဆို နှစ်ပေါင်းတောင်ဘယ်လောက်ကြာပြီလဲလို့ ခန့်မှန်းကြည့်ပေါ့။ ဘယ်လိုပဲမြစ်ဖြစ် နှစ်ပေါင်းသောင်းတမ်း၊ သိန်းတမ်း၊ သန်းတမ်း၊ ကုဋေတမ်းရှိမှာပေါ့ဗျာ။ ဒီသက်တမ်းတွေနဲ့ပတ်သက်ပြီး ပိဋကတ်မှတ်တမ်းတွေမှာလည်းရှိပါတယ်"

"ဒါဆို အဲဒီသက်တမ်းတွေကတည်းက မြန်မာနိုင်ငံတည်ရှိမှုတို့၊ မြန်မာလူမျိုးဖြစ်တည်မှုတို့ဆိုတာတွေ ရှိခဲ့တဲ့ သဘောပေါ့နော်"

"ဟုတ်တာပေါ့ ကိုထွန်းမြိုင်ရဲ့။ ကျွန်တော်တို့ လူမျိုးတွေဟာ ဒီဒေသ၊ ဒီရေ၊ ဒီမြေမှာ လူသားဘဝစတင်ဖြစ်တည်ကတည်းက တစ်ဆက်တစ်စပ်တည်း နေထိုင်လာခဲ့တာပဲဗျ။ ဘာမှသံသယဖြစ်စရာမရှိပါဘူး"

"ဒါဆို လူတွေအဖြစ် စဖြစ်တည်လာကတည်းက ဒီဒေသမှာ လူစဖြစ်သလားဗျ"

"ဒီလို ကိုထွန်းမြိုင်ရဲ့။ ဒီကမ္ဘာပေါ်မှာ လူစတင်ဖြစ်လာပုံကို ပြောရမယ်ဆိုရင် သတ္တလောကပေါ်လာပုံကိုလည်း ပြောမှယေဘုယျကျမယ်။ သတ္တလောက မဖြစ်ခင် ဩကာသလောကဖြစ်တယ်။ သဘာဝရေမြေတောတောင်တွေပေါ့။ အဲဒီမှာ အဓိကအကျဆုံးက ရေပဲ။ ရေဖြစ်ပြီး မြေတောတောင်တွေဖြစ်ရတယ်။ ရေသတ္တဝါတွေဖြစ်ပြီးတဲ့အချိန် ကုန်းပေါ်မှာလည်း သစ်ပင်တောတောင်တွေဖြစ်ရတယ်။ နောက်တော့ ရေထဲက အချို့သော ရေသတ္တဝါတွေက ကုန်းပေါ်တက်ပြီး နေရာကနေ နောက်ပိုင်း ကုန်းနေသတ္တဝါဖြစ်လာကြတယ်။ အဲဒီကုန်းနေသတ္တဝါတွေကနေ တဖြည်းဖြည်းနဲ့ ကမ္ဘာဦးသတ္တဝါတွေ မျောက်တွေ၊ ဝံတွေ လူဖြစ်လာမယ်။ သတ္တဝါတွေဖြစ်လာကြတယ်။ အဲဒီကနေ လူဖြစ်လာမယ့်သတ္တဝါကိုပဲဆိုပါတော့။ တဖြည်းဖြည်းရင့်ကျက်လာပြီး လူအဖြစ် ပီပြင်သည်ထက်ပီပြင်လာတယ်။ ဒီလိုဆင့်ကဲဖြစ်စဉ်ပြောင်းလဲမှုအတွက် နှစ်ပေါင်းများစွာရှိတယ်။ အဲဒီလိုဆင့်ကဲဖြစ်စဉ်ပြောင်းလဲမှုအတွက်

နှစ်သန်းပေါင်းများစွာလိုတယ်။ ဒီဖြစ်စဉ်သဘောတရားကို သံဝဋ္ဋမေ့မလို့ခေါ်တယ်။ ဒီကမ္ဘာဦးဖြစ်တည်စဖြစ်စဉ်နဲ့သတ္တလောကဖြစ်စဉ်တွေ၊ လူဖြစ်စဉ်တွေ စတဲ့သံဝဋ္ဋမေ့အားလုံး ဒီမြန်မာနိုင်ငံမှာဖြစ်ခဲ့တယ်လို့ ပြောလို့ရတယ်"

"ဟုတ်လား ကိုယ်ပွား၊ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ဘူမိပထဝီသမိုင်းဟာ အတော်ကိုပဲထူးတယ်နော်။ ဒါနဲ့ အဲဒီဖြစ်စဉ်တွေ စတင်တုန်းကတည်းက မြန်မာနိုင်ငံဟာ ဒီပုံစံနဲ့ပဲတည်ရှိခဲ့တာပဲလားဗျ"

ဟု မေးလိုက်ရာ ကိုယ်ပွားက -

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပြောရရင် ကမ္ဘာဦးကာလက မြန်မာနိုင်ငံဟာ ဒီနေ့တွေ့နေရတဲ့ပုံစံတော့ မဟုတ်ဘူး။ မူလကုန်းမြေမှာ မြန်မာနိုင်ငံရဲ့ အထက်ပိုင်းပဲပါရှိနေသေးတယ်ဗျ။ ပြောရမယ်ဆိုရင်၊ ဒီနေ့သတ်မှတ်ချက်နေရာနဲ့နှိုင်းယှဉ်ပြရမယ်ဆိုရင် ကချင်ပြည်နယ်နေရာပဲ။ ဒီနေရာဟာ မြစ်ဝကျွန်းပေါ်နေရာပဲ။ မြေနုကျွန်းနေရာတွေပဲဗျ။ ဒါကြောင့် အဲဒီနေရာဟာ ထိုခေတ်ရဲ့အဓိကစပါးစိုက်ရာဒေသပဲ။ ဆန်အိုးကြီးပေါ့ဗျာ။ အခုတွေ့နေရတဲ့ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသတွေနေရာဟာ ပင်လယ်ကမ်းဦးရေတိမ်ပိုင်းပေါ့။ အခု ရန်ကုန်မြို့နေရာဟာ ပင်လယ်ကြီးပဲ"

"အဲဒီ ပင်လယ်ကြီးကနေ ဘယ်လိုဖြစ်ပြီး ကုန်းမြေဖြစ်လာတာလဲ"

"ဒီလိုဗျ၊ ကမ္ဘာကြီးဟာ တစ်ချိန်မှာ ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်လုံးနဲ့ တိုက်မိခဲ့ပုံရတယ်ဗျ။ အဲဒီအချိန်မှာ ဒီကမ္ဘာမြေကြီးမှာ ကြီးစွာသောတုန်ဟည်းမှုတွေ၊ ပေါက်ကွဲမှုတွေ၊ ရွေ့လျားမှုတွေများစွာဖြစ်ခဲ့ပါတယ်။ အဲဒီအထဲမှာ ရွေ့လျားမှုဖြစ်စဉ်တစ်ခုက မြန်မာနိုင်ငံရဲ့မူလကုန်းမြေကို အခြားမြေထုတစ်ခုက ရွေ့လျားပြီးလာဆောင့်တယ်ဗျ။ အဲဒီမြေစိုင်ကုန်းမြေအပဲ့ကြီးဟာ အောက်မြန်မာပြည်ဖြစ်လာတာပဲ။ ဒီမြေစိုင်ကြီးနှစ်ခုတိုက်မိတဲ့နေရာမှာ ထူးခြားတာက ထိုတစ်ဝိုက်မှာရှိတဲ့ သတ္တလောက၊ ရုက္ခလောကတွေဟာ ဓာတ်သဘာဝပြောင်းလဲပြီး ကျောက်ဖြစ်ရုပ်ကြွင်းတွေဖြစ်သွားကြတယ်။ ဒါကြောင့် ဒီတိုက်မိတဲ့နေရာဖြစ်တဲ့ မကွေးတို့၊ မင်းဘူးတို့၊ တောင်တွင်းကြီးတို့၊ မုံရွာတို့၊ ပုံတောင်ပုံညာတို့စတဲ့နေရာတွေတစ်ဝိုက်မှာ ကျောက်ဖြစ်ရုပ်ကြွင်းတွေအများအပြားတွေ့နိုင်မယ်ဗျ။ ဒါကြောင့် အဲဒီကုန်းမြေစိုင်ကြီးနှစ်ခုတိုက်ပြီးတဲ့နောက်ပိုင်းမှာလည်း ဒီနေရာမှာ လူတွေဆက်နေခဲ့ကြတယ်။ နောက်ပိုင်း အသင်ဝင်ဆောင့်လာတဲ့ကုန်းမြေအသစ်ပေါ်မှာလည်း လူတွေပျံ့နှံ့ပြီးနေခဲ့ကြတယ်ဗျ။ ဒါကြောင့် မြန်မာနိုင်ငံမှာ အဲဒီဖြစ်စဉ်ကြီးပြီးမှရော မဖြစ်ခင်ကတည်းကပါ လူတွေနေလာခဲ့တာပဲ"

"ဒါကြောင့် မြန်မာတွေဟာ တခြားနေရာနေရာတွေကနေ နောက်မှဝင်လာတာမျိုးမဟုတ်ဘဲ မူလကတည်းက မူလလက်ငုတ်နေထိုင်တာပဲပေါ့နော် ကိုယ်ပွား"

"ဟုတ်တယ် ကျွန်တော်တို့မြန်မာတွေဟာ ဘယ်တရုတ်ပြည်ဆိုတာတွေ၊ ဘယ်အိန္ဒိယကနေ ပြောင်းရွှေ့ဝင်လာတယ်ဆိုတာတွေ၊ ဘယ်လူမျိုးစုကြီးမှ ဆင်းသက်လာတယ်ဆိုတာတွေဟာလုံးဝမဟုတ်ဘူး။သက်သေအထောက်အထားတွေအရလည်း လုံးဝအခြေအမြစ်မရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ မြန်မာတွေဟာ ဒီမြေ၊ ဒီရေ ဒီဒေသကြီးမှာပဲ လူသားဖြစ်မယ့်သတ္တဝါဖြစ်စဉ်ဘဝကတည်းက ကျောက်ခေတ်လူသားများ၊ ကြေးခေတ်လူသား၊ သံခေတ်လူသား၊ ယဉ်ကျေးတဲ့ အဖွဲ့အစည်းလူသားတွေအဖြစ်ရှိခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အချုပ်ပြောရရင် ကျွန်တော်တို့လူမျိုးတွေဟာ ဒီမြေ၊ဒီရေ၊ဒီမြန်မာပြည်မှာပဲ ကကုသန်ဘုရားပွင့်တော်မူတုန်းကလည်း ရှိခဲ့တယ်။ ကောဏာဂုံဘုရားပွင့်တော်မူတုန်းကလည်း ရှိခဲ့တယ်ဆိုတာပဲဗျ။ နောက်တစ်ခုက ကျွန်တော်တို့လူမျိုးဟာ ကမ္ဘာဦးဘုရားဖြစ်တဲ့ ကကုသန်ဘုရားလက်ထက်တော်ကတည်းက ဗုဒ္ဓဘာသာဖြစ်ခဲ့ကြတာဆိုတော့ ကျွန်တော်တို့လူမျိုးဟာ လူမျိုးတည်ရှိနေသရွေ့ ဗုဒ္ဓဘာသာမြန်မာလူမျိုးဆိုတဲ့ တည်ရှိမှုကနေ ဘယ်တော့မှ ရွေ့လျောမှာမဟုတ်ပါဘူး"

"ဒီလိုဆို ကိုယ်ပွားရယ်၊ တစ်ခုမေးချင်တယ်။ ကျုပ်တို့ဟာ ကကုသန်ဘုရားလက်ထက်တော်ကတည်းက ဗုဒ္ဓဘာသာဖြစ်ခဲ့တဲ့လူမျိုးဆိုတော့ အဲဒီကမ္ဘာဦးဘုရားဖြစ်တဲ့ ကကုသန်ဘုရားနဲ့ပတ်သက်တဲ့ ဘုရားစေတီတွေ မြန်မာပြည်မှာရှိခဲ့မှာပေါ့နော်။ အခုကော အဲဒီခေတ်ဘုရားစေတီတွေ ဘယ်နေရာတွေမှာရှိနေမလဲမသိဘူး။ ရှိနေရင် နည်းနည်းလောက်ပြောပြပါလား ကိုယ်ပွားရယ်"

"ဟုတ်ပြီဗျာ၊ ခင်ဗျားကလည်း စစ်စစ်ပေါက်ပေါက်ကိုမေးတတ်တယ်။ ဒါပေမယ့် အချိန်ကသိပ်မရတော့ဘူး။ နောက်ပြစရာတွေလည်းကျန်သေးတယ်၊ အစည်းအဝေးအချိန်ကလည်းနီးလာပြီဗျ။ ဒါကြောင့် အတိုချုပ်လောက်ပဲပြောမယ်ဗျာ"

"ရပါတယ်ဗျာ၊ နည်းနည်းဖြစ်ဖြစ်ပေါ့"

"အဲဒီ ကမ္ဘာဦးဘုရားခေတ်ကဘုရားစေတီတွေနဲ့ပတ်သက်ပြီးပြောရရင်ဗျာ အများကြီးပဲဗျ။ ထင်ရှားတာတို့ပြောမယ်ဆိုရင် ရန်ကုန်မြို့က ရွှေတိဂုံစေတီတော်ပေါ့ဗျာ။ ပြည်မြို့က ရွှေဆံတော်စေတီတော်တွေပေါ့ဗျာ။ကကုသန်ဘုရားလက်ထက်တော်ကတည်းကရှိခဲ့တယ်။ နောက် ရန်ကုန်မှာပဲ သာစုတာန်ဘုရားစတာတွေရှိသေးတယ် အများကြီးပဲ။ နောက် လူသိပ်မသိသေးတဲ့ ဘုရားတစ်ဆူအကြောင်းပြောမယ်။ မင်းလှစစ်ကွင်းမြို့နေရာမှာ တည်ရှိခဲ့တဲ့ လေးကျွန်းမြင့်မိုရ်မေဟာကမ္ဘဒ္ဒိမယစေတီပဲ။ အဲဒီစေတီဟာ ခုအချိန်မှာတော့ မြေပေါ်မှာမတွေ့ရတော့ဘူး။ နောက်မကြာခင်တော့ ပြန်ပေါ်လာလိမ့်မယ်။ မြေအောက် အတောင်ကိုးဆယ်မှာ ကကုသန်ဘုရားရဲ့ ဌာပနာတိုက်ရှိတယ်ဗျ၊ အဲဒီစေတီတော်ကို တကောင်းခေတ် အဘိရာဇာတို့ ကံရာဇာကြီး၊ ကံရာဇာငယ်တို့လက်ထက်ကတည်းက ပြန်တည်ဖို့ကြိုးစားခဲ့တယ် မအောင်မြင်ခဲ့ဘူး။ တဲ-ကိစ္စနဲ့ပတ်သက်ပြီး ပြောရရင်အများကြီးပဲ။ ခုတော့ ဒီလောက်နဲ့တော်လိုက်မယ်ဗျာ။ အနောက်ဘက်မှာရှိတဲ့ ပိဋကတ်တိုက်ကို အချိန်ရတုန်းသွားကြည့်ကြရအောင်ဗျာ"

ဟု ပြောပြောဆိုဆိုဖြင့် ကိုယ်ပွားသည် ရှေ့ကထွက်သွား၍ မောင်ထွန်းမြင့်လည်းလိုက်ရလေ၏။ အခန်းတစ်ခန်း၏ရှေ့သို့အရောက်တွင် -

"ကဲ - ပိဋကတ်တိုက်ကိုတော့ရောက်ပြီ၊ ကိုထွန်းမြင့်ကထူးထူးဆန်းဆန်းရှားရှားပါးပါးကိစ္စတွေစိတ်ဝင်စားတော့ မြင်ဖူးတယ်ရှိအောင်ဝင်ကြစို့"

ဟု ပြောသဖြင့် မောင်ထွန်းမြင့်လည်း အခန်းထဲသို့ ဝင်လိုက်လေ၏။ အခန်းထဲသို့ရောက်သောအခါ ဘေးဘီဝဲယာသို့ လှည့်ကြည့်လိုက်ပြီးနောက် မောင်ထွန်းမြင့်က -

"ဟင်-ပိဋကတ်တိုက်ဆို ကိုယ်ပွားရဲ့၊ မရှိတော့ဘူးလား၊ ဘယ်ရောက်သွားပြီလဲ"

ဟု ပြောလိုက်ရာ ကိုယ်ပွားက -

"ခင်ဗျားကဘာကိုပြောတာလဲဗျ"

"ပိဋကတ်စာပေတွေဆို . . ။စာပေ မှတ်တမ်းမှတ်ရာတွေကို မတွေ့လို့ပြောတာပါ"

"ဩော်- ကိုထွန်းမြိုင်က ပိဋကတ်တော်တွေဆိုတော့ စာအုပ်စာတမ်းတွေ၊ ပေတွေ၊ ပုရပိုက်တွေကိုရှာနေတာနဲ့တူတယ်"

"ဟုတ်တယ်လေ၊ တစ်ခုမှ မတွေ့လို့ပြောတာ ကိုယ်ပွားရဲ့"

ဒီကပိဋကတ်တိုက်မှာက တခြားပိဋကတ်တိုက်တွေနဲ့မတူဘူး။ ဝိဇ္ဇာခရေ ပညာဆိုင်ရာအဆင့်မြင့်နည်းနဲ့လုပ်ထားတဲ့ပိဋကတ်တိုက်ဆိုတော့ အရင်တွေ့နေကျပိဋကတ်တိုက်နဲ့မတူလို့ပဲဗျ"

"ဘယ်လို ဘယ်လို ကိုယ်ပွားရဲ့။ အဆင့်မြင်းနည်းလုပ်ထားတဲ့ ပိဋကတ်တိုက်ဟုတ်လား။ ရှင်းအောင်ပြောစမ်းပါ။ ကျုပ်နားမလည်ဘူး"

"ဒါဆို ကိုထွန်းမြို့ ဟိုစင်တွေပေါ်ကိုကြည့်လိုက်ပါ။ ဘာတွေတွေ့လဲ"

"ဖန်အုပ်ဆောင်းလိုလို၊ ရတနာအုပ်ဆောင်းတွေလိုလို ခပ်ကြည်ကြည်အရာတွေနဲ့အုပ်ထားတဲ့ကလပ်တွေတော့တွေ့ပါတယ်"

"ဟုတ်ပြီ၊ ဒါဆို အဲဒီကလပ်ထဲမှာ ဘာတွေရှိလဲ"

ဟု မေးလိုက်ရာ မောင်ထွန်းမြိုင်လည်း ကလပ်ထဲသို့အသေအချာကြည့်လိုက်ရာ အသွေးအရောင်စုံသောကတ္တီပါစများပေါ်တွင် ခပ်လုံးလုံးအရာများကိုတွေ့သဖြင့် -

"ကိုယ်ပွားရေ၊ မဟုတ်မှလွဲရော ကျုပ်မြင်ရတာ ဓာတ်လုံးတွေနဲ့တူတယ်ဟုတ်လား"

"အစစ်ပေါ့ ကိုထွန်းမြိုင်။ဓာတ်လုံးတွေမှဓာတ်လုံးတွေပါပဲ"

"ဒါဆို ဓာတ်လုံးတွေ ဒီလောက်အများကြီးဘာလုပ်ထားတာလဲဗျ"

"အဲဒါသာမန်ဓာတ်လုံးတွေမဟုတ်ဘူး။ ပိဋကတ်တော်တွေပဲ"

"ဘယ်လိုလုပ်ပြီး ဓာတ်လုံးက ပိဋကတ်ဖြစ်ရတာလဲ ရှင်းပြပါဦး"

"ဒီလိုကိုထွန်းမြိုင်ရဲ့၊ အဲဒီဓာတ်လုံးဆိုတာကို အရည်ကျိုပြီးအပြားအချပ်မျိုးလောင်းလိုက်ရင် အပေါ်မှာစာတွေပေါ်လာတယ်။ စာတစ်မျက်နှာဆိုပါတော့။ နောက်ပြီး အဲဒါကို အရည်ပြန်ကျိုပြီးနောက် အပြားချပ်ပုံစံမျိုးလောင်းလိုက်ရင် နောက်စာမျက်နှာပေါ်လာမယ်။ အဲဒီလိုအကြိမ်ကြိမ်အရည်ကျိုပြီးလောင်းလိုက်ရင် စာမျက်နှာများစွာပေါ်လာမယ်။ ဒီနည်းနဲ့စာတစ်အုပ်လုံးစာဖတ်လို့ရမယ်။ တခြားဓာတ်လုံးတွေလည်း ဒီအတိုင်းပဲ။ ဩော်-ဟိုကလပ်တွေရှေ့ကိုကြည့်လိုက်၊ အရည်ကျိုပြီး လောင်းထားတဲ့ အပြားအချပ်အချို့ရှိတယ်။ ကြည့်ကြည့်လိုက်"

"ဟာ - ဟုတ်တယ် ကိုယ်ပွားရေ။ အပြားအချပ်တွေပေါ်မှာ စာလုံးသေးသေးလေးတွေနဲ့ရေးထားတဲ့စာတွေတွေ့တယ်။ မြန်မာစာတော့မဟုတ်ဘူး"

"အဲဒါ မာဂဓဘာသာနဲ့ရေးထားတာတွေများတယ်"

"ဒီပိဋကတ်တွေထဲမှာ အရင်ဘုရားရှင်တွေရဲ့ပိဋကတ်တော်တွေကော ပါလားဗျ"

"ပါတာပေါ့၊ ဘုရားရှင်အားလုံးရဲ့ ပိဋကတ်တွေပါပါတယ်။ ခင်ဗျားစဉ်းစားကြည့်ပေါ့။ အဲဒီပိဋကတ်တွေကို စာအုပ်တွေ၊ ပေတွေ၊ ပုရပိုက်တွေနဲ့ရေးထားရင် သက်တမ်းဘယ်လောက်ခံမှာတုံး။ ထားပါတော့ဗျာ ကြေးပုရပိုက်ပေါ် ရေးထားတယ်ထားပါဦး။သက်တမ်းဘယ်လောက်ခံမှာလဲ။ သက်တမ်းအကန့်အသတ်ရှိတဲ့ရာတမ်း အများဆုံးထောင်တမ်းပေါ့ဗျာ။ ခု ဓာတ်လုံးဆိုတော့ အဲဒါတွေထက်ရာသီဥတုဒဏ်ရော ကာလသတ်တမ်းရှည်ကြာမှုဒဏ်ကိုပါ အများကြီး ပိုမခံဘူးလား"

"ဟုတ်ပါရဲ့ ကိုယ်ပွားရယ်။ တော်တော်ကောင်းတဲ့နည်းပညာပဲ။ ပိဋကတ်တွေမကွယ်နိုင်ဘူးပေါ့။ အများကြီးခိုင်သွားတာပဲ။ ဒါနဲ့ အဲဒီထဲမှာ အားလုံးက ပိဋကတ်တွေချည်းပဲလား"

"ပိဋကတ်တွေချည်းပဲတော့မဟုတ်ဘူး။ သိပ်ပြီး လျှို့ဝှက်ရှားပါးတဲ့ အင်းကျမ်းတွေ၊ ဆေးကျမ်းတွေ၊ ဗေဒင်ကျမ်းတွေ၊ အဂ္ဂိရတ်ကျမ်းတွေနဲ့ တခြားဝိဇ္ဇာခရေပညာရပ်ဆိုင်ရာကျမ်းတွေလည်းပါတယ်။ အမျိုးစားအနေနဲ့တော့ တော်တော်များမယ်ဗျ"

"ကျုပ်တို့ရဲ့ ဒီအဂ္ဂိရတ်ဆိုင်ရာအဆင့်မြင့်နည်းပညာကို အသုံးပြုနိုင်တာ တကယ့်ကို အံ့ဩစရာပါပဲဗျာ။ ဘယ်လိုမှထင်မထားမိဘူး။ ကောင်းလိုက်တဲ့နည်းပဲဗျာ။ ဒါမှ တကယ်ဝိဇ္ဇာဉာဏ်ပါပဲဗျာ။ ဝိဇ္ဇာဓိုရ်တွေဆိုပြီးခေါ်ကြတဲ့အမည်နာမနဲ့လည်း တကယ့်ကိုထိုက်တန်ပါတယ်။ လေးလည်းလေးစားလောက်ပါတယ်။ ကျေးဇူးလည်း အထပ်ထပ်အခါခါတင်သင့်တဲ့လုပ်ရပ်ပါပဲဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ရဲ့ဝိဇ္ဇာခရေလောကမှာ ကမ္ဘာဦးဘုရားရှင်ဖြစ်တဲ့ ကကုသန်ဘုရားလက်ထက်တော်ကတည်းက ပိဋကတ်တော်တွေရှိနေတာဟာ အလွန့်ကိုထူးခြားတဲ့ဂုဏ်ဒြပ်မဟုတ်လား။ နောက်ပြီး ကျုပ်တို့ဝိဇ္ဇာခရေလောကဟာ ဗုဒ္ဓဘုရားရှင်တွေနဲ့ သူတို့ရဲ့တရားတော်တွေအပေါ် မှာဘယ်လောက်ကြည်ညိုတယ်၊ ဘယ်လောက်အလေးအမြတ်ပြုတယ်ဆိုတာတွေကို ဖော်ပြနေတာမဟုတ်ဘူးလား ကိုယ်ပွားရယ်"

ဟု မောင်ထွန်းမြိုင်ကပြောလိုက်သောအခါ ကိုယ်ပွားသည် သဘောတူစွာဖြင့် ခေါင်းတညိတ်ညိတ်ရှိနေ၏။ ထို့နောက် ကိုယ်ပွားက -

"ကဲ - ကိုထွန်းမြိုင်၊ ကြည့်စရာသမိုင်းဆိုင်ရာပစ္စည်းတွေကတော့ အများကြီးကျန်သေးတယ်။ ဒါပေမယ့် အချိန်က သိပ်မရှိတော့ဘူး။ အစည်းအဝေးအချိန်တော်တော်နီးနေပြီ။ သွားကြရအောင်ဗျာ"

ဟု ပြောပြောဆိုဆိုဖြင့် ထွက်သွားသဖြင့် မောင်ထွန်းမြိုင်လည်း နောက်မှ သုတ်ခြေတင်ပြီးလိုက်ရလေတော့၏။

**□ အတွင်းထုပါရုံမှတာသာသာသနာဆိုင်ရာအထူးအစည်းဝေးကြီး**

မောင်ထွန်းမြိုင်တို့သည် အတွင်းဌာပနာတိုက်မှ ထွက်ခဲ့ကြပြီးနောက် လမ်းမကြီးတစ်ခုပေါ်တွင် လမ်းလျှောက်နေကြ၏။ ထိုအချိန်တွင် မောင်ထွန်းမြိုင်သည် ကောင်းကင်သို့ မော့ကြည့်လိုက်၏။ ထိုသို့ကြည့်ပြီးသည်နှင့် အလွန်အံ့ဩသော အာမေဋိတ်သံတစ်ခုသည် မောင်ထွန်းမြိုင်၏နှုတ်မှ ရုတ်တရက်ပေါ်ထွက်သွားလေ၏။

"အလို - အတော်ထူးခြားလိုက်တာ"

ဟု ဆိုလိုက်သောအခါ ကိုယ်ပွားက-

"ဘာများလဲ ကိုထွန်းမြိုင်ရဲ့"

ဟု မေးလိုက်ရာ မောင်ထွန်းမြိုင်က ကောင်းကင်သို့လက်ညှိုးပြပြီး -

"ကြည့်စမ်းပါဦး ကိုယ်ပွားရယ်။ ခုအချိန်မှာ ဘာနက္ခတ်မွန်းတည့်နေလဲလို့"

ဟု ပြောသဖြင့် ကိုယ်ပွားလည်း ကောင်းကင်သို့မော့ကြည့်ပြီး -

"အဘိဇိနက္ခတ်မွန်းတည့်နေတယ်"

ဟု ဖြေလိုက်ရာ -

"အဲဒါကိုအံ့ဩတာပါ။ ကျုပ်ဘဝမှာ အဘိဇိနက္ခတ်မွန်းတည့်တဲ့အချိန်ကို စောင့်ခဲ့တာမနည်းဘူး။ တစ်ခါမှမကြုံခဲ့

ရဖူးဘူး။ အကြောင်းတစ်မျိုးမဟုတ် တစ်မျိုးပေါ်ခဲ့ပြီးလွဲခဲ့ရတယ်။ ဒီနေ့တော့ဗျာ တိုက်တိုက်ဆိုင်ဆိုင်အဘိဇိနက္ခတ်မွန်းတည့်ချိန်နဲ့ တည့်တည့်တိုးရတော့တယ်ဗျာ။ ကောင်းလိုက်တာ"

ဟု ပြောပြီးနောက် တစ်စုံတစ်ခုကို စဉ်းစားမိပြီး -

"ဒါနဲ့ ကိုယ်ပွား၊ ကျုပ်တစ်ခုစဉ်းစားမိလာတယ်"

"ဘာများတုံး ကိုထွန်းမြိုင်ရဲ့"

"ဒီလိုပါ အခုဝိဇ္ဇာရေပုဂ္ဂိုလ်တွေ စည်းဝေးညီလာခံကျင်းပတဲ့အချိန်နဲ့အဘိဇိနက္ခတ်မွန်းတည့်ချိန်တို့ တစ်ပြိုင်တည်းဖြစ်လာတဲ့အခြေအနေဟာ မတော်တဆတိုက်ဆိုင်မှုမျိုးတော့မဖြစ်နိုင်ဘူးမဟုတ်လား။ ကျုပ်အနေနဲ့ အသေအချာတွက်ချက်ပြီးလုပ်တယ်လို့ ထင်တယ်"

ဟု ပြောလိုက်သောအခါတွင် ကိုယ်ပွားသည် မောင်ထွန်းမြိုင်အား လှည့်ကြည့်လိုက်ပြီး -

"ကိုထွန်းမြိုင်ကတော့ အတော်ဟုတ်တဲ့လူပဲ။ ကြောင်းကျိုးသဘောတရားကို ကောင်းကောင်းဆင်ခြင်သုံးသပ်နိုင်တာပဲ။ ခင်ဗျားထင်မြင်ယူဆချက်ဟာ မှန်ပါတယ်ဗျာ။ သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေရဲ့ အသေအချာ တွက်ချက်စီရင်ဆောင်ရွက်ပေ့ါဗျာ"

"ဒါဆိုရင် ဝိဇ္ဇာရေပုဂ္ဂိုလ်တွေရဲ့ အစည်းအဝေးတွေ၊ ညီလာခံတွေကို အခုလိုပဲ အဘိဇိနက္ခတ် မွန်းတည့်ချိန်ကို လုပ်ကြတာမျိုးချည်းပဲလား"

"အဲဒီလိုမျိုးချည်းတော့မဟုတ်ဘူး ကိုထွန်းမြိုင်။ သူ့အကြောင်းအရာနဲ့သူ လိုအပ်တာကိုသာ တွက်ချက်ပြီး စီရင်ဆောင်ရွက်တဲ့လုပ်ငန်းမျိုးပါ"

"သူ့အကြောင်းအရာနဲ့သူ ဟုတ်လား ကိုယ်ပွား။ ကျုပ်သိပ်ပြီးမရှင်းလင်းဘူး။ အဘိဇိနက္ခတ်ကိုယူရတာ ဘယ်လိုအကြောင်းမျိုးများကြောင့်လဲဗျ"

"ဒါနဲ့ နေပါဦး ဘာသာ သာသနာနဲ့ဆိုင်တဲ့ကိစ္စဟုတ်လား ဘယ်လိုမျိုးလဲဗျ"

"ဘာသာ၊ သာသနာဆိုတာ ကျွန်တော်တို့ဗုဒ္ဓသာသနာတော်ကြီးဟာ ပျောက်ကွယ်မသွားဖို့၊ အရှည်တည်တံ့ဖို့နဲ့ ပြန့်ပွားထွန်းကားဖို့ စတဲ့ရည်ရွယ်ချက်လုပ်ငန်းစဉ်တွေကိုအကောင်အထည်ဖော်ဆောင်ရွက်ဖို့ကို ဆိုလိုတာဗျ"

"ဟင် - သာသနာပျောက်ကွယ်မသွားဖို့ အရှည်တည်တံ့ဖို့ဆိုတော့ ကျုပ်တို့သာသနာဟာ အရှည်မတည်တံ့ဘဲ



ပျောက်ကွယ်သွားနိုင်တဲ့အခြေအနေတွေဖြစ်နေလို့လားဗျ။ စိုးရိမ်စရာကောင်းလိုက်တာဗျာ။ ဘယ်လိုသဘောလဲ ပြောစမ်းပါဦး"

"ဒီလိုပါ။ ဘာသာသာသနာတစ်ရပ်ဟာ အဲဒီဘာသာသာသနာကို ကိုးကွယ်တဲ့လူတွေက မထိန်းသိမ်းမစောင့်ရှောက်ဘဲ ကြောင့်ကြမဲ့ထားကြရင်း ဒီဘာသာသာသနာဟာ ကွယ်ချိန်မတန်သေးသည့်တိုင်အောင် အချိန်မတိုင်မီ ကွယ်ပျောက်သွားရမှာ မမှတာပဲ မဟုတ်လား။ ဒါကတစ်ချက်ပေ့ါနော်။ နောက်တစ်ချက်က ဒီတရားတော်တွေ၊ ကျင့်ဝတ်တွေ၊ ကျင့်စဉ်တွေဟာ ကိုယ်တိုင်ကျင့်သုံးမှ ကိုယ်ရမှာ။ တခြားဘာသာတွေလို ဖန်ဆင်းရှင်က ဖန်ဆင်းပေးလို့မရဘူး။ ပြည့်စေလုပ်ပေးလို့မရဘူး။ ကိုယ့်ဟာကိုယ်လုပ်မှကိုယ်ရမှာလေ။ ဒီသဘောတရားက အဓိကဖြစ်နေတယ်။ အဲဒီသဘောတရားကြောင့် ကျွန်တော်တို့ဗုဒ္ဓဘာသာတွေဟာ ကိုယ်တရားရဖို့ပဲ အာရုံစိုက်တယ်။ တခြားသူတွေကို အာရုံမပြုဘူး။ တခြားသူတွေဘာလုပ်နေလဲ ဘာကြံနေလဲ၊ ဘာတွေအားထုတ်နေလဲဆိုတာ စိတ်ဝင်စားလေ့မရှိဘူး။ နောက်ပြီး ကိုယ့်ဘာသာကိုယ့်သာသနာကြီး ဘယ်အခြေရောက်နေပြီလဲဆိုတာလဲ ဂရုပြုမှုသိပ်ပြီးအားနည်းတယ်။ နောက်တစ်ချက်က ကိုယ့်ဘာသာဝင်အားများအောင်၊ တခြားသူတွေကို ကိုယ့်ဘာသာထဲဝင်အောင် စည်းရုံးမှုပြုတာမျိုးလည်း ရှားတယ်။ သူ့ဘာသာသူ လေ့လာပြီး

သူယုံကြည်ရင်ဝင်လာလိမ့်မယ်။ ကိုယ့်ဘာသာကိုယ့်တရားက အမှန်အကန်ပဲ အောက်ကျခံပြီးလိုက်မစည်းရုံးနိုင်ပါဘူးဆိုတဲ့ ခံယူချက်မျိုးရှိတယ်"

ဟု ပြောပြီး ကိုယ်ပွားသည် ခေတ္တမျှနားလိုက်ပြီး မောင်ထွန်းမြိုင်အားကြည့်လိုက်၏။

ထိုအခါ မောင်ထွန်းမြိုင်က -

"သိပ်ဟုတ်တာပေ့ါဗျာ။ အဲဒီ သတိပြုရမယ့်အချက်တွေ အရမ်းအရေးကြီးပါတယ်။ ဆက်ပါဦးဗျ"

"နောက်တစ်ချက်က ကျွန်တော်တို့ဗုဒ္ဓဘာသာရဲ့မူအရ မေတ္တာတရား ကရုဏာတရားတွေဟာ ဘုရားရှင်အဆုံးအမတော်ကျလို့ ခံယူပြီး ကိုယ့်ဘာသာဝင် ယောကျ်ားလေး၊ မိန်းကလေးတွေကို တခြားဘာသာဝင်က သွေးဆောင်ဖြားယောင်းသိမ်းသွင်းသွားတာ တွေ့နေရလည်းကြည့်နေတာပဲဗျ။ နောက်ဆုံး တခြားဘာသာဝင်တွေက ကိုယ့်အဝန်းအဝိုင်းထဲဝင်ပြီး ဟောပြောတာ၊ သွေးဆောင်ဖြားယောင်းတာ၊ ဆွယ်တာတွေကိုတွေ့လည်း သည်းခံတာပဲဗျ။ ဒါထက်တောင် ပိုပြီး အခြားဘာသာဝင်တွေ နေဖို့၊ စားဖို့၊ ရပ်တည်ဖို့ ယုတ်စွအဆုံး ကိုးကွယ်ခွင့်ရဖို့တွေအထိ ကူညီဖေးမကြတယ်။ အချို့ကလည်း အခြားဘာသာတွေ ဘာလုပ်လုပ် မသိကျိုးကျွန်ပြုကြတယ်။ ကိုယ်နဲ့မဆိုင်သလိုနေကြတယ်။ ကိုယ့်တရားဟာ ကိုယ့်ရင်ထဲမှာရှိတာပဲဆိုတဲ့ သဘောမျိုးထားကြတယ်။ ဗုဒ္ဓ - အခြေအနေတွေထက် အဇ္ဈတ္တအခြေအနေက ပိုပြီးအရေးကြီးတယ်လို့ ခံယူတဲ့လူတွေလည်းရှိတယ်။ ဒါကြောင့် ဘာသာဝင်အင်အားဟာ တိုးတက်ပြန့်ပွားဖို့ထက် ဆုတ်ယုတ်ဖို့ဘက်က အလေးသာသလိုဖြစ်နေတာပေ့ါ"

ဟု ပြောပြီး စကားစကို ရပ်လိုက်ရာ မောင်ထွန်းမြိုင်က -

"ဒါနဲ့ ကိုယ်ပွား စောစောကပြောတဲ့အထဲမှာ တစ်ခုပါသွားတယ်။ ဗုဒ္ဓဘာသာရဲ့မူအရ မေတ္တာတရား၊ ကရုဏာတရားတွေကို ဘုရားရှင်ရဲ့အလိုတော်ကျ ခံယူပြီးဆိုပြီးပြောသွားတယ်။ အဲဒါ မဟုတ်ဘူးလား"

"ဟုတ်တယ် ကိုထွန်းမြိုင် ဒီနေရာမှာ အယူအဆမတိမ်းစောင်းဖို့တော့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ နည်းနည်းတိမ်းစောင်းပြီး ခံယူချက်တစ်မျိုးပြောင်းသွားတာနဲ့ တစ်ပြိုင်နက် သိပ်ကြီးမားတဲ့ အန္တရာယ်တစ်ရပ်နဲ့ ကြုံတွေ့ရနိုင်လို့ပဲ

ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဘာသာဟာ မေတ္တာတရား၊ ကရုဏာတရား စတဲ့ ဖြဟ္မစိုရ်တရားတွေကို ရှေ့တန်းပြုတဲ့ ဘာသာဖြစ်ပါတယ်။ ကိုယ်တိုင်ကျင့်တဲ့ ပုဂ္ဂလိက တစ်ဦးချင်းဆိုင်တဲ့ကိစ္စတွေမှာ ဒီလိုပဲကျင့်သုံးရမှာပဲ။ ဒါပေမယ့် ကိုယ် တစ်ဦးချင်းကိစ္စကနေကျော်လွန်လာပြီး ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ဒေသ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာရဲ့ ရှေ့ရေးနောက်ရေးနောင်ခါရေး၊ အနာဂတ်အရေးတွေနဲ့ ပတ်သက်လာတဲ့အခါမျိုးမှာတော့ တစ်ဦးချင်းကတော့ ကိုယ့်ရဲ့ မေတ္တာ စတဲ့ ခံယူချက်နဲ့ ဓမ္မခရီးလမ်း လျှောက်လှမ်းမို့ကိစ္စကသိပ်ရှင်းပါတယ်။ ဒါပေမယ့် တစ်မျိုးသားလုံး၊ တစ်ဘာသာလုံး၊ တစ်သာသနာလုံး တစ်နိုင်ငံလုံးကိစ္စမျိုးဖြစ်လာပြီဆိုရင်တော့ ဒါဘာသာရေးကို ဘာသာရေးသက်သက်ပဲလို့ မြင်လို့မရတော့ဘူး။ နိုင်ငံတစ်ခုလုံးအရေး၊ ဘာသာတစ်ခုလုံးအရေး၊ တစ်သာသနာတစ်ခုလုံးရဲ့အရေးဖြစ်လို့ နိုင်ငံရေးအမြင်တွေ၊ အမျိုးသားရေးအမြင်တွေနဲ့ပါ သုံးသပ်မှပြည့်စုံနိုင်မယ်ဗျ"

ဟု ပြောလိုက်ရာ မောင်ထွန်းမြိုင်က -

"ကောင်းလိုက်တဲ့အမြင်နဲ့သုံးသပ်ချက်တွေပါပဲဗျာ။ အားရှိလိုက်တာ ဆက်စမ်းပါဦးဗျ"

"ဒီကိစ္စတွေ ခင်ဗျားဟိုရောက်လည်း ကြားရမှာပါ"

"ဟိုရောက်တော့ ကြားတာလည်း ကြားရမှာပေါ့။ ဒါပေမယ့် အခုတော့ ခင်ဗျားရဲ့အမြင်နဲ့ သုံးသပ်ချက်တွေကို ကြားချင်လို့ပါ"

"ခုနပြောတဲ့အထဲမယ် ကိုယ့်နိုင်ငံရေး၊ အမျိုးသားအရေး၊ သာသနာတော်အရေးစတဲ့အရေးကိစ္စအားလုံးကို လွှမ်းခြုံစဉ်းစားတဲ့နေရာမှာ ဖြဟ္မစိုရ်တရားတွေကို ဘေးချိတ်ဖို့ပြောတာမဟုတ်ဘူး။ ပုဂ္ဂလိကတစ်ဦးချင်းဆိုင်ရာ ဝိမုတ္တိကိစ္စလို့ ရှေ့တန်းတင်လို့မရဘူးပြောတာ။ အားလုံးလွှမ်းခြုံတဲ့ အရေးကိစ္စမျိုးဟာ ဘာသာရေးသီးသန့်မဟုတ်ဘူးပြောတာနော်။ နိုင်ငံရေးအသွင်၊လူမျိုးရေးအသွင်၊ အနာဂတ်ရေးအသွင်အားလုံးဆောင်သွားတယ်ပြောတာ။ နောက်ပြီး ဖြစ်လာတဲ့ ပြဿနာတစ်ရပ်ဟာ ဘာသာရေးဆိုင်ရာသက်သက်ပဲဆိုစေဦးတော့ နောက်ကွယ်က ရည်ရွယ်ချက်ကို မြင်အောင်ကြည့်ရမယ်။ အဲဒီရည်ရွယ်ချက်ဆိုတာ အရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဘာသာအရ ရည်ရွယ်ချက်ဆိုတာ စေတနာစေတသိက်ပဲ။ ဘာပဲဖြစ်ဖြစ် စေတနာမြောက်ရင် ကံမြောက်တာပဲ။ အဲဒီကံမြောက်နေတဲ့ကိစ္စကြီးကို ဘာသာရေးဆိုပြီး မေတ္တာရှေ့တန်းတင်စဉ်းစားလို့ကတော့ကွဲပြီပဲဗျ။ နိုင်ငံရော လူမျိုးရော၊ ဘာသာရော၊ သာသနာပါပျောက်သွားလိမ့်မယ်ဗျ"

ဟု ပြောလိုက်ရာ မောင်ထွန်းမြိုင်လည်း ခေါင်းကိုဆတ်ခနဲမော့လိုက်ပြီး-

"ခင်ဗျားပြောတဲ့ မေတ္တာရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ လူမျိုးရေးတွေ ခွဲခြားပြသွားတာရှင်းပါတယ်။ ဒါနဲ့ကျုပ်တို့ဂေါတမမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်အနေနဲ့ရော သူတို့ခေတ်သူတို့ကာလ အခြေအနေတုန်းကရော ဒီလိုအခြေအနေမျိုးတွေမကြုံတွေ့ခဲ့ရဖူးဘူးလားဗျ။ ကြုံတွေ့ခဲ့ရင်လည်း ဘယ်လိုသဘောမျိုးဖြေရှင်းသွားသလဲဆိုတာမျိုးရှိရင် သိချင်ပါတယ်ဗျာ"

"ဘုရားရှင်ကိုယ်တော်မြတ်ကြီး လက်ထက်တော်တုန်း ဒီကဒီလိုကိစ္စမျိုးတွေရှိခဲ့ဖူးလား ဟုတ်လား ကိုထွန်းမြိုင်။ ရှိခဲ့တာပေါ့၊ အများကြီးရှိခဲ့တာပေါ့။ တခြားဘာသာခြားတွေက ဘာသာသာသနာဆိုင်ရာ အယူဝါဒရေးရာတွေ၊ သာသနာပြုရေးဆိုင်ရာကိစ္စတွေ၊ ဗုဒ္ဓမွေ ကိုရော ဗုဒ္ဓမွေတို့ရဲ့ပိုင်ရှင်ကိုပါ အမြစ်ဖြုတ်ဖို့လုပ်ခဲ့တဲ့အစီအမံတွေ အများကြီးရှိခဲ့တယ်။ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ မူဝါဒကတော့ရှင်းတယ်။ ဝါဒရေးရာတွေပြိုင်လာတယ်၊ တိုက်လာတယ်၊ ဗုဒ္ဓဝါဒကို ချိုးချိုးနှိမ်နှိမ်ပြုလာရင် ဗုဒ္ဓကပြန်ပြီး သူ့ဦးတည်ရာအတိုင်းပြန်ပြီးတုံ့ပြန်သက်ရောက်စေခြင်းပဲ။ စကားအရာမှာ ခပ်ကြမ်းကြမ်းတုံ့ပြန်သင့်ရင် ခပ်ကြမ်းကြမ်းပဲပြန်တုံ့ပြန်တယ်။ နေရာတကာ မေတ္တာနဲ့ပဲ တုံ့ပြန်တယ်လို့မတွက်နဲ့။ စကားနဲ့တိုက်ရင်စကားနဲ့၊ ဝါဒနဲ့တိုက်ရင် ဝါဒနဲ့၊ အယူအဆနဲ့တိုက်ရင် အယူအဆနဲ့၊ ချိုးနှိမ်လွှမ်းမိုးမှုနဲ့တိုက်ရင် ချိုးနှိမ်လွှမ်းမိုးမှုနဲ့ ပြန်တုံ့ပြန်တာချည်းပဲ။ ဒါထက်တောင် ပိုပြီးတုံ့ပြန်တာရှိသေးတယ်။ အင်အားကြီးတဲ့သူ၊ တန်ခိုးကြီးတဲ့သူတွေက အင်အားတွေ၊ တန်ခိုးတွေ၊ ခြိမ်းခြောက်မှုတွေသုံးပြီးတိုက်လာရင် သူတို့လိုပဲ အင်အားတွေ၊ တန်ခိုးတွေသုံးပြီးပြန်တုံ့ပြန်တယ်။ သူတို့ထက်ပိုပြင်းထန်အောင် သုံးပြီးတုံ့ပြန်တာမျိုးတွေတောင်ရှိခဲ့တယ်။ ဥပမာဗျာ အောင်ခြင်းရှစ်ပါးကိုပဲကြည့်။ နာဠာဂီရိဆင်ကြီးပြေးဝင်ထိုးသတ်ဖို့လုပ်တုန်းက မေတ္တာကိုသုံးပြီးတုံ့ပြန်ခဲ့ပေမယ့် နန္ဒောပနန္ဒနဂါးမင်းလို တန်ခိုးသုံးပြီး ဘုရားရှင်နဲ့တကွ သံဃာတော်တွေကို အနှောင့်အယှက်တွေပြုလာတဲ့အခါမျိုးမှာတော့ တန်ခိုးဧတဒဂ်ရတဲ့ ရှင်မဟာမောဂ္ဂလာန်ကို သူ့ထက်နှစ်ဆကြီးတဲ့ နဂါးမင်းကြီးဖန်ဆင်းပြီးတက်ညှစ်ခိုင်းတော်မူရတယ်။ ဒါမှလျှော့တာ။ သစ္စက ပရိဗိုဇ်လို ပုဂ္ဂိုလ်မျိုးကလည်းလွယ်တာမဟုတ်။ ရှုံးတာကိုရှုံးတယ်လို့ မှားတာကိုမှားတယ်လို့ ဝန်မခံဘူး။ အဲဒါကြောင့် သိကြားမင်းကိုယ်တိုင်က ဝရဇိန်လက်နဲ့ ခေါင်းရှစ်စိတ်ခွဲပစ်မယ်ဆိုတော့မှ လျှော့တာမဟုတ်လား။ ဒီလိုမျိုး ဘုရားရှင်အင်အားသုံးခဲ့တဲ့သာဓကတွေ အများကြီးရှိခဲ့တာပဲ။ အင်အားမသုံးလို့မရတဲ့ လူမျိုးတွေ လောကကြီးမှာအများရှိတယ်ဆိုတာ သဘောပေါက်ရမယ်။ သုံးသင့်ရင်သုံးရမယ်။ လောကဓမ္မတာအရ ပျော့ညံ့တဲ့အရာဟာ မာကျောတဲ့အရာရဲ့ လွှမ်းမိုးခြယ်လှယ်မှုခံရတာပဲ။ သံရိုက်ခံရတဲ့သစ်သားဟာ ပျော့တဲ့အတွက် သံကိုနေရာဖယ်ပေးရတယ်။ မှန်ထည်ပစ္စည်းဟာ သူ့အထိုက်လျောက်မာသော်လည်း သူ့ထက်မာတဲ့စိန်သွားတဲ့တွေ့တဲ့အခါ ဖြတ်တောက်ခြင်းကိုခံရတယ်။ ဒါက လောကနိယာမပဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် နေရာဌာနတိုင်းကို မေတ္တာလက်နက်ပဓာနပြုလို့မရဘူး။ ဒီလိုမှမဟုတ်လို့ကတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်မှာကိုပဲ ဗုဒ္ဓသာသနာဟာ အမြစ်ကနေကျွတ်ထွက်ပြီး ပျောက်ကွယ်သွားနိုင်တဲ့ အခြေအနေပဲဗျ။ ကဲကဲ-တော်လောက်ပြီ။ ဟိုကျမှဆက်ကြတာပေါ့ဗျာ"

ဟု ပြောလိုက်ရာ -

"ဟုတ်ကဲ့ပါ၊ ကောင်းပါပြီ ကိုယ်ပွားရယ်။ ပထမဆုံးပြောခဲ့တဲ့အကြောင်းအရာလေးပျောက်သွားမှာစိုးလို့ တစ်ခွန်းတော့ မေးခွင့်ပြုပါဗျာ။ ဘာလဲဆိုတော့ ဒီဝိဇ္ဇာစိုရ်ညီလာခံနဲ့ အဘိဇ်နက္ခတ်ဟာ ဘယ်လိုနက္ခတ်မျိုးလဲ။ ဘယ်လိုအကျိုးကျေးဇူးအာနိသင်တွေရှိလို့ ဒီအခမ်းအနားအတွက် ဒီနက္ခတ်ကိုသုံးရတာလဲဗျ။ ဒါလေးတော့ပြောပါဗျာ"


(ရှေ့လဆက်ဖတ်ပါရန်)

ပထမံဆရာဦးအေးရွှေ

ဝါဆိုလမိုးက ညနေကတည်းက တစိမ့်စိမ့်ရွာသွန်းနေ၏။ မိုးအေးအေးနှင့် အိပ်ရာထဲကွေးပြီးအတွေးနယ်ချဲ့ရမည့် အချိန်လည်းဖြစ်ပါသည်။ ညမိုးချုပ်သည်နှင့် တစိမ့်စိမ့်ရွာသွန်းနေသော မိုးက လေအေးနှင့်အတူ ပွေ့ဖက်ရွာသွန်းနေသောကြောင့် အိပ်စက်အနားယူကောင်းသောအချိန်လည်းဖြစ်ပါသည်။ အပျင်းထူရောဂါသည်များအဖို့ စိတ်ကြိုက်အချိန်ကာလ ဖြစ်နေပါသည်။

ယခုည (၉) နာရီကတည်းက ရဲစခန်းမှူးလင်းဦးလည်း မြို့ထဲသို့ စက်ဘီးနှင့်ကင်းလှည့်ရမည်ကို အပျင်းပိုနေမိပါသည်။ ရဲစခန်းရုံးခန်းနှင့် မိမိအိမ်က ပေ (၂၀) ခန့်သာ ကွာဝေးသောကြောင့် မြို့ထဲသို့ ပတ္တရောင်လှည့်ရန် နယ်ထိန်းတပ်ကြပ်ကြီးချစ်တီးနှင့်အဖွဲ့က စောင့်ဆိုင်းစကားပြောနေကြသည်ကို မိမိအိမ်ပြတင်းပေါက်က တွေ့မြင်နေရပါသည်။ ကိုယ်စီမိုးကာအင်္ကျီများခြုံလျက် စခန်းမှူးလင်းဦးအလာကို စောင့်ဆိုင်းနေကြခြင်း ဖြစ်ပါသည်။ စခန်းမှူးလင်းဦးကလည်း ပြွန်တန်ဆာသို့ စတင်ရောက်သည့်နှစ်နှစ်တာကာလအတွင်း တစ်ပတ်လျှင်သုံးကြိမ် နယ်ထိန်းအဖွဲ့နှင့်လိုက်ပြီး မြို့ပေါ် ပတ္တရောင်လှည့်နေကျဖြစ်ပါသည်။ ဒုစရိုက်သားတို့လှုပ်ရှားနိုင်မည့် ည (၁၂) နာရီနောက်ပိုင်းအချိန်များကိုသာ ဦးစားပေးလှည့်ပြီး နောက် (၄)နာရီခန့်လောက် ရဲစခန်းပြန်ရောက်ကြကာ တစ်မှေးလောက်သာ အိပ်စက်အနားယူကြကာ မိမိတပ်ဖွဲ့၏ ပုံမှန်လုပ်ငန်းများကို လုပ်ဆောင်နေကြခြင်း ဖြစ်ပါသည်။

ဒီနှစ်က ပြီးခဲ့သည့်နှစ်ထက် အမှုကြီးဖြစ်ပွားခြင်းမရှိသေးသဖြင့် စခန်းမှူးလင်းဦးကိုယ်တိုင် ကျေနပ်နေမိပါသည်။ ပြီးခဲ့သည့်နှစ်က ယခုအချိန်ထိဆိုလျှင် အမှုကြီး (၅) မှုလောက်ဖြစ်ပွားခဲ့၍ ယခုနှစ်တွင်တော့ ထိုသို့မဖြစ်စေရန် လှည့်ကင်းများကို အပင်ပန်းခံဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ သို့သော် ပြွန်တန်ဆာ ရဲစခန်း၏ အလေ့အထတစ်ခုတော့ရှိသည်ဟု တပ်ကြပ်ကြီး မောင်ရင် (ကွယ်လွန်) က ပြောဖူးပါသည်။ အမှုကြီးများ မတက်ခင် နာကျင်မှုများဆက်တိုက်ဖြစ်ပွားတတ်ကြောင်း၊ ထိုသို့ဖြစ်လာသည်နှင့်မကြာမီ အမှုကြီးတက်တတ်သည်ဟု ပြောခဲ့ဖူးပါသည်။ ယခုနှစ်အချိန်ထိ အမှုကြီးက တစ်မှုမှမဖြစ်သေးပါ။ သို့သော် လွန်ခဲ့သော (၂) လလောက်ကတည်းက နာကျင်မှု၊ ဓားခုတ်၊ လုံထိုးအမှုငယ်လေးများ တစ်လအတွင်း (၄) မှုလောက် ဖြစ်ပွားခဲ့သည်ကိုသတိပြုမိပါသည်။ ဤသို့ဆိုလျှင် တပ်ကြပ်ကြီး(ရဲ)ဦးမောင်ရင် ပြောသကဲ့သို့ အမှုကြီးဖြစ်စေရန် နာကျင်မှုငယ်လေးများက အစပျိုးနေခြင်းလားဟု သံသယဖြစ်မိပါသည်။ စခန်းမှူး လင်းဦးကတော့ အယုံအကြည်မရှိခဲ့ပါ။ အကြောင်းတရားတိုက်ဆိုင်၍ ဖြစ်ချိန်တန်လျှင်ဖြစ်လိမ့်မည်ဟု ယုံကြည်ထားသူ ဖြစ်ပါသည်။ ကြိုတင်ကာကွယ်ခြင်းဆိုတာကလည်း အချို့အမှုများတွင် ကြိုတင်ကာကွယ်နိုင်သကဲ့သို့ ရုတ်တရက် ဒေါသအလျှောက် ဖြစ်ပွားသောမှုခင်းများကိုတော့ ကာကွယ်နိုင်ခြင်းမရှိပါ။ မိမိအနေဖြင့် မြို့ပေါ်တွင်သာ လှည့်ကင်းများကို စိုးမိုးနိုင်ပြီး မိမိရဲစခန်းပိုင် ကျေးရွာများကို တစ်လတစ်ခေါက်



လှည့်ရန် အားနည်းမှု ရှိပါသည်။တစ်ခါတစ်ရံ မိမိကိုယ်တိုင်မလိုက်နိုင်တာကြောင့် နယ်ထိန်းအဖွဲ့ကိုသာ စေလွှတ်လှည့်လည်စေရပါသည်။

ယခုလည်း မိုးကအေးနေတော့ နားလိုက်မယ်ဟု စိတ်ကူးရှိသဖြင့် မိမိအား စောင့်ဆိုင်းနေသော နယ်ထိန်းတပ်ကြပ်ချစ်တီးနှင့်အဖွဲ့အား ပြောရန် ရဲစခန်းရုံးသို့ထွက်လာခဲ့ပါသည်။ ရဲစခန်းရုံးရောက်သည့်အခါ နယ်ထိန်းတပ်ကြပ်ချစ်တီး (ငြိမ်း)၊ ဒုတပ်ကြပ်ခင်လှိုင် (ငြိမ်း) တို့က မိုးကာများဝတ်ပြီး အသင့်စောင့်နေကြပါသည်။

စခန်းမှူးလင်းဦးက -

"ဦးချစ်တီးရေ ဒီညတော့ ကျွန်တော်မလိုက်တော့ဘူးဗျာ။ ဆရာတို့အဖွဲ့ပဲလှည့်ကင်းထွက်လိုက်ပါတော့။ မိုးကလည်း တစိမ့်စိမ့်ဖြစ်နေတယ်။ တစ်နေရာကပဲ မိုးခိုပြီးစောင့်ဆိုင်းကြပေါ့ဗျာ။ မိုးရေထဲသွားနေရင် ကျန်းမာရေးထိခိုက်နေဦးမယ်"

"ရပါတယ် စခန်းမှူး နေခဲ့ပါ။ ကျွန်တော်တို့အဖွဲ့ပဲထွက်လိုက်ပါ့မယ်။ အချိန်ကလည်း (၁၂) နာရီကျော်နေပြီ"

ထိုအချိန် ရဲစခန်းရုံးအရှေ့အချုပ်ခန်းမှ အလှည့်ကျကင်း ဒုတပ်ကြပ်လှဝင်း (ငြိမ်း) က စခန်းရုံးထဲရောက်လာပြီး -

"စခန်းမှူး၊ ငါးပြေမရွာမှာ လူသတ်မှုဖြစ်လို့လာတိုင်ကြတာတဲ့"

ပြောဆိုပြီးနောက် ဒုတပ်ကြပ်လှဝင်းနောက်က ရွာသား (၃) ဦးလည်း လိုက်လာကြပါသည်။ စခန်းမှူးလင်းဦးကတော့ ညဦးပိုင်းအတွေးနယ်ချဲ့စဉ်က တွေးမိသောဖြစ်စဉ်အတိုင်းဖြစ်လာပြီဟု သက်ပြင်းရှည်ချလိုက်မိပါသည်။ ရွာသား (၃) ဦးက ရဲစခန်းရုံးထဲရောက်သည့်အခါ -

"ကျွန်တော်တို့ ငါးပြေမရွာကပါ။ ဝဲဝန်းဥက္ကဋ္ဌအောင်ချစ်တင်ကလွှတ်လိုက်လို့ပါ။ သေတဲ့လူက ငါးပြေမရွာသားကိုမြင့်ကြည်ပါ"

"ကိုမြင့်ကြည်ဆိုတာ ပါတီစိတ်

အတွင်းရေးမှူးလုပ်နေတဲ့လူလား”

“ဟုတ်ပါတယ်၊ ဘယ်လိုအသတ်ခံရတယ်ဆိုတာတော့ ကျွန်တော်တို့လည်း မသိပါဘူး”

သေဆုံးသူမှာ ကိုမြင့်ကြည်ဟုသိရကထဲက ရဲစခန်းမှူးလင်းဦး စိုးရိမ်စိတ်များပိုသွားမိပါသည်။ သူက ညောင်လေးပင်မြို့နယ် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ၏အမာခံကေဒါတစ်ဦးဖြစ်ပြီး ပါတီ၏အလိုကျ ကီစ္စရပ်များကို အောက်ခြေ၌ စွမ်းစွမ်းတမံထမ်းဆောင်နေသူလည်းဖြစ်ပါသည်။ မြို့နယ်ပါတီယူနစ်ကော်မတီဝင်တို့၏ အားထားရသူ၊ အရေးပေးခံရသူဖြစ်သည့်အတွက် ကိုမြင့်ကြည်ကလည်း မိမိကိုယ်မိမိအထင်ကြီးနေပြီး ဘဝင်မြင့်ရောဂါနှင့်အတူ တစ်ရွာတည်းသားချင်း သူငယ်ချင်းများကိုပင် စကားပြောဆိုသည်က ပုံစံတစ်မျိုးဖြစ်နေပါသည်။ အောက်ခြေတွင် မည်သို့ဖြစ်နေ



# (ငြိမ်း) ဒုတိယရဲမှူးကြီးဝင်းဦး

## ဘဝင်မြင့်သူ၏နိဂုံး

သည်ကို အမှန်မလေ့လာဘဲ ပါတီ၏ ညွှန်ကြားချက်၊ အထက်အမိန့်အရသာ ဟု တသွင်သွင်ပြောဆိုပြီး ဆောင်ရွက်နေသဖြင့် ကျေးရွာသူရွာသားများက ကိုမြင့်ကြည်အပေါ် သဘောမတွေ့ဟု သတင်းစကားများကိုလည်း ကြားသိထားရပါသည်။

သို့သော် ကိုမြင့်ကြည်သည် လက်ရှိဦးဆောင်မှုပြုနေသော ပါတီ၏အမာခံလူဖြစ်နေသဖြင့် မကျေနပ်ချက်များကို ရင်ဝယ်သိုသိပ်ထားကြပြီး ရေလိုက်ငါးလိုက်ဖြင့်သာ ဆက်ဆံနေကြသည်ဟု ကြားသိရပါသည်။ စခန်းမှူးလင်းဦးအနေနှင့်လည်း သူ၏ဘဝင်မြင့်ရောဂါကိုသိနေလေတော့ ပုံမှန်သဘောဖြင့်သာ ဆက်ဆံနေရပါသည်။ ကျေးရွာအတွင်း အချို့သောမှုခင်းကိစ္စရပ်များနှင့်ပတ်သက်ပြီး သတင်းလိုအပ်သည့်အခါ ကိုမြင့်ကြည်၏ စုံစမ်းချက်များကိုလည်း အကူအညီရယူဖူး၍ဖြစ်ပါသည်။ ကိုမြင့်ကြည်ကတော့ မြို့နယ်ပါတီယူနစ်၏ ယုံကြည်အားထားမှုကို အလွဲအသုံးပြုပြီး ဘဝင်မြင့်ရောဂါနှင့်ပါ ပူးကပ်နေသဖြင့် ရွာသူရွာသားများနှင့် ဆက်ဆံမှုတွင် အဆင်မပြေအထစ်အငေါ့များရှိနေသည့်သတင်းများကိုလည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ယခင်ကတည်းက ကြားသိနေရပါသည်။

လွန်ခဲ့သော(၁၅)ရက်ခန့် စခန်းမှူးလင်းဦး ငါးပြေမရွာရောက်သည့်အခါ ကိုမြင့်ကြည်၏ ဘဝင်မြင့်ရောဂါဆန်းတစ်ခုကိုကြားသိခဲ့ရသည်။ကိုမြင့်ကြည်ကို ကျေးရွာအုပ်စုအတွင်း ကောက်စိုက်သူမအဖွဲ့ကို ကြီးကြပ်ရန် ခေါင်းဆောင် (သုတ်သူကြီး) အဖြစ် ပါတီယူနစ်က တာဝန်ပေးအပ်ထားကြောင်းနှင့် လယ်မြေများကို စနစ်တကျ ရက်ချိန်းမှန်မှန် စိုက်ပျိုးနိုင်ရေးအတွက် ကိုမြင့်ကြည်နှင့်သာ ညှိနှိုင်းဆောင်ရွက်ပြီး စိုက်ပျိုးရကြောင်းကို သိရှိရပါသည်။ တစ်နည်းအားဖြင့် မိုးရာသီအချိန် ကောက်စိုက်သမများအား ၎င်းအစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည့် အထူးအာဏာကြီးကို ရရှိထားသူဟုဆိုလျှင် မှားမည်မဟုတ်ပါ။ ကျေးရွာသူရွာသားများက ၎င်းထံသို့ ကောက်စိုက်ရက်ချိန်းသွားတောင်းသည့်အခါ ကိုမြင့်ကြည်မှာ စာအုပ်တစ်အုပ်နှင့် ရေးလိုက်မှတ်လိုက်အလုပ်ရှုပ်နေသယောင်လုပ်ပြီး ၎င်းအား လာရောက်မေးမြန်းသူများကို စကားပြောဆိုခြင်းမပြုဘဲ ၎င်းအနီးတွင် ထားရှိသော ကက်ဆက်မှ၎င်းအသံဖြင့် အသံသွင်းထားသည့် ပါတီမူဝါဒသဘောထားများပါသည့် တိပ်ခွေကိုဖွင့်ပြကြောင်း လာရောက်မေးမြန်းသူမှာ ကက်ဆက်မှ ကိုမြင့်ကြည် အသံသွင်းထားသည်များကိုသာ နားထောင်ပြီးပြန်သွားရကြောင်း သိရပါသည်။ တချို့ဆိုလျှင် ဘာမှမမေးရဲဘဲ ပြန်သွားကြရပါသည်။ ဤသို့ဆိုလျှင် ကိုမြင့်ကြည်၏ဘဝင်မြင့်ရောဂါဆန်းဆောင်ရွက်မှုများကို သဘောပေါက်ကြမည်ထင်ပါသည်။

ယခုလည်း ကိုမြင့်ကြည်အသတ်ခံရသည်ကို သိလိုက်ရ၍ ရဲစခန်းမှူးလင်းဦးက သူနှင့်ပတ်သက်သော အကြောင်းအရာများကို စဉ်ဆက်မပြတ်တွေးတောနေမိလိုက်ခြင်း ဖြစ်ပါသည်။ ကိုမြင့်ကြည်ကိုသတ်သော တရားခံအား အမြန်မိရန်လည်း လိုအပ်လှပါသည်။ ဖမ်းဆီးရမိခြင်းမရှိပါက ညောင်လေးပင်ပါတီယူနစ်ကော်မတီဝင်များက စခန်းမှူးလင်းဦးအား ဖိအားပေးကြတော့မည်ဖြစ်ပါသည်။ ရိုးရိုးလူသတ်မှုထက် ပိုမိုအရေးကြီးသောလူသတ်မှုဟု သတ်မှတ်ရမည်ဖြစ်ပါသည်။

"ကဲ - ဦးချစ်တီးရေဒီအမှုကတော့ အရင်လူသတ်မှုတွေထက် အရေးကြီးလာမယ့်အမှုပဲ။ မနက်မိုးလင်းတာနဲ့ ကျုပ်တို့စခန်းကို ပါတီရုံးကမေးကြတော့မှာပဲ။ အဲဒီတော့ ကျုပ်တို့အဖွဲ့လည်း အခင်းဖြစ်နေရာကို အမြန်ရောက်မှဖြစ်မယ်။ လိုအပ်တာတွေယူပြီး အမြန်သွားကြရအောင်"

စခန်းမှူးလင်းဦးက ပြောဆိုပြီး အိမ်ခဏပြန်၍ လိုအပ်သည့် အသုံးအဆောင် စာရွက်စာတမ်းများယူပြီး ရဲစခန်းမှ စက်ဘီးကိုယ်စီဖြင့်ထွက်လာကြပါသည်။ မြို့လယ်ရောက်သည့်အခါ ဓာတ်ပုံဆရာကိုစံမြိုင် (ကွယ်လွန်) ကိုပါ တစ်ပါတည်း ရဲနွယ်ချောင်းတံတားလှေဆိပ်သို့ ဆက်ထွက်ခဲ့ကြပါသည်။ မိုးကလည်း မြောက်လေအေးနှင့်အတူ တစိမ့်စိမ့်ရွာသွန်းနေဆဲ ဖြစ်ပါသည်။ လဆန်း ၁၀ ရက်ကျော်ဖြစ်သော်လည်း ကောင်းကင်တွင် တိမ်မည်းများက မင်းမူနေသဖြင့် လရောင်ကလည်း တိမ်မည်းတိမ်လိပ်များအတွင်းက မထွက်နိုင်ဖြစ်နေပါသည်။ လက်နှိပ်မီးအားကိုးနှင့်သာ သွားလာနေရပါသည်။ စက်လှေဆိပ်ရောက်သည့်အခါ ရဲနွယ်ချောင်းရေက ပုံမှန်စီးဆင်းခြင်းထက် တောင်ကျချောင်းရေများကျနေသဖြင့် ရေအလျဉ်က ပိုမြန်နေပါသည်။ တောင်ပေါ်တွင် မိုးကောင်းနေသည်ဟု ထင်ပါသည်။ လရောင်ဝိုးတဝါးဖြင့် ရဲနွယ်ချောင်းအလယ်တွင် မည်းမည်းမျောလာသည့်အရာများကို ကြည့်သည့်အခါ ပဲခူးရိုးမမှ မျှောချလိုက်သော သစ်ထုတ်လုပ်ရေးဌာန၏ သစ်တုံးများဟု သိရပါသည်။ စက်လှေနှင့်တိုက်မိပါက ချောင်းအလယ်တွင် စက်လှေမြှုပ်နိုင်သဖြင့် စက်လှေသမားအား သတိပြုမောင်းနှင်ရန်ကိုလည်း အော်ဟစ်သတိပေးနေရပါသည်။

(၁) နာရီကျော်ခန့်မောင်းပြီးသည့်အခါ ငါးပြေမရွာဆိပ်ကမ်းသို့ရောက်ကြပါသည်။ ချောင်းဆိပ်ကမ်းတွင် ဓာတ်မီးရောင်များတွေ့သဖြင့် စက်လှေသံကြောင့် ရွာသားများ လာရောက်စောင့်ဆိုင်းနေကြဟန်တူပါသည်။ စခန်းမှူးလင်းဦးနှင့်အဖွဲ့ စက်လှေပေါ်မှဆင်းသည်နှင့် လူအုပ်များထဲက တစ်ဦးမှ -

"စခန်းမှူးလိုက်လာသလားဟေ့"

ဟု လှမ်းမေးသံကြားရပြီး ဝဝန်း ကျေးရွာဥက္ကဋ္ဌ ဦးအောင်ချစ်တင်ဟု သိလိုက်ရပါသည်။

"ဥက္ကဋ္ဌထင်တယ်၊ကျုပ်ကိုယ်တိုင်ပါတယ်ဗျို့။ ဒီအမှုက အရေးကြီးတယ် မဟုတ်လား၊ ကျုပ်မလိုက်လို့ဘယ်ဖြစ်မလဲ။ တရားခံကိုလည်း အမြန်ဖမ်းမိဖို့လိုတယ် ခင်ဗျားတို့ဝိုင်းကူညီကြဦး"

"ဝိုင်းလုပ်ရမှာပေါ့ စခန်းမှူးရယ်၊ ကျွန်တော်တို့လည်း သိပါတယ်။ အခု တော့ အသက်ခံရတဲ့အိမ်ကိုပဲသွားကြ တာပေါ့"

ဥက္ကဋ္ဌနှင့်အဖွဲ့၏ လမ်းပြမှုဖြင့် ရွာလယ်လမ်းအတိုင်း ထွက်လာကြပြီး အိမ်မြင့်မြင့်တစ်လုံးရှေ့တွင် မှောင်ရိပ်ထဲ၌ လူစုစုတွေ့နေရသဖြင့် အခင်းဖြစ်အိမ် ဟုပင် မှတ်ယူခဲ့ပါသည်။ ရွာရှိခွေးများကလည်း ညအချိန် လူစုလူဝေးဖြင့် လှုပ်ရှားနေမှုကြောင့် အဆက်မပြတ် ဟောင်နေကြပါသည်။ ဥက္ကဋ္ဌဦးအောင်ချစ်တင်မှ ဦးဆောင်ပြီး အိမ်လှေကားမှတစ်ဆင့်တက်ခဲ့ကြပါသည်။ အိမ်ပေါ်တွင် မီးမထွန်းထားသဖြင့်မှောင်နေပါသည်။ စခန်းမှူးလင်းဦးက ဓာတ်မီးဖြင့် လှည့်ပတ်ထိုးကြည့်လိုက်ရာ အိမ်ခေါင်းခန်းအလယ်တွင် လူတစ်ဦး မှောက်လဲလျက် တွေ့ရပါသည်။ ဓာတ်မီးနှင့် သေချာစွာ ထိုးကြည့်သည့်အခါ ပါတီစိတ်မှူး ကိုမြင့်ကြည်ဖြစ်နေပါသည်။ ဒဏ်ရာကြီးတစ်ခုတွေ့ရပြီး ဦးခေါင်း နောက်စေ့တစ်ပြင်လုံး အစိတ်စိတ်

အမြွာမြွာ ဓားဖြင့်စိပ်ထားသလိုတွေ့ရပါသည်။ ပုံစံအားဖြင့် ငါးရံ့တစ်ကောင်အား ကုပ်ချိုးပြီး ဦးခေါင်းကို ဓားနှင့်အစိတ်စိတ်အမြွာမြွာခုတ်ထစ်ထားသည့် ပုံစံဖြစ်နေပါသည်။ ဦးခေါင်းမှထွက်သောသွေးများက ကြမ်းပြင်တွင်မြင်မကောင်းအောင်ဖြစ်နေပါသည်။

စခန်းမှူးလင်းဦးက -

"ကဲ - ကိုစံမြိုင်၊ မှတ်တမ်းဓာတ်ပုံရိုက်ဗျာ"

"ဟာ - စခန်းမှူး၊ ကျွန်တော်ကြောက်တယ် မရိုက်ရဲဘူး"

"အို - ခင်ဗျားကလည်း၊ လူတွေအများကြီးရှိတာပဲ။ ဘာကြောက်စရာရှိလို့လဲ"

ကိုစံမြိုင်က ကင်မရာသာကိုင်ထားပြီး ကိုမြင့်ကြည်အလောင်းနားသို့ မလာပါ။ အိမ်လှေကားအတက်အဆင်းနားတွင်ပင် ရပ်နေပါသည်။ ပုံကောင်းကောင်းတော့ ထွက်မည်မထင်တော့သဖြင့် -

"ကဲ - ဒီလိုဆိုရင်လည်း ကျုပ်ကိုကင်မရာပေးဗျာ။ ကျုပ်ရိုက်မယ်"

စခန်းမှူးလင်းဦးက ကင်မရာကိုယူလိုက်သော်လည်း သူကိုယ်တိုင်လည်း အတန်ငယ် တုန်လှုပ်ချောက်ချားနေပါသည်။ သို့သော် တာဝန်အရ မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သောကြောင့် -

"ကဲ-ဥက္ကဋ္ဌနဲ့ဦးချစ်တီးတို့အဖွဲ့က ကိုမြင့်ကြည်အလောင်းအပေါ် ဓာတ်မီးတွေနဲ့ ဝိုင်းထိုးထားကြဗျာ။ ကျွန်တော်ရိုက်မယ်"

စခန်းမှူးလင်းဦးက အလောင်းခါးနေရာလောက်မှ မတ်တတ်ရပ်ခွပြီး ဒဏ်ရာအနေအထားအား (၃)၊ (၄)ပုံခန့် အသေးစိတ်ရိုက်လိုက်ပါသည်။ အခင်းဖြစ်အိမ်နှင့် အိမ်ပေါ်အခြေအနေကိုတော့ မိုးလင်းမှပဲရိုက်ရန် စီစဉ်လိုက်ပါသည်။ ထို့နောက် အလောင်းပတ်ဝန်းကျင်အနီး ရှာဖွေရာ တံခါးအနီး၌ သွေးပေနေသော ဓားမတစ်ချောင်းနှင့် တံခါးကြားတွင်လည်း သွေးပေနေသော ဓားမတိုတစ်ချောင်းကိုပါ တွေ့သဖြင့် သက်သေများရှေ့တွင်ပင် သိမ်းဆည်းလိုက်ပါသည်။

"ဥက္ကဋ္ဌ၊ အခုကိုမြင့်ကြည်သေတဲ့အိမ်က ဘယ်သူ့အိမ်လဲ။ ကိုမြင့်ကြည်အိမ်လား။ သူ့မိသားစုကောရှိလား"

"မဟုတ်ပါဘူး၊ ဒီအိမ်က ကိုစိန်ကုလားအိမ်ဖြစ်ပါတယ်။ စိန်ကုလားမိန်းမကတော့ တစ်အိမ်အိမ်မှာ ရှိမယ်ထင်တယ်။ ကျွန်တော်လည်း ဖြစ်စဉ်အသေးစိတ်တော့ မသိသေးဘူး။ စခန်းမှူးလာမှပဲ စုံစမ်းမေးမြန်းမယ်လို့ စီစဉ်ထားပါတယ်"

"ဟုတ်ပြီလေ၊ သတ်တဲ့လူကတော့ မခံမရပ်နိုင်အောင် နာကြည်းလွန်းလို့ ရက်ရက်စက်စက် ခုတ်သတ်သွားတဲ့သဘောပဲ"

ထို့နောက်တော့ အလောင်းအား ပြွန်တန်ဆာဆေးရုံသို့ ပို့အပ်ရန် စီစဉ်ခိုင်းရပါသည်။ နံနက် (၅) နာရီရှိပြီဖြစ်၍ မိုးလင်းလျှင် တစ်အိမ်အိမ်၌ စစ်ဆေးရန် စီစဉ်ထားပြီး အခင်းဖြစ်အိမ်ပေါ်မှ ပြန်ဆင်းလာခဲ့ကြပါသည်။ မိုးလင်း၍ အဆာပြေ စားသောက်ကြပြီးနောက် ရွာထဲအိမ်၌ပုန်းနေသော ကိုစိန်ကုလား၏ ဇနီးဖြစ်သူ မရွှေမှုံအား ရှာဖွေခိုင်းလိုက်ပါသည်။ ဥက္ကဋ္ဌ ဦးအောင်ချစ်တင်နှင့်အဖွဲ့ကလည်း စခန်းမှူးလင်းဦး၏ နယ်ထိန်းအဖွဲ့နှင့် ပူးပေါင်းပြီး ရွာထဲတွင် လိုက်လံရှာဖွေခဲ့ရာ နက် (၇) နာရီခန့်တွင် နို့စို့အရွယ်ကလေးကိုချီ၍ အသက် (၃၅) နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးရောက်လာပါသည်။ အခင်းဖြစ်ပွားသည့် အိမ်မှ ကိုစိန်ကုလား၏ဇနီး မရွှေမှုံဟု သိရပါသည်။

စခန်းမှူးလင်းဦးက မရွှေမှုံအား ထိုင်ခိုင်းပြီးနောက် -

"ကဲ - မရွှေမှုံ၊ လူသတ်မှုဖြစ်သွားတာတော့ ခင်ဗျားအိမ်မှာပဲ။ ဖြစ်ပြီးမှတော့ ဘာမှဖုံးကွယ်မနေပါနဲ့။ ခင်ဗျားတွေ့တာမြင်တာဖြစ်သံမှုအကြောင်းကိုသာ ပြောပြပါ။ ဒီလောက်ထိ ဘာဖြစ်လို့ ရက်ရက်စက်စက် အသတ်ခံရတာလဲ။ ကျွန်တော်တို့လည်း ဥပဒေဘောင်အတွင်းက အတတ်နိုင်ဆုံးအကူအညီ ပေးပါ့မယ်"

မရွှေမှုံက မျက်နှာညှိုးငယ်နေပြီး သက်ပြင်းချလျက် -

"ကျွန်မဖြစ်စဉ်အမှန်ကိုပြောပြပါ့မယ်ဆရာ ကျွန်မလည်း စိတ်မကောင်းပါဘူး။ သေတဲ့ မြင့်ကြည်နဲ့ ကျွန်မက တစ်ရွာတည်းသား ငယ်သူငယ်ချင်းတွေဖြစ်ပြီး ပြောမနာဆိုမနာပါ။ ဘာမှလည်း ရန်ငြိုးရန်စမရှိကြပါဘူး။ ဖြစ်ချင်လာတဲ့အကြောင်းကတော့ -

❑

ဒီနေ့ ကိုစိန်ကုလားနှင့် မရွှေမှုံတို့လယ်မှာ ကောက်စိုက်သမ (၁၂) ဦး ကောက်လာစိုက်မှာမို့ မရွှေမှုံ မနက်အစောထပြီး ကောက်စိုက်သမများစားရန် ကောက်ညှင်းပေါင်းနေပါသည်။ ကိုစိန်ကုလားကတော့ ဒီနေ့စိုက်မယ့် လယ်ကွက်တွေထဲမှာ ကောက်စိုက်သမတွေကလည်း အဆာပြေကျွေးရုံတင်မကဘူး။ နေ့လယ်စာအတွက် လယ်ရှင်က ပင်တိုင်ဟင်းတစ်ခွက်ချက်ပေးရသဖြင့် မရွှေမှုံတစ်ယောက် ပဲကုလားဟင်းချက်ရန် စီစဉ်နေခြင်း ဖြစ်ပါသည်။ ကလေးက အိပ်နေ၍တော်ပါသေးသည်။ ကလေးနိုးလာလျှင်တော့ အဖော်ခေါ်ပြီး ထိန်းခိုင်းရမှာပဲဟု တွေးတောနေကာ သူလုပ်ရမည့်အလုပ်များကို စဉ်ဆက်မပြတ်လုပ်နေပါသည်။ နံနက် (၈) နာရီအထိ ကောက်စိုက်သမများ မလာသေး၍ ရွာဘက်သို့တမျှော်မျှော်ဖြစ်နေပါသည်။

မနေ့က သူငယ်ချင်းဖြစ်တဲ့ ကောက်စိုက်အဖွဲ့ကြီးကြပ်သူမြင့်ကြည်ကိုသွားပြောရာ မြင့်ကြည်က မနက်ဖြန်လွှတ်လိုက်မှာဖြစ်လို့ ကိုယ့်ဘက်က စီစဉ်စရာရှိတာစီစဉ်ထားလို့ ပြောလိုက်သဖြင့် တာဝန်ကျေအောင် လိုလေသေးမရှိ ပြင်ဆင်ပြီး စောင့်ဆိုင်းနေခြင်း ဖြစ်ပါသည်။ မြင့်ကြည်နှင့်သူနှင့်က ငယ်ငယ်ကတည်းက ရွာဦးကျောင်းမှာ ကျောင်းနေဖက်၊ ဆော့ဖော်ဆော့ဖက်။ ဒီကောင်က ငယ်ငယ်ကတည်းက ကစားတဲ့အခါ လူကြီးနေရာကပဲနေတတ်သည်။သူကိုယ့်သူဆရာကြီးပေါ့။ ဘယ်တော့မှငယ်သားမလုပ်။ သူငယ်ချင်းဆိုတော့လည်း ဒီလိုလူကြီးရောဂါ၊ ဘဝင်မြင့်ရောဂါတွေ မတွေးမိ။ ဆော့နေရလျှင် ကျေနပ်နေတာပါ။အခုအသက်လေးတွေက အရွယ်ရောက်လာကြတော့ မြင့်ကြည်က ရွာမှာ ဟိုနေရာစပ်စပ်ဒီနေရာစပ်စပ် သူမပါတာကိုမရှိဘူး။ နေရာတကာ ဆရာဝင်လုပ်ချင်တဲ့အကျင့်လေးကပါနေတယ်။ ရွာကလူတွေက မြင့်ကြည်ဘဝင်မြင့်နေတယ်လို့လည်း ပြောကြ၏။ ရွှေမှုံတို့ကတော့ ဘဝင်မြင့်တာတွေဘာတွေ နားမလည်ခဲ့။ ငယ်သူငယ်ချင်းလို့ပဲ မှတ်ယူထားပါသည်။ ရွာမှာက မြင့်ကြည်ကို သဘောကျတဲ့လူရှိသလို မနှစ်သက်သူတွေလည်းရှိခဲ့ပါသည်။ ဒီကြားထဲ သူ့ကိုမြို့က လူကြီးတွေလာစဉ်က ပါတီစိတ်မှူးဆိုလား ခန့်အပ်လိုက်တော့ မြင့်ကြည်တစ်ယောက် နဂိုရှိနေတဲ့ ဘဝင်မြင့်ရောဂါက မိုးထိအောင်တက်သွားခဲ့ရတာပါ။ သူ့ပါတီစိတ်မှူးဖြစ်ကတည်းက ရွာရှိလူတွေကို သူ့လောက်ပါတီသဘော

တရားမသိဘူး၊ နားမလည်သူတွေလို့ ယူဆခဲ့၏။ ကျေးရွာပြည်သူ့ကောင်စီ ဥက္ကဋ္ဌကိုတောင် သူက ဆရာလုပ်ချင်သေး။ ဒါပေမယ့် ဥက္ကဋ္ဌဦးသာဗျော့က သူ့ထက်လည်းအသက်ကြီးတယ်။ဆွေမျိုးဘကြီးလည်းတော်စပ်တော့ လွန်ဆန်နိုင်ပါဘူး။ ဒါပေမယ့် တစ်ခါတစ်ရံ ရွာအစည်းအဝေးတွေမှာ ညောင်လေးပင်က လူကြီးတွေချမှတ်ဟောပြောထားတဲ့ မူဝါဒတွေကိုရှင်းပြတဲ့အခါ ရွာသူရွာသားတွေကလည်း ဗဟုသုတနည်းကြတာမို့ သူပြောတာကိုပဲ အထင်တကြီးဖြစ်ခဲ့ကြပါသည်။

ဒီထက်ဆိုးလာတာက နောက်ပိုင်းသူ့အိမ်ကိုအကြောင်းကိစ္စတစ်ခုခုနဲ့သွားကြတဲ့အခါ ပါတီကထုတ်ဝေတဲ့စာအုပ်တွေဘေးချပြီး ဟိုစာရေးလိုက်ဒီစာရေးလိုက်နှင့် အလုပ်ရှုပ်သယောင်ပြတော့တာပါပဲ။ လာတဲ့သူကိုတောင် အရေးတယူမရှိဘဲ သူရဲ့ပါတီသဘောတရားတွေကို သူကိုယ်တိုင် အသံသွင်းထားတဲ့ ကက်ဆက်တိပ်ခွေကို ဖွင့်ပြတော့တာပဲ။ လာတဲ့သူကလည်း သူ့ကိစ္စမပြောရသေးဘဲ သူဖွင့်ပြတဲ့ ပါတီသဘောတရား ကက်ဆက်တိပ်ခွေကိုနားထောင်ချင်ချင်၊ မထောင်ချင်ချင် နားထောင်ရတော့တာပါ။

အဲဒီတိပ်ခွေအသံသွင်းဟောပြောမှုကြီးပြီးဆုံးသွားမှ လာတဲ့သူက သူပြောချင်တဲ့ အကြောင်းအရာကိုပြောပြရပါတယ်။ ထိုအခါမှာလည်း သူက ပါတီစကားလုံးအကြီးကြီးတွေနှင့် သူဘယ်လိုလုပ်ပေးနိုင်ကြောင်းကို ကြွားလုံးထုတ်ပြောပြတော့တာပါပဲ။ လုပ်ခိုင်းစရာရှိရင်တောင် လာတဲ့သူကို စကားမပြောဘဲ ကက်ဆက်ထဲက အသံသွင်းထားတဲ့ အတိုင်းလုပ်လို့ပြောပြီး ပြန်လွှတ်တတ်၏။

မရွှေမှုံကတော့ ငယ်သူငယ်ချင်း မြင့်ကြည်အကြောင်းကို သိနေတာမို့ ဘာမှတော့ပြဿနာမဖြစ်ဘူးခဲ့ပါ။သူ့စိတ်ထဲ ဘဝင်မြင့်ရောဂါရနေတာဘဲဟု သူငယ်ချင်းသံယောဇဉ်နှင့် ဖြေသိမ့်နေခဲ့၏။ ယခုလည်း မိမိလယ်ကွက်ထဲမှာ အချိန်မီစိုက်ပျိုးဖို့အတွက် ကောက်စိုက်သမ (သုတ်အဖွဲ့) အဖွဲ့တွေကို သူကိုယ်တိုင်စီစဉ်ပေးနေတော့ တစ်ဖက်တလမ်းက သူ့ကိုကျေးဇူးတင်နေမိသည်။ ကိုယ့်ဘာသာ ကောက်စိုက်သမအဖွဲ့ခေါ်တဲ့အခါ ခေါင်းဆောင်လုပ်တဲ့သူကလည်း-

"ကိုမြင့်ကြည်က တာဝန်ပေးမှ လုပ်လို့ရမယ်"

လို့ ပြောတာဆိုတော့ ကိုယ်ပြောလည်း ဘာမှအကျိုးမထူးခဲ့ပါဘူး။ အခုလည်း ဒီနေ့မနက် ကောက်စိုက်သမ (၁၂) ဦးကို လွှတ်လိုက်မယ်ဆိုလို့ စောင့်နေလိုက်တာ နံနက် (၁၁) နာရီထိုးတဲ့အထိ ရောက်မလာခဲ့ကြ။ ဒီတော့ မရွှေမှုံစိတ်ထဲ ကသိကအောက်ဖြစ်သည့်အပြင် စိတ်တိုခဲ့ရပါသည်။

လာမည်ဆို၍ မနက်အစောကြီးထပြီး ချက်ရပြုတ်ရနှင့် ဖတ်ဖတ်ကိုမောနေခဲ့ပါပြီ။ လူ (၁၂) ယောက်စာအတွက် ဟင်းတွေချက်ထားတာမို့ မိမိတို့သားအမိသားအဖ (၃)ယောက်တည်းဘယ်စားလို့ကုန်မှာလဲ။ မိန်းမတို့သဘောအရ အူတိုဝန်တိုမှုကဖြစ်နေတော့ စိတ်ထဲမှာဘယ်လိုတွေးတွေး မြင့်ကြည် သူ့အပေါ် လုပ်ရက်လေခြင်းဟု ထင်မိပြီး ဒေါသထွက်လျက်ရှိနေပါသည်။ မရွှေမှုံခင်ပွန်းကိုစိန်ကုလားကတော့ လူအေးမို့ သူ့ကိုဖြေသိမ့်ပါသည်။

"မလာနိုင်တာ အကြောင်းတစ်ခုခုရှိလို့ပေါ့ကွာ။ ဟင်းတွေပိုနေလည်း တဲနီးချင်းတွေဝေလိုက်တာပေါ့"

လို့ ဖြေသိမ့်စကားပြော၏။

ဒါပေမယ့် မရွှေမှုံရင်ထဲမှာတော့ လုံးဝမကောင်းခဲ့ပါ။ ငယ်သူငယ်ချင်းဖြစ်ရဲ့သားနှင့် သူ့လယ်ကိုဦးစားမပေးဘဲ တခြားလယ်ကိုလွှတ်လိုက်တာ သူ့ကိုငယ်သူငယ်ချင်းအဖြစ် အသိအမှတ်မပြုလို့ဟု ယူဆခဲ့ပါသည်။ တွေးမိတိုင်း စိတ်ခံစားချက်က တနှံ့နှံ့ဖြစ်နေတာမို့ ညနေမိုးချုပ်လျှင် မြင့်ကြည်အိမ်သွားပြီး ရန်တွေ့မည်ဟု စိတ်ထဲမှတ်ထားလိုက်ပါသည်။ ဒီနေ့အဖို့ မရွှေမှုံတစ်ယောက်စိတ်ထဲမကောင်းတာမို့ ထမင်းစားတောင် မဖြောင့်ခဲ့။ ညနေသာစောင်းသွားသည်။ မြင့်ကြည်လွှတ်လိုက်တဲ့ကောက်စိုက်သမအဖွဲ့က ရောက်မလာခဲ့ပါ။ ထိုနေ့က ရွာတောင်ပိုင်းက ဒေါ်အေးရင်လယ်ထဲမှာသွားစိုက်သည်ဟု သိရသဖြင့် မရွှေမှုံတစ်ယောက်ပို၍ ပင်မခံချင်စိတ်ဖြစ်နေပါသည်။ ဒေါ်အေးရင်တို့က ရွာမှာမျက်နှာဖုံး၊ ငွေကြေးကြွယ်ဝသူတွေဖြစ်တာမို့ သူတို့ကိုအရင်စိုက်ပေးပြီး ကိုယ့်မှာဆင်းရဲလို့ မလုပ်ပေးတာလားဟု မဆီမဆိုင်တွေးနေမိပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ညနေစောင်းလျှင်တော့ မြင့်ကြည်အိမ်သွားပြီး မဖြစ်မနေစာရင်းရှင်းရမည်ဟု မရွှေမှုံတစ်ယောက် တွေးတောပိုင်းဖြတ်ထားလိုက်ပါသည်။

ဤလိုနှင့် ညမိုးချုပ်စ အိမ်ပြန်ရောက်သည်နှင့် ကလေးကို ခင်ပွန်းနှင့်ထားခဲ့ပြီး မြင့်ကြည်အိမ်ဘက်သို့ထွက်လာခဲ့ပါသည်။ မြင့်ကြည်အိမ်ရောက်သည့်အခါ မြင့်ကြည်မှာ ထုံးစံအတိုင်း ဘေးမှာစာအုပ်များနှင့် အလုပ်ရှုပ်နေပါသည်။ မရွှေမှုံလာတာတောင် မော်မကြည့်နိုင်ခဲ့ပါ။ သို့သော် မရွှေမှုံကတော့ မနက်ကတည်းက ကောက်စိုက်သမများမလာတာနှင့်ပတ်သက်ပြီး မကျေမနပ်ဖြစ်နေတော့ ရောက်သည်နှင့် -

"မြင့်ကြည်၊ နင်ဘယ်လိုလုပ်လိုက်တာလဲ။ နင်လွှတ်မယ်ဆိုတဲ့ ကောက်စိုက်သမတွေကလည်း နေသာကုန်သွားတယ်မလာပါလား။ ငါ့မှာဖြင့်ချက်ထားလိုက်ရတာ ဟင်းတွေအလကားဖြစ်ကုန်ပြီ။ မလာဖြစ်ရင်လည်း ကြိုအကြောင်းကြားဖို့တော့ကောင်းတယ်။ နင့်ကို ယုံခဲ့တာမှားတာပဲ။ နင် ငါ့ကို ငယ်သူငယ်ချင်းလို့တောင် သတ်မှတ်ရဲ့လား"

မရွှေမှုံကဒေါသနှင့်ပြောနေသော်လည်း မြင့်ကြည်ကတော့ စာရေးမပျက်ခဲ့ပါ။ မရွှေမှုံကို ဘာမှမပြောဘဲ သူလုပ်မြဲဆက်လုပ်နေပါသည်။ ထိုသို့ မရွှေမှုံကလာပြောသည်ကို အရေးမလုပ်ဘဲ သူ့ဘာသာသူစာဆက်ရေးနေလေတော့ မရွှေမှုံတစ်ယောက် ပိုပြီး ဒေါသထွက်ရပါတော့သည်။

"မြင့်ကြည်ရယ် နင့်ကိုနင်လူကြီးဆိုပြီး ငါတို့ကိုလုပ်ချင်သလိုလုပ်မယ်ဆိုတဲ့သဘောလား။ ငါတို့ဆင်းရဲလို့လား နင်သိပ်ဘဝင်မြင့်လွန်းတယ်။ တကယ်ဆို မလာနိုင်ရင်လည်း မနက်စောစောတော့ ငါ့ဆီအကြောင်းကြားသင့်တယ်။ အခုတော့ ငါ့မှာ မရှိမဲ့ရှိမဲ့ချက်ပြုတ်ထားရတာ အလကားဖြစ်ကုန်ပြီပေါ့"

မရွှေမှုံက အဆက်မပြတ် မကျေနပ်ချက်တွေကို ပေါက်ကွဲခံစားပြီး မရပ်မနားပြောနေသော်လည်း မြင့်ကြည်မှာ မရွှေမှုံပြောသည့်စကားများကို မကြားသယောင်ဖြင့် နေနေပါသည်။ သူ့ဘေးနားရှိ စာအုပ်များကိုသာလှန်ပြီးကြည့်ရှုနေပါသည်။ ထိုအချိန် မိုးကလည်း တစိမ့်စိမ့်ရွာသွန်းနေပြီး အမှောင်ထုက စိုးမိုးလာပြီ ဖြစ်ပါသည်။

"အေး-နင်ကငါ့ကိုအဖက်လုပ်ပြီးတောင် မပြောတော့လည်း ရပါတယ်။ နင့်ရဲ့ဘဝင်မြင့်ရောဂါကိုကောင်းကောင်းသိရတာပေါ့ဟာ။ နင့်ကို သူငယ်ချင်း

စာရင်းက ပယ်ဖျက်တယ်ဟေ့"

ဟု အော်ပြောပြီးပြန်သွားပါတော့သည်။

မရွှေမုံတစ်ယောက် မိမိအိမ်ကိုဘယ်လိုပြန်ရောက်လာသည်မှန်းမသိပါ။ တစ်လမ်းလုံး ဒေါသထွက်လျက်နှင့်ပင် အိမ်ပေါ်ရောက်သည်အထိတက်လိုက်တော့မှ အိမ်ရှေ့တွင် ကလေးထိန်းနေသော ခင်ပွန်း ကိုစိန်ကုလားကိုတွေ့မှပဲ မိမိစိတ်ကိုထိန်းလိုက်နိုင်ဖါတော့သည်။ ကိုစိန်ကုလားက မရွှေမုံကိုကြည့်ပြီး -

"နင်ဘယ်သွားတာလဲ။မြင့်ကြည်အိမ်သွားတာလား။ နင်ကလည်းဟာ အကြောင်းမညီညွတ်လို့ဖြစ်တဲ့ဟာကို သည်းခံလိုက်တာမဟုတ်ဘူး"

နဂိုကတည်းက မကျေနပ်ချက်ဖြစ်နေတဲ့စိတ်က ပြန်လည်နိုးလာပြီး -

"ရှင်ကလည်း ပြောလိုက်ရင်ဒီလိုချည်းပဲ။ ကိုယ်က ငုံ့ခံနေရင် နောင်ကိုလည်း ဒီလိုပဲအနိုင်ကျင့်နေမှာပဲ။ ကိုယ့်ဘက်ကမှားတာမဟုတ်ဘူး။ သူ့ဘက် က မဖြစ်နိုင်ရင်လည်း အချိန်မီ အကြောင်းကြားခိုင်းသင့်တာပေါ့"

မရွှေမုံက ကိုစိန်ကုလားထံမှ ကလေးကိုလှမ်းယူပြီး မီးဖိုချောင်ဘက်သို့ ထွက်သွားပါသည်။ ကိုစိန်ကုလားကတော့ သူ့မိန်းမဒေါသထွက်နေမှန်းသိတော့ဘာမှမပြောတော့ဘဲ ပြုံးစိစိလုပ်နေလိုက်ပါတော့သည်။ မကြာမီ အဖြစ်ဆိုးကြီးဖြစ်တော့မည်ဟု မည်သူမျှမခန့်မှန်းခဲ့ကြပါ။

ထိုအချိန် အိမ်ရှေ့လှေကားမှတက်လာသည့်ခြေသံကြား၍ကြည့်လိုက်ရာ 'တစ်ရွာတည်းသား မြင့်ကြည်မှန်းသိလိုက်ပါသည်။

"ဘာကိစ္စရှိလို့လဲ မြင့်ကြည်"

"မင်းမိန်းမဘယ်မှာလဲ၊ ခုနက ငါ အလုပ်ရှုပ်နေလို့မပြောလိုက်ရဘူး။ ငါ့ကိုရစရာမရှိတောင် ပြောသွားလိုက်တာ။ အကြောင်းရင်းမသိဘဲနဲ့"

ဟု ပြောပြောဆိုဆို မီးဖိုချောင်ဘက်သို့သွားရာ မရွှေမုံက ကလေးတစ်ဖက်နှင့်ထမင်းအိုးတည်နေစဉ်-

"ဟေ့ - ရွှေမုံ နင်ငါ့ကို ဘာပြောသွားတာလဲ၊ ငါ လူကြီးပဲ အဆင်ပြေအောင်လုပ်ပေးရမှာပေါ့ နင်သိပ်မိုက်ရိုင်းတယ်"

ဟု ပြောဆိုပြီး မရွှေမုံ၏ပါးတစ်ဖက်ကို လှမ်းရိုက်လိုက်ပါသည်။

ကိုစိန်ကုလားက ထိုင်ရာမှထလာပြီး -



"မြင့်ကြည်၊ မင်းလွန်ပြီကွာ။ အေးအေးဆေးဆေးပြောလည်း ရရဲ့သားနဲ့ ငါ့အိမ်ပေါ်တက်လာပြီး ငါ့မိန်းမကိုကိုယ်ထိလက်ရောက်စော်ကားတယ်"

"ဘာဖြစ်လဲ၊ ဒီထက်မကတောင် လုပ်ရဦးမယ်"

ကိုစိန်ကုလားက လူအေးဟုဆိုသော်လည်း 'မယားထိမားကြည့်' ဆိုသည့်အတိုင်း တံခါးကြားတွင်ထောင်ထားသောနီးဖြာသည့်ဓားမအရှည်အားယူလိုက်ပြီး ကိုမြင့်ကြည်၏ဇက်ပိုးပေါ် သို့ လွှဲကာ ခုတ်ပိုင်းချလိုက်၏။ မြင့်ကြည်မှာလည်း ကုပ်ပိုးဒဏ်ရာနှင့်ပင် မှောက်ခုံလဲကျသွားပါသည်။ ကိုစိန်ကုလားကတော့ ဓားမကိုင်ပြီး ကိုယ်ပေါ်တက်ခွကာ ကိုမြင့်ကြည်၏ခေါင်းနောက်စေ့ကို အချက်ပေါင်းများစွာခုတ်နေမိပါတော့သည်။ တစ်အောင့်အကြာ မြင့်ကြည်လည်း မလှုပ်မယှက်ဖြစ်သွားတော့မှ ကိုစိန်ကုလားလည်း သတိပြန်ဝင်လာပါတော့သည်။ သွေးပူပြီး ဒေါသထွက်နေသဖြင့် ဘယ်နှချက်ဓားနှင့်ခုတ်သည်ကိုလည်း မသိတော့ပါ။ မကြာမီ အိမ်ပေါ်တွင် တိတ်ဆိတ်သွားပါသည်။

ကိုစိန်ကုလားက ဓားကိုဘေးတွင်ချထားလိုက်ပြီးနောက် -

"မိန်းမရေ ငါတော့ လက်လွန်သွားပြီကွာ မတတ်နိုင်တော့ဘူး။ အခုလောလောဆယ်ဆယ်တော့ ငါရှောင်နေမယ်။ နောက်မှပဲ ကြည့်ရှင်းကြတာပေါ့"

ကိုစိန်ကုလားလည်း လွယ်အိတ်ထဲသို့ အင်္ကျီတစ်စုံကပျာကယာထည့်ပြီး အိမ်ပေါ်မှပြေးဆင်းသွားပါတော့သည်။ မရွှေမုံတစ်ယောက်လည်း ဘာကိုမှပြောဆိုနိုင်ခြင်းမရှိတော့ဘဲ မျက်ရည်များတသွင်သွင်စီးကျလျက်ကျန်နေခဲ့ပါတော့သည်။

❑

အဖြစ်ကတော့ အဲဒါပါပဲ ဆရာရယ်။ ကိုစိန်ကုလားကတော့ ဒိုက်ဦးဘက်မှာနေတဲ့ သူ့အမျိုးတွေဆီမှာပဲရှိမယ်ထင်ပါတယ်။ သူလည်း လက်လွန်သွားမှန်းသိလို့ ကြောက်ပြီးထွက်ပြေးသွားတာပါ။ လာပြီးတော့ အဖမ်းခံမှာပါ"

"အေးပေါ့လေ၊ ကိုမြင့်ကြည်ကလည်း ငယ်ငယ်ကတည်းက သန္ဓေတည်လာတဲ့ ဘဝင်မြင့်ဗီဇလေးကလည်းပါလာတဲ့အပြင် အခုတစ်ခါ မြို့နယ်ပါတီယူနစ်က သူ့ကိုအားကိုး တာဝန်ကြီးတစ်ခုပေးလိုက်လေတော့ မီးလောင်ရာလေပင့်သလိုဖြစ်သွားတာပေါ့။ ဒီကြားထဲ ခင်ပွားက သူငယ်ချင်းသံယောဇဉ်နဲ့ပြောမနာဆိုမနာဆိုတော့ စိတ်ထဲရှိတဲ့အတိုင်းပြောချလိုက်တဲ့အခါ သူ့ရဲ့လူကြီးလုပ်ချင်တဲ့စိတ်၊ ဘဝင်မြင့်နေတဲ့စိတ်ကိုစော်ကားတယ်ထင်ပြီး လာနှိုးဆွဖေးလိုက်တော့မှန်တယ်၊ မှားတယ်မဝေခွဲနိုင်တော့ဘူးပေါ့လေ"

"ကျွန်မလည်း ကျွန်မကိုယ်ကျွန်မနောင်တရမဆုံးဖြစ်နေပါတယ်။ ကျွန်မခင်ပွန်း ကိုစိန်ကုလားက သည်းခံဖို့အတန်တန်ပြောပေမယ့် ကျွန်မနားမဝင်ခဲ့ဘူး။ အကြောင်းတရားတွေတိုက်ဆိုင်ပြီး ဖြစ်လာတော့လည်း မကောင်းတဲ့ဆိုးကျိုးတွေဖြစ်လာတယ်ဆိုတာ ကျွန်မသဘောပေါက်လိုက်ပါတယ်"

စခန်းမှူးလင်းဦးကတော့ ဖြစ်စဉ်အခြေအနေပေါ်မူတည်ပြီး မိသားစုနှစ်စုအပေါ် ကရုဏာသက်မိပါသည်။ လူတိုင်းလူတိုင်းသည် မာန်မာန၊ အတ္တဆိုသည့်အစွဲအလမ်းတွေကို လွန်ကဲစွာထိန်းသိမ်းထားမိလျှင် လည်းကောင်း၊ အပြောမတတ်လျှင်လည်း ဆဲသလိုဆောင်ရသကဲ့သို့လည်းကောင်း ဖြစ်တတ်သည့်ဆိုးကျိုးများကို သံဝေဂရမိပါသည်။ တစ်ဦးနှင့်တစ်ဦး နားလည်မှုလွဲမှားခဲ့သည်များကြောင့် အိမ်ထောင်စုနှစ်ခုလုံးအစားထိုးမရသည့် အသက်ဆုံးရှုံးမှုကြီးဖြစ်ခဲ့ရပါသည်။ လူသားတိုင်းသည် မိမိကိုယ်ကို အထင်ကြီးမှု၊ ဘဝင်မြင့်မှု၊ စိတ်ကြီးဝင်မှု၊ ပတ်ဝန်းကျင်နှင့် သဟဇာတမဖြစ်မှု၊ မိမိ၏စိတ်ကိုမချိုးနှိမ်နိုင်မှု၊ ခန္တီသည်းခံခြင်း၊ တရားမပွားများနိုင်မှုစသည်တို့ကို ကင်းဝေးရှောင်ရှားနိုင်ကြပြီး အမှားသံသရာများမှ လွတ်ကင်းနိုင်ကြပါစေဟု စခန်းမှူးလင်းဦးက ဆန္ဒပြုလိုက်ပါတော့သည်။

ဒုတိယရဲမှူးကြီးဝင်းဦး(ငြိမ်း)

ဦးအောင်မင်း

# နေ့စဉ်သုံး လက္ခဏာပညာ

အပိုင်း(၁)

## လက္ခဏာပညာရပ်အား စတင်ချဉ်းကပ်လေ့လာပုံ

ပထမဦးစွာ လက္ခဏာအရေးအကြောင်းများ လက်ဝါးပြင်ပေါ်၌ မည်သို့တည်ရှိတည်ဆောက်ထားသည်၊ လက်ဝါးပြင်ပါ ဂြိုဟ်ခုံများ မည်သို့အခြေအနေရှိသည်နှင့် မည်သည့်လမ်းကြောင်းက မည်သည့်လမ်းကြောင်းကိုဖြတ်သွားသည်. . . ဆိုသည်တို့အား သေချာစွာ စူးစိုက်လေ့လာပေးပါ။ ထို့နောက် လက်ဝါးပြင်ရှိ မည်သည့်နေရာများ၌ မည်သည့်ပုံစံ၊ အရွယ်အစားရှိသော အမှတ်အသားများရှိနေသည်၊ အစက်အပြောက်သဏ္ဌာန်၊ ကြက်ခြေခတ်သဏ္ဌာန်၊ ကြယ်ပုံစံအမှတ်အသားများ ပါရှိနေသည်. . . တို့ကို သေချာစွာ စစ်ဆေးပေးပါ။ ၎င်းပြင် အဓိကလမ်းကြောင်းများသည် လက်ဝါးပြင်အတွင်း နက်ဝင်သောပုံစံဖြင့် ထင်ရှားရှင်းလင်းနေခြင်း (သို့) မှိန်ပျသောအနေအထားဖြင့် ရေးရေးသာပေါ်နေခြင်း ရှိ၊ မရှိ သေချာစွာစစ်ဆေးပါ။ ထို့နောက် အောက်ပါအတိုင်း ကဏ္ဍအလိုက် ခေါင်းစဉ်အသီးသီးခွဲခြား၍ လေ့လာနိုင်ပုံကို အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အတူ တွေ့ရှိရမည်ဖြစ်သည်။

### အဓိကလမ်းကြောင်းများ

**(Heart Line) နှလုံးလမ်းကြောင်း**

လက်ဝါးပြင်၏ ထိပ်ဆုံးနေရာမှ စတင်သည်။ လူအများစု၌ လက်ဝါးပြင်ပါ အဓိကလမ်းကြောင်းများတွင် နှလုံးလမ်းကြောင်းက အမြင့်ဆုံးနေရာ၌ နေရာယူထားတတ်သည်။

နှလုံးလမ်းကြောင်းသည် လက်ဝါးပြင်အစွန်ပိုင်း လက်ဝါးစောင်းနေရာမှ စတင်ပြီး ဂြိုဟ်ခုံတစ်ခု၏အောက်ဘက် (သို့) ဂြိုဟ်ခုံတစ်ခုအတွင်း၌ အဆုံးသတ်သည့်နှလုံးလမ်းကြောင်းသည် အချစ်ရေး အိမ်ထောင်ရေးဆိုင်ရာကိစ္စရပ်များအား ကိုယ်စားပြုထားသည်။

အချို့သောသူများ၌ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ တစ်ထပ်တည်းပုံစံ (မျဉ်းတစ်ကြောင်းတည်းပုံစံ) ဆက်သွားပုံကို တွေ့ရတတ်သည်။ ထိုသို့ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ ဆက်နေသည့် လမ်းကြောင်းပုံစံကို (Simian crease) ဟု ခေါ်သည်။

**(Head Line) ဦးခေါင်းလမ်းကြောင်း**

နှလုံးလမ်းကြောင်းအောက်တွင် တည်ရှိပြီး အချို့သူများ၌ နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့ မျဉ်းတစ်ကြောင်းတည်းပုံစံဆက်နေသည်ကို တစ်ခါတစ်ရံတွေ့ရတတ်သည်။

အသိဉာဏ်ပညာသည် ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံပေါ်မူတည်၍ အဓိပ္ပာယ်ဖော်ပြပေးသည်။


**(Life Line) အသက်လမ်းကြောင်း**

လက်မနှင့်လက်ညှိုးကြားနေရာ၌ စတင်သည့် အဓိကလမ်းကြောင်းတစ်ခု ဖြစ်သည်။ အသက်လမ်းကြောင်းသည် လက်ဝါးပြင်အောက်ခြေ လက်ကောက်ဝတ်အနီး တစ်နေရာရာ၌ အဆုံးသတ်တတ်သည်။ အသက်လမ်းကြောင်းသည် တစ်သက်တာအတွင်း ကျန်းမာရေးအခြေအနေ၊ ခရီးသွားခြင်း၊ ရှင်သန်ရပ်တည်ရသော အခြေအနေတို့အား ကိုယ်စားပြုထားသည်။

**(Destiny Line) ကံလမ်းကြောင်း**

လက်ဝါးပြင်အောက်ခြေတစ်နေရာမှစတင်ပြီး လက်ခလယ်အောက်ခြေအနီး၌ အဆုံးသတ်တတ်သည်။ အချို့သောလူများ၌ ကံလမ်းကြောင်းမပါရှိတတ်ခြင်းကြောင့်၊ အကယ်၍ ကံလမ်းကြောင်းမပါရှိခဲ့ပါက စိတ်ပျက်အားငယ်ရန် မလိုတတ်ပေ။

ကံလမ်းကြောင်းသည် စနေဂြိုဟ်




**အဓိကလမ်းကြောင်းပြလက္ခဏာပုံစံ**

စနေလက်ချောင်းတို့နှင့် ဆက်နွယ်လျက်ရှိပြီး အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်၊ ငွေကြေးကိစ္စများအား ရည်ညွှန်းဖော်ပြသည်။

**(Jupiter Line)**
**ကြာသပတေးဂြိုဟ်လမ်းကြောင်း**

ကြာသပတေးဂြိုဟ်ခုံ၊ ကြာသပတေးလက်ချောင်းတို့နှင့် ဆက်နွယ်နေသောလမ်းကြောင်း ဖြစ်သည်။ ကြာသပတေးဂြိုဟ်ခုံရှိရာ လက်ညှိုးအောက်ခြေမှ စတင်ပေါ်ပေါက်လာသော လမ်းကြောင်း ဖြစ်သည်။ ခေါင်းဆောင်နိုင်စွမ်းရှိသော အရည်အသွေးများအား ဖော်ပြသောလမ်းကြောင်းမှာ ကြာသပတေးဂြိုဟ်လမ်းကြောင်း ဖြစ်သည်။

**(Apollo Line) အပိုလိုလမ်းကြောင်း (သို့) တနင်္ဂနွေဂြိုဟ်လမ်းကြောင်း**

လက်သန်း၏အောက်ခြေမှအစပြုသည့်လမ်းကြောင်း ဖြစ်သည်။ အသိအမှတ်ပြုခံရခြင်း၊ ဖန်တီးနိုင်စွမ်းရှိခြင်းတို့ကို ရည်ညွှန်းသည်။

**(Mercury Line)**
**ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်း**

လက်သန်းအောက်တည့်တည့်၌ရှိနေသော ဒေါင်လိုက်လမ်းကြောင်းဖြစ်ပြီး ဆက်သွယ်ရေးဆိုင်ရာကိစ္စများ၊ မိသားစုအခြေအနေများအား ကိုယ်စားပြုသည်။ ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းသည် ဗုဒ္ဓဟူးဂြိုဟ်ခုံ ဗုဒ္ဓဟူးကိုယ်စားပြုလက်ချောင်းတို့နှင့် ဆက်နွယ်လျက်ရှိသည်။

**လက်ချောင်းများ (Fingers)**

လက်ချောင်းများအား လေ့လာရာ၌ အမှတ်အသား၊ အစက်အပြောက်များနှင့် ထင်ရှားစွာရှိနေသောလမ်းကြောင်းငယ်များကိုပါ သေချာစွာ လေ့လာ စစ်ဆေးရန် လိုအပ်သည်။

**လက်ချောင်းတစ်ချောင်းချင်းအလိုက် သက်ဆိုင်ရာအမည်များ**

လက်သန်း (ဗုဒ္ဓဟူးဂြိုဟ်ကိုယ်စားပြုလက်ချောင်း) - Mercury


လက်သူကြွယ်(အပိုလို/တနင်္ဂနွေဂြိုဟ်ကိုယ်စားပြုလက်ချောင်း) - Apollo

လက်ခလယ် (စနေဂြိုဟ်ကိုယ်စားပြုလက်ချောင်း) - Saturn

လက်ညှိုး (ကြာသပတေးဂြိုဟ်ကိုယ်စားပြုလက်ချောင်း) - Jupiter

လက်မ(Athena- လက်မ၏ဒုတိယမြောက် လက်ချောင်းရိုး)

(Rhea- လက်မ၏ထိပ်ဖျား၊ ပထမဆုံး လက်ချောင်းရိုး)




**The Fingers**
**(လက်ချောင်းများ)**

**(Thumb) လက်မ**

လိုအင်ဆန္ဒရှိသည့်အတိုင်းလုပ်နိုင်စွမ်းရှိခြင်းကို ဖော်ပြသည်။ လက်မ၏လက်ချောင်းရိုးများအား လေ့လာပါက လက်မထိပ်ဖျားပိုင်း ပထမဆုံးလက်ချောင်းရိုး Rhea၊ ဒုတိယလက်ချောင်းရိုး Athena နှင့် သောကြာ Venus တို့အား နတ်ဘုရား (၃) ပါးက ကိုယ်စားပြုထားသည်ဟု ရှေးခေတ်ကျမ်းဂန်များ၌ ရှာဖွေတွေ့ရှိရသည်။ ထို့ကြောင့် လက်ချောင်း အစိတ်အပိုင်းတစ်ခုစီအလိုက် အကျိုးသက်ရောက်မှုတစ်ခုစီပေးနိုင်ကြောင်း လေ့လာနိုင်ပါသည်။

**(Pointer finger) လက်ညှိုး**

ကြာသပတေးဂြိုဟ်လက်ချောင်းဟုလည်းခေါ်သည်။ ကြာသပတေးဂြိုဟ်သည် ရောမနတ်ဘုရား၊ ဂရိနတ်ဘုရား Zeus အား ကိုယ်စားပြုထားသည်။ ဘဝ၌ အောင်မြင်မှုအမျိုးမျိုးအား ကြာသပတေးဂြိုဟ်က ရည်ညွှန်းဖော်ပြသည်။

**(Middle finger) လက်ခလယ်**

လက်ခလယ်သည် စနေဂြိုဟ်ကိုယ်စားပြုလက်ချောင်းပင် ဖြစ်သည်။ စနေဂြိုဟ် (Saturn) သည် ရောမနတ်ဘုရားအား ရည်ညွှန်းသည်။ (Saturn) နတ်ဘုရားသည် တရားမျှတခြင်း၊ ရိတ်သိမ်းခြင်း၊ အကျိုးစီးပွားခံစားခြင်းတို့အား ရည်ညွှန်းသည်။ တစ်နည်းအားဖြင့် မိမိစိုက်ပျိုးထားသည့်အတိုင်း မိမိကိုယ်တိုင်ရိတ်သိမ်းရခြင်းကို ရည်ညွှန်းသည်။

စနေဂြိုဟ်ကိုယ်စားပြုလက်ခလယ်သည် တာဝန်ရှိခြင်း၊ တာဝန်ယူခြင်း၊ စည်းကမ်းရှိခြင်း၊ ဥပဒေလိုက်နာခြင်းတို့ကိုလည်း ကိုယ်စားပြုသည်။

**(Ring finger) လက်သူကြွယ်**

လက်သူကြွယ်သည် အပိုလိုလက်ချောင်း (သို့) တနင်္ဂနွေဂြိုဟ်ကိုယ်စားပြုလက်ချောင်းပင် ဖြစ်သည်။

အပိုလိုနတ်ဘုရားသည် ဂီတသမား ဖြစ်သည်။ ၎င်းပြင် အပိုလိုသည် လောကအား အလင်းရောင်ပေးသည့်သဘောကို ရည်ညွှန်းသည်။

လက်သူကြွယ်သည် အတွင်းစိတ်၏ လိုအပ်ဆန္ဒအမျိုးမျိုးအား ရည်ညွှန်းပြီး ဂီတ၊ အက၊ ပန်းချီ၊ ဖန်တီးနိုင်စွမ်းအားကောင်းသည့်အနုပညာအား ကိုယ်စားပြုထားသည်။

ၾင်းပြင် အပိုလို (Apollo) သည် ဆေးဝါးကို ကိုယ်စားပြုသည့်နတ်ဘုရားအား ရည်ညွှန်းသည်။ ရှေးခေတ်ဆေးဆရာများအနေဖြင့် စပ်ပြီးဖျော်သည့်ဆေးများအား လက်ခလယ်ဖြင့် သာမွှေတတ်လေ့ရှိသည်ကို လေ့လာနိုင်ပါသည်။

**(Pinkie finger) လက်သန်း**

လက်သန်းအား Pinkie finger (သို့)ဗုဒ္ဓဟူးဂြိုဟ်ကိုယ်စားပြုလက်ချောင်းဟုလည်း ခေါ်သည်။ ရောမနတ်ဘုရား Mercury (မာကျူရီ) သည် ဂရိနတ်ဘုရား Herme (ဟာမီ) အား ရည်ညွှန်းသည်။

ဗုဒ္ဓဟူးဂြိုဟ်ကိုယ်စားပြုသောလက်ချောင်းဖြစ်သောကြောင့် အင်တာနက်၊ တယ်လီဖုန်း၊ အလုပ်အကိုင် ရေစပ်ဆွေးနွေးခြင်း၊ စာသင်ခြင်းတို့အား ကိုယ်စားပြုထားသည်။

**ဂြိုဟ်ခုံ ကြွယ်ပွင့်နှင့် အမြားထူးခြားသည့် အမှတ်လက္ခဏာများ**

Mercury (ဗုဒ္ဓဟူးဂြိုဟ်ခုံ)
Apollo (တနင်္ဂနွေဂြိုဟ်ခုံ)
Saturn (စနေဂြိုဟ်ခုံ)
Jupiter (ကြာသပတေးဂြိုဟ်ခုံ)
Passive Mars (လက်ဝါးစောင်းနေရာအနီး ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားရှိ အင်္ဂါဂြိုဟ်ခုံ)
Plain of Mars (စနေဂြိုဟ်ခုံနှင့် ကြာသပတေးဂြိုဟ်ခုံတို့အောက်ရှိ အင်္ဂါဂြိုဟ်ခုံ)
Uranus (Passive Mars အောက်တည့်တည့်ရှိ ယူရေးနပ်စ်ဂြိုဟ်ခုံ)
Active Mars (လက်ညှိုး၊ လက်မခွကြားအောက်တည့်တည့် သောကြာဂြိုဟ်ခုံ၏အပေါ်ရှိ အင်္ဂါဂြိုဟ်ခုံ)
Luna (တနင်္လာဂြိုဟ်ခုံ)
Neptune (လက်ဝါးပြင်အလယ်ပိုင်း တနင်္လာဂြိုဟ်ခုံအနီးရှိ နက်ပ်ကျွန်းဂြိုဟ်ခုံ)
Venus (သောကြာဂြိုဟ်ခုံ Active Mars အောက်တည့်တည့်၌ရှိသည်)
Pluto (လက်ဝါးပြင်အောက်ခြေနှင့် လက်ကောက်ဝတ်တို့ တွေ့ဆုံသည့် Moves နေရာရှိ ပလူတိုဂြိုဟ်ခုံ)

**(Mount of Venus) သောကြာဂြိုဟ်ခုံ**

လက်မအောက်တည့်တည့်တွင်ရှိသော သိသာထင်ရှားသော ဂြိုဟ်ခုံတစ်ခု ဖြစ်သည်။ သောကြာဂြိုဟ်ခုံသည် ချစ်ခြင်း-မုန်းခြင်း၊ ဖိုမကိစ္စများအား ရည်ညွှန်းဖော်ပြသည်။ တစ်ခါတစ်ရံ သောကြာဂြိုဟ်ခုံပေါ်၌ ကောင်းကျိုးပြုသော အမှတ်အသားများပေါ်နေတတ်သည်။

**(Lunar mount) တနင်္လာဂြိုဟ်ခုံ**

လက်မအောက်တည့်တည့်တွင်ရှိသော သောကြာဂြိုဟ်ခုံနှင့် ဆန့်ကျင်ဘက်မျက်နှာချင်းဆိုင်ဖြစ်နေသည်။ လက်သန်းအောက်တည့်တည့်လက်ဝါးစောင်းအနီးရှိဂြိုဟ်ခုံဖြစ်သည်။ တနင်္လာဂြိုဟ်ခုံသည် စိတ်ကူးအတွေးအခေါ်များ၊ စိတ်ပိုင်းဆိုင်ရာခံစားချက်များ၊ မသိစိတ်ဆိုင်ရာ အခြေအနေ အဖြစ်အပျက်များအား ကိုယ်စားပြု ဖော်ပြထားသည်။

**(Mars) အင်္ဂါဂြိုဟ်ခုံ**

လက်ဝါးပြင်အလယ်နေရာတစ်ခုလုံးသည် အင်္ဂါဂြိုဟ်ခုံ၏နယ်နိမိတ်ပင်ဖြစ်သည်။ Mars (မားစ်) သည် စစ်မက်ရေးရာနတ်ဘုရား၏အမည်လည်း ဖြစ်သည်။

Mars ဟူသော အမည်၏ အစစာလုံးမှာ M ဖြစ်ပြီး လက်ဝါးပြင်ပါ အဓိကလမ်းကြောင်း (ဦးခေါင်းလမ်းကြောင်း၊ နှလုံးလမ်းကြောင်း၊ အသက်လမ်းကြောင်း) တို့ တစ်ပါတည်းပါဝင်အောင်ရေးနိုင်သည့်စာလုံးပင်ဖြစ်သည်။

**Mount of active Mars**
**(လက်ညှိုး-လက်မခွကြားအောက်တည့်တည့် သောကြာဂြိုဟ်ခုံအပေါ်ဘက်ရှိ အင်္ဂါဂြိုဟ်ခုံ)**

လက်ညှိုး၊ လက်မခွကြားတွဲဆက်နေသော အရေပြား၏ အောက်တည့်တည့်နေရာတွင်တည်ရှိပြီး ကြမ်းတမ်းခက်ထန်ခြင်း၊ အနိုင်အမာပြောဆိုခြင်းတို့အား ရည်ညွှန်းသည်။

**Mount of Passive Mars**

လက်ဝါးစောင်းနေရာအနီး ဦးခေါင်းလမ်းကြောင်းနှင့်နှလုံးလမ်းကြောင်းတို့အကြားရှိ အင်္ဂါဂြိုဟ်ခုံဖြစ်ပြီး လက်ညှိုးလက်မအောက်ရှိ (Active Mars) နှင့် မျက်နှာချင်းဆိုင်လျက်ရှိသည်။

အဆိုပါ အင်္ဂါဂြိုဟ်ခုံသည် သူတစ်ခြားသူအပေါ် တုံ့ပြန်လှုပ်ရှားမှုများအား ရည်ညွှန်းသည်။

Passive Mars သည် အင်္ဂါဂြိုဟ်ခုံ (အမ) ဖြစ်ပြီး

Active Mars အင်္ဂါဂြိုဟ်ခုံ (အဖို) ဖြစ်သည်။

**Plain of Mars**
**(စနေဂြိုဟ်ခုံနှင့် ကြာသပတေးဂြိုဟ်ခုံတို့အောက်ရှိအင်္ဂါဂြိုဟ်ခုံ)**

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့အကြား Mount of




**The Mounts (ဂြိုဟ်ခုံများ)**

Active နှင့် Mount of Passive တို့ အကြား၌ရှိနေသော အင်္ဂါဂြိုဟ်ခုံအား ဆိုလိုသည်။

အကယ်၍ Active Mars သည် သင့်အတွက် ရန်သူအဖြစ်ရှိနေပြီး Passive Mars က သင့်အား အကာအကွယ်ဖြစ်စေပါက Plain of Mars သည် စစ်တလင်းနေရာသဖွယ်ရှိနေမည် ဖြစ်သည်။ ထိုသို့သော အနေအထားတွင် သင်သည် ဘဝတစ်သက်တာ၌ Plain of Mars ၏ အနေအထားအတိုင်းဖြစ်နေပါက အတိုက်အခံပြဿနာများ၏ ဆက်မပြတ် ကြုံတွေ့နေရမည်ဖြစ်သည်။

**Mount of Uranus (ယူရေးနပ်စ်ဂြိုဟ်)**

Passive Mars နှင့်တနင်္လာဂြိုဟ်ခုံ Luna တို့အကြား လက်ဝါးစောင်းနေရာ အနီး၌ တည်ရှိသည်။ စိတ်ကူးအတွေးအခေါ် နှင့် တီထွင်ဉာဏ်စွမ်းရှိခြင်းတို့ကို ရည်ညွှန်းသည်။

**Mount of Neptune (နက်ပ်ကျွန်းဂြိုဟ်ခုံ)**

တနင်္လာဂြိုဟ်ခုံအတွင်းဘက်နှင့် နီးကပ်စွာရှိနေသောဂြိုဟ်ခုံကို ဆိုလိုသည်။

နက်ပ်ကျွန်းဂြိုဟ်ခုံသည် ခရီးသွားခြင်း၊ ဖန်တီးနိုင်စွမ်းရှိခြင်း၊ စိတ်ကူးအိပ်မက်များအား လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်းတို့အား ရည်ညွှန်းသည်။

**Mount of Pluto (ပလူတိုဂြိုဟ်ခုံ)**

လက်ဝါးပြင်အဆုံး လက်ကောက်ဝတ်အနီးတွင်ရှိသော ပြောင်းရွှေ့နိုင်သည့်ဂြိုဟ်ခုံ ဖြစ်သည်။ ပလူတိုဂြိုဟ်ခုံသည် တနင်္လာဂြိုဟ်ခုံအောက်တည့်တည့်နှင့် သောကြာဂြိုဟ်ခုံအောက်တည့်တည့်နေရာများအား ထိစပ်လျက်ရှိသည်။ သွေးသားရင်းချာ မောင်နှမများဆက်ဆံရေး၊ အသွင်ပြောင်းလဲခြင်းတို့အား ကိုယ်စားပြုထားသည်။

**အရွယ်အစားသေးငယ်လေ အဓိပ္ပာယ်ပိုမိုနက်ရှိုင်းလေဖြစ်သော လက်ဝါးပြင်ပေါ်မှအမှတ်အသားများ**

လက်ဝါးပြင်အား ရှေ့ဘက်နှင့် ကျောဘက်နှစ်ခုစလုံးတွင် သေချာအောင် လေ့လာပေးပါ။ ထို့နောက် လက်ကောက်ဝတ်နေရာမှအမှတ်အသားများ၊ လက်ချောင်းများအနေအထားနှင့် အမှတ်အသားများအား သေချာစွာလေ့လာပေးပါ။

သင်သည် မိမိလက်ဖဝါးအား နေ့စဉ်ပုံမှန်ကြည့်ရှုစစ်ဆေးပေးခြင်းဖြင့် မြင်တွေ့နေကျပုံစံဖြစ်လာပြီး လက်ဝါးပြင်ပါအရေးအကြောင်းနှင့် အမှတ်အသားများအား ရင်းနှီးကျွမ်းဝင်လာပါသည်။ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ လက်ဝါးပြင်ပါ အမှတ်အသားများအပြင် မျက်စိ၊ ဆံပင်၊ အရေပြားအရောင်တို့ကိုပါစစ်ဆေး၍ သတင်းချက်များ ရရှိနိုင်ပါမည်။

**နံနက်ခင်း အိပ်မှုမထွက်မီ လက်ဝါးပြင်ပါ လက္ခဏာ (၅) ရပ်အားစစ်ဆေးခြင်း**

နံနက်ခင်း မိမိအိပ်မှ မထွက်ခွာမီ အိပ်ပြင်ပ၌ ကြုံတွေ့ရလတ္တံ့သော အန္တရာယ်အတားအဆီးများ ရင်ဆိုင်ရနိုင်သော စိန်ခေါ်မှုများအတွက် လိုအပ်သလိုကြိုတင်ပြင်ဆင်နိုင်ရန် လက်ဝါးပြင်အား ဦးစွာစစ်ဆေးပေးသင့်သည်။ အများအားဖြင့် နာမကျန်းဖြစ်ခြင်းကြောင့် ခရီးစဉ်ဖျက်ရခြင်း၊ အလုပ်ခွင်သို့ ခွင့်တိုင်ခြင်းများကြုံရတတ်သည်။

Skin and Nail Changes (အရေပြားနှင့် လက်သည်းအရောင်ပြောင်းလဲခြင်း)

Stars (ကြယ်များ)

Circles (စက်ဝိုင်းပုံအမှတ်အသားများ)

Dots (အစက်အပြောက်များ)

Squares (လေးထောင့်ကွက်များ)

Tridents (ခက်ရင်းခွပုံများ)

Grids or Grilles (သံစကာကွက်များ)

Triangles (တြိဂံပုံစံအမှတ်အသားများ)


Checks (ခြဲခြစ်ရာပုံစံများ)

Line Changes (လမ်းကြောင်းပြောင်းလဲပုံစံများ)

Crosses (ကြက်ခြေခတ်များ)

**လက်ဝါးပြင်ပေါ်ရှိ ဂြိုဟ်ခုံများနှင့် လမ်းကြောင်းများပေါ်တွင်ပါရှိနေသော အရောင်ပါအစက်အပြောက်များ**

အရောင်ပါအစက်အပြောက်များသည် ဂြိုဟ်ခုံများ၊ လက်ချောင်းများပေါ်တွင်ပါရှိနေပါက အခက်အခဲ အတားအဆီးများ ပေါ်ပေါက်လာနိုင်ကြောင်း ရည်ညွှန်းသည်။ နံနက်ခင်း အိပ်မှမထွက်ခွာမီ လက်ရေးပြင်၌ စစ်ဆေးသင့်သော အရောင်ပါအစက်အပြောက်များအား တွေ့ရှိရပါက (အဖြူရောင်၊ အဝါရောင်၊ အမည်းရောင်၊ အပြာရောင်အစက်အပြောက်များဖြစ်ပါက) သင့်ကိုယ်ခံအား နည်းပါးနေပြီး ကျန်းမာရေးအတွက် အထူးသတိထားရန်လိုကြောင်း အသိ




**နံနက်ခင်း အိပ်မှမထွက်ခွာမီ လက်ဝါးပြင်ပါလက္ခဏာ (၅) ရပ်အား စစ်ဆေးခြင်း**

ပေးနေမည်ဖြစ်သည်။

အကယ်၍ အစက်အပြောက်များသည် အစိမ်းရောင်၊ အနီရောင်ဖြစ်နေပါက စိတ်လှုပ်ရှားစရာ အခြေအနေများနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ လက္ခဏာရှင်အနေဖြင့် မိမိကိုယ်မိမိ အထူးသတိထားပြီး ထိန်းချုပ်နိုင်ရန် လိုအပ်ကြောင်း အသိပေးနေပါမည်။ အကယ်ပါ လက်ဝါးပြင်တွင် ပန်းရောင်အစက်အပြောက်များပါရှိနေက ကောင်းသောအတိတ်နိမိတ်ကိုဖော်ပြပြီး ကျန်းမာရေးဒေါင်ဒေါင်မြည်ကာ ကြံစည်လုပ်ကိုင်သမျှ လုပ်ငန်းအားလုံးထမြောက်အောင်မြင်တော့မည့်နိမိတ်ပင် ဖြစ်သည်။

**ကြယ်၊ ခက်ရင်းခွ၊ သံဆန်ခါကွက်များပါရှိနေခြင်း**

အထက်ပါအမှတ်လက္ခဏာအားလုံး ဂြိုဟ်ခုံများပေါ်၌ အများဆုံးပါရှိတတ်ကြသည်။အများအားဖြင့် ခက်ရင်းခွများမှာ အကျိုးသက်ရောက်မှုအနည်းငယ်သာရှိတတ်ကြသည်။ အကယ်၍ ခက်ရင်းခွများ ကြီးမားထင်ရှားခြင်း၊ အတွင်းနက်နက်ဝင်နေခြင်းတို့ရှိပါက အကျိုးသက်ရောက်မှုများ ကြာရှည်နေတတ်သည်။ ခက်ရင်းခွများသည် လက္ခဏာရှင်အတွက် အကာအကွယ်ပစ္စည်းအဖြစ် တည်ရှိကြသည်။ ခက်ရင်းခွပါရှိသူတို့အဖို့ မည်သည့်အခြေအနေတွင်မဆို ခလုတ်မထိ ဆူးမငြိဘဲ အကာအကွယ်ကောင်းစွာဖြင့် ရပ်တည်နိုင်ကြသည်။

ထို့အတူ သံဆန်ခါကွက်များပါရှိသူတို့အနေဖြင့်လည်း မပြောပလောက်သော အခက်အခဲ အတားအဆီးများလောက်သာကြုံတွေ့ရမည် ဖြစ်သည်။

ခက်ရင်းခွ၊ သံဆန်ခါကွက်များနှင့် အကျိုးသက်ရောက်မှု ဆန့်ကျင်ဘက်ဖြစ်သောကြယ်များသည် လက်ဝါးပြင်တွင်ပါရှိနေခဲ့ပါက လုံးဝမကောင်းသောလက္ခဏာပင်ဖြစ်သည်။ ကြယ်ပုံစံအမှတ်အသားပါရှိသည်နှင့် အများအားဖြင့် မကောင်းသော အကျိုးသက်ရောက်မှုပေးနိုင်သော်လည်း ဘဝ၌အောင်မြင်မှုအထွတ်အထိပ်ရရှိသူများအား လေ့လာပါက လက်ဝါးပြင်၌ကြယ်အမှတ်အသားထင်ရှားစွာ ပါရှိသည်ကို တွေ့ရှိရသည်။

**လေးထောင့်ကွက်၊ ဘဲဥပုံ၊ စက်ဝိုင်းပုံ၊ တြိဂံပုံ၊ ကြက်ခြေခတ်အမှတ်အသားများ**

ဂြိုဟ်ခုံများပေါ်၌ လေးထောင့်ကွက်၊ ဘဲဥပုံ၊ စက်ဝိုင်းပုံ၊ တြိဂံပုံနှင့် ကြက်ခြေခတ်အမှတ်အသားများ ပါရှိနေပါက ကောင်းသောလက္ခဏာအဖြစ် မှတ်ယူနိုင်ပါသည်။ အထူးသဖြင့် တြိဂံပုံအမှတ်အသားများက ပို၍ပင်ကောင်းသောနိမိတ်ကို ဖြစ်ပေါ်စေသည်။ တြိဂံပုံအမှတ်သင်္ကေတများ ပါရှိခြင်းဖြင့် ကံကောင်းခြင်းအမျိုးမျိုးကို ဖြစ်ပေါ်စေသည်။

အလားတူ စက်ဝိုင်းပုံ အမှတ်သင်္ကေတများသည် ပြဿနာ အခက်အခဲများအား ရင်ဆိုင်ကျော်လွှားနိုင်သော အခြေအနေအား ဖြစ်ပေါ်စေပြီး စွမ်းအင်ကောင်းများ ပိုင်ဆိုင်ထားခြင်းသဘောကို ရည်ညွှန်းသည်။

ထို့အတူ လေးထောင့်ကွက်အမှတ်အသားများသည်လည်း ကောင်းသောအကျိုးသက်ရောက်မှုကို ပေးစွမ်းနိုင်ကြသည်။

အချို့ လေးထောင့်ကွက်အမှတ်အသားများပါရှိခြင်း များလွန်းနေပါက မကောင်းသော အကျိုးသက်ရောက်မှုရှိသည်ဟု ယုံကြည်ထားကြသည်။ လေးထောင့်ကွက်များသည် ကောင်းခြင်း၊ ဆိုးခြင်းဟူသော ဆန့်ကျင်ဘက်သဘောများအား တွဲဖက်ပိုင်ဆိုင်ထားကြသည်။

လေးထောင့်ကွက်သည် လမ်းကြောင်းတစ်ခုအား ကျိုးပြတ်စေသောပုံစံဖြင့်ရှိနေပါက (အထူးသဖြင့် အသက်လမ်းကြောင်းပေါ်တွင် လေးထောင့်ကွက်ရှိနေပါက) ယင်းကို ကာကွယ်ရေးလေးထောင့်ကွက်အဖြစ် ခေါ်ဆိုသတ်မှတ်နိုင်သည်။ ၎င်းလေးထောင့်ကွက်သည် တစ်သက်တာကာလတစ်လျှောက်လုံး လက်ဝါးပိုင်ရှင်အား ပုံစံ-အနေအထားအမျိုးမျိုးဖြင့် အကာအကွယ်ပေးနေမည်ဖြစ်သည်။

ဘဲဥပုံ အမှတ်သင်္ကေတသည် လက်ဝါးပိုင်ရှင်နှင့် ပတ်သက်နေသော အမျိုးသမီးများအား ရည်ညွှန်းသည်။

ကြက်ခြေခတ်အမှတ်အသားသည် ဘဝရည်မှန်းချက်များပြည့်ဝပြီး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းအဓိပ္ပာယ်အား ကိုယ်စားပြုသည်။

**လမ်းကြောင်းများနက်ရှိုင်းခြင်း-တိမ်ခြင်း-တိုတောင်းခြင်း (သို့) ခွဲထွက်သွားသော လမ်းကြောင်းများပုံစံရှိနေခြင်း**

လက်ဝါးပြင်ပါ လက္ခဏာအရေးအကြောင်းများအား လေ့လာရာ၌ လမ်းကြောင်းများနှစ်ထပ်ပုံစံဖြစ်နေခြင်း ရှိမရှိ လမ်းကြောင်းများအတွင်းဘက်သို့ နက်ရှိုင်းစွာဝင်နေခြင်း (သို့) အပေါ်ယံမျှ တိမ်နေသော လမ်းကြောင်းဖြစ်ခြင်း၊ လမ်းကြောင်းများတိုတောင်းခြင်း၊ လမ်းကြောင်းနှစ်ထပ်ဖြစ်ခြင်း၊ လမ်းကြောင်းခွဲများစွာရှိနေခြင်း. . . တို့အား သေချာစွာ လေ့လာစစ်ဆေးရန် လိုအပ်သည်။ အထူးသဖြင့် အချို့သောလမ်းကြောင်းများက ခက်ရင်းခွပုံစံဖြင့် အဆုံးသတ်တတ်သည်ကို သတိပြုလေ့လာပေးပါ။

အထက်ခေါင်းစဉ်ပါ လက္ခဏာများဖြင့် လမ်းကြောင်းများအား အပြောင်းအလဲဖြစ်စေရာ၌ လမ်းကြောင်းတစ်ခုချင်းစီအလိုက် အဓိပ္ပာယ်အမျိုးမျိုးကို ဖြစ်ပေါ်စေသည်။

ဦးခေါင်းလမ်းကြောင်းတွင် ခေါင်းစဉ်ပါအတိုင်း သာမန်မဟုတ်သော အပြောင်းအလဲများရှိနေပါက သင့်လုပ်ငန်းအစီအစဉ်များနှင့် စဉ်းစားဆုံးဖြတ်မှုများ၌ အပြောင်းအလဲရှိနေကြောင်း အသိပေးနေပါသည်။

အကယ်၍ နှလုံးလမ်းကြောင်းတွင် သာမန်မဟုတ်သော အပြောင်းအလဲရှိနေပါက ဆက်ဆံရေးပုံစံများ၌ အပြောင်းအလဲများရှိနေကြောင်း ဖော်ပြနေပြီး အသက်လမ်းကြောင်းပေါ်တွင် အပြောင်းအလဲရှိနေပါက ကျန်းမာရေး အလုပ်အကိုင်နှင့် ပတ်ဝန်းကျင်ဆက်ဆံရေးတို့၌ ထိခိုက်မှုများရှိနေကြောင်း ဖော်ပြပါသည်။

**လက်ဝါးပြင်အား ဖိနှိပ်ခြင်းဖြင့် တုံ့ပြန်မှု လက်ဝါးအသားရေ အကြမ်း-အနု၊ လက်ဝါးပြင်တစ်ခုလုံး၌ သိသာထင်ရှားသောအရောင်နှင့် လက်သည်းခွံအရောင်များ**

လက်ဝါးပြင်သည် အသားများဆူဖြိုးနေခြင်း၊ ချွေးစေးများဖြင့် စေးထန်းနေခြင်း၊ အသားအေးခြင်း၊ လက်ဝါးပြင်အရောင် မီးခိုးရောင်သန်းခြင်း၊ လက်သည်းဝါခြင်း. . . တို့ ရှိ၊ မရှိသေချာစွာ စစ်ဆေးပေးပါ။

လက်သည်းအရောင်ဝါနေခြင်းသည် ကျန်းမာရေးထိခိုက်နေသည့် အနေအထားအား ဖော်ပြပြီး ချွေးစေးဖြင့် စေးထန်းနေသော လက်အနေအထားဖြစ်ပါက စိတ်ဖိစီးစရာကိစ္စများရှိနေကြောင်း အနားယူရန် သင့်တော်ကြောင်း အသိပေးနေခြင်း ဖြစ်သည်။

ဦးအောင်မင်း



# သုဓ (နဝင်းမြို့)
## သင်ဇာကဲ့သော ညိုးနွမ်းနေလျှင်

တော်သတင်းလဆန်း ၁ ရက် ဖြစ်ပါသည်။ ကျွန်ုပ် နိစ္စမ္ဗူဝကျင့်ဝတ်နှင့် အရဟံမဟာသိဒ္ဓိအဓိဋ္ဌာန်ကျင့်စဉ်ကြီး တတိယဝါရကြီး၏ (၁၆) ကြိမ်မြောက် (၉) ရက် အဓိဋ္ဌာန်ကျင့်စဉ်၏ (၈) ရက်မြောက်နေ့နှင့် ပဋ္ဌာန်းအဓိဋ္ဌာန်တို့ကို နေ့စဉ်ပြုဖွယ်ကိစ္စများပြီးစီးသွားသဖြင့် ဘုရားခန်းမှထွက်လာခဲ့ပါသည်။

ကျွန်ုပ်၏ပါရမီဖြည့်ဖက်ဟုပြောရမည့် ဇနီးသည် စီမံပေးသည့် အသားလွတ်ဆန်ပြုတ်ကို ဝမ်းမီးငြိမ်းစေရန်အတွက် သောက်နေချိန် ဖြစ်သည်။

ထိုစဉ်တွင် အိမ်ရှေ့ဧည့်ခန်းမှာ လူရွယ်တစ်ယောက် ရောက်ရှိလာပြီး ကျွန်ုပ်ကိုခေါ် နေလေတော့၏။ ကျွန်ုပ်ဇနီးမှ ထိုလူငယ်ကို အကြောင်းအကျိုးပြော၍ ဧည့်ခန်းမှာစောင့်ရန် မှာထားလိုက်လေသည်။ ကျွန်ုပ်အစောစာအတွက် အသက်သာလွတ်ဆန်ပြုတ်ပူပူကလေးကို ဇရုတ်ကောင်းမှုနှ အနည်းငယ်ပေါက်ကာ သောက်ပြီးသည်နှင့် ထမင်းစားခန်းမှ အိမ်ရှေ့ဧည့်ခန်းကို ထွက်လာခဲ့ပါသည်။

ဧည့်ခန်းတွင် ထိုင်စောင့်နေသော လူငယ်မှ ကျွန်ုပ်ကိုမြင်လိုက်သည်နှင့် မတ်တတ်ရပ်ပြီး ကျွန်ုပ်ကို ဂရုဂါရဝပြု၍ နှုတ်ဆက်ပါတော့သည်။

"မောင်စောလှမြင့်၊ စောစောကြီးကိုရောက်လာတာက ကိစ္စအထူးရှိသလား"

ဟု စကားလမ်းကြောင်းပြီး စကားဆိုလိုက်ရလေတော့သည်။

ထိုသို့ ကျွန်ုပ်စကားပြောလိုက်သည်နှင့် စားပွဲပေါ် တွင်တင်ထားသော အမွေးတိုင်ထုပ်နှင့် ဖယောင်းတိုင်ထုပ်များထည့်ထားသည် ကျွတ်ကျွတ်အိတ်ကို ကျွန်ုပ်ထံလက်ရောက်ပေးအပ်လိုက်ပါသည်။

ထိုသို့ပေးနေစဉ်မှာပင် -

"အခုအိပ်ရာထမှာ ပြက္ခဒိန်ကြည့်လိုက်တော့ တော်သလင်းလဆန်း ၁ ရက်ရောက်နေတာမို့ ဆရာ့ဆီ အရောက်လာခဲ့တာပါ"

ဟု ပြောလေသည်။

ကျွန်ုပ်စားပွဲမှာ ထိုင်လိုက်ချိန်မှာပင် မောင်စောလှမြင့်လည်း ထိုင်ခုံပေါ်ပြန်ထိုင်ပြီး အောက်ပါစကားကိုပြောပြန်ပါတော့သည်။

"ကျွန်တော် အခုလာခဲ့ရတာက အကြောင်းကိစ္စ (၂) ခုရှိလို့ပါ ဆရာ။ တစ်ခုကတော့ လာမယ့်လဆန်း ၉ ရက်မှာ စနေကြုံနေတာမို့ အဓိဋ္ဌာန်ဝင်ရန်အတွက်နဲ့ နောက်တစ်ခုကတော့ ဟိုအရင်တုန်းက ဆရာပြောခဲ့ဖူးသလိုပေါ့ ဆရာရယ်။ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှာ အခွင့်အခါ ကြုံကြိုက်ခဲ့တဲ့အတွက်မို့ ပြန်လည်ရှုံးနိမ့်ခြင်းမရှိတဲ့ အောင်မြင်မှုမျိုးကို ရရှိပိုင်ဆိုင်နိုင်တဲ့ အစီအမံတစ်ခုကို ချီးမြှင့်ပေးဖို့ ဆရာဆီလာခဲ့တာပါ"

ဟု ရိုးရှင်းစွာပြောလိုက်ပါသည်။

ဟုတ်ပါသည်။ ကျွန်ုပ်သည် အခွင့်အခါကြုံတိုင်းမှာ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်တွင် တကယ်လုပ်လျှင် အဟုတ်ဖြစ်ပြီး အစွမ်းသိဒ္ဓိအထူးရစေနိုင်တဲ့ 'ကိုးစနေအဓိဋ္ဌာန်ကျင့်စဉ်' ဝါသနာတူလျှင်ကျင့်နိုင်ကြစေရန် စာချစ်သူမိတ်ဆွေများအတွက် ရေးသားခဲ့သည်မှာ နှစ်ကာလကြာခဲ့ပြီ ဖြစ်ပါသည်။

ကိုးစနေအဓိဋ္ဌာန်ကျင့်စဉ်တော်နှင့် ပတ်သက်ပြီး ယခုစာချစ်သူမိတ်ဆွေတို့ ဖတ်နေသည့် သူရဇ္ဇမဂ္ဂဇင်းစာဖတ်သူများမှ သူတို့၏အောင်မြင်မှုကို တစ်မျိုး၊ ကျင့်စဉ်နှင့်ပတ်သက်ပြီး သိချင်တာကို တစ်မျိုး ကျွန်ုပ်ထံ တယ်လီဖုန်းဖြင့် မေးမြန်းကြပြောကြသလို စာဖြင့်လည်း ရေးသား ပေးပို့ခဲ့ကြပါသည်။

ကျွန်ုပ်တပည့်များထဲမှ(၂)ယောက်ကဆိုလျှင် ကိုးစနေအဓိဋ္ဌာန်ဆိုလျှင် မရောက်ခင် သီတင်း(၃)ပတ်လောက်ကစပြီး ကျွန်ုပ်ထံရောက်လာကာ အဓိဋ္ဌာန်ကျင့်စဉ်တစ်ခုပေးရန်ကို တစ်ခုတ်တစ်ရတောင်းဆိုကြမြဲလည်း ဖြစ်ပေသည်။

တပည့်များ၏ဆန္ဒကို ဖြည့်ဆည်းပေးရခြင်းနှင့် စာချစ်သူမိတ်ဆွေများထဲမှ နှစ်လိုသောမိတ်ဆွေများ၊ ဝါသနာတူမိတ်ဆွေများအတွက် ကျွန်ုပ်ကိုယ်တိုင်လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကျော်က ဖြတ်သန်းလာခဲ့သည်။ ကျင့်စဉ်များထဲမှာ အခွင့်အခါကြုံသည်။ ကျင့်စဉ်ကို ရေးသား တင်ပြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်ယခုတင်ပြရေးသားသည့် 'ကိုးစနေအဓိဋ္ဌာန်ကျင့်စဉ်' သည် လောကီရေးရာ ဖြစ်ပါသည်။ သမထထူထောင်ပြီး သမာဓိအားကောင်းချိန်၌ ဝိပဿနာကူးသကဲ့သို့ပမာပြု၍ လောကီနယ်ပယ်မှ ကြောင့်ကြမှုတို့ ကင်းရှင်းပြီဆိုလျှင် ထာဝရအေးငြိမ်းသော အမတနယ်ကို အရောက်သွားနိုင်မည်ဖြစ်သည့်အတွက် အဦးအစ လောကီကပင် လွတ်မြောက်စေရန် ရည်သန်၍ရေးသားခြင်း ဖြစ်ပါသည်။

စာချစ်သူမိတ်ဆွေများ သိကြပြီးဖြစ်သောအကြောင်းကိုပင် တင်ပြခြင်းပါသေးသည်။ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်၏ ပညာအလိုအရ ကိုးစနေမှာ သိဒ္ဓိအထူးကို ပြီးမြောက်စေအောင်စေပါသည်။ ထိုအခါကောင်းကိုယူ၍ သုံးလောကသခင် မြတ်စွာဘုရားရှင်များဖြစ်ကြသော ပွင့်ထွန်းခဲ့ပြီးသည့် မရေမတွက်နိုင်သော ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိကဘုရား များစွာတို့၏ဂုဏ်တော်များနှင့် နှုတ်မြွက်ဟောထားခဲ့သော တရားတော်တို့မှ မိတ်ဆွေတို့၏ ကြိုက်နှစ်သက်သောဂုဏ်တော်တို့နှင့်တရားအစုတို့ကို အဓိဋ္ဌာန်တင်၍ ဆောင်ရွက်ခြင်းဖြင့်လည်း အောင်ပွဲဝင်နိုင်ကြပါသည်။

ယခုကိုးစနေအဓိဋ္ဌာန်ကျင့်စဉ်တွင် အဓိဋ္ဌာန်ဝင်ရမည့်ဂုဏ်တော်နှင့်အစီအမံတို့သည် သိဒ္ဓိရာဇာ ဆရာအောင် စီမံထားသောစနစ်ကို ရေးသားဖော်ပြမည် ဖြစ်ပါသည်။

သိဒ္ဓိရာဇာ ဆရာအောင်သည် ဆင်းရဲဒုက္ခရောက်နေသောခုနစ်နေ့သားသမီးတို့ ချက်ချင်း ဆင်းရဲခြင်းမှလွတ်မြောက်စေလိုသော စေတနာထားရှိသူဖြစ်ပါသည်။ သုံးလောကသခင် မြတ်စွာဘုရားရှင်၏မဟာကရုဏာတော်အတိုင်းကောင်းမှုကိုစွမ်းနိုင်သမျှ လိုလားတောင့်တတိုင်း ရရှိပြည့်စုံစေလိုခြင်း၊ မိမိကိုယ်ကိုကောင်းစွာ စောင့်ရှောက်စေလိုသည့် စေတနာဆန္ဒရှိသူလည်းဖြစ်ပါသည်။

အထက်က ရေးသားဖော်ပြထားခဲ့အတိုင်း တပည့်ဖြစ်သူ မောင်စောလှမြင့်၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ကတိပြုပေးလိုက်ရပါတော့သည်။

ယခု ရေးသားမည့် ကိုးစနေအဓိဋ္ဌာန်သည် -

- ❑ ဆင်းရဲဒုက္ခရောက်နေကြသူများ ချက်ချင်း ချမ်းသာရာရခြင်း။
- ❑ ချမ်းသာနေကြသူများ ပြည့်စုံတင့်တယ်ကြစေရန်ဖြစ်ပါသည်။

ယခု ကိုးစနေအဓိဋ္ဌာန်ကျင့်စဉ်ကို ဆောင်ရွက်ကြရာတွင် -

၁။ အဓိဋ္ဌာန်ကျင့်စဉ်ကတစ်ပိုင်း၊

၂။ အစီအမံကတစ်ပိုင်း

ဟု (၂) ပိုင်းခွဲထားပါသည်။

**၁။ အဓိဋ္ဌာန်ကျင့်စဉ်ပိုင်းတွင်**

မည်သူမဆို အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် နီးစပ်ရာ (အနီးဆုံး) စနေတစ်ရက်တွင် အဓိဋ္ဌာန်ကျင့်စဉ်ကို ဝင်ရောက်နိုင်ပါသည်။

**အဓိဋ္ဌာန်ဝင်ရာတွင် -**

- ❑ ဝါရငယ် (၉) ဝါရ သတ်မှတ်ထားပါသည်။
  တစ်ဝါရတွင် (၉) ရက် သတ်မှတ်ထားရှိသည့်အတွက် ဝါရငယ်(၉)ဝါရဖြစ်၍ ရက်အားဖြင့် (၈၁) ရက်ကြာမည် ဖြစ်ပါသည်။
- ❑ အဓိဋ္ဌာန်ဝင်ရမည့် စည်းကမ်းနည်းကို အောက်တွင် ဖော်ပြပေးထားပါသည်။
- ❑ တစ်ဝါရ (တစ်ကြိမ်) ကို (၉) ရက် သတ်မှတ်ရပါသည်။
- ❑ တစ်ဝါရ (၉) ရက်ပြီးသည်နှင့်ရပ်နားခြင်းမရှိစေဘဲ တစ်ဆက်တည်း (၉) ရက် နောက်တစ်ဝါရဝင်ရမည် ဖြစ်ပါသည်။
- ❑ ဝါရငယ် (၉) ခုအတွက် တစ်ဆက်တည်း အလပ်အခြားမရှိဝင်ရမည်ဖြစ်သော်လည်း တစ်ကြိမ်တစ်ခါတည်း (၈၁) ရက် သတ်မှတ်သော အဓိဋ္ဌာန်မတင်ရပါ။ တစ်ကြိမ်လျှင် (၉) ရက်သာလျှင် အဓိဋ္ဌာန်တင်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**အဓိဋ္ဌာန်တင်ရာတွင် ဥပမာပြရလျှင်**

ပထမ (၉) ရက်အဓိဋ္ဌာန်ပြီးသည်နှင့် ဒုတိယ (၉) ရက် အဓိဋ္ဌာန်၊ တတိယ (၉) ရက် အဓိဋ္ဌာန် စသည်ဖြင့် နဝမ (၉) ရက် အဓိဋ္ဌာန်ရောက် တစ်ကြိမ်စီ တင်သွားရန် ဖြစ်ပါသည်။

အဓိဋ္ဌာန်တင်ရာတွင် ဆောင်ရွက်ရမည့်ဂုဏ်တော်နှင့် ဂါထာတော်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**၁။ အဓိဋ္ဌာန်တင်ရန်ဂုဏ်တော်**

သော ဘဂဝါ ဣတိပိ အရဟံ၊

(လူနတ်ဗြဟ္မာသတ္တဝါတို့၏ပူဇော်အထူးကိုခံယူတော်မူထိုက်သောမြတ်စွာ

ဘုရား)

ပါဠိတော်ကို ရွတ်ဆိုပြီး မြန်မာလို နှလုံးသွင်းလိုက်ပါ။ ပြီးမှ ပုတီးတစ်လုံး ချပြီး (၁၀၈) ဂုဏ်တော်ပုတီးကုံး တစ်ပတ်စိပ်ရန် ဖြစ်ပါသည်။

၂။ ဒိဝါတပတိဂါထာတော်ကို (၁၀) ခေါက် ရွတ်ဆိုပူဇော်ရမည် ဖြစ်ပါသည်။

(ဂါထာတော်တစ်ခေါက် ရွတ်ဆိုပူဇော်ပြီးတိုင်း မြန်မာလိုနှလုံးသွင်းခြင်း၊ အနက်ရွတ်ဆိုခြင်းတို့ ပြုလုပ်ရမည် ဖြစ်ပါသည်။)

ထိုသို့ အဓိဋ္ဌာန်ကျင့်စဉ်ကာလတွင် မိမိ နေ့စဉ်နေ့တိုင်း ဆောက်ရွက်မြဲဖြစ်သည့် နိစ္စဘတ်ဝတ်ပြုချိန်တွင် ဆောင်ရွက်သွားနိုင်ပါသည်။

သစ္စာပြု ဆုမွန်တောင်းခံ၊ မေတ္တာပို့သ၊ ကုသိုလ်အမျှဝေရန်မှာ -

ကျွန်ုပ်သည် ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း (သီလခံယူခြင်းဆိုရာတွင် မိမိခံယူသောသီလကိုတည်ရန်) အရဟံဂုဏ်တော်ပုတီးစိပ်ခြင်း၊ ဒိဝါတပတိဂါထာတော်ရွတ်ဆိုပူဇော်ခြင်းတို့ အမှန်တကယ်ပြုလုပ်ပါ၏။ ဤမှန်သောသစ္စာစကားကြောင့် (မိမိလိုလားတောင့်တသော ဆုကိုတောင်းခံပါ) ရရှိရပါလို၏

ဟု သစ္စာပြုဆုတောင်းပါ။

ဝေနေယျများစွာတို့အား မေတ္တာပို့သပါ။

ကုသိုလ်အမျှဝေပါ။

နေရပ်ဌာနသို့ ပင့်ဖိတ်ထားသူများ ပြန်ပို့ပါ။

အဓိဋ္ဌာန်အပိုင်းပြီးသွားသည်နှင့် အစီအမံကိုပါ ပူးတွဲဆောင်ရွက်လိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် အောက်ပါအတိုင်း အဓိဋ္ဌာန်ကာလမတိုင်မီကပင် ကြိုတင်ပြီးစီမံဆောင်ရွက်ထားရမည် ဖြစ်ပါသည်။

အဓိဋ္ဌာန်ကာလ စတင်သည့်ရက်တွင် အစီအမံပြုလုပ်ထားသည်ကိုလည်း တစ်ပြိုင်တည်း ပူဇော်ရမည်ဖြစ်ပါသည်။

**▫ အစီအမံကိုစီမံဆောင်ရွက်ရန်**

ပျားဖယောင်း (၃) ကျပ်သား

မိုင်းကိုင်စက္ကူ

ချည်ဝင် (သို့မဟုတ်) ဝါချည်ကြိုးလုံးချည်ငင်တို့ ဖြစ်ပါသည်။

**▫ စီမံပုံ**

၁။ ပျားဖယောင်းကို သန့်ရှင်းသွားအောင် ဦးစွာဆောင်ရွက်ထားရှိပါ။

၂။ မိုင်းကိုင်စက္ကူပေါ်တွင် ဘုရားလောင်းသိဒ္ဓတ္ထ၏ဇာတာ (ဘုရားဇာတာတော်)ပါဝင်၏။ သရဏဂုံသုံးချက်အင်းတို့ကို စီမံရေးထားရပါမည်။

၃။ ထိုဇာတာပါသည့် သရဏဂုံအင်းကို မီးစာချည်ပြုလုပ်၍ သန့်ရှင်းစင်ကြယ်ထားသော ပျားဖယောင်းဖြင့် ဖယောင်းတိုင်ပြုလုပ်ရန် ဖြစ်ပါသည်။

သရဏဂုံ (၃) ချက် ဇာတာတော်စက်မြတ်ဟုခေါ်သော ဖယောင်းတိုင်ကို (သရဏဂုံသုံးပါး) ဖြင့် (၃) ခေါက်စီရွတ်ဆိုပူဇော်ပြီး သိဒ္ဓိတင်ပါ။

အသင့်ဖြစ်ပါက အဓိဋ္ဌာန်ရက်တွင် တစ်ပြိုင်တည်းပူဇော်ပါ။

ယခု ရေးသား တင်ပြခဲ့သည့် သရဏဂုံသုံးချက်ဇာတာတော်စက်မြတ် (အလင်းတိုင်) သည် -

ခုနစ်နေ့သားခုနစ်နေ့သမီးတို့တွင်-

၁။ ကျန်းမာရေးလွန်စွာညံ့သည့်အခါ၊

၂။ စီးပွားရေး အကျပ်အတည်းဖြစ်သည့်အခါ၊

၃။ ဘေးဒုက္ခတစ်စုံတစ်ရာ ကြုံတွေ့လျှင်၊

၄။ အထူးထူးသော အမှောင့်ပယောဂ၊ အနှောင့်အယှက်၊ အပြိုင်အဆိုင်၊ မကောင်းကြံစည်ခြင်းတို့ခံရသော အခါတို့တွင် စီမံဆောင်ရွက်နိုင်ပါသည်။

သရဏဂုံ (၃) ချက် ဇာတာတော်စက်မြတ် စီမံရသောအင်းကို အောက်တွင် ဖော်ပြထားပါသည်။

သရဏဂုံအင်း (၃) အင်းအလယ်ကွက်တွင် မိမိလိုလားသောစာကို ဖြည့်ရေးသားရန် ဖြစ်ပါသည်။

ဥပမာ -

၁။ အောင်မြင်စေ

၂။ တိုးတက်စေ

စသည်တို့ကို ရေးသားနိုင်ကြပါသည်။

မိမိတို့ကြုံတွေ့နေရသော အခက်အခဲအမျိုးမျိုးကို ကျော်လွှားနိုင်စေရန် ဆောင်ရွက်နိုင်ကြပါသည်။

'မိမိ၏စေတနာသည် မိမိ၏အရင်းအနှီးဖြစ်သည်'

ဟု အဆိုတစ်ခုကို သိဒ္ဓိရာဇာဆရာအောင်က အမှာစကားထားရှိခဲ့ပါသည်။ စာချစ်သူမိတ်ဆွေများအနေဖြင့် အမှန်ပင် စေတနာမှန်နှင့်ကြံစည်ကြမည်ဆိုလျှင် မုချအောင်မြင်မည်ဖြစ်ပါသည်။

ကံဇာတာ ညှိုးနွမ်းမည်ဆိုလျှင် သို့မဟုတ် တင့်တယ်မှုအပေါင်းအမြဲရစေလိုလျှင် ရက် (၉၀) ပြည့်ပြီးတိုင်း ထိုအစီအမံကို ပြုလုပ်ပူဇော်နိုင်ကြပါသည်။ ကြီးမြတ်သူကို လေးစားကြခြင်း၊ ငယ်ရွယ်သူတို့အား ချီးမြှင့်ပေးခြင်း၊ ရွယ်တူကို လေးစား၍ သာသနာတော်အကျိုးကိုသယ်ပိုးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

သုဒ္ဓ(နဝင်းမြို့)




| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဗု | ရ | ဏ္ဍာ | ဓ | ရ | ဏ္ဍာ | သံ | ရ | ဏ္ဍာ |
| ဂ | | ဒ္ဓံ | ဂ | | မ္မံ | ဂ | | ယံ |
| သ | မိ | ဏံ | သ | ပိ | ဏံ | သံ | မိ | ဏံ |

သရဏဂုံသုံးချက်ဇာတာတော်စက်

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့လူ့ဘောင်သမိုင်းကြောင်းနှင့်အတူ ပေါ်ပေါက်ခဲ့ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော် ဗုဒ္ဓမြတ်စွာ ဘုရားရှင်လက်ထက်က သမားတော်ကြီး ဆရာဇီဝကသည် ဆေးပညာသမိုင်းသာမက သာသနာတော်တွင်ထင်ရှားခဲ့သော ဆေးဆရာကြီးတစ်ဦး ဖြစ်ပေသည်။ ရှေးမြန်မာဘုရင်များလက်ထက်တွင်လည်း နန်းတွင်းသမားတော်ကြီးများရှိခဲ့သလို ရပ်ထဲရွာထဲတွင်လည်း အစဉ်အဆက် ဆေးဆရာကြီးများရှိခဲ့ပေသည်။ ယင်းဆေးဆရာကြီးများ၏ဆေးပညာအစွမ်းများဖြင့် လူနာပေါင်းမြောက်မြားစွာတို့၏ ကျန်းမာရေးနှင့်အသက်ကို စောင့်ရှောက်ကယ်တယ်နိုင်ခဲ့သည့်အတွက် စာရေးသူနှင့်တကွ မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ ယနေ့တိုင်အောင် မျိုးဆက်မပြတ်ဆက်လက် ရှင်သန်နေနိုင်ခြင်း ဖြစ်ပေသည်။ တိုင်းရင်းသားမျိုးနွယ်စုများတွင်လည်း မိမိတို့၏ရိုးရာတိုင်းရင်းဆေးဝါးများအသီးသီးရှိခဲ့ကြပေသည်။

စာရေးသူသည် ကျေးလက်တောရွာတွင် မွေးဖွားခဲ့သူဖြစ်သည့်အလျောက် ကျန်းမာရေးနှင့်ပတ်သက်၍ ရပ်ရွာထဲရှိ ဆေးဆရာကြီးအဘစံ၏ စောင့်ရှောက်မှုဖြင့် ကြီးပြင်းခဲ့ရပါသည်။ ရွာသူရွာသားများသည် ရောဂါဝေဒနာရပြီး နေထိုင်မကောင်းဖြစ်သည်မှစတင်၍ အဆိပ်ရှိပိုးကောင်များကိုက်လျှင်လည်း အဘစံကို အပြေးပင့်ကြရ၏။ အဘစံ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် ပျောက်ကင်းချမ်းသာသည်ကများပါသည်။ဆေးကုသခအနေဖြင့် ငွေကြေးအတိအကျမရှိဘဲ မိမိတို့တတ်နိုင်သမျှ ငွေကြေးဖြင့်လည်းကောင်း၊ အစားအသောက်၊ အဝတ်အထည်ဖြင့် လည်းကောင်း ကန်တော့ကြပါသည်။ အဘစံအသုံးပြုသည့် ဆေးများကလည်း ရှားရှားပါးပါး ဆေးဝါးများထက် မီးဖိုချောင်တွင်ရနိုင်သော ဆား၊ ဆီ၊ နနွင်း၊ ထုံး၊ ကျပ်ခိုး၊ ရေနံချေး၊ ကွမ်းရွက် စသည်တို့နှင့် ပတ်ဝန်းကျင်တွင်ပေါက်နေသောအပင်များသည် အဘစံ၏အဓိကဆေးဝါးများဖြစ်၏။ ဖော်စပ်ထားသောဆေးတစ်မျိုးတည်းကိုပင် ရေလဲနှင့်တိုက်ကျွေးသည်လည်းရှိ၏။ အထူးလိုအပ်သည့်အခါ မြို့ပေါ်ရှိ ဘယဆေးဆိုင်များတွင် လိုအပ်သော ဘယဆေးများကို ဝယ်စေပြီး ဖော်စပ်တိုက်ကျွေးလေ့ရှိပါသည်။ တစ်ခါတစ်ရံ အဘစံ၏ ခါတ်လုံးနှင့်ခါတ်ပြာသည်လည်း အားထားစရာဆေးဝါးအဖြစ် အသုံးပြုလေ့ရှိပါသည်။ အရေးကြီးလူနာတစ်ဦးကိုမကုသခင် မွေးနေ့သက္ကရာဇ်ကို မေးမြန်းတွက်ချက်လေ့ရှိသည်ကိုလည်း သတိပြုမိပါသည်။

စာရေးသူ၏ဖခင်သည် တိုင်းရင်းဆေးဆရာတစ်ယောက် မဟုတ်သော်လည်း ဘုန်းကြီးကျောင်းထွက်တစ်ဦးဖြစ်သည့်အပြင် စာပေဖတ်ရှုခြင်းကိုဝါသနာပါသူဖြစ်၍ ဖခင်၏စာအုပ်ဗီရိုထဲတွင် ဗုဒ္ဓစာပေကျမ်းစာများနှင့်အတူ တိုင်းရင်းဆေးကျမ်းအချို့တို့ကိုလည်း စုဆောင်းထားသည်ကို တွေ့ရှိခဲ့ရပါသည်။ ဖခင်၏ဝါသနာမျိုးစေ့ခါတ်ခံရှိသည့်အလျောက် တစ်ခါတစ်ရံ ထိုစာအုပ်များကို လှန်လှောဖတ်ရှုလေ့ရှိပြီး အချို့သောအဓိပ္ပာယ်များကို ဖခင်ကရှင်းလင်းပြောပြလေ့ရှိသဖြင့် အဘိဓမ္မာဒေသနာတော်နှင့်တကွ တိုင်းရင်းဆေးပညာနှင့် ပတ်သက်၍ မစိမ်းခဲ့ပါပေ။

ဤသို့ဖြင့် အသက် (၃၂) နှစ်အရွယ်တွင် မြို့နယ်ပါတီကောင်စီမှ ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းဆေးပညာအခြေခံသင်တန်းအမှတ်စဉ်(၁)တို



# ချစ်ဖို(ဖော်ကျွန်း)

## ဂုဏ်ယူလေးစားအားထားဖွယ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ

၁၉၈၂ ခုနှစ်၊ မေလ ၉ ရက်မှ ဇွန်လ ၁ ရက်အထိဖွင့်လှစ်ခဲ့ရာ ရေငတ်တုန်းရေတွင်းထိကျသည့်ပမာ စိတ်ပါဝင်စားစွာဖြင့် တက်ရောက် သင်ယူခဲ့ပါသည်။ ထိုသင်တန်းတွင် ဆရာကြီးဦးမာဃ၊ ဆရာကြီးဦးတင်ဦးနှင့် ဆရာဦးပေါ်မြိမ်းတို့ဦးဆောင်သော တိုင်းရင်းဆေးဆရာကြီးများက စေတနာအပြည့်အဝဖြင့် သင်ကြားပို့ချမှုကို ခံယူခဲ့ရပေသည်။

တိုင်းရင်းဆေးပညာကို ကျန်းမာရေးဗဟုသုတအရ လည်းကောင်း၊ ဝါသနာအရ လည်းကောင်း သင်ယူခဲ့ခြင်းဖြစ်ပြီး တိုင်းရင်းဆေးပညာအရကုသမှုနှင့် အနောက်တိုင်းဆေးပညာအရကုသမှုတို့ကို ဉာဏ်မီသရွေ့နှိုင်းယှဉ်သုံးသပ်ခဲ့ပါသည်။ အနောက်တိုင်းဆေးဝါးများသည် စားဆေး၊ သောက်ဆေးများသာမက လိုအပ်ပါက အသားထဲ၊ အကြောထဲအထိ တိုက်ရိုက်ထိုးသွင်းကုသခြင်းကြောင့် ရောဂါဝေဒနာအပျောက်မြန်မှုတွင် စံထားလောက်ပါပေသည်။ ဥပမာအားဖြင့် ရင်ကျပ်ပန်းနာဝေဒနာပြင်းထန်စွာခံစားနေရသူကို အကြောဆေးသွင်းခြင်း၊ အာခေါင်




ထဲသို့ ဆေးပန်းခြင်းဖြင့် မိနစ်ပိုင်းအတွင်း ယူပစ်လိုက်သလို ပျောက်ကင်းချမ်းသာသွားသည်ကို တွေ့မြင်နိုင်၏။ တိုင်းရင်းဆေးဝါးအနေဖြင့် ဤမျှလောက် မြန်ဆန်စွာမစွမ်းနိုင်ပါပေ။ အကြောင်းမူကား တိုင်းရင်းဆေးဝါးကုထုံးများတွင် ဤကဲ့သို့ အသားထဲ၊ အကြောထဲသို့ တိုက်ရိုက် ဆေးသွင်းကုသခြင်း အစဉ်အလာမရှိသကဲ့သို့ လက်တွေ့အားဖြင့်လည်း တရားဝင် ခွင့်ပြုထားခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးများတွင် စားဆေး၊ သောက်ဆေး၊ လိမ်းဆေးနှင့် အကြောပြင်ကုသခြင်းကိုသာခွင့်ပြုထားပါသည်။ ကျွမ်းကျင်လိမ္မာသော သမားတော်များသည် ပါးစပ်မှတိုက်ကျွေးရုံသာမက ကျန်ဒွါရများဖြစ်သည့် မျက်စိ၊ နား၊ နှာခေါင်း၊ ကိုယ်၊ စိတ်တို့မှ လိုအပ်လျှင် လိုအပ်သလို နည်းလမ်းများကို အသုံးပြု၍ တိုက်ကျွေးကုသလေ့ရှိ၏။ ပါးစပ်မှ ထည့်သွင်းတိုက်ကျွေးလိုက်သောဆေးဝါး ဓာတ်စာ၏အစွမ်းသတ္တိသည် အာဟာရအနေဖြင့် (၇) ရက်ခန့်၊ သွေးထဲတွင် (၁၂၀) ရက်ခန့်၊ အသားထဲတွင်လည်း ရက် (၂၀၀) ခန့် ကြာမြင့်လေ့ရှိပါသည်။ သို့အတွက် ရောဂါတစ်ခုကို အမြစ်ပြတ်ပျောက်ကင်းစေရန် လေးလ သို့မဟုတ် တစ်ဥတုမျှကြာအောင် မှီဝဲစားသုံးသင့်ပေသည်။ တိုင်းရင်းဆေးသည် အပျောက်နှေးသော်လည်း ရောဂါအမြစ်ပြတ်စေပါသည်။ အနောက်တိုင်းဆေးသည် အပျောက်မြန်သော်လည်း အမြစ်ပြတ်ပျောက်ကင်းမည်ဟု ကောန်မူချမပြောနိုင်ပေ။ ခံစားနေရသော ရောဂါဝေဒနာကို၏သဘောဖြစ်ပါသည်။

အနောက်တိုင်းဆေးဝါးများကို ဖော်စပ်ရာတွင် ခေတ်မီသိပ္ပံနည်းပညာများကို အသုံးပြုပြီး ဆေးပင်များ၏ လိုအပ်သောအပိုင်းမှ အဆီအနှစ်ကို ထုတ်ယူခြင်းဖြင့် လည်းကောင်း၊ ဓာတုနည်းစဉ်များဖြင့်ရရှိသောဆေးဝါးများကို အသုံးပြုသဖြင့် လည်းကောင်း အစွမ်းအာနိသင်ထက်မြက်ကြ၏။ ထက်မြက်သထက် ထက်မြက်စေရန်လည်း ဆေးသိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်ကြ၏။ အစွမ်းအာနိသင်ထက်မြက်လွန်းသောကြောင့်လည်း ရောဂါတစ်ခုကို အမြန်ပျောက်စေ၏။ ရောဂါကို အမြန်ပျောက်စေသကဲ့သို့ ဘေးထွက်ဆိုးကျိုးကိုလည်း ကြီးမားစွာရလေ့ရှိ၏။ အတိုင်းအဆပမာဏ၊ အချိန်ကာလနှင့်တိုက်ကျွေးမှုနည်းစနစ်အမှားမခံသောဆေးဝါးများရှိပေသည်။ တိုင်းရင်းဆေးဝါးများသည် အသီး၊ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ်တို့မှ သဘာဝနည်းစနစ်အတိုင်း ဖော်စပ်အသုံးပြုခြင်းကြောင့် ရောဂါအပျောက်နှေးသော်လည်း ဘေးထွက်ဆိုးကျိုးနည်းပါးခြင်း ဖြစ်ပေသည်။ ယေဘုယျအားဖြင့် အနောက်တိုင်းဆေးဝါးများသည် အကျိုးကိုဦးစားပေးကုသပြီး တိုင်းရင်းဆေးပညာကမူ အကျိုးကိုကုသသလို မူလအကြောင်းရင်းကို ဖော်ထုတ်ကုသခြင်းကြောင့် စနစ်တကျ ခံယူကုသပါက ရောဂါအမြစ်ပြတ်စေပါသည်။ သို့သော်လည်း ဆရာသမားက မည်မျှပင်ကျွမ်းကျင်တတ်မြောက်ပါစေ ရောဂါဝေဒနာရှင်ကိုယ်တိုင် စည်းကမ်းနည်းလမ်းမှန်ကန်စွာစိတ်ရှည်စွာဖြင့် လိုက်နာဆောင်ရွက်မှသာ ပျောက်ကင်းချမ်းသာမည် ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ရှေးဘုရင်များလက်ထက်ကတည်းကပင် အထင်အရှားရှိခဲ့သည်မှန်သော်လည်း သင်ယူတတ်မြောက်ရန် ယနေ့ခေတ်ကဲ့သို့ လွယ်ကူခြင်းမရှိပါပေ။ နိုးစပ်ရာ သမားတော်ကြီးများထံ တပည့်အဖြစ်အနစ်နာခံ၍ နှစ်ကာလအတီအကျတို့ ပိုင်းခြား သတ်မှတ်ထားခြင်းမရှိပါဘဲ လက်ပွန်းတတီးလေ့လာသင်ယူကြရ၏။ မိမိမှီဝဲဆည်းကပ်သော ဆရာသမား၏ အဆုံးအမနှင့် နည်းစဉ်ကိုသာရရှိကြ၏။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ မိမိတို့သန်ရာအားထားရာနည်းစဉ်များ ကွဲပြားသည်နှင့်အမျှ ဂိုဏ်းကွဲများလည်းရှိကြပေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်၊ ဩဂုတ်လမှစ၍ တိုင်းရင်းမြန်မာအခမဲ့ဆေးကုဌာနများ



စတင်ဖွင့်လှစ်ခဲ့ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတော်အစိုးရက ပထမဦးဆုံး အားပေးချီးမြှောက်ခဲ့ပေသည်။ ယင်းနောက် အကွဲကွဲအပြားပြားဖြစ်နေသော တိုင်းရင်းဆေးဆရာများအား အရည်အချင်းစစ်စာမေးပွဲများကို လေးနှစ်တိုင်တိုင်ကျင်းပကာ ဆရာစစ်ဆရာမှန်ဆရာကောင်းများပေါ်ထွက်လာစေရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် တိုင်းရင်းဆေးပညာဦးစီးဌာနများဖွဲ့စည်းခဲ့သလို ရန်ကုန်နှင့်မန္တလေးမြို့ကြီးများတွင် တိုင်းရင်းဆေးသိပ္ပံများ၊ ဆေးရုံကြီးများကိုလည်း ဖွင့်လှစ်ခဲ့ပါသည်။ ဆက်လက်၍ တိုင်းရင်းဆေးတက္ကသိုလ်အထိ ဖွင့်လှစ်ပြီး တိုင်းရင်းဆေးဆရာအသိအမှတ်ပြုဘွဲ့လက်မှတ်များပေးအပ်ကာ မြန်မာတိုင်းရင်းဆေးလောကကြီးခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အားပေးချီးမြှောက်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ခဲ့ရပေသည်။

မြန်မာ့တိုင်းရင်းဆေးပညာတွင် အခြေခံအားဖြင့် (၁) ဝိဇ္ဇာဓရနယ၊ (၂) ဇေဒနက္ခတ္တနယ၊ (၃) ဘေသဇ္ဇနယ၊ (၄) ဒေသနာနယဟူ၍ ပညာရပ်ကြီးလေးရပ်ရှိပါသည်။ မြန်မာလို အရပ်အခေါ် အရ ပယောဂ၊ ဗေဒင်၊ ဗိန္ဒောနှင့် ဓာတ် ဟူ၍ ခေါ် ဆိုနိုင်ပါသည်။ တရားဝင်ပြဋ္ဌာန်းကျမ်းစာပေါင်း (၁၀) ကျမ်းရှိပေသည်။ ယင်းပညာရပ်ကြီး (၄) ရပ်တွင် အဓိကအကျဆုံးမှာ ဒေသနာနယနှင့် ဘေသဇ္ဇနယပညာရပ်ဖြစ်၏။ ထိုနှစ်ရပ်အနက်မှ ပို၍အခြေခံကျသည်မှာ ဒေသနာနယပညာရပ် ဖြစ်၏။ ဒေသနာနယကိုတတ်ကျွမ်းမှသာ ရောဂါနိဒါန်းကို ဖော်ထုတ်နိုင်မည် ဖြစ်၏။ အနာသိလျှင် ဆေးရှိသည်။ အနာမသိ ဆေးမရှိ ဟူသောစကားအတိုင်း အနာသိဖို့ရန် ရောဂါနိဒါန်းကိုဖော်ထုတ်နိုင်ရမည် ဖြစ်၏။

ဘေသဇ္ဇနယဆေးပညာခေါ်သော ဗိန္ဒောဆေးပညာသည် ဗုဒ္ဓရှင်တော်မပွင့်ထွန်းမီ ရသေ့သူတော်စင်များလက်ထက်ကပင် ပေါ်ပေါက်ခဲ့သဖြင့် သက်တမ်းအားဖြင့် ရှည်ကြာလှပြီဖြစ်၏။ လေ၊သည်းခြေ၊သလိပ်တို့ပွားနေသလား ခန်းနေသလားကို စစ်ဆေးရ၏။ ခန်းနေလျှင်ပွားအောင်၊ ပွားနေလျှင်ခန်းအောင် ညှိပေးရ၏။ ပွားခြင်းနှင့် ခန်းခြင်းတို့ မျှတစေခြင်း (သမစေခြင်း) သည်ပင် ဘေသဇ္ဇနယဆေးပညာ၏ အခြေခံသဘောတစ်ခုဖြစ်ပေသည်။

ဒေသနာနယပညာရပ်ဖြစ်သည့် ဓာတ်ဆေးပညာသည် ဗုဒ္ဓမြတ်စွာဟော ကြားတော်မူခဲ့သော အဘိဓမ္မာဒေသနာ တော်လာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသော ပရမတ္ထတရားလေးပါးအနက် ရုပ်ပိုင်းတွင်ပါဝင်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသည့် ဓာတ်ကြီး လေးဖါးကိုအခြေခံပြီး ပေါ်ပေါက်လာ သော ဆေးပညာရပ် ဖြစ်ပါသည်။ ဤ ပညာရပ်ကို အခြေခံပြီး အဘိဓမ္မာ တောင်သာ၊ သဘာဝဓမ္မ၊ ပရမတ္ထ၊ ဩဠာ ရိကသုခုမ စသည်ဖြင့် ဆရာစဉ်ဆက် ပေါ်ထွန်းခဲ့ပါသည်။ အခြေခံဓာတ်ကြီး လေးပါးနှင့်တကွ အာကာသဓာတ်တို့၏ သဘောသဘာဝကိုပိုင်နိုင်ဖို့ အရေးကြီး ၏။ ဓာတ်တို့၏ လွန်ခြင်း၊ ယုတ်ခြင်း၊ ပိုခြင်း၊ လိုခြင်း၊ ငုတ်ခြင်း၊ ပေါ်ခြင်း စသည်တို့ကိုနားလည်မှသာ ဓာတ်တို့ကို မျှတစေရန် မည်သို့မည်ပုံ စားသောက်၊ နေထိုင်၊ သွားလာ လှုပ်ရှားရမည်ကို မှန်ကန်စွာဆုံးဖြတ်နိုင်မည် ဖြစ်ပေသည်။

တိုင်းရင်းဆေးပညာတွင် ရောဂါ ရှာဖွေစမ်းသပ်ရန် ဓာတ်မှန်၊ ဓာတ်ခွဲခန်း စသည့် ပစ္စည်းကိရိယာမရှိပါ။ ယင်း အထောက်အကူပြု ပစ္စည်းများလည်း မလိုအပ်ပါ။ လူနာ၏ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ ဟူသော ဒွါရတို့ကဖော်ပြနေသော လက္ခဏာကို ကြည့်၍ ပညာဉာဏ်နှင့် အတွေ့အကြုံ ပေါ် မူတည်ပြီး ရောဂါနိဒါန်း၊ ရောဂါ အမည် (သမုဋ္ဌာန်) ကို ဆုံးဖြတ်ကြရ၏။ အတွေ့အကြုံနှင့် ဗဟုသုတတို့သည် လွန်စွာ အရေးပါသည်။ သို့အတွက် ဥပဒေသအားဖြင့် လက္ခဏာမပိုင် ဆေး မကိုင်နှင့်၊ လက္ခဏာပိုင်မှ ဆေးကိုကိုင် ဟုဆိုထားခြင်း ဖြစ်ပေသည်။

အဓိကအားဖြင့် -

ငုပ်နေသောလက္ခဏာကိုရှာရမည် ဖြစ်၏။ ငုပ်လက္ခဏာကိုပေါ်အောင်ဖော် ပြီး ကုသမှသာ ပျောက်ကင်း၏။ ဥပမာ သွေးငုပ်နေသောသူကို သွေးပေါ်အောင်၊ ချွေးငုပ်နေသောသူကိုချွေးပေါ်အောင် ဖော်ပေးရမည်။ ငုပ်ဓာတ်ကို မည်သို့ရှာ ရမည်နည်းဆိုသော် လွန်ဓာတ်နှင့် ယုတ်ဓာတ်နှစ်ခုကို ကွဲကွဲပြားပြားသိရ မည်။ငုပ်နေသောဓာတ်သည် လွန်ဓာတ် နှင့်ယုတ်ဓာတ်နှစ်ခုအကြားတွင်ညပ်နေ ခြင်းကြောင့် အလုပ်မလုပ်လိုတာမဟုတ် ဘဲ အလုပ်လုပ်၍မရခြင်း ဖြစ်သည်။ ငုပ်ဓာတ်ကိုပေါ်ဖို့အတွက် လွန်ဓာတ်နှင့် ယုတ်ဓာတ်နှစ်ခုသည် ခန္ဓာကိုယ်ပေါ် တွင်ဖော်ပြနေ၏။ မျက်စိအရောင်သည် ဝါသလား၊ နီသလား၊ လက်သည်းတွင် အစင်းတွေရှိမရှိ လည်ပင်းနှင့်ခန္ဓာကိုယ် ပေါ်တွင် အသားပိုအသားတိုးတွေရှိမရှိ လက်ဖဝါးတွေကြမ်းနေသလား၊ အသား မာတွေနဂိုထက်တက်နေသလား၊ ဆံပင် တွေလိုင်းထနေသလား၊ အဖျားနှစ်ခွ ဖြစ်နေသလား၊ အသံမာသလား၊ ပျော့သလား။ ခပ်ယဲ့ယဲ့ဖြစ်နေသလား။ တဆတ်ဆတ်ဖြစ်နေသလား စသည်ဖြင့် ကြည့်ရှုလေ့လာအကဲခတ်ပြီး လွန်ဓာတ် နှင့်ယုတ်ဓာတ်ကိုပေါ်အောင်ဖော်နိုင် လျှင် ငုပ်နေသောဓာတ်ကို အတိအကျ သိနိုင်ပါသည်။ သို့အတွက် မြန်မာ့ တိုင်းရင်းဆေးပညာသည် သိမ်မွေ့၏။ နက်နဲ၏။ ခက်ခဲ၏။ သိမ်မွေ့နက်နဲ ခက်ခဲသော တိုင်းရင်းဆေးပညာကို ဆရာသမားများက အစဉ်အဆက် လက်ဆင့်ကမ်းအမွေအဖြစ်သယ်ဆောင် လာခဲ့ကြရပေ၏။ အပေါင်းအပေါင်း များထဲက အကောင်းအကောင်းများကို အတိမ်းအစောင်းမရှိအောင် ထိန်းသိမ်း လာခဲ့ကြသော သမားအစဉ်အဆက်တို့ ၏ ကျေးဇူးတရားကား ကြီးမားလှပါ ပေစွ။

'အနာနှင့်ဆေးကိုက်အောင်ပေး၊ ပျောက်ရေးမခက်ပါ'၊ 'အစာနှင့်ဆေး ပမာသွေးသော် မဝေးလွန်းလှပါ'၊ 'အနာ မသိဆေးမရှိ၊ အနာသိမှဆေးရှိသည်' ဆိုသောဥပဒေသများသည် ရောဂါနိဒါန်း (ဝါ) ရောဂါဖြစ်ကြောင်းသည် အရေးပါ ကြောင်း ဖော်ပြထားချက်များ ဖြစ်၏။ ဤသည်မှာ တိုင်းရင်းဆေးပညာ၏ ထူးခြားချက်တစ်ရပ်ဖြစ်ပေသည်။ ရောဂါ နိဒါန်းကို ပိုင်နိုင်ကျွမ်းကျင်စွာဖော်ထုတ် နိုင်သော သမားကောင်းများ၏လက်ထဲ တွင် ဆေးဝါးများစွာမရှိပါ။ ဖော်စပ်ထား သောဆေးတစ်မျိုးတည်းကိုပင် ရေအေး/ ရေနွေး/ရေနွေးကြမ်း/ နွားနို့/ သံပရာ ရည်/ ရှောက်ရည်/မန်ကျည်းသီးမှည့် အရည် စသည်ဖြင့် မည်ကဲ့သို့ တွဲဖက် သောက်သုံးရမည်ကို ညွှန်ကြားလေ့ရှိ၏။ မီးဖိုချောင်နှင့်ပတ်ဝန်းကျင်တွင်ရှိနေသော စားသောက်ဖွယ်ပစ္စည်းများသည်ပင်လျှင် ဆေးဝါးများဖြစ်နေ၏။ ဤသည်ကိုပင် ရေလဲဟုခေါ် ဆိုခြင်း ဖြစ်သည်။ ဤသို့ ရေလဲများစွာသုံးတတ်သော ဆေးဆရာ သည် အတွေ့အကြုံများသောဆရာ၊ အားကိုးထိုက်သောဆရာအဖြစ် မှတ်ယူ နိုင်ပါသည်။


ရေလဲနှင့်ပတ်သက်၍ အနီးစပ်ဆုံး ဥပမာအားဖြင့် ကောက်ညှင်းစားပြီး ဝမ်းမချုပ်လိုလျှင် ကောက်ညှင်းငချိပ်ကို အုန်းသီးမထည့်ဘဲ နှမ်းထောင်းနှင့်စား ပြီး ရေစိမ်းသောက်ပါ။ ကောက်ညှင်းစား ပြီး ဝမ်းချုပ်လိုလျှင် ကောက်ညှင်းအဖြူ ကို နှမ်းထောင်းမထည့်ဘဲ အုန်းသီးနှင့် စားပြီး ရေနွေးကြမ်းအခါးသောက်ပါ။ မန်ကျည်းသီးမှည့်ကို ကြာကြာစိမ်ပြီးမှ သောက်လျှင် ဝမ်းသွားစေ၏။ ချက်ချင်း ဖျော်ပြီးသောက်လျှင် လေလည်စေ၏။ ကျဲကျဲဖျော်ပြီးသောက်လျှင် ဝမ်းသွက် အွက်သွားစေ၏။ပျစ်ပျစ်ဖျော်ပြီးသောက် လျှင် ဝမ်းပျော့ပျော့လောက်သာသွားစေ ၏။ ဤသည်မှာလည်း တိုင်းရင်းဆေး ပညာ၏ မှတ်သားလိုက်နာဖွယ် ထူးခြား ချက်တစ်ရပ်ဖြစ်ပါပေသည်။

မြန်မာ့တို‌ :ရင်းဆေးပညာသည် အမှန်တကယ် လေးစားမြတ်နိုးတန်ဖိုး ထားပြီး ဂုဏ်ယူအားထားဖွယ်ရာပညာ ရပ်အဖြစ်အထင်အရှားရှိနေသော်လည်း ယနေ့ခေတ်ကာလ လူအတော်များများ သည် တိုင်းရင်းဆေးဝါးများကို အထင် သေးပြီး အသုံးပြုအားထားသူနည်းပါး နေသည်ကို တွေ့မြင်ရပါသည်။ ဤသို့ ဖြစ်ရသည်မှာ တိုင်းရင်းဆေးပညာ၏ အားနည်းချက်ကြောင့်မဟုတ်ပါ။ အချို့ သောတိုင်းရင်းဆေးဝါးများသည် အရည် အသွေးမပြည့်ဝခြင်း၊ စံမမီဆေးဝါးများ ဖြစ်ခြင်း၊ ဆေးစစ်ဆေးမှန်မဟုတ်ခြင်း၊ အပျောက်မြန်စေရန် အနောက်တိုင်း ဆေးဝါးများ ရောနှောထည့်သွင်းခြင်း စသည့် တိုင်းရင်းဆေးအမည်ခံ ဝိသမ လောဘဖြင့် စီးပွားရှာနေသူများကြောင့် တိုင်းရင်းဆေး ါးများ နာမည်ပျက်ပြီး မျက်နှာငယ်နေရခြင်းဖြစ်သည်ဟုသုံးသပ် မိပါသည်။ အမှန်တကယ် တတ်သိ နားလည်ခြင်းမရှိပါဘဲ တိုင်းရင်းဆေး ဆရာအမည်ခံ ဆရာရမ်းကုများကြောင့် လည်း တိုင်းရင်းဆေးလောကကို အကျည်း တန်စေပါသည်။

မြန်မာနိုင်ငံတွင် အမှန်တကယ် တတ်ကျွမ်းနားလည်ပြီး စေတနာမေတ္တာ ကြီးမားသော တိုင်းရင်းဆေးဆရာကြီး များသည် ရှေးယခင်ကတည်းကရှိခဲ့ကြ သလို ယနေ့ခေတ်ကာလတွင်လည်းရှိ နေသည်ကို ပညာမျက်စိ၊ ပညာနားတို့ ဖြင့်စူးစမ်းပါက တွေ့မြင်သိရှိနိုင်ပါသည်။ အချို့ဆရာကြီးများသည် ရွှက်ပုန်းသီး ပမာရှိနေကြသလို အချို့ဆရာကြီးများ ကတော့ ထင်ပေါ်၍စင်တော်ကကောက် ကြသည်လည်းရှိကြပါသည်။ ယခင်

# အပူလောင်၍ အရည်ကြည်ဖု မဖြစ်စေရန်

ရေတိမ်ကျော်(မအူပင်)



စာရေးသူတို့ ထိုင်နေကျဖြစ်သော လက်ဖက်ရည်ဆိုင်က ဆိုင်ရှင်အစ်ကိုကြီး၏ခြေထောက်ကို လက်ဖက်ရည်နှပ်ထားသောအိုးက မီးဖိုနှုတ်ခမ်းကနေချော်ပြီး အပူလောင်သွားပါသည်။ ထိုသို့ အပူလောင်သွားသည့်အတွက် လက်ဖက်ရည်ဆိုင်ဆိုတော့ သိသည့်အတိုင်း သူတစ်ပေါက်ငါတစ်ပေါက်နှင့် တချို့က ဆေးရုံသုံးဆေးပြာလေးသုတ်လိမ်းဖို့ပြော၏။ အချို့ကတော့ ထွန်းရွှေဝါ၊ အချို့ကတော့ ငံပြာရည်သုတ်လိမ်းဖို့ ပြောပြပါသည်။ ထိုကဲ့သို့ ကိုယ်စီကိုယ်စီပြောကြတာလည်း အရည်ကြည်ဖုမပေါက်ရန်အတွက်သာပြောကြခြင်း ဖြစ်ပါသည်။

ထိုသို့ တစ်ယောက်တစ်ပေါက်နှင့် ပြောနေကြသည်ကို စာရေးသူနှင့်အတူ တစ်ခုံတည်းမှာထိုင်ပြီး လက်ဖက်ရည်အတူသောက်နေကြသော ကိုဝင်းနိုင်နှင့် မောင်မောင်သိန်း၊ ကိုစိန်ကြည်တို့ပါအတူထိုင်နေကြပါသည်။မောင်မောင်သိန်းက လေသေနတ်ပစ်နေသောလူအုပ်ကြီးကိုတစ်ချက်လှမ်းကြည့်ရင်း မောင်မောင်သိန်းက -

အစ်ကိုကြီးရယ် အပူလောင်တာကို လုံးဝအရည်ကြည်ဖုမပေါက်တဲ့ဆေးနည်းကျွန်တော်ပြောပြမယ်။ ဘာဆေးမှ လိမ်းစရာမလိုဘူး"

"ဟော - ဟုတ်လှချေလား"

"ပြောပါဦးကွ"

ခေတ်အခါက တိုင်းရင်းဆေးပညာကို စာပေနှင့်သာ ပေါင်းစပ်နိုင်သဖြင့် ကျယ်ကျယ်ပြန့်ပြန့်မရှိခဲ့ပေ။ ယနေ့ခေတ်တွင် သတင်းနှင့်ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသဖြင့် တိုင်းရင်းဆေးပညာကို စာပေနှင့်သာမက ရုပ်သံလွှင့်ခြင်းအတတ်ပညာနှင့်ပါ ပေါင်းစပ်လာနိုင်သဖြင့် မြန်မာ့တိုင်းရင်းဆေးလောက တစ်ခေတ်ဆန်းသစ်လာပြီဟု ဆိုနိုင်ပါသည်။ အစွမ်းထက်သော ဓာတုဆေးဝါးများထက် သဘာဝဆေးဝါးနှင့် အစားအသောက်များက လူသားတို့အတွက် အန္တရာယ်ပိုပြီးကင်းစေကြောင်း၊ အထူးသဖြင့် Inorganic ထက် Organic ဖြင့်ထုတ်လုပ်သော စိုက်ပျိုးရေးသီးနှံများက အကျိုးများစေကြောင်း၊ မြန်မာသာမက ကမ္ဘာ့ဆေးသိပ္ပံပညာရှင်များကပါ လက်ခံလာကြသည်ကို တွေ့ရှိနေရပါသည်။

လူသားအားလုံး ကျန်းမာကြံ့ခိုင်စေဖို့ နေ့စဉ်စားသုံးသောအစာများသည် ကျန်းမာရေးအတွက် အထောက်အကူပြုသော၊ အာဟာရဖြစ်စေသောအစားအစာများဖြစ်ရန် အရေးကြီးပါသည်။ စားသောက်သော အစာများသည် အာဟာရမဖြစ်စေဘဲ အဆိပ်ဖြစ်သွားပါက ရောဂါဝေဒနာအမျိုးမျိုးခံစားကြရပါသည်။ ရောဂါဖြစ်မှကုသသည်ထက် ရောဂါမဖြစ်မီကပင် စနစ်တကျစားသောက်နေထိုင်တတ်ဖို့ လွန်စွာအရေးကြီးပါသည်။

ယင်းအချက်ကို . ကောင်းစွာသဘောပေါက်နားလည်စေရန် MNTV (mntv) ရုပ်မြင်သံကြားအစီအစဉ်မှထုတ်လွှင့်သော 'အစာလည်းဆေး၊ ဆေးလည်းအစာ' ကဏ္ဍ၌ တိုင်းရင်းဆေးသမားတော်ကြီးများ ဟောပြောသော တိုင်းရင်းဆေးသင်တန်းများကို ကြည့်ရှုနားထောင်လေ့လာမှတ်သားခြင်း၊ FM Bagan မှ ထုတ်လွှင့်သော 'အသက်ကလေးရယ်တဲ့ရှည်စေလို့' တိုင်းရင်းဆေးကဏ္ဍများကို နားထောင်မှတ်သားခြင်း၊ ကျန်းမာရေးအသိပညာပေးစာနယ်ဇင်းများတွင်ဖော်ပြပါရှိသော တိုင်းရင်းဆေးကဏ္ဍများကို လေ့လာဖတ်ရှုပြီး လိုက်နာဆောင်ရွက်မည်ဆိုပါက မိမိတို့တစ်ဦးချင်းစီ၏ ကျန်းမာရေး၊ မိသားစုအားလုံး၏ကျန်းမာရေးအတွက် ငွေကုန်ကြေးကျမများဘဲ စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။

အထူးအားဖြင့်တိုက်တွန်းလိုသည်မှာ 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ' ဟူသော ဗုဒ္ဓဒေသနာအရ မိသားစုတိုင်းအတွက် အာဟာရဖြန့်ဖြူးရာဗဟိုချက်မဖြစ်သည့် မီးဖိုချောင်ကို စီမံခန့်ခွဲအုပ်ချုပ်နေသော မီးဖိုချောင်မန်နေဂျာများဖြစ်ကြသည့် မြန်မာအမျိုးသမီးများ၊ မိခင်နှင့် မိခင်လောင်းများကိုယ်တိုင် ကျန်းမာရေးအသိပြည့်စုံပြီး ကျန်းမာရေးသတိနှင့် ယှဉ်ကာ မိမိတို့၏ခင်ပွန်း၊ သားသမီးနှင့် မိသားစုဝင်များ၏ ကျန်းမာရေးအတွက် အထောက်အကူပြုစောင့်ရှောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပေသည်။

(ဤစာစုဖြင့် ဩဇာရှိကသူခုမ မြန်မာတိုင်းရင်းဆေးသမားတော်ကြီး ဆရာကြီးဦးရန်အောင်အား အမှူးထား၍ တိုင်းရင်းဆေးပညာနှင့်ပတ်သက်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့နှင့်တကွ တိုင်းရင်းဆေးဝ မျာဖြင့် စောင့်ရှောက် ကုသပေးနေကြ သော တိုင်းရင်းဆေးဆရာအပေါင်းအာ ရှိသေဦးခိုက် ကန်တော့လိုက်ပါသည်)

*လူနှင့်တကွ သတ္တဝါအား*
*အစာဝ၊ အနာက*
*ဘယာရှင်းကြပါ*

ချစ်ပို့ (မော်ကျွန်း)

"ကျွန်တော်က လက်တွေ့ခံရတာကို လက်တွေ့ကုသပြီး လက်တွေ့အသုံးပြုခဲ့တာဆိုတော့ ကျွန်တော် ရဲရဲကြီး အာမခံပြောဝံ့ပါတယ်"

"ကဲ - ကိုမောင်မောင်သိန်းရဲ့ပြောပြပါဦး။အစ်ကိုတို့လည်း ဗဟုသုတအဖြစ် နားထောင်ပြီးသိထားရတာပေါ့"

ကိုဝင်းနိုင်က ဝင်ပြောလိုက်ပါသည်။ မောင်မောင်သိန်းက လက်ဖက်ရည်တစ်ကျိုက်ကို သောက်လိုက်ပြီး စကားကို ဆက်ပြောဖြစ်သည်။ သူက နဂိုကတည်းကိုက ခပ်လေးလေးနှင့် မှန်မှန်နေတတ်သူဆိုတော့ စကားပြောတာလည်း တစ်လုံးနှင့်တစ်လုံးက ကြေးကြီးသံကြီးရိုက်တာကတော့ သူ့အကျင့်ပါ။

"နေဦး၊ ဆေးနည်းကိုမပြောပြခင် ကျွန်တော့်အကြောင်း ကို အရင်ဆုံးလိမ့်ပတ်လည်အောင် ပြောပြရဦးမယ်။ ကျန်ခဲ့တဲ့ (၇) နှစ်လောက်ကပေါ့။ ကျွန်တော်တို့မိသားစုစီးပွားရေး မပြေလည်တာကြောင့် စားဝတ်နေရေးအတွက် အခက်အခဲဖြစ်နေတော့ ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ ရန်ကုန်ကိုထွက်လာပြီး သူငယ်ချင်းတစ်ယောက်ရဲ့အကူအညီနဲ့ ကြေးအိုးဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်လုပ်ဖြစ်ပါတယ်။ အလုပ်ကလည်း စလုပ်ခါစဆိုတော့ မလုပ်တတ်လုပ်တတ်နဲ့ သင်လုပ်လုပ်နေရတဲ့အခြေအနေပေါ့။ ဒါလည်း ဘဝပေးတာဝန်တစ်ခုလို့ဘဲ ကျွန်တော်ယူမှတ်မိပါတယ်။

ပြောရဦးမယ်။ ကျွန်တော်က အလုပ်ဝင်ခါစဆိုတော့ လုပ်ငန်းက မကျွမ်းကျင်။ ဟင်းပန်းကန်ကိုင်ပြီး လမ်းလျှောက်ရတာတောင် ရဲတင်းမှုကမရှိတော့ လက်ကိုဟင်းရည်ပူလောင်တာကို အလုပ်ရှင်သိရင် ဆူခံထိမှာစိုးလို့ ကြိတ်မှိတ်ပြီး အပူခံရတာလည်း ရက်ပေါင်းမနည်းပါ။ ကြေးအိုးပန်းကန်က ခလုတ်တိုက်ထည့်ပြီး အောက်ခံပန်းကန်က သေးသေးလေးဆိုတော့ လုပ်ငန်းမကျွမ်းကျင်သေးတဲ့ မိမိလက်ပေါ်ကို အပူလောင်တာ မဆန်းပါဘူး။ တဖြည်းဖြည်းနဲ့ ကျွမ်းကျင်တဲ့ဝါရင့်အလုပ်သမားတွေနဲ့တွဲပြီးအလုပ်လုပ်လာတော့ ဟင်းပန်းကန်သယ်တဲ့အလုပ်ကို ကျွမ်းကျင်လာပါပြီ။

ဒီလိုနဲ့ တစ်နေ့ကျတော့ ဆိုင်သိမ်းချိန်ကိုရောက်လာတဲ့အခါ ခါတိုင်း ဆိုင်သိမ်းချိန်မှာ လုပ်နေကျအလုပ်သမားက အဲဒီနေ့ကျမှ နေမကောင်းလို့ ခွင့်ယူထားတယ်တဲ့။ ကျွန်တော့်ကို အလုပ်ရှင်က ကောင်တာစားပွဲခုံကနေ မောင်သိန်းရေ မင်းမီးဖိုတွေသွားပြီးတော့ မီးငြိမ်းလိုက်စမ်းပါကွာဆိုတော့ ကျွန်တော်လည်း အလုပ်မြန်မြန်သိမ်းရင် ပြီးရောဆိုပြီး နောက်ဖေး ပန်းကန်ဆေးတဲ့နေရာကို ဝင်သွားပြီး ရေတစ်ပုံးခပ်ပြီး တစ်ခါတည်း ပထမကြက်ပြုတ်ရည်မီးဖိုကို မတ်တတ်စုံရပ်ပြီး လောင်းထည့်လိုက်ပါတယ်။ရပ်နေတဲ့နေရာက ပြာခွက်ပေါက်၊ မီးထိုးပေါက်တည့်တည့်ဖြစ်နေပါတယ်။ အဲဒီပြာခွက်ပေါက်ကနေထွက်လာတဲ့မီးအပူဟာ ခြေထောက်နှစ်ချောင်းကိုပြုတ်ကျမတတ် ပူလောင်ပြီးမနေနိုင်မထိုင်နိုင် အဆင့်ကိုရောက်တော့တာပဲ။နောက်ဆုံးရေဘူးကိုပစ်ချပြီး နောက်ဖေးဘက် ပန်းကန်ဆေးတဲ့နေရာကို အတင်းဝင်ပြေးပြီး ပန်းကန်ဆေးတဲ့လူဆီကနေ ဖူဂျီဆပ်ပြာကိုတောင်းပြီး ပယ်ပယ်နယ်နယ် ခပ်ကြာကြာလေးပွတ်တော့တာပဲ။

ပန်းကန်ဆေးတဲ့လူက ဘာဖြစ်တာလဲမေးတော့ အပူလောင်သွားလို့ တစ်ခွန်းတည်းကိုပဲပြောနိုင်တယ်။ စကားကို အများကြီးပြောချင်စိတ်မရှိတော့ပါဘူး။

ဟင် - အပူလောင်တာ ဒီလိုလုပ်ရတာလား။ ငါဖြင့်မတွေ့ဖူးပါဘူးကွာတဲ့။ ကျွန်တော်လုပ်နေတာကို ပန်းကန်ဆေးနေတဲ့ ဦးညာသားတစ်ယောက် အံ့ဩနေပါတယ်။ အချိန်အတန်ကြာတော့ အပူက အေးသွားပြီဆိုတော့ ဘာအရည်ကြည်ဖုမှမထွက်သည်ကို ဦးညာသား ပိုပြီး အံ့ဩနေပါတယ်။ ဦးညာသားက သူလည်း အလုပ်စဝင်ခါစတုန်းက ဒီလိုဖြစ်ဖူးခဲ့တဲ့ကြောင်း ခြေထောက်က အမာရွတ်ကိုပြတယ်"

"ဒါနဲ့ မောင်မောင်သိန်းရ မင်း ဒီနည်းကို ဘယ်ကရလဲ"

စာရေးသူက သိလိုဇောနှင့် မောင်မောင်သိန်းစကားကိုဖြတ်ပြီးပြောဖြစ်ပါသည်။

"ဒီနည်းက ကျန်ခဲ့တဲ့ (၁၀) နှစ်၊ (၁၅) နှစ်လောက်က ကျွန်တော်ရဲ့ညီမ ဝမ်းကွဲလေးရဲ့ ရင်ဘတ်တစ်ခြမ်းလုံးကို ဘုန်းကြီးကျောင်းကိုသွားပို့မယ့်ဟင်းရည်ချိုင့်တစ်ချိုင့်လုံးက အပူရည်လောင်တဲ့အခါမှာ အမေက အဲဒီတုန်းကတော့ ဖူဂျီဆပ်ပြာနဲ့တော့မဟုတ်ဘူး။ အခြားဆပ်ပြာနဲ့ပဲလုပ်တာ။ တော်တော်လေးကြာအောင်ပွတ်တိုက်ပေးပြီး ကုသပေးနေတာကို တွေ့ရတာပါ။ နောက်တော့ ဘာအကြည်ဖုမှတော့ ဂရုမထားပါဘူး။ လွယ်လွယ်လေးမို့လို့ မျက်စိရှေ့မှာတွေ့နေရတာမို့ မှတ်သားထားလိုက်တာပါ။ ဒါလောက်ကို အသုံးဝင်ပြီး ခရီးရောက်လိမ့်မယ်လို့ မထင်ထားတာပါ။ အခုလို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခံစားရမှ အမေ့ရဲ့ကျေးဇူးတွေကို၊ အမေရဲ့ စေတနာတွေကို ပိုမိုပြီးနားလည်မိပါတယ်။ ပိုမိုပြီးကျေးဇူးတင်မိပါတယ်"

"နေပါဦးကွ၊ အပူလောင်တာကို ဘယ်ဆပ်ပြာနဲ့လုပ်ရတာလဲ"

ဘေးခုံပေါ် မှာထိုင်နေတဲ့ ကိုဝင်းနိုင်က ဝင်မေးဖြစ်ပါသည်။

"ရပါတယ်၊ ဘယ်ဆပ်ပြာနဲ့မဆိုရပါတယ်။ ကျွန်တော်က လုပ်ငန်းကြီးလုပ်တဲ့နေရာမှာ ဖြစ်တာဆိုတော့ နောက်ပြီး ဖူဂျီဆပ်ပြာကို ဘူးကြီးတွေနဲ့ထားသုံးတာဆိုတော့ ဖူဂျီဆပ်ပြာနဲ့လိမ်းတာလို့ပြောတာပါ။ အခြားဆပ်ပြာတွေဆိုရင်တော့ အာနိသင်ကပိုကောင်းရင်လည်းကောင်းလိမ်းမယ်။ အာနိသင်ပိုနည်းရင်လည်းနည်းလိမ့်မယ်။ ပြောလို့တော့မရဘူးပေါ့"

မောင်မောင်သိန်း ပြောပြတာကို စာရေးသူ ကျေနပ်ပါသည်။

မည်သည့်ဆပ်ပြာမဆို ရေစပ်စပ်နှင့် ပွတ်လို့လိမ်းလို့ရအောင်ဖျော်ထားပါ။ ရေအများကြီးနှင့်မဖျော်ရပါ။ ပျစ်ပျစ်ဖျော်ထားသော ဆပ်ပြာနှစ်ဖြင့် ကြိမ်ဖန်များစွာ ခပ်ကြာကြာလေးပွတ်တိုက်ပေးပါ။ အပူလျော့သွားမည်။ အရည်ကြည်ဖုမပေါက်ပါ။

မည်သို့ဆိုစေကာမူ ဆေးရုံ၊ ဆေးခန်းနှင့်အလျဉ်းမသင့်။ ဝေးကွာသောနေရာဒေသများမှနေထိုင်ကြသော စာဖတ်ပရိသတ်များကို ယုံကြည်စွာဖြင့် ကယ်မကုသနိုင်ကြရန် စာရေးသူမှ လေးနက်ထားပြီး ရေးသားတင်ပြပေးခြင်း ဖြစ်ပါသည်။

ထို့အတွက်ကြောင့် ဆေးနည်းပြောပြပေးသော ကိုမောင်မောင်သိန်းကိုလည်း ကျေးဇူးတင်ရင်း ဤစာမှုဖြင့် ဂါရဝပြုပါသည်။

သဗ္ဗေသတ္တာ အဝေရာဟောန္တု

ဧရာတိမ်ကျော် (မအူပင်)

□ ကျောက်မျက်ရတနာတို့မြှုပ်နှံခြင်း

မြန်မာနိုင်ငံတော်အား အင်္ဂလိပ်တို့အုပ်စိုးစဉ်ကာလ ဖြစ်သည်။ အင်္ဂလိပ်တို့သည် ကျောက်တွင်းအား စက်အကူအညီဖြင့် တူးရန်အတွက် စက်ကြီးများအားသယ်ရန် ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်း သပိတ်ကျင်းမြို့လေးမှသည် မိုးကုတ်ပတ္တမြားမြေသို့ ကားလမ်းဖောက်လေ၏။ ကောက်ကောက်ကွေ့ကွေ့ဖြင့် ခက်ခဲစွာ ဖောက်ယူရလျက် မိုင် (၆၀) ကွာဝေးပါသည်။

ထိုသို့ ဖောက်ပြီးသော် အနီးရှိရွာတို့သည် ကားလမ်းဘေးသို့ ချဉ်းကပ်လာကြလေ၏။ အောက်ကျောက်ကြမ်းရွာသည် ကားလမ်းနှင့် (၃) ဖာလုံခန့်ကွာဝေး၏။ ထိုရွာသည် ကားလမ်းဘေးသို့ ချဉ်းကပ်လာရာ သစ်ဆိမ့်ကုန်းရွာဟု အမည်တွင်၏။



ကားလမ်းသည် ကတ္တရာခင်းလမ်းဖြစ်၍ မိုးများသော မိုးကုတ်ဒေသ၌ မကြာမကြာ တောင်ပြိုကျခြင်း၊ ရေတိုက်စားခြင်းများရှိသဖြင့် လမ်းကူလီခေါ် လမ်းအလုပ်သမားများ စခန်းအားသစ်ဆိမ့်ကုန်းရွာ၌လည်း ထားပေးထားပါသည်။ သူတို့သည် ကားလမ်းအား အစဉ်ပြုစုစောင့်ရှောက်ရလေ၏။

ထိုလမ်းကူလီအဖွဲ့၏ခေါင်းဆောင်ကား အိန္ဒိယကုလားကြီး လန်ဒူး ဖြစ်ပေ၏။ လန်ဒူးကား ဟိန္ဒူနွယ်ဝင် ကုလားဖြစ်ပါသည်။ လန်ဒူးသည် တစ်ကိုယ်ရေတစ်ကာယဖြစ်ကာ အမြင်ကျယ်သော ကုလားကြီးဖြစ်ပေ၏။ အဘယ်ကြောင့်ဆိုသော် ရသမျှသောငွေတို့အား ပတ္တမြားများဝယ်ယူစုဆောင်းခြင်း ဖြစ်ပါသည်။

ဟိန္ဒူကုလားဖြစ်သည့်အားလျော်စွာ နွားနို့ကြိုက်သဖြင့် နွားနို့သောက်ရန် နွားများလည်းမွေးထားပါသည်။ (ယခုရှိနေသော ကွေ့ကြီးရွာမှ ဂေါ်ရခါးများ၊ ကျောက်ဖြူရွာမှ ဂေါ်ရခါးများ၏အမျိုးအနွယ်မဟုတ်ပါ။ သူတို့ကား နီပေါလူမျိုးများသာဖြစ်ကြပါသည်။ ဟိန္ဒူအယူဝါဒချင်းတော့တူပါသည်။ တောဂေါ်ရခါးတို့မှာ နွားနို့အတွက် နွားမွေးမြူကြပါသည်။ လန်ဒူးမှာ အိန္ဒိယကုလားစစ်စစ်ဖြစ်ကာ အင်္ဂလိပ်တို့နှင့်ပါလာခြင်း ဖြစ်ပေ၏)

လန်ဒူးသည် ဝယ်ရသောကျောက်တို့အား ပြန်ရောင်းလေ့မရှိဘဲ အစဉ်တစိုက်စုဆောင်းခဲ့ရာ ပတ္တမြားကျောက်နီများ၊ နီလာကျောက်ပြာများ အကောင်း၊ အဆိုးများစွာ ပိုင်ဆိုင်သူဖြစ်သည်။ သို့နှင့်ပင် ကာလအတန်ရှည်လျားလာခဲ့၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပေါ်၍ ကာအတန်ကြာသော် မြန်မာနိုင်ငံသည် စစ်ရိပ်စစ်ငွေ့သန်းလာလေ၏။စစ်သတင်းတို့သည် အမျိုးမျိုးထွက်ပေါ်လျက်ရှိရာ မကြာမီပင် မြန်မာနိုင်ငံရှိ အင်္ဂလိပ်တို့အား ဂျပန်တို့မှထိုးစစ်ဆင်ကာ ဝင်ရောက်တိုက်ခိုက်လေ၏။ အင်္ဂလိပ်တို့အခြေမလှမှန်းသိသည်နှင့် သစ်ဆိမ့်ကုန်းရှိ လမ်းကူလီခေါင်းလန်ဒူးသည် ရှိသမျှသော ကျောက်မျက်ရတနာတို့အား ထုပ်ပိုးကာ နွားများဖြင့်တင်လျက် သစ်ဆိမ့်ကုန်းနှင့် ကျောက်ဖျာသွားရာလမ်းအတိုင်းမောင်းတက်သွားသည်ကို လူတို့တွေ့လိုက်ရလေ၏။

မြန်မာနိုင်ငံရှိ အင်္ဂလိပ်တို့အား ဂျပန်တို့က ဝင်ရောက်တိုက်ခိုက်နေပြီဖြစ်ရာ အားလုံးပင် ကျိုးလန့်အစာစားဖြစ်နေကြသဖြင့် ကုလားကြီးကျောက်အိတ်များ နွားများဖြင့်တင်လျက် အပေါ်ကုန်းမြင့်ထက်သို့တက်သွားသည်ကို အမှတ်တမဲ့ပင်ကြည့်နေကြလေ၏။ ကိုယ်ရေးကြုံနေကြရ၍ စိတ်ဝင်စားမှုလုံးဝမရှိကြပေ။

ထိုခေတ်ထိုအခါဝယ် မိုးကုတ်သားတို့၏ ရိုးသားဖြောင့်မတ်မှု၊ သူတစ်ပါးပစ္စည်းအား မတရားရယူလိုစိတ် လုံးဝမရှိမှုတို့ကြောင့် ထိုကျောက်မျက်ရတနာများသွားရောက်မြှုပ်နှံမှုကို စိတ်မဝင်စားကြခြင်းဖြစ်ပါသည်။ ကုလားကြီး တိုင်းရေးပြည်ရေးအခြေမလှ၍ အိန္ဒိယသို့ပြန်ပြေးတော့မည်ကို တစ်ရွာလုံးသိနေကြပါသည်။ သို့သော် သူတို့၏စိတ်ဝယ် ဝိသမလောဘစိတ်ဖြင့် ကုလားကြီးရတနာများ မြှုပ်နှံရာသို့ လိုက်လံချောင်းမြောင်းကြည့်ရှုသူတစ်ဦးမှမရှိခဲ့ပေ။

အချိန်အတန်ကြာသော် ကုလားကြီးသည် နွားများနှင့် မြောက်ဘက်တောင်ကုန်းပေါ်ကျောက်ဖျာသို့သွားရာ လူသွားလမ်းလေးမှ ပြန်ဆင်းလာသည်ကို တွေ့ကြရ၏။ ဘယ်သူကမှလည်း သွား၍ မစပ်စုကြပါ။ နောက်နေ့တွင် ကျန်လမ်းကူလီတို့အား နွားများပေးအပ်ကာ အိန္ဒိယသို့ပြန်သွားကြောင်းသိကြရလေ၏။ ထိုမှစ၍ ကုလားကြီးပျောက်ကွယ်သွားပါသည်။

သို့နှင့်ပင် ဂျပန်တို့သည် မြန်မာနိုင်ငံအား သိမ်းပိုက်လိုက်လေ၏။ ဂျပန်ခေတ်ဝယ် သစ်ဆိမ့်ကုန်းအနောက်ဘက် ကားလမ်းဘေးရှိ စခန်းကြီးရွာတွင် သတင်းများခေတ်စားရာ ဒေသခံတို့သည် သလင်းတူး၍အသက်မွေးမှုပြုကြရလေ၏။

ပတ္တမြားများ အရောင်းအဝယ်လုံးဝမရှိသဖြင့် ထိုဂျပန်ခေတ်ဝယ် ပတ္တမြားခေတ်တိမ်လျက်ရှိရာ လူတိုင်းစီးပွားရေးကျပ်တည်းကြ၏။ပတ္တမြားဝယ်သူတို့မှာ အင်္ဂလိပ်ကုန်သည်ကြီးများသာဖြစ်၍ မိုးကုတ်ပတ္တမြား မြေတစ်ခွင်လုံး ကျောက်မျက်လုပ်ငန်း တည်ငြိမ်ချက်သား ကောင်းလှပေ၏။ ရေနီချောင်းတို့သည် ရေကြည်ချောင်းဖြစ်ကုန်ကြ၏။ မိုးကုတ်ကား ထာဝရ ရေနီနေ ကျက်သရေရှိလေ၏။ ရေကြည်သော် ဒုက္ခ၏လက္ခဏာဖြစ်ပေ၏။

**▫ သက်ကယ်ကျင်း**

သစ်ဆိမ့်ကုန်းရွာမှ ကုန်းပေါ်သို့ တက်သော် ထိုဝန်းကျင်အား သက်ကယ်ကျင်းဟုခေါ်၏။ သစ်ဆိမ့်ကုန်းရွာနှင့် ကျောက်ဖျာရွာမှလူတို့သည် အိမ်မိုးရန် သက်ကယ်ခေါ် သက်ငယ်အား ထိုဝန်းကျင်မှရိတ်ကြရ၏။ သက်ကယ်များထူထပ်စွာ ပေါက်ရောက်နေ၍လည်း သက်ကယ်ကျင်းဟု အမည်တွင်နေခြင်း ဖြစ်သည်။

အမှန်သော် ထိုဝန်းကျင်သည် သစ်တောထက် ဝါးတောများကပိုများ၏။ နေရာတိုင်းတွင် သက်ကယ်ပင်တို့ ထူထပ်စွာပေါက်ရောက်နေသဖြင့်လည်း သွပ်ဝယ်ကာ မမိုးနိုင်ကြသေးသူတို့မှာ သက်ကယ်ကိုအားကိုးအားထားပြုရ၏။

ကျွန်ုပ်တို့ကျောက်ဖျာရွာမှ ကျွန်ုပ်ကျေးဇူးရှင်မတင်ကြည်၏ဖခင် ဦးကန်သည် သက်ကယ်ရှေ့နောက်နှစ်ထုံး ဝါးဖြင့် လျှိုထမ်းလာခဲ့သော် ထိုသက်ကယ်ကိုပျစ်ပါက သက်ကယ်ကျင်းလွန်သော် ငမုန်းချောင်းရောက်၏။ ငမုန်းချောင်းကွက်ရပ်လွန်ပါမှ ကျောက်ဖျာသို့ရောက်ပါသည်။ နာရီဝက်နီးနီးကြာသောခရီးဖြစ်ပေ၏။ တောင်ပေါ်လမ်းဖြစ်၍ ကွေ့ကွေ့ကောက်ကောက်သွားရသော ခြေကျင်လမ်းဖြစ်သည်။

**▫ ကုလားရထားနားသိုက်ရှာကြပြီ**

၁၉၄၈ ခု၊ ဖေဖော်ဝါရီ ၄ ရက်နေ့တွင် မြန်မာတို့လွတ်လပ်ရေးရလေ၏။ ထိုအခါ ပါလီမန်ဒီမိုကရေစီခေတ်ဖြစ်လာပြီး ထိုကာလကို ဦးနုအစိုးရဟုခေါ်ကြ၏။

ထိုဦးနုအစိုးရခေတ် ကျောက်တွင်းလိုင်စင်များပြန်ချပေးရာ မိုးကုတ်သားတို့သည် လိုင်စင်နှင့်လုပ်ခွင့်ရကြ၏။ ထိုလိုင်စင်ဖြင့် ချမ်းသာသူတို့က စက်တွင်းကြီးများထောင်ကြ၏။ မချမ်းသာသူတို့မှာ တစ်နိုင်တစ်ပိုင်စာလုပ်ကြပါသည်။ အချို့လိုင်စင်မဆောင်နိုင်ကြသူတို့မှာ

## နေပြည်တော်ကျော်ကျော်စိုး

## မြကျောက် ၁၂



ဒီအတိုင်းပင်လုပ်ကြပါသည်။ အဖမ်းအဆီးဆိုပ်မရှိပါ။ သို့သော်လိုင်စင်ခံတွင်းများနှင့်ဝေးရာတွင်သာလုပ်ကြရပါသည်။

ထိုသို့ အေးချမ်းသောခေတ်ဝယ် ကျောက်ဈေးများ ပြန်ကောင်းပြီဖြစ်ရာ ကျောက်ကို သဲသဲမဲမဲရှာကြပြီဖြစ်သည်။ ထိုအခါဝယ် သစ်ဆိမ့်ကုန်းမှလူတို့သည် လမ်းကူလီကုလားကြီးမြှုပ်သွားသောနွား (၃)ကောင်ဖြင့်တင်၍ သွားမြှုပ်သော ကျောက်တို့ကိုသတိပြုရကြ၏။

ကုလားကြီးတက်သွားသောလမ်းသည် ကျောက်ဖျာသွားလမ်းဖြစ်ရာ ဖြစ်နိုင်ခြေရှိသောနေရာတို့ကို တောရမ်း၍ ရှာဖွေကြည့်ရှုကြ၏။ မြေအနေအထားများ ပျက်၊ မပျက်ကို လေ့လာကြ၏။ သို့သော် နှစ်အတန်ကြာပြီဖြစ်သောအခါ မြေသားကိုကြည့်၍ ခန့်မှန်းမရကြတော့ပေ။ ချုံရမ်းရ၍မောတာသာအဖတ်တင်ကြ၏။

**စစ်ကြီးလည်း** ပြီးဆုံးသွားခဲ့ပြီး လွတ်လပ်ရေးလည်းရခဲ့ပြီ။ ရှေးခေတ်ကဲ့သို့ လိုင်စင်တွင်းများပင် ချပေးခဲ့ပြီဖြစ်သည်။ သို့သော် ကုလားကြီးကား လုံးဝပေါ်မလာတော့။ မိုးကုတ်ပတ္တမြားတို့သည် မိုးကုတ်မြေ၌သာ ကိန်းအောင်း၍ အစုလိုက်အပုံလိုက် ကျန်ရစ်ခဲ့လေ၏။ ထိုကုလားရတနာသိုက်အကြောင်းကား ပတ္တမြားကျောက်များ တန်ဖိုးရှိလာသောခေတ်ဝယ် လူတိုင်း၏ပါးစပ်ဖျား၌ ရေပန်းစားလျက်ရှိချေ၏။

သစ်ဆိမ့်ကုန်းအနေနှင့်မူ ကုလားရတနာသိုက်တည်ရှိသည်ဟု ထင်ကြေးပေးကြသော သစ်ဆိမ့်ကုန်းရပ်ကွက်သို့ မျှောတိုက်၍ ရှာရန် အခွင့်အရေးမရှိပေ။ ထိုသက်ကယ်ကျင်းကွက်ရပ်သို့ မျှောတိုက်ရန် ရေတင်ခွင့်အခွင့်အရေးမှာ ကျောက်ဖျာမှာသာ ရရှိပါသည်။ ကျန်သောရွာများမှာ ချောင်းမှရေကို မြောင်းသွယ်၍ တင်ခွင့်မရနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် ရေမြောင်းသွယ်ရမည့်လမ်းကြောင်းသည် ကျောက်ဖျာရွာထိပ်မှပတ်၍သွယ်ရမည်ဖြစ်ပြီး ထင်းခြံများ၊ စိုက်ပျိုးခြံများကို ဖြတ်ရမည်ဖြစ်သည်။ ထို့ကြောင့် ကျောက်ဖျာရွာမှ ကုလားရတနာသိုက်ရှာဖွေလိုသူတို့သည် စုပေါင်း၍ရေမြောင်းဖောက်ကြရပါသည်။

မျှောတိုက်ခြင်း ဟူသည် ရေဖြင့်မြေများအား မျှောတိုက်ရခြင်းဖြစ်ပေရာ ရေသည် ကျောက်တွင်းလုပ်ကိုင်ရာ၌ မည်သည့်တွင်းမျိုးမဆို မပါ၍မပြီးချေ။ ထို့ကြောင့် ချောင်းမြောင်းစိမ့်စမ်းတို့မှ ရေတို့ကို အိမ်သို့မျှောတိုက်လိုက်ရာ နေရာ၏အပေါ်ကုန်းဆိပ်ရောက်အောင် မြောင်းသွယ်၍တင်ကြရ၏။ ထို့ကြောင့် မိုးကုတ်သားတို့သည် ရေမြောင်းသွယ်ရာ၌ အိတ်စပတ်ဖြစ်သည်။ လျှိုတွေ့သော် ထိုလျှိုအား ဝါးရေတံလျှောက်၊ ပျဉ်ရေတံလျှောက်၊ အုန်းပင်ခန့်ရှိမင်းဘောပင်ရေတံလျှောက်တို့ဖြင့် မရရအောင်သွယ်ယူနိုင်ကြ၏။

ယခုလည်း သက်ကယ်ကျင်း၌မြှုပ်နှံခဲ့သည်ဆိုသော ကုလားရတနာသိုက်အားရှာဖွေရန် ကျောက်ပြဿဒ်အရှေ့ရွာအောက်ရှိ တောင်တွန်းလျှိုချောင်းမှသည် ကျောက်ဖျာရွာထိပ်သို့သွယ်၏။ ထိုမှအထက်ဘုန်းကြီးကျောင်း၊ အောက်ကျောက်ဖျာရွာကြားမှဖြတ်ကာ ငမှန်းချောင်းကိုသွယ်ရ၏။ ငမှန်းချောင်းမှသည် ဦးသောင်းထွန်းခြံကိုသွယ်ရ၏။ ထိုမှလွန်သော် သက်ကယ်ကျင်းထိပ်ရောက်အောင်သွယ်ရပြန်၏။ ရေမြောင်းအရှည်သည် (၂) မိုင်ခန့်ရှည်ပါသည်။ ကွေ့ကွေ့ကောက်ကောက်တောင်စောင်းများအား မြောင်းဖောက်၍သွယ်ရရာ ခက်ခဲလှပါသည်။

သက်ကယ်ကျင်းထိပ် ရေရောက်သည်နှင့် အောက်ခြေမှစ၍ တောရမ်းကာ မျှောတိုက်ကြပါသည်။ ကျောက်တုံးကျောက်ခဲကြီးများအပေါ်၌ ထူထပ်လှပါသည်။ မျှောများသည် တောင်ဘက်မျှောများဖြစ်ကြကာ စမြေဖြုန်း၊ ကျောက်ပုပ်ဖြုန်း၊ မြေနီကြွပ်ဖြုန်း၊ ရွှေးဖြူဖြုန်း၊ ရွှေးနက်ဖြုန်း၊ သဲကြောင်းထိုးဖြုန်း၊ ကသဲရိုက်ဖြုန်း၊ စမြေစေးဖြုန်း၊ စမြေသဲထူဖြုန်းစသည်ဖြင့် ဖြုန်းအမျိုးမျိုးတွေ့ကြကာ စမြေဖြုန်းနှင့် ရွှေးနက်ဖြုန်း၊ သဲကြောင်းထိုးဖြုန်းတို့မှာ ကျောက်ထွက်အားကောင်းပါသည်။ ကျောက်ထွက်အနည်းဆုံးမှာ ရွှေးဖြူဖြုန်းဖြစ်သည်။ ရွှေးဖြူဖြုန်း၌ အညံ့ကျောက်သာများ၏။

ထိုမျှောတို့၏ရေမြီးကိုကိုင်လျက် သစ်ဆိမ့်ကုန်းသားများလည်း အများအပြားလာလုပ်ကြပါသည်။ သူတို့၏ အဓိကရည်ရွယ်ချက်မှာ ကုလားကြီးလန်ဒူးမြှုပ်သွားသော နွားသုံးတင်ပတ္တမြားရတနာသိုက်ဖြစ်သည်။ သို့သော် ထိုရတနာသိုက်အား တစ်ဦးမှမတွေ့ကြရပေ။

### ▫ သူကြီးဦးသာအောင်

သူကြီးဦးသာအောင်သည် အပြောအဆိုအနေအထိုင် လွန်စွာသိမ်မွေ့သူအဖြစ် ကျော်ကြားကာ အင်္ဂလိပ်ခေတ်မှသည် လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်တိုင်အောင် သူကြီးရာထူး၌ ဆက်လက်မြဲမြံကာ ကျောက်ဖျာရွာ၌ အုပ်ချုပ်ခဲ့လေ၏။ သူကြီးကတော်မှာ ဖွားထွန်းဟု အများကခေါ်ကြသော ဒေါ်ထွန်းဖြစ်ပေ၏။

သူကြီးဦးသာအောင်နှင့် သူကြီးကတော် ဒေါ်ထွန်းတို့တွင် ဦးဘမောင်၊ ဒေါ်စောမယ်၊ ဒေါ်စောချယ်၊ ဦးအေး၊ ဦးအောင်စည်ဟူ၍ သားသမီးငါးယောက်ပွားစီးခဲ့ရာ ထိုအချိန်က ဦးအေးသည် မောင်အေး ဟူသော လူပျိုအရွယ်ဖြစ်သည်။ သူ့အောက်ရှိ မောင်အောင်စည်မှာမူ ကျောင်း၌ ကိုရင်ဝတ်လျက်ရှိ၏။

သက်ကယ်ကျင်းရပ်ကွက်ထိပ်သို့ ရေမြောင်းဖောက်ရာတွင် သူကြီး၏ဦးစီးဦးဆောင်မှုဖြင့် အောင်မြင်ခြင်းဖြစ်၍ ရေရောက်သောအခါ မျှောတိုက်ရာတွင် သူကြီးက မျှောတစ်မျှောတိုက်လေ၏။ သူကြီးကား အသက်အရွယ်အသင့်အတင့်ရပြီဖြစ်၍ ကိုယ်တိုင်လုပ်ခြင်းမဟုတ်ဘဲ သူ့အိမ်မှ မောင်အေးကိုထည့်ခြင်း ဖြစ်ပါသည်။ ပူးတွဲစပ်တူလုပ်ကြသူများမှာ ကိုစံ (နောင် ကျောင်းဒကာဦးစံ) မောင်အေးနောင်(ဦးအေး)၊ သစ်ဆိမ့်ကုန်းရွာမှ ကိုလှအောင်တို့ ဖြစ်သည်။ ထိုမျှောတွင်းကား သူကြီးဦးသာအောင်၏ပါဝါဖြင့်လုပ်သောတွင်းဖြစ်ရာ ရလာသောကျောက်ဟူသမျှကို သူကြီးဦးသာအောင်ကကိုင်၍ရောင်း၏။ ရလာသမျှကို အချိုးကျဝေငှ၏။ ထိုခေတ်ထိုအခါတွင် လိမ်ညာကောက်ကျစ်ခြင်းလုံးဝမရှိသောရိုးသားဖြူစင်သည့်ခေတ်ဖြစ်သည်။

ထိုခေတ်ထိုအခါက အလွန်ချမ်းသာကြွယ်ဝသည့်ကျောက်ကုန်သည်ကြီးများသည် ကျောက်ကို အိမ်၌သာထိုင်၍ဝယ်ကြ၏။ တစ်ရွာဝင်တစ်ရွာထွက် ယခုခေတ်ကဲ့သို့လှည့်လည်ဝယ်ယူသောခေတ်မဟုတ်ပေ။ ခိုးသားဓားပြတို့၏ရန်ကိုကြောက်ရသောခေတ်ဖြစ်ရာ အောက်ကျောက်ဝယ်သော ကုန်သည်ငယ်တို့သာ တောရွာတို့သို့ လှည့်လည်ဝယ်ယူကြလေသည်။ ကျောက်ကြီးကျောက်ကောင်းရခဲ့သော် မြို့ရှိ ကျောက်ကုန်သည်ကြီးများထံသို့ သွားရောင်းကြလေ၏။

### ▫ စိတ်ကူးယဉ်အိပ်မက်

သူကြီးဦးသာအောင်၏တွင်းသည် သက်ကယ်ကျင်းလုပ်ကွက်၏အနေ

ဘက်ခုံးတွင်ကျကာ သူတို့၏တွင်းသည် သစ်ဆိမ့်ကုန်းရွာမှလာသော လမ်း၏ အရှေ့ဘက်တွင် ကပ်လျက်တည်ရှိကာ သူတို့၏တွင်းဦးမှသည် ကွေ့ဝိုက်၍ ရွှေ့သို့သွားသောလမ်းကြောင်း တည်ရှိ၏။ လမ်းသည် သူတို့တွင်းအား ကျဉ်တွယ်ချိုးချိုး၍တည်ရှိနေခြင်းဖြစ်ရာ သူတို့တွင်းအားရှင်းလင်းစွာမြင်နေရလေ၏။

ကိုလှအောင်နှင့် ကိုစဲတို့မှာ ဘိန်းကြိုက်သူများဖြစ်ရာ တွင်းတဲ၌ လွတ်လပ်စွာပင် ဘိန်းရှူ၍မှိန်းနေကြလေသည်။ မောင်အေးမှာမူ လူငယ်ဖြစ်ရာ ရေနွေးအိုးတည်ပေးခြင်း စသည် ပြုလုပ်ပေးရလေ၏။ တွင်းဆရာမှာ ကိုစဲဖြစ်သည်။

ညက ပြိုကျထားသော ဖြုန်းတို့အား ရေပန်းရိုက်ကာ ရေကိုခိုင်းစားထားသဖြင့် အားလပ်၍နေ၏။ ထိုအားလပ်ချိန်ကို အလဟဿမဖြစ်စေဘဲ အချိန်ရှိခိုက်လုံ့လစိုက်ကာ ဘိန်းစားနှစ်ယောက်က ဘိန်းရှူကာ စည်းစိမ်ခံစားနေခြင်းဖြစ်သည်။ မောင်အေးမှာမူ ဝါးပေါက်ခေါ် ဝါးဆစ်ခွက်ဖြင့် ရေနွေးသောက်၍နေ၏။

ထိုစဉ် ဘိန်းစားတို့၏ အသံထွက်လာ၏။

"ဟေ့ကောင် အုန်းမောင်"

"ဘာတုံး အိုက်စဲရ"

"ကုလားကြီး ဒီကုန်းပေါ်ကို နွားသုံးတင်တက်မြုပ်တုန်းက တောင်ပေါ်ဘက်သွားတာ မင်းမြင်လိုက်လား"

"အေး-ငါတော့မမြင်ဘူးပေါ့ကွာ။ ငါ့အဖေတော့ ကောင်းကောင်းကြီးမြင်လိုက်ရတယ်ကွ။ ဒီတောင်ပေါ်တစ်နေရာရာမှာ အစုလိုက်အပုံလိုက်မြုပ်ခဲ့တာတော့ သေချာပါတယ်ကွာ။ ဘယ်နားမှန်းမသိလို့ ခုလိုမျှော်တိုက်ပြီးရှာနေရတာပေါ့ကွ"

လူငယ်ဖြစ်သော မောင်အေးမှာမူ သူတို့နှစ်ယောက်ပြောနေသည်ကို နားထောင်ကာပြုံးနေပါသည်။ အဘယ်ကြောင့်ဆိုသော် ဘိန်းစားတို့သည် စိတ်ကူးယဉ်ရာ၌ အတော်ဆုံးသောလူတို့ဖြစ်ကြောင်း ကြားဖူး၍ဖြစ်၏။

"အုန်းမောင်၊ ငါတို့မျှောက ကုလားကြီးရဲ့ ရတနာသိုက်ရှိတွေ့နိုင်ပါ့မလားကွ"

"ဟာ - တွေ့နိုင်တာပေါ့ အိုက်စဲရာ။ ငါ့အိပ်မက်အရမ်းကောင်းတာကွ။ ငါ ညက အိပ်မက်ထဲမှာ မစင်တွင်းကြီးထဲကျသွားပြီး လောက်တွေငါ့တစ်ကိုယ်လုံးပေါ်တက်တယ်လို့မက်တယ်ကွ။ အိပ်ရာကလန့်နိုးတော့မိုးလင်းနေပြီ။ သေချာပေါက်ကို ငါတို့ ကုလားကြီးရတနာသိုက်ကိုတွေ့ရမှာ အိုက်စဲရ။ မင်းမယုံမရှိနဲ့ ငါ့အိပ်မက်က အရမ်းမှန်တာ"

"အေးဟ၊ ငါလည်း စိတ်တွေအရမ်းပျော်နေတယ်။ ဒါဟာ လာဘ်ကောင်းတာပဲကွ။ ကုလားကြီးရဲ့ကျောက်တွေတွေ့ရရင် ခုခေတ်ကျောက်ဈေးနဲ့ဆို အရမ်းတန်မှာနော်"

"အိုကွာ - တန်တာပေါ့။ သူ့ခမျာ နှစ်ရှည်လများစုဆောင်းပြီး အိန္ဒိယကိုပြန်သယ်ဖို့ ကြံစည်ထားတာကွ။ မထင်မှတ်ဘဲ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီး အင်္ဂလိပ်ကို ဂျပန်ဝင်တိုက်လို့ အခြေအနေမလှတာကြောင့် ကျောက်တွေမသယ်နိုင်ဘဲ အိန္ဒိယကိုပြန်ပြေးရတာ။ အဲဒီမှာ မြန်မာနိုင်ငံတော်က လွတ်လပ်ရေးရပြန်တော့ အဲဒီကုလားကြီးပြန်လာယူဖို့ အတော်ခက်သွားတာနေမှာ"

"ကုလားကြီး သနားစရာပါကွာ။ ဒါပေမယ့် သူ့ရတနာတွေ မြုပ်နှံတဲ့နေရာကိုတော့ မြေပုံအညွှန်းလုပ်ပြီးယူသွားမှာ သေချာတယ်ကွ။ သူလာမယူနိုင်တော့ဘူးဆိုရင် တောင်မြေပုံအညွှန်းနဲ့ သူ့သားသမီးတွေလာရှာနိုင်တယ်ကွ"

"ရှာလည်း အလကားပေါ့ အိုက်စဲရာ။ နောက်တစ်ခါ တွင်းပြိုကျရင် ငါတို့ထဲ အကုန်ကျတော့မှာကွ"

"အေးကွ-ဒါလည်းဖြစ်နိုင်တာပဲ။ ဒါထက် နေစမ်းပါဦး၊ ကျောက်တွေငါတို့ရရင် အားလုံးသူဌေးဖြစ်ကြပြီး မင်းဘာလုပ်မယ် စိတ်ကူးလဲ"

"ငါလား"

"အင်းလေကွာ"

"အင်း - ငါ့စိတ်ကူးကတော့ မိန်းမကိုရွှေတွေညှပ်နေအောင်ဆင်ပေးမယ်ကွာ။ အိမ်ကြီးကြီးဆောက်မယ်ကွာ။ သားလေးနှစ်ယောက်ကို အလှူကြီးလှူပေးမယ်ကွာ။ ပြီးတော့ မန္တလေးရွှေမြို့တော်ကြီးကို မရောက်ဖူးသေးဘူးကွ။ အဲဒါ ရွာက ဘုန်းကြီးကိုပင့်ပြီး မန္တလေးကိုလိုက်ပို့ခိုင်းမယ်ကွာ။ ဘယ်လိုလဲ ဟေ့ကောင် ငါ့စိတ်ကူးမကောင်းဘူးလား။ မင်းကျတော့ဘာလုပ်မယ်စိတ်ကူးလဲ"

"မင်းစိတ်ကူးကောင်းပါတယ်ကွာ။ ငါ့ကျတော့ဘာလုပ်ရမလဲ။ အင်း . . . ငါလည်း မင်းလိုပဲ ငါ့မိန်းမ စောလှကိုရွှေတွေညှပ်နေအောင်ဆင်ပေးချင်တယ်။ အိမ်ကြီးဆောက်ချင်တယ်။ ငါ့သားဦးကိုရှင်ပြုပေးချင်တယ်။ ပြီးတော့ ငါ့ကျောင်းဒကာဖြစ်ချင်တာကွ။ ငါတို့ကျောက်ဖျာကျောင်းကြီးကအိုပြီးယိုင်နေလို့ကျားကန်ထားရတာ။ အဲဒီကျောင်းကို အသစ်ဆောက်ပြီးလှူဒါန်းချင်တယ် ငါ့ဆန္ဒက ဒါပါပဲကွာ။ မန္တလေးကို ငါကရောက်ဖူးပြီးသွားပြီကွ။ မန္တလေးတောင်တို့၊ မဟာမြတ်မုနိတို့၊ ဈေးချိုတို့ အကုန်ရောက်ဖူးပြီးပြီကွ"

"မန္တလေးရွှေမြို့တော်ကြီးကစည်လားဟေ့ကောင်"

"အိုကွာ - တို့ဆီနဲ့တော့ တခြားစီပေါ့ကွာ။ လူတွေ၊ တိုက်တွေ၊ ကားတွေ၊ လမ်းတွေ အရမ်းကိုစည်တာကွ။ တို့မိုးကုတ်ဆိုတာ မန္တလေးနဲ့ယှဉ်ရင် တကယ့်တောပါကွာ"

"အေးကွာ ရောက်ဖူးချင်လိုက်တာ။ ဒီတစ်ခါ တောင်ပြတ်ပြီးပြိုကျလာရင် ကုလားကြီးမြုပ်ထားတဲ့ရတနာတွေ ပါလာစမ်းပါဗျာ။ ဒါဆိုရင် မင်းတို့ငါတို့ ဆန္ဒပြည့်ဝပါပြီကွ အိုက်စဲရ ဟုတ်ဖူးလား"

"ပါမှာပါကွာ ပါမှာပါ။ ကဲ - ဟေ့ကောင် တစ်ယောက်ကိုတစ်ပြောက်စီလောက်ထပ်ရှူရအောင်လား"

"ကောင်းသားပဲ"

ဟု ဆိုကာ နှစ်ယောက်သား ခွေနေရာမှထ၍ ခပ်ပုံခေါ် ခါခူးရှူရန်ပြင်ဆင်နေကြပြန်၏။ ခါခူးမှာ ဘိန်းဆီနှင့်ငှက်ပျောရွက်နုခြောက်အား ရောနယ်ထားသော စေးတွဲတွဲပစ္စည်းဖြစ်၏။ ထိုခါခူးအား အလုံးလေးများလုံးကာ တော်ပါဖူးခေါ် ဘိန်းပြောင်း၏တက်ကလာခေါ် ပြွန်ဝလေး၌ မီးရှို့ကာ အငွေ့ကိုဆွဲစုပ်၍ ရှူရခြင်းဖြစ်သည်။ တော်ပါဖူးခေါ် ဘိန်းပြောင်းထဲ၌ ရေအသင့်အတင့်ထည့်ထား၍ရှူပါက ဂလောက်ဂလောက်ဟူသောရေပွက်သံထွက်၏။ ထိုဂလောက်ဂလောက်ဟူသော ရေပွက်သံလေးသည် သူတို့၏နားဝယ် နားစောင်းညှင်းထက်ပင် သုတိသာယာရှိလေ၏။ ခပ်ပုံခေါ်၊ ခပ်ခူးခေါ်၊ခါခူးအား မီးရှို့ရာ၌ မီးမငြိမ်းသော မီးခဲတောင့်လေးအား မီးစကောက်ဟုခေါ်၏။ မီးစကောက်လုပ်ရန် ကြောင်လျှာခေါက်နှင့်မျောက်လုပ်ခေါ် တောင်ပိန္နဲခေါက်ကိုခွာ၍ အချောင်းလေးပြုကာ မီးဖိုထဲထည့်ထားရ၏။ ထိုအခေါက်တို့သည် စိုသော်လည်း မီးစွဲကာမီးနေကြ၏။ မီးငြိမ်းမသွားအောင် မီးခဲတောင့်လေးဖြစ်နေ၏။ အဖျားကိုသာ မီးဖုတ်ထားသဖြင့် အရင်းဖက်က ကိုင်၍ရ၏။ မီးစကောက်ကိုင်လျက် ခါခူးလုံးလေး

အား မီးရှို့ဝေးနေရခြင်း ဖြစ်သည်။ (ယခု ခေတ်တွင်မူ မီးစကောက်ပျောက်ကွယ် ကာ ဂက်စ်မီးခြစ်ကို အသုံးပြုနေကြလေ ပြီ) ဤသည်မှာ မြန်မာတို့ဘိန်းစွဲခြင်း သည် အင်္ဂလိပ်တို့၏ဆိုးမွေကျန်ရစ်ခဲ့ခြင်း ဖြစ်ပေ၏။ လူကိုအညွန့်တုံးစေသော ဘိန်းစိုက်နည်း၊ ရှုနည်းများသင်ပေးသွား၍ ဖြစ်ပါသည်။

□ **ဘွားစိန်မှပြခြင်း**

ပြိုကျထားသောဖြုန်းမြေများအား ရေပန်းရိုက်ထားသောအခါ မြေမှုန်များ ရေဖြင့်မျောပါနေသဖြင့် ရေတို့နီရဲလျက် ရှိလေ၏။ မြေတို့မျောပါကုန်သည်နှင့် ကျောက်တုံးကျောက်ဖြုန်းများပေါ်၍ လာကြ၏။

အလွန်ကြီးမားသော ကျောက်တုံး ကြီးများ ယမ်းဖြင့်ခွဲထုတ်ရ၏။ အတော် အထန် ကျောက်တုံးကြီးများကို တူကြီး ဖြင့် ရိုက်ခွဲရ၏။ ထမ်း၍နိုင်သော ကျောက်တုံးကြီးများကို ဆိုင်းဖြင့်ထမ်း ထုတ်၍ကျောက်စီပေးခြင်း၊ လွှင့်ပစ်ခြင်း ပြုရ၏။ ကျောက်တုံးငယ်တို့ကို လက်ဖြင့် ကောက်၍ ခေါက်ူထဲထည့်ကာ ဆိုင်း ထမ်းပိုးဖြင့် တစ်ဖက်တစ်ခြင်းထမ်း၍ ထုတ်ရ၏။

ရေစီးဆန့်ကျင်ဘက်သို့ အောက် ခြေအခံပေါက်အောင် ပေါက်ပြားဖြင့် ဆွဲလှန်ရ၏။ ထိုအခါတွင် သဲလေးများ၊ ပတ္တမြားများသည် လေးသဖြင့် အောက် ခြေ၌ထိုင်၏။ သဲလှန်ခြင်း၊ မြောင်းမြီး လှန်ခြင်းသည် အားအလွန်စိုက်ရသဖြင့် ဗိုက်ထဲရင်ဘတ်ထဲ ချွေးဒီးဒီးကျလေ၏။

မျှောကား တောင်တက်မျှောဖြစ် ရာ ဝါးတစ်ရိုက်ခန့်မြင့်လေ၏။ ထိုဝါး တစ်ရိုက်ခန့်မှ ရိုက်ထားသောရေပန်း ကားတဖြန်းဖြန်းကျကာ အကျနာသဖြင့် ရေပန်းစားအားကောင်းပါသည်။ ရေပန်း စားသည်ဆိုသော စကား၏အရင်းအမြစ် မှာ ကျောက်တူးရာမျှောတွင်း လုပ်ငန်းမှ စကားဖြစ်သည်။

"မောင်အေးရေ သွားကွာ ရေပန်း စားရဲ့လား သွားကြည့်ဦး"

ဟု ကိုစဲမှ ခိုင်းသဖြင့် လူငယ် နောက်လိုက် မောင်အေးက သွားကြည့် ပါသည်။ ခဏအကြာတွင် ပြန်ရောက် လာ၏။ ကိုစဲနှင့် ကိုအုန်းမောင်မှာ ဘိန်း စားအိပ်ရာ တစ်တောင့်ထွာဟူသည်နှင့် အညီ မီးဖိုဘေး၌ ပုံစွန်ကွေးကွေးလျက် ရှိ၏။ ရေနွေးခါးခါးခွက်ကို ရှေ့၌ကိုယ်စီ ချထားကြ၏။ ဘိန်းရှူထားသော်လည်း ချောင်းယားတတ်၏။ ထိုအခါ ရေနွေးခါး ခါးနှင့်မျှောချသည်နှင့် အယားပျောက် လေ့ရှိ၏။

"ဘယ်လိုလဲ မောင်အေး"

"နည်းနည်းတော့ကျန်သေးတယ်။ နောက်ထပ် နာရီဝက်လောက်ဆိုရင် ကျောက်ဖြုန်းကောက်လို့ရပြီ"

"သြော် - အေးအေး၊ မြေတွေ ပြောင်မှကောက်တာပေါ့ကွာ"

"ဟုတ်ကဲ့"

ကိုစဲနှင့် ကိုအုန်းမောင်ကား ပြန် မှိန်းသွားသဖြင့် မောင်အေးသည် တဲဝါးလုံးတိုင်ကိုမှီကာ အေးဆေးစွာ စိတ်ကူးယဉ်၍နေ၏။ သူတို့ပြောသော ကုလားကြီး၏နွားသုံးတင်ကျောက်အိတ် (၆) အိတ်သာ သူတို့တွေတွေ့ခဲ့ပါက သူချစ်သော၊ အလွန့်အလွန်မြတ်နိုးရပါ သော ကျောက်ဖျာရွာအောက်ပိုင်းက မအုန်းလှိုင်ကို ဖခင်သူကြီးအား သွား ရောက် တောင်းရမ်းခိုင်းပေမည်။

မအုန်းလှိုင်ကား ချောမောလှပ၍ သဘောမနော‌ဖြူစင်သူအပျိုဖြစ်ပေ၏။ ကာလသားတို့ ဝိုင်းဝိုင်းလည်ပိုးပန်းခံရသူ ဖြစ်သည်။ မောင်အေးမှာ အူတုံသည်းတုံ မအုန်းလှိုင်အပေါ် ချစ်နေမိပြားသော် လည်း ပျော့ညံ့စိတ်၊ ကြောက်တတ်သည့် စိတ်ကြောင့် ဖွင့်ပြောဖို့နေနေသာသာ မျက်နှာချင်းဆိုင်လျှင်ပင် စေ့စေ့မကြည့်ရဲ ပေ။ ရင်တုန်ပန်းတုန်ကြီးခံစားနေရလေ့ရှိ ၏။ သို့ကြောင့် ချစ်ခွင့်မပန်ရဲသူ သူ့ အတွက် ဒီတစ်သက် ဆုံစည်းနိုင်ဖွယ် မမြင်ပေ။

အကယ်၍သာ ကုလားကြီးမြှုပ်ခဲ့ သော ရတနာသိုက်တောင်ပြိုကျရာမှ ပါလာခဲ့ပါမူ ဖခင်အားကိုးဖြင့် သွားရောက် တောင်းရမ်းယူရပေမည်။ ထို့ကြောင့် ထို ရတနာသိုက်တွေ့မှတော်ကာကျပေမည်။ မတွေ့ခဲ့သော် သူနှင့်သူချစ်သော မအုန်း လှိုင်ဘဝကား ကောင်းကင်နှင့်မြေကြီး ပမာ ကွာခြားနေပါလိမ့်မည်။ သို့အတွက် ကုလားရတနာသိုက်ကြီး ငါတို့တွင်းတွေ့ ပါစေဟူ၍စိတ်ထဲတွင်ကျိတ်၍ဆုတောင်း နေလေ၏။ သူ၏မျက်ဝန်းထဲဝယ် လှပ ကြော့ရှင်း၍ရဲတွတ်နေအောင်လှသော မအုန်းလှိုင်၏အလှရသများကို တစိမ့်စိမ့် ခံစားကာ ပြုံး၍နေမိလေ၏။ မဝေးလှ သောတွင်းမှ ရေပန်းရိုက်သံတဖြန်းဖြန်း ပင် သူ့နားတွင် မဝင်တော့ပေ။

"ဟဲ့ - မောင်အေး"

"အောင်မလေး"

တဲနှင့်ကပ်လျက် ကျောက်ဖျာ သစ်ဆိမ့်ကုန်းသွားလမ်းမှ ဘွားစိန်၏ အော်သံကြောင့် မအုန်းလှိုင်၏အလှ ရေလျှဉ်ကြောတွင်မျောပါနေသူမောင်အေး သည် ရှုတ်တရက် လန့်ထွက်သွားလေ ၏။

"လန့်လိုက်တာ ဘွားစိန်ရာ ဘာတုံးဗျ။ အော်ကြီးဟစ်ကျယ်နဲ့ အလန့်တကြား"

"ဘာတုံးလုပ်မနေနဲ့။ ဟောဟို နင်တို့မျှောခွက်ထဲမှာ ကျောက်နီအကြီး ကြီးတစ်ပွင့်ပေါ်နေတယ်။ နေရောင် ပတ္တာနဲ့ ရဲရဲတောက်နေတာပဲ။ အခု ငါ ကျောက်ဖျာက်ပြန်ခဲ့တာ။ မျှောဦးကဆို ဒီအတိုင်းမြင်နေရတာ ကျောက်ကနည်း တာမဟုတ်ဘူး"

ဟု ပြောလိုက်သည်နှင့် မောင်အေး သည် တဲထဲမှဖြုတ်ခနဲထကာ မျှောခွက် ဆီပြေးလေ၏။ ရေပန်းရိုက်၍ကျောက်ခဲ များသာကျန်နေသောကျောက်ခဲပုံဘေး ဝယ် ကြီးမားသော ပတ္တမြားကြီးကို မြင်တွေ့သည်နှင့် ပတ္တမြားကြီးအား ခြေထောက်ဖြင့်နင်းကာ ဖုံးထားလိုက် သည်။

"ဘယ်မှာလဲ ဘွားစိန်ရဲ့"

"ဟဲ့- နင့်ခြေထောက်အောက်မှ လေ။ အောင်မာ ငါပြလို့မြင်တဲ့ကော ကများ ငါ့ကိုလာပတ်နေသေးတယ်။ နင် တို့ဘိန်းရှူနေတုန်း သူများဆင်းကော သွားမှာစိုးလို့ပြောတာဟဲ့"

□ **ကြီးမားသော ပုံဆောင်ခဲပတ္တမြားကြီး**

"ကိုစဲရေ၊ ကျောက်ကတော့နည်း တာမဟုတ်ဘူး။ ဒီလောက်ကြီး ကျောက်ရှိတောင်ရှိမယ်ထင်မထား

ဟု ပြောကာ ကျောက်ကြီးအား တွင်းဆရာကိုစဲ လက်ထဲထည့်လိုက်လေ ၏။ နီရဲကာ လှပကြီးမားသော ကျောက် ကြီးအားကိုင်ကာ ကိုစဲ၏လက်တို့ တုန်ယင်နေလေ၏။ မျက်လုံး (၆) သည် ကျောက်ကြီးကို ငေးမော နေကြ၏။ ပြီးမှ နေပတ္တာတွင် ကြည့်သည်။ စလွယ်သိုင်းအပြ ချက်မှတစ်ပါး ဖန်သားကဲ့သို့ကြည် ရဲတောက်နေပါသည်။ ခြောက်မြ ပုံဆောင်ခဲပတ္တမြားကြီး ဖြစ်ပေ၏။

"အပြစ်တစ်ချက်ပါသွားတယ် နော်"

"အေးကွ၊ အပြစ်မပါရင် အ

"အရည်တစ်ပတ်ကျသလို

"ဟုတ်တယ်၊ နည်းနည်း

အိုက်စဲ ဒီကျောက်အလေးချိန်

လောက်ရှိမယ်ထင်လဲ"

"ငါ့အထင်တော့ ငါးဆယ်သား လောက်ရှိမယ်ထင်တာပဲ"

"ဒါဆို ဗလီ ငါးဆယ်ပေါ့နော်"

"အေးလေကွာ"

"အိုက်စဲ ငါတို့ဘာလုပ်ကြမလဲ။ သူများတွေကျောက်ကြီးရရင်ပြန်ကြတာကွ"

"အေးလေ - ကျောက်ဖြုန်းတွေ နောက်နေ့မှကောက်ကြရအောင်။ ဒီနေ့တို့တွေ အောင်ပွဲခံတဲ့အနေနဲ့ပြန်ကြမယ်။ ဒါပေမယ့် ရေပန်းကို နောက်ဆုတ်ရိုက်ခဲ့မယ်။ ဒါမှ တောင်ကထပ်ပြိုကျပြီးရေပန်းရိုက်ပြီးသားနေမှာ။ ကဲ- အုန်းမောင်နဲ့ မောင်အေးသွားကွာ။ ရေပန်းကို နောက်နည်းနည်းရွှေ့ရိုက်လိုက်၊ ရေပန်းအရင်းကိုမြအောင် ငုတ်အသေအချာရိုက်ပြီး ကြိုးနဲ့ခိုင်အောင်တုပ်ခဲ့နော်"

"စိတ်ချ၊ စိတ်ချ"

ဟုပြောကာ ပျော်ပါးစွာ ထွက်ခွာသွားကြပြီး ရေပန်းပြောင်း၍ ရိုက်နေလေ၏။ မျှောခွက်ကားရေပန်းတဖွားဖွားနှင့် အလွန်ပင်ကြည့်၍ကောင်းလေ၏။

ပ.ဆီကြိုက်သောပတ္တမြားများ

"မောင်အေး၊ မင်းတို့ပြန်တာ စောလှချေလားကွ"

ဟု အိမ်ပေါ်တက်လာသော မောင်အေးကိုဆီး၍မေး၏။ မောင်အေး၏ ပြုံးပျော်သောမျက်နှာကို မြင်သောအခါ သူကြီးသည် ချက်ချင်းသဘောပေါက်သွားဟန်ရှိသည်။ ချက်ချင်းပင်ပြန်မေး၏။

"ဘာလဲ၊ မင်းတို့ပွဲခဲ့ပြီနဲ့တူတယ်"

"ဟုတ်တယ် အဖေ၊ ကျောက်က အကြီးကြီးပဲ"

ဟု ပြောကာ လွယ်အိတ်ထဲမှ ပုဆိုးစုတ်နှင့်ထုပ်ထားသော ကျောက်ကြီးအား သူကြီးလက်ထဲထည့်လိုက်၏။ သူကြီးသည်အထုပ်ကိုဖြေကာ ကျောက်ကြီးကိုကြည့်၏။

"ဟား-ကြီးမားလှပါလားကွာ။ ငါ့တစ်သက် ဒီလောက်ကြီးတဲ့ကျောက် ခုမှပဲ မြင်ဖူးတော့တယ်။ မင်းတို့တွင်းဆေးတာလား"

"မဟုတ်ဘူး အဖေ။ မျှော်ခွက်ထဲပေါ်နေတာနဲ့ ဒီအတိုင်းကောက်ယူပြီး ပြန်ခဲ့ကြတာ"

"မင်းမျက်နှာမြင်ကတည်းကထင်သားပဲ။ ကျောက်က စလွယ်သိုင်းအပြစ်တစ်ချက်ဝင်သွားတယ်ကွာ။ နို့မို့ရင် စင်းလုံးချောကျောက်စစ်ကျောက်ကောင်းနေမှာ။ ငစဲကော သူ့အိမ်ပြန်သွားတာလား။ ခဏလောက်သွားခေါ်စမ်းကွာ"

"ခေါ်စရာမလိုဘူး အဖေ။ ခဏနေလာခဲ့မယ်ပြောထားတယ်။ လာမှာပါ"

"အေးအေး - ဒါဆိုလည်း ပြတင်းပဏ္ဏာနဲ့ငါကြည့်ဦးမယ်"

ဟု ပြောကာ ပြတင်းဝတွင်ထိုင်၍ လှပသောကျောက်ကြီးအား စိမ်ပြေနပြေကြည့်၍နေလေ၏။ ထာထဲထည့်၍ကြည့်လိုက်၊ တံတွေးဆွတ်၍ကြည့်လိုက် ထောင်၍ကြည့်လိုက်နှင့် သူကြီးအလုပ်ရှုပ်၍နေလေ၏။ ခဏကြာသော် ရေချိုးအဝတ်အစားလဲကာ ငစဲရောက်လာလေ၏။ ကျောက်ကြီးရထားကြသည်မို့ အားလုံးပြုံးပျော်၍နေပါသည်။

"ဘယ်လိုလဲ ငစဲ"

"ကျောက်က အရည်နည်းနည်းချိုသွားတယ်ထင်တယ်"

"ဟုတ်တယ်၊ အရည်တစ်ပတ်ကျသွားတယ်။ တို့ဒီလိုလုပ်ရင်မကောင်းဘူးလား"

"ပြောလေ သူကြီး"

"ဒီကျောက်ကြီးမှာအပြစ်တစ်ချက်ပါတယ်ကွ။ အဲဒါ ပါးစပ်သဘောပဲ။ ဒီကျောက်ဟာ ဆီစားမယ့်ကျောက်ကွ။ ဆီစိမ်လိုက်ရင် အရည်တစ်ပတ်တက်လာမယ်လို့ ငါထင်တယ်။ မင်းဘယ်လိုသဘောရလဲ"

"အပြစ်သာပါတာ ဂေါ်မှမပါတာ စိမ်သာစိမ်ပါသူကြီး။ အရည်တက်လာနိုင်ပါတယ်။ ရက်အတော်ကြာဆီစိမ်ပြီးမှ ရောင်းကြတာပေါ့။ ဟုတ်ဖူးလား"

"အေး - ငါလည်း အဲဒါကိုပြောချင်တာကွ။ ဒီလိုကျောက်ကြီးကျောက်ကောင်းဆိုတာလောလို့မရဘူး။တစ်သက်မှာ တစ်ခါဆိုတာလိုရတာ။ အဲဒီတော့ ငါတို့တွေဝအောင်ကြည့်ပြီးမှ ရောင်းကြတာပေါ့ ဟုတ်ဖူးလား"

"သူကြီးသဘောပါဗျာ။ သူကြီးသဘောပါပဲ"

"ဒါဆို ဆီစိမ်ရအောင်ကွာ၊ ဟေ့-မထွန်း၊ မောင်အေး မင်းအမေခေါ်လိုက်စမ်းကွာ။ ဘယ်ရောက်နေတယ်မသိပါဘူး"

"ဟုတ်ကဲ့၊ အမေ တခြားအိမ်ရောက်နေတာနေမှာ။ ကျွန်တော်သွားခေါ်လိုက်မယ်"

ဟုပြောကာ မောင်အေးပြေးဆင်းသွားလေ၏။

"ဒီကျောက်ကြီးက ရေပန်းထဲမှာ ရဲရဲကြီးပေါ်နေတာ သူကြီးရဲ့။ အဲဒါသစ်ဆိမ့်ကုန်းက ဘွားစိန်က လမ်းပေါ်ကနေ မျှောခွက်ထဲကိုကြည့်တော့ မြင်တာနဲ့ လှမ်းအော်လို့ မောင်အေးကပြေးကောက်လာတာ။ နေပဏ္ဏာနဲ့ဆို အရမ်းကိုလင်းလက်နေတာနော်"

ကျောက်နီပတ္တမြားကြီးသည်ကား နေပဏ္ဏာထိုးထားသဖြင့် နီရဲသောအရောင်များ ထာထဲ၌ ပျံ့နှံ့၍နေလေ၏။ ထာဟူသည်မှာ ကြေးလင်ပန်း ဖြစ်သည်။ အိမ်တိုင်းတွင် ထာခေါ် ကြေးလင်ပန်းများ အကြီး၊ အသေးကျောက်ထည့်ရန်ရှိကြပါသည်။ လင်ပန်းကြီးများမှသည် ပိုက်ဆံအိတ်ထဲထည့်၍ရသောလင်ပန်းလေးများအထိ အရွယ်အစားအမျိုးမျိုးရှိပါသည်။ ကျောက်ဈေးကို ထာပွဲဟုခေါ်ခြင်းမှာ ကုန်သည်တိုင်း ထာကိုယ်စီဖြင့် ကိုင်တွယ်ရောင်းဝယ်ရ၍ ထာကိုအစွဲပြုကာ ထာပွဲဟုခေါ်ခြင်း ဖြစ်သည်။

"အေးကွ-ငစဲရ၊ ဒါဟာ ပြကျောက်ပဲ။ မင်းတို့မြင်အောင် ဘွားစိန်ကနေ တစ်ဆင့်ပြပေးတာကွ။ ကျောက်စစ်ကျောက်ကောင်းဆိုတာ နတ်ပစ္စည်းကွ။ ထိုက်မှရတာ။ ဒီလိုပြပြီး မရတဲ့ကောင်တွေအများကြီးရှိတယ်ကွ။ မင်းတို့ငါတို့ ကံကောင်းလို့ရကြတာ"

ဘွားထွန်းခေါ် ဒေါ်ထွန်းရောက်သည်နှင့် -

"မထွန်း၊ ဒီမှာလာကြည့်ပါဦးဟ"

ဟု ခေါ်၍ပြကာ ဆီစိမ်ရန် ပန်းကန်နှင့် ဆီပုလင်းယူခိုင်းလိုက်လေ၏။ ခဏအကြာ ဘွားထွန်းထွက်လာ၏။

"ကျောက်ကကြီးလွန်းတော့ ဟောဒီအလယ်တည်ပန်းကန်ကြီးပဲရှိတယ်"

ဟု ပြောကာ ဟင်းစားပန်းကန်ကြီးချပေး၏။ ကျောက်ကြီးအား ပန်းကန်ကြီးထဲထည့်ကာ ဆီလောင်း၍ထည့်၏။ ကျောက်ကြီးမြုပ်ရန် ဆီပုလင်းဝက်ခန့်ကုန်လေ၏။ ဆီထည့်ပြီးသည်နှင့် ကျောက်ကြီးအား အိပ်ခန်းထဲသွားထားလိုက်လေ၏။

ပတ္တမြားအနီ၊ ပတ္တမြားအပြာ (နီလာ) ဂေါ်ကြီးတို့အား ဆီစိမ်ပါက ကျောက်တစ်ရည်တက်လေ့ရှိပြီး ဂေါ်ကြီးမှာမူ ဂေါ်အားတက်လာကာ အဆင့်မြင့်ဂေါ်ကြီးဖြစ်လာတတ်၏။

ပတ္တမြားအနီလယ်သီးရည်၊ ပတ္တမြားအပြာငှက်ခါးရည်တို့ကိုမူ ဆီမစိမ်ရပါ။ ဆီစိမ်ခဲ့သော် အရည်လွန်လျက် မည်း

ငုတ်ငုတ်ဖြစ်သွားတတ်လေ၏။

ပတ္တမြားအပြာတွင် ဂေါ်မည်းရိုပ်ပါခဲ့သော် ဆီလုံးဝမထိရပေ။ ဆီထိသော် ဂေါ်မည်းမှုတ်တက်လာကာ သုံးစား၍မရသော ကျောက်ဖြစ်သွားတတ်လေ၏။ ဂေါ်မည်းကား အလွန်ကြောက်စရာကောင်းလေ၏။

ပတ္တမြားအနီ၊ အပြာတို့၌ ဂေါ်ရိုပ်ပါသော် ဆီစိမ်ပါက ဂေါ်တက်လာမည်စိုး၍ ဆီစိမ်ခြင်းမပြုကြပါ။ ကျောက်စစ်ကျောက်ကောင်းတို့၌ ဂေါ်သည် အပြစ်ဖြစ်သည်။

ဆီကြိုက်သော ဆီစားသောကျောက်ဖြစ်ပါက သူ၏ အရည်အသွေးမှာ နောက်နေ့တွင် မမှတ်မိလောက်အောင် ပြောင်းလဲကာ လှပ၍နေတတ်လေ၏။ ထိုကျောက်မျိုးကို ဆီကြိုက်သောကျောက်ဟုခေါ်ကြ၏။ ပတ္တမြားရတနာလောကကား လွန်စွာကျယ်ဝန်းလှပါသည်။

**□ လယ်သီးရည်သို့ပြောင်းသွားခဲ့ပြီ**

"မောင်အေးရေ ငစဲသွားခေါ် စမ်းကွာ"

ဟု မောင်အေးက လွှတ်လိုက်သဖြင့် နေပဏ္ဏာရစအချိန်တွင် ကိုစဲရောက်လာလေ၏။ ကျောက်ရောင်းဝယ်ရာ၌ နံနက်ခင်း နေပဏ္ဏာနှင့် ညနေနေပဏ္ဏာကို အားထားလေ့ရှိကြသည်။ နေအလင်းကို သို့မဟုတ် အလင်းရောင်ကို မိုးကုတ်က ပဏ္ဏာဟုခေါ်၏။ ပဏ္ဏာမှာ နှစ်မျိုးရှိသည်။ သဘာဝအလင်းပဏ္ဏာနှင့် ခာတ်မီးပဏ္ဏာဖြစ်သည်။ သဘာဝအလင်းဗဏ္ဏာသည်အထဲရှိ အပြစ်၊ အမြုပ်၊ ရှင်းမည်၊ ရှုပြစ်စသည်တို့အား အသေးစိတ်မမြင်ရပေ။ ခာတ်မီးပဏ္ဏာဖြင့်ကြည့်သော် အပြစ်ဟူသမျှ အကုန်အစင်မြင်ရလေ့ရှိ၏။

မနက်ခင်းပဏ္ဏာနှင့် ညနေခင်းပဏ္ဏာတို့သည် နေ့တွင် အနီရောင်ကဲသဖြင့် ကျောက်နီတို့ရောင်းရာ၌ ပို၍လှကာ ရောင်း၍အဆင်ပြေ၏။

ငါးဆယ်သားခန့်ရှိသော ကျောက်ကြီးကား ပြတင်းဝ၏နေပဏ္ဏာအောက်တွင် ရဲရဲတောက်မျှလှပနေ၏။

"ဘယ်လိုလဲ ငစဲ"

"အရည်က လယ်သီးရည်ဖြစ်သွားခဲ့ပြီပဲဗျ"

"ဒါကြောင့် ဒီကျောက်ဆီစားမယ့်ကျောက်လို့ ငါပြောတာပေါ့ကွ။ မနေ့ကအရည်နဲ့တော့ တခြားစီဖြစ်သွားခဲ့ပြီပဲ"

"အေးဗျာ၊ အရှည်လှချက်က မှတ်တောင်မမှတ်မိလောက်အောင်ပြောင်းသွားတာပဲ။ ယုန်သွေးရည်စစ်စစ်ဖြစ်သွားခဲ့ပြီနော်"

"အေးကွာ၊ ငါအိပ်ရာထလို့ထုတ်ကြည့်လိုက်တော့ မျက်လုံးတောင်ပြူးသွားတယ် ငစဲရ။ ညှို့ပြီးရဲထွက်နေလို့လေ။ ငါ့မိန်းမရော ငါ့သားသမီးတွေပါ နှုတ်လုံအောင် ပိတ်ထားရတယ်ကွ။ မတော်လို့ သတင်းပေါက်ကြားသွားရင် ဒီကျောက် ဈေးပြတွေလက်ထဲပါသွားမှာစိုးရတယ်"

"ဟုတ်တယ်၊ ရောင်းတာတောင် ပိပိရိရိရောင်းမှရမှာ။ တော်ကြာ မစားလိုက်ရဘဲ ဈေးပြလက်ထဲပါသွားမှာစိုးရသေးတာ"

"သစ်ဆိမ့်ကုန်းက မစိန်ဆီကနေ သတင်းပြန့်မှာကြောက်ရတာ"

"သူကြီးရယ်၊ သူအသေအချာမြင်ရတာမှမဟုတ်တာ။ အမှတ်တမဲ့ဆိုတော့ စိတ်ထဲထားမယ်မထင်ပါဘူး"

"အေးကွာ၊ ဒါဆိုလည်းပြီးတာပါပဲ။ တို့ဘယ်နေ့သွားရောင်းကြမလဲ"

"ဒါကတော့ သူကြီးသဘောပါ"

"အေးကွာ - နောက်သုံး၊လေးရက်နေမှသွားရောင်းကြတာပေါ့။ အခုတော့ ဝအောင်ကြည့်ပါရစေဦး"

ထိုစဉ် အောက်မှ ဟာပြား(ငါးကျပ်) ကျောက်ကုန်သည်မမွေး၏အော်သံကြားလိုက်သဖြင့် သူကြီးသည် ထာကိုဆတ်ခနဲမ,ကာ အခန်းထဲပြေးထားလိုက်ပြီး ဧည့်ခံနေရာတွင် ပြန်ထိုင်လိုက်ပါသည်။ ထိုစဉ် ကျောက်ကုန်သည် မမွေးရောက်လာ၏။

"သူကြီး"

"ဗျို့"

"တွင်းစရှိလား"

"တွင်းမဆေးရသေးဘူး မမွေးရေ။ နောက်တစ်ရက်၊ နှစ်ရက်နေမှ ဆေးရမယ်ထင်တယ်"

"ဆေးရင်ထားပေးဦးနော် သူကြီး"

"ဟုတ်ကဲ့ပါခင်ဗျား၊ ဟုတ်ကဲ့ပါ"

"ဟဲ့ - အိုက်စဲ"

"ဗျာ"

"နင်တို့ဆေးရင် ငါ့ကိုမမေ့နဲ့နော်"

"ဟုတ်ကဲ့ပါဗျာ"

တွင်းစမရှိ၍ မမွေးပြန်ဆင်းသွား၏။ သူကြီးနှင့် ကိုစဲတို့ကမူ အပြုံးကိုယ်စီဖြင့် ပီတိဖြစ်နေကြလေ၏။

**□ တစ်သောင်းကျပ်မျှသာ**

"အိုက်စဲရေ၊ ဒီကျောက်ကြီးကို တို့ဘာနဲ့ထည့်သွားမလဲ။ အဝတ်စုတ်နဲ့ထုတ်သွားရင်လည်း ကြည့်မကောင်းဘူးကွ"

"ဟုတ်တယ်၊ ဘာနဲ့ထည့်ရပါ့"

ဟု ဆိုပြီး ကိုစဲသည် အိမ်ထဲလှည့်လည်ကြည့်နေ၏။ အိမ်၏ဒေါက်တန်းပေါ်တွင် လန်ဒန်ဂိုးဖရိတ် (၅၀) လိပ်ဝင်စီးကရက်သံဘူးကို မျက်စိရောက်သဖြင့် သွားယူကာ ကျောက်ကြီးအား ဘူးထဲထည့်လိုက်၏။ ကျောက်ကပလောက်ခနဲဝင်သွားလေ၏။ ဘူးကိုပြန်မှောက်ချရာ ကျောက်ကပြန်ထွက်လာပြန်၏။

"သူကြီးရေ ဟောဒီစီးကရက်သံဘူးက ကျောက်နဲ့ကွက်တိပဲဗျို့။ အလုံးရောအရှည်ရောအတော်ပဲ။ ဒါနဲ့ထည့်ပြီး ယူသွားကြတာပေါ့"

"အေးကွာ - ဟန်ရတာပေါ့။ ကျောက်နဲ့ စီးကရက်ဘူးက တိုင်းထားသလိုပဲ"

"ဟုတ်ပ့ါဗျာ"

ထိုခေတ်ဝယ် ဒီမိုကရေစီခေတ်ဖြစ်ရာ ကုမ္ပဏီကြီးများသည် ပစ္စည်းများအား ကြော်ငြာအားကောင်းကောင်းဖြင့် အပြိုင်အဆိုင်ရောင်းချသောခေတ်ဖြစ်လေ၏။ စီးကရက်ကို တောရွာများတွင် ပိုလိုဟုခေါ်ကြပြီး လူပျိုလှည့်ရာတွင် (၅၀) ဝင် စီးကရက်သံဘူးအား ခါးထိုးကာ စတိုင်ထုတ်၍ သောက်ပြကြလေ၏။

ထိုခေတ်၌ ပိုလိုတံဆိပ်၊ ဗွီစတာဗွီးရှင်းတံဆိပ်၊ လန်ဒန်ဂိုးဖရိတ်တံဆိပ်၊ ဗွီတံဆိပ်၊ မြင်းကျားတံဆိပ်၊ ကြောင်နီတံဆိပ်၊ ကြောင်နက်တံဆိပ်၊ ကက်ပီတန်တံဆိပ်စသည်ဖြင့် စီးကရက်များ အများအပြား အပြိုင်အဆိုင်ရောင်းချတာမေတ္တာလက်ဆောင်အဖြစ် ထိုခေတ်မင်းသမီးများဖြစ်သော မေရီမြ၊ တင်တင်မူ၊ မြင့်မြင့်ဌေး၊ ကြည်ကြည်ဌေး စသောရုပ်ရှင်မင်းသမီးတို့၏ပုံပါသည့် ပြက္ခဒိန်ကြီးများကို လက်ဆောင်ပေးလေ၏။

ထိုစီးကရက်သံဘူးသည် သူကြီး၏အကြီးဆုံးသားဖြစ်သော ကိုဘမောင်လူပျိုလှည့်ရာ၌ ဟန်ရေးပြရန်ဝယ်သောက်ထားသော စီးကရက်ဘူးခွံပြီးပေ၏။ ယခုသော် စီးကရက်ဘူးမှသည်ကျောက်ဘူးဖြစ်၍သွားပေပြီ။

ယနေ့သည် သူကြီးနှင့် သူ့အား သား (၃) ဦး ကျောက်တက်ရောင်းမည်ဖြစ်၍ဟန်ရေးပြင်နေကြခြင်း ဖြစ်သည်။ သူကြီးကား ရှမ်းပင်နီဘောင်းဘီ၊ ရှမ်းတိုက်ပုံနှင့် တဘက်ဖြူကိုပေါင်းထား

လေ၏။ ကိုစဲမှာ စစ်ဘောင်းဘီနှင့်စတိုင် ထုတ်လာသော်လည်း ခါးပတ်မပါပေ။ မောင်အေးနှင့် ကိုအုန်းမောင်တို့မှာ ပုဆိုးနှင့်ဖြစ်ပြီး လူငယ်(၃)ဦးစလုံး သက္ကလတ်ဦးထုပ်ဖြင့် စတိုင်ထုတ်ထားကြလေ ၏။

စတိုင်ပြည့်သည်နှင့် လွယ်အိတ်ကိုယ်စီလွယ်ကာ ကျပ်ပြင်သို့ချီတက်ခဲ့ကြပါသည်။ (၅) မိုင်ခန့်ဝေး၏၊ ကျပ်ပြင်တွင် လိုင်းကားစီးကာ မိုးကုတ်သို့ဆင်းခဲ့ကြပြီး ကျောက်ကုလားတွင် ဆင်းကြ၏။

"ငစဲ၊ ငါတို့ဘယ်အိမ်သွားရောင်းကြမလဲ"

"ဘွားသန်းက ဈေးပေးအတော်ဆုံးလို့ ပြောတယ်။ ဘွားသန်းအိမ်သွားကြတာပေါ့"

"မင်းကသူတို့အိမ်သိလို့လား"

"အိုဗျာ- ပါးစပ်ပါရွာရောက်တာပဲ။ မေးစမ်းသွားရမှာပေါ့"

ထိုခေတ်တွင် ကုန်သည်ကြီးများများမရှိသေးပါ။ နာမည်ကြီးကုန်သည်ဆို၍ ဦးဘမှို၊ ဒေါ်အုံ၊ ဒေါ်ဖုံ၊ ဒေါ်သန်းတို့လောက်သာရှိပါသေးသည်။

မိုးကုတ်ဟူသည်ကား အလွန်ကြီးသောမြို့မဟုတ်သဖြင့် မကြာမီပင် မေးရင်းမြန်းရင်း ဘွားသန်းအိမ်ရောက်သွားကြတော့၏။ ဘွားသန်းသည် ဘွားသန်းဟု နာမည်ကြီးသော်လည်း (၅၀) ခန့်သာ ရှိပါသေးသည်။ အလွန်ယဉ်ကျေးပျူငှာစွာ သူကြီးတို့ကို ကြိုဆိုနေရာချထားပါသည်။

"ဘယ်ရွာကပါလဲရှင်"

"အနောက်ပိုင်း ကျောက်ပြဿဒ်အနီးက ကျောက်ဖျာရွာကပါ"

"သြော် - ကျောက်ပြသာဒ် ကျောက်ဖျာ ကြားဖူးတာပေါ့ရှင်။ ဒါထက် ဘာကိစ္စပါလဲရှင်"

"တွင်းစလေးပြချင်လို့ပါ။ ငစဲထုတ်ပြလိုက်ကွာ"

ကိုစဲက လွယ်အိတ်ထဲမှ လန်ဒန်ဂိုးဖရိတ်စီးကရက်သံဘူးကိုထုတ်လိုက်ကာ သွန်ချလိုက်ပြီး ကျောက်ကြီးကို ဘွားသန်းလက်ထဲသို့ထည့်လိုက်လေ၏။

ပတ္တမြားကြီးကား ရဲရဲတွတ်ကာ လွန်စွာလှပသဖြင့် ဒေါ်သန်းသည် လက်များပင်တုန်ယင်နေ၏။

"သြော် - ဟဲ့အိမ်ထဲကလာကြဦး"

ဟု ဆိုသည်နှင့် ကောင်မလေး တစ်ယောက်ရောက်လာ၏။

"ဒီမှာ ဧည့်သည်တွေအတွက် ကော်ဖီတွေ၊ မုန့်တွေအစုံလုပ်ခဲ့။ ပြီးတော့ ထမင်းကျွေးမယ်။ ဟင်းစုံနေပါစေနော်။ ဆိုင်မှာဝယ်သင့်တာတွေသွားဝယ်"

"ဟုတ်ကဲ့"

"ကော်ဖီမြန်မြန်လုပ်ခဲ့"

ကောင်မလေး မီးဖိုထဲပြန်ဝင်သွားလေ၏။ ဘွားသန်းသည် ကျောက်ကြီးအား တစိမ့်စိမ့်ကြည့်နေလေ၏။ ကြည့်၍ မဝနိုင်လောက်အောင်လည်း ကျောက်က လှ၍နေပါသည်။ ခဏအကြာတွင် ဆိုဖာဆက်တီခုံဝယ် ကော်ဖီနှင့်မုန့်များရောက်လာလေ၏။

"သုံးဆောင်ကြပါရှင်။ ဘာမှအားမနာပါနဲ့။ ရေစက်ရှိလို့ဆုံရတာ ဆွေမျိုးတွေပါပဲ။ အေးအေးဆေးဆေးပေါ့။ ကျွန်မ ကျောက်ကြီးကို အသေအချာကြည့်ပါရစေဦး"

ဟု ပြောကာ ပြတင်း၌ထိုင်ပြီး ကျောက်ကြည့်နေလေ၏။ သူကြီးတို့သည် ကော်ဖီနှင့်မုန့်များအား အေးဆေးစွာစား၍နေကြပါသည်။ ကျောက်ကြည့်ရင်း အလာပသလ္လာပစကားများပြောနေ ကြပါသည်။

"ကျောက်ပြသာဒ်မှာ ရှမ်းတောက ကိုဆုမိတို့၊ ဦးအိုတို့တွင်းသွားထောင်ကြတာ အံတော်အဆင်ပြေတယ်ကြားတယ်။ သူကြီးနဲ့သိတယ် မဟုတ်လား"

"သိတာပေါ့ဗျာ။ သိရုံမဟုတ်ဘူး၊ ရင်းကိုရင်းနှီးနေကြတာ"

"ဟုတ်ကဲ့ - ဝမ်းသာပါတယ်ရှင်။ ကျွန်မတို့ကိုလည်း ဆွေမျိုးလိုခင်လို့ရပါတယ်။ ကျောက်မပါလည်း ဝင်ပါ၊ လာလည်ပါ။ ဆွေမျိုးအရင်းတွေလို သဘောထားပေါ့ရှင်"

စသည်ဖြင့် သိမ်မွေ့ယဉ်ကျေးစွာ ပြောဆိုပါသည်။ အမှန်တကယ်လည်း လွန်စွာယဉ်ကျေးသိမ်မွေ့သူတွေဖြစ်ကြကာ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနေသူတို့ ဖြစ်သည်။

ကျောက်ကြီးအား ထားထဲတွင် ထည့်ကာ ပြတင်းဝ၌ချထားပြီး စကားလက်စုံ ပြောမကုန်ရှိနေကြပါသည်။ ကျောက်ဈေးပင် မမေးသေးပါ။ သို့နှင့် အချိန်တို့ကုန်လွန်နေ၏။

"မေမေကြီး၊ ထမင်းပွဲပြင်ပြီးပြီ"

ဟု မီးဖိုထဲမှ ကောင်မလေးလာ၍ အကြောင်းကြားသဖြင့် -

"ကဲ-သူကြီးတို့ ထမင်းသုံးဆောင်ရအောင်။ ပြီးမှပဲ ကျောက်ဈေးစကားပြောကြတာပေါ့"

ဟု ပြောကာ မီးခိုးထဲသို့လိုက်ပို့၏။ ထမင်းစားခန်းကား သန့်ရှင်းလှပနေကာ ထမင်းစားပွဲဝိုင်းကြီးဝယ် ဟင်းတို့ဖြင့် ပြည့်နေ၏။ ထိုင်ခုံလှလှများဖြင့် အဆင့်အတန်းမြင့်လှပေ၏။

"ကဲ-စားနော်၊ အားမနာနဲ့၊ ကိုယ့်အိမ်လိုသဘောထားပြီးစားပါ။ ဇွန်း ခက်ရင်းမစားတတ်ရင် လက်ဆေးပြီးစားလို့လည်းရတယ်။ ကြိုက်သလိုစား။ ဟဲ့-အေးခဲမနဲ့ သောင်းသောင်း လိုတာထည့်ပေးနော် ဂရုစိုက် ကြားလား"

"ဟုတ်ကဲ့ - မေမေကြီး"

"ကဲ-စားကြ၊ ကျွန်မက နေ့လယ် လောက်မှစားတာ"

ဟု ပြောကာ အပြင်ပြန်ထွက်သွားလေ၏။ သူကြီးတို့သည် ခေါင်းမဖော်တမ်းစားကြကာ စားပြီးသော် အပြင်သို့ပြန်ထွက်ခဲ့ကြ၏။ ထိုအခါကျမှ ကျောက်ဈေးစကားပြော၏။

"သူကြီးတို့ကျောက်ကလှတော့လှပါရဲ့။ အပြစ်ကစလွယ်သိုင်းကြီးဝင်နေတာဆိုးတယ်နော်"

"ဟုတ်တယ်ဗျာ၊ အပြစ်မပါရင် ကျောက်စစ်ပေါ့"

"ဒါထက် သူကြီးဘယ်လောက်တောင်းမှာလဲ"

"အင်းဗျာ၊ တောင်းရမှာတောင်အားနာပါရဲ့။ ကဲ - ငါးသောင်းဗျာ"

"အို - သူကြီးရယ် ကျောက်က အပြစ်ကြီးနဲ့ ငါးသောင်းမများဘူးလားရှင်"

"ဘွားသန်းရယ်၊ ဒါက တောင်းဈေးလေ၊ ရောင်းဈေးမှမဟုတ်တာ"

"ဒါဆို ငါးထောင်ပေါ့"

"မလုပ်ပါနဲ့ဗျာ။ ငါးထောင်တော့ နည်းတာပေါ့"

"ဒါဆို သူကြီးဘယ်လောက်ရမှ ရောင်းနိုင်မှာလဲ"

"တစ်သောင်းပါ"

ထိုအခါ ကိုစဲက သူကြီးကိုလက်တို့၏။ မကျေနပ်သည့်သဘောဖြစ်သည်။

ထိုအခါ သူကြီးက ကိုစဲအား -

"ငစဲ၊ မင်းတို့ငါတို့ ငွေတစ်သောင်းမပြောနဲ့ ပဲပုပ်ချပ်တောင်တစ်သောင်းပြည့်အောင်မြင်ဖူးတာမဟုတ်ဘူး။ ကဲ-ရောင်းလိုက်တော့ ဟုတ်လား။ ကဲ - တစ်သောင်းနဲ့သာယူလိုက်ပါဗျာ" -

ဟု ဆိုသော် ဘွားသန်းသည် ကျောက်ပန်းအား သူကြီးလက်ထဲပြန်ထည့်ကာ -

"တဲ-အပ်ပါတော့ရှင်"

ဟု ဆိုလေ၏။

ထိုအခါ သူကြီးက -

"မြတ်ပါစွန်းပါစေဗျာ"

ဟူ၍ ပြောပြီး ဘွားသန်းလက်ထဲ ပြန်အပ်လိုက်လေ၏။ ဤသည်မှာ မိုးကုတ်ဓလေ့ကျေးကက်ရောင်းဝယ်ရာ၌ ကျောက်တည့်လျှင်ပြုလုပ်သောယဉ်ကျေးမှုတစ်ခု ဖြစ်၏။ ဘွားသန်းသည် တစ်ရာတန် အသစ်တစ်အုပ်ဖြင့်ငွေချေ၏။ ပြီးသော် ကားခတစ်ရာပေးလိုက်လေ၏။

**ပြကျောက်**

ဘွားသန်းအိမ်မှ ဆင်းခဲ့ကြကာ ဈေးကြီးဘက်သို့လျှောက်ခဲ့ကြ၏။

ဤတွင် ကိုစံကမကျေမနပ်ဆို၏။

"သူကြီးက ငါးသောင်းတောင်းပြီး နှစ်သောင်း၊ သုံးသောင်းလောက်တင်းထားမယ်ထင်တာ။ တစ်သောင်းဆိုတော့ မနည်းလွန်းဘူးလား"

"ဩော် - ငစံရယ်၊ ခက်ပါဘီ။ ငါပြောပြီကော။ မင်းတို့ငါတို့ တစ်သက်ငွေတစ်သောင်းမပြောနဲ့ ပဲပုပ်ချပ်တောင် တစ်သောင်းပြည့်အောင်မြင်ဖူးတာမဟုတ်ဘူးလို့။ တစ်သောင်းဆိုတဲ့ငွေမနည်းပါဘူးကွာ။ ဟော - မင်းတို့ငါတို့ကားခဆိုပြီးတော့တောင် တစ်ရာပေးလိုက်သေးတယ်။ ကော်ဖီတွေ၊ မုန့်တွေကျွေး၊ ထမင်းတွေဟင်းကောင်းကောင်းနဲ့ကျွေးဆိုတော့ကာ တစ်လုတ်စားဖူးသူ့ကျေးဇူးတဲ့ကွ။ ကျေးဇူးဆပ်ရာလည်းရောက် ပါတယ်ကွာ ဟုတ်ဖူးလား။ ဩော်-ဒါထက်ငွေတစ်သောင်းကို အိမ်ရောက်မှဝေမယ် နော်။ တစ်ရာကားခပေးလိုက်တော့ ငါတို့လေးယောက် တစ်ယောက်အစိတ်ဝေယူမယ် ဟုတ်လား။ ဝယ်ချင်တာဝယ် ပြန်ပေါ့ကွာ"

ဟု ဆိုလေရာ ကိုစံဘာမှမပြောသာတော့ပေ။ တစ်ကျပ်တန်အုပ်အသစ်စက်စက်လေးအား တစ်ယောက်လျှင် (၂၅) ကျပ်စီ ဝေယူကြလေ၏။ ခေါက်ဆွဲကြော်တစ်ပွဲတစ်ကျပ်။ ထမင်းအဝစား တစ်ကျပ်။ မိုးကုတ် - ကျပ်ပြင်ကားခ တစ်ကျပ်ဖြစ်ရာ ပိုက်ဆံအလွန်တန်ဖိုးရှိလေ၏။ ဆီတစ်ပိဿာ လေးကျပ်၊ ဆန်တစ်အိတ် နှစ်ဆယ်ကျပ်ဖြစ်သဖြင့် အစိတ် ဟူသော ငွေကား မနည်းလှပါ။ တစ်သောင်းဟူသောငွေသည် ရွှေဝယ်ပါက ငါးဆယ်သားရလေ၏။

အမှန်သော် ထိုကျောက်သည် စလွယ်သိုင်းအပြစ်အတိုင်းထက်ပိုင်း ဖြတ်လိုက်ပါက အစိတ်သားခန့်ရှိသော ကျောက်စစ်ကြီးနှစ်ပွင့်ရမည် ဖြစ်သည်။ နှစ်ပွင့် မဆိုထားဘိ အပြစ်ဂေါ်လုံးဝမပါသော ကျောက်စစ်ကျောက်ကောင်းကြီး ဖြစ်ရာ ထိုကျောက်၏တစ်ခြမ်းသည်ဝင်လျှင် ငွေကြေးပမာဏဖြင့်ဈေးဖြတ်၍မရနိုင်အောင် တန်ဖိုးကြီးလှပေ၏။

တစ်ခြမ်းလျှင် (၂၅) ဗလီရှိရာ ထိုကျောက်၏ အရည်အသွေး အသားပုံစံမျိုးဆိုပါက တစ်ဗလီခေါ် (၆၄) ရတီ တစ်ကျပ်သား၏တန်ဖိုးပင်လျှင် တန်ဖိုးဖြတ်ရန်ခက်လှပေ၏။ ငါးဆယ်သားရှိသောထိုကျောက်ကြီးသည် စံထားလောက်သောပတ္တမြားကြီးဖြစ်ရာ တန်ဖိုးအနန္တထိုက်တန်ပေမည်။ ထိုပတ္တမြားကြီး၏ အလေးချိန်သည် ရတီ (၃၂၀၀) ကျော်ရှိကာ လွန်စွာရှားပါး၍တွေ့ခဲကြုံခဲရခဲသော ပတ္တမြားအစစ်ကြီးဖြစ်ပေ၏။

ချင်းလက် စိန်ရောက်၊ မျှောက်လက်အုန်းသီးရ ဟူသောစကားကဲ့သို့ ကျောက်ဈေးကို လုံးဝနားမလည်သော၊ အလွန်ရိုး အလွန်အသော၊ အလွန်ပင်အားနာတတ်သော၊ တစ်ဖက်သားအပေါ် အလွန်လိုက်လျောတတ်သော သူကြီးဦးညာအောင်လက်ထဲရောက်သွားသောအခါ ထိုကျောက်သည် တစ်သောင်းတန်ကျောက်ဖြစ်သွားခဲ့လေ၏။ သူကြီးတို့ရသွားသောငွေပမာဏသည် ပွဲခမျှပင်မရှိချေ။ အလကားပေးလိုက်သကဲ့သို့ ရှိချေ၏။

အမှန်သော် ထိုပတ္တမြားကြီးသည် သူကြီးအုပ်စုအတွက် ပြကျောက်သက်သက်သာဖြစ်ပါသည်။ ရတနာထိုက်သူ ရတနာပိုင်ရှင်အစစ်မှာ ကျောက်ကုန်သည် ဘွားသန်းသာ ဖြစ်ချေ၏။ ထိုရတနာပတ္တမြားကြီးအား သူကြီးတို့ကို ဘွားသန်းထံပို့ခိုင်းလိုက်ခြင်းပင် ဖြစ်ပေ၏။

သူကြီးတို့ကား ပြသာပြ၍ မရကြပါ။ ရသောငွေသည် သမုဒ္ဒရာရေထဲမှ ရေတစ်စက်မျှသာဖြစ်ရာ ထိုပြကျောက်ကြီးသည် ဘွားသန်းအတွက်ပြသော ပြကျောက်ကြီးဖြစ်ပေ၏။ ကျောက်နားလည်၍ အင်္ဂလန်တွင် ကျောက်ဆိုင်ဖွင့်ထားသော ဘွားသန်းကား အကျိုးအမြတ်သမုဒ္ဒရာရေမျှရမည်ထင်၏။ ပြကျောက်ဟူသည် အမျိုးမျိုးရှိရာ ထိုပြကျောက်ကြီးကား သူကြီးတို့အတွက် ပြသာပြ၍ မရသောပြကျောက်ကြီး ဖြစ်ခဲ့လေ၏။

**ထိုပြကျောက်နှင့်ဆက်နွယ်၍**

ကိုစံတို့မှာမူ တစ်သက်တွင်တစ်ခါသာရခဲ့ဖူးသော ထိုပတ္တမြားကြီးအား အစဉ်သဖြင့် မျက်စိထဲကမထွက်ခဲ့ကြပါ။ အရွယ်အသား၊ ပုံစံ၊ ပြောစရာမရှိအောင်ပြည့်စုံသော ကျောက်နီလယ်သီးရည်ပတ္တမြားကြီးသည် သူတို့အားကြေကွဲစိတ်ဖြစ်စေ၏။ လူအနည်းငယ်မျှသာမြင်လိုက်ကြရပြီး သူတို့အပြောဖြင့် ဘေးမှလွမ်းနေရသူတွေမှာလည်း အများအပြားရှိခဲ့ကြပါ၏။ ထိုအထဲတွင် ကျွန်ုပ်လည်းပါဝင်ပါသည်။ မျက်မှန်းဖြင့်လွမ်းရခြင်းဖြစ်ပေ၏။

သို့သော် ထိုကျောက်ကြီးရောင်းပြီး မကြာမီ စိတ်ကောင်းရှိသောဘွားသန်းသည် သူ၏လုပ်ငန်းအခြေချရာ မန္တလေးဓားတန်း (ဓားတန်း၊ ရှေးက ဒါးဖြင့်ရေးသည်) ရေခဲစက်သို့ လေယာဉ်ဖြင့်အလည်ခေါ်လေ၏။

မိုးကုတ်၏မြောက်ဘက် မိုင် (၃၀) ခန့်တွင် မိုးမိတ်မြို့ရှိရာ ထိုမိုးမိတ်လေယာဉ်ကွင်းမှ ဒါကိုတာလေယာဉ်ဖြင့် မန္တလေးသို့စီးရခြင်း ဖြစ်သည်။ မိုးကုတ်မြို့ အောင်နန်းရပ်အထက်တန်းကျောင်းကြီးတောင်ဘက်တွင် လေယာဉ်လက်မှတ်အရောင်းဌာနရှိ၏။ အစစအရာရာ ဘွားသန်းမှ စီစဉ်ပေးသဖြင့် လေယာဉ်စီးဖူးကြကာ မန္တလေးဒါးတန်းရေခဲစက်သို့ရောက်ရှိကြ၏။ ထိုအချိန်၌ ဒါးတန်းဘိလပ်ရည်သည် အလွန်ကျော်ကြားလေ၏။

တိုက်ခန်းတစ်ခုတွင် သူတို့အတွက် ခုတင်၊ စောင်၊ ခြင်ထောင်၊ ပန်ကာ၊ ဗီရိုတို့ဖြင့် အကျအနစီစဉ်ပေးထား၏။ ဘွားသန်းက သူ၏ကျေးဇူးရှင်များဟုဆိုကာ လိုလေသေးမရှိ ပြုစုစေ၏။ ဗီရိုထဲ၌ ပိုက်ဆံများ ကတ်လိုက်ပုံပေးထားကာ ကြိုက်သလောက်သုံးကြပါ ခွင့်ပြုထား၏။

သို့သော် သူတို့ဘာသုံးရမှန်းမသိကြပါ။ အပြင်ထွက်၍ အရက်တစ်ကျပ်ဖိုးစီလောက်သာ သောက်ကြလေ၏။ ခေါက်ဆွဲကြော်စားကြ၏။ ဟိုတယ်သွား၍ ဇိမ်ခံနိုင်သောအခွင့်အရေးရပါသော်လည်း ဟိုတယ်ဆိုသည်ကို ကြားပင်မကြားဘူးကြချေ။

သူတို့အတွက် အခက်အခဲဖြစ်နေသည်မှာ ခေါင်းပေါ် မျက်နှာကြက်မှ ပန်ကာကြီး ဖြစ်သည်။ ထိုပန်ကာအောက်၌နေရရာ မတော်တဆပြုတ်ကျပါက ပန်ကာရွက်ခုတ်သော် ခေါင်းပြတ်၍သေနိုင်သည်ဟူသောအတွေးကြောင့် ညအိပ်သော် ခုတင်အောက်ဝင်၍ အိပ်ကြလေ၏။ ထိုအခါ ခြင်တို့ကိုက်လေ၏။

မီးများထိန်နေအောင်ထွန်းထားသဖြင့် မျက်စိကြောင်ကာ အိပ်မရလည်းဖြစ်ကြ၏။ ထို့ကြောင့် မီးသီးမီးချောင်းများအား လေဖြင့်မှုတ်၍ ငြိမ်းကြည့်၏။ မရ၍ လက်လျှော့ကြ၏။ ထိုညဝယ်

သူတို့ အကြီးအကျယ် ဒုက္ခရောက်ကြပါသည်။

နောက်နေ့တွင်မူ ည၏အခက်အခဲများတာဝန်ရှိသူတို့ကို ပြောပြရာ လူတို့ ခွက်ထိုးခွက်လှန်ရယ်မောကြကာ မီးပိတ်နည်း၊ ဖွင့်နည်း၊ ပန်ကာဖွင့်နည်း၊ ပိတ်နည်းတို့ကို ကျကျနနလက်တွေ့သင်ပေးလိုက်သဖြင့် အဆင်ပြေသွား၏။

မန္တလေးရှိမဟာမြတ်မုနိဘုရားကြီး၊ မန္တလေးတောင်စသည်တို့အား ဂျစ်ကားဖြင့်လိုက်ပို့သဖြင့် အနှံ့ရောက်ဖူးလေ၏။ သူတို့သည် နေ့စဉ်အပြင်ထွက်ကာ အရက်တစ်ကျပ်ဖိုး၊ ခေါက်ဆွဲကြော်တစ်ကျပ်ဖိုးသာ နေ့စဉ်စားကြ၏။ ဗီရိုထဲမှ ပိုက်ဆံကတ်များမှာ အရာမယွင်းချေ။ ဘွားသန်းသည် သူတို့သုံးရန် တစ်ကျပ်တန်ကတ်၊ ငါးကျပ်တန်ကတ်၊ တစ်ဆယ်တန်ကျပ်များထည့်ထားပေးခြင်း ဖြစ်သည်။ အမှန်သော် ပွဲခမျှပင်ရမသွားသောသူတို့အား သနားသဖြင့် ပြန်လည်ကျေးဇူးတုံ့ပြန်ခြင်းဖြစ်ပေ၏။ သို့သော် အလွန်ရိုးအသောသူတို့သည် ပိုက်ဆံလုံးဝမသုံးတတ်ကြပေ။

ကျောက်ကုန်သည်ဟူသည်ကား မှည်မျှတန်ဖိုးကြီးသောကျောက်ဖြစ်ပါစေ ဈေးအသက်သာဆုံးဖြစ်အောင် ဇယ်ချင်ကြသည်မှာ ထုံးစံဖြစ်၏။ ထို့ကြောင့် ပေါချောင်ကောင်းရစေရန် ကျောက်တွင်ပါလာသောအပြစ်တို့ကို ပုံကြီးချဲ့ကာ ကျောက်ပိုင်ရှင်စိတ်ဓာတ်ကျအောင် နှိမ်ချပြောဆိုတတ်ကြပါသည်။ ယခုလည်း စလွတ်သိုင်းအပြစ်တစ်ချက်ကို ရှိုးမယ်ဖွဲ့ကာ ပေါချောင်ကောင်းရသွားခဲ့ခြင်း ဖြစ်ပေ၏။

ထို့အပြင် အလွန်အားနာတတ်သော တောရှမ်းတို့၏ဓလေ့ကို နော်ကျေအောင်သိပြီးဖြစ်ရကား စားကောင်းသောက်ဖွယ်တို့ဖြင့် ကောင်းမွန်စွာကျွေးမွေးဧည့်ခံကာ ကျောက်လာရောင်းသူတို့အား ကျေးဇူးတရားဖြင့် သိမ်မွေ့စွာချည်နှောင်တုပ်ဖွဲ့လိုက်ခြင်း ဖြစ်ပေ၏။ ဤသည် မိုးကုတ်မြို့ရှိ ကျောက်ကုန်သည်ကြီးအချို့၏ နည်းဗျူဟာတစ်ခု ဖြစ်ပါသည်။

ထိုသို့ ကျွေးမွေးပြုစုခြင်းကြောင့်လည်း ကျေးဇူးကိုထောက်လျက် ရောင်းပေးသွားခြင်း ဖြစ်သည်။ ကျွေးသူသည် စေတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ တန်ဖိုးအနဂ္ဃကျောက်အား မပြောပလောက်သောငွေကြေးဖြင့်ရလိုက်ခြင်းဖြစ်၏။ သူကြီးတို့ကျောက်နားမလည်သည်လည်းပါပေမည်။ သို့မဟုတ် သူတို့နှင့်ထိုက်သလောက်သာ ရခြင်းလည်း ဖြစ်ပါမည်။

ရဲသုံးဘော် မန္တလေး၌ (၇) ရက်မျှနေပြီးသော် သင်္ဘောဖြင့် မန္တလေးမှ သပိတ်ကျင်း၊ သပိတ်ကျင်းမှ မိုးကုတ်ရောက်၏။ ရောက်သည်နှင့် မောင်အေးသည် သူတစ်ဖက်သတ်ချစ်နေသော အုန်းလှိုင်အား တောင်းပေးရန် ပူဆာသဖြင့် သူကြီးသည် ရပ်မိရပ်ဖတို့နှင့် ဘွားပွင့်ထံ သမီးတောင်းသွားရ၏။ အပျိုမလေး မအုန်းလှိုင်ကလည်း မသောက်မစားတတ်သည့်ခပ်အေးအေးနေသော မောင်အေးအား သဘောကျကာ လက်ခံလိုက်၏။ သို့နှင့် မင်္ဂလာဆောင်နှင်းပြီးသောအခါ သျှောင်နောက် ဆံထုံးပါကာ မောင်အေးနောက်လိုက်ခဲ့ပါသည်။ သူကြီးအိမ်ကား ရွာလယ်၌ရှိ၏။

အိမ်ထောင်ကျပြီးသော် ထိုရဲသုံးဘော်သည် သက်ကယ်ကျင်း မျှောကြီးအား ဆက်လက် လုပ်ကိုင်ကြလေ၏။ အရင်တစ်ခါ ကျောက်ကြီးမျိုးနောက်ထပ်ရလိမ့်ဦးမည်ဟုလည်း မျှော်တလင့်လင့်ရှိကြလေ၏။

အပေါင်းအသင်း ဟူသည် အများအားဖြင့် ကောင်းရာကိုညွှန်ရန် အလွန်ခဲယဉ်းလေ၏။ မကောင်းရာသို့သာ မြူဆွယ်တတ်ကြပါသည်။ ဘိန်းစားနှစ်ဦးနှင့်အတူနေသောမောင်အေးသည် ဆေးလိပ်ပင်မသောက်တတ်ခဲ့ရာ ယခုသော် ဘိန်းလည်း ကြိုက်တတ်၊ အရက်လည်း ကြိုက်တတ်၊ ဆေးလိပ်လည်းသောက်တတ်ခဲ့ပါတော့သည်။ အပေါင်းအသင်း၏ဆွဲဆောင်မှုကြောင့် မောင်အေးသည် ဘိန်းစားဖြစ်ခဲ့ပြီဖြစ်သည်။ မအုန်းလှိုင်မှာ ရင်ထုမနာဖြစ်ရရှာလေ၏။

မိန်းမတို့၏ဘဝသည် ယောကျ်ားယူအိမ်ထောင်ပြုသည်ဆိုရာ၌ ထီထိုးသည်နှင့်တူလှပါသည်။ ကံကောင်းမှသာ လင်ကောင်းသားကောင်းရတတ်ပါသည်။ မအုန်းလှိုင်သည် မောင်အေး ဟူသော နာမည်နှင့်လျော်ညီစွာ အေးဆေးသိမ်မွေ့ပြီး အသောက်အစားကင်းသဖြင့် မောင်အေးကို ရည်းစားမှဖြစ်ပါဘဲ သင့်တော်သည်ဟုထင်လျက် ရွေးချယ်ခဲ့၏။ မိခင်ဘွားပွင့်ကလည်း သဘောတူ၏။ မအုန်းလှိုင်လက်ထဲရောက်အပြီးတွင်မူ မောင်အေးကား တွေ့မရှောင်အကုန်ကြိုက်သူဖြစ်၍သွားခဲ့လေပြီ။

ထိုသက်ကယ်ကျင်းမျှောကြီးသည် ရွှေ့ရောတ်လေ တောင်မြင့်လေဖြစ်ကာ တောင်အကြီးအကျယ်ဖြိုကျပြီး မျှောခွက်ပျောက်ထွက်သွားကာ ပေါင်းတူးများပါ ပိတ်ကုန်သဖြင့် နားလိုက်ရလေတော့၏။ သူတို့မျှော်မှန်းခဲ့သော ကုလားရတနာသိုက်ကား ဘယ်ဆီဘယ်ဝယ်နေသည်မသိတော့ပါ။ သူတို့မျှော်လင့်သလိုကျောက်ကြီးလည်း နောက်ထပ်မရတော့ပါ။ ထိုမျှောကြီးအား သူတို့သည် ထာဝရကျောခိုင်းလိုက်ရပြီ ဖြစ်သည်။

ကုလားရတနာသိုက်အား မျှော်လင့်တမ်းတလျက် သက်ကယ်ကျင်းလုပ်ကွက်ဟူ၍ ပေါ်ခဲ့သော်လည်း ကုလားရတနာသိုက်အား စအနပင်မတွေ့ကြပါ။ သို့သော် အလွန်ကြီးမားသော ပြကျောက်ကြီးတစ်ပွင့်ထွက်ခဲ့ဖူးပါသည်။ သို့နှင့်ပင် ပုံပြင်ဆန်သော ကုလားရတနာသိုက်ရှာဖွေသည့် သက်ကယ်ကျင်းလုပ်ကွက်သည် ရပ်ကွက်ကန်းသွားကာ ရေမြောင်းများလည်း ပျက်စီးကုန်လေ၏။ နာမည်နှင့်မျှောဖောင်းတို့သာကျန်ရစ်ပါသည်။

၁၉၇၂ ခုနှစ်တွင် ကျွန်ုပ် ကျောက်ဖျာရွာသို့ရောက်ခဲ့ရာ ဦးအေးကား သက်ကယ်ကျင်းဆိုးမွေအဖြစ် ဘိန်းစွဲ၍ ကျန်ရစ်ခဲ့ပြီး ဘိန်းစားဦးအေးဟု အမည်တွင်လေ၏။ ကျွန်ုပ်ရောက်ချိန်၌ သမီးကြီး မညွှန့်ရီသည် အပျိုပေါက်အရွယ်သို့ရောက်ရှိနေပြီဖြစ်ပြီး အောက်၌ ကြည်ကြည်ဝင်း၊ မောင်စိုးတင့်၊ မိငယ်၊ ညီမလေး ဟူသော သားသမီး (၅) ဦး ပွားစီး၍နေပြီ ဖြစ်သည်။ ဦးအေးအား ဘိန်းကြိုက်ရန်ဆွဲဆောင်ခဲ့သူ ဦးစဲမှာမူ ဘိန်းပြတ်၍နေလေပြီ။ စိတ်ခုသူ ဦးအေးသာ ဘိန်းနှင့်မခွဲနိုင်မခွာရက်ဖြစ်နေ၏။

ဦးအေးနှင့် ဒေါ်အုံးလှိုင်ပါ အလွန်သဘောကောင်းကြရာ ကျွန်ုပ်တို့အိမ်၌ (၆) လမျှ နေထိုင်ဖူးသဖြင့် ကျေးဇူးရှင်များဖြစ်ကြပါသည်။ ကျွန်ုပ် ကျောက်ဖျာရောက်ပြီးနောက်ပိုင်း၌ ညိုညိုဝင်း၊ ချိုချိုဝင်း၊ လဲ့လဲ့ဝင်း ဟူသော သမီး (၃) ယောက် ယပ်မွေးလေ၏။ ဤသည်မှာ ပြကျောက်ကြီး၏ အကျိုးဆက်များဖြစ်လေ၏။

မြင်ဖူးသူဟူ၍ လူ့လောက၌ တစ်ယောက်မှ မရှိတော့သော်လည်း ကုလားရတနာသိုက်ရှာဖွေရာ အမှတ်တမဲ့ရလိုက်သော (၅၀) ကျပ်သားရှိ ပြကျောက်ပတ္တမြားကြီးအကြောင်းကား ကျောက်ဖျာရွာလေး၌ အစဉ်အဆက် ပြောနေကြဦးမည်သာ ဖြစ်ပါသည်။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

ဆြင်းပွားပွယ်

# ဖရီးမေဆင်အဖွဲ့ကြီး၏ လျှို့ဝှက်ချက်များ

ဘုန်းမြင့်(ဘူမိ)

ဖရီးမေဆင်အဖွဲ့ကြီး သို့မဟုတ် ပသျှူးခေါင်းဖြတ်အဖွဲ့ကြီးသည် ကမ္ဘာပေါ်တွင် အလျှို့ဝှက်ဆုံးနှင့် အငြင်းပွားဖွယ်ရာအကောင်းဆုံးသောလျှို့ဝှက်အဖွဲ့အစည်းများထဲမှတစ်ခု ဖြစ်လေသည်။ ထိုအဖွဲ့ကြီးသည် အယူအဆတစ်ခုမှ တစ်ခုသို့ပြောင်းပြီး အချိန်ကာလရှည်ကြာစွာ ဖြစ်တည်လာခဲ့သောအဖွဲ့ကြီးဖြစ်ခဲ့သည်။

အစဉ်အလာထုံးစံများနှင့်လျှို့ဝှက်ချက်များကို အစဦးမျိုးဆက်မှ နောက်မျိုးဆက်သို့ လက်ဆင့်ကမ်းသယ်ဆောင်ပေးခဲ့သည်။ ဖရီးမေဆင်များသည် ခေတ်နောက်ကျသောနည်းလမ်းများ၊ အသုံးဝင်သော နည်းလမ်းများဖြင့် ခက်ခက်ခဲခဲဖြင့် လုပ်ဆောင်ခဲ့ရသည်။

ဖရီးမေဆင်အဖွဲ့တွင် ညီအစ်ကိုအဖွဲ့အစည်းပေါင်းများစွာဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ အဖွဲ့ကြီး၏ မူလအစမှာ ဒေသတွင်းကျောက်ဖြတ်အလုပ်သမားများလူမှုရေးအသင်းမှ စတင်ခဲ့သည်။ ၁၄ ရာစုအကုန်တွင် အရည်အချင်းပြည့်မီသောကျောက်ဖြတ်အလုပ်သမားများ၊ ဩဇာအာဏာရှိသူများနှင့် ကျောက်ဖြတ်အလုပ်သမားများ၏ ဖောက်သည်များဖြင့် ကျယ်ပြန့်သောအဖွဲ့အစည်းကို တိကျခိုင်မာသောစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းခဲ့သည်။

ဖရီးမေဆင်အဖွဲ့သည် အဖွဲ့ဝင်များ၏ အဆင့်အတန်း သို့မဟုတ် ဂုဏ်ထူးဆောင်ဘွဲ့များကို ဥရောပအလယ်ခေတ် (အေဒီ ၁၁ ရာစုမှ ၁၄ ရာစု) အတွင်း လက်မှုပညာရှင်အဖွဲ့အစည်းမှပေးအပ်သည့် ဓလေ့ထုံးစံအတိုင်း အဖွဲ့ဝင်များကို အဆင့် (၃)ဆင့် ခွဲခြားထားခဲ့သည်။ ပထမအဆင့်အလုပ်သင်၊ ဒုတိယအဆင့်နေ့စားအလုပ်သမား သို့မဟုတ် အဖွဲ့ဝင်၊ တတိယအဆင့် ဂုဏ်ထူးဆောင်အသင်းသားဟူ၍ ခွဲခြားထားခဲ့သည်။ ထိုအဆင့်အတန်းဂုဏ်ထူးများကို အမိန့်ဒီဂရီထုတ်ပြန်ပြီး ပေးအပ်ခဲ့သည်။

အခြေခံအားဖြင့် ဒေသအတွင်း ဖရီးမေဆင်အဖွဲ့ဝင်များကို လော့ချ် (Lodge) အသင်းခွဲ၏အသင်းသားများဟုခေါ်သည်။ ဒေသတွင်းအသင်းသားများကို အသင်းဂိုဏ်းချုပ်ကြီး ဂရင်းလော့ချ်က ကြီးကြပ်ညွှန်ကြားအုပ်ချုပ်သည်။ မေဆင်ခေါင်းဆောင်သည် တစ်ဆက်တည်း တည်ရှိနေသောနိုင်ငံ သို့မဟုတ် ပြည်နယ်ဒေသကြီးအတွင်းရှိ အသင်းသားများကို အုပ်ချုပ်ရသည်။ မေဆင်ခေါင်းဆောင်တိုင်းသည် လွတ်လပ်စွာ စီမံအုပ်ချုပ်ခွင့်ရှိပြီး ခေါင်းဆောင်အချင်းချင်း တရားဝင်အသိအမှတ်ပြုစရာမလိုအပ်ပေ။

ခေတ်သစ် ဖရီးမေဆင်အဖွဲ့ကြီးသည် အဓိကအသိအမှတ်ပြုအဖွဲ့ငယ် (၂) ဖွဲ့ပါဝင်သည်။ အမြဲထာမ်းအသင်းသားများက ကျမ်းစာအုပ်များကိုလေ့လာကြရန် တိုက်တွန်းနှိုးဆော်သည်။ အသင်းသားတိုင်းက နတ်သမီးကို ယုံကြည်သက်ဝင်သည်ဟု အတိအလင်း ဝန်ခံကြသည်။ အမျိုးသမီးများကို အသင်းကြီးသို့ဝင်ခွင့်မပြု။ ဒေသတွင်းဆွေးနွေးပွဲများကိုခွင့်ပြုသော်လည်း နိုင်ငံရေးဆွေးနွေးခြင်းကိုမူခွင့်မပြု။ တစ်ဆက်တည်းဖြစ်သောနိုင်ငံများ၏ဂိုဏ်းချုပ်မေဆင်သည် အဖွဲ့ဝင်အချို့ကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း ထုတ်ပယ်နိုင်သောတရားစီရင်ပိုင်ခွင့်၊ ကန့်သတ်ချက်အမိန့်ဒီဂရီများထုတ်ပြန်နိုင်သည်။

**□ မေဆင်ဂိုဏ်းချုပ် သို့မဟုတ် ဂရင်းလော့ချ်**

အသင်းဂိုဏ်းချုပ်သည် နိုင်ငံ သို့မဟုတ် ပြည်နယ်ဒေသကြီးများအတွင်းရှိ ဖရီးမေဆင်အသင်းဝင်များကို လွတ်လပ်စွာ စိုးမိုးအုပ်ချုပ်ခွင့်ရှိသည်။ တစ်ဦးတည်းသော အသင်းဂိုဏ်းချုပ်သည် အလွန်အရေးပါသောအုပ်ချုပ်မှုကိုသာမက ကမ္ဘာ့အနှံ့အပြားမှ မေဆင်ဂိုဏ်းဝင်များ၏ အခမ်းအနားများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရသည်။

ဖရီးမေဆင်အဖွဲ့ကြီးသည် ကမ္ဘာပေါ်တွင် ပုံစံအမျိုးမျိုးဖြင့် တည်ရှိခဲ့သည်။ အင်္ဂလန်ဂိုဏ်းချုပ်ကြီး၏အောက်တွင် အဖွဲ့ဝင်ဦးရေ(၆)သန်းခန့် တစ်ကမ္ဘာလုံးအနှံ့တည်ရှိသည်။ အသင်းဂိုဏ်းချုပ်ကြီး၏အုပ်ချုပ်မှုအောက်တွင် အသင်းကြီး၏ စည်းကမ်းဥပဒေအရ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိသည်။ ဂိုဏ်းချုပ်တိုင်းသည် ဖရီးမေဆင်အသင်းများကို လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိသည်။ အင်္ဂလန်မေဆင်ဂိုဏ်းချုပ်ကြီးအောက်တွင်ရှိသော စကော့တလန်နှင့် အိုင်ယာလန်ဂိုဏ်းချုပ်များလက်အောက်တွင် အသင်းဝင်တစ်သိန်းခွဲခန့်ရှိသည်။ အမေရိကန်နိုင်ငံတွင် ဖရီးမေဆင်အသင်းဝင် (၂) သန်းခန့်ရှိသည်။

## □ ကဲ့ရဲ့ပြစ်တင်ခြင်းခံရသော ဖရီးမေဆင်အဖွဲ့ကြီး၏လျှို့ဝှက်ချက် (၁၀) ခု

### ၁။ အာကာသစူးစမ်းရေးသော့ချက်ကို လုပ်ဆောင်ခြင်း

မေဆင်များသည် ကမ္ဘာကြီးကို စိုးမိုးချင်သောလုပ်ငန်းစဉ်တစ်ခုရှိသည်ဟု အချို့သောလူများက ယုံကြည်ခဲ့သည်။ အနည်းငယ်သောမေဆင်များက လူသားများ လပေါ်သို့ခြေချရေးကို သတ်မှတ်လုပ်ဆောင်ခဲ့သည်။ လဆီသို့ခရီးနှင်ခဲ့သော အပိုလိုခရီးစဉ်တွင် လိုက်ပါခဲ့သော အာကာသယာဉ်မှူးများထဲမှ ဘက်ဇ်အောလ်ဒရင်သည် (Buzz Aldrin) ပရိုက်ဖက်ရှင်နယ်မေဆင်တစ်ယောက် ဖြစ်သည်။ တက္ကဆက်ပြည်နယ်မေဆင်ဂိုဏ်းချုပ်၏တောင်းဆိုမှုကြောင့် မေဆင်ဂိုဏ်းဝတ်ပြုအခမ်းအနားတွင် အသုံးပြုသောအလံတစ်ခုကို အာကာသခရီးတွင် လျှို့ဝှက်စွာဖြင့် လကမ္ဘာသို့သယ်ဆောင်လာခဲ့ပြီးနောက် ကမ္ဘာမြေသို့ ပြန်လည်ယူဆောင်လာခဲ့လေသည်။




## ၂။ သားသတ်သမား အင်ဒါဗရီဗစ်



မေဆင်ဂိုဏ်းဝင်ဖြစ်သော အင်ဒါဗရီဗစ် (Anders Breivik) သည် ၂၀၁၁ခု နော်ဝေနိုင်ငံတွင် လူများအစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သော လူသတ်သမားတစ်ယောက် ဖြစ်လေသည်။ သူသည် အော့စလိုမြို့ရှိ စိန့်အော်လက်အသင်းဝင်တစ်ယောက် ဖြစ်သည်။ လူသတ်မှုဖြစ်ပွားစဉ် သူ့ကို အမှုဖြစ်စဉ်မှ ချက်ချင်းဖယ်ထုတ်ခဲ့သည်။ သူနှင့်ပတ်သက်သော အမှုကို အဖွဲ့အစည်းများအကြား အခြေအတင်ပြောဆိုကာ ဆွေးနွေးခဲ့ရသော အကြောင်းအရာတစ်ခုဖြစ်ခဲ့သည်။

## ၃။ ဒေါ်လာငွေစက္ကူပေါ်မှ မေဆင်အမှတ်အသား


US ဒေါ်လာငွေစက္ကူကိုလေ့လာလျှင် ပိရမစ်အပေါ်ပိုင်း၌ မျက်စိပွင့်နေသော အမှတ်အသားတစ်ခုကို တွေ့ရမည် ဖြစ်သည်။ ထိုအမှတ်အသားသည် လက်တင်ဘာသာဖြင့် ဖရီးမေဆင်ဆောင်ပုဒ်တစ်ခုဖြစ်၍ အဓိပ္ပာယ်မှာ ကမ္ဘာ့သစ်အမိန့်ပြန်တမ်း ဖြစ်သည်။ လူအများစု၏ အဆိုအရ ၎င်းမှာဆုံးဖြတ်ချက်တစ်ခုသာဖြစ်ပြီး ဖရီးမေဆင်အမှတ်အသားတစ်ခု ဖြစ်သော်လည်း ဖရီးမေဆင်တို့ လွှမ်းမိုးမှုမရှိခဲ့ချေ။



အမေရိကကိုတည်ထောင်ခဲ့သောအဖွဲ့ဝင်ဖြစ်သော ဘင်ဂျမင်ဖရင်ကလင်သည် မေဆင်အဖွဲ့ဝင်ဖြစ်ခဲ့ပြီး ဒီဗိုင်းကော်မီတီဝင်လည်းဖြစ်ခဲ့သည်။

## ၄။ နိုင်ငံအများအပြားတွင် နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများကို ထိန်းချုပ်ထားခြင်း

မေဆင်များ၏ အမိန့်အာဏာကို အသုံးပြုပြီး အကျင့်ပျက်ခြစားခြင်းများကို ကောင်းစွာမှတ်တမ်းတင်ထားနိုင်ခဲ့သည်။ သို့သော်လည်း မှားယွင်းမှုများကို မကြာခဏ ဖုံးကွယ်ဖို့ကြိုးစားခဲ့သည်။ အင်္ဂလန်တွင်ရှိသော မေဆင်အဖွဲ့ဝင်ါးသိန်းခန့်သည် ဘဏ်လုပ်ငန်း၊ နိုင်ငံရေးလုပ်ငန်းများနှင့် အစိုးရဌာနဆိုင်ရာများသာမက ဆေးရုံ၊ ဆေးခန်းများနှင့်



တက္ကသိုလ်များတွင်လည်း မေဆင်အဖွဲ့ဝင်များ အချိုးမကျပါဝင်နေသည်ကို တွေ့ရသည်။

## ၅။ ဘာသာမဲ့ သို့မဟုတ် ဘုရားမဲ့ဝါဒီများကို ထည့်မတွက်ဘဲလက်ခံခြင်း

အကယ်၍ သင်သည် ဘာသာမဲ့ သို့မဟုတ် မည်သည့်ဘာသာမျှ မကိုးကွယ်ဘူးဆိုလျှင် ဖရီးမေဆင်တစ်ယောက်ဖြစ်ကောင်းဖြစ်နိုင်ပေ၏။ ပထမလိုအပ်ချက်အနေဖြင့် အချို့သော မျိုးတူအစုအဖွဲ့ထက် တန်ခိုးအာဏာမြင့်မားသော မေဆင်အဖွဲ့ဝင်များ၏ ယုံကြည်မှုထောက်ခံမှုရရန် လိုအပ်သည်။ သင်သည် ကိုယ့်အကြောင်းကို ထုတ်ဖော်ပြောကြားရမည်။ ထိုအကြောင်းနှင့်ပတ်သက်၍ သင်သည် လိမ်လည်ထွက်ဆိုနိုင်သည်။ ဘာသာရေးကိုးကွယ်ယုံကြည်မှုအမြင်ကို ဖရီးမေဆင်များက အသိအမှတ်ပြုလိမ့်မည်မဟုတ်။ အခြားတစ်ဖက်တွင်လည်း ယဉ်ကျေးမှုအစဉ်အလာကိုလည်း လက်မခံပေ။ ဥပမာ လိင်တူဆက်ဆံသူများ ဖရီးမေဆင်အဖွဲ့အတွင်းမှာပါဝင်နိုင်သည်။ ဖရီးမေဆင်အဖွဲ့ဝင်များသည် တူညီသောကိုယ်ကျင့်တရားအပြုအမူကို ဆောင်ရွက်ကြသည်။ ဘုရားကျောင်းနှင့် အမျိုးသမီးများကို ဖရီးမေဆင်ဂိုဏ်းမှ ကြဉ်ထားဆဲ ဖြစ်သည်။ အချို့သောမေဆင်အဖွဲ့များသည် ထိုအချက်ကို လတ်တလောပြောင်းလဲရန် ကြိုးစားလာသည်။




## ၆။ နေကို စိတ်ထဲစွဲမြဲ

ဖရီးမေဆင်တို့သည် နေမင်း၏ ပြန်လည်မွေးဖွားခြင်းအထိမ်းအမှတ်ကို ယုံကြည်ခဲ့သည်။ နေမင်းသည် အာကာသကောင်းကင်တွင်ဖြတ်သန်းရင်း အချိန်ကုန်လွန်ခြင်းကို အံ့ဩဖွယ်ကောင်းသောဖြစ်ရပ်တစ်ခုအဖြစ် ယုံကြည်ကြသည်။ သူတို့၏ ရည်ရွယ်ချက်များအောင်မြင်စေရန်အတွက် နေရောင်ခြည်



စွမ်းအင်တိုးတက်ဖွံ့ဖြိုးတိုးတက်အောင် ဂရုတစိုက်လုပ်ဆောင်ခဲ့သည်။

**၇။ ရိုးရာမလေ့ထုံးစံတွင် ကြိုးကွင်းတစ်ခု ပါဝင်**



အဦးအမွန်အစ မလေ့ထုံးစံအရ ကြီးကျယ်မြင့်မြတ်သောအခမ်းအနားများတွင် ကြိုးကွင်းတစ်ခုကို မေဆင်များက သရုပ်ပြခဲ့သည်။ ကြိုးကွင်းသည် တိတ်ဆိတ်ခြင်းကို အန္တရာယ်တစ်ခုအဖြစ် ဖော် ပြလိုခြင်းဖြစ်စေ သို့မဟုတ် ရိုးရှင်းသော ချက်ကြိုးတစ်ခု၏ အမှတ်အသားဖြစ်စေ ဆိုလိုရင်းဖြစ်ပြီး ကြိုးကွင်း၏နိမိတ်ပုံမှာ ကြံ့ခိုင်မှု၊ အကြိတ်အနယ်ယှဉ်ပြိုင်မှုကို ညွှန်းဆိုပြခြင်းဖြစ်သည်။

**၈။ များပြားလှသော လျှို့ဝှက်စကားဝှက်များရှိခြင်း**

လျှို့ဝှက်သောစကားဝှက်များရှိနေခြင်းသည် မေဆင်များ၏ မရေရာသောအကြောင်းအရာများထဲမှ ထူးခြားအထင်ရှားဆုံး အကြောင်းအရာတစ်ခုဖြစ်သည်။ သို့သော်လည်း ယေဘုယျအားဖြင့် သိနားလည်နိုင်ရန်မှာ မေဆင်များတွင် အချိန်ကာလတစ်လျှောက် အကျိုးအကြောင်း အခြင်းအရာများအတွက် စကားဝှက်တစ်ခုစီရှိနေသည်။



မေဆင်တစ်ယောက်သည် လူသတ်ရန်အတွက် အဆုံးသတ်အသံကို ကိုယ်စားပြုသည့်သင်္ကေတများဖြစ်သောလျှို့ဝှက်စကားလုံးများ (ဥပမာ mor-bon-zi) အစားထိုး ဆက်သွယ်သည်။ လူအနည်းငယ်သာသိသော စစ်မှန်သော လျှို့ဝှက်စကားလုံးများဖြစ်သည့် ဖရီးမေဆင် အခမ်းအနားများတွင် အသုံးပြုလေ့ရှိသော စကားလုံးများလည်းရှိသည်။ (ဥပမာ tu-bal-cain) အဆိုပါ စကားလုံးသည် ဖရီးမေဆင်တိုင်း အသုံးပြုလေ့ရှိသည့်ဘာသာစကား ဖြစ်သည်။

**၉။ လျှို့ဝှက်သင်္ကေတဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း**

အချို့သော ဖရီးမေဆင်များက အများပြည်သူတို့ ပြောဆိုကြသည်ကို ငြင်းပယ်သော်ငြားလည်း မေဆင်အဖွဲ့သားများတွင် လျှို့ဝှက်သင်္ကေတဖြင့် လက်ဆွဲနှုတ်ဆက်ခြင်းအနည်းဆုံးတစ်ခု ရှိနေသည်။ ထို့အပြင် ဖရီးမေဆင်များသည် စိုးရိမ်ဖွယ်ကောင်းသောအန္တရာယ်နှင့် ရင်ဆိုင်တွေ့ဆုံချိန် အသံတစ်ခုပြုလုပ်သည်။ ထိုအသံဖြင့်ဖွဲ့ဆိုထားသော တေးသွားတစ်ပုဒ်ရှိခဲ့၏။ ၁၈၃၀ပြည့်နှစ် အမေရိကန်နိုင်ငံ မော်မိုဘုရားရှိခိုးကျောင်းတည်ထောင်သူ ဂျိုးဇက်စမစ်က သူမ သေဆုံးမီ ထိုတေးသွားရှိခဲ့ကြောင်း ဝန်ခံခဲ့သည်။


**၁၀။ အဖွဲ့ဝင်ချင်း ဆန့်ကျင်ပြီး ဟုတ်တိုင်းမှန်စွာ သက်သေခံလိမ့်မည်မဟုတ်**

မေဆင်တစ်ယောက်ကို အမှုစစ်ဆေးစီရင်ချိန်တွင် အခြားမေဆင်အဖွဲ့ဝင်များကို ဟုတ်တိုင်းမှန်စွာ သက်သေခံပေးရန် အမိန့်ပေး၍မရပါ။ သူတို့သည် မုသားသက်သေဖြစ်မည်ဟု ဝန်ခံကြသည်။ သို့သော်လည်း မုသားပြောဆိုခြင်းက သူတို့ကို ကြီးမားသော ဒုစရိုက်ပြစ်မှုများမှ ဝေးကွာသွားခြင်းဖြစ်စေ၍ သူတို့ဘာဝဖြစ်တည်မှုကိုလည်း ငြင်းဆိုကန့်ကွက်ကြမည် မဟုတ်ပါ။

ဘုန်းမြင့်(ဘူမိ)


Ref;

1. wikipedia.
2. listverse.com

မြန်မာနှစ် ၁၀၉၅ ခုနှစ် (အေဒီ ၁၇၃၃) ခုနှစ် ရတနာပူရ အင်းဝပြည့်ရှင် တနင်္ဂနွေမင်း နတ်ရွာစံပြီးနောက်တွင် သားတော် ကြာသပတေးမင်းက အင်းဝရွှေပြည်နန်းကို ဆက်ခံသည်။ တနင်္ဂနွေမင်းနတ်ရွာစံလိုသောအခါတွင် ဖျောက်ဆိပ်ကြယ် လထက်နားသည်။ ကြယ်တံခွန်ဆွက်သည်။ ဘုရားပုထိုး တန်ခိုးပြာဋိဟာပြသည် ဟူ၏။

ကြာသပတေးမင်းသည် ထီးနန်းတက်၍ ဘွဲ့တော်ခံယူသောအခါမှာ မဟာဓမ္မရာဇာဓိပတိဟု ခံယူခဲ့သောကြောင့် နောင်တွင် မဟာဓမ္မရာဇာဓိပတိမင်းဟု ခေါ်ဆိုလာကြသည်။ လောကသရဖူစေတီတော်ကို ကုသိုလ်ပြုပြီးသောအခါဝယ် လောကသရဖူဒါယကာမင်းဟုခေါ်တွင်လာကြသည်။ ဟံသာဝတီပြည့်ရှင် ဗညားဒလမင်း၏ စစ်တပ်က အင်းဝရွှေပြည်ကို သိမ်းပိုက်ပြီး ကြာသပတေးမင်းကို ဟံသာဝတီရွှေပြည်ကို သုံ့ပန်းမင်းအဖြစ် ခေါ်ဆောင်ခံရပြီးသောအခါမှာ ဟံသာဝတီပါမင်းဟု ခေါ်ဝေါ်လာကြသည်။

ကြာသပတေးမင်းနန်းတက်စတွင် အသက် (၁၆) နှစ်သာရှိသေးသည်ဆို၏။ မှူးကြီးမတ်ကြီးဝန်ကြီးအများစုက

# မင်းရှိန်အောင်

## ဟံသာဝတီပါမင်းလက်ထက် အယူတော်မင်္ဂလာပညာပုံရိပ်များ



အတွေ့အကြုံရှားပါးသော၊ မရင့်ကျက်သေးသော ကြာသပတေးမင်းသားထက် အတွေ့အကြုံရှိသော၊ ရင့်ကျက်မှုမသေးသော ဘုရင့်ညီတော် ဗဒုံမြို့စားကိုသာ ထီးနန်းတင်လိုကြသည်။ သို့ဖြစ်သည့်တိုင် ဩဇာတိက္ကမကြီးမားလှသော ဝန်ကြီးဦးပုက တွန်းတွန်းတိုက်တိုက်ထောက်ခံပေးမှုကြောင့် ကြာသပတေးမင်းသားသည် ထီးနန်းတင်ခြင်းခံခဲ့ရသည် ဖြစ်၏။ ကြာသပတေးမင်း မင်းဖြစ်လာရပုံက ကမ္ဘာပျက်ခါနီး လူဖြစ်လာရသည်နှင့် တူလှပေသည်။

အဘယ်ကြောင့်ဆိုသော် တိုင်းရေးပြည်ရေးအခြေအနေတို့မှာ ဖရိုဖရဲကမောက်ကမဖြစ်နိုင်လွန်းလှပေသည်။ အနောက်ဘက်မှ မဏိပူရကသည်းတို့မြင်းတပ်အလုံးအရင်းကို အသုံးပြု၍ ပြည်တွင်းသို့ မကြာခဏ ကျူးကျော်တိုက်ခိုက် ဖျက်လိုဖျက်ဆီးပြုနေသည်။ မြောက်ဘက်မှ မတ္တရာ အုတ်ဖိုနယ်အခြေအစိုက်သည့် ဂုဏ္ဏအိမ်ဦးဆောင်သော ကွေ့ရှမ်းတို့၏ ပုန်ကန်ထကြွမှုကလည်း ကြီးသည်ထက်ကြီးလာသည်။ တောင်ဘက်မှ ဟံသာဝတီပြည့်ရှင်မွန်ဘုရင် ဗညားဒလမင်းနှင့် စစ်သူကြီးဒလပန်းတို့၏ စစ်တပ်ကြီးကလည်း ခြိမ်းခြောက်သထက် ခြိမ်းခြောက်လာနေခဲ့သည်။

ထိုအထဲတွင် မလိမ္မာမပြည့်ဝသော ကြာသပတေးမင်း၏ လုပ်ရပ်တချို့ကြောင့် ရှုပ်ပါတယ်ဆိုနေမှ မွှီအိတ်လာဖွင့်သလိုဖြစ်သွားခဲ့ရသည်။

ကြာသပတေးမင်းသည် ထီးနန်းရသည်နှင့် ဝန်ကြီးဦးပုကို လွှတ်တော်အဆင့်တိုးမြှင့်ပေးသည်။ ငယ်ဆရာမောင်ဖြိုးကို ရာဇနန္ဒဘွဲ့အပ်နှင်းကာ အတွင်းဝန်ရာထူးကိုပေးသည်။ တကယ်တော့ မောင်ဖြိုးသည် မူလတန်းဆရာအဆင့်ဆိုလျှင် ဦးပုက ပါမောက္ခအဆင့်လောက်ရှိသော ဉာဏ်အမြော်အမြင် ပညာအသိကြွယ်ဝသူ ဖြစ်လေသည်။ ကြာသပတေးမင်း၏ငယ်ဆရာမောင်ဖြိုးက ဉာဏ်ပညာအသိအားနည်းသူဖြစ်ပြီး ကတုန်းကတိုက်လုပ်တတ်သူ၊ဝန်တိုတတ်သူလည်း ဖြစ်သည်။ သို့သော် ကြာသပတေးမင်းသည် ငယ်ဆရာ မောင်ဖြိုးအပေါ်၌ ယုံကြည်မှုလွန်ကဲနေခဲ့သည်။ ရင်းနှီးမှုအားကြီးနေခဲ့သည်။

ယခုလည်း မဏိပူရကသည်းတို့၊ ကွေ့ရှမ်းတို့ ဟံသာဝတီတို့က အင်းဝရွှေပြည်ကို ဒုက္ခသေးသေးပေးနေကြသည်။ သိပ်မကြာမီပင် ဒုက္ခကြီးကြီးပေးနိုင်ဖွယ်ရာရှိသည်ဟု ဝန်ကြီးဦးပုက တင်ကူးတွေးဆမြော်မြင်မိသဖြင့် ရဲတစ်ထောင်နောင်တစ်ရာစီမံကိန်းတစ်ခုကို အကောင်ထည်ဖော်လိုက်သည်။ တိုက်ရဲခိုက်ရဲစွန့်စားရဲသောတပ်သားကောင်း(၁၀၀၀)ကို စုဆောင်းလျက် ရဲအမည်ပါ ဘွဲ့တံဆိပ်ချီးမြှင့်လျက် ထိုတပ်သားတို့ကိုကြီးကြပ် ကွပ်ကဲမည့်သူရဲကောင်း(၁၀၀)ကို ရွေးချယ်လျက် နောင်အမည်ပါ ဘွဲ့တံဆိပ်ကိုချီးမြှင့်ကာ လက်ရွေးစင်တပ်ကြီးတစ်တပ်ကို ဖွဲ့စည်းလိုက်သည်။ ဦးပု၏ ရည်ရွယ်ချက်မှာ အဘက်ဘက်မှ ဝင်ရောက် သောင်းကျန်းလာသည့် ရန်သူတော်များကို တိုက်ခိုက်ဖြိုခွင်းရန်ဖြစ်သည်။

ဤသည်ကို မနာလိုဝန်တိုစိတ်ကြီးသော မောင်ဖြိုးက -

"ဦးပု၏ ရဲတစ်ထောင် . နောင်တစ်ရာအစီအစဉ်မှာ ရန်သူကိုတိုက်ခိုက်ရန်ဆိုသည်ထက် အရှင်မင်းကြီးကို ပုန်ကန်ရန်ပို၍ဖြစ်နိုင်သည်"

ဆိုပြီးကတုန်းကတိုက်ပြုမှုကြောင့် ကြာသပတေးမင်းသည် မစဉ်းစားမဆင်ခြင်ဘဲ ဝန်ကြီးဦးပုနှင့် အပေါင်းပါဝန်ကြီး (၄) ဦးကို ကွပ်မျက်ပစ်ခဲ့လေသည်။

ဦးပု မသေလွန်မီ ပြောခဲ့သော စကားတစ်ခွန်းသည် အလွန်သံဝေဂယူစရာ၊ သင်ခန်းစာယူစရာကောင်းလှပေသည်။

ယင်းမှာ -

"ငါတို့မျိုးမတ်တစ်စု သေရသည်ထက် နိုင်ငံပျက်မည်ကို ငါသနားလိုက်တယ်"

ဆိုသောစကားပင် ဖြစ်သည်။

ဦးပုကွယ်လွန်ပြီးနောက်ပိုင်းတွင် တိုင်းရေးပြည်ရေးကာကွယ်ရေးသည် ရေစုန်မျောခဲ့ရသည်။ မဏိပူရကသည်းတို့သည် မြေဒူးထိသာ ကျူးကျော်ထိပါးနေရာမှ စစ်ကိုင်းကောင်းမှုတော်အထိ လာရောက်ထိပါး ကျူးကျော်ကြသည်။ ကွေ့ရှမ်းတို့သည် မတ္တရာမှ ရွှေကြက်ယက်အထိ လာရောက် ဆူပူကြသည်။ ထို့ကြောင့် မလွန်မှ သတိုးမင်းခေါင်၏ တပ်ကို စဉ့်ကိုင်သို့ ရွှေ့ပြောင်းစေပြီး သတိုးမင်းခေါင်ကိုလည်း 'တောင်ငူရာဇာ' ဘွဲ့ပေးကာ ထီးနန်းဆောက်ခွင့်ပေးလျက် ဘုရင်တစ်ဆူလို စိုးမိုးစေသည်။ ထို့ပြင် ဟံသာဝတီ၏ အန္တရာယ်ပေးနိုင်စွမ်းကလည်း ကြီးသထက်ကြီးမားလာနေသည်။

သို့ကလို တိုင်းရေးပြည်ရေးပြည်ထဲရေး၌ မငြိမ်မဝပ်ဖြစ်နေသလို ထီးရေးနန်းရေး၌လည်း မတည်မငြိမ်မှုများ၊ ကပြောင်းကပြန်ဖြစ်နေမှုများရှိလာနေပေသည်။ ကြာသပတေးမင်းသည် သူ၏ငယ်ဆရာ မောင်ဖြိုးကို မင်းအတိုင်ပင်ခံအဖြစ် တိုးမြှင့်ပေးကာ ဘုရင့်အထိန်းတော်ကြီးနှင့် ထိမ်းမြားပေးလျက် ဘုရင့်နောင်ဘွဲ့ပေးရုံသာမက ထီးနန်းအဆောင်အယောင်များဖြင့် ချီးမြှောက်ခဲ့သည်ဟူ၏။ မောင်ဖြိုးသည် ဘုရင့်နောင်တော်ကြီးအသွင်ဖြင့် ထီးရေးနန်းရေးကိစ္စများ၊ တိုင်းရေးပြည်ရေးကိစ္စများတွင် မလျော်ဩဇာသုံး၍ ဝင်ရောက်စွက်ဖက်လာသည်။ ရာထူးဌာနန္တရကိစ္စတွင်လည်း ထက်အောက်ပြောင်းပြန်လုပ်ဆောင်မှုများရှိလာသည်။ နန်းတော်ကြီးအတွင်း၌လည်း တောင်အဆောင်၊ မြောက်အဆောင် စသည်ဖြင့် ခွဲခြားဆက်ဆံမှုများရှိလာခဲ့သည်။

ကြာသပတေးမင်းသည်လည်း မောင်ဖြိုးအကြံပေးမှုဖြင့် မအပ်မရာဘွဲ့များပေးမှုရှိလာသည်။ ဥပမာ ဘုရင်ရာဇာ၊ ဘုရင်လတ်၊ ဘုရင်ထွေး၊ မင်းနေမျိုး စသည့် ဘွဲ့အမည်သရည်များဖြစ်သည့် တစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့ စစ်လက်နက်များ ခွဲဝေပေးရာမှ အချင်းချင်းစစ်မက်ဖြစ်ကြသည်။ လူမိုက်များ၊ ခိုးသားဓားပြများအုပ်စိုးသောမြို့ရွာတို့တွင် ထိုသူတို့အား ဘွဲ့ထူးရာထူးအဆောင်အယောင်များပေးရာမှ ဝေါစီးဆင်စီး၊ ရွှေထီးမိုးလျက် ဓားပြတိုက်သူများ ပေါ်ပေါက်လာခဲ့သည်။ တချို့မြို့ရွာတို့ကို လေး၊ ငါးဦးအား တစ်ပြိုင်တည်းစားစေခြင်းဖြင့် ပြဿနာကြီးငယ်ဖြစ်စေခဲ့သည်။ ရဟန်းတို့ကိုလည်း ရွှေသင်္ကန်း၊ ရွှေဒေါက်ခြာ၊ မှန်စီကွမ်းအုပ် စသဖြင့် မဖွယ်မရာများ ပြုလုပ်သုံးဆောင်စေသည်။ ဤသို့ဖြင့် ရဟန်းမင်း၊ ရဟန်းနတ်ဝင်သည်၊ ရဟန်းကြီးကြိုက်သေရည် စသဖြင့် ပေါ်ပေါက်လာခဲ့ရသည်။

၁၇၃၆ ခုနှစ်လောက်တွင် စစ်ကိုင်းချောင်၌ ရှင်ဖြူရှပ်ပွားတော်ပျောက်ဆုံးသည်ကို အကြောင်းပြု၍ ပုဏ္ဏား (စုံမြို့)နှင့် သံဃရာဇာဘုန်းတော်ကြီးကိုကွပ်မျက်တော်မူပြန်သည်။ ထိုအခါ မှူးမတ်တချို့က ဘုန်းကြီးနှင့် ဝန်ကြီးဦးပုတို့အလိုတော်မရှိလျှင် အသက်ကိုစီရင်မည် မရှိ ရာထူးကိုသာ ရုတ်သိမ်းလျှော့ချမည်သာဟု လျှောက်လေသော် မင်းကြီးက အမျက်မပြေနိုင်ဘဲ ငါ့ရန်သူကို ရန်သူငါ


မှတ်၊ ငါချစ်သူကို ချစ်သူလိုမှတ်ဟုသာ ဒေါသတကြီးမိန့်လေသည် ဟူ၏။

ထိုအခါ တစ်ပြည်လုံး တစ်နန်းလုံးက ဖိမ့်ဖိမ့်တုန်ကြောက်ရွံ့ထိတ်လန့်ကြလေသည်ဟူ၏။ ထိုအခါ ဤမင်းသည် ကုန်းချောသူစကားသာ နားထောင်သည်။ အမျက်ထွက်လျှင် ကွပ်မျက်လေ့ရှိသည်။ ဤမင်းထံနေ၍ အကျိုးမရှိဆိုပြီး တစ်ရပ်တစ်ကျေး တစ်မြို့တစ်ပြည်သို့ ပြောင်းရွှေ့သွားကြလေ့ရှိသည် ဆို၏။

တစ်ခါ ၁၇၅၁ ခုနှစ်လောက်တွင် ဟံသာဝတီမွန်စစ်တပ်သည် အင်းဝရွှေပြည်၏စပါးကျီဖြစ်သော ကျောက်စာအပါအဝင် လယ်တွင်းကိုးခရိုင်ကို သိမ်းပိုက်ပြီးနောက်တွင် အင်းဝရွှေပြည်၌ ဆန်ရေစပါးရှားပါးမှုက ကပ်ဆိုက်သလိုဖြစ်လာခဲ့သည်။ နဂိုကပင် လယ်သမားတို့က အခွန်အကောက်ကြီးလေးမှုကြောင့် လယ်မစိုက်ဘဲနေခဲ့ကြသောကြောင့် ဆန်ရေစပါးရှားပါးနေမှုရှိနေပြီးဖြစ်သည်။ ထိုအခါ ကြာသပတေးမင်းသည် ဤရှားပါးမှုကို သူနှင့်မဆိုင်သလိုနေပြီး နန်းတွင်းကျီတော်မှ ဆန်စပါးများကို မိဖုရားများနှင့် နန်းတွင်းသူတို့က ဈေးတအားမြှင့်၍ရောင်းချကြလေသည် ဟူ၏။

ကြာသပတေးမင်းသည် ကျူးကျော်စစ်များကိုလည်း မရှင်းလင်းနိုင်၊ နန်းတွင်းအရှုပ်အထွေးများကိုလည်း မဖြေရှင်းနိုင်၊ သူပုန်သူကန်ဘေးကိုလည်း မရှင်းလင်းနိုင်၊ တစ်တောတစ်ဖတွန်ခိုးသားဓားပြအရေးကိုလည်း မသုတ်သင်နိုင်၊ စာရေရိက္ခာရှားပါးကပ်ဆိုက်မှုကိုလည်းပြေလည်အောင်မလုပ်လေနိုင်။ ထိုအထဲတွင် မင်းရေးမင်းရာကိစ္စ၊ တိုင်းရေးပြည်ရေးကိစ္စကို ဖြေရှင်းရာ၌ အောင်မြင်အောင် မဆောင်ရွက်နိုင်သော မင်းမှုထမ်းများကို အပြစ်ပေးရာ၌ မတန်တဆကြီးကျယ်လွန်းသဖြင့် မင်းအပေါ်၌ မကျေနပ်မှုများ ကြီးမားလာခဲ့ရသည်။ ဒေသန္တရအုပ်ချုပ်ရေးတာဝန်ခံတချို့ကလည်း မင်းအပေါ်၌ မကျေနပ်မှုများ တိုးပွားလာခဲ့သည်။ ဤသို့ဖြင့် ဆူပူမှုများဖြစ်ပေါ်လာခဲ့သည်။

ထိုထိုသော အကြောင်းရင်းခံများကြောင့် အင်းဝပြည်သူပြည်သားများ အဖို့ အိုးကင်းပူထဲ ရေပေါက်ရေစက်ကျသလို ခံစားနေရသည်။ ခေတ်ပြောင်းခေတ်လွှဲကို မျှော်လင့်လာကြသည်။ မင်းပြောင်းမင်းလွှဲမျှော်ကိုးလာကြသည်။ မင်းလောင်းကို စောင့်ကြိုလာကြသည်။



ကောလာဟလသတင်းအမျိုးမျိုးကိုပြောဆိုလာကြသည်။ ထိုအထဲတွင် အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ သိုက်၊ ကိတ်၊ ဘာဝေါတို့ ပါဝင်လာခဲ့သည်။

ဤနေရာမှာ ထင်ရှားရာတချို့ကို ကောက်ယူဖော်ပြပါမည်။

အင်းဝရွှေပြည်တွင် ကြေးဆင်းတုတစ်ဆူ လည်ညိတ်ခေါင်းညိတ်သည်။ အင်းဝမြို့အနီး ထန်းပင်ငုတ်တစ်ခုလှုပ်ယမ်းသည်။ အရပ် (၁၀) တောင်ရှည် မိန်းမကြီးတစ်ဦး ပေါ်ပေါက်သည်။ ရွှေတန်းဆာ ဘုရားဆင်းတုတော်ကို နေပြည်တော် သုဓမ္မာဇရပ်တော်သို့ အကြိမ်ကြိမ်ပင့်ဆောင်ယူသော်လည်း ရွှေဘိုသို့ အကြိမ်ကြိမ် အလိုအလျောက်ပြန်ရောက်ရှိသွားသည်။ လူက မြွေဖြစ်သွားသည်ဟုကျော်စော၏။ချင်းတွင်းမြစ်ကန္တရသေမျောပါလာသည်ဟုကျော်စောသည်။ ဘုရားပုထိုးပြာဋ္ဌိဟာပြသည်။ တာရာအခိုးထွက်သည်။ ဗုဒ္ဓဟူးဂြိုဟ် သီဟဇာပြုသည်။ အင်္ဂါဂြိုဟ်၊ သောကြာဂြိုဟ် နီယာတုံပြုသည်။ ကြာသပတေးဂြိုဟ်ခေတ်ခံသည် စသည်ဖြင့် အတိတ်နိမိတ်သဘောဆောင်၏။ကောလာဟလသတင်းစကားများသည်၊ ဤကောလာဟလများသည် ကြာသပတေးမင်း ဟံသာဝတီသို့ပါတော်မမူမီ (၁) နှစ်၊ (၂)နှစ်၊ (၃) နှစ်လောက်က ပေါ်ထွက်လာသောအတိတ်နိမိတ်သဘောဆောင်များ ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

တစ်ခါ အင်းဝရွှေပြည်ပြည်သူပြည်သားတို့သည် ကြာသပတေးမင်းအပေါ်၌ အလွန်စိတ်ပျက်နေသော အချိန်အခါဖြစ်သဖြင့် မင်းကောင်းမျှော်မှုများရှိလာခဲ့သည်။ ထိုအချိန်တွင် 'ဖိုသုံးဖို တစ်ဖိုမီးတောက်မည်' ဆိုသော တဘောင်သံပွက်ပွက်ညံထွက်ပေါ်လာခဲ့သည်။ ထိုတဘောင်သံအရ -

၁။ မုဆိုးဘိုရွာမှ ဦးအောင်ဇေယျ၊
၂။ နဂိုရ်ရိုဗိုလ်ရွာမှ ရွှေနဂါး၊
၃။ အုတ်ဖိုနယ်မှ ဂုဏ္ဏာအိမ်
တို့ တစ်ကြိုနာမည်ပြေးနေကြ၏။

သူတို့အထဲမှတစ်ဦးမဟုတ်တစ်ဦးနှင့် နီးနွယ်နေသော တဘောင်တချို့လည်း ထွက်ပေါ်လာခဲ့သည်။

ယင်းတို့အထဲမှ ထင်ရှားရာတချို့ကို တင်ပြရသော် -

*ရွှေနဂါးခြုံစရာ၊*
*ပိုးဖဲကတ္တီပါ၊*
*ကတ္တီပါရှာပါတုန်း၊*
*မိုးတောင်ကချုန်း။*

ဤတဘောင်သံကို နဂါးဗိုလ်ရွာသား ရွှေနဂါးကို ရည်ညွှန်းသည်ဟု ကောက်ယူသူတချို့ ရှိကြသည်။

ထို့ပြင် တစ်ဖန် -

အမယ်ကြီးနှင့် ဘကြီးထား၍
လားလားမနိုင်၊
သောကြာသားက စကားနိုင်။
သံတိုင်ကျောက်ခဲ၊ ပဲနှင့်ပြောင်းကို
ဟောင်းလျှင်ပစ်၍၊ အသစ်ရှာ
အောင်ပါလေလား၊
သောကြာသား။

ဆိုသော တဘောင်သံကမူ မုဆိုးဘိုရွာမှ သောကြာသား ဦးအောင်ဇေယျကို ညွှန်းဆိုသည်ဟု ပြောကြပြန်သည်။

ဤနေရာမှာ ဆက်နွယ်ပြောစရာတစ်ခုက ညောင်ရမ်းခေတ်ခေါ် ရတနာပူရ အင်းဝရွှေပြည်ပျက်သုဉ်းခါနီး (ဝါ) ကြာသပတေးမင်း ပါတော်မူခါနီးတွင် ထိုပြည်သူပြည်သားတို့၏ ပါးစပ်ဖျားတွင် 'တော်တော်လှော်ရသည် ပဲငယ်ကို' ဆိုသော ကဗျာလိုလိုလင်္ကာလိုလို စကားတစ်ခွန်းသည် တော်တော်ကြီးကို ရေပန်းစားနေခဲ့သည်။

ထိုစကားကို ပညာရှိတို့က ဤသို့ဖွင့်ဆိုကြသည်။ပဲမှာ ကြာသပတေးနံဖြစ်သည်။ ထိုပဲကိုလှော်သည်ရှိသော် စုန်းပြူးသောပဲတို့သည် မအာနိုင်ဘဲ တူးချစ်ကုန်သကဲ့သို့ ပဲနံဖြစ်သော မြန်မာ(ဗမာ) တိုင်းကြီးသည် လည်းကောင်း၊ ကြာသပတေးမင်းသည် လည်းကောင်း၊ ပဲလှော်သကဲ့သို့ ပူပြင်းစွာရှိကုန်အံ့။ ပူပြင်းရုံသာမကဘဲ တူးချစ်သကဲ့သို့ ဖြစ်ကုန်အံ့ ဟူ၍ပင် ဖြစ်၏။ ဤသို့ပင်လျှင် အထက်ကဆိုခဲ့သော 'အမယ်ကြီးနှင့် ဘကြီးထား၍' အစချီ တဘောင်သံထဲပါ 'ပဲနှင့်ပြောင်းကို ဟောင်းလျှင်ပစ်၍အသစ်ရှာ'

ဆိုရာ၌ ပဲ၊ ပြောင်း ဆိုသော ကြာသပ တေးနံ့သည် မြန်မာ (ဗမာ) ပြည်ကို ရည်ညွှန်းသည်ထက် ကြာသပတေးမင်း ကို ပစ်ခွာ၍ သောကြာသားမင်းလောင်း ကို ချဉ်းကပ်ရန် လမ်းကြောင်းပေးနေ သကဲ့ဟု ထင်ရပါသည်။

ထို့ပြင်တစ်ဝ -
မြောက်ဘက်တစ်ခို
မုဆိုးဘိုမိုးခိုပါစို့
ညည်းနှင့်တို့၊
တိုင်းရက်သည့်ပက္ကလာ -
မိုးရွာသည်နှင့်အသင့်ပဲ။
တို့မေလေ မကြေဖျက်၊
မြောက်ဘက်ကိုတဲ့ဟို့တစ်ခို၊
ပြေးစို့နှစ်ကိုယ်၊
ဆိုင်းစိုစို ရန်လုံးဖြိုပါတဲ့
ပြည်ရွှေဘို ဟိုမြို့မှာ
မိုးခိုစို့လေး။ ။

ဆိုသော တဘောင်သံကလည်း မုဆိုးဘိုရွာနှင့် မုဆိုးဘိုရွာသား ဦးအောင်ဇေယျကို တိုက်ရိုက်ဖော်ညွှန်းနေခြင်းပင် ဖြစ်၏။ ခိုးသားဓားပြဘေး၊ သူပုန်သူကန်ဘေး၊ ကျူးကျော်စစ်ဘေး၊ အငတ်ဘေးတို့နှင့် ရင်ဆိုင်ကြုံဆုံနေရသော အင်းဝပြည်သူပြည်သားများအဖို့ မျှော်ကိုးစရာ အတိတ်စိမ်းတစ်ခုပင် ဖြစ်၏။

ထိုအထဲတွင် အရာခပ်သိမ်းမှာ ခိုကိုးရာမဲ့သလိုဖြစ်နေသော အင်းဝပြည်သူပြည်သားများကြားထဲတွင် အလွန်တရာ စိတ်ပျက်စရာကောင်းသော၊ နားကြားပြင်းကတ်စရာကောင်းသော၊ အမင်္ဂလာအပေါင်းတို့နှင့် ပြွမ်းတီးနေသော တဘောင်သီချင်းတစ်ခု အလွန်ခေတ်စားနေခဲ့သည်။ သဘင်သည်တို့လည်း ဆိုကြသည်။ ကလေးသူငယ်တို့လည်း ဆိုကြသည်။ လူပြောင်လူလျှောင်တို့လည်းဆိုကြသည်။ လူသိမ်လူဖျင်းတို့လည်း ဆိုကြသည်။

ၚင်းမှာ -
*ပတ်သာစည်လည်ဆိုးတဲ့*
*ကိုချစ်လောက်ရယ်*
*အို. . . ကိုချစ်လောက်ရယ်*
*အစ်ကိုဖြစ်ခြင်းကွယ်။*
*တောင်သမန်မှာ ဖျဉ်းအိုးကွဲ*
*လင်ကိုလင်ချင်လဲ*
*လင်ချင်းတူမှယူပ့ါမယ်*
*နင်ကစ္ဆနာသယ်*
ဟူ၍ပင် ဖြစ်၏။

သို့ကလို မြင်ပြင်းကတ်စရာကောင်းသော ထိုတဘောင်သီချင်းကို မိုးထိမှုန်စီကျောင်းဆရာတော်က ဤသို့ အဓိပ္ပာယ်ကောက်ခဲ့သည်။

ကိုချစ်လောက်ရယ်၊ အစ်ကိုဖြစ်ခြင်းကွယ် ဆိုသည်မှာ ညောင်ရမ်းမင်းဆက်သည် (၁၀) ဆက်သာရှိမည်။ ယခု (၁၀) ဆက်ပြည့်ပြီ။အစ်ကိုဖြစ်ခြင်းကွယ် ဆိုသည်မှာ သေသူကိုတ၍ငိုကြွေးသော စကားသံ ဖြစ်သည်။ တောင်သမန်မှာ ဖျဉ်းအိုးကွဲဆိုသည်မှာ လည်းကောင်း၊ သမန်သည် ကြာသပတေးနံ၊ ဖျဉ်းဟူသည်လည်း ကြာသပတေးနံ၊ လက်ရှိမင်းသည်လည်း ကြာသပတေးသား၊ မြန်မာ(ဗမာ)သည်လည်း ကြာသပတေးနံ၊ ထို့ကြောင့် ကြာသပတေးနံသမားတို့သည် ဖျဉ်းအိုးကွဲသလို ဆောက်တည်ရာမရ ဖြစ်ရမည် ဟူ၍ ဖြစ်၏။

မြန်မာနှစ် ၁၁၁၄ ခုနှစ် (၁၇၅၂) တွင် ပုဂံရွှေစည်းခုံဘုရား၌ ရွှေပေလ္လာကျသည်ဆိုသောကောလာဟလသတင်း ဖြစ်ပေါ်ခဲ့သည်။ တကယ်တော့ ပုဂံရွှေစည်းခုံစေတီတော်ပစ္စယံတွင် ကြက်မတစ်ကောင် ဥတစ်လုံးဥချ ကတော်သံပေးလျက် ပျံ၍ဆင်သွားသည်က အစပြုသည်။ ထိုကြက်ဥကို ဘုရင်အမိန့်ဖြစ်ယူ၍ကြည့်ရာ ထိုကြက်ဥအပေါ်တွင် 'ချာဇလာ၊ ချာဂေကာ' ဟူသော စာခြောက်လုံးပါရှိလာသည်ကို တွေ့ရှိရသည်။ ၎င်းကို ဇရစ်ရွာဆရာတော် ဦးစက္ကဓမ္မက အောက်ပါအတိုင်း အဓိပ္ပာယ်ပြန်ဆိုခဲ့လေသည်။

၁။ ချာကစော၊ ဝိပုပ္ပတ္တိ၊ သူခိုးတို့သည် ဖျက်ဆီးလုကြမည်ဟု ပြောကြကုန်၏။

၂။ ဇနာလေနာ၊ ဂဝေသန္တိ၊ လူတို့သည် ပုန်းအောင်းရာကို ရှာကြကုန်၏။

၃။ လာလိတော၊ ပတိယာဇတော၊ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်သည် ညှိုးနွမ်းပေးလတ္တံ့။

၄။ ချာတံဓမ္မာနိဝေသေယျ၊ ပေါကြားအပ်သော တရားတော်ကို လိုက်နာကျင့်သုံးရာ၏။

၅။ ဂေကမှာ၊ ပရိသခန္တိ၊ အိမ်နေရာမှ ရွှေ့ပြောင်းရကုန်ရာ၏။

၆။ ကာလေယပတ္တေ၊ ဘယာသန္တ၊ အခါကောင်းသို့ ရောက်သည်ရှိသော် ဘေးအပေါင်းတို့သည် အေးငြိမ်းကုန်၏။

ထို့နောက်တစ်ဖန် အင်းဝရွှေပြည်၏ ပထမကျော်အောင်စံထားဆရာတော် အရှင်ဉာဏဝရသည် တစ်ညသ၌တွင် ထူးခြားသော. အိပ်မက်တစ်ခုကို ဤသို့မြင်မက်လေသည်။ မိုးကောင်းကင်ပေါ်၌ ထွက်ပေါ်နေသော နေဝန်းကြီး၏ မျက်နှာပြင်ပေါ်တွင် ပေါ်ထင်နေသော 'ဝိနသုခံခံသုဝိနသု' ဟူသော အက္ခရာကြီးကိုးလုံးကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရသည်ဟူခြင်းကိုပင် ဖြစ်၏။ အဆိုပါ အိပ်မက်ကို ထိုဆရာတော် ရှင်ဉာဏဝရကပင် ဤသို့ ဖွင့်ဆိုကာ အဓိပ္ပာယ်ကောက်ခဲ့ပေသည်။

ခံ - ကောင်းကင်သည်၊ ဝိနသု - ပြည်သူတို့တရားကို ဖျက်ကြ၍ ဥတုမမှန် ပျက်ခဲ့လေပြီ။ ခံတု - တိုင်းသားပြည်သူတို့သည်၊ ဝိနသု - တရားပျက်သလို ပျက်စီးရလတ္တံ့။

ဟု နိမိတ်ဖွင့်ဆိုလျက် မင်းနှင့်ပြည်သူတို့အား နှိုးဆော်တိုက်တွန်းခဲ့သော်လည်း ကျွဲပါးစောင်းတီးဖြစ်ခဲ့ရလေသည် ဖြစ်၏။

သို့ကလို တိုင်းရေးပြည်ရေး ဗရုတ်သုတ်ခဖြစ်နေချိန်တွင် ကြာသပတေးမင်းသည် ဤအတိုင်းထိုင်နေသည် မဟုတ်ပါ။ သူတတ်ကျွမ်းသော ဝေဒပညာယတြာပညာဆိုင်ရာများ၊လူပညာရှိရဟန်းပညာရှိတို့၏ ဝေဒပညာယတြာပညာဆိုင်ရာများတို့ဖြင့် ထီးနန်းစည်းစိမ်၊ အသက်အိုးအိမ်စည်းစိမ်ချမ်းသာများ ပြုတ်ပျက်ဆုံးရှုံးမသွားစေခြင်းအလို့ငှာ ကိန်းချေကျိန်းချေမှုများပြုလုပ်နေခဲ့ပါသည်။ ကြာသပတေးမင်းက 'သက်သာပန်းတောင်းကိုပြောင်း၍ ရွှေနန်းတည်လတ္တံ့' ဟူသော ရှေးသိုက်တဘောင်စာကိုယူ၍လည်းကောင်း၊ တခြားပညာရှိတို့က 'စစ်တောင်းသို့ ကိုယ်တော်တိုင်ရောက်တော်မူမည့်ကိန်းခန်းရှိချေသည်' ဟူ၍ ဟောကိန်းထွက်ရှိချက်အရလည်းကောင်း၊ ထွက်ရှိလာသော မလိုလားအပ်သောကိန်းခန်းများကိုပပျောက်သွားအောင် ကိန်းချေကျိန်းချေလိုသဖြင့် ဟံသာဝတီပိုင်နက်မြေထဲက စစ်တောင်းနယ်မှမြေကို လျှို့ဝှက်စွာယူဆောင်စေပြီး နန်းတူရာ ဆင်တဲအရပ်တွင် အဆိုပါမြေကိုခင်းကျင်းစေပြီး ၎င်းအပေါ်တွင် ရွှေနန်းဆောင်တစ်ခုကို ဆောက်လုပ်စံတော်မူလေသည်။ ထိုနန်းဆောင်ကို ဖျက်ယူစေကာ အင်းဝရွှေမြို့တော်ပေါ်တွင် ဘုန်းကြီးကျောင်းတစ်ဆောင်ကိုဆောက်လုပ်ကာ ပခန်းကြီးကျေးပိုင်သင်ပထမကျော် သျှင်ဉာဏဝရကို 'ကျော်အောင်စံထား' ဘွဲ့ ချီးမြှင့်ပေးကာ လှူဒါန်းတော်မူလေသည်။ နောက် ရွှေစေတီဆရာတော်ကို ရဟန်းမင်းပြုစေသည်။

ရွှေကြာပင်ဆရာတော် သျှင်ပညာမဉ္ဇူကို သေမိန့်ကျရာဇဝတ်သားများကို ဇီဝိတဒါနအလှူခံ ခွင့်ပြုခဲ့ပါသည်။

ဤနေရာမှာ ထည့်သွင်းပြောစရာတစ်ခုက ဝန်ကြီးဦးပု၏ ရဲတစ်ထောင်နောင်တစ်ရာအစီအစဉ်သည် တကယ်တော့ ကျိန်းချေကိန်းချေအစီအရင်တစ်ရပ်ပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေ ကြာသပတေးမင်း၏ အဆိုပါ ကိန်းချေကိန်းချေအစီအရင်များသည် အရာမရောက် မအောင်မမြင်ဖြစ်ခဲ့ရသည်ကို နောက်ပိုင်းမှာ တွေ့ရှိခဲ့ရလေသည် ဖြစ်၏။

ဆိုခဲ့သလိုပင် အင်းဝရွှေပြည်တစ်ခွင်တစ်ပြင်၌ ကျူးကျော်စစ်ဘေး၊ သူပုန်သူဓားပြဘေး၊ ခိုးသားဓားပြဘေး၊ အငတ်ဘေးတို့ မွှေနှောက်ခြယ်လှယ်မှုကြောင့် အင်းဝပြည်သူပြည်သားတို့သည် စကောထဲက ဆီးဖြူသီးများပမာ၊ အိုးကင်းပူထဲက ပြောင်းဖူးစေ့များပမာ ဒုက္ခမျိုးစုံခံစားနေရသည်။ ထိုအထဲတွင် ကြာသပတေးမင်း၏ မလိမ္မာမှုများကြောင့် ပြည်သူပြည်သားများအဖို့ ဘူးလေးရာဖရုံဆင့်၊ မီးလောင်ရာလေပင့်သလို ဆိုးသထက်ဆိုး ခံစားနေရသည်။

နမူနာတစ်ခုပြောရသော် ကြာသပတေးမင်း ထီးနန်းတက်သောနေ့ဝယ် နန်းရင်ပြင်မှာ ထမင်းဟင်းဘောဇဉ်ခဲဖွယ်များ အပြည့်ခင်းကျင်းထားပြီး ကြာသပတေးမင်းက အဆိုပါ ထမင်းဟင်းများကို နင်းနယ်ကာ ထီးနန်းတက်တော်မူခဲ့လေသည်။

၎င်းကို ပညာရှိများကမြင်သော် ဤမင်းလက်ထက်တွင် ဆန်ရေစပါး ရှားပါးပြီး အငတ်ဘေးနှင့် ကြုံရလိမ့်မည်ဟု နိမိတ်ဖတ်ကြလေသည်။

တကယ်လည်း အင်းဝရွှေပြည် ပျက်သုဉ်းခါနီးတွင် ဆန်ရေစပါးရှားပါးမှုကြောင့် တောထဲ၌ သစ်ဥသစ်ဖုရှာဖွေစားသောက်ရသော အခြေအနေသို့ ရောက်ရှိခဲ့ရသည်။ တစ်နည်းပြောရလျှင် ငတ်မွတ်ခေါင်းပါးဘေးနှင့် ကြုံဆုံလိုက်ရခြင်းပင် ဖြစ်သည်။ ထိုအထဲတွင် 'ဖိုသုံးဖိုတွင် တစ်ဖိုမီးတောက်မည်' ဆိုသော တဘောင်သံက ပိုမိုလေးနက်ပီပြင်လာသည်။

မုဆိုးဘိုရွာက ဦးအောင်ဇေယျ၊ နဂါးဗိုလ်ရွာက ရွှေနဂါး၊ အုတ်ဖိုမှ ဂုဏ္ဍာအိမ်ဟု တစ်ကြိုပြေးနေရာမှ နဂါးဗိုလ်ရွာမှ ရွှေနဂါးသည် အဖျားရောဂါမှ သေလွန်ခဲ့သည်။ အုတ်ဖိုမှ ဂုဏ္ဍာအိမ်တပ်သည်လည်း အနှံ့နှင့်ရင်ဆိုင်ရသည်ကများလာခဲ့သည်။ မုဆိုးဘိုရွာမှ ဦးအောင်ဇေယျသည် လူသူဗိုလ်ပါ စုရုံးရာ၌ အလွန်အောင်မြင်နေသည်ဟု ကျော်စောလာခဲ့သည်။

ဤအချိန်မှာ တစ်ညဉ့်၌ ကြာသပတေးမင်းသည် ထူးဆန်းသောအိပ်မက်တစ်ခုကို မြင်မက်ခဲ့လေသည်။ အိပ်မက်ထဲတွင် မင်းကြီးသည် မြောက်ဘက်မိုးကောင်းကင်ကို ကြည့်ရှုနေစဉ် အရှေ့လောကဓာတ်မှအနောက်လောကဓာတ်သို့ နက္ခတ်တာရာကြယ်အပေါင်း ခြံရံလျက် နေမင်းကြီးသည် အစဉ်အတိုင်း သွားနေသည်ဟု မြင်မက်လေသည်။ ဤသည်ကို ပညာရှိတို့က မြောက်အရပ်၌ မင်းလောင်းပေါ်မည်ဟု နိမိတ်ဖတ်ကြလေသည်။

ထိုစဉ်တွင် 'အင်းကို ဟင်္သာဆင်းလိမ့်မည်။ ဟင်္သာကို မုဆိုးခွင်းလိမ့်မည်။ မုဆိုးကို ထီးရိုးရိုက်လိမ့်မည်။ ထီးရိုးကို မိုးကြိုးပစ်လိမ့်မည်' ဆိုသော သိုက်တဘောင်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။ အင်းကို ဟင်္သာဆင်းလိမ့်မည်ဆိုသည့် သိုက်တဘောင်စကားကို အခြေကိုင်လျက် အင်းဝရွှေပြည်ကို မွန်မင်း၏ ဟံသာဝတီရွှေပြည်စစ်တပ်ကြီးက လာရောက်တိုက်ခိုက်သိမ်းပိုက်လိမ့်မည်ဟူသော ကောလာဟလသတင်းစကားသည် လူတိုင်းပါးစပ်များတွင် ပလူပျံပလူပျံဖြစ်နေခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် 'အာ၊ က္က၊ ဥ၊ စော၊ နန်းကလျှော' ဆိုသည်အတိုင်း မြန်မာနှစ် ၁၁၁၃ ခုနှစ် (အေဒီ ၁၇၅၂ ခုနှစ်) တွင် ဟံသာဝတီပြည့်ရှင် ဗညားဒလမင်းနှင့် ဒလပန်းစစ်သူကြီးတို့၏ စစ်တပ်ကြီးက ကြာသပတေးမင်း၏ အင်းဝရွှေပြည်ရွှေနန်းကို လာရောက်တိုက်ခိုက်သိမ်းပိုက်ရာ နောက်ဆုံးတွင် လောကသရဖူစေတီဒါယကာ မဟာဓမ္မရာဇာဓိပတိဘွဲ့ခံ ကြာသပတေးမင်းသည် သုံ့ပန်းမင်းအဖြစ်နှင့် ဟံသာဝတီပြည်သို့ လိုက်ပါသွားခဲ့ရပြီး သမိုင်းရာဇဝင်မှတ်တမ်းများတွင် ဟံသာဝတီပါမင်းအဖြစ် မှတ်တမ်းတင်ခြင်းကို ခံယူခဲ့ရလေသည်။

ဟံသာဝတီပါမင်း ဟံသာဝတီရွှေပြည်သို့ရောက်ရှိ၍ များမကြာမီမှာပင် ဟံသာဝတီရွှေပြည်ထဲက ဒဂုံမြို့၏ ဈေးကြီးတစ်ခုထဲမှာ ဦးခေါင်းပြတ်မြီး ငါးပိဖြစ်နေသော ငါးလင်ပန်းကြီးတစ်ကောင်၏ အမြီးသည် တဖျတ်ဖျတ်လှုပ်ခတ်နေသည်ကို တထိတ်တလန့် တအံ့တဩ တချောက်ချားချား တွေ့မြင်လိုက်ရသဖြင့် တစ်တိုင်းလုံး ထစ်ပြည်လုံးဝယ် အုတ်အုတ်ကျက်ကျက် ဖြစ်သွားခဲ့ရသည်။ 'အင်းကိုဟင်္သာဆင်းလိမ့်မည်၊ ဟင်္သာကို မုဆိုးခွင်းလိမ့်မည်' ဆိုသောတဘောင်သံသည်လည်း ပွက်ပွက်ညံနေခဲ့သည်။

ထိုအခါတွင် ဟံသာဝတီပြည့်ရှင် ဗညားဒလမင်းသည် ပညာရှိမှူးမတ်တို့နှင့်တိုင်ပင်လျက် ငါးပိကောင်ငါးလင်ပန်းအမြီးလှုပ်ခတ်သည့် နိမိတ်ကို အဓိပ္ပာယ်ဖွင့်ဆိုစေရာ တိကျရေရာသောအဖြေကို မရရှိသဖြင့် နောက်ဆုံးတွင် ဟံသာဝတီပါမင်းကို ထိုနိမိတ်အား ဖတ်ကြားပေးစေရန် မှူးမတ်တို့အား စေလွှတ်မေးခိုင်းလိုက်ရတော့သည်။

ထိုအခါ ဟံသာဝတီပါမင်းက -

"အမတ်တို့ ဤနိမိတ်ကို ငါဖတ်ကြားခဲ့လျှင် အမှန်မုချငါသေရတော့မည်။ သို့သော် သေခြင်းကိုငါမကြောက်သည့်အပြင် ပညာရှိတို့ သိရစ်ကြရန်နှင့် နောင်လာနောက်သားတို့အတွက် အတတ်ပညာတစ်ခု ကျန်ရစ်စေရန် ဤနိမိတ်ကို ဖတ်ကြားမည်"

ဟု မိန့်ဆိုကာ ပုဂ္ဂိုလ်ခြောက်မည်၊ ထုတ်ဆိုဆောက်တည်၊ နှုတ်ဆိုလျှောက်မည် ပိုဒ်စုံရတုဖြင့် အဆိုပါနိမိတ်ကို ဖွင့်ဆိုလေသည်။

ဆိုလိုရင်းမှာ '

'အမတ်တို့ - ငါးတွင် ငါးပိ၊ ဇာတိအမည်ခေါ်ပြန်သည်မှာ သညာထွေဆန်း ငါးလင်ပန်း၊ ပန်းမှာ မြန်မာ၊ စိတ်ကောက်ပါက၊ ခေမာ ကုလား၊ ဂမ္ဘေထားလော ဆိုသည့်အတိုင်း ငါးသည် ငါးလင်ပန်းကဲ့သို့ ငါးပိအသွင်ဖြစ်သွားပြီး နောက်ထပ်တစ်ဖန် ရှင်သန်ရန် မဖြစ်နိုင်တော့။ သို့သော် မကြာမီ အမြီးနှင့်တူသော မြန်မာမင်း (ဗမာမင်း) ပေါ်ပေါက်လာလိမ့်မည်။ ထိုအခါ အကြည်တော်မင်း ဦးညွှတ်ခရလိမ့်မည်"

ဟူ၍ပင် ဖြစ်၏။

ယင်းရလဒ်မှာ ဟံသာဝတီပါမင်းသည် စစ်တောင်းကိုမရောက်ဘဲ စည်တီးချောင်းတွင် ရေချကွပ်မျက်ခံရသည်။ သိပ်မကြာမီ မုဆိုးဖိုရွာသား ဦးအောင်ဇေယျသည် အလောင်းဘုရားမင်းဘွဲ့ခံလျက် ဟံသာဝတီရွှေပြည်သို့ လာရောက် သိမ်းပိုက်လေသည်။

**မင်းရှိန်အောင်**



(ဆီ-အေ) အောင်သန်းလင်း

# ဒေါ်ညွန့်နဲ့ ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဆန်းတစ်ခု



အချိန်ကာလကိုပြန်လည်ရေတွက်ကြည့်မည်ဆိုလျှင် လွန်ခဲ့သောနှစ်ပေါင်း (၂၀) ဖြစ်သော ၁၉၉၅ ခုနှစ်အချိန်က ဖြစ်လေသည်။

ဒေါ်ညွန့်သည် မိုးလရာသီရောက်မလာမီကတည်းက ရွာကိုခေတ္တပြန်ချင်နေမိသည်။ မိဘများကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း ရွာမှာဆွေမျိုးရင်းချာများရှိနေကြ၍ တစ်နှစ်တစ်ခေါက်လောက်တော့ ရွာကိုအရောက်ပြန်လေ့ရှိတာ ထုံးစံလိုဖြစ်နေပါသည်။ ဒေါ်ညွန့်၏ ဇာတိမှာ ဧရာဝတီတိုင်းဒေသကြီး သုံးခွမြို့နယ် ဖြစ်၏။

ဒေါ်ညွန့်အိမ်ထောင်ကျသောအခါ အိမ်ထောင်ဖက်က ရန်ကုန်ဇာတိဖြစ်နေခဲ့၍ သျှောင်နောက်ဆံထုံးပါ ရန်ကုန်ကို ပါလာခဲ့ရသည်။ မီးဖိုချောင်ကို စီမံချက်ပြုတ်၍ ဦးစီးသော အိမ်ရှင်မဘဝနှင့် မကျေနပ်နိုင်သော ဒေါ်ညွန့်သည် ပညာတတ်မဟုတ်သော်လည်း စက်ရုံတစ်ရုံမှာ ဝန်ထမ်းတစ်နေရာရအောင်လုပ်နိုင်ခဲ့၏။

သားကို ကိုယ်ဝန်ဆောင်ထားစဉ်ကတည်းက အမေ့ကို ရန်ကုန်ကိုခေါ်ထားသည်။ သားအသက်(၂)နှစ်မပြည့်မီ အိမ်ထောင်ဖက်က လောကကြီးထဲမှ အပြီးထွက်ခွာသွားပြန်သည်။ ဘဝကို ဒေါ်ညွန့်ကသာ ဆက်လက်ဦးဆောင်ခဲ့သည်။ ယခုတော့ အမေလည်းမရှိတော့တာပင်ကြာခဲ့ပြီ။ သားကလည်းအရွယ်ရောက်နေပြီ။

သောကြာနေ့တွင် စက်ရုံသွားလိုက်သေးသည်။ မွန်းလွဲပိုင်းတွင် နားလည်မှုခွင့်ဖြင့် စက်ရုံမှထွက်ခဲ့ပြီး အိမ်မပြန်တော့ဘဲ သုံးခွကားဂိတ်ကို လိုင်းကားတိုးစီးပြီး ရောက်ရှိသွားသည်။ သုံးခွကိုထွက်မည့်ကားကို အချိန်မစောင့်ရဘဲ ကားပေါ်ရောက်ခဲ့၍ အဆင်ပြေသည်ဟုဆိုနိုင်သည်။ နောက်ဆုံးမှ ကားပေါ်တက်ရ၍ နေရာကောင်းမရသော်လည်း ကားပေါ်လိုက်ပါသွားရဖို့သာ လိုရင်းဖြစ်၏။

ကားသည် လမ်းတစ်လျှောက် ဟိုရပ်သည်ရပ်နှင့် သုံးခွမြို့ထိ ကားလမ်းချောပေမယ့် တစ်နာရီကျော်လောက်ကြာအောင်မောင်းမှ ရောက်ရှိသည်။ ဒေါ်ညွန့်အတွက်ကတော့ သုံးခွမှာ ကားဂိတ်ဆုံးသွားသော်လည်း ခရီးမဆုံးသေးပါ။ ဇာတိဖြစ်သော ညောင်လမ်းကုန်းရွာ



ကိုရောက်အောင် နောက်ထပ် (၁၂) မိုင် ရေလမ်းခရီးဖြင့်သွားရဦးမည်။ မိုးရာသီဖြစ်၍ မြစ်ချောင်းများမှာ ရေပြည့်နေ၍ မိုးလုံးချောင်းအတိုင်း မော်တော်ဖြင့်သွားရသည်။

ညနေစောင်းတွင် ရွာကိုဒေါ် ညွှန့်ရောက်ရှိပြီး အစ်မဝမ်းကွဲတစ်ယောက်အိမ်မှာတည်းခိုသည်။ ညောင်လမ်းကုန်းရွာသည် အိမ်ခြေတစ်ထောင့်ငါးရာကျော်ရှိသောရွာကြီး ဖြစ်သည်။ ရွာသူရွာသားအများစုက လယ်ယာကိုသာ အဓိကလုပ်ကိုင်ကြသည်။ တိုက်နယ်ဆေးရုံ၊ မူလတန်းကျောင်းနှင့် ရဲစခန်းတို့ရှိသည်။

ရွာနေရာသည် ရှေးခေတ်အခါက မြို့တစ်မြို့ဖြစ်ခဲ့ကြောင်း ဘိုးဘွားများ ပြောတာကို ကြားဖူးခဲ့သည်။ အုတ်အသုံးပြုထားသောအုတ်စီလမ်းများ၊ အချို့နေရာတွင် အုတ်မြို့ရိုးသင်္ကန်းများကို ယခုတိုင်မြင်တွေ့နေရဆဲဖြစ်၏။ တစ်ရွာလုံး ကိုးကွယ်သော ရွာဦးကျောင်းသည် ရွာ၏အရှေ့ဘက်မှာရှိသည်။

နောက်နေ့နံနက်တွင် ဒေါ်ညွန့်သည် အစ်မကိုအဖော်ပြုပြီး ရွာဦးကျောင်းရှိရာကိုထွက်လာခဲ့လိုက်သည်။ မိုးရာသီရက်ဖြစ်သော်လည်း ယနေ့နံနက် မိုးမရွာသဖြင့်တော်သေး၏။ မိုးတိမ်ထုကို နေရောင်ခြည်က ပါးလျစွာထိုးခွဲနေဆဲဖြစ်သဖြင့် အလင်းရောင်ရသော်လည်း ခပ်နွေးနွေးသာဖြစ်နေသည်။ အအေးဓာတ်ကဲသာ သဘာဝဝန်းကျင်ကိုလွှမ်းခြုံနိုင်ထားဆဲ ဖြစ်သည်။

ရွာထဲမှထွက်လာခဲ့ပြီး (၁၅) မိနစ်ခန့်အကြာတွင် ပိတောက်ပင်၊ ကုက္ကိုပင်ကြီးများဝန်းရံနေသော တောအုပ်နေရာသည် ရွာဦးကျောင်းဖြစ်၏။ တကူကူးကူ ဟူသော ချိုးကူသံချိုချိုလေးက လေထဲမှာ ပျံ့လွင့်လာရင်း ကြိုဆိုနေလေသည်။ မကြာမီ ထုံးဖြူဖြူနှင့် သပ္ပာယ်လှသော စေတီတော်ကို ဖူးတွေ့ရသည်။ ဤစေတီတော်ကား အညာဒေသ စစ်ကိုင်းတောင်တော်မြောက်ဘက်ဖျားက ပတ္တမြားစေတီနှင့် ပုံစံတူဟု ဒေါ်ညွန့် ကြားဖူးထား၏။

ကျောင်းပေါ် ရောက်ရှိသည်နှင့် မောင်တော်စပ်သူ ဦးပဉ္စင်းဦးကောဏ္ဍညက ရုတ်တရက် အစ်မ ဒေါ်ညွန့်ကိုတွေ့ရ၍ အံ့ဩနေ၏။ ဒေါ်ညွန့်တို့ညီအစ်မက ဦးပဉ္စင်းကို ဝတ်ပြုကန်တော့သည်။

"ဒကာမကြီး၊ အရင်တုန်းက ရွာကို သင်္ကြန်အချိန်မျိုးမှ ရောက်လာလေ့ရှိတယ်။ ခုတစ်ခေါက်တော့ ဝါမဝင်မီ ရောက်လာပါလား။ အလုပ်လုပ်နေတဲ့ စက်ရုံကခွင့်ရသလား"

ဒေါ်ညွန့်က -

"မှန်လှပါ့ ဦးပဉ္စင်းဘုရား။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်နှစ်ရက်ခံပြီး ခွင့် (၂) ရက်တင်လာခဲ့တာဖြစ်ကြောင်းပါ။ သင်္ကြန်ကာလလိုတာရှည်အောင် ရွာမှာ နေခွင့်မရဘဲ သုံးရက်လောက်နဲ့ပြန်ရမယ် ဘုရား"

သင်္ကြန်ကာလ ရုံးပိတ်ရက်များများရရှိချိန်တွင် အလည်အပတ်လာလေ့ရှိသော်လည်း ယခုလို မိုးဦးကျအချိန် ရောက်လာခြင်းက ထူးဆန်းနေသည်။ သို့သော် ဦးပဉ္စင်းက မေးမြန်းခြင်းမပြုဘဲ အစ်မပြောဆိုလာမည်ကိုသာစောင့်ဆိုင်းနေ၏။

အစ်မဒေါ်ညွန့်က -

"ဦးပဉ္စင်းဘုရား၊ မကြာသေးမီက တပည့်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်တစ်ခုက အတော်ဆန်းပြားနေပါတယ်။ လူတစ်မိတ်ကို ပြောပြရင်လည်း ယုံနိုင်စရာမရှိဘူး။ ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလိုပဲဖြစ်နေတယ်။ ဒါပေမယ့် တပည့်တော်ကတော့ ကိုယ်တွေ့ကြုံခဲ့ရတာပါဘုရား"

ဟုဆိုကာ ကြုံခဲ့ရသမျှကို ဦးပဉ္စင်းအား လျှောက်ထားပြောကြားလေ၏။

❑

ဒေါ်ညွန့်သည် မိမိဘဝခရီးတွင် ခင်ပွန်းသည် စောစီးစွာသေဆုံးခဲ့သည်။ ထို့နောက် အမေကလည်း ရုတ်တရက် ခွဲခွာသွားခဲ့ပြီးကတည်းက ဘာသာရေးကို အားစိုက်လုပ်ကိုင်ခဲ့သည်။ အသက်သတ်လွတ်စားတာကို စတင်ခဲ့သည်။ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်၏။ ရွှေတိဂုံစေတီတော် ဝေနေယျသုခရေချမ်းစင် အသင်းဝင်ခဲ့ပြီး လစဉ် လပြည့်၊ လကွယ်နေ့တိုင်း ရွှေတိဂုံစေတီတော်ကို တစ်ဦးတည်းသွားရောက်ဖူးမြော်လေ့ရှိသည်မှာ ကာလကြာခဲ့ပြီ။

လပြည့်နေ့တစ်ရက်တွင် နံနက်စာစားသောက်ပြီးနောက် ရွှေတိဂုံစေတီတော်ကိုဖူးမြော်ရန်အတွက် မိမိနေအိမ်ရှိရာ နွယ်နီ (၁၆) လမ်းမှထွက်ခွာလာခဲ့သည်။ ကမ္ဘာကပင် အလေးအမြတ်ပြုထားရသော ရွှေတိဂုံကို ရန်ကုန်မှာ နေထိုင်ကြသော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် အလွယ်တကူ အချိန်မရွေး ဖူးမြော်ကြည်ညိုခွင့်ရရှိနေသည်။ ဤကုသိုလ်ကံအခွင့်အရေးကိုလက်လွတ်မခံ ရယူတတ်ဖို့လိုအပ်လေသည်။

ဘဝစားဝတ်နေရေးကို ခက်ခဲစွာ ရုန်းကန်လှုပ်ရှားနေသည်က လူတွေအားလုံးအတူတူပင် ဖြစ်၏။ ဤအကြောင်းပြချက်ဖြင့် အလွန်ထာန်ခိုးကြီးလှသော ရွှေတိဂုံကို ကပ်ကျော်ဘုရားဖြစ်စေခဲ့လျှင် မိမိသာနစ်နာပေလိမ့်မည်။

နွယ်နီလမ်းမကြီးအတိုင်း လမ်းလျှောက်လာခဲ့သော ဒေါ်ညွန့်သည် နွယ်နီ (၁၃) လမ်းထိပ်သို့အရောက်လမ်းနံဘေး ဓာတ်မီးတိုင်အောက်၌ တစ်ဦးတည်း ငုတ်တုတ်ထိုင်နေသော အေးအေးခိုင်ကို ရင်ဆိုင်တွေ့လိုက်ရသည်။ သူမနံဘေးတွင် ကြိမ်ခြင်းလေးချထားပြီး ခြင်းထဲတွင်ကား ခေါက်ထီးတစ်လက်နှင့် ပန်းရောင်ဆွယ်တာအကျီကိုခေါက်၍ထည့်ထားသည်ကိုတွေ့မြင်ရ၏။

အေးအေးခိုင်ကို တွေ့မြင်ရသည်မှာ ကျန်းမာရေးကောင်းမွန်ပုံမရပေ။ သူမသည် နွယ်နီ(၁၅)လမ်းထိပ် (လမ်းမကြီး)တွင်နေထိုင်သူဖြစ်ပြီး ဒေါ်ညွန့်၏ နေအိမ်နှင့် သိပ်မကွာဝေးပေ။ ဒေါ်ညွန့်နှင့် ဘာသာရေးလိုက်စားပုံချင်းတူညီ၍ ဥပုသ်နေ့များတွင် ရှင်တစ်ရာဘုန်းတော်ကြီးကျောင်း၌ ဥပုသ်စောင့်ကြရင်းဆုံမိတတ်ကြသည်။ ထိုအခါတွင် နံနက်စာထမင်းကို တစ်ဝိုင်းတည်းအတူစားကြလေ့ရှိသဖြင့် ရင်းနှီးခင်မင်သူများ ဖြစ်၏။ သူမအသက်က ဒေါ်ညွန့်ထက် (၁၀)နှစ်လောက်ငယ်ပေလိမ့်မည်။ ဒေါ်ညွန့်က အေးအေးခိုင်ထိုင်နေရာရှေ့သို့အရောက် ခြေစုံရပ်လိုက်ပြီးနောက်တွင် -

"အေးအေးခိုင်၊ နင်တစ်ယောက်တည်း ဘယ်ကပြန်လာတာလဲ။ အခု ဘယ်လိုဖြစ်နေသလဲ၊ နေမကောင်းဘူးလား"

သိချင်သမျှကို အားလုံးမေးလိုက်သည်။

"ကျွန်မ နံနက်စောစော ရွှေတိဂုံဘုရားကိုဖူးချင်တာနဲ့တစ်ယောက်တည်း သွားခဲ့တာ မမညွန့်။ နေသိပ်မကောင်းဘူးလေ။ အဲဒါမောလို့ခဏထိုင်နေတာပါ။ မမညွန့်ကောဘယ်သွားမလို့လဲ"

"ဪ - ငါကလည်း ဒီကနေ့လပြည့်နေ့မို့ ရွှေတိဂုံဘုရားဖူးဖို့ထွက်လာခဲ့လိုက်တာ။ ဟဲ့ - နင်သွားမှာကြိုသိခဲ့လိုက်ရင် တို့အတူသွားလိုက်ကြရမှာပေါ့။ အခုဘယ်လိုနေလဲ။ အိမ်ကိုလိုက်ပို့ပေးရမလား။ အကူအညီလိုရင်ပြောပါ။ အားနာရမယ့်သူတွေမဟုတ်ဘူး"

ဟု ပြောရင်း အေးအေးခိုင်၏ လက်မောင်းတစ်ဖက်ကို ကိုင်လိုက်မိသည်။ အေးစက်နေသော သူမလက်မောင်းသည် မကျန်းမာသဖြင့် အတော်စိန်သွားကြောင်း ဒေါ်ညွန့်သတိထားလိုက်မိလေသည်။

"ရပါတယ် မမညွန့်၊ ခဏနေလို့ အမောပြေသွားရင် ကျွန်မဘာသာပြန်သွားလို့ရမှာပါ။ မမညွန့်သာ အပြန်မှာ နေပူလိမ့်မယ်၊ သွားတော့၊ သွားတော့"

"အေး - ဒါဆိုရင်လည်း သွားပြီ အေးအေးခိုင်"

ထို့နောက် ဒေါ်ညွန့်လည်း လိုင်

ကားစီးရန် သုမေမှာလမ်းမကြီးရှိရာသို့ ထွက်ခွာလာခဲ့၏။ စင်စစ် အေးအေးခိုင်နှင့် ယခုလို မမျှော်လင့်ဘဲတွေ့ဆုံစကားပြောခဲ့ကြခြင်းကား သာမန်အားဖြင့် ထူးခြားဆန်းကြယ်မှုမရှိလှပေ။ သို့သော် နောက်ပိုင်း ဒေါ်ညွန့်လည်း ရွှေတိဂုံဘုရားဖူးမြော်ပြီးနောက် မွန်းတည့်ချိန်လောက်တွင် နေအိမ်သို့ပြန်လည်ရောက်ရှိခဲ့သည်။ ညနေပိုင်းတွင် ညစာချက်ပြုတ်ရန်အတွက် အိမ်မှာဆန်လက်ကျန်နည်းနေခြင်း၊ ဆီနှင့်ကြက်သွန်ကုန်နေခြင်းကြောင့် ကုန်ခြောက်ဆိုင်များရှိရာ နွယ်နီလမ်းမတန်းဘက်သို့ထွက်လာခဲ့လိုက်၏။ နွယ်နီ (၁၅) လမ်းထိပ်မှ အေးအေးခိုင်တို့အိမ်ဆိုင်သည် အနီးဆုံးဖြစ်ခြင်း၊ လူချင်းရင်းနှီးခြင်းကြောင့် တခြားဆိုင်မှာထက် ပိုမိုဝယ်ယူခဲ့ရတာများသည်။ ယခုလည်း အေးအေးခိုင်တို့ဆိုင်မှာသာဝယ်ရန်ဆုံးဖြတ်ပြီး ဆိုင်ရှေ့မှာရပ်လိုက်သည်။ ဈေးရောင်းနေသူက အေးအေးခိုင်၏ညီမ နှင်းနှင်းခိုင် ဖြစ်၏။ ဒေါ်ညွန့်သည် ဈေးမဝယ်မီ နံနက်ခင်းတုန်းက တွေ့ဆုံခဲ့သော အေးအေးခိုင်ကို သတိရပြီး -

"ဟဲ့ - မနှင်း။ နင့်အစ်မ အေးအေးခိုင် မနက်တုန်းက ဘုရားကအပြန်လမ်းမှာ ငါနဲ့ဆုံမိခဲ့တယ်။ သူသိပ်နေမကောင်းဘူးလို့ပြောသွားတယ်။ ခုကောဘယ်လိုနေသေးသလဲ သက်သာသွားပြီလား"

နှင်းနှင်းခိုင်သည် ဒေါ်ညွန့်၏စကားကြောင့် အလွန်အံ့အားသင့်သွားပြီးနောက် -

"အို - ဟုတ်လို့လား အစ်မရယ်။ မအေးနေမကောင်းလို့ အိပ်ရာကမထနိုင်တော့တာဘဲ (၁၀) ရက်ကျော်သွားပြီ။ သူခံစားနေရတဲ့ရောဂါက အသည်းကင်ဆာကိုး။ လမ်းတောင်မလျှောက်နိုင်တာ ဘယ်လိုလုပ်ပြီး ရွှေတိဂုံဘုရားကို သွားဖူးနိုင်တော့မှာလဲ"

"ဟုတ်ကောဟုတ်ရဲ့လား မနှင်းရယ်။ နေ့မကူးသေးဘူး။ မနက်ခင်းကပဲ (၁၃) လမ်းထိပ်မှာ ငါနဲ့ဆုံမိခဲ့တာပါ။ ဘုရားကပြန်လာခဲ့တာ မောလို့ထိုင်နေတာတဲ့။ နေမကောင်းဘူးလို့လည်းပြောပါတယ်။ သူ့လက်မောင်းလေးတောင် ငါကိုင်ကြည့်လိုက်သေးတယ်"

စကားပြောနေရင်း ဒေါ်ညွန့်၏မျက်လုံးအစုံက ဈေးဆိုင်ကိုကျော်၍ အိမ်ထဲသို့လှမ်းကြည့်နေမိသည်။ မယုံကြည်သလိုဖြစ်နေသည်ကို နှင်းနှင်းခိုင်ကလည်း ကောင်းစွာ သဘောပေါက်သဖြင့်-

"အစ်မ အိမ်ထဲကိုဝင်ပြီး မအေးကို ကြည့်ချင်ကြည့်သွားဦးလေ"

နှင်းနှင်းခိုင်နောက်မှ ဒေါ်ညွန့်အိမ်ထဲသို့လိုက်ဝင်သွားခဲ့လိုက်သည်။

အိမ်ရှေ့ဧည့်ခန်းတစ်နေရာတွင် ခေါက်ထီးထည့်ထားဆဲဖြစ်သော ကြိမ်ခြင်းတောင်းကလေးကို တွေ့မြင်လိုက်ရသလို ပန်းရောင်ဆွယ်တာအင်္ကျီကိုကား အင်္ကျီချိတ်မှာ ချိတ်ထားသည်ကို မြင်လိုက်ရသည်။ အိပ်ခန်းထဲသို့ဝင်လိုက်သောအခါ ခုတင်ထက်တွင် နှစ်မြိုက်စွာအိပ်မောကျနေသော အေးအေးခိုင်ကို တွေ့မြင်လိုက်ရသည်။ နေကောင်းစဉ်က ပြည့်ဖောင်းနေသော သူမ၏မျက်နှာသည် ယခုအခါ ပါးရိုးများငေါထွက်နေသည်ကို တွေ့ရသည်မှာ နှင်းနှင်းခိုင်ပြောနေသောလမ်းတောင်မလျှောက်နိုင်တာဘယ်လိုလုပ်ပြီးရွှေတိဂုံဘုရားကိုတက်ဖူးနိုင်မှာလဲဟူသောစကားကို ထောက်ခံနေသယောင်ရှိလေသည်။

နောက်တစ်နေ့ ညနေတွင်တော့ အေးအေးခိုင်တစ်ယောက် သေဆုံးသွားလေသည်။ အေးအေးခိုင်၏ နောက်ဆုံးခရီးတွင် ရေဝေးသုသာန်သို့ ဒေါ်ညွန့်လိုက်ပို့ခဲ့သေးသည်။

❑

ဦးပဥ္စင်းဦးကောဏ္ဍညက -

"ဒကာမကြီးကြုံခဲ့ရတဲ့ဘဝအတွေ့အကြုံက သာမန်ပုထုဇဉ်တွေအတွက်တော့ မဖြစ်နိုင်တာတွေပါလို့ဆိုသွားနိုင်ပါတယ်။ ဦးပဥ္စင်းနဲ့ ဒကာမကြီးက



မောင်နှမတွေဆိုတော့ အကြောင်းသိထားကြသူတွေဖြစ်လို့ ဦးပဥ္စင်းကလက်ခံတယ်။ ဒကာမကြီးကိုယ်တိုင်က အသက်သတ်လွတ်စားနေခဲ့တာ (၁၀)နှစ်တောင်ကျော်ခဲ့ပြီ။ အမေ့ကိုလည်း သက်ထက်ဆုံးလုပ်ကျွေးပြုစုခဲ့တယ်။ ဝိပဿနာတရားစခန်းလည်း အကြိမ်ကြိမ်ဝင်ခဲ့တာတွေ၊ ဥပုသ်အမြဲစောင့်ခဲ့တာ၊ ကံငါးပါးလုံခြုံပြီး အကုသိုလ်ကင်းစင်ခဲ့တာတွေကာလရှည်ကြာခဲ့တာကြောင့် သမာဓိအားကောင်းလာတယ်။ ဒါကြောင့် သာမန်လူတွေမမြင်နိုင်တာကို မြင်လာရတာပါ။ ဒကာမကြီးအတွက် ကောင်းမွန်တဲ့လက္ခဏာတွေမို့ ရှေ့ဆက်ကြိုးစားဖို့ ဦးပဥ္စင်းအကြံပေးပါတယ်။

လူတွေဟာ ဘဝကူးပြောင်းချိန်နီးကပ်လာရင် စိညာဉ်ကတစ်နေရာရာကို လွင့်ပါးသွားတတ်လေ့ရှိတယ်။ သူ့စိတ်ဝင်စားတဲ့နေရာကိုလည်း ရောက်တတ်တာပေါ့။ ဒကာမကြီးရဲ့သူငယ်ချင်းကလည်း သူ့ဘဝနောက်ဆုံးလက်ကျန်အချိန်ကာလလေးမှာ ရွှေတိဂုံစေတီတော်ကို ဖူးမြော်ရတာကို အာရုံကရောက်သွားတာမို့ ကောင်းရာသုဂတိကို လားနိုင်ပါတယ်။ ဘဝကူးကောင်းတဲ့လက္ခဏာပါပဲ။ တကယ်တော့ လူတွေရဲ့ဝန်းကျင်မှာ တိုးတက်နေတယ်ဆိုတဲ့နည်းပညာတွေနဲ့ အဖြေရှာမရနိုင်အောင် ဆန်းကြယ်တာတွေထဲက တစ်ခုကို ဒကာမကြီး ကြုံတွေ့လိုက်ရတာပါ။

လမ်းလျှောက်လာရင်း မောလို့ထိုင်နေတဲ့ ဒကာမကြီးသူငယ်ချင်းဒေါ်အေးအေးခိုင်ကို ဒကာမကြီးတစ်ယောက်တည်းသာ မြင်တွေ့ရတာဖြစ်လို့ တခြားလူတွေက မမြင်နိုင်ပါဘူး။ ဒါကြောင့် ဒေါ်အေးအေးခိုင်နဲ့ စကားပြောနေကြစဉ်မှာ နံဘေးကလူတွေသာမြင်သွားခဲ့မိရင် ဒကာမကြီးတစ်ယောက်တည်း စကားပြောနေတယ်လို့ထင်သွားစရာပါပဲ"

မောင်တော်စပ်သူ ဦးပဥ္စင်းနှင့်တွေ့ရမှသာ ဒေါ်ညွန့်အဖြေရှာမရသောပုစ္ဆာကို အဖြေမှန်တွေ့သွားလေသည်။

အောင်ဆန်းသင်း(ဘီအေ)

စာကြွင်း -

လူနာမည်အချို့ကိုပြောင်းလဲထားပါသည်။ မိမိကိုယ်တွေ့ဖြစ်ရပ်ကိုပြောပြပြီး စာရေးသားခွင့်ပြုသော ဒေါ်ညွန့်ကိုကျေးဇူးတင်ပါသည်။



မူတူးရဲ့ ပညာအရည်အချင်းက (၃) တန်း။ ဒါပေမယ့် မြန်မာစာကို ကောင်းကောင်းဖတ်တတ်သည်။အတန်းပညာမရှိ၍ ကစ္စနားနောက်လိုက်လုပ်ရင်းက မူတူး ကြီးပြင်းလာလေခဲ့သည်။ ကစ္စနားအလုပ်က ငှက်ဖမ်းသည့်အလုပ်။ ဆယ်နှစ်လောက် တပည့်ခံလိုက်ရာ ငှက်ဖမ်းပိုက်တစ်စုံနှင့် ငှက်ထည့်သည့် ခြင်းတောင်းတစ်လုံး ပိုင်ဆိုင်လာသည်။ ကစ္စနား ကျန်းမာရေးမကောင်းသောကြောင့် အလုပ်နားချိန်တွင် မူတူးက ငှက်ဖမ်းဆရာဖြစ်လာ၏။

မူတူးဖမ်းသည့်ငှက်များက ရေဘဲ၊ စာကလေးနှင့် ခိုတို့ဖြစ်လေသည်။ ရေဘဲဖမ်းသည့်ကိစ္စက တော်တော်လေးဖွဲ့ရှိရသည်။ လူသူနှင့်ဝေးသော လယ်ကွင်းလည်း ဖြစ်ရမည်။ ထိုလယ်ကွက်တွင် ရေဘဲငှက်မွေးများလည်းတွေ့မှ ရေဘဲဖမ်းသည့်နေရာအဖြစ်ရွေးရ၏။ ဖမ်းမည့်နေ့တွင် ညနေ (၃) နာရီအရောက်သွားပေတော့။ ပိုက်ပြင်ခြင်း၊ ကြိုးချည်ခြင်း၊ ငှက်စာကျွေးသည့်နေရာ ရွေးချယ်ခြင်းများကို နေမဝင်ခင် အပြီးလုပ်ရသည်။

အားလုံး ပြင်ဆင်ပြီးချိန်တွင် လူနှစ်ယောက်ခိုအောင်းစရာ ယာယီတဲအတွင်းဝင်၍ထိုင်ရသည်။ သည်အချိန်ရောက်မှ ပါလာသည့် ထမင်းဟင်းကို စားကြပေတော့။ ထိုယာယီတဲတွင် ထမင်းစားချိန်မှ ရေဘဲလာသည်အထိ ဘယ်လိုမှမထွက်ရ။ ရေဘဲလာချိန်မှာ များသောအားဖြင့် ည (၂) ချက်တီး။ လပြည့်ညများကိုရွေး၍ ရေဘဲဖမ်းရန် စီစဉ်သောကြောင့် လရောင်ဖြင့်ပတ်ဝန်းကျင်က ထိန်ထိန်လင်းလင်း။

သို့ဖြစ်၍ ငှက်ပျံလာတာကိုလည်း တွေ့ရသည်။ ဒီအကောင်တွေက ပထမဦးဆုံး အန္တရာယ်ကင်း၊ မကင်း ပျံဝဲ၍ ကြည့်ကြသည်။ စိတ်ချမှ မြေပြင်သို့ ဆင်းကြသည်။ အလျား ပေ (၂၀)၊ အနံ (၁၂) ပေကျယ်သော လယ်ကွက်ထဲတွင် ဆန်ကွဲစေ့များက ဟိုတစ်စုဒီတစ်စု။ လေး၊ ငါးကောင် အရင်ဆင်း၍ စားနေကြသည်ကို လေပေါ်တွင်ဝဲနေသည့် ရေဘဲတွေက ပထမအကဲခတ်ကြသည်။ စိတ်ချသွားမှသာ အုပ်လိုက်ဆင်း၍လာကြသည်။

ခန့်မှန်းအကောင် (၄၀) လောက်ရှိနိုင်ပြီဆိုမှ ပိုက်ကြိုးကို ဆောင့်၍ဆွဲလိုက်သည်။ ရေဘဲတို့က လန့်ပျံသော်လည်း ပိုက်အောက်တွင်ရောက်နေ၍ ထွက်ပေါက်က မရှိတော့။ အစားလေးတစ်လုတ်ကြောင့် မိမိအသက်ကို ပေးလိုက်ရသည်။ လူသားတွေက ငှက်ထက်အသိဉာဏ်ပိုကြတာကိုး။ ဒီလို အဖမ်းခံလိုက်ရပြီဆိုတာနှင့် ဒီနေရာကို တစ်လလောက် ရေဘဲတွေမလာတော့။ နောက်ထပ် ရေဘဲဖမ်းဖို့တစ်နေရာဆိုတာ လွယ်လွယ်လေးရှာတွေ့ဖို့က မလွယ်လှပါဘူး။

ဒီလို မလွယ်တဲ့အချိန်မှာ ကြားပေါက် ခိုတွေဖမ်းပြန်တယ်။ ခိုတွေဆိုတာ ဘုရား၊ ကျောင်း၊ ပုဏ္ဏားကွယ်တွေ၊ မျက်နှာကြက်အစပ်တွေမှာနေတဲ့ကောင်တွေလေ။ဒီတော့ လွယ်လွယ်နဲ့ဘယ်လာရပါမလဲ။ ပုဏ္ဏားကွယ်ရောက်ဖို့ဆိုတာ လှေကားကြီးလည်းရှိမှဖြစ်မှာပေါ့။ ခိုဖမ်းရတာလွယ်သလောက် ခိုရှိတဲ့နေရာရောက်ဖို့က တော်တော်လေးမလွယ်ပါဘူး။

စီးပွားဖြစ် ခိုဖမ်းဖို့မလွယ်တော့ လွယ်လွယ်ကူကူ စာကလေးတွေဖမ်းပါတယ်။တိရစ္ဆာန်သက်စေ့လွှတ်ချင်သူတွေက မူတူးဆီမှာဝယ်ပါတယ်။ အဲဒါကြောင့် ဒီပြင်ငှက်တွေမဖမ်းတဲ့အချိန်မှာ စာကလေးဖမ်းတဲ့အလုပ်ကိုလုပ်ပါတယ်။ ဖမ်းပုံဖမ်းနည်းက တော်တော်ကလေး ရက်စက်တယ်လို့ ဆိုနိုင်ပါတယ်။ ကြက်ဖမ်းတဲ့နေရာမှာ တည်ကြက်ဆိုတာရှိတယ်မဟုတ်လား။ အခုစာကလေးမှာလည်း တည်စာကလေးက အရေးကြီးမှကြီး။ ပထမတည်စာကလေးလုပ်မယ့် အကောင်ကို အပ်နဲ့ အပ်ချည်ကြိုးနဲ့ မျက်စိတစ်ဖက်ကို ချုပ်လိုက်တယ်။ ဘဘောက မျက်စိတစ်ဖက်မမြင်အောင် လုပ်လိုက်တာပါ။

အခုလို မျက်စိတစ်ဖက်မမြင်အောင်လုပ်မယ့်စာကလေးကို တစ်မနက်လုံး အစာငတ်၊ ရေငတ်လည်းထားရသေးတယ်။ တော်တော်လေးအကုသိုလ်ကြီးတဲ့အလုပ်ပါပဲ။ ဒီစာကလေးကို ခြေတစ်ဖက်ကြိုးချည်ပြီးရင် ဆန်ကွဲပက်ထားတဲ့ မြေကွက်မှာချပေးလိုက်တယ်။ အစာငတ်နေတဲ့ စာကလေးဟာ ဝမ်းရေးအတွက် နာပေမယ့် ဆန်ကွဲလေးတွေကောက်ကောက်စားတော့တာပေါ့။

ဒီလိုအစာစားချိန်မှာ ဒီစာကလေးက မျက်စိတစ်ဖက်သာရှိတာကြောင့် မမြင်တဲ့ဘက်ကို လှည့်ပြီးမကြည့်တော့ဘူး။ အစာရှိတဲ့ တစ်ဖက်တည်းသာ [illegible] လိုက်၊ စားလိုက်လုပ်နေတယ်။ ဒါ[illegible] သစ်ပင်ပေါ်က စာကလေးတွေက အ[illegible] ခတ်နေတယ်။ မျက်စိနှစ်ဖက်ရှိတဲ့ကောင်[illegible]

သာ ဝဲ၊ ယာကို ရန်သူရှိမရှိကြည့်တာပါ။ အခုလို တစ်ဖက်ထဲ ငုံလိုက်၊ စားလိုက် လုပ်နေရင် ဘေးဘီကိုကြည့်တာမရှိလို့ ကျန်တဲ့အကောင်တွေက စိတ်ချပြီး သူ့ ဘေးက ဆန်ကွဲလေးတွေ ဝိုင်းပြီးစားကြ တယ်ပေါ့။

လိုချင်တဲ့အကောင်အရေအတွက် ရတာနဲ့ ပိုက်နဲ့အုပ်လိုက်ရင် (၁၀)ကောင် ထက်မနည်းမိတော့တာပါပဲ။ တည်စာ ကလေးကလွဲရင် ကျန်တဲ့အကောင်တွေ ကတော့ ရောင်းတဲ့ဈေးကွက်ထဲရောက် သွားတယ်။ စာကလေးကိုတော့ သတ် စားတာမရှိပါဘူး။တိရစ္ဆာန်သက်စေ့လွှတ် ချင်သူတွေကဝယ်ပါတယ်။ တည်စာက လေးကတော့ မသေမချင်း စာကလေး ဖမ်းပွဲမှာ ဓားစာခံဖြစ်တော့တာပါပဲ။

ဒီလိုငှက်ဖမ်းလာတာ အသက် (၄၀) အရောက်မှာတော့ ဘုန်းကြီး တစ်ပါးက ခြင်းထဲက စာကလေးတွေ အကုန်ဝယ်ပြီးလွှတ်လိုက်တယ်။ တည် စာကလေးကိုတော့ ငွေ (၁၀၀) ပေးမယ် ဆိုလိုက်တော့ မူတူးက ကျေကျေနပ်နပ် ရောင်းလိုက်တာပေါ့။ မူတူး စာကလေး ရောင်းချိန်က တစ်ကောင်ကို (၁) ကျပ် ပဲရတဲ့အချိန်လေ။ ဒီအကောင်ရောင်း လိုက်ပြီးရင် နောက်တစ်ကောင် မျက်စိ ပြန်ချုပ်မယ်ဆိုတဲ့စိတ်ကူးနဲ့ ရောင်းလိုက် တာပါ။

စာကလေးတွေအားလုံးထွက်သွား ချိန်မှာ ဘုန်းဘုန်းကြီးက 'ဒကာ မူတူး ငါ့နောက်လိုက်ခဲ့' လို့ ခေါ်လိုက်တာနဲ့ မငြင်းမဆန်ဘဲလိုက်သွားတယ်။ ကျောင်း ကိုရောက်တာနဲ့ မင်းမှာ ဝင့်ကြွေးတွေ ကုန်ပြီ၊ ဆက်ပြီးမဖိုက်နဲ့တော့၊ သာသနာ့ ဘောင်ကိုဝင်လိုက်ဆိုတာကို မူတူးက လည်း ကျွတ်ချိန်တန်တော့ ဝတ်လိုက် တယ်။ ဘာသာရေးနဲ့ပတ်သက်လို့ ဘာစာမှမတတ်ပေမယ့် တရားစခန်း တွေကို ဆရာတော်ကြီးကပို့ပို့ပေးတာနဲ့ ဝိပဿနာနဲ့တော့ မစိမ်းတော့ပါဘူး။

သူ့ကို ဘုန်းကြီးမူတူးလို့ ဘယ်သူမှ မခေါ်ကြဘူး။ အားလုံးလိုလို စာကလေး ဘုန်းကြီးလို့ ခေါ်ကြတာများပါတယ်။ သူ့သီတင်းသုံးတဲ့ ငြိမ်းချမ်းရေးကျောင်း မှာလာတည်းကြတဲ့ဒကာတွေက ရွှေကျင် တဲ့သူတွေများပါတယ်။ ကျင်လို့ရတဲ့ အမှုန့်တွေကို သန့်စင်အောင် ငရဲမီးနဲ့ စားကြည့်ရတယ်။ ဒီလို ရွှေသန့်စင်တဲ့ အလုပ်ကို စာကလေးဘုန်းကြီးတော်တော် လေးစိတ်ဝင်စားနေတယ်။

နောက်ပိုင်း ငရဲမီးနဲ့ ရွှေသန့်စင်တဲ့ အလုပ်ကို စာကလေးဘုန်းကြီးကဝင်ပြီး လုပ်ကြည့်တယ်။ ရွှေကျင်တဲ့ပုဂ္ဂိုလ်တွေ ကလည်း ဒီအလုပ်ကို စာကလေးဘုန်း ကြီးပဲအပ်ကြပါတယ်။ ကြာတော့လည်း ရွှေသန့်စင်တဲ့အလုပ်ကို စာကလေး ဘုန်းကြီးက ကျွမ်းကျင်လာတယ်။ ဒီ အလုပ်လုပ်ဖို့ဆိုတာ ငရဲမီးကို ပုလင်း လိုက်ဝယ်ထားရတာပေါ့။ သတ္တုမှုန့်ရော နေတဲ့ ရွှေမှုန့်တွေကို တစ်ကျပ်သား လောက်ကို တစ်ကြိမ် ငရဲမီးနဲ့စားလိုက် တယ်။ ရွှေမဟုတ်တဲ့ သတ္တုအမှုန့်လေး တွေက ငရဲမီးစားသွားပြီး အခိုးအငွေ့ ဖြစ်သွားတာကို စာကလေးဘုန်းကြီးက ဘယ်လိုသဘောကျမှန်းမသိဘူး။

တစ်နေ့တော့ ရွှေကျင်တဲ့အမှုန့် လေးတွေကို ငရဲမီးနဲ့စမ်းဖို့ ခွက်ထဲကို ငရဲမီးအနေတော်ထည့်လိုက်တယ်။ ငရဲ မီးခွက်ကို သုံးထပ်သားအပြားလေးပေါ် တင်ပြီး လိုသလို ဟိုမွှေ ဒီမွှေနဲ့ လုပ်ငန်း စလိုက်တယ်။ ဖြစ်ချင်တော့ သုံးထပ်သား ပြားလေးအောက်မှာ သုံးထပ်သားအပြား လေးတစ်ပြားရှိနေတယ်။ ထုပ်တန်းပေါ် က ကြောင်တစ်ကောင်က လွတ်နေတဲ့ သုံးထပ်သားအပေါ် ခုန်ချလိုက်တဲ့အခါ ငရဲမီးက စာကလေးဘုန်းကြီးရဲ့ ဘယ် ဘက်မျက်စိကို တိုက်ရိုက်ကြီးမှန်သွား ပါလေရော။

ဒါကြောင့် ကျန်ရှိတဲ့ဘဝသက်တမ်း မှာ စာကလေးတွေကို မျက်စိတစ်ဖက် ပိတ်ပြီးငှက်ဖမ်းတဲ့ဝင့်ကြွေးဟာ ဘုန်းကြီး ဘဝအရောက်မှာ နောက်ဘဝမကူးဘဲ ခံလိုက်ရတာပါပဲ။ စာကလေးဘုန်းကြီး က ဘာပြောသလဲဆိုရင် -

"ဆရာတော်ကြီးက သာသနာ့ အဝတ်ကို ဦးအောင်ဝတ်ခိုင်းလိုက်လို့ ဒီလောက်နဲ့ ပြီးသွားတာ"

လို့ လာသမျှ ဒကာ၊ ဒကာမတွေ ကို သူ့ဘဝဇာတ်ကြောင်းပြောပြီး တရား ဟောလေ့ရှိပါတယ်။ ခုတော့ ငြိမ်းချမ်း ရေးကျောင်းအမည်နဲ့အညီ စာကလေး ဘုန်းကြီးဘဝလည်း ငြိမ်းချမ်းလို့နေပါပြီ။

စိုးထွန်း(ဥပဒေ)



# စိုးထွန်း (ဥပဒေ)
# ဝင့်ကြွေး



# မြင့်သိန်းလွင်

## မြွေဆိပ်ကုပညာလက်ဆင့်ကမ်းခြင်း

မြန်မာနိုင်ငံတစ်ဝန်း အထူးအားဖြင့် အပူပိုင်းဒေသတွင် မြွေအန္တရာယ်ကြောင့် အတိဒုက္ခရောက်ကြသူများပါသည်။ မြွေဆိပ်ဖြေဆေးကို နိုင်ငံတော်မှ အလျှံပယ်မထုတ်နိုင်သေးပေ။ ဆေးရုံဆေးခန်းများနှင့်ဝေးသောဒေသများရှိ ပြည်သူတို့မှာ လက်လှမ်းမီရာ ဆေးမြီးတိုများနှင့်သာ ကုသကြပါသည်။ စာရေးသူ အညာဒေသတွင်တာ ဝန်ထမ်းဆောင်စဉ်က နံနက်စောစော ပဲပြုတ်ရောင်းသူအချို့တွင် ပုလင်းလေးများ လည်ပင်း၌ဆွဲထားသည်ကိုတွေ့၍ မေးမြန်းကြည့်ရာ ပုလင်းထဲ၌ ပြဒါးထည့်၍ဆွဲလျှင် မြွေဆိုးအန္တရာယ်ကာကွယ်နိုင်ကြောင်း ပြောပြပါသည်။

ယောဒေသ၌ တာဝန်ထမ်းဆောင်စဉ်က မြွေကိုက်တာကို ရေးကြီးခွင့်ကျယ်မပြောကြပေ။ မြွေကိုက်၍သေသောသူမကြားဘူးဟု ဆိုကြပါသည်။ အညာဒေသမှ ပြောင်းလာသော စာရေးသူတို့မိသားစုမှာ သူတို့ပြောစကားအရ အထူးအဆန်းဖြစ်ခဲ့ရပါသည်။ တကယ်လည်း (၃) နှစ်တာ ကာလအတွင်း မြွေကိုက်တာမကြားခဲ့ရပါ။

မဂ္ဂဇင်း၊ ဂျာနယ်အချို့တွင် မြွေအန္တရာယ်ကာကွယ်ရန် လက်အိတ်၊ လက်ရှည်ဖိနပ်အသုံးပြုပုံများ၊ ဆေးနည်းများ၊ မန္တန်များ ရေးသားကြသည်ကို ဖတ်ရှုရပါသည်။ စာရေးသူ အညာဒေသတွင် တာဝန်ဖြင့်နေစဉ် မြွေကိုက်လူနာများကို စေတနာထား အသက်ကယ်ကုသပေးသော ဆရာတော်တစ်ပါးနှင့် ဆုံဖူးပါသည်။ စာရေးသူနှင့်မိတ်ဆွေအပါအဝင်နှစ်ဦးတို့ ဆရာတော်ထံမှ မြွေဆိပ်သင့်လူနာများကိုကုသသည့်ပညာ တောင်းခံခဲ့ရာ ပညာသာမက ဤပညာကို ဆရာတော်ဘယ်လိုရရှိခဲ့သည်ကိုပါ သိရှိခဲ့ရပါသည်။

ဆောင်ရွက်ရမည့် အစီအမံများကို မကျိုးပေါက်အောင် ဆောင်ရွက်နိုင်လျှင် စာဖတ်သူလည်း တတ်မြောက်နိုင်ပါသည်။ ဆရာတော်မှာ သက်ရှိထင်ရှားမရှိတော့ပါ။ လက်ဆင့်ကမ်းပညာအမွေ တောင်းခံခဲ့သော စာရေးသူနှင့်မိတ်ဆွေမှာ အသက်(၇၀)နီးပါး နှင့် (၇၀) ကျော်နေပြီဖြစ်ပါသဖြင့် မြန်မာ့ရိုးရာ ပညာရပ်တစ်ခုကို ပျောက်ကွယ်မသွား စေရန် ဆန္ဒဖြင့် ရေးသား လိုက်ရပါသည်။

၁၉၉၀ ပြည့်နှစ် ဝန်းကျင်က ဖြစ်ပါသည်။ ရန်ကုန် - မန္တလေးရထားလမ်းမကြီးပေါ်ရှိ သာစည်ဘုတာ တွင်


တာဝန်ထမ်းဆောင်စဉ် သာစည်ဈေး မြောက်ဘက် ပန်းသခင်လက်ဖက်ရည် ဆိုင်ရှင် ဦးမောင်ဦး၊ ဒေါ်သန်းသန်း ဇနီးမောင်နှံနှင့် ရင်းနှီးခင်မင်ခဲ့ရပြီး သူတို့ ဦးဆောင်မှုဖြင့် မိတ္ထီလာထီးသုံးဆင့်သိမ် ကို ဗဟိုပြု၍ ရှင်အရဟံသမုတ်ခဲ့သည့် သိမ်များကို လိုက်လံ၍ ပုတီးစိပ်အဓိဋ္ဌာန် ဝင်ခဲ့ပါသည်။ ဦးမောင်ဦးနှင့်အတူ မင်းလှမဟာသိမ်တော်၊ တက်ပစ်တောင် သိမ်၊ ရွှေယင်မျှော်သိမ်၊ ထီးသုံးဆင့်သိမ်၊ ကူဖြူသိမ်၊ ဝက်ခြောက်သိမ်၊ ပဲသီတာ သိမ်၊ အောင်စွာသိမ်၊ ပုထိုးတော်ကြီး သိမ်တို့တွင် သွားရောက် ပုတီးစိပ်ရာ မိတ္ထီလာဈေးအနီးရှိ ထီးသုံးဆင့်သိမ်က လွဲ၍ ကျန်သိမ်များမှာ ရွာနှင့်အလှမ်း ဝေးဝေး။ တချို့မှာ သချိုင်းကုန်းအနီး၊ တချို့မှာ တောထဲရောက်နေပါသည်။ ရွာများနေရာရွေ့သဖြင့် သိမ်များမူလ နေရာများတွင် ကျန်ခဲ့ဟန်တူပါသည်။ ရှင်အရဟံသိမ်ဘုရားများသည် တစ်ဝဂ္ဂ ဘုရားများအဖြစ် တွေ့ရှိရပါသည်။

အောင်စွာသိမ်မှာ ရှင်အရဟံသိမ် ဘုရားဖြစ်သော်လည်း အောင်စွာအမတ်ကြီး အသတ်မခံရမီ ကျိန်စာဆိုခဲ့သောကြောင့် အောင်စွာသိမ်အမည်တွင်ခဲ့ပါသည်။ ဗုဒ္ဓဘာသာ မြန်မာများသာမက ဘာသာခြားများပါ ကျိန်စာမဆိုဝံ့သော ဘုရားဖြစ်ပါသည်။

အောင်စွာသိမ်သည် ပေါက်တောရွာအနီးတွင်ရှိပြီး စာရေးသူတို့ အောင်စွာသိမ်သွားတိုင်း ဦးမောင်ဦး၏ သားငယ်ကိုရင်ကြီး ထွန်းထွန်းရှိသောပေါက်တောကျောင်းသို့ အသွားအပြန်ဝင်ရောက်နားခိုကြပါသည်။ ဆရာတော်နှင့် ခန်းနေဆရာတော်ဖြစ်သော ဦးပဥ္စင်းညို (ယခုကျောင်းထိုင်ဆရာတော်)တို့သည် စာရေးသူတို့အား သားသမီးရင်းပမာ ကျွေးမွေးစောင့်ရှောက်ပါသည်။ အောင်စွာသိမ်တွင် ဆရာတော်တစ်ပါးတည်းရှိ၍ အစားအသောက်မဆင်းရဲစေရန် ပေါက်တော်ဆရာတော်က ကျွေးမွေးပြီးမှလွှတ်ပါသည်။ (ညအိပ်အဓိဋ္ဌာန် ဝင်ခဲ့သော အောင်စွာသိမ် အတွေ့အကြုံများကို နောင် အလျဉ်းသင့်လျှင်ရေးသား တင်ပြပါမည်။)

ပေါက်တောကျောင်းတွင် မြွေဆိပ်သင့်လူနာများကို ဆေးကုသပေးသော ဆရာတော်ဦးကုန္ဒောနှင့်ဆုံခဲ့ပါသည်။ ဆရာတော်ကား တစ်ပါးကျောင်းတွင်နေပြီး ဝစီပိတ်အဓိဋ္ဌာန်ဝင်တတ်ပါသည်။ သာမန်အချိန်၌လည်း စကားပြောနည်းပါသည်။

တစ်နေ့ ဆရာတော် ဆွမ်းဘုဉ်းပေးအပြီး ဦးမောင်ဦးက -



"အရှင်ဘုရား အရှင်ဘုရားလည်း တနင်္ဂနွေသား၊ တပည့်တော်တို့လည်း တနင်္ဂနွေသားများဖြစ်ပါ၍ တနင်္ဂနွေသားချင်း ပညာအမွေဆက်ခံလိုပါသည်။ မြေဆိပ်ကုသည့်ပညာစွန့်ပါရန် ရှိသေစွာ တောင်းပန်ပါတယ် အရှင်ဘုရား"

ဟု လျှောက်တင်ပါသည်။

ဆရာတော်သည် ဘာစကားမှ ပြန်မပြောဘဲ အတန်ကြာမှ ထိုင်ရာက ထကာ ပြက္ခဒိန်စာရွက်များကိုလှန်ကြည့်နေပါသည်။ ပြက္ခဒိန်မှ လတစ်လကို သေသေချာချာကြည့်ပြီးမှ -

"နောက်လေးလနေရင် အောင်စွာသိမ်မှာ ပွဲပေးပြီး ပညာအမွေပေးမယ်။ ဒီနေ့ကစပြီး ခန္ဓသုတ်ကိုအလွတ်ဆိုနိုင်တဲ့အခါ ဘာစားစား၊ ဘာသောက်သောက် ခန္ဓသုတ်တစ်ပိုဒ်လုံးဆိုပြီးမှ စားပါ၊ သောက်ပါ၊ သတိထားပြီး အကျင့်လုပ်နေပါ"

"ခန္ဓသုတ်တော်အလွတ်ရပါတယ်ဘုရား။ ဘာစားစားဘာသောက်သောက် ရွတ်မိအောင် လေ့ကျင့်ပါ့မယ်ဘုရား"

နှစ်ဦးစလုံး ဝန်ခံကတိပြုကန်တော့ခဲ့ကြပါသည်။

ပထမရက်ပိုင်းတွင် စားတိုင်း၊ သောက်တိုင်းမရွတ်မိပါ။ လွတ်လွတ်သွားပါသည်။ သောက်ပြီးမှသတိရသည့်အခါမျိုး၊ စားပြီးမှသတိရသည့်အခါမျိုး ရှိပါသည်။ တစ်လထက်တစ်လ သတိပေးမြဲလာပါသည်။ ဆရာတော်က(၄)လကြိုတင်၍ လေ့ကျင့်ခိုင်းထားသဖြင့် တော်ပေသေးသည်။ တကယ်အဓိဋ္ဌာန်ဝင်သည့်လတွင် မကျိုးမပေါက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အဓိဋ္ဌာန်ဝင်သည့်လတွင် ဆရာတော်က အောင်စွာသိမ်တွင် ပွဲပေးပြီး လက်ဖဝါးနှင့် ခြေမျက်စေ့နှစ်ဖက်စလုံးတွင် ဆေးထိုးပေးပါသည်။ အောင်စွာသိမ်ဘုရားကုန်းသည် ရေဝိုင်းနေသောသိမ် ဖြစ်ပါသည်။ ပေါက်တောနှင့်ဝါးရုံရှာနှစ်ဖက်မှ တံတားထိုးထားပါသည်။ အဓိဋ္ဌာန်ပြည့်ပြီးနောက်တွင် အဓိဋ္ဌာန်အောင်၊ မအောင်သိလိုကြောင်း အဓိဋ္ဌာန်ပြုကြည့်ရာ အနီးရှိသစ်ပင်ပေါ်မှ မြွေနှစ်ကောင်၊ သုံးကောင်ခန့်ရေထဲခုန်ချပြီး ကူးသွားသည်ကိုမြင်ရပါသည်။

"ရေထဲ ကူးသွားတာဆို တော့ ရေမြွေတွေလား မသိဘူး"

ဟု ဦးမောင်ဦးကပြောပါသည်။

စာရေးသူက စိတ်ထဲတစ်မျိုးတစ်မည်ဖြစ်လာသဖြင့် အနီးအနားဘေးပတ်လည်သို့ကြည့်ရာ နွားနှေးပုံခန့်၊ စကောအလတ်ခန့်အရွယ် ခွေနေသောမြွေတစ်ပုံကိုတွေ့ရပါသည်။ အသွားတုန်းက သတိမထားမိ၍ မတွေ့ခဲ့ပါ။

"ဟော့လူ ဆက်ပြောမနေနဲ့။ ဘေးကိုလည်းကြည့်ဦး"

ဟု ပြောလိုက်ရာ ဦးမောင်ဦးက လှည့်ကြည့်သဖြင့် မြွေအပုံကိုလက်ညှိုးထိုးပြလိုက်ပါသည်။ ဤသို့ဖြင့် ပညာအမွေရခဲ့ပါသည်။ ဆရာတော်ပြောပြ၍ ဤပညာကို မည်သို့မည်ပုံရရှိခဲ့ကြောင်း ဆက်လက် ဖော်ပြပါမည်။

❑

သာစည်မြို့နယ် ညောင်ရမ်းနယ်မှ ဦးပဥ္စင်းဦးဣန္ဒြေနှင့် ဦးပဥ္စင်းဦးသုမနတို့သည် မန်းရွှေမြို့တော်တွင် စာဝါများသင်ယူနေချိန် ဖြစ်ပါသည်။

မန္တလေး ကိုင်းတန်းဈေးနှင့်ကပ်လျက် ထိုစဉ်က ချုံပုတ်များရှိသော မြေကွက်လပ်တွင် မျက်လှည့်ပြဆေးရောင်းနေသောအဖွဲ့တစ်ဖွဲ့သည် လင်းကွင်းသံမြိုင်မြိုင်နှင့် လူအများစိတ်ဝင်စားရန် မျက်လှည့်ပြကာ ဖိတ်ခေါ်နေပါသည်။ ဦးပဥ္စင်းနှစ်ပါးလည်း လမ်းကြုံ၍ဝင်ကြည့်ကြပါသည်။

မျက်လှည့်ဆရာသည် အာပေါင်အာရင်းသန်သန်ဖြင့် သူ့ဆေးကို ညွှန်းလိုက်၊ ထန်းခေါက်ဖာအတွင်း ခွေခွေခေါက်ခေါက်ဝင်နေသော ကလေးအရွယ်သာသာတစ်ဦးကို ဖာအပြင်ဘက်မှနေ၍ သံချွန်များတစ်ချောင်းပြီးတစ်ချောင်းထိုးပြနေပါသည်။ ပြီးမှသံချွန်များပြန်နုတ်ပြီး ဘာဒဏ်ရာမှမရသောကလေးကိုပြန်ထုတ်ပြပြီး လင်းပိုင်ဆီဟုဆိုသော ဆီပုလင်းငယ်များကို ရောင်းပါသည်။ (ယခုခေတ် လူငယ်များ ဈေးများ၊ လမ်းဆုံများ၊ ပွဲများတွင် ဤကဲ့သို့ ဆေးရောင်းသူများတွေ့ဖူးမည် မဟုတ်ပေ။ သို့သော် နယ်များတွင်တွေ့နိုင်ပါသေးသည်။)

တစ်မျိုးရောင်းပြီးလျှင် မျက်လှည့်တစ်ကွက်၊ နှစ်ကွက်ပြပါသည်။ နောက်တစ်ခါ သေတ္တာအတွင်းမှ မြွေများကိုထုတ်လာပြီး အမျိုးမျိုးကိုင်ပြကာ မြွေဆေးရောင်းပါသည်။ အဓိဋ္ဌာန်အရ ပုလင်းမည်မျှသာရောင်းမည်ဟု ဆိုပါသည်။ ဤပညာကို သူမည်သို့မည်ပုံသင်ယူလာရကြောင်းကိုယ်ရည်သွေးပါသည်။ ဆေးရောင်းနေစဉ် မောက်ကတော်၊ ပွဲကတော်၊ စုန်း၊ ကဝေများကို ဆဲဆိုပြီးရောင်းနေပါသည်။

ထိုစဉ် စည်းဝိုင်းအပြင်ရှိ လူတစ်ယောက်က -

"ဆေးဆရာ၊ ကိုယ့်ဆေးကိုယ်ရောင်းပါဗျာ။ သူ့ဘာသာသူနေတဲ့သူတွေကို ဘာလို့ဆဲတာလဲ။ ခင်ဗျားကိုဘာလုပ်နေလို့လဲ"

ဟု ပြောပါသည်။

ထိုအခါ ဆေးဆရာက -

"အဲဒီကောင်မတွေကို ကျုပ်နိုင်လို့ဆဲတာပေါ့ဗျာ။ မနိုင်ရင် ဒီမြွေဆေးကို မရောင်းဘူး။ သူတို့လုပ်နိုင်ရင် ဒီမြွေတွေက ကျုပ်ကိုကိုက်အောင်လုပ်လေ၊ ကြာသလားလို့လုပ်စမ်းပါ"

အသံမာမာနှင့် ပြန်ပြောပါသည်။

စည်းဝိုင်းအပြင်ဘက်က လူက တစ်ဖန် -

"ခင်ဗျားစည်းဝိုင်းထဲ ကျုပ်ဝင်ခဲ့မယ်။ ခင်ဗျားရဲ့ အဆိပ်ထုတ်ထားတဲ့မြွေတွေကိုလည်း ကျုပ်ကိုင်ပြမယ်။ ခင်ဗျားသတ္တိရှိရင် ကျုပ်ခေါ်တဲ့မြွေကို ခင်ဗျားကိုင်ပြ"

ထိုသူသည် ပြောပြောဆိုဆို စည်းဝိုင်းအတွင်းဝင်လာပါသည်။ ကြောက်တတ်သော ပွဲကြည့်တချို့မှာ ရှောင်သွားကြပါသည်။ ဆရာတော်နှစ်ပါးမှာ ပွဲကြီးပွဲကောင်းတော့ ကြည့်ရပြီဟု တစ်ဦးနှင့်တစ်ဦး မျက်လုံးနှင့်ကြည့်ကာ ဆက်ကြည့်နေပါသည်။ တချို့ကလည်း ဘာထွင်တာလဲဆိုသောအတွေးဖြင့် ဆက်ကြည့်နေပါသည်။

(စည်းဝိုင်းပြင်မှလူကို နောက်ပိုင်းစာမျက်နှာများတွင် ဦးဖြူဟုနာမည်ဖြင့် ရေးပါမည်။)

ဦးဖြူက မြွေသေတ္တာနားသို့သွားသောအခါ မြွေဆရာသည် သူ့မြွေများကို အကိုင်မခံပေ။ ထိုအခါ ဦးဖြူကကြည့်နေသူများကို ဘယ်၊ ညာရှဲခိုင်းပြီး လမ်းဖွင့်ကာ ချုံပုတ်များဘက်သို့လှည့်ပြီး နှုတ်မှဂါထာတစ်ပုဒ်ကိုရွတ်နေပါသည်။

ချုံပုတ်ထဲမှ ကျပ်လုံးခန့်ရှိသော မြွေတစ်ကောင်ထွက်လာပါသည်။

ဦးဖြူက -

"နင်ပြန်ဦး။ နင့်ထက်ကြီးတာလာခဲ့"

ထိုမြွေ ပြန်လှည့်သွားပြီးနောက် လက်ကောက်ဝတ်ခန့် မြွေတစ်ကောင်ထွက်လာပါသည်။ ထိုမြွေကိုလည်း ပြန်လွှတ်ပါသည်။

မြွေဆေးရောင်းရန်အတွက် သရုပ်ပြရန် မြွေတစ်ကောင်ရရှိရေး တောထဲတောင်ထဲမနည်းလိုက်ဖမ်းခဲ့ရသော မြွေဆရာသည် ချုံပုတ်များအတွင်းက မြွေများကို နှုတ်ဖြင့် ရွတ်ဆိုခေါ်နိုင်စွမ်းရှိသော ဦးဖြူကို အံ့ဩထိတ်လန့်စွာဖြင့် ကြည့်နေပြီး ဆေးရောင်းစဉ်က အသံ၊ မာန်၊ ဌာန်တို့သည် သူ့မျက်နှာ၌ ကွယ်ပျောက်လျက်ရှိပါသည်။ အံ့ဩသည့် အမူအရာဖြင့်ကြည့်နေပါသည်။

နောက်တစ်ခါ လက်မောင်းလုံးခန့် မြွေတစ်ကောင်ထွက်လာပြန်သည်။

ဦးဖြူက -

"နင်တို့ဆရာလွှတ်လိုက်။ နင်လည်းပြန်"

ထိုမြွေပြန်သွားပြီးနောက် လက်မခန့်အလုံးတုတ်ပြီး တစ်တောင်ခန့်ရှည်သော မြွေသေးသေးတစ်ကောင်ထွက်လာပါသည်။ တစ်ခု ထူးဆန်းသည်က ထိုမြွေ၏ဦးခေါင်းတွင် အမောက်နီနီကလေးပါလာခြင်းပင်။

ဦးဖြူသည် စည်းဝိုင်းအတွင်းရှိ ထန်းခေါက်ဖာအနီးမှ သံချောင်းတစ်ချောင်းကိုယူပြီး မြွေ၌စိုက်ကာ ထိုသံချောင်းကိုပေါက်ရန် အမိန့်ပေးပါသည်။ မြွေနီကလေးက သံချောင်းအနီးလာ၍ ပေါက်လိုက်သည့်အခါ မီးပွင့်သွားပါသည်။

ကြည့်နေသူအားလုံး -

"ဟာ"

"ဟင်"

ဖြစ်ကုန်ပါသည်။

မြွေဆရာသည် ရိုကျိုးသောမျက်နှာဖြင့် လက်အုပ်ချီကာ ဦးဖြူအားတောင်းပန်စကားတွင်တွင်ဆိုပါသည်။ ဦးဖြူသည် မြွေနီကလေးကို ပြန်ခိုင်းလိုက်ပြီး မြွေဆရာကို ဆုံးမစကားဆိုကာ စည်းဝိုင်းအပြင်သို့ထွက်ပြီး ပြန်သွားပါသည်။

ဦးကြွေနှင့် ဦးသုမနဦးပဥ္စင်း နှစ်ပါးတို့သည် ဦးဖြူနောက်သို့အမြန်လိုက်ကာ -

"ဒကာ၊ ကိုယ်တော်တို့အရပ်မှာ မြွေအန္တရာယ်ကြောင့် အသက်ဆုံးပါးသူတွေများပါတယ်။ ဒီပညာကို ကိုယ်တော်တို့ကိုသင်ပေးလို့ရရင် သင်ပေးပါ ဒကာ။ ဦးပဥ္စင်းတို့ မေတ္တာရပ်ခံပါတယ်"

ဦးဖြူက -

"အရှင်ဘုရားတို့ကို တပည့်တော်သင်စရာမလိုပါဘူး။ အရှင်ဘုရားတို့က



ဒီပညာတတ်ပြီးသားပါ"

မှု လက်အုပ်ချီပြီး ပြောပါသည်။

ဦးကြွေက -

"မတတ်လို့ ဒီပညာတောင်းတာပေါ့ ဒကာရယ်။ တတ်ရင်တောင်းပါ့မလား"

ဦးဖြူက -

"တပည့်တော် လိမ်မပြောပါဘူး၊ အရှင်ဘုရားတို့က ခန္ဓသုတ်ကိုရပြီးသားပါ။ ခန္ဓသုတ်ရရင် ဒီပညာတစ်ဝက်တတ်ပါပြီ။ ဘယ်လိုစီစဉ်ရမယ်ဆိုတာ တပည့်တော်ပြောပြပါ့မယ်"

ဤသို့ဖြင့် စာဝါများလိုက်ပြီး အရှင်နှစ်ပါး နေရပ်ပြန်ခဲ့ကြပါသည်။ မြွေပညာကို မေ့မေ့ပျောက်ပျောက်ရှိနေပါသည်။

တစ်နေ့တွင် ပေါက်တောကျောင်းထိုင်ဆရာတော်အား တခြားရွာမှဆွမ်းစားပင့်ပါသည်။ ဆွမ်းစားကြွမည့်နေ့တွင် ပြဿနာတက်ပါသည်။ ထိုစဉ်က ယခုခေတ်လို ကားများနှင့် ပင့်ကြွကြသည် မဟုတ်ပေ။ ဘုန်းတော်ကြီးကျောင်းများတွင် အလှူဆင်ထားသော လှည်းယဉ်များရှိပါသည်။

ထိုနေ့တွင် လှည်းယဉ်၌တပ်မည့် နွားကြီးတစ်ကောင် မြွေကိုက်ခံရပါသည်။ နွားကြီးမှာ အမြှုပ်တစီစီနှင့်လည်းနေပါသည်။ ဝိုင်းအုံကြည့်နေသောလူအများတွင် ဦးကြွေလည်းပါသည်။ ဆရာတော်မှာ ဝေဒနာခံစားနေရသော နွားကြီးကိုကြည့်ကာ သနားစိတ်ဖြင့် မည်သို့လုပ်ပေးရမလဲဟု စဉ်းစားနေမိပါသည်။

အတန်တန် စဉ်းစားနေရင်းက မန္တလေးမြို့တွင် စာဝါလိုက်စဉ်ရရှိခဲ့သော မြွေဆိပ်ကုပညာကို အသုံးချကြည့်ရန် အကြံပေါ်လာပြီး 'ခန္ဓသုတ်' ရွတ်ကာ ဒဏ်ရာအထက်ပိုင်းမှ အောက်ပိုင်းအထိ လက်ဖြင့်သပ်ချပေးနေမိ၏။ ဦးပဥ္စင်း လုပ်ပေးနေသည်ကို ဘေးမှလူအများ စိတ်ဝင်စားစွာကြည့်နေပါသည်။

မကြာမီ ဒဏ်ရာနှင့်လဲနေသော နွားကြီးသည် ခြေထောက်များလှုပ်ယမ်းလာပြီး ထရပ်ပါတော့သည်။

"ဟေး - နွားကြီးကောင်းသွားပြီ"

"ဦးပဥ္စင်းဦးကြွေနော မြွေဆိပ်ကုနိုင်တယ်ဟေ့"

ဟု တစ်ရွာလုံး သတင်းပေါက်ကြားသွားပါသည်။ ထိုအချိန်မှစပြီး ဦးပဥ္စင်းဦးကြွေသည် ရပ်ဝေးရပ်နီးလူနာများကို ခန္ဓသုတ်ရွတ်၍ လက်ဖြင့်သပ်ချပေးခြင်း၊ ခန္ဓသုတ်ရွတ်ထားသောရေဖြင့်တောက်ခြင်း လိမ်းပေးခြင်း၊ ထိုရေကိုတိုက်ခြင်းဖြင့် ကုသပေးပါသည်။

ဆရာတော်သည် ဝစီပိတ်ကျင့်အဓိဋ္ဌာန်ဝင်ခြင်း၊ ခန္ဓသုတ်ပုတီးစိပ်ခြင်း၊ နှစ်စဉ် လဆန်း ၁ ရက် စနေ လပြည့်၊ စနေ လကွယ် စနေပြက္ခဒိန်တစ်လကိုရှာဖွေပြီး တစ်လလုံးလုံး ဘာစားစား၊ ဘာသောက်သောက်၊ ပဲကြီးလှော်တစ်စေ့ဝါးသည်ကအစ ခန္ဓသုတ်ရွတ်ပြီးမှ စားပါသည်။ ဤသို့ဖြင့် ထပ်ကာထပ်ကာ သိဒ္ဓိတင်ပြီး မြွေဆိပ်သင့်လူနာများကို အသက်ကယ်တင်ခဲ့သည်မှာ ပျံလွန်တော်မူသည်အထိဖြစ်ပါသည်။

ဆရာတော်၏ ကျေးဇူးတရား၊ မန္တန်ပညာတွင် ပရိတ်ကြီး (၁၁) သုတ်မှ ခန္ဓသုတ်ကို အသုံးချခဲ့သော ရှေးပညာရှင်တို့၏ ကျေးဇူးကိုသိရှိစေရန်အတွက်လည်းကောင်း၊ ဤပညာကိုရလိုသောသူများအတွက် လည်းကောင်း မြွေဆိုးအန္တရာယ်မှ ကင်းဝေးစေရန် ရေးသားလိုက်ရပါသည်။

(မှတ်ချက် - ရဟန်းသံဃာတော်များမှာ စနေ ဆန်း၊ ပြည့်၊ ကွယ်သော တစ်လသာ အဓိဋ္ဌာန်ဝင်ရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်များမှာကား ထိုလအပါအဝင် ကြိုတင်၍ (၃) လ ရွတ်ရပါမည်။ ခန္ဓသုတ်ကို ပရိတ်ကြီး (၁၁) သုတ်မှ ရှာဖွေ၍ အရင်ကျက်ပါ။ မြွေသားစားခြင်းမှ ရှောင်ပါ။ နှစ်စဉ် နတ်တော်လတွင် လဆန်း (၁) ရက် လပြည့်၊ လကွယ် စနေရှိတတ်ပါသည်။

မြင့်သိန်းထွဋ်



# မင်းနန္ဒရှိန်

## ဘိုကတော်ကွင်းမှတောမာယာ

ဖျာပုံနယ်တစ်ကြော၌ ဘိုကတော်ကြီးကွင်းဆိုတာ လွန်စွာလျှို့ဝှက်ချက်များ(မာယာများ)သော ကွင်းကြီးတစ်ကွင်းအဖြစ် ထင်ရှား၏။ ဖျာပုံမြို့နှင့် (၉) မိုင်အကွာတွင် ထိတန်ကျေးရွာ ကမာအောင်ချောင်း၏အရှေ့ဘက်တွင် ရှိပါသည်။

၁၉၇၀ ပြည့်နှစ်ဝန်းကျင်ခန့်က ကျွန်ုပ် မောင်ရန်နောင်သည် နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရင်းမှ မြန်မာပြည်အောက်ပိုင်း ပင်လယ်လမ်းဆုံမြို့တစ်မြို့တွင် အမဲလိုက်မုဆိုးတချို့နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရပါသည်။ သူတို့မှာ ကရင်အမျိုးသား မုဆိုးစောထူး၊ ပင်လယ်ပိုင်းအမာမြို့နယ်ခွဲ ဒေးဒလူနယ်ဘက်မှ မုဆိုးကြီး ဦးမာဒင်၊ ရေမုဆိုး ကျော်စောလှထွန်း၊ ငွေသောင်တို့ပင် ဖြစ်သည်။

ကျွန်ုပ်သည် ပင်လယ်အောက်ပိုင်းဒေသသို့ မကြာခဏ ကွင်းဆင်းရင်း သမိန္ဒော၊ ထိတန်(ကံဆိပ်)၊ ကမာအောင်ချောင်းမှ စပေရွာသစ်၊ ဇင်းဘောင်ကျွန်း၊ ဒေးဒလူ၊ တာပွန်တို့အပြင် မွန်ရွာကြီးများဖြစ်ကြသော ရွှေထီး၊ ခါးပြတ် (အမြတ်)၊ ဒေါ်ညိမ်း (တော်ညီရွှေအိမ်တော်)၊ ဘုန်းကြီးသောင်၊ မြို့ကုန်းနယ်မြေများသို့ ရောက်ရှိလေ့ရှိပါသည်။ ထိုသို့ နယ်မြေဒေသများကို စူးစမ်းရင်းက ရွာခံမုဆိုးများနှင့် တောတက်အမြဲပစ်လေ့ရှိပါသည်။

တစ်နေ့တွင် ဆတ်များဦးချိုချိန်ဖြစ်သည့် မတ်လနှင့် ဧပြီလအတွင်းက မုဆိုးစောထူး၊ မုဆိုးမာဒင်၊ ငွေသောင်တို့နှင့် ဇင်းဘောင်ကျွန်းကြီးသို့ရောက်ရှိခဲ့ရာမှ ဘိုကတော်ကြီးကွင်းနှင့် ထူးခြားဆန်းကြယ်မှုများကို တွေ့ကြုံခဲ့ရပါလေတော့သည်။

ဇင်းဘောင်ကျွန်းကြီးအေးလွယ်ခုတ်တွင် ကမာအောင်ချောင်းလေးသည် ရေအလျဉ်တသွင်သွင်စီးဆင်းလျက်ရှိလေ၏။ ကမာအောင်ချောင်း၏မြောက်ယွန်းယွန်းတွင် ကွင်းပြင်ရိုးကြီးတစ်ခုကို တွေ့မြင်ရ၏။ တစ်မျှော်တစ်ခေါ်ကျယ်ပြောသော ထိုကွင်းပြင်ကြီးကို ထိုအရပ်အခေါ်အဝေါ်က ဘိုးကတော်ကြီးကွင်းဟု ဖြစ်၏။

ဘိုကတော်ကြီးကွင်း၏ဖြစ်စဉ်မှာ ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်တို့လက်ထက်က ဖျာပုံမြို့သည် အရေးပိုင်မင်းရုံးစိုက်ရာမြို့ဖြစ်ခဲ့ပြီး ဖျာပုံမြို့ကွက်ကို သဲနုန်းများမြစ်ထဲမှစုပ်ထုတ်၍မှတ်တင်ပြီး သန်လျင်မြို့အတိုင်း မြို့ကွက်စိုက်ခဲ့၏။ အရေးပိုင်၏အမည်မှာ ကယ်လီအိုင်စီအက်ဂျော့ဝှိုက်ဖြစ်ပြီး နွေရာသီအားလပ်ရက်များတွင် အရေးပိုင်သည် သူ၏ ထမင်းချက်ကုလီများနှင့် U.Bအယ်(လ်)ဘုတ်အသေးစားနှင့် ဇင်းဘောင်ကျွန်းသို့ လာရောက်အပန်းဖြေရင်း အနားယူလေ့ရှိ၏။ အရေးပိုင်မင်းတည်းခိုရန် ဘန်ဂလိုတဲတစ်ခုကို ကျွန်းတစ်ဖက်တွင် တည်ဆောက်ခဲ့ပါသည်။

တစ်ခါတစ်ခါ တောထဲတွင် တစ်ပတ်ခန့်ကြာအောင် အမဲလိုက်လေ့ရှိပြီး ဘန်ဂလိုတွင် တည်းခိုကြ၍ ဂျော့ဝှိုက်ဗိုလ်တဲဟုခေါ်ကြ၏။ တစ်ညအရေးပိုင် ဂျော့ဝှိုက်သည် တောတွင်



ဟင်းလျာများဖြင့် ထမင်းစားခန်းတွင် စားသောက်နေစဉ် ဇနီး မေရီဝိုက်မှာ ဗိုလ်တဲအပေါ်ထပ်ဝရန်တာတွင် နွေညမို့ လေညင်းခံနေစဉ် ရုတ်တရက် အမျိုးအမည်မသိသော သတ္တဝါ၏လက်ချက်ဖြင့် ထိတ်လန့်ချောက်ချားဖွယ်ရာသေဆုံးသွားလေ၏။

သတ်ဖြတ်သွားသော သတ္တဝါအား ညတွင်းချင်းရှာဖွေသော်လည်း မမိခဲ့ချေ။ အရေးပိုင်မင်းသည် လွန်စွာမှ စိတ်ထိခိုက်ပြီး မေရီဝိုက်၏ရုပ်အလောင်းအား ဗိုလ်တဲအနီး ပန်းခြံထဲတွင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ပြီးနောက် အင်္ဂလန်သို့ အပြီးတိုင်ပြန်သွားလေတော့သည်။

သို့သော် အရေးပိုင်မင်း၏ ဇနီး မေရီဝိုက်၏ဝိညာဉ်သည် ဗိုလ်တဲကြီးတွင် စိတ်စွဲလမ်း မကျွတ်မလွတ်လျက်ရှိပြီး တစ်ခါတစ်ရံ လသာသောညများတွင် ဗိုလ်တဲ၏ဝရန်တာ၌ ဂါဝန်အဖြူဝတ်စုံနှင့် မကြာခဏ တွေ့ရတတ်ကြောင်း၊ လာရောက် တည်းခိုသူများအား မကြာခဏခြောက်လှန့်သည်ဟု ပြောစမှတ်ပြုလာခဲ့ကြရာမှ တဖြည်းဖြည်းနှင့် လူသူကင်းမဲ့လာပြီးလျှင် ဗိုလ်တဲစောင့်ကြီး မိသားစုသာထားရှိခဲ့သည်။ သေဆုံးသွားသော အရေးပိုင်ကတော် မေရီဝိုက်အား အစွဲပြု၍ နောင်ကြာသော် ထိုကွင်းပြင်ရိုင်းကြီးကို ဘိုကတော်ကြီးကွင်းဟုခေါ်ဆိုခဲ့ကြလေသည်။

မျက်နှာချင်းဆိုင်တွင်ရှိနေသော ဇင်းဘောင်ကျွန်းကြီးက တစ်မျှော်တစ်ခေါ် အဝန်းအဝိုင်းကကြီးလှသည်။ ပင်လယ်ရေငန်ပေါက်ရောက်သော ဒီရေတောများကြောင့် လမု၊ လမဲ့၊ ကမ္ဗလာ၊ ဗြူ၊ မဒမ၊ ညောင်မုတ်ဆိတ်၊ ကနစို၊ ဖျိုက်တော၊ ချုံနွယ်များ၊ ကျူပင်၊ ကိုင်းပင်ရိုင်းများနှင့် ငရဲငုတ်တိုများနှင့် တောပြွမ်းနေသဖြင့် သားရဲတိရစ္ဆာန်များ ကျက်စားရာနယ်မြေကြီးတစ်ခုသဖွယ်ဖြစ်နေ၏။ တောဝက်၊ ဖျံငမွဲ၊ ရှဉ့်၊ ဗျောက်ဗျက် ကွင်းဖြူ စပါးကြီး၊ ခွေးအ၊ တောကြီးမြွေဟောက်၊ ဒရယ်၊ ချေ ဆတ်များ တစ်ခါတစ်ရံ ဖျိုက်တော၊ ငှက်ကြီးတောင်တောများ၊ သရွက်ဖျားများမှ မိကျောင်းများက ဥကျင်းဖွဲ့အသိုက်များရှိနေ၏။ မျောက်တံငါ၊ မျောက်လွှဲကျော်တို့အကြိုက် ကဏန်းများအပြင် အရောင်အသွေးက ပန်းနုဆီးရောင်၊ လက်မအကြီးတစ်ဖက်နှင့် ကဏန်းတစ်မျိုးက စား၍အလွန်ကောင်းပေမယ့် အရက်နှင့်မြည်းစမ်းပါက လူကို အန္တရာယ်ဖြစ်စေ၍ သေစေတတ်၏။

ထို့ကြောင့် သားကောင်မျိုးစုံတို့နှင့်တောကြီးသော ဇင်းဘောင်ကျွန်းကြီးကို တောတက်ကာ ထင်းတိုက်သူများနှင့် မုဆိုးတို့ကို ဆွဲဆောင်နေကြသည်မှာ မဆန်းပေ။

ထူးခြားသည်မှာ ဇင်းဘောင်ကျွန်းနှင့် ဗိုလ်တဲကြီးတွင် ကုလားစကားမတတ်ဘဲမပြောရခြင်း၊ တောခြောက်ခံရခြင်းအစွဲနှင့် နောက်ဆုံးတွင် လူ့အသက်အန္တရာယ်ကို ရန်ရှာသည်အထိ ဒုက္ခပေးတတ်သည်ဟု ယုံကြည်ကြသည်။

မောင်ရန်နောင်နှင့်မုဆိုးတစ်သိုက် ဗိုလ်တဲကြီးကိုရောက်ရှိလာသောအခါ ရှာခံမုဆိုး စောထူးက တောမပစ်ခင် ပိုင်ရာဆိုင်ရာ တောပိုင်၊ ကျွန်းပိုင်၊ အဘိုးကွင်းပိုင်တို့အား တင်မြှောက်ရန်အတွက် ထမင်းချက် ငခွေးတင်ကို စပေရှာသစ်ဘက်သို့ လွှတ်လိုက်ရာ စပေရှာသစ်မှ ငခွေးတင်ပြန်လာသောအခါ ကောက်ညှင်းချက်အရက်၊ ကြက်နှစ်ကောင်ရေနွေးဖြော၊ အမွှေးနုတ် ခုတ်ထစ်ချက်ပြုတ်နေ၏။

တော၏ သဘာဝပေမို့လားမသိ အဝေး ဖိုးခွေရိုးဘက်ဆီမှ တကူးကူး ကူးကူး တကူကူးကူး။ ချိုးကူသံက တစ်ချက်တစ်ချက်လွင့်ပါးလာခဲ့သည်။

မကြာမီ နေလုံးကြီးက အနောက်ဘက် တောတန်းဆီသို့ ကျဆင်းနေစဉ် တောပိုင်၊ ကွင်းပိုင်၊ ကျွန်းပိုင်တို့အား တောမလေ့ထုံးစံအရ တင်မြှောက်ပြီး ဗိုလ်တဲစောင့်ကြီးနှင့် ငခွေးတင်၊ ငွေသောင်တို့က ဟပည့်ခံ၍စားသောက်ကြ၏။

မုဆိုးစောထူး၊ မောင်ရန်နောင်၊ ဖိုးမာဒင်တို့က ဗိုလ်တဲဝရန်တာတွင် ဝီစကီပုလင်းနှင့် ဆတ်သားခြောက်ဖုတ်၊ အမဲခြောက်ကင်၊ ကြက်သားဟင်းနှင့် မြည်းစမ်းရင်း တောအကြုံများကို ပြောဆိုနေကြသည်။

"ဆရာလေး ဖိုးရန်နောင်ရေ တောကတော့ ထိုင်မှိုင်းစပြုလာနေပြီ၊ အထင်ပြောရရင် ဝက်တောင်းအသိုက်နဲ့ တွေ့ဖို့များမယ်"

မုဆိုးမာဒင်က စောထူးအပြောကို ခေါင်းတညိတ်ညိတ်။

"ဒီကျွန်းက အဝန်းအဝိုင်းကြီးတော့ သားရဲပြွမ်း၊ တောထူတယ်။ သင်ပေါင်းဖျိုက်တောတွေရှိတော့ ကိုင်းပိုးကြီးနဲ့မတွေ့ဘူးလို့ပြောမရဘူး"

(ကိုင်းပိုး - မုဆိုးအခေါ် တောဆင်ရိုင်း)

ယစ်ရွှေရည်နှင့် ဆက်ရက်မင်း စည်းစိမ်ခံကြပြီး စကားဝိုင်းကိုသိမ်းလိုက်ပြီးနောက် မောင်ရန်နောင်က လသာခန်းနှင့်ကပ်နေသောအခန်းတွင်အိပ်ပြီး ကျန်အဖွဲ့သားများလည်း အခန်းကိုယ်စီဝင်ရောက်အိပ်စက်ကြလေ၏။

နွေလဖြစ်၍ ယစ်ရွှေရည်အရှိန်နှင့် မပျော်တစ်ချက်ပျော်တစ်ချက်ရှိနေခိုက် ပြတင်းတံခါးအား သစ်ကိုင်းရိုက်ခတ်သံလို ကြားလိုက်ရ၏။

"ချောက်. . . ချောက်"

"ဒေါက်. . . . ချောက်"

သံတိနှင့် မောင်ရန်နောင် အသာကြည့်လိုက်ရာ ဘာမှမတွေ့။ သစ်ကိုင်းက မှန်တံခါးကိုလာရိုက်ရအောင်က သစ်ပင်ကနည်းနည်းလှမ်း၏။

မှန်တံခါးကို ကြည့်နေစဉ်မှာ မီးရောင်လိုလို၊ မီးခိုးငွေ့တန်းလိုလိုကို တွေ့လိုက်ရပြီး လသာဆောင်ဘက်သို့ တဖြည်းဖြည်းရွေ့လျားသွား၏။

ထိုအခိုက် -

"ရှပ်. . . ရှပ်. . . ရှပ်. . . ဖျပ်"

ညအမှောင်ထဲမှာ လှုပ်ရှားသံ တရှပ်ရှပ်က စိတ်ချောက်ချားဖွယ်။ အိပ်ရာထက်မှ အသာထကာ တံခါးကို ဟ၍ကြည့်လိုက်စဉ်မှာ အဖြူရောင်အခိုးအငွေ့တန်းသည် ဂါဝန်ဝတ် မိန်းမတစ်ယောက်သဏ္ဌာန် မကွဲမပြားရှိနေ၏။

"ဖြုန်း. . . ဝုန်း. . . ဝုန်း"

မည်းမည်းသဏ္ဌာန်သတ္တဝါတစ်ကောင်က သစ်ကိုင်းထက်မှ လျင်မြန်သောအရှိန်နှင့် အမျိုးသမီး[illegible]ခုန်အုပ်လိုက်ပြီးနောက် စောစောက မီးခိုးငွေ့တန်းလည်း ပျောက်ကွယ်သွားလေ၏။ သောက်ထားသောအရက်တောင်ပြေသွားသလို မောင်ရန်နောင်မျက်မြင်တွေ့၍ ယုံလိုက်ရသည်။ ယခုတော့ ဗိုလ်တဲ၏ဝရန်တာတွင် ဘာမှမဖြစ်သလိုပင် လရောင်ကတောင်ဖြာကျလို့။

'အင်း - ဗိုလ်ကတော် မေရီဝိုက်ဝိညာဉ်က မကျွတ်မလွတ်ဘဲ ရှိနေတာများလား။ သူမ သတ္တဝါတစ်ကောင်ကောင်၏ ရန်ပြုခံရပြီး သေဆုံးခဲ့ရပုံကို သတိလာပေးတာလား'

ဗိုလ်တဲကြီးကတော့ လျှို့ဝှက်ချက်နှင့်ထူးတော့ထူးနေချေပြီ။ အတွေးများနှင့် အိပ်မပျော်သော ထိုတစ်ညကို ဖြတ်ကျော်ရလေပြီ။ နောက်တစ်နေ့တွင်တော့ တောကျွမ်းသော လမ်းပြဖိုးထူးတို

ခေါ်သာခေါ်လာခဲ့ရသော်လည်း စကားများ၍ မထိတထိအပြောအဆိုလေးများကြောင့် သိပ်ပြီးတော့ မနှစ်မြို့လှ။ သို့သော် တောကျွမ်း၍သန်မာဖျတ်လတ်သောကြောင့်သာဖြည့်ပေါင်းနေရသည်။

သူတို့အဖွဲ့ တောတိုးနေကြသည်မှာ အတန်ငယ်ကြာမြင့်လှချေပြီ။ တောကထူးခြားမှုမရှိသေး၍ ဆားကျင်း၊ ထူးပေါက်ကျင်းဘက်လာတတ်သောတောကောင်မျိုးရှိသည့်ဘက်သို့ ခြေဦးလှည့်ရာ တစ်နေရာ သစ်ဥများကို နှုတ်သီးဖြင့်ထိုးဆွနေသော တောဝက်သုံးကောင်အုပ်အား တွေ့ရ၏။

"ဂွပ် . . . ဂွပ် . . . ဂွပ် . . . အစ် . . . အစ် . . . ငေါက် . . . ငေါက် . . . ငေါက်"

"အစ် . . . အစ်"

အစာကိုမဲစားရင်း မာန်တက်ပြီး တစ်ကောင်နှင့်တစ်ကောင် တွန်းထိုးနေ၏။ မုဆိုးဦးမာဒင်က ဒူးလေးမြားတံကို အသင့်ပြင်ရန် သားကောင်ပစ်ရန် မုဆိုးထိုင်ထိုင်လိုက်သလို ကျန်သည့်လူများကလည်း လမုပင်၊ သစ်မှည့်ပင်၊ ဇလပ်ပင်များခြေရင်းအမြင့်ပိုင်းတွင် အသာစီးမှနေရာယူလိုက်၏။

"ဝှီး . . . ဝှစ် . . . ဒုတ်"

"ဒိုင်း . . . ဒိုင်း . . . ဒိန်း . . . ဒိုင်း"

"အစ် . . . အစ်"

"ငေါက် . . . ငေါက် . . . ငေါက်"

သွေးရူးသွေးတန်းနှင့် တောဝက်တစ်ကောင်က ကျွန်ုပ်တို့ရှိရာသို့ ပြေးဝင်လာပြီး လေထဲတွင် တစ်ပတ်လည်ပြီး ပက်ပါသည်။

သို့သော် အမြင့်ပိုင်းမှရောက်နေသော ကျွန်ုပ်က သေနတ်နှင့်ပစ်၍ လိမ့်ထွက်လိုက်ရာ တောဝက်မှာ လေထဲတွင် လည်ပြီး အောက်ချိုင့်လေးအတွင်းသို့ ပြုတ်ကျသေဆုံးသွားလေ၏။

သေဆုံးနေသော တောဝက်ကို မုဆိုးစောထူးမှ အမဲလိုက်ဓားမြှောင်ဖြင့် နားရွက်၊ လျှာ၊ အမြီးနှင့် နှုတ်သီး၊ တံတောက်ကွေးကြောများ ဖြတ်ယူပြီး အနီးရှိ ဖက်ရွက်များဖြင့်ထုပ်ပြီး ချိုတစ်ခုထဲသို့ လမိုင်းတင်ရန်ထည့်ထား၏။

မုဆိုးဦးမာဒင်က ဝက်သွေးများခံယူ၍ သားလှီးဓားမြှောင်ကို သုတ်လိမ်းနှုတ်မှတတွတ်တွတ်တိုင်တည်နေ၏။

ထိုနေ့က တောဝက်နှစ်ကောင်နှင့် ကြောင်ဥကျည်တစ်ကောင် ငှက်သိုက်တက်နှိုက်နေစဉ် ပစ်ခတ်ပြီး စခန်းသို့ပြန်လာခဲ့ကြသည်။ ဖိုးထူး၊ ငွေမောင်နှင့် မုဆိုး စောထူးတို့က ဆားကျင်း၊ ထူးကျင်းအနီး တည်ပင်ကြီးအောက်တွင် ဆတ်ခြေရာ၊ ပြောင်၊ တောဝက်ခြေရာများတွေ့၍ လင့်ထိုးရန်ထွက်သွားစဉ် ကျန်လူများက တောဝက်သေများကို ဖျက်၍ ကလီစာများကို ချက်ပြုတ်နေကြ၏။

ညဦးနက်နက် ဗိုလ်တဲဝင်းအတွင်း လရောင်ဖြာကျနေ၏။ သားကောင်ကြီးများ အစာရှာသည့်အချိန် ကျားသစ်သံ၊ ချေဟောက်သံ၊ တောခွေးများအူသံကို တစ်ခါတစ်ရံကြားနေရ၏။ ဗိုလ်တဲကြီး၏ ဝရန်တာအတွင်း မောင်ရန်နောင်နှင့် မုဆိုးကြီး ဦးမာဒင်တို့ စကားဝိုင်းဖွဲ့လျက်ရှိစဉ် ရိုးပြတ်နံ့လေပြည်နှင့် အနွေးဓာတ်လေးရှိလာ၏။ ဘိုကတော်ကြီးကွင်းကို လရောင်နှင့် ငေးမောကြည့်နေခိုက် မနီးမဝေး၌ လရောင်မြင်ကွင်းထဲသို့ ဆတ်ဖားကြီးတစ်ကောင်ဝင်ရောက်လာသည်။ ဗိုလ်တဲနှင့်က မဝေးလှသဖြင့် မောင်ရန်နောင် အမဲပစ်ရိုင်ဖယ်ကိုယူ၍ သားကောင်ကို ချိန်ပစ်လိုက်လေသည်။

"ဒိုင်း . . . ဒိုင်း . . . ဒိန်း"

တိတ်ဆိတ်သော ညဦးယံကို သေနတ်သံများက ကြီးစိုးသွားပြီးနောက် ဆတ်ဖားကြီးမှာ လဲကျသွားလေ၏။

ဗိုလ်တဲစောင့်နဲ့ ထမင်းချက် ငဗလံမဲတို့ သွားကောက်ခိုင်းရာ မကြာမီ ပြန်ရောက်လာ၏။ သို့သော် ဆတ်ဖားကြီးတော့မပါ။ လက်ချည်းဗလာ။

"ငဗလံမဲ ဆတ်ဖားကြီးကော"

"ဘာမှမတွေ့ဘူးဆရာလေး"

"မဖြစ်နိုင်တာ၊ ကျုပ်ပစ်လိုက်တာ ဆတ်ဖားကြီးမှ ဆတ်ဖားကြီး"

ထိုအခါ စတာလင်တံဆိပ်ဆေးတံအိုးကြီးကို ခါလိုက်ရင်း ဦးမာဒင်မှ -

"ဆရာလေးတော့ ဘိုကတော်ကွင်းမာယာနဲ့တွေ့ပြီနဲ့တူတယ်"

ဟု ပြောလိုက်၏။

"ဘိုကတော်ကြီးကွင်းက တစ်ခါတစ်ရံပြတတ်တယ်။ သားကောင်မြင်တိုင်းပစ်ရင် တော်ကြာအန္တရာယ်တွေကို ဖိတ်ခေါ်သလိုဖြစ်မယ်။ သတိရှိနိုင်မှနော်"

မောင်ရန်နောင်အံ့သြသွားမိသည်။

တောရဲ့လျှို့ဝှက်ချက်၊ တောမာယာက ဆန်းကြယ်လှတကား။

ဒါဆိုရင် ညနေပိုင်းက လင့်စင်ပစ်ရန်သွားသော ငွေသောင်တို့အဖွဲ့ အဆင်မပြေပါ့မလား စိုးရိမ်စိတ်ဝင်လာ၏။

နံနက်မိုးလင်းသော် လင့်ပစ်သွားသော ငွေသောင်တို့အဖွဲ့ ပြန်ရောက်လာပေသည်။ သို့သော် အမဲကောင်တော့မပါ။ ဖိုးထူးကို လျှော်ကြိုးများ ပုခက်ဆင်၍ တပင်တိုင်ဝါးများဖြင့် ထမ်းလာရသည်

မောင်ရန်နောင်က ဖြစ်စဉ်ကို မေးကြည့်ရာတွင် မုဆိုးကြီးစောထူးက ဤသို့ဖြေလေ၏။

"မနေ့က လင့်မထိုးခင် တောပိုင်၊ ကွင်းပိုင်တွေအတွက် အသုံးမလုပ်ခင် ဖိုးထူးမူးမူးထွေထွေတွေနဲ့ အဘိုးက အပေါ်ပွဲစား၊ ကျုပ်က အောက်ပွဲစားမယ်ဆိုပြီး ပါးစပ်ဆော့တယ်။ တပည့်မခံဘဲ စားဦးစားဖျားမစွန့်ဘဲစားတယ်။ တော်တော်ခွကျတဲ့ကောင်။ အဲဒါနဲ့ လင့်တက်တယ်။ ညကျတော့ လင့်စင်ပေါ်မှာ အားလုံးစောင့်ရင်း ခဏမှိန်းနေတုန်းပေါ့။ ဗိုလ်တဲဘက်က သေနတ်သံကြားလို့ နိုးလာတော့ လူတစ်စု မီးတုတ်တွေနဲ့ ဖိုးထူးနာမည်ခေါ်ပြီး လင့်စင်အောက်ရောက်လာတယ်။

ဘိုကတော်ကြီးကွင်းက ညဘက်ဆို အရမ်းကြမ်းတာသိနေတော့ ကျုပ်တို့ လှုပ်တောင်မလှုပ်ဘူး၊ ငြိမ်နေရတယ်။ နောက်ဆုံး ဘယ်လိုမှပြောမရတော့ သေနတ်နဲ့ယမ်းထိုးပြီး လူစုကိုပစ်လိုက်တော့မှ တောထဲဝင်ပြေးသွားတဲ့အသံတွေက ဝရောဝရောနဲ့ ဝရုန်းသုန်းကားထွက်လာတော့တယ်။ ဒါကို ဖိုးထူးက ကျုပ်တို့မှားပစ်တယ်ဆိုပြီး လင့်စင်ပေါ်က အတင်းဆင်းတော့ မှောင်ထဲပြုတ်ကျပါလေရော။

ကျုပ်တို့လည်း လင့်စင်ပေါ်က ဆင်းပြီး ပတ်ဝန်းကျင် ကနစိုထင်း၊ ဝါးပိုးဝါးတွေနဲ့ တစ်ညလုံးမီးဖိုပြီး တောကောင်ရန်ကကာကွယ်ထားရတယ်။ မနက်မိုးလင်းတာနဲ့ ဝါးတွေခုတ်၊ လျှော်ကြိုးနဲ့ ပုခက်ပြီး ဖိုးထူးကို ဗိုလ်တဲအရောက် ထမ်းလာရတာပဲ။ သားကောင်တော့ မရဘူး။ ဖိုးထူးပဲ ခြေထောက်ကျိုးတာပဲ အဖတ်တင်တယ်ဇ" တဲ့။

အပျော်တန်းအမဲပစ်မုဆိုးကျွန်ုပ် မောင်ရန်နောင်မှာ မုဆိုးကြီးစောထူး၏ စကားကြောင့် ဘိုးကတော်ကြီးကွင်း၏ ထူးခြားမှု၊ လျှို့ဝှက်မှုနှင့် ဘန်ဂလိုဗိုလ်တဲဟောင်းမှ အရေးပိုင်ကတော် မေရီဗိုက်၏ ဝိညာဉ်တို့က ပဟေဠိဆန်ဆန်ရှိနေသည်ကိုတွေးရင်းကဲ ရုပ်သဘာဝမည်မျှပင် ဆန်းကြယ်စေကာမူ နာမ်လောက ပရလောကကိုဖြင့် လိုက်လို့မမီဟု စဉ်းစားမိလိုက်ပါတော့လေသည်။

မင်းနန္ဒိုင်

(အစာလည်းဆေး၊ ဆေးလည်းအစာ)

## ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်) ၂၄

ယခု အပူရှိန်လွန်ကဲပြီး ပူပြင်းလှတဲ့ နွေရာသီမှာ ခန္ဓာကိုယ်တွင်းမှာ အပူဓာတ်များပြီး ချွေးထွက်လွန်ကာ အရည်ဓာတ်ခန်းခြောက်လို့ မိတ်ကဲ့သို့အဖုထွက်ခြင်း၊ နေလောင်အသားခြောက်ခြင်း၊ အင်ပြင်ထွက်ခြင်း၊ ဆီးနဲ့ပတ်သက်သော ဆီးပူ၊ ဆီးနီ၊ ဆီးဝါ ခြင်းစတဲ့ရောဂါများ အဖြစ်များလာသလို ကလေးသူငယ်များတွင်လည်း ဝက်သက်၊ ရေကျောက်၊ အနာမီးအနာစက်ကဲ့သို့ အပူကန်ရောဂါများ အဖြစ်များလာတာကို လက်တွေ့ကြုံနေရပါတယ်။

ဒီလို ရာသီဥတုကြောင့် ခန္ဓာကိုယ်တွင်း အပူဓာတ်လွန်ကဲပြီး ဖြစ်ပေါ်လာတတ်တဲ့ရောဂများကို ရှေးဘိုးဘွားမိဘများက ရာသီပေါ်သီးနှံအစားစာများပြင် အပူဒဏ်ကြေ ဝမ်းတွင်းအေးပြီး အပူကန်ခြင်း သက်သာပျောက်ကင်းကြစေရန် . . .

နဂိုဓာတ်ခံ ဗီဇမှာကတည်းက အအေးသတ္တိစွမ်းအင်ရှိတဲ့ ကျောက်ဖရုံသီးကို အဓိကထားပြီး ဆေးဖက်ဝင်ဟင်းလျာအနေနဲ့ စီမံပြီး မိသားစုကို ချက်ပြုတ်ကျွေးမွေးစေခြင်းဖြင့် အပူဒဏ်ခံရောဂါများကို ကာကွယ်မှု ပေးစေခဲ့ပါတယ်။

ကျောက်ဖရုံသီးဟာ နေရာအနှံ့ အလွယ်တကူရရှိပြီး ဆေးဖက်ဝင်သတ္တိထူးများကလည်း အကျိုးပြုစေပါတယ်။

အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အနံ့ဆိုးထွက်ခြင်းအတွက် ကျောက်ဖရုံသီးဟာလွန်စွာခိုင်းနင်းလှပါတယ်။ သူ့ကို စားသုံးပေးခြင်းကြောင့် ချွေးနံ့ဆိုးခြင်း၊ ခံတွင်းနံ့နံခြင်း၊ ဝမ်းပုပ်၊ ဆီးပုပ်နံ့နံခြင်း၊ ဒါ့ပြင် မြင်ပလေထုထဲ ပျံ့လွင့်နေတဲ့ အပုပ်နံ့ဆိုးများကိုလည်း စုပ်ယူနိုင်စွမ်းရှိတာကြောင့် အနံ့အသက်မကောင်း၊ အနံ့ဆိုးတဲ့နေရာတွေမှာ ကျောက်ဖရုံသီးကို အလုံးလိုက်ထားပေးခြင်းဖြင့် ပျောက်ကင်းစေပါတယ်။

ကျောက်ဖရုံသီးမှာ ရေဓာတ်(၇၀) ရာခိုင်နှုန်းကျော် ပါဝင်ဖွဲ့စည်းနေတာကြောင့် အအေးဓာတ်ဦးစီးတဲ့အသီးအနှံမျိုးဖြစ်ပြီး ဗီတာမင် Vit A. Vit.C ဓာတ်အများဆုံး ပါဝင်နေပြီး အစေ့မှာ Vit E ဓာတ်ပါဝင်ပါတယ်။

ဒါ့ပြင် ထုံးဓာတ် (ကယ်လ်စီယမ်) ဓာတ်ပါဝင်နေပြီး အရိုးဓာတ်နဲ့ အဆစ်တို့ကို အားပေးပါတယ်။ အထူးသဖြင့် ကျောက်ဖရုံသီးသတ္တုရည်မှာ ခန္ဓာကိုယ်မှာ သွေးယိုခြင်း၊ သွေးလွန်ခြင်း၊ သွေးသွန်ခြင်းတို့ကို တားဆီးပေးနိုင်တဲ့သတ္တိထူးလည်းရှိနေပါသေးတယ်။

အမျိုးသမီးများအတွက် မီးယပ်သွေးဆုံးချိန်အပူပြန်ခြင်းနဲ့ သားအိမ်မှာ မီးယပ်သွေးဆုံးပြီး အပူလွန် အကြိတ်အနာအဆာတို့ဖြစ်ခြင်းများတို့ကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

အမျိုးသားများအတွက် ပန်းသေ၊ ပန်းညှိုးရောဂါ၊ ဆီးပူ၊ ဆီးကျင်ရောဂါ၊ အမျိုးသမီးများ မီးယပ်သွေးသားမမှန်ကန်ခြင်း၊ အင်ပြင်ထွက်ယားယံခြင်း၊ အသားအရေပူခြင်းတို့ကို ကျောက်ဖရုံကို အဓိကထားပြီး ကျန်ဆေးဖက်စင်အမယ်များနဲ့ချက်လုပ်တဲ့ကျောက်ဖရုံသီးချက်ဆေးဟာဆိုရင် အလွန်အသုံးဝင်အစွမ်းထက်လှပါတယ်။

နွေရာသီ ဝမ်းတွင်းအေးပြီး ဆီးပူ၊ ဆီးနည်းရောဂါကာကွယ်စေရန်အတွက် ကျောက်ပွင့်အဖြူပွင့် (၃) ပွင့်ကို ရေစိမ်ပြီး ကတ်ကြေးနဲ့ သေးသေးညှပ်ထားပြီး ဆေးကုလားမရေစိမ်၊ ပွပြီးသားလိုသလောက်ထည့်ပြီး ကျောက်ဖရုံယို (၅) ချောင်းကို အတုံးသေးသေးတုံးပြီး သကြားသင့်ရုံထည့်ဖျော်ကာ ဆေးဖျော်ရည်အဖြစ် နွေရာသီမှာ သောက်သုံးပေးပါက အလွန်သင့်တော်ပါတယ်။

ချွေးထွက်လွန်ပြီး ကိုယ်နံ့ဆိုးသူများကတော့ ကျောက်ဖရုံ ဟင်းချို (သို့) ကျောက်ဖရုံယိုတို့ကို မကြာခဏစားပေးခြင်းဖြင့် သက်သာ ပျောက်ကင်းကြပါတယ်။

□ ဆေးဖက်ဝင် အထူးအားဖြည့် အပူငြိမ်းဟင်းလျာအနေဖြင့်

**ကျောက်ဖရုံသီးကြက်ကောင်းလုံးပေါင်း ဟင်းလျာ**

**စီမံနည်းနှင့်ပါဝင်ပစ္စည်းမှာ**

၁။ မနုမရင့် ကြက်ဖတစ်ကောင်။ (မြန်မာကြက်ဆိုလျှင် ပိုကောင်းပါသည်။)

၂။ ကျောက်ဖရုံသီးအလုံးအသေး (၁) လုံး။

၃။ ကြက်သွန်ဖြူ၊ ချင်း၊ စပါးလင်တို့ကို ဟင်းတစ်အိုးစာထောင်းထားပါ။

၄။ ကြက်သားမှုန့်၊ ပဲငံပြာရည် သင့်ရုံ။

၅။ ရေနွေးဆူပြီးသားအသင့်တည်ထားပါ။

**ချက်ပြုတ်နည်း**

ကြက်ကို သန့်စင်ဆေးကြောပြီး တစ်ကောင်ကို လေးပိုင်းပိုင်းထားပါ။ ပြီးက ဆား၊ နနွင်းလူးပြီးထားပါ။ ကြက်သွန်ဖြူ၊ ချင်း၊ စပါးလင် ထောင်းထားသည်များကို ဆီအနည်းငယ်ဖြင့် ဆီသတ်ပေးပြီး ကြက်သားပါထည့်ပြီးသမအောင်မွှေပေးပါ။

တစ်ခါတည်း ကြက်သားမှုန့်၊ ပဲငံပြာရည်အကြည်ရည်တို့ကို အရသာအနေတော်မှန်းထည့်ပြီး မွှေပေးပါ။

ပြီးလျှင် ကျောက်ဖရုံသီးအတုံးကြီးကြီးတုံးထားပြီးထည့်၍မွှေပေးပါ။ ကျောက်ဖရုံသီးနွမ်းသွားပြီဆိုလျှင် ပရက်ရှာပေါင်းအိုးထဲသို့ ၎င်းဟင်းအမည်များကို ပြောင်းထည့်၍ ရေနွေးဆူဆူအကြမ်းပန်းကန် (၃) လုံးခန့်ထည့်ပေးပြီး (၄၅) မိနစ်ခန့် ပေါင်းပေးလိုက်လျှင် နူးညံ့ချိုမွှေးပြီး စား၍အရသာကောင်းမွန်လှသော နွေရာသီ ဆေးဖက်ဝင် အားဖြည့်ဟင်းလျာကို သုံးဆောင်နိုင်ကြပါပြီ။

*သတ္တဝါများ*
*စားသမျှအားဖြစ်၍*
*ကျန်းမာကြပါစေ*

ရွှေနဝင်း (ပုသိမ်)

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများကပ်လှူပူဇော်ပြီး ဒိဝါဓာပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီလင်းဆွမ်းခံကြွလာသောသံဃာတော်များကို ဆွမ်းလောင်းပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို မြောက်အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံဝေဝေဆာဆာကပ်လှူပူဇော်ပြီး အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့်စက်ပစ္စည်းအဟောင်းအပျက်များကို စွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ ပန်းခြောက်များစွန့်ပစ်ပေးခြင်းများ ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်လေးများဝတ်မသွားပါနှင့်။ ငှက်ကလေးများကိုလည်း အစာကျွေးပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာ ထီဆိုင်တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ချေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ဆေးလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတီပက်ဖျန်းပြီးမှ စနေနာမည်ရှင်နှင့်စပ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ဆီမီးများထွန်းညှိပူဇော်ပြီး အဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - နေ့စဉ်ဝေလီဝေလင်းအိပ်ရာမှထ၍ လမ်းမှာတံမြက်စည်းထွက်လှည်းပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့် အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပေးလိုက်ပါ။

**ကျန်းမာရေး** - မိခင်အရွယ် နွမ်းပါးသော သက်ကြီးရွယ်အိုများကို ငွေကြေး၊ ဆေးဝါးလှူပါ။

**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းနှင့်စသောထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံအသီး၊ အညွန့်၊ ပန်းများဖြင့် ပူဇော်ပြီး ဒိဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိအစချီသောဘုရားရှိခိုးဂါထာကိုအဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ပြုတ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာတော်ရွတ်၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်လှည်းခြင်း၊ အမှိုက်များကောက်ခြင်း ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အမည်းရောင်ပစ္စည်းများလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို နိုင်သလောက်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်လည်ရောင်းချနေသော ထီကားလေးများနှင့်ဆုံပါက (၂)ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** -သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။ မကြာ မကြာသွားပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ဘူးခွံ၊ ပုလင်းခွံအဟောင်းများကိုရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများသို့ မကြာ မကြာသွား၍ ဘုန်းကြီးကိုရင်များကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းများ ကုသိုလ်ပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာရွတ်မန်းပြီးစားပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် စနေသားသမီးတစ်ဦးနှင့်ထီစပ်တူထိုးဖို့ပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။ သူကြိုက်ရာထိုးပါစေ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံအသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးဝါး၊ ဓာတ်စာ၊ ဝတ္ထုငွေများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါသော ဘုရားစေတီသို့သွား၍အဓိဋ္ဌာန်ပုတီးများ မကြာမကြာသွားစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ကုသိုလ်ပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အမည်းရောင်အင်္ကျီလေးများဝတ်မသွားပါနှင့်။
**ကျန်းမာရေး**- ငါးအရှင်လေးများကို ဈေးမဆစ်ဘဲ တစ်နိုင်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံအသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် နေ့စဉ်ကပ်လှူပူဇော်ပြီး အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - သက်ဆိုင်သူကို စိတ်ထဲမှာ အာရုံစူးစိုက်၍ (၁၅) မိနစ်ခန့် နေ့စဉ်မေတ္တာပို့ပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းဆိုးလိုက်ပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံအသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် (၃) ရက်ဆက်ဆေးပြီး တနင်္ဂနွေသားနှင့်စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့မကြာမကြာသွား၍ အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နေ့စဉ် ၂၄-ပစ္စည်းကို ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူမွေးနေ့နှင့် ကိုယ့်မွေးနေ့ရောက်တိုင်း ဘုရားစေတီသို့သွား၍ မွေးနံထောင့်တွင် ရေသပ္ပာယ်ပါ။
**ကျန်းမာရေး** - စာကလေး (၃) ကောင် ဇီဝိတဒါနလွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - ထီးလှည်းလေးများ အိမ်ရှေ့လာရပ်ပြီး ရောင်းပါက (၄) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားပါ။

> ယခုလတွင်-
> စနေ၊ သောကြာနံပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ကုသိုလ်ယူပါလေ။
> ဥပမာ - တိုးသောင်-နွဲ့သစ်။

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

**ပြည့်သိန်းကျော်**

# ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသော)

## သူကိုယ်စား သူရှုလက်ဆောင်

"ဘာမှမထူးသေးလို့ ဆရာ"

"ဘယ်လိုမထူးတာလဲ ဘာကိစ္စလဲ"

"ကျွန်မ ပြီးခဲ့တဲ့ ရက်နှစ်ဆယ်ကျော်ကျော်က ဆရာ့ဆီလာတာလေ"

"အင်းလေ - ဟိုနေ့ကမှလာထားတာ"

"အဲဒါ ဟိုမှာ သမက်အလုပ်မရသေးလို့ အလုပ်ရအောင် ဆရာက သူ့အကျီကို ပခုံးပေါ်တင်ပြီး ဂုဏ်တော်ပုတီးစိပ်ခိုင်းတာလေ"

အားရပါးရပြောနေသူကို အကဲခတ်လိုက်ပါသည်။

"ဘယ်သူစိပ်တာလဲ"

"ကျွန်မပေါ့ ဆရာ။ ကျွန်မပဲလုပ်ပေးရတာပေါ့"

"သူနဲ့ဘာတော်လဲ"

"သူ့ယောက္ခမလေ။ အလုပ်မရသေးတာက ကျွန်မသမက်"

"သူ့အမေမရှိဘူးလား"

"သူ့အမေက အင်း . . . ဒါမျိုးဝါသနာမပါဘူး ဆရာ၊ လုပ်မှာမဟုတ်ဘူး"

"ဒါဖြင့် သူ့ဇနီးရော"

"ကျွန်မသမီးက အားအားရှိဖုန်းပဲပွတ်နေတာ ဆရာရဲ့။ သူမလုပ်တတ်ဘူး"

"သူက ဟိုချာတီတ်လုပ်စားပြီလေ၊ သူလုပ်ရမှာပေါ့။ ပြီးတော့ သူက အနီးဆုံးလူလေ"

"ခက်တာပဲ ကလေးတွေက အဲဒီဖုန်းပဲပွတ်နေကြတော့ ပြောမကောင်းဆိုမကောင်းနဲ့။ ကျွန်မကသာ မနေနိုင်လို့ ဟိုမေးဒီစမ်းနဲ့ လုပ်ပေးနေရတယ်။ ကလေးစိတ်ပဲရှိတယ်"

"ခင်ဗျားနဲ့မဆိုင်ဘူးလေ။ ခင်ဗျားက တစ်ဆင့်ခံဖြစ်နေပြီ။ အရင်းက ခင်ဗျားသမီးပဲ။ သူ့ကိုနားလည်အောင် ပြောပြပြီးလုပ်ခိုင်းရမှာပေါ့"

"အင်း - သေသာသေလိုက်ချင်တော့တယ်။ ဒီပြင်နည်းမရှိတော့ဘူးလား။ သမက်ကလည်း ရတဲ့အလုပ်မှန်သမျှ သူ့ပညာနဲ့မကိုက်လို့ဆိုပြီး ကျိုး(ကြေး)က ခပ်များများဆိုတော့ အလုပ်ကို. . ."

"ကျွန်တော်က ရတနာမြတ်(၃)ပါး ဂုဏ်ကျေးဇူးအရိပ်အောက်မှာပဲလုပ်တတ်တာ။ ခု မလုပ်တတ်တော့ဘူး။ ဘယ်လိုမှမအောက်မေ့ပါနဲ့ဗျာ"



❑

"ဆရာ သတ်မှတ်ပေးလိုက်တာ နှစ်လနော်။ ဟို - နှစ်လအတွင်းထွက်မယ်ဆိုတာ အိမ် အိမ် အိမ်ရောင်းတာ ဆရာ"

"ဟုတ်လား-လူများတော့မမှတ်မိတော့ဘူး။ ခု - ဘယ်နှလရှိပြီလဲ"

"နှစ်လပြည့်ဖို့ နှစ်ရက်ပဲလိုတော့တယ်ဆရာ။ မထူးသေးလို့ ကျွန်တော်လာတာ"

"ဘယ်သူ့အိမ်လဲ"

"ဟို- ယောက်ဖအိမ်လေ ဆရာ။ နယ်မှာ လူငှားထားတာလေ"

"လူငှားထားတယ် ဟုတ်လား။ ဒါဆို ခင်ဗျားမှားနေပြီနဲ့တူတယ်။ ကျွန်တော်က လူငှားကို အိမ်ကနေ ပညာနဲ့ဖယ်ပစ်တဲ့အလုပ် ဘယ်တော့မှ မလုပ်ဘူး။ ကျွန်တော့်ဆရာခွင့်မပြုဘူး"

"ဟုတ်ဘူးလေ ဆရာ။ ဆရာက ဖယ်ဖို့လုပ်လိုက်တာ မဟုတ်ပါဘူး။ ယောက်ဖကံကိုတွက်ကြည့်ပြီးဘယ်ပွဲစားနဲ့စပ်၊ ဘယ်မိတ်ဆွေနဲ့စပ် ထွက်ကံရှိတယ်လောက်ပဲပြောလိုက်တာပါ။ အိမ်ကိုတောင် အိမ်ငှားရှိလို့ ဓာတ်သွားမရိုက်နဲ့မှာလိုက်တယ်"

"ခု စပ်ရောစပ်လား"

"စပ်တာပေါ့ဆရာ။ ပွဲစား (၈) ဦး၊ (၉) ဦးမကတော့ဘူး စပ်တာ။ ဆရာ

ပြောထားတဲ့နာမည်ရှင်တွေ၊ နံတွေချည်းပဲ”

ကျွန်ုပ်တွေဝေသွား၏။ ဘာဆက်ပြောရမှန်းပင် မသိရလောက်အောင် တွေဝေသွား၏။ ထိုလူသည် ပြုံးရွှင်စွာနှင့် အားရပါးရပြောနေ၏။ နားထောင်နေရင်းမှ -

“နေပါဦး၊ ခင်ဗျားယောက်ဖက သေချာစပ်ရဲ့လား”

“ဗျာ - ဘယ်သူ”

“ခင်ဗျားယောက်ဖက သေချာစပ်ရဲ့လားလို့”

“သူက စင်ကာပူမှာနေတာဆရာ။ ကျွန်တော့်ကိုဒီမှာရောင်းခိုင်းတာ။ သူက မအားဘူး”

ကျွန်ုပ် ရုတ်တရက်စိတ်တိုသွား၏။ ကျွန်ုပ်သည် သူနားလည်အောင်ရှင်းမပြလိုက်မိခဲ့သည့်အတွက် အလွန်ညံ့ဖျင်းသူတစ်ယောက်ဖြစ်သွားမှန်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိ၏။

“ခင်ဗျားစပ်လို့မရဘူးလေ”

“ဗျာ - သူက. . . သူက”

“အေး - ခင်ဗျားကံနဲ့ သူ့ကံမှ မတူတာ။ ထွက်ကံရှိတာက ဟိုလူမှာရှိတာ။ ခင်ဗျားခုနှစ်သက္ကရာဇ်ပြောပါဦး”

“. . . . . . . . .”

“ဟုတ်တယ် သေချာတယ် ဒီမှာ။ ခင်ဗျားကံမှာ အဆောက်အအုံထွက်ကံကိုမရှိဘူး။ ဟိုတစ်ယောက်နဲ့ အကျိုးပေးတဲ့နာမည်ရှင်တွေက ခင်ဗျားကံမှာ လုံးဝခိုက်နေတယ်။ ဘယ်လိုလုပ်ရမလဲဗျ”

❑

“အမျိုးသား တစ်ဆင့်တိုးစာမေးပွဲဖြေတာ ကျန်ခဲ့တယ် ဦး။ အဲဒါ ထပ်လုပ်ပေးပါဦး”

“သမီးက ဒီလာသွားလား”

ကျွန်ုပ်၏ စာရွက်လေးအားထုတ်ပြ၏။ စာရွက်လေးမှာ ကြေမွပင်နေ၏။

“ဦးခိုင်းသလိုပဲ တစ်သဝေမတိမ်းလုပ်တာပဲ။ စံပယ်နဲ့ ဆီမီး ဘုရားပူဇော်ရမယ်ဆိုလို့လည်း ခုထိပူဇော်ထားတုန်း၊ ပဋ္ဌာန်းရွတ်ရမယ်ဆိုလို့လည်း ခုထိရွတ်တုန်း”

ကျွန်ုပ် ခေါင်းတောင်တောင်နှင့် ငိုင်သွားပြီး အိမ်အပြင်ဘက်သို့ ငူငူကြီးငေးနေလိုက်၏။ စိတ်တွင်းကလည်း ဘယ်လိုများဖြစ်သွားပါလိမ့်ဟု တွေးနေမိ၏။

“သမီးအမျိုးသားက သေချာရွတ်လား”

“ရှမ်. . .”

“ဪ - သမီးအမျိုးသားက သေချာရွတ်လားလို့”

“သမီးလေ၊ သမီးရွတ်တာလေ”

“ဟင်-ရာထူးတက်မှာဘယ်သူလဲ”

“အမျိုးသားလေ”

“ဪ - လွဲနေတာကိုး။ သူလုပ်ရမှာသမီးရဲ့။ သူရွတ်မှသူတက်တော့မှာပေါ့”

“သူက မလုပ်ဘူး ဦး။ ဝါသနာကို မပါတာ”



"ဟာ - ဒါကဝါသနာနဲ့မဆိုင်ဘူး လေ သမီး။ ကိုယ့်အောင်မြင်ဖို့အတွက် ကိုယ်လုပ်တာလေ"

"သူက ပြောလို့မရဘူး ဦး။ သမီးပဲ လုပ်ပေးနေရတာ"

❑

ဤလိုမျိုးတွေ -

ကြားဖူးကြပါလိမ့်မည်။

အလွန် များပြားလှသည်မဟုတ် သော်လည်းရှိနေပါသည်။

အချို့ မိခင်ကလာမေးပေးရ၏။ ကျွန်မရွှတ်ပေးရင်ရလားဟု ဆိုကြ၏။ ကျွန်ုပ်က သူကစကားမပြောတတ်ဘဲ ဆွံ့အနေလို့လားဟု ပြန်မေးလိုက် သောအခါ အူတက်နေကြတော့၏။

အချို့မိခင်များလာ၏။

အလွန်သက်သက်သာသာနှင့်ပြုရ သော ကုသိုလ်ဖြစ်သည့် ဘုရားရှင်အား သောက်တော်ရေကပ်၊ ယပ်တော်သွင်း ခြင်း တည်းဟူသော စက္ကန့် (၃၀) ခန့်စာ ကို -

"ကျွန်မလုပ်ပေးရင်ရလား"

ဟု ပြောကြ၏။

"သူက လေထိထားလား၊ လက် လေးတွေမသန်လို့လား"

ဟု မေးမှ -

"မဟုတ်ပါဘူး။ သူ့ကိုလုပ်ခိုင်းမယ့် အစား ကျားမြီးသာဆွဲလိုက်ချင်တော့ တယ်၊ ဂျစ်တစ်တစ်နဲ့"

ဟု ပြန်ပြော၏။

အချို့ ညီအစ်ကိုမောင်နှမလိုနေ သောသူများအတွက် လာတွက်ကြ၏။ လာဘ်ပွင့်အောင်နေတတ်ထိုင်တတ်ဖို့၊ ရွှတ်ဖို့ ပြောပြလိုက်သော ဆောင်ရန်၊ ရှောင်ရန်ကို သူကလုပ်၏။ ဟိုလူတွေက မလုပ်ဖြစ်၊ သူလည်းအလုပ်မဖြစ်၊ ဟို လူတွေလည်း အလုပ်မဖြစ်နှင့် ဘာမှ အရာမရောက်ဖြစ်သွား၏။ သေချာမေး မှ ဟိုလူတွေက ဈေးဆိုင်ကြီးမို့ မအား ကြလို့ ဒီကလုပ်ပေးတာဟု ဆို၏။

ကိုယ်စားကိစ္စတွေကို စဉ်းစားပေး တော့မည်ဆိုလျှင် -

ထပ်ဆင့်စဉ်းစားပေးဖို့လိုပါလိမ့် မည်။

သူက အိမ်ရောင်းချင်၏။
ကိုယ်ရောင်းချင်ခြင်းမဟုတ်။
သူက ခရီးသွားချင်ခြင်း ဖြစ်၏။
ကိုယ်သွားချင်ခြင်းမဟုတ်။
သူကရာထူးတက်ချင်၏။
ကိုယ်တက်မည်မဟုတ်။
သူကကျွေးတောင်းချင်ခြင်းဖြစ်၏။
ကိုယ်ကကျွေးမရှိ တောင်းရန်မရှိ။
သူကမြေရောင်းချင်၏။
ကိုယ်ကမြေရောင်းဖို့မရှိ။
သူကလင်မယားသင့်မြတ်ချင်၏။

ကိုယ်က အပျိုကြီး၊ လူပျိုကြီး (သို့) ကိုယ့်အိမ်ထောင်ရေးက ဘာမှ မဖြစ်။

ဤသည်မှာ အကြမ်းဖျင်းသာ ဖြစ်၏။

ဤအချက်လေးများလောက်ကို အနည်းငယ်လေ့လာကြည့်ရုံနှင့် လာရင်း ကိစ္စသည် မည်သူနှင့်ဆိုင်သည်၊ မည်သူ မည်သို့ပြုလုပ်ရမည်ကို ရှင်းခနဲဖြစ်သွား မည် ဖြစ်၏။

တစ်ဆင့်ပြုလုပ်ပေး၍ ဘာမှမဖြစ် ကြသူများ ကျွန်ုပ်ထံလာကြသည့်အခါ ဘယ်နေရာမှာလည်းဘယ်လိုလုပ်ခဲ့ပြီးပြီ မထူးဘူး ဟူသောစကားထွက်လာ၏။ ကျွန်ုပ်က သေချာမေးကြည့်လိုက်လျှင် သူတို့အား ပြုလုပ်ပေးလိုက်ကြသူများ၏ ပညာမှာ အလွန်မြင့်မား၏။ အလွန် စေ့စပ်သေချာစွာ ပြုလုပ်ပေးလိုက်ကြ ခြင်း ဖြစ်၏။

သူတို့ကိုယ်တိုင် ကိုယ်စားများ ဖြစ်နေသည်ကို သေချာမပြောပြခဲ့၍သာ ဖြစ်၏။

ကျွန်ုပ်လည်းခံရပါများသောအခါ သေချာစေ့စေ့စပ်စပ်မေးကြည့်တတ်သွား တော့၏။

'ဆရာလုပ်ပေးလိုက်တာ မထူး သေး' ဟု ဆိုလျှင် ကိုယ်စားသာဖြစ် တော့၏။

နိုင်ငံခြားတွင်နေထိုင်သူတစ်ယောက် ၏အိမ်ကို ဤမှာရောင်းချင်လျှင် ရောင်း ပေးမည့်သူ၏ကံနှင့်သာဆိုင်၏။ သူ၏ အိမ်သည် ဤတွင်ရှိပြီး သူအပ်ထားသူ ပြုလုပ်လျှင် ဘယ်လိုလုပ်သင့်သည် ဟူသောအချက်ကိုသာ စဉ်းစားပြီး ကူညီပေးရမည်ဖြစ်၏။ နိုင်ငံခြားမှာနေ သူကို သွားလုပ်ခိုင်း၍မရပါ။ ဟိုမှာနေ သူ၏ကံတွင် ပုံစံတစ်မျိုးတည်နေနိုင်၏။ ဟိုမှာနေသူအား ဘုရားသွား၊ ဘယ် ထောင့်မှာ ဘယ်လိုထွန်းပြီး ဘာရွှတ်ရ မယ် ဟူ၍ မရပါ။

ထိုအိမ်ရှင်က တနင်္ဂနွေနံကောင်း သော်လည်း သူရောင်းခိုင်းသူက အင်္ဂါ ကောင်းနေလျှင် အင်္ဂါနာမည်ရှင်အကျိုး ဆောင်နှင့်သာစပ်ရမည် ဖြစ်၏။

ထိုအိမ်ရှင်က ဗုဒ္ဓဟူးကောင်းပြီး သူ့ကိစ္စကိုလုပ်ပေးမည့်သူက စနေ ကောင်းလျှင် စနေနှင့်သာစပ်ရမည်ဖြစ် ပါသည်။

ဥပမာ နမူနာပြပါမည်။

| | | | | |
|---|---|---|---|---|
| ၄ | * | ၁ ၅ | | ၅ |
| ဝ | | ဝ ၄ | | ၁ |
| ၃ | | ၆ ၃ | | ၄ |
| ၆ | | ၅ ၂ | | ဝ |
| ၂ | | ၄ ၁ | | ၃ |
| ၅ | | ၃ ဝ | | ၆ |
| ၁ | | ၂ ၆ | | ၂ |
| နာ | | သက်ရောက် | | ကော |

A

| | | | | |
|---|---|---|---|---|
| ၃ | | ၆ ၅ | | ၅ |
| ၆ | | ၅ ၄ | | ၁ |
| ၂ | | ၄ ၃ | | ၄ |
| ၅ | | ၃ ၂ | | ဝ |
| ၁ | | ၂ ၁ | | ၃ |
| ၄ | * | ၁ ဝ | | ၆ |
| ဝ | | ဝ ၆ | | ၂ |
| နာ | | သက်ရောက် | | ကော |

B

B သည် တစ်ဆင့်လာမေးသူ ဖြစ်၏။

A အလုပ်ရရန်အတွက် တနင်္ဂနွေ နံဘွဲ့အမည်ရှိသော အောင်တော်မူ ဘုရားသို့သွားရောက်ကာ ရွှတ်ဖတ် သရဇ္ဈာယ်ပူဇော်ရန် ဖြစ်၏။

သို့သော် A သည် တိုင်းခြေတွင် ရောက်နေသောကြောင့် တိုင်းခြေ မြေလူးကိစ္စကို အရင်ခြေပြီးမှသည် တိုင်ထိပ်တနင်္ဂနွေနံကို ကောင်းခြင်းပြုရ မည် ဖြစ်၏။

ဤကိစ္စကို B က လုပ်လိုက်၏။

B က သူ့သမီးကို သူမခိုင်းချင်ဟု ဆိုကာ သူကိုယ်တိုင်သွားလုပ်၏။ A ကျန်ခဲ့ပါသည်။ တိုင်ခြေ၏သတ္တိအတိုင်း စကားများ၍ ကျန်ခဲ့ပါသည်။ အလုပ်မရ ခဲ့ပါ။

B သာလျှင် အလုပ်ရဖို့ဆိုပါက တနင်္ဂနွေနံဘွဲ့အမည်ရှိသောဘုရားတွင် ဦးဆုံး တံမြက်စည်းများလှည်း၊ အမှိုက် ကောက် (၁) နာရီခန့်လုပ်ရမည် ဖြစ်၏။

ထိုကိစ္စကို -

သားအမိနှစ်ယောက် ပြန်လာ တွေ့သည့်အခါ သေချာရှင်းပြလိုက်မှ သူ့သမီး A က -

"အမေကလည်း၊ သမီးကို ဘာမှ မပြောဘူး။ သမီးသွားမှာပေါ့"

ဟု ဆိုလိုက်မှ သူ့အမေ B သည် လျှာလေးထုတ် ကုပ်လေးပုကာ -

"ဩော် - သမီးကိုမလုပ်ခိုင်းရဲလို့ပါ"

ဟု ရယ်ကြဲကြဲနှင့်ဝန်ခံ၏။

ဒုတိယအကြိမ်တွင် ကလေးမလေး A ကိုယ်တိုင် ဘုရားသွားရောက်ခဲ့ပြီးနောက် အခြားတစ်နေရာတွင် အလုပ်ချက်ချင်းရသွားတော့၏။

သူ့ကံသည် သိပ်ခဲခဲယဉ်းယဉ်း လုပ်စရာမလိုပါ။

ထိရုံနှင့်ရွှေ့သွားနိုင်သောကံဖြစ်သည်ကို လေ့လာသူများ မြင်နိုင်၊ တွေ့နိုင်ပါသည်။

တစ်ခါက -

အိမ်ရောင်းရန်ကိစ္စဖြစ်၏။

| | |
|---|---|
| ၃၆ | ၅ |
| ၂၅ | ၁ |
| ၁၄ ← | ၄ |
| * ၀၃ | ၀ |
| ၆၂ | ၃ |
| ၅၁ | ၆ |
| ၄၀ | ၂ |
| သက်ရောက် | ကော |

| | |
|---|---|
| ၄၂ | ၅ |
| ၃၁ | ၁ |
| * ၂၀ | ၄ |
| ၁၆ ← | ၀ |
| ၀၅ | ၃ |
| ၆၄ | ၆ |
| ၅၃ | ၂ |
| သက်ရောက် | ကော |

ဤကံနှစ်ခုသည် ဟိုဘက်နှစ်များကမှကြုံခဲ့သောသူများ ဖြစ်သည်။

အိမ်ရောင်းခြင်းကိစ္စကို ပြုလုပ်လိုက်သူမှာ စနေသမီးဖြစ်သည်။

တကယ်တမ်း အိမ်ထွက်ရန်ကံရှိသူမှာ တနင်္လာသမီးမှာသာရှိ၏။

ညီအစ်မနှစ်ဦး အမွေဆိုင်ဖြစ်ပါသည်။

စနေသမီးသည်သာလျှင် သွက်လက်ချက်ချာစွာ ရောက်ရှိလာပြီး အိမ်ထွက်ဖို့အစီအရင်များတောင်း၏။

ကျွန်ုပ်က သေချာစေ့စေ့စပ်စပ် မေးကြည့်လိုက်သည့်အခါ ထွက်ကံမရှိသေး၍ နောက်ထပ် (၆) လခန့်ကြာမည်ဖြစ်ကြောင်း ပြောပြလိုက်၏။ လုပ်၍ထူးမည်မဟုတ်ကြောင်း ပြောပြလိုက်၏။

သူလုပ်ကြည့်ပါသည်။

လာတော့မေးသူများပေါ် လာလိုက်၊ ပြန်ရပ်သွားလိုက်နှင့် သူဘာလုပ်ရမှန်းမသိ။

သူ့အစ်မကို ကြိုမပြောချင်။ သူရောင်းထွက်၍ စရန်ယူပြီးမှပြောမည်ဖြစ်ကြောင်းပြောသွား၏။

နောက်ဆုံး သူ့အစ်မရိပ်မိသွားဟန်တူပါသည်။

သူ့အစ်မ တနင်္လာသမီးလိုက်လာသည့်အခါ တွက်ချက်ကြည့်လိုက်ပြီး ဘာမှလုပ်စရာမလို၊ နှစ်လသာအများဆုံးစောင့်ဟု ပြောပြီးပြန်လွှတ်လိုက်၏။

ဘာယတြာမှမပေးလိုက်၍ သူတို့မျက်နှာမကောင်းလှ။

သို့သော် -

လေးငါးခြောက်လအီလည်လည်ဖြစ်နေသောအိမ်သည် သူ့အစ်မ တနင်္လာသမီး ဦးဆောင်လိုက်သည့်အခါ တစ်လကျော်ရုံလေးနှင့်ပင် ရောင်းထွက်သွားတော့၏။

ထို့ကြောင့် -

ကိုယ်စားသည် အတော်သတိထားရ၏။

ကိုယ်လုပ်ပေးချင်သူ၏ ကံနှင့် ကိုယ့်ကံ မည်သည့်နည်းနှင့်မျှမတူနိုင်ပါ။ မတူသောကံနှစ်ခုကို ညှိ၍မရနိုင်ပါ။

ထို့ကြောင့် -

ကိစ္စတော်တော်များများ အခန့်မသင့်လျှင် အီလည်လည်ဖြစ်သွားတတ်ပါသည်။

သွားရောက် ကိုယ်စားတွက်သူကြောင့်သာဖြစ်ရခြင်း ဖြစ်ပါသည်။

သေချာစဉ်းစားပြီးမှတွက်ပါ။

ကိုယ်စားတိုင်းမကောင်းပါ။

ကိုယ်ရွှတ်လျှင် ကိုယ်သာရမည်ဖြစ်၏။

သူရွှတ်မှသူရပါလိမ့်မည်။

သူရာထူးတက်ရန် ကိုယ်ရွှတ်ပေးနေ၍မရပါ။

ကိုယ်ရာထူးတက်ရန် သူရွှတ်ပေးနေ၍လည်းမရပါ။

သူ လာဘ်ပွင့်အောင် ကိုယ်ရွှတ်ပေးနေ၍မရသလို -

ကိုယ်လာဘ်ပွင့်အောင် သူရွှတ်ပေးနေလည်း အရာထင်မည်မဟုတ်ပါ။

□

တစ်ခုတော့ရှိပါသည်။

မိဘနှင့် သားသမီးဆိုလျှင်တော့ ရပါသည်။

ဥပမာ - မိဘကျန်းမာအောင် သားသမီးက မိဘအင်္ကျီကို ပခုံးပေါ် တင်ပြီးအမြဲရွတ်ပေးနေလျှင်ရပါသည်။ အလွန်ထိရောက်ပါသည်။

သားသမီးကျန်းမာအောင် သားသမီးအင်္ကျီကို မိဘက ရင်ခွင်မှာထားပြီး မေတ္တာပို့ရွှတ်ဖတ်ပေးလျှင်လည်း အတိုင်းထက်အလွန်ဖြစ်ပါသည်။

မိဘဂြိုဟ်တိုင်မှာ မိဘအတွက် ဆုတောင်းပြီး လှူ၍ရပါသည်။ သားသမီးများပြုလုပ်လျှင် ပိုတောင်ကုသိုလ်ကြီးပါသည်။

သားသမီးများနှင့် ဆိုင်သော ဂြိုဟ်တိုင်မှာ မိဘများကတစ်ဆင့်လှူပေး၍လည်း အလွန်ထိရောက်ပါသည်။

တစိမ်းတစ်ယောက်အတွက်ဆိုလျှင် ထိရောက်မှုအင်အားနည်းလှပါသည်။

မေတ္တာပို့၍ရပါသည်။

အာရုံစူးစိုက်ပြီး ပုတီးစိပ်၊ တရားရှုမှတ်၊ ဆုတောင်းပေး၍ရပါသည်။

သို့သော် လောကီအစီအရင်များကို သူ့ကိုယ်စားပြုလုပ်ပေးတော့မည်ဆိုလျှင် စဉ်းစားပါ။

ရတနာမြတ် (၃) ပါးဂုဏ်ကျေးဇူးတော်အောက်မှာ ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်ဝင်ပေးခြင်း၊ ပူဇော်ပေးခြင်းမှလွဲ၍ သူလုပ်နိုင်သည့်အရွယ်၊ လုပ်နိုင်သည့်အခြေအနေအရ သူ့ဟာသူလုပ်ပါစေ။ နေရာတကာကိုယ်မလုပ်ပါနှင့်။ မထိရောက်နိုင်ပါ။

ဤသည်ကို စိတ်နှင့်ကျွမ်းဝင်သွားပြီဆိုလျှင် -

တစ်ဆင့်မေးပေးသော ပုဂ္ဂိုလ်များ စဉ်းစား၍ရပါပြီ။

ထိလည်းထိရောက်သွားပါလိမ့်မည်။

ကိုယ်တိုင်လုပ်ပေး၍ရမရချင့်ချိန်၍ရပါပြီ။

မေးပေးသူသိရန်လိုသလို -

တချို့ တစ်ဆင့်မေးခိုင်းသူများလည်း သိရန်လိုပါသည်။

အောင်မြင်မှုရရှိရန် ကိုယ်တိုင်ကြိုးစားမှရပါမည်။

ကိုယ့်ကြိုးစားမှုနှင့်သာ ကိုယ့်အောင်မြင်မှု သဘာဝကျပါသည်။

ကိုယ့်အောင်မြင်မှုကို သူများကြိုးစားပေး၍မရနိုင်ပါ။

မိဘက ပြုလုပ်ပေးသည်ဆိုခြင်းသည် ကိုယ်က အချောင်ခိုသလိုဖြစ်နေပါသည်။

အားတခြားတစ်ယောက်ကပြုလုပ်ပေးရန်လည်း ကိုယ့်အောင်မြင်မှုအတွက် သဘာဝမကျပါ။

ဘယ်လိုမှ စီးပွားရှာမရဟုဆိုပြီး လာကြသူများထဲတွင် အချို့ကလေးမလေးများမှာ အလွန်ရွတ်ဖတ်နိုင်စွမ်းပါသည်။ ဒိဝါတပတိဂါထာများဆိုလျှင် တစ်နေ့ အကြိမ် (၁၀၀၀) တောင်မှ ရွတ်ဖတ်နိုင်သူ ဖြစ်ပါသည်။

သို့သော် -

သူ့ခင်ပွန်းက အရက်လေးတမြမြ၊ အပျော်အပါးလေးတစစ လောင်းကစားနှင့်ဖြစ်နေပါသည်။ အလွန်အံ့သြဖွယ်ကောင်းပါသည်။ ဘာအကျိုးမှမထူးပါ။

"သမီးအမျိုးသားကို နားဝင်အောင်ပြောကြည့်ပါလား။ သူ့အနေနဲ့ တစ်နေ့ (၁၀၈) ခေါက်လောက် သွားရင်းလာရင်းရွတ်နေရုံနဲ့ပြီးတယ်"

ဟု ဆိုလိုက်သောအခါ (၁၀၈) ခေါက်ရွတ်ရင်း စီးပွားကံပွင့်လာသော၊ ဝင်ငွေကံပွင့်လာသော လူငယ်မိသားစုတော်တော်များများကြုံခဲ့ပြီးပါပြီ။

ထို့ကြောင့် -

တကယ်အလုပ်လုပ်နေသူ တကယ်ပြုလုပ်ရပါလိမ့်မည်။

'သရဏဂုံကို သက်စေ့ (၃၂) ခေါက်လောက်ရွတ်။ ဘုရားရှိခိုးပြီးမှ အလုပ်ကိုသွားခိုင်း။အဆင်ပြေရစေ့မယ်"

ဟု ပြောလိုက်သောအခါ -

"ကျွန်မရွတ်ပေးလို့ရလား"

ဟု ပြန်မေးပါသည်။

"ဘာဖြစ်လို့လဲ"

ဟု ဆိုလိုက်သောအခါ -

"သားက ဘယ်လိုမှအားတာမဟုတ်ဘူး"

ဟု ပြော၏။ ကြာလှ (၃) မိနစ်မှ (၅) မိနစ်ကြားအချိန်ကို မပေးချင်ကြ။

"ထမင်းစားချိန်နဲ့ အိပ်ချိန်ကနေ (၅) မိနစ်လောက်ဖဲ့ပေးလို့မရဘူးလား"

ဟုဆိုသောအခါ -

"သူတို့ကအလုပ်များတယ်ဆရာ။ မနက်ဆို (၈) နာရီလောက်ထပြီးတာနဲ့ အဆာပြေစားပြီးအလုပ်သွားရတာ"

ဟူသော စကားကြောင့် ကျွန်ုပ်ဘာမှမပြောဖြစ်တော့ပါ။

ကာယကံရှင် ရွတ်၊ မရွတ်မသိရှေ့ကပိတ်ပိတ်ပြောကြသူများလည်းရှိပါသည်။ ဘာမှလုပ်၍မရပါ။

အောင်မြင်မှုအတွက် အစီအရင်များသည် ငွေကြေးနှင့်မဆိုင်ပါ။ 'ရော့-(၅) သိန်းယူသွား။ ကျုပ်ကိုအောင်မြင်အောင်လုပ်ပေး' ဟူ၍ မရနိုင်ပါ။ ကိုယ့်အောင်မြင်မှုကို ကိုယ်တိုင်သာပြုလုပ်ရပါလိမ့်မည်။ တစ်ဆင့်ခံကြားခံသူများပြုလုပ်ပေး၍ ကိုယ်အောင်မြင်နိုင်သည်ဟူသောအစွဲကြီးဖျောက်ပါ။

ဥပမာ ပထဝီဇယမန္တန်သည် ရာထူးအလွန်တက်၏။ တစ်နေ့ကို (၉) ခေါက် ပုံမှန်ရွတ်ရင်း ရာထူးတက်သွားကြသူများ မရေမတွက်နိုင်တော့ပြီ။

သို့သော် -

"ကျွန်တော်ကမအားတော့ မိန်းမပဲ နေ့တိုင်းရွတ်ခိုင်းနေရတယ်။ ဒီတစ်ခေါက်လည်း ပါမလာပြန်ဘူး ဆရာ"

ဟု ပြောကြသူအချို့ကို ကျွန်ုပ်ဘယ်သို့ရှင်းပြရမည်နည်း။

ရာထူးသည် သူတက်ရန်ဖြစ်သည်။

သူ့မိန်းမတက်ရန်မဟုတ်ပါ။

တစ်ခုရှိသည်။

သူလည်းရွတ်၊ သူ့မိန်းမကပါဝိုင်းရွတ်ပေးသည်ဆိုလျှင် ထိရောက်ပါသည်။ အရှိန်အလွန်ကောင်းပါသည်။ သူကငြိမ်နေပြီး သူ့မိန်းမတစ်ယောက်ထဲကြိုးစားရွတ်နေရှာ၍ ဘာမှမဖြစ်လာနိုင်ပါ။

ဆိုခဲ့သည့်အတိုင်း လူတစ်ယောက်ကံနှင့် အခြားလူတစ်ယောက်၏ကံ လုံးဝမတူနိုင်သည်ကို သတိပြုပါလေ။

စနေနံ အားကောင်းသူအတွက် နှင်းဆီပန်းများ၊ နဂါးမောက်သီးများဘုရားပူဇော်လိုက်သည်နှင့် အောင်မြင်မှုတစ်ခုရရှိမည်ဆိုပါစို့။ သူ့အား တစ်ဆင့်ပြုလုပ်ပေးသူ၏ကံတွင် စနေနံသည် အတော်ပျက်နေပါက အဘယ်သို့ရှိမည်နည်း။

စဉ်းစားကြည့်ဖို့ အကြံပြုခြင်းများဖြစ်ပါသည်။

တော်တော်များများ တွေ့ရပါသည်။

"ကျွန်မတို့ သူဌေးအတွက် ယတြာချေချင်လို့ပါ"

ဟု ဆိုသူများ မနည်းလှပါ။

ကျွန်ုပ်က ရှင်းပြရ၏။

"မေတ္တာပို့ အာရုံစူးစိုက်ပြီးမေတ္တာပို့ပေး။ ဒါပဲရမယ်"

ဟု ပြောလိုက်သောအခါ သိပ်မနှစ်မြို့လှ။

ယခုအထိ ဖတ်ရှုလာပြီးပြီဆိုလျှင် -

"ကျွန်မတို့သူဌေးအတွက် အင်းဖယောင်းတိုင်၊ ဆေးဖယောင်းတိုင်တွေထွန်းပေးရဦးမယ်။ ဘာပွဲညာပွဲတွေပေးပေးရဦးမယ်"

ဟု ဆိုသူများ ရှင်းခနဲ လင်းခနဲ သိလောက်ပါပြီ။

ကိုယ်စားသိပ်ပြုလုပ်ချင်လှပါသည်ဆိုလျှင် မေတ္တာပို့ခြင်းသာ ရပါလိမ့်မည်။ လောကီအစီအရင်များသည် ကံစပ်,မစပ်၊ ဂြိုဟ်စပ်,မစပ် အလွန်ရွေးချယ်ရပါသည်။ လောကီအစီအရင်များကို ကိုယ်စားပြုလုပ်ပေးမည်ဆိုလျှင် စဉ်းစားပါ။

ပိုဆိုးသည်မှာ အရွက်အခက်များကိစ္စ ဖြစ်ပါသည်။

တစ်ဦး၏ ဆောင်ပန်းသည် တစ်ဦး၏ နင်းကြမ်းဖြစ်နေတတ်သည်ကို သတိပြုပါလေ။

ဤမျှဆိုလျှင် -

ကိုယ်စားယတြာချေပေးခြင်းနှင့်ပတ်သက်ပြီး ရှင်းလောက်ပါပြီ။ ကျန်းမာရေးကိစ္စတွင် လိုအပ်ပါကပြုလုပ်ပေး၍ရသောယတြာများရှိပါသည်။

အောင်မြင်မှုများအတွက်ဆိုလျှင် စဉ်းစားပါ။

မေးလည်းမေး၊ ထိလည်းထိရောက်စေချင်လွန်းသော မေတ္တာ၊ စေတနာအပြည့်ဖြင့် ဤသူရဇ္ဇလက်ဆောင်ဖြစ်ပေါ် လာခဲ့ရပါသည်။

ခါတိုင်း သူရဇ္ဇလက်ဆောင်များနှင့် မတူပါ။

ဖတ်နေရင်း ပျင်းလာကောင်းပျင်းလာနိုင်ပါသည်။

သို့သော် -

မျက်လုံးထဲမြင်အောင်ဖတ်လာပြီးပြီဆိုလျှင် အလွန်အကျိုးထူးလာနိုင်သည်ကို ကြုံရပါလိမ့်မည်။

ဤသူရဇ္ဇလက်ဆောင်သည် -

ဆောင်ရန်၊ ရှောင်ရန်၊ သတိထားရန်နှင့် ပညာခန်းသက်သက်သာဖြစ်ပါသည်။

ထို့ကြောင့် -

သူ့ကိုယ်စားဟု ဆန္ဒရှိသူများအနေနှင့် ပိုမိုမြင်တတ်၊တွေးတတ်ပြီး -

စိတ်၏ချမ်းသာခြင်း -

ကိုယ်၏ကျန်းမာခြင်းများစွာနှင့်-

အောင်မြင်မှုများစွာ ရယူပိုင်ဆိုင်နိုင်ကြပါစေ။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



၂၀၁၇ ခုနှစ်၊ မတ်လ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

**မတ်လ ၁ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၂ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံယာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၃ ရက်၊ သောကြာနေ့** -လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံ ဇိနော (၉) ခါရွတ်ဆိုပါ။

**မတ်လ ၄ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၅ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်ကအပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံ ပူဇေမိ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၆ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၇ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၈ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၉ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၁၀ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**မတ်လ ၁၁ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**မတ်လ ၁၂ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၁၃ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော

(၉) ခါရွတ်ဆိုပါ။

**မတ်လ ၁၄ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၀၊ ၄)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန်နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

**မတ်လ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်ကတောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၁၆ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿနာနံ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၁၇ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်တ အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

**မတ်လ ၁၈ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၁၉ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၂၀ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၁ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်ရန် နမောတဿ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၂၃ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၂၄ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်ရန် ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**မတ်လ ၂၅ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်ဂဏန်းက အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**မတ်လ ၂၆ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉)ခါရွတ်ဆိုပါ။

**မတ်လ ၂၇ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿနံ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၂၈ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်ရန် ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**မတ်လ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၃၀ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၉၊ ၁)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတွင် အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မတ်လ ၃၁ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၆)။ လာဘ်နေအရပ်အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)

၂၀၁၇ ခုနှစ်၊ မတ်လအတွက်

သရာဦးမောင်မောင်သန်း

(ရှင်ထိုးဆေး၊ ဖြစ်စေဆေး၊)


# ခုနစ်ရက်သားသမီး

ဟောစာတမ်း

## တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများ သောကြာနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲနှင့် အလုပ်အတူတွဲလုပ်ပါက အခက်အခဲများရှိတတ်၍ ရှောင်လိုက်ပါ။ စက်ပစ္စည်းဝယ်ရန်ရှိပါက အကျိုးပေးသောနံသင့်သူများနှင့် တိုင်ပင်ပါ။ ဝယ်ယူစဉ်က အကောင်း၊ ကိုယ့်ဆီရောက်မှ ပျက်သွားတတ်၍ဖြစ်ပါသည်။ ကြာသပတေးနံကိစ္စများ အရှုပ်အရှင်းရှိတတ်၍ သတိထားဆောင်ရွက်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာမည်။ ကျန်းမာရေးကောင်းစေရန် ဆီး၊ ဝမ်း၊ လေအချုပ်မခံပါနှင့်။ အချဉ်၊ အစပ်များလျှော့စားပါ။ ဒူးနာ၊ အကြောနာဖြစ်တတ်၍ ဂရုစိုက်ပါ။ မကြာမကြာဆေးလှူပါ။ ပညာသင်နေကြသူများ ပညာရေးကိုအာရုံစိုက်ပါ။ အပျော်အပါး၊ အသွားအလာဆင်ခြင်ရပါမည်။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အောင်မြင်မှုရယူပါ။ လုပ်ငန်းခွင်တွင်းရှိသူများ ရာထူးတိုးစာမေးပွဲဖြေဆိုလျှင် အောင်မြင်မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများတွင် ချစ်သူနှင့်စကားပြောရင်း စိတ်တိုစရာအကြောင်းပါလာတတ်ပါသည်။ လိုရင်းပြောသင့်ပါသည်။ ခိုလေးများကို အစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိလာပါမည်။ ထီဝါသနာပါသူများ သောကြာနံထီဆိုင်တွင် (၁၊ ၆၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

ယတြာ ။ ။ *သွားရင်းလာရင်း ခြေလက်မသန်စွမ်းသူများကို နိုင်သလောက်ကူညီပေးပါ။ အာဟာရ၊ ဆေး၊ ငွေ။*



## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၅) ဂဏန်းအကျိုးမပေး၍ရှောင်လိုက်ပါ။ သူတစ်ပါး၏ ငွေကြေးကိစ္စများကိုလည်း လုံးဝအာမမခံပါနှင့်။ ကားမောင်းနေသူများဖြစ်ပါက ကားကိုလုံးဝအမြန်မမောင်းပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှု ရှိစေရန် စကားပြောဆင်ခြင်ရပါမည်။ မိသားစုအပေါ် နားလည်မှုထားပေးပါ။ လူမှုရေးအတိုက်အခံများရှိနေပါက နီးရာဘုရားစေတီတော်တစ်ဆူဆူသို့ လမ်းလျှောက်သွားပြီး တံမြက်စည်းလှည်း၊ ပန်းခြောက်များစွန့်ပေးခြင်း ဆောင်ရွက်ပါ။ ကျန်းမာရေးလိုအပ်ပါက ဓာရဏပရိတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ လမ်းများများလျှောက်ပါ။ ဆီးနှင့်ဆိုင်သောဝေဒနာများဖြစ်မလာစေရန် အစားအသောက်ဆင်ခြင်ပါ။ လွန်ကဲစွာအဆာမခံပါနှင့်။ ခါးနာတတ်၍ အလေးအပင်များမလျှင် သတိထားပါ။ ပညာရေးကံများကောင်းနေပါသည်။ ကြိုးစားမှုမလျှော့ပါနှင့်။ အလုပ်အကိုင်ရှာဖွေနေသူများ၊ ရသည့်အလုပ်နှင့် မိမိအဆင်မပြေဖြစ်နေပါလိမ့်မည်။ နောက်ထပ်ရသည့်အလုပ်သာ ကိုယ်နှင့်သင့်တော်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများ စကားများများပြောမိတိုင်း အမှားပါနေတတ်ပါသည်။ ခိုလေးများကို အစာကျွေးပါ။ ထီဝါသနာရှင်များ ယခုလ ထီထိုးမည်ဆိုပါက စနေနာမည်ရှင်များနှင့် စပ်တူရှယ်ယာထိုးထားပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ သူကြိုက်ရာထိုးပါစေ။ ထီကံကောင်းပါလိမ့်မည်။

ယတြာ ။ ။ *ဗိုက်နှင့်ဆိုင်သောဝေဒနာရှင်များနှင့် စကားလက်ဆုံကျဖြစ်တိုင်း ဆေးလှူပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၃) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အိမ်ရှိ စက်ပစ္စည်းများ ပျက်တတ်၊ ပျောက်တတ်၍ လက်မများပါစေနှင့်။ လူမျိုးကွဲနှင့်စပ်တူရှယ်ယာကိစ္စများ အကျိုးမပေး၍ ရှောင်လိုက်ပါ။ စက်ဘီး၊ ဆိုင်ကယ်စီးနေသူများ အကြမ်းပတမ်းမစီးပါနှင့်။ ရရန်ရှိသောငွေများ မမျှော်လင့်ဘဲပြန်ရခြင်း၊ မမျှော်လင့်ဘဲ ငွေအစုလိုက်အပြုံလိုက်ဝင်ခြင်းများကြုံမည်။ ငွေအဝင်ကြမ်းသလိုအထွက်လည်းကြမ်းနေတတ်ပါသည်။ အိမ်တွင်းရေးများသာယာပါမည်။ လူမှုရေးကိစ္စများ အတိုက်အခံများနေလျှင် ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ ကျန်းမာရေးကောင်းနေသော်လည်း အစာအိမ်ရောဂါဖြစ်ဖူးသူများ လွန်ကဲစွာအဆာမခံပါနှင့်။ ငှက်ကလေးများကို အစာကျွေးပါ။ ကိုယ်လက်လှုပ်ရှားပေးပါ။ မွေးနေ့တွင် အသားစားရှောင်လိုက်ပါ။ ပညာသင်နေသူများ ပညာရေးကံကောင်းနေပါသည်။ လွန်စွာအိပ်ရေးပျက်ခံရန်မလိုပါ။ ပုံမှန်စာကိုလုပ်ရပါမည်။ ချစ်တတ်သူများအတွက်လည်း သာယာပျော်ရွှင်မှုများရရှိနေပါလိမ့်မည်။ ငှက်ကလေးများကိုသာ မကြာမကြာအစာကျွေးပါ။ ထီဝါသနာရှင်များ သောကြာနံထီဆိုင်တွင် (၆၊ ၁၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *စိတ်ကျန်းမာရေးညံ့သူများကို တွေ့သည်နေရာတွင် ငွေ၊ အာဟာရတစ်ခုခု သူတောင့်တသည့်အရာကိုလှူပေးလိုက်ပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများတွင် သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ စက်ပစ္စည်းအကျိုးပေးပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာနေသော်လည်း မမျှော်လင့်ဘဲ ပြဿနာဟောင်း၊ စကားဟောင်းကြောင့် ကတောက်ကဆဖြစ်တတ်ပါသည်။ ကိုယ်က လျှော့ပေးအည်းခံပေးလိုက်ပါ။ စိတ်ချမ်းသာမှုရှိလာပါလိမ့်မည်။ ကျန်းမာရေးအတွက် လိုအပ်ပါက ကိုယ့်သဘောနှင့်ကိုယ်ဆေးဝယ်မသောက်ပါနှင့်။ ဆေးပညာရှင်များ၏ညွှန်ကြားမှုကိုသာခံယူပါ။ အတိုက်အခံများနေပါက သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်နှင့်ရွတ်ပါ။ ပညာသင်နေကြသူများ၏ ပညာရေးကံများ တစ်ခါတစ်ခါ ယိုင်ယိုင်သွားတတ်ပါသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားပါ။ အပေါင်းအသင်းများနှင့် အသွားအလာလျှော့ပါ။ ပြန်လည်ဦးမော့လာပါလိမ့်မည်။ ချစ်တတ်သူများ၊ ကိုယ့်ချစ်သူကို သဝန်မတိုမိပါစေနှင့်။ စကားဖြင့်လည်းအနိုင်မယူပါနှင့်။ ထီဝါသနာပါသူများ စနေနံ၊ သောကြာနံထီဆိုင်များတွင် (၆၊ ၇၊ ၄၊ ၈) ဂဏန်းများနှင့်ပြည့်နေအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *အသက်အရွယ်ကြီးရင့်သော အဘိုးအိုအဘွားအိုများကို ဖေးမကူညီပါ။ များများလှူပေးပါ။*

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် အကျိုးပေးသောနံသင့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမိုက်တွဲနှင့်စပ်တူရှယ်ယာကိစ္စများ တွဲဖက်မလုပ်ပါနှင့်။ သူတစ်ပါးနှင့်ဆိုင်သော ငွေကြေးကိစ္စများ၊ အာမခံရမည့်ကိစ္စများ၊ ရန်ဖြစ်ခြင်း၊ လောင်းကစားပြုခြင်း စသည်များကို အထူးဆင်ခြင်ရပါမည်။ အတိုက်အခံများလွန်းပါက သမ္ဗုဒ္ဓေဂါထာကို နေ့စဉ် (၁၀၈) ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများသာယာနေစေရန် နှစ်ဖက်ညီအစ်ကိုမောင်နှမများ၏စကားကို အထအနကောက်ပြီး စကားနိုင်မလုပါနှင့်။ အိမ်ဆူအိမ်ပူနေလျှင် လာဘ်ပိတ်သွားတတ်ပါသည်။ အလုပ်လျှောက်ထားသူများ အင်တာဗျူးဖြေထားသူများနှင့် ရာထူးတိုးစာမေးပွဲဖြေထားသူများ အောင်မြင်ရွေးချယ်ခြင်းခံရပါမည်။ ကျန်းမာရေးကောင်းလာမည်။ လိုအပ်ပါက ပရိမိတ္တဇာလသုတ်၊ ဖုဿသာဂါထာတို့ကို အမြဲဉာန်ဖြင့်ရွတ်ပါ။ ဆေးလှူပါ။ လမ်းများများလျှောက်ပေးပါ။ ပညာရှာနေသူများ ကံကောင်းနေပါသည်။ ကြိုးစားပါ။ အဖျားမရှူးပါစေနှင့်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာများ စိတ်ဆိုး စိတ်ကောက်သွားအောင် မကျီစားပါနှင့်။ မကြာခဏ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြစ်နေတတ်ပါသည်။ ထီဝါသနာရှင်များ တနင်္ဂနွေနံထီဆိုင်တွင် (၁) အစ (၁) အဆုံး ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယကြာ ။ ။ **မျက်စိမကောင်းသော သက်ကြီးရွယ်အိုများကို မျက်စိနှင့်ဆိုင်သောဆေး (သို့) ငွေ၊ အာဟာရလှူပေးပါ။**

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် နံသင့်သူများဖြစ်သော သောကြာနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကျိုးပေးပါမည်။ အကူအညီရရှိပါလိမ့်မည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ လောင်းကစားကိစ္စဆိုလျှင် ကိုယ်လည်းမလုပ်ပါနှင့်။ သူတစ်ပါးကိုလည်း အာမ,မခံပါနှင့်။ ထစ်ငေါ့နေသော ငွေကြေးကိစ္စများ အဆင်ပြေသွားစေရန် ကျီးလေးများကိုအစာကျွေးပါ။ အလုပ်ကိစ္စများခက်ခဲနေလျှင် မီးမွှေးနံထောင့်တွင် အမြဲဉာန်ဝင်ပါ။ ပုတီးများစိပ်ပါ။ အထူးအောင်မြင်မှုရရှိပါလိမ့်မည်။ အိမ်တွင်းရေးများသာယာစေရန် အိမ်ဆူအိမ်ပူသည်အထိ မြည်တွန်တောက်တီးနေခြင်းများရှောင်လိုက်ပါ။ ကျန်းမာရေးတွင် ဒူးနာ၊ ခါးနာ၊ အဆစ်နာခြင်းများဖြစ်တတ်ပါသည်။ အလေးအပင်များမ,မပါနှင့်။ ကိုယ်နှင့်မတည့်သောအစားအသောက်များရှောင်လိုက်ပါ။ ခွေးလေးများကို အစာကျွေးပါ။ ပညာရေးကံများကောင်းနေပါသည်။ ဖတ်မှတ်ထားသောစာများ မေ့မသွားအောင် ဖိဖိစီးစီးကျက်မှတ်ပါ။ ချစ်တတ်သူများအနေဖြင့် မည်မျှပင်ရန်ဖြစ်ဖြစ်၊စကားများများပြန်တည့်သွားပါလိမ့်မည်။ သို့သော် ရေသတ္တဝါလေးများကိုလည်း မကြာမကြာအစာကျွေးပါ။ ထီဝါသနာရှင်များ ခရီးသွားရင်း လမ်းမှာ ထီဆိုင်တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ယကြာ ။ ။ *လေဖြတ်ဝေဒနာရှင်များကိုတွေ့တိုင်း သူမှာလိုအပ်သော ဆေး ငွေ၊ အာဟာရလှူပေးပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် အကျိုးပေးသောနံသင့်သူများမှာ တနင်္ဂနွေနာမည်ရှင်များဖြစ်ပါသည်။ ဗုဒ္ဓဟူးနာမည်ရှင်များသည်း ဒုတိယအကျိုးပေးပါသည်။ (၂) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ ကိုယ်မကျွမ်းကျင်သောလုပ်ငန်းများမလုပ်ပါနှင့်။ ငွေကြေးကိစ္စများ အရှုပ်အရှင်းမရှိအောင် စာရင်းဇယားများနှင့် ဆောင်ရွက်ပါ။ စက်ပစ္စည်းမဝင်ရ။ မဝယ်ပါနှင့်။ အတိုက်အခံ၊ အပြိုင်အဆိုင်များရှိနေပါက သွားရင်းလာရင်း သမ္ဗုဒ္ဓေဂါထာ ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အလုပ်လျှောက်ထားသောနေရာတိုင်းမှ အလုပ်ခန့်စာများရရှိနေ၍ ရွေးချယ်ရန်လိုအပ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာပါမည်။ မောင်နှမသားချင်းများ၊ သားသမီးများ၏ သတင်းကောင်းများကြားရမည်။ ကျန်းမာရေးကောင်းမည်။ အချိုအဆိမ့်များလွန်ကဲစွာမစားပါနှင့်။ ချုပ်စာများလည်းရှောင်ပါ။ လမ်းများများလျှောက်ပေးပါ။ ပညာရေးကံများကောင်းနေပါသည်။ ရသည်ဟုထင်ပြီးသာ အဖျားရှူးမသွားပါစေနှင့်။ ဆက်ကာဆက်ကာကြိုးစားပါ။ ဆက်ကာဆက်ကာအောင်မြင်ပါမည်။ ချစ်တတ်သူများအတွက် ကိုယ့်ချစ်သူကို သူတစ်ပါးနှင့်နှိုင်းယှဉ်ပြီးမပြောမိပါစေနှင့်။ အပြန်အလှန်သစ္စာရှိနေသည်ဟု ယုံကြည်ထားပါ။ လာဘ်လာဘအတွက် ငွေဝင်စေသောဂါထာများကို အမြဲဉာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ မလိုအပ်ဘဲ ကုန်ကျမှုများသက်သာသွားပါမည်။ ထီထိုးရန် တနင်္ဂနွေနံထီဆိုင် (၂)ဆိုင်ခွဲထိုးပါ။ (၁၊ ၆၊ ၄၊ ၈) ဂဏန်းများနှင့် ပြည့်နေအောင်ရွေးချယ်ပါ။

ယကြာ ။ ။ *ငါးအရှင်လေးများကို ရေအရှင်မှာ ဘေးမဲ့လွှတ်ပေးပါ။*

ရင်ကိုအေးမြစေသော

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့